ပါရီကျဆုံးခန်း
မြသန်းတင့်
THE FALL OF PARIS

ပါရီကျဆုံးခန်း

မြသန်းတင့်

(Ilya Ehrenburg ၏ The Fall of Paris ကို ဘာသာပြန်သည်။)

မာတိကာ

အသိပေးချက်
စကားဦး
ပထမတွဲ
အခန်း (၁)
အခန်း (၃)
အခန်း (၄)
အခန်း (၅)
အခန်း (၆)
အခန်း (၇)
အခန်း (၈)
အခန်း (၉)
အခန်း (၁၀)
အခန်း (၁၁)
အခန်း (၁၂)
အခန်း (၁၃)
အခန်း (၁၄)
အခန်း (၁၅)
အခန်း (၁၆)
အခန်း (၁၇)
အခန်း (၁၈)
အခန်း (၁၉)
အခန်း (၂၀)
အခန်း (၂၁)
အခန်း (၂၂)
အခန်း (၂၃)
အခန်း (၂၄)
အခန်း (၂၅)
အခန်း (၂၆)
အခန်း (၂၇)
အခန်း (၂၈)
အခန်း (၂၉)
အခန်း (၃၀)

အခန်း (၃၁)
အခန်း (၃၂)
အခန်း (၃၃)
အခန်း (၃၄)
အခန်း (၃၅)
အခန်း (၃၆)
အခန်း (၃၇)
အခန်း (၃၈)

ဒုတိယတွဲ

အခန်း (၃၉)
အခန်း (၄၀)
အခန်း (၄၁)
အခန်း (၄၂)
အခန်း (၄၃)
အခန်း (၄၄)
အခန်း (၄၅)
အခန်း (၄၆)
အခန်း (၄၇)
အခန်း (၄၈)
အခန်း (၄၉)
အခန်း (၅၀)
အခန်း (၅၁)
အခန်း (၅၂)
အခန်း (၅၃)
အခန်း (၅၄)
အခန်း (၅၅)
အခန်း (၅၆)
အခန်း (၅၇)
အခန်း (၅၈)
အခန်း (၅၉)
အခန်း (၆၀)
အခန်း (၆၁)
အခန်း (၆၂)
အခန်း (၆၃)
အခန်း (၆၄)

အခန်း (၆၅)

အခန်း (၆၆)

အခန်း (၆၇)

အခန်း (၆၈)

တတိယတွဲ

အခန်း (၆၉)

အခန်း (၇၀)

အခန်း (၇၁)

အခန်း (၇၂)

အခန်း (၇၃)

အခန်း (၇၄)

အခန်း (၇၅)

အခန်း (၇၆)

အခန်း (၇၇)

အခန်း (၇၈)

အခန်း (၇၉)

အခန်း (၈၀)

အခန်း (၈၁)

အခန်း (၈၂)

အခန်း (၈၃)

အခန်း (၈၄)

အခန်း (၈၅)

အခန်း (၈၆)

အခန်း (၈၇)

အခန်း (၈၈)

အခန်း (၈၉)

အခန်း (၉၀)

အခန်း (၉၁)

အခန်း (၉၂)

အခန်း (၉၃)

အခန်း (၉၄)

အခန်း (၉၅)

အခန်း (၉၆)

အခန်း (၉၇)

အခန်း (၉၈)

အသိပေးချက်

ဤ e-book ကို ဖန်တီးရသည့် ရည်ရွယ်ချက်မှာ e-reader များ၊ mobile device များတွင် အဆင်ပြေပြေ ဖတ်ရှုနိုင်မည့် e-book format များဖြင့် မြန်မာစာအုပ်များ ပေါ်ထွက်လာရေး ဖြစ်ပါသည်။ လက်ရှိတွင် မြန်မာစာအုပ်များသည် paperback စာအုပ်များဖြင့်သာ လည်းကောင်း၊ digital format အတွက်လည်း print document အဖြစ် အဓိကရည်ရွယ်သည့် pdf များဖြင့်သာ လည်းကောင်း ရရှိနိုင်သည့် အခြေအနေဖြစ်ပြီး epub, mobi, azw3, kfx စသည့် e-book format များဖြင့် မြန်မာစာအုပ်များမှာ ဝါသနာရှင်များမှ ဖန်တီးထားသည့်စာအုပ်များမှအပ ကျယ်ကျယ်ပြန့်ပြန့် မရရှိနိုင်သေးပါ။ e-book format များဖြင့် တရားဝင်စာအုပ်ဖြန့်ချိမှုများ မရှိသေးခင် ကွက်လပ်တစ်ခုကို ဖြည့်သည့်အနေဖြင့်သာ ဤ e-book ကို ဖန်တီးခြင်းဖြစ်ပြီး မူရင်းစာရေးဆရာ၊ ထုတ်ဝေသူနှင့် အရောင်းဆိုင်များကို ထိခိုက်နစ်နာစေလိုခြင်း အလျဉ်းမရှိသည့်အပြင် ခွင့်ပြုချက်မရရှိဘဲ စီးပွားဖြစ်ဖြန့်ဝေသွားရန်လည်း အစီအစဉ်မရှိပါ။

ဤ e-book ကို ရယူဖတ်ရှုကြသူများကိုလည်း စာအုပ်ကို ကြိုက်နှစ်သက်ပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

e-book ဖန်တီးသူ

စကားဦး

(၁)

ငွေဖြူရောင်လွှသည့် ဆံပင်များက ပခုံးပေါ်သို့ ဝဲကျနေသည်။ မျက်လုံးတို့က ရီဝေကာ အဝေးသို့ မျှော်နေသည့်ဟန်။ ဆေးတံခဲထားသည့် ပါးစပ်က တင်းကျပ်စွာ စေ့လျက်။ မီးခိုးရောင်ဝတ်စုံထဲက သူ့သဏ္ဍာန်တခုလုံးသည် မှိုင်းညို့ရီဝေနေသည်ဟုပင် ထင်ရတော့သည်။

ထိုစဉ်က သူ့အသက်သည် ၇၀ ကျော်လောက် ရှိတော့မည်။ နှစ်ပရိစ္ဆေဒ ဝန်ထုပ်တို့ကို ထမ်းလာခဲ့ရသောကြောင့်လေမသိ။ သူ့ခန္ဓာကိုယ်သည် ကိုင်းစပြုနေပြီ။ စကားပြောလျှင် အဝေးသို့ မျှော်ကြည့်ကာ တိုးတိတ်ညင်သာစွာ ပြောတတ်သည်။

၁၉၆၁ ခု၊ ဆီွဒင်ပြည်၊ စတော့ဟုန်းက မယ်လမန်ဟိုတယ်အောက်ထပ် မြေတိုက်ထမင်းစားခန်းထဲတွင် သူ့ကို ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ကျွန်တော် တွေ့လိုက်ရခြင်း ဖြစ်သည်။

သူ့အမည်က အီလျာ အာရင်ဘာတ်။

သူက ပြင်သစ်တွင် အကြာကြီးနေခဲ့ပြီး ပြင်သစ်စကားကို ကောင်းကောင်း ပြောတတ်သည်။ အင်္ဂလိပ်စကားကို နားမလည်။ သူနှင့်ကျွန်တော့်ကို ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် စရီးယန်းအမျိုးသား မစ္စတာအော်လ်ဒ်မန်းက စကားပြန်လုပ်ပေးသည်။

သူက ဆရာကြီးသခင်ကိုယ်တော်မှိုင်းအကြောင်းကိုမေးပြီး ကျွန်တော်က သူနောက်ရေးမည့် စာအုပ်များအကြောင်းကို မေးသည်။

“ကိုယ်ရေးအတ္ထုပ္ပတ္တိရေးနေတယ်၊ မပြီးသေးဘူး” ဟု ကျွန်တော့်ကို

ပြောလိုက်သည်။

၁၉၆၃ ခုနှစ်တွင် သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိ အင်္ဂလိပ်ဘာသာပြန်တွေ ထွက်လာသည်။ သူ့မှတ်တမ်းများအမည်ကို "ဘဝ-လူပုဂ္ဂိုလ်များ၊ နှစ်ကာလများ" ဟု အမည်ပေးထားသည်။ သူ့ဘဝတလျှောက်တွင် တွေ့ခဲ့ရသည့် လူပုဂ္ဂိုလ်များနှင့် ကာလများအကြောင်းကို ရေးသွားသည်။ လူ့ဘဝဆိုသည်မှာ လူပုဂ္ဂိုလ်တွေနှင့် အချိန်ကာလတို့ကို ရက်ခြယ်ထားသည့် ရက်ထည်ကြီးတစ်ခုဟု ပြောချင်လေသလော မဆိုနိုင်။

သူက ဘယ်လိုအဓိပ္ပါယ်နှင့် ခေါင်းစဉ်တပ်တပ် သူ့ကိုယ်ရေးမှတ်တမ်းများကား တွေးတောစရာ၊ ဆင်ခြင်စရာတွေနှင့် ပြည့်နေသည်။ သူ့ကိုယ်ရေးမှတ်တမ်းကို ဖတ်လိုက်ရခြင်းသည် ဘဝများစွာကို နေလိုက်ရသကဲ့သို့ ရှိသည်။ လူများစွာနှင့်တွေ့၍ စကားပြောလိုက်ရသည်နှင့်လည်း တူသည်။ စာအုပ်များစွာကို တထိုင်တည်း ဖတ်လိုက်ရသလိုလည်း ရှိသည်။

"အောက်မေ့သတိရခြင်းဟူသည် ညအမှောင်ထဲတွင် မောင်းသွားသည့် မော်တော်ကားတစ်စီးမှ မီးရောင်နှင့်တူသည်။ မော်တော်ကား ရှေ့မီးရောင်သည် တခါတရံတွင် သစ်ပင်တပင်၊ တခါတရံတွင် တဲတလုံး၊ တခါတရံတွင် လူတယောက် အပေါ်သို့ ရောက်သွားတတ်သည်။ ပြီးတော့ ထိုရှုခင်းသည် ပျောက်သွားသည်။ မှတ်ဉာဏ်သည်လည်း ထို့အတူပင်။ ကိုယ့်အကြောင်းကို ပြန်ပြောသူများ၏ စကားများ (အထူးသဖြင့်) ကိုယ့်အကြောင်းကို ကိုယ်ပြန်ရေးသည့် စာရေးဆရာများ၏ စာများထဲတွင် တခါတရံ၌ ကွက်လပ်များ ရှိနေတတ်သည်။ ထိုအခါတွင် စာရေးဆရာသည် စိတ်ကူးနှင့် ဖြည့်စွက်ရေးရသည်။ ကိုယ်တိုင်ရေး မှတ်တမ်းအတ္ထုပ္ပတ္တိတခုတွင် ပြန်ပြောင်းသတိရချက်သည် ဘယ်နေရာတွင်ဆုံးပြီး ဒဏ္ဍာရီသည် ဘယ်နေရာတွင် စတင်ဝင်ရောက်လာသည်ကို ပြောရသည်မှာ ခက်သည်" ဟု အာရင်ဘတ်က သူ၏ကိုယ်ရေးမှတ်တမ်းတွင် ရေးခဲ့သည်။

သူရေးခဲ့သည့် မှတ်တမ်းများတွင် ဘယ်နေရာသည် တကယ့်အဖြစ်အပျက်ဖြစ်ပြီး ဘယ်နေရာသည် စိတ်ကူးဖြင့် ဖြည့်စွက်ထားသည်ကို ကျွန်တော်တို့ စာဖတ်သူက မသိနိုင်ပါ။

သို့ရာတွင် အာရင်ဘတ်၏ ကိုယ်ရေးမှတ်တမ်းသည် ဝတ္ထုတပုဒ်လို

ဖတ်ကောင်းသည်မှာကား အမှန်ဖြစ်ပါသည်။ သူ၏ကိုယ်ရေးမှတ်တမ်းများသည် အာရင်ဘာတ်၏ နောက်ဆုံးစာအုပ်များ ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

(၂)

အာရင်ဘတ်သည် ၁၉၆၇ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ရာ၊ သူကွယ်လွန်သည့်အချိန်တွင် အသက် ၇၇ နှစ် ရှိပေပြီ။

ယူကရိန်းပြည်နယ်သား ရေဝတီလူမျိုးဖြစ်ပြီး ငယ်စဉ်ကတည်းက ပြင်သစ်ပြည်တွင် အနေများခဲ့သည်။ ပါရီက လမ်းမများတွင် ဆန်းသစ်ပန်းချီဆရာတွေနှင့် တွဲခဲ့သည်။ ပါရီတွင်နေစဉ် ကဗျာရေးဝါသနာပါသဖြင့် ကဗျာစာအုပ်လေးတအုပ်ကို ကိုယ်ပိုင်အရင်းအနှီးဖြင့် ထုတ်သည်။ သူ့ကဗျာကို မည်သူမျှ ဖတ်မည့်သူမရှိ။ ကဗျာစာအုပ်ကိုလည်း ဝယ်မည့်သူ မရှိ။

မူလက ကဗျာဆရာ ဖြစ်ချင်သူ။ "စကားပြေနဲ့ ပြောလို့မရတဲ့ အရာတွေကို ကဗျာနဲ့ ပြောလို့ရတယ်" ဟု အာရင်ဘတ်က ပြောဖူးသည်။ "ကဗျာဆရာ ဘလေ့က 'ဝင်းပသောလေ' လို့ သုံးခဲ့ဖူးတယ်။ လေဟာ ဘယ်နှယ့်လုပ်ပြီး ဝင်းပနေရမလဲ။ ကျွန်တော့်ဘာသာ ကျွန်တော် နားလည်အောင် ရှင်းမပြတတ်ဘူး။ ဒါပေမယ့် ဘလေ့ပြောသလိုပဲ လေဟာ ဝင်းလက်တောက်ပနေတယ်လို့ ကျွန်တော်ခံစားရတဲ့အခါတွေ ရှိတယ်" ဟု အာရင်ဘတ်က ရေးခဲ့ဖူးသည်။

နောက်တော့ သူသည် ကဗျာကို စွန့်လွှတ်ကာ ဝတ္ထုစကားပြေကို ရေးလာခဲ့သည်။ သူ့စကားပြေကား ကဗျာတပုဒ်ကို ဖတ်ရသလိုပင်။ စကားပြေထဲမှာပင် ကဗျာ၏အသွေး ဝင်းလက်နေသည်ကို တွေ့ရသည်။

အာရင်ဘတ်သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအထိ ပါရီတွင်သာ အနေများသည်။ ထို့ကြောင့် သူ့ကို ရုရှမဆန်သော စာရေးဆရာ၊ အနောက်တိုင်းဆန်သော စာရေးဆရာဟု ရုရှပြည်တွင်ရှိသည့်

ဆိုဗီယက်စာရေးဆရာများက စွပ်စွဲကြသည်။ ဝေဖန်ရေးသားကြသည်။

“အာရင်ဘတ်သည် ပါရီသစ်ကြားသီးကို စားနေခြင်းမဟုတ်ပဲ ရုရှပေါင်မုန့်ကို စားနေသူဖြစ်ကြောင်း၊ (ပြင်သစ်လူမျိုးမဟုတ်ပဲ ရုရှလူမျိုးဖြစ်ကြောင်း) တနေ့တွင် သူ့ကိုယ်သူ သဘောပေါက်လာလိမ့်မည်ဟု တနေရာတွင် တစုံတယောက်က ကျွန်တော်နှင့် ပတ်သက်၍ ရေးဖူးပါသည်။ မှန်ပါသည်။ ပါရီတွင် သောင်တင်ပြီး ဆင်းဆင်းရဲရဲ နေခဲ့ရစဉ်က ကျွန်တော်သည် ပါရီလမ်းမတကာတွင် လျှောက်သွားယင်း သစ်ကြားသီးလှော်တွေနှင့် အသက်ဆက်ခဲ့ရသည့်အခါများ ရှိပါသည်။ သို့ရာတွင် ကျွန်တော်သည် ပါရီက သစ်ကြားသီးကို စားယင်း ရုရှပြည်ကို လွမ်းခဲ့သူ ဖြစ်ပါသည်။ ရုရှပြည်က ပေါင်မုန့်ကို လွမ်းတတ်သူမျိုး မဟုတ်ပါ” ဟု ရေးခဲ့သည်။

(၃)

အာရင်ဘတ်၏ နာမည်ကျော်ဝတ္ထုများကို ကျွန်တော်တို့ ဖတ်ခဲ့ကြရသည်။ ပါရီကျဆုံးခန်း၊ မုန်တိုင်း၊ နဝမလှိုင်း၊ နှင်းခဲပျော်ချိန်၊ နွေဦး စသည့် ဝတ္ထုများဖြစ်သည်။

"နှင်းခဲပျော်ချိန်" နှင့် "နွေဦး" ဝတ္ထုများမှာ စတာလင် ကွယ်လွန်ပြီးနောက် ရုရှလူ့အဖွဲ့အစည်းကို ရေးသားထားသည့် ဝတ္ထုများ ဖြစ်သည်။ "နဝမလှိုင်း"မှာ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးတိုက်ပွဲကို နောက်ခံထား၍ ရေးထားသည့်ဝတ္ထု ဖြစ်သည်။ "မုန်တိုင်း"ကား ဒုတိယကမ္ဘာစစ်နောက်ခံဝတ္ထု။ စစ်ကြီးပြီးသွားသည့်အခါ၌ တပ်မှပြန်လာသည့် ဗာစရာနှင့် သူ့ချစ်သူ နာတာရှာတို့ သားကလေးကို ရင်ခွင်တွင်ပွေ့ကာ အရုဏ်ပြုထွက်စ မနက်ခင်းကောင်းကင်ကြီးကို မျှော်ကြည့်နေကြပုံဖြင့် အဆုံးသတ်သွားသည်။

"သူတို့နှစ်ယောက်သည် ပြတင်းပေါက်ဆီသို့ လျှောက်လာခဲ့ကြ၏။ အရုဏ်ပြုလာပြီ။ လမ်းမများက ဟာလာဟင်းလင်း။ အိမ်များက ပန်းနုရောင်သန်းလျက်။ အရာအားလုံး တိတ်ဆိတ်ကာ တဘက်ခြမ်မှ စာကလေးများသာ တစီစီမြည်နေကြသည်။ တိတ်ဆိတ်လိုက်ပုံမှာ ထူးထူးခြားခြား။ မုန်တိုင်းပြီးသည့်နောက်၊ အမြောက်သံတွေ၊ ပစ်ခတ်သံတွေ၊ မျက်ရည်တွေ စဲသွားပြီးနောက် ဤနေ့သစ်ဦး၏ ဆိတ်ငြိမ်မှု။ သူတို့နှစ်ယောက်သည် စကားမပြောနိုင်ကြ။ တယောက်ကို တယောက်ပင် မကြည့်မိကြ။ သူတို့သည် ပန်းနုရောင်တောက်နေသည့် အိမ်များကို ကြည့်ကြသည်။ ဖျော့တော့သည့် ကောင်းကင်ပြင်ကြီးကို ကြည့်နေကြသည်။ သို့မကြည့်လျှင် မနက်ခင်း၏ နက်ရှိုင်းသည့် တိတ်ဆိတ်မှုကို နားထောင်နေခြင်းလည်း ဖြစ်နိုင်သည်။ သူတို့နှစ်ယောက်သည် ရုတ်တရက် လန့်သွားကြ၏။ ရယ်သံတခုကို သူတို့ကြားလိုက်ရသည်။ 'သားလေး နိုးနေပြီကော'" ဟူသော စာကြောင်းများဖြင့် "မုန်တိုင်း" ဝတ္ထုကြီးကို အဆုံးသတ်သွားခဲ့သည်။

မျက်ရည်တွေ၊ အမြောက်သံတွေ စဲသွားသည့်နောက်တွင် ငြိမ်းချမ်းသော

မနက်ခင်းဖြင့် သူ့ဝတ္ထုကို အဆုံးသတ်ထားသည်။

သူ့ဝတ္ထုများထဲတွင် "ပါရီကျဆုံးခန်း"ကို ကျွန်တော် အကြိုက်ဆုံးပင်။

"ပါရီကျဆုံးခန်း"မှာ စစ်မဖြစ်မီ ပြင်သစ်ပြည်ကို နောက်ခံပြုထားသည်။ ဂျာမန်က ဟစ်တလာ၏တပ်များသည် ဥရောပနိုင်ငံငယ်များကို တိုက်သိမ်းနေသည်။ ပြင်သစ်နှင့် အင်္ဂလိပ်တို့ကိုပင် ခြိမ်းခြောက်နေပြီ။ မူဆိုလီနီ၏ အီတလီတပ်များက အဘီဆီးနီးယားပြည်နယ်ကို သိမ်းထားပြီး အာဖရိကတိုက်ကို ခြိမ်းခြောက်နေသည်။ စပိန်ပြည်တွင် သမ္မတနိုင်ငံအစိုးရကို ဖရန်ကိုဖက်ဆစ်များက တိုက်ခိုက်ကာ မက်ဒရစ်မြို့အနီးတဝိုက်တွင် တိုက်ပွဲတွေ ဖြစ်နေသည်။ တကမ္ဘာလုံးတွင် ဖက်ဆစ်ဝါဒ တစ္ဆေကြီးကို ထင်ထင်ရှားရှား မြင်နေရသည်။

ပြင်သစ်ပြည်သူများသည် သူတို့အိမ်တံခါးဝကို လာခေါက်နေသည့် ဖက်ဆစ်ဝါဒ ခြိမ်းခြောက်မှုကို ခုခံလိုကြသည်။ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားတို့ အားလုံးပါဝင်သည့် ပေါ်ပြူလာဖရန့်ခေါ် ပြည်သူ့တပ်ဦးကို မဲပေးခဲ့ကြသည်။ သို့ဖြင့် ပြင်သစ်ပြည်တွင် ပြည်သူ့တပ်ဦးအစိုးရ တက်လာခဲ့သည်။

သို့ရာတွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့တပ်ဦးသည် ဘာကိုမျှ ထိထိရောက်ရောက် မလုပ်နိုင်၊ ပြည်သူ့တပ်ဦးထဲတွင် ဖက်ဆစ်ဆန့်ကျင်ရေးဂိုဏ်းသားတွေ အကွဲကွဲဖြစ်နေကြသည်။ ပြင်သစ်ပြည်တွင် နေ့စဉ်နှင့်အမျှ ဖက်ဆစ်အဖွဲ့အစည်းတွေ ပေါ်ပေါက်နေသည်။ ဖက်ဆစ်ဝါဒ နောက်လိုက်တို့၏ ဆန္ဒပြပွဲတွေ ပေါ်နေသည်။ ဖက်ဆစ်တပ်ဖွဲ့များ၏ စစ်ရေးပြပွဲတွေ ပေါ်နေသည်။ သို့ဖြင့် ဘာမျှမကြာခင် ပြည်သူ့တပ်ဦးအစိုးရ ပြုတ်ကျသွားသည်။ ဖက်ဆစ်များသည် လုပ်ကြံမှုများကို လုပ်ကြသည်။ သတင်းများကို ဝယ်ကြသည်။ သတင်းစာဆရာများကို လာဘ်ထိုးကြသည်။ ထိုမျှမက လွှတ်တော်အမတ်များကို လာဘ်ထိုးကြသည်။ ယနေ့ဆိုရှယ်လစ်အမတ်သည် မနက်ဖြန်တွင် ငွေယူပြီးနောက် ဖက်ဆစ်ဝါဒကို ထောက်ခံသွားသည်။ ဝန်ကြီးတွေကလည်း လာဘ်ယူကြသည်။

သို့ဖြင့် အရင်းရှင် ပါလီမန်ဒီမိုကရေစီသည် ပုပ်သိုးဆွေးမြည့်နေသည်။ ပြည်သူများက ဖက်ဆစ်ဝါဒကို ဆန့်ကျင်လိုကြသည်။ ဟစ်တလာကို ပြတ်ပြတ်သားသား တိုက်စေချင်သည်။ သို့ရာတွင် ပြင်သစ်အစိုးရသည်

ပြင်သစ်ပြည်သူတို့၏ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲကို ခေါင်းမဆောင်ခဲ့။ ခေါင်းဆောင်နိုင်စွမ်းလည်း မရှိ။

အာရင်ဘာတ်သည် ထိုနောက်ခံပေါ်တွင် သူ့ဝတ္ထုကြီးကို ရေးခဲ့ခြင်းဖြစ်သည်။ ခေါင်းဆောင်တွေက တိုင်းပြည်ကံကြမ္မာထက် ကိုယ်မဲရဖို့လောက်သာ ကြည့်နေကြသည်။ ခေါင်းဆောင်အချင်းချင်း ပါလီမန်ထဲတွင် တိုက်ကြ ခိုက်ကြ။ အပြင်ဘက်တွင် ခြေပုန်းခုတ်ကြ၊ ခြေထိုးကြနှင့် အချိန်ကုန်နေစဉ်တွင် ဟစ်တလာသည် ပါရီမြို့တွင်းသို့ လမ်းလျှောက်၍ ဝင်လာခဲ့လေသည်။ ပါရီသည် ဘာလုပ်ရမှန်းမသိဘဲ ဟစ်တလာ၏ တပ်များကို ငေးကြည့်ယင်းက ဝါးမျိုခြင်း ခံလိုက်ရသည်။

"ပါရီကျဆုံးခန်း"မှာ စစ်မဖြစ်မီ ပါရီ၏သရုပ်နှင့် ပြင်သစ်ပြည်ကြီး၏ သရုပ်ကို ဖော်ပြနိုင်သည့် ဝတ္ထုကြီးဖြစ်သည်။ ထို့ကြောင့် ထိုဝတ္ထုကြီးကို ၁၉၄၂ ခုနှစ်တွင် စတာလင်ဆု ချီးမြှင့်ခဲ့လေသည်။

"ပါရီကျဆုံးခန်း"တွင် အဓိကဇာတ်ဆောင်များမှာ မှတ်ရလွယ်ပါသည်။ နိုင်ငံရေးကို စိတ်ဝင်စားပြီး စိတ်ရင်းကောင်းရှိသည့် အင်ဂျင်နီယာတစ်ဦးဖြစ်သည့် ပီယာ။ ဘာနိုင်ငံရေးကိုမှ စိတ်မဝင်စားပဲ ပန်းချီကားတွေကိုသာ ဆွဲချင်နေသည့် သူ့မိတ်ဆွေပန်းချီဆရာ အန်ဒရေ။ စာရေးဆရာယောင်ယောင် နိုင်ငံရေးသမားယောင်ယောင်နှင့် နာမည်ကြီးဖို့ လုပ်ယင်း အကျင့်ပျက်နေသည့် လူဆန်း။ သွက်လက်ဖျတ်လက်သည့် အလုပ်သမားခေါင်းဆောင် မစ်ရှော။ ကချေသည်မ ဂျဲနက်။ ကျောင်းဆရာမလေး အင်္ဂနိစ်။ လွှတ်တော်အမတ်၏ သမီးပျို ကျောင်းသူ ဒင်းနိစ် စသူတို့၏ ရုပ်ပုံလွှာများမှာ အသက်ဝင်နေသည်။

စက်မှုလုပ်ငန်းပိုင်ရှင်ကြီး ဒက်ဇာ။ လွှတ်တော်အမတ် တက်စ။ ဖက်ဆစ်ခေါင်းဆောင် ဘရီကျူး စသူတို့၏ ရုပ်ပုံများကလည်း ကြွတက်နေသည်။

"ပါရီကျဆုံးခန်း" နှင့်ပတ်သက်၍ အာရင်ဘာတ်က...

"ကျွန်တော့်ရဲ့ 'ပါရီကျဆုံးခန်း' ဝတ္ထုမှာ ဇာတ်ဆောင်တွေ အများကြီး ပါပေမယ့် ဇာတ်လိုက်တစ်ယောက်မှ မပါဘူးလို့ ဝေဖန်ရေးဆရာတယောက်က ရေးသွားတယ်။ ကျွန်တော့်အထင်ကို ပြောရမယ်ဆိုယင်တော့ ဒီဝတ္ထုရဲ့

ဇာတ်လိုက်ဟာ ပါရီမြို့ကြီးပဲ” ဟုပြောခဲ့သည်။

ဤအချက်သည်ပင် “ပါရီကျဆုံးခန်း” ၏ ထူးခြားချက်ဖြစ်သည်။ ဤအချက်သည် ဒုတိယကမ္ဘာစစ်အပြီးတွင် ခေတ်စားလာသည့် ဝတ္ထုပုံသဏ္ဍာန်ဖြစ်သည်။ အာရင်ဘတ်သည် ထိုဝတ္ထုပုံသဏ္ဍာန်ဖြစ်သည်။ အာရင်ဘတ်သည် ထိုဝတ္ထုပုံသဏ္ဍာန်သစ်ကို ပထမဆုံး ကောက်ကြောင်းဖော်ခဲ့သူ ဖြစ်လေသည်။

မြသန်းတင့်

ပါရီကျဆုံးခန်း

မြသန်းတင့်

ပထမတွဲ

အခန်း (၁)

အန်ဒရေ၏ ပန်းချီစတူဒီယိုသည် ရှာရှေမီဒီလမ်းမှာ ရှိသည်။ လမ်းက လမ်းအိုလမ်းဟောင်း၊ အိမ်တွေက ညစ်ပတ်ပေရေလျက်။ တရုတ်ကတ်တံခါးတွေ တပ်ထားသဖြင့် ရှေ့တွင် မည်းမည်းနက်နက်အစင်းတွေ ထင်နေသည်။ လမ်းထဲတွင် ပစ္စည်းဟောင်း ရောင်းသည့်ဆိုင်တွေက မရေမတွက်နိုင်။ စာရေးစားပွဲ၊ ဗီရိုဟောင်းတွေ၊ မျက်နှာဖောင်းဖောင်းနှင့် တမန်တော် နတ်ရုပ်တွေ၊ ဂေါ်မုတ်ပုတီးတွေ၊ တရုတ်ပိုက်ဆံအကြွေတွေ၊ ဆံပင်တွေ ဌာပနာထားသည့် လော့ကတ်ဆွဲကြိုးတွေ၊ မျက်နှာပွင့်ဆေးတွေ။

ပစ္စည်းဟောင်း ရောင်းသူများကလည်း ဣန္ဒြေကြီးတွေ တခွဲသားလောက်ရှိသည့် အဘွားကြီးများ သို့မဟုတ် မုတ်ဆိတ်ကို ပြောင်နေအောင် ရိတ်ထားပြီး ခေါင်းပေါ်တွင် သံပရာဦးထုပ် အနက်ကလေးတွေကို ဆောင်းထားတတ်ကြသည့် အဘိုးကြီးများ ဖြစ်ကြသည်။ လမ်းထောင့်တွင် “ဆေးရှုတဲ့မောင်” ဟု ဆိုင်းဘုတ်တပ်ထားသည့် ကဖီးနှင့် ဆေးလိပ်ဆိုင်တဆိုင်ရှိသည်။ ဆိုင်ဝတွင် တယ်ရီယာမျိုး ခွေးတကောင်၊ သွားရာတွေ ထင်နေသည့် စီးကရက်စွပ်တံတခုကို ခဲလျက် ပိုက်ဆံတောင်းနေသည်။ ဆိုင်လာသူတို့မှာ စီးကရက်စွပ်တံကို ခဲနေသည့် ခွေးကိုကြည့်၍ ရယ်ကြရသည်။ မျက်နှာချင်းဆိုင်တည့်တည့်တွင် “ဟင်နရီနှင့် ဂျိုးဆက်ဖင်း” ပျော်ပွဲစားရုံရှိသည်။ ဗိုလ်စားပဲ၊ ငန်းသားနှင့် ဝက်အူချောင်းကောင်းသည်ဟု နာမည်ကြီးသည်။ ဟင်နရီသည် အောက်ထပ်မြေတိုက်ထဲသို့ ဆင်းသွားကာ ဖုံအလိမ်းလိမ်းတက်နေသည့် ဝိုင်အရက်ချိုပုလင်းကို ထုတ်လာပြီး ကျောက်သင်ပုန်းတချပ်ပေါ်တွင် စာရင်းများကို တွက်နေတတ်သည်။ သူ့ကြည့်လိုက်လျှင် အမြဲတမ်း ရွှင်လျက်။ သူ့မယား အချက်အပြုတ်ကောင်းပုံကို ချီးမွမ်းတတ်သည်။ လာသမျှလူနှင့် ဒိုင်ခံစကားပြောသည်။ လက်သဲတွေ စူးနေတတ်သည့် လက်ကြီးဖြင့် လက်ဆွဲနှုတ်ဆက်တတ်သည်။ ပျော်ပွဲစားရုံနှင့် ကပ်လျက်ဆိုင်မှာ ဖိနပ်ချုပ်ဆိုင်ဖြစ်၏။ ဖိနပ်ချုပ်သမားမှာ အသက်ခြောက်ဆယ်ကျော်လေပြီ။ သို့တိုင်အောင် တူတလက်ဖြင့် ဖိနပ်ချုပ်ရင်း ညစ်ညမ်းသည့် အချစ်သီချင်းတွေကို ဆိုတုန်း။ ခပ်လှမ်းလှမ်းတွင် ခွာညိုပုန်း၊ ဇော်မွှေးပန်းနှင့် ခရေပန်းများရောင်းသည့် ဆိုင်တဆိုင်ရှိသည်။ ဆိုင်ရှင်က

သပ်သပ်ရပ်ရပ် ပိန်ပိန်ပါးပါး အဘွားကြီးတဦး။ မနက်လင်းသည်နှင့် ထိုနေ့အတွက် ပူဇော်ရမည့် ရဟန္တာ၏အမည်ကို တံခါးရွက်ပေါ်တွင် ရေးထားသည်။ ဆိုင်ရှေ့ ဓြက်ံ့တွင် "နိဗ္ဗာန်"၊ "ငရဲ"၊ "အီတလီ"၊ "အီသီယိုးပီးယား" စသည့် စကားလုံးများကို မြေဖြူဖြင့် ရေးထား၏။ ကလေးများ လက်ဆော့ထားကြခြင်း ဖြစ်သည်။ မနက်လင်းလျှင် မုတ်ဆိတ်ကျိုးကျဲနှင့် ဈေးသည်မကြီးများသည် တွန်းလှည်းများကိုတွန်းကာ "ကဲ… ခရမ်းချဉ်သီး လိမ္မော်သီးတော်ရို့" ဟု အသံကွဲကွဲဖြင့် အော်လာတတ်ကြသည်။ အဝတ်ဟောင်းဝယ်သူက ပလွေတလက်ကိုမှုတ်ယင်း သူ့ကိုယ်သူ ကြော်ငြာသည်။ ကြားသူများက အပေါ်အင်္ကျီဟောင်းများနှင့် အိပ်ရာခင်းအစုတ်များကို ထုတ်လာကြ၏။ ညနေပိုင်းရောက်လျှင် သူတောင်းစားများက လမ်းမတလျှောက်တွင် ပိုက်ဆံတောင်းကြသည်။ တယောနှင့်တောင်းသူ၊ အော်ဂင်နှင့်တောင်းသူ၊ သီချင်းဆို၍တောင်းသူ၊ အဆိုအကဖြင့်တောင်းသူ…။ အပေါ်ထပ် ပြတင်းပေါက်မှ ပိုက်ဆံများ ပစ်ချတတ်ကြသည်။

သို့ရာတွင် သူတို့အိမ်များထဲတွင် တိတ်ဆိတ်လျက်။ မည်းမှောင်လျက်။ မွန်းကျပ်လျက်။ အိမ်ထောင်ပရိဘောဂတွေ၊ ပစ္စည်းတွေဖြင့် ပြည့်သိပ်လျက်။ ပစ္စည်းဟူသမျှ အဟောင်းအမြင်းတွေချည်း။ အကျိုးအပဲ့ အစုတ်အပြတ် မှန်သမျှကို တယုတယ လုပ်ထားကြသည်။ ကုလားထိုင်စွပ်တွေ ဟောင်းနွမ်းကာ ဖာရာတွေ ပြည့်နေပြီ။ ကြောင်အိမ်ပေါ်က လက်ဖက်ရည်ပန်းကန်တွေက ကျိုးပဲ့ကာ ကော်ဖြင့်ပြန်ကပ်ထားရသည်။ သူတို့အိမ်ရောက်သွား၍ နှာချေမိလျှင် သံပရာပွင့်ခြောက် ခတ်ထားသည့် လက်ဖက်ရည်ကိုသော်လည်း တိုက်မည်။ အရက်စုံတခွက်ကိုသော်လည်း တိုက်လိမ့်မည်။ ဂုံဖုတ်ကို မုန်ညင်းဆီနှင့်နယ်ကာ ရင်ဘတ်ကိုအုံပြီး အဝတ်စည်းပေးလိမ့်မည်။ ပရဆေးဆိုင်တွင် လိမ်းဖို့၊ သောက်ဖို့၊ အုံဖို့ ပရဆေးအမျိုးမျိုးရှိသည်။ ဒူလာပျောက်သည်ဟု ပြောကြသော ကြောင်ရေများလည်း ရနိုင်သည်။ ပရဆေးဆိုင်ထဲ ဝင်သွားလျှင် ကြောင်တွေမှ တအုပ်ကြီး၊ သင်းထားသဖြင့် ဝဖြိုးလျက်။ ဆိုင်ထဲတွင် တညောင်ညောင် အော်နေကြသည်။ စာပွဲထိုးမတွေ စုနေကြသည့် တန်းလျားများတွင် တညောင်ညောင် အော်နေကြသည်။ သူတို့တန်းလျားမှ သိုးသားကြော်သည့်အနံ့မှာ မနက်မှ ညမိုးချုပ်တိုင် မွှန်နေတော့သည်။ ညနေမှောင်စပျိုးသည်နှင့် လမ်းမှ ပြာလဲ့လဲ့မီးရောင်ထဲတွင် လှုပ်ရှားကူးခတ်နေသူများကို မြင်ရသည်။ ထိုအချိန်မှာ ပျော်စရာအကောင်းဆုံး။

အန်ဒရေ၏ စတူဒီယိုမှာ အပေါ်ဆုံးထပ်တွင် ရှိ၏။ သူ့အခန်းမှ ကြည့်လိုက်လျှင် ရှုခင်းက အံ့စရာ။ အိမ်ခေါင်မိုးတွေက တခုပြီးတခု အုတ်ကြွပ်ပင်လယ်ကြီးထဲတွင် လှိုင်းလုံးတွေ မြင့်ချည်နိမ့်ချည် လိမ့်နေသည့်နှယ်။ ခေါင်မိုးများပေါ်မှ မီးခိုးတန်း သေးသေးမျှင်မျှင်လေးတွေ တက်နေကြသည်။ ဖျော့ဖျော့လင်းနေသည့် လိမ္မော်ရောင်ထဲတွင်မူ အီဖယ်မျှော်စင်ကြီးက မိုးလျက်။

စတူဒီယိုက ရှုပ်ပွလျက်။ လမ်းသွားစရာပင် ကောင်းကောင်းမရှိ။ ပန်းချီကားဘောင်များ၊ နော်နီနော်နဲ့ ကုလားထိုင်များ၊ ဆီဆေးဗူးများ၊ ဖိနပ်စုတ်များ၊ ဖုန်အလိမ်းလိမ်း တက်နေသည့် ပန်းအိုးများ။ အခန်းထဲတွင် ရောက်နေသည်နှင့်မတူ၊ အမြစ်တွယ်နေသည်နှင့်ပင် တူတော့သည်။ စတူဒီယိုထဲသို့ နေခြည်ထွေးထွေး ထိုးဖောက်စိမ့်ဝင်ကျလာသည့်အခါများတွင် တောအုပ်အောက်ခြေက သစ်ပင်တွေနှင့် တူနေသည်။ အန်ဒရေသည် အဓိပ္ပါယ်မရှိသည့် သီချင်းတွေကို ညည်းယင်း နေခြည်ထွေးထွေးကိုကြို၏။ တခါတလေတွင် သူ့စတူဒီယိုသည် ရွက်ပေါင်းကြွေခါစ ခင်တန်းတခုလိုလို။ အခန်းထဲက ရှိသမျှ အရာတိုင်းသည် မှိုတက်လျက်။ ဆွေးမြေ့ပျက်စီးလျက်။ အန်ဒရေ ကိုယ်တိုင်ကလည်း သစ်ပင်ကြီးတပင်နှင့် တူနေသည်။ အလုံးအထည်ကြီးကြီး၊ ခပ်နှေးနှေး။ စကားကလည်း ခပ်နည်းနည်း။ မနက်လင်းလျှင် စုတ်တံကို ကောက်ကိုင်ပြီး ပန်းချီရေးသည်။ အိမ်ပုံအမိုးတွေကို ဆေးခြယ်သည်။ ခရေကုံးများ၊ ပန်းဂေါ်ဖီပွင့်များ၊ ပုလင်းများ စသည့် သက်ငြိမ်ပန်းချီကားတွေကို ဆွဲသည်။ ညနေရောက်လျှင် သူ့ဆေးတံကြီးကို မီးညှိပြီး လမ်းလျှောက်ထွက်သည်။ တခါတရံတွင် ရုပ်ရှင်ဝင်ကြည့်သည်။ မစ်ကီမောက်စ်ကားဟောင်းကို ကြည့်ယင်း ပြုံးရသည်။ ထို့နောက်တွင်မူ အိမ်ပြန် အိပ်ရာထဲဝင်အိပ်။

အန်ဒရေ အလုပ်လုပ်ပုံကလည်း ခပ်နှေးနှေး။ အနေအထိုင်ကလည်း ခပ်နှေးနှေးပင်။ သူ့အသက်သည် သုံးဆယ့်နှစ်နှစ် ရှိပြီ။ သို့တိုင်အောင် လူငယ်ကလေးတစ်ယောက်လို ကမ္ဘာလောကကြီးကို တအံ့တဩဖြင့် ငေးမောကြည့်ဆဲ။ သူ့ကို ကျွမ်းကျင်သည့် ပန်းချီဆရာဟု လူတွေက ပြောကြသည်။ သို့ရာတွင် သူကိုယ်တိုင်ကမူ ယခုမှ လက်သင်ပန်းချီဆရာလေးတယောက်လို ထင်နေသည်။ နော်မန်နယ်သား လယ်သမားဖြစ်သည့် သူ့အဖေသည် သစ်တော်ပင်တပင်မှ အသီးသီးအောင် မည်မျှကြာကြာ စောင့်ရသည်ကို ကောင်းကောင်းသိသည်။ နွားမတကောင် နို့ထွက်အောင် မည်မျှကြာကြာ

စောင့်ရသည်ကို ကောင်းကောင်းသိသည်။ ဤစိတ်ရှည်မှုမျိုးဖြင့် အနန္ဒရေသည် သူ့ပန်းချီကားတွေ ပုံပေါ်လာအောင် အရည်အသွေး ပေါ်လာအောင် စောင့်သည်။

အပြောင်းအလဲမြန်သည့် ပါရီမြို့၌ ထိုတည်နေ၍ အနန္ဒရေသည် ခွာညိုပုန်းတစည်းပုံကို ဆွဲလျက်ရှိ၏။ တံခါးခေါက်သံတချက် ပေါ်လာသည်။ မျက်မှောင်ကို ကုပ်လိုက်၏။ ဝင်လာသူက သူ့မိတ်ဆွေ ပီယာ။ အခန်းထဲ မရောက်ခင်ကတည်းက စကားကို တသွင်သွင် ပြောလာသည်။ ပီယာမှာ စကားများလိုက်သည်ကလည်း အလွန်။ ပြောလိုသည့် အကြောင်းအရာကလည်း အစုံ။ အနန္ဒရေက ပြုံးယင်း သူ့ပန်းချီကားကို မကြာခဏ ကြည့်နေသည်။ စုတ်ချက်ကြမ်းကြမ်း တင်ထားသည့် အဝါရောင်က မှိုင်းလွန်းနေသည်။ သည်အချက်ကို ယခုမှပင် သူသတိပြုမိ၏။

အနန္ဒရေနှင့် ယှဉ်လိုက်သည့်အခါတွင် ပီယာသည် သေးကွေးနေသယောင် ထင်ရ၏။ ငှက်တကောင်လို နည်းနည်းမျှ ဂနာမငြိမ်။ အသားက သံလွင်ရောင် လဲ့လဲ့ပြေးလျက်။ မျက်လုံးပြူးပြူး၊ လက်တံရှည်ရှည်၊ ပန်းချီကားဘောင်တွေ၊ ပန်းအိုးတွေကို ကျော်လွှားလျှောက်လာယင်း အသံပြာပြာဖြင့် စကားပြောလာသည်။

ပီယာသည် မြို့ပြအင်ဂျင်နီယာတဦးဖြစ်၏။ သို့ရာတွင် ဇာတ်သဘင်ကိုလည်း ဝါသနာပါသည်။ ကလောင်အမည်တခုဖြင့် ကဗျာစာအုပ် ထုတ်ဖူးသည်။ မိန်းကလေး တယောက်ယောက်ကို အမြဲချစ်နေရမှ၊ အချစ်ရေး အဆင်မပြေလျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေမည်ဟု စိတ်ကူးဖြင့် ကစားတတ်သူဖြစ်သည်။ သူ့ဘဝကို ခုံမင်အားကြီးသလောက် လူ့ဘဝ၏ ဘက်အသီးသီးကို တွယ်တာသည်။ စိတ်ဓာတ်ပျော့၍ ယုံလွယ်သည်။ တခါတရံတွင် စန္ဒရားဆရာတယောက်နှင့် အသိအကျွမ်း ဖြစ်လာခဲ့သည်။ ထိုစဉ်က ပြင်သစ်ပါလီမန်လွှတ်တော်ကို ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုကြီးတခု ပါရီတွင် ပေါ်ပေါက်လျက်ရှိ၏။ စတာဗစ္စကီ ငွေလိမ်မှုတွင် ပြင်သစ်လွှတ်တော်အမတ်များ ပါနေသည့်အတွက် လွှတ်တော်ကို ဆန့်ကျင်နေကြခြင်း ဖြစ်သည်။ "ဂုဏ်သိက္ခာ" ဟူသော စကားလုံးကို ကြားရဖန်များသဖြင့် ပီယာသည် ထိုစကားတို့ကြောင့် သွေးပူလာကာ ထိုညကဖြစ်သည့် လွှတ်တော်ရှေ့က အဓိကရုဏ်းတွင် ကိုယ်တိုင်ပါခဲ့၏။ နောက်ခြောက်လကြာသည့်အခါ ဖက်ဆစ်ဆန့်ကျင်ရေး

အစည်းအဝေးတခု၌ ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်၏ မိန့်ခွန်းကို နားထောင်ယင်း သူ့မိတ်ဆွေ စန္ဒရားဆရာနှင့် ငြင်းခုံရန်ဖြစ်သည်။ စစ်ဝါဒကို ကန့်ကွက်ရှုတ်ချသည်။ ဒါဇင်ပေါင်းများစွာသော သတင်းစာများကို ဝါးစားသလို အကုန်ဖတ်သည်။ ဆန္ဒပြပွဲလုပ်လျှင် သူမရောက်သည့်အခါဟူ၍ တခါမှ မရှိစဘူး။

၁၉၃၅ ခုနှစ်သည် ပြင်သစ်ပြည်အဖို့ အလှည့်အပြောင်းကာလ ဖြစ်သည်။ ဖက်ဆစ်တို့၏ ဆန္ဒပြပွဲများ ပြီးသည့်နောက် ပေါ်လာသည့် ပြည်သူ့တပ်ဦးသည် တိုင်းပြည်၏ အသက်ရှူသံ၊ တိုင်းပြည်၏ အမျက်ဒေါသ၊ တိုင်းပြည်၏ မျှော်လင့်အားထားရာ ဖြစ်နေသည်။ ဇူလိုင်လ ၁၄ ရက် (ပြင်သစ်နိုင်ငံ လွတ်လပ်ရေးနေ့) နှင့် (စာရေးဆရာကြီး ဘာဘူး၏ အသုဘချသည့်နေ့ ဖြစ်သည့်) စက်တင်ဘာ ၇ ရက်နေ့တွင် ပါရီမြို့လမ်းမများမှာ လူတသန်းရှိသည့် လူအုပ်ကြီးဖြင့် ပြည့်နေတော့သည်။ လူထုသည် လှုပ်ရှားစပြုလာပြီ။ ရွေးကောက်ပွဲတွေ နီးပြီ။ အရာရာကို မဲပုံးများက ဆုံးဖြတ်လိမ့်မည်ဟု ခေါင်းဆောင်များက ပြောကြသည်။ သို့ရာတွင် လူထုကြီးက စိတ်မရှည်နိုင်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိကြသည်။ စစ်တစ္ဆေကြီးကို ပထမဆုံးအကြိမ် လူထုကြီး မြင်လိုက်ရသည်။ ဂျာမန်တပ်တွေ ရိုင်းလင်းနယ်ထဲ ဝင်ကုန်ပြီ။ အီတလီတပ်များက အဘီဆီးနီးယားကို သိမ်းလိုက်ကြပြီ။ ပြင်သစ်ပြည်၏ ကံကြမ္မာသည် အိမ်နီးချင်းနိုင်ငံများနှင့် ကိုယ့်နိုင်ငံက လူထုကို ကြောက်နေကြသော အရေးမကြီးသည့် လူတစုလက်ထဲသို့ ရောက်နေသည်။ သူတို့ကမူ သူတို့ကိုယ်ကိုသူတို့ တကယ့်မဟာဗျူဟာမှူးကြီးများဟု ထင်နေကြသည်။ သူတို့သည် လက်တွေ့ကျသည့် အင်္ဂလိပ်ကို လေပြေထိုး၍ ချော့နေသည်။ ထို့နောက် ရောမ (အီတလီ) နှင့် လှည့်တိုက်ပေးသည်။ ပညာရှိကြီးများသည် နောက်ဆုံးတွင် လူဖျင်းလူညံ့တွေ ဖြစ်နေကြသည်။ ဥရောပနိုင်ငံလေးများသည် ပြင်သစ်ပြည်ကို စွန့်ခွာသွားကြသည်။ ပြင်သစ်တဦးတည်း အထီးကျန်နေရမည့်ကာလသည် တဖြည်းဖြည်း နီးကပ်လာပြီ။ သို့ရာတွင် ဝန်ကြီးများသည် တိုင်းပြည်ကံကြမ္မာထက် သူတို့ရွေးကောက်ပွဲနိုင်ရေးကို လုံးပန်းနေကြသည်။ ပြည်သူ့တပ်ဦးကို ဖြိုခွဲရန် ကြိုးစားနေကြသည်။ ပုလိပ်များက တွေဝေသူများကို လာဘ်ထိုးပြီး ကြောက်သူများကို ဖြဲခြောက်နေကြသည်။ နေ့တိုင်းလိုလို ဖက်ဆစ်အဖွဲ့သစ်တွေ ပေါ်နေသည်။ လူချမ်းသာသားသမီးများက လူချမ်းသာရပ်ကွက်များသို့ ညနေတိုင်းသွားပြီး "ပုဒ်မပုဒ်ထီး အလိုမရှိ၊ အင်္ဂလိပ်တို့ ကျဆုံးပါစေ၊ မူဆိုလီနီ သက်တော်ရာကျော် ရှည်ပါစေ" ဟု ကြွေးကြော်ကြသည်။ မြို့စွန်အလုပ်သမားရပ်ကွက်များတွင်မူ ပေါက်ကွဲအံ့ဆဲဆဲ

တော်လှန်ရေးကြီးအကြောင်းကို ပြောနေကြသည်။ ထိတ်လန့်နေသည့် မြို့သူမြို့သားများမှာ အရာရာကို ကြောက်နေကြသည်။ ပြည်တွင်းစစ်နှင့် ဂျာမန်ကျူးကျော်မှု၊ သူလျှိုများနှင့် နိုင်ငံရေးခိုလှုံသူများ၊ စစ်မှုထမ်းသက်ကို ထပ်မံတိုးချဲ့ခြင်းနှင့် သပိတ်မှောက်မှုများ၊ လာမည့်နှစ်သည် တခုခုကို အဆုံးအဖြတ်ပေးမည့်နှစ် ဖြစ်မည်ဟု လူတိုင်းက မျှော်လင့်နေကြသည်။

ထိုအဖြစ်အပျက်များကို မြင်သည့်အခါတွင် ပီယာသည် အစောင့်ကျသည့် စစ်သားလို သတိအနေအထားဖြင့် ရှိနေသည်။

သူတို့နှစ်ယောက်သည် ကျောင်းမှာကတည်းက တတွဲတွဲ နေခဲ့ကြသည့် သူငယ်ချင်းများ ဖြစ်ကြ၏။ သို့ရာတွင် နောက်ပိုင်းတွင် တယောက်နှင့် တယောက် မတွေ့ဖြစ်ကြ။ ပီယာ၏ ဘဝက ဆူဆူညံညံ ရှိသလောက် အန်ဒရေ၏ ဘဝက အေးဆေးတည်ငြိမ်သည်။ သူတို့နှစ်ယောက် တွေ့လျှင် ပီယာသည် သူ့နောက်ဆုံးဝါသနာကို ပြောပြတတ်သည်။ မော်တော်ကားသစ်အကြောင်း၊ အန်ဒရေဘရီတန်၏ ကဗျာအကြောင်း၊ ဖက်ဆစ်ဆန့်ကျင်ရေး စာရေးဆရာများ၏ ကွန်ဂရက်အကြောင်း။

အန်ဒရေကမူ နားထောင်ပြီး ပြုံးရုံမျှသာ ပြုံး၏။ ထို့နောက် “ဆေးရှုတဲ့မောင်” သို့သွားကာ ဘီယာစုပ်ကြသည်။ သို့မဟုတ် ဗားမှု သောက်ကြသည်။ ထို့နောက် ကွဲသွားကြပြန်သည်။ သို့ဖြင့် တနှစ်လောက် ကြာသွား၏။ ထိုစဉ် ပီယာသည် အန်ဒရေကို ရုတ်တရက် သတိရလာပြန်ကာ စတူဒီယိုသို့ အပြေးအလွှားရောက်လာယင်း “ဟျို့လူ၊ မနေ့ကအကြောင်း ပြောရဦးမယ်” ဟု အော်လာသည်။ သူပြောပုံက သူတို့မတွေ့ကြသည်မှာ မနေ့က တရက်တည်း ရှိသေးသယောင်ယောင်။

ယခုတခေါက်တွင်လည်း ထို့အတူ။

“ဟေ့လူ၊ မနေ့က ပြောသွားတဲ့ ဝန်ကြီးဗီးလာ့ဒ်ရဲ့ မိန့်ခွန်းကို ဖတ်ပြီးပလား၊ ဂျာမန်စစ်ဝါဒရဲ့ အန္တရာယ်ရှိသည့်တိုင် ကျွန်တော်တို့ဟာ လက်နက်ဖျက်သိမ်းရေးကို ဆက်လုပ်ရမယ်တဲ့ဗျ၊ လူတွေကတော့ စစ်အကြောင်းပဲ ပြောနေကြတာပဲ၊ ခင်ဗျားကော ဘယ်လိုထင်သလဲ၊ စစ်ဖြစ်မှာလား၊ မဖြစ်ဘူးလား၊ ကျုပ်တို့စက်ရုံက ညွှန်မှူးကတော့ ဗေဒင်ကို ဖိမေးနေတာပဲဗျို့၊ မာဃနက္ခတ်က

စစ်နဲ့ယှဉ်တဲ့ နက္ခတ်တဲ့ဗျ၊ ဝိသာခါနက္ခတ်ကတော့ ငြိမ်းချမ်းရေးနဲ့ ယှဉ်သတဲ့၊ တော်တော်တော့ ရယ်ရတယ်။ ဟစ်တလာဆိုတဲ့ ငနဲလဲ ရူးနေပြီ ထင်ပါရဲ့ဗျာ၊ ဒါပေမယ့် လာမယ့် ရွေးကောက်ပွဲမှာ ပြည်သူ့တပ်ဦးနိုင်ယင်တော့ စစ်ဖြစ်မယ် မထင်ဘူးဗျ၊ ခင်ဗျားကော ဘယ်လိုထင်သလဲ”

“သိဘူးလေဗျာ၊ ဒါတွေကို စဉ်းလဲ မစဉ်းစားဘူး”

အန်ဒရေကပြော၏။ ပီယာက တံခါးပေါက်ဘက်သို့ ချာကနဲ လှည့်ထွက်လိုက်သည်။

“ဘယ်သွားဦးမလို့လဲ”

“ယဉ်ကျေးမှု အသင်းတိုက် ဟောပြောပွဲကိုလေဗျာ၊ အံ့ဩစရာ တခုခုတော့ တွေ့ရမှာဗျ၊ လာလေဗျာ၊ ခင်ဗျား ဝက်ဝံလှောင်အိမ်ကြီးထဲမှာ ဘာလုပ်မှာလဲ၊ ကျုပ်တော့ အဲဒီကို မကြာမကြာ ရောက်နေတယ်ဗျ၊ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်။ အလုပ်သမားတွေလဲလာတယ်၊ အင်ဂျင်နီယာတွေလဲလာတယ်၊ ခင်ဗျားရဲ့ညီနောင် ပန်းချီဆရာတွေလဲ လာကြတယ်၊ ကျွန်တော်တော့ အဲဒီလို ဟောပြောပွဲတွေကို တက်ရတာ ပျော်နေပြီ၊ တော်လှန်ရေးကို ယုံနေပြီဗျ။ ကျုပ်စက်ရုံ ညွှန်မှူးကိုလဲ ဒီအတိုင်း ပြောလိုက်တယ်၊ သူတို့လို ဗေဒင်တွေ ဘာတွေ မေးစရာ မလိုပါဘူး၊ ကျုပ်ညွှန်မှူးတော့ ကျုပ်စကားကြောင့် ဆွေ့ဆွေ့ခုန်နေတာပဲ၊ ဟုတ်တယ်၊ ကျုပ်ပြောသလို မုချ ဖြစ်ရမယ်”

“ဘာဖြစ်ရမှာလဲဗျ”

“တော်လှန်ရေးလေဗျာ၊ မယုံယင် ကျုပ်တို့ စက်ရုံထဲ လာကြည့်ပါလား၊ လာလေဗျာ၊ သွားကြစို့”

အန်ဒရေက သူပန်းချီဆွဲသည့် ရွက်ဖျင်ကို ဝမ်းပန်းတနည်း ငေးကြည့်နေသည်။ ပီယာက သူ့ကို အတင်းဆွဲခေါ်သွား၏။

အခန်းကျယ်ကြီးထဲသို့ ရောက်အောင် မနည်းတိုးဝင်ရသည်။ အခန်းထဲတွင် ဆေးလိပ်မီးခိုးများကြောင့် မှုန်နေလေ၏။ မီးပဒေသာပွင့်များမှာ

ဆီဆေးစက်တွေ တို့ထားသလို ခပ်ဝါးဝါး၊ မျက်နှာတွေက ဆေးစက်တွေ ချထားသလို ခပ်မှိန်မှိန် လက်နေသည်။ ကက်ဦးထုပ် ဆောင်းထားသည့် အလုပ်သမားများ၊ အနားပတ်ကြီးကြီး ဦးထုပ်ကို ဆောင်းထားသည့် ပန်းချီဆရာများ၊ ကျောင်းသားများ၊ စာရေးစာချီများ၊ မိန်းကလေးများ၊ သံသယမျက်လုံးဖြင့် ကြည့်တတ်သည်ဟု ကျော်ကြားသော ပါရီမြို့သားများသည် ခန်းဆောင်ကြီးထဲသို့ ရောက်လာကာ လူငယ်ဘဝကို ဒုတိယအကြိမ် ကြုံတွေ့ခံစားနေကြသည့်နှယ်ရှိသည်။ စိတ်အား တက်ကြွလျက်။ အသံတွေ ပြာလာသည်အထိ ငြင်းခုံလျက်။ သြဘာလက်ခုပ်တီးလျက်။ ဒူးမထောက် အရှုံးမပေးဟု သစ္စာဆိုကြလျက်။ လူတန်းစားအသီးသီး၊ အလွှာအသီးသီးမှ လူများသည် တယောက်ကို တယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ ကမ္ဘာကျော် သိပ္ပံပညာရှင်လည်း ပါသည်။ နိုဗဲလ်ဆုရှင်လည်း ပါသည်။ “ဘဝသစ်” အကြောင်း ကဗျာလေး မတောက်တခေါက် ရေးနေသည့် မှန်ဘောင်တပ်သူ လက်သမားလူငယ်လည်း ပါသည်။ “ပြည်သူ့တပ်ဦး” ဟူသည့် စကားလုံးသည် သိဒ္ဓိမြောက်သည့် ဂါထာတပုဒ် ဖြစ်နေသည်။ ရွေးကောက်ပွဲတွင် “ပြည်သူ့တပ်ဦး” သာ အာဏာရခဲ့လျှင် ပန်းချီဆရာ၏ စုတ်တံသည် သတ္တုတွင်းတူးသမား၏ လက်ထဲသို့ ရောက်လာလိမ့်မည်။ နွေးကွေးနောက်ကျသည့် ခြံစိုက်သမားပင် ပီကာဆို၏ ပန်းချီကားများကို ခံစားတတ်လာလိမ့်မည်။ ကဗျာသည် ထိုခေတ်သုံးဘာသာစကား ဖြစ်လာလိမ့်မည်။ သုခမိန်တို့သည်လည်း ထာဝရ တည်တံ့လိမ့်မည်။ အရာများစွာကို မြင်ခဲ့ပြီးဖြစ်သည့် သိမ်းမြစ်ကမ်းတလျှောက်တွင် အေသင်မြို့တော်သစ်ကြီးတခု ပေါ်ပေါက်လာလိမ့်မည်။

အန်ဒရေသည် သူ့အနီးမှ လူများကို လှည့်ကြည့်၏။ အလုပ်သမားတယောက်က စင်မြင့်ပေါ်က ပြောသမျှကို နားစိုက်ထောင်နေသည်။ စကားလုံးတိုင်းကို သောက်မျိုနေသကဲ့သို့ ထင်ရ၏။ လူတယောက်က သမ်းနေသည်။ ကေန္တ သတင်းစာဆရာ ဖြစ်ရမည်။ အမျိုးသမီးတွေလည်း အများကြီး လာကြသည်။ အားလုံး ဆေးလိပ်တွေ ကိုယ်စီဖြင့်။

စင်မြင့်ပေါ်တွင် သေးသေးညှက်ညှက် အဘိုးကြီးတယောက် တရားဟောလျက်ရှိ၏။ နာမည်ကျော် ရူပဗေဒ ပညာရှင်တဦး ဖြစ်သော်လည်း သူ့ကို အန်ဒရေ မသိ။ အသံက တိုးရသည့်အထဲတွင် ချောင်းကလဲ အဆက်မပြတ် ဆိုးလိုက်သေး၏။ “ဆိုရှယ်လစ် ယဉ်ကျေးမှု - လူ့သဘာဝ ဝါဒသစ်” ဆိုသည့်

စကားလုံးများလောက်ကိုသာ အန်ဒရေ ကြားလိုက်ရသည်။

နိုင်ငံရေးဟောပြောပွဲများသို့ အန်ဒရေ တခါမျှ မရောက်စဘူး၊ အန်ဒရေသည် သူ့ပန်းချီစတူဒီယိုလေးကို ချက်ချင်း အမှတ်ရလာကာ တို့လို့တန်းလန်းထားခဲ့သည့် ပန်းချီကားကို လွမ်းလာသည်။ စင်မြင့်ပေါ်သို့ လှမ်းကြည့်လိုက်ပြီး "ဟင်၊ လူဆန်းပါလား" ဟု ပီယာကို လှမ်းအော်လိုက်မိသည်။

ပီယာပြောတဲ့ အံ့ဩစရာဆိုတာ ဒါပဲ ဖြစ်မှာပဲ၊ ကျောင်းတုန်းက သူ့ကို လူဆန်းရွတ်ပြသည့် ကဗျာတပိုင်းတစကို သတိရသည်။ "အပျိုစင်၏၊ ဒေါသကိုပင်၊ ချစ်စိတ်ဝင်၏" တဲ့။ တခါတုန်းက သူဘိန်းစားဖြစ်ဖူးခဲ့ကြောင်း ပြောသည်ကိုလည်း အမှတ်ရသည်။ ယခုမူ လူဆန်းသည် အလုပ်သမားတွေ ကြားထဲတွင် ရောက်နေပြီ။ ဤအချက်ကို ဘာမျှ သံသယဖြစ်ဖွယ်မရှိ။ လူတွေ ပြောင်းလဲကုန်ကြပြီ။

လူဆန်းသည် ချက်ချင်းပင် ပရိသတ်၏ အာရုံကို ဖမ်းစားထားလိုက်သည်။ သူပြောပုံက ပြတ်တောင်းတောင်း။ တရားဟော စျာန်ရနေသည့်ပုံ။

"ဟောဒီကမ္ဘာကြီးမှာ မြေကြီးရဲ့ ကံကြမ္မာကို ကမ္ဘာမြေကြီးပေါ်မှာ မှီတင်းနေထိုင်သူတွေက ဖန်တီးဆုံးဖြတ်ရမယ်၊ ဗုံးကြဲလေယာဉ်မောင်းသမားတွေက ဆုံးဖြတ်တာကို ခံမလား၊ ဒါမှမဟုတ် ပီကာဒီရားနဲ့ ဆိုင်လေးရှားနယ်က မြေအောက် သတ္တုတွင်းတွေထဲမှာရှိတဲ့ သတ္တုတွင်းတူးသမားတွေက ဆုံးဖြတ်တာကို ခံမလား၊ ဒါမှမဟုတ် လွှတ်တော်အမတ်ခြောက်ရာက ဆုံးဖြတ်တာကို ခံမလား၊ ပိုးမွှားဗေဒ ပါရဂူတယောက်က ကျွန်တော့်ကို ပြောဖူးတယ်၊ တချို့ယင်ကောင်တွေဟာ နွားချေးပိုးထဲမှာ သွားပြီး ဥ,ဥကြတယ်တဲ့၊ ပိုးလောက်လန်းတွေဟာ နွားချေးပိုးတွေရဲ့ ကိုယ်ထဲမှာ ကြီးထွားလာကြတယ်တဲ့၊ နွားချေးပိုးတွေဟာ လှုပ်ရှားဖို့ ကြိုးစားကြတယ်။ ဒါပေမယ့် မလှုပ်ရှားနိုင်တော့ဘူး၊ သေသွားကြတယ်၊ ပိုးလောက်လန်းကသာ လှုပ်ရှားကြီးထွားလာတယ်တဲ့"

လူဆန်းက ဟစ်တလာအကြောင်း၊ စစ်အကြောင်း၊ တော်လှန်ရေးအကြောင်းများကို ပြောသွားသည်။ သူ့စကား ဆုံးသွားသည့်အခါတွင် ပရိသတ်သည် တိတ်ဆိတ်လျက်ရှိ၏။ သူ့အသံဩဇာသည် ပရိသတ်ကို ဖမ်းစားထားဆဲ။ ထိုနောက် လက်ခုပ်သံများ ပေါ်လာသည်။ ပီယာသည် လက်တွေ နာကျင်ကိုက်ခဲလာသည်အထိ လက်ခုပ်တီးမိသည်။ အန်ဒရေအနီးတွင်ရှိသည့်

အလုပ်သမား လူငယ်တယောက်က သီချင်းတပုဒ်ကို ကောက်ဆိုလိုက်သည်။ "တို့လူငယ်များ ချီတက်လာပြီ" ဆိုသည့် သီချင်းဖြစ်သည်။ အနန္ဒရေသည် ယင်ကောင်များအကြောင်း၊ စစ်အကြောင်းနှင့် လူဆန်းအကြောင်းတို့ မေ့သွားပြီ။ အလုပ်သမား လူငယ်၏ ပုံတူကို ရေးချင်လာသည်။

စင်မြင့်ပေါ်တွင် သဘာပတိလုပ်သည့် ပိန်ပိန်ညှက်ညှက် အဘိုးကြီးက လူဆန်းကို အကြာကြီး လက်ဆွဲနှုတ်ဆက်နေသည်။ အသားပြာပြာ၊ မျက်နှာဟောက်ပက်နှင့် လူငယ်တယောက် ထလာသည်။ အဝတ်အစားက နွမ်းသော်လည်း သပ်သပ်ရပ်ရပ် ဝတ်ထား၏။

"ကျွန်တော် နည်းနည်းစကားပြောပရစေ"

သူကအော်သည်။ သဘာပတိက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းလောင်းကလေးကို တီး၏။

"နာမည် ဘယ်သူလဲ"

"ဂရစ္စနက်ပါ၊ ကျွန်တော့်နာမည်က အရေးမကြီးပါဘူး၊ နောက်ဆုံး စကားပြောသွားတဲ့လူရဲ့ နာမည်က ပိုပြီး အရေးကြီးပါတယ်၊ ကျွန်တော် သိသလောက် ပြောရယင် သူ့အဖေ မွန်စီယာပေါတက်စဟာ စတာဗစ္စကီ ငွေလိမ်မှုတုန်းက ပူးပေါင်းလိမ်လည်ခဲ့တဲ့အတွက် ငွေရှစ်သောင်း ရခဲ့ပါတယ်၊ ခု ဒီငွေတွေနဲ့လာပြီး ကျွန်တော်တို့ကို..."

နောက်စကားလုံးများမှာ အော်သံတွေကြားထဲမှာ နစ်မြုပ်သွား၏။ ဂရစ္စနက်က တုတ်တချောင်းကို ယမ်းပြသည်။ သူ့မျက်နှာသည် အကြောဆွဲသဖြင့် ရှုံ့မဲ့လျက်ရှိ၏။ သူ့အနားတွင်ရှိသည့် တုတ်တုတ်ခိုင်ခိုင်လူက အနားက လူတယောက်ကို ခွေးခြေတလုံးဖြင့် ကောက်ရိုက်လိုက်သည်။ အနန္ဒရေသည် လူအုပ်ကြားထဲမှ တိုးဝှေ့ကာ အပြင်သို့ ထွက်လာခဲ့သည်။ အပြင်သို့ အရောက်တွင် နောက်ကလှမ်းခေါ်သည့် ပီယာ၏ အသံကို ကြားရ၏။

"ဗျို့... အနန္ဒရေ၊ နေဦးဗျို့၊ လူဆန်းနဲ့ ကဖီးကိုသွားရအောင်"

"ကျွန်တော် မလိုက်တော့ဘူးဗျာ"

“လာပါဗျ၊ လိုက်ခဲ့ပါ” နောက်က လိုက်လာသည့် လူဆန်းက လှမ်းပြောသည်။ “ဘီယာလေး ဘာလေး သွားစုပ်ရအောင်၊ ခန်းမထဲက သိပ်ပူတာပဲဗျာ၊ စကားတောင် ကောင်းကောင်း ပြောလို့မရဘူး၊ ကျွန်တော်တို့ ဟောပြောပွဲကို ဒီကောင်တွေ ဝင်ဖျက်မယ်ဆိုတာ စောစောကတည်းက သတင်းရတယ်ဗျ”

ပီယာက ပြုံးလိုက်သည်။

“ခုတော့ ခင်ဗျားကောင်တွေ သင်ခန်းစာ ကောင်းကောင်းရသွားပြီလေ၊ ဂရစ္စနက် ဆိုတဲ့ကောင်ကို ကျွန်တော် ကောင်းကောင်း မှတ်မိတာပေါ့ဗျ။ ဖေဖော်ဝါရီ ခြောက်ရက်နေ့တုန်းကဖြစ်တဲ့ အဓိကရုဏ်းမှာ ဒီကောင်နဲ့ကျွန်တော် ထိပ်တိုက် ဝင်တိုးနေကြတာပေါ့။ နတ်ပူးတဲ့လူ ကျနေတာပဲ၊ တကိုယ်လုံးတုန်လို့၊ မြင်းရထားက မြင်းတွေကို သင်စုန်းခါးနဲ့ လျှောက်လိုးပစ်နေတယ်၊ ဒီလိုကောင်မျိုးကို ရွေးပြီး ကျွန်တော်တို့ ဟောပြောပွဲကို အဖျက်ခိုင်းတာ မဆန်းပါဘူး၊ ဘာပြောပြော ခင်ဗျားဟောတာကတော့ တကယ်ကောင်းသဗျို့၊ မနက်ဖြန်မှာ သတင်းစာတွေကတော့ ကောင်းကောင်း အသားပေးကြမှာပဲ၊ ခင်ဗျားက စာပေနယ်မှာလဲ နာမည်ရှိပြီးပြီဗျာ၊ ပြီးတော့ ခင်ဗျားအဖေ တက်စက ရေနံရှင်ကြီးဗျာ၊ ရေနံရှင်ကြီးတယောက်ရဲ့သားက ကျုပ်တို့ လှုပ်ရှားမှုထဲကို ပါလာတယ်ဆိုတော့... အင်း တကယ့်ကို ဝတ္ထုဆန်တာပဲ၊ ဒါပေမယ့် တော်တော် ထူးခြားပါတယ်၊ ဒါကြောင့်မို့လဲ သူတို့က ဒီဟောပြောပွဲကို ဖျက်ဖို့ လုပ်ကြတာပေါ့။ ခင်ဗျား တော်တော် သတ္တိကောင်းတဲ့လူပဲဗျာ၊ တကယ်ပါ။ ဗျို့လူ... ငြိမ်ချက်သားကောင်းလှချည်လား၊ ဘာဖြစ်လို့လဲ”

“ဘာမှ မဖြစ်ပါဘူး၊ ဘာပြောရမှန်း မသိလို့ပါ”

“ဘာဖြစ်လို့ မသိရမှာလဲဗျ”

“ကိုယ့်ဘဝကိုယ် ပြန်စဉ်းစားဖို့ လိုသေးတယ်လေ၊ အထူးသဖြင့် ကျုပ်အဖို့ ပိုလိုတယ်၊ ခင်ဗျားပဲ ပြောတယ်မဟုတ်လား၊ ကျုပ်က ခပ်ထုံထုံ ခပ်ထိုင်းထိုင်းရယ်လို့”

သူတို့နှင့်အတူ မိန်းမပျိုတယောက်လည်း ပါလာ၏။ ဆံပင်တို့က

ခွေလိပ်လျက်။ ခေါင်းတွင် ဦးထုပ်မပါ။ သူ့အမူအရာက အမြဲတမ်း အံ့အားသင့်နေသည့် အမူအရာ။ မျက်လုံးက စိတ္တဇဝေဒနာသည်၏ မျက်လုံးမျိုး။ ညဥ့်ငှက်တကောင်၏ မျက်လုံးမျိုး။ အမျိုးသမီးက ရုတ်တရက် ရပ်လိုက်သည်။

"အစ်ကိုလူဆန်း... သော့ပါရဲ့လား၊ အလုပ်မဆင်းခင် အိမ်ကို ပြန်ဦးမှ ဖြစ်မှာ"

လူဆန်းက လှည့်ကြည့်၏။ သူ့ကို ယခုမှ အမှတ်ရတော့သည်။

"ဆောရီးပဲ၊ ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဂျဲနက်လင်းဘတ်တဲ့၊ ကချေသည်။ အငြိမ့်မင်းသမီး ဆိုပါတော့၊ သူတို့နှစ်ယောက်က အစ်ကိုနဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေ၊ အန်ဒရေကော်နီးနဲ့ ပီယာဂျူတွိုင်းတဲ့၊ ကဖီးတခုကို သွားကြရအောင်လေ ပြီးတော့ ခင်ဗျားတို့ကို ကျွန်တော် လိုက်ပို့မှာပေါ့"

ကဖီးတွင် လူရှင်းနေသည်။ နောက်ခန်းထဲတွင် ဖဲကစားနေကြ၏။ "ဟေ့လူတွေ ကျုပ်လက်ထဲမှာ ကွင်းရှိတယ်နော်" ဟူသောအသံကို ကြားရသည်။ အန်ဒရေက ဘီယာကို တကျိုက်ကျိုက်သောက်နေသည်။ ဂျဲနက်ကို လှမ်းကြည့်လိုက်ပြီးနောက် ရင်ထဲတွင် လှုပ်ရှားလျက်ရှိ၏။ မျက်လုံးတွေက ဘယ်လောက်လှသလဲဟု တွေးနေသည်။ ကျောင်းတုန်းက အကြောင်းတွေကို ပြန်ပြောနေကြသော်လည်း အန်ဒရေ စိတ်ဝင်မစား။ ပီယာကလည်း ငြိမ်လျက်။ စကားပြောသံတွေ ဆူညံနေသည့်အထဲတွင် အခန်းက ပိတ်လှောင်နေသဖြင့် သူတို့အားလုံး နွမ်းနယ်နေကြသည်။

အရက် ခပ်ထွေထွေနှင့် လူနှစ်ယောက် အရက်ကောင်တာနားသို့ လျှောက်လာကာ ဘီယာမှာနေသည်။ တယောက်က အသက်လေးဆယ်လောက်ရှိပြီ။ ခေါင်းပေါ်တွင် စာပို့သမားဦးထုပ်ကို ဆောင်းထား၏။

"တို့ခြေထောက်တွေကို ဖြတ်ယူသွားရင် ဘယ့်နှယ်လုပ်မလဲကွ" ဟု အသက်ကြီးကြီးလူက ပြော၏။

"မထူးပါဘူးဗျာ၊ မျောက်လောင်း မျောက်လောင်းပါပဲ" ငယ်ငယ်လူက ပြန်ပြောသည်။

စာပို့သမားကြီးက စက်ခလုတ်စန္ဒရားထဲသို့ အကြွေစေ့တစေ့ကို ထည့်လိုက်သည်။ ဆူညံသည့် စန္ဒရားသံကြောင့် အားလုံး မျက်နှာရှုံ့မဲ့သွားကြ၏။

ပီယာက သီချင်းတပုဒ်ကို ကောက်ညည်းသည်။

"'ငြိမ်းချမ်းရေးသည်သာ အစဉ်…' ဗျို့ လူတွေ၊ ခင်ဗျားတို့မှတ်မိသေးလား၊ စစ်ကြီးပြီးစတုန်းက ကျုပ်တို့တတွေ ဒီသီချင်းကို ဆိုခဲ့ကြတာလေ၊ အဲဒီတုန်းက ကျုပ်တို့တတွေ ကြိယာနမ်ပုဒ် အကြောင်းတွေ၊ သဒ္ဒါတွေကို ကုန်းကျက်နေကြရတုန်း၊ ဘယ်လောက် ရယ်စရာကောင်းသလဲ၊ စဖြီးတွေ ကျုပ်တို့ကို လိမ်ညာပြောခဲ့ကြတာ၊ ကျုပ်တို့မှာတော့ အဟုတ်ကြီးမှတ်လို့၊ ဘာတဲ့၊ 'ထာ၀စဉ် ငြိမ်းချမ်းရေး' တဲ့၊ ဟုတ်လား၊ ခုလဲ ဒီစကားလုံးကို ကြားရပြန်ပြီ၊ ဟုတ်တယ်၊ ကျုပ်အဖို့ ဘာမှမထူးဘူး၊ မျောက်လောင်း မျောက်လောင်းပဲ၊ ပထမ သူတို့ ဘာလုပ်သလဲ၊ စစ်ရှုံးသွားတဲ့ ဂျာမန်တွေမှာ နို့စားနွားမတွေ မရှိအောင် လုပ်ပစ်တယ်၊ ဒါက ပထမပြကွက်၊ ပြီးတော့ ကွန်ဖရင့်တွေ တခုပြီးတခု ခေါ်ပြီး ဂျာမန်တွေကို ငွေထုတ်ချေးမလား မချေးဘူးလားဆိုတာ စဉ်းစားကြတယ်၊ ပြီးတော့ 'ကမ္ဘာကြီး သာယာ၀ပြောစေရမယ်' လို့ ကြေငြာတယ်။ ဘာ သာယာ၀ပြောရေးလဲ၊ ညတိုင်း လူတွေ အိပ်စရာနေရာမရှိလို့ ကျုပ်တို့အိမ်နားက တံတားအောက်မှာ လာအိပ်နေကြရတယ်၊ ပိုလျှံတဲ့ ကော်ဖီစေ့တွေကို မီးရှို့ပစ်ကြတယ်။ ဒီနောက် ပိုလျှံနေတဲ့ ငါးတွေကို ရေထဲပြန်လွှတ်ပစ်ကြတယ်၊ ဒီနောက် ပိုလျှံတဲ့ စက်ပစ္စည်းတွေကို ရိုက်ချိုးဖျက်ဆီးပစ်ကြတယ်၊ ဒါက ဒုတိယပြကွက်၊ ဒီနောက် ဟစ်တလာ ပေါ်လာတယ်၊ ဟစ်တလာက သူတို့စာချုပ်တွေကို ဘာများ သောက်ဂရုစိုက်လို့လဲ၊ ဒီတော့ ကျုပ်တို့တိုင်းပြည်က ခေါင်းဆောင်တွေ ဘာလုပ်ကြသလဲ၊ ပြန်ပြီး လက်နက်တပ်ဆင်ကြပြန်တယ်၊ ကျုပ်တို့က သူတို့နောက်ကို လိုက်တယ်၊ သူတို့က ကျုပ်တို့နောက်ကို ပြန်လိုက်တယ်၊ ကျုပ်တို့က သူတို့နောက်ကို ပြန်လိုက်ပြန်တယ်၊ ဒါက တတိယပြကွက်၊ ဒါကိုကြည့်ရင် စတုတ္ထပြကွက်မှာ ဘာလာမယ်ဆိုတာ ပြောလို့ရပါတယ်။ ခုပဲ ဟစ်တလာက ပြောနေပြီ၊ စထရားဘောနဲ့ လီလေကို သူလိုချင်တယ်တဲ့၊ ဟစ်တလာက ဒီလိုပြောလိုက်တော့ ကျုပ်တို့ခေါင်းဆောင်တွေက ကျုပ်တို့ကို ဓါတ်ငွေ့ကာ မျက်နှာဖုံးတွေနဲ့ စည်သွပ်ဗူးတွေ ထုတ်ပေးတယ်၊ ယဉ်ကျေးမှုကြီးကို ကျုပ်တို့က ကာကွယ်ပေးရမယ်ဆိုတဲ့ သဘောပေါ့။ တနည်းပြောရရင် သူတို့အတွက် ကျုပ်တို့ကို အသေခံ ကာကွယ်ပေးရမယ်ဆိုတဲ့ သဘောပေါ့ မဟုတ်ဘူးလား၊

သူတို့လုပ်ပုံကြောင့် မကြာခင် ကျုပ်တို့ခေါင်းပေါ် ဗုံးတွေကျလာတော့မယ်၊ တခုတော့ ကျုပ်ယုံပါတယ်။ ပြည်သူက ဒီစစ်ပွဲကြီးကိုတော့ ခွင့်ပြုမှာမဟုတ်ဘူးလို့၊ ဗီးလာ့ဒ်ကိုတော့ ကျုပ်တို့ပြည်သူတွေကတော့ တော်တော်အားထားနေကြတာပဲ၊ ကျုပ်တို့ ခနရှင်တွေကတောင် သူ့ကို တော်တော် အထင်ကြီးနေကြတယ်၊ ဒီတခါ ရွေးကောက်ပွဲမှာတော့ လက်ဝဲတွေ ခေါင်းဆောင်တဲ့ ပြည်သူ့တပ်ဦးက နိုင်မယ်ထင်တာပဲ”

လူဆန်းက ပြုံးနေသည်။ အန်ဒရေသည် ပီယာ၏စကားများကို ကောင်းကောင်း မကြား။ သို့ရာတွင် လူဆန်းပြုံးပုံကို ကြည့်၍ မသက်မသာ ဖြစ်နေသည်။ နာမည်ကြီးချင်တဲ့လူပဲ ဟု စိတ်ထဲက ဆိုမိသည်။ သို့ရာတွင် လူဆန်းကို သူမခင်ပဲ မနေနိုင်။ လူဆန်း၏မျက်နှာက အလွန်ချောမောခန့်ညားသည့် မျက်နှာ။ အသားက ဖြူဖွေ့ဖွေ့။ အကင်းပါးသည့်ဟန်။ ထက်မြက်သည့်ဟန်။ မျက်လုံးများတွင် အစိမ်းရောင်လဲ့လဲ့ ပြေးလျက်။ ဆံပင်က ကြေးနီရောင် သန်းနေသည်။ ရှေးဇာတ်ပွဲများတွင် လူဆိုးဗိုလ် လုပ်သည့် မင်းသားကြီးပုံမျိုး။

“ပြည်သူ့တပ်ဦးက နိုင်ယင်တော့ ကောင်းတာပေါ့ဗျ” လူဆန်းကပြောသည်။ “ဒါပေမယ့် ခင်ဗျားရဲ့ ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်ကကော... ဘာများတတ်နိုင်မှာတဲ့လဲ၊ သူအာဏာရယင် သူလဲ လက်နက်တပ်ဆင်ရေးကိုပဲ လုပ်မှာပဲဗျ၊ သူက ပိုတောင်ဆိုးလိမ့်ဦးမယ်၊ သတ္တိကလဲ နည်းနည်းမှ မရှိဘူး၊ ထားပါလေ၊ ဒါက အရေးမကြီးပါဘူး၊ ခုလောလောဆယ်မှာ ကျုပ်ဖားသားကြီးက လက်ယာဂိုဏ်းထဲမှာ ရောက်နေတယ်ဗျ၊ ခုရွေးကောက်ပွဲမှာလဲ ကျုပ်အဘိုးကြီး နိုင်ဦးမှာပဲ၊ ဒီတခါ အရွေးခံရယင်တော့ လက်ဝဲတပ်ပေါင်းစုထဲ ပါလာမယ်လို့ ကျုပ်ထင်တယ်၊ ရိုးရိုးသားသား ပါတာမျိုးပါ။ ကျုပ်အဖေဟာ ခနရှင်တယောက်ပဲ... ဒါပေမယ့် လူတယောက်အနေနဲ့တော့ ရိုးသားပါတယ်၊ ကျုပ်အဖေဟာ မနေ့ကလုပ်ခဲ့တဲ့ အလုပ်မျိုးကို မနက်ဖြန်မှာ လုပ်ချင်လုပ်နေဦးမှာပဲ၊ ကျုပ်အဖေလို လူစားမျိုးက တော်တော်နဲ့ ပြုပြင်ပြောင်းလဲလို့ရတဲ့ လူစားမျိုး မဟုတ်ပဲကိုး၊ ဒီတော့ ထွက်ပေါက်က တခုပဲရှိတယ်၊ ခင်ဗျားတို့ပြောမှာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ မှတ်ထားပါ၊ တော်လှန်ရေးကို ပြည်သူတွေက လုပ်တယ်ဆိုလို့ရှိယင် တော်လှန်ရေးကို ပြင်ဆင်တာဟာ လူထုစည်းရုံးရေးသာ ဖြစ်တယ်ဗျ၊ စည်းရုံးရေးလက်နက်ဟာ အနုပညာပဲ၊ မဟုတ်ဘူးလား အန်ဒရေ”

“အင်း၊ ကျုပ်အထင်မှာတော့ အနုပညာဟာ ခင်ဗျားပြောသလို မဟုတ်ဘူး ထင်တာပဲဗျ၊ ပန်းချီကားတွေကိုဆွဲတာ၊ သစ်ပင်တွေစိုက်တာဟာ အနုပညာဗျ၊ ဒါပေမယ့် ခင်ဗျားပြောတဲ့ တော်လှန်ရေးကတော့ အနုပညာမဟုတ်ဘူးဗျ၊ တော်လှန်ရေးဆိုတာ မကောင်းတဲ့အရာ၊ လူတွေကို မကောင်းတဲ့ ကြမ္မာဆိုးတွေကို ယူဆောင်လာတဲ့အရာလို့ ကျုပ်မြင်တယ်၊ ခင်ဗျားက ပြောင်းလဲနေတဲ့အရာတွေကို အဟုတ်ထင်နေတာကိုး…။ ကျုပ်ကတော့ ဒီလိုမထင်ဘူးဗျ…။ ခင်ဗျားက အပြောင်းအလဲကို လိုချင်တယ်၊ ကျုပ်ကတော့ ဘာမှ ထူးထူးခြားခြား မဖြစ်တဲ့ဘဝ၊ ဘာမှ အပြောင်းအလဲမရှိတဲ့ဘဝမျိုးကိုမှ သဘောကျတယ်၊ အဲဒီလိုငြိမ်နေတဲ့ဘဝမျိုးကျမှ တွေးနိုင် ဆေးနိုင်တယ်၊ ကိုယ်ကြည့်ချင်တာ မြင်ချင်တာတွေကို ကောင်းကောင်း ကြည့်လို့ မြင်လို့ရတယ်…၊ ဥပမာ - စေဇန်းလို ဆိုပါတော့ဗျာ၊ စေဇန်းဟာ သူ့ဘဝတလျှောက်လုံး သစ်တော်သီးတွေကိုချည်း ငေးကြည့်နေခဲ့တာပဲ၊ ဒီလိုကြည့်နေယင်းက အနုပညာဉာဏ်ကို ရလာတာပဲဗျ။ ကျုပ်သဘောကို ပြောရယင်တော့ ဒါဟာ အနုပညာပဲ”

ပီယာက မတ်တပ်ရပ်လိုက်၏။

“ခင်ဗျား စတူဒီယိုလေးထဲမှာ ထိုင်ပြီး ဒီလိုပြောရတာကတော့ လွယ်ပါတယ်၊ ဒါပေမယ့် စက်သေနတ်ပြောင်းဝနဲ့တွေ့ပြီး ခင်ဗျားကို ခွေးမောင်းသလိုမောင်းနေယင် ခင်ဗျား ဘာလုပ်မလဲ…၊ အဲဒီအခါကျမှ ကိုယ်ဘာလုပ်ရမလဲလို့ စဉ်းစားနေလို့ မဖြစ်တော့ဘူးဗျ။ နောက်ကျသွားပြီ၊ ပြဿနာကိုကြည့်ယင် ယုတ္တိကျကျ ကြည့်စဉ်းစားပြီး ယုတ္တိကျကျ ကြည့်စမ်းပါဗျာ ကြည့်နိုင်ရမှာပေါ့”

အန်ဒရေ သူတို့နှင့် ပြိုင်မငြင်းချင်။ သို့ရာတွင် ငြင်းမိလျက်သား ဖြစ်နေသည်။ ဂျဲနက်က လှပသည့် မျက်လုံးရွဲကြီးများဖြင့် သူ့ကို ငေးကြည့်နေသည်။ ထိုအကြည့်အောက်တွင် အန်ဒရေသည် ပြောင်းလဲသွားကာ သူ့ကိုယ်သူ မေ့နေသည်။

“ကျုပ်ကတော့ လူဆန်းကိုရော ခင်ဗျားကိုရော ကောင်းကောင်းနားမလည်ဘူး ပီယာ” သူကပြော၏။ “ဟောဟိုက ကြယ်ပွင့်တွေကို ကြည့်စမ်း၊ ဘယ်လောက် လှပခမ်းနားတဲ့ ရှုခင်းလဲ၊ ဒီကြယ်ပွင့်တွေအကြောင်းကို ကဗျာတွေ ရေးခဲ့ကြလုပြီ၊ ဟောဒီကြယ်ပွင့်တွေဟာ အဘိဓမ္မာတွေ

အတွေးအခေါ်တွေ အပေါ်မှာလဲ ဩဇာလွှမ်းခဲ့ကြတယ်၊ ဒါပေမယ့် ကြယ်ပွင့်တွေနဲ့ ဝင်းလက်နေတဲ့ ဒီကောင်းကင်ကြီးကို ပန်းချီရေးဖို့ ဘယ်ပန်းချီကျော်မှ စိတ်ကူးမရကြသေးဘူး၊ ရှေးခေတ်ကတည်းက ကျုပ်တို့ ဒီနေ့ခေတ်အထိ ပန်းချီဆရာတွေ ဘာတွေကို ပန်းချီရေးခဲ့ကြသလဲ၊ ဘာတွေကို ပန်းချီရေးဖို့ စိတ်ကူးရခဲ့ကြသလဲ... လူ့ခန္ဓာကိုယ်ကို ရေးဖို့လောက်ပဲ စိတ်ကူးရခဲ့ကြတယ်၊ ကိုယ်ခန္ဓာက အဖုအထစ်တွေ၊ အနက်အရှိုင်းတွေ၊ အချိုင့်အဝှမ်းတွေ၊ ကိုယ်ခန္ဓာရဲ့ အတွေ့တွေ၊ အငွေ့တွေနဲ့ အမာတွေ၊ အပျော့တွေလောက်ကို ဆွဲဖို့လောက်ပဲ စိတ်ကူးရခဲ့ကြတယ်၊ လူ့ခန္ဓာကိုယ်ကို မရေးယင်လဲ ရှုခင်းတွေလောက် ရေးဖို့ကိုပဲ စိတ်ကူးရခဲ့ကြတယ်၊ တကယ်ကတော့ ရှုခင်းဆိုတာလဲ ခန္ဓာကိုယ်တခုနဲ့ အတူတူပါပဲ။ တောင်ကုန်းတခုရဲ့ အမို့အဝှမ်း၊ သစ်ရွက်တွေရဲ့ အထူအပါး၊ အမှောင်အလင်း၊ ကောင်းကင်နဲ့ ခြံစည်းရိုးတွေ ရောသွားကြတာတွေဟာလဲ တကယ်တော့ ခန္ဓာကိုယ်ရဲ့ သဘောတွေပဲ မဟုတ်လား၊ ခု ခင်ဗျားတို့က တော်လှန်ရေးအကြောင်းကိုပြောတယ်၊ တော်လှန်ရေးဆိုတာ အတွေးအခေါ်တခုသာ ဖြစ်တယ်၊ စိတ်ကူးတခုသာ ဖြစ်တယ်။ စကားလုံးတလုံးသာ ဖြစ်တယ်ဗျ၊ ဒါပေမယ့် ဒီနေ့ည လူဆန်း တရားဟောတာကို နားထောင်နေကြတဲ့ ပရိသတ်ကတော့ လူတွေ၊ သက်ရှိလူတွေသာ ဖြစ်တယ်ဗျ။ သူတို့မျက်နှာတွေ၊ သူတို့ခံစားချက်တွေကို ကျုပ်မြင်ခဲ့ရတယ်”

အန်ဒရေက စကားဖြတ်လိုက်သည်။ ဘာကြောင့် ဤစကားများကို ပြောလိုက်မိလေသနည်း။ သူကိုယ်တိုင် စဉ်းစား၍မရ။ စင်စစ် ဤစကားများသည် ဘာမျှအဓိပ္ပါယ်မရှိ။ သူပြောလိုသည့် စကားများမဟုတ်။ သူစိတ်ဝင်စားသည်က ဂျဲနက်။ ဂျဲနက်တယောက် ဘယ်လိုများ နေသနည်း။ ကချေသည်မတဦးဟု လူဆန်းကပြောသည်။ မဖြစ်နိုင်။ ကချေသည် မဖြစ်နိုင်။ တကယ့် ကလေးမလေး။ ကလေးလေး သို့မဟုတ် လူဆန်းပင် ရှုးနေပြီလော။ လူဆန်းကမှ တကယ့်ဇာတ်မင်းသား။ ဂျဲနက်က လူဆန်းထံမှ သော့တောင်းသည်ကို သူကြားလိုက်သည်။ သူတို့နှစ်ယောက် အတူများနေကြသည်လော မဆိုနိုင်။ သူ့ကိုယ်သူ သတိမထားမိပဲ အန်ဒရေသည် မနာလိုဖြစ်နေလေ၏။ အမှားတွေကိုလည်း တခုပြီးတခု လုပ်မိလျက်သား ဖြစ်နေသည်၊ ဂျဲနက်က ကော့ညက်တခွက် လှမ်းပေးရန် တောင်းသည့်အခါတွင် “သောက်တာ မကောင်းပါဘူးကွယ်။ လမ်းလျှောက်လိုက်တာ အကောင်းဆုံးပဲ၊ ဒါမှ မေ့စရာတွေကိုမေ့မှာ” ဟု ပြောလိုက်မိသည်။

ဂျဲနက်က ဘာမျှပြန်မပြော။ လူဆန်းကမူ မျက်လုံးကိုမှေးကြည့်လိုက်ကာ...

"စာရိတ္တပြုပြင်ရေးတရား ဟောနေတာလား၊ ဂျဲနက်ရေ ပြန်ချင်ပလား" ဟု မေး၏။ ဂျဲနက်က ခေါင်းယမ်းပြသည်။ အန်ဒရေမှာ ကြောင်အမ်းအမ်းဖြစ်ကာ မျက်နှာတွေ ထူသွားသည်။ သူတို့အားလုံး တိတ်ဆိတ်လျက်ရှိကြ၏။ နောက်ခန်းထဲက ဖဲဝိုင်းမှ စကားလုံးများထဲတွင် မအေတွေ၊ နှမတွေ ပါလာသည်။

"မအေ... တဲ့၊ နောက်ဆုံးဖဲက ဘာလဲကွ" ဟူသည့်အသံ။

သတင်းစာရောင်းသည့် သူငယ်ကလေးတယောက် ဆိုင်ထဲသို့ ဝင်လာသည်။

"နောက်ဆုံးထုတ်တွေ၊ နောက်ဆုံးထုတ်တွေ၊ စစ်ကြီးဖြစ်တော့မယ်" တဲ့။

ဂျဲနက်က စန္ဒရားနားတွင် ရပ်နေသည်။ ပိုက်ဆံပြားတပြား ထည့်လိုက်သည့်အခါတွင် ကြားနေကျ ဖောက်စတရော့ တေးသွား ပေါ်လာ၏။

ဂျဲနက်က အန်ဒရေဘက်သို့လှည့်၍...

"ကမလား၊ အလျှင်စစ်ကြီးပြီးတုန်းက လူတွေ ကလိုက်ကြတာ၊ အဲဒီတုန်းက ကျွန်မက ငယ်ငယ်ကလေးရှိသေးတယ်၊ ဒါပေမယ့် ကောင်းကောင်း မှတ်မိနေတယ်။ ကျွန်မတို့က သူတို့ထက်သာအောင် လုပ်တာပေါ့၊ စစ်မဖြစ်ခင်ကတည်းက ကထားလိုက် ကြတာပေါ့။ မကလိုက်ရလေခြင်းလို့ မရှိရအောင်လေ"

အန်ဒရေက ကောင်းကောင်းမကတတ်။ ငြင်းလိုက်ဖို့ကောင်းသည်။ ထိုမျှမက ဤကဖီးဆိုင် ကျဉ်းကျဉ်းကလေးထဲတွင် ဘယ်သူမျှ ကလေ့မရှိကြ။ စာရေးများနှင့် ဈေးသည်ကလေးများ လာ၍ ဖဲကစားကြသည်။ ခိုက်ခိုက်တုန်နေသည့် ကားဒရိုင်ဘာများ တခွက်တဖလား လာ၍ မော့သွားတတ်ကြသည်။ ဘယ်သူမျှ မကကြ။ သို့ရာတွင် အန်ဒရေကမူ ပျော်နေသည်။ ဂျဲနက်၏ကျောကို သိုင်းဖက်လိုက်သည့်အခါတွင် ကြီးမားနီရဲသည့် သူ့လက်များသည် တုန်ယင်နေကြသည်။ ငွေသိမ်းစားပွဲတွင် ထိုင်နေသည့် ဆိုင်ရှင်က

သူတို့ကို မနှစ်သက်ဟန်ဖြင့် လှမ်းကြည့်နေ၏။ တမိနစ်လောက်ကြာတော့ ဂျဲနက်က အကာရပ်လိုက်သည်။

"ကျွန်မ ပြန်ဦးမှပဲ အစ်ကိုလူဆန်း၊ ကျွန်မ လမ်းလျှောက်ပြန်မယ်လေ"

သူ့အသံက တိုးတိုး။ မောပန်းနွမ်းနယ်သည့်အသံ။ ဂျဲနက် ပြန်သွားသည့်အခါတွင် ပီယာက...

"အမျိုးသမီးက ဘယ်ဇာတ်အဖွဲ့ကလဲဗျ"

လူဆန်းက ခပ်ဆိုင်းဆိုင်းဖြင့်...

"အသံလွှင့်ရုံမှာ လုပ်နေတယ်၊ ပါရီမြို့မှာပျော်စရာ ဆိုတဲ့ အခန်းလေး၊ အခန်းလေးတခန်း တာဝန်ယူရတာပါ၊ အသံလွှင့်အစီအစဉ်တွေကြားမှာ ကြေငြာတွေ ထည့်တယ် မဟုတ်လား၊ ကြော်ငြာခန်းဆိုပါတော့၊ သီချင်းလေး ဘာလေးလဲ ပါတာပေါ့၊ ပါရမီလေးတော့ ရှိပါတယ်၊ ဒါပေမယ့် ခက်သားပဲလေ၊ ပါရမီရှိတိုင်း နာမည်ကျော်တာမှ မဟုတ်တာ"

လူဆန်းက သူ့အိမ်သို့လိုက်ရန် ခေါ်သည်။

"ဟိုကျမှ ဆက်သောက်ပြီး စကားလေးဘာလေး ပြောကြသေးတာပေါ့"

ပီယာက ချက်ချင်း သဘောတူသည်။ သို့ရာတွင် အန်ဒရေက မလိုက်ချင်။

"လာပါဗျ။ လိုက်ခဲ့ပါ၊ ခေတ်ကြီးက ခုမြင် ခုပျောက်၊ နောက် ဘယ်လောက်ကြာမှ တွေ့ရမယ်လို့ မပြောနိုင်ဘူး၊ စစ်ကြီးဖြစ်လာယင်..."

အန်ဒရေက ထိုင်ရာမှထလိုက်၏။

"ဘာစစ်မှ မဖြစ်ပါဘူးဗျ၊ ကဲ... ကျုပ်သွားမယ်ဗျာ၊ လမ်းလေးဘာလေး လျှောက်လိုက်ဦးမယ်၊ စိတ်တော့မရှိနဲ့ဗျာ လူဆန်း၊ ကျုပ်က ကိုယ့်ကျင်းလေးထဲမှာကိုယ် ဝပ်နေချင်တဲ့ကောင်မျိုး၊ ပွေးများလိုပဲ၊ ဟောပြောပွဲတွေကိုလဲ ဝါသနာမပါဘူး၊ ဇာတ်ပွဲတွေကိုလဲ မကြိုက်ဘူး၊ ပြီးတော့... ကချေသည်မတွေကိုလဲ မကြိုက်ဘူး..." ဟု ပြောမည်ပြုသည်။ သို့ရာတွင် မပြောဖြစ်။ လက်ကို ဝှေ့ယမ်းပြီး ထွက်လာခဲ့သည်။

အန်ဒရေသည် ခပ်သွက်သွက် လျှောက်လာခဲ့သည်။ သူ့အိမ်က မြို့လယ်ကောင်ကို ဖြတ်သွားရသည်။ မော်တော်ကား ဟွန်းသံတွေက ဆူဆူညံညံ။ အနီရောင်၊ အစိမ်းရောင်၊ ခရမ်းရောင်မီးပွင့်များက ပြွတ်သိပ်လျက်။ လူတွေကလည်း ဦးဒဟို သွားလာနေကြသည်။ ဖိနပ်များက အသံကွဲကွဲဖြင့် မြူဆွယ်ဖိတ်ခေါ်လျက်။ "လက်နက်တပ်ဆင်ရေးဟာ မရှိမဖြစ်တဲ့အချက် ဖြစ်တယ်" ဟူသော စကားသံသည် တဘက်ပိတ် လမ်းကြားကလေးထဲရှိ တရားဟောအသံချဲ့စက်ဆီမှ ပေါ်ထွက်လာ၏။

နက်မှောင်သော ရေပြင်ကိုခွဲ၍ ငုပ်သွားသော ရေငုပ်သမားလို အန်ဒရေသည် ဆူညံသည့် အသံဗလံတွေထဲတွင် မြုပ်သွား၏။ တံတားတခုပေါ်တွင် ခဏရပ်လိုက်သည်။ တံတားအောက်က ရေပြင်တွင် လာ၍ထင်နေသော မီးရောင်များသည် ဝိုးတိုးဝါးတား တမလွန်ဘဝတခုသို့ ကူးပြောင်းသွားသည်ဟု ထင်ရ၏။ သို့ရာတွင် သိမ်းမြစ်ရေပြင်သည် မင်ရောင်လို မည်းနက်နေမြဲ။ လေတချက် ဝှေ့လာကာ မိုးဖွဲကလေးတွေ ကျလာသည်။ အန်ဒရေသည် ဂျဲနက်၏ မျက်လုံးများကို တွေးနေမိသည်။ တော်တော်ထူးခြားတဲ့ မိန်းကလေးပေပဲ။

ရှာရေမီဒီလမ်းထောင့်သို့ ရောက်သည့်အခါတွင် ဆေးလိပ်ဝယ်ရန် "ဆေးရှူတဲ့မောင်" သို့ ဝင်သည်။ အထဲတွင် ထိန်လင်းကာ ဆူညံလျက်ရှိ၏။ တနေရာတွင် ထိုင်ချလိုက်ပြီး ကာလ်ဗေးဒိုး အရက်တခွက်ကိုမှာသည်။ အရက်ကြောင့် အာခေါင်နွေးသွား၏။ ထို့နောက် ကျေနပ်စွာပြုံးလိုက်သည်။ ရေရေရာရာမရှိသော အတွေးများကို လှုပ်ခါချချင်သည်။ ထိုအတွေးမျိုး သူ့တွင် တခါမျှ မပေါ်ဖူးသေး။ ကာလ်ဗေးဒိုး အရက်သုံးခွက်ကို ဆက်တိုက် မော့ချလိုက်သည်။ ပြန်ထွက်မည်အပြုတွင် ပိန်ပိန်ပါးပါး၊ မျက်ခုံးမွှေးတွေ မျက်တောင်မွှေးတွေ ဖြူနေသည့် လူတယောက် သူ့အနားသို့ ရောက်လာသည်။ ကုတ်အကျႌကြီးကြီးတထည်ကို ဝတ်ထား၏။

"ခွင့်လွှတ်ပါ၊ ကျွန်တော် ပြင်သစ်စကား ကောင်းကောင်း မပြောတတ်ပါဘူး၊ ကျွန်တော် စကားပြောရ ကောင်းမကောင်း စဉ်းစားပြီးမှ ပြောတာပါ၊ မိတ်ဆွေကိုတော့ နေ့တိုင်းတွေ့နေတာပဲ၊ ဒါပေမယ့် စကားလိုက်ပြောရမှာ အားနာနေလို့ မပြောဖြစ်ပါဘူး၊ ကျွန်တော်လဲ မိတ်ဆွေလိုပဲ

မဒမ်ကိုဒ်အိမ်မှာ ငှားနေတဲ့လူပါ၊ တတိယအထပ်မှာ နေပါတယ်။ မိတ်ဆွေရဲ့ ပန်းချီကားတွေ ပြပွဲမှာ မြင်ဖူးပါတယ်။ တော်တော်လဲ သဘောကျပါတယ်၊ အထူးသဖြင့် မြို့စွန်ရှုမျှော်ခင်းကားတွေနဲ့ အရောင်မှိုင်းမှိုင်းတွေကို ဆိုပါတော့”

“ခင်ဗျားက ပန်းချီဝေဖန်ရေးသမားလား”

အန်ဒရေ၏ အသံက ခပ်ပြတ်ပြတ်။

“မဟုတ်ပါဘူး၊ ကျွန်တော်က မစ္ဆဗေဒ ပညာရှင်တယောက်ပါ။ ကျွန်တော့်ကို မိတ်ဆက်ခွင့်ပြုပါ၊ ကျွန်တော့်နာမည်က အီးရစ်နီးဘတ်ပါ၊ လျူဇက်ကပါ”

အန်ဒရေသည် သူ့ကို တအံ့တသြ ကြည့်လိုက်သည်။ မျက်လုံးများက တောက်ပကာ ရိုးသားသည့်အသွင်ကို ဆောင်နေကြသည်။ နှုတ်ခမ်းမွေးရေးရေး ကြွေတပ်ထားသည့် လည်စည်းဖြင့်။

“ကျွန်တော် နားမလည်ဘူး”

“ကျွန်တော်က ဂျာမန်လူမျိုးပါ”

“ဒါကို ပြောတာ မဟုတ်ပါဘူး၊ ခင်ဗျားပြောတဲ့ ဘာဗေဒပညာရှင်ဆိုလား ဘာလား၊ အဲ... အဲဒါကို ပြောတာပါ။ ခင်ဗျားက အဲ... အဲဒီ ဗေဒပညာရှင်ဆို”

“ငါးအကြောင်းနဲ့ ပတ်သက်တဲ့ ပညာရပ်ပါ” အန်ဒရေက ခပ်ကျယ်ကျယ် ရယ်လိုက်၏။

“အား... ဟုတ်ပြီ၊ ငါးနဲ့ပတ်သက်တဲ့ ပညာရှင်၊ ကဲ... ဆိုစမ်းပါဦး၊ ခင်ဗျားဟာ ကျုပ်ရှုခင်းပန်းချီကားတွေကို ကြိုက်တယ်၊ အထူးသဖြင့် ခပ်မှိုင်းမှိုင်းအရောင်တွေ သုံးသွားတာကို ကြိုက်တယ်၊ ပြီးတော့ ငါးတွေကို စိတ်ဝင်စားတယ်၊ လျူဇက်မှာနေတယ်။ အဲဒါ ဘာဖြစ်သလဲ၊ ကျွန်တော် ဘယ်လိုဆိုင်သလဲ၊ ထိုင်ပါ၊ ကာလ်ဗေးဒိုး သောက်မလား၊ ကောင်းပါတယ်၊ မဒမ်ကိုဒ်ဆိုတဲ့ အဘွားကြီးကတော့ တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ အဘွားကြီးပဲဗျ။ ဘာလဲ ခင်ဗျား ဂျာမနီက ထွက်ပြေးလာတာလား”

"မဟုတ်ပါဘူး၊ ကျွန်တော် ဒီကို လေ့လ လာနေတာပါ။ မစ္ဆဗေဒ သိပ္ပံကျောင်းမှာ လုပ်ပါတယ်၊ မနက်ဖြန် လျူဇက်ကို ပြန်တော့မှာပါ။ ကျွန်တော် စကားလာပြောတာ အနှောင့်အယှက်များ ဖြစ်နေသလား"

"မဖြစ်ပါဘူး၊ ကျွန်တော့်အဖို့ ဘာမှ မထူးပါဘူး၊ ကျွန်တော့်အနေနဲ့ကတော့ ငါးအကြောင်းကို သိပ်နားမလည်ဘူးဗျ၊ တချို့ငါးတွေက လှတယ်၊ တချို့ငါးတွေက စားလို့ကောင်းတယ်... ဒါလောက်ပဲ နားလည်တယ်... ကျန်တဲ့ကိစ္စတွေကတော့ ခင်ဗျားကိစ္စပဲ။ လျူဇက်မြို့ကို သဘောကျတယ်ဆိုယင် လျူဇက်မှာပဲနေပေါ့။ ပါရီကို သဘောကျတယ်ဆိုယင်လဲ ပါရီမှာနေပေါ့"

ပထမတခွက် ကုန်သွားသည့်အခါတွင် ဂျာမန်သည် ခပ်ထွေထွေ ဖြစ်လာ၏။ တောက်ပသည့် သူ့မျက်လုံးများသည် ရီဝေလာကြသည်။ စီးကရက်တလိပ်ကို ထုတ်၏။ သို့ရာတွင် မီးမညှိသေး။ အတန်ကြာမျှ တိတ်ဆိတ်နေသည်။

"သဘောကျတယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ သဘောကျတာ မကျတာ အရေးမကြီးပါဘူး၊ ကျွန်တော် ငယ်ငယ်လေးကတည်းက ပါရီကို ကျွန်တော် ချစ်တယ်။ ပါရီအကြောင်းကို ကောင်းကောင်းသိတယ်လို့တောင် ပြောနိုင်တယ်၊ အရေးကြီးတာက ဘယ်မှာမွေးသလဲဆိုတဲ့ ပြဿနာပါ။ အဲ ကိုယ်ကြိုက်တဲ့နေရာကိုရွေးပြီး မွေးလာကြတာတော့ မဟုတ်ဘူးပေါ့လေ၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ဘယ်မှာ မွေးသလဲဆိုတဲ့ ကိစ္စကတော့ အရေးကြီးတယ်လို့ ထင်တယ်ဗျ၊ ဥပမာ - ကျွန်တော်ဟာ ဂျာမနီမှာမွေးတယ်၊ ဒါကြောင့် ဂျာမန်ဘာသာစကားကို ကျွန်တော်ချစ်တယ်၊ ဂျာမနီက သစ်ပင်တွေကို သဘောကျတယ်၊ ဂျာမန် ဝက်အူချောင်းကိုလဲကြိုက်တယ်၊ ခင်ဗျားက ပြင်သစ်ပြည်မှာမွေးတယ်၊ ဒီတော့ ခင်ဗျားဟာ..."

"ဘာလဲ... ပြင်သစ်ပြည်ကြီးကို ကျွန်တော်ချစ်တယ်လို့ ခင်ဗျားထင်သလား၊ အဝေးကြီး၊ ကျွန်တော်တို့ဆီမှာ ဒါမျိုးတွေကို ဘယ်သူမှ စဉ်းစားမနေပါဘူး၊ အင်း... ကျောင်းမှာတုန်းကတော့ ဒါမျိုးတွေကို သင်ရတာပေါ့လေ၊ အစိုးရ အခမ်းအနားတွေမှာလဲ 'လှပသော ပြင်သစ်နိုင်ငံတော်ကြီး' တို့ ဘာတို့ ဆိုတာ ကိုယ်သန်ရာသန်ရာ ပြောကြတာပေါ့၊ ဒါပေမယ့် ပရိသတ်က စိတ်မဝင်စားပါဘူး၊ ငိုက်နေကြတာပါပဲ၊ လူဆိုတာ

ကိုယ်သန်ရာသန်ရာ ပြောကြတာပေါ့၊ တယောက်ကလဲ မော်စကိုမြို့ကမှ ကောင်းတယ်၊ တယောက်က လျူဗက်မြို့ကမှ ကောင်းတယ်လို့ ပြောကြမှာပဲ၊ ဒါပေမယ့် ပါရီမြို့ကြီးအကြောင်းကိုတော့ လူတွေက ပြောကြမှာ မဟုတ်ပါဘူး၊ သူတို့အဖို့ ပါရီမြို့ဟာ နေရုံသက်သက်ပဲ”

“ဒါဖြင့် ခင်ဗျားဟာ ခင်ဗျားတိုင်းပြည်ကို မချစ်ဘူးလို့ ဆိုလိုချင်တာပေါ့”

“ဟင့်အင်း... ဒီအကြောင်းကို ကျွန်တော် တခါမှ မစဉ်းစားမိဘူး၊ ပြီးခဲ့တဲ့ စစ်ပွဲကြီးတုန်းကတော့ လူတွေဟာ တိုင်းပြည်ကို ချစ်ရမယ်၊ အမျိုးကို ချစ်ရမယ်ဆိုတဲ့ ကြွေးကြော်သံတွေကို အဟုတ်ထင်ခဲ့ကြဟန် တူတယ်ဗျ၊ ဒါပေမယ့် ခုတော့ ဒါတွေဟာ အလကားပဲလို့ ထင်နေကြပုံရတယ်၊ အေးလေ... ဒါတွေကို ကျွန်တော် ကောင်းကောင်း မသိဘူး၊ အမျိုးကို ချစ်ရမယ်၊ တိုင်းပြည်ကို ချစ်ရမယ်လို့ ခေါင်းဆောင်တွေ ပြောနေကြတာတွေဟာ တကယ်ပြောနေကြတာ ဖြစ်ချင်လဲ ဖြစ်မှာပေါ့။ ကျွန်တော်ဆိုယင် ၁၈၇၀ ခုနှစ်၊ ပြင်သစ်တော်လှန်ရေးအကြောင်းကို ခဏခဏ ပြောတတ်တယ်။ အဲဒီတုန်းက ‘အမိ ပြင်သစ်နိုင်ငံတော်ကြီး အစွန့်ရှည်ပါစေ’ လို့ အော်ခဲ့ကြသတဲ့၊ ဒါကတော့ အော်မှာပေါ့လေ၊ ဂျာမန်လုံ့စွပ်တွေအောက်ကို ရောက်နေခဲ့တာကိုး၊ ဒီနေ့ည ကျွန်တော့်မိတ်ဆွေတွေနဲ့ စကားပြောလာခဲ့တယ်၊ လူကောင်းတွေပါပဲ၊ ဒါပေမယ့် ခက်တာက ဒီလူတွေက လူကြောင်တွေ၊ သူတို့ကြောင့် ဒီလိုအတွေးမျိုးတွေ ကျွန်တော့်ခေါင်းထဲ ရောက်နေတာပေါ့။ တညနေလုံး စစ်အကြောင်းချည်းပဲ ပြောနေကြတယ်၊ တော်တော်ခက်တဲ့လူတွေပဲ၊ အချိန်မရွေး စစ်ဖြစ်နိုင်သတဲ့”

“သိပ်ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်တော့ နွေဦးပေါက်ကတည်းက ဖြစ်မယ် ထင်နေတာ၊ ခုလို တနှစ်လောက် ကွာသွားတော့ တော်သေးတာပေါ့။ အင်း ခင်ဗျားတို့ ကျွန်တော်တို့တတွေ ကံမကောင်းဘူး၊ ပထမကမ္ဘာစစ်ကြီးတခုကို ကြုံခဲ့ရပြီ။ ခုလဲ နောက်ထပ် စစ်ကြီးတခုကို တွေ့ရဦးတော့မယ်၊ ဒီစစ်နှစ်ခုကြားထဲ ကျတော့လဲ ဘဝက အဆင်မပြေ၊ အေးလေ ဘာပဲဖြစ်ဖြစ် ပါရီမြို့ကြီးကို မြင်ခွင့်ရလိုက်တဲ့ အတွက်တော့ ကျွန်တော် ဝမ်းသာတယ်၊ ခုလို...”

“ခုလို... ဘာဖြစ်သလဲ”

“ခုလို ပါရီမြို့ကြီး အသက်ရှင်နေတုန်း...”

အန်ဒရေသည် ထိုင်ရာမှ ထလိုက်၏။

“ခင်ဗျားလဲ လူကြောင်ပဲ၊ ကာလ်ဗေးဒိုးကို သောက်စ မရှိဘူးထင်တယ်၊ ဒါကြောင့်မို့ ခင်ဗျား ကြောက်စရာလန့်စရာတွေကို တွေးနေတာပေါ့။ ကဲ ခင်ဗျား ငါးကိစ္စမှာ ကံကောင်းပါစေလို့ ဆုတောင်းပါတယ်”

ချက်ချင်း ဂျဲနက်ကို အမှတ်ရလာ၏။ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ဂျဲနက်၏ အသံသည် အဝေးမှနေ၍ လေထဲတွင် မျောပါလာသည်ဟု ထင်ရ၏။ အရိုးဆုံးသော စကားလုံးများသည် ဂျဲနက်နှုတ်ဖျားမှ ထွက်လာသည့်အခါတွင် လေးနက်ထူးခြားသည့် အဓိပ္ပါယ်တမျိုးကို ဆောင်နေသည်ဟု သူထင်သည်။ မည်းမှောင်ကောက်ကွေ့သော လှေကားအတိုင်း ပြေးတက်လာခဲ့ပြီးနောက် ရေဒီယိုကို ဖွင့်လိုက်သည်။ ခပ်ဝဲဝဲနှာသံဖြင့် သီချင်းဆိုသံ ပေါ်လာသည်။

“ခေါင်းကိုက်တဲ့အခါ... ခေါင်းကိုက်တဲ့အခါ ဘာဒိုဗလိုရင်ဆေးကို သောက်သုံးပါ”

ခွေးခြေတလုံးပေါ်တွင် ထိုင်ချလိုက်ပြီးနောက် မျက်နှာကို လက်ဖြင့် အုပ်လိုက်မိသည်။ အတန်ကြာမျှ မလှုပ်မရှက် ထိုင်နေ၏။ ရုတ်တရက် ထလိုက်သည်။ သူကြားနေကျ ဂျဲနက်၏ အသံသည် လေထဲမှ ပေါ်လာ၏။ ဂျဲနက်၏ မျက်လုံးများကို လိုက်ရှာကြည့်သည်။ သို့ရာတွင် တလက်လက် တောက်ပနေသည့် ရေဒီယိုဒိုင်ခွက်ကိုသာ မြင်ရ၏။

“လိုက်ပဇစ်... ရောမ၊ ပါရီမြို့မှာ ပျော်စရာ”

“အချစ်ဆိုသော ခံစားချက်သည် ဖုံးကွယ်လို့ မရနိုင်ပါတယ်ရှင်၊ ဖုံးကွယ်လေ ပွင့်အန်ကျလေပင်”

ဂျဲနက်၏ သီချင်းသံ။ ထို့နောက် “ကလေးတို့အတွက် ပျော်စရာ” ဆိုသည့် အခန်းခေါင်းစဉ်ကို နှစ်ခါပြန်ရွတ်သံ၊ ထို့နောက် ထမင်းမစားမီ မာတီနီသောက်ရန် ကြေငြာသည့် ယောကျ်ားသံသြသြကို ကြားရသည်။ အန်ဒရေသည် မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်သည်။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ယင်း “ဟုတ်တယ်၊ ငါလဲ မာတီနီကို သောက်ကြည့်ဦးမယ်၊ ငါ့အချစ်ကို ကွယ်ဝှက်မထားဘူး၊ သူ့အသံလွှင့်တဲ့အခန်းက

ဘာတဲ့ 'ကလေးတို့အတွက် ပျော်စရာ' အခန်း မဟုတ်လား" စကားလုံးများကို ရွတ်နေသည်။ သို့ရာတွင် ရေဒီယိုထဲမှ ခြိမ်းခြောက်သံ ပေါ်လာသည်။

"ဂျာမန်လေတပ် အဆင်သင့်ဖြစ်ပြီ၊ နိုင်ငံပေါင်းချုပ်အသင်းကြီး အကျပ်အတည်း တွေ့နေခြင်း... လေကြောင်းရန် ကာကွယ်ရေး..."

ပြတင်းပေါက်တွင် သွား၍ ရပ်လိုက်၏။ မတ်လ၏ ညချမ်းသည် မှန်တိုင်းထန်လျက်။ ပြင်သစ်ရေလက်ကြားတွင် ရောက်နေသည့် တံငါလှေများက လူးလိမ့်လျက်၊ တံငါသည်များသည် လှေဦးတွင် ပါလာသည့် နတ်ရုပ်များကို ကြောက်လန့်တကြား ဆုပ်ထားမိကြသည်။ ပင်လယ်ဘက်မှ တိုက်လာသောလေသည် ပါရီမြို့ထဲအထိ ရောက်လာကာ အိမ်နံရံများကို တိုးဝှေ့နေသည်။ ဆားခါတ်ပါသော လေက ငန်ပျပျ။

အန်ဒရေက ပင်လယ်နားတွင် ကြီးပြင်းလာခဲ့သူ၊ ပင်လယ်နားက သစ်တော်ပင်တွေ သေကုန်ကြတော့မည်။ သစ်တော်စေ့များသည် ပင်စည်များထဲတွင် တဖြည်းဖြည်း သစ်ရည် တက်လာကြတော့မည်။ လေရိုင်းကြောင့် သစ်တော်ပင်တွေ နတ်ပူးသည့်နှယ် ရှိကြလိမ့်မည်။ ဘယ်လောက်များ မိုက်ရိုင်းလိုက်တဲ့ လေလဲ။

"လူ့သဘာဝ ဝါဒသစ်...၊ နွားချေးပိုး၊ တော်လှန်ရေး...၊ စစ်၊ ဒါတွေဟာ ဟုတ်ကော ဟုတ်ရဲ့လား၊ ဂျာမန်ကြီးကတော့ ပါရီမြို့ကြီး အသက်ရှင်နေတုန်းမှာ သူ့မြင်ချင်သတဲ့။ ဂျဲနက်တယောက်ကော ဘယ်လိုများနေပါလိမ့်။ နင်းခြေခံသွားရမလား၊ အအေးများ မိနေမလား။ အင်း... ကမ္ဘာကြီးဟာ နှနယ်အားငယ်လှချည်ရဲ့။ ပီယာတို့တသိုက်ကတော့ အတွေးအခေါ်တွေ၊ စိတ်ကူးတွေ အကြောင်းကိုပဲ ပြောနေကြတာပဲ၊ စိတ်ကူးယဉ်လိုက်တဲ့လူတွေ။ အသက်မဲ့လိုက်တဲ့ ကျောက်တုံးတွေ၊ ဟုတ်တယ် နော်မန်ဒီကမ်းခြေမှာရှိတဲ့ သစ်တော်ပင်တွေကို ငါလွမ်းတယ်၊ အမှတ်ရတယ်၊ လေမုန်တိုင်းတွေထဲမှာ ရှောင်နေကြတဲ့ သစ်တော်ပင်တွေကို အမှတ်ရတယ်၊ သစ်တော်ပင်တွေရယ်...၊ ဂျဲနက်ရယ်..."

အခန်းက အေးစက်နေသည်။ ပရိဘောဂတွေက အပြည့်။ နေရသည်မှာ နည်းနည်းကလေးမျှ သက်တောင့်သက်သာ မရှိ။ လူဆန်းသည် ပီယာကို ထိုအခန်းသို့ ခေါ်လာသည်။ အခန်းကို ကြည့်ရသည်မှာ လူတယောက်တည်း စွဲစွဲမြဲမြဲနေသည့် အခန်းနှင့် မတူ။ ပိုင်ရှင်တွေ တယောက်ပြီးတယောက် ပြောင်းနေသည့် အခန်းနှင့် တူနေသည်။ အခန်းထဲက ပန်းပြောက်ပန်းနွယ်တို့ ယှက်နေသည့် ကြောင်အိမ်များ၊ ခန်းဆီးများကိုလည်း မည်သူမျှ တွယ်တာဟန် မရှိ။ လူဆန်းသည် မိဘများနှင့်အတူ နေခြင်း ဖြစ်သည်။ ယခုအခန်းကိုမူ ဂျဲနက်အတွက် ငှားထားခြင်းဖြစ်၏။ သူကမူ သူ့အခန်းဟု ပြောတတ်သည်။ ဆိုဖာအကြီးကြီးပေါ်တွင် အိန္ဒိယ၏ ကျမ်းတစောင်နှင့် ရောင်စုံပိုးစတွေကို စပ်ချုပ်ထားသည့် ယမင်းရုပ်ကလေးတရုပ်ရှိသည်။

လူဆန်းက ပုလင်းတွေကို ထုတ်လာပြီး အရက်စပ်နေသည်။ ပီယာသည် ဇာတ်ပွဲအကြောင်း ပြော၏။ ပီယာမှာ ရိုက်စပီးယား၏ ပြဇာတ်များကို သဘောကျသူ ဖြစ်၏။ လူဆန်းက…

“ခင်ဗျားဟာတွေကို အသာထားလိုက်စမ်းပါဦးဗျာ၊ ဂျဲနက်က မနေ့က ကျုပ်ကို ပြောတယ်၊ သူ့ကို မယူချင်နေပါတဲ့၊ သူကတော့ အမြဲသစ္စာရှိနေမှာပါတဲ့၊ ဒီစကားမျိုးတွေ မကြားချင်တော့ဘူးဗျာ၊ ခုအချိန်က ဒီစကားတွေကို ပြောရမယ့် အချိန်မဟုတ်တော့ဘူး”

စီးကရက်တိုကို ပါးစပ်မှ ချွတ်လိုက်ပြီးနောက် လေသံဖြင့်…

“ကျုပ်ဖွားသားကြီးနဲ့တော့ လမ်းခွဲရတော့မယ်ထင်တယ်။ သိပ်တော့ မလွယ်ဘူး။ ဒီနေ့ သူပြောတဲ့ မိန့်ခွန်းကတမျိုး၊ ပြီးတော့ ကျုပ်စာအုပ်ကလဲ ထွက်တော့မယ်။ ကျုပ်အဖို့လဲ တလမ်းလမ်းကို ပြတ်ပြတ်သားသား ရွေးရတော့မယ်၊ ပြီးတော့ ကျုပ် အန်ဒရေလို လူမျိုးကို နားမလည်ဘူးဗျာ၊ သူနဲ့ ပတ်သက်လာယင် ခင်ဗျားကလဲ ပွင့်ပွင့်လင်းလင်း ဘာမှမပြောဘူး”

“အန်ဒရေဟာ ကျုပ်တို့နဲ့ အတူတူရှိမှာပါ” ပီယာကပြောသည်။ “ခင်ဗျား သူ့ကို နားမလည်လို့ပါ။ လူက လူကောင်းပါ၊ နည်းနည်းထုံတာ တခုပါပဲ၊ ခင်ဗျားကတော့ ရယ်ချင် ရယ်မှာပဲ၊ ဒါပေမယ့် ကျုပ်ထင်တာကတော့ တနေ့ကျယင် လူတွေအားလုံး ကျုပ်တို့ဘက်ကို ရောက်လာမှာပဲလို့ ထင်နေတယ်၊ လူတွေ

အားလုံးပဲ၊ ခု ကျုပ် ‘ဆိမ်း’စက်ရုံမှာ အလုပ်လုပ်နေတယ်၊ ဒက်ဇာနဲ့ ထိပ်တိုက် ဝင်နေရပြီ၊ ဒက်ဇာဟာ တော်တော် စိတ်ဝင်စားဖို့ကောင်းတဲ့လူဗျ။ သဘာမန် ပြောရမယ်ဆိုယင်တော့ ဒက်ဇာဟာ ကျုပ်တို့ရဲ့ ရန်သူပဲ၊ အရှင်းရှင် အကြီးစားကြီးပေါ့၊ ဖေဖော်ဝါရီ အရေးအခင်းတုန်းက သူဟာ ဖောက်ပြန်ရေးသမားတွေကို ထောက်ခံခဲ့တယ်၊ အေးလေ တခါတလေတော့လဲ မှားကြတာပေါ့၊ ဒက်ဇာဟာ နိုင်ငံရေးကို ကောင်းကောင်းနားလည်တယ်၊ အရေးနိမ့်မယ့်ဘက်ကို ဘယ်တော့မှ ထောက်ခံမှာ မဟုတ်ဘူး၊ နောက်တနှစ်လောက်ဆိုယင် ကျုပ်တို့ဘက်ကို ရောက်လာမှာပဲ၊ ဆိုရှယ်လစ်များဟာ ပြင်သစ်လူမျိုး မှန်သမျှနဲ့အတူ ပူးပေါင်းလုပ်မယ်လို့ ဗီးလာ့ဒ်က ပြောဖူးတယ်၊ သူ့စကားဟာ တော်တော်မှန်တယ်ဗျ”

လူဆန်းက ယမင်းရုပ်ကလေးကို လက်တွင် ကိုင်ကစားရင်း သိမ်းလိုက်သည်။

“ခင်ဗျားပြောတဲ့အတိုင်းဆိုယင် ဒက်ဇာရော၊ ဗီးလာ့ဒ်ရော နှစ်ယောက်စလုံး တကောင်မှ မကောင်းဘူး၊ ဒီလောက်တောင် အချောင်ဆန်တဲ့ကောင်တွေ တယောက်ကို ပစ်သတ်ပြီး နောက်တယောက်ကို ကြိုးပေးပစ်ဖို့ပဲ ကောင်းတယ်”

လူဆန်း စကားကြောင့် ပီယာ ဒေါပွသွားကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

“အေး၊ ခင်ဗျားစည်းရုံးသလို လူထုကို စည်းရုံးမယ်ဆိုယင် ကျုပ်တို့ဘက်ကို တယောက်မှ ပါလာမှာ မဟုတ်ဘူး၊ အားလုံး ကျုပ်တို့ကို ဆန့်ကျင်ကုန်ကြမှာ၊ လူအမျိုးမျိုး ရှိသလို အနေအထားလဲ အမျိုးမျိုး ရှိတာပေါ့ဗျာ၊ ဒီတော့ ကျုပ်တို့ဘက်ကို ရောက်လာပုံမှာလဲ တယောက်နဲ့တယောက် ဘယ်တူနိုင်ပါ့မလဲ၊ ကိုယ့်နည်းနဲ့ကိုယ် ရောက်လာကြမှာပေါ့။ ဒါကိုတော့ သဘောပေါက်မှာပေါ့။ ကျွန်တော်တို့ စက်ရုံမှာ မစ်ရှောဆိုတဲ့ စက်ပြင်ဆရာတယောက်ရှိတယ်၊ လူကတော့ လူတော်ပါပဲ၊ ဒါပေမယ့် သိပ်အယူသည်းတယ်၊ မစ်ရှောကတော့ ဒက်ဇာဟာ ရန်သူပဲတဲ့၊ အရင်းရှင်ပဲတဲ့၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ဒက်ဇာလို လူမျိုးနဲ့ တွဲမလုပ်နိုင်ဘူးတဲ့၊ ကွန်မြူနစ်တွေ ဆိုယင်လဲ”

"ခင်ဗျားတို့ ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်နဲ့စာယင် ကျုပ်က ကွန်မြူနစ်တွေကိုမှ သဘောကျသေးတယ်၊ ဒီလူတွေက သတ္တိကောင်းတယ်၊ အဲ သဘောတရား အဆိပ်တက်နေတာကလေး တခုပဲ၊ တကယ်တော့ ပြည်သူ့တပ်ဦးဆိုတဲ့ အဖွဲ့ကကော ဘာလဲ၊ မြင်းသုံးကောင် ကထားတဲ့ ရထားကြီးပါပဲဗျ။ အူတိုင်မှာ ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်က ဆွဲတယ်၊ အတိုင်ဘက်မှာ ခင်ဗျားတို့ စက်ရုံက အလုပ်သမားခေါင်းဆောင် မစ်ရှောက ဆွဲတယ်၊ အလှည့်ဘက်မှာ အင်း... ကျုပ်အဖေ ဝင်ဆွဲမလား မသိဘူး၊ ကျုပ်အဖေလဲ နဖားကြိုးတပ်တာ ခံချင်ခံရမှာပဲ၊ ပြီးတော့ စိတ်ရှည်မှုကြောင့်ရတဲ့ အောင်ပွဲကြီးလို့ ပြောကြဦးမှာပေါ့"

လူဆန်းက ရုတ်တရက် ရယ်ချလိုက်သည်။

"ကျောင်းတုန်းက ကျုပ်တို့အခန်းက သမိုင်းဆရာပြောတဲ့ စကားလေးတခွန်းကို အမှတ်ရမိသေးတယ်၊ ပြင်သစ်တော်လှန်ရေးကြီးဟာ စိတ်မရှည်မှုကြောင့် ပျက်စီးကျဆုံးခဲ့ရတာတဲ့၊ အဲဒီတော့ ကျုပ်တို့အတန်းထဲက ဖရက်ဒီဆိုတဲ့ကောင်က လက်ညှိုးထောင်ပြီး ကျွန်တော့်ဘဝကတော့ စိတ်ရှည်မှုကြောင့် ဆုံးရှုံးပျက်စီးခဲ့ရတယ်လို့ ထပြောလို့ ကံကောင်းလို့ ကျောင်းထုတ်မခံရတယ်"

သူတို့နှစ်ယောက်သည် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောနေကြသည်။ လူဆန်းက အရက်ကို တခွက်ပြီးတခွက် ငှဲ့ပေးသည်။ ပီယာသည် ငြိမ်လျက်ရှိ၏။ မရည်ရွယ်ပဲနှင့် သူ့အမျိုးသမီးအကြောင်းကို ပြောမိလျက်သား ဖြစ်နေသည်။

"ကျုပ်အမျိုးသမီးနဲ့ ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ်၊ တော်လှန်ရေးအကြောင်းကိုချည်း ပြောနေတာပဲ၊ တကယ်တက်ကြွတဲ့ အမျိုးသမီးဗျ။ ကတုတ်ကျင်းတွေကို ဦးစီးပြီးတိုက်မယ့် အမျိုးသမီး၊ သူ့အဖေက အလုပ်သမား၊ ထောင်ကျဖူးတယ်၊ ဆိုရှယ်လစ်ခေါင်းဆောင် ဂျော်ရေးနဲ့ သိတယ်၊ ခုလဲ ဗီးလ်မှာ ကျောင်းဆရာမ လုပ်နေတယ်၊ တရပ်ကွက်လုံးက သူ့ကို ချစ်ကြတယ်၊ လူကြီးတွေကရော၊ ကလေးတွေကရော၊ သူရောက်လာမှ အဲဒီရပ်ကွက်လေးမှာ တော်တော်ပြောင်းလဲသွားတယ်"

"နေစမ်းပါဦး၊ သူ့ကိုရော ခင်ဗျား အတည်ယူမှာလား၊ ခါတိုင်းလို ရောဂါထတာလား"

လူဆန်းက ပြုံး၍ မေးသည်။

"မနောက်နဲ့ဗျာ၊ ကျုပ်က အတည်ပြောနေတာ၊ သူဟာ ကျုပ်အဖို့ အရေးကြီးတယ်။ သူနဲ့ကျုပ်ကြားမှာ ဘာမှ ပြဿနာမရှိဘူး၊ အဂ္ဂနိစ်ဟာ ကျုပ်အပေါ်မှာ သံသယတောင်"

"မိန်းမတို့မည်သည် လျှို့ဝှက်ဆန်းကြယ်၏။ သို့ရာတွင် လိုအပ်သော သတ္တဝါတမျိုးဖြစ်၏တဲ့၊ ဘယ်သူရေးတဲ့စာလဲဗျ၊ ဂျူးလီလာဖော့ဂူးလား"

"ဟော့လူ၊ ခင်ဗျားအဖို့သာ ဒါမျိုးဖြစ်ချင်ဖြစ်မယ်၊ ကျုပ်အဖို့ ဒီလိုမဟုတ်ဘူးဗျ"

ပီယာက ဒေါသတကြီးဖြင့် အော်သည်။ သို့ရာတွင် ဂျဲနက် ရောက်လာသဖြင့် ဆက်ပြောချိန် မရတော့။

ဂျဲနက်က ဦးထုပ်နှင့် လက်အိတ်ကို ချွတ်လိုက်ပြီး မှန်ရှေ့တွင် ရပ်နေသည်။ စီးကရက်တလိပ်ကို မီးညှိ၏။ စကားတလုံးမျှ မပြော။

"အစ်ကို အန်ဒရေ မပါလာပဲကိုး"

ဂျဲနက်က မေးသည်။ လူဆန်းက ကျေနပ်ပုံမရ။ သို့ရာတွင် မည်သူ့ကိုမျှမပြော။ ဂျဲနက်က ဖန်ခွက်တလုံးကို ဘေးသို့ရွှေ့လိုက်ပြီး ပီယာ့ကို လှမ်းမေး၏။

"အစ်ကိုလူဆန်းက ဘာနဲ့ညှော်ခံနေတာလဲ၊ သူ့အဖေရဲ့ ပိုက်ဆံအကြောင်းကို ပြောပြီး ညှော်ခံတာလား၊ ဒါမှမဟုတ် အရက်စုံ ဖျော်တဲ့ခွက်ထဲမှာ တော်လှန်ရေးကြီးတခု ဖျော်စပ်ပြီး ညှော်ခံနေတာလား"

လူဆန်းက ဂျဲနက်ကို တအံ့တဩ လှမ်းကြည့်လိုက်ရင်း...

"ဂျဲနက် ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လို့ လှောင်ချင်ရတာလဲ"

“လျောင်တာ မဟုတ်ပါဘူး၊ အစ်ကိုတို့ နိုင်ငံရေးစကားတွေကို ကြားရတာ ငြီးငွေ့လွန်းလို့”

ပီယာက အိုးတိုးအန်းတန်း ဖြစ်နေသည်။

“ကျွန်တော် ပြန်ဦးမှပဲ၊ မနက် ခြောက်နာရီထရမှာ”

“ဒီခုံမှာ ထိုင်ဗျ၊ ဒီခုံက ကောင်းတယ်” မစ်ရှောက စိတ်အားထက်သန်စွာ ပြောလိုက်သည်။

သူတို့နှစ်ယောက် နိုင်ငံရေးစကားတွေ ပြောကြသည်။ ပီယာက ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်ကို ချီးမွမ်းသည်။ မစ်ရှောက တိတ်ဆိတ်စွာ နားထောင်၏။ မစ်ရှောမှာ အသက်သုံးဆယ်ခန့် ရှိလေပြီ။ ကိုယ်လုံး တုတ်တုတ်ခိုင်ခိုင်။ သူ့မျက်လုံးများက သံသယဖြင့် ကြည့်တတ်သည့် မျက်လုံးမျိုး။ စီးကရက်တဝက်ကို နှုတ်ခမ်းတွင် တွဲလွဲချိတ်ထားသည်။ ကက်ဦးထုပ်တလုံးကို ဆောင်းထားပြီး လက်တိုအင်္ကျီကို ဝတ်ထားသဖြင့် လက်မောင်းမှ ကျောက်ဆူးနှင့် အသည်းပုံ ထိုးကွင်းရုပ်များကို အတိုင်းသား မြင်ရ၏။ ရေတပ်ထဲသို့ ဝင်ခဲ့ဖူးသည်။ အလုပ်သမားကောင်းတယောက် ဖြစ်သော်လည်း အပြောပက်စက်သဖြင့် စက်ရုံထဲတွင် သူ့ကို လေးစားကြသည့်တိုင် ကြောက်ကြသည်။

ပီယာသည် မစ်ရှောကို လူကြီးတယောက်သဖွယ် တလေးတစား ဆက်ဆံသည်။ ဗီးလာ့ဒ်၏ နောက်ဆုံးမိန့်ခွန်းနှင့် ပတ်သက်၍ မစ်ရှော၏ သဘောထားကို ပီယာသိချင်သည်။ သို့ရာတွင် မစ်ရှောက ဘာမျှမပြော။

“ကြွေးကြော်သံတွေကိုတော့ ခင်ဗျားသဘောတူမှာပါ”

“ဘာ သဘောမတူစရာ ရှိသလဲဗျ။ ပြည်သူ့တပ်ဦးရဲ့ ကြွေးကြော်သံတွေပဲဟာ၊ ဗီးလာ့ဒ်ကလဲ ပရိသတ်ကျအောင် စကားပြောတတ်တဲ့လူပဲ”

“ဒါပေမယ့် ခင်ဗျား သူ့ကို မယုံဘူးပေါ့”

“ကျုပ်က မယုံတာ မဟုတ်ပါဘူး၊ ပြည်သူ့တပ်ဦးက မယုံတာပါ၊ ဒါ ပြည်သူ့တပ်ဦးရဲ့ တရားဝင်သဘောထားပဲ၊ ကျွန်တော့် တဦးတည်းအနေနဲ့ကတော့ သူ့ဆီမှာ ကျုပ်နာရီကို စိတ်ချလက်ချ အပ်ထားချင် အပ်ထားမယ်၊ ကျုပ်သားရေအိတ်ကိုလဲ ယုံယုံကြည်ကြည် အပ်ချင်အပ်မယ်၊ ဒါပေမယ့် နိုင်ငံရေးကိုတော့ ပုံပြီး မအပ်ရဲဘူးဗျ”

"ခင်ဗျားကို ကျွန်တော် နားမလည်နိုင်ဘူး မစ်ရှော၊ ဟောဒီ ကျွန်တော်တို့ ထိုင်နေတဲ့ ထိုင်ခုံဟာ ခင်ဗျားခုံမဟုတ်ဘူး၊ ကျွန်တော့်ခုံလဲ မဟုတ်ဘူး၊ ဒီခုံဟာ စက်ရုံကပိုင်တဲ့ခုံ၊ တနည်းပြောရယင် စက်ရုံပိုင်ရှင်ကြီး ဒက်ဇာ ပိုင်တဲ့ခုံ၊ ခု ကျွန်တော်တို့ဟာ ဖိုးကြဲလေယာဉ်တွေအတွက် အင်ဂျင်စက်တွေကို ထုတ်နေကြရတယ်၊ ခု ကျွန်တော်တို့ထိုင်နေတဲ့ ထိုင်ခုံကလေးကိုတော့ ကောင်းတယ်လို့ ပြောနိုင်တယ်၊ ဒါပေမယ့် တသက်လုံး ကျွန်တော်တို့ အရေးတော်အတွက် ဘဝပေးလာခဲ့တဲ့ ဗီးလာ့ဒ်ကိုတော့ အကောင်း တချက်ကလေးတောင်မှ မပြောနိုင်ဘူး၊ ရန်သူလို သဘောထားနေတယ်"

"ခု ကျုပ်တို့ ထိုင်နေတဲ့ ထိုင်ခုံဟာ ဒက်ဇာရဲ့ ပစ္စည်းတခု သက်သက်တွင် မဟုတ်ဘူးဗျ။ တန်ဆာပလာတခု ဖြစ်တယ်၊ ကောင်းတဲ့ခုံတခု ဖြစ်တယ်၊ ဟုတ်တယ်၊ ဒီခုံကို ကျုပ်တို့ ခုမပိုင်သေးဘူး၊ ဒါပေမယ့် မနက်ဖြန်မှာ ကျုပ်တို့ မပိုင်ဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ ဒါကြောင့်မို့ ဒီခုံကို ကျုပ်တို့ ထိန်းသိမ်းစောင့်ရှောက်နေကြတာပေါ့။ ဒါပေမယ့် ခင်ဗျားပြောတဲ့ ဖိုးကြဲလေယာဉ်ပျံတွေကတော့ တမျိုးဖြစ်လိမ့်မယ်၊ ဒီလေယာဉ်ပျံတွေနဲ့ ဘယ်သူ့ကိုတိုက်မှာလဲ၊ ဗီးလာ့ဒ်လို လူအဖို့တော့ ဟုတ်တာပေါ့။ ရှင်းနေတာပေါ့။ ခု ကျုပ်တို့ဟာ ဗီးလာ့ဒ်နဲ့ လက်တွဲနေကြတယ်၊ ဒါတော့ သူ့အကျိုးအတွက်၊ ကျုပ်တို့အကျိုးအတွက်၊ ဒါပေမယ့် ဘုံအကျိုးစီးပွားတခုကို လုပ်ပြီးတဲ့နောက်မှာ သူနဲ့ကျုပ်တို့ဟာ လမ်းခွဲကြရမှာပဲ၊ သူကပဲ ကျုပ်တို့ကို သေတွင်းပို့မလား၊ ကျုပ်တို့ကပဲ သူ့ကို သေတွင်းပို့မလား၊ ဘယ်သူက ဘယ်သူ့ကို အလျင်ပို့မလဲတော့ မသိဘူး၊ တခုတော့ သေချာတယ်၊ သူ့ကို ကျုပ်တို့ အချိန်မီ ချောင်ပိတ်မထားနိုင်ယင် တနေ့မှာ သူ့သေနတ်ပြောင်းဟာ ကျုပ်တို့ဘက်ကို လှည့်လာမှာပဲ၊ ဘယ်လိုလဲ၊ ကျုပ်ပြောတာ လုံလောက်ပြီ မဟုတ်လား၊ ကျုပ်သွားမယ်၊ ဟိုက်ဒရောလစ် ဖိစက်တွေကို စစ်ရဦးမယ်"

အလုပ်ဆင်းသည့်အခါတွင် ပီယာသည် အဂ္ဂနိစ်ဆီသို့ လာခဲ့သည်။ တလမ်းလုံး မစ်ရှော၏စကားများကို စဉ်းစားလာ၏။ ဆည်းဆာက အိပ်မက်တခုလို လှပဆန်းကြယ်လျက်၊ နေ့ခင်းတွင် အစွန်းအထင်းတွေဖြင့် အရုပ်ဆိုးနေသော အိမ်အိုအိမ်ဟောင်းများသည် မှိုင်းပြာပြာ တောင်တန်းများနှင့် တူနေကြသည်။ အသက်အရွယ်၊ ဝမ်းနည်းကြေကွဲမှုနှင့် ခပ်ကြမ်းကြမ်း ဆိုးထားသည့် ပါးဆိုးဆေးများကြောင့် ပုံပျက်ပန်းပျက် အရုပ်ဆိုးနေသည့် မျက်နှာများသည်

ဆည်းဆာတွင် အလှကျက်သရေကို ဆောင်နေကြသည်။ ရုပ်ကမ္ဘာကြီးသည် အနုပညာမန္တာန်ဖြင့် မန်းမှုတ်ထားသကဲ့သို့ ရှိတော့သည်။

မစ်ရှော၏ သဘောထားသည် ပြင်းထန်လွန်းသည်ဟု ပီယာထင်သည်။ မစ်ရှော၏ အယူအဆသည် မှန်ကောင်းမှန်လိမ့်မည်။ သို့ရာတွင် သူပြောသည့်အတိုင်းသာဆိုလျှင် ပျင်းစရာ။ တိုက်ပွဲနှင့် အောင်ပွဲသည်လည်း ငြီးငွေ့စရာ။ မစ်ရှော မှားနေသည်ဟု ပီယာ ရုတ်တရက်ထင်လာသည်။ ဗီးလာ့ဒ်၏သမိုင်းကို ပြန်ကြည့်လျှင် သိနိုင်သည်။ ဗီးလာ့ဒ်သည် ပြင်သစ်နိုင်ငံတော် ဂုဏ်ထူးဆောင်ဘွဲ့ကို ငြင်းခဲ့သည် မဟုတ်လော။ ပြင်သစ်လူမျိုးကြီးဝါဒသမားများက သူ့ကိုဝိုင်းတိုက်ခဲ့ကြသည် မဟုတ်လော။ ဗီးလာ့ဒ်သည် ရန်သူနှင့် လမ်းတဝက်တွင် စေ့စပ်သွားမည့် လူစားမျိုး မဟုတ်တန်ရာ။

ပီယာသည် မစ်ရှော၏ အယူအဆကို ကောင်းကောင်း နားမလည်။ သူတွေးခေါ်ပုံသည် ချောက်ကမ်းပါးယံကြားမှ စီးလာသည့် စမ်းချောင်းကဲ့သို့ ကောက်ကောက်ကွေ့ကွေ့ နိုင်လွန်းသည်။ မစ်ရှောသည် ပါရီမြို့သားစစ်စစ် ပီသသူ။ ပါရီမြို့သားက သံသယကြီးလွန်းသည်။ တယူသန်လွန်းသည်။ ပီယာက တောင်ပိုင်းက ရိုဆီလွန် စပျစ်ခြံကြားထဲတွင် မွေးလာသူဖြစ်၏။ သူ့အဖေက ပါပီနံက ပုံနှိပ်တိုက်တတိုက်မှ စက်သမားဖြစ်သည်။ ပီယာ၏ဇာတိ တောင်ပိုင်းဒေသတွင် မြေက နီနီရဲရဲ၊ အလင်းရောင်က စူးစူးရှရှ။ ကောင်းကင်က ပြာပြာလွင်လွင်။ ပြာသည်က သဘော်ဆေးကို အရည်ဖျော်ထားသည့်နှယ်။ ပီယာသည် ဟားတိုက်ရယ်သံကို သဘောကျသည်။ စကားပြောလျှင် လက်ဟန်ခြေဟန်ပြကာ ဒေါနှင့်မာန်နှင့်။ ငိုစရာရှိလျှင်လည်း အားရပါးရ မျက်ရည်ထွက်အောင် ငိုလိုက်ရမှ။ ဗစ်တာဟူးဂိုး၏ ကဗျာကို သဘောကျသည်။ ရှေး ဂျက်ကိုဗင်သူပုန်တွေ ကားစင်တင် အသတ်ခံရနီးတွင် စိတ်လိုက်မာန်ပါ တရားဟောသလို စကားပြောပုံမျိုးကိုလည်း သဘောကျတတ်သည်။ ထင်းကနဲနေအောင် လှသည့် ရှုခင်း၊ မြင်ခင်းမျိုးကိုလည်း နှစ်သက်သည်။

လမ်းလျှောက်လာရင်း ရိုပ်သာလမ်းဘေး တဘက်တချက်တွင် ပေါက်နေကြသည့် သစ်ကြားပင်များကို ပီယာမော့ကြည့်၏။ သစ်ကြားပင်များက မြူပြာပြာတွေထဲတွင် ဝိုးတိုးဝါးတား။ နွေဦးပေါက်ဖြစ်၍ ပုရစ်တို့ဖူးစပြုပြီ။

"ဟုတ်တယ်၊ တို့နိုင်ရမယ်၊ လူတွေဟာ ပျော်ရွှင်မှုကို

တောင့်တနေကြတယ်၊ နွေးထွေးတဲ့လက်တွေကို တောင့်တနေကြတယ်၊ ချစ်ခင်မှုနဲ့ ယုံကြည်မှုကို တောင့်တနေကြတယ်”

လမ်းသွားယင်း သူငယ်ငယ်တုန်းက စပ်ခဲ့သည့် ကဗျာကလေးတပုဒ်ကို အမှတ်ရလာသည်။

လေပြင်းတိုက်ဆဲ၊ ပေါင်မုန့်မဲနှင့်၊ တိုက်ပွဲအစ၊ ဘဝချာလည်...။

သူ့အတွေးများသည် အဂ္ဂနိစ်ထံသို့ ရောက်သွားကြ၏။ အဂ္ဂနိစ်သည် သူ့ကို မည်သို့ ဆီးကြိုလေမည်နည်း။

ပီယာသည် ပွင့်ပွင့်လင်းလင်း ပြောတတ်သူဖြစ်၏။ စိတ်ထဲရှိသမျှကို သာသာထိုးထိုးကလေး ပြောလိုက်ရမှသာ နေသာထိုင်သာရှိသူ ဖြစ်သည်။ အဂ္ဂနိစ် မတုန်မလှုပ် အေးစက်စက်လုပ်နေသည်ကို မြင်သည့်အခါ၌ သူ မနေတတ် မထိုင်တတ် ဖြစ်နေသည်။ “သူမရှိယင် ငါမနေနိုင်ဘူး” ဟု သူ့ဘာသာတွေးသည်။ သူတို့အကြောင်းကို လူဆန်းကို ပြောခဲ့ပြီးပြီ။ သို့ရာတွင် သူ့အချစ်ကို အဂ္ဂနိစ်အား တခါမျှ ထုတ်ဖော်မပြောခဲ့မိသေး။ အဂ္ဂနိစ်ထံသို့ မကြာခဏရောက်တိုင်း ဟောပြောပွဲတွေအကြောင်း၊ စာအုပ်အကြောင်း၊ မော်တော်ကားအကြောင်းလောက်ကိုသာ ပြောခဲ့ဖူးသည်။ အဂ္ဂနိစ်စာသင်သည့်ကျောင်းနှင့် သူ့တပည့်ကလေးတွေအကြောင်းကို မေးခဲ့ဖူးသည်။ ထိုစကားတွေကို ပြောပြီးနောက် ရှေ့ ဘာဆက်ပြောရမှန်း မသိတော့။ နှစ်ယောက်သား စကားမပြောကြပဲ တိတ်ဆိတ်စွာ ထိုင်နေယင်း ပြတင်းပေါက်ကို လာရိုက်နေသည့် မိုးစက်မိုးပေါက်များ၏ အသံကို နားထောင်နေမိကြသည်။

တခါတွင်မူ ပီယာက နွတ်ဟမ္မဆန်၏ အချစ်ဝတ္ထုတပုဒ်အကြောင်းကို ပြောယင်း “ဒါမျိုး တွေ့ခဲ့ဖူးသလား” ဟု အရဲစွန့်၍ မေးဖူးသည်။ “ခု တွေ့ဖူးနေပြီလေ” ဟု အဂ္ဂနိစ်က ဖြေမည်လားဟု တထိတ်ထိတ်။ အဂ္ဂနိစ်က မျက်နှာကို တခြားသို့ လွှဲလိုက်ယင်း “ကျွန်မမှာ ချစ်သူရှိခဲ့ဖူးတယ်” ဟု ဖြေခဲ့ဖူးသည်။ ထိုနေ့မှစ၍ ပီယာ၏ မျှော်လင့်ချက်တွင် မနာလိုမှု စွန်းကွက်နေလေ၏။ အဂ္ဂနိစ်တယောက်တည်း ငိုင်နေသည်ကို မြင်လျှင် သူ့ချစ်သူဟောင်းကြောင့် ဖြစ်ရမည်ဟု ထင်နေသည်။

ဘဲလ်ဗီးလမ်းထဲသို့ ဝင်လိုက်သည့်အခါတွင် လမ်းမီးတွေ လင်းနေပြီ။ စက္ကူနှင်းဆီတွေ ပန်ထားသည့် ဝက်ခေါင်းများသည် အသားဆိုင်ပြတင်းဝက ခရမ်းနုမီးရောင်ထဲတွင် ကျောက်တုံးကြီးများကို ချိတ်ထားသည်နှင့် တူနေလေ၏။ ရုပ်ရှင်ရုံတရုံအဝမှ ပိုစတာကြီးပေါ်တွင် နှုတ်ခမ်းနီ ပါးနီတွေ ရဲနေသည့် ဇာတ်လိုက်မင်းသမီးသည် သဘော်သားတယောက်ကို ဖက်နေသည်။ မျက်ရည်ပေါက်ကြီးများက ပါးပြင်ပေါ်သို့ စီးကျလျက်။ ကဖီးဆိုင်များထဲတွင် ဖန်ခွက်ချင်းထိသံတို့ ဆူညံနေသည်။ ဘိလိယက်ခုံ သက္ကလတ်စိမ်းစိမ်းပေါ်တွင် ဘောလုံးဖြူဖြူများက လိမ့်လျက်။ ညဆိုလျှင် သည်လမ်းသည် သနားစဖွယ်အပြင်ပန်းတွင် တောက်ပပြိုးပြက်နေတတ်သည်။ လမ်းမကြီးဘေးတွင် မည်းမှောင်သော လမ်းကြားကလေးများသည် တူးမြောင်းများလို ဖြာထွက်လျက်။ အနံ့မျိုးစုံက ထောင်းထောင်းထနေသည်။ မာဂျရင်းနံ့၊ ကြက်သွန်နံ့၊ ကျင်ငယ်နံ့။ ကလေးများက မျောက်ပန်းလှန်နေကြသည်။ အဘွားကြီးတွေက ဆဲဆိုရန်ဖြစ်နေကြသည်။ ကလေးတွေနှင့် ကြောင်တွေက တစီစီအော်နေကြသည်။ သည်ရပ်ကွက်က ပါရီတွင် အဆင်းရဲဆုံးရပ်ကွက်။ သည်ဆင်းရဲတွင်း နက်နက်ကြီးထဲတွင် စိတ်ကူးယဉ်စရာဆို၍ ဘာမျှမရှိ။ ဖာရာစပ်ရာတွေကို အထပ်ထပ်တွေ့ရသည့်နေရာ။ ထမင်းကလေးတလုတ် စားရပါမည့်အရေး ကြက်ယက်သလို ယက်ရှာရသည့်နေရာ။ အညှိတက်နေသည့် ကြေးပြားတပြားကို သုံးဖို့အရေး အပြန်ပြန်အလှန်လှန် စဉ်းစားနေရသည့်နေရာ။

ညစ်ပတ်သည့် လမ်းမြောင်ကလေးတခုထဲတွင် ဆိုင်ပိုင်ရှင်များ၊ စာရေးစာချီများနှင့် အမှုထမ်းများအတွက် တိုက်တန်းလျားတလုံးကို မကြာသေးမီက ဆောက်ပြီးသွား၏။ အခန်းများတွင် တောက်ပသည့် နံရံကပ်စက္ကူတွေ ကပ်ထားသည်။ အထက်တန်းအကျဆုံး အိမ်များမှာပင် လက်တင်ကုလားထိုင်လောက်သာ ထားနိုင်သည်။ အပေါ်ဆုံးထပ်ကို အစေခံများထားရန် အခန်းတွေဖွဲ့ထားသည့်တိုင် အိမ်ရှင်များက ထိုအထပ်ကို မီးဖိုချောင် လုပ်ထား၏။ ထပ်ခိုးများကိုမူ ဆင်းရဲသည့် လူလွတ်များကို ငှားထားသည်။ သည်အထပ်ခိုးပေါ်တွင် အလုပ်လက်မဲ့ ဖြစ်နေသည့် စာရင်းကိုင်တဦး။ နောက် အသက်ခပ်ကြီးကြီး အနိုပ်သယ်မတယောက်၊ မအောင်မြင်သည့် နယ်လှည့်အရောင်းကိုယ်စားလှယ်တယောက်တို့ နေကြ၏။ ပီယာ၏ အသည်းနှလုံးကို အနိုင်ယူခဲ့သော အဂ္ဂနိစ်သည်လည်း သည်အထပ်ခိုးတွင် နေသတည်း။

သူ့အခန်းထဲတွင် ခေါက်ခုတင် သေးသေးကလေး တလုံး။ ကျောင်းလေ့ကျင့်ခန်းစာအုပ်တွေ တင်ထားသည့် စားပွဲတလုံး။ ကောက်ရိုးခင်းထားသည့် ကုလားထိုင်နှစ်လုံးနှင့် မျက်နှာသစ်ခွက်တလုံးတို့ရှိသည်။ နံရံများကမူ ဟာလာဟင်းလင်း။ ပန်းချီကားမရှိ၊ ဓာတ်ပုံမရှိ။ စာအုပ်စင်ပေါ်တွင် ကျောင်းစာအုပ်များနှင့် အဘိဓာန်စာအုပ်၊ မဒမ်ဗော်ဗာရီဝတ္ထုနှင့် လူစီမစ်ရှယ်၏ အတ္ထုပ္ပတ္တိစာအုပ်တအုပ်ရှိ၏။ အခန်းပြတင်းပေါက်မှ လှမ်းကြည့်လိုက်လျှင် ဇာတ်နောက်ခံကားလိပ်ပေါ်ကလို မှိုင်းမှုန်မှုန် လတစင်း ကောင်းကင်တွင် မျောနေသည်ကို မြင်ရသည်။

အဂ္ဂနိစ်ကို လှသည်ဟု မပြောနိုင်။ နဖူးက ခပ်မောက်မောက်၊ မှုန်မွဲသည့် မျက်လုံးများက ပြာလဲ့လဲ့။ နှာခေါင်းက လန်လန်။ အလုပ်ကြမ်းဒဏ်ကြောင့် မျက်နှာများက နီရဲနေကြသည်။ သို့တိုင်အောင် မျိုသိပ်ထားရဟန်တူသော ခံစားချက်၊ ဖွဲ့ရှိမှု၊ အလုပ်ကြိုးစားမှုနှင့် ရှိတန်ရှိမည်ဖြစ်သော စွန့်လွှတ်အနစ်နာခံမှုတို့ကြောင့် စွဲမက်စရာကောင်းနေသည်။ ပြုံးလိုက်သည့်အခါတွင် သူ့မျက်နှာသည် အပြစ်ကင်းပြီး ချစ်စရာကောင်းလာသည်။ မနက်လင်းလျှင် တောထဲသို့ မှိုရှာထွက်တတ်သည့် တောသူမလေး မျက်နှာမျိုး။ ယုံလွယ်ပြီး အလွယ်တကူ လှည့်စား၍ရသည့် မိန်းကလေးတယောက်၏ မျက်နှာမျိုး။

အဂ္ဂနိစ်သည် ပြုံးခဲ့သည်။ ပြုံးလျှင် ပျော်၍ပြုံးခြင်းမဟုတ်။ ချမ်းမြေ့ကြည်နူး၍ ပြုံးခြင်းဖြစ်သည်။ ဝမ်းသာလျှင်မူ ငိုတတ်သည်။

အဂ္ဂနိစ်တယောက် သည်မျှသုန်မှုန်နေသည်ကို ပီယာ တခါမျှ မတွေ့စဖူး။ ပီယာက လူဆန်း၏ ဟောပြောပွဲအကြောင်းကို ပြောသည့်အခါတွင် စိတ်ဆိုးမာန်ဆိုးဖြင့်...

“အလကားပါ... အဖွေနာမည်ကို မှီပြီး နာမည်ကြီးအောင် လုပ်နေတာ” ဟု ပြောသည်။

ပီယာက ရှင်းပြ၏။ လူဆန်း ရိုးသားကြောင်း၊ အဖေမျိုးဆက်နှင့် သားမျိုးဆက်အကြားတွင် ပဋိပက္ခများ ရှိကြောင်း၊ ဝါဒဖြန့်ချိရေးသည် အရေးကြီးကြောင်းတို့ကို ပြောပြသည်။

"နိုင်ငံရေးဆိုတာ ညစ်ပတ်ရတဲ့အလုပ်ပါ အစ်ကိုရယ်၊ ဖဲကစားတာမျိုးပါ။ သူတို့တတွေက နိုင်ငံရေးစကားတွေ ဘယ်လောက် အာဘောင်အာရင်း သန်သန်နဲ့ ပြောနေပေမယ့် လူတွေကတော့ ငတ်နေတာပါ"

အဂ္ဂနိစ်က ဇွတ်ငြင်းသည်။

"သူ ပန်းချီဆရာနဲ့ ကြိုက်နေဟန်တူတယ်" ဟု ပီယာစဉ်းစားနေသည်။ သူ့ပြိုင်ဘက် မည်သူနည်း ပီယာသိချင်သည်။

"အဂ္ဂနိစ် တခါတုန်းက ပြောခဲ့တာ ဘယ်သူလဲဟင်၊ အစ်ကိုဆိုလိုတာကို နားလည်တယ် မဟုတ်လား၊ သူကဘာလဲ၊ ကဗျာဆရာလား"

ပီယာကမေးသည်။

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ဆေးစပ်ဆရာပါ၊ ဘာဖြစ်လို့ ဒီကိစ္စကို မေးရပြန်တာလဲ။ ဒီနေ့တနေ့လုံး စိတ်ရှုပ်ရတဲ့အထဲမှာ စိတ်ညစ်လွန်းလို့၊ ဒါတွေမပြောစမ်းပါနဲ့"

"သူ့အကြောင်းကို တွေးနေလို့လား"

အဂ္ဂနိစ်က မဖြေ။ ပီယာက စိုက်ကြည့်သည်။ မျက်စိမွဲသူတို့ထုံးစံ ခပ်ရွှံ့ရွှံ့ဖြစ်နေသည့် အဂ္ဂနိစ်၏ မျက်လုံးများသည် တင်းမာကာ ရန်လိုသည့်အသွင်ကို ဆောင်နေကြသည်။ သူ့အသံကလည်း အေးစက်စက်။

"ဒီနေ့ ကျွန်မကို ကျောင်းကထုတ်ပစ်လိုက်ပြီ၊ ဒီအကြောင်းတွေကို တွေးရတာ စိတ်ကုန်လွန်းလို့"

"ဘာ... အလုပ်က ထုတ်လိုက်တယ် ဟုတ်လား" ပီယာက ဒေါသတကြီးအော်သည်။ အခန်းထဲတွင် မွန်းကျပ်နေသည်ဟု ထင်ရ၏။

"ဘယ်သူက ထုတ်လိုက်တာလဲ၊ ဘာဖြစ်လို့တဲ့လဲ၊ ဟုတ်မှဟုတ်ရဲ့လား"

အဂ္ဂနိစ်က ဝန်ကြီးဌာနမှ ရောက်လာသည့် ညွှန်ကြားချက်ကို ပြောပြ၏။ ကလေးမိဘ ဆေးစပ်ဆရာတဦးက ကျောင်းတွင် သူ့သားအား "မဖွယ်ရာသည့်

စာစီစာကုံးတပုဒ်” ကို ရေးခိုင်းသည်ဟု တိုင်တန်းကြောင်း။ ထိုတိုင်တန်းချက်ကြောင့် သူ့ကို အလုပ်ဖြုတ်ပစ်လိုက်ခြင်းဖြစ်ကြောင်းဖြင့် ပြောပြသည်။

“ဟောဒီ စာစီစာကုံးပဲဖတ်ကြည့်၊ ကလေးက ရှစ်နှစ်လောက် ရှိပြီ”

ပီယာက အသံထွက်ဖတ်သည်။

“ကျွန်တော်တို့အိမ်တွင် ခွေးကလေး ခြောက်ကောင် ရှိပါသည်။ ငါးကောင်ကို မေမေက ရေထဲနှစ်သတ်လိုက်ပါသည်။ နို့တိုက်စရာမရှိလို့ဟု မေမေကပြောပါသည်။ ရီနီက သူ့မှာ ညီမလေးတယောက် မကြာမီရတော့မည်ဟု ပြောပါသည်။ သူတို့တွင် နို့လုံလုံလောက်လောက်မရှိဟု ရီနီက ပြောပါသည်၊ ရီနီ၏ ညီမလေးကိုလည်း ရေထဲ နှစ်သတ်လိမ့်မည်ဟု ထင်ပါသည်။ ကျွန်တော် လူကြီးဖြစ်လာသည့်အခါတွင် သူတို့က စစ်ထဲပို့ပြီး သတ်ပစ်လိမ့်မည်ဟု မေမေကပြောပါသည်။ ကျွန်တော်သည် ဘောလုံးကန်ခြင်းနှင့် ရဟတ်စီးခြင်းကို နှစ်သက်ပါသည်”

“ကလေးတွေကို မင်းတို့အိမ်အကြောင်း စာစီကုံးရေးခဲ့ကြလို့ ခိုင်းလိုက်တယ်၊ အချို့ကလေးတွေ ရေးထားတာ တော်တော် ကောင်းတယ်၊ ဝန်ကြီးဌာနက လာတဲ့စာထဲမှာ ကျွန်မဟာ ကလေးတွေကို မျိုးချစ်ဆန့်ကျင်ရေးစိတ်ဓာတ်တွေကို သွင်းပေးနေတယ်လို့ ပါတယ်၊ ဒီနေ့တော့ ပညာအုပ်ဆီကို သွားတွေ့ပါဆိုလို့ သွားတွေ့တယ်၊ ပညာအုပ်က မင်းစာသင်ပုံသင်နည်းကို ပြောင်းပါတဲ့၊ ပြောင်းလို့ရှိယင် မင်းဘက်က တို့ထောက်ခံမယ်လို့ ပြောလိုက်တယ်၊ ကျွန်မက မပြောင်းနိုင်ဘူးလို့ ပြောလိုက်တယ်”

“ ဒါတောင် နိုင်ငံရေးဆိုတာ မကောင်းဘူးလေး ဘာလေးနဲ့ ပြောနေသေးတယ်နော်”

“အို… ဒါ နိုင်ငံရေးမှမဟုတ်ပဲ၊ အမှန်တရားပဲ၊ နိုင်ငံရေးများတော့ နည်းနည်းလေးမှ သဘောမကျဘူး၊ နိုင်ငံရေးဆိုတာ သားရေကြိုးလိုပဲ၊ လိုသလို ဆွဲဆန့်နေကြတာ မဟုတ်ဘူးလား၊ အစ်ကိုဟာ အကောင်းအဆိုးကို မခွဲခြားတတ်ပါဘူး၊ စကားပဲ ပြောနေတာပဲ၊ အစ်ကိုတို့ကသာ စကားတွေ

ပြောနေကြတာ လူတွေမှာတော့ ဘာမှမထူးဘူး”

“ဒါဖြင့် ခုဘာလုပ်မလဲ”

“ကျွန်မ စက်ချုပ်တတ်ပါတယ်၊ စက်ချုပ်စားမှာပေါ့”

အဂ္ဂနိစ်က တည်ငြိမ်စွာပြော၏။ “ဒါပေမယ့် ခက်တာက ကျွန်မက စာသင်ရတာကိုပျော်တယ်၊ ကျွန်မငယ်ငယ်တုန်းက အဖေက သိပ်ဆင်းရဲတယ်၊ ရေးနော မော်တော်ကားစက်ရုံမှာ အလုပ်သမား၊ တခါ သပိတ်မှောက်ကြတော့ ကျွန်မတို့မှာ စားစရာမရှိတော့ဘူး၊ သပိတ်ကလဲ အကြာကြီး၊ ဒီတော့ အမေက ကျုပ်တို့မှာ စားစရာ မရှိတော့ဘူးလို့ အဖေ့ကိုပြောတယ်၊ ဒါပေမယ့် အဖေက စိတ်မလျှော့ဘူး၊ သူ့နာရီလေးကိုပေါင်ပြီး ကျွန်မတို့ကို ဝက်အူချောင်းတွေ ဝယ်ကျွေးတယ်။ ရယ်စရာတွေပြောပြီး သီချင်းဆိုပြတယ်၊ အဲဒီတုန်းက ခေတ်စားတဲ့ သီချင်းတပုဒ်ရှိတယ်။ သီချင်းထဲမှာ ရေမြင်းကြီးတကောင်တဲ့၊ အထက်လွှတ်တော်အမတ် ဖြစ်သွားသတဲ့။ နောက်ဆုံး သပိတ်ပြန်လှန်ကြတဲ့အခါကျတော့ အဖေ အလုပ်ပြန်မဆင်းရတော့ဘူး၊ သပိတ်ခေါင်းဆောင်ဆိုပြီး အလုပ်ပြုတ်သွားတယ်၊ အဲဒီနှစ်က တဆောင်းလုံး အဖေ အလုပ်မရှိဘူး၊ ကျဖမ်းလုပ်နေရတယ်၊ ဟိုဟာလေး လုပ်လိုက်၊ နောက်တော့ စက်ရုံကိုသွားပြီး ခင်ဗျားတို့ပြန်ခန့်ယင်လဲ မလုပ်တော့ဘူးလို့ ပြောလိုက်တယ်၊ အဖေက ဒီအကြောင်းကို မကြာမကြာ ပြောတတ်တယ်”

သူတို့နှစ်ယောက် အတန်ကြာမျှ တိတ်ဆိတ်နေကြသည်။ အောက်ထပ် အခန်းတခန်းမှ ခေတ်ပေါ်သီချင်းတပုဒ်အလိုက် စန္ဒရားကို လက်တချောင်းတည်းဖြင့် တဒေါင်ဒေါင်ခေါက်နေသံ ပေါ်လာ၏။ ပီယာက စားပွဲဘေးတွင်ရပ်ကာ ကျောင်းသားလေးတယောက်၏ လေ့ကျင့်ခန်းစာအုပ်ကို ငုံ့ကြည့်နေသည်။ လူတယောက်၏ စိတ်ကူးမျှော်မှန်းချက်ကို ဆွဲထားသည့် ကျောင်းသားလေး၏ ပန်းချီလက်ရာကို တွေ့ရ၏။ ပင်လယ်ပြာကြီးတစင်းနှင့် လေ့ယင်တစီး၏ပုံ။

ပီယာက အဂ္ဂနိစ်၏လက်ကို ရုတ်တရက် လှမ်းကိုင်လိုက်သည်။

“အဂ္ဂနိစ်”

သူ့အချစ်ကို ဖွင့်ပြောဖို့ ပီယာကြိုးစားခဲ့သည်မှာ ကြာလှပြီ။ ဘယ်လို

စပြောပြီး ဘယ်လို သက်သေတွေ ပြရမည်ဟု စဉ်းစားခဲ့သည်မှာလည်း အကြိမ်ကြိမ်။ ယခု သူ့ပါးစပ်က ထွက်လာသည့်အခါတွင်မူ အမည်ကို ခေါ်ရုံမျှသာ၊ အခြားစကားလုံးတွေ ဘယ်ပျောက်ကုန်ကြပြီမသိ။ သို့ရာတွင် အဂ္ဂနိစ် နားလည်သည်။ ပီယာ၏လက်ကို ပြန်ဆုပ်၍ အဖြေပေး၏။

"ချစ်ရယ်... စိတ်ပင်ပန်းခဲ့ရတာ ကြာလှပါပြီ" ပီယာကပြော၏။ "ဘယ်ကစပြီး ဘယ်လိုပြောရမှန်းတောင် မသိဘူး"

"ကျွန်မထင်ခဲ့တာက ကျွန်မကသာ တဘက်သတ် ချစ်ခဲ့ရပြီး မောင်က မချစ်ဘူးလို့ ထင်ခဲ့တာကိုး၊ ပြီးတော့ ကျွန်မဟာ မောင့်ဘဝမှာ အဖြစ်အပျက်ကလေးတခုလောက်ပဲ ဖြစ်မှာပဲလို့ ထင်ခဲ့မိတာ၊ မောင့်မှာ ချစ်သူရှိပြီးသားလို့လဲ ထင်ခဲ့ပါတယ်၊ ဒီတော့ ကျွန်မဆီကို မောင်လာလာနေတာကို နားမလည်နိုင်ဘူးပေါ့"

အောက်ထပ်က စန္ဒရားသံက တိတ်သွားပြီ။ အထပ်အားလုံး အိပ်မောကျကုန်ကြပြီ။ လမ်းကြားကလေးများက တိတ်ဆိတ်နေသည်။ ရုပ်ရှင်ရုံထဲတွင် ရယ်ခဲ့ငိုခဲ့ကြသူများလည်း အိမ်သို့ ပြန်ကုန်ကြပြီ။ နောက်ဆုံးဘတ်စ်ကားသည် တဂျုန်းဂျုန်းမြည်၍ ဖြတ်သွား၏။ မီးငြိမ်းဖို့ မေ့ကျန်ခဲ့သည့် မီးအိမ်တလုံးလို လတခြမ်းပဲ့ကလေးသာလျှင် အိမ်ခေါင်မိုးပေါ်တွင် တွဲလွဲချိတ် ကျန်ရစ်ခဲ့သည်။ ကြောင်အော်သံများ ပို၍ဆူညံလာသည်။

ပီယာသည် ရုတ်တရက် အမှတ်ရလာ၏။

"သူ့မှာ ရည်းစားရှိခဲ့ဖူးသတဲ့၊ ဆေးစပ်ဆရာတဲ့၊ သူ့ကို အလုပ်ပြုတ်အောင် လှမ်းတိုင်တဲ့လူကလဲ ဆေးစပ်ဆရာတဲ့၊ အို... ဒီလူများ ဖြစ်နေမလား၊ သူ့ကို မကြိုက်တော့လို့ ပြန်ပြီး လက်စားချေတာများလား၊ တော်တော် ကြောက်စရာကောင်းတဲ့လူပဲ၊ ဒီစာစီစာကုံးကို ရေးရကောင်းလားဆိုပြီး ကလေးကိုများ ရိုက်သေးလား မသိဘူး၊ ဆေးစပ်ဆရာဆိုတော့ နှုတ်ခမ်းမွေး ခပ်ဖြူဖြူ တိုနံ့နံ့၊ ဘောင်းဘီစင်းကြီးကို ဝတ်လို့နေမှာပဲ။ နိုင်ငံတော်ကို သစ္စာစောင့်သိသူကြီးတယောက်အနေနဲ့ ပညာအုပ်ကို သွားတိုင်မှာပဲ၊ အဂ္ဂနိစ်ဟာ ဒီလိုလူမျိုးနဲ့ အတူနေခဲ့ရသေးတယ်နော်"

ပီယာသည် ခေါင်းကိုက်ဝေဒနာ ခံစားနေသည့်နှယ် ငြိမ်၍ ကုပ်နေသည်။

"မောင် ဘာတွေတွေးနေတာလဲဟင်"

"ဟိုလူ့အကြောင်းကို တွေးနေတာ၊ ချစ်ကပြောတော့ ဆေးစပ်ဆရာဆို"

"ဟုတ်တယ် ဂျူဗဲလ်တဲ့၊ သူပေါ့ ပညာအုပ်ကို သွားတိုင်တာ"

"ဒါကိုပြောတာ မဟုတ်ဘူးကွယ်၊ ချစ်ရဲ့ ရည်းစားဟောင်းဆိုတဲ့လူကို ပြောတာပါ"

"အော်... မောင်ရယ်၊ ကျွန်မပြောတာကို တကယ်ယုံနေသလား၊ ခေါင်းထဲမှာ ပေါ်လာတာကို ပြောလိုက်တာပါ၊ ကျွန်မကို ပညာအုပ်တိုင်တဲ့ လူအကြောင်းတွေးနေတုန်း မောင်ကမေးလို့ ဆေးစပ်ဆရာလို့ ပြောလိုက်တာပါ"

"ဒါဖြင့် ချစ်ရည်းစားဆိုတာ ဘယ်သူလဲ"

"ဘယ်သူဖြစ်ရဦးမှာလဲ၊ မောင်ပဲပေါ့ရှင်၊ မောင့်အလျင် တယောက်မှ မရှိပါဘူးတဲ့ ယုံပလား"

ပီယာက သူ့ကို သိုင်းဖက်လိုက်သည်။ သူ့ပါးတွင် မျက်ရည်တွေ လာထိသည်ကို သိလိုက်၏။

"ချစ် ငိုနေသလား ဟင်"

"မောင်ကလဲကွယ်၊ ဘယ်မှာငိုလို့လဲ၊ ဘာမှန်းလဲ မသိဘူး"

အခန်းကျယ်ကြီးရှိ ပြတင်းပေါက်များက မည်းမှောင်သည့် ကွက်လပ်တခုကို မျက်နှာမူထားသည်။ မနက်စောစောဆိုလျှင် အခန်းထဲတွင် မီးလင်းနေတတ်၏။ စားပွဲကြီးပေါ်တွင် ဖိုင်တွဲများ၊ သတင်းစာဖြတ်ပိုင်းများ၊ စာများ ပြန့်ကြဲလျက်ရှိသည်။ စာရွက်များ အောက်တွင်မှ ပစ္စည်းကအစုံ။ စီးကရက်တိုတွေ ပြည့်နေသည့် ပြာခံခွက်တခု။ စုံထောက်ဝတ္ထု စာအုပ်တအုပ်၊ လက်အိတ်တဘက်။

အခန်းပိုင်ရှင်က သူ့စားပွဲရှင်းသည်ကို နည်းနည်းကလေးမျှ မကြိုက်။ အခန်းထဲက ပရိဘောဂတွေကလည်း ပုံစံအမျိုးမျိုး။ အင်ပိုင်ယာ ဗီရိုကြီးတလုံး၊ သတ္တုပိုက်တွေကို ကွေးလုပ်ထားသည့် ခေတ်မီ ကုလားထိုင်တလုံး၊ ကုလားထိုင်အမျိုးမျိုး။ နံရံတွင် မာကေး၏ ရှုမျှော်ခင်း ပန်းချီကားတချပ် ချိတ်ထားသည်။ စိမ်းပြာပြာ ရေဆိပ်တွင် လှေအိုတစင်း။ ပန်းချီကားဘေးတွင် မြေပုံကြီးတချပ်။ ခဲနီဖြင့် တေးလျက်။ အဝိုင်းများက ရေနံတွင်းများ၏ပုံ။ တြိဂံများက ကျောက်မီးသွေးတွင်းများ၏ပုံ။ ဤနေရာကား ပြင်သစ်ပြည်ကြီးကို နောက်ကွယ်မှ အုပ်စိုးသူများထဲတွင် တဦးအပါအဝင်ဖြစ်သည့် သဌေးကြီး ဂျူးလ်စ်ဒက်ဇာ၏ ရုံးခန်းဖြစ်သတည်း။

ဒက်ဇာက ခပ်ဖိုင့်ဖိုင့်။ အသက်ငါးဆယ်ခန့် ရှိလေပြီ။ ထူထဲမှုန်ကုပ်သည့် မျက်ခုံးမွေးကြီးများအောက်မှ မျက်လုံးများက စူးရှတောက်ပြောင်လျက်။ ဖျော့စွဲသည့်နှယ် ဖောင်းပွပွ ဖြစ်နေသည့် ဝမ်းဗိုက်၊ ပြာနှမ်းနှမ်းအသားနှင့် ကိုင်းနေသော ပခုံးများကို မမြင်ချင်ပဲ နေ၍မရ။ တခါတရံတွင် အသက်လေးဆယ်ပင် ကျော်သေးသည်ဟု မထင်ရ။ ထိုအခါမျိုး၌ ဒက်ဇာသည် လူငယ်လေးတယောက်လို ဖျတ်လတ်သွက်လက်သည်။ သူ့မျက်လုံးများသည် အံ့ဩစရာကောင်းလောက်အောင် ထက်သန်စူးရှနေကြသည်။ ဒက်ဇာသည် အဝတ်အစားကို ဂရုမစိုက်။ အရက်ကို အလွန်အကျွံ သောက်သည်။ မည်းနက်နေသည့် ဆေးတံတိုတချောင်းကို အမြဲ ပါးစပ်တွင် ခဲလျက်။

အခြားသော ဘဏ္ဍာရင်းရှင် သဌေးကြီးများနှင့်မတူ။ ဒက်ဇာသည် အပေါ်ယံ အဆောင်အယောင်များကို မုန်းသည်။ သူ့အနားသို့ ဘယ်သတင်းထောက် ဘယ်ဓာတ်ပုံဆရာကိုမျှ ကပ်ခွင့်မပြု။ နိုင်ငံရေးမိန့်ခွန်းများကို ပြောပါဆိုလျှင် ခါးခါးသီးသီး ငြင်းတတ်သည်။ သူ့ထောက်ခံမှု မရလျှင် ဘယ်အစိုးရမျှ

သက်တမ်းတလပြည့်အောင် မခံသော်လည်း နိုင်ငံတော်ကိစ္စများတွင် သူ့ဩဇာ သူ့အရှိန်အဝါကို ဘယ်တော့မှ မသုံး။ ဒက်ဇာသည် ကန့်လန့်ကာနောက်ကွယ်တွင် နေလိုသူဖြစ်သည်။ ပေးကမ်းစွန့်ကြဲထားသည့် နောက်လိုက်များ၏ အကူအညီဖြင့် ဒက်ဇာသည် နောက်ကွယ်မှနေ၍ ဥပဒေများကို ပြဋ္ဌာန်းသည်။ နိုင်ငံရေးဝါဒကို ကြိုးကိုင်သည်။ ဝန်ကြီးများကို ရွေးချယ်ခန့်ထားသည်။ မကြိုက်လျှင် ဖြုတ်ချသည်။

ဒက်ဇာ၏ အာဏာသည် ကိန်းဂဏန်းများထဲက ပေါ်ထွက်လာခြင်းဖြစ်၏။ ထိုကိန်းဂဏန်းများကို နုတ်ခြင်း၊ ပေါင်းခြင်းမှ ပေါ်ထွက်လာခြင်း ဖြစ်၏။ ပိုလန်ပြည် မီးရထားကုမ္ပဏီ အစုရှယ်ယာများ၊ အမေရိကန် ရေနံတွင်း အစုရှယ်ယာများ၊ အင်ဒိုချိုင်းနား ရာဘာ အစုရှယ်ယာများနှင့် သူ့အာဏာသည် ဆက်စပ်လျက်ရှိ၏။ လက်နက်တပ်ဆင်ရေးကို စိတ်ဝင်စားသော လေယာဉ်ပျံစက်ရုံ ပိုင်ရှင်ကြီးများ၊ ဟစ်တလာ၏ စစ်လှုံ့ဆော်ရေး မိန့်ခွန်းတိုင်းကို ရွှေဈေးတက်ပြခြင်းဖြင့် တုံ့ပြန်တတ်ကြသော ရွှေကုန်သည်ကြီးများ၊ ဂျာမနီသို့ ကုန်ကြမ်းပစ္စည်းတွေ ရောင်းနေသော အလျူမီနီယံ သတ္တုဘုရင်ကြီးများ၊ ဖိနပ်တို့၏ ဧကရာဇ်သခင် ဘာတာကုမ္ပဏီကို အသေသတ်ရန် အိပ်မက်မက်နေကြသည့် ဖိနပ်ထုတ်လုပ်ရေး လုပ်ငန်းရှင်ကြီးများနှင့် သူ့အာဏာသည် ဆက်စပ်လျက်ရှိ၏။ တဘက်တွင် လူမည်းများအား လူ့အခွင့်အရေးပေးရန် ထောက်ခံပြီး အခြားတဘက်တွင် လူမည်းများအား နိုင်ငံခြားမှ တင်သွင်းသော အဝတ်အထည်များကိုသာ ဝတ်ရမည်ဟု ပြောနေသော အထည်အလိပ် လုပ်ငန်းရှင်ကြီးများနှင့် သူ့အာဏာသည် ဆက်စပ်လျက်ရှိ၏။ လုပ်ခများ လျှော့ချပေးရန် ဩဇာသုံးပေးဖို့ ပုပ်ရဟန်းမင်းကြီးထံ မေတ္တာရပ်ခံနေကြသော ခေါင်းမာသည့် လုပ်ခနှုန်းထားသတ်မှတ်ရေးကော်မတီ ဒါရိုက်တာလူကြီးများနှင့် သူ့အာဏာသည် ဆပ်စပ်လျက်ရှိ၏။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် မီးရထားကုမ္ပဏီများ၏ ရန်ပွဲနှင့် သူ့အာဏာသည် ဆက်စပ်လျက်ရှိ၏။ အရှုံးပေါ်နေသော မီးရထား ကုမ္ပဏီကြီးများ၊ မော်တော်ယာဉ် ကုမ္ပဏီကြီးများနှင့် သူ့အာဏာသည် ဆက်စပ်လျက်ရှိ၏။ ကနေဒါဂျုံများကို ကြိတ်ပေးနေသည့် ဂျုံစက်ပိုင်ရှင်ကြီးများ၊ သီးစားခနှုန်း လျှော့ပေါ့ရန် တောင်းဆိုနေကြသော မြေပိုင်ရှင်ကြီးများနှင့် သူ့အာဏာသည် ဆက်စပ်လျက်ရှိ၏။

ဒက်ဇာသည် လူ့အသည်းနှလုံးလို ခုန်နေသော အကျိုးစီးပွားဟူသမျှတို့ စုဝေးရာ ဘောလုံးကြီးနှင့် တူတော့သည်။

ဒက်ဇာသည် ဝါဂွမ်းနှင့်သွပ် နောက်ဆုံးပေါက်ဈေးကို သိသည်။ ဘယ်ဝန်ကြီးအား ဘယ်လောက်ပေးရမည်ကို သိသည်။ ယင်ကောင်တွေ တဝီဝီမြည်သလို သူ့ခေါင်းထဲတွင်လည်း ကိန်းဂဏာန်းတွေ ပြည့်နေသည်။ သို့တိုင်အောင် ဒက်ဇာသည် သူ့အမြတ်အစွန်းကို ဘယ်တော့မှ ရေတွက်ခြင်း မရှိ။ ကျောက်ဆစ်ဆရာသည် ကျောက်တုံးကို တယုတယကိုင်သကဲ့သို့ ဒက်ဇာသည်လည်း ပိုက်ဆံကို တယုတယကိုင်၏။ သူ့ပုဂ္ဂလိကဘဝတွင် ဒက်ဇာသည် ရိုးရိုးကုပ်ကုပ် နေ၏။ သူ့တွင် အိမ်ထောင်မရှိ။ အလှူအတန်းတွင် သူဝါသနာမပါ။ သူ့စက်ရုံတွင်လုပ်သည့် အလုပ်သမားတယောက်၏ ဝင်ငွေမျိုးဖြင့် နေနိုင်သူလည်းဖြစ်၏။ သူသည် ယခုတိုင် ကြက်ပေါင်စေးနှင့် ကြေးနီကို မမြင်ဖူးသေး။ ဆိုင်ဂုံမြို့ ဘယ်နားတွင် ရှိသည်ကို သူမသိ။ ဂျုံနှင့် မြင်းစားဂျုံကို မခွဲခြားတတ်ဟု ဆိုလျှင်လည်း ဘာမှ သံသယဖြစ်ဖွယ်မရှိ။

ဒက်ဇာသည် စက်မှုသိပ္ပံကျောင်းမှ ဘွဲ့ရလာခဲ့သည်။ အင်ဂျင်နီယာအဖြစ် နှစ်နှစ် လုပ်ခဲ့ဖူးသည်။ ပိုက်ဆံသည် လူကို ပျက်စီးစေသည်ဟု ထင်သည်။ အမြတ်အစွန်းရသည့် အရောင်းအဝယ်အလုပ်ကို အားကျကာ အင်ဂျင်နီယာဘဝကို စွန့်ခဲ့သူဖြစ်သည်။ သူ့ညွှန်ကြားချက်ကို ပီယာတို့လို အင်ဂျင်နီယာတွေက နားထောင်ကြရသည်ကို ကြည့်၍ ကျေနပ်၏။ ကျိတ်၍ ဘဝင်မြင့်သူ ဖြစ်သည့်အတိုင်း "ကျုပ်ပြောတာတွေကို သိပ်အလေးထားမနေနဲ့နော်၊ ကျုပ်က ဟိုဟာစပ်စပ် ဒီဟာစပ်စပ်သာ သိတဲ့ကောင်" ဟုပြောတတ်သည်။

ဒက်ဇာသည် အန္တရာယ်ရှိသည့် အလုပ်မျိုး လုပ်ရသည်ကို ပျော်သည်။ တကယ်က သူသည် လေယာဉ် အစမ်းမောင်းသူ၊ စွန့်စားရှာဖွေသူ၊ တော်လှန်ရေးတခုကို နောက်ကွယ်မှ လှုံ့ဆော်ကြိုးကိုင်သူမျိုး ဖြစ်သင့်သည်။ သူ့လုပ်ငန်းမှာပင် ဒက်ဇာသည် စွန့်စွန့်စားစား လုပ်ရသည့် အလုပ်မျိုးကို သဘောကျသည်။ ပုံတန်တန် အရပ်ပျက်မလို အပြောင်းအလဲမြန်သော လန်ဒန်နှင့် နယူးယော့ရွှေဈေးတွင် ဈေးကစားရသည်ကို ပျော်သည်။ မနေ့က မိတ်ဆွေများ နောက်ကွယ်တွင် မနေ့က ရန်သူများနှင့် ပလူးပလဲ လုပ်ရခြင်းမျိုးကို နှစ်ခြိုက်သည်။ သံတမန် ဆွေးနွေးပွဲတခု ပျက်ပြားသွားသည့် အဖြစ်မျိုးကို သဘောကျသည်။ တနည်းပြောရလျှင် အတွက်အချက်မှားပြီး ဒုက္ခရောက်နိုင်သော အလုပ်ကိစ္စ မှန်သမျှကို သဘောကျသည်။

ဤလိုလူမျိုးက ဖက်ဆစ်ဝါဒကို သဘောကျနေသည်မှာ ဘာမျှမဆန်း။ ဖက်ဆစ်ဝါဒ ဆိုသည်မှာ ကံယုံဝါဒ အဘိဓမ္မာ ဖြစ်သည်။ အဆင့်အတန်းကို ကိုးကွယ်မှုဖြစ်သည်။ မိုက်ရူးရဲ စွန့်စားမှုသို့ တိမ်းညွတ်သည်။ ရာထူးအဆောင်အယောင်ကို အထင်ကြီးသည်။ ဖေဖော်ဝါရီ ၆ ရက် အရေးအခင်း ဖြစ်ပွားချိန်အထိ ဒက်ဇာသည် လက်ယာအုပ်စုခေါင်းဆောင်များကို ငွေကြေးထောက်ပံ့ခဲ့သည်။ ဤသည်မှာ ကစားသမားလို ပုံအောရှ် လောင်းလိုက်ခြင်းဖြစ်သည်။ ဒက်ဇာသည် လက်ရှိအစိုးရအဖွဲ့ကို ဖြုတ်ချချင်နေသည်။ ထိုအစိုးရ ပြုတ်ကျသွားပြီး သူ့ရည်ရွယ်ချက် အောင်မြင်သွားသည့်အခါ၌ ဒက်ဇာက “ခုအချိန်ကစပြီး ကျုပ်နေရပ်လိပ်စာကို မေ့လိုက်တော့ဗျာ” ဟု မိတ်ဆွေ ဘရီကျူးကို ပြောဖူးသည်။

ယခုအချိန်တွင် ဒက်ဇာသည် လက်ဝဲသမားများဘက်သို့ ယိမ်းနေသည်။ လွှတ်တော်အပန်းဖြေခန်းဆောင်ထဲတွင် ဆိုရှယ်လစ် ခေါင်းဆောင် ဗီးလာ့ဒ်နှင့် အလ္လာပ သလ္လာပ ပြောသည်။ ထိုသတင်းသည် နောက်ဆုံးသတင်းထူးကြီး ဖြစ်နေသည်။ ဒက်ဇာ တကယ်သဘောကျသည့် နိုင်ငံရေးပါတီမှာ ရေဒီကယ်ဆိုရှယ်လစ်ပါတီ ဖြစ်သည်။ ရေဒီကယ်ဆိုရှယ်လစ်ပါတီမှာ “သာမန်ပြင်သစ်လူမျိုး” တို့၏ ပါတီဟု နာမည်ကြီးနေသော ဂယိမ်းယိုင် ပါတီကြီး တခုဖြစ်၏။ ကုန်သည်ကြီးများ၊ စပျစ်ခြံစိုက်သမားကလေးများ၊ နာမည်ကျော် ပါမောက္ခများ၊ စာမတတ်တတတ် ဆိုင်ပိုင်ရှင်များ ပါကြ၏။ ချောင်ကျကျနေရာများတွင် ဖဲကစားလေ့ရှိကြသော အဟောအပြောကောင်းသူတို့ စုဝေးရာဖြစ်သည်။ အခြေခံကျကျ ပြောင်းလဲရသော ရေဒီကယ်လုပ်ငန်းများကို ဖုတ်သဘက်ထက်ကြောက်သော ရေဒီကယ်ဆိုရှယ်လစ်ပါတီ ဖြစ်၏။ ဒက်ဇာသည် အရည်အချင်းအရ လည်းကောင်း၊ အဆင့်အတန်းအရ လည်းကောင်း “သာမန်ပြင်သစ်” လူမျိုးမဟုတ်။ သို့ရာတွင် သူသည် ပြင်သစ်မြေကြီးနှင့် ပြင်သစ်လေကို ချစ်သည်။ အလုပ်ကြိုးစားပြီး ယဉ်ကျေးသော ပြင်သစ်ဂျက်ကိုဘင်တို့၏ စကားပြောသံကို ချစ်သည်။ သူသည် လောကကို သံသယဖြင့် ကြည့်တတ်သူ ဖြစ်သည်ဟု ပြောတတ်သည်။ သို့ရာတွင် ဒက်ဇာ၌ နိုင်ငံရေးမျှော်မှန်းချက် ရှိသည်။ သူ ကလေးဘဝကတည်းက သိခဲ့သည့် ပြင်သစ်ပြည်ကြီးကို နဂိုပကတိအတိုင်း ထိန်းသိမ်းထားချင်သည်။

ပြင်သစ်ပြည်ကြီး၏ သယံဇာတ ကြွယ်ဝမှု၊ စဉ်ဆက်မပြတ်ရှိမှု၊

အတွင်းရေးဇာတ်လမ်းတို့ဖြင့် ရှုပ်ပွေနေတတ်သော ပြင်သစ်လူမျိုးတို့၏ အိမ်ထောင်ရေးစနစ်၊ အချစ်ထက် အားကောင်းသော ပြင်သစ်လူမျိုးတို့၏ မနာလိုဝန်တိုမှု၊ အမွေကိစ္စကြောင့် တရားတဘောင် ဖြစ်လေ့ရှိကြသည့် ပြင်သစ်လူမျိုးတို့၏ အစဉ်အလာ။ ပြင်သစ်တောမြို့ကလေးများ၏ နှစ်လိုဖွယ် ငြီးငွေ့မှု။ ပြင်သစ်အိမ်ရှင်မတို့၏ လက်လွတ်စပယ်နေမှု၊ စစ်စီမှု။ စားနိုင်သောက်နိုင်သည့်တိုင် ဟင်းသီးဟင်းရွက်စားပြီး ကိုယ်တိုင် ငါးပိုက်ဖာလေ့ရှိကြသည့် ပြင်သစ်အဘိုးအိုကြီးများ၏ ဝီရိယရှိမှု။ ကမ္ဘာတွင် ပြိုင်ဘက်ကင်းသော ပဲချဉ်ပေါင်နှင့် စားတော်ပဲတို့ စိုက်ထားရာ သီးစားမြေရှင်များ၏ စိုက်ခင်းများ။ ငါးနုပ်နုပ်ကလေး တကောင်မျှ ရမည် မထင်သည့်တိုင် ရေစပ်စပ်တွေ့လျှင် ငါးမမျှားဘဲ မနေနိုင်သည့် ပြင်သစ်လူမျိုးတို့၏ ဝါသနာ။ လွတ်တော်အပန်းဖြေခန်းထဲမှ ပေါ်ထွက်လာသော ကမ္ဘာ့နိုင်ငံရေး ခြေပုန်းခုတ်မှု။ မည်သည့်အရက်မျိုးသည် ပါစကတေဇာကို အားကောင်းစေသနည်းဆိုသည့် ကိစ္စမျိုးကို အရေးတကြီး ငြင်းခုံလေ့ရှိကြသော သုတေသန ငြင်းခုံမှုများ။ နာယကတို့ အခွင့်အရေးများ။ ညီအကိုတော် ဂိုဏ်းအချင်းချင်းတို့၏ အာမခံချက်များ။ နိုင်ငံရေးကို ဆွေမျိုးတသိုက်က လက်ဝါးကြီးအုပ်မှုများ။ ဘုရားသခင်ကို လည်းကောင်း၊ ဆေးပညာကို လည်းကောင်း၊ ပြင်သစ်နိုင်ငံတော်ကြီးကို လည်းကောင်း၊ သူတပါး၏ မယားကို လည်းကောင်း မည်သူ့ကိုမျှ ချမ်းသာမပေးပဲ ရက်ရက်စက်စက် လှောင်ပြောင်တတ်သော ပြင်သစ်လူမျိုးတို့၏ လှောင်ပြောင်သရော်မှု။

ဤအရာအားလုံးကို ဒက်ဇာသဘောကျသည်။

ဒက်ဇာ၏ သဘောထားကို သူ့အတိတ်နှင့် ခွဲ၍ မရစကောင်း။ နယူးယော့၊ မယ်လဘုန်း စသည့် မြို့များအထိ ကျော်ကြားသော ဒက်ဇာသည် အင်းဂါးမြို့ကလေးမှ “ချစ်စရာ” အမည်ရှိ ကဖီးပိုင်ရှင်ကလေးတဦး၏ သားဖြစ်သည်။ ပါလီမန်အမတ်လောင်းများသည် မဲမရွေးမီ တနေ့အလိုတွင် ဤဆိုင်ကလေးသို့ လာ၍ မဲဆန္ဒရှင်များကို မဲဆွယ်လေ့ရှိကြသည်။ သူတို့ဆိုင်ကလေးတွင် ရှေးလူကြီးများသည် လွန်ခဲ့သည့် ရာစုနှစ်အကြောင်းကို ပြောဆိုလျက် ရှိကြ၏။ မကြုံစဘူး ရေကြီးသည့် အကြောင်း၊ တိရိစ္ဆာန်ပြပွဲမှ ကျားကြီးတကောင် လွတ်ထွက်သွားသည့် အကြောင်း၊ စစ်ပွဲကြီးအကြောင်း။ ချစ်သူများက ခေတ်ငွေ့မီးရောင်မှုန်မှုန်ကို ငေးကြည့်ယင်း တင်းကျပ်စွာ

ပွေ့ဖက်နေကြသည်။

ဒက်ဇာ၏ အဖေသည် သူ့သား ကောင်းစားသည်ကို မြင်မသွားရ။ ပြီးခဲ့သည့် စစ်ကြီးအတွင်းတွင် အူရောင်ငန်းဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဒက်ဇာသည် သန်းပေါင်းများစွာ ချမ်းသာခဲ့သည့်တိုင် သူ့ငယ်စဉ်က အချိုးကို မပြောင်း။ ဥယျာဉ်မှူး အဘိုးကြီးနှင့် စစ်တုရင် ကစားရခြင်းကို ပျော်မွေ့သည်။ ထမင်းစားချိန်ရောက်လျှင် ဟင်းနှစ်ကို ပန်းကန်တွင်ထည့်ကာ ပေါင်မုန့်နှင့်တို့၍ အားရပါးရ စားသည်။ တခါတရံ တနင်္ဂနွေနေ့များတွင် ကျေးတောသို့ လျှောက်လည်သည်။ မာန်းမြစ်နှင့် ဆိန်းမြစ် တလျှောက်မှ ကဖီးဆိုင်ကလေးများကို မြင်လျှင် သူငယ်ငယ်တုန်းက ကြီးပြင်းခဲ့ရာ "ချစ်စရာကဖီး" ကို အမှတ်ရသည်။ ကုတ်အင်္ကျီကို ချွတ်ကာ ချွေးတွေ သံတွေ စိုရွှဲနေသည့် စက်ချုပ်သမများနှင့် တွဲကချင် ကတတ်သည်။

ဒက်ဇာသည် ပါရီမြို့အပြင်ဘက်ရှိ ခြံတခြံတွင် နေသည်။ မနက်စောစောထပြီး မီးဖိုထဲဝင်သည်။ ထို့နောက် ခရမ်းချဉ်သီးတလုံး၊ ဒိန်ခဲတခဲကို ဝိုင်အရက်ဖြူနှင့် မျှောချကာ နံနက်စာစားသည်။ သတင်းစာများကို ကောက်ဖတ်ပြီး ပါရီမြို့ထဲက ရုံးခန်းသို့ ထွက်လာခဲ့သည်။ လမ်းတွင် တွေ့သမျှ ကလေးတွေ၊ ခွေးတွေကို ပြုံးနှုတ်ဆက်သည်။ သို့ရာတွင် ခဏကြာသည့်အခါ၌ သူ့ခေါင်းထဲတွင် ကိန်းဂဏန်းတွေ ပေါ်လာကာ အရာရာကို ဖုံးသွားသည်။ ရုံးခန်းရောက်လျှင် မနက် ရောက်လာသည့် စာများ၊ အလုပ်ကိစ္စ ပေးစာများ၊ ကြေးနန်းများ၊ အစီရင်ခံစာများကို ဖတ်သည်။ ဆယ်နာရီထိုးလျှင် ဧည့်သည်များကို လက်ခံတွေ့ဆုံသည်။ ဝန်ကြီးများ၊ သံတမန်များနှင့် ပါရီမှ သဌေးများသည် သွားစိုက်ဆရာဝန်၏ လူနာစောင့်ခန်းကို သိသလို သက်တောင့်သက်သာမရှိ၊ တခမ်းတနား ပြင်ဆင်ထားသော သူ့ဧည့်ခန်းကို ကောင်းကောင်း သိနေကြသည်။

ထိုမနက်က ပီယာ သူ့ရုံးခန်းသို့ ရောက်လာသည့်အခါတွင် ဒက်ဇာကိုတွေ့ဖို့ စောင့်နေကြသည့် ဘဏ်သဌေးနှစ်ယောက်နှင့် ရှုမေးနီးယားသံရုံး ကောင်စစ်ဝန်တို့ကို အပြင်ဘက်ခန်းတွင် တွေ့ရ၏။ ပီယာသည် လက်ထဲတွင် ပါလာသည့် သတင်းစာကို လှန်ကာ ဂျီနီဗာ အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ဟန်ဆောင်နေသည်။ သူ့လာရင်းကိစ္စကို အခြားဧည့်သည်တွေများ သိမည်လားဟု စိုးရိမ်မိသေး၏။

"မွန်စီယာ ပီယာ ကြွပါ..."

ရုံးစေတယောက်က ခပ်တိုးတိုး လာပြောသည်။ ဒက်ဇာသည် ပီယာကို ပထမဆုံးတွေ့၏။ ပီယာကို သူသဘောကျသည်။ ပီယာ့ရုပ်က တဇွတ်ထိုးလုပ်တတ်သည့် ပြင်သစ်ပြည်တောင်ပိုင်းသားရုပ်။ စကားပြောတော့လည်း ခပ်ရိုးရိုး။ သည်အထဲတွင် ပီယာက ဆင်းရဲသဖြင့် ပို၍သဘောကျသည်။ အစွမ်းအစရှိသည့် အင်ဂျင်နီယာတယောက် ဖြစ်သည့်တိုင် သူ့တွင် ပိုပိုလျှံလျှံဟူ၍ မရှိ။ ပီယာကိုမြင်လျှင် သူငယ်ငယ် အင်ဂျင်နီယာပေါက်စဘဝကို ဒက်ဇာပြေး၍ သတိရမြဲ။ ထိုမျှမက အပြင်ဘက်တွင် စောင့်နေသည့် ဘဏ်သဌေးနှစ်ယောက်နှင့် သံအရာရှိကိုလည်း ဒက်ဇာ ပညာပြချင်သည်။ သူတို့သည် သူ့ဧည့်ခန်းဆောင်ထဲမှ ဧည့်သည်များမဟုတ်။ သူ့ထံ လျှောက်လွှာတင်သူများသာ ဖြစ်သည်ဆိုသည့်သဘော။

ထို့ကြောင့် ပီယာကို ပထမဆုံး ခေါ်တွေ့ခြင်း ဖြစ်သည်။

ဒက်ဇာက ပီယာကို ဖော်ရွေစွာ ဆီးကြို၏။ ပီယာသည် ဘယ်ကစ၍ ဘာပြောရမည်မသိ၊ ခပ်ဆိုင်းဆိုင်း ဖြစ်နေသည်။ ထို့နောက် စကားအဆက်အစပ် ရှာမနေတော့ပဲ ဝန်ကြီးက အဂ္ဂနိစ်ကို အလုပ်မှ ထုတ်ပစ်လိုက်သည့်အကြောင်း ပြောပြသည်။

"ကျွန်တော့်မိတ်ဆွေတွေမို့ ပြောပြတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ့်မိတ်ဆွေတယောက် ဒီလိုဖြစ်ရတာမျိုးကတော့ စိတ်မကောင်းစရာပေါ့လေ။ မတရားသဖြင့် လုပ်လွန်းလို့ပါ"

ဒက်ဇာက ပြုံးလိုက်၏။

"တရားမျှတမှုဆိုတာ ဘယ်မှာများရှိလို့လဲ... ကျုပ်တူရဲ့၊ ကောင်းပြီလေ၊ ကျုပ်တူကြီးရဲ့ ကလေးမကိစ္စကို ခု ရှင်းပေးပါ့မယ်"

တယ်လီဖုန်းဆီသို့ လှမ်းကာ နံပါတ်တခုကို လှည့်သည်။

"မွန်စီယာတက်စနဲ့ စကားပြောချင်တယ်၊ ဩော်... ကျွန်တော် ဒက်ဇာပါ၊ ဘယ်လိုလဲ။ နေထိုင်ကောင်းတယ်နော်၊ အမျိုးသမီးကော... ဩော် ဟုတ်လား၊

ကောင်းတယ်၊ ကောင်းတယ်၊ ဒီမှာ... ကျွန်တော့်ကို တခုဆောင်ရွက်ပေးပါလား၊ ဒီနေ့ ကော်မတီအစည်းအဝေးမှာ ဝန်ကြီးနဲ့တွေ့မယ် မဟုတ်လား။ ဟုတ်တယ်၊ ဟုတ်တယ်၊ ကိစ္စက အင်္ဂနိစ်ဆိုတဲ့ ကျောင်းဆရာမလေး ကိစ္စပါ။ မျိုးချစ်ဆန့်ကျင်ရေး စာတွေ သင်လို့ဆိုပြီး အလုပ်က ထုတ်ပစ်လိုက်တယ်ဗျာ။ အလကားပါ။ ရွေးကောက်ပွဲတွေ လုပ်ခါနီးမှာ ဒီလိုလုပ်တာ ဘယ်ကောင်းမလဲ။ ခင်ဗျားလည်း သိသားပဲ။ ပြဿနာတွေ ရှုပ်ကုန်မှာပေါ့။ ဒီအတိုင်းသာ လုပ်နေယင် တစ်နေ့ကျတော့ ခင်ဗျားတို့၊ ကျွန်တော်တို့ကိုတောင် မင်းမဲ့ဝါဒီတွေ စွပ်စွဲလာမလား မပြောတတ်ဘူး။ သစ္စာဖောက်လို့ မပြောရင် ကံကောင်းလို့ အောက်မေ့ရမလို ဖြစ်နေပြီ။ တော်တော်တော့ အံ့ဩဖို့ကောင်းတယ်။ ပြောစရာတွေတော့ အများကြီးပဲဗျို့။ တပုံကြီးပဲ။ ကောင်းပြီလေ၊ နာရီပြန်တချက်ထိုးရင် ခင်ဗျားကို ဝင်ခေါ်မယ်”

ပီယာ့ဘက်သို့ လှည့်လိုက်ပြီး...

“ကဲ၊ ပြီးသွားပါပြီ။ ကျောင်းဆရာမလေးကို ပြောလိုက်ပါ။ ကြိုက်သလို သင်နိုင်ပါတယ်လို့။ ကွန်မြူနစ်တွေလိုပဲ သင်သင်၊ တော်လ်စတွိုင်းဝါဒီတွေလိုပဲ သင်သင်၊ လူရိုင်းတွေလိုပဲ သင်သင် ကြိုက်သလို သင်ပါလို့။ နေပါဦး၊ ကျုပ်တူကြီးနဲ့ကော ဘယ်တော့ မင်္ဂလာဆောင်ကြမှာလဲ”

“အို၊ မ... မဟုတ်ပါ။ ဟုတ်... ဟုတ်ကဲ့။ မသိသေးပါဘူး ခင်ဗျ။ ဦးက ဘာဖြစ်လို့ မေးတာပါလဲ”

“ဒီနေ့ညနေ အားသလား။ အားရင် ကျုပ်နဲ့ လာတွေ့ပါလား။ ကျုပ် ဒီနေ့ည မြို့ပြင်ကို မပြန်တော့ဘူး။ မြို့ထဲမှာပဲ အိပ်မယ်။ လမ်းလျှောက်ရင်း စကားလေး ဘာလေး ပြောရတာပေါ့။ ကဲ၊ ကျုပ် ဟိုစောင့်နေတဲ့ ငနဲသုံးကောင်နဲ့ တွေ့ရဦးမယ်။ ဘဏ်ဒါရိုက်တာတွေက ပိုလန်ပြည်ကို ငွေချေးဖို့ကိစ္စအတွက် လာကြတာ။ သူတို့ကိုတော့ ပြောလိုက်ရမှာပဲ။ ခင်ဗျားတို့က ရှုံးမယ့်မြင်းကို လောင်းတာမျိုး ဖြစ်နေတယ်လို့။ ပထမအချက်က ပိုလန်တွေရဲ့ ဒန်းဇစ်မြို့ဟာ ပြင်သစ်လူမျိုးတစ်ယောက်ရဲ့ လက်ချောင်းကလေးတစ်ချောင်းလောက်တောင် အဖိုးမတန်ဘူးဗျ။ ဒုတိယအချက်က ပိုလန်ဆိုတဲ့ လူမျိုးက ဘာကိုမှ စိတ်ချရတဲ့ လူမျိုး မဟုတ်ဘူး။ တွေ့သမျှကို အကုန်ခိုးတဲ့ လူမျိုး။ ဧည့်ခန်းထဲမှာ ဟိုသံအရာရှိကို မတွေ့ခဲ့ဘူးလား။ ကိုရင်တို့ မဟာမိတ်ကြီးတွေလေ။ ဒီမှာ ကျုပ်တူကြီးရဲ့၊ ခု အီတလီက မာကရိုနီက ကိုရင်တို့ အင်္ဂလိပ်ရဲ့ နိုဂတ်ဖျော်ရည်ကို အနိုင်ရသွားပြီဗျ။ နောက်ထပ်လည်း ဘော်လကန်ကို အီတလီကို ပေးရဦးမှာပဲ။ ဘယ်တတ်နိုင်မလဲ၊ ကိုယ်က ငြိမ်းချမ်းရေး လိုချင်ပေသကိုး။ ကောင်းပြီလေ၊ ညနေကျရင် ထပ်တွေ့ကြဦးစို့”

လွှတ်တော်အမတ် ပေါတက်စသည် အစားကောင်း အသောက်ကောင်း ကြိုက်သူဟု နာမည်ကြီး၏။ ဒက်ဇာသည် သူ့ကို ဒိုဂါနို ပျော်ပွဲစားရုံသို့ ခေါ်သွားလေသည်။ ပျော်ပွဲစားရုံက ခပ်ကုပ်ကုပ်။ သို့ရာတွင် ပါရီမြို့တွင် ကတ်တလိပ်အကောင်းဆုံးဆိုင် ဖြစ်ပြီး အရက်ကောင်းကောင်းလည်း ရနိုင်သည်။ အသားကောင်းမကောင်း ရွေးရာတွင် အတော်ဆုံးဖြစ်သည့် နွားကုန်သည်ကြီးများ၊ နွားပွဲစားကြီးများသည် ဤဆိုင်သို့လာ၍ နေ့လယ်စာ စားလေ့ရှိကြ၏။ နံရံတွင် ချိတ်ထားသည့် သင်ပုန်းတချပ်ပေါ်၌ ယနေ့ ကျွဲနွားပေါက်ဈေးနှင့် ယနေ့ အရောင်းအဝယ်ဖြစ်သည့် ကျွဲနွားကောင်ရေကို ဆိုင်ရှင်က မြေဖြူဖြင့် ရေးမှတ်ထားသည်။ အစားအသောက် ချေးများသူများ၊ ဈေးကြီးခြင်းနှင့် ကျွဲနွားကုန်သည်ကြီးများ၏ ခပ်ကြမ်းကြမ်းစရိုက်တို့ကို သဘောကျသည့် လူချမ်းသာများ၊ အချက်အပြုတ် ကလပ်ဝင်များလည်း သည်ဆိုင်သို့ မကြာခဏ လာတတ်ကြသည်။

ဒက်ဇာသည် စားသောက်ဖွယ်ကတ်ပြားကို ဂရုတစိုက် ကြည့်နေသည်။ ကမာကြော်၊ ငါးရှဥ့်ဟင်းချို၊ ကြက်ကြော်တို့ကို မှာလိုက်သည်။ ကတ်တလိပ်ကမူ မပါ၍မပြီး။

တက်စက နှုတ်ခမ်းကို လျက်လိုက်ပြီးနောက် စားပွဲထိုးကို လှမ်း၍...

“ဟေ့ သူငယ်... ကတ်တလိပ်နဲ့တို့ဖို့ ဝက်ဦးနှောက်ဆော့စ် ကောင်းကောင်း ယူခဲ့နော်”

“ဟုတ်ကဲ့ ခင်ဗျ”

ပေါတက်စသည် အစားကြူးသည့်တိုင် သူ့ခန္ဓာကိုယ်က ပိန်ပိန်ပါးပါး။ ဖြူဖျော့ဖျော့။ မျက်နှာက ခပ်ရှည်ရှည်။ မေးချွန်းချွန်း။ နှာခေါင်းချွန်ချွန်။ လူမမာတယောက် လိုလို၊ တောမီးရသေ့တပါး လိုလို။ သန်တုန်းမြန်တုန်း ဖျတ်လတ်တက်ကြွတုန်းဟုပင် ပြောနိုင်သည်။ လွှတ်တော်ထမင်းစားခန်းထဲမှ တီးတိုးပြောသံနှင့် တဟားဟားရယ်သံကို ကြားရပြီဆိုလျှင် အခြားသူမဟုတ်။ မိတ်ဆွေတယောက်က သူ့အချစ်စွန့်စားခန်းတွေကို ပြောပြသဖြင့် တဟားဟားရယ်နေသည့် အသက်ငါးဆယ့်ရှစ်နှစ်ရှိ ပေါတက်စ၏ အသံဖြစ်သည်။ တက်စသည် အိမ်ထောင်ရှင်ကောင်းတယောက်လည်းဖြစ်၏။ သူ့မယား ဝတုတ်ပြဲကြီးကို အလွန်ဂရုစိုက်၏။ သားနှင့်သမီးကိုလည်း ကြင်နာ၏။ သားမှာ

သူ့ကို အမြဲဒုက္ခပေးနေသည့် လူဆန်းဖြစ်ပြီး သမီးမှာ ရှက်တတ်သည့် ကျောင်းသူချောချောကလေး ဒင်းနိစ်ဖြစ်သည်။ တက်စသည် သူ့သမီးကို အလွန်ချစ်၏။ အကျော်အမော် အဆိုတော်တဦး၏ အိမ်ခန်းမှသည် နှစ်ယောက်အိပ်ခုတင်ကြီး အခန့်သားဖြင့်ရှိသည့် သူတို့လင်မယားအိပ်ခန်းသို့ လေ၏ လျှင်မြန်ခြင်းမျိုးဖြင့် လှစ်ကနဲ ကူးနိုင်သူဖြစ်၏။ ကြေးမြှားနတ်မောင်ရုပ်တွေ ကပ်ထားသည့် သူတို့လင်မယား၏ နှစ်ယောက်အိပ်ခုတင်ကြီးသည် လက်ဝါးကပ်တိုင်အောက်က ယစ်ပလ္လင်ကြီးတခုလို မားမားကြီး ရှိနေ၏။

တက်စသည် စိတ်ဓာတ်အားကောင်းသူ မဟုတ်သော်လည်း သူ့အသံကမူ ဟိန်းထွက်ကာ ပဲ့တင်ထပ်နေသည်။ ပြင်သစ်ပြည်တွင် တရားဟော အကောင်းဆုံး၊ စကားပြော အကောင်းဆုံး လူသူများအနက် တယောက်ဖြစ်၏။ နိုင်ငံရေးနယ်သို့ သူရောက်လာသည်မှာ ဘာမျှမကြာသေး။ ရှေ့နေတယောက်အဖြစ် နာမည်ကြီးလာပြီးမှ နိုင်ငံရေးလုပ်ခဲ့ခြင်း ဖြစ်သည်။ တရားခွင်တွင် အလိုကြီး၍ ထုံထိုင်းသည့် လူသတ်သမားကို လက်ညှိုးထိုးပြကာ အလွန်စိတ်လှုပ်ရှားလျက်ရှိသော အမူရာမျိုးဖြင့် “လူကြီးမင်းများ၊ ကြည့်တော်မူကြပါခင်ဗျာ၊ သူဟာ လူသတ်တရားခံ မဟုတ်ရပါဘူး။ အညှဉ်းဆဲခံနေရရှာတဲ့ စိတ်ကူးယဉ်သူတယောက်ပါ” ဟု ယုံလောက်အောင် ပြောတတ်သည်။ ထိုအခါမျိုးတွင် ဂျူရီလူကြီးများသည် နှပ်ညှစ်ကာ တရားခံကို လွှတ်စေဟု စီရင်ချက်ချလိုက်ရသည် ဟူသတတ်။

တက်စသည် ရေဒီကယ်ပါတီအမတ်အဖြစ် ပါရီအနောက်ပိုင်း ရပ်ကွက်တကွက်မှ တက်လာခဲ့သည်။ အလွယ်တကူဖြင့် အနိုင်ရလာခြင်းဖြစ်၏။ သူနှင့်ပြိုင်ဘက် အမတ်လောင်းမှာ ကွန်မြူနစ်တယောက်ဖြစ်၏။ မီးရထားဌာနမှ သော့ခလောက်ပြင်ဆရာတယောက်ဖြစ်ပြီး စကားပြောတော့လည်း ထစ်အအ။ မဲဆန္ဒရှင်ကြိုက်အောင် ဘာကတိမှ မပေးနိုင်သဖြင့် ရှုံးသွားခဲ့သည်။ နောက်ပြိုင်ဘက်တယောက်မှာ အငြိမ်းစားစစ်ဗိုလ်ချုပ်တယောက် ဖြစ်သည်။ သူ အာဏာရလျှင် ကလေးတွေကို ကြိမ်ဖြင့် ရိုက်နှက်ဆုံးမသည့်ဥပဒေကို ပြဋ္ဌာန်းမည်ဟု ဟောမိသဖြင့် လူကြိုက်နည်းကာ ရှုံးခဲ့ခြင်းဖြစ်သည်။ တက်စသည် လွှတ်တော်ထဲတွင် စကားပြောလေ့မရှိ။ ဝန်ကြီးအဖွဲ့တွင် ဝန်ကြီးရာထူး ပေးသည်ကို နှစ်ခါငြင်းခဲ့ဖူးသည်။ ရေဒီကယ်ပါတီ၏ နောင်ရေးက စိတ်မချရသဖြင့် အခြေအနေကို စောင့်ကြည့်ကာ အခွင့်ကောင်းကို စောင့်နေသူဖြစ်၏။

ရေဒီကယ်ပါတီမှ ထွက်ကာ လက်ယာသမားများနှင့် ပူးပေါင်းဖို့ ပြင်နေသည်ဟု လွှတ်တော်ဒြေ့ခန်းတွင် ကောလာဟလ ဖြစ်နေသည်။

လွှတ်တော်အမတ် ဖြစ်လာသည့်အခါတွင် တက်စအဖို့ ငွေဝင်ပေါက်တွေ တိုးလာသည်။ အခွန်ထမ်းများ၊ ကန်ထရိုက်များထံမှ ငွေယူ၏။ ကုမ္ပဏီလီမိတက်များတွင် သူ့အမည်ကို ဒါရိုက်တာလူကြီးများအဖွဲ့တွင် ထည့်ခွင့်ပြုပြီး ငွေယူ၏။ ထိုအရှိန်အဝါဖြင့် ဗင်နီဇွေလာ သတ္တုတွင်းများ၊ မာတီနီကျွန်းမှ စိုက်ခင်းများ စသည့် တရားမဝင်သည့် လုပ်ငန်းများကို အကာအကွယ်ပေးသည်။ တက်စသည် လောဘမကြီးသည့်တိုင် ကောင်းကောင်းနေချင်သည်။ ကောင်းကောင်း စားချင်သည်။ သူ့မိသားစုနှင့် သူ့မယားငယ်များကို လိုလေသေးမရှိ ထားချင်သည်။ သို့ဖြင့် ကြွေးလည်ပင်း ခိုက်နေသူဖြစ်သည်။

တက်စသည် ပါရီမြို့အကြောင်း နောကျေသူဖြစ်သည်။ အဆက်အသွယ်တွေကလည်း ကောင်းသည်။ သံအမတ်များ၊ ရှေ့နေချုပ်များကို ဧည့်ခံကျွေးမွေးသည်။ သတင်းစာဆရာများကို လာဘ်ထိုးသည်။ သူ့မဲဆန္ဒရှင်များ၏ တိုင်တန်းချက်များကို စိတ်ပါလက်ပါ ဆောင်ရွက်ပေးသည်။ အမြတ်တော်ခွန် အင်စပိတ်တော်တဦးကို ရွှေတံဆိပ်ရအောင် လုပ်ပေးခြင်းမျိုး၊ အမှုထမ်းကောင်းသည့် ပုလိပ်တယောက်၏ဇနီး မုဆိုးမကို ဆေးလိပ်ဆိုင်ဖွင့်ခွင့် လိုင်စင်ရအောင် လုပ်ပေးခြင်း၊ ပညာသားပါပါ ခြိမ်းခြောက်ငွေတောင်းသူများကို တရားဥပဒေအရ အရေးမယူနိုင်အောင် ကာကွယ်ပေးခြင်းမျိုး။

တက်စက ကမာတကောင်ကိုဝါးကာ ဝိုင်အရက်တကျိုက်ကို သောက်လိုက်သည်။

"ခင်ဗျားပြောတဲ့ ကျောင်းဆရာမလေးဆိုတာက ကွန်မြူနစ်လားဗျ"

"ဟင့်အင်း… မသိဘူး။ ဒါပေမယ့်ဗျာ ဒီကောင်မလေးက တတိယ ပြင်သစ်နိုင်ငံတော်ကြီးကို ဘာများ အန္တရာယ်ပေးနိုင်မှာ မို့လို့လဲ"

"အင်း… ဒီဆိုင်က ရှာဘလေး အရက်ကတော့ တော်တော်ကို ကောင်းတာပဲဗျို့၊ ကောင်မလေးက အန္တရာယ် မဖြစ်လောက်ဘူးလို့ ခင်ဗျား

ထင်သပေါ့၊ ဒီလောက်တော့လဲ အထင်မသေးနဲ့ဗျို့၊ ရွေးကောက်ပွဲ အခြေအနေက သိပ်မကောင်းဘူး။ ကျုပ်အထင်တော့ ရေဒီကယ်ပါတီ ရှုံးလိမ့်မယ် ထင်တာပဲ၊ ရေဒီကယ်ပါတီ လူပေါင်းမှားပြီထင်တယ်၊ ပြည်သူ့တပ်ဦးသာ နိုင်ယင် ရေဒီကယ်ပါတီဟာ ဟောဒီလို အမျိုခံရမှာဗျ"

တက်စက ကမာတကောင်ကို ဝါးပြသည်။ "ပါလီမန်စနစ် ထွန်းကားတဲ့ ပြင်သစ်ပြည်မှာတောင် နိုင်ရာစားဝါဒ ကြီးစိုးနေပြီဗျ၊ ကျုပ်တယောက်တည်းအနေနဲ့ ပြောရယင်တော့ ပြည်သူ့တပ်ဦးနဲ့ ပေါင်းတာကို မကြိုက်ဘူးဗျာ"

နောက်ထပ် ကမာတကောင်ကို သံပုရာရည် ညှစ်လိုက်ယင်း သက်ပြင်းချ၏။

"ဒီတပတ်တော့ ကျုပ်လဲရှုံးမယ် ထင်တာပဲ"

"ခင်ဗျား ရွေးကောက်ပွဲ ဟောပြောပွဲတွေ မစသေးဘူးလား" ဒက်ဇာက မေးသည်။

"စနေနေ့မှာ စမယ်။ ကျုပ်လဲ ဒီနေ့ညပဲ နယ်ဆင်းမှာ"

"အားလုံး ကိစ္စပြီးပြီပေါ့"

"ကိစ္စပြီးတယ်ဆိုတာ ဘာကိုပြောတာလဲ"

"ရှင်းပါတယ်၊ ပြည်သူ့တပ်ဦးကို ထောက်ခံဖို့ကိစ္စပေါ့"

တက်စက စိတ်ဆိုးမာန်ဆိုးဖြင့် လက်သုတ်ပဝါကို ပစ်ချလိုက်ပြီး တရားဟောစင်မြင့်တွင် ပြောနေသလို အော်ပြောသည်။

"မထောက်ခံဘူး၊ ဘယ်တော့မှ မထောက်ခံဘူး၊ ဒီကောင်တွေကို ထောက်ခံရတာနဲ့စာလျှင် ရှုံးတာက ကောင်းသေးတယ်၊ ရှုံးပေ့စေ၊ ဆယ်ပြန်ရှုံး... ကိစ္စမရှိဘူး၊ သစ္စာဖောက်ပြီး ဒီကောင်တွေကိုတော့ မထောက်ခံနိုင်ဘူး၊ ဒီကောင်တွေက မျိုးဖျက်တွေဗျ။ ပြင်သစ်ပြည်ရဲ့ နံပါတ်တစ် ရန်သူတွေ၊ သူတို့ခေါင်းဆောင်တွေကို ကြည့်စမ်းပါဦးဗျာ...၊ ဗလွန်းဆိုတဲ့လူ၊ နာမည်တောင် ပြင်သစ်နာမည် မဟုတ်ဘူး၊ ကောက်ကျစ်တယ်၊ သွေးဆာတယ်၊ ဒေါ်မွိုင်း

ဆိုတဲ့လူက မြေပုန်းခုတ်တဲ့လူ။ မော်ချီ ဆိုတဲ့လူကကော ပို့ဆောင်ရေးဝန်ကြီး ဖြစ်ခဲ့တုန်းက ပို့ဆောင်ရေးလုပ်ငန်းတွေအားလုံးကို ဖျက်ပစ်ခဲ့တဲ့လူ၊ မိုနေးကကော သူ့ကြောင့် ကျုပ်တို့တိုင်းပြည် စိုက်ပျိုးရေးလုပ်ငန်း ပျက်စီးခဲ့ရပြီ၊ ဗီးလာ့ဒ် ဆိုတဲ့လူကကော ဟာစ်တလာရဲ့ရန် ဒီလောက်ကြီးနေတဲ့အထဲမှာ လက်နက်ဖျက်သိမ်းရေး လုပ်ရမယ်လို့ အော်နေတဲ့လူ။ ဒီလူဟာ...”

“ဒီလူက အာလူးပါ၊ ဝန်ကြီးတနေရာလောက် ပေးလိုက်ယင် ငြိမ်ကျသွားမယ့်လူမျိုးပါ...”

“ကွန်မြူနစ်တွေ ပါနေတာကကော ဘယ့်နှယ်လုပ်မလဲ”

“ပြင်သစ်တိုင်းပြည်ဟာ ပုဂ္ဂိုလ်လွတ်လပ်မှုရှိတဲ့ တိုင်းပြည်လေ” ဒက်ဇာက ပြောသည်။ “သီးစားမြေပိုင်ရှင်တွေ၊ ဆိုင်ပိုင်ရှင်ကလေးတွေ၊ လယ်သမားတွေ အများကြီးပါ၊ လူထုက ကွန်မြူနစ်တွေကို ဘာဖြစ်လို့ မဲပေးရမှာလဲ၊ အစိုးရဟာ လူထုကို အခွန်တွေ ပိုကောက်တယ်၊ ဘယ်သူ့သားကို မွေးမြူရေးတက္ကသိုလ် ဝင်ခွင့်ပေးပြီး၊ ဘယ်သူ့သားကျတော့ ဝင်ခွင့်မပေးဘူး ဆိုတာလောက်ပဲ သူတို့ပြောတတ်တာပါ၊ ဒါ သူတို့ရဲ့ မဲဆွယ်နည်းပဲ။ ဒိပြင် ဘာမှ မလုပ်တတ်ကြပါဘူး”

တက်စသည် တိတ်ဆိတ်လျက် ရှိ၏။ ငါးရှဉ့်ဟင်းချိုထဲတွင် နစ်မြုပ်နေခြင်း ဖြစ်သည်။

“နေစမ်းပါဦး” ဒက်ဇာက ပြောသည်။ “ကျုပ်တို့တတွေဟာ ကွန်မြူနစ်တွေ အသုံးချတာကို ခံမယ့် လူစားတွေလား၊ ဘယ်ခံမလဲဗျ၊ ဒါပေမယ့် ဒီကောင်တွေက ခု အမတ်လောင်းစာရင်း တင်တဲ့အထဲမှာ ခင်ဗျားကို ထောက်ခံနေကြပြီ၊ နိုင်ငံရေးလုပ်ရာမှာ နည်းပရိယာယ် ကြွယ်ဝရမယ်ဗျ။ ရိုးရိုးစင်းစင်း လုပ်လို့ မရဘူး၊ ကွန်မြူနစ်တွေက ဘာဖြစ်လို့ ပြည်သူ့တပ်ဦးကို ဖွဲ့လာခဲ့သလဲ၊ ပထမ လက်ယာဂိုဏ်းကို တိုက်မယ်။ ပြီးတော့ ကျုပ်တို့ကို မျိုပစ်မယ်၊ ဒီရည်ရွယ်ချက်နဲ့ လုပ်လာတာဗျ။ ရွေးကောက်ပွဲမှာ လက်ယာဂိုဏ်းကို အပြတ်ဖြုတ်ပစ်ရမယ်၊ လက်ယာကိုချပြီးမှ ကွန်မြူနစ်တွေနဲ့ စာရင်းရှင်းရမယ်”

“ငါးရှဉ့်ဟင်းချိုက တော်တော်ကောင်းတဲ့ ဟင်းချိုပဲဗျို့၊ နေစမ်းပါဦးဗျ။

ဘာဖြစ်လို့ လက်ယာဂိုဏ်းကို အပြုတ်ချရမှာလဲ”

“ကျုပ်တို့က မချယင်လဲ လက်ယာဂိုဏ်းက သွားမှာပါဗျ၊ ဒီမှာ တက်စ... နိုင်ငံရေးဆိုတာ နာရီချိန်သီးလိုပဲဗျ၊ လက်ဝဲယိမ်းလိုက် လက်ယာယိမ်းလိုက်၊ နောက် လက်ဝဲယိမ်းလိုက်။ အရေးကြီးတာက အဲဒီချိန်သီး ဝေးဝေးအထိ ယမ်းမသွားအောင် လုပ်ဖို့ပဲ။ ၁၉၂၄ ခုနှစ်တုန်းက လက်ဝဲက နိုင်ခဲ့တယ်၊ ဝန်ကြီးချုပ် ဂျေဲ့ရေးကို လက်ဝဲက အုပ်စီးသွားတယ်၊ အနီလွှမ်းသွားတယ် ဆိုပါစို့ဗျာ၊ နောက်နှစ်နှစ်ကြာတော့ ရေဒီကယ်ပါတီက လက်ယာကို ယိမ်းသွားတယ်၊ လက်ယာဂိုဏ်းခေါင်းဆောင် ပွန်ကာရေ အာဏာရလာတယ်။ ၁၉၃၂ ခုနှစ်ကျတော့ ရွေးကောက်ပွဲတွေဟာ သိပ်မထိရောက်တော့ဘူး၊ ဘယ်ကတ်ဘိနက်မှ ကြာကြာ အာဏာမထိန်းနိုင်ဘူး၊ ဒါပေမယ့် တိုင်းပြည်က လက်ယာကို ကြိုက်နေတယ်၊ ၁၉၃၃ ခုနှစ် ကုန်တဲ့အခါကျတော့ ပါရီမှာ ဆန္ဒပြပွဲတွေ ဖြစ်လာတယ်၊ ‘လွှတ်တော်ကို အလိုမရှိ၊ လွှတ်တော်အမတ်တွေ အလိုမရှိ’ ဆိုတဲ့ အသံတွေမြည်လာတယ်၊ လက်ယာဂိုဏ်းထဲက ဘယ်သူ့ကို မျှားထုတ်ကြသလဲ။ ရေဒီကယ်တွေကို မဟုတ်လား၊ ခင်ဗျားကိုတောင် စတာဗစ္စကီအရေးအခင်းမှာ ပါတယ် ဆိုပြီး စွပ်စွဲခဲ့ကြသေးတယ် မဟုတ်လား၊ နောက်ဆုံး ဖေဖော်ဝါရီ ၆ ရက် အဓိကရုဏ်း ဖြစ်တယ်၊ သွေးတွေ ချောင်းစီးခဲ့ရတယ်၊ ပြင်သစ်ပြည်မှာ အာဏာရှင်စနစ် ပေါ်တော့မယ်လို့ ထင်ခဲ့ကြတယ်၊ နောက်ဆုံး ဒိုမာဂိုးက အစိုးရဖွဲ့လိုက်တော့မှ ငြိမ်သွားတယ်၊ ဒါပေမယ့် ဒါဟာ ခဏငြိမ်တာပဲ ဖြစ်မှာပဲဗျ၊ ဒီတခါ ချိန်သီးယမ်းပုံက ပိုပြီး ပြင်းတယ်၊ ဒီတခါ ချိန်သီးအယမ်းမှာ ပြည်သူ့တပ်ဦး နိုင်မှာပဲ၊ နိုင်လဲ နိုင်ရမှာပဲ။ ကျုပ်တို့အကူအညီနဲ့ နိုင်သွားရင် ရေဒီကယ်ပါတီဟာ လက်ယာဘက်ကို ပြန်ယိမ်းလိမ့်မယ်၊ နှစ်နှစ် သုံးနှစ်လောက်တော့ ငြိမ်သွားဦးမှာပဲ၊ ဘော်ဒိုးတခွက်လောက် လုပ်ပါဦး၊ တော်တော်ကောင်းတယ်။ ရှော့သ်ရှီး ဘော်ဒိုး”

“ဒါဖြင့်ယင် အဓိပ္ပါယ်က ကျုပ်ရန်သူတွေ အနိုင်ရအောင် ကျုပ်က ကူရမယ် ဆိုပါတော့”

“ငှဲ့ပြီးသား အရက်ကို သောက်ရာ၏... ဆိုတဲ့ စကားပုံကို ခင်ဗျားလဲ ကြားဖူးသားပဲ၊ သိပ်ပြင်းယင်တော့လဲ ရေရောယင် ရောရတာပေါ့ဗျာ၊ အံမယ် ခုအရက်ကိုတော့ သွားမရောလိုက်နဲ့နော်”

ကြက်ကြော် ရောက်လာသည်။ တက်စသည် နိုင်ငံရေးသံသရာ၏

အနိဋ္ဌာရုံကို မေ့သွားကာ အာဟာရကမ္မဋ္ဌာန်းကို ခွန်တိုက်အားတိုက် စီးဖြန်းခြင်းပြု၏။

"ဒီဆိုင်က ကြက်ကြော်က ဘာဖြစ်လို့ ဒီလောက် နာမည်ကြီးသလဲ သိရဲ့လား" ဒက်ဇာက မေးသည်။ "ကြက်ဖြစ်ရတာ တော်တော် ကံဆိုးတယ်ဗျ။ ကျုပ်တို့ ပြင်သစ်လူမျိုးက ခေတ်ဲ့လူမျိုး မဟုတ်ဘူးဗျ။ ကြက်အရင့်တွေကို ဝိုင်အရက်စိမ်ပြီး အရသာရှိအောင် ကြော်တဲ့နေရာမှာ ပထမတန်း။ ဒီဆိုင်က ကောင်းမှာပေါ့ဗျ။ ကြက်မတမ်းသား နုနုကို ဝိုင်အရက်စိမ်ပြီး ကြော်တာကိုး၊ ခု ခင်ဗျားစားနေတဲ့ကြက်ဟာ အဖမဟုတ်ဘူးဗျ၊ အမ၊ ဒါပေမယ့် ကြက်ဖလို့ ပြောရောင်းနေကြတာပဲ၊ ဒါလဲပဲ စားဖိုဆောင် နည်းပရိယာယ်တမျိုးပေါ့ဗျာ"

ဒက်ဇာက ဟက်ကနဲ တချက် ရယ်လိုက်သည်။

"နိုင်ငံရေးမှာလဲ ဒီနည်းတိုင်းပဲပေါ့ဗျာ၊ ခု ခင်ဗျားဟာ အမျိုးသားရေဒီကယ်ပါတီဝင်တယောက်၊ ဒါပေမယ့် ကြက်မတမ်းကြော်ကို ကြက်ဖကြော် လုပ်ရောင်းမလို့၊ ခင်ဗျားလဲ ကျုပ်တို့ ပြည်သူ့တပ်ဦးရဲ့ ဘက်တော်သားတယောက်အဖြစ် လူထုရှေ့မှာ ထုတ်ပြရတော့မယ်။ ဒါလဲ နည်းပရိယာယ်တမျိုးပေါ့ ဟဲဟဲ"

"ဒါပေမယ့် ဒါက အပြောပဲ ရှိသေးတာကိုးဗျ။ ခက်တာက ဒီတပတ်မှာ ကျုပ် အရွေးခံရမယ် မထင်ဘူး၊ ရွေးကောက်ပွဲ မဲဆွယ်ဆင်းဖို့ ကျုပ်မှာလဲ ငွေမရှိဘူး၊ အချိန်လဲမရှိဘူး"

တက်စက ပြောသည်။

"ပြင်သစ်ပြည်ကြီးရဲ့ အကျိုးကို ဆောင်ရွက်ချင်တယ်ဆိုယင် အချိန်တွေ အများကြီး ရှိပါသေးတယ်ဗျ၊ ငွေရေးကြေးရေးအတွက်တော့ မပူပါနဲ့၊ ကျွန်တော် အကုန်ခံပါ့မယ်"

တက်စသည် ဒက်ဇာ၏ နိုင်ငံရေးပရိယာယ်ကို ဘဝင်မကျ။ သို့ရာတွင် သူ့တင်ပြချက်က သွားရည်ယိုစရာ။ သူ့မျက်နှာသည် ခဏမျှ ဝင်းထိန်လာကာ ပြန်၍ မည်းမှောင်သွား၏။ ကိုယ်သွားရည်ကျသည်ကို လူသိမခံနိုင်။ ဣန္ဒြေဆည်ရဦးမည်။ ထို့ကြောင့် မျက်နှာကို ညှိုထားလိုက်သည်။ သို့ရာတွင် ကက်တလိပ်နှင့် နာမည်ကြီး

ဝက်ဦးနှောက်ဆော့စ် ရောက်လာသည့်အခါတွင် သူ ဣန္ဒြေမဆောင်နိုင်၊ မျက်နှာပြန်၍ လင်းလာ၏။ ထို့နောက် ဘာဂန်ဒီဝိုင်။ တက်စ၏ ဖြူဖျော့ဖျော့ပါးပြင်သည် နှင်းဆီရောင် သန်းလာ၏။ သည်လို အရည်ကလေးထွေထွေတွင် လေးနက်သည့် နိုင်ငံရေးအကြောင်းတွေ မပြောချင်။ စိတ်ချမ်းသာစရာကလေးတွေကို ပြောချင်သည်။ ဥပမာ - သူ့မယားငယ် ကချေသည်မလေး ပေါလက်၏ အကြောင်း။ သို့ရာတွင် သူ ဝမ်းသာနေသည်ကို ဒက်ဇာမသိအောင် ဖုံးထားရဦးမည်။ ထို့ကြောင့် သူ့အိမ်တွင်းရေးကိစ္စတွေကို ထုတ်ညည်းသည်။

"ကျွန်တော့်လဲ သားက ဒုက္ခပေးနေတယ်ဗျာ" တက်စက အသံထဲက မျက်ရည်ထွက်လာတော့မည့်ပုံမျိုးဖြင့် ညည်းသည်။ ဟန်ဆောင်နေသည်လော၊ တကယ်လော ဆိုသည်ကိုပင် ခွဲခြား၍မရ။ "ကျွန်တော့်သား လူဆန်းလေ၊ ဒီကောင်ကြောင့် ကျွန်တော့်ကို သတင်းစာတွေက ဝိုင်းတွယ်ကုန်ကြပြီ၊ တနေ့က စင်မြင့်ပေါ်တက်ပြီး တရားတက်ဟောလို့၊ ခု ဒီကောင်နဲ့ကို စကားကောင်းကောင်းပြောချိန် မရသေးဘူး၊ ကျွန်တော်တို့ဟာ အချောင်သမားတွေတဲ့ဗျ။ လူတန်းစားတိုက်ပွဲကို တိုက်ရမယ်တဲ့။ စိတ်ညစ်တယ်ဗျာ၊ ခုတော့ ကိုယ့်သားက ကိုယ့်ရန်သူ ဖြစ်နေပြီ"

"စိတ်ညစ်စရာ မလိုပါဘူးဗျာ၊ ဒီအရွယ်မှာ သွေးကကြွတုန်းဆိုတော့ သူတို့ကိုယ်ကိုသူတို့ အဟုတ်ထင်နေကြတာပေါ့၊ ခင်ဗျားကျွေးတဲ့ထမင်းကို စားပြီး ခင်ဗျားပေးတဲ့ပိုက်ဆံကို လက်ဖြန့်ခံနေတဲ့ကောင်က ဘာလူတန်းစားတိုက်ပွဲကို တိုက်မှာတဲ့လဲ၊ သူ လွှတ်တော်အမတ် ဖြစ်လာယင်လဲ ရေဒီကယ်ပါတီဝင်ပဲ ဖြစ်မှာပါ၊ တလောကတောင် မက္ကဇင်းရဲ့ဆိုင်မှာ တွေ့ခဲ့သေးတယ်၊ ကောင်မလေးချောချော တယောက်နဲ့တွဲလို့"

"မက္ကဇင်းရဲ့ဆိုင် ဟုတ်လား၊ တော်တော်ခက်တဲ့ကောင်ပဲ၊ အသက်သုံးဆယ်ရှိပြီဗျ။ ဘာမှ လက်ကြောတင်းအောင် မလုပ်သေးဘူး၊ ဇာတ်ညွှန်းဆရာယောင်ယောင်၊ စာရေးဆရာယောင်ယောင်နဲ့၊ ဒီလိုကောင်ဟာ တနေ့မှာ မင်းမဲ့ဝါဒီ ဖြစ်ယင်ဖြစ်၊ မဖြစ်ယင်လဲ လူဆိုးဂိုဏ်းခေါင်းဆောင်ဖြစ်မယ့် ကောင်မျိုး၊ အကျင့်သိက္ခာဆိုလို့လဲ နည်းနည်းမှ မရှိဘူး၊ သမီးကလေးက လိမ္မာလို့ တော်သေးတာပေါ့ဗျာ၊ သမီးကတော့ ခင်ဗျားအတွက် အလုပ်သမားကောင်းပဲဗျို့၊ ခု

အလွန်ပျင်းစရာကောင်းတဲ့ ဘာသာရပ်တခုကို လေ့လာနေတယ်၊ ရောမခေတ် ဗိသုကာပညာတဲ့၊ တော်တော်ကို လေးလေးနက်နက် ရှိတယ်၊ ဒိန်ခဲကို မြည်းကြည့်ပြီးပလား၊ တော်တော်ကောင်းတဲ့ ဒိန်ခဲဗျ။ အနံ့ကလဲ သင်းနေတာပဲ၊ အင်း... နောက်ဆယ်နှစ်လောက်တော့ အေးအေးချမ်းချမ်း နေချင်သေးတယ်ဗျာ၊ ဒီအတိုင်းဆိုယင်တော့ သိပ်မလွယ်တော့ဘူး၊ ပြည်သူ့တပ်ဦး နိုင်ယင်တော့ စစ်ဖြစ်မှာ သေချာတယ်”

“မဖြစ်သေးပါဘူးဗျာ၊ စစ်ဆိုတာ ကိုယ်တယောက်တည်း တိုက်လို့ရတာမှ မဟုတ်ပဲ၊ မဟာမိတ်တို့ ဘာတို့ရှိမှ တိုက်လို့ရတာပါ၊ ကျွန်တော်တို့က ဂျာမန်တွေကို ခြောက်ချင်တယ်၊ အီတလီတွေကိုတော့ တဘက်လှည့်နဲ့ ချော့ရမှာပဲ၊ အင်္ဂလိပ်ကလဲ မူဆိုလီနီကိုတော့ ကုန်ပစ္စည်းတွေကို မပို့ရဘူးလို့ ပိတ်ထားပြီး ဟစ်တလာကျတော့ ချော့နေတယ်ဗျ။ ယေဘုယျ ပြောရယင်တော့ ကျွန်တော်တို့ဘက်ကလဲ အလျှော့ပေးတာတွေ ဘာတွေ လုပ်ရမှာပေါ့ဗျာ”

“ဘယ်ဖြစ်မလဲဗျ၊ ဒါဖြင့် ကျွန်တော်တို့ ပြင်သစ်တွေက အယ်လ်ဇေနေယ်ကို ဂျာမန်လက် ထိုးပေးရမယ်ပေါ့ ဟုတ်လား”

“အယ်လ်ဇေနေယ်ကို ပေးစရာ မလိုပါဘူးဗျ။ ကျွန်တော်တို့ မဟာမိတ်တွေ ရှိနေတာပဲ၊ အရေးကြုံလာယင် ချက်ကိုစလိုဗားကီးယားကို ထိုးပေးလိုက်ရုံပေါ့။ ဒါမှ မဟုတ်ယင်လဲ ပိုလန်”

“ဘယ်လောက်ကြာကြာများ ပေးထားရမှာလဲ၊ ငါးနှစ်လား ဆယ်နှစ်လား”

“ဘာဖြစ်လို့ အရှည်ကို မျှော်ကြည့်ရတာလဲ၊ ခုလောလောဆယ်မှာ ကျွန်တော်တို့အဖို့ အရေးကြီးတာက ပြင်သစ်ပြည်ကြီးကို ထိန်းသိမ်းထားဖို့၊ ငြိမ်းချမ်းရေးနဲ့ ကျွန်တော်တို့ ဥစ္စာပစ္စည်းတွေကို ထိန်းသိမ်းထားဖို့ပဲ မဟုတ်လား”

“ခင်ဗျားကတော့ ပြောအားရှိမှာပေါ့။ သားသမီးမှ မရှိပဲကိုး၊ ကျွန်တော်ကတော့ သားနဲ့သမီးအတွက် တွေးပူတယ်ဗျို့”

ပါးစပ်ရှိ၍သာ ပြောလိုက်ရသည်။ စိတ်ထဲကမူ နည်းနည်းမျှမပါ။ တက်စသည် ကော်ဖီသောက်ယင်း တယောက်တည်း ပြုံးလိုက်သည်။ ဒက်ဇာက သူ့ရွေးကောက်ပွဲစရိတ်ကို အကုန်ခံမည်ဟု ပြောနေပြီ။ သို့ဆိုလျှင် သည်တပတ်

ရွေးကောက်ပွဲတွင်လည်း သူ အရွေးခံရဦးတော့မည်။ အနာဂတ်ကို တွေးပူသည် ဆိုသည်မှာ အလကား။ တကယ်က ဘာမျှမပူ။ သည်လောက်ကောင်းသည့် နေ့လယ်စာကို စားပြီးသည့်နောက်တွင် ဘာမျှ အပူအပင် မရှိချင်။

ဒက်ဇာက သူ့ကို လှမ်းကြည့်သည်။ တက်စ၏ မျက်လုံးများက ရီဝေလျက်။ သူ့နှာခေါင်းချွန်ချွန်ပေါ်တွင် ချွေးတွေ သီးနေသည်။ သူ့အပြုံးက သူ့ကိုယ်သူ ကျေနပ်နေသည့်အပြုံး။ ဒက်ဇာက သူ့ကို စနေသည်။

"ခင်ဗျား သားသမီးတွေရဲ့ အနာဂတ်ကို သိချင်သလား၊ နှစ်လမ်းပဲ ရှိတယ်။ လောကနိဗ္ဗာန်ကြီးကို ရောက်ချင်လဲရောက်မယ်၊ ဒေါင်းသားကြော်ရယ်၊ ဂွါဒီလွတ်ကျွန်းကို အပျော်လေယာဉ်ခရီးရယ်၊ ဒါမှ မဟုတ်ယင်လဲ စစ်ရယ်၊ ချွေးတပ်စခန်းရယ်၊ ထောင်ရယ်၊ သေတာရယ် တခုခုတော့ ဖြစ်ရမှာပဲ၊ ဒုတိယဟာက ဖြစ်ဖို့ ပိုများတယ်၊ ဒါပေမယ့် စိတ်မပျက်ပါနဲ့လေ၊ ခုဆို ခင်ဗျားဟာ ပြည်သူ့တပ်ဦးက တင်မယ့် အမတ်လောင်း ဖြစ်ပြီပဲ။ အစည်းအဝေးတွေမှာ လက်သီးလက်မောင်း တန်းနေမှာကို မြင်ယောင်သေးတော့"

ဒက်ဇာက တဟားဟားရယ်သည်။ ထို့နောက် အလွန်အကျွံ နောက်လိုက်မိသည်ကို သတိပြုလိုက်မိသဖြင့် တက်စ၏ကျောကို ပုတ်လိုက်၏။

"ထားလိုက်စမ်းပါဗျာ၊ ဒီ ေ-ာက်နိုင်ငံရေးတွေ မစဉ်းစားပါနဲ့၊ မနေ့က ပေါလက်ကို တွေ့လိုက်တယ်ဗျ၊ ခင်ဗျား တော်တော် ကံကောင်းတဲ့လူဗျာ၊ ပါရီမြို့မှာ အလှဆုံးကောင်မလေးကို ရထားတယ်"

နေ့လယ်စာ စားပြီးသည့်နောက်တွင် ဒက်ဇာသည် ဂျူလီယော့ကို ခေါ်လိုက်သည်။ "ဘဝသစ်" သတင်းစာကြီး၏ အယ်ဒီတာနှင့် ပုံနှိပ်ထုတ်ဝေသူ။ လူက ခပ်ဝဝ။ အခန်းထဲသို့ ရောက်လာသည့်အခါတွင် အသက်ပြင်းပြင်း ရှူလျက်။ မောနေသည်။ အရေးကြီးသော ကိစ္စရှိ၍ ခေါ်ခြင်းဖြစ်လိမ့်မည်။

ဂျူလီယော့၏ဘဝက မုန်တိုင်းထန်သည့်ဘဝ။ အကြိမ်များစွာ တရားရုံးသို့ ရောက်ဖူးသည်။ ငွေညှစ်သည့်ပြစ်မှု၊ အသရေဖျက်မှု။ သို့ရာတွင် အမြဲတမ်း လွတ်လာသည်ချည်း။ နိုင်ငံရေးသမား တော်တော်များများ၏ နောက်ကြောင်းရာဇဝင်ကို သိသူဟု နာမည်ကြီးသည်။

ဂျူလီယော့သည် ပြင်သစ်ပြည် တောင်ပိုင်းသား ဖြစ်၏။ သူ့အဖေက မာဆေးမှ ငါးရှဲဖြစ်ပြီး နွားကုန်သည်ကြီးများ၊ နွားပွဲစားကြီးများနှင့် အဆက်အသွယ် ရှိသည်။ ငယ်ငယ်ကတည်းက လောင်းကစား ပတ်ဝန်းကျင်မှာ ကြီးပြင်းလာခဲ့သည်။ သိက္ခာသမာဓိဆို၍ နည်းနည်းမျှမရှိ။ သို့ရာတွင် အစွဲအလမ်းကတော့ ကြီးသည်။ အစိုးရရှေ့နေကို မကြောက်သော်လည်း ကြောင်နက်ဆိုလျှင် အလွန်ကြောက်တတ်သည်။ ခပ်ငယ်ငယ်တွင် ပါရီသို့ ရောက်လာပြီး အာမခံကုမ္ပဏီတခုတွင် ကိုယ်စားလှယ် လုပ်သည်။ သို့ရာတွင် သူ့အာမခံကုမ္ပဏီသည် ဘယ်တော့မှ လျော်ကြေးပေးသည်ဟု မကြားစဖူး။ ထိုနောက် သတင်းထောက် ဝင်လုပ်သည်။ အပေါ်စား ညနေသတင်းစာများတွင် လွှတ်တော်အမတ်များ၊ လုပ်ငန်းရှင်များ၏ အညှီအဟောက်ဇာတ်လမ်းများကို ရေးလေ့ရှိသည်။ သတင်းစာဆရာတယောက်အဖြစ် သူရသည့် ဝင်ငွေအများစုမှာ သတင်းပေး၍ ရခြင်းမဟုတ်။ သတင်းမရေးပဲ ထိမ်ချန်ထားသောကြောင့် ရခြင်းဖြစ်သည်။ သတင်းစာထဲ အပါမခံနိုင်သူတို့က သူ့ကို ငွေပေးကြရသည်။ သည်ငွေဖြင့် "စီးပွားရေးသတင်းစာ" ဟူသည့် ကုန်ဈေးနှုန်း သတင်းစာကလေးတစောင် ထုတ်သည်။ တနေ့တွင်မူ သူ့သတင်းစာတွင် ကြော်ငြာကြီးတခု ထည့်လိုက်သည်။ "သင်၏ စုငွေများကို ဒယ်ဂျားငွေစုဘဏ်တွင် အပ်နှံပါ" ဆိုသည့် ကြော်ငြာဖြစ်သည်။ နောက်တနေ့တွင် ဘဏ်ဒါရိုက်တာက သူတို့မထည့်ပဲနဲ့ ဘာကြောင့် သည်ကြော်ငြာ ပါလာရသလဲဟု ဖုန်းဖြင့် လှမ်းမေးသည်။

"ခင်ဗျားတို့ ကြော်ငြာမအပ်ဘူးဆိုတာ သိသားပဲ၊ ဒါပေမယ့် စိတ်ချရတဲ့ ဘဏ်တိုက်တွေမှာ အပ်ဖို့ သတင်းစာပရိသတ်တွေကို အကြံပေးရမယ့် တာဝန်ရှိတယ်၊ ဒါဟာ ကျွန်တော်တို့ သတင်းစာဆရာတွေရဲ့ အလုပ်"

"ခု ခင်ဗျားလုပ်လိုက်ကာမှ ကျုပ်တို့ဘဏ်မှာ အပ်ထားတဲ့ငွေရှင်တွေက ငွေတွေကို ပြန်ထုတ်ကုန်ကြပြီ၊ ဘယ့်နှယ်လုပ်မလဲ"

"ဒါကတော့ ကျွန်တော် မတတ်နိုင်ဘူး၊ ကျွန်တော်တို့ကတော့ ကိုယ့်သတင်းစာပရိသတ် အကျိုးကိုပဲ ကြည့်ရမှာပဲ၊ တခြား ဘယ်သူ့အကျိုးကိုမှ မကြည့်နိုင်ဘူး"

နောက်တနာရီအကြာတွင် ဘဏ်ဒါရိုက်တာသည် ဂျိုလီယော့ကို ငွေငါးသောင်း ပေးလိုက်ရသည်။ ထိုအခါကျမှ သတင်းစာထဲက ကြော်ငြာရပ်သွားတော့သည်။ ထို့နောက်တွင်မူ ဂျိုလီယော့သည် သတင်းစာဆရာဘဝကို အရသာတွေ့သွားကာ သတင်းစာလောကကို ခြေစုံပစ်ဝင်သည်။ "ဘဝသစ်" သတင်းစာကို ထုတ်သည်။ အစတွင် သူ့သတင်းစာ အခြေအနေမကောင်း။ ပြုတ်လုပြုတ်ခင်။ သတင်းစာထဲပါသမျှကို တယောက်တည်း ဒိုင်ခံရေးရသည်။ ပုံနှိပ်တိုက်ပိုင်ရှင်ကလည်း အကြွေးတောင်းလှပြီ။ ထို့နောက် အခြေအနေကောင်းလာသည်။ နာမည်ကျော် စာရေးဆရာများ၏ ဆောင်းပါးများ ပါလာသည်။ အညှီအဟောက်သတင်းတွေ ပါလာသည်။ ကြော်ငြာရလာသည်။ တခါတရံတွင် ရေဒီကယ်ဆိုရှယ်လစ်ပါတီကို ထောက်ခံပြီး တခါတရံတွင် ရေဒီကယ်ဆိုရှယ်လစ်ပါတီသည် "ရာဇဝတ်မှုမကင်းသည့် ညီအစ်ကိုတော်ဂိုဏ်း" ဟု တိုက်ခိုက်သည်။ အီတလီက အဘီဆီနီယာပြည်နယ်ကို ဝင်တိုက်သည့်အခါတွင် အဘီဆီနီယာပြည်နယ်ဘက်က ထောက်ခံသည်။ သို့ရာတွင် မည်သို့မည်ပုံ စိတ်ကူးပြောင်းသွားသည်မသိ။ တမနက်တွင် "ဘဝသစ်" သတင်းစာ၌ အီတလီကို အကြီးအကျယ် ချီးကျူးထားသည့် ဆောင်းပါးတစောင် ပါလာသည်။ ဆောင်းပါးခေါင်းစဉ်က "ယဉ်ကျေးမှုအတွက် အီတလီက တိုက်ရခြင်း"။

ဂျိုလီယော့သည် ငှက်တကောင်နှင့်တူသည်။ ငှက်တို့မည်သည် မနက် အိပ်တန်းဆင်းပြီးလျှင် ထိုနေ့ မည်သို့အဆုံးသတ်မည်ကို မသိ။ ထို့အတူ ဂျိုလီယော့သည်လည်း ထိုနေ့အဖို့ ကြီးကျယ်ခမ်းနားသည့် ထမင်းစားပွဲကြီးတခုသို့ တက်ရမည်လော၊ သို့မဟုတ် ပုလိပ်ဌာနမှ သမ္မန်စာလာမည်လော ဆိုသည်ကို

ကြိုတင်မသိနိုင်။ ပြည့်တန်ဆာလက်ထဲသို့ ရာတန်တချပ်ကို ထည့်ပေးခဲ့သော်လည်း တိုက်ပြန်ရောက်လျှင် တိုက်အလုပ်သမားကို ငွေမရှိသည့် ချက်လက်မှတ်ဖြင့် လုပ်ခထုတ်ပေးချင် ပေးတတ်သည်။ မားတိ၏ ပန်းချီကားကို ဈေးကြီးပေး၍ ဝယ်သော်လည်း အိမ်ကမိန်းမ၏ အမွေရသည့် ငွေဖလားကို အပေါင်ဆိုင်စုံအောင် အနှံ့လျှောက်၍ ပေါင်တတ်သည့်အခါကလည်း မနည်းတော့။ ညကျလျှင် တယောက်တည်းထိုင်ကာ "ကားမင်း" အော်ပရာပြဇာတ်မှ သီချင်းများကို ဂီတာတဒေါင်ဒေါင်ဖြင့် တီးချင်တီးနေတတ်၏။

ဝတ်လိုက်သည့် အဝတ်အစားကလည်း ကြောင်ကြောင်ကျားကျားတွေ၊ ပိုးရုပ်အင်္ကျီဆိုလျှင် လိမ္မော်ရောင်မှ၊ လည်စည်းဆိုလျှင် ပြောင်းဖူးပွင့်ရောင်မှ။ ရင်ထိုးဆိုလျှင် အိမ်မြှောင်ရုပ် ရွှေရင်ထိုးမှ။ လူက ဝဖိုင့်ဖိုင့်ဖြစ်သည့်တိုင် ဖျတ်လတ်သည်။ စကားပြောလျှင် တောင်ပိုင်းသံဝဲပြီး အီတလီလူမျိုးတွေလို ခပ်ဝါးဝါး ပြောတတ်သည်။ အလဇ္ဇီပေသလကို ပြောလေလေ သူ့ကိုယ်သူ သူတော်ကောင်း ယောင်ဆောင်လေလေ။

ဒက်ဇာ၏ ရုံးခန်းထဲသို့ ရောက်သည်နှင့် ဂျူလီယော့သည် သူ၏သတင်းစာ ကောင်းခြင်းမင်္ဂလာအဖြာဖြာကို ချီးမွမ်းခန်းဖွင့်၏။ နောက်ထပ် ငွေတသောင်းလောက် ထုတ်ပေးရန် မြူဆွယ်ခြင်း ဖြစ်သည်။

"ဒီလောက် ဗရုတ်ဗရက်ဖြစ်နေတဲ့ ကာလကြီးမှာ ကျွန်တော့်သတင်းစာအနေနဲ့ သိက္ခာအကျမခံနိုင်ဘူး၊ တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်ဝပ်ပိပြားရေးအတွက် မူကျကျ ရပ်ရမှာပဲ၊ ကျွန်တော်တို့သတင်းစာထဲက လီယော့ရဲ့ ဆောင်းပါးကိုတော့ ဖတ်ပြီးရောပေါ့။ မာ့က္ခစ်ဝါဒဟာ ဘယ်လောက်အဆိပ်အတောက်ကြီးသလဲ ဆိုတာကို ရေးထားတာလေ၊ သြော်… ရွေးကောက်ပွဲအကြိုအနေနဲ့ အထူးဆောင်းပါးတစောင် ထည့်ဖို့ ပြင်ထားတယ်ဗျ။ ဖော်တီန္တိုင်းရေးတာ၊ ဆိုဗီယက်ရုရှမှာ ဘယ်လောက်ပျက်စီးပြီး ဘယ်လောက်အခြေအနေဆိုးသလဲ ဆိုတာကို ရေးထားတာ၊ မော်စကိုကနေပြီး ရေးပို့တဲ့ ကြေးနန်းသတင်းဆောင်းပါးတွေပုံစံနဲ့ ထည့်မလို့၊ သဘောကတော့ မော်စကိုကနေပြီး ရေးပို့နေတယ်ပေါ့။ သူ့ကိုတော့ ဝါဆောကိုသွားတဲ့ ကုန်ကျစရိတ်လောက်ပဲ ပေးထားလိုက်တယ်လေ၊ ပြီးတော့ ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်နဲ့ ပတ်သက်တဲ့ အထောက်အထားတခုလဲ

ရထားတယ်၊ ဗီးလာ့ဒ် ငယ်ငယ်တုန်းက မိန်းကလေးတယောက်ကို အဓမ္မကျင့်ဖူးတယ်တဲ့၊ စာပို့သမားတယောက်ရဲ့ သမီးတဲ့၊ ဗီးလာ့ဒ် ငှားနေခဲ့ဖူးတဲ့ အိမ်ရှင်က သက်သေခံမယ်၊ အထောက်အထားလဲ ပေးမယ်၊ ငွေကတော့ တသောင်းလောက်ကုန်လိမ့်မယ်၊ သတင်းက တကယ့်သတင်းထူးပဲ ခင်ဗျ၊ ဒူရှနေးကလဲ လက်သံပြောင်ပြောင်နဲ့ရေးမှာ၊ ကလောင်သွားကလဲ ထက်ထက်"

"အခြေအနေက တမျိုးဖြစ်သွားပြီဗျ" ဒက်ဇာက ကြားဖြတ်၍ ပြောလိုက်သည်။ "ခုခေတ် ကလောင်သစ်တွေက ကလောင်သွားကို ပြောင်းပြန်ရေးတဲ့နေရာမှာ ထူးချွန်တယ်ဗျ။ ခု ကလောင်ကို အတည့်ရေးလို့ မဖြစ်တော့ဘူး ပြောင်းပြန်လှန် ရေးမှ ဖြစ်မယ်၊ ဘာဖြစ်လို့လဲ သိရဲ့လား။ ပြည်သူ့တပ်ဦးကို ထောက်ခံကြရတော့မယ်ဗျ၊ ခု ခင်ဗျားကို ပြောချင်တာလဲ ဒါပဲ၊ ခင်ဗျားသတင်းစာက ပြည်သူ့တပ်ဦးကို ထောက်ခံရေးပေးပါ"

ဂျူလီယော့ ထိုင်ရာမှ ထလိုက်ပြီး ဇာတ်မင်းသားဟန် လက်ကို တန်းထားသည်။

"ကျားသားမိုးကြိုး၊ မဖြစ်နိုင်တာဗျာ" သူ့အသံက တုန်နေသည်။ "နိုင်ငံရေးဆိုတာ ခု စာကလေးကြော်၊ ခု ဆီထမင်းလုပ်ရတယ်ဆိုတာ ကျွန်တော်လဲ သိပါတယ်။ ကျွန်တော့်သတင်းစာသက်တမ်းမှာ ကလောင်သွားကို မှောက်ရေးလိုက်၊ လှန်ရေးလိုက်လဲ လုပ်ခဲ့လှပါပြီ၊ အမျိုးမျိုးလဲ ဘက်ပြောင်းဖူးပါပြီ၊ ဒါပေမယ့် ခုဟာကတော့ မဖြစ်နိုင်ဘူးခင်ဗျ။ ပြင်သစ်ပြည်ကြီးကိုတော့ ကျွန်တော် သစ္စာမဖောက်နိုင်ဘူး၊ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ ဒါကိုတော့ မြဲမြဲမှတ်ထားပါ။"

"တော်စမ်းဗျာ၊ ဒါ အစည်းအဝေးမှာ ငြင်းနေတာ မဟုတ်ဘူး၊ အလုပ်ကိစ္စကို ပြောနေတာ၊ ခင်ဗျား စကားကြီးစကားကျယ်တွေ အသာထား၊ ကျုပ်ပြောတာ နားထောင်၊ ပြင်သစ်ပြည်ရဲ့ ကံကြမ္မာဟာ ဒီရွေးကောက်ပွဲမှာ ပြည်သူ့တပ်ဦး အနိုင်ရရေးပေါ်မှာ တည်နေတယ်၊ လူတွေက မကျေမနပ်ဖြစ်လို့ ပေါက်ကွဲခါနီးနေပြီ၊ ဒီအချိန်မှာ ကျုပ်တို့က အန္တရာယ်ထိန်းခလုတ်ကို ဖွင့်ပေးလိုက်ရမယ်၊ ဖွင့်မပေးယင် ဒီဘွိုင်လာအိုးကြီး ပေါက်သွားမှာပေါ့၊ ဒါကြောင့် လူတွေကို နှစ်သိမ့်တဲ့အနေနဲ့ ပြည်သူ့တပ်ဦးကို တင်ရမယ်။ ဗီးလာ့ဒ်ဟာ စာပို့သမားရဲ့ သမီးကို အဓမ္မကျင့်သလား ဘာလား ဆိုတာတွေက အရေးမကြီးပါဘူး၊

ကျုပ်သဘောပြောရယင် ဒီစကားကို ယုံလဲမယုံဘူး၊ ဒီလူဟာ သူ့မိန်းမနဲ့တောင် အတူနေပုံမရဘူး၊ ကျုပ် ကြားရသလောက် ပြောရယင် ဒီလူမှာ ပန်းသေရောဂါ ရှိတယ်တဲ့၊ ဒါပေမယ့် ခက်တာက ဒီလူကို အတိုက်အခံလုပ်ခွင့်ပေးထားရင် အန္တရာယ်ကြီးတယ်ဗျ၊ ခြသေ့ဲ်ဟိန်းသလိုပဲ၊ သူ့ကို ဝန်ကြီးရာထူးတနေရာလောက် ပေးရမယ်၊ ပေးလိုက်ယင် ခင်ဗျားလူ သိုးကလေး အော်သလို အော်သွားမှာ...”

“အန္တရာယ်ကြီးတယ်နော်၊ မနေ့က တိုင်းပြည်ကို သစ္စာဖောက်ခဲ့တဲ့လူတွေရဲ့ လက်ထဲကို ပြင်သစ်ပြည်ကြီး ဝကွက်ပြီး အပ်လိုက်ရတာနဲ့ အတူတူပဲ”

“နေဦး... နေဦး” ဒက်ဇာကပြောသည်။ “အရေးကြီးတဲ့အပိုင်း ရောက်လာပြီ၊ ကျုပ် ခင်ဗျားကို တွေ့ချင်တယ်ဆိုတာ အဲဒါပဲ၊ ဆေးလိပ်သောက်ပါဦး၊ ဘဝသစ် သတင်းစာဟာ ပြည်သူ့တပ်ဦးကို ထောက်ခံလိမ့်မယ်လို့ ကျုပ်ယုံတယ်၊ ခင်ဗျားဟာ အတွေ့အကြုံလဲ ရှိတယ်၊ အမြော်အမြင်လဲရှိတယ်၊ ပြီးတော့... ကျုပ်ကလဲ ခင်ဗျားကို အကူအညီတခု ပေးချင်တယ်”

“ဒါပေမယ့်...”

“ကျုပ်ပြောချင်တာက ဒီလိုပါ၊ ခု လူတွေက မျိုးချစ်စိတ်ဓာတ် သိပ်ပြင်းထန်နေကြတယ်၊ ဖက်ဆစ်ဝါဒကို သိပ်မုန်းတီးနေကြတယ်၊ ဒါကိုလဲ နားလည်နိုင်ပါတယ်၊ ဒါပေမယ့် မျိုးချစ်စိတ် ပြင်းထန်လွန်းတော့ အန္တရာယ်ကြီးတယ်ဗျ၊ ခင်ဗျားသတင်းစာဟာ ငြိမ်းချမ်းရေးဝါဒီတွေရဲ့ သတင်းစာ ဖြစ်ရမယ်ဗျ၊ လူမျိုးအချင်းချင်း ချစ်ကြည်ရေးတို့၊ ဥရောပရဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့၊ ကလေးတွေကို အန္တရာယ်ကာကွယ်ရေးတို့၊ မိခင်တွေရဲ့ မျက်ရည်များကို မကျအောင်လုပ်ဖို့၊ အဲ... အဲဒီအရာတွေဟာ ငြိမ်းချမ်းရေးရှိမှ ဖြစ်နိုင်မယ်ဗျ၊ ငြိမ်းချမ်းရေးကို ဘယ်နည်းနဲ့ဖြစ်ဖြစ် အရယူရမယ်”

“ပြင်သစ်ပြည်အဖို့ကော...”

“ကာသိတိုင်းလို ပျက်စီးသွားရတဲ့ တိုင်းနိုင်ငံကြီး ဖြစ်ရတာထက် မပျက်မစီးပဲ ငြိမ်းငြိမ်းချမ်းချမ်းနေရတဲ့ မော်နာကိုလို တိုင်းပြည်လေးဖြစ်ရတာက တော်သေးတာပေါ့။ သူများကျွန်ဖြစ်ချင်လဲ ဖြစ်ပေါ့ဗျာ၊ ဘယ်တတ်နိုင်မလဲ၊

ငြိမ်းငြိမ်းချမ်းချမ်း နေရယင် တော်ပြီပေါ့။ ကျုပ်ထင်ပါတယ်၊ ခုစစ်ကြီးမှာ ပြင်သစ် ဝင်တိုက်ယင် ရှုံးမှာပဲဗျ။ ပြင်သစ်ပြည်ဟာ မောပန်းအားကုန်နေပြီ၊ ကျုပ်တို့လူမျိုးမှာ ချစ်ရတာနဲ့၊ မနာလိုဝန်တိုတာနဲ့၊ အချင်းချင်းရန်ဖြစ်ရတာနဲ့ မောလှပြီ၊ လူတွေမှာ အားကုန်နေပြီ၊ ဒါ သဘာဝတရားပဲ၊ အသက်ခြောက်ဆယ်လောက်အထိ ပြာသိုလမှာ ကြောင်ထီးတွေ မြူးသလို မြူးနိုင်တဲ့လူဆိုလို့ ခင်ဗျားမိတ်ဆွေကြီး တက်စ လောက်ပဲ ရှိတော့တယ်၊ ဘာလဲ ပြင်သစ်လူမျိုးဟာ သူရသတ္တိရှိတဲ့လူမျိုးလို့ ခင်ဗျား ပြောမလို့လား၊ ဟုတ်ပါတယ်။ တခါတုန်းကတော့ ပြင်သစ်လူမျိုးဟာ ဥရောပတတိုက်လုံးကို (ပြင်သစ်နိုင်ငံတော် သီချင်းဖြစ်တဲ့) မာဆေးသီချင်းသံ လွှမ်းသွားအောင် လုပ်နိုင်ခဲ့ပါတယ်၊ ကလေးတွေကိုလဲ ကျောင်းတွေမှာ ဒီအတိုင်းသင်ခဲ့တာပဲ၊ ဒါပေမယ့် ခုတော့ ကျုပ်တို့ပြင်သစ်လူမျိုးဟာ ပျော့ဖပ်ဖပ်ဖြစ်သွားပြီဗျ။ ကျုပ်တို့ဟာ ဇိမ်ကျကျနေခဲ့ရတာ ကြာလာတော့ မစွန့်စားချင်တော့ဘူး၊ ကျုပ်တို့ ပြင်သစ်လူမျိုးရဲ့ ဂုဏ်သိက္ခာနဲ့ တရားမျှတမှုအတွက် ဘယ်သူက တိုက်ပေးမှာတဲ့လဲ၊ (ပန်းချီဆရာ) လာဗဲလ် လား၊ (အဆိုတော်) မောရစ်ရှာဗဲလီးယား လား၊ ခင်ဗျားလား၊ တိုတိုပြောမယ်ဗျာ၊ (ဂျာမန်စာရေးဆရာ) ရီမာ့များ နောက်ထပ်ဝတ္ထုတပုဒ်ရေးရင် မူပိုင်ခွင့်တွေ အားလုံးကို ဝယ်လိုက်တော့၊ မူပိုင်ခွင့်တွေအတွက် ကြေးနန်းရိုက်လိုက်တော့၊ ကျုပ် ပိုက်ဆံထုတ်ပေးမယ်”

ဂျူလီယော့ အတန်ကြာမျှ တွေးနေသည်။

ပြီးမှ တအံ့တဩဖြင့်…

“ဒီလိုဆိုလဲ ဟုတ်ပြီလေ၊ အင်း… တယ်လာဘ်မြင်သကိုးဗျ၊ ဒါကြောင့် ဒီအခြေအနေမျိုးကို ရောက်ပေတာပဲ၊ ဟုတ်တယ်၊ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးကို ဘယ်နည်းနဲ့ရရ ယူရမယ်၊ ကျွန်တော်လဲ ကြိုက်သွားပြီ၊ ခေးသွားမှ ထယ်သွားသို့ ပြောင်းရမယ် ဟုတ်စ”

ဒက်ဇာက ပြုံးလိုက်၏။

“ပြင်သစ်ပြည်က လက်နက်ထုတ်လုပ်ရေးလုပ်ငန်းမှာ ကျုပ်အရင်းအနှီးတွေ ပါနေတယ်ဆိုတာ ခင်ဗျား မေ့သွားပြီ ထင်တယ်၊ ဒီလုပ်ငန်းကြောင့် ပြင်သစ်လူမျိုး ထောင်ပေါင်းများစွာ အလုပ်ရနေကြတယ်၊ ပြီးတော့ လက်နက်ထုတ်လုပ်ရေးလုပ်ငန်း လျှော့ပစ်လိုက်ယင် ကျုပ်တို့ ချက်ချင်း

အတိုက်ခံရမှာပေါ့။ အရေးကြီးတာက ပြင်သစ်လူမျိုးမှာ မျိုးချစ်စိတ်ဓာတ် အဖျားတက်နေတယ်ဗျ၊ ဒီမိုကရေစီ လွတ်လပ်ခွင့်ဆိုတဲ့ အဖျားတက်နေတယ်ဗျ။ အဲဒီတော့ ပြင်သစ်ပြည်က အမြောက်ကုန်သည်ကြီးတွေဖြစ်တဲ့ အိမ်ထောင်စုကြီးနှစ်ရာဟာ စစ်ဖြစ်စေချင်နေကြတယ်ဆိုတာ ခင်ဗျားသတင်းစာက ရေးဖို့လိုတယ်ဗျ”

ဂျိုလီယော့က ချက်လက်မှတ်ကို အိပ်ကပ်ထဲသို့ အသာထည့်လိုက်သည်။

“စိတ်ချပါ၊ ကျွန်တော် ကောင်းကောင်းရေးပါ့မယ်...၊ ဒက်ဇာက အိမ်ထောင်စုကြီးနှစ်ရာကို ဆန့်ကျင်သည်... လို့ ခေါင်းစဉ် တပ်ရမယ်”

“အို... ဒီလိုမတပ်နဲ့လေ...၊ အိမ်ထောင်စုနှစ်ရာနဲ့အတူ ဒက်ဇာကလည်း ပြည်သူများကို သွေးထဲတွင် နှစ်သတ်ရန် ကြံစည်နေခြင်း... လို့ တပ်ရမယ်၊ မကောင်းဘူးလား၊ အမှန်တရားနဲ့ နီးစပ်တာပေါ့ ဟား... ဟား”

ဂျိုလီယော့သည် သတင်းစာတိုက်အပေါ်ထပ်သို့ ပြေးတက်လာကာ စာရေးမကို လှမ်းအော်သည်။

“ဟေ့ လူစီ၊ ဒီနေ့ကစပြီး နင့်လခကို သုံးရာအထိ တိုးပေးလိုက်မယ်၊ အို ရှုပ်ပါတယ်၊ ငါးရာ၊ ငါးရာ”

ထိုနေ့တနေ့လုံး ဂျိုလီယော့ ပျော်နေသည်။ သူ့ဝမ်းသာစရာသတင်းကို လူတိုင်းအား ပြောချင်နေသည်။

“ဟေ့... နာမည်ကြီးတဲ့ လက်ဝဲစာရေးဆရာတယောက်လောက်ကို သွားရှာကွာ၊ မူဆိုလီနီရဲ့ ကာတွန်းပုံတပုံလဲ ဆွဲခိုင်းခဲ့။ အလုပ်သမားတွေ ဆင်းရဲငတ်ပြတ်နေတဲ့အကြောင်း၊ ပြီးခဲ့တဲ့ စစ်ပွဲအကြောင်း၊ ပြီးခဲ့တဲ့ စစ်တုန်းက ဗာဒွန်းမှာ ဘယ်လိုကြေကွဲစရာတွေ တွေ့ခဲ့ကြောင်းတွေကို ရေးပေးပါလို့ အဲဒီစာရေးဆရာကို ပြောခဲ့၊ လက်ယာစာရေးဆရာ ဖော်တီနိုင်းကိုတော့ ခေါက်ထားလိုက်တော့၊ အဲ... အဲ... မခေါက်နဲ့ဦးဟေ့၊ မဖြစ်သေးဘူး၊ ရေးစရာရှိတာတွေကို ရေးထားပါလို့ ပြောခဲ့၊ နောက်တနှစ်လောက်ရှိလို့ အခြေအနေ ပြောင်းသွားယင် သူ့ဆောင်းပါးတွေကို ပြန်သုံးချင် သုံးနေရဦးမှာ”

ထိုနေ့ညနေတွင် ဂျူလီယော့သည် မွန်မာ့သို့သွား၍ ညစာစားသည်။ ညဥ့်နက်မှ အိမ်ပြန်ရောက်လာပြီး သူ့မယားကို နှိုးသည်။ ညကလပ်တခုမှ ဝယ်လာခဲ့သည့် နှင်းဆီပန်းစည်းတစည်းကို လက်ဆောင်ပေး၏။ ပန်းစည်းမှာ ညှိုးနွမ်းစပြုကာ ပုပ်စော်နံ့စ ပြုနေပြီ။

"ငွေလေးသောင်း ရလာတယ်ကွ၊ တို့တော့ ပွတာပဲ"

သူ့မိန်းမနားသို့ ကပ်ကာ တိုးတိုးလေးပြောသည်။

ထို့နောက် ရှူးဖိနပ်ကို ချွတ်သည်။ အိပ်ခန်းထဲတွင် စီးသည့် လွှာဖိနပ်ကို ကောက်စွပ်သည်။ ဘိလပ်ရည်ပုလင်းကို ငှဲ့ပြီး သောက်သည်။

"သွားပြီ၊ ပြင်သစ်ပြည်ကြီးတော့ သွားပြီ၊ ပြင်သစ်ပြည်ကြီးတော့ ပျက်စီးတော့မယ်"

စကားလုံးများသည် သူ့ပါးစပ်မှ အလိုလို ထွက်လာကြသည်။ သို့ရာတွင် ထိုစကားလုံးများ၏ အဓိပ္ပါယ်ကို သူကောင်းကောင်း နားမလည်။

ထိုနေ့ညနေပိုင်း၌ အလွန်ဩဇာကြီးသည့် ဒက်ဇာနှင့် အညတရ အင်ဂျင်နီယာ ပီယာတို့သည် ဆိန်းမြစ်ကမ်း တာရိုးတလျှောက်တွင် လမ်းလျှောက်လျက် ရှိကြ၏။ ပါရီတွင် တွေ့မြင်နေကျ ပြာမှိုင်းမှိုင်းအရောင်၊ ဖောင်များမှ မီးရောင်များ ကြိုးတိုးကျဲတဲ လက်နေသည့် တိတ်ဆိတ်နေသော ဆိန်းမြစ်၊ ကျောက်တုံးတောအုပ်ကြီးတခုလို မည်းမည်းကြီးရပ်နေသည့် နိုတာဒွန်ဘုရားရှိခိုးကျောင်း စသည်တို့သည် သူတို့နှစ်ယောက်၏ တိတ်ဆိတ်မှုကို ကူညီအားဖြည့်နေသကဲ့သို့ ထင်ရ၏။ ဟာလေ ဆော်ဗင်းအနီးမှ ဖြတ်လာသည့်အခါတွင် ချဉ်စူးစူး ဝိုင်အရက်အနံ့သည် လတ်ဆတ်သည့် လေပြည်ထဲတွင် ပါလာ၏။ နွေဦးအနံ့ကို ရသဖြင့် တိရိစ္ဆာန်ရုံအမှောင်ထဲမှ တိရိစ္ဆာန်များ၏ အော်မြည်မြူးထူးနေသံများကို ကြားရသည်။ လင်းနေအောင် ရေ့မီးများကို ထွန်းထားကြသည့် မော်တော်ကားများသည် တံတားကို ဖြတ်မောင်းသွားကြ၏။ ထို့နောက်တွင်မူ တိတ်ဆိတ်သည့် ပြာမှိုင်းမှိုင်း နှင်းမြူ။

အိမ်များနှင့် မြစ်။ "ဘုန်းကြီးလမ်း" နှင့် "သစ်သားခားမြှောင်လမ်း" စသည့် လမ်းကျဉ်းကလေးများ။ ဘဝမျိုးစုံကို တွေ့ခဲ့ရသည့် ပါရီမြို့၏ လျှို့ဝှက်ဆန်းကြယ်မှု။ ထိုအရာများအားလုံးသည် သူတို့နှစ်ယောက်အပေါ်တွင် တမျိုးစီ အရှိန်အဝါကို လွှတ်လျက်ရှိကြ၏။

တက်စ၊ ဂျူလီယော့၊ ကိန်းဂဏာန်းနှင့် လိမ်လည်မှုတို့ကို တွေ့ပြီးသည့်နောက်တွင် ဒက်ဇာသည် အာမရှင်တော့။ သူ့ခါးက ခပ်ကိုင်းကိုင်း။ ပါရီမြို့ကြီး တိတ်ဆိတ်နေပုံသည် ခရီးတခုသွားရခါနီးလို တိတ်ဆိတ်နေသည်။ အထုပ်အပိုးတွေက ဘေးတွင်ရန်လျက်။ လိုက်ပို့နှုတ်ဆက်ကြသည့် မိတ်ဆွေတွေကလည်း ခွဲရတော့မည်မို့ စကားမပြောမိကြ။

ပီယာကမူ ပျော်နေသည်။ ညနေဆည်းဆာနှင့် ကျောက်တုံးဘုရားရှိခိုးကျောင်းကြီးကို ကြည့်ရသည်ကလည်း ကြည်နူးစရာ။ အင်္ဂနိစ်၏ မဝံ့မရဲအလှ၊ လျှို့ဝှက်ဆန်းကြယ်သည့်အလှကို ကြည့်ရသည့်နှယ်။ ကုတ်အင်္ကျီကိုဖွင့်ပြီး လတ်ဆတ်သည့်လေကို တအားရှူလိုက်သည်။ သူ့တသက်တွင် နွေဦးပေါက်ရာသီကို ပထမဆုံး တွေ့ဖူးသည့်နှယ် ပျော်၏။ သည်မျှ ရိုးသား အပြစ်ကင်းသည့် ပျော်ရွှင်မှုမျိုးကို တခါမျှ မတွေ့စဖူး။ အင်္ဂနိစ် စွဲမက်စရာကောင်းပုံ၊ သဘောကောင်းပုံ၊ ဥာဏ်ထက်မြက်ပုံတို့ကို တိရိစ္ဆာန်ရုံထဲက တိရိစ္ဆာန်တွေနှင့် လမ်းမီးတိုင်တွေဆီ သွားပြီး တညလုံး ပြောပါဆိုလျှင် မမောမပန်း ပြောပါလိမ့်မည်။

သို့ရာတွင် ပီယာ ပျော်နေခြင်းမှာ အချစ်ကြောင့်ချည်း မဟုတ်။ သည်နှစ်နွေဦးသည် သူတို့ပြင်သစ်ပြည်ကြီးအဖို့ မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံသည့်ကာလ ဖြစ်သည်ဟု သူထင်သည်။ ပီယာ၏အဖေသည် ဆိုရှယ်လစ်တဦးဖြစ်သည်။ ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်သည် သူတို့မြို့သို့ တရားဟောရောက်လာလျှင် သူတို့အိမ်သို့လာ၍ ထမင်းစားပြီး စကားစမြည် ပြောလေ့ရှိသည်ဟု အမေက ပြောဖူး၏။ တနေ့တွင် အဖေသည် ခေါင်း၌ သွေးသံရဲရဲဖြင့် အိမ်သို့ ပြန်လာ၏။ ဖားရား ဆိုသည့် စပိန်လူမျိုးတယောက်ကို အစိုးရက သေဒဏ်ပေးသဖြင့် ကန့်ကွက်ဆန္ဒပြကြသည်။ အဖေသည် ထိုဆန္ဒပြပွဲတွင် ပုလိပ်ရိုက်ခံရသဖြင့် ဒဏ်ရာရလာခဲ့ခြင်းဖြစ်၏။

ထိုစဉ်က ပီယာက ခုနစ်နှစ်သား။ တရေးအနိုး မျက်နှာ၌ သွေးတွေပေနေသည့် အဖေ့ကို တွေ့သည့်အခါတွင် ပီယာသည် ကြောက်လန့်တကြား အော်ငို၏။ သူ့အဖေသည် ပထမကမ္ဘာစစ်ကြီးတွင် ကျဆုံးသွားခဲ့သည်။ “တို့ကို စစ်ထဲအတိုက်ခိုင်းတဲ့လူတွေကတော့ သူတို့အကြွေးကို သူတို့ပြန်ဆပ်ရလိမ့်မယ်၊ မကြာခင် တော်လှန်ရေးကြီး ဖြစ်တော့မယ်” ဟု မသေခင်လေးတွင် အမေ့ထံ စာရေးသွားခဲ့သည်။

ပီယာတို့ လူငယ်တသိုက်အဖို့ တော်လှန်ရေးဟူသော စကားလုံးသည် နှင်းထုကြီးထဲတွင် နေလုံးကြီး ပေါ်လာသကဲ့သို့ ဖြစ်နေသည်။ ပထမကမ္ဘာစစ်ကြီး ဖြစ်တုန်းက သူတို့တတွေ ငယ်ငယ်ကလေးတွေ ရှိကြသေးသည်။ ထိုစဉ်က ဂျာမန်ဆန့်ကျင်ရေး ဆန္ဒပြပွဲများတွင် သူတို့ ပါခဲ့ကြသည်။ “ဘာလင်ကို သိမ်းကြ” ဟု အော်ခဲ့သည်။ စစ်ဘောင်းဘီပွပွကြီးတွေကို မြင်လျှင် သွေးဆူခဲ့ကြသည်။ စစ်သားတွေ စစ်မြေပြင်သို့ မော်တော်ကားဖြင့် ထွက်သွားကြသည်ကို ဩဘာပေးခဲ့ကြသည်။ သို့ရာတွင် မကြာမီ စစ်မြေပြင်မှ ဒဏ်ရာရ ပြန်လာသူများကို မြင်ခဲ့ကြရ၏။ ခြေပြတ် လက်ပြတ်တွေ။ ဒဏ်ရာကြီးတွေ။ သွေးတွေ။

စစ်နောက်ပိုင်းတွင် ကျန်ခဲ့သည့် ပြင်သစ်ပြည်ကြီးသည် ကာဘော်လစ်နံ့ ထုံနေ၏။ မုဆိုးမတို့၏ အဝတ်နက်များဖြင့် မှောင်နေ၏။ အဖေတို့တတွေ ခွင့်ဖြင့်ပြန်လာသည့်အခါတွင် သန်းကြီးမတွေအကြောင်း၊ ရွှံ့အလိမ်းလိမ်းဖြစ်သည့် ကတုတ်ကျင်းများအကြောင်း၊ ဓာတ်ကြိုးတွင် တွဲလောင်းကျကာ ပုပ်နေသည့် အလောင်းများအကြောင်းကို သူတို့ကြားခဲ့ရသည်။ “တော်လှန်ရေးကတော့

ဖြစ်မှာပဲ” ဟု ပြောကြသည်။ စစ်တပ်ထဲတွင် တပ်တွင်းပုန်ကန်မှုများ ဖြစ်နေသည်။ အော်ရီရာသင်္ဘောမှ အမြောက်သံသည် ရုန်ပိန်မြို့သို့ ရောက်လာသည်။

စစ်ပြေငြိမ်းရေးစာချုပ် ချုပ်သည့်အတွက် ခရာတွေမှုတ်သည့်အခါ သူတို့တတွေ ခဏပျော်ကြရသည်။ လူကြီးတွေ၊ လူငယ်တွေ လမ်းတလျှောက်မှာ တညလုံး ကကြ၊ ခုန်ကြသည်။ “ပျော်တယ်ဟေ့...” ဟု အော်ကြသည်။ စစ်သားတွေ အိမ်ပြန်လာသည့်အခါတွင် ဆင်းရဲခြင်း၊ ငတ်မွတ်ခြင်းနှင့် ဥပေက္ခာပြုခံရခြင်းတို့ကိုသာ တွေ့ရ၏။ သပိတ်တွေ တလုံးပြီးတလုံး ပေါ်လာသည်။ ထိတ်လန့်နေသော ဓနရှင် လူတန်းစားသည် တော်လှန်ရေးကို အမဲလိုက်သလို လိုက်လံပစ်ခတ်၏။ လက်နက်မျိုးစုံကို သုံး၏။ မဟုတ်မမှန် သတင်းလွှင့်ခြင်း၊ မျက်ရည်ယိုဗုံး၊ ကတိအလိမ်အညာ၊ ထောင် စသည့် လက်နက်များကို အသုံးပြု၏။ လက်ယာဂိုဏ်းဝန်ကြီးချုပ် ပွန်ကာရေသည် သွားကြီးတွေဖြဲကာ ဓားမြှောင်ကိုက်ထားသည့် ဘီလူးရုပ်ကြီးတရုပ်ကို ရေးဆွဲစေပြီး ကွန်မြူနစ်ဟု တံဆိပ်ကပ်၏။ ကုန်သည်လေးများနှင့် လယ်သမားများအား ထိုအရုပ်ကြီးဖြင့် ခြောက်လှန့်၏။

တော်လှန်ရေးသည် ပါတီကလာပ်စည်းများထဲသို့ ပြန်လည်ဆုတ်ခွာသွားကြသည်။ အလုပ်သမားလူတန်းစား အိမ်ထောင်စုများ၏ တံခါးပိတ်ထားသော အခန်းကျဉ်းကလေးများထဲသို့ ရောက်သွားသည်။ စိတ်ပျက်နေသော အလုပ်သမားများ၏ ခါးသီးသော အတွေးများနောက်တွင် ပျောက်ကွယ်နစ်မြုပ်သွားသည်။ တခါတခါကျမှသာလျှင် တော်လှန်ရေးသည် သတ္တုတွင်းအလုပ်သမား၏ သပိတ်၊ စီတန်းဆန္ဒပြပွဲတခုတို့၏ ပုံသဏ္ဍာန်များဖြင့် ပေါ်လာတတ်တော့သည်။ ၁၉၂၇ ခုနှစ် နွေရာသီ တညနေတွင် ပါရီမြို့တော်ကြီးသည် တုန်လှုပ်ချောက်ချားသွားခဲ့၏။ ဆက်ကိုနှင့် ဗင်ဇက်တီ ဆိုသည့် အလုပ်သမားနှစ်ဦးကို အစိုးရက သေဒဏ်ပေးလိုက်သည့်အတွက် ပြည်သူများက ဒေါသတကြီးဖြင့် ကန့်ကွက်ကြသည်။ လေထဲတွင် ကျောက်ခဲတွေ ပျံ့ဝဲကုန်ကြသည်။ ပါရီလမ်းမများသည် အလုပ်သမားတို့၏ သွေးများဖြင့် စိုရွှဲခဲ့ရပြန်ပြီ။

လူတွေ စီးပွားရေး ကျပ်တည်းလာကြသည်။ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီးကြောင့် ယက်ကန်းစင်တွင် လွန်းတွေ

ရပ်ကုန်ကြသည်။ ညတွင် လမ်းမတလျှောက် မည်းမည်းအရိပ်တွေဖြင့် ပြည့်နေတော့သည်။ စစ်ပြေငြိမ်းရေး လုပ်ပြီးသည်မှာ ဆယ့်ငါးနှစ်ကြာခဲ့ပြီ။ တော်လှန်ရေးသည် နောက်တကြိမ် ပါရီက လမ်းများပေါ်သို့ ခေါင်းပြူထွက်လာပြန်သည်။ "ဒီတခါလဲ တို့ကို စစ်ထဲ နောက်တကြိမ် ပြန်ဆွဲသွင်းဦးမှာလား" ဟု လူငယ်တွေအချင်းချင်း ပြောမိကြသည်။ သူတို့တတွေအားလုံး ဘဝ၏အရသာကို ငတ်မွတ်နေကြပြီ။ ငယ်ငယ်ရွယ်ရွယ်နှင့် အိုစာကုန်ကြပြီ။

ပီယာသည် နိုင်ငံရေးကို ကောင်းကောင်းနားမလည်။ နိုင်ငံရေးခေါင်းဆောင်ဆိုသူတို့ ပြောစကားကို အဟုတ်ကြီး ထင်နေသည်။ လွန်ခဲ့သည့် နှစ်နှစ်၊ ၁၉၃၄ ခုနှစ်တုန်းက ပီယာသည် သူနှင့် ဘာမျှစပ်ဆိုင်ခြင်းမရှိသော အရေးအခင်းအတွက် အသက်ကို ပေးလှူခဲ့တော့မတတ် ဖြစ်ခဲ့ဖူးသည်။ မည်းမှောင်သည့် ဖေဖော်ဝါရီလ ထိုည၌ ပီယာသည် အမှားကို အမှန်ဟုထင်ခဲ့ဖူးသည်။ သည်အကြောင်းကို ယခုပြန်တွေးလျှင် မျက်နှာနီတုန်း။ ရှက်သွေးဖြာတုန်း။ "အေးလေ... ငါက အလုပ်သမားဆိုတော့ ရိုးတာကိုး၊ သူတို့ပြောတဲ့စကားတွေကို ယုံမိတာပေါ့" ဟု ဆိုမိသည်။ ယခုလည်း ပီယာသည် မစ်ရှောကို ခေါင်းဆောင်တင်မိပြန်ပြီလေ။ သို့ရာတွင် ယခင်ကဲ့သို့ပင် သူ့သွေးထဲမှ တစုံတရာက သူ့ကို သတိပေးလျက်ရှိ၏။ စက်ပြင်ဆရာ မစ်ရှော၏ စကားလုံးများသည် ကြမ်းတမ်းပြင်းထန်လွန်းလှသည်ဟု ပီယာ ထင်၏။ ပီယာသည် တော်လှန်ရေးကို မေလမှာ ရွာသောမိုးလို ပျော်စရာဖြစ်စေချင်သည်။ ဆူဆူညံညံ ဖြစ်စေချင်သည်။

သူတို့နှစ်ယောက်သည် မြေအောက်ဘူတာရုံအဝတွင် ရပ်နေသည့် မိန်းမပျိုတယောက်အနီးမှ ဖြတ်လာခဲ့ကြ၏။ သူ့ကြည့်ရသည်မှာ တယောက်ယောက်ကို စောင့်နေသလိုလို။ နာရီစင်ပေါ်က နာရီကို လှမ်းကြည့်လိုက်။ ဘူတာဂိတ်ဝကို လှမ်းကြည့်လိုက်။ အရိုက်ခံထားသည့် ကလေးငယ်တယောက်နှင့် တူနေသည်။

"ကျုပ်တူကြီးလဲ ဆရာမလေးကို လက်ထပ်တော့မယ်ပေါ့ ဟုတ်လား"

ဒက်ဇာက ရုတ်တရက် ကောက်မေးလိုက်၏။

သည်အခါတွင်မူ ပီယာသည် သွယ်ဝိုက်ဖြေမနေတော့။ သူ့ထင်မြင်ချက်ကိုလည်း မတောင်းလိုတော့။ တလမ်းလုံး ဟိန်းနေအောင် အဂ္ဂနိစ် အမည်ကို အော်ခေါ်လိုက်ချင်သည်။

"ဟုတ်တယ်၊ ကျွန်တော် အဂ္ဂနိစ်နဲ့ လက်ထပ်တော့မလို့"

ဒက်ဇာသည် ရပ်၍ ပီယာကို စိုက်ကြည့်သည်။ ဝဲယာမျက်လုံးကြီးတွေက ပြူးပြူး၊ မျက်သားတွေက ဖြူဖြူ၊ ပျော်ရွှင်ပြုံးက တဝက်ဖြင့်...

"ကျုပ်တောင် တူမောင့်ကို အားကျသွားပြီ"

"ဦးကော... ဘာဖြစ်လို့" ပီယာ ထစ်နေသည်။ "ဘာဖြစ်လို့ မိန်းမ မယူသေးတာလဲ" ဟု မေးလိုက်ချင်သည်။ သို့ရာတွင် မမေးဖြစ်။

"မထူးပါဘူး၊ မယူတော့ပါဘူး၊ တချို့ကတော့လဲ ကျုပ်ကြောင့် မျက်ရည်ကျကြသတဲ့၊ တချို့ကတော့လဲ ကျုပ်ကြောင့် သတ်သေကြမလို့တဲ့၊ ဒါပေမယ့် ကျုပ်ကိုချစ်တာ မဟုတ်ပါဘူး၊ ကျုပ်ပိုက်ဆံကို ချစ်တာပါ၊ ကျုပ်ကို တကယ်ချစ်လာအောင် ဘယ်လိုလုပ်ရကောင်းမလဲ၊ ရုပ်ဖျက်နေရမလား၊ သဌေးဆိုတာ မသိအောင် နေရမလား"

"ဦးပိုက်ဆံတွေကို တခြားဖယ်ထားလိုက်ပေါ့ ဦးရဲ့၊ ဦးက ငွေကုန်သည်မှ မဟုတ်ပဲ။ အင်ဂျင်နီယာပဲ၊ ဒီငွေကြောင့် ဦးမှာ"

"ဒါပေမယ့် ငွေက ကျုပ်သည်းချေကြိုက်ဗျ။ ဘာဖြစ်လို့လဲ သိလား၊ ငွေဟာ အာဏာပဲဗျ။ ကျုပ်က နာမည်ကြီးတာလဲ မလိုချင်ဘူး၊ ထူးခြားတာကိုလဲ မကြိုက်ဘူး၊ အဲ... အာဏာကိုတော့ သဘောကျတယ်၊ သူများတွေအတွက် အရာရာကို ကိုယ်က ဆုံးဖြတ်ပေးရတာမျိုးကို သဘောကျတယ်၊ ဘာလဲ ကျုပ်တူကြီးက အာဏာဟာ ဝန်ထုပ်ဝန်ပိုးကြီးလို့ ပြောချင်သေးလား၊ ဟုတ်တယ်၊ ဝန်ထုပ်ဝန်ပိုးတော့ ဝန်ထုပ်ဝန်ပိုးပဲ။ ဒါပေမယ့် ဇိမ်ရှိတဲ့ ဝန်ထုပ်ဝန်ပိုးဗျ၊ ဒါတွင် မကသေးဘူး၊ အာဏာဟာ ကုတ်ကင်းများလိုပဲ ကိုယ်ထဲကို တဖြည်းဖြည်း စိမ့်ဝင်သွားတဲ့ အဆိပ်တမျိုးလဲ ဖြစ်တယ်၊ ဆစ်ဖလစ်ပိုးများလို နောက်ဆုံးကျတော့ သွေးထဲကို ရောက်သွားတာပဲ"

သူတို့နှစ်ယောက်သည် မည်းမှောင်သည့် လမ်းကျဉ်းကလေးတခုထဲသို့ ချိုးဝင်လိုက်ကြသည်။ ပုလိပ်ဌာနတခုမှ မီးအိမ်နီနီကြီးသည် မျက်စိနာနေသော မျက်လုံးတဘက်လို ရဲနေ၏။ မိန်းမတယောက်က အမှိုက်ပုံးတခုကို လှန်လှောမွှေနှောက်နေသည်။ မိုးကလေး ဖွဲဖွဲကျလာ၏။

"အာဏာနဲ့ကျယင် လူတိုင်း အဆိပ်မိသွားကြတာပဲဗျ" ဒက်ဇာက ပြောလိုက်သည်။ "အာဏာဆိုတာ ကမ္ဘာ့အနာကြီးရောဂါကြီးဗျ၊ ဘယ်သူမှ ဒီအာဏာကို မစွန့်ချင်ကြဘူး၊ ပြင်သစ်ပြည်က အရင်းရှင် အိမ်ထောင်စု နှစ်ရာကလဲ မစွန့်ချင်ဘူး၊ ပြင်သစ်လူမျိုး သန်းနှစ်ဆယ်ကလဲ မစွန့်ချင်ဘူး၊ သူတို့အားလုံးက ခံတိုက်ကြမှာပဲ၊ ပြင်သစ်ပြည်ကြီးအတွက်တော့ မဟုတ်ဘူး၊ သူတို့ပိုက်ဆံအတွက် နောက်ဆုံးထွက်သက်အထိ ခံတိုက်ကြမှာပဲ၊ စစ်ဖြစ်မယ်လို့ကော တူမောင်ထင်သလား၊ စစ်မဖြစ်ပါဘူးဗျ။ တော်လှန်ရေးလဲ မဖြစ်ဘူး၊ စိတ်ချ၊ လူတွေဟာ သူတို့ရပြီးသားကလေးတွေ၊ ရှိပြီးသားကလေးတွေ ဆုံးရှုံးသွားမှာကို ကြောက်နေကြတယ်၊ ဟိုအမှိုက်ပုံကို မွှေနှောက်ရှာနေတဲ့ မိန်းမကို ကြည့်စမ်း၊ သူ့မှာ ဘာမှကြောက်စရာမရှိဘူး၊ ဒါပေမယ့် ဒီလိုလူမျိုးတွေက အလွန်ရှားပါတယ်၊ သူတို့ကို ခြောက်လှန့်ထားလိုက်ရုံပေါ့။ လိုအပ်ယင် သတ်ပစ်လိုက်ရုံပေါ့၊ မဟုတ်ဘူးလား၊ ဒါပေမယ့် သတ်ဖို့တောင် မလိုတော့ပါဘူး၊ ကျုပ်တို့လူမျိုးတွေဟာ စိတ်ဓာတ်ပျက်ပြားနေတဲ့ လူမျိုးပဲ မဟုတ်ဘူးလား၊ အုပ်ချုပ်တဲ့ လူတန်းစားတွေဟာ လူအတွေ မဟုတ်ဘူးနော်၊ ဘယ်အရုပ်ကို လှုပ်စေချင်ယင် ဘယ်ခလုတ်ကို နှိပ်ရမယ်ဆိုတာ အကုန်သိတယ်"

"ဦးကလဲ ပြည်သူလူထုကို အထင်သေးလှချည်လား၊ ဒီလောက်လဲ အထင်မသေးပါနဲ့" ပီယာက ပြော၏။ "ဟုတ်ပါတယ်၊ ကျွန်တော်တို့လူထုဟာ အလျင်တုန်းက အလိမ်ခံခဲ့ရတယ်၊ အညာခံခဲ့ရတယ်၊ ဒါပေမယ့် ခုတော့ လူထုဟာ ဒီလောက်မထုံထိုင်းတော့ဘူးခင်ဗျ၊ နားလည်သဘောပေါက်လာကြပြီ၊ သူတို့ ဘာကိုလိုချင်နေသလဲ ဦးသိရဲ့လား၊ တော်လှန်ရေးကို လိုချင်နေကြတယ်ခင်ဗျ။ ကျွန်တော်တို့ စက်ရုံမှာဆိုယင် လူတော်လူကောင်းတွေ ထောင်ပေါင်းများစွာရှိတယ်၊ သူတို့ဟာ လောကကြီးမှာ ဘာကိုမှ ဆုံးရှုံးစရာမရှိတဲ့ လူလေလူလွင့်တွေ မဟုတ်ဘူး၊ သူတို့မှာ အလုပ်ရှိတယ်၊ မိသားစုရှိတယ်၊ အိမ်ရှိတယ်၊ စုထားတဲ့ ငွေကလေး နည်းနည်းပါးပါး ရှိတယ်၊ ဒါပေမယ့် ဒါကို အဆုံးသတ်ဖို့အတွက် လိုအပ်လို့ရှိယင် အဲဒီအရာတွေအားလုံးကိုလဲ စွန့်လွှတ်နိုင်တယ်ခင်ဗျ"

ပီယာက အမှိုက်ပုံကို မွှေနှောက်နေသည့် မိန်းမကို လက်ညှိုးထိုးပြလိုက်ယင်း...

"လူတွေဟာ တခါတလေကျတော့ ရှုံ့စေးနဲ့ တော်တော်တူတယ်၊ အလျင်တုန်းကတော့ လူတွေဟာ ဘုရားသခင်တွေနဲ့ တိရိစ္ဆာန်တွေကို ဖန်တီးခဲ့တယ်၊ ခု ကျွန်တော်တို့လူတွေကို ပြုပြင်ဖန်တီးရတော့မယ်ခင်ဗျ"

"ရှုံ့စေးလို့ မပြောပါနဲ့ကွယ်၊ ကလေးတွေ ဝါးနေတဲ့ ချူအင်းဂမ်းပါ၊ ချူအင်းဂမ်းများ ဝါးလိုက်တော့ ပုံသဏ္ဍာန် ပြောင်းသွားပေမယ့် နဂိုအတိုင်း ကျန်ရစ်ခဲ့တယ် မဟုတ်လား၊ တကယ်ကတော့ ဒီမှာလဲ နာမည်တွေသာ ပြောင်းသွားမှာပါ၊ စရိုက်တွေကတော့ မပြောင်းပါဘူး။ တကယ်ပြောင်းတာဆိုလို့ သေခြင်းတရားပဲရှိတယ်၊ သေခြင်းတရားတခုသာလျှင် အရာရာကို ပြောင်းလဲစေနိုင်တယ်၊ ဒါကြောင့် သေခြင်းတရားကို လူတွေ ကြောက်ကြတာပေါ့၊ ကျုပ်လဲ ကြောက်တာပဲ၊ ကိုယ့်ကိုကိုယ် သတ်သေတဲ့လူတွေကို ကျုပ်ဖြင့် အံ့သြလွန်းလို့၊ အေးလေ ကျုပ်ပြောချင်တာက ဒါမဟုတ်ပါဘူး၊ တူမောင်က တော်လှန်ရေးအကြောင်းကိုပြောလို့ စပ်မိလာလို့ ပြောတာပါ၊ တော်လှန်ရေးဆိုတာ သေခြင်းတရားပဲဗျ။ ကျုပ်တယောက်တည်းအတွက် မဟုတ်ဘူး၊ သန်းပေါင်းများစွာသော လူတွေအတွက်လဲ သေခြင်းတရားပဲ"

အတန်ကြာ တိတ်ဆိတ်သွားကြသည်။ တရုတ်ကတ် ပြတင်းများကြားမှ အလင်းရောင်တန်းကလေးများသည် လမ်းကျဉ်းကျဉ်းကလေးပေါ်သို့ ဖြာကျနေကြသည်။ ပြတင်းပေါက်တွေ မပိတ်ထားသော အိပ်ခန်းအောက်ထပ်တခုကို လှမ်းမြင်ရ၏။ အိမ်သူအိမ်သားများသည် စားပွဲတလုံးတွင် ထိုင်၍ ညစာစားနေကြသည်။ မီးခွက်က စားပွဲပေါ်တွင် တင်လျက်။ မီးရောင်တွင် မောပန်းနွမ်းနယ်နေဟန်ရှိသည့် ခပ်ချောချော မိန်းမတယောက်ကို မြင်ရသည်။

"ကျုပ်ကတော့ စစ်တွေ၊ တော်လှန်ရေးတွေကြောင့် ပျက်စီးဆုံးရှုံးမှာမြင်ပြီး သိပ်ကြောက်တာပဲ၊ နိုတာဒွန် ဘုရားရှိခိုးကျောင်းတို့၊ ဘာတို့ စတဲ့ အဆောက်အအုံတွေ ပျက်သွားမှာကို ကျုပ်မကြောက်ပါဘူး၊ ဒီထက်အဖိုးတန်တဲ့အရာတွေ ပျက်စီးဆုံးရှုံးသွားမှာကို ကြောက်တာပါ။ ကြည့်စမ်း၊ ဟောဒီအိမ်တွေထဲမှာ လူတွေ ပျော်နေကြတယ်။ အဲဒီပျော်ရွှင်မှု ဒါမှမဟုတ်

ပျော်ရွှင်မှုလို့ ထင်ရတဲ့အရာ၊ ငြိမ်းချမ်းတဲ့အရာ။ တဘက်ခန်းက အသက်ရှုသံကို ကြားရလောက်အောင် ငြိမ်သက်နွေးထွေးနေတဲ့ ပတ်ဝန်းကျင်ကလေး ပျောက်ကွယ်သွားမှာကို စိုးရိမ်တယ်၊ ကြောက်တယ်၊ သကြားရေစိမ်ထားတဲ့ ရှောက်သီးတွေကို ကျွေးပြီး ကင်ပွန်းတပ်တဲ့ ကျုပ်တို့လူမျိုးရဲ့ ဓလေ့ထုံးစံတွေ၊ သတို့သားနဲ့ သတို့သမီး ခြေရင်းကို ပန်းတွေ ပစ်ပေါက်ကြဲနေကြတဲ့ ပျော်ရွှင်စရာ မင်္ဂလာဆောင်တွေ၊ အို... ကုန်ကုန်ပြောလိုက်မယ်၊ စိတ်မကောင်းတဲ့ကြားထဲက သင်္ချိုင်းကအပြန်မှာ မောမောနဲ့ ဝိုင်ကလေးတခွက်နဲ့ စားစရာလေးတဖွဲ့ ကိုက်စားရတဲ့ အသုဘပို့တဲ့ ဓလေ့ထုံးစံကလေးတွေ၊ ဒါတွေ ပျောက်သွားမှာကို ကျုပ်ကြောက်တယ်။ ခုဆိုယင် ဒါတွေ တခုမှ မပျောက်သေးဘူး၊ ရှိနေသေးတယ်၊ ကလေးမွေးတဲ့လူက မွေးလို့၊ မင်္ဂလာဆောင်တဲ့လူက ဆောင်လို့၊ သေတဲ့လူက သေလို့၊ ဒါပေမယ့် ဗုံးတလုံးကြောင့်၊ ဒါမှမဟုတ် သေနတ်သံတချက်ကြောင့် ဒါတွေအားလုံးဟာ လျှပ်တပြက်အတွင်းမှာ ပျောက်သွားနိုင်တယ်၊ ဟစ်တလာ အရူးထရုံ၊ လက်သီးလက်မောင်းတန်းရုံနဲ့ ပျောက်သွားနိုင်တယ်၊ နောင်နှစ်ပေါင်းတရာလောက်ကျယင်တော့ ဒီလိုစစ်ပွဲတွေဖြစ်ရတာ သမိုင်းရဲ့ လိုအပ်ချက်ကြောင့် ဖြစ်ရတယ်လို့ ပြောကောင်းပြောကြပေမယ်ပေါ့။ ကဲ ကဲ... ကျုပ်ပြန်မယ်”

ဒက်ဇာက စိုစွတ်စွတ် သားရေလက်အိတ်စွပ်ထားသည့်လက်ကို ကမ်းပေးသည်။ ထိုနောက် တာရိုးအတိုင်း ခပ်သွက်သွက် လျှောက်သွားသည်။ စကားပြောလိုက်ရသည်ကို စိတ်မကောင်း ဖြစ်သွား၏။ စကားတွေ တော်တော်ပြောလိုက်မိပါပကော၊ အချစ်နာ ကျနေသည့် အင်ဂျင်နီယာတယောက်နှင့် လူ့လောကကြီး၏ ကံကြမ္မာတွေ ဘာတွေကို သွားဆွေးနွေးမိပါပကော။

ဒက်ဇာသည် မြို့လယ်သို့ ပြန်လှည့်လာ၏။ ရိပ်သာလမ်းမများသည် နှေခင်းကြောင်တောင်လို လင်းထိန်လျက်ရှိ၏။ ဆိုင်ပြတင်းများတွင် ပြိုးပြိုးပြက်ပြက် ပစ္စည်းများသည် တောက်ပနေကြ၏။ အဆောက်အအုံ နဖူးစည်းများတွင် အရက်ကြော်ငြာ၊ မော်စကိုသို့ အပျော်ခရီး စထွက်ရန် ကြော်ငြာများမှ ပြာလဲ့လဲ့ မီးပွင့်များသည် မှင်စာတွေ၊ မြွေတွေလို တွန့်နေကြသည်။ လူများသည် ဘယ်ကိုမှ သွားစရာ မရှိတော့သကဲ့သို့ တယောက်ကိုတယောက် တိုးဝှေ့နေကြသည်။ ငါးပြတိုက် ဖန်လှောင်အိမ်ထဲတွင် ထည့်ထားသည့် ငါးများလို

ဖေ့ကာသွားလိုက် ပြန်လှည့်လာလိုက် လုပ်နေကြသည်။

သတင်းစာရောင်းသည့် စက်ခုံလေးများမှာ ဘာသာပေါင်း နှစ်ဆယ်လောက်ဖြင့် ထုတ်သည့် သတင်းစာအမျိုးမျိုးကို ထည့်ထားသည်။ ဒက်ဇာသည် စက်ခုံနားတွင်ရပ်၍ ခေါင်းစည်းများကို ကြည့်လိုက်သည်။ "ပြည်သူ့တပ်ဦးကို မဲထည့်ကြပါ" "လက်နက်ကိုင် ပဋိပက္ခများ ထိပ်တိုက်တွေ့တော့မည်"

နွမ်းနယ်စွာ သမ်းလိုက်သည်။ သည်နေရာတဝိုက်က ကြော်ငြာအားလုံးသည် သူ့ဘာသာစကားကို ပြောနေကြသည်။ အိမ်ဈေးများကို သူကောင်းကောင်းသိသည်။ ကြော်ငြာများ၊ ရှယ်ယာများကို သူကောင်းကောင်းသိသည်။ မော်ရိုကိုနိုင်ငံ မီးရထားကုမ္ပဏီ အမြတ်များကို သူကောင်းကောင်းသိသည်။ နာမည်ကျော် ချိုခါးအရက်မျိုးစုံကို သူကောင်းကောင်းသိသည်။ သည်ကြော်ငြာများသည် သူ့လုပ်ငန်းမှ ကြော်ငြာများ ဖြစ်သည်။ သည်အရာများ အားလုံးကို သူပိုင်သည်။ အဆောက်အအုံတွေ၊ မော်တော်ကားတွေ၊ သတင်းစာတွေ အားလုံးကို သူပိုင်သည်။ လူတွေမျက်နှာပေါ်မှ အပြုံးများကိုပင် သူပိုင်သည်။

သူ့ပိုင်နက် သူ့နယ်မြေကြီးထဲ၌ ဒက်ဇာသည် ဘာမျှလိုလေသေးမရှိသည့် ဧည့်စိမ်းတယောက် ဖြစ်နေသည်။ သူကိုယ်တိုင် ရုပ်သေးရုပ်တရုပ် ဖြစ်သွားသည့် ကြိုးဆွဲဆရာတယောက်နှင့် တူနေသည်။ သည်အရာများအားလုံးသည် မပျက်စီးအောင် ထိန်းသိမ်းထားထိုက်သည့် အရာများ ဖြစ်ပါသလော။ ထိန်းသိမ်းထိုက်ပေတာပေါ့။ ဘုရား... ဘုရား... ဒါတွေကို ထိန်းရသိမ်းရတာက ရင်မောစရာကောင်းလှချည့်။ မောလှချည့်။

အခန်း (၉)

ထိုနေ့ညနေက ပါမောက္ခ မာလေး၏ ဟောပြောချက်မှာ ပွိုင်တိုးမြို့မှ ရောမခေတ် ဗိသုကာလက်ရာများအကြောင်း ဖြစ်၏။ သူ့ဟောပြောချက်ကို အပြင်လူများလည်း နားထောင်ခွင့်ရှိသည်။ ထို့ကြောင့် အခန်းထဲတွင် အသက်ခပ်ကြီးကြီး လူကြီးများကိုလည်း တွေ့ရ၏။ ကျောင်းသားများလည်းပါ၏။ ဗိသုကာပညာကို လိုက်စားသူများလည်း ပါသည်။ မှတ်စုစာအုပ် ထူထူကြီးတွေကို ကိုင်ထားကြသည့် ဝါသနာရှင်များလည်း လာကြသည်။ မှတ်စုများထဲတွင် နှစ်ကိန်းတန်း စိန္တိတကထာကို သင်္ကေတများဖြင့် ရေးမှတ်လျက်။

သူတို့သာမဟုတ်။ နွေးနွေးထွေးထွေး နေစရာ မရှိသဖြင့် ခန်းမထဲသို့ လာငိုက်နေသည့် လူလေလူလွင့်များလည်း လာကြသည်။ အချို့က ပါမောက္ခ ပြောသမျှကို လိုက်မှတ်ကြ၏။ အချို့က သမ်းဝေကာ အချင်းချင်း တီးတိုးပြောကြသည်။ နောက်ဆုံးခုံတန်းတွင် လာထိုင်နေသည့် အဘွားကြီးတဦးကမူ ခြေအိတ်တဘက်ကို ထိုးနေသည်။

စက်ပြင်အင်ဂျင်နီယာ မစ်ရှောသည် ပါမောက္ခ မာလေး၏ ဟောပြောပို့ချချက်များကို အမြဲတမ်း တက်လေ့ရှိ၏။ သူငယ်ငယ်ကတည်းက ဗိသုကာပညာကို စိတ်ဝင်စားခဲ့သည်။ အချိုးအဆစ်၊ အတွက်အချက်နှင့် ဆောက်လုပ်ရေးပစ္စည်းများအကြောင်းကို ရင်းနှီး ကျွမ်းဝင်ပြီးသား။ ဗိသုကာပညာတွင်လည်း ကျွမ်းကျင်နှံ့စပ်၏။ သူသဘောကျသည့် အဆောက်အအုံတခုကို မြင်သည့်အခါတိုင်း ထိုအဆောက်အအုံ၏ အချိုးအစားကျမှု၊ သပ်ရပ်မှုတို့ကို အင်ဂျင်နီယာတယောက်အနေဖြင့် သဘောကျ၏။ ထိုမျှမက လူတယောက်၏ မျက်နှာပုံပန်း၊ သို့မဟုတ် သစ်တောတတော၏ ရုက္ခဗေဒကို လေ့လာရသလို ထူးခြားသည့် အရည်အသွေးတမျိုးလည်း ရှိသည်ဟု ထင်သည်။ ဗိသုကာပညာ၏ သမိုင်းကို လေ့လာလျှင် ထိုအရည်အသွေး၏ သဘောကို နားလည်နိုင်လောက်သည်ဟု ယူဆသည်။

မစ်ရှောသည် ဗဟုသုတကို ရှာရာ၌ မောသည်ဟူ၍ မရှိ။ ကလေးသည် ကစားစရာကို ဆွဲဆုတ်ဖြဲကြည့်သကဲ့သို့ မစ်ရှောသည်လည်း ကမ္ဘာလောကကြီးကို ဆုတ်ဆွဲဖြဲကြည့်ချင်သည်။ ကျောင်းပညာဟူ၍ ဟုတ္တိပတ္တိ မသင်ခဲ့စဖူး။ ရေးတတ်ဖတ်တတ်ရုံ။ “အ”သုံးလုံးကြေရုံ၊ နီတိများကို အလွတ်ရရုံမျှလောက်ဖြင့်

ကျောင်းမှ ထွက်ခဲ့ရသည်။ ထို့နောက် ဘဝတက္ကသိုလ်သို့ ရောက်ရသည်။ မစ်ရှောအဖေက ဦးထုပ်ချုပ်ဆရာ။ စစ်ပြီးသည့်နောက်တွင် ဦးထုပ်လုပ်ငန်း ကျဆင်းခဲ့သည်။ လူတွေက ဦးထုပ် သိပ်မဆောင်းကြတော့။ မစ်ရှောသည် သူ့အဖေ၏ ဦးထုပ်ဆိုင်တွင် အလုပ်သင်ပင် မဖြစ်လိုက်ရ။ ဆိုက်ကားတစီးဖြင့် နို့ဆီပို့သည့် အလုပ်ကို လုပ်ရသည်။ ထို့နောက် သားရေနယ်ရုံတရုံတွင် အလုပ်လုပ်သည်။ သားရေပုပ်တွေက နံစော်လိုက်သည့် ဖြစ်ခြင်း။ စာကလည်း အလွန်ဖတ်သည်။ သို့ရာတွင် အသိပညာက တဝက်တပျက်။ တပိုင်းတစ။ စစ်ဖြစ်လာသည့်အခါ ရေတပ်သို့ဝင်ပြီး တော်ပီဒိုသင်္ဘောတစီးတွင် တာဝန်ကျသည်။ သင်္ဘောပေါ်တွင် ကွေးရီးယား အမည်ရှိ ပုံဆွဲဆရာတယောက်နှင့် အသိဖြစ်ခဲ့၏။ ကွေးရီးယားသည် နောင်တွင် ကွန်မြူနစ် ဖြစ်သွားကာ ရွေးကောက်ပွဲတွင် ကွန်မြူနစ် အမတ်လောင်းအဖြစ် အရွေးခံခဲ့ရသည်။ ကွေးရီးယားက သူ့ကို စည်းရုံး၏။ သူတို့နှစ်ယောက်စလုံး “ဆိမ်း” လေယာဉ်ပျံစက်ရုံတွင် အလုပ်လုပ်ရသည်။ မစ်ရှောသည် နိုင်ငံရေးအစည်းအဝေးပွဲများသို့ မှန်မှန် တက်ရောက်သည်။ နိုင်ငံရေးဘောဂဗေဒနှင့် အလုပ်သမားလှုပ်ရှားမှု သမိုင်းကြောင်းတို့ကို ဖတ်သည်။ တချိန်တည်းတွင်လည်း သင်္ချာကို လေ့လာသည်။ ကျွမ်းကျင်သည့် စက်ပြင်ဆရာ ဖြစ်လာကာ လခတိုးလာခဲ့သည်။ သို့တိုင်အောင် မစ်ရှောသည် သူ့အခြေအနေကို ရောင့်ရဲခြင်း မရှိ။ သူ ဘာမျှနားမလည်ဟု ထင်နေသည်။ သည်အကြောင်းကို တွေးလျှင် ဘတ်စ်ကားတစီး လွတ်သွားသလို အောင့်သက်သက်။ ပါတီအစည်းအဝေးတွေ တက်ရ၊ ကွန်ဖရင့်တွေ တက်ရသဖြင့် သူ့တွင် အချိန်ကောင်းကောင်းမရ။ ဇာတ်သဘင်တွေ၊ ပြတိုက်တွေကို သွားကြည့်ချင်သည်။ တခါတရံတွင်လည်း တိုင်းပြည်ရပ်ခြားကို သွား၍ လေ့လာချင်သည်။ ရောမမြို့ဟောင်း၏ အပျက်အစီးများ၊ တကစ္စတန်၊ ဆိုက်ဘေးရီးယား မီးရထားလမ်း စသည်တို့ကို ကြည့်ချင်သည်။

နိုဝင်ဘာလ ပါရီ၏ ညနေချမ်းများကို မစ်ရှော သဘောကျ၏။ နှင်းမှုန်တွေ ကျစပြုပြီ။ ထိုညနေမျိုးတွင် သူသည် လက်နွေးအောင် သစ်ကြားသီးလှော်ပူပူတွေကို လက်ထဲတွင် ဆုတ်ပြီး နေရာအနှံ့ လျှောက်သွားသည်။ ပါရီမြို့ကြီးသည် သူ့အဖို့ သင်္ဘောကြီးတစင်းနှင့် တူနေသည်။ နှင်းမှုန်မှုန်တွေထဲတွင် မီးပွင့်တွေ ခပ်မှိန်မှိန်။ ကုန်းဘောင်ရုပ်သွားပြီး သင်္ဘောမမီလိုက်မည်ကို စိုးရိမ်နေသည်။ မစ်ရှောသည် ရုပ်ရှင်ကို မကြာခဏ သွားကြည့်၏။ ပွေ့ဖက်နေသည့် စုံတွဲတွေ၊ လိမ္မော်သီးနံ့တွေကြားတွင် ငူငူကြီးထိုင်ကာ တွန့်လိမ်နေသည့် အမေရိကန်

ရုပ်ရှင်မင်းသမီးကို ကြည့်ယင်း သက်ပြင်းချသည်။ မစ်ရှောသည် လွန်ခဲ့သည့် သုံးနှစ်လောက်တုန်းက ရဲဘော်တယောက်၏ သမီးနှင့် ချစ်ခဲ့ကြဖူးသည်။ သူ့ကောင်မလေးက ခပ်ချောချော။ နဖူးတွင် ဆံနွယ်ကလေးများ ဝဲလျက်။ နာမည်က မီမီဟု ခေါ်သည်။ မီမီကြောင့် သူ အကသင်ခဲ့ရသည်။ သူ့ကို ပန်းလက်ဆောင်တွေ၊ ချောကလက်လက်ဆောင်တွေ ပေးခဲ့သည်။ ကဗျာတွေ ဘာတွေတောင် စပ်ခဲ့သေးသည်။ နောင်တွင် မီမီသည် စာရင်းကိုင်တယောက်နှင့် လက်ထပ်သွားသည်။ မီမီက အေးအေးဆေးဆေး နေချင်သည်။ မစ်ရှော၏ အယူအဆနှင့် ပြင်းထန်သည့် စိတ်ဓာတ်ကို ကြည့်၍ လန့်သွား၏။

မစ်ရှောသည် အသက်နှစ်ဆယ့်ကိုးနှစ်ရှိပြီ။ သူ့ခန္ဓာကိုယ်က တုတ်တုတ်ခိုင်ခိုင်။ သို့ရာတွင် နည်းနည်းကလေးမျှ အချိုးအစားမကျ။ ခေါင်းက ခပ်ကြီးကြီး။ မျက်နှာကလည်း ဆောင်းတွင်းမှာပင်လျှင် ယင်ကြီးဥတွေနှင့်။ မျက်လုံးများကမူ စွဲမက်စရာ ကောင်းသည်။ ပြာလဲ့လဲ့။ လှောင်ပြောင်သရော်သည့် မျက်လုံး။ အမြဲတမ်း ပြုံးနေသည် ထင်ရသည်။ သွားတို့က ဖြူဖွေးလျက်။ လက်က အငြိမ်မနေ၊ အမြဲတမ်း လွှဲနေတတ်သည်။ စကားပြောလျှင် “ဘယ့်နှယ်လဲ” ဟု မကြာမကြာ ကြားဖြတ်ပြောတတ်သည်။

မစ်ရှောသည် ပါမောက္ခ မာလေး၏ ဟောပြောချက်ကို စူးစိုက်၍ နားထောင်၏။ ဟောင်းနွမ်းနေသည့် မှတ်စုစာအုပ်ကို လှန်ပြီး ခဏခဏမှတ်သည်။ သူ့ဘေးတွင်ကပ်လျက် မိန်းကလေးချောချောတယောက် ထိုင်နေသည်။ ဟောပြောပွဲ အစကတည်းက မစ်ရှော သူ့ကို အကဲခတ်မိ၏။ သူ့မျက်တောင်တွေက ကော့ပျံ့လျက်။ ရုပ်ရှင်မင်းသမီးတွေ မျက်တောင်မျိုး။ ထို့နောက် သူ့ကို မေ့သွားကာ ပွိုင်တီးမြို့က ဘုရားရှိခိုးကျောင်း၏ ဗိသုကာအလှထဲတွင် နစ်မျောနေသည်။

ပါမောက္ခ မာလေးက တိုင်များအကြောင်းကို ပြောနေစဉ် စကားလုံးတလုံးကို မစ်ရှော သဲကွဲစွာ မကြားလိုက်ရ၊ မစ်ရှော မိန်းကလေးဘက်သို့ လှည့်ကာ ခပ်တိုးတိုးဖြင့်...

“သူပြောလိုက်တာ ဘာတဲ့လဲ”

“အပြောက်အမွမ်းတဲ့”

ဟောပြောချက် ပြီးသွားသည်။ သူတို့နှစ်ယောက်သည် ခန်းမနောက်ဘက်က ထိုင်ခုံတခုပေါ်တွင် ထိုင်ယင်း လူတွေ ရှင်းသွားအောင် စောင့်ကြည့်နေကြသည်။ မစ်ရှောက မိန်းမပျိုဘက်သို့ လှည့်လိုက်ပြီး...

"ဟောပြောပွဲထဲမှာတုန်းက ကြားဖြတ်မေးလိုက်တဲ့အတွက် ခွင့်လွှတ်နော်၊ ညီမက ဗိသုကာကျောင်းသူ ထင်တယ်။ ကိုယ်ကတော့ အပြင်လူပါ။ ဗိသုကာပညာကို ကောင်းကောင်း နားမလည်ပါဘူး၊ ကိုယ်ကတော့ စက်မှုသိပ္ပံ"

"ကျွန်မကတော့ စက်မှုအကြောင်းကို ဘာမှ နားမလည်ပါဘူး"

"အို... ဒါက အထူးဘာသာရပ်ကိုး၊ အနုပညာတရပ်ကိုတော့ နားလည်ဖို့ လိုပါတယ်၊ အနုပညာကို နားမလည်ယင် တခုခု လိုနေသလိုပဲ၊ နားလည်ဖို့တော့ နည်းနည်း ခက်တယ်ပေါ့လေ၊ မခက်ဘူးလား၊ ဘယ့်နှယ်လဲ၊ ကိုယ်ကတော့ တမျိုးပဲ။ အနုပညာတရပ်ကို အခြား အနုပညာတရပ်နဲ့ ပြန်ပြီး အဓိပ္ပါယ်ဖွင့်တယ်။ ဥပမာဆိုပါတော့၊ ဂီတတပုဒ်ကို နားထောင်တယ်ဆိုယင် အဲဒီဂီတသံကို စကားလုံးတွေနဲ့ အဓိပ္ပါယ်ဖွင့်ကြည့်တယ်၊ ဒီဂီတသံဟာ အချစ်အကြောင်းကို ဖွဲ့နေတာလား၊ ဒါမှမဟုတ် ပင်လယ်မှာ မုန်တိုင်းတိုက်နေတာကို ဖွဲ့နေတာလား ဆိုပြီး ဘာသာပြန်ကြည့်တယ်။ ဒါမှမဟုတ်လဲ စစ်ပွဲတပွဲကို အောင်နိုင်တဲ့အကြောင်း ဖွဲ့နေတဲ့အသံလား၊ စသည်ဖြင့်ပေါ့လေ၊ နည်းနည်းတော့ ခက်သပေါ့၊ တခြားစကားနဲ့ ပြန်ပြီး အဓိပ္ပါယ်ဖွင့်ရတာကိုး၊ ဗိသုကာပညာရပ်မှာလဲ ဒီအတိုင်းပဲ၊ အေးလေ ဒါတော့ ညီမက ပိုပြီး နားလည်မှာပါ"

ခန်းမအပြင်ဘက်သို့ နှစ်ယောက်သား ထွက်ခဲ့ကြသည်။ နှစ်ရက်လုံးလုံး လေရော မိုးပါ ပြင်းထန်ပြီးသည့်နောက် ပါရီမြို့၏ မျက်နှာပြင်သည် ပြောင်းလဲသွား၏။ နွေဦးသည် အရပ်ရှစ်မျက်နှာမှ ခေါင်းပြူစပြုလာသည်။ သစ်ကြားပွင့်တွေ တဝေဝေ ဖူးပွင့်ကုန်ကြပြီ။ ပြာနှမ်းနှမ်း ကတ္တရာစေးလမ်းများသည် ပြောင်လက်နေကြ၏။ ဆောင်းဝတ် ကုတ်အင်္ကျီရှည်ကြီးများ နေရာတွင် အပေါ်အင်္ကျီ ပါးပါးတွေ ရောက်လာကြပြီ။ ကဖီးအတွင်းမှ ကုလားထိုင်များ၊ စားပွဲများသည် စြင်္ကံပေါ်သို့ ရောက်လာကြ၏။ လမ်းမတွင် အတီးအမှုတ်ဖြင့် တောင်းကြသည့် သူတောင်းစားတွေ ပြန်ပေါ်လာကြသည်။ သူငယ်ကလေးများသည် နှင်းပန်းစိမ်းစိမ်းများကို ရောင်းနေကြ၏။

သူတို့နှစ်ယောက်သား လင်းထိန်နေသည့် စိန့်မစ်ရှဲရိပ်သာလမ်းမကြီးကို ဖြတ်ကူးလာခဲ့ကြသည်။ အတွဲတွေ၊ အတွဲတွေ။ သက်ပြင်းချနေသည့် အတွဲတွေ။ ချစ်တင်းဆိုနေကြသည့် အတွဲတွေ။ တချို့က ပက်ပါးမင့်ဝိုင်နှင့် သလဲသီးဝိုင်ကို သောက်နေကြ၏။ တချို့က စာမေးပွဲအကြောင်းကို တွေးနေကြသည်။ မှောင်ပျပျဖြစ်နေသည့် စိန့်ဂျာမိန်းရိပ်သာလမ်းတဝိုက်တွင် အိမ်ဖော်များသည် ခွေးကလေးများကို လမ်းလျှောက်ထုတ်လာကြ၏။ အမှောင်ရိပ်ထဲတွင် အတွဲများသည် လက်ချင်းချိတ်လျက်။ တယောက်ခါးကို တယောက်ဖက်လျက်။ ဆယ်နာရီထိုးသံကို ကြားလိုက်ရသည်။ မစ်ရှော ဂရီနိုဘယ်တွင် သူ ရေခဲတောင်တက်စဉ်က စွန့်စားခန်းများကို ပြောပြလာ၏။ မိန်းမပျို၏ တခစ်ခစ်ရယ်နေသည်ကို ကြည့်၍ မစ်ရှော ကြည်နူးနေသည်။

"ညီမ ဒီလို ပျော်နေတာကို ကြည့်ရတာ သိပ်ကြည့်လို့ ကောင်းတာပဲ"

"ညီမက ရယ်လား မောလား သိပ်မနေတတ်ဘူး၊ အိမ်မှာဆိုယင် မျက်နှာကြီး မှုန်ထားလို့ ခဏခဏ အဆူခံရတယ်၊ ညီမအစ်ကိုကဆိုယင် မျက်နှာကြီး မှုန်မှုန်နေလို့ ညီမကို ရှဉ့်မလေးတဲ့၊ နာမည်ပေးထားတယ်"

"ညီမက ရှဉ့်မလေးနဲ့ မတူပါဘူးကွယ်၊ ကိုယ် ငယ်ငယ်တုန်းက ဆဗွိုင်းမှာ ကိုယ့်ဦးလေးနဲ့ သွားနေတုန်းက ရှဉ့်တကောင် ဖမ်းမိဖူးတယ်၊ နောက်ခြေနှစ်ချောင်းနဲ့ မတ်တတ်ရပ်နိုင်အောင် သင်ပေးတယ်၊ တောတိရိစ္ဆာန်တွေကို လေ့လာရတာ သိပ်ပျော်စရာ ကောင်းတာပဲ၊ ပုရွက်ဆိတ်တွေအကြောင်း ရေးထားတဲ့ စာအုပ်တအုပ် ကိုယ်ဖတ်ဖူးတယ်၊ တော်တော် စိတ်ကူးဉာဏ်ရှိတဲ့ကောင်တွေ၊ သိပ်ဝီရိယရှိပြီး သိပ်ညီညွတ်တာပဲ၊ ပြီးတော့ ငါးရှဉ့်ကိုရော ညီမမြင်ဖူးသလား၊ ဆာဂိုဆိုကမ်းရိုးတန်းမှာ သိပ်ပေါတာပဲ၊ တကမ္ဘာလုံးမှာရှိတဲ့ ငါးရှဉ့်တွေ မှန်သမျှ အဲဒီ လာစုနေကြသလား မသိဘူး၊ ဒီငါးရှဉ့်တွေဟာ မိုင်ငါးထောင်လောက်ကို ကူးလာခဲ့ကြတယ်၊ မြစ်တွေထဲကနေပြီး ကုန်းတွေပေါ်ကို တက်လာကြတယ်၊ လမ်းမှာ သန်းချီပြီး သေခဲ့ကြတယ်၊ ထားပါလေ၊ သူတို့ ဘာဖြစ်လို့ ဒီကို လာကြသလဲ၊ အချစ်ကြောင့် လာကြတာ၊ ဒါပေမယ့် လူတွေကတော့ ဒီလို မဟုတ်ဘူး"

အချစ်ထက် စာရင်းကိုင်လစာကို မက်သွားသည့် မီမီအကြောင်းကို ဖွင့်ပြောလိုက်ချင်သည်။ သို့ရာတွင် မစ်ရှောက အရှိန်သတ်လိုက်၏။

တချက်ရယ်လိုက်ယင်း...

"လောကကြီးမှာ စိတ်ဝင်စားစရာတွေ အများကြီးပဲ၊ ဒါပေမယ့် ကိုယ်ကတော့ ဘာမှနားမလည်ပါဘူး၊ နိုင်ငံရေးနဲ့ အင်ဂျင်နီယာပညာကလွဲလို့ ဘာမှမသိဘူး"

"နိုင်ငံရေးဆိုယင် သိပ်စိတ်ပျက်တာပဲ၊ အိမ်မှာလဲ နိုင်ငံရေးအကြောင်းပဲ ကြားနေရတာပဲ၊ ညီမ ဖေဖေဆိုယင်"

အမျိုးသမီးက ရပ်ထားလိုက်သည်။ သူပြောနေသူက တစိမ်း၊ လူစိမ်းတယောက်ကို သည်စကားမျိုးတွေ ပြောဖို့မကောင်း။ သူ့နဂိုစရိုက်က လူတွေ၊ သူတွေထဲ ဝင်လေ့မရှိ။ ယခုမူ လူစိမ်းတယောက်ကို တရင်းတနှီး စကားတွေ ပြောနေပြီ။ အင်ဂျင်နီယာတယောက် ဖြစ်သည် ဆိုခြင်းထက် ဘာမျှ ပိုမသိ။ ဘယ်က လူမှန်း မသိ။ ရယ်စရာတော့ အကောင်းသား။ ကလေးလည်း ဆန်သည်။ သို့ရာတွင် ခဏကြာလျှင် သူနှင့် လမ်းခွဲရမည် ဆိုသည့်အခါကျတော့ စိတ်မကောင်းသလိုလို။ ဝမ်းနည်းသလိုလို။ မကြာခင် ဘတ်စ်ကားတစီးပေါ်သို့ တက်လိုက်သွားရတော့မည်။ အမျိုးသမီးက ခပ်ဆိုင်းဆိုင်း ပြော၏။

"ညီမရဲ့ ဖေဖေက လွှတ်တော်အမတ်ပါ၊ အစ်ကို ကြားဖူးချင် ကြားဖူးမှာပါ။ ပေါ်တက်စ တဲ့"

မစ်ရှောက ခပ်ကျယ်ကျယ် ရယ်လိုက်သည်။

"အော်... ဟုတ်လား၊ အံ့သြစရာပဲ၊ ဘယ့်နှယ်လဲ၊ ထားပါလေ၊ ညီမဖေဖေအကြောင်း ပြောနေတာမှ မဟုတ်ပဲ၊ ညီမအကြောင်း ပြောနေတာပဲ၊ လွှတ်တော်အမတ်တွေ ဘာတွေလုပ်နေကြတယ်ဆိုတာ အစ်ကိုနဲ့ မဆိုင်ပါဘူး၊ စိတ်လဲ မဝင်စားပါဘူး၊ တခြားအကြောင်းတွေကို ပြောရအောင်၊ နေပါဦး၊ ညီမက ဘယ်ကို ပြန်မှာလဲ၊ နည်းနည်း လမ်းလျှောက်မလိုက်တော့ဘူးလား၊ နောက်ဘတ်စ်ကားတမှတ်တိုင်လောက်ပေါ့။ ညနေခင်းကလေးက လှက လှပါဘိသနဲ့"

ဒင်းနိစ်က သဘောတူသည်။ သူ့ကိုယ်သူလည်း အံ့သြနေသည်။ သူနှင့် ဘာကြောင့်များ အတူ လိုက်လာမိခဲ့သနည်း။ သူ့စကားတွေကို ဘာကြောင့်

နားထောင်မိနေသနည်း။ ဘာကြောင့် ချက်ချင်း စိတ်လွတ်သွားကာ ပျော်သွားရသနည်း။

"အစ်ကို နားလည်တဲ့ နိုင်ငံရေးကတော့ တမျိုးပါကွယ်" မစ်ရှောက ပြောသည်။ "အစ်ကို နားလည်တဲ့ နိုင်ငံရေးဆိုတာ ကမ္ဘာကြီးကို အသစ်ပြန်လည်တည်ဆောက်တာ၊ လောကကြီးမှာ မကောင်းတာတွေ၊ မတော်တဆ ဖြစ်တာတွေ များနေတယ်၊ လူတွေအတွက် စိတ်မကောင်းဖြစ်တယ်၊ ရှက်တယ်၊ တကယ်တော့ ပျော်စရာကောင်းတဲ့ဘဝ၊ အဆင်ပြေတဲ့ဘဝ၊ ပြည့်စုံတဲ့ဘဝဟာ မရှိနိုင်တော့ဘူးလား၊ ရှိနိုင်တယ်လို့ အစ်ကိုထင်တယ်၊ အစ်ကို့အဖို့တော့ တော်လှန်ရေးဆိုတာဟာ ဗိသုကာပညာလိုပဲလို့ ထင်တယ်... ညီမဟာ အနုပညာကို ချစ်ယင် တော်လှန်ရေးကိုလဲ သဘောကျမှာပါပဲ"

"အစ်ကိုက ကွန်မြူနစ်လား"

"ဆိုပါတော့"

"ညီမရဲ့ အစ်ကိုလဲ ဒီလိုစကားတွေကို ပြောတာပဲ၊ ဒါပေမယ့် ညီမ မယုံဘူး၊ ညီမက အပြောထက် အလုပ်ကို ပိုယုံတယ်"

"ဒါကတော့ ညီမရဲ့ အဖေက ရှေ့နေကိုး" မစ်ရှောက ပြောသည်။ "လူတွေက စကားလုံးလှလှတွေကို ပြောလာယင် အစ်ကိုလဲ သိပ်မယုံချင်ပါဘူး၊ ဒါပေမယ့် အစ်ကိုတို့ကတော့ ဒီလိုမဟုတ်ပါဘူး၊ ခုည ရွေးကောက်ပွဲအကြို တရားပွဲတခု ရှိတယ်၊ နာရီဝက်လောက်ဝင်ပြီး နားထောင်မလား၊ ဘယ်လောက်ခြားနားတယ်ဆိုတာ ညီမ သိလာပါလိမ့်မယ်၊ နီးနီးလေးပါ၊ ဖာဂွီလေးလမ်းထဲက ကျောင်းတကျောင်းမှာ ခဏလောက် နားထောင်ကြည့်ပါလား၊ လာပါ... ဒီလိုပဲ လေ့လာရတာပေါ့။ ဘယ့်နှယ်လဲ"

ဒင်းနိစ်က ခေါင်းယမ်းသည်။ သို့ရာတွင် လိုက်ချင်နေသည်ကို သူ့ဘာသာသူ သိ၏။

"အို... အိမ်ပြန်ရောက်တော့မှ ဒါတွေ စဉ်းစားတော့မယ်၊ အဲဒီတော့မှ ငါ နားလည်မှာ၊ ခုတော့ ငါပျော်နေတယ်၊ ပျော်ပျော်နေဖို့ အရေးကြီးတယ်"

ဒင်းနိစ် သူ့ဘာသာတွေး၏။

တရားပွဲတွင် လူငယ်တွေ၊ လုံမငယ်တွေကို အများကြီး တွေ့ရသည်။ ထိုနှစ် နွေဦးပေါက်တွင် ပါရီ၌ အလားတူ အစည်းအဝေးတွေ၊ တရားပွဲတွေ ဒုနဲ့ဒေး ဖြစ်နေသည်။ သူတို့သွားသည့် အစည်းအဝေးမှာ ထိုအထဲမှ တခုဖြစ်၏။ ထိုနှစ် နွေဦးပေါက်၌ ပါရီမြို့ကြီးသည် "ပြည်သူ့တပ်ဦး" ဆိုသည့် စကားလုံးကို တဖွဖွ ရွတ်နေသည်။

ခန်းဆောင်ထဲတွင် အိုက်စပ်လျက်ရှိ၏။ အမျိုးသားတွေက အပေါ်အင်္ကျီတွေကို ချွတ်ကြသည်။ ကက်ဦးထုပ်များကို နောက်သို့လှန်ထားပြီး ဆေးလိပ်သောက်ကြသည်။ ဒင်းနိစ်သည် ပတ်ဝန်းကျင်က မျက်နှာတွေကို လှည့်ကြည့်၏။ ကြေကွဲနေသည့် ကမ္ဘာ။ နာမကျန်း ဖြစ်နေသည့် ကမ္ဘာ။ မရှိနွမ်းပါးဖြစ်နေသည့် ကမ္ဘာ။ အမျိုးသမီးတယောက်သည် ကလေးငယ်တယောက်ကို ပွေ့ထား၏။ အိမ်တွင် ထားပစ်ခဲ့ရန် လူနာစောင့် ရှိပုံမရ။ မျက်ခမ်းစပ်စပ် အဘိုးကြီးတယောက်၏ မျက်လုံး နီနီရဲရဲထဲမှ မျက်ရည်တွေ ကျနေသည်။ သူတို့အားလုံး တယောက်နှင့်တယောက် မသိကြ။ ပါရီမြို့ကျယ်ကြီးရှိ လမ်းကြိုလမ်းကြားမှ လာကြသူများ ဖြစ်ကြသည်။ တရားဟောသူက တရားမျှတမှုအတွက် တိုက်ပွဲဆင်ရမည်ဖြစ်ကြောင်း ပြောသည့်အခါတွင် သူတို့သည် လက်သီးများကို ဆုပ်လိုက်ကြသည်။ ကြွေးကြော်သံတွေကို အော်ကြ၏။ သူတို့ စကားပြောပုံက သူ့အဖေလို မဟုတ်။ ပြတ်ပြတ်တောင်းတောင်း။ စကားလုံးမှန်ကို ရွေးနေရသည့်နှယ် ထစ်သည့်အခါထစ်လျက်။ စကားလုံးတွေကလည်း သူကြားနေကျ စကားလုံးတွေ မဟုတ်။ တခါတရံတွင် နွမ်းနယ်နေသည့် သူတို့မျက်နှာပေါ်တွင် အပြုံးကို တွေ့လိုက်ရ၏။ ပင်္ကသန္ဓေကို လွယ်ထားရသည့် နွမ်းနယ်မှုမျိုး၊ တရိပ်ရိပ် ရှင်သန်ကြီးထွားနေသည့် လျှို့ဝှက်ခြင်းမျိုးသည် မီးခိုးတွေ ဖုံးနေသည့် အခန်းကို ကြီးစိုးနေသကဲ့သို့ ရှိ၏။

သို့ဖြင့် နာရီဝက်၊ တနာရီ။ နောက်တနာရီကြာသွားသည်။ ဒင်းနိစ် ယခုတိုင် မပြန်သေး။ စကားလုံးတွေကို စူးစိုက်နားထောင်သည်။ သူတို့ပြောသည့်စကားတွေကို ပြန်ပြောပါဆိုလျှင် သူ ဘာမျှ ပြန်မပြောတတ်။ သူတို့ရင်ထဲက ခပ်ဖြည်းဖြည်း ခုန်နေသော နှလုံးခုန်သံကို နားထောင်ရသလိုလို။ ထူးခြားဆန်းသစ်သည့် ကမ္ဘာကြီးတခု၏ အသံဗလံများကို နားထောင်ရသလိုလို။

ငယ်ငယ်က ဘာရီတန်နီကမ်းခြေသို့ ပထမဆုံး အကြိမ် ရောက်စဉ် ပင်လယ်လှိုင်းသံတွေကို နားထောင်ရသလိုလို။

တရားပွဲသည် ဆယ့်နှစ်နာရီကျမှ ပြီးသွား၏။ "အင်တာနေရှင်နယ်" သီချင်းကို သူတို့နှင့်အတူ ရောယောင်ဆိုနေမိကြောင်း နောက်ကျမှ ဒင်းနိစ် သတိထားမိသည်။ ဘာကြောင့်မှန်းမသိ။ ဘာတွေကို ဆိုနေမှန်းလဲ မသိ။

မစ်ရှောအနားသို့ လူခပ်ကြီးကြီးတယောက် လျှောက်လာသည်။ အသားညိုညို။ မျက်တွင်းဟောက်ပက်၊ ပါးတွင် အမာရွတ်ကြီးတခု ကန့်လန့်ဖြတ်လျက်။

"မင်းတို့စက်ရုံက ကိုယ်စားလှယ်လေးယောက် ရွေးလိုက်တယ်။ စက်ရုံထဲက ဌာနတွေမှာ စာရွက်စာတမ်းတွေ ဝေပေးပါလို့ ချားလ်ကို ပြောလိုက်ပါ။ ပိုစတာတွေကို ဝင်းထရံမှာ ကပ်ပေါ့။ ရဲဘော်မလေးက ဘယ်ရပ်ကွက်ကလဲ"

ဒင်းနိစ်ဘက်သို့ လှည့်၍မေးလိုက်သည်။ ဒင်းနိစ်မျက်နှာ ထူပူသွားသည်။ မစ်ရှောက သူ့အစား ဝင်ဖြေသည်။

"ဒီရဲဘော်မက ကျောင်းသူပါ"

"အင်း ငါ့ကို သူတို့လူအဖြစ် စာရင်းသွင်းလိုက်ပြီ ထင်တယ်" ဟု တွေးကာ ကျေနပ်နေသည်။ အကြောင်းကိုမူ ရှာမရ။

သူတို့နှစ်ယောက်သည် အပြင်သို့ ထွက်လာခဲ့ကြသည်။ ပါရီ၏ ပူနွေးပြာလဲ့သည့် လေရူးသည် နွေဦးကို သတိရစေ၏။

"ဘယ့်နှယ်လဲ၊ သဘောကျရဲ့လား"

မစ်ရှောက မေးသည်။

"ဘယ်လိုပြောရမှန်း မသိဘူး၊ သဘောကျတယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် တမျိုးပဲ၊ အသည်းထိတ်စရာလိုလို ဘာလိုလို"

"အေးလေ၊ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ဘာဖြစ်လို့လဲ သိရဲ့လား၊

ဒီညနေခင်းလိုပဲ၊ ဒီလေထဲက အနံ့လိုပဲ၊ ဒါဟာ မျှော်လင့်ချက်ကြောင့်၊ အရာရာကို ပြောင်းလဲပစ်လို့ ရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်ကြောင့် ခုလို သည်းထိတ်ရင်ဖို ဖြစ်နေကြရတာပေါ့"

"ညီမကတော့ ညီမရဲ့အကိုကို မယုံဘူး၊ ခုနက အနားလာပြီး စကားပြောတဲ့ လူကြီးကို ယုံတယ်၊ သူပြောတာ ဟုတ်မှာပဲ၊ ဒီပြင်လူတွေအတွက်တော့ မပြောတတ်ဘူး၊ သူ့အတွက်တော့ ဒါမျိုးဟာ အရေးကြီးမှာပဲ၊ ဒါပေမယ့် ညီမပြန်စဉ်းစားဦးမယ်လေ။ တခါတည်းနဲ့ ဘယ်မှာ အကုန်လုံး သဘောပေါက်နိုင်ပါ့မလဲ"

မစ်ရှောက မျှော်လင့်ချက်အကြောင်းကို ထပ်၍ပြောသည်။ သူ့မျှော်လင့်ချက်။ အခြားသူများ၏ မျှော်လင့်ချက်။ ဒင်းနိစ်သည် သူ့စကားမှန်သမျှကို နားထောင်နေသည်။ မည်သို့မျှ မပြော။ သူ့အသံကို နားထောင်၍ ကျေနပ်နေသည်။ လမ်းခွဲကြသည့်အခါတွင် ဒင်းနိစ်သည် လှောင်ပြောင်နေသည့် သူ့မျက်လုံးပြာပြာများကို ပြုံးကြည့်၏။

"ဘယ့်နှယ်လဲ"

မစ်ရှောက ထက်သန်စွာ မေးသည်။ ဒင်းနိစ်က ပြုံးလိုက်သည်။

"နောက်ကျတော့ တွေ့ကြသေးတာပေါ့။ ပါမောက္ခရဲ့ ဟောပြောပွဲမှာဖြစ်ဖြစ်၊ နောက်တခါ တရားပွဲမှာဖြစ်ဖြစ်ပေါ့။ နောက်တခါ တရားပွဲရှိယင် ညီမဆီကို အစ်ကို စာရေးလိုက်မယ်နော်၊ ညီမလာမယ်ဟုတ်လား"

အိမ်သို့ပြန်ရောက်သည်။ အိပ်ခန်းဘက်သို့ကူးသည့် စြင်္ကံလမ်းမြောင်ကလေးထဲတွင် သူ့အဖေလိုက်ခဲ့သည့် နာမည်ကျော်အမှုများ စစ်ဆေးနေသည့်ပုံများကို ချိတ်ထားသည်။ ရာဇဝတ်ကောင်များက ပုလိပ်နှစ်ယောက်ကြားတွင် ရပ်လျက်။ ဖေဖေက ရှေ့နေဝတ်ရုံကြီးကိုခြုံကာ လက်ကိုမြှောက်၍ လျှောက်လဲချက် ပေးလျက်။

သူတို့တိုက်သည် ရေဝပ်နေသည့် ကန်ကြီးတကန်နှင့် တူနေသည်။ အပေါ်ယံတွင် မည်းမှောင်တိတ်ဆိတ်လျက် ရှိသော်လည်း အောက်တွင် ဆူပွက်နေသည်ဟု ထင်ရ၏။ ဒင်းနိစ်၏ အဖေမှာ အိမ်ပြန်မရောက်သေး။ ဒက်ဇာ၏

ကောက်ကျစ်စဉ်းလဲမှုများကို မေ့ပျောက်ရန် ပေါလက်၏ ရင်ခွင်သို့ ပြေးဝင်ခိုလှုံနေပေလိမ့်မည်။ မေမေက သူ့အခန်းထဲတွင် တယောက်တည်း ဖဲကစားယင်း ဖေဖေပြန်အလာကို စောင့်နေသည်။ မေမေသည် အဆစ်အမြစ်ကိုက်သောရောဂါ ရှိသည်။ သေရမှာကို အလွန်ကြောက်သည်။ ငရဲကိုလည်း ကြောက်သည်။ မေမေသည် ဘုရားတရား အလွန်ကြည်ညိုသူဖြစ်၏။ အလျှင်တုန်းက မေမေသည် အိမ်ထောင်မှုကိစ္စ၊ အတင်းအဖျင်းပြောသည့်ကိစ္စဖြင့် အချိန်ကုန်သည်။ ရောဂါရပြီးသည့်နောက်တွင် မေမေသည် ဘုရားတရား ကိုင်းရှိုင်းသည်။ ငယ်ငယ်က မယ်သီလကျောင်းမှာ နေခဲ့စဉ်က အဖြစ်အပျက်များကို အမှတ်ရသည်။ ယခုမူ အသက်လည်းကြီးပြီ။ အိုမင်းတွင်းဆုံးကျလုလည်းနီးပြီ။ မိမိပြုသည့် ကုသိုလ် အကုသိုလ်ကိုလိုက်၍ နောင်ဘဝတွင် ခံစား စံစားရတော့မည်။ လွှတ်တော်ထဲတွင်ပြောသော တက်စ၏ ဓမ္မန္တရာယ်မိန့်ခွန်းများ၊ သူမိန်းမရှုပ်ပွေမှုများ၊ သူ့သား လူဆန်း၏ ဘာသာရေးတရားကို မထီမဲ့မြင်ပြုသည့်စကားများ၊ အကျင့်ပျက်မှုများအတွက် မည်သူတာဝန်ယူမည်နည်း။ သူပင် တာဝန်ယူရမည် မဟုတ်လော။ သူ့ကိုကော မည်သူက အကာအကွယ် ပေးမည်နည်း။ ဒင်းနိစ်တယောက်သာ ရှိသည် မဟုတ်ပါလော။ သို့ရာတွင် ခက်သည်က ဒင်းနိစ်ကလည်း စကားဆို၍ တလုံးမှ ပြောသူမဟုတ်။ ဘုရားရှိခိုးကျောင်းကိုပင် မှန်မှန်တက်သူမဟုတ်။ သူ့ခေါင်းပေါ်သို့သာ အားလုံး ပုံကျတော့မည်။

“သမီးလေးလား၊ မေမေက သမီးရဲ့ပါပါ ပြန်လာသလားလို့၊ ဘယ်တွေများ လျှောက်သွားနေတာလဲ သမီးလေးရယ်”

“ဘူးလ်မစ်ဖက် ကဖီးတခုမှာ ထိုင်နေတာ မေမေရဲ့၊ ညက သိပ်လှတာပဲနော် မေမေ”

ဒင်းနိစ်က ခေါင်းထဲတွင် ပေါ်လာသမျှကို ပြောလိုက်သည်။ တရားပွဲ သွားသည်ဆိုလျှင် မေမေတယောက် တက်သွားလိမ့်မည်။ ထို့ကြောင့် စိတ်ကူးတည့်ရာကို ပြောလိုက်ခြင်း ဖြစ်၏။

သို့ရာတွင် မေမေက မျက်ရည်တွေ ကျလာသည်။

“ဘာ… ဘူးလ်မစ်ကို သွားတယ်ဟုတ်လား၊ သမီးလေးက ပါပါ့ခြေရာကို

လိုက်နင်းတာပေါ့ ဟုတ်လား”

ဒင်းနိစ်က မေမေ့ကို ချော့၏။ သူငယ်ချင်းများနှင့် သွားခြင်းဖြစ်ကြောင်း၊ မေမေအတွက် ဆောင်တော်ကူး ပန်းပေါင်းရည် ဝယ်ခဲ့ကြောင်းဖြင့် ပြောပြသည်။ သို့ရာတွင် မေမေ၏ မျက်ရည်ပေါက်ကြီးများသည် ကင်းဖဲချပ်များနှင့် ကွင်းဖဲချပ်များပေါ်သို့ တပေါက်ပေါက် ကျလျက်ရှိ၏။

လူဆန်းက တံခါးလာခေါက်ပြီး မေမေ့ကို နှုတ်ဆက်သည်။ ဒင်းနိစ်သည် သူနှင့်အတူ စာကြည့်ခန်းထဲသို့ လိုက်လာခဲ့သည်။ သရုပ်မှန်လွှန် ပန်းချီဆရာများနှင့်တွေ့၍ ပြန်လာခဲ့ခြင်း ဖြစ်သည်။

“ဒီပန်းချီဆရာတွေက တော်တော် ခွကျတဲ့လူတွေပဲ၊ အရာရာကို လိင်အရ ခွဲခြားနေတယ်၊ အတွေးအခေါ်၊ အရောင်၊ စကားလုံးတို့မှာလဲ လိင်ကွဲပြားခြားနားမှု ရှိသတဲ့၊ ဒီတော့ အားလုံး ပွစိပွစိ ဖြစ်ကုန်ကြတာပေါ့၊ ကွန်မြူနစ်တွေကဆိုယင် သူတို့စကားကိုကြားပြီး သွေ့သွေ့ခုန်နေကြတာပဲ၊ ဟုတ်တာပေါ့။ သူတို့က ဖရွိုက်ကိုတောင် လက်မခံကြတဲ့လူတွေကိုး၊ ကွန်မြူနစ်တွေ ငြင်းတာခုံတာကို ကြားဖူးသလား”

ဒင်းနိစ်က ခေါင်းယမ်းပြလိုက်သည်။ လူဆန်းက ပါရီကို ရောက်လာသည့် ဘာလီကချေသည်တယောက်အကြောင်းကို ပြောနေသည်။

“ဘာလီကချေသည်မကို မြင်တော့ ဂေါ်ဂင်ကို သွားအမှတ်ရတယ်၊ ဘာလီကချေသည်မကို ကြည့်ရတာ တမျိုးပဲ၊ သူ့မှာ အဟိတ်တိရိစ္ဆာန်စိတ်ပဲ ရှိတော့သလိုပဲ”

“ဒါတွေ ညီမလေးကို ဘာဖြစ်လို့ လာပြောနေရတာလဲ ကိုကို”

“ညီမလေးဟာ အပျိုပေါက်ကလေး မဟုတ်တော့ဘူး၊ အသက် ၂၂ နှစ် ရှိပြီ။ တွေးနေငေးနေရမယ့်အရွယ် မဟုတ်တော့ဘူး၊ ဒါမှမဟုတ်ရင်လဲ မေမေ့လို ထေရုပ္ပတ္တိကျမ်းတွေ ဖတ်ပြီး ပုတီးစိတ်နေပေတော့”

သုန်မှုန်သွားသည့် ဒင်းနိစ်၏ မျက်နှာကို သတိပြုမိလိုက်သဖြင့် လူဆန်းက ပြန်ချော့သည်။

"ကဲပါ... ရှဥ့်မလေးရယ်၊ စိတ်မဆိုးပါနဲ့၊ ကိုကိုက ချစ်လို့စတာပါ၊ ဂွတ်နိုက်"

သူ့အခန်းထဲသို့ ဝင်လာခဲ့သည်။ အဝတ်အစားများကို ချွတ်လိုက်၏။ အိပ်ရာပေါ်သို့တက်ပြီး မီးမှိတ်လိုက်သည်။ သို့ရာတွင် အိပ်မပျော်။ နာရီပြန်နှစ်ချက်ထိုးသံကို ကြားရသည်။ ထို့နောက် နှစ်နာရီခွဲ၊ သုံးနာရီ၊ ဇြက်ဘက်ဆီမှ ခြေသံများကို ကြားရသည်။ သီချင်းကလေး တအေးအေးဖြင့် ပြန်လာသော ဖေဖေ့အသံကို ကြားရ၏။ "မိုးနတ်မယ် သူဇာရယ်၊ ရူပါလှတာရယ်..."။ ထို့နောက် အားလုံး တိတ်ဆိတ်သွားသည်။

သူတို့တိုက်ကြီးသည် သင်္ချိုင်းဂူကြီးတခုနှင့် တူနေသည်ဟု ဒင်းနိစ်ထင်သည်။ ငယ်ငယ်တုန်းက ဘရိုတန်နီတွင် ကျောင်းနေခဲ့ပုံ၊ သူငယ်ချင်းချင်း နောက်ပြောင်ကျီစယ်ခဲ့ကြပုံတို့ကို မြင်ယောင်သည်။ ဘယ်ကိုကြည့်ကြည့် ပင်လယ်ကြီး။ လမ်းမတကာတွင် တံငါသည်တွေချည်း။ ရွက်ဖျင်ဘောင်းဘီ အနီကြီးတွေဖြင့်။ ပုစွန်ထုပ်ကြီးတွေလိုလို။ လေမုန်တိုင်း တိုက်သည့်အခါများတွင် သူတို့အိမ်သည် လှုပ်ခါလျက်။ မှန်သေတ္တာကြီးထဲက နာရီကြီးက တချက်ချက်။ နံရံတွင် ချိတ်ထားသည့် ပန်းကန်ပြားများက ကခုန်နေကြသည်။ သို့ရာတွင် ဒီတုန်းက သူတို့ ပျော်လိုက်ကြသည့် ဖြစ်ခြင်း။

ကျောင်းကထွက်ပြီး အိမ်သို့ ပြန်ရောက်သည့်အခါတွင် မနေတတ် မထိုင်တတ် ဖြစ်နေသည်။ မွန်းကျပ်နေသည်ဟု ထင်ရ၏။ သို့ဖြင့် သူတို့မိသားစုသည် လှောင်အိုက်နေသည့် ပတ်ဝန်းကျင်တွင် နစ်မွန်းနေကြသည်။ ဖေဖေ့အတွင်းရေးတွေကို ဒင်းနိစ် အကုန်သိသည်။ သူ့အစ်ကို လူဆန်းနှင့် ကချေသည်မ ဂျဲနက်တို့အကြောင်းကိုလည်း သိသည်။ အပေါ်ယံကြည့်လျှင် သူတို့မိသားစုကို ကြည့်ရသည်မှာ သာသာယာယာ။ ချစ်ချစ်ခင်ခင်။ သို့ရာတွင် မီးတောင်မှ ချော်ရည်တို့ စီးထွက်စပြုသလို ထမင်းဝိုင်းတွင် သူတို့တတွေ တွေ့ဆုံနေကျ၊ ချစ်ခင်ယုယနေကျ အစဉ်အလာများသည် ငြီးငွေ့စရာ ကောင်းလာသည်။

ဒင်းနိစ်က ဗိသုကာပညာ၏ သမိုင်းကို စိတ်ဝင်စားသည်။ ရှေးတုန်းက လူများသည် သူ့မေမေနှင့် မတူ။ ယုံမိပြီဆိုလျှင် လှိုက်လှိုက်လှဲလှဲ ယုံကြသည်။ နှစ်နှစ်ကာကာ ရှိကြသည်။ ရှေးလူတွေ ဆောက်ခဲ့ကြသည့် ဘုရားရှိခိုးကျောင်းတွေ၊

သုခမ္မာဇရပ်ကြီးတွေက စတုရန်းပုံတွေ။ ထုကြီးထည်ကြီးတွေ။ စပါးစည်ကြီးတွေနှင့်တူသည်။ ထိုလက်ရာများထဲတွင် ရှေးလူကြီးတို့၏ စိတ်နေသဘောထား၊ ယုံကြည်ချက် စသည်တို့ကို ယခုတိုင် တွေ့နိုင်သည်။ ဖေဖေလုပ်သမျှက အဟောသိကံ။ ဘာမျှ မည်မည်ရရမရှိ။ မေမေလုပ်သမျှက ဘာသာတရား ကိုင်းရှိုင်းသယောင်ယောင်။ ဘာမျှ အကျိုးမထူး။ ကိုကို လုပ်သမျှက ရည်ရွယ်ချက် မရှိ။ ဘာမှ အရာမရောက်။ ထိုအရာများကို မမြင်လိုသည့်အခါတွင် ဒင်းနိစ်သည် အတိတ်သို့ ပြေးဝင်ခိုလှုံသည်။

သို့ရာတွင် ယနေ့အဖြစ်အပျက်ကမူ အရေးကြီးသည်။ သူ့စကားများကို စဉ်းစားမည်ဟု သူ ကတိပေးခဲ့ပြီးပြီ။ ကိုယ်ကို တွန့်လိမ်ကာ စောင်းလိုက် မှောက်လိုက်ဖြင့် ညနေက တွေ့ခဲ့သမျှကို ဒင်းနိစ် ပြန်စဉ်းစားသည်။ ရုပ်ပုံကားချပ်ပေါင်းများစွာ ပေါ်လာ၏။ လက်သီးဆုပ်၍ ကြွေးကြော်သံ တိုင်နေသည့် အိမ်ဖော်မိန်းမကြီး။ ပါးတွင် အမာရွတ်ကြီး ကန့်လန့်ထင်နေသည့် အလုပ်သမားကြီး။ သူ့ကို ရဲဘော်မဟု ခေါ်သွားသည့် အလုပ်သမားကြီး။ ပြုံးရယ်နေသော မစ်ရှော၏ မျက်လုံးပြာပြာများ။ ထိုရုပ်ပုံများ အားလုံးသည် နွေဦးလေပြည်၊ စိုစွတ်၍ တိတ်ဆိတ်နေသည့် ပါရီညမှ လမ်းမများနှင့် ရောထွေးကာ ရှန်းရှင်းဆန်ခတ် ဖြစ်နေကြသည်။ သူ့ရင်သည် တဒိတ်ဒိတ်ခုတ်လျက် ရှိ၏။ အေးမြသော အရုဏ်သည် ခန်းဆီးကြားမှ တိုးဝှေ့ကာ အခန်းထဲသို့ ဝင်လာသည်။ အခန်းထဲရှိ အရာဝတ္ထုများသည် အမှောင်ပျပျထဲတွင် ဝိုးတိုးဝါးတား။ ဘယ့်နှယ်လဲ ဟူသော စကားလုံးနှင့် အပြုံးကို ဒင်းနိစ် မြင်ယောင် ကြားယောင်နေသည်။ ထိုအပြုံးဖြင့် ဒင်းနိစ် အိပ်ပျော်သွား၏။

ကွန်မြူနစ် သတင်းစာတစောင်ထဲတွင် သူ့စာအုပ်ကို ဝေဖန်ထားသည့် ဆောင်းပါးတစောင် ပါလာသည်။ ဆောင်းပါးကို ဖတ်ပြီး လူဆန်း ဒေါပွနေ၏။ အထူးသဖြင့် နိဂုံးချုပ် စကားလုံးများကို သူမကြိုက်။ "အလွန်အကျူး တော်လှန်ရေးကျအောင် သုံးထားသည့် စကားလုံးများကား သံသယဖြစ်ဖွယ်ပင်"...တဲ့။ အလကားကောင်တွေဟု ကျိန်ဆဲမိသည်။ သူတို့အားလုံး အလကားလူတွေ။ သူတို့တွင် လူမှုရေးရာကို ခွဲခြမ်းစိတ်ဖြာကြည့်နိုင်သော အရည်အချင်းမရှိ။ သူတို့သည် အပေါက်အပြဲလောက်ကိုသာ ဖာထေးတတ်သူများ ဖြစ်သည်။ လက်ယာသတင်းစာများကမူ သူ့စာအုပ်ကို မြိန်ရည်ရှက်ရည် မကောင်းရေးကြ၏။ သူ့စာအုပ်သည် ကြောက်စရာ နမူနာတစ်ခု၊ ရေဒီကယ်ပါတီဝင် အဖေတယောက်၏ သားက ရေးသည့်စာအုပ် ပီသပါပေသည်ဟု ဆိုကြ၏။ ပေါ်တက်စကိုလည်း တိုက်ခိုက်ထားသည်။ သို့ရာတွင် သူ့ကို သူ့ရဲကောင်းကြီးအဖြစ် ချီးကျူးဖို့ကောင်းသည့် ပြည်သူ့သတင်းစာများကလည်း ခပ်ဖယ်ဖယ်။ "စာရေးဆရာသည် သူရေးသည့်အကြောင်းကို ကောင်းကောင်း နားလည်သူ ဖြစ်သည်" ဆိုသည်လောက်က လွဲ၍ တခြား ဘာမျှ မှတ်လောက်သားလောက် မပါ။ နောက်ဆုံးတွင် "သံသယ ဖြစ်ဖွယ်ပင်" ဟု ရေးလိုက်သေးသည်။

လူဆန်းသည် ရုတ်တရက် ပြုံးလိုက်၏။ ဟုတ်သည်။ သူတို့ မှန်ကောင်းမှန်လိမ့်မည်။ မကြာသေးမီကပင် သူသည် ကွန်မြူနစ်ပါတီသို့ ဝင်မည်ဟု စိတ်ကူးခဲ့သေးသည်။ ပါတီ၏ စည်းကမ်း အရေးကြီးပုံကို မိတ်ဆွေများအား ပြောခဲ့သေးသည်။ ပါတီစည်းကမ်းကို ရှေ့တန်းတင်ကာ ကိုယ်ရေးကိုယ်တာကို နောက်တန်းသို့ ပို့ရမည်ဟု ပြောခဲ့သေးသည်။ အရာရာသည် ဖန်တီးရှင်၏ အလိုအတိုင်း ဖြစ်ရမည်ဟု (ကဗျာဆရာ) ဂါထေးပြောခဲ့သလို အရာရာသည် ပါတီအတွက် ဖြစ်ရမည်ဟု သူပြောခဲ့သည် မဟုတ်လော။ ယခု ထိုသို့ပြောခဲ့သူသည် သူ့စာအုပ်ကလေးကို ဝေဖန်သည့်အခါတွင် ဒေါသူပုန်ထနေပြီ။

အဖေက ချမ်းသာသည့်အတွက် လူဆန်းအတွက် ဘာအလုပ်ကိုမျှ ဝင်လုပ်စရာမလို။ အထက်တန်းကျောင်းမှ ထွက်ပြီးသည့်နောက်တွင် လူဆန်းသည် ပတ်ဝန်းကျင်ကို လှည့်ကြည့်၏။ ဆေးတက္ကသိုလ်သို့ တနှစ်တက်ကြည့်သည်။ ခန္ဓာဗေဒ သင်ရသည်ကို ငြီးငွေ့လာကာ ဆေးတက္ကသိုလ်မှ ထွက်လာခဲ့ပြီး နိုင်ငံတကာဥပဒေကို သင်သည်။ ထို့နောက် ချက်ချင်း ရုပ်ရှင်ဝါသနာပါသွားကာ ရုပ်ရှင်ဒါရိုက်တာတယောက်ထံတွင် တွဲဖက်ဒါရိုက်တာ ဝင်လုပ်သည်။ သူရိုက်ချင်သည်က တကယ့်ရည်ရွယ်ချက်ရှိရှိ၊ အထက်တန်းကျကျ ဇာတ်ကား။ စက်ယန္တရားခေတ်ကြီး ပြိုလဲပျက်စီးသွားပုံအကြောင်း။ သို့ရာတွင်

သူရိုက်ရသည့်ကားများမှာ လိုင်ဖောက်ပြန်သည့် လင်ကြီးနှင့် လင်ငယ်များကြားတွင် ဗျာများနေသည့် မိန်းမတယောက်၏ ဇာတ်လမ်း။ လူဆန်းသည် ရုပ်ရှင်လောကကို ငြီးငွေ့လာကာ စာရေးဆရာတွေ စတည်းချသည့် ကဖီးဆိုင်များတွင် စခန်းချသည်။ သူ့ကြည့်တော့ လောကကြီးကို စိတ်ပျက်နေသည့် ပါရမီရှင် စာရေးဆရာတယောက်၏ပုံ အပြည့်။

အန္တာတိတ်စက်ဝိုင်းသို့ သွားခဲ့သည့် စွန့်စားရှာဖွေသူ ဟင်နရီ လာရင်ဂျေးနှင့် တွေ့သည့်အခါတွင် လူဆန်းအသက် နှစ်ဆယ့်ခြောက်နှစ်ရှိပြီ။ လူဆန်းသည် ဒီလို စွန့်စားမှုမျိုးကို တွေ့ချင်သည်။ ထို့ကြောင့် နောက်တခေါက် မြောက်ဝင်ရိုးစွန်းသို့ သွားလျှင် သူ့ကိုခေါ်ရန် လာရင်ဂျေးကို ပူဆာပြီး လိုက်သွားသည်။ "ပင်ဂွင်းငှက်တွေက ရှေးနတ်ဘုရားရုပ်တွေနဲ့ တူသည်။ စည်သွတ်ဗူးတွေချည်း စားရတာ ငြီးငွေ့လှပြီ၊ တောတောင်ရေမြေက လှတော့လှပါရဲ့၊ ဒါပေမယ့် ငြီးငွေ့စရာကောင်းလှတယ်" ဟု သူ့နေ့စဉ်မှတ်တမ်းတွင် ရေးထားသည်။ နောက်စာမျက်နှာများတွင် "ယနေ့နံနက် လေးနာရီတွင် လာရင်ဂျေး ဆုံးသည်" ဟု ရေးထားသည်။ လာရင်ဂျေးသည် သွေးဆိပ်တက်သည့်ရောဂါဖြင့် လူဆန်း၏ လက်ထဲတွင် ဆုံးသွားခဲ့ခြင်းဖြစ်၏။

ပါရီသို့ ပြန်ရောက်သည့်အခါတွင် လူဆန်း၏ ဘဝသည် ဘာမျှ မထူးခြား။ သရုပ်မှန်လွန် ပန်းချီဆရာများ၏ ပြပွဲများသို့ သွားသည်။ ညှော်ခံပွဲတွေ တက်သည်။ စကားအမျှင်မပြတ် ပြောနေသည့် မိတ်ဆွေတွေကြားထဲတွင် ငူငူကြီး ထိုင်နေသည်။ သေခြင်းတရားကို သူကြောက်နေပြီ။

ဤသည်မှာ "တယောက်မျက်နှာ တယောက်ကြည့်ကာ" ဆိုသည့် သူ့ဝတ္ထု ပေါ်ပေါက်လာပုံ ဖြစ်သည်။ သူ့ဝတ္ထုက အောင်မြင်သည်။ ဝတ္ထုက စကားပြောခန်းတွေ၊ တရားဟောခန်းတွေ များလွန်းသည်။ လောကကြီးတွင် သူ့လေးနှစ်သမီးကလေးနှင့် သချ်ာမှအပ ဘာကိုမှ မချစ်တတ်သည့် လူတယောက် မြောက်ဝင်ရိုးစွန်း ရေခဲပြင်ကြီးတခုပေါ်တွင် သေသွားပုံကို ရေးထားသည်။ လူဆန်းသည် ဝတ္ထုရေးဆရာတယောက်အနေဖြင့် တဟုန်ထိုး နာမည်ကြီးသွား၏။ နောက်ထပ် ဘာရေးနေသနည်းဟု မေးကြည့်သည့်အခါ မိသားစုစနစ် ကျဆုံးပုံ အကြောင်း ဝတ္ထုရှည်ကြီးတပုဒ် ရေးနေသည်ဟု ခပ်တည်တည် ပြောသည်။ တကယ်က လူဆန်း ဘာမျှ မရေးနိုင်။ အရည်ကုန်အောင် ညှစ်ထားသည့်

သံပရာသီးနှင့် တူနေပြီ။

နှစ်တွေ ကုန်သွားသည်။ လူတွေက လူဆန်းကို စာရေးဆရာတယောက် ဖြစ်မှန်းပင် မသိကြတော့။ သူ့အဖေသည် သူ့သား၏ စာပေအရည်အသွေးကို ယုံသည်။ ထို့ကြောင့် လူဆန်းကို စာရေးရန် တိုက်တွန်းသည်။ ပျင်းရကောင်းလော၊ အသုံးအဖြုန်း ကြီးရကောင်းလောဟု ဆူသည်။ လူဆန်းကလည်း လက်ထဲတွင် ပိုက်ဆံမရှိလျှင် မနေတတ်။ လက်ထဲတွင် ငွေရှိလျှင် ဘယ်လိုက ဘယ်လိုကုန်သွားသည် မသိ။ တဖြုတ်ဖြုတ် ကုန်သွားသည်။ ဈေးကြီးသည့် ဟိုတယ်တွေ၊ ပျော်ပွဲစားရုံတွေကို မိတ်ဆွေတွေနှင့် အတူသွားပြီး ရက်ရက်ရောရော ကျွေးသည်။ ကောင်းပေ့ဆိုသည့် အရက်ကိုမှာကာ "အပေါစား အရက်ကလေးပါ" ဟု ဆိုတတ်သည်။ သူကြိုက်သည့် အမျိုးသမီးတွေ့လျှင် အဖိုးတန်လက်ဆောင်တွေကို ဝယ်ပေးသည်။ ဖဲကို ဝါသနာပါလိုက်သည်ကလည်း အလွန်။ လောကကြီးတွင် ဖဲသည် သူ့အဖို့ အရေးကြီးဆုံး။ ရုပ်ချောချော၊ အသားဖြူဖွေ့ဖွေ့၊ သစ်ကြားသီးရောင်ဆံပင်နှင့် လူဆန်းကို ကစားဝိုင်းများတွင် မကြာခဏ တွေ့ရသည်။ ငွေနှစ်သောင်း သုံးသောင်းလောက်ကို တညလောက်အတွင်း ပြုံးပြုံးကလေးဖြင့် အရှုံးခံနိုင်သည်။ ထို့နောက် ကိုယ်က ပိုက်ဆံချေးရသည့် အလှည့်သို့ ရောက်လာသည်။ တယောက်ဆီက လှည့်ယူပြီး အခြားတယောက်ကို ပြန်ဆပ်သည်။ သို့ဖြင့် လေးနှစ်လောက် ဖဲလောကတွင် ကျင်လည်ပြီးနောက် မြောက်ဝင်ရိုးစွန်းသို့ လိုက်သွားခဲ့ခြင်းဖြစ်၏။ ရေးကချေသည်ဟန် ပေါက်နေသော ပင်ဂွင်းငှက် စည်သွတ်အစာတွေကိုချည်း စားခဲ့ရပြီးနောက် ငြီးငွေ့လာကာ ဖဲသံသရာတွင် ပြန်၍ ကျင်လည်ပြန်သည်။

နွေရာသီတွင် လူဆန်းသည် ကမ္ဘာလှည့်ခရီးသည်များနှင့်အတူ ဆိုဗီယက်ယူနီယံသို့ လိုက်သွား၏။ မတော်တဆ ရောက်သွားခြင်းဖြစ်သည်။ မူလက ရုရှသို့ သွားဖို့မဟုတ်။ မိတ်ဆွေတယောက်နှင့် အီဂျစ်သွားရန်ဖြစ်သည်။ သို့ရာတွင် သွားခါနီးမှ နှစ်ယောက်သား စကားများပြီး အစီအစဉ် ပျက်သွားကြသည်။ လူဆန်းသည် မော်စကိုတွင် တပတ်ကြာသည်။ ပြတိုက်များ၊ ကလေးထိန်းဂေဟာများ၊ ရှေးဟောင်းအဆောက်အအုံများ စသည်တို့ကို လျှောက်ကြည့်သည်။ လူဆန်းအဖို့ ဘာမျှမထူးဆန်း၊ သူ့အဖို့ ထူးဆန်းသည့်အရာမှာ ရုရှပြည်သူများ၏ စိတ်ဓာတ်နှင့် ၎င်းတို့၏ ထက်သန်မှုတို့ ဖြစ်သည်။ တနေ့တွင် လူဆန်းတို့ ခရီးသည်တသိုက် မြေအောက်မီးရထားလမ်း ဆောက်သည်ကို

သွားကြည့်ကြသည်။ အလုပ်သမားတွေထဲတွင် ဖိနပ်ရှည်ကြီး စီးထားသည့် အလုပ်သမကလေးတယောက်ကို သွားတွေ့သည်။ သူ့မျက်နှာက ခပ်သွယ်သွယ်။ အသားက ဖျော့ဖျော့။ မျက်လုံးများက ပိုင်းဖြတ်မှုဖြင့် တောက်ပရွှန်းလဲ့လျက်။ အလုပ်သမကလေးသည် မြေအောက်ဘူတာရုံကို ဆောက်နေခြင်းမျှမက၊ စနစ်ကြီးတခုကို တည်ဆောက်နေခြင်းလည်းဖြစ်ကြောင်း ချက်ချင်း သဘောပေါက်သွားသည်။ သူ့ကိုကြည့်၍ ခွန်သစ်အားသစ်တွေ တိုးလာခဲ့သည်။ ပါရီသို့ ပြန်လာသည့်အခါတွင်မူ လူဆန်းသည် လူသစ်တယောက် ဖြစ်လာခဲ့ပြီ။

လာထရေမွန်၏ အဘိဓမ္မာနေရာတွင် မတ်၏ အဘိဓမ္မာ ရောက်လာသည်။ လူဆန်းသည် သူ့ပတ်ဝန်းကျင်မှ လူတွေအကြောင်းကို ပထမဆုံးအကြိမ် စဉ်းစားလာမိသည်။ နေရာတကာတွင် အလိမ်အညာတွေ၊ ဟန်ဆောင်မှုတွေ၊ ငြီးငွေ့စရာတွေ လွှမ်းနေသည်။ သူ့အရေးသည် လူ့အဖွဲ့အစည်းကြီး၏အရေး မဟုတ်လော။ သို့ဖြင့် လူဆန်းသည် စာအုပ်ကလေးတအုပ် ရေး၍ ထုတ်သည်။ ခေတ်ရှင်လူတန်းစား၏ အဘိဓမ္မာ၊ ကျင့်ဝတ်၊ အနုပညာအမြင်တို့ကို လှောင်ပြောင်သရော်သည့် စာအုပ်ငယ် ဖြစ်၏။ ဖေဖေက သူ့ကို နီသွားပြီဟုဆိုကာ အထောက်အပံ့ မပေးတော့ဟု ခြိမ်းခြောက်သည်။ သို့ရာတွင် လူငယ်များကမူ ဖြစ်ပွားတော့မည့် တော်လှန်ရေးကြီးအကြောင်းပြောသည့် လူဆန်း၏ ဟောပြောချက်များကို ယဉ်ကျေးမှုအသင်းတိုက်ကိုလာ၍ နားထောင်လေ့ရှိကြသည်။ ဖဲကစားရမည်ကိုပင် မေ့နေပြီ။ စင်စစ် သူကစားနေသည့် လောင်းကစားဝိုင်းသည် ပို၍ စိတ်ဝင်စားစရာ မကောင်းပါလော။

ခြောက်လလောက် ကြာသည့်အခါတွင် လူဆန်း သံသယဝင်စပြုလာသည်။ ကွန်မြူနစ်ပါတီကလည်း သာမန်နိုင်ငံရေးပါတီနှင့် ဘာမျှမထူး။ ကွန်မြူနစ်ဆိုသည့် လူတွေကလည်း သူ့လိုပင် ဇိမ်ကျကျ နေချင်ကြသည်။ မောရစ်ရှဲလီးယား၏ အချစ်သီချင်းတွေကိုတောင် ဆိုလိုက်သေး။ လူဆန်းသည် သူ့ကိုယ်သူ အထင်ကြီးသူ ဖြစ်၏။ “ငါဟာ ငါ့ကိုယ်ငါ အရှုံးလုပ်နေတာနဲ့ အတူတူပဲ၊ ခုကစားဝိုင်းမှာ နိုင်ချင်နိုင်လိမ့်မယ်၊ ဒါပေမယ့် ဒါဟာ ငါကစားနေကျဝိုင်း မဟုတ်ဘူး” ဟု စိတ်ထဲက ဆိုမိသည်။

ထို့နောက်တွင်မူ သူနှင့် ဂျဲနက်တို့၏ အချစ်ဇာတ်လမ်း။ လူဆန်းသည်

အချစ်ကို အသားမပေး။ သူတို့အကြောင်းကို သူ့မိတ်ဆွေအသိုင်းအဝိုင်းတွင် ပြောင်ပြောင်ပင် ပြောသည်။ သူ့အသံက အချစ်ကို လှောင်ပြောင်အထင်သေးသည့်ဟန်။ သရော်သည့်ဟန်။ သို့ရာတွင် အချစ်သည် သူ့ကို အရှုံးမပေး။ နောက်ဆုံး၌ လူဆန်းသည် ဂျဲနက်၏ အမည်ကိုပင် မခေါ်ရက်အောင် ဖြစ်လာသည်။ သို့ဖြင့် အချစ်က သူ့ကို အနိုင်ယူသွားခဲ့သည်။

လူဆန်းနှင့် ဂျဲနက်တို့ နှစ်ယောက်က နည်းနည်းကလေးမျှ စရိုက်ချင်းမတူ။ သို့ရာတွင် အတွေ့အကြုံကမူ တူကြသည်။ နှစ်ယောက်စလုံး ဘဝစုံလှပြီ။ ဂျဲနက်က အသက်သုံးဆယ်။ သို့ရာတွင် အဘွားအိုကြီးဟု မကြာခဏ ထင်မိသည်။ သူ့အဖေက လိုင်ယွန်မှ တောရွာနေကလေး။ မြို့ကလည်း တောမြို့ကလေး။ မိဘတွေကလည်း ကွပ်ညှပ်လွန်းအားကြီးသဖြင့် ကလေးဘဝ အရွယ်မရောက်ခင်ကတည်းက လူကြီးလေးလို ဖြစ်နေသည်။ သူ့ပတ်ဝန်းကျင်က ပိုက်ဆံအကြောင်း ပြောလိုက်ရသည်ကလည်း အမော။ နေ့ရော၊ ညရော ပြောလိုက်ရသည့် ပိုက်ဆံအကြောင်း။ လင်ကောင်းသားကောင်း ရွေးရမည့်အကြောင်း။ မိန်းမတွေက ကွယ်ရာမှာ ဖောက်ပြားကြသည်။

သူ့မိဘတွေ ကိုယ်တိုင်က တရိုတသေ ဆက်ဆံရသည့် မျက်လုံး တိမ်တဘက်နှင့် ခပ်ပိန်ပိန် လူတယောက်အကြောင်းကို ဂျဲနက် သတိရသေးသည်။ သူက စက်ရုံပိုင်ရှင်။ မိန်းမ မျောက်မထားသဖြင့် လင်ငယ်ကို တောလိုက်သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ သို့ရာတွင် အရှိန်အဝါကောင်းသဖြင့် ကွင်းလုံးကျွတ် လွတ်လာခဲ့သည်။ အချိန်မတော် အိမ်တွင်းသို့ ခိုးဝင်သဖြင့် သေနတ်ဖြင့် ပစ်ခြင်းဖြစ်သည်ဟု သတင်းလွှင့်လိုက်သည်။

ဂျဲနက်တို့အိမ်က ပရိဘောဂတွေကလည်း အသစ်စက်စက်တွေချည်း။ ဘယ်အချိန် ကြည့်ကြည့် သူတို့စားပွဲကုလားထိုင်များတွင် အခင်းတွေ၊ အဖုံးတွေ တပ်လျက်သား။ စားပွဲခင်းတွေပေါ်တွင် သူ့အဖေ အရက်ဖိတ်မည်စိုးသဖြင့် သတိပေးရသည်ကလည်း အမေ့ခမျာ လျှာထွက်လုမတတ်။

အသက် ၁၈ နှစ်တွင် ဂျဲနက် ဝက်သက်ပေါက်သဖြင့် အိမ်သို့ ဆရာဝန်ခေါ်ရသည်။ ဂျဲနက်သည် ဆရာဝန်နှင့် ကြိုက်ကြသည်။ ဆရာဝန်က မယားကြီးနှင့်၊ အဖေ ဒေါပွလိုက်သည်မှာ ဆိုဖွယ်ရာ မရှိတော့။ "သွား... တန်းလျားရောက်မယ့်ကောင်မ" ဟု ဆိုကာ အိမ်မှ နှင်ထုတ်လိုက်သည်။ ဆရာဝန်က

သက်ပြင်းတချက်ချကာ ပါရီကိုသွားဖို့ ဂျဲနက်ကို ငွေလေးရာပေးလိုက်၏။ ထိုနေ့ည ရထားဖြင့် ဂျဲနက် ပါရီသို့ လိုက်ခဲ့သည်။ ဘာကြောင့်များ ဆရာဝန်နှင့် ချိန်းတွေ့မိပါလိမ့်ဟု ရထားပေါ်တွင် တွေးလာသည်။ ဆရာဝန်က အရုပ်ဆိုးဆိုး။ လည်ပင်းက စလုတ်ကလည်း အကြီးကြီး။ အပြောအဆိုကလည်း ညစ်ညမ်းသည်။ ထိုနေ့က အမေသည် အိမ်က ထမင်းချက်မိန်းမကြီးကို သုံးနာရီလောက် ဆက်တိုက် မာန်မဲနေသည်။ "ဟဲ့ ကောင်မရဲ့၊ ညည်းဝယ်လာတာ အမဲသား မဟုတ်ဘူးဟဲ့၊ အမဲရိုး၊ အမဲရိုး" ဟု မြည်တွန်တောက်တီးသည်။ သည်အသံဗလံတွေ မကြားချင်၍ ဆရာဝန်နှင့် ချိန်းတွေ့မိသည်လော မဆိုနိုင်။

ပါရီက ကုန်ပဒေသာဆိုင်တဆိုင်တွင် အရောင်းစာရေးမ ရသည်။ မနက်လင်း၍ ဆိုင်သို့လာလျှင် သူ့မျက်ကွင်းတွေက ညိုမည်းလျက်။ ကောင်မက ခပ်ပျက်ပျက် ထင်ပါရဲ့ဟု အခြားစာရေးမများက မေးငေါ့ကြသည်။ စင်စစ်တွင် ညလုံးပေါက် စာဖတ်ခဲ့သောကြောင့် ဖြစ်သည်။ ပထမတွင် ကာလပေါ်ဝတ္ထုများကို ဖတ်သည်။ သူ့လိုအဖြစ်မျိုးများ တွေ့လိုတွေ့ငြား ဖတ်ကြည့်ခြင်းဖြစ်၏။ နောင်တွင် စတင်ဒယ်၊ ဒေါ့စတိုယက်စကီ၊ ရိုတ်စပီးယား စသည့် စာကြီးပေကြီးများကို ဖတ်သည်။ သူ့ပတ်ဝန်းကျင်က လူများ၏ ခံစားချက်များ၊ အာရုံများသည် အစပ်အဟပ်မရှိသည့် မတော်တဆ အဖြစ်အပျက်များ မဟုတ်၊ အရေးကြီးသည့် လူ့ဘဝ အဖြစ်အပျက်များ ဖြစ်ကြောင်း သဘောပေါက်လာခဲ့သည်။ အလျှင်တုန်းက လူတွေကို သူနားမလည်။ သေးသိမ်သည်၊ ကျဉ်းမြောင်းသည်၊ အဓိပ္ပါယ်မဲ့သည်ဟု သူထင်ခဲ့သည်။ ထို့ကြောင့် သူတို့နှင့် ကင်းကင်းနေခဲ့သည်။ ယခု သူတို့ကို သူနားလည်ပြီ။ နိယာမတရားများအတိုင်း ပြုမူလှုပ်ရှားနေရခြင်း ဖြစ်ကြောင်းကို သူသိပြီ။ ဂျဲနက်တွင် ဘဝအတွေ့အကြုံ လိုသေးသည်။ လူတွေနှင့် ကွာလှမ်းသေးသည်။ သို့ရာတွင် ထိုစာပေများကို ဖတ်ပြီးသည့်နောက်၌ ဂျဲနက်သည် လောကအကြောင်းကို လေးလေးနက်နက် နားလည်လာခဲ့သည်။ လူ့ဘဝကို ပို၍ နားလည်လာခဲ့သည်။

ဂျဲနက်သည် စာပေတွေကို ဖတ်ပြီး ငေးငိုင်နေသူ မဟုတ်၊ စာပေနှင့် အနုပညာသည် သူ့အဖို့ အသက်ဖြစ်သည်။ စာအုပ်တအုပ်ကိုပဲ ဖတ်ဖတ်၊ ပြတိုက်တခုကိုပဲ သွားသွား ဂျဲနက်အဖို့ သင်ခန်းစာယူစရာတွေချည်း။ ဆိုင်တွင် လူအကျနည်းသည့်အခါများ၌ ဂျဲနက်သည် ရေစန်း၏ ပြဇာတ်ထဲမှ စာသားများကို ရွတ်နေတတ်သည်။

သူသွား၍ ထမင်းစားနေကျဆိုင်တွင် ဖီဂျေးဆိုသည့် လူလတ်ပိုင်း ဓာတ်မင်းသားတယောက်နှင့် သွားတွေ့သည်။ သူတို့နှစ်ယောက် အတူနေလိုက်ကြသည်။ တယောက်ကိုတယောက် ချစ်ကြ၍ မဟုတ်။ အဖော်မရှိ ဘာမရှိ။ စိတ်ညစ်ညစ်ဖြင့် ညားသွားကြခြင်း ဖြစ်သည်။ ဖီဂျေးက ဂျဲနက်၏ရုပ်ကို သဘောကျသည်။ ဂျဲနက်၏ရုပ်ကလည်း သဘောကျစရာ။ မျက်နှာက တည်ငြိမ်သည်။ မျက်လုံးရွဲကြီးများက ထိတ်လန့်နေသည့်ပုံမျိုး။ တသက်တွင် တခါသာ ကြုံရသည့် ပျော်ရွှင်မှုကို တွေ့နေရသည့် ပုံမျိုး။

ထိုမျှမက ဂျဲနက်က သူ့ကို ဂရုတစိုက်ရှိသည့်အတွက်လည်း ဖီဂျေး သဘောကျသည်။ ဖီဂျေးက ခပ်ကြောင်ကြောင်။ ဓာတ်မင်းသားအနေနှင့်လည်း မအောင်မြင်။ ညည်းတတ်သည်။ အနေအထိုင်ကလည်း ကပျစ်ကညစ်။ အသက်က သူ့အဖေနီးပါး ရှိပြီ။ သူ့ကို ကလေးလေးသဖွယ် ပြုစုသည့်အခါတွင် ဖီဂျေးကျေနပ်သည်။ ဂျဲနက်ကလည်း သူ့ကိုမချစ်။ သူ့တသက်တွင် ဘယ်သူ့ကိုမှလည်း ချစ်ခဲ့သည်ဟု မထင်။ သူ့ဘဝကို စက္ကူတွေ၊ ပြဇာတ်တွေထဲက အဖြစ်မျိုးနှင့်လည်း ယှဉ်စဉ်းစားခြင်းမပြု။ လအနည်းငယ်အကြာတွင် ဂျဲနက် အလုပ်မှ ထွက်လိုက်သည်။ ဖီဂျေးက သူ့ကို ဓာတ်အဖွဲ့တခုထဲသို့ သွင်းပေးသောကြောင့် ဖြစ်၏။ သို့ရာတွင် ဓာတ်ရုံမှူးသာ၊ အိမ်ဖော်ခန်း၊ တောသူမအခန်း။ ထင်ရှားသည့် မင်းသမီးတယောက်လည်း မဖြစ်ချင်။ သို့ရာတွင် ဓာတ်ရုံနံ့ ဓာတ်ရုံငွေ့ ရသည်ဆိုလျှင်မှု ဂျဲနက်ပျော်သည်။ သူ့ဘဝကို ပြောင်းလဲသွားအောင် လုပ်ပေးသည့် ဖီဂျေးကို ဂျဲနက် ကျေးဇူးတင်သည်။

နောက်တနှစ်အကြာတွင် ဖီဂျေးသည် သူ့ကို စွန့်သွား၏။ ဖီဂျေးသည် အောင်မြင်နေသည့် အဆိုတော် မင်းသမီးတယောက်နှင့် ဖြစ်သွားသည်။ ဂျဲနက်ကို ပြောရကောင်းနိုးဖြင့် ချီတုံချတုံ ဖြစ်နေသည်။ သူ့ကိုပြောလျှင် မနာလိုဝန်တိုဖြစ်မည်။ ဆူပူမည်။ မျက်ရည်ခံထိုးမည်။ သို့ရာတွင် ဖွင့်ပြောလိုက်သည့်အခါတွင် ဂျဲနက်က မတုန်မလှုပ်။ ဘာမျှ မဖြစ်သည့်နှယ်။ သူတိုယ်တိုင် အံ့ဩ၍မဆုံး ဖြစ်နေသည်။

"ကိုယ့်ကို တကယ်မှ ချစ်ကော ချစ်ရဲ့လားဟင်" ဟု ဖီဂျေးက မေး၏။

သည်အကြောင်းကို တခါမျှ မစဉ်းစားဘူးခဲ့ဟု ဂျဲနက်က ဖြေသည်။

ယဉ်ကျေးမှုအသင်းတိုက် မန်နေဂျာ မာရေရှယ်က "တော်လှန်သော ဇာတ်သဘင်" ဆိုသည့် အမည်ဖြင့် အဖွဲ့တဖွဲ့ ထောင်ချင်နေသည်မှာ ကြာလှပြီ။ ဇာတ်ဆောင်များကို လိုက်ရှာနေသည်။ သူ့စီမံကိန်းကို အောင်မြင်မည်ဟု မည်သူမျှ မထင်ကြ။ ထို့ကြောင့် နာမည်ကြီး ဇာတ်ဆောင်များက သူ့ဇာတ်အဖွဲ့သို့ မဝင်ချင်။ မာရေရှယ်သည် ဇာတ်ရုံ လေ့ကားအဆင်းတွင် ဂျဲနက်ကို တွေ့သွား၏။ မြင်လိုက်သည်နှင့် သဘောကျနေပြီ။ ဂျဲနက်ကို သူနှင့်လာတွေ့ဖို့ ပြောခဲ့ပြီး အလွမ်းမင်းသမီးလုပ်လျှင် အောင်မြင်မည်ဟု ပြောသည်။

"မင်းမျက်လုံးတွေနဲ့ မင်းအသံက အလွမ်းမင်းသမီး မျက်လုံးမျိုးနဲ့ အလွမ်းမင်းသမီးရဲ့ အသံမျိုး" ဟု မာရေရှယ်က ပြောသည်။

မာရေရှယ်က "သိုးနွေဦးပေါက်" ဆိုသည့် ဇာတ်ကို ရုံတင်သည်။ ဂျဲနက်ကို ဇာတ်ဆောင်မင်းသမီးနေရာမှာ ထား၏။ ဇာတ်တိုက်ရုံမျှရှိသေး ဂျဲနက်ကို သဘောကျကုန်ကြပြီ။ သရုပ်ဆောင်နိုင်ပါပေသည်ဟု ချီးကျူးကြသည်။ သို့ရာတွင် ဂျဲနက် ကံမကောင်း။ နာမည်ကျော် မင်းသမီးတယောက်ဖြစ်သည့် ယာဗော့သည် သူလိုက်နေသည့် "အိုဒီအုန်း" ဇာတ်အဖွဲ့ မန်နေဂျာနှင့် ရန်ဖြစ်ပြီး မာရေရှယ်ထံ ရောက်လာသည်။ စင်စစ် ယာဗော့က ဒုတိယတန်းမင်းသမီးလောက်သာ ရှိသည်။ သို့ရာတွင် နာမည်ရှိပြီးသားဖြစ်၍ သူပါလျှင် လူဝင်မည် မုချ။ ထို့ကြောင့် ခေါင်းဆောင်မင်းသမီးနေရာကို သူ့ပေးလိုက်ရသည်။ ဂျဲနက်သည် ဘာမျှမပြော။ မထင်မရှားအခန်းမှသာ ပါရသည်။ ဇာတ်ပွဲပြီး၍ သူ့အခန်းသို့ ပြန်ရောက်သည့်အခါကျမှသာ ဂျဲနက်သည် သူမပါလိုက်ရသည့် ဇာတ်လိုက်နေရာမှ စာသားများကို တယောက်တည်း ရွတ်နေတတ်သည်။

မကြာခင် မာရေရှယ်၏ "တော်လှန်သော ဇာတ်သဘင်" သည် ဇာတ်ခေါင်းကွဲသွားသည်။ ဂျဲနက်သည် ကြုံရာဇာတ်ဖြင့် လိုက်က၏။ နယ်အနှံ့ရောက်သည်။ နှစ်နှစ်လောက် ကပြီးသည့်အခါတွင် လူလည်း ပင်ပန်းလှပြီ၊ ငတ်လည်းငတ်လှပြီ။ နောက်ဆုံးတွင် ဂျဲနက်သည် "ပါရီအသံ" ဟု ခေါ်သည့် အသံလွှင့်ကုမ္ပဏီလေးတခုတွင် အလုပ်ရသည်။

လူဆန်းသည် ဂျဲနက်ကို "တော်လှန်သော ဇာတ်သဘင်" အဖွဲ့ ဇာတ်တိုက်စဉ်တုန်းက ပထမဆုံးအကြိမ် တွေ့ဖူးသည်။ တွေ့လျှင်တွေ့ချင်း ဂျဲနက်ကို သဘောကျသွား၏။ သည်တုန်းက လူဆန်းကိုယ်တိုင်ကလည်း

တော်လှန်ရေးဆိုသည့် စကားလုံးပါလျှင် အဟုတ်ထင်တုန်း။ ပြဇာတ်ထဲက စကားပြောခန်းတွေကလည်း ကောင်းသည်။ ဂျဲနက်ကလည်း သရုပ်ဆောင်ကောင်းသည်။ နိုင်ငံရေးစကားတွေ၊ ဆောင်းပါးတွေထဲတွင် မတွေ့နိုင်သည့် လေးလေးနက်နက် အဓိပ္ပါယ်တွေပါသည်။

ဂျဲနက်သည် လူဆန်းကိုကြည့်၍ အံ့အားသင့်နေသည်။ သူစကားပြောပုံက ဝတ္ထုထဲက ဇာတ်လိုက်တွေ ပြောသည့်ဟန်။ သည်လိုလူမျိုးကို သည်တကြိမ်သာ တွေ့ဖူးသေးသည်။ ပြောလိုက်သည့် စကားတွေက လူ့အဖွဲ့အစည်းကြီး ယိုယွင်းပျက်စီးနေသည့်အကြောင်း။ အပျက်အစီး အဟောင်းအမြင်းတွေကို ရှင်းလင်းပစ်မည့် မုန်တိုင်းကြီး တိုက်ခတ်တော့မည့်အကြောင်း။ သူ့စကားများကို ကြားယောင်တိုင်း ရဲရဲနီနေသည့် သူ့ဆံပင်များ၊ ဖြူဖျော့ဖျော့ ဖြစ်နေသည့် သူ့မျက်နှာနှင့် သူ့ဟန်ပန် အမူအရာတို့ကို ဂျဲနက် မြင်ယောင်နေသည်။ ဂျဲနက်သည် သူပြောသည့် စကားတိုင်းကို ယုံနေသည်။ ချစ်ရေးဆိုသည်နှင့် တပြိုင်နက် ဂျဲနက်ကလည်း မဆိုင်းမတွ လက်ခံလိုက်သည်။ ချစ်၍တော့မဟုတ်။ စိတ်ဓာတ်တက်ကြွနေသောကြောင့်သာ ဖြစ်လိမ့်မည်။

ဂျဲနက်၏ ရင်ထဲတွင် အချစ်သည် ပြန်လည်နိုးကြားလာသည်ဟု ထင်ရ၏။ သို့ရာတွင် လူဆန်းသည် ထိုအချစ်ကို အစတုံးအောင် လုပ်နေသည်နှင့် တူတော့သည်။ လူဆန်းက အပေါ်ယံဟန်ဆောင်မှုတွေ များလွန်းသည်။ တိမ်လွန်းသည်။ ဘဝင်မြင့်လွန်းသည်။ သို့ရာတွင် ထိုအရာများကို ဂျဲနက် လျောင်ပြောင်ရယ်မောခြင်း မပြုတတ်သေး။ သူ့စကားများကို နေ့တိုင်း နားထောင်ရဖန် များလာသည့်အခါတွင် လူဆန်းသည် သူ့ကို တကယ် ချစ်မှ ချစ်ပါ၏လောဟု ဂျဲနက် သံသယရှိချင်သည်။ သို့ရာတွင် လူဆန်းက ဂျဲနက်ကို တနေ့တခြား အချစ်တွေ တိုးလာသည်။ ဂျဲနက်နှင့် ပတ်သက်လာလျှင် လူဆန်း၏ ခံစားချက်များကလည်း တမျိုး။ လူဆန်းသည် ဂျဲနက်ကို သူ့နည်းနှင့်သူ ချစ်ခြင်း ဖြစ်သည်။ အရာဝတ္ထုတခု၊ ကဗျာတပုဒ်၊ ပင်ဂွင်းငှက်တကောင်ကို ချစ်သည့်ပုံမျိုး ဖြစ်သည်။ ဂျဲနက်အတွက် အသက်ကို စွန့်ပါဟု ဆိုလျှင် အလွယ်တကူ စွန့်နိုင်သည်။ သို့ရာတွင် ဂျဲနက် နေမကောင်း၍ သူ့အနားတွင် နေပါဟု ဆိုလျှင်၊ သူ့ကို စောင့်ပေးပါဟု ဆိုလျှင်မူ လူဆန်းသည် အကြောင်းအမျိုးမျိုး ပြတတ်သည်။ “အမေက အိမ်တွင် မျှော်နေလိမ့်မည်၊ သွားစရာ ရှိသည်” ဟု အကြောင်းတမျိုးမဟုတ်တမျိုး ပြတတ်သည်။ အမှန်ကမူ ဘာအကြောင်းမျှ မရှိ။

ကောင်းကောင်း အိပ်ချင်၍ အကြောင်းပြခြင်းသာ ဖြစ်သည်။

"တနေ့ကျယင် သူလဲ ငါ့စွန့်သွားမှာပါ" ဟု ဂျဲနက်စိတ်ထဲတွင် ထင်သည်။ အမှန်က လူဆန်းကို သူ ခွာဖို့ကောင်းပြီ။ သို့ရာတွင် ဂျဲနက်က စိတ်ခတ်ပျော့သည်။ ဂျဲနက်လို မိန်းကလေးသည် သူတို့ကို စွန့်မပစ်မချင်း ကိုယ်ကစ၍ စွန့်တတ်သည့် မိန်းကလေးမျိုး မဟုတ်။ လူဆန်းနှင့် အတူနေရသည်ကို ပျော်သောကြောင့် ဖြစ်ချင်လည်း ဖြစ်မည်။ သူ့အဖော်တွေလိုပင် ဂျဲနက်၏ မျှော်လင့်ချက်များကလည်း ရေရေရာရာ မရှိ။

အန်ဒရေ၊ ပီယာတို့နှင့် တွေ့ပြီးသည့်နောက်ပိုင်းတွင် လူဆန်းနှင့် ဂျဲနက်တို့ မတွေ့ကြတော့။ လူဆန်းက သူ့ထံ ဖုန်းဆက်သည်။ သို့ရာတွင် အတွေ့မခံ။ နေမကောင်းဟု အကြောင်းပြန်သည်။ ခဏကြာသည့်အခါ လူဆန်းထံ ဖုန်းဆက်ကာ စကားပြောစရာရှိသည်ဟု မှာသည်။ ဂျဲနက်အသံက မူမမှန်။ "အန်ဒရေနဲ့များ ဖြစ်နေကြပလား" ဟု လူဆန်း စိုးရိမ်လာသည်။ သူ့ဘက်ကလည်း အသင့်ပြင်ရတော့မည်။ ယခု ချက်ချင်း လာခေါ်မည် ဖြစ်ကြောင်း၊ အပြင်တွင် ညစာစားမည် ဖြစ်ကြောင်းနှင့် အကြောင်းပြန်လိုက်၏။

ဂျဲနက်က အပြင်သို့ သိပ်မလိုက်ချင်လှ။ ကောင်းကောင်း နေမကောင်းကြောင်း၊ သူနှင့် နှစ်ယောက်ချင်း ပြောစရာ ရှိကြောင်းဖြင့် ပြောသည်။ လူဆန်းက အတင်းခေါ်သည်။ သူခေါ်သည့်နေရာက "ဖိုကွေး" ပျော်ပွဲစားရုံ။ စာရေးဆရာတွေ၊ ဇာတ်သဘင်နယ်ကလူတွေ လာတတ်သည်။ ထိုလူများရှေ့တွင် လူဆန်း အသားယူချင်သည်။

သူ့စာအုပ် အဝေဖန်ခံရသည့်အတွက် လူဆန်း စိတ်တိုနေသည့်တိုင် ထိုနေ့ညနေကမူ လူဆန်းကို ကြည့်ရသည်မှာ ရွှင်ရွှင်ပျပျ။ ကမာကြော်နှင့် ဝိုင်အရက်ဖြူကို မှာလိုက်သည်။ ဂျဲနက်က စကားတလုံးမှ မဟ။ လူဆန်းက သူ့စာအုပ် ဝေဖန်ချက်အကြောင်းကို ပြောသည်။ "အစ်ကို့စာအုပ်ကို သူတို့က သံသယဖြစ်စရာ ကောင်းသတဲ့လေ" ဟု ပြောသည်။

ယခုထိ ဂျဲနက် တလုံးမျှ မပြောသေး။ အရေးတကြီး ပြဿနာတခုကို စဉ်းစားနေပုံရသည်။ လူဆန်းသည် သူ့စာအုပ် ဝေဖန်ချက်ကိုရော ဘေးကလူတွေ သူတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြသည်ကိုရော သတိမရတော့။ မနာလိုစိတ်တွေ

တဖွားဖွား ပေါ်လာသည်။ သေချာပြီ။ သည်ကိစ္စကို အန်ဒရေနှင့် စာရင်းရှင်းမှ ဖြစ်တော့မည်။

"တနလ်ာနေ့က အန်ဒရေရဲ့ ကားတွေ ပြပွဲဖွင့်တယ်၊ ရှုမျှော်ခင်းကားတွေက တော်တော်ကောင်းတယ် ပြောတယ်၊ သွားကြည့်မလား"

"ဟင့်အင်း... ဂျဲနက် မသွားချင်ဘူး၊ စိတ်မပါဘူး"

ဂျဲနက် အမူအရာက ဘာမျှ မထူးခြား။ သူထင်သည့်အတိုင်း ဟုတ်မှ ဟုတ်ပါ၏လော။ ရှာဘလေးဝိုင် ကုန်သွားသည့်အခါတွင် လူဆန်း ပျော်သလိုလို ဖြစ်လာ၏။ စိုးရိမ်မှုတွေ မရှိတော့။ တနေ့လုံး သူတွေးနေသည့်အကြောင်းကို ပြန်၍ စိတ်ရောက်သွားသည်။

"အစ်ကို့ကို ဘာများ သံသယရှိနေကြသလဲ မပြောတတ်ဘူး သိလား၊ တနေ့တုန်းက ကွန်မြူနစ်ပါတီသတင်းစာ 'လျူမန်နီတေး' အယ်ဒီတာအဖွဲ့မှာပါတဲ့ ကွန်မြူနစ်တယောက်ကို အစ်ကို သွားတွေ့တယ်၊ အံမာလေး၊ နေလိုက်တာ တကယ့် ဘူဇွာပဲ၊ အိမ်က အပျံစား၊ နံရံတွေပေါ်မှာလဲ တကယ့်အဖိုးတန်ပန်းချီကားတွေ ချိတ်လို့၊ ရိုဒင်ရဲ့ 'တွေးခေါ်ရှင်' ရုပ်တုကြီးနဲ့၊ သူ့မိန်းမကလဲ အစ်ကို့ကို အမဲသားကြော်နဲ့ ဘာနဲ့ ဧည့်ခံလိုက်သေးတယ်၊ သူ့မိန်းမက ဟင်းချက်ကောင်းတဲ့... ကြွားလိုက်သေးတယ်၊ ကလေးက လေးယောက်၊ အကြီးဆုံးလေးက ဂဏန်းတွက်လို့၊ အဖေက စာသင်ပေးလို့၊ ဂျဲနက် မြင်စေချင်တယ်၊ တကယ်ပဲ၊ သူ့လိုလူက ကွန်မြူနစ်ခေါင်းဆောင်တဲ့၊ တကယ်က သာမန် မဲဆန္ဒရှင်တယောက်ထက် ဘာများ ပိုသေးလို့လဲ၊ ဒီလို လူတန်းစားတွေက ခေါင်းဆောင် လုပ်နေသမျှ"

ဂျဲနက် အငြင်းအခုံ မလုပ်ချင်၊ သို့ရာတွင် မမျှော်လင့်ပဲ ငြင်းခုံမိလျက်သား ဖြစ်နေသည်။

"ဒါကတော့ သူလဲ လူပဲ အစ်ကိုရယ်၊ လူတယောက်မှာ မယားတယောက်နဲ့ မိသားစုလေးတခု ရှိတာဟာ ဘာအပြစ်ရှိသလဲ၊ ဒါဟာ ရာဇဝတ်မှုလား၊ ဂျဲနက်ဆိုယင်လဲ ဒီလိုပဲ နေမှာပဲ၊ မိန်းမတယောက်အဖို့ ကိုယ့်လင် ကိုယ့်သားနဲ့ ကိုယ့်မိသားစုကလေးနဲ့ နေချင်မှာပေါ့၊ မဟုတ်ဘူးလား၊ တကယ်တော့ အစ်ကိုလဲ ဒီလိုပဲ နေချင်တာပါပဲ၊ အစ်ကိုက ဖြောင့်ဖြောင့်မပြောရဲလို့ပါ။ မိသားစု

မရှိယင် လောကကြီးက ဘာလုပ်မှာလဲ။ ခြောက်တိခြောက်ကပ်နဲ့ ပျင်းစရာကြီး”

“ဒါကတော့ ကိုယ့်အကြိုက်နဲ့ကိုယ်ပေါ့ ဂျဲနက်၊ လူတယောက်မှာ အကြိုက်တမျိုးစီပေါ့၊ အစ်ကိုတော့ မိသားစုနဲ့ ဘာနဲ့ နေကိုမနေချင်ဘူး၊ ဒီလိုသာ နေရမယ်ဆိုယင် ကိုယ့်ကိုယ်ကိုယ် သတ်သေမိလိမ့်မယ် ထင်တယ်။ လောကမှာ အရေးကြီးတာတွေ ရှိတယ်၊ အဲဒီလို အရေးကြီးတဲ့ဟာတွေအတွက် အသက်ရှင်ရမယ်။ ဒီလို ဘာမဟုတ်တာတွေအတွက်နဲ့တော့ အချိန်ကုန်မခံနိုင်ဘူး၊ အစ်ကိုဟာ အများအတွက် အသက်ရှင်ရမယ်၊ အရေးကြီးတာတွေအတွက် အသက်ကို စွန့်တန်စွန့်ဖို့ လုပ်ထားရမယ်၊ တော်ပါကွယ်၊ မိသားစု ကွက်ကွက်ကလေးအကြောင်း ပြောရတာ သေးသိမ်လွန်းပါတယ်၊ ဂျဲနက် ဘာဖြစ်လို့လဲ”

လူဆန်းက စကားတွေ ပြောနေသည်။ ကိုယ့်ကိုယ်ကိုယ် အနစ်နာခံရမည်။ တယောက်တည်း နေရဲရမည်။ သတ္တိရှိရမည်။ မိသားစုကလေးနှင့် အေးအေးဆေးဆေး နေလိုချင်သူသည် သစ္စာဖောက်ရာရောက်သည်ဟု ဆိုနေသည်။ ဂျဲနက်က ဘာမျှမပြော၊ စောစောက ရွှင်လန်းနေသည့် စိတ်ကလေးပင် ပျောက်သွားပြီ။

“ဘာမှ မဖြစ်ပါဘူး၊ ဂျဲနက် ကောင်းကောင်း နေမကောင်းဘူးလို့ အစ်ကို့ကို ဖုန်းနဲ့ ပြောထားသားပဲ၊ ရေတခွက်လောက် တောင်းပေးပါလား၊ ဂျဲနက် အက်စပရင်တပြားလောက် သောက်ချင်လို့”

သူတို့နှစ်ယောက်သည် “ဖိုကွေး” ပျော်ပွဲစားရုံမှ ထွက်လာခဲ့ကြသည်။ စကားတလုံးမျှ မပြောမိကြ။ ရှောင်ဇလီဇေး လမ်းမကြီးမှ နေ၍ မီးမှိန်မှိန်လင်းနေသည့် လမ်းကျဉ်းကျဉ်းလေးတခုထဲသို့ ချိုးဝင်လိုက်ကြ၏။ လမ်းထောင့် ဆေးဆိုင်ကလေးတဆိုင်နားသို့ ရောက်သည့်အခါတွင် ဂျဲနက်က ရုတ်တရက် ရပ်လိုက်သည်။ မီးတွေ ထွန်းထားသည့် ဆိုင်ပြတင်းပေါက်တွင် အစိမ်းရောင် ကမ္ဘာလုံးကြီးတလုံး ချိတ်ဆွဲထား၏။ စိမ်းလဲ့လဲ့အရောင်ထဲတွင် ဂျဲနက်၏ မျက်နှာသည် လူသေမျက်နှာနှင့် တူနေသည်။

“ဂျဲနက်မှာ ကိုယ်ဝန်ရှိနေပြီ၊ ဆရာဝန် ပြချင်တယ်”

ဂျဲနက်က ခပ်တိုးတိုးပြောသည်။ လူဆန်းရင်ထဲတွင် သနားစိတ်တွေ ပေါ်လာသည်။

"လိုလို့လား၊ မလိုပါဘူး ထင်ပါတယ်"

သူ့အသံသည် ဆွံ့ နေသည်။ ဂျဲနက်က ခပ်စူးစူး ရယ်လိုက်၏။

"ဂျဲနက်ကို နောက်ထပ် တရားတွေ ဟောမနေပါနဲ့တော့ အစ်ကိုရယ်၊ ဂျဲနက်က အစ်ကိုလောက် ရင့်သန်တဲ့ ပုဂ္ဂိုလ်ကြီး မဟုတ်သေးဘူးရှင့်၊ ကလေးတယောက်ကိုတော့ မွေးရဦးမယ်"

လူဆန်းက သူ အလန့်တကြား ဖြစ်သွားသည်ကို သတိရကာ ပြန်ဣန္ဒြေဆည်လိုက်သည်။ ဂျဲနက်က သူ ဣန္ဒြေပျက်နေသည်ကို သတိထားလိုက်မိ၏။

"ဒီလောက်လဲ တုန်လှုပ်ချောက်ချား မနေပါနဲ့ အစ်ကို၊ အစ်ကို့ကလေး မဟုတ်ပါဘူး"

"ဂျဲနက် ဘာဆိုလိုတာလဲ၊ အစ်ကို နားမလည်ဘူး"

"ဇာတ်အဖွဲ့နဲ့ နယ်လိုက်သွားတုန်းက ဖြစ်လာတာပါ၊ ဗစ်ချီမှာ ဇာတ်နားကြတော့ ဂျဲနက် အိပ်ခန်းနဲ့ ကပ်လျက်အခန်းမှာ ဇာတ်မင်းသားတယောက် နေတယ်။ ဂျဲနက်အခန်းက သော့ခတ်မထားဘူး၊ သော့ခလောက် ပျက်နေလို့၊ ဒါနဲ့ ဖြစ်သွားကြတယ် ဆိုပါစို့၊ ခုလောက်ဆိုယင် နားလည်ရောပေါ့"

ဂျဲနက်သည် လမ်းမသို့ ပြေးထွက်သွားကာ တက္ကစီတစီးကို လှမ်းခေါ်သည်။ လူဆန်းက နောက်မှ လှမ်းအော်၏။

"ဂျဲနက် နေဦး၊ နေဦး၊ အစ်ကိုလိုက်မယ်"

"မလိုပါဘူး၊ တယောက်တည်း နေရမယ်၊ သတ္တိရှိရမယ်လို့ အစ်ကိုပဲ ပြောခဲ့တယ် မဟုတ်လား၊ ဂျဲနက် နေရဲပါတယ်၊ ဂွတ်နိုက်"

ဂျဲနက်သည် သူ့ကို လိမ်ပြောသွားသည်ဟု လူဆန်းထင်သည်။

ဇာတ်မင်းသား။ သေ့ခလောက်ပျက်။ မဖြစ်နိုင်။ သူပြောသည်က ဇာတ်ဆန်လွန်းသည်။ အန်ဒရေနဲ့များလားဟု တွေးသည်။ ကဖီးထဲတွင် အတူထိုင်ကြစဉ်က အန်ဒရေသည် ဂျဲနက်မျက်နှာကိုချည်း စိုက်ကြည့်နေသည်။ အခန်းပြင် ရောက်ကြတော့လည်း အန်ဒရေကို ဘာကြောင့် မခေါ်ခဲ့သနည်းဟု မေးခဲ့ဖူးသည်။ ဟုတ်သည်။ အန်ဒရေပင် ဖြစ်ရမည်။

မိုးရွာပြီးစဖြစ်၍ သမ္မတအိမ်တော်ကြီးသည် တဖိတ်ဖိတ် တောက်နေသည်။ စိုစွတ်ပြာလဲ့သည့် ကတ္တရာလမ်းပေါ်တွင် မော်တော်ကားမှ မီးရောင်များသည် လိမ္မော်ရောင်၊ ခရမ်းရောင် အရောင်တန်းတွေ ဖြစ်နေသည်။ လမ်းမီးပွင့်ကြီးများသည် အပူပိုင်းဒေသက ပန်းပွင့်ကြီးများလို ဝင်းနေကြ၏။ စွတ်စိုသော မြေကြီးနံ့၊ သစ်ရွက်နံ့နှင့် နွေဦး၏ ရနံ့တို့သည် တိရိစ္ဆာန်ရုံဘက်မှ မျောပါလာသည်။ ပတ်ဝန်းကျင်သည် ပျော်ပွဲရွှင်ပွဲတခုအတွက် ပြင်ဆင်ထားသကဲ့သို့ရှိ၏။ သို့ရာတွင် ထိုနောက်ကွယ်၌ မသေချာမရေရာမှုသည် ပုန်းခိုနေသကဲ့သို့ ထင်ရသည်။ အသက်ကြီးကြီး ပြည့်တန်ဆာမတယောက်က လူဆန်းကို ဖမ်းခေါ်သည်။ နှုတ်ခမ်းနီ ပါးနီတွေက ပိန်းလျက်။ လူဆန်းက ခပ်သုတ်သုတ် လျှောက်လာသည်။ တာရိုးပေါ်သို့ ရောက်သည့်အခါတွင် လူဆန်း ရုတ်တရက် ရပ်လိုက်သည်။ ဆေးဆိုင်ရှေ့မှာတုန်းက ဂျဲနက်၏ မျက်လုံးများကို မြင်ယောင်လာသည်။ သည်မျက်လုံးများကို တခါက သူမြင်ခဲ့ဖူးပြီ။ မြောက်ဝင်ရိုးစွန်းတွင် လာရင်ဂျေး သေခါနီးတုန်းကလည်း ထိုမျက်လုံးများနှင့် အတူတူ။ “ငြင်းမနေပါနဲ့ဗျာ၊ သွေးဆိပ်တက်တဲ့ ရောဂါပါ၊ ကျုပ်သိပါတယ်” ဟု ထိုစဉ်က လာရင်ဂျေးက ပြောခဲ့ဖူးသည်။ ယခု ဂျဲနက်၏ မျက်လုံးများကလည်း ထိုစဉ်က လာရင်ဂျေး၏ မျက်လုံးမျိုး။

လူဆန်းသည် ပန်းခြံဘက်ကို ဆင်းလာခဲ့ကာ တက္ကစီတစီးကိုခေါ်ပြီး ဂျဲနက်အခန်းသို့ လာခဲ့သည်။

ဂျဲနက်က ခေါင်းအုံးထဲသို့ မျက်နှာကို မြှုပ်ထားယင်း ငိုနေသည်။ သူ့ဘေးတွင် ယမင်းရုပ်လေးတရုပ်က လဲကျလျက်။ ငိုယင်း ရင်ထဲက နာနေသည်။ အဓိပ္ပါယ်မရှိသည့် သူ့လုပ်ဇာတ်ကို လူဆန်း ယုံမည် မဟုတ်။ လူဆန်း၏ အမူအရာက အေးစက်စက်။ သူ့တွင် တခြား အားကိုးစရာ မရှိတော့။ ထို့ကြောင့် ဂျဲနက် ငိုမိခြင်းဖြစ်သည်။ သို့ရာတွင် သူ့တွင် ထိုအပူထက်ကြီးသည့် အပူရှိသေးသည်။ ထိုအပူကမူ စကားဖြင့် ထုတ်ပြော၍ မရ။ မျက်ရည်ဖြင့် ဖော်ပြ၍

မစွမ်း။ ထိုအပူ ထိုအကြောက်သည် သူ့မျက်လုံးတွင် ပေါ်နေသည်။ ထိုမျက်လုံးများကို ဆေးဆိုင်ရှေ့မှာတုန်းက လူဆန်း တွေ့ခဲ့ဖူးပြီ။ လောကတွင် ပျော်ရွှင်မှုကို ရနိုင်သေးသည်ဟု မနက်တုန်းက ဂျဲနက် ယုံကြည်မျှော်လင့်ခဲ့သေးသည်။

အခန်းထဲသို့ လူဆန်း ဝင်လာသည့်အခါတွင် ဂျဲနက် အငိုရပ်လိုက်သည်။ ထထိုင်ပြီး မျက်နှာကို ပေါင်ဒါဖို့သည်။

"ခက်တယ် အစ်ကို၊ အခက်ဆုံးကတော့ အစ်ကို့ကို မချစ်တာဟာ အခက်ဆုံးပဲ"

ဂျဲနက်က ပြောသည်။

ပါမောက္ခ မာလေး၏ ပို့ချချက်တွင် ပါသည့် ပွိုင်တိုးမြို့က မြို့အိုမြို့ဟောင်း။ တိတ်တိတ်ဆိတ်ဆိတ်။ သို့ရာတွင် ယခု မှတ်မိနိုင်စရာ မရှိလောက်အောင် အသွင်ပြောင်းနေပြီ။ လူတွေက လမ်းမတွင် လက်ဟန်ခြေဟန်ဖြင့် ဆူဆူညံညံ ငြင်းခုံလျက်။ ယခင်ကလို သူကောင်းမျိုးနွယ် အဘွားကြီးတွေ အေးအေးလူလူထိုင်၍ အတင်းပြောနေသည်ကို မတွေ့ရတော့။ ဇကေသီကို ယျော့လျည်းယျော့လျှဲ ရုံထားသည့် ဘုန်းတော်ကြီးများကို မတွေ့ရတော့။ ဂေါ်လီကစားနေသည့် ကလေးများကို မတွေ့ရတော့။ ပြည်သူ့တပ်ဦး၊ ဖက်ဆစ်ဝါဒ၊ တရားဥပဒေစိုးမိုးရေး၊ စစ် စသော စကားလုံးများသည် လေထဲတွင် လွင့်နေသည်။ အဘွားကြီးအိုပါးပြင်လို ရှုံ့တွတွန့်ခေါက်နေသည့် အုတ်နံရံတွင် နိုင်ငံရေးပါတီ အသီးသီး၏ ရွေးကောက်ပွဲ ပိုစတာတွေ ဖွေးဖွေးလှုပ်လျက်။ အိမ်သာနံရံများတွင် ကပ်ထားသော အမတ်လောင်းအချင်းချင်း ဆဲရေးပုတ်ခတ်သည့် ကြေငြာချက်များကို လူတွေ ဝိုင်းအုံ ဖတ်နေကြသည်။ ရေးဘုရားရှိခိုးကျောင်းကြီးများ၏ မုခ်ဝတွင်ရှိသည့် ရဟန္တာရုပ်တုများက လောကီသားတို့ကို တရားပြနေကြဟန်။ ရုပ်တုများ၏ ကျောက်သားလက်ချောင်းများပေါ်တွင် ပျံလွှားငှက်တို့က နားလျက်။

ပွိုင်တိုးမြို့မှ လွှတ်တော်အမတ်နေရာတွင် ပေါတက်စနှင့် ပြိုင်၍ အရွေးခံမည့် အမတ်လောင်းသုံးယောက် ရှိနေသည်။ နှစ်ယောက်ကမူ လွန်ခဲ့သည့်လေးနှစ် ရွေးကောက်ပွဲတုန်းကတည်းက သူနှင့် ပြိုင်အရွေးခံခဲ့သည့် အမတ်လောင်းတွေ။ တယောက်မှာ ကွန်မြူနစ်အမတ်လောင်း ဒီဒီယားဖြစ်၍ နောက်တယောက်မှာ တသီးပုဂ္ဂလအမတ်လောင်း အငြိမ်းစားဗိုလ်ချုပ် ဂရင်းမိုင်ဆန် ဖြစ်သည်။ တသီးပုဂ္ဂလဆိုသော်လည်း သူ့နောက်တွင် ကွန်ဆာဗေးတစ်မဲများ၊ မြေရှင်မဲများ၊ ဘုန်းကြီးမဲများ ရှိသည်။ ထိုစဉ်တုန်းက ပေါတက်စသည် သူ့ပြိုင်ဘက်များကို အသာကလေးဖြင့် နိုင်ခဲ့သည်။ ယခုမူ နိုင်ဖို့ မသေချာ။ ဒက်ဇာသည် သူ့ကတိအတိုင်း သူ့သတင်းစာမှနေ၍ ပေါတက်စကို ထောက်ခံမဲဆွယ်ပေး၏။ နယ်ခံသတင်းစာ သုံးစောင်ကလည်း သူ့ကို ထောက်ခံကြသည်။ လွန်ခဲ့သည့်နှစ်များအတွင်းတွင် ကွန်မြူနစ်များ အားကောင်းလာခဲ့ကြသည်။ ဒီဒီယားသည် စကားပြောကောင်းသူမဟုတ်။ သို့ရာတွင် သူ့နောက်၌ လူထုရှိသည်။ ထို့ပြင်မက ယခုရွေးကောက်ပွဲတွင် ပြိုင်ဘက်သစ်တယောက်လည်း တိုးလာခဲ့သည်။ သူက စိုက်ပျိုးရေးကျောင်းဆင်း လူငယ်တဦးဖြစ်သည့် ဂျူးဂတ်။ ဂျူးဂတ်က အလုပ်လုပ်နိုင်သည်။ အိမ်ပေါက်စေ့တက်၍ မဲဆွယ်သည်။ အခြားအမတ်လောင်းများကို သိက္ခာချသည်။ ပုံသေစျေးနှုန်းဖြင့်ရောင်းသည့် ကုန်တိုက်ကြီးများ၏ဒဏ်ကို လှိမ့်ခံနေရသည့်

ဆိုင်ပိုင်ရှင်ကလေးများ၊ အခွန်တွေ မတန်တဆပေးနေရသည့် လက်မှုပညာရှင်ကလေးများ၊ နိုင်ငံခြားသားတွေကြောင့် အလုပ်အကိုင် မရေမရာဖြစ်နေသည့် ပညာရှင်များ။ ပေါတက်စလည်း ပါဝင်နေသည်ဟု သတင်းဖြစ်နေသည့် စတာဗစ္စကီ ငွေလိမ်မှုကြောင့် စိတ်ပျက်နေသည့် မြေပိုင်ရှင်ကလေးများက ဂျူးဂတ်ကို သဘောကျနေကြသည်။ မဲဆွယ်တရားပွဲတွေက ဆူဆူညံညံ။ ရှေ့နေလုပ်ခဲ့စဉ် ဝက်ခြံထဲက တရားခံများကို လက်ညှိုးတငေါက်ငေါက်နှင့် လျှောင်ပြောင်သရော်ခဲ့သည့် ပေါတက်စသည် ခုတချီတွင်မူ သူကိုယ်တိုင် ဝက်ခြံထဲ ရောက်နေသလို ထင်မိသည်။ စတာဗစ္စကီက ဘဏ်မှ ငွေလိမ်ထုတ်သွားကြောင်း၊ ထိုငွေများအနက် အချို့ကို ပေါတက်စ ရလိုက်ကြောင်းဖြင့် ဂျူးဂတ်က စွပ်စွဲသည်။ စတာဗစ္စကီထံမှ ငွေရှစ်သောင်း ရခဲ့ဖူးသည်ကို ပေါတက်စ မေ့လုမေ့ခင် ဖြစ်နေပြီ။ ယခု သူပြောမှ သတိရတော့သည်။ တက်စက စားပွဲကို လက်သီးဖြင့် ခပ်ပြင်းပြင်းထုကာ "ဒါက စစ်ပြန် ဒုက္ခိတတွေအတွက် လှူသွားတာဗျ၊ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး" ဟု အော်သည်။ ဂရင်းမိုင်ဆန်က တက်စ စာရိတ္တမကျပုံ ခြစားပုံကိုပြောပြီး လူဆန်း၏ စာအုပ်မှ ညစ်ညမ်းသော စာပိုဒ်အချို့ကို ကောက်နုတ်ကိုးကား၏။ "မိတ်ဆွေများခင်ဗျား၊ အဲဒါကိုသာ ကြည့်ပါတော့၊ လူဆန်းဆိုတဲ့ စာရေးဆရာက သူ့သားပါ၊ အဲ... သူရေးထားတဲ့ အခန်းတွေဟာ သူ့အဖေအိမ်မှာ တွေ့ရတဲ့ အကြောင်းတွေပါပဲ" ဟု ဆိုသည်။ ဒီဒီယားကမူ တက်စ၏ ကိုယ်ရေးကိုယ်တာကို တလုံးမျှ မပြော။ သတင်းစာများ လာဘ်ယူ၍ မဲဆွယ်ပေးကြပုံ၊ ပြင်သစ်ပြည်က အရင်းရှင်မိသားစုကြီး နှစ်ရာတို့ ပြည်သူလူထုကို သွေးစုပ်၍ ဖိမ်ခံကြပုံတို့ကို ပြောသွား၏။ သို့ရာတွင် တက်စကမူ သော့ခလောက်ပြင်ဆရာတဦးဖြစ်သည့် ကွန်မြူနစ်အမတ်လောင်းသည် သူ့ကို စောင်းပြောသည်ဟု ထင်နေသည်။ ပရိသတ်၏ အော်သံများသည် သူ့အထင်ကို ထောက်ခံနေသကဲ့သို့ရှိ၏။ ဒီဒီယားက သတင်းစာများ လာဘ်ယူ၍ မဲဆွယ်ပေးကြောင်း ပြောခါရှိသေး၊ ပရိသတ်က "ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါ ဘဝသစ် သတင်းစာ" ဟု အော်ကြသည်။ အရင်းရှင်အိမ်ထောင်စုကြီး နှစ်ရာအကြောင်းကို ပြောခါရှိသေး၊ "ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါ ဒက်ဇာ၊ ဒက်ဇာ" ဟု အော်ကြသည်။

ပေါတက်စသည် ငွေဝယ်ကျွန်တယောက်လို အလုပ်လုပ်၏။ မဲဆန္ဒရှင် ထောင်ပေါင်းများစွာနှင့် စကားပြောသည်။ သူတို့ သားမယားများ၏ ကျန်းမာရေးကို မေးမြန်း၏။ သူတို့သားများ စာမေးပွဲ အောင်မအောင် စုံစမ်း၏။ သူတို့သမီးများ

အိမ်ထောင် ကျမကျ တီးခေါက်ကြည့်၏။ သူသာ အမတ်ဖြစ်လျှင် မြို့အတွက် တံတားတခု ဆောက်ပေးမည်။ ပန်းခြံတွေ ဖွင့်ပေးမည်။ ပင်စင်တွေ အမြန်ဆုံးရအောင် လုပ်ပေးမည်။ မော်ကွန်းဝင်တံဆိပ်တွေ ရအောင် လုပ်ပေးမည်။ အစိုးရအလုပ် ရစေရမည်ဟုလည်း ကတိပေးသည်။ ပျော်ပွဲစားရုံများတွင် တက်စသည် ဒလားဒီးယား၊ ဟဲရီးရော့ စသည့် ပြင်သစ်ခေါင်းဆောင်များ၏ နောက်လိုက်များနှင့် ဆုတောင်း၍ အရက်သောက်သည်။ "သမ္မတနိုင်ငံတော်ကြီးအတွက်"၊ "အောင်ပွဲအတွက်" ဟု ဆိုကာ ခွက်မြှောက် ဆုတောင်းသည်။ တရားပွဲများတွင် အသံတွေဝင်အောင် တအားကုန်အော်၏။ မဲဆွယ်စာတန်းများကို ကိုယ်တိုင်ရေး၏။ သတင်းထောက်များ၏ သတင်းများကို ကိုယ်တိုင်တည်းဖြတ်၏။ ကာတွန်းများအတွက် စိတ်ကူးထုတ်ပေး၏။ မအိပ်ရသည်မှာ တဆယ့်ခြောက်ည ရှိပြီ။ အစားအသောက်လည်း ပျက်လှပြီ။ သူ့အပျော်မယားကလေး ပေါလက်ကိုပင် မေ့နေပြီ။ ကဖီးဆိုင်ကြီးတခုက ပိုစတာကြီးတခု ကပ်သည်။ "ရွေးကောက်ပွဲတွင် ပေါတက်စ အနိုင်ရရှိရေးအတွက် မအိပ်မနေ၊ မရပ်မနား၊ မစားမသောက် အကူအညီပေးကြ" ဟူ၍ ဖြစ်၏။ တက်စသည် သူ့ကို ထောက်ခံသူများအားလည်း လက်ဆောင်အမျိုးမျိုးကို ရက်ရက်ရောရော ပေးသည်။ နာရီ၊ ဖောင်တိန်၊ ရာတန်စက္ကူ စသည်...။ ပါရီမှ အထက်လွှတ်တော်အမတ်အချို့ကို ခေါ်လာပြီး သူ့အတွက် မဲဆွယ်တရား ဟောစေသည်။ သီချင်းတပုဒ်စပ်ပြီး ထိုမြို့က အဆိုတော်ကို ရွေးကောက်ပွဲသီချင်း အဆိုခိုင်းသည်။

"× အဆဲသမားကို မလိုတယ် ×× ငရဲသားကို မလိုပါတယ် ×× အသည်းကြားက မဲတပြားပါကွယ် ×× စားဖွယ် သောက်ဖွယ် ပြည့်စုံစေဖွယ် ×× ချစ်တဲ့သူလဲ ရစေမယ် ×× တက်စကို မဲပေးရင်ကွယ် ×× ဘဝနောင်ရေး × စိတ်အေးရစေမယ် ×××"

သို့တိုင်အောင် တက်စသည် နောက်ဆုံးဗုက်ဖဲကို ထုတ်၍ မကစားသေး။ နောက်ဆုံးအချိန်ကျမှ ဗုက်ဖဲကိုချ၍ ကစားသည်။ ထိုမဲဆန္ဒနယ်တွင် အင်တွိုင်းဆိုသည့် မုဆိုးမတယောက် ရှိသည်။ အရာရှိကလေးတယောက်ဖြစ်သည့် သူ့သားမှာ အလွဲသုံးစားမှုဖြင့် ထောင်ဆယ်နှစ် ကျသွားသည်။ ထောင်ဒဏ်က များလွန်းသည်။ ထို့ကြောင့် တက်စက အမှုကို အထက်ရုံးသို့ ပြင်ဆင်မှုအဖြစ် တင်သည်။ တက်စ ကြိုးပမ်းမှုကြောင့် အထက်ရုံးက ပြင်ဆင်မှုအဖြစ် ပြန်၍စစ်ရန်

အမိန့်ချလိုက်သည်။ တရားပွဲတခုတွင် တက်စက အထက်ရုံးအမိန့်ကို ကြေငြာလိုက်သည့်အခါ၌ မုဆိုးမအဘွားကြီးက မျက်ရည်လေးစမ်းစမ်းဖြင့် "အင်း မောင်မင်းကြီးသား သူတော်ကောင်းကြီး နိုင်ပါစေတော်" ဟု ဆုတောင်းသည်။

ထိုနေ့ညဉ့်၌ မဲများကို ရေတွက်သည်။ တက်စသည် ကောင်းကောင်းပင် မရပ်နိုင်။ နှလုံးငြိမ်အောင် လိမ္မော်ရည်ကို သောက်သော်လည်း သောက်၍မရ။ ရင်ထဲတွင် မောလှပြီ။ ပြတင်းပေါက်သို့ လာခဲ့သည်။ ကွက်လပ်ကြီးတခုလုံး မဲအနိုင်အရှုံးစာရင်းကို လာစောင့်နေသည့် လူထုကြီးဖြင့် ပြည့်နေသည်။ ဒင်းနိစ်နှင့်တူသည့် မိန်းကလေးတယောက်ကို လူအုပ်ထဲတွင် မြင်လိုက်ရ၏။ အားငယ်သလိုလို ဖြစ်လာသည်။ သည်နိုင်ငံရေးအတွက် ဘာကြောင့်များ သူဗျာများနေရသနည်း။ ရှုံးတော့ကော ဘာအရေးနည်း။ ဘာအဓိပ္ပါယ်ရှိသနည်း။ အိမ်ပြန်ပြီး ကိုယ့်မယားနား ကိုယ်ပြန်နေရလျှင်၊ သမီး ဒင်းနိစ်နှင့် နေရလျှင်၊ မယားငယ်လေး ပေါလက်နှင့် တနာရီလောက် နေရလျှင် မည်မျှကောင်းမည်နည်း။ ဤသည်မှာ ဘဝဖြစ်သည်။ ရွေးကောက်ပွဲမိန့်ခွန်းတွေ၊ ကြွေးကြော်သံတွေကို သူငြီးငွေ့လှပြီ။

ပရိသတ် မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာ။ မည်သူမျှ အပြတ်အသတ်မနိုင်။ ရွေးကောက်ပွဲကို နောက်တပတ်ထဲသို့ ရွှေ့ရသည်။ တက်စမှာ ယခင်အပတ်ကထက် မဲသုံးထောင် လျော့သွားသည်။ ဂရင်းမိုင်ဆန်လည်း ရှုံးသည်။ ကွန်မြူနစ်တို့က မဲဦးရေတိုးလာသည်။ ဂျူးဂတ်က ရှေ့က ပြေးနေသည်။

ပရိသတ်က အခြေအနေကို တွက်ကြသည်။ ဂရင်းမိုင်ဆန်သည် ဖျက်မဲ ဖြစ်နေသည်။ အကယ်၍ သူသာ နုတ်ထွက်ပေးမည်ဆိုလျှင် ဂျူးဂတ် အပြတ်အသတ် နိုင်မည် မုချ။ ဒီဒီယားသည် တက်စအတွက် နုတ်ထွက်ပေးမည်လော။ ကြားမဲက မည်သို့ရှိသနည်း... ကဖီးဆိုင်များတွင် ထိုင်၍ တွက်ကြသည်။ တွက်နေကြသည်။

တက်စသည် သမ်းဝေလိုက်၏။ ယနေ့ပြီးလျှင် ပြီးတော့မည်။ နောက်တနေ့ဆိုလျှင် အိမ်ပြန်ရောက်တော့မည်။ ယခုမူ ဤသို့မဟုတ်။ နောက်တပတ် စောင့်ရဦးမည်။ "ပြန်ရွေးပွဲလုပ်၊ ဗုဒ္ဓဟူးနေ့ တချက်ပြန်၊ မင်းနဲ့ သားသမီးအားလုံး အမှတ်ရ" ဟု အိမ်သို့ ကြေးနန်းရိုက်လိုက်သည်။ နောက်တပတ် စောင့်ရဦးမည်။ ကွန်မြူနစ်များက သူ့ကို မဲပေးသည့်တိုင် မဲချင်းညီနေမည်။ မဲခြောက်ထောင်စီ ဖြစ်နေသည်။ ကံကောင်းမှ နိုင်မည်။ သို့ရာတွင်

ကွန်မြူနစ်များကလည်း သူတို့မဲများကို ပေးမည်မဟုတ်။ တက်စက သူတို့နှင့် ကမ္ဘာရန်။

တတိယမြောက်နေ့တွင် အစည်းအဝေးတခု လုပ်သည်။ ရေဒီကယ်များက ကွန်မြူနစ်များကို ဖိတ်သည်။ ကွန်မြူနစ် ဒီဒီယား ဘာလုပ်မည်နည်း။

တက်စက အစည်းအဝေးဖွင့်မိန့်ခွန်း ပြောသည်။

"မိတ်ဆွေများခင်ဗျား၊ ခင်ဗျားတို့ ယုံကြည်မှု ရတဲ့အတွက် ကျွန်တော် ကျေးဇူးတင်ပါတယ်၊ သမ္မတနိုင်ငံတော်ကြီး တည်တံ့ရေး၊ ငြိမ်းချမ်းရေးနဲ့ လူမှုတရားမျှတမှုကို လိုလားသူများအားလုံး ပြည်သူ့တပ်ဦးရဲ့ တဦးတည်းသော ကိုယ်စားလှယ်အဖြစ် ကျွန်တော့်ကို မဲပေးဖို့ ပန်ကြားချင်ပါတယ်"

ထို့နောက် ဒီဒီယားက စကားပြောသည်။

"ကွန်မြူနစ်ပါတီဟာ လာဘ်လဲမပေးဘူး၊ ဖြားယောင်းသွေးဆောင်ခြင်းလဲ မပြုဘူး၊ စဉ်းစားဉာဏ်နဲ့ အသိတရားကိုပဲ အားကိုးတယ်၊ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက ကျွန်တော်တို့ မဲခြောက်ရာပဲ ရခဲ့တယ်၊ ခု ခုနစ်ထောင့်သုံးရာ ခုနစ်ဆယ် ရတယ်၊ ဒါကိုကြည့်ရင် ကျွန်တော်တို့ ပိုပြီး အားကောင်းလာတယ်ဆိုတာ ခင်ဗျားတို့ တွေ့လိမ့်မယ်။ ကျွန်တော်တို့ဟာ ဖက်ဆစ်တွေ၊ ဂျူးဂတ်လို လူတွေ၊ ဂရင်းမိုင်ဆန်လို လူတွေ မနိုင်အောင် လုပ်ရမယ်၊ တက်စကတော့ ပြည်သူ့တပ်ဦးကို ထောက်ခံမယ်လို့ ကတိပေးထားတယ်။ ပြင်သစ်ပြည်ကြီးဟာ အခက်အခဲနဲ့ ရင်ဆိုင်နေရပြီ၊ ပြည်ပက အန္တရာယ်က တဖြည်းဖြည်း ကြီးလာပြီး ပြည်တွင်းက သစ္စာဖောက်တွေရဲ့ အန္တရာယ်တွေကလဲ ကြီးလာနေတယ်။ ပြည်သူ့တပ်ဦးသာလျှင် ပြင်သစ်ပြည်ကြီးကို ကယ်တင်နိုင်လိမ့်မယ်၊ ပြည်သူ့တပ်ဦး အစွန့်ရှည်ပါစေ၊ ပြင်သစ်ပြည်ကြီး အစွန့်ရှည်ပါစေ"

ပရိသတ်ကလည်း လက်သီးလက်မောင်းတန်း၍ ကြွေးကြော်သံများကို အော်နေသည်။

တက်စက ထိုင်ရာမှ ထလိုက်ပြီး ဇာတ်မင်းသားတယောက်လို ပရိသတ်ကို ဦးညွှတ်၏။ ဝမ်းသာရမည်လော ဝမ်းနည်းရမည်လော မသိ။

ဂျူးဂတ်ရော ဒီဒီယားကိုပါ နှစ်ယောက်စလုံးကို တက်စ မုန်းသည်။ မလောက်လေး မလောက်စားတွေ။ တောလေဂျပိုးတွေ။ ယခု ကွန်မြူနစ်များက သူ့ကို မဲပေးဖို့ ဆုံးဖြတ်ပြီးပြီ။ ဘာမျှ သံသယဖြစ်စရာ မလိုတော့။ နိုင်ပြီ။ အောင်ပြီ။ သို့ရာတွင် အလုပ်သမားများက ကွန်မြူနစ်တို့၏ စကားကို နားထောင်ကာ သူ့ကို မဲပေးကြပါမည်လော။ မည်သူ အာမခံမည်နည်း။ "လူလိမ်ကွ၊ ဘာဖြစ်လို့ သူ့ကို မဲပေးရမှာလဲ" ဟု အော်လိုက်သောအသံကို ကြားလိုက်ရသည်။ ထိုမျှမက ဒီဒီယား၏ နောက်လိုက်များက သူ့ကို မဲပေးကြသည့်တိုင် ဂျူးဂတ်က သူ့ထက် မဲ နှစ်ရာကျော် သုံးရာလောက် ဖြတ်၍ ရှေ့က ပြေးနေဦးမည်။ ကြားသမားများကိုမူ ထည့်တွက်၍ မဖြစ်။ ကွန်မြူနစ်တွေနှင့် ပေါင်းသည်ဆိုကာ သူ့ကို ဆန့်ကျင်လာနိုင်သေးသည်။ ဒက်ဇာ ဘာလုပ်နေသနည်း။ ဘာတွေ စီမံကိန်း ချနေသနည်း။ ဘယ်ယုန်ကိုမြင်၍ ဘယ်ချုံကို ထွင်သနည်း။ ပြင်သစ်ပြည်ကြီး ကြာရှည်မှ ခံပါဦးမည်လော။ တက်စသည် ညွှန်ဗွက်ကြီးထဲသို့ ဆင်းနေပြီ။

တက်စသည် အစည်းအဝေးပြီးအောင် မစောင့်တော့ဘဲ တည်းခိုရာသို့ ပြန်လာခဲ့သည်။ ခေါင်းကိုက်သဖြင့် မျက်နှာက ရှုံ့လျက်။ တည်းခိုရိပ်သာတွင် အစောင့်က ဆီးပြော၏။

"ဆရာ့ကို တွေ့ချင်လို့တဲ့၊ ဧည့်သည်တယောက် စောင့်နေတယ်"

သက်ပြင်းကြီး ချလိုက်မိသည်။ ပင်စင်လျှောက်လွှာ တင်ထားသူ ဖြစ်ရမည်ဟု တွေးလိုက်သည်။ သို့ရာတွင် တံခါးကို ဖွင့်လိုက်သည့်အခါ၌ လွှတ်တော်အမတ် ဘရီကျူးကို တွေ့ရ၏။

တက်စ အံ့အားသင့်နေသည်။ ဘာကိစ္စဖြင့် လာသနည်း။ တက်စသည် လွှတ်တော်အမတ်များ အားလုံးနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသည်။ လက်ယာအမတ်ရော၊ လက်ဝဲအမတ်ရော အားလုံးနှင့် သင့်မြတ်သည်။ ဘရီကျူးနှင့်လည်း ခင်သည်။ တခြားအချိန်မျိုးသာဆိုလျှင် "ဘယ့်နှယ်... အမတ်မင်း၊ ကျန်းခန့်သာလို့ မာရဲ့နော်၊ နှမတော်ရော နေထိုင်ကောင်းစ" ဟု ရွှန်းရွှန်းဝေအောင် နှုတ်ဆက်မိသည်။ သို့ရာတွင် ယခုမူ စစ်မြေပြင်တွင် ရောက်နေသည့်နှယ် ခံစားရသည်။ "စတာဗစ္စကီဆီက ရတဲ့ ချက်လက်မှတ်ကော" ဟု မေးနေသည့် ဂျူးဂတ်၏ စော်ကားသံကို ကြားနေသည်။ ဂျူးဂတ်လို အနုပ်စုတ် ကုပ်စုတ် ဖိနပ်ချုပ်သမားက လွှတ်တော်ထဲက သူ့နေရာတွင် ဝင်ထိုင်တော့မည်ဟု တွေးမိတိုင်း

တက်စ ရင်နာသည်။ အရေးထဲတွင် ဘရိုကျူးဆိုသည့် လူကလည်း ဘာကိစ္စဖြင့် လာရသနည်း။

ဘရိုကျူးဆိုသည့်လူကို လူတွေက ခပ်လန့်လန့်၊ တဖောက်ကန်းသမားဟု နာမည်ကြီးသည်။ သူ့ရုပ်က အသက်ကြီးကြီး အားကစားသမားရုပ်မျိုး။ အရပ်ခြောက်ပေကျော်၊ ခါးမတ်မတ်။ မျက်နှာက နေလောင်သဖြင့် နီရဲလျက်။ ဆံပင်ဖြူဖြူ။ မုတ်ဆိတ်တိုနှံ့နှံ့ဖြင့်။ စစ်ထဲ လိုက်သွားတုန်းက ဒဏ်ရာ ရခဲ့ဖူးသည်။ ညာဘက် လက်ချောင်းကလေးနှစ်ချောင်းက ပြတ်နေသည်။ လက်ပြတ်နေသည့် သဏ္ဍာန်သည် မျက်နှာထားမှာ လာ၍ ပေါ်နေသည်။ စကားပြောတော့လည်း ခပ်ပြတ်ပြတ်။ အသံက အမိန့်ပေးသံ။ လွှတ်တော်ထဲတွင် ကွန်မြူနစ် အမတ် စကားပြောဖို့ တက်လာလျှင် ခန်းမထဲမှ ထွက်သွားတတ်သည်။ သည်လိုလူတွေ စကားပြောနေသည်ကို နားမထောင်နိုင်ဟု ပြောတတ်သည်။ သူ့တွင် အလုပ်အကိုင်ဆို၍ ဘာမျှ မည်မည်ရရ မရှိ။ နေတော့လည်း ခပ်ကုပ်ကုပ်။ ရသမျှ ပိုက်ဆံကလေးကို ဝါဒဖြန့်ချီရေးအတွက် သုံးပစ်သည်ဟု ပြောသံကြားရသည်။ သူ့အပျော်လုပ်ငန်းမှာ လူငယ်များကိုစုပြီး စစ်ပညာသင်ပေးခြင်း ဖြစ်သည်။ လူငယ်တပ်ဖွဲ့တွေ ဖွဲ့သည်။ စစ်သင်တန်းပေးသည်။ ပြည်စောင့်တပ်တွေ၊ လက်နက်တပ်တွေဖွဲ့ဖို့ အာဘောင်အာရင်းသန်သန်နှင့် စကားပြောသည်။ ကလေးတွေကို မိုးရေထဲ လမ်းလျှောက်ခိုင်းကာ အမိန့်ပေးသည်နှင့် လက်သီးလက်မောင်းကို တန်း၍ အလေးပြုခိုင်းသည်။ အသက်ကြီးလာသည့်အခါတွင် ဆင်းရဲသည့် အရပ်ဆိုးဆိုး မိန်းမတယောက်ကို ကောက်ယူလိုက်ပြီး ဂျီအလွန်ကျသည့် ငါးနှစ်ရွယ် သားကလေးကို ကလေးထိန်း မိန်းမကြီးတယောက်လို အလွန်အလိုလိုက်သည်။ အခြားသူတွေပေါ်တွင် ဗိုလ်ကျသမျှ သားနှင့်ကျတော့ ခံရပြီ။

တက်စသည် တံခါးဝတွင် ရပ်လိုက်သည်။ ဘာပြောရမှန်း မသိ။ ဘရိုကျူးက ကုလားထိုင်မှ ထလိုက်၏။

“နေကောင်းတယ်နော်၊ ကြည့်ရတာ တမျိုးပဲ၊ ပင်ပန်းနေတယ်ထင်တယ်”

“ဟုတ်တယ် ပင်ပန်းနေတယ်၊ ဆိုပါဦး၊ ဘာကိစ္စလဲ၊ အလည်သက်သက်ပဲလား”

"ကိစ္စကလေးရှိလို့ ပါရီက ဆင်းလာတာဗျ၊ ဂျူးဂတ်က ကျွန်တော့်တပည့်လေ၊ လူကတော့ ခပ်ငယ်ငယ်ပဲ၊ ဒါပေမယ့် မဆိုးပါဘူး၊ သူ့ကိုလာပြီး အားပေးရတာပေါ့"

တက်စ ထောင်းကနဲ ဖြစ်သွားသည်။ လက်စသတ်တော့ ဂျူးဂတ်ကို လာ၍ အားပေးခြင်း ဖြစ်သည်။ သို့ရာတွင် သူနှင့် ဘာမျှမဆိုင်၊ သူ့ကိစ္စကို ဘာမျှ ပြောဖွယ်မရှိ၊ သို့ရာတွင် သူ့ကို လာတွေ့သည်ကမူ မျက်နှာပြောင်တိုက်ရာကျသည်။ ပင်ပန်းနေပုံရသလေး ဘာလေးနှင့် ပြောသည်က ငေါ့သလိုလို။

"ခွင့်လွှတ်တော့ဗျာ၊ ကျွန်တော်နားလိုက်ဦးမယ်၊ တော်တော်ဖားသွားပြီ"

"ခဏလေးနေပါဦး၊ စကားလေး နည်းနည်း ပြောစရာ ရှိလို့ပါ။ ဒီမှာ ပြောလို့ မကောင်းဘူး၊ အခန်းထဲမှာ ပြောရယင် ကောင်းမယ်"

တက်စသည် သူ့အခန်းသို့ တက်လာခဲ့သည်။ လည်စည်းနှင့် ဖိနပ်ကို ချွတ်လိုက်ပြီး အိပ်ရာပေါ်သို့ လှဲချလိုက်၏။ ဘရီကျူးက တံခါးလာခေါက်သည်။

"နောက်မှ ပြောရအောင်ဗျာ၊ ကျွန်တော် သိပ်ပင်ပန်းနေတယ်၊ ရွေးကောက်ပွဲ ပြီးတော့မှ"

ဘရီကျူးက အတင်းဝင်လာ၏။

"မဖြစ်ဘူး၊ အခု ပြောမှဖြစ်မယ်၊ ခင်ဗျား မောနေတယ်ဆိုတာ သိပါတယ်၊ ငါးမိနစ်လောက်ပါ၊ ကျွန်တော်တို့ ဆုံးဖြတ်ချက်တခု ချလိုက်ပြီ၊ ခင်ဗျားလဲ သိတာပဲ။ ဂျူးဂတ်က ရှေ့က ပြေးနေတယ်၊ မဲငါးရာ ခြောက်ရာလောက် ဖြတ်နိုင်မှာပဲ၊ ဒါပေမယ့် ကျွန်တော်ကတော့ သိပ်မကြိုက်ဘူး"

"ဘာကို မကြိုက်တာလဲ"

"ဂျူးဂတ်ကိုပေါ့။ ကျွန်တော့်အနေနဲ့ ခင်ဗျားကို နိုင်စေချင်တယ်၊ နောက်ကျယင် သူလဲ ကျွန်တော်တို့ဘက်ကို ပါလာမှာပါ။ ဒါပေမယ့် ခက်တာက ဒီငနဲဟာ လွှတ်တော်ထဲမှာ ဘာမှ အားကိုးရမှာ မဟုတ်ဘူး၊ ခင်ဗျားနဲ့ သူနဲ့ ဘာဆိုင်တာမှတ်လို့၊ ခင်ဗျားက အတွေ့အကြုံရှိတဲ့ နိုင်ငံရေးသမားကြီး၊ ပြီးတော့ တခြားအတွေ့အကြုံ ဆိုယင်လဲ ပြောစရာ မလိုဘူး၊ စကားပြောလဲ ကောင်းတယ်၊

ပြီးတော့ နာမည်ကျော် လွှတ်တော်ရှေ့နေကြီး၊ ခင်ဗျားလို လူတယောက် ရှုံးယင် ကျွန်တော်တို့ တိုင်းပြည်အဖို့ နစ်နာမှာပေါ့”

“ဒီမှာ ဘရီကျူး” တက်စကပြောသည်။ “ခင်ဗျား ပြောနေတာကို ကျွန်တော် တလုံးမှ နားမလည်ဘူး၊ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလို စကားမျိုးတွေ လာပြောနေတာလဲ။ ခင်ဗျားပဲ ဂျူးဂတ်ကို ထောက်ခံနေတာ မဟုတ်လား၊ ခင်ဗျားလူ ဂျူးဂတ်က ကျွန်တော့်ကို တလျှောက်လုံး အပုတ်ချလိုက်တာ ရစရာတောင် မရှိဘူး”

“ဒါကတော့ဗျာ ရွေးကောက်ပွဲ တရားပွဲဆိုတာ ဒီလိုပေါ့၊ ဒါတွေကို ဒီလောက် အရေးတကြီး ထားနေစရာ မလိုပါဘူး၊ ခင်ဗျားကလဲ ပြည်သူ့တပ်ဦးကို သွားထောက်ခံထားတာကိုး။ ဒါပေမယ့် ခင်ဗျားနဲ့ ကွန်မြူနစ်တွေနဲ့ ဖြစ်မှာမဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ အေးလေ... ဖြစ်မဖြစ် ဆိုတာတော့ စောင့်ကြည့်ရဦးမှာပေါ့။ ဒီမှာ တက်စ ကျွန်တော် တခုပြောချင်တယ်၊ တကယ်ပါ၊ ကျွန်တော် ခင်ဗျားကို အရွေးခံရစေချင်တယ်၊ ပြည်သူ့တပ်ဦး နာမည်နဲ့ ဖြစ်ဖြစ်ပေါ့။ နာမည်က အရေးမကြီးပါဘူး၊ လူက အရေးကြီးတာပါ၊ ခင်ဗျား ကျွန်တော့်ကို စကားတခွန်းသာ ကတိပေးပါ”

“ပြည်သူ့တပ်ဦးကို ထောက်ခံမယ်လို့ လွန်ခဲ့တဲ့ တနာရီလောက်ကပဲ ကျွန်တော် ကတိပေးခဲ့ပြီးပြီ ဘရီကျူး”

“ကတိဆိုတာ အရေးမကြီးပါဘူးဗျ၊ ကျွန်တော် ထပ်ပြောမယ်၊ ကျွန်တော့်ကို တခုပဲ ကတိပေးပါ၊ ကျွန်တော် တကယ်ပြောနေတာပါ။ ကျွန်တော့်ကို ယုံပါ၊ ဒီမှာ တက်စ၊ ဒီအချိန်ဟာ ကျွန်တော်တို့ တိုင်းပြည်မှာ နိုင်ငံရေးပါတီတွေ မှိုလိုပေါက်ပြီး ကိုယ်ထင်ရာ ကိုယ်စိုင်းနေကြရမယ့် အချိန်မဟုတ်တော့ဘူးဗျ။ အရေးကြီးလာပြီ၊ ကျွန်တော်တို့ တိုင်းပြည်ကြီးကို ကယ်တင်ဖို့ လိုလာပြီ၊ ဂျူးဂတ်ကို နုတ်ထွက်ပေးအောင် ကျွန်တော် လုပ်ပေးမယ်၊ ခင်ဗျားကို မဲထည့်ကြပါလို့တော့ သူ့အနေနဲ့ ပြောလို့တော့ မဖြစ်တော့ဘူးပေါ့။ ဒါပေမယ့် သူနုတ်ထွက်ပေးလိုက်ယင် သူ့မဲတွေ ခင်ဗျားဘက် ရောက်လာမှာပဲ၊ အနည်းဆုံး မဲနှစ်ထောင် သုံးထောင် ဝင်လာမယ်၊ ဘယ့်နှယ်လဲ”

“သူ့မဲဆန္ဒရှင်တွေက ကျွန်တော့်ကို ဘယ်ပေးမလဲဗျ၊ ပေးချင်းပေး ဂရင်းမိုင်ဆန်ကို ပေးမှာပေါ့”

တက်စက ပြောသည်။

"ဒီအဘိုးကြီးကို အသာထားလိုက်စမ်းပါ။ သူ့အကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါတယ်၊ လူကတော့ လူကောင်းပါပဲ၊ ဒါပေမယ့် ဘာမှ နားမလည်ပါဘူး၊ မနက်ဖြန်ကျယင် ကျွန်တော် သူနဲ့တွေ့ပြီး ဆွေးနွေးဖို့ ချိန်းထားတယ်၊ အားလုံး အဆင်ပြေမှာပါ။ ဂရင်းမိုင်ဆန်လဲ နုတ်ထွက်ပေးအောင် လုပ်ရမှာပေါ့ဗျ၊ သူ နုတ်ထွက်သွားရင် ခင်ဗျား ဘာလိုသေးသလဲ၊ တယောက်တည်း ပြိုင်ဘက်မရှိ အရွေးခံရမယ်၊ မဟုတ်ဘူးလား"

သူ့တွက်ကိန်းက မဆိုး။ သွားရည်ကျစရာ။ တက်စ သူ့နားကိုပင် သူမယုံ။ စကားကိုပင် အဆက်အစပ်တည့်အောင် မပြောနိုင်တော့။

"ဘာရယ်ဗျ။ တယောက်တည်း ပြိုင်ဘက်မရှိ၊ ဟုတ်လား။ ခင်ဗျား ပါရီက လာတာလား၊ ပါရီမှာလဲ ဒီလိုပဲ ပူသလား၊ ဒီမှာ သိပ်ပူတယ်ဗျာ"

ဘရီကျူးက တိတ်ဆိတ်လျက်ရှိ၏။ တက်စ စဉ်းစားနေသည်။ သို့ရာတွင် စဉ်းစား၍ မရ။ သူ့အတွေးများသည် နောက်ကျိရှုပ်ထွေးလျက်ရှိ၏။ ရွှံ့ရေထဲတွင် ရောက်နေသည့် ငါးနှင့် တူနေသည်။ သူ နောက်တကြိမ် လွှတ်တော်အမတ် ဖြစ်ဦးမည်ဆိုသည့် အချက်တချက်ကိုသာ သူ စဉ်းစား၍ ရသည်။ ရေတခွက် သောက်လိုက်ပြီးနောက် မျက်နှာကို ရေအေးဆွတ်ထားသည့် မျက်နှာသုတ်ပဝါတထည်ဖြင့် သုတ်သည်။ တဖြည်းဖြည်း သတိဝင်လာ၏။

"ဟုတ်တယ်၊ ပြင်သစ်ပြည်ကြီးဟာ အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီ၊ ရန်သူက အဆင်သင့် ဖြစ်နေပြီ၊ ပြည်တွင်းမှာ သစ္စာဖောက်တွေ၊ လောက်ကောင်တွေ ပြည့်နေပြီ၊ ဟုတ်တယ်၊ ငါဟာ အမျိုးသားညီညွတ်ရေးရဲ့ မဏ္ဍိုင်ဖြစ်ရမယ်၊ အရေးကြီးတာက လူပါ။ နာမည်တွေ တံဆိပ်တွေက အရေးမကြီးပါဘူး"

တက်စသည် ဘရီကျူး၏ စကားများနှင့် ဒီဒီယားတို့၏ စကားလုံးများကို အမှတ်မထင် ရွတ်နေသည်။ အရုပ်သစ်ဝယ်ပေးမည်ဟု ကြားရသည့် ကလေးတယောက်လို ဝမ်းသာအားရ ဖြစ်နေသည်။ တက်စက မဝံ့မရဲ မေးလိုက်၏။

"ကျွန်တော်က ဘာ ကတိပေးရမှာလဲ"

"တခုတည်းပါ၊ သဘောတူတယ် ဆိုတဲ့ စကားကလေးတခွန်းပါ"

"ဒီလိုဆိုလဲ ပေးပါတယ်ဗျာ၊ တကယ်တော့လဲ တိုင်းပြည် ကောင်းရာကောင်းကျိုး လုပ်ကြတဲ့ကိစ္စ ဘယ်ငြင်းလို့ ကောင်းမလဲ"

ဘရိုကျူးက ဝမ်းသာအားရဖြင့် လက်ဆွဲနှုတ်ဆက်သည်။

"ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော် သိပါတယ်၊ ခင်ဗျားလို ရိုးသားဖြောင့်မတ်တဲ့ လူတယောက်ဟာ တိုင်းပြည်မျက်နှာကို ကြည့်မှာပဲလို့၊ ကဲ... စိတ်ချလက်ချ အိပ်ပေတော့၊ ဂွတ်နိုက်"

နောက်တနေ့ မနက်တွင် နေမြင့်မှ တက်စ အိပ်ရာနိုးသည်။ နေရောင်သည် ပြတင်းပေါက် တရုတ်ကတ်တွေကြားမှ ဖြာကျလာ၏။ ကတ္တီပါ အုပ်ထားသည့် လက်တင်ကုလားထိုင်ဟောင်းများသည် မြက်ဖုတ်တွေနှင့် တူနေသည်။ ပြတင်းပေါက်အပြင်သို့ လှမ်းကြည့်လိုက်သည့်အခါတွင် အသစ်ကပ်ထားသည့် ပိုစတာတခုကို မြင်လိုက်ရသည်။

"မဲဆန္ဒရှင်များကို ဂျူးဂတ်က ကျေးဇူးတင်ပါသည်။ တိုင်းပြည်၏ အကျိုးကို မျှော်ကိုးလျက် အမတ်လောင်းအဖြစ်မှ နုတ်ထွက်လိုက်ပါသည်။ ပြင်သစ်ပြည်ကြီး အဓွန့်ရှည်ပါစေ"

တက်စ မပြုံးပဲ မနေနိုင်။ လမ်းမပေါ်က ပန်းသည်ကလေးကိုပင် မျက်စိတဘက် မှိတ်၍ ပြလိုက်မိသေးသည်။ ပန်းသည်ကလေးကို လှမ်းကြည့်ယင်း သူ့အပျော်မယားကလေး ပေါလက်၏ လည်ပင်းနှင့် ပုခုံးသားများကို သတိရ၏။ သည်လိုဆိုတော့လဲ လောကကြီးက သာယာပေတာပဲ၊ ထိုနေ့နံနက်တွင် မြင်မြင်သမျှသည် သူ့အဖို့ ပျော်စရာတွေချည်း။ ရောမ သာသနိက အဆောက်အအုံများ၊ ဆိုင်ပြတင်းများတွင် ထောင်ထားသည့် ဖုံသုတ်စက်များ၊ ဈေးသည် မိန်းမကြီးများ၊ ထိုအရာများအားလုံးသည် နမ်းချင်စရာ ဖြစ်နေသည်။ ဂျူးဂတ်သည် အမြော်အမြင်ရှိသည့် လူငယ်ကလေးတယောက်ဖြစ်သည် ဆိုသည့်အချက်ကို ဘာမျှ သံသယရှိစရာမလိုတော့။ ဂျူးဂတ်ကို နေ့လယ်စာစားဖို့ ဖိတ်ရဦးမည်။ သူနှင့် စကားလေး ဘာလေး ပြောရဦးမည်။ ရယ်စရာ မောစရာကလေးတွေ ပြောရဦးမည်။ သူ့တွင် စိုက်ပျိုးရေးခြံတခြံရှိလျှင် ဂျူးဂတ်ကို

အလုပ်ကောင်းကောင်း ပေးနိုင်မည်။ သို့ရာတွင် သူ့တွင် ခြံမရှိ။ ထို့ကြောင့် တက်စ စိတ်မကောင်း။ ဒီဒီယားဆိုသည့် သူငယ်လည်း သိပ်မဆိုးလှ။ နူတ်ခမ်းမွေးကားကားနှင့် ကြင်နာသည့် အသည်းနှလုံးရှိသည့် သောခလောက်ပြင်ဆရာကို သူသဘောကျသည်။ သည်လို လူတယောက်သည် သောခလောက် ကောင်းကောင်း ပြင်နိုင်သည်။

ဟုတ်သည်။ ဘယ်အဖွဲ့တံဆိပ်နှင့် အရွေးခံခံ တံဆိပ်က အရေးမကြီး။ လူသာ အရေးကြီးသည်။ တက်စသည် ပိုစတာတွေ အားလုံးကို လျှောက်ဖတ်သည်။ လူတွေက ပိုစတာများကို ဖတ်ပြီး ထင်မြင်ချက်တွေ ပေးကြသည်။ တက္ကစီဒရိုင်ဘာတယောက်က ကားပေါ်မှ ဆင်းလာပြီး ပိုစတာကို ဖတ်၏။ ထွီကနဲ တံတွေးတချက် ထွေးလိုက်ပြီးနောက် “အလကား လူလိမ်တွေချည်းပဲ” ဟု ပြောသွားသည်။ သို့ရာတွင် တက်စ စိတ်မပျက်။ ဝမ်းမနည်း။ ပျော်သဖြင့် သူ့မျက်နှာသည် ဝင်းထိန်လျက် ရှိ၏။ ပါရီသို့ တရက် နှစ်ရက်လောက် ပြန်ပြီး အပျော်မယားလေး ပေါလက်နှင့် ပျော်ပျော် နေလိုက်ချင်သေးသည်။ မုန့်ဆိုင်တဆိုင်ထဲဝင်ပြီး သမီးဒင်းနိစ်အတွက် ချောကလက်တဗူး ဝယ်သည်။ ထို့နောက် ကဖီးဆိုင်တွင် ဝင်ထိုင်ပြီး ဘရန်ဒီတခွက် မှာလိုက်၏။ တဘက်စားပွဲတွင် စောစောစီးစီး အရှိန်ရနေသည့် လူတယောက်ကို မြင်ရသည်။ သတင်းစာစက္ကူတရွက်ထဲတွင် ထည့်ထားသည့် ပေါင်မုန့်အပဲ့များကို စာကလေးများအား ကျွေးနေသည်။

“ငှက်ကလေးတွေနဲ့ စကားပြောရတာ စိတ်ချမ်းသာတယ်ဗျ။ တခါလာလဲ ရွေးကောက်ပွဲ ရွေးကောက်ပွဲနဲ့ နားကိုငြီးနေတာပဲ”

ထိုလူက တက်စဘက်သို့လှည့်၍ ပြော၏။

“ဘယ်အမတ်လောင်းကို သဘောကျသလဲဗျ”

တက်စက အလိုလို ပါးစပ်မှ ထွက်သွားသည်။

“ဘယ်သူ့ကိုမှ သဘောမကျဘူး၊ ကျွန်တော်ဟာ ကျွန်တော့်အတွက်ပေါ့။ ပြီးတော့… ငှက်တွေကို သဘောကျတယ်၊ ဘယ်သူ့ကိုမှ မဲမပေးဘူး၊ အလကား ညာနေကြတာ”

တက်စက ရယ်လိုက်၏။

"ဟုတ်တယ်ဗျို့၊ ဘာသောက်မလဲ၊ ကျွန်တော် တိုက်ပါရစေ"

ညနေ လေးနာရီ ရထားဖြင့် တက်စ ပါရီသို့ ပြန်လိုက်လာခဲ့သည်။

နောက်တနာရီအကြာတွင် ဘရီကျူးသည် မင်းကြီးကတော် ဒီနော အိမ်သို့ ထွက်လာခဲ့သည်။ အင်္ဂါနေ့ဆိုလျှင် ပွိုင်တိုးမြို့မှ မြို့မျက်နှာဖုံးများသည် မင်းကြီးကတော်၏ အိမ်တွင် ဆုံကြစမြဲ။ များသောအားဖြင့် အထည်ကြီးပျက်များ ဖြစ်ကြသည်။ မရှိသော်လည်း ဟန်ကလေးဖြင့် ဣန္ဒြေမပျက်အောင် နေကြသည်။ စက်ပိုင်များ၊ ဘုရားလူကြီးများနှင့် ကျောက်စာဝန်ဟောင်းတဦးတို့ ဖြစ်ကြ၏။ အိမ်ဖော်တယောက်က လက်ဖက်ရည်ကျဲကျဲ တခွက်စီနှင့် ဆင်းဒွစ်သေးသေးကလေး တချပ်စီ လာချသည်။ မင်းကြီးကတော်မှာ ကပ်စေးနဲသည်ဟု နာမည်ကြီး၏။ အများအားဖြင့် နိုင်ငံခြားသတင်းနှင့် ရှေးဟောင်းပစ္စည်း တူးဖော်ရေးလုပ်ငန်းများအကြောင်းကို ငါးမိနစ်လောက် ထိုင်ပြောကြသည်။ (ပွိုင်တိုးမြို့မှာ ရှေးဟောင်းပစ္စည်း အလွန်ပေါသည့်မြို့ ဖြစ်သည်။ မြို့မျက်နှာဖုံးများကလည်း ရှေးဟောင်းပစ္စည်းတူးဖော်ရေး၊ ကျောက်စာတူးဖော်ရေး စသည်တို့တွင် ဝါသနာပါကြသည်။) ထို့နောက် အတင်းအဖျင်း ပြောကြ၏။ သို့ရာတွင် ယနေ့ညနေတွင်မူ ထိုအကြောင်းများကို မပြောဖြစ်ကြ။ ယနေ့ညနေတွင်မူ ပြန်လုပ်ရမည့် ရွေးကောက်ပွဲအကြောင်း။ အထူးသဖြင့် ဂရင်းမိုင်ဆန် နုတ်ထွက်ရေးကိစ္စအကြောင်းကို ပြောကြသည်။

ဂရင်းမိုင်ဆန်က စိတ်တိုတို။ လူအေးသလောက် စိတ်တိုသည်။ ခေါင်းက မွေးစကလေးခေါင်းလို ပြားပြားချပ်ချပ်။ ခြေညှပ်ဖိနပ် စီးထားသည့် သူ့ခြေထောက်များက ဒူလာရောဂါကြောင့် ယိုင်နဲ့နဲ့။ စိတ်ဆိုးလျှင် ဒူလာစွဲသည့် ခြေထောက်ကိုဆောင့်ပြီး... မရဘူး၊ မရဘူးဟု အော်လားဟစ်လား ပြောတတ်သည်။

ဘရီကျူးက လက်ဖက်ရည်ခွက်ထဲသို့ ဇွန်းဖြင့် နာနာမွှေယင်း...

"လက်ရှိအခြေအနေမှာ အကောင်းဆုံးကတော့ နုတ်ထွက်ပေးလိုက်တာဟာ အကောင်းဆုံးပဲ ဦး"

"မရဘူး၊ ဘာဖြစ်လို့ နုတ်ထွက်ပေးရမှာလဲ၊ ငါက ဂျူးဂတ်လို ကောင်မျိုး

မဟုတ်ဘူးကွ၊ တက်စ နိုင်မယ် ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် တခါတလေကျယင်တော့ ရှုံးရတာဟာ နိုင်ရတာထက် ဂုဏ်သိက္ခာ ရှိတယ်ကွ"

"နေပါဦးလေ၊ ဦးကလဲ ကျွန်တော်ပြောတာ နားထောင်ပါဦး၊ ဦး ဝင်အရွေးခံလို့ မဲရယင် အလွန်ဆုံး နှစ်ထောင်ပေါ့။ ဦးအရွေးခံယင် တက်စဟာ ရန်သူဘက် ရောက်သွားနိုင်တယ်။ တကယ်က တက်စလိုလူဟာ ကျွန်တော်တို့နယ်အတွက် အကောင်းဆုံးပဲ"

သူ့စကားကြောင့် အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

"ဟော့... ဒီစကား ဒီမှာတင် ရပ်ပါ၊ စတာဗစ္စကီ ငွေလိမ်မှုကို မင်း မေ့ပလား"

"တက်စက ညီအကိုတော်ဂိုဏ်းကကွယ့်၊ သူတို့ဂိုဏ်းက မဟာမဇ္ဈိမဂိုဏ်းတဲ့"

"ပြီးတော့ ဒက်ဇာဆီကလဲ ပိုက်ဆံတွေ ယူထားသတဲ့"

"ဘာ... တို့နယ်အတွက် အကောင်းဆုံးလူလဲ"

ဂရင်းမိုင်ဆန်က အော်သည်။ "မင်း သူရေးတဲ့ ဆောင်းပါးတွေ ဖတ်ဖူးလို့လား။ ဘာသာမရှိတဲ့ ဒိဋ္ဌိကွ၊ ပြီးတော့ ဘာကိုမှ အကောင်းထင်တတ်တဲ့ကောင်မျိုး မဟုတ်ဘူးကွ၊ 'အောက်လမ်းဂိုဏ်း'သားတွေကွ၊ ဒီကောင်ကို တို့များရွေးလိုက်ယင် ကလေကချေကောင်တွေ ရွေးလိုက်တာနဲ့ အတူတူပဲ၊ အားလုံး ဒုက္ခရောက်မှာ၊ တိုင်းပြည်ပျက်မှာ၊ ထွက်မပေးဘူးဟေ့၊ မရဘူး၊ ဒါပဲ"

ဘရီကျူးက...

"ကဲ... ကျွန်တော် ရှင်းရှင်းပြောမယ်၊ ကျွန်တော်တို့တိုင်းပြည်မှာ တော်လှန်ရေးတခု ဖြစ်တော့မယ်၊ ပြည်သူ့တပ်ဦးနိုင်ယင် ကျွန်တော်တို့ စစ်ထဲ ပါရမှာပဲ၊ စစ်ထဲပါလို့ တိုင်းပြည်တပြည်အနေနဲ့ ကျွန်တော်တို့ နိုင်တယ်ပဲထား၊ အဲဒီအနိုင်ဟာ ကျွန်တော်တို့အဖို့ အရှုံးပဲ ဖြစ်မှာပဲ၊ ဘာလဲ တက်စဟာ ဘုရားတရားမရှိတဲ့ ဓမ္မန္တရာယ်ပဲထားပါ။ အဆုတ်ရောဂါဖြစ်နေတဲ့ နောက်မှတော့

ချောင်းဆိုးမှာကို ကြောက်နေလို့ ဖြစ်မလား၊ ကဲ... သူဟာ ကွန်မြူနစ်လားဗျာ၊ မဟုတ်ဘူး၊ ကျွန်တော်တို့ မနေ့ကပဲ သူနဲ့ ဆွေးနွေးခဲ့ပြီးပြီ။ ကျွန်တော်တို့ တောင်းတဲ့ကတိတွေ အကုန်ပေးပြီးပြီ၊ ကျွန်တော်တို့ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ မနက်ဖြန်ဆိုယင် ပြည်သူ့တပ်ဦးကတော့ အာဏာရတော့မှာပဲ၊ ကျွန်တော်တို့ ဘယ်လိုတားတား မရတော့ဘူး၊ ဒီတော့ ပြည်သူ့တပ်ဦးကို ကျွန်တော်တို့ ထိပ်တိုက်ဝင်မလား၊ ဒါမှမဟုတ် အတွင်းကနေပြီး လျှိုဖျက်မလား၊ အတွင်းကနေပဲ ဖျက်ရမှာပဲ၊ အတွင်းထဲမှာ တက်စတို့လို လူတွေ အများကြီးလိုတယ်။ ဒါမှ ကျွန်တော်တို့တတွေ ပြင်သစ်ပြည်ကြီးကို ကယ်နိုင်မယ်၊ ပြင်သစ်ပြည်ကြီးကို ကယ်ဖို့ဆိုယင် တက်စနဲ့မကလို့ ဂျာမန်တွေနဲ့တောင် ပေါင်းတန်ပေါင်းရမှာပဲ။ ဟုတ်တယ်... နေဦး ကျွန်တော် ဆုံးအောင် ပြောဦးမယ်၊ မနက်ဖြန်မှာ တော်လှန်ရေးကြီး ဖြစ်တော့မယ်ဆိုယင် ဘာလုပ်မလဲ။ ကျွန်တော်ကတော့ ဟစ်တလာကို ခေါ်ဖို့လိုယင် ခေါ်မှာပဲ”

“မင်းပြောတာတော့ ဟုတ်ပါရဲ့ ဘရီကျူးရယ်။ ဒါပေမယ့် ငါတော့ ရင်တုန်လှတယ်။ ဘုရား... ဘုရား”

မင်းကြီးကတော်က ခပ်တိုးတိုး ညည်း၏။ သကြားခဲညှပ်သည့် ဇာကနာသည် ကြမ်းပြင်ပေါ်သို့ ဒေါက်ကနဲ ကျသွားသည်။

သူ့အောင်ပွဲကို နေ့လယ်စာ စားယင်း အိမ်သားတွေကို ပြောပြမည်ဟု စိတ်ကူးရသည်။ အရသာရှိရှိ အငွေ့တထောင်းထောင်း ထနေသည့် ဟင်းခွက်ကို ရှေ့ချပြီး နိုင်ငံရေးစကား ပြောရသည်ကို တက်စ သဘောကျ၏။

"အခြေအနေက တော်တော် အရေးကြီးနေတယ်ကွ" တက်စက ပြောသည်။ "ဂျူးဂတ်ကတော့ ထုံးစံအတိုင်း ငါ့ကို အပုပ်ချနေတာပေါ့၊ စတာဗစ္စကီကိစ္စနဲ့ချည်း ကိုင်ပေါက်နေတာပဲ၊ ဒါထက် ငါ့သား လူဆန်းကို ပြောရဦးမယ်။ မင်းစာအုပ်ကလေးကတော့ ဟိုမှာ တော်တော်ရောင်းလို့ ကောင်းတယ်ဟေ့၊ ဘယ်သူ့ကြောင့် ရောင်းကောင်းတယ် ထင်သလဲ၊ ပါပါကြောင့်ကွ သိရဲ့လား၊ ဂရင်းမိုင်ဆန်ကဆိုယင် မင်းစာအုပ်ကို ထောက်ထောက်ပြပြီး အဲဒါ သူ့သား ရေးတာဗျလို့ တရားပွဲတိုင်းမှာ ဟောနေတာ။ အလကားကြေငြာရတာပေါ့ကွ၊ (အမေကြီးရေ ကောင်းလိုက်တဲ့ ဘဲသားကလေးကွာ၊ နူးညံ့နေတာပဲ၊ ပွိုင်တိုးမှာတော့ ပုစွန်ထုပ် တော်တော် ကောင်းတယ်ကွ) နေပါဦး၊ စကားပြောတာ ဘယ်ရောက်သွားမှန်းတောင် မသိဘူး၊ ဩော်... ဟုတ်ပြီ၊ ကွန်မြူနစ်တွေကလဲ ငါ့ကိုပဲ မဲတိုက်နေကြတာပဲကွ၊ ငြိမ်းချမ်းရေးနဲ့ လွတ်လပ်မှုကို လိုချင်ယင် သူတို့ကို မဲပေးကြပါ ဘာညာပေါ့ကွာ၊ ထုံးစံအတိုင်း စကားကြီး စကားကျယ်တွေပေါ့။ ခုတော့ ဒုတိယအကြိမ် ပြန်ရွေးရဦးမယ်လေ၊ ပင်ပန်းလိုက်တာကွယ်၊ မပြောပါနဲ့တော့၊ သေလုမတတ်ပဲ၊ ခေါင်းကလဲ အလွန်ကိုက်၊ (ဟင်... သမီး ဒင်းနိစ်၊ ဘာဖြစ်လို့လဲ၊ သမီး ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့၊ ပွိုင်တိုးကို တခါလောက် သွားလည်ဖို့ ကောင်းတယ်၊ အဲဒီက ရောမ ဗိသုကာလက်ရာတွေဟာ တော်တော်လှတယ်၊ ရေဒွဂုန္တ ရုပ်ပွားတော်ကြီးကိုလဲ သွားလေ့လာဖို့ကောင်းတယ်။) ငါထင်ပါတယ်၊ ကွန်မြူနစ်တွေကသာ သူတို့အမတ်လောင်းကို ပြန်ရုတ်သိမ်းသွားယင် ရွေးကောက်ပွဲက တော်တော်လေးကို ကြည့်လို့ကောင်းမှာ၊ ဒါပေမယ့် ကွန်မြူနစ်တွေက ဒီဒီယားကို မဲပေးလိမ့်မယ်လို့ သတင်းထွက်နေတယ်၊ ခက်တာက ငါကလဲ လူဆန်းရဲ့လူတွေနဲ့ သိပ်တွဲလို့ မရဘူး၊ နောက်ဆုံးတော့ ငါက ကျုပ်ဟာ ပြည်သူ့တပ်ဦးကတင်တဲ့ ကိုယ်စားလှယ်ပဲလို့ ကြေငြာလိုက်တယ်၊ ဩဘာပေးလိုက်ကြတာ၊ လက်ခုပ်သံတွေ တော်တော်နဲ့ မစဲဘူး၊ လက်သီးလက်မောင်းတန်းပြီး ကြွေးကြော်သံတွေ အော်လိုက်ကြတာလဲ

တော်တော်နဲ့ မစဲတော့ဘူး၊ ငါကလဲ လက်သီးလက်မောင်းတန်းတာ မြင်ရယင် အလွန်စိတ်ပျက်တယ်။ (အမေကြီးရေ... ဘဲသားပြုတ်ကျော်ကတော့ ပထမတန်းပဲဟေ့၊) ပထမတော့ အမှိုက်သရိုက်တွေ ရှင်းပစ်ရတာပေါ့ကွာ၊ နောက်ကျတော့ ကွန်မြူနစ်တွေက ငါ့ကိုထောက်ခံမယ်လို့ ကြေငြာတယ်၊ ဒါပေမယ့် လက်ယာက ငါ့ကို မကြိုက်ပြန်ဘူး၊ သူတို့ကလဲ အကြိတ်အနယ် စည်းရုံးနေကြတာပဲ၊ နောက်ဆုံးတော့ အနီနဲ့ အနက် ပြိုင်ရတော့မှာပေါ့လေ"

တက်စက စကားပြောရပ်ပြီး ဘဲတောင်ပံရိုးကို ဝါးနေသည်။

"ဘာပြောပြော၊ ပါပါအနေနဲ့ ဖက်ဆစ်တွေကိုတော့ နိုင်မှာပါ။ ဒီကောင်တွေကို တိုင်းပြည်က လက်မခံပါဘူး"

လူဆန်းက ပြော၏။

"အံမယ်၊ ဒီလိုလဲ လွယ်လွယ်တော့ မပြောနဲ့ကွ၊ ဘေးက ထိုင်ကြည့်နေရတာဆိုတော့ မင်းက ကောင်းကောင်း သဘောပေါက်မှာ မဟုတ်ဘူး၊ (အမေကြီးရေ အချိုပွဲလေး လုပ်ပါဦး၊ ထမင်းစားပြီး အချိုလေးတောင် မတည်းရတော့ဘူးလားကွာ၊ ကိုယ်အလေးချိန် မတက်အောင် အစားရှောင်ရတဲ့အလုပ်ဟာ တော်တော် စိတ်ပျက်စရာကောင်းတယ်) နောက်ဆုံးတော့ ဂျူးဂတ်က နုတ်ထွက်ပေးသွားတယ်လေ၊ ခုတော့ ပါပါတယောက်ပဲ ကျန်တော့တယ်၊ အမျိုးသားညီညွတ်ရေးအတွက် ပါပါ့ကို ရှောင်ပေးသွားတာလေ"

လူဆန်းက မချုပ်တည်းနိုင်တော့။

"ဒါကို ပါပါကရော သဘောတူသလား၊ ဘယ်နိုပ်မလဲ ပါပါရ"

"ဘာဖြစ်လို့ မနိုပ်ရမှာလဲကွ၊ နိုင်ငံရေးပါတီအားလုံးက ပါပါ့ကို ထောက်ခံကြတာ မကောင်းဘူးလား၊ ဒါ ဂုဏ်ယူရမှာပေါ့။ အမျိုးသားညီညွတ်ရေး ရတာဟာ မကောင်းဘူးလားကွ၊ မင်းတို့ရဲ့ နီနီရဲရဲ သော့ခလောက်ပြင်တဲ့ ဆရာကတောင် ပြင်သစ်ပြည်ကြီးအတွက်လို့ အော်နိုင်သေးယင် မင်းတို့ကကော ဘာမထောက်ခံနိုင်စရာ ရှိသလဲ၊ မင်းတို့နဲ့ ဒါတွေကြောင့် ခက်နေတာ၊ ခေတ်အကြောင်းလဲ ဘာမှ မသိဘူး"

ထမင်းဝိုင်းက ထင်သလောက် ပျော်စရာမကောင်း။ တက်စ၏ လုပ်ရပ်ကို သူ့မိသားစုကပင် ကောင်းကောင်း နားမလည်။ သူ့မိန်းမက သက်ပြင်းချ၏။ သမီးဒင်းနိစ်က နားမထောင်။ ကြောင်ကလေးနှင့် ကစားနေသည်။ အဖတ်ဆယ်မရသည့် လူလေလူလွင့် သူ့သားက အဖေကိုတိုက်ဖို့ အကွက်ကောင်းကို စောင့်နေသည်။ တက်စက ကော်ဖီသောက်ပြီးနောက် အလုပ်လုပ်စရာရှိသည်ဆိုကာ စားပွဲမှ ထလာခဲ့သည်။ နေ့လယ်စာ စားပြီးလျှင် တရေးတမော အိပ်တတ်ကြောင်း တအိမ်သားလုံး အသိ။ သို့ရာတွင် တက်စကမူ ထိုသို့ တရေးတမော အိပ်သည်ကို “အလုပ်” ဟု ခေါ်သည်။

လူဆန်းသည် သူ့အဖေကို ကဏ္ဍကောစ ပြောလိုက်မိသဖြင့် နောင်တရ၏။ အဖေပြန်လာလျှင် ငွေငါးထောင်လောက် တောင်းမည်ဟု စိတ်ကူးထားခဲ့သည်။ ဂျဲနက်ကို ခွဲစိတ်ကုသစရာ ရှိသည်။ ပိုက်ဆံချေးရမည့်သူဆို၍ တယောက်မျှမမြင်။ ပါပါ စိတ်ဆိုးအောင် အဘယ်ကြောင့် သွားပြောလိုက်မိလေသနည်း။ ယခု သွားတောင်းလျှင် ပေးတော့မည် မဟုတ်။ ဂျဲနက်၏ မျက်လုံးရွဲကြီးများကို လူဆန်း အမှတ်ရလာသည်။

ရှေ့မျက်နှာ နောက်ထား၍ စာကြည့်ခန်းထဲသို့ ဝင်လာခဲ့၏။

“ပါပါ၊ ကျွန်တော် ငွေငါးထောင်လောက် လိုချင်တယ် အရေးကြီးလို့ပါ”

လူဆန်းက သွယ်ဝိုက်ခြင်းမရှိ တဲ့တိုး ပြောချလိုက်သည်။ တက်စက မည်သို့မျှ မပြော။

“ကျွန်တော် ပါပါ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် ပြောတာ မဟုတ်ပါဘူး၊ စိတ်မဆိုးပါနဲ့”

တက်စက ဆိုဖာပေါ်တွင် လှဲနေသည်။ ငှက်မျက်နှာလို ရှည်မျောမျော။ သူ့မျက်နှာသည် ဒေါသကြောင့် ပို၍ ကောက်ကြောင်းပေါ်လာသည်။ မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်တွေ စို့နေ၏။ ပါးပါးလျှပ်လျှပ်၊ ဖြူဖျော့ဖျော့ဖြင့် အိပ်နေသည့် သူ့သဏ္ဌာန်သည် အလောင်းကောင်တခုနှင့် တူနေသည်။

“ငွေငါးထောင်ကြီးများတောင် ဘာလုပ်ဖို့လဲ၊ အဖေ့ကို နောက်တခါ စာအုပ်ရေးပြီး သိက္ခာချဦးမလို့လား”

လူဆန်းက မည်သို့မျှ မဖြေ။ တက်စက သူ့ကိုကြည့်ပြီး တဘက်သို့ လှည့်လိုက်သည်။ ရသာလျှင် ဘနဖူးကို သိုက်တူးမည့်သားမျိုး။ တက်စ၏ ဦးလေးတယောက်သည်လည်း လူဆန်းလို သစ်ကြားသီးရောင် ဆံပင်နီနီဖြင့်။ တဆွေလုံး တမျိုးလုံးက စိတ်နာလွန်းသဖြင့် သူ့အကြောင်းကို ပြောပင် မပြောချင်ကြ။ ချက်လက်မှတ်တုဖြင့် ငွေလိမ်ထုတ်သောကြောင့် ထောင်ခုနစ်နှစ်ကျသွားခဲ့သည်။

တက်စက လှဲနေရာမှ ထပြီး ချက်လက်မှတ်ကို ရေးပေးလိုက်၏။ လူဆန်းက ချက်လက်မှတ်ကိုကိုင်ပြီး အပြင်သို့ ထွက်လာခဲ့လိုက်သည်။

တက်စသည် ဆိုဖာပေါ်သို့ ပြန်လှဲလိုက်သည်။ တရေးတမောတော့ အိပ်ရဦးမည်။ သို့ရာတွင် အိပ်၍မရ။ ပွိုင်တိုးတွင်ရှိစဉ် ဘရီကျူးရောက်လာသည့် ညနေတုန်းကလို သူ့စိတ်သည် နောက်ကျိလျက်ရှိ၏။ ဘရီကျူးလိုလူမျိုး စောင်မမှ သူကောင်းစားရတော့မည့် အဖြစ်မျိုးကို လူဆန်း သဘောပေါက်ဟန် မတူ။ ရွံ့စရာလည်း ကောင်းသည်။ ရှက်စရာလည်း ကောင်းသည်။ ကွန်မြူနစ်တွေနဲ့ စကားပြောရသည်ကို သူစက်ဆုပ်သည်။ ကွန်မြူနစ်အမတ်လောင်းက သော့ခလောက်ပြင်ဆရာ။ သော့ခလောက်ပြင်ချင်လျှင် သော့ခလောက်ပြင်ဆရာနှင့် စကားပြောနိုင်သည်။ သို့ရာတွင် တိုင်းပြည်၏ ကံကြမ္မာကို အဆုံးအဖြတ်ပြုရမည့် ကိစ္စမျိုးတွင် သော့ခလောက်ပြင်ဆရာနှင့် စကားပြောရမည်ဆိုခြင်းမှာ ရှက်ဖို့တော့ ကောင်းသည်။ စက်ဆုပ်စရာလည်း ကောင်းသည်။ ဘာ ဘဝနည်း။ နိုင်ငံရေး ဆိုသည်မှာ ညစ်ပတ်သည့် ဖဲဝိုင်းတွင် ဝင်ထိုင်ရသည်နှင့် တူသည်။ ခေါင်းကျက်လျှင် ခေါင်းစား၊ အမြီးကျက်လျှင် အမြီးစား၊ လွှတ်တော်ထဲရောက်တော့ကော အစိုးရအဖွဲ့ကို အယုံအကြည်မရှိ အဆိုတင်ကြသည်။ မဲခွဲကြသည်။ လူစုကလေးတစုက မဲခွဲပြီး မဲကလေးအနည်းငယ်မျှဖြင့် လူတယောက်၏ ကံကြမ္မာကို ဆုံးဖြတ်ကြသည်။ ဂျူရီလူကြီးတွေကကော...။ လူတယောက်ကို ခေါင်းဖြတ်စင်တင်၍ သတ်ရမည်လော၊ မသတ်ရမည်လော ဆိုသည်ကို ဆုံးဖြတ်ကြသည်။ လူတယောက်၏ အသက်သည် အသေးအဖွဲကလေးတခုပေါ်တွင် တည်နေသည်။ သူ့မိန့်ခွန်းများသည် ဆိုင်ပိုင်ရှင်ကလေးများက ကြိုက်မှ ကြိုက်ကြပါမည်လော။ သူတို့ကြိုက်၍ အမတ်ဖြစ်လျှင် သေဒဏ်ကို ပယ်ဖျက်အောင်လုပ်မည်။ သူတို့ မကြိုက်လျှင်မူ သူ အမတ်မဖြစ်။ သူ အမတ်မဖြစ်လျှင် သေဒဏ် မပျက်သေး။ ထုံးစံအတိုင်း ရာဇဝတ်ကောင်ကို

မနက်လေးနာရီထိုးတွင် နိုးပြီး ရမ်တခွက်တိုက်၊ ခေါင်းဖြတ်စက်ပေါ်သို့ တင်ကြဦးမည်။ ဘ၀ဆိုသည်မှာ ထီထိုးရသည်နှင့် အတူတူ။ ပြည်သူ့တပ်ဦးသည် မုန်းစရာကောင်းသည့် အဖွဲ့အစည်း။ ဤသည်ကို လူတိုင်းသိသည်။ နိုင်ငံရေးပါတီစုံ ပေါင်းထားသည့် ဤအဖွဲ့သည် တနှစ်ပင် ခံမည်မဟုတ်။ မည်သည့်အရာမျှ ကြာကြာခံမည် မဟုတ်။ အားလုံးပုပ်သိုး ဆွေးမြည့်နေပြီ။ အပုပ်တွေ၊ အဆွေးတွေ။ အားလုံး ပျက်စီးကြရမည် မုချ။ ပျက်တော့ကော ဘာအရေးနည်း။ ညနေကျလျှင် သူ့အပျော်မယားလေး ပေါလက်နှင့် တွေ့ရတော့မည်။ သို့ရာတွင် တနေ့ကျလျှင်မူ ပေါလက်လည်း သေရမည်။ လူတိုင်းလည်း သေရဦးမည်။

အပျက်သဘောကို ဆင်ခြင်မိသည့်အခါတွင် တက်စ စိတ်ငြိမ်သွား၏။ အတန်ကြာသည့်အခါတွင် စာကြည့်ခန်းဘက်မှ ဟောက်သံသဲ့သဲ့ ထွက်ပေါ်လာသည်။ ထိုနောက် လေချွန်သည့်နှယ် ခပ်ပြင်းပြင်းဟောက်သံ ပေါ်လာ၏။

လူဆန်းက သူ့ညီမကို ပြောနေသည်။

“ဒါတော့ ညီမလေး ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း ပြောပေါ့၊ ကိုကို့သဘော ပြောရမယ်ဆိုယင်တော့ ပါပါ လုပ်နေပုံဟာ သိပ်ရှက်စရာ ကောင်းတာပဲ၊ တချိန်တည်းမှာ ကွန်မြူနစ်တွေနဲ့ ပေါင်းတယ်၊ လက်ယာသမားတွေနဲ့လဲ အပေးအယူ လုပ်တယ်။ သိပ်ရှက်ဖို့ ကောင်းတာပဲ၊ သိက္ခာမရှိရာလဲ ရောက်တယ်၊ မရိုးသားရာလဲ ရောက်တယ်”

“ပါပါ့အတွက် စိတ်မကောင်း၊ ရုပ်ကလဲ ဒီနှစ် သိပ်ကျတာပဲ” ဒင်းနိစ်ကပြော၏။

“မဆန်းပါဘူး၊ ဒီအသက်အရွယ်ရောက်မှ မယားလေး ငယ်ငယ်လေး ယူထားတာ၊ မကျပဲ နေပါ့မလား”

“ကိုကိုနော်၊ ဒီလိုပဲ ပြောရသလား”

ညီမလေး ဒင်းနိစ်၏ မျက်လုံးများက ဂျဲနက်မျက်လုံးများနှင့် တူသည်။ ခပ်ငြိမ်ငြိမ် မိန်းကလေးတွေရဲ့ မျက်လုံးတွေဟာ ဒီလိုပဲ ထင်ပါရဲ့ဟု လူဆန်းတွေးမိ၏။ သို့ရာတွင် ဂျဲနက်က သူ့ကိုမချစ်။

"ကိုကို့အတွက်ကော စိတ်မကောင်းဖြစ်ပါဦးကွယ်၊ ဖေဖေက အသက်ကြီးလို့ ဒီလို ဖြစ်ရတာ၊ ကိုကို့မှာက အသက်ငယ်ငယ်နဲ့ ခြောက်ကပ်ညှိုးနွမ်းနေရတာ"

ထိုနေ့ညနေ၌ တက်စသည် ထုံးစံအတိုင်း ပျော်ပျော်ပါးပါး နေလိုက်သည်။ မယားငယ်ကလေး ပေါလက်၏ အခန်းသို့ သွား၏။ ထိုနောက် မက္ကဇင်းပျော်ပွဲစားရုံသို့သွား၍ နှစ်ယောက်အတူ ညစာစားကြသည်။ ဒူးပေါ်ပေါင်ပေါ် ကနေကြသည့် ကချေသည်များ၏ ပေါင်တံဖွေးဖွေးများကို ကြည့်သည်။ ဘ၀ဆိုတာ ဒါပဲပဲဟု စိတ်ထဲက ရွတ်မိ၏။ ရှမ်ပိန်အရက် တခွက်ပြီးတခွက် သောက်သော်လည်း ဘာမျှမဖြစ်။ လေးနေသည့် စိတ်သည် ပျောက်မသွား။

ည နာရီပြန်နှစ်ချက်ထိုးမှ အိမ်သို့ပြန်ရောက်သည်။ သူ့မိန်းမက ထုံးစံအတိုင်း တယောက်တည်း ဖဲကစားရင်း ထိုင်စောင့်နေသည်။ ဗိုက်ပေါ်တွင် ရေနွေးပုလင်းတလုံးကို တင်ထားသည်။ တက်စကို မြင်လိုက်သည့်အခါတွင် ဆီးငို၏။

"ပြန်လာလို့ တော်သေးတာပေါ့။ ဒီမှာ သိပ်ဗိုက်နာနေတယ်"

"ပျောက်သွားမှာပါကွာ၊ ဆရာ၀န်ကလဲ ပြောထားသားပဲ"

"မပျောက်ပါဘူး၊ ကိုယ့်ရောဂါကိုယ် သိပါတယ်၊ ဒီရောဂါနဲ့ ကြာကြာနေရတော့မှာ မဟုတ်ပါဘူး"

"တော်စမ်းပါကွယ်၊ အဓိပ္ပါယ်မရှိတာတွေ မပြောစမ်းပါနဲ့၊ ကောင်းသွားမှာပါလို့ ဆရာ၀န်က ပြောပြီးသားပဲ၊ ဆရာ၀န်နဲ့တွေ့ပြီး မေးခဲ့ပါပြီ၊ မာလိုက်တာမှ ဒေါင်ဒေါင်မြည်လို့တဲ့၊ ရိုက်သတ်လို့တောင် မသေဘူးတဲ့"

"အမလေး၊ နေလဲ မနေချင်တော့ပါဘူး၊ လောကကြီးမှာ ဘာမှသုံးလို့မရတဲ့နောက် အသက်ရှင်နေလို့ကော ဘာထူးဦးမှာလဲ၊ ဒီနေ့လဲ ရှင်ရောက်လာလို့သာ အိပ်ရာကထတာ၊ ခု ပိုဆိုးလာတယ်၊ ကျွန်မ သေရမှာကို မကြောက်ပါဘူး၊ ရှင်တို့အတွက် အသေမဖြောင့်တာ တခုပါပဲ၊ ခက်တာက ရှင်ကလဲ ဘုရားတရားကိုမယုံ၊ အင်း... ဖအေကြီးလဲ အသက်ကြီးပြီနော်၊ ဘုရားက မနေဘူး၊ ဒီအကြောင်းတွေကို ကလေးတွေရှေ့မှာလဲ မပြောချင်ပါဘူး၊ ပြီးတော့လဲ

ကွန်မြူနစ်တွေနဲ့ ပေါင်းသတဲ့၊ ဘယ်လိုတွေ ဖြစ်ကုန်တာလဲဟင်၊ မနေ့က သတင်းစာထဲမှာလဲ ကွန်မြူနစ်တွေက ရုရှမှာ ဘုရားရှိခိုးကျောင်းတွေကို မီးရှို့ပစ်လို့တဲ့၊ ရိုင်းလိုက်ကြတာတော်၊ အေးလေ… သူများ ဘာဖြစ်ဖြစ် ကိစ္စမရှိဘူး၊ ခုတော့ ကိုယ့်ယောကျ်ားကလဲ ကွန်မြူနစ်တွေနဲ့ ပေါင်းသတဲ့”

တက်စသည် အဝတ်အစား လဲပြီးနောက် အိပ်ရာထဲသို့ ဝင်လိုက်၏။

“ခု ငါလုပ်နေရတာတွေဟာ ပျော်လို့ လုပ်နေရတယ်များ ထင်နေသလားဟင်၊ ငါလဲ မင်းလိုပဲ စက်ဆုပ်တာပါပဲကွာ၊ နိုင်ငံရေးဆိုတာ ညစ်တဲ့ ဖဲဝိုင်းနဲ့ အတူတူပါပဲ၊ နိုင်ငံရေး လုပ်ရတာထက် မှောင်ခိုကုန်သည် လုပ်ရတာကမှ ကောင်းလိမ့်ဦးမယ်၊ နေစမ်းပါဦး၊ မင်းကကော ဘာတွေကို ဒီလောက်တောင် စိတ်ညစ်နေတာလဲ၊ ငွေရေးကြေးရေးကြောင့်လား၊ ဒီလောက်လဲ ပူမနေပါနဲ့ကွာ၊ အထိုက်အလျောက်တော့ ဖြစ်လာမှာပေါ့။ ခက်တာက မင့်သားနဲ့ သမီးကလဲ တမှောင့်၊ ဒီနေ့တင် မင့်သားက ငွေငါးထောင် တောင်းသွားတယ်၊ အရေးကြီးလို့တဲ့၊ မရယင် လည်ပင်းတောင်လှီးမယ့် ကောင်မျိုး၊ ပြီးတော့ မင်းသမီးကလဲ တမျိုး၊ တနေ့ကျယင် သူလဲ လင်နဲ့သားနဲ့ နေချင်မှာပဲ၊ ငါကတော့ ငါ့သမီးကို လင့်အရိပ် ခိုစားတာ မကြိုက်ဘူး၊ ပြီးတော့ သူကလဲ မာနအကြီးသား။ ဒီတော့ သူ့အတွက်လဲ စဉ်းစားရမယ်၊ ကဲ… တော်ပါတော့ကွယ်၊ စိတ်ညစ်စရာတွေ မပြောစမ်းပါနဲ့၊ ကိုယ့်ကိစ္စနဲ့ကိုယ် ဦးနှောက်ခြောက်ရတဲ့ အထဲမှာ”

သူ့မိန်းမက သူ့နဖူးပြင်ကို နမ်းပြီးနောက် မီးကို မှိတ်လိုက်သည်။

တက်စသည် ပက်လက်လှန်ရင်း အမှောင်ထုကို ငေးကြည့်နေ၏။ တော်တော်နှင့် အိပ်ပျော်နိုင်ဦးမည် မဟုတ်။ နီနီ၊ စိမ်းစိမ်း၊ ဝါဝါ အပြောက်ကလေးများသည် ရှမ်ပိန်ပုလင်းမှ အမြှုပ်များလို သူ့မျက်စိထဲတွင် ဝဲပျံနေကြသည်။ သူ့မိန်းမက ဘေးမှ တအင်အင် ညည်းနေ၏။ “အမေကြီး ဘာဖြစ်လို့လဲ” ဟု ခေါ်ကြည့်သည်။ ဘာမျှ ထူးသံ မကြားရ။ အိပ်ပျော်ယင်း ညည်းနေဟန် တူသည်။ တက်စသည် ကြောက်လန့်စ ပြုလာ၏။ သူ့မိန်းမလည်း သေရဦးမည်။ သူလည်း တနေ့တွင် သေရဦးမည်။ ထိုနောက်တွင်မူ ဘာမျှမရှိတော့။ ပုလိပ်တယောက်ကို သတ်မှုဖြင့် ခေါင်းဖြတ်အသတ်ခံရသည့် ရာဇဝတ်ကောင် လာရို့ကို သွား၍ အမှတ်ရမိသည်။ ထိုစဉ်က ဆောင်းဦးပေါက်။ ရိပ်သာလမ်းပေါ်တွင် ကြွေရွက်တွေက ရှပ်တိုက်ပြေးလျက်။ ကြွပ်ဆတ်ကာ ခြေဖြင့်နင်းလိုက်လျှင်

ကျိုးကျိုးကြွပ်ကြွပ် မြည်နေကြသည်။ ကြီးမားသည့် နေလုံးနီနီရဲရဲကြီးက ချိတ်လျက်။ ရာဇဝတ်ကောင် လာရို့သည် ရမ်တခွက်ကို သောက်ပြီးနောက် နှုတ်ခမ်းများကို လျှာဖြင့် ယက်နေသည်။ “ကောင်းလိုက်တာ” ဟု တခွန်းပြောသေးသည်။ ရမ်တခွက်သောက်ပြီးလျှင် လာရို့သည် တည်တည်ငြိမ်ငြိမ် သေမင်းကို ရင်ဆိုင်လိမ့်မည်ဟု ထင်ခဲ့ကြသည်။ သို့ရာတွင် ခေါင်းဖြတ်စက်သို့ ခေါ်သွားသည့်အခါ၌ လာရို့က အတင်းရုန်း၏။ ခေါင်းကို စက်ပေါ်သို့ အတင်း ဆွဲတင်ရသည်။ လာရို့သည် တောခွေးတကောင်အူသလို အော်နေသည်။ တက်စသည် ထိုအသံကြောင့် တုန်သွား၏။ ထိုအူသံသည် ယခုတိုင် နားထဲက မထွက်တော့။

သူ့မျက်လုံးထဲက နီနီဝါဝါပြောက်တွေကလည်း ဝဲပျံကြဆဲ။ သူ့မိန်းမအဖို့တော့ ကိစ္စမရှိ။ သူက ဘုရားကို ယုံသည်။ နိဗ္ဗာန်နှင့် ငရဲကို ယုံသည်။ သေပြီးသည့်နောက်တွင် တနေရာရာသို့ ရောက်ဦးမည်ဟု မျှော်လင့်ချက် ရှိသေးသည်။ ခက်သည်က... သူ။ ဘာသာတရားကို ယုံတတ်လျှင်လည်း အကောင်းသား။ သို့ရာတွင် သူမယုံ။ သူ့အဖို့ နိဗ္ဗာန်လည်း မရှိ။ ငရဲလည်း မရှိ။ သေပြီးသည့်နောက် သင်္ချိုင်းသာရှိသည်။ အေးစက်သည့် မြေကြီးသာ ရှိသည်။ ထိုနောက် ဘာမျှမရှိ။ တက်စသည် ကြောက်လာကာ ရုတ်တရက် အော်လိုက်၏။ သူ့မိန်းမ နိုးလာသည်။

“အဖေကြီး ဘာဖြစ်တာလဲ… ဟင်”

“အိပ်မက် မက်တာပါကွာ”

ရှက်ရှက်ဖြင့် ဖြေ၏။

သတင်းစာဆရာ ဂျိုလီယေ့ာက လှောင်ပြောင်ပုတ်ခတ်ခြင်း ခံရပြီး ပီယာက ကြည်ညိုခြင်း ခံရသည့် ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်သည် သတိမေ့တတ်၍ သဘောကောင်းသည့် ပါမောက္ခတယောက်နှင့် တူသည်။ သူ့ပုံပန်းသဏ္ဍာန်၊ အဆင်အပြင် ဟူသမျှသည် လွန်လေပြီးသော အတိတ်တခုကို သတိရစေ၏။ ကြိုးတပ်မျက်မှန်၊ အနက်ရောင် အပြားကြီးကြီး ဦးထုပ်၊ စိတ်သရုပ်ခွဲတွင် အထုံဝါသနာကြီးပုံ၊ လေယူလေသိမ်း မှန်မှန်ဖြင့် စကားပြောပုံ။

ဗီးလာ့ဒ်ကို ရှာလုံးမြို့တွင် မွေးဖွားခဲ့သည်။ သူ မွေးတုန်းက "ကာလပျက်" ဟု ခေါ်ကြသည့် အချိန်။ ပြင်သစ်ပြည်ကို ပရပ်ရှင်းတွေ ဝင်တိုက်သည့်ကာလ။ သူ့ပုခက်ဘေးတွင် ပရပ်ရှင်းတို့၏ ကျည်ဆန်များက တဝီဝီ ဝဲလျက်။ သူ့အဖေက သမ္မတဂိုဏ်းသားဖြစ်၍ နပိုလီယန်ကို ဆန့်ကျင်သဖြင့် ထောင်နှစ်နှစ် ကျဖူးသည်။ ငယ်ငယ်ကတည်းက ပြင်သစ်သူရဲကောင်းများ ဖြစ်သည့် မာရပ်၊ ဘာလင်ကွီ၊ ဒီလေကလူးစ် စသူတို့ အကြောင်းများကို ကြားဖူးနားဝ ရှိခဲ့သည်။ ဆိုရှယ်လစ်စနစ်အကြောင်း ငြင်းခုံဆွေးနွေးကြသည်ကို နားရည်ဝခဲ့သည်။

နောင်တွင် ဗီးလာ့ဒ်သည် ပါရီသို့လာပြီး ရာဇဝင်အဓိကဖြင့် ဘွဲ့ရခဲ့သည်။ သူလုပ်ချင်သည်က နိုင်ငံရေး။ သို့ရာတွင် ထိုခေတ်က လူငယ်များထုံးစံ အနုပညာနှင့် စာပေဘက်သို့ ရောက်သွားသည်။ ကျောင်းမှာတုန်းကဆိုလျှင် လက်တင်ရပ်ကွက်ကို သွားပြီး ကဖီးများတွင် ထိုင်သည်။ နာမည်ကျော် ကဗျာဆရာ ဗာလိန်းကို တွေ့ဖူးသည်။ အရက်မူးလာပြီးလျှင် ခပ်ထွေထွေဖြင့် ကဗျာလှလှတွေကို လက်တန်းရွတ်တတ်သည်။ ဗာလိန်း၏ ကဗျာရွတ်သံက တယ်လီဖုန်းကြိုးပေါ်တွင် ပေါ်လွင်လာသည့် ငှက်တေလေတကောင် မြည်ကျူးသံနှင့် တူသည်။ ဗီးလာ့ဒ်သည် သူတိုယ်တိုင်လည်း ကဗျာစာအုပ် ထုတ်ဖူးသည်။ ကဗျာက သူများပုံစံကိုလိုက်သည့် ကဗျာမျိုး ဖြစ်သော်လည်း အရည်အသွေး မညံ့။ သတင်းစာများအတွက် ပန်းချီပြပွဲ ကြော်ငြာကိုယ်စားလှယ် လုပ်ဖူးသည်။ ပန်းချီဝေဖန်ရေးဆရာတယောက် ဖြစ်ချင်သည်။ ထိုနောက် ဒရေးဖတ်စ် အရေးအခင်း ပေါ်လာသည့်အခါတွင် ဆိုရှယ်လစ်ခေါင်းဆောင် ဂျော်ရေး၏ နောက်လိုက် ဖြစ်သွားသည်။ ဗီးလာ့ဒ်သည် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချသည်။ ဘယ်အလုပ်ကိုမဆို လုပ်သည်။ အလုပ်ရွေးသည်ဟု မရှိ။ သတင်းစာကလေးတွေအတွက် ဆောင်းပါးရေး ဆိုလျှင်လည်း ရေးပေးလိုက်သည်။ နယ်လှည့် တရားဟောဖို့ ဆိုလျှင်လည်း မငြင်း။

ဘုရားလူကြီးတို့ ဘာတို့ မဟုတ်တရုတ်လုပ်၍ တိုက်ကြပြီဆိုလျှင် သူအရှေ့ဆုံးက။ အမျိုးသမီးတို့ အခွင့်အရေးကိစ္စ ဆိုလျှင်လည်း သူနောက်ကျမကျန်ခဲ့။ အားလျှင် စာကို ကုန်းဖတ်တော့သည်။ အနုပညာကိုလည်း လက်မလွှတ်။ သူ့မိတ်ဆွေများက သူ့ကို "သုခမိန်ကြီး" ဟု နောက်ပြောင် ခေါ်ကြသည်။ စစ်မဖြစ်မီကလေးတွင် သူသည် လွှတ်တော်အမတ် ဖြစ်လာခဲ့သည်။ တချိန်တည်းလောက်တွင် အမျိုးသမီး ဆရာဝန်တယောက်နှင့် လက်ထပ်ခဲ့သည်။ လွှတ်တော်ထဲတွင် သူ့ကို မည်သူကမျှ အရေးတကြီး မိန့်ခွန်းများကို ပြောခွင့်မပေး။ သို့ရာတွင် လွှတ်တော်ကော်မတီများထဲတွင် ပါဝင်ရသည်။ ယဉ်ကျေးမှုရေးရာများတွင် ကျွမ်းကျင်သူဟု သတ်မှတ်ကြသည်။ နိုင်ငံတကာကွန်ဂရက်များသို့ တက်ရောက်ခဲ့ပြီး လီနင်၊ ဘေဘယ်၊ ပလက်ခနော့ စသည့် ခေါင်းဆောင်များကို တွေ့ခဲ့ဖူးသည်။ လွှတ်တော်ထဲတွင် ဆိုရှယ်လစ်အမတ် အများစုရလျှင် ကြီးမားသည့် ပြောင်းလဲမှုကြီးများကို လုပ်နိုင်လိမ့်မည်ဟု စွဲမြဲစွာ ယုံကြည်သူ ဖြစ်သည်။

သို့ရာတွင် (ပထမ) ကမ္ဘာစစ်ကြီး ဖြစ်လာခဲ့သည်။ ဗီးလာ့ဒ်အဖို့မူ ထိုးနှက်ချက်ကြီးတရပ် ဖြစ်၏။ လောကနိဗ္ဗာန်ကြီး တည်ဆောက်မည်ဆိုသည့် သူ့အိပ်မက်တွေ ပြိုကွဲရပြီ။ သို့ရာတွင် စစ်ဆန့်ကျင်ရေး ဇင်မာဝေါကွန်ဖရင့်ကိုမူ ဗီးလာ့ဒ်မကြိုက်။ တက်လည်း မတက်။ ဇင်မာဝေါကွန်ဖရင့်သည် "အလုပ်သမားလူတန်းစားကို ကိုယ့်လူမျိုးနဲ့ကိုယ် ပြန်ပြီး ရန်တိုက်ပေးသည့်" ကွန်ဖရင့်ဟု ဗီးလာ့ဒ်က ကြေငြာခဲ့သည်။ "ကြီးမြတ်သော မဟာမိတ်အဖွဲ့" ကို ဗီးလာ့ဒ် သဘောမကျသော်လည်း တဘက်က စိတ်ဝင်စားသည်။ ထိုနောက်တွင် ဗီးလာ့ဒ်သည် ဘာနိုင်ငံရေးကိုမျှ မလုပ်တော့။ သတင်းစာများကို ဆင်ဆာဖြတ်ခြင်း၊ အမှုစစ်ဆေးခြင်း မပြုပဲ တရားခံများကို သေဒဏ်ပေးခြင်း ကိစ္စမျိုးကို ကန့်ကွက်ခြင်း စသည့် လုပ်ငန်းများလောက်ကိုသာ လုပ်တော့သည်။

စစ်ပြီးသည့်နောက်တွင် မုန်တိုင်းထန်သောနှစ်များသို့ ရောက်လာသည်။ ဗီးလာ့ဒ်သည် ရုရှအောက်တိုဘာတော်လှန်ရေးကို ကြိုဆိုသည်။ သို့ရာတွင် ကွန်မြူနစ်များကိုမူ ရှုတ်ချ၏။ "သူတို့လမ်းကို လိုက်လို့ မဖြစ်ဘူး၊ ကျွန်တော်တို့နည်းနဲ့ ကျွန်တော်တို့ သွားရမယ်" ဟု ဗီးလာ့ဒ်က ပြောခဲ့သည်။ စစ်ကြီးကို တွေ့လိုက်ရသည့်အခါတွင် သွေးထွက်သံယိုမှုကို နဂိုက ထိတ်လန့်နေသည့် ဗီးလာ့ဒ်သည် ပို၍ ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။ လူ့လောကကြီး ငြိမ်းချမ်းတိုးတက်လိုလျှင် တော်လှန်ရေးတွေ လုပ်၍မရ။

ငြိမ်းချမ်းစွာကူးပြောင်းမှု ဖြစ်ရမည်ဟု အခိုင်အမာ သဘောပေါက်သွားသည်။

ဗီးလာ့ဒ်သည် အသက်ကြောင့်လည်းကောင်း၊ ပညာကြောင့်လည်းကောင်း ပြင်သစ်ဆိုရှယ်လစ်ပါတီ၏ ထိပ်တန်းခေါင်းဆောင်တယောက် ဖြစ်လာခဲ့သည်။ စိတ်ဓာတ်အရမူ ဗီးလာ့ဒ်သည် အိုမင်းစပြုပြီ။ ခန်းခြောက်စပြုပြီ။ သူ့မိန်းမလည်း မရှိတော့။ သားသမီးတွေကလည်း အိမ်ထောင်ရက်သား ကျကုန်ကြပြီ။ ပန်းချီပြခန်းတခန်းနှင့် တူသည့် ပုံမကျပန်းမကျ အိမ်ကျယ်ကြီးထဲတွင် တယောက်တည်းနေသည်။ ပန်းချီကားကိုကား ခါတိုင်းကဲ့သို့ ဝါသနာပါမြဲ။ အသက်ကြီးလာတော့ ဘယ်ကိုမျှလည်း သွားသွားလာလာ မလုပ်ချင်တော့။ တယောက်တည်း အေးအေးလူလူ နေချင်သည်။ အေဗလွန်တွင် သူ့ကိုယ်ပိုင် ကျေးလက်စံအိမ်ကလေးတလုံး ရှိသည်။ တိုက်နံရံတွင် ရာဇဝင် နွယ်ပန်းများက တွယ်တက်လျက်။ ဗီးလာ့ဒ်သည် ခြံထဲက ကွဲအက်နေသည့် သစ်သားခုံတန်းကလေးပေါ်တွင် ထိုင်ယင်း ကြက်တွန်သံနှင့် ဖားအော်သံများကို နားထောင်သည်။ လွှတ်တော်အစည်းအဝေးများမှ ပြန်လာလျှင် ပန်းချီကျော် ရေနွား ဆွဲသည့် သူ့သမီး၏ ပုံတူပန်းချီကားကြီးရှေ့တွင်ထိုင်ပြီး နှင်းဆီရောင်စုတ်ချက်များကို ထိုင်၍ကြည့်သည်။ ပူနွေးလိုက်သည့်အရောင်။ ချိုမြိန်လိုက်သည့်အရောင်။ လောလောလတ်လတ် ကျိုပြီးစ သစ်သီးယိုပေါ်တွင် တင်ကျန်ရစ်ခဲ့သည့် အမြှုပ်ကလေးနှင့်ပင် တူတော့သည်။ သူ့ဘဝက တည်တည်ငြိမ်ငြိမ်။ အေးအေးဆေးဆေး။ သည်အေးဆေးတည်ငြိမ်သည့် ဘဝကလေး ပျက်စီးသွားမည်ကို ဗီးလာ့ဒ် စိုးရိမ်သည်။ သူ့နိုင်ငံရေးတွက်ကိန်းများသည် ဤစိုးရိမ်မှုမှ ပေါ်လာခြင်း ဖြစ်၏။ လက်ယာဂိုဏ်း ကာတွန်းဆရာများက ဗီးလာ့ဒ်၏ပုံကို ရေးလျှင် ပါးစပ်တွင် ခါးမြောင်းကိုက်ထားသည့်ပုံကို ရေးတတ်ကြသည်။ သို့ရာတွင် ဗီးလာ့ဒ်၏ ပင်ကိုယ်စရိုက်သည် ထိုသို့မဟုတ်။ အကျင့်ပါနေသောကြောင့် တော်လှန်ရေးစကားလုံးများကို တယောက်တည်း ရွတ်နေတတ်သည့် အိမ်ကို ခင်မင်တွယ်တာသူတဦးမျှသာ ဖြစ်သည်။

ပင်လယ်တွင် လေပြင်းကျလာသကဲ့သို့ ရုတ်တရက် မုန်တိုင်းကျလာသည်။ လူငယ်များအတွက် နေရာမရှိတော့။ ဤတွင် လူငယ်များသည် အစွန်းရောက် နိုင်ငံရေးပါတီများကို အားကိုးလာကြသည်။ ဖေဖော်ဝါရီလ ဖက်ဆစ်တို့၏ အဓိကရုဏ်းများကို မြင်သည့်အခါတွင် ဗီးလာ့ဒ်

သွေးပျက်စပြုလာ၏။ ဘရီကျူး၏ နောက်လိုက်များကို ဗီးလာ့ဒ်မုန်းသည်။ သူတို့သည် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက်ဖျက်ဆီးနေကြသူများ မဟုတ်လော။ ဤတွင် ဗီးလာ့ဒ်သည် ပြည်သူ့တပ်ဦး၏ ဘက်တော်သားတယောက် ဖြစ်လာခဲ့သည်။ သူမုန်းခဲ့သည့် ကွန်မြူနစ်များနှင့်ပင် လက်တွဲရတော့သည်။ အေဗလွန်ရှိ သူ့ကျေးလက်စံအိမ်၊ သူ့ပန်းချီကားများနှင့် လွှတ်တော်ထဲက သူ့နေရာကလေးကို ကာကွယ်ရမည် မဟုတ်လော။

ရွေးကောက်ပွဲအကြို လူထုအစည်းအဝေးကြီးတခုတွင် ဗီးလာ့ဒ်သည် ကွန်မြူနစ်များနှင့်အတူ စင်မြင့်တွင် ပေါ်လာခဲ့သည်။ လူထုတသောင်းတို့က သူ့ကို သြဘာပေးကြ၏။ ဗီးလာ့ဒ်က ဒီမိုကရေစီအကြောင်း၊ လစာမပျက် ခွင့်ရက်များအကြောင်း၊ ငြိမ်ဝပ်ပိပြားရေးအကြောင်းတို့ကို ပြောသည်။ စကားပြောကောင်းသည့် ဗီးလာ့ဒ်သည် ပရိသတ်အထာကို အလိုလို သိနေသည်။ ပရိသတ်၏ သြဘာသံသည် ဗီးလာ့ဒ်၏ စကားပြောကောင်းခြင်းတည်းဟူသော သောင်ပြင်ထဲသို့ စိမ့်ဝင်သွားသည်။ ဗီးလာ့ဒ်၏ ကွဲအက်နေသည့်အသံသည် ပို၍မာလာ၏။ ဗီးလာ့ဒ်က ပြည်သူ့တပ်ဦး အာဏာရသွားသော စပိန်ပြည်၏ အကြောင်းကို ပြောသွားသည်။

"ဣစထရာမာဒုရပြည်နယ်က လယ်သမားတွေ မြေရှင်တွေရဲ့ လယ်တွေထဲကို ဝင်ထွန်ကုန်ကြပြီ၊ ဘုန်းကြီးကျောင်းတွေမှာ ရုပ်ပွားတော်တွေအစား ပြည်သူ့တပ်ဦးရဲ့အလံတွေ ရောက်ကုန်ကြပြီ၊ အလုပ်သမားတွေဟာ လွတ်လပ်ခွင့်ကို ကာကွယ်ဖို့အတွက် ရိုင်ဖယ်သေနတ်ကို ကိုင်ကုန်ကြပြီ"

အသံပေါင်း တသောင်းတို့က "ပြည်သူ့တပ်ဦး အဓွန့်ရှည်ပါစေ" ဟု ကြွေးကြော်ကြသည်။

မစ်ရှောနှင့် ဒင်းနိစ်တို့သည် အစည်းအဝေးနောက်တန်းတွင် ထိုင်နေကြသည်။ မစ်ရှော လက်ခုပ် ခပ်ပြင်းပြင်း တီးလိုက်ပြီးနောက် ကြွေးကြော်သံတွေကို အော်နေသည်။ ထိုနောက် ဒင်းနိစ်ဘက်သို့လှည့်၍ ပြုံးလိုက်ပြီး ခပ်တိုးတိုးဖြင့်...

"သူ့ကို သြဘာပေးတာ မဟုတ်ဘူးနော်၊ စပိန်ပြည်သူတွေကို သြဘာပေးတာ" ဟု ပြောသည်။

ဗိုးလ္ဘဒ် စကားပြောပြီးနောက် လီဂရေးဆိုသည့် ကွန်မြူနစ်တယောက် ထ၍ စကားပြောသည်။

"ဟောတော့၊ လက်စသတ်တော့ သူကိုး" ဟု ဒင်းနိစ်က အော်သည်။

အခြားသူ မဟုတ်ပါ။ ပါးတွင် အမာရွတ်ကြီး ကန့်လန့်ဖြတ်နေသည့် အလုပ်သမားကြီး ဖြစ်သည်။ သူ့ကိုပင် ဘယ်ရပ်ကွက်က ရဲဘော်မလဲဟု မေးခဲ့သေးသည်။

လီဂရေးက စ၍ စကားပြော၏။

"ရဲဘော်တို့... ခုရွေးကောက်ပွဲကြီးဟာ မဲပေးဖို့သက်သက် ရွေးကောက်ပွဲတွင် မကဘူး၊ ကျွန်တော်တို့တတွေဟာ ပြည်သူ့တပ်ဦးအစိုးရကို ရင်မြေကတုတ်လုပ်ပြီး ကာကွယ်ရလိမ့်မယ်၊ စကားပြောရုံနဲ့ မပြီးဘူး၊ အလုပ်နဲ့ သက်သေပြရလိမ့်မယ်။ ကျွန်တော်တို့ လုပ်ရမယ့်အလုပ်ဟာ လွယ်ကူတဲ့အလုပ် မဟုတ်ဘူး၊ ခက်ခဲတဲ့အလုပ် ဖြစ်တယ်၊ ကျွန်တော်တို့ မုချနိုင်အောင် လုပ်ကြရမယ်"

ဗိုးလ္ဘဒ်က လီဂရေးကို လက်ဆွဲနှုတ်ဆက်သည်။ တခါတုန်းက ရန်ဘက်တွေ ညီညွတ်ကြသဖြင့် ပရိသတ်က ရွှင်လန်းအားတက်ကြ၏။ ကုန်လွန်သွားသော ခေတ်တခေတ်၊ စိတ်ကူးယဉ်သူများနှင့် အိပ်မက်မက်သူများသည် စွန့်လွှတ်ရဲရုံမျှမက အနိုင်ယူရဲသော ပြည်သူလူထုကို နှုတ်ဆက်သြဘာပေးနေသကဲ့သို့ ရှိသည်။

ဒင်းနိစ်နှင့် မစ်ရှောတို့သည် စည်းဝေးခန်းမ အပြင်ဘက်သို့ ထွက်လာခဲ့ကြ၏။ အပြင်တွင် ပူပြင်းအိုက်စပ်လျက်ရှိ၏။ မုန်တိုင်းတခု လာတော့မည်။ ခြင်္ကာဖီးများပေါ်တွင် ဘီယာသောက်နေသူများကို တွေ့ရသည်။ တချို့က မျက်နှာမှ ချွေးသီးချွေးပေါက်များကို လက်ကိုင်ပဝါဖြင့် သုတ်နေကြသည်။

မစ်ရှောနှင့် ဒင်းနိစ်တို့ တွေ့ခဲ့ကြသည်မှာ ဘာမျှမကြာသေး။ လွန်ခဲ့သည့်တလခွဲ ရွေးကောက်ပွဲအကြို တရားပွဲတခုတွင် တွေ့ခဲ့ကြခြင်း ဖြစ်သည်။ သို့ရာတွင် သူတို့နှစ်ယောက်သည် ငယ်ပေါင်းကြီးဖော်တွေလို စကားပြောနေကြပြီ။

"ဗိုးလ္ဘဒ်က တော်တော် စကားပြောကောင်းတာပဲနော်" ဒင်းနိစ်က

ပြောသည်။ "ဒါပေမယ့် ဘယ်လိုမှန်းမသိဘူး၊ တခုခု လိုနေသလိုပဲ"

"သူ မယုံကြည်တာတွေကို ပြောနေတာကိုး"

"အားလုံး မဟုတ်တောင် တဝက်လောက်တော့ ယုံမှာပါ။ ဟုတ်တော့လဲ ဟုတ်မှာပဲလေ၊ ညီမလဲ ဒီလိုပဲ၊ မယုံတဝက် ယုံတဝက်ရယ်၊ ပြောလိုက်တုန်းကတော့ ခိုင်ခိုင်မာမာပဲ၊ ဒါပေမယ့် ပြောပြီးတဲ့နောက်ကျတော့ ကိုယ်ပြောပြီးတဲ့စကားကို ကိုယ့်ဘာသာကိုယ် သံသယဖြစ်လာတယ်၊ ညီမကတော့ လီဂရေးကို သဘောကျတယ်။ သူပြောပုံက တကယ် စိတ်ပါလက်ပါနဲ့ ပြောနေတာ"

"အပြောနဲ့တော့ မပြီးဘူးလေ၊ အလုပ်လဲ ပါမှ ဖြစ်မှာပေါ့"

"လုပ်လို့ကော ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ဒါပေမယ့် သွေးနဲ့ ရင်းရလိမ့်မယ်"

မိုးချုန်းသံ ကြားရ၏။ ခဏအကြာတွင် မိုးပေါက်တွေ ကျလာသည်။ သူတို့နှစ်ယောက်လည်း ဆိုင်ကလေးတဆိုင်၏ အဖီအောက်တွင် ဝင်ခိုကြ၏။ တယောက်နှင့် တယောက် ပူးကပ်၍ ရပ်လျက်။ မိုးပေါက်တွေ၊ လျှပ်စီးတွေထဲတွင် ပူးကပ်၍ ရပ်လျက်။ အနီးအနားတွင် မည်သူမျှ မရှိသော်လည်း ခပ်တိုးတိုး စကားပြောနေကြသည်။

ဒင်းနိစ်က သူ့ဘဝကို ပြောပြသည်။

"ညီမရဲ့ ဘဝက အတုအယောင်တွေ များလွန်းပါတယ် အစ်ကိုရယ်၊ အလကားပါ။ ပြီးတော့ ပါပါအကြောင်းကိုလဲ အစ်ကို့ကို ပြောမပြောချင်ပါဘူး၊ ကိုယ့်အဖေအကြောင်းကိုယ် ပြန်ပြောရတာ မကောင်းပါဘူး၊ ဒါပေမယ့် ခက်တာက ညီမကလဲ ဒါတွေကို မမြင်ချင် မကြားချင်ဘူး၊ ဒါတွေကို မြင်ရကြားရတာ ကုန်းပေါ် ပစ်တင်ထားတဲ့ ငါးလိုပဲ၊ တခုခုတော့ လုပ်ချင်တယ်၊ ညီမက အစ်ကို့ဆီကို အကြံဉာဏ် တောင်းနေတာ မဟုတ်ဘူးနော်၊ အဖြစ်ကို ပြောပြနေတာ"

"ထွက်ပေါက်က လွယ်ပါတယ်ကွယ်"

"အစ်ကို့အဖို့တော့ လွယ်ချင်လွယ်မှာပေါ့။ ဒါပေမယ့် ညီမအဖို့တော့

မလွယ်ဘူးနော်၊ အစ်ကိုက ဒီလိုဘဝမျိုးမှာ ကျင်လည်နေကျ၊ အစ်ကို့အဖို့ ဒီဘဝဟာ အမွေရလိုက်တဲ့ ဘဝ၊ ငယ်ငယ်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ဘဝ၊ ညီမကတော့ ပုံစံတမျိုးနဲ့ မွေးလာတာ၊ အစ်ကိုနဲ့ နှစ်ယောက်တည်း နေတုန်းကဆိုယင် မသိသာဘူး၊ ဒါပေမယ့် အစည်းအဝေးတို့ ဘာတို့မှာဆိုယင် ညီမက တယောက်တည်းလို ဖြစ်နေတယ်၊ သူတို့က တဘဝ၊ ညီမက တဘဝ၊ စဉ်းစားရဦးမယ် အစ်ကို၊ အကြိမ်ကြိမ် စဉ်းစားရဦးမယ်၊ မစဉ်းမစားလုပ်ယင် ညီမရဲ့ အစ်ကို လူဆန်းလို တောင်မရောက်၊ မြောက်မရောက် ဖြစ်နေမှာ၊ လူဆန်းဟာ စိတ်ရင်းကတော့ မဆိုးပါဘူး၊ ဒါပေမယ့် လူက မတည်ကြည်ဘူး၊ အပြောင်းအလဲ မြန်တယ်၊ မိန်းကလေးတယောက်ကို တွေ့ယင် ချစ်လိုက်တာပဲ၊ နောင်ကျတော့ အဲဒီမိန်းကလေးနာမည်ကိုတောင် မမှတ်မိတော့ဘူး၊ နိုင်ငံရေးမှာလဲ ဒီလိုပဲ၊ ခုတမျိုး၊ တော်တော်ကြာ တမျိုး၊ ညီမကတော့ ဒီလို မဟုတ်ဘူး၊ ညီမက ထုံတယ်၊ ထိုင်းတယ်”

“အဓိပ္ပါယ် မရှိတာကွယ်၊ ညီမက ဒီလိုအစားထဲက မဟုတ်ပါဘူး၊ ဒီစကားမျိုးတွေကို အစ်ကို စပြောစတုန်းက ဘယ်လိုထင်သလဲဟင်၊ အဓိပ္ပါယ်မရှိတာတွေကို ပြောနေတယ်လို့ မထင်ဘူးလား၊ ဘယ်လို ခံစားရသလဲ၊ အစ်ကို့ကို ပြောမပြနိုင်ဘူးလား၊ အေးလေ၊ ဒါတွေ မပြောပါနဲ့တော့၊ အစ်ကို ပြောချင်တာကတော့ တခုပါပဲ၊ အစ်ကို ပြောတာတွေကို အထင်လွဲပြီး အစ်ကို့ဆီကို မလာပဲ မနေပါနဲ့လို့၊ ခု ညီမစကားတွေကို နားထောင်လိုက်ရတဲ့အခါကျတော့ အစ်ကို တခုခုကို နားလည်သဘောပေါက်လာသလိုပဲ၊ အနုပညာတခုအကြောင်းကို ထိုင်နားထောင်လိုက်ရယင် အဲဒီအနုပညာကို နားလည်သလိုပေါ့။ ညီမရဲ့စကားတွေဟာ ဘာဖြစ်လို့ အစ်ကို့စိတ်ကို ထိခိုက်စေသလဲဆိုတာ အစ်ကို စဉ်းစားလို့ မရဘူး၊ ကဗျာတွေကို တပုဒ်ပြီး တပုဒ် ဖတ်လိုက်ရသလိုပဲ၊ ကဗျာတွေကို ဖတ်လိုက်ရတဲ့အခါမှာ တချို့ကို မေ့သွားတယ်။ ဒါပေမယ့် တချို့ကဗျာတွေကတော့ ရင်ထဲ အသည်းထဲမှာ စွဲကျန်ရစ်ခဲ့တယ်၊ ညီမရဲ့စကားကို နားထောင်ရတာဟာလဲ အစ်ကို့အဖို့တော့ ဒီအတိုင်းပဲ၊ ခုတော့ အစ်ကို ဗိသုကာပညာကိုလဲ နားလည်လာပြီလို့ ခံစားရတယ်လေ၊ ပါမောက္ခ မာလေးရဲ့ ပို့ချချက်တွေကို သွားနားထောင်ဖို့ မလိုတော့ဘူး၊ ညီမ ရှိနေပြီ မဟုတ်ဘူးလား၊ ဘယ့်နှယ်လဲ”

မစ်ရှောက နောက်သလို ပြောင်သလိုဖြင့် လက်ကို ယမ်းပြလိုက်၏။ သို့ရာတွင် ဒင်းနိစ်က မရယ်မိ။

“ဒီအကြောင်းတွေကို သိပ်မပြောပါနဲ့ အစ်ကို၊ ညီမတွေးနေတာက တခြားပါ။ ညီမက အစ်ကို့ဆီက လေ့လာသင်ယူနေတာပါ၊ ဘယ်လို နေထိုင်လှုပ်ရှားရမယ်၊ ဘယ်လို အသက်ရှုရမယ်၊ ဘယ်လို စကားပြောရမယ်ဆိုတာကို လေ့လာနေတာပါ။ တခြား လေ့လာစရာ၊ သင်စရာတွေလဲ အများကြီးပဲ၊ နေပါဦး အစ်ကိုပြောတဲ့ အလုပ်လုပ်ရမယ်ဆိုတာ ဘယ်လိုဟာမျိုးကို ဆိုလိုတာလဲ၊ ဟောတော့၊ ဒီမိုးကလဲ စဲတော့မှာ မဟုတ်ဘူး ထင်တယ်”

သဲသဲမဲမဲ ရွာချနေသည့် မိုးရေထဲသို့ သူတို့နှစ်ယောက် ပြေးထွက်လာခဲ့ကြသည်။ ဆိုင်ထဲက လူတွေက သူတို့နှစ်ယောက်ကို တအံ့တသြဖြင့် ကြည့်နေကြ၏။ သူတို့နှစ်ယောက်စလုံး မိုးရေတွေ ရွှဲရွှဲစိုနေသည့်တိုင် မျက်နှာတွေက ပြုံးလျက်၊ ဒင်းနိစ်တွင် ဦးထုပ်မပါ။ စည်းထားသည့် ဆံပင်များက ကျောပေါ်တွင် ဝဲကျလျက်။ သူ့အင်္ကျီက မီးခိုးရောင်လဲ့လဲ့။ ဒင်းနိစ်၏ အလှက ထင်းနေသည့်အလှ။ ရေးကျသည့် အလှ။ မစ်ရှော၏ မျက်လုံးများသည် ခါတိုင်းထက် တောက်ပြောင်နေသည်ဟု ထင်ရ၏။ သူတို့နှစ်ယောက်သည် ဒင်းနိစ်တို့ အိမ်နားအထိ လမ်းလျှောက်လာခဲ့ကြကာ ပျော်ပျော်ရွှင်ရွှင် ခွဲခွာခဲ့ကြသည်။ မိုးက သဲသဲမဲမဲ ရွာမြဲ။ စြင်္ကံများပေါ်တွင် ရေအိုင်တွေ ထွန်းလျက်။ မြက်နံ့နှင့် တောနံ့သင်းလာသည်။

တရားပွဲမှ အိမ်သို့ ပြန်လာသည့်အခါတွင် စင်မြင့်ပေါ်တုန်းက ရှိခဲ့သည့် ထက်သန်တက်ကြွစိတ် ဟူသမျှသည် ဗီးလာ့ဒ်ရင်ထဲမှ ပျောက်ကွယ်သွားခဲ့ပြီ။ မနက် အရက်မူးပြေသည့်အခါတွင် မနေ့ညက အရက်မူးခဲ့ပုံကို ရှက်နေသကဲ့သို့ ခံစားရသည်။ အဘယ့်ကြောင့် ဒီမိန့်ခွန်းမျိုးကို ပြောခဲ့မိလေသနည်း။ သူ့စကားကြောင့် မနက်ဖြန်ဆိုလျှင် ပြင်သစ်တပြည်လုံး စိတ်ညစ်နွမ်းရတော့မည်။ စကားလုံးတိုင်းကို အဘယ်ကြောင့်များ မချင့်မချိန် ပြောခဲ့မိသနည်း။ ဝန်ကြီးလုပ်မည့်သူ ဆိုသည်မှာ ငှက်ပျောတောမင်းသားလို အမူအရာမျိုးဖြင့် မဖြစ်။

ဗီးလာ့ဒ်သည် ထိုအတွေးများကို ခေါင်းထဲမှ ဖျောက်ပစ်ကာ နောက်မှီမြင့်မြင့်နှင့် လက်တင်ကုလားထိုင်ကြီးပေါ်သို့ ထိုင်ချလိုက်သည်။ သူ့မျက်နှာချင်းဆိုင် နံရံပေါ်တွင် နာ့ဒ် ရေးဆွဲသည့် ရှုမျှော်ခင်းကားတကား ချိတ်ဆွဲထားသည်။ နေရောင်ဖျော့ဖျော့သည် သစ်ရွက်စိမ်းရင့်ရင့်တွေ ကြားမှ

ပြောက်ကျိုပြောက်ကျား ဖြာကျလျက်ရှိ၏။ ပျားရည်စက်တွေကို ပက်ထားသည်နှင့် တူနေသည်။ ပူပြင်းသည့် နေ့တနေ့၏ တိတ်ဆိတ်မှုအပေါင်းသည် ပန်းချီကားထဲမှ ယိုစီးစိမ့်ထွက်နေသည်ဟု ထင်ရ၏။ ဗိုးလ‌ော့ဒ်သည် သူ့ထုံးစံအတိုင်း ပြောင်းလဲရွေ့ရှားခြင်း မရှိသည့် ကမ္ဘာကြီးတခုထဲတွင် ရောက်နေလေသည်။

အနုပညာစျာန် ဝင်စားနေဆဲတွင် သူ့အိမ်ဖော် ဝင်လာသဖြင့် ဗိုးလ‌ော့ဒ် စျာန်လျှောသွားသည်။ အိမ်ဖော်က လင်ဗန်းတခုထဲတွင် ထည့်ပြီး ညနေခင်း ရောက်လာသည့် စာများကို ယူလာ၏။ ပထမဆုံး စာတစောင်ကို ဖောက်ဖတ်လိုက်သည်။ ဗိုးလ‌ော့ဒ်၏ မျက်နှာသည် ချက်ချင်း ပြောင်းသွား၏။ စာမှာ လက်နှိပ်စက်ဖြင့် ရိုက်ထားသည့် စာတိုကလေးတစောင် ဖြစ်သည်။

"ပြင်သစ်ပြည်ကြီးကို ခင်ဗျား အုပ်ချုပ်ရဲယင် အုပ်ချုပ်ကြည့်စမ်း၊ ကြွက်စုတ်ကို မီးနဲ့ ရှို့သတ်သလို ခင်ဗျားကိုလဲ မီးရှို့သတ်ပစ်မယ်၊ ပြည်သူ့တပ်ဦး ပျက်စီးပါစေ - ပြင်သစ် မျိုးချစ်တဦး"

ပစ်စာကြောင့် ဗိုးလ‌ော့ဒ် တုန်လှုပ်သွားသည်။ သေရမည်ကို မကြောက်၊ သို့ရာတွင် တာဝန်ကို သူကြောက်သည်။ များမကြာမီဆိုလျှင် သူသည် ဆုံးဖြတ်ချက်များကို ချမှတ်ရတော့မည်။ အမိန့်တွေကို ပေးရတော့မည်။ ပြစ်ဒဏ်တွေကို စီရင်ရတော့မည်။ သည်အရာတွေကို သူမလုပ်နိုင်။ သူလုပ်တတ်သည်က ကောက်ချက်ချရုံ၊ ဝေဖန်ရုံ၊ သူ့ထင်မြင်ချက်ကို ထုတ်ဖော်ပြောရုံ။ အသက်ခြောက်ဆယ့်ငါးနှစ် ရှိခါမှ ရည်းစားနှင့် ပထမဆုံး တွေ့ရသည့် အပျိုမလေးလို ဗိုးလ‌ော့ဒ် ထိတ်လန့်တုန်လှုပ်နေသည်။ တခါတုန်းကမူ နိုင်ငံရေး ဆိုသည်မှာ သူ့အဖို့ ဘာမျှမခက်။ ထမင်းစားရေသောက်ကိစ္စမျိုး။ ရွေးကောက်ပွဲတွင် ကိုယ်က အများစုရလျှင် လွှတ်တော်ထဲမှနေ၍ ဆိုရှယ်လစ်ခေတ်သစ်ကြီးသို့ ရောက်ပြီဟု ကြေငြာလိုက်ရုံမျှသာ။ တကယ်ကော သည်မျှလောက် လွယ်ကူပါသလော။ စစ်မဖြစ်မီတုန်းက လူတွေက သည်လောက် ကြမ်းကြမ်းတမ်းတမ်း မဟုတ်ကြ။ စိတ်ထားနူးညံ့ကြသည်။ ပျော့ပျောင်းကြသည်။ လူတွေကို အစုလိုက် အပြုံလိုက် သတ်ရဖြတ်ရကောင်းမှန်း မသိကြ။ စာအုပ်တွေကို မီးရှို့ရကောင်းမှန်းလည်း မသိကြ။ ယခုမူ ထိုလူက သူ့ကို ခြိမ်းခြောက်နေပြီ။ "ခင်ဗျားကို ကြွက်စုတ် မီးရှို့သတ်သလို သတ်ပစ်မယ်" ဟု ခြိမ်းခြောက်နေပြီ။ ဟုတ်သည်။ သည်လူတွေက စိတ်မချရ။ လူတွေကို သွေးထိုးပေးမည်။

မြှောက်ပင့်ပေးမည်။ ထိုနောက် ဆူပူလာလျှင် စပိန်တွင် လုပ်သလို လူတွေကို လမ်းထောင့်မှ ချောင်းမြောင်း၍ သေနတ်နှင့် ပစ်သတ်မည်။ သူတို့သည် ပြည်သူ့တပ်ဦးကို သွေးထဲတွင် နစ်သွားအောင် လုပ်ချင်ကြသည်။ ဗီးလာ့ဒ်၏ မဟာမိတ်များသည် မည်သူနည်း။ ကွန်မြူနစ်များအမြင်တွင် သူသည် "သစ္စာဖောက်" ဖြစ်နေသည်။ ကွန်မြူနစ်များသည် တောင်းဆိုချက်များကို တင်ကြလိမ့်မည်။ အကြမ်းပတမ်းတွေ လုပ်ကြလိမ့်မည်။ လူထုအကြိုက်ကို လိုက်လုပ်ကြလိမ့်မည်။ ရေဒီကယ်များကတော့ သူ့ကို မည်သို့ သဘောထားကြမည်နည်း။ တကက်စလို ရေဒီကယ်ဆိုရှယ်လစ်များကမူ သူနှင့် ကွန်မြူနစ် လီဂရေးကို တတန်းတည်း ထားကြလိမ့်မည်။ တဂိုဏ်းတည်းသားတွေဟု သတ်မှတ်ကြလိမ့်မည်။ သူ့ပါးစပ်က "မတ်ဝါဒ" စကားတလုံး ထွက်လာသည် ဆိုလျှင်ပင် သူ့ကိုဝိုင်း၍ နှာခေါင်းရှုံ့ကြလိမ့်မည်။ ဗီးလာ့ဒ်ဘက်တွင် မည်သူမျှ မရှိ။ သူတယောက်တည်း။ ယနေ့ ပရိသတ်က သူ့ကို ဩဘာပေးလိုက်ခြင်းမှာ ကွန်မြူနစ် လီဂရေးလို အာဘောင်အာရင်းသန်သန်နှင့် ပြောခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် အရေးကြုံလာလျှင် ထိုပရိသတ်သည် သူ့ကို ဝိုင်း၍ လှောင်ကြလိမ့်မည်။

သည်နိုင်ငံရေးတွေ လုပ်နေ၍ ဘာအကျိုးထူးသေးသနည်း။ လူ့ဘဝတွင် နောက်ထပ် ဘယ်လောက်ကြာကြာ နေရတော့မည်နည်း။ အလွန်ဆုံး ငါးနှစ်။ ငါးနှစ်တောင် နေမှ နေရဦးမည်လော မဆိုနိုင်။ ဘွန်နာ့ဒ်၏ ပန်းချီကားတွေကို ကြည့်ပြီး အေးအေးဆေးဆေး မနေနိုင်တော့ပြီလော။ စာအုပ်ကောင်းတွေကို ဖတ်ပြီး အေးအေးလူလူ မနေနိုင်တော့ပြီလော။ အေဗလွန်က တောအိမ်ကလေးသို့ ပြန်ကာ ရွှေငါးကလေးတွေ၊ ဇော်မွှားပန်းတွေကြားတွင် အေးအေးလူလူ မနေနိုင်တော့ပြီလော။ နိုင်ငံရေး ဆိုသည်မှာ မည်မျှ စိတ်ရှုပ်စရာကောင်းသည့် အလုပ်နည်း။ မည်မျှ ငြီးငွေ့စရာကောင်းသည့် အလုပ်နည်း။ သည်အခန်းကြီးထဲမှာ နေရသည်ကလည်း ယောင်ချာချာနိုင်လှချည့်။ ဘာကြောင့်မှန်းမသိ။ ငယ်ငယ်တုန်းက သူစပ်ခဲ့သည့် ကဗျာကလေးတပုဒ်ကို သွား၍ သတိရသည်။ "မှိုင်းပြာမြူရိပ် တိတ်ဆိတ်အလှ၊ ညကမီးအိမ်၊ ကြွေလုချိန်မှာ၊ ငါလဲ ပျက်ပြုန်း၊ အလှသုဉ်းဟု၊ ပိုးစုန်းကြူးနှယ်၊ စိတ်ဝမ်းငယ်၍..."

ပူနွေးသည့် ထိုမေလ ညနေခင်းတွင် သူ့တကိုယ်လုံး အေးစက်ကာ ချွေးစေးကြီးတွေ ထွက်နေသည်။ ဗီးလာ့ဒ်က လူခေါ်ခေါင်းလောင်းကလေးကို လှုပ်လိုက်၏။

“ရောဘတ်ရေ၊ ငါ့ခြေပတ်ကော်ဇောကလေးကို ယူပေးစမ်းပါကွယ်”

အစေခံက ထမင်းချက်ကြီးကို လှမ်းပြောလိုက်သည်။

“ရွေးကောက်ပွဲအကြို ဟောပြောပွဲတွေရဲ့ အကျိုးပေါ့ဗျာ၊ လေတချက်မှ မတိုက်ပဲ အဘိုးကြီး ခိုက်ခိုက်တုန်အောင် ချမ်းနေပြီ”

တနင်္ဂနွေနေ့ ညနေ၌ ပီယာသည် အင်္ဂနိစ်ထံသို့ ရောက်လာသည်။

"ချစ်ရေ၊ ရိပ်သာလမ်းမဘက်ကို လျှောက်ကြည့်ကြရအောင်၊ ရွေးကောက်ပွဲ အနိုင်အရှုံးစာရင်းတွေ ကြေငြာနေတယ်လို့ ပြောတယ်"

ရွေးကောက်ပွဲ အနိုင်အရှုံးစာရင်းတွေကို တွေးယင်း ပီယာ ဝမ်းသာနေသည်။ လက်ကိုမြှောက်၍ ဝမ်းသာအားရဖြင့် ခေါ်၏။ အင်္ဂနိစ် အပြင်မထွက်ချင်။ နေလို့ကလည်း ကောင်းကောင်း မကောင်း။ ထို့ပြင် ရွေးကောက်ပွဲအကြောင်းတွေကိုလည်း အင်္ဂနိစ် စိတ်မဝင်စား။ သို့ရာတွင် မငြင်းပဲ လိုက်လာခဲ့သည်။

လမ်းသေးလမ်းမွှားများထဲမှ လူတွေ... လူတွေ။ ရေစီးကြောင်းကြီး စီးနေသလို မြို့လယ်ဘက်သို့ သွားနေကြ၏။ သူတို့အားလုံးသည်လည်း ပီယာလိုပင် စိတ်အားထက်သန်နေကြသည်။ တယောက်နှင့် တယောက် မေးမြန်းကြ၊ ခန့်မှန်းကြ၊ တွက်ချက်ကြ၊ သတင်းတွေကို ပြောကြ၊ နားထောင်ကြ၊ ထိတ်ကြ လန့်ကြ။ မျှော်လင့်ကြ။ စိတ်ပျက်ကြ။ ရိပ်သာလမ်းမကြီး တလျှောက်တွင် အလုပ်သမားများ၏ ကက်ဦးထုပ်တွေ ဖွေးနေသည်။ ကဖီးဆိုင်များတွင် သာမန်အရပ်သားတို့ကို မမြင်ရတော့။ နိုင်ငံခြားသားများနှင့် ပြည့်တန်ဆာများသာ ကဖီးဆိုင်များတွင် ထိုင်နေကြသည်။

ပီယာနှင့် အင်္ဂနိစ်သည် ညနေသတင်းစာတိုက်တတိုက်ရှေ့တွင် ထိုင်နေကြသည်။ သုံးမြှောင့်ချွန်း ပန်းခြံကြီးထဲတွင် လူတွေ တလှုပ်လှုပ်တရွရွ ဖြစ်နေကြသည်။ ကားလိပ်မဖွင့်မီ ဇာတ်ရုံတရုံထဲတွင် လူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြပုံမျိုးနှင့် တူသည်။ ပြင်သစ်ပြည်ကြီး၏ ကံကြမ္မာကို ဆုံးဖြတ်မည့် အမည်များ၊ ဂဏန်းများသည် မကြာမီ ပိတ်ကားပေါ်တွင် ပေါ်လာတော့မည်။ မည်သူနိုင်မည်နည်း။ လက်ယာဂိုဏ်းသားတွေ နိုင်မည်လော။ စိုးရိမ်မှုကြောင့် ကောလာဟလတွေ ပေါ်လာသည်။ လယ်သမားများက ပြည်သူ့တပ်ဦးကို ကြောက်နေကြသည်။ ပြည်နယ်များက ဖက်ဆစ်များကို မဲပေးကြသည်။ ရပ်ကွက်နီများဟု ခေါ်ကြသည့် ပါရီ အလုပ်သမားရပ်ကွက်များကပင်လျှင်

လက်ဝဲဂိုဏ်းသားများကို ကောင်းကောင်း မဲမပေးကြ။ ပိတ်ကားဖြူကြီးပေါ်တွင် အမည်တွေ ပေါ်လာသည်။ ယင်းတို့မှာ ပါရီမြို့က ရွေးချယ်တင်မြှောက်လိုက်သည့် ပထမဆုံးသော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည်။ သတင်းစာများထဲတွင် ရွေးကောက်ပွဲသတင်းတွေ မပါသေး။ သို့တိုင်အောင် လူတွေက သတင်းစာများကို အလုအယက် ဝယ်နေကြပြီ။ ပန်းခြံတခုလုံးသည် ပွဲတော်ကြီးတခုနှင့် တူနေသည်။ အနိုင်အရှုံးစာရင်းကို စောင့်ယင်း တချို့က သီချင်းဆိုကြသည်။ တချို့က မြေပဲလှော်ကို တကြွပ်ကြွပ် ဝါးနေကြသည်။ အာရပ်များက သူတို့၏ ဆိတ်မွေးကော်ဇောများကို အော်ဟစ်ရောင်းချနေကြသည်။ ညနေခင်းက နွေးနွေးထွေးထွေး။ အနီးတဝိုက်က ဆိုင်များတွင် ဘီယာနှင့် လိမ္မော်ရည်ပုလင်းတွေ ရောင်း၍ပင် မလောက်နိုင်။

အသံချဲ့စက်မှ ကြေငြာသံကို ရုတ်တရက် ကြားလိုက်ရသည်။

"မောရစ် သောရက်ဇ်၊ နိုင်..."

ဆူညံသည့် သြဘာသံတွေ ပေါ်ထွက်လာသည်။ ကွန်မြူနစ်ခေါင်းဆောင် သောရက်ဇ်မှာ လူကြိုက်များသူ ဖြစ်သည်။ "ရဲဘော် မောရစ် သောရက်ဇ် သက်တော်ရာကျော် ရှည်ပါစေ" ဟူသော ကြွေးကြော်သံများကို ကြားရ၏။ သောရက်ဇ် နိုင်မည်ကို လူတိုင်း သိနေကြသော်လည်း တကယ်နိုင်သည့်အခါတွင် စိတ်အားမတက်ပဲ မနေကြ။ တချို့က "အင်တာနေရှင်နယ်" ကို ဆိုကြသည်။ လမ်းတိုင်းတွင် လူတွေ ပြည့်ကျပ်နေပြီ။ ပုလိပ်များက လူတွေကို မောင်းကာ မော်တော်ကားများကို လမ်းရှင်းပေးနေကြသည်။ သို့ရာတွင် ရှင်း၍ မရ။ ထို့ကြောင့် နောက်ထပ် ရှင်းရန် မကြိုးစားတော့။ မည်သည့် နိုင်ငံရေးပါတီက နိုင်မည်ကို မသေချာသေး။ ထို့ကြောင့် အခြေအနေကို ကြည့်၍ လုပ်မှဖြစ်မည်ဟု ပုလိပ်တို့ သဘောပေါက်ကြဟန်တူသည်။

"ပီယာ ဖလန်ဒင်၊ နိုင်..."

"ဖက်ဆစ်တွေ ကျဆုံးပါစေ"

"သစ္စာဖောက်တွေ ဝိုင်းပယ်ကြ"

"လီယွန်းဗလွန်း၊ နိုင်..."

"ပြည်သူ့တပ်ဦး အစွန့်ရှည်ပါစေ"

အော်ဟစ်သံ၊ လက်ခုပ်သံများနှင့် လက်ခေါက်မှုတ်သံ၊ လှောင်ပြောင်သံများကို တလှည့်စီ ကြားနေရသည်။ သို့ရာတွင် ဩဘာသံများနှင့် ကြွေးကြော်သံများသည် ပို၍ စိပ်လာသည်။ လှောင်ပြောင်သံ၊ ဆူပူသံတို့သည် တဖြည်းဖြည်း ကျဲသွားသည်။ ညဆယ်နာရီလောက်တွင်မူ ပြည်သူ့တပ်ဦး အနိုင်ရပြီဆိုသည့် အချက်ကို သံသယဖြစ်စရာ မလိုတော့။ လူထုများ၏ မျက်နှာများတွင် အပြုံးတွေ ဝေနေသည်။ လက်ယာအမတ်လောင်းများ နိုင်လာသည့်အခါတွင်မူ လက်ခုပ်သံ ဖြောက်ဖြောက်ကိုသာ ကြားရတော့သည်။ ပြည်သူ့တပ်ဦးက လွယ်လွယ်ဖြင့် အနိုင်ရလိုက်ပုံမှာ မျက်လှည့်ပြလိုက်သည့်နှယ်ရှိသည်။ ပြည်သူ့တပ်ဦးက အမတ်တိုင်း မဲငါးသန်းကျော် ရကြသည်။ ပြည်သူများကို ကယ်တင်လိုက်သည့်အရာမှာ သေနတ်များမဟုတ်။ ကြေငြာချက်များ ဖြစ်ကြောင်းကို လူတွေ သိကြရပြီ။ အလျင်တုန်းက ရွေးကောက်ပွဲများက ပျင်းစရာ။ ငြီးငွေ့စရာ။ မည်သူနိုင်နိုင် ဘာမျှမထူး။ ဘာမျှ မပြောင်းလဲ။ ယခုရွေးကောက်ပွဲကမူ ထူးခြားသည်။ ဤရွေးကောက်ပွဲများသည် လမ်းမများပေါ်မှ မွေးဖွားလာခဲ့ခြင်း ဖြစ်၏။ ဖေဖော်ဝါရီ ၆ ရက် အရေးအခင်းတုန်းက သွေးတွေ၊ ကျောက်ခဲတွေကြားမှ မွေးဖွားလာခဲ့ခြင်း ဖြစ်၏။ ထိုနေ့ည၌ လူတိုင်းသည် မျှော်လင့်ချက်ဖြင့် ပြည့်လျှမ်းနေကြသည်။ အစိုးရအဖွဲ့အတွင်း၌သာ အပြောင်းအလဲ ရှိမည်မဟုတ်။ သူတို့၏ ပုဂ္ဂလိကဘဝတွင်လည်း အပြောင်းအလဲများကို တွေ့ရတော့မည်။ သန်းပေါင်းများစွာသော နှလုံးသားများသည် ထိုညက ထက်သန်စွာ ခုန်နေကြသည်။ ပါရီက အခြားရပ်ကွက်များတွင်လည်း ထို့အတူ။ စက်ရုံမီးခိုးတို့ဖြင့် မှိုင်းနေသည့် လီလေတွင်လည်း ထို့အတူ။ ပျော်ပါးမြူးတူးနေသော မာဆေးမြို့များတွင်လည်း ထို့အတူ။ အတ္တလန္တိတ် သမုဒ္ဒရာ ကမ်းခြေနှင့် အဲလ်ပ်တောင်ခြေရင်းမှ ပြင်သစ်ကျေးရွာများတွင်လည်း ထို့အတူ။

"ဩဂက်စတေ ဗီးလာ့ဒ်၊ နိုင်..."

ပီယာသည် ဝမ်းသာအားရ အော်လိုက်သည်။ သူ့အသံက ကျယ်လွန်းသဖြင့် ရယ်နေသည့် အဂ္ဂနိစ်သည် နားကိုပိတ်ထားလိုက်ရ၏။ ပီယာအော်သည့်အခါတွင် အချို့က လိုက်၍ အော်ကြသည်။ သို့ရာတွင်

ဤမျှလောက်သော ဩဘာသံနှင့် မလုံလောက်ဟု ပီယာထင်သည်။

"ကွန်မြူနစ်တွေက သူတို့အမတ်လောင်း နိုင်ရင် အရမ်းအော်တာပဲ" ဟု မကျေမနပ်ဖြင့် ပြောသည်။

"ပေါ်တက်စ၊ နိုင်..."

လူထုက စိတ်မပါတပါဖြင့် ဩဘာပေးကြ၏။

"ပြန်ကြစို့ မောင်ရယ်၊ ရပ်ရတာ ခြေထောက်တွေ တောင့်လာပြီ"

အဂ္ဂနိစ်က ပြော၏။ သူတို့နှစ်ယောက်သည် ရိပ်သာလမ်းမကြီးဘက်သို့ လျှောက်လာခဲ့ပြီးနောက် ကဖီးတခုတွင် ဝင်ထိုင်ကြသည်။ ကဖီးထဲတွင် ဝမ်းသာအားရ စကားပြောသံတွေ ဆူညံလျက်။

"ချစ်ကို ကြည့်ရတာ တမျိုးပဲ၊ ဝမ်းမသာဘူးလားဟင်" ပီယာက ပြောသည်။

"ဘာကို ဝမ်းသာရမှာလဲ မောင်ရဲ့၊ တက်စလိုလူ အရွေးခံရတာကို ဝမ်းသာရမှာလား၊ ဟုတ်ပါတယ်၊ တက်စဟာ ကျွန်မအလုပ်ကိစ္စမှာတုန်းက ကူညီခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်မတော့ ဝမ်းမသာဘူး"

"တက်စက အရေးမကြီးပါဘူးကွယ်၊ အသေးအဖွဲပါ။ အရေးကြီးတာက ပြည်သူ့တပ်ဦးက အနိုင်ရလို့ပါ"

"မောင်လဲ ကျွန်မအကြောင်း သိသားပဲ၊ ကျွန်မအဖို့တော့ ဘဝကြီးတခုလုံးဟာ မောင်ပြောသလို အသေးအဖွဲကလေးတွေက စတာပဲ၊ ဒါကြောင့် အသေးအဖွဲကလေးတွေဟာ အရေးကြီးတယ်"

"တက်စကျတော့ကော"

"တက်စကိုပြောတာ မဟုတ်ပါဘူး၊ ရိုးသားမှု၊ ပွင့်လင်းမှုတွေကို ပြောတာပါ"

ပီယာ အငြင်းမပွားချင်တော့။ ရွေးကောက်ပွဲဇာကြောင့် မောလှပြီ။

ခေါင်းကို ယမ်းပြီးနောက် ဆူဆူညံညံ သွားလာလှုပ်ရှားနေသည့် လမ်းသွားလမ်းလာများကို ငေးကြည့်နေသည်။

တဘက်စားပွဲတွင် စစ်သားတသိုက် ထိုင်နေကြသည်။ အရှိန်ကလေးတွေ ရနေကြပြီ။

“မိုလ်မှူးကြီးကတော့ ဘောင်းဘီအိတ်ထဲ အကုန်ထည့်တာပဲကွ”

“ခုတော့ ဘောင်းဘီအိတ်ကို ကျပ်ကျပ် ဆုပ်ထားရတော့မှာပေါ့”

“မနက်ဖြန် စထရားဘော့ကို သွားမလား”

“မသွားသေးဘူးကွ၊ သန်ဘက်ခါကျမှ၊ အချိန်ကတော့ သိပ်မလိုတော့ဘူး ဆရာရေ၊ ဂျာမန်ဆိုတဲ့ကောင်တွေကတော့ အရမ်းပြင်ဆင်နေကြတာပဲ၊ မြို့နဲ့ မျက်နှာချင်းဆိုင်မှာလဲ ဆင်ထားလိုက်တဲ့ အမြောက်ကြီးတွေ…”

သတင်းစာရောင်းတဲ့ လူငယ်များက သူတို့အနားမှ ဖြတ်သွားကြသည်။

“အထူးထုတ်တွေ၊ အထူးထုတ်တွေ ရမယ်၊ ပြည်သူ့တပ်ဦးက အပြတ်အသတ် နိုင်သွားပြီတဲ့ခင်ဗျ”

“မောင်” အဂ္ဂနိစ်က ခေါ်သည်။ “အိမ်ကို တက္ကစီနဲ့ ပြန်ကြရအောင် မောင်ရယ်။ ကျွန်မ အိမ်ပြန်ချင်ပြီ”

အိမ်သို့ ပြန်ရောက်သည့်အခါတွင် အဂ္ဂနိစ်က အိပ်ရာပေါ်သို့ လှဲလိုက်သည်။

“ချစ်၊ ဘာဖြစ်လို့လဲဟင်၊ အအေးမိလို့လား”

ပီယာက မေး၏။ အဂ္ဂနိစ်က ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

“ကောင်းပါတယ် မောင်ရယ်၊ ဘာမှ မဖြစ်ပါဘူး၊ ဒီလိုပဲ တခါတခါ ဖြစ်တတ်တယ်လေ မောင်ရဲ့၊ နားမလည်ဘူးလား၊ အလိုက်တာကလဲ လွန်လို့… ဟွန်း”

သည်တော့မှ ပီယာ နားလည်တော့သည်။ ပီယာက အခန်းကျဉ်းကျဉ်းကလေးကို ဝေ့ကြည့်လိုက်သည်။

"ဝမ်းသာလိုက်တာ ချစ်ရယ်၊ ဒီလိုနေ့မျိုးမှာ ဒီသတင်းကြားရတာ သိပ်မင်္ဂလာရှိတာပဲ။ ကလေးလေးက ချစ်စရာလေးနေမှာပဲနော်၊ မောင့်အထင်တော့ ယောကျ်ားလေး ဖြစ်မယ်ထင်တာပဲ။ ဘာလိုချင်သလဲဟင်။ ဆေးသွားဝယ်ရမလား၊ လိမ္မော်သီး စားမလား"

အဂ္ဂနိစ်က သူ့ကို ပြုံးကြည့်လိုက်ယင်း...

"ဘာမှ မလိုဘူးရှင့်။ လာ ဒီနားမှာထိုင်၊ ဒီဘက်လှည့်"

မျက်နှာကို လက်နှစ်ဘက်ဖြင့် ဆွဲယူလိုက်သည်။ သူ့မျက်လုံးများထဲသို့ စိုက်ကြည့်၏။ သူ့လက်ချောင်းသွယ်သွယ်များဖြင့် ပီယာ့မျက်လုံးများကို ကာထားလိုက်သည်။

"ကျွန်မတို့ နှစ်ယောက်တည်းရယ်နော်"

ခပ်တိုးတိုးပြော၍ ပြုံးနေသည်။ အဂ္ဂနိစ် တကိုယ်လုံးသည် ပေါ့ပါးငြိမ်းချမ်းလျက်ရှိ၏။

"အင်တာနေရှယ်နယ်" သီချင်းသံသည် ပြတင်းပေါက်မှ ဝင်လာသည်။ "အဆုံးသတ်တိုက်ပွဲ နွှဲဆင်မလေ..." ဘယ်လီဗီးလ်ရပ်ကွက်မှ ဆင်းရဲသားများသည် ချိုင့်တွေ ကျင်းတွေ ပြည့်နေသည့် လမ်းမတလျှောက်အတိုင်း မည်းမှောင်နံစော်သည့် သူတို့အိမ်များဆီသို့ သွားနေကြသည်။ ထိုနေ့က သူတို့တတွေသည် ဒဏ္ဍာရီပုံပြင်တပုဒ်ကို မြင်ခဲ့ကြရသည်။ အမေရိကန် ရုပ်ရှင်မင်းသမီးချော၏ ဇာတ်လမ်းမဟုတ်။ မြို့စွန်ရှိ တတိယတန်း ရုပ်ရှင်ရုံတရုံ ပိတ်ကားပေါ်က အပေါစားဇာတ်လမ်းမဟုတ်။ သူတို့နှင့် ပတ်သက်သည့် ဒဏ္ဍာရီဇာတ်လမ်းဖြစ်၏။ သူတို့ရပ်ကွက်အတွက် အမတ်လောင်းတယောက် အရွေးခံသည်။ ယခု ထိုအမတ်လောင်း အနိုင်ရပြီ။ သူတို့ ပျော်ပျော်ရွှင်ရွှင် နေကြရတော့မည်။

"စည်းရုံး စုစည်းကာနေ..."

ကဖီးဆိုင်ထဲတွင် တွေ့ခဲ့ရသည့် စစ်သားများကို အဂ္ဂနိစ် ချက်ချင်း

အမှတ်ရလာသည်။ စထရားဘော့မြို့အကြောင်းကို ပြောသည့် စစ်သားကလေးက ခပ်ငယ်ငယ်။ ပါးကလေးတွေ နီရဲလျက်။ မွေးညင်းနုကလေးတွေဖြင့်။ ကလေးမျက်နှာကလေးနှင့် တူသည်။ အဂ္ဂနိစ် မျက်မှောင်ကုပ်လိုက်သည်။ မှုန်မွဲသည့် သူ့မျက်လုံးများသည် ခါတိုင်းထက် အားကိုးရာမဲ့နေသည် ထင်ရ၏။

"စစ်ကြီး ဖြစ်ဦးမှာတဲ့လား၊ ဟင် မောင်"

"မဖြစ်ပါဘူးကွယ်"

"နောင်တော့ကော"

"အခုလဲ မဖြစ်ဘူး။ နောင်လဲ မဖြစ်ဘူး၊ ဘယ်တော့မှလဲ မဖြစ်ဘူး"

ရွေးကောက်ပွဲတွင် ပြည်သူ့တပ်ဦး အနိုင်ရသဖြင့် စိုးရိမ်သူတို့က စိုးရိမ်ကြသည်။ သပိတ်တွေ၊ စီးပွားရေး အကျပ်အတည်းတွေ၊ မငြိမ်သက်မှုတွေ ဖြစ်လိမ့်မည်ကို ပြောကြသည်။ အမျိုးသမီးများ တယောက်နှင့်တယောက် တွေ့လျှင် "အိမ်မှာခိုင်းတဲ့ အိမ်ဖော်ကတောင် ကလန်ကဆန် လုပ်ချင်လာပြီရှင့်" ဟု တီးတိုးပြောကြသည်။ ဆိုင်ရှင်များက ကုန်များကို သိုဝှက်ကြသည်။ အရာရှိကြီးများက မိမိတို့သည် နောက်တက်လာသည့် ဝန်ကြီးများ၏ အမိန့်များကို နာခံနိုင်မည် မဟုတ်ကြောင်းဖြင့် အချင်းချင်း ပြောကြသည်။ "သူတို့ကောင်းစား တမွန်းတည့်ပေါ့ဗျာ" ဟု ဆိုကြသည်။ ပြည်သူ့တပ်ဦး အနိုင်ရသည်ကို ကန့်ကွက်သည့်အနေဖြင့် အိမ်တိုင်းအိမ်တိုင်းတွင် ပြင်သစ်အမျိုးသားအလံကို လွှင့်ထူကြရန် ဘရိုကျူးက ကြွေငြာချက်တစောင် ထုတ်၏။ လမ်းများတွင် အချို့အိမ်များက သုံးရောင်ခြယ် ပြင်သစ်အမျိုးသားအလံကို လွှင့်ထူပြီး အချို့က အလံနီများကို လွှင့်ထူကြသည်။ တယောက်နှင့်တယောက် တွေ့လျှင် ရန်စောင်နေကြသည်။ လူမပြောနှင့် ကျောက်ခဲများပင်လျှင် တခဲကိုတခဲ ရန်စောင်နေသလော ထင်ရ၏။ စီးပွားရေးလောကတွင် အခြေအနေ ရှုပ်ထွေးနေသည်။ အမြတ်ခွန်တွေ တိုးကောက်လိမ့်မည်။ ဘဏ်တိုက်များကို ပြည်သူပိုင် သိမ်းလိမ့်မည်ဟု သတင်းထွက်နေသည်။ အရင်းရှင်များက သူတို့အရင်းအနှီးများကို အမေရိကန်ဘဏ်များသို့ လွှဲကြသည်။

ဒက်ဇာကမူ ဂ္ဂန္ထေမပျက်။ "ဒီလို ဗရုတ်ဗရက် ကာလကြီးမှာ ခင်ဗျားမို့လို့ အလုပ်တွေ လုပ်နေနိုင်တယ်ဗျာ" ဟု တယောက်က ပြောသည့်အခါတွင် ဒက်ဇာက "အလျင်ဝန်ကြီးချုပ် ဗလွန်းနဲ့ အခုတက်လာတဲ့လူနဲ့ ဘာများထူးလို့လဲဗျာ ပြောစမ်းပါဦး၊ ကျုပ်တို့က မမြင်လို့လားတော့ မသိဘူးဗျ။ သူတို့နှစ်ယောက် အရောင်ကွဲနေတာကို မခွဲခြားတတ်ဘူး" ဟု ပြောသည်။

ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ် ဝန်ကြီးတနေရာ ရမည်ဟု ကြားသည့်အခါတွင် ဗီးလာ့ဒ်နှင့်တွေ့၍ စကားစမြည်ပြောဦးမည်ဟု ဒက်ဇာ စိတ်ကူးရသည်။ တကယ်တော့ သူတို့အားလုံးသည် ကလေးသာသာမျှသာ မဟုတ်လော။ သူတို့ကို အိပ်ရာထဲသို့ အသာထည့်ထားနိုင်သည် မဟုတ်လောဟု ဒက်ဇာတွေး၏။ ဒက်ဇာသည် ဗီးလာ့ဒ်ထံ တယ်လီဖုန်းကောက်ဆက်ပြီး ဗီးလာ့ဒ် စုထားသည့် ပန်းချီကားများကို ကြည့်ချင်နေသည်မှာ ကြာလှပြီဟု ပြောသည်။

တရားပွဲများတွင် ဗီးလာ့ဒ်သည် ဒက်ဇာ၏အမည်ကို မကြာခဏထည့်၍ ပြောတတ်သည်။ ဒက်ဇာသည် တကယ့်အရင်းရှင်ကြီးဖြစ်ကြောင်း၊ အမြတ်ရဖို့ဆိုလျှင် ဘာမဆိုလုပ်မည့် လူစားကြီး ဖြစ်ကြောင်းဖြင့် တလျှောက်လုံး

ပြောခဲ့သည်။ ယခု ထိုသူက သူ့ဆီလာမည်ဟု ပြောနေပြီ။ "အေးလေ တကယ်ကတော့ ငါ့ကို ရွေးကောက်တင်မြှောက်လိုက်တဲ့လူဟာ ဒက်ဇာပေပဲ" ဟု ဂုဏ်ယူစွာ တွေးသည်။ ရွေးကောက်ပွဲများတွင် ဒက်ဇာနှင့်ပတ်သက်၍ သူပြောခဲ့သည့် စကားများကို မေ့သွားပြီ။ ဗီးလာ့ဒ်၏ အတွေးအခေါ်သည် ပြောင်းသွားပြီ။ ပြုံးပုံကလည်း ပြောင်းသွားပြီ။ ခြေထောက်ကို ကန့်လန့်ချိတ်၍ ဒူးနှံ့ပုံကလည်း ပြောင်းသွားပြီ။ သူ၏ အပြုအမူများ၊ အတွေးအခေါ်များ၊ စကားလုံးများသည် ကာလဒေသနှင့် ကိုက်ညီရမည် မဟုတ်လော။

ဒက်ဇာကလည်း ရွေးကောက်ပွဲ တရားပွဲများတွင် ဗီးလာ့ဒ်က သူ့အား သိက္ခာချသည်ကို မမေ့။ သို့ရာတွင် ဒက်ဇာသည် ချီးမြှောက်သည်ကိုလည်း ဂရုမစိုက်။ စော်ကားသည်ကိုလည်း ပမာမထား၊ စကားများသူကိုမူ အလွန်မုန်းသည်။

"အား၊ မိတ်ဆွေကြီး ဒီနေရာကိုရောက်တာ ဝမ်းသာသဗျာ၊ တကယ်ပဲ" ဟု ဆိုကာ ဗီးလာ့ဒ်ကို ချီးကျူးစကားဆိုသည်။

ပန်းချီကားများကို လျှောက်ကြည့်ကြသည့်အခါတွင် စောစောကလောက် အနေရမခက်တော့။ ဒက်ဇာသည် ပန်းချီကား ကောင်းကောင်းကို ကြည့်တတ်သူဟု ဗီးလာ့ဒ် ချက်ချင်း သဘောပေါက်လာသည်။ သူတို့နှစ်ယောက်သည် ပီကာဆို၏ အပြာရောင်ကာလအကြောင်းကို ပြောကြသည်။ မာတိစ်၏ ပန်းချီကားများအကြောင်းကိုလည်း ပြောကြသည်။ စိတ်လှုပ်ရှားမှုကို အသားပေးရေးထားသည့် မိုဒီဂလျာနီ၏ ပန်းချီကားများကို ကြည့်ယင်း ဒက်ဇာက...

"ဆန့်ကျင်ဘက်တွေ၊ အလွန်အကျွံ ခံစားမှုတွေကို ဖော်ပြတဲ့နေရာမှာ တော်တော်နိုင်တဲ့လူတွေဗျာ၊ ပန်းချီလို သက်ငြိမ်အနုပညာထဲမှာတောင် ဒီလောက် လှုပ်ရှားအောင် ဖော်ပြနိုင်တာကတော့ ချီးကျူးစရာပဲ"

"ရှေးဆရာကြီးတွေကလဲ ဒီအတိုင်းပဲဗျ၊ ဒါကြောင့် ကျွန်တော်တို့ အယ်လ်ဂရီကိုတို့၊ ဗူဘာဘင်တို့လို ပန်းချီဆရာကြီးတွေကို သဘောကျတာ" ဒက်ဇာက ပါးစောင်တွင် ခဲထားသည့် ဆေးတံကို ချွတ်လိုက်ပြီး အနံ့ပြင်းသည့် မီးခိုးတွေကို မှုတ်ထုတ်လိုက်၏။ ဒက်ဇာသည် အပေါစား ဆေးတံသောက် ဆေးမည်းမည်းကြီးတွေကို သောက်တတ်သည်။

"အင်း... ရှေ့မှာဆိုယင်တော့ ခင်ဗျားလဲ ပန်းချီကားတွေကို စုချိန်ရတော့မှာ မဟုတ်တော့ဘူးပေါ့" ဒက်ဇာက ပြော၏။ "အေးလေ၊ ဒါတော့ ဘယ်တတ်နိုင်မလဲ၊ ကိုယ့်လမ်းကိုယ် ရွေးကြတာကိုး၊ ကျွန်တော်တို့ကမှ လွတ်လပ်တာဗျ။ ပန်းချီကားစုမလား၊ စုလို့ရတယ်။ လောင်းကစားသမား လုပ်ဦးမလား၊ အရေးမကြီးဘူး၊ ခုလဲ လောင်းကစားသမားပါပဲလေ၊ ရွေးကောက်ပွဲတလျှောက်လုံး ခင်ဗျားကို ပုံအောလောင်းခဲ့ပြီပဲ၊ လောင်းမယ့်သာ လောင်းရတယ် နည်းနည်းတော့ စွန့်ရသဗျို့၊ ခင်ဗျားအနေနဲ့ကတော့ ဒီလိုစွန့်လို့ မရတော့ဘူးလေ၊ အနုပညာတိုင်းမှာ သူ့ဆိုင်ရာ ဥပဒေသတွေ ရှိတယ်ဗျ။ နိုင်ငံရေးမှာလဲ ထိုနည်းလည်းကောင်းပဲ၊ နိုင်ငံရေး ဥပဒေသကတော့ စကားများများပြောပြီး အလုပ်နည်းနည်းလုပ် ဆိုတာပဲ။ ကျွန်တော်ဟာ ခင်ဗျားကို ရွေးကောက်ပွဲ တလျှောက်လုံးမှာ ထောက်ခံခဲ့တယ်၊ နောင်မှာလဲ အကြောင်းကိစ္စရှိယင် ကူညီဖို့ အဆင်သင့်ပဲ။ ဒါပေမယ့် ခင်ဗျားမှာ ကျွန်တော့လို ကူညီမယ့်လူ ဘယ်နှစ်ယောက်များ ရှိသလဲ၊ ပါရီ ရွှေပွဲစားတန်းက ရွှေပွဲစားတွေကဆိုယင် ခင်ဗျားကို ဆိုရှယ်လစ်ဆိုပြီး မုန်းလိုက်ကြတာ အစိမ်းလိုက်တောင် ဝါးစားချင်လိမ့်ဦးမယ်။ ဝင်ဒယ်လိုလူမျိုး အမြင်မှာ ခင်ဗျားဟာ ဒမြအကြီးစား၊ ငွေစုငွေချေးဘဏ်က လူကြီးတွေကဆိုယင် ခင်ဗျားကို ကြမ်းပိုးသူခိုးလောက် အောက်မေ့နေကြတာ။ ခင်ဗျားခြေလှမ်းတချက် မမှားလိုက်နဲ့ မှားလိုက်တာနဲ့ တပြိုင်နက် ဒီလူတွေက ခင်ဗျားကို အရေးဆွဲဆုတ်ဖို့ အသင့်ပြင်ထားကြတယ်၊ ကျွန်တော်ကတော့ အရေးမကြီးပါဘူး၊ ခင်ဗျားကို ဖြုတ်ချချင်ယင် လုပ်ကြံမှုတွေ၊ လွှတ်တော်ထဲမှာ ခြေပုန်းခုတ်တာတွေ လုပ်ဖို့ မလိုပါဘူး၊ ဖရန့်ငွေ တန်ဖိုးကျသွားအောင် တချက်ကစားလိုက်ရုံပဲ၊ အလွယ်လေးရယ်၊ ပြင်သစ်ငွေ တန်ဖိုးကျသွားယင် ဘာဖြစ်မလဲ၊ ခင်ဗျားကို အလုပ်သမားတွေက ဆဲမယ်၊ 'ဗီးလာ့ဒ်ကို ကြိုးပေး' လို့တောင် အော်လာကြလိမ့်ဦးမယ်၊ လယ်သမားကလေးတွေကတော့ မပြောနဲ့တော့၊ အလို ဟိုရှေ့မှာ ကြည့်စမ်းဗျို့၊ ဘရာကွေးရဲ့ ကားလား၊ တော်တော်လှတဲ့ ပန်းချီကားပဲ၊ ကျွန်တော့်အနေနဲ့တော့ သိပ်မကြိုက်ပါဘူး၊ သူ့ကားတွေကို ကြည့်ရတာ နည်းနည်း ခြောက်ကပ်ကပ် နိုင်တယ်၊ ဒါပေမယ့် ခုကားကတော့ တော်တော်လေးလှတဲ့ သက်ငြိမ်ကားပဲ၊ အနုပညာသည်ဟာ အနုပညာဉာဏ် ကွန့်မြူးရာမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူရဲ့ မျက်နှာကို ကြည့်ပြီး ကွန့်မြူးရမယ်တဲ့ဗျ ဘရာကွေးက ပြောခဲ့ဖူးတယ်၊ ခုလဲ ဒီအတိုင်းပဲဗျ၊ ခင်ဗျားရဲ့

ဆိုရှယ်လစ်စီမံကိန်းတွေကို အကောင်အထည်ဖော်ချင်ယင် ပြင်သစ်ငွေတန်ဖိုးနှုန်းကို ကြည့်ပြီး လုပ်မှရလိမ့်မယ်...”

ဗီးလာ့ဒ် စိတ်တိုနေပြီ။ “ကျုပ်တို့အစိုးရဟာ ပြည်တွင်းအရင်းအနှီးကို နိုင်ငံခြားကို တင်ပို့ခွင့် မရဘူးဗျ၊ ပြင်သစ်ငွေတန်ဖိုးကို ခင်ဗျားတို့ ကစားချင်တိုင်း ကစားလို့ရမယ် ထင်သလား၊ ငွေတန်ဖိုးကို တည်ငြိမ်အောင် လုပ်ပြမယ်၊ ခင်ဗျားကိုလဲ ထောင်ထဲ ထည့်ထားမယ်” ဟု ပြောလိုက်ချင်သည်။ သို့ရာတွင် သူ့ဒေါသသည် ခဏမျှသာကြာ၏။ ဝန်ကြီးတယောက်အနေဖြင့် တာဝန် မည်မျှကြီးကြောင်းကို ချက်ချင်း သတိရလိုက်သည်။

“ဒါတော့ဗျာ၊ ကျွန်တော်တို့ လုပ်သင့်တာတွေကိုတော့ လုပ်သွားရမှာပေါ့။ အရေးကြီးတာက ကျွန်တော်တို့ အစိုးရအဖွဲ့ တည်ငြိမ်ဖို့လိုတယ်၊ ဒါမှ ပြဿနာတွေကို ငြိမ်းငြိမ်းချမ်းချမ်း ရှင်းလို့ရနိုင်မယ်၊ ကျွန်တော်တို့အနေနဲ့ကတော့ ခု ဂျာမန်နဲ့ ဖြစ်နေတဲ့ ပဋိပက္ခကို တတ်နိုင်သမျှ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်အောင် ကြိုးစားသွားမှာပါ”

“ဒါကတော့ ဟုတ်တယ်လေ၊ ပြည်တွင်းပြဿနာတွေကိုသာ မကဘူး၊ နိုင်ငံတကာပြဿနာတွေကိုလဲ ငြိမ်းချမ်းစွာ ဖြေရှင်းသွားနိုင်အောင် လုပ်ဖို့လဲ လိုတာပေါ့၊ ဒါထက် စကားမစပ် ဒီကိစ္စမှာ ကျွန်တော်တို့ ခင်ဗျားတို့ မိတ်ဆွေကြီး တက်စနဲ့ တိုင်တိုင်ပင်ပင် လုပ်ရ မကောင်းပေဘူးလား”

ဗီးလာ့ဒ်က မသိမသာ မျက်မှောင်ကုပ်လိုက်၏။ စင်စစ် တက်စသည် သူ၏ရန်သူ။ သူနှင့်ပြိုင်ဘက်။ သို့ရာတွင် ဒက်ဇာက ရိပ်မိပုံ မရပဲ ဆက်ပြောသည်။

“ခင်ဗျားဟာ ငြိမ်းချမ်းရေးရအောင် လုပ်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံပါတယ်။ ဟစ်တလာဟာ စော်ကားလွန်းတယ်ဆိုတာ ဟုတ်ပါတယ်၊ ကျွန်တော် မငြင်းပါဘူး၊ ဒါပေမယ့် ငြိမ်းချမ်းရေးရအောင်တော့ လုပ်ရလိမ့်မယ် ထင်တယ်၊ စစ်ဖြစ်ရတာနဲ့စာယင် တော်တော်တန်တန် လျှော့ပေးလိုက်ရတာက ပိုကောင်းမယ်ထင်တယ်”

ဗီးလာ့ဒ်၏ မျက်နှာသည် ဝင်းထိန်လာ၏။ ဒက်ဇာလိုလူမျိုးသည် တိုင်းပြည်ကို ဟစ်တလာ စော်ကားနေပြီ၊ ဘာလုပ်နေပြီဟု အကြောင်းပြကာ

စစ်တိုက်ဖို့ အတင်းတိုက်တွန်းလိမ့်မည်ဟု ဗီးလာ့ဒ် ထင်ခဲ့သည်။ ယခု သူထင်သလို မဟုတ်။ ဒက်ဇာလို အရင်းရှင်ကြီးတယောက်ကပင်လျှင် ငြိမ်းချမ်းရေးဆန္ဒကို ထုတ်ဖော်ပြောဆိုနေပြီ။ ဗီးလာ့ဒ်က ဝမ်းသာအားရဖြင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ကျွန်တော့်ကို စိတ်ချပါဗျာ၊ ကျွန်တော် အာဏာရနေသေးသမျှ ဒီလို မိုက်ရူးရဲအလုပ်တွေကို ကျွန်တော် မလုပ်ပါဘူး၊ အဘီစီနီးယန်းတွေ၊ ချက်အမျိုးသားတွေအတွက် ပြင်သစ်လယ်သမားတွေကို ကျွန်တော် အသေမခံခိုင်းပါဘူး"

ဒက်ဇာ ပြန်ထွက်သွားသည့်အခါ၌ ဗီးလာ့ဒ်သည် စာမေးပွဲတွင် ခက်ခဲသည့် မေးခွန်းတခုကို ဖြေခဲ့ရသည့် ကျောင်းသားကလေးတယောက်လို သက်ပြင်းချလိုက်သည်။ ဟုတ်သည်။ ဒက်ဇာသည် သူ့အကျိုးစီးပွားအတွက် ရိုးရိုးသားသား ပြောနေခြင်း ဖြစ်ကောင်းဖြစ်မည်။ သည်အချိန်တွင် အခြေအနေက ရှုပ်ထွေးနေသည်။ ဒက်ဇာ၏ အကျိုးစီးပွားသည် အလုပ်သမားများ၏ အကျိုးစီးပွားနှင့် တထပ်တည်း ကျကောင်းကျနိုင်သည်။ စင်စစ် ဒက်ဇာသည် ရိုးသားသည့် ငြိမ်းချမ်းရေးဝါဒီတယောက် မဟုတ်လော။ ဒက်ဇာသည် နိုင်ငံရေးပါတီတခု၊ လူတန်းစားတခုအကျိုးအတွက် ပြောနေခြင်း ဟုတ်ဟန်မတူ။ တိုင်းပြည်အကျိုးကို ကြည့်၍ ပြောနေခြင်း ဖြစ်ပုံရသည်။

အတွင်းဝန်တယောက် ဝင်လာကာ အမိန့်တခုကို လက်မှတ်ထိုးရန် စာရွက်တရွက်ကို ယူလာ၏။ ဘာရီကျူး၏ အဖွဲ့အစည်းထဲတွင် ရှေ့တန်းမှ ပါနေသည့် အစိုးရရာထူးမှ နုတ်ပယ်သည့်အမိန့် ဖြစ်သည်။ ဗီးလာ့ဒ်က စာရွက်ကို ဘေးသို့ တွန်းဖယ်လိုက်ပြီး...

"ဘာဖြစ်လို့များ လူတွေက တို့ကို ဒီလောက်ဝိုင်းပြီး ဆန့်ကျင်နေရသလဲ မသိဘူးကွ" သူက ပြော၏။ ထို့နောက် ခပ်လျောင်လျောင်ဖြင့် "လူသန်းပေါင်းလေးဆယ်ကို အုပ်ချုပ်ရတယ်ဆိုတာ မလွယ်ဘူးဟေ့၊ ကားလ်မတ်တို့ လက်ထက်တုန်းကတော့ အလုပ်သမားတွေမှာ နှောင်ကြိုးကလွဲလို့ တခြား ဘာမှ ဆုံးရှုံးစရာ မရှိဘူး၊ သူတို့အဖို့ အောင်နိုင်စရာ ကမ္ဘာကြီးတခုလုံး ရှိတယ်၊ ခုတော့ ဒီလိုမဟုတ်တော့ဘူးကွ၊ ဆုံးရှုံးစရာ ငြိမ်းချမ်းရေး ရှိတယ်၊ အောင်နိုင်စရာဆိုလို့ နှောင်ကြိုးတွေမှ အပ တခြား ဘာမှမရှိဘူး"

လမ်းမသို့ ရောက်သည့်အခါတွင် ဒက်ဇာသည် စက်ဆုပ်ရွံရှာစွာဖြင့် ပခုံးကို တွန့်လိုက်သည်။ ဗီးလာ့ဒ်လို လူကို သိမ်းသွင်းရသည်မှာ ဘယ်လောက် လွယ်သနည်း။ သို့တိုင်အောင် ပီယာသည် ဗီးလာ့ဒ်လို လူမျိုးကို အဟုတ်ထင်နေသေးသည်။ ပီယာသာ မဟုတ်။ ပြင်သစ်သန်းပေါင်းများစွာသည် ဗီးလာ့ဒ်ကို အဟုတ်ထင်နေကြသည်။ လူတွေ လူတွေ၊ မိုက်လှချည့်။ ထူလှချည့်။ 'အ'လှချည့်။ အင်း... သူတို့နဲ့တန်တဲ့ အစိုးရကို ရပေတာပဲ။

ဘဏ္ဍာရေး ကျွမ်းကျင်သူများ၏ ကွန်ဖရင့်တခုသို့ ဒက်ဇာ တက်စရာ ရှိသည်။ သို့ရာတွင် မတက်တော့။ ဗီးလာ့ဒ် သတ္တိကြောင်ပုံကို တွေးမိတိုင်း နှလုံးနာသည်။ ရီဗိုလီ ရိပ်သာလမ်းမကြီး တလျှောက်အတိုင်း လျှောက်လာခဲ့၏။ ဘက်စတီးရပ်ကွက်သို့ ရောက်သည့်အခါတွင် လမ်းကျဉ်းကလေးတခုထဲသို့ ချိုးဝင်လိုက်သည်။ မီးပွင့်တွေ ထွန်းထားသည့် ကပွဲခန်းမ ဆိုင်းဘုတ်တခုကို မြင်ရ၏။ စဉ်းစားမနေတော့ဘဲ ကပွဲခန်းမထဲသို့ ဝင်လိုက်၏။ လောကကြီးကို ခဏတော့ မေ့ထားလိုက်ချင်သေးသည်။

အကော်ဒီယံ တီးသူများက ခေတ်ဟောင်း ဖောက်စ်ထရော့အလိုက် တေးတပုဒ်ကို တီးနေကြသည်။ စက္ကူမီးအိမ်များနှင့် သရက်ထည်ပန်းများကြောင့် ခန်းမသည် ဇာတ်စင်တခု၏အသွင် ပေါ်နေ၏။ သဘော်သားများ၊ အလုပ်သမားများ၊ စက်ချုပ်သမများ၊ စားပွဲထိုးမယ်များသည် အားရပါးရ ကနေကြသည်။

ဒက်ဇာသည် ဂီတဆရာလက်ထဲသို့ ငွေငါးကျပ်ထည့်လိုက်ပြီး ခပ်ဝဝ၊ မဲ့ခြောက်ထူထူ မိန်းကလေးတယောက်ကို ခေါ်လိုက်သည်။ သူ့ကိုယ်က အပေါ်စား ပေါင်ဒါနံ့က စူးနေသည်။ ကနေစဉ် မျက်လုံးကြီးများက ဝေ့၍ ကစားနေသည်။ ကပြီးသည့်အခါတွင် ဒက်ဇာက သူ့ကို ချယ်ရီဘရန်ဒီတခွက် မှာတိုက်၏။

"မင်းက အက ဝါသနာ ပါသလား"

မိန်းကလေးက စကားခပ်များများ။

"သိပ်ဝါသနာပါတာပေါ့ ဦးလေးရယ်၊ ဒါပေမယ့် ကဖို့ အချိန်မရတာက ခက်တယ်၊ ညနေဆိုယင် ခြောက်နာရီအထိ အလုပ်လုပ်ရတယ်၊ ပြီးတော့ အိမ်လုပ်ဖို့လဲ ယူလာရသေးတယ်၊ ဒီလောက် လုပ်တာတောင်

ဘယ်လောက်ပေးတယ် ထင်သလဲ၊ တလမှ ငါးရာ့ငါးဆယ်ပဲ ရတယ် ဦးလေးရေ၊ ဒီလောက် ဝင်ငွေလေးနဲ့ ဘယ်လိုစားမလဲ၊ ခုတော့ အခြေအနေတွေ ပြောင်းတော့မယ် ပြောတာပဲ၊ ကျွန်မတို့ စက်ချုပ်သမတွေကို လစာတိုးမပေးယင် သပိတ်မှောက်မယ်လို့ ပြောထားတယ်၊ ကျွန်မတို့ဘက်မှာ ပြည်သူ့တပ်ဦးအစိုးရ ရှိတယ် မဟုတ်လား ဦးလေးရဲ့၊ ပြည်သူ့တပ်ဦးက ကြည့်မနေပါဘူး၊ ဟိုအလျင်တုန်းကလိုတော့ ဘယ်နေနိုင်တော့မလဲ ဦးလေးရယ်၊ မဟုတ်ဘူးလား”

ဒက်ဇာက ဆေးတံအိုးကို ခေါက်၍ ဆေးချေး ခါချလိုက်ပြီးနောက် ထူးထူးခြားခြား ထူထဲသည့် မျက်ခုံးကြီးကို ပင့်လိုက်ယင်း ပြော၏။

“ဟုတ်တာပေါ့ဗျာ၊ အခြေအနေတွေ အားလုံး ပြောင်းရမှာပေါ့၊ ဥပမာ - ခုဆိုယင် ဆံပင်နီနီနဲ့ ကောင်လေးတွေက ဆံပင်နက်နက်နဲ့ ကောင်မလေးတွေနဲ့ တွဲကနေကြတယ်၊ ဒါပေမယ့် ဗီးလာ့ဒ်က အမိန့်ထုတ်လိုက်တော့ ဆံပင်နက်နက်နဲ့ ကောင်မလေးတွေ အခြေအနေတွေ ပြောင်းရတော့တာပေါ့။ သူ့အမိန့်က ဘယ်လိုတဲ့၊ ဩော်... ဟုတ်ပြီ၊ ဆံပင်နီနီနဲ့ ကောင်လေးတွေနဲ့ တွဲကကြစေတဲ့၊ ကဲ... သွားမယ် သူငယ်မရေ့၊ ပြန်ဖို့အချိန် တော်ပြီ”

စနေနေ့တွင် "ဆိမ်း" လေယာဉ်ပုံစံစက်ရုံ သပိတ်စ၍ မှောက်၏။ အလုပ်သမားများသည် အလုပ်ရှင်နှင့် တပတ်လုံး ဆွေးနွေးကြသည်။ ဒက်ဇာက အလုပ်သမားများ၏ လုပ်ခကို တိုးပေးရန် သဘောတူသည်။ သို့ရာတွင် အခြားသော တောင်းဆိုချက်များကိုမူ ပယ်ချလိုက်၏။ အထူးသဖြင့် နှစ်ဘက်ကိုယ်စားလှယ်များ ညှိနှိုင်းရေးနှင့် လစာမပျက် အားလပ်ခွင့် ပေးရေးတို့နှင့် ပတ်သက်၍ တင်းတင်းမာမာ ငြင်းလိုက်သည်။ ထိုကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း မပြုနိုင်ဟု ပြတ်ပြတ်သားသား အကြောင်းပြန်လိုက်သည်။

ရှေ့တွင် သပိတ်တွေ တလုံးပြီး တလုံး ပေါ်လာမည်ကို ဒက်ဇာ သဘောပေါက်သည်။ ဤစစ်ပွဲကလေးများတွင် အလုပ်သမားတွေက နိုင်သည့်အခါ နိုင်လိုက်၊ ဒက်ဇာက နိုင်သည့်အခါ နိုင်လိုက်။ ရှုံးသည့်ဘက်ကလည်း လက်စားချေဖို့ အကွက်ကောင်းကို စောင့်နေသည်။ သပိတ်သမားတို့ တောင်းသည့် တောင်းဆိုချက်ကို ချုပ်ကြည့်လိုက်လျှင် တချက်တည်းသာ ရှိသည်။ အခြားမဟုတ်။ အလုပ်ချိန် နာရီလျှော့ရေးနှင့် လုပ်ခတိုးရေးဖြစ်၏။ သည်တောင်းဆိုချက်လောက်ကမူ အရေးမကြီး။ သဘာဝကျသည့် တောင်းဆိုချက်ဟု ဒက်ဇာ ယူဆသည်။ သူ့တွင် ပိုက်ဆံရှာစရာ နည်းလမ်းတွေ တပုံကြီး။ အလုပ်သမားများမှာမူ ပိုက်ဆံတိုးရအောင် သပိတ်မှောက်သည့်နည်းလမ်းမှ လွဲလျှင် အခြားနည်းလမ်း မရှိ။ ကျန်သည့်ကိစ္စများကမူ အခြေအနေပေါ်တွင် တည်သည်။ သပိတ်အင်အား တောင့်တင်းခြင်း ရှိမရှိ အပေါ်တွင် တည်သည်။ စက်ရုံတွင် ပစ္စည်းအမှာစာတွေ များများ ရောက်နေလျှင်၊ အပြင်ဘက်တွင် လူစားထိုးစရာ ကျွမ်းကျင်အလုပ်သမား ရှာမတွေ့နိုင်လျှင် ဒက်ဇာသည် သူတို့တောင်းဆိုချက်များကို လိုက်လျောလိုက်သည်။ စက်ရုံတွင် ကုန်ပစ္စည်းအမှာစာ နည်းနေလျှင်၊ အပြင်ဘက်တွင် အလုပ်လက်မဲ့ ကျွမ်းကျင်အလုပ်သမား ပေါနေလျှင် ဒက်ဇာ တချက်မှ အလျှော့မပေး။ သီတင်း နှစ်ပတ် သုံးပတ်လောက် ကြာလာလျှင် အလုပ်သမားများ ငတ်စပြုလာပြီ။ သပိတ်ပြိုပြီ။ ထိုအခါတွင် ဒက်ဇာသည် ဦးထုပ်ကလေး လက်တွင်ကိုင်၍ အလုပ်ဆင်းရန်လာသည့် အလုပ်သမားကို လစာရှင်း အလုပ်မှ ထုတ်ပစ်လိုက်ပြီးနောက် အလုပ်သမားအသစ်များကို ခန့်လိုက်သည်။ သူနှင့် အလုပ်သမားတွေကြားက ဤစစ်ပွဲသည် လောကနိယာမတရပ်ဟု ဒက်ဇာ ယူဆသည်။ ထို့ကြောင့် ဒက်ဇာသည် သူ့ရန်သူ အလုပ်သမားများကို အထူးတလည်

သနားခြင်းလည်း မဖြစ်။ အထူးတလည် အာဃာတထားခြင်းလည်း မရှိ။

ယခု ပြည်သူ့တပ်ဦးသည် ရွေးကောက်ပွဲတွင် အနိုင်ရကာ အာဏာရပြီ။ ပြည်သူ့တပ်ဦး နိုင်အောင် ကူညီခဲ့သည်။ ရေဒီကယ် ဆိုရှယ်လစ်များ၏ ကျွမ်းကျင်ပါးနပ်မှုကို ဒက်ဇာ ယုံသည်။ ယခု တက်လာသည့် ဝန်ကြီးသစ်များထဲတွင် သူ့မိတ်ဟောင်းဆွေဟောင်းတွေ တော်တော်များများ ပါသည်။ အရေးကြီးသည့် ဝန်ကြီးတယောက်ဖြစ်သည့် ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်နှင့်လည်း စကားပြောခဲ့ပြီးပြီ။ စိတ်အေးသင့်သလောက် အေးရပြီ။ ဗီးလာ့ဒ်ဆိုသည့် ဆူပူလှုံ့ဆော်ရေးသမားဟောင်းသည် ယခု သူ့အဖို့ မီးသတ်သမားကောင်းတယောက် ဖြစ်တော့မည်။ ဘယ်သူက ဘာတွေကို အာဘောင်အာရင်းသန်သန်နှင့် ပြောပြော ဒက်ဇာ ဂရုမစိုက်။ မီးရှူးမီးပန်း ဖောက်ခြင်းမျှလောက်ကို ကမ္ဘာမီးလောင်သည်ဟု ထင်လျှင် ထင်သူသည် အရူးမျှသာ ဖြစ်လိမ့်မည်။ သူ့စက်ရုံများတွင် သပိတ်တွေ တလုံးပြီးတလုံး ပေါ်ပေါက်လာမည်ကို ဒက်ဇာ တွက်ပြီးသား။ အလုပ်သမားများသည် အခြေအနေကို အခွင့်ကောင်းယူကာ သူ့ကို တိုက်ပွဲဆင်ကြမည်မှာ ဗေဒင်မေးစရာမလို။ သူတို့ကို ရင်ဆိုင်ဖို့၊ လောင်းကြေးတိုးကစားဖို့ ဒက်ဇာ အဆင်သင့်ပြင်ပြီးပြီ။ သို့ရာတွင် အလုပ်သမားခေါင်းဆောင် မစ်ရှော တင်လိုက်သည့် တောင်းဆိုချက်များကြောင့်မူ ဒက်ဇာ အကြီးအကျယ် ဒေါပွသည်။ သူသည် နိုင်ငံတော်အစိုးရ မဟုတ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တဦးသာ ဖြစ်၏။ ဝန်ကြီး ဗီးလာ့ဒ်သည် အလုပ်သမားများကို ပင်လယ်ကမ်းခြေ အနားယူစခန်းများသို့ လွှတ်ချင်သည်ဆိုလျှင် လွှတ်နိုင်သည်။ သူ့အနေဖြင့် ဘာမျှပြောဖွယ်မရှိ။ နိုင်ငံတော် ဘဏ္ဍာရေးဝန်ကြီးဌာနက ကုန်ကျစရိတ်ကို ကျခံလိမ့်မည်။ သို့ရာတွင် အလုပ်သမားခန့်ထားရေးကိစ္စကို နှစ်ဘက်ညှိနှိုင်းရမည်ဆိုသည့် အချက်ကမူ လွန်လွန်းသည်။ များလွန်းသည်။

"ဒီမှာ မစ်ရှော၊ ကျုပ်က လွတ်လွတ်လပ်လပ် ရပ်တဲ့လူ၊ ကျုပ်စက်ရုံမှာ ခင်ဗျား ဆက်အလုပ်လုပ်ချင်သလား မလုပ်ချင်ဘူးလား၊ ခင်ဗျားဘာသာ လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်တယ်၊ ဒါ... ခင်ဗျားကိစ္စ၊ ခင်ဗျားကို ကျုပ်ဆက်ထားချင် ထားနိုင်တယ်၊ ဖြုတ်ပစ်ချင်ယင် ဖြုတ်ပစ်နိုင်တယ်၊ ဒါက ကျုပ်ကိစ္စ"

ထိုစနေနေ့က အလုပ်သမားများ စတင် သပိတ်မှောက်ကြခြင်း ဖြစ်သည်။

အလုပ်သမားပေါင်း သောင်းရှစ်ထောင်တို့သည် သံရည်ကျိုရုံရှေ့ ကွက်လပ်တွင် စုရုံးကြသည်။ "သပိတ်မမှောက်ချင်တဲ့လူ လက်ထောင်ပြပါ" ဟု လီဂရေးက အော်သည်။

အလုပ်သမားထဲတွင် သတ္တိကြောင်သူအချို့က သပိတ်မမှောက်ရန် အခြားအလုပ်သမားများကို သွေးဆောင်ကြသည်။ အိမ်ပြန်ရောက်လျှင် မယားက ဆူပူမည်ကို ကြောက်သည်။ ငတ်မည်ကို ကြောက်သည်။ ရှုံးမည်ကို ကြောက်သည်။ သို့ရာတွင် လူရှေ့တွင် သတ္တိကြောင်ကြောင်းကို ထုတ်မပြချင်။ မျက်နှာတွေ သုန်မှုန်လျက် တိတ်ဆိတ်နေကြသည်။ မည်သူမျှ လက်မထောင်ကြ။

အလုပ်သမားများက ဂိတ်ဝဘက်သို့ သွားကြ၏။ မစ်ရှောက အော်သည်။

"ရဲဘော်တို့ အပြင်မထွက်ကြပါနဲ့၊ မသွားကြပါနဲ့"

မစ်ရှောသည် လော်လီတစင်းပေါ်တွင် ရပ်ယင်း လက်တွင် စကားပြောခွက်ကို ကိုင်ထား၏။ "အပြင်မထွက်ကြပါနဲ့၊ မသွားကြပါနဲ့" ဟူသော အသံများသည် ပွဲတင်ထပ်သည့်နှယ် အရပ်ရှစ်မျက်နှာမှ ပေါ်ထွက်လာသည်။

မစ်ရှောက စကားပြောသည်။

"ရဲဘော်တို့၊ ကျွန်တော်တို့ ထွက်သွားယင် အပြင်ကလူတွေကို ခေါ်ပြီး လူစားထိုးခိုင်းလိမ့်မယ်၊ အလုပ်ခွင်ထဲမှာပဲ နေကြပါ၊ စက်ရုံထဲမှာပဲ ညအိပ်ကြပါ။ စက်ရုံထဲမှာပဲ တနေ့၊ တပတ်၊ တလ ကျွန်တော်တို့ အောင်ပွဲရသည်အထိ နေကြပါ"

အာမေဋိတ်သံတွေ ပေါ်လာသည်။ မစ်ရှောပြောသည့် အဓိပ္ပါယ်ကို မည်သူမျှ နားမလည်ကြ။

"ကျုပ်တို့ သပိတ်မှောက်တာဗျ"

"စက်ရုံထဲမှာရော ဘာနဲ့သွားစားမလဲ"

"ကျုပ်တို့ကို ပုလိပ်နဲ့ ဆွဲထုတ်ပစ်မှာပေါ့"

မစ်ရှောက အသံချဲ့စက်နှင့် ထပ်ပြောသည်။

"စားရေးသောက်ရေးကိစ္စကို ကော်မတီက စီစဉ်ပါလိမ့်မယ်၊ သမဂ္ဂက ကျွန်တော်တို့ကို ရန်ပုံငွေ ထောက်ပံ့လိမ့်မယ်၊ ကျွန်တော်တို့ကို ဘယ်သူကမှ စက်ရုံထဲက နှင်မထုတ်နိုင်ပါဘူး၊ နှင်ထုတ်ယင် သူတို့ဒုက္ခရောက်မှာပေါ့။ ကျွန်တော်တို့ သပိတ်တားဖို့လဲ လိုပါတယ်၊ အုပ်ချုပ်ရေးဌာနကလူတွေ အိမ်ကို ပြန်ချင်ယင် ပြန်နိုင်ပါတယ်။ ဒါပေမယ့် နောက်တနေ့မှာတော့ အလုပ်တက်ခွင့် မပြုနိုင်ပါဘူး၊ ဟုတ်တယ် ရဲဘော်တို့၊ ဒီလောက် အင်အားကောင်းတဲ့ သပိတ်ကြီးမျိုး တခါမှ မပေါ်ပေါက်ဖူးသေးဘူး။ ကျွန်တော်တို့ အင်အားကို ကောင်းကောင်းကြီး ပြလိုက်ကြရမယ်"

မစ်ရှော၏ မိတ်ဆွေတယောက်ဖြစ်သည့် အသက်ခပ်ငယ်ငယ် တွင်ခုံအလုပ်သမား ဂျင်းနော့သည် အုပ်ချုပ်ရေးရုံးခန်း ခေါင်မိုးပေါ်သို့ တက်ပြီး အလံနီကို လွှင့်တင်လိုက်သည်။ ခံတပ်ပေါ်ကို "အလံစိုက်လိုက်ပြီဗျို့" ဟု လှမ်း၍ အော်နေသည်။

သို့ဖြင့် ပြင်သစ်ပြည်တပြည်လုံးကို ကိုင်လှုပ်လိုက်သည့် သပိတ်ကြီး အစပြုခဲ့သည်။

စက်ရုံဝင်းထဲသို့သွားသည့် လမ်းမများနှင့် သဘော်ဆိပ်တွင် လူတွေ အုပ်စုဖွဲ့လျက်။ သံခမောက်ဆောင်း၍ ခါတ်ငွေ့ကာမျက်နှာဖုံး ခါးတွင်ချိတ်ထားသည့် ပုလိပ်သုံးထောင်တို့က စက်ရုံကို အတင်းဝင်သိမ်းရန် ပြင်နေကြသည်။ သို့ရာတွင် အစိုးရအဖွဲ့အနေဖြင့် ဘာဆုံးဖြတ်ချက်မျှ မချနိုင်သေး။ ပုလိပ်များသည် စက်ရုံထဲသို့ဝင်ရန် ကြိုးစားသည့် သပိတ်မှောက် အလုပ်သမားများ၏ ဇနီးများ၊ အရပ်သားများကို ရန်ရှာနေကြသည်။ ညနေပိုင်းတွင် အလုပ်သမားများ၏ သားမယားများက စက်ရုံဂိတ်သို့ အတင်းဝင်တိုးဖော့ကာ ပေါင်မုန့်၊ ဝက်အူချောင်း၊ ဒိန်ခဲ၊ ချယ်ရီသီးနှင့် ဝိုင် စသည်တို့ကို ယူလာသည်။ အချို့က ဘောလုံးများ၊ စစ်တုရင်ခုံများ၊ စာအုပ်များ၊ ဂီတာများကို ယူလာကြသည်။ ဂျင်းနော့၏အမေက သူ့သားဖို့ ကြက်ဥများနှင့် ခေါင်းအုံးတလုံး ယူလာသည်။ စက်ရုံဝင်း အုတ်တံတိုင်းပေါ်သို့ တက်လာသည့်အခါတွင် သူ့အမေက "ဟဲ့ ကောင်လေး ဘာတွေလုပ်နေတာလဲဟင်၊ မရှက်ဘူးလား၊ လာ အိမ်ပြန်ပြီး အိပ်လှည့်" လှမ်းခေါ်၏။ ဂျင်းနော့သည် ရှက်ရှက်ဖြင့် ပြုံးနေလေ၏။

အလုပ်သမားသပိတ်ထဲသို့ ပါလာသည့် အုပ်ချုပ်ရေးဌာနမှ

အင်ဂျင်နီယာများထဲတွင် ပီယာလည်း တယောက်အပါအဝင် ဖြစ်သည်။

"ဗျို့လူ၊ စဉ်းစဉ်းစားစားလုပ်နော်၊ သစ္စာဖောက်ပြီး ထွက်ပြေးတဲ့လူကို ဘယ်ဘက်ကမှ ယုံတာမဟုတ်ဘူး" ဟု မန်နေဂျာက သတိပေးသည်။

"ဒီမှာ မိတ်ဆွေ၊ ကျွန်တော့်အဖေဟာ အလုပ်သမားပါ၊ ဒါကိုတော့ ခင်ဗျား သိထားစေချင်တယ်"

ပီယာ သပိတ်ထဲပါလာသည်ကို တွေ့သည့်အခါတွင် ဂျင်းနော့သည် ဝမ်းသာနေ၏။ သူတို့တိုက်ပွဲသည် အောင်ရမည်ဟုလည်း ယုံကြည်သွား၏။ ဂျင်းနော့က အသက်ဆယ့်ကိုးနှစ်သာ ရှိသေးသည်။ တိုက်ပွဲဟု ဆိုလိုက်သည်နှင့် ခံတပ်တွေ၊ ကျည်ဆန်တွေ၊ အလံနီတွေကို မြင်နေသည်။ သူမပြောနှင့်။ ပီယာပင်လျှင် သူ့လို စိတ်ကူးမယဉ်ပဲ မနေနိုင်။

ညရောက်သည့်အခါတွင် စက်ရုံကြီးသည် စစ်စခန်းကြီးတခုနှင့် တူနေသည်။ စက်ရုံအနှံ့အပြားတွင် ကင်းတွေနှင့်။ အစောင့်တွေနှင့်။ ပီယာနှင့် ဂျင်းနော့က ဗဟိုဂိတ်ကြီးတွင် တာဝန်ကျသည်။ ပီယာသည် သူ့ကိုယ်သူ စစ်မြေပြင်သို့ ရောက်နေသည်ဟု ထင်နေ၏။ အချိန်မရွေး ရန်သူက တိုက်နိုင်သည်ဟုလည်း ထင်နေသည်။

"သူတို့က ဝင်တိုက်ယင် ကျွန်တော်တို့ ဘယ့်နှယ်လုပ်မလဲ၊ ခင်ဗျားမှာ ခြောက်လုံးပြူးလေး ဘာလေး မပါဘူးလား"

ဂျင်းနော့က မေးသည်။

"တလက်တော့ ပါပါတယ်၊ ဒါပေမယ့် သုံးလို့မဖြစ်ဘူးလေ၊ မစ်ရှောက အမိန့်ပေးမှ သုံးရမှာ"

အလျှင်တုန်းက မစ်ရှောကို ကွန်မြူနစ်များနှင့် သူ့လုပ်ဖော်ကိုင်ဖက် အလုပ်သမားများလောက်ကသာ သိကြသည်။ ယခုမူ မစ်ရှောသည် လူတိုင်းသိသည့် သပိတ်ခေါင်းဆောင်တယောက် ဖြစ်နေပြီ။ လူတိုင်း ပါးစပ်ဖျားတွင် မစ်ရှော၏အမည်ကို ကြားနေရသည်။ မစ်ရှောကိုမေးပါ... မစ်ရှောက အမိန့်ပေးမှ... မစ်ရှောက မလုပ်ရဘူးတဲ့...။

မစ်ရှောသည် မနားမနေ အလုပ်လုပ်သည်။ သပိတ်မှောက် အလုပ်သမားတွေကို ကျွေးမွေးဖို့ စီစဉ်ရသည်မှာလည်း သူ။ တီးဝိုင်းဖွဲ့ရသည်မှာလည်း သူ။ ဗဟိုအလုပ်သမားအဖွဲ့နှင့် အဆက်အသွယ် လုပ်ရသည်မှာလည်း သူ။ “လျူမန်နီတေး” သတင်းစာသို့ သပိတ်သတင်းတွေ ရေးပို့ရသည်မှာလည်း သူ။ သည်အထဲတွင် အားငယ်သူတို့ကို သွား၍ အားပေးရသေးသည်။ “ကျွန်တော်တို့နိုင်မှာပါဗျ၊ ဘယ့်နှယ့်လဲ” ဟု ပြောရသည်ကလည်း အမော။ စက်ယန္တရားတွေကိုလည်း လိုက်၍ စစ်ဆေးရသေးသည်။ ပိုင်ရှင်က အတွင်းသို့ လျှို့ဝင်ကာ စက်များကို ဖျက်ဆီးပစ်မည်ကို စိုးရိမ်ရသေးသည် မဟုတ်လော။

ညနေပိုင်းတွင် ဘင်ခရာတီးဝိုင်းက “အင်တာနေရှင်နယ်” သီချင်းကို တီးသည်။ ထောင်ပေါင်းများစွာသော အသံများက စာသားများကို လိုက်ဆိုကြ၏။ သီချင်းသံသည် စက်ရုံထဲမှ ဟိန်းထွက်ကာ အပြင်ဘက်တွင် စောင့်နေသည့် ပုလိပ်များ ခေါင်းပေါ်မှ ပျံ့ဝဲပြီးနောက် မြစ်တလျှောက်တွင် စုန်ဆင်းသွားသည်။ ထိုနောက် လှုပ်လှုပ်ရွရွ ဖြစ်နေသည့် မြို့စွန်ရပ်ကွက်များရှိ မည်းမှောင်သော အိမ်များဆီသို့ ရောက်သွား၏။ အိမ်မှ သားမယားများသည် အိပ်ရာပေါ်တွင် လူးလိမ့်ယင်း အဝေးမှ လွင့်လာသော သီချင်းသံကို နားထောင်ကြသည်။ မနက်ဖြန် ဘာဖြစ်မလဲ၊ ငတ်မှာလား၊ သွေးချောင်းစီးမှာလား၊ အောင်ပွဲရမှာလားဟု ရင်တထိတ်ထိတ်နှင့် ဖြစ်နေကြသည်။ သူတို့သာမဟုတ်။ သပိတ်မှောက် အလုပ်သမားများကလည်း အိပ်မပျော်ကြ၊ နွေည၏ ကြယ်ပွင့်ကြယ်ခိုင်များအောက်တွင် သူတို့သည် အောင်ပွဲကို တွေးနေကြလေသည်။ စကားမပြောမိကြ။

ညပိုင်းရောက်တော့ ပဋိပက္ခဖြစ်မည် စိုးသဖြင့် အစိုးရက လက်နက်ကိုင်ပုလိပ်တပ်များကို ရုပ်သိမ်းသွားသည်။ တနင်္ဂနွေနေ့တွင် ရေဆိပ်သို့ ရေဆင်းချိုးရန် ဂိတ်ကြီးကို ဖွင့်ပေးလိုက်၏။ သို့ရာတွင် စက်ရုံကြီးမှာ ရန်သူအဝိုင်းခံနေရသည့် ခံတပ်ကြီးတခုနှင့် တူနေသည်။ မည်သူက ဝိုင်းထားသနည်း။ ဒက်ဇာက ဝိုင်းထားသလော။ သူတို့နေရာတွင် လူစားဝင်လုပ်မည့် “ခြေထောက်မည်း” ဟုခေါ်သော ညသစ္စာဖောက် အလုပ်သမားများ၏ အရိပ်များက ဝိုင်းထားခြင်းလော။ သို့မဟုတ် ငတ်မွတ်ခြင်း တစ္ဆေကြီးတွေ ဝိုင်းထားခြင်းလော။ အလျှော့ပေး၍မူ မဖြစ်။ အောင်ပွဲရသည့်တိုင် တိုက်ရလိမ့်မည်။

တနလ်ာနေ့ ညနေတွင် မစ်ရှောက သတင်းစာတစောင်ကို ကောက်ဖတ်ရာမှ "ဒီပြင်စက်ရုံတွေပါ မှောက်ပြီကွ၊ အားလုံးမှောက်ပြီကွ ဘယ့်နှယ်လဲ" ဟု လှမ်းအော်လိုက်သည်။

စိတ်လှုပ်ရှားလွန်းသဖြင့် စကားကိုပင် ကောင်းကောင်း မပြောနိုင်။ "ဆိမ်း"လေယာဉ်စက်ရုံမှ သပိတ်ကြီးသည် ပါရီရှိ အခြားစက်ရုံများသို့လည်း ပျံ့နှံ့သွားပြီဟု ဘဝသစ်သတင်းစာက ရေးလိုက်သည်။ ပါရီမှ စက်ရုံကြီးများအားလုံး သပိတ်မှောက်ကုန်ကြပြီ။ အလုပ်သမား ထောင်ပေါင်းများစွာတို့သည် သေ့ခတ်ကာ စက်ရုံများထဲမှ မထွက်ပဲ သပိတ်မှောက်နေကြသည်။ ကုန်ပဒေသာတိုက်တွေကလည်း သပိတ်မှောက်ကြသည်။ ညတွင် မီးတွေထိန်နေအောင် ထွန်းထားပြီး အရောင်းစာရေးမများက ဆိုင်ပြင်သို့ မထွက်ကြတော့ပဲ အထဲတွင် သော့ခတ်၍ ပိတ်နေကြသည်။ ကဖီးနှင့် ပျော်ပွဲစားရုံများမှ စားပွဲထိုးများက ထိုင်သပိတ် မှောက်ကြသည်။ အစိုးရရုံးတရုံးမှ အရာထမ်းများကလည်း သပိတ်မှောက်ကြောင်း ကြေငြာကာ အဆောက်အအုံထဲမှ မထွက်ပဲ နေကြသည်။ စိတ်လှုပ်ရှားဖွယ် သပိတ်ကြီးအကြောင်းကို သတင်းစာဆရာ ဂျိုးလီယော့က "ပါရီမှ နင်းပြားတို့ မြင့်မိုရ်တောင်ကို ဖြိုကြပြီ" ဟု သူ့ထုံးစံအတိုင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသည်။ ပါရီ အလုပ်သမား ရပ်ကွက်များတွင် လူသူရှင်းလျက် ရှိကြောင်း၊ လမ်းမများတွင် အမျိုးသမီးများနှင့် ကလေးငယ်များသာ ကျန်ရစ်ခဲ့ကြောင်းဖြင့် သတင်းတွင် ဖော်ပြထား၏။ "စစ်အတွင်းကာလများကို အောက်မေ့သတိရဖွယ်ပင်… ယောကျ်ားတွေက အိမ်နှင့်ဝေးရာ စစ်မြေတာသို့ ရောက်လျက်" ဟု နိဂုံးတွင် ကဗျာဆန်ဆန် ရေးထား၏။

ဒက်ဇာသည် ရက်အနည်းငယ်ကြာမျှ မြို့စွန်က အိမ်တွင် အောင်းနေသည်။ သပိတ်မှောက်ကြပြီဟု ကြားရသည့်အခါတွင် အလုပ်ကိစ္စနှင့် ပတ်သက်သည့် အချိန်းအချက်များအားလုံးကို ဖျက်ပစ်လိုက်သည်။ တယ်လီဖုန်းကိုလည်း ဖြုတ်ထားလိုက်၏။ ရှေးခေါမ ကဗျာဆရာကြီး အိုးဗစ်၏ ကဗျာကျမ်းများကို ဖတ်သည်။ အလျင်စလို လုပ်၍မဖြစ်။ အချိန်ကို စောင့်ရမည်။ အလုပ်သမားများသည် စက်ရုံကို သိမ်းမည်မထင်။ သပိတ်မှောက် အလုပ်သမားများသည် အမြင်မှန်ရလာကြကာ အိမ်ကိုသော်လည်း ပြန်ကြမည်။ သို့မဟုတ် ပါရီတွင် ပုန်ကန်ထကြွမှုကြီးသော်လည်း ပေါ်ပေါက်ရမည်။ တနလ်ာနေ့တွင်မူ သပိတ်သည် ပါရီတမြို့လုံးသို့ ပျံ့နှံ့သွားပြီဟု ဒက်ဇာ

သတင်းရသည်။ နောက်တနေ့မနက်တွင် ပါရီမြို့ထဲသို့ ဒက်ဇာထွက်လာခဲ့သည်။ သူ့စက်ရုံဂိတ်ရှေ့ သူ့ကားရပ်လိုက်သည့်အခါတွင် ကိုးနာရီပင် မထိုးသေး။ ဂိတ်တွင် ကင်းတာဝန်ကျနေသည့် သပိတ်မှောက်အလုပ်သမား လူငယ်က ဒက်ဇာကို ဆီး၍တား၏။

"အပြင်လူ ဝင်ခွင့် မရှိပါဘူးခင်ဗျာ"

"ငါက အပြင်လူ မဟုတ်ဘူးကွ၊ စက်ရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒက်ဇာ"

အလုပ်သမား လူငယ်က ပြုံးလိုက်၏။

"ဟုတ်ကဲ့၊ ဒီနာမည်ကို ကြားတော့ ကြားဖူးသလိုလိုပဲခင်ဗျ၊ ဒါပေမယ့် ဦး အထဲဝင်သွားယင်တော့ ပြန်ထွက်လို့ရမှာ မဟုတ်တော့ဘူးခင်ဗျ၊ အထဲမှာ နေရလိမ့်မယ်။ ဟိုဒင်းအထိ..."

"ဘယ်အထိလဲကွ"

"မွန်စီယာ ဒက်ဇာက အလျှော့ပေး လိုက်လျောလာသည်အထိ"

သူတို့နှစ်ယောက်သား ရယ်လိုက်ကြသည်။ သို့ရာတွင် ဒက်ဇာ စိတ်ထဲက ဒေါပွလှပြီ။ မည်မျှ သောင်းကျန်းနေလိုက်ကြသနည်း။ မည်သည့်လွတ်လပ်ခွင့်မျိုးနည်း။ သူတို့ သပိတ်မှောက် အလုပ်သမားများကို အိမ်မပြန်ရဟုဆိုလျှင် မည်သို့ နေမည်နည်း။ ဒက်ဇာသည် စိတ်ဆိုးဟန် မပြ။ ခန့်ညားစွာ ပြုံးလိုက်ယင်း...

"မဆိုးဘူးကွ၊ မင်း နောက်တတ်သားပဲ၊ ကဲ ဦး အထဲဝင်ချင်တယ်ကွာ"

ကင်းမှ အလုပ်သမားလူငယ်က မစ်ရှောထံ ရဲဘော်တယောက်ကို လွှတ်၍ အကြောင်းကြားခိုင်းလိုက်သည်။ ငါးမိနစ်လောက်ကြာသည့်အခါတွင် လွှတ်လိုက်သည့် ရဲဘော် ပြန်ရောက်လာ၏။

"ဝင်နိုင်ပါတယ်၊ ပြန်ထွက်ချင်တဲ့အချိန်လဲ ပြန်ထွက်နိုင်ပါတယ်၊ ဒါပေမယ့် ဆူဆူပူပူ ဖြစ်မှာစိုးလို့ စက်ခန်းတွေထဲတော့ မဝင်ပါနဲ့တဲ့"

ဒက်ဇာက အလုပ်သမား လူငယ်ကို ပခုံးပုတ်လိုက်ပြီးနောက်...

"မဆိုးဘူးကွ၊ မင်းတို့ တော်တော် အုပ်ချုပ်တတ်လာပြီ"

ဒက်ဇာသည် လူသူကင်းမဲ့နေသည့် အုပ်ချုပ်ရေးရုံးခန်းဆီသို့ လာခဲ့သည်။ သူ့နောက်မှ လိုက်လာသည့် ရုံးစေအဘိုးကြီးက မသက်မသာ သက်ပြင်းချ၏။

"ရုံးခန်းမှာ ဘယ်သူမှ မရှိဘူးလား"

"စနေနေ့ကတည်းက မလာကြတော့ဘူးခင်ဗျ။ အုပ်ချုပ်ရေးဌာနကဆိုယင် ပီယာတယောက်ပဲ ကျန်ခဲ့တယ်၊ သူကလဲ အလုပ်သမားတွေထဲမှာ ရောက်နေတယ်ခင်ဗျ"

"သူကကော စက်တွေဘာတွေ စစ်ဆေး မကြည့်ဘူးလား"

"ဟုတ်... ဟုတ်ကဲ့၊ သူလဲ သပိတ်မှောက်တဲ့အထဲ ပါသွားတယ်ခင်ဗျ"

ဒက်ဇာက အားရပါးရ ရယ်လိုက်၏။ လက်စသတ်တော့ ပီယာကလည်း သူ့စက်ရုံကို သိမ်းမည့်သူတယောက်ကိုး။

"သွား၊ ပီယာကို လိုက်ရှာပြီး ခေါ်ခဲ့စမ်း"

ဒက်ဇာက ပီယာကို အထိုင်ခိုင်းပြီး စီးကရက် ထုတ်တည်သည်။

"အနှောင့်အယှက်ပေးရတာ ဝမ်းနည်းပါတယ် တူမောင်၊ တူမောင့်ကို မေးခွန်းကလေးတခုတော့ မေးချင်တယ်၊ ကိုယ်ရေးကိုယ်တာ ကိစ္စလေးပါ၊ တူမောင်တို့က စက်ရုံကို ခဏတဖြုတ် သိမ်းဖို့လောက် ရည်ရွယ်တာလား၊ ဒါမှမဟုတ် တသက်လုံးပဲ သိမ်းထားတော့မလို့လား၊ ဒါလေးတော့ သိပါရစေ၊ ဒါမှ ကျုပ်လဲ အခြားအလုပ်အကိုင်ကလေး ဘာလေး ရှာတန်ရှာရအောင်လို့ပါ"

"စက်ရုံကို ဘယ်သူကမှ မသိမ်းပါဘူး ဦး" ပီယာက ပြော၏။ "သပိတ်မှောက် ဆန္ဒပြရုံပါ၊ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုယင် အလုပ်သမားတွေရဲ့ တောင်းဆိုချက်ဟာ တရားမျှတတယ်လို့ ထင်တာပဲ"

"အင်း၊ တော်တော်တော့ စိတ်ဝင်စားစရာကောင်းတာပဲ၊ တူမောင်က

ဒါဟာ သပိတ်လို့ ယူဆတယ်။ ကျုပ်ကတော့ ဒီလို မယူဆဘူးဗျ၊ ဒါဟာ အကြမ်းဖက်တာ၊ ဘာလဲ၊ ကျုပ်ပစ္စည်းတွေ ဆုံးရှုံးမှာကို ကျုပ်က ကြောက်နေတယ် ထင်လို့လား။ ကျုပ်က ပြင်သစ်ပြည်ကြီးအတွက် စိုးရိမ်တာပါ။ အကြမ်းဖက်မှုဆိုတာ တခုစလိုက်ယင် အတောမသတ်တော့ဘူးဗျ၊ နောက်အကြမ်းဖက်မှုတွေ ပေါ်လာတတ်တယ်"

"ဦးဟာ သတ္တဝါတွေကို မေတ္တာထားတယ်၊ သူတို့ပျော်ရွှင်ချမ်းမြေ့မှုကို သဘောကျတယ်လို့ မကြာမကြာ ပြောဖူးပါတယ်၊ ဒီအလုပ်သမားတွေဟာ အသက်ရှင်ချင်တယ်၊ ကောင်းကောင်းမွန်မွန် နေချင်ကြတယ်။ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေချင်ကြတယ်၊ ဒါကို ဦး မလိုလားဘူးလား၊ ပိတ်ပင်ချင်သလား"

"ဦး ပြောသွားပဲ" ဒက်ဇာကပြောသည်။ "ဦးတို့ တိုင်းပြည်ဟာ အဆင်မသင့်ယင် တချက်တည်းနဲ့ ပျက်သွားနိုင်တယ်၊ တဲတဲကလေးရှိတာ၊ ခုအားလုံး ဖရိုဖရဲ ဖြစ်နေပြီ"

"ဒါကတော့ ဦးအပေါ်မှာ တည်တာပဲ၊ ဦးကသာ တောင်းဆိုချက်တွေကို လက်မှတ်ထိုးလိုက်ယင် စက်ရုံထဲက အလုပ်သမားတွေ ခုချက်ချင်း ရှင်းသွားကြမှာပဲ"

"ဘာလဲ ဦးက အလျှော့ပေးရမယ်ပေါ့။ ဒါမျိုးကို ဦး ဝါသနာမပါဘူး၊ အလျှော့ပေးတယ်ဆိုတာ ဦး လုပ်လေ့လုပ်ထ အလုပ်မဟုတ်ဘူး၊ ဦးကတော့ စောင့်ကြည့်ရမှာပဲ၊ ဦး ပုလိပ်ကိုလဲ မခေါ်ဘူး၊ အစိုးရဆီကိုလဲ ကျုပ်ပစ္စည်းတွေကို အကာအကွယ်ပေးပါလို့ သွားပြီး အကူအညီ မတောင်းဘူး၊ ဘာဖြစ်လို့လဲ သိလား၊ ဦးက ခုပြည်သူ့တပ်ဦးအစိုးရကို မဲပေးခဲ့တဲ့လူ၊ ကိုယ့်အစိုးရကို ကိုယ်ပြန်ပြီး ဒုက္ခမပေးချင်ဘူး၊ တူမောင်တို့ လုပ်နေတဲ့အလုပ်ကို ကိုယ့်ဘာသာကိုယ် ပြန်ပြီး စဉ်းစားကြည့်စမ်း၊ တူမောင်တို့ဟာ အားလုံးကို ပျက်စီးအောင် လုပ်နေတာ၊ ဗီးလာ့ဒ်ဟာ တူမောင်တို့ခေါင်းဆောင်၊ ဆိုရှယ်လစ်ခေါင်းဆောင်၊ စက်ရုံတွေ၊ အလုပ်သမား ပြဿနာတွေနဲ့ ပတ်သက်လို့ သူပြုပြင်လိမ့်မယ်၊ ဖြေရှင်းလိမ့်မယ်၊ တူမောင်တို့ ဗီးလာ့ဒ်ကို အချိန်မပေးတော့ဘူးလား၊ ခုမှ ဝန်ကြီးဖြစ်တယ်၊ ဘာလုပ်နိုင်ဦးမှာလဲ"

"ကျွန်တော်တို့ သူ့ကို ကူညီနေတာပါ၊ ခုဆိုယင် သူ့အနေနဲ့

လူထုလှုပ်ရှားမှုကို အားကိုးနိုင်တာပေါ့။ ကျွန်တော် ထင်ပါတယ်၊ ဗီးလာ့ဒ်ကလဲ ကျွန်တော်တို့ကို ထောက်ခံမှာပါ၊ သူက”

ဗီးလာ့ဒ်ကို ဒက်ဇာ မြင်ယောင်လာသည်။ ကြိုးတပ်မျက်မှန်နှင့်။ သူ့ဘေးပတ်ဝန်းကျင်တွင် ပန်းချီကားတွေ၊ အကောင်းစား ပရိဘောဂတွေ ဝိုင်းရံလျက်။ ဒက်ဇာက ပြုံးလိုက်ပြီးနောက် အေးဆေးစွာ ပြောလိုက်၏။

“ဩော်… တူမောင်က ဒီလို ထင်သလား၊ ဒီလိုဆိုယင်လဲ ကောင်းပြီလေ၊ တူမောင်တို့ အရေးတော်ပုံ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်၊ ဩော်… မေ့နေတယ်၊ တူမောင်ရဲ့ ဇနီးကော နေထိုင်ကောင်းတယ်နော်၊ အင်း… ကောင်းပါလေ့ဗျာ၊ ကဲ… တူမောင်တို့ စက်ရုံထဲက ကျုပ်ပြန်ထွက်နိုင်ပြီနော်၊ ပြန်ထွက်လို့ရတယ် မဟုတ်လား၊ ကဲ… သွားမယ် တူမောင်”

ပီယာက ဒက်ဇာနှင့် တွေ့ဆုံပုံကို သပိတ်မှောက်ကော်မတီသို့ တင်ပြသည်။

“ဒီလူကြီး ဒီလိုလာလိမ့်မယ်လို့ နည်းနည်းကလေးမှ မထင်ဘူးဗျာ၊ ပြီးတော့”

“ဘယ်လို မထင်တာလဲဗျ၊ ဒက်ဇာဟာ ဒက်ဇာလို နေလိမ့်မယ်လို့ မထင်တာလား” ဟု မစ်ရှောက မေးလိုက်၏။

ညပိုင်းတွင် သပိတ်မှောက် အလုပ်သမားများအား ဖြေဖျော်ရန် ပဒေသာကပွဲတခု စီစဉ်ကြသည်။ မစ်ရှောက ယဉ်ကျေးမှုအသင်းသို့ တယ်လီဖုန်းဆက်ပြီး အကူအညီတောင်းသည်။ မာရေဆယ်က သူ့ဇာတ်အဖွဲ့သားများကို လိုက်စု၏။ အချို့က အလုပ်များသည်ဟုဆိုကာ လိုက်မလာကြ။ သို့ရာတွင် ဂျဲနက်ကမူ ချက်ချင်း ထလိုက်လာခဲ့သည်။ လိုက်မည့်သာ လိုက်ရသည်။ ဗိုက်ကိုခွဲထားသည့် ဒဏ်ရာက ကောင်းကောင်း မကျက်သေး။

အုပ်ချုပ်ရေးရုံးခန်းရှေ့ ပန်းခြံထဲတွင် ဇာတ်စင်တစင် ထိုးလိုက်သည်။ လေထဲတွင် စံပယ်နံ့က သင်းနေသည်။ မီးပွင့်များပေါ်တွင် တရုတ်စက္ကူမီးအိမ်များကို အုပ်ထား၏။ တီးဝိုင်းက အသံစမ်းနေသည်။ ပန်းခြံသည် မြို့ငယ်ကလေးတမြို့က ဘုရားပွဲလေးတပွဲနှင့် တူနေသည်။

ပဒေသာကပွဲဆိုသည့်အတိုင်း အစီအစဉ်တွေက အများကြီး။ မာရေဆယ်က ကဗျာဆရာ ရင်းဘော၏ လွမ်းချင်းတပုဒ်ကို ဆိုသည်။ စာသားက ပရိသတ်ကို ဖမ်းစားထားသည်။ ပရိသတ်သည် ငြိမ်လျက်ရှိ၏။ ထိုနောက် အမျိုးသမီး အဆိုတော်တယောက်က ရာဗယ်၏ အချစ်သီချင်းတပုဒ်ကို ဆိုသည်။ ပရိသတ်က သဘောကျသဖြင့် တကျော့ပြီးတကျော့ ထပ်၍အဆိုခိုင်းသည်။ သွပ်ပြားများနှင့် အလံနီများနောက်ခံတွင် အမျိုးသမီး အဆိုတော်သည် ပြုံး၍ ရပ်နေလေသည်။ စက်ရုံ မီးထိုးသမားတယောက်က မောရစ်ရှာဗေးလီးယား၏ "ပါရီသည် ယခုတိုင် ပါရီ ဖြစ်သည်" ဆိုသည့်သီချင်းကို တက်ဆိုသည်။ အားလုံးဝိုင်းဆိုကြ၊ ရယ်ကြနှင့် ဆူညံနေသည်။

မဟုတ်တော့။ ပါရီသည် အလျင်က ပါရီနှင့် မတူတော့။ ထို့နောက် ဂျဲနက်အလှည့်သို့ ရောက်လာ၏။

သည်မျှလောက် တခါမျှ ပေါ့ပါးလန်းဆန်းခြင်း မဖြစ်စဘူး။ အလျင်တုန်းက အသံဖမ်းခွက်ကို ကိုင်ကာ အသက်မပါသည့် ကြော်ငြာသီချင်းတွေကို ဆိုခဲ့ရသည်။ သူ့စိတ်ထဲတွင် သီချင်းဆိုနေသည်ဟု မထင်။ အဓိပ္ပါယ်မဲ့သည့် စကားလုံးတွေကို ရွတ်နေရသည်ဟု ထင်သည်။ ထုံထိုင်းနေသည်ဟု ထင်သည်။ ယခု သူဆိုချင်သည့် သီချင်းမျိုးကို ဆိုရပြီ။ ဆွံ့အနေရာမှ စကားပြန်ပြောတတ်လာသူလို ဖြစ်နေသည်။ မီးအိမ်ကလေးများကြားတွင် သူ့မျက်လုံးရွဲကြီးများသည် တောက်ပရွှန်းလဲ့နေကြသည်။ လှိုက်လှိုက်လှဲလှဲ ရှိုက်ပုံမှာ အသံထဲကပင် မျက်ရည်တွေ စိမ့်ယိုထွက်လာတော့မည့်အလား ထင်ရသည်။ ဂျဲနက်က "သိုးနွေဦး" ပြဇာတ်ထဲက စာသားအချို့ကို ရွတ်ပြသည်။ ဆုံးသွားသည့်အခါတွင် မုန်တိုင်းတိုက်သလို မြည်ဟီးသော သြဘာသံကြီးကို ကြားရ၏။ အော်သံများက လက်ခုပ်သံတွေကို လွှမ်းသွားသည်။ သူတို့အော်သံများက ကချေသည်တယောက်ကို ကောင်းချီးပေးသည့် သြဘာသံမျိုး မဟုတ်။ သူရဲကောင်း အာဇာနည်မယ်တယောက်ကို ထောမနာသည့် ကောင်းချီးသြဘာသံမျိုး ဖြစ်သည်။

ပီယာက ဇာတ်စင်ခြေရင်းသို့ ပြေးလာပြီး "သွားကြစို့" အော်သည်။

ဘာကြောင့် ဤသို့ခေါ်လိုက်မှန်း မသိ။ ဘာကြောင့် သည်စကားလုံးတွေ ထွက်လာလိုက်မှန်း မသိ။ ဂျဲနက်၏ ဖိတ်ခေါ်နေသယောင်ရှိသော မျက်လုံးများကို မြင်လိုက်သဖြင့် အလိုလို ပါးစပ်မှ ထွက်သွားခြင်းဖြစ်သည်။ ဂျဲနက်က

ပြုံးပြလိုက်သည်။ မောလည်းမောလှပြီ။ ပျော်လည်းပျော်သည်။ ပီယာက သူ့ဆီ လျှောက်လာပြီး ဂျဲနက်ကို လက်မှ တွဲခေါ်သည်။

“သိပ်နားထောင်ကောင်းတာပဲ ဂျဲနက်ရယ်၊ မင်းလာကူတဲ့အတွက် ကိုယ်တို့ သိပ်ဝမ်းသာတယ်၊ အလုပ်သမားတွေက ကြိုက်ကြသားပဲ။ တကယ်က ဒီပရိသတ်ဟာ ဇာတ်ပွဲကြည့်တဲ့ ပရိသတ် မဟုတ်ဘူး၊ အပြင်ပရိသတ်၊ လူဆန်းပါမလာတာ သိပ်နာတာပဲ။ ဘာဖြစ်လို့လဲ၊ အလုပ်များနေလို့လား”

“ဟင့်အင်း၊ ကျွန်မ မသိဘူး မတွေ့တာ ကြာလှပြီ၊ ခု ခွာပြဲသွားကြပြီလေ”

ဂျဲနက်ရင်ထဲတွင် ဝမ်းနည်းသလိုလို။ တယောက်တည်း နေရသည့် သူ့ဘဝ။ သူပြောင်းလာခဲ့သည့် အခန်းကျဉ်းကျဉ်းကလေး။ မှန်လုံအသံလွှင့်ခန်းထဲက တိတ်ဆိတ်မှု။ အဓိပ္ပါယ်မရှိသည့် ကြော်ငြာစာလုံးများ။ ထိုစဉ်တွင် ရုတ်တရက် ထွက်ပေါ်လာသော သီချင်းသံများကို ကြားရသည်။ အလုပ်သမားများက “ရဲညွှန့်လူငယ်” သီချင်းကို ဆိုနေကြခြင်း ဖြစ်၏။ သူတို့အားလုံး လက်သီးလက်မောင်းတန်း၍ ဆိုနေကြခြင်း ဖြစ်၏။ ဆန့်တန်းထားသည့် ထောင်ပေါင်းများစွာသော လက်မောင်းများသည် အပေါ်သို့ ထိုးတက်နေသည့် သစ်တောတအုပ်မှ သစ်ကိုင်းများနှင့် တူနေသည်။ သင်္ဘောဆိပ်တခုမှ ရွက်တိုင်များနှင့်လည်း တူသည်။ သူတို့သီချင်းဆိုသံနှင့် သူ့ရင်ထဲက ခံစားချက်ကြောင့် ဂျဲနက်ကိုယ်တိုင် လက်မောင်းကို ဆန့်တန်းလိုက်မိသည်။ လက်သီးကို ဆုပ်လိုက်မိသည်။ သက်ပြင်းတချက်ကို ချလိုက်ပြီးနောက် မည်သူ့ကိုမျှ နှုတ်မဆက်တော့ပဲ ဂိတ်ဘက်သို့ ထွက်လာခဲ့သည်။

ထိုနေ့ညက စက်ရုံဝင်းအတွင်းတွင် မီးတွေ ထိန်ထိန်လင်းနေသည်။ မစ်ရှောကား တညလုံး ကင်းတွေကို လိုက်စစ်လျက်။

"ဆိန်း" လေယာဉ်ပျံစက်ရုံ သပိတ်စခန်းတွင် ဂျဲနက်သွား၍ သီချင်းဆိုခဲ့သည့်ညက လူဆန်းသည် ဖဲဝိုင်းတဝိုင်းတွင် ရောက်နေပြီး ငွေတသောင်းလေးထောင် ရှုံးနေသည်။ ထိုနေ့ညက ဆိုးလိုက်သည့်ဖဲ။ တဝိုင်းလုံးက သူ့ကို ဝိုင်းကြည့်နေကြသည်။ လူဆန်း ရောက်သည့် "အနုပညာကလပ်"မှာ အမှန်အားဖြင့် ဖဲဒိုင်ခံသည့် အောက်တန်းစားအိမ်တအိမ် ဖြစ်သည်။ ထိုဝိုင်းသို့ ဖဲလိမ်ရိုက်သူများ၊ ငွေတိုးချေးစားသူများ၊ ပြည့်တန်ဆာများ လာလေ့ရှိကြ၏။ တချို့က ကစားလို၍ လာခြင်းဖြစ်၏။ တချို့က ပျော်ပါးလို၍ လာခြင်းဖြစ်သည်။ သူ့လက်ထဲတွင် ကျန်သည့် နောက်ဆုံး ထောင်တန်စက္ကူ လဲပြီးသည့်နောက်တွင် လူဆန်း အသက်ရှူ၍ မဝသလို ဖြစ်လာသည်။ ပြတင်းပေါက်နားတွင် သွား၍ ရပ်လိုက်၏။

"ကြယ်တွေကို ကြည့်နေတာလား"

နောက်ဘက်မှ ခပ်တိုးတိုးမေးသံကို ကြားလိုက်ရ၏။ လူဆန်း မဖြေမိ။ အောက်တွင် ဖြူးနေသော လမ်းမကြီးကို မြင်ရသည်။ မြူနီစပါယ် အိမ်သာ ထီးတည်းကြီး။ အိမ်သာမိုးပေါ်တွင် "ရယ်နေသော နွားမတံဆိပ် အကောင်းဆုံး ဒိန်ခဲကို သုံးဆောင်ကြပါ" ဆိုသည့် ကြော်ငြာဆိုင်းဘုတ်ကို မြင်ရသည်။ ဆိုင်းဘုတ်မှ မီးပွင့်များ လက်နေကြ၏။ အိမ်သာဘက်မှ လေတချက် တိုက်လိုက်သည်တွင် အီသာဆေးရည်နံ့ ပြင်းပြင်းကို ရှူလိုက်ရ၏။ လူနာခွဲစိတ်သည့်အခန်းက ဆေးနံ့မျိုး ဖြစ်သည်။ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည့်အခါတွင် ရှုံ့မဲ့နေသည့် ဘားဂျား၏ မျက်နှာကို မြင်ရသည်။ သူ့ဆီက ချေးထားသည့် ပိုက်ဆံကိစ္စအကြောင်းပင် ဖြစ်ရမည်။

"ခင်ဗျား အဘိုးကြီးဆီကို သွားတောင်းရမလား"

ဘားဂျားက ခြိမ်းခြောက်သံဖြင့် မေးသည်။

သူ ပြင်သစ်တွင် ဆက်နေ၍ မဖြစ်တော့။ တနေရာသို့ ထွက်သွားမှ ဖြစ်တော့မည်။ လူဆန်း စိတ်ဓာတ်ကျနေသည်မှာ ကြာပြီ။ စီးပွားချမ်းသာလိုစိတ်သည် သူ့ကိုယ်တွင်းတွင် ရောဂါတခုလို လိုက်စားနေသည်။ သူသည် သေရမည်ကို ကြောက်နေသည်။ သူ့ဘေးမှ အသံဗလံများကို သူ ကောင်းကောင်းမကြား။ သူ့ရှေ့မှ အရာဝတ္ထုများ၏ ကောက်ကြောင်းများသည် မှုန်ဝါးသွားကြ၏။ သူ့နှာခေါင်းထဲတွင် မေ့ဆေးနံ့သည် စွဲနေသည်။ ညကျလျှင်

လူဆန်းသည် လမ်းမတွင် တွေ့ရသည့် မိန်းမနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကာ ထိုမိန်းမ၏ ရင်ခွင်တွင် ပျော်မွေ့၏။ ထိုမိန်းမကို ဂျဲနက်ဟု ထင်နေသည်။ အမှောင်ထဲတွင် ဂျဲနက်၏ မျက်လုံးများကို မြင်ယောင်နေသည်။ "အစ်ကို့အပြစ် မဟုတ်ပါဘူးကွယ်၊ အစ်ကို့အပြစ် မဟုတ်ဘူး" ဟု ပါးစပ်မှ တဖွဖွ ရွတ်နေသည်။ ယခုလောက်ဆိုလျှင် ဂျဲနက်သည် အန်ဒရေနှင့် ဖြစ်နေကြလောက်ပြီ။ ခပ်ထုံထုံ ခပ်ထိုင်းထိုင်း ပန်းချီဆရာကို လူဆန်း မုန်းသည်။ နိုင်ငံခြားသို့ ထွက်သွားခြင်းသည် သူ့အဖို့ အကောင်းဆုံး ဖြစ်မည်။ သေဆုံးသွားသော သူ့အချစ်၊ ယဉ်ကျေးမှု အသင်းအဖွဲ့မှ ငြီးငွေ့စရာကောင်းသည့် ဇာတ်သမားတွေ၊ သူ့ကြွေးရှင်တွေ၊ သည်အရာတွေ အားလုံးကို လူဆန်း မုန်းလှပြီ။

သို့ရာတွင် နိုင်ငံခြားသွားဖို့ဆိုသည်မှာ ပိုက်ဆံလိုသည်။ တကြိမ်လောက် ကံစမ်းရန် လူဆန်း ဆုံးဖြတ်လိုက်သည်။ ဖဲဝိုင်းတွင် ကံစမ်းရန်မဟုတ်၊ သူ့အဖေရှေ့တွင် အောက်ကျို့၍ လက်ဖြန့်ကံစမ်းရန် ဖြစ်သည်။ သူ့အဖေကျအောင် မည်သို့အကွက်ဆင်မည်ကို ကြိုတင် စဉ်းစားထားသော်လည်း အဖေ့ရှေ့သို့ ရောက်သောအခါ စဉ်းစားလာခဲ့မိသမျှတွေ အကုန်မေ့သွားကာ ရိုင်းရိုင်းစိုင်းစိုင်း ပြောမိသည်။

"ပါပါဟာ သိပ်ကုဋေကုဋာချမ်းသာ နိုင်တာပဲ၊ အမဲရိုးကိုမက်သလို ပိုက်ဆံဆိုယင်..."

တက်စက ငှက်မျက်လုံးလို မျက်လုံးကျဉ်းကျဉ်းကလေးများဖြင့် သူ့ကို စိုက်ကြည့်နေသည်။ မည်သို့မျှမပြော။

"ကျွန်တော် နိုင်ငံခြားကို သွားချင်တယ် ပါပါ၊ ဒီမှာ ကျွန်တော့်အဖို့ ဘာမှ လုပ်စရာမရှိဘူး၊ အမေရိကန်သွားပြီး အလုပ်ရှာရမလားလို့ စိတ်ကူးတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ ပိုက်ဆံတပြားမှ မရှိဘူး၊ အနည်းဆုံး ငါးသောင်းလောက်တော့ လိုချင်တယ်"

တက်စက သမ်းဝေလိုက်သည်။ ထို့နောက် ချက်ချင်းပြောလိုက်၏။

"မက္ကဇင်း စားပွဲရုံကို သွားချည်ရအောင်ကွာ"

ပျော်ပွဲစားရုံတွင် အမြဲလာတတ်သည့် မိန်းမများကို တွေ့ရသည်။ ချောမောသည့် မျက်နှာတွေ။ အေးမြသည့် ခန္ဓာကိုယ်တွေ၊ လှပသည့်

အဝတ်အစားတွေ။ အဖိုးတန်ရေမွှေးတွေ။ တက်စက အသားညိုညို မိန်းကလေးတယောက်ကို သဘောကျသွားသည်။ ကြည့်ရသည်က ကပြားနှင့်တူသည်။ အသားညိုညိုတွင် မျက်လုံးများက ဖြူနေကြသည်။

“ရှယ်ယာလားဟေ့”

တက်စက ခပ်တိုးတိုးမေးသည်။

လူဆန်းက ခေါင်းညိတ်ပြလိုက်သည်။ ထိုစကားတလုံးဖြင့် သူတို့နှစ်ယောက်သည် တခဏချင်းအတွင်း ရင်နှီးသွားကြသည်။ ရဲဘော်တွေလို နီးစပ်သွားကြသည်။ အရက်ကြောင့်လည်း ပို၍ ရင်းနှီးသွားကြသည်။ တက်စသည် သူ့သား ပြောထားသည့် စကားကို အမှတ်ရလာကာ…

“ဘာဖြစ်လို့ နိုင်ငံခြားကို သွားချင်တာလဲ ဆိုစမ်းပါဦး၊ ခုအချိန်ဟာ မင်းအဖို့ အချိန်ကောင်းကွ၊ တို့တွေ တော်လှန်ရေးနဲ့ နီးလာပြီ ထင်တယ်”

“အလကားပါ၊ ဘာတော်လှန်ရေးမှ မဖြစ်ပါဘူး၊ နောက်ဆုံးကျတော့ အစိုးရဝန်ကြီး အပြောင်းအလဲလုပ်တာနဲ့ ပြီးသွားမှာပါ၊ တော်လှန်ရေးဆိုတာ လူထုရှိမှ ဖြစ်တာ ပါပါရ၊ ခု… ဘယ်မှာလဲ လူထု၊ ပြင်သစ်လူထုအကြောင်း ပါပါလဲ သိသားပဲ၊ ကွန်မြူနစ်တွေကတော့ ဘယ်လိုနေမလဲ မသိဘူး”

“ဟုတ်ပြီ၊ ဒါနဲ့ မင်းကကော ကွန်မြူနစ် မဟုတ်လား၊ ဝမ်းသာပါတယ် မောင်ရာ”

“ဘာ ဝမ်းသာစရာရှိသလဲ ပါပါရ၊ ကွန်မြူနစ် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကျွန်တော်ကတော့ ပါပါတို့ လူတန်းစားဆိုယင် သိပ်မုန်းတာ၊ ပါပါတို့ လူတန်းစားကိုတော့ မစေ့စပ်တမ်း တိုက်ရမှာပဲ”

ယနေ့တနေ့လုံး တက်စ ရင်ပူနေသည်။ ဆိုဒါတခွက်ကို သောက်လိုက်ပြီး တိုးတိတ်ညင်သာစွာဖြင့်…

“တော်တော်မိုက်ပါလား လူဆန်း၊ မင်းအသက် သုံးဆယ့်နှစ်နှစ် ရှိပြီကွ၊ ကလေးလို လျှောက်ပြောနေလို့ မဖြစ်ဘူး၊ ပါပါဟာ ဆယ့်ရှစ်နှစ်သားကတည်းက မင်းမဲ့ဝါဒီ ဖြစ်ခဲ့တယ်၊ မင်းထက်စာယင် တော်သေးတယ်လို့ ဆိုရမှာပဲ”

“ပါပါက ကျွန်တော့်ကို အထင်သေးတယ်ပေါ့”

“အထင်သေးတာ မဟုတ်ပါဘူး၊ ပါပါရဲ့ ရွေးကောက်ပွဲအကြောင်း ပြောတုန်းကလဲ မင်း ဘာပြောခဲ့သလဲ၊ အလကားဟာတွေပါတဲ့၊ ဒီလိုသာ အလကားလို့ ပြောတာ၊ ပါပါဟာ တအိမ်သားလုံးကို ထောက်ပံ့ရမယ်ဆိုတဲ့ တောင်းဆိုချက်ကိုတော့ မင်းက အသေကိုင်ထားတယ်၊ ပါပါမှာ မင်းမေမေကိုလဲ ထောက်ပံ့ရတယ်၊ မင်းနဲ့ ဒင်းနိစ်ကိုလဲ လူတန်းစေ့အောင် ထားရတယ်၊ ဒါတွေကိုတော့ မင်းက ထည့်မပြောဘူး၊ ဒါပေမယ့် ပါပါလုပ်တဲ့ အလုပ်ကိုတော့ မင်းက ရှုတ်ချချင်တယ်၊ မင်း ခေါင်းမာဖို့၊ အဖေကို ဆန့်ကျင်ဖို့ ဘယ်သူက ထောက်ပံ့နေရတာလဲ”

“ပါပါက ထောက်ပံ့နေရတာပေါ့”

လူဆန်းက ရယ်လိုက်သည်။

“မင်းက ပါပါတို့ အစိုးရအဖွဲ့ကို မကြိုက်ဘူး ဟုတ်တယ် မဟုတ်လား၊ မင်းတင်မဟုတ်ပါဘူး၊ ဘယ်သူကမှ ပါပါတို့ အစိုးရကို မကြိုက်ဘူး၊ ဒါပေမယ့် ဒီအစိုးရကို မကြိုက်ယင် ဘယ်လိုအစိုးရနဲ့ အစားထိုးမလဲ၊ နောက်တက်လာတဲ့ အစိုးရက ဒီထက် ဆိုးမယ်လို့ မှတ်လိုက်ပါ၊ ဒီမှာ လူဆန်း၊ စုတ်ပြတ်နေတဲ့ အိပ်ရာဟောင်းဟာ ထောင်ထဲက သစ်သားတန်းလျားအသစ်ထက်တော့ ကောင်းတယ်ကွ၊ မင်း သစ်သားတန်းလျားက ဘယ်လောက်ပဲ သစ်သစ် ဒါလောက် မကောင်းနိုင်ဘူး မှတ်ပါ၊ မင်း အခု ပါပါတို့ လူတန်းစား၊ ပါပါတို့ ကမ္ဘာလောကလို့ ပြောသွားတယ်။ ဒီလူတန်းစားထဲမှာ၊ ဒီကမ္ဘာလောကထဲမှာ ဘယ်သူ ပျော်မွေ့နေသလဲ၊ မင်းပဲ မဟုတ်ဘူးလား၊ မင်းကော မပျော်မွေ့ဘူးလား၊ မင်းမှာ စာရေးကောင်းတဲ့ အရည်အချင်းတွေ ရှိပါတယ်၊ ဒါပေမယ့် မင်းအရည်အချင်းကောင်းတွေကို မဟုတ်တဲ့ နေရာမှာ သွားသုံးနေတယ်၊ ပါပါတို့ လူ့အဖွဲ့အစည်းကြီးကို အတွင်းကနေဝင်ပြီး တိုက်နေတယ်၊ မင်း ဒီလိုလုပ်ယင် ကွန်မြူနစ်တွေက မင်းကို ကောင်းချီးသြဘာ ပေးကြမှာပေါ့၊ ဒါပေမယ့် ပါပါ သိပါတယ်၊ မင်းနဲ့ ကွန်မြူနစ်တွေဟာ ဘာသာစကား မတူပါဘူး၊ ဒီလို မတူဘူး ဆိုတာ မင်းကိုယ်တိုင်လဲ ဝန်ခံပြီးသားပဲ၊ ဒီတော့ မင်း တည်တည်တံ့တံ့ အလုပ်တခုကို လုပ်ဖို့ စိတ်ကူးပါ”

"ကျွန်တော် လုပ်သွားပဲ၊ ဒါပေမယ့် ဒါကို ပါပါကမှ သဘောမကျပဲ။ ဘယ့်နှယ်လုပ်မလဲ"

"ဘာဖြစ်ဖြစ် ကောင်းပါတယ်။ လူဆိုတာ အစမှာ ခပ်ကြောင်ကြောင် အလုပ်မျိုးတွေကို လုပ်တတ်ကြတာပဲ၊ ဒါ မဆန်းပါဘူး၊ လာဗယ်ကိုကြည့်၊ စစ်မဖြစ်ခင်တုန်းက သူ ဘာလုပ်သလဲ၊ ကွန်မြူနစ်ပဲ မဟုတ်လား၊ နောင်တော့မှသာ ဖက်ဆစ်ဖြစ်သွားတာ၊ သူပြောလို့တော့ မဟုတ်ပါဘူး၊ ပါပါ့ဘာသာ သိတာပေါ့၊ မင်း ခု နိုင်ငံခြားကို သွားချင်တယ်လို့ ပြောတယ်၊ ကောင်းပါတယ်၊ မဆိုးပါဘူး၊ ဒါပေမယ့် ခုတော့ ပါပါ့မှာ ပိုက်ဆံ တပြားမှ မရှိဘူးကွ၊ ဒက်ဇာပေးထားတဲ့ ပိုက်ဆံကလဲ ရွေးကောက်ပွဲမှာ သုံးပစ်လိုက်ရပြီ၊ နောင်မှာ ဘယ်လိုရှိမယ်လို့ ပါပါ မပြောနိုင်သေးဘူး၊ ဒါပေမယ့် ပါပါ တခုတော့ အကြံပေးနိုင်တယ်၊ စာရေးဆရာဆိုတာ သံတမန်လုပ်ငန်းနဲ့ အကိုက်ဆုံးပဲ။ ကလောဒဲတို့၊ ဂျီရောဒိုးတို့၊ မိုရန်းတို့ ကြည့်ပါလား၊ သူတို့အားလုံးဟာ စာရေးဆရာကနေပြီး သံတမန် ဖြစ်လာကြတာ မဟုတ်ဘူးလား၊ ဒီတော့ မင်းလုပ်ချင်တယ် ဆိုယင်တော့ ပြောပေးမယ်၊ ခု ချက်ချင်း ဖြစ်ရမယ်"

"ဗလွန်းနဲ့ ဗီးလာ့ဒ်ရဲ့ အစိုးရအဖွဲ့ကို ကျွန်တော် ကိုယ်စားပြုရမယ်ပေါ့ ဟုတ်လား"

"ဒါပေါ့ကွ၊ စိတ်ကူးမလွဲစမ်းပါနဲ့ကွာ၊ ဘယ်လောက် ဟန်ကျသလဲ၊ သံတမန်လုပ်ယင်း တဘက်က မင်းရေးချင်တဲ့စာတွေ ရေးနိုင်နေတာပဲ၊ ပိုက်ဆံကြောင့် စိတ်ညစ်ရတာတွေ ဘာတွေလဲ မရှိတော့ဘူး၊ မကောင်းဘူးလား"

လူဆန်းက ဆေးခါးကြီးကို မျိုလိုက်ရသလို မျက်နှာကို ရှုံ့လိုက်သည်။ သည်အလုပ်မျိုးကိုလည်း သူမလုပ်ချင်၊ လောကကြီးတွင် ဘယ်အလုပ်မျိုးကိုမှ သူမကြိုက်။ ဤသည်မှာ သူ့အပြစ်မဟုတ်။ သူ လုပ်ချင်သည်က တော်လှန်ရေး၊ သို့ရာတွင် သူ့ကို မည်သူကမျှ ကောင်းကောင်း နားမလည်ကြ။ ဂျဲနက်ကလည်း သူ့ကို နားမလည်။ မြောက်ဝင်ရိုးစွန်းတွင် လာရင်းဂျေး သေခါနီးတုန်းက "လူဆန်း ကျုပ်တကိုယ်လုံး အေးနေပြီဗျ" ဟု ပြောခဲ့သည့် စကားများကို လူဆန်းအမှတ်ရသည်။ ဟုတ်သည်။ လောကကြီးတခုလုံး အေးနေပြီ။ အေးစက်နေပြီ။ လူမှန်လျှင် တဘက်သားကို လှောင်ပြောင် အထင်သေးတတ်ရမည်။ သို့မဟုတ်လျှင် အဓိပ္ပါယ်မရှိ။ မည်သို့ဆိုစေ အဖေ့ထံ အောက်ကျို့၍

လက်ဖြန့်ခံနေရသည်နှင့်စာလျှင် သံတမန် လုပ်ရသည်က တော်ဦးမည်။ ပတ်ဝန်းကျင်တွင် ရာထူးကလေးရှိလျှင် လူရိုသေ ရှင်ရိုသေ ရှိနိုင်သည်။ သူ့ကို ဝေဖန်ခဲ့သည့် "လျူမန်နီတေး" သတင်းစာက ကွန်မြူနစ်ငနဲတွေပင်လျှင် သူ့ကို တလေးတစား ဆက်ဆံလာကြလိမ့်မည်။ ပိုက်ဆံတော့ ရှိပြီ။ ပျော်ရွှင်မှုကကော။ ပျော်ရွှင်မှုကမူ မရနိုင်တော့ပြီ။ ဂျဲနက်က အန်ဒရေနှင့် တွဲနေပြီ။

"ဟုတ်ပြီလေ၊ ပါပါ့သဘောပေါ့"

လူဆန်းက ခပ်မှုန်မှုန် ပြောလိုက်သည်။

"မင်း သဘောတူမှာပဲလို့ ပါပါထင်ပါတယ်။ ပါပါ့သားပဲကွာ၊ ကဲကွာ ဒါတွေ ထားလိုက်ပါတော့"

တက်စက ချွေးတွေပြန်နေသည့် မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြီးနောက် ခပ်တိုးတိုးဖြင့်...

"မင်း ကပြားမကို တို့စားပွဲကို ခေါ်ကွာ"

နောက်တနေ့တွင် လူဆန်းသည် တနေ့လုံး အခန်းထဲတွင် အောင်းကာ ခေါင်းကိုက်ပျောက်ဆေးပြားများကို စားနေသည်။ သူ့မျက်လုံးများသည် နံရံကို ငေးစိုက်ကြည့်နေကြသည်။ သူ အသက်မရှင်ချင်တော့။

ညစာထမင်းဝိုင်းတွင် တက်စက သူ့ဇနီးကို လှမ်းပြောသည်။

"ဝမ်းသာစရာပဲ အမေကြီးရေ၊ မင်း သားကို ဆလာမန်ကာမှာ ဒုတိယကောင်စစ်ဝန် ခန့်လိုက်ပြီ၊ လူဆန်းရေ ဘယ့်နှယ်လဲ၊ ဟိုရောက်ယင် မင်းတွေ့ချင်တဲ့ တော်လှန်ရေးကို မျက်မြင် တွေ့ရတော့မှာပေါ့ကွ၊ သူများတိုင်းပြည်သွားပြီး သံတမန်တယောက်အနေနဲ့ တော်လှန်ရေးကို ထိုင်ကြည့်ရတာ ဘယ်လောက် ဇိမ်ကျသလဲ၊ ပြီးတော့ စပိန်မတွေကလဲ တော်တော်ချောတယ်လို့ ပြောတယ်"

တက်စက သူ့သမီး ဒင်းနိစ်ကို လှမ်းကြည့်ပြီးနောက် ဆက်မပြောတော့။

"ပါပါလုပ်ပုံကလဲ မြန်လှချည်လား"

"ဗီးလာ့ဒ်ဆီကို ဖုန်းဆက်လိုက်တာပေါ့ကွ၊ ပါပါနဲ့ ပတ်သက်လာယင် သူမလုပ်ပဲ နေလို့ ဘယ်ရမလဲ၊ ဒါတွေက ခက်တဲ့ကိစ္စတွေ မဟုတ်ပါဘူး"

နောက်တနေ့တွင် လူဆန်းနှင့် အန်ဒရေ ပြဇာတ်ရုံများတွင် ပက်ပင်း တိုးမိကြသည်။ အန်ဒရေကို နှုတ်မဆက်ပဲ ရှောင်သွားမည်ဟု စိတ်ကူးသေးသည်။ သို့ရာတွင် အန်ဒရေက လှမ်းခေါ်၏။

"ဘယ်လိုဖြစ်ကုန်တာလဲဗျ၊ လူတိုင်း သပိတ်မှောက်ကြပါလား၊ ပြောစမ်းပါဦး၊ အခြေအနေ ဘယ်လိုတဲ့လဲ၊ ခင်ဗျားကတော့ သိမှာပါ"

"နောက် သုံးရက်လောက်ရှိယင် ကျွန်တော် စပိန်ကို သွားတော့မယ်ဗျ"

"ဗျို့လူ၊ တကယ်လား၊ စပိန်မှာလဲ အခြေအနေတွေ ရှုပ်ထွေးလို့ ဆိုပါလား၊ သတင်းစာတွေထဲမှာ တွေ့လိုက်တယ်"

လူဆန်းက သူ ကောင်စစ်ဝန်ရာထူး ရသည့် အကြောင်းကို ဖွင့်မပြော။ သည်လို ကလေကချေလူမျိုးကို ဘာကြောင့် အရေးလုပ်၍ ပြောနေရဦးမည်နည်း။ လူဆန်းက ဘာမျှမပြောပဲ လက်ကမ်းပေးသည်။

"ဂျဲနက်နဲ့ ခင်ဗျားနဲ့ တွဲတုန်းပဲလား"

အန်ဒရေက အသံတုန်တုန်ဖြင့် မေးသည်။

သူ့အမေးကြောင့် လူဆန်း အံ့သြနေသည်။ သူ ထင်သည့်အတိုင်း မဟုတ်တော့။ ဂျဲနက်သည် အန်ဒရေနှင့် မဟုတ်။ လူဆန်း ဝမ်းသာသွားသည်။ ဟုတ်သည်။ ဂျဲနက်ကို မည်သူမျှ မပိုင်ရ။ မပိုင်စေရ။ သို့ရာတွင် ချက်ချင်း စိတ်ညစ်စရာကို ပြန်တွေးလိုက်မိသည်။ ဂျဲနက်၏ အခန်းတွင် တွေ့ခဲ့ရသည့် တညနေကို သွား၍ အမှတ်ရသည်။ လဲကျနေသည့် ယမင်းရုပ်ကလေး။ ဟာလာဟင်းလင်း ဖြစ်နေသည့် ဂျဲနက်၏ မျက်လုံးများ။ ထို့နောက် အထီးကျန်ဖြစ်မှု၊ ပျော်ရွှင်မှုသည် လက်ထဲမှ ငှက်တကောင်လို ပျံထွက်သွားပြီ။ မကောက်မိလိုက်သည့် ဖဲတချပ်လို ကျန်ရစ်ခဲ့ပြီ။ အန်ဒရေကို စိတ်ပျက်လက်ပျက်ကြည့်၍ နှုတ်ဆက်သည်။

"သွားမယ်ဗျာ၊ ခေါင်းနည်းနည်း ကိုက်နေလို့၊ ဂျဲနက်အကြောင်းတော့ ကျွန်တော်လဲ မသိဘူး၊ တကယ်ပဲ၊ ကျွန်တော် ဘာမှ မသိဘူး"

ဘရီကျူးသည် ငါးနှစ်ရွယ် သားငယ် အိပ်ရာဘေးတွင် ရပ်နေသည်။ ကလေးက ချောင်းဆိုးပြီး မျက်နှာက အဖျားရှိန်ကြောင့် နီရဲနေသည်။ သူ့ဇနီးက အနားတွင် ညည်းညူလျက်။

"ညည်းမနေစမ်းနဲ့ကွာ၊ ခဏနေယင် သက်သာသွားမှာပါ"

"ရေအေးမချိုးနဲ့လို့ ကျွန်မပြောသားပဲ၊ ရေမချိုးခင်တုန်းက ကစားနေတာ၊ တကိုယ်လုံး ချွေးတွေကို ရွှဲလို့"

"ဒါတွေကို ပြောမနေနဲ့တော့လို့ ပြောနေ၊ ကလေးကို အကြမ်းခံနိုင်အောင် လုပ်ပေးရမယ်ကွ၊ နုနေလို့ မဖြစ်ဘူး"

မှောင်စပြုလာပြီ။ သူ့ယောကျ်ား၏ မျက်လုံးများကို မဒမ်ဘရီကျူး မမြင်ရတော့။ သူ့ယောကျ်ားက ခုတင်ဘေးတွင် ရပ်လျက်။ အရပ်မြင့်မြင့်။ ပိန်ပိန်ပါးပါး။ မျက်ရည်များက ချောင်ကျနေသည့် သူ့ပါးပြင်သို့ စီးကျနေကြသည်။

ဘရီကျူးက လောရိန်းနယ်သားဖြစ်ပြီး သူ့မိဘတွေက ဆင်းရဲသည်။ ဘာသာတရား ကိုင်းရှိုင်းကြသည်။ သူ့မြို့နှင့် ဂျာမန်နယ်စပ်သည် ဆယ့်နှစ်မိုင်သာ ဝေး၏။ ပြင်သစ်နယ်စပ်ရှိ ဘဲလဖို့မြို့ကို ဂျာမန်တွေဝိုင်းသည့်အကြောင်းကို ငယ်ငယ်ကတည်းက ကြားဖူးသည်။ ဂျာမန်အရာရှိတချို့ ရက်စက်ကြမ်းကြုတ်ကြောင်း၊ သူတို့နယ်ကလေး ဂျာမန်တို့လက်သို့ ကျသွားကြောင်းတို့ကို ငယ်စဉ်ကတည်းက ကြားဖူးသည်။ လက်စားချေရေးကို ဘုရားစာရွတ်သလို တဖွဖွ ရွတ်ဖတ်သရဇ္ဈာယ်နေသူ ဖြစ်သည်။ ပထမကမ္ဘာစစ်တုန်းက နှစ်ကြိမ် ဒဏ်ရာရခဲ့ဖူးသည်။ မက်ဇီမြို့ကို သိမ်းတုန်းက ရှေ့ဆုံးစစ်ကြောင်းမှ ပါသွားခဲ့သည်။ သည်တုန်းက ပြင်သစ်အလံကို လှမ်းမြင်လိုက်ရသည့် သူ့အဒေါ်တယောက်က မူးမေ့လဲကျသွားသည်ကို သူမှတ်မိနေသည်။ ဘရီကျူး၏ စိတ်ဓာတ်က ပြင်သစ်လူမျိုးတယောက်၏ စိတ်ဓာတ်နှင့်မတူ။ နောက်ပြောင်ကျီစယ်သည်ကို သည်းမခံနိုင်။ အလွမ်းအဆွေးကို မကြိုက်။ ဝိုင်အရက်ကို သောက်လေ့မရှိ။ အသန့်အပြန့် ကြိုက်လိုက်သည်က အလွန်။ သူ့ကြည့်တော့ မျက်နှာထားကြီးနဲ့။ စာကြီးပေကြီးကို ဖတ်ပြီး ပညာတတ်

ဟန်ဆောင်ချင်သည်။ ပါရီက ညှော်ခန်းဆောင်များတွင် သူ့ကို မည်သူကမျှ ပြင်သစ်ဟု မထင်ကြ၊ ဂျာမန်လူမျိုးတယောက်ဟု ထင်ကြသည်။ နိုင်ငံရေးနယ်ထဲသို့ ရောက်လာသည့်အခါတွင် အနည်းငယ် ပျော့ပျောင်းလာသည်။ တက်စလို လူမျိုးနှင့် စကားပြောရသည်ကို နှစ်သက်သည်။ စိတ်ထဲကမူ သူနှင့် လုပ်ဖော်ကိုင်ဖက် လွှတ်တော်အမတ်များကို အထင်သေးသည်။ စက်ဆုပ်သည်။ သူ့အပေါင်းအသင်းများကလည်း စစ်ဗိုလ်လူထွက်တွေ၊ မြေပိုင်ရှင်ကလေးတွေ။ ကျမ်းတတ်စာတတ် ဘာသာရေးပိုင်းက ပုဂ္ဂိုလ်တွေ။ ကမ္ဘာစစ်ကြီး ပြီးသည့်နောက်တွင် ပြင်သစ်ပြည်ကြီးသည် ပြန်လည်တိုးတက်လာလိမ့်မည်ဟု သူ မျှော်လင့်ခဲ့သည်။ သူ့ခေါင်းဆောင် ပွန်ကာရေကလည်း ထိုအတိုင်း ပြောခဲ့သည် မဟုတ်လော။ သို့ရာတွင် နှစ်တွေသာ ကုန်သွားခဲ့သည်။ ပြင်သစ်ပြည်ကြီးကမူ ဘာမျှပြောင်းလဲခြင်း မရှိ။ သူတို့တိုင်းပြည်ကို ဘရွှင်ယန်၊ ဟဲရီးယော့၊ ပိန်လီဗေး စသည့် လူရမ်းကားတွေ တက်၍ အုပ်ချုပ်ခဲ့သည်။ သည်တုန်းကမူ ပြင်သစ်ပြည်ကြီးကို ပျောက်ဆုံးသွားသည့် နိဗ္ဗာန်ဘုံဟုပင် မထင်ခဲ့မိ။ ယခု ဗလွန်းတို့၊ ဗီးလာ့ဒ်တို့ တက်နေပြီ။ သူတို့ကကော ပြင်သစ်ပြည်ကြီးကို ဘယ်စခန်းသို့ ရောက်အောင် ခေါ်မည်နည်း။ လွန်ခဲ့သည့် နှစ်နှစ်လောက်တုန်းကမူ ပြင်သစ်ပြည်ကြီးကို ပြောင်းလဲစေလိုလျှင် အကြမ်းပတမ်းလုပ်မှ ဖြစ်မည်ဟု ဘရီကျူး သဘောပေါက်ခဲ့သည်။ မူဆိုလိုနီ အကြမ်းပတမ်းလုပ်၍ အီတလီပြည်ကြီး နာလန်ထူခဲ့ပြီ မဟုတ်လော။ ဟစ်တလာသည် မတ်ဝါဒကို သံဒလိမ့်ဖြင့် နင်းခြေပစ်ခဲ့ပြီ မဟုတ်လော။ ဘရီကျူးသည် ဖက်ဆစ်လျှို့ဝှက်တပ်ဖွဲ့များကို ကျိတ်၍ဖွဲ့သည်။ တပ်ဖွဲ့တခုလျှင် လူငါးဆယ်ပါသည်။ တပ်ဖွဲ့ဝင်များကို "အမာခံတပ်သား"ဟု အမည်ပေးသည်။ တပ်ဖွဲ့ခေါင်းဆောင်ကို "သံမဏိဗိုလ်"။

ဘရီကျူး၏ နောက်လိုက်များက လူပေါင်းစုံ။ စိတ်ကူးယဉ်သူတွေလည်း ပါသည်။ လူမိုက်တွေလည်း ပါသည်။ ကြီးပွားလိုသည့် စွန့်စားရေးသမားများလည်း ပါသည်။ လက်စားချေလိုသူများလည်း ပါသည်။ လူချမ်းသာများအမြင်၌ ဘရီကျူးသည် သူတို့အကျိုးစီးပွားကို အကာအကွယ်ပေးနေသူ ဖြစ်သည်။ ဆိုင်ရှင်များနှင့် လက်မှုပညာသည်များက ဘရီကျူးသည် သူတို့ကို စီးပွားပျက်ကပ်မှ ကယ်တင်ပေးလိမ့်မည်ဟု ယူဆကြသည်။ ပွဲစားကလေးများ၊ စာရေးစာချီများနှင့် သတင်းထောက်များသည် ဘရီကျူး၏ အကူအညီဖြင့် သူတို့လောကသစ်ကြီးကို တည်ဆောက်ရန် အိပ်မက် မက်နေကြသည်။

ဘရီကျူး၏ အမာခံတပ်သား မဖြစ်ချင်သူဟူ၍ မရှိ။ "ဗာဆေး" ပျော်ပွဲစားရုံ ပိုင်ရှင်သည် ရာထူးဂုဏ်ထူးကို အထင်ကြီးသူ ဖြစ်သည်။ ထို့ကြောင့် ဘရီကျူး၏ အဖွဲ့သို့ ဝင်သည်။ သူအဖို့ လူ့ဘဝဟူသည် ဖောက်သည်၊ စားပွဲထိုး၊ ဝိုင်ပုလင်းနှင့် အရက်ခွက်တို့သာ ဖြစ်သည်။ ထိုအရာများရှိလျှင် သူ့အဖို့ ဘဝ၏ အဓိပ္ပါယ်သည် ပြည့်စုံပြီ။ ဖလိုရီသည် ကာလသားရောဂါကု ပါရဂူ ဖြစ်သည်။ ရေဝတီဆရာဝန်များကြောင့် သူ့တွင် လူနာတွေ လျော့သွားသည်ဟု ယူဆသည်။ သူတို့ကြောင့် သူရှားပါးရသည်ဟု ထင်သည်။ ထို့ကြောင့် ရေဝတီများကို မုန်း၏။ ဘရီကျူးက ပြင်သစ်မြေပေါ်တွင် ရေဝတီဆရာဝန် တယောက်မျှ မရှိစေရ၊ ရေဝတီတွေ မျိုးပြုတ်အောင် လုပ်မည်ဆိုသည့်အခါတွင် အကြီးအကျယ် သဘောခွေ့ကာ ဘရီကျူးကို ထောက်ခံခဲ့လေသည်။ စက်ပိုင်ရှင်ကြီးတဦး၏ သားဖြစ်သည့် ဘွန်ဘာ့သည် ပြင်သစ်ပြည်ကြီးကို ယခင်ဂုဏ်သိက္ခာမျိုးဖြင့် ခန့်ညားထည်ဝါစေချင်သည်။ ဤစိတ်ဓာတ်ကြောင့် သူသည် သံအမတ်ရာထူးကို ရသွားခဲ့သည်။ ငွေအလွဲသုံးစားမှုကြောင့် ထောက်လှမ်းရေးအဖွဲ့မှ အထုတ်ခံခဲ့ရသည့် ဒီးနက်သည် ဘရီကျူးကို ဆရာတင်၏။ မတရားသက်သက် အလုပ်ဖြုတ်ခြင်း ခံခဲ့ရခြင်း ဖြစ်သည်ဟု ထင်နေသည်။ သူသည် ပြင်သစ်လွှတ်တော်ကြီး ပြိုကွဲသွားစေချင်သည်။ သူ့ကို အလုပ်မှ ဖြုတ်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်း ဟဲရီးယော့ကို ကြိုးပေးသတ်စေချင်သည်။ လက်ထဲတွင် ကြာပွတ်ကလေးတကိုင်ကိုင်နှင့် လမ်းသလားတတ်သည့် ပြိုင်မြင်းမွေးသူ ဂရီးမော့သည် အသားအရောင်ကွဲသည့် မိန်းကလေးများကို မုန်းသည်။ စက်မှုထွန်းကားသည်ကို စက်ဆုပ်သည်။ အမာခံတပ်သား ဖြစ်ရသည်ကို ဂုဏ်ယူသည်။ ပန်းကန်ဆိုင်ပိုင်ရှင် ဂိုးဒက်က သူ့ပစ္စည်းတွေ ကွန်မြူနစ်တို့ သိမ်းမည်ကို ကြောက်သည်။ ထို့ကြောင့် ဘဏ်တွင် သူထားသည့်ငွေများကို ထုတ်ပြီး ကိုယ့်ဘာသာကိုယ် သိမ်းထားသည်။ သူ့ကိုယ်လုံးကိုယ်ထည်က တောင့်တောင့်၊ ပါးက နီနီ။ မနက်တိုင်း ကျန်းမာရေးကျင့်ကာ တိုက်စရာရှိလျှင် တိုက်ဖို့ အသင့်ပြင်ထားသည်။ မြေအောက်ဘူတာရုံ အလုပ်သမားတဦးဖြစ်သည့် အော်ဗရီမှာ အရုပ်ဆိုးဆိုး၊ မွဲလိုက်သည်ကလည်း ဘုန်းကြီးကျောင်းက ကြွက်စုတ်လို စုတ်ပြတ်နေသည်။ မိန်းကလေးတယောက်က သူ့ကို ပစ်ပြေးဖူးသည်ဟု ပြောကြသည်။ အော်ဗရီသည် လူတွေကို မုန်းသည်။ သို့ရာတွင် ဘရီကျူးကိုတော့ ကြည်ညိုသည်။ "ပြင်သစ်ပြည်ကြီးကို ကယ်တင်မယ့်သူဆိုလို့ သူတယောက်ပဲ ရှိတယ်" ဟု ပြောတတ်သည်။

"အမာခံတပ်သားများ"ထဲတွင် ပုလိပ်တွေလည်း ပါသည်။ ဘရီကျူး၏ အဖွဲ့သည် လျှို့ဝှက်အဖွဲ့ ဆိုသော်လည်း သူ့အဖွဲ့သည် ပုလိပ်မင်းကြီးအဖို့ လျှို့ဝှက်ချက်မဟုတ်။ သို့ရာတွင် အာဏာပိုင်များသည် မသိယောင်ပြုနေကြသည်။ ဘရီကျူးသည် သူ့အဖွဲ့ကို နောက်ကွယ်တွင်ထားပြီး နယ်များတွင် အားကစားအသင်းများ၊ ချစ်ကြည်ရေးအသင်းများဖြင့် ဗန်းပြထားသည်။ သူ့လုပ်ငန်းအတွက် ငွေလိုသည်။ အရင်းရှင်ကြီးများထံ တောင်းသော်လည်း မပေးကြ။ ဘရီကျူးသည် ဝါဒဖြန့်ခြင်းထက် လက်နက်ကို ပို၍ ယုံကြည်သူဖြစ်၏။ သူလုပ်ပုံက ရဲတင်းလွန်းသဖြင့် သူ့ကို လူတွေ ကြောက်ကြသည်။ လွန်ခဲ့သည့်ရက်များအတွင်းက ဖြစ်ပွားခဲ့သည့် အရေးအခင်းများကြောင့် ဘရီကျူး အကွက်ကောင်း ရသွားသည်။ အရင်းရှင်ကြီးများသည် တလုံးပြီးတလုံး ပေါ်ပေါက်လာသည့် သပိတ်များကို လန့်ဖျပ်ကာ ဘရီကျူးကို အကူအညီ တောင်းကြသည်။

ဘရီကျူးသည် အိပ်ရာပေါ်တွင် လဲနေသည့် ကလေးအတွက် ဆုတောင်းပြီးနောက် "မက်ဇီမြို့သားအသင်းတိုက်"သို့ ထွက်လာခဲ့သည်။ ဗိုလ်ချုပ်ပီးကာ့နှင့် ချိန်းထားသည် မဟုတ်လော။ မဟာရိပ်သာလမ်းမကြီးတလျှောက် ဆိုင်များမှ မှန်ပြတင်းများတွင် မီးရောင်တွေ ထိန်နေသည်။ သပိတ်မှောက်အလုပ်သမားများ၏ ပိုစတာများကို မြင်ရ၏။ ဖဲကြိုးအနီတွေ ရစ်လျက်။ မိန်းကလေးများက သပိတ်မှောက် အလုပ်သမားများ၏ ကလေးများအတွက် သေတ္တာကလေးများဖြင့် ရန်ပုံငွေကောက်နေကြသည်။ လမ်းသွားလမ်းအချို့က မျက်မှောင်ကုပ်ကြည့်ပြီး ခပ်သုတ်သုတ် ဖြတ်သွားကြသည်။ အချို့က ပိုက်ဆံပစ်ထည့်ပေးသွားကြ၏။ မိန်းကလေးတယောက်က ဘရီကျူးရှေ့သို့ ရောက်လာကာ အလှူခံသေတ္တာကို ထိုးခံသည်။

"မင်းကို အလှူခံဖို့ ဘယ်သူ သင်ပေးလိုက်တာလဲ"

ဘရီကျူးက မျက်နှာထားကြီးဖြင့် မေး၏။

ဗိုလ်ချုပ်ပီးကာ့က သူ့ကို စောင့်နေသည်။ ခပ်ပိန်ပိန်။ အသက်က ခြောက်ဆယ့်ငါးနှစ်ရှိပြီ။ မြင်းတပ်ဗိုလ် လုပ်ခဲ့ဖူးသဖြင့် ခြေထောက်က ခွင်နေသည်။ ရင်ဘတ်တွင် ရွှေတံဆိပ်တွေကို ချိတ်ထားပြီး မျက်နှာတွင် အထင်သေးသည့်အပြုံးကို ဆင်ထား၏။ ဗိုလ်ချုပ်ပီးကာ့မှာ မည်သူ့ကိုမျှ

အကောင်းမထင်သူ။ ဝန်ကြီးချုပ်ဟောင်းများဖြစ်သည့် ဒလာဒီးယားကိုလည်း မုန်းသည်။ ဗိုလ်ချုပ်ဂိန်မလင်ကိုလည်း မုန်းသည်။ အင်္ဂလန်ပြည့်ရှင်နှင့် မိဖုရားကိုလည်း မုန်းသည်။ ဇာတ်သဘင်၊ သတင်းစာနှင့် ရွေးကောက်ပွဲများကိုလည်း မုန်းသည်။ သူယုံသည့်လူဆို၍ တယောက်သာရှိ၏။ ယင်းမှာ ဘာရီကျူး ဖြစ်သည်။ ပြင်သစ်ပြည်နှင့် ပြင်သစ်တပ်မတော်ကြီးကို ကယ်တင်နိုင်မည့်သူဆို၍ ဘာရီကျူး တယောက်သာ ရှိသည်ဟု ထင်သည်။

"ဘယ်လိုလဲ ဗိုလ်ချုပ်၊ အခြေအနေ ဘယ့်နှယ်လဲ" ဘာရီကျူးက မေးသည်။

"အလကားကောင်တွေ၊ လူကြောက်တွေ၊ ခုဝန်ကြီးချုပ် ဗလွန်းက စစ်ဦးစီးဌာန အဖွဲ့ဝင်တွေကို ဖြုတ်မှာကို လန့်နေကြတယ်"

"တပ်တွေကကော ဘယ်လိုလဲ၊ ကျေနပ်ကြသလား"

"တပ်တွေရဲ့ အခြေအနေကတော့ သိပ်မကောင်းလှဘူး၊ ကွန်မြူနစ်တွေက တပ်တွေထဲမှာ ဝင်ပြီး စည်းရုံးနေကြတယ်။ တပ်က အလွန်ဆုံးလုပ်ယင် ကြားနေမှာပဲ၊ ဒါပေမယ့် ကိုလိုနီတွေမှာ ချထားတဲ့ တပ်တွေတော့ မပါသေးဘူး၊ စကားမစပ် ပြောလိုက်ရဦးမယ်၊ မော်ရိုကိုမှာ ချထားတဲ့ တပ်ရင်းနှစ်ရင်းကိုတော့ ကျုပ်ရွှေ့ပစ်လိုက်ပြီဗျ"

"ဒီတပ်တွေလောက်ကိုချည်း အားကိုးနေလို့တော့ မရဘူးဗျ။ ကျွန်တော့်ကိုယ်ပိုင် 'အမာခံ'တွေ ရှိသေးတယ်၊ ဖြစ်နိုင်ချက် နှစ်ခုလောက် ရှိတယ်၊ တခုက ဗိုလ်ချုပ်က ကျွန်တော်တို့ကို လက်နက် ဘယ်လောက်ပေးနိုင်မလဲ၊ ဒါမှမဟုတ် ကျွန်တော်တို့ဘာသာ တခြားက ရှာရမလား"

"ဘယ်သူ့ဆီကလဲ"

ဘာရီကျူးက သူ့ကို စိုက်ကြည့်လိုက်၏။

"ဘယ်သူ့ဆီကဆိုတာ အရေးမကြီးပါဘူး၊ 'ဘာလုပ်မလဲ' ဆိုတာက အရေးကြီးတာပါ၊ ရိုင်ဖယ်ခြောက်ထောင်ရယ်၊ စက်သေနတ်လေးရာရယ်၊ ခဲယမ်းမီးကျောက်တွေရယ် ရမယ်၊ ဒပ်ဆယ်လ်ဒေါ့က ရမယ်၊ ဘာစည်းကမ်းမှ

မပါဘူး၊ ကျွန်တော်တို့ အလုပ်ကို ကျွန်တော်တို့ လုပ်သွားရုံပဲ”

ပီးကာ့က အတန်ကြာတွေးနေသည်။

“အင်း မဆိုးပါဘူး၊ ဒီလိုကိစ္စမျိုးလုပ်ယင် ကျုပ်လိုချင်တာကတော့ မောင်းပြန်ရိုင်ဖယ်တွေကို လိုချင်တယ်ဗျ၊ ဒါမှ ကောင်းတာ၊ အေးလေ မရယင်တော့လဲ ရတာကို ယူရမှာပေါ့၊ အရိုးများသော ချေးခါးသော ဘယ်လုပ်နေနိုင်မှာလဲ၊ ကျုပ်လဲ တခြားက ရှာကြည့်ဦးမယ်လေ”

ပီးကာ့က အတန်ကြာတွေးနေသည်။

“အရေးကြီးတာက အစိုးရ သိက္ခာကျအောင် အလျှင်လုပ်ရမယ်ဗျ။ ဒီတော့ ဟိုနားနည်းနည်း ဒီနားနည်းနည်း ဆူပူမှုကလေးတွေ၊ ရန်းရင်းဆန်ခတ်မှုကလေးတွေ ဖြစ်အောင် လုပ်ပေးရမယ်၊ အလုပ်သမားတွေက စက်ရုံတွေကို သိမ်းတာနဲ့ ပတ်သက်လို့ ဗီးလာ့ဒ်က ဒါကို တရားဝင်အောင် လုပ်ပေးချင်ပုံရတယ်၊ ဒီတော့ ကျွန်တော်တို့က သူ့မိန့်ခွန်းကို နည်းနည်းသွေးစွန်းအောင် လုပ်ပေးဖို့ လိုတယ်”

သူတို့နှစ်ယောက်သည် အတန်ကြာမျှ စကားပြောနေကြသည်။ မီးခပ်မှိန်မှိန် ထွန်းထားသည့် တဘက်ခန်းထဲတွင် “သံမဏိဗိုလ်” ဂရစ္စနက်သည် သူတို့ခေါင်းဆောင်ကြီး ဘာရီကျူးကို စောင့်လျက်ရှိ၏။ ဂရစ္စနက်သည် သမ်းလိုက်ပြီးနောက် သူ့လက်သည်းများကို တံစဉ်းဖြင့် တိုက်နေလေသည်။ ဂရစ္စနက်သည် တခါတုန်းက ယဉ်ကျေးမှုဇာတ်သဘင်အဖွဲ့ ပျက်သွားအောင် ဇာတ်ကနေတုန်း ဇာတ်ရုံထဲတွင် ဆူဆူညံညံ လုပ်ခဲ့ဖူးသည်။ ဘာရီကျူးကို အသေအလဲ ကြည်ညိုသည်။ သူသည် မိဘမဲ့ဂေဟာတွင် ကြီးပြင်းလာခဲ့သည့် မိဘမဲ့တယောက်ဖြစ်၏။ မှန်အရောင်းကိုယ်စားလှယ်တယောက်အဖြစ် နယ်တကာ ရောက်ဖူးသည်။ သူဝတ်သည့်အင်္ကျီက စုတ်ပြတ်ပြတ်။ သို့ရာတွင် ထိုအင်္ကျီမျိုးနှင့် လိုက်အောင် မည်သည့်လည်စည်းမျိုးကို တပ်မည်ဆိုသည့် ကိစ္စမျိုးလောက်ကိုမျှ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်။ သည်ကိစ္စကလေးမျိုးလောက်ကိုပင် နာရီပေါင်းများစွာ စဉ်းစားရလောက်အောင် စိတ်ဓာတ်ပျော့ညံ့သူ ဖြစ်သည်။ အရုပ်ဆိုးလိုက်သည်မှာလည်း ပြောစရာမရှိတော့။ သို့ရာတွင် ကြိုက်တော့ ချောပေ့လှပေ့ ဆိုသည့် မိန်းကလေးမျိုးကိုမှ ကြိုက်တတ်သည်။

စကားပြောလျှင်လည်း အော်ကျယ်ဟစ်ကျယ်။ ပြောလိုက်လျှင်လည်း ကိုးရိုးကားရား။ ထိုသူသည် အမာခံတပ်တတပ်တွင် "သံမဏိဗိုလ်" ဖြစ်လာသည်။ ဘရီကျူးက သူ့ကို စစ်တပ်နှင့် ပတ်သက်သည့် သတင်းများကို ထောက်လှမ်းရန် တာဝန်ပေးထား၏။

"သန်ဘက်ခါကျယင် မင်းတို့အမာခံတပ် 'ဆိန်း' စက်ရုံက သပိတ်စခန်းကို သွားရမယ်" ဘရီကျူးက ပြော၏။ "အလုပ်လက်မဲ့ အလုပ်သမားတွေ ဟန်ဆောင်သွားရမယ်၊ သပိတ်သမားတွေအလစ်မှာ ဂိတ်ကြီးအနားကို ရောက်အောင်ဝင်ရမယ်။ ဟိုရောက်ယင် သပိတ်တားနေတဲ့ကောင်တွေနဲ့ ရန်ဖြစ်၊ ကိုယ်က ဆွပြီးပေး၊ သူတို့က ရန်မဖြစ်ဘူး ငြိမ်ခံနေတယ်ဆိုယင် သေနတ်နဲ့ပစ်၊ အရေးရှိယင် ထိန်းသိမ်းနိုင်အောင် ပုလိပ်တွေကို မင်းတို့အနားမှာ ချထားဖို့ ငါစီစဉ်ပြီးပြီ၊ တကယ်ချဖို့ လိုတယ်နော်၊ ဟန်ဆောင်ချရမှာ မဟုတ်ဘူး၊ နားလည်ရဲ့လား၊ မင်းတို့ 'အမာခံ'တပ်တွေကို ခရစ်ယာန်အလုပ်သမားသမဂ္ဂ မှတ်ပုံတင်တွေ ရအောင် ငါလုပ်ပေးမယ်၊ အဲဒီမှတ်ပုံတင်တွေကို ကိုင်သွား၊ ဒီအစီအစဉ်ကို ဘယ်သူမှ မသိစေနဲ့၊ မင်းမှာ သားသမီး မရှိဘူး၊ ဒါကြောင့် ဒီလုပ်ငန်းမှာ မင်းကို ရွေးတာ"

"ပေးထားတဲ့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပါမယ် ခေါင်းဆောင်ကြီး"

ဂရစ္စနက်က သူ့လက်ရုံးကို ဆန့်၍ ပြောပြီး လှည့်ထွက်မည်အပြုတွင် ဘရီကျူးက သူ့ကိုဖက်ပြီး ကျေးဇူးတင်စကား ဆိုသည်။

မနက်နှစ်နာရီ ထိုးသည့်အခါတွင် ဘရီကျူး အိမ်သို့ ပြန်လာခဲ့သည်။ သူ့မိန်းမက အိမ်ရှေ့မှ ဆီးကြိုသည်။ "သားလေးရောဂါကတော့ အဆုတ်အအေးမိတာတဲ့" ဟု ဆီးပြော၏။

ဘရီကျူး မိုးထိန်ထိန်လင်းသည်အထိ သားငယ်၏ ခုတင်ဘေးတွင် ထိုင်နေသည်။ မနက်လင်းသည့် နောက်ပိုင်းတွင် ဘရီကျူးသည် တနေ့လုံး အလုပ်များနေသည်။ ဒက်ဇာကို တွေ့ရန် ကြိုးစားသေးသည်။ သပိတ်မှောက်အလုပ်သမားများနေရာတွင် အလုပ်သမား အသစ်များကို ခန့်မည်ဟု "ဆိန်း"စက်ရုံ အုပ်ချုပ်ရေးအဖွဲ့က ကြေငြာလျှင် သူ့အဖို့ လုပ်ရကိုင်ရ လွယ်ကူမည်။

သို့ရာတွင် ဒက်ဇာက သူ့ကို အတွေ့မခံ။ တရားမဝင်သည့် အကြမ်းပတမ်းနည်းတွေ သုံးလာမည်ကို ဒက်ဇာ စိုးရိမ်သည်။ ဘရီကျူးသည် ပုလိပ်မင်းကြီးကို သွား၍ ဆွေးနွေးသည်။ ပုလိပ်တပ်များကို စက်ရုံအနီး သင်္ဘောဆိပ်တွင် ချထားပေးမည်ဟု ပုလိပ်မင်းကြီးက ကတိပေးလိုက်သည်။ ရုန်းရင်းဆန်ခတ် ဖြစ်လျှင် ပုလိပ်တို့ ကြားဝင်လာလိမ့်မည်။ ညနေပိုင်းတွင် ဘရီကျူးသည် ဂရစ္စနက်နှင့် တွေ့ပြီး ဆွေးနွေးသေးသည်။ အသေးစိတ်စီမံကိန်းကို ပြောပြသည်။ ထို့နောက် သားငယ်၏ ခုတင်ဘေးတွင် ထိုင်နေလေသည်။ ကလေးအခြေအနေမှာလည်း မျှော်လင့်စရာ မရှိတော့ဟု ဆရာဝန်က ပြော၏။ သို့ရာတွင် ဘရီကျူးသည် ဘုရားကို ယုံသည်။ ဘရီကျူးသည် ပါးစပ်က တလှုပ်လှုပ်ဖြင့် ဘုရားစာ ရွတ်နေလေသည်။

နွေလယ် မနက်ခင်းက သာသာယာယာ။ ပန်းခြံများထဲတွင် ငှက်တို့က တေးသီလျက်။ ပါရီမြို့၏ အသံဗလံများသည် ကျေးငှက်တို့၏ အသံများကို မလွှမ်းနိုင်သေး။ တခါတရံတွင် ကုန်စိမ်းကားကြီးသည် တဝေါဝေါမြည်၍ ဖြတ်သွားကြသည်။ ပေါင်မုန့်သည်များက ပေါင်မုန့်ဗန်းများဖြင့် မုန့်ရောင်းထွက်ကုန်ကြပြီ။ လတ်လတ်ဆတ်ဆတ် ဖုတ်ပြီးသား ပေါင်မုန့်နံ့သည် လေထဲတွင် ခိုနားလျက်ရှိ၏။ မုန်ပြတင်းများတွင် နှင်းဆီရိပ် ပြေးစပြုပြီ။ ဘရီကျူး၏ “အမာခံ”တပ်သားများသည် ယာဗေလီတံတားအနီးသို့ တယောက်ပြီးတယောက် ရောက်လာကြသည်။ ဂရစ္စနက်က လူစစ်သည်။ လေးယောက် ပေါ်မလာကြ။ အားလုံးပေါင်း လေးဆယ့်ခြောက်ယောက် ရှိသည်။ အစုကလေးများခွဲ၍ စက်ရုံဘက်သို့ တနေရာစီမှ ချဉ်းကပ်လာကြ၏။

သပိတ်မှောက်၍ ဆယ့်တရက်မြောက်သည့် ထိုနေ့နံနက်တွင် စက်ရုံဝင်းထဲ၌ အေးချမ်းငြိမ်သက်လျက်ရှိ၏။ ကင်းများကိုလည်း လဲပြီးပြီ။ မနေ့ညက မစ်ရှော ကောင်းကောင်း အိပ်ရသည်။ အိပ်ရာမှ ထပြီးနောက် မျက်နှာသစ်ယင်း သူ့မျက်နှာကို ဆပ်ပြာမြှုပ်တွေထဲသို့ နှစ်ထားလိုက်သည်။ ဗဟိုဂိတ်အနီး၌မူ ဂျင်းနော့သည် ပဒေသာပြဇာတ်တုန်းက သီချင်းတပုဒ်ကို ဆိုနေသည်။ ပီယာသည် အိပ်ရာမှ ထပြီးနောက် ပေါင်မုန့်တချပ်ကို ဝါးနေသည်။ ဘာကြောင့်မှန်းမသိ။ “လင်းစအရုဏ်၊ ကြယ်မှုန်မှုန် ဖျော့ဖျော့” ဆိုသည့် ဗာလိန်း၏ ကဗျာတပိုင်းတစကို သွား၍ သတိရနေသည်။ သို့ရာတွင် နေက တော်တော်မြင့်နေပြီ။ အချို့ အလုပ်သမား အဘိုးကြီးများကမူ “ဆယ့်တရက်ထဲ ရောက်နေပြီ၊ ဘယ်တော့များ သပိတ်က ပြီးမှာပါလိမ့်” ဟု စိတ်ပျက်လက်ပျက်

တွေးနေကြသည်။ စက်ရုံဝင်းကို အစိုးရက အတင်းအကျပ် ရှင်းပစ်လိမ့်မည်ဟု ကောလာဟလတွေ ဖြစ်နေသည်။ "အဓိပ္ပါယ်မရှိတာဗျာ" ဟု မစ်ရှောက ရယ်၍ ပြော၏။

"ဟော့ ဂျင်းနော့၊ ပဒေသာပြဇာတ်တုန်းက ဟိုမင်းသမီးကြီး လှေကားပေါ်က ဆင်းလာတဲ့ပုံ လုပ်ပြပါဦး"

ဂျင်းနော့က ငယ်ချင်ယောင်ဆောင်သည့် အဘွားအိုကြီးတဦး၏ ဟန်ပေါက်အောင် မျက်နှာကို တမင်လုပ်ထားလိုက်၏။ သူ့မျက်နှာသည် ရယ်စရာကောင်းနေသည်။ ထို့နောက် သူ့ဘောင်းဘီကို မိန်းမတွေ ဂါဝန်မသလို လက်ဖျားဖြင့် ရွရွကလေး ကိုင်လိုက်၏။ မီးသတ်ကြောင်လိမ်လှေကားလေးပေါ်မှ ခြေဖျားကလေးထောက်၍ ဟန်ပါပါ ဆင်းလာသည်။ သို့ရာတွင် ဆုံးအောင် မလုပ်လိုက်ရ။

"ဟော့... ဂိတ်ပြင်ဘက်က ဘယ်သူလဲ"

ဂျင်းနော့က နားစွင့်၍ ရုတ်တရက် မေးလိုက်သည်။ ဂိတ်အပြင်ဘက်တွင် လူစုစုကို တွေ့လိုက်ရသည်။

"ဂိတ်ဖွင့်စမ်းပါ"

"မဖွင့်နိုင်ဘူး၊ ဘာကိစ္စလဲ၊ ဟော့လူတွေ လာမရှုပ်နဲ့နော်"

"ဟော့ဖွင့်ကွ အနီတွေ၊ လူလိမ်တွေ"

"ဟော့... ခြေထောက်မည်းတွေ၊ ဖက်ဆစ်တွေ၊ ဘာလာရှုပ်တာလဲ၊ အနားမကပ်နဲ့နော်၊ ကတ္တရာစေးနဲ့ လောင်းပစ်မယ်"

ဂျင်းနော့ကလည်း အညံ့မခံ ပြန်၍ အော်သည်။

စက်ရုံဂိတ်ဝတွင် အော်သံတွေဖြင့် ဆူညံနေသည်။ ဘာတွေကို အော်နေမှန်း မသဲကွဲ။ ဂရစ္စနက်က အကဲဆုံး။ အလုပ်သမားတွေဆီသို့ ပြေးလာကာ တစုံတရာကို အော်ပြောနေသည်။ သူ့မျက်နှာက ရှုံ့မဲ့လျက်။ သာမန်လူနှင့် မတူ။ ဝက်ရူးပြန်သူတယောက်နှင့် တူနေသည်။ မစ်ရှောက သူ့ရဲဘော်များကို သည်းခံဖို့၊

ရန်တုံ့ပြန်ခြင်း မရှိဖို့ ဖျောင်းဖျသည်။ သို့ရာတွင် ဖက်ဆစ်တို့ စော်ကားလွန်းသဖြင့် အလုပ်သမားများ ဒေါသထွက်နေကြပြီ။

ရန်သူသည် သူတို့ကို နှောင့်ယှက်ဖျက်ဆီးလိမ့်မည်ဟု မစ်ရှော မျှော်လင့်ပြီးသား။ ထို့ကြောင့် ဂိတ်အနီးတွင် မီးသတ်ပိုက်များဖြင့် ရဲဘော်များကို တာဝန်ချထားခြင်း ဖြစ်သည်။ အရေးအကြီးဆုံးမှာ ရုန်းရင်းဆန်ခတ် မဖြစ်ဖို့၊ ပဋိပက္ခ မဖြစ်ဖို့ ဖြစ်သည်။ ဂရစ္စနက်တို့ တသိုက်ကို မြင်သည့်အခါတွင် မစ်ရှော ရယ်မိသည်။ သူတို့က စုစုပေါင်း လူငါးဆယ်လောက်သာ ရှိမည်။ သည်မျှလောက်ကိုမူ သူတို့ရဲဘော်တွေ ကြွေးကြော်သံ အော်ရုံမျှနှင့် လွင့်ထွက်သွားနိုင်သည်။ မစ်ရှောနည်းတူ အခြားအလုပ်သမားများလည်း အခြေအနေကို တည်ငြိမ်စွာ ရင်ဆိုင်ကြသည်။ ဘရီကျူး၏ "အမာခံ"များက ဂိတ်ကို အတင်းဖွင့်၍ ဝင်ရန် ကြိုးစားကြသည့်တိုင် မအောင်မြင်ကြ။ သပိတ်မှောက် အလုပ်သမားများသည် သူတို့ကို အတတ်နိုင်ဆုံး သည်းခံကြသည်။ ဆဲရေးသည်ကိုပင် နာနာကျည်းကျည်းဖြစ်အောင် ဆဲရေးခြင်း မပြုကြ။ ဂျင်းနော့ကမူ ဂရစ္စနက်ကို ပြောင်၍ပင် နေလိုက်သေးသည်။

"ရဲဘော်တို့၊ ဟိုမှာ ကြည့်ကြစမ်းဟေ့၊ ကြက်ဆင်အိုကြီး၊ ကြက်ဆင်အိုကြီး"

သေနတ်သံတချက် ထွက်လာသည်။ ဂျင်းနော့သည် မြေကြီးပေါ်သို့ လဲကျသွား၏။ မစ်ရှောက ပီယာ့လက်က ခြောက်လုံးပြူးကို မြေကြီးပေါ်သို့ ပုတ်ချလိုက်ပြီးနောက် သူ့အလုပ်သမားများဘက်သို့ လှည့်၍ အော်လိုက်သည်။

"ဟေ့... မပစ်ကြနဲ့၊ မပစ်ကြနဲ့၊ မီးသတ်ပိုက်နဲ့ ပက်"

မီးသတ်ပိုက်ကိုင်သည့် ရဲဘော်များက "အမာခံ"များကို မီးသတ်ပိုက်များဖြင့် ပက်ကြသည်။ အပြင်လူတွေ နောက်သို့ ဆုတ်သွားကြ၏။ ဂရစ္စနက်ကား ဘာမျှမဖြစ်သကဲ့သို့ တယောက်တည်း ကျန်ရစ်ခဲ့သည်။ ထို့နောက် ပုလိပ်များ ပေါ်လာကာ ဂရစ္စနက်လည်း ပျောက်သွားသည်။

မစ်ရှောက ဂျင်းနော့ကို ငုံ့ကြည့်လိုက်သည်။ ဂျင်းနော့မျက်နှာသည် ပြုံးလျက်ရှိ၏။ သို့ရာတွင် ကျောက်ခဲလုံးများပေါ်တွင် သွေးတွေ စီးကျနေသည်။

"ဂျင်းနေ့"

မစ်ရှောက ခေါ်လိုက်သည်။ မယုံနိုင်။ ဤမျှ ပျော်တတ်ရွှင်တတ်သည့် လူငယ်ကလေးတယောက်ဖြစ်သည့် ဂျင်းနေ့ သေပြီ ဆိုသည်ကို မစ်ရှော မယုံနိုင်။

"ဂျင်းနေ့ကို သူတို့ သတ်ပစ်လိုက်ကြပြီ"

မစ်ရှောသည် အခြားရဲဘော်များ၏ မျက်နှာကို လှည့်ကြည့်သည်။ ဂျင်းနေ့ မသေဟု သူ့ကို ပြောလိမ့်မည်လားဟု မျက်နှာများကို လှည့်ကြည့်သည်။ သို့ရာတွင် မည်သူကမျှ မပြောကြ။ အလုပ်သမားများက ဦးထုပ်များကို ချွတ်၍ ရပ်နေကြသည်။ သူ့မျက်လုံးထဲတွင် ဝေနေသည့် နှင်းများကြားမှ ရှုံ့မဲ့နေသည့် ပီယာ၏ မျက်နှာကို မစ်ရှော မြင်ရ၏။

ဂရစ္စနက်သည် မြစ်ထဲကို ခုန်ဆင်းလိုက်ပြီးနောက် တံတားတခုအောက်တွင် ပုန်းနေသည်။ ဒေါသနှင့် အအေးဒဏ်ကြောင့် သူ့တကိုယ်လုံး တုန်လျက်။ "ဘာလုပ်နေတာလဲဗျ။ ရေချိုးနေတာလား" ဟု လူတယောက်က လှမ်းမေးသည်။

ဂရစ္စနက်သည် သူ့ကို ကျိန်ဆဲကာ နေရောင်ထဲတွင် အတန်ကြာ ထိုင်နေသည်။ အဝတ်အစားတွေ ရေစိုလျက်ဖြင့် ပြန်သွား၍ မဖြစ်သေး။ ဂရစ္စနက်သည် ဆံပင်ညှပ်ဆိုင်တဆိုင်သို့ လာခဲ့သည်။ မုတ်ဆိတ်မွေးတွေကို ရိတ်သည်။ တကိုယ်လုံးကို ရေမွှေးဖျန်းသည်။ ဆံပင်ကို ဆံပင်ပိဆေးဖြင့် လိမ်းစေသည်။ သို့တိုင်အောင် ဂရစ္စနက်သည် သူ့ကိုယ်သူ ရုပ်ပြောင်းသွားပြီဟု မထင်သေး။ ထိုင်ခုံပေါ်တွင် ထိုင်ယင်း တရေးတမော ငိုက်နေသည်။ ကတ်ကြေးများ၏ တချွတ်ချွတ်မြည်သံသည် ပန်းခြံတခုထဲမှ ပုစဉ်းရင်ကွဲများ၏ အော်သံနှင့် တူနေသည်။ အခြေအနေကို သတင်းပို့ရန် ဘရီကျူးထံသို့ ရောက်လာသည့်အခါတွင် မနက်ဆယ့်တစ်နာရီ ထိုးနေပြီ။ သူ့ကို စာကြည့်ခန်းထဲ ခေါ်သွားသည်။ ဘရီကျူးသည် လက်ဝါးကပ်တိုင်တခုရှေ့တွင် ဒူးထောက်ဆုတောင်းလျက် ရှိ၏။ သူ့သားငယ်မှာ ဆုံးသွားပြီ။ ဂရစ္စနက်ကို မြင်လိုက်သည့်အခါတွင် မတ်တတ်ရပ်လိုက်သည်။

"ဘယ်နှစ်ယောက် သေခဲ့သလဲ"

“တယောက်ကိုတော့ ကျွန်တော် ပစ်ချခဲ့တယ်”

“တို့ဘက်ကရော”

“တယောက်မှ မထိဘူး ခင်ဗျ၊ သူတို့က မီးသတ်ပိုက်တွေကို သုံးတယ်”

“ဘာ၊ တယောက်မှ မသေဘူး၊ မင်း တော်တော် ရှော်တဲ့ကောင်ပဲကွ၊ သွားပြီ၊ မင်းလုပ်တာနဲ့ အားလုံး ပျက်စီးပြီ”

သူပြောသည့် စကားကို ဂရစ္စနက် နားမလည်။ ဘာရီကျူးကို ပါးစပ်အဟောင်းသားဖြင့် ကြည့်သည်။

“သံမဏိဗိုလ်တယောက်အနေနဲ့ ကျွန်တော့်အမာခံတွေ မသေအောင်လုပ်ဖို့ ဝတ္တရား ရှိပါတယ် ခေါင်းဆောင်ကြီး”

“သွား... အလကားကောင်၊ ဘာသံမဏိဗိုလ်လဲ၊ အလကားကောင်၊ သောက်ရူး”

ဘာရီကျူးသည် ဒူးထောက်၍ ဆုတောင်းနေပြန်သည်။ ဂရစ္စနက်သည် ခန်းမထဲမှ တိတ်ဆိတ်စွာ ထွက်လာခဲ့၏။ အိမ်ဖော်အဘွားကြီးက အခန်းထဲတွင် တံမြက်စည်း လှဲနေသည်။

“ခင်ဗျားတို့ ဆရာကြီးကတော့ တကယ့်ခေါင်းဆောင်ပါဗျာ၊ ကျွန်တော့်ကိုလဲ တွယ်တော့မယ် ထင်ပါရဲ့”

ဂရစ္စနက်က အိမ်ဖော်အဘွားကို လှမ်းပြောလိုက်သည်။

ပါရီသတင်းစာများအားလုံးက ဂျင်းနော့သတ်မှုအကြောင်းကို ဖော်ပြကြသည်။ လက်ဝဲသတင်းစာများက ဂျင်းနော့ သေရသည့်ကိစ္စတွင် ဘရီကျူး၌ တာဝန်ရှိကြောင်း။ ထို့ကြောင့် ဘရီကျူး၏ လျှို့ဝှက်ဖက်ဆစ်အဖွဲ့များကို ပြင်းပြင်းထန်ထန် အရေးယူသင့်ကြောင်း ဆိုကြသည်။ လက်ယာသတင်းစာများကမူ ဂျင်းနော့မှာ သပိတ်လှန်ချင်သည့် အလုပ်သမားဖြစ်ကြောင်း၊ ထို့ကြောင့် ကွန်မြူနစ်များက ဂျင်းနော့ကို သတ်ပစ်လိုက်ခြင်း ဖြစ်ကြောင်းဖြင့် ရေးကြသည်။ လေမာတင် သတင်းစာက ကံဆိုးသည့် အလုပ်သမားလူငယ် ဂျင်းနော့သည် အမေအိုကြီးကို လုပ်ကျွေးနေသည့် လူငယ်ကလေးတယောက် ဖြစ်၏။ ကွန်မြူနစ်များသည် ထိုလူငယ်ကလေးကို သတ်ပစ်လိုက်ကြပြီဟု ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသည်။ ဘဝသစ်သတင်းစာ တစောင်သာလျှင် အဖြစ်အပျက်တခုလုံးကို ခြုံ၍ ရေးသည်။ ဂျိုလီယော့က မည်သူက သတ်သည်ဖြစ်စေ၊ အကြမ်းဖက်မှုကို ကျွန်ုပ်တို့ ရှုတ်ချသည်။ ငြိမ်းချမ်းရေးကို ထိန်းသိမ်းကြရန် ပြင်သစ်ပြည်သူများကို မေတ္တာရပ်ခံအပ်ပေသည်ဟု ရေးလိုက်သည်။ ဂျိုလီယော့ ရေးပုံက စကားကြီး စကားကျယ်တွေ များလွန်းသည်။ လူသတ်မှုအတွက် မည်သူ့ကိုမှလည်း ဝေဖန်ရေးသားခြင်း မရှိ။

နှစ်ရက်အကြာတွင် ဂျင်းနော့သတ်မှုနှင့် ပတ်သက်၍ လွှတ်တော်ထဲတွင် အချေအတင် ဆွေးနွေးကြ၏။ ထိုကိစ္စကို လွှတ်တော်တွင် ဆွေးနွေးရန် တင်ပြလာသူမှာ အခြားမဟုတ်။ ဘရီကျူးကိုယ်တိုင် ဖြစ်သည်။ လွှတ်တော်ထဲတွင် ရန်ပွဲတွေ ဖြစ်တော့မည်ဟု လူတိုင်းက ထင်နေကြသည်။ ဧည့်သည်ခန်းမတွင် လူတွေပြည့်နေသည်။ လွှတ်တော်အစည်းအဝေး မစသေးမီကပင်လျှင် ခန်းမတခုလုံး ဝက်ဝက်ကွဲမျှ ဆူညံနေသည်။ လွှတ်တော်အမတ်များသည် တဦးကိုတဦး ဒေါသတကြီးဖြင့် ဆဲရေးတိုင်းထွာနေကြ၏။ လွှတ်တော်ဥက္ကဋ္ဌ ဟဲရီးယော့သည် စိတ်ပျက်နေသည့် ကျောင်းဆရာတယောက်လို စားပွဲကို ပေတံတချောင်းဖြင့် ခေါက်နေသည်။ ထိုနောက် ခေါင်းလောင်းကို ခပ်ပြင်းပြင်း လှုပ်လိုက်ပြီး ငြိမ်ကြပါ၊ ငြိမ်ကြပါဟု အသံကုန် အော်နေသည်။

လွှတ်တော်ဥက္ကဋ္ဌ၏ သတိပေးသံကြောင့် ခဏငြိမ်သွား၏။ သို့ရာတွင် စကားပြောရန် ဘရီကျူး စင်မြင့်ပေါ်သို့ တက်လာသည့်အခါတွင် လက်ဝဲဘက် ခုံတန်းမှ "လူသတ်သမားကွ၊ လူသတ်သမား" ဟု အော်သံများ ပေါ်လာသည်။

လွှတ်တော်အမတ်များသည် ခုံများကို လက်သီးဖြင့် ထုကာ ပါးစပ်ကလည်း အော်နေကြသည်။ အချင်းချင်း ရန်ဖြစ်တော့မည်ကို သိသဖြင့်

လွှတ်တော်စောင့်များက ထိန်းသိမ်းရန် အသင့်ရပ်နေကြသည်။ လွှတ်တော်ဥက္ကဋ္ဌ ဟဲရီးယေ့သည် လွှတ်တော်အစည်းအဝေး ချောချောမောမော ကျင်းပနိုင်ရန် အစွမ်းကုန် ကြိုးစား၍ ထိန်းသည်။

နောက်ဆုံးတွင် စကားပြောသံ၊ အော်ဟစ်သံတွေ စဲသွားပြီးနောက် ဘာရီကျူး စ၍ စကားပြောသည်။

“ကျွန်တော့်ကို လူသတ်သမားလို့ ခေါ်တာ ဘယ်သူလဲ၊ အပြစ်မဲ့တဲ့ ဒီအလုပ်သမားလေးကို သတ်တဲ့လူဟာ သွေးထွက်သံယိုမှုကို လိုလားတဲ့ ကွန်မြူနစ်တွေသာ ဖြစ်တယ်”

သူ့အသံသည် ဆူပူအော်ဟစ်သံများကြားထဲတွင် နစ်မြုပ်သွား၏။ ဘာရီကျူးကား စကားကို ဆက်ပြောနေလေသည်။ သို့ရာတွင် ကောင်းကောင်း မကြားရ။ တပိုင်းတစကိုသာ ကြားရသည်။ “သနားစရာကောင်းတဲ့ အမေအိုကြီး” “မင်းမဲ့ကာလကြီး” “ဝန်ကြီးချုပ် ဗလွန်းလဲ တိုင်းပြည်ကို မထိန်းနိုင်” “ဗီးလာ့ဒ်ဟာလဲ ကြံရာပါ” စသည့် စကားလုံးများကိုသာ တချက်တချက်တွင် ကြားရ၏။

အစိုးရခုံတန်းဘက်၌ ဗီးလာ့ဒ်သည် စာရွက်တရွက်ပေါ်တွင် လှေ့ရုပ်ကလေးများကို ရေးနေသည်။ ဘာရီကျူး၏ မိန့်ခွန်းကို သူမကြောက်။ စင်စစ် ဘာရီကျူးသည် လွှတ်တော်အမတ်အများစုကို တိုက်ခိုက်နေခြင်း ဖြစ်သည်။ ဗီးလာ့ဒ်အဖို့ အရေးကြီးသည့်ကိစ္စမှာ ဘာရီကျူး မိန့်ခွန်း မဟုတ်။ သပိတ်ကို မည်သည့်နည်းဖြင့် ဖြိုခွဲမည်နည်းဆိုသည့် ပြဿနာဖြစ်သည်။ သူ့ကို ထောက်ခံနေသည့် ရေဒီကယ်အမတ်များကလည်း နောက်က ဖိအားပေးနေပြီ။ အလုပ်သမားများကလည်း ကြံ့ကြံ့ခံနေကြသည်။ အလုပ်ရှင်များဘက်ကလည်း နည်းနည်းလေးမျှ မလျှော့နိုင်။ အလျှော့ပေးဖို့ကိစ္စကို လေသံမျှပင် မကြားလိုကြ။ ဒက်ဇာကမူ မည်သို့ စီစဉ်လေမည် မသိ။

ဩဘာသံ၊ လှောင်ပြောင်သံများ ပေါ်ထွက်လာသည်။ ဘာရီကျူးသည် စာရွက်စာတမ်းများကို ကောက်၍ စင်မြင့်ပေါ်မှ ဆင်းလာ၏။

ဆိုရှယ်လစ်များက သူတို့ကိုယ်စား အစိုးရအဖွဲ့ကို

ထောက်ခံပြောဆိုပေးရန် ရေဒီကယ်အမတ်များနှင့် ညှိထားကြသည်။ သူတို့အစိုးရကို သူတို့ကိုယ်တိုင် ထောက်ခံပြောဆိုသည်ထက် ရေဒီကယ်တို့က ထောက်ခံပြောဆိုပေးလျှင် အစိုးရအနေနှင့် သိက္ခာတက်နိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌက တက်စ စကားပြောရန် ကြေငြာသည့်အခါတွင် လက်ဝဲဘက်မှ သြဘာလက်ခုပ်သံများ ထွက်လာသည်။ လက်ယာကမူ တိတ်ဆိတ်လျက်။ တက်စက လေသံခပ်မှန်မှန်ဖြင့် စ၍ ပြောသည်။ အသက်ငယ်ငယ်နှင့် သေဆုံးသွားရသည့် အလုပ်သမားကလေးအတွက် ဝမ်းနည်းကြောင်း၊ တိုင်းပြည်တွင် ပြည်တွင်းစစ်ဖြစ်အောင် မီးမွှေးပေးနေသူတို့ကို ရှုတ်ချကြောင်း၊ အရေးကြုံလာလျှင် တိုင်းပြည်ကို ကာကွယ်ခဲ့သူများကို ချီးကျူးကြောင်းဖြင့် ပြောဆိုကာ ဗစ်တာဟူးဂိုး၏ စာတပိုဒ်ကို ကိုးကားသွားသည်။ လွှတ်တော်အမတ်များသည် နားမလည်နိုင်ပဲ တယောက်ကို တယောက် လှမ်းကြည့်နေကြသည်။ တက်စက ရုတ်တရက် ဗီးလာ့ဒ်ဘက်သို့ လှည့်လိုက်ပြီး…

"အလုပ်သမားတွေက စက်ရုံတွေကို သိမ်းတာကို သည်းခံနေခြင်းအားဖြင့် အစိုးရဟာ အကြမ်းဖက်မှုကို ထောက်ခံအားပေးနေတာနဲ့ အတူတူဖြစ်တယ်ဆိုတာ ကျွန်တော် ဝမ်းနည်းစွာနဲ့ ပြောလိုပါတယ်၊ လူမှုတရားမျှတမှုကို ထောက်ခံသူတဦး၊ ပြည်သူ့တပ်ဦးရဲ့ ကိုယ်စားလှယ်တဦးအနေနဲ့ ဒီစကားကို ကျွန်တော်ပြောခြင်း ဖြစ်ပါတယ်"

မည်သူမျှ မျှော်လင့်ထားသည့် စကားမဟုတ်။ လွှတ်တော်တခုလုံး ငြိမ်ကျသွားသည်။ ဤတွင် ဘရီကျူးက ထကာ "ဟုတ်တယ်၊ မှန်တယ်" ဟု အသံကုန်အော်လိုက်သည်။ လွှတ်တော်ခန်းမကြီးတခုလုံး သြဘာသံတွေဖြင့် ဟိန်းသွားသည်။ လက်ယာဂိုဏ်း အမတ်အားလုံးနှင့် ရေဒီကယ်အမတ်အချို့က ဝမ်းသာအားရ လက်ခုပ်တီးကြသည်။ လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးကို ထိန်းရန် ကြိုးစားသော်လည်း အချည်းနှီးသာ။ သူတို့၏ သြဘာသံသည် သူတို့အရှုံးကြောင့် ဖြစ်ရသော ဒေါသ၊ ပြည်သူ့တပ်ဦးကို မုန်းသည့် အမုန်း၊ လွန်ခဲ့သည့် အပတ်အတွင်းက ဖြစ်ခဲ့သော အရေးအခင်းတို့ကြောင့် ဖြစ်သော ထိတ်လန့်မှုတို့ကို ဖော်ပြနေကြသည်။ ဗီးလာ့ဒ်၏ မျက်နှာမှာ အိုစာနေပြီ။ ဘရီကျူး၏ စကားကို ရေဒီကယ်အမတ် တဝက်ကျော်လောက်က ထောက်ခံနေကြပြီ။ ပြည်သူ့တပ်ဦး၏ အခြေအနေသည် ဟန်မှ ဟန်ပါတော့မည်လော။ တက်စက အစိုးရအဖွဲ့ကို အယုံအကြည်ရှိကြောင်း

ပြောနေသည်။ သို့ရာတွင် သူ့စကားသည် "ထောက်ကွက်" မျှသာဖြစ်ကြောင်း အမတ်အားလုံးက သိနေကြပြီ။

တက်စ ပြောပြီးလျှင် ကွန်မြူနစ်အမတ်တဦး ထ၍ စကားပြောသည်။ ပါရီမြောက်ပိုင်း မဲဆန္ဒနယ်တနယ်မှ တက်လာသည့် အမတ်ဖြစ်၍ သံရည်ကျိုအလုပ်သမားတယောက် ဖြစ်သည်။ သူ့မျက်နှာပေါ်တွင် ပြာနှမ်းသည့် အကြောကြီးများသည် အထင်းသား ပေါ်နေကြလေသည်။

"ဖက်ဆစ်လူသတ်သမားတွေရဲ့ လှုပ်ရှားမှုတွေကို ရပ်အောင်လုပ်ဖို့ အစိုးရကို ကျွန်တော်တို့ တောင်းဆိုတယ်၊ လွှတ်တော်အမတ် ဘာရီကျူးရဲ့ လှုပ်ရှားမှုများကိုလည်း စုံစမ်းစစ်ဆေးဖို့ ကျွန်တော်တို့ တောင်းဆိုတယ်"

လက်ယာဂိုဏ်းအမတ်များက ဆူဆူပူပူ လုပ်လာကြသည်။ ဘာရီကျူးက လွှတ်တော်ခန်းမထဲမှ ထွက်သွားပြီ ဖြစ်သော်လည်း သူ့မိတ်ဆွေအမတ်များသည် ဆူပူသောင်းကျန်း၍ ကျန်ရစ်ခဲ့ကြသည်။ ဆိုရှယ်လစ်အမတ်များကား ကွန်မြူနစ်အမတ်များနှင့် လက်ယာအမတ်များကြားတွင် သူတို့နှင့် ဘာမျှမဆိုင်သကဲ့သို့ မလှုပ်မယှက် ထိုင်နေကြ၏။ ကွန်မြူနစ်တို့၏ စကားလုံးများသည် ကြမ်းတမ်းလွန်းသည်ဟု သူတို့ထင်သည်။ နောက်ဆုံးတွင် လွှတ်တော်ဥက္ကဋ္ဌ ဟဲရီးယော့က လွှတ်တော်ကို ရွှေ့ဆိုင်းသည့် အထိမ်းအမှတ်အဖြစ် ဦးထုပ်မြင့်မြင့်ကြီးတလုံးကို ကောက်၍ ဆောင်းလိုက်သည်။ အတန်းမှ ဖြုတ်လွှတ်လိုက်သည့် ကျောင်းသားကလေးများသဖွယ် လွှတ်တော်အမတ်များသည် အပန်းဖြေခန်းနှင့် အရက်ခန်းသို့ ဝမ်းသာအားရ ပြေးကြသည်။

ရေဒီကယ်အမတ်များက အစည်းအဝေးတခု ကျင်းပသည်။ အမတ်အချို့က တက်စ၏ မိန့်ခွန်းကို ထောက်ခံကြ၏။ အချို့က "ပြည်သူတို့ မျှော်လင့်ချက် ပျက်ပြားနေကြပြီ" ဟု ဆိုကြသည်။ သို့ဖြင့် ပြည်သူ့တပ်ဦးအတွင်းတွင် အက်ကြောင်းထင်လာသည်။ အချို့က လက်ယာဂိုဏ်း၏ ခြေပုန်းခုတ်မှုများကို သတိထားရမည် ဖြစ်ကြောင်းဖြင့် ပြောကြသည်။ တက်စကမူ "ကျွန်တော်ကတော့ ပြည်သူ့တပ်ဦးနဲ့ ကျွန်တော်တို့ပါတီကို ကာကွယ်ရမှာပဲ" ဟု ခပ်တည်တည် ဆိုသည်။ ငြင်းခုံကြပြီး နောက်ဆုံးတွင် ဆိုရှယ်လစ်များနှင့်ပေါင်းရန် ရေဒီကယ်အမတ်များ ဆုံးဖြတ်လိုက်ကြသည်။ စက်ရုံများမှ အလုပ်သမားများကို ရှင်းလင်းပစ်ဖို့လိုကြောင်း ထောက်ပြရန်လည်း ဆုံးဖြတ်လိုက်၏။ ဆိုရှယ်လစ်များက

ရေဒီကယ်တို့၏ ကမ်းလှမ်းချက်ကို ရုတ်တရက် အကြောင်းမပြန်။ ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်သည် ဒက်ဇာနှင့် တိုင်ပင်ချင်သေးသည်။ ဤကိစ္စတွင် ဒက်ဇာ၏ သဘောထားကို သိချင်သေးသည်။ လွှတ်တော်ထဲတွင် လွှတ်တော်ဥက္ကဋ္ဌက အမတ်မင်း ဘာရီကျူး တင်လာသည့် ပြဿနာကို ညနေပိုင်း အစည်းအဝေးသို့ ရွှေ့ဆိုင်းရန်၊ မနက်ပိုင်း အစည်းအဝေးတွင် ခွာနာလျှာနာရောဂါကာကွယ်ရေး ဥပဒေကြမ်းကို ဆွေးနွေးရန် ဆုံးဖြတ်လိုက်သည့်အခါ၌ ဧည့်ခန်းဆောင်တွင် လာရောက်နားထောင်သည့် ဧည့်သည်များ စိတ်ပျက်သွားကြသည်။ "ရေဒီကယ်အမတ်တွေ ရပ်စောင့်နေရတာ ခြေထောက်တွေ ထုံကုန်ပြီဗျ၊ ဆိုရှယ်လစ်ခေါင်းဆောင် ဝန်ကြီးဗီးလာ့ဒ် ဆုံးဖြတ်ချက် မချနိုင်သေးဘူးလား၊ မော်စကိုက ညွှန်ကြားချက်ကို စောင့်နေတာလား" ဟု ဘာရီကျူးက အော်သည်။

ဤတွင် ဆိုရှယ်လစ် အမတ်မင်းတယောက် လက်သီးဆုပ်ပြီး ဘာရီကျူးဆီသို့ ပြေးထွက်လာသည်။ ဘာရီကျူးက သူ့ပါးကို ဆီး၍ ရိုက်လိုက်၏။ သို့ဖြင့် လွှတ်တော်ထဲတွင် ရုန်းရင်းဆန်ခတ် ဖြစ်ကုန်သည်။ လွှတ်တော်အစောင့်တဦးမှာ လွှတ်တော်အမတ်တွေ ခြေထောက်ကြားတွင် ရောက်နေသည်။ လွှတ်တော်ဥက္ကဋ္ဌ ဟဲရီးယော့က ခေါင်းလောင်းကို တအားတီးသည်။ ထိုနောက် လွှတ်တော်အမတ်မင်းများသည် အရက်ခန်းသို့ သွားကြသည်။ သူတို့အားလုံး ရေငတ်လှပြီ။ လွှတ်တော်အစည်းအဝေးခန်းထဲတွင် အမတ်သုံးဆယ်ခန့်သာ ကျန်တော့သည်။ သို့တိုင်အောင် သူတို့ကလည်း ငြီးငွေ့ဖွယ်ကောင်းလှသည့် လွှတ်တော်ဥက္ကဋ္ဌ၏ အသံကို နားမထောင်ကြ။ တချို့က သတင်းစာ ဖတ်နေကြသည်။ တချို့က မဲဆန္ဒရှင်များထံ စာပြန်ရေးနေကြသည်။

ဗီးလာ့ဒ်သည် ရင်လေးလေးဖြင့် ဒက်ဇာထံ ရောက်လာ၏။ ဒက်ဇာထံ သွားတွေ့လျှင် မိမိသိက္ခာကျမည်လောဟု တွေးကာ တော်တော်နှင့် သွားမတွေ့ဖြစ်ခဲ့။ မိမိက ပြည်သူ့တပ်ဦးမှ ဝန်ကြီးတယောက်။ ဒက်ဇာက မကြာသေးမီကပင်လျှင် ဘာရီကျူး၏ဂိုဏ်းကို ထောက်ခံခဲ့သည့် ငွေရှင်ကြေးရှင်တယောက်။ ထို့ကြောင့် ဒက်ဇာကိုတွေ့ရန် ဝန်လေးနေခဲ့သည်။ သို့ရာတွင် မတွေ့ပဲနေ၍ မရတော့။ သပိတ်များသည် ရေကန်ထဲက လှိုင်းဂယက်များလို ပျံ့နေပြီ။ ပြင်သစ်တပြည်လုံးပင် သပိတ်မှောက်တော့မလား အောက်မေ့ရသည်။ ဘတ်စ်ကားတွေ ရပ်ကုန်ပြီ။ သင်္ဘောများက ဆိပ်ကမ်းများတွင်

ကျောက်စွဲလျက်။ နေ့တိုင်း သတင်းထူးတွေကိုချည်း ကြားနေရသည်။ ဇာတ်သမားများက ဇာတ်ရုံများကို စီးထားကြသည်။ ငွေကိုင်စာရေးများက ငွေထုတ်သည့် ကောင်တာက ဝက်ခြံများကို သော့ခတ်ထားကြသည်။ သုဘရာဇာများက ကျင်းတူးရန် ငြင်းဆန်နေကြသည်။ သို့ရာတွင် ပိုင်ရှင်များကလည်း အလျှော့မပေးကြ။ “ကောင်းတယ်၊ မင်းတို့ကြိုက်သလောက် လုပ်ကြစမ်း” ဟု ကြုံးဝါးကြသည်။ ပြင်သစ်ပြည်ကြီးတပြည်လုံး လှုပ်ရှား၍ မရတော့။ သွက်ချာပါဒ လိုက်နေပြီ။ မည်သို့ဆိုစေ ဒက်ဇာသည် အရင်းရှင်စနစ်၏ အကောင်းဆုံးကိုယ်စားလှယ် ဖြစ်နေသည်ဟု ဗီးလာ့ဒ် ယူဆသည်။ ဒက်ဇာနှင့် သဘောတူညီချက်တခုခု ရဖို့ အရေးကြီးသည်။ ဒက်ဇာ၏ လောင်းကစားဝိုင်းကို နားလည်ဖို့ လိုလိမ့်မည်။

ဒက်ဇာက သူ့ကျန်းမာရေးကို ဂရုတစိုက် မေးမြန်းခြင်း ပြု၏။ ဗီးလာ့ဒ်က ပင်ပန်းကြောင်းဖြင့် ညည်းသည်။

“ဟုတ်တာပေါ့ဗျာ၊ ဒီလိုသပိတ်ကြီးတွေကို ခေါင်းဆောင်နေရတာ”

ဒက်ဇာက ခနဲ့သည်။

“ကျွန်တော်တို့လဲ ခင်ဗျားလိုပဲ၊ ဒီသပိတ်တွေကြောင့် ဦးနှောက်ခြောက်လှပြီ။ ခုကိစ္စအတွက် လာတာပဲ၊ အကြံဉာဏ် ပေးနိုင်ယင် ပေးစမ်းပါဦး”

“ခင်ဗျားက ဝန်ကြီးပဲ၊ ကျွန်တော်က သာမန်အရပ်သားပဲ၊ ခင်ဗျားဆုံးဖြတ်ချက်ကို ကျွန်တော် လိုက်နာရမှာပေါ့”

ဗီးလာ့ဒ်သည် ထောင်းကနဲ ဖြစ်သွားကာ ပြန်သွားမည်ဟု စိတ်ကူးသေးသည်။ သို့ရာတွင် သူက တာဝန်နှင့်လူ။ တာဝန်စိတ်သည် ဒေါသကို ထိန်းသွား၏။

“မလှောင်ပါနဲ့ဗျာ”

“လှောင်တာ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ရတာပါ၊ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ သပိတ်မှောက် အလုပ်သမားတွေကို ပြင်းပြင်းထန်ထန်

အရေးယူလို့ ပြောယင် ကျွန်တော်တို့က အရင်းရှင်တွေ၊ အရင်းရှင်တွေမို့လို့ ဒီစကားမျိုး ပြောတာ၊ ဆိုရှယ်လစ် လောကနိဗ္ဗာန်ကြီး ထူထောင်ရေးကို ဖျက်လိုဖျက်ဆီး လုပ်နေတာလို့ ပြောဦးမယ်၊ ကျွန်တော်ကတော့ ဒီအတိုင်း စောင့်ကြည့်နေယုံပဲ၊ ဒီပြဿနာကို ခင်ဗျားတို့ ဘယ်လိုဖြေရှင်းမလဲ၊ ခင်ဗျားတို့တွေဟာ မျက်လှည့်ဆရာတွေ ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာ ကြည့်ရဦးမှာပဲ၊ အဲဒီအခါမှာ အလုပ်သမားတွေကလဲ ခင်ဗျားတို့ဟာ သူတို့အကျိုးကို လုပ်ပေးနိုင်သလား၊ မလုပ်ပေးနိုင်ဘူးလားဆိုတာ သူတို့ကိုယ်တိုင် သိလာလိမ့်မယ်၊ ဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဘာကိုလုပ်ပါ၊ ဘာကိုမလုပ်ပါနဲ့လို့ တခွန်းမပြောချင်ဘူး”

“ဒါပေမယ့် ခက်တာက ဒီနေ့လွှတ်တော်အစည်းအဝေးမှာ တက်စက စက်ရုံတွေကို ရှင်းပစ်ဖို့ တောင်းဆိုနေတယ်”

“ကျွန်တော် သိသားပဲ၊ တက်စကတော့ စိတ်ဓာတ်အရ ထက်သန်တက်ကြွတဲ့လူကိုး၊ ကျွန်တော်ကတော့ ဘာပြောပြော စောင့်ကြည့်ချင်တယ်၊ ပုလိပ်နဲ့ အရေးယူတာကို မူအားဖြင့် ကျွန်တော် မကန့်ကွက်ပါဘူး၊ ဒါပေမယ့် အချိန်အခါကို ကြည့်ရမယ်ဗျ၊ ဒါထက် ကျွန်တော့်ဆီက မာကွေးရဲ့ကားက ဘယ့်နှယ်လဲဗျ၊ ခင်ဗျားကားလောက်တော့ ကောင်းမှာ မဟုတ်ပါဘူး၊ အစိမ်းရောင် သုံးထားပုံကို ကျွန်တော် ... ”

ဒက်ဇာက ပန်းချီကားများအကြောင်းကို ပြောသည်။ ဗီးလာ့ဒ် သည်အချိန်တွင် ပန်းချီအကြောင်းကို မပြောချင်။ နားမထောင်ချင်။ ထို့ကြောင့် တိတ်တိတ်နေလိုက်သည်။

သူဘာလုပ်ရမည်နည်း။ ဒက်ဇာ၏ ကစားကွက်က ရှုပ်ထွေးလွန်းသည်။ ကြည့်ရသည်ကမူ အစိုးရထောက်ခံမဲ အများစုကို ကွဲသွားအောင် လုပ်ချင်ပုံရသည်။ ယနေ့ပင်လျှင် ရေဒီကယ်အမတ် တဝက်ကျော်က တက်စကို ထောက်ခံနေကြပြီ။ ဤအတိုင်းဆိုလျှင် စက်ရုံများကို ရှင်းလင်းပစ်ရတော့မည်လော။ သို့လုပ်လိုက်လျှင် အလုပ်သမားများ ကွန်မြူနစ်တို့ဘက် ပါသွားလိမ့်မည်။ သို့လျှင် ပြင်သစ်ပြည်တွင် တော်လှန်ရေး ဖြစ်လာလိမ့်မည်။ တော်တော် စိတ်ပျက်ဖို့ကောင်းသည့် ကစားကွက်။ ဘယ်လမ်းကိုလိုက်လိုက် မသက်သာ။ စောင့်၍ ကစားသည့်နည်းသည် သူငယ်ငယ်ကတည်းက သိခဲ့သည့် ကစားနည်း။ သူကျွမ်းကျင်သည့် ကစားနည်း။

တသက်လုံး သူစောင့်ခဲ့ရသည် မဟုတ်လော။ သူ့ကိုယ်ရေးကိုယ်တာကိစ္စများတွင်လည်း ထို့အတူ။ ပျော်ရွှင်မှုအတွက် စောင့်ခဲ့ရသည် မဟုတ်လော။ အောင်မြင်မှုအတွက် စောင့်ခဲ့ရသည် မဟုတ်လော။ ငြိမ်းချမ်းမှုအတွက် စောင့်ခဲ့ရသည် မဟုတ်လော။ ဒက်ဇာကမူ စောင့်ရမည်ဟု ဆိုနေပြီ။ ဟုတ်သည်။ ဒက်ဇာမှန်သည်။ မစောင့်၍မဖြစ်။ စောင့်ရမည်။ တနေ့တွင်မူ အလုပ်သမားများသည် အမြင်မှန် ရလာလိမ့်မည်။ ပြင်းပြင်းထန်ထန် အရေးမယူမိဖို့ လိုသည်။

ညနေပိုင်း လွှတ်တော်အစည်းအဝေး မကျင်းပမီတွင် ဗီးလာ့ဒ်ထံသို့ စုံထောက်များ ရောက်လာသည်။ သပိတ်မှောက် အလုပ်သမားများကြားတွင် သဘောကွဲလွဲမှုတွေ ပေါ်နေပြီဟု သတင်းများက ဆိုသည်။ သပိတ်မှောက် အလုပ်သမား တော်တော်များများက သပိတ်လှန်ချင်နေကြပြီဟု ဖော်ပြထား၏။ “ဆိန်း” လေယာဉ်ပျံစက်ရုံတွင်လည်း သပိတ်လှန်ချင်သူ တော်တော်များနေပြီ။ ဗီးလာ့ဒ် ကျေနပ်စွာ ပြုံးလိုက်၏။

“အင်း... သပိတ်တွေ လှန်တာကတော့ ကောင်းပါရဲ့၊ ဒါပေမယ့် သပိတ်တွေ လုံးလုံးပြိုကွဲသွားလို့တော့လဲ မဖြစ်သေးဘူး၊ သပိတ်တွေ လုံးလုံးပြိုကွဲသွားယင် လက်ယာဂိုဏ်းက ဒါကို အခွင့်ကောင်းယူပြီး ခေါင်းထောင်ထလာလိမ့်မယ်၊ ကိစ္စမရှိပါဘူးလေ၊ ဒက်ဇာကလဲ သိပ်တင်းတင်းမာမာ မဟုတ်ဘူး၊ စေ့စပ်လို့တော့ ရနိုင်ကောင်းပါရဲ့၊ အချိန်ကို စောင့်ရမှာပေါ့”

ဗီးလာ့ဒ်စိတ်ထဲတွင် တွေးနေသည်။

လွှတ်တော်အစည်းအဝေးတွင် ရေဒီကယ်များသည် သူတို့လိုချင်သည့် ဆုံးဖြတ်ချက်ကို မရကြ။ အစိုးရကိုယ်စားလှယ် ဗီးလာ့ဒ်က ပြန်ကြားသည်။ တဘက်တွင် အလုပ်သမားတို့၏ အကျိုးစီးပွားကို ကာကွယ်ရမည်။ တခြားတဘက်တွင် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရမည်ဟု ဗီးလာ့ဒ်က ဖြေကြားသည်။ လက်ယာဂိုဏ်းက ဗီးလာ့ဒ်၏ ပြန်ကြားချက်ကို ကန့်ကွက်ကြ၏။ ဆိုရှယ်လစ်အမတ်များက ထောက်ခံကြသည်။ ရေဒီကယ်အမတ်များက နှုတ်ပိတ်ရေငုံ လုပ်နေကြသည်။

“အလုပ်သမားတွေကို စက်ရုံတွေက ရှင်းပစ်ရမယ်၊ မရှင်းပစ်ယင်

အစိုးရဟာ လူထုရဲ့ အမျက်ဒေါသ ရေစီးကြောင်းထဲမှာ မျောသွားလိမ့်မယ်” ဟု တက်စက သူ့နေရာမှထ၍ အော်သည်။

ဩဘာသံ၊ လက်ခုပ်သံများ ပေါ်ထွက်လာပြန်သည်။ ဗီးလဒ္ဒဲက စိတ်ပျက်လက်ပျက်ဖြင့် ပြုံးလိုက်၏။ ပင်ပန်းလှပြီ။ တော်တော် ပင်ပန်းလှပြီ။

ထိုနေ့ လွှတ်တော်အစည်းအဝေးတွင် တက်စသည် သူရဲကောင်း ဖြစ်နေသည်။ အမတ်များက သူ့ကို လက်ဆွဲနှုတ်ဆက်ကြသည်။ ရှေးခေတ်က နာမည်ကျော်အမတ်များဖြစ်သော မီယာဘိုး၊ လာဖေးယက်၊ ဂန်ဘက်တာ စသူတို့နှင့် နှိုင်းယှဉ်ကြသည်။ လွှတ်တော်ထဲတွင် သူ့မိန့်ခွန်းကို ဩဘာပေးကြသဖြင့် တက်စ ဝမ်းသာနေသည်။ အမှန်တရားအတွက် တိုက်သူ၊ ရဲရင့်သည့် ချန်ပီယံဟု သူကိုယ်တိုင် သူထင်နေသည်။ “ကျွန်တော်က ရေဆန်ကို ကူးနေရတာပါဗျာ” ဟု တက်စကပြော၏။

အိမ်သို့ပြန်ရောက်သည့်အခါတွင် တက်စ မောနေပြီ။ သို့ရာတွင် သူပျော်သည်။ သူ့ဇနီးက ထုံးစံအတိုင်း ရေနွေးပုလင်းကို ဗိုက်တွင်ကပ်ထားယင်း အိပ်ရာပေါ်တွင် လှဲလျက်။ လူဆန်းက အိမ်တွင်မရှိ။ နိုင်ငံခြားမသွားခင် အားရပါးရ ပျော်နေသည်။ သို့ရာတွင် လွှတ်တော်ထဲတွင် အောင်ပွဲခံခဲ့ရသည့်အကြောင်းကို တက်စ မပြောပဲ မနေနိုင်။ တယောက်ယောက်ကိုတော့ ပြောရမှဖြစ်မည်။ ထို့ကြောင့် ဒင်းနိစ်ဆီသို့ လာခဲ့၏။

တက်စက သူ့လွှတ်တော်မိန့်ခွန်းကို လက်ဟန်ခြေဟန်နှင့် ပြောပြ၏။ သို့ရာတွင် အသံကမူ သံမှန်။ “ဒီနေရာကျတော့ ဩဘာပေးလိုက်ကြတာကွယ်” ဟုဆိုသည့် စကားလုံးများကိုမူ ခပ်ကျယ်ကျယ် ပြောသည်။

စိတ်ပါလက်ပါ ပြောနေသဖြင့် ဒင်းနိစ်ကို မကြည့်မိ။ ဒင်းနိစ်က သတိမေ့နေသူလို ငုတ်တုတ်ကြီး ထိုင်နေသည်။ ယခုတလောတွင် ဒင်းနိစ် သူ့အဖေအကြောင်းကို တွေးနေမိသည်။ အလျင်တုန်းက ဒင်းနိစ်သည် နိုင်ငံရေးကို ကောင်းကောင်းနားမလည်။ သူ့အဖေသည် ငြိမ်းငွေ့စရာကောင်းသော်လည်း မှန်မြတ်သည့်အလုပ်ကို လုပ်နေသည်ဟု သူထင်ခဲ့သည်။ သို့ရာတွင် တရားပွဲတွေ သွားနားထောင်၊ သတင်းစာများကို ဖတ်ပြီးသည့်နောက်တွင်မူ ညစာထမင်းဝိုင်းတွင် သူ့အဖေပြောသည့် နိုင်ငံရေးစကားများကို နားထောင်၍ မရတော့။ နိုင်ငံရေး

လုပ်စားသူ၊ ကိုယ်အကျိုးရှိလျှင် ဘာမဆိုလုပ်မည့် "ငို့ဘ"သမားဟု ထင်လာသည်။

ပါရီလမ်းမများမှ လူထုများ၏ စိတ်ခတ်တက်ကြွမှုသည် ဒင်းနိစ်ဆီသို့ ကူးစက်လာသည်။ "ဆိနိး" လေယာဉ်ပျံစက်ရုံမှ သပိတ်ကို မစ်ရှော ခေါင်းဆောင်နေကြောင်း သတင်းစာများတွင် ဖတ်လိုက်ရ၏။ သူ့ကို ဒင်းနိစ်ယုံသည်။ သပိတ်တိုက်ပွဲသည် တရားမျှတမှုအတွက် တိုက်ပွဲဟု ယူဆသည်။ ဂျင်းနော့ အသတ်ခံရသည့် သတင်းကို ဖတ်လိုက်ရသည့်အခါတွင် အပြောနှင့် အလုပ်ကို ညီညွတ်အောင်လုပ်ရန်မှာ သွေးဖြင့်လုပ်မှရသည် ဟူသော မစ်ရှော၏ စကားကို သူအမှတ်ရသည်။ သူဘာလုပ်ရမည်နည်းဟု သူ့ကိုယ်သူ ပြန်မေး၏။ ဒင်းနိစ်၏ စရိုက်က ခပ်အေးအေး၊ ခပ်ငြိမ်ငြိမ်။ စကားကိုပင် ကျယ်ကျယ်ပြောတတ်သူ မဟုတ်။ သူ့အတိတ်ကို တချက်တည်းဖြင့် ဒင်းနိစ် ဖျက်ပစ်လိုက်ချင်သည်။ မစ်ရှောထံ အကြံဉာဏ် တောင်းရမည်လောဟု တွေးမိသည်။ သို့ရာတွင် မစ်ရှောသည် အခြားကိစ္စတွေဖြင့် အလုပ်များနေလိမ့်မည်။ ယခုမူ သူ့အဖေသည် သူ့ဆီရောက်လာကာ သူဘယ်မျှတော်ကြောင်းကို ကြွားနေပြီ။ "လုယက်သောင်းကျန်းရေးသမားများ" ကြောင့် တိုင်းပြည် ကိုးရိုးကားရား ဖြစ်နေပြီဟု လာပြောနေပြီ။

"တော်ပါတော့ ပါပါရယ်"

ဒင်းနိစ်က စိတ်မရှည်နိုင်ပဲ ဖြတ်ပြောလိုက်သည်။ တက်စသည် သူ့သမီးကို တအံ့တဩဖြင့် ကြည့်နေလေ၏။ သူ့သမီး မည်သို့ ဖြစ်နေသနည်း၊ ကိုယ်လုံးသွယ်သွယ်၊ အရပ်မြင့်မြင့်၊ မတ်တပ်ရပ်လျက်။ သူ့အလှသည် ခက်ထန်သည့်အလှ။ တင်းမာသည့်အလှ။ ဣန္ဒြေကြီးသည့်အလှ။ ရှင်းသည့်အလှ။ ဒေါသရိပ် သမ်းနေသည့် မျက်လုံးများသည် သူ့ကို စိုက်ကြည့်နေကြသည်။

"ဘာဖြစ်တာလဲ သမီး"

"သမီး ဒီစကားမျိုးတွေ နားမထောင်ချင်ဘူး ပါပါ၊ ပါပါ့ကို စိတ်မကောင်းအောင် သမီးမပြောချင်ဘူး၊ ဒါပေမယ့် ပါပါ့အနေနဲ့ ဒီလိုစကားတွေကိုတော့ ပြောဖို့မကောင်းပါဘူး၊ သမီး သူတို့ဘက်က ပါနေယင် ဘယ့်နှယ်လုပ်မလဲ၊ လူတယောက်မှာ အကြိုက်တမျိုးစီပေါ့။ မသိဘူး ပါပါ၊ သမီး ဒါတွေမပြောချင်ဘူး၊ စိတ်ရှုပ်တယ်"

ဒင်းနိစ်သည် အခန်းထဲမှ ပြေးထွက်သွား၏။ တက်စ စိတ်တိုသွားသည်။ သူ့ဇနီး အခန်းထဲသို့ ပြန်ဝင်လာခဲ့၏။

"အင်း... မင်း သမီးကတော့ မင်းနဲ့အတူတူပဲ၊ ဘုရားမှော်ပေါက်နေတာ၊ ဘုရားမှော်၊ နိဗ္ဗာန်ရောက်မလား၊ အဝီစိသွားမလားတော့ မပြောတတ်ဘူး"

"အဖေကြီးရယ်၊ ကျွန်မဘာသာ ကျွန်မနေတာ၊ ဘာဖြစ်လို့ လှောင်ပြောင်ချင်ရတာလဲ"

"လှောင်တာ မဟုတ်ဘူးဗျ။ တကယ်ပြောတာ၊ ကျုပ်တို့ကတော့ ရှင်းရှင်းပဲ ဘာကိုမှ မယုံဘူး၊ ပျော်ပျော်ပဲနေတယ်"

တက်စသည် သူ့အပျော်မယားလေး ပေါ်လက်ဆီသို့ ထွက်လာခဲ့သည်။ ဘာမျှမပြော။ ဘရန်ဒီကို ဖိသောက်နေ၏။ ပေါလက်က သူ့ကို ကျီစယ်သည်။ သို့ရာတွင် အချည်းအနှီးမျှသာ။

"အစ်ကိုကြီး၊ မွှေးမွှေးလေး မပေးတော့ဘူးလား"

"တော်စမ်းပါကွယ်၊ စိတ်ရှုပ်ရတဲ့အထဲ"

စိတ်ရှုပ်ရှုပ်ဖြင့် အော်လိုက်မိ၏။ မလှုပ်မရှက် ငြိမ်လျက်။

ဂျင်းနော့၏ အမေ ကလီမင့်ဂျူဗ်က ခပ်စွာစွာ၊ သို့ရာတွင် စိတ်ရင်းတော့ ကောင်းသည်။ လက်များက အဆစ်ရောင်ရောဂါကြောင့် ရောင်အမ်းလျက်။ ဆံပင်ဖြူဖြူတို့က အဝါရောင်သမ်းစပြုပြီ။ မျက်လုံးများက ငယ်ငယ်က မိန်းမချောတယောက်၏ မျက်လုံးမျိုး။ တောက်ပရွှန်းလဲ့နေကြဆဲ။ သူ့ခမျာ အပြင်ထွက်၍ အလုပ်လုပ်ရသည်။ လူပျိုတွေနေသည့် ဘော်ဒါခန်းများကို သန့်ရှင်းရသည်။ ကြမ်းတိုက်ရသည်။ အဝတ်အစားများကို မီးပူတိုက်ပေးရသည်။ ဖာထေးပေးရသည်။ ကြက်ယက်သလို ရှာဖွေစားရသည်။ တခါတုန်းကမူ ထို့ထက်ပင် ဆိုးသေး၏။ သူ့ယောကျ်ားသည် စစ်ပြေငြိမ်းရေး မလုပ်မီကလေး၌ တိုက်ပွဲတွင် ကျသွားသည်။ လူမမယ် ကလေးနှစ်ယောက်နှင့် ဘာမျှ မလုပ်တတ် မကိုင်တတ်။ သူတို့နေသည့် အခန်းက ကျောက်တုံးခင်းထားသည့် အခန်းကလေး။ မီးဖိုမှ ကျပ်ခိုးများက မည်းလျက်။ အဘွားထံမှ အမွေရလိုက်သည့် ခုတင်ကြီးကြောင့် ထိုင်စရာပင်မရှိ။ ထိုအခန်းကလေးထဲမှ ညည်းသံညူသံကို မကြားချင်အဆုံး။ တခါတရံတွင် မီးသွေးတတောင်းလောက် ဝယ်ဖို့ပင် ပိုက်ဆံမရှိ။ ကလေးတွေ သွေးခဲလုမတတ် ချမ်းသော်လည်း ဘာမျှမတတ်နိုင်။ ဂျင်းနော့၏ ဘောင်းဘီကလည်း ဖာရာထေရာတွေ အပြည့်။ သူ့အစ်မ အဲနက်အတွက်ကလည်း ဗလာစာအုပ်ဖိုးမရှိ၊ သို့ရာတွင် အမေသည် ကလေးတွေကို ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ်ရပ်နိုင်အောင် အုပ်ထိန်းသည်။ အဲနက်သည် စက်ပြင်စက်ရုံတခုမှ စက်ဆရာတယောက်နှင့် အိမ်ထောင်ကျပြီး လိုင်ယွန်သို့ ပြောင်းသွားသည်။ ဂျင်းနော့က “ဆိန်း” လေယာဉ်စက်ရုံတွင် အလုပ်ရသည်။ သူတို့ ကံထလာပြီ။ အမေသည် ဝမ်းသာလွန်းသဖြင့် ထိုနေ့က တံဆိပ်ပါသည့် ဝိုင်အရက်ကို ဝယ်ပြီး ပျော်ပွဲကလေး လုပ်လိုက်သေးသည်။ သူတို့ ဝမ်းသာသည်ကို အဆိုးမဆိုသာ။ ဂျင်းနော့တို့အရွယ် လူငယ်များသည် ရှည်လျားလှသည့် ပါရီဆင်ခြေဖုံးရပ်ကွက် လမ်းမများကို လျှောက်ကာ စက်ရုံတရုံဝင် တရုံထွက်ယင်း အလုပ် လိုက်ရှာကြသည်။ သို့ရာတွင် စက်ရုံဂိတ်တိုင်းတွင် “အလုပ်မရှိ” ဆိုသည့် ဆိုင်းဘုတ်များကိုသာ တွေ့ခဲ့ကြရ၏။ အလုပ်သင်အဖြစ်ပင် မခန့်ကြ၊ အိမ်နီးနားချင်းတွေက သူတို့သားတွေ အလုပ်မရနိုင်သဖြင့် ညည်းတွားနေချိန်တွင် ဂျင်းနော့သည် ပထမဆုံး ထုတ်ရသည့် လခကလေးကို အိတ်တွင် ထည့်၍ အိမ်ပြန်ရောက်လာသည်။ အမေ ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံနိုင်။

အငြိမ်မနေတတ်သည့် သူ့သားအတွက် အမေ ဂုဏ်ယူသည်။ သို့ရာတွင် အမေသည် သူ့သားကို ကောင်းကောင်း စိတ်မချ။ သူ့သား ဂျင်းနော့က အကျီစားသန်သည်။ ထစ်ကနဲရှိလျှင် ရန်ဖြစ်တတ်သည်။ ရန်ဖြစ်လွန်းသဖြင့် တနေ့နေ့တွင် ဒုက္ခတွေ့လိမ့်မည်ဟု သူ့သားကို သတိပေးရသည်ကလည်း အမော။ အမေသည် သူ့သားကို လူလားမြောက်သည်ဟု မထင်။ ယခုအချိန်အထိ သူငယ်နှပ်စားကလေးတယောက်လို ထင်နေသေးသည်။ စိတ်မထင်လျှင် ဆွဲရိုက်သည်။ တရားပွဲများသို့ သွားသည်ဟု သိရသည့်အခါတွင် အမေ

စိတ်ပူစပြုလာသည်။ တရားပွဲသွားလျှင် ဒုက္ခရောက်တတ်သည်ဟု သားကို သတိပေး၏။ တရားပွဲမသွားအောင် အမျိုးမျိုး ခြိမ်းခြောက်ပြောသည်။ ခြောက်လှန့်ပြောသည်။ သို့ရာတွင် ဂျင်းနော့က သူ့စကားကို အလေးအနက် မထား။ ရယ်စရာ လုပ်ပစ်လိုက်တတ်သည်။ ယခုနှစ် မေဒေးနေ့တုန်းကဆိုလျှင် အလံနီကိုကိုင်၍ ချီတက်လာသည့် ဂျင်းနော့ကို အမေ မြင်လိုက်ရ၏။ အမေသည် ကျောင်းကန်ဘုရားသို့ မှန်မှန်ရောက်တတ်သူမဟုတ်။ ဖြစ်သမျှကို ကမ္မသကာဟု သဘောထားသူ ဖြစ်သည်။ သို့ရာတွင် ဂျင်းနော့ အလံနီကိုကိုင်၍ ချီတက်လာသည်ကို မြင်လိုက်ရသည့်နေ့ကမူ ဘုရားသို့သွား၍ ဆုတောင်းသည်။ တနေ့နေ့တွင် ဒုက္ခဖြစ်တော့မည်ဟု ဥပါဒါန် ဖြစ်နေသည်။

ထို့နောက် သပိတ်ကြီး ပေါ်ပေါက်လာ၏။ သူတို့သပိတ်က ဘယ်လိုသပိတ်နည်း။ အလျင်တုန်းက သပိတ်မှောက်သည်ဆိုလျှင် အလုပ်သမားတွေက ငြိမ်ငြိမ်သက်သက်။ အိမ်ပြန်လာပြီး ထိုင်နေကြသည်။ သပိတ်လှန်မည့်အချိန်ကို စောင့်ကြသည်။ ယခု ဤသို့ မဟုတ်။ သူတို့သပိတ်က ထိုင်သပိတ်ပါတကား။ ထွင်လဲထွင်ကြပါပေ့။ ဤအတိုင်းသာဆိုလျှင် တနေ့နေ့တွင် အဖမ်းခံရမည် မုချ။ အမေသည် သူ့သားကို ရှက်အောင် ပြောကာ အိမ်ပြန်ခေါ်သည်။ သို့ရာတွင် ဂျင်းနော့က လိုက်မလာ။ ညနေတိုင်လျှင် စက်ရုံဂိတ်ဝသို့သွားကာ ကြက်ဥ၊ ဒိန်ခဲ၊ ဝက်အူချောင်း စသည်တို့ကို ယူသွားတတ်သည်။ ငွေရေးကြေးရေး ကျပ်တည်းသည်ဟု တခါမျှ မညည်း။ ဤမျှလောက်ကိုမူ ခါးစည်းခံနိုင်သည်။

ထို့နောက် အမင်္ဂလာသတင်းကို ကြားရသည့်အချိန်မှစ၍ အမေ စကားတလုံးမျှ မပြောတော့။ ငူငူကြီး ထိုင်နေတော့သည်။ အသုဘတွင် အမေသည် တိတ်ဆိတ်စွာ ငို၍ အလောင်းနောက်မှ ပါသွားသည်။ သူ့နောက်တွင် ဂျင်းနော့၏ အဒေါ်နှင့် သူ့ကလေးတွေ လိုက်ကြ၏။ နောက် အိမ်နီးချင်းတွေ။ ထိုနောက် မစ်ရှော ခေါင်းဆောင်သည့် "ဆိန်း"စက်ရုံမှ အလုပ်သမား ကိုယ်စားလှယ်အဖွဲ့။

သပိတ်တိုက်ပွဲ မအောင်မချင်း အလုပ်သမားတွေ စက်ရုံပြင်ဘက်သို့ မထွက်ရန် ဆုံးဖြတ်ထားသဖြင့် အသုဘကို အကျဉ်းရုံး၏။ ဂျင်းနော့၏ အလောင်းကို ဆင်ခြေဖုံးသုသာန်တခုတွင် မြှုပ်နှံသည်။ သူ့မြေပုံအနီးတွင် သံမဏိလက်ဝါးကပ်တိုင်တွေ၊ ပန်းခွေတွေ ဖုံးနေသည့် သချိုင်းပုံများနှင့် သူ့အသုဘကို ချသည့်နေ့ မနက်မှာ ပူအိုက်သည့် နွေမနက် ဖြစ်သည်။

နွယ်သာကီပန်းနဲ့တွေက သင်းပျံ့လျက်။ ငှက်တို့က တေးဆိုလျက်။

အသုဘတွင် မည်သူမျှ မိန့်ခွန်းမပြောကြ။ ဂျင်းနေ့၏ ရဲဘော်များက အမေ့ကို တယောက်ပြီးတယောက် တိတ်ဆိတ်စွာ လာ၍ နှုတ်ဆက်ကြ၏။ မစ်ရှောကိုင်လာသည့် ပန်းခွေပေါ်မှ အနီရောင်ဖဲပြားကလေးကသာလျှင် ကြေကွဲစရာ့ပုံပြင်ကို ပြောနေသယောင် ထင်ရသည်။

အသုဘပို့သည့် ကိုယ်စားလှယ်များ စက်ရုံဝင်းထဲသို့ ပြန်လာသည့်အခါတွင် ဆီပိန်းဆိုသည့် တွင်ခုံအလုပ်သမားက "မိန့်ခွန်းပြောတော့ သူတို့ကပြောတယ်၊ သေတော့ ဒိပြင်လူတွေသေရတယ်" ဟု ရုတ်တရက် ထအော်လိုက်သည်။

စုံထောက်ဌာနမှ ဗီးလာ့ဒ်ရသည့်သတင်းက အမှန်။ "ဆိန်း"စက်ရုံမှ အခြေအနေက သိပ်မကောင်း။ သပိတ်မှောက်သည်မှာ နှစ်ပတ်ရှိပြီ။ အလုပ်သမားတွေ စိတ်ဓာတ်ကျစ ပြုလာသည်။ အလျှင်တုန်းက ညနေတိုင်း သားမယားတွေ ဂိတ်ဝသို့လာလျှင် စားစရာတွေ ပါလာမြဲ။ ယခုပါမလာတော့၊ စားစရာ အစားအစာ အစား ညည်းသံညူသံ ဆူသံပူသံတွေ ပါလာသည်။ အိမ်တွင်ရှိသည့် ပိုက်ဆံကလေးတွေလည်း ကုန်ပြီ။ ကုန်စုံဆိုင်များကလည်း အကြွေးမပေးကြတော့။ ဂျင်းနေ့ သေပြီးခါစတုန်းကတော့ သူတို့စိတ်တွေ တက်ကြွလာကြသည်။ လူသတ်သမားများကို သူတို့ကိုယ်တိုင် လက်စားချေချင်ကြသည်။ သူ့ရဲဘော်များကို မစ်ရှော မနည်းထိန်းယူရ၏။ သို့ရာတွင် ညနေပိုင်းကျတော့ သူတို့စိတ်ဓာတ် ပြန်ကျသွားကြသည်။ သားမယားတွေ ငတ်ကုန်ကြပြီ။ သပိတ်ကလည်း မည်မျှကြာဦးမည် မသိ။ ဘာမျှ အကျိုးထူးဖွယ်မမြင်။ အုပ်ချုပ်ရေးပိုင်းနှင့် နီးစပ်သူတို့ကလည်း ကောလာဟလတွေ အမျိုးမျိုး လွှင့်ကြသည်။ ပစ္စည်းအမှာစာတွေ မရှိသဖြင့် စက်ရုံကို ဇန်နဝါရီလအထိ ပိတ်ထားတော့မည်တဲ့။ ပုလိပ်က အလုပ်သမားများကို စက်ရုံမှ ထွက်ပေးရန် ရာဇသံပေးလိုက်ပြီတဲ့။ ထွက်မပေးလျှင် မျက်ရည်ယိုဗုံးသုံးပြီး လူစုခွဲတော့မည်တဲ့။

မကျေမနပ်ဖြစ်နေသည့် သပိတ်သမားများသည် ဆီပိန်းထံတွင် လာ၍ စုမိကြသည်။ ဆီပိန်းက စိတ်လိုက်မာန်ပါ လုပ်တတ်သူ။ စဉ်းစားချင့်ချိန်နိုင်စွမ်း မရှိသူ။ သပိတ်မှောက်စတုန်းက ဆီပိန်းသည် စက်ရုံကို သိမ်းယူပြီး စက်ရုံကို လည်ပတ်စေရန် စက်ရုံအုပ်ချုပ်ရေး ကိစ္စအဝဝကို ရွေးကောက်ထားသည့်

ကော်မတီတခုက ကြီးကြပ်သွားရန် အကြံပေးခဲ့ဖူးသည်။ အလုပ်သမားတွေက သူ့ကို ဝိုင်းရယ်သည့်အခါတွင် ဆီပိန်း အကြီးအကျယ် ဒေါပွကာ...

"ဒီလိုမှမလုပ်ယင် ခင်ဗျားတို့သပိတ်မှောက်တာ ဘာအဓိပ္ပါယ်ရှိသေးလဲ၊ ဒက်ဇာက ဘယ်လောက်ကြာကြာ မှောက်မှောက် လက်ပိုက်ကြည့်နေနိုင်တယ်ဗျ။ ကျုပ်တို့က ကြာကြာမနေနိုင်ဘူး" ဟု ပြောခဲ့သည်။ အိမ်က မိန်းမက လာပြီး သူ့လက်ထဲတွင် ပိုက်ဆံတပြားမျှ မရှိတော့ဟု ပြောသည့်အခါတွင် "ဒီသောက်သပိတ်က လှန်ဖို့ကောင်းပြီ" ဟု ဆိုသည်။ ဆီပိန်းက စကားပြောလျှင်လည်း စိတ်ကို မထိန်းနိုင်။ စိတ်ထိခိုက်နေတုန်း စကားပြောလျှင် ငိုသံပင် ပါလာသည်။ သူ့ကို ဆရာတင်သည့် အလုပ်သမားဦးရေသည် တနေ့ထက်တနေ့ များလာ၏။ သပိတ်လှန်သင့် မလှန်သင့် လျှို့ဝှက်မဲခွဲ၍ ဆုံးဖြတ်သင့်သည်ဟု သပိတ်ကော်မတီသို့ တင်လာသည်။ လျှို့ဝှက်၍ မဲပေးကြစတမ်း ဆိုလျှင် အလုပ်သမား တသောင်းရှစ်ထောင်စလုံး သပိတ်လှန်ဖို့ မဲပေးလိမ့်မည်ဟု သူထင်သည်။ မစ်ရှောက သူ့အဆိုကို ကန့်ကွက်သည်။ လျှို့ဝှက်မဲပေးခြင်းမှာ သိက္ခာကျကြောင်း၊ မဲခွဲချင်လျှင် ဖြောင်ခွဲသင့်ကြောင်းဖြင့် မစ်ရှောကပြောသည်။ ဖြောင်မဲခွဲကြလျှင် အလုပ်သမားများသည် သပိတ်မှောက်ဖို့ မဲပေးကြမည်ဟု မစ်ရှော ယုံကြည်သည်။ ပြောမည့်သာပြောရသည်။ သိပ်အားမရှိလှ။

ဒက်ဇာကလည်း စက်ရုံဝင်းအတွင်းက အခြေအနေအရပ်ရပ်ကို အသေးစိတ် သိနေသည်။ သပိတ်ကို ဖြိုခွဲဖို့ တနည်းတော့ စမ်းရဦးမည်။ ဒက်ဇာသည် ပီယာ့ကို အခေါ်လွှတ်လိုက်၏။

"ဘယ့်နှယ် သပိတ်ခေါင်းဆောင်ကြီး၊ ကျန်းခန့်သာလို့ မာရဲ့နော်၊ စက်ထဲ ပိတ်လှောင်ပြီး နေလို့ထင်ရဲ့၊ ကြည့်ရတာ တော်တော်ဝလာတယ်၊ ကိစ္စက တခြားမဟုတ်ပါဘူး၊ ကျုပ်သဘောထားကို သပိတ်ကော်မတီကို အကြောင်းကြားချင်လို့ပါ။ ကိုရင်က သပိတ်ကော်မတီဝင်ဆို၊ လုပ်ခနဲ့ အလုပ်ချိန်နဲ့ ပတ်သက်တဲ့ ကိုရင်တို့ တောင်းဆိုချက်ကို ကျုပ်လက်ခံပါတယ်၊ ဒါပေမယ့် အုပ်ချုပ်ရေးကိစ္စတွေမှာ နှစ်ဘက် ညှိနှိုင်းရေးနဲ့ လစာမပျက် အားလပ်ခွင့်ပေးရေးကိုတော့ လုံးလုံးလက်မခံနိုင်ဘူးဗျ၊ အဲ သိကြားမင်းကြီးကိုယ်တိုင် ဆင်းလာယင်တော့ မပြောတတ်ဘူး၊ ကိုရင်လေးကော

ကိုရင်တို့ခေါင်းဆောင် ဗိုလ်ဗီးလာ့ဒ်ကို ကြည့်ပြီတုန်းပဲလား၊ အဲ သူကတော့ ကိုရင်တို့ တောင်းဆိုချက်တွေအားလုံးကို သိကြားမင်းကိုယ်စား လုပ်ပေးနိုင်မလား မသိဘူး၊ ကျုပ်အနေနဲ့ ပြောရမယ်ဆိုယင်တော့ ကိုရင်တို့ သပိတ်လှန်ယင်လှန်ပါ၊ မလှန်ယင်တော့ စက်ရုံကို ပိတ်ပစ်ရမှာပဲ”

“ဦးရဲ့ ကမ်းလှမ်းချက်ကို သပိတ်ကော်မတီက လက်ခံမယ်လို့ ကျွန်တော် မထင်ဘူး”

ပီယာသည် ခါတိုင်းဆိုလျှင် ဖျတ်ဖျတ်လတ်လတ်။ ယခုမူ သူ့စကားပြောပုံက တိုတိုတောင်းတောင်း။ ပီယာ၏ ခပ်ဖယ်ဖယ် သဘောထားကို ဒက်ဇာ ရိပ်မိလိုက်သည်။

“စိတ်မဆိုးပါနဲ့လေ၊ ကျုပ်က အရင်းရှင်ဗျ။ ဒီလောက်ပြောယင် နားလည်မှာပေါ့။ အလုပ်သမားတွေဘက်က ကြည့်ယင် မှန်ပါတယ်၊ ဒါပေမယ့် ကိုရင်က ကြက်လဲမဟုတ် ကျီးလဲမဟုတ်၊ အောက်ကလိအာ ဖြစ်မနေဘူးလား၊ အောက်ကလိအာမှ တော်တော်ခွကျတဲ့ အောက်ကလိအာဗျ။ ကြံ့ကြီးစည်ရာဗျာ၊ အုပ်ချုပ်ရေးမှာ နှစ်ဘက် ညှိနှိုင်းလုပ်ရမယ်လို့ပဲ၊ တော်တော် စိတ်ကူးယဉ်တဲ့လူတွေ၊ ကိုရင် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းတပ်သလို နေမှာပေါ့။ လူဆိုတာ ဘယ်အခါမှာဖြစ်ဖြစ် အတူတူပဲဗျ၊ မထူးဘူး၊ လူထုဟာ လူထုပဲ”

“ကျွန်တော်ကတော့ လူထုကို ယုံတယ်ခင်ဗျ”

“မဟုတ်ပါဘူးဗျာ၊ ကိုရင် မယုံပါဘူး၊ လူထုကို ကိုရင် ကြိုက်ချင်ကြိုက်မယ်၊ ဒါပေမယ့် လူထုကို ကိုရင် မယုံပါဘူး၊ ကိုရင်တို့လုပ်နေတာက ဘာနဲ့တူသလဲဆိုယင် လူထုကို သွေးဆာတဲ့ အာဏာရှင်စနစ်အောက်ကို တွန်းပို့နေတာနဲ့ အတူတူပဲဗျ”

ပီယာသည် ပြန်လာခဲ့သည်။ ဒက်ဇာက ပြတင်းပေါက်တွင် ရပ်ကာ ကြည်လင်ပြာလဲ့သည့် ကောင်းကင်ကြီးကိုလည်းကောင်း၊ အလံနီများကိုလည်းကောင်း၊ အုပ်ချုပ်ရေးရုံးခန်းများ အပြင်ဘက်တွင် လဲလျောင်းယင်း ကင်းစောင့်နေကြသည့် အလုပ်သမား လူငယ်များကိုလည်းကောင်း ကြည့်နေသည်။ ဒက်ဇာသည် ပီယာကို ကြည့်၍ အားကျ၏။ ပီယာက ဘာမှ

နားမလည်။ သို့ရာတွင် သူ့ကြည့်ရသည်က ပျော်နေသည့်ပုံ၊ စိတ်ချမ်းသာနေသည့်ပုံ။ ပီယာတွင် ယုံကြည်ချက် ရှိသည်။ တခုခုကိုတော့ ယုံသည်။ မည်သည့်အရာကို ယုံယုံ ကိစ္စမရှိ။ တခုခုကိုသာ ယုံနေဖို့သာလိုသည်။ သူ့မှာက ဘာယုံကြည်ချက်မှမရှိ။ မနက်အိပ်ရာက ထသည်နှင့် အလုပ်တွေ ကောက်လုပ်ရသည်။ လုပ်မည့်သာ လုပ်ရသည် သူ့အဖို့ ဘာမှအဓိပ္ပါယ်မရှိ။ ကန္တာရကြီးလို ဟာလာဟင်းလင်း။

ပီယာက ဒက်ဇာ၏ ကမ်းလှမ်းချက်ကို မစ်ရှောအား ပြောပြ၏။

"နေဦးဗျို့၊ ဒီစကားကို ဘယ်မှ မပေါက်ကြားစေနဲ့ဦး မနက်ဖြန်မနက်ကျမှ အစည်းအဝေးလုပ်ပြီး မဲခွဲကြမယ်"

ပီယာတယောက်တည်းအနေဖြင့် ဒက်ဇာ၏ ကမ်းလှမ်းချက်ကို သတိဖြင့် ကိုင်တွယ်ဖို့လိုသည်ဟု ထင်၏။ အလုပ်သမားများကို ရေရေလည်လည် ရှင်းပြပြီးမှ မဲခွဲသင့်သည်ဟု ယူဆသည်။ ဒက်ဇာ၏ ကမ်းလှမ်းချက်ကို ဆီပိန်းမသိအောင် ထိန်းသိမ်းထားဖို့ အရေးကြီးဆုံး။ သူတို့နှစ်ယောက်သည် ထိုပြဿနာကို အတန်ကြာ ဆွေးနွေးကြသည်။ ထိုစဉ် မစ်ရှောက ရုတ်တရက် ပီယာကို ဖက်လိုက်သည်။ သူဖက်လိုက်ပုံက ထူးခြားသည်။ သို့ရာတွင် ပီယာသည် ကိုယ့်အတွေးနဲ့ကိုယ် ဖြစ်နေသဖြင့် စကားတလုံးမှ မပြောဖြစ်။

အလျင်တုန်းက မစ်ရှောသည် ပီယာကို သိပ်မယုံချင်။ စိတ်ဆိုးသည့်အခါများဆိုလျှင် ပျော့ညံ့ပုံကြောင့် အားမလို အားမရ ဖြစ်ကာ "စကြောက်" ဟုပင် ခေါ်မိသည်။ ထို့ပြင် ဆိုရှယ်လစ်များ၊ အထူးသဖြင့် ဆိုရှယ်လစ်ခေါင်းဆောင် ဗီးလာ့ဒ်ကို ကြည်ညိုသည့်အတွက်လည်း ပီယာကို သူမကျေနပ်။ သို့ရာတွင် သပိတ်မှောက်ကြ၍ အတူတူလုပ်လာကြသည့်အခါတွင်မှ ပီယာကို ပို၍ နားလည်လာသည်။ သူ့ကိုလည်း ခင်လာသည်။ ပီယာသည် "ဆိန်း" လေယာဉ်အလုပ်ရုံတွင် အတော်ဆုံး အင်ဂျင်နီယာတဦး။ ဤလိုလူမျိုးက အလုပ်သမားတွေနှင့်အတူ သပိတ်တိုက်ပွဲထဲ ပါလာခြင်းမှာ တော်ရုံသတ္တိ၊ တော်ရုံတန်ရုံ ကိုယ်ကျိုးစွန့်မှုများဖြင့် မရ။ ဤအချက်က ထင်ရှားသည်။ ပီယာက ပေါင်းသင်းဆက်ဆံရေးကောင်းသည်။ လူချစ်လူခင်များသည်။ စိတ်ကူးယဉ်လိုက်သည်ကလည်း အလွန်။ တခါတရံတွင် မဖြစ်နိုင်သည်ကို စိတ်ကူးချင် စိတ်ကူးနေတတ်သည်။ မစ်ရှောက သူ့စိတ်ကူး မဖြစ်နိုင်ကြောင်း ပြောသည့်အခါတွင် ပီယာသည် ပြန်လှန်ငြင်းခုံခြင်း မပြု။ နောက်တခုကိုကောက်၍

စိတ်ကူးထုတ်ပြန်သည်။ ပီယာသည် ပျော်ပျော်နေတတ်သည့် တောင်ပိုင်းသားဖြစ်၍ အဆိုးဆုံး အကျပ်တည်းဆုံး အခြေအနေများမှာပင် တဘက်သားကို ရယ်ရအောင် လုပ်နိုင်စွမ်း ရှိသည်။ မာဆေးက ရှုပ်ရှုပ်ပွေပွေ ရယ်စရာဇာတ်လမ်းများကို ပြောပြတတ်သည်။ ဟိုသည်အနံ့သွားကာ ရယ်စရာ မောစရာတွေ ပြောတတ်သည်။ ပီယာသည် သူ့ထက် နှစ်နှစ်ကြီးသည့်တိုင် မစ်ရှောကမူ သူ့ကို ကလေးတယောက်လို ကြင်နာသည်။

တခါတရံတွင် သူတို့နှစ်ယောက်သည် အပြင်းအထန် ငြင်းကြ၏။ ပညာတတ်ဖြစ်၍လော၊ သို့တည်းမဟုတ် အပူအပင်ကင်း၍ ကြင်နာတတ်သောကြောင့်လား မပြောတတ်။ ပီယာသည် လွန်ခဲ့သည့် ရာစုနှစ်က အတွေးအခေါ်ဟောင်းများကို အသေကိုင်ထားတတ်သည်။ ပန်းကရားလို လက်ထဲကိုင်ပြီး ပန်းပင်တွေကို ပြုစုပျိုးထောင်သလို လူတွေကို သူပြုစုပျိုးထောင်ချင်သည်။ လူများကို ဆွဲဆောင်ချော့မော့ခြင်းဖြင့် ကိုယ့်ဘက်ပါလာအောင် လုပ်နိုင်သည်ဟု သူထင်သည်။ ဗီးလာ့ဒ်၏ ဆရာကြီးလေသံဖြင့် ပြောသည့် စကားလုံးများကို ဉာဏ်အမြော်အမြင်တရားဟု သူယူဆသည်။ မစ်ရှောက သူ့ကို လှောင်ပြောင်သည့်အခါများတွင် ပီယာသည် အနှစ်သက်ဆုံး ကစားစရာကို လုယူခံလိုက်ရသည့် ကလေးတယောက်လို မသက်မသာ ပြုံးနေတတ်သည်။

“အစည်းအဝေးကျယင် ခင်ဗျားနဲ့ ဒက်ဇာ တွေ့ပြီး စကားပြောခဲ့ပုံကို တင်ပြပေါ့။ ဒီလောက်တော့ လုပ်နိုင်ပါတယ်၊ ကျွန်တော် ထင်တယ်၊ ဒက်ဇာလဲ နည်းနည်း စိတ်ညစ်နေပြီ ထင်တယ်”

“ကောင်းပြီလေ” ပီယာက ပြောသည်။ “ဒါပေမယ့် တော်တော် ရယ်စရာကောင်းတာတခု ရှိသေးတယ်ဗျ၊ ဒက်ဇာဟာ နည်းနည်း စိတ်ညစ်တာ မဟုတ်ဘူး၊ တော်တော်ကို စိတ်ညစ်နေတဲ့ပုံပဲ၊ သန်းပေါင်းများစွာရှိတဲ့ သူ့ငွေတွေဟာ သန်းပေါင်းများစွာ တန်တယ်ဆိုတာ ဟုတ်ပါတယ်တဲ့၊ ဒါပေမယ့် သူ့ဘဝကတော့ နှစ်ပြားမှ မတန်ဘူးလို့ ထင်တယ်တဲ့၊ တခါက သူနဲ့အတူ လမ်းလျှောက်ယင်း ကျွန်တော့်ကို ပြောဖူးတယ်။ ကြည့်ရတာကတော့ ဒက်ဇာလဲ အတွေးအခေါ်တွေ ဘာတွေ ပြောင်းနေပုံပဲဗျ”

“ခင်ဗျားက တော်တော် ပညာတတ်ပီသတဲ့လူပဲ” မစ်ရှောက ပြောသည်။

"တခုတော့ ရှိပါတယ်လေ၊ ဒီသပိတ်တိုက်ပွဲမှာ ကျွန်တော်တို့ ရှုံးယင်လဲ ခင်ဗျားကတော့ ခင်ဗျားနေရာကို ခင်ဗျားပြန်ရမှာပါ၊ ကျွန်တော်တို့ နိုင်ယင်တော့ ပြောစရာ မလိုဘူးပေါ့။ ဒါပေမယ့် ခက်တာက ခင်ဗျားမှာ ယုံကြည်ချက်က တပဲသား၊ သနားတတ်တာက တပိဿာ ဆိုတာမျိုး ဖြစ်နေတယ်၊ ခင်ဗျားနဲ့တူတဲ့ ကျွန်တော့်အသိကောင်မလေးတယောက် ရှိတယ်၊ သူက ကျောင်းသူ၊ တခါတလေတော့လဲ ကျွန်တော် တွေးမိတယ်။ စိတ်သဘော နူးညံ့သိမ်မွေ့တာဟာ ထက်မြက်တာထက်များ ကောင်းသလားလို့၊ အေးလေ... ဒါတွေ ကျွန်တော် ဉာဏ်မမီပါဘူး၊ ဒါပေမယ့် ကွန်တော့်ကောင်မလေးကတော့ ထက်မြက်တယ်ဗျ၊ အေးလေ ထက်မြက်တယ်လို့ ထင်တယ်ဗျ။ ဘယ့်နှယ်လဲ"

မစ်ရှောက ခပ်ငေးငေး ပြုံး၏။ သူ့အပြုံးက ရက်ပြုံး။ ကြည်နူးသွားသဖြင့် ပီယာ၏ မျက်နှာသည် ဝင်းထိန်သွား၏။ သူပြောသည်ကို မစ်ရှောလည်း နားလည်နိုင်သည်။ သို့ရာတွင် မစ်ရှောသည် စက်ရုံအဆောက်အအုံကွေ့တွင် ပျောက်ကွယ်သွားပြီ။ လမ်းတွင် တွေ့သမျှ အလုပ်သမားများနှင့် စကားပြောလိုက်၊ သူတို့ကို ရှင်းလိုက်။

ဆီပိန်းသည် ဒက်ဇော၏ ကမ်းလှမ်းချက်ကို သတင်းရသွားသည်။ စက်ရုံပိုင်ရှင်၏ သူလျှိုများကလည်း ထိုသတင်းကို တွင်တွင် လွှင့်ကြသည်။ ဤသတင်းမျိုးဆိုလျှင် ဆီပိန်းကလည်း မရအရ လိုက်သည်။ "သဘောတူကြတော့မယ်တဲ့" ဆိုသည့် စကားသည် အလုပ်ရုံများ၊ အလုပ်ဌာနများ အသီးသီးသို့ ပျံ့သွားသည်။ အလုပ်မလုပ်ပဲ အားနေခဲ့သည်မှာ ကြာလှပြီ။ ထိုသတင်းကို ကြားလိုက်ရသည့်အခါ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ သဘောတူလက်မှတ်ထိုးလျှင်လည်း မြန်မြန်ထိုးစေချင်လှပြီ။ ပြာပုံဝပ်သည့်ခွေးလောက်မှ မကောင်းသည့် ယခုဘဝကို မြန်မြန် အဆုံးသတ်ချင်လှပြီ။ "ဒီသတင်းကို လျှို့ဝှက်ထားတယ်ဗျ။ ဘာဖြစ်လို့ လျှို့ဝှက်ထားရတာတဲ့လဲ၊ ဒါ နိုင်ငံရေး အကွက်ဆင်နေတာဗျ၊ သူတို့ ဒီလိုလုပ်လိုက်ယင် ကျုပ်တို့အားလုံး အခြောက်တိုက် ငတ်သေကုန်မှာ" ဟု ဆီပိန်းက လျှောက်ပြောနေသည်။

ညနေပိုင်းတွင် အခြေအနေက တင်းမာလာသည်။ ပီယာက ဒက်ဇော၏ ကမ်းလှမ်းချက်ကို သတိထားဖို့လိုကြောင်း၊ သွေးတိုးစမ်းခြင်း

ဖြစ်ကောင်းဖြစ်နိုင်ကြောင်းဖြင့် အလုပ်သမားများကို ရှင်းပြ၍။ ဆီပိန်းကို ထောက်ခံသူများက ဝိုင်း၍ ဆူကြသည်။

“ဗျို့ အင်ဂျင်နီယာ၊ နေစမ်းပါဦး၊ ဘဏ်တိုက်မှာ ငွေတွေ ဘယ်လောက် စုထားသလဲ” ဟု ဝိုင်းမေးကြသည်။

ထိုနေ့ည ဆယ်နာရီတွင် ဆီပိန်းခေါင်းဆောင်ပြီး အစည်းအဝေးတခု ကျင်းပရန် စီစဉ်ထားသည်ဟု ကြားရ၍။ လက်မှတ်ထိုးရန် ဆုံးဖြတ်ကြမည်ဟု ဆိုသည်။ ပီယာကား စိတ်ပျက်လှပြီ။ ဤနည်းအားဖြင့် သူတို့အရေးတော်ပုံသည် ရေစုန်မျောတော့မည်။ ပီယာမျှသာ မကပါ၊ မစ်ရှောသည် ဣန္ဒြေမပျက် ဟန်ဆောင်နေကာ ရယ်စရာမောစရာတွေကို ပြောနေသော်လည်း ရင်ထဲတွင် ဗလောင်ဆူလှပြီ။ မည်သူမျှတား၍ ရတော့မည်မထင်။ သိကြားမင်းကြီး နားကင်းနှင့် ဆင်းတားလျှင်ပင် ရမှရပေဦးမည်လော မသိ။ တခုခုကိုမူ လုပ်ရမည်။ မြန်မြန် ဆုံးဖြတ်ရမည်။ သူ့ရဲဘော်များ ကံကြမ္မာ။ (သည်ထက်ပြောရလျှင်) ပါရီတမြို့လုံးက သပိတ်ကြီး၏ ကံကြမ္မာသည် သူ့အပေါ်တွင် တည်နေသည်။

မှောင်စပျိုးလာသည့်အခါတွင် မစ်ရှောက ပီယာကို ပြောသည်။ “ဒီမှာ ပီယာ၊ ကျွန်တော်တို့ တနာရီလောက် အပြင်သွားမယ်၊ ဘယ်သူမှ မသိပါစေနဲ့၊ ကျွန်တော် ထွက်ပြေးပြီလို့ ပြောချင်လဲ ပြောကြလိမ့်မယ်”

“ဘယ်ကိုလဲ၊ ကော်မတီရုံးချုပ်ကိုလား”

မစ်ရှောက ဘာမျှမဖြေ။

ဂျင်းနော့၏အမေ ကလီးမင့်သည် ဖုန်အလိမ်းလိမ်း တင်နေသည့် ပြတင်းပေါက်တွင် ထိုင်လျက်ရှိ၏။ သေ့ခြောက်ပြီး သေသွားသည့် ချုံဖုတ်တခုလို မလှုပ်မရှား။ မစ်ရှောက အိမ်ထဲသို့ ဝင်လာခဲ့ပြီး နီရဲဖောင်းအိနေသည့်လက်ကို အသာအယာ ကိုင်လိုက်သည်။ စကားပြောချင်သော်လည်း မပြောနိုင်။ ဤအဘွားအိုထံ အကူအညီတောင်းရန် လာခဲ့သည့်တိုင် အဘွားအို၏ သောကသည် ပူနွေးသည့် နှင်းငွေ့တွေလို သူ့ကို ဖုံးလွှမ်းသွားသည်။ သူပြောရန် စိတ်ကူးလာသည့် စကားများကို မစ်ရှော မေ့သွား၏။ သပိတ်အကြောင်းကိုလည်း မေ့သွား၏။ ဆီပိန်းတို့ လူသိုက် သပိတ်လှန်ဖို့ လက်မှတ်ထိုးကြတော့မည် ဆိုသည်ကိုလည်း

မေ့သွား၏။ ကျဆုံးသွားသည့် သူ့ရဲဘော် ဂျင်းနော့၏ အမေအတွက်မှအပ အခြားဘာကိုမျှ မစ်ရှော သတိမရတော့။ မစ်ရှောက ဂျင်းနော့အကြောင်း၊ မသေမီကလေးတွင် ရယ်မောနောက်ပြောင်နေသေးကြောင်း၊ ပျော်ပျော်ရွှင်ရွှင် နေတတ်ကြောင်း၊ သတ္တိကောင်းကြောင်းတို့ကို ပြောပြနေသည်။ ဂျင်းနော့နှင့် ပတ်သက်သည့် အကြောင်းအရာများကို မှတ်မိသလောက် စိတ်ပါလက်ပါ ပြောပြသည်။ ဤမျှလောက် တမ်းတမ်းတတဖြင့် တခါမျှ မပြောစဘူး။

မှောင်စပြုပြီ၊ အမေ မီးမထွန်းသေး။ မှောင်နေသည့်အခန်းထဲတွင် ဂျင်းနော့သည် အသက်ပြန်ရှင်လာသည်ဟု ထင်ရ၏။ ဤအခန်းသည် ဂျင်းနော့ ကြီးပြင်းခဲ့သည့်နေရာ။ ထွေခင်း ကစားခဲ့သည့်နေရာ။ သူ့ရဲဘော်များအကြောင်းကို အမေ့အား ပြောပြခဲ့သည့်နေရာ။ ဆန္ဒပြပွဲများ၊ ပုလိပ်များနှင့် ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့ရသည့် အကြောင်းများကို အမေ့အား ပြောပြခဲ့သည့်နေရာ။ တိုတောင်းသော်လည်း အဖြစ်မျိုးစုံ တွေ့ခဲ့ရသည့် ဂျင်းနော့၏ ဘဝသည် အရာရာကို ကြီးစိုးနေသည်ဟု အမေထင်သည်။ သူ့သားသည် မသေ။ စက်ရုံထဲတွင် ရှိနေသေးသည်ဟု အမေထင်နေသည်။ သေသွားသည့် သူ့သား ဂျင်းနော့နှင့် မစ်ရှောဆိုသည့် ဤလူစိမ်းတို့သည် ခေါင်းနင်းဆင်း ညီရင်းအစ်ကိုများ ဖြစ်သည်ဟု အမေထင်၏။ ဤအထင်ကြောင့် အမေသည် မစ်ရှောအတွက်လည်း တွေးပူနေသည်။

"အင်း၊ သင်းတို့ ဒီသူငယ်ကိုလဲ သတ်ကြဦးမှာပဲ၊ သင်းတို့က ဘီလူးသဘက်တွေ" ဟု စိတ်ထဲက ဆိုမိသည်။

မစ်ရှောသည် စကားပြောနေရာမှ ရုတ်တရက် ရပ်လိုက်၏။ စက်ရုံ၊ လီဂရေးနှင့် ပီယာတို့ကို အမှတ်ရလာသည်။ မစ်ရှောက ထရပ်လိုက်၏။

"ကျွန်တော်တို့ အမေ့ဆီက အကူအညီတခု လိုချင်တယ်"

အမေ ဘာမျှ မစဉ်းစား။ မစ်ရှောနောက်သို့ ထလိုက်လာခဲ့သည်။

စက်ရုံအလုပ်သမားများသည် သပိတ်စမှောက်သည့်နေ့တုန်းကလို စက်ရုံဝင်းထဲတွင် စုနေကြ၏။ မစ်ရှော မရှိသည်ကို အခွင့်ကောင်းယူကာ ဆီပိန်းသည် စင်မြင့်ပေါ်တွင် စကားပြောနေသည်။ စက်ရုံအုပ်ချုပ်ရေးအဖွဲ့က

အလုပ်သမားများ၏ တောင်းဆိုချက်ကို လက်ခံလိုက်ပြီ ဖြစ်ကြောင်း၊ သို့ရာတွင် သပိတ်ကော်မတီသည် ထိုအကြောင်းကို အလုပ်သမားများ မသိအောင် ဖုံးထားကြောင်းဖြင့် ဆီပိန်းက ပြောသည်။ လူအုပ်ကြားထဲသို့ မစ်ရှော ပြန်ရောက်လာသည့်အခါတွင် မဲခွဲပြီးနေပြီ။ အများစုက သပိတ်လှန်ဖို့ သဘောတူကြောင်း အော်နေသံများကို ကြားရ၏။ လက်များကို ချလိုက်၊ မြှောက်လိုက် လုပ်နေကြသဖြင့် သူတို့ပြောသည့်အတိုင်း တကယ် ဟုတ်မဟုတ် ဆုံးဖြတ်ဖို့ မလွယ်။ အလုပ်သမားများသည် အော်ဟစ်ဆဲဆိုနေကြသည်။ ဆူဆူညံညံ။ ရုတ်ရုတ်ရက်ရက်။

မစ်ရှောက လော်ရီတစင်းပေါ်သို့ တက်လိုက်ပြီး "ရဲဘော်တို့ ခဏနေကြပါဦး" ဟု အော်လိုက်သည်။

"တော်ပြီ၊ မလိုချင်ဘူး၊ မဲခွဲပြီးပြီ၊ သပိတ်လှန်မယ်"

ဆီပိန်းက ဝင်အော်သည်။ မစ်ရှောက အလျှော့မပေး။ ဆက်ပြော၏။

"လူတိုင်း မဲပေးနိုင်ခွင့် ရှိပါတယ်၊ လူတိုင်း ပြောနိုင်ခွင့် ရှိပါတယ်၊ ဒါပေမယ့် မပြောတဲ့ လူတယောက် ရှိသေးတယ် ရဲဘော်တို့၊ အဲဒါကတော့ ရဲဘော်ဂျင်းနော့ပဲ၊ ရဲဘော်တို့ သူ့ကိုမေ့ကြပြီလား၊ ဟောဒီမှာ ရဲဘော်ဂျင်းနော့ရှိပါတယ်၊ ကျွန်တော်တို့နဲ့ အတူရှိတယ်၊ ဂျင်းနော့အမေက သူ့ကိုယ်စား စကားပြောလိမ့်မယ်"

ပရိသတ်အားလုံး ငြိမ်ကျသွားကြသည်။ ဂျင်းနော့ ကျဆုံးသည်မှာ ပူပူနွေးနွေး ရှိသေးသည်။ အမေ၏ သောကသည် လူတိုင်းကို ဖုံးလွှမ်းသွား၏။ အမေသည် လော်ရီကားပေါ်သို့ တက်လာသည်။ မျက်လုံးများက နီရဲကာ မျက်ရည်တို့ ပြည့်လျှမ်းလျက်။ ဆံပင်တို့က ဖြူဖွေးနေပြီ။ ဘာမျှ မပြောနိုင်သေးပဲ လက်သီးကို ဆုပ်၍ မြှောက်လိုက်သည်။ ဂျင်းနော့၏ အမူအရာနှင့် တထေရာတည်း။ အစည်းအဝေး ရောက်လျှင် ဂျင်းနော့လည်း စကားမပြောမီ လက်သီးကို ဆုပ်၍ မြှောက်နေကျ။ အမေသည် တခုခုကို ပြောချင်သည်။ သို့ရာတွင် စကား တလုံးမျှ ထွက်မလာ။ တလုံးမျှ မပြောနိုင်။ လက်သီးကို မြှောက်၍သာ ယမ်းနေသည်။ ပရိသတ်သည် အမေ့ကို ကြည့်၍ လက်သီးဆုပ်များကို မြှောက်မိကြသည်။

"သပိတ်လှန်ချင်တဲ့လူ လက်သီးကို အောက်ချပါ"

မစ်ရှောက အော်သည်။ လက်တချောင်းမျှ အောက်သို့ မချကြ။ ဆီပိန်းသည်ပင်လျှင် သပိတ်မှောက်ဖို့ဘက်က ဆန္ဒပေးသည်။ အမေ၏ မျက်လုံးများသည် ဆီပိန်းကို စူးစိုက်ကြည့်နေသည်။

အမေက စ၍ စကားပြောသည်။

"အခုအချိန်ကစပြီး ဂျင်းနော့အစား အမေလဲ သပိတ်စခန်းမှာပဲ နေတော့မယ်"

အမေက မစ်ရှောကို ကြင်နာစွာ ကြည့်လိုက်ပြီး "ဟဲ့၊ နင် ဂိတ်ပေါက်ကို မသွားနဲ့နော်၊ နင့်ကိုပါ သတ်ကြလိမ့်မယ်" ဟု လှမ်းပြောသည်။

သပိတ်မှောက်သည်မှာ ဆယ့်ငါးရက် ပြည့်ပြီ။ ထိုနေ့ညတွင် ပီယာသည် ကလေးလေးတယောက်လို မစ်ရှောဘေးတွင် ကခုန်ယင်း "ကျွန်တော်တို့ နိုင်ပြီဗျ။ ကျွန်တော်တို့ နိုင်ပြီ" ဟု ဝမ်းသာအားရ အော်နေသည်။

နောက်သုံးရက်အကြာတွင် ဒက်ဇာက ဗီးလာ့ဒ်ထံ တယ်လီဖုန်း ဆက်၏။

"အလုပ်သမားတွေရဲ့ တောင်းဆိုချက်ကို လက်ခံဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ၊ အမြန်ပို့ရမယ့် ပစ္စည်းအမှာစာတွေလဲ ရောက်နေတယ်၊ တိုက်ပွဲမှာ ဘယ်လို ဆုတ်ခွာရမယ် ဆိုတာကို သိတဲ့လူဟာ နိုင်တဲ့လူပဲဗျ၊ မဟုတ်ဘူးလား၊ အေးလေ ဒါတွေကို ခင်ဗျားကို ပြောနေစရာ မလိုပါဘူး၊ တိုက်ပွဲတပွဲမှာ ဘယ်လိုဆုတ်ခွာရတယ်ဆိုတာ မိတ်ဆွေကြီးလဲ သိသားပဲ၊ နပိုလီယန် လိုပေါ့၊ ဟဲဟဲ"

စိတ်သက်သာလို သက်သာညား အရွှန်းအပြက်ကလေးတွေ ပြောချင်သည်။ သို့ရာတွင် အလျှော့ပေးလိုက်ရသည့်အတွက်မူ ဒေါသထွက်လှပြီ။ သိက္ခာလည်းကျသည်။ ယခုအချိန်ဆိုလျှင် ပီယာတို့ တပြုံးပြုံးနှင့် နေကြတော့မည်။ သို့ရာတွင် မတတ်နိုင်။ သပိတ်မှောက်သဖြင့် တနေ့ကို သန်းဝက်လောက် အရှုံးပေါ်နေသည်။ မည်သူကြာကြာ ခံနိုင်မည်နည်း။ နိုင်ငံရေး ဆိုသည်မှာ ရွှေဈေးကစားသလို လုပ်ရသည့် လောင်းကစားနည်းတမျိုး ဖြစ်သည်။

အလုပ်သမားသည် ယနေ့တွင် ပင်လယ်ကမ်းခြေသို့ သွားအပန်းဖြေနေသော်လည်း မနက်ဖြန်တွင် နိုင်ငံရေး အကျဉ်းစခန်းထဲသို့ ရောက်ချင်ရောက်နေတတ်သည်။ ချိန်သီးသည် မှန်မှန် မလှုပ်တော့။ ရုတ်တရက် ဖောက်သွားကာ ခပ်သွက်သွက် ယမ်းနေသည်။ ဒက်ဇာ၏ အသည်းနှလုံးသည်လည်း ထို့အတူ။ ကောင်းကောင်း နေမကောင်းချင်။ ဆရာဝန်က အရက်၊ ကော်ဖီနှင့် ဆေးလိပ်ဖြတ်ဖို့ ပြောထားသည်။ သို့ရာတွင် ဒက်ဇာသည် ဆရာဝန်၏ စကားကို နားမထောင်။ သူ့နှလုံးသားသည် အားဆေးလိုနေသည်။ သို့ရာတွင် အချစ်မဟုတ်။ တခုခု လိုနေခြင်းသာ ဖြစ်သည်။

သပိတ်မှောက်သည့်နောက် ဆယ့်ကိုးရက်မြောက်နေ့ ည ၇ နာရီတွင် သဘောတူညီချက်ရကြောင်း နှစ်ဘက် လက်မှတ်ထိုးကြသည်။ အလုပ်သမားများ၏ မူလတောင်းဆိုချက်များကို အနည်းငယ်သာ ပြင်ပြီး အလုပ်ရှင်က လိုက်လျောလိုက်၏။ အောင်ပွဲရသည်ဟု အားလုံးက ယူဆကြသည်။

“ဆိန်း” လေယာဉ်စက်ရုံသည် သပိတ်တိုက်ပွဲကို စတင်ခဲ့သည်။ သူ့ကိုကြည့်၍ အခြားစက်ရုံများက လိုက်မှောက်ခဲ့ကြ၏။ သူတို့အောင်ပွဲသည် အခြားသော သပိတ်များ၏ အောင်ပွဲလည်း ဖြစ်သည်။ ထိုနေ့တွင် အခြားစက်ရုံများမှ ပိုင်ရှင်များကလည်း တောင်းဆိုချက်များကို လိုက်လျောလိုက်ကြောင်း သတင်းတွေ တဖွဲဖွဲ ရောက်လာသည်။ စစ်ပြေငြိမ်းရေးအတွက် လက်မှတ်ထိုးပြီးလေပြီ။ “အို ပြင်သစ်အမျိုးသားအပေါင်းတို့ အလုပ်ခွင်သို့ ပြန်ဝင်ကြလော့၊ ဒဏ်ရာကို ကျက်အောင် လုပ်ကြကုန်အံ့” ဟု ဂျူလီယော့က ကဗျာဆန်ဆန် ရေးသည်။

ထိုနေ့ည ရှစ်နာရီတွင် “ဆိန်း” လေယာဉ်စက်ရုံ လုပ်သားများသည် တန်းစီကာ အလုပ်ရုံမှ ထွက်ခွာလာကြသည်။ ဘင်ခရာသံတွေက တညံညံ။ အလံတွေ တလူလူ။ ရှေ့ဆုံးတွင် ဂျင်းနော့၏ အမေအိုကြီးနှင့် မစ်ရှောတို့ ချီတက်လာကြသည်။ ထောင်ပေါင်းများစွာသော ပရိသတ်များက အောင်ပွဲရလာသူများကို ဝမ်းသာအားရ ကြိုဆိုကြ၏။ သပိတ်မှောက် အလုပ်သမားများ၏ သားမယား ဆွေမျိုးများ၊ စက်ရုံတဝိုက်တွင်နေသည့် အရပ်သားများနှင့် အခြားသော အလုပ်သမား သမဂ္ဂများမှ ကိုယ်စားလှယ်များ ဖြစ်သည်။

နွေဆည်းဆာသည် လျှော့ကျလာ၏။ လင်းနေဆဲ ကောင်းကင်ပြင်တွင် ရှေ့ပြေးကြယ်တွေ ပေါ်စပြုလာလေ၏။ သူတို့၏ ကြယ်ပြာရောင်သည်

ရွှေရောင်ဆည်းဆာထဲတွင် လျှို့ဝှက်ဆန်းကြယ်သည့်သဘောကို ဆောင်နေကြသည်။ လမ်းများ၊ ကဖီးစြက်ံများတွင် မြူးထူးနေသည့် လူအုပ်ဖြင့် ပြည့်နေတော့သည်။ အရပ်သူ အရပ်သားများက အလုပ်သမားများကို ပန်းစည်းတွေ ကမ်းကြသည်။ ဘီယာတိုက်ကြသည်။

မစ်ရှောက အမေ့ကို ဆွဲခေါ်လာသည်။ လွန်ခဲ့သည့် ရက်အနည်းငယ်က အဖြစ်အပျက်များကြောင့် အမေ အားကုန်လုခမန်း ဖြစ်နေပြီ။ ကောင်းကောင်းပင် မလျှောက်နိုင်တော့။ အမေသည် သံယောဇဉ်ဖြစ်ကာ သားအရင်းတယောက်လို အရိပ်တကြည့်ကြည့် ဖြစ်နေသည်။ ယခု သူတို့နှင့် အမေ ခွဲရတော့မည်။ မစ်ရှောလည်း သူ့အလုပ်ခွင်သို့ ပြန်ဝင်ရတော့မည်။ သူ့သား ဂျင်းနော့လိုပင် တရားပွဲတွေ၊ အစည်းအဝေးတွေကို တက်ရတော့မည်။ အသတ်ခံရသည်အထိ လက်သီးလက်မောင်းတန်း၍ အော်နေတော့မည်။ သူနှင့်ခွဲပြီးလျှင် အမေသည် ကျောက်တုံးတွေ ခင်းထားပြီး ခုတင်ကြီးတွေဖြင့် ပြည့်နေသည့် သူ့အခန်းကျဉ်းကလေးကို ပြန်ရတော့မည်။

“ငါ့သားက ဘာဖြစ်လို့ မိန်းမ မယူသေးတာလဲ၊ တယောက်တည်း နေရတာထက်တော့ အဆင်ပြေတာပေါ့။ တယောက်တည်း နေရတာ ပျင်းစရာကြီးကွယ်၊ မတော်လို့ အသတ်ခံရယင်တောင် ငိုမယ့်လူမရှိ ဘာမရှိနဲ့ မကောင်းပါဘူး”

အမေက ရုတ်တရက် ပြောသည်။

မစ်ရှောက ရှက်ရှက်ဖြင့် ပြုံးနေသည်။ သစ်ပင်များသည် ကောင်းကင် နောက်ခံလျက် မည်းမည်းရိပ်ရိပ်သဏ္ဍာန် ပေါ်ထင်နေလေ၏။ ဆိမ်းမြစ်ပေါ်တွင် မြူငွေ့ပြာပြာသည် ဝိုးတဝါး။ ကြည့်လေရာရာတွင် မြင်နေကျ မျက်နှာဖွေးဖွေးကလေးကို မြင်နေရသည်။ ထိုမျက်နှာမှာ ဒင်းနိစ်၏ မျက်နှာဖြစ်၏။ ဒင်းနိစ်သည် သူ့ဆီသို့ လျှောက်လာနေသည်။ သူ့မျက်နှာက ပြုံးလျက်။ သူ့လက်များကို အသာအယာ ဖျစ်ညှစ်နေသည်။

အခန်း (၂၁)

ပန်းချီစတူဒီယိုထဲတွင် ပုလောင်မွန်းကျပ်နေသည်ဟု ထင်၏။ ပန်းချီဆွဲသည့် ထောက်ခုံကို နံရံဘက်သို့ လှည့်လိုက်ပြီးနောက် အပြင်သို့ ထွက်လာခဲ့သည်။ အန်ဒရေ ပန်းချီဆွဲ၍ မရသည်မှာ ကြာလှပြီ။ နိုင်ငံရေးကို သူနားမလည်ဟု သူ့သူငယ်ချင်းတွေကို သူပြောခဲ့ဖူးသည်။ ဟန်လုပ်၍ ပြောခြင်း မဟုတ်။ ဤသို့ ပြောခဲ့သည်မှာ သုံးလကြာခဲ့ပြီ။ ထိုအတောအတွင်း အပြောင်းအလဲတွေ ပေါ်ခဲ့သည်။ နိုင်ငံရေးသည် ခွင့်မတောင်းပဲ သူ့ပန်းချီစတူဒီယိုထဲသို့ အတင်းတိုးဝင်လာ၏။ ယခုဆိုလျှင် မနက်လင်းသည်နှင့် သတင်းစာကို ကောက်ဖတ်လိုက်ရမှ။ လမ်းမက လူတွေ စကားပြောတာကို နားထောင်လိုက်ရမှ။ လူချင်းတွေ့လျှင် သပိတ်အကြောင်း၊ နိုင်ငံရေးပါတီတွေ အချင်းချင်း ကလော်ကြသည့် အကြောင်း၊ စစ်အကြောင်းကိုသာ ပြောနေကြသည်။ ပါရီမြို့ကြီးကို ကိုင်လှုပ်လိုက်သည့် ပြောင်းလဲမှုကြီးကြောင့် အန်ဒရေတွင် အတွေးသစ်၊ ခံစားချက်သစ်တွေ ပေါ်လာခဲ့သည်။ သူ့ဘဝက ပန်းချီဆရာ။ လူတွေနှင့် နီးနီးကပ်ကပ် နေရသည့် ဘဝ။ သူ့ပင်ကိုယ်စရိုက်က ရိုးရိုးသားသား။ လူထု၏ အားမာန်၊ လူထု၏ မျှော်လင့်ချက်များကို မထိတွေ့ မခံစားပဲ မနေနိုင်။ ဟုတ်သည်။ ကမ္ဘာကြီးသည် ပြောင်းလဲနေပြီ။ သက်ငြိမ်ဘဝတွင် သူမည်သို့ နေနိုင်မည်နည်း။

တခါတုန်းက ရုရှတွင် ဂျုံကို သိပ္ပံနည်းဖြင့် စိုက်ပျိုးနေသည့်အကြောင်း ဆောင်းပါးတပုဒ် ဖတ်လိုက်ရဖူးသည်။ အန်ဒရေသည် မြေကြီးနှင့် ဆက်စပ်နေသည့်အရာ မှန်သမျှကို သဘောကျသည်။ လယ်သမားသားသမီး ဖြစ်ခဲ့သည့်အလျောက် ထိုဆောင်းပါးကို အန်ဒရေ သဘောကျသည်။ လမ်းမတကာလျှောက်ယင်း ထိုဆောင်းပါးကို သတိရလာကာ ပန်းချီဆွဲရသည်ကိုပင် စိတ်ပျက်လာသည်။

အချို့သစ်ပင်များသည် အနှစ် ရှစ်ဆယ် ကိုးဆယ် ရှိမှ အပွင့်ပွင့်ကြသည်။ အသီးသီးကြသည်။ စိုက်တုန်းက ခုအပင်စိုက်၊ ခု အသီးသီးလိမ့်မည် ဆိုသည့် မျှော်လင့်ချက်ဖြင့် စိုက်ခဲ့ကြခြင်း မဟုတ်။ သားမြေးတို့ လက်ထက်ကျမှ အသီးသီးမည်ကို စိုက်ကတည်းက သိခဲ့ကြသည်။ သို့ရာတွင် ရုရှတွင်မူ တနှစ်ရှိမှ သီးမည့်အပင်ကို ရက်အနည်းငယ်အတွင်း သီးအောင် လုပ်ခဲ့ကြသည်။

ဤသည်ကို ခေတ်နှင့် ဆက်၍ သူစဉ်းစားကြည့်၏။ ပန်းချီဆရာသည် ငြိမ်သက်မှုကို ကြိုက်သည်။ ရွေ့ရှားခြင်း မရှိသည့်ဘဝကို သဘောကျသည်။ သူရေးဆွဲသည့် ပန်းချီကားများက ရင့်မှည့်နေသည့် ဩကာသလောကကြီးကို ရေးဆွဲသည့်ကားများ။ ထိုဩကာသလောကကြီးတွင် သူ့အမျိုးအစားနှင့်သူ

ရှိပြီးသား။ သူ့အရောင်နှင့်သူ ရှိပြီးသား။ လူတွေ စီးပွားပျက်နေသည့် အချိန်။ လူတွေ အုံကြွနေသည့် အချိန်တွင် သူ ပန်းချီဆွဲ၍ မရတော့။ တော်လှန်ရေးသမားတယောက်သည် အလှအပ၊ အကောင်းအမွန် ကြိုက်တတ်ရမည်။ အလှအပ အကောင်းအမွန်ကို မကြိုက်တတ်သည့် လူတယောက်သည် တော်လှန်ရေးသမားတယောက် မဖြစ်နိုင်ဟု တခါတုန်းက လူဆန်းက ပြောဖူးသည်။ အဓိပ္ပါယ်မရှိလိုက်သည့် စကား။ အကောင်းအမွန် အလှအပ ဆိုသည်မှာ ဘာကို ခေါ်သနည်း။ တခါတရံတွင် သူတို့သတ်မှတ်သည့် အကောင်းအမွန်ဟု ဆိုသည့် အရာများသည် မကောင်းသည့် အရာများ ဖြစ်နေကြသည် မဟုတ်လော။ ၁၇၉၃ ခုနှစ်တုန်းက ပြင်သစ်ရာဇဝင်တွင် "မင်းမျိုး မင်းရိုး"ကိုမှ မွန်သည်၊ ကောင်းသည်ဟု ဆိုကာ မင်းမျိုး မင်းရိုး မဟုတ်သူများကို နန်းမှချ၍ ခေါင်းဖြတ်သတ်ခဲ့ကြပြီ မဟုတ်လော။ ရာဇဝင်ဆိုသည်မှာ လူပုဂ္ဂိုလ်တွေကို မကြည့်။ ခေတ်ကိုသာ ကြည့်သည်။ ပြင်သစ်ရာဇဝင်တွင် ခေတ်တခေတ်တုန်းက ရို့ဘစ်ပီယာ ပေါ်ခဲ့သည်။ နောက်တခေတ်တွင် ဒီလာကရွား ပေါ်ခဲ့သည်။ သို့ရာတွင် (နိုင်ငံရေးသမား) ရို့ဘစ်ပီယာကြောင့် (ပန်းချီဆရာ) ဒေးဗစ်၏ ကားများ ကောင်းလာခြင်း မဟုတ်။ အလားတူပင် (ပန်းချီဆရာ) ဒီလာကရွား၏ ပန်းချီကားများ ကောင်းခြင်းသည် (ရှင်ဘုရင်) လူဝီဖီးလစ် ကပ်စေးနဲ့သည့် ကိစ္စနှင့် ဘာမျှမဆိုင်။

လူဆန်းသည် သမိုင်းကို ဇာတ်က၍ ကောင်းအောင် ပြင်ချင်ပုံရသည်။ သမိုင်းအဖြစ်အပျက်တွေကို ဇာတ်လမ်း ပရိသတ် ကြည့်ကောင်းအောင် ပြောင်းချင်ပုံရသည်။ သို့ရာတွင် လူဆန်းသည် ဇာတ်ဆရာမဟုတ်။ သူသည် ဆွံ့အနေသည့် ကပြသူမျှသာ။

မည်သို့ဖြစ်စေ သူ့တွင် အချိန်ရှိတုန်း၊ ပန်းချီစတူဒီယိုရှိတုန်း၊ ဆေးရှိတုန်း သက်ငြိမ်ပန်းချီ ရေးဆွဲခြင်းကို ရပ်တန်းကရပ်မှ ဖြစ်မည်။ အန်ဒရေသည် အားတင်းကာ ပန်းချီတွေကို ကြိုးစား၍ ဆွဲသည်။ သို့ရာတွင် ဘာမျှ ဆွဲမရ။ နောက်တနာရီခန့်အကြာတွင် အန်ဒရေသည် စုတ်တံများကို ဘေးသို့လွှတ်ချလိုက်သည်။

မကြာမီ ညနေရောက်တော့မည်။ ဤအချိန်ကို စောင့်လိုက်ရသည့် ဖြစ်ခြင်း။ ဤအချိန်သို့ရောက်လျှင် ရေဒီယိုကို နားထောင်မြဲ။ ဂျဲနက်သည် "ပါရီ"

အသံလွှင့်ရုံတွင် အလုပ်လုပ်ဆဲ ရှိသေးသည်။ အဓိပ္ပါယ်မရှိသည့် ကြော်ငြာများကို သူ့အသံ သြသြတုန်တုန်ကလေးဖြင့် ဆိုပြရသည်မှာ နည်းနည်းမျှ မတန်။ ကြော်ငြာတွေကို ရွတ်နေရသည့် အဖြစ်ကို သူမကြည့်ရက်။ အန်ဒရေသည် လာဖိုဂူး၏ ကဗျာများနှင့် ပါဆင်း၏ ရေဆေးပန်းချီများကို ပြေး၍ အမှတ်ရသည်။ ဤမျှလောက် ညံ့သည့် ပန်းချီကားများအောက်တွင် ထိုမျှလောက်ကောင်းသည့် ကဗျာတွေကို ထည့်ရသည်မှာ နှမြောစရာ။ ယခုလည်း ထို့အတူ။ ဤလောက် ကောင်းသည့်အသံဖြင့် အဓိပ္ပါယ်မရှိသည့် ကြော်ငြာစာသားတွေကို ရွတ်ရသည်မှာ နှမြောစရာ။

"အို... ငါနဲ့ ဂျဲနက်နဲ့ ဘာဆိုင်တာမှတ်လို့" ဟု အန်ဒရေ သူ့ကိုယ်သူ မကြာမကြာ သတိပေးမိသည်။ အချစ်ဆိုသည့်စကားကို သူ ခေါင်းထဲထည့်၍ တခါမျှ မစဉ်းစားဖူးခဲ့။ စင်စစ် ဂျဲနက်အကြောင်းကိုလည်း သူ ဘာမျှ ကောင်းကောင်းမသိ။ သူတို့နှစ်ယောက်ကြားတွင် တူညီမှုဆို၍လည်း ဘာမျှ ရှိသည်မဟုတ်။ သက်သက် စိတ်ရှုးထနေခြင်း ဖြစ်သည်လော မဆိုနိုင်။ သူဖြစ်ချင်သည်က နာမည်ကျော် ပန်းချီဆရာကြီး။ အချစ်အတွက် အချိန်မပေးနိုင်။ အချစ်ဆိုသည်မှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ပြီး ဂရုတစိုက် ပြုစုစောင့်ရှောက်မှ ရှင်သန်နိုင်သည့် အရာဖြစ်သည်။ ဇာတ်ရုံများတွင် လူဆန်းနှင့် နောက်ဆုံးတွေ့ခဲ့သည့်နောက်တွင် သူသည် ရေထဲ လိမ့်ကျသွားသည့် လူတယောက်လို ဖြစ်နေသည်။ အဘယ်ကြောင့် ဂျဲနက်အကြောင်းကို သွားမေးမိလေသနည်း။ သူစိတ်ဝင်စားနေကြောင်း ရိုက်မစစ်ပဲ ဖော်သလို ဖြစ်နေပြီ။ "ခင်ဗျားနဲ့ ဘာဆိုင်လို့တုန်း" ဟု လူဆန်းက ပြန်မေးလိုက်လျှင် အခက်။ သူစိတ်ရှုးထနေသည်ကို ကြာရှည်ခွင့်ပြုထား၍ မဖြစ်။ ဂျဲနက်ကို ခေါင်းထဲမှ ဖျောက်မှဖြစ်မည်ဟု အန်ဒရေ စဉ်းစားသည်။ သို့ရာတွင် မနေနိုင်။ ညနေရောက်သည့်အခါတွင် ရေဒီယိုအနား အပြေးအလွှား ရောက်သွားမိပြန်သည်။

ဤမျှ ယောက်ယက်ခပ်နေလျှင် မည်သို့ ပန်းချီရေး၍ ဖြစ်တော့မည်နည်း။ သပိတ်မှောက်နေကြသည့် ပန်းရန်သမားများ၏ အလံနီနီများက လမ်းတဘက်ရှိ အဆောက်အအုံငြိမ်းများပေါ်တွင် တလူလူ။ ရေဒီယိုထဲမှ ဂျဲနက်၏ အသံကလည်း အချစ်သီချင်း တလှည့်၊ ဆေးကြော်ငြာ တလှည့်။ ဇူလိုင်လဖြစ်၍ ရာသီက အိုက်စပ်စပ်။ ညညဆိုလျှင် လျှပ်တွေ တဝင်းဝင်း။ မိုးချုန်းသံတွေက တခြိမ့်ခြိမ့်။ အန်ဒရေသည် အလိုလိုနေယင်း မောပန်းနေလေသည်။

ဇူလိုင်လ ဆန်းသည့်အခါတွင် ပါရီ လူချမ်းသာရပ်ကွက်များတွင် တိတ်ဆိတ်ခြောက်သွေ့နေသည်။ ယခင်နှစ်များတုန်းကဆိုလျှင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများသို့ မထွက်ကြသေး။ ဤအချိန်ဆိုလျှင် ရထားတွေ၊ ကားတွေ လူကျပ်တတ်သည်။ ထို့ကြောင့် နောက်ကျမှ ထွက်တတ်ကြသည်။ ယခုမူ ထိုသို့မဟုတ်။ တမြို့လုံး သပိတ်တွေနှင့် ဆူဆူညံညံ ဖြစ်နေသဖြင့် ပါရီက လူချမ်းသာများသည် ခါတိုင်းထက်စော၍ အပန်းဖြေစခန်းများသို့ ထွက်သွားကြသည်။ ခါတိုင်းဆိုလျှင် ပြင်သစ်ပြည် အလယ်ပိုင်းသို့ ထွက်ကြသည်။ ယခုနှစ်တွင်မူ အလယ်ပိုင်းသို့ မသွားကြ။ တောင်ပိုင်း ကမ်းခြေများသို့ ထွက်ကြသည်။ ပြင်သစ်ပြည် အလယ်ပိုင်းတွင် လစာမပျက် အားလပ်ရက် ရကြသည့် အလုပ်သမားတွေဖြင့် ပြည့်နေလိမ့်မည်ဟု သူတို့က ပြောကြသည်။ ပင်လယ်ကမ်းခြေများတွင် အနားယူနေကြသည့် မီးထိုးအလုပ်သမားများ၊ ပန်းရန်သမားများကို တွေ့ရသည့်အခါတွင် လူချမ်းသာတွေ အထိတ်တလန့် ဖြစ်ကုန်ကြသည်။ သတင်းစာ၊ ဆောင်းပါးရှင်များကလည်း အလုပ်သမားတွေ ပင်လယ်ကမ်းခြေလာ၍ အနားယူကြသဖြင့် ပင်လယ်ရေတွေ "ညစ်ညမ်းကုန်ကြပြီ" ဟု ရေးကြသည်။ ထို့ကြောင့် အချို့က ဆွစ်ဇာလန်၊ အီတလီ စသည့် တိုင်းပြည်များသို့ ခရီးထွက်တတ်ကြသည်။ မည်သည့်လူချမ်းသာမျှ ပါရီတွင် ချန်မနေရစ်ခဲ့ချင်ကြ။ လွတ်လပ်ရေးနေ့ဖြစ်သည့် ဇူလိုင်လ ၁၄ ရက်နေ့တွင် စီတန်းဆန္ဒပြပွဲကြီးတွေ ဖြစ်လိမ့်ဦးမည်ဟု သတင်းဖြစ်နေသည့်အတွက် တုန်လှုပ်နေကြသည်။ သည်နှစ် လွတ်လပ်ရေးနေ့သည် သာမန်မဟုတ်။ ပြည်သူ့တပ်ဦး အာဏာရသည့် အထိမ်းအမှတ်နှင့် တိုက်ဆိုင်နေသည်။ ပါရီတွင် ကျန်ခဲ့သည့် ဘရီကျူး၏ မိတ်ဆွေများကမူ ထိုအထိမ်းအမှတ်ပွဲကို သပိတ်မှောက်သည့်အနေဖြင့် အိမ်များမှ အလံများကို ဖြုတ်ထားကြသည်။

အလုပ်သမားရပ်ကွက်များတွင်မူ ပျော်ပျော်ရွှင်ရွှင်။ လှုပ်လှုပ်ရွရွ။ ဒက်ဇာအနေဖြင့် ကြည့်လျှင် အကြီးအကျယ် သူ့ကို ဒုက္ခပေးသွားသည့် လစာမပျက် အားလပ်ရက်ရရေးသည် သူတို့ဘဝတွင် ပျော်ပွဲကြီးပမာ ဖြစ်နေသည်။ မည်သည့်နေရာသို့ သွားလည်မည်၊ မည်သည့်မြစ်သို့ သွား၍ ငါးမျှားမည်ဟု တိုင်ပင်ကြရသည်မှာလည်း အမော။ ဤသတင်းများကို ကြားသည့်အခါတွင် ဒက်ဇာသည် ပြုံးနေလေသည်။ "အင်း... ကျုပ်တို့ လူမျိုးက တော်တော် အံ့ဩဖို့ကောင်းတဲ့ လူမျိုးဗျ၊ သူတို့လုပ်ချင်တာက တော်လှန်ရေး၊ ခုတော့ တကယ်တည်းဗျာ၊ ငါးမျှားပြိုင်ပွဲကြီး ကျနေတာပဲ။ ငါးမျှားထွက်လိုက်ကြတာ" ဟု

လှောင်သည်။

မိုးသက်လေပြင်းတိုက်သည့် ဇွန်လ ကုန်ဆုံးပြီးနောက် ဇူလိုင်လသည် ကျေးလက်လို တိတ်ဆိတ်ငြိမ်သက်နေသည်။ အလုပ်ရှင်များသည် အလုပ်သမားများကို တန်ပြန်ထိုးစစ် ဆင်ကြလိမ့်မည်။ ဘာရီကျူးကလည်း ဆူပူမှုများကို လှုံ့ဆော်လိမ့်မည်ဟု ကွန်မြူနစ်များက သတိပေးကြသည်။ သို့ရာတွင် လူထုသည် သူတို့သတိပေးချက်များကို စိတ်မဝင်စား။ ခရီးသွားမြေပုံများ၊ မီးရထားအချိန်စာရင်း စာအုပ်များ၊ ဘိုင်စကယ်သစ်များနှင့် နောက်ဆုံးပေါ် အဝတ်အထည် အဆင်ဆန်းလောက်ကိုသာ စိတ်ဝင်စားနေကြသည်။ ခွင့်ရက်များမှာ ဩဂုတ်လတွင် စမည်ဖြစ်သဖြင့် လူထုသည် ဇူလိုင်အောင်ပွဲအတွက် ပျော်ပွဲရွှင်ပွဲများ ကျင်းပရန် တာစူနေကြသည်။ အချို့က လွတ်လပ်ရေးအောင်ပွဲ၊ စစ်ရေးပြပွဲဟု ယူဆကြ၏။ အချို့လည်း အာဏာရပါတီ၏ နိုင်ငံရေးအင်အားပြပွဲဟု ယူဆကြသည်။ သို့ရာတွင် အများစုကမူ လွတ်လပ်ရေးအောင်ပွဲ ဆိုသည်မှာ လမ်းမများပေါ်တွင် ကကြ၊ ခုန်ကြ၊ ပျော်ကြ၊ အော်ကြသည့်ပွဲဟု နားလည်ကြသည်။

အကြိုနေ့ညဖြစ်သည့် ဇူလိုင် ၁၃ ရက်နေ့ ညကတည်းက လမ်းမများတွင် ပျော်ပွဲတွေ၊ ကပွဲတွေ တခြိမ့်ခြိမ့်။ ပါရီတမြို့လုံးတွင် အားနေသည့် ဂီတဆရာဆို၍ ရှိမည်မထင်တော့။ လမ်းမတကာတွင် လူတွေ အော်ဟစ်လျက်။ တီးမှုတ်လျက်။ လေချွန်လျက်။ ဖာက်ကုန်လွှတ်၍ ပျော်နေကြသည်။ ပန်းခြံတိုင်းတွင် စင်တွေထိုးကာ တူရိယာဝိုင်းတွေ အမြိုင့်သား။ အသားက ကြေးနီရောင်ပေါက်ကာ နဖူးတွင် အကြောကြီးတွေ ထောင်နေသည့် နဲ့ဆရာများက ရေငတ်ငတ်ဖြင့် ဘီယာတလုံးပြီးတလုံး စုပ်နေကြသည်။ တရုတ်စက္ကူမီးပုံးတွေ ကိုင်ထားသည့် စီတန်းလှည့်လည်ပွဲများက လမ်းတကာအနှံ့။ ကဖီးဆိုင်များက ရှိသမျှ စားပွဲကုလားထိုင်များကို အပြင်သို့ ထုတ်ခင်းထားကြသည်။ ရာသီက ပူအိုက်သဖြင့် အပေါ်အင်္ကျီတွေကို ချွတ်ကြရ၏။ အမျိုးသားတွေက အင်္ကျီလက်တိုကလေးတွေဖြင့် လမ်းတလျှောက် ကခုန်သွားကြသည်။ သူတို့ရင်ဘတ်မှ ရင်ထိုးများက မီးရောင်တွင် တလက်လက်ဖြင့်။ ကလေးငယ်တွေက အော်ကြသည်။ တချို့က သူတို့ အမေ့ရင်ခွင်များထဲတွင် အိပ်ပျော်နေကြသည်။ မျက်လှည့်ဆရာများက မီးတောက်များကို စားပြနေကြသည်။ ဦးထုပ်စုတ်များထဲမှ ကြက်ကောင်ပေါက်စကလေးများကို ထုတ်ပြနေကြသည်။ လက်ပွေ့အရောင်းသမားများက သစ်သီးများ၊ ပန်းများနှင့် စက္ကူယပ်တောင်များကို

အော်ဟစ်ရောင်းချနေကြသည်။ နေရာတကာတွင် ဆိုင်တန်းလေးတွေ အပြည့်။ ဗေဒင်ဆရာ။ ကံစမ်းမဲလှည့်သည့်ခုံ။ အနီထောင်ဝိုင်း။ ကလေးတွေက ရေပန်းဖြင့် ပန်းထုတ်လိုက်သည့် ပင်ပေါင်ဘောလုံးကို လေသေနတ်ဖြင့် ပစ်နေကြသည်။ မြင်းရုပ်များ၊ လေယာဉ်ပျံများ ဆင်ထားသည့် ချားရဟတ်များက လည်လျက်။

ပါရီသည် မြို့ကြီးဖြစ်သော်လည်း တောစရိုက် မပျောက်။ ပါရီမြို့ကြီးထဲတွင် ရာပေါင်းများစွာသော မြို့ငယ်ကလေးများရှိကြသည်။ သူ့မင်းလမ်းနှင့်သူ။ သူ့ရုပ်ရှင်ရုံ နှင့်သူ။ ရုပ်ရှင်မင်းသားကို ကြိုက်သည့်နေရာမှာလည်း သူ့ရပ်ကွက်နှင့်သူ။ အတင်းပြောရာမှာပင် သူ့ဒေသဆိုင်ရာ အတင်းအဖျင်းကလေးတွေနှင့်။ ပါရီမြို့လယ်ကောင်သည် နေ့ခင်းတွင် အရပ်ရှစ်မျက်နှာမှလာသည့် လူစိမ်းတွေနှင့် ပြည့်နှက်နေသော်လည်း ညဆိုလျှင် ခြောက်သွေ့တိတ်ဆိတ်လျက်။ သို့ရာတွင် အလုပ်သမား ရပ်ကွက်များတွင်မူ လူစိမ်းမရှိ။ လူတိုင်း မျက်နှာသိတွေချည်း။ ထို့ကြောင့် သူတို့ရပ်ကွက်များက ကပွဲများမှာ အိမ်သူအိမ်သားတွေ၊ ရပ်ဆွေရပ်မျိုးတွေ ကကြသည့် ကပွဲကြီး ဖြစ်နေသည်။

အန်ဒရေသည် တညနေလုံး လျှောက်သွားနေသည်။ ရုံးပိတ်သည့် အားလပ်ရက်များကို အန်ဒရေ သဘောကျ၏။ ထိုနေ့တွင် အရောင်အသွေးကလည်း အစုံ။ အသံတွေကလည်း ဆူဆူညံညံ။ ပျော်လိုက်မြူးလိုက်ကြသည်ကလည်း ဟန်ဆောင်ပန်ဆောင်တွေ မရှိ။ ကိုယ့်ရည်းစားနာမည်ကို ကိတ်မုန့်များပေါ်တွင် သကြားရေနှင့် ရေးရသော မုန့်ဆိုင်ကလေးများကို သူသဘောကျသည်။ အကော်ဒီယန်နှင့် အော်ဂင်တွဲပြီး ကျယ်ကျယ်လောင်လောင် တီးမှုတ်ပြတတ်သည့် ရုပ်ပြစင်ကြီးများကို သူသဘောကျသည်။ သို့ရာတွင် ယနေ့တွင်မူ ခါတိုင်းလောက် မပျော်။ ပျင်းခြောက်ခြောက် ဖြစ်နေသည်။ အထူးသဖြင့် ဘက်စတီးရပ်ကွက်သို့ ရောက်သည့်အခါတွင် ပို၍ပျင်းသည်။ တခါက စစ်တလင်း ဖြစ်ခဲ့ရသည့် ရပ်ကွက်ထဲတွင် လူတွေ ကခုန်ပျော်မြူးနေကြသည်။ အဝေးကနေကြည့်လျှင် ထောင်ပေါင်းများစွာသော စုံတွဲတွေ ကနေပုံသည် ပင်လယ်မှ လှိုင်းလုံးကြီးတွေ တက်လာသည်နှင့်တူသည်။

အန်ဒရေသည် ဆိန်းမြစ်ဘက်သို့ ချိုးလိုက်၏။ သူသွားနေကျ ကွန်ထရီအေကာပေး ရပ်ကွက်သို့ လာခဲ့သည်။ မီးပွင့်တွေအောက်တွင် လူတွေ

ကခုန်မြူးတူးလျက်။ အစိမ်းရင့်ရင့် သစ်ပင်များပေါ်တွင် မီးလုံးတွေ သီးနေကြသည်။ သန်းခေါင်ကျော်နေပြီ။ အန်ဒရေသည် ဆိုင်တဆိုင်တွင် ထိုင်၍။ ဘီယာနွေးနွေးကို သောက်နေစဉ် ဂျဲနက်ကို လှမ်းမြင်လိုက်ရသည်။ ဂျဲနက်သည် ဇာတ်သမားများနှင့်အတူ လိုက်လာခြင်း ဖြစ်သည်။ ဝမ်းသာအားရဖြင့် လှမ်းခေါ်လိုက်မိသည်။ ခဏတွေနေပြီးနောက် ဂျဲနက်ဆီသို့ ထလာခဲ့၏။

"မကဘူးလား ဂျဲနက်"

ဂျဲနက်က အံ့အားသင့်နေသည့် မျက်လုံးများဖြင့် သူ့ကိုကြည့်၏။ သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာ ကနေကြသည်။ တွေ့လိမ့်မည်ဟု မမျှော်လင့်။ သူတို့နှစ်ယောက်စလုံး မျက်မှောင်ကို ကုပ်ထားကာ တောင့်တောင့်ကြီးတွေ ဖြစ်နေကြသည်။ မရိုးသားသည့်စိတ်ထားဆို၍ တစက်မျှ မရှိကြ။ အန်ဒရေ၏ လက်များသည် ဂျဲနက်၏ကိုယ်ကို ပွေ့ထားကြသည်။ ဂျဲနက်၏ ထွက်သက်လေသည် သူ့မျက်နှာပေါ်တွင် ဖြတ်သန်းသွား၏။ သို့ရာတွင် အန်ဒရေသည် ဘာကိုမျှ သတိမထားမိ။ ပန်းခြံတခုလုံး လူတွေပြည့်ကျပ်နေသဖြင့် တယောက်နှင့်တယောက် မကြာခဏ တိုက်မိကြ၏။ သို့ရာတွင် သူတို့နှစ်ယောက်အဖို့မူ လူသူမရှိသည့် သဲကန္တာရကြီးတခုထဲတွင် ရောက်နေသည်ဟု ထင်မိကြသည်။

အန်ဒရေက လျှောက်လည်ရန် အဖော်ညှိသည်။

"အဖော်တွေ ပါသေးတယ်၊ ကိစ္စမရှိဘူးလေ၊ ပြန်လာမယ်လို့ ပြောခဲ့မယ်"

မီးမှိန်မှိန်လင်းနေသည့် လမ်းကျဉ်းကလေးတခုထဲသို့ ဝင်လာခဲ့ကြ၏။ အမှောင်ထဲတွင် ရောက်နေသည့် ကလေးငယ်များလို တယောက်လက်ကိုတယောက် တွဲထားကြသည်။ ဂျဲနက်က "ဆိန်း"လေယာဉ်စက်ရုံ သပိတ်တုန်းက သူသွား၍ သီချင်းဆိုသည့်အကြောင်းကို ပြောပြ၏။

"ညီမ နိုင်ငံရေးတွေ ဘာတွေကို နားမလည်ပါဘူး" ဂျဲနက်ကပြောသည်။ "အစ်ကို သိသားပဲ၊ ညီမက သတင်းစာတောင် မှန်မှန် ဖတ်ဖြစ်တာ မဟုတ်ဘူး၊ ဒါပေမယ့် ဒီစက်ရုံမှာ သီချင်းဆိုတဲ့ညကတော့ သိပ်ဆိုလို့ ကောင်းတာပဲ၊ အလုပ်သမားတွေကလည်း သဘောကျကြတယ်၊ အိမ်ပြန်ရောက်တော့ ညီမ ငိုလိုက်တာလေ၊ သိလား၊ ဘာဖြစ်လို့မှန်း မသိဘူး၊ ပျော်လို့ ဖြစ်မှာပေါ့နော်"

"အစ်ကိုကတော့ တမြို့လုံး လျှောက်သွားပြီး ကြည့်တာပဲ၊ သပိတ်တွေ ဘယ်လိုဖြစ်မယ်ဆိုတာတော့ အစ်ကို မသိဘူးပေါ့။ ဒါပေမယ့် ဒီတခါ တော်တော် ထူးခြားတယ်၊ အလုပ်သမားတွေဟာ ယုံယုံကြည်ကြည် လေးလေးနက်နက် လုပ်နေကြတယ်ဆိုတာ တွေ့ရတယ်၊ သူတို့ကြည့်ရတာ အမြစ်တွယ်နေတဲ့အတိုင်းပဲ၊ အစ်ကိုတို့ ညီမတို့ တွေ့နေရတဲ့ လူမျိုးတွေနဲ့ မတူဘူး၊ အစ်ကိုတို့ ညီမတို့ တွေ့နေရတဲ့ လူတွေက တမျိုးတွေ၊ အထက်တန်းကျချင်ယင် ကျမယ်၊ ဒါပေမယ့် သူတို့ကြည့်ရတာ မလေးနက်ဘူး၊ ခပ်ပေါ့ပေါ့ပဲ၊ ဒီလိုလူတွေကတော့ အလကားပါ၊ အရေးရှိယင် လွင့်သွားကြမှာပဲ၊ လယ်ကွင်းထဲက သစ်ပင်တွေလိုပေါ့၊ လေတိုက်လိုက်ယင် လွင့်သွားပြီး ပျောက်သွားကြမှာပဲ၊ သူတို့ကြည့်ရတာ ဘာမှမလေးနက်ဘူး၊ ပြီးတော့... "

"အဲဒါ အစ်ကိုတို့လို ညီမတို့လို လူတွေပေါ့ အစ်ကို"

ဂျဲနက်က ကြားဖြတ်၍ ဝမ်းနည်းသံဖြင့် ပြောလိုက်သည်။

သူတို့နှစ်ယောက်သည် အီတလီရပ်ကွက် လမ်းမကြီးပေါ်သို့ ပြန်ထွက်လိုက်ကြသည်။ ဂီတသံ၊ ရယ်သံ၊ မီးရှူးမီးပန်းလွှတ်သံ။

"ရေပွက်ပမာ ထပွက်ကြတာတွေကို ကြည့်ပြီး ညီမ သိပ်အံ့သြတာပဲ"

ဂျဲနက်ကပြောသည်။

"ဘယ်လို ရေပွက်ပမာလဲ"

"အားလုံးပဲ၊ ကြည့်ရတာ ဘာကိုမှ လေးလေးနက်နက် မရှိကြဘူး၊ တကယ်ဆို ကိုယ့်ဘဝကို လေးလေးနက်နက် ပြန်စဉ်းစားကြဖို့ ကောင်းတယ်နော်၊ ညီမက ဒီလိုပြောတော့ အဘွားအိုကြီးတယောက်နဲ့ တူလိုက်တာလို့ အစ်ကိုက ထင်ကောင်းထင်မှာပဲ၊ မဟုတ်ပါဘူး... "

အန်ဒရေ အံ့သြနေသည်။ ဂျဲနက်က သူပြောချင်သည့်အရာများကို ပြောနေပါပကော။

"အစ်ကိုတို့နှစ်ယောက် တွေးနေကြတာက တူလိုက်တာနော်၊ တထပ်တည်းပဲ"

"အနုပညာသည်ချင်းကို အစ်ကိုရဲ့၊ တူမှာပေါ့။ သပိတ်စခန်းကို သွားပြီး သီချင်းဆိုပြတုန်းကလဲ ညီမ ဒီလိုအတွေးမျိုး ပေါ်ဖူးတယ်၊ ဪ... သူတို့အလုပ်သမားတွေကတော့ ငါတို့ဟာ သူတို့ဘက်မှာ ရှိတယ်လို့ အောက်မေ့ကြမှာပဲ၊ ဒါပေမယ့် တကယ်ကျတော့ ညီမတို့ဟာ သူတို့လို အစွန့်လွှတ်မခံနိုင်ဘူး၊ သူတို့ကို မီအောင် လိုက်နိုင်မှာ မဟုတ်ဘူး၊ နောက်ကျကျန်ရစ်ခဲ့မှာပဲလို့ တွေးယင်း ဝမ်းနည်းသလိုလိုပဲ၊ မပြောတတ်ဘူး အစ်ကိုရယ်၊ နားလည်အောင် မပြောတတ်ဘူး၊ အနုပညာဆိုတဲ့ စကားလုံးကို လူတွေက ဘယ်လိုထင်ကြသလဲဆိုတာကော အစ်ကို သိရဲ့လား၊ တချို့ကတော့ အနုပညာဆိုတဲ့ စကားလုံးကို ဘုရားရှိခိုးများ ရွတ်သလို တလေးတစားနဲ့ ရွတ်ကြတယ်၊ တချို့ကျတော့ ကာလဝမ်းတို့၊ ပလိပ်တို့ စတဲ့ ရောဂါတစ်ခုကို ရွတ်သလို ရွတ်ကြတယ်၊ သူတို့ကို ကြည့်ရတာ အနုပညာကိုပဲ ရွံသလိုလို၊ ကြောက်သလိုလို၊ တမျိုးပဲ။ နောက်ကျယင် အနုပညာကို ရောဂါတခုလို သဘောထားပြီး ကာကွယ်ဆေးများ ထွင်ကြဦးမလား မသိဘူး၊ အစ်ကိုရေ ရဟတ်စီးကြရအောင်လေ"

ရဟတ်ပေါ်တွင် ပုံပန်းမကျသည့် တိရိစ္ဆာန်ရုပ်ကြီးတွေ၊ အရောင်က အစိမ်းရောင်တွေ၊ လိမ္မော်ရောင်တွေ၊ ခြူးရုပ်၊ နယားရုပ်၊ ငါးကြီးအာနန္ဒာရုပ်၊ ရဟတ်က နိမ့်သွားလိုက် မြင့်သွားလိုက် အသည်းအေးစရာ၊ ဘေးက ဆိုင်းတီးပေးလျက်။ သီချင်းစာသားက "ငုံးဆူ လူမသိ၊ အုံပုန်းပူ လူမသိ" ဆိုသည့် သီချင်း။ အန်ဒရေနှင့် ဂျဲနက်တို့သည် ပြောင်ပြောင်လက်လက် ဆင်ရုပ်ပြာပြာကြီးပေါ်သို့ တက်လိုက်ကြသည်။ အထက်သို့ ရောက်သွားသည့်အခါတွင် ပူလောင်မွန်းကျပ်နေသည်တို့ ပျောက်သွားကာ လတ်ဆတ်သည့် လေပြည်ကို ထိတွေ့လိုက်ရ၏။

ပြန်ဆင်းလာသည့်အခါတွင် သူတို့နှစ်ယောက်သည် တယောက်ခါးကို တယောက်ဖက်လျက်။ သူတို့နှစ်ယောက်စလုံး စကားမပြောမိကြ။ ဤအချိန်မျိုးသည် စကားကလေးတခွန်းကိုပင် ပြောရမှာ ကြောက်သည့်အချိန်။ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်ရမှာ ကြောက်သည့်အချိန်။ လက်ကလေးတချောင်း လှုပ်ရမှာကိုပင် ကြောက်သည့်အချိန်။ ကြည်နူးမှုတွေ လျှောကျပျောက်ကွယ်သွားမည်လောဟု စိုးရိမ်နေကြသည်။

ဂျဲနက်က ပထမဆုံး ပြန်၍ သတိရလာ၏။ ယခု ချက်ချင်း သူနှင့်ခွဲမှ ဖြစ်မည်။ မခွဲလျှင် သူ့အဖို့ ရှေ့လျှောက် ဒုက္ခတွေ့နိုင်သည်။ သူ့ရင်ထဲတွင် ပေါ်လာသည့် ခံစားချက်သည် ရမ္မက်မဟုတ်။ တဒင်္ဂအတွင်း ပေါ်လာသည့် သာယာမှုမျိုးမဟုတ်။ ခိုင်မာသည့် ခံစားချက်။ သူ့တကိုယ်လုံးကို ဝါးမျိုသွားသည့် ခံစားချက်။ သူတို့နှစ်ယောက် အတူနေ၍မဖြစ်။ သူတို့နှစ်ယောက်စလုံး စရိုက်ကအတူတူ။ ရောဂါတခုတည်းကို ခံစားနေကြရသူများသဖွယ် သူတို့နှစ်ယောက်စလုံး၏ ရင်တွင် ဗလောင်ဆူလျက်။ သူပြောလိုက်သည့် ဥပမာစကားအတိုင်း။ သူ့ဥပမာက ဘာပါလိမ့်။ ဪ မှတ်မိပြီ။ လေတိုက်ရာ လွင့်ပါသွားသည့် ကွင်းထဲက အပင်လေးတပင်တဲ့။ သူနှင့်အတူနေ၍ မဖြစ်။ သူနှင့်အတူနေခြင်းသည် မောင်နှမ အရင်းခေါက်ခေါက်ချင်း အိမ်ထောင်ပြုသလို ဖြစ်လိမ့်မည်။

"အစ်ကို၊ ညီမပြန်ဦးမှပဲ၊ အဖော်တွေ စောင့်နေကြလိမ့်မယ်"

ဂျဲနက်က ပြော၏။

ပန်းခြံထောင့် အမှောင်ရိပ်ထဲသို့ ရောက်လာကြသည်။ သစ်ကြားပင်အောက်တွင် မှောင်ပျပျ။ သစ်ရွက်တွေကြားတွင် မီးပုံးကလေးတခု ခပ်မှိန်မှိန်လင်းနေသည်။ ဂျဲနက်က သူ့ကို ညင်သာစွာ နမ်းလိုက်သည်။ သူနမ်းပုံက ဥပေက္ခာ သဘောဆောင်သည်။ လူတယောက်ကို နမ်းသည်နှင့်မတူ။ လက်ထဲသို့ ရောက်လာသည့် လက်ဆောင်တခုကို တယုတယ နမ်းပုံမျိုးနှင့် တူသည်။ အန်ဒရေက မရဲတရဲဖြင့် သူ့ကို သိုင်းဖက်လိုက်သည်။ ဂျဲနက်က ရုန်းထွက်လိုက်၏။

"ဟင့်အင်း၊ မလုပ်နဲ့ အစ်ကိုရယ်။ မလိုပါဘူး"

ဘာကြောင့်မလိုသည်ကို သူမမေးမိ။ သူတို့နှစ်ယောက်သည် ကွန်ထရာအီကာပေး လမ်းမဘက်သို့ ပြန်လာခဲ့ကြ၏။ ထိုနောက် နှုတ်မဆက်ပဲ ရုတ်တရက် ခွဲခွာလာခဲ့ကြသည်။

သူ့အဖော်များက အန်ဒရေသည် သူ့ကို တိတ်တိတ်ပုန်း ချစ်နေသူဟု စ၏။ ဂျဲနက် မည်သို့မျှ မပြော။ အာခေါင်တွေ ခြောက်လာသဖြင့် ဝိုင်အရက်ချဉ်ကို ရေသောက်သလို သောက်ချလိုက်သည်။ အရက်ကြောင့် ရင်ထဲတွင် ပိုပူလာ၏။

နားထင်တွင် တဒိတ်ဒိတ် သွေးတိုးလာသည်။ ရဟတ်မှ ဆိုင်းက အဆင်မပြေသည့် အချစ်အကြောင်း သီချင်းတပုဒ်ကို တီးနေသည်။ "အင်း… အဆင်မပြေတဲ့ အချစ်အကြောင်းကို ရဟတ်ပေါ်က ဆင်ကြီးသာ နားလည်ယင်လဲ ဒီလိုပဲ ဆိုမှာပဲနော်" ဟု ဂျဲနက် ဝိုးတဝါးတွေးသည်။ သြော်… သူတို့တတွေ စီးခဲ့သည့် ရဟတ်ပေါ်က ဆင်ရုပ်ပြာပြာကြီး သနားစရာ။ သူဘာလုပ်ခဲ့သနည်း။ ဂျဲနက် စကားတွေ များများကြီး ပြောချင်သည်။ ကျယ်ကျယ်ကြီး ပြောချင်သည်။ မြန်မြန်ကြီး ပြောချင်သည်။

"ကြည့်စမ်း၊ တော်တော် ရယ်စရာကောင်းတာပဲ" ဂျဲနက်က ပြော၏။ "တသက်လုံး ဒီဆင်ကြီးကို မြေတိုက်ထဲမှာ ထားခဲ့ကြတယ်။ မြေအောက် မီးရထားဘူတာရုံမှာ ထားခဲ့ကြတယ်၊ အို… ဒီထက်တောင် နက်ပါသေးတယ်လေ၊ ငရဲမှာ ထားခဲ့ကြတယ်။ သူတို့ လိုချင် အသုံးချချင်တဲ့အခါကျတော့ အပြင်ထုတ်လာပြီး 'ပြေးစမ်း၊ ရယ်စမ်း၊ အသက်ရှူစမ်း' ဆိုပြီး အမျိုးမျိုး ခိုင်းစားကြတယ်။ ဒီတော့ ဆင်ကြီးက ပြောတယ်။ 'မလှုပ်နိုင်ဘူး'တဲ့။ ဟုတ်တာပေါ့၊ ဆင်ကြီးခမျာ မပြေးလည်း မပြေးနိုင်ဘူး၊ ရယ်လဲ မရယ်နိုင်ဘူး၊ အသက်လဲ မရှူနိုင်ဘူး၊ ဟုတ်တယ်၊ မလုပ်နိုင်ဘူး၊ မဖြစ်ဘူး"

"ဟေ့… ဂျဲနက်၊ ဘာတွေပြောနေတာလဲ၊ ဘယ်သူ့ကို ပြောနေတာလဲ"

"သြော်… ကျောင်းတုန်းက သင်ခဲ့ရတဲ့ ပုံပြင်စာအုပ်ထဲက ပုံပြင်ကလေးကို အမှတ်ရလို့ပါ၊ အတွေးမခေါင်ပါနဲ့ မာရေရှယ်၊ ရှင့်ကိုပြောတာ မဟုတ်ပါဘူး၊ ဘယ်သူ့ကိုမှလဲ ပြောတာ မဟုတ်ပါဘူး။ ပုံပြင်ထဲက မိန်းကလေးကို ပြောတာပါ၊ အဲဒီမိန်းကလေးဟာ ကျွန်မလဲ ဖြစ်ချင်ဖြစ်နေမှာပေါ့။ အို ဘယ်သူဖြစ်ဖြစ်၊ အရေးမကြီးပါဘူးလေ"

"ဂျဲနက်၊ မင်းမူးနေပြီထင်တယ်"

"ဟင့်အင်း ကျွန်မ မသိဘူး၊ ကျွန်မ စကားပြောချင်တာပဲ သိတယ်။ ဒါပေမယ့် ပြောလို့မရဘူး၊ မာရေရှယ်ကို ကျွန်မ တခုမေးချင်တယ်၊ ဟို… ဟို… ပျော်ရွှင်မှုဆိုတာ ဘာလဲဆိုတာကို တွေ့ဖူးသလားဟင်"

"ဟင့်အင်း၊ မစဉ်းစားဖူးဘူး၊ ဒီအကြောင်းကို ဘယ်သူမှလဲ စဉ်းစားမယ်

မထင်ပါဘူးကွယ်”

“ဒါတော့ မဟုတ်ဘူး၊ ကျွန်မတော့ ဒီအကြောင်းကို ခဏခဏ စဉ်းစားဖူးတယ်။ လူတွေကို ကြည့်ပြီးတော့ ကျွန်မစဉ်းစားမိတယ်၊ သူတို့ဟာ သူတို့ပျော်ရွှင်မှုအတွက် တယ်ပြီး စိုးရိမ်ကြောင့်ကြ ဖြစ်ကြတာပဲ။ ဒိန်ခဲများ ကြွက်စားမှာစိုးလို့ အဝတ်ကလေးနဲ့ထုပ်ပြီး ကြောင်အိမ်ထဲ ထည့်ထားသလိုပဲ၊ လူတွေကလဲ သူတို့ပျော်ရွှင်မှုကို ထိခိုက်မှာစိုးလို့ တယုတယ သိမ်းထားကြတယ်၊ မှန်သေတ္တာကလေးနဲ့များ ထည့်ထားသလားတောင် အောက်မေ့ရတယ်၊ ခုပဲကြည့်လေ၊ လူတွေ ကလိုက်ခုန်လိုက်ကြတာပဲ မမောနိုင်ဘူး၊ အေးလေ၊ ခုတော့ ကနိုင်ကြသေးတာပေါ့။ ‘လစ္စဘွန်းမြို့တော့ ပျက်လေပြီ၊ ပါရီမှာတော့ ကမြဲကကြသည်’ ဆိုတဲ့ သီချင်းကို မှတ်မိတယ် မဟုတ်လား။ အဲဒီသီချင်း ခေတ်စားတုန်းက လစ္စဘွန်းမှာ လျှောင်ကြီးလှုပ်လို့ သေလိုက်ကြေလိုက်ကြတာတဲ့၊ ပါရီမှာကော နောက်ထပ်လျှောင်တခု မလှုပ်ဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ မီးတောင်တခု မပေါက်ဘူးလို့ ဘယ်သူပြောနိုင်သလဲ။ ပလိပ်ရောဂါတခု မကျဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ ဒါမှမဟုတ် ကောင်းကင်ကနေပြီး ဗုံးတွေကျမလာဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ ဘယ်သူမှ မပြောနိုင်ဘူး မဟုတ်လား...။ တကယ်တော့ ပျော်ရွှင်မှုဆိုတာ ရေပွက်ပမာပါ၊ ခဏပါ၊ သတိထားနော် မာရေရှယ်၊ အသက်ပြင်းပြင်း မရှူလိုက်နဲ့”

ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာကြသည်။ အရုဏ်ပျို့တော့မည်။ အိမ်ပြန်သူတို့ ပြန်ကုန်ကြပြီ။ သူ့အဖော်တယောက်က ပြောသည်။

“ဘာအရေးကြီးသလဲကွယ်၊ မနက်ဖြန်ကျယင် ကကြရဦးမှာပဲဟာ”

မနက်စောစော အလင်းရောင်ထဲတွင် လူများ၏ မျက်နှာများသည် တစ္ဆေတွေနဲ့ တူနေသည်။ လူသူရှင်းကျန်ခဲ့သည့် ပန်းခြံတဝိုက်တွင် အမှိုက်သရိုက်တွေ ပြန့်ကျဲလျက်။ ကြေနေသည့် ပန်းပွင့်တွေ၊ လိမ္မော်ခွံတွေ၊ စီးကရက်တိုတွေ၊ ဖော့ဆို့တွေ၊ ဖျောက်အိုးတွေ။

ပန်းချီစတူဒီယိုသို့ အန်ဒရေ ပြန်ရောက်သည့်အခါတွင် နီရဲသည့် နေလုံးကြီးသည် အိမ်ခေါင်မိုး ပင်လယ်ကြီးပေါ်သို့ တက်လာသည်။ မြင်မြင်သမျှသည် တောက်ပလျက်။ လှုပ်ရှားလျက်။ ပြတင်းပေါက်တွင်

ထိုင်ချလိုက်၏။ မနေ့ညက ရှုခင်းတွေကို မျက်စိထဲတွင် မြင်ယောင်နေဆဲ။ ရှုးနှမ်းနှမ်း ညအမှောင်ထုကြီးထဲတွင် တရုတ်မီးပုံးများသည် သစ်ရွက်အတုတွေကြားထဲမှ (ယခုထွက်လာသည့် နေမင်းကြီးလို) လင်းနေကြသည်။ ရဟတ်က စကြာလည်သလို မြန်မြန်ကြီး လည်နေသည်။ ဟုတ်သည်။ အရာအားလုံးသည် ရဟတ်ပမာ လည်နေကြသည်။ နားလည်ဖို့မလွယ်။ မြင်ဖို့မလွယ်။ မုန်တိုင်းနှင့် သစ်ပင်များသည် သူ့ပြကွဒိန်ရက်နှင့်သူ သက်တမ်းရှိကြသည် မဟုတ်လော။

ပန်းချီဆရာကြီး စေဇန်း၏ စကားတခွန်းကို အန်ဒရေ သတိရ၏။ ထိုစကားကို မကြာခဏ သူစဉ်းစားဖူးသည်။ “သဘာဝလောကကြီးရဲ့ အကြောင်းကို ကြာကြာ စူးစမ်းဆင်ခြင်ကြည့်ရမယ်၊ အဲဒီလို ကြာကြာ စဉ်းစားဆင်ခြင်ပြီးတဲ့နောက်မှာ မြင်မြင်သမျှ အရာတိုင်းဟာ အလင်းရောင်ရဲ့ အရှိန်သြဇာအောက်က လွတ်ပြီး နဂိုပကတိအတိုင်း ဖြစ်လာတာ၊ အရာအားလုံးဟာ မတော်တဆ ဖြစ်လာကြရတာကို မြင်ကြလိမ့်မယ်။ ပြန်လည် စဉ်းစားတွေးတောခြင်းဟာ နားလည်မှုကို ဖြစ်စေတယ်။ နားလည်မှုကို ပေါ်ပေါက်စေတယ်” ဟု စေဇန်းက ပြောခဲ့ဖူးသည်။ ဟုတ်ပေလိမ့်မည်။ တောမြို့ကလေးတမြို့တွင် ရိပ်ငြိမ်ချမ်းမြေ့စွာ နေခဲ့ရသည့် စေဇန်းအဖို့မူ ထိုသို့ မြင်နိုင်ပေလိမ့်မည်။ သို့ရာတွင် ယနေ့ခေတ်သည် စေဇန်းတို့ခေတ်နှင့် မတူတော့။ အန်ဒရေသည် ဂျဲနက်ပြောသွားသည့် စကားများကို အမှတ်ရလာပြန်သည်။ ဂျဲနက်က မလိုပါဘူးဟု ပြောသွားသည်။ ဘာကိုပြောခြင်း ဖြစ်သနည်း။ ရမ္မက်ကိုလော။ မျှော်လင့်ချက်ကိုလော။ နားလည်မှုကိုလော။

နေလုံးက ကောင်းကင်တွင် မြင့်လာသည်။ နေ့ခင်းကြောင်တောင် စူးစူးရဲရဲ အလင်းရောင်ထဲတွင် ပါရီမြို့ကြီး တမြို့လုံးသည် အိပ်မောကျနေသည်ဟု ထင်ရ၏။ အလင်းရောင်သည် အရောင်များကို အကုန် ဝါးမျိုစုပ်ယူလိုက်သည်။ အန်ဒရေသည် သူနားမလည်သည့် လောကကြီးကို မျက်မမြင်တယောက်လို ကြောင်ကြောင်ကြီး စိုက်ကြည့်နေသည်။ ထို့နောက် ထိုင်လျက် အိပ်ငိုက်နေသည်။ ဇူလိုင်လ၏ ရွှေရောင်နေခြည်များက သူ့အပေါ်သို့ ထိုးကျလျက်။

ဗိုလ်ချုပ်ပီးကာ့သည် မန်ကျည်းစေ့ရောင် စစ်မြင်းကြီးကို စီးလာ၏။ သူ့သဏ္ဍာန်က ခန့်ညားနေသည်။ မော်ရိုကို တပ်ရင်းများရှေ့တွင် သူမြင်းစီးလာပုံသည် ရှေးဟောင်း စစ်ပန်းချီကားတချပ် ပြန်အသက်ဝင်လာသည်နှင့်

တူနေသည်။

နှစ်တိုင်း ဇူလိုင်လ ဆယ့်လေးရက် လွတ်လပ်ရေးနေ့တွင်ဆိုလျှင် စစ်ရေးပြ အခမ်းအနားတွေ ကျင်းပမြဲ။ ပါရီရှိ လူလတ်တန်းစားများ လာကြည့်လေ့ရှိသည်။ စစ်ယူနီဖောင်းများကို သဘောကျသည့် စက်ချုပ်သမားများနှင့် ကလေးတွေလည်း လာတတ်ကြ၏။ သို့ရာတွင် ယခုနှစ်၌မူ ပရိသတ်သစ်များ ပေါ်လာကြသည်။ ရှောင်ဇလီဇေးရပ်ကွက်မှ လူချမ်းသာများမှာ ပင်လယ်ကမ်းခြေစခန်းများ၊ တောင်ပေါ်စခန်းများသို့ ရောက်ကုန်ကြပြီ။ ပါရီမြို့၏ လူကုံထံရပ်ကွက်သည် ဆင်ခြေဖုံးမှ လူများနှင့် ပြည့်နေသည်။ နေရာတကာတွင် အလုပ်သမားများ၏ ကက်ဦးထုပ်များကို မြင်နေရ၏။ သံပရာခွံဦးထုပ်များကို ဆောင်းထားပြီး ကော်တောင့်နေသည့် ယူနီဖောင်းများကို ဝတ်ထားကြသည့် ဆောင့်ကြွားကြွား လူငယ်များကို လမ်းထောင့်များတွင်သာ တွေ့ရသည်။ သူတို့မှာ ဘာရီကျူး၏ ဖက်ဆစ်တပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။ “တပ်မတော်ကြီး အစွန့်ရှည်ပါစေ” ဟု သူတို့က အော်ကြသည်။ အလုပ်သမားများက “သမ္မတနိုင်ငံ တပ်မတော်ကြီး အစွန့်ရှည်ပါစေ” ဟု ပြန်အော်ကြ၏။ ပြင်သစ်သမ္မတနိုင်ငံ ထူထောင်ခဲ့သည်မှာ အနှစ် ၇၀ ရှိတော့မည်။ သို့တိုင်အောင် ဤကြွေးကြော်သံကို အော်လျှင် မခံမရပ်နိုင်သူတွေ ပြင်သစ်ပြည်တွင် ရှိတုန်း။ ဤကြွေးကြော်သံကြောင့် အဓိကရုဏ်းတွေ ဖြစ်တုန်း။

ယခုတလောတွင် သတင်းစာများက စစ်ကြီးဖြစ်တော့မလိုလို ရေးနေကြသည်။ ရိုင်းမြစ် တဘက်ကမ်းက ဂျာမန်စစ်တပ်များနှင့် အဲလ်ပ်တောင်တန်း တဘက်က အီတလီစစ်တပ်များ၏ လှုပ်ရှားမှုများကို ထောက်ပြနေကြသည်။ ပြည်သူများသည် စစ်သားများ၏ သံခမောက်များကို အားကိုးတကြီးဖြင့် မျှော်ကြည့်ကြ၏။ အမြောက်တပ်သားများနှင့် ရှင်ပျံတက်ကြွနေကြသော လေတပ်သားများကို အားကိုးတကြီးဖြင့် ကြည့်ကြသည်။ စစ်ချီသီချင်းများသည် ပါရီတမြို့လုံးတွင် ပဲ့တင်ထပ်နေသည်။ လူထုများက ရင်ကိုကော့ကာ စြက်ံတလျှောက်မှ ချီတက်လိုက်ပါလာကြသည်။ သူတို့မျက်နှာများက ပိုင်းဖြတ်ထားသည့်မျက်နှာ။ လူထုသည် စစ်သားများကို ကြည့်၍ စိတ်အား တက်ကြွနေကြသည်။ စစ်သားတွေကလည်း အရွယ်အမျိုးမျိုး။ အရပ်မြင့်မြင့် စစ်သားကြီးတွေက အရပ်ပုပု စစ်သားတွေနှင့် ယှဉ်၍ လျှောက်လာကြသည်။ သူတို့ကို ကြည့်ရသည်မှာ စစ်မြေပြင်သို့

ချီတက်သွားနေကြသည်နှင့် တူသည်။ ဤစစ်သားများသည် သူတို့ပြည်သူများ ဖြစ်သည်ဟု လူထုက ချက်ချင်း သဘောပေါက်ကြသည်။

သံပရာခွံဦးထုပ် ဆောင်းထားသည့် လူငယ်များက ဗိုလ်ချုပ်ပီးကာ့ကို မြင်သည့်အခါတွင် စိတ်အားထက်သန်စွာ ဩဘာပေးကြသည်။ လူထုကလည်း လိုက်၍ ဩဘာပေးကြ၏။ ဗိုလ်ချုပ်ပီးကာ့မှာ အစဉ်အလာရှိသည့် စစ်သားကြီးတဦး ဖြစ်သည်။ စစ်ပွဲတွင် နှစ်ကြိမ် ဒဏ်ရာရခဲ့ဖူးသည်။ သူရသတ္တိအရာတွင် ပြောင်မြောက်သူ ဖြစ်သည်။ သို့ရာတွင် ယနေ့၌မူ ဗိုလ်ချုပ်ပီးကာ့၏ မျက်နှာပေါ်တွင် လှောင်ပြောင် အထင်သေးသည့် အပြုံးကို တွေ့ရ၏။ ထိုအပြုံးသည် သူ့စိတ်နေသဘောထားကို ဖော်ပြလျက် ရှိသည်။ ယနေ့ စစ်ရေးပြပွဲသို့ လာကြသည့် ပရိသတ်ကို မြင်သည့်အခါတွင် ဗိုလ်ချုပ်သည် မကျေမနပ်ဖြစ်လျက်ရှိ၏။ ဒေါသထွက်လျက်ရှိ၏။ သူ၏ အကောင်းဆုံး တပ်ရင်းများဖြစ်သည့် မော်ရိုကိုတပ်ရင်းများကို ဤအနုပ်စုတ်၊ ကုပ်စုတ် ပရိသတ်ရှေ့တွင် ထုတ်ပြ၍ ဘာအကျိုးထူးမည်နည်း၊ သူမမြင်ချင်သည့် ပရိသတ်ကို မကြည့်လိုသည့်အတွက် ဗိုလ်ချုပ်ပီးကာ့သည် ဝဲယာကို မကြည့်၊ ရှေ့တူရူကိုသာ ကြည့်လာသည်။ သူ့ရှေ့တွင် ပြင်သစ်လူမျိုးတို့၏ ဂုဏ်ကျက်သရေဆောင် အောင်မုခ်ဦးကြီး။ သို့ရာတွင် ဤအောင်မုခ်ဦးသည် တေလေကြမ်းပိုးတွေ၊ လူလေလူလွင့်တွေ လက်ထဲသို့ ရောက်သွားသည့် ပါရီမြို့နှင့် မလိုက်။ တမြို့လုံး ကြည့်လေရာရာတွင် အလံနီတွေချည်း။ သူ့လို တိုက်တိုင်းအောင် ဗိုလ်ချုပ်တယောက်က ဘာမဟုတ်သည့် ပြည်သူ့တပ်ဦးအစိုးရ၏ အမိန့်ကို နာခံရမည် ဆိုသည်မှာ ရာဇဝင်ရိုင်းလှချည့်။

အောင်မုခ်ဦးအနီးတွင် အလုပ်သမားများ ရပ်နေကြသည်။ သူတို့ရှေ့သို့ ဗိုလ်ချုပ်ပီးကာ့ ရောက်သည့်အခါတွင် "သမ္မတ နိုင်ငံတော် တပ်မတော်ကြီး" ဟု မစ်ရှောက ကြွေးကြော်သံ တိုင်လိုက်သည်။ သို့ရာတွင် ကြွေးကြော်သံ မဆုံးလိုက်။ ဘရီကျူး၏ တပ်ဖွဲ့ဝင် လူငယ်တယောက်က သူ့ဆီသို့ ပြေးဝင်လာသည်။ ပုလိပ်များက ခရာမှုတ်၏။ ဗိုလ်ချုပ်ပီးကာ့၏ စစ်မြင်းကြီးသည် နားကို စွင့်နေသည်။ သို့ရာတွင် ဗိုလ်ချုပ်ပီးကာ့ကမူ လမ်းဘေးသို့ တချက်မျှ လှည့်၍မကြည့်။ တချက်ရှုံ့လိုက်ပြီးနောက် မျက်နှာကို တင်းထားလိုက်၏။ တေလေကြမ်းပိုးတွေဟု သူထင်သည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်း ဘရီကျူး၏ ဖက်ဆစ်တပ်ဖွဲ့များသည်

ရှောင်ဇလီဖေး ရပ်ကွက်တွင် မင်းမူခဲ့ကြသည်။ လက်ဝဲသတင်းစာရောင်းသည့် သူငယ်များ၊ ပြည်သူ့တပ်ဦးကို ထောက်ခံသည်ဟု ထင်ရသည့် အလုပ်သမားများ၊ ရေဝတီများကို ရိုက်နှက်ခဲ့ကြသည်။ စြက်ကဖီးများတွင် ထိုင်ကြသည့် ပါရီအထက်တန်းလွှာပရိသတ်အဖို့ ဤမြင်ကွင်းသည် ရိုးနေပြီ။

ရှောင်ဇလီဖေးသို့ ယနေ့ရောက်လာသည့် ပရိသတ်ကမူ ပရိသတ်အသစ်။ သို့ဖြင့် ထုံးစံအတိုင်း အောင်မုခ်ဦးအနီးတွင် ရုန်းရင်းဆန်ခတ် ဖြစ်ကြသည်။ ဖက်ဆစ်တပ်များတွင် ရာဘာတုတ်များ၊ ခဲများ၊ အသက်ကယ်အင်္ကျီများ ပါလာကြသည်။ အလုပ်သမားတယောက်မှာ မြေကြီးပေါ်သို့ လဲကျသွား၏။ သူ့တကိုယ်လုံး သွေးတွေ ပေနေသည်။ မစ်ရှောသည် သူ့ကို ဝိုင်းထားသည့် လူတအုပ်ကြားထဲမှ အတင်းတိုးထွက်၏။ ထိုစဉ် နောက်ကျောတွင် ကြိမ်နှင့် ရိုက်လိုက်သလို စပ်ဖျဉ်းဖျဉ်း ဖြစ်သွားသည်ကို သတိထားလိုက်မိသည်။ လက်ထဲတွင် သေ့တချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားယင်း သူ့ကိုဝိုင်း၍ ရိုက်နှက်နေသူများကြားမှ အတင်းတိုးထွက်သည်။ ပုလိပ်များက ဖက်ဆစ်တပ်သားများကို အားတက်သရော အကာအကွယ်ပေးနေကြသည်။ သူတို့ဝန်ကြီးချုပ် ဗလွန်းကိုသော်လည်းကောင်း၊ ဝန်ကြီးဗီးလာ့ဒ်ကိုသော်လည်းကောင်း သစ္စာစောင့်ဖို့ အမှတ်ရဟန် မတူ။ အကျင့်ပါနေပြီ ဖြစ်သည့်အလျောက် အစုတ်စုတ် အပြတ်ပြတ် ဝတ်ထားသူ မှန်သမျှကို လိုက်ရိုက်နေကြသည်။ သားသားနားနား ဝတ်ထားသူ မှန်သမျှကို လိုက်၍ အကာအကွယ် ပေးနေကြသည်။ မစ်ရှော၏ ရဲဘော်များက မစ်ရှောကို ကယ်ရန် ပြေးလာကြ၏။ ဖက်ဆစ်တယောက်က မစ်ရှောကို ရိုက်ရန် ပြေးဝင်လာသည်။ မစ်ရှောက ထိုလူကို ဆီးထိုးပြီး မြေကြီးပေါ်သို့ လှဲချလိုက်၏။

စစ်ရေးပြ ချီတက်သွားကြသည့် စစ်သားများသည် ဘေးတွင် ရုန်းရင်းဆန်ခတ် ဖြစ်နေသည်ကို စောင်းငဲ့ကြည့်သွားကြသည်။

မစ်ရှောသည် သူ့အင်္ကျီကို ပြန်ကြည့်လိုက်၏။ သူ့အင်္ကျီက ခဲဖြင့် ခွဲထားသဖြင့် နှစ်ခြမ်းကွဲသွားပြီ။ သူ့နောက်ကျောတွင် မီးလောင်ရာကြီးလို နီနီရဲရဲ အစင်းကြီးတခု ထင်နေသည့်တိုင် နာကျင်သည်ကို သတိမရ။ ရဲဘော်များက သူ့ကို ဆေးဆိုင်တဆိုင်သို့ ခေါ်သွားကြသည်။

“ခွေးသားတွေ တော်တော် ရက်စက်တဲ့ကောင်တွေဗျာ၊ ကျုပ်မှာ

အကျိုးအကောင်းဆိုလို့ ဒီတထည်တည်း ရှိတာ” ဟု တဖွဖွပြော၍ နောက်နေသဖြင့် သူ့ရဲဘော်တွေ ငိုအားထက် ရယ်အားသန်ကြရသေးသည်။

စစ်ရေးပြပွဲပြီးသည့်အခါ ဗိုလ်ချုပ်ပီးကာ့သည် နေ့လယ်စာကို ခပ်သုတ်သုတ် စားသည်။ တနာရီခန့်အကြာတွင် အရပ်ဝတ် အရပ်စားကို လဲပြီးနောက် ပါရီမြို့ပြင်သို့ ထွက်လာ၏။ လမ်းက ရွာများတွင် ပျော်ပွဲရွှင်ပွဲတွေ လုပ်နေသဖြင့် မော်တော်ကားက ခရီးမတွင်။ အကအခုန်ဝိုင်းတွေကို မနည်းရှောင်မောင်းခဲ့ရသည်။ သူတို့တတွေ ပျော်ကြသည်ကိုမြင်လေ ပီးကာ့ ဒေါ်ပွလေလေ။ ကားပေါ်တွင် ထိုင်လိုက်လာယင်း မျက်လုံးများကို မှိတ်လိုက်၏။ ဤဆိုင်းသံဗုံသံများကို နားငြီးလှပြီ။ ဤအသံတွေ တိတ်သွားအောင် လုပ်ပစ်လိုက်ချင်သည်။

ဖာတေး ဆိုသည့် ရွာကလေးအနီးမှ အပန်းဖြေ အိမ်ငယ်တလုံးတွင် ဘာရီကျူးသည် သူ့ကို စောင့်နေသည်။ ပတ်ဝန်းကျင်က သာသာယာယာ။ လုပ်ကြံရေးသမားတွေ အချိန်းအချက်ပြုသည့်နေရာ မဟုတ်။ ချစ်သူတွေ ချိန်းတွေ့ဖို့ ကောင်းသည့် နေရာမျိုး ဖြစ်သည်။ အိမ်က မြင့်စောက်သည့် မန်းမြစ်ကမ်းပါးတွင် ရှိသည်။ ဝရန်တာမှ လှမ်းကြည့်လိုက်လျှင် မြစ်နှင့် မြစ်ထဲက ကျွန်းကလေးများကို မြင်နေရသည်။ ကျွန်းကလေးများပေါ်တွင် ကိုင်းတောကလေးတွေနှင့်။ အဝေးတွင် မြက်ခင်းများကို မြင်ရ၏။ စိမ်းလန်းသော မြက်ပင်များကြားတွင် နှုတ်သီးမြုပ်ကာ တငုံ့ငုံ့ မြက်စားနေကြသည့် နွားများက မြက်ခင်းပြင်ကျယ်ထဲတွင် အပြောက်အစက်ကလေးတွေ ဖြစ်နေသည်။ ရာဇဝင်ပန်းနွယ်များသည် ဝရန်တာကို တက်နေကြသည်။ ကြည်မောစရာ နေရာကလေး။

ဘာရီကျူးက ခါတိုင်းလို မျက်နှာ ခပ်မှုန်မှုန် ဖြစ်နေသည်။ လွန်ခဲ့သည့် ရက်အနည်းငယ်က အဖြစ်အပျက်များအကြောင်းကို ပြန်ပြောနေသည်။ သူ့အသံက သတ္တုသံလို မာကျောလျက်။

“ခုတော့ အမတ်တော်တော်များများက တက်စကို ထောက်ခံနေကြသေးတယ်။ ဒါပေမယ့် ဒီကိစ္စကို လွှတ်တော်မှာ ဆုံးဖြတ်မယ် မထင်ဘူး၊ စပိန်မှာတော့ ချကြတော့မယ်။ စပိန်တွေက သူတို့ရဲ့ ပြည်သူ့တပ်ဦးအစိုးရကို ပြုတ်အောင် ဖြုတ်ချနိုင်ယင် ကျွန်တော်တို့ကလဲ ချရမှာပဲ၊ အလွန်ဆုံး ဆောင်းဦးပေါက်လောက်ပေါ့”

ပီးကာ့သည် ရှောင်ဇလီဖေး ရပ်ကွက်တွင် တွေ့ခဲ့ရသည့် အလုပ်သမားများကို သတိရလာသည်။

"အဆိပ်ကတော့ တော်တော်ပျံ့နေပြီဗျ။ လူတော်တော်များများကတော့ ရှင်းပစ်ရမှာပဲ၊ ရာနဲ့ ထောင်နဲ့ ချီလိမ့်မယ်၊ ခက်တာက စစ်တပ်က ဘာလုပ်မလဲဆိုတာ မခန့်မှန်းနိုင်အောင် ဖြစ်နေတယ်၊ စစ်ဗိုလ်တွေကတော့ ကျွန်တော်တို့ဘက်ကို ပါမှာပဲ။ ဒါပေမယ့် စစ်သားမရှိပဲ စစ်ဗိုလ်ချည်းရှိနေယင် ဘာလုပ်မလဲ၊ စိတ်ကူးယဉ်တာပဲ ဖြစ်မှာပေါ့၊ လုပ်စမ်းပါဦး၊ ခင်ဗျားကကော ဘယ်လို စဉ်းစားထားသလဲ"

"ပြောဖို့စောပါသေးတယ်" ဘရီကျူးက ပြောသည်။ "ဂျာမနီကတော့ ကျွန်တော်တို့ဆီကို လက်နက်တွေ ပို့လိုက်ပြီ၊ သိပ်တော့ မများဘူး၊ ဒါပေမယ့် ခင်ဗျားလူတွေဆီက ပို့လိုက်တာထက်တော့ များပါတယ်၊ ကျွန်တော်လိုချင်တာ တခုရှိတယ်၊ စစ်သားစုဆောင်းရေးနဲ့ ပတ်သက်လို့ အစိုးရက ဘယ်လို အစီအစဉ် လုပ်ထားသလဲ၊ အဲဒီစီမံကိန်းကို လိုချင်တယ်၊ ဒီကောင်တွေ ဘာလုပ်ထားမှန်း မသိဘူး၊ သူတို့စီမံကိန်းတွေကို သိထားဖို့လိုတယ်၊ စစ်စဖြစ်လာယင် ကျွန်တော်တို့ အငိုက်မိတာ မခံနိုင်ဘူး"

ပီးကာ့သည် အဝေးသို့ ငေးကြည့်နေ၏။ ဘရီကျူးကို သူအားကိုးသည်။ သစ္စာရှိသည်။ သို့ရာတွင် ပထမဆုံးအကြိမ် သံသယ ဝင်လာ၏။ အစိုးရ၏ စစ်တပ်တိုးချဲ့ရေးစီမံကိန်းကို သူယူပေး၍ ဖြစ်ပါမည်လော။ ပီးကာ့တို့အမျိုးသည် တမျိုးလုံး စစ်သားမျိုးဖြစ်၏။ သူသည် တပ်မတော်ကို သစ္စာရှိ၏။ တပ်မတော်ကို အထွတ်အမြတ်ထား၏။ ပြင်သစ်တပ်မတော်သည် ရှေးအစဉ်အလာကြီးခဲ့သည့် တပ်မတော်။ ဂျီးနာနှင့် ဩစတားလစ် တိုက်ပွဲများမှသည် မာန်းနှင့် ဗာဒွန်း တိုက်ပွဲများအထိ ရဲရင့်ပြောင်မြောက်စွာ တိုက်ခိုက်ခဲ့သည့် တပ်မတော်။ သူ့အဖေ၊ သူ့အဘိုး၊ သူ့အဘေးတို့သည် တပ်မတော်ကို သစ္စာရှိစွာ အမှုထမ်းခဲ့ကြသည်။ ယခု ဘရီကျူးက တပ်မတော် တိုးချဲ့ရေး စီမံကိန်းကို အယူခိုင်းနေပြီ။

ပီးကာ့က ခေါင်းအေးအေးထားသည့်တိုင် လူငယ်ကလေးတယောက်လို စိတ်အားထက်သန်စွာဖြင့် ရုတ်တရက် ပြောချလိုက်သည်။

"စစ်ဖြစ်လာယင်တော့ ကျွန်တော်တို့တတွေ ကွဲတာပြဲတာတွေကို

မေ့ပျောက်ကြရလိမ့်မယ် ထင်တယ်”

ဘရီကျူးသည် ဝရန်တာတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ သူ့အနားသို့ ရောက်လာသည်။

“ဟုတ်ပါတယ်၊ ကျွန်တော်လဲ ဒီအတိုင်းပါပဲ၊ ကျွန်တော့်မျိုးချစ်စိတ်ကိုတော့ ခင်ဗျား သံသယရှိမှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့နှစ်ယောက်စလုံးဟာ ရှေ့တန်းစစ်မျက်နှာမှာ အတူတိုက်ခဲ့ကြဖူးတယ်၊ ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ အချစ်ဆုံးမိတ်ဆွေတွေကို စစ်မြေပြင်မှာ ထားခဲ့ကြရတယ်၊ ဒါပေမယ့် ကျွန်တော်ပြောမယ်။ ခု ပြည်သူ့တပ်ဦးရဲ့ အာဏာဟာ ပြင်သစ်ပြည်သူတွေရဲ့ အာဏာ မဟုတ်ဘူးဗျ။ လူတစုက တက်သိမ်းထားတဲ့ အာဏာ၊ ဒါကိုတော့ ခင်ဗျား မြဲမြဲမှတ်ထားပါ၊ ပြင်သစ်ပြည်ကြီးကို ကျွန်တော်လဲ ချစ်ပါတယ်၊ လိုအပ်လာယင် ဂျာမန်တွေကိုလဲ ကျွန်တော်ဆန့်ကျင်မှာပဲ၊ ဒါပေမယ့် ဒီအဖြစ်မျိုး မရောက်ပါစေနဲ့တော့လို့တော့ ဆုတောင်းရတာပေါ့လေ၊ ဂျာမန်ဆန့်ကျင်ရေးစကား ကျွန်တော်မပြောချင်ဘူးဗျာ၊ လုပ်ဖို့ ဆိုတာတော့ ဝေးရော၊ ဂျာမန်ကို ဆန့်ကျင်ဖို့ဆိုတာ မလွယ်ဘူးနော်၊ သတ္တိရှိရလိမ့်မယ်၊ နတ်စစ်သည်လို စိတ်ဓာတ်ကြံ့ခိုင်ရလိမ့်မယ်၊ ထားပါလေ၊ ဒါတွေမပြောပါနဲ့၊ ခုလက်ငင်းကိစ္စကို ပြောရအောင်ပါ။ ဒီကောင်တွေ အောင်ပွဲခံတာဟာ ပြင်သစ်ပြည်ကြီး အောင်ပွဲရတာ မဟုတ်ပါဘူးဗျ။ သူတို့တော်လှန်ရေးရဲ့ အောင်ပွဲ သိရဲ့လား”

“တပ်မတော် ရှိပါသေးတယ်လေ၊ သူတို့လုပ်ချင်တိုင်း လုပ်လို့ မရပါဘူး၊ တပ်မတော်ကို ဘယ်သွားထားမလဲ”

“ဟုတ်ပါတယ်၊ တပ်မတော်က သူတို့လုပ်တာကို လက်ပိုက်ကြည့်မနေပါဘူး၊ ပြင်သစ်ပြည်ကို ကယ်နိုင်တာဟာ တပ်မတော်ပဲ ရှိတယ်၊ အဲဒီတပ်မတော် မကယ်ယင်တော့ ပြင်သစ်ပြည်ကြီး ရေစုန်မျှောပြီလို့ အောက်မေ့ရတော့မှာပဲ၊ နောက် အနှစ်တရာလောက်နဲ့ နာလန်ထူတော့မှာ မဟုတ်ဘူး”

ပီးကာ့က စကားတခွန်းမျှ မပြောပဲ ရပ်လိုက်သည်။ အဝေးမှ ကွင်းပြင်များကို ငေးကြည့်၏။ တစုံတရာကို စဉ်းစားနေပုံရသည်။ သို့ရာတွင်

တောက်ပနေသည့် နေခြည်များမှအပ အခြား ဘာကိုမျှ မမြင်။ သူ့စိတ်သည် ရှုပ်ထွေးနောက်ကျိနေသည်။ အော်ဟစ်ပစ်လိုက်ချင်သည်။ စားပွဲပေါ်က ရေဖန်ချိုင့်ကို ကောက်ခွဲပြီး ထွက်သွားလိုက်ချင်သည်။ သို့ရာတွင် ရာဇဝင်နွယ်ပန်းများက မွှေးနေသည်။ ပျားတို့က တဝီဝီ ပျံဝဲလျက်။ ရှောင်ဇလီဖေး ရပ်ကွက်တွင် မြင်ခဲ့ရသည့် လူအုပ်ကို ချက်ချင်း မြင်ယောင်လာ၏။ ဟုတ်သည်။ သူမြင်ခဲ့ရသူများက ကြမ်းပိုးတွေ၊ တေလေတွေ၊ အောက်တန်းစားတွေ၊ မဟုတ်။ သူတို့သည် ပြင်သစ်ပြည်ကြီး မဟုတ်။ ပြင်သစ်အမျိုးသားများ မဟုတ်။ ဘာရီကျူးမှန်သည်။ သူတို့နှင့်စာလျှင် ဟစ်တလာကမှ ကောင်းသေးသည်။ နောက်ဆုံးတွင် ပီးကာ့ စကားပြော၏။ သူ့အသံကိုပင် ကောင်းကောင်း မမှတ်မိချင်။ သူ့အသံသည် တစ်ဆို့ကာ အက်ကွဲနေသည် ထင်ရ၏။

“အေးလေ၊ ခင်ဗျား မှန်ယင်တော့ ခင်ဗျား သူရဲကောင်း ဖြစ်မှာပဲ၊ ဒါပေမယ့် ခင်ဗျားအကြံအစည်က တော်တော်တော့ ကြောက်စရာကောင်းတယ်၊ ခင်ဗျား မှားယင်တော့... ၊ အေးဗျာ ဒီအကြောင်းကို ကျွန်တော် မစဉ်းစားချင်ဘူး၊ ကျွန်တော်ကတော့ အမိန့်ကို နာခံဖို့ အကျင့်ပါနေပြီ၊ ကောင်းပြီ၊ ခင်ဗျားပြောတဲ့အတိုင်း ကျွန်တော် အားလုံးကို စွန့်မယ်၊ အသက်ကိုရော၊ ဂုဏ်သိက္ခာကိုရော”

သူလည်း မြို့ထဲသို့ ပြန်လိုက်မည်ဟု ဘာရီကျူးက ပြောသည်။ သို့ရာတွင် ပီးကာ့က မလိုက်ဖို့ တား၏။ သူတယောက်တည်း ပြန်ချင်သည်။ မော်တော်ကားထဲတွင် မျက်စိကို မှိတ်ပြီး နောက်သို့ မှီလိုက်သည်။ သူ့စိတ်ထဲတွင် ထင့်နေသည်။ ရဟတ်များမှ ဆိုင်းဝိုင်းများသည် ခါတိုင်းလို နားကွဲမတတ် ဆူညံနေကြသည်။ ဆင်ခြေဖုံးရပ်ကွက်တခုတွင် သူ့ကားသည် ဘက်စတီးရပ်ကွက်မှာ ချီတက်ပြန်လာသည့် လူအုပ်ကြီးနှင့် တိုးနေသဖြင့် ရပ်စောင့်နေရသေး၏။ စစ်သားများကို မြင်သည့်အခါတွင် အလုပ်သမားများက “သမ္မတနိုင်ငံ တပ်မတော်ကြီး အဓွန့်ရှည်ပါစေ” ဟု အော်ကြသည်။ ပီးကာ့က မျက်လုံးများကို လက်ဖြင့်ကာလိုက်ပြီးနောက် ဒရိုင်ဘာကို ပြောလိုက်၏။

“ဟော့ တခြားလမ်းက လှည့်မောင်းကွာ၊ မင်းကြိုက်တဲ့လမ်းကမောင်း၊ မြန်မြန်မောင်းစမ်း၊ အချိန်မရှိဘူး”

လွတ်လပ်ရေးနေ့ စီတန်းလှည့်လည်ပွဲက တနေကုန်။ ပါရီမြို့သူမြို့သား တသန်းကျော် ပါဝင်ကြသည်။ စီတန်းလှည့်လည်ပွဲမှာ ဆုံးပင်မဆုံးနိုင်တော့။ ချီတက်လာကြသည့် လူအုပ်တွေ၊ လူအုပ်တွေ။ ဘက်စတီးရပ်ကွက်၊ ပြည်သူ့ရပ်ကွက်။ ရပ်ကွက်ပေါင်းစုံကို ဖြတ်သည်။ လမ်းကျဉ်းကလေးတွေနှင့် ရိပ်သာလမ်းမကြီးများပေါ်သို့လည်း ရောက်သည်။ လူတန်းကြီးဆုံးသွားပြီဟု ထင်ရသော်လည်း မဆုံးသေး။ နောက်လူတန်းကြီး ပေါ်လာပြန်သည်။

စီတန်းလှည့်လည်လာသည့် လူထုကြီးသည် အောင်မြင်မှုကြောင့် တက်ကြွနေကြသည်။ မနှစ်က ဤအချိန်တွင် ဤလူထုကြီးသည် ချီတက်ဆန္ဒပြခဲ့ကြသည်။ ထိုစဉ်က တိုက်ပွဲအတွက် ချီခဲ့ကြခြင်း ဖြစ်၏။ ယခုပွဲကမူ အောင်ပွဲ၊ ပျော်ပွဲ။ သူတို့အနိုင်ရခဲ့ပြီ။ သူတို့ရွေးကောက်လိုက်သည့် ပြည်သူ့တပ်ဦး အနိုင်ရခဲ့ပြီ။ သူတို့သည် အောင်ပွဲဖြင့် ယစ်မူးနေကြသည်။ ရှေ့တွင်တွေ့ရမည့် တိုက်ပွဲများကို မစဉ်းစားမိကြ။ လူပေါင်း ရှစ်သိန်း၊ တသန်း၊ နောက်တသန်းခွဲ။ စီတန်းလှည့်လည်ပွဲသည် ဆုံးပါဦးမည်လော မပြောတတ်။

မြို့တဝိုက်တွင် ပုလိပ်တွေ မရှိတော့။ လူထုနှင့် ပဋိပက္ခဖြစ်မည် စိုးသဖြင့် အာဏာပိုင်တို့က ရုပ်သိမ်းထားကြသည်။ အလုပ်သမားများက စည်းကမ်းရှိကြသည်။ သူတို့ကိုယ်သူတို့ ထိန်းသိမ်းကြသည်။ ရန်ဖြစ်ခြင်း၊ ရိုက်နှက်ခြင်း၊ ဆဲရေးခြင်း၊ အော်ဟစ်ခြင်း မရှိကြ။ အားလပ်ရက် ရနေသည့် ပါရီသည် သီချင်းတွေ တကြော်ကြော် ဆိုလျက်။ ချစ်ချစ်ခင်ခင် နောက်ပြောင် ကျီစယ်လျက်။

လွတ်လပ်ရေးနေ့ စီတန်းလှည့်လည်ပွဲသို့ တပြည်လုံးမှ ကိုယ်စားလှယ်တွေ လာကြသည်။ ပီကာဒီမှ ကျောက်မီးသွေးတွင်းတူးသမားများက ကျောက်မီးသွေးတွေ ပေရေနေသည့် အဝတ်အစားများဖြင့် ချီတက်လာကြသည်။ ထိပ်အုပ် မီးပွင့်များကို လက်တွင် ဝှေ့ယမ်းလျက်။ တောင်ပိုင်းမှ စပျစ်ခြံစိုက် အလုပ်သမားများက စက္ကူစပျစ်ခိုင်ကြီးများကို ဝါးလုံးကြီးတွေဖြင့် ချိတ်၍ ချီတက်လာကြသည်။ အယ်ဇေ့နယ်မှ အမျိုးသမီးများက သူတို့ရိုးရာဝတ်စုံများကို ဝတ်ပြီး သူတို့ရိုးရာသီချင်းများကို ဆိုလာကြသည်။ ဘရီတန်နယ်မှ ကိုယ်စားလှယ်များက သူတို့ရိုးရာ သံစုံပလွေများကို မှုတ်လာကြသည်။ ဆဗွိုင်းမှ တောင်ပေါ်သားများက လမ်းတလျှောက် ကခုန်လာကြသည်။

စီတန်းလှည့်လည်ပွဲတွင် စစ်ပြန်များလည်း ပါကြ၏။ ခြေထောက်မရှိသူတို့က လက်တွန်းလှည်းကလေးများပေါ်တွင် လိုက်လာကြသည်။ မျက်စိမမြင်သူများကို မြင်သူများက တွဲလာကြသည်။ စစ်ကြောင့် ဒုက္ခိတဖြစ်လာခဲ့ကြရသည့် စစ်ပြန်တသိန်းတို့က “စစ်ကိုအလိုမရှိ” ဟု ကြွေးကြော်လာကြသည်။

စီတန်းလှည့်လည်ပွဲကို ခေါင်းဆောင်လာသူများမှာ ခါးကုန်းကုန်း အဘိုးအို သုံးလေးဆယ်ခန့်တို့ ဖြစ်သည်။ သူတို့ကား ပါရီဘုံအဖွဲ့ အရေးတော်ပုံတွင် ပါဝင်ခဲ့ကြသည့် တပ်သားဟောင်းကြီးများ ဖြစ်ကြ၏။ တခါတုန်းက လူငယ်ကလေးများ ဖြစ်ခဲ့ကြသည့် သူတို့သည် မွန်မာ့နှင့် ဘယ်လီဗီး ရပ်ကွက်များမှ အရေးတော်ပုံတပ်သားများ၏ နောက်ဆုံး ကတုတ်ကျင်းများကို တူးခဲ့ကြသည်။ ယခု သူတို့မြေးများ၏ အောင်ပွဲကို သူတို့မြင်ရပြီ။ ရှုံ့တွခြောက်ကပ်နေသည့် သူတို့နှုတ်ခမ်းများသည် ပြုံးနေကြလေ၏။

ကွန်မြူနစ်လူငယ် အဖွဲ့ဝင်များက အသစ်ချုပ်ပြီးစ ပိုးသား အလံနီကြီးများကို ကိုင်၍ ချီတက်လာကြ၏။ သူတို့အလံများက လေထဲတွင် တလူလူလွင့်လျက်။ မကြာခင်ကမှ ကွယ်လွန်သွားသည့် ရုရှစာရေးဆရာကြီး မက္ကဇင်းဂေါ်ကီ၏ ပုံများကိုလည်း ကိုင်လာကြ၏။ ဂေါ်ကီ၏ ရုရှဆန်သော မျက်နှာသည် ခေါင်းပေါ်တွင် ဝဲနေသည်။

တပ်စုတွေ တစုပြီးတစု ချီတက်သွားကြ၏။ သတ္တုအလုပ်သမားတွေပြီးလျှင် သားရေနယ်အလုပ်သမားတွေ ချီတက်လာကြသည်။ ထိုနောက် စာရေးဆရာများ၊ ကျောင်းသားများ၊ ထို့နောက် ဓာတ်ငွေ့ကာ မျက်နှာဖုံးတွေ စွပ်ထားသည့် ဓာတ်ငွေ့ရုံ အလုပ်သမားများ။ ထိုနောက် ဓာတ်သဘင် ပညာသည်များ။ မီးသတ်သမားများ။ သူနာပြုဆရာမများ။ ထိုနောက် သတ္တုတွင်း အလုပ်သမားများနှင့် သားရေနယ် အလုပ်သမားများ။

ပါရီသည် ဖောင်ကြီးတစင်းနှင့် တူတော့သည်။ တိုင်းပြည်အသီးသီးမှ ခရီးသည်များ သင်္ဘောပျက်သဖြင့် တွယ်တက်လိုက်ပါလာကြသော ဖောင်ကြီးတစင်းနှင့် တူနေသည်။ ပါရီတွင် လာ၍ အခြေချနေသည့် နိုင်ငံခြားသားများသည် ပြင်သစ်အမျိုးသားများနှင့်အတူ ချီတက်လာကြ၏။ တခါတရံတွင် နိုင်ငံခြားဘာသာစကားဖြင့် ကြွေးကြော်သံများကို ကြားရ၏။

အလံများနှင့် ပိုစတာကြီးများပေါ်တွင် နိုင်ငံခြားစာလုံးများကို မြင်ရသည်။ နေပယ်နှင့် စစ္စလီမှ လက်သမားများ၊ ဩစရီးယန်း စက်ချုပ်သမားများ၊ မုန့်ဖုတ်သမားများ၊ ပိုလန်နှင့် ရုမေးနီးယန်း ဆင်းရဲသားရပ်ကွက်များမှ ဆေးသုတ်သမား၊ ဖိနပ်ချုပ်သမား၊ ဆိုင်းဘုတ်ရေးသမား ရေဝတီများ။ တရုတ်၊ အာနန်၊ အာရပ်နှင့် နီဂရိုးကျောင်းသားများလည်း ပါကြသည်။ သူတို့အားလုံးသည် “အင်တာနေရှင်နယ်” သီချင်းကို ဆိုလာကြ၏။

ဦးထုပ်ချုပ်သမားများက ကက်ဦးထုပ်ကြီးတလုံးကို သယ်လာကြသည်။ ထိုကက်ဦးထုပ်ကား ပြင်သစ်အလုပ်သမားတို့ ဆောင်းသည့် ကက်ဦးထုပ်။ ပြင်သစ်အလုပ်သမား လူတန်းစား၏ သင်္ကေတ။ ထိုကက်ဦးထုပ်ကြီး၏ အောက်တွင် “ပစ္စည်းမဲ့တို့၏ သရဖူ” ဟူသော စာတန်းကို ရေးထားသည်။

သံမဏိအလုပ်သမားများက ပန်းစည်းကြီးတွေကို ကိုင်လာကြသည်။ ပန်းတွေက ပန်းနုရောင် ပင်စီပန်းတွေ။ သူတို့နောက်တွင် ပန်းသည်မလေးတွေက ရယ်ရယ်မောမောဖြင့် ရောမငွေတူကြီးတလက်ကို ကိုင်လာကြသည်။

ဘက်စတီးရပ်ကွက်မှ ဗင်ဆင်နေးဆိပ်ကမ်းရပ်ကွက်အထိ လမ်းတလျှောက်မှ ပြာမွဲမွဲ စုတ်ချာချာ အိမ်များတွင် အနီရောင်တွေ ဆင်ထားသည်။ ခန်းဆီးတွေက အနီ။ ကော်ဇောတွေကလည်း အနီ။ ပြတင်းဝများတွင် ချိတ်ထားသည့် အဝတ်တွေကလည်း အနီ။ အိမ်ရှေ့တွင် ထွက်ရပ်၍ လက်ပြနှုတ်ဆက်နေကြသည့် အမျိုးသမီးများကလည်း အနီရောင်ကို ဝတ်ထားကြသည်။ နှင်းဆီ၊ ပေါ်ပီ၊ မဥ္ဇူ၊ ဂမုန်း စသည့် ပြင်သစ်ပြည်တွင် ရှိသမျှသော ပန်းနီနီများသည် ထိုနေ့က ပါရီလမ်းမတွေပေါ် ရောက်နေသလောဟုပင် အောက်မေ့ရသည်။

ချိုပြုံးရွှင်ပြနေသည့် သူငယ်ကလေးများသည် စာကလေးများလို သစ်ပင်များပေါ်တွင် အုပ်လိုက်သင်းလိုက် ရောက်နေကြသည်။ ဘယ်နေရာကိုကြည့်ကြည့် ရွှင်ပြမြူးတူးနေသည်ချည်း။ ဖက်ဆစ်အလိုတော်ရိ သစ္စာဖောက် ဒိုးရီးယော့၏ ကောက်ရိုး အလောင်းကောင်ကြီးကို မီးတင်ရှို့ကြသည်။ ကြိုးစင်ပေါ်တွင် ဗိုက်စူစူနှင့် မူဆိုလိုနီ၏ အရုပ်ကြီးက အဝတ်စုတ်တွေနှင့် လုပ်ထားသည့် ဟာစ်တလာရုပ်ကြီးနှင့်ယှဉ်လျက် ကြိုးတွဲလောင်းဖြင့်။ လူတယောက်က ကုလားမခြေထောက် မြင့်မြင့်ကြီးပေါ်တွင် လိုက်လာသည်။

ဖက်ဆစ်အလိုတော်ရိ ဖလန်ဒင်၏ပုံကို သရုပ်ဆောင်ထားခြင်း ဖြစ်သည်။

"ဆိန်း" လေယာဉ်စက်ရုံမှ အလုပ်သမားများ ဖြတ်သွားသည့်အခါတွင် လူထုက အထူးတလည် ဩဘာပေးကြသည်။ သူတို့က ဘက်စတီး အကျဉ်းထောင်ကြီး၏ ပုံစံငယ်ကလေးတခုကို သယ်လာကြ၏။ "ဘက်စတီး အကျဉ်းထောင်သိမ်းပွဲကို အမှတ်ရကြ" ဟု စာတန်းထိုးထားသည်။ ဟုတ်သည်။ ဘုံအဖွဲ့ အရေးတော်ပုံတုန်းက ပါရီလူထုသည် ဘက်စတီးကို သိမ်းခဲ့ကြသည် မဟုတ်လော။ သူတို့တပ်စု ထိပ်ဆုံးတွင်မူ မစ်ရှော၊ လီဂရေးနှင့် ပီယာတို့ လိုက်လာကြသည်။

စင်မြင့်ပေါ်တွင် ဝန်ကြီးများနှင့် အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်များ၊ စာရေးဆရာများနှင့် အလုပ်သမားခေါင်းဆောင်များ၊ ကွန်မြူနစ်များနှင့် ရေဒီကယ်များ စသည့် အလွှာအသီးသီးမှ ကိုယ်စားလှယ်များ ရပ်နေကြ၏။ ဝန်ကြီးချုပ်ဗလွန်းက မသက်မသာ ပြုံးလျက်။ ဝဝဖိုင့်ဖိုင့်၊ ပါးစပ်နားတွင် အရေတွေတွန့်နေသည့် ဝန်ကြီးဒလာဒီးယားက လက်သီးလက်မောင်းတန်းလျက်။ ဝန်ကြီးဗီးလာ့ဒ်က "အင်တာနေရှင်နယ်" သီချင်းကို ခပ်တိုးတိုး ရွတ်လျက်။

"အဆုံးသတ်တိုက်ပွဲ နွှဲဆင်မလေ"

စင်မြင့်ရှေ့တွင် သူတို့စစ်ကြောင်းဖြတ်၍ ချီတက်သွားသည့်အခါတွင် ပီယာ့ကို လှမ်းအော်လိုက်သံ ကြားရ၏။

"ဗျို့… ပီယာ၊ ခင်ဗျားကို ဝန်ကြီးဗီးလာ့ဒ်က တွေ့ချင်လို့တဲ့"

မကြာမီက ပေါ်ပေါက်ခဲ့သည့် သပိတ်ကြီးတွင် ဆိုရှယ်လစ်ပါတီဝင် အင်ဂျင်နီယာ လူငယ်တဦးက အလုပ်သမားများနှင့်အတူ သပိတ်မှောက်ခဲ့သည့် သတင်းကို ဗီးလာ့ဒ် ကြားခဲ့သည်။ ဗီးလာ့ဒ်သည် နိုင်ငံတော်အစိုးရတာဝန်များ အကြားမှပင် ပါတီတာဝန်ကို မေ့လျော့ခြင်း မရှိ။ ဝန်ကြီးဗီးလာ့ဒ်က ပီယာ့ကို တရင်းတနှီး လက်ဆွဲနှုတ်ဆက်သည်။

"ရဲရဲတောက်ပေဟ့၊ ကွန်မြူနစ်တွေက တို့ဆိုရှယ်လစ်တွေမှာ စိတ်ဓာတ် ခန်းခြောက်နေပြီလို့ ပြောကြတာ၊ ခု မင်းက အဖြေပေးလိုက်ပြီ"

ပီယာမှာ မနေတတ် မထိုင်တတ် ဖြစ်ကာ မွန်ထူနေသည်။ ဘာမျှမပြောနိုင်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဝန်ကြီး"

"မင်းအဖေကို ငါသိတယ်ထင်တယ်ကွ" ဗီးလာ့ဒ်က ပြော၏။ "မင်းက ပါပီနွန်က မဟုတ်လား"

ဝန်ကြီးဗီးလာ့ဒ်သည် မနေ့က သူနှင့် စကားပြောခဲ့သည့် လွှတ်တော်အမတ်တယောက်ကို အမှတ်ရချင်မှ ရမည်။ သို့ရာတွင် သူငယ်ငယ်တုန်းကအကြောင်းကိုမူ မှတ်မိတတ်၏။ ကျောင်းနေဘက် သူငယ်ချင်းများ၊ သူတရားဟောခဲ့ရာ မြို့များ၊ ငယ်ငယ်တုန်းက ကွန်ဂရက်များတွင် သူတွေ့ခဲ့ရသည့် ကိုယ်စားလှယ်များဆိုလျှင် ဘယ်တော့မျှမမေ့။

"တို့ငယ်ငယ်တုန်းက ဖာရေရိုဆိုတဲ့ စပိန်လူငယ်တယောက်ကို စပိန်အစိုးရ ပစ်သတ်တယ်၊ သူ့ကို မသတ်ဖို့ ကန့်ကွက်ဆန္ဒပြပွဲတွေ လုပ်ကြတော့ ငါနဲ့ မင်းအဖေက ခေါင်းဆောင်ပေါ့ကွ၊ အေးလေ၊ ဖာရေရိုဆိုတဲ့ နာမည်ကတော့ ခုခေတ် မင်းတို့လူငယ်တွေအတွက် ဘာမှ ထူးခြားတော့မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဟိုခေတ်တုန်းကတော့ တတိုင်းပြည်လုံး ဟိုးလေးတကြော်ပဲ။ တို့ပြင်သစ်ပြည်သူတွေလဲ မညံ့ပါဘူးကွ၊ နိုင်ငံတကာ သွေးစည်းညီညွတ်ရေးစိတ်ဓာတ် ရှိပါတယ်၊ နောက်မကျပါဘူး၊ အေး... သွားတော့၊ သွားတော့၊ တိုက်ပွဲတွေ အောင်ပါစေကွာ"

ထိုအကြောင်းများကို အမှတ်ရလျှင် ဗီးလာ့ဒ် စိတ်လှုပ်ရှားသည်။ အင်ဂျင်နီယာလူငယ် ပီယာလို ပြန်ငယ်သွားကာ တက်ကြွလာ၏။ ဗီးလာ့ဒ်သည် ချီတက်သွားကြသူများကို ငေးကြည့်နေသည်။ သူတို့နှင့်အတူ လိုက်ပါချီတက်နေပြီး သူတို့နှင့်အတူ ရန်သူကို ရင်ဆိုင်ရန် ရှေ့သို့ ချီနေသည်ဟု ခံစားရ၏။ သူသည် ချီတက်လာသည့် စကောက်များကို ဦးထုပ်ကို ချွတ်၍ ယမ်းပြနေသည်။

ရေဒီကယ်ပါတီ လွှတ်တော်အမတ် ပီရိုးကို မြင်လိုက်သည့်အခါတွင် ဝန်ကြီးဗီးလာ့ဒ်သည် သတိပြန်ရလာ၏။ ပီရိုးသည် အဘယ့်ကြောင့် ဤချီတက်ပွဲတွင် ပါလာသနည်း။ သူက ပြည်သူ့တပ်ဦးကို ခါးခါးသီးသီး မုန်းသူ။

ဝန်ကြီးတွေ ဘယ်လောက် လူထုထောက်ခံမှု ရသည်ကို အကဲခတ်ရန် လိုက်လာခြင်းလော။ ပီရိုးသည် စင်မြင့်ပေါ်တွင် ကျောက်ရုပ်ကြီးလို ရပ်နေသည်။ သီချင်းလည်းမဆို။ လူထုကိုလည်း နှုတ်ဆက်ခြင်းမပြု။ ဗီးလာ့ဒ်နှင့် ယှဉ်လျက် ရပ်နေစဉ်တွင် အလုပ်ကိစ္စကလေးတွေကို ပြောချင်သည်။ သူ့မဲဆန္ဒနယ်ဖြစ်သည့် အရှေ့ပိုင်း ပီရနီးစ်နယ်မှ လာခဲ့ခြင်း ဖြစ်သည်။

ပီရိုးက ပြော၏။

"ကျွန်တော့်မဲဆန္ဒနယ်မှာ ဒီလူတွေ သိပ်ရမ်းကားနေတယ်၊ မြေတွေကို အတင်းသိမ်းကြတာပဲ၊ ခက်တာက စပိန်မှာ လုပ်သလို လိုက်လုပ်နေတယ်၊ ပြီးတော့ သူတို့ခေါင်းဆောင်တွေက နိုင်ငံခြားသားသွေး ရောနေတယ်၊ အလျင်တုန်းကဆိုယင် ကျွန်တော့်နယ်မှာ အလုပ်သမားတွေက နိုင်ငံခြားသား ပြည်တွင်းရေး ဝင်ရှုပ်တာကို မခံဘူး၊ ဒါပေမယ့် ကွန်မြူနစ်တွေက အဲဒီအလုပ်သမားတွေကိုပါ စည်းရုံးမိသွားပြီ၊ အခြေအနေက တော်တော်လေး ဆိုးနေတယ်"

ပီရိုးသည် လွှတ်တော်အမတ် တက်စ၏ မိတ်ဆွေဖြစ်သည်။ ထို့ကြောင့် ဗီးလာ့ဒ်က သူ့ကို တလေးတစား ဆက်ဆံ၏။

"ကောင်းပြီလေ၊ ကျွန်တော် ဒီနေ့ ပြည်ထဲရေးဝန်ကြီးနဲ့ တွေ့စရာ ရှိတယ်၊ နိုင်ငံရေးဆန္ဒပြပွဲထဲမှာ နိုင်ငံခြားသားတွေ ဝင်ပါလို့ ဘယ်ဖြစ်မလဲဗျာ။ ဘယ်ခွင့်ပြုနိုင်ပါ့မလဲ၊ စိတ်ချပါ၊ အစဉ်အလာကို ကျွန်တော်တို့ ထိန်းမှာပါ။ နည်းနည်းတော့ စိတ်ရှည်ရမှာပေါ့ ဒီပြဿနာက ပြီးသွားမှာပါ"

ပီရိုးက ကျေးဇူးတင်စကားဆိုပြီး နောက်သို့ဆုတ်သွားသည်။ ဗီးလာ့ဒ်က အနားတွင် ရပ်နေသည့် ကွန်မြူနစ်ခေါင်းဆောင်တယောက် အနားသို့ ကပ်၍ "တက်စရဲ့ ဂိုဏ်းကိုတော့ သတိထားမှ ဖြစ်မယ်ဗျို့၊ ကျုပ်တို့ ခံနေရလိမ့်မယ်" ဟု လှမ်းပြောနေသည်။

ဗီးလာ့ဒ်သည် ဟိုတမျိုး သည်တမျိုး ပြောသည်။ ဤသည်ကို နိုင်ငံရေးဟု သူထင်ပုံရ၏။ သူတို့ကြားထဲတွင် ဤသို့သာ လှည့်၍ ကစားသွားနိုင်လျှင် အဘယ်မှာ သူ အောင်ပွဲမရပဲ နေမည်နည်း။

လန်းဆိုသည့် မြို့ငယ်ကလေးတမြို့မှ ကိုယ်စားလှယ်အဖွဲ့ စင်မြင့်ရှေ့မှ

ဖြတ်၍ ချီတက်သွားသည်။ ကိုယ်စားလှယ်အဖွဲ့ထဲတွင် ကတ္တီပါအင်္ကျီကြီးကို ဝတ်ထားပြီး စီးကရက်ကို နှုတ်ခမ်းတွင် တွဲလောင်းချိတ်ထားသည့် အဘိုးကြီးတယောက်နှင့် အလုပ်သမား လူငယ်လေးယောက် ပါသည်။ သူတို့သည် ပိုစတာကြီးတခုကို ကိုင်လာကြ၏။ ပိုစတာပေါ်တွင် "လန်းမြို့တွင် ဖက်ဆစ်တို့ အာဏာမရစေရ" ဟု ရေးထားသည်။

"အင်း... လန်းမြို့မှာ အလုပ်သမား အလွန်ဆုံး ရှိယင် သုံးရာပေါ့။ ဒီထက် မပိုပါဘူး၊ လက်စသတ်တော့ ဒီလူတွေဟာ ကလေးသာသာပဲ ရှိကြသေးတာကိုး" ဟု ဗီးလာ့ဒ် တွေးနေသည်။

ပီယာသည် ဝန်ကြီးဗီးလာ့ဒ်နှင့် စကားပြောပြီးနောက် စိတ်ခုတ်တက်ကြွနေသည်။ ရှေ့က ချီသွားသည့် သူ့တပ်စုကို မီအောင် အပြေးလိုက်ရ၏။ ဗီးလာ့ဒ်နှင့် စကားပြောခဲ့ရသည့်အကြောင်းကို ပြန်ပြော၍ မဖြစ်။ မစ်ရှော လှောင်လျှင် အရသာကလေးတွေ ပျက်သွားတော့မည်။

မစ်ရှောသည် မနက်ခင်းက အောင်မုခ်ဦးအနီးတွင် ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့သည့်ကိစ္စနှင့် သူ့အင်္ကျီပြဲကို သတိမရတော့။ နောက်ကျောက ကိုက်သည်။ သို့ရာတွင် မစ်ရှော ရွှင်လန်းနေသည်။ စီတန်းလှည့်လည်ပွဲက အကြီးအကျယ် အောင်မြင်သည်။ ဆင်ခြေဖုံးသို့ ရောက်သည့်အခါတွင် မစ်ရှော ငြိမ်ချက်သား ကောင်းနေသည်။ မှောင်စပြုပြီ။ မီးပွင့်များသည် လင်းလာကြ၏။ လမ်းအချက်ပြမီးများ၊ ခုတ်ဆီဆိုင်များမှ မီးပွင့်များ၊ ဆိုင်းဘုတ်များမှ မီးပွင့်များကို မြင်ရသည်။ အစိမ်း၊ အပြာ၊ အနီ အရောင်အမျိုးစုံ။ ဆင်ခြေဖုံးက ပန်းဥယျာဉ်ကြီးတခုနှင့် တူနေသည်။

"ဗျို့... မစ်ရှော၊ ဘာဖြစ်သလဲ၊ ငြိမ်ချက်သား ကောင်းလှချည်လား"

"ဘာမှ မဖြစ်ပါဘူး၊ အိုက်လို့ပါ"

မစ်ရှောက သူ့နဖူးကို အင်္ကျီလက်ဖြင့် သုတ်နေသည်။ ထို့နောက် ရုတ်တရက် အမှတ်ရလာသဖြင့်...

"ကျွန်တော် ဘလင်ကွီရဲ့ အတ္ထုပ္ပတ္တိကို ဖတ်နေတယ်ဗျ။ သိပ်အားကျစရာ ကောင်းတယ်ဗျာ၊ တကယ့်သူရဲကောင်းပဲ၊ ကတုတ်ကျင်းထဲမှာ နေရတယ်၊ ပြီးတော့

တသက်လုံး ထောင်ထဲမှာ အချိန်ကုန်သွားရတယ်၊ ထောင်ထဲမှာ ကဗျာတွေရေးတယ်၊ ကြယ်တွေအကြောင်းတောင် ကဗျာစပ်လိုက်သေးတယ်၊ အဲဒီတုန်းက ရန်သူ့လက်ထဲ ရောက်တယ်ဆိုယင် အသတ်ခံရတာချည်းပဲဗျ။ ဘာမှမလုပ်နိုင်ဘူး၊ အသတ်ခံရမယ့်ရက်ကို စောင့်ရုံပဲ၊ ခုတော့ ကျွန်တော်တို့ မသေရတော့ဘူး၊ ဒါပေမယ့် အသက်ရှင်ယင်း တိုက်ပွဲတွေကိုတော့ ဆက်တိုက်ရဦးမှာပေါ့။ အခက်အခဲတွေကို ဆက်ရင်ဆိုင်ရဦးမှာပေါ့။ မဟုတ်ဘူးလား”

ပီယာသည် သူ့စကားကို နားထောင်၍ အံ့အားသင့်နေသည်။ မစ်ရှော၏ တွေးခေါ်ပုံက ရှုပ်ထွေးသယောင် ရှိသည်။ တခါတရံ တရားသေကျလွန်းသည်။ သို့ရာတွင် ထိုအတွေးအခေါ်အောက်တွင် လေးနက်သည့် ယုံကြည်ချက်။ ပြင်းထန်သည့် ဖွဲ့။ နက်ရှိုင်းသည့် ခံစားချက်တို့ ကိန်းအောင်းနေကြသည်။ ထိုယုံကြည်ချက်၊ ထိုဖွဲ့၊ ထိုခံစားချက်တို့သည် ဖြူဆူးလို အရေးကြုံသည့်အခါတွင် ထောင်ထလာတတ်ကြသည်။

“မစ်ရှောရေ၊ ခင်ဗျားဟာ လူကြီးဖြစ်လာပြီဗျ” ပီယာက ပြောသည်။ “အလျင်တုန်းက ခင်ဗျားကို သာမန်ရဲဘော်တယောက်လို့ပဲ ကျွန်တော် သဘောထားခဲ့တယ်၊ ခုတော့ မဟုတ်တော့ဘူးဗျ၊ ခင်ဗျားကို ကျွန်တော် ခေါင်းဆောင်တယောက်လို သဘောထားလိုက်ပြီ”

မစ်ရှောက ကလေးလေးတယောက်လို မျက်နှာကို ရှုံ့ပြလိုက်၏။ ထို့နောက် ငှက်ကလေးတကောင်လို လေချွန်လိုက်သည်။ မစ်ရှောက သံစုံထွက်အောင် လေချွန်တတ်သူ ဖြစ်၏။

စီတန်းလှည့်လည်သူများသည် ဆက်၍ ချီတက်ဆဲ၊ ချီတက်ကြဆဲ။ သူတို့၏ သီချင်းသံကလည်း အဆုံးမရှိ။

“အဆုံးသတ်တိုက်ပွဲ နွှဲဆင်မလေ...”

နောက်တနေ့ မနက်တွင် ပီယာသည် အားလပ်ခွင့် တလရသဖြင့် ခရီးထွက်လာခဲ့သည်။ အားလပ်ရက်များသည် ပီယာ့အဖို့ ခရီးသွားကိုယ်စားလှယ်များ၏ ပိုစတာစာရွက်များနှင့် တူသည်။ ကြော်ငြာပိုစတာတွေက အပြာရောင်တဝက်၊ ရွှေရောင်တဝက်။ ထို့အတူ သူ့အားလပ်ရက်များသည်လည်း ပျော်စရာ တဝက်၊ စိတ်ညစ်စရာ တဝက်။

အဂ္ဂနိစ်က ကြို၍ ထွက်သွားနှင့်သည်။ ကွန်ကာနောရွာအနီးက ကမ်းပါးမြင့်မြင့်ပေါ်ရှိ တံငါအိမ်ကလေးတလုံးကို ငှားထား၏။ အိမ်ကလေးက သေတ္တာဖြူဖြူကလေးတလုံးနှင့် တူသည်။ ကမ်းပါးအောက် သောင်ပြင်တွင် မိန်းမကြီးများသည် ပိုက်ကွန်ပြာပြာများကို ဖာနေကြသည်။ ရွက်နီနီများသည် လေထဲတွင် တဖျပ်ဖျပ် လွင့်နေကြ၏။ ကမ်းပါးရှေ့တွင် အပြောကျယ်သည့် ပင်လယ်ကြီး။ လေညင်းက တသုန်သုန်။ ဒီရေက အဟုန်ပြင်းစွာဖြင့် တဝေါဝေါ တက်လာသည်။ အတ္တလန္တိတ် သမုဒ္ဒရာသည် နေ့ညမစဲ ညည်းညူလျက်။

ပီယာက ဖြူဖွေးနေသည့် နံရံများကို လျှောက်ကြည့်သည်။ နံရံတွင် ဆီဆေးဖြင့် ရေးထားသည့် အရုပ်တွေ ရှိ၏။ ငါးညှီနံ့က နေရာအနှံ့။ အိပ်ရာခင်း၊ ခန်းဆီး စသည်တို့ကလည်း ငါးနံ့ ထွက်နေသည်။ နံရံကပင်လျှင် အနံ့မပျောက်။

ပါရီက မြင်ကွင်းတွေကို သူ့မျက်စိထဲက ဖျောက်၍ မရသေး။ ဗီးလာ့ဒ်နှင့် စကားပြောခဲ့ရသည့်အကြောင်းကို ဂုဏ်ယူ၍ ပြောသည်။ စီတန်းလှည့်လည်ပွဲများအကြောင်းကိုလည်း အသေးစိတ် ပြောပြ၏။ ဖက်ဆစ်တပ်သားတို့၏ လုပ်ကြံမှုများကိုလည်း ပြောပြသည်။ အဂ္ဂနိစ်က ဘာမျှမပြော။ ပီယာ စိတ်ပျက်သွားသည်။ သူ့ယုံကြည်ချက် မှန်ကန်မြင့်မြတ်ကြောင်းကို အဂ္ဂနိစ် သဘောပေါက်အောင် ဤတသက်တွင် ပြောမှ ပြောနိုင်ပါတော့မည်လောဟု ပီယာ တွေးမိသည်။

"လူ့ဘဝမှာ ယုံကြည်ချက်ဆိုတာ ရှိမှပေါ့ ချစ်ရယ်၊ ယုံကြည်ချက်မရှိယင် လောကကြီးမှာ အသက်ရှင်နေရတာ ဘာအဓိပ္ပါယ်ရှိဦးမှာလဲ၊ ချစ် ဒါတွေ နားမလည်ချင်ဘူးလား"

"ဟင့်အင်း၊ ကျွန်မ နားမလည်ချင်ဘူး၊ နိုင်ငံရေးဆိုတာ

လောင်းကစားတာနဲ့ ဘာထူးတာလိုက်လို့၊ လောင်းကစားမှ တော်တော်အောက်တန်းကျတဲ့ လောင်းကစားနည်း၊ ကျွန်မလဲ ဒီလောက်တော့ အကဲခတ်တတ်ပါတယ် မောင်ရယ်၊ တကယ်ကျတော့ ဘယ်သူမှ ကိုယ်ကျိုးစွန့်ကြတာ မဟုတ်ပါဘူး၊ ကိုယ့်ဖို့လောက်သာ ကြည့်ကြတာပါ၊ ဘာလဲ မောင်က မောင်တို့ခေါင်းဆောင် ဗိုးလဲ့ဒ်ဟာ ဒီလို မဟုတ်ဘူးလို့ ပြောချင်လို့လား၊ မပြောနဲ့ မောင်၊ ဗိုးလဲ့ဒ်လဲ တနေ့ကျယင် တခြားခေါင်းဆောင်တွေလို သစ္စာဖောက်သွားမှာပါပဲ၊ မောင် မြင်သားပဲ၊ ပြည်သူတွေက ဘာများထူးလို့လဲ”

“မောင်တို့က ပြည်သူတွေကို ပညာပေးရမှာပေါ့ ချစ်ရဲ့ ”

“မရပါဘူး မောင်ရယ်၊ စိတ်ကူးမယဉ်စမ်းပါနဲ့၊ မောင်ဟာလေ ခုတလောမှာ တမျိုးပဲ၊ ဘာတွေ လျှောက်လုပ်နေမှန်းကို မသိဘူး၊ တော်ပြီ မောင်ရယ်၊ မောင့်နိုင်ငံရေးတွေကို မပြောကြစို့နဲ့၊ တကယ်တော့ နိုင်ငံရေးဆိုတာ ရိုးသားဖြောင့်မတ်တဲ့ အလုပ်မဟုတ်ပါဘူး”

သို့ဖြင့် သူတို့လင်မယားနှစ်ယောက်သည် ရောက်သည့်နေ့မှစ၍ စကားများကြရသည်။ ထို့နောက်တွင်မူ ပီယာသည် နိုင်ငံရေးအကြောင်းကို မပြောတော့။ အားလပ်ရက်တွင် ပျော်ပျော်နေသည်။ သုံးရက်လုံးလုံး ဘာမျှမလုပ်။ ဘာကိုမျှ မတွေး။ ပင်လယ်ထဲဆင်း ရေချိုး၊ သောင်ပြင်တွင် နေဆာလှုံ၊ ကမ်းပါးတက်နှင့် အချိန်ကုန်သည်။ ဒီတက်ချိန်ဆိုလျှင် တဝေါဝေါတက်လာသည့် ဒီလှိုင်းကြီးများကို ကြည့်သည်။ ပီယာသည် မြေထဲပင်လယ်ကမ်းခြေကို ရောက်ဖူးပြီ။ ငြိမ်ငြိမ်အေးအေး၊ လေးလေးတွဲ့တွဲ့။ ချမ်းမြေ့စွဲမက်စရာ။ သို့ရာတွင် အတ္တလန္တိတ် သမုဒ္ဒရာကမူ တမျိုး။ အံ့သြစရာ။ ရုတ်တရက်ကြည့်လျှင် ချောက်ချားဖို့ပင် ကောင်းသည်။ သဘာဝကြီးသည် ကျရောက်လာမည့် ကပြောင်းကပြန် ဖြစ်မှုကြီးကို စောင့်မျှော်နေသလောဟု ထင်ရ၏။ တဝုန်းဝုန်း အော်မြည်နေသည့် လှိုင်းပုတ်သံ၊ တဝေါဝေါ အော်နေသည့် ဒီတက်သံများသည် ဗလောင်ဆူနေသည့် သူ့စိတ်နှင့် တူနေသည်ဟု ပီယာ အောက်မေ့မိသည်။ တခါတရံတွင် လေအဟုန်က ပြင်းသည်။ တံခါးကိုပင် ရုတ်တရက် ဖွင့်၍မရအောင် ခပ်ပြင်းပြင်း တိုက်နေသည့် လေဟုန်။ လူတယောက်ကို လဲကျသွားအောင် တိုက်နိုင်သည့် လေဟုန်။ ခပ်နိမ့်နိမ့် ပင်စည်တုတ်တုတ် သစ်ပင်ကြီးများကိုပင် လဲကျသွားအောင် တိုက်နိုင်သည့် လေဟုန်။ ထိုလေဟုန်ကို ပီယာ သဘောကျသည်။

သို့ဖြင့် သုံးရက် ကုန်သွားသည်။ ပီယာ၏ မျက်နှာသည် နေလောင်သဖြင့် နီရဲစပြုလာ၏။ သူ့တကိုယ်လုံးသည် လေသစ်တွေ ပြည့်လာသကဲ့သို့ လန်းဆန်းလာသည်။ ပါရီတွင် အရေးတကြီး ဖြစ်နေသည့် ကိစ္စရာပေါင်းများစွာသည် ပြုံးစရာ ရယ်စရာလို ဖြစ်လာ၏။ ပီယာသည် ကမ္ဘာသစ်ကြီးတခုကို တွေ့နေရပြီ။ ပင်လယ်တွင် သူ့လမ်းကြောင်းအတိုင်း အုပ်စုဖွဲ့၍ သွားနေကြသော ပင်လယ်ငါးများ။ ပင်လယ်ရေမှော်တို့ အနံ့များ။ ညတွင် အပြွတ်လိုက် အခိုင်လိုက် လင်းနေသော ကြယ်ပွင့်များ။

သတင်းစာကလည်း နောက်ကျတတ်သည်။ သတင်းများသည် သူတို့ဆီသို့ သတင်းစာရောက်လာသည့်အခါတွင် ဟောင်းနွမ်းသွားပြီ။ တနေ့တွင် ပီယာသည် သူယူလာခဲ့သည့် ခရီးဆောင် ရေဒီယိုကလေးကို ဖွင့်ကာ သတင်းများကို နားထောင်သည်။ ရွှေစျေးနှုန်းသတင်း၊ တရုတ်-ဂျပန် အရေးအခင်း၊ ကုန်သည်ကြီးများ၏ ညစာစားပွဲတွင် တက်စပြောသည့် မိန့်ခွန်း။

ပီယာသည် လက်ကို ဇွေ့ယမ်းပြီးနောက် သောင်ပြင်သို့ ဆင်းကာ ကဏန်းများကို လိုက်ဖမ်းနေသည်။

အဂ္ဂနိစ်၏ မျက်နှာသည် ဝင်းပစပြုလာ၏။ ယခုမှ အိမ်ထောင်ရေးသုခကို ခံစားရတော့သည်။ ပါရီမှာတုန်းကဆိုလျှင် ပီယာ့အတွက် စိတ်ညစ်ရသည်။ သူ့ယောကျ်ားက နိုင်ငံရေးကိုချည်း စိတ်ဝင်စားနေသဖြင့် မနာလိုဝန်တို ဖြစ်ရသည်။ အဂ္ဂနိစ်၏ ဘဝက ဆင်းဆင်းရဲရဲနှင့် လာခဲ့ရသည့်ဘဝ။ အခက်အခဲများကို တွေ့ခဲ့ရသည့်ဘဝ။ သူနေခဲ့ရသည့် ဘယ်လီဗီးရပ်ကွက်က ဆင်းရဲသားရပ်ကွက်။ ထိုရပ်ကွက်မျိုးတွင် မွေး၍ ထိုရပ်ကွက်မျိုးတွင် ကြီးပြင်းခဲ့ရသည့် အဂ္ဂနိစ်သည် ပါရီတွင် ဖြစ်နေသည့် အရေးအခင်းများကို စိတ်ဝင်စားဖို့ကောင်းသည်။ သို့ရာတွင် မရေရာသည့် နိုင်ငံရေးစကားတွေ၊ နိုင်ငံရေးပါတီချင်း ကလော်ကြ ဆော်ကြသံတွေ၊ သတင်းစာ အရေးအသားတွေ၊ နိုင်ငံရေးတရားပွဲတွေကို သူတို့စိတ်ပျက်လှပြီ။ ထိုအရာအားလုံးသည် နိုင်ငံရေးဖြစ်သည်ဟု အဂ္ဂနိစ် သိမ်းကျုံး၍ မှတ်လိုက်သည်။ သူစိတ်ဝင်စားသည်က တဦးတယောက်ချင်း၏ ကိုယ်ရေးကိုယ်တာကိစ္စလောက်မျှသာ ဖြစ်၏။ ပီယာက ဂျင်းနော့၏ အမေအိုကြီးအကြောင်းကို ပြောသည့်အခါတွင် အဂ္ဂနိစ်သည် ပီယာမမြင်အောင် တဘက်သို့ လှည့်ငိုမိသည်။ သို့ရာတွင် သပိတ်အကြောင်းကို ပြောသည့်အခါတွင်မူ

အဂ္ဂနိစ်အဖို့ ဘာမျှအကြောင်းမထူး။ ပြည်သူ့တပ်ဦးကို ပီယာ စိတ်ဝင်စားနေပုံသည် သူ့အမြင်တွင် တနေရာတည်းတွင် ပတ်ချာလှည့်နေပုံနှင့် တူနေသည်။ စကားလုံး လေမုန်တိုင်း တိုက်သည်နှင့် တူနေသည်။ "လူတွေဟာ ဒါတွေကြောင့် အသေခံနေကြတာ မဟုတ်ပါဘူး မောင်ရယ်" ဟု စိတ်ထဲက ဆိုမိသည်။ ထိုအတွေးနှင့်အတူ ကိုယ့်အကျိုးလောက်သာ ကိုယ်ကြည့်သည့် အမြင်မျိုးသည် မသိမသာပေါ်လာ၏။ အလျင်တုန်းက သူ့ဘဝသည် ဘာမျှ မလုံခြုံ။ ယခု ပီယာနှင့် ရပြီးသည့်နောက်ပိုင်းတွင် သူ့ဘဝလေးသည် လုံခြုံပြီ။ အေးချမ်းပြီ။ ဤဘဝကလေး ပြိုကွဲပျက်စီးသွားမည်ကို အဂ္ဂနိစ် စိုးရိမ်သည်။ ယခု သူ့တွင် မပေါ့မပါး။ သူတယောက်အတွက်သာ မဟုတ်။ နှစ်ယောက်အတွက် ကာကွယ်ထိန်းသိမ်းရတော့မည်။ သူ့ကိုယ်ဝန်အကြောင်းကို တွေးလိုက်မိသည်နှင့် ဘဝလုံခြုံရေးသည် အလိုလို ရှေ့တန်းသို့ ရောက်လာသည်။ ရေဒီယိုကို ပီယာ နားမထောင်စေချင်။ ရေဒီယိုကို ပီယာ နားမထောင်ခြင်းသည် သူ့အဖို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နိမိတ်တပါး ဖြစ်နေသည်။

ပီယာရောက်ပြီး လေးရက်မြောက်နေ့တွင် မုန်တိုင်းတိုက်သည်။ မုန်တိုင်းက မဆင်ပဲနဲ့ ရုတ်တရက် ကျလာသည့် မုန်တိုင်း။ ပီယာနှင့် အဂ္ဂနိစ်တို့ နှစ်ယောက် ကမ်းစပ်သောင်ပြင်တွင် ထိုင်နေကြသည်။ ထိုစဉ် သဲလေပွေ မုန်တိုင်းကြီးတခု ထလာသည်။ အဂ္ဂနိစ်က မျက်လုံးများကို မှေးထား၏။ အတန်ကြာသည့်အခါတွင် သူတို့အနီးတဝိုက်၌ ဆူညံနေတော့သည်။ ကမ်းစပ်တွင် ဆိုက်ထားသည့် လှေများသည် ကုန်းပေါ်သို့ ရောက်ကုန်ကြသည်။ လေက အိမ်များကြားတွင် တရှဲရှဲ အော်မြည်လျက်။ ပီယာနှင့် အဂ္ဂနိစ်တို့ နှစ်ယောက် အိမ်သို့ ပြန်လာခဲ့ကြရသည်။

အဂ္ဂနိစ်က ပြတင်းပေါက်အနီးတွင် ထိုင်ကာ အပ်ချုပ်နေသည်။ မှောင်စပျိုးသည့်တိုင် မီးမထွန်းမိကြ။ ဆူပွက်နေသည့် ပြာမှောင်မှောင် ပင်လယ်ကြီးသည် အဆန်းတကြယ် လှပလျက်။ ဒေါသူပုန်ထနေသည့် သဘာဝကြီးအလယ်၌ သူတို့နှစ်ယောက်သည် ဥခွံကလေးထဲတွင် အောင်းသလို ငြိမ်သက်လျက်။ သူတို့နှစ်ယောက်သည် အချစ်၏ နွေးထွေးမှုကို ခံစားမိကြသည်။ အချစ်၏ ညီညွတ်သိပ်သည်းမှုကို ထိတွေ့ကြရသည်။

ပီယာက ပျင်းပျင်းဖြင့် ရေဒီယိုကို ဖွင့်လိုက်သည်။ မီးစိမ်းကလေး

လင်းလာ၏။ ပင်လယ်လှိုင်းသံတွေအကြားမှာ ကျိုးကျိုးကျည်ကျည်အသံတွေ ပေါ်လာသည်။ ထိုနောက် အင်္ဂလိပ်ဘာသာဖြင့် အစီအစဉ် ကြေငြာသူ၏ အသံ။

"... ရွှေဈေးနှုန်း တက်မည့် အလားအလာရှိခြင်း။ ဒတ်ချ်ငွေ တန်ဖိုးတက်လာခြင်း"

ထိုနောက် ဂျတ်ဇ်ဂီတသံ။

"မင်းကို အချစ်ဆုံးပါကွယ်..." ဆိုသည့် ဂျာမန်သီချင်း။

"ပါရီက အသံလွှင့်နေပါတယ်... ခုအချိန်ကစပြီး မောရစ္စရှဗေးလီးယားရဲ့ 'ပါရီသည် ယခုတိုင် ပါရီဖြစ်သည်' ဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေပါတော့မယ်"

"လပ်စ်လှျပ်စစ် ဖုန်သုတ်စက်များကို သုံးစွဲကြပါ၊ ခုအချိန်ကစပြီး လပ်စ်ကုမ္ပဏီက 'မမြင်ရသော ဖုန်မှုန့်'ဆိုတဲ့ အသံလွှင့်ပြဇာတ်ကို တင်ဆက်ပါတော့မယ်"

အီတလီပြည်သတင်း။ ဖက်ဆစ်ပါတီ အတွင်းရေးမှူး မိန့်ခွန်းပြောကြားခြင်း။

"ကျုပ်တို့ဟာ လူငယ်တွေကို အောင်စိတ် အောင်မာန် သွင်းပေးရမယ်"

ထိုနောက် အကတေးဂီတ။

ဘိုင်စကယ် ပြိုင်ပွဲသတင်း။ "ပေါကေရာဆုန် အဝေးစီး ဘိုင်စကယ်ပြိုင်ပွဲတွင် ဘယ်လဂျီယန်အမျိုးသား ဂရီးနက်က"

"ဂရင်းနစ်စံတော်ချိန် ဆယ့်ကိုးနာရီ ရှိပါပြီ။ ယနေ့သတင်းများမှာ..."

"လူပေါင်းနှစ်ထောင် သေဆုံးသည်ဟု သိရှိရကြောင်း"

အဂ္ဂနိစ်က ချုပ်လက်စအထည်ကို ချထားလိုက်သည်။ ပီယာက ရေဒီယိုကို ဖျစ်ညှစ်ခဲ့လိုက်တော့မည်နှယ် အားရပါးရ လှမ်းဆုပ်လိုက်သည်။

သို့ရာတွင် အသံလွှင့်သူကမူ လေသံမှန်မှန်ဖြင့် ဆက်၍

ကြေငြာလျက်ရှိ၏။

“ဘာစီလိုနာမြို့တွင် ကိုလံဘတ်ဟိုတယ်ကို အမြောက်ကြီးဖြင့် ပတ်ခတ်ခဲ့သည်ဟု ဆိုပါသည်။ မက်ဒရစ်မြို့တွင် အစိုးရသစ္စာခံတပ်သားများက အလုပ်သမားများနှင့်အတူ သူပုန်များကို တွန်းလှန်မောင်းထုတ်ခဲ့သည်ဟု သိရပါသည်။ ဆေးဗီးလ်မြို့တွင် ဆင်းရဲသားရပ်ကွက်ဖြစ်သည့် ထရိုင်ယီနာရပ်ကွက်ကို သိမ်းရန် အစိုးရတပ်များနှင့် သူပုန်တို့ အပြင်းအထန် တိုက်ခိုက်နေဆဲဖြစ်သည်ဟု သတင်းများက ဆိုပါသည်။ ဗိုလ်ချုပ်အာရန်ဒါက အိုဗီဒိုမြို့ကို သိမ်းပိုက်လိုက်ကြောင်းဖြင့် သိရပါသည်၊ ဘာဂိုမြို့တွင်မူ လူများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်လျက်ရှိကြောင်းဖြင့် သတင်းများက ဆိုပါသည်”

ပီယာက အိမ်ပြင်သို့ ပြေးထွက်သွားသည်။ အပြင်ဘက်တွင် မုန်တိုင်းကတိုက်ဆဲ။ လှိုင်းလုံးကြီးများသည် စစ်ကြောင်းတွေလို တလိမ့်လိမ့် ချီတက်လာကာ ကမ်းပါးမြင့်မြင့်များကို ဝင်ဆောင့်နေကြသည်။ လှိုင်းလုံးကြီးများပေါ်တွင် မီးပြတိုက်က မှိတ်တုပ်မှိတ်တုပ် လင်းလျက်။ ကမ်းပါးအောက်တွင် မီးနီများက လင်းနေကြသည်။ ပင်လယ်ကြီး၏ ဆူညံမြည်ဟီးနေပုံက အားကောင်းသော ဥဩကြီးတခုနှင့် တူနေသည်။ ပီယာသည် အိမ်ဘက်သို့ ပြန်လာခဲ့သည်။ သူ့မျက်နှာတွင် မိုးမှုန်မိုးစက်တွေ စို့ရွှဲလျက်။ အဂ္ဂနိစ်က လေသံမှန်မှန်ဖြင့်...

“မီးရထား အချိန်စာရင်းတွေကို ကြည့်မကြည့်ပြီးပါပြီ မောင်၊ ညနာရီပြန်တချက် ထွက်မယ့် ရထားရှိတယ်။ နောက်တနေ့ညနေဆိုယင် ပါရီကို ရောက်သွားမှာပါ”

အဂ္ဂနိစ်က အမှောင်ထဲတွင် သူ့ကို နမ်းလိုက်သည်။ သူတို့နှစ်ယောက်သည် အရုဏ်လာသည်အထိ အမှောင်ထဲတွင် ထိုင်နေကြ၏။ မုန်တိုင်းက တညလုံး ပြင်းထန်စွာ တိုက်လျက်။ အရှိန်လျော့သွားမည့်ပုံမပေါ်။

ထောင်ပေါင်းများစွာသော လူများသည် ခန်းမထဲသို့ မဝင်နိုင်ပဲ အပြင်တွင် ရပ်နေကြလေ၏။ ပိရနိစ်တောင်ရိုး တဘက်ရှိ စပိန်ပြည် သမ္မတနိုင်ငံ အစိုးရနှင့် ဖက်ဆစ်သူပုန်တို့ကြားတွင် ဖြစ်ပွားသည့် ပြည်တွင်းစစ်မှ သေနတ်သံများကြောင့် ပါရီသည် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ စိတ်အားတက်ကြွနေသော လူထုများသည်

ခန်းမစြင်္ကံများတွင် ရပ်လျက်။ အချို့က အထပ်ထပ်သို့ စုပြုံတိုးဝှေ့လျက်။ အချို့က စင်မြင့်ပေါ်သို့ တွယ်တက်လျက်။ ဘာဒါဇော့တွင် ဖက်ဆစ်တို့က လူထုများကို ပစ်သတ်သည့်အကြောင်းကို ပြောသည့်အခါတွင် ကွန်မြူနစ်ခေါင်းဆောင် ကာချင်၏ အသံသည် တုန်နေသည်။ လမ်းမဘက်မှ "အင်တာနေရှင်နယ်" သီချင်းဆိုသံကို ကြားရ၏။ သီချင်းသံသည် တခါတရံတွင် သစ္စာဆိုသံလို လေးနက်သည်။ တခါတရံတွင် တိုက်ပွဲခေါ်သံလို တက်ကြွဖွယ်ကောင်းသည်။

အဘိုးကြီးတယောက် စင်မြင့်ပေါ်သို့ တက်လာသည်။ ခြောက်သွေ့၍ မုတ်ဆိတ် စင်ကြယ်သည့် သူ့မျက်နှာပေါ်တွင် အရေတွန့်တွေ ထနေကြ၏။ ထိုအရေတွန့်များကြောင့် စပိန်လူမျိုးတို့၏ မျက်နှာများ ထုံးစံအတိုင်း သူ့မျက်နှာသည် သနားစရာ ကောင်းနေသည်။ ထိုလူမှာ မက်ဒရစ်မြို့က အလုပ်သမားသမဂ္ဂများ ခေါင်းဆောင် ကျောင်းဆရာ မွန်းနက် ဖြစ်သည်။ ပရိသတ်သည် ငြိမ်ကျသွား၏။ စစ်မြေပြင်မှ လာခဲ့သည့် လူတယောက် စကားပြောတော့မည်။ သို့ရာတွင် မွန်းနက်သည် စကားတလုံးမျှ မပြော။ တိတ်ဆိတ်စွာ ရပ်နေသည်။ သူ့ပါးစပ်သည် နာကျင်မှုကြောင့် ဟလျက်ရှိ၏။ ပရိသတ်ထဲမှ ခပ်ကျယ်ကျယ်အသံတခုကို ကြားလိုက်ရသည်။

"အသတ်ခံရတာ သူ့သားပေါ့"

မွန်းနက်က စကားတခွန်း ပြောလိုက်သည်။

"လက်နက် လိုချင်တယ်"

"ဟုတ်တယ်၊ လက်နက်၊ လက်နက်"

ခန်းမဆောင်ထဲက ပရိသတ်က အော်ကြသည်။

"လက်နက်၊ လက်နက်"

လမ်းမဘက်က လူထုကလည်း ပြန်အော်ကြသည်။

ထိုနောက် ပါမောက္ခတယောက်ထ၍ စကားပြောသည်။ ရေဒီကယ်တဦးဟု ထင်ရှားသူ ဖြစ်၏။ အော်ဒီနယ်က စပျစ်ခြံစိုက်သူများသည် သူတို့နယ်ထွက် ဝိုင်အရက်ကို "ရှမ်ပိန်" ဟု အမည်မှည့်ခွင့်ပေးရန်

တိုက်ပွဲဝင်ခဲ့ကြသည်။ ပါမောက္ခသည် သူ့ဘဝတလျှောက်လုံး အော်ဒီနယ်က စပျစ်ခြံစိုက်သူများကို ထောက်ခံခဲ့သည်။ ထိုမျှမက သစ္စာဖောက်မှုဖြင့် မတရား အပြစ်ပေးခံခဲ့ရသော ပြင်သစ် စစ်ဗိုလ်ကလေး ဒရေးဖတ်စ်ကို ကာကွယ်ခဲ့သည်။ အင်္ဂလိပ် အလုပ်သမ အမျိုးသမီးများနှင့် နီဂရိုးများ မဲပေးခွင့်ကိုလည်း ထောက်ခံခဲ့သည်။ ပါမောက္ခက စပိန်ပြည်သူတို့၏ သူရသတ္တိကို ချီးကျူးကာ စပိန်ပြည်သူတို့၏ ဖက်ဆစ် ဖရန်ကိုကို ဆန့်ကျင်ရေးတိုက်ပွဲကို ထောက်ခံကြောင်းဖြင့် အကျယ်တဝင့် ပြောသွားသည်။

နောက်ဆုံးတွင် မစ်ရှော စကားပြော၏။

"မူဆိုလိုနီက ဖက်ဆစ်ဖရန်ကိုဆီကို ပို့လိုက်တဲ့ အီတလီဗုံးကြဲလေယာဉ်ပျံတစီး ကျွန်တော်တို့ ပြင်သစ်မြေပေါ်ကို ဆင်းလာတယ်၊ သတင်းအသေးစိတ်ကို ကျွန်တော်တို့ ရပြီးပြီ၊ အီတလီက ဖရန်ကိုဆီကို ၅၇ နဲ့ ၅၈ လေတပ် အုပ်စုနှစ်စု ပို့လိုက်တယ်လို့ သိရတယ်။ ဟစ်တလာကလဲ စပိန်ပြည်က ဖရန်ကိုရဲ့ သူပုန်တွေဆီကို သူ့ရဲ့ ယွန်ကာလေယာဉ်တွေ ပို့ခဲ့တယ်။ ဒါပေမယ့် စပိန်ပြည်က ကျွန်တော်တို့ ရဲဘော်တွေမှာ အမဲလိုက်သေနတ်ပဲ ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့က စပိန်ပြည်ကို လေယာဉ်ပျံတွေကို ပို့ပေးပါလို့ ပြည်သူ့တပ်ဦးအစိုးရကို ကျွန်တော်တို့ တောင်းဆိုလိုက်တယ်"

"စပိန်ပြည်ကို လေယာဉ်ပျံတွေ ပို့ပေး" ဆိုသည့် အသံများသည် ခန်းမထဲတွင် ဟိန်းသွား၏။ ထိုခန်းမထဲမှ အသံများသည် ဝါဂရန်ရိပ်သာလမ်းမ၊ လျှူထွီးရိပ်သာလမ်းမတို့ အပါအဝင် ရိပ်သာလမ်းမကြီး ဆယ့်နှစ်ခုပေါ်တို့တွင် ပဲ့တင်ထပ်နေသည်။ ခန်းမထဲမှ ပရိသတ်က ငြိမ်ကျသွားသည်နှင့် တပြိုင်နက် "စပိန်ကို လေယာဉ်ပျံတွေပို့ပေး" ဟု တယောက်က တိုင်လိုက်သည်။ ထိုအသံနောက်တွင် တခဲနက်သော ကြွေးကြော်သံကြီး ပေါ်လာပြန်သည်။ ထိုကြွေးကြော်သံသည် ပါရီမြို့က အခြားအသံများကို ဖုံးသွားကာ အိမ်များ၊ မြေအောက်ရထား ဥမင်များအထိ ရောက်သွားသည်။ ထိုမှတဖန် တိတ်ဆိတ်ငြိမ်သက်နေသည့် မြို့ဆင်ခြေဖုံးကို လှုပ်နှိုးလိုက်သည်။

အစည်းအဝေးပြီးသည့်အခါတွင် မစ်ရှောက ပီယာကို လက်တို့ခေါ်ကာ..

"မွန်းနက်လာတဲ့ကိစ္စကတော့ လေယာဉ်ပျံကိစ္စပဲဗျ၊ ခင်ဗျားက

အင်ဂျင်နီယာတယောက်အနေနဲ့ အကူအညီ ပေးနိုင်ယင်တော့ သိပ်ကောင်းမှာပဲ”

မွန်းနက်ကို စပိန် ပြည်သူ့တပ်ဦး အစိုးရက ဗုံးကြဲလေယာဉ် အစီးနှစ်ဆယ် ဝယ်ရန် ပါရီသို့ လွှတ်လိုက်ခြင်း ဖြစ်သည်။ သုံးရက်လုံးလုံး အစိုးရဆိုင်ရာများနှင့် လိုက်ဆွေးနွေးခဲ့ပြီးပြီ။ အားလုံးက လှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်ကြသည်။ “ကျွန်တော်တို့ စဉ်းစားပါဦးမယ်” ဟု အဖြေပေးလိုက်ကြ၏။ မွန်းနက်သည် စက်မှုလုပ်ငန်းရှင်ကြီးတဦးဖြစ်သည့် မျူးဂါးကိုသွားတွေ့သည်။ မျူးဂါးက သူတင်ပြသမျှ နားထောင်ပြီး စီးကရက်တလိပ်ကို ထုတ်တည်၏။ ထိုနောက် ယဉ်ကျေးစွာ ပြုံးလိုက်ယင်း “ကျုပ်အဖို့ကတော့ စပိန်ပြည်မှာ ဖရန်ကို မြန်မြန်အာဏာရလေလေ ကောင်းလေလေပဲဗျ” ဟု ပြောလွှတ်လိုက်သည်။

“ဒက်ဇာနဲ့ တွေ့ကြည့်ဗျာ” မစ်ရှောက အကြံဉာဏ်ပေးသည်။ “အလကား တောင်းတာမှ မဟုတ်ပဲ၊ ပိုက်ဆံပေးဝယ်တာပဲဗျ၊ ဘာဖြစ်သလဲ၊ ရောင်းချင် ရောင်းမှာပါ”

မွန်းနက်သည် ပီယာနှင့်အတူ ထွက်လာခဲ့သည်။ စပိန်ပြည်တွင် ဖြစ်နေသည့် အရေးအခင်းများကို ပီယာအား ရှင်းပြ၏။

“ကျုပ်တို့ဘက်က ခြောက်လုံးပြူးတွေ၊ အမဲလိုက်သေနတ်တွေ၊ ဓားရှည်တွေနဲ့ တိုက်နေရတာ၊ သူတို့နဲ့ ဘယ်ယှဉ်နိုင်မလဲ၊ လယ်သမားတွေ ဆိုယင်လဲ တူမီးသေနတ်လောက်ပဲ ရှိတာ၊ ဒီအတိုင်းသာ သွားယင်တော့ အလွန်ဆုံးခံယင် တလ ကိုးသီတင်းပဲ၊ သူပုန်က တမြို့ပြီးတမြို့ သိမ်းနေတယ်၊ သူတို့က ဂျာမန်လေယာဉ်တွေနဲ့ အီတလီလေယာဉ်တွေလည်း ပါတယ်၊ ကျုပ်တို့အစိုးရမှာ ရှိတာက ခရီးသည်တင်လေယာဉ် ဆယ်စီးပဲ ရှိတယ်၊ ဗုံးကြဲလို့ရအောင် ဗိုက်မှာ အပေါက်ကြီးတွေ ဖောက်ထားရတယ်။ ဗိုက်မှာ မျက်လုံးပေါက်ကြီးတွေ ဖောက်ထားသလို ဖြစ်နေတာပေါ့။ အဲဒါ သူပုန်က အသာကလေး ပစ်ချလိုက်ရုံပဲ၊ ကျုပ်တို့က တူမောင်တို့ ပြည်သူ့တပ်ဦး အစိုးရခေါင်းဆောင်တွေကို ပြောတယ်၊ စပိန်မှာ ကျွန်တော်တို့ ပြည်သူ့တပ်ဦးအစိုးရ ရှုံးယင် ပြင်သစ်ပြည်မှာလဲ ခင်ဗျားတို့ ပြည်သူ့တပ်ဦးအစိုးရ ကြာကြာခံမှာတော့ မဟုတ်ဘူးလို့၊ ဒါပေမယ့် ခက်တာက ဒီလူတွေက ဒါကို သဘောမပေါက်ကြဘူး”

“စပိန်ကို လေယာဉ်ပျံပေး” ဆိုသည့် ကြွေးကြော်သံများသည် သူတို့ပတ်ဝန်းကျင်တွင် ဆူညံလျက်ရှိ၏။

မွန်းနက်က ပြုံးလိုက်သည်။

“ပြင်သစ်လူထုကတော့ ပေးမှာပဲဗျ။ ဒါပေမယ့် ခက်တာက လူထုလက်ထဲမှာ လေယာဉ်ပျံတွေ မရှိတာ ခက်တယ်”

နောက်တနေ့မနက်တွင် ပီယာသည် ဒက်ဇာကို သွားတွေ့၏။ ဒက်ဇာက ချက်ချင်း အတွေ့ခံ၏။ ပီယာကလည်း လိုရင်းကို ပြောသည်။

“သပိတ်မှောက်တုန်းကတော့ ဦးနဲ့ ကျွန်တော်တို့ဟာ တဘက်စီပဲခင်ဗျ၊ ဒါပေမယ့် ခုကိစ္စကတော့ ဦးရဲ့ စက်ရုံနဲ့ ဘာမှ မဆိုင်ပါဘူး၊ စပိန်ပြည်မှာ အာဏာရနေတဲ့လူတွေဟာ ကွန်မြူနစ်တွေလဲ မဟုတ်ဘူး၊ အာဇာညာတို့တတွေ၊ ဦးရဲ့ မိတ်ဆွေတွေ။ ဦးနဲ့ အတွေးအခေါ်အရ တလှေတည်းစီး တခရီးတည်းသွားတွေ၊ ခု သူတို့မှာ လေယာဉ်တွေ လိုနေတယ်၊ ခု ဦးဆီက ဝယ်ချင်တယ်၊ အေ ဖ၈ အမျိုးအစား ဆိုပါတော့၊ ငွေလက်ငင်းချေမှာပါ”

ဒက်ဇာက ပြုံးလိုက်၏။

“ငွေလက်ငင်းချေမယ်ဆိုတဲ့ စကားကိုတော့ သဘောကျသွားပြီဗျ။ ဒက်ဇာဆိုတဲ့လူ ပိုက်ဆံနဲ့ မြူရင် ဘာခံနိုင်မှာတုန်းလို့ ကိုရင်လေး ထင်ပုံရတယ် ဟုတ်လား၊ စကားမစပ် ပြောလိုက်ရဦးမယ်၊ ကျုပ် မနေ့က မျူးဂါးနဲ့ တွေ့တယ်ဗျ၊ သူ့ဆီကိုလဲ လေယာဉ်ပျံ လာဝယ်တယ်တဲ့၊ နှင်ထုတ်လိုက်တယ်တဲ့၊ သူ့လူတန်းစားကို သူသစ္စာမဖောက်ဘူးလို့ ပြောလိုက်တယ်တဲ့၊ ကိုရင်လေးတို့ ဘာပြောနိုင်သေးသလဲ၊ သူလဲ ကိုရင်လေးတို့လို သူ့လူတန်းစားအကျိုးကို သူကြည့်တာပေါ့၊ မတ်ဝါဒနည်းနဲ့ တွေးတာပေါ့၊ မဟုတ်ဘူးလား”

“ကျွန်တော် မျူးဂါးနဲ့ လာတွေ့တာ မဟုတ်ပါဘူး ဦး၊ မျူးဂါးက ဖက်ဆစ်ဝါဒီပဲ။ ဦးက...”

“ကျုပ်က ပြင်သစ်လူမျိုးလေ၊ ပြင်သစ်လူမျိုးတယောက်အနေနဲ့ ပြင်သစ်အကျိုးကိုပဲ ကြည့်ရမှာပေါ့။ ကျုပ်အဖို့ကတော့ ပြင်သစ်ပြည်ကြီးရဲ့

ငြိမ်းချမ်းရေးဟာ စပိန်ထက် အရေးကြီးတယ်ဗျ”

“စပိန်ပြည်ဟာ ကျွန်တော်တို့နဲ့ အိမ်နီးချင်း တိုင်းပြည်ပါ။ ကိုယ့်အိမ်နီးချင်း အစိုးရတခုကို လေယာဉ်ပျံရောင်းတာကို ဘယ်သူကမှ ကန့်ကွက်မှာ မဟုတ်ပါဘူး”

“တူမောင်ရယ်၊ ဒီလောက်လဲ ထူချင် အချင် ယောင်မဆောင်ပါနဲ့၊ ကျုပ်က သူတို့ကို လေယာဉ်အစီးနှစ်ဆယ် ရောင်းလိုက်ယင် အီတလီတွေက ဖရန်ကို ကို စဖွိုင်းလေယာဉ် အစီးလေးဆယ် ထပ်ရောင်းမှာပေါ့။ ဒီလိုနဲ့ ကိုယ်က ရောင်းလိုက်၊ သူက ရောင်းလိုက်နဲ့ဆိုယင် ဘယ်အဆုံးသတ်ပါတော့မလဲ။ ကျုပ်အနေနဲ့ပြောယင် စပိန်ပြည်သူ့တပ်ဦးခေါင်းဆောင် အာဇညာကို ဖရန်ကိုထက် သဘောကျပါတယ်။ ကျုပ် စပိန်တွေအတွက် ငွေတသိန်းလှူပါ့မယ်၊ ကျုပ်ကလှူတယ်လို့သာ မပြောပါနဲ့၊ ဒါပေမယ့် လေယာဉ်တွေရောင်းဖို့ ဆိုတာကတော့ မဖြစ်နိုင်ပေဘူးဗျ။ ပြင်သစ်ပြည်ရဲ့ ငြိမ်းချမ်းရေးကို အထိခိုက်မခံနိုင်ဘူး၊ စကားပုံကလည်း အရှိသားပဲလေ၊ သူများရှပ်အင်္ကျီထက် ကိုယ့်အရေခွံက ပိုပြီး အဖိုးတန်သတဲ့ဗျ”

“ဒါဖြင့် စပိန်ပြည်သူတွေ ကျဆုံးသွားတာကို ကျွန်တော်တို့က လက်ပိုက်ကြည့်နေရမယ်ဆိုတဲ့ သဘောပေါ့။ ဒါကတော့ တဘက်သတ် မကျလွန်းပေဘူးလား ဦး၊ ဟုတ်ပါတယ်၊ မျူးငါးလိုလူက လေယာဉ်ပျံမရောင်းတာကို ကျွန်တော် ဘာမှမအံ့ဩပါဘူး၊ ဒါပေမယ့် ဦးလို...၊ ကျွန်တော်နဲ့ ဦး တည လမ်းလျှောက်ယင်းပြောတာ မှတ်မိသေးလား ဦး၊ ဦးက မရောင်းနိုင်ဘူးလို့ ငြင်းလိုက်တာကို ကျွန်တော် ဘယ့်နှယ်လုပ်ပြီး မွန်းနက်ကို ပြောရမှန်းတောင် မသိတော့ဘူး”

ပီယာက အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ယင်း စိတ်အားထက်သန်စွာ ပြောနေသည်။ ဒက်ဇာက လှောင်ပြောင်သည့် မျက်လုံးများဖြင့် သူ့ကို ကြည့်နေ၏။ ဒက်ဇာသည် ပီယာကို လူတယောက်အနေဖြင့် သဘောကျ၏။ ပီယာပြန်တော့မည်အပြုတွင် ဒက်ဇာက တားလိုက်သည်။

“တခုတော့ ရှိတယ်၊ ခု ကျုပ်စက်ရုံက အေ ဖ၈ လေယာဉ်ဆယ့်တစီးကို အာဂျင်တီးနားကို ရောင်းထားတယ်၊ ခုလေယာဉ်တွေ လက်ခံဖို့ မာနူးဆိုတဲ့ လူတယောက် ရောက်နေတယ်၊ အဲ သူ့ဆီကတဆင့် ဝယ်ကြည့်ပါလား၊

ရောင်းလိမ့်မယ် ထင်ပါတယ်၊ ကျုပ်ကတော့ ဒီအပေါ်က တပြားတချပ်မှ အမြတ်မလိုချင်ပါဘူး၊ သူ့ဆီကရယင် ကိုရင်လေးတို့အဖို့လဲ ဟန်ကျတာပေါ့။ မာန္နူးကလဲ ရောင်းမှာပါ။ ဒီလိုဝယ်ရင် ရှုပ်ရှုပ်ယှက်ယှက်လဲ မဖြစ်တော့ဘူး၊ အာဂျင်တီးနားက ဝယ်တယ်ပေါ့။ အဲဒီက သယ်လာတယ်ပေါ့။ အဲ ဝန်ကြီးချုပ် ဗလွန်းကတော့ ပြင်သစ်မြေပေါ်ကို ဖြတ်ပြီး အသယ်ခံမှာ မဟုတ်ဘူး”

“မဖြစ်နိုင်တာ ဦးရယ်၊ ဒီလိုဆို ကျွန်တော် ဝန်ကြီးဗီးလာ့ဒ်ကို သွားတွေ့မယ်”

“ဒါတော့ ကျုပ်မသိဘူးလေ၊ ကိုရင်လေးက တယ်စိတ်ကူးယဉ်တာကိုး၊ ကျုပ် မာန္နူးကို ရောင်းပြီးပြီ၊ ဟောဒီမှာ လိုင်စင်၊ ကဲ ကျေနပ်ပလား”

ပီယာသည် ဒက်ဇာထံမှ ထွက်လာခဲ့ပြီး မာန္နူးကို လိုက်ရှာသည်။

နိုင်ငံကူးလက်မှတ် အလိုအရဆိုလျှင် မာန္နူးဆိုသည့်လူက ဟွန်ဒူရတ်စ် နိုင်ငံသား။ သူ့မိဘက ရိုမေးနီးယန်း အနွယ်။ ပါရီတွင် နေသည်မှာ ကြာလှပြီ။ သူ့အလုပ်က အရောင်းအဝယ် ကိုယ်စားလှယ်။ ဘာအရောင်းအဝယ်မှန်းတော့ မသိ။ သူ့အဖို့ ယခုတလောတွင် စန်းထနေသည်။ စပိန်ပြည်အရေးအခင်းများကြောင့် ပါရီတွင်ရှိသည့် ပွဲစားများ၊ ကိုယ်စားလှယ်များ၊ ငွေဈေးကစားသူများ အူမြူးနေကြသည်။ စပိန်ပြည်က အစိုးရအဝယ်တော်များသည် ငွေထုပ်တွေပိုက်ကာ ပါရီသို့တက်၍ စစ်လက်နက်ပစ္စည်းတွေ ဝယ်နေကြသည်။ သူတို့အထဲတွင် ဝန်ကြီးများ၊ အလုပ်သမားသမဂ္ဂခေါင်းဆောင်များ၊ စစ်အရာရှိများ၊ သတင်းစာဆရာများ စသဖြင့် လူစုံပါသည်။ နိုင်ငံရေး အယူအဆကလည်း အမျိုးစုံ။ ရီပတ်ဗလီကင်တွေ၊ ကွန်မြူနစ်တွေ၊ မင်းမဲ့ဝါဒီတွေ။ အဝယ်တော်ကိုယ်စားလှယ်များသည် တယောက်နှင့်တယောက် မသိကြ။ တခါတရံတွင် လုပ်ငန်းရှင်တယောက်တည်းကိုပင် နှစ်ဦး သုံးဦး ချဉ်းကပ်မိသည့်အခါမျိုးလည်း ရှိတတ်သည်။ သူပုန်ကိုယ်စားလှယ်များကလည်း ပါရီသို့တက်၍ လက်နက်တွေ ဝယ်ကြသည်။ သို့ဖြင့် စစ်လက်နက်ပစ္စည်းဈေးနှုန်းသည် နေ့စဉ်နှင့်အမျှ တက်နေသည်။

မာန္နူးက သူ့ထံမှ အေ ဖ၈ လေယာဉ် လာဝယ်သည့်အခါတွင် ဈေးကို သုံးဆ တက်ပစ်လိုက်သည်။

"အာဂျင်တီးနားအစိုးရကတော့ စိတ်ဆိုးမှာပဲဗျ။ ကျွန်တော်နဲ့ဆက်ဆံယင်တော့ စိတ်ချလက်ချ ဆက်ဆံပါ။ ပစ္စည်းကို ချက်ချင်း ထုတ်ပေးမှာပါ။ ပြီးတော့ ကျွန်တော် ဝယ်ထားတာတွေက အားလုံး လိုင်စင် ပါပြီးသား"

"ကိစ္စမရှိပါဘူး၊ လိုင်စင်ကို ကျွန်တော့်ဘာသာ ရအောင် လုပ်ယူမှာပါ"

မာနူး နည်းနည်းတွန့်သွားသည်။ သူတွေ့နေသူသည် သူလိမ်ညာ၍ရမည့် စပိန်အဝယ်တော်တယောက် မဟုတ်။ ပါရဂူတဦး။ "ဆိန်း"လေယာဉ်စက်ရုံက အင်ဂျင်နီယာတဦးဖြစ်ကြောင်း အမှတ်ရလာသည်။ ထိုမျှမက ဒက်ဇာ၏ မိတ်ဆွေတဦး။ စင်စစ် သူ့လိုလူတယောက်သည် လေယာဉ်ပျံကို တခြားကဝယ်နိုင်သည်။ သူ့ထံ လာစရာပင် မလို။ သို့ရာတွင် မည်သို့ဖြစ်စေ သူ့ထံ ရောက်နေပြီ။ ဈေးနှုန်း အတိအကျကို မနက်ဖြန်တွင် အကြောင်းပြန်မည်ဟု ပြောလိုက်သည်။

"မနက်ဖြန်"ဆိုသည့် စကားလုံးကို ကြားလိုက်ရသည့်အခါတွင် မွန်းနက် သက်ပြင်းချလိုက်မိသည်။ ပါရီသို့ သူရောက်နေသည်မှာ တပတ်နီးပါး ရှိတော့မည်။ ယခုအထိ ဘာမျှမရေရာသေး။ သူ့အဖို့မူ မက်ဒရစ်မြို့တော်၏ ကံကြမ္မာသည် ဤလေယာဉ်များပေါ်တွင် တည်နေသည်။ တနေ့တနေ့ကို သတင်းစာ ဝယ်ကြည့်ရသည်ကလည်း အမော။ ရေဒီယိုသတင်းကို နားထောင်ရသည်ကလည်း အမော။ ပီယာနှင့် တွေ့သည့်အခါတွင် မွန်းနက်သည် စိုးရိမ်တကြီး ဖြစ်နေသည်။

"လီယွန် ကျသွားပြန်ပြီတဲ့ဗျ။ သံချပ်ကားနှစ်စီးလဲ ပါသွားတယ်၊ အီရွန်ကိုလဲ သိမ်းလိုက်ပြီတဲ့၊ အက်စ္စတီမာကျူးယားက အခြေအနေလဲ သိပ်မကောင်းဘူး၊ ခု မေဒီနာဘက်ကို တက်နေတယ်၊ အင်း... မေဒီနာ၊ မေဒီနာ ဆိုယင်တော့..."

သူ့ပတ်ဝန်းကျင်မှ လူများသည် အဘယ့်ကြောင့် ပျော်နိုင်၊ ပါးနိုင်၊ စားနိုင်သောက်နိုင် ကြသနည်း။ အဘယ်ကြောင့် ဤမျှ သွားနိုင်၊ လာနိုင် ဇာတ်ပွဲကြည့်နိုင်ကြသနည်း။ ဤသည်ကို သူနားမလည်နိုင်။ ဥပေက္ခာနိုင်လှသည့် ပါရီကိုကြည့်၍ သူဒေါသထွက်သည်။ ပီယာလိုလူမျိုးသာ မရှိလျှင် ပြင်သစ်လူမျိုးတမျိုးလုံးကိုပင် မုန်းမိလိမ့်မည်။ သို့ရာတွင် ပီယာက သူတို့လိုမဟုတ်။

ညနေထုတ် သတင်းစာတစောင်နှင့် နောက်တရက်ထုတ် သတင်းစာတစောင်ကြားတွင် စပိန်ပြည်မှ သတင်းများကို ကြည့်၍ ဗျာများနေသူ။

တတိယနေ့တွင် မာနူး လျှော့လိုက်လာသည်။ မူလဈေးနှုန်းအပေါ်တွင် နှစ်ဆယ်ရာခိုင်နှုန်း အမြတ်တင်၍ လေယာဉ်ပျံများကို ရောင်းလိုက်၏။ လေယာဉ်ပျံများက တူလူးမြို့နားက လေယာဉ်ကွင်းတခုထဲတွင် ဆိုက်ထားသည်။ မွန်းနက်က လေယာဉ်များ ဝယ်ပြီးကြောင်း မက်ဒရစ်သို့ လျှို့ဝှက်ကြေးနန်းဖြင့် ပို့လိုက်၏။ ယနေ့ညနေပိုင်းတွင် ပီယာနှင့်အတူ တူလူးသို့သွားပြီး လေယာဉ်ပျံများကို ယူရုံသာ ကျန်တော့သည်။ သို့ရာတွင် သွားခါနီးတော့ သံရုံးမှတဆင့် ကြေးနန်းတစောင် ရောက်လာသည်။ နောက်ထပ် လေယာဉ်နှစ်ဆယ် လိုချင်သေးသည်။ ထိုမျှမက ဒီဝိုတင်း အမျိုးအစား တိုက်လေယာဉ် သုံးဆယ်လောက်လည်း လိုချင်သေးသည်ဟု ကြေးနန်းတွင် ပါသည်။ လိုချင်သည့် ဦးရေက များလွန်းနေသည်။ ထိုမျှလောက်ကို လိုချင်လျှင် ပြင်သစ်အစိုးရ၏ အကူအညီမပါပဲ ဝယ်ရနိုင်ဖွယ်မရှိ။ လေယာဉ်ပျံစက်ရုံကို ပိုင်သူများမှာ ဒက်ဇာနှင့် ဖက်ဆစ်လိုလားသည့် စက်မှုလုပ်ငန်းပိုင်ရှင်များ ဖြစ်လေသည်။ ပီယာက ဝန်ကြီးဗီးလာ့ဒ်နှင့် စကားပြောရန် ပါရီတွင် နေရစ်ခဲ့ချင်သည်။ သို့ရာတွင် မွန်းနက်က လောဆော်လှပြီ။ ရပြီးသည့် လေယာဉ်ဆယ့်တစီး လက်လွတ်သွားမည်စိုးသည်။ နောက်ဆုံးတွင် ပီယာက တူလူးသို့သွားပြီး လေယာဉ်များကို ယူရန်၊ မွန်းနက်က နေရစ်ပြီး ဗီးလာ့ဒ်နှင့် ဆွေးနွေးရန် စီစဉ်ကြသည်။

"ဗီးလာ့ဒ်ကို ကျုပ်သိပါတယ်ကွယ်၊ ကျုပ်နဲ့ နိုင်ငံတကာကွန်ဂရက်တွေမှာ တွေ့ဖူးပါတယ်" ဟု မွန်းနက်က ပြောသည်။

ဘူတာရုံရောက်သည့်အခါတွင် ပီယာသည် ပို့စကတ်တစောင် ဝယ်ပြီး အဂ္ဂနိစ်ထံသို့ ပို့လိုက်သည်။ တပတ်လောက်ကြာမည်ဟု ရေးလိုက်၏။ လူတွေပြွတ်နေသည့် ရထားတွဲထဲတွင် နေရာတနေရာ ရသည်။ ဩဂုတ်လ ရာသီဥတုက ပူစပ်စပ်။ ပါရီမြို့သူမြို့သားများသည် ပင်လယ်ကမ်းခြေနှင့် တောတောင်များဆီသို့ သွားနေကြ၏။ သူတို့ပြောသည့်စကားက ပင်လယ်ရေချိုးမည့်အကြောင်း၊ တောလည်မည့်အကြောင်း၊ ရွက်လှေအကြောင်း။ ပီယာသည် သူတို့ကြားထဲတွင် နိုင်ငံခြားသားတယောက်လို ဖြစ်နေသည်။ သတင်းစာကို ကောက်လှန်လိုက်သည်။

မဖတ်မိသေး။ "မေဒီနာ… မေဒီနာ ကျတော့မယ်တဲ့" ဟု တယောက်တည်း ရွတ်နေသည်။ တူလူးသို့ မြန်မြန် ရောက်စေချင်လှပြီ။ မီးရထားပေါ်မှ ခုန်ဆင်းကာ နောက်က တွန်းပေးလိုက်ချင်သည်။ ဘူတာရုံများတွင် ရထားရပ်လျှင် စိတ်ဆင်းရဲလိုက်သည့် ဖြစ်ခြင်း။ သူ့ခေါင်းဆောင် ဗီးလာ့ဒ်၏ ရိုးသား၍ သနားကြင်နာတတ်သည့် မျက်နှာကို ပြေးမြင်သည်။ လူမျိုးစုံ သွေးစည်းညီညွတ်ရမည်ဟု ပြောသည့် သူ့စကားများကို ကြားယောင်မိသည်။ မီးခိုးငွေ့၊ ပူလောင်အိုက်စပ်ခြင်း၊ အပျော်ရွှက်လေ့စီးနှင့် တောလည်သွားရန် အဖော်ညှိနေသည့် စကားပြောသံများကြားတွင် အိပ်ငိုက်စပြုလာ၏။ သူ့ခေါင်းသည် အောက်သို့ ငိုက်ကျသွားသည်။

"ဗီးလာ့ဒ်ဟာ တတ်နိုင်တဲ့ အကူအညီကိုတော့ ပေးမှာပါ၊ စပိန်ပြည်သူတွေကို ဒီအတိုင်းတော့ ပစ်ထားမှာ မဟုတ်ပါဘူး" ဟု တွေးနေသည်။ ထို့နောက် အိပ်ပျော်သွား၏။

ဗီးလာ့ဒ်ကို မြင်သည့်အခါတွင် မွန်းနက်စိတ်ထဲမှ ရုပ်ပုံကားချပ်များကို မြင်ယောင်လာသည်။ ဆွစ်ဇာလန်ပြည် ဗေဆယ်တွင် ကျင်းပသည့် ဆိုရှယ်လစ်များ၏ နိုင်ငံတကာကွန်ဂရက်။ ဘုရားရှိခိုးကျောင်းထဲတွင် ပြောသည့် ဆိုရှယ်လစ်ခေါင်းဆောင် ဗေဗယ်၏ မိန့်ခွန်း။ မိန်းကလေးတွေနှင့် ကားလျှောက်စီးကြပုံ။ ကွန်ဂရက်တွင် သစ္စာဆိုကြပုံ။ ကွန်ဂရက်တွင် ကွဲကြသဖြင့် မျက်ရည်ကျကြပုံ။

စစ်ပြီးသည့်နောက် ဘန်းမြို့တွင် ဗီးလာ့ဒ်နှင့် နောက်တကြိမ် တွေ့ခဲ့ကြသေးသည်။ သူတို့နှစ်ယောက်သည် ကွဲပြဲသွားသော ဒုတိယအင်တာနေရှင်နယ်အဖွဲ့ချုပ်ကို ပန်းကန်ကွဲတခုကို ပြန်ဆက်သလို ဆက်စပ်ရန် ကြိုးစားခဲ့ကြသည်။ စစ်နှင့် ပတ်သက်သည့် ပြဿနာ၊ စစ်လျော်ကြေးကိစ္စ၊ ကိုလိုနီနိုင်ငံများပြဿနာ စသည်တို့နှင့် ပတ်သက်၍ ငြင်းခုံခဲ့ကြသည်။ ဆယ့်ခြောက်နှစ် ကျော်သွားပြီ။ ထိုစဉ်က ဗီးလာ့ဒ်က ဆံပင်နက်နက်။ အသံလွင်လွင်။ ယခုတော့ ဗီးလာ့ဒ်လည်း အိုရှာပြီ။ သူလည်း ထို့အတူ။

မွန်းနက်ကို မြင်သည့်အခါတွင် ဗီးလာ့ဒ်ကလည်း ရှေးဖြစ်ဟောင်းကို အမှတ်ရသည်။ ရဲဘော်ဟောင်းကြီး နှစ်ယောက်သည် မှောင်ပျပျ အမှေ့ခံဘဝထဲမှနေ၍ နုပျိုစဉ်က အရိပ်များကို လှမ်းကြည့်မိကြသည်။ ဆိုရှယ်လစ်ခေါင်းဆောင် ပလက်ကနော့၊ ဂျော်ရေး၊ အင်ဂလိစီယာ စသည့် ခေါင်းဆောင်ဟောင်းကြီးများလည်း မရှိကြတော့။

“အရွယ်တခုကို ရောက်လာတဲ့အခါကျယင်တော့ ကိုယ်သွားမယ့်လမ်းမှန်သမျှဟာ သင်္ချိုင်းကို ဦးတည်နေတာချည်းပဲဗျ။ ဘယ်ကိုပဲကြည့်ကြည့် သင်္ချိုင်းပုံတွေပဲ”

ဗီးလာ့ဒ်က ပြောသည်။

“သင်္ချိုင်းပုံ” ဆိုသည့် စကားကြောင့် ဗီးလာ့ဒ်သည် သတိပြန်ဝင်လာ၏။ မွန်းနက် လာသည့်ကိစ္စကို ယခုမှ သတိရတော့သည်။ မွန်းနက်နှင့် တွေ့ရန် ကြိုးစားခဲ့သည်မှာ တမနက်လုံး။ မွန်းနက်ကို အစိုးရကိုယ်စားလှယ်၊ သို့မဟုတ်

ပါတီကိုယ်စားလှယ်အဖြစ် တွေ့ဆုံ၍ မဖြစ်။ မွန်းနက်သည် ဆိုရှယ်လစ်အဖွဲ့ချုပ်တွင် သူနှင့် လုပ်ဖော်ကိုင်ဖက်ဟောင်း။ ရဲဘော်ဟောင်း။ သူ့ရဲဘော်ဟောင်း၏ ဆုံးရှုံးမှုကို သူကိုယ်ချင်းမစာပဲ မနေနိုင်။

"သားတော်မောင်ရဲ့ သတင်းကို ကြားတယ်"

ဗီးလာ့ဒ်က ပြောသည်။ မွန်းနက်က သူ့မျက်နှာကို တခြားသို့ လွှဲလိုက်၏။ မွန်းနက်သည် သူ့စိတ်သောကကို ဘယ်သူ့မျှ မသိစေချင်။ အိပ်မပျော်သည့်ညများတွင် သူချစ်မြတ်နိုးရသော သူ့သား၏ မျက်နှာပြုံးပြုံးကို မြင်ယောင်နေသည်။ ထိုနေ့က မွန်းတည့်ချိန်၊ နံရံတို့က ဖြူဖြူ၊ ဖုန်တို့က ဖြူဖြူ။ အပူရှိန်ကြောင့် လူတွေ နွမ်းနေကြသည်။ ဖရန်ကို၏ ဖက်ဆစ်တပ်သားများသည် မြေတိုက်ကလေးတခုထဲတွင် ပုန်းနေသည့် သူ့သားကို တွေ့သွားကာ အပြင်ထုတ်၍ ပစ်သတ်လိုက်ကြသည်။

ဗီးလာ့ဒ်သည် သူ့အရေခွံကိုခွာကာ သူ့ကိုယ်ထဲသို့ ကြည့်နေသည်ဟု မွန်းနက်ထင်မိသည်။ သူ့စကားကြောင့် မွန်းနက်သည် သားကို ပို၍ အမှတ်ရလာ၏။ ဘာမျှ ပြန်မပြောမိ။ ဗီးလာ့ဒ်က စ၍ ပြောသည်။

"အင်း... ဘယ်လို ခံစားရတယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာနာပါတယ် မွန်းနက်၊ ကျွန်တော့်မှာလည်း လွန်ခဲ့တဲ့ သုံးနှစ်လောက်က မိန်းမဆုံးခဲ့တယ်၊ ကိုယ်ချစ်တဲ့လူတွေက အလျင်သေပြီး ကိုယ်က မသေပဲ ရှင်ကျန်ရစ်ခဲ့ရတဲ့အဖြစ်ဟာ တော်တော် ကြောက်စရာကောင်းတာပဲ၊ တကယ်ပဲ၊ တခါတလေကျတော့ ဘာဖြစ်လို့များ မသေနိုင်သေးပါလိမ့် ဆိုပြီး တွေးမိသေးတယ်"

မွန်းနက်သည် သူပြောသည့် စကားလုံးများကို ကောင်းကောင်း နားမလည်။ သူ့စကားတွေကို နောက်ထပ်မကြားချင်တော့။ ရုတ်ကနဲ ထကာ အခန်းစွန်သို့ လျှောက်သွားပြီး အစည်းအဝေးတွင် စကားပြောသလို ခပ်ကျယ်ကျယ် ပြောလိုက်သည်။

"ကျွန်တော် လေယာဉ်ပျံတွေကိစ္စအတွက် လာတာပဲ၊ ကျွန်တော်တို့ အခြေအနေကို ခင်ဗျားလဲ သိမှာပေါ့၊ ခင်ဗျားတို့ မကူယင်တော့ ဖက်ဆစ်တွေက ကျွန်တော်တို့ကို အပြတ်ချတော့မှာပဲ၊ စပိန်မှာ ပြည်သူ့တပ်ဦး ကျသွားယင်

ဆိုရှယ်လစ်ဝါဒလဲ ကျဆုံးမှာပဲ၊ ခင်ဗျားတို့ဟာ ကျွန်တော်တို့ကိုတော့ သစ္စာဖောက်မှာ မဟုတ်ဘူးလို့ ကျွန်တော် ယုံတယ်။ ခု ခင်ဗျားကို ကျွန်တော်စကားပြောနေတာဟာ ဆိုရှယ်လစ်တယောက်က တခြားဆိုရှယ်လစ်တယောက်ကို ပြောတဲ့အနေနဲ့ ပြောနေတာပါ။ ကျွန်တော်တို့မှာ ဟိုတုန်းက ရဲဘော်စိတ်မျိုးလဲ ရှိသေးတယ်ထင်လို့ ကျွန်တော်လာခဲ့တာပဲ၊ ဟုတ်တယ်။ ကျွန်တော့်သားဟာ ဖက်ဆစ်တွေ သတ်တာကို ခံခဲ့ရတယ်၊ ဒီအကြောင်းကို ကျွန်တော် အကျယ် မပြောချင်ဘူး၊ ဒါပေမယ့် ဖက်ဆစ်တွေဟာ ကျွန်တော့်သားကိုတွင် သတ်တာ မဟုတ်ဘူးဗျ၊ နေ့စဉ်နှင့်အမျှ လူတွေကို သတ်နေကြတယ်၊ ဒီနေ့ဆိုယင် ကော်ဒိုဗာမှာ လူသတ်ပွဲတွေ လုပ်နေတယ်လို့ ကျွန်တော် ကြားခဲ့ရတယ်၊ ဖက်ဆစ်ဆိုတဲ့ကောင်တွေဟာ လူလိမ်တွေ၊ လူသတ်သမားတွေ၊ တယူသန်တွေ၊ တောင်ပေါ်သား အရိုင်းအစိုင်းတွေကို မြှောက်ပေးပြီး လူတွေကို သတ်နေတယ်၊ ရွာတွေကို မီးရှို့နေတယ်၊ ဒါတွေကို စဉ်းစားပါ ရဲဘော်ဗီးလာ့ဒ်”

“စိတ်ဓာတ်အရတော့ ကျွန်တော်တို့ဟာ ခင်ဗျားတို့နဲ့ အတူတူ ရှိပါတယ်” ဗီးလာ့ဒ်က ပြော၏။ “ကျွန်တော့်အနေနဲ့ ပြောရယင် စပိန်မှာ ဖက်ဆစ်တွေက သူ့ပုန်ထပြီ ဆိုကတည်းက ကျွန်တော် ကောင်းကောင်းတောင် အိပ်မပျော်ပါဘူး၊ ခင်ဗျားခံစားချက်တွေကိုလဲ ကျွန်တော့်ကိုယ်တိုင်လို ထပ်တူထပ်မျှ ခံစားမိပါတယ်၊ ကိုယ်ချင်းလဲ စာပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ အခက်အခဲကိုလဲ ခင်ဗျား သိသားပဲ၊ ကျွန်တော်တို့ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့မှာ တာဝန်ရှိနေတယ်၊ ဒါကို ခင်ဗျား ထည့်စဉ်းစားပါဦး၊ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေး လိုချင်တယ်၊ ခု ခင်ဗျားတို့ကို အကူအညီ ပေးလိုက်လို့ တဘက်က ကျွန်တော်တို့ကို ရန်ရှာလာယင် ဘယ့်နှယ်လုပ်မလဲ။ သာမန် ပြင်သစ်လူထုဟာ တခြားနိုင်ငံတနိုင်ငံက အစိုးရတခု တည်မြဲဖို့အတွက် ဘယ့်နှယ်လုပ်ပြီး စွန့်နိုင်ပါ့မလဲ”

“ခင်ဗျားတို့လူထုကို ကျွန်တော်တို့ မလိုချင်ပါဘူး” မွန်းနက်က ပြောသည်။ “ကျွန်တော်တို့ လိုချင်တာက လေယာဉ်ပျံပါ၊ အလျင်ကရှိခဲ့တဲ့ သဘောတူညီချက်တွေအရ ခင်ဗျားတို့အနေနဲ့ ကျွန်တော်တို့ကို စစ်ပစ္စည်းတွေ ရောင်းနိုင်သားပဲ”

"တခြားတနိုင်ငံနဲ့ဆိုယင် ရောင်းဖို့ ကျွန်တော်တို့ ဒီလောက် ဝန်မလေးပါဘူး၊ ခုဟာက ပြည်တွင်းစစ်ဆိုတော့..."

"ကဲ... ဒါဖြင့် ကျွန်တော်မေးမယ်ဗျာ၊ တရားဝင်အစိုးရနဲ့ သူပုန်ဖြစ်ကြတဲ့ကိစ္စမှာ ခင်ဗျားတို့က တရားဝင်အစိုးရတခုကို မထောက်ခံနိုင်ဘူး ဆိုပါတော့"

"ဒီလိုတော့လဲ မဟုတ်ပါဘူးလေ၊ ခင်ဗျား သိသားပဲ၊ နိုင်ငံတကာ အခြေအနေက သိပ်ရှုပ်ထွေးနေတယ်၊ ဖရန်ကိုရဲ့ နောက်မှာ ဟစ်တလာနဲ့ မူဆိုလိုနီက ထောက်ခံနေတယ်၊ ခင်ဗျားတို့ကို လေယာဉ်ပျံတွေ ပေးလိုက်ယင် ကမ္ဘာစစ်ကြီးအထိ ဖြစ်လာနိုင်တယ်"

"ဒါဖြင့် ကျွန်တော်တို့အပေါ်မှာ သစ္စာဖောက်တော့မယ်ပေါ့"

"ဒီလိုလဲ မပြောပါနဲ့လေ၊ ခင်ဗျားတို့ သမ္မတနိုင်ငံဘက်က နိုင်စေချင်တယ်ဆိုတာ ခင်ဗျားလဲ သိသားပဲ၊ ဒါပေမယ့် ကျွန်တော်တို့မှာ ခြေတွေလက်တွေ အတုပ်အနှောင် ခံနေရတယ်၊ အစိုးရအနေနဲ့ကတော့ လေယာဉ်ပျံတွေ ရောင်းလို့မဖြစ်ဘူး၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်တွေဆီကို ချဉ်းကပ်ကြည့်ပါ၊ သူတို့က ရောင်းယင် ကျွန်တော်တို့က တတ်နိုင်သလောက် လုပ်ပေးမယ်၊ တော်တော်တန်တန် စွန့်လုပ်သင့်ယင်လဲ လုပ်မယ်ဗျာ၊ အရေးကြီးတာက ကျွန်တော်တို့အနေနဲ့ လူသိရှင်ကြား မပါချင်ဘူး၊ ကျွန်တော်တို့က ခင်ဗျားတို့ကို ဘာအကူညီမှ မပေးဘူးလို့ တရားဝင် ကြေငြာထားမယ်၊ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ စက်မှုလုပ်ငန်းရှင်တွေဆီက ဝယ်သွားကြပါ၊ ကျွန်တော်တို့ အစိုးရအနေနဲ့ မျက်စိမှိတ်ပြီး မမြင်ချင်ယောင်ဆောင်နေမယ်"

"ခင်ဗျား မသိတာလား၊ မသိချင် ယောင်ဆောင်နေတာလားတော့ မပြောတတ်ဘူး၊ ကျွန်တော် ဒီရောက်တာ တပတ်ရှိပြီ၊ ဘာရသလဲ၊ အေ ဖိစ လေယာဉ် ဆယ့်တစီးပဲ ရခဲ့တယ်၊ ဒါတောင် ခက်ခက်ခဲခဲ ရလာခဲ့တာ၊ ပီယာဆိုတဲ့ ကျွန်တော်တို့ ရဲဘော်တယောက်နဲ့ ဆက်မိလို့"

"ဘာ... အင်ဂျင်နီယာ ရဲဘော်လေးလား၊ ဩော် လက်စသတ်တော့ သူ့အဆက်နဲ့ကိုး။ ပီယာဟာ ကျွန်တော်တို့ ရဲဘော်ပဲဗျ၊ ဒါနဲ့တောင် ခင်ဗျား

ကျွန်တော်တို့ကို ပြောလိုက်တာ ရစရာ မရှိဘူး၊ အေ ၆၈ ဗုံးကြဲလေယာဉ် ဆိုတာ အကောင်းစားတွေပဲ၊ နောက်ထပ် ဘာလိုချင်သေးလို့လဲ”

“ကျွန်တော်တို့က နောက်ထပ်လိုချင်သေးတယ်၊ ဘယ်လောက်ဈေးပေးပေး မရဘူး ဖြစ်နေတယ်”

“ဒါကတော့ ကျွန်တော်တို့လဲ ဘာတတ်နိုင်မှာလဲ၊ သူတို့ ရောင်းမှ ဖြစ်မယ့် ကိစ္စပဲ”

“ခင်ဗျားတို့တပ်က လေယာဉ်တွေကော၊ မပေးနိုင်ဘူးလား”

“ဟာ… မဖြစ်နိုင်တာဗျာ၊ ခင်ဗျားတို့ ပေးလိုက်ယင် ကျွန်တော်တို့ လေတပ်မှာ ဘာကျန်တော့မှာလဲ၊ ဒါကတော့ လုံးဝ မဖြစ်နိုင်ဘူး ရဲဘော်၊ ကျွန်တော်တို့က ပေးလိုက်ပါပြီတဲ့၊ ရေဒီကယ်အမတ်တွေက ဘာပြောမလဲ၊ လေယာဉ်ပျံလေး တဒါဇင်လောက် ကိစ္စလေးနဲ့ အစိုးရအဖွဲ့တခုလုံး ပြုတ်ကျသွားမှာဗျ၊ ဒီတော့ ကျွန်တော် ထပ်ပြောမယ်ဗျာ၊ ခင်ဗျားတို့ဘာသာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ အရောင်းအဝယ် လုပ်တာကို ကျွန်တော်တို့ မမြင်ချင်ယောင်ဆောင်နေမယ်၊ စစ်ပြေးဒုက္ခသည်တွေ ကယ်ဆယ်ရေးကို ကျွန်တော်တို့ လုပ်ပေးမယ်၊ သူနာပြုတပ်တွေ ပို့ပေးမယ်။ ကလေးတွေအတွက် ပေါင်မုန့်တို့ နို့မှုန့်တို့ ပို့ပေးမယ်၊ ဒါပေမယ့် စစ်ပစ္စည်းကတော့ မဖြစ်ဘူး”

“မဖြစ်ဘူး” ဆိုသည့် စကားလုံးကို ကြိမ်ဖန်များစွာ အော်ပြီးနောက် ဗီးလာ့ဒ် ငြိမ်ကျသွားသည်။ လက်ကိုင်ပုဝါဖြင့် နဖူးကို သုတ်လိုက်ပြီး ခေါင်းလောင်းကို နှိပ်လိုက်၏။

“ဘာသောက်မလဲ၊ လက်ဖက်ရည်လား၊ လိမ္မော်ရည်လား”

မွန်းနက်က မတ်တတ်ရပ်လိုက်၏။

“ဒီလောက်ဆိုယင် မေဒီနာကို သိမ်းပြီးလောက်ပြီဗျ၊ ခုဆိုယင် ဖက်ဆစ်တွေဟာ မိုလာရဲ့ တပ်တွေနဲ့ ပေါင်းမိသွားကြပြီ၊ ကယ်တင်ရေးကိစ္စတွေ၊ သူနာပြုတပ်ကိစ္စတွေ ပြောရအောင် ကျွန်တော်က သံတမန် မဟုတ်ဘူး၊ နို့မှုန့်ကိစ္စ ပြောရအောင်လဲ ကျွန်တော်က ကလေးလေးတယောက် မဟုတ်တော့ဘူး၊ ၆၄ နှစ်

ရှိပြီ၊ ကဲ… ရဲဘော်ဗီးလာ့ဒ် ကျွန်တော် သွားမယ်၊ ခင်ဗျားကို ကျွန်တော် အကုန်ပြောပြီးပြီ၊ ကျွန်တော့ကို ဒီကို လွှတ်လိုက်တာဟာ သူနာတင်ကားတွေ၊ နို့မှုန့်တွေ လက်ခံဖို့ လွှတ်လိုက်တာ မဟုတ်ဘူး၊ လေယာဉ်ပျံတွေ ဝယ်ဖို့ လွှတ်တာ”

မွန်းနက် ပြန်သွားသည်။ ဗီးလာ့ဒ်၏ အောက်နှုတ်ခမ်းသည် ဒေါသကြောင့် တုန်လျက်ရှိ၏။ မွန်းနက်နှင့် ဆွေးနွေးရသည်မှာ သူမျှော်လင့်ထားသည်ထက် ခက်သည်။ စပိန်တို့၏ အရေးတော်ပုံသည် ရှုံးနေပြီ။ ဤသည်ကို ကလေးတယောက်ပင် နားလည်နိုင်သည်။ လေယာဉ်ပျံနှစ်ဆယ် နောက်ထပ်ပေးသည့်တိုင် စပိန်အရေးတော်ပုံကို ကယ်၍ ရဖွယ်မမြင်။ ပြင်သစ်ပြည်က ပြည်သူ့တပ်ဦးကိုသာ ကယ်တင်ရတော့မည်။ ခြေလှမ်းတချက်မှားလျှင် ပြိုလဲသွားနိုင်သည်။ ပြည်သူ့တပ်ဦးသာ ပြုတ်ကျသွားလျှင် ပြင်သစ်ပြည်တွင်လည်း ဖရန်ကို၏ နောက်လိုက်တွေ ပေါ်လာနိုင်သည်။ ဤအခါတွင် ပြင်သစ်ပြည်ကို မည်သူကယ်တင်မည်နည်း။ လန်းမြို့က အလုပ်သမားသုံးရာက ကယ်တင်မည် ထင်သလော။ ဝေးစွ။ ဤအလုပ်သမားများသည် ပြည်သူ့တပ်ဦးအစိုးရကို ချောက်ကမ်းပါးထဲသို့ တွန်းပို့နေကြသည် မဟုတ်လော။ ကွန်မြူနစ်တွေလည်း ဘာမျှမကယ်နိုင်။ မိမိတို့ ဆိုရှယ်လစ်ပါတီဝင်များကသာလျှင် ပြင်သစ်ပြည်ကြီးကို ကယ်တင်နိုင်လိမ့်မည်။ မွန်းနက်သည် ဤသဘောမျှလောက်ကိုမူ နားလည်ဖို့ကောင်းသည်။ သူ့တွင် သားတယောက် ဆုံးခဲ့သည်ကို ကိုယ်ချင်းစာနိုင်ပါ၏။ သို့ရာတွင် မတတ်နိုင်။ အခြားသူများတွင်လည်း သူ့လို ဆုံးခဲ့ကြရသည် မဟုတ်လော။

လေယာဉ်ပျံတွေ မရောင်းလိုက်သည့်အတွက် သူ့ကို ပြည်သူများက ကျိန်ဆဲနေကြတော့မည်လော။ ဤသို့မူ ကျိန်ဆဲခြင်း မပြုတန်ရာ။ မူအရ ရောင်းသင့်သည် မှန်ပါ၏။ သို့ရာတွင် မူက မူတခြား။ တိုင်းပြည်ကို အုပ်ချုပ်ရသည့် ကိစ္စက တခြား။ တပြိုင်နက်တည်းတွင် တိုင်းပြည်အာဏာကိုလည်း ရချင်သည်။ မူကိုလည်း တပြားဖိုးမှ မစွန့်ချင်ဆိုလျှင် မဖြစ်။ သူ့နေရာနှင့်သူ ထားမှ။ သို့မထားပဲ မူကြီးကို အသေကိုင်ပြီး အာဏာကိုလည်း ယူထားချင်သည်ဆိုလျှင် နွံထဲတွင် နစ်မည် မုချ။ အဘယ်ကြောင့်များ ဝန်ကြီးတာဝန်ကို ယူခဲ့မိသနည်း။ သာမန် အရပ်သားတယောက်လို မဲပေးရုံ၊ စီတန်းလှည့်လည်ပွဲတွင် လိုက်ရုံ၊ ဝေလေလေ အော်ရုံ၊ ပန်းရုံအောက်တွင် ထိုင်ပြီး ငှက်တို့၏ တေးသီသံကို နားထောင်နေရရုံဆိုလျှင် မည်မျှဇိမ်ကျမည်နည်း။ သို့ရာတွင် သူမဟုတ်လျှင်လည်း

တိုင်းပြည်ကို တဦးဦးကတော့ အုပ်ချုပ်ရလိမ့်မည်။ စက်ဆုပ်စရာကောင်းသည့် အလုပ်များထဲတွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသည့် အလုပ်အပြင် တခြားအလုပ်တွေလဲ ရှိသေးသည် မဟုတ်လော။ မိလ္လာသိမ်းသူ၊ သားသတ်သမားနှင့် အကျဉ်းထောင် ဝါဒါတို့၏ အလုပ်များသည်လည်း စက်ဆုပ်စရာ ကောင်းကြသည်ချည်း။ ဗီးလာ့ဒ်သည် သူ့ကိုယ်သူ သနားသည်။ သူ့အဖြစ်ကို သူတွေး၍ ဝမ်းနည်းသည်။ သောကဖိစီးမှုကြောင့် ခါးကိုကုန်း၍ ထိုင်နေစဉ် သူ့အတွင်းဝန် ရောက်လာသည်။

"တက်စဆီက တယ်လီဖုန်း လာပါတယ်၊ ဝန်ကြီးနဲ့ စကားပြောချင်ပါတယ်တဲ့၊ အရေးကြီးတဲ့ ကိစ္စတခုနဲ့ ပတ်သက်ပြီး ဝန်ကြီးနဲ့ စကားပြောချင်တယ်လို့ ပြောနေပါတယ်"

တက်စက ယခုတွေ့ခွင့်ရရန် တောင်းနေသည်။ ဗီးလာ့ဒ် ဘာမျှ မတတ်နိုင်။ တွေ့ခွင့်ပြုလိုက်ရ၏။

တက်စက ဗီးလာ့ဒ်ကို ဖက်လှဲတကင်း ပွေ့ဖက်နှုတ်ဆက်ပြီးနောက် စ၍ ပြော၏။

"စပိန်မှာတော့ ဆူကုန်ပြီဗျ၊ ကျွန်တော်တို့ အရမ်းဝင်လို့ မဖြစ်ဘူး၊ နပိုလီယန် ဒုက္ခရောက်ခဲ့တာ စပိန်ကြောင့်၊ ၇၀ ခုနှစ်တဝိုက်လောက်တုန်းကလဲ စပိန်ကြောင့် ကျွန်တော်တို့ ဒုက္ခရောက်ခဲ့ရပြီ၊ စပိန်ထီးနန်းဆက်ခံရေးစစ်တုန်းကလဲ..."

"ဒါ... ကျွန်တော်တို့နဲ့ ဘာဆိုင်လို့လဲဗျ"

"ဒါလောက် ပြောတာတောင် သဘောမပေါက်သေးပဲကိုး ဝန်ကြီးရ၊ အနီတွေကိုသာ လေယာဉ်ပျံတွေ ရောင်းလိုက်ယင် စစ်ကတော့ မုချ ဖြစ်တော့မှာပဲဗျ၊ ဟာစ်တလာက ခံမယ် ထင်သလား၊ မူဆိုလီနီကတော့ မပြောနဲ့တော့"

"နေပါဦး၊ ဘာဖြစ်လို့ စပိန်သမ္မတနိုင်ငံရဲ့ ခေါင်းဆောင် အာဇညာကို အနီလို့ ခေါ်ရတာလဲ၊ သူက ဘယ်နေရာမှာ ခင်ဗျားတို့ ကျွန်တော်တို့ထက် ပိုပြီးများ နီနေလို့လဲ"

"အာဇာညာက အရေးမကြီးပါဘူး" တက်စက ပြောသည်။ "အရေးကြီးတာက အလုပ်သမားတွေဗျ၊ လက်နက်ကိုင်တာက အာဇာညာ မဟုတ်ဘူး၊ အလုပ်သမားတွေက ကိုင်မှာ၊ အလုပ်သမားတွေကို အနီလို့ မခေါ်ယင် ဘာလို့ ခေါ်ရဦးမှာလဲ။ ဥရောပတတိုက်လုံးက သူတို့ကို အနီလို့ ခေါ်နေကြပြီပဲ၊ ကျွန်တော် ထပ်ပြောမယ် ဝန်ကြီး၊ စပိန်ဟာ စစ်စော် နံနေတယ်"

"ဒါဖြင့် ခင်ဗျားပြောတဲ့အတိုင်းဆိုယင် ကျွန်တော်တို့ဟာ တရားဝင်အစိုးရတခုနဲ့တောင် ကုန်သွယ်မှုဆက်ဆံရေးတွေ မရှိတော့ဘူးပေါ့။"

စောစောတုန်းက မွန်းနက်နဲ့ ပြောခဲ့စဉ်က ဤစကားများကို မွန်းနက် ပြောခဲ့သည်။ ယခု တက်စနှင့် တွေ့သည့်အခါတွင် မွန်းနက်၏ စကားများကို သူလိုက်ပြောနေရပြီ။ သို့တိုင်အောင် ဗီးလာ့ဒ် ထိုအချက်ကို သတိမပြုမိ။

"ဒါကတော့ဗျာ၊ ရှာကြံပြောယင် ရတာချည်းပဲပေါ့။ ကိုယ့်တဦးချင်း နိုင်ငံရေးအရ သူတို့ဘက်ကို တိမ်းညွတ်ရုံနဲ့ ပြည်သူတရပ်လုံးကို လူသတ်ပွဲထဲ ဆွဲထည့်တာတော့ ဘယ်ကောင်းမလဲ၊ ဒီလိုလုပ်ယင်တော့ တော်တော် တော်တဲ့ အစိုးရလို့ ပြောရမှာပဲ၊ ဒီမှာဗျ။ ကျွန်တော်တို့ လုပ်ရမှာက ဟစ်တလာနဲ့ မူဆိုလိုနီကို ခွဲပစ်ရမယ်၊ ခု ဝန်ကြီးတို့ လုပ်နေတာက သူတို့နှစ်ယောက်ကို ပေါင်းသွားအောင် လုပ်နေတာနဲ့ တူနေတယ်"

"စပိန်မှာ သူတို့နှစ်ယောက် လက်တွဲနေကြပြီဗျ၊ ဘယ်လိုလုပ်ပြီး ခွဲလို့ရမလဲ"

"လွယ်လွယ်ကလေးပါ၊ ကျွန်တော်တို့က စပိန်မှာ ဘာဖြစ်နေတယ် ဆိုတာကို မမြင်ချင်ယောင်ဆောင်နေလိုက်ယုံပေါ့။ ကျွန်တော်တို့ အစိုးရအနေနဲ့ မူဆိုလိုနီနဲ့ စေ့စပ်ဆွေးနွေးမယ်၊ ကျွန်တော်တို့ဟာ လက်တင်မျိုးက ဆင်းလာတဲ့ လူမျိုးတွေပါဗျာ၊ ဒါကို မူဆိုလိုနီလဲ သိမှာပေါ့။ ဒီအချိန်မှာ ကျွန်တော်တို့ တိုင်းပြည်အဖို့ တယူသန် ပါတီခေါင်းဆောင်တွေ မလိုဘူး၊ သံတမန်တွေ လိုနေတယ်၊ ကျွန်တော်တို့ဟာ စပိန်ပြဿနာကို သတိထားပြီး ကိုင်တွယ်ရမယ်၊ ခုဆိုယင် စပိန်ဘုရင်ရဲ့ အနွယ်တော်တွေက လန်ဒန်မှာ ရောက်နေကြတယ်၊ အင်္ဂလိပ်ဘုရင်မျိုးရိုးကို ပြန်ပြီး တင်ချင်နေတယ်၊ သူတို့ ဘယ်သူ့တင်မလဲ၊ အယ်ဖုန်ဆိုကို တင်မလား၊ ဒါမှမဟုတ် ဖရန်ကို ကို တင်မလား၊ ဒါတော့ ကျွန်တော်

မပြောတတ်ဘူး၊ ဒါပေမယ့် ဘာပြောပြော စပိန်ပြည်သူတွေက ခင်ဗျားတို့မိတ်ဆွေ သမ္မတဂိုဏ်းသားတွေအစား ဖရန်ကို ကို တင်ချင်နေတယ်၊ ရေရှည်ကျယင် စပိန်ဘက်က ကျွန်တော်တို့ တဦးတည်း ရှိမှာနော်၊ လွှတ်တော်ထဲမှာ ကျွန်တော်ဟာ ပြည်သူ့တပ်ဦးကို ကာကွယ်ခဲ့”

“ဒါတော့ ကျွန်တော် မသိဘူးဗျ၊ ခင်ဗျားမိန့်ခွန်းကတော့ သပိတ်တွေကို…”

“ဝန်ကြီးအဖွဲ့ကို ကျွန်တော်ကယ်ခဲ့တာပါ၊ ဟုတ်တယ်၊ အစိုးရအဖွဲ့ရဲ့ ပေါ်လစီကို လွှတ်တော်ထဲမှာ ကျွန်တော် ဝေဖန်ခဲ့တယ်၊ ဒီလောက်တော့လဲ ဝေဖန်ဦးမှပေါ့။ ဒါမှမဟုတ်ယင် ကျွန်တော့်အဖို့ လွှတ်တော်ထဲမှာ ဘာလုပ်တော့မလဲ၊ ဒါပေမယ့် အတိုက်အခံဂိုဏ်းက အစိုးရကို အယုံအကြည်မရှိ တင်ပြီး ဖြုတ်ချဖို့ အားလုံး ပြင်ဆင်ပြီးနေပြီ၊ ဒီကြားထဲက အစိုးရအပေါ် အယုံအကြည်ရှိအဆိုကို ကျွန်တော်တင်ခဲ့တယ်၊ ရေဒီကယ်တွေက ဒီတုန်းက ဘာတွေ လုပ်ခဲ့ကြသလဲ၊ အစိုးရ ထွက်ပေးလို့ အော်ခဲ့ကြတယ်၊ သပိတ်ကိစ္စက ပြီးသွားပါပြီ၊ ဒါပေမယ့် ခုအခြေအနေက ပိုပြီး အန္တရာယ်ကြီးတယ်ဗျ၊ ရေဒီကယ်အမတ် မာဇီက ခုအော်နေပြီ၊ သိပ်လှုပ်ရှားနေပြီ။ သူ့နောက်မှာ စပိန်မင်းဆွေမင်းမျိုးတွေက ထောက်ခံနေကြတယ်၊ တကယ်ပြောတာပါ ဝန်ကြီး၊ ကျွန်တော့်တယောက်တည်းအနေနဲ့ ပြောရယင် အာဇညာကို ဖရန်ကိုထက် သဘောကျပါတယ်၊ ကျွန်တော်ဟာ သမ္မတနိုင်ငံကို လိုလားတဲ့ ဘက်တော်သားတယောက်ပါ၊ ဒီမိုကရက်တယောက်ပါ၊ ဒါပေမယ့် ကျွန်တော်တို့ကို ဘယ်သူကများ ဂရုစိုက်လို့လဲ၊ ဝန်ကြီးကိုကော ဘယ်သူက ဂရုစိုက်လို့လဲ၊ သူတို့က ကျွန်တော်တို့ကို အေးအေးဆေးဆေး နေစေ့ချင်တယ်၊ စပိန်ကိစ္စမှာ ဝင်မစွက်စေချင်ဘူး”

“ဒါပေမယ့် တဘက်က ဝင်ပြီး စွက်ဖက်နေတယ်ဗျ”

“သူများ စွက်ဖက်တိုင်း ကိုယ်ကပါ လိုက်စွက်ဖက်နေလို့ မဖြစ်ဘူးလေ၊ အီတလီနဲ့ ဂျာမနီကတော့ ရမ်းနေပြီဗျ။ သူတို့ရမ်းတိုင်း လိုက်ရမ်းနေလို့ ဖြစ်မလား၊ ကျွန်တော်တို့အဖို့ စစ်ကို မလိုလားယင် လုပ်စရာ တခုပဲရှိတယ်၊ ဒါကတော့ အသာကလေး ထိုင်ကြည့်နေရုံပဲ။ ကျွန်တော်တို့က စပိန်ကို လေယာဉ်ပျံ တရာပေးလဲ မထူးပါဘူး၊ ကျွန်တော်တို့က တရာပေးယင် သူတို့က ဖရန်ကို ကို

အစီးငါးရာ ပေးမှာပဲ၊ မီးနဲ့ ကစားရတာဟာ မိုက်မဲရာရောက်တယ်ခင်ဗျ”

“ပုဂ္ဂလိကလုပ်ငန်းရှင်တွေက သူတို့ဘာသာ စပိန်ကို လေယာဉ်ပျံတွေ ရောင်းယင် ကျွန်တော်တို့ ဘာတတ်နိုင်မှာလဲ”

“အဲဒါလဲ မိုးကြိုးပစ် ထန်းလက်ကာတာနဲ့ အတူတူပဲခင်ဗျ။ ဒီမှာ ဝန်ကြီး၊ ကျွန်တော်တို့တတွေ ပါလီမန်လွှတ်တော်မှာ အချေအတင် ပြောနေကြတာ မဟုတ်ဘူး၊ သတိထားပါ။ ကျွန်တော်တို့ လုပ်မယ့်အလုပ်ဟာ ယမ်းစော်နံတယ်၊ သွေးညှီနံ့ နံနေတယ်။ ကျွန်တော် အလေးအနက် ပြောနေတာပါ။ တကယ်ပါ၊ သူတို့ကတော့ ရပ်မှာ မဟုတ်ဘူး၊ ဘာကြီးပဲဖြစ်ဖြစ် လုပ်မှာပဲ၊ မရဲပဲနဲ့ ကျွဲပြဲစီးယင် ဒုက္ခရောက်မယ်နော်၊ သတိထားပါ၊ ခု ကျွန်တော်တို့က လေယာဉ်တစီးလောက်ကိုပဲပေး၊ စစ်ကတော့ ဖြစ်မှာပဲ၊ ဝန်ကြီးဟာ စစ်ကိုမုန်းတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါကြောင့် ဝန်ကြီးကို ကျွန်တော် လာတွေ့တာပါ၊ ဒါဟာ ကျွန်တော့်အသည်းနှလုံးထဲက ထွက်လာတဲ့ စကားပါ။ ပြင်သစ်မိခင်တွေရဲ့ အသည်းနှလုံးက ထွက်လာတဲ့ စကားပါ၊ ပြင်သစ်ပြည်ကြီးရဲ့ အသည်းနှလုံးက ထွက်လာတဲ့ စကားပါ”

“အေးလေ၊ ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ငြိမ်းချမ်းရေးကို ထိန်းသိမ်းမှာပဲ” ဗီးလဲ့ဒ်က ပြောသည်။

“ဟုတ်ပါတယ်၊ ကျွန်တော်ယုံပါတယ်၊ ဒါပေမယ့် ဝန်ကြီးရဲ့ ရန်သူတွေက ငြိမ်နေတာ မဟုတ်ဘူးခင်ဗျ၊ လှုပ်ရှားနေကြတယ်၊ ရေဒီကယ်တွေကဆိုယင် ဘေးမှာ ဝန်ကြီးတို့ ဆိုရှယ်လစ်ပါတီကို ဝိုင်းပြီး အပုတ်ချနေကြတယ်၊ ဝန်ကြီးဟာ အမျိုးသားရေး အကျိုးစီးပွားကို မကြည့်ဘူးတဲ့…၊ မာဗီက ပြောနေတယ်၊ အဲဒါကို လူတော်တော်များများက ယုံနေကြတယ်၊ လက်ယာဂိုဏ်းကတော့ မပြောနဲ့တော့၊ နောက်ရန်သူတယောက်ကတော့ ဘရီကျူး၊ ဘရီကျူး ဆိုတဲ့လူဟာ တဖောက်ကန်း၊ အရူး၊ ကျွန်တော်တို့ဟာ စပိန်လူမျိုးတွေ မဟုတ်ဘူး၊ ယဉ်ကျေးတဲ့ ပြင်သစ်လူမျိုး၊ ဘရီကျူး တည်ထောင်ချင်တဲ့ ဖက်ဆစ်အာဏာမျိုးကို ကျွန်တော်တို့တိုင်းပြည်ကလဲ လက်ခံမှာ မဟုတ်ဘူး။ ဒါပေမယ့် ဝန်ကြီးသိထားဖို့က ဘရီကျူးမှာ ဩဇာရှိတယ်၊ နောက်လိုက်ရှိတယ်၊ အရှိန်အဝါ ရှိတယ်၊ မနေ့ကတင် ဘရီကျူးက ဘာပြောသလဲဆိုတော့ ဝန်ကြီးကို စစ်ရာဇဝတ်ကောင်တယောက်အနေနဲ့ ခုံရုံးတင်ရမယ်တဲ့ခင်ဗျ ပြောသွားပြီ။ ဝန်ကြီးဟာ သူတို့နိုင်ငံရေးကျားကွက်တွေကို

မုန်းတယ်၊ စိတ်ပျက်တယ်ဆိုတာ ကျွန်တော် ယုံပါတယ်၊ ဒါကြောင့် ကျွန်တော်က ပြန်ပြောလိုက်တယ်၊ ဗီးလာ့ဒ်ဟာ စစ်ဖြစ်အောင် လုပ်မယ့်လူ မဟုတ်ဘူး၊ ဗီးလာ့ဒ်ဟာ မစွက်ဖက်ရေးဝါဒရဲ့ အာမခံချက် ဖြစ်တယ်လို့ ပြန်ပြောလိုက်ရသေးတယ်၊ ဒီတော့ ဝန်ကြီး... ကျွန်တော်တို့တတွေ စိတ်ချမ်းသာအောင် ကူညီပါ၊ စပိန်ကို မကူညီဘူးလို့ တခွန်းတည်း ပြောလိုက်ပါ”

တက်စက လက်ဖ်ေ့ယမ်းယင်း အခန်းထောင့်သို့ လျှောက်သွား၏။ သူ့အယူအဆများကို ဆက်တင်ပြသည်။ ထိုနောက် ဗီးလာ့ဒ်အနီးသို့ လျှောက်လာကာ ကရားရေလွှတ် ပြောနေသည်။ ဗီးလာ့ဒ် တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွားပြီး ပြုံးလျက်ရှိ၏။ မမျှော်လင့်ပဲ သူ့အယူအဆသည် ပြန်ခိုင်မာလာသည်။ မွန်းနက်၏ စိတ်ဓာတ်သည် အခန်းထဲတွင် ကြီးစိုးနေသည် ထင်ရ၏။ လွန်ခဲ့သည့် တနာရီလောက်တုန်းက မွန်းနက်သည် ဤအခန်းထဲတွင်ရပ်ကာ လေယာဉ်ပျံတွေ တောင်းသွားခဲ့သည်။ ထိုစဉ်က ဗီးလာ့ဒ်သည် သူ့ရဲဘော်ဟောင်းကြီး မွန်းနက်ကို ခံစားချက်ကင်းသည့် သံတမန်တယောက်အနေဖြင့် စကားပြောခဲ့သည်။ ယခု တက်စက စပိန်သို့ လေယာဉ်ပျံတွေ ပို့မပေးဖို့ လာပြောနေပြီ။ ခြိမ်းခြောက်နေပြီ။ သေနင်္ဗျူဟာတွေကိုပင် မေ့နေပြီ။ တက်စက ပြတ်ပြတ်သားသား အဖြေပေးဖို့ တောင်းဆိုသည့်အခါတွင် “ကျွန်တော်ကတော့ ကျွန်တော့်တာဝန်အရ လုပ်သင့်တာ လုပ်ရမှာပဲ” ပြောလိုက်သည်။ တက်စသည် ထိုစကားတခွန်းမျှကိုသာ ရသွားခဲ့သည်။

တက်စ ပြန်ထွက်သွားသည့်အခါတွင် ဗီးလာ့ဒ်သည် ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချမိလိုက်သည်။ ဘာလုပ်ရမလဲဟု တွေး၏။ သို့ရာတွင် သူ့အတွေးများသည် ပီပြင်ခြင်း မရှိ။ ခေါင်းက တစစ်စစ်ကိုက်သည်။ ရင်ထဲတွင် အော်ဂလီဆန်၏။ တက်စလိုလူက သူ့ကို ဘာကြောင့် ခြိမ်းခြောက်နေရသနည်း။ တက်စနောက်ကွယ်တွင် မည်သူတွေရှိသနည်း။ တက်စကို မည်သူက လွှတ်လိုက်သနည်း၊ ရေဒီကယ် လက်ယာဂိုဏ်းသားများက လွှတ်လိုက်ခြင်းလော။ ဘရီကျူးက လွှတ်လိုက်ခြင်းလော။ သူတို့ကစားကွက်က ရှုပ်လွန်းသည်။ တဘက်ကလူတွေ လှုပ်ရှားနေကြပြီ ဆိုသည်မှာ မှန်သည်။ စစ်ဖြစ်တော့မည်လော။ လူတွေက သူ့ကို ဘာပြောကြမည်နည်း။ နှစ်ပေါင်းလေးဆယ်လုံးလုံး စစ်ကို သူဆန့်ကျင်ခဲ့သည်။ ယခု သန်းပေါင်းများစွာတို့ကို စစ်ထဲသို့ ဆွဲသွင်းရတော့မည်။ စပိန်တွင်ဆိုလျှင် လူသတ်ပွဲကြီး ဖြစ်နေပြီ။

မျက်လုံးများကို မှိတ်လိုက်သည်။ ယင်ကောင်တွေ အုံနေသည့် အလောင်းများ။ ခြေပြတ်လက်ပြတ် ဖြစ်နေသည့် ခန္ဓာကိုယ်များ၊ ပြိုလဲပျက်စီးနေသော အိမ်များကို မြင်ရ၏။ သူဘာလုပ်ရမည်နည်း။ လေယာဉ်ပျံတစင်းမှ မပို့ရန် တက်စက ပြောသွားပြီ။ ဟုတ်သည်။ စပိန်ကို လေယာဉ်ပျံပို့လျှင် ရေဒီကယ်အမတ်တွေက ဝန်ကြီးအဖွဲ့မှ နုတ်ထွက်ကြတော့မည်။ ဗီးလာ့ဒ်သည် စစ်ပွဲ၏ အနိဋ္ဌာရုံများကို မေ့သွားကာ သူတွက်နေကျ နိုင်ငံရေး ဂဏန်းသင်္ချာကို တွက်ကြည့်၏။ စပိန်ကိစ္စကို လွှတ်တော်ထဲတွင် မဲခွဲလျှင် အစိုးရအနေဖြင့် မဲမည်မျှ ရနိုင်မည်နည်း။ မဲရဖွယ်မရှိ။ အစိုးရသည် အနည်းစုကလေးသာ ဖြစ်နေလိမ့်မည်။ ထိုအခါတွင် ရေဒီကယ်များနှင့် လက်ယာဂိုဏ်းသည် ပေါင်းသွားနိုင်သည်။ တက်စ အစ ဘာရီကျူး အဆုံးရှိသော အတိုက်အခံအမတ်တွေ အားလုံးပေါင်းသွားနိုင်သည်။ သို့ပေါင်းလျှင် ပြည်သူ့တပ်ဦးအစိုးရ ပြုတ်ပြီ။ နောက်တက်သည့် ညွန့်ပေါင်းတွင် ဘာရီကျူးသည် ဖက်ဆစ်အာဏာရှင်အုပ်စိုးမှုကို အလွယ်နှင့် ထူထောင်တော့မည်။ ဤသို့သာဆိုလျှင် ဖေဖော်ဝါရီလ ၆ ရက် အဓိကရုဏ်းများထက် အခြေအနေ ပိုဆိုးသွားလိမ့်မည်။ ဆိုင်ပိုင်ရှင်များနှင့် လယ်သမားများသည် သပိတ်များကို ကြောက်ကာ ဘာရီကျူးနောက်သို့ ပါသွားကြလိမ့်မည်။ ဆိုရှယ်လစ်ပါတီကိုလည်း ဖျက်သိမ်းပစ်ရတော့မည်။ တရားလွှတ်တော်ချုပ်ကိုလည်း ဖျက်ပစ်ရတော့မည်။ စစ်ကို မီးမွှေးသူအဖြစ် မိမိကို ဘာရီကျူးက ခုံရုံးတင်တော့မည်။ သက်သေပြစရာ များများမလို။ စပိန်လေယာဉ် တစင်းလောက်ကို ပစ်ချပြလိုက်လျှင် သူ့ကို စွဲချက်တင်ဖို့ သက်သေလုံလောက်ပြီ။ "ဗီးလာ့ဒ်ရဲ့ ပူးပေါင်းကြံစည်မှုဖြင့် အေ ၆၈ လေယာဉ်များကို စပိန်ပြည်သို့ ပေးခဲ့သည့်အတွက်..." ဟု အစိုးရရှေ့နေကြီးက အာဘောင်အာရင်းသန်သန်ဖြင့် စွဲချက်တင်တော့မည်။ မဖြစ်။ လုံးဝမဖြစ်။ ဤအရာများသည် ကလေးကစားစရာ မဟုတ်။

ညဆယ်နာရီ ထိုးသည်အထိ ဗီးလာ့ဒ် စဉ်းစားဆဲ။ မည်သို့ ဆုံးဖြတ်ရမည်ကို ဝေခွဲမရသေး။ ပင်ပန်း ခေါင်းကိုက်သည်ကို မေ့ပစ်ကာ လျှို့ဝှက်ပုလိပ်အကြီးအကဲကို အခေါ်လွှတ်လိုက်သည်။

"ပီယာ ဆိုတဲ့ အင်ဂျင်နီယာတယောက်က အေ ၆၈ အမျိုးအစား လေယာဉ်တွေကို စပိန်ပို့ဖို့ စီစဉ်နေတယ်လို့ ကြားရတယ်၊ ဒီလောက် လေယာဉ်တွေ ပို့လိုက်ယင် အခြေအနေတွေ ရှုပ်ထွေးသွားနိုင်တယ်၊ လေယာဉ်တွေကို

မပို့ဖြစ်အောင် တားထားလိုက်ပါ။ တားလို့ရပါဦးမလား”

“ရပါတယ် ဝန်ကြီး၊ လေယာဉ်ပျံတွေက ‘ဆိန်း’ စက်ရုံက ပိုင်တဲ့ ကွင်းတွေထဲမှာ ရှိယင်ရှိ၊ မရှိယင် တူလူးက ကွင်းထဲမှာ ရှိမှာပါ”

လျှို့ဝှက်ပုလိပ်အကြီးအကဲ ပြန်ထွက်သွားသည့်နောက်တွင် ဗီးလာ့ဒ်သည် ဆိုဖာပေါ်သို့ ပြန်လှဲချလိုက်သည်။ ခေါင်းကိုက်ပျောက်ဆေး နှစ်ထုပ်ကို ဆက်တိုက်သောက်လိုက်၏။ ခေါင်းကိုက်ပျောက်ဆေးကြောင့် အိပ်ချင်လာသည်။ လက်များကိုပင် မလှုပ်ချင်တော့။ မိုက်ထဲက နာလာသည်။ ခြေထောက်တွေကလည်း အေးစက်လျက်။ ဘာကိုမျှ မစဉ်းစားမိအောင် ကြိုးစား၏။ သူလုပ်နိုင်သမျှကို လုပ်ခဲ့ပြီးပြီ။ စောင့်ကြည့်ရုံသာ ရှိတော့သည်။ သို့ရာတွင် “သစ္စာဖောက်” ဆိုသည့် စကားလုံးသည် သူ့ခေါင်းထဲတွင် ဝဲလျက်ရှိ၏။ ထိုစကားလုံးကို ခေါင်းထဲမှ ဖျောက်ရန် ကြိုးစားသည်။ သို့ရာတွင် ဖျောက်၍မရ။

“အို... အဓိပ္ပါယ်မရှိတာ၊ ငါ ဘယ်သူ့ကို သစ္စာဖောက်လို့လဲ။ စပိန်တွေတိုက်တဲ့ တိုက်ပွဲဟာ ရှုံးနေပြီပဲ။ လေယာဉ်အစီးနှစ်ရာလောက်ကို တို့ပို့တဲ့ လေယာဉ် ဆယ့်တစီးနဲ့ ဘယ့်နှယ်လုပ် ခံတိုက်နိုင်မှာလဲ။ အင်း... တကယ်တော့ စပိန်တွေဟာ လန်းမြို့က အလုပ်သမားတွေလို ကလေးသာသာပဲ ရှိကြတာပဲ။ ဟုတ်တယ်၊ ဒီနည်းနဲ့ ပြည်သူ့တပ်ဦးအစိုးရကို ငါကယ်ရမယ်၊ ငါ့ပါတီကို ငါကယ်ရမယ်၊ ငြိမ်းချမ်းရေးကို ထိန်းသိမ်းရမယ်။ ငါ့တာဝန်ကို ထမ်းဆောင်ပြီးပြီ။ တော်ပြီ၊ ငါ့တာဝန်ကျေပြီ”

ကြောက်လန့်နေသည့် ကလေးတယောက်ကို အမေက အားပေးသကဲ့သို့ သူ့ကိုယ်သူ အားပေးသည်။ မီးပွင့်များကို မှိတ်လိုက်၏။ သို့ရာတွင် သစ္စာဖောက် ဆိုသည့် စကားလုံးသည် အမှောင်ထုထဲမှနေ၍ ငါးရှဉ့်တကောင် ချော်ထွက်လာသလို သူ့ဆီသို့ ပြန်ရောက်လာနေသည်။

ယယ်ယယ်က သူရောက်ခဲ့ဖူးသည့် ဆာဗီရေးဆိုသည့် စပိန်နယ်စပ်က ရွာကလေးတရွာကို သွား၍ အမှတ်ရသည်။ တခါတုန်းက ထိုရွာကလေးသို့ အသွားတွင် ပီယာ့အဖေလည်း ပါလာသည်။ ပီရနီးတောင်ခြေရင်းက ပန်းနုရောင် အိမ်လှလှကလေးတွေ။ တံငါလှေတွေ။ စပျစ်ခြံတွေ။ ဘုတာကလေးတခု။ ထိုနောက် ကတိုးလို မွေးနေသည့် စပျစ်ဝိုင်အရက်ချိုချို။ ဆာဗီရေးက လူများသည်

ယခုလောက်ဆိုလျှင် သူ့ကို မေတ္တာပို့နေကြတော့မည်။ သူတို့သည် စစ်ပွဲကြီးတပွဲနှင့် အိမ်နီးချင်း ဖြစ်နေကြ၏။ တောင်ရိုးကလေးတခု။ ဥမင်တိုတိုကလေးတခုကို ဖြတ်လိုက်ရုံမျှသာ။ နယ်စပ်တဘက်တွင်မူ အိမ်တို့က ပျက်စီးပြိုလဲလျက်။ အမျိုးသမီးများက မျက်ရည်အရွှဲသားဖြင့် ငိုကြွေးလျက်။ သို့ရာတွင် ဆာဗီရေးရွာက အမျိုးသမီးများကမူ “ကျုပ်ကို ဗီးလာ့ဒ် ကယ်တာတော့၊ ဗီးလာ့ဒ် ကယ်တာ၊ ကျုပ်တို့ သားအမိတွေကို မောင်မင်းကြီးသား ကယ်တာ၊ မောင်မင်းကြီးသား ရေလိုအေးလို့ ပန်းလိုလန်းပါစေတော်၊ အင်း… ဗီးလာ့ဒ်… ဗီးလာ့ဒ်” ဟု ဆုတောင်းကြလိမ့်မည်။ မေတ္တာပို့ကြလိမ့်မည်။

သူ့အမည်ကို တဖွဖွရွတ်ယင်း ဗီးလာ့ဒ် အိပ်ပျော်သွားသည်။

"မဟုတ်တာပဲ၊ ဒီလိုဆိုယင် ကျွန်တော်ကိုယ်တိုင် ဝန်ကြီး ဗီးလာ့ဒ်ဆီကို ဖုန်းဆက်မေးမယ်"

ပီယာက ပြော၏။

မိုးတဖွဲဖွဲအောက် မီးတိုင်တတိုင်ဘေးတွင် ရပ်နေကြသည်။ မိုးက တော်တော်နှင့် စဲမည် မထင်။ အရာအားလုံးကို နစ်မြုပ်သွားအောင် ရွာတော့မည်လော မပြောတတ်။ ပျဉ်ပြားစအချို့က ရေပေါ်တွင် မျောနေကြသည်။ ပုလိပ်အရာရှိ၏ ဦးထုပ်စွန်းမှ ရေစက်များသည် စီးကျနေကြ၏။

"ပါရီကလာတဲ့ အမိန့်ပဲ၊ ဝန်ကြီးရဲ့ ညွှန်ကြားချက်အရ ဖြစ်မှာပေါ့"

မက်ဒရစ်တွင်မူ ပြင်သစ်မှလာမည့် လေယာဉ်ပျံများကို စောင့်နေကြသည်။ ဖက်ဆစ်တို့က ရှေ့သို့ ချီတက်နေပြီဟု ရေဒီယိုမှ ယနေ့မနက် ကြေငြာသွားသည်။ ပီယာသည် ပါရီနှင့် တယ်လီဖုန်း အဆက်ရရန် စောင့်၏။ ခပ်ဝဝကြောင်တကောင်က ခုံစောင်းပေါ်တွင် အိပ်လျက်။ မိုးက သဲသဲမဲမဲ ရွာချနေသည်။ နောက်ဆုံးတွင် ဝန်ကြီးဗီးလာ့ဒ်၏ အတွင်းဝန်နှင့် တယ်လီဖုန်း အဆက်အသွယ်ရသည်။ အတွင်းဝန်၏ အသံက ယဉ်ယဉ်ကျေးကျေး၊ အေးအေးစက်စက်။

"ဟုတ်ပါတယ်၊ လူကြီးမင်းရဲ့ တင်ပြချက်ကို ဝန်ကြီးထံ ပို့ပေးပါ့မယ်၊ ဝန်ကြီး အလုပ်များနေပါတယ်ခင်ဗျာ၊ ဟုတ်ကဲ့ ပုလိပ် အရေးပိုင်တဲ့ကိစ္စမှာ ဝန်ကြီးက ဝင်စွက်မယ် မထင်ပါဘူးခင်ဗျာ"

သူနှင့် ဆက်ပြောနေ၍ အကြောင်းမထူး။ တယ်လီဖုန်းကို ချလိုက်သည်။ အတွင်းဝန်သည်လည်း ဆိုရှယ်လစ်ပါတီဝင်တဦး မဟုတ်လော။ သူလိုက်မှ ဖြစ်မည်။ ပါရီကို သူကိုယ်တိုင် လိုက်သွားမှ ဖြစ်မည်။

ပုလိပ်အရာရှိက မည်သို့မျှ မပြော။ ပီယာသည် ဘူတာရုံနားက ကဖီးဆိုင်ကလေးတခုထဲသို့ ဝင်လာခဲ့သည်။ ဆိုင်ထဲရောက်လာသည့် လူများက

ရေစိုလာသည့် သူတို့အဝတ်များကို ခါချနေကြ၏။ အထဲတွင် နွေးနေသည်။

ကိုယ့်အတွေးနဲ့ကိုယ်ဖြစ်၍ ပီယာ ဘာကိုမျှ မကြား။ ဆိုင်ပိုင်ရှင်က ဘာသောက်မည်နည်းဟု မေးနေသည်ကိုပင် ကောင်းကောင်း နားမလည်။ သူ့အတွေးများသည် မက်ဒရစ်သို့ ရောက်နေကြသည်။ မြေပုံတခုပေါ်တွင် စက်ဝိုင်းကလေးတခု။ မြားကြီးများက ထိုစက်ဝိုင်းကလေးဆီသို့ ဦးတည်နေကြသည်။

အေ ၆၈ လေယာဉ် ဆယ့်တစီး မနက်ဖြန် ရောက်မည်ဟု မွန်းနက်က သတင်းပို့ပြီးပြီ။ မက်ဒရစ်က လူများသည် လေယာဉ်ပျံများကို စောင့်နေကြတော့မည်။ မျှော်နေကြတော့မည်။ ယခု မရောက်နိုင်တော့။ အစီအစဉ်တွေ အကုန်ပျက်ကုန်ပြီ။ သူ ကြည်ညိုလေးစားသည့် ဗီးလာ့ဒ်ကြောင့် ပျက်ကုန်ခြင်းလော။ ပီယာသည် သူ့အတွေးကြောင့် လန့်သွား၏။ ဗီးလာ့ဒ်လို ရိုးသား၍ ပြတ်သားသည့် ခေါင်းဆောင်တယောက်ကို မကောင်း ထင်ရက်လေခြင်းဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ ဟုတ်သည်။ သူညံ့၍ ဖြစ်ရမည်။ ဗီးလာ့ဒ်သည် ဤသို့ မလုပ်တန်ရာ။

ကော့ညက်တခွက်ကို သောက်ပြီးနောက် စီးကရက်တလိပ်ကို ဖွာသည်။ တဘက်စားပွဲက ပြောနေသည့် စကားများကို ကြိုးစား၍ နားထောင်သည်။ အိမ်နီးချင်း၏ ယုန်ကလေးများကို အဆိပ်ခတ်သတ်သည့် မိန်းမတယောက်အကြောင်းကို ပြောနေကြခြင်း ဖြစ်၏။ မိုးစက်ကျသံများကို နားထောင်မိသည်။ အင်္ဂနိစ်၏ မျက်လုံးများကို သွား၍ အမှတ်ရပြန်သည်။ မိုးစက်မှုန်မှုန်များထဲတွင် ခပ်မှိန်မှိန် လင်းနေသော မီးပွင့်များကို ကြည့်သည်။ သို့ရာတွင် အချည်းနှီး။ သူ့အတွေးများသည် ဗီးလာ့ဒ်ဆီသို့ ပြန်ရောက်လာကြသည်။ သူ ကြည်ညိုလေးစားသည့် ဗီးလာ့ဒ်လို ခေါင်းဆောင်တယောက်အပေါ် သံသယဖြစ်ရခြင်းမှာ မကောင်း။ ရင်ထဲတွင် လေးပြီး နာကျင်နေသည်။ ရောဂါကြီးတခု၏ ရှေ့ပြေးလက္ခဏာချက်များလို လန့်စရာကောင်းသည်။ မစ်ရှော၏ လှောင်ပြောင်သည့် စကားလုံးများနှင့် ပြင်သစ် ဆိုရှယ်လစ်ခေါင်းဆောင်များက သူ့ကို မည်သို့ လက်ခံတွေ့ဆုံလိုက်ပုံကို ပြောပြသွားသည့် မွန်းနက်၏ စကားများကို အမှတ်ရသည်။ မဖြစ်နိုင်။ သူတို့စကားများသည် သူ့ခေါင်းဆောင်များကို အပုပ်ချသည့် စကားများ၊ လုပ်ကြံသည့် စကားများသာ ဖြစ်ရမည်။ သူကိုယ်တိုင်

တကယ်ပင် နေမကောင်း ဖြစ်နေသလော။ အအေးမိလာသလော။ ကဖီးထဲတွင် နွေးနေသည့်တိုင် သူ့တကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ မီးရထားထွက်အောင် နှစ်နာရီ စောင့်ရဦးမည်။ အိပ်ရန် ကြိုးစားကြည့်သည်။ မရ။ သတင်းစာကြော်ငြာတွေကို လှျောက်ဖတ်သည်။ နွားအရောင်းအဝယ်၊ လားအရောင်းအဝယ် ကြော်ငြာများ။ သူစပ်ခဲ့ဖူးသည့် ကဗျာတပိုင်းတစများကို ပြန်စဉ်းစားကြည့်သည်။ ထိုကြားထဲမှ ပြုံးနေသည့် ဗီးလာ့ဒ်၏မျက်နှာသည် ပေါ်လာ၏။ အလံနီများအောက် စင်မြင့်ပေါ်တွင် ရပ်လျက်။ ယခု မည်သို့ဖြစ်သွားသနည်း။ သူနှင့် စကားပြောသည့် အတွင်းဝန်သည် ဘာမျှ နားမလည်သူ ဖြစ်ရမည်။ နိုင်ငံရေးကို ဘာမျှ နားမလည်ပဲ အခြောက်တိုက် ကုလားထိုင်ပေါ် ရောက်လာသူ ဖြစ်ရမည်။ ယခု လေယာဉ်ပျံကို သယ်ခွင့်မပြုနိုင်ဟု ပုလိပ်က တားနေပြီ။ ဝန်ကြီးဗီးလာ့ဒ်သည် ပုလိပ်တို့ကို အဘယ်ကြောင့် ရှင်းမပစ်သနည်း။ ပုလိပ်အများစုသည် ဖက်ဆစ်လိုလားသူများ မဟုတ်လော။ သူ့ကို လာတားသည့် ပုလိပ်အရာရှိက စပိန်အစိုးရကို “အနီ” ဟုခေါ်ကာ လှောင်ပြောင်ရယ်မောသွားသည်။ ဟုတ်သည်။ ထိုအရာရှိသည် ကေနွ ဘရီကျူး၏ နောက်လိုက် ဖြစ်ရမည်။ သူတို့ခေါင်းဆောင်များသည် ဤလို ပုလိပ်မျိုးကို ထုတ်ပစ်မည် မုချ။ သူတို့နှောင့်ယှက်နိုင်လျှင် သည်တရက်ပေါ့။ သို့ရာတွင် စပိန်တွင်မူ တရက်သည်လည်း အရေးကြီးသည်သာ။ ဤအကြောင်းကို တွေးရသည်မှာ ရင်မောလှချည့်။

ကဖီးထဲတွင် တိတ်ဆိတ်သွား၏။ အချို့က ပြန်ထွက်သွားကြပြီး၊ ကျန်ရစ်သူအချို့က ညရထားကို စောင့်နေကြသည်။ ဆိုင်ပိုင်ရှင် မိန်းမဝဝကြီးသည်လည်း ထိုးလက်စ သိုးမွေးလုံးအစိမ်းကို ဗိုက်ပေါ်တွင် တင်၍ အိပ်ငိုက်နေသည်။ ထောင့်တထောင့်တွင် အလုပ်သမားတယောက်သည် ပေါင်မုန့်တစ်ဖဲ့ကို ဝိုင်နီနီထဲသို့ နှစ်လိုက်ယင်း အဖော်ကို စိတ်အားထက်သန်စွာ စကားပြောနေသည်။ ပီယာက နားကိုစွင့်၍ နားထောင်၏။

“ခုအချိန်မှာ အရေးကြီးတာက စပိန်ကိစ္စပဲဗျ၊ ကျုပ်တော့ သွားတိုက်မှာပဲ၊ ကျုပ်တို့မသွားယင် ဘယ်သူသွားမှာလဲ၊ ကျုပ်တို့အနေနဲ့ စပိန်တွေကို ကူရမှာပဲ၊ မကူယင် ကျုပ်တို့ပါ မလွယ်ဘူး”

ပီယာသည် သူ့ကိုယ်သူ မနည်းချုပ်တည်းထားလိုက်ရသည်။ ထသွားပြီး

အလုပ်သမားကို လက်ဆွဲနှုတ်ဆက်လိုက်ချင်သည်။ “မှန်လိုက်လေဗျာ” ဟု အော်ပြောလိုက်ချင်သည်။ ပီယာသည် သူတို့ကို ကြည့်၍ ပြုံးပြလိုက်၏။ အလုပ်သမားကလည်း နားလည်ပုံရသည်။ နောက်သလို ပြောင်သလိုဖြင့် မျက်စိတဘက်ကို မှိတ်ပြလိုက်သည်။

ပါရီသို့ရောက်လျှင် ပီယာသည် ဝန်ကြီးရုံးသို့ တန်းလာခဲ့သည်။ ဝန်ကြီး အလုပ်များနေသည်ဟု ပြောလိုက်ကြ၏။ ပီယာသည် နှစ်နာရီကြာမျှ အပြင်တွင် ထိုင်စောင့်နေရသည်။ အခြားသူများကလည်း သူ့လိုပင် ထိုင်စောင့်နေကြ၏။ အများအားဖြင့် ဆိုရှယ်လစ်ပါတီဝင်များဖြစ်ကြပြီး၊ မော်ကွန်းဝင်တံဆိပ်နှင့် အခြားအခွင့်အရေးအမျိုးမျိုးကို လာတောင်းသူများ ဖြစ်ကြသည်။

“အဒေါ်က သူ ခေါင်းဆောင်မဖြစ်ခင် ပိုစတာကပ်၊ အော်လန်နဲ့ လိုက်အော်တဲ့ အောက်ခြေကေဒါကလေး ဘဝကတည်းက သိတာပါကွယ်၊ ဒီအကူအညီလောက်တော့ ပေးမှာပါ”

အမျိုးသမီးကြီးတဦးက ပြောသည်။ ဗီးလာ့ဒ်က ထိုအမျိုးသမီးကြီးကို တွေ့ခွင့်ပြုသည်။ အခြားသူများကိုလည်း တွေ့ခွင့်ပြု၏။ ပီယာကိုမူ မခေါ်သေး။

“ဝန်ကြီး နေ့လယ်စာစားဖို့ ပြန်သွားပါတယ်၊ ညနေ သုံးနာရီမှ ရုံးကို ပြန်ရောက်ပါမယ်”

ပီယာသည် စိတ်ပျက်လက်ပျက်ဖြင့် ပန်းခြံထဲက ထိုင်ခုံတခုပေါ်တွင် ညနေသုံးနာရီ ထိုးသည်အထိ သွားထိုင်နေသည်။ သူ့ပတ်ဝန်းကျင်တွင် လူ့လောကကြီးသည် ခါတိုင်းလို လှုပ်ရှားလျက်။ စက်ချုပ်သမများက ပေါင်မုန့်ကြွပ်ကို ချောကလက်နှင့် ဝါးနေကြသည်။ အမျိုးသမီးတသိုက်သည် ဆိုင်တဆိုင်ရှေ့က အထည်အလိပ်များကို ဖြန့်၍ ကြည့်နေကြ၏။ တက္ကစီသမားများက တယောက်ကိုတယောက် လှမ်းဆဲနေကြသည်။ အဘိုးကြီးများက ထိုင်ခုံပေါ်တွင် ထိုင်ကာ ခိုများကို အစာကျွေးနေကြ၏။ ဧည့်ကြိုများက မထုံတက်သေးနိုင်သည့် အင်္ဂလိပ်လူမျိုး ခရီးသည်များအား ရှုခင်းရှုကွက်များကို လိုက်ပြနေကြသည်။ ပွဲစားများက နောက်ဆုံး ရွှေဈေးသတင်းကို မေးနေကြ၏။ မည်သူမျှ စပိန်ပြည်အကြောင်းကို စိတ်ဝင်စားပုံမရ။ မည်သူမျှ မက်ဒရစ်မြို့၏ ကံကြမ္မာကို တွေးပူပုံ မတူ။

“ဒီလောက်ဆိုယင် တာလာဗီရာကိုများ သိမ်းပြီးပြီလား မဆိုနိုင်ဘူး” ဟု ပီယာ စိုးရိမ်တကြီး တွေးနေသည်။ နာရီစင်ပေါ်မှ လက်တံများသည် အိပ်ပျော်နေပြီလော မဆိုနိုင်။ သူ ပန်းခြံထဲ ထိုင်နေရသည်မှာ တနေ့လောက် ကြာသွားပြီဟု ထင်သည်။ သို့ရာတွင် ညနေသုံးနာရီ မထိုးသေး။

နေ့လည်စာ စားပြီးသည့်နောက်တွင် ဝန်ကြီးမီးလာဒ်သည် ရုံးသို့ ပြန်လာ၏။ ပီယာကမူ ညှော်ခန်းထဲတွင် ထိုင်စောင့်ရဆဲ။ သူတယောက်တည်းသာ ရှိတော့သည်။ ညှော်သည်တွေ့ချိန် ကုန်သွားပြီ။ ခဏအကြာတွင် အတွင်းဝန်တယောက် ထွက်လာသည်။

“ဝန်ကြီးက ပြောလိုက်ပါတယ်၊ အရေးကြီးတဲ့ ကိစ္စတခု ရှိလို့ပါတဲ့၊ ကိစ္စရှိယင် ကျွန်တော်နဲ့ ဆွေးနွေးပါတဲ့”

ပီယာက လေယာဉ်ကွင်းတွင် စပိန်သို့ပို့မည့် လေယာဉ်များကို ပုလိပ်က တားထားကြောင်း ပြောပြ၏။ သူ့စကားမဆုံးခင် အတွင်းဝန်က...

“ဒီကိစ္စကို ဝန်ကြီးကိုယ်တိုင် ကိုင်တာပါ။ ကျွန်တော်တို့ ဆိုရှယ်လစ်ပါတီဝင် အချင်းချင်း ပွင့်ပွင့်လင်းလင်း ပြောမယ်ဆိုယင်တော့... အခြေအနေက သိပ်အရေးကြီး နေတယ်၊ ကျွန်တော်တို့အနေနဲ့ တခုခုကိုတော့ ရွေးရမှာပဲ။ စပိန်တွေကို ကျွန်တော်တို့ ကူလိုက်ယင် ကျွန်တော်တို့အားလုံး ဒုက္ခရောက်မှာပဲ ခင်ဗျ။ စစ်ကြီး ဖြစ်လာနိုင်တယ်။ ပြီးတော့ ပြည်တွင်းမှာလဲ ဖက်ဆစ်တွေ ခေါင်းထောင်လာနိုင်တယ်”

“ဟုတ်ပါတယ်၊ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ဖရန်ကိုက မက်ဒရစ်ကို သိမ်းတော့မယ်ဗျ၊ ဒီမှာလဲ ဘာရီကျူးရှိတယ်”

“ဒီလို ကြည့်လို့တော့ မမှန်ဘူးလေ၊ စပိန်ဆိုတာ ခေတ်နောက်ကျတဲ့ တိုင်းပြည်။ ပဒေသရာဇ်တပိုင်း တိုင်းပြည်ပါ၊ ဘာမှ အရေးမကြီးပါဘူး၊ စပိန်သမ္မတနိုင်ငံဆိုတာ တကယ်တော့ သဘာဝကျကျ ပေါ်ပေါက်လာတဲ့ တိုင်းပြည် မဟုတ်ပါဘူး။ အတင်းဖန်တီးလို့ ပေါ်ပေါက်လာတဲ့ တိုင်းပြည်ပါ၊ အခြေခံ မရှိပါဘူး၊ ဒီတော့ ဒီလိုတိုင်းပြည်မျိုးကို ကျွန်တော်တို့ အကာအကွယ်ပေးမလား၊ ဒါမှမဟုတ် ရေ့တန်းရောက်နေတဲ့ တိုင်းပြည်တပြည်... အဲ... အဲဒီတိုင်းပြည်ကလဲ

ကျွန်တော်တို့တိုင်းပြည် ဖြစ်နေတယ်ဗျ။ အဲဒီလိုတိုင်းပြည်က ဆိုရှယ်လစ်စနစ်ကို ကယ်တင်မလား၊ ဒါကို ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း မြင်တတ်ရမှာပေါ့။ စပိန်နဲ့ ပတ်သက်တဲ့ ကိစ္စမှာ တင်းကြပ်တဲ့ မစွက်ဖက်ရေးဝါဒကို လိုက်နာဖို့ ဝန်ကြီးက ဆုံးဖြတ်လိုက်တယ် ခင်ဗျ”

ကမ္ဘာမြေကြီးတခုလုံး ချာချာလည်သွားသည် ထင်လိုက်ရ၏။ လွန်ခဲ့သည့် တပတ်လုံးလုံး သူ သောကရောက်ခဲ့ရသည်။ ပင်လယ်ကမ်းခြေက ရွာကလေးသို့ ရောက်ခဲ့စဉ် တွေ့ခဲ့ရသည့် မုန်တိုင်း၊ ပန်းခြံထဲက ထိုင်ခုံပေါ်တွင် သုံးနာရီထိုးအောင် ထိုင်စောင့်ခဲ့ရသည့် အဖြစ်။ ပတ်ဝန်းကျင်မှ လူများ၏ ဥပေက္ခာနိုင်လှသည့် ရယ်မောသံများ။ ညလုံးပေါက် အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရပုံ။ သူ့ခေါင်းဆောင် ဗီးလာ့ဒ်အပေါ်တွင် အထင်တကြီး မျှော်လင့်ချက် ထားခဲ့သည့် အဖြစ်။ မက်ဒရစ် ကျတော့မည်လောဟု ရင်တမမ ဖြစ်ခဲ့ရပုံ...။

အတွင်းဝန်၏ စကားကို ကြားလိုက်ရသည့်အခါတွင် ထိုအတွေးများသည် သူ့ခေါင်းထဲသို့ စုပြုံတိုးဝင်လာကြသည်။ ထိုအရာများအားလုံးသည် စကားတခွန်းအဖြစ် ထွက်လာ၏။

“နေပါဦး၊ ဒါဖြင့် ခင်ဗျားတို့ ဝန်ကြီးဟာ သစ္စာဖောက် ဝန်ကြီးပေါ့၊ ဟုတ်လား”

အတွင်းဝန်သည် မမျှော်လင့်သည့်စကားကြောင့် အံ့အားသင့်နေသည်။

“ခွင့်လွှတ်ပါခင်ဗျာ၊ မိတ်ဆွေ ဘာကိုဆိုလိုတာပါလဲ”

သို့ရာတွင် သူ့ရှေ့၌ ပီယာကို မတွေ့ရတော့။ ပီယာသည် ကော်ဇောနီကြီးတွေ ခင်းထားသည့် လှေခါးတလျှောက် ပြေးဆင်းလာခဲ့သည်။ ရုံးလုလင်များသည် သူ့ကို ကြည့်နေကြ၏။ သူတို့အကြည့်က လှောင်ပြောင်သည့်အကြည့်။ “ငနဲ အလုပ်သွားတောင်းတာ ဆန်ပြုတ်ဖြစ်လာပြီ” ဆိုသည့် အကြည့်။

စိတ်သက်သာလို သက်သာငြား လမ်းမတလျှောက် ပြေးလာခဲ့သည်။ ရင်ထဲတွင် ဗလောင်ဆူလိုက်သည့် ဖြစ်ခြင်း။ မည်သည့်အရာကမျှ သူ့ရင်ကို ငြိမ်အောင် လုပ်နိုင်စွမ်း ရှိမည်မထင်။ သူကြည်ညိုလေးစား၍ ကိုးကွယ်ခဲ့သည့်

ဗီးလာ့ဒ်သည် အဘယ့်ကြောင့် ဤမျှ ယုတ်ညံ့သိမ်ဖျင်းသွားရသနည်းဟု သူမစဉ်းစားချင်တော့။ မျှော်လင့်ချက် ဆုံးရှုံးသွားရသည့် အဖြစ်။ အသက်ရှူ၍ မရအောင် ဖြစ်နေသည့် ဟာလာဟင်းလင်း ဖြစ်မှုတို့ကိုသာ ခံစားရသည်။ အင်္ဂနိစ်၏ စကားသည် မှန်လိုက်လေခြင်း။ သူသည် တံလျှပ်ကို ရေထင်ခဲ့သည်။ သူတို့ထောင်ခဲ့သည့် ပိုက်ကို အဟုတ်ထင်၍ တိုးခဲ့သည်။ သူလိမ် ကိုယ်လိမ် လိမ်နေကြသည့် အလိမ်အညာလောကကို အဟုတ်ထင်ခဲ့သည်။ သူ အလိမ်ခံခဲ့ရပြီ။ လွန်ခဲ့သည့် တနာရီလောက်အထိ လူတွေကို သူ အကောင်းထင်ခဲ့သည်။ ရဲဘော်စိတ်ဓာတ်ဆိုသည်ကို သူယုံခဲ့သည်။ သူ့ဘဝ၏ အသက်ဖြစ်သည့် ဆိုရှယ်လစ်အရေးတော်ပုံကို သူယုံခဲ့သည်။ မွန်းနက်တို့တတွေက သူ့ကို မည်သို့ထင်ကြမည်နည်း။ တာလီဗီယာမြို့ကော ရန်သူလက်သို့ ကျပြီလော။

စပိန်ပြည်အကြောင်းကို စဉ်းစားလိုက်သည့်အခါတွင်မှ သူသည် သတိပြန်ဝင်လာ၏။ ဟုတ်သည်။ တနာရီအတွင်းတွင် ပြောင်းသွားသည့်အရာတွေ လောကတွင် တပုံကြီး ရှိသော်လည်း မပြောင်းသည့်အရာတွေ ကျန်သေးသည်။ မက်ဒရစ်မြို့ထဲတွင် စပိန်ပြည်သူများသည် ရန်သူကို ခုခံတိုက်နေကြဆဲ။ အေ ဗီ၈ လေယာဉ်တွေ မပါပဲ အမဲလိုက်သေနတ်များဖြင့် ရန်သူကို ခံတိုက်ကြဆဲ။ စပိန်ကို သူသွားတော့မည်။ စပိန်ပြည်သူတို့၏ တိုက်ပွဲတွင် ဝင်တိုက်ယင်း အသေခံတော့မည်။ စပိန်ပြည်သူတို့ကို ကူညီရန်မှာ သူ့အဖို့ ဤတနည်းသာ ရှိတော့သည်။

ဘတ်စ်ကားတစီးပေါ်သို့ ခုန်တက်လိုက်ခဲ့သည်။ မစ်ရှောထံ သွားမည်။ မက်ဒရစ်ကိုသွားရန် မစ်ရှောက လမ်းညွှန်လိမ့်မည်။

မစ်ရှောက အခြေအနေကို ချက်ချင်း နားလည်လိုက်၏။

"ဒါဖြင့် သူတို့ လေယာဉ်ပျံတွေကို တားထားလိုက်ပြီပေါ့"

"ဟုတ်တယ်၊ တားထားတယ်၊ ဘယ်သူက တားတယ် ထင်သလဲ၊ ဗီးလာ့ဒ်က တားတာဗျ၊ ဗီးလာ့ဒ်က တားတာ၊ အေးလေ၊ ခင်ဗျား နားလည်မှာပါ၊ ကျွန်တော်တော့ ရှုးတောင် ရှူးချင်တယ်၊ ဒီမှာ မစ်ရှော၊ ကျွန်တော် စပိန်ကို သွားချင်တယ်ဗျာ၊ ကျွန်တော့်ကို ပို့ပေးနိုင်မလား၊ ဒီအကြောင်းတွေကို မပြောခင်ဘူး၊ ခုအချိန်မှာ စကားပြောနေလို့ အလကားပဲ"

ပီယာ မည်မျှ ခံစားနေရသည်ကို မစ်ရှော နားလည်သည်။ မစ်ရှောက စကားတလုံးမျှ မပြောပဲ လက်ဆွဲနှုတ်ဆက်၏။ သူတို့နှစ်ယောက်သည် ပြတင်းပေါက်နားတွင် ရပ်နေကြသည်။ အပြင်ဘက်တွင် ကလေးများသည် ဖားခုန်တမ်း ကစားနေကြ၏။

အတန်ကြာ တိတ်ဆိတ်နေပြီးနောက် မစ်ရှောက ပြော၏။ “မွန်းနက်တော့ ‘ပိုတာ’လေယာဉ်သုံးစီး ဝယ်လို့ ရသွားတယ်၊ လေယာဉ်အကြောင်းကို သူ ဘာမှနားလည်တာမဟုတ်ဘူး၊ ကျွန်တော်တို့အထဲမှာ လေယာဉ်ပျံအကြောင်းကို သိတာ ခင်ဗျားတယောက်ပဲ ရှိတယ်၊ ခင်ဗျားခံစားချက်ကို ကျွန်တော် နားလည်ပါတယ် ပီယာ၊ ခု ကျွန်တော်တို့ စပိန်ကိုပို့ဖို့ အပျော်တမ်းတပ်ဖွဲ့ဝင်တွေ စုနေတယ်၊ ကျွန်တော်လဲ လိုက်သွားမှာပဲ၊ ဒါပေမယ့် ခင်ဗျားကတော့ လိုက်လို့ မဖြစ်ဘူး ထင်တယ်၊ ဒီမှာ ခင်ဗျား မရှိယင် လေယာဉ်ဝယ်ရေးကိစ္စတွေ ဘာတွေ ကိုးရိုးကားရား ဖြစ်ကုန်မှာပေါ့”

ပီယာက ကန့်ကွက်ခြင်းမပြု။ ဟုတ်သည်။ မနက်ဖြန်ဆိုလျှင် လေယာဉ်ကွင်းသို့ သွား၍ လေယာဉ်ပျံများကို သွားကြည့်ရဦးမည်။ ဟုတ်သည်။ သူနေရစ်ခဲ့မှ ဖြစ်မည်။

လမ်းမသို့ ပြန်ထွက်လာသည့်အခါတွင် ပီယာသည် သူ့ပတ်ဝန်းကျင်ကို နားမလည်သည့်နှယ် ယောင်ချာချာ ဖြစ်နေသည်။ ဘယ်ကို သွားရမည်နည်း။ မည်သို့မည်ပုံ ရောက်သွားသည် မသိ။ ပါရီမြို့လယ်ခေါင်ကို ဖြတ်ကာ အန်ဒရေ၏ စတူဒီယိုသို့ ရောက်သွားသည်။

သူတို့နှစ်ယောက် မတွေ့ခဲ့ကြသည်မှာ ခြောက်လလောက် ကြာသွားပြီ။ ပီယာအဖို့မူ ဆယ်စုနှစ်များစွာ ကြာသွားပြီဟု ထင်၏။ ထိုစဉ်က သူက မနူးမနပ် နိုင်ငံရေးသမား ပေါက်စ။

“ဘယ်လိုလဲဗျို့၊ ဘာတွေ လုပ်နေသလဲ”

အန်ဒရေ မည်သို့ ဖြေရမည် မသိ။ နွေတုန်းက ဖြစ်ပျက်ခဲ့သည့် သပိတ်များကြောင့် သူ ဘယ်မျှ စိတ်လှုပ်ရှားခဲ့ရပုံကို ပြောပြရမည်လော။ သို့မဟုတ် ဂျဲနက်ကို ဘယ်လိုတွေ့ပြီး ဘယ်လို ပျောက်ဆုံးသွားခဲ့ရသည်ကို ပြောပြရမည်လော။

"ကျွန်တော် သက်ငြိမ်ပန်းချီကားတကား ဆွဲနေတယ်ဗျ။ ဆွဲလို့ မရပါဘူးဗျာ"

ပီယာက သူ့ကို တအံ့တသြ ကြည့်လိုက်သည်။

"ခင်ဗျားကတော့ အလျင်လိုပဲ၊ ဘာမှ မပြောင်းလဲဘူးနော်၊ ယဉ်ကျေးမှုအသင်း ဟောပြောပွဲတွေကို ကျွန်တော် ခေါ်သွားတာတွေ မှတ်မိသေးရဲ့လား"

အန်ဒရေက လေတချက် ချွန်လိုက်ပြီး...

"ဟော့လူ... ခင်ဗျား လူဆန်းအကြောင်း ကြားပြီးပြီလား၊ စပိန်မှာ ရောက်နေပြီတဲ့ဗျ"

"သတင်းစာတွေထဲမှာ တွေ့လိုက်ပါတယ်၊ သံတမန် အလုပ်တခု ရသွားတယ်လေ"

"ဗျာ... ဟုတ်လား၊ ကျွန်တော်က စပိန်မှာ ဝင်တိုက်နေတယ် ထင်နေတာ"

ပီယာက ပြုံးသည်။ အန်ဒရေသည် သူ မနူးမနပ်ဖြစ်ခဲ့စဉ်ကလို ကလေးသာသာမျှသာ ရှိသေးသည်ဟု တွေး၏။ ဗီးလာ့ဒ်၏အကြောင်းကို အန်ဒရေအား ပြောပြသည်။ ထုံးစံအတိုင်း ရင်ထဲတွင် မထားတတ်။ ပြောစရာရှိလျှင် ပြောချလိုက်ရမှ။ နံရံပေါ်က ပန်းချီကားတွေကပင်လျှင် ဗီးလာ့ဒ်ဆိုသည့် သစ္စာဖောက်ကို ဝိုင်း၍ ရှုတ်ချကန့်ကွက်လိုက်စေချင်သည်။ သို့ရာတွင် အန်ဒရေကမူ ဘာမျှ မထူးခြားသည့်နှယ်။ မတုန်မလှုပ်။

"ကြည့်စမ်းပါဦးဗျာ၊ ခင်ဗျား ဘယ်လိုထင်သလဲ၊ ပြောတော့ နိုင်ငံတကာစိတ်ဓာတ်တဲ့၊ ဆိုရှယ်လစ်အရေးတော်တဲ့၊ လုပ်တော့တမျိုး၊ ဗီးလာ့ဒ်ဆိုတဲ့ လူမျိုး ဒီလိုဖြစ်သွားတာကို ခင်ဗျား ဘယ့်နှယ် ခံစားရသလဲ"

"ဘယ့်နှယ် နေရမလဲဗျာ၊ ဒါတွေက ဖြစ်နိုင်ပါတယ်"

"ဘာ... ဖြစ်နိုင်တယ်၊ ဟုတ်လား၊ လိမ်တာ သစ္စာဖောက်တာကို ကျွန်တော်တို့က ခွင့်လွှတ်ရမှာလား၊ သူငယ်ငယ်တုန်းကတဲ့၊ ကျွန်တော့်အဖေနဲ့အတူ

စပိန်တယောက်ကို ကယ်ခဲ့ဖူးတယ်တဲ့ဗျ၊ ကျွန်တော့်ကို မကြာမကြာ ပြောတတ်တယ်၊ ခုတော့ စပိန်လူမျိုးတမျိုးလုံးကို ဖက်ဆစ်တွေလက်ထဲ ထိုးအပ်လိုက်ပြီလေ၊ ဒါ ဘာလဲဗျ၊ သစ္စာဖောက်တာ မဟုတ်ဘူးလား၊ သစ္စာဖောက်တာကို ကျွန်တော်က နားလည်ရမှာလား၊ ခွင့်လွှတ်ရမှာလား”

“ဂိုယာရဲ့ ပုံတူပန်းချီကားတွေကို ခင်ဗျား သတိရသေး”

ပီယာက ဒေါပွပွဖြင့် အော်လိုက်သည်။

“ဘာ ပန်းချီကားတွေလဲ။ ဒီအချိန်မှာ ကျုပ်ကို ဒါတွေ လာမပြောနဲ့၊ နားမထောင်ချင်ဘူး၊ ခင်ဗျားမှာ လူစိတ်ကော ရှိမှ ရှိသေးရဲ့လား ဟင်၊ ကမ္ဘာကြီး မီးလောင်နေတုန်းမှာလဲ ပန်းချီကားတွေ ဆွဲနေကြဦးမှာလား၊ ပန်းချီကားတွေကို ကြည့်ပြီး ကြည်နူးနေကြဦးမှာလား၊ သွေးတွေ၊ အနိဋ္ဌာရုံတွေ၊ လူ့အသားတစ်တွေကို ကြည့်ပြီး ကြည်နူးနေကြဦးမှာလား၊ အလကားလူတွေ”

ပီယာသည် လှေကားဆီသို့ ပြေးဆင်းသွား၏။

“ဆောရီးဗျာ၊ နောက်မှတွေ့မယ်”

လှေကားထိပ်မှ လှမ်းအော်သွားသည်။ သူထွက်သွားသည့်အခါကျမှ အန်ဒရေ ဒေါပွလာသည်။ အပြင်သို့ထွက်၍ ပီယာကို လိုက်ရှာ၏။ သို့ရာတွင် မမြင်ရတော့။ စိတ်ပျက်လက်ပျက်ဖြင့် ဆေးတံကို ဖွာသည်။ ပီယာသည် သူ့ကို ဘာကြောင့် စော်ကားသွားရသနည်း။ သူပြောသည့် စကားထဲတွင် ဘာမျှ စိတ်ဆိုးစရာမပါ။ နားလည်နိုင်သည် ဆိုသည့် စကားတခွန်းသာ ပါသည်။ ဟုတ်သည်။ နားလည်နိုင်သည်။ ဗီးလာ့ဒ်လို လူမျိုးကို ရှင်းရှင်း မြင်၍ ရသည်။ ခက်သည်က လူဆန်းလို လူမျိုး။ ဝက်မြီးလို ဟိုဘက်ယမ်း သည်ဘက်ယမ်းနေသည့် လူမျိုး၊ သူ့လိုလူနှင့် ပေါင်းရသည်ထက် ခွေးတွေနှင့် နေရသည်ကမှ တော်ဦးမည်။ တကောင် တကောင် ကိုက်ချင်ကိုက်ကြမည်။ ဟိန်းချင် ဟိန်းကြမည်။ ကုတ်ချင် ကုတ်ကြမည်။ သို့ရာတွင် စကားလှလှတွေကို မပြောကြ။ ကျေးဇူးပင် တင်ရဦးမည်။

သို့ရာတွင် ပီယာကကော။ သူ့ကို အဘယ့်ကြောင့် အခြောက်တိုက် စော်ကားသွားခဲ့သနည်း။ ဘာကြောင့် အချင်းချင်း ဘက်ကန်သွားရသနည်း။

ပီယာ စိတ်ညစ်သည်။ စက်ရုံတွင် သူအလုပ်မလုပ်ချင်။ သူတို့စက်ရုံက လေယာဉ်အင်ဂျင်များသည် တနေ့တွင် ဖရန်ကို လက်ထဲသို့ ရောက်ချင်ရောက်မည် သို့မဟုတ် ဘာရီကျူးလက်ထဲသို့ ရောက်လျှင်လည်း ရောက်မည်။ သို့ဖြစ်လျှင် ဤလေယာဉ်စက်တွေကို ထုတ်နေသည့် စက်ရုံမျိုးတွင် အဘယ့်ကြောင့် အားသွန်ခွန်စိုက် လုပ်နေတော့မည်နည်း။ "ပိုတာ"လေယာဉ်သုံးစင်းကမူ စပိန်သို့ ချောချောမောမော ရောက်သွားပြီ။ နောက်လအနည်းငယ်ကြာသည့်အခါတွင် တိုက်လေယာဉ် အနည်းငယ် ပို့နိုင်ခဲ့သည်။ သို့ရာတွင် သမုဒ္ဒရာထဲ ရေတပေါက်ကျသည့်နှယ်။ စပိန်အစိုးရက ကြေးနန်းတွေ တစောင်ပြီးတစောင် ရိုက်၍ အကူအညီတောင်းနေသည်။

ပြင်သစ်ပုလိပ်တို့က လေယာဉ်ကွင်းများကို မျက်စိဒေါက်ထောက်၍ ကြည့်နေကြသည်။ ဗီးလာ့ဒ်၏ ခန့်ညားသည့်မျက်နှာသည် သတင်းစာမျက်နှာဖုံးတွင် နေ့တိုင်းပါနေသည်။ မစွက်ဖက်ရေးဝါဒကို ရောမစွန့်စားမှုကြီးတခုအဖြစ် ချီးမွမ်းခန်း ဖွင့်နေသည်။ "ငြိမ်းချမ်းရေးကို ကျွန်တော်တို့ ထိန်းသိမ်းနိုင်ခဲ့ကြပြီ" ဟု ကျယ်လောင်စွာ အော်နေသည်။ စပိန်ကလေးသူငယ်များအတွက် နို့မှုန့်ဝယ်ရန်ဟု ဆိုကာ ငွေငါးထောင် လှူသည်။ "ကလေးများ အားလုံးအတွက်" ဟုလည်း ပြောလိုက်သေးသည်။

ထိုသတင်းကို ဖတ်ပြီး ပီယာ ဒေါပွလိုက်သည့် ဖြစ်ခြင်း။

"မောင်လဲ ကလေးတွေကို ချစ်တတ်ပါတယ်၊ ဒါပေမယ့် ဗီလာ့ဒ်မှာများ ကလေးရှိယင် သူ့ကလေးကို လည်ပင်းညှစ်ပစ်ချင်တယ်" ဟု အဂ္ဂနိစ်ကို ပြောမိသေးသည်။

နေ့စဉ်နှင့်အမျှ ဂျာမန်ဗုံးများသည် မက်ဒရစ်မြို့ပေါ်သို့ ကျနေကြသည်။ ပါရီမြို့က တံတိုင်းများပေါ်တွင် ဗုံးမှန်၍ သေကြေပျက်စီးကြရသည့် စပိန်ကလေးငယ်များ၏ ရုပ်ပုံများကို တွေ့နေရသည်။ အဂ္ဂနိစ်ကမူ ထိုပုံများကို မကြည့်ရဲ၊ စိတ်ဆင်းရဲသည်ဟု ဆိုသည်။ ပီယာက ဘာမျှမပြော။ သူစိတ်ဆင်းရဲခဲ့ရသည်မှာ ကြာလှပြီ။ ဖရန်ကိုက တိုလီဒိုကို သိမ်းပြီးနောက် မက်ဒရစ်မြို့ဘက်သို့ ချီတက်လာနေသည်။ သတင်းစာအချို့က အယ်ကာဇာမြို့ကို ကာကွယ်ခဲ့ကြသည့် ဖရန်ကို၏ ဖက်ဆစ်တပ်များကို ချီးကျူးရေးကြသည်။ အချို့က တိုလီဒိုတွင် ဖရန်ကို၏ တပ်များက မြို့သူမြို့သားများကို

သတ်ဖြတ်ကြသည့်အကြောင်းကို ရေးကြသည်။ "ကျွန်တော်တို့၏ အစဉ်အလာကြီးသော ပြင်သစ်လူမျိုး၏ ဉာဏ်အမြော်အမြင်ကြောင့် ဤအနိဋ္ဌာရုံတို့ကို မတွေ့ရတော့ပြီ" ဟု ဂျိုးလိယေ့က ရေးသည်။ ဘရီကျူး၏ နောက်လိုက်များက မက်ဒရစ်မြို့ကျလျှင် အထိမ်းအမှတ်ပွဲတွေ လုပ်ရန် ပြင်နေကြသည်။ သို့ရာတွင် စပိန်ပြည်သူများကမူ အလျှော့မပေးကြ။ အရှုံးမပေးကြ။

ဗီးလာ့ဒ်၏ သစ္စာဖောက်မှုသည် ဘက်ပေါင်းစုံ သစ္စာဖောက်မှု ဖြစ်သည်ဟု ပီယာထင်၏။ သူ့ကိုလည်း သစ္စာဖောက်သည်။ အဂ္ဂနိစ်ကိုလည်း သစ္စာဖောက်သည်။ ပြင်သစ်ပြည်ကြီးကိုလည်း သစ္စာဖောက်ရာ ရောက်သည်။ ဗီလာ့ဒ်၏ သစ္စာဖောက်မှုသည် နှာခေါင်းထဲတွင် အပုပ်နံ့ စွဲနေသလို သူ့ရင်ထဲတွင် စွဲနေသည်။ ပါးစပ်ထဲတွင် ဆေးခါးကြီး စွဲသလို သူ့အသည်းတွင် ဖျောက်ဖျက်မရအောင် စွဲနေသည်။ ပီယာသည် ပါရီကို မုန်းလာ၏။ ပါရီသည် ဘာမျှ မဖြစ်သည့်နှယ် ပျော်မြဲ ပါးမြဲ။ ကဖီးများတွင် လူတွေ စည်ကားဆဲ။ နိုင်ငံရေး စကားဝိုင်းတွေကို အာဘောင်အာရင်းသန်သန်နှင့် ပြောကြဆဲ။ ဖဲဝိုင်းတွေက အမြင့်သား။ ကပွဲခန်းမဆောင်များတွင် ခုနှစ်လွှာချွတ် ကပွဲတွေ တခြိမ့်ခြိမ့်။ ဥဩဆွဲသံ မရှိ။ ဗုံးသံ မကြားရ။ ရှားရှားပါးပါး မျက်ရည်ကလေးမျှပင် မကျ။ ဘာမျှ မဖြစ်။

ကျောင်းတွေ ပြန်ဖွင့်ကြသည်။ ကလေးတွေက လွယ်အိတ်သစ်တွေ၊ ခဲတံဗူးအသစ်တွေကို ကိုင်ကာ လမ်းမတွင် အော်ဟစ်ပြေးလွှားလာကြ၏။ ပါရီက ကလေးတွေ အပူအပင်မရှိ ရယ်မောနေနိုင်အောင် တန်ဖိုး မည်မျှ ပေးရသည်ကို ပီယာ သိသည်။ မက်ဒရစ်မြို့စွန်တွင် စပိန်ပြည်သူတို့က ခံတိုက်နေကြရသည် မဟုတ်လော။ ပါရီက ရိပ်သာလမ်းမတွင် သစ်ကြားပွင့် နီနီရွှေရွှေတို့ ကြွေစပြုပြီ။ အမဲလိုက်ရာသီ ရောက်တော့မည်။ တက်စသည် မြို့စားကြီး ရှန်ဗရွန်း၏ တောအိမ်သို့ ရောက်နေသည်။ ရစ်တကောင်ကို ပစ်ပြီးနောက် အိမ်ဖော်မလေးတယောက်နှင့်အတူ ပျောက်သွားသည်။ ထိုသတင်းသည် လွှတ်တော်ဧည့်ခန်းထဲတွင် ပြန့်နေသည်။ သို့ရာတွင် ဗီးလာ့ဒ်ကမူ တောပစ်သည်ကို မကြိုက်။ သွေးသံရဲရဲကို မကြည့်ရဲ။ သူသည် မေတ္တာဝါဒီတဦးဖြစ်၏။ "ဒါလောက်တောင် ဖြစ်ယင်လဲ သက်သက်လွတ်စားနေပါတော့လားဗျာ" ဟု ပီယာ စိတ်ဆိုးဆိုးဖြင့် ပြောမိသည်။

မစ်ရှောကား စိတ်မပျက်။ မကြာမီတွင် အပျော်တမ်းတပ်ဖွဲ့တခုနှင့်အတူ စပိန်သို့

သွားရတော့မည်။ ပီယာသည် မစ်ရှောကိုကြည့်၍ သဘောကျသည်။ မနာလို ဝန်တိုခြင်းလည်း ဖြစ်မိ၏။ မစ်ရှောလို လူမျိုးကမှ အားကျဖို့ကောင်းသည့် လူမျိုး။ “အနိုင်ယူရဲဖို့ လိုတယ်၊ အဲဒါက ပိုခက်တယ်” ဟု ပြောခဲ့ဖူးသည်။ ပီယာသည် မစ်ရှော၏ စကားကို ယခုမှ ရေးရေး သဘောပေါက်လာသည်။ ရှေးလူကြီးများသည် အောင်မြင်ခြင်းကို တောင်ဟုန် ဖြန့်နေသည့် ငှက်ရုပ်ကြီးဖြင့် သင်္ကေတဆောင်၍ ပြခဲ့ကြ၏။ သို့ရာတွင် လွယ်လွယ်ဖြင့် တောင်ဟုန် ဖြန့်နိုင်ခဲ့ခြင်း မဟုတ်။ ထိုငှက်၏ ခြေထောက်များသည် လေးလံ စုတ်ပြတ်လျက်။ သွေးတွေ ဖုန်မှုန့်တွေ ဖုံးလျက်။

လူဆန်းသည် သံတမန်အလုပ်တွင် နည်းနည်းမျှ မပျော်။ ရုံးအလုပ်က နည်းနည်း။ ကျန်သည့်အချိန်များကိုလည်း မည်သို့ ဖြုန်းရမည် မသိ။ ပျင်းပျင်းရှိတိုင်း ရှိနေဆွန်းခေတ်က မျက်နှာကြက်ပန်းချီတွေကို လျှောက်ကြည့်သည်။ ပါရီက ကဖီးများတွင် ထွေရာလေးပါး လျှောက်ပြောရသည့် အရသာကို သူ သတိရသည်။ ကိုယ့်အိပ်ရာနှင့် ကိုယ့်စီးကရက်စွပ်တံလို မြင်နေကျဖြစ်သည့် အထာကျပြီးသား၊ ရင်းနှီးပြီးသား အတင်းအဖျင်းတွေကို နားထောင်ချင်သည်။ ဇာတ်ပွဲတွေကို ကြည့်ချင်သည်။ ထိုအရာများ မရှိပဲ သူမနေနိုင်။ ထို့ကြောင့် လခကောင်းသည့် သံတမန်အလုပ်မှ ထွက်မည် စိတ်ကူးမိသေးသည်။ သို့ရာတွင် စပိန်ပြည်တွင် ပေါ်ပေါက်လာသည့် အရေးအခင်းများကြောင့် မထွက်ဖြစ်တော့။ ရှေ့ မော်တော်ကားမီးရောင်ထဲတွင် ပေါ်လာသော လမ်းဘေးဆိုင်းဘုတ်များလို အပြောင်းအလဲမြန်သည့် လူဆန်းသည်လည်း ယခုတကြိမ်တွင် အမှန်တရားကို တွေ့ပြီဟု ထင်လိုက်ပြန်သည်။

စပိန်က ဖက်ဆစ်တို့၏ ပုန်ကန်မှုကို ကြည့်၍ လူဆန်း စိတ်ခေတ်တက်ကြွနေသည်။ တခါတရံတွင်မူ လှျို့ဝှက်သည်းဖို ပြဇာတ်တပုဒ်ကို ကူ၍ ဇာတ်တိုက်ပေးနေသည်ဟုပင် သူ့ကိုယ်သူ ထင်လိုက်သေးသည်။ လူတွေက မျက်နှာရှည်ရှည်၊ မေးရိုးပါးရိုးကြီးတွေ အထင်းသား ပေါ်လျက်။ တယောက်ကို တယောက် သတ်နေကြသည်။ ဘုရားမဲ့တွေဟု ဆိုကာ ကားစင်တင်၍ မီးရှို့သတ်နေကြသည်။ တချို့က လက်ဝါးကပ်တိုင်ကြီးတွေကို ဇွဲ့ယမ်းကာ သေမင်းကို သတို့သမီး အောက်မေ့နေကြသည်။ ခြေကျိုးလက်ပြတ်တွေဆိုလျှင် စပိန်တွင် ခေါပဏီတပ်ပင် ဖွဲ့လောက်ပြီ။ ခါးကုန်းနေသူ၊ မျက်စိမမြင်သူ၊ လူစဥ်မမီသူများသည် သူတို့နေထိုင်ရာ အိမ်ခေါင်းကလေးတွေထဲက ထွက်လာကြသည်။ ခေါင်းမြီးခြုံ အမျိုးသမီးတွေက စက်သေနတ်ကိုင် တပ်သားများကို ပွေ့ဖက်နှုတ်ဆက်ကြသည်။ ဓာယပ်တောင်များသည် လက်ပစ်ဗုံးများပေါ်တွင် တဖျပ်ဖျပ် လှုပ်ယမ်းနေကြသည်။ ရှုခင်းများသည် လူဆန်းအဖို့ အဆန်းတကြယ်တွေချည်း။ ဇာတ်ပွဲတခုကို ကြည့်နေရသလို အရသာစုံသည်။ ကြမ်းတမ်းသည်။ စုတ်ချက်ရဲရဲဖြင့် တချက်တည်းဆွဲချလိုက်သည့် ဆီဆေးကားတချပ်လို ရဲတင်းသည်။

စပိန်တွင် ဖက်ဆစ်ပါတီ ခေါင်းဆောင်တယောက်နှင့် အသိအကျွမ်း ဖြစ်ခဲ့သည်။ သူ့အမည်အရာက အေးစက်စက်။ မှုန်ကုပ်ကုပ်။ ဖက်ဆစ်စစ်တပ်တွင် ဗိုလ်မှူးတဦးဖြစ်ပြီး ဂျိုဆေဂွါးနက်ဟု ခေါ်သည်။ လူက တယူသန်၊ တဇောက်ကန်း။

နေ့တွင် လူတွေကို ပစ်သတ်ပြီး ညတိုင်လျှင် ဘုရားကို တွင်တွင် ရှိခိုးတတ်သည်။ စပိန်ဖက်ဆစ်တပ်မှူးက သူ့အတွေးများကို ပြောပြသည့်အခါတွင် လူဆန်း အံ့သြနေသည်။ ဂျိုဆေက လူတွင် ရာထူးဂုဏ် အဆင့်အတန်းသည် အလွန်အရေးကြီးကြောင်း။ လူလူချင်း ညီတူညီမျှ ဖြစ်ရမည် ဆိုသည်မှာ လုံးဝမဖြစ်နိုင်ကြောင်း။ ဘာမျှ နားမလည်သည့် သာမန်လူထုသည် ပညာရှိသူ၊ အရည်အချင်းရှိသူ၊ စိတ်တန်ခိုးသတ္တိ အားကောင်းသူ၏ အုပ်စိုးမှုကို ခံရမည် ဖြစ်ကြောင်းဖြင့် လူဆန်းကို ပြောပြ၏။ လူဆန်းသည် သူ့စကားကို နားထောင်ယင်း ပါရီတုန်းက "လျူမန်နီတေး" ကွန်မြူနစ်သတင်းစာ ဆောင်းပါးရှင်က သူ့ကို စော်ကားမော်ကား ရေးခဲ့သည်များကို ပြန်၍ အမှတ်ရလာ၏။ ကွန်မြူနစ်သတင်းစာ ဆောင်းပါးရှင်သည် ဘာနားလည်သနည်း။ သူမျှသာမက ပီယာဆိုသည့် လူလည်း ဘာနားလည်သနည်း။ သာမန်အညတရမျှသာ။ လောကတွင် ပီယာလို လူတွေချည်း။ ထိုမျှမက ရွေးကောက်ပွဲ ဂဏန်းသင်္ချာ တွက်ကြရသည်မှာလည်း မည်မျှ စိတ်ပျက်ဖွယ်ကောင်းသနည်း။ သူ့အသိုင်းအဝိုင်းသည် သူ့လိုလူတယောက်၏ တန်ဖိုးကို မသိကြ။ သူ၏အားကောင်းချက်များကို တန်ဖိုးမထားကြ။ သို့ဖြင့် လူဆန်းသည် စပိန်ဖက်ဆစ်များကို အကြီးအကျယ် သဘောကျနေသည်။ ဂျိုဆေက ကြေငြာစာတန်းတွေ ရေးသည်။ စက်ချုပ်သမား၊ သတ္တုတွင်းအလုပ်သမား စသည့် သာမန်လူထု၏ ထင်မြင်ချက်သည် သူ့အဖို့ ဘာမျှ အရေးမကြီး။ လူဆန်းလည်း ထို့အတူ။ ကမ္ဘာဟောင်းကြီးကို လုပ်ရဲကိုင်ရဲသည့် လူတစုက တွန်းလှန်ဖြိုဖျက်ပစ်ရမည်။ လုပ်ကြံအာဏာသိမ်းမှုဖြင့် အသစ်ပြောင်းပစ်ရမည်ဟု လူဆန်း မကြာခဏ ပြောခဲ့ဖူး၏။ သူ့စကားများကို ကွန်မြူနစ်များက ရယ်မောလှောင်ပြောင်ခဲ့ကြဖူးသည်။ လူတွေကို ပညာပေးရေး၊ လူထုကို လှုံ့ဆော်ရေး စသည့် လုပ်ငန်းများကို လုပ်ရမည်ဟု သူတို့က ပြောခဲ့ကြသည်။ ကွန်မြူနစ်များသည် ခေတ်နောက်ကျနေပြီ။ အတိတ်တွင် ကျန်ရစ်ခဲ့ပြီဟု လူဆန်းထင်သည်။ သူတို့ပြောခဲ့သည့် ကားလ်မတ်၊ ပါရီဘုံအဖွဲ့၊ ဒီမိုကရေစီ၊ တိုးတက်မှု စသည့် စကားလုံးများသည် ဘာမျှ အဓိပ္ပါယ်မရှိတော့။ အမှိုက်ပုံးထဲသို့ လွှင့်ပစ်လိုက်ဖို့ကောင်းသည့် အရာတွေဟု သူထင်သည်။ သူတို့ပြောသည့် မတ်ဝါဒသည် "လူ့အခွင့်အရေး သိပ္ပံပညာ၊ လူသာ ပဓာန" ဆိုသည့် ကြောက်စရာ အယူအဆတွေနှင့် ရောထွေးနေသည်ကို ကွန်မြူနစ်တွေ သိပုံမရကြ။ စင်စစ် လူ့အဖွဲ့အစည်းသည် ယခု သူနေသည့်အိမ်လို စတုရန်းပုံကြီး မဟုတ်။ ပိရမစ်လို အထက်မှအောက်၊ အောက်မှအထက် တည်နေသည့်အရာဖြစ်သည်။

ဖက်ဆစ်ဝါဒသည် စံသစ်များကို ထူထောင်လိမ့်မည်။ စာအုပ်များအစား ကိုယ်ကာယ ကြံ့ခိုင်တောင့်တင်းမှုနှင့် အားကစားစံချိန်တို့ကို ဦးစားပေးလိမ့်မည်။ ပါလီမန် အစီရင်ခံစာများနှင့် ငြင်းခုံမှုများအစား အစိုးရအဆောက်အအုံများကို လက်နက်ကိုင် သိမ်းပိုက်သည့်နည်းကို အားပေးသည်။ ရွေးကောက်ပွဲထက် တော်မီဂန်းကို ပိုသဘောကျသည်။

ဂျိုဆေပြောသည့် စကားများထဲတွင် လူဆန်း သဘောကျသည့် အချက်တချက် ရှိသေး၏။ ယင်းမှာ အခြားမဟုတ်၊ မရဏတရားကို ကိုးကွယ်ခြင်း ဖြစ်သည်။ လူငယ်များနှင့် စိတ်ဓာတ်ထက်သန်သူများကိုပင် လွှမ်းမိုးသြဇာပေးနိုင်သော မရဏ၏ တန်ခိုးကို လူဆန်း သဘောပေါက်ခဲ့သည်မှာ ကြာပြီ။ ထိုအကြောင်းကို ဝတ္ထုတပုဒ်ပင် ရေးခဲ့ဖူးသေးသည်။ ကွန်မြူနစ်ဝါဒကို တခါက ထောက်ခံရေးခဲ့မိခြင်းမှာ ကလောင်ချော်သွားခြင်းကြောင့် ဖြစ်သည်။ သူ့သူငယ်ချင်းတွေ ကွန်မြူနစ် ဖြစ်သွားကြသည်ကို အားကျမိခြင်း၊ နိုင်ငံရေးစကားလုံး အသစ်တွေကို သာယာသွားမိခြင်း၊ လူငယ်တွေ သဘောကျခြင်း စသည့် အကြောင်းများကြောင့် ဖြစ်သည်။ ယခုမူ လူဆန်းသည် ဂျိုဆေကို အားကျနေပြန်ပြီ။ သူတို့အဖို့ မရဏသည် သတိသမ္ပဇဉ်ကပ်ရာ နိယာမတရား၊ အကြွင်းမဲ့ သစ္စာတရား၊ မတော်တဆဖြစ်မှုများကို ပြင်ဆင်ပေးသည့် ဓမ္မ။ ထို့ကြောင့် လူ့ဘဝသည် ဘာမျှ အဓိပ္ပါယ်မရှိ။

သို့ဖြင့် လူဆန်းသည် သူ့ဝါသနာအသစ်တွင် ပျော်နေသည်။ ဂျိုဆေက သူ့ကို ပါရီသို့သွားပြီး စပိန်ဖက်ဆစ်များနှင့် ဘရီကျူးတို့ကို အဆက်အသွယ်လုပ်ပေးရန် ပြောသည့်အခါတွင် လူဆန်း သဘောတူလိုက်သည်။

လူဆန်းသည် ပါရီသို့လည်းကောင်း၊ သံရုံးကိုလည်းကောင်း အသိမပေး။ သူ့အလုပ်အကြောင်းကို မတွေးချင်။ အလုပ်အကြောင်းကို တွေးမိလျှင် ဂုဏ်ငယ်သည်။ ဂျာကာမှတဆင့် ပါရီသို့ လာခဲ့၏။ မော်တော်ကားက တောင်ကုန်းတွေကြားမှ ကွေ့ကောက်နေသည့် လမ်းတလျှောက်တွင် ပြေးနေသည်။ မြေကြီးက နေလောင်သဖြင့် နီနီညိုညို။ ရွာသားတယောက်၊ ခရီးသည်တဦးမျှ မတွေ့ရ။ ရှုခင်းသည် လူဆန်း၏ ခံစားချက်နှင့် လိုက်ဖက်နေသည်။ သူ့အဖို့ မရဏသည် တအူထုံဆင်း ညီမရင်းတယောက်သဖွယ်။ နီညိုလျက်၊ ပူလောင်လျက်။

ဆန်းကြယ်သည့် စပိန်က အဖြစ်အပျက်နှင့်စာလျှင် ပြင်သစ်ပြည်က

ရှုခင်းများသည် သူ့အဖို့ အသေးအဖွဲတွေချည်း။ စကားတွေကလည်း ကြားနေကျ စကားတွေ၊ လစာမပျက် ခွင့်ရက်များနှင့် အခွန်တော်များအကြောင်း။ အားလုံး တိုးတက်နေကြသည်။ ရောက်သည့်နေ့တွင် "အားလုံး အဆင်ပြေနေပါပြီ" ဆိုသည့် သူမကြားချင်ဆုံးသော စကားများကို ကြားရသည်။

သူ့အဖေက သူ့ကို ဝမ်းသာအားရ ဆီးကြို၏။ လူဆန်းသည် သားဆိုးသားမိုက်တယောက် မဟုတ်တော့။ သံအရာရှိတယောက် ဖြစ်နေပြီ။ (လူဆန်းက သူ ပါရီသို့လာသည့်အကြောင်းကို မပြောပဲ ချန်ထားသည်။) တက်စကလည်း စပိန်ပြည် အခြေအနေကို မမေးမိ။ ဖရန်ကို နိုင်မည်ဆိုသည်ကို ဗေဒင်မမေးပဲ သိနေပြီ။ အခြားကိစ္စများကိုမူ စိတ်မဝင်စားတော့။ တက်စသည် သူ့စီမံကိန်းများကို လူဆန်းအား ပြောပြ၏။ ယခုအချိန်တွင် တက်စသည် လွှတ်တော် နိုင်ငံခြားရေးရာကော်မတီတွင် ဥက္ကဋ္ဌ ဖြစ်နေပြီ။ နိုင်ငံခြားရေးရုံးမှ လျှို့ဝှက် အစီရင်ခံစာများကိုလည်း လေ့လာလျက် ရှိ၏။ အချိန်ကောင်း ရောက်သည်နှင့် သိမ့်သိမ့်တုန်သွားမည့် လွှတ်တော်မိန့်ခွန်းကြီးတခုကို ပြောကာ အစိုးရကို ဖြုတ်ချမည်ဟု ဆိုသည်။ လူဆန်းက သမ်းဝေလိုက်သည်။ ပါလီမန်လွှတ်တော်ထဲက ကစားကွက်တွေကို သူမယုံတော့။

ဘာရီကျူးက လူမျိုးစုံနှင့် ဆက်ဆံတတ်သည်။ ဂရစ္စနက်လို အမာခံတပ်သားများနှင့်ဆိုလျှင် ကြမ်းကြမ်းတမ်းတမ်း၊ မာရေကျောရေ ဆက်ဆံသည်။ လွှတ်တော်အမတ်တွေနှင့်ဆိုလျှင် မြှောက်လိုက်ပင့်လိုက် လုပ်တတ်သည်။ လူဆန်းကိုမူ တန်းတူထား၍ ဆက်ဆံ၏။ လူဆန်းက လာသည့်ကိစ္စကို ဖွင့်ပြောသည်။ ဤတွင် လူဆန်းကို အထင်ကြီးသွား၏။ သူတို့နှစ်ယောက် ဖက်ဆစ်ဝါဒ ပြန့်ပွားရေးအကြောင်းကို ပြောကြသည်။ ဖရန်ကို၏ ပုန်ကန်ထကြွမှုကို နမူနာအဖြစ် ယူရမည်ဟု သဘောတူကြသည်။ ဘာရီကျူးသည် အယာကာဇာမြို့ကို ကာကွယ်ခဲ့သည့် ဖက်ဆစ်တပ်မှူး ဗိုလ်မှူးကြီး မူကာဒိုကို ရွှေဓားလွယ်တစင်း လက်ဆောင်ပေးရန် ရည်ရွယ်ထားသည်။ ယခု ထိုဓားလွယ်လုပ်ရန် ရန်ပုံငွေ ကောက်နေသည်။ ထို့နောက် ဘာရီကျူးက အလုပ်ကိစ္စကို ဆွေးနွေး၏။ စပိန်သို့ လက်နက်များ ပေးပို့ရေး၊ ဖရန်ကို တပ်များအတွက် လေယာဉ်မောင်းသူများ ပို့ရေး၊ ဆက်သွယ်ရေးကိစ္စ စသည်တို့ ဖြစ်သည်။ ဖရန်ကို၏ ဌာနချုပ်ဖြစ်သော ဘာစီလိုနာမြို့မှ ထောက်လှမ်းရေးကိစ္စများကို ပါရီမှတဆင့် သွားရန် စသည့် ကိစ္စများလည်း ပါသည်။

"ခင်ဗျား ဘယ်တော့ ပြန်မလဲ"

ဘာရီကျူးက မေးသည်။

"မပြောတတ်သေးဘူးဗျ"

ဘာရီကျူးက ခြောက်သွေ့၍ ပပ်ကြားအက်နေသည့် သူ့လက်ဖြင့် လူဆန်း၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"ကျုပ်က ခင်ဗျားထက် အသက် အများကြီး ကြီးတယ်။ ဒါပေမယ့် လူတယောက်ရဲ့ အသက်ကို ပြက္ခဒိန်ပေါ်က နှစ်တွေ၊ လတွေနဲ့ တိုင်းတာမဟုတ်ပါဘူးဗျာ၊ စိတ်ခါတ်နဲ့ တိုင်းတာပါ။ ခင်ဗျားလဲ သိသားပဲ၊ ဘာဖြစ်လို့ စပိန်ကို ပြန်သွားနေတော့မှာလဲ၊ တကယ် အဆုံးအဖြတ်ပေးမယ့် နေရာက ဒီမှာဗျ"

"ချတော့မလား"

"ဟုတ်တယ်"

ဘာရီကျူးက "အမာခံတပ်"များအကြောင်းကို လူဆန်းအား ပြောပြ၏။

"ဒီမှာ ခင်ဗျားအခန်းက အရေးကြီးတယ်၊ ခင်ဗျားအဖေက..."

"ကျွန်တော့်အဖေနဲ့ ကျွန်တော်နဲ့ ဘာမှ သဘောမတူဘူး"

"ဟုတ်ပါတယ်လေ၊ ကျွန်တော် သိပါတယ်။ ခင်ဗျားအဖေက နိုင်ငံခြားကော်မတီမှာ ဥက္ကဋ္ဌဗျ၊ တချို့ ပြည်ပဆက်ဆံရေးကိစ္စတွေကို ကျွန်တော်တို့ ဘာမှ မသိရဘူး၊ အားလုံး ဖုံးထားတယ်၊ ခုတော့ ခင်ဗျား ရောက်လာပြီဆိုယင် ကျွန်တော်တို့အဖို့တော့ ကျားကွက် ကောင်းကောင်း ရွှေ့နိုင်တာပေါ့၊ ရန်သူက ဘာရွှေ့မလဲဆိုတာ ကျွန်တော်တို့ သိထားဖို့ လိုတယ်လေ။ ဒီကိစ္စက မက်ဒရစ်တိုက်ပွဲလို စိတ်ကူးယဉ်နေလို့တော့ မဖြစ်ဘူးနော်။ အချိန်ရှိတယ်၊ သူ့အချိန်နဲ့သူ လုပ်မှရမှာ။ နောက်ကျလို့ မဖြစ်ဘူး"

လူဆန်းက ခေါင်းညိတ်ပြသည်။ ပြန်ခါနီးတွင် လူဆန်းက...

"ဘယ်လို တာဝန်မျိုးပဲ ဖြစ်ဖြစ် အဆင်သင့်ပါ၊ ခုတာဝန်ကိုလဲ စိတ်ချပါ၊ ကျွန်တော် ကြိုးစားပါ့မယ်၊ ဘာဖြစ်လို့ ကျွန်တော် ဒီလောက် စိတ်အားထက်သန်နေရသလဲ သိလား၊ မျိုးဆက်တိုင်း မျိုးဆက်တိုင်းဟာ သူ့ကံကြမ္မာနဲ့သူ ဖြစ်ကြရတာပဲဗျ။ ဒါကို သမိုင်းနဲ့ ပတ်သက်တဲ့ ကံယုံဝါဒလို့ ခေါ်ချင်လဲ ခေါ်ပေါ့လေ။ ကျွန်တော်တို့အဖို့ သေခြင်းတရားဆိုတာ ရုပ်ကလာပ်စည်းတွေ ဖောက်ပြန်ပျက်စီးသွားတာလဲ မဟုတ်ဘူး၊ ရုပ်ခန္ဓာ တခုကနေ တခုကို ရည်ရွယ်ချက်မရှိပဲ ပြောင်းသွားတာလဲ မဟုတ်ဘူး၊ တမလွန်ဘဝတခုကို ကူးပြောင်းသွားတာလဲ မဟုတ်ဘူး၊ သေခြင်းတရားဆိုတာ အဆင့်မြင့်တဲ့ ပုဂ္ဂလိက ဖန်တီးနိုင်မှု စွမ်းအားကြီးတခုလို့ ကျွန်တော်တို့ ယုံပြီးသား..."

ဘရီကျူးသည် သစ်ကြားသီးရောင် ဆံပင်နီနီနှင့် လူဆန်း၏ ချောမောသည့် မျက်နှာကို ငေးကြည့်နေသည်။

"ခင်ဗျားပြောတာ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် ကွန်တော့်အဖို့တော့ ဘာသာတရားက ဟောတဲ့ ပုဂ္ဂိုလ်အမတသဘောကို မစွန့်လွှတ်နိုင်သေးဘူးဗျ။ ကျွန်တော့်သား သေခဲ့ပြီလေ..."

လူဆန်းသည် သူ့အဖေနှင့် အကြီးအကျယ် စကားများရသည်။ သူ့သား သံတမန်အလုပ်ကို စွန့်ပစ်ခဲ့ပြီ ဆိုသည့်အခါတွင် တက်စ အကြီးအကျယ် ဒေါပွ၏။ ဆူသည်ရော အော်သည်ရော လုပ်သည်။ လူဆန်းကလည်း သူထွက်ခဲ့ရသည့် အကြောင်းကို ရှင်းမပြနိုင်။ သူ့အဖေထံကလည်း ငွေတော်တော်များများ တောင်းရဦးမည်။

လူဆန်းသည် တဖြည်းဖြည်းနှင့် စပိန်ပြည်က အကြောင်းများကို မေ့သွားသည်။ ဘရီကျူး ပြောလိုက်သည့် လုပ်ကြံရေး အစီအစဉ်ကလည်း ဘာမျှမရေရာ။ စီမံကိန်း မရှိ။ ရက်အကန့်အသတ် မရှိ။ ဘရီကျူးက "အချိန်စောင့်ရမယ်" ဟု မကြာခဏ ပြောတတ်သည်။ သို့ရာတွင် ဂျူဆေ၏ တပ်ဖွဲ့များသည် မက်ဒရစ်မြို့များသို့ ရောက်နေကြပြီ။ လူဆန်းသည် သူ့အဖေစားပွဲမှ စာရွက်စာတမ်းများကို ခိုးဖတ်ကာ ဘရီကျူးထံ မှန်မှန်သတင်းပို့သည်။ သို့ရာတွင် ဤအလုပ်က ထင်သလောက် အချိန်မကုန်။ ထို့ကြောင့် လူဆန်း ပျင်းသည်။

အချိန်ကုန်အောင် လူဆန်း လျှောက်လည်သည်။ သို့ရာတွင် မပျော်။

ပါတီများသို့ တက်သည်။ ကပွဲများသို့ သွားသည်။ မိန်းကလေးတွေဖြင့် ပလူးသည်။ ဤတွင် မွန်တီနီဆိုသည့် စက်မှုလုပ်ငန်းရှင်ကြီးတယောက်၏ သမီးတယောက်နှင့် တွေ့ကြသည်။ ဂျိုးဇက်ဖင်းက ခပ်ဝဝ။ အရယ်သန်သည်။ လူဆန်း၏ ခပ်ငေးငေး မျက်နှာထားကို သဘောကျသည်။ စပိန်ပြည်အကြောင်း လူဆန်းပြောလျှင် နားထောင်၍ မဝ။ စကားပြောနေယင်း ချက်ချင်းရပ်သွားကာ တိတ်ဆိတ်စွာ ငေးကြည့်နေတတ်သည့် လူဆန်းကို စွဲနေပြီ။ ဤသတင်းကို ကြားသည့်အခါတွင် တက်စ၏ မျက်နှာသည် ဝင်းထိန်သွား၏။ သူ့သား လူဆန်းသည် ဤမျှ မအတန်ရာ။ သူဌေးသမီးတယောက်အတွက် ဒုတိယကောင်စစ်ဝန်ရာထူးကို စွန့်ခဲ့ခြင်း ဖြစ်ပုံရသည်။

ဂျိုးဇက်ဖင်းသည် လူဆန်းက ဖွင့်ပြောမည့် အချိန်ကို စောင့်နေသည်။ လူရှင်းသည့် ကဖီးများ၊ ဘိုလွန်ညားဥယျာဉ်တို့တွင် ချိန်းတွေ့သည်။ သို့ရာတွင် လူဆန်းက သူ့ခံစားချက်များကို သတိပြုမိဟန်မရှိ။ တနေ့တွင်မူ ဂျိုးဇက်ဖင်း မနေနိုင်တော့။ လူဆန်း၏ လက်ကို ဖမ်းဆွဲလိုက်သည်။ ရာသီက ဆောင်းဦးပေါက်။ ပန်းခြံထဲက လမ်းနီနီကလေးအတိုင်း လျှောက်လာကြသည်။ ခပ်လှမ်းလှမ်းတွင် မြင်းစီးကျင့်နေသည့် အမျိုးသမီးတယောက် ကြာပွတ်ကို တရွှမ်းရွှမ်း ယမ်းလျက်ရှိ၏။ ဂျိုးဇက်ဖင်း မျက်နှာတခုလုံး ထူပူသွားကာ တဘက်သို့ လှည့်လိုက်သည်။ လူဆန်းက လက်ကို အသာအယာ လွှတ်လိုက်၏။

“ကိုယ်ရှင်းရှင်းပြောမယ် ဂျိုးဇက်ဖင်း။ မင်းကို ကိုယ်ချစ်တယ်၊ မင်းက ချမ်းသာတယ်၊ သဘောလဲကောင်းတယ်၊ ဒါပေမယ့် မင်းဘဝနဲ့ ကိုယ့်ဘဝက တခြားစီ၊ မနေ့ကဆိုယင် ကိုယ့်မှာ ပိုက်ဆံမရှိလို့ ကိုယ့်နာရီကို ပေါင်ရတယ်၊ မင်းကို လက်ဖျားနဲ့တောင် မတို့ရက်ဘူး၊ မင်းက ငယ်ငယ်ကလေး ရှိသေးတယ်၊ ခုမှ နှစ်ဆယ့်သုံးနှစ်၊ ရယ်လို့၊ မောလို့၊ ကိုယ်က မင်းလို မဟုတ်ဘူး၊ ကိုယ့်မိတ်ဆွေ ဂျိုဆေ ဆိုတဲ့ လူလိုပဲ၊ ကိုယ်က သေမင်းကို သစ္စာနဲ့ထားတဲ့လူ”

လူဆန်းနှင့် ဂျိုးဇက်ဖင်း ခပ်တန်းတန်း ဖြစ်သွားပြီဟု ကြားရသည့်အခါတွင် တက်စ ဒေါသထွက်သည်။ တေလေကြမ်းပိုးကို မည်သည့်အခါမျှ ကယ်တင်၍ ရတော့မည် မဟုတ်ဟု မှတ်လိုက်ပြီ။ သို့ရာတွင် ပြဿနာက ဤမျှနှင့် မရပ်။ တခုတိုးလာသည်။

ရောမရှိ ပြင်သစ်သံအမတ်ထံမှ ပို့လိုက်သည့် အစီရင်ခံစာတစောင်ကို ဖတ်နေစဉ် ဒင်းနိစ် ဝင်လာ၏။ တက်စ ဝမ်းသာသွားသည်။ သူချစ်သည့် သမီးနှင့် အေးအေးဆေးဆေး စကားမပြောခဲ့ရသည်မှာ ကြာပြီ။ ဒင်းနိစ်ကို ကြည့်ရသည်မှာ ကောင်းကောင်း နေကောင်းဟန် မတူ၊ စိတ်ညစ်နေပုံရသည်ဟု သူ့အမေက ပြောဖူးသည်။ လွှတ်တော်ရွေးကောက်ပွဲတွင် သူအနိုင်ရသည့်နေ့က ကတောက်ကဆ ဖြစ်ပြီးသည့်နောက် ဒင်းနိစ် စိတ်ကောက်နေသည်ဟု သူထင်သည်။ နိုင်ငံရေး။ ဤနိုင်ငံရေးကြောင့် တနေ့လုံး စိတ်ပင်ပန်းခဲ့ရသည်။ သူ့မိသားစုကိုပင် ဂရုမစိုက်နိုင်။ သူတို့အမေကလည်း ယခုနှစ်တွင် ပင်လယ်ကမ်းခြေသို့ မထွက်။ သူချစ်သည့် ဗစ်တယ်ကမ်းခြေတွင် တေလေကြမ်းပိုးတွေ ပျော်မြူးသောင်းကျန်းနေသည်ကို မကြည့်ရက်ဟု ဆိုသည်။ လူဆန်းကလည်း ဘာမပြော ညာမပြော အလုပ်က ထွက်လာသည်။ ယခု ဒင်းနိစ်ကော တကယ်ပင် နေထိုင်မကောင်းဖြစ်သလော။ သူ့မျက်နှာက ဖြူဖျော့ဖျော့၊ မျက်ကွင်းတွေက ညိုလျက်။ သူ့သမီး၏ ကျန်းမာရေးကို မေးချင်သည်။ သို့ရာတွင် မေးခွင့်မရလိုက်။

"ပါပါ၊ သမီး တခြားသွားပြီး နေမလို့"

တက်စက မသက်မသာ ညည်းလိုက်သည်။

"ဘယ်သူနဲ့လဲ၊ သမီးမှာ ချစ်သူ ရှိလို့လား"

"မဟုတ်ပါဘူး၊ တယောက်တည်း သမီးဘာသာ နေမှာပါ"

တက်စသည် သူ့သမီးကို တအံ့တသြ ကြည့်နေသည်။ ဒင်းနိစ်တယောက် နေထိုင်မကောင်း ဖြစ်ရမည်။ ဘာမျှ သံသယ ဖြစ်ဖွယ်မရှိ။ တက်စသည် သူ့ကိုယ်သူ အနိုင်နိုင် ချုပ်တည်းထား၏။ သူ့တကယ့်ခံစားချက်ကို ဖုံးကာ

ယဉ်ကျေးဟန်ဆောင်သည်။

“ကဲ၊ ဘာဖြစ်လို့ နေချင်တာလဲ၊ ရှင်းပြပါဦးဗျာ”

“ဒါတော့ ပါပါ သိမှာပါ၊ ပါပါ တခါက ပြောဖူးသားပဲ၊ သမီး ပါပါ့ထောက်ပံ့ငွေနဲ့ မနေချင်တော့ဘူး၊ ဒီတော့ သမီးဘာသာ နေတာ ကောင်းမယ်ထင်တယ်”

“ဘာလဲ၊ ညည်းကလဲ ညည်းအကိုလို လူများ ပေးစာကမ်းစာ စားသောက်ပြီး နေချင်လို့လား”

တက်စ သည်းမခံနိုင်တော့။ အော်ပစ်လိုက်သည်။

“ပါပါ နားလည်အောင် သမီးရှင်းမပြတတ်ဘူး၊ ပါပါကတော့ ဒီလိုပဲ ပြောမှာပေါ့။ ဟုတ်တယ်၊ ကိုကိုဟာ ညံ့တယ်၊ သူ့မှာ အပြစ်ရှိတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုကိုဟာ ကောင်းကောင်းမွန်မွန် နေချင်ယင် နေလို့ရသားပဲ၊ ဒါပေမယ့် သူမနေဘူး၊ ပါပါကတော့ ပြင်လို့ ရတော့မှာ မဟုတ်ဘူး၊ ဘယ်ကိစ္စကိုပဲ လုပ်လုပ် ပါပါ့မှာ အကျင့်ပါနေပြီ၊ အရိုးစွဲနေပြီ၊ ပါပါဟာ လာဘ်ယူတယ်၊ လူဆိုးလူမိုက်တွေကို အကာအကွယ် ပေးထားတယ်၊ စပိန်လူမျိုးတွေကို ဒုက္ခရောက်အောင် လုပ်ခဲ့တယ်၊ ခုလဲ သမီးကို ပြောချင်တိုင်း ပြောပြန်ပြီ၊ တော်ပြီ ပါပါ၊ သမီးတို့ ရှေ့ဆက်မပြောကြယင် ကောင်းမယ်”

“နေပါဦး၊ ညည်းက ဘယ်သွားမှာလဲ”

“သမီးမှာ နေရာရှိပါတယ်၊ အခန်းတခန်း ငှားပြီးပါပြီ”

“ဘာလဲ၊ ညည်းမေမေဆီက ပိုက်ဆံတောင်းတယ်ပေါ့။ မေမေ့ဆီကတောင်းလဲ ငါကပဲ ပေးရမှာပါပဲ”

“မဟုတ်ပါဘူး၊ သမီး အလုပ်လုပ်နေပါတယ်”

“နေပါဦး၊ ဒီတော့ ညည်းပညာလေး မတောက်တခေါက်နဲ့ လခက ဘယ်လောက်များ ရလို့လဲ”

"တလ ရှစ်ရာပါ"

တက်စက တမင်ပြုံးလိုက်၏။

"အင်း မဆိုးပါဘူး၊ ပညာ သင်ပေးရကျိုးတော့ နပ်သေးတာပေါ့။ နေဦး ခဏ"

ကလေးလေးတယောက်ကို ကိုင်သလို ဒင်းနိစ်၏ လက်ကို တယုတယ ကိုင်လိုက်သည်။ ဒေါသနေရာတွင် သနားခြင်း အစားရောက်လာ၏။ ဘြော် သမီးကလေး သနားစရာ။ ကေနွ စိတ်ကယောက်ကယက် ဖြစ်နေခြင်း ဖြစ်ရမည်။ သီးချိန်တန်သီး၍ ပွင့်ချိန်တန်ပွင့်သည့် အရွယ်ရောက်ပြီ။ သူ့အမေကို သူက အစောကြီးကတည်းက ပြောခဲ့ပြီးပြီ။

"မမိုက်ပါနဲ့ သမီးရယ်၊ သမီး ကောင်းကောင်း အနားယူရမယ်၊ ဆေးကုရမယ်၊ ဒါမျိုး ဖြစ်တတ်ပါတယ်။ အာရုံကြော အားနည်းတာပါ။ ပါပါလဲ ငယ်ငယ်က ဒါမျိုး ဖြစ်ဖူးပါတယ်။ နေဦး"

ဒင်းနိစ်က အပြင်ထွက်သွားသည်။ တက်စက နောက်မှ လိုက်သွားပြီး လက်ထဲသို့ ငွေစက္ကူတထပ်ကို ထိုးထည့်သည်။

"ရော့… ရော့၊ ယူသွား၊ သုံးချင်တာရှိယင် သုံးရတာပေါ့။ ယူသွား"

ဒင်းနိစ်က သူ့ပိုက်ဆံကို လက်မခံ။ တက်စသည် စာကြည့်ဆောင်ထဲသို့ ပြန်ဝင်လာခဲ့သည်။ ဆိုဖာပေါ်သို့ လှဲချလိုက်၏။ မျက်ရည်တွေ အလိုလို စီးကျလာသည်။ သူ့မျက်ရည်တွေကို သူကြည့်၍ အံ့အားသင့်နေသည်။ သူ့တသက်တွင် တခါမျှ ငိုဖူးသည် မထင်။ မိုက်လိုက်သည့် သမီး။ ဤသို့ဖြင့် ပျက်စီးခြင်းငါးပါးနှင့် ကြုံတော့မည်။ ငွေကလေးရှစ်ရာနှင့် မည်သို့စားသောက်နေထိုင်မည်နည်း။ တလမျှပင် ခံနိုင်မည် မဟုတ်။ အဝတ်အသစ် အစားအသစ်ကလေးတွေ ဝတ်ချင်လိမ့်ဦးမည်။ ထိုအခါတွင် ပိုက်ဆံကို မရအရ ရှာတော့မည်။ ထိုနောက် ဘာကျန်တော့သနည်း။ ဤသောက်နိုင်ငံရေးကြောင့် ပြဿနာတွေ ပေါ်ကုန်ပြီ။ ဤသောက်အလုပ်ကို ဘာကြောင့်များ လုပ်ခဲ့မိလေသနည်း။

အိမ်ပြင်သို့ ရောက်သည်နှင့် ဒင်းနိစ် ရင်ပေါ့သွားသည်။ အပေါင်းအသင်း မဆုံ့ဟု သူ့ကို ပြောကြသည့်တိုင် ဒင်းနိစ်၏ မျက်နှာသည် အမြဲပြုံးနေတတ်သည်။ သူ့ဘဝသည် ရှေ့လျှောက်၍ ဆင်းရဲတော့မည်။ သို့ရာတွင် သိက္ခာရှိသည့် ဆင်းရဲခြင်းမျိုး ဖြစ်သည်။ ထို့ကြောင့် ဒင်းနိစ် အားမငယ်၊ စိတ်မပျက်၊ အမြဲတမ်း ညည်းနေတတ်သည့် စာရင်းကိုင် စာရေးကြီးက သူ့ကို "ခိုမကလေး" ဟု ခေါ်တတ်သည်။ မှောင်သဖြင့် တနေ့လုံး မီးတွေ ဖွင့်ထားရသည့် ရုံးခန်းထဲတွင် ဒင်းနိစ် ပျော်သည်။ ရုံးတွင် အင်္ဂလိပ် ဂေါ်တန်ကျောက်စာရင်းတွေ တွက်တော့လည်း တပြုံးပြုံး။ အိမ်ရောက်တော့လည်း တပြုံးပြုံး။ သူနေသည့်အခန်းမှာ တည်းခိုရိပ်သာတခုအောက်က မြေတိုက်ခန်းကလေး ဖြစ်၏။ မှောင်မည်းသည့် ကြောင်လိမ်လှေကားကလေးအတိုင်း ဆင်းလာလျှင် စိုစွတ်ထိုင်းမှိုင်းသည့် အနံ့နှင့် အပေါ်စား ပေါင်ဒါနံ့က ရောထွေးလျက်။ အခန်းနံရံကပ်စက္ကူတွေက ညစ်ပတ်ကုန်ပြီ။ အခန်းထဲတွင် အိပ်ရာကိုပင် ကျဉ်းကျဉ်းကျပ်ကျပ် ခင်းရသည်။ သို့ရာတွင် ထိုအိမ်ခေါင်းကလေးသည် သူ့အဖို့ လှနေသည်။ နံရံတွင် ချိတ်ထားသည့် မှုန်ဝါးဝါးမှန်ထဲတွင် ကြည်သာရွှင်ပြသည့် မျက်နှာကို ပထမဆုံး မြင်ရသည်။

ဤသို့ လွတ်လွတ်လပ်လပ် နေချင်ခဲ့သည်မှာ ကြာပြီ။ မစ်ရှောနှင့် တွေ့ပြီးသည့် နွေဦးပေါက် တညနေကတည်းက သူ့ဘဝ လွတ်မြောက်ရေးကို ဒင်းနိစ် စဉ်းစားခဲ့သည်။ ယခု သူ့မြေတိုက်ခန်း မှန်ပြတင်းကို မိုးစက်မိုးမှုန်တို့ ပက်နေသံများကို ညတိုင်း ကြားနေရပြီ။ နွေဦးက ဖြစ်ခဲ့သည့် သပိတ်အရေးအခင်း၊ မစ်ရှော၏ အားပေးမှုတို့ကို တွေ့ပြီးသည့်နောက်တွင် ဒင်းနိစ်သည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သည့်အခြေသို့ ရောက်လာခဲ့သည်။ မျက်မှောင်ရေးရေးတွန့်နေသည့် သူ့နဖူးပြင်နှင့် သူ့အပြုံးသည် ဒင်းနိစ်၏ ခိုင်မာပြတ်သားသည့် ပိုင်းဖြတ်မှုကို ဖော်ပြနေကြ၏။ မစ်ရှောနှင့် အတော်ကြာ ကွဲနေကြပြီးနောက် တညနေတွင် မမျှော်လင့်ပဲ သွားတွေ့ကြသည်။

"အစ်ကိုတို့လုပ်ငန်းတွေ မစကြသေးဘူးလား၊ ညီမလဲ စပိန်ပြည်အတွက် တခုခု လုပ်ချင်တယ်၊ ညနေ… ညနေဆိုယင် ညီမ အားနေပြီ"

သူတို့နှစ်ယောက်သည် ဆီဗတ်စတိုပို ရိပ်သာလမ်းမကြီး တလျှောက်တွင် လျှောက်လာခဲ့ကြသည်။ လမ်းမများပေါ်တွင် နှင်းတွေ ပိန်းနေအောင် ကျနေလေ၏။ ပါရီဆောင်းဦး၏ ပထမဆုံးနှင်းများ ဖြစ်ကြသည်။ လမ်းမီးပွင့်များသည်

တိမ်တိုက်ဝါဝါကြီးထဲတွင် မျောနေသည်ဟု ထင်ရ၏။ ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ လမ်းတွင် တယောက်နှင့်တယောက် တိုက်မိကြသည်။ လွင့်နေသောရေငွေ့ထဲတွင် သစ်ကြားသီးလှော်နံ့၊ ရေမွှေးနံ့နှင့် မီးခိုးနံ့တို့သည် ရောထွေးလျက်ရှိ၏။ ဈေးဆိုင် ဆိုင်းဘုတ်များမှ မီးရောင်နီနီများသည် နှင်းထုမှုန်မှုန်ကြီးထဲတွင် တလှည့်စီ ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်နေကြသည်။

"ညီမဆီကိုတောင် ဖုန်းဆက်မလို့ လုပ်သေးတယ်" မစ်ရှောက ပြောသည်။

"ညီမမှာ တယ်လီဖုန်း မရှိတော့ဘူး အစ်ကိုရဲ့၊ ခု ညီမ အိမ်မှာ မနေတော့ဘူး"

မစ်ရှောက သူပြောသည့် အဓိပ္ပါယ်ကို နားလည်လိုက်သည်။ လက်ကို အသာဖျစ်ညှစ်လိုက်၏။ ဒင်းနိစ်က ရယ်သည်။ သူ့မျက်လုံးများသည် ဈေးဆိုင်များမှ ကြော်ငြာမီးပွင့်များလို နှင်းမှုန်ထဲတွင် လက်နေကြသည်။

သူတို့နှစ်ယောက်သည် မြို့တော်ခန်းမအနီးသို့ ရောက်လာကြ၏။ မက်ဒရစ် ဆိုသည့် စကားလုံးကို လူတိုင်းနှုတ်ဖျားမှ ကြားနေရသည်။ အရပ်ရှစ်မျက်နှာမှ ကြားနေရသည်။ စပိန်သို့သွား၍ တိုက်ချင်နေကြသည့် လူငယ်များ၊ ကလေးများကို ရင်ခွင်တွင်ပိုက်ကာ ရှိစုမဲ့စုလေးများကို စပိန်မှ မိခင်များအတွက် လာလှူကြသည့် အမျိုးသမီးများ၊ အလုပ်သမားများ၊ ပန်းချီဆရာများ၊ စားပွဲထိုးများ၊ ကျောင်းသားများ၊ နိုင်ငံခြားသားများကလည်း မက်ဒရစ်အကြောင်းကိုပင် ပြောနေကြသည်။ သုတ်သီးသုတ်ပျာ အသက်ရှင်နေရသော ပါရီတမြို့လုံးသည် မြို့တော်ခန်းမ အလှူခံရုံးခန်းထဲရှိ မက်ဒရစ်မြို့မြေပုံနှင့် စပိန်သမ္မတနိုင်ငံ၏ အလံကလေးများကိုသာ အာရုံစိုက်နေကြသည်။

"မက်ဒရစ်နားကို ရောက်နေပြီဆို၊ မက်ဒရစ်မြို့က ပြန်ပြီး တိုက်မှာပါ။ လက်နက်ချမှာ မဟုတ်ပါဘူး၊ အသက်အိုးအိမ်၊ စည်းစိမ်တွေကို စွန့်ဆိုလဲ စွန့်ကြမှာပဲ"

သူတို့ စိုးရိမ်နေကြသည်။ သူတို့စိုးရိမ်မှုကို သူတို့ ဘာသာပြန်၍

ဖြေဖျောက်ကြသည်။

ဤအလှူခံရုံးခန်းသို့ ညနေတိုင်း လာတော့မည်ဟု ဒင်းနိစ် ဆုံးဖြတ်လိုက်၏။ ရုံးခန်းအနီးတွင် တွေ့သည့်လူတိုင်းကို ဒင်းနိစ်က "ရဲဘော်"ဟု ခေါ်သည့်အခါတွင် သူရင်းနှီးစွာခေါ်ပုံကို ကြည့်၍ မစ်ရှောပြုံးနေသည်။ သူ့ကို ကြည့်ရသည်မှာ ဤစကားလုံးကို တသက်လုံးက ခေါ်ခဲ့သည့်နှယ်။ ခက်ခဲခြင်း မရှိ။ အသံထောင့်ခြင်း မရှိ။

နှင်းမှုန်မှုန်ထဲတွင် မစ်ရှောက သူ့ကို အိမ်လိုက်ပို့သည်။ လမ်းတွင် သစ်ကြားသီးလှော်တချို့ ဝယ်၏။ ဒင်းနိစ်က အေးစက်နေသည့်လက်ကို သစ်ကြားသီးလှော်တွေ ဆုပ်ယင်း နွေးအောင် လုပ်ပြီးနောက် သူ့နေရေးထိုင်ရေးကို ပြောပြသည်။

"ညီမတို့ရုံးက စာရင်းကိုင် စာရေးကြီးက သိပ်ညည်းတာပဲ၊ နင်လုပ်တဲ့စာရင်းက မှားပြန်ပြီ၊ တော်တော်ကြာ ဘာဖြစ်ပြန်ပြီနဲ့ သိပ်ပစိပစပ်များတာပဲ၊ မန်နေဂျာကလည်း ကြောက်စရာ၊ ဖက်ဆစ်ပါတီဝင်တဲ့၊ သူကတော့ မက်ဒရစ်ကိုတောင် ဖရန်ကိုရဲ့ တပ်တွေက သိမ်းပြီးပြီတဲ့၊ ညီမကို ရုပ်ရှင်လိုက်ဖို့ ခေါ်တယ်လေ၊ သိလား၊ သူ လခတိုးပေးယင် ဖြစ်သလေး ဘာလေးနဲ့ ညီမကို ရိသဲ့သဲ့လုပ်တယ်၊ ဒီတော့ ညီမက ပြောလိုက်တယ်၊ ကျွန်မမှာ ချစ်သူရှိတယ်လို့၊ အဲဒီချစ်သူက သိပ်မနာလိုတာပဲလို့၊ သေနတ်ပစ်လဲ သိပ်ကောင်းတာပဲလို့ ပြောလိုက်တယ် သိလား၊ ငနဲကြီး ဘာမှ မပြောတော့ဘူး၊ တခါတည်း ပါးစပ်ပိတ်သွားတာပဲ"

သူတို့နှစ်ယောက်သည် ရယ်လိုက်ကြ၏။ နှစ်ယောက်စလုံး ရင်ထဲတွင် ပျော်နေကြသည်။ ဤနှင်းမှုန်မှုန်ကြီးထဲတွင် သူတို့နှစ်ယောက် မည်သည့်နေရာသို့ သွားနေသည်ကို မည်သူမျှ မသိကြ။ နှစ်ယောက်စလုံး မြူးနေကြသည်။

"အစ်ကိုလဲ သန်ဘက်ခါဆိုယင် သွားရတော့မယ်"

ခဏအကြာတွင် မစ်ရှောက ပြောသည်။

"ဘယ်ကိုလဲ၊ စပိန်ကိုလား"

မစ်ရှောက ခေါင်းညိတ်ပြသည်။

"အစ်ကို ပြန်တွေ့လာမှာပါနော်"

မစ်ရှောက မဖြေ။

"အစ်ကို ပြန်လာမှာပါ၊ ညီမသိပါတယ်"

မစ်ရှောက တိတ်ဆိတ်နေသည်။ ဘာကြောင့်မှန်း မသိ။ အလိုလို ဝမ်းနည်းလာသည်။ သူတို့နှစ်ယောက်တွေ့တိုင်း စကားတွေ ပြောခဲ့ကြ၏။ သို့ရာတွင် သူတို့နှစ်ယောက် မပြောခဲ့သည့် အရာတခုရှိသည်။ ယခု သူ စပိန်သို့ သွားရတော့မည်။

"အစ်ကို ပြန်လာမယ် မဟုတ်လား၊ ပြန်လာနော်"

မစ်ရှော၏ရင်သည် ပြန်၍ ပေါ့ပါးလာ၏။

"ပြန်လာမှာပေါ့ ညီမရယ်၊ အစ်ကိုတို့ နိုင်မှာပါ။ အစ်ကိုတို့ နိုင်ယင် အစ်ကို ပြန်လာမယ်၊ ပြီးတော့..."

သူတို့နှစ်ယောက် ရိပ်သာသို့ ပြန်ရောက်လာကြ၏။ ရိပ်သာက မီးကမှုန်မှုန်။ ရိပ်သာကိုလွန်၍ လျှောက်သွားမိကြသည်။ ခါတိုင်းလိုပင် သူတို့နှစ်ယောက်သည် ရိုးရိုးနှုတ်ဆက်၍ ခွဲလာကြသည်။ သို့ရာတွင် ဒင်းနိစ်က နောက်ပြန်လှည့်ကြည့်ပြီး သူ့ဆီကို ပြေးလာကာ သူ့ပါးကို အကြောက်ကြောက် အလန့်လန့်ဖြင့် နမ်းလိုက်သည်။ သူ သတိပြန်ရသည့်အခါတွင် ဒင်းနိစ်မရှိတော့။ နှင်းမှုန်ထဲတွင် ပျောက်ကွယ်သွားပြီ။ မစ်ရှောသည် အချိန်အတော်ကြာမျှ တယောက်တည်းရပ်ယင်း ပြုံးနေသည်။ ဝိုးတိုးဝါးတား အလင်းရောင်ထဲတွင် နှင်းမှုန်များသည် တရိပ်ရိပ်မျောလျက်။

အခန်း (၂၈)

“ဆိန်း” လေယာဉ်စက်ရုံ အလုပ်သမားများက စပိန်မှ ထွက်ခွာမည့် သူတို့စက်ရုံမှ ရဲဘော်များကို နှုတ်ဆက်ပွဲ ကျင်းပသည့် ညနေတွင် လန်ဒန်မြို့ရှိ မစွက်ဖက်ရေးကော်မတီသို့ ပေးပို့လိုက်သည့် ဆိုဗီယက်ကိုယ်စားလှယ်၏ ထုတ်ပြန်ချက်ကို သတင်းစာများက ဖော်ပြကြသည်။ ဆိုဗီယက်ကိုယ်စားလှယ်၏ ထုတ်ပြန်ချက်ကြောင့် ပါရီအလုပ်သမားများသည် စိတ်ခေတ်တက်ကြွနေကြသည်။ လမ်းမများ၊ မြေအောက် မီးရထားဘူတာများ၊ ကဖီးများတွင် လူများသည် ထိုကြေငြာချက် အကြောင်းကိုသာ ပြောနေကြသည်။

“ယခုအချိန်တွင် စပိန်ပြည်သူတို့သည် အထီးတည်း မဟုတ်တော့” ဟု ကြေငြာချက်တွင် ဖော်ပြထား၏။

မစ်ရှောသည် သူ့မွေးနေ့ အထိမ်းအမှတ်ပွဲကို ကျင်းပရသည့်နှယ် ရင်တွေခုန်နေသည်။ စပိန်သို့ သွားရသည့်အတွက် ဝမ်းသာနေစဉ် ထိုကြေငြာချက်ကြောင့် မစ်ရှော ပို၍ ဝမ်းသာနေသည်။ သူ့ဘဝတလျှောက်လုံး ယုံကြည်ခဲ့သည့် အယူအဆသည် အောင်ပွဲခံတော့မည်။

စပိန်သို့ သွားမည့် ရဲဘော်များကိုယ်စား မိန့်ခွန်းပြောသည့်အခါတွင် မစ်ရှော၏ အသံသည် တုန်လျက်ရှိ၏။

“ဒီလို တိုက်ပွဲကြီးကို ကျွန်တော်တို့ မျှော်မှန်းခဲ့တာ ကြာလှပြီ၊ စိန့်အင်တွိုင်းက ဆင်းရဲသားနင်းပြားတွေကို ရှေ့ဆောင်လမ်းပြခဲ့တဲ့ ရဲဘော်ကြီး ဘာဘုရဲ့ မျှော်မှန်းချက်ဟာ ဘာလဲ၊ ‘ကျွန်တော်တို့ရဲ့ တော်လှန်ရေးဟာ ကြီးကျယ်ခမ်းနားတဲ့ နောက်ထပ် တော်လှန်ရေးကြီးတခုရဲ့ ရှေ့ပြေးမျှသာ ဖြစ်တယ်’ လို့ အသတ်မခံရခင်မှာ ရဲဘော်ဘာဘုက တရားသူကြီးတွေကို ပြောသွားခဲ့တယ်၊ ဟုတ်တယ်၊ သူပြောတာ မှန်တယ်၊ ၁၈၄၈ ခုနှစ်ကျတော့ ဝတ်စုံပြာဝတ်တဲ့ အလုပ်သမားတွေဟာ အမြောက်ဆန်တွေ၊ ကျည်ဆန်တွေ ရှေ့မှာ ရင်ကော့ပြီး အသေခံသွားခဲ့ကြတယ်၊ သူတို့အဖို့ တိုက်ယင်း သေမလား၊ ငတ်ယင်း သေမလားဆိုတဲ့ လမ်းနှစ်လမ်းပဲ ရွေးစရာရှိတယ်၊ အဲဒီတုန်းက ကွန်မြူနစ်ဝါဒဆိုတာ မပေါ်သေးဘူး၊ ဝိုးတဝါး အိပ်မက်ပဲ ရှိသေးတယ်။ ကွန်မြူနစ်ဝါဒဆိုတာ နတ်သမီးပုံပြင်ထဲက နတ်သုဒ္ဓါမုန့်နဲ့ ဗြဟ္မာဘုံလို ဇိမ်ကျတဲ့ အလုပ်ရုံလို့ ထင်ခဲ့ကြတုန်းပဲ ရှိသေးတယ်၊ အဖေတွေ သေကြတဲ့အခါကျတော့ သူတို့သားတွေကို

မှာခဲ့ကြတယ်၊ ‘ခေတ်ပြောင်း တော်လှန်ရေးခေတ်ကြီးကို မလွဲမသွေ ရောက်ရမယ်’တဲ့၊ အဲဒီတုန်းက သူတို့မှာ အစွဲအလမ်း ကြီးကြသေးတော့ ဘုံဝါဒဆိုတဲ့ အမည်ကို မသုံးကြသေးဘူး၊ လူမှုတော်လှန်ရေး၊ ခေတ်ပြောင်းတော်လှန်ရေးလို့ပဲ သုံးကြတယ်၊ ဒါပေမယ့် သူတို့သားတွေကတော့ ပါရီဘုံအဖွဲ့ရဲ့ အလံကို လွှင့်တင်ခဲ့ကြတယ်၊ မက်ဒရစ်မြို့သူမြို့သားတွေ သူတို့မြို့ကို အခု ကာကွယ်နေကြသလို ပါရီက ဘုံအဖွဲ့ဝင်တွေဟာလဲ သူတို့ပါရီမြို့ကြီးကို ကာကွယ်ခဲ့ကြတယ်၊ ဗာဆေးနန်းတော်ပေါ်က အုပ်စိုးသူတွေဟာ တိုင်းပြည်ရဲ့ အကောင်းဆုံး သားရတနာ ထောင်ပေါင်းများစွာကို ပစ်သတ်ခဲ့ကြတယ်၊ ဗာဆေးနန်းတော်ပေါ်က အုပ်စိုးသူတွေရဲ့ အကျဉ်းထောင်ထဲက အကျဉ်းသမားတွေဟာ ကျည်ဆန်တွေကို စောင့်ယင်း ‘တနေ့မှာ တော်လှန်ရေးကြီး မုချ ဖြစ်လိမ့်မယ်’ လို့ အော်ခဲ့ကြတယ်၊ ကြွေးကြော်ခဲ့ကြတယ်၊ ဟုတ်တယ်၊ အဲဒီတုန်းက မဖြစ်သေးဘူး၊ အိပ်မက်ထဲမှာပဲ ရှိသေးတယ်၊ မျှော်မှန်းချက်ပဲ ရှိသေးတယ်၊ ဖိုမီးက သပိတ်မှောက် အလုပ်သမားတွေဟာ ဒီမျှော်မှန်းချက်နဲ့ အသေခံခဲ့ကြတယ်၊ ဂျော်ရေးဟာ ဒီမျှော်မှန်းချက်နဲ့ အသေခံခဲ့တယ်။ ဗာဒွန်ခံတပ်ထဲက စစ်သားတွေ၊ ရှမ်ပိန်းက ကတုတ်ကျင်းတွေထဲက စစ်သားတွေဟာလဲ အလားတူ မျှော်မှန်းခဲ့ကြတယ်၊ အိပ်မက် မက်ခဲ့ကြတယ်၊ ခု ဒီအိပ်မက်ဟာ အသက်ဝင်တဲ့ အရာတခု ဖြစ်လာပြီ၊ တိုင်းပြည်တပြည် ဖြစ်လာပြီ၊ နိုင်ငံတော်တခု ဖြစ်လာပြီ၊ ဒီအမှန်တရားကို ဘယ်သူမှ ဖုံးလို့ မရဘူး၊ ဘယ်အရာကမှ ချေမှုန်းလို့ မရဘူး၊ ကျွန်တော်တို့ ခု တိုက်ပွဲကို သွားကြရတော့မယ်၊ ကျွန်တော်တို့ဟာ ဖြစ်ကောင်း ဖြစ်လာမယ့် အရာတခုအတွက် တိုက်ခိုက်မှာ မဟုတ်ဘူး၊ ဖြစ်နေတဲ့ အရာ၊ တည်ရှိနေတဲ့ အရာအတွက် တိုက်ခိုက်မှာ ဖြစ်တယ်”

ဝန်ကြီးချုပ် ဗလွန်းနှင့် ဝန်ကြီး ဗီးလာ့ဒ်တို့၏ အမိန့်အရ စပိန်နယ်စပ်ကို ပိတ်ထားလိုက်သည်။ သို့ရာတွင် ထောင်ပေါင်းများစွာသော အပျော်တမ်းတပ်ဖွဲ့ဝင်များသည် ပရီနေးတောင်ရိုးကို ကျော်ကာ နေ့စဉ်နှင့်အမျှ စပိန်စစ်မြေပြင်သို့ သွားနေကြသည်။ အချို့က ကုန်သည်များ၊ သတင်းစာဆရာများအဖြစ် ရထားနှင့် တရားဝင် သွားကြသည်။ အချို့က တောင်ပေါ်လမ်းများမှ ခြေကျင်ဖြတ်ကြသည်။

မစ်ရှောနှင့် အခြား အလုပ်သမား ရှစ်ယောက်မှာ တရားဝင် ဖြတ်ကူးခွင့် ရကြသည်။ မစ်ရှောက “ဘဝသစ်” သတင်းစာ သတင်းထောက်အဖြစ်

သွားခွင့်ရသည်။ သတင်းထောက်ခန့်လွှာကို ပီယာက ရအောင် လုပ်ပေး၏။ အပျော်တမ်းတပ်ဖွဲ့ဝင် ကိုးဆယ့်လေးယောက်က ပါပီနွန်သို့ သွားရမည်။ ထိုမှတဆင့် ကာတာလိုနီးယားသို့ ကူးရန် ဖြစ်၏။

ရထားက ည ၈ နာရီတွင် ထွက်မည်။ ကွာဒေါ်ဆေ ဘူတာရုံတွင် အပျော်တမ်းတပ်များကို လိုက်ပို့သူများဖြင့် ပြည့်နေသည်။ ပထမတန်းနှင့် ဒုတိယတန်းတွဲများဘက်တွင် လူတွေ စုပြုံနေကြသည်။ လက်ထပ်ပြီး ဇနီးမောင်နှံတို့က ရယ်မောလျက်။ အဘိုးကြီးတယောက်က ကိုယ်လုံးတီးပုံ မျက်နှာဖုံးဖြင့် မဂ္ဂဇင်းတစောင်ကို ဝယ်နေသည်။ ရထားပြတင်းမှ အမျိုးသမီးတယောက်က ပန်းစည်းတွေကို ခြေမွနေသည်။ မီးရထားအလုပ်သမားများက ဟိုတယ်ကတ်ပြားတွေ ချိတ်ထားသည့် လက်ဆွဲသေတ္တာများကို သယ်လာကြသည်။ ခရီးသည်များထဲတွင် လုပ်ငန်းရှင်များ၊ ပါရီဆောင်းဦး နှင်းမှုန်ကို ရှောင်ရန် တောင်ပိုင်းသို့သွားမည့် အမျိုးသမီးများ၊ အယ်ဂျီးယားသို့ သွားမည့် စစ်ဗိုလ်များလည်း ပါကြသည်။

"မက်ဒရစ်ကတော့ မနက်ဖြန် သန်ဘက်ဆိုယင် ကျတော့မှာပဲဗျ။ မက်ဒရစ် ကျသွားယင် ပြီးသွားတာပေါ့လေ၊ ကောင်းသွားမှာပါ" အချင်းချင်း ပြောနေကြသည်။

သို့ရာတွင် တတိယတန်းတွဲများအနီးတွင် စုပြုံနေသည့် လူအုပ်ကမူ သူတို့နှင့်မတူ။ စကားပြောသံနှင့် မီးခိုးတွေကြားထဲတွင် နှင်းဆီနီများနှင့် ဇော်မွှားပန်းစည်းများသည် အလံငယ်ကလေးတွေလို ထင်းကနဲ ပေါ်နေသည်။ အပျော်တမ်းတပ်သားများ၏ မိတ်ဆွေများ၊ ရဲဘော်များ၊ အမေများ၊ သားမယားများက ဘူတာရုံသို့ ဆင်းလာကြ၏။ နှုတ်ဆက်သံ၊ စကားပြောသံများကြားမှ "ဒီကောင်တွေ မက်ဒရစ်ကို မသိမ်းနိုင်ပါဘူး" ဆိုသည့် အသံသည် အားလုံးကို ကြီးစိုးနေသည်။ ဒင်းနိစ်သည် လူအုပ်ကြားထဲတွင် ညပ်နေလေ၏။ မီးရထားစောင့်က "ကိုယ့်နေရာ ကိုယ်ရှာကြ၊ ကိုယ့်နေရာကိုယ်ရှာကြ" ဟု အော်သည့်အခါကျမှ ဒင်းနိစ်သည် ရှေ့သို့ အတင်းတိုးဝင်လာခဲ့သည်။ မစ်ရှော၏ အင်္ကျီလက်မောင်းကို လှမ်းဆွဲလိုက်သည်။

"အစ်ကို ညီမ စောင့်နေမယ်နော်"

ဥဩသံ ပေါ်လာသည်။ ပလက်ဖောင်းပေါ်ကလည်း လက်သီးလက်မောင်းတန်း၍ အော်ကြသည်။ တတိယတန်းတွဲလေးတွဲရှိ ပြတင်းပေါက်များပေါ်မှလည်း လက်သီးလက်မောင်းတန်း၍ အော်ကြသည်။ ပထမတန်းတွဲနားတွင် ရပ်နေသည့် သားသားနားနား အမျိုးသမီးကြီးတယောက်က နှာခေါင်းကို ရှုံ့လိုက်ယင်း "ကျက်သရေတုံးလိုက်တာ" ဟု ဆိုသည်။ ဒင်းနိစ်က လက်ကိုင်ပဝါကို ယမ်းပြ၏။ ပြတင်းပေါက်မှ ကိုယ်တပိုင်း ပြူထွက်လာသည့် မစ်ရှောကို နှင်းမှုန်မှုန်ထဲတွင် မြင်ရသည်။ "ဘယ့်နှယ်လဲ" ဟု မစ်ရှောက လှမ်းအော်၏။ အမေအိုတယောက်က ငိုနေသည်။ မီးရထားမှ မီးနီနီကလေးများသည် မည်းမှောင်သည့် ဥမင်ထဲတွင် လင်းနေကြသည်။ စစ်ချီသီချင်းသံများသည် နှင်းမှုန်ထဲတွင် မျောပါလာကြသည်။

လွန်ခဲ့သည့် ရက်များအတွင်းက တစက်ကလေးမျှ အငြိမ်မနေ။ ထို့ကြောင့် မစ်ရှော ပင်ပန်းလှပြီ။ မောမောဖြင့် ချက်ချင်း အိပ်ပျော်သွားသည်။ အိပ်ပျော်ယင်း ရထားဘီးမြည်သံ၊ စကားပြောသံ၊ ဘူတာအမည်များကို ဖတ်သံများကို ကြားနေရသည်။ အရုဏ်တက်ခါနီး နာဘွန်းမြို့နားရောက်တော့ သူ နိုးလာသည်။ ရထားက မှိုင်းပြာပြာ ကန်ကြီးဘေးတွင် ဖြတ်ခုတ်နေသည်။ ကမ်းစပ်တွင် မြက်ရှည်ပင်တွေ၊ ကျူပင်တွေ ပေါက်လျက်။ ငှက်များက ငြိမ်သက်နေသည့် ရေပြင်ပေါ်တွင် နိမ့်နိမ့်ကလေး ပျံသွားကြ၏။ ခဏကြာတော့ ကန်ရေပြင်တွင် နှင်းဆီရိပ် ပြေးစပြုလာပြီ။ မစ်ရှောသည် ဒင်းနိစ်ကို အမှတ်ရနေသည်။ သူ့လက်များ၏ နွေးထွေးသည့်အတွေ့။ သူ နောက်ဆုံးပြောလိုက်သည့် နှုတ်ဆက်စကား။ မစ်ရှော ဝမ်းမနည်း။ အားမငယ်။ သူ့ရင်သည် ပကတိ ငြိမ်းချမ်းနေသည်။

ထိုနောက် ပင်လယ်ကြီးကို မြင်ရသည်။ မည်မျှ ငြိမ်းချမ်းသနည်း။ မြင်မြင်သမျှ အရာဝတ္ထုအပေါင်းသည် ပျော်ရွှင်မှုအတွက် ဖန်တီးထားသည့်နှယ်။ စပျစ်ခြံတွေ၊ တံငါသည်များ၏ ပိုက်ကွန်တွေ။ ထိုနောက် တောင်ပိုင်းနယ်မြေများပေါ်မှ သူရိယနေဝန်း။ သို့ရာတွင် စစ်မြေပြင်နား ရောက်လာပြီ။ တောင်တန်းမှိုင်းပြာပြာတို့ကို ကျော်လိုက်လျှင် တွေ့ရတော့မည်။ ရထားတွဲထဲတွင် လူတွေ နိုးလာကြသည်။ မရန်းရောင်၊ နီညိုရောင် တလှည့်စီပြောင်းနေသည့် တောင်တန်းကြီးများကို တအံ့တသြ ကြည့်၍ လိုက်လာကြသည်။ ထိုတောင်တန်းများ တဘက်တွင်မူ သူတို့ ကံကြမ္မာ။

ရထားတွဲများတွင် အပျော်တမ်းတပ်သားများမှအပ မည်သူမျှ မရှိကြတော့။ သူတို့ရထား ဝင်လာသည့်အခါတွင် စပိန်သမ္မတနိုင်ငံအစိုးရ၏ နယ်ခြားစောင့်တပ်များက လက်သီးလက်မောင်းတန်း၍ နှုတ်ဆက်ကြသည်။ ပထမဆုံးတွေ့ရသည့် အပျက်အစီးများ အနီးတွင် ကလေးများသည် "ရီဂိုမာ့ချ်" သီချင်းကို လေချွန်နေကြသည်။ တေးသံက လွမ်းစရာလိုလို။ ပျော်စရာလိုလို။

ခြောက်လ ကြာသည့်အခါတွင် "ပါရီဘုံအဖွဲ့" တပ်ရင်းမှ ဗိုလ်လေးမစ်ရှောသည် အခြားသော ပြင်သစ် အပျော်တမ်းတပ်သား တရာတို့နှင့်အတူ မက်ဒရစ်မြို့အနီးက တဝက်တပျက် ပျက်စီးနေသည့် ရွာကလေးတရွာကို ကာကွယ်လျက်ရှိ၏။ သူတို့သည် အရဏ်မတက်ခင် တနာရီလောက်တွင် ထိုရွာကလေးသို့ ရောက်လာခဲ့ကြသည်။ သူတို့ပတ်ပတ်လည်တွင် ကတ်စတီဘိုယန် ကျောက်တောင်တန်းကြီးက ကျောက်သားပင်လယ်ပြင်ကြီးပမာ။ သို့ရာတွင် သူတို့တတွေကမူ ပတ်ဝန်းကျင်နှင့်မတူ။ သူတို့မျက်နှာများက ရွှင်လန်းတက်ကြွလျက်။ နောက်ပြောင်ရယ်မောလျက်။ စကားတသွင်သွင် ပြောလျက်။ ပတ်ဝန်းကျင်က ရက်စက်သည့်အလှကို ဆောင်သည်။ ဌာနေများက ဣန္ဒြေကြီးသည်။ လေးနက်သည်။ စိတ်ဓာတ်ပြင်းသည်။ သူတို့သည် ပတ်ဝန်းကျင်နှင့်လည်းကောင်း၊ ဌာနေလူထုများနှင့်လည်းကောင်း ရောနှော၍မရပဲ ဖြစ်နေကြသည်။ ပျော်ပျော်နေတတ်သည့် ပါရီသားတို့သည် သူစိမ်းတရံဆံလို ဖြစ်နေသည်။ အရေးတော်ပုံကို ယုံကြည်ချက်နှင့် စပိန်လူထု၏ ပျူငှာမှုကြောင့်သာလျှင် သူတို့၏ အိမ်လွမ်းဝေဒနာ သက်သာခြင်း ဖြစ်သည်။

မနက် ၇ နာရီတွင် ဖက်ဆစ်တပ်များက အမြောက်ကြီးများဖြင့် လှမ်းထုကြပြီးနောက် ရွာဘက်သို့ တက်လာကြ၏။ သူတို့လက်ချက်ဖြင့် စက်ကြီးသမား လေးယောက် ကျသွားသည်။ မစ်ရှောနှင့် ရဲဘော်အချို့က တောင်ကုန်းပေါ်ရှိ ကမန်းကတန်း တူးထားသည့် ကတုတ်ကျင်းထဲတွင် ဝပ်နေကြသည်။ ဖက်ဆစ်တို့က ကျောက်ဆောင်များကို အကာအကွယ်ယူ၍ တက်လာကြ၏။ စက်သေနတ်များက တွင်တွင် ပစ်ပေးနေသဖြင့် ရန်သူတို့ ရှေ့သို့ မတိုးနိုင်ကြ။ ရန်သူများက တပ်ကူများ ဖြည့်၍ တက်လာပြန်သည်။

"လက်ပစ်ဗုံးနဲ့ထု" ဟု မစ်ရှောက အမိန့်ပေး၏။

တိုက်ပွဲက ဘာမျှမကြာ။ မိနစ်အနည်းငယ်သာ ကြာသည်။ သို့ရာတွင် မစ်ရှောအဖို့မူ တနေ့လောက်ကြာသည် ထင်၏။ သူတို့သည် ရန်သူများကို တွန်းလှန်နိုင်ခဲ့ကြသည်။ မစ်ရှော၏ရဲဘော် သေဘ္ခလောက်ပြင်ဆရာ ဂျင်ကျူးမှာ မွန်းတည့်လောက်တွင် ဆုံးသွားသည်။ သူ့ဝေဒနာက ပြင်းထန်သည်။ ဝေဒနာကို ခံစားယင်း မပီမသ ပြောနေသည်။ သို့ရာတွင် သူ့စကားများကို မစ်ရှော မသဲကွဲ။

ညနေပိုင်းတွင် သူတို့နေရာသို့ စပိန်တပ်ရင်းတရင်း ရောက်လာပြီး တာဝန်လဲကြသည်။ မူလက တပ်သားတရာကျော် ရှိသော်လည်း တိုက်ပွဲပြီးသည့်အခါတွင် လေးဆယ့်နှစ်ယောက်သာ ကျန်တော့သည်။ ဆယ့်ခုနစ်ယောက်ကို ဆေးရုံသို့ ပို့လိုက်ရ၏။

ပြင်သစ်တပ်သားများသည် မီးပုံများကိုဖိုကာ ရောင်အမ်းနေသည့် သူတို့ခြေထောက်များကို မီးကင်ကြသည်။ ထမင်းချက်ကြသည်။ တယောက်က သက်ပြင်းချသည်။ ဟင်းချိုထဲတွင် ဟင်းခတ် ဘာမျှမရှိ။ ခါတိုင်း အနားယူကြလျှင် တယောက်နှင့် တယောက် နောက်ပြောင်နေကျ။ သီချင်းဆိုနေကျ။ သို့ရာတွင် ယနေ့၌မူ တိုက်ပွဲနိုင်ခဲ့သည့်တိုင် သူတို့သည် စိတ်မကောင်း ဖြစ်နေကြသည်။ ကျောက်ဆောင်များနှင့် ဆူးချုံများကြားတွင် ရဲဘော်များစွာကို စွန့်ပစ်ခဲ့ရပြီ။ အေးစိမ့်နေသည့်လေက စွတ်၍ တိုက်နေသဖြင့် သူတို့အားလုံး ခိုက်ခိုက်တုန်နေကြသည်။ သူတို့တွင် အဝတ်အစားကောင်းကောင်း မပါကြ။ ခိုက်ခိုက်တုန် အချမ်းထဲတွင် ကုပ်နေကြသည်။ တယောက်မူ တချိန်လုံး ကျိန်ဆဲနေသည်။ ကျိန်ဆဲမှ အချမ်းသက်သာသည်လော မဆိုနိုင်။ သူသည် အားလုံးကို ကျိန်ဆဲ၏။ ဟင်းချိုကို ကျိန်ဆဲသည်။ လေကို ကျိန်ဆဲသည်။ ဖက်ဆစ်တို့ကို ကျိန်ဆဲသည်။ စစ်ကို ကျိန်ဆဲသည်။

ရွာက ဟာလာဟင်းလင်း။ ရွာသားတွေ ထွက်ပြေးကုန်ကြပြီ။ နှစ်အိမ်သုံးအိမ်လောက်သာ မီးမြင်ရသည်။ အဘွားအိုတယောက်က တစ္ဆေတကောင်လို အမှောင်ရိပ်ထဲမှ ထွက်လာကာ မီးဖိုနားသို့ ရောက်လာသည်။ သာမန် လယ်သူမကြီးတဦးဖြစ်၍ တကိုယ်လုံး အနက်ဝတ်ထား၏။ ခေါင်းတွင် လက်ကိုင်ပဝါအနက်ကို စည်းထားသည်။ အဘွားကြီးက မစ်ရှောကို တစုံတရာ လှမ်းပြောသည်။ သို့ရာတွင် မစ်ရှော နားမလည်။ စပိန်စကား အနည်းငယ် သင်ထားသည့်တိုင် သူပြောသည်ကို အဓိပ္ပါယ်မပေါက်။ အဘွားအိုက

ပြန်ထွက်သွားကာ ဝက်ပေါင်ခြောက်တခြမ်းကို ယူလာပြီး လက်ညှိုးထိုးပြသည်။ မစ်ရှောသည် ဂျင်းနော့အမေကြီးကို သွား၍ အမှတ်ရသည်။ ဟုတ်သည်။ ဤအဘွားကြီးလည်း ဂျင်းနော့၏ အမေနှင့် အတူတူ။ အဘွားကြီးက သက်ပြင်းချသည်။ “လူလေးတို့ကို သူတို့သတ်ကြလိမ့်မယ်” ဟု ဂျင်းနော့၏ အမေအိုကြီး ပြောသလို ပြောမည် မုချ။ ကမ္ဘာကြီးသည် သေးသေးကလေးမျှသာ။ အရာအားလုံးကို ချက်ချင်း နားလည်နိုင်ကြသည်သာ။

မစ်ရှောက သူ့ဘေးတွင် ထိုင်နေသည့် ရဲဘော်ကို လှမ်းပြောသည်။

“ကျုပ်တို့ဟာ သူတို့အတွက် တိုက်နေကြတာလို့ စပိန်လယ်သမားတွေက ပြောကြတယ်၊ အမှန်ကတော့ မဟုတ်ဘူးဗျ၊ ကျုပ်တို့ဟာ ပါရီအတွက် တိုက်နေကြတယ်၊ ပြင်သစ်ပြည်ကြီးအတွက် တိုက်နေကြတာ။ ဒီနေ့ပဲ ဂျင်ကျူးဟာ ပါရီအတွက် အသက်ကို စွန့်သွားခဲ့ပြီလေ၊ တခါတုန်းက သူ့အိမ်ကလေးကို ကျုပ်ရောက်ဖူးတယ်၊ မွန်ထရု ရပ်ကွက်ထဲက အိမ်ကလေး၊ ရှေ့က ပန်းခြံကလေးနဲ့၊ လမ်းထိပ်မှာ ကဖီးဆိုင်ကလေးနဲ့...”

သူတို့သည် သီချင်းတပုဒ်ကို ခပ်တိုးတိုး ဆိုနေကြသည်။

“×× ပါရီ ×× ပါရီ ×× တို့ရွာ တို့ပြည်”

ပါရီက ထုံးစံအတိုင်း စည်ကားမြဲ။ ဇာတ်ပွဲတွေ စဝင်သည့် ပထမညများ။
ဆောင်းဦးပေါက် လွှတ်တော်အစည်းအဝေး။ အဝတ်အစား ဖက်ရှင်ပြပွဲများ။
ရွှေဆိုင်တန်းက တွေ့ရမြဲ ရွှေပွဲစားများ။ အမေရိကန် သဌေးမတဦးကို
ပြန်ပေးဆွဲသည့်ကိစ္စ။ လက်ထပ် မင်္ဂလာပွဲအချို့နှင့် ကိုယ့်ကိုယ်ကိုယ်
သတ်သေသည့် အဖြစ်အပျက်တချို့။

တက်စသည် ဝန်ကြီးချုပ်ဗလွန်း၏ အစိုးရကို ဖြုတ်ချရန် စိတ်ကူးဆဲ။ သို့ရာတွင် အစိုးရသည် အလျင်ကထက် ပိုပြီးအားကောင်းလာသည်ဟု လွှတ်တော်ဧည့်ခန်းများတွင် ပြောနေကြသည်။ အစိုးရ၏ မစွက်ဖက်ရေးဝါဒကြောင့် ရေဒီကယ်အမတ်များ ငြိမ်ကျသွားသည်။ သပိတ်တွေလည်း မရှိကြတော့။ ဒက်ဇာတို့ အောင်ပွဲခံနိုင်ပြီ။ ပါရီလူထု၏ အထာကို သူ ကောင်းကောင်းသိသည်။ အခြားတိုင်းပြည်များတွင် လူတွေ တယောက်ကိုတယောက် သတ်ဖြတ်နေကြသည်။ အစာကို လှျော့စားနေကြသည်။ ခါးပတ်ကိုတင်းအောင် ဆွဲပတ်နေကြရသည်။ လက်နက်များကို ထုတ်နေကြရသည်။ ခံတပ်များနှင့် အကျဉ်းထောင်များကို ဆောက်နေကြရသည်။ သူတို့ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်များကို ထောမနာ ပြုနေကြရသည်။ သို့ရာတွင် ပါရီကမူ အဆိုတော် မောရစ်ရှဗေလီးယားကို ဩဘာပေးနေကြဆဲ။ မောရစ်ရှဗေလီးယားက “ပါရီသည် ယခုတိုင် ပါရီဖြစ်သည်” ဆိုသည့် သီချင်းကို မမောမပန်း အကြိမ်တထောင်မြောက် ဆို၍ကောင်းတုန်း။

သို့တိုင်အောင် ငြိမ်သက်နေသည့် အပေါ်ယံ မျက်နှာပြင်အောက်၌ တိုက်ပွဲတွေ ပေါ်နေသည်။ မျိုသိပ်ထားရသည့် ဒေါသသည် မှုတ်ဝဲတခုလို ဆူပွက်နေသည်။ အိမ်ထောင်တွေ ပြိုကွဲကြသည်။ ထိုရက်များအတွင်းက အိမ်တွင်းရေး မချမ်းမသာ ဖြစ်ရသူမှာ တက်စ တယောက်တည်းမဟုတ်။ တခါတရံတွင် ကဖီးများထဲ၌ ငြင်းခုံပြီး တယောက်နှင့်တယောက် ပစ်ကြခတ်ကြသည်အထိ။ တိတ်တဆိတ် ကျိတ်ကွဲနေသူများမှာ ရေတွက်၍ပင် ရမည်မထင်။ နိုင်ငံခြားတိုင်းပြည်များက ပထဝီဝင် အမည်များနှင့် အိမ်နီးချင်းဖြစ်သည့်တိုင် အနေဝေးသည့် စပိန်ပြည်က တိုက်ပွဲများသည် ပါရီမြို့တော်မှ အရာရာကို အဆုံးအဖြတ်ပေးနေကြသည်။ ပါရီတွင် ဂိုဏ်းနှစ်ဂိုဏ်းကွဲနေသည်။ သပိတ်တွေမှောက်တုန်းက ကြောက်ဒူးတုန်ခဲ့ကြပြီး

အိမ်ရှေ့သို့ စီတန်းဆန္ဒပြသူတွေ ရောက်လာတိုင်း ကိုယ့်ပစ္စည်းလေးတွေ ပါသွားမည်ကို ကြောက်သဖြင့် တံခါးတွေ အလုံပိတ်ထားခဲ့ကြသည့် လူများက မြေပုံပေါ်တွင် အလံနီကလေးတွေ၊ အလံပြာကလေးတွေကို မျှော်လင့်တကြီးဖြင့် စိုက်ကြသည်။ အလုပ်သမားရပ်ကွက်များတွင်မူ ထိုမြေပုံကိုကြည့်ပြီး “မက်ဒရစ်မြို့ မကျနိုင်တော့ဘူး” ဟု ဝမ်းသာအားရ ပြောကြသည်။

နိုဝင်ဘာလလယ်လောက် အရောက်တွင်မူ ဖရန်ကို၏ တပ်များသည် မက်ဒရစ်မြို့တံခါးဝတွင် ရပ်တန့်နေရပြီဟု ဘာရီကျူး၏ သတင်းစာများကပင် ထုတ်ဖော်ဝန်ခံလာကြရ၏။ စပိန်ပြည်သူများက ဖရန်ကို၏ တပ်များကို မာဇာနာရက် မြစ်ကမ်းတွင် ဟန့်တားထားကြသည်။ “ဖက်ဆစ်တွေကို ဖြတ်ကူးခွင့်မပေး” ဟု ပြောကြသည်။ ထိုအသံသည် ပါရီ အလုပ်သမားလူတန်းစားရပ်ကွက်များတွင် ပဲ့တင်ထပ်နေသည်။

သူရဲကောင်း ပီသသည့် မက်ဒရစ်မြို့က အလုပ်သမားတို့အကြောင်း ပုံပြင်တွေကလည်း အမျိုးမျိုး။ လူထုများက နိုင်ငံတကာ အပျော်တမ်းတပ်ဖွဲ့ဝင်များ၏ စွန့်စားမှုများကို ပြောပြကြသည်။ သတ္တုတွင်းအလုပ်သမားများနှင့် ချည်စက်အလုပ်သမားများက သူတို့စက်ရုံမှ ပါသွားသော တိုက်ပွဲဝင်ရဲဘော်များအကြောင်းကို ဂုဏ်ယူ၍ ပြောကြသည်။

မနက်ထုတ် သတင်းစာကို ဖတ်ပြီးနောက် ဝန်ကြီးဗီးလာ့ဒ် ပြုံးသည်။ မက်ဒရစ် မကျသေး။ တော်တော်ချဉ်သည့် စပျစ်သီးတွေ။ ဝန်ကြီးဖြစ်သည့်နေ့ကစ၍ အယူအဆတိုက်ပွဲတွေ၊ လူတန်းစားတိုက်ပွဲတွေ၊ ကမ္ဘာ့အရေးအခင်းတွေကို ဗီးလာ့ဒ် မစဉ်းစားတော့။ လွှတ်တော်ထဲက လက်ဝဲဂိုဏ်းနှင့် လက်ယာဂိုဏ်းကြားတွင် အလျှော့အတင်းလုပ်၍ ကစားခြင်း၊ နေ့စဉ်နှင့်အမျှ တခါတရံတွင် နာရီနှင့်အမျှ ထောက်ခံမဲ၊ ကန့်ကွက်မဲ တွက်ချက်ခြင်း၊ အစိုးရထောက်ခံမဲ များအောင်လုပ်ခြင်း၊ ရာထူးများ ခန့်အပ်ထားခြင်းနှင့် ပြောင်းရွှေ့ခြင်း၊ ဆုတံဆိပ် ချီးမြှင့်ခြင်း စသည်တို့သည် သူ့အဖို့ နိုင်ငံရေးကိစ္စများ ဖြစ်လာသည်။ သူ့ကမ္ဘာလောကသည် ကွဲလွယ်ရှလွယ်သည့် အဖိုးတန်ပစ္စည်းတွေ လှောင်ထားသည့် အခန်းကျဉ်းကလေးတခုနှင့် တူနေသည်။ ဘယ်ကိုလှည့်လှည့် လှည့်စရာ မရှိ။ လက်ကလေးပင် လှုပ်စရာ မရှိ။ ယခု မက်ဒရစ်မြို့မကျသေးဟု ဆိုသည့်အခါတွင် ဗီးလာ့ဒ်သည် သူ့ကမ္ဘာလောက ကျဉ်းကျဉ်းကလေးထဲမှ ထွက်လာကာ တဝကြီး

အသက်ရှူမိသည်။ မက်ဒရစ်ကို ကာကွယ်ထားသည့် သမ္မတနိုင်ငံတပ်များကို ချီးကျူးရဦးမည်။ "အင်း ငါတို့ ပြင်သစ် အပျော်တမ်းတပ်တွေလဲ ရှိတာကိုး၊ အပျော်တမ်းတပ်တွေထဲမှာ ဆိုရှယ်လစ်ပါတီဝင် အလုပ်သမားတွေတောင် ပါသေးတယ်" ဟု တွေးသည်။

"သတင်းတွေ ဖတ်ပြီးပြီလားဗျို့၊ ဘာရီကျူးတို့ အောင်ပွဲခံတော့မယ်ဆိုတာ ဘယ်မှာ ဟုတ်လို့လဲဗျ၊ အလုပ်သမားတွေကို သူ့'အမာခံတပ်'တွေလို အောက်မေ့နေတာကိုး၊ သူ့လူတွေကသာ အရေးရှိယင် ယုန်လို အမြီးထောင် ပြေးကြတာ၊ အလုပ်သမား သွားစမ်းလို့ ဘယ်ရမလဲဗျာ"

ဗီးလာ့ဒ်က သူ့အတွင်းဝန်ကို လှမ်းပြောသည်။ ခဏကြာလျှင် ဗီးလာ့ဒ်သည် ငြီးငွေ့ဖွယ်ကောင်းသည့် လုပ်ငန်းတွေကို စလုပ်သည်။ ပထမ ဧည့်သည်များကို လက်ခံတွေ့ရ၏။ ဝေ့လည်ချောင်ပတ် ဖြေတန်ဖြေရသည်။ မျက်နှာပြောင်တိုက်ပြီး ငြင်းတန်ငြင်းရသည်။ မဖြစ်နိုင်သည်ကို ကတိပေးတန် ပေးရသည်။

သူ့ကို လာတွေ့သူများထဲတွင် သူနှင့်ဆန့်ကျင်ဘက် ပီရိုး ဆိုသည့် လွှတ်တော်အမတ်တယောက်လည်း ပါ၏။ ပီရိုးက တိုင်တန်းချက်တွေ တင်သည်။

"နေ့တိုင်း လူတွေ နယ်စပ်ကိုဖြတ်ပြီး စပိန်နယ်ထဲ သွားနေကြတယ်၊ ဒါကို လက်ပိုက်ကြည့်နေယင် တနေ့မှာ ဖရန်ကိုက ကျွန်တော်တို့ကို ရန်ရှာလာလိမ့်မယ်။ မနက်ဖြန်ဆိုယင် ဖရန်ကိုက စပိန်တပြည်လုံးလောက်ကို သိမ်းပြီးတော့မှာ၊ အထူးသဖြင့် ကျွန်တော့် မဲဆန္ဒနယ်က လူထုကဆိုယင် စပိန်မှာ ဘယ်အစိုးရပဲ တက်တက် စပိန်နဲ့ ဆက်ဆံရေး ကောင်းစေချင်တယ်"

ဝန်ကြီးဗီးလာ့ဒ်က ပြုံးလိုက်၏။

"ဒီမှာ အမတ်မင်း၊ စပိန်မှာ ဘယ်သူနိုင်မလဲဆိုတာ ဘယ်သူမှ မပြောနိုင်သေးဘူးဗျ။ ခင်ဗျားလဲ နောက်ဆုံးသတင်းတွေကို ဖတ်ပြီးရောပေါ့၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လေ အမတ်မင်း ပြောတာကို ကျွန်တော် မငြင်းလိုပါဘူး၊ ဘယ်သူ တက်တက် ကျွန်တော်တို့ကတော့ ဆက်ဆံရေး မပျက်အောင် ထိန်းသိမ်းမှာပါပဲ၊ စပိန်ကို အပျော်တမ်းတပ်တွေ သွားခွင့်မပြုဘူးလို့ ကျွန်တော်တို့

ကတိပေးပြီးပြီပဲ၊ ကျွန်တော်တို့ ကတိအတိုင်း လုပ်မှာပေါ့”

ပီရိုး ထွက်သွားသည့်အခါတွင် ဗီးလာ့ဒ်က သူ့အတွင်းဝန်ကို လှမ်းပြောလိုက်သည်။

“အရှေ့ပိုင်း ပီရီးနီးက ခရိုင်ရဲဝန်ဆီကို ညွှန်ကြားချက် ထုတ်ဗျာ၊ နယ်ခြားစောင့်တပ်တွေကို တိုးချထားပါလို့”

ယနေ့ အစိုးရညှော်ခံပွဲတွေ မရှိသဖြင့် ကံကောင်းသည်ဟု ဆိုရမည်။ လေနာရောဂါ ရှိသည့် ဝန်ကြီး ဗီးလာ့ဒ်သည် ညှော်ခံပွဲတွေကို မတက်ချင်။ သူ့အဖို့ ကြက်ဥမကျက်တကျက်တလုံးနှင့် ဟင်းနုနွယ်ရွက်ပြုတ်ဆိုလျှင် တော်လောက်ပြီ။ တညနေလုံး ဘာမျှ အလုပ်မရှိတော့။ လွှတ်တော်အစည်းအဝေးတွေအစား ပန်းချီကားလေး ဘာလေးကို အေးအေးဆေးဆေး ကြည့်ရဦးမည်။ တက်သစ်စ ပန်းချီဆရာ အန်ဒရေ၏ ပန်းချီကားများကို ကြည့်ချင်နေသည်မှာ ကြာပြီ။ တလောက ပြပွဲတခုတွင် သူ့ပန်းချီကားတကားကို ပြသွားခဲ့သည်။ အရိပ်တွေ ဝေအောင် ဖြန့်မိုးနေသည့် သစ်ကြားပင်ကြီးတပင်။ လက်ဝဲဘက်တွင် ရဟာတ်တခု။ လက်ယာဘက်တွင် နံရံတခု။ နံရံတွင် လူတယောက် ရပ်လျက်။ သူဆွဲသည့် တခြားကားများလည်း စိတ်ဝင်စားစရာ ကောင်းလိမ့်မည်ဟု ဗီးလာ့ဒ်ထင်သည်။ အန်ဒရေ၏ ကားများကို လူပြောများသည် မဟုတ်လော။ ထိုကားကို ဗီးလာ့ဒ် ဝယ်ချင်သည်။ ဗီးလာ့ဒ်သည် ကပ်စေးနဲသူတယောက် မဟုတ်။ သို့ရာတွင် လက်ဖွာသည်ကိုလည်း မကြိုက်။ “ပြပွဲတုန်းကတော့ ဒီကားကို သုံးထောင်လို့ ဆိုတာပဲ။ ခုနေဆိုယင် နှစ်ထောင်လောက်နဲ့တော့ ရကောင်းပါရဲ့” ဟု တွေးနေသည်။

သူ့စတူဒီယိုသို့ ဝန်ကြီးဗီးလာ့ဒ် လာကြည့်မည် ဆိုသည့်အခါတွင် သူနှင့်ပတ်သက်၍ ပီယာ ပြောဖူးသည့် စကားများကို အန်ဒရေ သတိရသည်။ အလကားလူကြီးဟု တွေးကာ မျက်မှောက်ကုပ်လိုက်၏။ ပန်းချီစတူဒီယိုကို ပြင်ဆင်ထားရမည်လောဟု စိတ်ကူးပေါ်သေးသည်။ သို့ရာတွင် မပြင်တော့။ သူ့ကို တခမ်းတနား လုပ်စရာမလို။

ဗီးလာ့ဒ်က ပန်းချီကားတိုင်းကို စေ့စေ့စပ်စပ် ကြည့်ပြီး ဝေဖန်ချက်ပေးသည်။

"အင်း... အရောင်တွေ သုံးထားတာက နုသားပဲ။ ကုလားထိုင်အောက်မှာ ရေးထားပုံကို လေတိုက်နေသလားတောင် အောက်မေ့ရတယ်၊ စံပယ်ပွင့်တွေကတော့ နည်းနည်း စုတ်ချက်ကြမ်းသွားတယ်ကွ၊ အူထရီလို လက်ရာအတက်ဆုံးအချိန်က ဆွဲတဲ့ကားနဲ့ တော်တော် တူတယ်"

အန်ဒရေက သူ့စကားများကို မကြား။ ဗီးလာ့ဒ်မျက်နှာကို စေ့စေ့ကြည့်ယင်း "ပုံတူဆွဲလို့ ကောင်းမယ့်ရုပ် မဟုတ်ပါဘူး။ မျက်နှာက ပွစိစိနဲ့၊ ဝါးတားတားရယ်" ဟု တွေးနေသည်။

ထိုနောက် ဆေးတံကိုဖွာကာ ဗီးလာ့ဒ် ကြည့်ချင်သည့်ပုံများကို ယူပေးပြီး အင်္ကျီမှ ဖုန်များကို ခါနေသည်။ ဗီးလာ့ဒ်သည် သူ့ကားကို ဝယ်ကောင်းဝယ်မည်။ သို့ရာတွင် မဝယ်လျှင်လည်း ကိစ္စမရှိ။ သူ့အဖို့ ပိုက်ဆံသည် အရေးမကြီး၊ ပိုက်ဆံရလာလျှင် သုံးပစ်လိုက်သည်။ မရှိလျှင် ပေါင်မုန့်နှင့် ဝက်အူချောင်းကို ရေနှင့်မျှောပစ်လိုက်သည်။ တခါတုန်းကမူ သူ့ပန်းချီကားများ၏ ကံကြမ္မာနှင့် ပတ်သက်၍ သူ သိချင်ခဲ့ဖူးသည်။ သူ့ပန်းချီကားများသည် မည်သူ့လက်ထဲသို့ ရောက်သွားမည်နည်း။ သို့ရာတွင် နောက်ဆုံး၌ ပန်းချီအရောင်းဆိုင်များသို့ ရောက်သွားသည်ချည်းသာ။ စတူဒီယိုမှ ထွက်သည်နှင့် သူ့ကားများသည် စုန်းစုန်းမြုပ် ပျောက်ကွယ်သွားတတ်သဖြင့် ယခုမူ ရိုးနေပြီ။

"နောက်ဆုံးပြပွဲမှာ ပြသွားတဲ့ မင်းကားကို ကျုပ် တော်တော်လေး သဘောကျတယ်။ ဟိုသစ်ကြားပင်ကြီး မိုးနေတဲ့ ပုံလေကွယ်..."

အန်ဒရေက ဘာမျှမပြောပဲ နောက်ကားတကားကို ဒေါက်ခုံပေါ်သို့ တင်လိုက်သည်။ ဤပုံက သူအကြိုက်ဆုံးပုံ။ တည ဂျဲနက်နှင့် တွေ့ပြီးသည့်နောက်ပိုင်းတွင် အီတလီရပ်ကွက်သို့သွားပြီး ထိုပုံကို ရေးခဲ့သည်။ ထိုနေ့က အုံ့မှိုင်းမှိုင်း။ ကောင်မလေးတယောက် လမ်းထောင့်တွင်ရပ်ကာ တစုံတရာကို စောင့်မျှော်နေသည့်ပုံ။ ရဟာတ်များတွင် တပ်ထားသည့် မြင်းရုပ်များက ရပ်တန့်လျက်။

"အဲ... ဒီပုံကို ကျုပ် လိုချင်တယ်"

အန်ဒရေ၏ မျက်နှာသည် မည်းသွား၏။ ဆေးတံအိုးကို

စားပွဲခြေထောက်ဖြင့် ခေါက်လိုက်သည်။ ထိုနောက် ပန်းချီကားကိုယူပြီး နံရံဘက်သို့ လှည့်ထားလိုက်၏။

"ဘာဖြစ်လို့လဲ၊ ရောင်းပြီးပြီလား"

ဗီးလာ့ဒ်က တအံ့တသြ မေးလိုက်၏။ အန်ဒရေက ကလေးတယောက်လို ပါးစပ်ထဲ ရောက်လာသည့် အဖြေကို ပြောလိုက်သည်။ ပြောသင့် မပြောသင့် မစဉ်းစား။ သူဖြေပုံက ခပ်ဆတ်ဆတ်။ "ဒီပုံကို ဦးအိမ်မှာ မချိတ်စေချင်ပါဘူး၊ ဦး ဒီလောက်တော့ နားလည်ဖို့ ကောင်းပါတယ်၊ ကိုယ်နဲ့ တန်ရာတန်ရာ လုပ်ကြတာပဲ ကောင်းပါတယ်၊ ဒီပုံကို ဒီလောက် ကြာကြာ ကြည့်နေတာတောင် လွန်လှပြီ"

ဗီးလာ့ဒ် ဒေါသထွက်သည့်အခါတွင် သူ့မျက်နှာမှ အသားဆိုင်များနှင့်တကွ ကြိုးတပ်မျက်မှန်၊ မုတ်ဆိတ်မွေးအဖျား၊ အောက်နှုတ်ခမ်းနှင့် မေးတို့သည် တုန်လာတတ်ကြသည်။

"အေး... ဒါကတော့ မောင်ရင့်သဘောပါ"

ဗီးလာ့ဒ်သည် သူ့ကို ပန်းချီကားတွေ ပြသည့်အတွက် ကျေးဇူးတင်ကြောင်း ယဉ်ကျေးစွာ ပြောပြီး ဣန္ဒြေမပျက် ပြန်ထွက်သွားသည်။ အန်ဒရေသည် ဆင်းသွားသော ဝန်ကြီးဗီးလာ့ဒ်ကို လှမ်းကြည့်ယင်း "အလကားလူလိမ်ကြီး" ဟု ရေရွတ်နေသည်။ ပီယာသည် ဤလိုလူလိမ်လူညာကြီးကိုမှ အဟုတ်ထင်ခဲ့လေခြင်း။ လူတယောက်၏ လုပ်ဆောင်ချက်တွင် အကန့်အသတ် ထားသင့်သလော၊ ပီယာလို လူကောင်းတယောက်တွင်လည်း အကန့်အသတ် ရှိသင့်သလော။ အန်ဒရေသည် လက်ကို ဝှေ့ယမ်းလိုက်ပြီးနောက် ဗီးလာ့ဒ်မလာခင်က ဆွဲနေသည့် ပန်းချီကားကို ဆက်ဆွဲနေသည်။ ဆွဲ၍မရတော့။ သို့ရာတွင် ဒေါက်ခုံရှေ့မှ မခွာသေး။ သူ့အတွေးနှင့်သူ လုံးလည်လိုက်နေသည်။

မှောင်လာသည့်အခါတွင် ဆိုဖာပေါ်သို့ လှဲချလိုက်၏။ မီးများကို မဖွင့်မိ။ တိတ်ဆိတ်နေသည့် သူ့စတူဒီယိုထဲတွင် ပဲ့တင်ထပ်နေမည့် ဂျဲနက်အသံကို နားထောင်ချင်သည်။ ထိုအသံ လာတော့မည့်အချိန်ကို စောင့်၏။ ဂျဲနက်၏အသံသည် သူ့အတွက် မူးယစ်ဆေး ဖြစ်နေသည်။ ထိုအသံကို သူစွဲနေပြီ။

ထိုအချိန်သို့ရောက်လျှင် မည်သည့်နေရာသို့ရောက်ရောက် ရေဒီယိုကို လိုက်ရှာမိသည်။ ယနေ့တွင်မူ သစ်ပင်နှင့် ရဟတ်တို့ကို ပြန်ကြည့်မိသဖြင့် ဂျဲနက်ကို ပို၍ သတိရသည်။ အချိန်သည် တဖြည်းဖြည်း ကုန်သွား၏။ ရေဒီယို လာတော့မည်။ ခလုတ်ကိုဖွင့်လိုက်၏။ မီးစိမ်းကလေး ပွင့်လာသည်။ သီချင်းဆိုသံ၊ ထိုနောက် တယောသံ။ ထိုအသံများကြားမှ ဂျဲနက်၏အသံ။ ဂျဲနက်က ပင်လယ်သမုဒ္ဒရာကြမ်းပြင်အကြောင်း၊ ကမာခွံများအကြောင်း၊ ကမာကောင်တို့ အလုပ်လုပ်ပုံအကြောင်း ပြောနေသည်။ အခြားမဟုတ်၊ ပုလဲရတုများကို ကြော်ငြာနေခြင်း ဖြစ်သည်။ ထိုနောက် ကဗျာတပုဒ်ကို ရွတ်ပြသည်။ မည်သည့်ကဗျာမှန်း အန်ဒရေ မသိ။

"လှည့်စားခံရ၊ ကိုယ့်ဘဝသည်
မရဏာထံ၊ အပြန်ခရီး"

တယောသံနှင့် သီချင်းဆိုသံ နောက်တကြိမ် ပေါ်လာပြန်သည်။ အန်ဒရေ၏ လက်များသည် ခလုတ်ဆီသို့ အလိုလို ရောက်သွားကြသည်။ ပြင်သစ်လို ပြောနေသော အမျိုးသမီး အသံတသံ ထွက်လာ၏။

"မက်ဒရစ်က အသံလွှင့်နေပါတယ်၊ လာမန်ခါ တိုက်ခိုက်ရေးတပ်များနှင့် နိုင်ငံတကာတပ်များအပါအဝင် အစိုးရတပ်များက တက္ကသိုလ်မြို့တော်ကို လာရောက်တိုက်ခိုက်သည့် ဖက်ဆစ်တပ်များကို တွန်းလှန်လိုက်သည်။ အစိုးရတပ်များက တန်ပြန်ထိုးစစ် ဆင်နွှဲကာ ဆေးတက္ကသိုလ် အဆောက်အအုံများတွင် တပ်စွဲထားသည့် ဖက်ဆစ်တပ်များကို မောင်းထုတ်လိုက်ပါသည်။ ဂျာမန်ဗုံးကြဲလေယာဉ်များက မက်ဒရစ်မြို့တော် မြောက်ပိုင်းကို ဗုံးကြဲသဖြင့် လူပေါင်းများစွာ သေကြေ၍ အများအပြား ဒဏ်ရာရရှိသည်ဟု သိရပါသည်။"

ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ ကြည့်လိုက်သည်။ အိုမင်းသည့် ရွာရေမီဒီလမ်းသည် အိပ်ပျော်လျက်။ ရေးဟောင်းပစ္စည်းရောင်းသူ၊ ဖိနပ်ချုပ်သမားများနှင့် ပန်းသည်များလည်း အိပ်ပျော်လျက်။ "ဆေးရှုတဲ့မောင်"သို့လာသည့် ဖောက်သည်များလည်း အိပ်ပျော်ကုန်ကြပြီ။ ကြောင်တွေလည်း အိပ်ပျော်ကုန်ကြပြီ။ တခါတရံတွင် အိမ်ပြန်နောက်ကျသူ တယောက်တလေ ဖြတ်သွားသည်ကို တွေ့ရ၏။ လာရီကားတစီးက တဝုန်းဝုန်း မောင်းသွားသည်။ ထိုနောက် တိတ်ဆိတ်သွားပြန်၏။ မှဲ့ခြောက်ခြောက်အိမ်များက တိတ်ဆိတ်လျက်။ အန်ဒရေ ရင်ထဲက လှိုက်၍ ဝမ်းနည်းလာသည်။ မက်ဒရစ်အကြောင်းကို စိတ်ရောက်သွား၏။ မက်ဒရစ်သို့ တခေါက်မျှ မရောက်စဖူး။ မက်ဒရစ်မြို့၏ ရှုခင်းကို သူအမြဲကြည့်ခဲ့ဖူးသည်။ မှောင်နေသလော၊

ဆူညံနေသလော၊ တိတ်ဆိတ်နေသလော သူမသိ။ သို့ရာတွင် ယခုအချိန်တွင် မက်ဒရစ်မြို့ကောင်းကင်သည် လင်းထိန်နေလိမ့်မည်။ မြေပေါ်တွင် မိန်းမတယောက်သည် ငိုနေလိမ့်မည်။ ညတိုင်း ထို့နည်းနှင်နှင် ဖြစ်လိမ့်မည်။ ဤသို့ဖြစ်ရသည်ထက် သေသည်ကမှ တော်ဦးမည်။ ဤအဖြစ်သည် လူတယောက်ကို သွက်သွက်ခါအောင် ရူးသွားစေနိုင်သည်။ ဗုံးပေါက်ကွဲသံများနှင့် မိန်းမတယောက်၏ ငိုကြွေးသံကြောင့်ချည်း မဟုတ်။ သို့ရာတွင် သူဘာတတ်နိုင်မည်နည်း။ ပါရီတွင် သူတို့တတွေက တံခါးတွေပိတ်ကာ စောင်ခြုံ၍ အိပ်နေကြပြီ။ သူတို့မှာ နွေးနွေးထွေးထွေး သက်သက်သာသာ။ အပြင်တွင် စိုစွတ်အေးမြနေပြီး အဝေးက မက်ဒရစ်မြို့တွင်မူ အိမ်တွေ မီးဟုန်းဟုန်း တောက်နေကြသည်။ နွေးထွေးပါ၏။ ဇိမ်ကျပါ၏။ သို့ရာတွင် ပါရီမြို့တော်က ကောင်းကင်တွင်လည်း လေယာဉ်သံတွေ ဆူညံလာမည်မဟုတ်ဟု မည်သူ ပြောနိုင်သနည်း။ ထိုအခါတွင် တိတ်ဆိတ်မည်းမှောင်သည့် ပါရီညသည် ဆူညံလာတော့မည်။ မီးမောင်းကြီးများမှ မျက်လုံးကြီးများသည် ကောင်းကင်ကို အလန့်တကြား လိုက်ကြည့်ကြတော့မည်။ မတွေ့။ တစီးမျှ မတွေ့။ ထိုနောက် ဗုံးကွဲသံ တလုံး၊ နှစ်လုံး၊ သုံးလုံး။ လူများစွာ သေဆုံး၍ အများအပြား ဒဏ်ရာရရှိကြောင်း ဆိုသည့်အသံကို ရေဒီယိုမှ ကြားရတော့မည်။ ထိုမိန်းမသည် ဂျဲနက်များ ဖြစ်မည်လော မပြောတတ်။ ဤတိတ်ဆိတ်မှုဖြင့် အဘယ့်ကြောင့် ဂျဲနက်ကို လိမ်နေကြသနည်း။ ဂျဲနက်ကို လှုပ်နိုးကာ၊ ဟဲ့ ကလေးမ၊ တောကို သွားတော့၊ ပင်လယ်ကမ်းစပ်ကို သွားတော့၊ တနေရာရာကို သွားတော့ဟု အဘယ့်ကြောင့် မပြောကြသနည်း။ အားလုံးကို သူတို့လိမ်နေကြသည်။ ဖိနပ်ချုပ်သမားကိုရော၊ ကြောင်တွေကိုရော၊ မြင်မြင်သမျှကို လိမ်နေကြသည်။ ဂျဲနက်က "လှည့်စားခံရ၊ ကိုယ့်ဘဝသည်၊ မရဏသံ၊ အပြန်ခရီး" ဟု ကဗျာရွတ်သွားသည်။ ဟုတ်သည်။ ဤအဖြစ်သည် ရှင်းသည်။ ကြောက်စရာကောင်းသည်။

အင်္ဂါဆိုလျှင် မွန်တီနီတို့၏အိမ်တွင် ညှော်ခံပွဲတွေ ကျင်းပမြဲ။ ကျယ်ပြန့်သည့် စာကြည့်ဆောင်ကြီးထဲတွင် ကော်ဖီသောက်ယင်း၊ မာတီနီရမ်အဖျော်ကို သောက်ယင်း ဆေးပြင်းလိပ်မီးခိုးများကြား၌ လက်ရှိနိုင်ငံရေးပြဿနာများကို ဆွေးနွေးလေ့ရှိကြသည်။ ညှော်ခန်းဆောင်ထဲတွင်မူ အမျိုးသမီးများက လက်ဖက်ရည်သောက်ကြ၏။ မွန်တီနီ၏သမီး ဂျိုးဇက်ဖင်းကမူ အမျိုးသားတွေ ညှော်ခန်းဆောင်ထဲသို့ ကူးလာမည့်အချိန်ကို မျှော်လှုပြီ။ အင်္ဂါနေ့တိုင်း သူတို့အိမ်သို့ ရောက်လာတတ်သည့် လူဆန်းကို ယခုတိုင် စိတ်မပြတ်သေး။

ပြည်သူ့တပ်ဦး အနိုင်ရ၍ အစိုးရဖြစ်ခဲ့သည်မှာ နှစ်နှစ်ရှိပြီ။ ဒက်ဇာ၏ စကားအတိုင်း ပြောရလျှင် ပြင်သစ်ပြည်တွင် အရာရာကို ဖျက်ဆီးပစ်ခဲ့ပြီးပြီ။ "တိုင်းပြည်ကို ဘယ်လို အုပ်ချုပ်ရမယ်ဆိုတာ ကျုပ်နားလည်ပြီဗျ၊ ခု ကျုပ်တို့ကို သူတို့ လက်ညှိုးမထိုးကြတော့ဘူး" ဟု ဗီးလာ့ဒ်က ကြွားသည်။ စီးပွားရေး အခြေအနေကောင်းသည်။ စက်ရုံများတွင် နိုင်ငံခြားမှ ကုန်အမှာစာတွေ ပုံနေသည်။ ဝယ်အားကောင်းသဖြင့် ဆိုင်များတွင် ပစ္စည်းလုံလောက်အောင် မတင်နိုင်၊ "ငှားရန်" ဆိုသည့် ဆိုင်းဘုတ်များကို မမြင်ရတော့။ အဆောက်အအုံများတွင် နေရာလွတ်၊ အခန်းလွတ်ဟူ၍ မရှိတော့။ စီးပွါးရေး အကျပ်အတည်းကြီးကို ကျော်နိုင်ခဲ့ပြီဟု ဘောဂဗေဒ ပါရဂူများက ရေးကြသည်။ အစွန်နှရှည်သည့် ပြည်တော်သာခေတ်ကြီးကို ရောက်တော့မည်ဟု နိမိတ်ဖတ်ကြသည်။

သို့ရာတွင် ထိုကျေနပ်ရောင့်ရဲမှု ဝတ်ရုံအောက်၌ အထွေထွေ မကျေနပ်မှုသည် ပုန်းလျှိုးခိုအောင်းလျက်ရှိ၏။ ဓနရှင်များသည် ဇွန်လသပိတ်များကို မမေ့နိုင်ကြသေး။ သူ့ကြောင့် အထိတ်ထိတ်အလန့်လန့် ဖြစ်နေရသည်ဆိုကာ ပြည်သူ့တပ်ဦးအစိုးရကို ခွင့်မလွှတ်နိုင်ကြ။ တပတ်လျှင် နာရီလေးဆယ် အလုပ်ချိန်နှင့် လစာမပျက် အားလပ်ရက်တို့ကြောင့် ပြဿနာတွေ ပေါ်ကုန်သည်ဟု ယူဆကြသည်။ မွန်တီနီတို့ အသိုင်းအဝိုင်းကမျှသာမက သတင်းစာဆောင်းပါးများကိုဖတ်သည့် အလယ်အလတ်တန်းစားများကလည်း ဤသို့ ယူဆကြသည်။ ဆပ်ပြာတခဲကို လေးပြား နောက်ထပ်တက်သွားသည့်အခါတွင် ဆိုင်ပိုင်ရှင်များက ပခုံးကိုတွန့်ကာ "တက်မှာပေါ့။ ကျွန်တော်တို့ အလုပ်သမား လူကြီးမင်းများက ပင်လယ်ကမ်းခြေသွား အနားယူနေကြတာကိုး" ဟု ဝယ်သူများကို ပြောကြသည်။ မြေခွန်တော် ပြေစာကို

လက်မှတ်ထိုးနေသည့် လယ်သမားက "အလကား ကပ်ပါးတွေ" ဟု ရေရွတ်သည်။ အလုပ်သမားများကို ပြောခြင်းဖြစ်၏။ အလုပ်သမားများ ကိုယ်တိုင်ကလည်း မကျေမနပ် ဖြစ်နေကြသည်။ နေထိုင်မှုစရိတ်က နေ့စဉ်နှင့်အမျှ တက်နေသည်။ လွန်ခဲ့သည့် နှစ်နှစ်လောက်က သူတို့တိုးရခဲ့သည့် လုပ်ခသည် ဆင့်ပါးစပ် နှမ်းပက်သည့်နှယ်၊ ဘာမျှမထူး၊ သပိတ်တွေ တလုံးပြီးတလုံး မှောက်နေသည်။ ပိုင်ရှင်များက လိုက်လျောခြင်း မပြုကြ။ ဗီးလာ့ဒ်က နှစ်ဘက်စေ့စပ်ညှိနှိုင်းကြဖို့ မေတ္တာရပ်သည်။ ဖက်ဆစ်များက စစ်အဖွဲ့အစည်းများကို ပြောင်ပြောင်တင်းတင်း ဖွဲ့စည်းလာကြသည်။ ကျုပ်တို့ကို ဘယ်သူက အကာအကွယ်ပေးမှာလဲဟု အလုပ်သမားများက မေးကြ၏။ "ပုလိပ်တွေကတော့ အကာအကွယ်ပေးမှာ မဟုတ်ဘူး၊ သူတို့လဲ ကျုပ်တို့နဲ့အတူ သပိတ်မှောက်ဖို့ အချိန်စောင့်နေတာ" ဟု ပြောကြသည်။ စပိန်ပြည်တွင် စစ်ကတိုက်ဆဲ။ သို့ရာတွင် ဖရန်ကို၏ ဖက်ဆစ်တပ်များက မက်ဒရစ်မြို့ကို အဆက်ဖြတ်ထားလိုက်ကြပြီ။ ပြင်သစ်ဆိုရှယ်လစ်အစိုးရက စပိန်အလုပ်သမားတွေကို သစ္စာဖောက်နေပြီဟု အလုပ်သမားများက စိတ်ဆိုးမာန်ဆိုးဖြင့် ညည်းကြသည်။ သစ္စာဖောက်မှုသည် ပြည်သူလူထု၏ စိတ်ဓာတ်ကို သံချေးစားသလို လှိုက်စားနေသည်။ သတင်းစာများက စစ်ကြီးအန္တရာယ်ကို ရေးကြသည်။ ဂျာမန်တပ်ကြီးများက (ဩစထရီးယားပြည်) ဗီယင်နာမြို့ထဲသို့ ဝင်လာကြသည်။ ဟစ်တလာ၏ နောက်ခြေလှမ်းကို အမျိုးမျိုး ခန့်မှန်းကြ၏။ ကဖီးဆိုင်များထဲတွင် လည်ပင်းကြောကြီးတွေ ထောင်လာသည်အထိ ငြင်းကြသည်။ ထိုနောက် အိမ်ပြန်ပြီး မောမောနှင့် အိပ်ကြသည်။ ထူးထူးခြားခြား အေးသည့် ၁၉၃၈ ခု နွေဦးတွင် ပါရီသည် အေးချမ်းငြိမ်သက်သော်လည်း ဆောက်တည်ရာမရ ဖြစ်နေသည်။

ထိုအတောအတွင်း ဘရီကျူးတွင် လုပ်စရာတွေ တပုံတပင်ကြီး။ မွန်တီနီတို့အိမ်တွင် တွေ့ကြသည့် သူ့အပေါင်းအသင်းများကလည်း သူ့လုပ်ငန်းအဝဝကို အကုန်အစင် မသိကြ။ ယခု လက်ရှိဖြစ်နေသည့် အကျပ်အတည်းသည် အလုပ်သမားကို အလိုလိုက်လွန်းသောကြောင့် ဖြစ်သည်ဟု ဘရီကျူး ယူဆ၏။ ဘရီကျူးသည် ထိုနှစ်တနှစ်လုံး ခြောက်လှန့်အကြမ်းဖက်သည့် လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲလျက် ရှိသည်။ တာဝန်ခပ်ကြီးကြီးဆိုလျှင် ဂရစ္စနက်ကို လွှဲ၏။ စစ်လေယာဉ်ခြောက်စီးကို မီးရှို့ဖျက်ဆီးခဲ့သူ၊ မီးရထား ဥမင်တခုထဲတွင် မိုင်းဗုံးမြုပ်ခဲ့သူမှာ အခြားသူမဟုတ်၊ ဂရစ္စနက်ပင် ဖြစ်သည်။

အရင်းရှင်များကို ခြောက်လှန့်လိုသည့်အတွက် ကုန်သည်ကြီး အသင်းတိုက်ကို လက်ပစ်ဗုံးဖြင့် အပစ်ခိုင်းခဲ့သည်။ အသင်းတိုက်ရှေ့ပိုင်း ပျက်စီးသွားပြီး ဒရဝမ် သေသွား၏။

ဤလုပ်ရပ်များသည် ကွန်မြူနစ်တို့ လက်ချက်ဖြစ်သည်ဟု လက်ယာသတင်းစာများက ရေးကြသည်။ ဝန်ကြီးဗီးလာ့ဒ်ကမူ "အဖျက်လုပ်ငန်းတွေရဲ့ နောက်ကွယ်မှာ ဘာရည်ရွယ်ချက်ရှိသလဲ ဆိုတာကို အစိုးရအနေနဲ့ သုံးသပ်ဆဲပဲ ရှိသေးတယ်" ဟု သတင်းစာ ကွန်ဖရင့်တွင် ဆင်ဝှေ့ရန်ရှောင် ပြောသွားသည်။ ပြည်သူ့တပ်ဦးကို ထောက်ခံသူများက ပြတ်ပြတ်သားသား လုပ်စေချင်သည်။ ဤတွင် သူ့လူတွေ ကျေနပ်သွားအောင် အရေးယူပြလိုက်သည်။ ပုလိပ်က မြေတိုက်ထဲမှ စက်သေနတ် နှစ်လက်သုံးလက်လောက်ကို ဆွဲထုတ်ပြကာ ဘရီကျူး၏ "အမာခံ" တပ်သား ငါးဆယ်လောက်ကို ဖမ်းပြလိုက်သည်။ သို့ရာတွင် ဘရီကျူးနှင့် သူ့ "အမာခံ" တို့၏ လက်နက်ပုန်းများကိုမူ လက်ဖျားနှင့်မျှ မတို့။ ဤသည်တို့ကိုပြ၍ "လုပ်ကြံမှုကြီးကို ဖော်ထုတ်လိုက်ပြီ" ဟု ဗီးလာ့ဒ်က ဆိုသည်။ လုပ်ကြံမှုကိုလည်း ကလေးကစားသည့်နှယ် လူထုက အထင်ရောက်သွားအောင် ဗီးလာ့ဒ်က လုပ်ပစ်လိုက်သည်။ လုပ်ကြံရေးသမားများသည် အလယ်ခေတ်တုန်းကလို ခေါင်းစွပ်ကြီးတွေကို ဆောင်းပြီး မျက်နှာဖုံးနက်ကြီးတွေကို တပ်ဆင်ထားကြကြောင်းဖြင့် သတင်းစာများကို အရေးခိုင်းသည်။ လွှတ်တော်ထဲတွင်မူ အစိုးရသည် စစ်မှန်သည့် မျိုးချစ်များကို နှိပ်စက်ညှဉ်းပန်းနေသည်ဟု ဘရီကျူးက ပြင်းပြင်းထန်ထန် ကန့်ကွက်သည်။ မကြာမီတွင် ဖမ်းထားသည့်လူများ ပြန်လွတ်လာကြသည်။

ယခု ဘရီကျူး ပရိယာယ် တမျိုး ပြောင်းရတော့မည်။ ဘရီကျူးသည် လက်ပစ်ဗုံးကို ခဏသိမ်းထားပြီး လွှတ်တော်ထဲတွင် ခြေပုန်းခုတ်သည်။ နိုင်ငံတကာကိစ္စများနှင့် ပြည်တွင်းကိစ္စများကို ရောထွေးသွားအောင် မွှေပစ်နိုင်လျှင် အစိုးရအဖွဲ့ ပြုတ်ကျသွားအောင် လုပ်နိုင်လိမ့်မည်ဟု ဘရီကျူး မျှော်လင့်သည်။ ပါရီက အုတ်တံတိုင်းများတွင် ဘရီကျူး၏ ပိုစတာတွေ ဖွေးဖွေးလှုပ်နေသည်။ "ပြည်သူ့တပ်ဦး အစိုးရသည် ပြင်သစ်ပြည်ကြီးကို စစ်ထဲဆွဲသွင်းနေသည်" ဟု ရေးထား၏။ ဘရီကျူး၏ နောက်လိုက်များက တောနယ်များသို့ ဆင်းကာ "ငြိမ်းချမ်းရေးကို ကာကွယ်ထိန်းသိမ်းရမည်" ဟု လယ်သမားများကို

တရားဟောကြသည်။ အစိုးရအဖွဲ့ အကျပ်အတည်း ဆိုက်တော့မည်။ ပြည်သူ့တပ်ဦးကို ထောက်ခံနေသည့် ရေဒီကယ်အမတ်များကလည်း ဆိုရှယ်လစ်တို့ကို စိတ်ပျက်နေကြပြီ။ အရင်းအနှီးမြှုပ်နှံမှုအပေါ်တွင် ကောက်လိုက်သည့် အခွန်တွေကလည်း ကြောက်ခမန်းလိလိ။ ကြောက်တတ်သည့် ဆိုရှယ်လစ် ဝန်ကြီးချုပ် ဗလွန်း၏ အစိုးရ နှာခေါင်းကျည်ပွေ့ တွေ့တော့မည်။ ဤလိုကိစ္စမျိုးတွင် တက်စကို အားကိုးရမည်။ ထို့ကြောင့် ဘရီကျူးသည် တက်စနှင့် သွား၍ ပူး၏။ သူ့မိန့်ခွန်းတွေ မည်မျှကောင်းကြောင်း ချီးမွမ်း၏။ ရိုအင်ဘဲကင်၊ ရစ်သားနှင့် ဟင်းရွက်စုံကြော်တို့ဖြင့် ညှော့ခံကျွေးမွေး၏။ တက်စက အစားအသောက်ကို ချီးမွမ်းသည်။ သို့ရာတွင် သတိမလွတ်။ သူနှင့် ဗီးလာ့ဒ်တို့ ဆက်ဆံရေးကောင်းကြောင်း၊ ပြင်သစ်အစိုးရ ဆိုရှယ်လစ်များသည် လူတော်လူကောင်းများဖြစ်ကြောင်း ချီးမွမ်းခန်းပင် ဖွင့်လိုက်သေးသည်။ သူ အစိုးရဖွဲ့နိုင်ပြီ ဟူသော အထင်ဖြင့် တက်စသည် ဤစကားမျိုးကို ပြောလေသလား။ သို့တည်းမဟုတ် လက်ဝဲ ရေဒီကယ်အမတ်များ၊ အထူးသဖြင့် ဘရီကျူးကို ဟစ်တလာ့ဝါဒီဟု ပြောင်ပြောင်တင်းတင်း ခေါ်သည့် အာကျယ်ကျယ် လွှတ်တော်အမတ် ဖိုးဂျက်တို့၏ မဲများကို လိုချင်သောကြောင့်လော။

အစိုးရ အဖွဲ့တဖွဲ့ကို ဖြုတ်ချရသည့် အလုပ်သည် အိမ်တလုံးကို လက်ပစ်ဗုံးဖြင့် ပစ်ရသည့် အလုပ်လို လွယ်သည့်အလုပ် မဟုတ်။ ထို့ကြောင့် ဘရီကျူးအဖို့ နောက်လိုက်သစ်တွေ စုရသည်။ ဤလုပ်ငန်းမျိုးတွင် ဂရစ္စနက်နှင့် "သံမဏိဗိုလ်" များကို အသုံးချ၍ မဖြစ်။ ထင်ရှားသည့် လွှတ်တော်အမတ်နှစ်ယောက်ဖြစ်သော ဂျူကိန်းနှင့် ဂရမ်ဒယ်တို့ကို ဘရီကျူး မဟာမိတ်ဖွဲ့ရသည်။ သူတို့နှစ်ယောက်က တယောက်နှင့်တယောက် နည်းနည်းကလေးမျှ အသွင်မတူ။ ဂျူကိန်းက တောနယ်မှ တိရိစ္ဆာန်ဆေးကုဆရာဝန်တယောက်၏သား။ ငယ်ငယ်တုန်းက ဆင်းရဲခဲ့သော်လည်း ဆိုရှယ်လစ်လှုပ်ရှားမှုနှင့် ခပ်ကင်းကင်း နေခဲ့သည်။ သူ့ရည်မှန်းချက်က ရက်ရောသဘောထားကြီး၍ အနုပညာထွန်းကားသည့် ပြင်သစ်နိုင်ငံတော်ကြီး ထူထောင်ရေး ဖြစ်သည်။ ဂျူန်းအော့အာ့လို သူရဲကောင်းတွေကို သဘောကျသည်။ ရှာထရေနှင့် ရိမ်းစ် စသည့် ဘုရားရှိခိုးကျောင်းကြီးများကို တည်ဆောက်ခဲ့သည့် အမည်မသိ ဗိသုကာတို့၏ လက်ရာကို နှစ်သက်သည်။ ပြင်သစ်လူမျိုးကို အထင်ကြီးသည်။ စစ်အတွင်းက လေတပ်သား ဖြစ်ခဲ့ဖူးပြီး ဒဏ်ရာ နှစ်ကြိမ် ရဖူးသည်။ ဆုတံဆိပ်လည်း နှစ်ကြိမ် ရဖူးသည်။ ထိုနောက် နိုင်ငံရေးလုပ်ပြီး

"ဝံသာနုဝါဒ" ဆိုသည်ကို တရားဟောသည်။ တောင်တန်းဒေသရှိ မဲဆန္ဒနယ်တခုမှ အရွေးခံရပြီးနောက် အမတ်ဖြစ်လာသည်။ လွှတ်တော်ထဲတွင် အစွန်းရောက် လက်ယာဂိုဏ်းဝင် ဖြစ်သွားသည်။ သို့ရာတွင် တချီတချီတွင် "ဘက်ကန်" တတ်သဖြင့် သူ့ဂိုဏ်းသားများက သူ့ကို မနည်း ထိန်းကြရ၏။ တခါက လွှတ်တော်အစည်းအဝေးတွင် ထ၍ "ကျွန်တော်တို့တတွေဟာ နောက်ထပ် ပါရီဘုံအဖွဲ့တခု ပေါ်လာမှာကို ဘာမှ စိုးရိမ်စရာ မလိုဘူးဗျ၊ တကယ်လို့သာ ပေါ်လာယင် ကျွန်တော်ကတော့ အလုပ်သမားတွေဘက်က ပါမှာပဲ၊ နှစ်ဘက် ခွတုတ်တဲ့ သိုင်းယားစ်လို ခေါင်းဆောင်မျိုးတော့ မလုပ်ဘူး" ဟု ထပြောဖူးသည်။ လူက မှုန်ကုပ်ကုပ်။ အရုပ်ဆိုးဆိုး။ အသက်က ငါးဆယ်လောက်ရှိပြီ။ စကားပြောလျှင် ထစ်အအ။ စိတ်ဆိုးပြီဆိုလျှင် စကားကောင်းကောင်း မပီတော့။ သူပြောသည့် စကားကို သူ့သားချင်းဆွေမျိုးတွေပင် နားမလည်။ လွှတ်တော်ထဲတွင် မိန့်ခွန်းပြောခဲသော်လည်း သြဇာရှိသည်။ အကျင့်စာရိတ္တနှင့် ဗဟုသုတတို့ကြောင့် လွှတ်တော်ထဲတွင် သူ့ကို လေးစားကြသည်။ ပြင်သစ်ပြည်တွင် အတော်ဆုံးသော လေယာဉ်ပါရဂူတဦးဖြစ်ပြီး လွှတ်တော် လေတပ်ဆိုင်ရာ ကော်မတီတွင် ခေါင်းဆောင်ဖြစ်သည်။ ပြည်သူ့တပ်ဦးသည် ပြင်သစ်ပြည်ကြီးကို ချောက်ကမ်းပါးကြီးထဲသို့ ဆွဲချနေသည်ဟု ဆိုကာ ဘရီကျူးကို ထောက်ခံသည်။ ဘရီကျူးကလည်း သူနှင့်တည့်အောင် ပေါင်းသည်။ သူ့ရှေ့တွင်ဆိုလျှင် ဂျာမနီနှင့် ပူးပေါင်းရေးကို လေသံမျှ မဟ။

ဂျူကိန်းသည် လွှတ်တော် အသိုင်းအဝိုင်း၊ စစ်ဘက်ဆိုင်ရာ အသိုင်းအဝိုင်းတွင်သာ ထင်ရှားသော်လည်း ဂရမ်ဒယ်ကမူ တပြည်လုံး အတိုင်းအတာဖြင့် ထင်ရှားသူဖြစ်၏။ အသက် သိပ်မကြီးသေး။ ရုပ်ကလည်း ရုပ်ဖြောင့်။ ဥပမိရုပ် ကောင်းသည်။ နှာခေါင်းက ရောမကျောက်ဆစ်ရုပ် နှာခေါင်းမျိုး၊ ပြာလဲ့သည့် မျက်လုံးများက မှုန်ငေးငေး။ စိန့်ဂျက်စ် ရုပ်တုနှင့် တူသည်။ စကားပြောကလည်း အလွန်ကောင်းသည်။ လွှတ်တော်ထဲတွင် သူ စကားပြောပြီဆိုလျှင် အတိုက်အခံအမတ်များကပင် ငေး၍ နားထောင်ကြရသည်။ ကလေး လူထူးဟု ဆိုရမလောက် ငယ်ငယ်က အလွန်ထူးချွန်ပြီး လက်ဖျားခါယူရလောက်အောင် တယောထိုး ကျွမ်းကျင်သည်။ စစ်ပြေငြိမ်းပြီးသည့်နောက်တွင် သူ့အဖေသည် ရွှေဈေးကစားခြင်းဖြင့် သဌေးတဦး ဖြစ်သွားကာ မကြာမီ မွဲသွားသည်။ ဤတွင် ဂရမ်ဒယ် အလုပ်ထွက်လုပ်ရသည်။ "ဆင်းရဲခြင်း ဂန္ဓာရီ ပညာကျမ်း၊ လောကဓာတ် စကြဝဠာ မုန်တိုင်း" များအကြောင်း

စာအုပ် စသည်တို့အပြင် လူမှုရေးနှင့်ဆိုင်သည့် ပြဇာတ်များကိုလည်း ရေးခဲ့ဖူးသည်။ မကြာသေးမီကမှ ဆိုရှယ်လစ်ပါတီသို့ ဝင်ရောက်လာခဲ့ပြီး စကားပြောကောင်းသဖြင့် လူသိများလာခဲ့သည်။ ထိုနောက် လွှတ်တော်အမတ်အဖြစ် အရွေးခံရသည်။ မကြာမီ ဝန်ကြီးချုပ် ဗလွန်းနှင့် ဗီးလာ့ဒ်တို့၏ လူမျိုးစုံ သွေးစည်းချစ်ကြည်ရေးဝါဒကို မယုံကြည်တော့ကြောင်း၊ မိမိသည် ပြင်သစ်လူမျိုးတဦးဖြစ်၍ ပြင်သစ်အလုပ်သမားများ၏ ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ဂျာမန်လူမျိုးဖြစ်သည့် ကားလ်မတ်ထက် ပြင်သစ်လူမျိုးဖြစ်သည့် ပရိုဒွန်ကို ပို၍ ယုံကြည်ကြောင်း၊ နိုင်ငံခြားကလူတွေ ခိုင်းရာကို မလုပ်နိုင်ကြောင်းဖြင့် ကြေငြာကာ ဆိုရှယ်လစ်ပါတီမှ ထွက်သွားခဲ့သည်။ ထိုအချိန်က ဂရမ်ဒယ်သည် လူထုအမြင်တွင် သူရဲကောင်းကြီး။ သူ့ကို ရေဒီကယ်များ၊ ရီပတ်ဗလစ်ကင်များ၊ ဒီမိုကရက်များက သူတို့ပါတီများသို့ဝင်ရန် ပိုးပန်းကြသည်။ သူကမူ သူ့ကိုယ်သူ "တသီးပုဂ္ဂလ ဆိုရှယ်လစ်" ဟု ကြေငြာ၏။ သို့ရာတွင် လွှတ်တော်ထဲတွင် သဘောကွဲကြသည့်အခါများ၌ လက်ယာဂိုဏ်းကို အမြဲထောက်ခံသည်။ ထိုနောက် ဘာရီကျူးနှင့် လက်တွဲသည်။ သို့ရာတွင် ဂရမ်ဒယ်တွင် ရန်သူကလည်း ပေါပါဘိခြင်း။ ပါလီမန်လွှတ်တော် ဧည့်ခန်းဆောင်များတွင် သူ့ကို သိက္ခာချသည့် အတင်းအဖျင်းတွေကို ပြောပြီဆိုလျှင် ဝမ်းသာအားရ နားထောင်သူတွေက တရုန်းရုန်း။ ဂရမ်ဒယ်သည် ဂျာမန်သံရုံးမှ အရာရှိတယောက်နှင့် မကြာခဏ တွေ့ဆုံလေ့ရှိသည်ဟု သတင်းဖြစ်နေသည်။ အချို့ကမူ ဂျာမန်တို့နှင့် နိုင်ငံရေးအရ ဆက်သွယ်သည့် စာရွက်စာတမ်း အထောက်အထားတွေကိုပင် ရထားပြီ။ ယခု ထိုအထောက်အထားများ ရေဒီကယ် လွှတ်တော်အမတ် ဖိုးဂျက်လက်ထဲတွင် ရောက်နေပြီဟုပင် ဆိုကြသည်။ ထိုသတင်းမျိုးကြားလျှင် ဂရမ်ဒယ်က မျက်လုံးတဘက်ကို ပင့်လိုက်ကာ "ဒါတွေက ရိုးနေပါပြီဗျာ၊ ပြိုင်ဘက်ကို အပုပ်ချပြီး ကုလားဖန်ထိုးတဲ့နည်းတွေပါ၊ တနေ့ကျယင် ဖိုးဂျက်ဟာ မော်စကိုရဲ့ လက်ကိုင်တုတ်ဆိုတာ ကျွန်တော် အမိဖမ်းပြမယ်" ဟု ဆိုတတ်သည်။

လွန်ခဲ့သည့် သုံးနှစ်လောက်တုန်းက ဂရမ်ဒယ်သည် ကပြားမချောချောတယောက်နှင့် လက်ထပ်ခဲ့သည်။ သူ့အမည်က မာရီ။ သို့ရာတွင် သူ့ကို လူတိုင်းက မိုရှေဟု ခေါ်ကြ၏။ ဂရမ်ဒယ်သည် မာရီကို သွားလေရာ အမြဲခေါ်သည်။ မာရီသည် သူ့ယောက်ျားနှင့်အတူ မွန်တီနီတို့အိမ်သို့ ပါလာတတ်၏။ စကားဝိုင်းထဲသို့ ဝင်လေ့မရှိ။ ဘေးတွင်ထိုင်ကာ ခါတ်ပုံအယ်လ်ဘန်များကို ကြည့်နေတတ်သည်။ ဂျိုးဇက်ဖင်းကမူ သူ့အဖို့ ပြိုင်ဘက်တယောက် တိုးလာပြီဟု

သဘောထားလိုက်သည်။ ဂျိုးဇက်ဖင်းသည် စာကြည့်ဆောင်တံခါးဆီသို့သာ မျက်လုံးရောက်နေသည်။ လူဆန်းထွက်လာပြီဆိုလျှင် သူ့မျက်နှာပေးက နည်းနည်းလေးမျှ ဣန္ဒြေမရ။

မွန်တီနီမှာ ဘရီကျူး၏ နိုင်ငံရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့သူ။ လူက တုတ်တုတ်ခိုင်ခိုင်၊ မှုန်ကုပ်ကုပ်။ မျက်နှာက ခွေးဘီလူးမျက်နှာနှင့် တူသည်။ စည်းကမ်းကလည်း အလွန်ကြီးသည်။ သူ့သမီးမှာ အဖေ့အိမ်ဖြစ်၍သာ နေရသည်။ ထွက်ပြေးချင်သည်မှာ ကြာပြီ။ ဝတ္ထုဖတ်လျှင်လည်း ဆူသည်။ နှုတ်ခမ်းနီ ထူထူဆိုးလျှင်လည်း ဆူသည်။ စာပေဗဟုသုတဆို၍ ဘာမျှမရှိ။ လုပ်တော့လည်း တဇောက်ကန်း။ ဘရီကျူးသည် အလုပ်သမားများကို သူတို့နေရာဟောင်းသို့ ပြန်ပို့လိမ့်မည်ဟု မွန်တီနီ ယုံသည်။ မနှစ်က အလုပ်သမားများကို လိုက်လျှောမှုတွေ လုပ်ရသည့်တိုင် သူ့လုပ်ငန်းတွင် ဘာမှမထိခိုက်။ အမြတ်တွေ သဲ့ယူရလောက်အောင် ရမြဲ။ သို့ရာတွင် ထိုသို့လိုက်လျှောရသည့်အတွက်မူ သိက္ခာကျသည်ဟု ထင်သည်။

“ကြည့်ပါဦးဗျာ၊ တပတ်ကို အလုပ်ချိန် နာရီလေးဆယ်တဲ့၊ အလကားကောင်တွေ၊ ကျုပ် တနေ့ကို ဘယ်နှစ်နာရီ အလုပ်လုပ်သလဲ သိရဲ့လား၊ အလုပ်ချိန်နာရီကို ဘယ်တော့မှ ထည့်ပြီး စကားမပြောဘူး၊ ကျုပ်မှာ စွန့်ပြီး အရင်းမြှုပ်ရတာတွေ ရှိတယ်၊ ရှုံးချင်လဲ ရှုံးသွားနိုင်တယ်၊ သူတို့မှာ ဘာများ စွန့်ရလို့လဲ၊ လုပ်ခမှန်မှန်ထုတ်ယူရုံပဲ၊ အလကား ကပ်ပါးကောင်တွေ”

ဒက်ဇာ ယူဆသလို အလုပ်သမားများသည် ရန်သူများဟု မွန်တီနီ မယူ။ အားလုံးကို ဝါးမြိုစားသောက်သွားမည့် ပိုးမွှားတိရစ္ဆာန်များဟု မွန်တီနီ ယူဆသည်။ အလုပ်သမားများ ပျင်းကြောင်း၊ လောဘကြီးကြောင်း၊ အသုံးမကျကြောင်းကို ပြောရမည်ဆိုလျှင် သူ့တသက် ပြော၍ပင် ဆုံးမည်မထင်။

ထိုနေ့ညနေကလည်း မွန်တီနီသည် မည်သူ့ကိုမျှ ပါးစပ်ဟခွင့်မပေးပဲ သူတယောက်တည်း ဒိုင်ခံစကားပြောနေသည်။ အလုပ်သမားများက စက်ရုံတွင် သီးသန့်ရေချိုးခွက်တွေ ထားပေးဖို့ တောင်းဆိုသည့်အကြောင်း၊ အလုပ်သမားတွေ စည်းကမ်းပျက်သည့်အကြောင်း၊ စင်စစ် ဤအကြောင်းကို ပြောသည်မှာ အကြိမ်တရာ မကတော့ပြီ။

"နောက်တခါကျယင် ပိုင်ရှင်ကိုယ်တိုင် ဈေးတွန်းပေးရမယ်လို့များ တောင်းဆိုဦးမလား မသိဘူး၊ ဟုတ်တယ်၊ ဒီလို မတောင်းဆိုဘူးလို့ ဘယ်သူ အာမခံနိုင်သလဲ၊ ကြည့်ပါဦးဗျာ၊ ဂျာမန်အလုပ်သမားတွေက တနေ့ကို နှစ်ဆယ့်လေးနာရီ လုပ်နေတဲ့အချိန်မှာ ကျွန်တော်တို့ အလုပ်သမားတွေက ပင်လယ်ကမ်းခြေသွားပြီး အနားယူနေကြသတဲ့"

ဒေါသထွက်ပြီး ချောင်းတဟွတ်ဟွတ် ဆိုးနေသည်။ ဘာရီကျူးက သူ့ရေချိုးခွက်ကိစ္စတွေကို စိတ်မဝင်စားနိုင်။ လာမည့် လွှတ်တော်အစည်းအဝေးတွင် တွေ့ရမည့် တိုက်ပွဲအကြောင်းကို ပြောချင်သည်။ ထို့ကြောင့် သူချောင်းဆိုးနေတုန်း စကားဖြတ်၍ အတင်းပြောရ၏။ လာမည့်လွှတ်တော်တွင် ဂျူကိန်း၏ ထောက်ခံမှုကို သူလိုချင်သည်။ ဘာရီကျူးက မွန်တီနီပြောသွားသလို နာဇီအန္တရာယ်ကို ထောက်ပြပြီး သူလိုချင်သည့်အကြောင်းကို ဆွဲယူသည်။

"မေလလောက်ဆိုယင် ဂျာမန်တွေက ချက်ကိုစလိုဗားကီးယားကိုလည်း ဖိအားပေးလာကြလိမ့်မယ် ထင်တယ်ဗျ၊ ဂျာမန်က ဒီလိုလုပ်မလာခင်မှာ ကျွန်တော်တို့က တကယ်စစ်မှန်တဲ့ အမျိုးသားအစိုးရတခုကို ဖွဲ့ပြီးသား ဖြစ်ဖို့လိုတယ်၊ ကျွန်တော့်တဦးချင်းအနေနဲ့ ပြောရယင် တက်စကို ဘာမှ ကန့်ကွက်စရာ မရှိပါဘူး၊ သူခေါင်းဆောင်ပြီး ဖွဲ့နိုင်ယင်လဲ ကောင်းတာပဲ၊ ဒါပေမယ့် တခုတော့ရှိတယ်၊ ကွန်မြူနစ်အမတ်တွေရဲ့ ထောက်ခံမဲကိုတော့ မယူရဘူး"

လူဆန်းက မျက်မှောင်ကုပ်လိုက်၏။ အစိုးရအဖွဲ့ကို လုပ်ကြံဖြုတ်ချမည်ဟု ဘာရီကျူးက တခါ သူ့ကိုပြောခဲ့သည်။ သို့ရာတွင် ယခု ဘာရီကျူးကို ကြည့်ရသည်က တမျိုး။ လုပ်ကြံမှုထက် လွှတ်တော်နိုင်ငံရေးကျားကွက်ကို ပို၍ အားသန်နေပုံရသည်။ မည်သည့်နည်းဖြင့် လုပ်သည်ဖြစ်စေ၊ သူ့အဖေတက်စကိုမူ တိုင်းပြည်ကယ်တင်ရှင် ဝန်ကြီးချုပ်အဖြစ် ရွေးကြမည်မထင်။ လူဆန်းက သမ်းဝေလိုက်ယင်း "သူတို့စကားဝိုင်းကလည်း ပြီးပဲမပြီးနိုင်ဘူး" ဟု တွေးနေသည်။ မာရီနှင့် စကားပြောချင်လှပြီ။

ဂရမ်ဒယ်က ဘာရီကျူးကို ထောက်ခံသည်။

"ဆိုရှယ်လစ် ပြည်သူ့တပ်ဦးနဲ့စာယင် တက်စက တော်သေးတာပေါ့။ ဒါပေမယ့် ဖိုးဂျက်တို့ဂိုဏ်းနဲ့တော့ လမ်းခွဲဖို့ လိုတယ်၊ ဖိုးဂျက်က ကျွန်တော့်ကို

အပုပ်ချတဲ့ လုပ်ကြံစာရွက် အထောက်အထားတွေကို မနေ့က တက်စကို ပေးလိုက်ပြီ ကြားလို့ ကျွန်တော် တက်စကို သွားမေးတယ်။ 'ကျွန်တော့်ကို သူတို့ ဘာတွေ စွပ်စွဲထားသလဲဗျ။ ပြနိုင်ယင် ပြစမ်းပါ' လို့ ပြောတော့ တက်စ တော်တော် အရသာတွေ့သွားပုံပဲ။ ထုတ်တော့မပြဘူး၊ ဒါပေမယ့် သူတို့ထုတ်မပြလဲ အရေးမကြီးပါဘူး၊ သူတို့အကွက်ကို ကျွန်တော် သိပါတယ်၊ နိုင်ငံခြားရေးကော်မတီမှာ သဘောကွဲအောင် လုပ်မယ်၊ အစိုးရကို လူထုက မကျေမနပ် ဖြစ်လာတဲ့အခါမှာ လူထုအာရုံပြောင်းသွားအောင် လုပ်ကြံသတင်းတခု ဖန်တီးမယ်ပေါ့။ ဒီလုပ်နည်းတွေက ရိုးနေပါပြီ၊ ခုလဲ ဗလွန်းရဲ့ အစိုးရကို ကယ်ဖို့ ကျွန်တော်နဲ့ ပတ်သက်ပြီး လုပ်ကြံသတင်းတွေလွှင့်မယ်၊ ဒီနည်းနဲ့ ပြောင်းသွားအောင် လုပ်မယ်ပေါ့"

သူ့စကားကို ဂျူကိန်းက လက်မခံ။

"ဖိုးဂျက်ဟာ ဒီလောက်တော့ ယုတ်ယုတ်မာမာ လုပ်မယ် မထင်ဘူးဗျ။ သူ့ကြည့်ရတာ လူကောင်းတယောက်ပါ၊ ဗာဒွန်းတိုက်ပွဲတို့ ဘာတုန်းကလဲ ပါခဲ့တဲ့ လူတယောက်ပဲ၊ ကိုယ့်နိုင်ငံရေး ပြိုင်ဘက်တယောက်ကို ဒီလောက်တော့ ပက်ပက်စက်စက် လုပ်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားဘက်ကလဲ ပြန်ချပေါ့။ ခင်ဗျားလဲ စကားပြောကောင်း တယောက်ပဲ"

"သူတို့တိုက်ကွက်ကို စောင့်ကြည့်ရဦးမှာပေါ့လေ၊ သူတို့က ကျွန်တော့်ကို ဘယ်လို စွပ်စွဲမှန်းမှ မသိရသေးပဲ၊ ကျွန်တော်က ဘယ့်နှယ်လုပ် ပြန်ချနိုင်မှာလဲ"

ဘာရီကျူးက ရှင်းပြသည်။

"ကျွန်တော် တက်စနဲ့ တွေ့ပြီးပါပြီ၊ ဒါပေမယ့် ခက်တာက သူက မပြောဘူးဗျ။ ကြည့်ရတာတော့ တက်စက နှစ်ဘက်ကိုခွပြီး ကစားမယ့်ပုံပဲ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ နှစ်ယောက်က မကင်းရာ မကင်းကြောင်းတွေပါ။ သူ ရွေးကောက်ပွဲ ဝင်နိုင်အောင် ကျွန်တော်တို့ လုပ်ပေးခဲ့တာပါ။ ပြီးတော့ ခင်ဗျားနဲ့ ပတ်သက်တဲ့ လုပ်ကြံစွပ်စွဲချက်တွေကိုလဲ ယုံဟန်မတူပါဘူး၊ ဒါပေမယ့် ခက်တာက သူက လွတ်လွတ်ကျွတ်ကျွတ် လုပ်ရဲမှာ မဟုတ်ဘူး၊ ပါတီစည်းကမ်းကို နာခံလိမ့်မယ် ထင်တယ်၊ ဗလွန်းတို့၊ ဟဲရီးယော့တို့ ပြိုပြင်တာကိုလဲ မခံရဲပေဘူး"

လူဆန်းက မသိမသာ ပြုံးလိုက်သည်။ လေသံပြတ်ပြတ်ဖြင့်…

“ကျွန်တော့် အဖေဟာ ရိုးတော့ရိုးပါတယ်၊ ဒါပေမယ့် ခပ်အအရယ် ခင်ဗျ”

လွှတ်တော်အမတ်များသည် လာမည့် အစည်းအဝေးတွင် သူတို့ဘက်သို့ ပါလာမည့်မဲများကို ရေတွက်ကြည့်ကြသည်။ ရေဒီကယ်အမတ် ခုနှစ်ယောက်လောက်က ဗလွန်းကို ဆန့်ကျင်မဲ ပေးကြမည်။ အစိုးရ ထောက်ခံမဲများ ပြိုဆင်းနေပြီ။ သို့ရာတွင် ပြိုကွဲမှုက အချိန်ကြာသည်။ ကြာကြာ မစောင့်နိုင်။ တလလောက်ဆိုလျှင် ဂျာမန်တို့က စတိုက်တော့မည်။ ဂျာမန်ဝင်လာလျှင် အဆင်သင့် ဆီးကြိုနိုင်အောင် ကိုယ်က ပြင်ထားရမည်။

“ကိစ္စမရှိပါဘူးလေ၊ ကျွန်တော်တို့ဘက်မှာ အထက်လွှတ်တော်အမတ်တွေ ရှိပါသေးတယ်၊ ကဲလေ့ကဆိုယင် ဝန်ကြီးချုပ် ဗလွန်းကို အရှင်လတ်လတ် အရေဆုတ်ချင်တာ”

“သူ့ကို သိပ်အားကိုးနေလို့တော့ မဖြစ်ဘူးနော်၊ ဒီလူက ကောက်ကျစ်တယ်၊ ပြီးတော့ အလွန် စိတ်ပျက်လွယ်တဲ့လူ”

ဂျူကိန်းက ပြော၏။

ထို့နောက် သူတို့ဖွဲ့မည့် အစိုးရသစ်၏ လုပ်ငန်းစဉ်ကို ဆွေးနွေးကြသည်။ ပထမအချက်။ တက်စသည် ကွန်မြူနစ်များနှင့် လမ်းခွဲရမည်။ ဆူဒေတန် ပြဿနာတွင် ပျော့စိစိ လုပ်နေ၍မဖြစ်၊ ဂျာမန်တို့၏ တောင်းဆိုချက်ကို ထောက်ခံမည်။ သို့ရာတွင် ပြဿနာ ကြီးလာပါက နှစ်ဘက် စေ့စပ်ဆွေးနွေးအောင် တိုက်တွန်းရမည်။ စပိန်ပြည်က ဖက်ဆစ်ဖရန်ကို၏ အစိုးရကို ချက်ချင်း အသိအမှတ်ပြုမည်။ မူဆိုလိုနီနှင့် အချိန်မီ ဆွေးနွေးရန် လာဗ်ကို ရောမသို့ လွှတ်မည်။ သတင်းစာများကို ထိန်းချုပ်မည်။ လေယာဉ်စက်ရုံများကို ငွေထုတ်ချေးမည် (ဂျူကိန်းက ဤအချက်ကို အထူး တိုက်တွန်းသည်။) တပတ်လျှင် အလုပ်ချိန် နာရီ ၄၀ သတ်မှတ်မည်။

“စက်ရုံသိမ်းတဲ့ သပိတ်မျိုးတွေ ပေါ်လာယင် လက်နက်ကိုင်တပ်ကိုသုံးပြီး နှိမ်ပစ်ရမယ်”

ဘာရီကျူးက ထပ်ဖြည့်သည်။

သို့ရာတွင် မွန်တီနီက သဘောမတူ။

"မဟုတ်ဘူး၊ ခါတ်ငွေ့ သုံးရမယ်၊ ခါတ်ငွေ့ ချပစ်ရမယ်၊ ကြွက်ကို မီးခိုးမှိုင်းတိုက်သလို ဒီကောင်တွေကို မှိုင်းတိုက်ပစ်ရမယ်၊ အစိုးရအဖွဲ့ လုပ်ငန်းစဉ်မှာ နောက်တချက် ကျန်သေးတယ်၊ သဘော်ာတည်ဆောက်ရေးလုပ်ငန်းကို တိုးချဲ့ဖို့၊ ပြီးတော့ အကြွမ်းဖက်မှုများကို သေဒဏ်ပေးဖို့၊ အဲဒါတွေပါ ထည့်ပါ၊ ကုန်သည်ကြီးများအသင်းတိုက်ကို လက်ပစ်ဗုံးနဲ့ ထုတဲ့ကောင်ကို မမိသေးဘူး၊ ဒီကောင်မျိုးတွေကို သေဒဏ်ပေးပစ်ရမယ်၊ ခေါင်းဖြတ်စက်က ဒီကောင်မျိုးတွေအဖို့ ကောင်းလွန်းနေသေးတယ်"

ဘာရီကျူးက မွန်တီနီ၏ ပွရောင်းရောင်း မျက်နှာကြီးကို ကြည့်သည်။ ဘာမျှ နားလည်သည့် ငနဲကြီး မဟုတ်။ လုပ်ချင် စွတ်လုပ်မည့် လူစားကြီး။ ဘာရီကျူးက အရေးကြီးသည့် ကိစ္စတခု ရှိသည်ဆိုကာ ထပြန်သွားသည်။

ကျန်ဧည့်သည်များက ဧည့်ခန်းဆောင်ဘက်သို့ ကူးလာခဲ့ကြ၏။ ဂျိုးဇက်ဖင်းက လူဆန်းကို လှမ်းကြည့်သည်။ သို့ရာတွင် လူဆန်းက သူ့ကို လှမ်း၍ပင် မကြည့်။ မာရီဘေးတွင် ကပ်ထိုင်ကာ ဂျီရော်ဒိုး၏ နောက်ဆုံးပြဇာတ်ဖြစ်သည့် "ဘယ်တော့မျှ ထရိုဂျင်စစ်ပွဲ မဖြစ်" ဆိုသည့် ပြဇာတ်အကြောင်းကို ပြောနေသည်။

"ပြဇာတ်နာမည်က သိပ်ကောင်းတာပဲနော်၊ ဒီနာမည်ကြားပြီး အနည်းဆုံး လူတွေ စိတ်ချမ်းသာရတာပေါ့"

လူဆန်းက ပြော၏၊ မာရီက သူ့နားသို့ကပ်၍ တိုးတိုးပြောသည်။

"ကြာသပတေးနေ့နော်။ အိမ်မှာ သူမရှိဘူး၊ အဲဒီတော့မှ သဘောရှိ သိလား"

ယခုအချိန်သည် အစိုးရအနေဖြင့် ပြတ်သားသည့် ပေါ်လစီကို ချမှတ်သင့်ကြောင်း ဂျူကိန်းက ဂရမ်ဒယ်ကို စိတ်ပါလက်ပါ ပြောနေသည်။

"ကျွန်တော့်အနေနဲ့ ပြောရယင်တော့ အီတလီကို ထောက်ခံသည်ဖြစ်စေ၊

ကန့်ကွက်သည်ဖြစ်စေ မထူးပါဘူး၊ ဆူဒေတန်ကို ဂျာမန်သိမ်းယင်လဲ အရေးမကြီးပါဘူး၊ ချက်ကိုစလိုဗားကီးယားနဲ့ မဂ္ဂိနော့ခံတပ်ကို ရန်ရှာမှာ တခုပဲ”

“ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ဆူဒေတန်နယ်ဟာ ဂျာမန်အမျိုးသားတွေနေတဲ့နယ် ဆိုတာကိုတော့ မေ့လို့ မဖြစ်ဘူးလေ၊ ဆူဒေတန်ကိုရယင် တော်ပြီ။ အနောက်ဥရောပက နယ်တွေကို သူစိတ်မဝင်စားဘူးလို့ ဟစ်တလာက ကြေငြာထားသားပဲ”

ဂျူကိန်းမှာ စိတ်တိုနေပြီ။ အော်ပြောသော်လည်း သူ့စကားလုံးများကို ကောင်းကောင်း ခွဲခြား၍ မရ။ ကြက်ပေါင်စေးတုံးကို ဝါးယင်း စကားပြောနေသည့်နှယ် ဗလုံးဗထွေး။ ဂရမ်ဒယ်က ပြုံးလိုက်ယင်း...

“ကဲပါ၊ ထားပါ၊ ခင်ဗျား မှန်တယ်”

ဂျိုးဇက်ဖင်းသည် အပြင်ဘက် ခန်းမဆောင်ဘက်သို့ ထွက်သွားသည့် လူဆန်းနောက်သို့ ခပ်သုတ်သုတ် လိုက်လာသည်။ လူဆန်း၏ မျက်နှာကို မကြည့်ပဲ ခပ်မြန်မြန်ပြော၏။

“အစ်ကိုလူဆန်း၊ အကြောင်းကိစ္စရှိယင် ပြောပါ၊ အကူအညီပေးဖို့ အဆင်သင့် ရှိပါတယ်”

လူဆန်း သူ့ကို သနားသွားသည်။ သို့ရာတွင် စိတ်ကို ချုပ်တည်းလိုက်၏။

“ကျေးဇူးတင်တယ် ညီမ။ အပြင်ဘက်က အေးတယ်လေ၊ အအေးမိသွားလိမ့်မယ်”

ဂျိုးဇက်ဖင်းက မျက်ရည်ဝဲဖြင့် ပြောသည်။

“အစ်ကိုတို့များ သိပ်ရက်စက်တာပဲနော်”

အပြင်ဘက်တွင် အေးစိမ့်နေသည့် အရှေ့လေ တိုက်နေသည်။ လူဆန်းက ကုတ်အင်္ကျီကော်လာကို ထောင်လိုက်၏။ အားလုံးကို သူစက်ဆုပ်လှပြီ။ ဘရီကျူးကိုလည်း စက်ဆုပ်သည်။ သူ့ကို တွယ်ကပ်နေသည့် ဂျိုးဇက်ဖင်းကိုလည်း စိတ်ပျက်သည်။ မာရီကိုလည်း ထို့အတူ။

ပါရီရပ်ကွက်တခုရှိ ဖက်ဆစ်အဖွဲ့ခွဲတခုမှ အော်ဘာရီဆိုသည့် လူတယောက်ကို ဘာရီကျူး ရွေးထုတ်လိုက်သည်။ အော်ဘာရီက မြေအောက်ဘူတာရုံတခုတွင် လက်မှတ်စစ်၊ အရုပ်ဆိုးဆိုး၊ ဒေါသကြီးကြီး၊ သူ့တွင် သားမယား မရှိ။

"ဒီမှာ အော်ဘာရီ၊ တို့အထဲက သစ္စာဖောက်တယောက်ကို ရှင်းစရာ ရှိတယ်"

အော်ဘာရီ၏ မျက်နှာသည် ဝင်းထိန်လာ၏။ သူ့အစွမ်းကို ပြချင်နေသည်မှာ ကြာလှပြီ။ ခေါင်းဆောင်ကြီးက သူ့ကို တခါသာ တာဝန်ပေးဖူးသေးသည်။ သို့ရာတွင် ထိုတာဝန်မျိုးကို သူမလုပ်ချင်။ အသေးအဖွဲ့ဟု ထင်သည်။ အခြားမဟုတ်။ ဝါဂရမ်လမ်းပေါ်တွင် ကွန်မြူနစ်သတင်းစာ "လျူမာနီတေး" ရောင်းသည့် ကောင်မလေးတယောက်ကို ဝင်ရိုက်ရခြင်း ဖြစ်သည်။

"အဆင့်သင့်ပါ ခေါင်းဆောင်ကြီး"

"တို့အထဲက သံမဏိဗိုလ် ဂရစ္စနက်ကို ရှင်းပစ်ရမယ်၊ အားလုံး ပိရိပေ့စေ၊ ပြီးတော့ ဒါကို သူ့အနားမှာ ချပစ်ခဲ့"

ဘာရီကျူးက အိတ်ဆောင် စာအုပ်ကလေးတအုပ်ကို ဖွင့်ကာ ကွန်မြူနစ်ပါတီဝင် ကတ်ပြားတခုကို ထုတ်ပေးသည်။

"စိတ်ချပါ ခေါင်းဆောင်ကြီး"

အော်ဘာရီက ခပ်သွက်သွက် ပြောသည်။

အိမ်သို့ ပြန်ရောက်သည့်အခါတွင် ဘာရီကျူးသည် သူ့ထံလာသည့် စာများကိုလည်း မဖတ်မိ။ သူ့ဇနီးက မေးသည်တို့ကိုလည်း မဖြေနိုင်။ နှုတ်ခမ်းပါးပါးကို အနိုင်နိုင် ကြိုးစား၍ လှုပ်ယင်း ဘုရားရှိခိုးသည်။ ဂရစ္စနက်အတွက် သူစိတ်မကောင်း။ သို့ရာတွင် မတတ်နိုင်။ နောက်ထပ် စာရွက်လွတ်တခုပေါ်တွင် အခန်းသစ်တခုကို ရေးရတော့မည်။ ဂရစ္စနက် ဆိုသည့်ကောင်က စိတ်မချရ။ အရက်ကလေး နည်းနည်းထွေလာလျှင် အကုန်ကျွဲခိုးပေါ်တတ်သည်။ ဂရစ္စနက်သည် သစ္စာရှိသည်မှာ မှန်သည်။ သို့ရာတွင် အကင်းမပါး။ "ကျုပ်က

သံမဏိဗိုလ်ဗျ” ဟု မဏ္ဍာပ်တိုင် တက်တတ်သည်။ သူ့လိုသာ မဏ္ဍာပ်တိုင်ကို တက်ပြနေရလျှင် အားလုံး “ချာန်ကြွ”ကာ ကောင်းကင်ဘုံကို ရောက်ကုန်ကြတော့မည်။ သူက ကိစ္စမရှိ။ သို့ရာတွင် ဘရီကျူး “ချာန်မကြွ” နိုင်သေး။ ကောင်းကင်ဘုံကို မရောက်ချင်သေး။ သူ့တွင် လုပ်စရာတွေ အများကြီး ရှိသေးသည်။ သူ့စီမံကိန်းတွေက တပုံတပင်။

ဘုရားရှိခိုးပြီးနောက် သူ့ဇနီးကို လှမ်းပြောသည်။

“ဂရစ္စနက် ဆိုတဲ့လူကို ငါ တခါမှ မသိဖူးဘူးနော် ဟုတ်တယ် မဟုတ်လား”

သူ့မိန်းမက ဘရီကျူး ကြိုက်တတ်သည့် ဗာဒံစေ့ကိတ်မုန့် ဖုတ်နေရာမှ ခါးစည်းအဝတ်ဖြင့် လက်သုတ်နေသည်။ ထိုနောက် သူ့ယောကျ်ားကို တအံ့တသြဖြင့် လှမ်းကြည့်၏။

“ဘာ၊ မသိဘူး ဟုတ်လား”

ဘရီကျူးက ဘာမျှမပြော။

ဗာနူးဘုတာမှ တောပစ်စခန်းသို့ သွားသည့်လမ်းက ရွံ့တစပ်စပ်။ ဂရစ္စနက်သည် ရွံ့တို့ဖြင့် ချော်ကျိုနေသည့် လမ်းကလေးအတိုင်း လျှောက်လာသည်။ ရာသီဥတု ဆိုးနေသည်မှာ ကြာလှပြီ။ ယနေ့မှာ ပထမဆုံး နေသာသည့်နေ့။ မကြာမီ ရှင်ပြန်ထမြောက်ခြင်း ပူဇော်ပွဲတော်နေ့သို့ ရောက်တော့မည်။ ခင်တန်းကလေးတခုထဲသို့ ရောက်လာ၏။ အိုက်သဖြင့် ကုတ်အင်္ကျီ ကြယ်သီးများကို ဖြုတ်ပစ်လိုက်သည်။ သစ်ပင်များအောက်တွင် အဖျားသွယ်သွယ် နှင်းပန်းရွက်များသည် အစိမ်းရောင်လွင်လွင်ဖြင့် လင်းနေကြ၏။ နောက်တလလောက်ဆိုလျှင် ပါရီမြို့သူမြို့သားတို့ ဤတောပစ်စခန်းကလေးသို့ ပျော်ပွဲစား လာကြတော့မည်။ ခါတိုင်းဆိုလျှင် သာယာလှပသည့် ရှုခင်းမြက်ခင်းတွေကို ဂရစ္စနက် သဘောမကျ။ သူများတွေ ပျော်ပျော်ပါးပါး အပူအပင်မရှိ နေကြသည်ကို မြင်လျှင် သူ မနာလို။ ယနေ့တွင်မူ နေခြည်ကလည်း ထွေးထွေး။ တောထဲတွင် နွေဦးကလည်း လူးလွန့်စပြုပြီ။ ထို့ကြောင့် သူ့စိတ်သည် နူးညံ့နေသည်။ ခင်တန်းတဝိုက်သို့ နှင်းပန်း လာခူးကြသည့် သမီးရည်းစားတွေကို သူ သတိရ၏။

ဘရီကျူးသည် သူ့ကို မည်သည့်တာဝန် ပေးမည်နည်း။ စပိန်နယ်စပ်သို့ လွှတ်မည်လော။ သို့မဟုတ် ဘရီတန်နီသို့ လွှတ်မည်လော။ ငယ်ငယ်ကတည်းက ပြင်သစ်ပြည် အနှံ့အပြားသို့ သူရောက်ခဲ့ဖူးသည်။ ဆေးလိပ်မီးခိုးတွေ မွန်နေသည့် မီးရထားတွဲ ကျဉ်းကျဉ်းကလေးများဖြင့်လည်း ခရီးသွားခဲ့ဖူးသည်။ တတိယတန်း ဟိုတယ်တခုက စားပွဲအိုအိုတလုံးတွင် ထိုင်၍လည်း ထမင်းစားခဲ့ဖူးသည်။ တဘက်စားပွဲတွင် ထိုင်နေသည့် နယ်လှည့် အရောင်းကိုယ်စားလှယ်များ၏ ဖန်တရာတေနေသော ပြက်လုံးများကိုလည်း နားထောင်ခဲ့ဖူးသည်။ နံရံတွင် အရုပ်တွေ ရေးထားပြီး အပူငွေ့မရှိသည့် အခန်းများထဲတွင်လည်း အိပ်ခဲ့ရဖူးသည်။ ချေးတွေတက်ကာ အစိုပြန်နေသည့် စောင်များကိုလည်း ခြုံခဲ့ရဖူးသည်။ ထိုအရာများသည် သူ့အဖို့ အသစ်အဆန်း မဟုတ်တော့။ စင်စစ် သူသည် ခြေသလုံးအိမ်တိုင် လျှောက်သွားနေရသည်ကို ကြိုက်လှ၍ မဟုတ်။ သို့ရာတွင် မတတ်နိုင်။ သူ့ဘဝက တနေရာတည်းတွင် အခြေတကျ နေရသည့် ဘဝမျိုး မဟုတ်။ သူ တသက်လုံး လုပ်ခဲ့သည့်အလုပ်က နယ်လှည့် အရောင်းကိုယ်စားလှယ်။ ထိုအလုပ်သည် ဘရီကျူး ခိုင်းသည့် မိုက်ရူးရဲလုပ်ငန်းများနှင့် အံဝင်ခွင်ကျ ဖြစ်နေသည်။ သူငှားနေသည့် အခန်းသို့ တပတ်လောက် ပြန်မရောက်လျှင်လည်း ကိစ္စမရှိ။ အိမ်ရှင်မိန်းမကြီးအဖို့ ရိုးနေပြီ။ ဂရစ္စနက်သည် ပြင်သစ်ပြည်တခွင်ကို ပြေပြေစင်အောင် သိနေပြီ။ ရောက်လေရာတွင် သူသွားနေကျ နေရာတွေ ရှိသည်။

မူးဖော်မူးဖက်တွေ ရှိသည်။ နယ်ခံပုလိပ်တွေနှင့်လည်း အဆက်အသွယ်ရှိသည်။ လွန်ခဲ့သည့် လေးလလုံးလုံး သူ့တွင် ထူးထူးထွေထွေ အလုပ်မရှိ။ အော်ဘရီထံက စာရသည့်အခါတွင် ဝမ်းလည်း မသာ၊ ဝမ်းလည်း မနည်း။ ပစ္စည်းလေး နည်းနည်းပါးပါးကို လက်ဆွဲသေတ္တာထဲထည့်။ ဘရန်ဒီတလုံးကို အဝတ်တွေပေါ်မှာတင်။ ခြောက်လုံးပြူးတလက်ကို ဘောင်းဘီအိတ်ထဲထိုး။

“အင်နက်စီနယ်ဘက်ကို မျက်မှန်ပစ္စည်းလေးတွေ အရောင်းထွက်လိုက်ဦးမယ်”

ဂရစ္စနက်က အိမ်ရှင် အဘွားကြီးကို ပြောသည်။

“မျက်မှန်ပစ္စည်း ဖြစ်ဖြစ်၊ လက်ပစ်ဗုံး ဖြစ်ဖြစ်ပေါ့။ ကျုပ်ဘာသာ ယူသွားတာ ဘာဖြစ်သလဲ” ဟု စိတ်ထဲက ဆိုမိသည်။ လွန်ခဲ့သည့် နှစ်နှစ်လောက်တုန်းက ဘရီကျူး ခိုင်းသည့် မိုက်ရူးရဲလုပ်ငန်းတွေ လုပ်ရသည်ကို သူပျော်သည်။ စိတ်ထက်သန်သည်။ ယခု ထိုလုပ်ငန်းများသည် သမားရိုးကျလုပ်ငန်းတွေ ဖြစ်နေပြီ။ ခိုင်းသမျှကို ပိပိရိရိ လုပ်သည့်တိုင် ထက်သန်မှု မရှိတော့။

ပြေ မွန်းတည့်ချိန်၊ နေခြည်ဝင်းဝင်း။ ရောထွေးနေသည့် ငှက်သံချိုချိုတို့ကြောင့် သူ့စိတ်သည် ညွတ်နူးနေသည်။ “အမာခံ” တပ်သားတို့ အကြောင်းကိုလည်း မစဉ်းစားမိ။ သူ့စိတ်သည် အင်နက်စီမှ တည်းခိုရိပ်သာပိုင်ရှင်၏ သမီး လုလုထံ ရောက်နေသည်။ လုလု ဆံပင်တွေက လှိုင်းတွန့်ပြေးလျက်။ အင်နက်စီသို့ သွားမည်ဟု အခန်းပိုင်ရှင် အဘွားကြီးကို သူပြောခဲ့သည်မှာ ညာပြောခြင်း မဟုတ်။ လုလုအကြောင်းကို စဉ်းစားနေတုန်း ဖြစ်၍ လွတ်ကနဲ ပြောလိုက်မိခြင်း ဖြစ်သည်။ ယခု အလုပ်တွေကို ဘေးချိတ်။ လုလုနှင့် လက်ထပ်။ ကဖီးဆိုင်ကလေးတဆိုင်၊ သို့မဟုတ် တည်းခိုခန်းကလေးတခု ဖွင့်ပြီး အေးအေးဆေးဆေး နေချင်လှပြီ။ ဩော်... မက်လိုက်ရသည့် အိပ်မက်တွေ။ သူ့တွင် စုပြီးဆောင်းပြီးသားဆို၍ တပြားမျှမရှိ။ ဘရီကျူးဆီက ရသမျှပိုက်ဆံမှာ အဝတ်အစားသစ် ဝယ်ရ။ လုလုကို လက်ဆောင်ဝယ်ပေးရနှင့် တပြားမျှ မကျန်တော့။

အော်ဘရီက အလျှင်ရောက်နှင့်သည်။ တောပစ် တဲစခန်းကလေးက

တောင်စလပ်ပင်တွေကြားတွင် ပြုံလုံပြုံခင်။ နံရံတွင် သမီးရည်းစားတို့၏ အမည်များ၊ ရက်စွဲများကို ရေးခြစ်ထားသည်။ အော်ဘရီက ကျောက်တုံးလှေကားထစ်ကလေးများပေါ်တွင် ထိုင်ကာ ကိုယ်တဘက်စီကိုလှည့်၍ နေဆာလှုံနေသည်။ သူလည်း နွေဦး၏ အနံ့အသက်ကြောင့် ကြည်နူးနေပုံရသည်။ ဆပ်ပြာနံ့၊ အက်ဆစ်နံ့တို့ဖြင့် လှောင်နေသည့် မြေအောက်ဘူတာထဲတွင် လပေါင်းများစွာ အချိန်ကုန်ခဲ့ရပြီးနောက် ရေညှိစိမ်းစိမ်းတွေ အရစ်အရစ် တက်နေသည့် သစ်ပင်အောက်က စမ်းချောင်းကလေးဘေးတွင် ထိုင်နေသည်မှာ သူ့အဖို့ နိဗ္ဗာန်ဘုံကို ရောက်နေသည်နှင့် အတူတူ။ ဤနေရာသို့ သူလာရသည့်ကိစ္စကိုပင် မေ့နေပြီ။ မုတ်ဆိတ်ကို သပ်ရပ်စွာ ရိတ်ထားပြီး စတိုင်ကျကျ ဝတ်လာသည့် ဂရစ္စနက်ကို မြင်သည့်အခါတွင် သက်ပြင်းချလိုက်မိ၏။ စောစောက နတ်သမီးပုံပြင်လေးလည်း ပျောက်သွားပြီ။

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။

"ထိုင်လေဗျာ၊ သံမဏိဗိုလ် ဒါမက်ဆီလဲ လာလိမ့်မယ်၊ ညွှန်ကြားချက်တွေ ပါလာမယ် ထင်တာပဲ"

အော်ဘရီက ပြောသည်။ ဂရစ္စနက်က သတင်းစာစက္ကူတရွက်ကို ခင်း၏။ သူ့ဘောင်းဘီသစ်ကို ပေမည်စိုးသည်။

"သိပ်တော့ မစိုပါဘူးဗျ၊ နေပူနေသားပဲ၊ ဒါပေမယ့် သတိတော့ထားဖို့၊ အအေးမိလို့ မဖြစ်သေးဘူး"

စမ်းချောင်းထဲက ငွေလှိုင်းဂယက်လေးများကို နှစ်ယောက်သား ငေးကြည့်နေကြသည်။ တဖြည်းဖြည်းနှင့် အိပ်ငိုက်စ ပြုလာကြ၏။

"ခေါင်းဆောင်ကြီးကိုယ်တိုင် လာမှာတဲ့လား" ဂရစ္စနက်က မေး၏။

"မလာနိုင်ဘူး ထင်တယ်၊ အဘိုးကြီး ကောင်းကောင်း နေမကောင်းဘူး။ အသက်ကြီးပြီ မဟုတ်လား"

"ဘယ်လောက်ရှိပြီ ထင်သလဲ"

"ခြောက်ဆယ်ကျော်ရောပေါ့"

“သားအငယ်လေး သေပြီးတဲ့နောက် အဘိုးကြီးလဲ တော်တော် ကျသွားတယ်။ နှစ်နှစ်လောက်တော့ ရှိရောပေါ့။ ကျွန်တော် မှတ်မိသေးတယ်၊ အဲဒီတုန်းက သပိတ်တွေကလဲ မှောက်လို့၊ အဘွားကြီးကလဲ ငိုလို့၊ ကျွန်တော် ရောက်သွားတော့ အဘိုးကြီးက ဘုရားရှိခိုးနေတယ်”

“စိတ်ထိခိုက်မှာပေါ့ဗျာ၊ ဒါထက် ခင်ဗျားကော ဘယ်လိုလဲ၊ အိမ်ထောင်ရှိသလား”

“ဟင့်အင်း၊ မရှိသေးဘူး၊ ခင်ဗျားကော”

အော်ဘာရီ၏ အရုပ်ဆိုးဆိုး မျက်နှာသည် ရှက်ပြုံးဖြင့် ဝင်းထိန်သွား၏။

“ကျွန်တော်လဲ မရှိသေးပါဘူး”

“ဘာလဲ၊ စဉ်းစားထားတာတော့ ရှိရောပေါ့ဗျ၊ အိမ်ထောင်ရှိတော့ ပိုကောင်းတာပေါ့ဗျာ။ ကျွန်တော်လဲ မကြာခင် အိမ်ထောင်ပြုတော့မယ်လို့ စိတ်ကူးထားတယ်။ ကျွန်တော့်ကောင်မလေးက အင်နက်စီက မဆိုးဘူး ဆိုပါတော့၊ သူ့အဖေက ရှေ့နေ၊ မြေကလေး ဘာလေးလဲ နည်းနည်းပါးပါး ရှိတယ်၊ လက်ထပ်ပြီးယင်တော့ ကျွန်တော်လဲ အဲဒီမှာ နေဖြစ်မှာပါပဲ၊ တည်းခိုခန်းကလေးတခု ထောင်မယ် စိတ်ကူးတယ်၊ အင်္ဂလိပ် ခရီးသည်တွေ လာတတ်တယ် မဟုတ်လား၊ ဝင်ငွေလဲ ကောင်းမှာပါ၊ ခုကတည်းက ပိုက်ဆံလေး ဘာလေး စုရတာပေါ့ဗျာ၊ ကွန်တော့်အမျိုးသမီးက တော်တော်လေး ချောတယ်ဗျ။ သီချင်းဆိုလဲ ကောင်းတယ်၊ အဆိုကျော် ကောင်းကောင်း ဖြစ်နိုင်တယ်”

စင်စစ် လုလုသည် သီချင်းတပုဒ်မျှ မဆိုတတ်။ သို့ရာတွင် ဂရစ္စနက် အရှိန်ရနေပြီ။ သူ့စကားက အစကတည်းက လုပ်ဇာတ်။ သို့ရာတွင် စမိမှတော့ မထူးတော့။ ယုတ္တိရှိရှိဖြင့် လိမ်ရတော့မည်။ သို့ရာတွင် လိမ်ပြောရုံ သက်သက်မျှ မဟုတ်။ သူဖြစ်ချင်သည်ကို စိတ်ကူးဖြင့် ပြောနေခြင်းလည်း ဖြစ်သည်။ သူတို့အနားတဝိုက်တွင် ငှက်သံတို့က စိုးစိုးစီစီ မြည်လျက်။

အော်ဘာရီက ဂရစ္စနက်၏ ပုံစံကျကျ အညိုဖျော့ဖျော့ ဖိနပ်ကို ငေးကြည့်နေသည်။

"အင်း… ဒီလိုကောင်မျိုးကတော့ မိန်းမကောင်းကောင်း ရနိုင်တာပေါ့။ ဒါပေမယ့် ငါလိုကောင်ကိုတော့ ဘယ်မိန်းမကမှ ယူမှာ မဟုတ်ဘူး၊ အရပ်ပျက်လောက်ပဲ ရမှာ"

အော်ဘရီက ဝမ်းပမ်းတနည်း တွေးနေသည်။

"ဗျို့လူ… ခင်ဗျားလူ နာမည်က ဘယ်သူ၊ ဒါမက်စီ ဟုတ်လား၊ မလာလဲ မလာသေးပါလားဗျ၊ လမ်းများ မှားနေသလား"

ဂရစ္စနက်က မေးသည်။

"မမှားပါဘူး၊ လာမှာပါ"

စင်စစ် အော်ဘရီသည် မည်သူ့ကိုမျှ စောင့်နေခြင်း မဟုတ်၊ သေသေချာချာ စဉ်းစား၍ ဆုံးဖြတ်ခဲ့ပြီးပြီ။ သို့ရာတွင် ဘာကြောင့်မှန်း မသိ။ လက်တွေ့လုပ်တော့မည် ဆိုသည့်အခါတွင် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ဂရစ္စနက်က ဘရန်ဒီပုလင်းကို ထုတ်သည်။ အော်ဘရီက သူ့တွင် ပါလာသည့် ပေါင်မုန့်နှင့် ဝက်အူချောင်းကို ထုတ်၏။ လိုလိုမယ်မယ် ယူလာခဲ့သည် မဟုတ်လော။ ဝက်အူချောင်းက ရာဘာလို နူးညံ့နေသည်။ ဂရစ္စနက်က အားပါးတရ စား၏။ လမ်းလျှောက်လာခဲ့ရသဖြင့် ဆာနေပြီ။ အော်ဘရီက ပုလင်းထဲမှ ဘရန်ဒီကို မော့ချလိုက်ပြီးနောက် ဂရစ္စနက်ကို လှမ်းပေး၏။

ဘရန်ဒီ တန်ခိုးကြောင့် ဂရစ္စနက် လေးလာသည်။ အိပ်ချင်သဖြင့် သမ်းလိုက်၏။ စမ်းချောင်းဘက်ကို လှမ်းကြည့်ယင်း ဂရစ္စနက်က…

"ကျွန်တော်က ငါးမျှား ဝါသနာပါတယ်ဗျ။ ဟာ… ငါးကြီးဗျို့၊ အင်နက်စီမှာလဲ ငါးသိပ်ပေါတာပဲ၊ ခုနက ငါးကြီးလောက် ရှိတယ်၊ ငါးသလောက် ယောက်ဖကြီးတွေ"

အတန်ကြာတော့ ဂရစ္စနက် အိပ်ပျော်သွားသည်။ ဦးထုပ်က တဘက်သို့ စောင်းကျလျက်။ ပါးစပ်က ဟနေသည်။ ခါတိုင်း အကြောဆွဲသဖြင့် မဲ့မဲ့သွားသည့် သူ့မျက်နှာသည် ငြိမ်သက်လျက် ရှိ၏။ နေရောင်ကြောင့် နှင်းဆီသွေးပင် စို့နေသေးသည်။ သူအိပ်ပျော်နေသဖြင့် ကလေးတယောက်နှင့်ပင် တူသလိုလို။

အော်ဘရီသည် ချီတုံချတုံ ဖြစ်နေဆဲ။ စိတ်ကူးယဉ်နေရမည့် အချိန်မဟုတ်။ ငေးမောနေရမည့် အချိန်မဟုတ်။ “ကဲလေ... လုပ်လေ” ဟု ပါးစပ်က တဖွဖွ ရွတ်နေသည်။ စက်ဆုပ်ရွံရှာမှုသည် ဖွားကနဲ ပေါ်လာ၏။ အိပ်ငိုက်ချင်လာသည်။ မျက်မှောင်ကြီးကို တအားကုပ်လိုက်သည်။ ဘရန်ဒီက ဒုက္ခပေးစပြုပြီ။

ငနဲက ဇိမ်နဲ့ အိပ်လို့။ တည်းခိုရိပ်သာတောင် ဖွင့်ဦးမလို့ ဆိုပါလား။ ဘာနာမည်လဲ။ “ဝိတိုရိယရိပ်သာ”လား၊ “ပန်းဖြေရိပ်သာ”လား။

နေပါဦး သူသည် သစ္စာဖောက်ကော ဟုတ်မှ ဟုတ်ပါ၏လော။ သူ့ဘာသာသူ အေးအေးဆေးဆေးနေဖို့ စိတ်ကူးရုံမျှသာလော။ ဟုတ်သည်။ ငါးမျှားရသည်က ပျော်စရာကောင်းသည်။ သူ့ကို အပြစ်မဆိုသာ။ မိမိတွင် ဘာ့ကြောင့် ဤလိုစိတ်ရိုင်းတွေ ဝင်နေသနည်း။ ဘာ့ကြောင့် စိတ်အေးချမ်းမှုကို မရခဲ့သနည်း။ တသက်လုံး ရိုက်ဟ၊ နှက်ဟ၊ သတ်ဟ၊ ဖြတ်ဟနှင့်ပင် အချိန်ကုန်ရတော့မည်လော။ မအေ... တွေ။ မည်သူ့ကို ဆဲလိုက်မှန်း မသိသော်လည်း ဆဲလိုက်ရသဖြင့် သူ့စိတ်သည် ငြိမ်သွား၏။ သူ့လည်ပင်းထဲသို့ ငရဲမီးတွေ ဆူပွက်တက်လာသလို အမုန်းတွေ လှိုင်းထ၍ တက်လာ၏။ ထိုနောက် ခေါင်းမြှောင်ကို ဆွဲထုတ်လိုက်သည်။

သေပြီ... သံမဏိဗိုလ် ဂရစ္စနက် သေသည်မှာ သေချာပြီ။ နောက်နှစ်မိနစ် အကြာတွင် အော်ဘရီသည် ဘရီကျူး ပေးလိုက်သည့် ကတ်ပြားကို ထိုင်ခုံအောက်သို့ ပစ်ချလိုက်သည်။ ကတ်ပြားပေါ်တွင် ဂျက်ဒါမက်ဆီ၏ အမည်ကို ပုံနှိပ်ထားသည်။ ဘောင်းဘီ၊ ကုတ်အင်္ကျီနှင့် လက်နှစ်ဘက်ကို သေသေချာချာ ပြန်ကြည့်ပြီးနောက် လူသွားလမ်းကလေးအတိုင်း ခပ်သုတ်သုတ် လျှောက်လာ၏။ နွေဦးကိုကြည့်ပြီး သာယာနေသည့် စိတ်ကလေးတွေ ပျောက်သွားပြီ။ စက်ဆုပ်ရွံရှာသည့် ခံစားချက်သာ ကျန်ရစ်၏။ ရာဘာတုံးလို ပျော့စိစိဖြစ်နေသည့် ဝက်အူချောင်းကို အမှတ်ရလာကာ အော်ဂလီဆန်လာသည်။ တံတွေးထွေးချင်သည်။ သို့ရာတွင် သူ့အာခေါင်သည် ခြောက်သွေ့နေ၏။

မှောင်စပြုနေပြီ။ ပေတရာလမ်းပေါ်က မှတ်တိုင်နားတွင် ကောင်မလေးနှစ်ယောက် ရပ်၍ ဘတ်စ်ကား စောင့်နေကြသည်။ အော်ဘရီကို မြင်သည့်အခါတွင် တခစ်ခစ် ရယ်ယင်း “လူကြီး ကြည့်ရတာ ရှိုးနဲ့ မိုးနဲ့ လမ်းလျှောက်ထွက်လာတဲ့ အတိုင်းပဲ” ဟု တယောက်က လှမ်းပြောသည်။

အော်ဘာရီက သူတို့ကို စားတော့ဝါးတော့မတတ် စိမ်းစိမ်းကြီး စိုက်ကြည့်လိုက်၏။ "သောက်ကောင်မတွေ" ဟု စိတ်ထဲက ကျိန်ဆဲသည်။

ထိုနေ့ည၌ စစ်ပြန်ဒုက္ခိတများသမဂ္ဂတွင် ဘာရီကျူးနှင့် တွေ့ပြီး သတင်းပို့သည်။

"ပြီးခဲ့ပါပြီ၊ ခေါင်းဆောင်ကြီး"

ဘာရီကျူးက ကျေးဇူးတင်ကြောင်း ပြောကာ ဆိုဖာပေါ်တွင် သူနှင့်အတူ အထိုင်ခိုင်း၏။

"မင်းရဲ့ ပွဲဦးထွက်တိုက်ပွဲပေါ့ ဟုတ်လား"

"တကယ် သစ္စာဖောက်သွားတာလား၊ ခေါင်းဆောင်ကြီး"

ဘာရီကျူးက မတ်တပ် ရပ်လိုက်သည်။

"ဒါပေါ့၊ ကဲ... မင်းပြန်နိုင်ပြီ"

အော်ဘာရီ ထွက်သွားသည်ကို လှမ်းကြည့်ယင်း "အင်း... ဒီကောင့်ကိုလဲ တနေ့ ရှင်းပစ်မှ ဖြစ်မှာပဲ" ဟု ဘာရီကျူး တွေးနေလေ၏။

နောက်တနေ့ထုတ် မနက်သတင်းစာများအားလုံးတွင် ဂရစ္စနက်၏ ဓာတ်ပုံတွေ ပါလာသည်။ အသတ်ခံရသူမှာ လက်ယာဂိုဏ်းမှ ဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ၆ ရက်နေ့က ဖြစ်ပွားသည့် ဖက်ဆစ်ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ဖူးကြောင်း၊ ထိုလူမှာ လူဆင်းရဲတယောက် ဖြစ်ကြောင်း၊ ပစ္စည်း ဘာမျှ မကျန်ရစ်ခဲ့ကြောင်း၊ ဥစ္စာပစ္စည်းကြောင့် သတ်ခြင်း ဖြစ်ဟန်မတူကြောင်း သတင်းစာများက အကျယ်တဝင့် ရေးကြသည်။ ကွန်မြူနစ်များကမူ သူတို့ပါတီထဲ ဂျက်ဒါမက်ဆီ ဆိုသည့် အမည်မရှိကြောင်းဖြင့် ကြေငြာချက်ထုတ်သည်။ သို့ရာတွင် မည်သူကမျှ မယုံကြ။ ဂရစ္စနက်မှာ နယ်လှည့် အရောင်းကိုယ်စားလှယ်များအသင်းတွင် သြဇာရှိသူ ဖြစ်သည့်အတွက် ကွန်မြူနစ်တို့က သူတို့နိုင်ငံရေး ပြိုင်ဘက်တယောက်ကို အပျောက်ရှင်းပစ်လိုက်သည်ဟု ထင်ကြသည်။

အော်ဘရီမှာ သတင်းစာဖတ်သူ မဟုတ်။ ဗာနူးတောပစ်စခန်းက ကိစ္စကို မည်သူ့မျှ မပြော။ ထုံးစံအတိုင်း ဣန္ဒြေမပျက် အလုပ်ဆင်းသည်။ ရထားလက်မှတ်တွေကို ညှပ်ဖြင့် ဖောက်သည်။ ပြီးလျှင် တသမ်းသမ်း တဝေဝေ။ အလုပ်ပြီးသည့်အခါတွင် ချောင်ကြိုချောင်ကြားက ကဖီးဆိုင်ကလေးတဆိုင်သို့သွားကာ ပါးနော့ အရက်ပုလင်းကို မှာလိုက်၏။ အရက်က ခပ်ပြင်းပြင်း။ ချက်ချင်း မူးလာသည်။ တခွက်။ နောက်ထပ်တခွက်...။

အလုပ်သမားဦးထုပ် ဆောင်းထားသည့် လူတစု တဘက်စားပွဲတွင် သောက်နေကြသည်။ သူတို့ပြောသည့် စကားကို အော်ဘရီ မကြားချင်။ သို့ရာတွင် ဂရစ္စနက်၏ အမည်ကို ခဏခဏ ကြားနေရသဖြင့် ဒေါပွလာသည်။ ဂရစ္စနက် မရှိတော့။ သူ့အကြောင်းကို နောက်ထပ် မကြားချင်တော့ပြီ။ ငနဲတသိုက်က ဂရစ္စနက် အကြောင်းကို ပြော၍ ဆုံးမည် မထင်တော့။

“ကောင်းတယ်... ခွေးတကောင် လျော့သွားတာပေါ့”

“ဒါပေမယ့်ဗျာ၊ ဒီလူက ဆင်းဆင်းရဲရဲထဲကပါ၊ ဖက်ဆစ် ဖြစ်သွားတာကတော့ ငွေနဲ့မျှားလို့ ရောက်သွားတာ ဖြစ်မှာပေါ့”

အော်ဘရီက ရုတ်တရက်ထကာ သူတို့ဆီသို့ လျှောက်သွားပြီး လေသံတင်းတင်းဖြင့်

“မသိပဲနဲ့ ရမ်းပြောမနေနဲ့၊ အဲဒီကောင်က တည်းခိုရိပ်သာတခု ဝယ်မလို့၊ ဒီကောင့်ကို ကွန်မြူနစ်တွေ သတ်တာ၊ မင်းတို့လိုကောင်တွေက သတ်တာ၊ နားလည်ရဲ့လား၊ မအေ... တွေ”

သူတို့အထဲမှ တယောက်က ထ၍ အော်ဘရီ၏ မျက်နှာကို လက်သီးဖြင့် ထိုးလိုက်သည်။ ဖန်ခွက်ကွဲသံတွေ ပေါ်လာသည်။ အော်ဘရီသည် ကြမ်းပေါ်သို့ လဲကျသွား၏။ ကဖီးထဲမှ လူတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြသည်။ ပန်းကန်တွေ၊ ဇွန်းတွေ၊ အံစာတုံးတွေက ကြမ်းပေါ်တွင် ပြန့်ကြဲလျက်။ စားပွဲထိုး မိန်းမကြီးမှာ ထိုပစ္စည်းများကို မနည်း ရှင်းယူရသည်။

တမြန်နေ့က တက်စ၏ အနှစ်ခြောက်ဆယ်ပြည့် မွေးနေ့ကို ကျင်းပ၏။ "ခြောက်ဆယ်ပြည့်" ဟု ရေးထားသည့် ကြေးနန်းတွေ၊ စာတွေ တဖွဲဖွဲ ရောက်လာကြသည်။ လူငယ်ရှေ့နေများက ပျားဖယောင်းတိုင် ခြောက်ဆယ် စိုက်ထားသည့် ကိတ်မုန့်ကြီးတခုကို လက်ဆောင်ပေးကြ၏။ ညနေပိုင်းတွင် ဖယောင်းတိုင်များကို ထွန်းသည်။ တက်စသည် မီးတောက်ပြာပြာကလေးများကို အကြာကြီး စိုက်ကြည့်နေသည်။ စိတ်ကို လေးနက်တည်ငြိမ်အောင် ကြိုးစားပြီး သူဖြတ်သန်းခဲ့ရသည့်လမ်းနှင့် လာတော့မည့် ခရီးအဆုံးကို ဆင်ခြင်အောက်မေ့ကြည့်၏။ သို့ရာတွင် ဆင်ခြင်၍ မရ။ စင်စစ် ဤမျှလောက် နှပျို့ရွှင်လန်းသည့် စိတ်မျိုး တခါမျှ မပေါ်ဘူးခဲ့။ လူပသည့် ဓာတ်ပုံတခုကို ကြည့်သလို ခြောက်ဆယ်ဆိုသည့် ဂဏန်းကို ငေးစိုက်ကြည့်နေသည်။ သူ့ဘဝသည် ယခုမှ အစရှိသေးသည်၊ ဟုတ်သည်။ သူသည် ထင်ရှားသည့် ဝတ်လုံတော်ရတဦး။ သို့ရာတွင် မနက်ဖြန်ဆိုလျှင်မူ သူသည် တိုင်းပြည်တွင် အရေးကြီးသည့် ခေါင်းဆောင်ကြီးတယောက်ဖြစ်တော့မည်။ သူ့အမည်သည် သတင်းစာများတွင် တရားရုံးသတင်းများကို ဖော်ပြသည့် နောက်ဆုံးကော်လန်မှ မျက်နှာဖုံးသို့ ရောက်လာတော့မည်။ အလွန်အကျွံဝါဒ၊ အစွန်းရောက်ဝါဒသည် တိုင်းပြည်တွင် ခေတ်ကုန်ပြီ။ ပြင်သစ်ပြည်သူများသည် ငြိမ်းချမ်းရေးကို တောင့်တနေကြသည်။ ပြည်သူ့တပ်ဦး ဘက်သားများ၏ လက်သီးလက်မောင်းတန်း၍ အော်သော ကြွေးကြော်သံများနှင့် ဘရီကျူး နောက်လိုက်များ၏ ဖက်ဆစ် အလေးပြုနည်းများကို တိုင်းပြည်က ငြီးငွေ့နေပြီ။ ပြင်သစ်ပြည်သူများသည် ဤအရာတွေ မလိုချင်။ မိတ်ဆွေလို ရင်းရင်းနှီးနှီး လက်ဆွဲနှုတ်ဆက်ခြင်းမျိုးကိုသာ လိုချင်သည်။ ပြင်သစ်ပြည်ကြီးသည် ပျော်ပျော်နေ၍ စားကောင်းသောက်ဘွယ်ကို ကြိုက်သော၊ အိမ်ထောင်ဦးစီးကောင်း ပီသသော၊ ချက်ချက်ချာချာ ရှိသော၊ ယခင်ကထက် တိုး၍ ပါးနပ်လိမ္မာသော တက်စလို ခေါင်းဆောင်တယောက်ကို လိုနေပြီ။

ဟုတ်သည်။ စိတ်ညစ်စရာ အိမ်တွင်းရေးပြဿနာတွေ ရှိနေသည့်တိုင် ယနေ့သည် ပျော်စရာကောင်းသည့်နေ့။ သူ့မွေးနေ့။ သူ့ဇနီးကို အကောင်းဆုံး ပါရဂူများနှင့် ပြပြီးပြီ။ ဗစ်တယ်သို့ သွားကာ အကောင်းဆုံး ကုသပြီးပြီ။ သို့တိုင်အောင် သူ့ဇနီး၏ရောဂါက သက်သာသည်ဟူ၍ မရှိ။ ရောဂါထသည့်အချိန်က စိပ်လာသည်။ မနေ့ကဆိုလျှင် ဖယောင်းတိုင်က မီးတောက်တွေကိုကြည့်ပြီး သူ့လိုလူမျိုး ခေါင်းဆောင်မှုများအောက်၌ ပြင်သစ်ပြည်သူတို့ မည်မျှပျော်နေကြမည်ကို တွေး၍ စိတ်ကူးယဉ်နေစဉ် သူ့ဇနီးသည် စိတ်အလှုပ်ရှားလွန်သွားကာ ရောဂါဖောက်နေသည်။ ဆေးနံ့တွေ လှောင်နေသည့် သူ့အခန်းမှောင်မှောင်ထဲတွင် လဲလျောင်းယင်း ညည်းနေသည်။

ဇနီး၏ ကျန်းမာရေးအပြင် တခြားပူပန်စရာတွေကလည်း တပုံတပင်။ လူဆန်းကလည်း ပြင်၍ ရတော့မည် မဟုတ်။ အမေကမူ သူ့သားကြီးကို "လူကလေး" ဟု ခေါ်ဆဲ။ သို့ရာတွင် ထိုလူကလေးသည် အသက်သုံးဆယ့်လေးနှစ် ရှိပြီ။ သံအမှုထမ်းအဖြစ် ကြီးပွားမည့် အလားအလာတို့လည်း ပြိုကွဲကုန်ပြီ။ လက်ကြောတင်းအောင် အလုပ်မလုပ်သော်လည်း လူဆန်းတွင် ငွေစရှင်မြဲ။ သူ ပိုက်ဆံရှာပုံက ဆန်းသည်။ ဂျော်ကီတွေနှင့် ပေါင်းကာ မြင်းတစ်အမှားတွေကို ဂျိုလီယော့သို့ ပေးသည်။ ဂျိုလီယော့က မြင်းတစ်အမှားတွေကို သတင်းစာထဲထည့်သည်။ သို့ဖြင့် သူတို့မြင်းတစ်ကို ယုံမိသည့် မြင်းသမားတွေ ရှုံးကြသည်။ သူတို့နှစ်ယောက်က နိုင်မည့်မြင်းကို တိတ်တိတ်ကျိတ်လောင်းကြသည်။ နိုင်ငွေကို နှစ်ယောက် ခွဲယူကြသည်ဟု ကြားရသည်။ ဝန်ကြီးတယောက်၏ သားက ဤအလုပ်မျိုး လုပ်နေသည်ဆိုလျှင် သူပါ နာမည်ပျက်တော့မည်။ လူဆန်းနှင့် စကားပြောရလျှင် သူ့ကျန်းမာရေးကို ထိခိုက်လိမ့်မည်။ ထို့ကြောင့် သားနှင့် လုံးဝ စကားမပြော။ သားအဖနှစ်ယောက်သည် ထမင်းစားပွဲတွင် တိတ်ဆိတ်စွာ ထိုင်နေကြသည်။ လူဆန်းက စကားပြောမည်ဟု ပါးစပ်ဟလိုက်လျှင်ပင် မတော်တရော်တွေ ကြားရဦးတော့မည်ဟူသော အတွေးဖြင့် ရင်က ထိတ်နေပြီ။

သမီးဒင်းနိစ်ကလည်း တမျောက်။ သူက ပိုဆိုးသည်။ သားသမီးကို ချစ်ရသည်မှာ ကိုယ့်ဘက်ကချည်း အရှုံး။ လူဆန်းအကြောင်းတွေးလျှင် သူ့ကြောင့် အဖေ နာမည်ပျက်မည်လော ပူရသည်ကလွဲ၍ အခြား ဘာမျှပူစရာမရှိ။ သေသွားလျှင်လည်း (ကိုယ့်သား အရင်းခေါက်ခေါက်ဖြစ်၍ စိတ်ထိခိုက်သည့်တိုင်) တပူငြိမ်းပြီဟု အောက်မေ့လိုက်ရုံသာ။

ဒင်းနိစ်ကိုမူ ဤမျှ ဥပေက္ခာ မပြုနိုင်။ သမီး အိမ်မှ ထွက်သွားသည်ကိုလည်း ဤမျှ စိတ်မထိခိုက်။ အဖေ့မျက်နှာကိုမျှ မထောက်ပဲ စက်ရုံတရုံတွင် ပစ္စည်းထုပ်ပိုးသည့်ဘက်က လုပ်နေသည်ကလည်း အရေးမကြီး။ စုံထောက်မင်းကြီး၏ စကားအရ သူ့သမီးသည် ကွန်မြူနစ်အဖွဲ့တခုတွင် ပါနေသည်ဟု ကြားရသည့်တိုင်လည်း ကိစ္စမရှိသေး။ သမီး၏ ကျန်းမာရေးနှင့်စာလျှင် ထိုအရာများသည် အသေးအဖွဲမျှသာ။ သမီး၏ ကျန်းမာရေးကိုမူ တကစ စိုးရိမ်သည်။ သူ့သမီး နေရသည်က ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း အလုပ်တွေကို လုပ်နိုင်မည် မထင်။ ထိုအထဲတွင် အရှူးထကာ

ဆန္ဒပြပွဲတွေ ဘာတွေထဲပါလျှင် အရိုက်ခံရ၍ သေသွားနိုင်သည်။ သူ့သမီးအကြောင်းကို ပုလိပ်ဘက်နှင့် သူလွှတ်ထားသည့် သတင်းပေးများထံမှသာ ကြားရသည်။ စာရေးသည့်တိုင် သမီးက စာမပြန်။ သူနှင့် သေခန်းပြတ်ပြီလော မဆိုနိုင်။ ထိုအကြောင်းကို တွေးမိလျှင် တက်စ မျက်ရည်တွေ ဝဲလာတတ်သည်။ ဖယောင်းတိုင်များကို ငေးကြည့်ယင်း သမီးကို အမှတ်ရ၏။ သမီးငယ်ငယ်တုန်းက သူ့အဖေ မွေးနေ့ဆိုလျှင် ပန်းရောင်စာရွက်ကလေးတွေဖြင့် ကဗျာရေးပြီး ပေးတတ်သည်။ တက်စသည် မငိုမိအောင် မနည်းချုပ်ထားရ၏။

ထိုစဉ် အထက်လွှတ်တော် ဥက္ကဋ္ဌထံမှ ကြေးနန်းတစောင် ရောက်လာသည်။ တက်စ ပြုံးလိုက်၏။ ရိုးသား၍ အမြော်အမြင်ရှိသည့် ပြင်သစ်ပြည်ကြီးက သူ့ကို မျှော်လင့်နေပြီ။ သူ့နှာခေါင်းချွန်ချွန်ပေါ်တွင် ချွေးသီးတွေ စို့တက်လာသည်။ စိတ်လှုပ်ရှားလျှင် နှာခေါင်းမှ ချွေးတွေ ထွက်မြဲ။ သမီးဒင်းနိစ်အကြောင်းကို မေ့သွားပြီး ဝန်ကြီးအဖွဲ့ဝင်စာရင်း ကြေငြာမည့်ကိစ္စသို့ စိတ်ရောက်သွားသည်။

နောက်တနေ့မနက်တွင် စိတ်မချမ်းသာစရာ အဖြစ်တခုနှင့် ကြုံရ၏။ လွှတ်တော် နိုင်ငံခြားရေးကော်မတီ ဥက္ကဋ္ဌအနေဖြင့် ပရပ်မြို့ရှိ ပြင်သစ်သံအမတ်ထံမှ အစီရင်ခံစာကိုဖတ်ရန် စားပွဲတွင် ထိုင်သည်။ ဖိုးဂျက်ပေးထားသည့် (အမတ်ဂရမ်ဒယ်နှင့် ပတ်သက်သည့်) စာရွက်စာတမ်းများ ပျောက်နေသည်။ သူ့စားပွဲပေါ်တွင် မရှိတော့။

ဂရမ်ဒယ်၏ကိစ္စသည် သူ့ကို တော်တော် ဒုက္ခပေးသည်။ တယောက်ကို တယောက် လူသိရှင်ကြား အပုပ်ချကြသည်ကို တက်စ မကြိုက်။ နိုင်ငံရေး ဆိုသည်မှာ အလွန် သိမ်သိမ်မွေ့မွေ့ လုပ်ရသည့် အလုပ်မျိုး။ နေရာတကာ အော်ကျယ်ဟစ်ကျယ် လုပ်၍မဖြစ်။ လွှတ်တော်ညှော်ခန်းတွင် တိုးတိုးတိတ်တိတ် ကျိတ်ချေတန်လျှင် ကျိတ်ချေရသည်။ နေ့လည်စာစားအပြီး “ဒိန်ခဲကလေး တဖဲ့ဝါးလိုက်၊ သစ်တော်သီးကလေး တကိုက်ကိုက်လိုက်” လုပ်ယင်း တိုးတိုးတိတ်တိတ် ပြောတန် ပြောရသည်။ အရိပ်အကဲလောက်သာ ပြတန်ပြရသည်။ စကားရိပ်ဖြင့် ပြောတန်ပြောရသည်။ နိုင်ငံရေးတွင် တယောက်နှင့်တယောက် အပုပ်ချခြင်းမျိုးကို မလုပ်စကောင်း။ ဘာရီကျူးနှင့် သူ့နောက်လိုက်များသည် စတာဗစ္စကီ ငွေလိမ်မှုကို အသုံးချကာ

လွှတ်တော်အမတ်များကို အပုပ်ချခဲ့ပြီ မဟုတ်လော။ သူပင်လျှင် မနည်းလွှတ်အောင် ရုန်းထွက်ခဲ့ရသည် မဟုတ်လော။

ဖိုးဂျက်က ကွန်မြူနစ်မဲများနှင့် တက်လာသူဖြစ်ပြီး ပြည်သူ့တပ်ဦးကို ထောက်ခံသူ ဖြစ်သည့်တိုင် တနေ့တွင် သူ့ပြိုင်ဘက် ဖြစ်လာနိုင်သည်။ ဖိုးဂျက်သည် အန္တရာယ် မရှိဘူးထား၊ သူ့ကို ပြိုင်မည့် ဂရမ်ဒယ်ရှိသည်။ ဂရမ်ဒယ်က လူငယ်။ စကားပြောကောင်းသည်။ သူမီလိုက်သည့် ပြင်သစ်ပြည် နိုင်ငံရေးသမိုင်းတွင် စကားပြောကောင်းသူ ဆို၍ ကွယ်လွန်သူ ဘရိုင်ယန်နှင့် ဂရမ်ဒယ်တို့နှစ်ယောက်သာ ရှိသေးသည်။ ထို့ကြောင့် ဂရမ်ဒယ်ကို အထင်သေး၍မရ။ သတိထားရလိမ့်မည်။ သို့တိုင်အောင် ဂရမ်ဒယ်ကို ယခုလို လူသိရှင်ကြား အပုပ်ချခြင်းကိုမူ တက်စ သဘောမတူ။ ဂရမ်ဒယ်သည် ဂျာမန် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု ဆောင်းဦးပေါက်တုန်းက ဖိုးဂျက်က သူ့ကို သတင်းပေးခဲ့ဘူးသည်။ တက်စက လက်မခံ။ လူငယ်အမတ် ဂရမ်ဒယ်သည် တိုင်းပြည်ကို ဤမျှ သစ္စာဖောက်မည် မထင်။ “သစ္စာဖောက်” ဆိုသည့် စကားလုံးကိုလည်း တက်စ မကြားလို။ စင်စစ် နိုင်ငံခြားသူလျှိုဂိုဏ်းမှာ အလောင်းအစားကြောင့် မွဲသွားသည့် စစ်ဗိုလ်ပြုတ်များ၊ သို့မဟုတ် လူဆန်းလို ဘာမျှ သုံးစားမရသည့် တရာ့ကိုး တရာတဆယ်များသာ ဖြစ်တတ်ကြသည်။ တနည်းပြောရလျှင် အကြံတုံး ဉာဏ်တုံး ဖြစ်နေသည့် လူများသာ ဖြစ်တတ်ကြသည်။ တက်စကမူ လျော့လျော့ပေါ့ပေါ့ စဉ်းစားချင်သည်။ နိုင်ငံရေးတွင် ခြောက်ပစ်ကင်း သဲလဲစင်ဟူ၍ မရှိနိုင်။ ပြောကြစတမ်းဆိုလျှင် သူသူကိုယ်ကိုယ် အပြစ်ကလေးတွေတော့ ရှိကြစမြဲ။ ဥပမာ - သူဆိုလျှင် ရွှေဈေးကစားသူများနှင့် နောက်ကွယ် အဆက်အသွယ်ကလေးတွေ ရှိသည်။ လူလိမ်များကို အကာအကွယ် ပေးရသည့်အခါတွေ ရှိသည်။ ကုမ္ပဏီလီမိတက်တခုမှ အမြတ်ငွေကို တရားဝင်ယူခြင်းနှင့် ဗစ္စကီလို ဖြောင်ငွေလိမ်သည့် ကိစ္စမျိုးကိုမူ အတူရောချ၍ စဉ်းစားခြင်း မပြုသင့်၊ စည်းခြားရလိမ့်မည်။ တက်စသည် ဗစ်တာဟူးဂိုး၏ “မိစ္ဆာကျွန်း” ဆိုသည့် ကဗျာကို သွား၍ အမှတ်ရသည်။ ဤအတိုင်းသာမှန်လျှင် အသက်ငယ်ငယ် လွှတ်တော်အမတ်ကလေး၏ ဂုတ်ပေါ်တွင် ဓားဝဲနေတော့မည်။ မဖြစ်နိုင်။ လွှတ်တော်အမတ် ဂရမ်ဒယ်သည် ဤမျှမိုက်မဲသည့် အလုပ်မျိုးကို လုပ်မည် မထင်။

ပြုံးပြုံးယပ်မွှေသည့် ဤစာကို လွှန်ခဲ့သည့် သုံးရက်လောက်တုန်းက ဖိုးဂျက်

သူ့ကို ပေးခဲ့သည်။ တက်စသည် စာကိုဖတ်ပြီးနောက် လွှတ်တော်နိုင်ငံခြားရေးရာကော်မတီမှ အခြားစာရွက်စာတမ်းများနှင့်အတူ ဖိုင်တခုထဲတွင် ထည့်ထားခဲ့သည်။ ထိုစာအရ ကစ်ဆင်ဂန်နှင့် ဘေဒင်တို့မှ စမ်းရေများကို သောက်သုံးရေးအတွက် ထုတ်ယူရန် ဂျာမန်တို့က ဂရမ်ဒယ်ကို ပြင်သစ်ငွေနှစ်သန်း ထုတ်ပေးသည်ဟု သိရ၏။ မှန်သည်။ ဂရမ်ဒယ်သည် ဂျာမနီရှိ စိမ့်စမ်းများမှ ရေကိုယူ၍ စီးပွားရှာသူ ဖြစ်သည်။ ဘာဖြစ်သနည်း။ နိုင်ငံရေးကိစ္စလော၊ သစ္စာဖောက်မှုလော၊ မဟုတ်။ သူ့ဘာသာသူ စီးပွားရှာခြင်းသာ ဖြစ်သည်။ နိုင်ငံတော် သစ္စာဖောက်မှု မဟုတ်။ စီးပွားရေးလုပ်ငန်းဟု အကြောင်းပြသော်လည်း ဂရမ်ဒယ်သည် ထိုလုပ်ငန်းနှင့် ပတ်သက်သည့် စာရွက်စာတမ်း အထောက်အထားများကို မပြနိုင်ဟု ဖိုးဂျက်က ဆိုသည်။ သူ့စကားကလည်း အမှန်။ သို့ရာတွင် တက်စသည် လွှတ်တော်အမတ်များ၏ ကိုယ်ရေးကိုယ်တာကိစ္စများတွင် ကြားဝင်မစွက်ချင်။ သူ့သဘောထားကို ဖိုးဂျက်ကိုလည်း ပြောလိုက်သည်။ သို့ရာတွင် “ဤစာကို လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီဝင်များသို့ တင်ပြပေးပါ” ဟု တောင်းဆိုနေသည်။ ဤလုပ်ရပ်ကမူ မဟန်။ အထူးသဖြင့် ယခုလိုအချိန်တွင် ပို၍မကောင်း။ ယခုအချိန်သည် ဝန်ကြီးချုပ် ဗလွန်း၏ အစိုးရကို ဖြုတ်ချဖို့ လက်ယာဂိုဏ်းနှင့် ပူးပေါင်းရမည့်အချိန် ဖြစ်သည်။ တပြိုင်နက်တည်းမှာပင် လက်ဝဲဂိုဏ်း၏ ထောက်ခံမှုကိုလည်း ရယူရမည့်အချိန် ဖြစ်သည်။ ဤအချိန်မျိုးတွင် ရှုတ်ရှုတ်ရက်ရက် မလုပ်ချင်။ တက်စ ဘာလုပ်ရမည်နည်း။ ဖိုးဂျက်၏ တောင်းဆိုချက်ကိုလည်း သူမငြင်းရဲ။ ငြင်းလိုက်လျှင် လက်ဝဲရေဒီကယ်များက သူခေါင်းဆောင်ဖွဲ့မည့် နောက်အစိုးရသစ်ကို ထောက်ခံကြတော့မည် မဟုတ်။ တဖန် ဖိုးဂျက်တောင်းဆိုသည့်အတိုင်း ဂရမ်ဒယ်၏စာကို လွှတ်တော် နိုင်ငံခြားရေးရာကော်မတီသို့ တင်ပြလိုက်လျှင်လည်း ဘာရီကျူးတို့ လူသိုက် ဒေါပွကြဦးမည်။ ထိုအခါတွင် လက်ယာဂိုဏ်းသည် သူ့ကို မထောက်ခံတော့ပဲ ရေဒီကယ်များနှင့် ပေါင်းသွားလိမ့်မည်။ ရေဒီကယ်တို့ကလည်း မလုပ်ချင်သည့်တိုင် ဗလွန်းကို ထောက်ခံကြတော့မည်။ တက်စသည် ထိုကိစ္စကို စဉ်းစားပြီးနောက် တပတ်လောက်၊ နှစ်ပတ်လောက်အထိ ဆိုင်းထားရန် ဆုံးဖြတ်လိုက်သည်။ ထိုအချိန်လောက်ဆိုလျှင် ကိစ္စမရှိတော့။ ထိုရက်မတိုင်မီတွင် ဗလွန်း၏ အစိုးရအဖွဲ့သည် အကျပ်အတည်းဆိုက်ကာ ပြုတ်ကျတော့မည် မဟုတ်လော။

သို့ရာတွင် ထိုစာကို မည်သူခိုးသွားသနည်း။ ဤသို့ တခါမျှ မဖြစ်စဘူး။

ဖိုင်ကို စားပွဲပေါ်တွင် တင်ထားပစ်ခဲ့သည်။ မနေ့က အပြင်ထွက်မည်အပြုတွင် အံဆွဲကို သော့ခတ်ထားခဲ့၏။ အခြားစာရွက်အားလုံး ခြေရာလက်ရာမပျက်။ ဖိုင်ထဲမှ စာတစောင်သာ ပျောက်နေသည်။ သူ့ဇနီးကမူ နတ်ဝှက်သည်ဟု ပြောကောင်းပြောမည်လောဟု မဆိုနိုင်။

လွှတ်တော်အစည်းအဝေးသို့ ရောက်သည့်အခါတွင် တက်စ စာကိစ္စကို မေ့သွားသည်။ ထိုနေ့က ဆွေးနွေးသည့် ဥပဒေကြမ်းမှာ တိရိစ္ဆာန်မွေးမြူရေးနှင့် ကုသရေး တက္ကသိုလ်နှစ်ခု တည်ဆောက်ရေး ဥပဒေကြမ်း ဖြစ်သည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ အမတ်များသာလျှင် အစည်းအဝေးသို့ တက်ကြ၏။ ကျန်အမတ်များမှာ အပန်းဖြေခန်းမများနှင့် ဆေးလိပ်သောက်ခန်းထဲတွင် စုနေကြသည်။ သူတို့အားလုံး လာမည့် အစိုးရအကျပ်အတည်းအကြောင်းကို တယောက်တပေါက် ပြောနေကြသည်။ တက်စကို အရေးတယူ ဆက်ဆံကာ ကျန်းမာရေးအကြောင်း ဂရုတစိုက် မေးမြန်းနေကြသည်ကို ထောက်လျှင် ဗလွန်းအစိုးရ ပြုတ်ခါနီးပြီဟု ခန့်မှန်းရသည်။

ဝန်ကြီးဗီးလာ့ဒ်က တက်စဆီသို့ လျှောက်လာကာ တက်စ၏ အသက်ခြောက်ဆယ်ပြည့် မွေးနေ့အတွက် ချီးကျူးနှုတ်ဆက်နေ၏။ ဗီးလာ့ဒ်က သက်ပြင်းတချက်ကို ခပ်လေးလေးချလိုက်ယင်း…

"ကျုပ်အသက် ခြောက်ဆယ်ပြည့်တဲ့ နေ့တုန်းက ဝန်ကြီးတနေရာ ရမယ်လို့ ဘယ်မှန်းရဲမလဲဗျာ၊ ခင်ဗျားကတော့ စောစောစီးစီး မှန်းနိုင်ပေတာပေါ့၊ အင်း ဒီလိုပေါ့လေ"

"ဟဲ… ဟဲ၊ အသက်ခြောက်ဆယ်အရွယ် လူပျိုကလေးလေ" တက်စက အရွှန်းဖောက်၏။ "မဆိုးဘူးပေါ့ဗျ။ ဒါထက် စကားမစပ် ခင်ဗျား ဟိုကိစ္စကိုကော ကြားပြီးပြီလား…"

ဗီးလာ့ဒ် မျက်နှာကြီးနီပြီး ထွက်သွားသည်။ ထိုစဉ် ဆေးလိပ်မီးခိုးတွေ တထောင်းထောင်းဖြင့် ဖိုးဂျက် သူ့အနားသို့ ရောက်လာသည်။ ဖိုးဂျက်၏ မျက်မှန်နှင့် မုတ်ဆိတ်မွှေး စုစုကလေးကို မြင်လိုက်သည့်အခါတွင် (ဖိုးဂျက်သည် လွန်ခဲ့သည့် ရာစုနှစ်က ရေဒီကယ်လို မုတ်ဆိတ်တိုနှံ့နှံ့ကလေး ထားပြီး သူတို့ဟန်ပန်မျိုး လုပ်တတ်သည်။) သူ့စိတ်ထဲတွင် ပျောက်သွားသည့် ဂရမ်ဒယ်၏ စာချုပ်ကို

ချက်ချင်း အမှတ်ရလာသည်။

"ဂရမ်ဒယ်ရဲ့ ကိစ္စကို ဘာဖြစ်လို့ နိုင်ငံခြားရေးကော်မတီကို မတင်သေးတာလဲဗျ"

ဖိုးဂျက်က ဖြုန်းစားကြီး ကောက်မေးလိုက်သည်။ တက်စက လက်ကို ဝှေ့ယမ်းပြလိုက်ယင်း...

"ဒီကိစ္စက သေသေချာချာ ကိုင်တွယ်ရမယ့် ကိစ္စဗျ၊ တော်တော်ကလေး စဉ်းစားလုပ်ရမယ်၊ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌ ဟဲရီးယော့နဲ့ ပြောကြည့်ဦးမယ်လေ၊ ဒီအချိန်မှာ တော်တော် သတိထားလုပ်ရမယ်ဗျ၊ နို့မဟုတ်ယင် ကြားအစုတွေအားလုံးက ကျွန်တော်တို့ကို ဝိုင်းဆန့်ကျင်ကြလိမ့်မယ်"

ဖိုးဂျက်က လက်မခံ။

"ဘာဖြစ်သလဲဗျ၊ လက်ယာတွေကတော့ ကျွန်တော်တို့ ဘာလုပ်လုပ် ဆန့်ကျင်မှာပဲ၊ လက်ဝဲဘက်မှာတော့ ကျွန်တော်တို့ကို တိုက်မယ့်ရန်သူ မရှိပါဘူး၊ ပြီးတော့ ဒီကိစ္စက ပါတီတခုရဲ့ ကိစ္စမဟုတ်ဘူးဗျ၊ နိုင်ငံတော်ကိစ္စ ဖြစ်နေတယ်၊ ခင်ဗျားနားလည်ဖို့က ဒါဟာ နိုင်ငံတော်နဲ့ ဆိုင်နေတယ်၊ ဘရီကျူးဆိုတဲ့လူက မရိုးသားဘူး၊ ရိုးသားယင် ဂရမ်ဒယ်ကို သူ့အုပ်စုထဲက ထုတ်ပစ်လိုက်ပါလား၊ လွယ်လွယ်ကလေးရယ်၊ တကယ်က ဂရမ်ဒယ်ဟာ ဂျာမန်သူလျှိုဗျ။ ပါနီမီသတင်းစာကိုကော ဖတ်ပြီးပြီလား၊ ဆူဒေတန်နယ်မှာ ဂျာမန်ဆင်းရဲသားတွေကို ချက်အစိုးရက နှိပ်ကွပ်နေတယ်တဲ့၊ ရပ်တန်းက မရပ်ယင် ချက်ကိုစလိုဗားကီးယားကို ဝင်တိုက်ရလိမ့်မယ်တဲ့၊ ဘာလင်က အော်နေပြီ၊ ဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ လွှတ်တော်တို့ထဲမှာ ပဉ္စမံတပ်သားတွေ အဝင်မခံနိုင်ဘူးဗျ"

"နေပါဦးလေ၊ ဒီလောက်လဲ ဒေါသမကြီးပါနဲ့၊ ကျုပ်တို့ စပိန်ပြည်ရောက်နေတာလဲ မဟုတ်ပါဘူး၊ ပြင်သစ်ပြည်ဟာ ငြင်းခုံရာက လူသတ်ပွဲတွေဖြစ်တဲ့ တိုင်းပြည်မျိုးလဲ မဟုတ်ပါဘူး၊ စိတ်အေးအေး ထားစမ်းပါ၊ ကျုပ်က ခင်ဗျားထက် အသက်လဲ ကြီးပါတယ်။ အတွေ့အကြုံလဲ ပိုများပါတယ်။ အချိန်ရောက်တော့ ဒီစာကို ကျုပ်ကိုယ်တိုင် တင်မယ်၊ စိတ်ချ၊ ကဲ ကျုပ်

ဒလားဒီးယားနဲ့ ဆွေးနွေးစရာလေး ရှိသေးလို့ သွားလိုက်ဦးမယ်...”

တက်စသည် ဂျီကျသည့် ဖိုးဂျက်ထံမှ ရှောင်ထွက်လာခဲ့၏။ သို့ရာတွင် စာပျောက်သည့် ကိစ္စကိုမူ ရှောင်၍မရ။ ဤကိစ္စကို ချောင်ထိုးထားလိုက်ရမည်လော၊ စာကိုစစ်ဆေးရန် ပါရဂူများဆီသို့ ပို့ထားသည်ဟု ဖိုးဂျက်ကို ပြောရတော့မည်။ စုံထောက်ဌာနက လက်ရေးပါရဂူများကို လွှဲချရတော့မည်။ စုံထောက်ဌာနတွင် တက်စ၏ မိတ်ဆွေများ ရှိသည်။ သူတို့က သူ့ကို အကာအကွယ်ပေးတန်ကောင်းသည်။ ဖိုးဂျက်ကို ဘာမျှ အကျယ်တဝင့် ရှင်းမနေတော့ပဲ မသိလိုက် မသိဘာသာ နေလိုက်မည်လော။ သို့မဟုတ် ထိုစာသည် လုပ်ကြံထားသည့် စာတုဖြစ်သည်ဟု ပါတီအစည်းအဝေးတွင် ကြေငြာကာ ပါတီ၏ ထောက်ခံမှုကို ယူမည်လော။ စင်စစ် ဤကိစ္စသည် အသေးအဖွဲ့မျှသာ။ ဂရမ်ဒယ်သည် သူ့ဘာသာသူ စီးပွားရေးလုပ်ငန်း လုပ်ခြင်းဖြစ်ရာ သူ့ကို ဘာအပြစ်ပြောစရာ ရှိသနည်း၊ တော်ပြီ။ ဤအသေးအဖွဲ့ကိစ္စတွေကို မစဉ်းစားချင်။ လေးနက်သည့် နိုင်ငံရေးပြဿနာတွေကို စဉ်းစားရဦးမည်။

သို့ရာတွင် တက်စသည် ထိုစာကိစ္စကို ခေါင်းထဲမှ ဖျောက်၍ မရ။ ဤစာသည် အဘယ့်ကြောင့် ထူးထူးဆန်းဆန်း ပျောက်သွားရသနည်း။ သူ့ကို ဗီးလာ့ဒ်၏ လူများက အကွက်ကောင်းစောင့်၍ ချောက်တွန်းမည်လော။ သို့မဟုတ် သမီးဒင်းနိစ်၏ မိတ်ဆွေများဖြစ်သည့် ကွန်မြူနစ်များကပင် ချောက်ချရန် လုပ်နေကြပြီလော။ တက်စ တုန်လှုပ်စပြုလာသည်။ ကွန်မြူနစ် ဆိုသည့်လူတွေက ဘာသိက္ခာကိုမျှ မစောင့်သည့် အရှက်မဲ့ ရာဇဝတ်ကောင်တွေ။ သူ့ကို မျှားခေါ်ကာ မော်စကိုလက်သို့ ထိုးအပ်ရန် ကြံနေကြသည်လေ။ ဤစာကို ကွန်မြူနစ်တို့ ခိုးသွားသလော။

အိမ်သို့ရောက်သည့်အခါတွင် စိတ်ကို ငြိမ်အောင်ထိန်းကာ အလုပ်လုပ်ရန် စားပွဲတွင် ထိုင်သည်။ မကျေနပ်သေးသဖြင့် စားပွဲပေါ်က ဖိုင်ကို ကောက်လှန်၏။ ဟိုကြားသည်ကြား ညပ်နေလိုညပ်ကြား လျှောက်ရှာသည်။ သို့ရာတွင် အရိပ်အယောင်ကိုမျှ မတွေ့။ ပရပ်ရှိ ပြင်သစ်သံအမတ်စာထဲမှာ အစီရင်ခံစာကို ဖတ်သည်။ ဆူဒေတန် ဂျာမန်တို့ ကိစ္စနှင့် ပတ်သက်၍ ဟစ်တလာနှင့် စေ့စပ်ဖြေရှင်းလျှင် ရနိုင်သည်ဟု သူထင်သည်။ “ဆူဒေတန်နယ်ထဲက ကားလ်ဘတ်က တော်တော်လှတဲ့ တောင်ပေါ်စခန်းတခု ဆိုတာတော့ မှန်ပါတယ်၊

ဒါပေမယ့် ကျုပ်တို့နဲ့ ဘာဆိုင်တာ မှတ်လို့ဗျာ၊ ကျုပ်အဖို့ အရေးကြီးတာက (ပြင်သစ်တောင်ပေါ်စခန်း) ဗစ်ချီပါ၊ မဟုတ်ဘူးလား" ဟု သူ့မိတ်ဆွေများကို ပြောတတ်သည်။

အိပ်ခန်းဘက်မှ ညည်းသံသဲ့သဲ့ ထွက်ပေါ်လာသည်။ တက်စသည် အလုပ်ကို ခဏချထားကာ အိပ်ခန်းဘက်သို့ ထွက်လာ၏။

"အဖေကြီးရေ၊ ကျွန်မတော့ မနေရတော့ဘူး ထင်တယ်၊ မခံနိုင်တော့ဘူး၊ သားကြီးကော"

တက်စက သွေးမရှိတော့သဖြင့် ဖြူဖပ်ဖြူရော် ဖြစ်နေသည့် သူ့မိန်းမမျက်နှာကို ကြည့်လိုက်သည်။

"ကောင်းသွားမှာပါကွာ၊ မကြာခင် ကောင်းသွားမှာပါ။ ဆရာဝန်တွေကလဲ ပြောသားပဲ၊ မကြာခင် ဗစ်တယ်ကို သွားမယ် စိတ်ချ"

လူမမာက သူ့အတွက်မပူ၊ သူ့အချစ်ဆုံးဖြစ်သည့် သားကြီး လူဆန်းအတွက် ပူသည်။ သစ်ကြားသီးရောင် ဆံပင်နီနီနှင့် သူ့သားကို နည်းနည်းကလေးမျှ စိတ်မချ။

"ပြောစမ်းပါဦး၊ ခု ကျွန်မသားကြီး ဘယ်ရောက်နေသလဲဟင်..."

လူမမာက ခပ်တိုးတိုးမေးသည်။

"ရှိပါတယ်ကွာ၊ မင်းသားက ဒီလောက်တော့လဲ သူ့ကိုယ်သူ ထိန်းတတ်ပါတယ်။ ကလေးလေးတယောက်မှ မဟုတ်တော့ပဲ၊သူ့အတွက် ပူမနေစမ်းပါနဲ့"

စာကြည့်ဆောင်ဘက်သို့ တက်စ ပြန်လာသည့်အခါတွင် စာကြည့်ဆောင်ထဲမှ ထွက်လာသော လူဆန်းကို တွေ့ရသည်။ သူတို့နှစ်ယောက် စြက်တွင် ပက်ပင်း တိုးမိကြ၏။ တက်စ ချက်ချင်း သတိရလိုက်သည်။ ပျောက်သွားသည့် ဂရမ်ဒယ်၏စာကို လူဆန်း ခိုးခြင်း ဖြစ်ရမည်။ သူ့စာကြည့်ခန်းထဲသို့ လူဆန်း လာသည်မှာ ဤတကြိမ် မကတော့။ အဖေနှင့်တွေ့လျှင် သတင်းစာ လာရှာသည်။ မီးခြစ် လာရှာသည်ဟု

ပြောတတ်သည်။ သို့ရာတွင် သူ့အမူအယာက မလုံမလဲ။ ယခု ရှင်းပြီ။ သည်ကောင်သည် ဘာမဆို လုပ်မည့်ကောင်။

တက်စက လူဆန်းအခန်းထဲသို့ လိုက်သွား၏။ စားပွဲပေါ်တွင် ပြိုင်မြင်းများ၏ ဓာတ်ပုံအချို့၊ အမျိုးသမီးများ ဝတ်သည့် လက်အိတ်ရှည်တစုံနှင့် ခြောက်လုံးပြူးတလက် ရှိသည်။ တက်စက ဆိုဖာပေါ်သို့ ထိုင်ချလိုက်ယင်း မျက်နှာမှ ချွေးများကို လက်ဖဝါးဖြင့် သုတ်လိုက်၏။

"လူဆန်း မှန်မှန်ပြောစမ်း။ ဂရမ်ဒယ်ရဲ့ စာကို မင်းယူသွားသလား"

တက်စက ခပ်တိုးတိုးမေးသည်။ လူဆန်းက ဘာမျှမဖြေ။ ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ တက်စ သည်းမခံနိုင်တော့။ ဟိန်းသွားအောင် အော်လိုက်သည်။

"စာကို ဘာဖြစ်လို့ ယူရတာလဲ၊ မင်းက ဂျာမန်သူလျှိုလား ဟင်"

လူဆန်းက လက်နှစ်ဘက်မြှောက်၍ သူ့ထံပြေးလာ၏။ အနားရောက်မှ ရုတ်တရက် ရပ်လိုက်ပြီး...

"ပါပါ၊ ကျွန်တော့်ကို ဒီလိုမပြောနဲ့"

"သွား... ထွက်သွား"

တက်စက အော်ထုတ်လိုက်၏။ စာကြည့်ဆောင်ထဲသို့ ပြန်ဝင်လာခဲ့သည်။ သူ့အမေကို နှုတ်ဆက်နေသည့် လူဆန်းအသံကို ကြားရ၏။ အမေက ရှိုက်နေသည်။ ရေစုန်မျောပြီ။ ခုအချိန်တွင် ဝန်ကြီးဖြစ်တော့ကော ဘာကောင်းဦးမည်နည်း။ သမီးကလည်း ဖအေကို စွန့်သွားပြီ။ သားကိုလည်း အိမ်က နှင်ထုတ်လိုက်ရပြီ။ သည်အထဲတွင် သားက သူလျှို။ တက်စ သူ့ဘဝကိုတွေး၍ စိတ်မကောင်း ဖြစ်ရသည်။ နှာရည်တွေကို ခဏခဏ ညှစ်ပစ်ရ၏။ အိပ်ခန်းဘက်ဆီမှ သူ့မိန်းမ၏ ငိုသံကို ကြားရသည်။ သူ့မိန်းမအခန်းထဲသို့ ဝင်လာခဲ့၏။

"မာမီရေ" တက်စ စိတ်ထိခိုက်လျှင် သူ့မိန်းမကို ဤသို့ခေါ်လေ့ရှိသည်။ "တို့နှစ်ယောက်ပဲ ရှိတော့တယ်နော်"

"ဘာဖြစ်လို့ သားကြီးကို အိမ်က နှင်ထုတ်လိုက်ရတာလဲ ရှင်ရယ်၊ သားကြီးက မာနကလဲ ကြီးပါဘိသနဲ့၊ သူ့ကို နှင်ထုတ်လိုက်ယင် ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူး"

"မဖြစ်ဘူးကွ၊ မင်းသား ဘာလုပ်နေတယ်ဆိုတာ မင်းသိရဲ့ လား သူလျှိုကွ... သူလျှို၊ ဂျာမန်တွေအတွက် လုပ်ပေးနေတယ်..."

သူ့မိန်းမသည် ဘာမျှ နားမလည်သည့် နလပိန်းတုန်းဟု တက်စ တလျှောက်လုံး ယူဆခဲ့သည်။ ယခု သူ့စကားကို ကြားရသည့်အခါတွင် တက်စ အံ့အားသင့်နေသည်။

"ကျွန်မ မပြောဘူးလား နိုင်ငံရေးဆိုတာ ညစ်ပတ်ရတဲ့ အလုပ်လို့၊ ခုတော့ သားကြီးက ရှင့်အတုတွေ ရကုန်တာပေါ့။ ဂျာမန်တွေနဲ့ တည့်အောင် ပေါင်းရမယ်၊ စေ့စပ်ရမယ်၊ ဟစ်တလာက ကွန်မြူနစ် သောရက်ထက် ကောင်းတယ်လို့ ရှင်ပဲ ပြောခဲ့တယ် မဟုတ်လား၊ ခု သားကြီး ဂျာမန်တွေအတွက် လုပ်တာ ဘာဆန်းသလဲ"

"တော်စမ်းကွာ၊ ဒီအကြောင်းကို ငါ နောက်ထပ် မကြားချင်ဘူး၊ မင်းသားဟာ သံတမန် မဟုတ်ဘူးကွ၊ သူလျှို သိရဲ့လား၊ သူလျှိုနဲ့ သံတမန်ဆိုတာ မတူဘူးကွ၊ ကွဲတယ်၊ မင်း နားလည်ရဲ့လား"

သူ့တွင် ပြဿနာတွေ တပုံတပင်။ လူဆန်းကိစ္စ မပါပဲနှင့်ပင် စိတ်ညစ်လှပြီ။ တံခါးကို ဆောင့်ပိတ်ကာ စာကြည့်ဆောင်ထဲသို့ ပြန်ဝင်လာခဲ့သည်။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်၏။ "အလကားကောင်၊ သူလျှို၊ ဘာမှ သောက်သုံးမကျဘူး" ဟုလည်း တဖွဖွ ရွတ်နေသည်။ မောသွားတော့မှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ သည်ပြဿနာကို ရှင်းမှ ဖြစ်မည်။ ပေါ့သေးသေး မဟုတ်။ ဂရမ်ဒယ်၏ စာသည် လူဆန်းလက်ထဲသို့ ရောက်နေရိုးမှန်လျှင် ပြဿနာက ကြီးလာနိုင်သည်။ ဤကိစ္စတွင် ဂရမ်ဒယ် တကယ်အမှန် ပါနေပုံရသည်။ သို့ရာတွင် ယခု လက်ထဲတွင် စာမရှိတော့။ သက်သေခံ အထောက်အထား ပျောက်နေပြီ။ စာခိုးသည့်ကိစ္စကို ဆိုင်ရာသို့ တိုင်ရမည်လော။ သို့ဆိုလျှင် သူ့သား ထောင်ထဲရောက်တော့မည်။ ဤသတင်းကိုသာ ကြားလျှင် သူ့အမေ ခံနိုင်ဖွယ်မရှိ။ သွေးလန့်ပြီး ချက်ချင်းသေသွားနိုင်သည်။ သို့ရာတွင် တိုင်၍လည်း

အကြောင်းထူးတော့မည်မထင်။ အဖေက ပြင်သစ်ပြည်ကို ကယ်တင်သူကြီး။ သားက ဂျာမန်သူလျှို။ မဖြစ်။ စာအကြောင်းကို ပုလိပ်တိုင်၍ မဖြစ်။ စာသည် အတုအလိမ်ဖြစ်သည်ဟု ဖိုးဂျက်ကို ပြောရတော့မည်။ သို့ရာတွင် သည်လိုဆိုလျှင် ဂရမ်ဒယ်သည် လွတ်နေတော့မည်။ လွှတ်တော်အမတ်ထဲတွင် သူလျှိုရှိသည် ဆိုသည့် စကားသည် လူကြား၍မျှ မလျော်။ တခါမှလည်း မကြားစဖူး။ သက်သေပြစရာလည်း ဘာမျှမရှိ။ ဖိုးဂျက်၏ စွဲချက်ကိုတင်လျှင် သူတို့လက်ယာဂိုဏ်းက ဝိုင်း၍ ဆန့်ကျင်လိမ့်မည်။ လက်ယာဂိုဏ်းထဲတွင် ရန်သူတွေများအောင် လုပ်သလို ဖြစ်နေလိမ့်မည်။ ဂရမ်ဒယ်သည် ဂျာမန်သူလျှို ဖြစ်သည်ထား၊ ပြင်သစ်ပြည်ကြီး ပျက်စီးအောင် သူဘာတတ်နိုင်သနည်း။ ဂရမ်ဒယ်သည် စစ်ရေးရာ ကော်မတီဝင်တဦး မဟုတ်။ ပြင်သစ်ပြည်တွင် ဂျာမန်သူလျှိုတွေ ဒုနဲ့ဒေး။ ဂရမ်ဒယ် တယောက်တည်း ရှိသည်မဟုတ်။ ထို့ပြင် သည်ကိစ္စသည် သူနှင့် ဘာဆိုင်သနည်း။ စုံထောက်ဌာန၏ တာဝန်သာ မဟုတ်လော။ သူ့တာဝန် မဟုတ်။ သေသေချာချာ စဉ်းစားပြီးနောက် ထိုကိစ္စကို မေ့ပျောက်ပစ်လိုက်ရန် တက်စ ဆုံးဖြတ်လိုက်သည်။ လူဆန်းကိုလည်း လူပျင်း၊ ပြင်မရသည့် သားမိုက်တယောက်အဖြစ်သာ သဘောထားလိုက်တော့မည်။ ကျန်သည့်ကိစ္စကိုမူ မေ့ပစ်လိုက်တော့မည်။

သူ့ဇနီး၏ အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

"သူလျှိုကိစ္စကို ဘယ်သူ့မှ မပြောနဲ့နော်၊ အလကားပါကွယ်၊ ကျုပ် စိတ်ဆိုးလို့ ပြောမိပြောရာ ပြောလိုက်တာပါ၊ သူက အကြွေးစာရင်းတွေ ယူလာပြီး ပိုက်ဆံတောင်းတယ်၊ ပြီးတော့ ကျုပ်ကိုလဲ မခန့်လေးစား ပြောတယ်၊ ဒီတော့ မင့်သားဆီကို ပိုက်ဆံပို့ချင်ပို့ပါ၊ ဒါပေမယ့် အိမ်ကိုတော့ အလာမခံပါနဲ့၊ ကဲ... အိပ်တော့နော် မာမီ"

စာကြည့်ဆောင်ထဲက ဆိုဖာပေါ်တွင် လှဲချလိုက်၏။ မီးများကို ငြိမ်းလိုက်ပြီး မျက်လုံးအကြောင်သားဖြင့် မအောင်မြင်သည့် သူ့ဘဝအကြောင်းကို တွေးမိသည်။ ထုံးစံအတိုင်း သူ့အတွေးများသည် သမီးဒင်းနိစ်ဆီသို့ ရောက်သွားကြ၏။ သူ့သမီးပြောသည့် စကားသည် မှန်သယောင်။ ဒင်းနိစ်က ကျိန်စာသင့်နေသည့် ဤအိမ်ကြီးတွင် မနေလိုဟုဆိုကာ အိမ်မှထွက်သွားသည်။ သူ့အဖေကို မည်သို့များ မြင်လေသနည်း။ ဒင်းနိစ်သည် ကလေးလိုတွေးပြီး

ကလေးလို ပြောသွားသည်။ တရားဥပဒေအကြောင်းကို ဘာမျှနားလည်ဟန် မတူ။ ရှေ့နေတယောက်အဖြစ် သူသည် လူသတ်သမားများကို ကာကွယ်ရသည်။ သက်သေကို လိမ်သင်ပေးရသည်။ နာမည်ကြီးလူဆိုးများကို ရှေ့နေလိုက်ပေးရသည်။ မတတ်နိုင်။ ဤသည်မှာ ရှေ့နေရှေ့ရပ်တို့ လုပ်ရိုးလုပ်စဉ် မဟုတ်လော။ သို့ရာတွင် သူ့သမီးကမူ သူ့ကို လူလိမ်ဟု ထင်ပုံရသည်။ ကိုယ့်လိပ်ပြာ ကိုယ်မရှက်သူဟု ထင်ပုံရသည်။ ဟိရိဩတ္တပ္ပမရှိဟု ထင်ပုံရသည်။ ဒင်းနိစ်သည် နိုင်ငံရေးကိုလည်း ကောင်းကောင်း နားလည်ပုံမရ။ နိုင်ငံရေး ဆိုသည်မှာ ရှုပ်ထွေးသည့် ကစားနည်းတမျိုး။ ဘရီကျူးနှင့်လည်း အခင်အမင် မပျက်အောင် နေရသည်။ တဘက်တွင် ဗီးလာ့ဒ်ကိုလည်း ပြုံးပြရသည်။ ပြင်သစ်ပြည်ကြီးကို ကယ်တင်လိုလျှင် သူ့အဖို့ ဤသို့လုပ်ရလိမ့်မည်။ ဤနည်းမှအပ အခြားနည်းမရှိ။ ဤသို့လုပ်ရခြင်းသည် စက်ဆုပ်ဖွယ် ကောင်းချင်ကောင်းမည်။ သို့ရာတွင် မတတ်နိုင်။ ဒင်းနိစ်သည် ဤသည်ကို ကြည့်၍ မခံမရပ်နိုင် ဖြစ်နေပုံရ၏။ ယခု ဒင်းနိစ်သည် ခပ်ရှုပ်ရှုပ် အဖေ၊ ဘုရားကုကုနေသည့် အမေနှင့် သူလျှိုတယောက် ဖြစ်နေသည့် အစ်ကိုတို့ကို စွန့်၍ အိမ်မှထွက်သွားပြီ။ ဒင်းနိစ်က ရိုးဖြောင့်သည်။ ပြတ်သားသည်။

သမီးဒင်းနိစ်၏ မျက်နှာထားတင်းတင်းကို တက်စ မြင်ယောင်နေသည်။ ခဏကြာတော့ အိပ်ပျော်သွား၏။ သူ့သားမယားများ၏ ရုပ်ပုံများသည် ကျောက်ရုပ်များအသွင်ဖြင့် အိပ်မက်ထဲတွင် ပေါ်လာကြသည်။ အိပ်မက်ထဲတွင် ဒင်းနိစ်က ဂျုန်းအော့အာ့လို ဓားလွတ်ကြီးကို ကိုင်လျက်။ တခါတရံတွင် သွေးတွေ ပေကျံနေသည့် ဓားမြှောင်တလက်ကို ကိုင်လျက်။ တခါတရံတွင် ရေးပြင်သစ်သူရဲကောင်း လူဝီမစ်ရှယ်က မျက်နှာထားကြီး သုန်မှုန်စွာကြည့်ယင်း ဟယ် လူရှုပ်ဟု သူ့ကို ခေါ်နေသည်။ ကွန်မြူနစ်များသည် လူသတ်သမားများ ဖြစ်ကြောင်းကို တက်စသိသည်။ ယခု သူ့သမီး ဒင်းနိစ်က သူ့ကို သတ်ဖို့ လာနေပြီ။ သမီးကို ကြောက်နေရပြီ။ ဒင်းနိစ်၏ မျက်နှာက ကျောက်ရုပ်လို တင်းမာလျက်။ မျက်နှာတွင် မျက်လုံးများ မရှိ။ အပေါက်ကြီးတွေ ဖြစ်နေသည်။ ဒင်းနိစ်က တက်စလည်မျိုကို ညှစ်လိုက်သည်။

တက်စသည် အိပ်ပျော်နေယင်း ဂူးဝါးဂူးဝါးနှင့် အော်၏။ သူ့ဇနီးက သူ့ကို နှိုးနေသည်။ တက်စ၏ အော်သံကြောင့် သူ့ဇနီးသည် အိပ်ရာမှ ကြိုးစားထ၏။ သို့ရာတွင် ကြမ်းပေါ်သို့ လဲကျသွားသည်။ သူ့ဇနီးသည် ကြမ်းပြင်တွင်

ဒရွတ်ဆွဲလာယင်း စာကြည့်ဆောင်ဘက်သို့ ရောက်လာသည်။ အနားရောက်တော့ တက်စ၏ ခေါင်းကို လက်နှစ်ဘက်ဖြင့် ပွေ့ထားလိုက်၏။

“အဖေကြီး... ဘာဖြစ်လို့လဲ ဟင်”

တက်စ တော်တော်နှင့် ပြန်စဉ်းစား၍ မရ။ အတန်ကြာမှ...

“ဘာမှ မဖြစ်ပါဘူးကွယ်၊ အိပ်မက် မက်နေတာပါ၊ ဒင်းနိစ်ရယ်... သမီးရယ်လေ...။ မာမီရေ၊ ကျုပ်တို့ နှစ်ယောက်ပဲ ကျန်တော့တယ်နော်”

တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ တက်စ တုန်သွား၏။ အချိန်မတော် ညကြီးမင်းကြီးတွင် ဘယ်သူ့ဆီက တယ်လီဖုန်း ဆက်နေသနည်း။ လူဆန်းများ တခုခု ဖြစ်လေသလော။

တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။ မာခင်ဒေါ့ ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်မိနစ်က အထက်လွှတ်တော်မှ ဗလွန်းအစိုးရကို ဖြုတ်ချရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်ကြောင်း သတင်းပေးခြင်း ဖြစ်သည်။ ဗလွန်းက သူ့ကို ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ အရေးပေါ်အာဏာ တောင်းနေသည်။ အထက်လွှတ်တော်တွင် ဗလွန်းအစိုးရကို ထောက်ခံမဲ လေးဆယ့်တမဲ ဖြစ်ပြီး ကန့်ကွက်မဲ နှစ်ရာကျော်ဖြင့် ဗလွန်းအစိုးရ ရှုံးသွားပြီ။

တက်စသည် ဝမ်းသာလွန်းသဖြင့် စကားပင် ကောင်းကောင်း မပြောနိုင်။ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။ တက်စက သူ့ဇနီးကို လှမ်းပြောလိုက်၏။

“မာမီရေ... မနက်ဖြန် ဆိုယင်တော့ ကျုပ် ဝန်ကြီးချုပ် ဖြစ်တော့မှာကွ၊ ဒါအောင်ပွဲပဲ”

သူ့ဇနီး၏ မျှော်လင့်ချက်များ ထက်သန်လာစေရန် အားပေးစကား ပြောချင်သည်။ သူ့ဇနီးကို နှစ်သိမ့်ချင်သည်။ သို့ရာတွင် အာရုံများသည် တင်းကျပ်မှုကို ခံနိုင်စွမ်း မရှိတော့။ အပြာရောင် ညဝတ်အင်္ကျီကြီးကို ဝတ်ထားယင်း စာရေးစားပွဲတွင် ထိုင်ကာ ငိုချလိုက်မိသည်။ ထိုနောက် အင်္ကျီလက်ဖျားဖြင့် နှပ်ညှစ်လျက် ရှိပေသတည်း။

အထက်လွှတ်တော်အမတ်များက ချောင်းတဟွတ်ဟွတ်ဆိုးကာ လည်ပင်းကြောကြီးတွေ ထောင်လာအောင် ဒေါသထွက်လျက်ဖြင့် ဝန်ကြီးချုပ် ဗလွန်း၏ ပြန်လှန်တင်ပြချက်ကို နားထောင်နေစဉ် မြို့အစွန်တဘက်ရှိ "ဆိမ်း" လေယာဉ်စက်ရုံမှ အလုပ်သမားများသည် အုပ်ချုပ်ရေးဌာန၏ ပြန်ကြားချက်ကို ဆွေးနွေးရန် အစည်းအဝေးတခုကို ကျင်းပနေကြသည်။ လွန်ခဲ့သည့် နှစ်ပတ်လောက်ကတည်းက "ဆိမ်း" လေယာဉ်စက်ရုံတွင် သပိတ်မှောက်ခဲ့ကြ၏။ ဤတကြိမ်တွင်မူ အလုပ်သမားများ စက်ရုံအဆောက်အအုံများမှ မထွက်ခွာမချင်း စေ့စပ်ဆွေးနွေးခြင်း မပြုနိုင်ဟု ဒက်ဇာက ပြတ်ပြတ်သားသား အကြောင်းပြန်လိုက်သည်။ ဤတကြိမ်တွင် ဒက်ဇာသည် သည်းခံစောင့်ဆိုင်းခြင်း မပြုတော့။ ခပ်တင်းတင်း ကိုင်သည်။ အလုပ်သမားများ၏ အခြေအနေကလည်း လွန်ခဲ့သည့် နှစ်နှစ် အောင်ပွဲရခဲ့သည့် သပိတ်တုန်းက အခြေအနေမျိုး မဟုတ်တော့။ "ဆိမ်း" လေယာဉ်စက်ရုံသည် အခြားသော စက်ရုံများ၏ နမူနာကိုလိုက်ကာ သပိတ်မှောက်ခဲ့သည်။ သပိတ်ကြောင့် စစ်စက်မှုလုပ်ငန်းများ ထိခိုက်နစ်နာကုန်ကြသည်။ သပိတ်စခန်းများတွင် အလံမထူ၊ ဖြေဖျော်ပွဲတွေ မရှိ။ ပုလိပ်များနှင့် အပြန်အလှန် နောက်ပြောင်သည့် ကိစ္စများလည်း မရှိ။ အလုပ်သမားများ၏ နေထိုင်မှု အခြေအနေများ ဆိုးရွားလာသဖြင့် သပိတ်မှောက်ခဲ့ကြခြင်း ဖြစ်သည်။ သို့ရာတွင် အများစုက တိုက်ပွဲအောင်မည်ဟု မမျှော်လင့်ကြ။

မစ်ရှောလည်း စက်ရုံတွင် မရှိ။ စပိန်တွင် ရောက်နေသည်။ သေသည် ရှင်သည်ကိုလည်း မည်သူမျှ ကောင်းကောင်းမသိ။ စပိန်ပြည်တွင်းစစ်ပွဲတွင် "ပါရီဘုံအဖွဲ့" တပ်မဟာမှာ အကျအဆုံးများကြောင်းဖြင့် သတင်းများအရ သိရသည်။ ပီယာကား သပိတ်သမားများနှင့် အတူတူ။ သို့ရာတွင် လွန်ခဲ့သည့် နှစ်နှစ်အတွင်း၌ ပီယာမှာ များစွာပြောင်းလဲသွားခဲ့ပြီ။ ဆံပင်တွေက ဖြူစပြုလာပြီး စကားကလည်း နည်းလာ၏။ ယခင်ကလို ပွင့်လင်းရိုးသားပြီး အရာရာကို စိတ်ဝင်တစားရှိသော ပီယာ မဟုတ်တော့။ ဗီးလာ့ဒ်၏ သစ္စာဖောက်မှုသည် သူ့ကို ခြေမွပစ်လိုက်သကဲ့သို့ ရှိ၏။ ပီယာသည် တိုက်ပွဲကိုကား အရှုံးမပေး။ ဆက်တိုက်၏။ ကိုယ်ကျိုးကို မကြည့်။ မျက်ရည်တွေ ပြည့်လျှမ်းနေသည့် အဂ္ဂနိစ်၏ မျက်လုံးမွဲမွဲများကိုလည်း သူအမှတ်မရ။ တနှစ်သားယယ်ကိုလည်း သူအရေးမထား။ ဘာစီလိုနားနှင့် ကာတာဂျီးနားသို့ စွန့်စွန့်စားစား လေယာဉ်ဖြင့် သွား၍ တိုက်ခိုက်ရခြင်းသည် အန္တရာယ်ကြီးသည့်တိုင် ပီယာမမှု။ သူ့အကျိုးစီးပွား၊ သူ့မယားနှင့် သူ့သားငယ်တို့သည် စပိန်ပြည်သူများဘက်မှ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုအောင် ပီယာကို တားဆီးခြင်းငှာ မတတ်နိုင်။ သို့ရာတွင် ယခင်တုန်းကလို

မျှော်လင့်ချက်ဖြင့် တိုက်ခိုက်ခြင်း မဟုတ်တော့။ နာကျည်းခါးသီးမှုဖြင့် တိုက်ခိုက်ခြင်းမျိုးသာ ဖြစ်သည်။

ဤတကြိမ် "ဆိန်း" စက်ရုံက သပိတ်ကို လီဂရေးက ခေါင်းဆောင်သည်။ ယခင်တခါ ဇွန်လ သပိတ်တုန်းက တိုက်ပွဲတခုလုံးသည် မစ်ရှော၏ ရွှင်မြူးထက်သန်မှုမျိုး ကူးစက်ပျံ့နှံ့နေသလို အေးချမ်း၍ စိတ်ပျက်ဖွယ်ကောင်းသည့် ယခုနွေဦးက သပိတ်တိုက်ပွဲမှာ လီဂရေး၏ သုန်မှုန်တင်းမာသည့် ပိုင်းဖြတ်မှုမျိုး လွှမ်းမိုးနေသည်။

လီဂရေးက စက်ရုံအုပ်ချုပ်ရေး အာဏာပိုင်များ၏ တိုတောင်းသည့် ပြန်ကြားချက်ကို ဖတ်ကြားပြသည့်အခါတွင် အားလုံး တိတ်ဆိတ်လျက်ရှိ၏။ သပိတ်ကို အောင်ပွဲရသည်အထိ ဆက်မှောက်သင့်ကြောင်း အဆိုတင်သည့်အခါတွင် မည်သူကမျှလည်း သြဘာလက်ခုပ်မတီးကြ။ မည်သူကမျှလည်း ကန့်ကွက်ခြင်း မပြုကြ။ အလုပ်သမားများကို ကြည့်ရသည်မှာ စိတ်ဓာတ်ကျနေကြသည့်ပုံ။

"ဘယ်သူ စကားပြောဦးမလဲ"

အားလုံး တိတ်ဆိတ်လျက်။ ထိုတိတ်ဆိတ်မှု နောက်ကွယ်တွင် အရေးနိမ့်မှုသည် ခိုအောင်းနေသည် ထင်ရ၏။ မည်းမှောင်နေသည့် လေယာဉ်ရုံနောက်ပိုင်းမှ အသံသဲ့သဲ့တခု ထွက်လာသည်။

"ကျုပ် နည်းနည်း ပြောချင်တယ်"

ဒူရှနေး အမည်ရှိ အလုပ်သမား အဘိုးကြီးတဦး စင်မြင့်ပေါ်သို့ တက်လာသည်။ တခါက သံရည်ကျိုရုံဘက်တွင် အလုပ်လုပ်ခဲ့သော်လည်း ယခု ညစောင့်ဒရဝမ် ဖြစ်နေသည်မှာ ကြာလှပြီ။ ခါးနာသဖြင့် ခါးတောင့်တောင့်ကြီး ဖြစ်နေပြီး စက်ရုံဝင်း ဟိုဘက်သည်ဘက်ထိပ်ကို မနည်းလျှောက်နေရသည့်တိုင် ပင်စင်မယူချင်သေး။ "အိမ်မှာနေရတာ ပျင်းစရာကြီးကွာ" ဟု ဆိုတတ်သည်။ စက်ရုံတွင် သူ့ကို မသိသူမရှိ။ ဤစက်ရုံတွင် ကမ္ဘာဦးကတည်းက လုပ်လာခဲ့သူ တယောက်နှင့်ပင် တူတော့သည်။ အင်ဂျင်နီယာများသည် သူ့ထင်မြင်ချက်များကို လေးစားကြသည်။ ဒက်ဇာကဆိုလျှင် စက်ရုံထဲရောက်လာတိုင်း သူ့ကို လက်ဆွဲနှုတ်ဆက်ကာ "ကျုပ်တို့စက်ရုံရဲ့ ဂုဏ်ဗျ" ဟု ပြောတတ်သည်။

ပရိသတ်က နားစွင့်နေကြသည်။ ဒူရှနေး ဘာပြောမည်နည်း။ သူ့အရွယ်သည် လူငယ်တွေလို လက်သီးလက်မောင်းတန်းကာ အာဘောင်အာရင်းသန်သန်နှင့် ရဲရဲတောက်စကားတွေကို ပြောရမည့် အရွယ်မဟုတ်တော့။ အလုပ်သမားများတွင် လုပ်ခကနည်းပြီး နေထိုင်မှုစရိတ်က ကြီးသည်ဟု ပြောနေ၍ ဘာအကျိုးထူးမည်နည်း။ လူတိုင်း သိပြီးသား။ သို့ရာတွင် ယခုနှစ်သည် ၁၉၃၆ ခုနှစ် မဟုတ်တော့၊ ဒက်ဇာကလည်း အလျှော့ပေးမည့်ပုံမပေါ်၊ အလုပ်သမား သားမယားတွေက ငတ်ကုန်ကြပြီ။ သပိတ်က အောင်မည့် အလားအလာ မရှိ။ ဤတိုက်ပွဲသည် အဓိပ္ပါယ်မရှိ။ ဒူရှနေး ဘာပြောမည်နည်း။ သူ့တွင် အတွေ့အကြုံတွေ များလှပြီ။

ဒူရှနေးသည် စင်မြင့်ပေါ်တွင် ရပ်လိုက်၏။ စကားတခွန်းမျှမပြောပဲ ရပ်နေသည်မှာ အချိန်အတော်ကြာသည်ဟု ထင်ရသည်။ နောက်ဆုံးကျမှ ပါးစပ်ကိုဟကာ ကွဲအက်နေသည့် လူအိုသံကြီးဖြင့် “အင်တာနေရှင်နယ်” သီချင်းပထမပိုဒ်ကို စဆိုသည်။

“××× ထလော့၊ အငတ်ဘေး ကျရောက်သူတို့တတွေ ××× ထလော့၊ ကမ္ဘာတဝန်းက ကျေးကျွန်တွေ ×××”

အားလုံး မတ်တပ်ရပ်ကာ တိတ်ဆိတ်စွာဖြင့် လက်သီးများကို ဆုပ်ထားမိကြသည်။

သပိတ်ကို ဆက်မှောက်ရန် ဆုံးဖြတ်လိုက်ကြ၏။ အခြားစက်ရုံများသို့ ပန်ကြားချက်ထုတ်ရန် ဆွေးနွေးနေကြစဉ် လီဂရေးကို အရေးတကြီး လာခေါ်သွားကြ၏။ အစိုးရအဖွဲ့ ပြုတ်ကျတော့မည်ဟု ဌာနချုပ်သပိတ်ကော်မတီမှ သတင်းရောက်လာသဖြင့် လိုက်သွားရခြင်း ဖြစ်သည်။

ဒင်းနိစ်သည် ပါးတွင် အမာရွတ်ကြီး ကန့်လန့်နှင့် ထိုရဲဘော်ကို ချက်ချင်း မှတ်မိလိုက်၏။ မစ်ရှောနှင့် စတွေ့ခဲ့သည့် ဟောပြောပွဲတခုတွင် သူ့ကိုပင် ဘယ်က ရဲဘော်မလေးလဲဟု မေးခဲ့သေးသည် မဟုတ်လော။ လီဂရေးသည် စပိန်ပြည်သွားသည့် ရဲဘော်များအကြောင်းကို တစွန်းတစ သိတန်ကောင်းသည်။ စပိန်ရှိ မစ်ရှောထံမှ စာများကို ဒင်းနိစ် မကြာခဏ ရခဲ့သည်။ တိုက်ပွဲများအကြောင်း၊ စပိန်ဘာသာစကား ခက်ခဲကြောင်း၊ သူတို့တပ်မဟာမှ ရဲဘော်များအကြောင်း၊

အာရေဂွနဲနယ်တွင် အေးလျှင် အလွန်အေးပြီး၊ ပူလျှင်လည်း အလွန်ပူကြောင်း စပိန်လယ်သမားများ သတ္တိကောင်းကြောင်း...။

တခါတရံတွင် သူ့စာများက စာရွက်စုတ်ကလေးပေါ်တွင် ရေးထား၏။ တခါတရံတွင်လည်း အရှည်ကြီးရေးသည်။ တခါတရံတွင် ပါရီမြို့အကြောင်းနှင့် ညနေခင်းများတွင် သူတို့နှစ်ယောက်အတူ လျှောက်လည်ခဲ့ကြပုံကို ရေး၏။ တခါတရံတွင်လည်း တိုက်ပွဲများအကြောင်း၊ တီရူးမြို့က ကတုတ်ကျင်းများအကြောင်း၊ တိုက်လေယာဉ်ပျံများအကြောင်း၊ ထိုတိုက်လေယာဉ်ပျံများကို သူတို့က "နွားခေါင်းပြား" ဟုခေါ်ကြောင်းဖြင့် ရေးထားသည်။ နောက်ဆုံးရောက်လာသည့် စာတစောင်တွင်မူ တီရူးမြို့ ဆင်ခြေဖုံးက တိုက်ပွဲများအကြောင်းကို ရေးထားပြီးနောက် "ညီမကို အစ်ကိုချစ်တယ်၊ ဘယ်လိုလဲ" ဟု ခဲတံဖြင့် ရေးထားသည်။ ဒင်းနိစ်သည် ထိုစာကို သွားလေရာ အမြဲယူသည်။ အလုပ်သွားလျှင် သူ့စာကလေး အိတ်ထဲပါမပါ ကြည့်ရသည်မှာ အမော။ စာထဲက စာလုံးများကို အလွတ်ပင် ရနေပြီ။ သို့ရာတွင် ဒင်းနိစ် နောက်ထပ်မဖတ်ပဲ မနေနိုင်။ ထပ်ကာထပ်ကာ ဖတ်သည်။

အပြင်ပန်းအားဖြင့် သူ့ဘဝသည် ဘာမျှ ပျော်စရာမကောင်း။ အလုပ်သွား၊ နောက် အစည်းအဝေး၊ သို့မဟုတ် ဟောပြောပွဲသွား။ ဟောပြောပွဲတွင် မှတ်သားစရာရှိသည်များကို ဗလာစာအုပ်ကလေးတအုပ်ဖြင့်မှတ်။ သို့ရာတွင် တနေရာ၌ စစ်ပွဲကြီးတခု ဖြစ်နေပြီး သူသည် မစ်ရှောနှင့်အတူ ထိုစစ်ပွဲတွင် ရောက်နေသည်ဟု ဒင်းနိစ် ခံစားရသည်။ မစ်ရှောထံက စာများက စစ်သတင်းထုတ်ပြန်ချက်တွေကို ဖတ်ရသည့်နှယ်။ ထိုအထဲတွင် လူပျိုပေါက်ကလေးလို ရည်းစားစကားလေး မထည့်သာ ထည့်သာ ထည့်လွှတ်လိုက်သေးသည်။ မစ်ရှော၏ စာများသည် စိတ်အားငယ်နေသည့်အခါများတွင် သူ့ကို လန်းဆန်းလာစေသည်။

သို့ရာတွင် မစ်ရှောထံမှ စာမလာသည်မှာ ကြာပြီ။ ဖေဖော်ဝါရီလနောက်ပိုင်းတွင် တစောင်မျှ မရတော့။ ဒင်းနိစ် သူ့စိုးရိမ်စိတ်ကို ကြိုးစား၍ ဖျောက်သည်။ သူ ဘာမှဖြစ်မှာ မဟုတ်ဘူးဟု သူ့ကိုယ်သူပြောယင်း "ဘယ့်နှယ်လဲ" ဟု မစ်ရှော ပြောသလို ပြောကြည့်သည်။ သို့ရာတွင် ကြာလာသည်နှင့်အမျှ သူ့စိုးရိမ်မှုသည် တိုးလာခဲ့ပြီ။ လီဂရေးကို

မြင်လိုက်သည့်အခါတွင် ဒင်းနိစ် စိတ်လှုပ်ရှားနေသည်။ မစ်ရှောသတင်းကို သူများ သိလေမည်လော မဆိုနိုင်။

သပိတ်မှောက်ကော်မတီ အစည်းအဝေးတွင် အစိုးရအဖွဲ့ အကျပ်အတည်းကိစ္စကို ဆွေးနွေးကြသည်။ အထက်လွှတ်တော်က ဗလွန်း၏ ပြည်သူ့တပ်ဦးအစိုးရကို နုတ်ထွက်ပေးစေချင်သည်။ ထိုအတိုင်းဆိုလျှင် ပြည်သူ့တပ်ဦးလည်း ပြိုကွဲတော့မည်။ ရေဒီကယ်ပါတီလည်း နှစ်ခြမ်းကွဲသွားပြီ။ ဆိုရှယ်လစ်များက ရေဒီကယ်များကို ချော့နေကြရသည်။ တက်စကိုလည်း မျက်နှာချိုသွေးရသည်။ သူတို့သာမရှိလျှင် ပြည်သူ့တပ်ဦးတွင် ဆိုရှယ်လစ်နှင့် ကွန်မြူနစ်များသာ ကျန်ခဲ့တော့မည်။ ပါရီမြို့ပေါ်တွင်လည်း သပိတ်တွေက တလုံးပြီးတလုံး ပေါ်နေသည်။ သို့ရာတွင် အခြေအနေမကောင်း။ ထိုအထဲတွင် လယ်သမားကို အလုပ်သမားနှင့် ရန်တိုက်ပေးသူကလည်း ရှိသေးသည်။ သူတို့အကြံအစည်များက အောင်မြင်သင့်သလောက် အောင်မြင်နေသည်။ မနှစ်ကနှင့်စာလျှင် သပိတ်များ၏ အခြေအနေသည် ဆိုးနေသည်။

"ကျွန်တော်တို့သပိတ်ဟာ အချိန်လွဲသွားပြီ ထင်တယ်" ဟု တယောက်က ပြော၏။

သို့ရာတွင် သူ့စကားကို မည်သူကမျှ လက်မခံကြ။ ကိုယ်လုပ်စရာရှိသည်ကို ဆက်လုပ်ရမည်။ ပြည်သူ့တပ်ဦးကို ရှေ့မှနေ၍ ကာကွယ်အောင် ပါရီမြို့သူမြို့သားများကို လှုံ့ဆော်၍ ရနိုင်သည်ဟု အလုပ်သမားများက ယုံကြည်ကြသည်။ အကယ်၍ အထက်လွှတ်တော်၏ ဆုံးဖြတ်ချက်ကို မနာခံပဲ ဗလွန်းက ထွက်မပေးဟု ဆိုလျှင် သူ့ကို မည်သူတွေက ဆန့်ကျင်ကြမည်နည်း။ ဘရီကျူးတို့အုပ်စုနှင့် ပုလိပ်အချို့တို့သာ ဖြစ်လိမ့်မည်။ စစ်တပ်ကမူ ဘရီကျူးတို့ ဖက်ဆစ်အုပ်စုကို ထောက်ခံမည် မဟုတ်။ ဗလွန်းနှင့် ဗီးလာ့ဒ် နှစ်ယောက်တည်းသာလျှင် တိုက်ပွဲကို ခေါင်းဆောင်ရလိမ့်မည်။

သပိတ်တပ်ဦးကော်မတီက ကြေငြာချက်တစောင် ထုတ်ပြန်ရန် အကြမ်းရေးကြသည်။ ပြည်သူ့တပ်ဦးအစိုးရက တိုင်းပြည်ကို ဆက်လက်ထိန်းသိမ်းရန် ဗီးလာ့ဒ်အနေဖြင့် ဗိုလ်ချုပ်ပီးကာ့ အမှူးပြုသော စစ်တပ်ထဲက ဖက်ဆစ်များကို ဖမ်းဆီးရန်၊ စပိန်ပြည်သူများကို အကူအညီပေးရန်၊ စပိန်နယ်စပ်ကို ဖွင့်ပေးရန်။

ဤအချက်များကို ချရေးရန်မလို။ လူတိုင်း အလွတ်ရနေကြပြီ။ စာလုံးဖြင့် ရေးချလျှင် အဓိပ္ပါယ် ပေါ့ကောင်းပေါ့သွားဦးမည်။ "နေကောင်းရဲ့လား၊ သွားတော့မယ်" ဆိုသည့် နှုတ်ဆက်စကားများကဲ့သို့ ပေါ့တန်သွားနိုင်သည်။ ကော်မတီက ဂျူးကလေ့ကို ဝန်ကြီးချုပ်ဗလွန်းနှင့် တွေ့ဆုံတင်ပြရန် ဆုံးဖြတ်လိုက်၏။ အမတ်တယောက်ကို စေလွှတ်ခြင်း မပြုပဲ လီဂရေးလို သာမန် အလုပ်သမားတယောက်ကိုသာ လွှတ်ရန် ဆုံးဖြတ်ခြင်းမှာ ပြည်သူတို့၏ သဘောထားကို ထင်ရှားစေရန် ဖြစ်သည်။

ထိုနောက် သပိတ်ပြဿနာများကို ဆွေးနွေးကြသည်။ သပိတ်ကို ဆက်မှောက်ရန် ဆုံးဖြတ်လိုက်ကြ၏။ သပိတ်၏ ကံကြမ္မာသည် ပြည်သူ့တပ်ဦး အစိုးရအဖွဲ့၏ ကံကြမ္မာအပေါ်တွင် တည်နေသည်။ သပိတ်တပ်ဦးကော်မတီက ဒင်းနိစ်တို့စက်ရုံမှ သပိတ်အခြေအနေကို ဒင်းနိစ်ကို မေး၏။

"အလုပ်သမားတွေကတော့ သပိတ်လှန်သင့်ပြီလို့ ပြောနေကြတာပဲ၊ ဒါပေမယ့် ဆက်မှောက်ဖို့ လိုတယ်လို့လဲ သဘောပေါက်နေကြတယ်" ဒင်းနိစ်က ပြော၏။ "တခြားလူတွေက သပိတ်ဆက်မှောက်ချင်ကြပေမယ့် ကျွန်မတို့စက်ရုံက ကွန်မြူနစ်တွေကတော့ မှောက်ရမယ်လို့ အတင်းအကျပ် မလုပ်ကြပါဘူး"

"ကျုပ်တို့စက်ရုံမှာလဲ ဒီအတိုင်းပါပဲ"

လီဂရေးက ပြုံး၍ ပြော၏။

လမ်းမသို့ ထွက်လာကြသည့်အခါတွင် ဒင်းနိစ် သူ့နောက်သို့ အမီလိုက်လာပြီး...

"ဟို... ဟို စပိန်က ဘာသတင်းများ ရသေးသလဲဟင်၊ မစ်ရှော သတင်းကော"

သူ့အသံက တုန်နေသည်။ လီဂရေးက မျက်မှောင်ကုပ်လိုက်၏။ စပိန်မှ သတင်းမရသည်မှာ သုံးလလောက်ရှိပြီ။ သို့ရာတွင် လီဂရေးက လေသံမှန်မှန်ဖြင့်...

"အခြေအနေကောင်းပါတယ်၊ ရဲဘော်တယောက် မကြာခင်ကပဲ စပိန်က ပြန်လာတယ်လေ၊ သူမလာခင် မစ်ရှောနဲ့ တွေ့ခဲ့တယ်လို့ ပြောတာပဲ"

ဒင်းနိစ် ဝမ်းသာလိုက်သည့် ဖြစ်ခြင်း၊ သူ့ဝမ်းသာမှုကိုပင် မဖုံးနိုင်။ မီးတောင်ပေါက်ကွဲစဉ် ချော်ရည်ချော်မြုပ်နှင့် မီးခိုးတွေကြားမှ နွေဦးနေ့၏ အလှသည် ပြူထွက်လာသလို သုန်မှုန်နေသည်။

"မနက်ဖြန်ကျယင် စက်ရုံကို လာခဲ့မယ်လေ" လီဂရေးက ပြော၏။ "လူငယ် အလုပ်သမားကလေးတွေကို စိတ်ဓာတ်မြှင့်ပေးဖို့ လိုတယ်၊ ကျုပ်တို့စက်ရုံက အခြေအနေကလဲ သိပ်မကောင်းလှဘူး၊ ဒီနေ့ဆိုယင် အဘိုးကြီးတယောက် ကယ်ပေလို့၊ နို့မဟုတ်ယင် ဘယ်လိုများ ဖြစ်မလဲ မသိဘူး၊ သူက 'အင်တာနေရှင်နယ်'သီချင်းကို တက်ဆိုပြလိုက်တယ်လေ၊ တယောက်ကိုတယောက် အထင်သေးခံရမှာ ကြောက်တာနဲ့ ဆက်မှောက်ဖြစ်သွားတာပေါ့"

ဒင်းနိစ်ကို နှုတ်ဆက်ပြီးနောက် လီဂရေးသည် ဆိန်းမြစ်တာရိုးပေါ်သို့ တက်လာခဲ့သည်။ သည်နေရာတဝိုက်တွင် ပါရီ၏ ရှုခင်းက တမျိုး။ အိမ်တွေက အသစ်တွေ။ ဖြူဖွေးလျက်။ ကြည့်လေရာတွင် စက်ရုံတွေချည်း။ ဥယျာဉ်သံတွေက ဆိပ်ကမ်းတခုနှယ် ဆူညံလျက်။ သည်နှစ်နွေဦးက ခပ်ဆန်းဆန်း။ ဧပြီလ ရောက်သည့်တိုင် အအေးဓာတ် မပြယ်သေး။ လမ်းသွားလမ်းလာတွေက ချမ်းလွန်းသဖြင့် ခါးကိုကိုင်းကာ ခပ်သုတ်သုတ် သွားနေကြသည်။ ချေဆပ်လျက်။ ညည်းတွားလျက်။ သစ်ကြားပင်များတွင် ပုရစ်ဦးတို့ ဖူးစ။ ဆောင်းလေ စိမ့်စိမ့်ကြီးထဲတွင် သစ်ကြားရွက်နုနုများသည် ပုန်းကွယ်လျက်။

ဒင်းနိစ်၏ ပျော်နေသည့် မျက်နှာကို လီဂရေး မြင်ယောင်နေသည်။ မစ်ရှောများ တခုခု ဖြစ်လျှင် မည်သို့ နေမည်နည်း။ မည်မျှ ကံဆိုးမိုးမှောင် ကျလိုက်မည်နည်း။ ဒင်းနိစ်သည် မစ်ရှောကို နှစ်နှစ်ကာကာ ချစ်သည်။ ဤအချက်ကို ချက်ချင်း သိနိုင်သည်။ သြော်... ချစ်စရာ သူငယ်မလေး။ ဒင်းနိစ်သည် ကျောင်းသူဖြစ်သည်ဟု မစ်ရှောက ပြောဖူးသည်။ မည်သို့ဖြစ်ဖြစ် လောကကြီးတွင် ချစ်စရာ လူတယောက် ရှိနေခြင်းသည် ကောင်းသည်။ ဒင်းနိစ်သည် အလွန်အေးသည့် ကလေးမတယောက် ဖြစ်သည်ဟု ပြောသံ ကြားဖူးသည်။ အဘယ်မှာ အေးသနည်း။ စိတ်လှုပ်ရှားလွယ်သည့် ကလေးမတယောက်သာ မဟုတ်လော။ ပိုပြီး ကောင်းသည် မဟုတ်လော။ ပိုပြီး အသက်ဝင်သည် မဟုတ်လော။

သူမှတ်မိသလောက်ဆိုလျှင် သူ့ဘဝက တကောင်ကြွက်။ အဖေကို တခါမျှ မမြင်စဖူး။ သူ အနှီးကလေးထဲတွင် ကွေးနေရစဉ် အမေသေသွားသည်။ သူ့ကို ဝက်သတ်ရုံ အလုပ်သမား သူ့ဦးလေးက မွေးစားခဲ့သည်။ သူ့ဦးလေးက တကယ့် ကပ်စေးနဲ့ကြီး။ လီဂရေးသည် ဝက်သွေးတွေ အပြည့်ထည့်ထားသည် စည်ပိုင်းကြီးများကို ထမ်းရသည်။ မီးဖိုရသည်။ ကြမ်းတိုက်ရသည်။ ထိုနောက် စက်ရုံတရုံတွင် ဝင်၍ အလုပ်လုပ်သည်။

စစ်ဖြစ်လာသည့်အခါတွင် လီဂရေး ရင်ကွဲရသည်။ ထိုစဉ်က မေရီဆိုသည့် ကောင်မလေးတယောက်နှင့် ကြိုက်နေကြဆဲ။ စကားတွေ ဖောင်ဖွဲ့၍ ကောင်းတုန်း။ တယောက်မျက်နှာ တယောက်ကြည့်ကာ ရယ်မော၍ ကောင်းတုန်း။ အာဂုန်းတောကြီးထဲတွင် တဘက်နှင့်တဘက် ကတုတ်ကျင်းတွေတူး၍ တိုက်ကြရသည့်အချိန်တွင် ကတုတ်ကျင်းထဲမှနေ၍ မေရီ၏ မျက်နှာကို မြင်ယောင်နေသည်။ လီဂရေးသည် အမြောက်ကျည်မှန်သဖြင့် မျက်နှာတွင် ဒဏ်ရာရခဲ့သည်။ အမာရွတ်က မပျောက်တော့။ စစ်ထဲက ပြန်လာသည့်အခါတွင် မေရီကို အစပင် ရှာ၍ မရတော့။ အမေရိကန် လေတပ်သားတယောက်နှင့် ရသွားပြီဟုသာ ပြောသံကြားရသည်။

ထိုနောက်မှစ၍ မိန်းမဟူသမျှကို လီဂရေး မျက်မှောင်ကုပ်ခဲ့သည်။ သည်တုန်းက သူ့ဘဝမှာ ခြောက်သွေ့လိုက်သည်ဖြစ်ခြင်း။ ပျင်းလျှင် ရုပ်ရှင်တွေကို တကားပြီးတကား လျှောက်ကြည့်သည်။ တခါတလေတွင် အရက်ကို မူးအောင် သောက်ပစ်လိုက်သည်။ ထိုနောက် နိုင်ငံရေးကို စိတ်ဝင်စားလာသည်။ နောက်တဖန် မိန်းကလေးတယောက်နှင့် ချစ်ပြီး နောက်တကြိမ် အသည်းကွဲပြန်သည်။ မားဂေါ့ကို မည်သို့စ၍ ပြောရမည်မသိ။ မားဂေါ့သည် သူ့ကိုမုန်းသည်ဟု သူထင်သည်။ ထိုနှစ်တွင် ပြင်သစ်ပြည်၌ နိုင်ငံရေးအခြေအနေ မငြိမ်သက်။ လီဂရေးသည် တရားပွဲများကို တပွဲပြီးတပွဲ ဟောနေရသည်။ ဆောင်းဦးပေါက်တွင် မားဂေါ့သည် ဂျူဘွန်ဆိုသည့် လူတယောက်နှင့် လက်ထပ်လိုက်သည်။ အေးလေ သူနဲ့ဆို ပိုပြီးပျော်မှာပေါ့ဟု လီဂရေး အောက်မေ့လိုက်သည်။ နှစ်သစ်ကူးနေ့၌ ခံတပ်နားရှိ သူတို့အိမ်ကလေးတွင် ဂျူဘွန်က ညေ့ခံပွဲကလေးတခု လုပ်၏။ ညည့်နက်သည်အထိ မပြန်ကြ။ သောက်ကြ၊ စားကြ၊ မူးကြ။ တခန်းလုံး မီးခိုးတွေ မွှန်နေသည်။ ငြီးစီစီ ဖြစ်နေသဖြင့် မားဂေါ့ ခြံထဲသို့ ဆင်းလာခဲ့သည်။ လီဂရေးကလည်း အိမ်ပြန်မည်ဟု အထွက်။ မားဂေါ့က သူ့ကို မြင်သည့်အခါတွင် ခြံထဲမှ လှမ်းခေါ်သည်။

ရုပ်ရှင်အကြောင်း ပြောသည်။ "အလွမ်းတွေဝေတဲ့ကျွန်း" ဆိုသည့် ရုပ်ရှင်ကို ကြည့်ပြီးပြီလောဟု မေးသည်။ လီဂရေး စကားမပြောနိုင်။ ဤတွင် မားဂေါ့က "ရှင့်ကို ကျွန်မချစ်တယ်" ဟု ခပ်သွက်သွက်ပြောပြီး အိမ်ပေါ်သို့ တက်ပြေးသည်။ လီဂရေးသည် သူ့ကိုယ်သူ ဒေါ်ပွ၍ ကျန်ရစ်ခဲ့၏။ သူသည် ပျော်ပျော်နေဖို့ မွေးလာသူ မဟုတ်ဟု စွဲမှတ်လိုက်ပြီ။ ထိုနောက်တွင်မူ လီဂရေး ပို၍ စကားနည်းလာသည်။

ယခုမှ ဤအဖြစ်အပျက်များကို ဘာကြောင့် သတိရလာသနည်း။ ယခုလည်း ဂျိုးဇက်ဆိုသည့် ကောင်မလေးတယောက်ကို တွေ့နေသည်။ ဂျိုးဇက်က ရဲဘော်တယောက်၏ သမီး။ ဂျိုးဇက်သည် သူ့ကို သနားကြင်နာဟန် ပြသည်ဟု တခါတရံ လီဂရေး တွေးမိသည်။ သို့ရာတွင် ခက်သည်က သူတို့နှစ်ယောက်၏ အသက်အရွယ်။ ဂျိုးဇက်က နှစ်ဆယ့်လေး။ သူက လေးဆယ့်နှစ်။ "အသက်ချင်း ကွာလွန်းလှတယ်ကွယ်" ဟု လီဂရေးက ပြော၏။ ဘာကြောင့်များ သူစိတ်ဆိုးသွားရသနည်း။ တကယ်ဆိုလျှင် အေးအေးဆေးဆေး ပြောဖို့ကောင်းသည်။ အချိန်ကောင်း မရောက်သေးဘူး ဘာညာ စသည်ဖြင့် ပြောဖို့ကောင်းသည်။ ယခု ဒင်းနိစ်နှင့် စကားပြောလိုက်ရသည့်အခါတွင် လီဂရေးသည် စိတ်လှုပ်ရှားလျက်ရှိကာ လွဲခဲ့ရသည့် သူ့အဖြစ်ဟောင်းများကို ပြန်တွေးမိသည်။

လီဂရေးက လည်ပင်းမှ လည်စည်းကို ခပ်တင်းတင်း ပတ်လိုက်၏။ မိုးလည်းမရွာ။ နှင်းလည်းမကျ။ တော်တော်ဆန်းသည့်နွေဦး။ သူ့ကို ဝန်ကြီးဗီးလာ့ဒ်နှင့်တွေ့ပြီး အလုပ်သမားတို့၏ သဘောထားကို တင်ပြရန် တာဝန်ပေးလိုက်သည်။ ဗီးလာ့ဒ်နှင့် တွေ့ရဦးမည်။ ဗလွန်း၏ ပြည်သူ့တပ်ဦး အစိုးရသာ နုတ်ထွက်သွားလျှင် သူတို့စက်ရုံပိုင်ရှင် ဒက်ဇာသည် အတင့်ရဲသည်ထက် ရဲလာတော့မည်။ အလုပ်သမားများကို စက်ရုံများထဲမှ အကြမ်းဖက်၍ ဖယ်ရှားပစ်တော့မည်။ မကြာသေးမီအချိန်အထိ အလုပ်သမားများတွင် မျှော်လင့်ချက်တွေ အပြည့်အဝ ရှိနေသေးသည်။ အလားအလာတွေ ကောင်းနေသေးသည်။ မနက်ဖြန်ဆိုလျှင် ဘာရီကျူးတို့ ဖက်ဆစ်တွေ ကြီးစိုးလာနိုင်သည်။ ပြည်သူ့တပ်ဦး အစိုးရသည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသည်။ လွှတ်တော်ထဲတွင် ရထားသည့် မဲအများစု၊ ရွေးကောက်ပွဲများ၊ ပြည်သူ့တပ်ဦး စည်းရုံးရေး၊ စီတန်းဆန္ဒပြပွဲများ စသည်တို့ကို အားကိုးလွန်းသည်။ သို့ရာတွင် တဘက်က ဤသို့မဟုတ်။

အောက်လမ်းနည်းပေါင်းများစွာကို သုံးနေသည်၊ ယခု အခွင့်ကောင်းတွေ လွဲကုန်ပြီ။ သူနှင့် မားဂေါ့တို့လို လွဲခဲ့ကြရပြီ။ ဪ… ရာသီဥတုကလည်း ဆိုးလိုက်ပါဘိ။

လီဂရေးသည် သူတို့စက်ရုံ သပိတ်ကော်မတီ အစည်းအဝေး လုပ်နေသည့် အခန်းသို့ တန်းလာခဲ့သည်။ အားလုံး သူ့အနီးသို့ ဝိုင်းအုံလာကြ၏။

"ဌာနချုပ်က ဘာသတင်းထူးသလဲဗျို့"

"ထူးတယ်ဗျ၊ အချက်သုံးချက်၊ ပထမအချက်က သပိတ်နဲ့ ပတ်သက်တယ်။ ဆက်မှောက်မယ်တဲ့၊ တခြားစက်ရုံတွေကလဲ ဆက်မှောက်ချင်နေကြတယ်၊ 'ဘုမ္မစိုး' စက်ရုံကဆိုယင် တပြားမှ မလျှော့ဘူး၊ ဒက်ဇာလည်း တော်တော် အကျပ်အတည်း တွေ့နေတယ်၊ လေယာဉ်တွေကို ခါတိုင်းထက် ပိုထုတ်ချင်နေတယ်၊ ဟာစ်တလာကလဲ ပြင်နေပြီလေ၊ ဒီတော့ ဒက်ဇာကိုလဲ ဖိအားပေးပြီး ပိုအထုတ်ခိုင်းမှာပဲ၊ မှာထားတဲ့ လေယာဉ်တွေကို ပို့ရမယ် မဟုတ်လား၊ နှစ်အချက် ဝန်ကြီးအဖွဲ့နဲ့ ဆိုင်တဲ့ သတင်း၊ ဌာနချုပ်က အစိုးရက နုတ်ထွက်မပေးဖို့ မေတ္တာရပ်ခံမယ်လို့ ဆုံးဖြတ်လိုက်တယ်။ အောက်လွှတ်တော်ကလဲ အစိုးရကို ထောက်ခံလိုက်ပြီ၊ အထက်လွှတ်တော်ကတော့ လူအိုရုံသာသာပါ၊ အဘိုးကြီးတွေ အနားယူဖို့ကောင်းတာ ကြာလှပြီ၊ ခု ကျွန်တော် ဗီးလာ့ဒ်ကို သွားတွေ့ရမယ်၊ ကျွန်တော်တို့ အလုပ်သမားတွေက ထောက်ခံတယ်ဆိုတာကို သွားပြီးပြောမလို့၊ လိုအပ်ယင် စီတန်းဆန္ဒပြပွဲလဲ လုပ်သင့်လုပ်ရမှာပေါ့"

"ဗီးလာ့ဒ်က ကြောင်ချီးပါဗျာ၊ ပျော့စိစိနဲ့"

တယောက်ကပြောသည်။ လီဂရေးက…

"ဟုတ်ပါတယ်၊ ဒါကို ကျွန်တော် မငြင်းပါဘူး၊ တခုတော့ ရှိတယ်။ ကြောင်ချေးပေမယ့် ကြောင်ချေးချင်းတော့ မတူဘူးဗျ၊ ပြဿနာက နှင်းဆီပန်းနှစ်ပွင့်မှာ ဘယ်အပွင့်ကို ရွေးမလဲဆိုတဲ့ ပြဿနာမဟုတ်ဘူးဗျ။ ကြောင်ချေး နှစ်ပုံမှာ ဘယ်အပုံ ရွေးမလဲဆိုတဲ့ ပြဿနာ၊ တက်စကို ရွေးမိယင် ဒီထက်ပိုဆိုးမှာပေါ့"

"ဟုတ်ပါပြီ၊ ဒါဖြင့် တတိယက ဘာလဲ"

“ဘာ တတိယလဲ”

“အချက်သုံးချက်ဆို၊ ခင်ဗျားပဲ ပြောတာပဲ”

လီဂရေးက ပြုံးလိုက်သည်။

“သြော်... ဟုတ်တယ်၊ ကျွန်တော် မေ့သွားတယ်၊ တတိယအချက်ကတော့ ရာသီဥတုအကြောင်းပါ။ ရဲဘော်တို့၊ ခုရာသီကို နွေဦးလို့ ခေါ်ကြမလား၊ ကျွန်တော်ကတော့ မခေါ်ချင်ပါဘူးဗျ၊ ဒါဟာ နွေဦးမဟုတ်ဘူး၊ ကျက်သရေမရှိတဲ့ အမင်္ဂလာ အခါကြီး”

သပ်ရပ်လှပသည့် စိန့်အော်နာရေလမ်းမရှိ ပြင်သစ်သမ္မတနိုင်ငံတော် သမ္မတအိမ်တော် အပြင်ဘက်တွင် မနက်လင်းကတည်းက လာကြည့်သူများနှင့် ပြည့်ကျပ်နေသည်။ သတင်းထောက်များက မှတ်စုစာအုပ်များ၊ ကင်မရာများကို ကိုင်၍ အသင့်စောင့်နေကြ၏။ သမ္မတကြီးက မည်သူ့ကို ပထမဆုံး လက်ခံတွေ့ဆုံမည် ဆိုသည်ကို တယောက်နှင့်တယောက် အလောင်းအစား လုပ်နေကြသည်။ အနီးအနားတဝိုက်ရှိ ကဖီးများတွင်လည်း ကော်ဖီသောက်ယင်း၊ ဝိုင်မြည်းယင်း လာကြည့်သူတို့ဖြင့် ပြည့်လျက်။ မနက်ကိုးနာရီ ထိုးသည့်အခါတွင် မော်တော်ကားကြီးတစီး သမ္မတအိမ်တော် အပေါက်ဝတွင် ဆိုက်လာသည်။ မုတ်ဆိတ်ကို စင်ကြယ်စွာ ရိတ်ထားပြီး ရေမွှေးတွေ ဆွတ်ထားသည့် တက်စက မော်တော်ကားကြီးပေါ်မှ ဆင်းလာပြီး ဆောင့်ကြွားကြွားဟန်ဖြင့် လျှောက်လာသည်။ သတင်းထောက်များက ဓာတ်ပုံရိုက်ကြသည်။ တက်စက သတင်းထောက်များကို လက်ညှိုးလေး တငေါက်ငေါက် ယမ်းပြပြီး...

"သမ္မတကြီးက တိုင်ပင်ဆွေးနွေးစရာရှိလို့ ကျုပ်ကို ခေါ်ထားတယ်ဗျ။ ခုတော့ ဒီလောက်ပဲ ကျုပ်ပြောနိုင်တယ်၊ အဖုးဆိုတာ သူ့ဘာသာသာဖူးပြီး သူ့ဘာသာပွင့်လာတာဗျ။ အတင်းပွင့်အောင် လုပ်လို့မရဘူး၊ ဟဲ... ဟဲ၊ ခုတော့ သည်းခံကြဦး၊ ဖြည်းဖြည်းပေါ့။ စောင့်ကြဦးပေါ့"

ဂရမ်ဒယ်၏ စာပျောက်သွားသည့်ကိစ္စ၊ သမီးဒင်းနိစ်အတွက် စိုးရိမ်သောက ရောက်ရခြင်း၊ ဇနီး မကျန်းမာခြင်း စသည်တို့ကို တက်စ အမှတ်မရတော့။ သူ့မျက်နှာက ပြုံးရွှင်လျက်။ "ကြည့်စမ်းပါဦးဗျာ၊ အသက် ၇၀ သာဆိုတယ်၊ နလိုက်တာက အရမ်းပဲ" ဟု သတင်းထောက်တယောက်က အားကျသံဖြင့် ပြောသည်။

ဓာတ်ပုံသတင်းထောက်များက အခြားနိုင်ငံရေးခေါင်းဆောင်များဖြစ်သည့် ဟဲရီးယော့၊ ဒလားဒီးယား၊ ဘိုနေး စသူတို့ကိုလည်း ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်သည်။ လွှတ်တော်အမတ်များနှင့် အထက်လွှတ်တော်အမတ်များမှာ မနေ့ညက အရက်ရှိန် မပြေတတ်ကြသေး။ ပုံမှန်မနက်စာကိုပင် ကောင်းကောင်း မစားနိုင်ကြ။ အောက်လွှတ်တော် အပန်းဖြေခန်းမတွင် စုရုံးကာ အတင်းအဖျင်းများကို ပြောနေကြသည်။ ဗလွှန်းအစိုးရကို ဖြုတ်ချလိုက်သည့် အထက်လွှတ်တော်ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ကြောင်း ပြောသည့်အခါတွင် သမ္မတကြီး၏ မျက်လုံးတွေ

မျက်ရည်ဝဲနေသည့် အကြောင်း။ ဒလားဒီးယားမှာ စိတ်လှုပ်ရှားလွန်းသဖြင့် အရက်ကိုပင် မသောက်နိုင်တော့ကြောင်း။ တက်စမှာ လူထူထူရှေ့ရောက်တိုင်း ဘာရီကျူးကို ဖက်ယမ်းနှုတ်ဆက်ကြောင်း။

ပြဇာတ်ရုံမှ ကချေသည်များ၊ ဘဲလေးကချေသည်များ၊ အငြိမ့်သမများနှင့် ချစ်စရာ ကောင်းရုံသာ ကောင်းသည့် မိန်းမချော မိန်းမလှများသည် အချိန်တန်သည့်အခါတွင် တန်ခိုးသြဇာကြီးသည့် သူတို့ချစ်သူများကို တမျှော်မျှော်နှင့် ရှိနေကြသည်။ သို့ရာတွင် အချည်းနှီးမျှသာ။ ပြည်သူ့ကိုယ်စားလှယ်ကြီးများအဖို့ အချစ်အတွက် အချိန်မပေးနိုင်။

ဗီးလာ့ဒ် တယောက်သာလျှင် ထိုနေ့တွင် ထူးထူးခြားခြား တည်ငြိမ်လျက်ရှိ၏။ သတင်းထောက်များသည် သူ့ကို မည်သည့် မေးခွန်းမျှ မပေးကြ။ ဗီးလာ့ဒ်သည် လွှတ်တော်သို့လည်း မတက်။ ကစားဝိုင်း အပြင်တွင် ရောက်နေသည်။ ရေဒီကယ်များသည် သူတို့ထုံးစံအတိုင်း သစ္စာဖောက်ဖို့ အချိန်ရောက်ပြီ ဆိုသည်ကို ဆောင်းတွင်းကတည်းက ဗီးလာ့ဒ် တွက်ခဲ့ပြီးသား။ ထို့ကြောင့် ဘာမျှ ဒေါသထွက်ခြင်းလည်း မရှိ။ သူ့အိမ်ကိစ္စများလောက်ကိုသာ အာရုံစိုက်နေသည်။ သူ့ပန်းချီကားများကို အလုပ်သမားများက ဖြုတ်၍ သိမ်းဆည်းထုပ်ပိုးနေသည်ကို ဗီးလာ့ဒ် စောင့်ကြည့်နေသည်။ အစိုးရအိမ်မှ သူ့ကိုယ်ပိုင်အိမ်သို့ ပြောင်းပေးရတော့မည်။ အေဗီနွန်မှ သူ့အိမ်ကို ဇူလိုင်လတွင် အပြီးပြင်ဆင်ထားရန် သူ့အိမ်စောင့်ကို အကြောင်းကြားပြီးပြီ။ သည်နှစ်တွင် သူ့အားလပ်ရက်များကို ကောင်းကောင်း အသုံးချတော့မည်။

အစိုးရအဖွဲ့ အကျပ်အတည်း မတိုင်မီ ရက်အနည်းငယ်ခန့်က သူ့သမီးငယ် ဝိုင်အိုလက် သူ့ထံ အလည်ရောက်လာခဲ့သည်။ သူ့ယောကျ်ားက နန်စီတွင် ဆိပ်ကမ်းကုန်တင်ကုန်ချ ကိုယ်စားလှယ်ဌာနတခု ဖွင့်လှစ်ထား၏။ အိမ်သို့ ဝိုင်အိုလက် ရောက်လာသည့်အခါတွင် သူ့အဖေ၏ မျက်နှာက မကြည်မသာ။ သူ့အဖေသည် မဲများကို တွက်ချက်ကာ အထက်လွှတ်တော်အမတ်များ အသုံးမကျကြောင်း၊ သူ့ကို မည်သူမျှ နားမလည်ကြောင်းဖြင့် ညည်းနေသည်။

ယခု ဗီးလာ့ဒ် ဤသို့ မဟုတ်တော့။ ဝိုင်အိုလက်သည် သူ့အဖေကို ကြည့်၍ ဝမ်းသာနေသည်။ သူ့အဖေ၏ မျက်နှာက ရွှင်ရွှင်ပျပျ။ ခပ်မြိုင့်မြိုင့် ပြုံးလျက်။ အကြောင်းမသိသူဆိုလျှင် ဗီးလာ့ဒ်သည် အောင်ပွဲကျင်းပနေသည်ဟုပင်

ထင်ကြလိမ့်မည်။

"ဒီနေ့က စပြီး ဖေဖေတော့ ငှက်ကလေးတကောင်လို လွတ်လပ်သွားပြီပေါ့။ ငါ့သမီးကို ဘွိုင်တီပြတိုက်က ပန်းချီကားတွေကို လိုက်ပြရဦးမယ်၊ အဲဒီက ဒါရိုန်းရဲ့ ပန်းချီကားတွေ တော်တော်ကောင်းတယ်"

ဗီးလာ့ဒ်က စာကြည့်ဆောင်ထဲသို့ ဝင်လာသည်။ အတွင်းဝန်က သူ့ကို စောင့်နေ၏။ အရေးပေါ်ကိစ္စတွေ ရှိနေသည်။ ရှာရန်တေ အရေးပိုင်က သူ့နယ်တွင် ရေကြီးနေသည်ဟု အစီရင်ခံထားသည်။ ရေဘေးဒုက္ခသည်များကို ကယ်ဆယ်ရန် အရေးပေါ်လုပ်ငန်းတွေကို လုပ်ရမည်။ မနေ့ကတည်းက ဤသတင်းကို ကြားပြီးပြီ။ ဗီးလာ့ဒ် စိတ်မကောင်း။ သဘာဝ ဘေးအန္တရာယ်တခုကို အသုံးပြုပြီး နိုင်ငံရေးအမြတ်ထုတ်ရသည်မှာ မည်မျှလွယ်ကြောင်းကို ဗီးလာ့ဒ် သိပြီးဖြစ်သည်။ သို့ရာတွင် ယခုမူ ဗီးလော့ဒ်သည် ပခုံးကို တွန့်လိုက်၏။

"ကျုပ်နဲ့ မဆိုင်တော့ဘူးလေဗျာ၊ နောက်တက်တဲ့ ဝန်ကြီးက လုပ်လိမ့်မယ်ပေါ့။ ရှာရန်တေက အရေးပိုင်ကလဲ ဘရီကျူးရဲ့ လူပါဗျာ၊ ဒီခရိုင်ဟာ တော်တော် ပြဿနာရှုပ်တဲ့ ခရိုင်၊ ဘာလဲ၊ မြစ်ရေက သိပ်အတိုးကြမ်းနေတယ်လို့ ပြောဦးမလို့လား"

သူ့အတွင်းဝန်က ပြန်ပြောနေသည့် စကားများကို ဗီးလာ့ဒ်မကြား။ သူ့စိတ်ကူးထဲတွင် နစ်မျောနေသည်။ မည်းမှောင်တိတ်ဆိတ်သည့် မြစ်ပြင်ကျယ်ကြီး။ သစ်ပင်များက ရေထဲတွင် မြုပ်လျက်။ ထိပ်ဖျားများက ရေပေါ်တွင် ပေါ်လျက်။ ကျီးကန်းသိုက်တွေက တိုးလို့ တွဲလောင်း။ နိုင်ငံတော်အစိုးရ၏ တာဝန် မရှိတော့ပြီ။ အစိုးရတာဝန် ဘာမှမရှိသည့် လူတယောက်အဖို့ အရေးကြီးသည့် ကိစ္စသည် သဘာဝဖောက်ပြန်မှုတရပ်မျှသာ။ ကဗျာဆန်သည့် ရှုခင်းတရပ်မျှသာ။ ထို့ထက် ဘာမျှမပို။ ထိုစဉ် အချိန်းအချက် မရှိပဲ ရောက်လာသည့် ဧည့်သည်တယောက်ကြောင့် ဗီးလာ့ဒ် သတိပြန်ရလာသည်။ ရောက်လာသည့် ဧည့်သည်က လီဂရေး။

"ကွန်မြူနစ်တွေက ဝန်ကြီးကို နုတ်ထွက်မပေးဖို့ တောင်းဆိုနေကြတယ် ခင်ဗျ။ ပြည်သူ့တပ်ဦးဟာ လူထုရွေးကောက်ပွဲမှာ အနိုင်ရခဲ့တာတဲ့၊ အောက်လွှတ်တော်ကသာလျှင် တိုင်းပြည်ရဲ့ ဆန္ဒကို ကိုယ်စားပြုနိုင်တယ်တဲ့၊

အထက်လွှတ်တော်က ကိုယ်စားမပြုနိုင်ဘူးတဲ့”

“ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ရှိသေးတယ်လေ”

“အထက်လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကို ဝန်ကြီးအဖွဲ့က နာခံရမယ်လို့ အခြေခံဥပဒေမှာ မဆိုထားပါဘူး၊ တရားဥပဒေအရ ကြည့်ယင်လဲ ဝန်ကြီးတို့ဘက်က အထောက်အထား ပြစရာတွေ အများကြီး ရှိပါတယ်၊ တခါတုန်းက ရေဒီကယ် ဝန်ကြီးအဖွဲ့ကို အထက်လွှတ်တော်က ဖြုတ်ချခဲ့ဖူးတယ်၊ ဝန်ကြီးချုပ် လီယွန်ဘူဗွာက နုတ်ထွက်ပေးခဲ့သလား၊ နုတ်ထွက်မပေးခဲ့ဘူးခင်ဗျ၊ ခုကိစ္စမှာလဲ ဒီသဘောနဲ့ အတူတူပဲ။ ဝန်ကြီးတို့က နုတ်ထွက်ပေးလိုက်ယင် ဖက်ဆစ်တွေကို တံခါးဖွင့်ပေးလိုက်သလို ဖြစ်မှာပေါ့။ ပထမဆုံး ဒလားဒီးယား၊ နောက် ဘိုနေ၊ ပြီးတော့ တက်စ၊ နောက်ဆုံး ဘာရီကျူး”

“ဒီမှာ မိတ်ဆွေ၊ ပြဿနာကို ဒီလောက်ပဲ ပုံကြီးမချဲ့ပါနဲ့၊ ဒလားဒီးယားဟာ ပြည်သူ့တပ်ဦးကို ခေါင်းဆောင်ခဲ့တဲ့ လူတယောက်ပါ၊ တက်စ ဆိုတဲ့ လူကလဲ ဒီလောက်ကြောက်စရာကောင်းတဲ့လူ မဟုတ်ပါဘူး၊ ကျုပ်သိသလောက် ပြောရယင် ကွန်မြူနစ်တွေပဲ သူ့ကို မဲပေးခဲ့ကြတယ် မဟုတ်လား၊ သူလဲ ရေဒီကယ်စစ်စစ်တယောက်ပါ၊ သိပ်တည်တည်ငြိမ်ငြိမ် မရှိပေမယ့် ရိုးပါတယ်”

လီဂရေး ဟန်မဆောင်နိုင်တော့။ မတ်တတ်ရပ်လိုက်ပြီး အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

“ဝန်ကြီး တခါတုန်းက ကျွန်တော့်ရှေ့မှာ ပြောတာ မှတ်မိသေးရဲ့လား၊ ကျုပ်ကံကြမ္မာဟာ အလုပ်သမား လူတန်းစားရဲ့ ကံကြမ္မာနဲ့ ခွဲလို့မရပါဘူးတဲ့၊ ခု အလုပ်သမားတွေက ဝန်ကြီးကို နုတ်ထွက်မပေးစေချင်ကြဘူး၊ ဟုတ်ပါတယ်။ ကျွန်တော်တို့ဟာ ဝန်ကြီးရဲ့ ပေါ်လစီတွေကို မကြာခဏ ဝေဖန်ခဲ့ကြတယ်။ ရှုတ်ချခဲ့ကြတယ်၊ ဒါပေမယ့် ခုအချိန်ဟာ ရန်ဖြစ်နေဖို့ အချိန်မဟုတ်တော့ဘူး ခင်ဗျ။ အလုပ်သမား အဖွဲ့အစည်းတွေကို ဖက်ဆစ်တွေက ရိုက်ချိုးဖျက်ဆီးဖို့ အခွင့်ကောင်းကို စောင့်နေတာ ကြာလှပြီ၊ ကျွန်တော်တို့ကတော့ အဖျက်မခံနိုင်ဘူး၊ ကာကွယ်ရမှာပဲ၊ ဒီတော့ ဝန်ကြီးဟာ အလုပ်သမားတွေရဲ့ အကျိုးကို ကြည့်တယ်ဆိုယင် နုတ်ထွက်မပေးပဲ ဆက်နေဖို့ တာဝန်ရှိတယ်၊ မနက်ဖြန်မှာ

ကျွန်တော်တို့ အလုပ်သမားတွေ အထက်လွှတ်တော် အဆောက်အအုံရှေ့မှာ ဆန္ဒကြကြမလို့၊ ဘယ်သူ့ဘက်မှာ လူထုရှိတယ်ဆိုတာ အထက်လွှတ်တော်ထဲက ငနဲအိုကြီးတွေ သိအောင် ကျွန်တော်တို့ ပြရလိမ့်မယ်”

ဗီးလာ့ဒ် မသိမသာ ပြုံးလိုက်သည်။

“ခင်ဗျားနဲ့ ခင်ဗျားတို့ပါတီက ကျုပ်ကို ယုံကြည်စွာ ထောက်ခံခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် နောက်ကျသွားပြီဗျ။ ဒီနေ့မနက်တင်ပဲ ဝန်ကြီးချုပ် ဗလွန်းက ဝန်ကြီးအဖွဲ့တခုလုံးရဲ့ နုတ်ထွက်စာကို သမ္မတဆီ တင်လိုက်ပြီ”

လီဂရေးက ထိုင်ချလိုက်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်၏။

“ဒီအတိုင်းဆိုယင်တော့ အခြေအနေက ရှေ့လျှောက်ဆိုးမှာပဲ၊ ပထမ အလုပ်သမားတွေကို ဖြိုခွဲမယ်၊ နောက် ဩစထရီးယားမှာလိုဖြစ်ပြီး ဂျာမန်တွေ ရောက်လာမယ်၊ စပိန်လဲ ဒုက္ခရောက်မှာပဲ၊ ချက်ကိုစလိုဗားကီးယားမှာလဲ သစ္စာဖောက်ကြမှာပဲ၊ ဘရီကျူးကတော့ သူအာဏာရဖို့ဆိုယင် ဘယ်သူနဲ့ဖြစ်ဖြစ် ပေါင်းမှာပဲ၊ မူဆိုလိုနီနဲ့ရော၊ ဟစ်တလာနဲ့ရော”

ဗီးလာ့ဒ်က သူ့ကို ထောက်ခံသည့်အနေဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ယခု သူသည် ဝန်ကြီး မဟုတ်တော့။ သာမန် လက်ဝဲအမတ်တယောက်မျှသာ ဖြစ်နေပြီ။ သူ့သဘောထားကို လွတ်လွတ်လပ်လပ် ပြောနိုင်ပြီ။

“ဟုတ်ပါတယ်၊ ခင်ဗျားပြောတာ မှန်ပါတယ်၊ စပိန်နဲ့ ပတ်သက်လို့ရှိယင် တော်တော် ပစ္စလက္ခတ်လုပ်ခဲ့တယ်၊ ပွင့်ပွင့်လင်းလင်း ပြောရယင် မစွက်ဖက်ရေးကော်မတီ ဆိုတာကြီးဟာ တော်တော်ရှက်စရာကောင်းတဲ့ အဖွဲ့ပဲ၊ သူတို့ မစွက်ဖက်တော့ ဘာဖြစ်သလဲ၊ အီတလီက သူထင်တိုင်း ကြဲတော့တာပေါ့။ အင်း... ခင်ဗျားနဲ့ ကျွန်တော် လုံးဝ သဘောတူပါတယ်”

“ဒါ ဘယ်သူ့ကြောင့်လဲ၊ ခင်ဗျားတို့ကြောင့်” ဟု လီဂရေး ပြောလိုက်ချင်သည်။ သို့ရာတွင် သူ့ကိုယ်သူ ချုပ်တည်းထားလိုက်၏။ ခဲလေသမျှ သဲရေကျ ဖြစ်ရပြီ။ ဗီးလေ့ဒ်က စိတ်ပျက်လက်ပျက်ဖြင့် လက်ကို ယမ်းလိုက်သည်။

လွန်ခဲ့သည့် နှစ်နှစ်လောက်တုန်းက အစည်းအဝေးတခုတွင် ဗီးလာ့ဒ်က သူ့ကို ဖက်ယမ်းနှုတ်ဆက်ခဲ့သည်ကို လီဂရေး သတိရ၏။ ဗီးလာ့ဒ်၏ စကားလုံးများကို ရွတ်လိုက်သည်။

"ဟုတ်တယ်၊ ရက်စရာကောင်းတဲ့ အဖွဲ့ကြီး၊ ကဲ ကျွန်တော် သွားမယ်၊ ဝန်ကြီးကို ကျွန်တော် နောက်ထပ် ဒုက္ခပေးစရာ မလိုတော့ဘူးပေါ့"

လီဂရေး ပြန်ထွက်သွားသည့်အခါတွင် ဗီးလာ့ဒ် တယောက်တည်း ကျန်ခဲ့သည်။

"အင်း၊ ဒီလူက ထင်သလောက် မဆိုးပါဘူး၊ ငါ သိပ်ပင်ပန်းနေတယ်ဆိုတာ သူ ရိပ်မိသွားပဲ၊ ဒီပြင်လူတွေက အလိုက်ကန်းဆိုးလဲ မသိဘူး၊ ငါ့ကို တကျည်ကျည်လာပြီး နားပူနားဆာ လုပ်နေကြတာပဲ၊ သြော်... ဟုတ်ပြီ၊ အတွင်းဝန်ကို မှာစရာတခု ရှိသေးတယ်..."

အတွင်းဝန်က မှတ်စုစာအုပ်ကို ဖွင့်၍ ရပ်နေသည်။

"မနက်ဖြန်ကျယင် အထက်လွှတ်တော် အဆောက်အအုံရှေ့မှာ ဆန္ဒပြပွဲတခု လုပ်လိမ့်မယ်၊ ပုလိပ်မင်းကြီးကို ပြောပါ၊ ဆန္ဒပြပွဲကို ပိတ်ပစ်ပါလို့၊ ကျုပ်တို့ကို မထွက်ပါနဲ့ဆိုပြီး လူထုနဲ့ အကျပ်ကိုင်တာမျိုးကို မခံနိုင်ဘူး၊ ကျုပ်တို့ ရှုံးပြီပဲ၊ ထွက်ပေးရမှာပေါ့။ လွှတ်တော်နိုင်ငံရေးမှာလဲ သူ့စည်းကမ်းနဲ့သူ ရှိကြတာပဲ၊ ဒီစည်းကမ်းတွေကို လိုက်နာမှပေါ့"

ဗီးလာ့ဒ်က သူ့အိမ်ဖော်ကို ခေါင်းလောင်းတီး၍ ခေါ်လိုက်သည်။

"ဒီအထဲက သိပ်အေးတယ်ဟေ့၊ မီးဖိုစမ်း ပြီးတော့ ငါ့လွှာဖိနပ်ကလေးလဲ ယူခဲ့"

မည်မျှ ဇိမ်ကျသနည်း။ မည်မျှ စိတ်ချမ်းသာရသနည်း။ မီးလင်းဖိုထဲမှ ထင်းများက တဖျစ်ဖျစ် မြည်နေကြသည်။ ဗီးလာ့ဒ်သည် ခြေထောက်တွင် စွပ်ထားသည့် ဖိနပ်ရှည်ကြီးကို ချွတ်လိုက်၏။ သားမွေးကွပ်ထားသဖြင့် နွေးနေသော လွှာဖိနပ်ကို စီးထားယင်း မနက်ဆယ့်တနာရီအချိန်တွင် လွတ်လပ်မှု၏ အရသာကို ခံစားနေလေသည်။ ဘယ်ကိုမျှ သွားစရာ မလိုတော့၊ သူ့အတွေးများက ဟိုရောက်

သည်ရောက်၊ တွေးချင်ရာတွေး၊ လီဂရေးသည် ပြဿနာကို ပုံကြီးချဲ့၍ ပြောသွား၏။ ပြင်သစ်ဆိုသည့် တိုင်းပြည်က ခပ်ဆန်းဆန်း။ ဆယ်နှစ်တကြိမ်လောက် ဗရုတ်ဗရက် ဖြစ်တတ်သည်။ သို့ရာတွင် ဘယ်တော့မှ ပြိုလဲပျက်စီး၍မသွား။ ဤတကြိမ်တွင်လည်း ပြိုလဲပျက်စီးမည် မဟုတ်။ အထက်လွှတ်တော်အမတ်များ၏ အယူအဆသည် မှန်ကောင်းမှန်လိမ့်မည်။ နိုင်ငံတကာ အခြေအနေသည် တဖြည်းဖြည်း တင်းမာလာနေသည်။ တက်စ၊ ဒလားဒီးယား၊ ဆားရောက်၊ လာဗ်... စသူတို့သည် အိမ်တွင်းဖြစ် လွှာဖိနပ်များနှင့် တူသည်။ ပြင်သစ်ပြည်ကြီးသည် ဤဖိနပ်မျိုးများနှင့် အထာကျနေပြီ။ ဟောင်းနွမ်း စုတ်ပြတ်ကောင်း စုတ်ပြတ်နေမည်။ သို့ရာတွင် သတိမထားမိကြ။ ပြည်သူ့တပ်ဦးနှင့်မူ မကိုက်သေး။ ပြည်သူ့တပ်ဦးကို ခဏတဖြုတ် ကြောင်အိမ်ထဲထည့်၍ သိမ်းထားရလိမ့်ဦးမည်။

ဝိုင်အိုလက် ဝင်လာသည့်အခါတွင် ရင်ပေါ့သွား၏။ ယခုမှပင် သမီးနှင့် အေးအေးဆေးဆေး စကားပြောရတော့မည်။ သူ့ယောက်ျား၏ ကျန်းမာရေး၊ အလုပ်အကိုင်၊ နေရေးထိုင်ရေး စသည်တို့ကို မေး၏။

"သမီးတို့မှာလဲ သားယောက်ျားလေး ဘာလေး မရသေးပဲကိုး၊ ဖေဖေက မြေးယောက်ျားလေးနဲ့ ဆော့ချင်နေတာ" (ဗီးလာ့ဒ်၏ သမီးကြီးတွင် မိန်းကလေး နှစ်ယောက် မွေးထားသည်။)

"အံမာလေး၊ ဖေဖေ့သမက်က ဒီအချိန်မှာ ကလေးမလိုချင်ဘူးတဲ့ ဖေဖေရဲ့၊ နန့်စီမှာတော့ လူတိုင်း စစ်အကြောင်းကို ပြောနေကြတာပဲ"

ဝိုင်အိုလက်က သူ့အဖေကို နိုင်ငံရေးအကြောင်းလေး ဘာလေး မေးချင်သည်။ အိမ်ပြန်ရောက်လျှင် သူ့ယောက်ျားက "အဘိုးကြီးက ဘာတွေပြောလိုက်သေးသလဲ" ဟု တကျည်ကျည် မေးဦးမည်။

"ဖေဖေ ဝန်ကြီးဖြစ်တဲ့ နှစ်နှစ်မှာ သမီးဖြင့် စိတ်ညစ်လိုက်ရတာ ဖေဖေရယ်၊ သူတို့က ဖေဖေ့ကို နားမလည်နိုင်ကြပဲကိုး၊ သမီးရှေ့မှာတော့ ဘာမှ မပြောကြဘူးပေါ့။ ဒါပေမယ့် ကြားနေရတာပါပဲ၊ ဘာဖြစ်လို့မှန်း မသိဘူး၊ လူတွေက ဖေဖေ့ကို သိပ်မုန်းနေကြတယ်၊ တချို့က ဖေဖေဟာ အလုပ်သမားတွေကို သိပ်အလျှော့ပေးလွန်းတယ်တဲ့၊ ဖေဖေကြောင့် အလုပ်သမားတွေ ပျက်စီးကုန်ပြီတဲ့၊ ဒါတော့ သမီးကိုယ်တိုင် ကြားတာ၊ ပဒေသာကပွဲသီချင်းထဲမှာတောင်

ထည့်ဆိုကြသေးတယ်၊ တချို့ကတော့လဲ ဖက်ဆစ်တွေကို ထောင်ထဲက ပြန်လွှတ်ပေးလို့ ဖေဖေ့ကို သိပ်ဒေါပွနေကြတယ်၊ သမီးလဲ မကြားတော့ မကြားချင်ပါဘူး၊ ဒါပေမယ့် ဘယ့်နှယ်လုပ်မလဲ၊ ကြားနေရတာ ညညများဆိုယင် ငိုတောင် ငိုမိတယ် တကယ်ပဲ”

ဒေါသကြောင့် ဗီးလာ့ဒ်၏ မေးသည် တုန်နေ၏။ သူ့သမီးကို မည်သို့ ပြန်ပြောရမည်နည်း။ ကြီးမြတ်ထင်ရှားသည့် ပုဂ္ဂိုလ်ကျော်တို့မည်သည် အသက်ရှိစဉ်တွင် ဝေဖန်ရှုံ့ချခံရစမြဲဟု ပြောရမည်လော။ မိမိသည် ပြင်သစ်ပြည်ကြီးကို သွေးချောင်းစီးမည့်ဘေးမှ နှစ်နှစ်တိုင် ကယ်တင်ခဲ့သည်ဟု ပြောရမည်လော။ သို့ရာတွင် ခမ်းနားကြီးကျယ်သည့် ဤစကားလုံးများသည် ဘာမျှ အရာထင်တော့မည်မဟုတ်ဟု သူကိုယ်တိုင် ထင်နေပြီ။ ဗီးလာ့ဒ်က မီးလင်းဖိုနားသို့ ကပ်တိုး၍ ထိုင်လိုက်သည်။

“ဟုတ်ပါတယ် သမီးရယ်၊ သူတို့အားလုံးက ဖေဖေ့ကို မုန်းနေတာ ဖေဖေသိပါတယ်။ ဖေဖေ့မှာလဲ သမီးမေမေ ဆုံးပြီးကတည်းက ဘယ်သူမှ မရှိတော့ပါဘူး”

ထိုင်ရာမှထကာ ဆေးစက်နှစ်ဆယ်ကို ဖန်ခွက်ထဲသို့ ချိန်ထည့်နေသည်။

“ဖေဖေ မေ့နေတယ်၊ အစာကြေအောင် ထမင်းမစားခင် တနာရီကြိုပြီး ဒီဆေးကို သောက်ရတယ်”

မာရီသည် လူဆန်းကို အဘယ်ကြောင့် ဤမျှ စွဲစွဲလမ်းလမ်း ဖြစ်နေသည်မသိ။ လူဆန်းကမူ မာရီကို နည်းနည်းမျှ မချစ်။ ချစ်သည်ဟုလည်း တခါမျှ မပြောဘူး။ လူဆန်းအဖို့ မာရီသည် မှတ်စုစာအုပ်ထဲတွင် ရေးမှတ်ရမည့် နောက်ထပ် အောင်ပွဲမှတ်တိုင်တတိုင်မျှသာ။ ချဉ်းကပ်၍ မရအောင် မာနကြီးသည်ဟု နာမည်ကြီးသည့် မိန်းမချောတယောက်မျှသာ။ ထို့ထက် ဘာမျှမပို။ ဂျုနက်ကို သူမည်မျှ စွဲလမ်းကြောင်းကို ယခုမှ လူဆန်း သဘောပေါက်သည်။ ဂျုနက်နှင့် ပတ်သက်လာလျှင် မနာလိုဝန်တို ဖြစ်ရမြဲ။ နောက်တခါ တွေ့ရမည့်အချိန်ကို လည်တဆန့်ဆန့်နှင့် မျှော်မြဲ။ ဂျုနက်က သူ့အပေါ် စိမ်းကားသွားမည်ကို တွေး၍ စိုးရိမ်မြဲ။

မာရီကမူ သာမန်အပျော်သဘောမျှသာ။ သို့တိုင်အောင် တခါတရံတွင် မာရီ၏ အပွေ့အဖက်သည် အေးစက်လျော့လျဲနေတတ်သည်။ ထိုအခါများတွင် မာရီ၏ အပွေ့အဖက်တွေ ထက်သန်တက်ကြွလာအောင် မနာလို ဟန်ဆောင်ပြရ၏။ သူ့လင်ကြီးကို သူ့ထက်ပင် စွဲသလော စကားနာထိုးရသည်။ မာရီက မျက်ရည်တွေ အရွှဲသားဖြင့် "ဘာလဲ မောင်၊ တကယ်ပြောတာလား၊ ယီးတီးယားတားတော့ မလုပ်နဲ့နော်၊ ဒီက တကယ် ပစ်ထွက်လာခဲ့မှာ" ဟု ပြောတတ်သည်။ လူဆန်းနှင့်သာ နေရမည်ဆိုလျှင် သူ့အဖို့ နိဗ္ဗာန်ဘုံ။ အဖေနှင့် စကားများပြီးနောက် လူဆန်းနေရသည့်အခန်းက ညစ်ညစ်ပတ်ပတ်။ သို့ရာတွင် ကိစ္စမရှိ။ လူဆန်းနှင့်နေရလျှင် ငတ်နေဦးတော့၊ သူ့ခြေစွပ် အပေါက်အပြဲတွေကို ဖာထေးပေးရဦးတော့၊ သူ့ဆောင်းပါးတွေကို သတင်းစာတိုက်များသို့ သွားပေးရစေဦးတော့ မာရီ ပျော်မည် မုချ။ သို့ရာတွင် ခက်သည်က လူဆန်း။ လူဆန်းသည် မနာလိုဟန် စကားနာထိုးပြီးနောက် "အလကား ပြောတာပါကွယ်၊ မလုပ်ပါနဲ့၊ သူက မင်းကို တကယ်ချစ်တာပါ" ဟု ပြောတတ်သည်။ ထိုအခါတွင် မာရီ ငို၍ မဆုံး။ လူဆန်းက မျက်နှာညိုးလျှင် ဆက်မငိုနိုင်၊ အနိုင်နိုင် ချုပ်တည်းကာ ရယ်စရာမောစရာတွေ ပြောရသည်။ ဟာဝေယန် သီချင်းတွေ ဆိုပြရသည်။

မာရီသည် ဂရမ်ဒယ်ကို လွန်ခဲ့သည့် သုံးနှစ်လောက်တုန်းက ဘရီတန်နီ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတခုတွင် တွေ့ခဲ့ခြင်း ဖြစ်၏။ ဂရမ်ဒယ်က မာရီကို မြင်လျှင်မြင်ချင်း သဘောကျသွား၏။ နှစ်ယောက်သား ကမ်းပါးတွေပေါ် တက်ကြသည်။ ဂရမ်ဒယ်က "လောကဓာတ် စကြဝဠာ" မုန်တိုင်းများအကြောင်းကို ပြောတတ်သည်။ ထိုစဉ် ဂရမ်ဒယ်က တက်သစ်စ စာရေးဆရာ။ ထိုနှစ်

ဆောင်းတွင်းတွင် သူတို့နှစ်ယောက် လက်ထပ်လိုက်ကြသည်။ ဂရမ်ဒယ်သည် ကံကောင်းသူဖြစ်၏။ မကြာမီ လွှတ်တော်အမတ်တယောက် ဖြစ်လာကာ လူချမ်းသာတယောက် ဖြစ်လာခဲ့သည်။ အော်ကျူးရပ်ကွက်တွင် တိုက်တလုံးဝယ်ကာ မိတ်ဆွေများကို ဖိတ်ကျွေးတတ်သည်။ မာရီက အကောင်းဆုံး အထည်ဆိုင်မှ အဝတ်အစားကိုမှ ဝတ်သည်။ နှစ်ယောက်သား ကာဒီလက်ကားကြီးဖြင့် လေညင်းခံ ထွက်ကြသည်။ သူတို့နှစ်ယောက် ကားနှင့် ထွက်ပြီဆိုလျှင် ဒရိုင်ဘာက ကားတွင် မာရီကြိုက်တတ်သည့် ပါးမားဝိုင်အိုလက်ပန်းတွေ ဆင်ရသည်။

သူတို့နှစ်ယောက်၏ ဘဝကား သာသာယာယာ။ ဘာမျှ လိုလေသေးမရှိ။ သို့ရာတွင် လက်ထပ်ပြီး လေးနှစ်မြောက်တွင် လူဆန်းနှင့် တွေ့သည်။ မာရီ တမ်းတမ်းစွဲ ဖြစ်နေပြီ။ လူဆန်း၏ရုပ်ကို မြင်မြင်ချင်း သဘောကျသွားသည်။ သူ့ယောကျ်ား ဂရမ်ဒယ်ကလည်း ရုပ်ချောချော။ ဂရမ်ဒယ် ချောပုံက အေးစက်စက်။ ကျောက်ဆစ်ရုပ်၏ အလှမျိုး။ သို့ရာတွင် လူဆန်းကမူ နေရာတကာ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်။ သစ်ကြားသီးရောင် ဆံပင်က ခြောက်သွေ့ကွပ်ဆတ်လျက်။ မျက်လုံးများက တောက်တောက်ပပ။ အပြုံးက ဝင်းလဲ့လဲ့။ လက်ချောင်းများက ရှည်လျားသေးသွယ်သည်။ လူဆန်းနှင့် ရင်းနှီးလာသည့်အခါတွင် လူဆန်းသည် သူတွေ့ခဲ့ဖူးသည့် ယောကျ်ားများနှင့် နည်းနည်းမျှ မတူကြောင်းကို တွေ့လာသည်။ သူစကားပြောလျှင် နားထောင်မပြီးနိုင်။ သို့ရာတွင် တခါတရံတွင်မူ လူဆန်းသည် စကားတလုံးမျှမပြောပဲ ငေးမိငေးရာကို ငေးတတ်သည်။ သူသိသလောက်ဆိုလျှင် လူဆန်းသည် မကြာမကြာ ဖဲကစားသည်။ သို့ရာတွင် ကစားနေစဉ်မှာပင် လူဆန်းသည် သူ့ကိုယ်သူ စက်ဆုပ်နေသည့်ဟန်။ မြင့်မြတ်သည့်အရာ သို့မဟုတ် ယုတ်ညံ့သည့်အရာကို လုပ်ရန် အသင့်ရှိနေသည့်ဟန်။ လူဆန်းသည် ရှေ့လျှောက် မည်သည့်လူစားမျိုး ဖြစ်မည်ဆိုသည်ကိုမူ သူလည်း မပြောနိုင်။ မည်သူမျှလည်း ပြောနိုင်မည် မထင်။ လူဆန်းသည် အပြောင်းအလဲ မြန်တတ်သည်။ သစ္စာမဲ့တတ်သည်။ လောကကြီးကို လှောင်ပြောင်သရော်တတ်သည်ဟု ကြားရသည့်အခါတွင် မာရီသည် ထိုအချက်များကိုပင် သဘောကျနေသည်။ မာရီ ကြီးပြင်းလာရသည့် ပတ်ဝန်းကျင်က ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့။ စည်းကမ်းကြီးသည့် ကိုလိုနီအရာရှိတယောက်၏ မိသားစုတွင် ကြီးပြင်းလာခဲ့ရသည်။ အစစ အရာရာ စနစ်တကျရှိသည့် အိမ်ထောင်မျိုး။

ကုန်ကုန်ပြောရလျှင် သူ့အဖေ အပျော်အပါးလိုက်သည့်ကိစ္စ၊ အမေ အလှူအတန်းလုပ်သည့်ကိစ္စ၊ လာဘ်ယူသည့်ကိစ္စ၊ အစေခံများကို မုန့်ဖိုးပဲဖိုးလေး ပေးသည့်ကိစ္စကအစ စည်းနှင့် ကမ်းနှင့်။ အတိုင်းနှင့် အထွာနှင့်။

ဂရန်ဒယ်ကို မာရီက သဘောကျခဲ့ခြင်းမှာ ဝတ္ထုထဲက ဇာတ်လိုက်တယောက်နှင့် တူသည့်အတွက် သဘောကျခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် သုံးနှစ်လောက် ပေါင်းလိုက်သည့်အခါတွင် အကြောင်းသိပြီ။ လက်စသတ်တော့ ဂရမ်ဒယ်သည် သူသဘောကျသည့် ဝတ္ထုထဲက ဇာတ်လိုက်မျိုးမဟုတ်။ အသည်းနှလုံး မရှိသည့် တက်လမ်းရှာသမားတယောက်ဖြစ်ကြောင်း တွေ့လာရသည်။ ဩဇာကြီးသည့် လွှတ်တော်အမတ်တဦးနှင့် အဆက်အသွယ်ရအောင် ကချေသည် အငြိမ့်သမတဦးနှင့် ဖောက်ပြားခဲ့မိသည်ဟု သူကိုယ်တိုင် မာရီကို ဝန်ခံခဲ့ဖူးသည်။ ဂရမ်ဒယ်သည် မိန်းမထက် အလောင်းအစားကို မက်သည်။ ယခင်ကဆိုလျှင် မွန်တီကာလိုတို့ ဘာတို့ကို သွား၍ မကြာခဏ ဖဲကစား၏။ လွှတ်တော်အမတ်ဖြစ်သည့်အခါတွင် မောင်မင်းကြီးသား ငြိမ်သွားသည်။ နိုင်ငံရေး ဆိုသည်မှာ အနီထောင်ဝိုင်း ကစားရသည်နှင့် အတူတူဟု မာရီကို ပြောခဲ့ဖူးသည်။ သူ့စကားများကို မာရီမယုံ။ မာရီ သူ့ယောကျာ်းကို မုန်းသည်။ စက်ဆုပ်သည်။

“မာရီကို သူ ဝယ်လိုက်တယ်လို့ ထင်နေတယ်” ဟု မာရီက လူဆန်းကို ပြောဖူး၏။ လူဆန်းသည် သူ့ကို တခါတရံ ဆဲဖူးသည်။ တခါကမူ ရိုက်ပင် ရိုက်ဖူးသေးသည်။ သို့ရာတွင် အများအားဖြင့်မူ ရယ်မောသလိုလိုဖြင့် “ကိုယ်က မိန်းမပျက်တွေကို သဘောကျတတ်တယ်၊ တကယ်က မိန်းမပျက်တွေဟာ စိတ်သဘောပြည့်ဝတဲ့ မိန်းမတွေ ဖြစ်တတ်တယ်”

လူဆန်း သူ့အဖေနှင့် အဆင်မပြေ ဖြစ်ပြီးနောက် ဆင်းဆင်းရဲရဲ နေရသည့်အခါတွင် မာရီသည် လူဆန်းကို အလျင်ကထက် ပို၍ပင် သံယောဇဉ် ကြီးလာသည်။ သို့ရာတွင် သူနားမလည်သည့် အချက်တချက် ရှိသည်။ လူဆန်းသည် ဂရမ်ဒယ်၏ ဂုဏ်သိက္ခာကို ဘာကြောင့် ဤမျှ ဆည်ချင်နေရသနည်း။ သူ့ယောကျာ်း၏ ကိစ္စများကို မာရီ စိတ်မဝင်စား။ ဘာမျှလည်း မမေးမိ။

လူဆန်းနှင့် သူတို့ကိစ္စကို ဂရမ်ဒယ် သိသွားပြီလောဟု တနေ့တွင် မာရီ စိုးရိမ်မကင်း ဖြစ်လာသည်။ လူဆန်းအတွက် တွေး၍ ပူ၏။ သူ့ယောကျာ်း

ဂရမ်ဒယ်က ဘာမဆို လုပ်မည့်လူ။ မိုက်မိုက်ကန်းကန်း။ သို့ရာတွင် တနေ့ မွန်တီနီတို့အိမ်တွင် သူတို့နှစ်ယောက် တွေ့ကြသည့်အခါ ဂရမ်ဒယ်က ခါတိုင်းလို ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး။

လူဆန်းသည် စိတ်မချမ်းသာစရာ သူ့အိမ်တွင်းရေးကိစ္စများကို မည်သူ့မျှ မပြော။ ဂျိုလီယော့နားသို့ ရောက်မည်ကို စိုးရိမ်သည်။ ဂျိုလီယော့ သိသွားလျှင် သူ့ငွေရပေါက်ကလေး ပိတ်သွားတော့မည်။ တက်စကလည်း သူ့သားနှင့်ကိစ္စကို မည်သူ့ကိုမျှ မပြော။ သူတို့အကြောင်းကို မာရီတယောက်သာလျှင် အကုန်သိသည်။

ယခုတလောတွင် ဂရမ်ဒယ်သည် လူဆန်းအကြောင်းကို မကြာခဏ ပြောလာ၏။ မာရီက ဘာမျှမပြော။ နောက်ဆုံးတွင် ဂရမ်ဒယ်က ပြော၏။

“မင်းနဲ့ လူဆန်းနဲ့ တော်တော်ရင်းနှီးကြတာ ငါသိပါတယ်၊ မရင်းနှီးနဲ့လို့ မပြောလိုပါဘူး၊ ငါက မနာလိုတတ်တဲ့ လူမျိုး မဟုတ်ပါဘူး၊ ဒါပေမယ့် ငါ လူဆန်းနဲ့တော့ ခဏတွေ့ချင်တယ်၊ ခေါ်ပေးပါ၊ တို့နှစ်ယောက်ချင်း ပြောစရာနည်းနည်းရှိလို့”

ရင်တထိတ်ထိတ်ဖြင့် လူဆန်းဆီသို့ လာခဲ့၏။ သူ့ယောကျ်ားက မှာလိုက်သည့် စကားကို မည်သို့ပြောရမည် မသိ။ တခုခု မဖွယ်မရာ ဖြစ်မည်ကို စိုးရိမ်သည်။ လူဆန်းကမူ ဣန္ဒြေမပျက်။ ခါတိုင်းလို ရွှင်လန်းမြဲ။ ရယ်စရာတွေကို ပြောမြဲ။ ခါတိုင်း လူဆန်းက ပွေ့ဖက်လိုက်ပြီဆိုလျှင် သာယာမြဲ။ ယခုတခါတွင်မူ သူ့အပွေ့အဖက်တွင် ပထမဆုံးအကြိမ် မသာမယာ ဖြစ်မိသည်။ ရင်ထဲတွင် ကြောက်စိတ်မှအပ အခြားမည်သည့်ခံစားချက်မျှ မပေါ်။ သူ့တကိုယ်လုံး အေးစက်နေသည်။ လူဆန်း၏ လက်မောင်းထဲမှ အသာရုန်းထွက်လိုက်၏။

“မောင့်ကို တွေ့ချင်လို့တဲ့၊ မောင့်အတွက် စိုးရိမ်တယ်”

“အမိပ္ပါယ် မရှိလိုက်တာကွယ်၊ ဂရမ်ဒယ်က အော်သယ်လို လို လူဆိုးကြီးလဲ မဟုတ်သေးပါဘူး”

“သူ့အကြောင်းကို မောင်မသိပါဘူး၊ အခုဟာက မနာလိုဝန်တို ဖြစ်တာ မဟုတ်ဘူး၊ သူက တော်တော် ရက်စက်တယ်နော်၊ မောင် သတိထားပါ၊ ဒုက္ခပေးလိမ့်မယ်၊ အပြုံးကိုက ကောက်ကျစ်တဲ့ အပြုံး၊ ဒီကိစ္စမဟုတ်ယင် မောင့်ကို

ဘာကိစ္စတွေ့ချင်တာတဲ့လဲ”

“မောင့်အဖေနဲ့ မောင်နဲ့ အဆင်မပြေဖြစ်နေတယ်ဆိုတာ သူမသိဘူး ထင်တယ်။ မောင့်အဖေနဲ့ အဆက်အသွယ်လိုချင်လို့ နေမှာပေါ့…၊ ဒီလူက ကြီးပွားလမ်းရှာနေတဲ့လူပဲ၊ တော်ပါကွယ်၊ ဒါတွေ ဘေးချိတ်ထားစမ်းပါ”

လူဆန်းက သူ့ကို နမ်းလိုက်၏။ မာရီက မျက်နှာကို တခြားသို့ လွှဲလိုက်၏။

“ဟိုစာက ဘယ်သူ့ဆီက စာလဲ”

မာရီက ရုတ်တရက် မေးလိုက်သည်။ လူဆန်းက ပခုံးကို တွန့်ပြလိုက်၏။

“စာက အလိမ်ကြီးပါ၊ ငွေကိစ္စအကြောင်းပေါ့။ ကီးလ်မင်းဆိုတဲ့လူက လက်မှတ်ထိုးထားတယ်”

မာရီက မျက်နှာကို ခေါင်းအုံးထဲသို့ မြှုပ်လိုက်သည်။ လူဆန်းက သူ့ကို ပခုံးမှ ဆွဲယူလိုက်၏။

“အဲဒီစာအကြောင်း ဘာသိသလဲ၊ မောင့်ကို ပြောစမ်း”

“မောင့်ကို သတ်လိမ့်မယ်”

“ပြောပါ၊ အဲဒီအကြောင်း ဘာသိသလဲ…၊ မောင့်ကို ပြောစမ်း”

“ဟင့်အင်း… စာအကြောင်းတော့ မာရီမသိဘူး၊ ဒါပေမယ့် ကီးလ်မင်း ဆိုတဲ့လူကိုတော့ သိတယ်၊ ရှိကြီးခိုးပါရဲ့ မောင်ရယ်၊ ဒီအကြောင်းကို မပြောပါနဲ့၊ မောင့်ကို သတ်လိမ့်မယ်၊ အဲဒီ ကီးလ်မင်း ဆိုတဲ့လူနဲ့ ဆွစ်ဇာလန်မှာ တွေ့ခဲ့ကြတာ၊ မာရီတို့နဲ့က ဟိုတယ်မှာ အခန်းချင်းကပ်လျက်၊ လူကြီးက ကြောက်စရာကြီး၊ ကိုယ်လုံးကြီးက နည်းတဲ့ ကိုယ်လုံးကြီး မဟုတ်ဘူး၊ ခေါင်းနောက်ကိုလဲ ပြောင်အောင် ရိတ်ထားတယ်၊ ပြင်သစ်စကား ပြောယင်လဲ မပီဘူး၊ ဂျာမန်မှ တကယ့်ဂျာမန်၊ ဒါပေမယ့် ဘယ်သူ့မှ လျှောက်မပြောနဲ့နော်၊ အိမ်ကလူက ဒီအကြောင်း ဘယ်သူ့မှ မပြောရဘူးတဲ့၊ ဒီအကြောင်းပြောယင် သူ့မှာ ဂနာကို မငြိမ်ဘူး၊ ခါတိုင်း ဘယ်လောက် ဣန္ဒြေရတဲ့လူလဲ၊ မောင် သူနဲ့ ဘာမှ

မပတ်သက်ပါဘူးနော်”

လူဆန်းက သူ့စကားများကို နားထောင်ခြင်း မပြုတော့။ အဝတ်အစားများကို ကောက်ဝတ်နေသည်။

“ကဲ... အဝတ်အစားဝတ်”

မာရီသည် လူဆန်းကို နားမလည်သလို ငေးကြည့်နေသည်။ လူဆန်း၏ လက်များကို နမ်းရန် ကြိုးစား၏။

“မောင်ရယ် စိတ်မဆိုးပါနဲ့၊ ဒါ မာရီ အပြစ်မပါပါဘူး”

မာရီ ငိုနေသည်။ လူဆန်း ကျေနပ်လို ကျေနပ်ညား လက်ကိုင်အိတ်ထဲက မိတ်ကပ်ဗူးကို ထုတ်ပြီး မျက်နှာကို ခြယ်နေသည်။ လူဆန်းက သူ့လက်ထဲမှ ပေါင်ဒါတို့ပတ်ကို ဆွဲယူလိုက်ပြီး...

“လာကွာ မြန်မြန်”

သူတို့နှစ်ယောက် အပြင်သို့ ထွက်လာခဲ့ကြသည်။

“မောင်ရယ်၊ အချစ်ရယ်၊ မာရီကြောက်တယ်”

မာရီက တလမ်းလုံး တဖွဖွ ရွတ်လာသည်။

လမ်းပေါ်ရောက်တော့ မာရီ သူ့ကိုယ်သူ ငုံ့ကြည့်လိုက်မိသည်။ အတွင်းခံအင်္ကျီတွင် ကြယ်သီး မတပ်ရသေး။ ပထမဆုံး တွေ့ရသည့် အိမ်တအိမ် တံခါးအကွယ်ဆီသို့ ပြေးပြီး ကြယ်သီးတပ်ရသည်။ သူ ပြန်ထွက်လာသည့်အခါတွင် လူဆန်းကို မတွေ့ရတော့။ လမ်းဘေးက ခုံတန်းလျားတခုပေါ်တွင် ထိုင်ချလိုက်၏။ ဘတ်စ်ကားမှတ်တိုင် ဖြစ်နေသည်။ သူ့ဘေးတွင် လူတွေအုံလျက်။ သို့ရာတွင် မည်သူ့ကိုမျှ သူမမြင်။ သတင်းစာရောင်းသည့် သူငယ်ကလေးတယောက်က သူ့အနားသို့ကပ်ကာ “အန္တရာယ် ရှိသေးသည်တဲ့ ခင်ဗျ၊ အန္တရာယ် ရှိသေးသည်တဲ့” ဟု အော်သွားသည်။ မာရီက အလန့်တကြား အော်လိုက်သည်။ မျက်ရည်များသည် သူ့ပါးပြင်ပေါ်သို့ စီးကျလာကြ၏။ မိန်းမတယောက်က သူ့အနားသို့ ကပ်လာကာ သူ့ကို နှစ်သိမ့်သည်။

“ဒီလောက်လဲ မစိုးရိမ်ပါနဲ့ရှင်၊ ကျွန်မယောကျ်ားက ပြောတော့ စစ်ကြီးဖြစ်မှာ မဟုတ်ပါဘူးတဲ့” သူ့အသံက နူးနူးညံ့ညံ့။ ကြင်ကြင်နာနာ။

ဘာရီကျူး၏ အိမ်သို့ လူဆန်းရောက်သည့်အခါတွင် ရှစ်နာရီ ထိုးနေပြီ။ အစေခံများက ဧည့်ခန်းသို့ ခေါ်သွားကာ အစောင့်ခိုင်းသည်။ ဘာရီကျူးက ထမင်းစားခန်းထဲသို့ ရောက်နေ၏။

အမာခံ ဖက်ဆစ်တပ်သားများ၏ ခေါင်းဆောင် ဘာရီကျူး၏ အဆင့်အတန်းက သာမန် ပြင်သစ်လူလတ်တန်းစားလောက်မျှသာ။ ဧည့်ခန်းထဲတွင် စန္ဒရားတလုံးရှိသည်။ မည်သူမျှ တီးဟန်မတူ။ ကုလားထိုင်များမှ အနီရောင်ဖဲစများ မှိန်ကုန်မည်စိုးသဖြင့် ကုလားထိုင်များကို အစွပ်စွပ်ထားသည်။ စားပွဲဝိုင်းလေး တလုံးပေါ်တွင် မိသားစု ရိုက်ထားသည့် ဓာတ်ပုံအယ်လ်ဘန်များနှင့် "လွိုင်ရေမြို့မှ ရှေးဟောင်း ရဲတိုက်ကြီးများ" ဆိုသည့် စာအုပ်ထူထူကြီးတအုပ် တင်ထား၏။ နံရံပေါ်တွင် ပန်းချီကားတွေ ချိတ်ထားသည်။ ပင်လယ်တွင် နေဝင်ချိန် ရှုခင်း။ ထိုနောက် အပွင့်တွေ ဝေနေသည့် သစ်သီးခြံတခြံ။

ထမင်းစားခန်းသို့ ဝင်သည့် တံခါးက ဟနေသည်။ အမွှမ်းအပြောက် ဖန်ထည် တင်ထားသည့် ကြောင်အိမ်တလုံးကို လှမ်းမြင်ရ၏။ ဘာရီကျူးက သူ့မိန်းမနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ဆီးသီးခြောက်ကို ဝါးနေသည်။ အခန်းထောင့်တွင် ကလေးထိုင်သည့် ကုလားထိုင်မြင့်မြင့်တလုံး။ သူ့မိန်းမက သားငယ်ထိုင်သည့် ကုလားထိုင်လေးကို မရွှေ့စေချင်သဖြင့် နဂိုအတိုင်း ထားရခြင်း ဖြစ်သည်။ လက်သုတ်ပဝါကို သေချာစွာခေါက်ပြီးနောက် ဘာရီကျူးသည် ဧည့်သည်နှင့် တွေ့ရန် အပြင်သို့ ထွက်လာသည်။

မှုပျက်နေသည့် လူဆန်း၏ မျက်နှာကို မြင်လိုက်ရသည့်အခါတွင် ဘာရီကျူး မျက်မှောင်ကုပ်လိုက်သည်။ သူ့ထံသို့ အချိန်းအချက် မရှိပဲ ဧည့်သည်လာသည်ကို ဘာရီကျူး မကြိုက်။ လူဆန်းကလည်း စိတ်လှုပ်ရှားနေသဖြင့် ခွင့်မတောင်းမိ။ မာရီနှင့် ခွဲလာခဲ့သည်မှာ တနာရီပင် မရှိတတ်သေး။

"စာက အတု မဟုတ်ဘူးဗျ၊ အစစ်တဲ့"

လူဆန်းက ချက်ချင်းပြောသည်။ ဘာရီကျူးက ပြုံးလိုက်ယင်း...

“ခင်ဗျား အဘိုးကြီးက ပြောလိုက်တာလား”

“မဟုတ်ပါဘူး၊ ကျွန်တော့်အဖေ စကားဆိုယင် ကျွန်တော် ဘယ်ယုံမလဲ။ ကီးလ်မင်းဆိုတဲ့လူက တကယ်ရှိသတဲ့၊ ဂရမ်ဒယ်နှင့်တွေ့တယ်ဆိုတာ အမှန်ပဲတဲ့”

ဘရီကျူးက ခပ်မှောင်မှောင် ဧည့်ခန်းကြီးထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ လူဆန်းက သူ့ကို မသိမသာ အကဲခတ်၏။ ဒေါသထွက်မည်လော။ အံ့ဩသည့် အရိပ်အရောင် ပေါ်မည်လော။ သို့တည်းမဟုတ် သောကလော။ သို့ရာတွင် ဘရီကျူး၏ ခက်ထန်သုန်မှုန်၍ အရိုးငေါငေါပေါ်နေသည့် မျက်နှာတွင် မည်သည့် အမူအရာကိုမျှ မတွေ့ရ။

“ခင်ဗျားကို ဘယ်သူက ပြောသလဲ”

ဘရီကျူးက မေးသည်။

“ဒါက အရေးမကြီးပါဘူး၊ ကျွန်တော် နာမည်ကို ထုတ်မပြောချင်ဘူး၊ ဒါပေမယ့် သေချာပါတယ်၊ ကျိန်ပြောရဲပါတယ်”

ဘရီကျူးက မီးများကို ဖွင့်လိုက်သည်။ မီးပဒေသာပွင့်များမှ အရောင်ကြောင့် လူဆန်း မျက်တောင်ကို ခတ်လိုက်၏။ ဘရီကျူးက ကုလားထိုင်နောက်မှီကို ကိုင်၍ သူ့ရှေ့တွင် ရပ်လိုက်သည်။

“ခင်ဗျား ပြောတဲ့စကားကို ပြန်မေ့ပစ်လိုက်ယင် ကောင်းမယ်၊ ခင်ဗျားဟာ သူများလက်ထဲက နယ်ရုပ်ကလေး ဖြစ်နေပြီ၊ အမည်မဖော်လိုတဲ့ လူတယောက်အတွက် ခင်ဗျားတောင် ကျိန်ပြောခံရဲယင် ကျုပ်ကလဲ ဂရမ်ဒယ်အတွက် ဘာဖြစ်လို့ ကျိန်မပြောရဲရမှာလဲ”

လူဆန်းသည် ထိုင်ရာမှ ရုတ်တရက် ထကာ အပြင်ဘက်ခန်းသို့ ထွက်လာခဲ့သည်။ နှုတ်ပင် မဆက်ခဲ့မိ။ အမှောင်ထဲတွင် ဦးထုပ်ကို မနည်း စမ်းရှာယူရသည်။ ထိုနောက် ဧည့်ခန်းထဲသို့ ပြန်ဝင်လာသည်။ ဘရီကျူးက နဂိုနေရာတွင် မတ်တတ်ရပ်လျက်။

သူ့တယောက်တည်း ပြောနေသည့်ဟန် လူဆန်းက တည်ငြိမ်စွာ ပြောသည်။

"ကျွန်တော် ခင်ဗျားနဲ့ ဆက်ဆံလုပ်ကိုင်လာတာ တနှစ်ခွဲလောက်ရှိသွားပြီဗျ။ ခုကိစ္စကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်၊ နေပါဦး၊ ခင်ဗျားဟာ မျက်စိကန်းနေသလား၊ ဒါမှမဟုတ် ကီးလ်မင်းကို မမြင်ချင်ဟန်ဆောင်နေတာလား"

ဘရီကျူးသည် သူ့ကို ထိုးလိုက်လိမ့်မည်။ သို့မဟုတ် ကျိန်ဆဲလိမ့်မည်ဟု ထင်သည်။ သို့ရာတွင် ဘရီကျူးမျက်နှာက ဘာမျှ ပြောင်းလဲခြင်း မရှိ။

"မင်းလို မလောက်လေး မလောက်စားကောင်က ငါ့ကို ဘာဖြစ်လို့ လာစော်ကားရတာလဲ၊ နိုင်ငံရေးကိစ္စတွေမှာ မင်း ဝင်မစွက်ပါနဲ့၊ မင်းနဲ့ ဘာမှမဆိုင်ဘူး၊ ဒါ မင်းအလုပ် မဟုတ်ဘူး၊ မင်းအလုပ်က လူလိမ်၊ ဖာခေါင်း၊ သွား ခုထွက်သွား"

လူဆန်း လက်သီးနှစ်ဘက်ကို ဆုပ်လိုက်မိသည်။ သို့ရာတွင် ဘာမှ မလုပ်ဖြစ်။ ခပ်ကုပ်ကုပ် ထွက်လာခဲ့၏။ လမ်းမပေါ်သို့ ရောက်သည့်အခါတွင် ဘရီကျူးဆီ သွားမိသည့်အတွက် သူနောင်တရသည်။ သူ့ကိုယ်သူလည်း စက်ဆုပ်သည်။ သူ့ကို အော်ငေါက်ထုတ်လိုက်သည်ကိုပင် သတိမရတော့။ လေက အေးစိမ့်နေသည့်တိုင် လမ်းမအနှံ့ လျှောက်သွားနေမိသည်။ မေလ ကုန်ခါနီးနေပြီ။ သို့ရာတွင် ဆောင်းက အငွေ့မကုန်သေး။

သူ့အဖို့ နောက်တကြိမ် သင်္ဘောပျက်ပြန်ပြီ။ သူနှစ်သက်သည့် အရာတွေ ဆုံးရှုံးကုန်ပြီ။ ပြန်၍ မရနိုင်တော့။ သူသည် ဆံပင်နောက်ပါးနှင့် ကီးလ်မင်းဆိုသည့် လူတယောက်အတွက် ကြေးစားသူလျှို လုပ်ခဲ့မိပါပကော။ စက်ဆုပ်ဖွယ်။ မာရီကလည်း သူ့ယောကျ်ားဆီ ပြန်ရောက်နေတော့မည်။ မာရီသည် သူနှင့်အတူ ကြုံရာပါ ရာဇဝတ်ကောင်။ ကီးလ်မင်းနဲ့ကော မညားခဲ့ဟု မည်သူ ပြောနိုင်မည်နည်း။ သူတို့သည် တဂိုဏ်းတည်းသားတွေ ဖြစ်ရမည်။ "မင်းဟာ ဂျာမန်တွေအတွက် သူလျှိုလုပ်ပေးနေတာ" ဟု သူ့အဖေက ပြောခဲ့ဖူးသည်။ သူ့စကားသည် မှန်လိုက်လေခြင်း။ သို့ရာတွင် အဖေ့ဆီကို ပြန်၍မဖြစ်တော့။ ယဉ်ကျေးမှုတိုးတက်ရေးအသင်းက အရှုးတွေဆီ ပြန်သွား၍လည်း မဖြစ်တော့။ နောက်ကြောင်းပြန်စရာ လမ်းမရှိ။ ပိတ်နေပြီ။ ရှေ့တွင်လည်း သွားစရာ မရှိတော့။ နက်ဖြန်ဆိုလျှင် သူနှင့် သူ့အဖေတို့ အဆင်မပြေဖြစ်သည့်အကြောင်းကို ဂျိုလီယော့ သိတော့မည်။ သူသိလျှင် သူ့ဆီက သတင်းရစရာ မရှိတော့သည့်အတွက် သူ့ကို

ပိုက်ဆံပေးတော့မည် မဟုတ်။ သူသည် ပိုက်ဆံနှင့် လမ်းခွဲရတော့မည်။ ဂျိုလီယော့သည် မည်သူနှင့် ဝေစုခွဲယူကြမည်နည်း။ ဘရီကျူးက သူ့ကို ဆဲရေးလွှတ်လိုက်သည်။ ဟုတ်သည်။ သူပြောသည့်အတိုင်း မှန်သည်။ မနက်ဖြန်ကျလျှင် ခိုးစားတန် ခိုးစားရတော့မည်။ ဖာဆွယ်သော်လည်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ဖြစ်စေ သူတို့နိုင်ငံရေးနှင့် စာလျှင် ထိုအလုပ်များက တော်သေးသည်။

တအံ့တဩဖြင့် ရုတ်တရက် ရပ်လိုက်မိသည်။ အလှပြကားတွေ လမ်းတလျှောက် မောင်းလာကြ၏။ အေးစိမ့်နေသည့် လေထဲတွင် မလုံ့တလုံ ဝတ်ထားသည့် မိန်းကလေးအချို့က လမ်းဘေးမှ ကျိုးတိုးကျဲတဲ ရပ်ကြည့်နေသူတချို့ကို ကြိုးစား၍ ပြုံးပြသွားကြသည်။ အလှပြကားပေါ်တွင် မီးရောင် ပြာလဲ့လဲ့တွေကို ထွန်းလျက်။ နဂိုက ချမ်းရသည့်အထဲ ပို၍ပင် ချမ်းလာသယောင်။ မြောက်ဝင်ရိုးစွန်း ရေခဲပြင်ကြီးနှင့် လာရင်ဂျေး သေပုံကို သွား၍ လူဆန်း အမှတ်ရသည်။ ဘာလုပ်ကြသနည်း။ ကားကြီးက ဖြူဖြူ။ ကားပေါ်တွင် ငွေငန်းရုပ်တွေနှင့်။ မိန်းကလေးတွေက မကိုဋ်ကြီးတွေ ဆောင်းလျက်။ မိတ်ကပ်တွေ လူးလျက်။ ဘာပျော်ပွဲများ ရှိသနည်း။ လူဆန်း စဉ်းစားကြည့်သည်။ သြော်... ဟုတ်ပြီ။ မှတ်မိပြီ။ သတင်းစာများထဲတွင် ဖတ်လိုက်ရသည် မဟုတ်လော။ သူ့အဖေ တက်စက ပါရီမြို့သူမြို့သားများကို ဖြေဖျော်မည်တဲ့။ လက်သီးလက်မောင်းတန်း၍ ကြွေးကြော်ခြင်း၊ အလံနီလွှင့်ခြင်းနှင့် ကိုယ်ကျိုးရှာ နိုင်ငံရေး စသည်တို့ကို အဆုံးသတ်တော့မည်တဲ့။ ရွှင်ပြုံးချမ်းသာသည့် ပြည်တော်သာခေတ်ကြီးကို ရောက်ရမည်တဲ့။ ပါရီသည် တော်လှန်ရေးကိုလည်း မကြောက်၊ စစ်ကိုလည်း မမှု ဆိုသည့်အချက်ကို ကမ္ဘာသိပြရန် တက်စ ဆုံးဖြတ်ပြီးပြီ။ ဤအလှပြပွဲသည် နွေဦးရာသီ ပျော်ပွဲရွှင်ပွဲများ၏ ပဏာမဖြစ်သည်။ ပျော်ပွဲရွှင်ပွဲတွေ စတော့မည်။ ဇာတ်ပွဲများ၊ ထီဖွင့်ပွဲများ၊ ကပွဲများ၊ အဝတ်အစား ဖက်ရှင်ပြပွဲများ လာတော့မည်။ အို... အင်္ဂလိပ်၊ အမေရိကန်တို့ အမြန်လာကြကုန်။ ဖြုန်းလှည့်ကြကုန်။ သုံးလှည့်ကြကုန်။ ခုနစ်လွှာကပွဲများ အားလုံး၊ အထည်ဆိုင်များ အားလုံး၊ ရေမွှေးသည်များ အားလုံး၊ ပြည့်တန်ဆာများ အားလုံး အသင်တို့ကို စောင့်မျှော်လျက် ရှိကြကုန်၏။ ပြင်သစ်ပြည်၏ ကယ်တင်ရှင်ကြီး ပေါတက်စကလည်း သင်တို့ကို စောင့်မျှော်လျက်ရှိ၏။

အလှအပတွေ ဆင်ထားသည့် နောက်ကားတစီး သူ့အနီးမှ

ဖြတ်သွားသည်။ ခပ်ဝဝ မိန်းမတယောက်က ပြင်သစ်နိုင်ငံတော် သုံးရောင်ခြယ်အလံကြီးကို စလွယ်သိုင်းလာပြီး လျှပ်စစ်မီးတုတ်ကြီးတခုကို ကိုင်ထားသည်။ အမိပြင်သစ်ပြည်၏ ရုပ်ပုံဖြစ်သည်။ အမိပြင်သစ်ပြည်သည် ချမ်းနေပြီ။ မျက်လုံးများက ဝမ်းနည်းကြေကွဲနေသည့်ပုံ။ နှုတ်ခမ်းတို့က မရန်းရောင်လို ပြာလျက်။

လူဆန်းသည် ထိုအမျိုးသမီးကို ရပ်ကြည့်နေမိသည်။ ထိုနောက် လမ်းမပေါ်က လူငယ်ကလေးတယောက်လို လျှာထုတ်ပြလိုက်လေသတည်း။

မကြာသေးမီ အချိန်အထိ "စစ်" ဆိုသည့် စကားလုံးကို ကြားလိုက်ရလျှင် အောက်မေ့သတိရစရာတွေ တပုံတပင်။ ညတာရှည်သည့် ဆောင်းဦးညများ၌ အသက်ငါးဆယ်ရွယ် လူကြီးများ၊ အေးဆေးသည့် စပျစ်ခြံစိုက်သမားများ၊ သို့မဟုတ် စာရင်းကိုင်များသည် မုန့်တိုင်းထန်သည့် သူတို့ငယ်ငယ်က အကြောင်းများကို စမြုံ့ပြန်တတ်ကြသည်။ "စစ်ကြီးဖြစ်တုန်းကပေါ့..." ဟု အစချီကာ ရေးဟောင်းနှောင်းဖြစ်တို့ကို ပြန်ပြောကြသည်။ နားထောင်သူကိုမျှ အားမနာ။ သူတို့တွေ့ခဲ့ရသည့် အန္တရာယ်အသွယ်သွယ်ကို ပုံကြီးချဲ့ပြောလား ပြောတတ်ကြ၏။ အမြောက်သံ၊ ဗုံးသံ။ သေကာနီးလူနာများ၏ ညည်းတွားသံများကို အမှုအရာဖြင့် လည်းကောင်း၊ အသံဖြင့်လည်းကောင်း လုပ်ပြတတ်ကြသည်။ အချို့ကလည်း ယခု ပျင်းခြောက်ခြောက်ကြီး နေရသည်နှင့်စာလျှင် သဲထိတ်ရင်ဖို စွန့်စားမှုတွေ လုပ်ရသည့် စစ်ကာလကြီးကမှ ပျော်စရာကောင်းသေးသည်ဟု မြင်ကြသည်။ ရန်သူ့နယ်ထဲသို့ သက်စွန့်ဆံဖျား ကင်းလှည့်ထွက်ရပုံ၊ စစ်တပ်ထဲတွင် တယောက်ကိုတယောက် နောက်ပြောင်ကျီစယ်ကြပုံ၊ တပ်နားသည့်အခါတွင် မိန်းမပိုးကြပုံတို့ကို မြိန်ရည်ရှက်ရည် ပြန်ပြောတတ်ကြသည်။ ကတုတ်ကျင်းထဲက ရွှံ့ဗွက်တွေ၊ သန်းမကြီးတွေ၊ ထိတ်လန့်စရာတွေကို အမှတ်မရကြတော့။ သူတို့အဖေများလက်ထက်က ဆင်းရဲဒုက္ခ တွေ့ခဲ့ရပုံများ၊ စွန့်စားခဲ့ပုံများကို ကြားရဖန်များသဖြင့် ကလေးတွေအဖို့ ရိုးနေကုန်ကြပြီ။ နားငြီးကုန်ကြပြီ။ စစ်သည် သူတို့အဖို့ မြင်းလှည်းလို၊ ရေနံချေးမီးခွက်လို အတိတ်တွင် ကျန်ရစ်ခဲ့သော ပစ္စည်းမျှသာ ဖြစ်နေပြီ။ ယခုတလောတွင်မှ သူတို့ထပ်တလဲလဲ ကြားနေရသည့် စစ်ဆိုသည့် စကားလုံးကို ကြားလာကြရပြန်သည်။ စစ်ဆိုသည့် စကားလုံးသည် သူတို့အဖို့ ဥပါဒါန်ကြီး ဖြစ်နေသည်။ စစ်သည် အနာဂတ် သွားရာလမ်းတွင် ကန့်လန့်ကြီး ခံနေသည်။ "စစ်ကြီးသာ မဖြစ်ယင် တို့တော့ မိန်းမယူမယ်ကွ" ဟု လည်းကောင်း၊ " စစ်ကြီးသာ မဖြစ်ယင် တို့တော့ ဒီနှစ်စာမေးပွဲအောင်မှာပဲ" ဟု လည်းကောင်း ပြောကြသည်။

ထိုနှစ်နွေဦးတွင် သတင်းစာများက ဆူဒေတန်နယ်အကြောင်းကို အကျယ်တဝင့် ရေးလာကြ၏။ ဆူဒေတန်နယ်အကြောင်းကို အလျင်က မည်သူမျှ မသိကြ။ ချက်ကိုစလိုဗားကီးယားပြည် မြေပုံကို အမောတကော ရှာကြည့်ကြရသည်။ ပထမကမ္ဘာစစ်ကြီး ဖြစ်သည့် ၁၉၁၄ ခုနှစ်၊ ဆာဗ်အမျိုးသားများ အကြောင်း၊ စစ်သားစုဆောင်းရေး စာရွက်စာတမ်းများနှင့် ဘင်ခရာသံတို့ ရောထွေးနေသည့် ပူပြင်းသည့် နွေတနေ့ကို အမှတ်ရကြသည်။

မေလတွင် စစ်ကြီးဖြစ်တော့မည်လောဟု တထိတ်ထိတ် ဖြစ်ခဲ့ကြသော်လည်း ဘာမျှမဖြစ်။ သို့ရာတွင် အိုက်စက်သည့် နွေလယ်၏ မြူမှုန် ဝိုးတဝါးထဲသို့ ရဲရဲမကြည့်ဝံ့ကြသေး။ ဆူဒေတန်ပြဿနာက လိပ်ခဲတည်းတည်း

ဖြစ်ဆဲ။ နွေအားလပ်ရက် ဘယ်ကို ခရီးထွက်မည်နည်းဟု မေးလျှင် ရေရေရာရာ မဖြေတတ်။ "သွားတော့သွားရမှာပဲ၊ စစ်ကြီးဖြစ်မလာခဲ့ယင်ပေါ့လေ" ဟု ထုံးစံအတိုင်း ခပ်ဝါးဝါးမျှသာ ဖြေနိုင်ကြသည်။

သို့ရာတွင် နွေအားလပ်ရက်များက နီးလာပြီ။ စိုးရိမ်ကြောက်လန့်နေ၍ မပြီး။ အကြောက်ကို ဘေးဖယ်ကာ ပါရီမြို့သူမြို့သားများသည် ငါးမျှား၍ကောင်းမည့်နေရာကို ရွေးကြရ၏။ အနားယူ၍ကောင်းမည့် တောင်ပေါ်စခန်းများကို စဉ်းစားကြရ၏။ ပူလောင်အိုက်စပ်နေသည့် ပါရီမြို့ကြီးထဲတွင် မနေနိုင်။ ဩဂုတ်လ-ဒါက်ဆူဒေတန်ဂျာမန်တွေ ပြဿနာ ဖြစ်သောကြောင့် သူတို့တတွေက ပါရီမြို့လယ်ကောင်တွင် အပူခံနေရမည်လော။ ဘာဆိုင်သနည်း။

တက်စကမူ သည်အချိန်သည် သူ့ကံဇာတာ တက်သည့်အချိန်ဟု ယူဆ၏။ "ကျွန်တော်တို့တိုင်းပြည်ဟာ ငြိမ်းချမ်းသာယာတဲ့ အိုအေစစ်ကလေးတခု ဖြစ်တယ်" ဟု တက်စက ကြွေးကြော်၏။ သူပြောပြီးသည့်နောက်တွင် ပြင်သစ်သတင်းစာများနှင့် အသံလွှင့်ဌာနကလည်း ပြင်သစ်ပြည်ကြီး ငြိမ်းချမ်းသာယာရှိပုံကို ခေါင်းကိုက်ပျောက်ဆေး ကြော်ငြာသလို၊ နောက်ထုတ်သည့် ဘိလပ်ရည်အသစ်တမျိုး ကြော်ငြာသလို အကြီးအကျယ် ကြော်ငြာခဲ့သည်။ အမေရိကန် ကမ္ဘာလှည့်ခရီးသည်တို့သည် နွေတွင် မည်သည့်နေရာကို သွားကြမည်နည်း။ ဝိုင်းစ်ဘေဒင်ကို သွား၍မဖြစ်။ ဂျာမန်စစ်သားများ၊ စစ်လေ့ကျင့်ခန်းများ၊ ညှင်းပမ်းရေးစခန်းများ၊ တပ်သားသစ်များနှင့် ပြည့်နေသည်။ ကားလစ်ဘတ်ကိုမူ လုံးလုံးစဉ်းစား၍ မဖြစ်။ ထိုနယ်မှာ ဆူဒေတန်ဂျာမန်တို့ နေသည့်နေရာ မဟုတ်လော။ အီတလီဆေးရုံများတွင် စပိန်မှ ဒဏ်ရာရလူနာများဖြင့် ပြည့်နေသည်။ ထို့ပြင်မက မူဆိုလီနီ၏ ရုပ်နက်တပ်များသည် အခြားပြည်နယ်များကို တိုက်ရန် ပြင်ဆင်နေသည်ဟုလည်း သတင်းများ ဖြစ်နေသည်။ သို့ရာတွင် ပြင်သစ်ပြည်က ဗစ်ချီ၊ ကန်းစ်၊ ဘီယာရစ်ဇ် စသည့် မြို့များကမူ ခရီးသည်များ၊ အပန်းဖြေသူများကို စောင့်နေကြသည်။ ထိုမြို့များမှာ တက်စပြောသလို တကယ်အေးချမ်းသာယာသည့် အိုအေစစ်တွေ။ ညနေတိုင်လျှင် ဂျဲနက်သည် ထိုအနားယူစခန်းများအကြောင်းကို ကြော်ငြာရစမြဲ။

"ငြိမ်းချမ်းသာယာတဲ့ အိုအေစစ်မြို့ကလေးတွေကို

အပန်းဖြေလာချင်ပါသလားရှင်...၊ အပန်းဖြေလာလိုလျှင် အခန်းများကို ကြိုကြိုတင်တင် ငှားကြစေလိုပါတယ်ရှင်၊ မြစိမ်းရောင် ကမ်းခြေဟိုတယ်က ဖိတ်ခေါ်ပါတယ်ရှင်၊ ပြင်သစ်စာဆိုကြီး မာလာတင်း ဖွဲ့ဆိုခဲ့တဲ့ မာကွန်ပြည်နယ်ရဲ့ အလှကို တခါတခေါက် ကြွရောက်ရှုစားလှည့်ပါရှင်၊ 'ခေါင်းလောင်းသံချို၊ ဆည်းဆာအိုဥ၊ ညိုရှိန်သင်းပျံ့၊ ပင်စိမ်းနံ့နှင့်' လို့ စာဆိုကြီးက ဖွဲ့ခဲ့ပါတယ်၊ နာမည်ကျော် ဝိုင်အဖြူနဲ့ အင်ဥသွတ် ကြက်ကြော်များကို ကြွရောက် သုံးဆောင်ကြပါရှင်"

ညနေတိုင်း စကားပြောခွက်ရှေ့တွင် ရပ်၍ ပြောရသည်ကို ဂျဲနက် ငြီးငွေ့လှပြီ။

ဩဂုတ်လ ဆယ့်ငါးရက်နေ့မှစ၍ ဂျဲနက် ခွင့်ရက်ရသည်။ လီယွန်သို့ မော်တော်ကားဖြင့် လာခဲ့၏။ ပါရီသည် ခါတိုင်းလို ခြောက်သွေ့ကျန်ခဲ့၏။ တောက လာသည့် ခရီးသည်များနှင့် အင်္ဂလိပ် ခရီးသည်တွေကို တင်ထားသည့် ဘတ်စ်ကားရှည်ရှည်ကြီးတွေလောက်ကိုသာ တွေ့ရသည်။ လူသူကင်းမဲ့နေသည့် ပါရီသည် အသက်ရှင်လှုပ်ရှားဆဲ။ အေးချမ်းဆဲ။ မြို့ကြီးနှင့် မတူ။ ကျေးတောက ရွာတရွာနှင့်တူနေသည်။ လူဝကြီးများက ကဖီးစြက်များတွင် ထိုင်ကာ အကျီရင်ဘတ်ကိုဟပြီး အပျင်းထူနေကြသည်။ လွှာဖိနပ် စီးထားသည့် အိမ်စောင့်မိန်းမကြီးများက လေှကားရင်းတွင် ထိုင်ကာ ဇာထိုးနေကြသည်။ ကြည့်လေရာတွင် အေးချမ်းလျက်။ လူတွေက ရက်ရက်ရောရော ပြုံးလျက်။

အငှားကားဆရာက "ပျော်စရာ အားလပ်ရက် ဖြစ်ပါစေ" ဟု ဂျဲနက်အတွက် ဆုတောင်းပေးလိုက်သေးသည်။

မီးရထားပေါ်တွင်လည်း ဆူဒေတန်နယ်အကြောင်း။ ဟစ်တလာအကြောင်း။ စစ်အကြောင်း။ ဂျဲနက် သူတို့စကားများကို ဂရုမစိုက်။ ထိုအရာများသည် သူ့အဖို့ အလှမ်းကွာနေသည်။ ဘဝနှင့် ဝေးနေသည်။ သူ စိတ်ဝင်စားသည်က ဖလူရီ။

ဖလူရီဆိုသည့် ရွာကလေးက ပူလောင်လောင် အိုက်စပ်စပ်။ အိမ်ဖြူကလေးတွေနှင့်။ စပျစ်ခြံတွေကြားက ရွာကလေး။ သည်ရွာကလေးကို စပျစ်ဝိုင် ကုန်သည်များလောက်သာ သိကြသည်။ အဘယ့်ကြောင့်

သည်ရွာကလေးကို ရွေး၍ လာခဲ့လေသည် မသိ။ ငယ်ငယ်ကတည်းက သည်ရွာကလေး၏ နာမည်ကို ကြားခဲ့ဖူးသောကြောင့်လော မဆိုနိုင်။ ရွာနာမည် လှလှကလေး။ ဖလူရီ။

ပါရီမှ မထွက်သည်မှာ ကြာလှပြီ။ လေ၊ အစိမ်းရောင်နှင့် တိတ်ဆိတ်ငြိမ်သက်မှုကို တွေ့လိုက်ရသည့်အခါတွင် ဂျဲနက်၏ ခေါင်းထဲတွင် မူးယစ်သွားသည်။ အသက်ရှူလိုက်သည့်အခါတွင် အားရပါးရ။ ယခုမှပင် တကယ် အသက်ရှူရတော့သည်ဟု ခံစားမိသည်။ ဂျဲနက်သည် မနက်ခင်းပြာပြာ၏ အလှကို အရသာခံ၏။ မြက်တောတွေကြားထဲ လျှောက်ပြေး၏။ တောင်ကုန်းတွေပေါ်တက်၏။ အရာအားလုံးသည် ပကတိ ငြိမ်းချမ်းလျက်။ ဘာမျှ အနှောင့်အယှက်မရှိ။ ဤလို အိမ်ဖြူဖြူကလေးများနှင့် ဤလို စပျစ်ခြံများကို သူငယ်ငယ်က တွေ့ခဲ့ဖူးသည်ဟု ဂျဲနက် ထင်သည်။ “ဟုတ်တယ်၊ တကယ့် ငြိမ်းချမ်းသာယာတဲ့ အိုအေစစ်ကလေး” ဟု ဂျဲနက် ရယ်ရယ်မောမောဖြင့် ဆိုမိသည်။ သည်အခါတွင်မူ မဟုတ်မမှန်ကို လုပ်ကြံပြောရခြင်း မဟုတ်။

စပျစ်ခြံသမားများက စပျစ်ပင်များကို ပိုးသတ်ဆေးတွေ ပက်နေကြသည်။ သူတို့ပတ်ဝန်းကျင်တခုလုံး ပြာလျက်။ အင်္ကျီတွေကလည်း အပြာ။ ဆေးတွေ စွန်းနေသည့် လက်တွေကလည်း အပြာ။ စပျစ်ခိုင်များကို တခိုင်ချင်း လိုက်ကြည့်ကြသည်။ တိမ်တိုက်တို့ ရှင်းနေသည့် ကောင်းကင်ကြီးကို မော့ကြည့်ပြီးနောက် “ဒီနှစ် စပျစ်ကောင်းကောင်း ထွက်မယ် သူငယ်မရဲ့” ဟု ဂျဲနက်ကို ပြောပြ၏။ သူတို့ဘဝကို တနှစ်ချင်းအလိုက် မှတ်မိတတ်ကြသည်။ ဘယ်နှစ်က နေသာသည်။ ဘယ်နှစ်က စပျစ်အထွက်ကောင်းသည် စသည်ဖြင့် နှစ်အလိုက် သိကြသည်။ စပျစ်အထွက်ကောင်းသည့်နှစ်များကို ဝိုင်ပုလင်း တံဆိပ်များပေါ်တွင် ရေးထားကြသည်။ စပျစ်အထွက်ကောင်းသည့်နှစ်များကို သူတို့မမေ့နိုင်။ ဩဂုတ်လ နေသာလျှင် ထိုနှစ်တွင် စပျစ်လှိုင်လှိုင် ထွက်မြဲ။ ပူလောင်အိုက်စပ်သည့် ဩဂုတ်လနှင့် စပျစ်လှိုင်လှိုင်ထွက်ချိန်ကို သူတို့ ခွဲခြား၍ မရ။ ယခုဆိုလျှင် စပျစ်ခိုင်တွေ ညို့စပြုပြီ။

တောင်ကြားထဲသို့ လှမ်းကြည့်လိုက်လျှင် သစ်တောတွေ။ သစ်ပင်တွေ။ ဝက်သစ်ချပင်၊ လယ်ပွဲပင်၊ သစ်ဆည်းလည်းပင်။ လူတွေထက်ပင် အသက်ကြီးကြရော့မည်။ ကျေးလက်မှ လူများသည် ထိုသစ်ပင်ကြီးများကို

ရှိသေကြ၏။ အရိပ်ကို ခံ့မင်ကြ၏။ ပင်ပန်းသည့်အခါ၊ ချစ်တင်းဆိုသည့်အခါများတွင် ထိုအပင်ကြီးများအောက်တွင် နားခိုခဲ့ကြ၏။ သစ်ပင်တပင်၏ အရိပ်တွင် သူတို့ ထမင်းစားခဲ့ကြ၏။ အိပ်စက်ခဲ့ကြ၏။ နမ်းခဲ့ကြ၏။ ထိုအထဲတွင် ဂျဲနက် သဘောကျသည့် အပင်ကြီးတပင် ရှိသည်။ အပင်က သစ်ဆည်းလည်းပင်ကြီး။ နောက်ကျိုကျို ချောင်းကလေးတခုဘေးတွင် ပေါက်လျက်။ စိမ်းမှောင်သည့် သစ်ရွက်များသည် ကောင်းကင်ဖြူဖြူ နောက်ခံတွင် ကောက်ကြောင်း ဆွဲထားသကဲ့သို့ ရှိ၏။ ပင်စည်က ဖြောင့်ဖြောင့်။ လေတိုက်လျှင်လည်း ယိမ်းယိုင်ခြင်းမရှိ။ ဂျဲနက်၏စိတ်တွင် ထိုအပင်ကြီးသည် သူတို့ရွာကလေး ငြိမ်းချမ်းသာယာအောင် အကာအကွယ်ပေးနေသည့်နှယ်။

စစ်နှင့် ပတ်သက်သည့် ကောလာဟလများသည် ဖလူရီသို့လည်း ရောက်လာကြသည်။ အမြဲတမ်းလိုလို အေးနေသည့် ခပ်မှောင်မှောင် ကဖီးဆိုင်ကလေးထဲတွင် ခြံသမားများသည် ဖန်ခွက်ထူထူကြီးများထဲမှ ဝိုင်ပြင်းပြင်းကို လာသောက်လေ့ရှိကြ၏။ ထိုစဉ် ဆိုင်ထဲတွင် ဆောင့်အင့်အင့် အထက်စီးဖြင့် ပြောလိုက်သည့် မြို့သား၏ အသံသည် ရုတ်တရက် ပေါ်လာ၏။ အခြားသူ၏ အသံမဟုတ်။ အသံလွှင့်ကြေငြာသူ၏ အသံ။ အသံလွှင့်သူက ဆူဒေတန်ဂျာမန်များအကြောင်းနှင့် ဟိန်းမလား ဆိုသည့် လူတယောက်အကြောင်းကို ပြောသွား၏။ ခြံသမားများသည် မျက်မှောင်ကုပ်လိုက်မိကြသည်။ စစ်သည် သူတို့အိမ်တံခါးဝဆီသို့ လာနေပါပကော။ ထိုစဉ် ဆိုင်ထဲသို့ ယူဂျင်းဆိုသည့် ကာလသားခေါင်း ရောက်လာသည်။ ပါးကြီးတွေက ကြွတက်နီရဲလျက်။ နှုတ်ခမ်းမွေးကြီးက တကားကား။ တောင်ဘက်ရွာသား ဖြစ်သော်လည်း ဘာကြောင့်မှန်းမသိ။ သူ့ကို ဂျာမန်ဟု ခေါ်ကြသည်။ “ဒီနေ့ ကျုပ် ကျောက်ပုဇွန် အကောင်လေးဆယ် စားခဲ့ပြီးပြီဗျ” ဟုပြော၏။ ဟိန်းမလားနှင့် ဆူဒေတန်နယ်အကြောင်းကို သတိမေ့သွားကြပြီ။ သူ့အနားသို့ ဝိုင်းအုံလာကာ “သည်လောက်များများ ကျောက်ပုဇွန်တွေရအောင် ဘယ်သွား၍ ဖမ်းသနည်း” ဟု မေးကြသည်။ “ဂျာမန်ကြီး”က ဘာမျှ မပြော။ ပြုံးဖြဲဖြဲလုပ်လျက်။

အခြားအဖြစ်အပျက်တွေလည်း ရှိသေးသည်။ လိုင်ယွန်မှ ဝိုင်အရက်လာဝယ်သည့် ကုန်သည်များ ရောက်လာတတ်ကြသည်။ သူတို့နယ်တွင် နိုင်ငံခြားခရီးသည်တွေ လာလျှင် သစ်ကိုင်းနှင့်လုပ်သည့် ပုလင်းဆို့များကို ဖော့ဟု

ညာရောင်းတတ်ကြောင်းဖြင့် ပြောကြသည်။ ထိုမျှမက ထမင်းဆိုင်ပိုင်ရှင်၏ ဆိတ်ကြီး လွတ်ပြေးသည့် အကြောင်း။ ဘယ်သူ့နွားမ သားကျသည့် အကြောင်း။

ဤသည်မှာ သူတို့ဘဝ။ သို့ရာတွင် သတင်းစာများနှင့် ရေဒီယိုကမူ နိမိတ်မရှိသည့် သတင်းတွေကိုချည်း လွှင့်နေ၊ ရေးနေကြသည်။ စစ်အကြောင်း၊ စပိန်တွင် လူတွေသေသည့် အကြောင်း၊ စသည်။ ရှင်သန်လှုပ်ရှားနေသည့် လူများသည် ထိုအကြောင်းများကို မကြားလိုကြ။

ဂျဲနက်သည် ကျေးလက်ကမ္ဘာကလေးနှင့် ကျေးလက်ရှုခင်း၏ အစိတ်အပိုင်းတခု ဖြစ်လာ၏။ ခြံသမားများက သူ့ကို ဝိုင်အရက်ဖြင့် ဧည့်ခံကြသည်။ ရယ်စရာ မောစရာတွေ ပြောကြသည်။ “ကလေးမလေးက ချစ်စရာလေး” ဟု ပြောကြသည်။ ဂျဲနက်သည် ပါရီကို ချက်ချင်း မေ့သွားပြီ။ ပါရီတွင် လွမ်းစရာဆို၍ ဘာမျှ မရှိ။ အထီးကျန်ဘဝနှင့် ငြီးငွေ့စရာ အလုပ်တို့မှအပ ဘာမျှ မကျန်ရစ်။ ပေတရာလမ်းမကြီးပေါ်တွင် ရှိုးကျကျ ပါရီသူတို့ကို တင်၍ ဖြတ်မောင်းသွားသည့် မော်တော်ကားများကို မြင်လျှင် သူ့ကို စိမ်းကားသည့် ကမ္ဘာလောကဟောင်းကို ဂျဲနက်သွား၍ အမှတ်ရသည်။ မကြာခင် သူ့အားလပ်ရက်ကလေး ကုန်ဆုံးတော့မှာပါလားဟု တွေးလိုက်မိတိုင်း ဂျဲနက် ရင်မောရသည်။

ထိုနောက် ပြင်သစ်ပြည်တောင်ပိုင်းတွင် အပူဆုံးရက်များသို့ ရောက်လာ၏။ ဩဂုတ်လ နေမင်းက ပူလိုက်သည့် ဖြစ်ခြင်း။ အပြင်သို့ မည်သူမျှ မထွက်ချင်ကြ။ အေးမြနေသည့် ကဖီးဆိုင်ထဲတွင် ထိုင်ယင်း အချိန်ကုန်ရသည်။ ကဖီးဆိုင်တွင် ထိုင်နေစဉ် ပါရီမြို့သားတယောက်နှင့် စကားလက်ဆုံကျမိသည်။ ပါရီသားက အားလပ်ရက်များတွင် ဝတ်လေ့ဝတ်ထရှိသည့် အင်္ကျီကို ဝတ်လျက်။ ကော်လာမရှိ။ ခြေထောက်တွင် ပင်လယ်ကမ်းစပ်များတွင် စီးလေ့ရှိသည့် လွှာဖိနပ်ကို စီးထားသည်။ သူ့ကြည့်ရသည်က ရွှင်ရွှင်ပျပျ။ ဆေးတံအိုကြီးတချောင်းကို ခဲထား၏။ မျက်နှာက မှဲ့ခြောက်တို့ဖြင့် ပြည့်လျက်။ မျက်လုံးများက တောက်တောက်ပပ။ ကြည့်ရသည်မှာ မာကွန်ကလာသည့် ဝိုင်အရက်ကုန်သည်တယောက်နှင့် တူသလိုလို။ ဝိုင်အရက်ကို အားရပါးရသောက်ပြီး နှုတ်ခမ်းများကို လျက်နေသည်။ သူ့ပါးကြီးက ဖောင်းလျက်။ အပူရှိန်ကြောင့် အားလုံး အိပ်ငိုက်နေကြ၏။ ကဖီးဆိုင်ပိုင်ရှင် အဒေါ်ကြီးကမူ ဟောက်၍ပင် နေလေပြီ။ သို့ရာတွင် ဆေးတံကြီး ခဲထားသည့် ထိုလူကြီးကမူ စကားတွေ

ဖောင်လောက်အောင် ပြောနေသည်။ ကဖီးဆိုင် အဘွားကြီးကို စလိုက်။ “ဂျာမန်ကြီး”ကို နောက်လိုက်နှင့်။ သူ့ကိုကြည့်၍ ဂျဲနက်ရယ်သည်။ သူက ဂျဲနက်ကို မာဆေးလ်မှ ရယ်စရာ ပုံပြင်များကို ပြောပြ၏။

“အော်လီဗီယာ ဆိုတဲ့လူက တော်တော်ရယ်ရတယ် သိလား၊ သူကပြောတယ်။ ကမ်းနားမှာ လမ်းလျှောက်သွားတော့ မားရီးယတ် ဆိုတဲ့လူနဲ့ တွေ့သတဲ့၊ ဒါနဲ့ သူက မားရီးယတ်ကို လှမ်းပြီး ‘ဟဲလို မားရီးယတ်’ လို့ လှမ်းပြီး ခေါ်လိုက်သတဲ့၊ ဒါပေမယ့် မားရီးယတ် ဆိုတဲ့လူက ပြန်လှည့်မကြည့်ဘူးတဲ့၊ ဘယ်ကြည့်မလဲဗျတဲ့၊ ကျွန်တော် ခေါ်တဲ့လူက မားရီးယတ်မှ မဟုတ်ပဲတဲ့၊ သူကလည်း သူမဟုတ်ဘူး၊ ကျွန်တော်ကလည်း ကျွန်တော် မဟုတ်ဘူးတဲ့”

ဂျဲနက်က သူ့စကားကို သဘောကျ၍ တခစ်ခစ် ရယ်သည်။ သူ့ရယ်သံကြောင့် ဆိုင်ရှင်အဒေါ်ကြီးပင် နိုးလာသည်။ အဒေါ်ကြီးသည် ပြုံး၍ သူတို့နှစ်ယောက်ကို လှမ်းကြည့်လိုက်ပြီးနောက် ပြန်အိပ်သွား၏။

ထိုလူစိမ်းကို ဂျဲနက် သဘောကျနေပြီ။ လူကြီးက အသက်ငယ်ငယ်လည်း မဟုတ်၊ ရုပ်ကလည်း မချော၊ သို့ရာတွင် ပွင့်ပွင့်လင်းလင်း၊ ရှင်ရှင်လန်းလန်း၊ ပျော်ပျော်ပါးပါး၊ ဂျဲနက် ကျင်လည်ခဲ့ဖူးသည်က ဇာတ်သဘင်လောက၊ ဟန်ဆောင်လောက၊ အမူအရာ အသံပါ ဟန်လုပ်ရသည့် လောက။ ယခု ဝိုင်အရက်ကုန်သည်လို လူကြီးကမူ ဟန်မရှိ ပန်မရှိ။ သူ့ကို ဂျဲနက် သဘောကျသွားသည်။ သူတို့နှစ်ယောက်သည် စကားလက်ဆုံကျနေကြ၏။ နေအေးသည့်အခါတွင် ဂျဲနက်က သူသွားနေကျ သစ်ဆည်းလည်းပင်ကြီးအောက်သို့ ခေါ်သွားသည်။ ထိုလူကြီးက မြက်ခင်းပေါ် ထိုင်ချလိုက်ပြီး ဦးထုပ်ကို ချွတ်လိုက်၏။ ပိုးလက်ကိုင်ပဝါကြီးဖြင့် သူ့မျက်နှာကို သုတ်နေ၏။ “ဖိမ်ပဲ” ဟု တခွန်းမျှသာ ပြောပြီး သူ့မျက်နှာသည် မှုန်ငေးသွား၏။ ဂျဲနက်မျက်နှာကလည်း ခပ်ငေးငေး။ ခပ်မှုန်မှုန်။

“ညည်းကို ကြည့်ရတာ ရှင်ရှင်လန်းလန်း မရှိဘူး၊ ငါနဲ့များ တွေ့လိုက်လို့လား။ ငါနဲ့တွေ့ရင် လူတွေဟာ ဒီလိုပဲ ငိုင်ငိုင်သွားကြတယ်၊ နတ်သမီးပုံပြင်တွေထဲမှာတော့ တချို့လူတွေက သဲတွေကို လက်နဲ့ကောက်ဆုပ်လိုက်ယင် ရွှေတွေ ဖြစ်သွားသတဲ့၊ ငါကျတော့ ဒီလိုမဟုတ်ဘူး၊ ဘယ်လောက်ပဲ လက်နဲ့ဆုပ်ဆုပ် သဲတွေပဲ ဖြစ်နေတယ်”

"ဟုတ်လား"

ဂျဲနက်က ပါရီပန်းခြံတခုထဲက ဖုတ်တွေ အလိမ်းလိမ်းကပ်နေသည့် သစ်ပင်တပင်ကို သွား၍ မြင်ယောင်သည်။ သူနှင့် အန်ဒရေတို့ လွတ်လပ်ရေးအကြိုညက တွေ့ခဲ့သည့် သစ်ပင်၊ သည်တုန်းက သူပျော်ချင်လျှင် ပျော်နိုင်သည်။ သို့ရာတွင် ဘာကြောင့် ငြင်းခဲ့မိသနည်း။ ပျော်စရာကို သူဘာကြောင့် ငြင်းမိခဲ့သနည်း။ သူလည်း ထိုလူကြီးနှင့် အတူတူ။ သူ့လက်ထဲတွင် ရွှေမှုန့်တွေ မရှိ။ သဲမှုန့်တွေသာ ရှိသည်။ ထိုအကြောင်းကို တွေးယင်း ဂျဲနက်သည် ခပ်ဆန်းဆန်းလူကြီးကို သဘောကျသလိုလို ဖြစ်လာသည်။ ဂျဲနက် တအံ့တသြ ဖြစ်ဟန်ဖြင့်...

"ဦးနဲ့ ကျွန်မ မိတ်ဆွေဖြစ်ပုံက တော်တော် ဆန်းတာပဲနော်၊ မိတ်ဆွေဖြစ်လို့သာ ဖြစ်လာရတယ်၊ ခုထိ ဦးဘယ်သူဘယ်ဝါ ဆိုတာ ကျွန်မ မသိသေးဘူး၊ ကျွန်မက ကဇာတ်မင်းသမီးဆိုပါတော့၊ နာမည်သိလို့တော့ ဦးအဖို့ ဘာမှ အကျိုးထူးမှာ မဟုတ်ပါဘူး၊ သိပ်ပြီး မအောင်မြင်သေးတဲ့ ဇာတ်သမကလေးတစ်ယောက် ဆိုပါတော့။ ကြော်ငြာအသံလွှင့်ဌာနတစ်ခုမှာ အလုပ်လုပ်တယ်။ နာမည်က ဂျဲနက်တဲ့။ ဦးနာမည်ကကော"

"ဒက်ဇာတဲ့။ ပြင်သစ်ပြည်မှာ ဒက်ဇာလို့ ခေါ်တဲ့လူတွေ အများကြီးရှိတယ် မဟုတ်လား"

"ဟုတ်တာပေါ့။ ဂျူးပွန့်ဆိုတဲ့ နာမည်တွေ အများကြီး ရှိသလိုပေါ့။ ဒက်ဇာဆိုတဲ့ နာမည်ကိုတော့ ကျွန်မ ကြားဖူးတယ်။ အဲဒီဒက်ဇာက သန်းကြွယ်သူဌေးကြီးတဲ့။ အဲဒီသူဌေးကြီးက ခပ်ကြောင်ကြောင်ဆိုပဲ။ ပြီးတော့ ဒိပြင်သူဌေးတွေလို ကြောက်စရာလည်း သိပ်ကောင်းသတဲ့"

ဒက်ဇာက ပြုံးလိုက်၏။

"ဟုတ်လား။ ကဲ၊ မိတ်ဆက်တာတွေ ခဏထားလိုက်စမ်းပါဦးကွယ်။ ခုနက ဦးပြောတဲ့ အော်လီဗီယာလို ငါကလည်း ငါမဟုတ်ဘူး၊ ညည်းကလည်း ညည်းမဟုတ်ဘူးလို့ဘဲ ထားလိုက်ကြပါစို့။ မကောင်းဘူးလား။ ညည်းအဖို့တော့ မင်းသမီးလုပ်ရတာ သိပ်လွယ်မှာပဲနော်။ ဘယ်အခန်းက ပါသလဲ။

အလွမ်းခန်းကလား၊ ရည်းစားပစ်ခံရတဲ့ ကောင်မလေးနေရာကလား၊ တောသူမလေးလား၊ ဘယ်နေရာလဲ”

“ဘယ်နေရာကမှ မဟုတ်ပါဘူး။ အရက် ကြော်ငြာရတယ်။ ပရိဘောဂတွေကို ကြော်ငြာရတယ်။ ပြီးတော့ ပြင်သစ်ပြည်ကြီး ပြည်တော်သာခေတ်ကြီးကို ရောက်ပြီဆိုတာလည်း ကြော်ငြာရတယ်။ တစ်ခါတုန်းကတော့ ခေါင်းဆောင်မင်းသမီးနေရာက ပါခဲ့ဖူးပါရဲ့။ ဒါပေမယ့် နောက်တော့ တစ်ယောက်ကို တင်လိုက်ကြတယ်လေ။ သူက နာမည်ကြီး မဟုတ်လား။ တစ်နည်းပြောရရင် ငွေတွင်းပေါ့လေ။ ပြီးတော့ ကျွန်မမှာ မာရေရှယ်ဆိုတဲ့ ပြဇာတ်ဒါရိုက်တာတစ်ယောက် အသိရှိတယ်။ ဦး သူ့နာမည်ကို ကြားဖူးမှာ မဟုတ်ပါဘူး။ လူကတော့ တော်ပါတယ်။ ပြဇာတ်တွေကို တင်ဖို့ အမြဲတမ်း စိတ်ကူးနေတာပဲ။ ဒါပေမဲ့ တစ်ခုမှတော့ ရုံမတင်ဖြစ်ခဲ့ဘူး။ သူက ဆင်းရဲတာကိုး။ မတတ်နိုင်ဘူးပေါ့။ ပြီးတော့ ဇာတ်သဘင်မှာ တော်လှန်ရေးလုပ်မယ်လို့ ကြံတဲ့လူ။ ခုတော့ ဒါမျိုးတွေ သိပ်ခေတ်မစားတော့ပါဘူးလေ။ သူက ပြဇာတ်ကောင်းကောင်းတွေကို ရုံတင်မယ်။ အဲဒီမှာ ကျွန်မက ခေါင်းဆောင်မင်းသမီးပေါ့လေ။ ဒါပေမဲ့ စိတ်ကူးပါပဲ။ အကောင်အထည် မပေါ်ခဲ့ပါဘူး။ ဒီတော့ ကျွန်မ ဘာလုပ်ရသလဲ။ ဝမ်းနုတ်ဆေးတို့၊ ပုလဲအတုတို့ကို ကြော်ငြာပေးရတာပေါ့ ဦးရဲ့။ ဒါတွေ ထားပါလေ။ အရေးမကြီးပါဘူး။ အရေးကြီးတာက မနက်ဖြန် သန်ဘက်ဆိုရင် ပါရီကို ပြန်ရမှာ စိတ်အညစ်ဆုံးပဲ”

ယခုထက်ထိ ထိုလူကြီးကို မည်သူမှန်း မသိသေး။ သူ့အလုပ်ကိုလည်း မသိ၊ မာကွန်ကလော၊ သို့မဟုတ် ပါရီကလော။ ဂျဲနက်က မရဲတရဲ မေးလိုက်သည်။

“ဦးက အားလပ်ရက် လာလည်တာလား”

“ဟုတ်ပါတယ်ဗျာ။ ဟောဟိုက မလှမ်းမကမ်းမှာ ဦးရဲ့ အိမ်ကလေး ရှိတယ်။ အောက်တိုဘာလအထိ ရှိမယ်”

“ဦး သားမယားတွေကော”

ထိုလူကြီးက တဟားဟား ရယ်သည်။

"ငါ့မှာ အမြဲတမ်း တယောက်တည်းရယ်၊ ဘုန်းမောင့် တယောက်တည်းရယ် ဆိုပါတော့၊ လူတွေကပဲ ငါ့ကို ရှောင်ပြေးကြတာလား၊ ငါကပဲ လူတွေဆီက ထွက်ပြေးတာလားတော့ မပြောတတ်ဘူး၊ ဒါပေမယ့် ညည်းကိုတော့ ရှောင်မပြေးဘူးနော်"

"ကျွန်မလဲ မပြေးပါဘူး၊ ကျွန်မလဲ တယောက်တည်းသမားပါ။ ဆိုလိုတာက ကျွန်မမှာ ဆွေမျိုးနီးစပ်လောက်ပဲ ရှိတယ်၊ မဟုတ်ပါဘူးလေ၊ နည်းနည်းဝေးပါတယ်။ သူတို့နဲ့အတူနေတယ်၊ ဒါပေမယ့် ဇာတ်ထဲမှာ ပြောတာနော်၊ အပြင်မှာ တကယ်မဟုတ်ဘူး၊ တခါတလေကျတော့ တယောက်မှတောင် မရှိဘူး၊ အဖော်ဆိုလို့ အခန်းကျဉ်းကလေးတခန်းပဲ ရှိတယ်၊ အဖော် ဒီလောက်ရှိရင် တော်ရောပေါ့ မဟုတ်ဘူးလား"

ညနေစောင်းလာ၏။ ညနေက အေးအေး၊ လတ်ဆတ်လျက်။ သစ်ဆည်းလည်းရွက်များသည် ညနေခင်းလေပြည်ထဲတွင် လှုပ်နေကြသည်။ ဖားအော်သံများကို ကြားရစ ပြုလာ၏။ အဝေးမှ နွားခလောက်သံများသည် လေထဲတွင် မျောပါလာကြသည်။ ဂျဲနက်က တိတ်ဆိတ်နေသည်။ ဒက်ဇာ၏မျက်နှာသည် ရုတ်ခြည်း အိုစာသွားကာ ပိန်ချုံးကျသွားသည် ထင်ရ၏။ နှစ်ယောက်သား စကားမပြောမိကြပဲ ရွာဘက်သို့ ပြန်လာခဲ့ကြသည်။ ခွဲခါနီးတော့ "မနက်ဖြန် လာဦးမည်လော" ဟု မေး၏။ ဒက်ဇာက ဝမ်းနည်းသံဖြင့်...

"ငါ့မှာလဲ ညည်းနဲ့တွေ့မှ သံပရာပင်အောက်မှာ ရည်းစားနဲ့ ချိန်းတွေ့ဖို့ စောင့်ရတဲ့ လူပျိုပေါက်ကလေးနဲ့ တူနေပြီ"

"သံပရာပင် မဟုတ်ပါဘူး ဦးရဲ့၊ သစ်ဆည်းလည်းပင်ပါ၊ ဒါတွေ မပြောနဲ့ဦးလေ ဦး၊ မနက်ဖြန်မှာ တွေ့ကြဦးမှာ မဟုတ်လား"

နောက်တနေ့တွင် ဂျဲနက်၏ မျက်လုံးများသည် ဇီးကွက်မျက်လုံးများနှင့်တူကြောင်း၊ ခွေးစုတ်ဖွားကလေးလို သဘောကောင်းကြောင်း၊ စကားပြောပုံက ပါရီလမ်းမက ကလေးများနှင့်တူကြောင်းဖြင့် ဒက်ဇာက ပြော၏။ ထိုမှမက လောကကြီးကို ငြီးငွေ့ကြောင်း၊ ဖလူရီမှ ကောင်မလေးများနှင့် ကရသည်ကို ပျော်ကြောင်း၊ သူ့မော်တော်ကား တာယာများက စုတ်ပြတ်နေပြီဖြစ်ကြောင်း၊ လာဖော်ဂူး

ကဗျာများကို သဘောကျကြောင်း။ သို့ရာတွင် ဘာကြောင့်မှန်းမသိ စာရင်းအင်းများကို စိတ်ဝင်စားကြောင်း။

ရက်အနည်းငယ်ကြာသွားသည်။ သူတို့နှစ်ယောက်သည် တွေ့ရမည့် အချိန်ကို စောင့်မျှော်နေမိကြသည်။ သူတို့နှစ်ယောက်စလုံးက ခပ်အအ ဘဝင်မြင့်မြင့်။ တယောက် ခံစားချက်ကို တယောက်ထုတ်မပြောကြ။ "သူ ဒါမျိုးကို ရိုးနေမှာပါ၊ ငါ့ကို အားလပ်ရက်မှာ တွေ့တဲ့ ကောင်မလေးတယောက်အဖြစ် အပျော်ကြံကြတာပဲ ဖြစ်မှာပဲ" ဟု ဂျဲနက်က တွေးသည်။ ဒက်ဇာကလည်း "ငါ့အသက်ကလဲကြီး၊ အရုပ်ကလဲဆိုးတော့ စိတ်ဝင်စားမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ပိုက်ဆံပေးယင် ဘာမဆို ရနိုင်တယ်" ဟု တွေးနေသည်။

စက်တင်ဘာလဆန်းအထိ နေရောင်က ပူနွေးဆဲ။ ခြံစိုက်သမားများက တပြုံးပြုံး။ စပျစ်သီးတွေက မှည့်စပြုပြီ။ မကြာခင် စပျစ်သီးခူးချိန် ရောက်တော့မည်။ သို့ရာတွင် စပျစ်သီးခူးသည်ကို ဂျဲနက် မြင်ရတော့မည်မဟုတ်။ မကြာခင် ပါရီသို့ ပြန်ရတော့မည်။

နောက်ဆုံးအခေါက် မတိုင်မီအခေါက်။ ဒက်ဇာက မရဲတရဲဖြင့် ဂျဲနက်ကို သိုင်းဖက်လိုက်၏။ အချစ်ရေးတွင် သူသည် ကျောင်းသားကလေးတယောက်ထက် ဘာမျှမပို၊ ရိုးရိုးသားသား ဖြစ်ကြောင်း ဂျဲနက် သိသည်။ ဂျဲနက်က သူ့လက်မောင်းထဲမှ ရုန်းထွက်လိုက်၏။

"ဟင့်အင်း..."

သူကလည်း အတင်းအကျပ် မလုပ်။ နှစ်ယောက်သား တောလမ်းကလေးတလျှောက်တွင် ပြန်လျှောက်ခဲ့ကြသည်။ စကားတခွန်းမှ မပြောမိကြ။ ဂျဲနက်က စပြောသည်။

"အလျင်တုန်းက ဒီနားမှာ စထရော်ဘယ်ရီပင်တွေ ပေါက်ခဲ့ဟန် တူတယ်။ ကြည့်ပါလား၊ အရွက်တွေ ခုထက်ထိ ကျန်နေသေးတယ်၊ ဦး ကျွန်မကို စိတ်မဆိုးနဲ့နော်၊ ကျွန်မက အပျို မဟုတ်ဘူး၊ ကျွန်မမှာ ချစ်သူတွေ ရှိခဲ့ဖူးတယ်၊ ခုလိုပဲ ဆိုကြပါစို့၊ ဘာဖြစ်လို့မှန်းတော့ မသိဘူး၊ ကျွန်မက တယောက်တည်းပဲ နေချင်တယ်။ တယောက်တည်း မနေယင် ယောကျ်ားတွေအလိုကို လိုက်မိလိမ့်မယ်၊

ဦးနဲ့ကတော့ တမျိုးပေါ့လေ”

ဒက်ဇာက မည်သို့မျှ မပြော။

ထိုနေ့ည တညလုံး ဂျဲနက် သူ့ကိုယ်သူ အပြစ်တင်မိသည်။ ပျော်ရွှင်မှုကို တခါ ငြင်းခဲ့ပြန်ပြီ။ တကယ်ငြင်းခဲ့သည်လော၊ ဟန်ဆောင်ငြင်းခဲ့သည်လော ဆိုသည်ကိုပင် ဝေခွဲမရ။ တခါတရံတွင် ဒက်ဇာနှင့် စကားပြောရသည်ကို သူပျော်၏။ ဒက်ဇာသည် သူပြောချင်သည့် စကားလုံးများ ပံ့တင်ထပ်ပေးနေသည်ဟု သူထင်သည်။ သူတို့နှစ်ယောက်လုံး လောကကြီးကို ငြီးငွေ့နေကြသူ။ ပင်ပန်းနွမ်းနယ်နေကြသူ။ သူတို့နှစ်ယောက်သည် အကြင်နာတရားကို လိုက်ရှာနေကြသူ၊ နှစ်ယောက်စလုံးသည် သူတောင်းစားများသာ၊ တယောက်ကိုတယောက် ဘာများ ပြန်ပေးနိုင်ကြပါသနည်း။ တခါတရံတွင် ဒက်ဇာသည် စပျစ်ခြံစိုက်သူများနှင့် စကားပြောရသည်ကို ပျော်ဟန်တူသည်။ အေးအေးဆေးဆေးနေရ၊ ရွာသားများနှင့် ရယ်စရာ မောစရာ ပြောရသည်ကို နှစ်ခြိုက်ပုံရသည်။ သို့ရာတွင် သူ့မှာက ပျော်စရာ မရှိ။ သူသည် ဒက်ဇာကို ချစ်နေပြီဟု ဂျဲနက် ထင်လာ၏။ သစ်ဆည်းလည်းပင်ကြီးအောက်တုန်းက ဘာကြောင့်များ ငြင်းခဲ့မိလေသနည်း။ ဘာကြောင့်များ မူခဲ့ရသနည်း၊ သူကကော ဘာကြောင့် ပြန်ဆုတ်သွားခဲ့သနည်း။ ဒက်ဇာကိုလည်း ဒေါပွလာသည်။ နောက်ဆုံးတွင် ဂျဲနက်သည် ဆုံးဖြတ်ချက်တခုကို ချလိုက်၏။ မနက်ဖြန်ကျယင် သူကစ၍ ဒက်ဇာကို ဖက်နမ်းမည်။ ထိုအခါမှ အိပ်ပျော်သွားသည်။

နောက်တနေ့မနက် ဒက်ဇာသည် မြို့သားအဝတ်အစားဖြင့် ပေါက်လာသည်။ သူ့မျက်နှာက စိုးရိမ်နေသည့် အမူအရာ။ ဂျဲနက်ပြောသည့် စကားကို နားမထောင်နိုင်။

“ဦး ပါရီကို ပြန်တော့မယ်ဟေ့၊ ချက်ချင်း ပြန်ရမှာ”

“ဟင်… မနေတော့ဘူးလား”

ဂျဲနက် အလန့်တကြား အော်လိုက်မိသည်။

“မဖြစ်သေးပါဘူးကွဲ့” ဒက်ဇာက လက်ထဲက ကြေးနန်းစာရွက် ပြာပြာကလေးကို ယမ်းပြသည်။ “ပါရီက ကြေးနန်းရိုက်ပြီး လှမ်းခေါ်လို့၊

အခြေအနေက မမျှော်လင့်ပဲ အရေးကြီးလာတယ်တဲ့”

သူ့စကားကို ကြားလိုက်သည်နှင့် သူကြားနေကျ အမည်တွေကို ဂျဲနက် ပြန်အမှတ်ရလာသည်။ ဟာစ်တလာ၊ ဟိန်းမလား၊ ချိန်ဘာလိန်။ အသံလွှင့်သူတယောက်များ သူ့နားတွင်ကပ်၍ အော်နေသည်လော မသိ။

“စစ်ကြီးတော့ မဖြစ်ဘူး ထင်ပါရဲ့ နော်"

“ဖြစ်မယ်ဆိုယင် ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ်လေ၊ ငြိမ်းချမ်းရေးကိုတော့ ဖြစ်တဲ့နည်းနဲ့ ထိန်းသိမ်းရမှာပေါ့၊ ညည်းလဲမြင်သားပဲ၊ တောကလူတွေ ဘယ်လောက်ပျော်နေကြသလဲ၊ ဒီလို ပျော်နိုင်အောင် ကြိုးစားရမှာပေါ့”

“ဟုတ်တာပေါ့”

ဂျဲနက်က ရောယောင်ပြောလိုက်သည်။ ပြီးမှ အမှတ်ရလာဟန်ဖြင့် ရုတ်တရက် မေး၏။

“နေပါဦး၊ ဦးကကော ဘာဖြစ်လို့ ဒီလောက် အရေးတကြီး ဖြစ်နေရတာလဲ၊ ဦးက ဘာဆိုင်လို့လဲ၊ ဦးကို ဝိုင်အရက်ကုန်သည်ကြီးတယောက်လို့ ထင်နေတာ၊ ခုတော့လဲ ဦးက လွှတ်တော်အမတ်လိုလို၊ ဝန်ကြီးလိုလို ဆိုတော့”

ဒက်ဇာက ရွှင်လန်းစွာ ရယ်လိုက်၏။

“အလိုလေးလေး၊ မဟုတ်ပါဘူးဗျာ၊ ကြားသားမိုးကြိုး၊ ဘယ်က ဝန်ကြီးရမှာလဲ။ ကျုပ်တို့က ကုန်သည်ပါ၊ အဲ ဝိုင်အရက်ကုန်သည်တော့ မဟုတ်ဘူးပေါ့လေ၊ မှတ်ထားဗျ။ ကျုပ်က ညည်းပြောတဲ့ ခပ်ကြောင်ကြောင် သဌေးဒက်ဇာပဲ၊ ညည်းပဲ ပထမနေ့က ပြောခဲ့တယ်လေ၊ မှတ်မိသေးသလား၊ ညည်း ကျုပ်ကိုတော့ စိတ်ထဲက ကျိန်ဆဲမနေနဲ့နော်”

ဂျဲနက်သည် သူ့ကို အံ့အားသင့်လျက် ကြည့်နေမိသည်။ ပထမဆုံးအကြိမ် ယခုမှ မြင်ဖူးသည့်နှယ်။ သန်းကြွယ်သဌေး ဒက်ဇာပါတကား။ လူချမ်းသာ တော်တော်များများကို သူမြင်ခဲ့ဖူးသည်။ ဆောင့်ကြွားကြွား၊ ဘဝင်မြင့်မြင့်၊ သို့ရာတွင် ဒက်ဇာက သူတို့လို မဟုတ်။ လယ်သမားတွေနဲ့ ဝိုင်အတူသောက်သည်။ အင်္ကျီခါးပြတ်ကလေးကို ဝတ်ကာ တတိယတန်းစား ဇာတ်မင်းသမီးတယောက်နှင့်

နေကုန်နေခန်း လျှောက်လည်သည်။ ဘာကြောင့် ဒက်ဇာကို သူစိတ်ဝင်စားခဲ့သည်ကို စဉ်းစား၍မရ။ ယခု သူပြန်တော့မည်။ သူတို့နှစ်ယောက်သည် သစ်ဆည်းလည်းပင်ကြီးအောက်တွင် နှုတ်ဆက်ကြ၏။ ဂျဲနက် သူ့ကို နမ်းလိုက်ချင်သည်။ သို့ရာတွင် ဒက်ဇာက ချက်ချင်း လှည့်ထွက်သွားသည်။ "မနေ့ညနေတုန်းက စဉ်းစားထားတာကတော့ ဒီတခါ ဦးနဲ့တွေ့ယင် ဦးကို နမ်းမလို့ပဲ။ ဒါပေမယ့် မနမ်းတော့ဘူး၊ ဦးပိုက်ဆံတွေကို မက်တယ်လို့ ထင်သွားလိမ့်မယ်"

ဒက်ဇာ၏ မျက်လုံးတွင် မျက်ရည်တွေ ဝဲလာ၏။

"အတူတူပါပဲကွယ်၊ မထူးပါဘူး၊ နမ်းတယ်လို့ပဲ အောက်မေ့လိုက်ရတော့မှာပေါ့"

ဂျဲနက်က ပါးကို ဖြုန်းကနဲ ကောက်နမ်းကာ ကုန်းပေါ်သို့ ပြေးတက်လာခဲ့သည်။

"ဟိုကျယင် ဖုန်းဆက်နော် ဦး၊ ကျွန်မ ဖုန်းနံပါတ်က ဆိုဖရိန်း ၀၈၂၆"

အတန်ကြာ ဝေးသွားသည့်အခါတွင် ဂျဲနက်နောက်သို့ ပြန်လှည့်ပြီး လှမ်းအော်ပြန်သည်။

"ဦးရေ ပါရီရောက်ယင် တွေ့ကြဦးစို့နော်၊ ဟုတ်လား"

ဒက်ဇာ သူ့စိတ်ကို ပြန်၍ ချုပ်တည်းပြီးပြီ။ ပုံမှန်ပြန်ဖြစ်သွားပြီ။ ဒက်ဇာက ခပ်လျောင်လျောင် ပြန်အော်လိုက်သည်။

"ဟုတ်ပြီဟေ့၊ တွေ့မယ်၊ အကယ်၍ စစ်ကြီးမဖြစ်ခဲ့ယင်ပေါ့လေ"

ပြင်သစ်ပြည်ကြီး လုံခြုံငြိမ်းချမ်းရမည်ဟု တက်စက လူတွေ့တိုင်းကို ပြောလေ့ရှိသည်။ ပြောဖန်များလာသည့်အခါတွင် ထိုစကားကို သူကိုယ်တိုင်ပင် တကယ် ယုံကြည်စပြုလာ၏။ "တကယ်လို့များ စစ်ကြီး မဖြစ်ခဲ့ဘူးဆိုယင်" ဟု သူ့ရှေ့တွင် တယောက်ယောက် ပြောမိလျှင် "ကြံကြီးစည်ရာဗျာ၊ ဘယ်ကဖြစ်ရမှာလဲ" ဟု ပိုင်ပိုင်နိုင်နိုင် ပြောတတ်သည်။ ထိုအခါတွင် ကြားရသူကလည်း အဟုတ်ထင်သွားကာ စိတ်အေးသွားသည်။ ပြုံးနိုင်လာသည်။ တက်စသည် သိတန်သလောက်တော့ သိသည်ဟု ထင်ကြသည်။ သို့ရာတွက် တက်စ ဘာမျှမသိ။ သူလည်း အများတကာလို စစ်ဖြစ်မည်လော၊ မဖြစ်ဘူးလော ဆိုသည်ကို တွေးနေဆဲ။ သို့ရာတွင် သူ့ကိုကြည့်ရသည်က တည်တည်ငြိမ်ငြိမ်။ ဘာကြောင့် ဤမျှတည်ငြိမ်နေသည်ကိုမူ မည်သူမျှ မပြောနိုင်။ လူတွေ အေးအေးဆေးဆေး ဝိုင်အရက်ကလေး သောက်နေသည် မြင်ရသောကြောင့်လော၊ သူ့အပျော်မယား ပေါလက်၏ အယုအယကြောင့်လော။ လွှတ်တော်အတင်းအဖျင်းတွေကြောင့်လော။ မည်သည့်အတွက်ကြောင့် ဤမျှ ငြိမ်နေသည်ကိုမူ မသိနိုင်။ လောကကြီးတခုလုံးသည် သူ့အဖို့ နားလည်နိုင်သည့် အရာ၊ ပြည့်စုံနေသည့် အရာဟု သူထင်ပုံရသည်။ ဘာမဟုတ်သည့် ဆူဒေတန်ဂျာမန်တသိုက်ကြောင့် စနစ်တကျ ဖွဲ့စည်းထားသည့် လူ့ဘဝကြီး ဖရိုဖရဲ ဖြစ်သွားရမည် ဆိုသည်မှာ လားလားမျှ မဖြစ်နိုင်။

စက်တင်ဘာလသို့ ရောက်လာသည်။ ဘာလင်မှ ကြေးနန်းသတင်းများ အလိုအရဆိုလျှင် စစ်ဖြစ်ဖို့ နီးသည်ထက် နီးလာပြီ။ စိတ်ချမ်းသာစရာတွေကိုတွေးပြီး စိတ်ချမ်းသာအောင် ကြံဖန်နေ၍ မဖြစ်တော့။ မုန်တိုင်းကြီး စဖြစ်သည့်အချိန်တွင် တက်စသည် လွိုင်ရေးမြစ်ဘေးရှိ သူ့တောအိမ်ကလေးသို့ စစ်ပြေးမည့်ဆဲဆဲ။ အခြေအနေ ဤမျှ အရေးကြီးနေကြောင်းကို မည်သူမျှ သဘောမပေါက်ကြ။ သတင်းစာ သတင်းများကိုလည်း မည်သူမျှ မယုံကြ။ မေလကတည်းက စစ်ကြီးဖြစ်တော့မည်ဟု သတင်းစာများက ဖားအော်သလို အော်ခဲ့ကြသည် မဟုတ်လော။ "ဘာမှ မဟုတ်ပါဘူး၊ ပြီးတော့လဲ ပြီးသွားမှာပါ" ဟု ခပ်ပေါ့ပေါ့ သဘောထားလိုက်ကြသည်။ အားလပ်ရက် ခရီးထွက်သူများကလည်း ထွက်မြဲ။ ပင်လယ်ကမ်းခြေတွင် နေဆာလှုံသည့်လူက လှုံမြဲ။ ရေခဲတောင်များသို့ တက်သူက တက်မြဲ၊ ငါးမျှားသူက ငါးမျှားမြဲ။ နွေးထွေးအေးချမ်းသည့် အပန်းဖြေစခန်းများထဲတွင် သတင်းစာထဲက ကြေးနန်းသတင်းများသည် တကယ့်အဖြစ်နှင့် ဝေးကွာနေကြသည်။ သံအမတ်များ၏ အစီရင်ခံစာ၊ သတင်းပို့ချက်များကြောင့် သူတို့တတွေ အပန်းဖြေလမ်းလျှောက်သည့်ကိစ္စ၊ သူတို့တတွေ အပန်းဖြေ

ပင်လယ်ရေချိုးသည့်ကိစ္စကို ရပ်လိုက်ရတော့မည်လော။ သံအမတ်များ၏ အစီရင်ခံစာများသည် သူတို့ဘဝကို မည်သို့ပြောင်းလဲစေနိုင်သနည်း။ ဘာဆိုင်သနည်း။ ဤသည်ကို သူတို့ နားမလည်နိုင်။

တက်စသည် တာဝန်ကို ကြောက်နေသည်။ သူ ကလိမ်ကျခဲ့ခြင်း၊ ပြိုင်ဘက်ကို သိက္ခာချခဲ့ခြင်း၊ ဖားတန်သူကို ဖားခဲ့ခြင်းမှာ ဤလို စိတ်ပျက်စရာ ကာလပျက်တွင် ဝန်ကြီးတက်လုပ်ဖို့ မဟုတ်။ တခါတရံတွင် တက်စသည် သက်ပြင်းတချချဖြင့် အတိတ်ကိုလွမ်းသည်။ ချမ်းသာသည့် အပျိုကြီးကို လည်လှီးသတ်ပြီး လုခဲ့သည့် လူသတ်သမားကို တရားရုံးတွင် ကာကွယ်ပေးရသည်က လွယ်သေးသည်။ လူသတ်သမားက စကားကြီး စကားကျယ်တွေမပြော။ ရိုးသားသည်။ ယခု ခေတ်ပျက်ကြီးတွင် ဝန်ကြီး တက်လုပ်ခဲ့မိသည်မှာ မှားပြီ။ သို့ရာတွင် ဝန်ကြီး ဆိုသည့်ရာထူးကို သူ မည်သည့်နည်းနှင့်မျှ လက်မလွှတ်နိုင်။ စင်စစ် အာဏာဆိုသည်မှာ အလွန်အရသာရှိသည့် ပစ္စည်း။ ဝန်ကြီး ဖြစ်ပြီးသည့်နောက်တွင် တက်စသည် ဆယ်နှစ်လောက် နုပျိုသွားသည်ဟု ထင်ရသည်။ ဤသည်ကို သူ့အပျော်မယား ပေါလက်ပင် သတိထားမိသည်။ တက်စကို ကြည့်လျှင် ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွ။

“အင်း… ဒီအချိန်ဟာ တကယ်ရာဇဝင်တွင်မယ့် အချိန်ကြီးပေပဲ၊ ဝန်ကြီးတွေ တလှေကြီး ရှိပေမယ့် မကြာခင်မှာ လူတွေက သူတို့ကို မေ့သွားကြမှာ၊ ဒါပေမယ့် ငါကတော့ သူတို့လို အဖြစ်မခံနိုင်ဘူး၊ ငါ့မြစ်တွေ၊ တီတွေ၊ တွတ်တွေ၊ ကျွတ်တွေက ငါ့အကြောင်းကို နောင်မှာ ဖတ်ကြလိမ့်မယ်၊ ငါဟာ ပြင်သစ်ပြည်ကြီးရဲ့ ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားနိုင်ဖို့ လိုတယ်၊ ပြင်သစ်ပြည်ကြီးကို ငါကယ်တင်ရမယ်”

တက်စ တယောက်တည်း တွေး၏။

အခြေအနေက နေ့စဉ်နှင့်အမျှ တင်းမာလာသည်။ ဂျာမန်တို့ကို ရပ်တန်းကရပ်အောင် တခုခုတော့ လုပ်ရတော့မည်။ သို့ရာတွင် အင်္ဂလိပ်က တုတ်တုတ်မျှ မလှုပ်။ ပြင်သစ်ပြည်ကြီးကို ပြန်ကြည့်လိုက်သည့်အခါတွင် မညီမညွတ်။ ဖရိုဖရဲ။ တက်စက ဝန်ကြီး ဖလန်ဒင်ကို ခေါ်ကာ “ငြိမ်းချမ်းရေးကတော့ အပ်ချည်နဲ့ ဆိုင်းထားသလို တဲတဲကလေး

ကျွန်တော့်တယ်ဗျ” ဟု ပြော၏။ ထိုစကားလုံးများကို စိတ်ညစ်ညစ်ရှိတိုင်း တဖွဖွ ရွတ်သည်။ ပြဿနာများအားလုံးသည် ချက်ကိုစလိုဗားကီးယားကြောင့် ဖြစ်သည်ဟု တက်စ ယူဆ၏။ ထိုစဉ် မုတ်ဆိတ်မွေး ထူလပျစ်နှင့် ဖိုးဂျက်ကို တွေ့သည်။ ဖိုးဂျက်က ရေးခေတ် နိုင်ငံရေးသုခမိန် ကလီမင်ဆော၏ စာပိုဒ်အချို့ကို ရွတ်ကာ လွတ်လပ်မှု အရေးကြီးကြောင်း အော်ကြီးဟစ်ကျယ် ပြောသည်။ “ပြင်သစ်ပြည်ကြီးတော့ ဒုက္ခရောက်တော့မယ်” ဟု ပြော၏။ တက်စက အထိတ်တလန့်ဖြင့် “ဘာတွေကို ဒီလောက် အော်နေတာလဲဗျ၊ ကျွန်တော်တို့လဲ ချက်လူမျိုးတွေကို ကြည့်မနေပါဘူး။ ကျွန်တော် တာဝန်ခံပါတယ်” ဟု နှစ်သိမ့်သည်။ မုတ်ဆိတ်မွေး ထူလပျစ်နှင့် ဖိုးဂျက်၏ အမျက်ဒေါသကို မနည်းလွတ်အောင် ရှောင်ခဲ့ပြီးနောက် “အင်း... ဘာလိုလိုနဲ့ စစ်ထဲ တကယ်ဝင်တိုက်ရတော့မယ့်ပုံ ဖြစ်နေပြီ” ဟု ညည်းသည်။

ပရပ်ရှိ သံအမတ်ထံမှ ကြေးနန်းတစောင် သူ့လက်ထဲသို့ ရောက်လာသည်။ သူ့ကြေးနန်းအရ ဆူဒေတန်နယ်ထဲရှိ ဂျာမန်တို့က ချက်အစိုးရကို လက်နက်ကိုင် ပုန်ကန်ကြတော့မည်။ ဟစ်တလာ၏ ဂျာမန်တပ်များက သူတို့ “ညီအစ်ကိုများကို ကာကွယ်ရန်” ဟူသော အကြောင်းပြချက်ဖြင့် နယ်စပ်ကို ဖြတ်ကျော်ကြတော့မည်။ ချက်ကိုစလိုဗက် သမ္မတ ဘင်းစ်က ချက်ကိုစလိုဗားကီးယား၏ အချုပ်အခြာအာဏာကို အာမခံထားသည့် နိုင်ငံကြီးများက ဟစ်တလာကို ဝိုင်း၍ အရေးယူပေးရန် တောင်းဆိုနေသည်။ တက်စ အကြံထုတ်၏။ ချက်လူမျိုးများကို သူကယ်နိုင်ပါမည်လော။ သူ့ကယ်ဖို့ထား၊ ကိုယ့်ကိုယ်ကိုယ်မှ အနိုင်နိုင်။ ပြင်သစ်ပြည်ကြီးက ပြိုကွဲတော့မည်။ နေ့လား ညလား ရွေးနေရသည့်အချိန်။ လက်ယာဂိုဏ်းက ပုန်ကန်ထကြွမည်ဟု ခြိမ်းခြောက်နေသည်။ ဝန်ကြီးချုပ် ဒလားဒီးယားက ဒေါနအရက်ချိုကို စုပ်ယင်း “ပြင်သစ်ပြည် လယ်သမားတွေကို စစ်မြေပြင်ပို့ပြီး အခြောက်တိုက် အသေမခိုင်းနိုင်ဘူး” ဟု ဆိုနေသည်။ သမ္မတ လီဗရွန်းက ငိုနေသည်။ ဒင်းနိစ်၏ မိတ်ဆွေ ကွန်မြူနစ်များက အစိုးရဆန့်ကျင်ရေး ဆုံးဖြတ်ချက်များကို ချကာ သပိတ်တွေမှောက်အောင် မီးမွှေးနေသည်။ ဟုတ်သည်။ ဝန်ကြီးလုပ်ပြီး တိုင်းပြည်ကို ကာကွယ်ရသည့် အလုပ်သည် တရားခွင်တွင် ကြောက်စရာအကောင်းဆုံး လူသတ်သမားကို ကာကွယ်ရသည့် ရှေ့နေအလုပ်ထက် ခက်သည်။

သူ့စာကြည့်ဆောင်ထဲတွင် စိတ်ပျက်ပျက်ဖြင့် နှပ်ညှစ်နေစဉ် အခန်းထဲသို့ ဘရီကျူး ဝင်လာ၏။ နောက်ထပ် စိတ်မချမ်းသာစရာတခုတော့ ကြားရဦးမည်။ ဆူဒေတန် ပြဿနာကြောင့် စိတ်ညစ်နေရသည့်အထဲတွင် ဘရီကျူးဆိုသည့် ဖက်ဆစ်ကို ချော့ရဦးမည်။ လူဆန်းနှင့် ပျောက်သွားသည့် ဂရမ်ဒယ်၏စာကို ချက်ချင်း အမှတ်ရကာ ထောင်းကနဲ ဖြစ်လာသည်။ ငှက်နူတ်သီးလို ချွန်နေသည့် သူ့နှာခေါင်းသည် ပွစိပွစိ ဖြစ်လာ၏။

"ကျုပ်တို့တော့ စစ်ထဲ ဝင်တိုက်ရတော့မယ် ထင်တယ်ဗျ"

တက်စက ပြောသည်။

"ဘယ်တိုက်နိုင်မလဲ၊ ခင်ဗျားသိသားပဲ၊ ကျွန်တော်တို့ တိုက်လဲ မတိုက်ရဘူး၊ တိုက်လဲ မတိုက်ဘူး၊ တိုင်းပြည်ကို ထိန်းမှဖြစ်မယ်၊ လူတွေ အထိတ်တလန့် ဖြစ်တာနဲ့ ကျွန်တော်တို့တိုင်းပြည် စီးပွားရေးမှာ ထိခိုက်နေပြီ၊ ဒီနေ့ဆိုယင် ရွှေဈေးမှာ..."

"ခက်တာက ဆူဒေတန်ဂျာမန်တွေက ဒီအပတ်ထဲမှာ ချက်အစိုးရကို ပုန်ကန်တော့မလို ဖြစ်နေတယ်ဗျ၊ အားလုံး အဆင်သင့် ဖြစ်နေပြီ၊ သူတို့ပုန်ကန်ယင် ဂျာမန်ကလဲ နယ်စပ်ကိုဖြတ်ပြီး ဝင်လာမှာပဲ၊ ဒါကို ဘယ်သူတွေက ဆန့်ကျင်မလဲ၊ ကွန်မြူနစ်တွေ၊ ပြည်သူ့တပ်ဦး ဘက်သားတွေ၊ မော်စကိုရဲ့ နောက်လိုက်တွေ၊ ဖိုးဂျက်တို့လို လူတွေက ဆန့်ကျင်မှာပေါ့။ ဒီကောင်တွေက ချက်ကိုစလိုဗားကီးယားကိုလဲ ဂရုမစိုက်ပါဘူး၊ သူတို့အင်အားတောင့်အောင် လုပ်ချင်တာပါ၊ ပြင်သစ်လူမျိုးတရာမှာ ဆယ်ယောက်က ဟစ်တလာနဲ့ စေ့စပ်စေချင်တယ်ဗျ၊ ငါးယောက်က ချက်ကိုစလိုဗားကီးယားဘက်က ထောက်ခံတယ်ဗျ၊ ကျန်တဲ့လူတွေကတော့ ဘာကိုမှ စိတ်မဝင်စားဘူး၊ နိုင်ငံရေးကို ငြီးငွေ့နေတယ်၊ ခင်ဗျားဟာ ကွန်မြူနစ်တွေကို နောက်မြီးဆွဲလိုက်မှာ မဟုတ်ဘူးလို့ ကျွန်တော်ယုံတယ်"

"ဒါက ကွန်မြူနစ်တွေရဲ့ ကိစ္စ မဟုတ်ပါဘူးဗျ၊ ချက်လူမျိုးတွေရဲ့ ပြဿနာပါ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ချက်တွေဟာ မော်စကိုရဲ့ မဟာမိတ်တွေဗျ"

"ကျွန်တော်တို့ရဲ့ မဟာမိတ်ကော မဟုတ်ဘူးလား၊ ချက်ကိုစလိုဗားကီးယားနဲ့ မဟာမိတ်စာချုပ်ချုပ်ပြီး လက်မှတ်ထိုးတာဟာ ကွန်မြူနစ်ခေါင်းဆောင် ကေချင် မဟုတ်ဘူးဗျ။ လာဗယ် ထိုးခဲ့တာ၊ နိုင်ငံခြား ဆက်ဆံရေးကိစ္စတွေမှာ တပါတီရဲ့ အကျိုးကို ကြည့်လုပ်လို့ မရဘူးဗျ၊ တမျိုးသားလုံးရဲ့ အကျိုးကို ကြည့်ရမှာပဲ"

"ကျွန်တော်တို့ဟာ တာဝတိံသာမှာ တက်နေတာ မဟုတ်ဘူးဗျ။ ကိစ္စတခုနဲ့ တခုဟာ ဆက်နေတယ်၊ စပိန်က မင်းမဲ့ဝါဒသမားတွေကြောင့် ကျုပ်တို့ ပြင်သစ်လူမျိုးတွေ အသေမခံနိုင်ဘူးလို့ ခင်ဗျားလဲ ပြောခဲ့ဖူးတယ် မဟုတ်လား၊ ကဲ ခင်ဗျားပြောသလား မပြောခဲ့ဘူးလား၊ ခုလဲ ဒီအတိုင်းပဲဗျ။ တမင်ဖန်တီးလုပ်ယူထားတဲ့ အတုအယောင်နိုင်ငံတခုအတွက် ကျွန်တော်တို့ ပြင်သစ်တွေ အခြောက်တိုက် အသေမခံနိုင်ဘူး၊ ပြီးတော့ ပိုဆိုးတာက အဲဒီအတုအယောင်နိုင်ငံက မော်စကိုရဲ့ နောက်လိုက်၊ ကရင်မလင်က သတ္တဝါတွေက လှမ်းပြီးကြီးစိုးနေတာ၊ ဒီမှာ တက်စ၊ ခင်ဗျားသိတယ်၊ ချက်ကိုစလိုဗားကီးယားဟာ မော်စကိုရဲ့ ရှေ့ပြေးကင်းစခန်းဗျ။ ဒီကင်းစခန်းကို ဟစ်တလာက ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်ဘူး၊ အုတ်တံတိုင်းပေါ်က ကျော်ပြီး ဝင်ချမှာပဲ၊ ဒါ ရှင်းရှင်းလေးပဲ"

ဘရီကျူး၏ တင်းမာ၍ အရိုးငေါငေါ ပေါ်နေသည့် မျက်နှာကို တက်စကြည့်သည်။ ဖိုးဂျက်ပေးထားသည့် ဂရမ်ဒယ်၏စာ ပျောက်သွားသည်ကို ဘရီကျူး သိသလောဟု စဉ်းစားနေသည်။ တက်စက တိုက်ရိုက်ဖွင့်မေးလိုက်၏။

"ဂရမ်ဒယ်နဲ့ ပတ်သက်လို့ ခင်ဗျား ဘယ်လို သဘောထားသလဲ"

ဘရီကျူးက ပခုံးကို တွန့်လိုက်၏။

"ကျွန်တော် အရေးကြီးတဲ့ ကိစ္စတွေကို ပြောနေတာ၊ ခင်ဗျားက ဘာမဟုတ်တဲ့ အသေးအဖွဲကလေးတွေကို လျှောက်မေးနေတယ်၊ တော်ပြီဗျာ၊ ကျွန်တော် မပြောတော့ဘူး"

ဘရီကျူး ပြန်ထွက်သွားသည့်အခါတွင် တက်စသည် လွှတ်တော်ထဲက မဲအခြေအနေကို တွက်ကြည့်သည်။ လက်ယာဂိုဏ်းက ပွဲထွက်သွားပြီ။

တနည်းပြောရလျှင် မဲနှစ်ရာ့လေးဆယ် လျော့သွားပြီ။ ဘရီကျူး ပြောသွားသည့် စကားများထဲတွင် တချက်တော့မှန်သည်။ ယင်းမှာ အခြားမဟုတ်။ ပြင်သစ်ပြည်ကြီး ကွဲပြဲနေပြီ ဆိုသည့်အချက်ဖြစ်သည်။ ဤအချိန်တွင် တိုင်းပြည်က အာရုံပြောင်းသွားအောင် ဂရမ်ဒယ်၏စာကို ထုတ်ဖော်ဖွင့်ချလိုက်ရမည်လော။ သို့ရာတွင် မဖြစ်သေး။ သူ အရှုံး ဖြစ်လိမ့်မည်။ သူ့တွင် ဘာအထောက်အထား ခိုင်ခိုင်မာမာ ရှိသနည်း။ ဂရမ်ဒယ်၏စာကို ကိုင်ပြီး ဘာလင်ကို ခြိမ်းခြောက်ရမည်လော။ သိပ်တော့ မလွယ်။ ကျားမြီးကို ဆွဲသလို အန္တရာယ်ကြီးသည့်ကိစ္စ ဖြစ်သည်။ ဗိုလ်ချုပ်ဂိန်မလင်က "ချက်ကိုစလိုဗားကီးယားသည် ပြင်သစ်ပြည်အဖို့ မဂ္ဂီနော့ ခံတပ်ကြီးဖြစ်ကြောင်း၊ ထို့ကြောင့် ချက်အစိုးရကို ပြင်သစ်ပြည်က အကာအကွယ်ပေးသင့်ကြောင်း" ဖြင့် သုံးနာရီလောက် ပြောသွားသည်။ သို့ရာတွင် ဝန်ကြီးချုပ် ဒလားဒီးယားက တချက်တချက် ဝင်ထောက်လိုက်သည်တွင် ဗိုလ်ချုပ်ဂိန်မလင် နောက်ဆုတ်သွား၏။ "တပ်မတော်ကတော့ အစိုးရအမိန့်အတိုင်း လုပ်ရမှာပါ" ဟု ပြောသွားသည်။ ဟုတ်သည်။ အမိန့်ကို နာခံရသည်က လွယ်သည်။ အမိန့်ပေးရသည်က မလွယ်။

ညစာ မစားမီတွင် တက်စသည် သူ့မိတ်ဆွေ ဗိုလ်ချုပ်ပီးကာ့ကို အခေါ်လွှတ်လိုက်၏။ ပီးကာ့ကို သူယုံသည်။ ပီးကာ့ကို ကြည့်ရသည်က နုပျိုလျက်။ တည်တည်ငြိမ်ငြိမ်။ အနိုင်မခံ အရှုံးမပေးသော ပြင်သစ်တပ်မတော်ကြီးကို ကိုယ်စားပြုနေသည့်ဟန်။ ဘရီကျူးနှင့် ဖိုးဂျက်တို့လို သူ့ထံ ဒေါသတကြီးဖြင့် ရောက်လာခြင်း မဟုတ်။ ပြဿနာကိုလည်း ဝေ့လည်ချောင်ပတ် မလုပ်။ သူ့ထင်မြင်ချက်များ အေးအေးဆေးဆေး ရှင်းပြသည်။

"ကျွန်တော်ကတော့ နိုင်ငံရေးအမြင်တွေ ဘာတွေနဲ့ မကြည့်တတ်ဘူးဗျ။ စစ်သားဆိုတော့ ရှင်းရှင်းပဲ" ပီးကာ့က ပြော၏။ "ချက်ကိုစလိုဗားကီးယား ကျသွားယင် ကျွန်တော်တို့အဖို့ ခံတပ်ကြီးတခု ကျဆုံးသွားတာနဲ့ အတူတူပဲဆိုတာ မှန်တယ်၊ ဒါပေမယ့် အရှိကို အရှိအတိုင်း ရင်ဆိုင်ဖို့တော့ လိုလိမ့်မယ်၊ ခုနေအခါမှာ ကျွန်တော်တို့တပ်ကို တိုးချဲ့ဖို့ လုပ်မယ်ဆိုယင်တော့ သိပ်မလွယ်လှဘူး၊ လူထုရဲ့ သဘောထားကို ခင်ဗျားလဲ သိသားပဲ၊ ဆူဒေတန်နယ်အတွက် ကျွန်တော်တို့က ဘာဖြစ်လို့ ဝင်တိုက်ပေးရမယ် ဆိုတာကို လူထုက နားမလည်နိုင်ပဲ ဖြစ်နေတယ်ဗျ။ ကိုယ့်ကိုယ်ကိုယ် ကြိုတင်ကာကွယ်ဖို့အတွက် ဝင်တိုက်ရပါတယ်လို့ ပြောလို့လဲ မဖြစ်သေးဘူး၊ ဒီလိုစစ်မျိုးကို လူထုက မတိုက်ချင်ဘူး၊ ဂျာမနီနဲ့

ပတ်သက်လို့ကတော့”

“ချက်ကိုစလိုဗားကီးယားကတော့ ခံတိုက်လိမ့်မယ် ထင်တယ်”

“ခံတိုက်တာ ကောင်းပါတယ်၊ ဒါပေမယ့် သူတို့ ဘယ်လောက် ခံတိုက်နိုင်မှာလဲ။ အလွန်ဆုံး ခံတိုက်နိုင်ယင် တပတ်ပေါ့။ ဂျာမန်က ညှပ်တိုက်မယ့်ပုံပဲဗျ။ အဓိက ပြုတိုက်မှာက ဩစထရီးယားဘက်ကနေ တိုက်မှာပဲ၊ ဟန်ဂေရီတို့၊ ပိုလန်ဘက်ကလဲ ဝင်မှာပဲ၊ ဒီကောင်တွေကလဲ ဂျာမန်ဘက်က ဝင်တိုက်ပေးရတော့မှာပဲ၊ ဒီတော့ ဂျာမန်ဟာ ကျွန်တော်တို့ဆီကို ချက်ချင်းလှည့်လာမှာပဲ၊ ကျွန်တော်တို့မှာ မဂ္ဂီနော့ခံတပ်တော့ ရှိသပေါ့လေ၊ ဒါပေမယ့်”

“ဒါပေမယ့် ဘာဖြစ်သလဲ”

“ကျွန်တော်တို့မှာ လေယာဉ်ပျံအကောင်းဆိုလို့ နည်းနည်းပဲ ရှိတယ်ဗျ၊ ပြီးတော့ ကျွန်တော်တို့ လေတပ်ကလဲ လေ့ကျင့်မှု သိပ်ရှိတာ မဟုတ်ဘူး၊ လေယာဉ်ပစ်အမြောက်ကလဲ ခေတ်မီတော့တာ မဟုတ်ဘူး၊ စပိန်ပြည်က အတွေ့အကြုံတွေကို ကြည့်ယင်...”

“ဒါဖြင့် ကျွန်တော်တို့ ဟစ်တလာကို ခံတိုက်လို့ မဖြစ်နိုင်ဘူး ဆိုပါတော့ဗျာ”

တက်စ စကားဖြတ်၍ မေးလိုက်သည်။ ပီးကာ့က ယဉ်ကျေးစွာ ပြုံးလိုက်၏။

“စစ်သားတယောက်အဖို့ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။ ဒါပေမယ့် ဘက်ပေါင်းစုံကတော့ ချိန်ထိုးကြည့်ရလိမ့်မယ်၊ စစ်ရှုံးတာနဲ့စာယင် ချက်ကိုစလိုဗားကီးယားကို ထိုးပေးလိုက်တာက ပိုကောင်းမယ်လို့ ထင်တယ်”

ပီးကာ့ ရောက်လာသည့်အခါတွင် တက်စ အားရှိသွားသည်။ ယခု စကားပြောကြည့်လိုက်သည့်အခါတွင်မူ စိတ်ဓာတ်ကျသွားပြီ။ ပီးကော့ ပြောသွားပုံက လန့်စရာ။ မကြာခင်ပင် ပါရီမြို့ကြီး ဟစ်တလာ ခြေဖဝါးအောက် ရောက်တော့မည့်ပုံ။ ဟုတ်သည်။ ပီးကာ့လို လူတယောက်ပင် ဤမျှ

တွက်ချက်နိုင်လျှင် ဂျာမန်တို့ကလည်း တွက်ပြီးသား ဖြစ်လိမ့်မည်။ ဂျာမန်တို့ကို မဖြစ်ညစ်ကျယ် သွားလုပ်၍ မရ။ သူ ဘာလုပ်ရမည်နည်း။ အလျှော့ပေးလိုက်မည်လော။ သို့ဖြစ်လျှင် ပြင်သစ်ပြည်ကြီး၏ အခန်းကဏ္ဍသည် ဤမျှသာလော။ ပြင်သစ်ပြည်ကြီး၏ ဂုဏ်သိက္ခာကို မထိခိုက်တော့ပြီလော။ တက်စသည် ဤသည်ကို တွေးယင်း အကြီးအကျယ် ဒေါပွနေသည်။ ပြင်သစ်နိုင်ငံတော်ကြီး၏ ဝန်ကြီးတယောက်ဖြစ်သည့် မိမိသည် ဘယ်လဂျီယန်လို၊ ပေါ်တူဂီလို နိုင်ငံငယ်ကလေးက ဝန်ကြီးအဆင့်သို့ လျှောကျသွားရတော့မည်လော။ သူ့ရင်ထဲတွင် ဇာတိမာန်စိတ်ဓာတ်တို့ တဖွားဖွား ပေါ်လာသည်။

ဆည်းဆာရောင်သမ်းနေသည့် စာကြည့်ဆောင်ထဲတွင် ထိုင်ယင်း ဗာဒွန်းတိုက်ပွဲကို အမှတ်ရသည်။ ပထမကမ္ဘာစစ်အတွင်းက ကျဆုံးသွားခဲ့ကြသည့် ရဲဘော်များကို အမှတ်ရသည်။ ၁၉၁၈ ခုနှစ်က ရခဲ့သည့် အောင်ပွဲကို အမှတ်ရသည်။ ဟုတ်သည်။ ထိုအောင်ပွဲအထိမ်းအမှတ် ကျောက်တိုင်ကြီးကို အမှတ်ရသည်။ လာ့ဒ်မြို့တွင် အောင်ပွဲအထိမ်းအမှတ်အဖြစ် ငှက်ရုပ်ကြီးကို ထုလုပ်ထားခဲ့ကြသည်။ ငှက်ရုပ်ကြီးက တောင်ဟုန်ဖြန့်လျက်။ ကြွားကြွားလျားလျား။ သို့ရာတွင် ငှက်ရုပ်ကြီးတွင် ခေါင်းမရှိတော့။

ဒက်ဇာနှင့် အတူသွား၍ ညစာစားကြသည်။ ဒက်ဇာသည် သူ အစားကောင်း အသောက်ကောင်း ကြိုက်တတ်သည်ကို သိသည်။ သို့ရာတွင် ယနေ့ည စားရမည့် ညစာသည် ခံတွင်းတွေ့ဖွယ်မရှိ။ တက်စသည် ဟင်းအမည်စာရင်းကိုပင် မကြည့်မိ။ သူတို့သွားသည့် နေရာက မာဆေးလ်ပျော်ပွဲစားရုံ ဖြစ်ရမည်။ ကြက်သွန်ဖြူနှင့် စပျစ်ရွက်ကို ဆီသတ်ပြီး ကြော်သည့် ငါးကြော်နံ့ကို ရရုံဖြင့် မာဆေးလ်အစားအသောက်ရောင်းသည့် စားသောက်ဆိုင်မှန်း သိနိုင်သည်။ တခြားအချိန်သာဆိုလျှင် တောင်ပိုင်းသားတို့ မည်မျှ အချက်အပြုတ်ကောင်းကြောင်းကို မိန့်ခွန်းကြီးတခု ပြောသည့်ပမာ စိတ်ပါလက်ပါ ချီးကျူးခန်း ဖွင့်လိမ့်မည်။ သို့ရာတွင် ဘာမျှ မပြောနိုင်။ ရာထူးမဲ့ အာဏာမဲ့ ဖြစ်ရခြင်းသည် မည်မျှ ခါးသီးနာကျည်းဖွယ်ကောင်းကြောင်းကို တွေးနေသည်။

ဒက်ဇာက ပြုံးလိုက်၏။

"ဝိုင်အရက်ဖြူ စိမ်ထားတဲ့ ကျောက်ပုစွန်ကြော်ကလေးများ ရယင်တော့

မဆိုးဘူးဗျ၊ ဘာလိုလိုနဲ့ ကျွန်တော်တို့တတွေလဲ တိုင်းပြည်မှာ တကယ်တာဝန်ရှိတဲ့ လူကြီးတွေ ဖြစ်နေပြီနော”

ပြောမည့်သာ ပြောရသည်။ ဒက်ဇာကိုယ်တိုင်လည်း ရွှင်ရွှင်ပျပျ မရှိလှ။ ဒက်ဇာတွင် ထူးခြားချက်တခု ရှိသည်။ ယင်းမှာ အခြားမဟုတ်။ တနေ့အတွင်းတွင် အနှစ်နှစ်ဆယ်စာလောက်လည်း အိုစာသွားနိုင်သည်။ သို့မဟုတ် အနှစ်နှစ်ဆယ်စာ လောက်လည်း နုပျိုသွားနိုင်သည် ဆိုသည့်အချက်ဖြစ်သည်။ သစ်ဆည်းလည်းပင်ကြီးအောက်တွင် ဂျဲနက်နှင့် တွေ့ခဲ့ကြတုန်းက အချစ်နာကျနေသည့် အလွမ်းသမားကြီးတယောက်။ ယခုဖြစ်နေပုံက ဝဝတုတ်တုတ်၊ မှုန်ကုပ်ကုပ် ဖြစ်နေသည့် လူကြီးတယောက်။ ယခုနေသာ ပြန်တွေ့လျှင် မှတ်မိနိုင်ဖွယ်ရာပင် မရှိ။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းမှစ၍ ဒက်ဇာ၏ အခြေအနေသည် အနည်းငယ် ဆိုးလာခဲ့သည်။ သူ မိုးကောင်းတုန်းကဆိုလျှင် ဒက်ဇာတို့ မတတ်နိုင်သည့် အရာဟူ၍ မရှိ။ သူကြံလျှင် ဖြစ်သည်ချည်း။ အခြားကုမ္ပဏီကြီးတွေ၊ လုပ်ငန်းကြီးတွေကို အလဲထိုးပြီး သူပိုင်လုပ်ငန်းကြီးများကို တည်ထောင်ချင်သလော၊ တည်ထောင်နိုင်သည်။ ရွှေဈေးနှင့် ငွေလဲလှယ်ရေး ဈေးနှုန်းများကို ကျအောင်လုပ်ပြီး စီးပွားရေးအကျပ်အတည်းတခုကို ဖန်တီးချင်သလော၊ ဖြစ်သည်။ ပြင်သစ်အစိုးရအဖွဲ့ထဲက ဝန်ကြီးများကို လက်အိတ်စွပ်သလို အပြောင်းအလဲ လုပ်ချင်သလော၊ ရသည်။ ဘာမျှ မခက်။ သူလုပ်ချင်သည်က ကျောက်ဖြစ်ရုပ်ကြွင်းလို အရိုးချည်း ကျန်တော့သည့် ပြင်သစ်လူ့အဖွဲ့အစည်းကြီးကို အသားထည့်ချင်သည်။ ဇိမ်ရှိရှိ ဖြစ်စေချင်သည်။ ချမ်းသာသုခကို ခံစားစေချင်သည်။ ဤအရာများအတွက် သူတတ်နိုင်သလောက် လုပ်ခဲ့သည်။ သို့ရာတွင် လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်က ပေါ်ပေါက်ခဲ့သည့် အရေးအခင်းများ၊ အပြောင်းအလဲများကို မြင်ရသည့်အခါတွင် ဒက်ဇာ စိတ်ညစ်သည်။ လူ့ဘဝကို ငြီးငွေ့သည်။ သပိတ်များ၊ ဖက်ဆစ်တို့၏ အကြမ်းဖက်မှုများ၊ စပိန်ပြည်တွင်းစစ်၊ ဟစ်တလာက ဩစထရီးယားကို ဝင်သိမ်းခြင်းနှင့် နောက်ထပ် သည်ထက်သည် ကြီးမားကျယ်ပြန့်လာမည့် အကျပ်အတည်းများကို မြင်ရသည့်အခါတွင် သူ့ဘဝသည် ဘာမျှအဓိပ္ပါယ်မရှိတော့။ ကမ္ဘာ့နိုင်ငံရေး ရာသီဥတုက ပြောင်းနေပြီ။ သူမြင်လိုသည်က ငါးမျှားဝါသနာပါသူတွေ၊ ကျေးလက်အကတွေ၊

ရေဒီကယ်ဆိုရှယ်လစ်တွေသာရှိသည့် သမားရိုးကျ ပြင်သစ်ပြည်ဟောင်း၊ ရှေးစဉ်လာမပျက်သည့် ပြင်သစ်ပြည်ဟောင်း။ သို့ရာတွင် ထိုပြင်သစ်ပြည်ဟောင်းကို သူဆက်ထိန်းနိုင်မည့် အလားအလာ မမြင်။ ပဋ္ဌလက်အတတ်ဖြင့်ပင် ကယ်တင်နိုင်တော့မည် မထင်။ ဒက်ဇာသည် သူ့အလုပ်ကို ဆက်၍သာ လုပ်နေရသော်လည်း လုပ်နေကျမို့ ဆက်လုပ်နေရခြင်းမျိုးသာ ဖြစ်သည်။ အစွဲကြီးသည့် ဂျင်သမားလို ရှိသမျှကို တကောင်တည်းတွင် ပုံအောခဲ့ပြီးပြီ။ သို့ရာတွင် ဂျင်ရုပ်သည် သူ့ကို လှောင်ပြောင်သရော်သွားခဲ့ပြီ။ အခြေအနေက အရေးကြီးနေသည်။ လူတွေက သူ့ကို မေးခွန်းတွေ မေးနေကြပြီ။ ထိုမေးခွန်းတွေကို သူပြန်ဖြေရတော့မည်။ သူပြောသည့် စကားလုံးတိုင်းကို အမိန့်ဟု ထင်ကြလိမ့်မည်။

တက်စအဖို့လည်းထို့အတူ။ ယနေ့ညနေ ပျော်ပွဲစားရုံသို့ လာခဲ့ခြင်းမှာ ကျောက်ပုစွန် စားဖို့မဟုတ်။ ဒက်ဇာက သူ့ကို အံ့သြဖွယ် စမြိန်တို့ကို တမျိုးပြီးတမျိုး ကျွေးကာ စိတ်ပြောင်းအောင်လုပ်သည်။ သို့ရာတွင် တက်စ၏ အတွေးများသည် ပါရီမြို့ကြီးကို ဂျာမန်တို့ လုယက်ဖျက်ဆီးမည့်အရေးနှင့် သူ့ကို ဆန့်ကျင်မည့် လက်ယာအမတ်များ၊ မဲများဆီသို့သာ ရောက်နေသည်။

"ဘယ်လိုဖြစ်မယ် ထင်လဲ"

တက်စက အားလျှော့သံဖြင့် မေးသည်။

"ကျွန်တော်တို့ဘက်က လျှော့တော့လျှော့ရလိမ့်မယ် ထင်တယ်၊ ဘရီကျူးနဲ့ကော တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ၊ သူတို့ကတော့ အကြီးအကျယ် ဒေါပွနေတာပေါ့၊ သူတို့အမြင်မှာ ချက်ကိုစလိုဗက် သမ္မတ ဘင်းစ်ကို ကွန်မြူနစ်တယောက်လို့ မြင်နေတာ"

ဒက်ဇာက တဟားဟားရယ်နေသည်။

"သူတို့အမြင်မှာတော့ ဟုတ်မှာပေါ့၊ စပိန်မှာ အာဇညာ တက်လာတုန်းကလဲ ကွန်မြူနစ်လို့ ပြောခဲ့တာပဲ၊ ခုလဲ ဘင်းစ်ကို ကွန်မြူနစ်တဲ့၊ နောက် ဘယ်သူ့ကိုများ ပြောဦးမလဲ မသိဘူး၊ ခင်ဗျားနဲ့ ချိန်ဘာလိန်ပဲ ကျန်တော့တယ်၊ တော်တော်တော့ ရယ်ရတဲ့လူတွေ၊ ဒါပေမယ့် ဘာပြောပြော

အဖြေက ရှင်းပါတယ်၊ ကျွန်တော်တို့ဘက်က လျှော့ရမှာပဲ၊ သူတို့က ဖဲတွေကို အားလုံးရောမွှေပြီး ကုလားဖန် ထိုးပြီးပြီဗျ၊ အခု စစ်ပွဲတွေက အလျင်တုန်းက စစ်ပွဲတွေလို နှစ်ဦးနှစ်ဘက် ရှင်းရှင်းတိုက်တဲ့ စစ်ပွဲတွေ မဟုတ်တော့ဘူး၊ တနွယ်ငင် တစင်ပါ ဆိုသလို အကုန်ရောထွေးကုန်ကြပြီ၊ ခုနေ စစ်ဖြစ်လာယင် ပြည်တွင်းစစ်တွေလဲ ဖြစ်လာတော့မှာပဲ၊ ဟိုတုန်းကတော့ ရှင်းတယ်။ တိုင်းပြည်မှာ အာဏာသိမ်းချင်ယင် မြေအောက်လှုပ်ရှားမှုတွေ လုပ်မယ်၊ လူထုတွေ ဆူဆူပူပူဖြစ်အောင် ဖန်တီးမယ်၊ တပ်ထဲမှာ ပုန်ကန်မှုတွေ ဖြစ်အောင် ဆွပေးမယ်။ ဒီလောက်ပဲ၊ ခု ဒါတွေက ရိုးသွားပြီဗျ။ ခု ကျွန်တော်တို့ တိုင်းပြည်ရဲ့ အပြင်ဘက်မှာ အင်မတန်လက်နက်အင်အားကောင်းတဲ့ နိုင်ငံကြီးတခုရှိနေပြီ၊ သံတမန်တွေ ဘာတွေနဲ့၊ ပိုပြီးဆိုးတာက လေတပ်ဆိုလဲ အလွန်အင်အားကောင်းတဲ့ လေတပ်ကြီး၊ ဒီတော့ ဒီနိုင်ငံကြီးကိုကြောက်တဲ့ နိုင်ငံတွေက ဘယ်သူ့ကို လှမ်းကြည့်နေကြသလဲ၊ ရုရှကိုပဲ လှမ်းကြည့်နေကြရတာပေါ့။ သူ ဘာလုပ်မလဲ၊ ကျွန်တော်တို့နဲ့ ပေါင်းမလား၊ ဟစ်တလာနဲ့ ပေါင်းမလား၊ ကျွန်တော်တို့ဘက်ကို ရုရှပါလာယင် ဒီမှာရှိတဲ့ ဘရီကျူးတို့လိုကောင်တွေ ရှုံးမယ်၊ ရုရှက ကျွန်တော်တို့နဲ့ မပေါင်းပဲ ဟစ်တလာနဲ့ သွားပေါင်းယင် ဘရီကျူးတို့လိုကောင်တွေ ခေါင်းမော့ပြီး ပြင်သစ်အလုပ်သမားတွေ အထိနာမယ်။ တကယ်လို့ ရုရှက ဘယ်ဘက်မှ မပါပဲ ရပ်ပြီးစောင့်ကြည့်နေယင် အားလုံးနာမယ်၊ ခက်တာက ကျွန်တော်တို့ ပြင်သစ်လူလတ်တန်းစားက ရှုံးမှာကိုလဲ ကြောက်တယ်၊ နိုင်မှာကိုလဲ လန့်နေတယ်၊ သူတို့အကြောက်ဆုံးကတော့ မော်စကို အင်အားကောင်းလာမှာကို အကြောက်ဆုံးပဲ၊ ဒါက ဖြစ်နေတဲ့ အခြေအနေ၊ ဒီလိုအခြေအနေမှာ စစ်ထဲဝင်တိုက်ယင် ဘယ်လိုဖြစ်မလဲ၊ ချိန်ကြည့်ပေါ့။ ခုဆိုယင် ကျွန်တော်တို့ ပြင်သစ်အလုပ်သမားတွေက မာဆေးလ် (ပြင်သစ်အမျိုးသားသီချင်း) ကို ဆိုနေကြတယ်၊ ကောင်းပါတယ်၊ ကျွန်တော် သဘောကျပါတယ်၊ ဒါပေမယ့် ဒါကို အဟုတ်ကြီးထင်နေလို့ မဖြစ်ဘူးဗျ၊ သီချင်းဟာ သီချင်းပဲ၊ ကျွန်တော့်အထင်ကတော့ ကျွန်တော်တို့ လျှော့ပေးရလိမ့်မယ် ထင်တာပဲ”

တက်စက တိတ်ဆိတ်စွာဖြင့် ကျောက်ပုဇွန် တပန်းကန်ကို ငေးကြည့်နေသည်။ သူ့မျက်နှာသည် ခါတိုင်းထက် ဖြူရော်လျက်ရှိ၏။ အိုက်သည်ဟုဆိုကာ ပေါင်ပေါ်တွင် တင်ထားသည့် လက်သုတ်ပဝါကြီးဖြင့် နဖူးကိုသုတ်သည်။

“ကျွန်တော်လဲ တော်တော် ပင်ပန်းနေပြီဗျာ” တက်စက ပြောသည်။

"အင်းလေ ဘာပဲဖြစ်ဖြစ် တခုခုတော့ ဆုံးဖြတ်ရတော့မှာပေါ့။ ကျွန်တော်တို့ ဝန်ကြီးချုပ် ဒလားဒီးယား အကြောင်းလဲ ခင်ဗျားသိသားပဲ၊ သူက ဘာမှ လုပ်တတ်တာ မဟုတ်ဘူး၊ အရေးရှိယင် စားပွဲကို လက်သီးနှင့်ထုပြီး 'ကျူပ်... ကျူပ်... ကျူပ်' နဲ့ စကားထစ်နေတာနဲ့ ပြီးတာပဲ။ သူ့ကိုယ်သူကျတော့ နပိုလီယန်လောက် အောက်မေ့တာ၊ ... တကယ်က ဘာမှ နားလည်တာ မဟုတ်ဘူး၊ လူပေါကြီး၊ သူက ဟစ်တလာကို သွားပြီး နားရွက်တံတွေးဆွတ်ချင်တာ၊ ဒါပေမယ့် ဟိုက ဗုံးကြဲလေယာဉ်တွေ လွှတ်လိုက်ယင် ကျွန်တော်တို့ ဒုက္ခများသွားမှာ၊ သူက ဗုံးကြဲလေယာဉ်ငါးရာ လွှတ်လိုက်မယ်ဆိုယင်လဲ လွှတ်နိုင်တယ်၊ ကျွန်တော်တို့မှာက ဘာမှရှိတာ မဟုတ်ဘူး၊ ပီးကာ့က ပြောပြပြီးပြီ၊ ခုတော့ ကျွန်တော်ခေါင်းပေါ်ချည်းပဲ အကုန်ပုံကျနေပြီ၊ ခုဆိုယင် ပရက်က ကျွန်တော်တို့ဆီကို အဖြေတောင်းနေပြီ၊ ကျွန်တော်တို့ကလဲ ကတိပေးခဲ့မိပေသကိုး"

"မကြာခင်က ကျွန်တော် အင်္ဂလိပ်ဝန်ကြီးချုပ် ချိန်ဘာလိန်နဲ့ နေ့လယ်စာ စားခဲ့တယ်ဗျ" ဒက်ဇာကပြောသည်။ "ချိန်ဘာလိန်က တော်တော်လည်တဲ့ ကုန်သည်ဗျ။ အပြောချိုသလောက် တော်တော်ကြောက်စရာကောင်းတဲ့လူ၊ ခဏနေတော့ သူ့အဘိုးက အမွေပေးပစ်ခဲ့တဲ့ အိတ်ဆောင်နာရီတလုံး ကျွန်တော့်ကို ထုတ်ပြတယ်၊ နာရီက ဘဲဥပုံ၊ နောက်ကျောမှာ စာတွေထွင်းထားတယ်၊ 'ကိုယ်မလုပ်နိုင်သည့်အရာကို ကတိမပေးပါနှင့်' တဲ့ဗျ၊ ကုန်သည်တယောက်အနေနဲ့ တော်တော်မှတ်သားစရာကောင်းတဲ့ စကားပဲဗျ။ ကဲပါလေ၊ ဒီလောက်လဲ စိတ်ပျက်မနေပါနဲ့၊ ခင်ဗျားက ဘယ်သူ့ကို ဘာကတိမှ မပေးသေးပဲ၊ ခင်ဗျားအလျင်လူတွေက ကတိပေးခဲ့တာ၊ ခင်ဗျား ဘာတတ်နိုင်မှာလဲ၊ ခင်ဗျားကိုယ်တိုင်က ပေးမိသည့်တိုင်အောင်လဲ ဒါက အရေးမကြီးပါဘူး၊ နိုင်ငံရေးဆိုတာ အရောင်းအဝယ်လုပ်တဲ့ ကိစ္စမှ မဟုတ်ပဲ၊ နိုင်ငံရေးမှာ ရိုးသားနေလို့ ဘယ်ရမလဲ"

"ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ တခုခုကိုတော့ ဆုံးဖြတ်ရမယ် ထင်တယ်"

"ဒိပြင်လူတွေက ကျွန်တော်တို့အတွက် ဆုံးဖြတ်ပေးပါလိမ့်မယ်လေ၊ လွန်ခဲ့တဲ့ တနာရီလောက်တုန်းက ကျွန်တော့်ဆီကို လန်ဒန်က တယ်လီဖုန်း လာတယ်ဗျ။ ဝန်ကြီးချုပ် ချိန်ဘာလိန်က ဟစ်တလာနဲ့ စေ့စပ်ဖို့ ဆုံးဖြတ်လိုက်ပြီတဲ့၊

ဒီအဘိုးကြီးဟာ အလွန်လည်တဲ့လူကြီးပါလို့ ကျွန်တော် မပြောဘူးလား၊ ဒီတော့ ခင်ဗျား ဘာမှ စိတ်ညစ်မနေနဲ့တော့၊ ခုလောလောဆယ်မှာတော့ ကျွန်တော်တို့ဟာ ဖြိုတိသျှဒိုမီနီယန် နယ်လေးတခုလို့ပဲ အောက်မေ့လိုက်တော့၊ သူလုပ်တဲ့အတိုင်း လိုက်လုပ်ရတော့မှာပဲ၊ နောင်တနေ့မှာ ဂျာမနီပြည်ထဲက နယ်လေးတနယ်တောင် ဖြစ်ချင်ဖြစ်ဦးမှာ မဟုတ်လား၊ အဲဒီအခါမှာတော့ ဘရီကျူးက အဓိပတိပေါ့။ တယ်ကောင်း၊ ကဲ ခင်ဗျားလဲ ဘာမှမတတ်နိုင်ဘူး၊ ပြင်သစ်လူမျိုးဟာ ပျော့ညံ့သွားပြီ၊ ဒီတော့ ကျွန်တော် ထပ်ပြောမယ်၊ ကျွန်တော်တို့ လျှော့ရလိမ့်မယ်”

ဒက်ဇာမှာ စောစောကထက်ပင် သုန်မှုန်လာသည်။ သို့ရာတွင် တက်စကမူ ပြုံးလာပြီ။ ချိန်ဘာလိန်က ဟစ်တလာနှင့် စေ့စပ်တော့မယ်ဆိုလျှင် သူ့အစိုးရအနေနှင့် ဘာမျှ ပြောဖို့မရှိတော့။ တာဝန်မရှိတော့။ သူများလုပ်သလို လိုက်လုပ်ရုံမျှသာ။ ဖိုးဂျက်တို့အုပ်စု ဘာမျှပြောနိုင်မည် မဟုတ်တော့။ အမြီးကုပ်ပေးရတော့မည်။ ထိုအခါတွင် လက်ဝဲကရော၊ လက်ယာကရော အစိုးရကို ထောက်ခံရတော့မည်။ ထိုအခါမျိုးကျမှ ရာဇဝင်တွင်လောက်သည့် မိန့်ခွန်းမျိုးကို ပြောလိုက်တော့မည်။ “ဒီလို ကြေကွဲစရာကောင်းတဲ့အချိန်မှာ အမျိုးသားညီညွတ်ရေးဟာ အရေးကြီးတယ်” ဟု ပြောနိုင်ပြီ။

တက်စသည် စောစောက တည်ခင်းသည့် ကျောက်ပုစွန်ကို လက်ဖျားနှင့်ပင် မတို့မိသော်လည်း နွားမြီးဟင်းရွက်စုံကြော်ကိုမူ အဝစားပစ်လိုက်၏။ အားရပါးရ စားပြီးနောက် နှုတ်ခမ်းကို လျက်နေသည်။ တခါတခါတွင် တအေ့အေ့နှင့် လေချဉ်တက်လိုက်သေးသည်။ ထိုနောက် နောက်သို့မှီကာ ခပ်သဲ့သဲ့ ပြုံးလိုက်ယင်း တအံ့တသြဖြင့် ဒက်ဇာကို မေးလိုက်သည်။

“ဟင်... ခင်ဗျား ဘာမှလဲ မစားပါလား”

“ခံတွင်းမတွေ့ဘူးဗျာ”

ထိုအခါကျမှ တက်စသည် ဒက်ဇာကို သတိထား၍ ကြည့်မိတော့သည်။ သူ့ကို ကြည့်ရပုံက ကောင်းကောင်း ကျန်းမာပုံမရ။ ဘက်ပေါင်းစုံ တန်ခိုးသြဇာကြီးသည့် သန်းကြွယ်သဌေးအား အထက်စီးဖြင့် ကျောကို ပုတ်လိုက်ယင်း...

"မပူပါနဲ့ဗျာ၊ ကျွန်တော်တို့ ခုလောလောဆယ်မှာ အလျှော့ပေးလိုက်ရပေမယ့် နောင်နှစ်နှစ်လောက်ဆိုယင် ရင်းစား ပြန်ရမှာပါ။ ခုလောလောဆယ်မှာ ကျွန်တော်တို့ လုပ်ရမယ့် အလုပ်ကတော့ အချိန်ဆွဲထားဖို့ပဲဗျ၊ ဒါတွေကို တွေးပူပြီး မစားပဲ မသောက်ပဲ နေလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး မီးရှူးတိုင်ကို ရဲရဲရင့်ရင့် ကိုင်ရမှာပဲဗျ၊ အေးဗျို့ ဒီနေ့စားရတဲ့ ညစာကတော့ တော်တော်ကို ထူးခြားတဲ့ ညစာပဲ၊ ကျွန်တော် ဒီလောက်တောင် စားနိုင်မယ် မထင်ဘူး၊ နောက်ထပ် ဒိန်ခဲတပွဲလောက်တော့ စားလိုက်ရဦးမယ်"

တက်စက စားပြီးယင်း စားနေသည်။ စား၍သောက်၍ပင် မဝ။ ဒက်ဇာက ပြုံးလိုက်သည်။

"ကျွန်တော့်အဒေါ် သေတုန်းက ကျွန်တော့်ဦးလေး စားလိုက်တာ တထိုင်တည်းနဲ့ ဘဲနှစ်ကောင် ချောသွားတာပဲဗျ၊ စိတ်ညစ်ညစ်နဲ့ စားပစ်လိုက်တာကွတဲ့၊ ပြောသေးတယ်"

အိမ်ပြန်ရောက်သည့်အခါတွင် တက်စသည် ရွှင်နေလေသည်။

"ဘာလဲ အဖေကြီး၊ သောက်လာသလား"

သူ့ဇနီးက မေးသည်။

"မသောက်ပါဘူးကွာ၊ ဒါပေမယ့် ဒီနေ့ည တော်တော်လေး စားခဲ့တယ်ဟေ့၊ တော်တော့ကို စားလို့ကောင်းတယ်၊ ပြီးတော့ မင်းကို နိုင်ငံရေး သတင်းထူးတခု ပြောရဦးမယ်၊ မင်းကတော့ နားလည်ချင်မှ နားလည်မယ်၊ နည်းနည်းရှုပ်တာကိုးကွ၊ တို့ ခုဘာလုပ်ရမယ်ဆိုတာ ရှင်းသွားပြီကွ၊ အလျှော့ပေးလိုက်တော့မယ်"

တက်စသည် ဘောင်းဘီကိုချွတ်ယင်း "အလျှော့ပေးတော့မယ်" ဆိုသည့် စကားကို သီချင်းလုပ်၍ ဆိုနေသည်။

"အလျှော့ပေးရတော့မယ်… အလျှော့လေးလေ… ပေးရတော့မယ်"

ပထမတွဲပြီး၏။

ဒုတိယတွဲကို ဆက်လက်ဖတ်ရှုပါ။


THE
FALL
PARI
ILYA EHRENBU
မြသန်းတင့်
ပါရီကျဆုံးခြင်း
(ဒုတိယတွဲ)

ပါရိကျဆုံးခန်း

မြသန်းတင့်

ဒုတိယတွဲ

ဂျိုလီယော့ ညည်းနေသည်။

"တောင်ပေါ်စခန်းတွေကို သွားအနားယူတုန်းက ဗိုက်ကျအောင် လေ့ကျင့်ခန်းတွေ လုပ်လိုက်ရတာ၊ တပေါင်မှ မကျဘူး၊ ခုတော့ ငါးစတုန်တောင် ကျသွားသလား မသိဘူး"

အယ်ဒီတာ၏အခန်းသည် စစ်ဌာနချုပ်တခုနှင့် တူနေသည်။ ဂျိုလီယော့ကို ကြည့်ရသည်ကလည်း စစ်ပွဲကြီးတခုကို ကွပ်ကဲနေရသည့် ဗိုလ်ချုပ်ကြီးတဦး၏ပုံ။ အမျိုးအမည် မသိသည့် အထုပ်တွေ သူ့ရုံးခန်းသို့ ရောက်လာသည်။ အမျိုးအမည် မသိသည့် အမိန့်တွေကို ပေးသည်။ အခန်းနံရံတွင် ချက်ကိုစလိုဗားကီးယားပြည် မြေပုံကြီးတခုကို ချိတ်ထား၏။ သူသည် ဘာကိုမျှ နားလည်သူ မဟုတ်။ ဘာလုပ်ရမှန်း မသိသည့်အတွက် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ ပိန်နေခြင်း ဖြစ်သည်။ သူ့ "ဘဝသစ်" သတင်းစာကို ငွေကြေးထောက်ပံ့နေသည့် ဒက်ဇာ မျက်မာန်ပွားနေမည်ကို သူစိုးရိမ်သည်။ ဒက်ဇာသည် ယခုပင်လျှင် သူ့ကို ငွေထုတ်မပေးတော့။ "အစိုးရကို ထောက်ခံရေးပါ" ဟုသာ တွင်တွင် ပြောနေသည်။ သို့ရာတွင် မည်သူ့ကို ထောက်ခံရေးရမည်နည်း။ ဝန်ကြီးများက တယောက်တပေါက် အချင်းချင်း ချနေကြသည်။ ဝန်ကြီးချုပ် ဒလားဒီးယားက မင်ဒယ်ကို သိက္ခာချနေသည်။ တက်စက ရေးနော့ကို တိုက်နေသည်။ ဂျိုလီယော့သည် သူ့ကို ထောက်ခံလိမ့်မည်ဟု သူတို့အားလုံးကပင် မျှော်လင့်နေကြသည်။

ဒက်ဇာ၏ ကျေးဇူးကြောင့် "ဘဝသစ်" သတင်းစာသည် ဩဇာကြီးသည့် သတင်းစာကြီးတစောင် ဖြစ်လာခဲ့သည်။ ဂျိုလီယော့သည် သူ့ငွေရှင်ကြေးရှင် ဒက်ဇာကို လက်ဝဲဘက်မှ နေ၍လည်း သစ္စာဖောက်သည်။ လက်ယာဘက်မှ နေ၍လည်း သစ္စာဖောက်သည်။ နိုင်ငံခြားရေး ဝန်ကြီးဌာန လျှို့ဝှက်ရန်ပုံငွေမှ နေ၍လည်း ပိုက်ဆံယူသည်။ နိုင်ငံရေးပါတီများထံမှလည်း လာဘ်ယူသည်။ တခါတရံမူ သူလုပ်သည်မှာ များလွန်းပြီဟုပင် ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။ သူလာဘ်ယူနေသည်ကို သူ့ငွေရှင်ကြေးရှင် ဒက်ဇာများ သိလျှင် မည်သို့နေမည်နည်း။ သို့ရာတွင် သက်သာအောင် ကြံဖန်တွေးလိုက်သည့်အခါတွင် မလုံမလဲ ဖြစ်နေသည့် စိတ်သည် ပျောက်သွား၏။ မိမိသည် ခေသူမဟုတ်။ ငွေရပေါက်လမ်းကို တကွက်ပြီးတကွက် ဆင်နိုင်သူ မဟုတ်လော။ သူ့မိန်းမလည်း မြွေပါမွေး ဝတ်စုံတထည် လိုချင်သည်ဟု ပူဆာနေသည် မဟုတ်လော။ လုပ်ဖော်ကိုင်ဖက်များကိုလည်း ငွေဝေစုတွေ အများကြီး ခွဲပေးနေရသည် မဟုတ်လော။ ထို့မျှမက မိမိသည် မည်သူ့ကိုမျှ လိမ်လည်ခြင်းမဟုတ်။ ရိုးသားသည့် ပြင်သစ်လူမျိုးများ၊ ဒက်ဇာ၏ မိတ်ဆွေများထံမှ ငွေကို ယူနေခြင်းမျှသာ မဟုတ်လော။

သို့ရာတွင် ယခုတလောတွင်မူ ဂျိုလီယော့ ဘာလုပ်ရမှန်း မသိ။ ယောင်ချာချာ ဖြစ်နေသည်။ အစိုးရ ထုတ်ပြန်ကြေငြာချက်များကလည်း စကော့လူမျိုးတို့၏ ရေချိုးခန်းက ရေပန်းလို အေးလိုက် ပူလိုက်။ ခုတမျိုး တော်ကြာတမျိုး။ အစိုးရ၏ ရည်ရွယ်ချက်ကို မှန်း၍ မရနိုင်အောင် ဖြစ်နေသည်။ ပြင်သစ်အစိုးရသည် ဟစ်တလာကို ခံတိုက်မည်လော။ အလျှော့ပေးမည်လော။

ဂျူလီယော့က သူ့မိန်းမရှေ့တွင် ထုတ်ညည်းမိသည်။

"ဒါ နိုင်ငံရေးလားကွ၊ ဒါ နိုင်ငံရေး မဟုတ်ဘူး၊ ဇိမ်အိမ်ဖွင့်နေတာ၊ ဒီအစိုးရတော့ ကိုးရိုးကားရားတွေ လျှောက်မလုပ်မိပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ"

သို့ရာတွင် သူ့အပေါင်းအသင်းများ ရှေ့တွင်မူ ဂျူလီယော့သည် နေရာတကာ သိချင်ယောင်ဆောင်ရသည်။ သတမန် လျှို့ဝှက်ချက်များကို သိချင်ယောင် ပြုရသည်။ သူ့ကို သတင်းဦး သတင်းထူး လာမေးလျှင် "ပြဿနာကတော့ တော်တော်လေး ရှုပ်ထွေးတယ်ဗျ။ တော်တော်လေးကို ရှုပ်ထွေးတယ်..." ဟု ဟန်တလုံး ပန်တလုံးနှင့် ပြောတတ်သည်။

လူထုက နားဝေတိမ်တောင် ဖြစ်နေသည်။ ဟစ်တလာသည် ချက်ကိုစလိုဗားကီးယားကို တိုက်ရန် ပြင်နေပြီဟု သတင်းစာအချို့က ရေးသည်။ အချို့သတင်းစာများကမူ ချက်လူမျိုးများသည် ဆူဒေတန် ဂျာမန်လူမျိုးကို နှိပ်စက်လျက်ရှိကြောင်း၊ ပြင်သစ်ပြည်နှင့် ဘာမှ ပတ်သက်ခြင်း မရှိကြောင်းဖြင့် ရေးကြသည်။ သတင်းစာဆောင်းပါး တဒါဇင်လောက်ကို ဖတ်ပြီးသည့်အခါတွင်မူ လူထုထဲတွင် ရှုပ်ထွေးကုန်ပြီ။ "ဘာအဓိပ္ပါယ်လဲဗျ၊ ဘယ်ဟာကို ယုံရမှာလဲ" ဟု တယောက်ကို တယောက် မေးကြသည်။

ထိုအတောအတွင်း၌ ဘဝသည် သူ့လမ်းကို သူသွားမြဲ။ စပျစ်ခြံစိုက်သူများက စပျစ်ခူးရန် ပြင်နေကြပြီ။ ဇာတ်ရုံများက ဇာတ်ထုပ်သစ်များကို တင်ပြရန် ပြင်နေကြပြီ။ ကလေးများက ကျောင်းတက်ရန် ပြင်နေကြပြီ။ သကြားနှင့် ဆန်ကို ပေါပေါ ဝယ်နေရသည့် အိမ်ရှင်မများက "ဘုရားသိကြားမလို့ စစ်ကြီးတော့ မဖြစ်ပါစေနဲ့တော်" ဟု ဆိုကြသည်။ ယောကျာ်းများက "စစ်ကြီးမဖြစ်ပါဘူးကွ၊ ဘာဖြစ်လို့ ဖြစ်ရမှာလဲ၊ ချက်လူမျိုးတွေကို ဟစ်တလာက ဝင်တိုက်တာနဲ့ တို့နဲ့ ဘာဆိုင်လို့လဲ၊ ကွန်မြူနစ်တွေနဲ့ ရေဝတီတွေက စစ်တိုက်ချင်နေကြတာပါ။ ဒါပေမယ့် တို့က သူတို့တိုက်ချင်တိုင်း တိုက်လို့မရအောင် တားရမှာပေါ့" ဟု ပြောကြသည်။ ဓနရှင်လူတန်းစားက ချိန်ဘာလိန်ကို ချစ်မိနေပြီ။ "ငြိမ်းချမ်းရေး တမန်တော်ကြီး" ဟု ကင်ပွန်းတပ်ကြသည်။ ကဗျာဆရာများက ချိန်ဘာလိန်ကို ချီးကျူးသည့် သြဘာစာလင်္ကာတွေ ရေးကြသည်။ သတင်းစာများက ချိန်ဘာလိန်ကို အဖိုးတန် လက်ဆောင်ပစ္စည်းတခုပေးရန် ရန်ပုံငွေ ကောက်ကြသည်။ အချို့ပြင်သစ်မြို့များတွင်ဆိုလျှင် လမ်းအချို့ကို "ချိန်ဘာလိန်လမ်း" ဟု အမည်ပြောင်းကြသည်။ ဇိမ်ခံအနားယူသည့် ရေပူစမ်းများ၊ ကစားဝိုင်းများ၊ ကျေးတောစံအိမ်များ၊ ပါရီလူကုံထံရပ်ကွက်များတွင်မူ လူများသည် နွေလယ်တွင် အိပ်ပျော်နေရာမှ လန့်ဖျပ်နိုးလာကာ ချက်အမျိုးသားများကို ကျိန်ဆဲသည်။ သူတို့ကြောင့် အားလုံး ဒုက္ခရောက်ရသည်ဟု ကျိန်ဆဲသည်။ ပထမကမ္ဘာစစ်မီးကြီးကို မွေးခဲ့သည့် ဘူလ်ဂေးရီးယန်းများထက်ပင် ဆိုးသေးသည်ဟု ပြောကြသည်။ ချက်လူမျိုးများသည် ကွန်မြူနစ်နှင့် တူရကီတောင်ပေါ်သားတို့ စပ်ကြသည့်သားဟု ဆဲကြသည်။ သို့ရာတွင် အလုပ်သမားလူတန်းစား ရပ်ကွက်များတွင်မူ ဝန်ကြီးချုပ် ဒလားဒီးယားကို ကျိန်ဆဲကြသည်။ စပိန်အရေးအခင်းကို သတိရကြသည်။ "မစွက်ဖက်ရေးဝါဒ" ဆိုသည်ကို ကျိန်ဆဲကြသည်။ "နောက်တခါ အလျှော့မပေးနဲ့" ဟု အော်ကြသည်။

ညနေပိုင်းတွင် ထိတ်စရာကောင်းသည့် သတင်းများကို ကြားလာရ၏။ ဟစ်တလာအား ချိန်ဘာလိန်က ဒုတိယအကြိမ် သွားရောက်တွေ့ဆုံဆွေးနွေးသည့်ကိစ္စ ပျက်ပြားသွားပြီဟု သတင်းများက ဆိုသည်။ "ငြိမ်းချမ်းရေးတမန်တော်"ကြီးဖြစ်သည့် ချိန်ဘာလိန်သည်

အသက်အရွယ်ကြီးသည့်တိုင် လေယာဉ်ပျံဖြင့် သွားရောက်ကာ ငြိမ်းချမ်းရေးကို ဆွေးနွေးခဲ့ကြောင်း၊ သွေးထွက်သံယို မရှိသည့် အောင်ပွဲကို ရခဲ့ပြီ ဖြစ်ကြောင်းဖြင့် နှစ်ကော်လန် ဆောင်းပါးတစောင်ရေးရန် ဂျူလီယော့ ပြင်ဆင်နေသည်။ ထိုစဉ် ဆွေးနွေးပွဲ ပျက်သွားသည် ဆိုသည့်သတင်း ရောက်လာခြင်း ဖြစ်၏။

ယခု အခြေအနေ ပြောင်းသွားပြန်ပြီ။ ပို၍ ရှုပ်ထွေးလာပြီ။ ဂျူလီယော့သည် ဘာရေး၍ ဘာလုပ်ရမည် မသိပဲ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ထိုစဉ် ဒက်ဇာထံမှ တယ်လီဖုန်းလာကာ သူ့ကို လာတွေ့ရန် ခေါ်သည်။

အင်ဗာလီဒိရပ်ကွက်မှ လမ်းများတွင် မီးရောင်မရှိ၊ မှောင်နေသည်။ ကြောက်တတ်သည့် ဂျူလီယော့သည် တုန်သွား၏။ အိမ်များထဲမှ မီးရောင်ပြာပြာများသည် သင်္ချိုင်းပုံပေါ်တွင် ခေါစာပစ်ထားသည့် မီးအိမ်ကလေးများနှင့် တူနေသည်။ ဒက်ဇာကို တွေ့လိုက်ရသည်အထိ အကြောက်မပြယ်သေး။ ဒက်ဇာ၏ပုံက မျက်နှာဖောင်းဖောင်း။ မျက်လုံးအက်အက်ကြီးအောက်တွင် မျက်ကွင်းတွေညိုလျက်။ ခါတိုင်းရှုပ်ပွနေသည့် ဒက်ဇာ၏ စားပွဲကို ကြည့်ရသည်မှာ စိတ်ပျက်ဝမ်းနည်းစရာ။ စားပွဲပေါ်တွင် ရေတဖန်ခွက်နှင့် ခေါင်းကိုက်ပျောက်ဆေး အနည်းငယ်မှအပ ဘာမျှမရှိ။

ဂျူလီယော့ ဝင်လာသည်တွင် ဒက်ဇာကပြော၏။

“အခြေအနေက တော်တော် အရေးကြီးနေပြီဗျ။ ဘယ်သူမှတော့ စစ်မတိုက်ချင်ကြဘူးပေါ့။ ဒါပေမယ့် ခက်တာက တယောက်ကို တယောက် လိမ်နေကြတယ်ဗျ။ စစ်ကို စတိုက်မှာက လူထုက တိုက်မှာ မဟုတ်ဘူးဗျ။ ရိုင်ဖယ်သေနတ်တွေက စတိုက်မှာ... ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လေ... ကျုပ်ကတော့ ခါတိုင်းလို အကောင်းဘက်က ကြည့်ပါတယ်၊ ဒီတော့ ကျုပ်ပြောမယ်... ခု ခင်ဗျားသတင်းစာကိုဖတ်တဲ့ ပရိသတ်ဟာ တကယ့်လူတွေဖတ်တဲ့ သတင်းစာ၊ တေလေကြမ်းပိုးတွေဖတ်တဲ့ သတင်းစာ မဟုတ်ဘူး၊ ခု ခင်ဗျားသတင်းစာထဲမှာ မောရစ်ဒီယက်တိုဆိုတဲ့လူ ဝင်ရေးနေတယ်၊ ဒီလူက နာမည်ပျက်နေတဲ့လူ၊ သူ့ကို ဘယ်သူကမှ ယုံမှာ မဟုတ်ဘူး၊ ခင်ဗျားသတင်းစာထဲမှာထည့်တဲ့ မောရစ်ရိုစတန်းရဲ့ ကဗျာတွေကိုလဲ လူတွေက ဝိုင်းရယ်နေကြတယ်၊ ဒီတော့ ဒီလူတွေရဲ့ ဆောင်းပါးတွေ၊ ကဗျာတွေကို ထည့်လို့ မဖြစ်တော့ဘူးဗျ၊ တဘက်သတင်းစာတွေက ရေးတဲ့ ဆောင်းပါးရှင်တွေကို ကြည့်ပါဦး၊ တကယ့်လူတွေချည်းပဲ၊ ကီရဲလစ်၊ ဂျူကိန်း၊ ဖိုးဂျက်၊ ကာချင်၊ ထိတ်ထိတ်ကြဲတွေချည်းပဲ၊ ဒီတော့ ဘယ်လိုလူတွေကို သူတို့နဲ့ပြိုင်ပြီး အရေးခိုင်းမလဲ၊ တေလေကြမ်းပိုးတွေကိုခေါ်ပြီး အရေးခိုင်းလို့ မဖြစ်ဘူးဗျ”

ဂျူလီယော့ စိတ်လှုပ်ရှားသဖြင့် အသက်ပင်ကောင်းကောင်း မရှူနိုင်။ အင်္ကျီအိတ်များကို လျှောက်နှိုက်ကြည့်သည်။ သူ့အိတ်ထဲတွင် စာတွေ၊ စာရင်းတွေ၊ အဆောင်လက်ဖွဲ့တွေ ပြည့်နေသည်။ စာမူတခုကို လိုက်ရှာနေခြင်း ဖြစ်၏။ မတွေ့၍ မဖြစ်... သူ့ဆန်စားလျှင် ရှိမှ။ တွေ့အောင် ရှာရမည်။ နောက်ဆုံးတွင် တွန့်ကြေနေသည့် စာရွက်တရွက်ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဒက်ဇာလက်ထဲသို့ ထည့်လိုက်သည်။

“ဒီမှာခင်ဗျ”

စာရွက်မှာ နာမည်ကျော် စာရေးဆရာတယောက်၏ ဆောင်းပါး။ “သေခြင်းထက်

ကျွန်ဖြစ်ရခြင်းက တော်သေးသည်” ဟု ခေါင်းစဉ်တပ်ထားသည်။ ဒက်ဇာက ကောက်ဖတ်လိုက်ပြီး စာရွက်ကို ဘေးသို့ ချထားလိုက်သည်။ ဒက်ဇာ၏ မျက်နှာပေါ်တွင် အထင်သေးသည့် အပြုံးမျိုး ပေါ်လာ၏။ အဘယ့်ကြောင့် ဤအပြုံးမျိုးကို ပြုံးလေသနည်း။ ဤဆောင်းပါးကို သူကိုယ်တိုင်၏ အကြံပေးချက်အရ စာရေးဆရာကို အရေးခိုင်းခဲ့ရသည် မဟုတ်လော။ ပြင်သစ်ပြည်သည် ဟစ်တလာနှင့် စေ့စပ်ရမည်။ ဟစ်တလာကို အလျှော့ပေးရမည်။ ဒုတိယတန်းနိုင်ငံ တနိုင်ငံ အဖြစ်သာ နေသင့်သည်။ နောက်ဆုံး သွေးတစက်ကျန်သည်အထိ ဟစ်တလာကို တိုက်မည်ဆိုသည့် လူများသည် သွေးရူးသွေးတန်းလိုက်နေသူများသာ ဖြစ်ကြောင်းဖြင့် သူကိုယ်တိုင် ပြောခဲ့ဖူးသည် မဟုတ်လော။ ယခုဆောင်းပါးက သူ့အယူအဆကို ထောက်ခံရေးထားသည့် ဆောင်းပါး။ သေရမည်ကို ဒက်ဇာ အလွန်ကြောက်သည်။ ထို့ကြောင့် အသုဘကိုပင် လိုက်ပို့လေ့မရှိ။ အသုဘဆိုလျှင် ဝေးဝေးက ရှောင်မြဲ။ “လောကကြီးမှာ မသေပဲ နေလို့ရယင် ဘာဖြစ်ဖြစ် တော်ပါပြီ” ဟု မကြာခဏ တွေးခဲ့ဖူးသည်။ ယခု စာရေးဆရာဆီမှ ရယူလာသည့် ဆောင်းပါးကိုကြည့်။ “သေခြင်းထက် ကျွန်ဖြစ်ရခြင်းက တော်သေးသည်” တဲ့။ စကားလုံးများက သာယာနာပျော်ဖွယ် မကောင်း။ ခပ်ကြမ်းကြမ်း။ ခပ်ထောင့်ထောင့်။ ကြောက်စရာ။ ဤစကားလုံးများနှင့် သူငယ်ငယ်က တွေ့ခဲ့ရသည့် အဖြစ်အပျက်များသည် မိုးနှင့် မြေလို ကွာလေခြင်း။ သူငယ်ငယ်က တွေ့ခဲ့ရသည်က ပျော်စရာတွေချည်း။ ခုန်ပေါက်မြူးတူးနေကြသည့် လူငယ်တွေ။ ညည်းတွားနေသည့် အဘိုးကြီးတွေ။ အဆိုကျော် မင်းသမီးတွေ။ လေပြင်းပြင်းတိုက်နေသည့် ပင်လယ်ကြီး။ ယခု စာရွက်ပါးပါးလေးပေါ်တွင်ပါသည့် စကားလုံးများက ကျွန်ဖြစ်ရခြင်း။ သေခြင်း။

ဒက်ဇာက စာမူကို ပြန်ပေးလိုက်ပြီး ခေါင်းကိုက်ပျောက်ဆေးတပြားကို ကောက်၍ မျိုလိုက်သည်။

“ဝန်ကြီးချုပ်ဟောင်း ဗီးလာ့ဒ်ဆီက ဆောင်းပါးတစောင်လောက်ရယင်တော့ သိပ်ကောင်းမှာပဲဗျ။ သူကိုယ်တိုင် ရေးတာမဟုတ်ယင်လဲ ခင်ဗျားနဲ့ တွေ့ဆုံမေးမြန်းချက်ပေါ့ဗျာ၊ အမေးအမြန်းပုံစံနဲ့ပေါ့။ ဗီးလာ့ဒ်ဟာ ဝန်ကြီးချုပ်ရာထူး ယူသွားတဲ့အခါကျတော့ နာမည် တော်တော်လေး ပျက်သွားခဲ့တယ်ဗျ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် တချို့အလုပ်သမားတွေကတော့ သူ့ကို ရိုးသားတယ်လို့ပဲ မြင်နေကြသေးတယ်၊ အကယ်၍ သူက စေ့စပ်ရေး လုပ်သင့်တယ် ပြောမယ်ဆိုယင်တော့ သူ့ကို ဘယ်သူကမှ သံသယရှိမှာ မဟုတ်ဘူး၊ ဝန်ကြီးလဲ တက်လုပ်စရာ အကြောင်းမရှိတော့ ရိုးရိုးသားသား ပြောတယ်လို့ပဲ မြင်ကြမှာပဲ၊ ဒီလိုပြောလိုက်ယင် သူ့ကို လူမျိုးစုံချစ်ကြည်ရေးဝါဒီ၊ မေတ္တာဝါဒီလို့ လူတွေက ကောင်းချီးတောင် ပေးကြလိမ့်ဦးမယ် ထင်တယ်၊ ခု ခင်ဗျား ပြလိုက်တဲ့ ဆောင်းပါးက အတွေးအခေါ်ကတော့ မဆိုးပါဘူး။ ဒါပေမယ့် ကျွန်ဖြစ်ခြင်းဆိုတဲ့ စကားလုံးကိုတော့ ပြောင်းချင်တယ်”

ဘာကြောင့်မှန်းမသိ။ ဂျုနက်ကိုသွား၍ အမှတ်ရသည်။ တောလမ်းကလေးနှင့်တကွ ဝမ်းပန်းတနည်းဖြင့် ငြင်းလိုက်သည့် “ဟင့်အင်း” ဆိုသည့် အသံကလေးကို သွား၍ အမှတ်ရသည်။

“‘ရိုကျိုးရခြင်း’ ဒါမှမဟုတ် ‘ဝေဒနာ ခံစားရခြင်း’ ဆိုတဲ့ စကားလုံးတခုခုကို ထည့်ယင် မကောင်းပေဘူးလား”

နောက်တနေ့တွင် ဝန်ကြီးချုပ်ဟောင်း ဗီးလာ့ဒ်က ဂျူလီယော့ကို တွေ့ခွင့်ပြုလိုက်သည်။ ခပ်ဖိုင့်ဖိုင့် ဂျူလီယော့က သူလာရသည့် အကြောင်းကို

ပြောပြ၏။

ဗီးလာ့ဒ်က နွမ်းနယ်နေသည့် အသံဖြင့် ပြောသည်။

“ကျုပ် သိပြီးပါပြီလေ၊ ဒက်ဇာက ကြိုပြီး ပြောပြီးပါပြီ၊ ဒီကိစ္စကို ဖြည်းဖြည်း ပြောကြတာပေါ့။ မကြာခင် ဟစ်တလာမိန့်ခွန်းကို အသံလွှင့်လိမ့်မယ်၊ ခဏ နားထောင်လိုက်သေးတာပေါ့။ ပြဿနာ တော်တော်များများဟာ သူဘာပြောမလဲ ဆိုတာပေါ်မှာ တည်နေတယ်”

“ဦးက ဂျာမန်ဘာသာ တတ်ပါသလားခင်ဗျာ”

“တတ်ပါတယ်၊ နိုင်ငံတကာကွန်ဂရက်တွေမှာ ဂျာမန်ဆိုရှယ်လစ်ခေါင်းဆောင်တွေ ပြောတာကို ကျုပ်နားထောင်ခဲ့ဖူးသားပဲ၊ ဘေဘယ်တို့၊ လိုက်ဘနစ်တို့၊ ကောက်စကီးတို့ ဆိုပါတော့၊ စစ်မဖြစ်ခင်ကလေးတင် ဘေဆယ်မှာ ဘေဘယ် မိန့်ခွန်းပြောသွားသေးတယ်လေ။ အဲဒီတုန်းက တယ်ပျော်စရာ ကောင်းတာကိုး၊ ခုလို ဘယ်ဟုတ်မလဲ၊ အင်း ခုအခြေအနေကတော့ တော်တော်လေးကို ဆိုးနေပြီဗျ။ ဂျာမနီမှာ ဝေမာသမ္မတနိုင်ငံကို မဖျက်သိမ်းသင့်ဘူးလို့ ကျုပ်တို့ ဆိုရှယ်လစ်တွေပဲ တဖွဖွ ပြောခဲ့ကြတယ် မဟုတ်လား၊ အဲဒီတုန်းက စေ့စပ်မယ်ဆိုယင် ဖြစ်သားပဲ၊ ဒါပေမယ့် ကျုပ်တို့စကားကို နားမထောင်ခဲ့ကြဘူး၊ ခုတော့ ဘာဖြစ်သလဲ၊ ဝေမာသမ္မတနိုင်ငံပျက်ပြီး ဟစ်တလာ တက်လာပြီ မဟုတ်လား၊ ဟုတ်တယ်၊ ခုလဲ ဒီအတိုင်းပဲ၊ ကျုပ်တို့ ဒီစစ်ကို မတိုက်သင့်ဘူး၊ မတိုက်လဲ မတိုက်နိုင်ဘူး၊ ဒီမိုကရေစီနိုင်ငံဆိုတာ စစ်တိုက်ဖို့ တည်ဆောက်ထားတာ မဟုတ်ဘူး၊ ဒါ ကျုပ်တို့ ဆိုရှယ်လစ်တွေရဲ့ ဆောင်ပုဒ်ပဲ၊ စစ်တိုက်ယင် ဘာဖြစ်မလဲ၊ ဒီမိုကရေစီနိုင်ငံတွေ ပျက်စီးယင်လဲ သွားကြရတယ်။ ဒါမှမဟုတ် ဖျက်ဆီးတာကိုယင်လဲ ခံလိုက်ကြရတယ်၊ ကလီမင်ဆော လက်ထက်တုန်းက စစ်တိုက်ခဲ့လို့ ကျုပ်တို့ ပါလီမန်လွှတ်တော်စနစ်ကြီး ပျက်မလို ဖြစ်ခဲ့ပြီ မဟုတ်လား၊ အလားတူပဲ၊ အီတလီမှာလဲ ဘာဖြစ်ခဲ့သလဲ၊ စစ်တိုက်လို့ ပါလီမန်ဒီမိုကရေစီ ပျက်ပြီး မူဆိုလိုနီ တက်လာခဲ့ပြီ မဟုတ်လား။ ရုရှမှာကော စစ်တိုက်ခဲ့လို့ ကရင်စကီ ဘယ်ဘဝရောက်ခဲ့ရသလဲ၊ စစ်ရှုံးတော့ တော်လှန်ရေးဖြစ်ပြီး ရုရှမှာ အာဏာရှင်စနစ် ထွန်းကားလာခဲ့တယ်၊ ခုလဲ ဒီအတိုင်းပဲဗျ၊ ကျုပ်တို့တတွေ ဝင်တိုက်လို့ နိုင်ယင်နိုင်၊ မနိုင်ယင် ပြင်သစ်ပြည်မှာ တော်လှန်ရေးတခု ပေါ်လာမှာ အမှန်ပဲ၊ ဒါကို ကလေးကအစ သိတယ်။ ကောင်းပြီ... နိုင်တော့တော့ကောတဲ့၊ နိုင်တော့လဲ မကောင်းဘူးဗျ။ သူတို့နိုင်အောင် တိုက်ခဲ့ရတယ်ဆိုပြီး ဗိုလ်ချုပ်တယောက်ယောက်က အာဏာတက်သိမ်းမှာပဲ။ ကျွန်တော်တို့မှာ ရိုးသားတဲ့ ဗိုလ်ချုပ်တွေ ရှိတန်သလောက် ရှိပါတယ်၊ ဗိုလ်ချုပ်ပေတိန်းတို့လို အဘိုးကြီးတွေ ဖြစ်ချင်လဲ ဖြစ်နေမယ်ပေါ့ဗျာ၊ ဒါပေမယ့် အများအားဖြင့် မိုက်ရှူးရဲ ဗိုလ်ချုပ်တွေ များနေတယ်ဗျ၊ တနေ့ကပဲ စစ်ရေးရာကော်မရှင် အစည်းအဝေးမှာ ဗိုလ်မှူးကြီးဒီဂေါဆိုတဲ့ လူတယောက်ကို တွေ့ခဲ့သေးတယ်၊ သောက်ကျိုးနည်း ဘဝင်မြင့်တဲ့လူပဲ၊ လူကြီး လုပ်ချင်လိုက်တာကလဲ အလွန်ပဲ၊ ကျုပ်တို့ဟာ အလကား အချိန်တွေဖြုန်းနေတာတဲ့ဗျ၊ အစိုးရဘက်ဂျက်ကို ပြင်ဖို့ ကောင်းပြီတဲ့ဗျ၊ တပ်မတော်ကို ယန္တရား တပ်ဆင်ဖို့ ကောင်းပြီတဲ့ဗျ။ အို... ပြောလိုက်တာမှ အစုံပဲ၊ ဒီလို လူမိုက်တယောက်သာ အသာစီးရသွားယင် အာဏာရှင်စနစ်ကို ချက်ချင်းကြေငြာပစ်မှာဗျ။ ယေဘုယျ ပြောရယင်တော့ စစ်သားဟာ နိုင်ငံရေးနဲ့ ခပ်ကင်းကင်းနေတာ အကောင်းဆုံးပဲလို့ ကျုပ်ထင်တယ်၊ စစ်သားရဲ့ အကြံဉာဏ်ကို ယူတဲ့လူလောက် မိုက်တဲ့လူ ဘယ်ရှိမလဲဗျာ၊ ဒလားဒီးယား ဆိုယင်လဲ...”

ဗီးလာ့ဒ် စကားကို ဆုံးအောင် မပြောနိုင်၊ ရေဒီယိုဆီသို့ ထသွား၏။ ရေဒီယိုထဲက

အသံက ဟိန်းနေသည်။

"ဟော ဟော... ဟစ်တလာ ပြောနေပြီဗျ။ ဒီလိုအချိန်မှာ ကမ္ဘာကြီးတခုလုံးက ရေဒီယိုနားထိုင်ပြီး ရင်တမမနဲ့ သူ့အသံကို နားထောင်နေရတယ်ဆိုတော့၊ အင်း စဉ်းစားသာ ကြည့်တော့ဗျ"

ဗီးလာ့ဒ်က ဘာသာစကား ဘယ်နှစ်မျိုး နားလည်သနည်းဟု ဂျူလီယော့ကို မေးသည်။ ဂျူလီယော့က ပြင်သစ်စကားနှင့် မာဆေးလ်စကားတတ်သည်ဟု ရင်ကော့၍ ဖြေသည်။ ဂျူလီယော့သည် ဂျာမန်စကားကို နကန်းတလုံးမျှ နားမလည်သည့်တိုင် ကျယ်လောင်ပြတ်တောင်းသည့် ဟစ်တလာ၏မိန့်ခွန်းကို စူးစိုက်၍ နားထောင်နေသည်။ မိန့်ခွန်းအစတွင် ဟစ်တလာ၏ အသံက တိုးတိုးတိတ်တိတ်။ ညင်ညင်သာသာ။ သို့ရာတွင် နောက်ပိုင်း၌ အသံကွဲကြီးဖြင့် ခြိမ်းခြောက်ဟိန်းဟောက်နေသည်။ ရေဒီယိုမှ ဘာမှန်းမသိသည့် စကားလုံးတွေ တဝေါဝေါ ထွက်လာနေသည်။ နားမလည်သည့်အခါတွင် သူ့အသံသည် ပို၍ပင် ကြောက်စရာ ကောင်းနေသည် ထင်ရ၏။ ဟစ်တလာသည် ဝံပုလွေအိုကြီးတကောင်လို ဟောက်၏။ ဂျူလီယော့ သူ့အသံကို နားထောင်ယင်း စိတ်မချမ်းမသာ ဖြစ်နေသည်။ ကုလားထိုင်နောက်မှီကို လက်ဖြင့် တအားဆုပ်ထားလိုက်မိသည်။ ဂျူလီယော့က အတိတ်နိမိတ်များကို ယုံတတ်သည်။ မကောင်းဆိုးဝါးကောင်ကို နှင်ချင်လျှင် သစ်သားကို ထိရသည်ဆိုသည့် ရှေးအယူအဆကိုလည်း ယုံသည်။

တခါတရံတွင် ဗီးလာ့ဒ်သည် မမြင်ရသည့် စကားပြောသူကို ထောက်ခံသည့်နှယ် ခေါင်းကို တဆတ်ဆတ် ညိတ်နေသည်။ တခါတခါတွင်လည်း ဒေါသထွက်သည့်နှယ် ပခုံးကို တွန့်လိုက်၏။ သူ့မေး၊ နှာခေါင်းနှင့် ကြိုးတပ်မျက်မှန်သည် တုန်လှုပ်ရှိ၏။ ဂျူလီယော့က သူနားမလည်သည့် ဂျာမန်စကားကို နားလည်အောင် ကြိုးစားသည့်ဟန်ဖြင့် ဗီးလာ့ဒ်၏မျက်နှာကို စူးစိုက်ကြည့်နေသည်။ တခါတခါတွင် လူထုက ဩဘာပေးနေသံများကို ရေဒီယိုထဲမှ ကြားရ၏။ ထိုအသံများကိုကြားလျှင် ဂျူလီယော့ တုန်သွားကာ ကုလားထိုင်နောက်မှီကို ဖမ်း၍ကိုင်သည်။ သို့ဖြင့် တနာရီလောက် ကြာသွားသည်။ နောက်ဆုံး ဟစ်တလာကို ကောင်းချီးပေးနေသည့် အသံကြီးသည် ရေဒီယိုထဲတွင် ဟိန်းနေသည်။ ဗီးလာ့ဒ်က မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်၏။ ဂျူလီယော့က ကြောက်ကြောက်ဖြင့် မေးသည်။

"ဘာတဲ့လဲ"

"ထူးထူးထွေထွေတော့ ဘာမှမပါဘူးဗျာ၊ ကျွန်တော်ထင်တဲ့အတိုင်းပါပဲ၊ ကျွန်တော် အကောင်းဘက်က တွေးထားတာ သိပ်တော့မမှားပါဘူး၊ ပြင်သစ်ရဲ့ အယ်ဇေနယ်ကို တောင်းဆိုခြင်း မပြုပါဘူးလို့ ထပ်ပြီး ကတိပေးထားတယ်ဗျ။ ကျွန်တော်တို့အတွက်တော့ အဲဒါက အရေးကြီးဆုံးပေါ့"

"ချက်ကိုစလိုဗားကီးယားကိစ္စကော"

"ဒီမှာတော့ သူက တပြားသားမျှ မလျှော့ဘူးဗျ၊ ဒါပေမယ့် ဥရောပအနောက်က နယ်တွေကိုတော့ တောင်းဆိုခြင်း မပြုပါဘူးတဲ့၊ ဒီအတိုင်းဆိုယင် ဟစ်တလာနဲ့တွေ့ပြီး စေ့စပ်ဆွေးနွေးယင် အောင်မြင်နိုင်ပါတယ်၊ ပရတ်ကိစ္စဟာလဲ ကျုပ်တို့အပေါ်မှာ အများကြီးတည်နေတယ်၊ စေ့စပ်ဆွေးနွေးမယ်ဆိုတဲ့ သဘောမျိုး ပြသွားတယ်။ ကောင်းပြီလေ၊ ခင်ဗျားအတွက် ဆောင်းပါးတစောင် ကျုပ်ကောက်အစီခိုင်းလိုက်မယ်"

ခေါင်းလောင်းကလေးကို နှိပ်လိုက်သည်။ ဆံပင်ကောက်ကောက်၊ မိတ်ကပ်ထူထူနှင့်

လက်ရေးတို စာရေးမကလေးတယောက် ဝင်လာသည်။ ဗီးလာ့ဒ်က နှုတ်မှရွတ်၏။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ယင်း အော်ပြောနေသည်။ သူ့ကို ကြည့်ရသည်မှာ စာကိုရွတ်နေသည်နှင့်မတူ၊ တရားဟောစင်ပေါ်တွင် တရားဟောနေသည်နှင့် တူနေသည်။ သူ့အသံသည် စိတ်လှုပ်ရှားမှုကြောင့် တုန်နေ၏။

"နဂါးမင်း၏မျက်စောင်းကို သိခဲ့ကြပြီ။ ပထမကမ္ဘာစစ်ကြီးတွင် စစ်သားတယောက် ဖြစ်ခဲ့သည့် ဟာစ်တလာသည် ဤလူသတ်ပွဲကြီး၏ ကြောက်ဖွယ်လိလိတို့ကို မမေ့သေးသည့်အတွက် ကျွန်ုပ်တို့ ဝမ်းသာကြည်နူးခြင်း ဖြစ်ရပေသည်။ သူကမ်းပေးသည့်လက်ကို ပြင်သစ်ဒီမိုကရေစီ၏ ကိုယ်စားလှယ်များ..."

ဗီးလာ့ဒ်က လက်ကိုကမ်းပေးယင်း စဉ်းစားနေသည်။

"ကိုယ်စားလှယ်များ ပြီးတော့ ပုဒ်မချလိုက်ရတော့မလား ဦး"

စာရေးမက မေးသည်။

"နေဦး... ငြိမ်းချမ်းရေးကို မြတ်နိုးသော ပြင်သစ်လူမျိုးများ၏ သားရတနာများ၊ ခေါင်းဆောင်ကြီး ဂျော်ရေးကို ဆက်ခံသူများ"

ထိုနောက် ဗီးလာ့ဒ်က သူ့ဆောင်းပါးများကို ပြန်စစ်ကာ လက်မှတ်ထိုးပေးလိုက်သည်။ ဂျူလီယော့ ပြန်ခါနီးသည့်အခါတွင် ဗီးလာ့ဒ်က...

"ဆောင်းပါးအောက်ဆုံးမှာ 'အတ္တလန္တိတ်သတင်းစာ ကိုယ်စားလှယ်မှုပိုင်' လို့ ထည့်လိုက်နော်၊ သူတို့ကို အမေရိကန်မှာ ပုံနှိပ်ဖို့ မူပိုင်ပေးထားတယ်၊ ကျုပ်လဲ ဝမ်းရေးအတွက် လုပ်ရသေးတယ်လေ၊ ဘယ့်နှယ်လုပ်မလဲ၊ ခု သတင်းစာဆရာ ပြန်လုပ်နေရတာပေါ့၊ ခုဆိုယင် ခင်ဗျားနဲ့ ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်နေပြီ"

တယောက်တည်း ကျန်ခဲ့သည့်အခါတွင် ဗီးလာ့ဒ်သည် သူ့ဆောင်းပါးအကြောင်းကို တွေးယင်း သက်ပြင်းကြီး ချလိုက်မိသည်။ မိမိသည် ဆိုရှယ်လစ် အင်တာနေရှင်နယ်က ဘေဘယ်လို နာမည်ပျက်ဖြင့် ဇာတ်သိမ်းရမည် မဟုတ်တော့၊ နွေဦးတုန်းက အစိုးရအဖွဲ့ အကျုပ်အတည်းတွေ့ကာ ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့ရသည်မှာ ကံကောင်းလေစွ။ ယခု ဤကိစ္စကို သူစိတ်ပျက်သည်။ ချက်လူမျိုးတို့ကိစ္စသည် စပိန်ထက်ဆိုးသည်ဟု သူယူဆသည်။ ပြင်သစ်ပြည်ကြီးသည် သူ့ကိုယ်သူ ကယ်နိုင်အောင် အခြားကျားရုပ်များကို ချကျွေးရတော့မည်။ ချက်ကိုစလိုဗားကီးယားအဖို့လည်း အလျှော့ပေးလိုက်သည်က ကောင်းလိမ့်မည်။ သို့မဟုတ်က လူမျိုးတမျိုးလုံး ပျောက်ပျက်ကြေပြုန်းသွားမည်ကို သူစိုးရိမ်ရသည်။ သည်လိုအချိန်မျိုးတွင် သတင်းစာဆရာ ဖြစ်သည်မှာ အများကြီး ကံကောင်းသည်။ အများကြီး တာဝန်ပေါ့သည်။ ယခု ရေဒီကယ်တို့က ဆိုရှယ်လစ်များကို ဝန်ကြီးအဖွဲ့မှ အပြုတ်ဖြုတ်ရန် ဆုံးဖြတ်ပြီးကြပြီ။ ယခု အရှုပ်အထွေးကြီးကို သူတို့ မည်သို့ရှင်းကြမည်နည်း။

လက်တင်ကုလားထိုင်ပေါ်တွင် ထိုင်ယင်း ဗီးလာ့ဒ် အိပ်ငိုက်စ ပြုလာ၏။ မိန်းမသံတသံကြောင့် ပြန်နိုးလာသည်။ ပယ်ရီဂိုးမှ ရောက်လာသည့် သူ့သမီးကြီး လူစီ ဖြစ်သည်။ လူစီက သူ့အဖေကို ပွေးဖက်ပြီး ပြော၏။

"အဖေ့သမက်ကို မနေ့ညနေက အရေးတကြီး လာခေါ်သွားတယ်၊ သူက လေယာဉ်ပျံပစ် အမြောက်တပ်မှာလေ၊ တိုင်းပြည်ကြီးက ဘယ်လိုများ ဖြစ်ဦးမှာတဲ့လဲ ဖေဖေရယ်"

ဗီးလာ့ဒ် စိတ်ကောင်းဝင်လာကာ အရေးကြီးဟန်ကို ဆောင်လိုက်သည်။ သူ့မျက်နှာက သမီးတွေကို လက်ဆောင်ပေးသည့်အခါများတွင် ထားတတ်သည့် မျက်နှာထား။

"နောက်တော့ ဖြည်းဖြည်း ပြောပြပါ့မယ် သမီးရယ်၊ မငိုပါနဲ့၊ အခြေအနေ ကောင်းသွားမှာပါ။ ဒီစစ်ကြီးကို ဖေဖေတို့ အဖြစ်မခံပါဘူး၊ ဖေဖေတို့ အဖြစ်မခံနိုင်ဘူး"

အိမ်ပြန်ရောက်လာသည့်အခါတွင် ဂျူလီယော့ စိတ်က ခပ်ထွေထွေ။ ဒက်ဇာသည် သူ့ ငွေတွေ လိမ်ယူနေသည်ကို သိကောင်းသိနိုင်သည်။ မီးရောင်ပြာပြာနှင့် ဟစ်တလာ့မိန့်ခွန်းတို့ကလည်း သူ့အဖို့ နိမိတ်မကောင်း။ ဂျူလီယော့ စိတ်ညစ်သည်။ သူ့မိန်းမက သူရောက်လာသည့်အခါတွင် ပျာယာခတ်နေသည်။ သူ့အဖို့ ခြေညှပ်ဖိနပ် ယူလာရ၊ သူကြိုက်တတ်သည့် ဆောင်တော်ကူးနဲ့ အရက်စပ်ရ။

"ဗီးလာ့ဒ်ဆီက ဆောင်းပါးတပုဒ် ရခဲ့တယ်၊ စာကြောင်းရေ သုံးရာလောက်ရှိမယ်၊ ဆောင်းပါးကို သူ့ဓာတ်ပုံနဲ့အတူ မျက်နှာဖုံးက ထည့်ရမယ်၊ ဒက်ဇာကတော့ သဘောကျမှာပဲ၊ ဒါပေမယ့် မင်း သူတို့ကို မြင်စေချင်တယ်ကွာ၊ ပါးစပ်က ပြောတော့ မပူပါနဲ့၊ ကောင်းသွားမှာပါနဲ့ တဖွဖွ ပြောနေကြတာပဲ၊ ဒါပေမယ့် သူတို့ကြည့်ရတာ ရေနစ်နေတဲ့ ခွေးလိုပဲ၊ ဒက်ဇာကို ကြည့်ရတာကဖြင့် ကောင်းကောင်း မာပုံမရဘူး၊ ကင်ဆာဖြစ်နေတဲ့ရုပ်မျိုး၊ သူသေယင်တော့ ငါ့သတင်းစာလဲ ပြုတ်မှာပဲ"

သူ့မိန်းမက ဆောင်တော်ကူးနဲ့ သင်းထားသည့် အရက်ကို ငှဲ့ပေးသည်။

"စစ်ကြီးကကော ဖြစ်ဦးမှာလား"

သူ့မိန်းမက မေးသည်။

ဂျူလီယော့က ပြုံးလိုက်ယင်း...

"မဖြစ်ပါဘူးကွာ၊ ပရပ်ကို ထိုးပေးလိုက်ယင် ဘာဖြစ်စရာ လိုသေးသလဲ၊ ဟစ်တလာရဲ့ မိန့်ခွန်းကို ငါနားထောင်ခဲ့ရတယ်ကွ၊ ဟိန်းလိုက် ဟောက်လိုက်တာ မပြောပါနဲ့တော့၊ ကြည့်ရတာကတော့ ရူးနေပြီ ထင်တာပဲ၊ ဗီးလာ့ဒ်ဆိုတာ ဟစ်တလာရဲ့ မိန့်ခွန်းကို နားထောင်ယင်း မျက်နှာမှာ သွေးမရှိတော့ဘူး၊ တမျက်နှာလုံး စက္ကူလို ဖြူနေတာပဲ၊ ငါကြောက်တာ တခုပဲ ရှိတယ်၊ တကယ်လို့များ မာဆေးလ်ကိုပါ ပေးလိုက်မလားလို့၊ မာဆေးလ်ကိုသာ ဟစ်တလာ ပေးလိုက်ယင်တော့ တို့တောင် ပြေးစရာ ရှိတော့မှာ မဟုတ်တော့ဘူး၊ ပေးယင်လဲ ပေးပေါ့ကွာ၊ ဘယ်တတ်နိုင်မလဲ"

အန်ဒရေသည် တနေ့လုံး ပါရီမြို့ကြီး တမြို့လုံး အနှံ့ လျှောက်သွားသည်။ ပါရီက ထိတ်လန့်တုန်လှုပ်လျက်။ စစ်ဖြစ်မှာလား မဖြစ်ဘူးလားဆိုသည့် မေးခွန်းကိုသာ မေးနေကြသည်။ ညနေကျတော့ မောမောနှင့် ရှာရှေမီဒီလမ်းရှိ သူ့အခန်းသို့ ပြန်ရောက်လာသည်။ သူ့အခန်းထဲမှာပင် အေးအေးဆေးဆေး မနေရ။ "ဒီကောင်တွေကို ခေါင်းဖြတ်ပစ်ရမယ်ဗျ၊ ခေါင်းမဖြတ်ယင် ကျုပ်တို့ဆီ ရောက်လာမှာပဲ၊ ဒီကောင်တွေဟာ ငတ်နေတဲ့ ကြွက်တွေ" ဖိနပ်ချုပ်သမားက အော်ကြီးဟစ်ကျယ် ပြောနေသည်။ အဟောင်းအမြင်းပစ္စည်းဆိုင်ရှင်၏ မိန်းမ ဆံပင်ဖြူဖြူနှင့် အဘွားကြီးက "နေစမ်းပါဦးတော့၊ သူတို့ဘာသာ ရန်ဖြစ်ကြတာနဲ့ ကျုပ်တို့ပြင်သစ်တွေက ဘာဖြစ်လို့ ပါရမှာတဲ့လဲ၊ ချက်ကိုစလိုဗက်လူမျိုးဆိုလို့ ကျုပ်ဖြင့် တကောင်တမြီးမှတောင် မမြင်ဖူးဘူး၊ အသေလဲ မမြင်ဖူးဘူး၊ အရှင်လဲ မမြင်ဖူးဘူး၊ ကျုပ်တို့နဲ့ ဘာဆိုင်တာမှတ်လို့" ဟု ပြောသည်။ "ဆေးရှုတဲ့မောင်"ကဖီးတွင်မူ ဂျာမန်တို့သည် လူဦးရေများသဖြင့် မြေနေရာလိုနေကြောင်းကို အထောက်အထားဖြင့် ငြင်းနေသည်။ "ဥပမာတခု ကျွန်တော်ပြောမယ်ဗျာ၊ တနင်္ဂနွေနေ့တွေမှာဆိုယင် သူတို့ကဖီးတွေက စားပွဲတွေဟာ စြင်္ကံပေါ်တွင် မကတော့ဘူး၊ လမ်းပေါ်အထိ ရောက်နေတာပဲ၊ ဒါ သူတို့မှာ နေရာကျဉ်းလို့ပေါ့ဗျာ" ဟု လူတယောက်က ပြောနေသည်။ အိမ်ရှင်မိန်းမကြီးကမျက်မှောင်ကုပ်ကာ "ဟဲ့… ဒီလိုလုပ်ယင် သူတို့ ဒဏ်ငွေအချခံရမှာပေါ့ဟဲ့" ဟုပြောသည်။ ရေပိုက်ပြင်ဆရာက "ဂျာမန်တွေက ဘာဖြစ်လို့ နေရာလိုချင်ရမှာလဲဗျ၊ သူတို့ပေးဖို့ထားလို့ ကျုပ်မှာ နေစရာအခန်းတောင် မရှိဘူး၊ ခင်ဗျား ပြင်သစ်လူမျိုးမှ ဟုတ်ရဲ့လား၊ ခင်ဗျား အလကားလူ၊ ဖက်ဆစ်" ဟု ဆိုသည်။ သူတို့နှစ်ယောက် ထထိုးကြသည်။

အန်ဒရေသည် အဟောင်းအမြင်းဆိုင်ရှေ့ ပြတင်းပေါက်တွင် ရပ်ယင်း ဆိုင်ထဲက ပစ္စည်းများကို ငေးကြည့်နေသည်။ ပစ္စည်းများကို မြင်လိုက်ရသည့်အခါတွင် စိတ်သက်သာရာ ရသွား၏။ ပစ္စည်းကအစုံ။ ထူးထူးဆန်းဆန်းတွေ။ နီဂရိုး ရုပ်တရုပ်။ အဝတ်အစားမပါ။ ဘုရားပေးလိုက်သည့် ပစ္စည်းကို ကမ္ဘာကြီးအား ပြလျက်။ ပန်းကန်ပြားဟောင်းများက ညစ်ထပ်ထပ်။ အလင်းရောင်ထဲတွင်

တောက်ပနေကြသည့် စဥ့်ထည်အမျိုးမျိုး။ ရှိအင်နယ်ဘက်က လုပ်သည့် ကြွေထည်တွေက အဖြူတချို့၊ အပြာတချို့။ ကြက်ဖရုပ်တွေ ရေးထားသည့် ကွင်ပါနယ်ဘက်က လုပ်သည့် ကြွေထည်များနှင့် ဘရီတန်နယ်ဘက်က လုပ်သည့် ကြွေထည်တွေ။ တရုတ်ပြည်လုပ် ဆင်စွယ်ကြွယ်သီး အမျိုးမျိုး။ ဦးထုပ်ပုံကလေးတွေ ခြယ်ထားပြီး "သဗ္ဗေသခါရာ အနိစ္စ" ဟု စာတမ်းထိုးထားသည့် ရှူဆေးဗူးတွေ။ ပယင်းပုတီးတွေ။ ဥသဖယား လက်ကောက်တွေ၊ ပါရှားပြည်ထွက် နီလာ။ အီတလီဇာအမျိုးမျိုး၊ ကျောက်စလင်းမှန်ပြာ။ မြင်းရုပ်နှင့် ဂျော်ကီရုပ်ကလေးတွေ ရေးထားသည့် အင်္ဂလိပ်ထည်များ။ ဆေးရှူသည့် တမာကူအိုးကြီးများက ခမ်းခမ်းနားနား၊ လှလှပပ၊ အင်္ဂရိတ်ဆရာတို့၏ လုံကြီးများလိုလို။ နတ်ရုပ်များ။ ပိုက်ဆံပြားများ။ ဆံစုများ။ ဖယောင်းတိုက်ထားသည့် စက္ကူနှင်းဆီပန်းများ။ ထိုအရာများကို လုပ်ရသည်မှာ မည်မျှ လက်ဝင်မည် မသိ။

အပေါင်းအမြင်းဆိုင်နှင့် ကပ်လျက်ဆိုင်မှာ နို့ထွက်ပစ္စည်းများ ရောင်းသည့်ဆိုင် ဖြစ်သည်။ အန်ဒရေသည် ပန်းချီကျော်တို့ ရေးခဲ့သည့် ပုံတူပန်းချီကားများကို ကြည့်သကဲ့သို့ အမျိုးမျိုးသော ဒိန်ခဲများကို ငေးကြည့်နေမိသည်။ ကမ္ဘာလုံးနီနီကြီးတွေလို အလုံးကြီးတွေ လုံးထားသည့် ဒတ်ချ်ဒိန်ခဲတွေ။ ခပ်ပျော့ပျော့ ဆွစ်ဇာလန် ဒိန်ခဲတွေ။ ဖယောင်းသားလို ဖွေးနေသည့် ပါမီဆန် ဒိန်ခဲတွေ။ အကြောတွေ သန်းနေသည့် ကျောက်ဖြူသားလို ရိုကေဖော့ ဒိန်ခဲတွေ။ အရည်တွေ စိမ့်ထွက်နေသည် ဝါဝါရောင် ဘရိုင် ဒိန်ခဲတွေ။ ဖက်စိမ်းများပေါ်တွင် တင်ထားသည့် ဆိတ်နို့ ဒိန်ခဲတွေ။ အရောင်အမျိုးမျိုး။ ပုံအမျိုးမျိုးနှင့် ရှိသည့် သူ့အမျိုးအမည် မသိသော ဒိန်ခဲတွေ။

နောက်ဆိုင်မှာ ဝိုင်အရက် ရောင်းသည့်ဆိုင် ဖြစ်သည်။ ပုံလှလှ၊ လည်ပင်းရှည်ရှည်နှင့် ဘော်ဒိုးဝိုင် ပုလင်းများ။ ထိုဝိုင်အရက်မျိုးကို အိမ်တွင် အေးအေးဆေးဆေး သောက်လေ့ရှိကြသည့် အထက်လွှတ်တော်အမတ်များ၊ သုခမိန်များ ကြိုက်တတ်ကြသည်။ နှစ်ရှည်ခံထားသည့် နာမည်ကျော် ဘာဂန်ဒီ ဝိုင်ပုလင်း ဗိုက်ဖောင်းဖောင်းကြီးတွေက အရွယ်အမျိုးမျိုး။ သမီးရည်းစားတွေ သောက်တတ်သည့် အယ်ဇေဝိုင် ပုလင်းတွေက ချစ်စရာ။ စိတ်ကူးယဉ်စရာ။ ပုလင်းက သွယ်သွယ်။ အစိမ်းရောင်။ ထိုပုလင်းများပေါ်တွင် ကမ္ဘာအနှံ့သို့ရောက်သည့် အယ်ဇေနယ်က ရွာအမည်ကလေးတွေ တပ်ထားကြသည်။ ထို့မျှမက ချိန်ဘာတင်၊ ရှားဘလစ်၊ ဘားဆိုက်၊ ဘွန်းဖော်ရေး၊ ရှာတိုနယ်၊ ဂျူပါပေး စသည့် ဝိုင်တွေလည်း ရှိသေးသည်။ နှစ်ရှည်လများ စိမ်ထားသည့် ကော့ညက်ဝိုင်ပုလင်းတလုံးမှာ ဖုန်တွေ အလိမ်းလိမ်းကပ်နေသည်။ အပေါင်းအမြင်းဆိုင် တင်ရောင်းဖို့သာ ကောင်းတော့သည်။ "ဒီဝိုင်ပုလင်းက ငါ့ထက်တောင် အသက်ကြီးလိမ့်ဦးမယ်" ဟု အန်ဒရေ တွေးမိသေး၏။

နောက်တဆိုင်မှာ သူ့အနှစ်သက်ဆုံးဆိုင် ဖြစ်သည်။ မှန်ပြတင်းတွင်ရပ်ကာ ဆိုင်ထဲတွင် ခင်းကျင်းပြထားသည့် ဆေးတံများကို မကြာမကြာ ကြည့်ခဲ့ဖူးသည်။ ဆေးတံအရှည်ကြီးတွေ။ နှာခေါင်းကို မီးစွဲတော့မတတ် တိုသည့် ဆေးတံတိုတွေ။ တောင်ဆိတ်ချိုလို ကောက်နေသည့် ဆေးတံကောက်တွေ။ ဂိုက်ထုတ်ချင်သူတို့ ကြိုက်တတ်သည့် ဆေးတံသေးသေးကလေးတွေ။ သဘောသားတို့ ကြိုက်တတ်သည့် အိုးကြီးကြီး အတံကြီးကြီး ဆေးတံကြီးတွေ။ အနက်ရောင်၊ အညိုရောင်၊ သပြေသီးမှည့်ရောင်ဖျော့ဖျော့။ တခါတွင် ဆေးတံဆိုင်ပိုင်ရှင်ကြီးက သူ့ကို ဆေးတံလုပ်နည်းအကြောင်း ပြောပြဖူးသည်။ ဆေးတံသည် စကော့တလန်ပြည်တွင် ပေါက်သည့် ဟီသာ ခေါ်သည့် အပင်မာတမျိုး၏

အမြစ်များကို လုပ်ခြင်းဖြစ်ကြောင်း၊ အနည်းဆုံးအနှစ်ငါးဆယ်လောက် မြေကြီးအောက်တွင် ရောက်နေသည့် အမြစ်ကိုလုပ်မှ သောက်၍ကောင်းကြောင်းဖြင့် ပြောခဲ့ဖူးသည်။ အန်ဒရေသည် ဟီသာမြစ်များအကြောင်းကို သိချင်သဖြင့် ဆေးတံပိုင်ရှင်ကြီးနှင့် စကားပြောကြည့်သည်။ သို့ရာတွင် ခရီးရောက်မဆိုက် ဆေးတံပိုင်ရှင်ကြီးက အထစ်ထစ် အငေါ့ငေါ့ဖြင့် "ဘယ်... ဘယ်လို ထင်... ထင်သလဲ၊ စစ်ကြီးများ ဖြစ်ဦးမှာလား" ဟု ဆီးမေးသည်။

အန်ဒရေသည် သူ့အခန်းသို့ ပြန်လာခဲ့၏။ မကြာခင် ပီယာ ပေါက်လာသည်။ ပီယာကို ကြည့်ရသည်က သုတ်သီးသုတ်ပျာ။ တခုခု ပြောချင်နေပုံရသည်။ ယနေ့ညနေတွင် သူတို့စက်ရုံ၌ အစည်းအဝေးတခုရှိသည်။ အလုပ်သမားများက ဂနာမငြိမ်။ ပီယာသည် ယခုအရွယ် ကလေးရလာသည့်တိုင် စိတ်ဆူလွယ်သည့် တောင်ပိုင်းသားစိတ်ခါတ်ကမူ မပျောက်သေး။ ဖြစ်ပေါ်နေသည့် အခြေအနေကြောင့် ယောက်ယက်ခတ်ကာ ပြောလက်စ စကားကို ဆုံးအောင် မပြောနိုင်။ ရောက်ကတည်းက ရေဒီယိုခလုတ်ကို လျှောက်လှည့်နေသည်။

"ဘယ်နေရာမှာပဲဖြစ်ဖြစ် အကန့်အသတ်တော့ ရှိတယ်ဗျ။ ဒီအတိုင်း လျှော့ပေးကြတော့မယ် ထင်တယ်ဗျ၊ ခု... ချောက်ကမ်းပါးကြီးထဲ ကျဖို့ တဲတဲကလေးပဲ လိုတော့တယ်၊ ဗီးလာ့ဒ်ရဲ့ ဆောင်းပါးကို ဖတ်ပြီးပြီလား၊ တော်တော် ရက်စရာကောင်းတယ်ဗျာ၊ ဒါပေမယ့် အလုပ်သမားလူတန်းစားကတော့..."

အန်ဒရေက ကြားဖြတ်ပြောလိုက်သည်။

"ခင်ဗျားကတော့ စိတ်ကူးချည်း ယဉ်နေတာပဲကိုး၊ ကျွန်တော်တို့တော့ ဘာမှ ကောင်းကောင်း နားမလည်ဘူးဗျ။ ထုံးစံအတိုင်းပဲ၊ ခင်ဗျားက ဘယ်လို သဘောထားလို့လဲ၊ စစ်ကြီးဖြစ်စေချင်လို့လား၊ စစ်ဆိုတာ အင်မတန် ညစ်ပတ်တဲ့ အလုပ်ပါဗျာ၊ ဗာဒွန်းပြတိုက်ထဲမှာ ပြထားတဲ့ တိုက်ပွဲပန်းချီကားတွေကတော့ ဟုတ်တာပေါ့။ ကြည့်လို့ကောင်းတာပေါ့၊ ဗိုလ်ချုပ်တွေရယ်၊ အလံတွေရယ်၊ တံမ်တွေရယ်၊ ဒါပေမယ့် လက်တွေ့ကျတော့ ဘာလဲ၊ ရွှံ့တွေရယ်၊ သန်းကြီးမတွေရယ်၊ ဒါတွေပဲ ရှိတာ မဟုတ်လား၊ ရိုးရိုးသားသား ပြောမယ်ဆိုယင်တော့ ကျွန်တော် ဒါတွေ သိပ်စိတ်မဝင်စားဘူးဗျ။ ကိုယ့်နေရေးထိုင်ရေးကို စဉ်းစားရဦးမယ်၊ ခင်ဗျားကတော့ ဟုတ်တာပေါ့လေ၊ သားနဲ့ မယားနဲ့ဆိုတော့... ပထမ ခင်ဗျားမှာ"

အန်ဒရေက အဖုအဆစ်ကြီးကြီး သူ့လက်မကြီးကို နောက်သို့ လှန်ချိုးလိုက်၏။

"ခင်ဗျားမှာ အဂ္ဂနိစ်ရှိတယ်၊ ဒုတိယ သားကလေးရှိတယ်၊ တတိယ ခင်ဗျားမှာ မျှော်မှန်းချက်ဆိုတာ ရှိတယ်၊ ကျွန်တော့်မှာတော့ ဘာမှမရှိဘူးဗျ၊ ဘာဆိုဘာမှ မရှိဘူး"

"ခင်ဗျားမှာ အနုပညာရှိတယ်လေ"

"အနုပညာဆိုတာ စကားလုံးပဲ ရှိတာပါဗျာ၊ အခြေအနေ မကောင်းဘူး ဆိုတာတော့ အမှန်ပဲ ပီယာ၊ ဒီနေ့ တောက ကျွန်တော့်အဖေကြီးဆီက စာရောက်တယ်၊ စစ်ဖြစ်ဖို့ အလားအလာရှိသလား မရှိဘူးလား ဆိုတာကို သိချင်တယ်တဲ့၊ သူ့သစ်တော်သီးခြံတွေ အတွက် စိုးရိမ်ပူပန် တူပါရဲ့၊ ဒါပေမယ့် ကျွန်တော် ဘယ်သူ့ကို မေးရမလဲ၊ ဘယ်သူ့မှ မေးစရာ မရှိဘူး၊ ခုနေ စစ်ဖြစ်လာယင်လဲ နောက်တနှစ် နှစ်နှစ်လောက်ကျတော့ နေသားကျသွားမှာပါပဲ၊ ခင်ဗျားက ကျွန်တော့်ကို အနုပညာအတွက် အသက်ရှင်စေချင်တယ်တဲ့၊ ခုဟာက အားလုံး

သေနေတယ်ဗျ၊ ပြန်ရှင်အောင်လုပ်ဖို့ တော်တော် ကြာကြာ လုပ်ယူရလိမ့်မယ်၊ ဒီနေ့ ကျွန်တော် တော်တော်ကောင်းတဲ့ ဆေးတံတလုံးကို တွေ့ခဲ့တယ်၊ ဆေးတံအိုးမှာ အပွေးတွေ၊ အကြောတွေ၊ အကွက်ပေါ်နေပုံက သိပ်လှတာပဲ။ အဲဒီဆေးတံက ဘာနဲ့လုပ်တယ် ထင်သလဲ၊ ဟီသာမြစ် အခြောက်နဲ့ လုပ်တာဗျ... သိလား၊ မြေကြီးအောက်မှာ အနှစ်တရာလောက် တွယ်နေတဲ့ အမြစ်မျိုး၊ ဒါပေမယ့် ဒီမှာတော့ ကျွန်တော်တို့မှာ ငြီးငွေ့စရာတွေချည်းပဲ ကြားနေရတယ်၊ သပိတ်တွေ၊ ဆန္ဒပြပွဲတွေ၊ ဒီအထဲမှာ ဟစ်တလာကလဲ ဟိန်းဟောက်နေလိုက်သေးတယ်၊ ဆူဒေတန်နယ်က ဂျာမန်တွေကလဲ တမှောင့်၊ ဒီကြားထဲမှာ ကျွန်တော်ကထိုင်ပြီး ကောင်းပေ့ဆိုတဲ့ ပန်းချီကားတွေကို ဆွဲနေနိုင်ပါ့မလား၊ အလကားဟာတွေပါဗျာ”

ဤတကြိမ်တွင် ရေဒီယိုဆီသို့ ထပြေးသူက ပီယာမဟုတ်။ အန်ဒရေ။ ပီယာက လက်ကို ဖမ်းဆွဲလိုက်ယင်း...

“နေပါဦးဗျ၊ သတင်းမလာသေးပါဘူး၊ နာရီဝက်လိုသေးတယ်”

ရောမ၊ ဝါရှင်တန်နှင့် ချိန်ဘာလိန် မြူးနစ်သို့သွား၍ ဟစ်တလာနှင့် ဆွေးနွေးသည့်ကိစ္စကို သူစိတ်မဝင်စား၊ သူစိတ်ဝင်စားသည်က တခြားကိစ္စဖြစ်သည်ဟု ပီယာကို သူထုတ်ပြော၍ မဖြစ်။ သတင်းကို စောင့်နားထောင်ခြင်း မဟုတ်၊ တခြားတခုကို စောင့်နားထောင်ခြင်း ဖြစ်သည်ဟု ထုတ်ပြော၍ မဖြစ်။ ဤရောဂါ စွဲခဲ့သည်မှာ နှစ်နှစ်ပင်ရှိပြီ။ ဂျဲနက်၏ အသံသြသြကို ညနေတိုင်း သူနားထောင်ခဲ့သည်။ နောက်ထပ်လည်း တခါမျှ မတွေ့ကြတော့။ သူ့အကြောင်းကိုလည်း မကြားရတော့။ သို့ရာတွင် သူ့အဖို့မူ ဂျဲနက်သည် ယခင်ကနှင့် ဘာမျှ ပြောင်းလဲမည် မထင်။ ဟုတ်သည်။ ရှုးသွပ်နေသည့် ကမ္ဘာကြီးတွင် ပြောင်းလဲခြင်း မရှိသည့် အရာဆို၍ ဂျဲနက်တယောက်သာ ရှိလိမ့်မည်။

“လွတ်သွားမှာ စိုးလို့ဗျ၊ ခု ကြော်ငြာတွေလာမယ်၊ ကြော်ငြာက သိပ်မကြာဘူး၊ ခဏကလေးရယ်”

အန်ဒရေကပြော၏။ ရေဒီယိုက တိတ်ဆိတ်နေသည်။ ဂျဲနက်၏ အသံကို မကြားရ။ အန်ဒရေအဖို့မူ အဆိုးဆုံးနိမိတ်ဟု ထင်မိသည်။

“ဟစ်တလာနဲ့ ချိန်ဘာလိန် သဘောတူညီချက် မရဘူး ထင်တယ်”

“ကျွန်တော်ကတော့ ဒလားဒီယား ဘက်ကန်မှာပဲ စိုးတယ်”

သူတို့နှစ်ယောက်သည် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြကာ ကိုယ့်အကြောက်နဲ့ကိုယ် ကြောက်နေကြသည်။ ခါတိုင်းလို အသံလွှင့်သံ မကြားရ။ ခါတိုင်းလို ဂျဲနက်၏ အသံသြသြကို မကြားရ။ နရီတိုင်းသည့် ကိရိယာကြီး မြည်သံက တဒုန်းဒုန်း မြည်နေသည်။ အသံကြီးက ကြောက်စရာ။ ခံစားချက်ကင်းနေသည့် အသံတသံကို ရုတ်တရက် ကြားလိုက်ရသည်။

“စစ်မှုထမ်းရမည့်သူများ၏ အမည်စာရင်းမှာ အက္ခရာစဉ်အလိုက် အောက်ပါအတိုင်း ဖြစ်သည်”

အန်ဒရေ၏ မျက်နှာသည် လန်းလာ၏။ သူ့ပခုံးပေါ်မှ အထုပ်ကြီးတခု ကျသွားပြီ။ သူကိုယ်တိုင် စဉ်းစားစရာ မလိုတော့။ သူ့အတွက် စဉ်းစားပေးပြီးကြပြီ။

“တော်တော် မင်္ဂလာရှိတဲ့ သတင်းဗျာ၊ ကျွန်တော်တို့ စစ်ထဲ ဝင်ရတော့မယ်ဆိုတဲ့ သဘောပေါ့”

ပီယာ၏ ငြင်းခုံချက်၊ ထင်မြင်ချက်၊ ဝန်ခံချက်တို့ကို သူ နားမထောင်နိုင်။ သူနေသည့် လမ်းဟောင်းက ယခင်နှင့် ဘာမျှမခြား။ မျက်နှာချင်းဆိုင်အိမ်က လသာဆောင် ဝရံတာပေါ်တွင် ပန်းအိုးတလုံး။ ဖျော့တော့အားငယ်နေသည့် လတစင်းက ကောင်းကင်တွင် မလှုပ်မယှက်။

ဤအတောအတွင်း နေခဲ့ရသည့် ကာလများသည် သူ့အဖို့ စိတ်ဆင်းရဲစရာ ကောင်းသည့်ကာလ။ အလံနီတွေ တလှုလှင့်လွင့်နေသည့် ဇွန်လ၏ ညများ၊ ဂျဲနက်နှင့် ရဟတ်စီးရသည့်ည နောက်ပိုင်းမှ ယခု နရီတိုင်းကိုရီယာကြီး တဒုန်းဒုန်းမြည်နေသည့် အသံကြားက ကာလများသည် သူ့အဖို့ စိတ်ဆင်းရဲစရာ။ ယခု စစ်သားစုဆောင်းရေး ကြေငြာချက်ကို အစိုးရက ထုတ်ပြန်လိုက်ပြီ။ တခြားအကြောင်းတွေကို သူသိလည်း မသိချင်။ တွေးလည်း မတွေးချင်။ အမှတ်လည်း မရချင်။ ခဏမျှ နှလုံးကိုဆွဲ၍ ဖြစ်ညှစ်လိုက်သလို ခံစားရသည်။ ဂျဲနက်ကို ချက်ချင်း အမှတ်ရလာ၏။ ဂျဲနက်တယောက် မည်သို့ ရှိနေမည်နည်း။ သို့ရာတွင် ဂျဲနက်ကို တမ်းတရသည့်စိတ်ပင်လျှင် ထက်သန်ခြင်း မရှိတော့။ အရာအားလုံးသည် ပြိုကွဲလျက်။ ချာချာလည်လျက်။ ပျောက်ကွယ်လျက်။

ပီယာနှင့်အတူ အပြင်သို့ ထွက်လာခဲ့ကြသည်။ အိမ်တအိမ်အဝတွင် မိန်းမတယောက် ငိုလျက်။ တပ်သားသစ်အချို့က အထုပ်အပိုးများကိုဆွဲကာ လျှောက်သွားယင်း မာဆေးလ်သီချင်းကို ဆိုသွားကြသည်။ တချို့က “အင်တာနေရှင်နယ်” သီချင်းကို ဆိုသွားကြသည်။ ညက ပူနွေးသည့် နွေလယ်ည။ “ချစ်သူတွေ သဘောကျတဲ့ ညမျိုး” ဟု အန်ဒရေ တွေးသည်။ ကွန်ထရေစကာပေး အဆောက်အအုံကြီးကို မြင်ရပြန်ပြီ။ အဆောက်အအုံတခုလုံး မီးတွေထိန်လျက်။

“ကျွန်တော် မြေအောက်မီးရထား စီးရမယ်၊ နောက်တောင်ကျနေပြီလား မသိဘူး၊ သွားမယ်ဗျို့”

နှုတ်ဆက်သော်လည်း ပီယာမသွားသေး။ “သွားတော့မယ်” ဆိုသည့် စကားလုံးသည် သူတို့နှစ်ယောက်စလုံး၏ စိတ်ကို နောက်ကျိစေ၏။ အန်ဒရေအမြင်၌ သူ့ရှေ့တွင် ရပ်နေသည့် ပီယာသည် ကလေးတယောက်အဖေ ပီယာ၊ ဒက်ဇာအတင်းကို ပြောနေသည့် အင်ဂျင်နီယာ ပီယာ၊ ဆိုရှယ်လစ်များနှင့် စစ်အကြောင်းကို ပြောသည့် ပီယာဟု မမြင်တော့။ သူငယ်ငယ်က ကျောင်းနေဘက် ပီယာ၊ ပျော်တတ်၍ စိတ်ကူးယဉ်တတ်သည့် ပီယာ၊ အသက် ၁၂ နှစ်တုန်းက သူ့ကို ဂရင်လန်ကျွန်းသို့ သွားရန် အဖော်ညှိခဲ့သည့် ပီယာအဖြစ် မြင်နေသည်။

အန်ဒရေက ပြော၏။

“မှတ်မိသေးလား၊ ခင်ဗျား ငယ်ငယ်တုန်းက ဂရင်လန်ကျွန်းကို ဝေလငါး သွားမျှားရအောင်လို့ ပြောခဲ့တာလေ၊ ငယ်ငယ်တုန်းက စိတ်ကူးတွေက တော်တော် ရယ်စရာကောင်းတယ်နော်၊ အင်း... ခင်ဗျားတို့လဲ တပ်ထဲကို ဝင်ရလိမ့်မယ်ထင်တယ်။ ယင်ကောင်တွေလို သေလိုက်ကြမယ့် ဖြစ်ခြင်း၊ ဗာဒွန်းတိုက်ပွဲမှာတုန်းကလို သေကုန်ကြမှာပဲ ထင်ပါတယ်ဗျာ၊ တခုတော့ ရှိတယ်ပေါ့။ ခုသေရမှာက ကောင်းကင်က ကျလာတဲ့ဟာတွေကြောင့် သေရမှာ၊ တခုတော့ ကောင်းတယ်ဗျ။ ရေရေရာရာ ဖြစ်သွားတာပေါ့။ နို့မဟုတ်ယင် နေရထိုင်ရတာ မရေမရာနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး၊ ‘အလိမ်ခံရ ငါ့ဘဝသည်၊ မရဏထံ၊ အပြန်ခရီး’ တဲ့၊ ဒီထဲ ရယ်စရာကောင်းတာတခုကို သွားပြီး သတိရသေးတယ်၊ ကြာတော့ကြာပါပြီ၊ ကဖီးတခုထဲမှာ ကျွန်တော်ထိုင်နေတော့ ကျွန်တော့်ဘေးမှာ ဂျာမန်တယောက် လာထိုင်တယ်၊ တကယ့်ဂျာမန်ဗျ။ မျက်လုံးက

ပြာပြာ၊ ဆံပင်ကို နောက်ပါးညှပ်လို့၊ ကျွန်တော့်အထင်တော့ ဂျာမနီက ထွက်ပြေးလာပြီး ပါရီမှာ သောင်တင်နေတဲ့ ဂျာမန်လို့ ထင်တာပဲ၊ ဒါပေမယ့် သောက်ကျိုးနဲ ဂျာမန်ပီသတဲ့လူဗျ၊ သူက ငါးတွေကို ဝါသနာပါသတဲ့၊ ကျွန်တော့်ရှုခင်းပန်းချီတွေကို ကြိုက်သတဲ့၊ သူက စစ်ကြီးကတော့ မုချ ဖြစ်တော့မှာပဲတဲ့၊ ဂျာမန်တွေကလဲ ပါရီမြို့ကြီးကို လုယက်ဖျက်ဆီးကြမှာပဲတဲ့၊ တော်တော် ရယ်စရာကောင်းတဲ့ ငနဲဗျ၊ သိလား၊ ကျွန်တော် စဉ်းစားကြည့်တယ်၊ ဒီငနဲ စစ်ထဲကို ဝင်ရမှာပဲဗျ။ ကျွန်တော်နဲ့ ရင်ဆိုင်တွေ့ယင် ကျွန်တော့်ကို တိုက်မှာပဲ၊ မဟုတ်ဘူးလား၊ ရယ်စရာ မကောင်းဘူးလား၊ ကျွန်တော်တော့ ဝမ်းသာတယ်ဗျာ၊ တကယ်ပဲ၊ ခုလို မရေမရာ နေရတာမျိုးကြီး မရှိတော့ဘူး၊ စစ်ကြီးဖြစ်လာယင် စစ်ကြီးဖြစ်သလို နေတော့မယ်”

သူတို့နှစ်ယောက် နှုတ်ဆက်၍ ခွဲလာကြသည်။

ဘရီကျူး ကောင်းကောင်း မရပ်နိုင်။ အိပ်ရေးပျက်သဖြင့် သူ့မျက်လုံးများက
နီရဲလျက်။ ကြံ့ခိုင်တောင့်တင်းသည့် ခန္ဓာနှင့် ပြင်းထန်သည့် စိတ်ဓာတ်ကြောင့်သာ
ဤမျှ ခံနိုင်ခြင်း ဖြစ်သည်။ သူဖြစ်စေချင်သည်က မည်သည့်နည်းနှင့်မဆို
ဟစ်တလာနှင့် စေ့စပ်ရန် ဖြစ်သည်။ သို့စေ့စပ်လျှင် ဟစ်တလာသည်
လိုက်လျောနိုင်သလောက် လိုက်လျောလိမ့်မည်၊ တခု အရေးကြီးသည်က
ပြင်သစ်ပြည်အနေဖြင့် မော်စကိုနှင့်ချုပ်ဆိုထားသည့် စာချုပ်ကို ဆုတ်ဖြဲပစ်ရန်
ဖြစ်သည်။ အခြေအနေများက လျင်မြန်စွာ ပြောင်းလဲနေသည်။ ဟစ်တလာက
စောင့်ဆိုင်းနေသည်မဟုတ်။ ငြိမ်းချမ်းရေးအရ တမန်တော်ကြီးဖြစ်သည့်
ချိန်ဘာလိန်သည် စိတ်ပျက်အားငယ်နေသည့် ဥရောပသို့ လေယာဉ်ဖြင့် သွားကာ
ဟစ်တလာနှင့် ဆွေးနွေးသည့်တိုင် ဘာမျှ အကျိုးမထူး။ ပြင်သစ်ပြည်တွင်
ပြည်သူ့တပ်ဦးဘက်သားတို့ ဂျာမန်ကို ခုခံတိုက်ရန် တောင်းဆိုနေကြသည်။
ဘရီကျူးသည် ဆောင်းပါးတွေ ရေး၏။ ကြေငြာချက်တွေ ရေး၏။
သူ့အမာခံတပ်သားများကို ညွှန်ကြား၏။ သံတမန်များနှင့် ဆွေးနွေး၏။
ပီးကာ့မှတဆင့် စစ်ဦးစီးဌာနချုပ်ကို ညွှန်ကြား၏။

ပါရီမြို့ကြီးကို မှောင်ချထားလိုက်ပြီ။ ဘရီကျူး၏ လူများသည် အမှောင်ထဲတွင် လှုပ်ရှားနေကြသည်။ "ခုလို ဖြစ်ရတာ ချက်လူမျိုးတွေကြောင့် ဖြစ်ရတာ၊ ချမ်းသာတဲ့ ရေဝတီသဌေးတွေ စစ်တိုက်ချင်လို့ ဖြစ်ရတာ" ဟု အမှောင်ထဲတွင် တီးတိုး ဝါဒဖြန့်ကြသည်။

"အစိုးရအဖွဲ့ထဲက မင်ဒယ်ကို ကြည့်ပါလား၊ စစ်တိုက်ချင်တာ သူတို့က တိုက်ချင်တာ၊ သူ့ရဲ့ နာမည်ရင်းက ရှော့သ်ရီးတဲ့၊ ရေဝတီနာမည်၊ ချက်ကိုစလိုဗက် သမ္မတ ဘင်းစ်က သူတို့ဘက်က ဝင်တိုက်ပေးအောင် သူ့ကို လာဘ်ထိုးထားတာ၊ ဒါပေမယ့် အသေခံရမှာက ကျွန်တော်တို့၊ ခင်ဗျားတို့ ကလေးတွေ မဟုတ်လား"

"ဂျာမန်တွေမှာ လေယာဉ်ပျံတသိန်းရှိသတဲ့၊ တရက်တည်းနဲ့ ပါရီကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် လုပ်ပစ်မလို့တဲ့"

ဝေဒီလေ ဘူတာရုံကြီးတွင် လှုပ်လှုပ်ရွရွ။ တပ်သားသစ်များကို တင်ထားသည့် မီးရထားများက တမိနစ် တစီးထွက်နေသည်။ အချို့က လက်သီးဆုပ်များကို မြှောက်ကာ သီချင်းတွေ ဆိုကြသည်။

"ကျုပ်တို့ဟာ အရေးရှိယင် ဒူးထောက်တဲ့လူမျိုး မဟုတ်ဘူးဆိုတာ ဂျာမန်တွေ သိအောင် ပြရမယ်" ဟု ပြောကြ၏။ "ဘာဖြစ်လို့ ဒူးထောက်ရမှာလဲ" ဟု တချို့က

မျက်မှောင်ကြီးကုပ်၍ ပြန်ပြောကြသည်။ အမျိုးသမီးများက ငိုကြသည်။ ဖက်ဆစ်တို့ကမူ အမျိုးမျိုး ဝါဒဖြန့်ကြ၏။ စစ်သားစုဆောင်းရေး ထုတ်ပြန်ချက်သည် တရားမဝင်ကြောင်း၊ ချက်ကိုစလိုဗားကီးယားသည် စာချုပ်ကို ဆုတ်ဖြဲပစ်ခဲ့ကြောင်း၊ သူတို့ကို သည်အတိုင်း လက်ပိုက်ကြည့်နေရုံမျှသာ ရှိကြောင်းဖြင့် ပြောကြသည်။

စပိန်ပြည်တွင်းစစ် စဖြစ်ချိန်က ပါရီမြို့တွင် နှစ်ပိုင်းကွဲနေသည်။ ရှောင်ဇလီဇေးလို ရပ်ကွက်မျိုးတွင် "ရွှေပြည်အေးဝါဒ" "မေတ္တာဝါဒ"က အောင်ပွဲခံနေသည်။ လူများက စစ်ပွဲ၏ ကြောက်စရာကောင်းပုံများကို ကျိန်ဆဲကာ လူလူချင်း စာနာစိတ်ထားရမည်။ ညီရင်းအကိုလို ချစ်ခင်ရမည်ဟု ပြောကြသည်။ သူတို့ပြောခဲ့သည့် စကားများကို မေ့ကုန်ကြပြီ။ သူတို့ဘဝ သူတို့လူတန်းစား၏ အစဉ်အလာ၊ သူတို့ဇာတိကို မေ့ကုန်ကြပြီ။ အလုပ်သမားများသည် လူပျင်းများသာဖြစ်သည်ဆိုသည့် ဖက်ဆစ်တို့၏ စကားများကို နားယောင်ကာ အလုပ်သမားဆိုလျှင် အကြီးအကျယ် မုန်းကြသည်။ ရှေးတုန်းက တိုက်ပွဲများတွင် ပါခဲ့ဖူးသည့် ကိုလိုနီအရာရှိများ၊ ဘာမဟုတ်လောက်သည့် အပြစ်ကလေးဖြင့် စစ်သားများကို ပစ်သတ်ခဲ့ကြသည့် စည်းကမ်းသမား စစ်အရာရှိများက ဤစစ်ပွဲမျိုးကို သွေးမြေကျခံတိုက်ဖို့ မကောင်းဟု ဆိုကြသည်။ ပြင်သစ်ပြည်ကြီးကို မည်သူမျှ တိုက်၍ မနိုင်နိုင်ဟု မာရှယ်ဖော့၏ စာပိုဒ်များကို ကိုးကားတတ်ကြသည့် ပညာရှိ သုခမိန်တို့က ဤစစ်ပွဲကို မတိုက်သင့်ဟု ဆိုကြသည်။ ဂျာမန်တို့က လက်ဖျားကလေး တို့လိုက်ရုံဖြင့် မဂ္ဂိနော့ခံတပ်သည် ဖဲချပ်ပြားတွေဖြင့် ဆောက်ထားသည့် အိမ်လို ဝုန်းကနဲ ပြိုသွားလိမ့်မည်ဟု ပြောကြသည်။ ပထမကမ္ဘာစစ်ကြီးတုန်းက ပြင်သစ်တပ်များ ဂျာမန်မြို့ဖြစ်သည့် မက်ဇ်မြို့သို့ ဝင်သွားသည့်အချိန်သည် သူ့ဘဝတွင် အပျော်ဆုံးအချိန်ဖြစ်သည်ဟု ပြောခဲ့သော လော်ရိန်းနယ်သား ဘာရီကျူးက "ပြင်သစ်နယ်စပ် လုံခြုံရေးပြဿနာသည် နောက်တန်းသို့ ရောက်သွားပြီ။ အရေးတကာ့ အရေးအကြီးဆုံးလုပ်ငန်းမှာ ပြင်သစ်လူမျိုးတို့၏ ယဉ်ကျေးမှုကို ဘော်လရှီဗစ်တို့ရန်မှ ကာကွယ်ရန် ဖြစ်သည်" ဟု ပြောလာသည်။

လူချမ်းသာရပ်ကွက်များတွင် လူတွေမရှိကြတော့။ အနားယူ ရေပူစခန်းများကို ပိတ်ပစ်ရတော့မည့် အခြေအနေ ရောက်ကုန်ပြီ။ သတင်းစာများတွင်ပါသည့် သတင်းများကြောင့် အားလပ်ခွင့်ရက်ယူသူတွေ လန့်ဖျပ်ကာ ပါရီကို ပြန်ကုန်ကြပြီ။ သို့ရာတွင် စစ်သားစုဆောင်းရေး ကြေငြာချက်ထုတ်ပြီး ပါရီမြို့ကြီးကို အမှောင်ချလိုက်သည့်အခါတွင် ဓနရှင်များသည် ပါရီမြို့ကြီးကို စွန့်ခွာသွားကာ မိသားစုများကို ထို့ထက် လုံခြုံစိတ်ချရသည့် နေရာများသို့ ပို့ကြသည်။ သို့ဖြင့် တောင်ပေါ်အနားယူစခန်းများနှင့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများတွင် ထိုနှစ်က အချိန်အခါမဟုတ် လူတွေ စည်ကားနေသည်။

ရွက်ဟောင်းတို့ တဖြုတ်ဖြုတ် ကြွေကျကုန်ပြီ။ ရေလက်ကြားတွင် ဆောင်းဦးပေါက် မုန်တိုင်းငယ်များ ထစပြုပြီ။ အပျော်ခရီးထွက်သူများသည် ချမ်းချမ်းဖြင့် ညည်းကြသည်။ "ဒီချက်ကိုစလိုဗက် ဆိုတဲ့ကောင်တွေကို သတ်ပစ်ဖို့ကောင်းတယ်" ဟု ကျိန်ဆဲကြသည်။ သို့ရာတွင် ဆူဒေတန်နယ်အကြောင်းကိုမူ မပြောကြတော့။

သို့ရာတွင် အလုပ်သမားလူတန်းစား ရပ်ကွက်များတွင်မူ ထိုအသံမျိုး မကြားရ။ စစ်ကြီးအလားအလာကို ကြည့်၍ မည်သူမျှ ဝမ်းသာခြင်း မရှိကြ။ သို့ရာတွင် အလုပ်သမားများသည် သူတို့တိုင်းပြည်ကို ကာကွယ်ရန်အတွက် စစ်မြေပြင်သို့ တိတ်တဆိတ်စွာ ထွက်သွားသည်။ သူတို့နောက်တွင် မည်သူမျှ မရှိ။ လှည့်ကြည့်လိုက်လျှင် ကိုယ့်အရိပ်နှင့် နံရံမျှသာ ရှိသည်ကို သူတို့သိကြသည်။ ဤအခြေအနေမျိုးတွင် ဤအတိုင်း လက်ပိုက်ကြည့်နေ၍ မရတော့ဟု အချင်းချင်း

ပြောကြသည်။ "ကျူးကျော်သူ" ဆိုသည့် စကားအဓိပ္ပါယ်ကို ကောင်းစွာ နားလည်ကြသည်။ သူတို့ နေ့စဉ်ပြောသည့် စကားများထဲတွင် ထိုစကားလုံး မပါလျှင်မပြီး။ စစ်သားသစ်များသည် "အင်တာနေရှင်နယ်" သီချင်းကိုဆို၍ ပျော်ပျော်ကြီး ချီတက်သွားကြသည်။ သူတို့သည် အနာဂတ်ကို မျှော်လင့်ချက်အပြည့်ဖြင့် လှမ်းကြည့်ကြ၏။ ဖက်ဆစ်များနှင့် သူတို့၏ ပြင်သစ်လူမျိုး မိတ်ဆွေများဖြစ်သည့် ဘရီကျူးလိုလူ၊ ဒိုရီယော့လိုလူများကို တိုက်ရန်သွားခြင်းဖြစ်ကြောင်း သဘောပေါက်ကြသည်။ တခါတရံတွင် ၁၉၃၆ ခုနှစ် ဇွန်လက အဖြစ်အပျက်များသည် အသစ်တဖန် ပြန်ဖြစ်နေသည်လောဟုပင် ထင်ရသည်။ ချိန်ဘာလိန်ကို ချီးကျူးခဲ့သည့် အော်ဘာရီကို ပုလိပ်များက ဖမ်းသွားသည့်အခါတွင် လမ်းမှ ကလေးများက "စစ်ဖြစ်ပြီကွ၊ စစ်ဖြစ်ပြီ" ဟု အော်ကြသည်။

အမျိုးသားစိတ်ရှိသည့် လွှတ်တော်အမတ်များ၏ အစည်းအဝေးတခုတွင် ဘရီကျူးက...

"စစ်ကြီး ဘယ်တော့မှ မဖြစ်ဘူး၊ ဖြစ်လဲမဖြစ်နိုင်ဘူး၊ ချက်လူမျိုးတွေက မော်စကိုနဲ့ စာချုပ်ချုပ်ထားကြတယ်၊ တနည်းပြောရယင် ကျွန်တော်တို့ဟာ ကွန်မြူနစ်ဝါဒကို တိုက်နေခြင်းသာ ဖြစ်တယ်၊ ဒါကြောင့် ကျွန်တော်တို့ဟာ ဟစ်တလာနဲ့ စေ့စပ်ဆွေးနွေးရမယ်၊ သေသေချာချာ စဉ်းစားကြပါ။ ကျွန်တော်တို့ဟာ ဘော်လ်ရှီဗစ်ဝါဒရဲ့ ဝါးမျိုခြင်းကို ခံနေကြရပြီ၊ စပိန်မှာဆိုယင် အမျိုးသားစစ်ပွဲဟာ ခုထက်ထိ တိုက်နေတုန်း ရှိသေးတယ်၊ အင်္ဂလိပ်ကတော့ ကျွန်းကလေးပေါ်မှာ နေရတဲ့အတွက် သူ့ကို ရောဂါမကူးနိုင်တော့ဘူးပေါ့။ အင်္ဂလိပ်ဟာ ကြောင်သူတော်လို ကျင့်ကြံမှာ သေချာတယ်။ လစ်ဘရယ် ကျသယောင်ယောင်နဲ့ လည်သလို ကြည့်နေမှာ သေချာတယ်၊ ဒါပေမယ့် လက်တွေ့မှာ ဥရောပကို ကွန်မြူနစ်ဝါဒရဲ့ရန်က ကာကွယ်ပေးမယ့် နိုင်တဲ့သူဆိုလို့ ဘယ်သူများ ရှိသလဲ၊ ဟစ်တလာတယောက်ပဲရှိတယ်၊ ဒီသဘောနဲ့ပြောရယင် ကျွန်တော်တို့ မဟာမိတ်တွေဟာ ရန်သူတွေ ဖြစ်နေပြီး ကျွန်တော်တို့ ရန်သူတွေဟာ ကျွန်တော်တို့ မိတ်ဆွေတွေ ဖြစ်နေတယ်"

ဂျူကိန်း၏ရှေ့တွင် သူ့အယူအဆများကို ဘရီကျူး ထုတ်၍ ပြောရဲသည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်သည်။ သူ့မိန့်ခွန်းကြောင့် ပြဿနာတွေ ပေါ်လိမ့်မည်။ သူ့ကို တိုက်ခိုက်ကြလိမ့်မည်ဟု ဘရီကျူး ထင်သည်။ ဂျူကိန်း၏ သဘောထား မည်သို့ရှိသည်ကို သူမသိ။ သူနှင့် ဂျူကိန်းတို့ မတွေ့သည်မှာ ကြာလှပြီ။ စက်တင်ဘာလနောက်တွင် တခါမျှ မတွေ့ကြတော့။ ဂျူကိန်းကို မတွေ့အောင် တမင်ရှောင်နေခဲ့သည်။ ဂျူကိန်း အကြံကုန်နေပြီ။ သူ့ကြည့်ရသည်က ထုံထုံထိုင်းထိုင်း၊ နေးနေးကွေးကွေး။ သို့ရာတွင် ထင်သလောက် အသည် မဟုတ်။ လက်ယာဂိုဏ်းသည် "မဟာပြင်သစ်နိုင်ငံတော်ကြီး" ထူထောင်မည်ဟု ယူဆသည့်အတွက် လက်ယာဂိုဏ်းသို့ ပြောင်းသွားခဲ့သည်။ သို့ရာတွင် ယခု ဘရီကျူးနှင့်တကွ သူ့မိတ်ဆွေများသည် စစ်သားစုဆောင်းရေးကို ဆန့်ကျင်ကာ ဖျက်လိုဖျက်ဆီး လုပ်နေကြသည်။ စစ်သားတွေကို တပ်မှ ထွက်ပြေးအောင်၊ သစ္စာဖောက်အောင် သွေးထိုးပေးနေကြသည်။ သို့ဖြစ်လျှင် ပြင်သစ်ပြည်ကို တကယ်ကာကွယ်ချင်သူများသည် မည်သူနည်း။ အလုပ်သမားများသာ ဖြစ်သည်။ ကွန်မြူနစ်တွေ ဖြစ်နေသည်။ ဂျူကိန်း စိတ်မချမ်းသာ။ ဤအချက်ကို သူ တောတော်နဲ့ မယုံချင်။ သူတို့အကျိုးအတွက် ကာကွယ်ခြင်းဖြစ်သည်ဟုသာ သူ့ကိုယ်သူ နှစ်သိမ့်ကြည့်ရသည်။

ဘရီကျူးနှင့် စကားပြောဖို့ ချောင်းနေသည်မှာ ကြာလှပြီ။ သို့ရာတွင် ပြောချိန်မရ။ ယခု သူ ဘရီကျူးကို သံသယဖြစ်စ ပြုလာသည်။ အသက်ငယ်ငယ် ဆိုလျှင်လည်း စစ်ထဲသို့ ဝင်တိုက်ရ အကောင်းသား။ သို့ရာတွင် သူ့အသက် ငါးဆယ့်ခြောက်နှစ် ရှိပြီ။ လေတပ်သို့ ဝင်၍ မရတော့။ ဂျူကိန်းသည် အရှုံးပေးရေးဝါဒသမားများကို သူတတ်နိုင်သလောက် ဆန့်ကျင်သည်။ သူတို့က သူ့ကို ရှောင်ကြသည်။ တခါတရံတွင် သူ့ကို အထင်သေးဟန်ဖြင့် ပခုံးကို တွန့်ပြကြသည်။ "စိတ်ကူးယဉ်သူ" ဟု ဆိုတတ်ကြသည်။ တစ်ခါတရံတွင်မူ ထိုမျှမကတော့ပဲ မော်စကို၏ ညွှန်ကြားချက်အတိုင်း လုပ်နေသူဟု ပြောကြသေး၏။ ယခု ပထမဆုံးအကြိမ် ဖက်ဆစ်လိုလားသည့် စကားများကို ဘရီကျူး၏ ပါးစပ်မှ ကြားလိုက်ရသည့်အခါတွင် ဂျူကိန်း အကြီးအကျယ် ဒေါပွသည်။ သူ့ဆရာဟောင်းဖြစ်သည့် ဘရီကျူးကို ဖော်ထုတ်ဖွင့်ချချင်သည်။ ပြင်သစ်လူမျိုးတို့၏ ရန်သူဟု ပြောလိုက်ချင်သည်။ သို့ရာတွင် စိတ်လှုပ်ရှားလွန်းသဖြင့် ဂျူကိန်း ဘာမျှ မပြောနိုင်။ အာစေး ထည့်ထားသကဲ့သို့ ဖြစ်နေသည်။ အူသံတခုကဲ့သို့ အသံတသံ ပါးစပ်မှ ထွက်လာ၏။ ထိုနောက် အသံကွဲကြီးဖြင့် အော်သံ ထွက်လာသည်။

"လက်စသတ်တော့ ခင်ဗျားဟာ ဟစ်တလာရဲ့ နောက်လိုက်၊ ဟစ်တလာကို ကိုးကွယ်တဲ့လူ၊ ခင်ဗျား စစ်ထဲတုန်းက ဒဏ်ရာရခဲ့ဖူးပြီ၊ အဲဒီဒဏ်ရာဟာ တိုင်းပြည်ကို ချစ်တဲ့အတွက် ရခဲ့တဲ့ ဂုဏ်ထူးဆောင်တံဆိပ်ဗျ၊ ခု ခင်ဗျားဟာ ဒီတံဆိပ်နဲ့ မတန်ဘူး"

သူ့မျက်လုံးတွင် မျက်ရည်တွေ ဝဲနေသည်။ စားပွဲပေါ်မှ သူ့စာရွက်စာတမ်းများကို ကောက်ယူကာ အခန်းအပြင်သို့ တဟုန်ထိုး ပြေးထွက်လာခဲ့သည်။ ကျန်လွှတ်တော်အမတ်များသည် ပခုံးကို တွန့်၍ ကျန်ရစ်ခဲ့ကြ၏။ "ဒီလူ ရူးနေပြီ" ဟု တချို့က ဆိုကြသည်။ တချို့ကလည်း ဂျူကိန်းကို အပြစ်မဆိုသင့်ကြောင်း၊ စစ်အတွင်းတုန်းက ခေါင်းခွံကို ခွဲကုခဲ့ရသဖြင့် ဦးနှောက်ကောင်းပုံ မရတော့ကြောင်းဖြင့် ပြောကြ၏။

ဂရမ်ဒယ်ကမူ လှောင်သလို ပြုံးလိုက်ယင်း...

"ရူးချင်ဟန်ဆောင်နေတာပါဗျာ၊ သူ့အပြုအမူတွေက မှန်သားပဲ၊ မနေ့ကတွင် ဖိုးဂျက်ဆီမှာ တွေ့ခဲ့သေးတယ်၊ ဖိုးဂျက်ဆီသွားယင် ဒီစကားမျိုးပဲ ထွက်မှာပေါ့"

ဘရီကျူးက မိမိတို့သည် ဘာမဟုတ်သည့် အကြောင်းကိစ္စကလေးကြောင့် အဖိုးတန်သည့် အချိန်ကို မဖြုန်းသင့်ကြောင်း။ ဂျူကိန်း၏ ကိစ္စကို နောင် အေးအေးဆေးဆေး ရှိသည့်အခါကျမှ ဆွေးနွေးသင့်ကြောင်း။ ယခုလောလောဆယ်တွင်မူ နိုင်ငံတကာ အရေးအခင်းများကို စဉ်းစားသင့်ကြောင်း။ ယခုအချိန်တွင် နာရီတိုင်းသည် အရေးကြီးကြောင်း ပြန်ပြော၏။

"ကျွန်တော်တို့ဟာ မူဆိုလိုနီကို အားကိုးရမှာပဲဗျ။ မူဆိုလိုနီ တယောက်ပဲ ကျွန်တော်တို့ကို ဟစ်တလာနဲ့ စေ့စပ်ပြေငြိမ်းလို့ရအောင် လုပ်ပေးနိုင်တယ်၊ ကျွန်တော်တို့သာ မူဆိုလိုနီကို အားကိုးနေတာ မဟုတ်ဘူး၊ ချိန်ဘာလိန်လဲ ထိုနည်းငှင်းပဲ၊ ကျွန်တော်တို့ဟာ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီနဲ့ ဂျာမနီတို့ပါတဲ့ လေးနိုင်ငံစာချုပ်ကို ဖြစ်အောင် ချုပ်ဆိုရမယ်၊ ဒါကို ရေဒီကယ်တွေ သဘောပေါက်အောင်လဲ ဖြစ်တဲ့နည်းနဲ့ လုပ်ရလိမ့်မယ်"

"အမျိုးသားအမတ်များ"၏ အစည်းအဝေးက ဆုံးဖြတ်ချက်တရပ်ကို ချလိုက်၏။ "အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်နှင့် အလျင်စလို

ဆောင်ရွက်ချက်များကို မပြုလုပ်မိရန် အတတ်နိုင်ဆုံး ကြိုးစားလိမ့်မည်ဟု အမျိုးသားစိတ်ရှိသည့် လွှတ်တော်အမတ်များက မျှော်လင့်ပေသည်” ဟု ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

လွှတ်တော်အမတ်များ ပြန်သွားသည့်အခါတွင် ဂရမ်ဒယ်သည် ဘရီကျူးထံသွား၍ ရင်းရင်းနှီးနှီး စကားပြောနေသည်။

“ခင်ဗျား တော်တော် ချုပ်တည်းနိုင်တဲ့လူဗျာ၊ ချီးကျူးပါတယ်၊ ဂျူကိန်း ပြောသွားတာမျိုး ကျွန်တော့်ကိုသာ လာပြောမယ်ဆိုယင် ကျွန်တော် တခုခု လုပ်မိမှာပဲ။ ဒီလူဟာ တော်တော် ညံ့တဲ့လူ”

ဘရီကျူးက ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ အခန်းထဲတွင် မည်သူမျှ မရှိ။ သူတို့နှစ်ယောက်တည်း။

“ဒီလိုသောက်ရူးကို သွားဖွေယူနေလို့ ဘယ်ဖြစ်မလဲဗျာ၊ ဂျူကိန်းဆိုတဲ့လူက ဦးနှောက်မှ မကောင်းတော့ပဲ၊ အရူးထောင်ပို့ဖို့ပဲ ရှိတော့တယ်၊ စပ်မိလို့ ပြောလိုက်ရဦးမယ်။ ကျွန်တော်တို့နှစ်ယောက်ချင်း စကားပါ၊ ခင်ဗျားရဲ့ မျိုးချစ်စိတ်ဓာတ်ကိုလဲ ကျွန်တော် ချီးကျူးပါတယ်၊ ဒီမျိုးချစ်စိတ်ဓာတ် ပေါ်ပေါက်ရတဲ့ အခြေခံကိုလဲ ကျွန်တော် ကြားသင့်သလောက် ကြားပြီးပါပြီ၊ ကျွန်တော် ဆိုလိုတဲ့ အဓိပ္ပါယ်ကို နားလည်တယ်နော်”

ဂရမ်ဒယ်က မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ယင်း စဉ်းစားနေသည်။

“ကျွန်တော် ကောင်းကောင်း သဘောမပေါက်ဘူးဗျ”

“ကောင်းပြီလေ၊ ဒီလိုဆိုယင် ကျွန်တော် တိတိကျကျပဲ ပြောမယ်၊ ကီးလ်မင်း ဆိုတဲ့ လူတယောက်က…”

“သြော်… လုပ်ကြံတဲ့ စာကိစ္စလား”

“ကျွန်တော်မှားယင် ခွင့်လွှတ်ပါ၊ ဒါပေမယ့် ခင်ဗျားဟာ ဒီကီးလ်မင်းဆိုတဲ့ လူတွေနဲ့ တွေ့ပြီးပြီလို့ ခိုင်ခိုင်လုံလုံ သတင်းရပြီးပါပြီ”

ဂရမ်ဒယ်၏ မျက်နှာသည် စက္ကူတရွက်လို ဖြူသွားသည်။ နောက်ထပ်ငြင်းနေ၍ မဖြစ်။ အတင်းငြင်းနေလျှင် ဘရီကျူးက အထောက်အထားတွေ ထုတ်လာတော့မည်။ သို့ဆိုလျှင် သူ ဒုက္ခရောက်တော့မည်။ ထို့ကြောင့် ဘာမျှ မပြောတော့ပဲ ငြိမ်နေလိုက်သည်။

“ဒီလိုဝန်ခံတာ ကောင်းပါတယ်” ဘရီကျူးက ပြောသည်။ “စိတ်ချပါ၊ ဒီကိစ္စကို ကျွန်တော် ဘယ်သူ့မှ မပြောသေးပါဘူး၊ ပြောဖို့လဲ မရည်ရွယ်ပါဘူး၊ တခုတော့ ကျွန်တော် ပြောချင်တယ်၊ ကျွန်တော့်ကို စပ်စုတယ်လို့တော့ မထင်ပါနဲ့၊ ခက်တာက ဘာလင်က ခင်ဗျားဆရာတွေက ကျွန်တော့်ကို အသုံးချနေတယ်လို့ သူတို့ကိုယ်သူတို့ ထင်နေကြတယ်ဗျ၊ ဒါတော့ သူတို့ထင်ချင်လဲ ထင်ပေါ့လေ၊ ဘယ်တတ်နိုင်မလဲ၊ ဒါပေမယ့် ဂရမ်ဒယ်၊ ခင်ဗျား သိထားအောင် ကျွန်တော် တခုတော့ ပြောထားလိုက်မယ်၊ ကျွန်တော်ဟာ ကီးလ်မင်းရဲ့ အကျိုးကို ဆောင်ရွက်နေတာ မဟုတ်ဘူး၊ ပြင်သစ်ပြည်ကြီးရဲ့ အကျိုးကို ဆောင်ရွက်နေတယ်၊ ဒါလေးတခုတော့ ခင်ဗျား သိထားစေချင်တယ်”

ဂရမ်ဒယ် ပြန်၍ တည်ငြိမ်စ ပြုလာသည်။ ရွှင်လန်းလာသယောင်ပင် ထင်ရ၏။

“ဒါကတော့ဗျာ၊ ကိုယ်ကြိုက်သလို ယူနိုင်ပါတယ်၊ ကျွန်တော် မငြင်းတော့ပါဘူး”

အပြင်ဘက် လမ်းမတွင် စိုးရိမ်သည့် စကားသံများကို ကြားနေရသည်။ လူတွေက ဟိုသွားလိုက် ဒီသွားလိုက်။ တချို့နေရာများတွင် စုစု စုစုနှင့် ကောလာဟလများကို ပြောနေကြသည်။ သတင်းစာရောင်းသည့် သူငယ်ကလေးများထံမှ နောက်ဆုံးထုတ် သတင်းစာများကို အလုအယက် ဝယ်ဖတ်နေကြသည်။ နှုတ်ဆက်နေကြသည်။ ငြင်းခုံနေကြသည်။ သီချင်းဆိုနေကြသည်။ ဘရိုကျူးက ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ ရောမမှလာသည့် အီတလီ သတင်းစာဆရာတယောက်နှင့် ချိန်းထားသည်။ လမ်းတွင် စိန့်ဂျာမိန်းဒီပရေး ဘုရားရှိခိုးကျောင်းသို့ ခဏဝင်၏။ ကျောက်ဖြူခွက်ထဲက မင်္ဂလာရေစင်ထဲသို့ ဝါထိန်နေသည့် လက်ချောင်းများကိုနှစ်၍ ဆုတောင်းသည်။ ထိုနောက် လက်ယာဘက်ရှိ တရားပလ္လင်ဘက်သို့ လျှောက်လာခဲ့၏။ မယ်တော်မာရီ၏ ရုပ်တုရှေ့မှ ဖယောင်းတိုင်များသည် ခပ်မှိန်မှိန် လင်းနေကြသည်။ ဒူးတဘက်ကို ထောက်လိုက်ပြီး ဆုတောင်း၏။ သူ့ဘေးပတ်ပတ်လည်တွင် သတို့သားများ၊ လင်ယောကျ်ားများအတွက် ဆုတောင်းနေကြသော အမျိုးသမီးများကို တွေ့ရသည်။

မှောင်ပျပျ ဘုရားရှိခိုးကျောင်းထဲမှ ထွက်လာသည့်အခါတွင် အပြင်ဘက်မှ နေရောင်က ကျိန်းစပ်နေသည်။ ဘရိုကျူးက မျက်လုံးများကို မှေးထားလိုက်သည်။ ခေါင်းထဲတွင် တရိပ်ရိပ် မူးလာသဖြင့် ခဏရပ်နေလိုက်ရ၏။ အိပ်ရေးပျက်သည့်ဒဏ်များက အကြောင်းပြစပြုပြီ။

သူ့အနီးတဝိုက်တွင် သတင်းစာရောင်းသည့် သူငယ်ကလေးများသည် ခပ်သုတ်သုတ် ဖြတ်သွားကြသည်။ သက်နှင်းရုံထားသည့် ဘုန်းကြီးတပါးက သူနှင့် ရှေ့ဆင့်နောက်ဆင့် ဘုရားရှိခိုးကျောင်းထဲမှ ထွက်လာသည်။ ဝတ်ဖြူစင်ကြယ် ဝတ်ထားသည့် ဝတ်ရွတ်သူငယ်က ဝတ်တက်ခေါင်းလောင်းကို ထိုးနေသည်။ ဘုန်းကြီးလက်ထဲတွင် ကျမ်းစာအုပ်တအုပ်ကို ကိုင်ထား၏။ တယောက်ယောက်သေ၍ သရဏဂုံတင်ရန် သွားခြင်း ဖြစ်လိမ့်မည်။ ဘုရားရှိခိုးကျောင်းဝင်းထဲတွင် ငှက်တို့က မြည်ကျူးလျက်။ ဘုရားရှိခိုးကျောင်းနှင့် မျက်နှာချင်းဆိုင် ကဖီးစြက်တခုပေါ်တွင် ပါရီသားတို့က သူတို့သောက်နေကျ အစာမစားမီ ဝိုင်အရက်ကို သောက်နေကြသည်။ သူတို့ဝိုင်အရက်က အနံ့မျိုးစုံ။ တချို့က ဒေါနနံ့။ တချို့က စမုန်စပါးနံ့။ တချို့က အာဒါလွတ်နံ့။ တချို့က ယူကလစ်နံ့။ တချို့က လိမ္မော်နံ့။ တချို့က နှင်းပန်းနံ့။

သို့ဖြင့် သူတို့သည် ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသည့် အရေးအခင်းများကို မသိဟန်ဆောင်နေကြသည်။

"ဆိန်း" လေယာဉ်စက်ရုံ အလုပ်သမားများ၏ အစည်းအဝေးသည် စောစော ပြီးသွားသည်။ စကားရှည်ရှည် မပြောချင်ကြတော့။ သူတို့တိုင်းပြည်ကြီးသည် အရေးမကြီးသည့် စိတ်ထားသေးသိမ်သော လူစုလက်ထဲတွင် ရောက်နေသည်ကို သူတို့ ကောင်းကောင်း သိကြသည်။ ထိုလူများသည် အချိန်မရွေး တိုင်းပြည်ကို သစ္စာဖောက်သွားနိုင်သည်။ သူတို့အနေဖြင့် တိုက်ဖို့ အဆင်သင့်။ သူတို့၏ ပိုင်းဖြတ်မှုက လေးနက်သည်။ ခိုင်မာသည်။ ချက်ကိုစလိုဗက်ပြည်သူများနှင့် သွေးစည်းညီညွတ်လျက် ရှိကြောင်းကို ပြသသည့်အနေဖြင့် ချက်ကိုစလိုဗက် ကောင်စစ်ဝန်ရုံးကို ကိုယ်စားလှယ်အဖွဲ့တဖွဲ့ စေလွှတ်ရန် ဆုံးဖြတ်လိုက်ကြသည်။

နောက်တနေ့မနက်တွင် လီဂရေးနှင့် ပီယာသည် ချက်ကိုစလိုဗက် ကောင်စစ်ဝန်ရုံးသို့သွားရန် ရှောဒေမားလမ်းကို ကူးလာခဲ့ကြ၏။ တင့်ကားကြီးများက တဝုန်းဝုန်း ဖြတ်မောင်းသွားကြသည်။ ကလေးမကလေးများက ထွေများဖြင့် ကစားနေ ကြသည်။ စားနိုင်သောက်နိုင်ဟန်ရှိသော လူတယောက်က "ချက်ကိုစလိုဗားကီးယားက ဘီယာက တော်တော်ကောင်းတယ်ဆို၊ ကျွန်တော်ကတော့ ဘီယာကို သိပ်မကြိုက်ပါဘူး။ ဒါထက် နေစမ်းပါဦးဗျ။ သူတို့ကိစ္စနဲ့ ကျွန်တော်တို့ ဘာဆိုင်လို့လဲ" ဟု ပြောသွားသံကို ကြားလိုက်ရသည်။

လီဂရေးက ပီယာကို လှမ်းပြောလိုက်၏။

"ဒီအတိုင်းသာဆိုယင် ပြင်သစ်ပြည်ဟာ ကမ္ဘာမှာ အထီးတည်း ဖြစ်နေလိမ့်မယ်လို့ ခင်ဗျား မနေ့က ပြောခဲ့တယ်၊ အဲဒါ အမှန်ပဲဗျ၊ ဒါပေမယ့် ကျွန်တော်တို့ ကိုယ်တိုင်လဲ ပြင်သစ်ပြည်ကြီးရဲ့ အလယ်ကောင်မှာ အထီးတည်း ဖြစ်နေတယ်ဗျ။ ကျွန်တော်တို့က ပြည်သူ့တပ်ဦးအကြောင်းကို ခုတိုင် ပြောနေကြတုန်း၊ ဒါပေမယ့် ပြည်သူ့တပ်ဦးက မရှိတော့ဘူးဗျ။ ကျွန်တော်ကတော့ ဆိုရှယ်လစ်တွေနဲ့စာယင် ဂျူကိန်းကို ပိုပြီး သဘောကျတယ်၊ သူက ရိုးသားတယ်၊ အလုပ်သမားတွေကတော့ နိုင်ငံရေးအရ တော်တော် ရင့်ကျက်နေကြပြီဗျ။ ဒါပေမယ့် လယ်သမားက ဘယ်လိုလဲ။ ကျွန်တော့်အထင်တော့ ဒလားဒီးယားက အလျှော့ပေးလိုက်ယင် လယ်သမားကတော့ ကျေနပ်နေမှာပဲ ထင်တယ်"

ပီယာက ပြုံးလိုက်သည်။

"လယ်သမားတွင် မကပါဘူးဗျာ၊ ကျွန်တော့်မိန်းမ အဂ္ဂနိစ်ကလဲ ကျေနပ်မှာပါပဲ။ တကယ်ဆိုယင် အဂ္ဂနိစ်ဟာ အလုပ်သမားရဲ့ သမီးတယောက်၊ သူနားလည်သင့်တာပေါ့။ သူလဲ ရှုပ်ထွေးကုန်ပြီ ထင်ပါရဲ့၊ မောင် ပြောခဲ့ ရေးခဲ့တာတွေကို မေ့ကုန်ပလားတဲ့၊ ခု ကျွန်တော့်ကို ပြန်မေးနေပြီ၊ ကျွန်တော်ကတော့ ကျွန်တော့်ခံစားချက်ကို ကျွန်တော်ယုံတယ်လေ၊ ခု စပိန်နဲ့ ချက်ကိုစလိုဗားကီးယားကိစ္စဟာ အတူတူပဲဗျ... ဘာစီလိုနာကို ရောက်တုန်းက စပိန်ခေါင်းဆောင် အာဇညာနဲ့ ကျွန်တော် တွေ့ခဲ့တယ်၊ ကျွန်တော်တို့ ဆားရော့လို

ရေဒီကယ်တယောက်ပါပဲ၊ သူကကော၊ သူ့အာဏာ တည်မြဲသွားယင် အလုပ်သမားတွေကို မနှိပ်ကွပ်ဘူး ထင်သလား၊ နှိပ်ကွပ်မှာပဲဗျ။ ကျွန်တော်တို့ စပိန်ကို ကူနေတာဟာ အာဇာညာကို ကူနေတာ မဟုတ်ဘူး၊ စပိန်ပြည်သူတွေကို ကူနေတာ၊ ခုလဲ ဒီအတိုင်းပဲ၊ ချက်ကိုစလိုဗားကီးယားကို ကျွန်တော်တို့ ကူညီနေတာဟာ ဘင်းစ်ကို ကူညီနေတာ မဟုတ်ဘူး၊ ချက်ကိုစလိုဗက် ပြည်သူတွေကို ကူညီတာ၊ အဂ္ဂနိစ်ဟာ ဒါတွေကို နားမလည်ဘူး၊ သူ့စိတ်ထဲမှာ ရှုပ်နေတယ်”

“ဒါပေါ့၊ သူနားလည်ချင်မှ နားလည်မှာပေါ့၊ သူကတော့ ခင်ဗျားကို စစ်မြေပြင်ပို့မှာ တွေးပြီး ကြောက်နေမှာပဲ၊ သူ့မှာ ကလေးတယောက်နဲ့ မဟုတ်လား၊ ဒါကို ကျွန်တော် နားလည်နိုင်ပါတယ် ပီယာ”

ကောင်းကင်က အုံ့ပျပျ။ တိမ်တိုက်တို့ ဖုံးနေသည်။ သို့ရာတွင် တိမ်တိုက်ပါးပါးနောက်က နေခြည်ကို ထိတွေ့ရ၏။

“ကျွန်တော်တို့ ခေါင်းဆောင်တွေကတော့ အလျှော့ပေးမှာပါပဲဗျာ၊ အင်း... သံသရာ တပတ်လည်ပြန်တာပေါ့”

ပီယာက ပြော၏။

လွန်ခဲ့သည့်ရက်များအတွင်းက ပီယာသည် မျှော်တလင့်လင့် ဖြစ်ခဲ့ရ၏။ စပိန်ပြဿနာသည်ပင် နောက်တန်းသို့ ရောက်သွားပြီး အင်္ဂလိပ်ဝန်ကြီးချုပ် ချိန်ဘာလိန် ဟစ်တလာကို နှစ်ခေါက်သွားတွေ့သည့် ကာလသည် ဘာမျှ မကြာသော်လည်း သူ့အဖို့မူ နှစ်တွေ အများကြီး ခြားသွားသည်ဟု ထင်၏။ ပီယာ အလုပ်လည်း လုပ်လို့မရ။ စားရ၍လည်း မဝင်။ အိပ်၍လည်း မပျော်။ ပြည်သူ့တပ်ဦးအစိုးရ တက်သည့်နှစ်များတုန်းကလို ပီယာတယောက် တက်တက်ကြွကြွ မရှိတော့။ အလှည့်စားခံရသည်ကို နာကျည်းသည်။ စိတ်ခေတ်ကျသည်ဟုပင် ပြောနိုင်သည်။ သူ့ပင်ကိုစရိုက်က ဤသို့ မဟုတ်။ တက်တက်ကြွကြွ။ “ငါ့ဘဝလဲ လမ်းပိတ်နေပြီ ထင်တယ်” ဟုပင် တွေးမိသေးသည်။ တခါတရံတွင် ပီယာသည် လက်နက်ထုတ်လုပ်သူများနှင့်သွား၍ စပိန်ပြည်အတွက် လက်နက်ရောင်းရန် သွား၍ ဆွေးနွေးရသည်။ စပိန်ပြည်သို့ တာဝန်ဖြင့် မကြာခဏ ရောက်ခဲ့ဖူးသည်။ သို့ရာတွင် ထိုအရာများသည် သူ ယခုအချိန်တွင် အိပ်မက်လို ဝိုးတိုးဝါးတား။ ပီယာသည် နောက်ဆုံးစာရင်းရှင်းသည့် ပွဲမျိုးကို တွေ့ချင်သည်။ စစ်ပွဲကြီးကို မြင်ချင်သည်။ သို့ရာတွင် ငယ်ငယ်ကလို စိတ်ကူးယဉ်တတ်သည့် အကျင့်က မပျောက်သေး။ သူ ငယ်ငယ်က ရှိခဲ့သည့် ကလေးစိတ်က ပျော်ရွှင်မှုကို လိုချင်နေသည်။ လမ်းလျှောက်သွားကြယင်း အိမ်တအိမ်မှ စန္ဒရားသံကို ကြားလိုက်ရသည့်အခါတွင် ပီယာရပ်၍ နားထောင်မိသည်။ ကောင်းလိုက်သည့် စန္ဒရားသံ။ ဆိုနာတာ တေးသွားတခုထဲမှ အကွက်ကလေးတကွက်။

ချက်ကိုစလိုဗက် ကောင်စစ်ဝန်ရုံးသို့ ရောက်သည့်အခါတွင် သူတို့ကို ပထမအတွင်းဝန် ဗားနက်က ဆီးကြိုသည်။ အလုံးအဖန်ကြီးကြီး။ လေးလေးတွဲ့တွဲ့။ လက်ကြီးတွေက လယ်သမားလက်ကြီးတွေလို ပြန့်ပြန့်ကြီးကြီး။ တုတ်ခိုင်သည့် သူ့လည်ပင်းသည် လည်စည်းဖြင့် ကျပ်စည်းထားသလို ဖြစ်နေသည်။

လွန်ခဲ့သည့် ရက်များအတွင်းတွင် ချက်ကောင်စစ်ဝန်ရုံးသို့ အလုပ်သမား ကိုယ်စားလှယ်အဖွဲ့များ တဖွဲ့ဖွဲ့ ရောက်လာကြကာ ချက်ကိုစလိုဗက်ပြည်သူများကို ထောက်ခံကြောင်းဖြင့် လာရောက်ပြောကြသည်။ ဗားနက်က မျက်မှောင်ကြီးကုပ်၍ နားထောင်၏။ “ပစ္စည်းမဲ့လူတန်းစား သွေးစည်းညီညွတ်မှု” ဆိုသည့် စကားကို

ကြားရသည့်အခါတွင် ဗားနက် ကောင်းကောင်း နားမလည်နိုင်။ ဘာတွေ ဖြစ်ကုန်ပြီနည်း။ သူ့ကို ထောက်ခံကြောင်း လာပြောပြပြီး လက်ဆွဲနှုတ်ဆက်နေသည့် ထိုလူများသည် ဘာတွေနည်း။ ကွန်မြူနစ်တွေလော။ "ကျွန်တော်တော့ ဘာတွေမှန်းတောင် မသိတော့ဘူး" ဟု ဗားနက်က ကောင်စစ်ဝန်ရှေ့တွင် ထုတ်ညည်းသည်။

လွန်ခဲ့သည့် ကိုးနှစ်လောက်တုန်းက ဗားနက်သည် သက်မွေးဝမ်းကျောင်းအားဖြင့် ဝေါဟာရဗေဒ ပါရဂူတဦးဖြစ်ပြီး ယုံကြည်ချက်အားဖြင့် လစ်ဘရယ်တယောက် ဖြစ်သည်။ မောရားဗီးယားနယ် မြို့ကလေးတမြို့တွင် အလုပ်လုပ်ခဲ့သည်။ မကြာမီ ထိုနယ်တွင် မငြိမ်မသက် ဖြစ်လာသည်။ ကွန်မြူနစ်များက စစ်ဥပဒေများကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ အချို့က အဖမ်းခံခဲ့ကြရ၏။ ဗားနက်သည် ထိုလူများအမှုတွင် အစိုးရသက်သေ လုပ်ခဲ့သည်။ ဆန္ဒပြပွဲခေါင်းဆောင် ထောင်လေးနှစ် ကျသွားသည့်အခါတွင် ဗားနက် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

သို့ရာတွင် ယခု ပါရီသို့ ရောက်သည့်အခါတွင် ကွန်မြူနစ်တွေ သူ့ဆီရောက်လာကာ လက်ဆွဲနှုတ်ဆက်နေကြပြီ။ ချက်ကိုစလိုဗက်ပြည်သူများကို ထောက်ခံသည်ဟု လာပြောနေကြပြီ။ သို့ရာတွင် သူ့မိတ်ဆွေများ နေ့လယ်စာဖြင့် ဧည့်ခံခဲ့သည့် ပြင်သစ်အမျိုးသားများ။ သူနှင့် နိုင်ငံရေးကြောင်း ပြောခဲ့သည့် ပြင်သစ်လူ့ကုံထံများ။ သူနှင့် စမီယာနာ၏ အော်ပရာများအကြောင်းကို ပြောခဲ့ကြသည့် အထက်တန်းစား ပညာတတ်များ၊ ချက်ကိုစလိုဗားကီးယားပြည်သူများကို ကိုယ်ချင်းစာနာသည်ဟု ပြောခဲ့ကြသူများကိုမူ တယောက်မျှ မတွေ့ရတော့။ သူတို့အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြသည်။ နွေဦးပေါက် တက်စ ဝန်ကြီးဖြစ်သွားသည့်အခါ၌ ဗားနက် ဝမ်းသာခဲ့သည်။ ချက်လူမျိုး သူရဲကောင်း မာဆတ်၏ နှစ်တရာပြည့်ပွဲတော် အထိမ်းအမှတ်တွင် တက်စက "ချက်ကိုစလိုဗားကီးယားပြည်သည် ဥရောပအလယ်ကောင်တွင် ရှိသည့် အနောက်တိုင်းယဉ်ကျေးမှု မဟာတံတိုင်းကြီး ဖြစ်သည်။ လူ့သဘာဝတရားများ ထွန်းကားရာ တိုင်းပြည်ဖြစ်သည်" ဟု တခမ်းတနား ရေးခဲ့သည် မဟုတ်လော။ ယခုမူ တက်စကို တွေ့ချင်၍ပင် တွေ့ခွင့်မရတော့။

သူ့တိုင်းပြည်၏ ကံကြမ္မာကိုတွေး၍ ဗားနက် စိုးရိမ်သည်။ ပြင်သစ်သတင်းစာများတွင် ပါသည့် ဆောင်းပါးများကို ဖတ်ပြီးသည့်အခါတွင် ဗားနက် ဒေါသထွက်ရသည်။ ချက်လူမျိုးတို့ကို "လူရိုင်း"များဟု ရေးထားသည့် ဘရီကျူး၏ ဆောင်းပါးကို ဖတ်လိုက်ရသည့်အခါတွင် ဒေါပွပွဖြင့် ရှေ့တွင်ရှိသည့် ကော်ဖီပန်းကန်များကို ရိုက်ခွဲပစ်မိသည်။ ထို့ပြင် ဒေသစွဲကလည်း ရှိသေးသည်။ အချင်းဖြစ်ပွားနေသည့် နယ်စပ်ဒေသသည် သူ့မွေးဇာတိဖြစ်သည့် မောရားဗီးယန်း မြို့ငယ်ကလေးနှင့် ဘာမှမဝေး။ သူ့မိဘအိုနှစ်ပါးနှင့် သူ့နှမငယ်သည် ထိုမြို့ကလေးတွင် ရှိနေသည်။ ပြင်သစ်အစိုးရသည် သူတို့ကို သစ္စာဖောက်မည်မထင်ဟု နေ့တိုင်း ဆီမန်းမန်းသလို ရွတ်ရသည်ကလည်း အမော။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားပြီး သူနှင့်ခင်သည့် အမတ်များထံ အခြေအနေကို တီးခေါက်ကြည့်သည်။ သို့ရာတွင် ဘာမျှ မပြောကြ။ အသုဘအိမ်လာသလို သက်ပြင်းကြီးတွေ တချချနှင့် လုပ်နေကြသည်။ ကောင်စစ်ဝန်ရုံးသို့မူ အလုပ်သမား ကိုယ်စားလှယ်အဖွဲ့တွေ တဖွဲ့ဖွဲ့ ရောက်နေကြဆဲ။ ပြင်သစ်သတင်းစာဆရာတွေ၊ ပါမောက္ခတွေ၊ ရှေ့နေတွေ၊ ရေဒီကယ်တွေ၊ ဆိုရှယ်လစ်တွေလာ၍ သူတို့ကိစ္စကို ထောက်ခံကြောင်း လာပြောကြမည်လောဟု ဗားနက် စောင့်သည်။ သို့ရာတွင် တယောက်မျှ

မပေါ်လာကြ။ လာ၍ ထောက်ခံကြသူများမှာ အလုပ်သမားများချည်းသာ ဖြစ်ကြသည်။ ဗားနက်က သူတို့ကို ကျေးဇူးတင်ကြောင်း ပြောပြ၏။ လက်ဆွဲနှုတ်ဆက်၏။ “ကွန်မြူနစ်တွေ နေမှာပဲ” ဟု တွေးကာ စိတ်မချမ်းမသာ ဖြစ်မိသည်။

ကောင်စစ်ဝန်ရုံးတွင် လီဂရေးက စကားတလုံးမျှ မပြော။ ပီယာက စကားကို ဒိုင်ခံပြောသည်။ ဗားနက်သည် ပီယာ၏ စိတ်တက်ကြွပုံ၊ စကားလုံးသုံးပုံကို မြင်ကာ အံ့အားသင့်နေသည်။ ပီယာသည် ကွန်မြူနစ်တယောက်လည်း ဟုတ်ပုံမရ။ အလုပ်သမားတယောက်လည်း ဟုတ်ပုံမရ။ လွတ်လွတ်လပ်လပ် တွေးခေါ်တတ်သူ။ သူ့လို အတွေးအခေါ်မျိုး ရှိသည်ဟု ထင်နေသည်။

“မိတ်ဆွေတို့ ခုလို လာပြောပြတဲ့အတွက် ကျွန်တော် အများကြီး ဝမ်းသာပါတယ်” ဗားနက်က ပြော၏။ “လူတန်းစားအသီးသီး၊ အယူအဆအသီးသီး ရှိတဲ့လူတွေ ကျွန်တော်တို့ဆီကို ခုလိုလာပြီး ထောက်ခံဆန္ဒပြပေးကြတာ ကောင်းပါတယ်၊ နို့မဟုတ်ယင် ကွန်မြူနစ်တွေချည်း ကျွန်တော်တို့ဆီကိုလာပြီး ထောက်ခံနေတယ်လို့ ထင်နေကြဦးမယ်”

“ကျွန်တော်က ကွန်မြူနစ်ပါ”

ပီယာက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

ဗားနက် ယဉ်ကျေးစွာ ပြုံးလိုက်၏။ သူတို့သုံးယောက်သား အိမ်ရှေ့ခန်း ပြတင်းပေါက်ကြီးနားတွင် ရပ်နေကြခြင်း ဖြစ်၏။ သတင်းစာရောင်းသည့် လူငယ်များ၏ အထိတ်တလန့် အော်သံများကို ကြားရသည်။ ဗားနက်က မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ယင်း ယနေ့များ တက်စက သူ့ကို အတွေ့ခံမည်လောဟု တွေးနေသည်။

ပြန်ထွက်လာကြသည့်အခါတွင် လီဂရေးက...

“ဒီအချိန်မှာ ဒီစကားမျိုးကို ပြောဖို့မကောင်းဘူး ဆိုတာတော့ ကျွန်တော်သိပါတယ်။ ဒါပေမယ့် မေးတော့ မေးရဦးမယ်၊ ဘာဖြစ်လို့ ကွန်မြူနစ်ပါတီကို မဝင်တာလဲဟင်”

ပီယာက ချက်ချင်းမဖြေ။ အတန်ကြာမှ...

“ဘာဖြစ်လို့မှ မဟုတ်ပါဘူး၊ ပါတီကို မဝင်တာက ပိုပြီး ရိုးသားရာ ရောက်တယ်လို့ ကျွန်တော်ထင်တယ်လေ”

နောက်ဆုံးတွင် ဝန်ကြီးတက်စသည် ချက်ကောင်စစ်ဝန်ရုံးမှ ဗားနက်ကို တွေ့ခွင့်ပြုလိုက်သည်။ သူများက အပြစ်ပြောမည်ကို ဟန့်တားသည့်အနေဖြင့် ကိုယ်က ဦးအောင် ဟောက်ပစ်လိုက်သည်။

“ခင်ဗျားလဲ သံတမန်လုပ်နေတာပဲ၊ ဒီလောက်မှ နားမလည်ဘူးလားဗျ။ နိုင်ငံငယ်လေးတွေရဲ့ ကံကြမ္မာဟာ နိုင်ငံကြီးတွေအပေါ်မှာ တည်နေတယ်၊ ခုလောလောဆယ်မှာတော့ ကျုပ်တို့အနေနဲ့ စစ်မဖြစ်ချင်ဘူး၊ ရှင်းရှင်းပဲ၊ ဒါပေမယ့် ကျုပ်တို့ လက်နက်ပြန်တပ်ဆင်ပြီးယင်တော့ ခင်ဗျားတို့နယ်လေးတွေကိုတော့ ပြန်ရအောင် လုပ်ပေးမှာပါ၊ စိတ်ချ၊ အချိန်အခါကို စောင့်တတ်ရမယ်ဗျ။ ပထမကမ္ဘာစစ်တုန်းက ပရပ်ရှင်းတွေက ရှလယ်ဝစ်ကို သိမ်းတယ်၊ ကျုပ်တို့ ကြားဝင်မစွက်ခဲ့ဘူး၊ ဒါပေမယ့် နောက်နှစ် ၅၀ လောက်ကြာတဲ့အခါကျတော့ ဒိန်းမတ်တွေကို သူတို့နယ် သူတို့ပြန်ရအောင် လုပ်ပေးခဲ့တယ် မဟုတ်လား၊ ဒါဟာ သံတမန်ရေးရာမှာ ကကြီး ခခွေးတွေပါဗျာ”

ခါတိုင်း စကားကို မယုတ်မလွန် ပြောတတ်သည့် ဗားနက် မနေနိုင်တော့၊ ဒေါပွပွဖြင့် စိတ်ထဲရှိသည်ကို ပြောချလိုက်သည်။

"ရှလယ်ဝစ်ကို သိမ်းတာကို ဒီတိုင်း လက်ပိုက်ကြည့်နေခဲ့ကြလို့ နပိုလီယန်လက်ထက်တုန်းက ခင်ဗျားတို့ ရှုံးခဲ့ကြပြီ မဟုတ်လား၊ ဆီဒန်နယ်ကို ဂျာမန်တွေလက်ထဲ ထိုးအပ်ခဲ့ရပြီ မဟုတ်လား"

"အို... ဒါနဲ့ မဆိုင်ပါဘူးဗျ၊ တခြားစီပဲ" ဝန်ကြီးတက်စ ပြန်အော်သည်။ "အဲဒီတုန်းက နပိုလီယန် အုပ်ချုပ်တဲ့ ပြင်သစ်အင်ပိုင်ယာကြီး ပြိုကွဲနေတဲ့အချိန်ဗျ၊ ခု ၁၉၃၈ ခုနှစ်၊ ပြင်သစ်ပြည်ကြီးက နုပျိုအားကောင်းနေတဲ့ ပြင်သစ်ပြည်ကြီးဗျ၊ ဒီမှာ ခင်ဗျား စိတ်ချနေစမ်းပါ၊ ဆီဒန်လို အဖြစ်မျိုး ပြန်မဖြစ်တော့ပါဘူး၊ ဒါပေမယ့် အချိန်ကိုတော့ စောင့်ရလိမ့်မယ်ဗျ၊ ခင်ဗျားတို့ ဆူဒေတန်အနေနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုယင် ပြင်သစ်ပြည်မှာ သဘောထားကွဲနေတယ်ဗျ"

ဗားနက် အတော်ကြာ တိတ်ဆိတ်နေသည်။ နေလောင်ထားသည့် သူ့မျက်နှာသည် ယခုတိုင် နီရဲလျက်ရှိ၏။ နဖူးကြောကြီးများသည် ထင်းကနဲ ပေါ်နေကြလေ၏။ သို့ရာတွင် တက်စက ပြန်ချော့သည်။ တက်စသည် ဒေါသတကြီးဖြင့် အော်ပြီးနောက် လေပြည်ထိုးပြန်သည်။ ဗားနက်အနီးသို့ လျှောက်လာခဲ့ပြီးနောက်...

"ယုံပါဗျာ၊ ခင်ဗျားတို့ ဒုက္ခဟာ ကျွန်တော်တို့ရဲ့ ဒုက္ခနဲ့ အတူတူပါပဲ။ ဝန်ကြီးချုပ်ရုံးခန်းက ချက်ကိုစလိုဗားကီးယားရဲ့ ရုပ်တုကို ကျွန်တော်တို့ အဝတ်နက်နဲ့ ဖုံးထားပါတယ်၊ တကယ်တော့ ခင်ဗျားတို့ဟာ အများကောင်းကျိုးအတွက် ရှေ့ဆုံးကနေပြီး ကားစင်တက် အစတေးခံလိုက်တဲ့ လူတွေပါ၊ ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေး ထိန်းသိမ်းနိုင်အောင် ခင်ဗျားတို့ချစ်တဲ့ တိုင်းပြည်ကြီးကို အဆုံးရှုံးခံလိုက်ရတာပါ။ ဒါကို ပြင်သစ်အမျိုးသမီးတွေက ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး"

ခေါင်းစည်းပဝါနက်နက်အောက်မှ အရေတွေ တွန့်နေသည့် သူ့အမေမျက်နှာကို ဗားနက် မြင်ယောင်သည်။ သူ့အမေအိုကြီးသည် အမြဲတမ်း လယ်သူမကြီးတယောက်လို ဝတ်တတ်၏။ မရေရာသည့် ကလေးမျှော်လင့်ချက်မျိုး သူ့ရင်ထဲတွင် ပေါ်ပေါက်လာ၏။ ပြင်သစ်ပြည်သည် ချက်အမျိုးသားများကို သစ္စာဖောက်မည်မဟုတ်ဟု မျှော်လင့်ချက် ဝင်လာသည်။

"ဆူဒေတန်နဲ့ ပတ်သက်လို့ ပြင်သစ်ပြည်မှာ သဘောထားကွဲနေကြတယ်လို့ ဝန်ကြီးက ပြောသွားတယ်" ဗားနက်က ပြောသည်။ "ဒါပေမယ့် ဆူဒေတန်နယ်ထဲမှာ ချက်လူမျိုးတွေချည်းနေတဲ့ ခရိုင်တွေ အများကြီး ရှိတယ်ခင်ဗျ။ အဲဒီခရိုင်တွေမှာ ဂျာမန်တယောက်မှ မရှိဘူး၊ ကျွန်တော်ဆိုယင် အဲဒီခရိုင်က လာတာပဲ၊ ဒီတော့ အနည်းဆုံး အဲဒီခရိုင်တွေကိုဖြစ်ဖြစ်၊ ဂျာမန်က မသိမ်းအောင်တော့ တောင်းဆိုသင့်တယ်လို့ ကျွန်တော်ထင်တယ်"

တက်စက သမ်းလိုက်သည်။ သူနှင့် စကားပြောရသည်ကို ငြီးငွေ့လှ၏။

"မြူးနစ်ကို ကျွန်တော်တို့ ဝန်ကြီးချုပ် ဒလားဒီးယား သွားမယ်လို့ ကျွန်တော့်ကို ခုနပဲ တယ်လီဖုန်း ဆက်တယ်ဗျ၊ ခေါင်းဆောင်တွေ တွေ့ဆုံပြီး မြူးနစ်မှာ ဖြေရှင်းပေးပါလိမ့်မယ်၊ ခင်ဗျားတို့ အစိုးရရဲ့ ကိုယ်စားလှယ်ကိုလဲ အကြောင်းကြားမှာပါ။ ဒီတော့ လောလောဆယ်မှာ ဒီပထဝီဝင်တွေအကြောင်းကို မပြောပဲ နေကြစို့ဗျာ၊ ဟုတ်လား"

ဗားနက်၏ မျက်လုံးပြာပြာများတွင် မျက်ရည်တွေ လည်လာ၏။ သို့ရာတွင်

ဗားနက်က ချက်ချင်းပြန်၍ ဣန္ဒြေဆည်လိုက်သည်။ ထိုနောက် တက်စကို ကျေးဇူးတင်စကားပြောပြီး ပြန်သွားလေသည်။

"အင်း... သောက်ကျိုးနဲ၊ မောင်မင်းကြီးသား ပြန်အောင် မနည်း လှည့်ပတ်ထုတ်လိုက်ရတယ်၊ ဒီလူတွေကို ရှင်းပြတာနဲ့စာယင် အသတ်ခံရမယ့် ရာဇဝတ်ကောင်ကို ခေါင်းဖြတ်စက်စီ တွဲခေါ်သွားရတာကမှ တော်လိမ့်မယ်၊ ဗားနက်ဆိုတဲ့လူက ဆိုးတော့မဆိုးပါဘူး၊ ဒါပေမယ့် လူက တော်တော်တုံးတဲ့လူပဲ၊ တို့အနေနဲ့ အနစ်နာမခံနိုင်ဘူးဆိုတာ ဒီလောက်မှ နားမလည်ကြဘူးလား၊ သူများကောင်းကျိုး ဆောင်ရွက်တယ်ဆိုတာမျိုးတွေ တော်ပြီ၊ ဒါတွေ လုပ်နေလို့ မဖြစ်တော့ဘူး၊ ပြင်သစ်ပြည်ကြီးဟာ ကိုယ့်တိုးတက်ရာ တိုးတက်ကြောင်းအတွက် လုပ်ရဦးမယ်"

တက်စ တယောက်တည်း တွေးနေသည်။ ထိုနောက် သူ့အပျော်မယားကလေး ပေါလက်ဆီသို့ တယ်လီဖုန်း ကောက်ဆက်လိုက်၏။

"အစ်ကိုကြီး လာခဲ့ရမလား၊ အစ်ကိုကြီး ဒီနေ့ နည်းနည်း ပင်ပန်းသွားတယ်ကွယ်၊ ဟင့်အင်း မဟုတ်ပါဘူး၊ သတင်းက ကောင်းပါတယ်၊ တော်တော်ကောင်းပါတယ်။ စစ်မဖြစ်နိုင်တော့ပါဘူးကွဲ့၊ ဒါပေမယ့် အစ်ကိုကြီး ဒီနေ့ တော်တော် ပင်ပန်းတယ်။ ဗာလိန်ပြောတဲ့ ကဗျာလေးလိုပေါ့၊ ဘာတဲ့၊ 'ပန်းလျှလျှပင်၊ ချစ်ရင်ခွင်၌၊ ကယုကယင်၊ ချစ်တို့တင်၍' ဆိုတာလေ၊ ကောင်းပြီလေ၊ အစ်ကိုကြီး ခုပဲ လာခဲ့မယ်၊ တခါတည်း လာခဲ့မှာနော်"

ဂျူလီယော့သည် အပေါ်အင်္ကျီကို ချွတ်လိုက်ပြီးနောက် ပုံနှိပ်စက်ခန်းထဲတွင် အလုပ်များနေသည်။ အထူးထုတ် သတင်းစာမျက်နှာဖုံးအတွက် အပြင်အဆင်များအားလုံး စီစဉ်ပြီးပြီ။ အင်္ဂလိပ်ဝန်ကြီးချုပ် ချိန်ဘာလိန်၏ ကလေးဘဝကို ရှာဖွေဖော်ပြနိုင်သည့်အတွက် သူ့ကိုယ်သူလည်း ဂုဏ်ယူ၍မဆုံး။ ချိန်ဘာလိန်သည် အသက်လေးနှစ် အရွယ်ကတည်းက ကလေးအချင်းချင်း ရန်ဖြစ်လျှင် ဝင်ရောက်ဖျန်ဖြေပေးတတ်သည်။ အသက်ကြီးလာလျှင် ကောင်းစားမည့်ကလေးဖြစ်သည်ဟု မိခင်များက ပြောကြသည်။

"ဘယ်လို ခေါင်းတပ်ရမလဲ ဆရာ" လက်ထောက်အယ်ဒီတာတယောက်က မေးသည်။ " 'မြူးနစ်မြို့တွင် ခေါင်းဆောင်ကြီးများ သဘောတူကြပြီ' လို့ တပ်လိုက်ရမလား"

ဂျူလီယော့က မျက်မှောင်ကုပ်လိုက်ပြီး…

"သိပ်ပြီး မဆွဲဆောင်ဘူးကွ၊ ပြီးတော့ သိပ်ပြီးလဲ အဓိပ္ပါယ် မပေါ်ဘူး၊ အခြေအနေနဲ့လဲ သိပ်မမိဘူး ဖြစ်နေတယ်"

" 'ငြိမ်းချမ်းရေးအောင်ပွဲကြီး' လို့တပ်ယင်ကော…"

ဤသည်ကိုလည်း ဂျူလီယော့ မကြိုက်သေး။ ခေါင်းကို နောက်သို့လှန်ကာ မျက်လုံးများကိုမှေး၍ စဉ်းစားယင်း…

"ဒီလိုတပ်၊ 'ပြင်သစ်ပြည်၏ အောင်ပွဲကြီး' လို့တပ်၊ ခေါင်းကို မျက်နှာဖုံးပြည့် ဖြန့်စီ"

ညနေပိုင်း ပါရီသို့ ပြန်ရောက်လာသည့်အခါတွင် ဝန်ကြီးချုပ် ဒလားဒီးယားသည် အောင်ဗိမ္မာန်ရှိ အညတရ စစ်သည်တော် ဗိမ္မာန်သို့သွား၍ လွမ်းသူ့ပန်းခွေချသည်။ ရုံးများ၊ ကုန်တိုက်ကြီးများနှင့် ဆိုင်များအားလုံးလည်း ပိတ်ထားကြ၏။ ရှောင်ဇလီဇေး လမ်းမကြီးမှ ကျယ်ပြန့်သည့် စကြံများတွင် လူတွေ ကြိတ်ကြိတ်တိုးနေသည်။ လူတွေက ပျော်နေကြသည်။ သူတို့တတွေ ကတုတ်ကျင်းများထဲသို့ မသွားကြရတော့။ အထူးသဖြင့် အမျိုးသမီးပရိသတ်က ပိုများသည်။ နေရာတိုင်းတွင် ပြင်သစ်အမျိုးသားအလံတွေ လွှင့်ထားကြ၏။ ပန်းဆိုင်များတွင် နှင်းဆီပန်းများနှင့် ရေမွှေးပန်းများမှာ ရောင်း၍ပင် မလောက်။ တမြန်နေ့ကမှ ဝမ်းနည်းပမ်းနည်းဖြင့် ပြောပြနေသည့် တီးတိုးသံများ၊ ရှိုက်သံများ၊ အသံကွဲကြီးများဖြင့် သီချင်းဆိုသံများလောက်ကိုသာ ကြားခဲ့ရသည်။ ယခုမူ အားလပ်ရက်ကြီးတရက်သဖွယ် ပျော်ကြ။ ပြုံးကြ။ ရယ်ကြ။

ရှောင်ဇလီဇေး လမ်းမနှင့် မနီးမဝေး ဒုတိယတန်း ပျော်ပွဲစားရုံတခုတွင် ဒက်ဇာသည် ထောင့်ခန်းက ခပ်မှောင်မှောင် စားပွဲတလုံးတွင် ထိုင်လျက်ရှိ၏။ နေ့လယ်စာပြီး၍ ကော်ဖီသောက်နေဆဲ ရှိသေးသည်။ ဤပျော်ပွဲစားရုံကလေးသို့ သူ မကြာခဏ လာတတ်သည်။ လူရှင်းသဖြင့် လာခြင်းဖြစ်၏။ ဒက်ဇာသည်

လူငယ်ကလေးတယောက် လာရောင်းသည့် "ဘဝသစ်" သတင်းစာတစောင်ကို ဝယ်လိုက်ပြီးနောက် ရှေ့မျက်နှာဖုံးကို ကျော်သွားကာ အတွင်းသတင်းများကို လှျောက်ဖတ်နေသည်။ သူဖတ်နေသည့် သတင်းများက မီးလောင်သည့်သတင်း။ လုယက်မှုသတင်း။ စာလုံးသေးသေးကလေးတွေဖြင့် ရိုက်ထားသည်။ သူ့စိတ်သည် နောက်ကျိုလျက်ရှိ၏။ မော့ကြည့်လိုက်၍ ဖိုးဂျက်ကို မြင်လိုက်သည့်အခါတွင် ပို၍ နောက်ကျိုသွားသည်။

"ဩော်၊ ခင်ဗျားလဲ လာသကိုး"

"ဒီလိုပေါ့ဗျာ"

တခြားအချိန်ဆိုလျှင် ဖိုးဂျက်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလိမ့်မည်။ သူတို့နှစ်ယောက် သိခဲ့ကြသည်မှာ ကြာလှပြီ။ နှစ်ယောက်စလုံး စက်မှုသိပ္ပံကျောင်းတွင် တက်ခဲ့ကြပြီး အင်ဂျင်နီယာလုပ်ရန် စိတ်ကူးခဲ့ကြသည်။ နောက်တွင် ဒက်ဇာက စီးပွါးရေးကို စောက်ချလုပ်သွားပြီး ဖိုးဂျက်က နိုင်ငံရေးနှင့် သမိုင်းကို လှေ့လာခဲ့သည်။ သူတို့နှစ်ယောက် တယောက်နှင့်တယောက် မတွေ့ဖြစ်ကြ။ သို့ရာတွင် တွေ့သည့်အခါတွင်လည်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီး။ ဟန်ဆောင်မှုတွေ ဘာတွေ မရှိ။ သူ အင်မတန်ကြိုက်သည့် ရေဒီကယ်ပါတီဝင်တို့ ခြစားကြောင်း၊ စတာဗစ္စကီ ငွေလိမ်မှုတွင် ရောထွေးနေကြောင်း၊ ပြင်သစ်သမ္မတနိုင်ငံကြီးကို လှိုက်စားနေကြောင်း ကြားရသည့်အခါတွင် ဒက်ဇာသည် "ဖိုးဂျက်ကော ဘယ်လိုလဲ" ဟု စိုးရိမ်တကြီး မေးမိသည်။ သူ့အမြင်၌ မုတ်ဆိတ်မွှေးထူထူနှင့် ဖိုးဂျက်သည် ပြင်သစ်ပြည်ဟောင်း၏ အမွေအနှစ်ကောင်းတို့ စုဝေးရာ ဖြစ်နေသည်။

ဖိုးဂျက်သည် သိက္ခာရှိသည့် သမိုင်းဆရာတယောက် ဖြစ်သည်။ ဂျက်ကိုဘင် သူပုန်များနှင့် ကိုချင်မင်းဆိုးတို့ကို ဆန့်ကျင်သည့် ဂျက်ကိုဘင်တို့၏ တိုက်ပွဲများအကြောင်းကို ရေးထားသည့် စာအုပ်များကို အားလုံးက အသိအမှတ်ပြု လေးစားကြသည်။ ဖိုးဂျက်သည် သုတေသနလုပ်ငန်းတွင်သာမက ပြင်သစ်တော်လှန်ရေး၏ ထုံးတမ်းဓလေ့တို့ကိုလည်း လေးစားသည်။ မျိုးချစ်စိတ် ဆိုသည်မှာ အခြားမဟုတ်။ ရိုးရိုးနှေ့ထိုင် ကျင့်ကြံခြင်းဖြစ်သည်ဟု သူယူဆ၏။ "ကျွန်တော်တို့ရဲ့ အဖနိုင်ငံတော်ကြီးဟာ အန္တရာယ်တွေနဲ့ ကြုံတွေ့နေရပြီ" ဟု ရိုးရိုးသားသား ပြောသည်။ မဲဆန္ဒနယ်များသို့ ရောက်လျှင် သူ့မဲဆန္ဒရှင် ကလေးမွေးသည်ကအစ ဝင်မေး၏။ ကလေးကို သူ့လက်ထဲသို့ ကောက်ပွေ့ယင်း "နိုင်ငံအတွက် သားကောင်းတယောက် တိုးလာပေတာပေါ့ဗျာ" ဟု ကလေးအဖေကို ချီးကျူး၏။ ဖိုးဂျက်သည် သူ့ကိုယ်သူ ဂျက်ကိုဘင် သူပုန်တို့၏ အဆက်အနွယ် ဖြစ်သည်ဟုလည်း ယုံကြည်သည်။

ဖိုးဂျက်သည် အတိတ်မှအပ အခြား ဘာကိုမျှ မမြင်။ သူ့စိတ်ထဲတွင် မည်သူ့ကိုမျှ မယုံ။ တယောက်ယောက်က သမ္မတနိုင်ငံကြီးကို အကောက်ကြံနေသည်ဟု ထင်နေတတ်သည်။ ဘိုနာပတ်ဝါဒကို ယုံကြည်သည့် စစ်ဗိုလ်ချုပ်တိုင်းကို မယုံ။ သူတို့သည် တနေ့တွင် ဘိုနာပတ်လုပ်သလို တိုင်းပြည်ကို တက်၍ အာဏာသိမ်းလိမ့်မည်ဟု ထင်နေသည်။ ထိုစစ်ဗိုလ်ချုပ်မျိုးကို လမ်းတွင် တွေ့လျှင် နှုတ်ဆက်ခြင်း မပြု။ ရှောင်ထွက်သွားတတ်သည်။ သူ့အဖို့ ကမ္ဘာကြီးသည် ပြင်သစ်ပြည်၊ ပြင်သစ်ပြည်သည် ကမ္ဘာကြီးဟု ထင်နေသည်။ အခြားတိုင်းပြည်များတွင် ဘာတွေဖြစ်နေနေ သူ့အဖို့ ဘာမျှ အရေးမကြီး။ ပြင်သစ်စကားဆိုလျှင် ပြင်သစ်စကားမှ။ "ဆိုဗီယက်၊ ချိန်ဘာလိန်၊ ဂျူစ်" ဟု အခြားသူများကဲ့သို့ မခေါ်။ "ဆိုဗီ၊ ရှုန်ဘာလင်၊ ဂျူစီ" ဟု ပြင်သစ်အသံဖြင့်

ခေါ်တတ်သည်။ ကရိုရှန် သူရဲကောင်း အူတာရီကို “ဘောလ်ကန် မင်းမဲ့ဝါဒီ” ဟုလည်းကောင်း၊ ဂန္ဒီကို “ဟင်ဒူ ဒန်တန်” ဟု လည်းကောင်း ခေါ်တတ်သည်။

သူ့အဖေက ပန်းပုဆရာ၊ ပန်းပုထုရလျှင် ကျေနပ်နေတတ်သူ၊ ဖိုးဂျက်ကျတော့လည်း ထို့အတူ။ အလုပ်လုပ်နေရသည်ကို ဘယ်တော့မျှ ငြီးငွေ့ခြင်း မရှိ။ အလုပ်လုပ်နေရလျှင် ပျော်သည်။ ကံကလည်း ကောင်းသည်။ သူလုပ်ချင်သည့် အလုပ်မျိုးကို အဆင်သင့် ရတတ်သည်။ သူ့ပတ်ဝန်းကျင်တွင် လုပ်သလောက် အကျိုးမခံစားရပဲ မဝရေစာလုပ်ခဖြင့် နေရသူတွေ အထောင်အသောင်း ရှိသည်ကို သူမသိ။ သူကမူ ဘယ်မျှရရ အလုပ်လုပ်နေရလျှင် ကျေနပ်နေပြီ။ ဆိုရှယ်လစ် လှုပ်ရှားမှုသည် စေတနာကောင်းရှိသော စိတ်ကူးယဉ်သမားတို့ လုပ်သည့် အလုပ်ဟု သူမြင်သည်။ “ခင်ဗျားတို့တတွေ ဘာလုပ်နေနေ ဗက်တီကန်က ဘယ်လိုသဘောထားသလဲ ဆိုတာကိုလဲ ကြည့်ကြဦးဗျ” ဟု ပြင်သစ်အလုပ်သမား ခေါင်းဆောင်များကို ပြောတတ်သည်။

သူ့အိတ်ထောင်ထဲ နှိုက်ကြည့်လိုက်လျှင် မတရား အလုပ်ခံရသည့်အတွက် တိုင်တန်းသည့် မဲဆန္ဒရှင်တို့၏စာတွေ တပုံကြီး ထွက်လာတတ်သည်။ အစိုးရတိုက်ခန်းမှ မတရား နှင်ထုတ်ခံရသည့် မုဆိုးမဘက်ကလိုက်၍ ဆောင်ရွက်ပေးတတ်သည်။ ကိုလိုနီနိုင်ငံများမှ လူမည်းများနှင့် မင်းမဲ့ဝါဒီတို့အတွက် လိုက်၍ ဆောင်ရွက်ပေးခြင်းမျိုးလည်း ရှိသည်။ “လူ့အခွင့်အရေး ကာကွယ်မှု ကော်မတီ” ဆိုသည့် အသင်းအဖွဲ့မျိုးတွင် တက်တက်ကြွကြွ ဆောင်ရွက်တတ်သည်။ နေရာတကာ ပါသောကြောင့် သူ့မိန်းမက သူ့ကို “ပါလေရာ” ဟု ခေါ်တတ်သည်။ သူ့မိန်းမက ခပ်ဝဝ၊ စကားနည်းနည်း၊ သူလည်း သူ့အိမ်ကိစ္စတွေဖြင့် အလုပ်များနေတတ်သည်။ မီးအုပ်ဆောင်းများ ချုပ်ခြင်း၊ ပန်းချီကားများကို ပြင်ချိတ်ခြင်း၊ ကူရှင်များကို ငွေချည်ထိုးခြင်း စသည့်အလုပ်များဖြင့် မအားနိုင်အောင် ဖြစ်နေသည်။ “ကျွန်တော်က ကျောပေါ်ကို အိမ်ကြီးတင်လာတဲ့ ပက်ကျိမကို ယူထားတာဗျ” သူ နောက်၍ ပြောတတ်သည်။ သို့ရာတွင် သူ့သားများကား တယောက်မျှ အလုပ်ကို ကောင်းကောင်းမလုပ်ကြ။ အဖေ့ပိုက်ဆံကို လက်ဖြန့်ခံ၍ သုံးနေကြသည်။ “ကျွန်တော်တို့အဖေက သိပ်စိတ်ရှည်တာဗျ” ဟု သူ့သားများက ပြောတတ်ကြသည်။

လွှတ်တော်ထဲတွင် ဖိုးဂျက်ကို ရေဒီကယ်တယောက်အဖြစ် အသိအမှတ် ပြုထားကြ၏။ သို့ရာတွင် တက်စကမူ သူ့ကို ကွန်မြူနစ်ဟု သဘောထားသည်။ “ကြည့်ပါဦးခင်ဗျာ၊ ဒီအမတ်မင်းက ရေဒီကယ်တွေအဖွဲ့ လက်ဝဲဂိုဏ်းထဲမှာ ရန်သူမရှိဘူးတဲ့ ခင်ဗျ၊ ကွန်မြူနစ်တွေကို ဘယ်သွားထားမလဲလို့ အမတ်မင်းကို မေးချင်တယ်ဗျ” ဟု တက်စက ထ၍ အော်တတ်သည်။ “ကွန်မြူနစ်တွေဟာ လူနားမလည်တဲ့ စကားလုံးတွေကို ပြောကောင်း ပြောမယ်၊ ဒါပေမယ့် ဒီလူတွေဟာ တိုင်းပြည်ကိုချစ်တဲ့ လူကောင်းတွေပဲလို့ ကျွန်တော်ယုံတယ်ဗျ” ဟု ဖိုးဂျက်က ကွန်မြူနစ်များနှင့် ပတ်သက်၍ ပြောဖူးသည်။ သူ့အသက်က ဘာမှ မကြီးသေး။ ယခုမှ ငါးဆယ့်နှစ်နှစ်သာ ရှိသေးသည်။ သို့ရာတွင် အနေအထိုင်၊ အပြောအဆိုမှစ၍ ရှေးဆန်မြဲ။ ထို့ကြောင့် သူ့ကို “ပါရီမြို့တွင် နောက်ဆုံးကျန်သည့် မြင်းလှည်းဆရာကြီး” ဟု လွှတ်တော်တွင် ခေါ်တတ်ကြသည်။

ဒက်ဇာ စိတ်ညစ်နေသည်။ သည့်အချိန်မျိုးတွင် စကားမပြောချင်။ သို့ရာတွင် ဖိုးဂျက်ကို သူရှောင်ပြေး၍မရ။ ဖိုးဂျက်က စကားများများ။ ယခုလည်း ထိုအတိုင်းပင်။ ဖိုးဂျက်ကို ရှောင်ထွက်မည်ဟု စိတ်ကူးနေဆဲ ဖိုးဂျက်က ကန့်လန့်ကာနောက်ကွယ်က ကြိုးဆွဲနေသည့် ဒက်ဇာအကြောင်းကို သိသူပီပီ

မေးခွန်းတွေကို တသီကြီးမေးသည်။

“ဘာဖြစ်လို့ ရှောင်ဇလီဖေးက ပျော်ပွဲစားရုံတွေမှာ သွားမစားတာလဲ၊ ဘာဖြစ်လို့ ရှမ်ပိန် မသောက်တာလဲ၊ ဒီအချိန်က ဝမ်းသာစရာ အချိန်ကြီး မဟုတ်လားဗျ၊ ခင်ဗျားအဖို့ အောင်ပွဲပါဗျာ”

“ကျုပ်တော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဗျာ၊ ဒီလောက် ဆူဆူညံညံ လုပ်ပြီးမှ ဒီလောက် အောင်ပွဲကလေးရတာကတော့ ပျော်စရာမဟုတ်ဘူးဗျ”

ဖိုးဂျက်က သူပြောသည့်စကားကို ကောင်းကောင်း နားမလည်။ သူ့မုတ်ဆိတ်မွေးများသည် တလှုပ်လှုပ် ဖြစ်လာကြ၏။

“ဒါတွေ ပြောမနေပါနဲ့ဗျာ၊ ခု ခင်ဗျား လိုချင်တာရပြီ မဟုတ်လား၊ ဟစ်တလာနဲ့ စေ့စပ်ရေးလုပ်ပါလို့ အဘိုးကြီးဗီးလာ့ဒ်ကိုတောင် ခင်ဗျားသွားပြီး ဆောင်းပါးတွေ ဘာတွေ အရေးခိုင်းသေးတယ် မဟုတ်လား၊ ဒါတွေ ကျွန်တော် အကုန်သိပြီးသားပါ၊ ကဲ ခု ခင်ဗျားလိုချင်တဲ့ အောင်ပွဲရပြီ မဟုတ်လား”

“မဟုတ်ဘူး၊ ခင်ဗျားထင်တဲ့အတိုင်း မဟုတ်ဘူး” ဒက်ဇာက ပြောသည်။ “ကျွန်တော်လိုချင်တာက ဒါမဟုတ်ဘူး၊ ခင်ဗျားလဲ သိတဲ့အတိုင်း ကျွန်တော်တို့မှာ စစ်တိုက်ဖို့ အဆင်သင့် မဖြစ်သေးဘူး၊ ကျွန်တော်တို့ မတိုက်နိုင်ဘူး၊ ဟုတ်ပါတယ်၊ ဟစ်တလာနဲ့ စေ့စပ်ဖို့ ကျွန်တော် ဆော်ဩခဲ့တယ်ဆိုတာ အမှန်ပဲ၊ ဒါပေမယ့် ခုရလာတဲ့ အကျိုးသက်ရောက်မှုက မကောင်းဘူးဗျ။ တစ်အချက်က ကျွန်တော်တို့ဘက်က ပေးလိုက်ရတာဟာ ကျွန်တော်တို့ ထင်တာထက် များနေတယ်၊ နှစ်အချက်၊ အဲ... အဲဒါကတော့ အရေးကြီးဆုံးပဲ၊ ကျွန်တော်ထင်တဲ့အတိုင်း ဖြစ်လာတာပဲ၊ နှစ်အချက်က ကျွန်တော်တို့မှာ မဂ္ဂိနော့ခံတပ်နဲ့ လက်နက်တွေရှိယုံနဲ့ မလုံလောက်တော့ဘူးဗျ။ ဒါတွေဟာ အလကားဖြစ်သွားပြီ။ ကျွန်တော်တို့ အခြေအနေက တော်တော်လေး ဆိုးနေပြီ။ ဒါကြောင့် ကျွန်တော် ဒီမှာ လာထိုင်နေတာ၊ ရှောင်ဇလီဖေး လမ်းမပေါ်က လူတွေကို မြင်လိုက်တဲ့အခါကျတော့ ကျွန်တော် တော်တော် စိတ်ပျက်သွားတယ်၊ ခု ကျွန်တော်တို့ဘက်က ရခဲ့တာဟာ ကိုယ်က လျှော့ပေးခဲ့ရတာဗျ၊ အဲဒါကို လူတွေက အဟုတ်မှတ်ပြီး ပျော်နေကြတယ်၊ အောင်ပွဲကြီး ထင်နေကြတယ်၊ တကယ်က ဝန်ကြီးချုပ် ဒလားဒီးယားဟာ လေယာဉ်ပျံကွင်းမှာ လူတွေကိုတောင် မျက်နှာမပြရဲဘူးဗျ။ သူထင်တာက သူ့ကို လူတွေက ကြက်ဥပုပ်နဲ့ ဆီးပေါက်လိမ့်မယ်လို့ ထင်နေကြတာ၊ ဒါပေမယ့် ရောက်လာတော့ ကြက်ဥပုပ်နဲ့ မပေါက်တဲ့အပြင် သူ့ကို ဘဲလေးကချေသည်များ ဆီးကြိုသလို ပန်းစည်းတွေနဲ့ ဆီးကြိုနေတော့ ဟန်ကျသွားတာပေါ့ဗျာ၊ အင်း... ဒီလိုတိုင်းပြည်က လူထုဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ မလွယ်ဘူး”

“လူထုကို အပြစ်ပုံမချပါနဲ့၊ ဒါတွေက ခင်ဗျားတို့ကြောင့် ဒီလိုဖြစ်နေရတာ၊ စပိန်ပြည်တွင်းစစ် ဖြစ်တုန်းက ခင်ဗျားကို ကျွန်တော် ပြောခဲ့ဖူးသေးတယ်လေ။ ကျွန်တော်တို့ လူထုဟာ စပိန်ပြည်ဘက်က ပါနေတယ်။ ဒါကို အစိုးရက ပိတ်ပင်ခြင်း မပြုသင့်ဘူးလို့ ကျွန်တော် တဖွဖွ ပြောခဲ့တယ်၊ ဒါပေမယ့် ခင်ဗျားတို့ နားမထောင်ခဲ့ကြဘူး၊ အဲဒီတုန်းက ခင်ဗျားတို့ သူ့ရဲဘောကြောင်ခဲ့ကြတာ၊ ပြည်သူလူထုက တိုက်ချင်တယ်၊ ဒါပေမယ့် ခင်ဗျားတို့ ဖျက်ဆီးခဲ့လို့ လူထုဟာ စိတ်ဓာတ်ပျက်ပြားသွားပြီ၊ ဒီတော့ ခုလို အညံ့ခံ အရှုံးပေးရတာကိုလဲ လူထုက သိပ်ဂရုမစိုက်တော့ဘူး၊ ပျော်ပျော်ပဲ နေကြမှာပဲ၊ ဒါကို ခုမှ ခင်ဗျားတို့က တအံ့တဩဖြစ်ပြီး လူထုက ဘာဖြစ်သလေး ညာဖြစ်သလေးနဲ့ ပြောနေတာကတော့

တော်တော်အံ့ဩဖို့ ကောင်းတယ်၊ ချက်ကိုစလိုဗားကီးယားကိစ္စကို လက်ပိုက်ကြည့်နေဖို့ရေးတဲ့ သတင်းစာတွေကို ခင်ဗျားပဲ ထောက်ပံ့ခဲ့တယ် မဟုတ်ဘူးလား၊ တကယ်တော့ ခင်ဗျားဟာ ပြင်သစ်ပြည်ရဲ့ ရန်သူတွေကို ပံ့ပိုးနေတာနဲ့ အတူတူပဲ၊ ခင်ဗျား ဖြစ်စေချင်တာက...”

“ဒီအချိန်မှာ ကျွန်တော် ဖြစ်စေချင်တယ်ဆိုတာတောင် ကိုယ့်ဘာသာ ကိုယ်မသိလောက်အောင် ဖြစ်နေပြီဗျ” ဒက်ဇာက ကြားဖြတ်၍ပြောသည်။ “ကျွန်တော်တော့ ဒီဖဲဝိုင်းမှာ အကြီးအကျယ် ရှုံးသွားပြီဗျာ၊ ကျွန်တော်တို့တိုင်းပြည်လဲ သွားပြီပေါ့ဗျာ၊ ကျွန်တော်ဖြစ်စေချင်တာက တည်ငြိမ်တဲ့ ပြင်သစ်ပြည်ကြီး၊ ငတ်မွတ်ပြီး ရန်လိုတဲ့ တိုင်းပြည်ကလေးတွေကြားထဲမှာ သိက္ခာရှိတဲ့ ပြင်သစ်ပြည်ကြီးကို မြင်ချင်တာ၊ ဒါပေမယ့် ခုတော့ သွားပါပြီ။ ကျွန်တော်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်မလာတော့ဘူး။ ဒီလိုမှ မဖြစ်တဲ့နောက်မှတော့ ကျန်တာတွေက ဘာလုပ်ဦးမှာလဲ၊ ဖြစ်နိုင်ယင် ကျွန်တော် တဟီတီကျွန်းကိုတောင် ထွက်သွားချင်တယ်၊ ဒါပေမယ့် ခက်တာက ကျွန်တော့်မှာ အလုပ်က တဘက် ရှိသေးတယ်၊ ဒီအလုပ်ကို ကျွန်တော် ဂရုတော့ မစိုက်ပါဘူး၊ ဒါပေမယ့် ဒီအတိုင်း ပစ်ထားခဲ့လို့လဲ မဖြစ်သေးဘူး မဟုတ်လား၊ ကဗျာဆရာတယောက်အဖို့တော့ အာရုံကြော အားနည်းတဲ့ရောဂါဟာ မရှိမဖြစ်တဲ့ ပစ္စည်းဗျ၊ သာလိယအလင်္ကာ နတ်သမီးက ဒီရောဂါကို တော်တော်ကြိုက်ပုံရတယ်၊ ဒါပေမယ့် ရွှေဈေး အရောင်းအဝယ်ဒိုင်ကို စောင့်တဲ့ နတ်သားကတော့ ဒီရောဂါကို မကြိုက်ဘူးဗျ”

ဒက်ဇာက ငွေရှင်းပေးလိုက်၏။ သူတို့နှစ်ယောက်သည် အိပ်ငွေ့ချခံထားရသည့်နှယ် မတိုင်ပင်ပဲ ရှောင်ဇေလီဇေးလမ်းဘက်သို့ ထွက်လာကြပြီးနောက် ရပ်၍ ငေးကြည့်နေကြသည်။

ဝန်ကြီး ဒလားဒီးယားသည် အမိုးဖွင့်ထားသည့် မော်တော်ကားကြီးတစီးပေါ်တွင် လိုက်ပါသွား၏။ ပရိသတ်က သူ့ကို စိတ်အားထက်သန်စွာ ဩဘာပေးကြ၏။ သူ့နောက် မော်တော်ကားထဲတွင် ဝန်ကြီးတက်စ လိုက်ပါလာ၏။ သူ့မျက်နှာက သူ့မွေးနေ့တွင် ဧည့်ခံသည့် မျက်နှာမျိုး၊ တပြုံးပြုံးဖြင့် ဩဘာလက်ခုပ်သံများကို ဒလားဒီးယား မကြားစေချင်သည့်နှယ်၊ ဩဘာပေးနေသည့် ပရိသတ်ဘက်လှည့်၍ ဦးညွှတ်ပြလိုက်သည့်အခါတွင် သူ့နှာခေါင်းသည် ပွစိပွစိ ဖြစ်လျက်ရှိ၏။ ထိုနောက် ခပ်မိန့်မိန့် ပြုံးလိုက်သည်။ သူ့မျက်နှာထားက တယောက်တည်း အလွမ်းသယ်ပြီးသည့်နောက် ပရိသတ် ဩဘာအပေးခံရသည့် အလွမ်းမင်းသားတယောက်၏ မျက်နှာ။ အမျိုးသမီးတယောက်က သူ့ကို နှင်းဆီပန်းပွင့် ပစ်၍ ပေးလိုက်၏။ တက်စက ဖမ်းယူပြီး ရင်ဘတ်တွင် ထိုးလိုက်သည်။

“တော်တော် ပျော်စရာကောင်းတဲ့ မသာကြီးတခု ချလာတာနဲ့ မတူဘူးလားဗျ။ ဒီလူတွေဟာ ပြင်သစ်ပြည်ကို မြေမြှုပ်သြင်္ဂြိုဟ်နေကြတာဗျ၊ သိရဲ့လား”

“တက်စကတော့ တော်တော် ပျော်နေမှာပဲ၊ တကယ်က သူ့အဖို့ နှင်းဆီပန်းကိုတောင် ထိုးဖို့မကောင်းဘူးဗျ၊ အောင်သပြေပန်းပဲ ထိုးဖို့ကောင်းတာ”

“ဒီအချိန်ဟာ နောက်နေဖို့အချိန် မဟုတ်ဘူးဗျာ” ဖိုးဂျက်က ပြော၏။ “အဖတိုင်းပြည်ကြီးမှာ အန္တရာယ်တွေ တွေ့ကြုံနေပြီ၊ ကျွန်တော်ထင်တယ်။ နောင်တနှစ်လောက်ဆိုယင် ဂျာမန်တွေဟာ ရှောင်ဇေလီဇေး လမ်းမကြီးပေါ်မှာ လျှောက်နေကြတော့မယ်၊ အဲဒီအခါကျယင်လဲ မိန်းမပျက်တွေက ဂျာမန်ကောင်တွေကို နှင်းဆီပန်းတွေ ပေးကြဦးမှာပဲ”

“ဘာရယ်ဗျ၊ အဖနိုင်ငံတော်ကြီးဟာ အန္တရာယ်တွေ တွေ့နေပြီ ဟုတ်လား၊ ခင်ဗျား တော်တော်ရှော်သေးတဲ့ လူပဲ၊ အန္တရာယ်တွေ့စရာ မလိုတော့ဘူးဗျ၊ အဖနိုင်ငံတော်ကြီး မရှိတော့ဘူး၊ သိရဲ့လား၊ ကဲ... သွားမယ်ဗျာ”

နံရံတွေက ပါးပါးကလေးတွေ။ အခန်းများ အားလုံးတွင် ရေဒီယိုကိုသာ ဖွင့်နားထောင်နေကြသည်။ သတင်းကြေငြာသူ၏ အသံသည် ပဲ့တင်ထပ်သံလို တိုက်ခန်းတိုင်းမှ ပေါ်ထွက်နေလေသည်။

သားဦးကလေး မွေးပြီးသည့်နောက် မကြာမီ ပီယာတို့ လင်မယားသည် ဤအစိုးရတိုက်ခန်းသို့ ပြောင်းလာခဲ့ကြ၏။ ပါရီမြို့နီစ်ပယ်က မြေရှိုင်းတွေကို ရှင်းကာ ဆောက်ထားသည့် ဧရာမ အဆောက်အအုံကြီး။ အထဲတွင် အခန်းဆယ်ခန်းရှိသည်။ မကြာသေးမီက ထိုနေရာတဝိုက်တွင် ကတုတ်တွေ တူးထား၏။ မြက်ပင်တွေ ပေါင်းပင်တွေ ဖုံးထားခဲ့သည်။ တရံရောအခါတုန်းက ဤနေရာတွင် ပီယာသည် ရည်းစားနှင့် ချိန်းတွေ့ခဲ့ဖူးသည်။ ကဗျာတွေ အော်ရွတ်ခဲ့ဖူးသည်။ အချစ်ကို တိုင်တည် သစ္စာဆိုခဲ့ဖူးသည်။ ယခုမူ ဤနေရာတွင် အိမ်ကြီးတွေ၊ အဆောက်အအုံကြီးတွေ ပြည့်နေပြီ။ ညဆိုလျှင် မီးရောင်များသည် ထောင်ပေါင်းများစွာသော ပြတင်းပေါက်များမှ ဖြာထွက်နေကြသည်။ အရာထမ်းများ၊ အလုပ်သမားများ၊ အမှုထမ်းများ၊ စက်မှုပညာသည်များ နေကြ၏။ အခန်းစုံတခုတွင် အခန်းကလေး နှစ်ခန်းပါသည်။ သို့ဖြင့် ထိုအခန်းစုံထဲက ဘဝသည် တခုနှင့် တခု မထူးခြားကြ။ မနက်စောစော အိပ်ရာမှထ၊ မြေအောက်ရထားဘူတာရုံကို ခပ်သုတ်သုတ်ပြေး။ မနက်ကိုးနာရီတိုင်လျှင် အိမ်ရှင်မများက မွေ့ရာကို ထုတ်လှန်း၊ ဖျာတွေကိုခါ။ ဆယ့်နှစ်နာရီထိုးလျှင် ကလေးတွေက ကျောင်းဝတ်စုံကလေးတွေဝတ်၊ လက်တွင် မင်တွေစွန်းလျက် ကျောင်းကပြန်လာ။ မာဂျရင်းနံ့၊ ကြက်သွန်နံ့နှင့် ကော်ဖီနံ့က လေထဲတွင် ဝဲလျက်။ ညနေတိုင်လျှင် ရေဒီယိုအသံတွေ ဆူညံလျက်၊ ခုနစ်နာရီခွဲလျှင် ထမင်းစားကြသည်။ ဆယ့်တနာရီထိုးသည်နှင့် မီးမှိတ်ပြီး အိပ်ရာဝင်ကြတော့သည်။

ယခုတလောတွင် သန်းခေါင်တိုင်သည်အထိ ရေဒီယိုတွေက မစဲ။ ရင်တထိတ်ထိတ်ဖြင့် သတင်းများကို နားထောင်ကြသည်။ သို့ရာတွင် သတင်းကြေငြာချက်ကြောင့် လူတွေ စိတ်အေးကြရ၏။ စစ်မဖြစ်တော့ပြီ။

ပီယာနှင့် အဂ္ဂနိစ်တို့ ထမင်းဝိုင်းတွင် ရောက်နေကြသည်။ သတင်းကို ကြားလိုက်သည့်အခါတွင် ပီယာသည် ခက်ရင်းကို လက်တွင် တန်းလန်းကိုင်ထားယင်း ကြောင်ကြောင်ကြီး ငေးကြည့်နေသည်။ ထခုန်ကာ လက်သုတ်ပဝါကို လွှတ်ချလိုက်ပြီး ကျိန်ဆဲမိသည်။ အဂ္ဂနစ်လည်း သတင်းကို နားထောင်ပြီး ဝမ်းနည်းရမလို ဝမ်းသာရမလို ဖြစ်နေသည်။ ပီယာ စစ်မြေပြင်သို့ သွားရတော့မည် မဟုတ်တော့။ စစ်ဖြစ်တော့မည် မဟုတ်။ အိမ်ပြိုအိမ်ပျက်တွေကို တွေ့ရတော့မည် မဟုတ်။ ကလေးတွေ သေကြေပျက်စီးကြရတော့မည် မဟုတ်။ ထို့ကြောင့် အဂ္ဂနိစ် ဝမ်းသာသည်။ သို့တိုင်အောင် ရင်ထဲတွင်မူ ဝမ်းနည်းသလိုလို ခံစားနေရ၏။ ပီယာလို နိုင်ငံရေးအမြင်ရှိ၍ ဝမ်းနည်းခြင်း မဟုတ်။ ပီယာ စိတ်မကောင်းသည်ကို မြင်သဖြင့် ပီယာ့ထံမှ ခါတ်ကူးကာ အလိုလို ဝမ်းနည်းခြင်း ဖြစ်သည်။

သူတို့နှစ်ယောက် တယောက်နှင့်တယောက် စရိုက်ချင်း မတူကြ။ ပီယာက

ပျာယီးပျာယာ။ ဆူဆူညံညံ။ မျက်နှာကို ကြည့်လိုက်ရုံဖြင့် သူ့စိတ်ကို ချက်ချင်း အကဲခတ်နိုင်သည်။ ဝမ်းသာလျှင် ချက်ချင်း။ ဝမ်းနည်းလျှင် ချက်ချင်း။ အဂ္ဂနိစ်က သူ့လိုမဟုတ်။ ခပ်အေးအေး။ ခပ်ငြိမ်ငြိမ်။ လျှို့ဝှက်သိုသိပ်သည်ဟုပင် ပြောနိုင်သည်။ ခေါင်းမာသည်။ တခုခုကို ယုံမိလျှင် တော်တော်နှင့်ပြောင်း၍ မရတော့။ ကျန်းမာသည့် မိခင်ကောင်းတယောက်။ သူတို့လင်မယားသည် မိတ်ဆွေများလို နေကြသော်လည်း တခါတရံတွင် ကတောက်ကဆ ဖြစ်တတ်ကြသည်။ သဘောကွဲတတ်ကြသည်။ သို့ရာတွင် ခဏမျှသာ။ မည်သို့သဘောကွဲကွဲ သူတို့နှစ်ယောက်သည် သူတို့ကိုယ်တိုင် မသိပဲ တယောက်တည်းအဖြစ် ပေါင်းစည်းနေကြသည်။ သူတို့နှစ်ယောက်တွင် အကြိုက်တမျိုးစီ။ ဝါသနာကလည်း တမျိုးစီ။ သူတို့လုပ်ကိုင်ရသည့် အလုပ်အကိုင်ကလည်း တခြားစီ။ အဂ္ဂနိစ်သည် သူ့ကျောင်းဆရာမအလုပ်ကို စိတ်ပါလက်ပါ လုပ်၏။ သူ့အဖို့ ကလေးတိုင်းသည် နားမလည်နိုင်သည့် နူးညံ့သော အပင်ကလေးတပင်။ ထိုအပင်ကလေးသည် ရှင်သန်၍လည်း လာနိုင်သည်။ ညှိုးခြောက်၍လည်း သွားနိုင်သည်။ “သူတို့အားလုံးဟာ ငါ့အဖို့ ငါ့သားလေး ဒိုဒိုနဲ့ အတူပဲ” ဟု အဂ္ဂနိစ် သူ့ကိုယ်သူ မကြာခဏ ပြောမိသည်။ သို့ရာတွင် တကယ်၌ သူပြောသည့်အတိုင်း မဟုတ်။ အဂ္ဂနိစ်သည် သူ့သားလေးကို အလွန်ချစ်၏။ ကလေးလေးက ရွှေရောင်ဆံပင်ကလေးတွေနှင့်။ ချစ်စရာ။ စကားကလည်း မပီကလာ ပီကလာ။ သူ့သားကလေးအတွက် အဂ္ဂနိစ် ဂုဏ်ယူသည်။ မနာလိုဖြစ်သည်။ ပီယာမှလွဲလျှင် သူ့သားကလေးကို အချစ်ဆုံး။ သို့ရာတွင် ပီယာကိုချစ်သည့် အချစ်ကိုမူ သူကိုယ်တိုင်ရော၊ ပီယာရော မသိအောင် ဖုံးထားသည်။ အဂ္ဂနိစ်၏ ရင်ထဲတွင် မိန်းမတို့၏ မာနသည် ပုန်းခိုလျက်ရှိ၏။ ပီယာနှင့်တွေ့လျှင် အဂ္ဂနိစ်သည် ပထမဆုံးအကြိမ် တွေ့ဖူးသည့်နှယ် သူ့တကိုယ်လုံးကို ပုံအပ်ထားသည်။

သူတို့အိမ်ကလေးသည် သန့်သန့်ရှင်းရှင်း။ ပစ္စည်း များများစားစား မရှိ။ အဂ္ဂနိစ် အိမ်တွင် ပစ္စည်းတွေ များများစားစား မထားချင်။ အိမ်တွင် ပစ္စည်းတွေ ရှုပ်နေလျှင် မနေတတ်။ သို့ရာတွင် ပီယာ၏ စားပွဲပေါ်တွင်မူ ဘူမိဗေဒ စမ်းသပ်မှုများကို လုပ်ထားသည့် ကျောက်ခဲတွေ တပုံတပင်။ ပီယာ့စားပွဲကို ကြည့်လိုက်လျှင် သူစွန့်ပစ်ထားခဲ့သည့် ပစ္စည်းတွေ ဒုနဲ့ဒေး။

သူတို့အခန်းစုံကလေးက ခပ်မှောင်မှောင်၊ ခပ်ကျဉ်းကျဉ်း။ ဗရွန်းရိပ်သာ လမ်းမကြီးပေါ်တွင် ရှိသည်။ ကျောင်းစာအုပ်များ၊ ပီယာ ဆွဲထားသည့် စက်ပုံစံများနှင့် ပါးအို့ကလေးတွေ ရဲနေသည့် ခပ်ဝဝ ဒိုဒိုကလေးတို့သာ ရှိသည်။ အပေါ်ယံကြည့်လျှင် ပျော်စရာ။ သို့ရာတွင် သူတို့မပျော်နိုင်။ သူတို့ဘဝတွင် အပြင်ဘက်က အရိပ်ကြီးတရိပ် ထိုးကျနေသည်။ ထိုအရိပ်ကြီးကို အဂ္ဂနိစ် အစောကြီးကတည်းက သတိပြုခဲ့မိ၏။ စစ်ကြီးဖြစ်တော့မည်ဟု တခါက ဂရင်းရိပ်သာလမ်းမကြီးပေါ်တွင် စစ်သားတသိုက် ပြောသွားသံကို အဂ္ဂနိစ် ကြားခဲ့ဖူးသည်။ နှစ်နှစ်လုံးလုံး စစ်ကြီးဖြစ်တော့မည်လောဟု တထိတ်ထိတ် ဖြစ်ခဲ့ရသည်။ သူတို့စိတ်ထဲ၌ သူတို့ ယခုနေရသည့် ဘဝသည် ယာယီမျှသာဟု အောက်မေ့ကြသည်။ တည်းခိုခန်းတွင် အခန်းငှားနေသည့် ခရီးသည်များလို သူတို့သည်လည်း ဤဘဝတွင် အခန်းငှားနေသူများသာဟု စိတ်တွင် စွဲနေသည်။ စစ်ကြီးမဖြစ်ပဲ တနေကုန်သွားလျှင် “အင်း တနေ့တော့ အေးအေးချမ်းချမ်း ပြီးသွားပြန်ပေါ့” ဟု အဂ္ဂနိစ် သက်ပြင်းချမိ၏။ ပီယာအဖို့ကား စစ်ကြီးသည် သူ့ဘဝတိုက်ပွဲ၏ တစိတ်တဒေသ၊ သူ့အတွေးအခေါ်များနှင့် ဆက်စပ်နေသည့်အရာဟု ယူဆသည်။ ပီယာက အားတက်သရောပြောလျှင်

အဂ္ဂနိစ်သည် ပီယာ၏ ခံစားချက်များကို နားလည်အောင် ကြိုးစား၍ နားထောင်သည်။ သို့ရာတွင် အချည်းနှီးမျှသာ။ လွန်ခဲ့သည့် ရက်အနည်းငယ်ကမူ အဂ္ဂနိစ်ပို၍ စိတ်ညစ်ရ၏။ စပိန်ပြည်တွင် စစ်စဖြစ်တုန်းကဆိုလျှင် အဂ္ဂနိစ် နားလည်နိုင်သေးသည်။ မက်ဒရစ်မြို့ကြီး ပျက်စီးနေသည့် ဓာတ်ပုံများကို မြင်ရသည့်အခါတွင် အဂ္ဂနိစ် ဒေါသထွက်သွားရသည်။ နိုင်ငံတကာတပ်ဖွဲ့ဝင်များ၏ စွန့်စားမှုများကို ဖတ်၍ သူတို့ကို ချီးကျူးမိသည်။ "စပိန်ပြည်က စစ်ပွဲဟာ ကျွန်မတို့နဲ့တော့ မဆိုင်ပါဘူး၊ ဒါပေမယ့် အဲဒီစစ်ပွဲဟာ သန့်ရှင်းတဲ့စစ်ပွဲနော် မောင်" ဟု ပီယာကိုပင် ပြောခဲ့မိသေးသည်။ သို့ရာတွင် ယခုအရေးအခင်းကမူ အဂ္ဂနိစ် နားမလည်နိုင်။ သံတမန်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် လူထု၏ စိတ်ဓာတ်၊ မေတ္တာဝါဒနှင့် သူရဲဘောကြောင်မှု၊ "အင်တာနေရှင်နယ်" သီချင်းများနှင့် ဗိုလ်ချုပ်ကြီးများ ဆိုသည့် အသံများကိုသာ ကြားနေရသည်။ ထိုအခါတွင် အဂ္ဂနိစ် လိုက်မမီတော့။ သူ့စိတ်ထဲတွင် ရှုပ်ထွေးနေသည်။ အမေများက ငိုယိုကာ ကလေးများကို ကျောင်းသို့ လာပို့ကြသည်။ မကောင်းဆိုးဝါးနေ့ကြီးသည် တဖြည်းဖြည်း နီးကပ်လာပြီလောဟု အဂ္ဂနိစ် စိုးရိမ်မိ၏။ ယခု မြူးနစ်သဘောတူညီချက်ရပြီဟု ရေဒီယိုမှ ထုတ်ပြန်ကြေငြာလိုက်ပြီ။ စစ်ဖြစ်တော့မည် မဟုတ်။

"စစ်ကြီးမဖြစ်တော့ဘူးဆိုတော့ လူတွေ တော်တော်ပျော်နေကြတာပဲနော် မောင်၊ ဂျာမန်တွေလဲ ပျော်မှာပေါ့ ဟုတ်လား၊ ဂျာမန်တွေကတော့ စစ်တိုက်ချင်နေကြမှာပဲလို့ မောင် ထင်နေလို့လား၊ မောင့်နိုင်ငံရေးတွေကို ဘေးချိတ်လိုက်စမ်းပါကွယ်၊ ဒီသတင်း ကြားရတာ ဘယ်လောက် ပျော်စရာကောင်းသလဲ၊ နောင်ကျမှ ဖြစ်ချင်လဲ ဖြစ်ပေါ့။ ဘယ်တတ်နိုင်မလဲ၊ ခုလောလောဆယ်မှာတော့ အေးအေးနေစမ်းပါ"

"ချစ် တွေးတာက အန်ဒရေနဲ့ အတူတူပဲ"

ပီယာကပြော၏။

"အန်ဒရေနဲ့တွင် မကဘူး မောင်ရယ်၊ လူတွေအားလုံးက ဒီလိုပဲ မြင်ကြတာပါ၊ မောင်ပြောတဲ့ 'သာမန်လူထု'ပဲ ဆိုပါတော့ ဘာမှ သံသယ ရှိစရာ မလိုပါဘူး၊ ခုဟာက မောင်တို့အချိန်"

"မောင် နားမလည်ဘူး"

"လူထုတွေ ပျော်တာကို ဘာနားမလည်စရာ ရှိသလဲ မောင်ရဲ့၊ အလျင်တုန်းက လူတွေ အသက်ရှင်ကြတယ်၊ အလုပ်လုပ်ကြတယ်၊ ကလေးတွေကို ကြီးပြင်းအောင် မွေးကြတယ်၊ ဒီလိုဘဝမျိုးကို မောင်တို့က မကြိုက်ကြဘူး၊ သမားရိုးကျလို့ ထင်တယ်၊ အဲဒီတုန်းက စာအုပ်ထူထူကြီးတွေကို ရေးကြတယ်၊ သားနံ့ရည်နဲ့ ပြန်ဆေးထိုးရမှန်း သိလာကြတယ်။ အဲဒီတုန်းက လူတွေဟာ ဘယ်လောက် အေးချမ်းကြသလဲ။ ခု မောင်တို့နဲ့ကျမှ လူတွေမှာ အထိတ်ထိတ် အလန့်လန့် ဖြစ်နေကြရတယ်။ မောင့်အတွေးအခေါ်ကို ပြောတာမဟုတ်ဘူးနော်၊ မောင်တို့လို သွေးဆူတဲ့လူတွေကို ပြောတာ၊ စရိုက်ကိုပြောတာ၊ ခုတော့ မောင်တို့လို လူတွေကြောင့် စစ်ကြီးဖြစ်မလားဟဲ့နဲ့ တထိတ်ထိတ် နေလိုက်ကြရတာ"

ပီယာ မငြင်းချင်တော့။ သတင်းစာတစောင်ကို ကောက်လှန်၍ ဖတ်နေသည်။ သတင်းစာက မနက်ထုတ် သတင်းစာ။ မနက်သတင်းစာထဲတွင် ပါခဲ့သည့် လူ့ဘဝသည် သူဖတ်နေသည့်အချိန်တွင် သမိုင်းဖြစ်သွားပြီ။ သို့ရာတွင် အဂ္ဂနိစ်ကမူ စိတ်ညစ်ဆဲ။ စစ်ကြီးမဖြစ်ဟုသာ ပြောရသည်။ တကယ့်တကယ်က ဘာမျှ

ရေရေရာရာ မရှိသေး။ သည်စစ်ကြီးကို အချိန်မည်မျှကြာကြာ ဆိုင်းငံ့ရွှေ့ဆိုင်းထားနိုင်မည်နည်း။ တပတ်လော၊ တနှစ်လော။ ဘဝ၏ အရသာကို တခွက်လုံးမပေးပဲ မည်သူကများ တစက်ချင်း ချပေးနေသနည်း။

သားလေး ဒိုဒိုဆီကို လျှောက်လာခဲ့၏။ သားလေးက ငြိမ်သက်စွာ အိပ်ပျော်လျက်။ "သားလေး အသက်ရှည်ရမယ်၊ အများကြီး အသက်ရှည်ရမယ်" ဟု တွေးနေသည်။ သွားတွေပေါက်လာကာ ကျိုးကြဦးတော့မည်။ သို့ရာတွင် ကိစ္စမရှိ။ ငယ်သွားလဲခြင်း ဖြစ်သည်။ သို့ရာတွင် သူတို့ကြီးလာလျှင် မည်သို့ရှိမည်နည်း။ စစ်ကြီးတွေ တခုပြီးတခု ဖြစ်နေဦးမည်လော။ သူတို့ဘဝသည် စစ်သားစုဆောင်းရေး ကြေငြာချက် တခုနှင့် တခုကြားတွင် အချိန်ကုန်နေရတော့မည်လော။ သားလေးကို နမ်းလိုက်ချင်သည်။ သို့ရာတွင် စိတ်ချုပ်တည်းလိုက်၏။ ကျောင်းကယူလာသည့် သင်ခန်းစာစာအုပ်များကို စစ်နေသည်။ အားလုံး တိတ်ဆိတ်လျက်။ တိတ်ဆိတ်နေပုံက ကြောက်စရာ။ ရေဒီယိုသံတွေ ဆူညံနေသည်ကမှ တော်သေးသည်။ သို့ရာတွင် ရေဒီယိုတွေ ပိတ်ကုန်ကြပြီ။ တပတ်လော။ တနှစ်လော။ အတွေးများကို စုစည်းကြည့်သည်။ ကလေးတွေ ရေးထားသည့် စာစီစာကုံးများကို ကြိုးစား၍ ဖတ်၏။ စာတပုဒ်ကိုမှ အကြိမ်တဒါဇင်လောက်ပင် မကတော့။ "ဖွန်တီနေမှ ကျွန်တော့်ဦးလေးတွင် ယုန်ကလေးများနှင့် နွားငယ်ကလေးတကောင် ရှိပါသည်" ဟု ရေးထားသည်။ တောရောက်ပြီး သစ်ပင်စိမ်းစိမ်းတွေကို မြင်ချင်လာသည်။ နွေးထွေးနေသည့် နွားခြံကို အမှတ်ရလာသည်။ အေးအေးဆေးဆေးရှိသည့် ဘဝကို တောင့်တမိသည်။ အလောသုံးဆယ်ဖြစ်ခြင်း မရှိ။ တွေးတောရခြင်း မရှိ။

ပီယာက အိပ်ပျော်နေပြီ။ ရက်ပေါင်းများစွာ စိတ်လှုပ်ရှားခဲ့ရခြင်း၊ အိပ်ရေးပျက်ခဲ့ခြင်း၊ အစည်းအဝေးတွေ တက်ခဲ့ရခြင်းကြောင့် ပင်ပန်းလှပြီ။ အရွယ်မတိုင်မီတွင် ကွက်ကြားဖြူနေသည့် သူ့ခေါင်းနက်နက်သည် သတင်းစာ ဖြူဖြူပုံကြီးပေါ်တွင် စောင်းလျက်သား။ မှန်မှန်ရှူနေသည့် သူ့အသက်ရှူသံကို နားထောင်ယင်း အင်္ဂနိစ် စိတ်ချမ်းသာရသည်။ သူတို့ဘဝလေးသည် အခိုက်အတန့်အားဖြင့် အေးချမ်းနေပြီ။ စာခြစ်နေယင်း ခဲတံသည် ဆတ်ကနဲ ကျိုးသွား၏။ အင်္ဂနိစ် လန့်၍ အော်လိုက်မိသည်။ ပီယာ၏ မျက်နှာကို လှမ်းကြည့်လိုက်မိ၏။ သူ့မျက်နှာက လူသေမျက်နှာလို ဖြူရော်လျက်။ တင်းမာလျက်။ အေးစက်လျက်။

အင်္ဂနိစ်၏ အော်သံကြောင့် ပီယာ လန့်နိုးလာကာ "ဟင်... ဘာလဲ" ဟု အိပ်မှုန်စုံမွှားဖြင့် မေးသည်။ ထိုနောက် ပြန်၍ အိပ်ပျော်သွား၏။

စစ်သားစုဆောင်းရေး ကြေငြာချက် ထုတ်ပြန်လိုက်သည့်အခါတွင် လူဆန်းအဖို့ နေသာထိုင်သာ ရှိသွားသည်။ နွေရာသီကတည်းက သူ့အခြေအနေက မကောင်း။ သူ့အဖေနှင့် အဆင်မပြေဖြစ်သည့်အကြောင်း ဂျူလီယော့ သိမည်ကို လူဆန်း အကြောက်ဆုံး။ သို့ရာတွင် ထိုကိစ္စကို ဂျူလီယော့ သိသွားပြီ။ ဗိုလ်ကျတတ်သည့် လူဆန်းကို ဂျူလီယော့ အမြင်ကပ်နေသည်မှာ ကြာပြီ။ သူ့အဖေနှင့် အဆင်မပြေဖြစ်သည့် သတင်းကို ကြားသည့်အခါတွင် ဂျူလီယော့သည် မြင်းတစ်ကော်လံကို သူ့တူတယောက်သို့ ပေးလိုက်သည်။ လူဆန်းတွင် အခြားဝင်ငွေ မရှိတော့။ ထမင်းရက်ချန် စားရသည့်ရက်များ၊ ချေးတွေ အထပ်ထပ် တက်နေသည့် အင်္ကျီကော်လာများနှင့် စီးကရက် မသောက်ရသည့် ညနေခင်းများသည် သူ့အဖို့ အဆွေခင်ပွန်း ဖြစ်နေပြီ။ အခန်းခကို မှန်မှန် မပေးနိုင်တော့သည့်အခါတွင် အခန်းရှင်က တစေ့တစောင်း အကဲခတ်စ ပြုလာ၏။ ညနေတိုင်ဆိုလျှင် ညစာစားထွက်ဟန်ဆောင်ကာ အခန်းမှ ခပ်တည်တည် ထွက်လာခဲ့၏။ ပူနွေးအိုက်စပ်သည့် လမ်းမများတလျှောက်တွင် လျှောက်သွားသည်။ စြင်္ကံများပေါ်တွင် လူတွေက စားကောင်းသောက်ဖွယ်များကို စားသောက်လျက်။ သူတို့ကို မြင်သည့်အခါတွင် လူဆန်း စိတ်မချမ်းသာ။ စားသောက်ဖွယ်ရာစာရင်း ကတ်ပြားကို ကြည့်ကြသည်။ တပြုံးပြုံးဖြင့် အစားအသောက်တွေကို ရွေးမှာကြသည်။ အနံ့တွေကြောင့် သူ့ခေါင်း မူးနောက်နောက် ဖြစ်လာ၏။ ထိုစဉ် မိတ်ဆွေတယောက်နှင့် အခန့်သင့် သွားတွေ့တတ်သည်။ တခါတရံတွင် စာပေနယ်က မိတ်ဆွေ။ တခါတရံတွင် ယဉ်ကျေးမှုအသင်းတုန်းက လုပ်ဖော်ကိုင်ဖက်။ တခါတရံတွင် ဘရီကျူး၏ အုပ်စုထဲကလူ။ တခါတရံတွင် ဖဲဝိုင်းများတွင် ဖဲရိုက်ဖော် ဖဲရိုက်ဖက်။ လူဆန်းက လုပ်ဇာတ်တခု ချက်ချင်း ဖန်တီးလိုက်သည်။ အိမ်တွင် ပိုက်ဆံအိတ် မေ့နေရစ်ခဲ့ကြောင်း၊ သူ့တွင် အီဂျစ်ငွေများသာ ရှိကြောင်း၊ ယနေ့ မလဲရသေးကြောင်းဖြင့် လုပ်ကြံ၍ ပြောသည်။ ထိုနောက် ငွေငါးရာလောက်ကို ချေးကာ ချက်ချင်း ဖြုန်းပစ်လိုက်သည်။

တနေ့တွင်မူ သူ့အမေထံမှ စာတစောင် ရောက်လာ၏။ ကျန်းမာရေး အခြေအနေ မကောင်းကြောင်း၊ အဖေကိုလာ၍ တောင်းပန်စေလိုကြောင်းဖြင့် ရေးထားသည်။ စာကိုဖတ်ပြီး အမေ့ကို သနားသွားသည်။ သူ ငယ်ငယ်တုန်းက အကြောင်းတွေကို အမှတ်ရ၏။ ငယ်ငယ်က အင်ပြင်ကြီးတွေ ထပြီး ငန်းဖျားဖျားခဲ့သည်ကို အမှတ်ရကာ သူ့ကိုယ်သူလည်း သနားလာသည်။ အမေ၏ စကားကို နားထောင်လျှင် အဆင်ပြေကောင်း ပြေနိုင်သည်။ ငတ်လှပြီ။ ကြွေးထူလှပြီ။ တောင်းရရမ်းရသည်မှာ များလှပြီ။ အမေ့ဆီကို စာပြန်ရန် စာရွက်တရွက်ကို ကောက်ယူလိုက်သည်။ ထို့နောက် စာရွက်ကို လုံးချေပြီး လွှင့်ပစ်လိုက်၏။ ဟုတ်သည်။ အိမ်ပြန်ရောက်လျှင် အိပ်ရာကောင်းကောင်းနှင့် အိပ်ရမည်။ ဟင်းကောင်းကောင်းနှင့် ထမင်းစားရမည်။ သို့ရာတွင် အိပ်ရာလေး တနေရာရရုံ၊ ထမင်းကလေး စားရရုံမျှဖြင့်မူ သူအောက်မကျို့နိုင်။ ဘရီကျူးကို သူယုံခဲ့မိသည့်အတွက် သူမှားသည်။ သို့ရာတွင် သူ့အမှားသည် ရိုးသားသည့်အမှား ဖြစ်၏။ သူ့အဖေကမူ မရိုးသား။ အကြံသမားဖြစ်သည်။ ကိုယ့်လိပ်ပြာကိုယ်ပင် ရှက်ဟန်မတူတော့။ ယခုတလောတွင် သူတော်တော်ပျင်းနေသည်။ ဟောပြောပွဲတွေ သွားနားထောင်ရမည်လော မသိ။

တခါတရံတွင်မူ မာရီကို သတိရ၏။ နောက်ဆုံး သူတို့တွေ့ခဲ့ကြသည့်ညနေက မာရီ စိတ်လှုပ်ရှားနေသည်။ မာရီကို သနားသလိုလို ရှိသော်လည်း ထိုအတွေးကို သူလက်မခံ။ စိတ်ကူးယဉ်ခြင်းသာ ဖြစ်သည်ဟု သူ့ကိုယ်သူ အားတင်း၏။ မာရီသည် သူ့ထံ စာတိုစာရှည်တွေ မကြာခဏ ရေးသည်။ သူ့ကိုခွင့်လွှတ်ဖို့ တောင်းပန်သည်။ ဘဝကို ငြီးငွေ့နေပြီဟု ဆိုသည်။ လူဆန်းသည် မျက်မှောင်ကုပ်လိုက်ပြီးနောက် မရန်းနုရောင် စာရွက်ကလေးတွေကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်၏။ ထို့နောက်လာသည့် စာများကိုမူ ဖောက်၍ပင် မဖတ်တော့။ ဖောက်ဖတ်တော့ကော ဘာထူးဦးမည်နည်း။ သူ့ကို လူဆန်း မကယ်နိုင်။ သူကိုယ်တိုင်ကပင် စိတ်ညစ်နေသည်။ လောကကြီးတွင် သနားဂရုဏာဟူသည် မရှိ။ လာရင်ဂျေးလည်း သေပြီ။ ဂျဲနက်ကလည်း သူ့ကို စွန့်သွားပြီ။ ဘရီကျူး ဆိုသည့်လူကို ကိုးကွယ်ခဲ့မိသော်လည်း နောက်ဆုံးတွင် အဆင့်အတန်းနိမ့်သည့် အကြံသမားမှန်း သူသိခဲ့ရပြီ။

ဘရီကျူးနှင့် ကွဲပြီးသည့်နောက်ပိုင်းတွင် လူဆန်းသည် ဘာနိုင်ငံရေးကိုမျှ စိတ်မဝင်စားတော့။ သတင်းစာပင် ကောက်မဖတ်ဖြစ်။ ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသည့် သမိုင်းအဖြစ်အပျက်များသည် သူ့အဖေ၏ ဖိုင်တွဲများလို ညစ်ပတ်၍ စိတ်ပျက်စရာကောင်းသည်ဟု ထင်သည်။ ဘရီကျူး၏ အိမ်လို၊ ကီးလ်မင်းဆိုသည့်လူ၏ နောက်စေ့ပြောင်ပြောင်ကြီးလို ညစ်ပတ်၍ စိတ်ပျက်စရာကောင်းသည်ဟု ယူဆသည်။ ကဖီးများထဲတွင် ဟစ်တလာအကြောင်း၊ စစ်အကြောင်းကို ပြောသံကြားလျှင် လူဆန်း သမ်းဝေမိသည်။ သူ့အဖေသည် ဖိုးဂျက်ကို အသုံးချရန် ကြိုးစားနေပုံရ၏။ ထိုအတွင်း စစ်မှုထမ်းရန် အမိန့်ထွက်လာသည်။ စပိန်ပြည်က စလာမန်ကာကို အမှတ်ရသည်။ စစ်သားတွေ စစ်ရေးပြကြသည်ကို အမှတ်ရသည်။ စပိန်တွင် နေခဲ့စဉ်က တိုက်ပွဲမှအပြန် ဖက်ဆစ်တပ်သားတွေ မူးရမ်းကြပုံကို အမှတ်ရသည်။ စစ်ထဲဝင်ရမည်ကိုပင် ပျော်သလိုလို။

သို့ရာတွင် ရက်အနည်းငယ် ကြာသည့်အခါ မြူးနစ်သဘောတူညီချက်ကို ထုတ်ပြန်လိုက်၏။ လူဆန်း သူ့ကိုယ်သူ လှောင်သည်။ အစတုန်းကတော့ တကယ်ပဲ တိုက်ရတော့မည့်ပုံ။ နောက်ဆုံးတွင် ဘာမျှ မဟုတ်။ အခြားသူများနှင့်အတူ မှောင်ချထားသည့် ပါရီမြို့ကြီးကို လျှောက်ကြည့်သည်။ ပါရီလမ်းမများပေါ်တွင်

တင့်ကားကြီးတွေ မောင်းသွားသည်ကို မြင်ရ၏။ စစ်သားတွေ စုဆောင်းသည်ကို မြင်ရသည်။ သို့ရာတွင် သူ့အဖေကမူ ထိုကိစ္စများကို အကြောင်းပြကာ လွှတ်တော်ထဲတွင် အမြတ်ထုတ်နေသည်။

လူဆန်းသည် အားရပါးရ သမ်းလိုက်၏။ အပြင်ထွက်၍ ပိုက်ဆံရှာရဦးမည်။ ဈေးရှာရဦးမည်။ အိမ်ရှင်က အိမ်လခ မပေးသဖြင့် တစူစူ ဖြစ်နေပြီ။ ဆိုင်များမှ မှန်ပြတင်းတွေကို လျှောက်၍ ငေးလိုက်ဦးမည်။ ထိုအခါတွင် မုတ်ဆိတ်ထူလပစ်နှင့် အောက်သိုးသိုးဖြစ်နေသည့် သူ့မျက်နှာကို မှန်ရိပ်ထဲတွင် ပြန်မြင်ဦးမည်။

လူဆန်း ကံကောင်းသည်။ မယ်ဒလိန်း ရပ်ကွက်နားအရောက်တွင် အလျင်တုန်းက သူ့စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ဖူးသည့် ဂေါတီးယားနှင့် သွားတွေ့၏။ အခြားအချိန်သာဆိုလျှင် ဂေါတီးယားသည် သူ့ကို ရှောင်ထွက်သွားမိလိမ့်မည်။ သို့ရာတွင် ယနေ့တွင်မူ သူကိုယ်တိုင်ကလည်း စိတ်ထွေထွေ။ မနက်တုန်းက စစ်မြေပြင်သို့ သွားရမည်ထင်သဖြင့် သမီးငယ်ကိုပွေ့၍ မျက်ရည်ကျခဲ့ရသည်။ သို့ရာတွင် “ဘဝသစ်” သတင်းစာကို ကောက်ဖတ်လိုက်သည့်အခါ၌ မြူးနစ်စာချုပ်အကြောင်းကို တွေ့လိုက်ရသဖြင့် အသက်ပြန်ရှင်လာသလို သူ့ကိုယ်သူ ထင်မှတ်လိုက်မိသည်။ ဂေါတီးယား ဝမ်းသာနေသည်။ လူဆန်းကိုသာမက သတင်းစာရောင်းသည့် သူငယ်ကိုရော၊ ပုလိပ်ကိုရော ဖက်နမ်းလိုက်ချင်စိတ်ပင် ပေါက်လာသည်။ လူဆန်း၏ အခြေအနေကိုပင် မရိပ်မိ။ မုတ်ဆိတ်ထူထူ၊ စုတ်ပြတ်နေသည့် အဝတ်အစားများကိုပင် သတိမထားမိ။ ဗရုတ်ဗရက်ကာလကြီးဖြစ်၍ သပ်သပ်ရပ်ရပ်နေချိန်မရဟုပင် ယူဆလိုက်သည်။

“ဟော့လူ… ကျွန်တော်တော့ ယုံတောင်မယုံနိုင်ဘူးဗျ။ ကျွန်တော်တို့ သိပ်ကို ကံကောင်းတာဗျ။ မနေ့ကဆိုယင် ကျွန်တော်တို့ တပ်သားသစ်တွေကို လီမာကို သွားရတော့မလို့၊ အမြောက်တပ်ထဲမှာ တပ်ကြပ်ကြီးလေဗျာ၊ ခုတော့ ဟန်ကျသွားတာပေါ့…”

ဂေါတီးယားက အသက်ကို အနိုင်နိုင် ရှူလိုက်ယင်း…

“ခင်ဗျားကကော ဘယ်လိုလဲ…”

“ကျွန်တော်က ခြေလျင်တပ်မှာဗျ၊ အရန်တပ်သားလေ”

“ဟာ… ခင်ဗျား ပွတာပေါ့ဗျ။ ဝမ်းမသာဘူးလား၊ အရန်ဆိုတော့ တိုက်ချင်မှ တိုက်ရမှာ”

“ကျွန်တော့်အဖို့ကတော့ မထူးပါဘူးဗျ”

“ဟော့လူ… ဘယ့်နှယ်ပြောတာလဲ၊ ခင်ဗျား စိတ်မှ ကောင်းရဲ့လား၊ လူများတွေဖြင့် အရန်ဖြစ်ချင်လွန်းလို့”

လူဆန်း ချက်ချင်း အမှတ်ရလာသည်။ သူ့ဆီက ပိုက်ဆံချေးရမည်။ ခပ်ဝှက်ဝှက် ပြုံးလိုက်ယင်း…

“ကျွန်တော့်မှာ ကိုယ့်ကိစ္စနဲ့ကိုယ် စိတ်ညစ်နေတယ်ဗျာ၊ ကျွန်တော်က အငြိမ့်သမတယောက်နဲ့ ထရိုဗီးလ်မှာ ရောက်နေတုန်း စစ်သားစုဆောင်းရေးအမိန့် ထွက်လာတာဗျ။ စစ်မဖြစ်ဘူး ဆိုတာတော့ သိပါတယ်၊ ဒါပေမယ့် စစ်သားစုဆောင်းရေး ကြေငြာချက် ဖြန့်စားကြီး ထွက်လာတော့ ဘယ့်နှယ်လုပ်မလဲဗျာ။ အမျိုးသမီးကို ဒီအတိုင်း ထားပစ်ခဲ့ရတာပေါ့။ ခု အမျိုးသမီးကို သွားခေါ်ရမယ်ဗျ။ ကျွန်တော့်ကို ခွင့်တော့ပေးလိုက်တယ်၊ ဒါပေမယ့်

ဘယ်နိုပ်မလဲဗျာ၊ ဒီနေ့ ဘဏ်တွေလဲ ပိတ်ထားတော့ ပိုက်ဆံထုတ်လို့ မရဘူး၊ ကျွန်တော်ကလဲ ဒီနေ့သွားခေါ်ချင်တာ၊ ခင်ဗျား ကျွန်တော့်ကို ကူညီနိုင်ယင်တော့ အတိုင်းထက်အလွန်ပဲဗျ၊ ဒါပေမယ့် အခက်အခဲရှိတယ် ဆိုယင်လဲ ကိစ္စမရှိပါဘူး...”

“ရပါတယ်ဗျ။ ဒါလောက်ကတော့ မခက်ပါဘူး”

ဂေါတီးယားက ပိုက်ဆံအိတ်ကိုဖွင့်ပြီး ၁၀၀၀ တန်တရွက် ပေးလိုက်သည်။ လူဆန်း ပြုံးလာ၏။ ဂေါတီးယား ကပ်စေးနှဲမှန်းကို သူကောင်းကောင်းသိသည်။ ကော်ပီခကိုပင် အနိုင်နိုင် တောင်းယူခဲ့ရဖူးသည် မဟုတ်လား။ ယခု ၁၀၀၀ တန်ကြီးများပင် ရလိုက်သည်။ လူဆန်းက လှည့်ထွက်လာပြီး ငွေ ၂၀၀ ကို ရေနေဆဲ နောက်မှ လှမ်းခေါ်သံကို ကြားရ၏။

“ဗျို့... လူဆန်း၊ ဒီအတိုင်းသွားလို့ မရသေးဘူးဗျ။ ခင်ဗျားရထားက ဘယ်အချိန် ထွက်မှာလဲ၊ အချိန်ရပါသေးတယ်ဗျ၊ နေပါဦး”

သူတို့နှစ်ယောက်သား အရက်ဆိုင်ထဲသို့ ဝင်ခဲ့ကြပြီးနောက် အရက်စုံ မှာသောက်ကြသည်။ လူဆန်းတကိုယ်လုံး နွေးသွားကာ ကျေနပ်သွား၏။ ဂေါတီးယားကို နှုတ်ဆက်ပြီးနောက် တက္ကစီတစီးဖြင့် မွန်ပါနာဆေ ရပ်ကွက်သို့ လာခဲ့သည်။ ပျော်ပွဲစားရုံကြီးတခုထဲသို့ ဝင်လာကာ ဒုတိယအထပ်သို့ တက်လာခဲ့၏။ လှေကားမှ မှန်ထဲတွင် သူ့ရုပ်ကို လှမ်းမြင်လိုက်ရသည့်အခါတွင် ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်၏။ ဇရုတ်ဇရက် ကာလကြီးတွင် အစုတ်စုတ်အပြတ်ပြတ် ရှိကောင်းရှိမည်။ မုတ်ဆိတ်မွေးတွေက ပရပ်ပျစ်နှင့် ရှိကောင်းရှိမည်။ သို့ရာတွင် ရုပ်ဖြောင့်သူကတော့ ရုပ်ဖြောင့်မြဲ။ အမျိုးသမီး ဝတ်ရုံခန်းစောင့် အမျိုးသမီးက သူ့ကို စိုက်ကြည့်နေသည်။

လူဆန်းသည် ညစာကောင်းကောင်း မှာလိုက်၏။ သူ့ထွင်လုံးကို သဘောကျနေသည်။ ဆာလှပြီ။ စားပွဲထိုးက ပေါင်မုန့်ကို အလျင်လာချလိုက်သည့်အခါတွင် ကောက်၍ စားပစ်ချင်လှပြီ။ သို့ရာတွင် လူဆန်းက အရေးမစိုက်ဟန်ဖြင့်...

“ဟေ့၊ ဒီတပွဲပြီးယင် အင်ဥသွပ်တဲ့ ကြက်သားကြော်တပွဲ ယူခဲ့၊ ဘရက်ဆီကြက်ကြော်နော်”

သူ့ဘေးတွင် လူတွေ စားသောက်နေကြသည်။ အထိမ်းအမှတ်ပွဲတွေ ကျင်းပနေကြသည်။ ရေပန်းအစားဆုံးမှာ စစ်မှုထမ်း သက်ရောက်သည့် ယောကျ်ားများ ဖြစ်သည်။ သူတို့ကို ကြည့်ရသည်က စစ်မြေပြင်မှ လောလောလတ်လတ် ပြန်ရောက်လာသူများလို့ နွမ်းနယ်လျက်။ တချို့က စစ်ယူနီဖောင်းများကို ဝတ်ထားကြသည်။ သူတို့အားလုံး မုတ်ဆိတ်တွေနှဲ့။ ကတုတ်ကျင်းတွေထဲ နေခဲ့ရသည်ကို သတိရစရာ။ သူတို့ပြောသည့် စကားလုံးတွေက ခပ်ကြမ်းကြမ်း။ ကျိန်ဆဲသည့် စကားလုံးတွေ ပါလိုက်သေးသည်။ တမင် စစ်သားဂိုက်ပေါက်အောင် လုပ်နေကြသည်လော မဆိုနိုင်။ အမျိုးသမီးများက သူတို့အနားတွင် အလုပ်များနေကြသည်။ ခပ်ချောချော မွေးစားအမေတွေ၊ ယုယတတ်သည့် အစ်မတွေ။ သစ္စာရှိသည့် ရည်းစားတွေ။ သူတို့ သူရဲကောင်းများကို မည်မျှကြာကြာ စောင့်ရစောင့်ရ သစ္စာရှိရှိ စောင့်မည် ဆိုသည့်ဟန်။ ရောင်စုံအုပ်ဆောင်းတွေ တပ်ထားသည့် စားပွဲတင်မီးပွင့်များမှ အလင်းရောင်က ခပ်မှုန်မှုန် ဖြာကျလျက်။ မီးအုပ်ဆောင်းများကြောင့် အရာအားလုံးသည် အရောင်စုံ သန်းနေကြ၏။ တန်ဂိုတေးသွားက ပြန်လည်တွေ့ရှိသော ချမ်းမြေ့ရိပ်မြုံ အကြောင်းကို ဖွဲ့ထားသည်။ ရှမ်ပိန်ပုလင်း ဖော့ဆို့များက တဖောင်းဖောင်း

မြည်နေကြသည်။ ဝိုင်အရက်ခွက်များ နှုတ်ခမ်းချင်းထိသံက တချွင်ချွင်။

"ငြိမ်းချမ်းရေးအတွက်" ဟု ဆို၍ သောက်ကြသည်။ ရှမ်ပိန်ပုလင်း
တော်တော်များများ သောက်ပြီးသူတို့ကမူ "အောင်ပွဲအတွက်" ဟု ဆိုကာ
ခွက်မြှောက်ဆုတောင်းပြီး သောက်ကြသည်။

လူဆန်းသည် နှစ်ရှည်စိမ်ထားသည့် ချိန့်ဘာတင်ဝိုင်တလုံးကို မှာလိုက်၏။
သူ့မျက်နှာမှာက အဓိပ္ပါယ်မရှိသည့် အပြုံးတခု ဆင်လျက်။ ကီးလ်မင်းကိုလည်း
အမှတ်မရတော့။ အခန်းပိုင်ရှင်ကိုလည်း သတိမရတော့။ ရက်စရာကောင်းသည့်
သူ့ဘဝအခြေအနေကိုလည်း သတိမရတော့။ နာမည်ကြီး စာရေးဆရာတယောက်၊
သရုပ်မှန်လွှန် ပန်းချီဆရာများ၏ ဘက်သားတဦး၊ နာမည်ကျော် ရှေ့နေကြီးတဦး၏
သား၊ ဇာတိသမ ခပ်ချောချောတယောက်၏ ရည်းစားဘဝသို့
ပြန်ရောက်သွားသည်ဟု ထင်နေသည်။ လူဆန်းတို့ နောက်တကြိမ်
အသက်ပြန်ရှင်ပြန်ပြီ။

အချိန်တွေ ကုန်လိုက်မှန်း မသိ။ မူး၍ မူးလိုက်မှန်း မသိ။ သူတယောက်တည်းသာ
မဟုတ်။ သူ့ပတ်ဝန်းကျင်က လူတွေအားလုံး ယနေ့ညတွင် အပျော်ကြီး
ပျော်နေကြသည်။ ငြီးငွေ့စရာအချိန်တွေ ပျောက်သွားကြပြီ။ သူနှင့်
မိတ်ဆွေတဦးဖြစ်သည့် ပန်းချီကား ဆိုင်ပိုင်ရှင် ဂီးလေ့ သူ့အနားသို့
ရောက်လာသည်။ ဂီးလေ့ကို မတွေ့ရသည်မှာ သုံးနှစ်လောက် ရှိပြီ။

"ကျွန်တော့်ဆိုင်ကို ဘာဖြစ်လို့ မလာတာလဲ၊ ဒီမှာ ကျွန်တော် ပုလဲကလေးတလုံး
တွေ့ထားတယ်ဗျ၊ ပုလဲမှ တကယ့်ပုလဲအစစ်"

ဂီးလေ့ ယိုင်နေပြီ။ သူ့မျက်နှာ ဝိုင်းဝိုင်းကြီးက ရဲနေ၏။ သူ့အင်္ကျီ
ကြယ်သီးပေါက်တွင် နွမ်းကြေနေသည့် အဖြူရောင် ဖယောင်းပန်း အတုတပွင့်ကို
ထိုးထားသည်။ ဂီးလေ့က သူတို့စားပွဲသို့လာရန် ခေါ်၏။ လူဆန်းကလည်း
လိုက်ချင်နေသည်။ သူတို့ဝိုင်းတွင် ထိုင်နေသည့် အမျိုးသမီးတယောက်ကို လူဆန်း
မျက်စိကျနေသည်။

အမျိုးသမီးက ကိုယ်လုံးသွယ်သွယ်။ အသားညိုညို။ ခေါင်းက လှလှ။ နှာတန်က
စင်းနေသည်။ နှုတ်ခမ်းထူထူတို့က တဝက်ဟလျက်။ မျက်လုံးများက ကြွေသားလို
စိမ်းလဲ့လဲ့။

ဂီးလေ့က ခပ်တိုးတိုး ပြောသည်။

"မိတ်ဆုံပွဲလေးလေဗျာ၊ ကျွန်တော်ပြောတဲ့ ပုလဲလုံးလေးဆိုတာ သူပေါ့၊ နာမည်က
ဂျင်နီတဲ့၊ ပန်းချီဆရာမ၊ ဟောဒါက ကိုယ်တို့ဆီမှာ နာမည်အကြီးဆုံး စာရေးဆရာ
လူဆန်း၊ လူဆန်းတက်စတဲ့၊ သူ့အဖေနဲ့တော့ သွားမရောလိုက်နဲ့နော်၊ တခြားစီ"

လူဆန်းက တဟားဟား ရယ်လိုက်ယင်း...

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ၊ ဘယ်ကလာ စာရေးဆရာ ဟုတ်ရမှာလဲ၊
ကျွန်တော်က မြင်းမွေးတဲ့လူ"

ဂျင်နီက သူ့ကို စိုက်ကြည့်နေ၏။ သူ့မျက်လုံးများသည်
တောက်ပနက်မှောင်လာကြသည်။

"ဆရာ့စာအုပ်တွေ ကျွန်မ ဖတ်ဖူးပါတယ်၊ သေခြင်းအကြောင်းကို ရေးထားတဲ့
စာအုပ်လေ၊ ဆရာ့ကို တွေ့ချင်နေတာ၊ ဆရာ့စာအုပ်ထဲက ပါရှန်း ဥယျာဉ်မှူးကြီး
သေခြင်းတရားကို တွေ့ချင်သလိုပေါ့"

သူပြောသည့် အင်္ဂလိပ်စကားက ခပ်ဝဲဝဲ၊ ချစ်စရာ...။ "အင်း... တခွက် နှစ်ခွက်လောက်တော့ သောက်ပြီးပြီ ထင်ရဲ့၊ ဒါပေမယ့် တော်တော်ချောတဲ့ အမျိုးသမီးပဲ" ဟု လူဆန်း စဉ်းစားနေသည်။ လူဆန်းက ဝင်ထိုင်လိုက်ယင်း ရှမ်ပိန်တခွက်ကို သောက်လိုက်သည်။

"ကျွန်တော်ကလဲ မိန်းမချောတယောက်ကို တွေ့လိမ့်မယ်လို့ စိတ်ထဲမှာ ထင်နေတာ၊ ကဲ... တွေ့တဲ့ အထိမ်းအမှတ် အနေနဲ့ တခွက်လောက်"

"သောက်မယ်လေ၊ ဒါပေမယ့် ဂျင်နီက ဝီစကီမှ သောက်တာ"

ဂျင်နီက အမေရိကန်ပြည်ထောင်စု ကင်တပ်ကီပြည်နယ် မြို့ငယ်ကလေးတမြို့ ဇာတိဖြစ်သည်။ သူ့အဖေက မက်သဒစ် ဘာသာဝင်ဖြစ်ပြီး အထပ်သားကုန်ကူးသည်။ ငယ်ငယ်ကတည်းက စာပေနှင့် နီးစပ်ခဲ့သည်။ ရှယ်လီနှင့် ကိစ်တို့၏ ကဗျာများကို ကြိုက်သည်။ ဗုဒ္ဓဘာသာဝင် ဖြစ်ချင်သည်။ နီဂရိုးအမျိုးသားများ၏ အကြောင်းကို ဝတ္ထုတိုကလေးတွေ ရေးဖူးသည်။ ဥရောပမှ သမ္မတဝီလ်ဆင် ပြန်လာသည့်အခါတွင် သမ္မတဝီလ်ဆင်ကို မြင်ဖူးချင်သဖြင့် အိမ်မှ ထွက်ပြေးခဲ့သည်။ ထိုစဉ်က အသက်ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။ ဆယ့်ရှစ်နှစ်တွင် နယ်လှည့်ဓာတ်ပုံဆရာတယောက်နှင့် အိမ်ထောင်ကျခဲ့သည်။ ဓာတ်ပုံဆရာက သူ့ကို ဟောလီဝုဒ်သို့ ခေါ်သွားပြီး ရုပ်ရှင်ထဲ သွင်းပေးမည် ဆိုသဖြင့် အဟုတ်မှတ်၍ ကြိုက်ခဲ့ခြင်း ဖြစ်သည်။ နောက်တွင် ဓာတ်ပုံဆရာနှင့် ကွဲသွားပြီး ဟောလီဝုဒ်သို့ ရောက်သွားသည်။ သူဖြစ်ချင်သည်က ရုပ်ရှင်မင်းသမီး။ ဇာတ်ရန်ဘဝဖြင့် ဝင်ခဲ့ပြတ်ခဲ့ရသည်။ အစော်ကားခံခဲ့ရသည်။ လက်ထောက်ဒါရိုက်တာများနှင့် စတူဒီယို အုပ်ချုပ်ရေးမှူးများက "တို့ ညစာသွားစားကြမယ်အေ၊ ပြီးတော့..." ဟု သူတို့ထုံးစံအတိုင်း ရိသဲ့သဲ့ လုပ်ကြသည်။ သို့ရာတွင် ဂျင်နီသည် သူတို့ကို အကပ်မခံ။ ရန်ထောင်လွှတ်သည်။ ထို့နောက် ပန်းချီသင်သည်။ အဝတ်ခံ၍ ရှုခင်းပန်းချီတွေ ဆွဲသည်။ ညိုညိုနီနီ မဟာပထဝီမြေကြီး။ ရှားစောင်းပြသာဒ်ပင်များ၊ ရောင်စုံအိမ်ပုံကလေးများ၊ လက်စလက်န သိပ်မဆိုး။ သို့ရာတွင် ပန်းချီဆွဲရသည်ကို မပျော်။ ဆူဆူညံညံ၊ ကြမ်းကြမ်းတမ်းတမ်း အရောမျိုးကိုမှ ကြိုက်တတ်သည်။ ကံကောင်းသည်ဟု ဆိုရမည်လော မသိ။ လော့စ်အိန်ဂျလိစ်မှ လေယာဉ်ပျံ အင်ဂျင်နီယာတယောက်နှင့် တွေ့ပြီး ညားသွားကြသည်။ ဂျင်နီသည် ကဗျာစာအုပ်တွေကြားထဲမှ ရွှေပုံပေါ်သို့ ရောက်သွား၏။ အင်ဂျင်နီယာက သူ့ကို ယုယသည်။ ကြင်နာသည်။ ဤတွင် ဂျင်နီ ငြီးငွေ့လာသည်။ "အချစ်စစ်ဆိုတာ ဒီလိုဟာများလား" ဟု သူ့ဘာသာ တွေး၏။ နောင် နှစ်နှစ်ကြာသည့်အခါတွင် သူ့ယောကျ်ားသည် လေယာဉ်ပျံ ပျက်ကျပြီး သေသွားသည်။ ဂျင်နီ အိပ်ဆေးတွေစားပြီး သေကြောင်းကြံသည်။ သို့ရာတွင် ဆရာဝန်များက သူ့ကို ကယ်လိုက်ကြ၏။ ရေထဲခုန်ချသည်။ ဆယ်မည့်သူနှင့် တွေ့၏။ လပေါင်းများစွာ အခန်းအောင်းနေသည်။ ထိုနောက် ရှင်လန်းစ ပြုလာ၏။ သူ့မှာ ပိုက်ဆံတွေ အများကြီး။ ဥရောပတိုက်သို့ လျှောက်သွားကာ တိုင်းပြည်အနှံ့ လည်သည်။ ပြတိုက်တွေ၊ ညကပွဲတွေကို လျှောက်သွားသည်။ လူရှုပ်လူပွေတွေနှင့် တွေ့ခဲ့ဖူးသည်။ အချစ်စစ်အကြောင်းကို သူသိချင်၏။ ကျောင်းသူလေးတယောက်လို ပန်းချီကျောင်းအမျိုးမျိုးကို မှန်မှန် တက်ခဲ့ဖူးသည်။ ထိုနောက် ပါရီတွင်နေကာ မွန်ပါနာဆေ ရပ်ကွက်တွင် ကျက်စားသည်။ စိတ်ပျက်ပြီး လောကကြီးကို မကျေနပ်နေသည့် အမေရိကန်တွေ သည်နေရာလာပြီး ဝီစကီသောက်ယင်း ကမ္ဘာဟောင်းနှင့် ကမ္ဘာသစ်ကြီးကို ပြက်ရယ်ပြုကြသည်။ ဂျင်နီလည်း ထို့အတူ ပြက်ရယ်ပြုသည်။ ဝီစကီသောက်သည်။

သူ့အသက်က လူဆန်းထက် တနှစ်လောက် ကြီး၏။ သို့ရာတွင် လူဆန်းကို ကလေးသာသာလောက်သာ သဘောထားပုံရသည်။ လူဆန်း၏ တောက်ပသည့် မျက်လုံးများ၊ သစ်ကြားသီးရောင် ဆံပင်နီနီနှင့် လောကကြီးကို စိတ်ပျက်လှောင်ပြောင်ပုံတို့ကို ဂျင်နီ သဘောကျသွား၏။ ဂျင်နီသည် ဂီးလော့ကိုပင် ဂရုမစိုက်နိုင်တော့။ လူဆန်းနှင့် စကားလက်ဆုံကျနေသည်။ ကလည်းမကချင်တော့။ သူ့ရင်ထဲက ခံစားချက်က ပြင်းထန်သည်။ လူဆန်းကလည်း ထိုခံစားချက်ကို တုံ့ပြန်သည်၊ ဂျင်နီကို ချစ်နေမိပြီဟု ထင်သည်။

ဂီးလော့က သူ့ဖန်ခွက်နှုတ်ခမ်းကို ခားဖြင့် ခေါက်ယင်း...

"ကျွန်တော် တခု ဆုတောင်းပြီး အရက်သောက်ချင်တယ်ဗျာ၊ လူဆန်းက ခြေလျင်တပ်မှာ၊ ကျွန်တော်က လေယာဉ်ပစ် အမြောက်တပ်မှာ၊ ချားလ်က လေတပ်က၊ ဂျူးမောင့်က ဗိုလ်ကြီး ခြေလျင်ကပဲ၊ နောက်တလလောက်ဆိုယင် ကျွန်တော်တို့အားလုံး အယ်ဇေနယ်က မြေကြီးတွေထဲမှာ မြေစာဖြစ်ချင်ဖြစ်နေကြမှာ၊ ဒါပေမယ့် စစ်ကြီး မဖြစ်တော့တဲ့အတွက် ကျွန်တော်တို့တတွေ မသေကြတော့ဘူး၊ နောင်လဲ သေဦးမှာ မဟုတ်သေးဘူး၊ ဒါကြောင့် ခုအချိန်ဟာ ကျွန်တော်တို့အားလုံးအတွက် အောင်ပွဲ၊ ကျွန်တော်တို့ သံတမန်တွေအတွက် အောင်ပွဲ၊ ကျွန်တော်တို့ စာရေးဆရာတွေအတွက် အောင်ပွဲ၊ ဗာလိန်းတို့လို ကဗျာဆရာတွေအတွက်လဲ အောင်ပွဲ၊ ကျွန်တော်တို့ စပျစ်ခြံစိုက်သမားတွေ၊ စက်ချုပ်သမားတွေ၊ အိမ်ဖော်မိန်းမကြီးတွေအတွက်လဲ အောင်ပွဲဖြစ်တယ်၊ အိမ်ဖော်မိန်းမကြီးတွေကိုလဲ အထင်မသေးကြပါနဲ့၊ သူတို့ဟာလဲ ငြိမ်းချမ်းရေးရဲ့ တမန်တော်တွေပါ။ ဒါကြောင့် ပြင်သစ်ပြည်က ရခဲ့တဲ့ အောင်ပွဲတကာတို့အနက် အကြီးအကျယ်ဆုံးဖြစ်တဲ့ ဒီအောင်ပွဲကြီးအတွက် ဆုတောင်းပြီး သောက်ကြပါစို့"

ဂျင်နီက လက်ခုပ်တီးသည်။ ထိုနောက် လူဆန်းဘက်သို့လှည့်၍...

"ဆရာ ဘယ်လို သဘောရသလဲ၊ ကျွန်မကတော့ ပြင်သစ်ကဗျာဆရာတွေထဲမှာ ဗာလေရီကို မကြိုက်ဘူး၊ အေးလွှာ့ကို ပိုကြိုက်တယ်၊ ဂီးလော့ ပြောသွားပုံက သမ္မတဝီလ်ဆင် ပြောသွားတာ ကျနေတာပဲ၊ ဒါပေမယ့် အဲဒီတုန်းက ပြင်သစ်တွေကတော့ ဝီလ်ဆင်ကို မကြိုက်ကြဘူးနော်၊ စိတ်မဆိုးပါနဲ့၊ ဂျင်နီက နိုင်ငံရေးတွေ ဘာတွေ နားလည်လို့ ပြောတာတော့ မဟုတ်ပါဘူး၊ တကယ်လို့ ဆရာများ တိုက်ပွဲတို့ ဘာတို့မှာ ကျသွားတယ် ဆိုယင်တော့"

လူဆန်းက ရယ်လိုက်သည်။

"ကျသွားယင် ဂျင်နီနဲ့ မတွေ့ရတော့ဘူးပေါ့" ဂီးလော့က ငွေရှင်းမည် ပြု၏။ လူဆန်းက သူရှင်းမည်ဟု ဆိုသည်။ လူဆန်းက စားပွဲထိုးကို ရာတန်တရွက် ခေါက်၍ ပစ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဗိုလ်မှူး"

"ဗိုလ်မှူး မဟုတ်ဘူး အဘိုးကြီးရ၊ အရန်စစ်သားပဲ ရှိသေးတယ်"

နောက် ဂျင်နီဘက်သို့လှည့်၍ ခပ်တိုးတိုးဖြင့်...

"နောက်ဆုံးတခွက်တော့ သောက်ပါ၊ ပါရှန် ဥယျာဉ်မှူးကြီးက သေမင်းကို ကြောက်ပြီး ဘက်ဂဒက်ကို ထွက်ပြေးသတဲ့၊ ဘက်ဂဒက်ရောက်တော့ မိန်းမချောချောလေးတယောက်ကို တွေ့သတဲ့၊ ဒီလောက်ချောတာ တခါမှ မတွေ့ဖူးဘူးတဲ့၊ ဒါနဲ့ သေမင်းကို မောင်းထုတ်ပစ်လိုက်ရောတဲ့"

ဂျင်နီက သူ့လက်ကို ညှစ်လိုက်သည်။

အပြင်သို့ ထွက်လာခဲ့ကြ၏။ ပါစီရပ်ကွက်အရောက် တက္ကဆီ စီးလာခဲ့ကြသည်။ ဂျင်နီနေသည့်လမ်းက တိတ်တိတ်ဆိတ်ဆိတ်။ အိမ်နားက သစ်ပင်ကြီးတပင်က မီးရောင်မှုန်မှုန်ထဲတွင် ယိမ်းထိုးလှုပ်နေသည်။ ဂျင်နီက နှုတ်ဆက်မည် ပြု၏။ သို့ရာတွင် လူဆန်းက အိမ်ထဲရောက်နေပြီ။ ဂျင်နီက အသံတုန်တုန်ဖြင့် "ပြန်တော့လေ" ဟုဆိုသည်။

ဂျင်နီစိတ်ထဲတွင် အချစ်စစ်ဆိုသည်မှာ သည်အတိုင်းလေလားဟု ထင်သည်။ အားလုံးကို ဆုံးရှုံးသွားမည်ကို ရုတ်တရက် ကြောက်လာ၏။ လူဆန်းက အပေါ်အင်္ကျီကို မချွတ်ပဲ ကုလားထိုင် နောက်မှီမြင့်မြင့်ကြီးတလုံးပေါ်တွင် ဝင်ထိုင်လိုက်ယင်း မျက်လုံးများကို မှိတ်ထားလိုက်သည်။ သူ့မျက်နှာသည် နွမ်းနယ်ပင်ပန်းဟန် ပေါက်နေ၏။ ဂျင်နီသည် ယခုမှပြန်၍ တည်ငြိမ်စ ပြုလာသည်။

"ကော်ဖီ ဖျော်လိုက်မယ်နော် ဆရာ"

ဂျင်နီက ကော်ဖီကျိုသည့် အိုးကို ယူလာပြီး ဖန်အိုးကြီးအောက်တွင် မီးညှိလိုက်သည်။ မီးတောက်ကလေးက ပြာလဲ့လဲ့။

"အင်္ဂရိတ် ထိုးမလို့လား"

လူဆန်း စိတ်တည်ငြိမ်သွား၏။ ဘာကိုမျှ မလိုချင်။ ကော်ဖီနံ့ပြင်းပြင်းက မွှေးနေသည်။ အဆုံးစွန်သုခကို ခံစားနေရသည့်နှယ်။ ဂျင်နီက စကားတွေ မရပ်မနား ပြောနေသည်။ တိတ်ဆိတ်နေသည်ကို ဂျင်နီကြောက်သည်။ အချစ်တွင် အတွေ့အကြုံတွေ မနည်းတော့ဘူး။ သို့ရာတွင် ဂျင်နီသည် အပျိုရိုင်းကလေးလို ဖြစ်နေသည်။

"ဂျင်နီက နှင်းဆီဆိုယင် နှင်းဆီဝါမှ ကြိုက်တာ၊ နှင်းဆီနီကို မကြိုက်ဘူး၊ မွန်ပါနာဆေက ဘောမင်းရဲ့ ဆိုင်မှာ နှင်းဆီဝါတွေချည်းပဲနော်။ အနံ့ကလဲ သိပ်မွှေးတာပဲ။ ဆရာ နောက်တခါ ဂျင်နီဆီကိုလာယင် နှင်းဆီဝါတွေ"

"မလွယ်ဘူးထင်တယ်" လူဆန်းက ကုလားထိုင်တွင် ထိုင်ယင်း ပြောသည်။ "ကျွန်တော် ဒီလာဖို့ လမ်းစရိတ်တောင် အနိုင်နိုင်"

သူ့အခြေအနေကို ပြောမိသဖြင့် လူဆန်းရှက်သည်။ အဘယ်ကြောင့် ဤစကားတွေ ထွက်သွားသနည်း။ သူ့ကိုယ်သူပင် ပြန်၍ အံ့သြနေသည်။ သူဘာကြောင့် ဒီနေရာကို လိုက်လာခဲ့ရသည်ကို မေ့သွားပြီ။ ကော်ဖီနံ့၊ မရိုတရို ရပ်နေသည့် ဂျင်နီ၏ဟန်။ ပန်းအကြောင်း၊ ပန်းပွင့်များနှင့် ခေါမတိုင်းအကြောင်းတွေကို ပြောပြီးနောက် သူ့ကိုယ်သူ မေ့သွားသည်။ အရက်ကလည်း တော်တော် မူးနေပြီ။ ပင်လည်း ပင်ပန်းနေသည်။ သူ့အသံသည် အဝေးကြီးမှလာသည့် အသံတသံလို တိုးညင်းနေ၏။ ဂျင်နီကမူ လူဆန်း နောက်နေသည်ဟု ထင်သည်။ ယခုပင် ညစာကို သူက ရှင်းပေးခဲ့ပြီ မဟုတ်လော။

"အမယ်... အမယ် လုပ်မနေပါနဲ့၊ ခုတင် သုံးချင်တိုင်း သုံးခဲ့ပြီးမှ"

လူဆန်းက မျက်လုံးများကို ဖွင့်လိုက်သည်။ ဂျင်နီက သူ့ကို ဤသို့ထင်လေလေ သူ့အဖို့ အခံရခက်လေလေ။

"တကယ်ပြောနေတာ ဂျင်နီ၊ ခု ကျွန်တော် သုံးခဲ့ဖြုန်းခဲ့တာတွေက ဂေါ်တီးယားဆိုတဲ့ ထုတ်ဝေသူတယောက်ဆီက ဆွဲလာတာ၊ ဒီလူ့ဆီက ရခဲ့လွန်းလို့ နှင်းဆီပန်းတွေ ဘယ်ဝယ်နိုင်မလဲ၊ ပေါင်မုန့်နဲ့ ဝက်အူချောင်းတောင်မှ အနိုင်နိုင်ရယ်၊

အေးလေ... ဒါတွေကို ဂျင်နီနားလည်မှာ မဟုတ်ဘူး၊ ဂျင်နီက ချမ်းသာတဲ့ အမေရိကန်၊ ကျွန်တော်က လမ်းပေါ်က ပစ္စည်းမဲ့၊ ကျွန်တော်တို့နှစ်ယောက် အတန်းအစားချင်းမှ မတူကြပဲ”

လူဆန်းသည် လူဆင်းရဲတယောက်၏ မနာလိုမှုမျိုးဖြင့် ဂျင်နီကို မနာလိုဝန်တို ဖြစ်မိသည်။ ဂျင်နီကို မကြည့်မိ။ ဂျင်နီက ငိုနေပြီ။

ဂျင်နီသည် ဆင်းရဲခြင်းကို သိပြီးသား။ ဟောလီဝုဒ်တွင် အငတ်ငတ် အပြတ်ပြတ်ဖြင့် နေခဲ့သည့်နှစ်များကို သူမမေ့။ သည်တုန်းက အစာမစားသည်ကို ဝမည်စိုး၍ မစားဟု မိတ်ဆွေများကို လိမ်ပြောခဲ့ရသည်။ ဂျင်နီသည် အိမ်ခန်းထဲသို့ ဝင်သွားကာ ငွေစက္ကူ တထပ်ကြီးကို ယူလာ၏။ ငွေစက္ကူများကို အိတ်ထဲသို့ ထိုးထည့်နေသည်။

“ယူပါဆရာ... ကျွန်မ တောင်းပန်ပါတယ်”

လူဆန်း၏ မျက်နှာက ရှုံ့မဲ့နေသည်။ ငွေစက္ကူထပ်ကြီးကို လုံး၍ စားပွဲပေါ်သို့ တင်လိုက်၏။

“ဒီငွေတွေ လိုချင်လို့ ကျွန်တော် လိုက်လာတာ မဟုတ်ဘူး”

လူဆန်းက သူ့ပခုံးသားများကို ခပ်ကြမ်းကြမ်း ဖက်လိုက်သည်။ ရမ္မက်လည်း မပါ။ တဏှာလည်း မရှိ။ သူ့စေတနာ အရင်းခံကို ပြလို၍သာ ဖြစ်သည်။ ဂျင်နီကမူ လူဆန်းသည် သူ့ကို ခွင့်လွှတ်ကာ ချစ်နေပြီဟု ထင်သည်။ လူဆန်းသည် ဘာကိုမျှ မလိုချင်။ သူ့အချစ်မှအပ တခြားအရာများကို မမက်မောဟု ထင်နေသည်။ ဂျင်နီသည် တုံ့ဆိုင်းခြင်း မရှိ။ ရုန်းကန်ခြင်း မရှိပဲ အလိုက်သင့် လျှော့ပေးလိုက်သည်။ နက်ရှိုင်းသည့် မြရောင် သမုဒ္ဒရာကြီးအောက်သို့ နစ်မြုပ်သွားသည်။

ဂျင်နီ အိပ်ပျော်သွား၏။ ပင်ပန်းနွမ်းနယ်သည့်တိုင် သူပျော်သည်။ လူဆန်းက မအိပ်။ လွန်ခဲ့သည့် လအနည်းငယ်အတွင်းက သူ့ဘဝလမ်းကြောင်းကို ပြန်စဉ်းစားနေသည်။ သူဘာလုပ်ရမည်နည်း။ ခြိမ်းခြောက်ငွေတောင်းတတ်သည့် သတင်းစာလေးတစောင်တွင် ဝင်လုပ်ရမည်လော။ သူ့အဖေထံသို့ အောက်ကျို့၍ ဝင်ရမည်လော။ တယောက်ယောက်ကို လုရမည်လော။ ဂျင်နီကို လှမ်းကြည့်ပြီး အံ့အားသင့်သွားသည်။ ဂျင်နီကိုပင် မေ့သလောက် ရှိနေပြီ။ သူ့မျက်နှာကို မဲ့ထားလိုက်မိသည်။ ရောင့်ရဲကျေနပ်သွားသော သတ္တဝါတကောင်၏ ပူနွေးသည့် အနံ့တမျိုးသည် ဂျင်နီထံမှ ပျံ့လွင့်လာသည်။ စတွေ့စတုန်းကတော့ တကယ့်ပညာတတ်ကြီးလိုလို ခပ်တည်တည်။ ဗာလေရီ၏ ကဗျာအကြောင်း၊ ပန်းချီအကြောင်း၊ နှင်းဆီဝါတွေအကြောင်းတွေကို ဟုတ္တိပတ္တိ ပြောလိုက်သေးသည်။ ဂျင်နီသည် သည်လိုအချစ်စွန့်စားခန်းတွေကို ဘယ်နှစ်ခါလောက်များ တွေ့ခဲ့ပြီနည်း။ လူဆန်းသည် သူ့ကိုလှုပ်နှိုးပြီး ဆဲပစ်လိုက်ချင်သည်။ ရိုက်ပစ်လိုက်ချင်သည်။ သို့ရာတွင် မလှုပ်မရှက် လဲလျောင်းလျက်။ အခန်း ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်မိ၏။ လူဝီခေတ် ပရိဘောဂပုံ စားပွဲကုလားထိုင်တွေ။ နံရံတွင် ဝါတိုး၏ ပန်းချီမှ ကူးဆွဲထားသည့် ပန်းချီကားတချပ် ချိတ်လျက်။ နှင်းပန်းတွေ ထိုးထားသည့် ပန်းအိုးတလုံး။ ဂျင်နီသည် အခန်းကို ပရိဘောဂများနှင့်အတူ တပါတည်း ငှားထားခြင်း ဖြစ်ပုံရသည်။ အိမ်နှင့်တကွ ပစ္စည်းများအားလုံးသည် သူ့ပစ္စည်းမဟုတ်။ သို့ရာတွင် ထိုအရာများသည် သူ၏ လူလတ်တန်းစားစရိုက်နှင့် လိုက်ဖက်နေ၏။ ဂျင်နီကို နောက်တကြိမ် လှမ်းကြည့်မိပြန်သည်။ မြူးနေသည့် မနက်ခင်းနေခြည်ထဲတွင် သူ့မျက်နှာပေါ်မှ အရေတွန့်များကို မြင်ရ၏။ သူ့အသားက နူးနူးညံ့ညံ့။ ညှိုးစပြုနေသည့် ပန်းတပွင့်လို တွန့်လျက်။

လူဆန်းသည် သမ်းလိုက်၏။ သူချစ်ခဲ့ဖူးသည့် မိန်းမများကို ပြန်၍

ရေတွက်ကြည့်သည်။ နှစ်ဆယ်အထိ ရေတွက်၍ ရသေး၏။ ထိုနောက်တော့ ရေတွက်၍ မရတော့။ ရောကုန်ပြီ။ မာဂေါ့ဆိုသည့်အမည်က နှစ်ယောက်ပါသည်။ နောက်တကြိမ်များ ပြန်ရေမိလေသလော မသိ။ မာဂေါ့က ငွေရောင်ဆံပင်တွေနှင့်။ ဆိုးများထားလေသလော မဆိုနိုင်။ ဂီတဆရာတယောက်၏ သမီးဖြစ်သည်။ လူဆန်းသည် ဆက်မတွေးတော့ပဲ ရပ်လိုက်၏။ ပွေလီလိုက်သည့် သူ့ဘဝ။ သူ့ကိုယ်သူ စက်ဆုပ်လာသည်။ အဝတ်အစားလဲပြီး ထွက်မည်အပြု ဂျင်နီနိုးလာ၏။ ဂျင်နီက ရီဝေဝေအပြုံးကို ပြုံးလျက်...

"ဘာဖြစ်လို့ အဝတ်အစားတွေကို ပြန်ဝတ်တာလဲ ဆရာ"

"ကျွန်တော် ပြန်မယ်"

"ဆရာကလဲကွယ်"

လူဆန်းက တမင်လုပ်၍ ရယ်လိုက်သည်။

"ဂီးလော့က ကျွန်တော်တို့အောင်ပွဲဆိုပြီး မနေ့ညက ဆုတောင်းသောက်သွားတယ်။ အမှန်ကတော့ ကျွန်တော်တို့ အောင်ပွဲမဟုတ်ဘူး၊ ဂျာမန်တွေရဲ့ အောင်ပွဲ၊ ဒါကို ကလေးတွေတောင် သိတယ်၊ အေးလေ... အရက်သောက်နေတုန်းမှာတော့ လိမ်ပြောကြရတာချည်းပဲပေါ့၊ ဒါပေမယ့် ကျွန်တော်တို့ ခု အရက်သောက်နေကြတာ မဟုတ်ဘူးလေ၊ မနေ့ညကတော့ ဂျင်နီဟာ တော်တော်ချောတဲ့ မိန်းကလေးတယောက်ပဲ၊ ဒါပေမယ့် ခုတော့ အမေရိကက အဒေါ်ကြီးတယောက် ဖြစ်သွားပြီ၊ မတမ်းမလေးလဲ မဟုတ်တော့ဘူး၊ ကျွန်တော်လဲ ပါရှန် ဥယျာဉ်မှူးကြီး မဟုတ်တော့ဘူး၊ 'ကြောင်ထီး'ကြီး ဖြစ်သွားပြီ၊ 'ကြောင်ထီး' ဆိုတာကိုလဲ ဂျင်နီ နားလည်ချင်မှ နားလည်မယ်၊ ဗာလေရီရဲ့ စကားနဲ့ ပြောရယင်တော့ ကြောင်ထီးဆိုတာ အငှားလိုက်တဲ့လင်ကို ပြောတာ"

သူပြောသည့် စကားများကို ဂျင်နီ နားမလည်။ လူဆန်း၏ ခြေထောက်များကို ဖက်ထားသည်။

"ညကျယင် ပြန်လာပါ ဆရာရယ်၊ ပြန်လာမယ် မဟုတ်လားဟင်"

သူ့ရင်ထဲမှ တစုံတရာသည် ပျောက်ကွယ်သွား၏။ မရှိမဲ့ ရှိမဲ့ မာနကလေး၊ လက်ကျန် စေတနာကလေး၊ နောက်ဆုံးကျန်သည့် စိတ်ကောင်းကလေးသည် ပျောက်သွားပြီ။ စားပွဲပေါ်က ကြွေမွှနေသည့် ငွေစက္ကူများကို လှမ်းကြည့်မိသည်။ မရန်းနှရောင် တထောင်တန် ငွေစက္ကူတွေ။ အနည်းဆုံး တသောင်းလောက်တော့ ရှိလိမ့်မည်။ ငွေစက္ကူထပ်ကို ဘောင်းဘီနောက်အိတ်ထဲသို့ ထိုးထည့်လိုက်၏။ အရေးမကြီးသည့်နှယ် ပြောလိုက်သည်။

"ကောင်းပြီလေ၊ ကျွန်တော် လာမယ်၊ ဒါပေမယ့် ဒီနေ့တော့ လာနိုင်မှာ မဟုတ်ဘူး၊ မနက်ဖြန်ဖြစ်ဖြစ် သန်ဘက်ခါ ဖြစ်ဖြစ်"

သာယာလိုက်သည့် မနက်ခင်း။ ကြည်လင်နွေးထွေးလျက်။ လူဇင်ဘတ်ပန်းခြံနားအထိ ခြေကျင်လျှောက်လာခဲ့သည်။ သစ်ပင်များမှ သစ်ရွက်များကို လှမ်းကြည့်မိ၏။ ကြေးနီရောင်၊ ရွှေရောင်၊ အနီရောင်၊ ယိုယွင်းပျက်စီးသွားသည့် တိုင်းနိုင်ငံတခု၏ ဖရိုဖရဲ ပြန့်ကျဲနေသည့် ရတနာများနှင့်ပင် တူတော့သည်။ ပန်းခြံထဲတွင် ခါတိုင်းခါတိုင်းလို လှုပ်လှုပ်ရှရှ။ အစောကြီးရှိသေးသည့်တိုင် ကလေးအမေများနှင့် ကလေးထိန်းများက ကလေးတွေကိုထည့်ပြီး လက်တွန်းလှည်းတွေကို တွန်းကုန်ကြပြီ။ ကလေးတချို့က ဝါဖျော့ဖျော့ သဲတွေထဲတွင် ကစားနေကြသည်။ သူငယ်ကလေးများက

စက္ကူလှေကလေးများကို ရေကန်ထဲတွင် လွှတ်နေကြသည်။ အဘိုးကြီးများနှင့် ပင်စင်စားအရာရှိကြီးများက နေဆာလှုံယင်း သတင်းစာဖတ်နေကြ၏။ မြေလူးငှက်များက မြက်ခင်းများပေါ်တွင် ခုန်ဆွခုန်ဆွ လျှောက်လျက်။ မော့ကြည့်လိုက်သည့်အခါတွင် ကဗျာဆရာ ဗာလင်း၏ ရုပ်တုကြီးကို မြင်ရသည်။ ကဗျာဆရာ၏ ရုပ်တုသည် တောစောင့်နတ်ကြီးနှင့် တူနေသည်။ ကျောက်ဖြူသားမျက်နှာပေါ်တွင် မည်းမည်းအစင်းတွေ ထင်နေသည်။ ဗာလင်း ငိုနေသည်လော မဆိုနိုင်။ "အေးဆေးချိုမြိန်၊ ဘဝငြိမ်၌..." ဆိုသည့် ဗာလင်း၏ ကဗျာတပိုင်းတစကို ရွတ်မိသည်။ အေးဆေးငြိမ်သက်သည့် ဘဝကို သူမတွေ့နိုင်တော့ပြီလော။ အလုပ်ကလေးတခုလုပ်၊ ဟင်းချိုကလေးတခွက်သောက်၊ ကလေးတွေကို ယုယ၊ ပန်းခြံထဲ လမ်းလျှောက်...။

"ချိန်ဘာလိန်က ငြိမ်းချမ်းရေး အနှစ်နှစ်ဆယ် တည်ရမယ် ဆိုပဲဗျ"

လူတွေ ပြောသွားသံကို ကြားလိုက်ရသည်။

"အနှစ်နှစ်ဆယ် မရချင်ယင် နေပါဗျာ၊ ဆယ်နှစ်လောက် ဆိုယင်ပဲ တော်ပါပြီ"

လူဆန်းသည် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်၏။ အနည်းဆုံး အသက် ၇၀ လောက် ရှိတော့မည်။ ဘာကြောင့်များ ဆယ်နှစ်ကြီးတောင် ငြိမ်းချမ်းရေး လိုချင်သနည်း။

"တနှစ်မှ မရလဲ နေပါစေ ဘကြီးရယ်"

လူဆန်းက ပြောလိုက်မိသည်။ အဘိုးကြီးက မကျေနပ်သည့်နှယ် သူ့ကို လှမ်းကြည့်၏။ လူဆန်း ထိုင်ရာမှထ၍ သမ်းလိုက်သည်။ သူ ဘာလုပ်ရမည်နည်း။ ပိုက်ဆံတွေကို ရုတ်တရက် အမှတ်ရလာသည်။ မနေ့ညက အဖြစ်အပျက်သည် မယုံနိုင်စရာ။ သံသယဖြင့် အိတ်ထဲက ပိုက်ဆံတွေကို စမ်းကြည့်မိသေး၏။ ငွေစက္ကူများက ကျိုးကျိုးကျွတ်ကျွတ် မြည်နေကြသည်။ ထို့နောက် ပိရမစ်လမ်းရှိ အင်္ဂလိပ် အပ်ချုပ်ဆိုင်ထဲသို့ လာခဲ့၏။ စကော့တလန်ပြည်ဖြစ် အစိမ်းရောင် ကွမ်းရိုးစင်း သက္ကလပ်ပျော့ ဝတ်စုံတစုံကို မှာလိုက်သည်။

အချိန်တော်တော် ကြာသွားသည့်အခါတွင် မစ်ရှောထံမှ စာတစောင်ကို ဒင်းနိစ်ရ၏။

ညီမရေ...

ညီမဆီကို စာရေးလိုက်တာ နှစ်စောင်ရှိပြီ။ ဒါပေမယ့် ရောက်မှာ မဟုတ်ဘူး။ ပထမတစောင်တုန်းက စာပို့သွားတဲ့ လော်ရီကား မိုးရှို့ခံလိုက်ရတယ်။ ဒုတိယစာကိုတော့ အိမ်ကိုပြန်မယ့် ရဲဘော်တယောက်ကို ပေးလိုက်တယ်၊ သူလဲ ဆာဗေးရီမှာ ရန်သူ အဖမ်းခံလိုက်ရတယ်လို့ ကြားရတယ်။ အစ်ကိုတို့ကတော့ တော်တော်လေး ပြင်းပြင်းထန်ထန် တိုက်နေရတယ်။ စာရေးချိန်တောင် ကောင်းကောင်း မရဘူး။ ခု စစ်မြေပြင်နဲ့ ဆယ်မိုင်လောက်အကွာက စခန်းတခုမှာ တပ်နားကြတုန်း ဒီစာကို ရေးလိုက်ရတာ။ ဒီနေ့မနက်တွင် ရေလာပို့လို့ အစ်ကိုတို့ ရေပတ်ကလေး ဘာကလေး တိုက်ရတယ်။ ဖိမ်ကျသွားကြတာပေါ့။ အဆိုးဆုံးကတော့ ဆေးလိပ်ငတ်တာပဲ။ တခါတလေ ညတရေးနိုးမှာ ဆေးလိပ်သောက်ချင်လိုက်တာ။ ဘယ်လိုနေမှန်း မသိဘူး။ တတ်နိုင်ယင် ဆေးလိပ်ကလေး ဘာကလေး ပို့ပေးပါ။ အစ်ကိုတို့အားလုံး မျှတသောက်ကြမှာပါ။

မနေ့ညတုန်းက ဖက်ဆစ်တွေ လာတိုက်တာကို အစ်ကိုတို့ တွန်းလှန်နိုင်ခဲ့ကြတယ်။ အစ်ကိုတို့တပ်အနေနဲ့ကတော့ ရှစ်ကြိမ်မြောက် အောင်ပွဲပေါ့။ အက်ဗရိုမြစ်ကို အစ်ကိုတို့ ဖြတ်လာပြီးတဲ့နောက်ကတည်းက ဒီကောင်တွေ အစ်ကိုတို့ကို ဆက်တိုက် လာတိုက်နေတာပဲ။ သူတို့ ဆက်သွယ်ရေးလမ်းကြောင်းတွေအတွက် စိုးရိမ်ဟန်

တူပါရဲ့။ မြစ်ကို ဘယ်လိုဖြတ်ခဲ့ကြတယ် ဆိုတာကိုတော့ နောင်ကြုံကြိုက်တဲ့အခါကျမှ ရှည်ရှည်ရေးဦးမယ်။ မြစ်က ရေစီးကလဲ သိပ်သန်တာပဲ။ ဝဲတွေကလဲ အများကြီး။ ပြင်သစ်ပြည်မှာ ဒီလိုမြစ်မျိုး ရှိမယ်လို့တောင် မထင်ဘူး။ အစ်ကိုတို့တတွေ ချီတက်ယင် ညမှ ချီတက်ရတယ်။ စပိန်တွေဟာ တော်တော် သတ္တိကောင်းတာပဲ။ အစ်ကိုတို့ တပ်ကူတွေရောက်တဲ့အချိန်မှာ သူတို့မှာ ဘာမှ မရှိတော့ဘူး။ ထမင်းသွားစားတဲ့အချိန်မှာ စွဲထားတဲ့ စခန်းတွေကို ဒီအတိုင်း ထားပစ်ခဲ့ရတယ်။ အားလုံး ဖရိုဖရဲပေါ့။ သစ္စာဖောက်ဆိုတာ နေရာတကာမှာ ရှိတာပါပဲ။ ခုတော့ တကယ့် စစ်တပ်ကြီးတတပ် ဖြစ်သွားပါပြီ။ စိတ်ဓာတ်လဲ ကောင်းပါတယ်။ ဖလစ်မြို့ကို တိုက်တဲ့အခါကျတော့ အစ်ကိုတို့ "အင်တာနေရှင်နယ်" သီချင်းကို ဆိုတိုက်ကြတယ်။ စပိန်တွေက ဒီသီချင်းကို စပိန်ဘာသာနဲ့ ဆိုပြီး လက်ဝဲတောင်ပံကို တိုက်ကြတယ်။ အားလုံး လယ်သမား လူငယ်တွေချည်းပဲ။

ဖက်ဆစ်တွေဟာ အစ်ကိုတို့ကို ချေမှုန်းပစ်ဖို့ အကြီးအကျယ် ကြိုးစားကြတယ်။ သူတို့ လေယာဉ်မောင်းသမားတွေက ဂျာမန်တွေ၊ အက်ဗရိုမြစ်ကို ဗုံးတွေနဲ့ ကြဲလိုက်တာ ရှိသမျှ ငါးတွေတောင် ကျန်တော့မှာ မဟုတ်ဘူး။ ဗုံးတွေက တဝုန်းဝုန်း ကြဲနေတုန်းမှာ အစ်ကိုတို့ မြစ်ကူးယာယီတံတားတွေ ဆောက်ကြတယ်။ တောင်ကုန်းအမှတ် ၅၄၄ ကို အစ်ကိုတို့ ၇ ပတ်လုံးလုံး သိမ်းထားကြတယ်။ ဗုံးကြဲလေယာဉ်တွေကလဲ နေ့တိုင်း လာကြဲနေကြတာပဲ။ အစ်ကိုတို့က ဗုံးကြဲလေယာဉ်တွေကို "ကြက်ဆင်" လို့ နာမည်ပေးထားတယ်။ ဗုံးတွေကလဲ တန်ပေါင်းများစွာ ကြဲချတာပဲ။ ပြီးတော့ အမြောက်ကြီးတွေနဲ့လဲ ပစ်ကြသေးတယ်။ မနေ့က တိုက်ပွဲမှာဆိုယင် သူတို့ထင်တာက အစ်ကိုတို့ အကုန်လုံး သေကုန်ပြီလို့ ထင်တာ။ တကယ်က အစ်ကိုတို့ဘက်က ကျတာ လေးယောက်ပဲ ရှိတယ်။ ကာပီနို ဆိုတဲ့ ရဲဘော်တယောက်အတွက် အစ်ကို တော်တော် စိတ်မကောင်းဘူး။

တော်တော် သဘောကောင်းတဲ့လူ။ သူက တူလူးက စက်ဆင်ဆရာ။ လက်လဲ တော်တော်လေး တည့်တယ်။ တခါတုန်းက ရွာတရွာရောက်လို့ စပိန်လူထုကို ဖြေဖျော်တဲ့အခါကျတော့ ရေဒီယိုအဆိုကျော်တယောက်ရဲ့ အသံမျိုးနဲ့ ဆိုပြလို့ အစ်ကိုတို့မှာ ရယ်လိုက်ရတာ အူတက်မတတ်ပဲ။ တော်တော်လဲ သတ္တိကောင်းတယ်။ တခါတုန်းက ကင်းလှည့်ထွက်ယင်း သူတယောက်တည်းနဲ့ အီတလီသုံးယောက်တောင် ဖမ်းလာခဲ့တယ်။

ဖက်ဆစ်တွေက ညနေစောင်းလောက်ကျမှ တိုက်တတ်ကြတယ်။ နေဝင်ခါနီး အချိန်ပေါ့။ ရှုခင်းက သိပ်လှတာပဲ။ မြေပြင်ကလဲ ချိုင့်ကြီးတွေ ဖြစ်နေတဲ့ လမျက်နှာပြင်လိုပဲ။ သစ်ပင်ဆိုလို့ တပင်မှ မရှိဘူး။ မြေလှန်ထားသလိုပဲ။ အစ်ကိုတို့ကို တိုက်တော့မယ်ဆိုယင် နှစ်နာရီလောက် တရစပ် အမြောက်တွေ ပစ်သေးတယ်။ သူတို့မှာ အမြောက်တွေ ဘယ်နှစ်လက်များ ရှိသလဲ မသိဘူး။ အစ်ကိုတို့က သူတို့တက်အလာကို စောင့်နေတယ်။ အနားရောက်လို့ ဂိုက်တရာလောက် ရောက်လာတော့မှ စက်သေနတ်နဲ့ မွှေ့တာပဲ၊ အို… ဒီကောင်တွေ လိမ့်လိမ့်ဆင်းသွားတာပဲ။ ဘယ့်နှယ်လဲ။ သူတို့လက်ချက်ကြောင့် အစ်ကိုတို့ဘက်က ပီလက်တီးယား ဆိုတဲ့ ဘယ်လ်ဂျီယံ ရဲဘော်တယောက် ဒဏ်ရာရသွားတယ်။ အစ်ကိုက သူ့ဒဏ်ရာကို ပတ်တီးစည်းပေးတော့ ဘယ့်နှယ်လဲ၊ ဒီကောင်တွေ ပြုတ်ကုန်ပလားလို့တောင် မေးလိုက်သေးတယ်။

သိတဲ့အတိုင်း အစ်ကိုတို့ရဲ့ စိတ်ဓာတ်ကတော့ ကောင်းပါတယ်။ ဒါပေမယ့် ပင်တော့ ပင်ပန်းကြတာပေါ့။ စောစောက ပြောခဲ့သလို ဆေးလိပ်သောက်စရာကလေးမှ မရှိ။ ဘာမရှိနဲ့။ ဒါပေမယ့် ဒါတွေက သိပ်တော့ အရေးမကြီးပါဘူး။ အရေးကြီးတာက အစ်ကိုတို့ ခံတိုက်နေနိုင်တယ်ဆိုတဲ့ အချက်ပါ။ ဒါကြောင့်မို့ ဒီကောင်တွေ ခုထက်ထိ

ဗာလင်စီယာကို မသိမ်းနိုင်ကြသေးတာပေါ့။ သူတို့အင်အားကတော့ တကယ်ကောင်းတယ်။ လေတပ်ဆိုယင်လဲ သူတို့နဲ့ အစ်ကိုတို့က ဆယ်ချိုးတချိုးလောက် ကွာနေတယ်။ "မစွက်ဖက်ရေးဝါဒ" ဆိုတာကို အစ်ကိုတို့ အတွေ့အကြုံအရ ကောင်းကောင်း နားလည်ပါတယ်။ အစ်ကိုတို့ဟာ ဗလွန်းလိုလူတွေ၊ ဗီးလာ့ဒ်လို လူတွေအကြောင်း ကောင်းကောင်းကြီး နားလည်သွားကြပြီ။ သူတို့ကို ကျိန်ဆဲလို့တောင် နေကြပြီ။ ဖက်ဆစ်တွေမှာ ခြေလျင်တပ်တွေ ရှိတယ်။ သူတို့ခြေလျင်တပ်တွေက တော်တော်လေးလဲ အားကောင်းတယ်။ မိုးလူမျိုးစုတပ်တွေနဲ့ နာဇာဒရီ လူမျိုးစုတပ်တွေပေါ့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အစ်ကိုတို့ ဆက်ပြီး ထိန်းနိုင်မှာပါ။ မကြာသေးခင်ကတော့ အစ်ကိုတို့တတွေ တော်တော် စိတ်ပျက်လက်ပျက် ဖြစ်လိုက်ကြရတယ်။ ဒါကလဲ ပြင်သစ်ပြည်က အခြေအနေတွေကြောင့်ပါ။ သတင်းစာကို ကောက်ဖတ်လိုက်တဲ့အခါမှာ ဟာစ်တလာကို အလျှော့ပေး လိုက်ရတယ်ဆိုတဲ့ သတင်းကိုတွေ့တော့ ဘယ်စိတ်မပျက်ပဲ နေနိုင်ပါ့မလဲ။ စပိန်တွေကတော့ ပြင်သစ်တွေကို တော်တော် အထင်သေးကြတယ်။ ပြင်သစ်ဆိုတဲ့ လူမျိုးဟာ ဘယ်လိုလူမျိုးလဲလို့ တွေးမိကြမှာပဲ။ ဟုတ်သားပဲ။ သူတို့ထင်မယ်ဆိုယင်လဲ ထင်စရာ ဖြစ်နေတာကိုး။ ဒါပေမယ့် ခုလောက်ဆိုယင်တော့ အခြေအနေတွေ ပြောင်းတန်ကောင်းပြီလို့ ယူဆရတာပဲ။ နောက် ဒီထက် လျှော့ပေးလို့ မဖြစ်တော့ဘူး မဟုတ်လား။ ဒီနေ့ပဲ ရေဒီယိုကနေပြီး ဒေသအလိုက် စစ်သားစုဆောင်းရေးလုပ်တဲ့ ကြေငြာချက်ကို ကြားလိုက်ရတယ်။ ဒီသတင်းကို ကြားရတော့ အစ်ကိုတို့ တော်တော်လေး ပျော်ကြရတယ်။ စပိန်ကို သွားပြီး အစ်ကိုတို့ တိုက်နေရတာဟာ ပြင်သစ်ပြည်ရဲ့ အကျိုးအတွက်ဆိုတာ ရေဒီကယ်တွေကတောင် ဝန်ခံကြရပြီ မဟုတ်လား။

ဒီစာကို ယူလာတဲ့လူက အစ်ကိုတို့ ရဲဘော်တယောက်ပဲ။ သူ့ကို အားပေးလိုက်ပါ။

သူ့မှာ ဆွေမျိုးသားချင်းလဲ မရှိဘူး။ အစ်ကိုတို့ နေရထိုင်ရတဲ့အကြောင်းတွေ၊ တိုက်ပွဲအကြောင်းတွေကို သူက ပြောပြပါလိမ့်မယ်။ သူမပြောတဲ့ အရာတွေကိုတော့ ကိုယ့်ဘာသာကိုယ် တွေးပြီးသာ နားလည်ပေတော့။ အစ်ကိုပြောတာ နားလည်တယ် မဟုတ်လား။ နှင်းတွေ မှုန်နေတဲ့ ညတုန်းက အိမ်ဘက် ပြန်လျှောက်သွားတဲ့ ညီမရဲ့ပုံကို အစ်ကိုမျက်စိထဲမှာ အမြဲတမ်း မြင်ယောင်နေတယ်။ အစ်ကိုပြောတာ ညီမနားလည်တယ် မဟုတ်လား။ အစ်ကို့စိတ်ထဲမှာ ဒီလောက် ခိုင်မာလိမ့်မယ်လို့ နည်းနည်းမှ မထင်ခဲ့ဘူး။ ဒါပေမယ့် အစ်ကို ပြောချင်တာတွေကို ပြောရတာ သိပ်ခက်တယ်။ အထူးသဖြင့် စာထဲမှာဆိုတော့ ပိုပြီးခက်တယ်။ အစ်ကို ပြောချင်တာကတော့ အစ်ကိုတို့ဟာ မကြာခင် ပြန်လည်တွေ့ဆုံကြလိမ့်မယ်လို့ မျှော်လင့်နေတယ် ဆိုတဲ့အကြောင်းပါပဲ။

နွေးထွေးသော နှုတ်ဆက်ခြင်းဖြင့် အစဉ်သတိရလျက်

မစ်ရှော

ထိုနေ့ညနေမှာပင် ဒင်းနိစ် စာပြန်လိုက်သည်။

ပါရီ၊ အောက်တိုဘာ ၄ ရက်

အစ်ကို…

အစ်ကို့စာကိုရတော့ ညီမ သိပ်ပျော်တာပဲ အစ်ကိုရယ်။ အစ်ကို့အတွက် ဘယ်လောက် စိတ်ပူခဲ့ရတယ်ဆိုတာ ညီမ ဖုံးကွယ်စရာ မလိုပါဘူး။ အစ်ကိုနဲ့ ညီမရဲ့ ကံပဲလို့ ဝိုးတိုးဝါးတား မျှော်လင့်ယင်း စိတ်ကိုဖြေရပါတယ်၊ စာယူလာတဲ့ ရဲဘော်ဆီက အစ်ကို့အကြောင်းစုံကို တော်တော်သိရပါတယ်။ ညီမအနေနဲ့ ဘယ်လောက်အထိ အသေးစိတ် သိချင်တယ်ဆိုတာ သူရိပ်မိပုံပဲ။ အင်မတန် အလိုက်သိပြီး အင်မတန် သတ္တိကောင်းတဲ့ ရဲဘော်တယောက်ပါ။

ပွင့်ပွင့်လင်းလင်း ပြောရယင် အစ်ကို့ကို ညီမ မနာလိုချင်ဘူး။ ရိုးသားရဲရင့်တဲ့ ပြည်သူတွေအကြားမှာ သူတို့မေတ္တာကို ခံယူပြီး ရိုးသားဖြောင့်မတ်တဲ့ ဒီလိုစစ်ပွဲမျိုးကို အသက်ပဓာနမထားပဲ တိုက်ရတာဟာ ဘယ်လောက်များ ပျော်စရာကောင်းသလဲ။ ဒီကလူတွေကတော့ စပိန်ပြည်ရဲ့ ကံကြမ္မာဟာ ဆုံးဖြတ်ပြီးနေပြီတဲ့။ ဒီတိုက်ပွဲကို ဆက်တိုက်လို့ ဘာမှ အဓိပ္ပါယ် မရှိဘူးတဲ့၊ ဒါဟာ မမှန်ပါဘူးနော်၊ အနည်းဆုံး သေနတ်ကိုင်ထားတဲ့ လူတယောက် ကျန်နေသေးသမျှ တိုက်ပွဲဟာ မရှုံးသေးပါဘူး။ အဆုံးအဖြတ်ခန်းကို မရောက်သေးပါဘူး။

ပြင်သစ်ပြည်မှာ ဖြစ်ပျက်နေတာကိုတော့ အစ်ကို့ဆီ သိပ်မရေးချင်ဘူး။ ယုတ်ညံ့တာ၊ သူရဲဘောကြောင်တာ၊ လိမ်တာ ညာတာတွေကြားထဲမှာ ညီမတို့တတွေ အသက်ကို မဝတဝ ရှူနေကြရတယ်။ မြူးနစ်သဘောတူညီချက် မတိုင်ခင်တုန်းကတော့ ပြင်သစ်ပြည်သူတွေမှာ ခုခံတိုက်မယ့် မျှော်လင့်ချက်ကလေး ရှိသေးတယ်။ ပါရီမှာ ဆောက်လုပ်ရေး အလုပ်သမားတွေရဲ့ သပိတ်ကြီးတခု ဖြစ်နေတယ်။ မြူးနစ်စာချုပ်မချုပ်ခင် လေးရက်အလိုမှာ တိုင်းပြည်အတွက်ဆိုပြီး သပိတ်လှန်လိုက်ကြတယ်။ ဒါပေမယ့် လက်စသတ်တော့ ဒါဟာ ဝန်ကြီးချုပ် ဒလားဒီးယားရယ်၊ ပါပါတို့တသိုက်ရယ် ပူးပေါင်းလုပ်ကြံလိုက်တဲ့ လုပ်ကြံမှုကြီးပါ။ ကြည့်စမ်း အစ်ကို၊ လူတွေကို လိမ်ညာပြီး သပိတ်ကြီး ပြိုကွဲအောင် လုပ်လိုက်ကြတာ။

လွန်ခဲ့တဲ့ နှစ်ရက်အတွင်းမှာတော့ အခြေအနေဟာ တော်တော်ကလေး ပြောင်းသွားတယ်။ အခုနေမှာ သူတို့ကိုယ်တိုင်က တိုက်ချင်ပါတယ်ဆိုဦး ဘာမှလုပ်လို့ရတော့မှာ မဟုတ်ဘူး။ သူတို့ဟာ ပြည်သူ့တပ်ဦး ပြိုကွဲသွားတာကို ဝမ်းသာနေကြတယ်။ အမှန်ကတော့ ပြည်သူ့တပ်ဦး ပြိုကွဲတာ မဟုတ်ဘူး။

ပြင်သစ်ပြည်ကြီး ပြိုကွဲသွားတာ။ ပျော်လွှန်းလို့ အောင်ပွဲအထိမ်းအမှတ်တွေ ကျင်းပ၊ ကပွဲကြီးတွေလုပ်၊ အောင်ပွဲစီတန်းလှည့်လည်ပွဲတွေတောင် လုပ်လိုက်ကြသေးတယ်။ မနေ့ကဆိုယင် မဟာရိပ်သာ လမ်းမကြီးပေါ်မှာ ဂျာမန်တွေရဲ့ စကြာတံဆိပ်နဲ့ အလံကြီးတွေ တလူလူလွှင့်လို့၊ ခံပြင်းစရာကောင်းလိုက်တာ အစ်ကိုရယ်။ ဖလန်ဒင်က ဟစ်တလာကို ချီးကျူးတဲ့ သံကြိုးတစောင်တောင် ရိုက်လိုက်သေးတယ်။ အစ်ကို့စာကို ဖတ်ရတော့ ရယ်စရာကောင်းတဲ့ အဖြစ်အပျက်ကလေးတခုကို အမှတ်ရသေးတယ်။ ရေဒီယို အဆိုကျော်တယောက်ရဲ့ အသံကိုတုပြီး သီချင်းဆိုပြတဲ့ ရဲဘော်တယောက်အကြောင်းကို အစ်ကိုရေးလိုက်တယ် မဟုတ်လား၊ ညီမတို့စက်ရုံက အင်ဂျင်နီယာက ပြဇာတ်တခု သွားကြည့်တယ်တဲ့၊ အဆိုကျော်က သီချင်းတပုဒ် ဆိုသတဲ့၊ သူ့သီချင်းက "ချစ်သည်၊ ချစ်သည် ချိန်ဘာလိန်ကို ကျွန်မချစ်သည်" တဲ့၊ ပရိသတ်က ဩဘာလက်ခုပ်တွေ ပေးလိုက်ကြတာ ဆူညံနေတာပဲတဲ့၊ ကြည့်စမ်းပါဦး အစ်ကိုရယ်... ဘယ်လောက်ယုတ်ညံ့ပြီး ဘယ်လောက်များ ရှက်စရာ ကောင်းလိုက်ပါသလဲ။

အလုပ်သမားတွေကတော့ ဒေါသထွက်ကြတာပေါ့။ လွန်ခဲ့တဲ့အပတ်အတွင်းက ပါတီရဲ့ ဩဇာလဲ တော်တော်လေး တက်လာပါတယ်၊ ဒီနေ့ ညီမတို့စက်ရုံမှာ အစည်းအဝေးတခု လုပ်တယ်။ အစည်းအဝေးက အချိန်ပိုလုပ်မပေးဖို့ ဆုံးဖြတ်လိုက်တယ်။ အဆိုကို ညီမတို့အစုက တင်တာလေ၊ တိုင်းပြည်မှာ အလုပ်လက်မဲ့တွေ သိပ်များနေတယ် မဟုတ်လား။ ညီမတို့စက်ရုံက လက်နက်စက်ရုံဆိုတော့ ဒီထက်တော့ ပိုပြီး ပြင်းပြင်းထန်ထန် မကန့်ကွက်ပါဘူး။ ဒါပေမယ့် ခုတော့ ပြင်သစ်ပြည်ကြီးတပြည်တည်းကို ကာကွယ်ရေး မဟုတ်တော့ဘူးလေ၊ ယူကရိန်းပြည်နယ်အကြောင်း ဆောင်းပါးတွေ မြေပုံတွေနဲ့တကွ ခုတလော သတင်းစာတွေထဲမှာ ပါနေတယ်။ ပြင်သစ်အစိုးရက

ဂျာမနီနဲ့ပေါင်းပြီး ဆိုဗီယက်ယူနီယံကို တိုက်ဖို့ ကြံနေတယ်လို့ ကြားတဲ့အခါမှာ ညီမ မအံ့သြတော့ပါဘူး။ ရွှေပြည်အေးဝါဒသမားကြီးတွေဟာ ချက်ချင်းလက်ငင်း တိုက်ရခိုက်ရမယ်လို့ ဖြစ်လာကြတယ်လေ။

တပြိုင်တည်းမှာ ပါတီကိုလဲ စပြီး နှိပ်ကွပ်လာပြီ။ ဒီအထဲမှာ ပါပါက ရှေ့ဆုံးကလို့ ကြားတာပဲ။ ညီမတို့ကတော့ ရင်ဆိုင်ဖို့ အသင့်ပါ။ တကယ် အခြေအနေ ဆိုးလာယင် မြေအောက်ကို သွားဖို့တောင် အမြုတေအဖွဲ့တွေ ဖွဲ့ပြီးကုန်ကြပြီ။

နောက်ဆုံးသတင်းကတော့ အဆိုးဆုံးပဲ။ စပိန်ပြည်ကို သွားတိုက်နေတဲ့ နိုင်ငံတကာတပ်ဖွဲ့ဝင်တွေကို စစ်သားစုဆောင်းရေးမှာ လာပြီး စာရင်းမပေးကြတဲ့အတွက် တပ်ပြေးလို့ ကြေငြာကြတော့မယ်တဲ့၊ လီဂရေးက မနေ့ကပဲ ပြောပြတယ်။ ဒါကတော့ တော်တော် ရယ်စရာကောင်းတယ်၊ ကြည့်စမ်းပါဦး အစ်ကိုရယ်... စစ်မြေပြင်မှာ နှစ်နှစ်လုံး သွားတိုက်နေရတဲ့ လူတွေကို စစ်ပြေးလို့ ကြေငြာမလို့တဲ့၊ ညီမအကြောင်း ဘာတွေပြောရမလဲ မသိဘူး။

ညီမလဲ ခုထိ "ဘုမ္မစိုး" စက်ရုံမှာ အလုပ်လုပ်တုန်းပါပဲ။ ပါတီလုပ်ငန်းတွေကိုလဲ လုပ်နေတယ်လေ၊ ရိုးရိုးပြောရယင်တော့ ပါတီလုပ်ငန်းကိုပဲ လုပ်ချင်တယ် အစ်ကိုရယ်။ ဒီပြင် အလုပ်တွေ လုပ်ရတာ သိပ်စိတ်မပါလှဘူး။ တနေ့တုန်းက အင်ဂျင်နီယာတယောက်နဲ့ စကားပြောရတယ်၊ သူက ယဉ်ယဉ်ကျေးကျေးပါပဲ။ လက်ဝဲသမားတယောက် ဆိုပါတော့။ မင်းမဲ့ဝါဒီလဲမကျ၊ ဗလွန်းရဲ့ နောက်လိုက်လဲ မကဘူးပေါ့လေ။ သူက ညီမကို ဘယ်လိုပြောသလဲဆိုတော့ "ခင်ဗျားက သိပ်တယူသန်တာပဲတဲ့၊ တယူသန်ဝါဒ ခေတ်စားတဲ့ စပိန် ဗရင်ဂျီသာသနာရေး ဝိနိစ္ဆယရုံးတွေပေါ်တဲ့ ခေတ်မျိုးတုန်းက မွေးခဲ့ဖို့ ကောင်းတယ်" တဲ့၊ သူပြောပုံက။

ညီမကတော့ ဂရုမစိုက်ပါဘူး။ ရှေးဟောင်း ဗိသုကာသမိုင်းကို လေ့လာခဲ့မိလို့ အချိန်တွေကို နှမြောမိတာ တခုပါပဲ။ ဗိသုကာပညာဟာ အရေးမကြီးလို့၊ မလိုအပ်လို့ မဟုတ်ပါဘူး။ လိုအပ်ပါတယ်၊ အရေးကြီးပါတယ်။ အလှအပတွေဟာ နိုင်ငံရေးအခြေအနေတခုထက် ကြာရှည်ခံတယ်ဆိုတာ ညီမနားလည်ပါတယ်။ ညီမ တယူသန်လို့လား အစ်ကိုရယ်၊ ဘယ်မှာ တယူသန်လို့လဲ၊ ဒါပေမယ့် ဗိသုကာပညာဟာ ညီမနဲ့ ဘာဆိုင်လို့လဲ၊ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲကြီးဟာ နောင်အနှစ်တရာလောက်အတွင်းမှာ အရာရာကို ဆုံးဖြတ်လိမ့်မယ်၊ ညီမတို့ တဦးချင်းတွေရဲ့ ကံကြမ္မာကိုသာမက လူ့ယဉ်ကျေးမှုကြီးတခုလုံးရဲ့ ကံကြမ္မာကိုလဲ ဆုံးဖြတ်လိမ့်မယ်လို့ ညီမယုံနေတယ်လေ။ ဒီတိုက်ပွဲကြီးနဲ့စာယင် ကျန်ကိစ္စတွေ အားလုံးဟာ နောက်တန်းမှာ မှေးမှိန်ပျောက်ကွယ်သွားကြမှာပဲ မဟုတ်လား။

ဒီစာကို ဖတ်ရတာ ပျင်းစရာကောင်းနေမလား မသိဘူး။ ဒါပေမယ့် ညီမလဲ ပျင်းစရာကောင်းတဲ့ စကားလုံးတွေကို သုံးတတ်နေပြီလေ။ အစ်ကိုတို့က စစ်တိုက်နေရတာ။ တကယ်အရေးကြီးတဲ့ အလုပ်ကြီးကို လုပ်နေရတာ။ ညီမတို့ကတော့ ပွေးများလိုပဲ အမှောင်ထဲကို တူးတူးပြီး ဝင်နေကြရတာ။ အော်… ညီမတို့အကြောင်းကို ပြောလိုက်ရဦးမယ်။ အစ်ကိုရေ… အစ်ကိုပြောချင်တာတွေကို ညီမနားမလည်ဘူးလို့များ မထင်ပါလေနဲ့။ အစ်ကို့ကို နေ့စဉ်နဲ့အမျှ စောင့်နေတာပါ။ ဘယ်လောက်များ စိတ်ထဲက စွဲနေသလဲဆိုယင် တခါတလေမှာ အစ်ကိုပဲ အနားမှာ ရောက်နေသလိုလို။ ခဏနေယင်ပဲ ရောက်လာတော့မလိုလို ထင်မိတယ်။ အစ်ကို ပြောနေကျ "ဘယ့်နှယ်လဲ" ဆိုတဲ့ စကားလုံးကို ကြားယောင်နေတယ်။ တခြားကိစ္စတွေကို တွေးနေတုန်းမှာတောင် ညီမဟာ အစ်ကိုနဲ့အတူ ရှိနေပါတယ်။ ညီမက ဒီလိုအစားမျိုးပါ။ ကိုယ့်စိတ်ကို မထိန်းနိုင်မှာစိုးလို့ ဒါတွေကို သိပ်မရေးချင်ဘူး အစ်ကိုရယ်။ မပြောပဲနဲ့ အစ်ကို နားလည်နိုင်ပါတယ်။

အစ်ကို့ရဲ့ ဒင်းနိစ်

သူ့ရင်တွင် နှင်းဆီပန်းကို အပ်ထားယင်း ဩဘာလက်ခုပ်တီးနေသည့် ပရိသတ်ကို တက်စ ဦးညွတ်ပြခဲ့သည်မှာ တလကြာသွားပြီ။ သို့ရာတွင် ကြည်နူးစရာကောင်းသည့် ထိုအချိန်ကို တက်စ အမှတ်မရတော့။ နေ့စဉ်နှင့်အမျှ ထိတ်လန့်စရာများကိုသာ တွေ့နေရသည်။

ပြင်သစ်ပြည်ကြီးသည် မြူးနစ်စာချုပ်ဖြင့် ယစ်မူးပြီးနောက် နောက်ဆက်တွဲဒဏ်ကို ခံနေရသည်။ မီးရောင်တွေ ထိန်နေသည့် လမ်းမကြီးများကလည်း ပျော်စရာ မကောင်းတော့။ စက်တင်ဘာလတုန်းက အထိတ်တလန့် ဖြစ်ခဲ့ရသည်များကို လူတွေမေ့ကုန်ကြပြီ။ စစ်တပ်တိုးချဲ့ရေးသည် ဘဏ္ဍာရေးပြဿနာတရပ် ဖြစ်လာ၏။ တပ်ကိုတိုးချဲ့ဖို့အတွက် စရိတ်လိုသည်။ အစိုးရသည် နေ့စဉ် အခွန်သစ်တွေ စည်းကြပ်နေသည်။ ပေါင်မုန့်ဈေးက တက်သွားသည်။ ဘတ်စ်ကား စီးနိုင်သည်ဆိုလျှင်ပင် တော်တော်ဇိမ်ကျလှပြီ။ သပိတ်တွေ တလုံးပြီးတလုံး ပေါ်နေသည်။ ပိုင်ရှင်တို့က ပြင်းပြင်းထန်ထန် အရေးယူရန် အစိုးရကို တောင်းဆိုနေသည်။ သတင်းစာများက ပြည်တော်သာနေသည်ဟု ရေးကြသည်။ သို့ရာတွင် လူထုများကမူ သတင်းစာများကို အယုံအကြည် မရှိတော့။ ဘာရီကျူး၏ "ကျေးလက်အသင်း"များတွင် လက်နက်ကိုင် အာဏာသိမ်းရန် ပြင်ဆင်မှုများကို အပြင်းအထန် လုပ်နေကြသည်။ "နှစ်သစ်ကူးကျယင် ကျွန်တော်တို့ ငြိမ်ဝပ်ပိပြားရေး ရတော့မှာပါ" ဟု အော်ဘာရီက ပြော၏။ ဝန်ကြီးချုပ် ဒလားဒီယားက "သံမဏိစိတ်ဓာတ်လို ကြံ့ခိုင်ရမယ်" ဟု သွေးရူးသွေးတမ်း အော်သည်။ အစိုးရသည် တဲတဲကလေးသာ ကျန်တော့သည်။ တက်စက လွှတ်တော်အပန်းဖြေခန်းမများထဲတွင် ယောက်ယက်ခတ်နေသည်။

ဖက်ဆစ်များသည် ပုန်ကန်ထကြွကြမည်မဟုတ်ဟု တက်စ ယုံကြည်သည်။ သပိတ်များကို သူဂရုမစိုက်။ လမ်းမတွင် အဓိကရုဏ်းများ ဖြစ်ရခြင်းမှာလည်း ထုံးစံအတိုင်း လွှတ်တော်ထဲတွင် အခြေအတင်ပြောကြလျှင် ဖြစ်မြဲကိစ္စမျိုးမျှသာ။ သူအကြောက်ဆုံးမှာ တခုတည်းသာရှိ၏။ အခြားမဟုတ်။ လွှတ်တော်က အစိုးရကို အယုံအကြည်မရှိအဆို ကောက်တင်မည်ကိုမူ အကြောက်ဆုံး။ "ဝန်ကြီးချုပ် သတိထားပါ။ အယုံအကြည် ရှိမရှိကိစ္စကို သွားကိုင်ဖို့ စိတ်မကူးပါနဲ့၊ အမတ်တွေက သိပ်ပြီး စိတ်ချရတာ မဟုတ်ဘူး" ဒလားဒီယားကို မကြာခဏ ပြောတတ်သည်။ ဗီးလာ့ဒ်က တနေ့တွင် သူ့အား "တိုင်းပြည်ကြီးက ဘာတွေ စိတ်ကူးတွေးတောနေတယ်ဆိုတာ ကျွန်တော်တို့ သိကော သိကြရဲ့လား" ဟု သူ့ကိုမေးသည်တွင် တက်စက စိတ်ပျက်လက်ပျက်ဖြင့် လက်ကို ဝှေ့ယမ်းလိုက်ယင်း "တိုင်းပြည်ကြီး ဘာတွေ စဉ်းစားနေတယ်ဆိုတာ မပြောနဲ့၊ အမတ်တွေ ဘာစဉ်းစားနေတယ်ဆိုတာတောင် ကျွန်တော်မသိဘူး" ဟု ပြောခဲ့သည်။

အစိုးရ၏ အခြေအနေက ဒယိမ်းဒယိုင်။ ဤအခြေအနေကိုသိသော ဘာရီကျူးက တက်စကို အပေါ်စီးဖြင့် ဆက်ဆံလာသည်။ ကွန်မြူနစ်ပါတီကို နှိမ်နင်းပစ်ရမည်ဟု မာမာတင်းတင်း တောင်းဆိုလာသည်။ ဤတောင်းဆိုချက်ကို ကြားရသည့်အခါတွင် တက်စ ကျောချမ်းသည်။ နိုင်ငံရေးပါတီတခုကို ဖျက်သိမ်းပစ်ဖို့ ဆိုသည်မှာ

ပြောသလောက်မလွယ်။ တိုင်းပြည်တွင် ဆူဆူညံညံတွေ ဖြစ်လာမည်။ ဆိုရှယ်လစ်များကမူ ဝမ်းသာကောင်း ဝမ်းသာကြမည်။ သို့တိုင်အောင် ဆိုရှယ်လစ်ပါတီထဲတွင်လည်း မကျေနပ်သူများ ရှိနိုင်သည်။ ထိုအခါတွင် လက်ဝဲရေဒီကယ်များကလည်း သူတို့နှင့် ပေါင်းသွားနိုင်သည်။ သို့ဆိုလျှင် တက်စနောက်တွင် တယောက်မျှ ရှိတော့မည် မဟုတ်။ သူသည် ဘာရီကျူးလက်ခုပ်ထဲမှရေ ဖြစ်ရတော့မည်။ နောက်ဆုံးတွင် “ကဲ... တက်စ ခင်ဗျားအလုပ်လဲ ပြီးပြီ၊ ခင်ဗျား ဖယ်ပေးတော့၊ လာဗယ်လ် တက်လိမ့်မယ်” ဟု ဘာရီကျူးက မပြောဟု မည်သူအာမခံနိုင်မည်နည်း။

ဂရမ်ဒယ်မှာ ဘာရီကျူးနောက်ကွယ်တွင် အလုပ်များနေသည်။ ဂရမ်ဒယ် သိက္ခာတက်နေသည်။ သူ့ကြောင့် စက်တင်ဘာလတုန်းက ပြင်သစ်ပြည်ကြီး ချောက်ကမ်းပါး ရောက်ခါနီးအခြေမှ ပြန်၍ တည့်မတ်လာခဲ့သည်ဟု လူများက ပြောနေကြသည်။ လာဖလေရီမြို့မှ တပ်သားသစ်များ၏ မိန်းမများက သူ့ကို စားရေးစားပွဲ အစုံတစုံ လက်ဆောင်ပေးခဲ့ကြသည်။ စာရွက်ဖိသည့် ကျောက်တုံးပေါ်တွင် ကျောက်ဖြူသားဖြင့် ထုထားသည့် ငြိမ်းချမ်းရေး ချိုးငှက်ကလေးတကောင် ထုထားသည်။ နှုတ်သီးတွင် သံလွင်ခက်ကိုကိုက်လျက်။ သူ့လေသံက ပြင်းသည်ထက် ပြင်းလာ၏။ တရားပွဲတခုတွင် သူက “ပြင်သစ်ပြည်မှာ ကွန်မြူနစ်တွေကို အပြတ်ဖြုတ်ပစ်ရမယ်၊ နိုင်ငံတကာ ဘဏ္ဍာရင်းရှင်တွေရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ တက်စလို လူတွေကိုလည်း အားလုံး အပြတ်ရှင်းပစ်ရမယ်” ဟု ပြောသွားသည်။ ဂရမ်ဒယ်၏စာ ပျောက်သွားသည်ကို တွေးမိတိုင်း တက်စ ရင်နာသည်။ ဤစာသာ သူ့လက်ထဲရှိလျှင် ဂရမ်ဒယ်ကို အပြတ်ချေမှုန်းပြီး ဘာရီကျူးကိုလည်း သူ့လက်ထဲတွင် ရုပ်သေးရုပ်ကလေးလို ကစားနိုင်သည်။ သူ့တွင် ယခု ဘာမျှ မရှိတော့။ လက်မဲ့ ဖြစ်နေပြီ။ သူ့ကို လက်မဲ့ဖြစ်အောင်လုပ်သူက လူဆန်း။ ဤအကြောင်းကို တွေးမိတိုင်း တက်စ ဒေါသထွက်သည်။ သူ့သားသမီးတွေက သူ့ကို သစ္စာမဲ့ကြသည်။ ဒင်းနိစ်က အလုပ်သမားတွေနှင့်ပေါင်းပြီး အဖေကို ဆန့်ကျင်နေသည်။ လူဆန်းက ဂရမ်ဒယ်နှင့် တဂိုဏ်းတည်း။

သူ့ဘေးတွင် ရန်သူတွေ ဝိုင်းဝိုင်းလည်လျက်။ ဘာရီကျူး သူ့ကို ဆန့်ကျင်သည်ကမူ သဘာဝကျသည်။ ဘာရီကျူးသည် ဆန့်ကျင်ဘက်ဂိုဏ်းသား။ ဤသည်မှာ ပါလီမန်နိုင်ငံရေး ကျားကွက်တွင် ဘာမှမဆန်း။ သို့ရာတွင် ခက်သည်က သူ့ရေဒီကယ်ပါတီထဲက သူ့ကို ဆန့်ကျင်သူများ ပေါ်ခြင်းဖြစ်သည်။ သူ့ပါတီထဲက သူ့ကိုဆန့်ကျင်သည့် ဂိုဏ်းခေါင်းဆောင်က တယူသန် ဖိုးဂျက်။ တက်စ ဒေါသထွက်၍ မဆုံး။ လူတွေက တော်တော်ခက်သည်။ သူ့ဖို့ ကိုယ့်ဖို့ မကြည့်ကြ။ သူ့အနေနှင့် ပြောရလျှင် ဖိုးဂျက် ပျက်စီးရာပျက်စီးကြောင်းကို တခါမျှ မကြံစည်ဘူး၊ မဲဆန္ဒနယ်က ကိုယ့်နယ်နှင့်ကိုယ်။ အလုပ်အကိုင်ကလည်း ကိုယ့်အလုပ်နှင့်ကိုယ်။ ဝါသနာကလည်း ကိုယ့်ဝါသနာနှင့်ကိုယ်။ အားလုံး တခြားစီ။ ဖိုးဂျက်က စာကြမ်းပိုး။ သူက လက်တွေ့သမား။ သို့တိုင် ဖိုးဂျက်သည် သူ့ကို တိုက်နေပြီ။ “တက်စဟာ မြူးနစ်စာချုပ်ကို ကာကွယ်ခဲ့တယ်၊ ဒါကို ကျွန်တော် ဘာမှ မပြောလိုဘူး၊ ဒါ သူ့အခွင့်အရေး၊ ဒါပေမယ့် ဂျာမန်သူလျှို ဂရမ်ဒယ်ကို ဘာကြောင့် အကာအကွယ် ပေးခဲ့ရသလဲ၊ ကျွန်တော် ပေးခဲ့တဲ့ ဂရမ်ဒယ်နဲ့ ပတ်သက်တဲ့စာကို ဘာဖြစ်လို့ ဖျောက်ပစ်ရသလဲ” ဟု ပါတီအစည်းအဝေးတခုတွင် ဖွင့်၍ တိုက်ခဲ့သည်။ တက်စ အပြင်းအထန် ကာကွယ်သည်။သို့ရာတွင် သူ့ရှင်းပြချက်က မရေမရာ။ ပြင်သစ်ပြည်ကြီး၏ အဆင့်မြင့် အကျိုးစီးပွါးကြောင့် ဆိုသလိုလို၊ သံတမန်ဆိုင်ရာ လျှို့ဝှက်ချက် ဆိုသလိုလိုဖြင့် ဝိုးတိုးဝါးတားသာ ပြန်ရှင်းနိုင်သည်။

ပါတီကိုယ်စားလှယ်များက သြဘာပေးကြ၏။ သို့ရာတွင် လွှတ်တော်အမတ်တော်တော်များများက ဖိုးဂျက်၏ စကားကို အမှန်ဟု ယူဆကြသည်။ သို့ဖြင့် တက်စသည် ဂရမ်ဒယ်နှင့် လျှို့ဝှက်ဆက်သွယ်မှုရှိသည်ဟု သတင်းပြန့်နေသည်။

တက်စ အကြီးအကျယ် ဒေါပွ၏။ သို့ရာတွင် စာကိစ္စနှင့် ပတ်သက်၍မူ နှုတ်ပိတ်ရေငုံ လုပ်နေလိုက်သည်။ လူဆန်းကိုယ်တိုင် ပါနေသည်ဆိုလျှင် ထိုကိစ္စကို မည်သို့ထုတ်ပြော၍ ဖြစ်မည်နည်း။ ဖိုးဂျက်ကမူ သူ့စွပ်စွဲချက်ကို တပြားသားမှ မလျှော့။

ဝန်ကြီးချုပ် ဒလားဒီယားက လွှတ်တော်ကို ဖျက်သိမ်းကာ အထွေထွေရွေးကောက်ပွဲများကို ချက်ချင်းကျင်းပရန် အဆိုပြုလိုက်သည်။ အမတ်တွေ အလန့်တကြား ဖြစ်ကုန်ကြ၏။ တက်စကမူ ရူးနှမ်းသည့် စိတ်ကူးဟု ဆိုသည်။ ရွေးကောက်ပွဲပြန်လုပ်လျှင် ကွန်မြူနစ်များနှင့် လက်ယာဂိုဏ်းတို့ အသားစီးရသွားမည်။ မိမိတို့ ရေဒီကယ်ပါတီသည် အနည်းဆုံး အမတ်နေရာ ၅၀ လောက် လျော့သွားလိမ့်မည်ဟု တက်စတွက်သည်။ ကိုယ့်သင်္ချိုင်းကို ကိုယ်တူးခြင်းနှင့် အတူတူဟု ပြောသည်။ ထို့ပြင်မက လွှတ်တော်တစ်ခုလုံးကလည်း သဘောတူမည် မထင်။ မည်သူမျှ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းမတပ်ချင်။ လွှတ်တော်ကို ဖျက်သိမ်းမည်ဆိုလျှင် အမတ်အားလုံးက အစိုးရကို ဆန့်ကျင်ကြလိမ့်မည်။ လက်ယာရော လက်ဝဲပါ အစိုးရကို ဆန့်ကျင်ကြလိမ့်မည်။ ကိုယ့်နေရာလေးကို လက်လွှတ်မှာ မကြောက်သူဟူ၍ အဘယ်မှာ ရှိမည်နည်း။ ဒလားဒီယားကမူ လွှတ်တော်ကို ယခုဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ် ကျင်းပသည်က ပိုကောင်းသည်၊ သို့မဟုတ်ပဲ သက်တမ်းကုန်သည့် ၁၉၄၀ ခုနှစ်ကျမှ ကျင်းပလျှင် ထို့ထက်ဆိုးလိမ့်မည်ဟု အကြောင်းပြ၏။ ဆိုးကောင်းဆိုးလိမ့်မည်။ သို့ရာတွင် သက်တမ်းကုန်ဖို့ အဝေးကြီး လိုသေးသည်။ လွှတ်တော်အမတ်တွေ အခက်ကြုံနေသည်။ သက်တမ်းမစေ့မီ ပြန်၍ ရွေးကောက်ပွဲသစ်များ လုပ်ပြီဆိုကြပါစို့၊ မဲဆန္ဒရှင်များကို မည်သို့ မဲဆွယ်မည်နည်း။ သူတို့ကိုယ်တိုင် ပါဝင်ပြဋ္ဌာန်းထားခဲ့သော အခွန်သစ်များ စည်းကြပ်ခြင်းကို ကန့်ကွက်ရတော့မည်လော။ သို့တည်းမဟုတ် ကန့်ကွက်နေကြသော အလုပ်သမားများကို လက်ပိုက်ကြည့်နေမည်လော။ ဘာလုပ်ရမည်နည်း။ တက်စကမူ စဉ်းစားပြီးပြီ။ လွှတ်တော်၏ အရေးပေါ်အာဏာများကို နောက်ထပ်နှစ်နှစ် တိုးလိုက်ရန်ဖြစ်သည်။ ဤငါးစာကိုမူ အမတ်တိုင်း ဝင်ဟပ်ကြမည်သာ။ လွှတ်တော်ထဲတွင် နောက်ထပ်နှစ်နှစ် မနေချင်သည့် အမတ်ဆို၍ အဘယ်မှာ ရှိမည်နည်း။ အစိုးရက ဤသို့ဆုံးဖြတ်လိုက်လျှင် လွှတ်တော်တွင် အစိုးရကို အများစုက ထောက်ခံကြမည်။ သည်လောက်ဆိုလျှင် တော်လောက်ပြီ။ နောင်ခါလာ နောင်ခါစျေး။ တိုင်းပြည်ကြီးက တနှစ်အတွင်း ဘာဖြစ်ဦးမည်ဟု မပြောနိုင်။

အရေးကြီးသည်က အသံကျယ်သည့် ဖိုးဂျက်ပါးစပ်ကို ပိတ်ဖို့။ ရေဒီကယ်ပါတီ ကွန်ဖရင့်တွင် သူ့လမ်းစဉ် အသာစီးရဖို့ အရေးကြီးသည်။ ကြားသမားများကို ကိုယ့်ဘက်ပါအောင် လုပ်ဖို့လိုသည်။ ပါတီကွန်ဖရင့် ပြင်ဆင်ရေးအတွက် တက်စသည် လိမ္မာပါးနပ်၍ စိတ်ဓာတ်တက်ကြွဖွယ်ကောင်းသည့် မိန့်ခွန်းတခုကို ရေးထား၏။ ရှေးခေါမ ရာဇဝင်ဆရာ ပလူးတာ့ချ်နှင့် ရှေးပြင်သစ်နိုင်ငံရေးသုခမိန် ဂန်ဘတ်တာတို့ မိန့်ခွန်းများကို ကိုးကားထားသည်။ လေယာဉ်တည်ဆောက်ရေးလုပ်ငန်းများမှ ချွတ်ယွင်းချက်များကို ထောက်ပြထားသည်။ ရှေးပြင်သစ်အာဇာနည်တို့ကိုလည်း ပြန်လည်ဖော်ထုတ်ထား၏။ ထို့ပြင်မက အောက်ခြေသိမ်းလုပ်ငန်းကိုလည်း ပြင်ဆင်ထားသည်။ ကိုယ်ပိုင်သည့် နယ်ကော်မတီများသို့

လျှို့ဝှက်ညွှန်ကြားချက်တွေ ပို့သည်။ သင့်လျော်သည့် ကိုယ်စားလှယ်များကို စရိတ်ခံမည်ဟု ဆိုသည်။ ဂုဏ်ထူးဆောင်ဘွဲ့များ အဆောင်အယောင်များ ပေးမည်ဟုလည်း ကတိပေးထားသည်။

"အဖေကြီးကလဲ ဒီလောက် အလုပ်လုပ်ရသလား၊ လူတောင် တော်တော် ချုံးကျနေပြီ" ဟု ဇနီးက ပြောယူရသည့်အထိ တကုပ်ကုပ် လုပ်သည်။ "အမေကြီးရယ်။ ကျုပ်တို့မှာ သားသမီးတွေကလဲ စွန့်သွားပြီ၊ ကျုပ်မှာ ချစ်စရာဆိုလို့ ပြင်သစ်ပြည်ကြီးပဲ ကျန်တော့တယ်၊ ဒီတော့ ဒါပဲ လုပ်ရတော့မှာပေါ့" လေသံပျော့ကလေးဖြင့် ပြန်ပြော၏။

သူ့ဇနီးသည် လွန်ခဲ့သည့်နှစ်အတွင်း သိသိသာသာ ပိန်ချုံးလာသည်။ အစာလည်း ကောင်းကောင်း မဝင်။ ညတွင်လည်း အိပ်မပျော်။ သူငယ်နာစွဲနေသည့် ကလေးနှင့်သာ တူတော့သည်။ တက်စသည် လှည့်ထွက်လာခဲ့၏။ သူ့ဇနီးအတွက် စိတ်မကောင်း။

ပါတီကွန်ဖရင့်မိန့်ခွန်းကို ရေးသည့်အခါတွင် သမ္မာကျမ်းစာ ဇေရမိယ အနာဂတ္တိ စာစောင်မှ ကောက်နုတ်ချက်တခုကို ရေးယင်း ယောဘဝတ္ထုကို သွားတွေ့သည်။ စာမျက်နှာ နှစ်မျက်နှာလောက် ဖတ်ကြည့်၏။ သူ့အကြောင်း ရေးထားသလောဟုပင် ထင်မိသည်။ ယောဘလိုပင် သူလည်း အရာရာကို ဆုံးရှုံးခဲ့ရပြီ။ သူ့အိမ်သည် မညီမညွတ် ဖြစ်နေသည့်အိမ်။ သူ့သားသမီးများကလည်း သူ့ကို စွန့်ခွာသွားကြပြီ။ သူတို့အမေလည်း သေလုနီးပါး မကျန်းမမာ ဖြစ်နေပြီ။ လူတွေကလည်း သူ့အကြောင်းကို မကောင်း ပြောနေကြပြီ။ စိတ်ချမ်းမြေ့မှုမရှိသည့် အထီးကျန်လူတယောက်ဖြစ်ကြောင်းကို မည်သူမျှ မသိကြ။ ယောဘတွင် ကိုးကွယ်ရာ ဘုရားသခင် ရှိသည်။ သို့ရာတွင် တက်စကမူ ဉာဏ်အလင်းရောင် ရပြီးသား။ သူ့ဇနီးလို ဥပါဒါန်တွေ မကပ်ချင်။ နောင်တမလွန်ကိုလည်း မယုံကြည်။ သူ့ကို မည်သည့်အရာကများ အသက်ရှင်အောင် ထောက်ကူထားလေသနည်း။ မိမိ၏ ဂုဏ်သိက္ခာနှင့် လူ၏ဂုဏ်ကို နားလည်သိမြင်သည့်စိတ်ကြောင့် ဤမျှ သူအသက်ရှင်နေနိုင်ခြင်းဖြစ်သည်ဟု တက်စ ယူဆသည်။

ရေဒီကယ်ပါတီကွန်ဖရင့်အတွက် ပြင်ဆင်နေသူများထဲတွင် ဖိုးဂျက်လည်း ပါသည်။ အစိုးရအဖွဲ့ထဲတွင် သူတို့ပါတီကိုယ်စားလှယ်တွေ ပါနေသည်။ ထို့ကြောင့် လွှတ်တော်ထဲတွင် လူသိရှင်ကြား အစိုးရကို အတိုက်အခံ မလုပ်ချင်။ ဖိုးဂျက်က ပါတီကို ရိုးရိုးသားသား ယုံကြည်သည်။ သူတို့ ရေဒီကယ်ပါတီဝင်များသည် ရှေးဂျက်ကိုဘင်များ၏ စိတ်ဓာတ်အမွေအနှစ်ကို ဆက်ခံသူများ ဖြစ်သည်ဟု ယုံကြည်သည်။ သူတို့ပါတီထဲသို့ တက်စ ရောက်လာခြင်းမှာ မတော်တဆ လမ်းမှားပြီး ရောက်လာခြင်းသာ ဖြစ်သည်ဟု ယူဆ၏။ ကွန်ဖရင့်သို့ ပါတီ၏ အတော်ဆုံးသော တပ်သားများ တက်ရောက်ကြလိမ့်မည်။ သမ္မတနိုင်ငံကြီးအတွက် အသက်ကို စွန့်လှူရဲသော ရိုးသားကြိုးစားသည့် တပ်သားများ တက်လာကြလိမ့်မည်။ ထိုကွန်ဖရင့်တွင် ဂရမ်ဒယ်၏ သစ္စာဖောက်မှုကို ဖွင့်ချရမည်။ တက်စ၏ နှစ်ဘက်ချွ သဘောထားကို ဖွင့်ချရမည်။ ဝန်ကြီးချုပ် ဒလားဒီးယားသည် ရို့စ်ပီယာလို ခေါင်းဆောင်မျိုးကို နမူနာယူသင့်သည်ဟု တိုက်တွန်းမည်။

ဟစ်တိုင်ပေါ် တက်ပြီး "လွတ်လပ်မှု" ဟု ဟစ်ကြွေးလိုက်သံသည် မုန်တိုင်းကြီးတခုကို ဖြစ်စေနိုင်သည်။ အစိုးရတခုကို ပြုတ်ကျစေနိုင်သည်ဟု ဖိုးဂျက် စွဲမြဲစွာ ယုံကြည်သည်။ "ကျွန်တော်တို့ ရေဒီကယ်ပါတီဝင်တွေအဖို့ လမ်းနှစ်လမ်းပဲ ရွေးစရာရှိတယ်၊ ဟစ်တလာကို အလျှော့ပေးတဲ့ ရှက်စရာကောင်းတဲ့ ပေါ်လစီကို စွန့်လွှတ်ပြီး ပြင်သစ်ပြည်ကြီးကို အောင်ပွဲအရောက် ခေါင်းဆောင်ချီတက်မလား၊

ဒါမှမဟုတ် လူထုရဲ့ ဒေါသလှိုင်းကြီးထဲမှာ မျောပါခံမလား၊ ဒီနှစ်ခုကို ရွေးရလိမ့်မယ်” ဟု ဖိုးဂျက်က ပြောခဲ့သည်။ အကယ်၍ အလျှော့ပေးရေး ပေါ်လစီကို လိုက်ပါက လူထုက မည်သို့တုံ့ပြန်မည် ထင်သနည်းဟု မေးသည့်အခါတွင် ဖိုးဂျက်က “သစ်တပ်တွေ၊ ခံတပ်တွေနဲ့ တုံ့ပြန်မယ်ဗျ သိလား၊ သစ်တပ်တွေ၊ ခံတပ်တွေနဲ့ တုံ့ပြန်မယ်” ဟု ဖိုးဂျက်က ပြောသည်။

ကွန်ဖရင့်ကို မာဆေးလ်မြို့တွင် ကျင်းပရန် စီစဉ်ထား၏။ မာဆေးလ်သို့ မသွားမီ တရက်အလိုတွင် ဖိုးဂျက်သည် “ပြင်သစ်တော်လှန်ရေးကြီးသမိုင်း သုတေသနအသင်း” အစည်းအဝေးတခုသို့ သွားတက်သည်။ ထိုအစည်းအဝေးတွင် အငြင်းအခုံဖြစ်ပြီး ဖိုးဂျက် ဒေါပွလာ၏။ ပြင်သစ်တော်လှန်ရေးသမိုင်းကို ငြင်းကြသည်တွင် အချို့သမိုင်းဆရာများက ယခုတွေ့ရှိထားသည့် သမိုင်းအထောက်အထားများသည် အစစ်အမှန် မဟုတ်။ ရိုစ်ပီယာက လုပ်ကြံလီဆယ်ထားသည့် အထောက်အထားများသာ ဖြစ်သည်ဟု စွပ်စွဲကြသည်။ ဖိုးဂျက်က စိတ်တိုတိုဖြင့် အသက်ခပ်ကြီးကြီး သမိုင်းဆရာကြီးတဦးကို “အတ္တနောမဟိတွေနှင့် ပြောနေသည်၊ လိုရာဆွဲကောက်နေသည်” ဟု ပြင်းပြင်းထန်ထန် ပြောခဲ့သည်။

“ဒီလောက်တောင် တိမ်သလာဖုံးနေတဲ့ သမိုင်းဆရာမျိုးကို တခါမှ မကြုံဖူးဘူး” ဟု အိမ်ဝကတည်းက အော်လာသည်။

ဉာဏ်မျှနှင့် အားမရ။ ပြင်သစ်တော်လှန်ရေး ခေါင်းဆောင်တဦးဖြစ်သည့် ဒန်တန် (ယင်းမှာ ဖိုးဂျက် ကြည်ညိုသည့် တော်လှန်ရေးခေါင်းဆောင် ရိုစ်ပီယာနှင့် ဆန့်ကျင်ဘက်) မည်မျှ အကျင့်ပျက်ကြောင်းကိုလည်း မမောနိုင်၊ မပန်းနိုင် သူ့မိန်းမကို ရှင်းပြနေလိုက်သေးသည်။ သူ့မိန်းမက သူရှင်းပြသည်ကို နားထောင်ပြီးနောက်...

“ကျွန်မမှာလဲ ဒီထက်အရေးကြီးတာတွေ စဉ်းစားနေရတယ်” ဟု ဝမ်းပန်းတနည်းဖြင့် ပြောသည်။ ဖိုးဂျက်က ပြုံးလိုက်ယင်း...

“ငါ သိပါတယ်ကွာ၊ သိမ်းထားတဲ့ မင်းခန်းဆီးတွေ ခြကိုက်တဲ့အကြောင်း ပြောမလို့ မဟုတ်လား”

သူ့မိန်းမ မာရီလူစီ၏ အကြောင်းကို ဖိုးဂျက် ကောင်းကောင်းသိသည်။ သူ့မိန်းမသည် လောကကြီးတွင် ဘာကိုမျှ ဂရုမစိုက်။ အိမ်သန့်ရှင်းဖို့၊ အိမ်အပြင်အဆင် ခမ်းနားဖို့လောက်ကိုသာ ဂရုစိုက်သည်။ ဖိုးဂျက်၏ စကားကြောင့် သူ့မိန်းမ စိတ်တိုသွားသည်။

“တော်စမ်းပါ၊ ရှင့်သမိုင်းအကြောင်းတွေ၊ ဘာတွေ နားမထောင်ချင်ပါဘူး၊ အိမ်မှာ ဘာဖြစ်နေတယ် ထင်သလဲ ရှင်သိရဲ့လား၊ ကိုယ့်သား လူဝီလေ၊ ခု ကောင်မလေးတယောက်နဲ့ ပြဿနာဖြစ်လာလို့ ရှင်ရဲ့ အရာရှိသမီးတဲ့၊ ဗုရင်ဂျီဘာသာဝင်တဲ့၊ ခု ကိုယ့်သားနဲ့ ကိုယ်ဝန်ရှိလို့တဲ့၊ ဖျက်ချမလို့တဲ့၊ အဲဒါ ကောင်မလေးက ပိုက်ဆံလာတောင်းနေတယ်၊ စရိတ်မပေးယင် မိဘတွေကို တိုင်မလို့တဲ့”

ဖိုးဂျက်က ဒေါသတကြီး အော်လိုက်သည်။

“မပေးဘူး၊ ငါ ဒါမျိုးကို ဆန့်ကျင်တယ်၊ လုံးဝဆန့်ကျင်တယ်၊ ဘယ့်နှယ်ကွာ၊ ဘယ်လောက် ရက်စရာကောင်းသလဲ၊ ကိုယ်နဲ့ဖြစ်မိမှတော့ ယူလိုက်ပေါ့ကွ၊ ယူယင်ယူ။ မယူယင် ငါ့အိမ်မှာ မနေနဲ့၊ ဒါပဲ၊ ဟိုကိစ္စကိုတော့ ငါသဘောမတူဘူး”

"နို့... ရှင့်သားကမှ မလိုချင်ပဲ၊ ဘယ့်နှယ်လုပ်မှာလဲ၊ မကြိုက်ဘူးတဲ့၊ မတော်တဆ ဖြစ်သွားတာတဲ့"

တဘက်ခန်းမှ လူဝီ ထွက်လာသည်။ ဝက်ခြံထူထူ။ အပြာရောင် ဘလေဇာအင်္ကျီကို ဝတ်လျက်။ အသံ သြောင်စာစာဖြင့် "ကျွန်တော် မကြိုက်ဘူး ဖေဖေ၊ အလကား၊ ဘုရားတရား ကြည်ညိုသယောင်နဲ့ တကယ်လဲ ဟုတ်တာ မဟုတ်ဘူး၊ ပြီးတော့ သူ့အဖေကြီးကလ ဗရင်ဂျီ၊ အတင်းကလဲ ပြောလိုက်သေးတယ်။ ဖေဖေ စိတ်ရှည်တယ်လို့ ပြောတာဟာ ဘာစိတ်ရှည်တာလဲ"

ဖိုးဂျက်က ခေါင်းမာမြဲ။

"မရဘူးကွာ၊ ငါ သဘောမတူဘူး" ဟု အခန်းကျယ်ကြီးထဲတွင် တယောက်တည်း အော်နေသည်။ အော်၍သာ အော်နေသည်။ သူ့အနားတွင် မည်သူမှ မရှိတော့။ သားအမိနှစ်ယောက်က ထွက်သွားကြပြီ။

နောက်ဆုံးတင် ဖိုးဂျက် အအော်ရပ်လိုက်ပြီး အလုပ်စားပွဲတွင် ထိုင်လိုက်၏။ မာဆေးလ်ကွန်ဖရင့်တွင် ပြောမည့် မိန့်ခွန်းကို အချောကိုင်သည်။ မာရီလူစီက အခန်းထဲသို့ ခပ်ယို့ယို့ ဝင်လာကာ သူ့ယောကျ်ားကို အကဲခတ်၏။ ပြီးမှ မရဲတရဲဖြင့်...

"ကျွန်မကို ငွေနှစ်ထောင်လောက် ပေးပါ၊ သားအတွက် မဟုတ်ပါဘူး၊ ကျွန်မအတွက်ပါ၊ သားမွေးအင်္ကျီတထည် ဈေးပေါပေါနဲ့ ရလို့"

"စောစောက ဘာဖြစ်လို့ မပြောသလဲကွ" ဖိုးဂျက်က အာရုံပျက်သွားသဖြင့် စိတ်တိုနေသည်။ "ချက်ကိုစလိုဗက် စစ်ပြေးဒုက္ခသည်တွေအတွက် ငါ ငွေသုံးထောင် လှူလိုက်ပြီ၊ ဒီလ နှစ်ဆယ်ရက်လောက်အထိ စောင့်ဦး"

သူ့မိန်းမသည် အလွန်စစ်စီစေးနှဲသည့် မိန်းမ၊ အဝတ်ဟောင်းကို ပြင်ချုပ်ဝတ်သည်။ ယောကျ်ားဖို့ ခြေအိတ်ကို အပေါင်ဆုံးဆိုင်တွင် ဝယ်သည်။ စားပွဲခင်းတို့၊ ကုလားထိုင်တို့ ဆိုလျှင်လည်း ဆိုင်တွေ တဒါဇင်လောက် လျှောက်ကြည့်ကာ ဈေးအပေါဆုံးဆိုင်ကိုမှ ရွေးဝယ်သည်။ သူ့ကို ပိုက်ဆံပိုပေးဖို့ ယောကျ်ားကို တခါမျှ မပူဆာစဖူး။ ယခု မတောင်းစဖူး တောင်းသည့်အခါတွင် အင်တင်တင် လုပ်နေသည့်အတွက် စိတ်ဆိုးသည်။ စင်စစ် သားမွေးအင်္ကျီဝယ်ဖို့ ဆိုသည်မှာ မဟုတ်။ သားအတွက် လိမ်တောင်းခြင်းသာ ဖြစ်၏။

"ကျွန်မက တခါတလေမှ တောင်းတာပါ၊ ခုတော့ ရှင်ပြောပုံက ခဏခဏ တောင်းနေတဲ့အတိုင်းပဲ၊ စစ်ပြေးဒုက္ခသည်တွေကို ထောက်ပံ့ချင်လို့ရှိယင် ဒီပြင်အမတ်တွေလို တဘက်တလမ်းက စီးပွါးရေးလေး ဘာလေး လုပ်ပါလား၊ ဒီပြင်အမတ်တွေဖြင့် ရှင့်လိုဟုတ်ပေါင်၊ အမတ်ပြုတ်သွားလဲ သူတို့အဖို့ လုပ်ငန်းကိုင်ငန်းနဲ့ အဆင်သင့် ရှိပြီးသား၊ လူတွေကတော့ လွှတ်တော်အမတ်ကတော်ဆိုပြီး အထင်ကြီးလို့၊ တော်တော်ချမ်းသာမှာပေါ့နော်တဲ့၊ ထင်လိုက်ကြတာ၊ ခုတော့ ကျွန်မမှာ ကျွန်စုပ်တဲ့ သရက်စိလောက်တောင် မပြောင်ဘူး၊ ဒီပြင် အမတ်တွေက ရှင့်လို မဟုတ်ဘူးရှင့်၊ ချမ်းသာတယ် သိရဲ့လား၊ ရှင်... သမိုင်းစာအုပ် ရေးလို့ကော ပိုက်ဆံဘယ်လောက်များ ရလို့လဲ"

ဖိုးဂျက် ဒေါပွလာသည်။ ဝုန်းကနဲ ထ၍ အော်လိုက်၏။

"တော်ကွာ၊ ဒါတွေ ပြောမနေနဲ့၊ မင်းပြောတဲ့စကားက ငါ့ကို မဟုတ်တရုတ် အလုပ်ခိုင်းနေတာ သိရဲ့လား၊ မင်းသိထားဖို့က ငါဟာ တက်စလို နိုင်ငံရေးလုပ်စားတဲ့ကောင်မျိုး မဟုတ်ဘူးကွ၊ မရှိယင် တောင်းစားမယ်၊

သူများအိမ်မှာ ပြတင်းပေါက်ကို ဖုန်လိုက်သုတ်ပေးပြီး တောင်းစားမယ် သိရဲ့လား”

မာရီလူစီသည် ဖြောက်ကနဲ လက်ဖြောက် တချက်တီးကာ အခန်းထဲမှ ထွက်သွား၏။ မနက်ဖြန်တွင် သူ့၌ရှိသည့် ငွေထည်ပစ္စည်းများကို ပေါင်ပေးမည်ဟု သားကိုပြောသည်။ ထိုငွေထည်များမှာ လက်ထပ်တုန်းက မိဘက ပေးလိုက်သည့် ခန်းဝင်ပစ္စည်းများ ဖြစ်သည်။ သူ့တသက်တွင် ပထမဆုံးအကြိမ် ထိုပစ္စည်းများနှင့် ခွဲရခြင်း ဖြစ်လိမ့်မည်။ မာရီလူစီသည် မီးဖိုထဲသို့ ဝင်သွားကာ ငွေသကြားဗူးများ၊ ငွေနို့ချိုင့်များ၊ ငွေဇွန်းများ၊ ငွေဇွန်းများကို တိုက်ချွတ်နေသည်။

ဖိုးဂျက် တညလုံး မအိပ်။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ယင်း အားလုံးကို စွဲချက်တွေ တင်နေသည်။ အလေလိုက်သည့် သူ့သားကို လည်းကောင်း၊ တက်စကို လည်းကောင်း၊ သူ့အယူအဆကို စော်ကားသည့် သမိုင်းဆရာကြီးကို လည်းကောင်း၊ သူ့ကိုယ်သူ လည်းကောင်း စွဲချက်တွေ တင်နေသည်။ တိုင်းပြည်ခေါင်းဆောင်ဆိုသည်မှာ သူများထက် စောင့်ထိန်းရမည်၊ သူများထက် သန့်ရှင်းရမည်ဟု သူယူဆသည်။ ထိုနောက် မျက်နှာသစ်၊ ခေါင်းဖြီးပြီး မာဆေးလ်သို့သွားရန် ဘူတာရုံသို့ ထွက်လာသည်။

တက်စလည်း ထိုနေ့မနက်တွင် မာဆေးလ်သို့ လိုက်ရန်ဖြစ်သည်။ သို့ရာတွင် ဝန်ကြီးချုပ်က ဝန်ကြီးအစည်းအဝေး ခေါ်ထားသည်။ ဘဏ်တိုက်များက အစိုးရ ဥပဒေကြမ်းတခုကို ကန့်ကွက်သည့်အနေဖြင့် ပိတ်ထားကြသောကြောင့် ဖြစ်၏။ တက်စကား အစည်းအဝေးတလျှောက်လုံး သမ်းနေလေသည်။ ပါတီကွန်ဖရင့်တွင် ဖိုးဂျက်ကို ထောက်ခံမည့်မဲ ဘယ်နှစ်မဲ ရှိမည်ကိုလည်း တွက်နေသည်။ အစည်းအဝေး ပြီးသည့်အခါတွင် ပစ္စည်းများကိုယူရန် အိမ်သို့ပြန်လာခဲ့၏။ အိမ်တွင် အမည်မသိ လူတယောက် သူ့ကိုစောင့်နေသည်။

“အချိန်မရှိဘူး၊ နောက်မှပြော”

တက်စက ခပ်ထန်ထန် ပြော၏။

“ငါးမိနစ်လောက်ပါ ဝန်ကြီး၊ အရေးကြီးတဲ့ ကိစ္စမို့လို့ပါ”

တက်စ နားမထောင်ချင်။ သူနှင့်မတည့်သည့် အရာရှိတယောက်ယောက် အကြောင်းကို လာ၍တိုင်တန်းခြင်း ဖြစ်သည်ဟု ထင်သည်။

“ဒီလိုဆိုယင် ကွန်ဖရင့်ထဲကျမှ ကျွန်တော့်ကို အဆိုးမဆိုနဲ့”

ထိုအခါကျမှ ထိုလူမှာ ကွန်ဖရင့်သို့တက်မည့် ကိုယ်စားလှယ်တယောက် ဖြစ်ကြောင်း၊ သူပြောမည့်ကိစ္စသည် မာဆေးလ်က ပါတီကွန်ဖရင့်နှင့် ပတ်သက်နေကြောင်း သဘောပေါက်လာသည်။ တက်စ လေသံပြောင်းသွား၏။ မျက်နှာထားကလည်း ချိုသာသည်။ ဧည့်သည်ကို ဧည့်ခန်းထဲသို့ ခေါ်လာခဲ့သည်။ ထိုသူက သူ၏ ကိုယ်စားလှယ်ခန့်အပ်လွှာကို ထုတ်ပြကာ သူ့ကိုယ်သူ မိတ်ဆက်သည်။

“ကျွန်တော့်နာမည်က ပိုက်ဇ်ပါ၊ ဟိုရင်ရိုခင်ကိုမာနယ်က တက်မယ့် ကိုယ်စားလှယ်ပါ”

ပိုက်ဇ်က ရုပ်ရည် သနားကမား။ မျက်လုံးများက သနားစဖွယ် ပြာလဲ့လျက်။ ဆံပင်များက လှိုင်းတွန့်လို ဝှေ့လျက်။ သူ့ရုပ်ကိုကပင် နယ်မှဆင်းလာသူတယောက်၏ ရုပ်မျိုး။ ကော်လာမြင့်မြင့်။ ဘောင်းဘီအစင်းနှင့်။ ခါးတွင် ရွှေခါးပတ်ကြီးကို ပတ်ထားလိုက်သေးသည်။ စကားပြောသည့်အခါတွင်

အယ်ဒေးရှင်းသံဝဲဝဲဖြင့်။

"ကျွန်တော်တို့ ကိုမာမြို့နယ်က ရေဒီကယ်ပါတီဝင်တွေက ပြည်သူ့တပ်ဦးကို တလျှောက်လုံး ဆန့်ကျင်ခဲ့တာပါ။ ပြီးတော့ ဝန်ကြီးသာလျှင် ပါတီရဲ့ တကယ့်ခေါင်းဆောင်လို့ သဘောထားပါတယ်၊ ဖိုးဂျက်က ပါတီကွန်ဖရင့်မှာ တခုခုလုပ်မယ် ကြားထားပါတယ်၊ အဲဒါကို ကျွန်တော်တို့ မခံနိုင်ဘူး"

"နေပါဦးဗျ။ ဖိုးဂျက်က ပါတီဝင်ဟောင်းကြီးပဲ၊ ကိုးရိုးကားရားတော့ လုပ်မယ်မထင်ပါဘူး၊ ပြီးတော့ သူ့အယူအဆကိုလဲ တင်ပြခွင့်ရှိသားပဲ၊ အယူအဆက မှားချင်မှားမယ်ပေါ့လေ…"

"ကျွန်တော်တို့ကတော့ ဖိုးဂျက်ဟာ မော်စကိုရဲ့ အမိန့်အရ လုပ်နေတဲ့ လျှို့ဝှက် ကွန်မြူနစ်တယောက်လို့ပဲ ယူဆတယ်၊ ဓမ္မန္တရာယ်လုပ်ငန်းတွေကို သူလုပ်နေတာထောက်ယင် ဒီလူဟာ အယ်ဒေနယ်ကို ခွဲထွက်အောင် လှုံ့ဆော်နေတယ်လို့ပဲ ကျွန်တော်တို့ ယူဆတယ်၊ ပါတီစည်းမျဉ်းစည်းကမ်းကို ဖောက်တာလဲ နှစ်ခါရှိပြီ၊ တခါက ဘယ်မှာလဲဆိုယင် ဘီဆန်ကွန်က လက်နက်စက်ရုံသပိတ်မှာ အလုပ်သမားတွေ ထိုင်သပိတ်မှောက်တာကို ပုလိပ်က ရှင်းမယ်လုပ်တော့ ပုလိပ်ကို ဝင်တားခဲ့တယ်၊ ဒါရဲ့ အဓိပ္ပါယ်က ဘာလဲဆိုယင် ပြင်သစ်နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအားကို အတွင်းက ဝင်ဖျက်တာဖြစ်တယ်၊ နောက်တခုက ဂျာမန်စစ်ပြေးဒုက္ခသည်တွေကို ထောက်ခံချက် ရေးပေးတဲ့ကိစ္စ၊ ဒီလိုလုပ်ခြင်းအားဖြင့် ဂျာမနီက ထွက်ပြေးလာတဲ့လူတွေကို ကျွန်တော်တို့က ကူညီနေတယ်လို့ ဂျာမန်အစိုးရက စွပ်စွဲလာပြီး ပြဿနာတွေ ရှုပ်လာနိုင်တယ်၊ အဆိုးဆုံးကတော့ အရွယ်မရောက်တဲ့ မိန်းကလေးတွေကို ဖျက်ဆီးနေတဲ့ လာရီရှော့ ဆိုတဲ့လူကို ထောင်ကလွတ်အောင် လုပ်ပေးတဲ့ကိစ္စပဲ"

ပိုက်ဇ်သည် စီရင်ချက်တခုကို ဖတ်နေသလို နိမ့်မြင့်မရှိ လေသံတသံတည်းဖြင့် ပြောသွားသည်။ သူ့မျက်လုံးပြာများက ကမ္ဘာလောကကြီး၏ ရှုပ်ထွေးပွေလီပုံကိုကြည့်၍ ဒေါသထွက်နေသည့် ကလေးငယ်တယောက်၏ မျက်လုံးနှင့် တူနေသည်။ လာရီရှော့၏ အမည်ကို ကြားလိုက်သည့်အခါတွင် တက်စပြုံးလိုက်သည်။ ထိုကိစ္စကို တက်စ သိပြီးသား။ လာရီရှော့၏ အမေသည် ဖိုးဂျက်ထံ ရောက်လာ၍ အကူအညီတောင်းသည်။ ဖိုးဂျက်သည် ရှော့နေထံသွား၍ အကြံဉာဏ်တောင်းသည်။ သို့ရာတွင် အခြေအနေ အရှုပ်ရှုပ်ကို သိသည့်အခါတွင် ဖိုးဂျက် ဒေါပွကာ "ခင်ဗျားတို့ ရှော့နေတွေ ဘာဖြစ်လို့ ဒီလိုကောင်မျိုးကို လိုက်ပေးနေတာလဲ၊ ဒီကောင်မျိုးကို ခေါင်းဖြတ်စက်နဲ့တောင် သတ်ဖို့မကောင်းဘူး၊ ဒီထက် ရက်ရက်စက်စက် သတ်ပစ်ရမယ်" ဟု ရှော့နေကို ကြိမ်းသည်။ လာရီရှော့သည် သူ့နည်းနှင့်သူ လွတ်လာခြင်းဖြစ်၏။

သူ့ကို သိက္ခာကျအောင် သမီးအား သင်ပေးမိပါသည်ဟု အမေကို လာဘ်ထိုး၍ သက်သေထွက်ခိုင်းသည်။ စင်စစ် လာရီရှော့ လွတ်လာခြင်းသည် ဖိုးဂျက်နှင့် ဘာမျှမဆိုင်။

"ဒီတော့ မင်း ဘာလုပ်ချင်သလဲ"

"ကွန်ဖရင့်မှာ ဖိုးဂျက်ကို စကားပြောခွင့် ပိတ်ပေးစေချင်တယ်…"

"ဒါက ကျွန်တော်တို့ပါတီရဲ့ အစဉ်အလာ မဟုတ်ဘူးလေ၊ ပါတီတွင်းမှာ မိမိရဲ့ ထင်မြင်ချက်ကို လွတ်လပ်စွာ…"

"ရာဇဝတ်ကောင်တွေကရော လွတ်လပ်စွာ စကားပြောနိုင်သလား"

တက်စ အတန်ကြာမျှ တိတ်ဆိတ်နေသည်။ ထိုနောက် ပြုံးလိုက်၏။

"မင်းခံစားချက်ကို ငါနားလည်နိုင်ပါတယ်လေ၊ ဟုတ်ပါတယ်၊ မင်းတို့လို မဟုတ်မခံ လူငယ်တွေ လိုတယ်၊ မင်းတို့လို လူငယ်တွေကိုပဲ မျှော်လင့်ရတော့မှာပဲ။ ဒီလောက်လဲ စိတ်မတိုပါနဲ့၊ ဒါပေမယ့် မင်းတို့ကို ပြောပိုင်ခွင့်တော့ မရှိပေဘူးပေါ့။ နိုင်ငံသားကောင်း တယောက်ပီပီ တာဝန်သိသိလုပ်တဲ့ ကိစ္စကိုး၊ ကောင်းပြီလေ၊ မာဆေးလ်ကျယင် တွေ့ကြသေးတာပေါ့။ ဟိုရောက်ယင် ငါ့မိတ်ဆွေ ဘီးလက်ဆိုတာ ရှိတယ်၊ သူနဲ့ သွားတွေ့ပါ၊ အသက်ကတော့ ခြောက်ဆယ်လောက် ရှိပြီ၊ ဒါပေမယ့် စိတ်က ငယ်တုန်းပဲ။ မင်းတို့ လူငယ်တွေလို တက်တက်ကြွကြွပါပဲ၊ လိုတဲ့အကူအညီ သွားတောင်းပါ။ ပေးပါလိမ့်မယ်"

ပိုက်ဇ်ပြန်ထွက်သွားသည့်အခါတွင် အိမ်ဖော်ကို ပစ္စည်းတွေ အယူခိုင်းလိုက်သည်။ ထိုနောက် အိပ်ရာထဲတွင် လှဲနေသည့် သူ့ဇနီးကို သွားနှုတ်ဆက်၏။ မျက်နှာက ဖျော့တော့လျက်။ နှုတ်ခမ်း တလှုပ်လှုပ်ဖြင့် ပုတီးစိပ်နေသည်။ တက်စက ပါးကို အသာနမ်းလိုက်သည်။

"အမေကြီးရေ၊ သွားလိုက်ဦးမယ်နော်၊ နေကောင်းလာမှာပါကွယ်"

မာဆေးလ်မြို့မှာ "ပြင်သစ် ရှီကာဂို" ဟု နာမည်ကြီးသည့်မြို့။ မာဆေးလ်သည် လူဆိုးဂိုဏ်းတွေ၊ မှောင်ခိုသမားတွေ၊ ဘိန်းနှင့် ကုတ်ကင်း အရောင်းအဝယ်လုပ်သူတွေ ခြေချင်းလိမ်နေသည့်မြို့။ စပိန်ပြည်တွင်းစစ်ကို အမှီပြုကာ ပိုက်ဆံရှာ၊ အမြတ်ထုတ်နေကြသည့် ဆူပူရေးသမားတွေ၊ ဘာရီကျူး၏ သူလျှိုတွေ ရှုပ်ယှက်ခတ်နေသည့်မြို့ ဖြစ်သည်။ လမ်းမများပေါ်တွင် မကြာကြာ အလောင်းများကို တွေ့ရတတ်၏။ သစ္စာဖောက်သူ၊ သူတို့အကြောင်းကို သတင်းပေးသူများကိုဆိုလျှင် လူမိုက်များက မြို့လယ်ကောင်တွင်ပင် အပြောက်ရှင်းပစ်တတ်ကြသည်။ ဆိပ်ကမ်းဟောင်းရပ်ကွက်မှ လမ်းကျဉ်းကျဉ်းလေးများပေါ်တွင် ဇိမ်အိမ်တွေက ရှောင်၍မလွတ်။ မလုံ့တလုံ ဝတ်ထားသည့် ပြည့်တန်ဆာများသည် ခရီးသည်များ၊ စာရေးစာချီများ၊ ကုန်သည်များ၊ သင်္ဘောသားများကို မျှော်နေကြသည်။ သူတို့ မြူဆွယ်သည်ကို ငြင်းမိလျှင်၊ အတင်းရှောင်သွားမိလျှင် ဦးထုပ်ကို ဆွဲဖြုတ်ယူလား ယူထားတတ်ကြသည်။ အညစ်အကြေးတို့နှင့် ပက်လွတ်လား လွတ်တတ်သည်။ ဇိမ်ခေါင်းများနှင့် ဇိမ်ပွဲစားများက ရွေးကောက်ပွဲ တရားပွဲများကို ကြီးကြပ်ကြသည်။ သပိတ်များကို ဖြိုခွဲတတ်ကြသည်။ သူလျှိုများကို အကာအကွယ် ပေးတတ်ကြသည်။

ရွေးကောက်ပွဲမတိုင်မီ ကာလများတွင် လူမိုက်များအဖို့ ရတနာပုံ ဆိုက်သည့်နှယ်။ အမတ်လောင်းများကလည်း သူတို့ကို ကြိုကြိုတင်တင်ပေါင်းကာ ပေးကမ်းစွန့်ကြဲထားရသည်။ သို့မဟုတ်လျှင် အမတ်လောင်း၏ မဲကိုယ်စားလှယ်၊ အမတ်လောင်းအတွက် မဲဆွယ်တရားဟောသူတို့ကို ချောင်းရိုက်တတ်သည်။ ရွေးကောက်ပွဲ ပိုစတာများကို ဆုတ်ဖြဲပစ်တတ်သည်။ မဲဆန္ဒရှင်များကို မဲရုံသို့ မလာရဲအောင် ခြိမ်းခြောက်လွှတ်တတ်သည်။ မာဆေးလ်တွင် လူမိုက်ဂိုဏ်း နှစ်ဂိုဏ်း ကွဲနေသည်။ တစ်ဂိုဏ်းက မျက်လုံးတစ်ဖက်လပ် လီပီတစ် ဆိုသည့် လူမိုက်တစ်ယောက် ဦးစီးသည့် ဂိုဏ်း။ သူ့ဂိုဏ်းနောက်တွင် ဒေသမြူနီစီပယ်နှင့် ဆိုရှယ်လစ်ပါတီ ရှိသည်။ မကြာသေးမီအချိန်အထိ လီပီတစ်သည် ကုတ်ကင်းအရောင်းအဝယ်လောက်ကိုသာ စိတ်ဝင်စား၏။ သို့ရာတွင် ဘာကြောင့်မှန်းမသိ၊ ကုတ်ကင်းအရောင်းအဝယ်လုပ်သည့် လီပီတစ်သည် နိုင်ငံရေးကိစ္စတွေ ပြောလာသည်။

“ကျွန်တော်တို့ကတော့ လက်နက်ဖျက်သိမ်းရေးကို သဘောကျတာပဲ” ဟု ပြောလာသည်။

နောက်တစ်ဂိုဏ်းမှာ ဘရီကျူး မွေးထားသည့် ဂိုဏ်းဖြစ်ပြီး လီဘရော့ ဆိုသည့် လူမိုက်တစ်ဦးက ခေါင်းဆောင်သည်။ ဘရာဇီးကုန်သည်တစ်ယောက်ကို သတ်သဖြင့် နာမည်ကြီးလာသည့် လူမိုက်ဖြစ်၏။ ဂိုဏ်းသားတွေကလည်း တစ်ဂိုဏ်းမှ တစ်ဂိုဏ်းသို့ ကူးနေကြသည်။ လူမိုက်တွေက အာမမခံလျှင် မာဆေးလ်တွင် အမတ်ရွေးခံဖို့လည်း မလွယ်။ ကုန်ကုန်ပြောရလျှင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖွင့်ဖို့ပင် မလွယ်။ သူတို့ အာမခံမှ ကိစ္စအဝဝ ပြီးမြောက်ရသည်။ သူတို့ကို အာခံပြီး လူစွမ်းကောင်း သွားလုပ်မိလျှင် ကွဲဖို့သာ ပြင်ပေရော့။

မာဆေးလ်က လူမိုက်ဂိုဏ်းများသည် သူတို့မြို့တွင် ကျင်းပမည့် ရေဒီကယ်ပါတီကွန်ဖရင့်အတွက် အသင့်ဖြစ်နေကြ၏။ တက်စ၏လူဖြစ်သည့် ဘီးလက်သည် ဘက်ပေါင်းစုံကို တွက်ချက်ပြီးနောက် လီဘရော့ကို မွေးထားလိုက်သည်။ ဘီးလက်က ကော်ဖီမှုန့်လက်ကား အရောင်းအဝယ် လုပ်သည်။ လီဘရော့သည် သူတို့ကိစ္စတွင် အားကိုးလောက်သူဖြစ်ကြောင်း ကောင်းကောင်းသိသည်။ သဘော်မှ ကော်ဖီစေ့တွေ ချပြီဆိုလျှင် ကော်ဖီစေ့အိတ်တွေ ပျောက်တတ်သဖြင့် တစ်ခါတစ်ခါ လီဘရော့၏ အကူအညီကို ယူရသည့်အခါများ ရှိသည်။ ယခုလည်း ကွန်ဖရင့် အစည်းအဝေးများ အေးအေးချမ်းချမ်းဖြစ်ရန် လီဘရော့ကို အကူအညီတောင်းရသည်။ ဖိမ်ခေါင်းနှင့် မှောင်ခိုသမားနှစ်ရာတို့ကို ကွန်ဖရင့်ဖိတ်စာများ ထုတ်ပေးလိုက်သည်။ အချို့ကို ဧည့်သည်များအဖြစ်၊ အချို့ကို သတင်းစာဆရာများအဖြစ် ဖိတ်ကြားခြင်း ဖြစ်၏။ အစည်းအဝေးတွင် ဖိုးဂျက် နှောင့်ယှက်ဖျက်ဆီးခြင်း မပြုရန် အားလုံးစီစဉ်ပြီးပြီ။

ကွန်ဖရင့်ခန်းမထဲသို့ ရောက်သည့်အခါတွင် ဖိုးဂျက် အံ့အားသင့်နေသည်။ ခါတိုင်း ကိုယ်စားလှယ်များမှာ သူမြင်ဖူးနေကျ။ မုတ်ဆိတ်ထူထူ၊ ကုပ်ပိုးထူထူနှင့် နယ်က တက်လာသူတွေ။ ကျောင်းဆရာ၊ အရောင်းကိုယ်စားလှယ်၊ လယ်သမား၊ ဆိုင်ပိုင်ရှင်၊ ရှေ့နေ၊ လက်မှုပညာသည်။ တစ်နည်းပြောရလျှင် ပြင်သစ်ပြည်က လူလတ်တန်းစားများ တက်လေ့ရှိကြသည်။ ယခုအစည်းအဝေးတွင်လည်း သူသဘောကျနေသည့် မုတ်ဆိတ်ထူထူနှင့် လစ်ဘရယ်ကိုယ်စားလှယ်အချို့ကို မြင်ရ၏။ သို့ရာတွင် သူတို့သည် ဆောင့်ကြွားကြွား လူငယ်ကိုယ်စားလှယ်သစ်တွေထဲတွင် ပျောက်နေကြသည်။ လူငယ်ကိုယ်စားလှယ်များက လက်မောင်းအိုးတောင့်တောင့်။ ပိနေအောင် ဖီးထားသည့် ဆံပင်က ပြောင်လက်လျက်။ သူတို့ကို ကြည့်ရသည်က လက်ရုံးအားကိုး လုပ်ချင်သည့်ပုံ။ သူတို့အထဲမှ အချို့မှာ လီဘရော့ ဖိတ်ထားသည့် “ဧည့်သည်များ” ဖြစ်သည်။ အချို့ကမူ “လူငယ် ရေဒီကယ်များ” ဟု အမည်တပ်ကာ ကိုယ်စားလှယ်အဖြစ် တက်လာကြခြင်း ဖြစ်သည်။ သူတို့အားလုံးသည် တက်စ၏လူများ ထောက်ခံမှုဖြင့် တက်လာကြခြင်း ဖြစ်သည်။ အချို့မှာ ပိုက်ဆံရသဖြင့် တက်လာကြခြင်း ဖြစ်သည်။

လူငယ်ရေဒီကယ်မှာ တစ်ခါက ဖက်တစ်တပ်ခွဲများတွင် ပါခဲ့ကြဖူးသည်။ ဖက်ဆစ်တွေ အာဏာရတော့မည် အထင်ဖြင့် ထိုတပ်ခွဲများသို့ ဝင်ခဲ့ကြခြင်း ဖြစ်၏။ သို့ရာတွင် ဘရီကျူးတို့တစ်သိုက် အာဏာရအောင် စောင့်ရသည်က ကြာသည်။ ယခုလမ်းကမူ ပို၍လွယ်သည်။ အလုပ်ကလေး ဘာလေး မြန်မြန်ရနိုင်သည်။ ဂုဏ်ထူးဆောင်တံဆိပ် ရနိုင်သည်။ သို့မဟုတ်လျှင်လည်း ပိုက်ဆံမြက်မြက်ကလေး

ရနိုင်သည်။

လူငယ်ရေဒီကယ်များသည် အလုပ်သမားများကို ဆဲရေးကြသည်။ ရေဝတီများကို ရန်စ၍ ရိုက်ကြသည်။ “အာဏာရှင်နိုင်ငံ” ထူထောင်ရမည်ဟု တောင်းဆိုကြသည်။ မှုဆိုလိုနီက လက်တွေ့ကျသည်။ ဟစ်တလာက ပြတ်သားသည်ဟု ကောင်းချီးပေးကြသည်။ ကွန်ဖရင့်ခန်းမ အပြင်ဘက်တွင် သူတို့ခြေရာချည်း။ နောက်ပြောင်လျက်။ သမ်းဝေလျက်။ စကားများလျက်။ ငြင်းခုံလျက်။ ကွန်ဖရင့်တက်သည့် ကိုယ်စားလှယ်နှင့် မတူ။ ဘောပွဲလာသည့် ပရိသတ်နှင့် တူနေသည်။

ကွန်ဖရင့်ခန်းမစင်မြင့်ပေါ်သို့ ဝန်ကြီးချုပ် ဒလားဒီးယား တက်လာသည့်အခါတွင် ကိုယ်စားလှယ်များက သောင်းသောင်းဖြဖြ သြဘာပေးကြ၏။ လူငယ်ရေဒီကယ်များနှင့် ဖိမ်ခေါင်းများက “ငြိမ်းချမ်းရေး တည်မြဲပါစေ” ဟု အော်ကြ၏။ မည်သူမျှ စစ်ကို မတိုက်ချင်ကြ။ စစ်မှုထမ်းသက်ရောက်သည့် အမျိုးသားများက မျက်လုံးမှုန်ေငေငေနှင့် လူပုကလေး ဒလားဒီးယားကို ပြင်သစ်ပြည်ကြီးအား ကတုတ်ကျင်းထဲမှ ဆွဲတင်ခဲ့သူအဖြစ် ကျေးဇူးတင်ကြသည်။ အသက်ကြီးသည့် ပါတီကိုယ်စားလှယ်ကြီးများကလည်း ကိုယ့်ပါတီခေါင်းဆောင်ကို အမျိုးသားခေါင်းဆောင်အဖြစ် တစ်တိုင်းပြည်လုံးက အသိအမှတ်ပြုကြသည့်အတွက် ဂုဏ်ယူနေကြသည်။ ဤသည်ကိုကြည့်၍ တက်စ စိတ်မချမ်းသာ။ သူရဲကောင်း ဖြစ်ချင်းဖြစ်လျှင် သူဖြစ်ချင်သည်။ သို့ရာတွင် ယခုမူ ဒလားဒီးယားသည် ရုပ်ပြမျှသာ။ “ဒါ ငါ့ကိုလည်း သြဘာပေးတာပဲ” ဟု ကိုယ့်ဘာသာကိုယ် စိတ်ချမ်းသာအောင်တွေးကာ အများနှင့်အတူ ရော၍ လက်ခုပ်တီးသည်။

ဒလားဒီးယားက အသံကျယ်ကျယ်ဖြင့် မိန့်ခွန်းပြောသည်။ သူ့အသံသည် တစ်ချီတစ်ချီတွင် စူးထွက်လာ၏။ စိတ်ခတ်ပျော့ညံ့သူများ ထုံးစံအတိုင်း စိတ်ခတ်တင်းမာပြတ်သားဟန်ပေါက်အောင် တမင်ကြိုးစားထားပုံရ၏။ “ကျုပ်ပြောလိုက်မယ်”၊ “ကျုပ်မြင်ချင်တယ်”၊ “ကျုပ်ခွင့်မပြုနိုင်ဘူး” ဟု မကြာခဏ ပြော၏။ ဤသို့ ပြောခြင်းဖြင့် သူ့စိတ်တန်ခိုးသတ္တိ ကြီးမားကြောင်းကို ကြိုးစား၍ ပြ၏။ တစ်ခါတရံတွင် ကျောင်းဆရာကလေးတစ်ယောက်လို ညည်းသံကလေးဖြင့် ပြောသည်။ ကံအကြောင်းတရားကြောင့် သူသည် နပိုလီယံလုပ်ခဲ့သည့် လုပ်ငန်းကြီးကို မလွှဲသာမရှောင်သာ ဆက်လုပ်နေရဟန် ညည်းပြ၏။ “မြူးနစ်စာချုပ်ကို အလျှော့ပေး ဒူးထောက်တဲ့ စာချုပ်လို့ ပြောတာမျိုးကို ကျုပ်နောက်ထပ် ခွင့်မပြုနိုင်ဘူး။ မြူးနစ်စာချုပ်ဟာ ဒူးထောက်တာ မဟုတ်ဘူး” ဟု အော်၏။

ဒလားဒီးယားသည် ခြေဖျားကလေး ထောက်ကာထောက်ကာဖြင့် ကုတ်အင်္ကျီအိတ်ထဲသို့ လက်နှစ်ဖက်နှိုက်၍ စကားပြောနေသည်။ ထို့နောက် နိဂုံးချုပ်ပြီး ကိုယ်စားလှယ်များကို ဦးညွှတ်နှုတ်ဆက်လိုက်သည်။

သွေးထွက်သံယို မရှိသည့် အောင်ပွဲတစ်ပွဲကို ရခဲ့သည့် ခေတ်သစ်နပိုလီယံလောဟု သူ့ကိုယ်သူ ထင်နေသည်လော မသိ။

ကိုယ်စားလှယ်များက သြဘာပေးကြသည်။ သူတို့သည် အတန်ကြာမျှ ဒလားဒီးယား၏ စကားလုံးများထဲတွင် မိန်းမောနေကြသည်။ ဤပွဲသည် ဖိုးဂျက်နှင့်သာ ပြိုင်ရမည့်ပွဲ မဟုတ်။ သမိုင်းနှင့် ယှဉ်ပြိုင်ရသည့်ပွဲလည်း ဖြစ်သည် မဟုတ်လော။

စင်မြင့်ပေါ်မှ ဒလားဒီးယား ဆင်းသွားသည့်အခါတွင် ပရိသတ်သည် စိတ်ခါတ်အား ကုန်ခန်းသွားသည့်နှယ် ထင်လိုက်ရသည်။ စကားပြောသံတွေ ဆူညံလာသည်။ ခန်းမထဲတွင် ဟိုထသွား ဒီထသွား လုပ်သူကလည်း ရှိသေးသည်။ သဘာပတိက ကလိုင်လှုပ်၍ ငြိမ်ရန် သတိပေးသော်လည်း အချည်းနှီးသာ။

နောက်ကိုယ်စားလှယ်တစ်ယောက်က ပြင်သစ်ပြည်၏ ကာကွယ်ရေးနှင့် ပတ်သက်သည့် အစီရင်ခံစာကို တင်သည်။ သို့ရာတွင် မည်သူမျှ အာရုံမစိုက်ကြ။ နှယ်ဘက် တာဝန်ထမ်းဆောင်နေရသူများပီပီ စစ်ရေးစစ်ရာကိစ္စများကို သူတို့ စိတ်မဝင်စား။ သူတို့ ကွန်ဖရင့်သို့ သူတို့တစ်တွေ တက်လာခြင်းမှာ မြူးနစ်စာချုပ်ကို ထောက်ခံရန်၊ ပြည်သူ့တပ်ဦးကို ဖုတ်ကြည်းသြဂိုဟ်ရန်နှင့် “တေလေကြမ်းပိုး”များကို ပြင်းထန်စွာ အရေးယူဖို့ တောင်းဆိုရန်ဖြစ်သည်။ ပြင်သစ်ပြည် ကာကွယ်ရေးအကြောင်း ဘာလုပ်ဖို့နည်း။ ဘာအတွက် ကာကွယ်ရမည်နည်း။ မြူးနစ်စာချုပ် ချုပ်ပြီးသည့်နောက်တွင် ပြင်သစ်ပြည်ကို ကွန်မြူနစ်များမှအပ မည်သူကများ ခြိမ်းခြောက်နေသေးသနည်း။ မုတ်ဆိတ်ထူထူနှင့် စပျစ်ခြံစိုက်သမားအချို့သာလျှင် အစီရင်ခံစာကို နားစိုက်ထောင်နေကြပြီး သူတို့မကြားဖူးသည့် စကားလုံးများ၊ ကိန်းဂဏန်းများကို မှတ်သားနေကြသည်။

အတန်ကြာတော့မှ တစ်ယောက်က “ဘာတွေမှန်းလည်း မသိဘူးဗျာ။ တယ်ရှုပ်တာကိုး။ ဘာပဲဖြစ်ဖြစ်လေ မဂ္ဂိနော့ခံတပ်ကြီး ဘာမှမဖြစ်ဘူးဆိုရင် ကျုပ်တို့တစ်တွေ အေးအေးဆေးဆေး အိပ်ရတာပေါ့။ တိုင်းပြည်မှာ ပိုက်ဆံကတော့ တော်တော်ကုန်ပုံရသဗျို့။ ဒါပေမဲ့ သူပြောတဲ့အတိုင်းဆိုရင် ကျုပ်တို့တစ်သက်တော့ ဒီတစ်ခါပဲ ကုန်ရတော့မှာပါဗျာ၊ အေးအေးချမ်းချမ်းနေရဖို့က အဓိကပါ” ဟု အဖော်တစ်ယောက်ကို လှမ်းပြောနေသည်။

ကိုယ်စားလှယ်များသည် ခန်းဆောင်ထဲမှ ထွက်လာကြသည်။ တစ်မြို့လုံးရှိ ကဖီးဆိုင်များ၊ အရက်ဆိုင်များတွင် ကိုယ်စားလှယ်တွေချည်း။ စားသောက်ကောင်းရုံ နည်းနည်းပါးပါးသောက်ပြီး ထမင်းစားကြသည်။ ထို့နောက် ကိုယ့်အစုလေးများနှင့်ကိုယ် ပျောက်သွားကြသည်။

ထို့နောက် ဆိပ်ကမ်းဟောင်းရပ်ကွက်သို့ ရောက်သွားကြသည်။ ဆိပ်ကမ်းဟောင်းတွင် သူတို့ကို လူမျိုးစုံက စောင့်လျက်။ ဇိမ်ခေါင်းများ၊ ဇိမ်မယ်များ၊ အဆိုတော်များ၊ အစည်းအဝေးတွင် ဆူဆူပူပူလုပ်မည့် လူမိုက်များကို ဆွဲထုတ်ရန် ငှားထားသည့် ကြေးစားလူမိုက်များ၊ လီဘာရော့၏ ဂိုဏ်းဝင်များ။

“တားမြစ်နယ်မြေ”များကလည်း ကွန်ဖရင့်သတင်းကို ကြားသဖြင့် ညှော်သည်သစ်များကို မျှော်နေကြသည်။ သူတို့ဆီသို့ ခါတိုင်းလာနေကျ ဖောက်သည်များနှင့် အမေရိကန်ခရီးသည်များအစား အပြောင်းအလဲကလေး ရလိုရငြား ညှော်သည်သစ်ကို မျှော်ကြခြင်းဖြစ်၏။ နယ်ကိုယ်စားလှယ်များအဖို့လည်း ကွန်ဖရင့်သည် သူတို့အဖို့ ပြည်သူ့လုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ခြင်းမျှသာမက စိတ်ဝင်စားဖွယ်ကောင်းသည့် စွန့်စားခန်းကြီးတစ်ရပ်လည်း ဖြစ်နေသည်။ အနည်းဆုံး ငါးရက်လောက်တော့ အိမ်က ကြက်မကြီးကို မေ့ကာ လူပျိုတွေ ပြန်ဖြစ်ကြရဦးတော့မည်။ ပျင်းစရာကောင်းသည့် သူတို့တောမြို့ကလေးတွေကို မေ့ကာ ပျော်စရာတွေစုံသည့် မာဆေးလ်မြို့ကြီးတွင် အစွမ်းကုန်ပျော်ရဦးတော့မည်။ အချို့သော အမျိုးသမီးကြီးများက သူတို့၏ လုပ်ငန်းဌာနများရှေ့တွင် “ကိုယ်စားလှယ်တော် လူကြီးမင်းများသာ” ဟု ဆိုင်းဘုတ်ချိတ်ထားသည်မှာ ဘာမျှ အံ့သြဖွယ်မရှိ။

သို့ရာတွင် ကိုယ်စားလှယ်လူကြီးမင်းများသည် အချစ်အတုအယောင်ကို ခံစားနေကြရသည့်တိုင် နိုင်ငံရေးပြဿနာများကိုမူ မေ့လျော့ခြင်း မရှိကြ။ ညစ်ညစ်ညမ်းညမ်း အချစ်သီချင်းတွေကြားထဲတွင် နိုင်ငံရေး အငြင်းအခုံလုပ်သံများကို တစ်ခါတစ်ခါ ကြားရသေးသည်။ အစိုးရအတိုက်အခံသမားအချို့ အရိုက်ခံကြရသည်။ ဖက်ဆစ်နှင့် တက်စတို့ ဝါဒဖြန့်ချိမှုများကလည်း စူးဝင်နေသည်။ ဆိုင်ပိုင်ရှင်ကလေးများက ပြည်သူ့တပ်ဦးကို ဒေါသထွက်နေကြသည်။ "ပြည်သူ့တပ်ဦးကို ကျုပ်တို့ထောက်ခံခဲ့ရတာက သမ္မတနိုင်ငံကို ဖက်ဆစ်တွေရန်က ကာကွယ်ဖို့ ထောက်ခံခဲ့တာဗျ။ ခုတော့ ကျုပ်တို့ကို သက်သက်ညာတယ်၊ အလုပ်သမားတွေကို မြှောက်ပေးပြီး သပိတ်တွေ ဖန်တီးတယ်၊ တိုင်းပြည်ပျက်အောင် လုပ်နေကြတာ" ဟု ပြောကြသည်။ လယ်သမားများက မြူနစ်စာချုပ်ကို ထောက်ခံကြသည်။ "စစ်တိုက်ရမှာက ကျုပ်တို့လယ်သမားတွေဗျ။ သူတို့အလုပ်သမားတွေက စက်ရုံထဲမှာ နေခဲ့ရမှာ၊ ဒါ... ကျုပ်တို့ကို သက်သက်အသေခံခိုင်းတာ" ဟု ပြောကြသည်။ အရက်ကလေး နည်းနည်းထွေလာသည့်အခါတွင် ကိုယ်စားလှယ်များသည် ရန်လိုလာကြသည်။ သပိတ်မှောက်သည့် အလုပ်သမားများကို ပစ်သတ်ရမည်ဟု အော်ကျယ်ဟစ်ကျယ် လုပ်လာကြသည်။ ကွန်မြူနစ်ခေါင်းဆောင် မောရစ်သောရက်ဇ်နှင့် ဆိုရှယ်လစ်ခေါင်းဆောင် ဗလွန်းတို့ကိုပင် ပစ်သတ်ရမည်ဟု မူးမူးနှင့် အော်ကြသည်။ ဤတွင် ဇိမ်ခေါင်းလူမိုက်များကလည်း အတင့်ရဲလာကြကာ "အကုန်လုံး ချပစ်ဗျာ" ဟု ပြောလာကြ၏။ ဇိမ်မယ်များကလည်း "အစ်ကို လက်ဆောင်လေး ဘာလေး ဝယ်ပေးသွားဦးနော်၊ ဒါပဲ" ဟု ကိုယ်စားလှယ်ကြီးများကို ခပ်တိုးတိုး ပြောကြသည်။ ထိုအခါ မုတ်ဆိတ်မွေးကြီးတွေ တကားကားဖြင့် "အစ်ကို"တို့ကလည်း ညည်းကာညူကာဖြင့် သူတို့အိတ်ကပ်ထဲမှ ပိုက်ဆံအိတ် ဖောင်းဖောင်းကြီးများကို ထုတ်ကြသည် ဟူသတတ်။

ကွန်ဖရင့် ဒုတိယနေ့မှာ ပြဿနာ အတက်ဆုံး။ ဖိုးဂျက် စကားပြောရန် စင်မြင့်ပေါ်သို့ တက်လာသည့်အခါတွင် ပွဲကြီးပွဲကောင်း တွေ့ရတော့မည် ဟူသော မျှော်လင့်ချက်ဖြင့် ခန်းမကြီးတခုလုံး တိတ်ဆိတ်နေသည်။ ဖိုးဂျက်က သူ့ရှေ့တွင် စာရွက်များကို ဖြန့်လိုက်၏။ သူ့မိန့်ခွန်းကို တညလုံးလုံး အချောသပ်ခဲ့ရသည် မဟုတ်လော။ ကိုယ်စားလှယ်များ၏ အခြေအနေကိုကြည့်ပြီး အချို့စကားလုံးများကို ပြင်လိုက်သည်။ အချို့စကားလုံးများကို ဖြုတ်လိုက်သည်။ အချို့အပိုဒ်များတွင် လေသံကို ပျော့ပေးလိုက်သည်။ အထူးသဖြင့် ဒလားဒီယားနှင့် ပတ်သက်၍ ပျော့ပျော့ပျောင်းပျောင်း သတိထားပြီး ကိုင်တွယ်ရမည်ဟု ယူဆသည်။ အကယ်၍ အစည်းအဝေးတွင် တဘက်နှင့် တဘက် ပြင်းပြင်းထန်ထန် ဖြစ်လာခဲ့လျှင် ကိုယ့်ဘက်က လျှော့ပေါ့ပေးဖို့ပင် အဆင်သင့် ပြင်ထားသည်။ "အရေးကြီးတာက သစ္စာဖောက်တွေက ပြင်သစ်ပြည်ကြီးကို ချောက်ကမ်းပါးကြီးထဲ ဆွဲချနေတယ်ဆိုတာ ဒီကွန်ဖရင့်ကတဆင့် တိုင်းပြည်ကသိဖို့ အရေးကြီးဆုံးပဲ။ အယူအဆဆိုင်ရာမှာ ငြင်းချင်ယင် ငြင်းပေါ့။ ဒါပေမယ့် ဂရမ်ဒယ်ရဲ့ စာကိစ္စနဲ့ အဲဒီစာကို တက်စ ထိမ်ချန်ထားတာကို တင်ပြလိုက်ယင် ကိုယ်စားလှယ်တွေ ဘာပြောနိုင်တော့မှာလဲ" ဟု တယောက်တည်း တွေးနေသည်။

ဖိုးဂျက်က စပြော၏။ သူ့အသံက ခပ်အေးအေး။

"ကလေးတွေဟာ လူမမာ အမေတွေရဲ့ ခုတင်ဘေးမှာ ရန်မဖြစ်ကြပါဘူး၊ ခု ပြင်သစ်ပြည်ကြီးဟာ အကြီးအကျယ် နာမကျန်း ဖြစ်နေတယ်"

အောက်မှ အသံတသံ ထွက်လာသည်။ ဒုတိယထိုင်ခုံတန်းမှ အရပ်မြင့်မြင့် လူတယောက် ထရပ်သည်။ ပိုက်ဇ် ဖြစ်၏။

"ကွန်မြူနစ် သူလျှိုတယောက်ကို ဒီနေရာမှာ ကျွန်တော်တို့ စကားပြောခွင့် မပေးနိုင်ဘူး"

"ခင်ဗျား ဘယ်သူလဲ"

ဖိုးဂျက်က စင်မြင့်ပေါ်မှ လှမ်းမေးသည်။

"ကိုမာမြို့နယ် ကိုယ်စားလှယ်"

အမိန့်ပေးလိုက်သည့်နှယ် လူငယ်ရေဒီကယ်များနှင့် လီဘရေ့၏လူများက ဝိုင်းအော်ကြသည်။ "မလိုချင်ဘူး၊ ထွက်သွား၊ မော်စကိုကို ပြန်သွား" ဟု အော်သံများ၊ "အယ်ဖေနေယ်ကြီး တည်မြဲပါစေ" ဟု အော်သံများ၊ "ကွန်မြူနစ်တွေကို သတ်ပစ်" ဟု အော်သံ၊ "ဟေ့ ဒမြ လာရီရှော့ဆီက ပိုက်ဆံတွေ ဘယ်မှာလဲ" ဟု အော်သံ၊ "ဟေ့ မုဒိမ်းသမား ထွက်သွား" ဟု အော်သံများ ပေါ်လာသည်။

ဖိုးဂျက်က ဆက်ပြောရန် ကြိုးစား၏။ သို့ရာတွင် မရ။ သူ့အသံသည် အော်သံတွေကြားထဲတွင် ပျောက်သွား၏။ သဘာပတိက ကလိုင်ကို နာနာလှုပ်ပြီး စားပွဲကို တဒုန်းဒုန်းဖြင့် ထုသည်။ ထိုနောက် ဖိုးဂျက်ဘက်သို့လှည့်၍...

"ခင်ဗျား ဆက်မပြောယင် ကောင်းလိမ့်မယ်"

ဖိုးဂျက်ကို ထောက်ခံသည့်လူများမှာ ဒေါသထွက်နေကြပြီ။ သို့ရာတွင် သူတို့က ခန်းမထဲတွင် တယောက်တကွဲ၊ သူတို့ကို လီဘရေ့၏ လူများက ညှပ်ထားကြသည်။ အချို့နေရာများတွင် ထထိုးကြသည်။ ဟဲရီယော့သည် စိတ်ပျက်လက်ပျက်ဖြင့် အပန်းဖြေ အခန်းဘက်သို့ ထွက်လာခဲ့သည်။ နောက်ဆုံးတွင် ဖိုးဂျက်သည် ရှေ့တွင်ချထားသည့် စာရွက်များကို ကောက်ကာ စင်မြင့်ပေါ်မှ ဆင်းလာခဲ့၏။ သဘာပတိက နောက်တယောက်ကို စကားပြောခွင့်ပြုလိုက်သည်။ အားလုံး တရုန်းရုန်းဖြစ်ကာ အပြင်ဘက်သို့ တိုးထွက်ကုန်ကြသည်။ "ဂရမ်ဒယ်ရဲ့ စာကို တက်စကို ကျွန်တော် ပေးလိုက်တယ်ဗျ၊ ခု..." အသံဗလံတွေ ကြားထဲမှ ဖိုးဂျက်၏အော်သံကို တဝက်တပျက် ကြားရ၏။

အစည်းအဝေးကို ဆက်လုပ်၍ မဖြစ်တော့။ ထို့ကြောင့် သဘာပတိက အစည်းအဝေးကို ခေတ္တရပ်ဆိုင်းလိုက်သည်။

ပိုက်ဇ်မှာ ထိုနေ့က သူရဲကောင်း ဖြစ်နေတော့သည်။ သူ့ကိုလာ၍ ချီးကျူးကြသည်။ လက်ဆွဲနှုတ်ဆက်ကြသည်။ တက်စ၏ အကြံပေးချက်အရ ဆူဆူပူပူဖြစ်အောင် လုပ်ခဲ့သည့် မာဆေးလ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဘီးလက်က ထိုနေ့ညတွင် ပိုက်ဇ်ကို နာမည်ကြီး ပျော်ပွဲစားရုံခေါ်၍ ညစာကျွေးသည်။ ဘီးလက်သည် သည်လိုလူမျိုးကို မည်သို့ဧည့်ခံရမည်ကို ကောင်းကောင်းသိသည်။ မာဆေးလ်မြို့က ဘူလာဗားငါးကင်ကလည်း နာမည်ကြီးသလောက် ကောင်းပါပေ့။ ရေတ်သီးစပ်စပ်၊ မဆလာနိုင်နိုင်နှင့် နယ်ပြီး ကင်ခြင်းဖြစ်သည်။ "ကျွန်တော်က ဘယ်လိုဟာမျိုးဖြစ်ဖြစ် စပ်စပ်ကလေးမှ ကြိုက်တတ်တာဗျ" ဟု ပိုက်ဇ်က ခပ်ငေးငေးပြောသည်။

ဖိုးဂျက်သည် မြို့လယ် တိရိစ္ဆာန်ရုံအနီးတွင်နေသည့် သူ့မိတ်ဆွေဟောင်းတယောက်နှင့် ညစာစားရန် မြို့ထဲသို့ ထွက်ခဲ့သည်။ စိတ်ပြေလက်ပျောက် ဖြစ်လိုဖြစ်ငြား ခြေကျင်လျှောက်၍ လာခဲ့၏။

နောက်တနေ့တွင် ပါတီကော်မတီသို့ အိတ်ဖွင့်ပေးစာတစောင် ပေးမည်ဟု စိတ်ကူးထားသည်။ ရေဒီကယ်သတင်းစာများက သူ့ပေးစာကို ဖော်ပြခြင်း မပြုလျှင် သူ့စာကို ကွန်မြူနစ်သတင်းစာ "လျူမန်နီတေး"သို့ ပို့ပေးမည်။ ကီးလ်မင်းဆိုသည့် ဂျာမန်အကြောင်းကို ထည့်ရေးရမည်။ ထိုအခါတွင် မည်သူက တိုင်းပြည်ကို တကယ်ချစ်သနည်း ဆိုသည်ကို အများက သိကြလိမ့်မည်။ မိမိလော... တက်စလာ။

ဖိုးဂျက်သည် ကိုယ့်အတွေးဖြင့်ကိုယ် လျှောက်လာခဲ့သည်။ ထိုစဉ် အညိုရောင် ကုတ်အကျီနှင့် စလွယ်သိုင်းဘောင်းဘီကို ဝတ်ထားသည့် လူနှစ်ယောက် သူ့ကိုမီလာသည်။ ရှေ့ကျော်တက်သွားပြီး သူ့ရှေ့မှ ပိတ်၍ရပ်လိုက်၏။ လူသွားသည့် စြင်္ကံက ကျဉ်းကျဉ်းကလေး။ ဖိုးဂျက်က သူတို့နှစ်ယောက်ဘေးမှ ကျော်တက်မည် ပြုသည်။

"ကျေးဇူးပြုပြီး ခဏလေးဗျာ"

"ဘာခဏလေးလဲ၊ သေပေတော့"

ရိုက်လိုက်သဖြင့် ဖိုးဂျက် လဲကျသွားသည်။ မည်းမှောင်သည့် လမ်းပေါ်တွင် လူသူရှင်းလျက်ရှိ၏။ ကြောင်တကောင်က သနားစဖွယ် အော်နေသည်။ သစ်ရွက်ဆွေးနံ့က နံစော်လျက်။ တောင်ပိုင်းက အရောက်နောက်ကျသည့် ဆောင်းဦးရက်ကျန်တို့က ကုန်လုပြီ။

ထိုနေ့ညနေ၌ တက်စသည် အခြားကိုယ်စားလှယ်များနှင့်အတူ ဟိုတယ် အပန်းဖြေခန်းတွင် ထိုင်နေသည်။ တက်စသည် သံပရာပွင့် ခပ်ထားသည့် လက်ဖက်ရည်ကို သောက်လျက်ရှိ၏။ ခပ်ငယ်ငယ် ကိုယ်ရေးအတွင်းဝန်က သူ့ဆီသို့ ခပ်သုတ်သုတ် လျှောက်လာသည်။

"ဖိုးဂျက် အရိုက်ခံရတယ်လို့ ကြားပါတယ် ဝန်ကြီး၊ ခု ဆေးရုံမှာပါ။ သူ့ပိုက်ဆံအိတ်လဲ ပျောက်နေတယ်လို့ ပုလိပ်ဌာနက ပြောပါတယ်"

"အို... ဖြစ်မှဖြစ်ရလေကွယ်"

တက်စက အော်လိုက်သည်။ ဖိုးဂျက်အတွက် သူ စိတ်မကောင်း။ ဦးနှောက် အတွင်းကြေကြေ၍ သေသွားလျှင် ဒုက္ခ။ တယောက်တည်း ဆေးရုံရောက်နေပြီ။ တက်စက မာရှင်ဒေါ့ဘက်သို့ လှည့်လိုက်သည်။

"နိုင်ငံရေးသမားတယောက်အနေနဲ့ကတော့ အလကားပါပဲ၊ ဘာမှ သုံးမရပါဘူး၊ ဒါပေမယ့် တက်ကြွသူတယောက်အနေနဲ့ကတော့..."

"တော်တော် ကြောက်စရာကောင်းတာပဲ၊ ဘာမှ မစောင့်စည်းကြတော့ဘူး၊ လူမိုက်ဂိုဏ်းတွေကို ဘယ်တော့မှများ ရှင်းပစ်ကြမယ် မသိဘူး"

"အင်း၊ ရှင်းဖို့တော့ ကောင်းနေပြီလေ... တရားခံကိုတော့ မိပါလိမ့်မယ် ထင်ပါရဲ့"

မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြီး လက်ဖက်ရည်ပန်းကန်ကို ဘေးသို့ ဖယ်လိုက်သည်။ အိုက်စပြုလာသည်။ သို့ရာတွင် မာရှင်ဒေါ့က အလိုက်ကန်းဆိုး မသိပဲ စွတ်မေးနေသည်။

"သူပြောတဲ့ စာဆိုတာ ဘာစာလဲ ဝန်ကြီး၊ ဒီစာက ဝန်ကြီးနဲ့ ဘာဆိုင်လို့လဲ"

တက်စက ပခုံးနှစ်ဘက်ကို တွန့်လိုက်၏။

"ဖိုးဂျက်အကြောင်း ခင်ဗျားသိသားပဲဗျာ၊ လူက သန်မိသန်ရာ ဒွန်ကွီဇုတ်လို

စာအုပ်တွေကို ဖတ်ပြီး စိတ်ကူးယဉ်နေတဲ့လူ၊ ကြည့်ရတာကတော့ ပြင်သစ်တော်လှန်ရေးသမိုင်းကို ဖတ်ပြီး ဒန်တန်ကို စိတ်စွဲနေပုံရတယ်။ ပြင်သစ်တော်လှန်ရေးသမိုင်းကို ဖတ်ပြီး ဒန်တန်ကို စိတ်စွဲနေဟန် တူပါရဲ့၊ အဲဒီမှာ ဂရမ်ဒယ်နဲ့ ရောပြီး ပြောမိပြောရာတွေ လျှောက်ပြောနေတာ နေမှာပေါ့၊ သူ့ခမျာ သနားပါတယ်”

နောက်တနေ့ ကွန်ဖရင့်တွင် တက်စကိုယ်တိုင် မိန့်ခွန်းတခု ပြောသည်။ သူပြောသည့် မိန့်ခွန်းက ဘာမျှ ထူးထူးထွေထွေ မပါသည့်တိုင် တက်စ ချောက်ချားနေသည်။ စကားလုံးတွေက လှသည်။ ပရိသတ်က “တယ်ကောင်းတဲ့ စကားလုံးတွေပါလားဗျ” ဟု အချင်းချင်း ပြောကြ၏။ တက်စက ပြင်သစ်ပြည်ကြီးကို သူ မည်မျှ မြတ်နိုးတွယ်တာကြောင်း၊ တိုင်းပြည်ကို ချစ်ရာတွင် ကိုယ်ကျိုးဆို၍ မြူမှုန်မျှ မပါကြောင်းဖြင့် ပြောသွား၏။ ပြင်သစ်နိုင်ငံရေးသုခမိန် မာလာတင်း၏ ရေးသားချက်များကို ကိုးကားကာ ရာစုနှစ်ပေါင်းများစွာ သွေးတွေ၊ ချွေးတွေဖြင့် စိုစွတ်ခဲ့ရသည့် ဥရောပတိုက်၏ သမိုင်းကို ပြန်၍ ပြောသွားသည်။

“ကျွန်တော်တို့ဟာ ဥရောပတိုက်ကြီးကို အာရှတိုက်ရဲ့ လူရိုင်းဝါဒ ပိုးပရွက်တွေရဲ့ ဘေးအန္တရာယ်က ကာကွယ်ရမယ်၊ အမေရိကတိုက်ရဲ့ အဆင်သင့်လုပ်ပြီး နိုင်ငံရေး သူငယ်နာ ဆေးအတုအယောင်တွေရဲ့ ဘေးက ကာကွယ်ကြရမယ်၊ ရှေးဟောင်း သုခမ္မာဇရပ် စုလစ်မွန်းချွန်ကြီးတွေကို ဆောက်ခဲ့ကြတဲ့ ဗိသုကာအကျော်အမော်များလို အတိုင်းတိုင်း အပြည်ပြည်က လူများဟာ သစ်လွင်ကောင်းမွန်တဲ့ ဥရောပတိုက်ကြီးကို တည်ဆောက်တဲ့နေရာမှာ အုတ်တချပ် သဲတပွင့်အနေနဲ့ ပါဝင်နေကြတယ်၊ ကျွန်တော်တို့နဲ့ ဂျာမနီပြည်ရဲ့ကြားမှာ ဘာများ ခြားနားတာ ရှိသလဲ၊ မြစ်တမြစ်နဲ့ အထင်လွဲမှုတချို့ ရှိနေတယ်၊ ဥရောပရဲ့ နယ်နမိတ်တွေဟာ ဒီမှာမရှိဘူး၊ အရှေ့တိုင်းမှာ ရှိနေတယ်၊ ဆိုရှယ်လစ်ဆန်တဲ့ အရှေ့တိုင်းတပိုင်း တိုင်းပြည်နားမှာ ရှိနေတယ်”

လူငယ်ရေဒီကယ်များက သောင်းသောင်းဖြဖြ ဩဘာပေးကြသည်။ တက်စက ဆက်ပြော၏။

“ကွန်မြူနစ်တွေဟာ ပြည်သူ့တပ်ဦးမှာ သဘောတူညီချက်တွေကို ချိုးဖောက်ခဲ့ကြတယ်၊ ဟုတ်တယ်၊ ကွန်မြူနစ်တွေဟာ ကျွန်တော်တို့လူမျိုးရဲ့ အပြင်ပက သတ္တဝါတွေ ဖြစ်တယ်”

ပရိသတ်က နောက်ထပ်ဩဘာပေးကြပြန်သည်။ ကိုယ်စားလှယ်များသည် အီလည်လည် ဖြစ်နေသည်ကို ငြီးငွေ့လှပြီ။ တက်စက ပြတ်ပြတ်သားသား ပြောသည့်အခါတွင် သဘောကျနေကြ၏။ နေ့လယ်ပိုင်းတွင် ဟော်တီမန်းမြို့နယ်မှ ကိုယ်စားလှယ်များက ဂုဏ်ပြုသည့်အနေဖြင့် တက်စကို နေ့လယ်စာ တည်ခင်းသည်။ ထိုဂုဏ်ပြုပွဲတွင် တက်စက ဂုဏ်ယူဝင့်ကြွားစွာဖြင့်...

“ဥရောပရဲ့ ရာသီဥတုဟာ ပြောင်းသွားပြီ၊ ခင်ဗျားတို့ လူငယ်တွေနဲ့အတူ ကျွန်တော်ရှိတယ်၊ ခေတ်မမီတော့တဲ့ ဆောင်ပုဒ်တွေကို ဆုပ်ကိုင်ထားလို့ အလကားပဲ၊ ဘာမှ အကျိုးမထူးဘူး၊ ကျွန်တော်တို့ ရေဒီကယ်ပါတီဟာ ရှင်သန်နိုးကြားနေတဲ့ ပါတီကြီး ဖြစ်တယ်၊ ဘာရီကျူးက စနစ်ဟောင်းကို ဖျက်သိမ်းပြီး နိုင်ငံခြားက တင်သွင်းလာတဲ့ စနစ်တခုကို အတင်းရိုက်သွင်းဖို့ ကြိုးစားနေတယ်၊ မဖြစ်နိုင်ဘူး၊ ပါလီမန်ဝါဒရဲ့ ရောဂါဆိုးကြီးကို ကျွန်တော်တို့ကိုယ်တိုင် ဖျက်သိမ်းပစ်မယ်၊ ကျွန်တော်တို့ဟာ အာဏာရှင်စနစ်သစ်ကို ထူထောင်ကြရမယ်၊ ကျွန်တော်တို့ ထူထောင်မယ့် အာဏာရှင်စနစ်ဟာ ကျွန်တော်တို့ ပြည်သူလူထုရဲ့ ဉာဏ်ပါရမီ၊ လွတ်လပ်မှုကို

မြတ်နိုးတဲ့ ကျွန်တော်တို့ပါတီရဲ့ အစဉ်အလာနဲ့လဲ ကိုက်ညီရမယ်”

အလွန် ခမ်းနားကောင်းမွန်သည့် နေ့လယ်စာစားပွဲကြီးကို သုံးဆောင်နေစဉ် မြို့လယ်ကောင်တွင် မီးအကြီးအကျယ်လောင်နေကြောင်း သတင်းရသည်။ တက်စသည် ရုန်းရင်းဆန်ခတ်ဖြစ်မှုကို ကြိုက်သူမဟုတ်။ ငယ်ငယ်တုန်းက ရေကြီးသည့်ကိစ္စ၊ မီးလောင်သည့်ကိစ္စတို့ကို ကလေးတွေ ပြေးကြည့်ကြလျှင် တက်စ အလွန်စိတ်ဆိုးတတ်သည်။ ရေ၊ မီး စသည့် သဘာဝဓာတ်ကြီးများ မင်းမူနေသည်ကို မြင်ရလျှင် တက်စ စိတ်အနှောင့်အယှက် ဖြစ်သည်။ သို့ရာတွင် ဤတကြိမ်၌မူ ကံဆိုးသည့် မီးဘေးသင့် ဒုက္ခသည်များကို သွားရောက်အားပေးရန် ဝတ္တရားရှိသည်ဟု တက်စ ယူဆ၏။

ယူနီဘာဆယ် ကုန်တိုက်ကြီးမှာ မီးခြစ်ခွံလေးတခုနှယ် တဟုန်းဟုန်း လောင်ကျွမ်းနေသည်။ လေကလည်း တိုက်နေသဖြင့် မီးသည် လမ်းအခြားတဘက်ရှိ အဆောက်အအုံကောင်းများဘက်သို့ပါ ကူးလာသသည်။ တက်စကို မြင်သည့်အခါတွင် ပုလိပ်များက ဖနောင့်ချင်းရိုက်၍ အလေးပြုကြသည်။ မီးခိုးတွေမွန်သဖြင့် တက်စ ချောင်းတဟွတ်ဟွတ် ဆိုးနေသည်။ လူအုပ်ကြီးတွေကြားမှ အော်ဟစ်နေသည့် ဟဲရီးယော့ကို လှမ်းမြင်လိုက်ရသည်။ “မီးက သိပ်ကြီးတယ်၊ လိုင်ယွန်က မီးသတ်ကို လှမ်းခေါ်ထားတာ ခုထက်ထိ မရောက်သေးဘူး၊ ဘယ်တော့မှ ရောက်မှာလဲကွ” ဟု အော်နေသည်။ အချို့ဆိုင်များတွင် ဆိုင်ရောင်းသည့် သူငယ်မကလေးများ ပြေးပေါက် မရှိသဖြင့် မီးထဲပါသွားကြကြောင်းဖြင့် လမ်းတွင် ပြောနေကြသည်။ လီဘရေ့ လက်သပ်မွေးထားသည့် လူမိုက်များသည် ပါတီကွန်ဖရင့်အကြောင်းကို မေ့သွားကြပြီ။ ဟိုတယ်များထဲသို့ ဝင်ကာ တွေ့ရာပစ္စည်းကို ကောက်ယူကြသည်။ “မီးသတ်ပိုက်လဲ ကောင်းကောင်း မရှိဘူး၊ လှေကားလဲ မရှိဘူး” ဟု ပြောသံများကို ကြားရ၏။ ဖက်ဆစ်များကမူ မီးလောင်သည်ကို အခွင့်ကောင်းယူကာ တွင်တွင် ဝါဒဖြန့်ကြသည်။ “လောင်မှာပေါ့။ အစိုးရကိုက မဟုတ်မှ မဟုတ်ပဲ၊ အီတလီမှာဆိုယင် ဘယ် ဒီလိုမီးလောင်မလဲ” ဟု တီးတိုးဝါဒဖြန့်ကြသည်။

တက်စသည် မီးလောင်သည့် ရှုခင်းကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိသည်။ မီးတောက်ကြီးများသည် အဆောက်အအုံ မြင့်မြင့်ကြီးတွေထဲမှ တိုးထွက်လာကာ မီးခိုးတို့ဖြင့် မည်းမှောင်နေသည်။ ကောင်းကင်သို့ တက်နေကြသည်။ ငယ်ငယ်က ဤလို သဘာဝဖျက်ဆီးမှုမျိုးကို ကြောက်ခဲ့သည့်တိုင် ယခု သေသေချာချာ ကြည့်သည့်အခါတွင် ကြောက်စရာမကောင်းတော့။ မီးရှူးမီးပန်း ဖောက်သည်ကို ကြည့်ရသည့်နှယ် ဖြစ်နေသည်။ သို့ရာတွင် တက်စသည် သတိကို ပြန်ထိန်းလိုက်၏။ ဤမြင်ကွင်းသည် ပျော်စရာမဟုတ်။ ကြည်နူးစရာ မဟုတ်။ ဆုံးရှုံးမှုကြီး ဖြစ်သည်။ ဘရိုကျူးတို့ လူသိုက်သည် မီးလောင်သည်ကို အခွင့်ကောင်းယူကာ အစိုးရဆန့်ကျင်ရေး ဝါဒဖြန့်ကြတော့မည်။ ကွန်ဖရင့် ကျင်းပနေချိန်တွင် မီးလောင်ခြင်းမှာ အရုပ်ဆိုးသည်။ မာဆေးလ်မြူနီစီပယ်တွင် အာဏာရနေသူများမှာ ဆိုရှယ်လစ်များနှင့် ရေဒီကယ်ပါတီဝင်များ မဟုတ်ကြသောကြောင့် တော်သေးသည် ဆိုရမည်။ သို့မဟုတ်လျှင် သူတို့ပါတီကို ဘရိုကျူးတို့က အပုပ်ချလိုက်မည့်ဖြစ်ခြင်း၊ လူဦးရေတသန်းရှိသည့် မြို့ကြီးတွင် မီးရှောင်လမ်း တလမ်းမှ မရှိဆိုလျှင် မီးလော့ဒ်က မည်သို့ပြောမည်နည်း၊ အလကားလူတွေ။ ဟဲရီးယော့အဖို့လည်း အစိုးရကို အပုပ်ချဖို့ အကွက်ရသွားပြီ။ သူ့မဲဆန္ဒနယ်ဖြစ်သည့် လိုင်ယွန်မှာ မီးသတ်ကားကို သူမှာပေးရသည်ဟု ပြောတော့မည်။ ဆိုင်ရောင်းသည့် သူငယ်မလေးတွေ မီးထဲပါသွားကြသည်မှာလည်း စိတ်မကောင်းစရာ။

တက်စ တည်းခိုသည့် ဟိုတယ်လည်း တပိုင်း မီးထဲပါသွားသည်။

ကိုယ်စားလှယ်ဝန်ကြီးများကို မြို့လယ် မြူနီစီပယ်ခန်းမသို့ ရွှေ့ပြောင်းထားရသည်။ ပစ္စည်းများကိုပါ ပြောင်းရ၏။ ကိုယ်စားလှယ်များ၏ စာရွက်စာတမ်းများလည်း ပျောက်ပျက်ကုန်ကြသည်။ တက်စကား သူ့ဖိုင်တွဲကို လက်ကမချ။ လူဆန်း စာကို ခိုးပြီးကတည်းက စာရွက်စာတမ်းဆိုလျှင် တက်စ အမြဲသတိထားသည်။ သူ့ပစ္စည်းကမူ အပျောက်အရှ သိပ်မရှိလှ။ လိပ်ခွံလက်ကိုင်နှင့် အဝတ်သေတ္တာတလုံးသာ ပါသွားသည်။

မြူနီစီပယ်ခန်းမ ဧည့်ခန်းထဲတွင် မီးဖိုပေးထား၏။ တက်စသည် မီးတောက်များကို ငေးကြည့်ယင်း ပြုံးနေရာမှ ဝန်ကြီးချုပ် ဒလားဒီးယားဘက်သို့ လှည့်၍...

"ကျွန်တော့် ပစ္စည်းတော့ သိပ်ပါမသွားဘူး ဝန်ကြီးချုပ်၊ သေတ္တာလေး တလုံးတည်းရယ်"

ဝန်ကြီးချုပ် စိတ်တိုနေသည်။ မီးလောင်သည့်ကိစ္စသည် မကောင်းသည့် အတိတ်နိမိတ်ဟု သူယူဆသည်။ ဤကြားထဲတွင် တက်စက အဘယ့်ကြောင့် တပြုံးပြုံး ဖြစ်နေရသနည်း။ တက်စကမူ ကွန်ဖရင့်တွင် သူ အသာစီးရသည်ကို တွေး၍ ကြည်နူးနေသည်။ မီးလောင်တော့ကော ဘာအရေးနည်း။ နောက်တပတ်လောက်ကြာလျှင် မီးလောင်သည့်ကိစ္စကို လူတွေမေ့သွားကြတော့မည်။ သို့ရာတွင် ပြင်သစ်ပြည်ကြီး၏ လမ်းစဉ်ကမူ နှောင် နှစ်တော်တော်ကြာအထိ စိတ်ချရပြီ။ ခေတ်သစ်ကြီးတခေတ် အစပြုတော့မည်။ နောက်တခါ အကျပ်အတည်းကြီးတခု ဖြစ်လျှင်မူ အစိုးရအဖွဲ့ကို သူခေါင်းဆောင်၍ ဖွဲ့ရတော့မည်။

တက်စသည် နောက်မှီမြင့်မြင့် ကုလားထိုင်ကြီးပေါ်တွင် ထိုင်ယင်း မျက်လုံးများကို မှိတ်၍ စဉ်းစားနေသည်။ ထိုစဉ် ကြေးနန်းတစောင် ရောက်လာ၏။ သူ့ဇနီး ရုတ်တရက် အခြေအနေဆိုးလာကြောင်း မိသားစုဆရာဝန်ထံမှ ရိုက်လိုက်သည့် ကြေးနန်းဖြစ်သည်။

ပါးစပ်ထဲတွင် မျက်ရည်တွေ ရောက်လာကာ ငန်ပျပျ ဖြစ်နေသည်ဟု ထင်လိုက်ရသည်။ သို့ရာတွင် ချက်ချင်း ဣန္ဒြေဆည်လိုက်၏။ လက်ထဲက စာရွက်ပြာပြာကလေးကို ဝန်ကြီးချုပ်လက်ထဲသို့ ထည့်လိုက်သည်။

"ကျွန်တော် ပါရီကို ချက်ချင်း ပြန်မှဖြစ်မယ် ဝန်ကြီးချုပ်၊ မနက်ဖြန် အစည်းအဝေးကတော့ ပေါ်လစီပြဿနာတွေ မရှိတော့ပါဘူး၊ လုပ်ငန်းပိုင်းလောက်ပဲ ကျန်တော့မှာပါ၊ ဝန်ကြီးချုပ်ပြောတာ ဟုတ်တယ်၊ မီးလောင်တာ နိမိတ်မကောင်းဘူး၊ ဒါပေမယ့် ကျွန်တော် စိတ်ထိန်းနိုင်ပါတယ် ဝန်ကြီးချုပ်၊ စိတ်ချပါ"

ခပ်မှောင်မှောင် အခန်းထဲတွင် ဖယောင်းတိုင်နှစ်တိုင် လင်းနေသည်။ နှင်းပန်းနံ့က အောက်သိုးသိုး။ သူ့ဇနီး၏ မျက်နှာက တည်ငြိမ်လျက်။ ပျော်သည့်အသွင်ကိုပင် ဆောင်နေသည်။ ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့မှ ကင်းဝေးလွတ်မြောက်သဖြင့် ပျော်ရွှင်ချမ်းမြေ့နေသည့်ပုံ။ တက်စက ခုတင်ဘေးတွင် ဝင်ထိုင်လိုက်၏။ သူ့ရင်ထဲတွင် ရှုပ်ထွေးနေသည်။ သည်မယားနှင့် အနှစ်သုံးဆယ့်ခြောက်နှစ်လုံးလုံး ပေါင်းခဲ့ကြသည်။ သူ့ဇနီးသည် အမြဲတမ်း သေတွင်းနှုတ်ခမ်းပေါ်မှာ လျှောက်နေခဲ့ရသည်။ အမြဲတမ်း ညည်းတွားလျက်။ သောကရောက်လျက်။ အသက်ကို ပင်ပန်းစွာ ရှူလျက်။ အသက်ရှူ၍ နေသော်လည်း သေသည်နှင့် ဘာမျှမခြား။ "သူမရှိတော့ဘူး" ဟု ပြောသည့်အခါတွင် သာမန်ပြောရိုးပြောစဉ် ပြောရသည့်နှယ်။ မှိတ်တုတ်မှိတ်တုတ် လင်းနေသည့် ဖယောင်းတိုင်မီးများနှင့်

ပန်းပွင့်များကြားမှ သူ့ဇနီး၏ မျက်နှာကို ကြည့်ယင်း တက်စ၏စိတ်သည် အတိတ်သို့ ပြန်ရောက်နေသည်။ ကျောင်းသားဘဝတုန်းက ပျော်ခဲ့နောက်ခဲ့ကြသည်ကိုလည်း အမှတ်ရသည်။ အရာအားလုံးသည် လင်းနေသည့် မြူထဲတွင် ပေါ်သလို ပေါ်လာကြသည်။ "ပျော်စရာတွေ မဟုတ်သေးပါဘူး၊ ငါ ဘာတွေ တွေးနေတာလဲ" ဟု သူ့ကိုယ်သူ သတိကို ပြန်ထိန်းသည်။ ဝမ်းနည်း၍မရ။ သူ့ဇနီးကို အောက်မေ့ချင်သည်။ ဦးစားပေးချင်သည်။ သူ့မိန်းမကို ပန်းစည်းတွေ လက်ဆောင်မပေးခဲ့သည်မှာ ကြာလှပြီ။ ယခင်တုန်းကဆိုလျှင် မှန်မှန်ဝယ်ပေးခဲ့သည်။ သူ့ဇနီးက ပင်စည်ပန်းများနှင့် ဇော်မွှားပန်းကို ကြိုက်တတ်သည်။ သူတို့နှစ်ယောက် တွေ့ခဲ့ကြပုံကို သူအမှတ်ရသည်။

ထိုစဉ်က နွေဦးပေါက်။ သူ ဘွဲ့ရပြီးခါစ။ သူက လက်တင်ရပ်ကွက်မှာ နေတုန်း။ အနားပတ်ပြားကြီးကြီး ဦးထုပ်ကြီးနှင့် လည်စည်းခပ်လျော့လျော့ကို စည်းလျက်။ ဆိုရှယ်လစ်ခေါင်းဆောင် ဂျော်ရေး၏ မိန့်ခွန်းများနှင့် ရိုဒင်၏ ပန်းပုများကို သဘောကျဆဲ။ အချစ်ကို ယုံကြည်နေဆဲ။ သို့ရာတွင် "ကျွန်တော်တို့ သွေးတွေကို ပစ္စည်းမဲ့တွေရဲ့သွေးနဲ့ နှောရမယ်" ဟု ပြောယင်း ပန်းသည်ကလေးတွေကို ပိုးပန်းနေချိန်။ ဒေါနအရက် သုံးလေးခွက် ဝင်ပြီဆိုလျှင် ဂိုးမောင့်၏ ကဗျာများကို ရွတ်ခဲ့ပုံ။

တက်စသည် ဂိုးမောင့်၏ ကဗျာများကို သူ့ဇနီးလောင်းကိုလည်း ဖတ်ပြသည်။ ထိုစဉ်က သူ့ဇနီးက အာဆူလင်း သီလရင်ကျောင်းမှ ထွက်လာပြီး ရောက်လာခါစ။ ဂိုးမောင့်၏ ကဗျာများကို သူက ရွတ်ပြသည့်အခါတွင် သူ့ဇနီးလောင်းက မျက်ရည်ကလေး စမ်းစမ်းနှင့် နားထောင်တတ်သည်။ ဇာလက်ကိုင်ပဝါကလေးကို ဆုပ်ခြေနေတတ်သည်။ တက်စသည် ဇနီးလောင်းကို ဇာတ်ပွဲသို့ လိုက်ပြ၏။ မှတ်မှတ်ရရ သူတို့သွားကြည့်သည့်ဇာတ်က "အိုဒီပ" ဆိုသည့် အလွမ်းဇာတ်။ သည်တုန်းက အလွမ်းမင်းသမီး မိုနေးဆာလီက နာမည်ကြီးစ။ ရထားတွေကလည်း ရထားလုံးတွေ။ ဘေးပြတင်းပေါက်များတွင် ကန့်လန့်ကာ အပြာကလေးတွေကို တပ်ကြသည်။ ရထားသမားက ဦးထုပ်မြင့်မြင့်ကြီးတွေ ဆောင်းပြီး ရထားအမိုးပေါ်က ထိုင်မောင်းသည်။ ဗိုးဒီဘိုလုံး ရပ်ကွက်က လမ်းမှောင်မှောင်တွင် ရထားလျှောက်စီးကြ၏။ တက်စက နမ်းလိုက်သည်။ သူ့ဇနီးလောင်းက ဖဲကြိုးရှည်ရှည်တွေ ချထားသည့် ဦးထုပ်ကြီးကို ဆောင်းထား၏။ "သိပ်ပျော်တာပဲ မောင်ရယ်" ဟု ဆိုကာ သူ့ကို ပြန်ဖက်သည်။ လွတ်ပင် မလွတ်တော့။ သည်တုန်းက သူ့နှုတ်ခမ်းများသည် ပေါလက်၏ နှုတ်ခမ်းများလို ရောင်အမ်းနေသည် ထင်ရ၏။

တက်စသည် ထိုအရာများကို တွေးယင်း သူ့ကိုယ်သူ ဒေါပွလာသည်။ မအပ်မရာတို့ကို အဘယ်ကြောင့်များ သွားတွေးမိလေသနည်း။ တကယ်က သောကရောက်ရမည့် အချိန်။ ပူဆွေးရမည့်အချိန်။ "သူမရှိတော့ဘူး၊ သူဆုံးပြီ" ဆိုသည့် စကားလုံးများကို စိတ်ထဲတွင် ရွတ်သည်။ ထိုစကားလုံးများသည် သူ့သောကကို ဖော်ပြဖို့ ကောင်း၏။ သို့ရာတွင် ထိုစကားများသည် မည်သည့်အဓိပ္ပါယ်ကိုမျှ မဆောင်သည့်နှယ်။ ဟာလာဟင်းလင်း။ ထိုစကားများကို ပါးစပ်မှ ထုတ်ပြောသည့်တိုင် သူကြားနိုင်မည် မဟုတ်တော့။ သူ့နာမည်ကို ခေါ်လျှင်လည်း ထူးနိုင်မည် မဟုတ်တော့။ တကယ်မှ ဟုတ်ပါ၏လော။ သူ့ဇနီးသည် အလွန် အအိပ်ဆတ်သူ ဖြစ်၏။ မဟုတ်။ ထိုသို့ပင် ပြော၍မရတော့။ အတိတ်ဖြင့် ပြောရတော့မည်။ အအိပ်ဆတ်သူ ဖြစ်ခဲ့သည်ဟုသာ ပြောရတော့မည်။ မာဆေးလ်ကွန်ဖရင့်အကြောင်းကို ပြော၍ မပြရတော့။ မရတော့။ ဖိုးဂျက်အကြောင်းကို လည်းကောင်း၊ မီးလောင်သည့်အကြောင်းကို လည်းကောင်း ပြော၍ မရနိုင်တော့။ နောင်တွင် မည်သည့်စကားကိုမျှ ပြော၍ မရနိုင်တော့။

သူ့အိပ်ရာဘေးတွင် ထိုးလက်စ သိုးမွေးထည်က ပုံလျက်။ သူ့ဖို့ သိုးမွေးလည်စီးတခု ထိုးနေသည်မှာ မပြီးသေး။ သိုးမွေးလုံးနှင့် အပ်များက အိပ်ရာဘေးတွင် ကျလျက်။ တက်စသည် သိုးမွေးထိုးချက်များကို ရေနေသည်။ ထိုနောက် အိပ်ငိုက်သွား၏။ လမ်းတွင် သောကကြောင့် တမေးမျှ မပျော်ခဲ့။

အခန်းထဲသို့ ဒင်းနိစ် ဝင်လာသည်ကို မသိလိုက်။ သတင်းစာများထဲတွင် ကြေငြာတွေ့သဖြင့် အပြေးအလွှား ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူ့အမေကို မြင်လိုက်သည့်အခါတွင် အံ့အားသင့်နေသည်။ သူ့အမေကို ဤသို့ တွေ့ရလိမ့်မည်ဟု တခါမျှ မတွေးထင်မိ။ မေမေ့မျက်နှာက အဆင်ခြင်ဉာဏ်တရားကို ဖော်ပြလျက်။ "မေမေ့ကို ငါတသက်လုံး နားမလည်ခဲ့ပါလား" ဟု တွေးမိသည်။ သို့ရာတွင် နောက်ကျခဲ့ပြီ။ သူ့အဖေကို လှမ်းကြည့်လိုက်သည်။ သိုးမွေးစိမ်းတလုံးကို ပေါင်ပေါ်တွင်တင်ယင်း ထိုင်လျက် အိပ်ပျော်နေသည်။ ဘုရားခန်းထဲတွင် နှင်းပန်းတွေ ဝေလျက်။ ခြောက်အိပ်မက်ကို မက်နေရသည့်နှယ်။ သူမကြည့်ချင်။ သူမမြင်ချင်။ အားလုံးတွေ အထူးအဆန်းချည်း။ သူ့မေမေ၏ လက်များသာလျှင် သူ့အဖို့ အထူးအဆန်း မဖြစ်တော့။ သူ့ကလေးဘဝကို ပထမဆုံးအကြိမ် ဒင်းနိစ် အဝေးမှ မြင်ရပြီ။ ပူနွေးသည့် နှုတ်ခမ်းများကို မေမေ၏ သေးကွေးအေးစက်နေသည့် လက်များသို့ ကပ်လိုက်သည်။ ထိုအခါကျမှ သူငိုနေကြောင်းကို သူ့ဘာသာ သိတော့သည်။ ငိုချလိုက်ရသဖြင့် သူ့အမေ မရှိတော့သည်ကို သူသတိရ၏။ သို့ရာတွင် သောကသည် ပျောက်မသွား။ ရင်သည် ပေါ့ပါးမလာ။ အားရအောင် ငိုပြီးသည့်နောက်တွင် ဒင်းနိစ်သည် အခန်းအပြင်ဘက်သို့ ခြေဖျားထောက်၍ ထွက်လာခဲ့သည်။ ရှည်လျားသည့် စြင်္ကံတလျှောက် လျှောက်လာခဲ့၏။ ရှေ့နေဝတ်ရုံကို ဝတ်ထားသည့် သူ့အဖေ၏ ပုံများသည် နံရံပေါ်မှ ငုံ့ကြည့်နေသည် ထင်ရ၏။ အပြင်ဘက် လမ်းမများတွင် ပျော်စရာ။ မိုးတဖွဲဖွဲ ရွာနေသည့်ကြား၌ မီးရောင်များက ကတ္တရာစေးလမ်းများပေါ်တွင် အရောင်ဟပ်လျက်။ အရာအားလုံးသည် တောက်ပနေကြသည်။ အနက်ရောင်၊ မရန်းရင့်ရောင်၊ ငွေရောင်။

မေမေသည် သေခါနီးတွင် သရဏဂုံ တင်သွားခဲ့သည်။ သို့ရာတွင် တက်စက သူ့မိန်းမ၏ အသုဘကို ဘာသာရေး အဆောင်အယောင်တွေ မပါရဟု ဆို၏။ ဘာသာရေးဆန်ဆန် လုပ်နေလျှင် သူ့ကို ပါတီထဲက လက်ဝဲဂိုဏ်းက "မပြတ်သားဘူး" ဟု ပြောကြဦးမည်။ မာဆေးလ်ကွန်ဖရင့် ကျင်းပနေစဉ်တွင် ပါတီထဲက လက်ဝဲဂိုဏ်း ဆန့်ကျင်မည့် အပြုအမူများကို အဘယ့်ကြောင့် လုပ်နေမည်နည်း။ အသုဘ ခေါင်းလောင်းသံများကို ကြားရပြီးနောက် အသုဘချလာသည်။ တက်စက ရှေ့ဆုံးမှ လိုက်လာ၏။ ထိုနောက် အမျိုးသားများနှင့် အမျိုးသမီးများ လိုက်လာကြ၏။ ဝန်ကြီးကတော်၏ အသုဘဖြစ်၍ "ပါရီတမြို့လုံး"က ထွက်ကြည့်ကြသည်။ ကားပေါင်းများစွာကို တခြားလမ်းတွေမှာ သွားရပ်ထားရသည်။ လွှတ်တော်စသည့်နေ့တွင် မြင်ခဲ့ရသည့် ကားမျိုးစုံကို ဤအသုဘတွင် မြင်ရသည်။ ဇာတ်ရုံများတွင် ဇာတ်ထုပ်သစ်တင်သည့် ညများတွင် တွေ့ရတတ်သည့် ကားများအားလုံးကို တွေ့ရသည်။ လွှတ်တော်ထဲမှ အမတ်အစု အမျိုးမျိုးက တက်စကိုလာ၍ ဝမ်းနည်းစကား ပြောကြသည်။ သူတို့ထဲတွင် ရေဒီကယ်ခေါင်းဆောင် မာရင်း၊ ဆိုရှယ်လစ် ဝန်ကြီးချုပ်ဟောင်း ဗီးလ့ဒ်၊ မာရှန်ဒေါ့၊ ဘရီကျူး စသည်တို့လည်း ပါသည်။ ရှေ့နေတွေ၊ ကုမ္ပဏီဒါရိုက်တာတွေ၊ အစိုးရရှေ့နေတွေ၊ ကုန်သည်ကြီးတွေ (ရော့သ်ရှီး၊ ဒက်ဇာ၊ မျူးဂျား စသည့်)၊ သတင်းစာဆရာတွေပါ လိုက်ပို့ကြသည်။ ဇာတ်သဘင် ထုတ်လုပ်သူတွေ၊ သံတမန်တွေလည်း လာကြသည်။ ဝန်ကြီးတက်စ၏ ဇနီးအသုဘသို့ ဂျာမန်သံရုံး ကောင်စစ်ဝန် လိုက်ပို့ခြင်းသည် "နိမိတ်ကောင်း"

ဖြစ်သည်ဟု ယူဆကြ၏။ ပန်းခွေများကို လော်ရီကားကြီးတစီးဖြင့် တင်လာရသည်။ ဘုကြီးကြီး ပဿူးကြိမ်တချောင်းကို ယမ်းကာယမ်းကာဖြင့် "ဖိုးဂျက် မာဆေးလ်မှာ အရိုက်ခံရတာကို ကြားပြီးကြပလား" ဟု ဂျိုလီယော့က သတင်းစာဆရာများကို ပြောလာသည်။ တက်စသည် အသုဘနောက်မှ တည်ငြိမ်စွာ လိုက်လာ၏။ သို့ရာတွင် လက်ကိုင်ပဝါကို ထုတ်ပြီး မျက်နှာကို မကြာမကြာ သုတ်သည်။

သူ့ဇနီး၏ အလောင်းကို ပီရေလာရေ သုသာန်တွင် မြှုပ်နှံသည်။ ပါရီတွင် အခမ်းအနားဆုံးသုသာန် ဖြစ်၏။ တက်စသည် သွားလေသူ ဇနီးအသုဘအတွက် ငွေကြေးအမြောက်အမြား အကုန်ခံသည်။ အလှဆုံး မြေနေရာကို ဝယ်သည်။ သူ့အတွက်လည်း မြေကွက်တကွက် ဝယ်လိုက်သည်။ ထိုခေတ်က မသေမီကတည်းက သုသာန်တွင် မြေကို ကြိုဝယ်ကြမြဲ။ ဘယ်သူ့မြေက ဘယ်လောက်ကောင်းသည်။ ဘယ်သူက ဘယ်နေရာကို ဝယ်သည်ဟု ဂုဏ်ပြိုင်ကြမြဲ။ တက်စသည် သေခြင်းတရားအကြောင်းကို တတ်နိုင်သလောက် မစဉ်းစားပဲနေသည့်တိုင် "ထာဝရ နေထိုင်ရန်" မြေတကွက်ကိုမူ ဝယ်ထားလိုက်၏။ ဂုဏ်သရေရှိ သင်္ချိုင်းတွင် နေရာတနေရာရဖို့ အရေးကြီးသည် မဟုတ်လော။ သူ့ဇနီးသင်္ချိုင်း ဝဲဘက်တွင် ရေတပ်စစ်ဗိုလ်ချုပ်၏ သင်္ချိုင်းရှိပြီး ညာဘက်တွင် အထက်လွှတ်တော်အမတ်တဦး၏ ဇနီးသင်္ချိုင်းရှိသည်။

သင်္ချိုင်းပေါင်းစုံသို့ တက်စ ရောက်ဖူးလှပြီ။ ဝန်ကြီးများ၊ အမတ်များ၏ အသုဘကို ဝတ္တရားအရ လိုက်ပို့ရသည် မဟုတ်လော။ ယခုမူ သုသာန်ကို ပိုင်ရှင်မျက်လုံးဖြင့် ကြည့်မိသည်။ ကြည့်၍လည်း အံ့အားသင့်နေသည်။ လက်စသတ်တော့ သုသာန်ဆိုသည်မှာ အခြားမဟုတ်။ ရွာတရွာ၊ မြို့တမြို့ ပါတကား။ လမ်းနာမည်တွေနှင့်။ အိမ်နံပါတ်တွေနှင့်။ အိမ်နံပါတ်မဟုတ်။ သုသာန်နံပါတ်တွေနှင့်။ သန့်ရှင်းလိုက်သည်ကလည်း ဆိုစရာမရှိ။ သုသာန်စောင့်က ခြောက်သယောင်းနေသည့် သစ်ကိုင်းများကို လိုက်ဖြတ်နေသည်။ သုသာန်က နည်းနည်းတော့ လူနေထူထပ်သည်။ သို့ရာတွင် သေသည့်အခါတွင် ကျောချင်းကပ်၍ နီးနီးကပ်ကပ် နေကြရမည် မဟုတ်လော။ မည်သို့ဖြစ်စေ သုသာန်သည် သာယာသည့် ရပ်ကွက်တခု ဖြစ်သည်ကတော့ အမှန်။ သုသာန်သည် မြို့တမြို့နှင့် တူနေပြီး လူ့ဘဝထဲက အစိတ်အပိုင်းတခုဖြစ်သည် ဆိုသည်ကို တက်စ ရင်ထဲတွင် လေးတေးတေး ဖြစ်နေသည်။

ကျင်းဘေးတွင် တက်စ တယောက်တည်း ရပ်နေသည်။ လူအုပ်ထဲတွင် လူဆန်း၏ ဆံပင်နီနီကို မြင်လိုက်ရသဖြင့် မျက်နှာကို တခြားသို့ လွှဲလိုက်၏။ လူဆန်းသည် သူ့ဦးလေးလူရုပ် ရောဘတ်နှင့် တူသည်။ ခဏကြာတော့ လူဆန်းသည် သင်္ချိုင်းမှတ်တိုင်များ နောက်ကွယ်တွင် ပျောက်သွား၏။ သူ့အမေကို နောက်ဆုံး ဂါရဝပြုရန် လာပို့ခြင်း ဖြစ်သည်။ အိမ်ကိုပြန်မည်လောဟု မဝေခွဲနိုင်။ ငွေပြားတွေ ဖုံးထားသည့် အသုဘခေါင်း၊ သုဘရာဇာတို့၏ ဦးထုပ်ပြားပြားကြီးများ၊ ပြောင်းဖူးပွင့်ပြာပြာတွေ ဖော်ထားသည့် ဂျိုလီယော့၏ လည်စည်းနှင့် ပိန်ချုံးနေသည့် ဘရီကျူး၏ မျက်နှာတို့ကို မြင်လိုက်ရသည့်အခါတွင် အိမ်တွင်လည်း သူ့အမေမရှိတော့ဟု ချက်ချင်း အမှတ်ရလာသည်။ ဘေးပတ်ပတ်လည်ကို မလုံမလဲ ကြည့်လိုက်ယင်း လူမိသည့် သူခိုးတယောက်လို လူဆန်းသည် ခပ်သုတ်သုတ် လှည့်ပြန်လာခဲ့သည်။

အသုဘပို့သူများက တန်းစီကာ သုဘရာဇာလက်ထဲရှိ တောင်းထဲမှ မြေခဲတခဲစီ ယူပြီးနောက် ကျင်းထဲသို့ ပစ်ချကြသည်။ ထိုနောက် တက်စကို လက်ဆွဲနှုတ်ဆက်ကြ၏။

တက်စကိုယ်တိုင် မြေစိုင်ခဲကြီးကို ကျင်းထဲသို့ ကောက်ပစ်ကာ မုဆိုးဖို၊ မုဆိုးမတို့ကို အကြိမ်ပေါင်းများစွာ လက်ဆွဲနှုတ်ဆက်ခဲ့ဖူးပြီ မဟုတ်လော။ ယခုမူ သူ့ကိုဝိုင်း၍ နှုတ်ဆက်နေကြပြီ။ လေအေးကြီး တိုက်နေသဖြင့် မျက်လုံးတွေ စပ်လာသည်။ တက်စက မျက်လုံးများကို မှေးလိုက်၏။ "အင်း... ငါ့ကိုများ မြှုပ်နေကြတာလား" ဟု တွေးမိသည်။ သူ့ဒူးများသည် ညွတ်နေကြ၏။ နောက်မှ တယောက်က ဖေးထားလိုက်သည်။ လှည့်ကြည့်သည့်အခါတွင် ဒေါ်မွှိုင်း၏ မုတ်ဆိတ်များကို မြင်ရသည်။ "ဒေါ်မွှိုင်းက ငါ့ကို မုန်းတယ်လို့ ပြောကြတာ ဟုတ်မယ် မထင်ပါဘူး" ဟု တွေးနေသည်။

လွှတ်တော်အမတ်တွေထဲက မည်သူတွေ လိုက်ပို့သနည်းဟု လှမ်းကြည့်သည်။ လွှတ်တော်ထဲတွင် မဲခွဲကြသည်ကို အမှတ်ရလာကာ သူမသေသေးဟု သတိပြန်ရသည့်အတွက် ဝမ်းသာသွား၏။ ပင်ပန်းနေသောကြောင့် စိတ်ကယောက်ကယက် ဖြစ်နေခြင်း ဖြစ်ရမည်။

ညနေပိုင်းတွင် တက်စသည် ပေါလက်ထံ သွားသည်။ အစတွင် သွားသင့် မသွားသင့် အတန်ကြာ စဉ်းစားသေး၏။ သူ့ဇနီးကို ရက်စက်ရာ ရောက်လေမည်လောဟု ဝေခွဲမရနိုင်ပဲ ဖြစ်နေသည်။ သို့ရာတွင် နောက်ဆုံးတော့ သူ့အပျော်မယားကလေးထံ ရောက်သွားသည်။ နှစ်သိမ့်မှု၊ ကြင်နာမှုကို လိုသည်မဟုတ်လော။ အိမ်တွင် မနေချင်။ အိမ်ကို ကြည့်လိုက်လျှင် ဟာလာဟင်းလင်းကြီး။ ပစ္စည်းအတိုအစကလေးတွေကို မြင်ရုံမျှဖြင့်ပင် သူ့ဇနီးကို အောက်မေ့နေသည်။

သူ့အပျော်မယားလေး ပေါလက်က ခပ်တောင့်တောင့်၊ ခပ်ချောချော။ အသံကလည်း မဆိုး။ ယခင်က ဂီတဝိုင်းများတွင် အဆိုတော် လုပ်ခဲ့ဖူးသည်။ သီချင်းက အလွမ်းသီချင်းတွေ။ သင်္ဘောသားက မုဆိုးမတယောက်၏ အလွမ်းကိုဖွဲ့သည့် သီချင်းမျိုး။ သဲကန္တာရကြီးထဲတွင် ကျဆုံးသွားရသည့် စစ်သားတယောက်အကြောင်းကို ဖွဲ့သီထားသည့် သီချင်းမျိုး။ တခါတရံတွင်လည်း သူ့သီချင်းများက နည်းနည်း ညစ်ညမ်းတတ်သည်။ အမှန်က ပေါလက်သည် သည်လို အပျက်ဘဝတွင် မနေချင်။ စိတ်ကောင်းရှိသည်။ တဘက်သားကို အလိုလိုက်တတ်သည်။ ကလေးတွေကို ချစ်တတ်သည်။ ပန်းပွင့်များကို ချစ်တတ်သည်။ လက်မှုပညာကို မြတ်နိုးသည်။ တီးဝိုင်းထဲသို့ ရောက်သွားခြင်းမှာ ငယ်ငယ်က ကောင်လေးတယောက်နှင့် ဖြစ်ပြီး မတော်တဆ ရောက်သွားခြင်း ဖြစ်၏။ တက်စနှင့်မူ လွန်ခဲ့သည့် သုံးနှစ်လောက်က တွေ့ခဲ့ခြင်း ဖြစ်သည်။ သူက နာမည်ကျော် ဝတ်လုံကြီး၊ လွှတ်တော်အမတ်၊ ယခု ဝန်ကြီး။ ဤလိုပုဂ္ဂိုလ်ကြီးက သူ့လို အညတြ အဆိုတော်လေးတယောက်ထံ လာလာနေသည်ဆိုတော့ ပေါလက် ကျေနပ်သည်။ သူ့အဖေက တောက ဆိုင်ပိုင်ရှင်ကလေး။ ပေါလက်သည် သတ်ပုံကိုပင် မှန်အောင် မရေးနိုင်။ စုံထောက်ဝတ္ထုမှအပ အခြားဘာစာကိုမျှ မဖတ်ဖူး။ တက်စကိုမူ အထင်ကြီး၏။ တက်စက အားလုံးကို နားလည်သည်။ သူ စကားပြောလျှင် ပုံတိုပတ်စကလေးတွေနှင့်။ ကဗျာကလေး ဘာလေးကလည်း ရွတ်ပြတတ်သေးသည်။ လက်တင်စကားပုံတွေကိုလည်း ကောင်းကောင်းသိသည်။ အမေရိကတိုက်အကြောင်းကိုလည်း နောကျေနေသည်။ အမေရိကတိုက်သည် တဘက်လမ်းတွင် ရှိသည့်နှယ် နှံ့စပ်အောင် ပြောနိုင်သည်။ တက်စအတွက် သူ စိတ်မကောင်း။ အလုပ်က ပင်ပန်း။ မယားက နာတာရှည် လူမမာ။ သားသမီးကလည်း အဖေကို အကောင်းမထင်။ ထို့ကြောင့် ပေါလက်သည် တက်စကို တတ်နိုင်သမျှ ပျော်အောင် ပြုစု၏။ ဆံပင်ကို သူကြိုက်သလို ပြင်ဆင်၏။ သူ့အတွက် လည်စည်းထိုးပေး၏။ မုန့်ဖုတ်ကျွေး၏။ တက်စကလည်း အလိုလိုက်သည်။ တက်စအပေါ်တွင် သူသစ္စာရှိသည်ဟု သူ့ကိုယ်သူ ထင်သော်လည်း ပေါလက်သည်

တိတ်တိတ်ပုန်း တယောက်ထားသည်။ သူနှင့် တိတ်တိတ်ပုန်း ညားနေသူက အဲလ်ဘတ်ဆိုသည့် ဂျော်ကီ။ ပေါလက်သည် တက်စအပေါ်တွင် သစ္စာဖောက်သည်ဟု သူ့ကိုယ်သူ မထင်။ သူနှင့် အဲလ်ဘတ်သည် တပတ်တကြိမ် ချိန်းတွေ့ကြသည်။ အဲလ်ဘတ်သည် ပြိုင်မြင်းအမည်များလောက်မှအပ လောကကြီးတွင် ဘာကိုမျှ နားမလည်။ စုံထောက်ဝတ္ထုပင်လျှင် မဖတ်။ ပေါလက်သည် သူ့ကိုမူ ယုယခြင်း မပြု။ လည်စီးထိုးပေးခြင်း မပြု။ မုန့်လုပ်ပေးခြင်း မပြု။ စကားလည်း ကောင်းကောင်းမပြော။ ဆာလောင်မွတ်သိပ်နေသူများ ထမင်းစားသည့်နှယ် ရမ္မက်ကြီးစွာဖြင့် စကားတလုံးမျှ မပြောပဲ ချစ်ရိုသာ ချစ်ကြသည်။ သူနှင့်ခွဲလာသည့်အခါတွင် လွမ်းလည်း မလွမ်း။ အမှတ်လည်း မရ။ နောင်တလည်းမဖြစ်။

ငှက်ရုပ်တွေ ထိုးထားသည့် ကီမိုနိုအကျႌ အပြာရောင်ကလေးကိုဝတ်ပြီး အိမ်မှာထိုင်နေစဉ် ခေါင်းလောင်းတီးသံကို ပေါလက် ကြားလိုက်ရသည်။ သည်အချိန်တွင် တက်စကို သူမမျှော်။ ရုတ်တရက် ပေါက်လာသဖြင့် အံ့အားသင့်နေသည်။ တက်စက သူ့ကိုနှုတ်ဆက်ပြီး အခန်းထဲသို့ဝင်ကာ လည်စည်းကို ဖြုတ်နေသည်။ နေရသည်မှာ တမျိုးကြီး။ အသက်ကိုပင် ကောင်းကောင်း မရှူနိုင်။ ပေါလက်သည် တက်စကို ကြည့်၍ သနားသွားသည်။ ဘာပြောရမည် မသိ။ နှစ်ယောက်သား တိတ်ဆိတ်နေကြသည်။ တက်စက အလျင်စပြောသည်။

“မာဆေးလ်မှာ မီးတွေလောင်ကတည်းက နိမိတ်မကောင်းဘူးလို့တော့ ပြောကြသားပဲ၊ ခက်တာက ငါကလဲ အတိတ်တို့ နိမိတ်တို့ကို သိပ်ယုံတာ မဟုတ်ဘူး၊ အေးလေ… တခါတလေကျတော့လဲ နင်ပြောသလို…”

ပေါလက်က အတိတ်နိမိတ်တွေကို ယုံတတ်သည်။ လေ့ကားအောက် ဖြတ်သွားရမည်ကိုပင် ကြောက်သည်။ မှန်ကွဲလျှင် အထိတ်တလန့် ဖြစ်တတ်သည်။ တက်စ စကားကို ကြားလိုက်ရသည့်အခါတွင် စိတ်လေးနေသည်။ ဂိုဏ်းစောင့်တွေ၊ နတ်တွေ တကယ်များ ရှိသည်လော မဆိုနိုင်။

“ဒီအချိန်မှာ လာဖြစ်ရတာ တော်တော်လေးတော့ ဒုက္ခများတာပေါ့ကွာ၊ ငါ့မှာ ပြဿနာတွေ တပုံကြီး၊ အလုပ်လုပ်ရဦးမယ်၊ အလုပ်သမားတွေကလဲ သပိတ်မှောက်ကြဦးမလို့တဲ့၊ ဒီတခါမှောက်ယင် ဒုက္ခ၊ တိုင်းပြည်က စစ်ကြီးဖြစ်တော့မလို့ လက်တလုံးကြားလောက်ကလေး လွတ်လာရုံ ရှိသေးတယ်”

ပေါလက်က နှစ်ရှည်စိမ်ထားသည့် အမာညက် အရက်တပုလင်းကို ထုတ်လာသည်။ တက်စက ဖန်ခွက်ကို နွေးသွားအောင် လက်ဖြင့် ကပ်ထားပြီးနောက် တခွက်မော့ချလိုက်သည်။ ပင်ပန်းသည်တို့ ပျောက်သွားပြီ။ သူ့အတွေးများသည် ရောထွေးနေကြ၏။ ပြီးမှ ရုတ်တရက်…

“မြေနှစ်နေရာ ဝယ်ခဲ့တယ်ကွ” ဟု လွှတ်ကနဲ ပြောလိုက်မိသည်။ ပေါလက်က မျက်နှာကို တဘက်လှည့်လိုက်၏။ “အို ငါ ဘာတွေ ပြောမိပါလိမ့်” ဟု သူ့ဘာသာ တွေးနေသည်။ အင်္ကျီနောက်သို့ လက်လျှိုပြီး သူ့ရင်ဘတ်ကို စမ်းကြည့်သည်။ နွေးနေသည့် သူ့ခန္ဓာကိုယ်ကို တွေ့မှ စိတ်အေးသွား၏။ သူမသေသေး။ အသက်ရှိသေးသည်။ သူ့အတွက်နှင့် ပေါလက်အတွက် နောက်ထပ်တခွက်စီ ငှဲ့လိုက်သည်။ ဖန်ခွက်နှုတ်ခမ်းချင်း ထိလိုက်ပြီးနောက် သူက ပြော၏။

“အစ်ကိုကြီး အာရုံကြောတွေ အားနည်းနေလို့ ဆရာဝန်က ဆေးပေးထားတယ်။ မင်းအစ်မကြီးကိုလဲ ဆေးပေးတာပဲ၊ သေခါနီး မခံစားရဘူးတဲ့၊ မခံစားရပေမယ့်လဲ

မထူးပါဘူးကွယ်၊ သေရတယ်ဆိုတာ ကြောက်စရာကြီးပါ၊ တမလွန်ကို ယုံတဲ့လူကတော့ ကိစ္စမရှိဘူးပေါ့လေ၊ မင်းအစ်မကြီးကတော့ ငရဲကျမှာ ကြောက်သတဲ့၊ ငါကတော့ နတ်ပြည်သွားရမယ်ဆိုယင်လဲ မသေချင်ဘူး၊ ကြောက်တာပဲ၊ ငါ့နေရာက ရေတပ်ဗိုလ်ချုပ် လာပီးယားရဲ့ ဘေးမှာ...”

နှောက်တခွက် သောက်ကြပြန်သည်။ တက်စက ပေါလက်၏ ကီမိုနိုအင်္ကျီကို ကြည့်လိုက်ပြီး...

“မင့် ညဝတ်အင်္ကျီကြီးက မကောင်းပါဘူးကွယ်၊ ငှက်ရုပ်ကြီးတွေက ပါလိုက်သေးတယ်”

အလျင်က တခါမျှ မရောက်ဖူးသည့်နှယ် အခန်းပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ထောင့်တွင် စန္ဒရားကြီးတလုံး ရှိ၏။ နံရံပေါ်တွင် ရုပ်ရှင်မင်းသား၊ မင်းသမီးပုံတွေ ချိတ်ထားသည်။ ခုတင်တလုံး၊ ခုတင်ပေါ်တွင် ကြောင်ကြောင်ကျားကျား အစွပ်တွေ စွပ်ထားသည့် ခေါင်းအုံးများဖြင့်။ အမာညက်အရက်က ကောင်းသည်။ အလွန်ကောင်းသည်။

“အမာညက်ပုလင်း မင်း ဘယ်ကရတာလဲ...၊ မင်းအစ်မကြီးက ဘုန်းကြီးကိုယ်တိုင် သူ့ကိုမြှုပ်စေချင်တာ၊ အစ်ကိုကြီးအဖို့ကတော့ အရေးမကြီးပါဘူး၊ ဒါပေမယ့် အစ်ကိုကြီးရဲ့ နိုင်ငံရေးသိက္ခာက ရှိသေးတယ် မဟုတ်လား၊ ဘရီကျူးကတော့ ဘုန်းကြီးနဲ့ ဩဂိုဟ်ယင် ဝမ်းသာမှာပေါ့။ ဒါပေမယ့် တို့ပါတီထဲက လက်ဝဲဂိုဏ်းက ကောင်တွေက ကြိုက်မှာမဟုတ်ဘူး၊ သူတို့ရန်ကိုလဲ ထည့်တွက်ရသေးတယ် မဟုတ်လား၊ ခုတလောမှာ ဒီကောင်တွေက အစ်ကိုကြီးကို တိုက်ဖို့ အကွက်ကောင်းကို စောင့်နေကြတာ၊ အေးလေ၊ သူ့အဖို့တော့ ကောင်းသွားတာပေါ့။ ခုနေ အစ်ကိုကြီး ဘာပြောပြော ကြားမှာ မဟုတ်တော့ပါဘူး၊ မင်း ဘာပြောပြောလဲ ကြားမှာ မဟုတ်တော့ဘူး၊ အစ်ကိုကြီး အကုန်စဉ်းစားပြီးပါပြီ...၊ ကဲ ပေါလက်ရေ၊ အစ်ကိုကြီးကို သီချင်းတပုဒ်လောက် ဆိုပြစမ်းကွယ်”

“မဟုတ်တာ အစ်ကိုကြီးကလဲ၊ မကောင်းပါဘူး”

နိုဝင်ဘာ နှင်းမှုန်များက ဝါဝါ၊ ညိုညို၊ မည်းမည်း။ မြို့စွန်က အိမ်ကုပ်ကလေးများမှာ စိုထိုင်းနေသည်။ ထိုနှစ် ဆောင်းဦးပေါက်တွင် လူတွေ ပျော်ပျော်ပါးပါး မရှိကြ။ အလုပ်သမားများမှာ ၁၉၃၆ ခု၊ နွေတုန်းက ရခဲ့သည့် အခွင့်အရေးများအားလုံး ဆုံးရှုံးကြရသည်။ အစိုးရက အမိန့်ပြန်တမ်းသစ်တွေ ထုတ်ကာ အလုပ်သမားများ၏ အခွင့်အရေးများကို ကန့်သတ်နေသည်။ ရုတ်သိမ်းနေသည်။ အလုပ်ချိန်ကို တိုးလိုက်၏။ အချိန်ပိုလုပ်ခများကိုလည်း လျှော့လိုက်သည်။ ကျန်သည့် လုပ်ခကလေးကလည်း အခွန်ပေးရသည်နှင့် ကုန်တော့သည်။ သပိတ်များကလည်း ဟိုတလုံး၊ သည်တလုံး။ ညီညွတ်မှု မရှိ။ ပုလိပ်များက သပိတ်မှောက် အလုပ်သမားများကို စက်ရုံထဲမှ ဆွဲထုတ်ကြသည်။ သပိတ်တားသူများကို ဖမ်းဆီးချုပ်နှောင်ကြသည်။ သပိတ်ခေါင်းဆောင်များကို "လူဆိုးဂိုဏ်း ခေါင်းဆောင်များ" ဟု ဆိုကာ တရားရုံးများက ပြင်းထန်စွာ အပြစ်ပေးကြသည်။ တိုင်းပြည်ကို မည်သူ အုပ်ချုပ်နေမှန်း မသိ။ "ကျုပ်က မုန့်ဖုတ်သမားရဲ့ သားဗျ၊ ပြည်သူရဲ့သား" ဟု လက်သီးလက်မောင်းတန်း၍ ပြောခဲ့သည့် ဝန်ကြီးချုပ် ဒလားဒီးယားလော။ ပွိုင်တိုးတွင် ကွန်မြူနစ်တို့က မဲပေးလိုက်သော တက်စလော။ တိုင်းပြည်က ဇဝေဇဝါ ဖြစ်နေသည်။ သတင်းစာ စောင်ရေတွေလည်း ကျနေသည်။ တရားပွဲများတွင် ခြောက်ကပ်ကပ်။ အလုပ်သမားတွေ စုလေ့ရှိသည့် ကဖီးများတွင်လည်း လူကြိုးတိုးကျဲတဲ။ လူထုများသည် စပိန်ပြည်၏ ဒုက္ခတွေကို ကြည့်ကာ "ဒီတခါတော့ တို့အလှည့်ပဲ" ဟု ပြောမိကြသည်။

ဒလားဒီးယားသည် နိုပ်ကွပ်ရေးရောဂါ စွဲနေသည်။ ဇရုတ်ဇရက် ဖြစ်မည်ကို လန့်နေသည်။ တိုင်းပြည်ကြီး မည်မျှ အားကုန်မောပန်းနေသည်ကို သူမသိ။ သူ့ဆန္ဒကျင်ဘက်များကလည်း စိတ်ကူးယဉ်နေကြသည်။ အလုပ်သမားသမဂ္ဂများက တရက် သပိတ်မှောက်ရန် ဆုံးဖြတ်ကြသည်။ မှောက်မည့်နေ့ကို အစောကြီးကတည်းက ကြိုတင်ကြေငြာထားကြသည်။ တက်စ သူ့ဇနီးကို မေ့သွားပြီ။ ရှွင်လန်းစ ပြုလာ၏။ သူသည် စစ်သေနာပတိချုပ် ဖြစ်နေ၏။ နံ့ရုံများတွင် စစ်သားစုဆောင်းရေး ကြေငြာချက်တွေ ဖွေးဖွေး လှုပ်နေသည်။ မီးရထား အလုပ်သမားများ၊ လက်နက်စက်ရုံများမှ အလုပ်သမားများနှင့် ပြည်သူ့လုပ်ငန်းဌာနများမှ အလုပ်သမားများကို စစ်သားနှင့် တတန်းတည်းထားသည်။ သပိတ်မှောက်သူများကို တပ်ပြေးများအဖြစ်

သဘောထားမည်ဟု အစိုးရက ကြေငြာ၏။ တက်စက ကျေနပ်စွာ ပြုံးလိုက်ယင်း "ဒါ... ကျွန်တော့်စိတ်ကူးတွေပဲဗျ။ အစမှာ ခက်တာပါ၊ နောက်ပိုင်းကျတော့လဲ စစ်သားစုဆောင်းရေးကိစ္စဟာ ထမင်းစားရေသောက်ကိစ္စလို ရိုးသွားတာပါပဲ" ဟု သူကပြောသည်။

တက်စနှင့် ဆွေးနွေးပြီးနောက် ဂျူလီယော့က သပိတ်မှောက်သူများသည် ဂျာမန်တို့ကို အလုပ်အကျွေးပြုနေခြင်းသာ ဖြစ်ကြောင်းဖြင့် သူ့သတင်းစာမှ ရေး၏။ "မော်စကို၏ သူလျှိုများကို သတိထားကြ" ဟုလည်း ရေးလိုက်သေးသည်။

ဒက်ဇာ အရေးနိမ့်သွားပုံကို တမြို့လုံး အုတ်အော်သောင်းတင်း ပြော၍မဆုံး ဖြစ်နေကြသည်။ စက်မှုလုပ်ငန်းရှင်ကြီးများ၏ အစည်းအဝေးတခုတွင် ဒက်ဇာက စေ့စပ်ရေးအဆိုတခု တင်သည်။ အလုပ်သမားများက သပိတ်မှောက်ခြင်း မပြုရန်၊ အစိုးရအနေဖြင့်လည်း အချို့သောအမိန့်များကို ပြန်၍ရုပ်သိမ်းပေးရန် ဖြစ်သည်။ သူ့အဆိုကို ကြားရသည့်အခါတွင် အလုပ်ရှင်များက ဒေါပွကြသည်။ မိမိတို့သည် ကွန်မြူနစ်များကို အလျှော့ပေးရမည်လောဟု ဒေါသတကြီးဖြင့် အော်ကြသည်။ "ကျွန်တော်တို့မှာ စစ်ကြီးတခုရဲ့ အန္တရာယ် ရှိနေတယ်၊ ဒီအချိန်ဟာ အလုပ်သမားတွေကို စိတ်ဆိုးနေဖို့ အချိန်မဟုတ်ဘူး" ဟု ဒက်ဇာက ငြင်းသည်။ မွန်တီနီက "ဒီအချိန်ဟာ ဒါမျိုးတွေကို ပြောနေဖို့ အချိန်မဟုတ်ဘူးဗျ၊ ကျုပ်တို့ကို ဟစ်တလာက လမ်းပြထားပြီ၊ သတ္တိရှိလို့ မှောက်ချင် မှောက်ပေ့စေ၊ အနည်းဆုံး စက်ရုံထဲမှာ ကွန်မြူနစ်တွေ ရှင်းသွားတာပေါ့" ဟု အော်သည်။

ဗီးလာ့ဒ်သည် ပါးစပ်တွင် တပ်ထားသည့် ပြဒါးတိုင်ကို ချွတ်ကြည့်လိုက်ပြီးနောက် "အင်း အဖျားကတော့ သိပ်မရှိပါဘူး၊ တရာလောက်ပဲ ရှိတာပါ" ဟု ပြောသည်။ အအေးမိနေသဖြင့် ဗီးလာ့ဒ် အနားယူထားသည်။ ဗီးလာ့ဒ်သည် ရေဒီကယ်ပါတီဝင်များ၏ ပေါ်လစီကို မကျေမနပ် ဖြစ်နေသည်။ "ဒီလူတွေဟာ အလုပ်သမားတွေကို ကွန်မြူနစ်တွေလက်ထဲ ရောက်အောင် တွန်းပို့နေတာနဲ့ အတူတူပဲ၊ ဒီအတိုင်းသာ ဆက်လုပ်နေယင် ပုန်ကန်ထကြွမှုတွေ ဖြစ်လာပြီး ဖက်ဆစ်တွေ တက်လာလိမ့်မယ်" ဟု ပြော၏။ အအေးမမိခင်တုန်းက ဗီးလာ့ဒ်က ဆောင်းပါးတစောင် ရေးခဲ့သည်။ သူ့ဆောင်းပါးက မရှင်းတရှင်း။ "လှုံ့ဆော်မှုများကို နားမယောင်ကြဖို့ အလုပ်သမားများကို သတိပေးရန်မှာ ကျွန်ုပ်တို့တာဝန် ဖြစ်ပေသည်။ အစိုးရ၏ အမိန့်များကို အလုပ်သမားများက မခံမရပ်နိုင်ဖြစ်သည်မှာ မှန်ကန်သော်လည်း အလုပ်သမားများ သပိတ်မှောက်ကြပါက တိုင်းပြည်တွင် ဘေးအန္တရာယ်ကြီးတခု ဆိုက်ရောက်လာနိုင်ပေသည်" ဟု သူ့ဆောင်းပါးတွင် ဖော်ပြထားသည်။ ဗီးလာ့ဒ်သည် သပိတ်များကို ထောက်ခံခြင်းလည်း မပြု။ ရှုတ်ချခြင်းလည်း မရှိ။ သို့ရာတွင် ဗီးလာ့ဒ်၏ မိတ်ဆွေအချို့ကမူ သပိတ်မှောက်ခြင်း မပြုရန် အလုပ်သမားများကို မေတ္တာရပ်ခံကြသည်။

ပါရီမြို့သူမြို့သားများသည် တရုတ်ကတ်တံခါးများကို ဖွင့်ကာ ယနေ့အခြေအနေ မည်သို့ရှိမည်နည်းဟု စူးစမ်းကြ၏။ ကဖီးစြက်များကို တံမြက်စည်းလှည်းကြ၏။ မနက်ခင်းက ထိုင်းထိုင်းမှိုင်းမှိုင်း။ နှင်းတွေဝေလျက်။ သို့ရာတွင် စက်ရုံများအနီးတွင်မူ သံခမောက်တွေ ပြိုးပြိုးပြက်ပြက် လက်နေကြသည်။ မီးရထားဘူတာရုံများတွင် အထူးပုလိပ်အဖွဲ့တွေ ချထားသည်။ ဘတ်စ်ကားဒရိုင်ဘာများဘေးတွင် ပုလိပ်တယောက်စီ အမြဲပါလာတတ်သည်။ ကြက်တောင်တွေ တပ်ထားသည့် သံခမောက်ဆောင်း မြင်းစီးပုလိပ်များက လမ်းမများပေါ်တွင် ခေါက်တုံ့ခေါက်ပြန် မြင်းစီးပြနေကြသည်။ ပြင်းထန်သည့် ပြစ်ဒဏ်များအကြောင်း။ အကျဉ်းသားများအကြောင်း။ အလုပ်ကြမ်းနှင့်

ထောင်ဒဏ်အကြောင်း စသည်တို့ကို လူတိုင်း ပြောနေကြသည်။

အသက်ကြီးကြီး အလုပ်သမားကြီးများမှာ မျက်နှာမှုန်သိုးကာ တိတ်ဆိတ်နေကြ၏။ သပိတ်တွေ ပြိုကွဲသွားမည်ကို သူတို့စိုးရိမ်သည်။ ဒင်းနိစ်အဖို့ကား ယခုတိုက်ပွဲသည် ပထမဆုံးတိုက်ပွဲ။ ပွဦးထွက်တိုက်ပွဲ။ သပိတ်၏ဒဏ်ကို အစိုးရ ခံနိုင်ဖွယ်ရာမရှိဟု ဒင်းနိစ် ယုံသည်။ ဤအစိုးရ ပြုတ်ကျလျှင် သူတို့တိုင်းပြည်ပြန်၍ သိက္ခာတက်လာမည်။ ယခုတိုင် ရှိသမျှ အင်အားကလေးဖြင့် ခံတိုက်နေသည့် စပိန်ကို ကူညီနိုင်မည်။

သည်လိုနေ့မျိုးကို ဒင်းနိစ် မျှော်ခဲ့သည်မှာ ကြာလှပြီ။ သည်တိုက်ပွဲမျိုးကို တိုက်ဖို့ သူ့တွင် ခွန်အားမှ ရှိပါမည်လော။ သတ္တိမှ ရှိပါမည်လောဟု သူ့ကိုယ်သူ သံသယ ရှိချင်သည်။ မစ်ရှောထံမှ လာသည့်စာများတွင် စပိန်ပြည်သူတို့၏ ရဲရင့်မှုကို ဖော်ပြထားသည့် စာပိုဒ်များ ပါသည်။ သတ္တိကြောင်သည့် အလုပ်သမားများအား ထိုစာများကို ဖတ်ပြမည်ဟု ဒင်းနိစ် စိတ်ကူးထား၏။ သူတို့ဆီသို့ စစ်သားတွေလွှတ်လျှင် "ရဲဘော်တို့နဲ့ ကျွန်မတို့ဟာ မောင်နှမတွေပါ" ဟု တရားဟောလွှတ်မည်။ ဒင်းနိစ်၏ မျက်လုံးများသည် ထိုအတွေးတို့ဖြင့် တောက်ပနေကြသည်။

အလုပ်သမားများသည် အစည်းအဝေးတခု ကျင်းပနေကြသည်။ မည်သူမျှ အလုပ်မဆင်းကြ။ ထိုစဉ် အလုပ်သမားတယောက်ရောက်လာကာ သံရည်ကျိုဘက်မှ အလုပ်သမားအချို့ အလုပ်ဆင်းနေကြကြောင်းဖြင့် လာ၍ သတင်းပို့သည်။ အလုပ်သမားများက လူငယ်ရှေ့ဆောင်သီချင်းကို ဆိုကြသည်။ သို့ရာတွင် စိတ်မကောင်းသဖြင့် ကောင်းကောင်း မဆိုနိုင်ကြ။ သူတို့အသံများသည် တိမ်ဝင်သွားကြ၏။ အလုပ်ရုံထဲသို့ အင်ဂျင်နီယာချုပ် ဝင်လာသည်။ သူနှင့်အတူ အရပ်ဝတ်ဖြင့် စုံထောက်အချို့လည်း ပါလာကြ၏။ သူတို့အထဲမှ တယောက်က ခြောက်လုံးပြူးတလက်ကို ပြောင်ကိုင်လာသည်။

"ကဲ၊ ရဲဘော်တို့၊ အလုပ်ဆင်းကြပါ၊ မဆင်းယင်လဲ စက်ရုံထဲက ထွက်ပေးကြပါ"

အလုပ်သမားများက ဒေါသတကြီးဖြင့် ပြန်အော်ကြသည်။ အင်ဂျင်နီယာချုပ်သည် လက်ကို ဝှေ့ယမ်းကာ အပြင်သို့ထွက်သွား၏။ သို့ရာတွင် ပုလိပ်များ ကျန်ရစ်ခဲ့ကြသည်။ အလုပ်သမားများသည် တီးတိုးတိုင်ပင်နေကြ၏။ သူတို့ ဘာလုပ်ကြမည်နည်း။

"တချို့က ပြန်ဆင်းနေပြီပဲ"

"ကျုပ်တို့ချည်းပဲ လုပ်လို့ ထူးမှာမဟုတ်ပါဘူး"

"ရဲဘော်တို့" ဟု ဒင်းနိစ်က အော်လိုက်သည်။ အရပ်ဝတ်နှင့် စုံထောက်များက သူ့ဆီသို့ ပြေးလာကာ ဆွဲထုတ်သွားကြ၏။ တယောက်ကမူ ဒင်းနိစ်၏လက်ကို လိမ်လိုက်သေးသည်။

အလုပ်သမားအချို့ အလုပ်ပြန်ဝင်ကြသည်။ အချို့က ထွက်သွားကြသည်။ ကျန်နေသည့် အလုပ်သမား တဒါဇင်လောက်ကို စက်ရုံရှေ့တွင် ရပ်ထားသည့် အချုပ်ကားကြီးပေါ်သို့ တင်လိုက်ကြ၏။ အတင်းထိုးတင်သဖြင့် အလုပ်သမားတယောက်မှာ သွားတချောင်းကျိုးသွား၏။ ဒင်းနိစ်၏ အဝတ်အစားများမှာ စုတ်ပြဲကုန်ကြပြီ။

"ရဲဘော်တို့ တောင့်ထားကြ၊ ကျွန်မတို့လူတွေ ကျန်သေးတယ်" ဟု ဒင်းနိစ်က သူ့ရဲဘော်များကို အားပေးသည်။ နာကျင်ခြင်းနှင့် အချုပ်အနှောင်ခံရခြင်းသည်

ဆုလာဘ်ဟု သူယူဆသည်။ သူ့ရဲဘော်များ၏ အားငယ်နေသော စိတ်ဓာတ်နှင့် မည်းမှောင်သည့် ပုလိပ်ဌာန အချုပ်ခန်းသည် သူ့စိတ်ဓာတ်ကို ချိုးဖျက်ခြင်း မပြုနိုင်။

ပုလိပ်များက သူ့ကို ရှာကြသည်။ အရက်နံ့ တထောင်းထောင်း ထွက်နေသည့် နှုတ်ခမ်းမွှေးနှင့် ပုလိပ်တယောက်က သူ့လက်ဖောင်းဖောင်းကြီးဖြင့် သူ့ကိုယ်ပေါ်သို့ လျှောက်စမ်းပြီး မကြားဝံ့ မနာသာ စကားလုံးတွေကို ရွတ်နေသည်။ ဒင်းနိစ်လည်း ဟာလာဟင်းလင်း ဖြစ်နေသည့် မျက်လုံးများဖြင့် ရှေ့တူရူသို့ စိုက်ကြည့်နေသည်။ သပိတ်ကို ဘယ်လိုများ ဆက်မှောက်ကြမလဲဆိုသည့် အတွေးတခုသာလျှင် သူ့ခေါင်းထဲတွင် ရှိ၏။

ပါရီမြို့၏ အခြားအစွန်တဘက်ဖြစ်သည့် ဘီလန်ကုတ်ရပ်ကွက်တွင်မူ အလုပ်သမားများသည် "ဆိန်း" လေယာဉ်စက်ရုံကို စီးရန် ကြိုးစားနေကြသည်။ ဒက်ဇာသည် သူ့စားပွဲတွင် ထိုင်ယင်း တနေရာတည်းကို စူးစိုက်ကြည့်လျက်ရှိ၏။ ဆေးတံကို မီးညှိသည့်တိုင် ညှိ၍မရ။ မကြာခဏ ငြိမ်းသွားသည်။ ဝဲဘက်ပခုံးနှင့် ဝဲဘက်လက်မောင်းများက ကိုက်နေသည်။ နှလုံးရောဂါများလောဟု သူ့ကိုယ်သူ စိုးရိမ်လာ၏။ သူ့တသက်တွင် ပထမဆုံးအကြိမ် အားကိုးရာမဲ့ ဖြစ်မိသည်။ အလုပ်ရှင်များ၏ အမြော်အမြင်နည်းမှုကို ကြည့်၍ ဒက်ဇာ အံ့သြသည်။ သူတို့သည် ဘာကိုမျှ နားမလည်ကြ။ ဘာကိုမျှ မမြင်ကြ။ အကန်းများသဖွယ် ဖြစ်နေကြသည်။ သူတို့သည် တိုင်းပြည်ကြီးကို ချောက်ကမ်းပါးဆီသို့ ဆွဲခေါ်နေကြသည်ဟု သူ ယူဆသည်။ သူသည် အလုပ်သမားများ သပိတ်မမှောက်ရန် အစွမ်းကုန် ကြိုးစားခဲ့သည်။ ဝန်ကြီးချုပ် ဒလားဒီးယားနှင့် တွေ့၍ ပြောခဲ့သည်။ တက်စနှင့် လည်းကောင်း၊ ဖရေဆတ်နှင့် လည်းကောင်း တွေ့ကာ သူ့ထင်မြင်ချက်များကို တင်ပြခဲ့သည်။ သူတို့ကို ရှင်းလင်းပြခဲ့သည်။ သူတို့အားလုံးက ယဉ်ကျေးစွာ နားထောင်ပြီးနောက် "မဖြစ်ဘူးဗျ။ ကျွန်တော်တို့က ကွန်မြူနစ်တွေကို ချရတော့မယ်၊ အပြတ်ရှင်းရတော့မယ်" ဟု ပြောခဲ့ကြသည်။ စက်မှုလုပ်ငန်းရှင်များက လုပ်ငန်းရှင်ချင်း သွေးစည်းရန် ကြိုးစားကြသည်။ "ခင်ဗျားလဲ စက်မှုလုပ်ငန်းရှင် အသင်းဝင်ပဲ၊ သေသေချာချာ စဉ်းစားပါဗျာ" ဟု ဒက်ဇာကို ပြောကြသည်။ ဒက်ဇာသည် သူ့စက်ရုံကို တရက်တန်သည်၊ နှစ်ရက်တန်သည် ပိတ်ပစ်လိုက်ရန် စိတ်ကူးသေး၏။ ဤသို့လုပ်လိုက်လျှင် သပိတ်လည်း ပေါ်တော့မည် မဟုတ်။ သပိတ်မပေါ်လျှင် အကြမ်းဖက်ဖိနှိပ်မှုများလည်း ပေါ်တော့မည် မဟုတ်။ သို့ရာတွင် ဝန်ကြီးတက်စက လက်မခံ။ "ဘာ၊ ခင်ဗျားကပါ အတွင်းက လျှိုဖျက်မလို့လား၊ လွှတ်တော်က ဘာပြောမလဲဗျ" ဟု တက်စက အော်သည်။ အင်ဂျင်နီယာများက "အစိုးရအနေနဲ့ ကွန်မြူနစ်တွေကို အရေးမယူရင်တော့ ကျွန်တော်တို့လဲ ကျွန်တော်တို့ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့တွေ ဖွဲ့ရတော့မယ်" ဟု ဆိုကြသည်။ မွန်တီနီကလည်း ဒေါသကြီးနေသည်။ ထို့ကြောင့် ဒက်ဇာသည် သူ့စက်ရုံကိုပိတ်ရန် အကြံကို လက်လျှော့လိုက်ရ၏။ ဒက်ဇာသည် ပွဲကြည့်ပရိသတ်တယောက် ဖြစ်နေသည်။ ဒက်ဇာသည် သူ့စားပွဲတွင်ထိုင်ကာ အခြေအနေကို ရင်တမမဖြင့် စောင့်ကြည့်နေသည်။

သပိတ်ကြီး ပြိုကွဲသွားမည်ကို လီဂရေး စိုးရိမ်သည်။ အလုပ်သမားများက ပင်ပန်းနေကြပြီ။ စိတ်ဓာတ်လည်း ကျနေကြ၏။ သို့ရာတွင် ခြိမ်းခြောက်မှုများကို ကြားလာရသည့်အခါ သူတို့သည် မာန်တက်လာကြသည်။ "ဟေ့၊ ခြောက်လို့မရဘူးကွ" ဟု အော်ကြသည်။ သပိတ်ကို ဆန့်ကျင်သည့် အလုပ်သမားကပင်လျှင် သိပ်မပြောကြတော့။ နှင်းမြူပြာပြာထဲတွင် အလံနီတွေ လွင့်နေသည်။ အလုပ်ရုံများနှင့် စက်ရုံများထဲတွင် အလုပ်သမားများသည်

တိုက်ပွဲအတွက် အသင့်ဖြစ်နေကြသည်။

အုပ်ချုပ်ရေးမှူးရုံးခန်းထဲတွင် အင်ဂျင်နီယာများသည် ပီယာ့အနီး၌ ဝိုင်းအုံကာ "ဆူပူရေးသမား" "မော်စကိုရဲ့ သူလျှို" ဟု ဝိုင်းခေါ်နေကြသည်။

"ခင်ဗျားတို့ကကော၊ ဖက်ဆစ်တွေ၊ နာဇီတွေ" ဟု ပီယာ ဒေါပွပွဖြင့် ပြန်အော်သည်။

သို့နှင့် တဘက်နှင့်တဘက် ထိုးကြ၊ ကြိတ်ကြတော့မည် ဖြစ်နေစဉ် ဒက်ဇာက အခေါ်လွှတ်လိုက်သဖြင့် ပီယာ လိုက်သွားရသည်။

"ကျုပ်တူကြီး အိမ်ပြန်တာကောင်းမယ် ထင်တယ်" ဒက်ဇာက ပြောသည်။ "အခြေအနေ မကောင်းဘူး၊ ပြီးတော့ ခုဟာက ၁၉၃၆ ခုနှစ် မဟုတ်ဘူး၊ ဒီလူတွေ ကိုယ်တိုင်ကိုက သပိတ်တွေ ဖြစ်စေချင်နေတာ၊ အဲဒီတော့ ကျုပ်တူကြီး နံရံကို ခေါင်းနဲ့ သွားမဆောင့်ပါနဲ့၊ ကျုပ်တူကြီးက အင်ဂျင်နီယာဆိုတော့ သူတို့က ပိုပြီး မဲလိမ့်မယ်။ ကျုပ်လဲ ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး"

"ကျွန်တော့်တယောက်တည်းအတွက် ကျွန်တော် မစဉ်းစားနိုင်ဘူး ဦး"

"မဟုတ်သေးဘူး၊ ကျုပ်တူကြီးမှာ သားနဲ့၊ မယားနဲ့၊ အယူအဆတို့ ဘာတို့၊ အတွေးအခေါ်တို့ဆိုတာတွေကို ခုသိပ်မပြောပါနဲ့၊ ကျုပ်တူကြီး ကြည်ညိုခဲ့တဲ့ ဗီးလာ့ဒ်ဟာ ဘယ်လိုလူဆိုတာ သိပြီးပြီပဲ၊ ခုနောက်လာတဲ့ လူတွေက ပိုဆိုးတယ်၊ ကိုယ့်အတွက်လဲ ကိုယ်ကြည့်ဦးလေ"

"ကိုယ့်အတွက် ကိုယ်ပြန်ကြည့်ဖို့ဆိုတာ ဦးလုပ်ရမယ့် အလုပ်ပါ၊ ကျွန်တော် လုပ်ရမယ့် အလုပ် မဟုတ်ပါဘူး၊ ဟိုတုန်းက ဦးတို့တတွေ မြူးနစ်စာချုပ်ကို ချုပ်ခဲ့ကြတယ်၊ ခု တမျိုးလုပ်ကြဦးမယ်၊ ဒါပေမယ့် ဦးတို့ မအောင်မြင်ပါဘူး"

အပြင်ဘက်သို့ ပီယာထွက်လာသည့်အခါတွင် အလုပ်သမား ထောင်ပေါင်းများစွာက လက်သီးများကို ဆုပ်ကာ "အင်ဂျင်နီယာ ပီယာ တို့နဲ့အတူရှိတယ်" ဟု ကြွေးကြော်ကြသည်။ စိတ်ဆိုးနေသည့် လူထုကြီး၏ နွေးထွေးသည့် ကြိုဆိုမှုကြောင့် ပီယာ လန်းဆန်းသွား၏။

လူအုပ်ကြီးကို မြင်သည့်အခါတွင် ရာဇဝတ်ဝန်သည် လန့်ဖျပ်လာကာ ဒက်ဇာကို သွားတွေ့သည်။ ဒက်ဇာက ပခုံးကို တွန့်ပြလိုက်ယင်း...

"ကျုပ်လဲ ဘာမှ မတတ်နိုင်ဘူးလေ၊ အရမ်းတော့ မလုပ်ကြစေချင်ဘူး၊ ကြည့်လုပ်ကြ"

"ကျွန်တော်တို့ကတော့ အထက်က ညွှန်ကြားချက်အတိုင်း လုပ်ရမှာပဲ"

ပုလိပ်များကို မြင်သည့်အခါတွင် အလုပ်သမားများသည် တိတ်ဆိတ်သွားကြ၏။ အချို့က ခဲများ၊ သံတုတ်များကို ကိုင်ထားကြသည်။ ပုလိပ်များက မီးသတ်ပိုက်များကို အသင့်ပြင်ထားကြ၏။ လီဂရေးက ဂိတ်ကြီးထိပ်တွင် ရပ်နေသည်။

လီဂရေးအဖို့ သည်အချိန်သည် အချစ်ရေး ရှုပ်ထွေးနေသည့် အချိန်ဖြစ်သည်။ သူ့ခံစားချက်များကို ဂျူးဆက်အား ဖွင့်မပြောရသေး။ လွန်ခဲ့သည့် တလလောက်တုန်းက လီဂရေးသည် ပါတီရန်ပုံငွေကောက်ရန် ဂျူးဆက်၏ အဖေထံ သွားခဲ့သည်။ ပြန်ခါနီးတော့ ဂျူးဆက်က ဘယ်သွားမည်နည်းဟု မေးသည်။ လီဂရေးက စူရေနေး ရပ်ကွက်သို့ သွားမည် ဟုပြော၏။ "ဒီလိုဆို ကျွန်မလဲ လိုက်မယ်၊ အတော်ပဲ" ဟု ဆိုကာ လိုက်သည်။ ဆိန်းမြစ်ကမ်း တာရိုးပေါ်သို့

ရောက်သည့်အခါတွင်မှ ဂျိုးဆက်က "တကယ်တော့ စူရေနေးကို သွားစရာ မရှိပါဘူး၊ အစ်ကိုနဲ့ စကားပြောချင်လို့ လိုက်လာတာ" ဟု ပြောသည်။

စိုစွတ်သည့် ဆောင်းဦးပေါက် ညနေခင်း ဖြစ်သည်။ သူတို့နှစ်ယောက်သည် လူသူတိတ်ဆိတ်နေသည့် တာရိုးတလျှောက်အတိုင်း လျှောက်လာခဲ့ကြပြီးနောက် တံတားကြီးနားသို့ ရောက်သည့်အခါတွင် ပြန်ကွေ့လာခဲ့ကြသည်။

"အစ်ကိုမလာယင် ကျွန်မစိတ်ထဲမှာ တမျိုးပဲ"

ဂျိုးဆက်ကပြောသည်။

"ဟုတ်လား..." လီဂရေးက ပြောလိုက်သည်။

"ငါက အသက်ကြီးပါပြီကွယ်၊ ပြီးတော့..."

လီဂရေး စကားကို ဆုံးအောင် မပြောလိုက်ရ။ ဂျိုးဆက်က သူ့ကို ဖက်နမ်းလိုက်သည်။ ယခု သပိတ်တိုက်ပွဲ ဖြစ်နေပြီ၊ အချစ်ရေးကို သူဦးစားမပေးနိုင်။ ဂျိုးဆက်အကြောင်းကို တခါတရံမှသာ စဉ်းစားနိုင်တော့သည်။

ပီယာက ခေတ်ခွဲခန်း ပြတင်းပေါက်တွင် ရပ်နေသည်။ ပုလိပ်များက ဂိတ်ကြီးကို အတင်းဖျက်၍ ဝင်လာကြ၏။ လီဂရေးဆီသို့ ပြေးလာကြသည်။ လီဂရေးက ကာယဗလကောင်းကောင်းဖြစ်၍ အတင်းရုန်းထွက်သည်။ နောက်ဆုံးတွင် ဝိုင်းပြီး လီဂရေးကို မြေကြီးပေါ်သို့ လှဲချလိုက်ကြသည်။ အလုပ်သမားများက ပြတင်းပေါက်နားမှနေ၍ ခဲများဖြင့် ပေါက်ကြသည်။ ပီယာသည် အောက်ထပ်သို့ ပြေးဆင်းလာခဲ့၏။ လှေကားရင်းအရောက်တွင် မျက်လုံးထဲတွင် မီးတွေပွင့်သွားကာ လဲကျမည် ပြုသဖြင့် တံခါးကို လှမ်းကိုင်လိုက်ရသည်။ လူတွေ ပြေးလွှားနေသံ၊ "မျက်ရည်ယိုဗုံးနှင့်ပစ်" ဟု အော်သံများကို ကြားလိုက်ရသည်။

ဒက်ဇာသည် ပြတင်းပေါက်တွင် ရပ်နေ၏။ ရှုခင်းအားလုံးကိုလည်း မြင်နေရသည်။ "ဒါ... ပြင်သစ်ပြည်တဲ့လား" ဟု ဝမ်းပန်းတနည်း တွေးနေသည်။ ဟုတ်သည် ဤသည်မှာ သူချစ်သည့် ပြင်သစ်ပြည်ကြီးလော။ ပြင်သစ်ပြည် မရှိတော့။ အလုပ်သမားများက သူတို့အလုပ်ရှင်ကို ချစ်စနိုးဖြင့်ဆဲပြီး ဖန်ခွက်ချင်း နှုတ်ခမ်းချင်းထိ၍ တဝိုင်းတည်း သောက်ကြသည့် ပြင်သစ်ပြည် မဟုတ်တော့။ ပြင်းထန်သည့် မိန့်ခွန်းတွေကို ပြောပြီးနောက် လက်ရေတပြင်တည်း ထမင်းဝိုင်းစားကြသည့် ပြင်သစ်ပြည် မဟုတ်တော့။ လူမှုတော်လှန်ရေးကို မေ့ကာ အရသာရှိသည့် ဟင်းရွက်စုံကြော်ကို အားရပါးရ စားတတ်ကြသည့် ပြင်သစ်ပြည်မဟုတ်တော့။ ပန်းများနှင့် ပြက်လုံးများကို သဘောကျသည့် ပြင်သစ်ပြည် မဟုတ်တော့။ စိတ်ကူးယဉ်ဖို့ကောင်းသည့် ပြင်သစ်ပြည်ကို သူမြင်ချင်သည်။ အောက်မေ့စရာတွေ၊ စာအုပ်တွေနှင့် ဒဏ္ဍာရီဆန်သော ပြင်သစ်ပြည်ကြီးကို သူမြင်ချင်သည်။ ထိုပြင်သစ်ပြည်မျိုးကို မျက်ရည်ယိုဗုံးဖြင့် တည်ဆောက်၍ မရ။ သူတို့ဆောက်ချင် ဆောက်ပေ့စေ၊ သူမလုပ်နိုင်။ ဟုတ်သည် သူ့အတွက် သူကြည့်ရဦးမည်။ ဆေးလိပ်လျှော့သောက်ရမည်။ သူ့ကျန်းမာရေးကို ဂရုစိုက်ရမည်။ ဂျုနက်ထံ ဖုန်းဆက်ရမည်။ ဂျာဗားကျွန်းကိုဖြစ်ဖြစ်၊ ချီလီပြည်ကိုဖြစ်ဖြစ် သွား၍ အနားယူမှ ဖြစ်မည်။

ပုလိပ်များက အလုပ်သမားတရာလောက်ကို ဖမ်းသွားကြသည်။ ပုလိပ်ရုံးတွင် ဖမ်းလာသူတွေ ပြည့်နေသည်။ သူတို့ကို မည်သို့ လုပ်ရမည် မသိ။ နာရီတိုင်း လော်ရီတွေ အပြည့်ဖြင့် ရောက်လာနေကြသည်။

ဒင်းနိစ်က ပုလိပ်အရာရှိ ပြောသမျှ နားထောင်နေသည်။ ပုလိပ်တွေ

ဒေါသထွက်နေကြပြီ။ သည်အတိုင်းဆိုလျှင် သူတို့ သပိတ်တိုက်ပွဲ အောင်ပြီ။ အကျဉ်းသားသစ်များက ရောက်လာမစဲ။ တယ်လီဖုန်း စာရေးမတယောက်က အားလုံး သပိတ်မှောက်ကုန်ပြီဟု ပြောပြသည်။ ဖိနှိပ်မည်ကို ကြောက်သူက ကြောက်နေကြသည်။ ဥမင်ရထား အလုပ်သမားတယောက် မျက်နှာတွင် သွေးတွေသံတွေဖြင့် ရောက်လာသည်။ ခဏကြာတော့ “အလကား ကျုပ်တို့ဆီကကောင်တွေက စကြောက်တွေ” ဟု ပြောနေသည်။ ဥမင်ရထားများက ပြေးနေကြဆဲ။ ညနေပိုင်းရောက်တော့ စက်ရုံကြီးများသာလျှင် သပိတ်မှောက်နေကြောင်း ဒင်းနိစ် ကြားရသည်။ မှောင်ရီရီတွင် နောက်ထပ်သုံးယောက်ကို ပုလိပ်များ အချုပ်ခန်းထဲသို့ သွင်းလာကြပြန်သည်။

“ဆိန်းစက်ရုံကတော့ အားလုံး သပိတ်မှောက်ကြတယ်၊ အလုပ်သမားတွေက စက်ရုံက ထွက်မပေးလို့ မျက်ရည်ယိုဗုံးနဲ့ ပစ်ပြီး လူစုခွဲပစ်တယ်တဲ့”

မျက်ရည်ယိုဗုံး ဆိုသည့်အသံကို ကြားလိုက်ရသဖြင့် လန့်သွားကြသည်။ တယ်လီဖုန်းစာရေးမက ငိုနေသည်။ သို့ရာတွင် ဒင်းနိစ်က မတ်တတ်ရပ်လိုက်ပြီး သီချင်း စဆို၏။ အခြားသူများကလည်း လိုက်ဆိုကြသည်။ ပုလိပ်များက မဆိုရန် တားကြသည်။ ဆိုလျှင် ရိုက်မည်ဟု ခြိမ်းခြောက်ကြသည်။ သို့ရာတွင် သူတို့ ဆက်ဆိုမြဲ ဆိုကြ၏။ သူတို့ဆိုသံကို အခြားအခန်းများမှ ကြားရသည်။ စိုစွတ်သည့် မြေကြီးနံ့၊ သားရေနံ့၊ ကြွက်နံ့တို့ နံနေသည့် မည်းမှောင်သည့် စြက်တလျှောက်တွင် သီချင်းသံသည် ပျံ့လွင့်လျက်ရှိ၏။ သွေးစည်းခြင်း၊ ရဲရင့်ခြင်းနှင့် ဒေါသတို့ကို ဖော်ပြနေသည့် အသံဖြစ်သည်။ “ဆိန်း”စက်ရုံ၊ “ဘုမ္မစိုး”စက်ရုံနှင့် ရေးနေ့စက်ရုံမှ အလုပ်သမားများသည် ဆိုက်ဘေးရီးယန်း အကျဉ်းသမားများ ဆိုလေ့ရှိသော သီချင်းကို ဆိုကြသည်။

ညနေပိုင်းတွင် ဝန်ကြီးချုပ် ဒလားဒီးယားက ရေဒီယိုမှ အသံလွှင့်သည်။ စင်စစ် အိမ်စာကြည့်ဆောင်ထဲက အသံလွှင့်ခွက်ရှေ့တွင် စကားပြောနေခြင်းသာ ဖြစ်သည်။ ဝန်ကြီးချုပ်သည် ရှေ့တူရူကို စိုက်ကြည့်နေသည်။ အကြောကြီးများ သူ့နဖူးပေါ်တွင် ထင်းကန် ပေါ်နေကြလေ၏။

“အစိုးရက အောင်ပွဲခံလိုက်နိုင်ခဲ့ပြီ” ဟု သူက ကြေငြာ၏။

အရေးနိမ့်မှုများနှင့် မြူးနစ်အလျှော့ပေးမှု ပြီးသည့်နောက်တွင် ဝန်ကြီးချုပ်သည် အောင်ပွဲဆိုသည့် သာယာနာပျော်ဖွယ် စကားလုံးကို ရွတ်နိုင်လေပြီ။

ပုလိပ်များက အကျဉ်းသားများကို စစ်ဆေးကြသည်။ “ဒင်းနိစ်တက်စ” ဆိုသည့် အမည်ကို ကြားသည့်အခါတွင် ပုလိပ်အရာရှိက ပြုံးလိုက်၏။

“ဝန်ကြီးတက်စနဲ့ ဆွေမျိုးတော်သလား”

သူ့ကို ကိုယ်ထိလက်ရောက် ညှဉ်းပန်းလျှင်ပင် ဤမျှနာကျင်လိမ့်မည် မထင်။ ယခုမူ အရာရှိက သူမဖြေချင်ဆုံးအရာကို မေးနေပြီ။ ဒင်းနိစ်က ဘာမျှမပြောပဲ နေလိုက်သည်။ သို့ရာတွင် ဖုံးကွယ်ထားလျှင် ပို၍ သတ္တိနည်းရာရောက်သည် ထင်သဖြင့် ဒင်းနိစ်က ဖွင့်ပြောလိုက်သည်။

“ဟုတ်တယ်... ကျွန်မဟာ ရှင်တို့ဝန်ကြီးရဲ့ သမီးပဲ၊ ဒါပေမယ့် ဘာမှမဆိုင်ပါဘူး။ ကျွန်မက ကွန်မြူနစ်၊ ရှင်တို့ လုပ်စရာရှိတာ လုပ်ပေါ့”

ပုလိပ်အရာရှိသည် မျက်လုံး ပေကလပ် ပေကလပ်နှင့် လုပ်နေသည်။ ထိုနောက် အပြင်သို့ထွက်သွားကာ ပုလိပ်မင်းကြီးကို သတင်းပို့၏။

တက်စက အိပ်၍ကောင်းတုန်း။ အရေးပေါ် တယ်လီဖုန်းမြည်သံကြောင့် နိုးလာသည်။ ပူအိုက်လိုက်သည့်နေ့။ တက်စသည် သူ့အတွင်းဝန် ယူလာသည့် အစီရင်ခံစာများကို ဖတ်ကာ ဖုန်းတလုံးဖြင့် သက်ဆိုင်ရာသို့ ညွှန်ကြားလျက်ရှိ၏။ သပိတ်ပျံ့နှံ့သွားမည်ကို သူစိုးရိမ်သည်။ ညသန်းခေါင်အထိ အိပ်မပျော်။ မနက် သုံးနာရီလောက်တွင် ရေမိုးချိုးသည်။ အဖြူရောင်ကြွေခွက်များက တောက်ပနေကြ၏။ ရေက ပြာလဲ့လဲ့ အရောင်သမ်းလျက်။ ရစ်လက်တို အော်ပရာပြဇာတ်မှ သီချင်းတပုဒ်ကို ညည်း၏။ သေးကွေးသည့် သူ့ခြေသလုံးများကို ငုံ့ကြည့်မိသည်။ အလုပ်သမားတွေ နောင် သပိတ်မှောက်ရဲတော့မည် မဟုတ်။ လက်ယာဂိုဏ်းက သပိတ်ကို အသုံးမချနိုင်အောင်တော့ ကြိုးစားရမည်။

အိပ်မှုံစုံမွှားဖြင့် တယ်လီဖုန်းသံကို ကြားရသည်။

"ဝန်ကြီးသမီး ကိစ္စပါ"

သူ ကောင်းကောင်း သိလိုက်ပြီ။ သူသည် ပုလိပ်မင်းကြီးလက်ထဲ ရောက်နေပြီ။ သည်အကြောင်းကို ဘာရီကျူးလဲ မသိဟု မည်သူ ပြောနိုင်သနည်း။ သတင်းစာများက အနံ့ရမသွားနိုင်ဟု မည်သူ ပြောနိုင်သနည်း။ ဤသောက်ကန်းမကလေး အလွန် ဂြိုဟ်မွှေသည်။

တက်စသည် ပုလိပ်မင်းကြီး၏ ရုံးခန်းထဲတွင် ထိုင်လျက်ရှိ၏။ သူ့ဘေးတွင် ပြင်သစ်သမ္မတနိုင်ငံတော်၏ ပလာစတာ ရုပ်တုကြီးက ရပ်လျက်။ ခဏအကြာတွင် ဒင်းနိစ်ကို ခေါ်လာကြ၏။ သူ့သမီးကို မြင်လိုက်ရသည့်အခါတွင် တက်စ စိတ်မကောင်း။ ဒင်းနိစ်၏ အဝတ်အစားများက စုတ်ပြတ်လျက်။ ဆံပင်ကလည်း ဖရိုဖရဲ။ မနေ့ညက မအိပ်ခဲ့ရသဖြင့် သူ့မျက်နှာက ဖြူဖပ်ဖြူရော်။ ဒင်းနိစ်သည် သူ့သမီး။ သူ့သမီး ကျန်းမာရေးကို သူ အစဉ်တွေးပူခဲ့ရသည်။ တောင်ပေါ်အနားယူစခန်းများသို့ ပို့ခဲ့ရသည်။ အကောင်းဆုံး ဆရာဝန်များနှင့် ကုသခဲ့ရသည်။ တက်စက သူ့စိတ်ကို ချုပ်တည်းလိုက်ပြီးနောက် အသံကို ထိန်း၍ပြော၏။ သို့တိုင် သူ့အသံက တုန်လျက်။

"သမီးကို ပါပါ လာလွှတ်တာပဲ"

သူ့တွင် သူ့ဘာသာသူ လုပ်ဇာတ်တခုကို စဉ်းစားပြီးသား။ ဒင်းနိစ်သည် ဝတ္ထုတပုဒ်ကို ရေးချင်သောကြောင့် စက်ရုံအလုပ်သမားများကြားထဲသို့ ကိုယ်တိုင်ဆင်း၍ လေ့လာခြင်း ဖြစ်ကြောင်း၊ သပိတ်နှင့် ဘာမျှမဆိုင်ကြောင်း ပုလိပ်မင်းကြီးကိုပြောရန် စိတ်ကူးထားသည်။ ဒင်းနိစ် ပြန်လိုက်လာသည်ဆိုလျှင် သူ့အိမ်ကြီးသည် စိုပြည်လာတော့မည်။ သူ့သမီးကို အလိုလိုက်တော့မည်။

"သမီးကိုလွှတ်ယင် သူတို့အားလုံးကိုလဲ လွှတ်ပါ"

ဒင်းနိစ်အသံက ခပ်တင်းတင်း။ တောင်းဆိုချက်ကလည်း ခပ်ပြင်းပြင်း။

"သမီး"

ဒင်းနိစ်က ဘာမျှမပြော။ သူ့ရှေ့တွင် ထိုင်နေသူသည် အခြားကမ္ဘာလောကတခုမှ ဖြစ်မည်။ မနေ့က အဖြစ်အပျက်များသည် ဒင်းနိစ်ကို အတိတ်မှ လွတ်မြောက်အောင် လုပ်ပေးလိုက်ပြီ။

တက်စ ဒေါသ ထောင်းကနဲ ထွက်လာသည်။

"ဘာ၊ ကြမ်းပိုးသူခိုးတွေကို လွှတ်ပေးရမယ် ဟုတ်လား၊ စကားကို သတိထားပြောပါ သမီး"

“ကြမ်းပိုးသူခိုးက ဘယ်သူလဲ၊ ဂျာမန်တွေကိုကျတော့ ပါပါတို့ ကြောက်လိုက်တာ၊ သတ္တိကြောင်လိုက်တာ၊ တိုင်းပြည်မှာ အဆင်သင့် မဖြစ်ဘူးလေး ဘာလေးနဲ့၊ ခု အလုပ်သမားတွေကို နှိမ်ဖို့ကျတော့ ပါပါတို့ အဆင်သင့် ဖြစ်တယ်ပေါ့”

“ညည်းတို့ ကွန်မြူနစ်တွေဟာ ဂျာမန်တွေအတွက် လုပ်ပေးနေတာ၊ အဲဒါကိုကော ညည်းသိရဲ့လား၊ မနေ့က သပိတ်လဲမှောက်ရော အီတလီက နီစ်နယ်နဲ့ ကော်ဆီကားကျွန်းကို ပြန်ပေးရမယ်လို့ တောင်းနေပြီ၊ အဲဒါ သပိတ်ရဲ့ အကျိုးတွေပေါ့”

“ဂျာမန်တွေအတွက် လုပ်ပေးနေတာ သမီးတို့ မဟုတ်ဘူး ပါပါတို့၊ လေယာဉ်စက်ရုံတွေကို ပါပါတို့ အပိတ်ခိုင်းတာ မဟုတ်ဘူးလား၊ မာဆေးလ်မှာ ဖိုးဂျက်က ဖွင့်ချမယ်လုပ်တော့ ပါပါ လူမိုက်တွေကို ငှားပြီး...”

“တော်၊ မပြောနဲ့တော့၊ သူများပြောတိုင်း အဟုတ်မှတ်လို့၊ အလကား ညာတာ၊ လိမ်တာ၊ ပြောတဲ့လူကပြောပြီး ယုံတဲ့လူကလဲ ယုံတယ်”

တက်စသည် ဒင်းနိစ်ကို အချိန်အတော်ကြာမျှ ဆူပူကြိမ်းမောင်းနေသည်။ ထိုနောက် ရုတ်တရက် ငြိမ်ကျသွား၏။ သူ့သမီးခေါင်းထဲတွင် မဟုတ်တရုတ် အယူအဆတွေ ရောက်နေပြီ။ သူ့ကို အမြင်မှန်ရအောင် လုပ်ဖို့ မလွယ်တော့။ ပြဿနာကို ဤတွင် ပြီးစေတော့။ မတတ်နိုင်။

“ကောင်းပြီ၊ ပါပါ မငြင်းချင်ဘူး၊ သမီးကလဲ ကိုယ့်အယူအဆနဲ့ကိုယ်၊ ပါပါကလဲ ကိုယ့်အယူအဆနဲ့ကိုယ်၊ ဒါပေမယ့် ပါပါကို သမီးနားလည်ဖို့ကောင်းတယ်၊ ဒီသတင်း သတင်းစာထဲ ပါသွားယင် ဘယ့်နှယ်လုပ်မလဲ၊ ဖေဖေတို့ သမီးတို့ ရန်သူတွေက ဝမ်းသာကြမှာပေါ့၊ ဘရီကျူးတို့လို ဖက်ဆစ်ကောင်တွေက ဝမ်းသာမှာပေါ့”

“ပါပါလဲ ဘရီကျူးနဲ့ ဘာထူးလို့လဲ”

“သော်၊ ခက်တော့တာပဲ၊ နေရာတကာ နိုင်ငံရေးနဲ့ လိုက်ကြည့်နေပါကလား၊ သံယောဇဉ်ဆိုတာ ရှိတယ်၊ ညည်းက ငါ့သမီး၊ သေသွားတဲ့ အမေ့မျက်နှာကိုလဲ ထောက်ဦး၊ ကဲ ပါပါ တောင်းပန်မယ်၊ သမီး အိမ်ပြန်လိုက်ခဲ့၊ ဖေဖေ့ကို သနားယင် အိမ်လိုက်ခဲ့”

ဒင်းနိစ် ဘာမျှ မကြားတော့။ သူ့အဖေကိုကြည့်၍ အော်လိုက်မိသည်။

“မလိုက်ဘူး၊ ပါပါလို လူယုတ်မာအိမ်ကို မလိုက်ဘူး”

နောင်တွင် ဒင်းနိစ်သည် သူ့အဖေကို ဤသို့ပြောလိုက်မိသည့်အတွက် နောင်တရနေသည်။ စိတ်လိုက်မာန်ပါ ပြောလိုက်မိလေခြင်းဟု စိတ်မကောင်း ဖြစ်နေသည်။

တက်စသည် ဘာမျှမရပဲ တပ်ခေါက်ပြန်သွား၏။ ပုလိပ်မင်းကြီးကိုသာ အကျိုးအကြောင်း ပြောခဲ့ရတော့သည်။ ဒင်းနိစ် အဖမ်းခံရသည့်သတင်းကို သတင်းစာများသို့ မပေးပဲ ထားရန်နှင့် ပြစ်ဒဏ်ကို ဖော်ပြခြင်းမပြုရန် ပုလိပ်မင်းကြီးကို မှာခဲ့သည်။

အခြားအလုပ်သမားများနှင့်အတူ ဒင်းနိစ်လည်း ပင်ပန်းနေပြီ။ သူတို့လှောင်ချိုင့်ကို ထောင်တလ ချလိုက်သည်။ ဒင်းနိစ်ပျော်သည်။ ရုံးမင်းက သူ့အမည်ကို ခပ်သုတ်သုတ် ဖတ်သွားသည်။ မျိုးရိုးစဉ်ဆက်ကိုလည်း မေးမြန်းခြင်း မပြု။ သူ့အဖေတော့ တော်တော် စိတ်ဆင်းရဲရလိမ့်မည်။

ထိုအချိန်မှစ၍ တက်စသည် ကွန်မြူနစ်တို့ကို သူ၏ ပုဂ္ဂိုလ်ရေးရန်သူသဖွယ် သဘောထားလိုက်တော့သည်။ ယခင်က သူ့တွင် ရန်သူမရှိ။ တခါတရံတွင် ဗီးလာ့ဒ်၊ ဘရီကျူး စသည်တို့နှင့် သဘောကွဲလွဲကြသည်မှာ မှန်သည်။ သို့ရာတွင် သူတို့အချင်းချင်းက လုပ်ဖော်ကိုင်ဖက်တွေ။ ဖိုးဂျက်လို သူ့ကို သိက္ခာကျအောင် ကြိုးစားခဲ့သည့် တယူသန်တယောက်အတွက်ပင် သူစိတ်မကောင်း။ သို့ရာတွင် ကွန်မြူနစ်များကမူ ဒင်းနိစ်ကို သူ့ထံမှ လုယူသွားကြသည်။ နူးညံ့၍ ချစ်စရာကောင်းသည့် မိန်းကလေးတယောက်ကို မိန်းမကြမ်းကြီး ဖြစ်အောင် လုပ်ခဲ့ကြသည်။ နှုတ်သီးကောင်း လျှာပါး မိန်းမတယောက်ဖြစ်အောင် လုပ်ခဲ့ကြသည်။ ၁၇၉၃ ခုနှစ် ပြင်သစ်တော်လှန်ရေးတုန်းက ခေါင်းဖြတ်စက် တင်ခါနီးအထိ ကနေခဲ့ကြသည့် အမျိုးသမီးများသည် ဒင်းနိစ်တို့လို အမျိုးသမီးများ ဖြစ်လိမ့်မည်။ ဤလို လူတယောက်ကို ပြောင်းလဲသွားအောင် လုပ်နိုင်သည့် ပါတီသည် နိုင်ငံရေးပါတီဟု မည်သို့ခေါ်နိုင်မည်နည်း။ သူတို့ကို အပြတ်ချမှ ဖြစ်မည်။ သို့မဟုတ်လျှင် ထိုပါတီမျိုးသည် စိတ်ဓာတ်အရ မြေအောက်လူဆိုးဂိုဏ်းနှင့် အတူတူ မဟုတ်လော။ သူတို့ကို အပြတ်ရှင်းမှ ဖြစ်မည်။ သို့မဟုတ်လျှင် လူတွေကို စိတ်ဓာတ်အရ ညှည်းဆဲလိမ့်မည်။ သူတို့ကလည်း တက်စကို နိုင်ငံရေးကြမ်းပိုးတယောက်အဖြစ် သဘောထားသည်။ သို့ရာတွင် သူတို့ထင်တော့ကော ဘာအရေးနည်း။ ပြင်သစ်ပြည်ကြီးက သူ့ခြေထောက်ပေါ်တွင် သူရပ်မြဲ။ သပိတ်လည်း ပြိုကွဲသွားပြီ။ တနည်းဆိုရလျှင် တက်စတို့ ခေါင်းမော့နိုင်ပြန်ပြီ။ နည်းနည်းပါးပါး အပန်းဖြေဖို့အတွက် အပျော်မယားကလေး ပေါလက်ထံ စိတ်အေးလက်အေး သွားနိုင်ပြီ။

ဒက်ဇာသည် ပီယာကို အလုပ်မှ မထုတ်ချင်။ သူကိုယ်တိုင်က ဘာမျှ စွမ်းစွမ်းတမံ ရှိလှတော့သည် မဟုတ်။ ဝန်ကြီးများလောက်ကိုပင် ဂရုမစိုက်ခဲ့သည့် သူသည် သတင်းစာဆရာတသိုက်က ဝိုင်းအော်ကြသည်ကို အလျှော့ပေးရမည်ဆိုလျှင် ရာဇဝင်ရိုင်းတော့မည်။ သို့ရာတွင် ပီယာကို စက်ရုံတွင် ဆက်ခန့်ဖို့ကလည်း မဖြစ်နိုင်တော့။ လက်ယာသတင်းစာများက ပီယာ့အကြောင်းကိုရေးကာ “အနီအင်ဂျင်နီယာ” ဟု နာမည်ပေးကြသည်။

“ဒီလိုလုပ်ကွယ်၊ လောလောဆယ်တော့ မောင့်ကို ကျုပ် အမေရိကကို ပို့ပေးမယ်၊ တနှစ်လောက်နေပြီးတော့ ပြန်လာတာပေါ့”

ပီယာက ငြင်းလိုက်၏။ သူများကို မမှီခိုချင်။

သူတို့နှစ်ယောက်သည် ကဖီးဆိုင်ကြီးတဆိုင် စြင်္ကံပေါ်တွင် ထိုင်နေကြသည်။ ညနေခင်းက ထူးထူးခြားခြား အေးစိမ့်နေသည်။ ရေခဲသည့် အမှတ်အောက် လေးဒီဂရီ။ လူများက ဆိုင်ထဲသို့ တရှူးရှူးတရှဲရှဲဖြင့် ဝင်လာကာ အရပ်တခွက်စီကို ဆက်တိုက်မော့ကြသည်။ လူသူရှင်းနေသည့် စြင်္ကံပေါ်တွင် မီးလင်းဖိုကလေးများက မီးကျီးတရဲရဲဖြင့်။

“ကျုပ်တူကြီးက ကျုပ်ကို မယုံဘူးဆိုတာ သဘာဝကျပါတယ်၊ ဒါပေမယ့် ခက်တာက ကျုပ်တို့နှစ်ယောက်ဟာ ပတ်ဝန်းကျင်တို့၊ လူထုထင်မြင်ချက်တို့နဲ့ ကင်းလို့မရဘူးဗျ။ ဥပမာဆိုပါတော့၊ သပိတ်ကို ဆန့်ကျင်တဲ့ အလုပ်သမားတွေထဲမှာ လူကောင်းတွေ အများကြီးရှိတယ်၊ ဒါပေမယ့် ခက်တာက သူတို့က ဘာမှမလုပ်နိုင်ဘူး၊ ဒီနေရာမှာတော့ ကျုပ်က မွန်တီနီပြောတဲ့ စကားတခွန်းကို သဘောကျတယ်၊ တူမောင်တို့ အမြင်မှာတော့ မွန်တီနီဟာ ဖက်ဆစ်တယောက်ပဲ၊ ဦးအမြင်မှာတော့ ဒီလူဟာ အရူးပဲ၊ ခု မွန်တီနီကတော့ လေယာဉ်တွေ လျှော့ထုတ်တာ သူတို့အပြစ်ပဲ ဆိုပြီးတော့ လေယာဉ်စက်ရုံပိုင်ရှင်တွေကို အပြစ်ပြောနေတယ်၊ ခု တူမောင်လဲ

အင်ဂျင်နီယာတယောက်ပဲ၊ တူမောင်တို့ကို ခွဲရတော့မယ်၊ ပြင်သစ်ပြည်ကြီးဟာ သူတို့အတွက် အရေးမှ မကြီးပဲကိုး၊ လေယာဉ်တွေ မရှိတာကိုလဲ သူတို့ဂရုမစိုက်ဘူး"

အလျင်တုန်းကဆိုလျှင် ပီယာသည် သူများပြောသည့် စကားကို ယုံလွယ်သည်။ ယခု မယုံတော့။ စကားအပြောအဆိုကလည်း ပြတ်တောင်းလာ၏။ ဒက်ဇာသည် သူ့ကို လိမ်ပြောနေခြင်းဖြစ်သည်ဟု ပီယာ ထင်လာသည်။

"သူတို့ကို ဘာအပြစ်ဆိုစရာ ရှိသလဲ ဦးရဲ့၊ မြူးနစ်စာချုပ်ကို သဘောတူခဲ့တဲ့အထဲမှာ ဦးလဲ ပါတာပဲ မဟုတ်ဘူးလား"

"ကျုပ်လိုချင်တာက လက်နက်ကိုင်ထားတဲ့ ငြိမ်းချမ်းရေး၊ ဆွေးနွေးရေးနဲ့ စေ့စပ်ရေးဗျ။ ခုတော့ သူတို့က ဒါတွေ မလုပ်ချင်ပဲ ဟစ်တလာဆီကို မြန်နိုင်သမျှ မြန်မြန် ထိုးအပ်နေချင်ကြတယ်၊ ဦးအောင် ပြေးကပ်ပြီး နေရာကောင်းရအောင် လုပ်မလို့ ပြင်နေကြတယ်၊ ဒါပေမယ့် ရိုးသားတဲ့လူတွေ ကျတော့လဲ သူတို့အကွက်တွေကို မမြင်နိုင်ကြဘူး"

"မြင်တဲ့လူတွေ ရှိပါတယ် ဦးရဲ့၊ လီဂရေးဆိုတဲ့လူနဲ့ ဦး စကားပြောဖူးသလား၊ ခုတော့ ပုလိပ်အရိုက်ခံရလို့ ဆေးရုံမှာ ရောက်နေတယ်၊ သူ့လိုလူတွေ အများကြီး ရှိပါတယ်။ လူတယောက်မှာ အတွေးတွေ၊ စိတ်ကူးတွေ အများကြီး ရှိပါတယ်။ ဒီအတွေးတွေဟာ ထွက်ပေါက်ရှာကြရတာပဲ၊ အနုပညာကို ဖန်တီးတယ်၊ သက်သာမှုကို ရှာတယ်၊ မိသားစု တည်ဆောက်တယ်၊ ဒါတွေဟာ အမှန်ကတော့ ထွက်ပေါက်တခုကို ရှာတာပါပဲ၊ ခု ကျွန်တော်က ကွန်မြူနစ်တွေနဲ့ တွေ့ကြည့်ပါလို့ အကြံပေးတာဟာ ဘာဖြစ်လို့လဲ သိရဲ့လား၊ ဒီလူတွေဟာ တခုတည်းကိုပဲ အာရုံစိုက်ကြတယ်၊ ဒါဟာ ဆင်ကန်းတောတိုး လုပ်တာမဟုတ်ဘူး၊ ရည်ရွယ်ချက်တခု၊ ရည်မှန်းချက်တခုကို မမှိတ်မသုန် ယုံယုံကြည်ကြည်နဲ့ လုပ်တာ"

"ဟောဟိုက မီးလင်းဖို၊ မီးကင်းအိုးတွေကို မြင်တယ် မဟုတ်လား" ဒက်ဇာက ပြောသည်။ "ကြည့်လိုက်ယင်တော့ အနွေးဓာတ်ကို ပေးနိုင်တယ်လို့ ထင်ရတယ်ဗျ။ ဒါပေမယ့် တူမောင် စဉ်းစားကြည့်လေ၊ ဘယ့်နှယ်ဗျာ၊ မီးလင်းဖိုကလေးတခုက လမ်းကြီးတလမ်းလုံးကို ဘယ့်နှယ်လုပ်ပြီး နွေးအောင် လုပ်နိုင်ပါ့မလဲ၊ အင်း ပြောယင်း ဆိုယင်း ကျုပ်တောင် အေးလာပြီ၊ ကိုင်း တူမောင်က ဒုတိယအကြိမ် ငြင်းတယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

ဒက်ဇာက သူ့ကို အမေရိကသို့ ပို့ပေးသည်ကို လက်မခံခဲ့။ ထို့ကြောင့် အင်္ဂနိစ်က အပြစ်တင်လိမ့်မည်ဟု ပီယာထင်ခဲ့သည်။ အလုပ်ပြုတ်လာခဲ့ပြီ။ သူတို့အဖို့ အလုပ်လက်မဲ့ပြဿနာကို ရင်ဆိုင်ရတော့မည်။ ဆင်းရဲဒုက္ခကို ရင်ဆိုင်ရတော့မည်။ ထို့မျှမက ဒိုဒိုလေး၏ နောင်ရေးကလည်း ရှိသေးသည်။ သို့ရာတွင် "မောင်လုပ်တာ မှန်ပါတယ်" ဟု အင်္ဂနိစ်က မဆိုင်းမတွ ပြောသည်။ နိုင်ငံရေးအကြောင်းကို ပြောကြလျှင် အင်္ဂနိစ်သည် သူ့ယောကျ်ားနှင့် တခါမျှ သဘောမတူ။ သို့ရာတွင် လူ့ဂုဏ်သိက္ခာနှင့် ပတ်သက်လာပြီဆိုလျှင် ကိုယ့်ကိုယ်ကိုယ် အားကိုးသည်။ စိတ်ဓာတ်နှင့် ပတ်သက်လာပြီဆိုလျှင် အင်္ဂနိစ်သည် ပီယာကို စိတ်ချသည်။ သူ့ယောကျ်ားကို သူယုံသည်။ သူငယ်ငယ် ကလေးလေးဘဝတုန်းက သူ့အဖေကို လေးစားအထင်ကြီးသကဲ့သို့ ပီယာကိုလည်း လေးစားအထင်ကြီးသည်။

သီတင်းသုံးပတ်လောက် ကြာသွားသည်။ ဆင်းရဲခြင်းကို ယခင်က သူတို့ အဝေးမှသာ မြင်ခဲ့ဖူး၏။ ယခု ကိုယ်တိုင် တွေ့ရပြီ။ အင်္ဂနိစ်ရသည့် ကျောင်းဆရာမ လခကလေးမှာ အိမ်လခနှင့် ဆရာဝန်ဆေးဖိုးတို့ နုတ်လိုက်လျှင် ဘာမျှမကျန်တော့။ ဒိုဒိုကလည်း ချူချာသည်။ လကုန်ရက်ရောက်သည့်အခါတွင် သူတို့လက်ထဲ၌

ပိုက်ဆံတပြားမျှ မရှိတော့။ အလျှင်တုန်းကမူ သူတို့နှစ်ယောက်သည် ဂုဏ်သိက္ခာရှိသည့် ဆင်းရဲခြင်းကို နားလည်ခဲ့ကြသည်။ ယခုမူ အောက်တန်းကျသည့် ဆင်းရဲခြင်းမျိုးကို ကြုံတွေ့နေရပြီ။

ပီယာကို ခန့်ချင်သည့် စက်ရုံဆို၍ တရုံမျှ မရှိ။ စက်မှုလုပ်ငန်းရှင်များအသင်းက ပီယာ၏အမည်ကို လူဆိုးစာရင်းတွင် ထည့်သွင်းလိုက်ကြသည်။ ပီယာသည် မက္ကင်းနစ်တယောက်အဖြစ် အလုပ်ဝင်လျှောက်သည်။ နောက် မတတ်သာသည့်အဆုံး အလုပ်ကြမ်းသမားအဖြစ်ဖြင့်ပင် ဝင်လျှောက်သည်။ သို့ရာတွင် သူရောက်သည့် နေရာတိုင်းက သူ့ကို ငြင်းလွှတ်လိုက်ကြသည်။

နာရီကို ရောင်းပြီး နို့သမားကို ကြွေးဆပ်ရ၏။ အဂ္ဂနိစ်က ဆောင်းဝတ်ကုတ်အင်္ကျီကို အပေါင်းဆိုင်သို့ သွားရောင်းရသည်။ "ကျွန်မနဲ့ ကြိုးနေလို့" ဟု ခပ်တည်တည် ပြောခဲ့သည်။ တပတ်လုံးလုံး တနေ့ကို ထမင်းတနပ်သာ စားနိုင်သည်။ အဂ္ဂနိစ်သည် ပီယာကို စိတ်မပျက်ဖို့ အားပေး၏။ အားလပ်ရက်တွင် လစာ အပိုထုတ်ရမည် ဖြစ်ကြောင်း ပြောပြသည်။ ပီယာသည် မနက်အစောကြီးကတည်းက ထွက်သွားကာ နေကုန်နေခန်း အလုပ်လိုက်ရှာသည်။ အလုပ်ရုံကလေးများကို လျှောက်မေးကြည့်သည်။ အလုပ်ကြော်ငြာများကို လျှောက်ဖတ်သည်။ ညနေပိုင်းတွင် မိတ်ဆွေတယောက်က ကျွေးလိုက်သဖြင့် ညစာ စားခဲ့ပြီးကြောင်းဖြင့် အဂ္ဂနိစ်ကို ပြောပြသည်။ ပီယာသည် အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်သည်။ မုတ်ဆိတ်ကို နေ့တိုင်းရိတ်သည်။ သူ့ကို လူတကာ အထင်သေးမည် စိုး၍ ဖြစ်၏။ သို့ရာတွင် ဝက်အူချောင်းဆိုင်ရှေ့သို့ ရောက်သည့်အခါတွင် ပီယာသည် မျက်လုံးကို တခြားသို့ လွှဲထားလိုက်ရသည်။

တနေ့တွင် ကြော်ငြာတခုကို ပီယာတွေ့လိုက်ရ၏။ နှင်းကျလျှင် ပါရီမြို့က လမ်းမများကို ရှင်းရန် အလုပ်သမားတွေ အများကြီးလိုသည်။ လျှောက်လွှာများကို မနက်ငါးနာရီထိုးတွင် လာတင်ရမည်ဟုဆိုသည်။ ညက နှင်းဖတ်တွေကျသဖြင့် အရည်ပျော်ကာ စြက်များတွင် ချောနေသည်။ ပီယာသည် အဂ္ဂနိစ် နိုးမည်စိုးသဖြင့် မနက်လေးနာရီတွင် အိမ်မှ အသာထွက်လာခဲ့သည်။ မနက်ခင်းက စိမ့်ပြီး အေးနေသည်။ သို့ရာတွင် အိမ်အပြန်၌ ပိုက်ဆံကလေး ဘာလေး နည်းနည်းပါးပါး ရတော့မည်ဟု တွေး၍ ပြုံးလာသည်။ ပီယာသည် သူတို့အလုပ်စခန်းသို့ ငါးနာရီ မတင်တင်တွင် ရောက်၏။ နှင်းတောဖြူဖြူကြီးထဲတွင် ခတ်ငွေ့မီးတိုင်ကြီးတတိုင် ထီးတည်းကြီး လင်းနေသည်။ အဆောက်အအုံမည်းမည်းကြီးရှေ့တွင် လူတွေ စောင့်ရပ်နေကြသည်။ လူက လူမျိုးစုံ။ အခြေအနေမဲ့များ၊ လူလေလူလွင့်များ၊ သပိတ်ထဲတွင် ပါခဲ့သည့်အတွက် အလုပ်ထုတ်ခံရသည့် စာပို့သမားများ၊ ဂျာမနီပြည်မှ ထွက်ပြေးလာသူများ၊ အဘိုးကြီးများနှင့် လူငယ်များ စသည်ဖြင့် အစုံ။ ထိုအထဲတွင် ငတ်ပြတ်နေသည့် ပန်းချီဆရာတယောက်ပင် ပါလိုက်သေးသည်။ ခန့်မည်လူက လူလေးဆယ်။ လာလျှောက်သည့်လူက သုံးရာကျော်။ ပီယာ စိတ်ရှည်လက်ရှည် စောင့်၏။ နောက်ဆုံးတွင် "လူစေ့ပြီ" ဟု အော်သံကို ကြားလိုက်ရသည်။ ပီယာသည် အိမ်သို့ လေးကန်စွာ ပြန်လာခဲ့သည်။ ဆာလည်း ဆာလှပြီ။ အေးလည်း အေးလာပြီ။ ခြေထောက်တွေပေါက်ကာ ခေါင်းထဲကလည်း မူးနေသည်။

လာဟေးလ်ရပ်ကွက်သို့ ဖြတ်လာခဲ့သည်။ ရှခင်းက စိတ်ဝင်စားစရာ။ အသားဈေးကြီး။ ပျော်ပွဲစားရုံပိုင်ရှင်များ။ အသားဆိုင်ရှင်များ၊ ကုန်စိမ်းဆိုင်ရှင်များ။ အစားအသောက်ဆိုင်ပိုင်ရှင်များသည် သူတို့စိတ်ကြိုက် ကုန်ပစ္စည်းများကို ရွေးနေကြသည်။ အစစအရာရာ ပြောင်းနေသော်လည်း ဇိုလာပြောသလို ပြောရလျှင်

ပါရီမြို့ကြီး၏ "ဝမ်းဗိုက်"မှာမူ ပြောင်းလဲခြင်း မရှိ။ ပီယာသည် စားသောက်ဖွယ် ပစ္စည်းပုံကြီးတွေကို ကြည့်ယင်း ဝေါ်ပြတ်နေသည့် အကျဉ်းသားများအကြောင်းကို ရေးထားသည့် ဝတ္ထုတပုဒ်ကို သွား၍ အမှတ်ရသည်။

ကြက်သွေးရောင်၊ အနီရောင်၊ ပန်းနုရောင် ပေါင်သားကြီးများက ချိတ်ကြီးများတွင် ချိတ်လျက်။ အစားကြူးသော ပါရီမြို့ကြီးအတွက် သိုးတွေ၊ နွားတွေ ဘယ်နှစ်ကောင်များ သေခဲ့ကြရသနည်း။ အသည်းကြီးအောင် ပြုပြင်ထားသည့် ငန်းကြီးတွေ ဘယ်နှစ်ကောင် သေခဲ့ရသနည်း။ ရစ်ကြက်မျိုးတွေ ဘယ်နှစ်ကောင် သေခဲ့ရသနည်း။ ရင်ပုံလှလှနှင့် ရစ်တွေ ဘယ်နှစ်ကောင် သေခဲ့ကြရသနည်း။

ထိုနောက် ငါးဈေးကြီး။ ပလာစတာဖြင့် ထုထားသလို ငါးသလောက် ယောက်ဖ အကောင်ကြီးကြီးတွေ၊ ငါးမြင်းတွေ၊ ငါးကွမ်းရှပ်တွေ၊ ငါးဘဲဖြူတွေ၊ ချောကျိုကျို ငါးရှဉ့်တွေ၊ ပင်လယ်ကမာကြီးတွေ၊ ပင်လယ်မျှော့ကြီးတွေ၊ အနံ့က မခံမရပ်နိုင်။ ငါးစိမ်းသည်များ၏ လက်က သွေးရဲရဲ။ ဆားတို့ဖြင့် ကြမ်းလျက်။ ကျောက်ဖြူခုံကြီးတွေပေါ်မှ ရေတွေ တစက်စက် စီးကျနေသည်။

ရှေ့ဆက်လျှောက်သွားလျှင် သစ်သီးတန်းနှင့် ဟင်းသီးဟင်းရွက်တန်း။ ဂေါ်ဖီပန်း၊ မုန်လာဥ၊ ခဘု၊ ကညွတ်။ ရိုစီလင် ခရမ်းချဉ်သီးများကြားတွင် မှိုပွင့်ကြီးများက ခြင်းတောင်းတွေထဲတွင် သပ်သပ်ရပ်ရပ်။ ရှေ့တွင် ထောပတ်အမျိုးမျိုး။ ရှာရှတ်တေ ထောပတ်တုံးကြီးတွေ၊ ဒိန်ခဲ၊ ကြက်ဥ၊ နို့ဆီဗူး၊ မက်ဆီနာနှင့် ဂျဖာ လိမ္မော်သီးတွေ။ သစ်တော်သီးတွေ။ အပူပိုင်းဖုံနံ့ သင်းနေသည့် ငှက်ပျောခိုင်ကြီးတွေ။ စွန်ပလွံနှင့် နာနတ်သီးတွေ။

ဈေးသည်မိန်းမကြီးက ကြက်သွန်ဥကြီး ဟင်းချိုကို သောက်နေသည်။ ထုံနေသည့် လက်များကို နွေးလာစေရန် ဟင်းချိုပန်းကန်တွင် ကပ်ထားကြသည်။ လူလေလူလွင့်များက တရစ်ဝဲဝဲလုပ်ကာ ပြန့်ကျနေသည့် အာလူးများကို ကောက်နေကြသည်။ ဒိန်မြည်းသူများက ဒိန်ခဲများကို လက်ဖြင့်တို့၍ မြည်းကြည့်ကာ ဈေးကို မေးနေကြသည်။ ဆိုင်တန်းများကြားတွင် သတင်းစာရောင်းသည့် သူငယ်များက ပြာလဲ့လဲ့ သတင်းစာများကို ကိုင်၍ ဖြတ်သွားကြသည်။ သတင်းစာများက မင်နံ့သင်းလျက်။ ထိုစဉ် အလယ်ခေတ်က တည်ဆောက်ခဲ့သည့် ရှေးဘုရားကျောင်းကြီးဖြစ်သော ရှင်ယုစတာရှိ ကျောင်းမှ ခေါင်းလောင်းသံများကို ကြားရ၏။ ခရမ်းရောင် ခါးစည်းကြီးများကို စည်းထားသည့် အသားရောင်းသူများက အသားတုံးကြီးများကို လှီးဖြတ်နေကြသည်။ ခြံသမားများက စုတ်ပြတ်နေသည့် စစ်ထရွန် လော်ရီကားဟောင်းကြီးများပေါ်မှ မုန်လာဥများနှင့် ကြက်သွန်ဥများကို ချနေကြသည်။ ထိုနောက် ကော်ဖီဆိုင်သို့ပြေး၍ ကော့ညက် ဘရန်ဒီစွက်ထားသည့် ကော်ဖီကို သောက်နေကြသည်။ စြက်များတွင် ဝိုင်အရက်နီတွေ ချောင်းစီးမတတ်။ နှင်းဆီပန်းစည်းကြီးတွေ၊ ဇော်မွှားပန်းစည်းကြီးတွေက အခိုင်လိုက်။ နိစ်နှင့် ဂရာဆီဘက်မှလာသည့် ရထားတွဲများတွင် အလွန်မွှေးသည့် တောင်ဇလပ်နီ၊ ကြက်မောက်၊ ဂန္ဓမာစိမ်း၊ ဗေဒါနှင့် နှင်းပန်းတွေ ပါလာကြသည်။ ပါရီတွင် ပြက္ခဒိန်ရာသီဟူ၍ မရှိ။ ပန်းများသည် လမ်းမပေါ်တွင် ပန်းသည်များ၏ တွန်းလှည်းကလေးများပေါ်တွင် တနှစ်ပတ်လုံး ပွင့်နေကြသည်။

ကောင်းကင်မှ နှင်းပွင့်တွေ အဖတ်လိုက် အဖတ်လိုက် ကျလာကြပြီ။ ကံကောင်း၍ အလုပ်ရသူများက နှင်းပွင့်များကို လမ်းမများပေါ်မှ လှဲနေကြသည်။ သို့ရာတွင် ပီယာမှာ ကံမကောင်း။ ပီယာသည် ခပ်သုတ်သုတ် လျှောက်လာခဲ့၏။ ဆာလောင်နေသည်ကိုပင် မေ့သွားပြီ။ အနံ့မျိုးစုံကြောင့် အော်ဂလီဆန်လာသည်။

တောင်တွေလို ပုံနေသည့် စားဖွယ်သောက်ဖွယ်များသည် သူ့ကို ဖိချေနေသကဲ့သို့ ရှိ၏။ အစားအသောက်အကြောင်းကို သူမတွေးချင်။ သူ့အဖြစ်ကိုသာ သူတွေးမိသည်။ သူ့အဖြစ်က ရန်လိုသည့် ကမ္ဘာကြီး အလယ်သို့ ရောက်နေသည့် လူတယောက်။ သူ့ဘေးပတ်ပတ်လည်တွင် ဈေးသည်တွေ၊ ပွဲစားတွေ၊ အလေးတွေ၊ ညစ်ပတ်နေသည့် အိတ်ဆောင်စာရင်းစာအုပ်တွေ။ အသိန်းအသောင်းရှိသည့် ပန်းပွင့်တွေ။

ပါရီမြို့ကြီးသည် ချက်ကိုစလိုဗက်သံရုံးက ပထမအတွင်းဝန် ဗားနက်၏ မျက်ရည်များကိုလည်း ဂရုမစိုက်၊ စပိန်ပြည် ကာတာလိုနာတွင် အသတ်ခံရသည့် ကလေးများအကြောင်းကိုလည်း အရေးမထား။ ဆေးရုံပေါ်တွင် ရောက်နေသည့် လီဂရေးကိုလည်း ရှိသည်ဟု မထင်။ ပီယာ၏ ဝတ်မှုတ်ဆာလောင်မှုကိုလည်း သတိမပြု။ ပါရီသည် လှုပ်ရှားအသက်ရှင်နေမြဲ။ ဝက်အူချောင်းရောင်းသည့် လူကြီးက “ပါရီသည် ယခုတိုင် ပါရီဖြစ်သည်” ဆိုသည့် မောရစ်ရှဗေးလီးယား၏ သီချင်းကလေး တအေးအေးဖြင့်။ ဈေးဦးပေါက်အဖြစ် ဝက်အူချောင်းသွတ်ဖို့ အသားတွေ ပေါင်လေးဆယ်လောက် ရောင်းလိုက်ရပြီ မဟုတ်လော။ သည်အရာတွေကို ကြည့်ယင်း ပီယာသည် ဝမ်းနည်းလာသည်။ သူ့စိတ်သည် ဝမ်းနည်းရာမှ တည်ငြိမ်စ ပြုလာ၏။ ပီယာသည် အရေးတကြီး ဖြစ်ဟန်ဖြင့် ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ စင်စစ် သူ့တွင် ဘာမျှ အရေးတကြီးကိစ္စ ရှိသည်မဟုတ်။ တကိုယ်လုံး ချမ်းလာသည်။ ခြေလှမ်းများကို ရုတ်တရက် နှေးလိုက်၏။ ဘတ်ဆီရပ်ကွက်ထဲက လမ်းကျဉ်းကျဉ်းကောက်ကောက်ကလေးတွေထဲသို့ လျှောက်နေမိသည်။ တလမ်းဆုံးလျှင် လမ်းဆုံသို့ ပြန်ထွက်လာပြန်သည်။ ငါးစင်းပြားများသည် ငါးစိမ်းသည်များ၏ တွန်းလှည်းကလေးများပေါ်တွင် အသက်ထွက်လုထွက်ခင်။

စိုစွတ်နေသော ခုံတန်းတခုပေါ်တွင် ထိုင်ချလိုက်ပြီး လမ်းတွင် ကောက်ရလာသည့် သတင်းစာကို ဖတ်သည်။ “... ဥရောပတွင် တင်းမာမှုများ လျော့သွားပြီ... ဝန်ကြီးတက်စ မိန့်ခွန်းပြောခြင်း... ငြိမ်းချမ်းရေး အာမခံချက်...”

ပီယာသည် ရုတ်တရက် ကိုယ်ကိုမတ်လိုက်၏။ အာလူးကြော်နံ့က သင်းနေသည်။ အိုးကြီးထဲတွင် ဆီရွှဲရွှဲဖြင့် ထည့်ကြော်ပြီး စက္ကူအိတ်များဖြင့်ရောင်းသည့် အာလူးကြော် ဖြစ်သည်။ “ကဲ... ဒီက အာလူးကြော် ပူပူကြွပ်ကြွပ်ကလေး တော်ရို့” ဟု ဈေးသည်မိန်းမကြီးက အော်နေသည်။ ဟုတ်သည်။ ခုနေ အိတ်ထဲတွင် ပြားငါးဆယ်လောက်များ ပါလာလျှင် မည်မျှကောင်းမည်နည်း။ ပီယာသည် ရုတ်တရက် ထလိုက်ပြီး တွန့်ကြေနေသည့် သတင်းစာကို လူတယောက်အား လှမ်းပေးလိုက်သည်။ ရုံးသွားရန် ထွက်လာသည့် စာရေးတယောက် ဖြစ်ပုံရ၏။ ထိုလူသည် ပီယာကို တအံ့တသြ ကြည့်လိုက်ပြီး ခပ်သုတ်သုတ် ဆက်လျှောက်သွားသည်။ ပီယာသည် ထိုင်ခုံဆီသို့ ပြန်လာခဲ့သည်။ သူဘာတွေလုပ်နေသနည်း။ ပီယာသည် နားဝေတိမ်တောင်ဖြင့် ထိုင်နေပြန်သည်။ အဝေးမှ မော်တော်ကားဟွန်းသံများနှင့် ဈေးသည်များ၏ အော်သံများကို ကြားရ၏။ လူတယောက်နှင့် မိန်းကလေးတယောက် ဖြတ်သွားကြသည်။ မိန်းကလေးက ပီယာကို လှမ်းကြည့်လိုက်ပြီး သူနှင့်ပါလာသူကို တစုံတရာ တီးတိုးပြောလိုက်သည်။ ခွေးအိုကြီးတကောင်က လက်တဘက်မြောက်၍ ပြေးလာပြီး ပီယာ၏ ဖိနပ်ကို လာနမ်းသည်။ ထို့နောက် အမြီးကို ကုပ်၍ ထွက်ပြေးသွား၏။ ပီယာတို့ ဆင်းရဲလိုက်သည့်ဖြစ်ခြင်း။ ခွေးကတောင် နားလည်နေပြီ။

အိမ်ရောက်သည့်အခါတွင် ပြဿနာတခုနှင့် တိုးရပြန်သည်။ အိမ်ဝအရောက်တွင်

အဂ္ဂနိစ်ကဆီး၍ “ဖေဖေရောက်နေတယ်” ဟု လေသံကလေးဖြင့် ပြောသည်။

ခါတိုင်းဆိုလျှင် ဝမ်းသာအယ်လဲ ဖြစ်မိလိမ့်မည်။ ပြင်သစ်ပြည်တောင်ပိုင်းက မြို့ကလေးတမြို့တွင်နေသည့် အဂ္ဂနိစ်၏အဖေသည် သမီးဆီ အလည်လာဖို့ လုပ်နေသည်မှာ ကြာလှပြီ။ မြေးကလေးကိုလည်း တွေ့ချင်သည်။ သည်အကြောင်းကို စာရေးတိုင်း ထည့်ရေးတတ်သည်။ သူ့လက်ရေးက ကလေးလက်ရေးလို ဝိုင်းဝိုင်းကြီးတွေ။

အဂ္ဂနိစ်သည် သူ့အဖေအကြောင်းကို ပီယာအား မကြာခဏ ပြောတတ်၏။ သူ့အဖေက စက်ပြင်ဆရာ လူဟောင်းကြီး။ စစ်ကြီးမဖြစ်ခင်တုန်းက စစ်ဆန့်ကျင်ရေးစကား ပြောမိသဖြင့် ထောင်ဆယ်လ ကျခဲ့ဖူးသည်။ လွန်ခဲ့သည့် ငါးနှစ်လောက်ကစ၍ ကောင်းကောင်း မကျန်းမာ။ စက်ရုံအလုပ်ကထွက်ပြီး ဒက်စ်မြို့တွင်ရှိသည့် သူ့ညီနှင့် သွားနေသည်။ သူ့ညီက မော်တော်ဝပ်ရှော့ကလေးတခု ထောင်ထားသည်။ သူ့ညီကိုကူ၍ စက်ပြင်ပေးသည်။ အိမ်နောက်ဖေးက ခြံကလေးထဲတွင် အပင်ကလေးဘာလေး စိုက်သည်။ သူ့အသက် ၆၄ နှစ် ရှိပြီ။ ဆံပင်ဖြူဖြူ၊ ကိုယ်ခန္ဓာ တုတ်တုတ်ခိုင်ခိုင် လူကြီးတယောက်ဟု ပီယာထင်ခဲ့သည်။ သို့ရာတွင် အထင်နှင့်အမြင် တခြားစီ၊ ကျုံ့ဝင်နေသည့် သေးညက်ညက် အဘိုးအိုတယောက်။ မွေးခါစ ကလေးဆံပင်လို ခေါင်းပေါ်တွင် ဆံပင်ကလေး ကြိုးကျဲဖြင့်...။

အဂ္ဂနိစ်က ဆီး၍ ခပ်တိုးတိုးပြောလိုက်သည်နှင့် ပီယာ သဘောပေါက်ပြီ။ သူ့အဖေထင်သည်က သူ့သမီးသည် အင်ဂျင်နီယာနှင့်ရသဖြင့် ဟန်ကျပန်ကျ ဖြစ်နေပြီ။ သူတို့သားကလေး ဒိုဒို ဆိုလျှင်လည်း လိုလေသေးမရှိ ဖြစ်နေပြီဟု ယောက္ခမကြီး ထင်ခဲ့သည်။ ယခု သမီးနှင့် သမက်ထံ လာဖြစ်အောင် လာခဲ့ပြီ။ အကျိုးအကြောင်းကို ဖွင့်ပြောလိုက်လျှင် အဖေကြီး စိတ်ဆင်းရဲလိမ့်မည်။ သို့ရာတွင် ခက်သည်က သူ့ကို မည်သို့ကျွေးမွေးပြုစုမည်နည်း။

ယောက္ခမကြီးက ပီယာကို တချက်လှမ်း၍ အကဲခတ်လိုက်ယင်း...

“အံမယ်၊ ငါ့သားဖိနပ်က တော်တော်ကောင်းပါလားဟေ့”

ပီယာသည် သူ့ဖိနပ်ကို လာနမ်းသည့် ခွေးအိုကြီးကို လည်းကောင်း၊ သတင်းစာကို လည်းကောင်း၊ အာလူးကြော် ပူပူနွေးနွေးကို လည်းကောင်း သွား၍ အမှတ်ရသည်။ ယောက္ခမကြီးက အိမ်ခန်းပတ်ပတ်လည်ကို ကြည့်ကာ မီးဖိုထဲသို့ ဝင်သွားသည်။ မီးဖိုချောင် သန့်ရှင်းသပ်ရပ်သဖြင့် သဘောကျလျက်ရှိ၏။

“အလုပ်အကိုင်ကော အဆင်ပြေရဲ့လားကွ”

ပီယာက နောက်ပေါ်သည့် အင်ဂျင်စက်သစ်များအကြောင်းကို ပြောပြသည့်အခါတွင် သဘောကျနေသည်။ ထို့နောက် နိုင်ငံရေးအကြောင်းသို့ ရောက်သွားကြ၏။ အဘိုးကြီးက သက်ပြင်းချလိုက်ယင်း...

“အင်း၊ တို့များကတော့ ခေတ်နောက်ကျနေပါပြီကွယ်၊ တို့များနေတဲ့မြို့ကလဲ မြို့ငယ်၊ မြို့ငယ်ကလေး၊ ဘာမှမသိရဘူး၊ ညီတော်မောင်ကလဲ ဒါတွေကို စိတ်မဝင်စားဘူး၊ သတင်းစာတစောင်တော့ ယူထားပါရဲ့”

သူ့ယောက္ခမကြီးသည် မြူးနစ်အကြောင်းကို မသိတော့။ ပီယာက စပိန်ပြည်အကြောင်း ပြောပြသည့်အခါတွင်မှ စိတ်အားထက်သန်စ ပြုလာသည်။

“ဟုတ်တယ်၊ စပိန်လူထုက နိုင်ရမယ်၊ မနိုင်လို့ ဖြစ်ကိုမဖြစ်ဘူး” ဟု အော်၏။

သူတို့နှစ်ယောက်သည် အတိတ်အကြောင်းကို ပြန်ပြောကြသည်။ ယောက္ခမကြီးက သူတို့ခေတ်တုန်းက သပိတ်တွေအကြောင်း၊ ဆန္ဒပြပွဲအကြောင်းကို ပြောပြ၏။

"၁၉၇၆ ခုနှစ်တုန်းက တို့တတွေ ဆန္ဒပြကြတာ နည်းတဲ့လူတွေ မဟုတ်ဘူး၊ တလမ်းလုံး အလံတွေချည်းပဲ"

ထိုခေတ်က နာမည်ကြီးခေါင်းဆောင်ဖြစ်သည့် ဂျော်ရေးနှင့် သိကျွမ်းသည့်အတွက်လည်း အဘိုးကြီး ဂုဏ်ယူနေသည်။

"ဂျော်ရေးက တရားပွဲတွေ ဘာတွေမှာ စကားပြောပြီဆိုယင် လည်စည်းကို ဖြုတ်လိုက်သေးတယ်၊ အဲဒီခေတ်တုန်းက လည်စည်းတွေကလဲ တယ်ကျပ်တာကိုး၊ အသံဩဇာကလဲ တော်တော်ကောင်းတဲ့လူ"

ပီယာမှာ ငြိမ်နေ၏။ သူက စကားတွေ ဖောင်လောက်အောင် ပြောလေလေ ကိုယ့်အခြေအနေကို ပြန်တွေးပြီး စိတ်ညစ်လေလေ။ ပီယာ ငြိမ်နေသည်ကို မြင်သည့်အခါတွင် အဘိုးကြီးသည် သူ့ စကားပြော မှားသွားသလောဟု တွေး၍ စိုးရိမ်သွားသည်။ ပီယာသည် သူတို့လို ဆင်းရဲသားမှလာသည့် လူတယောက်လော။ သူ့အမူအရာက ခပ်တည်တည်။ အဘိုးကြီးသည် သမက်ကို နည်းနည်းရှိန်သွား၏။ အင်္ဂနိစ်သည် အထက်တန်းသို့ ရောက်နေပြီ။ သူယူသည့် ယောကျ်ားသည် အလုပ်သမားတယောက် မဟုတ်။ အဘိုးကြီးသည် သူ့စကားမှားသွားသည်ကို ခပ်ရှက်ရှက် ဖြစ်သွားကာ..

"အဖေ့မိတ်ဆွေတယောက်အိမ်ကို ခဏသွားလိုက်ဦးမယ်"

အင်္ဂနိစ်နှင့် ပီယာသည် တယောက်ကိုတယောက် လှမ်းကြည့်မိကြ၏။ ထမင်းစားချိန်ဖြစ်၍ ထမင်းစားပြီးမှ သွားပါလား အဖေရဲ့၊ ဘာရဲ့ စသည်ဖြင့် ပြောဖို့ကောင်းသည်။ သို့ရာတွင် ခက်သည်က အိမ်တွင် ဘာမျှ ကျွေးစရာမရှိ။ ဒိုဒိုဖို့ လုပ်ထားသော အသားပြုတ်ဟင်းချိုကလေးကို ကျွေးရမည်လော။ သူတို့ကို ညစာစားဖိတ်ထားသဖြင့် အိမ်တွင် ဘာမျှမချက်ဟု ပြောရမည်လော။ သို့ဆိုလျှင် အဘိုးကြီး စိတ်မကောင်း ဖြစ်လိမ့်မည်။

"နေပါဦး အဖေရယ်၊ ဖြည်းဖြည်းပေါ့၊ မြို့အကြောင်းလေး ဘာလေး ပြောစမ်းပါဦး"

အင်္ဂနိစ်ကပြော၏။ အဘိုးကြီးက သူတို့မြို့က သတင်းများကို ပြောပြသည်။ သူတို့မြို့ကလေးတွင် နွေရာသီဆိုလျှင် ခရီးသည်တွေ လာတတ်သည်။ သူ့သိကလည်း အလုပ်အကိုင် ကောင်းနေကြောင်း၊ လူတွေက စစ်ကြီးဖြစ်မည်လောဟု စိုးရိမ်နေကြောင်း၊ စစ်ဖြစ်လျှင် သိမ်းမည်စိုးသဖြင့် အိမ်သစ်များကိုလည်း မဆောက်ကြတော့ကြောင်း၊ ကားသစ်များကိုလည်း မဝယ်ကြတော့ကြောင်း၊ လော်ရီအရောင်းအဝယ် အလုပ်များကလည်း မကိုက်တော့ကြောင်း၊ အလုပ်လက်မဲ့ ဦးရေတွေ များလာကြောင်း။

"ပါရီမှာကောကွ၊ အလုပ်လက်မဲ့တွေ တော်တော်များနေသလား"

"အများကြီးပဲ အဖေရေ့၊ ဌာနတိုင်းမှာလိုလိုပဲ၊ ဒီနေ့လမ်းမှာ တံမြက်စည်းလှည်းတဲ့လူတွေကို ကျွန်တော်တွေ့ခဲ့တယ်၊ စာစီသမားရော၊ မုန့်ဖုတ်သမားရော၊ စုံလို့ပဲ။ ပန်းချီဆရာတယောက်တောင် ပါသေးတယ်။ ကျွန်တော်တောင် နှစ်နာရီလုံးလုံး စောင့်ရတယ်"

ယောင်၍ ပြောမိလိုက်သည်ကို ချက်ချင်း သတိရလိုက်သည်။ အဘိုးကြီးတော့ နားလည်မည် မဟုတ်။ သို့ရာတွင် အင်္ဂနိစ်ကမူ ရိပ်မိလိမ့်မည်။ ကိစ္စမရှိ။ အဘိုးကြီး

မသိအောင် ဖုံးထားဖို့ အဂ္ဂနိစ်ကို ပြောရမည်။ သူထင်သည့်အတိုင်း အဂ္ဂနိစ်က ရိပ်မိသွားပုံရသည်။ ဝတ်ရသည့် ဆင်းရဲဒုက္ခကို ယခုမှ နားလည်သွားသည့်နှယ်။ ပီယာကို အလန့်တကြား ကြည့်လိုက်၏။ သို့ရာတွင် အဘိုးကြီးက ချက်ချင်း သတိပြုလိုက်မိသည်။ အဂ္ဂနိစ် ကြောက်တက်တက် ဖြစ်နေပုံ၊ ပီယာ စကားနည်းနေပုံ၊ မီးဖိုချောင်ထဲတွင် ရှင်းနေပုံ။

"အဖေ လမ်းထိပ်ကို ခဏ သွားလိုက်ဦးမယ်ကွယ်၊ အဖွေ့မိတ်ဆွေဆီကို ကြိုကြိုတင်တင် တယ်လီဖုန်းလေး ဆက်ထားလိုက်ချင်လို့"

နာရီဝက်လောက် ကြာသည့်အခါတွင် အဘိုးကြီး ပြန်လာသည်။ သူ့လက်ထဲတွင် အထုပ်တွေ ပိုက်လျက်။ ဝိုင်ပုလင်းကြီးတလုံး၊ ငါးသေတ္တာတွေ၊ မုန့်ထုပ်တွေ၊ ဒိန်ခဲတွေ၊ ကော်ဖီဗူးတွေနှင့်။ သကြားပင် ပါလိုက်သေးသည်။

"ဖြစ်မှ ဖြစ်ရလေ သမီးရယ်" ဟု အဖေက ညည်းသည်။ အဖေက နောက်ထပ် တခွန်းမျှ မမေးတော့။ ထမင်းဝိုင်းတွင် ပီယာက သပိတ်အကြောင်း၊ မျက်ရည်ယိုဗုံးအကြောင်း၊ ဒက်ဇာနှင့် တွေ့၍ စကားပြောခဲ့သည့်အကြောင်း၊ သူ့ကို လူဆိုးစာရင်းသို့ သွင်းထားကြသည့် အကြောင်းတို့ကို ပြောပြသည်။ အဘိုးကြီးက တပြုံးပြုံးဖြင့် သဘောကျနေသည်။ ပီယာသည် သူ့လို အတန်းအစားထဲကဟု ခံစားရသည်။ သူတို့တွင် ချို့ချို့ငဲ့ငဲ့ နေရသည်ကမှ အဆန်းမဟုတ်။ ငယ်တုန်းရွယ်တုန်းတွင် သည်လိုနှင့် စရသည်ချည်း။

အဘိုးကြီးက ဝိုင်အရက်ခွက်ကို မြှောက်လိုက်ပြီး "ကဲ… အောင်ပွဲအတွက်ဟေ့" ဟု ဆုတောင်းသည်။

ယခု သူ့အဖို့ အားလုံး ရှင်းသွားပြီ။ မကြာမီ စပိန်ပြည်သူများသည် ဖက်ဆစ်များကို အောင်နိုင်ကြလိမ့်မည်။ ကမ္ဘာအနှံ့အပြားတွင် အလုပ်သမားများက အောင်ပွဲခံကြလိမ့်မည်။ သပိတ်များနှင့် ခံတပ်များကို မြင်ရတော့မည်။

အရက်နှင့် အစာကြောင့် ပီယာသည် မူးရိပ်ရိပ် ဖြစ်လာသည်။ တကိုယ်လုံး နွေးသွားကာ ဇိမ်ကျသွား၏။ သို့ရာတွင် စိတ်ညစ်သည်ကမူ မပျောက်သေး။ ယခု သူတွေ့ရသည်က သူတို့ရှေ့က သွားနှင့်သည့် မျိုးဆက်ဟောင်း။ ဆုံးရှုံးမှုကိုတွေ့လျှင် မည်သို့ဖြစ်တတ်သည်ကို သူတို့ ကောင်းကောင်း သိပြီးပြီ။ ဤအဘိုးကြီးလို ယုံကြည်ချက်မျိုး၊ ရိုးသားမှုမျိုး၊ ရွှင်လန်းမှုမျိုး အဘယ်ကြောင့် မရှိရမည်နည်း။

ဒိုဒိုကလေးကို အိပ်ရာထဲသို့ ပို့သည်။ ဒိုဒိုကလေးက စိတ်ကောက်ပြီး ကောင်းကောင်းမအိပ်။ သို့ရာတွင် ခဏကြာတော့ အိပ်ပျော်သွားသည်။ အဘိုးကြီးက ဒိုဒိုကို ကြည့်ပြီး…

"အင်း… သူတို့ခေတ်ကျယင်တော့ အေးအေးချမ်းချမ်း နေရလိမ့်မယ် ထင်ပါရဲ့၊ တို့များလို ခေတ်ဆိုးခေတ်ကျပ်ကြီးကို တွေ့ရတော့မှာ မဟုတ်တော့ပါဘူး၊ တို့များတုန်းက ရုန်းပိန်တိုက်ပွဲကို တိုက်ခဲ့ရတာ၊ တယ်ကြောက်စရာ ကောင်းတာပဲ၊ ဒါပေမယ့် ရှေ့လျှောက်ပြီး စစ်ပွဲတွေ ရှိတော့မှာ မဟုတ်ပါဘူး၊ အလုပ်သမားတွေက သူတို့အကြောင်းကို သိလာပြီပဲ၊ ပြီးတော့ ဂျာမန်တွေကလဲ စစ်တိုက်မယ် မထင်ပါဘူးကွာ၊ သူတို့မှာလဲ သူတို့အလုပ်သမားတွေ ရှိသေးတာပဲ၊ အလုပ်သမားတွေက တိုက်မယ်ထင်သလား၊ ဘယ့်နှယ်လဲ"

ပီယာ စောစောအိပ်တတ်သည်။ မနက်ဆိုလျှင် ငါးနာရီ နိုးနေကျ။ သူ့မျက်လုံးများသည် စင်းလာကြ၏။ ပီယာသည် မငိုက်ရန် ကြိုးစား၏။ ထိုနောက် ဒိုဒို၏ ခုတင်လေးပေါ်တွင် ထိုင်ယင်း ငိုက်နေသည်။ သူ့မျက်နှာကလည်း

ကလေးမျက်နှာလေးနှင့် အတူတူ။

ထိုနှစ်က ဆောင်းလောက် ရှည်လျားသည့် ဆောင်းဆို၍ ပါရီတွင် ရှိမည်မထင်။ ပါရီသည် ငြိမ်သက်ကာ နားဝေတိမ်တောင် ဖြစ်နေသည်။ ပြင်သစ်ပြည်၏ အတိတ်ဂုဏ်ကျက်သရေကို ဖော်ပြရာ ကျောက်ရုပ်ကြီးများကို ဒီဇင်ဘာဆည်းဆာပြာပြာများက လွှမ်းခြုံထားကြ၏။ ဆိုင်ပြတင်းပေါက်များတွင် ယမင်းရုပ်ရောင်စုံများနှင့် သစ်ကြားသီး သကြားစိမ်ပုလင်းတို့က အဆင်သင့်။ ငြိမ်းချမ်းသည့် နာတာလူးပွဲတော် ဖြစ်မည့်ဟန် နိမိတ်ပြလျက်။ အချို့က လမ်းမကြီးတွင် လျှောက်သွားကာ ပျော်စရာအဖော်အလှော်ကို လိုက်ရှာနေကြဆဲ။ ပါရီမြို့ကြီးသည် ကမ္ဘာ့အရေးအခင်းများကို မေ့လျော့နေဟန်။

မနက်တိုင်း ဝန်ကြီးများသည် အစိုးရအမိန့်ကို မနာခံသည့် ကြေးနန်းစာရေးများ၊ မီးရထား အလုပ်သမားများအား ထုတ်သည့်အမိန့်ကို လက်မှတ်ထိုးနေကြသည်။ အလုပ်ရှင်များသည် အလုပ်သမားများကို မလှမ်းမကမ်းမှ ရပ်၍ အကဲခတ်နေကြ၏။ ငတ်မွတ်ခြင်းသည် ထောင်ပေါင်းများစွာသော အလုပ်လက်မဲ့များကို ဝါးမျိုလျက်။ ဝန်ကြီးချုပ် ဒလားဒီးယားက အမျိုးသားကာကွယ်ရေး အရေးကြီးပုံကို ပြောနေသည်။ သို့ရာတွင် လက်နက်စက်ရုံများရှိ စက်ခန်းများက တိတ်ဆိတ်လျက်။

သတင်းစာဖတ် ပရိသတ်၏ ရန်ပုံငွေဖြင့် ဂျူလီယော့က အင်္ဂလိပ် ဝန်ကြီးချုပ် ချိန်ဘာလိန်ကို ရွှေမှတ်ဆိတ်ရိတ်ဗူးတစုံ လက်ဆောင်ပေးသည်။ "ပြင်သစ်မှာ အကောင်းဆုံးပစ္စည်းပဲဗျ" ဟု ဂျူလီယော့က ပြော၏။ သို့ရာတွင် ချိန်ဘာလိန် ပါရီသို့ လာသည့်အခါတွင်မူ အလုပ်သမားများက ဘူတာတွင်စုကာ ချိန်ဘာလိန်ကို လှောင်ကြသည်။ ရှုတ်ချကြသည်။ တရားသူကြီးများနှင့် သမာဓိတရားသူကြီးများမှာ နားချိန်ပင်မရ။ အကျဉ်းထောင် အလုပ်ရုံများတွင် ဆေးသုတ်သမားများ၊ သံရည်ကျို အလုပ်သမားများနှင့် အခြားစက်မှုအလုပ်သမားများသည် ချောကလက်သေတ္တာများကို ဆေးသုတ်နေကြရသည်။

လီဂရေးကို ဆေးရုံမှ ရုံးသို့ ထုတ်သွားသည်။ သူ့ဘေးက လက်နက်ကိုင် ပုလိပ်နှစ်ယောက် ရပ်လျက်။

"ဝန်ကြီးချုပ် ဒလားဒီးယားကို ကျုပ် စွဲချက်တင်လိုက်တယ်" ဆိုသည့် စကားလုံးများဖြင့် လီဂရေးက သူ့လျှောက်လဲချက်ကို အစပြုသည်။ ရုံးမင်းက လေသံတိုးတိုးဖြင့် "ပြန်ခေါ်သွားပါ" ဟု လှမ်းပြောသည်။ ငါးမိနစ်အကြာတွင် ရုံးမင်းသည် စီရင်ချက်ကို ဖတ်နေသည်။

"ဇူလိုင်လ ၁၉ ရက်နေ့တွင် ပြဋ္ဌာန်းသည့် ဥပဒေအရ လီဂရေးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်လိုက်သည်..."

ရေဒီကယ်ပါတီ အစည်းအဝေးတခုတွင် ဖိုးဂျက်၏ ဘက်သားများက အစိုးရ နုတ်ထွက်ပေးရန် တောင်းဆိုကြသည်။ တက်စက ခပ်ကြွားကြွား ပြုံးလိုက်ယင်း

"ဒီအစိုးရအဖွဲ့ နုတ်ထွက်လိုက်ယင် ကျွန်တော်တို့ရဲ့ အင်အားကောင်းတဲ့ အိမ်နီးချင်း နိုင်ငံကြီးနဲ့ ချက်ချင်း စစ်ဖြစ်သွားနိုင်တယ်" ဟု ပြောသည်။

တက်စသည် တညနေလုံး ကြီးမားသည့် မြေပုံချပ်ကြီးကို ကြည့်နေပြီးနောက် မိတ်ဆွေအမတ်တယောက်နှင့် သွား၍ ညစာစား၏။ ညစာစားပြီး ဒိန်ခဲနှင့် ပန်းသီးကို တိတ်ဆိတ်စွာ သုံးဆောင်ယင်း တက်စက...

"ဒီမှာ အမတ်မင်း၊ ဂျာမန်တွေ ကျွန်တော်တို့ဘက်ကို မလာပါဘူးဗျ။ စိတ်ချ။ အရှေ့ဘက်ကို တိုက်မှာ၊ အရှေ့ဘက်မှာ ရေနံရှိတယ်လေဗျာ၊ ရေနံဟာ ဒီခေတ်ရဲ့ သွေးဗျ။ ဒီခေတ်ရဲ့ သွေး"

ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့ ပြင်သစ်ပြည်သို့ အလည်ရောက်လာသည်။ ကြိုတင်ကာကွယ်သည့် အနေဖြင့် ပုလိပ်များက လမ်းများကို ရှင်းထားကြ၏။ ရစ်ဘင်ထရော့ကို မြင်ကွင်းသစ်တွေ ပြကြသည်။ မြင်ကွင်းသစ်က အခြားမဟုတ်၊ ဆောင်းနေနီနီကြီးအောက်တွင် လူသူကင်းရှင်းနေသည့် ဗိုလ်ရှုခံကွက်လပ်ကြီး ဖြစ်သည်။ "ဒီတကြိမ် ပါရီကို ရောက်ရတာဟာ တော်တော့်ကို ကြည်နူးစရာ ကောင်းတယ်" ဟု သူက ပြော၏။

စပိန်ပြည်တွင် အီတလီတပ်များက ဘာစီလိုနာမြို့နားသို့ ရောက်နေကြပြီ။ လွှတ်တော်အမတ်များက အစည်းအဝေးတခု ကျင်းပကာ အထက်လွှတ်တော်အမတ် ဘာရက်ကို ဖက်ဆစ်ဗိုလ်ချုပ် ဖရန်ကိုထံသို့ လွှတ်ရန် ဆုံးဖြတ်လိုက်ကြသည်။ တက်စက ထိုဆုံးဖြတ်ချက်ကို ထောက်ခံကာ "ဒီအချိန်ဟာ အထင်လွဲမှုတွေကို ဖြေဖျောက်ကြရမယ့်အချိန် ဖြစ်တယ်" ဟုပြောသည်။

အစည်းအဝေးတခုတွင် ဗီးလာ့ဒ်က စကားပြောသည်။ ချက်ကိုစလိုဗက် အမျိုးသမီးများနှင့် စပိန်ကလေးသူငယ်များအတွက် ဝမ်းနည်းကြောင်း ပြောသွား၏။ အစိုးရသည် အလုပ်သမားလူတန်းစားကို မတရားသဖြင့် နှိပ်ကွပ်ကြောင်း ပြောကာ ရှိုက်သံဖြင့် "ကျွန်အပြုခံရတဲ့ ဥရောပမှာ ကျွန်တော်တို့တိုင်းပြည်ဟာ လွတ်လပ်မှုရဲ့ တံတိုင်းကြီး ဖြစ်တယ်" ဟု ပြောသွားသည်။ ပရိသတ်က စိတ်မပါ့တပါ သြဘာပေးကြ၏။ ရှေ့ဆုံးတန်းတွင် ထိုင်နေသည့် "ဆိန်း" လေယာဉ်စက်ရုံမှ ညစောင့် အလုပ်သမားကြီး ဒူရေနေးက ရုတ်တရက် ထကာ...

"အဲဒီတံတိုင်းကြီးကို ဘယ်သူက အသေခံပြီး ကာကွယ်မှာလဲ။ သမိုင်းအရ ပြောရယင်တော့ ရဟန္တာတွေနဲ့ မိန်းမပျက်တွေကပဲ ကာကွယ်ခဲ့ကြတာပဲ၊ ရဟန္တာတွေက ကောင်းကင်ဘုံမှာ ရောက်နေကြပြီခင်ဗျ။ အဲ... မိန်းမပျက်တွေကလဲ ဘယ်တော့မှ မသေကြဘူး" ဟု ထပြောသည်။

ဒူရေနေးအပြောကို တဆင့်ကြားရသည့်အခါတွင် တက်စက ပြုံးလိုက်ယင်း...

"ဟုတ်တာပေါ့၊ ခင်ဗျားတို့ ဘာပဲပြောပြော၊ ပြင်သစ်လူမျိုးဟာ အလွန် ဇဝနဉာဏ် ထက်မြက်တဲ့ လူမျိုးဗျ၊ ဂျူကိန်းအော်နေတာကို အရေးလုပ်မနေနိုင်ပါဘူးဗျာ၊ ကျုပ်တို့က ချက်ကိုစလိုဗက်လူမျိုးတွေမှ မဟုတ်ပဲ" ဟု ပြော၏။

သို့တိုင်အောင် တက်စတွင် စိတ်ညစ်စရာတွေ ရှိနေသည်။ ထိုကိစ္စကို သူ အဘယ့်ကြောင့် ဤမျှ အရေးတကြီး ထားနေရသနည်းဟု သူ့ကိုယ်သူ စဉ်းစား၍မရ။ ကွန်မြူနစ်တို့က "တက်စ ကျဆုံးပါစေ" ဟု အော်နေကြသည်။ ဂျူကိန်းက ဂရမ်ဒယ်၏စာအကြောင်းကို လျှောက်ပြောကာ လွှတ်တော်ထဲတွင် ဂျာမန်သူလျှိုတွေ ရှိနေပြီဟု အုတ်အော်သောင်းတင်းဖြစ်အောင် လုပ်နေသည်။ လွှတ်တော် စုံစမ်းရေး ကော်မရှင်များကလည်း တညည်းညည်းတညူညူဖြင့်

ဖိနှိပ်မှုများကို ရုပ်သိမ်းရန် တောင်းဆိုနေကြသည်။ အလုပ်သမား စုံစမ်းရေး ကော်မရှင်ကိစ္စနှင့် ပတ်သက်၍ ဗီးလာ့ဒ်က ဝန်ကြီးတက်စကို လာတွေ့၏။

"လွန်ခဲ့တဲ့ ရက်လောက်တုန်းက အစည်းအဝေးတခုမှာ ခင်ဗျားကို ကျွန်တော် ကာကွယ်ပြောရသေးတယ်၊ သူတို့ကတော့ ကျွန်တော်ပြောတဲ့စကားကို ကဖျက်ကယက် လုပ်ချင်တာပေါ့။ လှောင်တာပြောင်တာလဲ လုပ်ချင်ကြတယ်၊ ခင်ဗျားတို့လုပ်တာ နည်းနည်းတော့ များသွားပြီ ထင်တယ်ဗျ။ အစိုးရကို လူထုက တော်တော်ဆန့်ကျင်နေကြပြီ၊ ဘယ်အစိုးရကိုမှ လူထုက ဒီလောက် မဆန့်ကျင်ခဲ့ကြသေးဘူး"

တက်စက ပခုံးကို တွန့်လိုက်၏။

"ဒါဖြင့် လူထုက ဘယ်သူ့ကို ကြိုက်နေသလဲ၊ ဖလန်ဒင်ကိုလား၊ ဘရီကျူးကိုလား၊ သူတို့ကိုလဲ မဖြစ်နိုင်ဘူးဗျ၊ ဘယ်သူ ပေါ်ပြူလာ ဖြစ်နေသလဲ၊ သိရဲ့လား၊ ဟာစ်တလာဗျ၊ ဟာစ်တလာ။ ခင်ဗျားနေရာကို ကျွန်တော်တက်ယူရတဲ့အတွက် စိတ်တော့ မကောင်းပါဘူး၊ ခုနေအချိန်မျိုးမှာ အစိုးရအဖွဲ့ထဲမှာ မဟုတ်ပဲ အတိုက်အခံ လုပ်နေရတာက တာဝန်ကင်းတယ်ဗျ၊ ဖိနှိပ်ချုပ်ချယ်မှုတွေကို ရုပ်ဖို့ကောင်းပြီလို့ ခင်ဗျား ပြောသွားတယ်၊ ကောင်းပါတယ်၊ ကျွန်တော်လဲ ဒါမျိုးတွေကို ဘယ်လုပ်ချင်မလဲ၊ လူစိတ် ရှိပါတယ်၊ ဒါပေမယ့် ကွန်မြူနစ်တွေက ဆူဆူပူပူ လုပ်နေကြတော့ ကျွန်တော် ဘာတတ်နိုင်မှာလဲ၊ ကျွန်တော်တို့လဲ အတတ်နိုင်ဆုံး တိုင်းပြည်မှာ ငြိမ်သက်အောင် ကြိုးစားနေတာပဲ၊ ဒါပေမယ့် ခက်တာက သူတို့က ဆူပူမှုတွေကို လှုံ့ဆော်နေကြတယ်ဗျ။ သန်းပေါင်းများစွာကို စစ်မြေပြင်ပို့ပြီး အသေခိုင်းတာနဲ့စာယင် လူတထောင် နှစ်ထောင်လောက်ကို ထောင်ထဲထည့်ထားရတာဟာ အရေးမကြီးပါဘူးဗျာ၊ ကွန်မြူနစ်တွေက ဟာစ်တလာရန်ကို တားဆီးတဲ့အနေနဲ့ ကြိုတင်ကာကွယ်တဲ့စစ်မျိုးကို တိုက်ချင်တယ်ဗျ။ ကျွန်တော်ကတော့ ကြိုတင်ကာကွယ်တဲ့ ဖမ်းတာဆီးတာမျိုးလေးကို လုပ်ချင်တယ်၊ ဟား ဟား"

ဗီးလာ့ဒ်က သူ့ကြိုးတပ်မျက်မှန်ကို ဖြုတ်လိုက်ပြီးနောက် မှန်ကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်။ မှုန်မွဲသည့် မျက်လုံးများဖြင့် တက်စကို ကြည့်လိုက်ယင်း...

"တကယ်ကော ငြိမ်းချမ်းရေးကို ယုံကြည်လို့လား"

"အင်း... ဘယ်လိုပြောရမလဲ၊ ဂျာမန်ဟာ အရှေ့ဘက်ကို လှည့်တိုက်မယ့် အလားအလာ ရှိနေတယ်ဗျ၊ ဒီအတိုင်းမှန်ယင် ကျွန်တော်တို့တွေ အနှစ်နှစ်ဆယ်လောက်တော့ အေးအေးချမ်းချမ်း နေရဦးမှာပဲ၊ မှားချင်လဲ မှားမှာပေါ့လေ၊ ကျွန်တော်လဲ ဖဲကစားရတာကို ပျော်ပါတယ်၊ ဒါပေမယ့် ခုလောလောဆယ်မှာတော့ ကျွန်တော်တို့ဟာ ကစားသူမဟုတ်ပဲ ဖဲချပ်လေးတွေ ဖြစ်နေတယ်ဗျ။ ဖဲချပ်ကလေးတွေလို အမွှေခံပြီး အဝေခံနေရတယ်၊ တော်တော်တော့ ခွကျတဲ့အလုပ်၊ အလုပ်လက်မဲ့ ဖြစ်နေရတဲ့လူတွေကို အားကျသလိုလိုတောင် ဖြစ်မိတယ်၊ သူတို့အဖို့က ညရောက်ယင် တံတားအောက် ဝင်အိပ်လိုက်ရုံပဲ၊ ဘာမှ စဉ်းစားစရာ ပူပင်စရာ မရှိဘူး၊ ကျွန်တော်တို့မှာသာ ဒုက္ခရောက်နေကြတာ မိတ်ဆွေကြီး၊ ကျွန်တော်တို့မှာ ပျော်ချင်လို့ မပျော်ရ၊ ကိုယ်ဝါသနာပါတာလေး လုပ်ချင်လို့မှ မလုပ်ရ၊ ကျွန်တော်ဆိုယင် သူတို့အတိုင်း အိမ်သူလဲ မရှိတော့..."

တက်စ၏ အသံသည် တုန်လှုပ်ရှိ၏။ ဖယောင်းတိုင်နှစ်တိုင်နှင့် နှင်းပန်းများကို မြင်ယောင်လာသည်။ ဗီးလာ့ဒ်သည် တက်စနှင့် ပတ်သက်၍ ခံစားချက်

ပြောင်းသွားသည်။ တက်စကို သူ မည်သည့်အခါကမျှ မနှစ်သက်ခဲ့။ တက်စက ကုန်သည်လို လူမျိုး။ အကျိုးအမြတ်ကို မျှော်ကိုးသူ။ ယခုမူ တက်စသည် သူနှင့် စိတ်သဘောချင်း တော်တော်တူသည့် လူတယောက်ဟု ဗီးလာ့ဒ် ထင်လာသည်။ သူတို့နှစ်ယောက်သည် စာအုပ်တအုပ်တည်းကို ဖတ်၍ ကြီးပြင်းလာခဲ့သူများ ဖြစ်ကြသည်။ ပန်းချီကားများကို နှစ်သက်ကြပုံကလည်း တူသည်။ သူတို့နှစ်ယောက်သည် ကိုယ်ကျိုးကို စွန့်ခဲ့ကြရသည်။ ငြင်းခုံခြင်း၊ မဲပေးခြင်း၊ ညစ်ပတ်သည့် လွှတ်တော်နိုင်ငံရေး ကစားကွက်များကို ကစားရသည့် လုပ်ငန်းများကြောင့် သူတို့၏ စိတ်အားထက်သန်မှု၊ ရိုးသားမှုတို့သည် ပျောက်ကွယ်သွားခဲ့ကြရပြီ။ တက်စထံသို့ လာကာ အားရပါးရ လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်လဲ ခင်ဗျားလို တယောက်တည်းသမားပါ"

သူတို့နှစ်ယောက်သည် အလုပ်သမား စုံစမ်းရေး ကော်မရှင်ကိစ္စများနှင့် ပြင်သစ်ပြည်ကြီး၏ ကံကြမ္မာကို မေ့သွားကြ၏။ သူတို့နှစ်ယောက်၏ ကိုယ်ရေးကိုယ်တာများကို ပြောမိကြသည်။

ဗီးလာ့ဒ်က ညည်းလိုက်၏။

"ဟိုရှေးတုန်းကတော့ စိတ်ချမ်းသာမှုကို ရှာချင်ယင် ဘုန်းကြီးကျောင်းတွေကို သွားကြတာပဲဗျ၊ ကျောင်းသွားပြီး တံခါးပိတ်၊ တရားလေး ဘာလေး ထိုင်၊ ဘုရားစာလေး ဘာလေး ဖတ်၊ ညနေကျယင် အသောင်းပြေ အညာပြေ ပန်းပင်လေးတွေကို ရေလောင်း၊ ခုတော့ အဲဒီလို စိတ်ချမ်းသာအောင် ခိုလှုံရမယ့် နေရာဆိုလို့ မရှိတော့ပါဘူးဗျာ"

သို့ရာတွင် တက်စက လျင်မြန်စွာ စကားလွှဲလိုက်သည်။ ဤလို စိတ်ညစ်စရာအတွေးများကို ဘာကြောင့် တွေးရမည်နည်း။

"ကဲပါဗျာ၊ ဒါတွေ တွေးမနေပါနဲ့" တက်စက ခပ်ရွှင်ရွှင် ပြောလိုက်သည်။ "တနေ့တုန်းက ခု နာမည်ကြီးနေတဲ့ ဖိုလီဘာဂျေး ဆိုတဲ့ ချွတ်ပွဲကို သွားကြည့်တယ်ဗျ။ တော်တော်ထွင်နိုင်တဲ့ ကလေးမလေးတွေဗျ၊ အကပညာမျက်စိနဲ့ သွားကြည့်လို့ကတော့ မဖြစ်ဘူးပေါ့၊ သူတို့က ပါဗလိုဝါလို အကပညာရှင်မှ မဟုတ်ပဲကိုး၊ ဒါပေမယ့် သူတို့ ကတာခုန်တာကို ကြည့်ရတဲ့အခါကျတော့ တကယ်ပဲဗျို့၊ ကိုယ့်ကိုယ်ကိုယ် ပြန်ငယ်သွားသလို ထင်လိုက်ရတယ်"

ယခုတလောတွင် တက်စသည် ပါတီထဲက လက်ယာဂိုဏ်း၏ ထောက်ခံမှုကိုရရန် ကြိုးပမ်းနေရသည်။ ဘရီကျူးကိုလည်း သူ့ဘက်သို့ ပါလာအောင် သိမ်းသွင်းရ၏။ သို့ရာတွင် ဘရီကျူးသည် ခါတိုင်းထက် ပြတ်သားလာကာ မင်ဒယ်ကို ရာထူးမှ နုတ်ထွက်ပေးဖို့ ပြင်းပြင်းထန်ထန် တောင်းဆိုနေသည်။ အားကစားကလပ် ညစာစားပွဲတခုအတွက် မိန့်ခွန်းပြောရာ၌ ဘရီကျူးက...

“ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ မင်ဒယ်ဆိုတဲ့ ရေဝတီက ခုတိုင် ဝန်ကြီးဖြစ်နေတုန်းပဲ။ ဒီလူဟာ ကျွန်တော်တို့ကို ဂျာမနီနဲ့ ရန်ဖြစ်အောင် ဝင်ပြီးရှုပ်နေတယ်” ဟု ပြော၏။ တက်စသည် ထိုစကားကို ကြားပြီးနောက် ချက်ချင်း မင်ဒယ်ဆီသို့ ရောက်သွားကာ “ဒီစကားကို ကြားရတော့ ကျွန်တော် စိတ်မကောင်းဘူးဗျာ၊ ခင်ဗျား သိတဲ့အတိုင်း ဘရီကျူး ဆိုတဲ့လူက တယူသန် မဟုတ်လား၊ ဒီလူ့စိတ်ဓာတ်က အရှေ့တိုင်းစိတ်ဓာတ်ဗျ။ ထင်မိထင်ရာ ထင်တဲ့လူ၊ ခင်ဗျားတို့ ကျွန်တော်တို့လို အနောက်တိုင်း အတွေးအခေါ်နဲ့ ကြီးပြင်းလာတာ မဟုတ်ဘူး၊ ဒီလူနဲ့ ကျွန်တော်တို့နဲ့ မဖြစ်ပါဘူးဗျာ” ဟု ညည်းသည်။ သို့ရာတွင် ဘရီကျူးနှင့် တွေ့သည့်အခါတွင်မူ တက်စက “ဟုတ်တယ်ဗျို့၊ ခင်ဗျားပြောတာ တော်တော်မှန်တယ်၊ မင်ဒယ်နဲ့ ပတ်သက်တဲ့ ခင်ဗျားစကားထဲမှာ တော်တော်မှန်တာတွေ ပါတယ်၊ ရေဝတီ မဟုတ်လားဗျ၊ ရေဝတီဆိုတော့ ကျွန်တော်တို့နဲ့ ဘယ်အလုပ်လုပ်လို့ ဖြစ်မလဲ” ဟု တမျိုးပြောသည်။

တက်စသည် ဂရမ်ဒယ်၏စာကြောင့် အမြဲစိတ်ညစ်နေရသည်။ ဂရမ်ဒယ်က နေ့ရာအနှံ့ ရောက်သည်။ လူတွေ့လျှင် သူ့ထုံးစံအတိုင်း ခပ်ပြုံးပြုံးဖြင့် “မိတ်ဆွေကြီး” ဟု ခေါ်တတ်သည်။ “ငါ့ကိုများ မှားချင်ပြန်ပလား” ဟု တက်စတွေးသည်။ ဂရမ်ဒယ်သည် ပါရီမြို့က ဧည့်ခန်းဆောင်များထဲတွင် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေသည်။

“အင်တာဒေဆာ” ဟိုတယ်တွင် ပါရီမြို့က အထက်တန်းစား ပရိသတ်ကို “လက်တင်ဂျာမန်ကမ္ဘာနှင့် ဘော်လရှီဗစ်ဝါဒ” ဆိုသည့်ခေါင်းစဉ်ဖြင့် ဟောပြောသည်။ သူဟောပြောနေပုံကို သတင်းစာဆရာများက ဓာတ်ပုံတွေ တဖြတ်ဖြတ် ရိုက်ကြသည်။ ရောက်လေရာရာတွင် တပြုံးပြုံးဖြင့် နိုင်ငံရေးအခြေအနေကို စကားရိပ်သန်း၍ ပြောတတ်သည်။

“ယူကရိန်းနယ် အကြောင်းကို သေသေချာချာ လေ့လာဖို့ ကောင်းတယ်ဗျ။ ကျွန်တော်ကတော့ မနေ့ကတွင် မာဇက်ပါရဲ့ အတ္ထုပ္ပတ္တိကို ဖတ်လိုက်သေးတယ်။ တော်တော်ဖတ်ဖို့ကောင်းတဲ့ စာအုပ်ဗျ၊ စိတ်ဝင်စားစရာတွေ၊ သင်ခန်းစာယူစရာတွေ အများကြီးပဲ”

မာဇက်ပါ ဆိုသည့် လူအကြောင်းကို တက်စ ကြားပင်မကြားဖူး။ သို့ရာတွင် တက်စသည် ဂရမ်ဒယ်ပြောသမျှကို မယုံသင်္ကာ ဖြစ်နေသည်။ တခါတရံတွင် ကီးလ်မင်း၏စာကို သတိရ၏။ “ဂရမ်ဒယ်က ဝန်ကြီးလုပ်ချင်ပုံရတယ်၊ အင်း

သူ့ကိုလဲ သတိထားဆက်ဆံမှ” ဟု တက်စ သူ့စိတ်ထဲတွင် တွေးနေသည်။

ဘရီကျူးကမူ ဂရမ်ဒယ်ကို ထောက်ခံမြဲ ထောက်ခံနေသည်။ သူတို့နှစ်ဦးကြားတွင် အထင်လွဲမှုရှိသည်ဟု မည်သူမျှ မထင်မိကြ။ ယခု ဖိုးဂျက် စွပ်စွဲခဲ့သလို ဂျူကိန်းက ဂရမ်ဒယ်ကို လိုက်စွပ်စွဲနေသည်။ လူတွေ့လျှင် ဂရမ်ဒယ်ကို သတိထားဘို့အကြောင်း ပြောနေသံကို မကြာခဏ ကြားရသည်။ သူပြောသည့်အတိုင်း သက်သေအထောက်အထား ရှိသလောဟု မေးသည့်အခါတွင် ဂျူကိန်းက “အထောက်အထားတော့ မရှိဘူးဗျ၊ ဒါပေမယ့် ကျွန်တော် အမြင်ရနေတယ်” ဟု ပြောတတ်သည်။ ဂျူကိန်းသည် ဘရီကျူးနှင့်လည်း မတွဲတော့။ ပါတီမှလည်း ထွက်သွားသည်။ လက်ယာဂိုဏ်းကမူ သူ့ကို “ပျက်စီးနေသူ”၊ “လက်စားချေတတ်သူ”၊ “အမျိုးသား ဖော်လရီဗစ်” ဟု ခေါ်တတ်ကြသည်။ သို့ရာတွင် ဂျူကိန်းတွင် နာမည်ပျက်မရှိ။ လူက ရိုးသားသည်။ ဖြောင့်မတ်သည်။ ထို့ကြောင့် သူတို့တတွေ သူ့ကို သိက္ခာချသည့်တိုင် သူ့ဂုဏ်သတင်းမှာ မွေးမြဲ။ ဘရီကျူး၏ နောက်လိုက်များသည် မကြာမကြာ ဂျူကိန်းကို လာတွေ့ကြသည်။ သို့ဖြင့် တခါက စည်းကမ်းကြီးသည်ဟု နာမည်ကြီးသည့် ပါတီသည် ပြိုကွဲစ ပြုလာသည်။

ဗိုလ်ချုပ်ပီးကာ့သည် ဂျူကိန်း၏ သွေးထိုးလှုံ့ဆော်မှုများကို ကြားရသည့်အခါတွင် လန့်လာကာ ဘရီကျူးဆီသို့ အပြေးအလွှား ရောက်လာသည်။

“ခင်ဗျားကိုတော့ ကျွန်တော် ပြောင်ပြောင်ပဲ ပြောရမှာပဲဗျာ၊ ဂျူကိန်းဆိုတဲ့လူ ကျွန်တော့်ဆီကို ပေါက်လာပြီး ကျွန်တော်တို့ရဲ့ လက်နက်အင်အား အခြေအနေကို လာမေးနေတယ်၊ ဒီလူကို ကျွန်တော် ဘယ့်နှယ်လုပ်ပြီး ယုံရမှာလဲ”

“ကျွန်တော်နဲ့ အလုပ်လုပ်နေတဲ့လူပါ”

“ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ဒီလူနဲ့ပတ်သက်တဲ့ သတင်းတွေကို ခင်ဗျားလဲ ကြားတန်သလောက် ကြားပြီးရောပေါ့။ ခုအချိန်က ၁၉၃၆ ခုတုန်းကလို ဗလွန်းတက်နေတဲ့အချိန် မဟုတ်ဘူးနော်၊ စစ်ကြီးဖြစ်လာယင် အားလုံးကို ကျွန်တော်တို့ တာဝန်ယူရမှာ”

ဘရီကျူးက စားပွဲခင်းကို ဆုပ်ချေနေယင်း...

“ပြဿနာကတော့ ခပ်ရှုပ်ရှုပ်ပဲဗျ၊ အန္တရာယ်လဲ ကြီးတယ်၊ ဒါကို ကျွန်တော် မငြင်းလိုဘူး၊ ကျွန်တော်တို့ တဦးတည်း အာဏာမရနိုင်ဘူးဗျ၊ တခြားအကူအညီကို ယူရလိမ့်ဦးမယ်၊ မယူယင် ပြင်သစ်ပြည်မှာ နောက်တခါ ပြည်သူ့တပ်ဦး အာဏာရသွားဦးမှာပဲ၊ ဒီပြင် တိုင်းပြည်တွေရဲ့ အကူအညီကို မယူနိုင်ဘူးလားလို့ မေးကောင်းမေးမယ်၊ ယူနိုင်ပါတယ်၊ ယူလို့ရနိုင်တဲ့ နေရာတွေလဲ ရှိပါတယ်၊ ကျွန်တော်လဲ လော်ရိန်းနယ်သားပဲဗျ။ ဂျာမန်ရဲ့ အကူအညီကို ဘယ်မှာလိုချင်ပါ့မလဲ၊ ဒါပေမယ့် မတတ်နိုင်ဘူးဗျ၊ ဒီပြင် ရွေးစရာလမ်းမရှိဘူး၊ အင်္ဂလိပ်ဆိုတဲ့ လူမျိုးက တောင်ထိပ်ပေါ် တက်ထိုင်ပြီး ကြည့်နေတတ်တဲ့ လူမျိုးဗျ၊ သူတို့နဲ့သာပေါင်းယင် ကျွန်တော်တို့ဟာ သူတို့လက်ထက် နယ်ရုပ်ကလေးတွေပဲ ဖြစ်နေမှာပဲ၊ ကျွန်တော်တို့ ပိုင်နက်တွေဖြစ်တဲ့ တူနစ်ရှားတို့ အင်ဒိုချိုင်းနားတို့စတဲ့ နယ်မြေတွေကို ထိုးပေးပြီး ဖက်ဆစ်တွေကို ချော့မှာပဲ၊ အင်္ဂလိပ်က သူရယ်၊ ကျွန်တော်တို့ရယ်၊ မော်စကိုရယ် သုံးပွင့်ဆိုင် မဟာမိတ်စာချုပ် ချုပ်ဖို့ပြောတယ်၊ သူတို့အနေနဲ့ကတော့ ဘာအရေးကြီးမလဲ၊ ဘယ်သူ့ရန်ကိုမှ ကြောက်စရာ မရှိဘူး၊ လွှတ်တော်ထဲမှာ ကွန်မြူနစ်အမတ်ဆိုလို့ တယောက်ပဲ ရှိတယ်။ ကျွန်တော်တို့မှာက ကွန်မြူနစ်အမတ်တွေ ဝိုင်းလို့ဗျ။ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ကျွန်တော်က ပြဿနာကို

အမျိုးသားရေးအမြင်နဲ့ ကြည့်နေတာပါ၊ ဂျာမန်တွေဟာ ကျွန်တော်တို့ကို အသုံးချချင်တယ်၊ ဒါကို ကျွန်တော်တို့ ဘာမှ မပြောလိုဘူး၊ ဒါပေမယ့် သူတို့အသုံးချချင်ယင် ချစေမိပါစေ၊ ကျွန်တော်တို့အဖို့ အရေးမကြီးပါဘူး၊ ပြင်သစ်ပြည်ကြီးဟာ ညီညွတ်နေတဲ့ တိုင်းပြည်ကြီး၊ တလုံးတစည်းတည်း ရှိနေတဲ့ တိုင်းပြည်ကြီး၊ သူတို့အသုံးချရုံနဲ့ ကျွန်တော်တို့တိုင်းပြည် အစိတ်စိတ် အမြွှာမြွှာ ဖြစ်မသွားနိုင်ပါဘူး၊ သူတို့ရဲ့ရောဂါဟာ ပြင်သစ်ပြည်ကြီးရဲ့ အခြေခံတွေကို မကူးစက်နိုင်ပါဘူး၊ ဒါကြောင့် ကျွန်တော့်အမြင်အရ ပြောယင် ဂျာမန်နဲ့ ပေါင်းခြင်းအားဖြင့် ကျွန်တော်တို့မှာ အကျိုးမယုတ်နိုင်ဘူး၊ မယုတ်နိုင်တဲ့အပြင် ကျွန်တော်တို့အဖို့ အကျိုးတောင် ရှိနိုင်တယ်၊ ဂျာမန်တွေက ကျွန်တော်တို့ကို အသုံးချမှာ မဟုတ်ပဲ ကျွန်တော်တို့က ဂျာမန်တွေကို ပြန်ပြီးအသုံးချနိုင်တဲ့ အနေအထားကို ရောက်လာနိုင်တယ်၊ ကျွန်တော်ပြောတာ သဘောပေါက်တယ်မဟုတ်လား၊ စစ်အန္တရာယ်ကြီးကို ကြုံတွေ့လိုက်ရတဲ့အတွက် ကျွန်တော်တို့အဖို့ ကွန်မြူနစ်တွေကို အပြတ်ချနိုင်ဖို့ အခွင့်အလမ်း ပေါ်လာတယ်၊ လူထုကို ငြိမ်းချမ်းရေးစကား ပြောနိုင်တဲ့လူဟာ အောင်ပွဲရမှာပဲဗျ။ ဒါပေမယ့် ဟစ်တလာကလဲ စစ်ကို တိုက်ရမှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ တပ်မတော်ကိုလဲ ဘယ်သွားထားမှာလဲ၊ ဟစ်တလာက ကျွန်တော်တို့ကို အရမ်းမလုပ်ရဲပါဘူး၊ အေးလေ၊ ဒါကို ခင်ဗျားက ကျွန်တော့်ထက် ပိုသိပါတယ်”

“ကျွန်တော်တော့ ဘာကိုမှ မသိတော့ဘူးဗျ” ပီးကာ့က ပြောသည်။ “ကျွန်တော် စိုးရိမ်တာကတော့ ဟစ်တလာက ဖြုန်းကနဲ ထတိုက်ယင် ကျွန်တော်တို့ တပ်မတော် မခံနိုင်ပဲ လဲသွားမှာကိုပဲ စိုးရိမ်တာပါ၊ လက်နက်မရှိလို့တွင် မဟုတ်ဘူးဗျ။ လက်နက်ရှိသည့်တိုင် ခံမှခံနိုင်ပါ့မလားလို့ အများကြီး ကျွန်တော် သံသယရှိတယ်။ စပိန်မှာရှိတဲ့ ကျွန်တော်တို့ စစ်သံမှူးနဲ့ ကျွန်တော် ခုပဲ စကားပြောခဲ့တယ်၊ သူကတော့ ဂျာမန်လေတပ်ကို တော်တော်လေး အထင်ကြီးလာတယ်၊ ဒါပေမယ့် ကျွန်တော် ထပ်ပြောလိုက်ဦးမယ်။ ဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက စိတ်ဓာတ်ဗျ။ ကျွန်တော်တို့တပ်တွေမှာ စိတ်ဓာတ်ကျနေတယ်၊ အရာရှိတွေက စစ်ကို မတိုက်ချင်ကြဘူး၊ အခြေအနေက တောင်းဆိုလာယင်တောင် တိုက်မှ တိုက်ပါ့မလား မသိဘူး၊ အခြေအနေကို ကြည့်ပြီး ဆုတ်တန် ဆုတ်ပေးရမှာပဲလို့ ခင်ဗျားက ပြောကောင်း ပြောမယ်၊ ဒါပေမယ့် ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့ ဆုတ်ရတာ ဒီလောက်နဲ့ ပြီးမှာ မဟုတ်ဘူး၊ တခုပြိုယင် အားလုံးသွားမှာ၊ စစ်တပ်ဆိုတာ အသက်ရှင်နေတဲ့ အရာဗျ၊ တနေရာရာ ချွတ်ယွင်းယင် အားလုံးချွတ်ယွင်းသွားနိုင်တယ်”

ပီးကာ့ စိတ်လှုပ်ရှားနေသည်။ စစ်တပ်ကို သူသံယောဇဉ်ကြီးသည်။ ချစ်သည်။ သို့ရာတွင် ဘရီကျူးကမူ သူ့စီမံကိန်းကို ပြောပြီးနောက် တည်တည်ငြိမ်ငြိမ်ပင်။ သူ ပြောစရာရှိသည်ကို အကုန်ပြောပြီးပြီ။ ဂရမ်ဒယ်နှင့် ကီးလ်မင်းတို့ ဆက်သွယ်သည့် ကိစ္စတခုကိုသာ မပြောပဲ ချန်ထားခဲ့သည်။ သို့ရာတွင် ထိုကိစ္စသည် အသေးစိတ် ကိစ္စကလေးတခု။ ပြဿနာက ရှုပ်ထွေးသည်။ ဘရီကျူးသည် သူ့စီမံကိန်းအတိုင်း လုပ်ရန်လည်း တခါတရံ နှောင့်နှေးနေသည်။ သို့ရာတွင် သူသည် ဘုရားသခင်ကို ယုံကြည်သူ။ ထိုယုံကြည်ချက်ဖြင့် လုပ်နေခြင်း ဖြစ်သည်။ ပြင်သစ်ပြည်ကြီးကို ကယ်တင်ရန် ဘုရားသခင်က ဗျာဒိတ်ပေး၍ လွှတ်လိုက်သည့် ဂျုန်းအော့အာ့ကို သူ အမြဲအောက်မေ့ဆင်ခြင်သည်။ သူသည်လည်း လောရိန်းနယ်သူ မဟုတ်လော။

ပီးကာ့နှင့် စကားပြောပြီးသည့်နောက် ဘရီကျူးသည် တက်စနှင့် သွားတွေ့ကာ ဂရမ်ဒယ်နှင့် ပတ်သက်သည့် ကောလာဟလများကို ငြင်းဆိုပေးရန် ပြော၏။

“ဂရမ်ဒယ်ကို သိက္ခာချတဲ့ ကောလာဟလတွေဟာ ဂျူကိန်းဆီက ထွက်လာတာတွေချည်းပဲဗျ၊ ဂျူကိန်း ဆိုတဲ့လူက တော်တော် တာဝန်မဲ့တဲ့လူ၊ ဒါပေမယ့် ခက်တာက ခင်ဗျားနာမည်လဲ တွဲတွဲပြီး ပါနေတယ်၊ ဒီစာ အတုအယောင် ကိစ္စတခု အပြင် တော်တော်လေး ပြန့်လာပြန်ပြီ၊ ဒါက ခင်ဗျားအနေနဲ့ ရပ်အောင် လုပ်ပစ်ဖို့ လိုလိမ့်မယ်”

တက်စက ခေါင်းမာမာ ငြင်းသည်။

“ကျွန်တော်ကတော့ ဒီကိစ္စကို အတည့်ပြုချက်လဲ မပေးဘူး၊ ကျွန်တော် ရှင်းရှင်းပဲ ပြောမယ်၊ ကျွန်တော်ကိုယ်တိုင်ကလဲ ဒီလူကို စိတ်မချဘူး”

“ဒါဖြင့် ကျွန်တော်ကကော ဂရမ်ဒယ်ကို သိပ်သဘောကျနေတယ်လို့ ထင်နေတယ်ပေါ့၊ ဂရမ်ဒယ်ဟာ ပိုက်ဆံကို ငမ်းငမ်းတက်နေတဲ့လူ၊ ကစားသမား ဂရမ်ဒယ်လို လူမျိုးနဲ့ ကျွန်တော် ဘာမှ မပတ်သက်ချင်ဘူး၊ ဒါပေမယ့် ကိုယ်ကြိုက်တာ မကြိုက်တာနဲ့ မဆိုင်ဘူးဗျ။ ခုဟာက နိုင်ငံရေးကိစ္စ၊ ဂရမ်ဒယ်ကို ဒီလိုလိုက်ပြီး အပုတ်ချနေတာ ဘယ်သူတွေလဲ၊ ဖိုးဂျက်နဲ့ ဂျူကိန်း မဟုတ်ဘူးလား၊ သူတို့နောက်မှာ ကွန်မြူနစ်တွေ ရှိတယ်၊ သူတို့က ပြည်သူ့တပ်ဦးကို ပြန်ပြီးအသက်သွင်းချင်နေကြတယ်၊ ခု... ဂရမ်ဒယ်နဲ့ ပတ်သက်တဲ့ ကိစ္စကို ကျွန်တော်တို့က ငြင်းနိုင်ယင် သူတို့အကြံအစည်တွေ အကုန်လုံး ပျက်မှာပဲ”

“ဒါကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဂရမ်ဒယ်ရဲ့စာဟာ အတုမဟုတ်ဘူးလို့ ထင်တယ်ဗျ။ ကျွန်တော်တို့ အချင်းချင်းမို့ ပြောရမယ်ဆိုယင် ဂရမ်ဒယ်ဟာ အရှုပ်အထွေးတခုထဲမှာတော့ ပါနေတယ်လို့ ကျွန်တော်ထင်တယ်”

“မဖြစ်နိုင်တာဗျာ၊ ခင်ဗျားမှာ ဘာအထောက်အထား ရှိလို့လဲ”

“ဘာမှတော့ မရှိဘူး”

“ဒါဖြင့် ဘာပြောနေစရာ လိုသလဲဗျ၊ ရှင်းနေတာပဲဟာ...၊ ခက်တာက ကျွန်တော်တို့အနေနဲ့ သူ့ကို ပါတီထဲက ထုတ်ပစ်လို့လဲ မဖြစ်ဘူးဗျ။ အများဆုံး လုပ်နိုင်ယင် သူ့ကိစ္စကို လူမှုရေးကိစ္စတရပ်အနေနဲ့ မဟုတ်ပဲ နိုင်ငံရေးကိစ္စတရပ်အနေနဲ့ စဉ်းစားရုံလောက်ပဲ တတ်နိုင်တယ်၊ ခင်ဗျား ဂရမ်ဒယ်ရဲ့ကိစ္စကို မငြင်းပဲ နှုတ်ပိတ်ရေငုံ လုပ်နေမယ် ဆိုယင်တော့ ခင်ဗျား အမျိုးခံရမှာပဲ၊ ဟောဒီမှာကြည့် ဂျူကိန်း နောက်ဆုံးလုပ်တဲ့ စတန့်”

ဘရီကျူးက စာတစောင်ကို ထုတ်ပြသည်။ စာက ဂျူကိန်းက လက်ယာဂိုဏ်း လွှတ်တော်အမတ် အချို့သို့ ပေးသည့်စာ။ ဂရမ်ဒယ်နှင့်တကွ ကီးလ်မင်းကိစ္စတွင် ပါနေသူများအားလုံး၏ ငွေရေးကြေးရေးကို စစ်ဆေးရန် တောင်းဆိုထားသည့်စာ ဖြစ်၏။ ထိုအမည်များထဲတွင် တက်စ၏ အမည်လည်း ပါနေသည်။

တက်စ ဒေါပွလာသည်။

“တော်တော် ယုတ်မာတဲ့ အကြံပဲ”

ထိုသည့်နောက်တွင်မူ ဘရီကျူးအဖို့ ဂရမ်ဒယ်နှင့် ပတ်သက်သည့်သတင်း မဟုတ်မှန်ကြောင်း ကြေငြာချက်အောက်တွင် တက်စလက်မှတ်ကိုရရန် လွယ်သွားပြီ။

ထိုနေ့ညတွင် တက်စက သူ့အပျော်မယားကလေး ပေါလက်ကို ပြော၏။

“ဘရီကျူးကတော့ အစ်ကိုကြီးကို ချောင်ပိတ်ထားပြီ...၊ ဘရီကျူးဆိုတဲ့ကောင်ဟာ

ခြိမ်းခြောက်ပြီး လိုရာတောင်းတဲ့ကောင်မျိုး၊ အစ်ကိုကြီးလဲ နောက်ထပ် အောင်ပွဲတပွဲ ရတော့မှာပါပဲ၊ ဘတ်ဂျက်ကော်မရှင်က အစ်ကိုကြီးတို့ကို ဖြုတ်ချချင်နေတယ်။ ဖြုတ်ချချင်မှာပေါ့။ အဲဒီကော်မရှင်မှာ ဖိုးဂျက်တို့ လူတွေချည်းပဲကိုး၊ ဒါပေမယ့် အစ်ကိုကြီးက သူတို့ကို ပြင်သစ်နဲ့ ဂျာမန် ပူးတွဲထုတ်ပြန်မယ့် ကြေငြာချက်ကို ထုတ်ပြလိုက်တယ်လေ၊ ဒီတော့မှ ကိုယ့်လူတွေလဲ ငြိမ်ကျသွားတယ်၊ အစ်ကိုကြီးတို့ နိုင်ခဲ့တဲ့အောင်ပွဲတွေက မနည်းတော့ဘူးနော်... ပထမ မြူးနစ်အောင်ပွဲ၊ နောက် သပိတ်တွေကို ခွဲပစ်လိုက်တာ၊ နောက် ဘဲရက်ကို ဖရန်ကိုဆီ လွှတ်နိုင်ခဲ့တာ၊ ခု ဟောဒီ ကြေငြာချက်၊ ရှေးလူကြီးတွေ ပြောသလိုပေါ့။ နောက်ထပ် ဒီလိုအောင်ပွဲမျိုးတပွဲသာ ရလိုက်ယင် ကျန်တာတွေအားလုံး ပြုတ်ပြုတ်ပြုန်းပေ့စေ”

“ဘာတွေ ပြုတ်ပြုတ်ပြုန်းရမှာလဲ အစ်ကိုကြီးရဲ့ ”

“ဘာတွေ ပြုတ်ရမှာလဲ၊ ပြင်သစ်ပြည်ကြီးပေါ့”

ပေါလက်က နိုင်ငံရေးကို ဘာမျှနားမလည်။ သတင်းစာဖတ်လျှင်လည်း လူသတ်မှုသတင်းနှင့် ခန်းဆက် စုံထောက်ဝတ္ထုများလောက်ကိုသာ ဖတ်သည်။ သို့ရာတွင် သူလည်း ပြင်သစ်သူ။ ဂျုံးအော့အာ့သွေး၊ နပိုလီယန်သွေး၊ ဟူးဂိုးသွေး ပါသူ။ ဗာဒွန်းတိုက်ပွဲအကြောင်းကို ကြားဖူးနားဝဖြင့် ဂုဏ်ယူသူ။ ပေါလက်က အလန့်တကြား တက်စကို လှမ်းကြည့်လိုက်သည်။ တက်စက တဟားဟား ရယ်နေသည်။

“ဘာဖြစ်လို့ ရယ်နေတာလဲ အကိုကြီး”

“ငိုရတာထက်ကောင်းလို့ ရယ်တာပေါ့ကွဲ့၊ အစ်ကိုကြီး... ပင်ပန်းတယ်ကွယ်။ အစ်ကိုကြီးမှာ ဒီအချိန်ကလေးလောက်တော့ ပျော်ပျော်နေပါရစေဦး၊ အစ်ကိုကြီး ပြောလိုက်လို့ လန့်မသွားနဲ့ဦး၊ အစ်ကိုကြီးက နောက်နေတာပါ၊ ပြင်သစ်ပြည်ကြီး ပြုတ်ပြုတ်ပြုန်းလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကမ္ဘာကြီးသာ ပျက်ပြုန်းချင် ပျက်ပြုန်းသွားမယ်။ ပြင်သစ်ပြည်ကြီးကတော့ မပျက်ပြုန်းစေရဘူး”

ဝန်ကြီးချုပ် ဒလားဒီးယားနှင့် တက်စတို့၏ စပိန်ပြည်ဆိုင်ရာ ပေါ်လစီကို ဖိအားပေးသည့်အနေဖြင့် စပိန်အစိုးရက သူတို့ဘက်မှ လာတိုက်ပေးသည့် နိုင်ငံတကာတပ်ဖွဲ့များကို အကူအညီပေးရန် ငြင်းဆိုလိုက်၏။ ပြင်သစ်ပြည်မှ သွားတိုက်သည့် "ပါရီဘုံအဖွဲ့" တပ်ရင်းသည် ပြင်သစ်နယ်စပ်က ကာတလိုနီးယားနယ် ရွာကလေးတရွာအနီးတွင် ဘာမျှ အလုပ်မရှိပဲ ထိုင်နေရသည်။ ပြင်သစ်အာဏာပိုင်တို့ကလည်း ထိုတပ်ရင်းကို ပြင်သစ်ပြည်ထဲသို့ ဝင်ခွင့်မပေး။

လယ်သူမကြီးများက ချောင်းကလေးထဲတွင် သူတို့အဝတ်များကို လျှော်ကြ၏။ ဆောင်းသီးနှံများကို ခူးနေကြ၏။ လူ့ဘဝသည် အေးချမ်းငြိမ်သက်နေသယောင်။ သို့ရာတွင် မုန်တိုင်းမလာမီ လေပွေကြီး တိုက်လိုက်သကဲ့သို့ သူတို့ရွာကလေး အနီးတဝိုက်သို့ စစ်ပြေးဒုက္ခသည်တွေ ရောက်လာကြသည်။

မိုးလူမျိုးစု သူပုန်တပ်များက မြို့အနီးသို့ ရောက်လာကြသဖြင့် ဘာစီလိုနာမြို့မှ လူများ နယ်စပ်ရှိ ထိုရွာကလေးသို့ ပြေးလာခဲ့ကြသည်။ လယ်သမားများက လယ်တောများကို စွန့်ပစ်ကာ လားများ၊ ဆိတ်များကို မောင်းလာကြ၏။ အချို့က သူတို့ကျွဲနွားများကို သတ်ပစ်ခဲ့ကြသည်။ လှည်းများပေါ်တွင် ကြောင်အိမ်တွေ၊ ကြက်ခြင်းတွေ တဝုန်းဝုန်းဆောင့်လျက်။ မိန်းမများက အထုပ်အပိုးတွေကို ခေါင်းပေါ်တွင်ရွက်ပြီး ခြေကျင်လိုက်လာကြသည်။ သူတို့နောက်တွင် စစ်သားများကလည်း ထွက်ပြေးလာကြသည်။ ခယမ်းမီးကျောက် သေတ္တာများက လမ်းဘေးတွင် ပြန့်ကျဲလျက်။ အမြောက်တပ်များက အမြောက်ကြီးများကို ဆွဲလာကြ၏။ ဖက်ဆစ်လေယာဉ်ပျံများက လမ်းတလျှောက်တွင် ဗုံးတွေလိုက်ကြဲကြသည်။ ကလေးများက သူတို့သယ်လာသည့် အရုပ်ကလေးများကို ရင်ခွင်တွင်ပိုက်ကာ ကျင်းများထဲတွင် ငုတ်တုတ်ကလေးတွေ ထိုင်နေကြသည်။

ထိန့်လန့်နေသည့် လူအုပ်များသည် အဝေးက တောင်တန်းပြာပြာကြီးဆီသို့ ပြေးလာကြသည်။ တောင်တန်းပြာများ တဘက်တွင် ပြင်သစ်ပြည်။ သို့ရာတွင် သတင်းစာကွန်ဖရင့်တခုတွင် "စစ်ပြေးဒုက္ခသည်တွေ ကျွန်တော်တို့ ဝင်ခွင့်မပေးနိုင်ဘူး...၊ ကျွန်တော်က ငြိမ်းခြောက်ပြီး လိုရာတောင်းတာမျိုးဆိုယင် အင်မတန် မုန်းတယ်၊ ခု ကွန်မြူနစ်တွေက ဒုက္ခသည်တွေကို လက်ညှိုးထိုးပြပြီး သနားအောင်လုပ်တယ်၊ ဒါ ဘာအဓိပ္ပါယ်လဲ၊ သနားစရာပြ ခြိမ်းခြောက်ပြီး သူတို့လိုရာကို တောင်းဖို့ဖြစ်တယ်" ဟု ဝန်ကြီး တက်စက ပြောခဲ့သည်။ ပြင်သစ်အစိုးရသည် နယ်စပ်များကိုလည်း ပိတ်ထားလိုက်၏။

တပ်မှူးအချို့က ရနိုင်သမျှ တပ်ကွင်းများကို စုစည်းကာ ချီတက်လာသည့် ဖက်ဆစ်များကို ခုခံရန် ကြိုးစားနေကြဆဲ။ တပ်သားများ၏ ကျဆင်းနေသည့် စိတ်ဓာတ်ကို မြှင့်တင်ပေးသည်။ တပ်ပြေးများကို နယ်စပ်မှ ပြန်ခေါ်လာပြီး အရှက်ရစေသည်။ သတင်းစာကလေးများက ရဲရင့်ရန် တည်ငြိမ်ရန် တပ်သားကလေးများကို ဆော်သြကြသည်။ စပိန်ပြည်သူ့အစိုးရ ဝန်ကြီးဌာနများနှင့်

စစ်ဦးစီးဌာနချုပ်သည် သိုးကျောင်းသားများ ရွာပြောင်းသလို နယ်စပ်က ရွာများတွင် တရွာပြီးတရွာ ပြောင်း၍ ရုံးစိုက်နေကြရသည်။ စပါးကျီများ၊ နွားတင်းကုပ်များထဲမှ အန်ဒါဝုဒ် လက်နှိပ်စက်များရိုက်သံကို တထပ်ထပ်ကြားနေရသည်။ အီတလီ ဗုံးကြဲလေယာဉ်ပျံများက သမ္မတနိုင်ငံ အစိုးရ၏ နောက်ဆုံးမြို့ဖြစ်သည့် ဖိဂွာရာမြို့ကို ဗုံးကြဲတိုက်ခိုက်ကြသဖြင့် ထိုမြို့က ရှေးအိမ်ကြီးတွေ ပျက်စီးကုန်ကြသည်။ ဖုန်များ၊ အပျက်အစီးများကြားတွင် ခြေပြတ်လက်ပြတ်တွေ ပြန့်ကျဲလျက်။

သမ္မတနိုင်ငံ ပြည်သူ့လွှတ်တော်၏ နောက်ဆုံး အစည်းအဝေးကို မြေတိုက်တခုထဲတွင် ကျင်းပရ၏။ လွှတ်တော်အမတ်များ၏ကိုယ်တွင် ဖုန်အလိမ်းလိမ်း ကပ်လျက်။ မုတ်ဆိတ်တွေက ထိုးထိုးထောင်ထောင်။ ပင်ပန်းနွမ်းနယ်နေကြသည်။ အိပ်ရေးပျက်သဖြင့် သူတို့မျက်လုံးများက နီရဲနေကြသည်။ လွှတ်တော်အစည်းအဝေးတွင် သမ္မတနိုင်ငံခေါင်းဆောင် နီဂရင်က မိန့်ခွန်းပြော၏။ ဟစ်တလာနှင့် မူဆိုလိုနီ၏ ရက်စက်ရိုင်းပြမှု၊ အမျိုးသမီးများနှင့် ဒဏ်ရာရသူများအား ပြည်ဝင်ခွင့်မပေးသော ပြင်သစ်အစိုးရ၏ အကြင်နာကင်းမဲ့မှု။

စကားပြောယင်း နီဂရင်သည် သူ့မျက်နှာကို အခါပေါင်းများစွာ လက်ဝါးဖြင့် အုပ်ထားမိသည်။ လယ်သမား အဘိုးကြီးတယောက်က လွှတ်တော်အစည်းအဝေး ကျင်းပရာ မြေတိုက်သို့ဆင်းသည့် လှေကားတွင် ကော်ဖီဇောကြီးတချပ်ကို လာခင်းပေး၏။ “ဘာပဲ ဖြစ်နေနေ ဒါဟာ လွှတ်တော်အစည်းအဝေးလေ” ဟု သူက ရှင်းပြသည်။ သူတို့အနီးတဝိုက်တွင်မူ ဗုံးဒဏ်ကြောင့် ရွာတွေက မီးဟုန်းဟုန်းတောက်လျက်။

ပြင်သစ်တပ်ရင်း စခန်းချနေသည့် ရွာအနီးသို့ အမြောက်သံ ရောက်လာသည့်အခါတွင် မစ်ရှောက...

“ရန်သူတွေ ကျွန်တော်တို့အနား ရောက်နေပြီ၊ ဘယ့်နှယ်လဲ ဒီကောင်တွေ လက်ထဲမှာ အရှင်အဖမ်းမခံကြနဲ့၊ ရဲဘော်တို့ တန်းစီ”

ပြင်သစ်တပ်ရင်းသည် ရွာပြင်သို့ ထွက်လာသည်။ ရွာထဲတွင် ရှိနေသည့် ခယမ်းမီးကျောက်များကို ရွှေ့ပြောင်းကြ၏။ ရန်သူ့တင့်ကားတိုက်စစ်တခုကို တွန်းလှန်လိုက်ကြသည်။ တနာရီလောက် သူတို့ အလုပ်များသွားကြသည်။ စစ်ပွဲနှင့် တူလာပြန်ပြီ။ မက်ဒရစ်တိုက်ပွဲစိတ်ဓာတ်၊ တီရူးတိုက်ပွဲစိတ်ဓာတ်၊ အီဘရိုတိုက်ပွဲစိတ်ဓာတ်သည် သူတို့ရင်ထဲတွင် ပြန်၍ ရှင်သန်လာကြ၏။ နောက်ဆုံးအချိန်ကလေးအတွင်းတွင် အောင်ပွဲတစ္ဆေကြီးသည် ပြန်၍ ခေါင်းထောင်လာ၏။ သို့ရာတွင် ညပိုင်းရောက်သည့်အခါတွင် မော်တော်ကားတစီး တပ်ရင်းစစ်ဌာနချုပ်သို့ ရောက်လာသည်။ မော်တော်ကားစက်ခေါင်းတွင် ကျည်ဆန်ရာတွေက စကာပေါက်နှယ်။ လက်တဘက်ကို စလွယ်သိုင်း၍ ပတ်တီးစည်းထားပြီး ဖြူဖပ်ဖြူရော်မျက်နှာနှင့် တပ်ရေးဗိုလ်တယောက် ဆင်းလာ၏။

“နောက်ဆုံးတပ်စုတွေ မနက်ဖြန်မှာ နယ်စပ်ကို ဖြတ်ရမယ်တဲ့”

မစ်ရှောက ဒေါသတကြီးဖြင့် အော်သည်။ သူ့အမြင်တွင်မူ တိုက်ပွဲသည် ခုမှ အစရှိသေးသည်။ ပြင်သစ်တပ်များသည် သူတို့ဒေါသကို မျိုသိပ်ကာ မြောက်ဘက်သို့ ဆုတ်ခွာလာခဲ့ကြ၏။

နယ်စပ်တလျှောက်မှာ ဒုက္ခသည်စခန်းကြီးတခုနှင့် တူနေတော့သည်။ နယ်စပ် ဖွင့်မည်လောဟု စောင့်နေရသည်မှာ နှစ်ပတ်ရှိနေပြီ၊ နောက်ဆုံးလက်ကျန်

သိုးများကို သတ်စားကြရသည်။ ကြောင်အိမ်များ၊ စာရွက်စာတမ်းများ၊ အစုတ်အပြတ်များနှင့် အဝတ်အထည်များကို မီးရှို့ပစ်ခဲ့ကြသည်။ ဤပစ္စည်းများကို အဘယ့်ကြောင့်များ ယူခဲ့မိလေသနည်း။ ညဆိုလျှင် အလွန်အေးသည်။ အမျိုးသမီးများသည် စခန်းမီးပုံကြီးများ ဖိုကြရသည်။ မြည်းတွေက အော်နေကြသည်။ တိတ်ဆိတ်နေသည့်ညတွင် ခရာမှုတ်သံတချက် ပေါ်လာသည်။

စပိန်တို့က ပြင်သစ်နယ်စပ် ရောက်သည်အထိ ခံတိုက်နေကြလျှင် တိုက်ပွဲများသည် ပြင်သစ်နယ်ထဲအထိ ရောက်လာနိုင်သည်ဟု စစ်အာဏာပိုင်များက ဝန်ကြီးချုပ် ဒလားဒီးယားကို ပြောကြသည်။ ထို့ကြောင့် ဒလားဒီးယားက နယ်စပ်ကို ဖွင့်ပေးရန် အမိန့်ထုတ်လိုက်၏။ ဆီနီဂယ်အမျိုးသား ပုလိပ်များနှင့် စစ်သားများသည် စစ်ပြေးဒုက္ခသည်များ ကြားထဲသို့ ရောက်လာကြကာ ရှာလားဖွေလား လုပ်ကြသည်။ စစ်ပြေးဒုက္ခသည်တို့၏ လက်နက်များ၊ ကျွဲနွားများ၊ ကိုယ်ပိုင်အသုံးအဆောင်များကို ယူသွားကြသည်။ ပါပီနွန်တွင်ဆိုလျှင် ပုလိပ်များသည် ရန်သူ့လက်ရပစ္စည်းများကို ရောင်း၍ စီးပွားဖြစ်နေကြသည်။ အထူးသဖြင့် ခြောက်လုံးပြူးများ၊ လက်နှိပ်စက်များနှင့် နာရီများ ဖြစ်ကြသည်။

"ပါရီဘုံအဖွဲ့" တပ်ရင်းကား စစ်ရှုံးလာသည့် တပ်တတပ်နှင့် မတူ။ တပ်သားများက ရိုင်ဖယ်များကို ပခုံးတွင် လွယ်ကာ ခြေလှမ်းမှန်မှန်ဖြင့် ချီတက်လာကြ၏။ သူတို့တပ်ဦးမှ အလံများက လေထဲတွင် တလူလူလွင့်လျက်။ သူတို့မျက်နှာများကသာလျှင် အရှုံးကြောင့် နာကျည်းခါးသီးသည့်အသွင်ကို ဆောင်နေကြသည်။ အိမ်သို့ ဤနည်းဖြင့် ပြန်လာရလိမ့်မည်ဟု သူတို့တခါမျှ မမျှော်လင့်ခဲ့ကြ။ ယခုမူ နှင်ထုတ်ခံရခြင်းနှင့် အတူတူ။ ဗုံးရာတွေဖြင့် အမာရွတ်ထင်ကာ စွန့်ပစ်ခဲ့သည့် အမြောက်ကြီးတွေ၊ ပစ္စည်းတွေဖြင့် ပြန့်ကျဲလျက်ရှိသည့် စပိန်မြေကြီးကို နောက်ဆုံးအကြိမ် မျှော်ကြည့်မိကြသည်။ ကြည့်ယင်း မျက်ရည်မဆည်နိုင်ကြ။

နယ်စပ်ကို စောင့်နေကြသည့် ဆီနီဂယ်စစ်သားများက ပြင်သစ်တွေ နားမလည်သည့်စကားဖြင့် ဆီး၍ အော်ကြသည်။ မစ်ရှောက တပ်မှူး။ "ပါရီဘုံအဖွဲ့" တပ်ရင်းသည် အရောင်လွင့်ပြယ်နေပြီဖြစ်သည့် အလံကို အလေးပြုကြသည်။ အမြဲတမ်း ပြင်သစ်တပ်မတော်မှ တပ်သားများသည် သူတို့ကိုကြည့်ကာ ရှက်ကိုးရှက်ကန်း ဖြစ်နေကြသည်။ သို့ရာတွင် ဆီနီဂယ်စစ်သားများက သွားတွေ အဖွေးသားပေါ်အောင် ပြုံးယင်း သူတို့ကို ကြည့်နေကြသည်။

ပုလိပ်တယောက်က မစ်ရှော၏ ရဲဘော် ဂျူးလ်၏ ကိုယ်တွင် ပတ်ထားသည့် ပတ်တီးကို ဆွဲဆုတ်လိုက်ပြီး "ဒီထဲမှာ ရွှေချောင်းတွေ ပါချင်ပါလာမှာ" ဟု ပြောသည်။ ပတ်တီးအောက်မှ ဒဏ်ရာ လတ်လတ်ဆတ်ဆတ်ကြီးကို မြင်သည့်အခါတွင် ဆဲနေသည်။ ပြင်သစ်အပျော်တမ်းတပ်သားများကို စခန်းတခုထဲသို့ သွင်းလိုက်ပြီးနောက် "မင်းတို့အမှုကို နောက်မှ စစ်ရမယ်၊ မင်းတို့အားလုံး တပ်ပြေးတွေ" ဟု ပြောသည်။ သူတို့နှင့်အတူ အခြားလူမျိုးများလည်း ပါလာကြ၏။ စပိန်၊ ဆွီဒင်၊ အင်္ဂလိပ်နှင့် ဆားဗီးယန်းလူမျိုးများ ဖြစ်ကြသည်။ ထို့မှုမက ရင်ခွင်တွင် ကလေးတွေကို ပိုက်ထားကြသည့် အမျိုးသမီးတွေ၊ ဘာစီလိုနာတက္ကသိုလ်မှ ပါမောက္ခတွေ၊ ကျေးလက်က ကလေးတွေ၊ ကဗျာဆရာတွေ၊ သိုးကျောင်းသားတွေ၊ ပြင်းထန်စွာ ဒဏ်ရာရလာသူတွေ၊ မသွားနိုင်၍ နောက်ကျန်ရစ်ခဲ့သူများကို ဆီနီဂယ်စစ်သားများက သေနတ်ဒင်များဖြင့် ဆောင့်ပြီး အတင်းသွားခိုင်းကြသည်။

သံဆူးကြိုးဝိုင်းထဲတွင် လူတွေ ပြည့်ကျပ်လျက်။ သိုးခြံတခြံထဲတွင် လှောင်ထားသည့်

သိုးများနှင့် တူနေသည်။ အေးစက်သည့် မြောက်လေက သူတို့မျက်နှာများကို သံတွေဖြင့် ဆုပ်ပက်နေသည်။ ညနေပိုင်းတွင် မိုးရွာလာ၏။ ကွင်းထဲတွင် အမိုးအကာမရှိ။ ပေါင်မုန့်နည်းနည်းစီ ရမည်ဟု ပြောသော်လည်း ဘာမျှ မရကြ။ သူတို့စခန်းက ပင်လယ်ကမ်းစပ်နှင့် ကပ်လျက်ရှိသဖြင့် ဒီလှိုင်းကြီးတွေ တညလုံး စခန်းထဲ လှိမ့်ဝင်နေသည်။ တချက်တချက်တွင် အဝေးမှ သေနတ်သံများကို ကြားရ၏။

ဝန်ကြီးတက်စ၏လူ ဖြစ်သည့် လွှတ်တော်အမတ် ပီရိုးသည် ပါရီမှ နယ်စပ်သို့ ရောက်လာသည်။ နယ်စပ်က အကောက်ရုံးကလေးထဲတွင် စပိန်ဖက်ဆစ်များအလာကို တနေကုန် ထိုင်စောင့်နေသည်။ အဝေးကြည့်မှန်ပြောင်းထဲတွင် အနီနှင့်အဝါ နှစ်ရောင်ခြယ်ထားသည့် စပိန်ဖက်ဆစ်အလံကို မြင်သည့်အခါ သူ့မျက်နှာသည် ဝင်းထိန်လာ၏။ နာရီတမတ်လောက်အကြာတွင် ရောက်လာသည့် စပိန်ဖက်ဆစ်ဗိုလ်ချုပ်တဦးအား သူ့လိပ်စာကတ်ပြားကို လှမ်းပေးလိုက်ယင်း "ဗိုလ်ချုပ်တို့ရဲ့ အောင်ပွဲကြီးအတွက် ချီးကျူးပါတယ်" ဟု ပြောလိုက်သည်။ စပိန်ဗိုလ်ချုပ်က သူ့ကို အထင်သေးသည့်ဟန်ဖြင့် ကြည့်လိုက်ပြီး ပြုံးပြလိုက်၏။

ရက်တွေ ကုန်လာခဲ့သည်။ သံဆူးကြိုးဝိုင်းထဲရှိ အကျဉ်းသမားများမှာ ငတ်မွတ်ခြင်းဒဏ်ကို ခံကြရသည်။ ရေတွင်း တိမ်တိမ်ကလေးများထဲက ရေက ကျင်ငယ်နံ့ နံနေသည်။ ခရီးသည်များ ရောက်လာကြကာ သံဆူးကြိုးဝိုင်းထဲမှ စပိန်လူမျိုးများကို လှောင်အိမ်ထဲမှ တိရိစ္ဆာန်များကို ကြည့်သလို ကြည့်ကြသည်။ ဝမ်းကိုက်ရောဂါ၊ အဆုတ်အအေးမိရောဂါဖြင့် သေသူ၏ အလောင်းများကို ညညတွင် ထုတ်သွားကြသည်။

ပါပီနွန်မြို့ကလေးက ပျော်စရာ။ လူတွေကလည်း ပျော်ပျော်နေတတ်ကြသည်။ ရှောက်ယိုကလေး စားလိုက်၊ ဝိုင်ကလေး သောက်လိုက်၊ ပန်းခြံထဲသွားပြီး စစ်ဘင်ခရာတီးဝိုင်း နားထောင်လိုက်ဖြင့် မဲပေးတော့လည်း ပြည်သူ့တပ်ဦးကို မဲပေးခဲ့ကြသည်။ ယခုမူ အစိုးရသည် ပါပီနွန်တွင် လူတွေကို လိုက်ဖမ်းနေသည်။ ကျောင်းများကို အကျဉ်းစခန်း လုပ်ထားသည်။ ပုလိပ်များက စပိန်လူမျိုးများကို လိုက်ဖမ်းနေကြသည်။ ခါတိုင်း ခေါင်းဆောင်မပါပဲ သွားလေ့ရှိသည့် စပိန်အမျိုးသမီးများက ထိုဆောင်းတွင်းတုန်းက ခေတ်စားသော ဦးထုပ်ကလေးများကို ဝယ်ဆောင်းကာ ပြင်သစ်အမျိုးသမီးဟန် ဖမ်းကြသည်။ သို့ရာတွင် အချည်းနှီးသာ၊ မျက်ရည်စွန်းနေသည့် သူတို့မျက်နှာများက စပိန်အမျိုးသမီးဖြစ်ကြောင်း သက်သေခံနေကြ၏။

အချို့ပြင်သစ်များက စပိန်အမျိုးသမီး၊ အမျိုးသားများကို မြေတိုက်ခန်းများ၊ အရက်လှောင်သည့် မြေတိုက်များ၊ ရေချိုးခန်းများနှင့် သိုးကျောင်းသည့်တဲများတွင် ဝှက်ပေးကြသည်။ အချို့ကဆိုလျှင် တောင်များပေါ်သို့သွားကာ ထွက်ပြေးလာသည့် စပိန်များကို လမ်းပြကြသည်။

သံဆူးကြိုးကာထားသည့် ဒုက္ခသည်စခန်းထဲတွင်မူ ညနေခင်းက စိတ်ညစ်စရာ။ ပုလိပ်တယောက်က စပိန်လူငယ်ကလေးတယောက်ကို လက်သီးဖြင့်ထိုး၏။ စပိန်လူငယ်ကလေးက ရှက်သဖြင့် သူ့ကိုယ်သူ ကြိုးဆွဲချ သေသွားသည်။ ဒုက္ခသည်အားလုံး စိတ်ဓာတ်ကျနေကြသည်။ ထိုအထဲတွင် နေ့စဉ်ရိက္ခာကို လျှော့ချလိုက်သည်။ လူတယောက် တနေ့လျှင် ပေါင်မုန့် ဂရမ်ငါးဆယ်သာ ရတော့သည်။ မစ်ရောက သူရသည့် ဝေစုကို ဖာနန်ဒွေဇ်ဆိုသည့် စပိန်တယောက်ကို ပေးသည်။ ဖာနန်ဒွေဇ်မှာ တခါက ပုံဆွဲဆရာဖြစ်ပြီး လမ်းဖောက်သည့်

တပ်ရင်းတရင်းကို ဦးစီးနေသည်။

"ပြင်သစ်လူမျိုးတယောက်အနေနဲ့ ကျွန်တော် ရက်တယ်ဗျာ၊ ကျွန်တော့်ဝေစုကိုပါ စားယင် လောက်မှာပါ၊ ဒါ ကျွန်တော်တို့ ပြင်သစ်လူမျိုးရဲ့ တာဝန်၊ ကျွန်တော်တို့ဆီကို ရောက်ယင် ကျွန်တော်တို့က ကျွေးရမှာပေါ့၊ စားသာစား"

"အလျင်တုန်းက ပြည်ပကို တခေါက်မျှ မရောက်ဖူးဘူးဗျ။ ကျွန်တော့်အဖို့ ပထမဆုံးအကြိမ်ပဲ" ဟု ဖာနန်ဒွေဇ်က ရိုးသားစွာ ပြောသည်။

"ပြင်သစ်အားလုံးဟာ သူတို့လိုချည်းပဲတော့ မထင်လိုက်ပါနဲ့ဗျာ၊ တခြားပြင်သစ်တွေလဲ ရှိပါသေးတယ်၊ ကျွန်တော်တို့ ပြင်သစ်ပြည်ဟာ ဒီလောက် မရိုင်းပါဘူး၊ ဟို ရှေးသမိုင်းအစဉ်အလာနဲ့ လာတဲ့ ပြင်သစ်ပါ၊ ခု... ကျွန်တော်တို့တပ်ရင်းကို 'ပါရီဘုံအဖွဲ့တပ်ရင်း' လို့ ခေါ်ထားတယ်၊ ဘယ်လောက်လှတဲ့ နာမည်လဲ၊ သူတို့ တပ်မကြီးတွေကတော့ 'မြူးနစ်တပ်မကြီး'တွေပေါ့ဗျာ၊ ခု ကျွန်တော်တို့လူမျိုးမှာ ခက်နေတာက ပေါ့လားဝါးလား နေတတ်တဲ့ အကျင့်ပဲ၊ လူထုတွေဟာ ၁၉၁၄ ခုနှစ်က ဖြစ်ခဲ့တဲ့ စစ်ကြီးကို မေ့နေကြပြီ၊ နောင်မှာ ဒီလိုဒုက္ခတွေကို တွေ့တော့မှာ မဟုတ်ဘူးလို့ ထင်နေကြတယ်၊ ထင်ရုံ ဆုတောင်းရုံနဲ့ ကမ္ဘာစစ်ကြီးတွေကို တားနိုင်မှာတဲ့လား၊ ပြင်သစ်လူမျိုးဟာ ဇိမ်ကျကျ နေလွန်းတယ်။ အစားကောင်းကောင်း စားမယ်၊ မိန်းကလေးချောချောကလဲ ပေါတယ်၊ သူတို့မှာ ပင်လယ် ရှိတယ်၊ တောင်တွေ ရှိတယ်၊ ဥယျာဉ်တွေ ရှိတယ်၊ နေရာတကာမှာ ကဖီးဆိုင်တွေ ရှိတယ်၊ ရာသီဥတုက မပူလွန်း မအေးလွန်း၊ ဒီတော့ ကျွန်တော်တို့ ပြင်သစ်လူမျိုးဟာ ဒုက္ခကို ကြောက်ရုံတွင်မကဘူး၊ စက်လဲ စက်ဆုပ်တယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းကဆိုယင် ကျွန်တော်တို့ ပြင်သစ်လူမျိုးတွေဟာ ရုရှတွေကို သိပ်မုန်းတယ်၊ အဲဒီတုန်းက ကျွန်တော်က ကလေးလေး၊ ကောင်းကောင်း မှတ်မိသေးတယ်၊ 'ရုရှဆိုတဲ့ လူတွေက ဝတ်စရာ ဘောင်းဘီနဲ့၊ စားစရာ ပေါင်မုန့်တောင် မရှိပဲနဲ့ ကမ္ဘာကြီးကို ပြောင်းပစ်မလို့တဲ့' ဆိုပြီး လှောင်ခဲ့ကြတယ်... ရယ်ခဲ့ကြတယ်၊ ခုလဲ စပိန်တွေကို မုန်းနေပြန်ပြီ၊ စပိန်ဆိုတဲ့ လူမျိုးဟာ ပြောတော့ ဂုဏ်သိက္ခာ အကျမခံဘူးလေး၊ ဒူးမထောက်ဘူးလေးနဲ့၊ ခုတော့ တို့ဆီကိုလာပြီး ခိုလှုံခွင့်တောင်းနေရပြီလို့ ပြောကြပြန်တယ်၊ တော်တော်တော့ သေးသိမ်တဲ့ အတွေးပဲဗျ။ ပြီးတော့ ကိုယ့်အန္တရာယ်ကိုလဲ ကိုယ်မမြင်ဘူး၊ ချစ်ကြည်မှု၊ သစ္စာရှိမှုဆိုတာတွေကို သူတို့ထည့်မစဉ်းစားကြဘူး၊ ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုယင်တော့ ကျွန်တော်တို့ ပြင်သစ်ပြည်ကြီးဟာ ဒုက္ခသုက္ခတွေကို အများကြီး တွေ့ပြီးမှ ပြောင်းလဲလာကြမှာ၊ တော်တော်ကြီးတဲ့ ဒုက္ခကြီးကို တွေ့ပြီးမှ ပြောင်းလဲလာမှာ"

ကောင်းကင်တွင် အရာအထောင်သော ကြယ်တို့သည် လက်နေကြလေ၏။ ကြောက်စရာ့အသံများကို ပင်လယ်ဘက်မှ ကြားရသည်။ မတ်လလေပြင်းတို့ ကျတော့မည်။

ဂျိုလီယော့က ဓာတ်ပုံကိုကြည့်၍ ပြုံးလိုက်သည်။ ခပ်ငယ်ငယ်
ရုပ်ရှင်မင်းသမီးလေးက ခာတ်ငွေ့ကာ မျက်နှာဖုံးကို တပ်ထားလျက်။
အင်္ကျီလည်ဟိုက်က မိန်းမတို့၏ ရှုံက်ဖိုကြီးငယ် အသွယ်သွယ်ကို ဖော်ပြလျက်။
သို့ရာတွင် မျက်နှာတွင် တပ်ထားသည့် ခာတ်ငွေ့ကာ မျက်နှာဖုံးကြီးကြောင့်
ဝက်နှာခေါင်းနှင့် တူနေသည်။ ဂျိုလီယော့က သူ့စာရေးကို လှမ်းကြည့်လိုက်ယင်း...

“ရုပ်ရှင်မင်းသမီး ခင်ခင်နှင်းရဲ့ ပုံလေကွာ၊ ဒီပုံကို မျက်နှာဖုံးမှာ တင်ရမယ်ကွ၊ အံမယ် ဒီနေ့ သီတင်းကျွတ်အကြိုနေ့နော်”

အလှိုင်တုန်းက ပြင်သစ်ပြည်တွင် သီတင်းကျွတ်အကြိုနေ့သည် အားလပ်ရက် ဖြစ်၏။ ရိုပ်သာလမ်းမကြီးပေါ်တွင် ဝတ်ကောင်းစားလှ ဝတ်ထားသည့်လူတွေ ဥဒဟို သွားလာလျက်။ ပွဲတော်လည်လာသည့် ဖိုးသူတော်ယိမ်းက ဝတ်ဖြူစင်ကြယ်တွေဖြင့်။ မင်းသားပျက်ယိမ်းက ရွှေခြည်ငွေခြည်တွေ တလက်လက်။ စပိန်လယ်သမားအက။ ကျစ်ဆံမြီးတွေတလွင့်လွင့်နှင့် ကုမ္ပာရီယိမ်း။ ကတ္တီပါမျက်နှာဖုံးတွင် ဇာနားတပ်ထားသည့် သူခိုးမိုးနက်ယိမ်း။ ပန်းစက္ကူစ ရောင်စုံများက လေတွင် ပျံဝဲလျက်။ ရှေးတုန်းက သီတင်းကျွတ်ပွဲ လှည့်လာပုံကို ဂျိုလီယော့ မြင်ယောင်နေသည်။ သို့ရာတွင် ယခုမူ ပွဲတော်လှည့်သည့် အစဉ်အလာတွေ မရှိတော့။ ပျောက်ပျက်ကုန်ပြီ။ သို့တိုင်အောင် သီတင်းကျွတ်ပွဲတော် လှည့်သည်နှင့်ဆင်ဆင် အစဉ်အလာကလေးတွေကမူ ကျန်သေးသည်။ ကဖီးဆိုင်များသို့လှည့်၍ အလှူခံသည့် အတီးအမှုတ်ဝိုင်းတွေ၊ နှာခေါင်းတု၊ မုတ်ဆိတ်တုတွေ တပ်ထားသည့် မျက်နှာဖုံးကိုစွပ်၍ လမ်းတကာလှည့် ကကြသည့် ကလေး အကဝိုင်းတွေ ကျန်သေးသည်။ သို့ရာတွင် ယခုနှစ်တွင်မူ မည်သို့ရှိမည် မသိသေး။ သူ့သတင်းစာ မျက်နှာဖုံးတွင်မူ ခာတ်ငွေ့ကာ မျက်နှာဖုံး တပ်ထားသည့် ခင်ခင်နှင်း၏ပုံကို တင်လိုက်ပြီ။

ဂျိုလီယော့သည် သက်ပြင်းကြီးတချက်ကို ချလိုက်၏။ သူလုပ်လိုက်လျှင် အဓိပ္ပါယ်ကလေးတွေ၊ သတိရစရာကလေးတွေနှင့် လုပ်သည်ချည်း။ သို့ရာတွင် အချို့ကမူ သူလုပ်သည်ကို နားမလည်ကြ။ သူ့ကို လှောင်တတ်ကြသည်။ “ပါရီက လူတွေက အတွေးအခေါ်နဲ့ လုပ်ကြတယ်၊ မာဆေးလ်လူတွေကတော့ ခံစားချက်နဲ့ လုပ်ကြတယ်” ဟု ဂျိုလီယော့က ပြောတတ်သည်။

ဂျိုလီယော့အဖို့ လုပ်ငန်းကိုင်ငန်း အခြေအနေကောင်းနေသည်။ အစိုးရ၏ လျှို့ဝှက်ရန်ပုံငွေမှာ ပိုက်ဆံတွေ အများကြီး ရနေသည်။ မိန်းမဖို့ လက်ဆောင်တွေ ဝယ်လိုက်ရသည်မှာလည်း မပြီးနိုင်။ နီလာဘယက်တကုံး၊ ၁၈ ရာစုအကုန် ၁၉ ရာစုအစတွင် နာမည်ကြီးခဲ့သည့် ကုမ္ပာရီအသင်းခေါင်းဆောင် မဒမ်ရေကားမီးယား ပိုင်သည်ဟု ကျွမ်းကျင်သူများက ပြောကြသော ရွှေကြုတ်ကလေးတလုံး၊ လန်ဒန်ကျောက်မျက်ရတနာပြပွဲတွင် ပထမရခဲ့သည့် ပယင်းကုံးတကုံး။ ဂျိုလီယော့သည် သူ့နောက်လိုက် ကပ်ပါးများကိုလည်း ကျွေးမွေးထားခဲ့သေး၏။ ထိုအထဲတွင် အလုပ်လက်မဲ့ သတင်းစာဆရာများ၊ မာဆေးလ်မှ ကဗျာဆရာများ၊

သူတို့ကိုယ်သူတို့ မင်းမဲ့ဝါဒီများဟု ခေါ်ကြသည့် ဆယ့်နှစ်ပွဲသမားများ၊ အသရေဖျက်မှုဖြင့် ဂျူလီယေ့ာကို မည်သူမျှ တရားမစွဲရဲကြတော့။ လွှတ်တော်အမတ်များသည် ဂျူလီယေ့ာကို ချော့ပေါင်းနေကြရသည်။ ဂျူလီယေ့ာသည် သံအမတ်များနှင့် ညစာစားသည်။ "ရိုမေးနီးယားတို့ ဘာတို့အကြောင်းကို မပြောကြစမ်းနဲ့ဟေ့၊ ရိုးမေးနီးယန်းတွေနဲ့စာယင် ဟန်ဂေရီယန်တွေကမှ ချစ်ဖို့ကောင်းသေးတယ်၊ ဘာပြောပြော ဒီကောင်တွေက အမြင်ကျယ်တယ်" ဟု ပြောတတ်သည်။

ဂျူလီယေ့ာသည် အောင်မြင်မှုရနေသည့်တိုင် လူက အိုမင်းခြောက်ကပ်သွားသည်။ သူ့လည်စည်းရင်ထိုးသစ်၊ မြနှင့်လုပ်ထားသည့် ကြက်တူရွေးရုပ်ကလေး။ မျက်လုံးက ပတ္တမြားထည့်ထားသည်။ သို့ရာတွင် သူ့မြရင်ထိုးသည်ပင်လျှင် သူ့ရုပ်ဆင်းသဏ္ဌာန်ကို အရောင်ထွက်အောင် မလုပ်နိုင်တော့။ နိုင်ငံရေးကျားကွက်တွေ အမျိုးမျိုးဆင်နေသည့် သူ့ဆရာများကြားတွင် စိတ်ညစ်နေသည်။ "အင်း... ဘာရေးလို့ ရေးရမှန်းတောင် မသိတော့ဘူး" ဟု တယောက်တည်း ညည်းမိ၏။

"ရုရှတပ်နီတော်ရဲ့ အားနည်းချက်တွေအကြောင်းကို ရှာပြီး ဆောင်းပါးတပုဒ်လောက် ရေးစမ်းဗျာ၊ အီတလီစစ်သံမှူး ပြောတဲ့စကားတွေနဲ့ ကိုက်ပေ့စေနော်" ဟု တက်စက ပြောသည်။ နောက်နှစ်ရက်လောက် ကြာသည့်အခါတွင် တက်စက အဆိုပြုချက်တခု အသစ်တင်လာပြန်သည်။

"ရုရှပြည်ရဲ့ စစ်အင်အားတွေဟာ မကုန်ခန်းနိုင်လောက်အောင် ကြီးမားတယ်ဆိုတာကို အကျယ်ချဲ့ပြီး ရေးစမ်းဗျာ" ဟု ပြောပြန်သည်။

ယနေ့မနက်တွင်လည်း တက်စထံမှ တယ်လီဖုန်း ဆက်ပြန်သည်။

"နိုင်ငံတကာ အခြေအနေကတော့ တော်တော် အရေးကြီးနေတယ်ဗျ။ ခုတလောမှာက ပြဿဒါးချည်း ဝင်နေတယ်၊ ကျွန်တော်တို့အဖို့ ကိုလိုနီတွေက အခြေအနေတွေကို စောင့်ကြည့်ဖို့လိုတယ်၊ အလယ်ပိုင်းနဲ့ အရှေ့ပိုင်းဥရောပက ကျွန်တော်တို့အတွက် ဒီလောက် အရေးမကြီးပါဘူး"

"ဟုတ်တာပေါ့ ဝန်ကြီး၊ ကျွန်တော်တို့က ဘာဖြစ်လို့ ဒန်းဇစ် (ဂျာမနီ အသိမ်းခံရသည့်မြို့) အတွက် အသေခံရမှာလဲ၊ မာစယ်ဒီလက် ပြောသလို"

ပြောမယ့်သာပြောရသည်။ ဘာကိုရေးရမည်နည်း။ အကြံရပြီ၊ ဂျူလီယေ့ာ မျက်လုံးကိုမှေး၍ စဉ်းစား၏။ ထိုနောက် သတင်းစာခေါင်းကြီးကို တောက်လျှောက် ရေးချသည်။ "ကျွန်ုပ်တို့သည် ဝါဆောအတွက် လည်းကောင်း၊ ဘဲလ်ဂရိတ်အတွက် လည်းကောင်း၊ ဗျူခါရက်အတွက် လည်းကောင်း အသေမခံနိုင်" ဟု အစချီကာ မရပ်မနား ရေးနေသည်။ ရေးပြီးသည့်အခါတွင် ပင်ပန်းနွမ်းနယ်စွာဖြင့် ကိုယ်ကို ကုလားထိုင်နောက်မှီသို့ လှန်ချလိုက်၏။ အရေးကြီးသည်မှာ ယုတ္တိယုတ္တာရှိဖို့ လိုသည်။ "အသေမခံနိုင်" ဆိုသည့် စကားလုံးများကို စာလုံးမည်းဖြင့် ဖော်ပြရမည်။ ထိုခေါင်းကြီးပိုင်းအောက်တွင် ခါတင်ငွေ့ကာ မျက်နှာဖုံး တပ်ထားသည့် ရုပ်ရှင်မင်းသမီး ခင်ခင်ဝန်း၏ ပုံကို ထည့်ရမည်။

ဂျူလီယေ့ာသည် "သမ္မတ" သတင်းစာ အယ်ဒီတာ ဂေးဇီးယားနှင့်အတူ သွား၍ ညစာစားသည်။ အချိုပွဲအဖြစ် ချယ်ရီအရက် စိမ်ထားသည့် မုန့်ဆီကြော်ကို စားကြ၏။

"အဓိပ္ပါယ်မရှိတာကို တော်တော် လုပ်ချင်တဲ့ လူတွေဗျာ" ဂေးဇီးယားက

ပလုတ်ပလောင်းဖြင့် ပြော၏။ "ချိန်ဘာလိန်က ကျူးနစ်ရှားပြည်ကို အီတလီတွေကို ထိုးပေးသတဲ့၊ ကျုပ်တို့ခေါင်းဆောင် ဘွန်းနက်ကလဲ မော်လတာကျွန်းကိုပေးဖို့ အခုအော်နေပြန်ပြီ၊ ဇိမ်အိမ်မှာ ဇိမ်မယ်တွေကို အလဲအလှယ်လုပ်သလို တိုင်းပြည်တွေကိုလဲ အလဲအလှယ် လုပ်နေကြပြီဗျ။ မနေ့ကပဲ ကျုပ်ကို ဝန်ကြီးချုပ် ဒလားဒီးယားက ဘာပြောသလဲဆိုတော့ ဥရောပမှာ စပေါင်းလုံခြုံရေးစာချုပ်တွေ ဘာတွေချုပ်ဖို့ ဆိုတာမျိုးတွေကို မရေးပါနဲ့တဲ့၊ မနက်ဖြန်ဆိုယင် ရေဝတီလူမျိုးတွေ ကျွန်တော်တို့ကို ဘယ်လိုခြိမ်းခြောက်နေတယ် ဆိုတဲ့အကြောင်း ဆောင်းပါးတစောင် ထည့်ရမယ်၊ ရေးတာက ဘယ်သူလဲ သိရဲ့လား၊ ရေဝတီတယောက်က ရေးတာဗျ၊ ရေဝတီတယောက် ရေးတာ၊ တကယ့်ကို ဇိမ်အိမ်လို ဖြစ်ချင်တိုင်း ဖြစ်နေတော့တာပဲ"

သူတို့နှစ်ယောက် အမာညက် အရက်တလုံးကို မှာသောက်ကြသည်။ ဂေးဇီးယားက အလုပ်ရှိသည်ဆိုကာ ခပ်သုတ်သုတ် ပြန်သွားသည်။ သို့ရာတွင် ဂျိုလီယော့ကမူ လေကောင်းလေသန့် ရှူရန် တိုက်သို့ လမ်းလျှောက်၍ ပြန်လာခဲ့၏။

"ဂေးဇီးယားဆိုတဲ့လူက တော်တော်ကြောင်တဲ့လူပဲ၊ မော်လတာကျွန်းကို ထိုးပေးလိုက်ရတော့ ဘာဖြစ်သလဲ၊ တို့နဲ့ ဘာဆိုင်လို့လဲ၊ မော်လတာကျွန်းဆိုတာ အဝေးကြီး၊ ဥရောပတိုက်မှာမှ မဟုတ်ပဲ"

ဂျိုလီယော့သည် ပလေးဒီလေထွီးလ်ရပ်ကွက်အရောက် ဝါဂရန်ရိပ်သာ လမ်းမကြီးပေါ်တွင် လျှောက်လာခဲ့၏။ ရာသီဥတုက အပြောင်းအလဲမြန်သည်။ နေရောင် ပွင့်လာသည်နှင့် အရာအားလုံး ဝင်းထိန်လင်းပလာကြ၏။ သစ်ကြားပင်မှ အဖူးများက ပွင့်အာလာကြသည်။ မိန်းမတွေက ပို၍လှလာကြ၏။ ခဏနေလျှင် လေအေးကြီး တိုက်လာကာ မိုးကြွင်းကလေးတွေ တဖွဲဖွဲ ကျလာတတ်သည်။

မြို့လယ် ပန်းခြံနားသို့ ရောက်သည့်အခါတွင် ဂျိုလီယော့သည် အညတရ စစ်သည်တော်များ၏ ဗိမာန်အနီးတွင် ရပ်လိုက်၏။ ဗိမာန်မှာ ခါတိုင်းနှင့် အတူတူ။ ဖျော့တော့သည့် မီးလျှံက တောက်လျက်။ ပန်းခွေတွေက ထောင်လျက်။ နယ်မှ လာကြည့်ကြသည့် ဧည့်သည်တွေက ဟိုတစု၊ သည်တစု။ ဗိမာန်ထက်တွင် မုခ်ဦးကြီးက မိုးလျက်။ တခါတရံတွင် ဦးထုပ်ကိုချွတ်၍ အလေးပြုသည်။ တခါတရံတွင် အမျိုးသားသီချင်းဖြစ်သည့် မာဆေးလ်ကို လေချွန်တတ်သည်။ သူနှင့် တခေတ်တည်း ကြီးပြင်းလာသူများနည်းတူ ဂျိုလီယော့သည်လည်း ပြီးခဲ့သည့် စစ်ကာလကြီးကို ပြန်တွေးမိလျှင် နုပျိုလန်းဆန်းလာမြဲ။ အားမာန်တွေ ထက်သန်လာမြဲ။ တပ်ကြပ်ကြီး၏ ဆဲသံ၊ အူရောင်ငန်းဖျားရောဂါကြောင့် နှစ်လလုံးလုံး သူနေခဲ့ရသည့် အိပ်စင်ကလေး။ ကတုတ်ကျင်း နှုတ်ခမ်းကလေးသို့ တက်ခါနီး စိတ်ညစ်ရပုံနှင့် ခိုက်ခိုက်တုန်ချမ်းသည့် အချမ်းတို့ကို ပြန်၍ သတိရသည်။ ကတုတ်ပေါ်သို့ တက်တော့မည်ဆိုလျှင် တပ်သားများကို ကော်ဖီပူပူနှင့် ရမ်တခွက် ပေးသည်။ အေးလွန်းသဖြင့် ပူနေသည့် မတ်ခွက်တွင်လက်ချောင်းကလေးတွေ ကပ်ထားရ၏။
သူ့တိုက်ဖော်တိုက်ဖက်များကို လည်း အမှတ်ရသည်။ လူပုသလောက် စိတ်တိုသည့် ဒေါ်နီယား။ မျက်စိမွဲမွဲဖြင့် ဒီဗယ်။ ပျော်ပျော်နေတတ်သည့် ကလီးမင့်။ ကလီးမင့် တယောက်ကမူ မရှိတော့။ တိုက်ပွဲတွင် ကျသွားခဲ့ပြီ။

ဤမုခ်ဦးကြီး၏အောက်တွင် မည်သူတွေကိုများ မြှုပ်နှံထားလေသနည်း။ ကလီးမင့်များလော၊ ဟုတ်သည်။ ကလီးမင့် ဖြစ်နိုင်သည်။ ကလီးမင့်ကို ဗိုလ်ချုပ်ကြီးတွေလာ၍ အလေးပြုကြရသည်။ သံအမတ်တွေလာ၍ လွမ်းသူ့ပန်းခွေ ချကြသည်။ တက်စတို့လို ဝန်ကြီးတွေလာ၍ သစ္စာဆိုရသည်။ ဩော် သနားစရာ

ကလီးမင့်။ တပ်ထဲတုန်းက ဗျတ်စောင်းကလေး တဒေါင်ဒေါင်နှင့်၊ မာဆေးလ်က ကောင်မလေးတယောက်ကို ပိုးလိုက်ပန်းလိုက်ရသည်ကလည်း အမော။

"ဒန်းဇစ်အတွက် ကျနော်တို့ အသေမခံနိုင်ဘူး" ဆိုသည့် စကားလုံးများကို ဂျိုလီယော့ ကြားယောင်လာသည်။ သို့ဖြစ်လျှင် ကလီးမင့်သည် မည်သည့်အတွက် အသေခံပါသနည်း။ "ပြင်သစ်ပြည်ကြီးအတွက်" ဟု သူတို့က ပြောကြသည်။ ယခုအချိန်ဆိုလျှင် မာဆေးလ်က သူပိုးခဲ့သည့် ကောင်မလေးသည် သားတွေမြေးတွေနှင့် ဖြစ်ချင် ဖြစ်နေတော့မည်။ သို့မဟုတ်လျှင်လည်း သေများသေရှာပြီလား မဆိုနိုင်။ ဘာလိုလိုနှင့် ရာစုနှစ်တစိတ်ပင် ကြာသွားပါပကော။

သတင်းစာတိုက် ရောက်သည့်အခါတွင် ထုံးစံအတိုင်း ဆူဆူညံညံ။ ဂျိုလီယော့သည် ထိုအသံများကြောင့် နေသာ ထိုင်သာ ရှိသွား၏။ ဘာကိုမျှမတွေးချင်တော့။ ပင်ပန်းလှပြီ။ ဝန်ကြီးဌာနမှ ဆောင်းပါးတစောင် ရောက်လာသည်။ ဆောင်းပါးခေါင်းစဉ်က "အရှေ့နီးနားဒေသတွင် လက်တင်ယဉ်ကျေးမှု၏ တံတိုင်းကြီးဖြစ်သော အီတလီ" တဲ့။ မျက်နှာဖုံးပေါ်တွင် ခင်ခင်ငန်း၏ပုံက ပြုံးတုံးပြုံတဲဖြင့်။လမ်းမပေါ်တွင် သတင်းစာရောင်းသည့် အဘွားကြီးများက "နောက်ဆုံးထုတ် သတင်းစာတွေ၊ နောက်ဆုံးထုတ်တွေ၊ ကျွန်ုပ်တို့ အသေမခံနိုင်တဲ့ ဟု အော်ရောင်းနေကြသည်။ သူတို့အသံက နှာသံထွက်နေသည်။

တိုက်အလုပ် ပြီးသည့်အခါတွင် ဂျိုလီယော့သည် ကပွဲသို့ ထွက်လာခဲ့သည်။ သူ့ကို လာကြည့်ဖို့ ဖိတ်ထားသည်မှာကြာလှပြီ။ မိတ်ကပ်တွေ ပိန်းနေအောင် လိမ်းထားသည့် အမျိုးသားအဆိုတော်တယောက်က သီချင်းတပုဒ်ကို ဆိုနေသည်။

"မနက်ဖြန်ထိအောင် နေချင်တယ် ဘာတွေကိုပဲတွေ့တွေ့ အရေးမစိုက်တယ်"

ကြည့်သူများက "ဘာတွေကိုပဲတွေ့တွေ့ အရေးမစိုက်တယ်" ဆိုသည့် သံပြိုင်ပိုဒ်ကို လိုက်ဆိုကြသည်။ ထို့နောက် လူပြက်တယောက် ထွက်ကသည်။ သီတင်းကျွတ်ခါနီးသောကြောင့်လားမသိ။ သီတင်းကျွတ်ယိမ်းတွေမှာ ကသလို မျက်နှာဖုံး တပ်ထား၏။ မျက်နှာဖုံးက အဖြူရောင်၊ နှာခေါင်းနေရာတွင် တပ်ထားသည့် နှုတ်သီးက ချွန်ချွန်။ မျက်လုံးနေရာကို အပေါက်ကြီးနှစ်ပေါက် ဖောက်ထားသည်။ "ဟေ့၊ ဒါ ဘာအကလဲကွ၊ သေမင်းလား" ဟု ပရိသတ်ထဲက အော်၍ မေးသည်။ "အဲဒါ ဝန်ကြီး တက်စကွ၊ သေမင်းမဟုတ်ဘူး ဝန်ကြီး တက်စ၊ နှာခေါင်းကို ကြည့်ပါလား၊ သူ့နှာခေါင်း" ဟု တယောက်က ပြန်အော်သည်။

သူတို့တွေ အပြောင်အပြက် ကနေသည်ကို ဂျိုလီယော့ ငြီးငွေ့သည်။ အိမ်သို့ ပြန်လာခဲ့၏။ သူ့မိန်းမက ဧည့်ခန်းတွင်ထိုင်လျက် သတင်းစာတစောင်ကို ဖတ်နေသည်။ သူ့မိန်းမသည် သူ့ကို အလုပ်အကိုင်အကြောင်းကို တခါမျှ မမေးစဖူး။ သူ့အလုပ်ဖြင့်ပင် သူမအားနိုင်။ သူ့စကက်ချုပ်သမတွေ၊ ဖက်ရှင်ဆန်းတွေ၊ နောက်ဆုံးပေါ် အဆင်ဆန်းတွေဖြင့် အားရသည်ဟူ၍ မရှိ။ သို့ရာတွင် ယခုတလောတွင်မူ သတင်းစာများကိုဖတ်ပြီး နားမလည်နိုင်အောင် ဖြစ်ရသည်။

"ရှင်တို့ သတင်းစာတွေမှာလဲ ဘာတွေလဲ၊ ကျွန်မတော့ ဘာမှနားမလည်နိုင်အောင် ဖြစ်နေပြီ" ဟု သူ့ယောကျ်ားကို အရဲစွန့်မေးသည်။

ဂျိုလီယော့က လက်ဖ့ယမ်းပြလိုက်ယင်း...

"ငါကော နားလည်တယ်လို့များ မင်းထင်နေလို့သား၊ သူတို့ဘာသာ ဘာလုပ်နေမှန်း ငါလဲမသိဘူး၊ဘာအကွက်တွေ ဆင်နေကြတယ်ဆိုတာ ငါလဲမသိဘူး၊

တခါတလေကျတော့လဲ အကွက်ဆင်တာမဟုတ်ပဲ
တမင်ဟန်ဆောင်နေကြသလားလို့တောင် တွေးမိတယ်၊ တို့ခေါင်းဆောင်တွေဟာ
တော်တော်လျင်တယ်လို့ ငါလဲထင်ခဲ့တာပဲ၊ ဒါပေမယ့် ခုတော့ ငါလဲ
နားမလည်တော့ဘူး၊ ကြောက်ချေးပါပြီး ကယောင်ကတမ်းတွေ
လျှောက်လုပ်နေတယ် ထင်တာပဲ”

သူ့မိန်းမက သူ့ကို စိုက်ကြည့်နေသည်။ ထို့နောက် လေသံတိုးတိုးဖြင့်...

“နေစမ်းပါဦး ရှင်ရဲ့၊ ရှင်ကော ဂျာမန်တွေဆီက ပိုက်ဆံတို့ ဘာတို့များ ယူနေသလား၊
စိတ်ပူလို့ မေးတာပါ၊ အဲဒီလိုယူယင် ပစ်သတ်နိုင်တယ်ဆို”

ဂျူလီယော့က အော်လိုက်သည်။

“တောက်တီးတောက်တဲ့ကွာ၊ မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ငါရနေတဲ့
ပိုက်ဆံတွေဟာ သူတို့ပေးတဲ့ ပိုက်ဆံတွေ ထင်နေလို့လား၊ ဟော့ အဲဒါ
ပြည်သူတွေကပေးတဲ့ ပိုက်ဆံကွ၊ ပြင်သစ်လူမျိုးတွေက ပေးတဲ့ပိုက်ဆံ၊
အစိုးရကပေးတဲ့ ပိုက်ဆံ”

ထိုနောက် ဂျူလီယော့က “ကလီးမင့်တယောက် သနားပါတယ်၊ ပါရီမြို့ကြီးအတွက်
အသေခံသွားရှာတာ” ဟု မဆီမဆိုင် ရွတ်နေသည်။

သူ့မိန်းမက သူ့စကားကို နားမလည်နိုင်ပဲ ငေးကြည့်နေလေသည်။

"ဘယ့်နှယ်လဲဗျို့"

"သိပ်မဆိုးပါဘူး။ ခင်ဗျားကော"

ပြန့်ဖြေသံကို နားမထောင်တော့။ ဆက်၍ လျှောက်လာခဲ့သည်၊ ဒက်ဇာ ခေါင်းထဲတွင် ချက်ချင်း အတွေးတခု ပေါ်လာသည်။ သည်လိုမေးလျှင် သည်လိုဖြေရမည်မှာ ထုံးစံ။ အမှန်တွေကို လျှောက်ပြောနေ၍ မည်သို့ ဖြစ်မည်နည်း။ အမှန်တွေကိုသာ ပြောလျှင် စိုးရိမ်မှုတွေ ထိတ်လန့်မှုတွေကို ထုတ်ဖော်ဝန်ခံသည့်နှယ် ရှိလိမ့်မည်။ ယခု အမေးအဖြေမျိုးကား ဘာမျှဆန်း။ တက်စ၏ မိန့်ခွန်းများ၊ ဘုရားရှိခိုးသလို၊ ချစ်သူတွေ သစ္စာထားသလို ပြောရိုးပြောစဉ်မျှသာ။ လောကကြီးတွင် သည်လို လောကဝတ် ထုံးစံစကား ဆိုသည်မှာ ရှိကောင်းသည်သာ။ ထိုထုံးစံစကားတွေ ရှိနေသဖြင့် ကိုယ့်သိက္ခာကလေးကို ဆည်နိုင်သည့် နည်းကလေးတခုကို ရနေခြင်း မဟုတ်လော။ ထုံးစံစကားတွေကိုသာ မပြောပဲ ကိုယ့်စိတ်ထဲတွင် ရှိသမျှတွေကိုသာ ထုတ်ပြောနေရလျှင် လောကတွင် အသက်ရှင်နေဖို့ပင် ခပ်ခက်ခက်။

ဒက်ဇာ အခြေအနေ ဆိုးနေသည်ကို မည်သူမျှ မရိပ်မိကြ။ သူ့လုပ်ငန်းများသည် ကောင်းနေသည် ဆိုသည်မှာ မှန်ပါ၏။ ရီကာဂိုနှင့် လစ်ဗာပူတို့တွင် ဌာနခွဲတွေ ဖွင့်နိုင်နေသည်။ ဝန်ကြီးချုပ် ဒလားဒီးယားနှင့် စကားများခဲ့ခြင်း၊ သပိတ်တွေ မတိုင်မီတုန်းက စကားတွေ ပြောခဲ့ခြင်း စသည်တို့သည် သူ့ဘဝတွင် ဘာမျှ အရေးမကြီးသည့် အဖြစ်အပျက်များသာ ဖြစ်၏။ မွန်တီနီကမူ ဒက်ဇာသည် "ဟန်ဆောင်နေသည်" ဟု ထင်၏။ ဝန်ကြီး တက်စကမူ ခေါင်းတညိတ်ညိတ်ဖြင့် "ဒီလူက လူလည်နော်၊ ဘာတွေ ကျိတ်ကြံနေမှန်း မသိဘူး" ဟု ဆို၏။

သို့ရာတွင် ဒက်ဇာသည် ဘာကိုမျှ ကျိတ်ကြံခြင်း မဟုတ်။ ဒက်ဇာသည် သူ့ကစားပွဲကို ဆက်၍ ကစားနေရသည့်တိုင် သူ့တွင် ပြိုင်ဘက် မရှိတော့။ သူနှင့် မျက်နှာချင်းဆိုင်က နေရာတွင် လူမရှိတော့၊ တအိမ်လွတ်နေပြီ။ ရှေ့တွင် အရုပ်ကြီးချကာ အရုပ်နှင့် ပြိုင်ကစားရသည့်နှယ် ဖြစ်နေသည်။ အဖြစ်အပျက်များသည် သူ့အဖို့ သဘာဝဖောက်ပြန်မှုကြီးများနှင့် တူနေသည်။ ညတွင်ဆိုလျှင် ဒက်ဇာသည် ဘိုင်ဇန်တီယန်ခေတ် ရာဇဝင်ကို ဖတ်သည်။ ထိုရာဇဝင်ကို ဖတ်ယင်း ရယ်ရ၏။ ဘိုင်ဇန်တီယန်ခေတ်ကြီး ပြိုလဲပျက်ဆီးတော့မည်ကို လူတိုင်းသိနေပြီ။ သို့ရာတွင် မည်သူမျှ ဘိုင်ဇန်တီယန်ခေတ်ကြီးကို ပြိုလဲပျက်စီးခြင်း မရှိအောင် မတားနိုင်ကြ။

ဟုတ်သည်။ မြူးနစ်စာချုပ်သည် တခုတည်းသောထွက်ပေါက် ဖြစ်သည်။ မည်သည့်နည်းဖြင့်ဖြစ်စေ စေ့စပ်ဆွေးနွေးရမည်။ သို့ရာတွင် မည်သူနှင့် စေ့စပ်ရမည်နည်း။ မည်သို့ စေ့စပ်ရမည်နည်း။ လေမုန်တိုင်းကြီးနှင့် စေ့စပ်ရမည်လော။

အသက်ငါးဆယ်အထိ ဒက်ဇာသည် တခါမျှ အကြီးအကျယ် နာမကျန်း မဖြစ်စဖူး။ အရက်ကို အလွန်အကျွံ သောက်သည်။ ဆေးလိပ်ကို အဆက်မပြတ် သောက်သည်။ အိပ်ရေးဝဝ အိပ်ရသည်ဟူ၍ မရှိ။ ဒက်ဇာသည် ရုတ်တရက် နေထိုင်မကောင်း စဖြစ်လာသည်။ သူ့ကျန်းမာရေးအတွက် ဒက်ဇာ စိုးရိမ်၏။ ဆရာဝန်များ

ပြောသမျှကို ဂရုတစိုက် နားထောင်၏။ သို့ရာတွင် သူတို့ ညွှန်ကြားချက်များကို လိုက်နာရသဖြင့် ဒက်ဇာ ငြီးငွေ့နေပြီ။ သို့ဖြင့် ယခင်ကအတိုင်း ပစ္စလက္ခတ် နေမြဲနေသည်။ ခါတိုင်းထက် ပို၍သောက်သည်။ သေရမည်ကို ဒက်ဇာကြောက်သည်။ ညဆိုလျှင် ဒက်ဇာသည် ပါရီမြို့ အပြင်ဘက်ကို မိုင်ပေါင်းများစွာ ဝေးသည်အထိ သူ့ပြိုင်ကားကလေးကို ကိုယ်တိုင်မောင်း၍ ထွက်သွားတတ်၏။ လမ်းဘေးတွေ့ရာ ကဖီးတခုတွင် ဝင်ထိုင်ယင်း မီးရထား အလုပ်သမားများနှင့်အတူ ဝိုင်အဖြူကို သောက်သည်။ သူတို့နှင့် ရာသီဥတုအကြောင်း ပြောသည်။

အခြားသူများကဲ့သို့ပင် ဒက်ဇာသည် သူ့အတွေးများဖြင့် သူ့ဘာသာသူ အရှိန်ရနေသည်။ သူလုပ်နေကျ အလုပ်ဖြင့် အရှိန်ရနေသည်။ဒက်ဇာသည် သူ့စီးပွားရေးကိစ္စများကို ဆောင်ရွက်မြဲ ဆောင်ရွက်၏။ စက်ရုံအသစ်အချို့ကို ထပ်ဖွင့်၏။ ရောမတွင် ဌာနခွဲတွေဖွင့်ရန် ဆွေးနွေး၏။ သို့ရာတွင် လုပ်၍သာ လုပ်နေသော်လည်း စိတ်အားထက်သန်ခြင်း မဖြစ်။ အလုပ်လုပ်သည့်အတွက်မှု စိတ်ပြေလက်ပျောက်ရှိသည်။ ဘိုင်ဇန်တီယန် ဧကရာဇ်နိုင်ငံတော်ကြီး ပျက်စီးပုံ။ နှလုံးရောဂါနှင့်စာလျှင် အလုပ်လုပ်နေရသည်ကမှ သက်သာသေးသည်။

စိတ်ပြေလက်ပျောက် ဖြစ်လိုဖြစ်ငြား ဂျဲနက်ထံသို့ပင် ရောက်သွားသေးသည်။ “ကြောင်တောင်တောင် မိန်းကလေး”ကို သူချစ်နေသည်ဟု သူဝန်မခံချင်။ ဂျဲနက်နှင့် အတူနေပြီး ပြန်လာသည့်အခါတွင် ခါတိုင်းထက်ပို၍ အထီးကျန်ဖြစ်လာသည်။ “ဒါလည်း မဟုတ်သေးဘူး” ဟု အိမ်အပြန်လမ်းတွင် တွေးလာ၏။ သူ ဘာလိုနေသည် ဆိုသည်ကို သူ့ဘာသာပင်သူ ကောင်းကောင်းမသိ။

သူတို့နှစ်ယောက်သည် မကြာဏေ တွေ့ဖြစ်ကြသည်။ ပါရီမြို့စွန်တွင်ရှိသည့် ကဖီးဆိုင်ကလေးသို့ နှစ်ယောက်သား သွားတတ်ကြ၏။ တခါတရံတွင် ဂျဲနက်ကိုခေါ်ကာ စိုစွတ်တိတ်ဆိတ်သည့် လမ်းတလျှောက်တွင် မော်တော်ကားကို တနာရီ မိုင်ကိုးဆယ်နှုန်းလောက် မောင်းတတ်သည်။ ဤသို့ဖြင့် သူ့ဂနာမငြိမ်မှုကို ဂျဲနက်ကိုပါ ကူးစက်သွားအောင်လုပ်သည်။ ထိုနောက် ပြန်လာပြီး ဂျဲနက်၏လက်ကို ယဉ်ယဉ်ကျေးကျေး နမ်းရှုပ်နှုတ်ဆက်ပြီး ခွဲလာခဲ့သည်။ ပြန်ရောက်၍ အလုပ်စားပွဲပေါ်မှ ကြေးနန်းစာတွေ၊ အရေးတကြီး အလုပ်ကိစ္စတွေကို တွေ့ရသည့်အခါတွင် စိတ်သက်သာရာ ရသွား၏။ ဂျဲနက်အကြောင်းကို တွေးနေသည့်အတွေးတို့ မရှိတော့။ သူ့စိတ်လှုပ်ရှားမှုများသည် ကြိုတင်တွေးထင်နိုင်ခြင်း မရှိသည့် သဘာဝဓာတ်ကြီးလေးပါး၏ ပြောင်းလဲဖောက်ပြန်မှုနှင့် တူနေသည်။

ဒက်ဇာသည် ဂျဲနက်ကို တွေ့ချင်လျှင် အသံလွှင့်ရုံသို့ ရောက်သွားတတ်သည်။ သွားဖို့ မသင့်ကြောင်း သူ့ဘာသာသူ သိသည်။ သို့ရာတွင် မသွားပဲ မနေနိုင်။ ဂျဲနက်သည် သူ့ကို ရွှေဈေးနှုန်းများအကြောင်းကို မေးမြန်းခြင်း မပြု။ ခန်းဆီးအနီတွေ တပ်ထားသည့် ဧည့်ခန်းထဲသို့ ခေါ်သွားကာ သူ့ကို ထိုင်အစောင့်ခိုင်းသည်။ ဂျဲနက်၏ အသံကို ကြားရ၏။ ဂျဲနက်က ကဗျာတပုဒ်ကို ဖတ်နေသည်။ ကျောင်းတွင် သင်ရသည့် ကဗျာလက်ရွေးစင် စာအုပ်တအုပ်ထဲတွင် တွေ့ဖူးသည်ဟု သူထင်သည်။

ရိုကျိုးနှံ့၏။

မြေကြီးပင်လျှင်၊ တန်ခိုးရှင်ကို

ရင်ခွင်ပွေ့၏။

ချစ်သူတို့လျှင်၊ နာဝါယာဉ်ဖြင့်

သမုဒ်ပြင်ကို ကူးခပ်၏။

နောက် ဆက်ဆိုနေသည့် အသံကို သူ မကြားတော့။ သိပ်သည်းသည့် နှင်းထုကြီး ရှေ့တွင် ပိတ်ဆီးနေသလို သူ့ရင်ထဲတွင် နောက်ကျိရှုပ်ပွေနေသည့်စိတ်သည် ကြီးစိုးနေလေ၏။

ဂျဲနက်က ညေ့်ခန်းထဲသို့ ပြန်ဝင်လာသည်။

"မင်း ကဗျာရွတ်တာ နားထောင်လို့ ကောင်းသားပဲ"

ဒက်ဇာက ပြောသည်။

"ကြော်ငြာ ကဗျာလေ၊ မျက်တောင်ဆိုးဆေး ကြော်ငြာ"

ဂျဲနက်က ရယ်၍ ပြော၏။

သူတို့နှစ်ယောက် အသံလွှင့်ရုံမှ ပြန်ထွက်လာခဲ့ကြသည်။ မိုးရေစက်ကလေးတွေ တဖွဲဖွဲ ကျစပြုလာ၏။ ဂျဲနက်က သူ့ဘက်သို့လှည့်၍...

"ဦး ဘယ်လိုထင်သလဲဟင်၊ စစ်ကြီးဖြစ်ဦးမှာလား"

အသံလွှင့်ရုံတန်းက စစ်အကြောင်း ပြောနေကြသည်ကို အမှတ်ရသဖြင့် ဂျဲနက်က မေးလိုက်သည်။ ဒက်ဇာ သိကောင်းသိမည်လော မဆိုနိုင်။ ဒက်ဇာကမူ ခပ်တိုတိုမျှသာ ဖြေ၏။

"ကျုပ် ဗေဒင်ဆရာမှ မဟုတ်ပဲကွယ်၊ ဘယ်ပြောနိုင်ပါ့မလဲ"

ခပ်စုတ်စုတ် ရှောစောင်တထည်ကို ခြုံထားသည့် အ မျိုးသမီးကြီးတယောက် သူတို့ဘေးမှ ဖြတ်လျှောက်လာသည်။ သူ့လက်ထဲတွင် အထုပ်အပိုးတွေ ပွေ့လျက်။ "ဒင်း... အာခေါင်ထဲကို လက်ညှိုးနဲ့ ကလော်ထုတ်ပစ်ချင်လိုက်တယ်၊ ဒင်းကြောင့် ဒီလိုဖြစ်ရတာ" ဟု တယောက်တည်း ရေရွတ်သွားသည်။ "အဘွားကြီး ရူးများနေသလား မသိဘူး" ဟု ဒက်ဇာက ခပ်တိုးတိုး ပြောသည်။ သူတို့နှစ်ယောက်သည် မော်တော်ကားဆီသို့ လာခဲ့ကြ၏။ ဒက်ဇာက ချက်ချင်း စက်မနှိုးသေးပဲ ငူငူကြီး ထိုင်နေသည်။ ထိုနောက် ထွက်လာခဲ့ကြ၏။ မီးပွင့် စိမ်းစိမ်းနီနီများသည် မိုးရေကြောင့် မှုန်ဝါးနေသည့် မှန်ပြတင်းတွင် ရိပ်ကနဲ ပေါ်လာကြ၏။ ရှေ့ကားမှ မီးရောင်တန်းကြီးထဲတွင် မိုးရေတွေ စိုရွှဲနေသည့် လမ်းမကြီးကို မြင်ရသည်။ ဒက်ဇာသည် ဂျဲနက်ကို မြို့ဆင်ခြေဖုံးရှိ သူ့အိမ်သို့ ခေါ်လာခဲ့၏။ လိုက်ချင်သည့် ဆန္ဒ ရှိမရှိကို မမေးမိ။ တလမ်းလုံး စကားတခွန်းမှ မပြောပဲ ငြိမ်လိုက်လာသည်။

အိမ်ရောက်သည့်အခါတွင် ဒက်ဇာက ဂျဲနက်ကို ဘရန်ဒီတိုက်သည်။

"နည်းနည်းနွေးသွားအောင် သောက်လိုက်ဦး၊ ကဗျာရွတ်တာ

တော်တော်နားထောင်လို့ ကောင်းသားပဲ၊ အမှန်က မင်းသမီးလုပ်ဖို့ ကောင်းတာ၊ မင်း ဇာတ်မန်နေဂျာ ပိုက်ဆံမရှိလို့ဆို၊ ဒါတွေက အသေးအဖွဲတွေပါကွယ်”

ဂျဲနက်က ခေါင်းယမ်းလိုက်သည်။

“ခု ကျွန်မအမူအရာက လုပ်လို့မရတော့ဘူး ဦးရဲ့။ စကားပြောတယ်ဆိုတာ ကိုယ်ပြောနေတဲ့စကားကို တကယ်ယုံမှ ပြောလို့ရတာ၊ ကိုယ်မယုံကြည်တဲ့ စကားတွေကို ပြောနေယင် ပရိသတ်ကလဲ ဘယ်ယုံတော့မလဲ၊ ရုံထဲမှာတိတ်ပြီး တစ္ဆေခြောက်တော့မှာပေါ့၊ ကိုယ့်အသံဟာလဲ ပျောက်သွားတော့မှာပေါ့၊ ဦးနားလည်တယ် မဟုတ်လား၊ ခု ဂျဲနက်ဟာ အသံပျောက်နေတဲ့မိန်းကလေး ဦးရဲ့၊ တခါတုန်းကတော့ ဂျဲနက်ယုံကြည်တာ ရှိခဲ့တာပေါ့၊ အဲဒီတုန်းက ဂျဲနက်က ဇာတ်မင်းသားတယောက်နဲ့ နေတယ်၊ သူက တခေါခေါဟောက်လို့၊ ဂျဲနက်က သူ့ဘေးမှာ မျက်လုံးအကြောင်သားနဲ့ ရေဆင်းရဲ့ ‘ဖေဒရီ’ပြဇာတ်ထဲက စာသားတွေကို ရွတ်လို့”

ဂျဲနက်သည် ခြံထဲသို့ ဆင်းလာခဲ့သည်။ မြေကြီးနံ့နှင့် သစ်ရွက်စိုနံ့က သင်းနေသည်။ နွေဦးသည် ရေကြီးသုတ်ပျာဖြင့် ရောက်လာ၏။ မိုးတဖြောက်ဖြောက်ကျသံသည် နွေဦး၏ ခပ်သော့သော့လှမ်းလာသည့် ခြေသံများနှင့် တူနေသည်။ ဂျဲနက်က လတ်ဆတ်သည့်လေကို တအားရှုလိုက်၏။

“အအေးမိလိမ့်မယ်” ဟု ဒက်ဇာက လှမ်းခေါ်သည်။ ဂျဲနက်က မည်သို့မျှမပြော။ ထိုတခဏကလေးအတွင်းတွင် တကယ်ပျော်ရွှင်မှုစစ်စစ်ကို ရသည်ဟု ထင်လိုက်ရသည်။ ဖလိုရီမှာတုန်းကလို ပျော်သလိုလို ဖြစ်လာ၏။ အိမ်သို့ပြန်ဝင်လာခဲ့ပြီးနောက် ပြူးကျယ်သည့် မျက်လုံးကြီးများဖြင့် ဒက်ဇာကို ပြုံးကြည့်သည်။ ဒက်ဇာကလည်း မလုံမလဲ ဖြစ်နေသည်။

“ဂျဲနက် အအေးမမိပါဘူး ဦးရယ်၊ ဂျဲနက်က ကျိန်စာသင့်နေတဲ့ မိန်းကလေး၊ ဟုတ်တယ် ကျိန်စာသင့်နေတဲ့လူ”

ဂျဲနက်သည် သူ့ကို နမ်းနေမိသည်။ သို့ရာတွင် ဘာကြောင့်နမ်းမိသည်ကို သူမသိ။

ဒက်ဇာနှင့် ဘာ့ကြောင့် လိုက်လာမိသည်ကိုပင် စဉ်းစားမရ။ သူ့ဘဝက ဘာမျှ မရေရာ။ ရှေ့တွင် ကြေကွဲစရာ၊ လူအထင်သေးစရာတွေချည်း။ သို့ရာတွင် ထိုညကမူ မိုးပေါက်တို့ ကျသံများကို နားထောင်ယင်း ကဗျာထဲက စာတပုဒ်ကို ရွတ်နေမိသည်။

ရွှေရောင်နွေဦး၊ ဖူးစပုရစ်။

ပျိုမျစ်နှလုံး၊ ရွှင်ပြုံးမြမြ

သဘာဝမိခင်၊ ဆင်ယင်ခြယ်သ

သစ်သီးမြနှင့်၊ မှိုင်းပျကမ်းခြေ

မြူရိပ်ဝေသန်း၊ မြိုင်ခင်တန်းမှ

အပန်းဖြေရာ၊ ချစ်ရိပ်သာ၌…

"ဘာဖြစ်လို့ ဒီအလွမ်းကဗျာတွေကို ဆိုနေရတာလဲဟင်"

ဒက်ဇာက မေး၏။

"လွမ်းစရာမကောင်းပါဘူး ဦးရယ်၊ လွမ်းစရာကောင်းတာက ဂျဲနက်တို့နှစ်ယောက် စတွေ့ခဲ့ကြတဲ့ သစ်ဆည်းလည်းပင်ကြီးကမှ လွမ်းစရာကောင်းတာပါ၊ ကဗျာထဲက စာသားတွေက လွမ်းစရာ မဟုတ်ဘူး၊ စိတ်ပျက်စရာတွေ၊ ညည်းညူသံတွေ၊ လမ်းမှာတွေခဲ့တဲ့ အရူးမကြီးကို မှတ်မိသေးလားဟင်၊ ဦးလဲ ကျိန်စာမိနေတဲ့လူ ဦးရဲ့။ ခုမှ ဂျဲနက် သိတော့တယ်"

ဂျဲနက်က ပြောပြီး နမ်းလိုက်သည်။ နောက်တနေ့မနက်တွင် ပါရီသို့ ပြန်လာခဲ့ကြ၏။ သတင်းစာများသည် ဒက်ဇာကို အဘယ်ကြောင့် မကောင်းရေးနေကြသနည်း။ ဤသည်ကို သူနားမလည်နိုင်။ သတင်းစာများက ဒက်ဇာသည် တန်ခိုးသြဇာနှင့် ပြည့်စုံသူဟု ထင်ကြသည်။ "သရဖူဆောင်းသည့် ဘုရင်" ဟု ခေါ်ကြသည်။ သို့ရာတွင် စင်စစ် ဒက်ဇာသည် ဘာမျှရှိသူမဟုတ်။လူဆင်းရဲတဦးမျှသာ။ သူ့အသည်းနှလုံးက ဟာလာဟင်းလင်း။ ဒက်ဇာသည် သူ့ဆီ ရောက်လာတတ်၏။ သူ့လို မိန်းကလေးတယောက်ထံ လာ၍ စိတ်ဖြေသိမ့်မှုကို ရှာရသည့်အဖြစ်သည် မည်မျှ ရယ်ဖွယ်ကောင်းသနည်း။ လူပျိုပေါက်ကလေးလို ဖြစ်နေသည့် ဒက်ဇာကို ကြည့်၍ ဂျဲနက်က သနားသည်။ ဒက်ဇာကလည်း ဂျဲနက်ကို သနားသည်။ သို့ရာတွင် သနားခြင်း တခုတည်းကို အခြေခံရုံမျှဖြင့် အချစ်ကို တည်ဆောက်ခြင်း မပြုနိုင်။ ကဗျာကကော ဘာတွေရေးထားသည့် ကဗျာတွေနည်း။ မိတ်ကပ်၊ လျှပ်စစ်ဖုန်သုတ်စက်နှင့် မေ့ပျောက်ခြင်းအကြောင်းကို ရေးထားသည့် ကဗျာတွေ။ သူသည် ဘယ်တော့မှ ပြဇာတ်မင်းသမီးကောင်း မဖြစ်နိုင်တော့။ ဒက်ဇာကိုလည်း ဘယ်တော့မျှ လက်ထပ်ယူမည် မဟုတ်။ ဒက်ဇာက သူတို့နှစ်ယောက် လက်ထပ်ဖို့ ပြောသည့်အခါတွင် ဂျဲနက်သည် အားရပါးရ ရယ်၏။ မယူချင်။ သရဖူ မဆောင်းရသည့် ဘုရင်မတပါးအဖြစ်ကို မလိုချင်။ သို့ရာတွင် လုပ်စရာတွေ ရှိနေခြင်းသည် ကောင်းသည်။ ယခု ဒက်ဇာသည် အလုပ်သမားတယောက်လို အလုပ်ခွင်မှ ခဏအနားယူမည်။ စားပွဲတွင်ထိုင်ကာ သန်းချီ၍ရှိသည့် သူ့ငွေစာရင်းများကို တွက်မည်။ စင်စစ် ဂျဲနက်သည် အချစ်ခေါင်းပါးနေသည့် သူတောင်းစား။ ဒက်ဇာလိုပင် အချစ်ခေါင်းပါးနေသူ။ သို့ရာတွင် ဒက်ဇာသည် သည်အချက်ကို မြင်နိုင်ဟန် မတူ။ ဂျဲနက်၏ဘဝတွင် လုယက်ဖျက်ဆီးခြင်း ခံရပေါင်း များလှပြီ။ သူ့တွင်ရှိသည့် အဖိုးထိုက် အဖိုးတန် မှန်သမျှကို ဖီဂျေးနှင့် လူဆန်းသို့ ပေးခဲ့ရပြီးပြီ။ ယခု သူ့တွင် ဘာမျှမရှိတော့။ မနေ့က စကားပြောခဲ့သူမှာ သူမဟုတ်။ သူ့နဂိုမဟုတ်။ မိုးသဲသဲမဲမဲရွာချနေသည့် မိုးပေါက်များနှင့် ပန်းချီကားများကြောင့် ထိုစကားများကို ပြောခဲ့ခြင်းဖြစ်သည်။ ဂျဲနက်သည် အန်ဒရေနှင့် တွေ့သည့်အခါကျမှသာလျှင် နဂိုပုံမှန်ဖြစ်နေသည်။ ဟန်ဆောင်ပန်ဆောင်တွေ ကင်းနေသည်။ ကိုယ့်ကိုယ်ကိုယ် သနားစိတ်တွေ ပျောက်ကာ ပျော်နေသည်။ အန်ဒရေက သူနှင့်အတူတူ။ သူ့လိုပင် လောကတွင် ရည်ရွယ်ချက်ဖြင့်နေသူ။ သူတို့နှစ်ယောက်၏ဘဝသည် "လယ်ကွင်းတခုမှ တခုသို့ လေတိုက်ရာ ပါနေရသည့် မြက်ပင်ကလေးတပင်"နှင့် တူသည်ဟု အန်ဒရေက ပြောခဲ့ဖူး၏။ ဟုတ်သည်။ သူတို့နှစ်ယောက်သည် လေတိုက်ရာသို့ လွင့်နေကြသည့် မြက်ပင်ကလေးနှစ်ပင်။ သို့ရာတွင် တူရူရာအရပ်ချင်းတော့ မတူကြ။ လောကတွင် သူတို့လို လေတိုက်ရာ လွင့်နေကြရသည့်လူတွေ အများကြီး။ အချို့လူများသည် အနုပညာ အဆိပ်သင့်နေကြသည်ဟု တနေရာတွင် သူဖတ်ဖူးသည်။ အို... နေပါဦး။ ဘာကြောင့်များ အန်ဒရေအကြောင်းကို သည်လောက် တွေးနေရပါလိမ့်။ သူ့ကိုများ ချစ်နေပြီလား။

သည့်အကြိမ်သည် သူ့ကိုယ်သူ ပထမဆုံး ဝန်ခံသည့်အကြိမ် ဖြစ်မည်။ ဂျဲနက်က ဒက်ဇာဘက်သို့ လှည့်လိုက်ပြီး…

“ကျွန်မချစ်နေတဲ့ လူတယောက်ရှိတယ် ဦးရဲ့၊ ဒါပေမယ့် ဘာမှတော့ မထူးတော့ပါဘူးလေ၊ ကျွန်မ သူ့ကိုလဲ မတွေ့တော့ဘူး၊ နောက်ထပ်လဲ တွေ့မယ်လို့ မထင်တော့တူး။ ဒါပေမယ့် ဦးသိထားစေချင်လို့ပါ”

ဂျဲနက်က အေးစက်စက်ဖြင့် ပြောသည်။ ဘာခံစားချက်မျှ မရှိ။ ဒက်ဇာက ကားကိုရပ်လိုက်ပြီး သူ့လက်ကို ငုံ့၍နမ်းသည်။

“မင်း ကျုပ်စိတ်ကို တော်တော်ထိခိုက်အောင် လုပ်နိုင်တဲ့ မိန်းကလေး၊ ကျုပ် မင်းစကားတွေကို နားထောင်ပြီး တော်တော်စိတ်ထိခိုက်သွားတယ်၊ အမှန်ကတော့ မင်း ပြဇာတ်မင်းသမီးဖြစ်ဖို့ ကောင်းတာ၊ ထားပါလေ၊ ဒါက သိပ်အရေးမကြီးပါဘူး”

ဒက်ဇာက ဂျဲနက်၏ အခန်းသို့ လိုက်ပို့သည်။ ညနေတွင်တွေ့ရန် ချိန်းပြီးနောက် သူတို့နှစ်ယောက် ခွဲခွဲကြ၏။ အရာအားလုံးသည် ရုတ်တရက် ချက်ချင်း ရှင်းလင်းပီပြင်လာကြသည်။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် ဘာမျှမဆန်း။ သွေးသားတောင့်တမှုကို ဖြေဖျောက်ရုံမျှသာ။

ဒက်ဇာသည် ကြေးနန်းကို ကောက်ဖတ်၏။ ဂျာမန်တပ်တွေ ပရပ်မြို့ကို ဝင်ကုန်ကြပြီ။ ဒက်ဇာက ရုတ်တရက် အသံထွက်၍ ရယ်သည်။ စာအုပ်စင်ပေါ်မှ အရက်ပုလင်းကို လှမ်းယူလိုက်၏။ ဆရာဝန်ပြောသည့်စကားကို နားထောင်နေ၍ ဘာအကျိုးရှိသနည်း။ နောက်တနှစ်လောက်ဆိုလျှင် ပါရီကိုလည်း ဂျာမန်တို့ သိမ်းကြတော့မည်။ ထိုအခါတွင် အရာအားလုံး အဆုံးစွန်သို့ ရောက်ပြီ။ ထိုအချိန်တွင် ဂျဲနက်ကော မည်သို့ရှိမည်နည်း။ မည်သို့ရှိရှိ ဂျဲနက်တွင် သူချစ်သည့် လူတယောက်ရှိသည်။ ဂျဲနက်ဆိုသည့် ကလေးမက သဘောကောင်းသည့် ကလေးမကလေး။ သို့ရာတွင် ကြောက်စရာတော့ ကောင်းသည်။ သူ့မျက်လုံးများက ရူးသွပ်နေသည့် အဘွားအိုကြီးတယောက်၏ မျက်လုံးနှင့် တူသည်။ သို့ရာတွင် တခုမူ သေချာသည်။ သူတို့နှစ်ယောက်သည် မေ့လျော့ခံရခြင်း လှေနာဝါပေါ်တွင် အတူ ပြန်တွေ့ကြရဦးမည်။

"ညီမကို မျက်စိထဲမှာ အမြဲတမ်းလိုလို မြင်နေတယ်၊ တောင်ကုန်းတွေက နီရဲလို့၊ ချုံကလေး ဘာလေးတောင် မရှိဘူး၊ လေကလဲ စိုထိုင်းထိုင်းနဲ့ ပူလိုက်တာကလဲ မပြောနဲ့တော့၊ ဒီလိုနေရတုန်းကဆိုယင် အစ်ကို့အနားမှာ ညီမ ချက်ချင်း ရောက်လာသလိုလိုပဲ၊ အစ်ကို့စိတ်ထဲမှာ ညီမကို ဖက်ထားရသလိုပဲ၊ အစ်ကိုပြောတာတွေကို ညီမ နားလည်တယ်နော်၊ ဒီစကားတွေကို အစ်ကိုမပြောပဲ မနေနိုင်ဘူး၊ အစ်ကို့ရဲ့ အချစ်အကြောင်းကို အစ်ကိုမပြောပဲ မနေနိုင်ဘူး၊ သိတယ်မဟုတ်လား"

ဒင်းနိစ်က ဘာမျှမပြော။ သူ့ကိုဖက်၍ အားရပါးရ နမ်းနေသည်။

"သူများတွေ ပြောကြ တွေးကြသလို အစ်ကိုလဲ သေရမှာကို ကြောက်ခဲ့တာပဲ။ ဒါပေမယ့် တကယ်ကျတော့ သေတယ်ဆိုတာ ဒီလောက်ကြောက်စရာ မကောင်းပါဘူးကွယ်၊ အံ့သြစရာကောင်းတဲ့ အတွေ့အကြုံတခုပါ၊ ဒီပြင်အရာတွေကို အစ်ကိုတို့ နားမလည်ပဲ နေကောင်းနေမယ်၊ ဒါပေမယ့် သေတာကတော့ ဒီလောက် ကြောက်စရာ မကောင်းပါဘူး၊ သေတာထက် ရှုံးတာက ပိုပြီး ကြောက်စရာကောင်းတယ်။ ရှုံးတဲ့အကြောင်းကို တွေးမိယင် အစ်ကိုဖြင့် ရင်ထဲမှာ ဘယ်လိုကြီး နေမှန်းမသိဘူး၊ သေတယ်ဆိုတာက ဒီလောက်ကြောက်စရာ မကောင်းပါဘူး၊ သေတယ်ဆိုတာက ကိုယ်တယောက်တည်းရဲ့ ကိစ္စ၊ ကိုယ့်အထဲမှာ ဖြစ်နေတဲ့ကိစ္စ"

"ညီမ ထောင်ထဲမှာ နေရတုန်းက ညညဆိုယင် ကောင်းကောင်း အိပ်လို့မရဘူး၊ စပိန်ပြည်တွင်းစစ်က သေနတ်သံတွေ နားထဲမှာ အလိုလို ကြားယောင်နေတယ်၊ ဒါပေမယ့် အစ်ကိုဟာ တိုက်ပွဲမှာကျမှာ မဟုတ်ဘူးလို့တော့ ယုံနေတယ်လေ၊ ဘာကြောင့် ယုံသလဲလို့ မေးယင် အကြောင်းတော့ ရှာမရဘူး၊ ဒါပေမယ့် အလိုလိုသိနေတယ်၊ စိတ်က အစ်ကို့ဆီကိုချည်းပဲ အမြဲရောက်နေတယ်"

"ညီမ"

"ဘာလဲ အစ်ကို"

"ဟင့်အင်း၊ ဘာမှ မဟုတ်ပါဘူး"

နံရံကပ်စက္ကူပေါ်တွင် ဖော့်မွှားပန်း နီနီတွေကို မြင်ရ၏။ သည်နံရံပေါ်တွင် ဖော့်မွှားပန်းတွေ ပွင့်နေသည်မှာ ရာစုနှစ်တခုလောက် ရှိကောင်းရှိတော့မည်။ သို့ရာတွင် ညှိုးနွမ်းခြင်း မရှိ။ နှုတ်ခမ်းမွေးနှင့် စစ်သူကြီး၏ပုံကို နံရံတွင် အဘယ့်ကြောင့်များ ချိတ်ထားရသနည်း။ နံရံက စင်ပေါ်တွင် ဦးထုပ်နီနီ ဆောင်းထားသည့် လူပုရုပ် စုဖူးကလေးတလုံး။ အခန်းက သာမန်အခန်းတခန်း။ သာမန် ပရိဘောဂတွေနှင့်။ အချို့သည် ဤအခန်းကလေးထဲတွင် သေတပန် သက်ဆုံး နေကောင်းနေသွားကြမည်။ သို့ရာတွင် သူတို့နှစ်ယောက်အဖို့မူ

သည့်အခန်းကလေးသည် ကွန်းခိုရာသက်သက်မျှသာ။ တနာရီ နေလျှင်လည်း သူတို့အဖို့ ဘာမှမထူး။ ရက်သတ္တပတ်နေလျှင်လည်း ဘာမျှမထူး။ ဇော်မွှားပန်းများကလည်း မညှိုးကြ။ နှုတ်ခမ်းမွေးနှင့် စစ်သူကြီးကလည်း ခါတိုင်းလိုပင် သူတို့ကို ငုံ့ကြည့်နေဆဲ။ သူ့နှုတ်ခမ်းမွေးဖြူဖြူများကို ကိုက်လျက်။ မည်သူတွေကို အောင်နိုင်ခဲ့သည့် စစ်သူကြီးမှန်း မသိ။ ဘယ်ကျောင်းသုံးစာအုပ်ထဲတွင် ပါခဲ့သည့် စစ်သူကြီးမှန်းလည်း မသိ။ စင်ပေါ်က လူပုရုပ် ပိုက်ဆံဗူးကလေးကလည်း ဟာလာဟင်းလင်း။ အထဲတွင် ခြူးတပြားမျှပင် မရှိ။ သူ့နားရွက်ကို တံတွေးသွားဆွတ်လျှင်လည်း မည်သို့မျှ မတုံ့ပြန်။ ထောင်ထဲနေခဲ့ရစဉ်က မဆီမဆိုင် ထိုလူပုရုပ် ပိုက်ဆံသေတ္တာကလေးကို အမှတ်ရခဲ့မိသေးသည်။ ထောင်နံရံများက ဖြူဖွေးလျက်။ ငြိမ့်ငြေ့စရာ။ တံတိုင်းကြီးတွေကို စိုက်ကြည့်လိုက်လျှင် ကွဲရာအက်ရာတွေကို မြင်ရသလိုလို။ ထိုကွဲရာအက်ရာတွေကြားမှ သစ်ပင်တပင်။ တိမ်မျှင်တစ။ ဗိုက်ကင်းလူမျိုးတယောက်၏ မျက်နှာကို မြင်ရသည့်နှယ် ထင်ရသည်။ ကတုတ်ကျင်းထဲတွင် ရောက်နေသည့် မစ်ရှောသည်လည်း သူ့မျက်စိထဲတွင် ဇော်မွှားပန်းနီနီတပွင့်ကို ချက်ချင်း မြင်ယောင်လာသည်။ ထိုဇော်မွှားပန်းကို ခူးရန် ယောင်ယမ်း၍ လက်ကိုလှမ်းလိုက်မိသည်။ သို့ရာတွင် တကယ် သူ့အနားရောက်လာသည်က ဇော်မွှားပန်းနီနီမဟုတ်။ ကျည်ဆန်တဆန်။

“အစ်ကို စစ်မြေပြင်ကို တကယ်ရောက်ခဲ့ပြီနော်”

သူ့ပါးပြင်ပေါ်သို့ ထွက်သက်ငွေ့ငွေ့ ဖြတ်သွားသည်။ သူ့အသံကို ဒင်းနိစ် ကြားချင်သည်။ သူကိုယ်တိုင် ပါးစပ်မှ ထုတ်ပြောသည်ကို ကြားချင်သည်။ ဒင်းနိစ်က သူ့မျက်နှာကို လက်ဖြင့် စမ်းသပ်ပြီးနောက် ကြွပ်ရွနေသည့် သူ့ဆံပင်များကို ပွတ်သပ်ပေးနေသည်။ သူတို့နှစ်ယောက်သည် တကယ်တွေ့ဆုံနီးကပ်နေကြသည်ကို မယုံနိုင်သည့်နှယ်။

ထို့နောက် သူတို့နှစ်ယောက်သည် ကလေးနှစ်ယောက်လို အခန်းထဲတွင် ပြေးနေကြသည်။

“အစ်ကို တော်တော့ကွယ်၊ ရှုံးသလား၊ ဘာဖြစ်လို့ ညီမကို လိုက်ဖမ်းနေရတာလဲ။ အောက်ထပ်က လူတွေက တမျိုးထင်ကုန်ကြလိမ့်မယ်၊ ကြည့်စမ်းပါဦး၊ ဒီပုံနဲ့ အပြင်ထွက်လိုက်လာဦးမလို့လား၊ ကိုယ့်ကိုလဲ မှန်ထဲပြန်ကြည့်ပါဦး”

မစ်ရှောက သူ့မျက်နှာကို မှန်ထဲတွင် ကြည့်လိုက်သည်။

“ဘာဖြစ်လို့လဲ”

“အစ်ကို့မျက်လုံးတွေကို အစ်ကို ပြန်မမြင်ဘူးလား၊ သူ့မျက်လုံးတွေကဖြင့် အရူးမျက်လုံးတွေ ကျနေတာပဲ”

ဒင်းနိစ်နှင့် ခွဲရတော့မည်။ ကိုးနာရီတွင် အစည်းအဝေးစမည် မဟုတ်လော။ မစ်ရှောက မျက်မှောင်ကုပ်၍ စဉ်းစားနေသည်။

“ပါတီဟာ အလျှင်ကထက် ပိုပြီး အားကောင်းလာတယ်၊ အောင်ပွဲကို လွယ်လွယ်နဲ့ ရမယ်လို့ ထင်တဲ့လူတွေလဲ လွင့်စင်ကျသွားကြပြီလေ၊ သူတို့နေရာမှာ လူသစ်တွေ ဝင်လာကြတယ်၊ ဗီးလာ့ဒ်လို လူတွေဟာ ဘာကြောင့် စိတ်ပျက်စရာတွေကို ရေးနေကြသလဲ၊ ရှင်းပါတယ်၊ သူတို့အမြင်ဟာ ချွတ်ခြုံကျနေတယ်၊ အနှစ်ဗလာ ဖြစ်နေတယ်၊ လူတွေက အစိုးရကို လှောင်နေကြတယ်၊ ဒီနေ့တွင် ဘတ်စ်ကားစီးလာယင်း လူတယောက်က ကားပေါ်မှာ ပြောနေတယ်၊ ဒလားဒီးယား

ဆိုတဲ့လူက သစ္စာဖောက်တဲ့၊ ဒီလိုသစ္စာဖောက်တွေကို အပြတ်ရှင်းပစ်ရမယ်၊ ဘယ့်နှယ်လဲ”

“အစ်ကို တကယ်ဟုတ်တယ်နော်၊ အစ်ကိုနော်”

“ဟုတ်ပါတယ် အစ်ကိုမှ အစ်ကို အစစ်ပါ၊ ညီမ အဖမ်းခံရတာကို အစ်ကို ဘယ်မှာကြားတယ်ထင်သလဲ၊ ပါပီနွန်ကို ရောက်နေတုန်း ကြားရတာ၊ တကယ်တော့ အစ်ကို ကြားရတဲ့အချိန်မှာ ညီမက လွတ်တောင်နေပြီ၊ ဒါပေမယ့် အစ်ကိုက ဘယ်သိမလဲ။ ညီမသတင်းကိုကြားတော့ အစ်ကို စိတ်မကောင်းလိုက်တာလေ၊ ညီမကို ဖမ်းတဲ့လူကိုများ တွေ့ယင် ရိုက်တောင်ရိုက်မိမလား မသိဘူး၊ အဖမ်းခံရတာကို ကြားတော့ ဂုဏ်လဲယူတယ်။ အစ်ကိုတို့ဟာ တကယ့်လူတော်လူကောင်းတွေကို ရထားတာပဲလို့ အားလဲတက်တယ်။ မောရစ်သောရက်ဇ်ကတော့ ဒီကောင်တွေ ပါတီကို နှိပ်ကွပ်လိမ့်မယ်လို့ ထင်နေတယ်၊ ဒါပေမယ့် သူတို့နှိမ်ယင်လဲ အရေးမကြီးပါဘူး၊ အစ်ကိုတို့က မြေအောက်လုပ်ငန်းတွေအတွက် အကုန်ပြင်ဆင်ပြီးပြီပဲ၊ အစ်ကိုတို့ရဲ့ အမြူတေအဖွဲ့တွေက တကယ်အားကောင်းတာပဲ၊ အရေးကြီးတာက တခုနဲ့တခု အဆက်အသွယ် မပြတ်ဖို့ပဲ၊ ခု အစ်ကို စန်တီရှန်နေးကို တာဝန်နဲ့ သွားရမယ်၊ ဟိုမှာ အစစအရာရာ ပြင်ဆင်နိုင်အောင် ဆိုပါတော့”

“ဘယ်တော့ သွားရမှာလဲ”

“မပြောတတ်သေးဘူး၊ မနက်ဖြန် သွားရမလား၊ ဒါမှမဟုတ် စနေနေ့လောက်ကျမှ သွားရမလား မသိဘူး”

မစ်ရှောက ကက်ဦးထုပ်ကို ဆောင်းလိုက်ပြီး ကုတ်အင်္ကျီကို ကောက်ဝတ်လိုက်၏။ သူ့မျက်နှာက လေးနက်သည့် အမူအရာ၊ မျက်လုံးများကမူ ဝမ်းသာမှုကို ဖော်ပြနေကြ၏။ သူတို့နှစ်ယောက်သည် အပြင်သို့အတူ ထွက်လာခဲ့ကြသည်။ မြေအောက်ဘူတာဆီသို့ လျှောက်လာခဲ့ကြ၏။ မှောင်ပျပျ ဥမင်ထဲတွင် လူတွေ ပြည့်ကျပ်နေသည်။ လေက ပူနွေးစိုစွတ်လျက်။ ရထားများသည် တချွန်းချွန်းမြည်၍ ဖြတ်သွားကြ၏။ နံရံကျောက်ဖြူပြားများပေါ်တွင်မူ အမျိုးသမီးဆောင်း ဦးထုပ်များကို ဆောင်းထားကြသည့် ငန်းရုပ်ကြီးတွေအောက်တွင် “ဝလိုသူများအတွက် အကောင်းဆုံးအသား” ဟု ရေးထားသည်။

မနက်ဖြန်ဆိုလျှင် သူတို့နှစ်ယောက် ခွဲကြရတော့မည်။ သည်အကြောင်းကို ယခုပြော၍ မဖြစ်သေး။ သူတို့အနားတွင် လူတွေက ဥဒဟို။ သည်လိုနေရာမျိုးတွင် အချစ်အကြောင်းကိုလည်း ပြော၍မဖြစ်။ မြေအောက်နိုင်ငံရေးအကြောင်းကိုလည်း ပြော၍မဖြစ်။ အားလုံးကို လျှို့ဝှက်ထားရဦးမည်။ မစ်ရှော၏ သတ္တိအတွက် ဒင်းနိစ် ဂုဏ်ယူသည်။ သူ့အချစ်အတွက်လည်း ဂုဏ်ယူသည်။ မစ်ရှောကမူ သည်မျှလောက်ကိုပင် ချုပ်တည်းနိုင်ဟန်မတူ။ သူ့နားနားသို့ကပ်၍ “ဘယ့်နှယ်လဲ” ဟု လေသံကလေးဖြင့် မေးလိုက်သေးသည်။

ဘယ့်နှယ်လဲ၊ ထိုစကားလုံးကလေးများသည် သူတို့နှစ်ယောက်အဖို့ စကားဝှက် ဖြစ်နေလိမ့်မည်။ သူတို့နှစ်ယောက်သည် တယောက်ကိုတယောက် နှုတ်ဆက်ကြ၏။ မစ်ရှောက ရထားပေါ်သို့တက်သွားသည်။ ဥမင်အမှောင်ထုကြီးထဲတွင် နောက်ထပ် မီးနီပွင့်ကလေးတပွင့် ပျောက်သွားပြီ။ ဒင်းနိစ်သည် ရထားစင်္ကြံတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သွားလိုက်၊ ပြန်လှည့်လာလိုက်၊ ပြန်သွားလိုက်၊ မြေအောက်ရထားလမ်းများက ကွေ့ကောက်ရှုပ်ထွေးနေသည်။

ဘယ်နေရာသွားသွား အုတ်အုတ်ကျက်ကျက်။ ဆူဆူညံညံ။ မထင်မရှား။

“တခါကွဲခဲ့ကြတာကိုတော့ ခံနိုင်ခဲ့ပြီ။ ဒါပေမယ့် ရှေ့မှာ ဘယ်နှစ်ကြိမ်လောက်များ ခွဲခွာနေကြရဦးမယ် မသိသေးဘူး” ဟု ဒင်းနိစ် တယောက်တည်း ပြောမိသည်။ လူ့ဘဝတွင် အမြဲတမ်း စောင့်ဆိုင်းနေရမည်ဆိုလျှင် ခက်ရချည့်။ နောင်တွင် သူတို့နှစ်ယောက်ကို မိတ်ဆွေတွေက ဆုမွန်ကောင်း တောင်းပေးကြလိမ့်မည်။ သို့ရာတွင် သူတို့ဆုတောင်းသံကို ဘယ်တော့မှများ ကြားရတော့မည်နည်း။ ဆံဖြူသွားကြွေ၍ ပါးရေတွေ တွန့်လိပ်ကုန်သည့် အချိန်ကျမှလော။ မဖြစ်နိုင်။ သူတို့နှစ်ယောက်သည် နုပျိုငယ်ရွယ်တုန်း ရှိကြသေးသည်။ သူတို့နှစ်ယောက်၏ဘဝ သာယာချမ်းမြေ့စေကြောင်း ဆုတောင်းရမည်။ ဆုတောင်းရဦးမည်။ သူတို့နှစ်ယောက်၏ ဘဝ၊ သူတို့တော်လှန်ရေး၊ သူတို့ဘဝပြောင်းလဲမှုတို့အတွက် ဆုတောင်းရဦးမည်။ ဒင်းနိစ်သည် ဘူတာစြင်္ကံ လူအုပ်ကြားထဲတွင် ရပ်နေသည်။ သူ့ဘေးတွင် လူတွေ။ ပစ္စည်းရောင်းသည့် အော်တိုမက်တစ်စက်တွေ၊ ကြော်ငြာပိုစတာတွေ။ “ဘယ့်နှယ်လဲ” ဟူသည့် စကားလုံးများကို အသံထွက်၍ ရွတ်သည်။ ဩော် အစ်ကို... အစ်ကို။

အန်ဒရေ၏ စတူဒီယိုသည် ခါတိုင်းလိုမဟုတ် သန့်သန့်ရှင်းရှင်း။ သပ်သပ်ရပ်ရပ်။ ပုလင်းခွံတွေ မရှိတော့။ စုတ်ပြတ်နေသည့် ဖိနပ်ရှည်ကြီးများက ကြောင်အိမ်နောက်သို့ ရောက်နေပြီ။ ပန်းချီဆွဲသည့် ကင်းဘတ်များက နံရံတွင် စီလျက်။ နက္ခတ်ကျမ်းတစောင်နှင့် ပို့စကတ်တခုမှလွဲလျှင် စားပွဲကြီးက ရှင်းလင်းလျက်။ ပို့စကတ်က သဲကမ်းပါးများနှင့် တိမ်တိုက်ဖြူဖြူများကို ရေးထားသည့် ရှုဂျင်ကမ်းခြေရှုခင်း ပို့စကတ် ဖြစ်သည်။ ရှုခင်းများကို နှစ်သက်၍ ငါးအကြောင်းကို လေ့လာနေသည်ဆိုသည့် ဂျာမန်မိတ်ဆွေတွေက ပို့လိုက်ခြင်းဖြစ်သည်။ ဂျာမန် မစ္စဗေဒပါရဂူက “နှုတ်ခွန်းဆက်သလျက်” ဆိုသည့် စာကြောင်းကိုသာ ရေးထားသည်။ “ဆေးရှုတဲ့မောင်”တွင် သူတို့နှစ်ယောက် တွေ့ခဲ့ကြပုံကို အန်ဒရေ အမှတ်ရ၏။ “ပါရီမြို့ကြီး မပျက်မစီး တည်ရှိနေတုန်းမှာ ပါရီမြို့ကြီးကို မြင်ချင်သဗျာ” ဟု ဂျာမန်ကြီးက ပြောခဲ့ဖူးသည်။ သည်စကားကို သူပြောခဲ့သည်မှာ နှစ်နှစ်ရှိပြီ။ ပါရီသည် နဂိုနေရာတွင် တည်ရှိမြဲ။ သို့ရာတွင် အန်ဒရေကမူ ပြောင်းလဲသွားပြီ။ အခုအချိန်တွင် ဂျာမန်ကြီးသည် သူဝါသနာပါသည့် ငါးများအကြောင်းကို စိတ်ဝင်စားနိုင်ပါဦးမည်လော။ အန်ဒရေကမူ ပန်းချီဆွဲသည့်အလုပ်ကို စွန့်လွှတ်လိုက်ပြီ။ သူ့စတူဒီယိုမှ တာပင်တိုင်ဆီနံ့ကို မရတော့။ ပန်းချီဆွဲသည့် ဒေါက်ခုံက စင်ပေါ်ရှိ သံချေးတက်နေသည့် ကရားတလုံးဘေးတွင် မှောက်လျက်သား။ သူ့စတူဒီယို သန့်ရှင်းပုံကို ကြည့်၍ အန်ဒရေကိုယ်တိုင်ပင် အံ့ဩရသေးသည်။ သူ့စတူဒီယိုထဲသို့ ဝင်သည့်အခါမှာပင် အန်ဒရေသည် အလည်လာသူတယောက်လို သတိထား၍ လျှောက်သည်။ အိမ်ထောင်ထိန်းမိန်းမကြီးက အခန်းကို တအံ့တဩကြည့်ကာ ခရီးထွက်မည်လောဟု မေး၏။ မဟုတ်... အန်ဒရေ ဘယ်ကိုမှ မသွား။ သေခါနီးသည့်အခါတွင် လူများသည် သူတို့ပစ္စည်းများကို စနစ်တကျ သေသေသပ်သပ် ထားတတ်ကြသည်ဟု ပြောသံကြားဖူးသည်။ သို့ရာတွင် အန်ဒရေ ခန္ဓာကိုယ်က ကျားကိုးစီးစား၍ပင် ကုန်နိုင်ဖွယ် မရှိ။ ထမင်းစားတော့လည်း

သုံးယောက်စာလောက် စားနိုင်သည်။ တနေကုန်လျှောက်သွားပြီး ခေါင်းအုံးပေါ်သို့ ခေါင်းချလိုက်သည်နှင့် တပြိုင်နက် တခေါခေါ ဟောက်နေပြီ။ သို့ဖြစ်လျှင် ဘီးထဲက ခွေးသွားစိပ်ကလေးတခုဖြစ်သည့် အန်ဒရေ ဘာတွေလုပ်နေသနည်း။

အန်ဒရေသည် တနေ့လုံး ပါရီတွင် နေသည်။ လူတွေက ရင်တမမ။ စစ်ကြီး ဖြစ်တော့မည်လားဟု ရင်တထိတ်ထိတ်။ သို့ရာတွင် အားလပ်ရက်တွင် အပန်းဖြေခရီး ထွက်ကြမြဲ။ သည်နှစ်လည်း မနှစ်ကနှင့် အတူတူ။ အန်ဒရေ ဤသည်တို့ကိုကြည့်၍ ငြီးငွေ့လှပြီ။ ရင်တမမဖြစ်နေရခြင်း၊ သတင်းစာများတွင် စစ်နှင့်ပတ်သက်၍ အုတ်အော်သောင်းတင်း ဖြစ်နေခြင်း၊ ငြင်းခုံကြခြင်းတို့ကို စိတ်ပျက်ငြီးငွေ့လှပြီ။ သေခါနီးဝေဒနာ ခံစားရခြင်းသည်လည်း အသက်ရှင်နေထိုင်ခြင်း၏ အစိတ်အပိုင်းတခုမျှသာ။ သေခါနီး၌ ဘဝသည် အပိုင်းအစများအဖြစ် ကျိုးပဲ့ပျက်စီးသွားခဲ့ပြီ။ သို့တိုင် ဘဝသည် ဆက်လက်တည်ရှိနေမြဲ။ "ဆောင်းဦးပေါက်ရိပ်သာ" ပန်းချီပြပွဲသို့ တက်ရန် ဖိတ်စာတစောင် ရထားသည်။ တော်တော်အံ့သြဖို့ကောင်းတဲ့ လူတွေ။ သည်လူတွေ သည်လိုအချိန်ကြီးမှာပင် ပန်းချီပြပွဲတွေ လုပ်နေကြသေးသည်။

ခြောက်လခန့် ချို့ချို့ငဲ့ငဲ့ နေခဲ့ကြပြီးနောက် ပီယာသည် ဖောင်တိန်စက်ရုံတခုတွင် အလုပ်ရ၏။ တနေ့တွင် အန်ဒရေထံ ရောက်သွားသည်။ "သတ္တိတော့ မွေးထားရလိမ့်မယ်ဗျို့" ဟု ပြောကာ စိတ်လက်မကြည်သာဟန်ဖြင့် အဝေးသို့ ငေးကြည့်နေသည်။ သူ့လက်များသည် အဘိုးအိုတယောက်၏ လက်များလို တုန်ရီနေကြ၏။

အန်ဒရေသည် လူဆန်းကို လမ်းတွင် မကြာခဏ တွေ့ရသည်။ လောကကြီးတွင် သစ္စာဖောက်တွေချည်း ဖြစ်ကြောင်း၊ ကိုယ့်ပျော်ရွှင်မှုသည် အရေးကြီးကြောင်း၊ လောကတွင် ကိုယ်စိတ်ချမ်းသာမှုမှလွဲလျှင် အခြားအရာတို့သည် အသေးအဖွဲများသာ ဖြစ်ကြောင်းဖြင့် လူဆန်းက အော်ပြောသည်။ သို့ရာတွင် "ဘယ့်နှယ်လဲ နေရေးထိုင်ရေး အဆင်ပြေရဲ့လား" ဟု အန်ဒရေက မေးသည့်အခါတွင် လူဆန်းက တချက်ကျိန်ဆဲလိုက်ပြီး "ပြေပါ့ဗျာ ခုနေရတာ မြေအောက်အိမ်သာထဲမှာ နေတယ်လေ" ဟု ပြောသွားသည်။

စစ်ကြီး ဖြစ်တော့မည်လောဟု နောက်တကြိမ် ရုတ်ရုတ်သဲသဲ ဖြစ်လာသည်။ သတင်းစာများတွင် စိတ်လှုပ်ရှားဖွယ် ခေါင်းစဉ်မည်းကြီးတွေ ပြည့်နေသည်။ သည်တကြိမ် သတင်းထူးမှာ (ပိုလန်ပြည်) ဒန်းဇစ်မြို့ကို ဟစ်တလာက ဝင်သိမ်းသည့် သတင်းဖြစ်၏။ အန်ဒရေသည် သတင်းစာကိုလည်း မဖတ်။ ရေဒီယိုကိုလည်း နားထောင်ခဲသည်။ ဂျဲနက်ကို မကြာမကြာ သတိရ၏။ သို့ရာတွင် လွန်လေပြီးသော အတိတ်က အရာတခုနှင့် တူနေပြီ။ မိုးရွာသည့်နေ့တနေ့တွင် ပြတင်းပေါက်မှ ရပ်ယင်း ခရမ်းရောင်သန်းနေသည့် မြို့ကြီးကို ငေးကြည့်နေစဉ် ကုန်တိုက်တွေအမည်များဖြင့် ရောထွေးနေသည့် ကဗျာရွတ်သံကို ကြားလိုက်ရသည်။ ရေဒီယိုမှ ပေါ်ထွက်လာသည့် ဂျဲနက်၏ အသံဖြစ်၏။

အတူတကွ၊ နေပါရဟု

သစ္စာမြဲမြံ၊ ချစ်သက်နှံသော်

ဝေးလံအတိတ်၊ စိုးထိတ်ဖွယ်ရာ

ဘယ်မှာမရှိ၊ ဖြေသာ၏… ဟု။

အပြုံးမဲ့မဲ့ကို ပြုံးမိသည်။ မျက်တောင်ဆိုးဆေး ကြော်ငြာ၊ မိန်းမချော မိန်းမလှတွေ အလှမပျက်ပဲ ငိုနိုင်သည့် ဆိုပါတကား။ လူတိုင်း သစ္စာပျက်ကုန်ကြပြီ။ သူရော၊ ဂျဲနက်ရော၊ လောကကြီးတခုလုံးရော သစ္စာပျက်ကုန်ကြပြီ။ မည်သည့်ဝိညာဉ်မျှ ရှင်သန်ခြင်း မရှိတော့…။

“ဘယ်လိုလဲဆရာရဲ့… အလုပ်အကိုင်ကလေးများကော ဟန်ကျရဲ့လား” ဟု ထမင်းဆိုင်ရှင် မိန်းမကြီးက မေးသည်။ မီးဖိုထဲမှ အပူရှိန်ကြောင့် သူ့မျက်နှာက နီရဲလျက်။ ရှာရှေမီဒီလမ်းသည် သက်ဝင်လှုပ်ရှားနေဆဲ။ ညစ်ညမ်းသည့် သီချင်းတွေကို ဆိုတတ်သည့် ဖိနပ်ချုပ်သမားကြီးကမူ ကျောက်ကပ်ရောဂါဖြင့် ဆုံးသွားရှာပြီ။ နောက်လာသည့် ဖိနပ်ချုပ်သမားက အသက်ခပ်ငယ်ငယ်၊ သုံးဆယ်လောက်မျှသာ ရှိဦးမည်။ သူ့မိန်းမက ခပ်ချောချောကလေး။ ကလေးနှစ်ယောက်နှင့်။ သူကလည်း ခပ်ပျော်ပျော်လူ။ “ကျွန်တော့်ဖိနပ်တွေကို စီးယင် စစ်ကြီးသာ ဖြစ်ချင်ဖြစ်မယ်၊ ဖိနပ်ကတော့ မစုတ်ဘူးခင်ဗျ” ဟု ပြောတတ်သည်။

“ဆေးရှူတဲ့မောင်”တွင်မူ စီးကရက်စွပ်တံကို သွားဖြင့်ကိုက်ထားသည့် တယ်ရီယာမျိုး ခွေးအိုကြီးက ပိုက်ဆံတောင်းမြဲ။

“ဟေ့ကောင်ကြီး… မင်းလဲ အိုလှပြီနော်၊ မင်းလဲ ဒန်းဇစ်အကြောင်းတွေ ဘာတွေကို ပြောဦးမှာလားကွာ” ဟု အန်ဒရေက မေးသည်။

ထိုနှစ်နွေတွင် ပါရီက မိန်းမတိုင်းလိုလို အပ်ချုပ်ကြသည်။ သိုးမွှေးထိုးကြသည်။ စိတ်အာရုံ ငြိမ်သက်စေသည်ဟု ပြောကြ၏။ ဆိန်းမြစ်ကမ်းနားမှ စာအုပ်အဟောင်းဆိုင်တဆိုင်မှ နက္ခတ်ကျမ်းတစောင်ကို အန်ဒရေ ဝယ်လာခဲ့သည်။ အန်ဒရေက အပ်မချုပ်တတ်။ သိုးမွှေးမထိုးတတ်။ သူ့အဖို့ မြေကြီးသည် သူ့ခြေထောက်အောက်မှ ပြိုကျနေပြီ၊ အိကျနေပြီ။ ကြယ်တာရာများသည် သူ့အဖို့ တည်မြဲသည့်အရာ၊ ခိုင်မြဲသည့်အရာ။ အန်ဒရေသည် နက္ခတ်ကျမ်းကို လက်ကမချပဲ ဖတ်သည်။ ဂဏန်းများ၊ ကြန္နီလမ်းကြောင်းဇယားများ၊ နက္ခတ်တာရာတို့၏ အမည်များသည် သူ့အာရုံကြောများကို ငြိမ်သက်စေသည်။

လွန်ခဲ့သည့် ရာစုနှစ်နှစ်ခုလောက်တုန်းက နီကာဣယဆိုသည့် မြို့တမြို့တွင် ဟိပက္ခုသည် ကမ္ဘာမြေကြီးနှင့် မြေကြီး အကွာအဝေးကို တိုင်းထွာခဲ့သည်။ ထိုစဉ်ကတည်းကပင် တိုင်းနိုင်ငံတို့သည် ပြိုကွဲပျက်စီးခဲ့ကြသည်။ လူတို့သည် ရွှံ့ရုပ်ကိုထု၍ ကိုးကွယ်ခဲ့ကြသည်။ တိတ္ထိတို့ကို မီးရှို့သတ်ကြသည်။ ဓားတို့သည် တချွင်ချွင် မြည်ခဲ့ကြသည်။ သို့ရာတွင် ဟိပက္ခုသည် နက္ခတ်တာရာတို့၏ စာရင်းများကို စုဆောင်းနေခဲ့သည်။

အန်ဒရေသည် နက္ခတ္တဗေဒဆရာ ဟာရှယ်ကိုလည်း အားကျ၏။ ဟာရှယ်က ဆင်းရဲသည့် ပန်တျာသည်တဦး၏သား။ သရဒဥတု တညတွင် ကောင်းကင်ပြင်ကို မော့ကြည့်မိသည်။ သူ့တွင် မှန်ပြောင်းဝယ်ဖို့ ပိုက်ဆံမရှိ။ ထို့ကြောင့် သူ့ဘာသာသူ

မှန်သွေးသည်။ မျက်နှာချင်းဆိုင် ပြတင်းပေါက်တွင် အပျိုလေးတယောက်ကို မြင်လိုက်ရသကဲ့သို့ ယူရေးနပ်စ်ဂြိုဟ်ကြီးကို ဘွားကနဲ သွားတွေ့သည်။ ထိုစဉ်ကပင် ဥရောပတိုက်တွင် တော်လှန်ရေးကြီးတွေ မှန်တိုင်းတိုက်သလို တိုက်နေသည်။ နပိုလီယန်က အင်္ဂလန်ကိုတိုက်ရန် ခြိမ်းခြောက်နေသည်။ အင်္ဂလိပ်နန်းရင်းဝန် ပစ်သည် ပင့်ကူတကောင် ပင့်ကူအိမ်ရက်သလို မဟာမိတ်အဖွဲ့များကို ရက်နေသည်။ သို့ရာတွင် ဟာရှယ်သည် အမျိုးမျိုးသော ကြယ်တာရာများနှင့် ကြယ်စုတန်းများကို ရှာဖွေလျက် ရှိလေသည်။

အန်ဒရေသည် ပြတင်းပေါက်တွင် သွား၍ရပ်၏။ သတင်းစာရောင်းသည့် သူငယ်များက "ရောမက စေ့စပ်ဆွေးနွေးဖို့ အဆင်သင့်တဲ့ခင်ဗျ။ မော်စကို စာချုပ်ဂယက်တဲ့၊ ဒန်းဇစ်တိုက်ပွဲသတင်းတွေ ပါတယ်ခင်ဗျ၊ ဒန်းဇစ်တိုက်ပွဲသတင်းတွေ" ဟု အော်နေကြသည်။

အန်ဒရေသည် သူ့နက္ခတ်ကျမ်းကို ပြန်၍ ကောက်ကိုင်၏။ တခါတုန်းက ပထဝီဆရာ ဟေဗဲလိယသည် ဒန်းဇစ်တွင် နေထိုင်ခဲ့သည်။ လ၏ပုံကို မြေပုံဆွဲခဲ့သည်။ မီးကြီးလောင်ကာ သူ့မှတ်စုများနှင့် ဆွဲပြီးသား မြေပုံတွေ မီးထဲပါသွားသည်။ ထိုစဉ်က ဟေဗဲလိယသည် အဘိုးအိုကြီးတယောက် ဖြစ်နေပြီ။ သို့တိုင်အောင် သူစိတ်မပျက်။ သူ့အလုပ်ကို အစမှ ပြန်စသည်။

"ငါကော ဘာလုပ်ရမလဲ၊ ငါ့ပန်းချီဆေးတွေကို ငါစွန့်ခဲ့ပြီးပြီ၊ ငါ့စုတ်တံတွေကို ငါသစ္စာဖောက်ခဲ့ပြီးပြီ" ဟု တွေးနေသည်။ ပါရီမြို့ကြီးတွင် နက္ခတ်ဆရာတွေ ရှိကောင်းရှိမည်။ ယဉ်ကျေးမှုအသင်းတိုက်တွင် သူတွေ့ခဲ့သည့် ရူပဗေဒပါရဂူသည် နက္ခတ်တာရာသစ်များကို ရှာကောင်းရှာနေလိမ့်မည်။ သမားတော်များသည် ကင်ဆာရောဂါကို တိုက်ဖျက်နေကြလိမ့်မည်။ သူ့အဖေသည် အရည်ရွှမ်းနေသည့် ပေါ်ဦးပေါ်စ သစ်တော်သီးများကို ခူးနေလိမ့်မည်။ လောကကြီးမှ ထွက်ပြေး၍မရ။ ရှောင်ပြေး၍ မလွတ်။ အန်ဒရေသည် ခြေသလုံးအိမ်တိုင်သမားတယောက်သာ ဖြစ်၏။ ယောက်ယက်ခတ်စိတ်ဖြင့် လမ်းထောင့်သို့ ထွက်လာခဲ့ကာ အရက်ဆိုင်တွင် ထိုင်ပြီး ခါးသက်သက် ကာလ်ဗေဒိုးတခွက်ကို သောက်၏။ ထို့နောက် နွေးထွေးသည့် မြူငွေ့ဖြူဖြူတို့ ရစ်သန်းနေသည့် မြို့ကြီးတခွင် လျှောက်သွားသည်။

ထိုနေ့က အိုက်စပ်စပ်။ တမနက်လုံး မုန်တိုင်းဆင်နေသည်။ ထို့နောက် မိုးတိမ်တွေ လွင့်စဉ်သွားကြသည်။ သို့တိုင်အောင် လေက လတ်ဆတ်ခြင်း မရှိ။ အန်ဒရေသည် တနေ့လုံး စတူဒီယိုထဲတွင် အောင်းနေသည်။ အောက်ထပ်ကလူများက အထုပ်အပိုးများကို ပြင်နေကြသည်။ သေတ္တာများကို သံရိုက်နေသံ တဒေါက်ဒေါက်နှင့်။ တူထုသံနှင့်အတူ သူ့နားထင်ထဲတွင် သွေးတဒိတ်ဒိတ် တိုးနေသည်။ ညနေကျတော့ "ဆေးရှူတဲ့မောင်"သို့ သွားရန် စိတ်ကူး၏။ ဤကိုက်ခဲသည့်ဒဏ်ကို အရက်ကသာ ကုစားနိုင်လိမ့်မည်။ လမ်းမသို့ ရောက်သည့်အခါတွင် မကောင်းဆိုးဝါး တခုခုတော့ ဖြစ်နေပြီဟု သိလိုက်သည်။ ကြေမွနေသည့် နှင်းဆီခိုင်များဘေးတွင် ပန်းရောင်းသည့် မိန်းမကြီးက ငိုလျက်။ "အားလုံး သေကုန်ကြတော့မှာ၊ အားလုံး သေကုန်ကြတော့မှာ" ဟု ဆိုနေသည်။ အရက်ဆိုင်ရှင်က သူ့ကို ကာလ်ဗေဒိုးတခွက် လှမ်းပေးပြီး ဖန်ခွက်နှုတ်ခမ်းချင်း ထိလိုက်သည်။ "ပန်းချီဆရာအတွက်၊ စစ်ကြီးဖြစ်တော့မယ် ပန်းချီဆရာရေ့၊ နာဇီတွေက စောင့်ရတာကြာလို့ စိတ်မရှည်နိုင်တော့ဘူး၊ နာဇီဝါဒ ကျဆုံးပါစေ" ဟု ဆုတောင်းသည်။

လူတွေက အချင်းချင်း ငြင်းခုံနေကြသည်။

"ဘယ်က စစ်ဖြစ်ရဦးမှာလဲ၊ ခုမှ စစ်သားစုဆောင်းရေး ကြေငြာချက် ထုတ်ရုံရှိပါသေးတယ်" ဟု ပြောသူက ပြောကြသည်။

"မဟုတ်ဘူးဗျ။ ဒီတခါတော့ တကယ့်ကို ဖြစ်တော့မှာ၊ ရှောင်လို့မရတော့ဘူး၊ ဟစ်တလာ ကျဆုံးပါစေ"

"အလကားပါဗျာ၊ ဘာမှ မဖြစ်ပါဘူး၊ စောင့်ကြည့်ပါ၊ သဘောတူညီချက် ရမှာပါ"

ကက်ဦးထုပ်ဆောင်းထားသည့် အလုပ်သမားတယောက်က အပေါက်ဝတွင်ရှိသည့် တယ်ရီယားခွေးကြီးကို သကြားခဲတခဲ ကျွေးယင်း...

"ကဲ... ကောင်ကြီးရေ၊ ငါ့အနားမှာ နောက်ဆုံးလာထိုင်ပြီး ပိုက်ဆံတောင်းစမ်းပါဦးကွာ၊ မနှစ်က ဘာဖြစ်လို့ သဘောတူညီချက် မရခဲ့ကြတာတဲ့လဲ။ ရှင်းပါတယ်ကွာ၊ သူတို့က ကြောက်နေတာကိုး၊ မဟုတ်ဘူးလား၊ ရုရှတွေနဲ့ တဘက်တည်း ရောက်မှာကို စိုးရိမ်နေကြပုံ ရတယ်ကွ၊ ခုတော့ ဘာထူးသေးလဲကွာ၊ ခုမှ ဟိန်းဟောက်နေလို့ အပိုပဲကွ၊ တကယ်ကတော့ သူတို့က ဟစ်တလာကို သဘောကျနေတာ၊ ငါတို့ကို သစ္စာဖောက်ကြတော့မယ်ကွ၊ သိရဲ့လား၊ ကဲ... ထိုင်ပြီး ပိုက်ဆံလေး ဘာလေး တောင်းစမ်းပါဦး သားကြီးရာ"

ဖိနပ်ချုပ်သမားက သူ့ဆိုင်ရှေ့တွင် ကြော်ငြာစာရွက်တရွက်ကို ကပ်သည်။ "စစ်သားစုဆောင်းရေးကြောင့် ဆိုင်ပိတ်ထားသည်" တဲ့။ သူ့စိတ်တွင်မူ စစ်ဖြစ်မည်ဟု မထင်။ စစ်သားတွေ စုဆောင်းရေးလုပ်လျှင် သူ့တွင် ဖိနပ်ချုပ်ဆရာတွေ ပိုများလာမည်ဟု တွက်၏။ ပန်းသည်မိန်းမကြီးက ငိုနေဆဲ။

လက်ဆွဲအိတ်များ၊ ကျောပိုးအိတ်များ သယ်သွားကြသည့် လူများကို လမ်းမတွင် နောက်တကြိမ် မြင်ရပြန်သည်။ ပြာလဲ့လဲ့ မီးရောင်ကလေးများသည် အမှောင်ထုကြီးထဲတွင် လက်နေကြလေ၏။ နေရစ်တော့ ဟာရှယ်ရေ။ နေရစ်ပေတော့ ကြယ်စုတန်းတွေရေ။ အန်ဒရေက ရုပ်အင်္ကျီများ၊ ဆပ်ပြာတောင့်နှင့် မုတ်ဆိတ်ရိတ်ပစ္စည်းများကို သူ့လက်ဆွဲသေတ္တာကြီးထဲသို့ ထည့်သည်။ သည်တခါကော အလျှင်တုန်းကလို အေးရှောရှော ဖြစ်ဦးမည်လော။ သို့မဟုတ် တကယ်ပင် စစ်ကြီးဖြစ်တော့မည်လော။ နောက်ထပ်မတွေးချင်တော့။ ငြီးငွေ့သွားပြီ။ မနက်ဖြန်ဆိုလျှင် တူးလ်မြို့သို့ သွားတော့မည်။ ဤသည်ကမူ သေချာသည်။ သည်နောက် ဘာဖြစ်ဖြစ် အရေးမကြီး။ အနည်းဆုံး ငြီးငွေ့စရာ ဘဝကြီးကိုမူ တွေ့ရမည်မဟုတ်။

သီချင်းဆိုသံမကြားရ။ ကြွေးကြော်သံ၊ အော်သံ မကြားရ။ မည်သူကမျှ သစ္စာအဓိဋ္ဌာန်တွေ မပြုကြ။ မည်သူကမျှ ဖက်ဆစ်တို့ကို မုန်းတီးကြောင်း မပြောကြ။ မည်သူကမျှ အောင်ပွဲအကြောင်းကို မပြောကြ။ လမ်းမတွင် ရုတ်ရုတ်သဲသဲ။ ပန်းသည်မိန်းမကြီးက ငိုမြဲငိုလျက်။ သစ်ကြားရွက်တွေကြားမှ အလင်းရောင်ဖျော့ဖျော့ ဖြာကျလျက်ရှိ၏။ သူ့နက္ခတ်၊ သူ့တာရာ၊ သူ့ကြယ်ပွင့်က ဂျဲနက်။ သို့ရာတွင် ထိုနက္ခတ်၊ ထိုတာရာ၊ ထိုကြယ်ပွင့်ကို သူရှာမတွေ့သေး။ ထိုကြယ်တာရာကို မြေပုံပေါ်တွင် မဆွဲရသေး။ ထိုကြယ်ပွင့်သည် ဝင်းကနဲလက်ကာ ပျောက်သွားသည်။ ယခု သူဘယ်မှာနည်း။ ထိုကြယ်... ထိုကြယ်မဟုတ်။ ထိုမိန်းကလေး။ ပူနွေးသည့် လက်ချောင်းသွယ်သွယ်၊ ညှိုးငယ်မွဲတေသည့် ကံကြမ္မာနှင့် မိန်းမရွယ်သည် ဘယ်ဆီသို့ ရောက်နေသနည်း။ သူလည်း ပန်းသည်မိန်းမကြီးလို ငိုရှိုက်၍များ နေမည်လော။

ရိပ်သာလမ်းမတလျှောက်မှ ဝမ်းနည်းစရာ ခရာမှုတ်သံကို ကြားလိုက်ရသည်။ အရက်မူးနေသည့် ဖိနပ်ချုပ်သမားက အော်၏။

"ဘယ်ညာ ဘယ်ညာ... သချိုင်းဘက်ကိုကွေ့"

မှောင်နှင့်မည်းမည်း မြို့ကြီးထဲတွင် လူဆန်း လျှောက်သွားနေသည်။ သူလျှောက်ပုံက ဒယီးဒယိုင်။ ရန်လိုသော ပထဝီမြေကြီးကို စမ်း၍ သွားနေရသည့်နှယ်။ မိုးဖွဲကလေးတွေ ရွာလျက်ရှိ၏။ သစ်ရွက်မည်းမည်းတွေ ကြားထဲမှ ပြာလဲ့လဲ့ မီးပွင့်ကလေးများက တဆန်းတကြယ် လင်းနေကြသည်။ လူဆန်း စိတ်တိုနေသည်။ လွန်ခဲ့သည့် တရက်နှစ်ရက်တုန်းကလောက်ပင် စစ်ကြီးဖြစ်တော့မည် မဟုတ်ဟု သူထင်ခဲ့သေးသည်။ သူ့အဖေ တက်စသည် စစ်ဖြစ်တော့မယောင် လုန့်ချီပေးကာ အစိုးရအဖွဲ့ အကျပ်အတည်းတခုကို ဖန်တီးနေသည်ဟု သူတွက်ခဲ့၏။ ယခု မဟုတ်တော့။ တကယ်ဖြစ်တော့မည်။ မဂ္ဂီနော့ခံတပ်တလျှောက်တွင် ပစ်ခတ်မှုတွေ ဖြစ်နေပြီဟု ကောလာဟလ ဖြစ်နေသည်။ မနက်ဖြန် ညနေဆိုလျှင် သူကိုယ်တိုင် စစ်သားစုဆောင်းရေးဌာနသို့သွား၍ သတင်းပို့ရတော့မည်။ ဘာ့အတွက် သူ စစ်တိုက်ရမည်နည်း။ ပိုလန်ဝန်ကြီးချုပ်အတွက် တိုက်ရမည်လော။ သူ့အဖေပြောသလို "လူ့ဂုဏ်သိက္ခာ"အတွက် တိုက်ရမည်လော။ မြေပြင်တွင် သူလည်း ကျသွားနိုင်သည်သာ။ သို့ရာတွင် ထိုထက် ဆိုးသည့်အရာ ရှိသေးသည်။ ကတုတ်ကျင်းတပ်ကြပ်၏ အဆဲအဆိုခံရခြင်းနှင့် မိုင် ၄၀ လောက် ချီတက်ရခြင်းတို့လောက် ဆိုးသည့်အရာမရှိ။ ငြီးငွေ့စရာကလည်း ကောင်းလိုက်သေးသည်။

အသံထွက်၍ သမ်းဝေလိုက်သည်။ "ခေါ်မလား အစ်ကို" ဆိုသည့် မိန်းမအသံတသံကို ကြားလိုက်ရ၏။ လူဆန်းက ပြုံးလိုက်၏။ သူတို့လည်း အမှောင်ခို၍ အလုပ်လုပ်နေကြပါကော။ လမ်းထောင့်တွင် ခါတ်ငွေ့ကာမျက်နှာဖုံး တပ်ထားသည့် ပြည့်တန်ဆာတွေ ရပ်နေကြသည်။

"ညည်းတို့ကလဲ ညည်းတို့အလုပ်မှာ ဝီရိယအကောင်းသားနော်"

လူဆန်းက ပြောသည်။ ကျိန်ဆဲသံတခု သူ့နောက်သို့ကပ်၍ လိုက်လာ၏။

ခန်းဆီးတခု နောက်ကွယ်တွင် အလင်းရောင်ကို မြင်လိုက်သဖြင့် လူဆန်း အရက်ဆိုင်ထဲသို့ ဝင်ခဲ့သည်။ လူတွေပြည့်လျက် အော်ဟစ်နေသူ။ အရက်သောက်နေသူ။ အရက်ဆိုင်ရှင် မိန်းမကြီးက မျက်ရည်လေးစမ်းစမ်းဖြင့် သူ့ဖောက်သည်များနှင့် ဖန်ခွက်ချင်းထိ၍ ဆုတောင်းပြီး အရက်သောက်နေသည်။

"ခင်ဗျား အမျိုးသားရော"

"ဒီနေ့ပဲ တပ်ထွက်သွားပြီရှင့်"

ကုန်စိမ်းသည်တယောက်က ရမ်သောက်ယင်း "ဟေ့ စစ်အကြောင်း မပြောနဲ့ကွ၊ စစ်ဆိုတာ တို့နဲ့မဆိုင်ဘူး၊ ပိုလန်လူမျိုးတွေ တိုက်လိမ့်မယ်" ဟု အော်နေသည်။

သူ့စကားကို အားလုံးက ထောက်ခံကြ၏။

"အင်္ဂလိပ်တွေက တိုက်ချင်တယ်ဆိုယင် သူတို့ဘာသာ တိုက်ပေ့စေပေါ့"

"တက်စက ငွေ ၁၀၀၀၀၀၀ ရသတဲ့ဗျ"

လူဆန်းက သူတို့စကားဝိုင်းထဲသို့ ဝင်မပြော။ အရက်သောက်ယင်း ကျိတ်၍ ဒေါပွနေသည်။ ထိုနောက် ဂျင်နီဆီသို့ ထွက်လာခဲ့၏။ နှုတ်ဆက်ရန်နှင့် သူ့ထံမှအရာကို ဂျင်နီ၏ငွေနှင့် လဲရန်ဖြစ်သည်။ မနက်ဖြန်ဆိုလျှင် တနေ့လုံးကို သောက်ပစ်လိုက်မည်။ တပ်ထဲသို့ဝင်လျှင်လည်း ပိုက်ဆံ နည်းနည်းပါးပါး ပါသွားမှဖြစ်မည်။ စစ်သားလစာကလေးဖြင့် သူမနေနိုင်။

ဂျင်နီကို ကြည့်ရသည်က စိတ်မကောင်းဖြစ်နေသည့်ဟန်။ သို့ရာတွင် သူ့ကို လိုက်လှဲစွာ ကြိုဆို၏။ သူ့စိတ်ထဲတွင် မယုံနိုင်အောင် ဖြစ်နေသည်။ လူဆန်းသည် လွတ်လပ်မှုအတွက် စစ်မြေပြင်သို့ သွားတော့မည်။ ပါရီမြို့ကြီး ပျက်တော့မည်။ ဂျင်နီက သူ့လည်ပင်းကို သိုင်းဖက်လိုက်ပြီးနောက်...

"လူတိုင်း တခုခုတော့ လုပ်ကြရမှာပေါ့ ဆရာရယ်၊ ဆရာ့ဖို့ ကျွန်မ အနွေးထည်တွေ ဝယ်ထားတယ်"

သားမွေးအနားကွပ်ထားသည့် အင်္ကျီကို မြင်သည့်အခါတွင်...

"အို၊ ဒါကို အရာရှိတွေမှ ဝတ်ရတယ်လေ၊ ခု ကိုယ်က စစ်သားရယ်၊ စစ်သားမှ အရန်စစ်သား၊ ပြီးတော့လဲ ခုမှ စက်တင်ဘာလပဲ ရှိပါသေးတယ်၊ ဆောင်းမရောက်မီ ပြီးသွားမှာပါ"

"ဆရာ့မှာ ခတ်ငွေ့ကာ မျက်နှာဖုံးကော ရှိရဲ့လား၊ မတော်တဆ ဂျာမန်တွေက ဒီနေ့လာပြီး ဗုံးကြဲယင် ဘယ့်နှယ်လုပ်မလဲ၊ ဒီနေ့ ဆရာဖို့ သွားဝယ်တာ၊ နိုင်ငံခြားသားကို မရောင်းဘူးတဲ့၊ ဆေးဆိုင်တဆိုင်မှာတော့ ခတ်ရည်တပုလင်းတွေ့လို့ ဝယ်ခဲ့တယ်။ ဗုံးကြဲယင် သူ့ကို လက်ကိုင်ပုဝါမှာ ဆွတ်ထားရတယ်တဲ့၊ ဗုံးကြဲယင် အဲဒါကို ရှူရတယ်တဲ့"

"ပုလင်းလေးက ချစ်စရာကလေးနော်၊ ကိုတီရေမွှေးကို မသုံးဘူးလား၊ ကိုယ်ကတော့ ကောင်းကောင်းမှ သုံးချင်တယ်၊ ကတုတ်ကျင်းထဲက သန်းကြီးမတောင် အမျိုးကောင်း သန်းကြီးမတွေ ဖြစ်စေချင်တယ်"

လူဆန်းက "ပါရီသည် ယခုတိုင် ပါရီဖြစ်သည်" ဆိုသည့် သီချင်းကို အသံကွဲကွဲဖြင့် ဆိုသည်။ ဂျင်နီက လေးနက်တည်ငြိမ်သည့် မျက်နှာထားဖြင့် မေး၏။

"ဂျင်နီကို ပြောပြစမ်းပါ၊ စစ်တိုက်ရမှာကို ကြောက်သလားဟင်"

"ကြောက်တော့ မကြောက်ပါဘူး၊ ဒါပေမယ့် စက်ဆုပ်တယ်"

"အမှန်တရားဟာ ဂျင်နီတို့ဘက်မှာ ရှိတယ်မဟုတ်လား"

အရက်ဆိုင်ထဲတွင် အရက်လေးခွက် သောက်ခဲ့ပြီးပြီ။ အရက်လေးခွက်ကို အကြောင်းမဲ့ သောက်ခဲ့ခြင်း မဟုတ်။ လူဆန်းက တဟားဟား ရယ်လိုက်၏။ ခါတိုင်း ဖျော့တော့နေသည့် သူ့မျက်နှာသည် နီရဲလာသည်။

"အမှန်တရားတဲ့ ဟုတ်လား၊ နေဦး၊ အဲဒီအမှန်တရားအကြောင်းကို ရှင်းပြဦးမယ်"

အိပ်ရာပေါ်မှ ဓာအိပ်ယာခင်းကို ယူပြီး ကိုယ်ပေါ်တွင် ခြုံလိုက်သည်။ ဂျင်နီဆောင်းသည့် ဦးထုပ်ကို ဆောင်းသည်။ လက်နှစ်ဘက်ကို ပိုက်ပြီးနောက် ဓမ္မကထိကလေသံမျိုးဖြင့်…

"ကျုပ်ပြောမယ် ဒကာမလေး၊ ဘွန်နက်နဲ့ တက်စကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက နှိုးဆော်တိုက်တွန်းကြတဲ့အတွက် ခု ကျုပ်တို့တတွေဟာ မဟာအာဇာနည် ပိုလန်ဝန်ကြီးချုပ်ဘက်ကို ထောက်ခံကယ်တင်ကြရတော့မယ်။ မိစ္ဆာဒိဋ္ဌိတွေဟာ ချက်ကိုစလိုဗက်မြို့ဖြစ်တဲ့ မြို့ကလေးမှာ သောင်းကျန်းလုယက်နေကြပြီ။ မိစ္ဆာနတ်ဟာ ဗျာလိုဗက်စကို တောအုပ်မှာ မာရှယ်ဂိုးအားရင်း ဆိုတဲ့လူနဲ့ပေါင်းဖော်ပြီး သောင်းကျန်းနေပြီ၊ မိစ္ဆာနတ်က ဒန်းဇစ်ကို လက်လွှတ်စေဆိုတဲ့ တရားကို စီရင်ပြီးပြီ၊ အို အယူမှားသူအပေါင်းတို့ မစိုးရိမ်ကြကုန်လင့်၊ ပေါတက်စသည် အဖဘုရားသခင်၏ သချိုင်းတော်ကို ကယ်တင်လွတ်မြောက်စေအံ့၊ အာမဘန္တေ"

သူပြောနေသည့် စကားများကို ဂျင်နီ ဘာမျှ နားမလည်။ တက်စဆိုသူသည် မည်သူနည်း။ တီရှင်ဆိုသည့်မြို့သည် အဘယ်မှာနည်း။ ဂျင်နီက သတင်းစာကိုပင် ဖတ်သူမဟုတ်။ ထို့ကြောင့် နိုင်ငံရေးကို ဘာမျှနားမလည်။ သို့ရာတွင် လူဆန်း ပြောင်လှောင်သရော်နေပုံသည် ပျော်၍မဟုတ်၊ နာကျည်း၍ ဖြစ်ကြောင်းကို သူရိပ်မိသည်။ သူတို့နှစ်ယောက်သည် ကော်ဖီကို တိတ်ဆိတ်စွာ သောက်နေကြသည်။ ဂျင်နီက မရဲတရဲဖြင့် မေး၏။

"ဒါဖြင့် ခုတိုက်မယ့် စစ်ပွဲဟာ လွတ်လပ်မှုအတွက် တိုက်တဲ့ စစ်ပွဲမဟုတ်ဘူးပေါ့"

"ဒါတော့ မပြောတတ်ဘူးလေ၊ ယေဘုယျ လွတ်လပ်မှုကို ပြောတာပါ။ သတင်းစာထဲမှာ ကိုယ်ရေးချင်တာကို ရေးပိုင်ခွင့်မျိုး ဆိုပါတော့"

"ဂျိုလီယော့ဆိုတဲ့ သတင်းစာဆရာဟာ မနေ့တုန်းကတော့ ရဲရဲတောက် အနီကြီးပဲ။ ဒါပေမယ့် ဒီနေ့ညတော့ ဆွတ်ဆွတ်ဖြူဖြစ်သွားပြီလေ၊ မနက်ဖြန်ကျယင် ပန်းရောင်ပြန်ဖြစ်ချင် ဖြစ်ဦးမှာ၊ ငွေစီးငွေ့စရာကောင်းလိုက်တာ"

ဂျင်နီက ခပ်ထွေထွေ စဉ်းစားပြီးနောက် ရိုးရိုးသားသား မေးသည်။

"ဒါဖြင့် ဆရာတို့ တော်လှန်ရေးဆိုတာကော"

လူဆန်း စိတ်တိုသွား၏။ သည်စကားလုံးကြောင့် သူဒုက္ခရောက်ခဲ့လှပြီ။ ယဉ်ကျေးမှုအသင်းတိုက်က အစည်းအဝေးတွေကို တက်ခဲ့လှပြီ။ သည်စကားလုံးအကြောင်းကို စာအုပ်တွေ ဆောင်းပါးတွေ ရေးခဲ့လှပြီ။ သည်စကားလုံးကြောင့် သူ့အဖေနှင့် ရန်ဖြစ်ခဲ့ရပြီ။ ယခု မအူမလည် အမေရိကန်မက တော်လှန်ရေးလုပ်မည်ဟု ပြောနေသည်။

"တော်လှန်ရေး လုပ်ချင်တယ်ဆိုယင် မင်းတို့တိုင်းပြည်မှာ လုပ်ပေါ့။ တို့တော့ လေးကြိမ်တောင် လုပ်ခဲ့ပြီးပြီ၊ ဒီလောက်ဆိုယင် တော်လောက်ပြီ၊ ကဲ… အဝတ်အစားတွေ ချွတ်တော့ကွယ်၊ အိပ်ချင်ပြီ"

ဥသြဆွဲသံများကြောင့် အိပ်ရာမှ နိုးလာသည်။ ဂျင်နီကမူ တုန်နေအောင် ကြောက်နေပြီ။ လက်အိုးပွပွကြီးနှင့် ညဝတ်အင်္ကျီကြီးတွင် အပေါက်ရှာမတွေ့နိုင်ပဲ ဖြစ်နေသည်။ လူဆန်းက တဘက်သို့ စောင်းအိပ်လိုက်သည်။ သည်လောက်ကို ကြောက်မနေနိုင်။ ဂျင်နီက သူ့ကို ဗုံးခိုကျင်းသို့ဆင်းရန် တိုက်တွန်းသော်လည်း

အချည်းနှီး။ နောက်ဆုံးတွင် အပြင်ဘက်မှ တံခါးခေါက်သံ ပေါ်လာသည်။

"အထဲက ထွက်ခဲ့ပါ"

"ဘာလို့ထွက်ရမှာလဲ"

"ကျွန်တော်က လေကြောင်းရန် ကာကွယ်ရေး အရာရှိပါ"

ဗုံးခိုကျင်းထဲသို့ ဆင်းလာခဲ့ကြရသည်။ အထဲတွင် လူတွေပြည့်လျက်။ ညဝတ်အကျီအစင်းကြီးတွေနှင့် ဆံပင်က ဖရိုဖရဲ။ တချို့မိန်းမတွေက အဝတ်အစား မလုံ့တလုံ။ သူ့ကိုယ်သူ လေကြောင်းရန်ကာကွယ်ရေးအရာရှိဟုပြောသည့် မုတ်ဆိတ်နှင့်လူက "တိတ်ကြပါ၊ စကားမပြောပါနဲ့၊ ခေတ်ငွေ့ကာ မျက်နှာဖုံးတွေကို အသင့်ပြင်ထားပါ" ဟု အော်နေသည်။ သူ့အမိန့်ကြောင့် အိမ်ထောင်ထိန်း မိန်းမကြီးတယောက်က နံရံကို ရေဖြင့် လိုက်ပက်နေသည်။ မိန်းမတယောက် ကလေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ တရှုပ်ရှုပ် နမ်းနေသည်။ တဘက်လမ်းတွင် ဗုံးတလုံး ကျသည်ဟု ဗုံးခိုကျင်းထဲတွင် သတင်းဖြစ်နေ၏။ ဂျင်နီက ခေတ်ငွေ့ကာ အရည်ပုလင်းကို လက်တွင် ဆုပ်ထားပြီး ဇာလက်ကိုင်ပဝါကို အသင့်ပြင်ထားသည်။ မိန်းမတယောက်က ပခုံးက ဟာလာဟင်းလင်း။ တော်တော်လှသည့် ပခုံး။ လူဆန်းသည် ထိုအမျိုးသမီးကို စိုက်ကြည့်နေပြီး လူကြားထဲမှ တိုးဝှေ့ကာ သူ့အနားသို့ တိုးလာခဲ့သည်။ အမျိုးသမီးက ခပ်ခွာခွာ လုပ်နေသည်။

"ဒီမှာ အမျိုးသမီး၊ ဒါ စစ်ကာလဗျ၊ ဒီလောက်လဲ အဖြစ်သဲမနေနဲ့"

လူဆန်းက စိတ်ဆိုးဆိုးဖြင့် အော်သည်။ ဂျင်နီက သူတို့နှစ်ယောက်ကို ကြည့်ပြီး မနာလို ဖြစ်နေသည်။ သူ့မျက်လုံးတွင် မျက်ရည်တွေ ဝဲလျက်။ မကြာမီ လူဆန်းနှင့် ခွဲကြရတော့မည်။ လူဆန်းကမူ သမ်းပြီးယင်း သမ်းယင်း။

ထိုညက ဗုံးရန်ကြောင့် လူဆန်း ကောင်းကောင်း မအိပ်ရ။ မနက်လင်းသည့်တိုင် အိပ်ရေးမဝ။ စိတ်တိုနေသည်။ သူတို့နေသည့် အခန်းပေါက်ဝတွင် မိန်းမတယောက် အော်ကြီးဟစ်ကျယ် လုပ်နေသည်။ အရက်ဆိုင်ရှင်မိန်းမ ဖြစ်၏။ သူ့မြေတိုက်ခန်းကို ဗုံးခိုကျင်းလုပ်ရန် လာပြောနေသဖြင့် စိတ်ဆိုးနေခြင်း ဖြစ်သည်။

"ကျုပ်အခန်းကို မပေးနိုင်ဘူး၊ ဝန်ကြီးကို သွားတိုင်မယ်၊ ပြောတော့ ပြင်သစ်ပြည်ကြီးကို တောင့်တင်းအောင် လုပ်ရမယ်တဲ့၊ ခုတော့ အရောင်းအဝယ်လုပ်ငန်းတွေကို ပျက်စီးအောင် လုပ်နေကြတယ် မရဘူး၊ ကျုပ်မြေတိုက်ခန်းကို ဖယ်မပေးနိုင်ဘူး၊ လူသာ အသေခံချင် ခံမယ်၊ အခန်းကိုတော့ ဖယ်မပေးနိုင်ဘူး"

လူဆန်းက ကြေမွနေသည့် သူ့ဦးထုပ်ကို ဖြောက်ပြလိုက်ပြီး...

"ကောင်းတယ်ဗျို့... ဖယ်မပေးနဲ့၊ ခင်ဗျားကမှ တကယ့် အာဇာနည် အမျိုးသမီး၊ ချသာချ"

ညဆိုလျှင် ဥသြဆွဲသံကြောင့် ပါရီမြို့သားတွေ ကောင်းကောင်း မအိပ်ကြရ။
တချို့ကမူ ဗုံးကျသည့်အိမ်များကို သူတို့ကိုယ်တိုင် မြင်ခဲ့ရသည်ဟု ပြောကြသည်။
သို့ရာတွင် တက်စကမူ ခပ်ပြုံးပြုံးဖြင့်...

"ဒါက ကြိုတင်ကာကွယ်တဲ့သဘောနဲ့ အစမ်းလုပ်ကြည့်တာပါ၊ ဂျာမန်တွေက နယ်စပ်ကို ဖြတ်ရုံပဲ ရှိပါသေးတယ်၊ ကျုပ်တို့က ကြိုကြိုတင်တင် အချက်ပေးထားတာပါ။ ပါရီမြို့ကြီးကို ကိုယ်ကျိုးစွန့်တဲ့ စိတ်ဓာတ်တွေ ပေါ်လာအောင် လေ့ကျင့်ပေးတဲ့ သဘောပေါ့" ဟု ပြောတတ်သည်။

လူတော်တော်များများက မြို့မှ ပြောင်းချင်ကြသည်။ လူချမ်းသာရပ်ကွက်များတွင် လူသူမရှိတော့။ သို့ရာတွင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများဖြစ်သည့် ဘာရီတန်နီနှင့် နော်မန်ဒီကမ်းခြေများတွင် လူတွေ ပြည့်နေသည်။ စစ်သားများက အရှေ့ဘက်သို့ ချီတက်နေကြပြီး လူချမ်းသာများက အနောက်ဘက်သို့ ထွက်ပြေးနေကြသည်။

မွန်တီနီသည် သူ့မိသားစုကို အော်ဗန်ငဲသို့ ပို့လိုက်၏။ "အကောင်းဆုံးနေရာပဲ၊ မိုင်တရာပတ်လည်မှာ စက်ရုံဆိုလို့ တရုံမှ မရှိဘူး" ဟု သူကပြောသည်။ သူ့မိသားစုကို ဤသို့ ဘေးကင်းရာသို့ ပို့ရုံဖြင့် အားမရသေး။ သူ့ပိုင်ပစ္စည်းများကို အမေရိကန်သို့ ပြောင်းရွှေ့လိုက်သည်။ သည်သတင်းကို ဂျူကိန်းကြားသည့်အခါတွင် "ဆိုးသွမ်းသော ပြင်သစ်လူမျိုးတယောက်" ဆိုသည့် ခေါင်းစဉ်ဖြင့် သတင်းစာတွင် ဆောင်းပါးတစောင် ရေးသည်။ ဆောင်းပါးကို ဆင်ဆာဌာနက ခွင့်မပြု။ ဆောင်းပါးနေရာက အဖြူကွက်လပ်ကြီးဖြင့် ချန်ထားပြီး ကွက်လပ်ပေါ်တွင် ကတ်ကြေးပုံတခု ထည့်ထားသည်။ ဂျူကိန်းက သူ့အကြောင်း ဆောင်းပါးရေးသည်ဟု သိရသည့်အခါတွင် မွန်တီနီ ဒေါပွ၍ မဆုံး။

"သူ့ကိုယ်သူ သူရဲကောင်းကြီးများ ထင်နေသလား၊ ကျုပ်ပစ္စည်းတွေကို ကျုပ်ဘာသာ ပြောင်းထားတာ ဘာဆိုင်သလဲဗျ၊ ကျုပ်ပျက်စီးသွားယင် ပြင်သစ်ပြည်ကြီး ပျက်စီးတာနဲ့ အတူတူပဲဗျ။ ကျုပ်ပျက်စီးသွားယင် ပြင်သစ်ပြည်ကြီးမှာ ဘာမှ အကျိုးမရှိနိုင်ဘူး"

ပေါလက်က ပြင်သစ်ပြည် အလယ်ပိုင်းရှိ မော်ဗန်ရွာသို့ သွားရန် ဆုံးဖြတ်သည်။ ဓာတ်ငွေ့ဗုံးကြဲမည်ကို သူစိုးရိမ်သည်။ တက်စ စိတ်မကောင်း။ သည်လိုအချိန်မျိုးတွင် အပျင်းဖြေစရာ မိန်းမ မရှိသည်မှာ စိတ်ပျက်ဖို့ ကောင်းသည်။

"အစ်ကိုကြီးကို တယောက်တည်း ထားပစ်ခဲ့တော့မယ်ပေါ့"

"ပေါလက်က သူရဲကောင်း အာဇာနည်မယ် မဟုတ်ဘူးလေ"

"ဘာကြောက်စရာ ရှိသလဲကွယ်၊ ဂျာမန်လေယာဉ်ပျံတွေ ပါရီကို ရောက်အောင် မလာပါဘူး၊ ဒါကို အစိုးရချင်း သဘောတူညီချက် ရထားပြီးသားပါ၊ သူတို့က ပါရီကို လာတိုက်ယင် အစ်ကိုကြီးတို့ကလဲ ဘာလင်ကို ဗုံးကြဲပစ်မှာပေါ့။ ဒီလိုဆို သူတို့အတွက်လဲ မကောင်းဘူး"

"ဒီစစ်ပွဲ ဖြစ်လာအောင် ဘာဖြစ်လို့ လုပ်ရတာလဲ အစ်ကိုကြီးရယ်"

ပေါလက်က ညည်းသည်။

"ဗျာ၊ ကျုပ်ကလုပ်တယ်၊ ကြံကြီးစည်ရာဗျာ" တက်စ၏အသံသည် တုန်လှုပ်ရှိ၏။ "အစ်ကိုကြီး လိုချင်တာ တခုပဲ ရှိတယ်၊ အဲဒါကတော့ ငြိမ်းချမ်းရေးကို ထိန်းသိမ်းဖို့ပဲ၊ ဒါပေမယ့် အစ်ကိုကြီးတို့ ဘာတတ်နိုင်မှာလဲ၊ သူတို့က စစ်တိုက်ချင်လို့ ရူးမတတ် ဖြစ်နေကြပြီ"

"လူတွေကို ဘာဖြစ်လို့ သေတွင်းကို ပို့နေတာလဲ ဟင်၊ အစ်ကိုကြီး"

"ဘယ်သူ့ကိုမှလဲ သေတွင်း မပို့ရသေးပါဘူး၊ ခုထိတော့ ပိုလန်လူမျိုးတွေကပဲ တိုက်နေတာပါ။ အမှန်ကတော့ ဒီကိစ္စဟာ ပိုလန်လူမျိုးတွေရဲ့ ကိစ္စ၊ ဒန်းဇစ်မြို့ရဲ့ ပြဿနာ၊ မဂ္ဂိနော့ခံတပ်တလျှောက်မှာ မတော်တဆ တိုက်ပွဲဖြစ်တာကလေးတွေတော့ ရှိသပေါ့။ ဒါပေမယ့် ငြိမ်းချမ်းရေးကာလ လမ်းပေါ်မှာလဲ လူတွေ သေနေကြတာပဲ မဟုတ်လား၊ ခု ခေတ်ကြီး ပြောင်းနေတယ်ဆိုတာ သတိထားဦးလေ၊ အလျှင်တုန်းက အမြင်ဟောင်း၊ အတွေးဟောင်းတွေနဲ့ချည်း ကြည့်မနေနဲ့၊ ခုစစ်ပွဲက အလျှင်တုန်းက ဖြစ်တဲ့စစ်မျိုး မဟုတ်ပါဘူး၊ အစ်ကိုကြီးတို့မှာ မဂ္ဂိနော့ခံတပ်ကြီး ရှိတယ်၊ သူတို့မှာလဲ ဆီးဖရိုက်ခံတပ်ကြီး ရှိတယ်၊ ဘယ်ဘက်ကမှ တလက်မ ရှေ့တိုးလို့ မရဘူး၊ ခုဟာက ခံတပ်တဘက်စီမှာ ထိုင်ပြီး တယောက်ကိုတယောက် ကြည့်နေရုံပဲ၊ ခုဆိုယင် ပိုလန်လူမျိုးတွေဟာ သူတို့ကိုယ်သူတို့ ကောင်းကောင်း ကာကွယ်နေကြပြီ၊ တကယ်တော့ ပိုလန်လူမျိုးဟာ တော်တော်ကိုယ်ကျိုးစွန့်တဲ့ လူမျိုး၊ တော်တော်ရဲရင့်တဲ့ လူမျိုး၊ ဒီစကားကို အစ်ကိုကြီး တလျှောက်လုံး ပြောခဲ့တယ်၊ ခုအတိုင်းဆိုယင် ပိုလန်လူမျိုးတွေဟာ နွေဦးပေါက်အထိ ခံတိုက်နေကြဦးမှာပဲ၊ ဒီထက်တောင် ကြာချင်ကြာဦးမယ်၊ ဒီတုန်းမှာ အစ်ကိုကြီးတို့ကိုယ်ကို ပြင်ဆင်ထားရမယ်၊ ပြီးယင် ဂျာမန်တွေနဲ့ သဘောတူညီချက်ရအောင် လုပ်ရမယ်၊ ကဲ… ဒီတော့ ဘာများ ကြောက်စရာ ရှိသေးလို့လဲ"

"ပေါလက်ကတော့ ဘာဖြစ်ဖြစ် ကြောက်တာပဲ၊ အထူးသဖြင့် ညမှောင်ချထားပြီး ဥသြကြီးတွေ ဆွဲပြီဆိုယင် သိပ်ကြောက်တာပဲ"

မျက်ရည်တို့ စိုစွတ်လျက်ရှိသည့် ပေါလက်၏ မျက်လုံးများသည် ခါတိုင်းထက် စွဲမက်ဖွယ်ကောင်းနေသည်ဟု တက်စ ထင်၏။ တက်စက ငှက်နှုတ်သီးလို ချွန်ကောက်နေသည့် သူ့နှာခေါင်းကို ပေါလက်၏ ရင်ခွင်ကြားတွင် မြုပ်လိုက်ပြီး…

"မသွားပါနဲ့ အချစ်ရယ်၊ အစ်ကိုကြီး တယောက်တည်းသာ ကျန်ရစ်တော့မှာပေါ့။ အစ်ကိုကြီး ဘယ်လောက် အလုပ်များသလဲဆိုတာ သိသားပဲ၊ နောက် နှစ်ပတ်လောက်က သိပ်အရေးကြီးတယ်"

"အစ်ကိုကြီးပဲ စစ်ကြီးဖြစ်မှာ မဟုတ်ပါဘူးဆို"

"စစ်ဖြစ်မှာကြောင့် မဟုတ်ပါဘူးကွယ်၊ အစ်ကိုကြီးတို့ တိုင်းပြည်အတွင်းရေးကို ပြောနေတာပါ၊ လွှတ်တော်ထဲမှာ အစ်ကိုကြီးတို့က အများစု ရနေပါပြီ၊ ဒါပေမယ့် အစ်ကိုကြီးတို့မှာ ကွန်မြူနစ်တွေကို အပြတ်ရှင်းဖို့ ကျန်နေသေးတယ်၊ ကွန်မြူနစ်တွေကို ရှင်းပစ်ဖို့ ပုလိပ်နဲ့တင် လွှဲထားလို့ မဖြစ်သေးဘူး၊ နိုင်ငံရေးအရ အကြီးအကျယ် လုပ်ရမယ့်ကိစ္စ၊ နပိုလီယန်လို သတ္တိမျိုးလိုတယ်၊ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးတို့အနေနဲ့ကတော့ ဒီကောင်တွေကို ရှင်းပစ်ရမှာပဲ"

တက်စ၏ မျက်နှာသည် တင်းမာသွား၏။ ပြည်ချစ်ပုဂ္ဂိုလ်တယောက်အနေဖြင့် သူက

စံနမူနာ ပြရမည်။ သူ့သမီး ဒင်းနိစ်ကို သူ ဘယ်မျှချစ်ကြောင်း လူတိုင်း သိကြသည်။ သို့ရာတွင် ဒင်းနိစ်သည် ပြင်သစ်ပြည်ကြီး ရန်သူများဘက်တွင် ရောက်နေပြီ။ သူ့ရင်ထဲက မိဘမေတ္တာကို ဆုတ်ဖွဲ့ဖျက်ဆီးနေပြီ။

"ဪ... ရယ်စရာတခု ပြောရဦးမယ်၊ မနက်ဖြန်မှာ ဗရင်ဂျီဘာသာဝင်တွေက စစ်နိုင်အောင် ဆုတောင်းပွဲ ကျင်းပလိမ့်မယ်၊ အဲဒီမှာ အစ်ကိုကြီးက အစိုးရအဖွဲ့ရဲ့ ကိုယ်စားလှယ်အဖြစ် တက်ရမယ်လေ၊ အစ်ကိုကြီး ဘုရားရှိခိုးတာ တခါမှ မမြင်ဖူးသေးဘူး မဟုတ်လား၊ ခုတော့ ဘုရားမယုံတဲ့လူ ဘုရားရှိခိုးနေရပြီလေ၊ ဘယ်လောက် ရယ်စရာကောင်းသလဲ"

ပေါလက်ကမူ တရှုပ်ရှုပ် ငိုလျက်ရှိ၏။

ငယ်ငယ်တုန်းက ဘုရားရှိခိုးကျောင်း ရောက်ဖူးသည်မှလွဲ၍ နောက်ထပ် မရောက်တော့။ တက်စသည် ဘာသာတရားဆိုလျှင် အလွန်ခါးသီးသည်။ လူတယောက်ကို နှိမ်ချင်ပြီဆိုလျှင် "သူ့ကိုယ်က အမွှေးတိုင်စော် နံလိုက်တာ" ဟု ပြောတတ်သည်။ ဗရင်ဂျီဘုန်းကြီးများကို "ကျီးကန်းနက်တွေ" ဟု ခေါ်တတ်သည်။ ဤသို့ဖြင့် တက်စသည် သူ့ကွယ်လွန်သူ ဇနီးသည်ကို စိတ်ထိခိုက်အောင် လုပ်ပေါင်းများလှပြီ။

အဘွားအိုကြီးများသာလျှင် ဘုရားကျောင်းသို့ သွားတတ်ကြသည်ဟု သူထင်သည်။ ယောကျ်ားများနှင့် စစ်သားများ ဘုရားရှိခိုးသည်ကို မြင်လျှင် တက်စ အံ့သြ၍မဆုံး။ ဘုရားရှိခိုးကျောင်းထဲတွင် မှုန်ရီရီ ဖယောင်းတိုင်မီး မှိန်မှိန်တို့ကိုမြင်လျှင် သူ့ဇနီးတုန်းက အလောင်းဘေးတွင် ဖယောင်းတိုင်တွေ ထွန်းထားသည်ကို အမှတ်ရသည်။ ပတ်ဝန်းကျင်ကို ကြည့်၍ တက်စ ဝမ်းနည်းလာသည်။ ဓမ္မသီချင်းဆိုသူတို့၏ ဆွတ်ပျံ့ဖွယ်တေးသံ။ ရောင်စုံမှန်ပြတင်းများမှ ဖြာကျလာသည့် နေရောင်ခြည်များ စသည်တို့သည် ပျောက်ဆုံးသွားသော နိဗ္ဗာန်ဘုံတခုအကြောင်းကို ပြောပြနေသကဲ့သို့ ရှိ၏။ ဓမ္မ၏ ဘာသာစကားကို တက်စ ယခုတွေ့ပြီ။ သူ့တွင် ဇနီးဆုံးခဲ့ရ၏။ သားသမီးတွေ လက်လွတ်ခဲ့ရ၏။ စိတ်ငြိမ်းချမ်းမှု ဆုံးရှုံးခဲ့ရ၏။ မှန်သည်။ ဤအဆောင်အယောင် အခမ်းအနားများသည် အစွဲအလမ်းများ ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် တခါတရံ၌ အသေးအဖွဲကိစ္စများမှ ထွက်ပြေးခိုလှုံရန် အကောင်းဆုံးနေရာဖြစ်သည်။ ကိုယ့်ဘဝကိုယ် မေ့ပျောက်ထားလိုက်ရန် အကောင်းဆုံးနေရာ ဖြစ်သည်။

ခပ်ဝဝ ဘုန်းတော်ကြီးကို သူကြည့်၏။ မျက်နှာတွင် အကြောနီနီကြီးတွေက ထောင်လျက်။ မျက်လုံးများက တည်ငြိမ်သည်။ စူးရှတောက်ပြောင်သည်။ ဘုန်းတော်ကြီးသည်လည်း သူလိုကိုယ်လို သောကတွေ ရှိလိမ့်မည်။ ပုပ်ရဟန်းမင်းကြီး၊ သာသနာပိုင်များနှင့် ဘုန်းတော်ကြီးများနှင့်လည်း သင့်တင့်မျှတစွာ ဖြစ်အောင် နေရလိမ့်မည်။ ဘဝသည်လည်း နိုင်ငံရေး အသွင်တမျိုး မဟုတ်လော။ အဆုံးတွင် ပျားဖယောင်းတိုင်များကိုသာ မြင်ရ၏။

ခေါင်းလောင်းတီးလိုက်သည်တွင် လူတွေ ဒူးထောက်၍ ထိုင်ကြသည်။ ဇာတ်ရုံကြီးတရုံနှင့် တူနေသည်။ သို့ရာတွင် တက်စသည် အများနှင့်ရော၍ ဝတ်ချပြီး အများနှင့်ရော၍ ထ၏။

အခမ်းအနားတွေကြောင့် တက်စ ငြီးငွေ့နေသည်။ မအောင့်နိုင်တော့ပဲ သမ်းလိုက်၏။ ချက်ချင်း ရှင်လန်းသွားသည်။ သူ့ဘေးတွင် အဝတ်နက်ကို ဝတ်ထားသည့် မိန်းမပျိုကလေးတယောက်။ နဖူးက ထင်းနေသည်။ ပါးလွှာသည့် နှုတ်ခမ်းများက စိုစွတ်လျက်။ ရုပ်တုတခုနှင့် တူသည်။ ဤလိုရုပ်မျိုးသည်

ရမ္မက်ကြီးတတ်သည်။ အလွန်ရမ္မက်ကြီးတတ်သည်။

ဘရီကျူးသည် သူ့ကို စိုက်ကြည့်နေသည်ဟု သိလိုက်၏။ တက်စသည် ကြက်သီးတွေ ဖြန်းဖြန်းထကာ အများနည်းတူ နှုတ်ခမ်းများကိုလှုပ်၍ ဆုတောင်းချင်ယောင် ပြုနေသည်။ သူ့အနေဖြင့် ဂျာမန်တို့နှင့် ချစ်ကြည်ရေးလုပ်ရန် ထောက်ခံနေသဖြင့် သူသည် ဘရီကျူးကြိုးဆွဲရာကို ကရသူဟု ထင်နေကြပုံ ရသည်။ သို့ရာတွင် မည်သူက မည်သို့ထင်ထင် အရေးမကြီး။ စင်စစ် ဘရီကျူးသည် အနာဂတ်ကို ပိုင်သူဖြစ်ကြောင်း သူသိသည်။ ယခု လူတိုင်းက ပြည်သူ့တပ်ဦးကို ကျိန်ဆဲကုန်ကြပြီ မဟုတ်လော။ ပြည်သူက ပြည်သူ့တပ်ဦးကို ဆန့်ကျင်လာလျှင် အစိုးရသည် လက်ယာဂိုဏ်းကိုသာ အားထားရတော့မည်။ ထိုမျှမက စစ်ဆိုသည်မှာ အတောမသတ်နိုင်သည့်အရာ မဟုတ်။ တနေ့နေ့တွင် ပြီးဆုံးခြင်းသို့ ရောက်ရမည်သာ။ ဘရီကျူးမှလွဲလျှင် ဟစ်တလာနှင့် ချစ်ကြည်ရေး လုပ်နိုင်သူ မည်သူရှိသေးသနည်း။ ကိစ္စမရှိ။ ဘာသာတရား အစွဲအလမ်းကြီးသည့် ဘရီကျူး ကြိုးဆွဲရာကို ကနိုင်သည်။ ဘယ်သူက မည်သို့ဆိုစေ ကိစ္စမရှိ။

အော်ဂင်တီးသံကြောင့် တက်စ ဝမ်းနည်းလာသည်။ အော်ဂင်ဆရာ၏ လက်သံက ကောင်းသည်။ ၁၉၁၇ ခုနှစ်တုန်းက ကြောက်စရာ အဖြစ်တခု ကြားဖူးသည်။ ဘုရားရှိခိုးကျောင်းပေါ်သို့ ဂျာမန်ဗုံးကြီးတလုံး တည့်တည့်ကြီး ကျလာသည်။ ယခုနေ ဘုရားရှိခိုးကျောင်းပေါ်သို့ ဗုံးကြီးတလုံး တည့်တည့်ကြီး ကျလာလျှင် ဒုက္ခ။ မဖြစ်နိုင်သေး။ မည်သူမျှ စစ်မတိုက်ချင်ကြ။ ဂျာမန်တို့သည် ပိုလန်လို တိုင်းငယ်ပြည်ငယ်ကလေးကို လက်အောက်ခံ ကျွန်နိုင်ငံ လုပ်ထားချင်၍သာ တိုက်နေခြင်း ဖြစ်သည်။ ပြင်သစ်လို တိုင်းပြည်ကြီးကိုမူ တိုက်ရဲမည် မထင်။ ယခုအထိ ဂျာမန်တို့နှင့် ချစ်ကြည်ရေး စာချုပ်မချုပ်နိုင်သေးသည်မှာ ဝမ်းနည်းဖို့ကောင်းသည်။ မူဆိုလိုနီသည် မည်သူနှင့်မဆို သင့်တင့်စွာ နေလိုပုံရသည်။ ဤအချက်ကို သံသယဖြစ်ဖွယ်မရှိ။ ယခု လူတွေ အထိတ်တလန့်ဖြစ်ကုန်ကြပြီ။ စစ်ပွဲကြီးတပွဲ ဖြစ်တော့မည်။ သူတို့ စစ်ဗိုလ်ချုပ်ကြီး ဂိန်မလင်သည် တောတောင်လျှိုမြောင်များတွင် တိုက်ရန် စိတ်ကူးနေသည်။ သို့ရာတွင် တောတောင်တွေထဲတွင် မိုင်းဗုံးတွေ မရှိနိုင်တော့ပြီလော။ စစ်ဆိုသည့်အရာသည် အချည်းနှီး လူသတ်ခြင်း ဖြစ်သည်။ ခုအချိန်တွင် သူ့သား လူဆန်းသည်လည်း တိုက်ပွဲတွင် ကျသွားပြီလော မဆိုနိုင်။ တကယ်ဆိုလျှင် သူ့သားကို စစ်မတိုက်ရသည့် စစ်ဦးစီးဌာနမျိုးတွင် ရအောင် သူလုပ်ပေးနိုင်သည်။ သို့ရာတွင် ခက်သည်က လက်ကြောတင်းအောင် အလုပ်မလုပ်ချင်သည့် လူဆန်းသည် ဘယ်ဆီသို့ ရောက်သည်မသိ။ ဝမ်းနည်းစရာတော့ ကောင်းသည်။ တကယ်ဝမ်းနည်းဖို့ကောင်းသည်။ အော်ဂင်တီးသံကလည်း မဆုံးနိုင်တော့ပြီလော။

ဗိုလ်ချုပ် ဒီဗီဆေးကို လှမ်းမြင်လိုက်ရသည်။ သူ ဘုရားဝတ်ပြုနေပုံက စိတ်ပါလက်ပါ ပြုနေသည့်ပုံ။ သို့ရာတွင် သူသည် အနီတယောက်ဖြစ်သည့် ဖီဂျေး၏ မိတ်ဆွေဟု ပြောကြသည်။ ရယ်စရာတော့ ကောင်းသား။ လူကိုကြည့်တော့ စစ်တပ်တတပ်ကို ကွပ်ကဲနေသည့် စစ်ဗိုလ်ချုပ်ကြီးတယောက်။ သို့ရာတွင် ယခုမူ ဘုရားရှိခိုးကျောင်းထဲတွင် တောက အဘွားအိုကြီးလို ဒူးထောက်လျက်။ သန့်ရှင်းသော ဝိညာဉ်တော်ကို တကယ်ပင် ယုံကြည်၍လော။ သူ့ဘာသာသူ ဘာသာတရားကို ကိုင်းရှိုင်းချင် ကိုင်းရှိုင်းပလေ့စေ၊ ဖီဂျေးနှင့် မိတ်ဆွေဖြစ်သည်ထက်မူ ဘာသာတရားကို ကိုင်းရှိုင်းသည်ကမှ တော်သေးသည်။

နောက်ဆုံးတွင် ဘုရားဝတ်ပြုခြင်း ပြီးဆုံးသွား၏။ ဘုရားရှိခိုးကျောင်း မီးရောင်မှိန်မှိန်ထဲတွင် တက်စသည် ဆောင်းဦးပေါက်ရာသီ၏ ဝင်းလဲ့လဲ့

အလင်းရောင်ကို တွေ့နေရသည်။ သစ်ကြားပင်များက ရွှေရောင်တွေကို ဆုပ်၍ ကြဲပက်ထားသည့်နှယ်...။ ရောင်ဇလီဖေး လမ်းမကြီးပေါ်တွင် နေခြည်ကွက်ကွက်ကလေးများသည် လှိုင်းတွန့်ကလေးများလို လက်နေကြသည်။ သည်ရာသီတွင် မိန်းမတွေကို ကြည့်ရသည်မှာ ပိုလှနေသည်ဟု ထင်ရ၏။ လေကြောင်းရန် ကာကွယ်သည့်အနေဖြင့် ပြတင်းပေါက်များတွင် စက္ကူများကို ကပ်ထားသည်။ အချို့ပြတင်းပေါက်များတွင် ပန်းချီကွက်တွေကို ရေးထားသလို အဆန်းတကြယ် ဖြစ်နေသည်။ "အင်း... ဒါလဲ အိမ်ကို ပြင်ဆင်ထားတာ တမျိုးပေါ့" ဟု တွေးမိရာက တက်စ ပြုံးမိသေးသည်။

မိုးသည်းသည်းများနှင့်အတူ အောက်တိုဘာလသို့ ရောက်လာသည်။ တက်စက ပါလီမန် လွှတ်တော်ခန်းမဆောင်များထဲတွင် "ပိုလန်လူမျိုးတွေဟာ တလလောက် ကြာအောင် တိုက်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျုပ်မပြောခဲ့ဘူးလား၊ ဒီကောင်တွေအားလုံး သူခိုးတွေ၊ အရက်သမားတွေချည်းပဲဗျ။ ဒါပေမယ့် ကျုပ်တို့မှာ ခုထက်ထိ ဘာမှ မဆုံးရှုံးသေးဘူး၊ ဟစ်တလာက သူ့လူမျိုးတွေကို အရှေ့ဘက်တိုင်းပြည်တွေ တိုက်သိမ်းပြီး သူ့တိုင်းပြည်က လူတွေကို ငြိမ်အောင် ချော့ထားတယ်၊ ဒါပေမယ့် မဂ္ဂိနော့ခံတပ်ကိုတော့ လာမစမ်းနဲ့၊ ဟစ်တလာ ခံသွားရမယ်၊ နောက်နှစ် လွှတ်လပ်ရေးနေ့ကျယင် ခင်ဗျားတို့ စောင့်ကြည့်ကြပါ၊ လမ်းတွေမှာ မီးရောင်တွေထိန်ပြီး ပြင်သစ်ပြည်ကြီး အောင်ပွဲခံနေတာကို မြင်ရမှာပါ"

တက်စက လွှတ်တော်ခန်းမဆောင်ထဲတွင် အော်ကျယ်ဟစ်ကျယ် ပြောနေသည်။

ကောင်းကင်မှ ဖုံးများအစား စာရွက်တွေ ကျလာကြသည်။ အထက်တန်းလွှာ ရပ်ကွက်များတွင် လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ မွန်တီနီက သူ့မိသားစုများကို ပြန်လာဖို့ခေါ်သည်။ ပျင်းစရာကောင်းသည့် တောကျေးလက်တွင် မိုးစိုစိုနှင့် အဘယ့်ကြောင့် နေရဦးမည်နည်း။ မွန်တီနီ၏ မိန်းမက တောတွင် အစားအသောက်ကို ကန့်သတ်စားနေရသဖြင့် ညည်းသည်။

"ဘာတွေ ဖြစ်ကုန်တယ် ဆိုတာတော့ ဘုရားသခင်မှ သိတော့မှာပဲ ထင်ပါရဲ့၊ အစိုးရကလဲ နေရာတကာ လိုက်ပါနေတာပဲ၊ မီးဖိုချောင်ကိစ္စထဲမှာတောင် ဝင်ပါနေသေးတယ်၊ သူလုပ်တာနဲ့ ညစာတောင် ဘယ်လိုချက်ရမှန်း မသိတော့ဘူး၊ တနင်္လာနေ့ကျယင် သိုးသားမရဘူးတဲ့၊ အင်္ဂါနေ့ကျတော့လဲ အမဲသား မရဘူးတဲ့၊ ဗုဒ္ဓဟူးနေ့ကျတော့လဲ သကြားမရဘူးတဲ့၊ ဒါ လူတွေကို သက်သက်မဲ့ စော်ကားနေတာနဲ့ မတူဘူးလား"

ကော်ဖီမှုန့် ဝယ်မရသည်ကမူ ကြာလှပြီ။ မွန်တီနီ၏ ဇနီး သည်းမခံနိုင်တော့။

"ဆိုင်တွေမှ စုံတကာစေ့နေတာပဲ၊ သွားလိုက်ရတာ၊ ကော်ဖီမှုန့်ဆိုလို့ တမှုန့်မှ မရခဲ့ဘူး တော်ရေ၊ ပိုလန်လူမျိုးတွေ စစ်တိုက်တာနဲ့ ကျွန်မတို့က ဒီအတိုင်း ထိုင်ငတ်နေရမှာတဲ့လား၊ အင်္ဂလိပ်တွေကတော့ သူတို့ လက်ဖက်ရည်သောက်တောင် မပျက်ဘူး။ သူတို့မှာ ဘာမှ မချို့ငဲ့ဘူး။ ကျွန်မတို့မှာသာ အငတ်ခံနေရတာ၊ ဒါ ဝန်ကြီးချုပ် ဒလားဒီးယားကြောင့် ဒီလို ဖြစ်ရတာ ရှင်ရဲ့၊ ဒလားဒီးယား ဆိုတာ ကျောင်းဆရာ လုပ်လာတဲ့လူ၊ စာပဲ သင်တတ်မှာပေါ့။ ကျောင်းဆရာက ဝန်ကြီးချုပ် တက်လုပ်တော့ ခက်ကုန်တာပေါ့"

ဆိုင်များတွင် ကော်ဖီမှုန့် ဝယ်၍ ရလာသည်။ ဤတွင် မွန်တီနီ၏ ဇနီး

စိတ်သက်သာရာ ရသွား၏။

ဆိုင်များတွင် အရောင်းအဝယ် ကောင်းနေသည်။ ကာလပျက်ခါနီးသောကြောင့် မရှိဆင်းရဲသားများကလည်း ချွေချွေတာတာ လုပ်မနေကြတော့။ နောင်ခါလာ နောင်ခါချေး သဘောဖြင့် ရှိသမျှကို လက်ဖွာဖွာ သုံးနေကြသည်။ ပျော်ပွဲစားရုံများတွင် လူတွေ ပြည့်နေသည်။ အဝတ်အစားဆိုင်များတွင် အရောင်းအဝယ် ကောင်းနေသည်။ အမျိုးသမီးဆောင်း ဦးထုပ်များက ပုံဆန်းတွေ။ စစ်သမီးဆောင်းသည့် ဦးထုပ်ပုံ။ အလှပစ္စည်းဆိုင် မှန်ပြတင်းများတွင် တင့်ကားပုံ ရင်ထိုးတွေ။ ယူနီယံဂျက်အလံဖြင့် ချုပ်ထားသည့် လည်စည်းတွေ။ လက်ဖွဲ့ တွေ။ "ပြင်သစ်ပြည် တနေရာရောက် မောင့်အတွက်" ဟု စာတန်းထိုးထားသည့် လက်ကိုင်ပဝါတွေကို ပြထားသည်။

"ပြင်သစ်ပြည် တနေရာ" ဆိုသည့် စကားလုံးသည် ခေတ်စားသော စကားလုံး ဖြစ်လာသည်။ "မနေ့က ပြင်သစ်ပြည် တနေရာတွင် ဗိုလ်ချုပ် ဆီကိုစကီက တပ်များကို စစ်ဆေးသည်" ဟု သတင်းစာများက ရေးကြသည်။ ဆိုင်ပြတင်းများရှေ့တွင် သူတောင်းစားများက"ရှေ့တန်း တနေရာရောက် မောင်ရေ၊ ခင့်မောင်ရေ၊ ခင့်အပြုံးတွေကို သတိရပါလေ" ဟု သီချင်းဆို၍ တောင်းကြသည်။

နိုင်ငံခြားသတင်းထောက်များ၏ နေ့လယ်စာစားပွဲတခုတွင် တက်စက မိန့်ခွန်းပြော၏။

"ကျွန်တော်တို့ ပြင်သစ်လူမျိုးတွေဟာ ခါတိုင်းလို သွားမြဲ၊ လာမြဲ၊ နေမြဲဆိုတာ ကမ္ဘာကြီးကို ပြောလိုက်ပါ၊ အမြောက်သံတွေ၊ သေနတ်သံတွေအစား ကျွန်တော်တို့ဟာ 'ပါရီသည် ယခုတိုင် ပါရီဖြစ်သည်' ဆိုတဲ့ မောရစ်ရှဗဲလီးယားရဲ့ သီချင်းကို ဆိုနေတယ်ဆိုတာ ပြောလိုက်စမ်းပါ" ဟု နိုင်ငံခြားသတင်းထောက်များ၏ နေ့လယ်စာစားပွဲတခုတွင် ဝန်ကြီးတက်စက မိန့်ခွန်းပြောသည်။

စစ်တပ်များ ငြီးငွေ့ကြလိမ့်မည်ဆိုကာ ပြည်သူလူထုက လက်ဆောင်တွေ ပို့ကြသည်။ ခာတ်ပြားတွေ၊ ဖဲထုပ်တွေ၊ ဘောလုံးတွေ၊ စစ်တုရင်ရုပ်တွေ၊ စုံထောက်ဝတ္ထုတွေ၊ စစ်ဗိုလ်များ၏ ဇနီးများက သူတို့ယောကျ်ား စစ်ဗိုလ်တွေအတွက် ကုလားအုပ်မွေး ခါးပြတ်အင်္ကျီတွေ ပို့ကြသည်။ ပါရီမြို့က အကောင်းဆုံးဆိုတဲ့ စားတော်ကဲတွေ ပြင်ဆင်ထားသည့် အရက်စိမ် သစ်သီးခြောက်များနှင့် နပိုလီယံ ဘရန်ဒီပုလင်းများကို ပို့ကြသည်။

စစ်ကြီးဖြစ်လာလျှင် ဒုက္ခသုက္ခတွေ တွေ့ကြလိမ့်မည်ဟု တွေး၍ ကြောက်နေကြသည့်တိုင် ထိုနှစ် ဆောင်းဦးပေါက်ရာသီသည် ခါတိုင်းထက် ပို၍ ပျော်စရာကောင်းနေသည်။ ဇာတ်ပွဲ ပထမညများ၊ ဧည့်ခံပွဲများ၊ ပြပွဲများ၊ နိဗ္ဗာန်ဈေးများ၊ ရန်ပုံငွေကပွဲများဖြင့် ခြိမ့်ခြိမ့်သည်းသည်း ဖြစ်နေသည်။ လူရည်တတ် အသိုင်းအဝိုင်းတွင် မျက်နှာပွင့်နေသည့် ဂရမ်ဒယ်ကား ပွဲတိုင်းကျော်။ သူမပါသည့် ဧည့်ခံပွဲဟူ၍ မရှိသလောက်ပင်။

စစ်ပွဲဖြစ်ခါစတွင် ဂရမ်ဒယ်က သူ့ကို စစ်မြေပြင်သို့ပို့ရန် တောင်းဆိုသည်။ "ရှေ့တန်းစစ်မျက်နှာမှာ ထွက်ပြီး တိုက်ပါရစေ" ဟု လွှတ်တော်ထဲတွင် ပြော၏။ သို့ရာတွင် "အမတ်မင်းက ဒီမှာပဲပြီး တိုင်းပြည်အတွက် အလုပ်လုပ်နိုင်ပါတယ်" ဟု မိတ်ဆွေအမတ်များက ဝိုင်းတားကြသည်။ သူ့ကို လူကြိုက်များလိုက်ပုံမှာ ဆိုဖွယ်မရှိတော့။ ဂျူကိန်းက ပျောက်သွားသည့် ဂရမ်ဒယ်၏ စာအကြောင်းကို လွှတ်တော်ထဲတွင် စပြောသည့်အခါတွင် အမတ်များက သူ့ကို ဝိုင်းကန့်ကွက်ကြသည်။

"ဒါ ပုဂ္ဂိုလ်ရေးကိစ္စတွေပါ၊ အမျိုးသားညီညွတ်ရေးကို ပုဂ္ဂိုလ်ရေးကိစ္စတွေနဲ့ ဖုံးမပစ်ပါနဲ့" ဟု ဝိုင်းအော်ကြသည်။

နောက်ဆုံးအချိန်အထိ ဂျာမနီနှင့် စေ့စပ်ဆွေးနွေးရန် လိုလားခဲ့ကြောင်းကို ဂရမ်ဒယ်ကလည်း လျှို့ဝှက်ထားခြင်း မရှိ။

"(စစ်ပွဲ စဖြစ်တဲ့) စက်တင်ဘာလ တရက်နေ့အထိ စစ်ပွဲကြီးကို ရှောင်ကွင်းချင်တယ်ဆိုယင် ရှောင်ကွင်းနိုင်တဲ့ အခြေအနေတွေ ရှိသေးတယ်" ဂရမ်ဒယ်က ပြောခဲ့သည်။ "ဝန်ကြီးချုပ် ဘွန်းနက်ဟာ အီတလီနိုင်ငံခြားရေးဝန်ကြီး ဆီယန်နိုနဲ့ တယ်လီဖုန်း ပြောခဲ့သေးတယ်၊ (အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီနဲ့ အီတလီ) နိုင်ငံခြားရေးဝန်ကြီးလေးယောက် တွေ့ဆုံဆွေးနွေးသင့်တယ်လို့ ကျွန်တော် တောင်းဆိုခဲ့တယ်။ ကျွန်တော့်တောင်းဆိုချက်ကို ကျွန်တော်တို့ ဂိုဏ်းသား လွှတ်တော်အမတ်တွေက ထောက်ခံခဲ့ကြတယ်၊ ဒါပေမယ့် အဖြစ်အပျက်တွေဟာ တခုပြီးတခု လျင်မြန်စွာ ပေါ်ပေါက်လာခဲ့ကြတယ်၊ ဒါဟာ ဘယ်သူ့တာဝန်လဲ၊ ဘယ်သူ့အပြစ်လဲဆိုတာကို သမိုင်းက ပြလိမ့်မယ်၊ ခုနေအချိန်မှာ ကျွန်တော် ဘာမှ ငြင်းခုံမနေချင်ဘူး၊ ခု စစ်ကြီး ဖြစ်ပြီ၊ ဒီတော့ ကျွန်တော်တို့ရဲ့ ခုလောလောဆယ် တာဝန်ကတော့ စစ်ကို အနိုင်တိုက်ဖို့ပဲ ဖြစ်တယ်"

လွှတ်တော်အမတ်များက ဂရမ်ဒယ်၏ မျိုးချစ်စိတ်ဓာတ်ကို ချီးကျူးကြသည်။ စစ်ကြီး ဖြစ်လာသည့်အတွက် ဂရမ်ဒယ်၏ စာကိစ္စကို လူတွေက မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြ၏။ ဖဲချပ်တွေကို မွှေလိုက်ပြီးပြီ။ ဂရမ်ဒယ်သည် ဖက်ဆစ်တွေကို တိုက်ရန် အဆင်သင့်ဖြစ်နေပြီ။ စစ်ပွဲကြီးကို နိုင်အောင်တိုက်ရမည်ဟု ပြောသည့်အခါတွင် ဂရမ်ဒယ်၏အသံသည် ပကတိရိုးသားသည့် အသံပေါက်နေ၏။

လွှတ်တော်အမတ်များက ဂရမ်ဒယ်၏ မျိုးချစ်စိတ်ဓာတ်ကို ချီးကျူးကြသည်။ စက်မှုလုပ်ငန်းရှင်ကြီးများက "တည်ငြိမ်သည့် စိတ်ထားရှိသူ" ဟု ခေါ်သည်။ အထက်တန်းလွှာ အမျိုးသမီးများက သူ့ကို ချစ်ကြသည်။ ဂရမ်ဒယ်က ရုပ်ချော၊ အပြောကောင်း။ သူစကားပြောလျှင် ကျောက်ရုပ်ကပင် မျက်ရည်ကျလောက်သည်။ တည်ငြိမ်သည့် သူ့အမူအရာနောက်ကွယ်တွင် ပြင်းထန်သည့် စိတ်ဓာတ်ရှိသည်ဟု ထင်ရသည်။

မိမိသည် လိမ်လည်မှုတခုတွင် ပါဝင်ခဲ့သူမှ ဟုတ်ပါ၏လောဟု ဘရီကျူးလို လူပင်လျှင် သူ့ကိုယ်သူ သံသယဖြစ်မိသေးသည်။ လူဆန်းလိုလူကို စိတ်ကူးယဉ်သည့်အတွက် သဘောကျခဲ့သည့်တိုင် လူဆန်းသည် စိတ်ကူးယဉ်လွန်းသည်ဟု ထင်သည်။ သို့ရာတွင် ဂရမ်ဒယ်ကမူ အပြစ်ပြောစရာ မရှိ။ သူ့အမူအရာက ပြင်သစ်ပြည်ကြီးကို တကယ်ချစ်မြတ်နိုးသည့်နှယ်။

ဘရီကျူးသည် စစ်ပွဲကြီးကို ပြဇာတ်ကြီးတပုဒ်နှယ် ကြည့်မြင်သည်။ စစ်ပွဲကြီး မည်သို့အဆုံးသတ်မည်ကို မျှော်ကြည့်သည်။ သို့ရာတွင် ကြည့််၍မမြင်။ "အင်း... စစ်ကြီးကိုတော့ နိုင်အောင်တော့ တိုက်ရမှာပေါ့လေ" ဟု သူ့ကိုယ်သူ တယောက်တည်း ပြောမိသည်။ သို့ရာတွင် အာဏာသည် လွှတ်တော်အမတ်တစု လက်ထဲတွင် ရှိနေသမျှ ကာလပတ်လုံး သည်စစ်ကြီးကို နိုင်အောင်တိုက်၊ ပါလီမန်လွှတ်တော်ကို ဖျက်သိမ်းခြင်းမပြုပဲ ပြင်သစ်ပြည်သည် ဤစစ်ပွဲကြီးကို မနိုင်နိုင်။ လွှတ်တော်အမတ် လေအိုးများကို ထောင်ထဲ ထည့်မထားပဲနှင့် ပြင်သစ်ပြည်သည် ဤစစ်ပွဲကြီးကို မအောင်နိုင်။

ဂရမ်ဒယ်၏ ဆံပင်များသည် ဖြူကုန်ကြပြီ။ သူ့မျက်လုံးများတွင် ဝမ်းနည်းသည့်

အရိုပ်အရောင်သည် ယှက်သန်းလျက်ရှိ၏။ “အင်း သူလဲ ငါ့လိုပဲ စိတ်ညစ်နေဟန် တူလေရဲ့” ဟု ဘရီကျူး တွေးမိသည်။ သူတို့နှစ်ယောက်တည်း တွေ့ကြသည့်အခါများတွင် ဘရီကျူးသည် ဂရမ်ဒယ်ကို လက်ဆွဲနှုတ်ဆက်ကာ “အတိတ်ကို မေ့လိုက်ကြပါစို့ဗျာ” ဟု ပြောတတ်သည်။

ဘရီကျူးနှင့် ဂရမ်ဒယ်တို့၏ ရန်ပွဲသည် တနှစ်မျှကြာသည်။ သို့ရာတွင် သူတို့ရန်ဖြစ်ကြသည်ကို မည်သူမျှ မသိကြ။ ပြန်လည် သင့်မြတ်သွားသည်ကိုလည်း မည်သူမျှ မသိလိုက်ကြ။ လွှတ်တော်အမတ်များနှင့် တိုင်းပြည်၏ အမြင်တွင်မူ သူတို့နှစ်ယောက်သည် တကယ့်မိတ်ရင်းဆွေချာများ၊ လုပ်ဖော်ကိုင်ဖက်များအဖြစ် မြင်နေကြသည်။ စစ်စက်မှုလုပ်ငန်းဌာနတွင် ဂရမ်ဒယ်ကို ဝန်ကြီးအဖြစ် ခန့်ထားရန် ဘရီကျူးက အဆိုတင်သည့်အခါတွင် မည်သူမျှ အံ့သြခြင်း မဖြစ်ကြတော့။

ဂရမ်ဒယ်ကိုပြန်၍ ချီးမြှောက်ရန် ဘရီကျူးသည် တက်စကို မနည်း သွေးဆောင်ခဲ့ရ၏။ သို့တိုင်အောင် ပိုင်ပိုင်နိုင်နိုင် ဖြစ်သေးသည် မဟုတ်။ ယခုပင်လျှင် တက်စက ကန့်ကွက်လေဦးမည်လားဟု တထိတ်ထိတ် ဖြစ်နေရသေးဆဲ။ သို့ရာတွင် တက်စသည်လည်း အတိတ်က အကြောင်းတွေကို ပြန်မကောက်ချင်တော့။ ဂရမ်ဒယ်နှင့် ပတ်သက်၍ လူဆန်း ခိုးယူလာခဲ့သည့်စာကို ရှည်ဝေးသော အတိတ်အဖြစ်အပျက်တရပ်အဖြစ် တက်စ သဘောထားလိုက်ပြီ။ ယခုဆိုလျှင် ဂရမ်ဒယ်ကို နာဇီတို့လူဟု မည်သူက သံသယ ဖြစ်သေးသနည်း။ ဖိုးဂျက်တို့၊ ဂျူကိန်းတို့လော၊ သူတို့လည်း မရှိကြတော့။ ဖိုးဂျက်ဆိုလျှင်လည်း ရေဒီကယ်ပါတီက အထုတ်ခံရပြီးပြီ။ မော်စကို ဆွေးနွေးပွဲတွင် သူလိုက်လာပြီး အင်္ဂလိပ်နန်းရင်းဝန် ချိန်ဘာလိန်ကို လူသိရှင်ကြား ထုတ်ဖော်တိုက်ခိုက်ခဲ့သဖြင့် ပါရီနှင့် လန်ဒန်တို့ ကံကောင်း၍ သဘောမကွဲခဲ့ရခြင်း ဖြစ်သည်။ ဂျူကိန်းကမူ စကားပြော ကောင်းရုံမျှသာ။ ဂျူကိန်းသည် စကားထစ်သည့်တိုင် သူ့ကိုယ်သူ ဂန်ဘာတာလို လွှတ်တော်ထဲတွင် စကားပြောကောင်းသူဟု ထင်နေသည်။ လူတိုင်းကို ဆန့်ကျင်နေသည်။ မီးလာ့ဒ်က သူ့ကို “ပရုတ်လုံးစော် နံနေသည့် လူမျိုးကြီးဝါဒသမား” ဟု ကင်ပွန်းတပ်ခဲ့သည်။ ဘရီကျူးသည် သူ့ကို အသရေဖျက်မှုဖြင့် တရားစွဲမည် တကဲကဲ လုပ်သေးသည်။

ဟုတ်သည်။ ဂရမ်ဒယ်၏ ရန်သူများသည် တယောက်မှ ယုံကြည်စိတ်ချရသူများ မဟုတ်။ သမာဓိရှိသူများ မဟုတ်။ ထို့ပြင် ဤလိုအချိန်မျိုးတွင် အဖြစ်အပျက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ကြည့်မြင်တတ်ရမည် မဟုတ်လော။ ဂရမ်ဒယ်၏ အကျင့်စာရိတ္တတွေ ဘယ်သို့ရှိရှိ ဂရမ်ဒယ်သည် ကွန်မြူနစ်ဆိုလျှင် ခါးခါးသီးသီးမုန်းသူ ဖြစ်သည်။ ဂရမ်ဒယ်သည် ကွန်မြူနစ်တို့အကြောင်းကို အတွင်းအပြင် ချေးခါးအူမ မကျန်အောင် သိသူဖြစ်သည်။ လူထုအမြင်တွင်မူ ဂရမ်ဒယ်သည် လက်ဝဲသမားတယောက်။ ဂရမ်ဒယ်သည် ပြင်သစ်ပြည်က အရင်းရှင် မိသားစုကြီး ၂၀၀ ကို ဆန့်ကျင်ပြသည်။ အမေရိကန် စက်မှုအရင်းရှင်ဝါဒအကြောင်းကို စာအုပ်တအုပ် ရေးဖူးသည်။ စစ်စက်မှုလုပ်ငန်းကမူ အရေးကြီးသည်။ စက်ရုံများတွင် ကွန်မြူနစ်တွေ ရှိနေသည်။ သင်းတို့ကို အစုလိုက် အပြုံလိုက် ဖမ်းပစ်ရမည်။ ဟုတ်သည်။ သင်းတို့ကို ဂရမ်ဒယ်က ဖမ်း၍ ထောင်ထဲထည့်ထားလိမ့်မည်။ အလုပ်ချိန်သီတင်းပတ်ကို တိုးရမည်။ လုပ်ခတွေကို လျှော့ပစ်ရမည်။ အကြမ်းအရမ်းတွေ များသွားလျှင် သူ့ကို တိုင်းပြည်ကဝိုင်း၍ လက်ညှိုးထိုးလိမ့်မည်။ တက်စနှင့် ရေဒီကယ်အမတ်များကိုမူ မည်သူကမျှ ပြောမည်မဟုတ်။

သူ့တွင် သမီးရှိခဲ့လျှင် သမီးကို ဂရမ်ဒယ်လို လူမျိုးနှင့် ယောင်၍မျှပင် ပေးစားမည်

မဟုတ်ဟု မကြာသေးမီကပင် ဘာရီကျူး ပြောခဲ့ဖူးသည်။ ယခု ဘာရီကျူးနှင့် တက်စတို့သည် ထိုစကားကို မေ့သွားကြပြီ။ စစ်ပွဲကြီးတပွဲ ဖြစ်နေစဉ် ပါရီတွင်းက ရန်ပွဲကို ရပ်စဲထားရလိမ့်မည်။ ထို့ကြောင့် ဂရမ်ဒယ်အား စစ်စက်မှုလုပ်ငန်းဝန်ကြီး ခန့်သည့်ကိစ္စတွင် တက်စကလည်း သဘောတူသည်။

ဒက်ဇာမှလွဲလျှင် ပြင်သစ်ပြည်က စက်မှုလုပ်ငန်းရှင်ကြီးများအားလုံးက ဂရမ်ဒယ်အား ထိုနေရာတွင် ခန့်ထားသည်ကို သဘောတူကြသည်။ မွန်တီနီကဆိုလျှင် "ကောင်းတယ်၊ ဂရမ်ဒယ်ကို ခန့်လိုက်ယင် အားလုံး စည်းကမ်းသေဝပ်သွားမှာ၊ နောက်ပိုင်းမှာ ဖရိုဖရဲ ဖြစ်နေယင် ရှေ့တန်းမှာ ဘယ့်နှယ်လုပ် စစ်တိုက်လို့ ရပါတော့မလဲဗျ၊ သည်အလုပ်သမားတွေကို စကားလုံးနဲ့ ဖျောင်းဖျဆွေးနွေးနေလို့ မရဘူး၊ ခပ်တင်းတင်း ခပ်ကြမ်းကြမ်း ကိုင်ပစ်ရမယ်" ဟု ပြောသည်။

ဂရမ်ဒယ်အား စစ်စက်မှုဝန်ကြီး ခန့်ထားခြင်းကို အလုပ်သမားအဖွဲ့ချုပ် ဥက္ကဋ္ဌ မျူးဂါးကလည်း ထောက်ခံသည်။ မျူးဂါးသည် ပြင်သစ်ပြည်ထွက် ဘောဇိုက်သတ္တုများကို ဆွစ်ဇာလန်မှတဆင့် ဂျာမန်တို့ထံသို့ ပို့နေသည်ဟု တနေ့တွင် ဂျူကိန်းက စွပ်စွဲသည်။

"ဒါ သက်သက်မဲ့ သားပုပ်လေလွင့် ပြောတာ၊ ကျုပ်က ကျုပ်အစီအစဉ်နဲ့ကျုပ် လုပ်တဲ့လူ"

မျူးဂါးက ပြောသည်။ သူ့အစီအစဉ် ဆိုသည်ကလည်း ရှင်းသည်။ မျူးဂါးအနေဖြင့် ပြင်သစ်ပြည်ကြီးသည် စစ်တိုက်ချင်းတိုက်လျှင် ဘာလင်ကို မတိုက်သင့်။ မော်စကိုကိုသာ တိုက်သင့်သည်ဟု ယူဆသည်။ မျူးဂါး၏ ဝါသနာမှာ "တတိယ အင်တာနေရှင်နယ်" ခေါ် ကွန်မြူနစ်များကို နိုင်ငံအားလုံးက ဝိုင်းဝန်းတိုက်ခိုက်ရေး ဖြစ်သည်။ "ဒါပေမယ့် ခက်တာက စစ်ဖြစ်နေတာက ကျွန်တော်တို့နဲ့ ဂျာမန်နဲ့ ဖြစ်နေတာဗျ" ဟု ကန့်ကွက်သည့်အခါတွင် မျူးဂါးက "နေပါဦးလေ၊ ဒါက ပထမခြေလှမ်းပဲ ရှိပါသေးတယ်" ဟု ဖြေသည်။ စစ်ကြေငြာပြီးသည့်နောက်တွင် မျူးဂါးသည် စပိန်သို့ ထွက်သွား၏။ မက်ဒရစ်မြို့တွင် ဂျာမန်သံအမတ်နှင့် တွေ့ဆုံဆွေးနွေးသည်ဟု သတင်းဖြစ်နေသည်။

ဂရမ်ဒယ်ကို စစ်စက်မှုလုပ်ငန်းဌာနဝန်ကြီး ခန့်အပ်လိုက်သည့်အခါတွင် မကျေနပ်သူဆို၍ ဒက်ဇာတယောက်သာ ရှိ၏။ "ဒီဌာနက စက်မှုလုပ်ငန်း ပါရဂူတွေ ဦးစီးရမယ့် ဌာနဗျ၊ နိုင်ငံရေးကလိန်ခြုံတွေကို ခန့်ရမယ့်ဌာန မဟုတ်ဘူး" ဟု ဒက်ဇာက ပြောသည်။

သို့ရာတွင် ယခုအချိန်၌ ဒက်ဇာသည် အလျှင်ကလို အရှိန်ဩဇာ မကောင်းတော့ပြီ။ ဒက်ဇာ၏ မအောင်မြင်သော နိုင်ငံရေးကျားကစားကွက်သည် စီးပွါးရေးလောကတွင် ပြောစမှတ် ဖြစ်နေသည်။ ဒက်ဇာသည် သန်မိသန်ရာကို လုပ်တတ်သူ၊ တဇွတ်ထိုးသမားဟု လွှတ်တော်အမတ်များက ယူဆကြသည်။ ဒက်ဇာသည် ပြည်သူ့တပ်ဦးကို ထောက်ခံခဲ့သည်။ နိုင်ငံပေါင်းချုပ်အသင်းကြီး၏ လေလုံးထွားသည့် ဆုံးဖြတ်ချက်များဖြင့် စစ်ပွဲကြီးကို တားနိုင်လိမ့်မည်ဟု ယုံကြည်ကိုးစားခဲ့သည်။ "ရေမွှေးဖျန်းတဲ့ ပိုက်ကလေးနဲ့ မီးသတ်ချင်တဲ့ မီးသတ်သမားဗျ" ဟု ဘာရီကျူးက ပြက်ရယ်ပြုသည်။ ဒက်ဇာသည် ကျားနာတကောင်ဟု တက်စလိုလူကပင် သဘောထားနေပြီ။

သို့ဖြင့် တလကြာသွားသည်။ ဂရမ်ဒယ်ကို ကြည့်ရသည်က တကယ့်ကျွမ်းကျင်သူ။ တကယ် အလုပ်လုပ်သူ၏ ပုံစံမျိုး။ ဂရမ်ဒယ်သည် ဘာရီကျူးနှင့် နေ့တိုင်းတွေ့ဆုံကာ

အခြေအနေအရပ်ရပ်ကို သတင်းပို့သည်။ ဘာရီကျူးထံမှ အကြံဉာဏ်တောင်းသည်။

“ခက်တယ် ဘာရီကျူး၊ စက်မှုလုပ်ငန်းတွေမှာ ကွန်မြူနစ် အလုပ်သမားတွေချည်း ဖြစ်နေတယ်။ ဒီအထဲမှာ ဒက်ဇာကလဲ တမျောင့်၊ ဒီကောင်တွေကို အလျှင်ရှင်းပစ်ရတော့မယ်၊ ဒီကောင်တွေကို မရှင်းလို့ကတော့ ဘာလုပ်ငန်းမှ လုပ်နိုင်မှာ မဟုတ်ဘူး” ဟု ဂရမ်ဒယ်က ညည်းတတ်သည်။

စစ်စက်မှုဝန်ကြီးဌာနသည် ဒက်ဇာ၏ “ဆိမ်း”လေယာဉ်စက်ရုံမှ အလုပ်သမား တော်တော်များများကို ထုတ်ပစ်လိုက်၏။ စက်ရုံတွင် အလုပ်သမား သုံးပုံတပုံခန့်သာ ကျန်တော့သည်။ သည်ကိစ္စကို ဝန်ကြီးနှင့်တွေ့၍ ပြောမှဖြစ်တော့မည်ဟု ဒက်ဇာသဘောရ၏။ ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ဒက်ဇာ ဝန်ကြီးဂရမ်ဒယ်၏ ရုံးခန်းသို့ ရောက်လာသည်။ လက်တဘက်က ဦးထုပ်၊ လက်တဘက်က တုတ်ကောက်ကို ကိုင်ယင်း ဒက်ဇာ ဒေါနှင့်မောနှင့် စကားပြောသည်။ ဂရမ်ဒယ်က ပြုံး၍ နားထောင်ကာ စားပွဲပေါ်မှ စာရွက်များကို တဖြတ်ဖြတ် လှန်နေသည်။ ဂရမ်ဒယ်သည် ဒက်ဇာ ဒေါပွနေသည်ကို အရသာခံနေသည်။ တခါက ဘုန်းတန်ခိုးကြီးသည့် ဒက်ဇာ ဘာတတ်နိုင်သေးသနည်း။ ယခု သူ့ရှေ့တွင် အသနားခံလွှာတင်သည့် လူတယောက်လို သူ့ရှေ့ရောက်နေရပြီ မဟုတ်လော။

ဒက်ဇာသည် အသက်ကိုပင် မှန်မှန် မရှူနိုင်။ ဒက်ဇာ ကောင်းကောင်း မကျန်းမာ။ သူ့ရောဂါသည် အပရိက မဟုတ်။ တကယ့်ရောဂါကြီးဖြစ်ကြောင်း ဒက်ဇာသိသည်။ သို့ရာတွင် ဒက်ဇာသည် ဆေးလည်း ကောင်းကောင်းမကု။ အရက်ကို သောက်မြဲ။ သူ့စီးပွါးရေးလုပ်ငန်းကဲ့သို့ပင် သူ့ကိုယ်ရေးကိုယ်တာကိစ္စများကလည်း ဖရိုဖရဲ။ ဂျုနက်နှင့် တွေ့၍သာ တွေ့နေရသည်၊ သိပ်မပျော်လှ။ မြို့ဆင်ခြေဖုံးက ရိပ်သာတွင်လည်း သူတယောက်တည်း အထီးတည်း။ ညတွင် ကောင်းကောင်း အိပ်၍ မရ။ သေခြင်းတရားအကြောင်းကိုသာ အမြဲတွေးနေမိသည်။ သေရမည်ကို ဒက်ဇာကြောက်သည်။ ဤအကြောက်ကို ဒက်ဇာ ကြိုးစား၍ ဖျောက်သည့်တိုင် ထိုအကြောက်သည် ပျောက်မသွား။ ပြင်သစ်ပြည်ကြီး ပြိုကွဲပျက်စီးသွားတော့မည်ကို သူမြင်သည်။ အလားတူ တန်ခိုးသြဇာမဲ့သွားသော သူ့အဖြစ်ကို တွေးယင်းလည်း စိတ်ဆင်းရဲခြင်း ဖြစ်ရ၏။ များမကြာသေးမီအချိန်အထိ သူသည် တန်ခိုးသြဇာကြီးသူ ဖြစ်ခဲ့သည်။ ယခု သူသည် ကစားဝိုင်းအပြင်ဘက်သို့ ရောက်သွားပြီ။ သူပြောသည်ကို နားထောင်ကြသော်လည်း သူ့ကို အရေးမလုပ်ကြတော့ပြီ။ သူသည် လင်မရှိသော ဧကရီဘုရင်မ၊ ရွှေပွဲစားတန်း သုတေသီ၊ ခေတ်ကောင်းတုန်းက ကျန်ခဲ့သည့် ပစ္စည်းတခု။ လူတွေက ထိုမျှလောက်သာ သဘောထားတော့သည်။ ပိုက်ဆံရမည်ဆိုလျှင် ကိုယ့်အမေကိုပင် ရောင်းစားမည့် မွန်တီနီလိုလူ၊ မျူးဂါးလို လူမျိုးကို လူတွေ ဂရုစိုက်သော်လည်း ဒက်ဇာကိုမူ မည်သူကမျှ ဂရုမစိုက်ကြတော့။

ယခု ဒက်ဇာသည် မကျေနပ်ချက်တွေကို ဖွင့်အန်နေ၏။

“အစိုးရက မှာထားတဲ့ လေယာဉ်တွေကို နိုဝင်ဘာမှာ ကျွန်တော်တို့ ဘယ့်နှယ်လုပ်ပေးနိုင်မလဲ၊ ကျွန်တော်တို့စက်ရုံမှာ အလုပ်သမားမှ မရှိတော့တာ၊ စစ်က မဖြစ်သေးဘူး၊ ရှိတဲ့အလုပ်သမားတွေအားလုံး ရှေ့တန်းစစ်မြေပြင်ကိုချည်း ပို့နေတော့ ဘယ့်နှယ်လုပ် အလုပ်လုပ်တော့မှာလဲဗျ”

“ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ဒီပြင်နည်းလမ်း မရှိဘူးခင်ဗျ။ ကျွန်တော်တို့ အစိုးရက အလုပ်သမားကို ဖူးဖူးမှုတ်မထားနိုင်ဘူး၊ ကျွန်တော်တို့တိုင်းပြည်က

လယ်ယာစိုက်ပျိုးရေးတိုင်းပြည်၊ လယ်သမားတွေက ဘယ်လိုပြောမလဲ၊ သူတို့က စစ်မြေပြင် ထွက်သေရတယ်။ အလုပ်သမားကတော့ လခနှစ်ဆ တိုးရပြီး ဇိမ်ကျနေတယ်လို့ ပြောကြမှာပေါ့။ ဒါ ရိုးရိုးကလေးပဲခင်ဗျ၊ အခြေခံ တရားမျှတမှုကလေးလောက်ကိုမှ ကျွန်တော်တို့ လုပ်မပေးနိုင်ယင် စစ်ကြီးကို ဘယ်လိုလုပ်ပြီး နိုင်အောင် တိုက်နိုင်မှာတဲ့လဲ"

"၄၇ တွင်း စရောက်နေတဲ့ အလုပ်သမားတွေကို ဘယ့်နှယ်လုပ်မလဲ၊ သူတို့ကိုတော့ ရှေ့တန်းကို မပို့တော့ဘူးလား၊ ပြီးတော့ စက်ဆရာတွေက စစ်တပ်ထဲသွားမှာ၊ စစ်တန်းလျား မှန်ပြတင်းတွေကို ဖုန်သုတ်နေရတယ်ဆိုတော့ ဘယ့်နှယ်လုပ် လက်နက်တွေကို ထုတ်တော့မှာလဲ"

"ဒါကတော့ စစ်တပ်ထဲရောက်ယင် စစ်သားလိုပဲ နေရမှာပေါ့၊ အလုပ်သမား စစ်သားချင်းအတူတူ စက်ပြင်ဆရာတမျိုး၊ တွင်ခုံဆရာတမျိုး လုပ်နေလို့ ဘယ်ရမလဲ"

"ကဲ... ဒါဖြင့် ကျုပ်မေးမယ်၊ ခင်ဗျားတို့ အစိုးရအနေနဲ့ လေယာဉ်စက်တွေ လိုချင်သလား၊ မလိုချင်ဘူးလား၊ လေယာဉ်ပျံမရှိပဲနဲ့ ဘယ်လိုလုပ်ပြီး စစ်တိုက်ရမှာတဲ့လဲ။ ဒီတော့ လေယာဉ်စက်တွေ လိုချင်ယင် ကျုပ်အလုပ်သမားတွေကို ပြန်ပေးပါ၊ မနေ့ကလဲ 'ဆိမ်း' စက်ရုံ အလုပ်သမား နှစ်ရာကို ဖမ်းသွားပြန်ပြီ"

"ပလိပ်ရောဂါကို လိမ်းဆေးပေးရုံနဲ့ မပျောက်ဘူးဗျ။ ကြွက်ကို မီးနဲ့ ရှို့ပစ်ရတယ်၊ ပြည်သူ့တပ်ဦးအစိုးရ ဖျက်ဆီးခဲ့သမျှကို ခုမှ ပြန်ပြီး ဖာထေးလုပ်ကိုင်နေရတာ"

ဒက်ဇာက ရိုက်တော့မည့်ကဲ့သို့ တုတ်ကို မြှောက်လိုက်ယင်း...

"ပြည်သူ့တပ်ဦးနဲ့ ဘာမှ မဆိုင်ပါဘူးဗျ၊ ခင်ဗျားကိုယ်တိုင်ရော ပြည်သူ့တပ်ဦး ကိုယ်စားလှယ်အနေနဲ့ လွှတ်တော်အမတ် ဖြစ်လာတာ မဟုတ်ဘူးလား"

"ကျွန်တော် မှတ်မိသလောက်ဆိုယင် ခင်ဗျားကိုယ်တိုင်လဲ ပြည်သူ့တပ်ဦး အနိုင်ရရေးအတွက် ငွေတွေ ပုံအောပြီး သုံးခဲ့တယ် မဟုတ်လား ဒက်ဇာ"

မျက်ခုံးမွေးကောင်းကောင်း၊ နှာခေါင်းချွန်ချွန်နှင့် ဂရမ်ဒယ်၏ ခန့်ညားချောမောသော မျက်နှာကို ဒက်ဇာ ကြည့်နေသည်။ သူ့အပြုံးက လှောင်ပြောင်သရော်သည့် အပြုံး။ ထိုအပြုံးကို မြင်သည့်အခါတွင် ဒက်ဇာ ပို၍ ဒေါပွလာ၏။

"မှတ်မိတယ်၊ အားလုံး မှတ်မိတယ်၊ ဖိုးဂျက်ရဲ့ စာကိုလဲ မှတ်မိတယ်"

ဂရမ်ဒယ် မျက်နှာမှ ကြွက်သားများက လှုပ်ရှားခြင်း မရှိ။ ပြုံးမြဲပြုံးလျက်။

"စစ်ကြီး ဖြစ်နေချိန်မှာ နှစ်ယောက်ချင်း ချိန်းပြီး သေနတ်နဲ့ ပြိုင်သတ်ကြရတယ်ဆိုတာ မကောင်းပါဘူးဗျ၊ ဒီတော့ မိတ်ဆွေကြီး အခန်းထဲက အမြန်ဆုံး ထွက်သွားပါလို့ပဲ တောင်းပန်ရတော့မှာပဲ"

အခန်းမှ ပြန်အထွက်တွင် ဒက်ဇာ့လက်ထဲမှ တုတ်သည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားကာ ချောင်းအဆက်မပြတ် ဆိုးနေသည်။ ဂရမ်ဒယ်က မကြားချင်ယောင်ဆောင်ကာ အစီရင်ခံစာတစောင်ကို ဖတ်နေ၏။

ထိုနေ့ညနေတွင် စစ်စက်မှုလုပ်ငန်းဝန်ကြီး ဂရမ်ဒယ်က ညေ့ခံပွဲတခု ကျင်းပသည်။ ဖိတ်စာကတ်ပြားပေါ်တွင် "တပ်မတော်သားများ၏ ညလယ်စာ" ဟု စာတန်းထိုးထား၏။ ညေ့သည်များအား ဒေါင်းသားစဉ်းကောနှင့်

အသီးအရွက်ကြော်ကို သတ္တုပန်းကန်ပြားများတွင် ထည့်ကျွေးပြီး မတ်ခွက်များဖြင့် အကောင်းစားအရက်များကို တိုက်သည်။ မာရီက ဧည့်သည်များကို ဆီးကြိုသည်။ လူဆန်းနှင့် ခွာပြဲပြီးသည့်နောက်တွင် ကျန်းမာရေး သိပ်မကောင်းလှ။ ထို့ကြောင့် အိုလ်ပ်တောင်တန်းများပေါ်သို့ သွား၍ အနားယူရသည်။ မာရီသည် ယခုတိုင် လှဆဲ။ သို့ရာတွင် သူ့အလှသည် မေးမှိန်စပြုပြီ။ သူ့လှုပ်ရှားဟန်၊ ပြောဆိုဟန်များတွင် ကြေကွဲသည့် အရိပ်အရောင်တွေ သမ်းနေသည်။

ဧည့်သည်အားလုံး ပြန်သွားကြသည့်အခါတွင် ဂရမ်ဒယ်သည် ညစာစားပွဲဝတ်သည့် အင်္ကျီနှင့် အောက်ခံ ခါးပြတ်အင်္ကျီတို့ကို ချွတ်လိုက်သည်။ ဘောင်းဘီ ပခုံးသိုင်းကြိုး သေးသေးကလေးများသည် တောက်ပဖြူဖွေးသည့် ရှပ်အင်္ကျီပေါ်တွင် ထင်းထင်းကြီး ပေါ်နေကြသည်။ ဂရမ်ဒယ်က သူ့ဇနီးအား လှမ်း၍...

"ဗိုလ်မှူးကြီး မိုရိုးကတော့ တချိန်လုံး မင့်အနားမှာ ကပ်နေတာပဲကွ၊ တပ်ထဲမှာတော့ တော်တော်လဲ ထင်ရှားတဲ့လူ၊ စစ်ဦးစီးချုပ်တောင် ဖြစ်နိုင်တယ်"

ဂရမ်ဒယ်သည် သမ်းလိုက်၏။ တနေ့လုံး ပင်ပန်းလှပြီ။ ဂရမ်ဒယ်သည် ဘောင်းဘီကို ဂရုတစိုက် ချွတ်၏။ "ဘာပဲဖြစ်ဖြစ် တို့နိုင်မှာပါကွာ" ဟု ရုတ်တရက် ကောက်ပြောလိုက်သည်။

မာရီသည် သူ့ယောကျ်ား၏ ကိစ္စများတွင် ဘယ်တော့မျှ ဝင်ရောက်စွက်ဖက်လေ့ မရှိ။ သူ့ယောကျ်ားနှင့် ပတ်သက်သည့် စာကိုပင် မေ့သွားပြီ။ လူဆန်းနှင့် နောက်ဆုံး တွေ့ခဲ့ပြီးသည့်နောက်တွင် သူ့ဘဝသည် လုံးဝပျက်စီးသွားခဲ့ပြီ။ စစ်ပွဲ။ မဂ္ဂိနော့ခံတပ်အကြောင်း။ ရန်သူတို့က ဗုံးကြဲတိုက်ခိုက်ခြင်း။ သူ့ယောကျ်ား ဂရမ်ဒယ်၏ တက်လမ်း စသည်တို့သည် ရုပ်ရှင်ပိတ်ကား သေးသေးကလေးပေါ်တွင် လာထင်သည့် မှုန်တိမှုန်ဝါး အရုပ်များနှင့် တူနေသည်။

"နေစမ်းပါဦး၊ တို့ဆိုတာ ဘယ်သူတွေကို ပြောတာလဲ"

ယခုမူ မာရီ မနေနိုင်တော့။ ရုတ်တရက် ကောက်မေးလိုက်သည်။

သူမေးသည့် မေးခွန်းသည် ဖြောင်ကျလွန်းသည်ကို မာရီ သိလိုက်၏။ မဆီမဆိုင် မေးရကောင်းလောဟု ဂရမ်ဒယ် ဆူလိမ့်မည် ထင်သည်။ ထို့ကြောင့် တဘက်သို့ လှည့်လိုက်သည်။

"တို့ပြင်သစ်တွေပေါ့"

ဂရမ်ဒယ်က လောင်းကစားသမား။ သူ့ဘဝကို ပြန်ကြည့်လျှင် ရင်ထိတ်စရာတွေချည်း။ အသက်ကိုမျှ မရှုဝံ့ပဲ တိုးတိုးတိတ်တိတ် ကျိတ်၍ လုပ်ရသည့် အလုပ်မျိုးတွေကလည်း သူ့ဘဝတွင် တပုံတပင်။ မိန်းမလုပ်သူတွင် ပါးစပ်ကို လက်ကိုင်ပဝါအုပ်၍ ကျိတ်ငိုရသည့်အခါကလည်း အခါပေါင်း မရေမတွက်နိုင်။ ရင်တဖိုဖို။ မျက်ရည်စမ်းစမ်းနှင့် ဖြစ်ခဲ့ရသည်ကလည်း အကြိမ်ပေါင်း မရေနိုင်တော့။ ဖဲဝိုင်းတွင် ငွေရှစ်သောင်းလောက် ရှုံးသည့်အခါမျိုးလည်း ကြုံခဲ့ရပြီ။ သည်တုန်းက သူ့ကို ဗာန္ဒန်က ကယ်ခဲ့သည်။ ဂျာမန်တို့အတွက် အစိုးရလျှို့ဝှက်ချက်များကို ခိုးပေးသည့် အလုပ်များကိုလည်း မရှောင်။ သို့ရာတွင် ယခု သည်အကြောင်းတွေကို အဘယ့်ကြောင့် ပြန်စဉ်းစားနေရဦးမည်နည်း။ ယခု သူလုပ်နေသည့် အလုပ်နှင့်စာလျှင် ထိုအရာများသည် အသေးအဖွဲများသာ။ ယခု သူလုပ်နေသည့် အလုပ်သည် တကယ့် လောင်းကစားဝိုင်း အကြီးစားကြီး။

"ဟုတ်တယ်၊ တို့နိုင်ရမယ်" ဟု ဂရမ်ဒယ်က တီးတိုးရွတ်သည်။ သူရမည့်

အောင်ပွဲသည် မည်သည့်အောင်ပွဲမျိုး ဖြစ်သည်ကို သူကောင်းကောင်းသိသည်။

"ငါ့မိန်းမနယ်ကွာ၊ မေးမှ မေးရက်ပလေ၊ ဘယ်သူတွေ နိုင်ရမှာတဲ့လဲ။ ဘယ်သူဖြစ်ရမှာလဲ၊ တို့တတွေပေါ့ကွ၊ လူမတန် ကံချ ဆိုသလို လူမိုက်တွေသာ ကံကို အပြစ်ပုံချကြတာကွ၊ လူလိမ္မာက ကံကို ဘယ်တော့မှ အပြစ်ပုံမချဘူး၊ ရေလိုက် ငါးလိုက် နေသွားကြတာချည်းပဲ၊ အနီထောင် ထိုးသလိုပေါ့၊ ဒီနံပါတ်ကိုချည်း ကွက်ထိုးနေယင် ရှုံးမှာပဲ၊ နံပါတ်ပြောင်းထိုးရမယ်၊ ကံလိုက်တဲ့ နံပါတ်ကို လိုက်ထိုးရမယ်၊ ကိုယ့်ကံဟာ ဘယ်နံပါတ်ကွက်ပေါ်မှာ ရှိတယ်ဆိုတာ ကောင်းကောင်း သိရတယ်၊ လူ့ဘဝမှာလဲ ဒီအတိုင်းပဲကွ"

ဂရမ်ဒယ်က သူ့ကိုယ်သူ ပြောသလိုနှင့် သူ့မိန်းမကို လှမ်းပြော၏။

မွန်တီနီလို လူပင်လျှင် ညည်းညူခြင်း မပြုပဲ မနေနိုင်တော့။

“ကွန်မြူနစ်တွေကို ဖမ်းတယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမယ့် လူအိုကြီးတွေကို စစ်မြေပြင် ပို့တာကတော့ မကောင်းဘူးဗျ၊ ခု ကျုပ်တို့ နောက်ပိုင်း စက်ရုံတွေမှာ အလုပ်သမားတွေ မရှိတော့ဘူး”

ရှေ့တန်းကိုချည်း စစ်သားတွေ ပို့နေရသဖြင့် စက်ရုံများတွင် အလုပ်သမား ရှားပါးနေသည်။ ထိုပြဿနာသည် လွှတ်တော်ထဲတွင် ပြဿနာကြီးတရပ် ဖြစ်နေ၏။ အတိုက်ခံဘက်ကလည်း ထိုပြဿနာကို ကောက်ကိုင်လာကြသည်။ ပြင်သစ်ပြည်တွင် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ဂရမ်ဒယ်သည် ဒက်ဇာနှင့် စကားပြောခဲ့သည်။ ဂရမ်ဒယ်၏ စကားများသည် ဘာရီကျူးကို သံယောင်လိုက်ခြင်းမျှသာဖြစ်၏။ ဂရမ်ဒယ်သည် ပြင်သစ်လယ်သမား လူတန်းစားကို မုန်းလည်း မုန်းသည်။ ကြောက်လည်း ကြောက်သည်။ ပြင်သစ်လယ်သမားသည် လူမဟုတ်။ မုန်လာဥမျှသာ ဖြစ်သည်ဟု ဂရမ်ဒယ်က ပြောခဲ့၏။

ဘာရီကျူးကမူ သူနှင့်မတူ။ ပြင်သစ်ပြည်ကြီး ဒုက္ခရောက်နေရခြင်းမှာ စက်မှုလုပ်ငန်း တိုးတက်လာခြင်းနှင့် မြို့များ ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်သည်ဟု ယူဆသည်။ တောတွင် ပျင်းစရာကောင်းသည်။ ရုပ်ရှင်ရုံကလေးမျှပင် မရှိ။ အလုပ်အကိုင်ကလည်း ပင်ပန်းသည်။ ထို့ကြောင့် ပြင်သစ်လူငယ်များသည် မြို့သို့ တက်လာကြသည်။ တောကလူတွေ မြို့များသို့ တက်လာကြသဖြင့် ပျက်စီးသွားသည့် ရွာတွေ ပြင်သစ်ပြည်တွင် မည်မျှ ရှိနေပြီနည်း။ အိမ်တွေ ပျက်ကုန်ပြီ။ စပါးကျီတွေ ပြိုလဲကုန်ပြီ။ သစ်သီးခြံများတွင် ပေါင်းပင်တွေ ဖုံးကုန်ပြီ။ ထို့ကြောင့် ကွန်မြူနစ်ဝါဒတို့၊ ပြည်သူ့တပ်ဦးတို့ ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် လူတွေက ဘာသာတရားကို ခပ်ပေါ့ပေါ့ သဘောထားလာကာ အကျင့်စာရိတ္တ ပျက်ပြားလာကြသည်။ စစ်ကြီးဖြစ်လာလျှင် လယ်သမားသည် ရှေ့တန်းသို့ ရောက်လာလိမ့်မည်ဟု ဂရမ်ဒယ် ယူဆ၏။ “အလုပ်သမားတွေကို အလိုမလိုက်နဲ့” ဟု ဘာရီကျူးက ဂရမ်ဒယ်ကို အကြံပေး၏။

သို့ရာတွင် ဂရမ်ဒယ်သည် အလုပ်သမားတို့၏ တောင်းဆိုချက်ကို မလိုက်လျော၍ မရတော့။ စစ်စက်မှုလုပ်ငန်းအတွက် အလုပ်သမားတွေ လိုနေသောကြောင့် အသက်လေးဆယ်ကျော်သည့် အလုပ်သမားကို စစ်ထဲသို့ မလိုက်ပဲ နေခွင့်ပြုရန် အောက်တိုဘာလတွင် အစိုးရက အမိန့်ထုတ်ပြန်လိုက်ရသည်။

စစ်မြေပြင်မှ ပြန်လာရသည့် အလုပ်သမားများထဲတွင် လီဂရေးလည်းပါ၏။ စစ်ပွဲအစတွင် လီဂရေးသည် တောင်ပိုင်းစစ်မျက်နှာသို့ သွားခဲ့ရသည်။ တူလူးမြို့အနီးက မီးရထားတံတားတခုကို စောင့်ခဲ့ရ၏။ စင်စစ် ထိုမီးရထားတံတားသည် ဘာမျှ အသုံးမဝင်တော့။ မီးရထားမဖြတ်သည်မှာ ကြာလှပြီ။ တံတားကိုပင် ခြုံနွယ်တွေ ဖုံးနေပြီ။ သို့ရာတွင် ထိုမီးရထားတံတားသည် စစ်တပ်က သိမ်းထားရသည့် တံတားများစာရင်းတွင် ပါနေဆဲ။ လီဂရေးသည် နှစ်လလုံးလုံး ထိုတံတားတွင် အစောင့်ကျခဲ့သည်။ ဘာမျှ လုပ်စရာမရှိ။ စားကျက်များနှင့် မြက်စားနေသည့် နွားမများကို ငေးကြည့်ယင်း

အချိန်ကုန်ခဲ့ရသည်။

ထိုအခါကျမှ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်စဉ်းစားဖို့ အချိန်ရတော့သည်။ လီဂရေးသည် ပြီးခဲ့သည့် ပထမကမ္ဘာစစ်ကြီးအကြောင်းကို အမှတ်ရ၏။ အာဂွန်းတောအုပ်တိုက်ပွဲ၊ ကတုတ်ကျင်းများ၊ ဆေးရုံများကို အမှတ်ရသည်။ ထိုအရာများသည် သူ့အဖို့ မနေ့တနေ့ကလိုလို။ ယနေ့ဖြစ်နေသည့် အဖြစ်အပျက်များကမူ မှုန်မှုန်ဝါးဝါး အိပ်မက်လိုလို။ သူ့အဖို့ ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးအကြား ကာလသည် ဘာမျှမကြာ။ တရက်သာ ကွာသည်ဟု ထင်နေသည်။ ထိုစဉ်တုန်းကမူ လူတွေက ဉာဏ်အမြော်အမြင်လည်းရှိ၊ စစ်ရူးတို့၏ အလုပ်များကိုလည်း တားဆီးနိုင်လိမ့်မည်ဟု သူထင်ခဲ့သည်။ တချို့က အမေရိကန်သမ္မတ ဝီလ်ဆင်၏ ငြိမ်းချမ်းရေးလမ်းစဉ်သည် ကမ္ဘာချဉ်းအောင်တည်မည့် စီမံကိန်း ဖြစ်သည်ဟု ထင်ခဲ့ကြသည်။ တချို့က “လီနင်... လီနင်” ဟု တဖွဖွ ရွတ်ကြသည်။ နောင် အနှစ်နှစ်ဆယ် ကြာသည့်အခါတွင် နောက်ထပ် ကမ္ဘာစစ်ကြီးတခု ဖြစ်ဦးမည်ဟု ထိုစဉ်က သူတို့ကိုသာ ပြောခဲ့လျှင် မည်သို့ရှိကြမည် မသိ။

လီဂရေးသည် သူ့ရည်းစား ဂျူးဆက်ကို လွမ်းသည်။ ပျော်ဖို့ ကံဇာတာ မပါခဲ့ရှာ့ထင်။ လွန်ခဲ့သည့် နွေရာသီတုန်းက သူတို့နှစ်ယောက် မကြာမီ လက်ထပ်မည်ဟု စီမံကိန်းချခဲ့ကြသည်။ အိမ်ခန်းလေးတခန်းပင်လျှင် ရှာခဲ့ကြသေးသည်။ သို့ရာတွင် စစ်ကြီးသည် သူတို့စီမံကိန်းကို ဖျက်ဆီးပစ်လိုက်ပြီ။ ဂျူးဆက်၏ အဖေသည် အဖမ်းခံရ၏။ ဂျူးဆက်က ဘီဆာကွန်တွင် ရှိသည့် အစ်မထံ လိုက်နေရသည်။ လီဂရေးထံ စာတိုကလေးတွေ မကြာမကြာ ရေးသည်။

လီဂရေးသည် ကင်းစောင့်ယင်း ညညတွင် တောင်ဘက်ခြမ်းကောင်းကင်တွင် ရှိသည့် ကြယ်ပွင့်ကြယ်ခိုင်တို့ကို ကြည့်ယင်း ဂျူးဆက်၏ အယုအယတွေကို လွမ်းခဲ့ရသည်။ တသမ်းသမ်း တဝေဝေဖြင့် အချိန်ကုန်ခဲ့ရသည်။

ပါရီသို့ ပြန်ရောက်သည့်အခါတွင် စက်ရုံက သူ့မိတ်ဟောင်းဆွေဟောင်းများကို မတွေ့ရတော့။ မစ်ရှောနှင့် ပီယာတို့က ရှေ့တန်းစစ်မျက်နှာသို့ ရောက်နေကြပြီ။ ညနေတိုင်လျှင် ပါရီလမ်းမများကို လျှောက်ကာ မျက်နှာသိတွေကို လိုက်ရှာသည်။ သူ့ရဲဘော်တွေ စုဝေးနေကျ ကဖီးများသို့ သွားသည်။ ပိတ်ထားသည့် ပိုင္ဒကတ်တိုက်များသို့ ယောင်လည်လည် ရောက်သွားသည်။ မည်သူ့ကိုမျှ မတွေ့ရ။ အချို့က အဖမ်းခံကုန်ကြရပြီ။ အချို့က တိမ်းရှောင်နေကြသည်။

လီဂရေးသည် အပေါင်းအဖော်မရှိပဲ ယောင်ချာချာ ဖြစ်နေသည်။ ပါတီက ဘာဆက်လုပ်နေသည်ကိုလည်း မသိရ။ ဤအချက်ကမူ အဆိုးဆုံး။ သူ့အဖို့ မျက်စိကန်းသည့်နှယ်။ ကွန်မြူနစ်များသည် သစ္စာဖောက်များဖြစ်ကြောင်း၊ ရုရှများသည် ဂျာမန်တို့နှင့်ပေါင်း၍ ပြင်သစ်ပြည်ကို တိုက်နေကြောင်း၊ ပြင်သစ်ကွန်မြူနစ်ခေါင်းဆောင် မောရစ်သောရက်ဇ်သည် ဂျာမနီသို့ ထွက်ပြေးသွားပြီ ဖြစ်ကြောင်းဖြင့် ရေးသားထားသည့် ပြင်သစ်သတင်းစာများကိုဖတ်ပြီး စိတ်ဆိုးဆိုးဖြင့် လွှင့်ပစ်လိုက်သည်။ ပြင်သစ်ကွန်မြူနစ်ပါတီ၏ သတင်းစာဖြစ်သည့် “လျူမန်နီတေး” သတင်းစာကို မြေအောက်မှ ပုံနှိပ်ထုတ်ဝေလျက်ရှိကြောင်းဖြင့် တူလူးတွင် နေစဉ်က ကြားခဲ့ရသည်။ သို့ရာတွင် တစောင်မှရှာ၍ မရ။ မည်သို့ရှာရမည်နည်း။ စက်ရုံတွင် သူနှင့် လုပ်ဖော်ကိုင်ဖက်များမှာ လူစိမ်းများ ဖြစ်သည်။ သူတို့ကလည်း သူ့ကို မယုံကြ။ ပုလိပ်က လွှတ်ထားသည့်လူလော ဆိုသည့် အကြည့်မျိုးဖြင့် မယုံသင်္ကာ ကြည့်ကြသည်။

လီဂရေးသည် ပါရီသို့ ပြန်ရောက်ပြီး ယောင်တိယောင်ချာ ဖြစ်လျက်ရှိ၏။ သို့ဖြင့် လေးရက် ကြာသွားသည်။ ငါးရက်မြောက်တွင်မူ လီဂရေး အဖမ်းခံရလေသည်။

သူ့ကို ချုပ်ထားရာ အချုပ်ခန်းကလေးက ကျဉ်းကျဉ်းကလေး။ အချုပ်ထဲတွင် လူကလည်း မျိုးစုံ။ နိုင်ငံရေးသမားလည်း ပါသည်။ ပြည့်တန်ဆာခေါင်းလည်း ပါသည်။ ။ ထိုမှုမက ဂျာမန်စစ်ပြေးဒုက္ခသည်များ၊ ပိုလန်ရေဝတီများ၊ ဝန်ကြီးချုပ် ဒလားဒီးယားနှင့် တက်စ၏ မိန်းမကိစ္စတို့ကို ပြောမိသဖြင့် နိုင်ငံခေါင်းဆောင်များကို အကြည်ညိုပျက်အောင် ပြောသည် စွပ်စွဲချက်ဖြင့် အဖမ်းခံရသူများ၊ "နွားနို့ ရတော့မှာ မဟုတ်" ဟု လည်းကောင်း၊ "၁၇ နှစ်သားလေးတွေကိုတောင် စစ်ထဲဆွဲသွင်းတော့မှာ ထင်ပါရဲ့" ဟု ညည်းမိသည့်အတွက်လည်းကောင်း အဖမ်းခံရသူများ။

နောက်တနေ့မနက်တွင် လီဂရေးကို အပြင်ထုတ်စစ်သည်။ ပုလိပ်မင်းကြီး နူဗီးလ်မှာ ဖရီးမေဆင်ဂိုဏ်းသား ဖြစ်သည်။ လီဂရေးသည် "ဆိန်း" လေယာဉ်စက်ရုံက ကွန်မြူနစ်အဖွဲ့အစည်းတွင် ခေါင်းဆောင်ဖြစ်ကြောင်း ပုလိပ်မင်းကြီး သိသည်။ လီဂရေးကသာ ဝန်ချတောင်းပန်လျှင် သတင်းစာတွေက ရေးလိုက်မည့်ဖြစ်ခြင်း။ "နောက်တယောက် အမြင်မှန်ရပြန်ပြီ" ဟု စာလုံးမည်းကြီးတွေနှင့် ရေးကြတော့မည်။ တက်စကလည်း ပုလိပ်မင်းကြီးကို ချီးကျူးလိမ့်မည်။

ပုလိပ်မင်းကြီး နူဗီးလ်သည် အလွန်ယဉ်ကျေးသိမ်မွေ့နေသည်။ လီဂရေးကို စီးကရက်တလိပ် လှမ်းပေး၏။

"ကျွန်တော်က အစိုးရအရာရှိဆိုတော့ ကိုယ့်နိုင်ငံရေး ယုံကြည်ချက်ကို ဖွင့်မပြောရဘူးဗျ။ ဒါပေမယ့် ကျွန်တော်ပြောတာကို ယုံပါ၊ ကျွန်တော်ဟာ ဖက်ဆစ်ဝါဒကို လိုလားသူတယောက် မဟုတ်ပါဘူး၊ ပြည်သူ့တပ်ဦးက အနိုင်ရတာကို ကျွန်တော် တကယ်ကျေနပ်ပါတယ်၊ ကျွန်တော်တို့ ပြင်သစ်ပြည်မှာ တကယ် တိုင်းပြည်အတွက် လုပ်ချင်တဲ့ နိုင်ငံရေးအင်အားစုတွေ ခိုင်မာတဲ့ မဟာမိတ်ဖွဲ့စည်းမိကြပြီဆိုပြီး ဝမ်းလဲသာခဲ့တယ်၊ ဒါပေမယ့် ပြည်သူ့တပ်ဦးဟာ ကျွန်တော်တို့ မျှော်လင့်သလို ဖြစ်မလာခဲ့ဘူးဗျ။ ဘာပဲဖြစ်ဖြစ်လေ... ဒီအချိန်ဟာ ပါတီတခုနဲ့တခု တိုက်ခိုက်ရန်ဖြစ်ကြရမယ့်အချိန် မဟုတ်တော့ဘူး၊ ပြင်သစ်လူမျိုး အချင်းချင်း ကျောချင်းကပ်ရမယ့်အချိန်၊ ခု ခင်ဗျားဟာ ကွန်မြူနစ်တယောက်၊ ဒါပေမယ့် ခင်ဗျားဟာ ပြင်သစ်လူမျိုး၊ စစ်ပွဲကြီးတုန်းက ဒဏ်ရာရခဲ့တယ်၊ ဒီလိုလူမျိုးတယောက်ကို သစ္စာဖောက်လို့ ကျွန်တော် မယူဆပါဘူး"

လီဂရေး မည်သို့ပြောမည်နည်းဟု စောင့်ကြည့်သည်။ သို့ရာတွင် လီဂရေးက မည်သို့မျှမပြော။ လက်ထဲတွင် ကိုင်ထားသည့် အဝတ်ဦးထုပ်ကို ဆုပ်ချေယင်း စီးကရက်တိုတွေ ပြန့်ကျဲနေသည့် စားပွဲကို ငေးစိုက်ကြည့်နေသည်။

"ဘယ်လိုလဲ... ပြောပါဦး"

"ဘာမှ အထွေအထူးတွေ ပြောစရာ မရှိပါဘူး၊ ပုလိပ်မင်းကြီးက ကျွန်တော်ဟာ ကွန်မြူနစ်တယောက်လို့ ပြောသွားပြီပဲ၊ ဟုတ်ပါတယ်၊ ခုလဲ ကွန်မြူနစ်ပါပဲ"

"ခင်ဗျားက ခေါင်းသိပ်မာတာကိုး၊ ဟုတ်ပါတယ်လေ... ကိုယ့်လိပ်ပြာကိုယ် ရှက်တတ်တဲ့ လူမျိုးဟာ ဆိုခဲ့စေ မြဲစေ ဆိုသလို ခုတမျိုး၊ တော်ကြာတမျိုးတော့ ဘယ်လုပ်နိုင်ပါ့မလဲ၊ ကိုယ့်ရဲဘော်တွေကို ပြန်ပြီး သစ္စာမဖောက်ချင်ဘူးပေါ့။ ဒါပေမယ့် မိတ်ဆွေ... ခုအချိန်မှာ ဒီလောက် သစ္စာကြီးနေလို့ မဖြစ်တော့ဘူးဗျ။ တကယ်တော့ ခင်ဗျားဟာ သူများကြိုးဆွဲရာ ကနေတာ၊ သူများရဲ့ လက်ကိုင်တုတ်၊ ခင်ဗျားတို့ ခေါင်းဆောင်တွေဟာ ခင်ဗျားတို့ကို လိမ်နေကြတာ၊

ခင်ဗျားတို့ခေါင်းဆောင်တွေဟာ မျိုးချစ်စိတ်ဓာတ်အကြောင်းကို မိုးမွှန်အောင်ပြောပြီး ဖက်ဆစ်ကိုတိုက်ကြလို့ အော်နေတယ်၊ ဒါပေမယ့် ခု ဘာဖြစ်သလဲ၊ ခင်ဗျားတို့ခေါင်းဆောင် မောရစ်သောရက်ဇ်ဟာ သစ္စာဖောက် ဖြစ်သွားပြီ၊ ဂျာမနီကို ထွက်ပြေးပြီ”

“ကျွန်တော်တို့ဟာ သစ္စာဖောက်တွေ မဟုတ်ပါဘူး၊ တော်ပါပြီ ပုလိပ်မင်းကြီး၊ ဒီအကြောင်းကို မပြောကြတာ ကောင်းပါတယ်၊ ခု မောရစ်သောရက်ဇ် ဘယ်ရောက်နေတယ်ဆိုတာ ကျွန်တော်မသိဘူး၊ ဒါပေမယ့် ဂျာမနီကို ရောက်နေတယ် ဆိုတာကတော့ မဟုတ်ဘူး၊ ကျွန်တော့်အထင် ပြောရမယ်ဆိုယင်တော့ မောရစ်သောရက်ဇ်ဟာ ‘လျူမန်နီတေး’ သတင်းစာကို ဦးစီးထုတ်နေတယ် ထင်တာပဲ၊ ဒါ သူ့အလုပ်၊ ဒါပေမယ့် သစ္စာဖောက်တွေ ဘယ်မှာရှိတယ် ဆိုတာကိုတော့ ကျွန်တော် သိတယ်၊ မြေးနှစ်ကို ကျွန်တော်တို့ မမေ့ကြသေးဘူး၊ ကျွန်တော်တို့ လူမျိုးတွေဟာ စပိန်မှာ ဝင်တိုက်ပေးနေကြတယ်၊ ဒါပေမယ့် ပြင်သစ်ခေါင်းဆောင် ဘွန်းနက် ဘာလုပ်နေသလဲ။ ပြင်သစ်ပြည်ရဲ့ ရန်သူတွေကို အကူအညီ ပေးနေတယ်။ ဒါကို ကလေးတွေတောင် သိတယ်။ ခု ပုလိပ်မင်းကြီးရဲ့ စကားကို ကြားလိုက်ရတော့ ကျွန်တော် တော်တော့်ကို အံ့အားသင့်သွားတယ်၊ ခု ခင်ဗျားက ဖက်ဆစ်တွေအကြောင်းကို ပြောသွားတယ်၊ တကယ်တော့ ခင်ဗျားဟာ နံပါတ်တုတ်တွေနဲ့ ဖက်ဆစ်တွေကို အကာအကွယ်ပေးခဲ့တာ မဟုတ်ဘူးလား၊ ခုတော့ ဖက်ဆစ်တွေ အာဏာရနေပြီ မဟုတ်လား”

ပုလိပ်မင်းကြီးက သူ့ကို သနားသလို ပြုံး၍ ကြည့်လိုက်သည်။

“အင်း အသက်လေးဆယ့်သုံးနှစ် ဆိုပေမယ့် တကယ့်လူငယ်ကလေးအတိုင်း ပါပဲလား၊ ကောင်းတာပေါ့ဗျာ၊ ခင်ဗျားမျက်စိကို ပိတ်ထားတဲ့ မျက်လုံးကာတွေကို မချွတ်ချင်ဘူး ဆိုတာကတော့ စိတ်မကောင်းစရာကြီးပေါ့။ တခုတော့ သိထားပါ။ ခင်ဗျားပါတီဟာ ခင်ဗျားတို့ကို သစ္စာဖောက်နေပြီ၊ ခု ဂျာမန်တွေနဲ့ ပေါင်းပြီ”

“ဒီလိုစကားမျိုး ကျွန်တော် ဘယ်တော့မှ မယုံဘူး”

“ဒါဖြင့် နေစမ်းပါဦး၊ သူတို့လိုချင်တာ ဘာတဲ့လဲ”

လီဂရေးက မျက်မှောင်ကုပ်လိုက်သည်။

“ဒါတော့ ကျွန်တော်လဲ မသိဘူး၊ ခုလောလောဆယ်မှာ ပါတီရဲ့ ကြွေးကြော်သံဟာ ဘာလဲဆိုတာကို ကျွန်တော်မသိဘူး၊ ဒါကလဲ ခင်ဗျားတို့ရဲ့ ကျေးဇူးတွေကြောင့်ပေါ့။ ခင်ဗျားတို့က ‘လျူမန်နီတေး’ကို နှိပ်ကွပ်ထားတယ်၊ ရိုးသားတဲ့ လူကောင်းသူကောင်းတွေကို ဖမ်းတယ်၊ ကျွန်တော်တို့ မျက်စိတွေထဲကို သဲနဲ့ပက်တယ်၊ ဒါပေမယ့် အရေးမကြီးပါဘူး၊ ကျွန်တော် မြင်ပါတယ်၊ ကွန်မြူနစ်တွေကို အမဲလိုက်သလို လိုက်နေတာ ဘယ်သူတွေလဲ၊ ဒလားဒီးယားလား၊ တက်စလား၊ ဗလွန်းလား၊ ဗီးလာ့ဒ်လား၊ ဘရီကျူးလား၊ လာဗယ်လား။ ရှင်းရှင်းပြောရယင်တော့ သူတို့တသိုက်လုံးပဲ။ သစ္စာဖောက်တဲ့လူတွေဟာ ကွန်မြူနစ်တွေ မဟုတ်ဘူး၊ သူတို့ရဲ့ ရန်သူဟောင်းတွေ၊ လာဗယ်လို လူမျိုးက ‘ကွန်မြူနစ်တွေ အောင်ပါစေ’ လို့ ကြွေးကြော်ယင် ကျွန်တော် နောင်တခါ ပြန်စဉ်းစားရလိမ့်မယ်”

ပုလိပ်မင်းကြီးသည် စီးကရက်ကို လွှင့်ပစ်လိုက်ပြီး ခေါင်းလောင်းကလေးကို နှိပ်လိုက်၏။

"ခေါ်သွားတော့"

အခြားကွန်မြူနစ်များနှင့်အတူ လီဂရေးကိုလည်း အကျဉ်းစခန်းတခုသို့ ပို့လိုက်သည်။ အကျဉ်းသားများကို တင်လာသည့် ရထားသည် နိုစီလေစီ လမ်းညီဘူတာတွင် တနာရီကျော်ကျော်လောက် ရပ်နေသည်။ အရပ်သားများကို အနားသို့ လာခွင့်မပြု။ ထိုသူများမှာ တပ်ပြေးများ ဖြစ်ကြောင်းဖြင့် ပုလိပ်များက အရပ်သားများကို ပြောပြကြသည်။ စစ်သားများနှင့် အမျိုးသမီးများက ရထားတွဲများကို လှမ်းကြည့်ကာ ဆဲရေးတိုင်းထွာကြသည်။

လီဂရေးက အင်တာနေရှင်နယ်သီချင်းကို စဆိုသည်။

ပလက်ဖောင်းတွင် ရပ်နေသူများသည် အံ့အားသင့်သွားကြ၏။ ရထားပေါ်မှ အကျဉ်းသားများက "ကျွန်တော်တို့တတွေ တပ်ပြေးတွေ မဟုတ်ဘူးဗျို့၊ အလုပ်သမားတွေ၊ ကွန်မြူနစ်တွေ" ဟု အော်ကြသည်။ အင်တာနေရှင်နယ်သီချင်းပြီးလျှင် ပြင်သစ်အမျိုးသားသီချင်းဖြစ်သည့် မာဆေးလ်သီချင်းကို ဆိုကြသည်။ ပလက်ဖောင်းပေါ်တွင် ရပ်နေသည့် စစ်သားများက သံပြိုင်အပိုဒ်ကို လိုက်ဆိုကြ၏။ ပုလိပ်များက လူထုများကို အနားသို့ မကပ်ရန် မောင်းလွှတ်သော်လည်း အချည်းနှီးသာ။

လီဂရေးသည် ပြတင်းပေါက်မှ ကိုယ်တပိုင်းထွက်ကာ...

"ဟောဒီ ကျွန်တော့်မျက်နှာပေါ်က အမာရွတ်ဟာ စစ်ကြီးအတွင်းတုန်းက ရခဲ့တဲ့ ဒဏ်ရာ၊ ဒီဒဏ်ရာကို အမာရွတ်ကို သူတို့ ဖျက်မပစ်နိုင်ပါဘူး၊ ကျွန်တော့်ကို လေယာဉ်စက်ရုံတရုံက ဖမ်းလာတာ၊ ခု ကျွန်တော်တို့ကို အိမ်သာဆေးခိုင်းတော့မယ်။ ဘွန်းနက်တို့၊ တက်စတို့၊ ဖလန်ဒင်တို့ဆိုတဲ့ ကျွန်တော်တို့ ခေါင်းဆောင်တွေဟာ သစ္စာဖောက်တွေ၊ ဒါပေမယ့် ကျွန်တော်တို့ ပြင်သစ်ပြည်ကြီးအတွက် အသက်ပေးတိုက်မယ်၊ စိတ်ချပါ"

လီဂရေးက လက်သီးကို မြှောက်၍ အော်သည်။ ၁၉၃၉ ခုနှစ်တုန်းက လူထုလှုပ်ရှားမှုများကို သတိရစရာ။ ပုလိပ်များက လီဂရေးကို ဆွဲခေါ်သွားကြ၏။ ရထားကြီး တရွေ့ရွေ့ ထွက်သွားသည့်အခါတွင် ပလက်ဖောင်းပေါ်မှ အမျိုးသမီးများနှင့် စစ်သားများက လက်မောင်းများကို မြှောက်၍ နှုတ်ဆက်ကြသည်။

အဖမ်းအဆီးများကို စာရင်းအတိုင်း ပြုလုပ်သည်။ ဘာမဟုတ်သည့်
အကြောင်းကလေးကြောင့် အဖမ်းခံရသူလည်း ရှိသည်။ လက်သီးဆုပ်ကို
မြှောက်မိ၍၊ တယောက်မှာ အင်တာနေရှင်နယ်သီချင်းကို လေချွန်မိ၍၊
တယောက်မှာ အိမ်တွင် ကရင်မလင်နန်းတော်၏ ပုံကို ချိတ်မိ၍...။

ပုလိပ်ဘက် အစီရင်ခံစာများကို ဖတ်ရသည့်အခါတွင် တက်စ ရင်တုန်မိသည်။ လက်ကို ဝှေ့ယမ်းမိသည်။ နေရာတကာ ကွန်မြူနစ်တွေ စိမ့်ဝင်ထိုးဖောက်နေကြပါပကော။ နေဗရီ အပျော်တမ်း ငါးမျှားအသင်း၊ ဗားရပ်ကွက်လုံးဆိုင်ရာ စစ်တုရင်အသင်း၊ ဂရီနိုဘယ် ခြေလျင်နှင့် တောင်တက်အဖွဲ့၊ ထိုအဖွဲ့များအားလုံးသည် ကွန်မြူနစ်တို့၏ လက်အောက်ခံ အဖွဲ့အစည်းတွေ ဖြစ်နေသည်။ "အင်း သင်းတို့အင်အားက အတော်ကောင်းတာပဲ၊ ဒါကြောင့် ငါ့သမီး ဒင်းနိစ်တောင် သူတို့ဘက် ပါသွားတာကိုး၊ အင်း ရောယောင် နောက်လိုက်ကလေးတွေ..." ဟု တက်စ တယောက်တည်း ပြောမိသည်။

ကွန်မြူနစ်အမတ်များကို ပစ်သတ်ရမည်ဟု ဘရီကျူးက တောင်းဆို၏။ "မိတ်ဆွေကြီး သတိထားဦးလေ၊ သင်းတို့တတွေ ဘာပဲဖြစ်နေနေ လူထုက ရွေးကောက်တင်မြှောက်လိုက်တဲ့ အမတ်တွေ ဆိုတာတော့ သတိရဦးမှပေါ့" ဟု တက်စက ပြောသည်။ တက်စသည် သူဝန်ကြီးဖြစ်နေစဉ် အစဉ်အလာတခု မထားရစ်ခဲ့ချင်။ တက်စသည် လွှတ်တော်အမတ်ချင်းကို ကိုယ်ချင်းစာနာစိတ် ရှိသည်။ ထို့ကြောင့် အဖမ်းခံအမတ်များကို ကယ်ချင်သည်။ မိမိတို့သည် တတိယ ကွန်မြူနစ်အင်တာနေရှင်နယ် အဖွဲ့ချုပ်နှင့် မပတ်သက်ပါဟု ကြေငြာလျှင် လွှတ်တော်ထဲတွင် အမတ်နေရာကို ပြန်ရရှိမည် ဖြစ်ကြောင်းဖြင့် အဖမ်းခံအမတ်များကို ပြောပြသည်။ အဖမ်းခံအမတ်များက ငြင်းလိုက်သည်ဟု ကြားရသည့်အခါတွင် တက်စ အကြီးအကျယ် ဒေါပွသည်။ "အလကားကောင်တွေ၊ တယူသန်တွေ၊ ငါကတော့ သူတို့တတွေ လွတ်ပါစေတော့ဆိုပြီး စေတနာနဲ့ လုပ်ပေးတာ..." ဟု အော်သည်။

ဖိုးဂျက်ကလည်း တက်စတို့ကို အပြင်းအထန် တိုက်လာပြန်သည်။ မာဆေးကဂိုဏ်းသည် ဖိုးဂျက်အား ဖျောင်းဖျခြင်း မပြုနိုင်တော့။ "ကွန်မြူနစ်တို့ကို ဖမ်းဆီးခြင်းသည် စစ်တပ်ကို စိတ်ဓာတ်ပျက်ပြားစေသည်" ဟု ကြေငြာချက်ထုတ်သည်။ ဤတွင် တက်စကလည်း အညှံ့မခံ။ "အမတ်မင်းက ဟစ်တလာအတွက် လုပ်ပေးတာလား" ဟု ပြန်ချေပသည်။ လွှတ်တော်အမတ်များက တက်စကို ဩဘာလက်ခုပ်တီးကြ၏။ ဖိုးဂျက်သည် သရော်သံတွေကြားမှနေ၍ လွှတ်တော်စကားပြောခုံမှ ဆင်းလာခဲ့သည်။

တက်စ၏ တသက်တွင် ဤမျှလောက် ပြင်းပြင်းထန်ထန် အလုပ်မလုပ်စဖူး။ မယားငယ်ကလေး ပေါလက်နှင့် တနာရီလောက် နေဖို့ပင် အချိန်မရ။ ဤအလုပ်တွေအားလုံးကို စွန့်လွှတ်ပစ်လိုက်ရတော့မည်လောဟုပင် စိတ်ကူးမိသည်။ အဘယ်ကြောင့် ဟန်ဆောင်၍ လုပ်နေတော့မည်နည်း။ တက်စသည် အိုလှပြီ။ ရှေ့လျှောက် ဘယ်လောက်ကြာကြာ နေရတော့မည်နည်း။

သို့ရာတွင် တက်စသည် ထိုအတွေးကို ချက်ချင်း မောင်းထုတ်လိုက်၏။ တက်စသည် သူ့ကိုယ်သူ ပြင်သစ် နိုင်ငံရေးသုခမိန် ကလီမင်စောကို ဆက်ခံသူဟု ထင်လာသည်။ ပန်းခြံများတွင် သူ့ရုပ်တုတွေနှင့် ပြည့်လာစေရမည်။ “ပေါတက်စ လမ်းမကြီးတဲ့၊ ဒီလိုတော့လဲ သိပ်မဆိုးပါဘူးကွ့ဲ” ဟု ပေါလက်ကို ပြောမိသေးသည်။

တက်စသည် စစ်ရေးကိစ္စကိုလည်း ကိုင်ရသည်။ စီးပွါးရေးကိစ္စများ ဆိုလျှင်လည်း ပါရသည်။ အင်ဂျင်နီယာလုပ်ငန်းများကိုလည်း ဆွေးနွေးရသည်။ ဝါဂွမ်း တင်သွင်းရေးကိစ္စ၊ ဖုံးကြဲလေယာဉ်ပျံသစ်များ တည်ဆောက်ရေးကိစ္စ၊ ဗင်နီဇွဲလားနိုင်ငံနှင့် ကုန်သွယ်ရေး သဘောတူညီချက်တရပ် ချုပ်ဆိုရေးကိစ္စ စသည်တို့တွင်လည်း သူပါရသည်ချည်း။ သူ့ထံလာ၍ မကျေနပ်ချက်တွေကို လာရောက်တိုင်တန်းသူတို့က မနည်း။ ယခင်ကဆိုလျှင် တက်စသည် ဘဏ္ဍာရေးကိစ္စ၊ လွှတ်တော်အမတ်များနှင့် စီးပွါးရေး လုပ်ငန်းရှင်ကြီးများလောက်သာ ဆက်ဆံရသည်။ ယခု ဤသို့မဟုတ်တော့။ စစ်ဘက်အသုံးအနှုန်းတွေကို နားမလည်ပဲနှင့်လည်း စစ်တပ်၏သြဇာကို နာခံနေရပြီ။ မည်သည့်အရာကို ချက်ချင်း လုပ်ပေးရမည်၊ မည်သည့်ကိစ္စမျိုးကို ရွှေ့ဆိုင်းရမည် ဆိုသည်တို့ကိုလည်း သူမသိ။ “အင်း... စစ်တပ်ဆိုတာ ကမ္ဘာတခုပဲလေ၊ အသေးစားကမ္ဘာလေး ဆိုပါတော့” ဟု တယောက်တည်း ညည်းသည်။

ဗိုလ်ချုပ် ဒီဗစ်ဆက်က သူ့ထံတွေ့ရန် လာသည်ဆိုသည့်အခါတွင် တက်စ မျက်မှောင်ကို ကုပ်လိုက်မိ၏။ နာမည်ကြီးကစားသမားကို သတိထား၍ ဆက်ဆံမှ တော်ကာကျလိမ့်မည်။

ဗိုလ်ချုပ် ဒီဗစ်ဆက်သည် ၁၉၁၅ ခုနှစ်လောက်တွင် ရှေ့တန်းသို့ ရောက်လာခဲ့သည်။ ထိုစဉ်က သူသည် ရှာမိန်းဒေဒိန်းဒေသတွင် တပ်မကြီးမှူးဖြစ်၏။ ခြေထောက်တွင် ဒဏ်ရာရသည့်တိုင် တပ်မှ မထွက်။ ယခု အသက်ခြောက်ဆယ့်လေးနှစ် ရှိသည့်တိုင် မာန်မကျသေး။ ခပ်တောင့်တောင့်၊ မုတ်ဆိတ်မွေး ဝါကြန့်ကြန့်နှင့် နေလောင်ထားသည့် သူ့မျက်နှာ ဝိုင်းဝိုင်းကြီးသည် ခွေးဘီလူးမျက်နှာနှင့် တူ၏။ သနားကြင်နာတတ်သည့်တိုင် ဒေါသကြီးသည်။ မယားကို အော်ငေါက်ပြီး တပ်ရေးကို ကော်ဆဲတတ်သည်။ သူ့ဝါသနာမှာ စစ်တပ်နှင့် သစ်ပင်စိုက်ခြင်း ဖြစ်သည်။ အားအားရှိလျှင် ရေပန်းကရားကိုကိုင်ပြီး သစ်ပင်တွေကို ရေလောင်းသည်။ နှင်းဆီပင်တွေကို မျိုးစပ်သည်။ နှင်းဆီပင်တွေကို ညှပ်သည်။

ဗိုလ်ချုပ် ဒီဗစ်ဆက်သည် နိုင်ငံရေးစကားကို တခွန်းမျှ ပြောလေ့မရှိ။ ဝန်ကြီးများအပေါ် မည်သို့ထင်သနည်းဟု မေးလျှင် “စစ်တပ်ဆိုတာ စကားမပြောတတ်တဲ့ သတ္တဝါကြီးတကောင်ဗျ” ဟု ပြန်ပြောတတ်သည်။ အချို့ကမူ ဗိုလ်ချုပ် ဒီဗစ်ဆက်သည် ဘုရင်အုပ်ချုပ်ရေးကို လိုလားသည်ဟု ပြောကြသည်။ ပြင်သစ်ပြည်ပြင်ပတွင် ရောက်နေသည့် နန်းကျဘုရင် အနွယ်များနှင့် အဆက်အသွယ်ရှိသည်ဟု ဆိုကြသည်။ ဗိုလ်ချုပ်ပီးကာ့ အပါအဝင် အချို့ကလည်း သူသည် ကွန်မြူနစ်တဦးဟု ပြောကြသည်။ သူသည် ဖိုးဂျက်လို လူနှင့်လည်း စကားကို လေပေးဖြောင့်အောင် ပြောနိုင်သည်။ ဆိုဗီယက်လေတပ် ကောင်းကြောင်းကိုလည်း ပြောတတ်သည်။ တခါက တက်စသည် ဘုရားရှိခိုးကျောင်းတကျောင်း၌ ဗိုလ်ချုပ် ဒီဗစ်ဆက် ဘုရားရှိခိုးနေသည်ကို မြင်ရသည့်အခါတွင် အကြီးအကျယ် အံ့အားသင့်နေပေသည်။ ဖိုးဂျက်လို လူမျိုးနှင့် တည့်အောင်ပေါင်းနိုင်သည့်အတွက်လည်း ချီးကျူးမိ၏။

ယခု သည်လူ သူ့ထံ ဘာကိစ္စလာဦးမည်နည်း။ စစ်တပ်ထဲတွင် လက်ဝဲသတင်းစာ

မဖတ်ရဟု အမိန့်ထုတ်သည့်အတွက် ဗိုလ်ချုပ်ပီးကာ့ကို မကျေနပ်သဖြင့် လာရောက်တိုင်တန်းခြင်းလော။ သို့မဟုတ် စစ်တပ်ထဲတွင် သင်းအုပ်ဆရာများ ခန့်အပ်ခြင်းကို အတည်ပြုဖို့ လာခြင်းလော။

တက်စက ဗိုလ်ချုပ် ဒီဗစ်ဆက်အား ကုလားထိုင်ကြီးတလုံးပေါ်တွင် ထိုင်စေပြီးနောက် ဆေးပြင်းလိပ်ဗူးကို လှမ်းပေးသည်။

"သောက်ပါ ဗိုလ်ချုပ်၊ ပါတားဂတ်တံဆိပ်လေ၊ အကောင်းဆုံး ဟာဗားနား ဆေးပြင်းလိပ်ဗျ၊ အခြေအနေ ကောင်းပါသေးတယ်... မဆိုးသေးပါဘူး၊ လတ်ပါသေးတယ်။ နောက်ထပ် ဟာဗားနား ဆေးပြင်းလိပ်တွေ တော်တော်နဲ့ လာနိုင်ဦးမှာ မဟုတ်သေးဘူး၊ သင်္ဘောတွေက ဒီထက်အရေးကြီးတဲ့ ပစ္စည်းတွေကို တင်နေရတယ် မဟုတ်လား၊ ကဲ... ဆိုစမ်းပါဦး ဗိုလ်ချုပ်ကိစ္စက"

ဗိုလ်ချုပ် ဒီဗစ်ဆက်သည် တက်စနှင့် စကားပြောရန် အိမ်မှာကတည်းက ပြင်ဆင်ပြီး ဖြစ်၏။ မျိုးချစ်စိတ်ဓာတ်အကြောင်းကို ပဏာမခင်းရမည်။ ထိုနောက် ပြီးခဲ့သည့် စစ်ပွဲကြီးမှ မည်သည့်သင်ခန်းစာများကို ယူသင့်ကြောင်း ပြောမည်။ ထိုနောက် စစ်သားကောင်းတယောက်၏ တာဝန်ဝတ္တရားများကို ပြောပြမည်။

သို့ရာတွင် တက်စနှင့် တွေ့သည့်အခါတွင် ပြောဖို့စီစဉ်လာသည့် အချက်များကို မေ့သွား၏။ ဆေးပြင်းလိပ်အဖျားကို ကိုက်ဖဲ့လိုက်ပြီး ဆေးဖတ်ကို တွေးထုတ်လိုက်ယင်း ဆိုင်းမဆင့် ဗုံမပါ ပြော၏။

"အခြေအနေကတော့ တော်တော်ဆိုးနေပြီဗျ၊ တပ်တွေမှာ ဘာမှမရှိတော့ဘူး၊ တပ်ရင်းတရင်းမှာ စက်သေနတ် ဘယ်နှလက်ပါရမယ်ဆိုတာ ခင်ဗျားသိရဲ့လား၊ လေယာဉ်ပျံ ဆိုတာကတော့ မပြောနဲ့တော့၊ ဥပမာ ခုဆိုယင် ကျုပ်မှာ ဗုံးကြဲလေယာဉ် ဆယ်စီးပဲ ရှိတော့တယ်၊ ဟုတ်တယ်... ဆယ်စီး၊ နားကြားမလွဲနဲ့၊ ဆယ်စီးတည်းရယ်။ ပြီးတော့ စစ်သားတွေမှာ ဖိနပ်မရှိဘူး၊ စောင်မရှိဘူး၊ ဆောင်းတွင်းရောက်တော့မယ်"

တက်စက ခေါင်းကို ဖြေးညင်းစွာယမ်းကာ "ဟုတ်ပါတယ်၊ ကျွန်တော်သိပါတယ်" ဟု အလိုက်အထိုက် ပြောနေသည်။ ပြီးမှ... "ဒါ ပြည်သူ့တပ်ဦးအစိုးရ လက်ထက်တုန်းက လုပ်သွားတာတွေပေါ့၊ လစာမပျက် အားလပ်ရက် ဆိုတာတွေကြောင့် တိုင်းပြည်မှာ ကုန်ထုတ်လုပ်မှုတွေ ကျဆင်းကုန်တာပေါ့၊ ဒါပေမယ့် အခြေအနေ ပြောင်းသွားပါလိမ့်မယ်၊ တပ်အတွက် လိုအပ်တဲ့ ပစ္စည်းတွေကို အမေရိကက ဝယ်ဖို့ အစီအစဉ် ရှိပါတယ်"

"ဝယ်မယ်ဆိုယင်လဲ မြန်မြန်ဝယ်ရလိမ့်မယ်ဗျ"

"ဗိုလ်ချုပ်ဟာ စီးပွါးရေးပါရဂူတယောက် မဟုတ်ဘူးလေ" တက်စက အထက်စီးလေသံဖြင့် ပြောသည်။ "အမေရိကန်မှာ လေယာဉ်ဈေးက သိပ်ကြီးတယ်၊ လေယာဉ်ကို အစီးလိုက် ဝယ်မယ့်အစား စက်ပစ္စည်းကိုဝယ်ပြီး ကျွန်တော်တို့ဘာသာ ဆင်မယ်၊ အင်ဂျင်စက်တိုင်းကို ချွေတာရမှာပဲ၊ ဒီအထဲမှာ စက်မှုလုပ်ငန်းရှင်တွေကလဲ တမျောင့်၊ မျူးဂါးကဆိုယင် လေယာဉ်စက်တွေကို အမေရိကန်က မဝယ်ဖို့ အကျောက်အကန် ပြောနေတယ်၊ ဒီလိုဝယ်ခြင်းဖြင့် အမျိုးသား စက်မှုလုပ်ငန်းတွေကို ထိခိုက်စေတယ်တဲ့၊ ဒါပေမယ့် ဘာပဲပြောပြော ကျွန်တော်တို့ကတော့ ဝယ်ရမှာပဲ၊ ခု... အီတလီကို နည်းနည်းမှာထားတာလဲ ရှိတယ်၊ ၁၉၄၁ ခု နွေဦးပေါက်လောက်ကျယင်တော့"

"၁၉၄၀ ခု နွေဦးပေါက်မှာ ဟစ်တလာက ကျုပ်တို့ကို စတိုက်ယင်ကော

ဘယ့်နှယ်လုပ်မလဲ”

ဗိုလ်ချုပ် ဒီဗစ်ဆက်က ကြားဖြတ်ပြောသည်။

“မဂ္ဂီနော့ခံတပ်ကို သူတို့ ချက်ချင်း မကျော်နိုင်ပါဘူး၊ ဗိုလ်ချုပ်က ကျွန်တော့်ထက် ပိုသိပါတယ်”

“မဖြစ်နိုင်တာရယ်လို့ ဘာမှမရှိဘူးဗျ။ သူတို့က လူဘယ်လောက် သုံးပြီး တိုက်နိုင်သလဲ ဆိုတာပေါ်မှာ တည်တယ်၊ ပြီးတော့ မဂ္ဂီနော့ခံတပ်က တောင်ပိုင်းမှာ၊ မြောက်ဘက်ကနေပြီး လှည့်ဝင်လာတယ်ဆိုယင် ဘယ့်နှယ်လုပ်မလဲ…”

“လီဂျေခံတပ်နဲ့ အဲလဘတ် တူးမြောင်းကိုကော ဗိုလ်ချုပ် ဘာပြောမလဲ။ ဘယ်လဂျီယန်ကို သွားတိုက်ယင်ကော ခံမှာတဲ့လား၊ ခြင်္သေ့တွေလို ထတိုက်ကြမှာ၊ ဘယ်လဂျီယန်ဆိုတဲ့ လူမျိုးက အလွန်သတ္တိကောင်းတဲ့လူမျိုး”

“ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် သူများကို မှီခိုရတယ်ဆိုတာက သိပ်မကောင်းဘူးဗျ၊ မြောက်ဘက်နယ်စပ်ကိုလဲ ကျုပ်တို့အနေနဲ့ တောင့်တင်းအောင် လုပ်ဖို့လိုတယ်”

“ဒါက နှောင်နှစ်ပေါင်း အတော်ကြာမှ ဖြစ်မှာပါ။ ကျွန်တော်တို့အဖို့ကတော့ တိုင်းပြည်ရဲ့ သယံဇာတပစ္စည်းတွေကို တတ်နိုင်သလောက် ချွေတာရမှာပဲ၊ စစ်ပွဲမှာ ရွှေအများကြီးရှိတဲ့လူက နိုင်တာပဲခင်ဗျ”

တက်စက သူ့ညှော်သည်ကို သနားစရာ လူတယောက်အနေဖြင့် လှမ်းကြည့်လိုက်သည်။ စစ်ဗိုလ်သာဆိုတယ် ကလေးသာသာပဲ ရှိသေးတာပဲဟု တွေးနေ၏။ ဗိုလ်ချုပ် ဒီဗစ်ဆက်၏ မျက်နှာသည် မည်းသွား၏။ သူ့ရင်ဘတ်တွင် တပ်ထားသည့် ဖဲကြိုးများသည် ပိန်လိုက် ဖောင်းလိုက် ဖြစ်နေကြသည်။

“ကျွန်တော်ကတော့ စစ်သားပဲဗျ၊ ကျွန်တော့်အလုပ်ကတော့ အမိန့်ကို နာခံရုံပဲ၊ ဒါပေမယ့် မပြောပဲတော့ မနေနိုင်ဘူး၊ ဗိုလ်ချုပ်ပီးကာ့ကတော့ ဂျာမန်တွေရဲ့ ဆီးဖရိတ် ခံတပ်ကြီးကို သိမ်းချင်ယင် ၁၉၄၂ ခုနှစ်လောက်မှာ အမြောက်အကြီးစားတွေ စုပြီးဆောင်းပြီးသား ဖြစ်ရမယ်တဲ့၊ ဒါပေမယ့် ပိုလန်ပြည် ဘာဖြစ်သွားသလဲ၊ ခင်ဗျားအမြင်ပဲ။ ဂျာမန်တွေရဲ့ ယန္တရားတပ်တွေ ဘယ်လောက်ကောင်းသလဲဆိုတာလဲ ခင်ဗျားအသိ၊ ဂျာမန်တွေဟာ တနေရာရာကနေပြီး ကျွန်တော်တို့ရှေ့တန်းကို ထိုးဖောက်ဝင်လာနိုင်တယ်ဗျ။ ဒါပေမယ့် ကျွန်တော်တို့မှာ တင့်ကားပစ်အမြောက်တွေ တိုးမထုတ်နိုင်သေးဘူး၊ တိုးမထုတ်နိုင်တဲ့အပြင် လျော့တောင်သွားသေးတယ်လို့ ကြားရတယ်၊ ဘာဖြစ်လို့ တိုးမထုတ်နိုင်သလဲ၊ ဘယ်မှာ တိုးထုတ်နိုင်ပါ့မလဲ… အလုပ်သမားတွေကို အကျဉ်းစခန်းတွေထဲ ပို့နေတာကိုး၊ ဒါကို ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရတယ်၊ တင့်ကားပစ်အမြောက်တွေကို ထုတ်ရမယ့် အလုပ်သမားတွေ ဘာလုပ်နေရသလဲ၊ ဂုံအိတ်တွေကို ချုပ်နေရတယ်၊ ချောကလက်သေတ္တာတွေကို ထုတ်မနေရတာ တော်သေးတာပေါ့။ ဒီကိစ္စကို ကျွန်တော် ဝန်ကြီးဂရမ်ဒယ်ကို သွားပြောတယ်၊ ဒါတွေကို ခုမလုပ်နိုင်သေးဘူးတဲ့၊ ၁၉၄၂ ခုနှစ်လောက်ကျမှ လုပ်နိုင်မယ်တဲ့၊ ကျွန်တော်တို့တိုင်းပြည် ဒုက္ခရောက်တော့မယ် ဝန်ကြီး၊ ကျွမ်းကျင်အလုပ်သမားတွေကို ဘာဖြစ်လို့ ဒီလောက်တောင် ဖမ်းနေရတာလဲ”

တက်စက စိတ်ဆိုးဆိုးဖြင့်…

“ဖိုးဂျက် ပြောတာတွေကို အဟုတ်ထင်မနေနဲ့ ဗိုလ်ချုပ်၊ အလုပ်သမားတွေကို အကျဉ်းစခန်းထဲ ထည့်တယ်ဆိုတာ မဟုတ်ဘူး၊ ကွန်မြူနစ်တွေကိုပဲ ဖမ်းတာ၊

စစ်ရေးစစ်ရာတွေထဲမှာ ကျွန်တော် ဝင်ပြီး မစွက်ဖက်ဘူး၊ ဒီတော့ ဗိုလ်ချုပ်ကလဲ နိုင်ငံရေးမှာ ဝင်မစွက်ပါနဲ့”

“ကျုပ်က ဘယ်မှာ နိုင်ငံရေးစကားပြောလို့လဲ၊ ကျုပ်ပြောနေတာက အမြောက်တွေနဲ့ လေယာဉ်တွေအကြောင်းကို ပြောနေတာဗျ”

တက်စက မတ်တတ်ထကာ အခန်းပတ်လည်တွင် လျှောက်နေသည်။ တရားခွင်တွင် ဂျူရီလူကြီးတွေရှေ့ လျှောက်လဲချက်ပေးသည့် ပုံစံမျိုးဖြင့် လက်တဘက်ကို မြှောက်လိုက်ပြီး...

“တနေ့တုန်းက ဗိုလ်ချုပ်ကို ဘုရားရှိခိုးကျောင်းမှာ ကျွန်တော် တွေ့လိုက်တယ်၊ ကျွန်တော်တော့ အံ့ဩလို့ မဆုံးဘူးခင်ဗျ။ ကျွန်တော်တို့လူမျိုးဟာ သိပ်ပြီး ဘာသာတရား ကိုင်းရှိုင်းတတ်တဲ့ အမျိုးမဟုတ်ပါဘူး... ဒါပေမယ့် ဘာသာတရားကို ကျွန်တော် လေးစားတယ်၊ ဘာသာရေး ကိုင်းရှိုင်းသူတယောက်ရဲ့ ခံစားချက်တွေကိုလည်း ကျွန်တော် နားလည်နိုင်ပါတယ်... ဒါပေမယ့် ဗရင်ဂျီဘာသာဝင်တယောက်ဖြစ်တဲ့ ဗိုလ်ချုပ်ဟာ ကွန်မြူနစ်တွေအတွက် ဘာဖြစ်လို့ ရှေ့နေလိုက်ပေးနေသလဲ ဆိုတာကိုတော့ ကျွန်တော်နားမလည်ဘူးခင်ဗျ”

“ကွန်မြူနစ်တွေအတွက် ရှေ့နေလိုက်ပေးနေတာ မဟုတ်ပါဘူး၊ ကျုပ်တာဝန်က စစ်တပ်တာဝန်ဗျ၊ ဒီကိစ္စက ဘာသာရေးနဲ့ ဘာမှမဆိုင်ဘူး၊ တိုင်းပြည်ကို ကာကွယ်ဖို့ တာဝန်ဟာ ဘယ်သူ့တာဝန်လဲ၊ စစ်တပ်ရဲ့ တာဝန်ဗျ၊ ဂျာမန်တွေကို ကျုပ်မုန်းတယ်။ ခင်ဗျား နားလည်ရဲ့လား၊ ခု ဒီကောင်တွေ ပါရီမြို့ထဲ ဝင်လာကြတော့မယ်၊ ကျုပ်တို့ လက်နက်လိုချင်တယ်၊ လက်နက်ရမယ်ဆိုယင် စက်ရုံတွေကို ကွန်မြူနစ်တွေ လက်ထဲမကလို့ ယမမင်းရဲ့ လက်ထဲကို အပ်ရယင်လဲ အရေးမဟုတ်ဘူး”

“ဗိုလ်ချုပ်က အရေးမကြီးတာကို သိပ် ရေးကြီးခွင်ကျယ် လုပ်နေတာကိုး။ ဒီစစ်ပွဲကြီးဟာ တခြားစစ်ပွဲကြီးတွေနဲ့ မတူဘူးခင်ဗျ၊ ဒါကို ဗိုလ်ချုပ်မေ့နေတယ်ထင်တယ်၊ ခုစစ်က ဘာနဲ့တူသလဲဆိုတော့ လက်နက်ကိုင် ငြိမ်းချမ်းရေးကာလနဲ့ အတူတူပဲခင်ဗျ။ ကျွန်တော်တို့ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ဂိန်မလင်ဟာ ဘာဖြစ်လို့များ တပ်သားတွေကို အကျခံတိုက်နေသလဲ မသိဘူး၊ ကျွန်တော်တို့တိုင်းပြည်ဟာ ကလေးမွေးနှုန်း အလွန်နည်းတဲ့ တိုင်းပြည်၊ ကျွန်တော်တို့ဟာ ပစ္စည်းကိုလဲ ချွေတာရမယ်၊ လူကိုလဲ ချွေတာရမယ်၊ သိပ်ပြီး ဟိတ်ဟန်တွေ ထုတ်နေရမယ့်ကာလ မဟုတ်ဘူး၊ ရှိတာလေးနဲ့ ဖြစ်အောင် လုပ်ရမယ့်ကာလ၊ ပြီးတော့ စစ်ကိုလဲ ခါတိုင်းလိုနည်းတွေနဲ့ တိုက်လို့ မရတော့ဘူး ခင်ဗျ၊ နည်းသစ်နဲ့ တိုက်ရလိမ့်မယ်၊ ရန်သူကို ပိတ်ဆို့တဲ့နည်းနဲ့ တိုက်ရလိမ့်မယ်၊ ဒါ ကျွန်တော်တို့လက်နက်ပဲ၊ ပြီးတော့ ဒီစစ်ကို ရှေ့တန်းကနေပြီး တိုက်ရမယ့်သူက ကျွန်တော်တို့ မဟုတ်ဘူး၊ အင်္ဂလိပ်၊ ဂျာမန်က ဦးတည်တိုက်နေတာလဲ အင်္ဂလိပ်ကို တိုက်နေတာ၊ ဒါကိုက ကျွန်တော်တို့အတွက် တပန်းသာနေတယ်။ အင်္ဂလိပ်ဟာ စုတ်ပြတ်ပြီး အပွန်းအပဲ့တွေနဲ့ ငြိမ်းချမ်းရေး ကွန်ဖရင့်ကို တက်လာလေလေ ကျွန်တော်တို့အဖို့ ကောင်းလေပဲ၊ ကျွန်တော်တို့ဟာ ရန်သူကို တင်းကျပ်တဲ့ ပိတ်ဆို့မှု လုပ်ရမယ်၊ သိပ်တော့လဲ အတင်းကျပ်ကြီး မဟုတ်ဘူးပေါ့လေ၊ ဂျာမန်တွေကို သိပ်ပြီး နာကျည်းသွားအောင်လဲ လုပ်လို့မဖြစ်သေးဘူး၊ ကျားနာဖြစ်သွားယင် ကျွန်တော်တို့ မဂ်ဂျီနော့ ခံစစ်ကြောင်းကိုချိုးပြီး ကျွန်တော်တို့ဘက် လှည့်လာမှာလဲ စိုးရသေးတယ်၊ နည်းနည်း ခြောက်ရုံလှန့်ရုံလောက်ပေါ့။ ခု ကျွန်တော်တို့ဟာ ဂျာမန်တွေကို ဘာကြောင့်တိုက်နေရသလဲ၊ နားလည်မှုလွဲပြီး တိုက်နေကြတာဗျ၊ တကယ်က ဘာအကြောင်းမှ ခိုင်ခိုင်လုံလုံ ရှိတာမဟုတ်ဘူး၊ ကျွန်တော့်ကို

ခွင့်လွှတ်ပါ၊ ကျွန်တော်က ဒီလိုပဲ ပွင့်ပွင့်လင်းလင်း ပြောတတ်တယ်။ တကယ်က စစ်တပ်ဟာ နောက်မှာပဲ နေရမယ်ခင်ဗျ၊ ရှေ့ကို သိပ်ထွက်လို့ မဖြစ်ဘူး”

နောက်တွင် တက်စနှင့် စကားပြောခဲ့ရပုံကို ပြန်ပြောတိုင်း ဗိုလ်ချုပ် ဒီဗစ်ဆက် ဒေါသထွက်၍ မဆုံး။

“ကျုပ်ကို အစေခံတယောက် နှင်ထုတ်သလို နှင်ထုတ်လိုက်ပြီး ဒါတွေ ခင်ဗျားနဲ့ ဘာမှမဆိုင်ပါဘူးတဲ့၊ ခင်ဗျားအလုပ် မဟုတ်ပါဘူးတဲ့၊ ခက်တာက လက်နက်ကို အမေရိကကလဲ မဝယ်ချင်ဘူး၊ ဈေးကြီးတယ်တဲ့၊ မဝယ်လို့ ကိုယ်ကိုယ်တိုင် ထုတ်မလား ဆိုတော့လဲ မထုတ်ဘူး၊ အလုပ်သမားတွေက ကွန်မြူနစ်တွေတဲ့၊ ကြည့်ရတာက ဂျာမန်တွေကိုလဲ တကယ်တိုက်ချင်ပုံ မရပါဘူး၊ စစ်သားကလဲ ဘာမှမတိုက်နိုင်ဘူး၊ ငုတ်တုတ်ထိုင်နေရတယ်၊ ဒီလူတွေ ဘာလုပ်ချင်သလဲဆိုတာ ကျုပ်စဉ်းစားလို့မရဘူး”

ထိုနေ့ညတွင် တက်စသည် တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်း ပြောသည်။ အသံလွှင့်ခွက်ရှေ့တွင် စကားပြောရခြင်းကို တက်စ မကြိုက်။ ရှေ့တွင် နားထောင်မည့် ပရိသတ်ကိုလည်း မမြင်ရ။ အခန်းထဲတွင် တယောက်တည်း စကားပြောရသည်မှာ ကြောင်တောင်တောင်နိုင်သည်။ အသံလွှင့်ရုံ အမှုထမ်းများ ရောက်လာသည့်အခါတွင် တက်စသည် သူ့ရုံးလုလင် အဘိုးကြီးမောရစ်ကို အခေါ်လွှတ်လိုက်သည်။

“အဘိုးကြီး၊ ကျုပ် အသံလွှင့်မိန့်ခွန်း ဖတ်မလို့၊ ရှေ့မှာ ခဏထိုင်နေစမ်း၊ နားထောင်မယ့်လူ မရှိပဲ တယောက်တည်း စကားပြောရတာ ကြောင်ပါဘိသနဲ့”

အဘိုးကြီးမောရစ်သည် ပြုံး၍ သူ့ရှေ့တွင် ထိုင်၏။ တက်စက ခပ်ပြုံးပြုံးဖြင့် အသံလွှင့်မိန့်ခွန်းကို ဖတ်သည်။

“ကျုပ်တို့ဟာ နယ်ခြားမျဉ်းကို ဖြတ်ကျော်ခဲ့ကြပြီ၊ ကျုပ်တို့တိုက်မယ့်စစ်ဟာ နှစ်ဆယ်ရာစုရဲ့ ကရူးဆိတ်စစ်ပွဲ ဖြစ်တယ်၊ ကျုပ်တို့ဟာ ပြင်သစ်လူမျိုးရဲ့ ကြီးမြတ်တဲ့ စာရိတ္တတန်ဖိုးတွေကို ကာကွယ်ဖို့အတွက် ဓားကို ဓားအိမ်က ချွတ်လိုက်ကြပြီ၊ ကျုပ်တို့ ဝါဒက ဘာလဲ၊ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ဗြဟ္မစိုရ်တရားကို လက်ကိုင်ပြုပြီး ကြမ်းကြုတ်တဲ့ စက်ယန္တရား အင်အားစုကို လူစိတ်ဝင်လာအောင်၊ လူဆန်လာအောင် လုပ်ပေးဖို့ ဖြစ်တယ်၊ ခု ကျုပ်တို့မှာ ကြီးမားတဲ့ လေတပ်အင်အား ရှိနေပြီ၊ ပြင်သစ်ပြည်ကြီး အထက်ကောင်းကင်ဟာ ဒီလောက်ကြီးမားတဲ့ လေတပ်အင်အားကို မမြင်ဖူးသေးဘူးလို့ ကျုပ်ပြောယင် လျှို့ဝှက်သတင်းကို ရန်သူ့နားရောက်အောင် လုပ်တယ်လို့ တချို့က ထင်ကောင်းထင်ကြမယ်၊ ဒါပေမယ့် ဒါဟာ သတင်းပေးတာ မဟုတ်ပါဘူး၊ အမှန်တရားကို ပြောတာဖြစ်တယ်၊ ဒီလောက် မိုးထစ်ချုန်းသလို မြည်ဟီးနေတဲ့ တင့်ကားသံတွေကို ကျုပ်တို့ပြင်သစ်ပြည်ကြီးဟာ တခါဖူးမျှ မကြားဖူးခဲ့သေးဘူး၊ ကျုပ်တို့ရဲ့ ကြီးမားတဲ့ လက်နက်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းကြီးတွေကို တိုးချဲ့ဖို့အတွက် ကျုပ်တို့တတွေဟာ နေ့ရော ညပါ အလုပ်လုပ်နေကြတယ်၊ ကျုပ်တို့လုပ်ငန်းတွေကို ကျုပ်တို့ရဲ့ မြင့်မြတ်တဲ့ မဟာမိတ်များ ဖြစ်ကြတဲ့ ဗြိတိန်နဲ့ အတ္တလန္တိတ်သမုဒ္ဒရာတဘက်က မဟာမိတ်ဖြစ်တဲ့ အမေရိကန်တို့က ကူညီနေကြတယ်၊ ဒါပေမယ့် ကျုပ်တို့ရဲ့ အဓိကအင်အားကတော့ ကျုပ်တို့ပြင်သစ်အမျိုးသားများရဲ့ စိတ်ဓာတ်သာ ဖြစ်တယ်၊ နိုင်ငံရေးပါတီပေါင်းစုံ၊ လူတန်းစားပေါင်းစုံ ညီညွတ်စေတဲ့ ညီရင်းအစ်ကိုပမာ ခံစားချက်သာ ဖြစ်တယ်၊ တိုင်းပြည်ရဲ့ ညီညွတ်မှုသာ ဖြစ်တယ်၊ ပြည်သူလူထုရဲ့ အနိုင်မခံ အရှုံးမပေးတဲ့

စိတ်ဓာတ်သာ ဖြစ်တယ်။ အို... ပြင်သစ်အမျိုးသား အပေါင်းတို့... ယဉ်ကျေးမှုကြီး တခုလုံးရဲ့ ရန်သူကို ကျူပင်ခုတ် ကျူငုတ်မကျန်အောင် ရှင်းလင်းသုတ်သင်လို့ မပြီးမချင်း ကျုပ်တို့ရဲ ဓားကို မြဲမြဲကိုင်ထားရမယ်”

မောရစ်သည် တုတ်တုတ်မျှ မလှုပ်ရဲ။ ဓာတ်ပုံ အရိုက်ခံရစဉ် တမင်ပြုံးရသည့် အပြုံးမျိုးကို ပြုံးယင်း ကုလားထိုင်စွန်းတွင် ထိုင်နေလေသတည်း။

တပ်မတော် စစ်ဦးစီး႒ာနချုပ်သည် အယ်ဖေးရှင်းနယ်သား စက်မှုလုပ်ငန်းရှင်တဦး၏ ကျေးလက်စံအိမ်တလုံးတွင် စခန်းချလျက်ရှိ၏။ အိမ်က ကျယ်လွင့်လွင့် ခန်းမကြီးတခု ရှိသည်။ ဘိလိယက်ခန်း တခန်းလည်း ရှိ၏။ ညနေတိုင်လျှင် အရာရှိများက ဘိလိယက်ထိုးကြသည်။ စာကြည့်ခန်းထဲတွင် အရာရှိများသည် မြေပုံကြီးများကို ကြည့်နေကြ၏။ လက်နှိပ်စက်သံသည် တထပ်ထပ်။ နံရံပေါ်တွင် ယခုတိုင် ချိတ်ဆွဲထားသည့် မစ်ကီမောက် အရုပ်ကြီးအောက်၌ လက်ရေးတို လက်နှိပ်စက် စာရေးမ လူစီ ထိုင်တတ်သည်။ လူစီ၏ ဆံပင်က ကောက်ရိုးရောင်လို ဝါလဲ့လဲ့။ မရမ်းရောင် သန်းနေသည့် မျက်တောင်ရှည်ရှည်ကြီးများက ကော့ပျံလျက်။ ဗိုလ်ချုပ်၏ အချစ်တော်ဖြစ်သည့် ဗိုလ်မှူးလီရွှိုင်းမှာ လူစီအနားက မခွာတော့။

အိမ်ရှင်က အလှအပ ပစ္စည်းကလေးများကို ကြိုက်တတ်သည်။ ဗိုလ်ချုပ်လီရီဒေါ့ အလုပ်လုပ်သည့် စားပွဲတွင် ပီဆာမျှော်စင်ပုံ မင်အိုးတလုံး၊ ကိုပင်ဟောဂင်မှလုပ်သည့် ကြွေရုပ် ရေခဲငှက်ရုပ်တရုပ်။ ပါရီစံတော်ချိန်ကို ပြသည့် စားပွဲတင်နာရီတလုံးတို့ ရှိကြသည်။ ဆန့်ဖရန်စစ္စကိုနှင့် တိုကျိုစံတော်ချိန်များကို ပြသည့် နာရီများလည်း ရှိ၏။ ဗိုလ်ချုပ်လီရီဒေါ့ အလုပ်လုပ်သည်ဆိုလျှင် ရေခဲငှက်ရုပ်ကို ရွရွကလေးကိုင်၍ ရွှေ့တတ်သည်။ ရေခဲငှက်ရုပ်ကလေး ကျိုးပဲ့သွားမည်ကို စိုးရိမ်သည်။ ပစ္စည်းတစုံတခု ပျက်စီးသွားသည်ကို သူမကြည့်ရက်။ သစ်သားတုံးကလေးတွေ စီခင်းထားသည့် ကြမ်းပြင်ပေါ်တွင် မင်စက်ဖိတ်သည်ကို မြင်လျှင်၊ မြက်ခင်းပြင်ကို စစ်ဖိနပ်ကြီးတွေဖြင့် နင်းသည်ကို မြင်လျှင် ဗိုလ်ချုပ် စိတ်ဆိုးတတ်သည်။

တကယ်က သည်လိုစိတ်မျိုးရှိသည့် လူတယောက်သည် စစ်သားလုပ်ဖို့ မကောင်း။ အခြားအလုပ်တခုခုကို လုပ်ဖို့ကောင်းသည်ဟု ထင်ကောင်းထင်ကြလိမ့်မည်။ သို့ရာတွင် ဗိုလ်ချုပ်လီရီဒေါ့၏ မိသားစုအားလုံးသည် စစ်ဘက်တွင် အမှုထမ်းတွေချည်း ဖြစ်သည်။ ၁၉၁၄ ခု ပထမကမ္ဘာစစ်ကြီးတုန်းက လီရီဒေါ့သည် တပ်ရင်းတခုကို ကွပ်ကဲရသည်။ အရည်အချင်း ရှိသဖြင့် ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခံရသည်။ အထက်လူ အောက်လူနှင့် တည့်အောင် ပေါင်းတတ်သည်။ သူ့ကိုယ်သူ (နာမည်ကျော် ပြင်သစ်စစ်ဗိုလ်ချုပ်ကြီး) ဖော့ချ်၏ အန္တေဝါသိက တဦးဟု မကြာခဏ ပြောတတ်သည်။ ဘယ်တော့မျှ ရှေ့တန်းသို့ မထွက် နောက်မှနေ၍ သိမ်းကျုံးလုပ်ပေးတတ်သည်။ “စစ်သားဆိုတာ စိတ်ဓာတ် တည်ငြိမ်ဖို့နဲ့ အတိုင်းအထွာကို သိဖို့ လိုတယ်ဗျ” ဟု ပြောတတ်သည်။ လူက ယဉ်ယဉ်ကျေးကျေး။ သန့်သန့်ရှင်းရှင်း။ မုတ်ဆိတ်မွေး ပါးသိုင်းမွေးတို့ကို စင်ကြယ်စွာ ရိတ်လျက်။ အိုဒီကလုံး ရေမွှေးနံ့ကလည်း တကြိုင်ကြိုင်။ လူတိုင်းက သူ့ကို ချစ်ကြသည်။ သူကလည်း လူတိုင်းနှင့် တည့်အောင်နေတတ်သည်။ သူ၏ ချွတ်ယွင်းချက်မှာ အခြားမဟုတ်။ အရုပ်ပုခြင်း ဖြစ်သည်။ ဘယ်တော့မျှ လူတကာနှင့်တွဲ၍ ဓာတ်ပုံအရိုက်မခံ။ ဓာတ်ပုံရိုက်လျှင် တယောက်တည်းသာ အရိုက်ခံတတ်သည်။

ဗိုလ်ချုပ်လီရီဒေါ့ အောင်မြင်ခြင်းမှာ ပါးနပ်လိမ္မာခြင်းကြောင့် ဖြစ်သည်။ ဗိုလ်ချုပ်လီရီဒေါ့သည် လွတ်တော်အမတ်များကို မုန်းတတ်သည်။ သို့ရာတွင် သူ့ရှေ့တွင် အရပ်သားတွေ နိုင်ငံရေးကြောင်း ပြောပြီဆိုလျှင် "ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကို မယုံကြည်လို့ ဘယ်ဖြစ်မလဲဗျ။ ယုံကြည်ရမှာပေါ့" ဟု ပြောတတ်၏။ ဘရီကျူး၊ ဂျူကိန်းနှင့် ဗီးလာ့ဒ်တို့အားလုံး သူနှင့် ပလဲနံ့ပ သင့်ကြသည်။ သူတို့နှင့်တွေ့လျှင် မာန်းတိုက်ပွဲတုန်းက (၇၇) မီလီမီတာ အမြောက်ကြီးများ အရေးပါပုံအကြောင်းကို ပြောတတ်သည်။ ဗိုလ်ချုပ်လီရီဒေါ့သည် စာပေကိုလည်း မြတ်နိုး၏။ ရေစင်းနှင့် ကော်နယ်လေတို့၏ ဝတ္ထုများကို အတွဲလိုက်ဝယ်၍ စုဆောင်းသည်။ လွန်ခဲ့သည့် အနှစ်သုံးဆယ်လောက်တုန်းက စစ်သိပ္ပံပညာရှုထောင့်မှ နေ၍ ရေးထားသည့် "စတင်ဒဲလ်အမှားများ" ဆိုသည့် စာပေဝေဖန်ရေး ဆောင်းပါးတစောင်ကိုပင် မြို့နယ်ထုတ် ဂျာနယ်တစောင်တွင် ရေးဖူးသေးသည်။

လီရီဒေါ့သည် စစ်သားဘဝကို သဘောကျ၏။ သူ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် စစ်သားဘဝကို ချစ်သည်။ သို့ရာတွင် စစ်ကြီးကြောင့် ကသောင်းကနင်း ဖြစ်ရသည့် အဖြစ်ကိုမူ သူမကြိုက်။ စစ်ပွဲတွင် မသေမချာ မရေမရာ ဖြစ်ရသည့် အဖြစ်တို့ကို ကြည့်၍ စိတ်ပျက်၏။ သေချာကျနစွာ ရေးဆွဲထားသည့် စစ်ရေးစီမံကိန်းတို့သည် ထောင်ပေါင်းများစွာသော မတော်တဆအကြောင်းများကြောင့် ပျက်ချင် ပျက်သွားတတ်သည်။ လွန်ခဲ့သည့် သုံးလလောက်ကမူ ဗိုလ်ချုပ်လီရီဒေါ့သည် ပိန်ကျသွားကာ အိုစာသွား၏။ ဗိုက်ထဲကလည်း အောင့်တတ်သည်။ ဆရာဝန်ကမူ အသည်းရောဂါဟုဆိုသည်။ သို့ရာတွင် ဗိုလ်ချုပ်လီရီဒေါ့ အရေးမစိုက်နိုင်။ အရာရာကို စိတ်တိုင်း မကျနိုင်ပဲ ဖြစ်နေသည်။ သူတို့ဖွင့်ထားရသည့် စစ်မျက်နှာက တိုလွန်းနေသည်။ ဤနယ်မြေကျဉ်းကလေးထဲတွင် တပ်များကို မည်သို့မည်ပုံ ဖြန့်ခွဲထားရမည်ကို သူမစဉ်းစားတတ်။ "ကျုပ်တို့မှာ တပ်တွေက အများကြီး ဖြစ်နေတယ်ဗျ" ဟု မကြာခဏ ညည်းတတ်သည်။ တပ်သားများတွင် အမိုးအကာ မရှိ။ ကွင်းပြင်ကြီးထဲတွင် အိပ်ကြရသည်။ နိုဝင်ဘာလဆိုလျှင် တုပ်ကွေးရောဂါ ဖြစ်ကုန်ကြသည်။ အရာရှိများကလည်း သူတို့တပ်သားများကို အလိုလိုက်ကြသည်။ စည်းကမ်း လျော့လျဲလာသည်။ ပျင်းပျင်းရှိလျှင် စစ်သားတွေ အရက်သောက်ကြသည်။ သူတို့စစ်သေနာပတိချုပ် ဂိန်မလင်က ဆီးဖရိတ် ခံစစ်ကြောင်းကို တိုက်ရန် အမြောက်တပ်ကြီးများကို စုရုံးလျက်ရှိသည်ဟု ကြားရသည့်အခါတွင် "ခက်တာပဲ။ ဗိုလ်တွေမှာဖြင့် ခြောက်လုံးပြူးတောင် လုံလောက်အောင် မရှိဘူး" ဟု သက်ပြင်းချ၍ ညည်းတတ်သည်။

စစ်ဦးစီးဌာနချုပ်တွင် ဗိုလ်ချုပ်လီရီဒေါ့သည် နေ့စဉ်ဇယားအတိုင်း ပုံမှန်ဆောင်ရွက်ခြင်း ရှိမရှိကို သေသေချာချာ စောင့်ကြည့်၏။ သူ့ရုံးတွင် လူတိုင်း မနက်ခြောက်နာရီတွင် အိပ်ရာမှ ထကြရသည်။ ဗိုလ်မှူးကြီး မော်ရီးက အစီရင်ခံစာများကို လက်ခံသည်။ ဗိုလ်မှူးရွှိုင်းက ငြီးငွေ့ဖွယ်ကောင်းသည့် သတင်းစာများကို ဖတ်ပြီး လက်နှိပ်စက် စာရေးမ လူစီ၏ အလုပ်ကို ကြီးကြပ်ရသည်။ ဗိုလ်မှူးဂျီဆက်က တပ်ထောက်အရာရှိများကို စစ်ဆေးရသည်။ ဗိုလ်မှူးကြီး ဂျာဗောက မြေပုံများကို လေ့လာရသည်။ ခေါင်းပြောင်ပြောင်နှင့် စိတ်ကူးယဉ်တတ်သည့် ဗိုလ်ဆန်းဂါးက ပါရီက ကဖီးတွေကို လွမ်းယင်း "ဇွတ်ကာတိုက်ပွဲတွင် တပ်သားနှစ်ယောက်ကျ၊ အမှတ် ၁၆ ကို ရွှေ့လာ။ မနေ့က ရန်သူလေယာဉ်များ ပျံသန်းသည်ကို မတွေ့ရ။ တန်းဗီလ်တွင် ကာလသားရောဂါကု ဆေးရုံတရုံဖွင့်" စသည့် သတင်းများကို ဗိုလ်ချုပ်ထံ ပို့ရသည်။ ဗိုလ်ချုပ်လီရီဒေါ့က

ရေခဲငှက်ရုပ်ကို တနေရာသို့ ရွှေ့လိုက်ပြီး "ကောင်းပြီ" ဟု ဆိုသည်။

ထိုနောက် နေ့လယ်စာ စားကြသည်။ နေ့လယ်စာက အမဲသား။ ဘုရားပေး၍ ရသောအသားဟု ဗိုလ်မှူးကြီးမော်ရီးကပြော၏။ ဗိုလ်ချုပ်လီရီဒေါ့သည် သက်ပြင်းချလိုက်သည်။ ဆရာဝန်က သူ့ကို ခေတ်စာအတိုင်း စားရမည်ဟု ဆိုထားသည်။ ဗိုလ်ချုပ်လီရီဒေါ့သည် ရသေ့စိတ်ဖြေသဘောဖြင့်...

"တို့အရွယ်ကတော့ အသား သိပ်စားလို့ မကောင်းတော့ဘူး၊ အသက်ကြီးလာတဲ့အခါမှာ လူဟာ မြက်စားသတ္တဝါ ဖြစ်သွားတော့တာပဲကွ၊ အင်းလေ၊ ဒါလေ နိယာမတရားတခုပေါ့"

"ဟုတ်တာပေါ့ ဗိုလ်ချုပ်"

ဗိုလ်ကြီးဆန်ဂါးက အမဲသားတုံးကို ပလုပ်ပလောင်းဝါးယင်း မလုံမလဲဖြင့် ပြောသည်။

သူတို့နှစ်ယောက်သည် ဟစ်တလာ သက်သက်လွတ်စားသူတယောက် ဖြစ်သည့်အကြောင်းကို ရောက်သွားကြသည်။ ဗိုလ်ချုပ်လီရီဒေါ့သည် တအံ့တသြ ဖြစ်လျက်ရှိ၏။ "ဟုတ်လား တော်တော် စိတ်ဝင်စားစရာကောင်းတာပဲ" ဟု တဖွဖွ ပြောပြနေသည်။

ဖင်လန်ပြည်ကိစ္စသည် ကမ္ဘာ့သတင်းများတွင် ရှေ့တန်းသို့ ရောက်နေသည်။ ဖင်လန်ကိစ္စတွင် ရုရှတွေ ဘာလုပ်မည်နည်းဟု လူတိုင်းက စိတ်ဝင်စားနေကြသည်။ စောင့်ကြည့်နေကြသည်။

"တော်တော်တော့ စိတ်ဝင်စားစရာ ကောင်းတယ်ဟေ့၊ ကြည့်ရတာကတော့ ဂျာမန်ကောင်တွေဟာ ဖင်လန်ကို ဘေးကပတ်ပြီး ဝိုင်းထားတဲ့ပုံပါပဲ၊ ဆွီဒင်နဲ့ ဖြတ်တောက်ထားဖို့အတွက် ဘော့စနီးယား ပင်လယ်ကွေ့ကို ဖြတ်တောက်ပစ်မယ့်ပုံပဲ၊ ဖင်လန်တွေရဲ့ မင်နားဟိန်းခံတပ် ခံစစ်ကြောင်းကို ထိပ်တိုက်ဝင်တိုက်ချင်လဲ တိုက်နိုင်တယ်၊ စောင့်တော့ ကြည့်ရဦးမှာပဲ"

ဖင်လန်ကို ဂျာမန်က ဝင်တိုက်ခိုက်ခြင်းကြောင့် မိမိတို့အဖို့ သေနင်္ဗျူဟာဆိုင်ရာ ပြဿနာတွေ ပေါ်လာသည်။ မည်သို့ဖြစ်စေ ဖင်လန်ကိစ္စ ပေါ်လာသည့်အတွက် မိမိတို့တွင် အသက်ရှူပေါက် ရသွားသည်မှာ အမှန်ဖြစ်သည်။ ဗိုလ်ချုပ်လီရီဒေါ့သည် ပါရီသို့ပြန်ကာ သူ့စာကြည့်ဆောင်ထဲတွင် ဖိမ်နှင့် ပြန်နေနိုင်ပြီ။

"နေစမ်းပါဦးကွ၊ ပြည်တွင်းသတင်းလေး ဘာလေးများကော ဖတ်ပြစမ်းပါဦး"

ဗိုလ်ချုပ်လီရီဒေါ့က မေး၏။

"ပြည်တွင်းသတင်း သိပ်မပါဘူး ဗိုလ်ချုပ်၊ ဆင်ဆာက သိပ်ဖြတ်ပုံရတယ်။ သတင်းစာတစောင်မှာဆိုယင် နှစ်ကော်လန်လုံးလုံးတောင် ဖြတ်ထားတယ်"

"ဟုတ်မှာပေါ့ကွ၊ အိရဲလစ်တို့၊ ဂျူကိန်းတို့ရေးတဲ့ ဆောင်းပါးတွေ ဖြစ်မှာပေါ့။ ဘာကြောင့်များ ဒီကောင်တွေ ရေးခွင့်ရနေသလဲ မသိပါဘူး"

ဗိုလ်မှူးကြီးမော်ရီးမှာ ဗိုလ်ချုပ်ပီးကာ့၏ မိတ်ဆွေဖြစ်သည်။ သူတို့နှစ်ယောက်စလုံးသည် ဂျူကိန်းကို မုန်းကြသည်။

"ဂျူကိန်း ဒီကိုလာချင်တယ်လို့ သူတို့ဆီက စာရတယ် ဗိုလ်ချုပ်၊ သူလာတော့မှ ကျွန်တော်တို့တတွေ စစ်တိုက်လို့ ရမယ့်ပုံမျိုးပဲ"

ဗိုလ်မှူးကြီးက ပြော၏။ ဗိုလ်ချုပ်လီရီဒေါ့သည် စိတ်ဆိုးလျှင် နှုတ်ခမ်းကို မကြာခဏ လျက်တတ်သည်။ ယခုလည်း ဗိုလ်ချုပ် ဒေါပွလာပြီ။ ထို့ကြောင့် နှုတ်ခမ်းကို တပျတ်ပျတ် လျက်ယင်း...

“ဘာဖြစ်လို့ လာရမှာလဲကွ၊ ဒီလိုကောင်မျိုး ဒီကို ဘယ်တော့မှ လာခွင့်မပြုဘူး၊ သူ့ကို တို့ဆီမလွှတ်ပါနဲ့လို့ ဝန်ကြီးချုပ် ဒလားဒီးယားဆီကို ငါကိုယ်တိုင် စာရေးပြီး ကန့်ကွက်မယ်၊ ဒီကောင် ဒီရောက်လာယင် ဘာဖြစ်မလဲ၊ ဂျူကိန်းဆိုတဲ့ အကောင် ဘာလုပ်တတ်သလဲ၊ လူတွေကို အထိတ်တလန့်ဖြစ်အောင်ပဲ လုပ်တတ်တဲ့ ကောင်မျိုး၊ တလောကတွင် ဒီကောင် ဘာတွေလျှောက်ပြောနေသလဲ၊ မဟုတ်က ဟုတ်က သတင်းတွေကို လျှောက်ဖြန့်နေတယ်၊ နွေဦးပေါက်ကျယင် ဂျာမန်တွေက ပြင်သစ်ကို အပြီးသတ် ဝင်သိမ်းမယ်လေး ဘာလေးနဲ့၊ ဒီစကားကို ငါတိုယ်တိုင် ကြားခဲ့ရတယ်။ ဒီကောင် လာတော့ကော ဘာတတ်နိုင်မှာလဲ၊ ဟုတ်ပါတယ်၊ ဂျူကိန်းဆိုတဲ့လူဟာ တခါတုန်းက လေတပ်ဗိုလ်တယောက်ပါပဲ၊ ဒါပေမယ့် စစ်သေနင်္ဂဗျူဟာအကြောင်းကိုတော့ သွားပြောမနေနဲ့၊ ဒီကောင် ဘာမှ မသိဘူး၊ ခေတ်လဲ နောက်ကျသွားပြီ၊ ဘာကိုမှ ကောင်းကောင်း မမြင်တော့ဘူး၊ မဂ္ဂီနော့ ခံတပ်လို စစ်ကြောင်းကို ဟို ပထမကမ္ဘာစစ်တုန်းက သုံးခဲ့တဲ့ ကတုတ်ကျင်းသာသာလောက် အောက်မေ့နေတာ...”

ဗိုလ်ချုပ် လီရီဒေါ့သည် သစ်တော်သီးတလုံးကို ရွေးလိုက်ပြီးနောက် အလုံးချောမချော လက်ဖြင့် စမ်းနေသည်။ ထို့နောက် သစ်သီးခွဲဓားဖြင့် အခွံနွှာနေသည်။

“သစ်တော်သီး ဆိုတာ ဓားနဲ့ လှီးလိုက်ယင် ထောပတ်ကို လှီးလိုက်သလို မွတ်ပြီးနေမှ သစ်တော်သီးကောင်းလို့ ခေါ်တယ်ကွ၊ မြည်းကြည့်စမ်းဟေ့”

သစ်တော်သီး တခြမ်းကို ဗိုလ်မှူးလီရှိုင်းသို့ လှမ်းပေးလိုက်သည်။

“ဂျူကိန်း စကားကို နာထောင်ကြည့်လိုက်ယင် ဗိုလ်ချုပ်ဒီဂေါရဲ့ လေသံ တော်တော်ပါတယ်ကွ၊ ဒီဂေါရဲ့ မိန့်ခွန်းကို ငါ ဖတ်ကြည့်တယ်၊ ဂိန်မလင် ပြောတဲ့အတိုင်း လူက တကယ့် တယူသန်ပဲကွ၊ ဂျာမန်က တို့ကို မတိုက်ပဲ ခြောက်ရုံခြောက်နေတယ် ဆိုတာကို သိပ်ယုံပုံ မရဘူး၊ စဉ်းစားပုံကလဲ ရှုပ်ထွေးနေတာပဲ၊ ပိုလန်နဲ့ စပိန်မှာ မင်းမဲ့ဝါဒီတွေက အမြဲတမ်း တပ်မတော်ကို တိုက်နေတယ်၊ ဒါကို သူက ထောက်ခံနေတယ်၊ အေးလေ၊ စစ်သိပ္ပံပညာက ပြောထားတဲ့ အရာတွေကို မယုံပဲ သတင်းစာထဲမှာ ပါနေတဲ့ သတင်းတွေလောက်ကိုသာ ယုံနေတော့ ခက်တာပဲ၊ ပြီးတော့ ဒီဂေါဆိုတဲ့လူက သူ့ကိုယ်သူ အဟုတ်ထင်နေတယ်၊ နပိုလီယံခေတ်က စစ်ပွဲတွေလောက်ပဲ သူသိတာပါကွာ၊ ပထမကမ္ဘာစစ်တုန်းက အတွေ့အကြုံတွေကို သူ သိပ်သတိရပုံ မပေါ်တော့ဘူး၊ ဟိုတုန်းက မြင်းတပ်တွေ ဥရောပတလွှားမှာ ဒုန်းစိုင်းပြီးနေသလို၊ ခုလဲ တင့်ကားတွေနဲ့ အတင်းတက်သိမ်းယင် ရမယ်လို့ သူထင်နေတယ်။ ခက်တာက ခုခေတ်က လျှပ်တပြက်တိုက်ပွဲတွေကို သုံးပြီး တိုက်တဲ့ခေတ်က ကုန်သွားပြီကွ၊ ဒီခေတ်က ဟိုရှေးတုန်းက ထရိုဂျင်စစ်ပွဲတိုက်သလို အကြာကြီး ဝိုင်းဝန်းပိတ်ဆို့ပြီး တိုက်မှရမယ့်ခေတ်မျိုး”

ဗိုလ်ချုပ် လီရီဒေါ့သည် လက်သုတ်ပဝါကို သေချာစွာ ခေါက်ပြီးနောက် လက်သုတ်ပဝါထည့်သည့် ကွင်းကလေးထဲသို့ ထည့်လိုက်ပြီး ထိုင်ရာမှ ထသည်။ ညှော့ခန်းဆောင်ထဲတွင် ကော်ဖီသောက်ကြပြန်သည်။

“ဗိုလ်ချုပ်မိုးနေးဆီက တယ်လီဖုန်း လာပါတယ် ဗိုလ်ချုပ်၊

ရန်သူဗုံးကြဲလေယာဉ်တွေနဲ့ တွေ့ယင် ရင်ဆိုင်တတ်အောင် တပ်တွေကို စစ်ကစားမှု လုပ်ချင်တယ်လို့ ပြောပါတယ်”

ဗိုလ်မှူးကြီး မော်ရီးက ပြောသည်။

စစ်ကစားမှု ဆိုသည့် စကားလုံးကို ကြားလိုက်သည့်အခါတွင် ငြိမ်းချမ်းရေးကာလများအကြောင်းကို ဗိုလ်ချုပ်လီရီဒေါ့ သတိရသဖြင့် မျက်မှောင်ကုပ်လိုက်၏။ ဗိုလ်ချုပ်မိုးနေးဆိုသည့်လူ စတန့်ထွင်ပြန်ပြီ။ လူတကာထက် ထင်ပေါ်ချင်သူ။ ရှေ့တန်းရောက်ချင်သူ။ ထို့ကြောင့် ဤအစီအစဉ်ကို တင်လာခြင်း ဖြစ်ရမည်။

“အဲဒါကို မြို့တော်ဝန်က ကန့်ကွက်နေတယ်တဲ့၊ မြို့ထဲက အရပ်သူ အရပ်သားတွေကို မရွှေ့ရသေးဘူးတဲ့၊ ပြီးတော့ စပျစ်ခြံတွေ ပျက်မှာကိုလဲ လယ်သမားတွေက စိုးရိမ်နေကြတယ်တဲ့”

ဗိုလ်ချုပ်လီရီဒေါ့က ခေါင်းညိတ်ပြ၏။

“ဟုတ်တာပေါ့။ မြို့တော်ဝန်နဲ့ ငါ သဘောတူတယ်၊ အယ်ဇေးရှင်း နယ်သူနယ်သားတွေကို တို့တတွေ ကောင်းကောင်းမွန်မွန် ဆက်ဆံရမယ်၊ ပြီးတော့ သူ့စီမံကိန်းကလဲ အလကားပါကွာ၊ ရန်သူဗုံးကြဲလေယာဉ်ပျံ လာတော့ကော ဘာဖြစ်လဲ။ ပိုလန့်တို့ စပိန့်တို့မှာလို လေယာဉ်ပစ်အမြောက် မရှိတဲ့နေရာမှ မဟုတ်တာ၊ သူတို့က ဂျာမန့်တွေပစ်တဲ့ ငါးစာကို အဟုတ်ထင်နေတာကိုး၊ ဂျာမန်က သတင်းတခု လွှင့်လိုက်ယင် သူတို့မှာ ဘာလုပ်ရမှန်း မသိတော့ဘူး၊ ခြေမကိုင်မိ လက်မကိုင်မိနဲ့၊ ဗိုလ်ချုပ်မိုးနေးကို အကြောင်းပြန်လိုက်ကွာ၊ ပုံမှန်အတိုင်းသာလုပ်ပါလို့၊ နောက်ထပ် ဘာမှမလုပ်ပါနဲ့လို့၊ ပြီးတော့ တပ်တွေကိုလဲ အနားပေးထားရဦးမယ်ကွ”

နေ့လယ်စာ စားပြီးနောက်တွင် ဗိုလ်ချုပ်လီရီဒေါ့နှင့် ဗိုလ်ကြီးဆန်းဂါးတို့သည် ရှေ့တန်းကင်းစခန်းများသို့ ထွက်လာခဲ့ကြသည်။ ဗိုလ်ချုပ်လီရီဒေါ့၏ ကားမောင်းသမားမှာ စက်မှုလုပ်ငန်းရှင်ကြီး မျူးဂါး၏သား ဖြစ်သည်။ ခပ်ငယ်ငယ်။ ပျော်ပျော်ပါးပါး နေတတ်သည်။ အဖေ၏ သြဇာဖြင့် စစ်ဦးစီးဌာနချုပ်တွင် အလုပ်ရနေခြင်း ဖြစ်သည်။ မျူးဂါး၏သားသည် ကားကို စက်ကုန်ဖွင့်၍ မောင်းလာ၏။ “ဖြည်းဖြည်းကွဲ့၊ ဖြည်းဖြည်း” ဗိုလ်ချုပ်က နောက်မှ တဖွဖွ သတိပေးလာ၏။

ဗိုလ်ချုပ်လီရီဒေါ့သည် သူ့ကားမောင်းသူနှင့် စကားစမြည်လေးပြော၍ အေးအေးဆေးဆေး လိုက်ချင်သည်။ အနီးအနားတဝိုက်က အခြေအနေကို သူ့ထံတွင် မေးမြန်းကြည့်၏။

“ဘာသတင်းတွေများ ထူးသလဲကွ”

“သိပ်တော့ မထူးပါဘူး ဗိုလ်ချုပ်၊ မွန်စတာက ရှေ့နေတယောက်နဲ့ တွေ့ခဲ့တယ် ဗိုလ်ချုပ်၊ သူ့ပစ္စည်းလေးတွေကို လာသိမ်းတာ၊ ရိုးဆက်ကိစ္စကြောင့် အယ်ဇေးရှင်းနယ်သားတွေ တော်တော် မကျေမနပ် ဖြစ်ကြတယ်တဲ့”

“ငါ ထင်သားပဲ” ဗိုလ်ချုပ်လီရီဒေါ့က ဗိုလ်ကြီးဆန်းဂါးဘက်သို့ လှည့်ပြော လိုက်သည်။ “ခက်တာက ပါရီက လူတွေက အခြေအနေကို ဘာမှ ကောင်းကောင်းသိတာ မဟုတ်ဘူး၊ ရိုးဆက်ဟာ ဂျာမန့်ထောက်လှမ်းရေးအဖွဲ့နဲ့ အဆက်အသွယ် ရှိတယ်ပဲထား၊ ဒီလိုအချိန်မျိုးမှာ လူသိရှင်ကြား ထုတ်ပြီး မကြေငြာရဘူး၊ အကုန်လုံး အကွဲကွဲ အပြဲပြဲ ဖြစ်ကုန်မှာပေါ့။ နေစမ်းပါဦးကွ၊ မင်း

ဗိုလ်မှူးကြီးနဲ့ ရှေ့တန်းကင်းစခန်းတွေကို လိုက်စစ်တုန်းက ပါသွားသေးသလား”

ဗိုလ်ချုပ်လီရီဒေါ့က ကားမောင်းသူကို လှမ်းမေးလိုက်၏။

“အားစတိန်းဘက်ကို လိုက်စစ်တုန်းက ပါသွားပါတယ် ဗိုလ်ချုပ်၊ ဗိုလ်မှူးလီဆိတ်ရဲ့ အပြောကတော့ အဲဒီမှာ တပ်သားတွေကို ထိန်းလို့ မရတော့ဘူးတဲ့”

တပ်သားများက သူတို့တပ်ရင်းမှူးကို နွားချေးတွေသုတ်ပြီး ဆန္ဒပြကြသည့် အကြောင်းကို ပြောလိုက်ချင်သည်။ သို့ရာတွင် မျူးဂါးသည် မပြောပဲ ချုပ်တည်းထားလိုက်၏။ ဤအကြောင်းကိုကြားလျှင် ဗိုလ်ချုပ်သည် ယမ်းပုံမီးကျ ဖြစ်လိမ့်မည်။ ထို့ကြောင့် မပြောတော့။ ကြောက်ကြောက်နှင့် အော်နေသည့် ဗိုလ်မှူးလီဆိတ်၏ အော်သံက နားထဲက မထွက်တော့။

“အင်းလေ ဒီအတိုင်းပဲ ဖြစ်မှာပေါ့၊ တပ်သားတွေကို စိတ်ပြေလက်ပျောက်ရှိအောင် လုပ်မပေးနိုင်ယင် ငြီးငွေ့ကုန်မှာပေါ့”

သူတို့ကားသည် စထရားဘာ့မြို့ထဲသို့ ဝင်လာခဲ့၏။ တမြို့လုံး ဟာလာဟင်းလင်း ဖြစ်လျက်။ သြဂုတ်လကုန်ရက်က ရောင်းသည့် သတင်းစာများမှာ သတင်းရောင်းသည့် စက်ခုံကလေးများတွင် ဝယ်သူကင်းမဲ့လျက်။ သတင်းစာရောင်းသည့် ဆိုင်မှန်ပြတင်းများတွင် ချိတ်လျက်။ ကျောက်ဖြူစားပွဲများနှင့် ကြိမ်ကုလားထိုင်များက ကဖီးစိုက်များတွင် အတိုင်းသား။ ဝယ်သူကို မျှော်နေသည့်ပမာ။ ဘုရားရှိခိုးကျောင်း ဆင်ဝင်အောက်တွင် သဲအိတ်တွေ စီထားသည်ကို မြင်ရ၏။ ပန်းခြံဘေးတဝိုက်ရှိ နာရီများကလည်း အချိန်မကိုက်။ တခုလျှင် အချိန်တမျိုးစီ ပြလျက်။ ဆိုင်ပြတင်းတခုတွင် နှင်းပန်းရောင် ဂါဝန်လှလှကလေးတထည် ဖြန့်ထားသည်ကို မြင်သည့်အခါတွင် ဗိုလ်ချုပ်လီရီဒေါ့ သက်ပြင်းချလိုက်မိသည်။ သူ့မိန်းမ ဆိုဖီတွင်လည်း သည်လိုဂါဝန်မျိုး တထည်ရှိသည်။ သူ့မိန်းမက ဒုတိယမိန်းမ။ လွန်ခဲ့သည့် လေးနှစ်လောက်ကမှ ယူခဲ့ခြင်း ဖြစ်သည်။ မိန်းမက ခပ်ငယ်ငယ်။ စစ်တပ်ဆရာဝန်တယောက်၏ သမီးဖြစ်သည်။ သူ့မိန်းမ ဆိုဖီသည် အသက်နှစ်ဆယ့်ခြောက်နှစ်သာ ရှိသေးသည့်တိုင် သူ့အလိုကိုလိုက်တတ်၍ သူ့အကြိုက်ကို ဆောင်တတ်သည်။ ဗိုလ်ချုပ်လီရီဒေါ့ အလုပ်လုပ်နေချိန်ဆိုလျှင် အိမ်တွင် မည်သူ့ကိုမျှ ခြေသံပြင်းပြင်း နင်းခွင့်မပေး။ ခြေဖျားထောက်၍ သွားကြရသည်။ ဆိုဖီသည် သူကြိုက်တတ်သည့် အမဲခေါင်းချဉ်သုပ်ကို လုပ်ကျွေးတတ်သည်။ သူအကြိုက်ဆုံး အနံ့မှာ ကော်ဆီးကားစပယ်နံ့ရေမွှေး ဖြစ်သည်။

ရှေ့တန်း ကင်းစခန်းမှာ တောင်စောင်းလေးတခုပေါ်တွင် ရှိပြီး သစ်ကိုင်းတွေဖြင့် အုပ်ထား၏။ ဗိုလ်ချုပ်လီရီဒေါ့သည် အဝေးကြည့်မှန်ပြောင်းဖြင့် တဘက်ကို လှမ်းကြည့်သည်။ ရန်သူကင်းစခန်းရှေ့တွင် စစ်သားအချို့ ရပ်နေသည်ကို မြင်ရ၏။ ရန်သူတပ်သားများပင် ဖြစ်ရမည်ဟု အလိုလို သိလိုက်၏။ သူတို့အနီးက ဆိုင်းဘုတ်တခုကိုလည်း ဗိုလ်ချုပ် သတိပြုမိသည်။ “ပြင်သစ်အမျိုးသားအပေါင်းတို့၊ ငါတို့၏ ဘုံရန်သူသည် အင်္ဂလိပ် ဖြစ်သည်” ဆိုသည့် စာတန်းများ ဖြစ်၏။ ကြော်ငြာဆိုင်းဘုတ်ဘေးတွင် ဟစ်တလာ၏ အရုပ်ကြီးနှင့် ဂျူန်းအော့အာ့၏ အရုပ်တို့ကို မြင်ရသည်။ ဗိုလ်ချုပ်လီရီဒေါ့သည် မျက်မှောင်ကုပ်လိုက်၏။ စစ်တိုက်မည့်အစား ဝါဒဖြန့်ချိရေးကို လုပ်နေကြပြီ။ စစ်တိုက်သည့် အလုပ်ကို ရွှေးကောက်ပွဲများ အောက်မေ့နေကြသည်လော မဆိုနိုင်။ အဝေးတွင် အမိုးညိုညိုနှင့် အိမ်များ၊ တလူလူထွက်နေသည့် မီးခိုးတန်းများနှင့် စပျစ်ခြံများကို မြင်ရသည်။ မည်သို့ ပြောရမည်နည်း။ သည်စစ်ပွဲမျိုးသည် တော်တော်ထူးဆန်းသည့်

စစ်ပွဲမျိုးဖြစ်သည်။ ကိုယ်က စစ်ကစားမှု လုပ်နေတုန်းရှိသေး။ ရန်သူက နယ်ခြားကို ဖြတ်ကျော်လာနေပြီ။ ပထမကမ္ဘာစစ်ကြီးနှင့်မူ ကွာလေခြင်း။ ပီရွန်းက အပျက်အစီးများ၊ မီးလောင်ပြင်များ၊ ကျင်းကြီးများ၊ လူသေအရိုးများကို ဗိုလ်ချုပ်လီရီဒေါ့ အမှတ်ရသည်။ သည်အဖြစ်မျိုး နောက်ထပ် အဖြစ်မခံနိုင်တော့။ သည်တုန်းက သူတို့တတွေသည် ယူနီဖောင်း အနီကြီးတွေ ဝတ်ပြီး တက်ခဲ့သည်။ ယခု သူတို့တွင် မင်္ဂနော့ ခံစစ်ကြောင်းကြီး ရှိနေပြီ။

ဗိုလ်ချုပ်လီရီဒေါ့သည် ရွှံ့ဗွက်တွေ ထနေသည့် လမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ စိုစွတ်သည့် မြေကြီးနံ့ကို ရ၏။ ဖျော့တော့သည့် ဆောင်းနေဝန်းသည် တိမ်တိုက်တွေကြားထဲတွင် အနိုင်နိုင် ထိုးဖောက်လင်းနေသည်။ ထိုစဉ် ရှူးဘတ်၏ ရေးသီချင်းကြီးတပုဒ် တီးနေသံကို ကြားရသည်။ သည်သီချင်းကို သူ့မိန်းမ မကြာခဏ တီးလေ့ရှိသည်။

“ဟေ့ ဒါက ဘာလဲကွ”

တပ်ရင်းမှူးက...

“ကျွန်တော်တို့ဘက်က အသံချဲ့စက် ဖွင့်နေတာပါ ဗိုလ်ချုပ်၊ ဂျာမန်တွေက ဟိုဘက်ကနေပြီး အသံချဲ့စက်နဲ့ ဝါဒဖြန့်တရားတွေ ဟောနေကြတယ်။ ဒါကို ဖုံးသွားအောင် ကျွန်တော်တို့က သီချင်းတွေကို ဖွင့်ပေးနေတာ၊ ရန်သူတွေက ဒီသီချင်းကို တော်တော်ကြိုက်တယ် ဗိုလ်ချုပ်၊ ဂျာမန်တွေကို ကျွန်တော်တို့ ရန်မပြုချင်ဘူးဆိုတဲ့ သဘောကို ပြတာဆိုပါတော့”

“အင်း... ကောင်းပေ့ကွာ”

“ခုလို သီချင်းတွေ ဖွင့်ပေးပြီး မကြာမကြာ ဝါဒဖြန့်ချီရေးစကားတွေ ပြောပေးရမယ်လို့ အမိန့်ရပါတယ် ဗိုလ်ချုပ်၊ အမှတ် ၂၇ တပ်မကြီးနယ်မြေမှာ ခု ဒီအတိုင်းပဲ လုပ်နေပါတယ်၊ ကျွန်တော်ကတော့ ဒီလိုသီချင်းတွေ ဖွင့်ပေးတာကို သိပ်မကောင်းဘူးလို့ ထင်တာပဲ ဗိုလ်ချုပ်”

“အေး ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်၊ စစ်ဆိုတာ တိုက်ဖို့ပဲကွ၊ ဝါဒဖြန့်ချိဖို့၊ စကားပြောဖို့က နိုင်ငံရေးသမားတွေရဲ့ အလုပ်၊ ဒါဖြင့် မင်းတို့တနေ့လုံး ပြဇာတ်ကနေတယ်ဆိုတဲ့ သဘောပေါ့”

“မနက်တုန်းကတော့ တဘက်နဲ့ တဘက် အမြောက်တွေနဲ့ လှမ်းထုကြသေးတယ် ဗိုလ်ချုပ်၊ ခုနှစ်နာရီကနေပြီး ခုနှစ်နာရီလေးဆယ်အထိ ကြာတယ်၊ အမြောက်တွေကတော့”

“ငါသိတယ်၊ ငါသိတယ်၊ အကျအဆုံးကော”

“သုံးယောက်ကျပြီး တပ်ကြပ်ကြီးတယောက် ဒဏ်ရာရပါတယ် ဗိုလ်ချုပ်”

အတန်ကြာ တိတ်ဆိတ်နေကြသည်။ ရိုင်းမြစ် တဘက်ကမ်းမှ ပြင်သစ်လို သီချင်းဆိုသံ ထွက်ပေါ်လာ၏။

“သင်တို့ နောက်ကွယ်မှာ သင်တို့ကို ရောင်းစားနေကြသည်။ မိစ္ဆာအင်္ဂလိပ်သည် သင်တို့ကို သေနတ်တွေ ပေးမည်ဟု ဆိုပါသည်။ သို့ပါသော်လဲ သင်တို့သွေးများ မြေသို့ ကျခဲ့ရပြီ”

သူတို့တသိုက်သည် အမှတ် ၂၇ တပ်မကြီးဌာနချုပ် အဆောက်အအုံ ရှိရာသို့ လျှောက်လာခဲ့ကြ၏။ ပြင်သစ်တပ်များ စစ်မတိုက်ကြပဲ ဂျာမန်တို့နှင့် အပြိုင်အဆိုင်

နိုင်ငံရေးဝါဒဖြန့်ချက်တွေ လုပ်နေသလောဟု ဗိုလ်ချုပ်လီရီဒေါ့ သိချင်သည်။ သို့ရာတွင် မနက်ပိုင်းက အားစတိန်းရွာအနီးတွင် ဂျာမန်တိုက်လေယာဉ်တစ်စီး ပျက်ကျသွားသတဲ့ဟု ကြားရသည့်အခါ၌ ဗိုလ်ချုပ်လီရီဒေါ့သည် လာရင်းကိစ္စကို မေ့သွားလေပြီ။ လေယာဉ်မောင်းသမားမှာ သေဆုံးသွားသည်။ သူ့ကိုယ်ပေါ်တွင် တွေ့ရသည့် စာရွက်စာတမ်းများအရ လေယာဉ်မောင်းသမားမှာ ဗိုလ်ကားလ်ဗွန်ရှိရန်းဟု သိရ၏။

ဗိုလ်ချုပ်လီရီဒေါ့က ဂျာမန်လေယာဉ်မောင်းသမား၏ အလောင်းကို စစ်အခမ်းအနားဖြင့် သြင်္ဂြိုဟ်ပေးရန် ညွှန်ကြားလိုက်သည်။

"ဒါမှ တကယ့် ဝါဒဖြန့်ချက်ကွ၊ ရန်သူကို ဘယ်လို လေးစားတတ်တယ်ဆိုတာ ဂျာမန်တွေ သိရအောင် ပြရမယ်၊ သူ့အသုဘကို တက်ဖို့ ဗိုလ်မှူးကြီးမော်ရီးကို ငါ လွှတ်လိုက်မယ်"

ဗိုလ်ချုပ်လီရီဒေါ့သည် အတန်ကြာ စဉ်းစားနေသည်။

"ဟော့ နေဦး၊ သူ့နာမည်က ဘယ်သူ၊ ဗွန်ရှိရန်း၊ ဗွန်ဆိုတော့ ဧကန္တ သူကောင်းမျိုးနွယ်ထဲက ဖြစ်ရမယ်ကွ၊ ကောင်းပြီလေ၊ ဒီလိုဆိုယင် သူ့အသုဘကို ငါကိုယ်တိုင် လာနိုင်အောင် ကြိုးစားမယ်၊ ဒီလိုလုပ်လိုက်ယင် တို့ကို ဂျာမန်တွေ လေးစားသွားမှာပေါ့ကွ"

ဗိုလ်ချုပ်လီရီဒေါ့သည် စစ်ဆေးရုံကို ကြည့်ပြီးနောက် စစ်တန်းလျားများကို လျှောက်ကြည့်သည်။ ဗိုလ်ချုပ်လာသည်ကို မြင်သည့်အခါတွင် တပ်သားများက ဖဲချပ်များကို ကုတ်အကျီကြီးများဖြင့် ဖုံးထားလိုက်ကြသည်။

"ဘယ်လိုလဲဟေ့ ရဲဘော်တို့၊ အနားရကြတယ် မဟုတ်လား"

"ရပါတယ် ဗိုလ်ချုပ်"

ဗိုလ်ချုပ် လီရီဒေါ့သည် နောက်ထပ် ဘာဆက်ပြောရမှန်း မသိတော့။ ထို့ကြောင့် တဘက်တံခါးပေါက်မှ ထွက်လာခဲ့သည်။ တံခါးပေါက်နား အရောက်တွင် "ဗိုလ်ချုပ် ငလက်မ လေဖျာ" ဟု ပြောသည့် အသံတသံကို ကြားလိုက်သည်။ သူ အရပ်ပုသည်ကို လှောင်ပြောင်ခေါ်သည့် အမည်ဖြစ်၏။ တခါတုန်းက ပါရီလမ်းပေါ်တွင် သူ့ကို ဤသို့ မကြားတကြား ခေါ်သံကို သူကြားခဲ့ဖူးသည်။ သို့ရာတွင် စစ်မြေပြင်တွင် ဤသို့ လှောင်ပြောင်ခေါ်သည်ကို တခါမှ မကြားစဖူး။ ဧကန္တ ကွန်မြူနစ် ဖြစ်ရမည်။ ဗိုလ်ချုပ်လီရီဒေါ့သည် နှုတ်ခမ်းများကို တပျတ်ပျတ် လျက်လိုက်သည်။ ဗိုလ်ကြီးဆန်းဂါးက သက်ပြင်းချ၏။ ထိုစစ်သားကို သုံးရက်လောက် အခွင့်ပေးခိုင်းလိုက်ရလျှင် ကောင်းမည်လောဟု စဉ်းစားနေသည်။

အပြန်လမ်းတလျှောက်လုံး ဗိုလ်ချုပ်လီရီဒေါ့သည် သူ့ကို စော်ကားလိုက်သည့် စကားလုံးများကို စဉ်းစားလာသည်။ သူ စခန်းချရာ စံအိမ်ကြီးထဲတွင် မှန်ကြီးတချပ် ရှိသည်။ မှန်ရှေ့သို့ ရောက်သည်အခါတွင် ဗိုလ်ချုပ်လီရီဒေါ့သည် မျက်နှာကို တခြားသို့ လွှဲလိုက်၏။ ထိုနောက် ဗိုလ်မှူးကြီးမော်ရီးကို အခေါ်ခိုင်းလိုက်သည်။

"အမှတ် ၂၇ တပ်မကြီးကတော့ စည်းကမ်း တော်တော်ပျက်နေပြီကွ၊ လူတွေ ကြည့်ရတာကလဲ စစ်သားနဲ့ နည်းနည်းမှ မတူတော့ဘူး၊ တပ်မမှူး ဗိုလ်ချုပ်မိုးနေးကလဲ သူ့လူတွေကို စစ်စိတ်စစ်သွေးတွေ ကြွနေအောင် လုပ်ရမယ့်အစား တချိန်လုံး အသံချဲ့စက်ကြီးတွေဖွင့်ပြီး ဝါဒဖြန့်နေတာပဲ၊ ကြည့်ရတာကတော့ ဂျာမန်စစ်ပြေးဒုက္ခသည်တွေနဲ့ ကွန်မြူနစ်တွေက အပြောခိုင်းဟန် တူပါရဲ့၊ ဒီတပ်မအကြောင်းကို စစ်သေနာပတိချုပ်ဆီ အစီရင်ခံစာ

ရေးရမယ်၊ ကော်ပီတစောင်လဲ ဝန်ကြီးချုပ် ဒလားဒီးယားဆီသို့ပို့”

ဗိုလ်မှူးကြီးမော်ရိုးသည် သက်ပြင်းကြီးတချက်ကို ချလိုက်၏။ ဗိုလ်မှူးဂျီဆတ်နှင့် အမှတ်တရာဂိန်း ဘိလ်ယက် နှစ်ပွဲထိုးဖို့ ချိန်းထားသည်။

“အဘိုးကြီးနှုတ်ခမ်းကို တပျတ်ပျတ် လျက်နေတယ်... နေတယ်နော်...၊ တပ်ထဲ ဝင်စစ်တော့ သူ့ကို ဗိုလ်ချုပ်လေက်မလို့ ခေါ်လိုက်လို့ ဒေါကန်လာတယ်၊ အဘိုးကြီးက ပါရီကို ခွင့်သုံးရက်ယူပြန်မလို့။သူတို့မတော့ ဖိမ်ပဲဗျို့...”

ဗိုလ်ကြီးဆန်းဂါးက ခပ်တိုးတိုးပြောသည်။

ခြောက်နာရီထိုးပြီ။ တပ်ကြပ်ကြီးစာရေးများ စစ်ရုံးခန်းတွင် လူစီတယောက်မှလွဲလျှင် မည်သူမျှ မရှိကြတော့။ လူစီကမူ လက်နှိပ်စက်တလုံးဖြင့် အလုပ်လုပ်ဆဲ။ “ပီယာဂျူဗွိုင်း၊ တပ်ကြပ်ကြီး” ဆိုသည့် စကားလုံးများကို ရိုက်လိုက်ပြီးနောက် စာရွက်ကို စက်ထဲမှ ဆွဲထုတ်ပြီး ခေါက်လိုက်သည်။ ထိုနောက် လက်နှိပ်စက်ကိုဖုံးပြီး ဘေးပတ်ဝန်းကျင်ကို မလုံမလဲဖြင့် လှမ်းကြည့်၏။ ခဏအကြာတွင် အပေါ်ထပ်သို့ တက်လာခဲ့သည်။ ဗိုလ်မှူးလီရွိုင်းသည် သူ့ကို စောင့်လျက်ရှိ၏။

“စောင့်လိုက်ရတာ အချစ်ရယ်၊ ကိုယ်တို့နှစ်ယောက် ဗင်းနစ်သွားပြီး လှေကလေးနဲ့ လျှောက်စီးသလို ဖိမ်ကလေးနဲ့ မနေရတော့ဘူးလား”

အရဏ်တက်စလောက်ကတည်းက မိုးသည် တစိမ့်စိမ့် ရွာလျက်ရှိ၏။ မိုးက ဆောင်းတွင်းတွင် ရွာသည့်မိုး။ အေးကလည်း အေးလိုက်သေး။ တစိမ့်စိမ့်ရွာနေလိုက်သည်မှာ စဲပင်မစဲနိုင်။ ကောင်းကင်တခုလုံး ဖြူတူတူ၊ ဝါကြန့်ကြန့်။ ပီယာသည် မိုးရေတို့ စိုရွှဲနေသည့် စစ်ဖိနပ်ရှည်ညိုညိုကြီးကို ငုံ့ကြည့်နေသည်။ ဖိနပ်ပေါ်တွင် တစုံတရာကို ရှာနေသလို တနေရာတည်းကို စိုက်ကြည့်နေသည်။ သို့ရာတွင် ဘာကိုမျှ ထူးထူးခြားခြား မမြင်ရ။ သူ့ခေါင်းထဲတွင်လည်း ဟာလာဟင်းလင်း။ မည်သည့်အတွေးမျှမရှိ။ သူ့ပတ်ဝန်းကျင်တခုလုံးက ဝိုးတိုးဝါးတား၊ အိပ်မက်တွေလိုလို။ အိပ်ပျော်နေခြင်း ဟုတ်မဟုတ် သိရအောင် သူ့ကိုယ်သူ ပြန်ဆိတ်ပြီး အသံထွက်အောင် အော်လိုက်ချင်သည်။ စစ်မြေပြင်သို့ ရောက်လာသည် ဆိုသော်လည်း ဘာမျှထူးထူးခြားခြား မဖြစ်။ အမှတ် ၃၉ တပ်ရင်းမှ တပ်သားတယောက်အနေဖြင့် သူသည် မိုးရေထဲတွင် တောင့်တောင့်ကြီးရပ်ကာ အသံချဲ့စက်မှ ဖွင့်သည့်သီချင်းသံနှင့် တပ်ကြပ်ကြီး၏ ဆဲသံကို နားထောင်နေရသည်။ တခါတခါတွင် အဝေးမှ အမြောက်သံသဲ့သဲ့ကိုကြားရ၏။ သည်လိုနေရသည်က ကြောက်စရာ။ သို့ရာတွင် ပီယာသည် ထိုအကြောင်းကို မတွေးရဲ။

သည်အဖြစ်သည် ပူပြင်းသည့် ဩဂုတ်လတရက်နေ့ တနေ့တွင် အစပြုခဲ့သည်။ ထိုနေ့မနက်က အိပ်ရာက နိုးလာသည့်အခါတွင် ပီယာသည် ရှင်လန်းစွာဖြင့် အကြောအခြင်များကို ဆန့်ထုတ်နေသည်။ အဂ္ဂနိစ်က အိပ်ရာမှထပြီး ကော်ဖီဖျော်လျက်။ သားကလေး ဒိုဒိုက ကြမ်းပြင်ပေါ်တွင် ဝမ်းလျားမှောက်ဆော့လျက်။ သူစီးသည့် သစ်သားမြင်းရုပ်က တောက်ပနေသည့် နေခြည်ထဲတွင် လှုပ်ယမ်းလျက်။ ယခု ထိုအရာများအားလုံးသည် အဝေးတွင် ကျန်ရစ်ခဲ့ပြီ။

ထိုနေ့ကစ၍ သူသည် အိပ်ငွေ့ချခံရသူလို ဖြစ်နေသည်။ သူ့စိတ်ကို သူမပိုင်။ စကားလည်း ကောင်းကောင်း မပြောနိုင်တော့။ သူ့ပင်ကိုစရိုက်က လှုပ်လှုပ်ရှားရှား၊ ဆူဆူညံညံ နေချင်သည်။

ယခုလို အချိန်မျိုးဆိုလျှင် သူ့ဇာတိဖြစ်သည့် ပြင်သစ်ပြည်တောင်ပိုင်း ရိုဆီယွန်တွင် ရာသီဥတုက နွေးနွေးထွေးထွေး။ ဒီဇင်ဘာ နှင်းဆီပန်းတွေက တဝေဝေ။ ကန်နီကိုတောင်ထိပ်တွေက ညိုညိုမှိုင်းမှိုင်း။

သို့ရာတွင် ယခု သူတို့ရောက်နေသည့် အရပ်တွင်မူ ဤသို့မဟုတ်။ မိုးက တစိမ့်စိမ့်

ရှာနေသည်။ မနက်ဖြန်၊ သန်ဘက်ခါတိုင်သည့်အထိ မိုးစဲမည် မထင်။ ခဏကြာလျှင် ညစ်ပတ်သည့် ဝါဂွမ်းလိပ်တွေနှင့်တူသည့် တိမ်တိုက်တွေကြားထဲက မိုးနတ်သားက ဒေါသတကြီးဖြင့် သီချင်းဆိုတတ်သေးသည်။ သူ့အသံက ချုန်းချုန်းခြိမ့်ခြိမ့်။

အိမ်မှမထွက်မီတွင် ပီယာသည် သေဒဏ်ပေးခံရသူတယောက်ကဲ့သို့ ပါရီမြို့အနှံ့ လျှောက်သွားသည်။ အဂ္ဂနိစ်သည် ပီယာ အစိတ်စိတ်အမြွာမြွာ ဖြစ်သွားသည်ကို မြင်ဖူးခဲ့ပြီ။ ထွက်ပေါက်တခုကို ကူရှာပေးသည်။

“မောင်ရယ်၊ တနေရာရာကို သွားနေကြပါစို့လား၊ အမေရိကကိုရင်လဲ သွားကြရအောင်၊ ဟိုမှာ အလုပ်ကလေး ဘာလေး ရှာလို့ရချင်ရမှာပါ”

ပီယာက ခေါင်းကို ယမ်းလိုက်သည်။

“ကိုယ်တယောက်တည်းအတွက် မဟုတ်ပါဘူးကွယ်၊ လူတိုင်းအတွက် ပြောတာပါ။ မောင်ဟာ မောင့်ဝက်ပေါင်ခြောက်ကလေးကို ဆုံးရှုံးမှာစိုးလို့ ဒီလိုဖြစ်နေတယ် ထင်သလား၊ မောင်တို့ဟာ ကုန်ဆုံးသွားတဲ့နေ့တွေကို ဘယ်တော့မှ ပြန်ရနိုင်တော့မှာ မဟုတ်တော့ဘူး”

ပီယာသည် ပြည်သူ့တပ်ဦး အာဏာရသည့်ခေတ်ကို လွမ်းနေလေသည်။

ထိုစဉ်က သူသည် အဖြစ်အပျက်များထဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူဟု ခံစားခဲ့ရ၏။ ဖြစ်ပျက်သမျှတွင် သူလည်း တစိတ်တပိုင်း တာဝန်ရှိသည်ဟု ယူဆခဲ့သည်။ ဗီးလာ့ဒ်က သစ္စာဖောက်သွားသည်တွင် “လေယာဉ်တွေကို ကျွန်တော်တို့ ဖြစ်သလို ကြံဖန်ပြီး ပို့မယ်ဗျာ” ဟု ပြောနိုင်သေးသည်။ သို့ရာတွင် ယခု ဤသို့ မဟုတ်တော့။ သစ်ခုတ်သမား၏ ပုဆိန်ချက်ဖြင့် သင်းသတ်ခံရသည့် သစ်ပင်တပင်နှင့် တူနေသည်။ သူသေသွား၍လည်း အဖြစ်အပျက်များသည် ပြောင်းလဲသွားကြမည်မဟုတ်။

စစ်မြေပြင်သို့ ထွက်မည့်နေ့ကမူ ဇနီးသည် အဂ္ဂနိစ်နှင့်ပင် ရန်ဖြစ်ကြရသေးသည်။ အဂ္ဂနိစ်က နားမလည်နိုင်သည့်နှယ် မျက်မှောက်ကုပ်လျက် “မောင်တို့ပဲ ဒီစစ်ကြီးကို တိုက်ချင်လှချည့်ရဲ့ဆို” ဟု မေးခဲ့သည်။

“မဆိုင်ပါဘူးကွယ်၊ မင်းနားမလည်ယင် ဝင်မပြောစမ်းပါနဲ့၊ တို့တိုက်ချင်တာက ဒီစစ်ပွဲကြီးမျိုးမဟုတ်ပါဘူး၊ တို့တိုက်ချင်တဲ့ စစ်ပွဲက တမျိုးပါ၊ တို့စစ်၊ သူတို့စစ်မဟုတ်ဘူး”

အဂ္ဂနိစ် အမြင်တွင်မူ ပီယာပြောသည့် တို့စစ်နှင့် သူတို့စစ်သည် ဘာမျှမထူးခြား။ သူ့အဖို့ စစ်သည် စစ်သာဖြစ်၏။ ကျည်ဆန်တွေ။ ရွှံ့တွေ။ သွေးတွေ။ လူသေကောင်တွေ။ ၁၉၃၉ ခု စက်တင်ဘာလသည် ၁၉၃၈ ခုနှစ် စက်တင်ဘာလနှင့် ဘာများခြားနားပါလိမ့်။ ဤသည်ကို အဂ္ဂနိစ် နားမလည်နိုင်။ မနှစ်က စက်တင်ဘာတုန်းက စစ်သံကြားလျှင် မြူးနေသည့် ပီယာသည် ယခုနှစ် စက်တင်ဘာလတွင် တကယ် စစ်ထဲလိုက်ရမည်ဆိုတော့ ဘာ့ကြောင့်များ မှိုင်တွေချသွားရသနည်း။ ပီယာတို့တတွေ တိုက်ချင်သည့်စစ်နှင့် ယခုဖြစ်လာသည့် စစ်ပွဲကြီးသည် ကွာခြားချက်ရှိသည်ဆိုလျှင် ထိုကွာခြားချက်သည် စကားဖန် ထိုးခြင်းမျှသာ။ နိုင်ငံရေး ကုလားဖန် ထိုးခြင်းမျှသာ။ ကျားကွက်ရွှေ့ခြင်းမျှသာဟု အဂ္ဂနိစ် ထင်သည်။

သို့ရာတွင် ပီယာအဖို့မူ ဤသို့မဟုတ်။ သူတိုက်ချင်သည့်စစ်နှင့် ယခုစစ်သည် ကွာခြားချက် ရှိသည် အမှန်။ တပ်သားသစ်များ ချီတက်သွားသည့် ခြေသံများထဲ၌ပင် ထိုကွာခြားချက်သည် အထင်းသားပေါ်နေသည်။ မည်သူမျှ စစ်ချီသီချင်းတွေ

မဆိုကြ။ သူတို့မျက်နှာများသည် စစ်မြေပြင်သို့သွားသည့် ရဲမာန်ဝင့်နေသော စစ်သားမျက်နှာများနှင့် မတူ။ သင်္ချိုင်းသို့ သွားနေသော ရာဇဝတ်ကောင်၏ မျက်နှာများနှင့် တူနေသည်။ စိတ်သက်သာဖွယ် နည်းလမ်းကို ပီယာမမြင်။

ပီယာသည် သူနှင့် မစ်ရှောတို့ နှစ်ဦးကြားတွင် ခြားနားထားသည့်အရာကို ယခုမှပင် ခပ်ရေးရေး သဘောပေါက်လာတော့သည်။ သူတို့နှစ်ယောက်သည် ယခင်က သဘောကွဲခဲ့ကြသည်။ ငြင်းခုံခဲ့ကြသည်။ သူတို့ငြင်းခုံမှုများသည် မတော်တဆ ဖြစ်ခဲ့ခြင်း မဟုတ်။ မစ်ရှောက စိတ်တန်ခိုးသတ္တိကောင်းသူ။ စိတ်ခိုင်သူ။ သူက စိတ်ဓာတ်ပျော့သူ။ တွေဝေသူ။ အချိန်မရွေး ကျိုးပဲ့ပျက်စီးသွားနိုင်သည်။ ကွေးကောက်သွားနိုင်သည်။ မစ်ရှောက သူ့လို မဟုတ်။ မစ်ရှောသည် ကွေးကောက်မသွားနိုင်။ ရယ်ကာပြုံးကာဖြင့် "ဘယ့်နှယ်လဲ" ဟု မေးတတ်သည်။ ဖြစ်သမျှကို ခါးစည်းခံနိုင်သည်။ ယခု မစ်ရှောကော ဘယ်ဆီများ ရောက်နေပြီနည်း။ သူ့လိုပင် မိုးရေထဲမှာ ရွံ့ရွှဲစိုနေလေပြီလော။ ထောင်ထဲသို့ပင် ရောက်နေပြီလော။ ယခုနေ မစ်ရှောနှင့် စကားပြောလိုက်ရလျှင် ဘယ်လောက်ကောင်းမည်နည်း။ သို့ရာတွင် သူ့ကို မစ်ရှောလည်း ကယ်နိုင်တော့မည် မထင်တော့။ "ရဲရဲ ကြည့်ရဲရမယ်ဗျ၊ အဖြစ်အပျက်တွေရဲ့ အကျိုးအကြောင်း အဆိုးအကောင်းကို တွေးနိုင်ရမယ်" ဟုများ ပြောလေမည်လားမသိ။

ပီယာသည် လူအုပ်ထဲတွင် အဖော်မဲ့နေသည်။ သူတို့တပ်က တပ်သားများက ဘာသာတရား ကိုင်းရှိုင်းပြီး တွေးကြောက်တတ်သည့် ဘရီတန်နီ လယ်သမားတွေ။ ပီယာသည် စပိန်တွင် ဘုရားရှိခိုးကျောင်းများကို မီးတင်ရှို့ခဲ့သည့် မင်းမဲ့ဝါဒီတယောက်ဟု သူ့ကို သတင်းလွှင့်ထားကြသည်။ သူတို့တပ်က အရုပ်ဆိုးဆိုး အရပ်ပုပု ဗိုလ်အီစထရယ်သည် ဘရီကျူး၏ သံမဏိတပ်ထဲတွင် အမာခံတယောက်။ ဖက်ဆစ်ဝါဒကို လိုလားသူတယောက်။ ကဗျာကို ချစ်တတ်သူ။ ဆင်းရဲခြင်းသည် စိတ်ကူးယဉ်စရာ ကောင်းသည်ဟု ထင်သူ။ ဖက်ဆစ်ဝါဒတွင် ထူးခြားဆန်းကြယ်သည့် အရှည်အသွေး တမျိုးစီရှိသည်ဟု ယူဆသူ။ ဗိုလ်အီစထရယ်သည် သူ့တပ်သားများကို စက်ဆုပ်သည်။ သူတို့က ချွေးစော်နံသည်။ ပြင်သစ်စကားကို သဒ္ဒါဝါကျမှန်အောင် မပြောတတ်။ လက်ဝါးကပ်တိုင်များကို လည်တွင် ဆွဲထားတတ်ကြသေးသည်။ သူသည် ပီယာကို လန့်နေသည်။ အခြားသော အရာရှိများကိုလည်း ပီယာနှင့် အပေါင်းအသင်းမလုပ်ရန် သတိပေးထားသည်။ "ဒီလိုလူမျိုးဟာ တနေ့ ခင်ဗျားနောက်ကျောကို သေနတ်နဲ့ပစ်မဲ့ လူမျိုး" ဟု ပြောတတ်၏။ ပီယာကို အင်ဂျင်နီယာတယောက်ဟု အသိအမှတ် မပြုချင်။ ပီယာဇာတ်ပွဲသွားလျှင်၊ အေးလွ၏ ကဗျာကို ဖတ်လျှင် သူ သည်းမခံနိုင်။

သူတို့တပ်စုထဲတွင် ပီယာနှင့် အလွမ်းသင့်သူဆို၍ ပါရီသားဖြစ်သည့် ဂျူးလ်တယောက်သာရှိ၏။ ဂျူးလ်သည် ယခင်က ဓာတ်ငွေ့ကုမ္ပဏီတခုတွင် အလုပ်လုပ်ခဲ့သည်။ လူက ခပ်ပျော်ပျော်။ "ဒီလောက်လဲ လေးလေးနက်နက် တွေးမနေပါနဲ့ဗျာ၊ အဝေးကြီးကို လျှောက်စဉ်းစားနေလို့ ဘာအကျိုးထူးမှာလဲ၊ (ကွန်မြူနစ်ခေါင်းဆောင်) မောရစ်သောရက်ဇ်တို့ကလဲ ဒီအတိုင်းတော့ ကြည့်နေမှာ မဟုတ်ပါဘူး၊ ကျွန်တော်တော့ မြို့ထဲ ထွက်လည်လိုက်ဦးမယ်၊ တပ်မှာနေရတာ ကြက်ချေးစော် နံပါဘိသနဲ့၊ ကြက်ဥ အသားသွတ်ကြော်လေး ဘာလေး မစားရတာလဲ ကြာပြီ" ဟု ပြောတတ်သည်။

"ကျွန်တော်ကတော့ အကောင်းမြင်ဝါဒသမားဗျ၊ ကျွန်တော်ကတော့ အဖြစ်အပျက်တွေကိုကြည့်ယင် ဝက်တွေရဲ့ ရှုထောင့်က ကြည့်တယ်၊ စစ်မဖြစ်ခင်တုန်းက နေ့တိုင်း ဝက်သားပေါ တယ်၊ ဟော... ခု စစ်ကြီးဖြစ်လာတော့

နေ့တိုင်း ဝက်သားမပေါ်ရတော့ဘူး၊ တနင်္လာနေ့နဲ့ အင်္ဂါနေ့မှာပဲ ပေါ်ရတော့တယ်၊ ဒီနှုန်းအတိုင်းသွားယင် နောင်အနှစ်တရာလောက်ကျတော့ ဝက်တွေလဲ လွတ်လပ်ရေး ရတော့မှာပေါ့ဗျ၊ မဟုတ်ဘူးလား” ဟု ရှာရှာဖွေဖွေ ပြောတတ်သည်။ သူ့စကားကို နားထောင်၍ ပီယာပျော်ရ၏။ အပျင်းဖြေရ၏။ ယခု ဂျူးလ်လည်း မရှိတော့။ တိုက်ပွဲတခုတွင် ကျဆုံးသွားခဲ့ပြီ။

ပီယာ၏ စာတွေက ခပ်တိုတို၊ အဂ္ဂနိစ်ထံ ဘာအကြောင်းတွေကို ရေးရမည် မသိ။ မိုးစက်မိုးပေါက်တွေအကြောင်း ရေးမည်လော။ ဂျူးလ်အကြောင်းလော။ သူပြောသည့် အရွှန်းအသောတွေအကြောင်းလော။ သို့မဟုတ် ဗာလေရီ၏ ကဗျာများကို ဖတ်ပြီး စစ်သား၏ ကုတ်အင်္ကျီကို လက်ဖျားနှင့်မျှ မတို့ရဲသည့် ဗိုလ်အီစထရယ်အကြောင်းလော။ အဂ္ဂနိစ်၏ စာတွေကမူ အရှည်ကြီး။ ပီယာ၏ ကျန်းမာရေးကို မေးမြန်းသည့် မေးခွန်းတွေ၊ သားလေးဒိုဒို အဆော့သန်ပုံတွေ၊ သူတို့နှစ်ယောက်တွင် ပြောစရာတွေ တပုံကြီးရှိသည်။ သို့ရာတွင် သူတို့နှစ်ယောက်စလုံးသည် ဆွံ့နေကြသည်။ ပီယာသည် အဂ္ဂနိစ်အကြောင်းကို မကြာခဏ တွေးမိ၏။ အဂ္ဂနိစ်က တောက်ပသည့် ဇူလိုင်နေခြည်တွင် ဖြောင့်စင်းနေသည့် လမ်းဖြောင့်ဖြောင့်တသွယ်နှင့် တူသည်။ ထိုလမ်းအတိုင်း လိုက်သွားလျှင် စိတ်ချမ်းမြေ့စရာ တနေရာသို့ ရောက်သွားမည် အမှန်။ သို့ရာတွင် သူက ရှုပ်ထွေးသည့် လမ်းဆိုလမ်းခွတွေမှာ ရောက်နေပြီ။ မည်သည့်လမ်းသည် လမ်းမှန်ဖြစ်သည်ကို သူ မရွေးတတ်။ ယောင်ချာချာ နိုင်လှချည့်။

ဗိုလ်အီစထရယ်က အခေါ်လွှတ်လိုက်သဖြင့် လိုက်သွားရသည်။

“ဒီစာအုပ်ကို ဗိုလ်ကြီး ဂျေမီယာဆီ သွားပေးပေးပါဗျာ”

“ဟုတ်ကဲ့ ဗိုလ်လေး”

ပီယာသည် စာအုပ်ကို ယူ၍ ထွက်လာခဲ့သည်။ ဗိုလ်လေးအီစထရယ်သည် သူ့ကို လူပုံလယ်တွင် နှိမ်ချင်ဟန်တူသည်။ ပီယာသည် ကွန်မြူနစ်။ ထို့ကြောင့် ကဗျာကို ဖတ်လျှင်ပင် ပစ္စည်းမဲ့ ကဗျာဆရာတွေ၏ ကဗျာများကိုမှ ဖတ်ချင်ပုံရသည်။ ထို့ကြောင့် သူ့ကို လေးမိုင်ခရီးကြီးကို စာအုပ်ပို့ခိုင်းလိုက်ခြင်းဖြစ်သည်။ သူတို့ တပ်စခန်းနှင့် အမြောက်တပ်သားတွေ စခန်းချရာ လယ်တောမှာ လေးမိုင်လောက်ဝေးသည်။ ဗိုလ်ကြီးဂျေမီယာကလည်း ကဗျာဝါသနာပါသူ။ စာအုပ်တအုပ် ငှားထားသည်မှာ ကြာလှပြီ။ သူသည် ပျင်းပျင်းဖြင့် ကာရန် အဘိဓာန်တခု ပြုစုနေသည်။

ပီယာသည် စာအုပ်ကို ယူလာခဲ့ပြီးနောက် တဲတံစက်မြိတ်တွင် ထိုင်၍ ဖတ်သည်။ စာအုပ်က ကဗျာစာအုပ်။ မည်သူရေးသည်ဆိုသည်ကိုပင် မကြည့်မိ။ တွေ့ရာ စာမျက်နှာက ကဗျာတပုဒ်ကို ကောက်ဖတ်လိုက်သည်။ “တနေ့တွင်မူ၊ ပျော်ရွှင်အေးမြ၊ ထိုသုခကို၊ ရလိမ့် အမှန်…”။

ဖြတ်ကနဲ စာအုပ်ကို ပိတ်လိုက်သည်။ အဂ္ဂနိစ်၏ ခေါ်သံကို ရုတ်တရက် ကြားလိုက်ရသလိုလို။ စိုစွတ်နေသည့် သူ့ပါးပြင်ကို လက်ဖြင့် လာစမ်းသလိုလို။ အဂ္ဂနိစ်၏ လက်များက ပူနွေးနေသည်။ သို့ရာတွင် သူ့ပါးပြင်ပေါ်သို့ မိုးရေတွေ စီးကျလျက်။

စပျစ်ခြံများကြားက လမ်းမြောင်ကလေးအတိုင်း ဆင်းလာ၏။ လယ်တောက ခင်တန်းကလေးတခုနောက်တွင် ပျောက်နေသည်။ သူ့ယာဘက်တွင် ဘုရားရှိခိုးကျောင်းတကျောင်း။ ဘုံဆောင်ပေါ်တွင် တပ်ထားသည့် လေကြောင်းပြ လေတံခွန်ကလေးပင် မရှိတော့။ အမြောက်နှင့် လှမ်းထုသဖြင့် ပြုတ်ကျသွားပြီ။

ပီယာသည် အမြောက်ဆန်ကျသည့် ကျင်းကြီးတကျင်းကို ရှောင်ကွင်းလာခဲ့သည်။ အနီးကပ်ပြီး ပစ်နေတာကိုးဟု တွေး၏။ နောက် လမ်းပေါ်မှ ဆင်းခဲ့သည်။

ပီယာသည် မျက်စိမှုန်မှုန်။ ခပ်ရှုံ့ရှုံ့။ ဗိုလ်ကြီးကို စာအုပ်ပေးပြီးနောက် ပြန်လာခဲ့သည်။ ဗိုလ်ကြီးသည် အမြောက်တပ်သားများနှင့်အတူ အရက်ချဥ်တခွက်ကို မတ်ခွက်ဖြင့် သောက်ကျန်ရစ်ခဲ့၏။ မိုးက တိတ်စပြုနေပြီ။ ခံစစ်ကြောင်း တဘက်ဆီမှ ဖွင့်နေသည့် အသံချဲ့စက်များသည် ခါတိုင်းထက် တနာရီစော၍ အသံတိတ်သွားကြသည်။ တောင်ကုန်းအောက်ခြေ တနေရာမှ တဒက်ဒက် မြည်နေသော စက်သေနတ်သံကို ကြားရ၏။ သို့ရာတွင် မည်သူကမျှ ပြန်လှန်ပစ်ခတ်သံ မကြားရ။ စစ်မြေပြင်တခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်။ “တနေ့တွင်မူ၊ ပျော်ရွှင်အေးမြ၊ ထိုသုခကို၊ ရမည်အမှန်” ဆိုသည့် စပ်စောစောက ကဗျာတိုကလေးကို ပီယာ ရွတ်လာခဲ့သည်။ ညနေဆိုလျှင် အဂ္ဂနိစ်ထံမှ စာရောက်တော့မည်။ စာရလျှင် နွေးထွေးနေသည့် ကောက်ရိုးစင်ပေါ်တက်ပြီး စာကို အေးအေးဆေးဆေး ဖတ်ရမည်။

ထိုစဥ် မိုးချုန်းသကဲ့သို့ မြည်ဟီးပေါက်ကွဲသံကြီးကို ကြားလိုက်ရသည်။ တနေ့လျှင် နှစ်ကြိမ်လောက်တော့ ဤသို့ ကြားရမြဲ။ သို့ရာတွင် ပီယာသည် ထိုအသံကို နားမယဥ်သေး။ ကမ္ဘာကြီး ပြိုကွဲပျက်စီးသွားသည့်နှယ် ထင်ရပြီး လေထဲတွင် ယမ်းနံ့၊ မီးခိုးနံ့တွေ မွှန်လာသည်။ မကြာမီ သူတို့ဘက်က ပြန်ပစ်ကြတော့မည်။ ပီယာသည် လမ်းဘေးသို့ ဆင်းကာ မြောင်းထဲတွင် အတန်ကြာ ဝပ်နေရသည်။ တနာရီခန့်လောက်တော့ နေရဦးမည် ထင်သည်။ သို့ရာတွင် အရေးမကြီး။ ညနေဆိုလျှင် အဂ္ဂနိစ်ထံက စာကို ဖတ်ရတော့မည်။

နောက်တကြိမ် ပေါက်ကွဲသံကြီးကို ကြားလိုက်ရပြီးနောက် ပီယာ ရှေ့သို့ လဲကျသွားသည်။ ကျည်စတခုသည် သူ့တင်ပါးကို လာစူး၏။ နာရီဝက်ခန့်အကြာတွင် အမြောက်တပ်သားများက လာ၍ သယ်သွားကြသည်။

ပီယာသည် မျက်လုံးများကို ဖွင့်လိုက်၏။ အုပ်ဆောင်းမပါသည့် မီးအိမ်မှ မီးရောင်စူးစူးကို မြင်ရသည်။ ချက်ချင်း မျက်လုံးများ ပြန်မှိတ်လိုက်ရ၏။ စာအုပ်။ အမြောက်တပ်သားများ။ အရက်ချဥ်နှင့် ကျည်စများသည် ပန်းစကြာမှန်ပြောင်းတွင် လှည့်ကြည့်နေရသလို တလှည့်စီ မြင်နေရသည်။ ထို့နောက် သူဒဏ်ရာရခဲ့သည်။ သေမည်လော မဆိုနိုင်။ မဟုတ်။ မဖြစ်နိုင်။ အိပ်ပျော်နေခြင်း ဖြစ်ရမည်။ ညာဘက်သို့ စောင်းလိုက်သည်။ သူအိပ်လျှင် ညာဘက်သို့ စောင်းအိပ်ရမှ။ လန့်၍ အော်လိုက်မိသည်။ ဟုတ်သည်။ သူသေတော့မည် ထင်သည်။ အရေးတကြီးကိစ္စတွေ စဥ်းစားရဦးမည်။ ဖျစ်ညှစ်၍ စဥ်းစား၏။ သို့ရာတွင် ဘာကိုမျှ စဥ်းစား၍မရ။ အဂ္ဂနိစ်၏ မျက်နှာကို မြင်ချင်သည်။ သို့ရာတွင် အာရုံတွင် မထင်။ ဘာမျက်နှာကိုမျှ ကြည့်၍ မမြင်။ သူ့ဝေဒနာကို သက်သာလို သက်သာငြား အဂ္ဂနိစ်၏ အမည်ကို တဖွဖွ ရွတ်ကြည့်သည်။ သူနာပြု ရောက်လာပြီး သူ့ခေါင်းအုံးကို ပြင်ပေး၏။ သူနာပြုဆရာမ၏ မျက်နှာက ရှည်မျော့မျော့။ မျဉ်းဖြောင့်ကြီးတချောင်းနှင့် တူနေသည်။ ထိုနောက် အိပ်ရာခင်းပေါ်က ကစားစရာတခုကို သွားမြင်သည်။ အစိမ်းကျားနှင့် အနီရောင် သဲသေတ္တာကြီးတလုံး။ သဲပုံကြီးပေါ်တွင် ထိုင်နေရသည်ဟု သူထင်နေသည်။ သဲသေတ္တာထဲမှ မုန့်တွေ ထွက်လာသည်ဟု ထင်သည်။ မုတ်ဆိတ်မွေး အရှည်ကြီးနှင့် လူပုကလေးများလော မသိ။ သဲက ခြောက်သွေ့နေသည်။ ထိုနောက် အရာအားလုံးသည် လဲပြိုသွားကြသည်။ “ဘာဖြစ်လို့ ခြောက်သွေ့နေရတာလဲဟင်၊ ဘာဖြစ်လို့လဲ” ဟု တဖွဖွ ပြောနေသည်။ သူနာပြုဆရာမ ရောက်လာကာ ရေဆွတ်ထားသည့်

မျက်နှာသုတ်ပဝါဖြင့် သူ့နဖူးကို အုပ်ပေး၏။ မည်သို့မျှ မခံစားရ။ သို့ဖြင့် ပီယာသည် နောက်တကြိမ် သတိလစ်သွားပြန်သည်။

အပြင်ဘက်မှ အလေးပြုသည့်ဘင်သံ ပေါ်လာသည်။ မိမိတို့နယ်မြေထဲတွင် ပျက်ကျ၍ သေဆုံးသွားသော ဂျာမန်လေသူရဲကို ဂုဏ်ပြုသည့်ဘင်သံ ဖြစ်သည်။ ဗိုလ်ချုပ်လီရီဒေါ့က မိန့်ခွန်း ပြော၏။ "ရဲရင့်တဲ့ စစ်သည်တော်တဦးကို ငါတို့ ဦးညွှတ်အလေးပြုလိုက်တယ်၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးစိတ်၊ မိမိတာဝန်ကို သိတဲ့ စိတ်ဓာတ်ဟာ..." ထိုနောက် ဘာမျှ မကြား။ မသဲကွဲတော့။

ဘယ်အငြိုးရှိလေသည် မသိ။ မိုးသည် မနေ့ကထက် သဲသဲမဲမဲ ရွာချလိုက်၏။

ညနေတွင် ပီယာထင်သည့်အတိုင်း အင်္ဂလန်ထံမှ စာရောက်လာသည်။ ထိုစာသည် ရုံးတွင် သုံးရက်ကြာမျှ သောင်တင်နေသည်။ ထိုနောက် စာကို ပေးပို့သူထံ ပြန်ပို့လိုက်ကြ၏။ လိပ်စာရှင်... ကျဆုံး။

သတင်းစာဆရာများက ဆင်ဆာအဖွဲ့ကို "ကြီးဒေါ် အနက်စိတာဆီးယား" ဟု အမည်ပေးထားကြသည်။ ဆင်ဆာကြောင့် စိတ်ညစ်လှပြီဟု ဂျူလီယော့က ညည်းသည်။ ညည်းမည်ဆိုလျှင်လည်း ညည်းစရာ။ ဂျူလီယော့၏ "ဘဝသစ်" သတင်းစာကို ကြည့်လိုက်လျှင် ကွက်လပ်တွေက မျက်နှာအပြည့်။ ဖော့စဂယ်တွင် ရာသီဥတု ပြင်းထန်နေသည်ဟု ရေးလျှင်လည်း ဆင်ဆာက ပိတ်သည်။ အီတလီများက ဂျာမန်သံအမတ်ကို သောင်းသောင်းဖြဖြ ကြိုဆိုကြကြောင်းဟု ရေးလျှင်လည်း ရေးခွင့်မပြု။ တရုတ်အစိုးရက စပိန်စစ်ပြေးဒုက္ခသည်များကို ကယ်ဆယ်နေရာချပေးသည်ဟု ရေးပြန်လျှင်လည်း အဖြတ်ခံရသည်။ ဂျူလီယော့က စိတ်ပျက်လက်ပျက်ဖြင့် လက်ကိုယမ်းလိုက်ယင်း "ဘာအကြောင်းမှ ရေးလို့မရတော့ဘူးဗျ၊ ဘရိုမိုက်အိပ်ဆေးအကြောင်းပဲ ရေးစရာ ရှိတော့တယ်" ဟု ပြောသည်။

အာဏာပိုင်တို့က စစ်သားများ အိမ်ကို မေ့မေ့ပျောက်ပျောက် ဖြစ်စေရန် စစ်သားများကိုပေးသည့် ကော်ဖီမှုန့်ထဲတွင် ဘရိုမိုက်အိပ်ဆေးတွေ ရောထည့်ပေးနေသည့်ဟု သတင်းများ ဖြစ်နေသည်။

ယခင်က အရေးရှိလျှင် ဂျူလီယော့သည် ဒက်ဇာထံသို့ပြေး၍ အကူအညီတောင်းမြဲ။ ယခု ဒက်ဇာလည်း ဩဇာမရှိတော့။ ထို့ကြောင့် ဆရာသစ် ရှာရသည်။ ဘရီကျူးက မွန်တီနီကို ချဉ်းကပ်ရန် အကြံပေး၏။ "ဘဝသစ်" သတင်းစာ၏ ဝါဒကို ပထမဆုံးအကြိမ် ပြောင်းလိုက်ရပြီ။ သည်တကြိမ် ပြောင်းရသည့်အတွက်မူ ဂျူလီယော့ တကယ်စိတ်ထိခိုက်သည်။ ဒက်ဇာက အကင်းပါးသည်။ စိတ်ညစ်စရာတွေ့လျှင် ရယ်စရာနှင့် ဖျောက်ပစ်လိုက်သည်။ ပိုက်ဆံပေးစရာရှိလျှင် စီးကရက်တလိပ်ကို ထုတ်ပေးသလို အလွယ်တကူ ပေးလိုက်သည်။ သို့ရာတွင် ဆရာသစ် မွန်တီနီကမူ ဤသို့မဟုတ်။ သူ့ကို အစေခံတယောက်လို အော်ငေါက်လား လုပ်ချင်လုပ်တတ်သည်။ အယ်ဒီတာအဖွဲ့ ကိစ္စများတွင် ဝင်ရောက်စွက်ဖက်တတ်သည်။ ရေဒီကယ်တယောက် သို့မဟုတ် ဆိုရှယ်လစ်တယောက်၏ မင်္ဂလာကိစ္စကလေးမျှလောက်ကိုပင် သတင်းစာထဲတွင် မထည့်ရ။ ထည့်မိလျှင် ဒေါသအမျက် ခြောင်းခြောင်းထွက်တတ်သည်။ သို့ရာတွင် ဂျူလီယော့က အရိုးများသော၊ ချေးခါးသော ရွှေးမနေနိုင်။ ပိုက်ဆံရရေးသည် အဓိကမဟုတ်လော။ ထို့ပြင် မွန်တီနီသည်လည်း အရှည်တည်မြဲမည့်သူမဟုတ်။

သတင်းစာ ဆောင်းပါးတစောင်တွင် ဆောင်းပါးရှင်တဦးက ဂျာမန်တို့ကို နှိမ်ခေါ်သည့် စကားလုံးတလုံးကို သုံးသွားသည်။ မွန်တီနီ ဒေါပွ၍ မဆုံးတော့။

"တော်တော်စော်ကားတဲ့ စကားလုံးပဲ၊ ဒီမှာ ဂျူလီယော့ ခင်ဗျား ဒီလိုလုပ်နေလို့

မဖြစ်ဘူးဗျ။ ကျုပ်တို့ ဂျာမန်တွေဟာ စစ်တိုက်နေတယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် ဒီစစ်ဟာ သဘောထားကြီးကြီးနဲ့ထားပြီး တိုက်နေတဲ့စစ်ဗျ၊ မတိုက်ချင်ပဲနဲ့ တိုက်နေရတဲ့စစ်ဗျ၊ သမိုင်းမှာ ကြေကွဲစရာကြီးတခုဗျ။ ပြီးတော့ ဘယ်သူက ဘာပြောပြော ဟစ်တလာဟာ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်ကြီး တယောက်ဗျ”

ထို့ကြောင့် ဂျူလီယော့သည် ပြင်သစ်နယ်ထဲတွင် လေယာဉ်ပျက်ကျသေဆုံးသွားသော ဂျာမန်လေသူရဲ အသုဘသတင်းကို ရသည့်အခါတွင် တခမ်းတနား ထည့်ပေးရသည်။ ဗိုလ်ချုပ်လီရီဒေါ့ မိန့်ခွန်းနှင့် အသုဘအခမ်းအနားကို တကော်လန်ကြီးများတောင် အပြည့် ထည့်ပေးလိုက်သေးသည်။ သို့ရာတွင် နောက်တနေ့တွင် ဘယ်သတင်းမျိုးကို ရေးရမှန်း မသိတော့။ ဦးနှောက်ခြောက်အောင် စဉ်းစားရ၏။ စစ်ဖြစ်နေသည်မှာ လေးလရှိပြီ။ သို့ရာတွင် စစ်သတင်းက ရေးစရာမရှိ။ စစ်ပွဲက ညာတိုက်နေသည့် စစ်ပွဲ။ လိမ်တိုက်နေသည့် စစ်ပွဲ။ စစ်သားများ တုပ်ကွေးဖြစ်၍ သေကြသည်။ ရိုင်းမြစ်ကို ဖြတ်ကူးသည့် မီးရထားလမ်းများ ဖောက်လုပ်ရေးအတွက် ဂျာမနီနှင့် စာချုပ်တရပ် ချုပ်ဆိုကြောင်းကို မနေ့ကတွင် လွှတ်တော်ထဲတွင် ကြေငြာခဲ့သေးသည်။ မဲခွဲကြသည့်အခါ၌ ထိုစာချုပ်ဥပဒေကြမ်းကို လွှန်ခဲ့သည့် နွေရာသီကတည်းက လွှတ်တော်တွင် ပြဌာန်းခဲ့ကြောင်း၊ ယခုအချိန်တွင် ရိုင်းမြစ်ပေါ်မှ မီးရထားတံတားများကို ဖောက်ခွဲဖျက်ဆီးပြီး ဖြစ်ကြောင်းဖြင့် အမတ်တယောက်က ထပြောတော့မှ အဆိုကို မြန်မြန်ရုပ်သိမ်းပစ်ရသည်။ ဂျာမန်-ပြင်သစ် စစ်ပွဲကို “စစ်ပွဲအလိမ်”ဟု ခေါ်ကြသည်။ “ဘယ့်နှယ်လဲ… စစ်ပွဲအလိမ်ကြီးပါလား” ဟု တယောက်နှင့်တယောက် တွေ့လျှင် ပြောကြသည်။ ဘယ့်နှယ်မှမလဲပါ။ ဂျူလီယော့အဖို့ ရေးစရာမရှိခြင်းက ပို၍အရေးကြီးပါသည်။

ထိုစဉ် အဆန်းတကြယ်တခု ဖြစ်ပွားသည်။ တညနေတွင် မွန်တီနီသည် ဂျူလီယော့ကို အခေါ်လွှတ်လိုက်၏။ သူ့ကိုကြည့်ရသည်က ရွှင်ရွှင်လန်းလန်း၊ ယဉ်ယဉ်ကျေးကျေး။ ဂျူလီယော့ လိုသမျှကို အကုန်ပေးသည်။

“နိုင်ငံရေးကိစ္စတွေကို သိပ်မရေးနဲ့တော့ဗျို့၊ ဘာရီကျူး ရေးလိမ့်မယ်၊ ကျုပ်တို့က စစ်ရေးစစ်ရာတွေကို ရေးရမယ်၊ စစ်သတင်းထောက် ကောင်းကောင်းရွေးပြီး ရှေ့တန်းကို လွှတ်ပါ”

နောက်ဆုံးတော့ ရန်သူကို ရှာတွေ့ပြီ။ နောက်နှစ်ရက်အကြာတွင် စစ်သတင်းထောက်များကို ဖင်လန်သို့ လွှတ်လိုက်သည်။

တက်စက အီတလီသံအမတ်ကို နေ့လည်စာစား ဖိတ်သည်။ အီတလီလူမျိုးတို့ အချက်အပြုတ်ကောင်းကြောင်းကို ချီးမွမ်း၏။ ပီမွန်တက်စီဝိုင်အရက်၊ ဗီရွန်နိစ်အနုပညာနှင့် မူဆိုလီနီ ကဲ့သို့သော နိုင်ငံရေးသုခမိန်တို့၏ ဉာဏ်ပါရမီကို ချီးကျူးသည်။

“စစ်ကြီးဖြစ်လာရတဲ့အတွက် စိတ်မကောင်းဘူးဗျာ၊ ခင်ဗျားတို့ခေါင်းဆောင်ကြီး မူဆိုလီနီက ကြားဝင်စေ့စပ်ဖျန်ဖြေတော့ ပေးသေးတာပဲ၊ အဲဒီတုန်းက ကျွန်တော့်အဖို့တော့ ထမင်းလုံးတစ္ဆေခြောက်သလိုပဲ၊ ယဉ်ကျေးတဲ့ ဥရောပတိုက်သားအားလုံးကလဲ ကျွန်တော်တို့လိုပဲ နေမှာပါပဲ၊ အခုတော့ တော်သေးတာပေါ့ဗျာ၊ မော်စကိုက ဖင်လန်ကို ဝင်တိုက်လိုက်တော့ ကျွန်တော်တို့အဖို့ အသက်ရှူပေါက် ချောင်သွားတာပေါ့၊ အထူးသဖြင့် အီတလီရဲ့ ရပ်တည်ချက်ကြောင့် ကျွန်တော်တို့ တော်တော်ကလေးကို အားတက်သွားတယ်။ သံအမတ်ကြီးလဲ အသိသားပဲ၊ ကျွန်တော်ဆိုယင်

လက်တင်တိုင်းပြည်တွေအချင်းချင်း မဟာမိတ်ဖွဲ့ဖို့ အမြဲဆော်သြခဲ့တာပဲ၊ ကျွန်တော်တို့ဟာ ကြီးမြတ်တဲ့ ရောမရဲ့ မိတ်ဆွေတွေပါ သံအမတ်ကြီး၊ ယဉ်ကျေးမှုကြီး တခုလုံးတော့ အပျက်မခံနိုင်ဘူး၊ စစ်ဖြစ်ခံမယ့် အတူတူ ပိုလန်ကို ပေးလိုက်ရတော့ ဘာအရေးလဲ၊ ဒန်းဇစ်ကို ပေးလိုက်ရတော့ကော ဘာအရေးလဲ၊ ရှင်းရှင်းပြောမယ်ဗျာ ကျွန်တော်တို့အချင်းချင်းဟာ ရန်သူတွေမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ဘုံရန်သူက မော်စကို၊ ပြင်သစ်၊ အီတလီနဲ့ ဂျာမနီရဲ့ ကံကြမ္မာဟာ ဖင်လန်ရေလက်ကြားက တိုက်ပွဲပေါ် မှာတည်နေတယ်”

အားလုံး ရွှင်လန်းနေကြသည်။ မဒမ်မွှန်တီနီက “မြောက်ဘက်ခြမ်း အင်္ဂါနေ့များ” ဆိုသည့် အသင်းတသင်း ဖွဲ့သည်။ အင်္ဂါနေ့တိုင်း အထက်တန်းလွှာက အမျိုးသမီးတွေစုပြီး ခြေအိတ်တွေ ထိုးကြသည်။ လည်စည်းတွေ ထိုးကြသည်။ ရုရှကို ခံတိုက်နေသည့် ဖင်လန် စစ်သားများအတွက်ဟု ဆိုသည်။ မျူးဂါးက မင်နားဟိန်း ခံစစ်ကြောင်းကြီး ဆောက်ရန် ဖင်လန်အစိုးရသို့ ငွေတသန်းခွဲလှူသည်။ ချက်လက်မှတ်ကို ဖင်လန်သံအမတ်ကြီး၏ သမီးလက်သို့ အခမ်းအနားဖြင့်အပ်၏။ မာဆေးလူဆိုးဂိုဏ်းခေါင်းဆောင် လွှတ်တော်အမတ် ဘီးလက်က ပါရီမှ မော်စကိုလမ်းကို ဟယ်ဆင်စကီလမ်းဟု အမည်ပြောင်းရန် လွှတ်တော်တွင် အဆိုတင်သည်။

ဖင်လန်ပြည် စစ်အောင်နိုင်ရေးအတွက် မက်ဒလိန်း ဘုရားရှိခိုးကျောင်းတွင် ဆုတောင်းပွဲ ကျင်းပကြသည်။ ဘရီကျူးက စိတ်ပါလက်ပါ ဆုတောင်း၏။ ဘုရားရှိခိုးကျောင်းမှ ထွက်ပြီးလျှင် ဘဝသစ်သတင်းစာတိုက်ကို လာခဲ့သည်။ ဗီးလာ့ဒ်ဆီ မြန်မြန်သွားပြီး “ဖင်လန်နဲ့ပတ်သက်တဲ့ ဆောင်းပါးတပုဒ် ရေးပေးပါလို့ တောင်းချေဗျာ” ဟု ခိုင်းသည်။ တော်တော်တန်တန်ကို အံ့သြခြင်းမဖြစ်သည့် ဂျူလီယော့သည် အံ့အားသင့်လျက်ရှိ၏။

မွှန်တီနီသည် ဗီးလာ့ဒ်ဆိုလျှင် အသေအလဲမုန်းသည်။ “အလကားလူ၊ အလုပ်သမားတွေကို ပျက်စီးအောင် လုပ်ခဲ့တဲ့လူ၊ ပင်လယ်ကမ်းစပ်မှာ ဖိမ်ခံတတ်အောင် လုပ်ခဲ့တဲ့လူ” ဟု တခါက ဒေါကြီးမောကြီးဖြင့် ပြောခဲ့ဖူးသည်။

ဂျူလီယော့သည် သူ့ဆရာသစ်၏ အမိန့်ကို နာခံရမည် ဖြစ်သည့်တိုင် ဗီးလာ့ဒ်ကို ရှောင်နေသည်။ တခါသော် ဘာဘွန်နန်းတော်အနီးက မာရီယပျော်ပွဲစားရုံတွင် ဗီးလာ့ဒ်နှင့် သွားတိုးနေသည်။ ဗီးလာ့ဒ်က သက်ပြင်းချလိုက်ယင်း “ကျုပ်တို့ကို မေ့နေပြီပေါ့နော်” ဟု စကားနာထိုးသည်။

“ကျွန်တော် ဒီလောက် ကျေးဇူးကန်းတတ်တဲ့ကောင် မဟုတ်ပါဘူး ဦးရယ်၊ ကျွန်တော်တို့က ငိုစားရယ်စားပါ၊ ခု မွှန်တီနီ ဆိုတဲ့လူကြီးနဲ့ အလုပ်လုပ်ရတာ ကျွန်တော်လဲ စိတ်ကုန်လှပြီ၊ တကယ်ကတော့ ဒက်ဇာက ကျွန်တော့်ကို ပစ်ထားလို့ ကျွန်တော့်မှာ သောင်ပြင်လွတ်တဲ့ငွေးလို့ ဖြစ်ရတာ၊ ဒက်ဇာက ကျွန်တော့်အတွက်တင် မကဘူး၊ ပြင်သစ်ပြည်ကြီးအတွက်ပါ ဆုံးရှုံးရတာ၊ ခုတော့ ဘရီကျူးခိုင်းသမျှတွေချည်း ရေးနေရတာပေါ့။ ခက်တာက ဒီ ဘရီကျူး ဆိုတဲ့လူဟာ တော်တော်ခွကျတဲ့လူ၊ ရိုင်းကရိုင်းလိုက်သေး၊ မာဆေးမှာတောင် သူ့လိုလူမျိုး မရှိဘူး၊ လူက ပြင်သစ်တိုက်ကြွက်မျိုးနဲ့ ဂျာမန်အမဲလိုက်ခွေးမျိုး စပ်ထားတာ ကျနေတာပဲ၊ ခက်တာက အမျိုးသားညီညွတ်ရေးလို့ ပါးစပ်ကသာ ပြောနေကြတာ၊ တကယ်ကျတော့ တယောက်ကိုတယောက် ချနေကြတာပဲ။ ပုဂ္ဂိုလ်အရပြောရယင် ဦးကို ကျွန်တော်လေးစားပါတယ်၊ ခင်လဲခင်ပါတယ်”

ဗီးလာ့ဒ်က မသက်မသာပြုံးပြီး ချောင်ကျသည့် စားပွဲတလုံးတွင် ဝင်ထိုင်သည်။

ကိုယ်စားချင်ရာကို မစားနိုင်။ ဆရာဝန် ညွှန်ကြားချက်အရ စားနေရသည်။ သွားလေရာရာတွင် ဓာတ်စာစာရင်းကို အိပ်ထဲထည့်ထားရ၏။ ချဉ်ပေါင် မစားရ၊ ခရမ်းချဉ်သီး မစားရ၊ မုန်လာဥ စားနိုင်သည်။

ယခု ဘရီကျူးက ဗီးလာ့ဒ်ဆီ လွှတ်နေပြီ။ ဝဝဖိုင့်ဖိုင့် သတင်းစာဆရာ ဂျိုလီယော့သည် တအံ့တသြဖြင့် တလမ်းလုံး တဖွဖွ ရွတ်သွားသည်။ ကမ္ဘာကြီး မည်သို့ဖြစ်နေပြီနည်း။ တရက်တမျိုး ပြောင်းနေသည်။ စိတ်ရှုပ်စရာ ကောင်းပါဘိ။ တမိနစ်တွင် နောက်လူတယောက်ကို မျက်နှာချိုသွေးရပြီး နောက်တမိနစ်တွင် ထိုလူကို ခြေဖြင့် တကန်နင်းရသည်။

ယခုမူ ဗီးလာ့ဒ်သည် စာအုပ်တွေကြားထဲတွင် ခေါင်းရှုပ်နေပြီ။ ဗီးလာ့ဒ်သည် ညံ့သည့်ပြဇာတ်တခုကို ထိုင်ကြည့်နေယင်း အဖြစ်အပျက်များကို စက်ဆုပ်စွာဖြင့် ထိုင်ကြည့်နေသည်။ "အလကားစာတွေ၊ ဘာမျှအဓိပ္ပါယ်မရှိဘူး" ဟု ပြောတတ်၏။ သူ့ကိုယ်သူမူ ဖော့တွေးသည်။ "ငါကတော့ ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ ဝန်ကြီးချုပ်ရာထူးကို ငါ့ဆီက တက်စက လွှဲယူတယ်၊ အချိန်မီပဲ၊ နောက်ကျတော့ သူတို့ပြဿနာတွေက သပွတ်အူလိုက်လို့၊ သူတို့ကတဲ့ဇာတ် သူတို့ဘာသာ ကြည့်ရှင်းကြပေါ့" ဟု တယောက်တည်း ပြောသည်။ ဗီးလာ့ဒ်သည် လွှတ်တော်ထဲတွင် အစိုးရဘက်မှ မဲပေးမြဲ၊ အရေးကြုံလာလျှင် လွှတ်တော်ထဲတွင် မိန့်ခွန်းပြောမြဲ။ သို့ရာတွင် ယခင်ကလောက်မူ ထက်သန်ခြင်း မရှိတော့။ သူ့အသံက ပျင်းစရာကောင်းသည့် ကောက်နုတ်ချက်တခုကို ဖတ်ပြနေသည့် အသံမျိုး။ သူ့အဖို့ "စစ်ပွဲအလိမ်"ကြီးသည် မလိုအပ်သည့်အရာ။ တရုတ်ပြည်တွင် လူတွေ သောက်သောက်လဲ သေခဲ့ကြရပြီ။ ဘာ့ကြောင့်များ စစ်ပွဲအလိမ်ကြီးကို တိုက်နေချင်ကြသေးသနည်း။

ကွန်မြူနစ်များကို တိုက်သည့်အခါတွင်မူ ဗီးလာ့ဒ် ပျော်သလိုလိုရှိ၏။ ကွန်မြူနစ်တို့ကို မုန်းသည့်အမုန်းသည် ပြန်၍ အသက်ဝင်လာ၏။ မိမိရှုံးနိမ့်ခဲ့ရခြင်းမှာ ကွန်မြူနစ်တို့ကြောင့် ဖြစ်သည်ဟု ဗီးလာ့ဒ် ယူဆသည်။ စက်ရုံတွေကိုသိမ်း၍ သပိတ်မှောက်အောင် လှုံ့ဆော်ခဲ့သောကြောင့်၊ ဆိုင်ပိုင်ရှင်ကလေးများကို ဆန့်ကျင်အောင် နောက်က သူ့ကို ဖိအားပေးခဲ့သောကြောင့်၊ ဒလားဒီးယားကို ဘရီကျူးတို့ဘက်သို့ရောက်အောင် လုပ်ခဲ့သောကြောင့် သူပြုတ်ခဲ့ရသည်။ သူ့ကို နောက်ကတွန်းပို့သူတို့မှာ ပြည်သူ့တပ်ဦးထဲက ကွန်မြူနစ်များ ဖြစ်ကြသည်။ ကွန်မြူနစ်များသည် မျိုးချစ်စိတ်ဓာတ်ကို တဖွဖွအော်ကာ မြူနစ်စာချုပ်ကို ကန့်ကွက်ခဲ့ကြသည်။ သို့ရာတွင် စစ်ကြီးဖြစ်လာသောအခါ ကွန်မြူနစ်တို့သည် တာဝန်ရှောင်သွားကြသည်။ ယခု စစ်ကြီးကို ဆန့်ကျင်သူဆို၍ ကွန်မြူနစ်တို့သာ ရှိတော့သည်ဟု အလုပ်သမားများက ပြောနေကြပြီ။ ရွေးကောက်ပွဲတွင် ကွန်မြူနစ်တို့သည် စစ်ဆန့်ကျင်ရေး ကြွေးကြော်သံကို တင်၍ မဲဆွယ်ကြဦးမည်။ ဤအတိုင်းသာဆိုလျှင် စစ်မတိုက်ချင်သည့် အလုပ်သမားများက မဲပေးကြရလိမ့်မည်။ ကွန်မြူနစ်တွေ မဲတွေ သန်းချီပြီး ရဦးမည်။ ကွန်မြူနစ် လွှတ်တော်အမတ်များကို ဖမ်းရန်အဆိုကို သူထောက်ခံခဲ့သည်။ သို့ရာတွင် အထက်လွှတ်တော်အမတ် ကာချင်ကို မဖမ်းသေးဟု ကြားရသည့်အခါတွင် ဗီးလာ့ဒ် စိတ်မကောင်း။ ကာချင်ကို သူမုန်းသည်။ တခါတုန်းကမူ သူနှင့် ကာချင်သည် တပါတီတည်း ဖြစ်ခဲ့သည်။ တရားအတူတူဟောခဲ့ကြ၏။ ကွန်မြူနစ်များသည် အခြားသောဂြိုလ်မှလူများဟု သူမြင်၍ ကာချင်သည် သစ္စာဖောက်တဦးဟု သူယူဆသည်။ စင်စစ် ကာချင်သည် ယဉ်ကျေးသူ၊ မြော်မြင်စာနာတတ်သူ၊ ဒီမိုကရက်တယောက်။ ယခု ဤလိုလူမျိုးက ကွန်မြူနစ်များနှင့် ပေါင်းသွားသည်ကို

သူနားမလည်နိုင်။

နေ့တိုင်း လူတွေ ရာချီ၍ ဖမ်းနေသည်။ အချို့နယ်များတွင် ဆိုရှယ်လစ်များကိုလည်း ဖမ်းကြသည်။ ဗိုးလာ့ဒ်သည် လန့်လာ၏။ ဤသည်မှာ အစသာ ရှိသေးသည်။ သူသည် အစဉ်အလာကို ကာကွယ်သူ၊ လေးစားအပ်သည့်သူ။ ဤအဖမ်းအဆီးများကို ကန့်ကွက်ရမည်လောဟု စဉ်းစားသေးသည်။ သို့ရာတွင် ထိုအကြံကို စွန့်လွှတ်လိုက်၏။ သူ့ကိုလည်း ကွန်မြူနစ်တွေနှင့် တဂိုဏ်းတည်းဟု စွပ်စွဲလာလျှင် မခက်ပါလော။

ဗိုးလာ့ဒ်သည် သူ့ ဥဒ္ဒံကလေးထဲသို့ ပြန်ဝင်သွားသည်။ မကြာခင်က စေဇန်း၏ သက်ငြိမ်ပန်းချီကားတချပ် ရခဲ့သည်။ ယွန်းဇန်းပေါ်တွင် ထည့်ထားသည့် ပန်းသီးအချို့။ ဗိုးလာ့ဒ်သည် ပန်းချီကားကို နာရီပေါင်း အတန်ကြာ စိုက်ကြည့်နေသည်။ ပန်းသီးများသည် ရုပ်ဝတ္ထု၏ အနှစ်သာရသဖွယ် အတိုင်းအဆမရှိ လေးလံလျက်။ ပြီးပြည့်စုံလျက်။ သူတို့ကိုယ်တိုင်သည်ပင် ကမ္ဘာလောကကြီးတခု ဖြစ်နေသည်။

သူသည် ယခင်တုန်းကလို ထက်ထက်သန်သန် ဖြစ်လာတော့မည်ဟု မထင်ခဲ့။ ယခုမူ သူ့ကိုယ်သူ အံ့သြနေသည်။ ဖင်လန်ကို ရုရှက ဝင်တိုက်လိုက်သည့်အခါတွင် ဗိုးလာ့ဒ်သည် စိတ်အားထက်သန်ကာ ပြန်၍ငယ်သွားသည်ဟုပင် ထင်လိုက်ရ၏။ ရုရှက ဖင်လန်ကို တိုက်သည့်အတွက် ကန့်ကွက်ကြောင်း ပြင်းထန်သည့် မိန့်ခွန်းတခုကို လွှတ်တော်တွင် ပြောသည်။ သူ့နှာခေါင်းပေါ်က တဘက်တပ်မျက်မှန်သည် လွှန်ခဲ့သည့် အနှစ်နှစ်ဆယ်တုန်းကလို ခုန်ပေါက်နေသည်ဟုပင် ထင်ရတော့သည်။ "ကွန်မြူနစ်တွေဟာ ရုရှနယ်ချဲ့စနစ်ရဲ့ လျှို့ဝှက်စစ်တပ်တွေ ဖြစ်တယ်" ဟု ကြွေးကြော်သံ ပေးလိုက်သည်။

ဂျူလီယော့က သူ့ထံ ဆောင်းပါးတစောင် အတောင်းခိုင်းသဖြင့် လာရကြောင်းကို ပြောသည့်အခါတွင် ဗိုးလာ့ဒ်က…

"အို… ရေးပေးရမှာပေါ့ တူမောင်ရဲ့၊ မရေးလို့ ဘယ်ဖြစ်မလဲ၊ ရေးရမှာပေါ့၊ အသက်ကလဲကြီး ကျန်းမာရေးကလဲ မကောင်းတော့ ဆရာဝန်က အလုပ်မလုပ်ဖို့ ပြောထားတာပဗျ၊ ဒါပေမယ့် ခုကိစ္စကတော့ အားနည်းသူကို အားကြီးသူက အနိုင်ကျင့်တဲ့ကိစ္စဗျ။ ဘယ့်နှယ်ဗျာ ရုရှလို တိုင်းပြည်ကြီးက ဖင်လန်ကို ဝင်တိုက်တယ်လို့ပဲ၊ ဘယ် ဒီလိုအနိုင်ကျင့်ကြလို့ ဘယ်ဖြစ်မလဲဗျ၊ ကျုပ်တို့က အားနည်းသူဘက်က ရပ်ကြရမှာပေါ့။ ဒီလိုအချိန်မျိုးမှာ ဘရိကျူးအနေနဲ့ ပါတီချင်း ရန်ဖြစ်တာတွေကို မေ့ထားပြီး တညီတဲ့လုပ်ငန်းတွေကို ဆောင်ရွက်တယ်ဆိုတာလဲ ကောင်းတဲ့အလုပ်ဗျ။ ဒီလိုသာလုပ်ကြယင် ကျုပ်တို့ရဲ့ အမျိုးသားညီညွတ်ရေးဟာ စကားလုံးထဲမှာတင် မဟုတ်ပဲ တကယ်ဖြစ်လာရမှာပေါ့ဗျ"

ဗိုးလာ့ဒ်သည် သူ၏ ပထမဆုံးဆောင်းပါးကို အသံတုန်တုန်နှင့် ရွတ်၏။

"ကျွန်ုပ်သည် ထိုသတင်းကို ကြားရသည့်အခါတွင် ဒေါသအမျက် ခြောင်းခြောင်း ထွက်ခြင်း ဖြစ်ရ၏။ တရံရောအခါတုန်းက ဗွန်ဂေါ့ဖ်၏ ဂျာမန်စစ်သားများသည် ကြီးမြတ်မှန်ကန်သော အရေးတော်အတွက် တိုက်ခိုက်ခဲ့ကြဖူးသည်။ ယခုလည်း (ဖင်လန် ဗိုလ်ချုပ်ကြီး) မင်းနားဟိန်း၏ တပ်သားများသည် တရားမျှတမှုအတွက် တိုက်ပွဲဝင်လျက် ရှိကြပေသည်။"

ထိုနောက် ဂျူလီယော့ဘက်သို့ ရုတ်တရက်လှည့်၍ "သိပ်လဲ စိတ်ပူမနေပါနဲ့ တူမောင်ရဲ့၊ ဦးတို့ဘက်မှာ ဗိုလ်ချုပ်ဆောင်း ရှိပါသေးတယ်" ဟု ပြောလိုက်သေးသည်။

ဂျူလီယော့က လက်ကို ဝှေ့ယမ်းလိုက်သည်။

"အမှန်ပြောရမယ် ဆိုယင်တော့ ဖင်လန်ပြည်ဆိုတာ ဘယ်နားမှာရှိမှန်းတောင် ကျွန်တော် မသိဘူးခင်ဗျ။ သူတို့က ပြောတော့ သောက်ကျိုးနဲ့ အေးဆိုပဲ ဦးရ၊ ကျွန်တော်တို့ ပြင်သစ်တပ်သားတွေကိုသာ ပို့လိုက်ယင်တော့ အကုန်လုံး သွေးခဲပြီး သေကုန်ကြမှာပဲ။ တကယ်ခင်ဗျ၊ နေစမ်းပါဦး... ဦး၊ အီတလီရဲ့ သဘောထားနဲ့ ပတ်သက်လို့ ဦး ဘယ်လိုယူဆပါသလဲ၊ ဦးသိတဲ့အတိုင်း ကျွန်တော်က မာဆေးလ်မြို့သားခင်ဗျ၊ အီတလီတွေက မာဆေးလ်ကို တိုက်များတိုက်မလား မသိဘူး"

"မတိုက်ပါဘူးကွဲ့၊ ဂျာမန်တွေနဲ့ အီတလီတွေဟာ ကျုပ်တို့ တူမောင်တို့တတွေလိုပဲ၊ ဖင်လန်ကို ဝင်တိုက်တဲ့အတွက် မော်စကိုကို အကြီးအကျယ် ဒေါပွနေကြတယ်၊ ခု ကျုပ်တို့မှာ အီတလီရဲ့ ရန်ကို မကြောက်ရတော့ဘူး"

နောက်တနေ့မနက်တွင် ဗီးလာ့ဒ်၏ သမီးကြီး လူစီသည် သူ့အဖေထံသို့ ရောက်လာလေသည်။ သူ့ယောက်ျားမှာလည်း တပ်ထဲသို့ လိုက်သွားရပြီ။

"ဖေဖေ့သမက်ဆီက စာရတယ်၊ တပ်ထဲမှာ ဖြစ်ချင်သလို ဖြစ်နေတာပဲတဲ့၊ အမြောက်တပ်သားတွေမှာ လေယာဉ်ပစ်အမြောက်တွေ မရှိဘူးတဲ့၊ ပြီးတော့ တပ်သားတွေမှာလဲ ဖိနပ်မရှိဘူးတဲ့၊ တော်တော်လဲ စိတ်ဓာတ်ကျနေကြသတဲ့၊ ဒါတွေကို ဘယ်သူ့မှလဲ မပြောရဲဘူးတဲ့၊ သမီးတို့ ပြင်သစ်ပြည်ကြီး ဘယ်လိုများ ဖြစ်ဦးမှာလဲ ဖေဖေ"

ဗီးလာ့ဒ်က စိတ်ပျက်လက်ပျက်ဖြင့် နားထောင်သည်။

"အင်း... ဖေဖေ ပြောသားပဲ၊ ဒီစစ်ကြီးကို တိုက်လို့ အချည်းနှီးနေမှာပဲလို့ ဖေဖေ တဖွဖွ ပြောခဲ့တယ်၊ ဘာအဓိပ္ပါယ်မှမရှိဘူး၊ ခု ဖင်လန်ကို တိုက်ရတဲ့ စစ်ပွဲမျိုးကတော့ တမျိုးပေါ့၊ ရုရှက သူ့တိုင်းပြည်တွင်းကို ဝင်တိုက်ပေသကိုး"

ဗီးလာ့ဒ်သည် ဖင်လန်ပင်လယ်ကွေ့တွင် ဖြစ်ပွါးလျက်ရှိသော တိုက်ပွဲများအကြောင်း၊ ဖင်လန်တပ်သားတို့၏ ရေခဲလျှောစီး တပ်များအကြောင်း၊ မင်နားဟိန်း ခံစစ်ကြောင်းကြီး ဆောက်လုပ်ရေးအတွက် ကမ္ဘာ့အရပ်ရပ်မှ အလှူငွေများ ထည့်ဝင်ကြသည့်အကြောင်း စသည်တို့ကို စိတ်အားထက်သန်စွာ ပြောဆိုလျက် ရှိလေသည်။

"နေပါဦး ဖေဖေ၊ သမီးလေ မနက်အစောကြီးဆိုယင် အိပ်ရာက နိုးနိုးနေတယ်။ ပြန်ပြီး အိပ်လို့ မရတော့ဘူး၊ တောင်စဉ်းစား၊ မြောက်စဉ်းစားနဲ့၊ တကယ်လို့များ ဂျာမန်တွေ နိုင်သွားယင် ဘယ်လိုနေမလဲ မသိဘူးနော်"

"ဟုတ်တယ်၊ သူတို့နိုင်နိုင်တယ်"

ဗီးလာ့ဒ်၏ ပါးစပ်မှ အလိုလို ထွက်လာသဖြင့် လူစီပင် အံ့အားသင့်နေသည်။

"ဖေဖေ၊ ဘာတွေ လျှောက်ပြောနေတာလဲဟင်"

လူစီ၏ နှုတ်ခမ်းများက တရွရွ တုန်နေကြသည်။ မျက်ရည်တွေဝဲလျက်။ ဗီးလာ့ဒ်က သူ့သမီးကို ချော့သည်။

"ဖေဖေတို့က ကြောက်စရာ မလိုပါဘူးကွယ်၊ ဖေဖေတို့မှာ မဂ္ဂီနော့ စစ်ကြောင်းကြီး ရှိပါတယ်"

သတင်းစာများ ရောက်လာသည့်အခါတွင် သူဆောင်းပါးရေးသည့် "ဘဝသစ်"

သတင်းစာလည်း ပါလာ၏။ ဗီးလာ့ဒ်သည် သူ့ဆောင်းပါးကို သေချာစွာဖတ်၏။ သူ့စကားလုံးများကို သဘောကျကာ ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။ ထို့နောက် ဓာတ်ပုံတပုံကို ကြည့်နေသည်။ ဓာတ်ပုံက နှင်းခဲပြင်ကြီး။ တောင့်နေသည့် စစ်သားအလောင်းတွေကို ထောင်ထားလျက်။ လက်ထဲတွင် သေနတ်များကို ဆုပ်ကိုင်ထားသည်။ အလောင်းများကို ကြည့်ရသည်က စစ်မြေပြင်သို့ ချီတက်သွားကာ သေသည်၏ အခြားမဲ့မှာပင် ရှင်နေသူတို့ လုပ်နေကျ အလုပ်တွေကို ဆက်လုပ်ကြဦးတော့မည်ပုံ။ ရုပ်ပုံကို ကြည့်၍ ဗီးလာ့ဒ် စက်ဆုပ်ရွံရှာခြင်း ဖြစ်သည်။ ထိုပုံမျိုးကို ကြည့်၍ ကျေနပ်ရောင့်ရဲခြင်း မဖြစ်။ စိတ်သက်သာရာမရ။

လူစီပြန်ထွက်သွားသည်။ ဗီးလာ့ဒ်သည် ကုလားထိုင်ကြီးပေါ်တွင် ထိုင်ယင်း ဇိမ်ကျခြင်းဟူသော ညွှန်ဗွက်ထဲတွင် လူးလျက် ရှိလေသည်။ ယခုအချိန်၌ ဘယ်သူနိုင်နိုင် ဘယ်သူရှုံးရှုံး မိမိအဖို့ မထူးတော့ကြောင်းကို ဗီးလာ့ဒ် သဘောပေါက်ခဲ့ပြီ။ ဖင်လန်ကျသွားလျှင်ကော ဘာဖြစ်သေးသနည်း။ ဘာမှမဖြစ်။ တချို့က ပြေးလွှားနေကြရသည်။ တချို့က လဲကျနေကြသည်။ တချို့က သွေးခဲပြီး သေနေကြသည်။ ဘဝ ဆိုသည်မှာ ထို့အတူ။ သို့ရာတွင် သူကမူ ဘဝအပြင်ဘက်မှာ ရှိသည်။ ဘဝအထက်တွင် ရှိသည်။ စေဇန်း၏ ပန်းချီကားထဲက သစ်တော်သီးများလို သူကိုယ်တိုင်သည်ပင် ကမ္ဘာကြီး ဖြစ်နေသည်။ သူ့တွင် စိတ်လှုပ်ရှားမှုတွေ၊ စကားလုံးတွေ တွေ့ခဲ့ရလှပြီ။ စကားလုံးတွေကို ပြောခဲ့ရလှပြီ။ စိတ်ညစ်စရာတွေကို ကြုံခဲ့ရလှပြီ။ ယခု အနားယူချိန်ရောက်ပြီ။

သို့ကလို အနားယူဖို့ ပြင်ဆင်နေစဉ် "ဘဝသစ်" သတင်းစာမှ ဓာတ်ပုံဆရာတယောက် ရောက်လာသဖြင့် ဇိမ်ပျက်သွားသည်။ ဓာတ်ပုံဆရာက ဂျိုလီယော့နှင့် လုပ်ဖော်ကိုင်ဖက်။ လူကြည့်လိုက်လျှင် ပျာယီးပျာယာ ဖြစ်သော်လည်း သနားစရာကောင်းသူ။

"ခွင့်လွှတ်ပါ ဦး၊ ဖင်လန်မှာ ဖြစ်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ဦးပြောတဲ့ မိန့်ခွန်းတွေနဲ့ ဓာတ်ပုံပါ ထည့်ချင်ပါတယ်၊ ဓာတ်ပုံခေါင်းစဉ်ကိုတော့ 'လွတ်လပ်မှုနှင့် တရားမျှတမှုအတွက် တိုက်ရာတွင် မောပန်းခြင်း မရှိသည့် တိုက်ခိုက်ရေးသမားဟောင်းကြီး' လို့ ခေါင်းစဉ်တပ်မယ် ဦး၊ ဘယ့်နှယ်လဲ"

ဗီးလာ့ဒ်သည် ကြိုးတပ်မျက်မှန်ကို နှာခေါင်းပေါ်တွင် တပ်၏။ ထို့နောက် သတ္တိကောင်းသူတဦး၏ဟန် ပေါ်လာစေရန် မျက်နှာထားကို ပြင်ထားလိုက်လေသတည်း။

တက်စသည် သူ့သမီးဒင်းနိစ်ကို ကောင်းကောင်းပင် မမှတ်မိ။ ဒင်းနိစ်က ပါရီအထက်တန်းလွှာတွေ ချုပ်လေ့ရှိသည့် အပ်ချုပ်ဆိုင်ကြီးများမှ ချစ်စရာ စက်ချုပ်သမကလေး။ ဆံပင်ကို တိုတိုဖြတ်ပြီး ကောက်ထားသည်။ နှုတ်ခမ်းတို့က ကြက်သွေးရောင် နီရဲလျက်။ ဟိုတယ်ထမင်းချက်ကြီးတွေ ဆောင်းသည့် ဦးထုပ်မြင့်မြင့် အငယ်စားကလေးကို ဆောင်းထားပြီး လက်ထဲတွင် ဖဲကြိုးဖြင့် ပတ်ထားသည့် ဂျပ်သေတ္တာတလုံးကို ပိုက်ထားသည်။

ဒင်းနိစ်သည် မာလေးဟာဘီ ရိပ်သာလမ်းမှ အပ်ချုပ်ဆိုင်တဆိုင်တွင် အလုပ်လုပ်လျက်ရှိ၏။ အမျိုးသမီးများက ညနေခင်းဝတ်စုံများကို ဝတ်၍ ကိုယ်ဟန်ပြကြရသည်။ ပြခန်းထဲတွင် မှန်ကြီးတွေ ချိတ်ထား၏။ အရောင်းအဝယ်က ခပ်ပါးပါး။ အရောင်းအဝယ် ပါးသဖြင့် ပိုင်ရှင်ကလည်း ညည်းညူသည်။ ပိုင်ရှင်က လူလတ်ပိုင်းအရွယ် ရောက်ပြီ။ မုတ်ဆိတ်တိုနှံ့နှံ့၊ မျက်လုံးများက ဆွေးရိပ်သမ်းနေကြသည်။ ပိုင်ရှင်သည် ပါရီဖက်ရှင်မဂ္ဂဇင်းများ ဖြစ်သည့် လေဂျာဒင်ဒီမို့ မဂ္ဂဇင်းနှင့် ဗိုဂ် မဂ္ဂဇင်းတို့ကို မကြာခဏ လှန်ကြည့်နေတတ်သည်။ ခပ်မှိန်မှိန် မီးရောင်ထဲတွင် ဖက်ရှင် အဝတ်အစားတွေကို ဝတ်ထားသည့် ရုပ်တုများသည် ဈေးဝယ်များသဏ္ဍာန် ပေါက်နေကြ၏။ စက်ချုပ်သံ၊ မီးပူတိုက်သံ၊ ပိုးစကို လက်သဲရှည်ရှည်များဖြင့် တရွှီးရွှီး ဆွဲခေါက်သံတို့ကို အမြဲကြားနေရသည်။ ဆိုင်ခန်းတခန်းလုံး ဆူညံလျက်။ သို့ရာတွင် ဆိုင်နောက်ခန်းတွင်မူ ယူဂျင်းခေါ်သည့် ခြေထောနင်းနှင့် လူတယောက်သည် စာရွက်များကို ပုံနှိပ်စက်ကလေးထဲသို့ ထိုး၍ စက်ရိုက်လျက်ရှိ၏။ ဤစက်မှာ အခြားမဟုတ်။ ပြင်သစ်ကွန်မြူနစ်ပါတီ၏ မြေအောက်ပုံနှိပ်စက် ဖြစ်သည်။ ဆိုင်ပိုင်ရှင်သည် အလုပ်ကို သိပ်စိတ်ဝင်စားခြင်း မရှိလှ။ နိုင်ငံရေး ကြေငြာချက်တွေကို ရေးနေသည်။ ဒင်းနိစ်က ထိုစာရွက်စာတမ်းများကို အဝတ်အစားထည့်သည့် ဂျပ်သေတ္တာထဲထည့်ပြီး မြို့ပေါ်တွင် လျှောက်ဝေရ၏။

ယနေ့မှာ ဒင်းနိစ်၏ အားလပ်ရက် ဖြစ်သည်။ ဒင်းနိစ်သည် ဘဲဗီးလ်ရပ်ကွက်သို့ ခပ်သုတ်သုတ် လာခဲ့၏။ သူ့တွင် လိပ်စာရထားပြီ။ ဘဲဗီးလ်ရပ်ကွက်သို့ သွားကာ မစ်ရှောနှင့် တွေ့ရမည်။ လေးလလောက် ခွဲနေကြပြီးနောက် ပထမဆုံးအကြိမ် ပြန်တွေ့ကြရခြင်း ဖြစ်သည်။

မစ်ရှောက ရေတပ်ထဲတွင် ရောက်နေသည်။ ထို့ကြောင့် မစ်ရှောသည် ဘရက်ဇ်သို့ ပထမဆုံး အပို့ခံရသည်။ သူ့အမှုထမ်းမှတ်တမ်းကို ဖတ်ပြီးနောက် စစ်ရုံးချုပ်သည် မစ်ရှောအား "လူဆူ"တယောက်အဖြစ် သဘောထားလိုက်သည်။ နှစ်ပတ်ခန့်ကြာသည့်အခါတွင် မစ်ရှောအား အာရပ်ရှိ ခြေလျင်တပ်ရင်းတခုသို့ ပို့လိုက်၏။ သူ့အလုပ်က ဘာမျှမရှိ။ စစ်တန်းလျားများတွင် ကြမ်းတိုက်ရုံမျှသာ။ တပ်ရင်းမှူး ဗိုလ်မှူးဖေဘာရီက ခပ်ကြောင်ကြောင်။ အရက် အမြဲတမ်း မူးနေသည်။ နိုင်ငံရေးဆိုလျှင် အလွန်မုန်းသည်။ စည်းကမ်းကလနားဆိုလျှင်လည်း အလွန်မုန်းသည်။ "လောကကြီးမှာ ချစ်စရာကောင်းတာဆိုလို့ နှစ်ခုပဲ ရှိတယ်၊

အဲဒါကတော့ တက္ကဆီကားတွေနဲ့ တဖောင်းကြီးပင်တွေပဲ” ဟု မကြာခဏ ပြောတတ်သည်။ အစတွင် ဗိုလ်မှူးဖေဘာရီသည် မစ်ရှောကို သူခိုးဟု ထင်သည်။ သို့ရာတွင် သူအထင်သေးခဲ့သည့် သူခိုးသည် စပိန်တွင် ဝင်တိုက်ခဲ့သူတဦး ဖြစ်ကြောင်းကို သိသွားသည့်အခါ၌ မစ်ရှောအပေါ်တွင် အရေးပေးလာသည်။ “ဒန်ကွီဇုတ်” ဟု ခေါ်သည်။ ယခု သူ့ကျေးဇူးကြောင့် မစ်ရှော ခွင့်ရကာ ပါရီသို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

ဒင်းနိစ်မှာ ပျော်နေလေသည်။ ဆင်တူ လမ်းမြှောင်သေးသေးကလေးတွေထဲတွင် မစ်ရှောနေသည့်လမ်းကို ဆိုက်ဆိုက်မြိုက်မြိုက် ရှာတွေ့သဖြင့် ဝမ်းသာသည်။ အဘွားကြီးတယောက်က တံခါးဖွင့်ပေး၏။ မစ်ရှောက အိမ်သို့ပြန်မရောက်သေး။

“ထိုင်လေ သမီး၊ သမီးဖို့ အမေ ကော်ဖီလေးတခွက် ဖျော်လိုက်ဦးမယ်၊ ငါ့သမီး ကြည့်ရတာ တော်တော် ချမ်းလာတယ် ထင်တယ်”

မစ်ရှောက တော်တော်နှင့် မပေါ်လာ။

“အမေ့သား ဂျင်းနော့ကို သမီး မသိဘူး ထင်တယ်၊ စက်ရုံသပိတ်တုန်းက အမေ့သားလေးကို ဖက်ဆစ်တွေက သတ်ခဲ့ကြတယ်လေ”

သည်တော့မှ မစ်ရှော မကြာခဏ ပြောဖူးသည့် ဂျင်းနော့၏အမေ ကလီမင့်အကြောင်းကို ဒင်းနိစ် အမှတ်ရတော့သည်။

“သြော် အဲဒါ အမေလား”

အမေက မျက်ရည်များကို ရေခံအဝတ်ဖြင့် သုတ်၏။ သူ့သားလေး ဂျင်းနော့ကို အမှတ်ရသည်။ သည်တော့မှ ဒင်းနိစ်သည် အခန်းထဲက ပစ္စည်းတွေကို နားလည်သွားတော့သည်။ နံရံပေါ်တွင် နားရွက်ကားကားနှင့် လူတယောက်၏ပုံကို ချိတ်ထားသည်။ စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များက စားပွဲပေါ်တွင် ပြန့်ကျဲလျက်။ ကက်ဦးထုပ်ဟောင်းတလုံးက ချိတ်တွင် ချိတ်လျက်သား။ အမေသည် သူ့သားဂျင်းနော့ ပိုင်ခဲ့သည့် ပစ္စည်းများကို ဘယ်အခါမျှ မခွဲတော့။ တယုတယ သိမ်းထားသည်။ အမေသည် သူ့သား၏ ရဲဘော်များကို စောင့်ရှောက်သည်။ ချက်ပြုတ်ကျွေးသည်။ အကျႌဟောင်းတွေကို ကြယ်သီးတပ်ပေးသည်။ စစ်ကြီးဖြစ်လာသည့်အခါတွင် အမေသည် တညလုံး ငုတ်တုတ်ထိုင်ကာ တရှုပ်ရှုပ် ငိုနေတော့သည်။ သူ့သားကိုယ်စား သူချစ်ရမည့် ရဲဘော်တွေ မရှိကြတော့။ သို့ရာတွင် နိုဝင်ဘာလထဲတွင်မူ လူစိမ်းတယောက် အမေ့ထံသို့ ပေါက်လာသည်။

“မစ်ရှောက လွှတ်လိုက်လို့ပါ အမေ၊ ကျွန်တော် ဒီမှာ တညလောက် အိပ်လို့မရဘူးလား၊ ကျွန်တော်က ပုလိပ်လိုက်ဖမ်းလို့ ရှောင်နေတဲ့ ရဲဘော်ပါ”

အမေသည် ရဲဘော်များကို ဝှက်ပေးသည်။ သူတို့နာမည်ကိုလည်း မမေး၊ ဘာကိုမျှလည်း မမေး။ အိပ်ရာကို အဆင်သင့်ခင်းပေးကာ ချက်ပြုတ်ကျွေးလိုက်သည်။ သူတို့က နောက်ဆုံးသတင်းများကို ပြောပြကြသည်။ သူတို့က ယုံယုံကြည်ကြည် ပြောပြသည့်အတွက်လည်း အမေသည် ဂုဏ်ယူလျက်ရှိ၏။

“သတင်းစာတွေကတော့ ဖင်လန်ကို ရုရှက ဝင်တိုက်တဲ့အကြောင်း အကြီးအကျယ် ရေးနေကြတာပဲ သမီးရယ်၊ လူတွေ အာရုံပြောင်းသွားအောင် လုပ်တာပေါ့ကွယ်”

အမေက ဒင်းနိစ်ကို ပြောသည်။ ထိုနောက် ဒင်းနိစ်ကို သေသေချာချာ ကြည့်၍ ပြုံးလိုက်၏။

"မစ်ရှောကို အမေကပြောတယ် သမီးရဲ့ သူတယောက်တည်းနေတာ မကောင်းဘူးလို့၊ ခုတော့ သမီးလို သူငယ်ချင်းရဲဘော်ရှိတော့ တော်သေးတာပေါ့၊ မစ်ရှောက ရှက်တော့ ရှက်တတ်တယ်၊ ဒါပေမယ့် သမီးရယ်၊ တကယ့်လူကောင်းပါ၊ အကင်းပါးလိုက်တာကလဲ အလွန်ပဲ၊ အမေ့အထင်တော့ မစ်ရှောဟာ တနေ့မှာ မောရစ်သောရက်ဇ်တို့လို ခေါင်းဆောင်ဖြစ်မှာ သမီးရဲ့၊ သူ့နောက်မှာ သူ့ကိုပြုစုဖို့ မိန်းမတယောက် လိုတယ်၊ ဂျင်းနေ့တုန်းကတော့ အမေရှိတာပေါ့"

အမှန်အားဖြင့် ဒင်းနိစ်သည် ရှက်တတ်သူဖြစ်၏။ သို့ရာတွင် ဒင်းနိစ် ရှက်ရွံ့ခြင်း မဖြစ်မိ။ ဆွေမျိုးရင်းချာတယောက်က ပြောနေသလို ထင်မိသည်။

အတန်ကြာတော့မှ မစ်ရှော ပေါက်လာသည်။ ယူနီဖောင်းကြီးကို ဝတ်ထားသည့် မစ်ရှောကို ကြည့်ရသည်က ရယ်စရာ။

"ဟင် ဒင်းနိစ်"

မစ်ရှောက အမေ့ကို ပွေ့ဖက်နူတ်ဆက်သည်။ အမေက ကော်ဖီ ခပ်မြန်မြန်ဖျော်၏။

"အမေ အလုပ်သွားရဦးမယ်ကွဲ့၊ အမေပြန်မလာခင် အပြင်ထွက်သွားယင် သော့ခတ်ပြီး သော့ကို ဖျာအောက်မှာ ထိုးပစ်ခဲ့နော်၊ သားကိုလဲ ဖက်ဆစ်တွေ သတ်မယ်နော်၊ သတိနဲ့နေ ကြားလား။ သူတို့ကတော့ စစ်မဖြစ်သေးဘူးလို့ ပြောတာပဲ၊ စစ်သာ မဖြစ်တယ်၊ လူတွေ ကို သတ်လိုက်တာကတော့ သောက်သောက်လဲပဲ၊ နောင်မှာ မင်းမရှိလို့ မဖြစ်သေးဘူး။ ခုတွင် သမီးကို ပြောနေမိသေးတယ်၊ နောင်မှာ ငါ့သားက မောရစ်သောရက်ဇ်တို့လို ခေါင်းဆောင်ဖြစ်မှာလို့"

အမေထွက်သွားသည့်အခါတွင် မစ်ရှောသည် ဒင်းနိစ်ကို ပွေ့လိုက်ပြီး ရင်ခွင်ထဲသို့ ဆွဲယူလိုက်သည်။

"အချစ်ကို လွမ်းလိုက်ရတာကွယ်၊ မလွမ်းပဲ မနေနိုင်ဘူး၊ ဘယ့်နှယ်လဲ"

ဇန်နဝါရီရက်များက နေ့တာတိုသည်။ အခန်းထဲတွင် ဆည်းဆာရောင်သည် နှင်းမြူပြာပြာတွေနှင့် တူနေသည်။ မကြာမီ အမေပြန်လာတော့မည်။ သို့ရာတွင် သူတို့စကားပြော၍ မဆုံးကြသေး။

"အခြေအနေကတော့ အားလုံး ရှုပ်ထွေးနေတာပဲ၊ အစ်ကိုတို့တပ်က ဘယ်လဂျီယန် နယ်စပ်နားမှာ စခန်းချထားတယ်၊ အစတုန်းကတော့ ကတုတ်ကျင်းတွေ တူးမလို့ပဲ။ နောက်တော့ ဘာစိတ်ကူးပေါက်သွားသလဲ မသိဘူး၊ မတူးရတော့ဘူးတဲ့၊ တပ်ရင်းမှူး ဗိုလ်မှူးကြီးက ဂျာမန်က တိုက်မယ်လို့ ပြောတဲ့သူဟာ လူကြောက်တဲ့၊ လူကြောက်တွေမို့ ဒီစကား ပြောတာတဲ့၊ အရှုံးပေးသမားတွေမှ ဒီစကားမျိုးကို ပြောတာတဲ့၊ ဒါ သူတို့ လက်သုံးစကားပဲ၊ ဒါပေမယ့် လူကြောက်တွေဟာ ဘယ်သူတွေလဲ၊ သူတို့ကိုယ်တိုင်ပဲ မဟုတ်လား၊ သူတို့ လုပ်နေပုံအတိုင်း ဆိုယင်တော့ ဂျာမန်တွေက အစ်ကိုတို့ကို အလွယ်ကလေးနဲ့ အနိုင်ယူသွားမှာပဲ၊ ဒီပြင်အစိုးရ ဆိုယင်တော့ ဂျာမန်တွေက ဒီလိုလုပ်မှာ မဟုတ်ဘူး၊ ရှေ့တန်းကို အလွယ်ကလေးနဲ့ ထိန်းထားနိုင်ပါတယ်၊ အစ်ကို စိုးရိမ်တာ တခုပဲ ရှိတယ်၊ အစ်ကိုတို့က အရမ်းနိုပ်ကွပ်ပစ်ပြီး အရေးကြုံတော့မှ အစ်ကိုတို့ကို ဂျာမန်ရန် ကာကွယ်ကြလို့ ထပ်ခိုင်းကြဦးမှာ၊ တပ်သားတွေကတော့ ကွန်မြူနစ်တွေအကြောင်းကို ပြောနေကြတာပဲ၊ ကြေငြာချက်တွေဆိုယင် လူတွေ ဝိုင်းအုံဖတ်ကြတာပဲ၊ အရာရှိတွေကတော့ ဖက်ဆစ်တွေ များတယ်၊ နာဇီလိုလားသူတွေ ဆိုပါတော့၊ အရာရှိထဲမှာ ထူးထူးခြားခြား

ဖက်ဆစ်မုန်းတဲ့လူဆိုလို့ အစ်ကိုတို့တပ်က တပ်ရင်းမှူးတယောက်ပဲ ရှိတယ်၊ ဒါပေမယ့် ခက်တာက ဒီလူကလဲ လူကြောင်၊ တဇောင်းကြီးပင်လောက်ကိုသာ စိတ်ဝင်စားတဲ့လူ၊ ခုလိုဖြစ်နေတာဟာ ပြည်သူ့တပ်ဦးကြောင့်တဲ့၊ ကွန်မြူနစ်တွေ သစ္စာဖောက်လို့တဲ့၊ ခက်တာက ဒီလူတွေဟာ ကိုယ်ဘာလိုချင်သလဲ ဆိုတာကိုတောင် ကောင်းကောင်း နားမလည်ကြဘူး၊ အစ်ကိုတို့မှာ ယမ်းတွေရှိတယ်၊ ဒါပေမယ့် ဒီယမ်းတွေကို ဖောက်ခွဲပစ်ဖို့ ဘာမှမရှိဘူး၊ ပါရီကစပြီး ပုန်ကန်ယင်တော့ တပ်တွေကလဲ လိုက်လာကြမှာပဲ”

“ဒီမှာလဲ ဒီအတိုင်းပဲ အစ်ကို၊ စက်ရုံထဲက အလုပ်သမားတွေဆိုယင် ဒေါသထွက်နေကြတယ်၊ ဒါပေမယ့် ဘာမှမပြောကြဘူး၊ ဖင်လန်ကိစ္စ ပေါ်လာတော့မှ နည်းနည်း လှုပ်လာကြတယ်၊ ဖင်လန်အတွက် လေယာဉ်တွေ လုပ်ပေးရမယ်ဆိုယင် သပိတ်မှောက်မယ်တဲ့၊ သပိတ်သာမှောက်ယင်တော့ အားလုံး ဆူသွားမှာပဲ အစ်ကို”

မစ်ရှောက ဆိုဗီယက်ယူနီယန်မှ သတင်းများကို မေးသည်။ ဒင်းနိစ်က သူသိသလောက် ပြောပြ၏။

မစ်ရှောက ပြုံးလိုက်သည်။

“ညီမက တော်တော် အသုံးဝင်လာပြီနော်၊ ညီမကို ပထမဆုံး အစည်းအဝေးကို ခေါ်သွားတာ မှတ်မိသေးလား”

သူတို့နှစ်ယောက်၏ အချစ်ဦးနေ့များအကြောင်းကို ပြန်ပြောင်းပြောကြသည်။ သည်တုန်းကမူ နှစ်ယောက်စလုံး နှောက်နှေးလိုက်ကြသည်ဖြစ်ခြင်း။ ရှက်လိုက်ရသည်ဖြစ်ခြင်း၊ သူတို့ရင်ထဲက ခံစားချက်များကို နှုတ်ခမ်းများကလည်း ဖော်ပြခြင်း မပြုနိုင်၊ လက်များကလည်း ဖော်ပြခြင်း မပြုနိုင်။ မျက်လုံးများကလည်း ဖော်ပြခြင်း မပြုနိုင်၊ မကြာမီ သူတို့ နှစ်ယောက်သည် ခွဲခွာနေကြရဦးတော့မည်။

ဒင်းနိစ်က ပြော၏။

“အင်္ဂလိပ်စစ်ဗိုလ်တယောက်ရဲ့ အကြောင်းကို သတင်းစာထဲမှာ ဖတ်လိုက်ရတယ် အစ်ကိုသိလား၊ နှစ်သစ်ကူးတဝိုက်ဆီလောက်က ဖြစ်မယ်ထင်တယ်၊ သင်္ဘောပေါ်မှာ သူတို့က ညစာ စားနေကြတယ်တဲ့၊ ဒီတုန်းမှာ ပေါက်ကွဲသံကြီးတခု ကြားလိုက်ရတယ်တဲ့၊ ရေအောက်က ဂျာမန်ရေငုပ်သင်္ဘောက ဝင်ချသွားတာကိုး၊ သူ့မိန်းမကလေးကလဲ သူနဲ့အတူ ပါလာသတဲ့၊ ဒါနဲ့ သင်္ဘောကက်ပတိန်က သူ့ဇနီးကို အသက်ကယ်ခါးပတ်ပတ်ပေးပြီး သင်္ဘောဘေးကို ခေါ်လာသတဲ့၊ မိန်းမကလဲ ကြောက်ကြောက်နဲ့ ရုန်းတာပေါ့လေ။ သူ့ယောကျာ်း ရှုံးသွားပြီပေါ့။ ဒါကြောင့် သူ့ကိုသတ်မယ်လို့ ထင်တာပေါ့၊ သင်္ဘောဘေးရောက်တော့ သူ့မိန်းမကို ရေထဲပစ်ချလိုက်သတဲ့၊ သူ့မိန်းမဟာ အသက် ချမ်းသာရာ ရသွားသတဲ့၊ တော်တော် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်စွမ်းရှိတဲ့ လူနော်၊ သတ္တိလဲကောင်းတယ်၊ ခု ညီမတို့လဲ အသက်ရှင် ကျန်ရစ်ဖို့အတွက် သတ္တိလိုနေတယ် အစ်ကို၊ သတ္တိလိုနေတယ်။ ညီမကို ဒီလိုသတ္တိမျိုးရှိအောင် လုပ်ပေးပါလားဟင်၊ ဒီလိုပြောတော့ ညီမက အန္တရာယ်ကို ကြောက်လို့လို့ ထင်လိမ့်မယ်၊ အန္တရာယ်ကို ညီမ မကြောက်ပါဘူး အစ်ကို၊ ဘာကိုမှ ညီမ မကြောက်ပါဘူး၊ ဒါပေမယ့် ညီမတို့နှစ်ယောက် ခွဲခွာသွားကြတဲ့အခါတိုင်း ဒါဟာ နောက်ဆုံးတွေ့ခြင်းပဲ ဖြစ်မယ်ထင်ပြီး ညီမ ကြောက်နေတယ်”

“ခု အစ်ကိုတို့ဟာ ဖောင်တခုပေါ်မှာ ရောက်နေပြီလေ၊ သင်္ဘောကို သူတို့ မြှုပ်ပစ်ခဲ့ကြပြီးပြီ၊ ဒါပေမယ့် အစ်ကိုတို့ ဆက်သွားမယ်၊ အရှုံးမပေးပါဘူး၊ တနေ့မှာ

အစ်ကိုတို့ မျှော်မှန်းတဲ့ ပန်းတိုင်ကို ရောက်ရမှာပေါ့... မဟုတ်ဘူးလား”

မှောင်မည်းသည့် လမ်းထောင့်တခုတွင် သူတို့နှစ်ယောက် ခွဲခဲ့ကြသည်။ လမ်းက ညအမှောင်ထဲက မြစ်ပြင်တခုလို ပြန့်ပြူး တိတ်ဆိတ်လျက်။ မစ်ရှော၏ အင်္ကျီအိတ်ထဲတွင် ကြေငြာချက်တချို့နှင့် “လျူမန်နီတေး” သတင်းစာနှစ်စောင် ခေါက်လျက်ပါလာသည်။ မီးရထား မထွက်ခင် သုံးနာရီလောက်တော့ အချိန်ရသေးသည်။ သူသည် ဘူတာရုံကြီးဘက်သို့ လျှောက်လာခဲ့၏။ မှောင်ချထားသည့် ပါရီမြို့ကြီးသည် ထူးခြားဆန်းကြယ်သည့် မြို့သစ်ကြီးတမြို့နှင့် တူနေသည်။ တခါတရံတွင် အမှောင်ထဲမှ ထိုးထွက်လာသည့် သစ်ကိုင်းမည်းမည်းကြီးများကို ရိပ်ကနဲမြင်လိုက်ရ၏။ အိမ်များကိုမူ မမြင်ရ။ အဝေးက တောင်များလို ရေးရေးရိပ်ရိပ် ရှိမှန်းတော့သိသည်။ ကလေးတယောက်ရယ်သံကို ကြားလိုက်ရ၏။ “ဟောတော့... ကျွန်မလက်အိတ် ကျကျန်ရစ်ခဲ့ပြီ” ဟု ပြောသော မိန်းမတယောက်၏ အသံကို ကြားရသည်။ ဘတ်စကားတစီးက တဘော်ဘော်အော်၍ ဖြတ်သွား၏။ ရဲကနဲ ဖြစ်သွားသော စီးကရက်မီးခိုး မြင်လိုက်ရ၏။ အမှောင်ထဲတွင် စိုစွတ်ပြာမှိုင်းသည့် နှင်းမြူကို တွေ့ရသည်။ ထို့နောက် အဝေးမှ ပင်လယ်အော်သံနှင့်တူသည့် ပါရီမြို့ကြီး၏ မသဲမကွဲ အုတ်အုတ်ကျက်ကျက်အသံ။

မစ်ရှောသည် ဒင်းနိစ်အကြောင်းကို တွေးလာသည်။ ထို့နောက် ခပ်မြန်မြန် နှုတ်ဆက်ပြီး ထွက်လာခဲ့၏။ သူတို့နှစ်ယောက်၏ ခံစားချက်များကို ဖွင့်ပြရမည်ကို ကြောက်နေကြသည်။ “အစ်ကို့ဖို့ စီးကရက် အိတ်ထဲမှာ ထည့်ပေးလိုက်တယ်နော်” ဟု ဒင်းနိစ်က ပြော၏။ “ညီမ လည်စည်းပတ်ထားလေ... အအေးမိလိမ့်မယ်” ဟု မစ်ရှောက ပြောသည်။

သူတို့နှစ်ယောက် ဘယ်တော့မှ ပြန်တွေ့ကြမည်နည်း။ နောက်ထပ် တွေ့မှတွေ့ရပါတော့မည်လော။

ကျယ်ပြန့်သည့် လမ်းမကြီးများသည် မြစ်ကြီးတွေလို စီးဆင်းနေသည်ဟု ထင်ရ၏။ လက်နှိပ်ဓာတ်မီး တလက်လက်နှင့် လူတယောက် သူတို့အနားသို့ ရောက်လာသည်။ အမှောင်ကြီးထဲတွင် လက်နှိပ်ဓာတ်မီးရောင်သည် ဝင်းထိန်နေသည်ဟု ထင်ရ၏။ ပလက်ဖောင်းကျောက်ပြား၊ သစ်ပင်တပင်ခြေရင်းကို ကာထားသည့် ဝရန်တာသံပန်း၊ လူတယောက်၏ ခြေထောက်များ စသည်တို့သည် လက်နှိပ်ဓာတ်မီးရောင် ကွက်ကွက်ကလေးထဲတွင် ပေါ်လာကြသည်။ အလျှင်တုန်းက သည်လမ်းမကြီးများတွင် မီးရောင်ဟူ၍ ရှိမှရှိဖူးပါ၏လော။ လက်နှိပ်ဓာတ်မီးနှင့်လူ ထောင့်ချိုးတခုသို့ ကွေ့သွားသည့်အခါတွင် မီးရောင်မှိန်မှိန်ကလေးလည်း ပျောက်သွားသည်။ သြော်... သူတို့နှစ်ယောက်၏ အချစ်။ မှောင်ချထားသည့် မီးရောင်မှိန်မှိန်ကလေးလို မည်းမှောင်သည့် စစ်ကာလကြီးထဲမှ သူတို့နှစ်ယောက်၏ အချစ်။ ထိုအချစ်ကို ရင်မှာပိုက်၍ ခွဲခွာနေကြရဦးမည်။

အန်ဒရေမှာ ပွိုင်တိုးမြို့သို့ အပို့ခံရသည်။ မဂ္ဂီနော့ခံစစ်ကြောင်းသို့ အပို့ခံရလိမ့်မည်ဟု နေ့တိုင်း သတင်းဖြစ်နေသည်။ သို့ရာတွင် သတင်းကို မည်သူမျှ အတည်မပြုကြ။ သို့ဖြင့် လေးလလောက် ကြာသွားသည်။ သူတို့တပ်ရင်းမှူး ဗိုလ်မှူးကြီးမှာ မြို့စားကတော်ကြီး မဒမ်နိုး၏ ညှော့ခန်းဆောင်သို့ မကြာခဏ အလည်သွားတတ်၏။ သူသည် ဗိုလ်ချုပ် ဂရင်မိုင်ဆန်နှင့် ဘကူတိုက်ပွဲတွင် အတူတိုက်ခဲ့ဖူးသည်။ ပွိုင်တိုးတွင်ရှိသည့် ရှေးဟောင်းသုတေသနပညာရှင်များက သူတို့မြို့ကို လေကြောင်းမှ အတိုက်ခံရမည်လောဟု မကြာခဏ မေးတတ်ကြသည်။ အရာရှိများက မြို့ထဲတွင် မယားငယ် ထားကြသည်။ စစ်သားများက အကြွေး လည်ပင်းခိုက်လျက်။ အရက်ဆိုင်များတွင် သူတို့တတွေ ကြွေးနှင့်မကင်း။ ပြည့်တန်ဆာအိမ်များတွင်လည်း တရုန်းရုန်း။ ညဆိုလျှင် အန်ဒရေသည် သူ့နေ့စဉ်မှတ်တမ်း စာရွက်တရွက်ကို ကြက်ခြေခတ်လိုက်ရသည်။ ဘာမှ မထူးခြား။

"ကျုပ်တို့တတွေ တနေ့ အသက်တိုသွားတာလား၊ တရက် အသက်ရှည်လာတာလား၊ စဉ်းစားဖို့ ကောင်းတယ်ဗျ" ဟု သူ့မိတ်ဆွေ လောရီးယားက ပြောသည်။

သူတို့ဘဝက အကျဉ်းထောင်ထဲတွင် နေရသလို ငြီးငွေ့စရာ။ မနက်လင်းလျှင် စစ်ရေးပြ၊ အမိုက်လှဲ၊ မုန်လာဥဟင်းချိုကျဲကျဲကို သောက်။ ထိုနောက် မြို့ထဲသို့ နေကုန်နေခန်း လျှောက်လည်။ ဈေးသည်မကလေးတွေနှင့် အသိဖွဲ့။ ဘိုင်စကုတ်ရုံသွားပြီး ကြည့်ပြီးသား ရုပ်ရှင်ကားဟောင်းတွေ ကြည့်။ ညနေကျတော့ အရက်သောက်။ ထိုနောက် တပ်ပြန်လာ။ မီးဖိုဘေးတွင် ထိုင်ပြီး အိပ်ငိုက်သူက ငိုက်။ လေချဉ်တက်သူက တက်။

သူတို့မျက်နှာများကို အန်ဒရေ ကြည့်မိသည်။ စိုးရိမ်မှု၊ ပါးနပ်မှုတို့ သူတို့မျက်နှာများပေါ်တွင် မရှိတော့။ ရှုခင်းကားချပ်တခုကို ကြည့်ရသည်နှယ် ဟာလာဟင်းလင်း။ လူသည် မြေကြီးနှင့် တော်တော်တူသည်ဟု တခါတရံ စဉ်းစားမိသည်။ ရွံ့စေးနှင့် အိုးဖုတ်သမားတို့၏ ဆက်သွယ်မှုကို သူတွေးမိသည်။ သည်လိုအချိန်မျိုးတွင် အန်ဒရေ အလုပ်လုပ်ချင်သည်။ "ပါရီမှာ နေတုန်းကတော့ ငါ ပန်းချီ မရေးဖြစ်ခဲ့ဘူး၊ ခုလိုကျတော့လဲ ငါ့ပန်းချီဆေးတွေကို ငါ အလွမ်းသား" ဟု တွေးမိသည်။

နောက်တပတ်လောက်အကြာ ရှေ့တန်းစစ်မြေပြင်သို့ သွားရတော့မည်ဟု ကြားရသည့်အခါ၌ အလိပ်လိပ် တက်နေသော မီးခိုးတွေ၊ အေးစိမ့်နေသည့် အရှဏ်တက်တွေ၊ သံဆူးကြိုးတွေ၊ ဖျော့တော့နေသည့် လူသေမျက်နှာတွေကို မြင်ယောင်နေသည်။ အုံ့မှိုင်းနေသော်လည်း တိမ်တိုက်များနောက်မှ လင်းနေသော နေရောင်အောက်တွင် အရာဝတ္ထုအားလုံးသည် ပုံသဏ္ဍာန်မဲ့၊ အရောင်အဆင်းမဲ့

ဖြစ်နေသကဲ့သို့ သူ့မျက်စိထဲတွင် မြင်ယောင်နေသည်။

အန်ဒရေက ပေါင်းရသင်းရ လွယ်သည်။ ပါရီတွင် နေစဉ်တုန်းက ပန်းချီကားတွေကြားထဲတွင် တယောက်တည်း နေခဲ့သည်။ ယခု စစ်တပ်ထဲရောက်တော့ လူပေါင်းစုံနှင့် တွေ့ပြီး ရယ်စရာတွေ ပြောလိုက်ကြ၊ နောက်လိုက်ကြ၊ ပြောင်လိုက်ကြ။ အထူးသဖြင့် လောရီးယားနှင့် တွဲလေ့ရှိသည်။ လောရီးယားက အေဗီယွန်က ကဖီးတခုတွင် ဂီတသမား။ လူငယ်ကလေးလို အပူအပင် မရှိသည့် တောင်ပိုင်းသား။ တခါတရံ စိတ်ကူးရလျှင် "မြို့စားကတော်ကလေး ချစ်စရာ၊ သည်မောင်ပိုးချင်တာ" ဆိုသည့် သီချင်းကို ဆိုတတ်သည်။ သီချင်းဆို၍မှ မဆုံးသေး။ "ဒီစစ်ကြီးကလဲ နှစ်တရာလောက် ကြာအောင်များ တိုက်နေဦးမှာလားဗျာ" ဟု ညည်းတတ်၏။ "ကျွန်တော်တို့ တပ်ရင်းမှူးက တိုက်ပွဲမှာ မကျအောင် မယ်တော်မာရီကို ဖယောင်းတိုင်တွေ ကြိုလှူနေပြီဗျ" ဟု ရယ်ရယ်မောမောဖြင့် ပြောတတ်သည်။

ဘာရီတန်နယ်သား ယက်ဗ်ကမူ သက်ပြင်းကြီးတချက်ချကာ...

"ဒီဘက်က မြေသြဇာလဲ တော်တော်ကောင်းတယ်ဗျ၊ ဆိတ်ကလဲ သိပ်ပေါတယ်၊ ကျွန်တော်တို့ဆီမှာ ဆိတ်မွေးလို့ မရဘူး၊ နေစမ်းပါဦးဗျာ၊ ဒီစစ်ကြီးကို ဘယ်သူကများ စတိုက်တာတဲ့လဲ" ဟု ဆိုတတ်သည်။ သစ်ပင်တပင်တွေ့လျှင် မိတ်ဆွေရောင်းရင်းတယောက် တွေ့သလို အနားမှ မခွာနိုင်တော့။ အန်ဒရေသည် သူနှင့် နွားချေးမြေသြဇာအကြောင်း၊ ဂျုံစပါးအကြောင်းတို့ကို ပြောဖူးသည်။ တခါတရံ ညညတွင် ယက်ဗ်သည် တယောက်တည်း ကျိတ်ငိုတတ်၏။ အိမ်ကိုလွမ်းလှပြီ။ ကလေးတွေနှင့် မိန်းမကို လွမ်းလှပြီ။

နီဗယ်ကား ကဖီးဆိုင်မှ စားပွဲထိုးဖြစ်သည်။ စစ်ထဲသို့ ကျန်းမာရေး အစစ်မခံရမီ ဆေးရုံတွင် နှစ်လတက်ခဲ့ရသေးသည်။ သူ့မိန်းမက သူ့ဖို့ ရေမွှေးပန်းတွေ ယူလာသည်။ ရေမွှေးပန်းကို ရှူလျှင် နှလုံးအားနည်းတတ်သည်ဟု ကြားဖူး၏။ ကိစ္စမရှိ။ နှလုံးအားနည်းလျှင် တပ်က ထွက်ရမည် မဟုတ်လော။ သို့ရာတွင် ဘာမျှမဖြစ်။ "ကျွန်တော့်ကို ဘာဖြစ်လို့ တပ်ထဲ ဆွဲခေါ်လာသလဲ မသိဘူးဗျာ" ဟု ညည်းတတ်သည်။ "ကျွန်တော့်အလုပ်က တနေ့ကို ဖရင့်ရှစ်ဆယ် ရတယ်၊ ဘောက်ဆူးပေးတာက တနေ့ကို သုံးကျပ်ရတယ်၊ ခုဆိုယင် အလျှင်ကထက်တောင် ပိုပြီး နေ့တွက်စီလိမ့်ဦးမယ်၊ ပါရီက ကဖီးတခုက စားပွဲထိုးတယောက်က တနေ့ကပဲ ပြောသေးတယ်၊ ခုအလျင်ထက် နှစ်ဆပိုပြီး ရတယ်တဲ့၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်လေ၊ နှစ်ထောင့်လေးရာကို နှစ်နဲ့မြှောက်တော့ ဘယ်လောက်ရသလဲ။ သူတို့ကလဲ ကျုပ်လိုကောင်ကို ဂရုစိုက်မှာ မဟုတ်ပါဘူး၊ ကျုပ်ကလဲ သူတို့ကို ဂရုမစိုက်ပါဘူး၊ အင်း... တပ်ထဲမှာ ကျုပ်လိုလူတွေ ဘယ်နှစ်ယောက် ရှိမလဲ မသိဘူး၊ အနည်းဆုံး သုံးသိန်းလောက်တော့ ရှိမှာပဲ။ ဒီတော့ လေးထောင့်ရှစ်ရာကို သုံးသိန်းနဲ့မြှောက်၊ ဘယ်လောက်ရှိမလဲ"

နီဗယ်သည် သွားဖြင့် ကိုက်ထားသည့် ခဲတံတိုတချောင်းကို ဆွဲထုတ်ပြီး တွက်နေသည်။

"စုစုပေါင်း ဆယ့်လေးသန်းနဲ့ လေးသိန်း ရှိတယ်ဗျ"

စာရင်းကိုင် လာဗန်မှာ လေယာဉ်ပျံ ကြောက်တတ်သည်။

"ကိုယ်ရှေ့တည့်တည့်က အမြောက်နဲ့ပစ်တာကို ကျွန်တော် မကြောက်ပါဘူးဗျာ၊ ဒါပေမယ့် အပေါ်က ပစ်မှာကိုတော့ ကြောက်တယ်ဗျ" ဟု ပြောတတ်၏။ သူ့ဇနီးကို အမှတ်ရတိုင်း ပြည့်တန်ဆာအိမ်များတွင်သာ အချိန်ကုန်သည်။ "ရောဂါရပြီး

သေသွားလဲ အေးတာပေါ့ဗျာ၊ ခုလို လွတ်လွတ်လပ်လပ် နေရတုန်း နေလိုက်ဦးမယ်” ဟု ပြောလေ့ရှိ၏။

သူတို့အပြင် အသက်ခပ်ငယ်ငယ်၊ ရင်အုပ်ကျဉ်းကျဉ်းနှင့် ဂျီဗတ်ဆိုသူ ရှိသေးသည်။ ကဗျာကလေး ဘာလေး ဝါသနာပါသည်။

သူတို့အားလုံးသည် အတူနေကြရ၏။ ငြီးငွေ့မှုကို အတူခံစားကြရ၏။ တယောက်ယောက် ပြေးလာပြီး “မနက်ဖြန် စစ်မြေပြင်ကို ထွက်ရတော့မယ်တဲ့ဗျို့” ဟု အော်လာလျှင် သူတို့အားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ အိမ်ကို စာရေးသူက ရေးကြ။ မြို့ထဲက အဆက်တွေဆီကို သွားသူက သွားကြ။ ထို့နောက် “ဤသတင်းမမှန်” ဟု ဆိုင်ရာက ပြောသည့်အခါတွင် သူတို့အားလုံး စိတ်ပျက်လက်ပျက် ဖြစ်ကြရပြန်သည်။ “ဘာတွေ ဖြစ်နေကြတာလဲဗျ” ဟု ယက်ဗ်က ညည်း၏။

တနေ့တွင် အန်ဒရေက လောရီးယားကို ပြော၏။

“ဘာမှ စဉ်းစားမနေနဲ့၊ အားလုံး သပွတ်အူလိုက်ကုန်ပြီ၊ ဘယ်သူက ဘယ်သူ့ကို တိုက်နေမှန်းလဲ မသိတော့ဘူး၊ လူအုပ်ကြားထဲ ညပ်ပါနေသလိုပေါ့၊ ရှေ့လဲ တိုးလို့မရ၊ နောက်လဲ ဆုတ်လို့မရ၊ ဒီတော့ ဘယ်သူ့စကားကိုမှ ယုံမနေနဲ့၊ ဘယ်သူကမှလဲ အမှန်ပြောမှာ မဟုတ်ဘူး၊ တယောက်ကို တယောက် လိမ်နေကြတာ၊ ပန်းချီဆွဲတော့ ဆေးတွေကို ဆေးဗူးထဲက ညှစ်ထုတ်ရသလိုပေါ့၊ ညှစ်တုန်းကတော့ ကြက်သွေးရောင်ရယ်လို့ ညှစ်လိုက်တာပဲ၊ ဒါပေမယ့် ထွက်လာတော့ အနက်ရောင်ကြီး၊ ညှစ်တုန်းက အဖြူ၊ ထွက်လာတော့ တခြားအရောင်၊ ဘာမှ စဉ်းစားမနေနဲ့ ကိုယ့်လူ”

ရေဒီယိုက သီချင်းတွေ ရပ်သွားပြီး ကြေငြာချက်တွေ ထွက်ပေါ်လာလျင် “ပိတ်လိုက်စမ်းပါ၊ ဒီသောက်ရေဒီယိုကို” ဟု ဆဲရေးကြသည်။ ဝန်ကြီးချုပ် ဒလားဒီးယားသည် လူ့လောက ယဉ်ကျေးမှုကြီးကို ကာကွယ်လျက်ရှိကြောင်း၊ ရှေ့တန်း စစ်မျက်နှာတွင် ထူးခြားသည့် တိုက်ပွဲများ ဖြစ်ပွားခြင်း မရှိကြောင်း၊ ဂျာမန်တို့က သင်္ဘောတန်ပေါင်း တသောင်းရှစ်ထောင်ကို နှစ်မြှုပ်လိုက်ကြောင်း စသည့် သတင်းများကို သူတို့ ကြားရဖန်များသဖြင့် ငြီးငွေ့လှပြီ။

စစ်ဖြစ်နေသည် ဆိုခြင်းကိုပင် မြို့တမြို့လုံး သတိမရကြတော့။ စစ်ဖြစ်စတုန်းကတော့ တပ်သားသစ်တွေ စုဆောင်းသဖြင့် မြို့ကလေးတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားသေးသည်။ ထို့နောက်တွင်မူ ငြိမ်သက်သွားကာ ထုံးစံအတိုင်း ပြန်ဖြစ်သွားသည်။ မြို့က ဆံပင်ညှပ်ဆိုင်ပိုင်ရှင် နှစ်သိန်းထီပေါက်သည်။ ရှေးဟောင်းသုတေသနဂျာနယ်တွင် အာဖဂန်နစ္စတန်တွင် တူးဖော်တွေ့ရှိချက်များကို ပုံနှိပ်သည်။ မြို့စားကတော် မဒမ်နိုးက ကုန်ဈေးနှုန်းကြီးမြင့်သည့်အတွက် ညည်းသည်။ အိမ်တွင်ရှိသည့် မာလီကို အလုပ်မှ ထုတ်ပစ်လိုက်ရပြီး ကားမောင်းသမားကို မာလီအလုပ် ခိုင်းထားရသည်။ မာလီက လက်စားချေသည့်အနေဖြင့် မြို့စားကတော်၏ ရွှေလက်ပတ်နာရီနှင့် မိဘဘိုးဘွား လက်ထက်တုန်းက အမွေရသည့် ငွေပန်းကန်ပြားကို ခိုးပြေးသည်။ ထို့နောက် ပြည့်တန်ဆာအိမ်တအိမ်တွင် အဖမ်းခံရသည်။ ထိုမြို့ထုတ် သတင်းစာများက ဥရုဂွေးကမ်းခြေတွင် ဖြစ်ပွားသည့် ရေတပ်တိုက်ပွဲအကြောင်းထက် ထိုသတင်းကို ပို၍ အသားပေးရေးကြသည်။ မြို့လယ်ကွက်လပ်တွင် ဆပ်ကပ်ပွဲတပွဲ လာပြသည်။ စိတ်ညစ်နေဟန်တူသည့် ကျားသစ်များက ကုလားထိုင်တလုံးမှ တလုံးသို့ ခုန်ကူးပြကြ၏။

တနေ့တွင်မူ တပ်ရင်းမှူးက ယက်ဖ်ကို ဆူသည်။

"ဟော့ကောင် မင်းကိုကြည့်ရတာ စစ်သားနဲ့ နည်းနည်းမှ မတူဘူး၊ တောမြို့က မီးသတ်သမားနဲ့ တူနေတယ်" ဟု ကြိမ်းမောင်းကာ စစ်တန်းလျားများကို သန့်ရှင်းစေသည်။ ဝန်ကြီးဖြစ်သွားသည့် ထိုမြို့မှ လွှတ်တော်အမတ် ကြွရောက်လာမည် ဖြစ်သဖြင့် သုံးရောင်ခြယ် ပြင်သစ်အလံကို မြို့လယ် မင်းလမ်းမကြီးတွင် ချိတ်စေ၏။ အခြားသူမဟုတ် တက်စ ဖြစ်သည်။ မြို့တော်ဝန်က တက်စသည် ကလီမင့်ဆော ကဲ့သို့သော နိုင်ငံရေးသုခမိန်ကြီးတဦး ဖြစ်ကြောင်းဖြင့် ဩဘာစကားပြောသည်။ တက်စက ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျနေသည်။

"ဒီလို သမိုင်းတွင်တဲ့ ကာလမျိုးမှာ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ တင်မြှောက်ရွေးကောက်လိုက်တဲ့ မြို့ကို လာရောက်လည်ပတ်ဖို့ စိတ်ကူးနေတာ ကြာလှပြီ၊ ပွိုင့်တိုးမြို့ရဲ့ သားကောင်းရတနာတွေရဲ့ ရင်ထဲမှာ မျိုးချစ်စိတ်ဓာတ် တဟုန်းဟုန်း တောက်လောင် နေတာကို ကျွန်တော် ဂုဏ်ယူပါတယ်၊ ဒီစိတ်ဓာတ်ဟာ အလျင်တုန်းက သူတော်စင် ဟီလာရီယန်ကို ပေါ်ပေါက်စေခဲ့တယ်၊ ခုလဲပဲ မဂ္ဂီနော့ ခံစစ်ကြောင်းကြီးကို အသက်ပေး ကာကွယ်တဲ့ သူရဲကောင်းများကို ပေါ်ပေါက်စေပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ အတွေးဟာ တခုတည်းမှာ အာရုံစိုက်နေကြပါတယ်၊ အဲဒါကတော့ တခြားမဟုတ်ပါဘူး၊ ရန်သူကို အောင်နိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်ကြီးပဲ ဖြစ်ပါတယ်" ဟု တက်စက မိန့်ခွန်းခြွေသည်။

စင်စစ် တက်စသည် ပွိုင်တိုးတွင် ဘာကိစ္စမျှ မရှိ၊ ဗီယန်းတဝိုက်တွင် မြေတကွက် လိုချင်သဖြင့် မြေလာကြည့်ခြင်း ဖြစ်၏။ ယခင်က တက်စသည် ရှာဖွေရသမျှကို အကုန်သုံးပစ်ခဲ့သည်။ ယခု သူ့တွင် ငွေပိုငွေလျှံတွေ များနေသည်။ ထိုငွေများကို မည်သို့ထားရမည်မသိ။ သူနှင့်အဆက်အသွယ်ရှိသည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များသည် ကြီးပွါးနေကြသည်။ သူ့တွင်ရှိသည့် ငွေများကို အမေရိကသို့ ပို့ထားလျှင် ဖြစ်နိုင်သည်။ သို့ရာတွင် အမေရိကသို့ ပို့အပ်ထားလျှင် ဘာအကျိုးထူးမည်နည်း၊ စာရွက်ပေါ်တွင်ရှိသည့် ဂဏန်းမျှသာ ဖြစ်နေတော့မည်။ ထို့ပြင် ခေတ်ကြီးက ရေရာသည်မဟုတ်။ တက်စသည် ရှယ်ယာဈေးကစားခြင်း၊ ဒေါ်လာအဖြစ် စုခြင်းကိုလည်း အယုံအကြည်မရှိတော့။ လောကကြီးတွင် စိတ်ချရသည့် ပစ္စည်းဆို၍ မြေကြီးသာ ရှိတော့သည်။ မြေဝယ်ထားနိုင်လျှင် မည်သည့်နည်းနှင့်မျှ အကျိုးမယုတ်နိုင်။ ကျေးလက်တွင် ရှုခင်းကောင်းသည့် ကျေးလက်စံအိမ်ကလေး တလုံးတော့ ဝယ်ထားလိုက်ဦးမည်။ အိမ်ဝယ်ပြီးလျှင် အားလပ်ရက်တွင် မယားငယ်ကလေး ပေါလက်နှင့် ပန်းပွင့်တွေကြား လမ်းလျှောက်မည်။ စစ်ကြီးအကြောင်းကို မေ့ထားလိုက်မည်။ ဘာရီကျူးနှင့် ဗိုလ်ချုပ်တွေ အကြောင်းကိုလည်း မေ့ထားလိုက်တော့မည်။ မကြာခင်တုန်းက သူသည် လာဗယ်ကို လှောင်ခဲ့သည်။ မြေကိုချည်း ကျိတ်ဝယ်နေသည့် လာဗယ်ကိုကြည့်ကာ "ကပ်စေးနှဲ" ဟု နောက်ခဲ့သည်။ ယခု သူလည်း လာဗယ်၏ လမ်းစဉ်ကို လိုက်ရတော့မည်။

ရှေ့နေ၏ ရုံးခန်းသို့ ရောက်သည့်အခါတွင် တက်စသည် အိမ်ပုံစံများ၊ ဓာတ်ပုံများကို လျှောက်ကြည့်၏။ သူကြိုက်သည့် အိမ်တလုံးကို တွေ့ပြီ။ အိမ်က ဆယ့်ရှစ်ရာစုနှစ် ပုံစံ။ အိမ်ရှေ့တွင် ဥယျာဉ်ကလည်း အကျယ်ကြီး။ အထဲတွင်မူ ခေတ်မီအဆောင်အယောင်တွေ ပြင်ထားသည်။

နောက်တနေ့တွင် တက်စသည် အိမ်ကို သွားကြည့်၏။ အေးလွန်းသဖြင့် လိုလိုမည်မည် သိုးမွေးထည် အောက်ခံအကျီနှင့် သိုးမွေးခါးပြတ် အကျီနှစ်ထည်

ထပ်ဝတ်ခဲ့သေးသည်။ လမ်းတွင် သူ့သား လူဆန်းကို အမှတ်ရ၏။ ယခုအချိန်တွင် လူဆန်းသည် အအေးမိ၍များ သေပြီလောမဆိုနိုင်။

"သူနေတဲ့နေရာက သိပ်အေးတာပေါ့၊ ဖင်လန်မှာ အေးတယ်လို့ ပြောတာပဲ" ဟု ရှေ့နေက ပြော၏။ "ဒါထက် စကားမစပ် ဒီနေ့ထုတ်သတင်းစာတွေကို ဖတ်ပြီးပါပလား ဝန်ကြီး၊ ဖင်လန်က ဗိုလ်ချုပ်နာမည် ဘယ်သူ၊ ဂျာမန်နာမည်လိုလို ဘာလိုလိုရယ်လေ၊ ဒီလူက တော်တော် စစ်တိုက်ကောင်းတယ်လို့ ပြောတာပဲ၊ အင်း ဖင်လန်ဟာ ရုရှကိုတော့ နိုင်အောင် တိုက်နိုင်လိမ့်မယ် ထင်ပါရဲ့နော်"

အိမ်ရှေ့အဝင်ဝတွင် ကြေးခွက်ကြီးကို ကိုင်ထားသည့် ကိုယ်လုံးတီး နတ်သမီးရုပ်တု ရှိသည်။ ကြေးခွက်ပတ်လည်တွင် ရေခဲတုံးကလေးတွေ သီးနေကြ၏။ နတ်သမီးရုပ်တုကလေးပင်လျှင် သွေးခဲနေသယောင် ထင်ရသည်။

"အိမ်ကတော့ တော်တော်လှတဲ့ အိမ်ပဲ၊ မျက်နှာကြက်က လူဝီဆယ့်ငါး လက်ထက်က မျက်နှာကြက်မျိုး၊ ခေတ်ငွေ့က တအိမ်လုံး ရတယ်နော်"

ညနေပိုင်းတွင် မြို့ထဲသို့ ပြန်လာခဲ့သည်။ ရွေးကောက်ပွဲ တရားလာဟောတုန်းက ဒင်းနစ်ဖို့ ချောကလက် ဝယ်သွားခဲ့သည်ကို အမှတ်ရ၏။ သည်အကြောင်းကို ပြန်တွေးမိသဖြင့် တက်စ စိတ်မကောင်းဖြစ်သွားသည်။ ယခု လေးနှစ်နီးပါး ကြာခဲ့ပြီ။ စစ်ကြီးသာ မဖြစ်ခဲ့လျှင် မကြာမီ ရွေးကောက်ပွဲသစ်တွေ ပြန်လုပ်ကြရတော့မည်။ ယခုမူ သည်အကြောင်းတွေကို ပြန်မတွေးနိုင်တော့။ သူ့တွင် စိတ်ညစ်စရာတွေ တပုံတပင်။ သည်တုန်းကမူ ပျော်စရာကောင်းသည့်ဖြစ်ခြင်း။ သူတယောက်တည်း ပြိုင်ဘက်မရှိ အရွေးခံခဲ့ရသည်။ အခြားအမတ်လောင်းများက သူ့အတွက် နုတ်ထွက်ပေးခဲ့ကြသည်။ အိမ်ပြန်လျှင် မိန်းမနှင့် သားတွေ သမီးတွေက စောင့်ကြိုလျက်။ သည်ကျေးလက်စံအိမ်ကို ဝယ်ကြောင်း အိမ်က မိန်းမသိလျှင် မည်မျှဝမ်းသာလိုက်မည်နည်း။ သွားလေသူ ဇနီးသည်က တောမှာ ပျော်တတ်သည်။ ကြက်ကလေးတွေ၊ ငှက်ကလေးတွေကို ချစ်တတ်သည်။ ဟင်းသီးဟင်းရွက် ကြိုက်သည်။ ယခု သည်ကျေးလက်စံအိမ်ကို မည်သူ့အတွက် ဝယ်ရမည်နည်း။ မယားငယ်လေး ပေါလက်အတွက်လော။ သို့ရာတွင် ပိုက်ဆံရှိရှိ ခပ်ငယ်ငယ်ကောင်လေးတွေကို တွေ့လျှင် ပေါလက်သည် သူ့ကို စုံကန်ထွက်သွားမည်မုချ။ မဟုတ်။ သူ့အတွက် မဟုတ်။ သည်မြေ ဝယ်ခြင်းသည် သူတယောက်တည်းအတွက်သာဖြစ်ရမည်။ သူ့ဇနီးသည်၏ သင်္ချိုင်းအနီးတွင် မြေကွက်တကွက်ရှိသည်ဟု သူအမှတ်ရလာ၏။ တက်စသည် သွားလေသူကို အမှတ်ရလာကာ မျက်ရည်တွေဝဲလာသည်။ သို့ရာတွင် ညနေတွင် မြို့စားကတော်ကလေး မဒမ်နီးက သူ့ကို ဂုဏ်ပြုသောအားဖြင့် ညစာစားပွဲလုပ်မည်ဟု တွေးမိသည့်အခါတွင် တက်စ စိတ်သက်သာရာရသွား၏။

မြို့စားကတော်က သူ့ကို နှုတ်သွက်လျှာသွက်ဖြင့် ဆီးကြိုသည်။

"ဝန်ကြီး ဝယ်မယ်ဆိုတော့ ကျွန်မတို့လဲ အိမ်နီးနားချင်းဖြစ်လို့ ဝမ်းသာနေကြတာပေါ့။ ကျွန်မတို့ မြို့လေးမှာ လာပြီး အခြေချမယ်ဆိုလို့ အားလုံးက ဝမ်းသာနေကြတယ်"

ဧည့်ခန်းတွင် မြို့ပေါ်မှ လူကြီးလူကောင်းများ၊ မြို့မျက်နှာဖုံးများကို တွေ့၏။ ရေးဟောင်းသုတေသနသမားများ၊ စစ်အရာရှိများနှင့် သူ့ပြိုင်ဘက်ဟောင်းကြီး ဂရင်းမိုင်ဆန်ကိုလည်း တွေ့ရသည်။ "ဒီရုရှကောင်တွေကို ကောင်းကောင်း သင်ခန်းစာ ပေးပစ်ရမယ်ဗျ၊ အင်္ဂလိပ်ဆိုတဲ့လူက ဘာလို့ ပျော့စိစိ လုပ်နေတာတုံး၊

ရှုရှုတွေရဲ့ ပင်လယ်နက်ကမ်းခြေကို ဝင်တိုက်ပြီး အပြုတ်ချပစ်ပါလား”

ဂရင်းမိုင်ဆန်သည် ဒေါသတကြီး အော်လျက်ရှိ၏။

ညှော့သည်များသည် ဝန်ကြီးတက်စအနီးတွင် ဝိုင်းအုံလျက်ရှိကြ၏။ တက်စက ခပ်ကျဲကျဲ ဖျော်ထားသည့် လက်ဖက်ရည်ကို တကျိုက်ကျိုက်သောက်ယင်း…

“ကျွန်တော်တို့ စီမံကိန်းအတိုင်း ချောချောမောမော ဖြစ်နေပါတယ်၊ ဂျာမနီမှာလဲ ကျွန်တော်တို့လိုပေါ့ဗျာ၊ ကျွန်တော်တို့နဲ့ မဟာမိတ် ဖွဲ့တာကို ဆန့်ကျင်ချင်တဲ့လူတွေ ရှိချင် ရှိမှာပေါ့။ ဒီတော့ ကျွန်တော်တို့ လိုချင်တဲ့အတိုင်းတော့ ဘယ်ဖြစ်မလဲ၊ ဒီဆောင်းတွင်းမှာတော့ ဂျာမန်တွေလဲ သင်ခန်းစာ ကောင်းကောင်းရသွားပါပြီ၊ သူတို့အထဲက ဗိုလ်ချုပ်သိုင်ဆင်လိုလူမျိုး ထွက်ပြေးတယ်ဆိုတာ သိပ်အရေးကြီးတာပေါ့၊ ဂျာမန် စစ်ဦးစီးဌာနကတော့ အကြီးအကျယ် ဒေါပွနေတာပဲ၊ ကျွန်တော် ထင်ပါတယ်၊ ကျွန်တော်တို့နဲ့ ဂျာမန်တွေဟာ မကြာခင် စေ့စပ်ဆွေးနွေးလို့ ရနိုင်လိမ့်မယ် ထင်ပါတယ်၊ ဂိုးအာရင်းလိုလူဟာ အခြေအနေကို ကောင်းကောင်း နားလည်ပါတယ်၊ ဟက်စ်ဆိုတဲ့ လူကတော့”

တက်စက ရွေးကောက်ပွဲတုန်းက သူနှင့် ယှဉ်ပြိုင်ခဲ့သူများအကြောင်းကို မေးသည်။ ဘာရီကျူး၏ တပည့် ဂျူးဂတ်မှာ စစ်တပ်ထဲရောက်သွားပြီး ရေနံထောက်ပံ့ရေးဌာနတခုတွင် ရောက်နေသည်။ ကွန်မြူနစ် အမတ်လောင်း ဖြစ်သည့် သော့ခလောက်ပြင်ဆရာ ဒီဒီးယားမှာ ပင်လယ်ကမ်းခြေက ကျွန်းကလေးတကျွန်းပေါ်ရှိ နိုင်ငံရေးအကျဉ်းစခန်းတခုတွင် ရောက်နေသည်။

တက်စက သက်ပြင်းချလိုက်ယင်း….

“အင်း… ဒီလို အရေးယူတာကတော့ မကောင်းပါဘူးဗျာ၊ ဒါပေမယ့် ခက်သားပဲ။ ခုလို ရန်သူက ကိုယ့်အိမ်တံခါးဝ ရောက်နေတဲ့ အချိန်မှာ ဘယ့်နှယ်လုပ် တတ်နိုင်မှာလဲ”

နောက်တနေ့ မနက်တွင် တက်စသည် ပါရီသို့ မော်တော်ကားဖြင့် ပြန်လာခဲ့၏။ မြို့တွင် စခန်းချထားသည့် တပ်ရင်းက သူ့ကို ချီတက်ဂုဏ်ပြုသည်။

အန်ဒရေသည် တက်စအကြောင်း လူဆန်းထံမှ မကြာခဏ ကြားရသည်။ သို့ရာတွင် သူကိုယ်တိုင် တခါမျှ မမြင်ဖူးသေး။ ယခု လူကိုယ်တိုင် မြင်ရသည့်အခါတွင် အန်ဒရေ အံ့အားသင့်နေသည်။ တက်စသည် ငှက်တကောင်နှင့် တူနေသည်။ တက်စသည် ကိုယ်ရံတော်တပ်ကို စစ်ဆေးယင်း လက်အိတ်ဖြင့် သူ့နှာခေါင်းကို သုတ်နေသည်။ အမျိုးသားသီချင်းသံသည် အေးမြသည့် ဆောင်းလေထဲတွင် ပဲ့တင်ထပ်လျက်ရှိ၏။

စစ်သားများသည် မြို့သို့ ရောက်လာသည့် ဝန်ကြီးတက်စအကြောင်းကို ပြောကြ၏။ တက်စသည် ကျေးလက်တွင် မြေတကွက်ဝယ်သွားကြောင်း သူတို့အားလုံး သိကြသည်။ ယက်ဗ်က သက်ပြင်းချလိုက်ယင်း…

“ငနဲကြီးက ကိုယ်ရံတော်တပ်ကို စစ်ယင်း နှာခေါင်းကို သုတ်နေလိုက်သေးတယ်။ ကိုယ်လိုချင်တဲ့ မြေကွက်ကောင်းကိုရတော့ ပစ်ဝယ်သွားတာပေါ့၊ ဈေးတောင် မဆစ်တော့ဘူးတဲ့၊ သူဝယ်တာနဲ့ ဒီနားကမြေတွေလဲ လေးဆလောက် ဈေးပိုတက်သွားတယ်လို့ ပြောတယ်”

“ဒီလောက် ဈေးတက်ရုံနဲ့တော့ ဒီငနဲကြီးက ဘာဂရုစိုက်မလဲကွ၊ သူ့ ပိုက်ဆံမက်လိုက်တာကလဲ ငါ ဘီယာမက်တာ ကျနေတာပဲ၊ နေကြီး တို့ကို စစ်ထဲက တော်တော်နဲ့ ပြန်လွှတ်မှာ မဟုတ်ပါဘူးကွာ”

နီဗယ်က ပြောသည်။ လောရီးယားကမူ…

"မျက်နှာကတော့ တကယ့်မျက်နှာသေပဲကွ၊ မသာလိုက်ပို့တဲ့ မျက်နှာမျိုးကြီး၊ ဒီမျက်နှာကြီးနဲ့များ အောင်ရမယ်လို့ အော်လိုက်သေးတယ်၊ ရှုပ်တယ်ကွာ၊ ပျင်းတယ်။ ဆပ်ကပ်သွားကြည့်ရအောင်"

ဆပ်ကပ်ပွဲက ပေါင်ဒါနံ့နှင့် တိရစ္ဆာန်တို့၏ ကျင်ငယ်နံ့ ရောနေသည်။ မြင်းအလှစီးပြသည့် မိန်းကလေး၏ အင်္ကျီတွင် ဖန်ပုတီးစေ့တွေက ပြောင်ပြောင်လက်လက်။ မျောက်က သင်ထားသည့်အတိုင်း နှာအချေခိုင်းလျှင် ချေပြသည်။ လေမှုတ်စန္ဒရားသံက ဟိန်းလျက်။ လွတ်လပ်ရေးနေ့ညတုန်းက သူနှင့် ဂျဲနက်တို့ လျှောက်လည်ကြသည်ကို အန်ဒရေ အမှတ်ရနေ၏။ သူနှင့် ဂျဲနက်တို့ ရဟတ်စီးကြပုံ၊ အပြာရောင် သုတ်ထားသည့် ဆင်ရုပ်ကြီး။

ယခုအချိန်ဆိုလျှင် ဂျဲနက်တယောက် မည်သည့်နေရာသို့ ရောက်နေမည်နည်း။ ဆေးကြောပြောတွေကို ရွတ်နေတုန်းလော။ ငိုနေသလော။ သည်ခေတ်ကြီးတွင် မည်သူမျှ ကံမကောင်းကြ။ သူသည် ကံမကောင်းသူဟု အန်ဒရေ တွေးတတ်သည်။ ယခင်က ကံမကောင်းသူဆို၍ သူတယောက်သာ ရှိသည်ဟု အန်ဒရေ ထင်ခဲ့၏။ ယခု ဤသို့ မဟုတ်။ လူတိုင်း အတူတူ။ သူတို့သည် နောင်တွင် ငြိမ်းငြိမ်းချမ်းချမ်း နေရတော့မည် မဟုတ်ဟု လောရီးယားက ပြောဖူး၏။ လောရီးယားစကားသည် မှန်လေစွ။ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုပြီးသည့်တိုင် ကြာကြာခံမည်မဟုတ်။ အလွန်ဆုံးခံလျှင် တနှစ်၊ နှစ်နှစ်လောက်သာ ရှိမည်။ နောက်တခါ ဆူဆူပူပူတွေ ပြန်ဖြစ်ဦးမည်။

ယက်ဖ်က သူ့အတွေးနှင့်သူ "ဒီနယ်မှာ မြေသြဇာကောင်းတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် လယ်သမားတွေက ကောက်ကျစ်တယ်၊ ဂျုံကို လူးဆတ်နဲ့ ရောရောင်းချင်ရောင်းတဲ့ကောင်တွေ၊ ကျွဲ၊ နွားတွေဆိုလဲ သတ်ပစ်တာပဲ၊ ငွေစက္ကူ ဆိုတာလဲ အလကားတဲ့၊ ဘာတန်ဖိုးမှ မရှိဘူးတဲ့၊ ခက်တာက လယ်သမားတွေဟာ ဘယ်သူ့ကိုမှ မယုံဘူး ဖြစ်နေတယ်... ခုကြည့်၊ မြေဈေးတွေ တက်သွားပြန်ပြီ၊ ဘာ့ကြောင့်များ မြေဈေးတက်ရသလဲ မသိဘူး"

ဆပ်ကပ်ထဲမှ မီးရောင်အောက်တွင် ကျားသစ်များသည် မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ကာ နားရွက်များကို ပေထားကြသည်။ ခရမ်းရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသည့် ဆပ်ကပ်ဆရာက ကြာပွတ်ကြီးကို တရွှမ်းရွှမ်းမြည်အောင် အဆက်မပြတ် ယမ်းနေသည်။

"ကုလားထိုင်ကလေးတွေက ကျဉ်းကျဉ်းကလေးတွေဆိုတော့ ကျားသစ်တွေ ဘယ်ထိုင်လို့ ရမလဲဗျ" ဟု ဂျီးဗတ်က ပြောသည်။

လေမှုတ်စန္ဒရားသံက ဟိန်းနေသည်။

အန်ဒရေသည် လောရီးယားနှင့်အတူ ရုံပြင်သို့ ထွက်လာခဲ့၏။

"အဆိုးဆုံးကတော့ လူတွေက ဘာကိုမှ အလေးအနက် မထားတော့တာပဲ၊ ခုပဲ ကြည့်လေ၊ လူတွေက ဆပ်ကပ်မှာ ပျော်လို့... ကဖီးဆိုင်တွေမှာ ပြည့်လို့။ တက်စဆိုတဲ့ ဝန်ကြီးကလဲ သူဖို့ မြေနေရာဝယ်လို့၊ လယ်သမားတွေကလဲ အစိုးရကို ဂျုံမရောင်းဘူး၊ ဝှက်ထားကြတယ်၊ မနက်ဖြန်မှာ ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ပြီးခဲ့တဲ့ စစ်ကြီးတုန်းကတော့လဲ တမျိုး၊ အေးလေ ဘာပဲဖြစ်ဖြစ် ပြီးခဲ့တဲ့စစ်ကြီးဟာ ခုစစ်ထက်တော့ ကောင်းသေးတယ်၊ လူလူချင်း စာနာစိတ် ရှိသေးတယ်၊ အဲဒီတုန်းက စစ်သားတွေက ဘာလင်ကို သိမ်းကြလို့ အော်ပြီး ဂျာမန်တွေပိုင်တဲ့ ဆိုင်တွေကို ဝင်ပြီး လုကြတယ်။ အဲဒီတုန်းက သူတို့မှာ စိတ်ဓာတ်ကောင်းတယ်၊ တက်ကြွတယ်၊ ဒီတုန်းက ကျုပ်တို့

ပြင်သစ်ဝန်ကြီးချုပ်ကလဲ ပါရီမြို့ပြင်ဘက်မှာလဲ ခံတိုက်တယ်၊ မြို့ထဲမှာလဲ ခံတိုက်မယ်၊ မြို့နောက်မှာ ခံတိုက်မယ်လို့ ပြောခဲ့တယ်၊ အဲဒီတုန်းက ရုရှမှာလဲ တော်လှန်ရေးကြီး ဖြစ်လို့....၊ လီနင်က ဘာပြောတယ်၊ ဘယ်လို စသဖြင့် ကျုပ်တို့ ပြောခဲ့ကြတယ်၊ ခုတော့ ဘာသံမှ မကြားရဘူး၊ ငြိမ်လို့၊ ငြိမ်လွန်းတော့ လူတောင် ရူးချင်သလိုလို ဖြစ်လာပြီး အူချင်စိတ် ပေါက်လာတယ်၊ ကျုပ်လဲ ဆပ်ကပ်ထဲက ကျားသစ်တွေလို ဖြစ်နေတယ်။ ဆပ်ကပ်ထဲမှာ ကြော်ငြာတော့ ကြောက်စရာကောင်းသော ရက်စက်ကြမ်းကြုတ်သည့် သားရဲတိရစ္ဆာန်များတဲ့၊ ဒါပေမယ့် ခုတော့ ကြောင်အိုကြီးတွေလောက်တောင် ကြောက်စရာ မကောင်းတော့ဘူး၊ ခုဖြစ်နေတာတွေကို ကျုပ်တော့ နည်းနည်းမှ မကျေနပ်ဘူး လောရီးယား၊ နည်းနည်းမှ မကျေနပ်ဘူး”

“ကျွန်တော်လဲ မကျေနပ်ပါဘူးဗျာ”

လောရီးယားက ပြောသည်။

တက်စ၊ လူဆန်းဟူသည့် အမည်ကို ကြားရသည့်အခါတွင် လူနာတွေက “ဝန်ကြီး တက်စနှင့် ဘာတော်သနည်း” ဟု မေးကြ၏။ “ဘာမှ မတော်ပါဘူး၊ နာမည်တူလို့ပါ” ဟု လူဆန်းက ဖြေ၏။ သို့ရာတွင် နာမည်တူခြင်းသည်လည်း အရေးပါသင့်သလောက် ပါပါသည်။ ထိုနာမည်ကို ကြားသည့်အခါတွင် တပ်ရင်းမှူးသည် လူဆန်းကို စစ်မြေပြင်သို့ မလွှတ်တော့ပဲ ဆေးရုံလူနာစောင့်အဖြစ် တာဝန်ချလိုက်၏။

ယခင်တုန်းက သည်နေရာသည် ဘုန်းကြီးကျောင်း။ ယခုတော့ စိတ္တဇဆေးရုံ လုပ်ထားသည်။ လူဆန်းက လူနာများကို စောင့်ရ၏။ အသည်းအသန် ဖြစ်နေသည့် စိတ္တဇဝေဒနာရှင်ကို နှာခေါင်းတွင် ပိုက်သွင်း၍ အစာကျွေးရသည်။ တပ်ကြပ်တယောက်မှာ ကြမ်းလွန်းသဖြင့် ခုတင်တွင် ပက်လက်လှန်ပြီး လက်တွေခြေတွေကို တုတ်ထားရ၏။ သူ စိတ်ထလျှင် လူတွေကို လုံ့စွပ်ဖြင့် လိုက်ထိုးသည်။ ဘေးရန်းဆိုသည့် စစ်သားကလေးက အသံကုန် အော်နေတတ်သည်။ သူစိတ်နောက်ပုံကလည်း အဆန်း။ မြင်သမျှ ကြောက်နေသည်။ သွားပွတ်တံ၊ ထွေးခံ၊ ဆရာဝန်တပ်လာသည့် မျက်မှန်၊ မြင်မြင်သမျှကို ကြောက်နေတော့သည်။ အခြားတယောက်က အကျီချွတ်ထားသည့် စစ်သား မြင်လျှင် မြေဖြူဖြင့်လိုက်ပြီး ရင်ဘတ်ပေါ်တွင် မိန်းမရင်သားပုံ လိုက်ဆွဲသည်။ တယောက်ကမူ စစ်ဌာနချုပ် ကြေငြာချက်များကို ပုံစံကျကျ ရွတ်နေသည်။ “အရေးကြီးသည့် အဖြစ်အပျက် တစုံတရာ ဖြစ်ပွားခြင်း မရှိကြောင်း၊ အရေးကြီးသည့် အဖြစ်အပျက် တစုံတရာ ဖြစ်ပွားခြင်း မရှိကြောင်း”

တယောက်ကမူ လူဆန်းကို ပွင့်ပွင့်လင်းလင်းပင် ဝန်ခံသည်။

“ကျွန်တော်ကတော့ တမင် ရူးချင်ယောင်ဆောင်နေတာ၊ အသည်းစစ်ကြည့်ယင် တမျိုးဖြစ်နေအောင်ဆိုပြီး ကြက်ဥတွေကို ၁၅ လုံးလောက် သောက်ပစ်တယ်၊ ဒါပေမယ့် မထူးပါဘူး၊ ကျွန်တော့်ကို ရှေ့တန်းပို့လိုက်တာပဲ၊ ရှေ့တန်းရောက်တော့ ကြောက်လိုက်တာလေ၊ မပြောပါနဲ့တော့၊ နောက်တော့ နွားမကြီးလို အော်အော်ပြီး ရူးချင်ယောင်ဆောင်ပြန်တယ်၊ ဒါပေမယ့် မရဘူး၊ ပို့မြဲပို့တာပါပဲ”

လူဆန်းက ပခုံးတွန့်လိုက်သည်။

“အော်ယင်လဲ အော်အော်ပဲရှိမှာပေါ့”

လူနာစောင့်များက လူနာမစောင့်။ ဖဲရိုက်ကြသည်။ ပြည့်တန်ဆာအိမ်သို့ သွားကြသည်။ ဆေးရုံက သူတို့နေသည့် အဆောင်တွင် ဘုရားစင်များရှိရာ ထိုဘုရားစင်များသည် အရက်တင်သည့်စင်များ ဖြစ်ကုန်ကြသည်။ လူဆန်းကား မီးလင်းဖိုဘေးတွင် ထိုင်နေကျ။ မီးက အရှိန်သေသွားလိုက်။ ပြန်ပြီး အရှိန်ကောင်းလာလိုက်။ လူတယောက်ကို စိတ်အားတက်ကြွအောင် သွေးထိုးပေးနေသည့်နှယ်။ “ဪ... ဒါကြောင့် ရှေးတုန်းက လူတွေဟာ မီးနတ်ကို

ကိုးကွယ်ကြတာကိုး” ဟု တွေးမိသည်။

သူ့အဆက် ဂျင်နီက အမေရိကသို့ ပြန်တော့မည်ဟု သူ့ထံ စာရေးသည်။ ပြင်သစ်တွင်ရှိသည့် အမေရိကန် ကောင်စစ်ဝန်က အမေရိကန်လူမျိုးများ ကိုယ့်တိုင်းပြည်ကိုယ်ပြန်ရန် တိုက်တွန်းနေပြီဟု ဂျင်နီက အကြောင်းပြ၏။ ပါရီတွင်ဖြစ်စေ၊ နယူးယောက်တွင်ဖြစ်စေ တွေ့ကြဦးစို့ဟု ရေးသည်။ လူဆန်းသည် စာကို မီးထဲသို့ ပစ်ချလိုက်သည်။ သူသည် ဂျဲနက်ကို တကယ်ချစ်ကြောင်း ယခုမှ လူဆန်းသဘောပေါက်တော့သည်။ အချိန်သည် လူ၏ရန်သူဟု ပြောကြသည်။ မဟုတ်။ ကြိတ်ဆုံသည် စပါးခွံတွေကို ချွတ်ခွာပေးလိုက်သကဲ့သို့ အချိန်သည်လည်း အပေါ်ယံခံစားချက်တို့ကို ချွတ်ပေးလိုက်သည့်အရာ။ အချိန်ညောင်းလာသည့်အခါတွင် အပေါ်ယံ ဝမ်းနည်းမှုတွေ၊ အတုအယောင်ဖြစ်သည့် ရှုံ့မှုတွေ ပျောက်သွားပြီး တကယ်စစ်မှန်သည့် ခံစားချက်များသာ ကျန်ရစ်ခဲ့သည်။ စင်စစ် သူနှင့် ဂျင်နီတို့သည် တယောက်နှင့်တယောက် မတူကြ။ သူတို့နှစ်ယောက်၏ ဘဝသည် အရုပ်ပဟေဠိနှင့် တူနေသည်။ အရုပ်ကားချပ်ကလေးတွေကို တခုနှင့်တခု ဆက်စပ်၍ ကပ်ပါ၏။ သို့ရာတွင် အရုပ်ကားချပ်များသည် တခုနှင့်တခု အဆက်အစပ် မရှိကြ။ အံဝင်ခွင်ကျ ဖြစ်မနေကြ။

ရေဒီယိုက “ယနေ့ ရှေ့တန်းစစ်မျက်နှာတွင် အရေးကြီးသည့် အဖြစ်အပျက် တစုံတရာ ဖြစ်ပွားခြင်း မရှိကြောင်း” ဟု ကြေငြာလျက်ရှိသည်။ စစ်ကြေငြာချက်တွေကို ရွတ်နေကျ လူမမာကလည်း “ယနေ့ စစ်မျက်နှာတွင် အရေးကြီးသော အဖြစ်အပျက် တစုံတရာ ဖြစ်ပွားခြင်း မရှိကြောင်း” ဟု အော်ဆဲ။

နှစ်သစ်ကူးပြီးသည့်နောက်တွင် လူဆန်းသည် သူ့ကို ရှေ့တန်းသို့ပို့ရန် ခွင့်တောင်း၏။ သည်လိုနေရသည်နှင့်စာလျှင် သေပေါက်နီးသည့် စစ်မြေပြင်သို့ သွားနေရသည်ကမှ ပျော်စရာကောင်းဦးမည်။ စစ်မြေပြင်ဆိုလျှင် ဆေးရုံမှာလို မဟုတ်။ ကြမ်းကြမ်းတမ်းတမ်း ဆဲသံ ဆိုသံတွေနှင့် ပျော်စရာ။ အမြောက်ဆန်တွေက တဖွဲဖွဲကျကာ တယောက်ယောက်ကို မှန်နေသည်။ ရှေ့တန်းတွင် တိုက်နေသည့် စစ်သားအဖို့ကား ထိုအရာများသည် အဆန်းမဟုတ်တော့။ တယောက်မှန်သွားလျှင် “ထိပေါက်သွားပြန်ပြီကွ” ဟု အော်လိုက်ကြသည်။

ရှေ့တန်းတွင် စကားပြောဘက်တယောက်ကို တွေ့ရ၏။ သူက နော်မန်နယ်သား။ မေးရိုးက မြင်းမေးရိုးလို ရှည်မျောမျောဖြစ်ပြီး မျက်လုံးများက တဖြတ်ဖြတ်တောက်နေကြသည်။ သူ့အမည်က အဲလ်ဖရက်။ တခါက ကျောက်စာဌာနတွင် အမှုထမ်းဖူးသည်။ ဆာဟာရ သဲကန္တာရထဲသို့ သွား၍ ရှေးဟောင်းပစ္စည်း တူးဖော်ကြသည့်အကြောင်းကို ပြောပြတတ်သည်။ လူဆန်းသည် မြောက်ဝန်ရိုးစွန်းက ရေခဲပြင်ကြီးများနှင့် ရေခဲငှက်များကို အမှတ်ရလာ၏။ တနေ့တွင် သူတို့နှစ်ယောက်သည် စစ်အကြောင်းကို စကားစပ်မိကြသည်။ အဲလ်ဖရက်က ဒလားဒီးယားသည် ပြည်သူများကို လွတ်လပ်ခွင့်ပေးမည် ဖြစ်ကြောင်း၊ စစ်ပြီး၍ အောင်ပွဲရပြီးသည့်နောက်တွင် ပြင်သစ်ပြည်၌ အနုပညာရပ်များသည် ပြန်လည်ထွန်းကားလာမည် ဖြစ်ကြောင်း။ ထိုအခါတွင် ပြင်သစ်ပြည်ကြီးသည် ရှေးအေသင်မြို့ကြီးကဲ့သို့ ယဉ်ကျေးမှု၏ ဗဟိုချက်ဖြစ်လာမည် ဖြစ်ကြောင်း။ အနုပညာ ပြန်လည်ဆန်းသစ်ရေးခေတ်သည် ပေါ်ပေါက်လာဦးမည်ဖြစ်ကြောင်းဖြင့် ပြောပြ၏။ သူ့စကားများကို လူဆန်းမယုံ။ သူ့စိတ်ကူးကလေးနှင့်သူ နေတာကောင်းပါတယ်ဟု တွေးကာ မည်သို့မျှ မပြောမိ။

"အင်း… ဒီလူတွေအကြောင်း ခင်ဗျားမသိတာပဲ ကောင်းပါတယ်ဗျာ" ဟု တခါတရံ ကြားဖြတ်ပြောရုံမျှသာ ပြောမိသည်။

အအေးဒဏ်ကြောင့် ခြေထောက်ကလေးတွေ ကွေးပြတ်နေသည့် စစ်သားတယောက်ကို သယ်လာကြသည်။ စစ်သားများတွင် ခြေစွပ်မရှိကြ။ တချို့တပ်များကို ဖင်လန်သို့ ပို့လိမ့်မည်ဟုလည်း သတင်းဖြစ်နေသည်။

အေးချမ်းသည့် ဖေဖော်ဝါရီလ တမနက်ခင်း ဖြူဖွေးသည့် နှင်းခဲပြင်ပေါ်တွင် နေလုံးနီနီကြီး ချိတ်ဆွဲထားစဉ် လွှတ်တော်ကိုယ်စားလှယ် အဖွဲ့တဖွဲ့ ရောက်လာကာ စစ်စခန်းများကို လိုက်ကြည့်ကြသည်။ သူတို့ကို တာဝန်ခံ၍ ခေါ်လာသူမှာ ဗိုလ်ချုပ်ပီးကာ့ဖြစ်သည်။

ပီးကာ့အား ဆီရီးယားစစ်မြေပြင်သို့ ပို့လိုက်သည်ဟု သတင်းဖြစ်နေခဲ့သည်မှာ ကြာပြီ။ ဗိုလ်ချုပ်ဝေဂန်က မိမိသည် မီးသတ်သမားတယောက် ဖြစ်ကြောင်း။ ထို့ကြောင့် မီးလောင်နေသည့် ဆီရီးယားသို့ သူသွားမည်ဖြစ်ကြောင်းဖြင့် ခွင့်တောင်းသည်။ သို့ရာတွင် ပီးကာ့က ခွင့်မပြု။ "စစ်ပွဲမှာ မီးလောင်ဖိုးက မီးသတ်ပိုက်ထက် အသုံးကျတယ်ဗျ" ဟု ဆိုသည်။

ပီးကာ့သည် ဆီးရီးယားစစ်မြေပြင်က တိုက်ပွဲစီမံကိန်းများကို သူကိုယ်တိုင် ရေးဆွဲသည်။ ဆီးရီးယားသို့ သူကိုယ်တိုင်သွားသည်။ သို့ရာတွင် ဖင်လန်ကို ရုရှက ဝင်တိုက်လိုက်သည့်အခါတွင် ပီးကာ့သည် ပြင်သစ်သို့ လာခဲ့၏။ "ပြင်သစ်အနေနဲ့ ဖင်လန်ဘက်က ဝင်ကူပြီး တိုက်ပေးဖို့ အပျော်တမ်းတပ်တွေ ပို့ရမယ်ဗျ၊ တကယ်ကတော့ ဂျာမန်တွေကို မတိုက်ချင်ဘူး။ တိုက်လဲမတိုက်နိုင်ဘူး၊ တပ်သားတွေကို ဒီအတိုင်း အအားထားလို့ မဖြစ်ဘူး၊ ကွန်မြူနစ်တွေက ဝင်ပြီး စည်းရုံးနေကြတယ်၊ နွေဦးပေါက်လောက်ဆိုယင် ဆူဆူပူပူတောင် ဖြစ်လာနိုင်တယ်၊ ဖင်လန်မှာ ရုရှကိုနိုင်အောင် ကျွန်တော်တို့က ဖင်လန်တွေဘက်က ကူတိုက်ပေးရမယ်၊ ရုရှကိုနိုင်မှ ကျွန်တော်တို့တတွေ အကျပ်အတည်းက ကျော်နိုင်မယ်" ဟု တက်စကို ပြောသည်။

လွှတ်တော် အနားယူခန်းများ၌ ဂျာမနီတွင် သံရိုင်းတွင်းများ ရှိကြောင်း။ နိုင်ငံကြီးများအား "ရွှံ့ခြေထောက်နဲ့ ဘီလူးကြီး" ဟု လီနင်က ပြောခြင်းမှာ ကြားလုံးသက်သက်မျှသာ ဖြစ်ကြောင်း။ ပြင်သစ်ပြည်သည် ပေါင်းချင်းပေါင်းလျှင် အီတလီ၊ ဂျာမနီ စသည်တို့နှင့်သာ ပေါင်းရမည်ဖြစ်ကြောင်းဖြင့် ပြောနေကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ ရှေ့တန်းသို့ ရောက်လာခြင်းမှာ မဂ္ဂီနော့ခံစစ်ကြောင်း မည်မျှတောင့်တင်းသနည်းဟု လာကြည့်ကြခြင်းဖြစ်၏။ ဖင်လန်သို့ အပျော်တမ်းတပ် မလွှတ်မီတွင် မိမိတို့အိမ်တံခါးများ ခိုင်မခိုင် သူတို့ သေချာချင်သည်။ ကိုယ်စားလှယ်များအဖွဲ့တွင် ရေဒီကယ်အမတ် သုံးယောက်၊ လက်ယာဂိုဏ်းအမတ် နှစ်ယောက်နှင့် ဆိုရှယ်လစ်အမတ် တယောက်တို့ ပါသည်။ ဘရီကျူးမှလွဲလျှင် သူတို့အထဲတွင် စစ်ရေးစစ်ရာကို နားလည်သူဆို၍ တယောက်မျှမပါ။ သူတို့ကို ကြည့်ရသည်က မထင်ပဲ ဇာတ်စင်ပေါ် ရောက်သွားသည့် ပွဲကြည့်ပရိသတ်လို ဖြစ်နေသည်။ သူတို့ အရပ်ဝတ်အရပ်စားများကို ကြည့်၍ မလုံမလဲ ဖြစ်နေကြသည်။ တယောက်ကမူ သူ့ခေါင်းပေါ်ကို ကျည်ဆန်ကျမည် စိုးသောကြောင့်လောမသိ။ စစ်သားတယောက်ထံမှ သံခမောက်တလုံးကို တောင်း၍ ဆောင်းသည်။

သူတို့မေးခွန်းတွေကလည်း မရေမရာ မေးခွန်းတွေ။ စစ်အကြောင်းပြောလျှင် အိုတွေ၊ ဟင်တွေ၊ ဟာတွေနှင့် ဖြစ်နေသည်။ ရှေးဟောင်းပြတိုက်ကြီးတခုကို

သွားကြည့်သည့် ကမ္ဘာလှည့်ခရီးသည်များနှင့် တူနေသည်။ အမြောက်ကြီးတွေနားရောက်လျှင် ခပ်ဖယ်ဖယ် လုပ်နေကြသည်။ အနားသို့ ယောင်၍မျှ မကပ်။

ဗိုလ်ချုပ်ပီးကာ့သည် ဘာရီကျူးနှင့်အတူ လျှောက်လာသည်။ သူတို့နှစ်ယောက်သည် ဖင်လန်သို့သွား၍ ရုရှတပ်များကိုတိုက်ရန် ဆွေးနွေးလာကြခြင်းဖြစ်သည်။ ဘာရီကျူးကား ရွှင်လန်းလျက်။

"ကျွန်တော်တို့လဲ အလှည့်အပြောင်းကာလကို ရောက်နေကြပြီ၊ ဆိုရှယ်လစ်တွေက လမ်းမှာ ကာဆီးကာဆီး လုပ်နေကြမှာ တခုပဲ၊ ဒါပေမယ့် ဆိုရှယ်လစ်ခေါင်းဆောင် ဗလွှန်းကတော့ ကျွန်တော်တို့က ရုရှကိုတိုက်ယင် နှုတ်ပိတ်ရေငုံလုပ်မှာပါ။ ဗီးလာ့ဒ်ကတော့ ကျွန်တော်တို့ဘက်ကို ပါလာပါပြီ။ ဖင်လန်ကို ကျွန်တော်တို့တပ်တွေပို့ဖို့ ကိစ္စကလဲ တရက် နှစ်ရက်ဆိုယင် ပြတ်သွားတော့မှာပါ"

သူတို့သည် ကင်းစခန်းတခု အနီးမှ ဖြတ်သွားကြသည်။ လူဆန်းက သူတို့ကို အလေးပြုလိုက်၏။ ဘာရီကျူးသည် သူ့ကိုများ မှတ်မိလေမည်လောဟု စိုးရိမ်နေသည်။ သို့ရာတွင် ဘာရီကျူးမှာ စကားကောင်းလာသည့်အတွက်ကြောင့် တကြောင်း၊ သာမန်တပ်သားဆိုလျှင် ဆေးဖော်ကြောဖက် မလုပ်ချင်သည့် စရိုက်ကြောင့် တကြောင်း လူဆန်းကို သတိမထားမိ။

လူဆန်းသည် အတိတ်ကို အမှတ်မရပဲ မနေနိုင်။ ပျံ့ဝဲနေသည့် ကျည်ဆန်တွေအောက်တွင် ကုန်းကုန်းကုန်းကုန်းနှင့် သွားနေကြသည့် လွှတ်တော်အမတ်များကိုပင် မရယ်မိ။ မျက်နှာပူသည်ဆိုသည့် စကားကို ယခင်က သူ ကောင်းကောင်း နားမလည်။ ယခုမှ သဘောပေါက်တော့သည်။ ဟုတ်သည်။ သူ့လက်ရှိအခြေအနေက ရှက်စရာ။ မျက်နှာပူစရာ။ ဘာရီကျူးလို နှလုံးသားမရှိသည့် လူတယောက်ကို သူသည် အဘယ့်ကြောင့်များ ဘုရားတဆူ ဂူတလုံးလို ကိုးကွယ်မိလေသနည်း။ သူတို့ပြောသည့် စကားများကို ထောက်လျှင် ဘာရီကျူးသည် ပြင်သစ်ပြည်ကြီးကို ဒူးထောက်အရှုံးပေးရသည့် အဖြစ်သို့ ရောက်အောင် လုပ်နေသည်နှင့် အတူတူ။ သူတို့သည် ၁၉၃၆ ခုနှစ်တုန်းက ပြင်သစ်ပြည်တွင် ဖက်ဆစ်ဝါဒကို ထူထောင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း အရေးနိမ့်သွားခဲ့ကြသည်။ ယခု ထိုအရေးနိမ့်မှုအတွက် လက်စားချေလိုပုံရ၏။ သူတို့သည် ပြင်သစ်တပ်များကို ဖင်လန်နှင့် ဆီးရီးယားသို့ ပို့ချင်နေကြသည်။ ဘယ်ကိုပို့ရပို့ရ အရေးမကြီး။ ဤသို့ဖြင့် စစ်တပ်များကို တခြားသို့ ပို့ထားပြီး ဟစ်တလာကို အလွယ်လေးနှင့် ဝင်လာနိုင်အောင် အခြေအနေ ဖန်တီးပေးချင်ပုံရသည်။ သပိတ်တွေ မှောက်ကြတုန်းက သူ့အဖေဝန်ကြီးတက်စ ဒေါ်ပွလွှန်းသဖြင့် "ဒီကောင်တွေကို အပြတ်နှိမ်ပစ်ရမယ်၊ ဒီကောင်တွေနဲ့စာယင် ဂျာမန်တွေကမှ ကောင်းသေးတယ်" ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ပြောခဲ့သည့် စကားများကို သူအမှတ်ရနေသည်။ ဟုတ်သည်။ သူ့အဖေ၊ ပီးကာ့နှင့် ဘာရီကျူးတို့သည် အတူတူ။ တလှေတည်းစီးပြီး တခရီးတည်း သွားနေကြသူတွေ။ သူတို့နှင့်စာလျှင် ဂရမ်ဒယ်ကမှ တော်သေးသည်။

သို့ရာတွင် ခက်သည်က လူတွေ စစ်မြေပြင်တွင် သေနေရသည်က အရေးကြီးသည်။ မနေ့ကဆိုလျှင် သူ့မိတ်ဆွေ ချားလ်တယောက် ကျသွားပြီ။ ချားလ်သည် တောင်ပေါ်သားတယောက် ဖြစ်သည်။ အားအားရှိလျှင် သံစုံပလွေကို မှုတ်နေတတ်သည်။ မဆီမဆိုင် ချားလ်သည် အဘယ့်ကြောင့် သေသွားရသနည်း။ သည်လူကြီးတွေကြောင့် ဖြစ်သည်။

ညရောက်တော့ လူဆန်းနှင့် အဲလ်ဖရက်သည် စခန်းမီးပုံတခုအနီးတွင် ထိုင်ကြ၏။

ချမ်းလိုက်သည်ကလည်း သွေးခဲတော့မည်။ သူတို့နှစ်ယောက် စကားမပြောမိကြ။ အဲလ်ဖရက်က...

"နိုင်ငံပေါင်းချုပ် အသင်းကြီးတော့ ရှိပါသေးတယ်ဗျာ၊ နိုင်ငံပေါင်းချုပ် အသင်းကြီးက ဆုံးဖြတ်ချက်ချပြီးယင်တော့"

"တော်စမ်းပါဗျာ" လူဆန်းက ကြားဖြတ်၍ ပြောလိုက်သည်။ "နိုင်ငံပေါင်းချုပ် အသင်းကြီး ဆိုတာလဲ အလကားပါ၊ စကားများနေကြတာပါ၊ သူ့ဆုံးဖြတ်ချက်တွေကိုလဲ ဘယ်သူကမှ လိုက်နာတာ မဟုတ်ပါဘူး၊ သူတို့ဆုံးဖြတ်ချက် ဆိုတာတွေဟာလဲ တကယ်ကျတော့ သစ္စာဖောက်မှုတွေ၊ ကိုယ်ကျိုးရှာတာတွေ၊ ရန်ငြိုးထားတာတွေကို ဖုံးကွယ်ပေးနေတဲ့ စကားလုံးတွေပါ၊ ဘရီကျူးဆိုတဲ့လူကို မမြင်လိုက်ဘူးလား၊ သူ့ကိုယ်သူ တကယ့်သူတော်စင်ကြီး၊ တကယ့်မျိုးချစ်ကြီး ဟန်ဆောင်နေတာ၊ လောရိန်းပြည်နယ်ကို ဂျာမန်သိမ်းတဲ့အကြောင်းပြောတော့ (လူဆန်း၏ အသံထဲတွင် ရှိုက်သံသဲ့သဲ့ပင် ပါနေသည်ဟု ထင်ရ၏။) သောက်ကျိုးနဲ ငိုသံတွေတောင်ပါလို့၊ တကယ်များ ငိုတော့မလား အောက်မေ့ရတယ်၊ ဂရမ်ဒယ်ဟာ ဂျာမန်သူလျှိုဆိုတာ သူတလျှောက်လုံး သိခဲ့သားပဲ၊ ဒါပေမယ့် ဂရမ်ဒယ်ကို ဘယ်သူ အကာအကွယ်ပေးခဲ့သလဲ၊ သူပဲ ပေးခဲ့တာ မဟုတ်လား၊ ဗိုလ်ချုပ်ပီးကာ့ကတော့ ဂျာမန်ကိုတိုက်ဖို့ အဆင်သင့် ဖြစ်နေပြီလို့ ထင်သလား၊ အဝေးကြီး၊ ဂျာမန်ကို တိုက်ဖို့ ဘာမှမလုပ်ဘူး၊ တခြားကိစ္စတွေနဲ့ အလုပ်များနေတာ၊ ပြင်သစ်ပြည်မှာ ဖက်ဆစ်တွေက အာဏာသိမ်းဖို့ ကြိုးစားနေတာ၊ ခု ကျွန်တော်တို့ ကိုင်နေတဲ့ စက်သေနတ်တွေဟာ ဘယ်ကလာတယ် ထင်သလဲ၊ ခု ဖက်ဆစ်တွေ ကိုင်နေတဲ့ သေနတ်တွေဟာ ဘယ်ကရတယ် ထင်သလဲ၊ ဂျာမန်တွေဆီက ရတာဗျ၊ ဂျာမန်တွေဆီက ရတာ၊ ဒီသေနတ်တွေဝယ်ဖို့ ဘယ်ကပိုက်ဆံရတယ်လို့ ထင်သလဲ၊ ကီးလ်မင်းဆိုတဲ့ ဂျာမန်တယောက်ဆီက ရနေတာ၊ တွေးကြည့်ယင် စိတ်နာစရာကြီးပါဗျာ၊ နိုင်ငံပေါင်းချုပ် အသင်းကြီး အကြောင်းကို ကျွန်တော့်ကို လာပြောမနေနဲ့၊ ကျွန်တော်ပြောချင်တာက ချားလ်တယောက် ဘာကြောင့် သေသွားရသလဲ၊ ဘယ်သူ့အတွက် သေသွားရသလဲ ဆိုတာကို ပြောချင်တယ်"

လူဆန်းသည် ဘရီကျူး၏ "အမာခံ" တပ်ဖွဲ့များအကြောင်းကို အတန်ကြာမျှ ပြောဆိုသွားသည်။ ဘရီကျူးတို့လူသိုက် မွန်တီနီ၏အိမ်တွင် မကြာခဏ တွေ့ဆုံကြပြီး ဆွေးနွေးကြပုံ၊ တိုင်းပြည်ကို သစ္စာဖောက်ရန် ကြံစည်နေပုံတို့ကို ပြောသွားသည်။ ကီးလ်မင်း၏ စာကို သူ ဘယ်လိုရခဲ့သည့် အကြောင်းကိုမူ ချန်သွား၏။ လူဆန်းသည် သူ့ကိုယ်သူ ဝန်ကြီးတက်စ၏သား ဖြစ်သည်ကိုလည်း အသိမခံချင်။ တက်စ၏သားဟု ပြောရမည်ကို ပို၍ပင် ရှက်သေးသည်။

အဲလ်ဖရက်သည် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေသည်။ စကားပြောဖို့ ကြိုးစားသော်လည်း တော်တော်နှင့် မထွက်။

"ဒီအတိုင်းဆိုယင် ဒီအကြောင်းတွေကို ဒီပြင်တပ်သားတွေပါ သိဖို့ ကောင်းတာပေါ့ဗျ။ ကျွန်တော်တို့တတွေ ဒီငနဲကြီးတွေကို ဖြုတ်ရမယ်၊ ပြင်သစ်ပြည်ကြီးကို ကယ်ရမယ်၊ မဟုတ်ဘူးလား"

လူဆန်းက မလိုတမာ ပြုံးလိုက်သည်။

"ခင်ဗျားကလဲ ကျွန်တော့်အသိ ဂျင်နီဆိုတဲ့ ကောင်မနဲ့ အတူတူပဲ၊ ဂျင်နီက အမေရိကန်မဗျ၊ ကျွန်တော် သူနဲ့အတူ ခဏနေဖူးတယ်၊ သူနဲ့အတူ ဆိုတာထက် သူ့ပိုက်ဆံနဲ့အတူ ခဏနေဖူးတယ်၊ သူက ကျွန်တော့်ကို ဒီလိုဆို ရှင်တို့တိုင်းပြည်မှာ

တော်လှန်ရေး လုပ်ပါလားတဲ့ဗျ၊ ဒါပေမယ့် နောက်ကျသွားပြီ ရဲဘော်၊ နောက်ကျသွားပြီ၊ ၁၉၃၆ ခုနှစ်တုန်းက ကျွန်တော်တို့တတွေ ဘာတွေလုပ်ခဲ့ကြသလဲ၊ အဲဒီတုန်းက လုပ်နိုင်ခဲ့ယင် ကောင်းမှာ၊ ဒါပေမယ့် ခုတော့ လုပ်လို့လဲ အလကားပဲဗျ၊ ခုနေသွားလုပ်ယင် ကျွန်တော်တို့ အားလုံးပြုးသွားပြီး ဘရီကျူးက ဖက်ဆစ်အာဏာရှင် တက်လုပ်မှာပဲ၊ ဒါမှမဟုတ် တိုင်းပြည်ကြီး ဒီထက် အခြေအနေ ဆိုးသွားအောင် လုပ်မှာပဲ၊ ကျွန်တော်တို့ကို တခုခု လုပ်မှာပဲ၊ ဒီအထဲမှာ ခင်ဗျားတို့၊ ကျွန်တော်တို့လဲ ပါသွားမှာပဲ၊ ခင်ဗျားတို့တတွေ ကျောက်စာတို့၊ ရှေးဟောင်းပစ္စည်းတို့ကို တူးကြသလိုပေါ့၊ နှောင်အနှစ်နှစ်ထောင်လောက် ကြာတဲ့အခါကျတော့ လူတွေက တူးကြလိမ့်ဦးမယ်၊ တူးတဲ့အခါကျတော့ ဒန်းဟီးလ်မီးခြစ်ကို တွေ့မယ်၊ မက်ဆားမစ် လေယာဉ်စက်ခေါင်းကို တွေ့မယ်၊ ပြီးတော့ ကျွန်တော်တို့ ခေါင်းဆောင်ကြီး ဗီးလာ့ဒ်ရဲ့ ဦးခေါင်းခွံကို တွေ့မယ်၊ အဲဒီအခါကျတော့ အဲဒီလူတွေက ‘အလိုလေး၊ ရှေးတုန်းက အလွန်ကြီးကျယ်ခမ်းနားတဲ့ ယဉ်ကျေးမှုကြီးတခု ထွန်းကားခဲ့ပါကလား’ လို့ တအံ့တသြ ပြောကြဦးမှာပဲ၊ အဲ... တခုပဲရှိတယ်၊ အဲဒီအချိန်ကျတော့ ကျွန်တော်တို့တတွေကလဲ အရိုးဆွေးနေတော့ ဘာမှမပြောနိုင်တော့ဘူး၊ အဲဒီအချိန်မှာ ကျွန်တော်တို့တတွေ လူမဖြစ်ရတာ တော်သေးတယ်လို့ အောက်မေ့ရတော့မှာပဲ၊ အား... အေးလာပြီဗျို့၊ တော်ပြီဗျာ၊ ဒီအကြောင်းတွေကို မပြောကြပါနဲ့တော့၊ ငြီးငွေ့လွန်းလို့”

သတင်းစာဆရာ ဂျိုလီယော့သည် နှစ်သစ်ကူး အထိမ်းအမှတ်ကို သူ့မိန်းမနှင့်
နှစ်ယောက်တည်း ကျင်းပသည်။ ရှေ့တန်း စစ်မြေပြင် ဆရာဝန်အဖြစ်
အမှုထမ်းနေသည့် စစ်တပ်ဆရာဝန် သူ့ယောက်ဖ အဲလ်ဖရက်လည်း လာ၏။
သူတို့သုံးယောက်သား ပျော်ပွဲစားရုံတခုသို့ သွားကာ ရှမ်ပိန်နှစ်ပုလင်း
သောက်ကြသည်။ စားပွဲထိုးမလေးအချို့က သူတို့ကို ပန်းစက္ကူလုံးကလေးတွေဖြင့်
ပေါက်ကြသည်။ "သောက်ကျိုးနဲ ဗုံးတွေ ကျနေတာပဲ" ဟု အဲလ်ဖရက်က
ရှက်ကိုးရှက်ကန်းဖြင့် ပြော၏။

ဂျိုလီယော့က ရှမ်ပိန်ခွက်ကို မြှောက်ပြီး ဆုတောင်းသည်။

"ကဲ... အောင်ပွဲအတွက် သောက်ကြပါ၊ တို့စစ်သားတွေ ဘာလင်မှာ နှစ်သစ်ကူးပွဲ ကျင်းပနိုင်ပါစေလို့"

ထိုနောက် ဂျိုလီယော့သည် အယူသီးသူပီပီ ကံကောင်းပါစေ ဆိုသည့်သဘောဖြင့် စားပွဲကို သစ်သားကို လက်ဖြင့် လှမ်းထိလိုက်သည်။ အဲလ်ဖရက်က မျက်နှာကို တဘက်သို့ လွှဲလိုက်၏။ ဂျိုလီယော့မိန်းမက သူ့မောင်ကို လှမ်းကြည့်လိုက်ယင်း "ငါ့မောင် ရှေ့တန်းမှာ ဘေးမသီ ရန်မခ ရှိပါစေကွယ်" ဟု တိုးတိုး ဆုတောင်း၏။

"ကိုယ်ဆုတောင်းတာ အရမ်းဆုတောင်းတာတော့ မဟုတ်ပါဘူးကွ၊ ခုနှစ်ကုန်လောက်ဆိုယင် ကိုယ်တို့က အမြောက်အင်အားမှာ ငါးဆလောက် သာနေမှာပါ။ ဂျာမန်တွေ တလက်ရှိတိုင်း ကိုယ်တို့က ငါးလက်ရှိမှာ"

"ဒါတော့ ကျွန်တော် မသိဘူး၊ ကိုယ်နဲ့မှ သိပ်မဆိုင်ပဲကိုး၊ ကိုယ်သိတာကို ပြောရမယ် ဆိုယင်တော့ စစ်တပ်ဆေးရုံတွေမှာ ဆေးမရှိဘူး၊ အထူးသဖြင့် ကူးစက်ရောဂါ ကာကွယ်ဆေးဆိုယင် နည်းနည်းပဲရှိတော့တယ်၊ ကျွန်တော်ထင်တယ်၊ တပ်သားတွေမှာ ဆေးဝါးကြောင့် ဒုက္ခရောက်လိမ့်မယ်လို့ ပြီးခဲ့တဲ့စစ်တုန်းက တပ်သားတွေ တော်တော်များများ မေးခိုင်ပိုးနဲ့ သေကြတယ်လို့ ပြောတယ်"

ဂျိုလီယော့က စကားဖြတ်လိုက်သည်။ ဂျိုလီယော့သည် သေစကားကို မကြားချင်။ ရောဂါဘယအကြောင်းကိုလည်း မကြားချင်။

နောက်တနေ့တွင် အဲလ်ဖရက်သည် ရှေ့တန်းသို့ ပြန်ထွက်သွားရသည်။ ဂျိုလီယော့သည် သူ့အကြောင်းကို တလုံးမျှ မပြောတော့။ သူ့ယောက်ဖက စိတ်ရင်းတော့ ကောင်းသည်။ သို့ရာတွင် ထက်ထက်မြက်မြက်မရှိဟု ဂျိုလီယော့ ထင်သည်။ သူ့မိန်းမကမူ သူ့မောင်အတွက် မျက်ရည်တရွှဲရွှဲနှင့်။ တိုက်ပွဲတွင် သူ့မောင် ကျဆုံးမည်လောဟု နေ့စဉ်နှင့်အမျှ ရတတ်မအေး ဖြစ်ရသည်။ ဆရာဝန် ဆိုသည်မှာ စစ်မြေပြင်တွင် ထွက်တိုက်ရသူ မဟုတ်ကြောင်း၊ နောက်တန်းတွင် နေရခြင်း ဖြစ်ကြောင်းဖြင့် ဂျိုလီယော့က ဖျောင်းဖျသည့်တိုင် ဘာမျှမထူး။ "စစ်ဆိုတာ ပြောလို့ရတာမှ မဟုတ်ပဲ ရှင်ရယ်" ဟု ဆိုတတ်သည်။

ဂျူလီယော့မှာ ခါတိုင်းလို အလုပ်များမြဲ။ ဖင်လန်သတင်းတွေ ထည့်ရသဖြင့် အခေါ်ရခက်သည့် ဖင်လန်မြို့ နာမည်၊ လူနာမည်တွေနှင့် နပန်းလုံးနေရသည်။ ညည မှေးကနဲ အိပ်ပျော်သွားသည့်အခိုက်တွင် ကျောက်ပန်းကျောက်ခက်တွေ ကျောက်ဆောင်မှ တွဲလောင်းကျနေသလို ကောင်းကင်မှ တွဲလောင်းကျနေသည့် အလောင်းများကို မြင်မက်နေသည်။ လန့်နိုးပြီး ကြက်သီးတွေ ထလာသဖြင့် စောင်ကို ခေါင်းမြီးခြုံ၍ အိပ်ပစ်လိုက်၏။

ဂျူလီယော့သည် လောဘကြီးသူ မဟုတ်။ ရသည့် အခွင့်အရေးကို ဆွေမျိုးသားချင်းများ၊ အပေါင်းအသင်းများကို ခွဲဝေပေးလိုက်သည်။ အစိုးရက သတင်းစာမှ သတင်းထောက်များကို ဖင်လန်သို့လွှတ်ရန် စရိတ်ထုတ်ပေးရာ ထိုစရိတ်ဖြင့် သူ့မိတ်ဆွေများကို သတင်းထောက်ခန့်ပြီး စတော့ဟုန်းနှင့် ဖင်လန်တို့သို့ လွှတ်ပေးသည်။ မာဆေးလ်တွင်ရှိသည့် သူ့ညီဝမ်းကွဲ ဇာတ်လူပြက် မာရီးယားကို ခေါ်၍ “ပါရီမှာ လာပြီး ဖြေဖျော်ပွဲတခု လုပ်ကွာ၊ ဖင်လန်စစ်ပွဲအကြောင်းနဲ့ ဖင်လန်ဗိုလ်ချုပ် မင်းနားဟိန်းအကြောင်းကို ပြော၊ ဖင်လန်က ရုရှကို တိုက်နေတဲ့ စစ်ပွဲကို ထောက်ခံတဲ့သဘောပေါ့။ ပြီးတော့ ရုံဝင်ခယူ။ ငွေကတော့ သဲ့ယူသလို ရမှာပဲ၊ ရတဲ့ငွေကို ဖင်လန် စစ်ရန်ပုံငွေ ထည့်တာပေါ့”

နောက်နှစ်ပတ်အကြာတွင် မာရီးယားသည် လက်ရွေးစင် ပရိသတ်ရှေ့တွင် ဖျော်ဖြေပွဲ လုပ်သည်။ သူ့မျက်လုံးကမူ ဇာတ်စင်ပေါ်မှနေ၍ ဂျူးဇက်ဖင်းမွန်တီနီထံ ရောက်နေကြသည်။

မာရီးယားက ပြက်လုံးတခု ထိုးသည်။

“တနေ့မှာ ဖင်လန် ဗိုလ်ချုပ်ကြီး မင်းနားဟိန်းက သစ်ပင်တပင်အောက်မှာ ထိုင်နေသတဲ့ခင်ဗျ၊ အဲဒီတုန်း တော်လှန်ရေးကြီး ဖြစ်ရောတဲ့၊ စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်ထားတဲ့ ဘော်လ်ရှီဗစ် စစ်သားတယောက် သူ့အနားရောက်လာပြီး ဆေးလိပ်မီး လာတောင်းသတဲ့၊ ဩော်... ပြောဖို့မေ့သွားတယ်၊ အဲဒီတုန်းက စစ်ဗိုလ်ချုပ်ကြီးက ဆေးပြင်းလိပ်တလိပ်ကို သောက်နေသတဲ့၊ ဒီတော့ ဗိုလ်ချုပ်ကြီးက စိတ်ဆိုးဆိုးနဲ့ လှမ်းကြည့်လိုက်ပြီး... သူ့အသက်ကိုတောင် ပဓာနမထားပဲ ပြန်ပြောလိုက်သတဲ့...၊ ဟေ့... မပေးနိုင်ဘူးကွတဲ့၊ မင်းကို ဆေးလိပ်မီးပေးမယ့်အစား မီးတွေရဲနေတဲ့ ဆေးပြင်းလိပ်ကို ပါးစပ်ထဲ မျိုချလိုက်မယ်လို့ ပြန်ပြောလိုက်သတဲ့”

ပရိသတ်က လက်ခုပ်သြဘာ ပေးကြသည်။ ထိုပွဲမှရသည့် ရန်ပုံငွေများသည် မာရီးယား၏ အိတ်ထဲသို့ ရောက်သွားကြ၏။ ဖင်လန်ပြည်သို့ တပြားမျှ မရောက်လာတော့။

ဂျူလီယော့တွင် ပွိုင်းရီးယားဆိုသည့် စာပုံနှိပ်တိုက်ပိုင်ရှင် မိတ်ဆွေတယောက်ရှိသည်။ သူ့အပေါ်တွင် ကျေးဇူးပြုဖူးသည်။ သူ့ကို ပြန်၍ ကူညီချင်နေသည်မှာ ကြာပြီ။ ယခု အကွက်ပေါ်လာ၏။ ပြင်သစ်စစ်ရုံးချုပ်က ဖင်လန်ပြည်မြေပုံများ လိုချင်နေသည်။ ဂျူလီယော့က ပွိုင့်ရီးယား၏ ပုံနှိပ်တိုက်ကို ကန်ထရိုက်ပေးဖို့ သွားပြောပေးသည်။ ထိုနောက် ပွိုင်းရီးယားထံ ဖုန်းဆက်၏။

“ဒီမှာ ဟေ့လူ... ငွေလေးသိန်းလောက် လမ်းမက ကောက်ရတယ်လို့ အောက်မေ့ပေတော့၊ အဲ... မြေပုံကတော့ ထုံးစံအတိုင်းပေါ့၊ ကြိုက်သလို ရိုက်သာပေးလိုက်၊ ကိုယ့်မြေပုံကိုလဲ ကိုယ်ပြန်ကြည့်မနေနဲ့၊ ပြန်ကြည့်မိယင် ရူးသွားလိမ့်မယ်၊ ဖင်လန်နာမည်တွေကို ရေးဖို့ မပြောနဲ့ ပါးစပ်က ဆိုရတာတောင်

တော်တော်ခက်လှပြီ၊ ဖင်လန်နာမည်များ ရွတ်ယင်း ကျုပ်ပါးစပ်ထဲမှာ လျှာမရှိတော့ပဲ အိမ်မိုးဖာတဲ့ ပွဲညက်ခဲကြီးကို ငုံပြီး စကားပြောရသလိုပဲ”

ဂျိုလီယော့၏ “ဘဝသစ်” သတင်းစာကလည်း အခြေအနေ ကောင်းနေသည်။ သို့ရာတွင် ဂျိုလီယော့ မပျော်။ တခုခုကို ကြောက်နေသည်။ ဘာကို ကြောက်သည်ဟုလည်း မပြောနိုင်။ တနေ့လျှင် တကြိမ်ကျ ရေလမ်းမှ စစ်သတင်း ထုတ်ပြန်ချက်များကို ရနေသည်။ “အရေးကြီးသည့် အဖြစ်အပျက် ဖြစ်ပွားခြင်း မရှိကြောင်း” ဟု ကြေငြာချက်များက ဆိုသည်။ ပါရီမြို့ကြီးကမူ ပျော်မြဲ ပါးမြဲ။

“ကြည့်စမ်းပါဦးဗျာ၊ သူတို့မှာတော့ မော်တော်ကားတွေ၊ အိမ်တွေ ဝယ်နိုင်လိုက်ကြတာ၊ ခန်းဆီးစဝယ်တာ ကျနေတာပဲ” ဟု ဂျိုလီယော့က ပြောသည်။

“ဘဝသစ်” သတင်းစာတွင် ဒဏ်ရာရသည့် ဖင်လန်စစ်သားများ၏ပုံနှင့် ကပ်လျက် ရာမိုးနစ်နှင့် အခြား ဆောင်းရာသီ အပန်းဖြေစခန်းများတွင် ကျင်းပသည့် ရေခဲလျှောစီးပြိုင်ပွဲပုံများကို ဖော်ပြသည်။ ပါရီမြို့က အထက်တန်းလွှာ မိန်းမပျိုများသည်လည်း ဖင်လန်ဗိုလ်ချုပ် မင်းနားဟိန်း၏ စစ်သားများထက် ခေတ်နောက်မကျပါ။ ဖင်လန်တပ်သားများက ရေခဲလျှောစီး ဖိနပ်များကို စီး၍ တိုက်နေကြသလို ပြင်သစ်ပျိုဖြူတို့ကလည်း ရေခဲလျှောစီးပြိုင်ပွဲကြီးတွေ ကျင်းပကြပါသည်။ သို့ရာတွင် ဂျိုလီယော့ကား ရေခဲလျှောစီးပြိုင်ပွဲ ဝင်နေသည့် ပြင်သစ်ပျိုဖြူတို့ကိုလည်း စိတ်မဝင်စား။ စစ်ရုံးမှ ထုတ်ပြန်သည့် စစ်သတင်း ကြေငြာချက်တို့ကိုလည်း အာရုံမရောက်။ ကမ္ဘာတွင် ကပ်ကြီးတခု ဆိုက်နေပြီဟု သူထင်သည်။ ထိုနှစ်က ရာသီဥတုသည် မကြုံစဖူး အအေးလွန်ကဲသည်။ ဆယ့်နှစ်ရာသီပတ်လုံး နေရောင်ရနေသည့် ပြင်သစ်ပြည်တောင်ပိုင်းက ဆေးဖီးလ်လို နေရာမျိုးမှာပင် ရေခဲနေသည်။ အာဂျင်တီးနားတွင် အပူရှိန်ပြင်းလွန်းသဖြင့် လူပေါင်းများစွာ သေကြေ ပျက်စီးကြသည်။ တူရကီပြည်တွင် ငလျင်ကြီး လှုပ်သည်။ ဤသည်ကို ထောက်လျှင် ကမ္ဘာကြီးသည် တစုံတခု ဖောက်လွဲဖောက်ပြန် ဖြစ်နေပြီ။ ကပ်ဆိုက်နေပြီ။ ဂျိုလီယော့သည် ထိုသတင်းများကို ကြားရတိုင်း ပို၍ အယူသည်းလာကာ အိတ်ထဲတွင် သစ်သားစတစကို ဆောင်ထားတတ်သည်။ ညရောက်လျှင် တော်တော်နှင့် အိပ်မပျော်။ မိမိသည် ယနေ့ လှေကားအောက်သို့များ ဝင်နေမိလေသလောဟု စဉ်းစားတတ်သည်။ “အဲလ်ဖရက်ဆီကလဲ စာမလာတာ ကြာလှပြီနော်...” ဟု သူ့မိန်းမက ပြောလျှင် “အင်း... ပျောက်များနေပြီလားမှ မသိတာ” ဟု ပြောပြီး “ဖွတဲ့ လွဲပါစေ... ဖယ်ပါစေ” ဟု ဆိုကာ အိတ်ထဲတွင် ထည့်ထားသည့် သစ်သားစကို ခပ်တင်းတင်း ဆုပ်ထားမိသည်။

ဂျာမနီပြည် ရှုဟာပြည်နယ် ကျောက်မီးသွေး သဌေးကြီး သိုင်ဆင်သည် ပါရီမြို့သို့ ရောက်လာသည်။ သူ့ဘေးတွင် ဓာတ်ပုံ သတင်းထောက်တွေ ဝိုင်းအုံလျက်။ အထက်တန်းလွှာမှ အမျိုးသမီးများက သူ့ဘေးတွင် တပြုံးပြုံး။ “ဘဝသစ်” သတင်းစာတွင် သိုင်ဆင်၏ ခွေးကလေးဓာတ်ပုံ ပါလာသည်။ ဘရီကျူးသည် သိုင်ဆင်နှင့် ကျိတ်၍ ဆွေးနွေးနေသည်ကို ဂျိုလီယော့သိသည်။ သို့ရာတွင် ခွေးဓာတ်ပုံလောက် ထည့်ရုံဖြင့် မပြီး။ ဘရီကျူးက ဂျိုလီယော့ထံ ဖုန်းဆက်ကာ သိုင်ဆင်၏ ကိုယ်ရေးမှတ်တမ်းများကို သတင်းစာတွင် ထည့်ပါဟု ပြောသည်။

“သူ့ဆောင်းပါး ပါဖို့ အရေးကြီးတယ်ဗျ၊ ကျွန်တော်တို့ လိုချင်နေတာ ဒါပဲ၊ ဒါမှ ကျွန်တော်တို့နဲ့ ဂျာမနီဟာ တဦးကိုတဦး ပိုမို နားလည်လာကြမယ်” ဟု ဘရီကျူးက ပြော၏။

ဂျိုလီယော့သည် သိုင်ဆင်တည်းခိုရာ ဟိုတယ်သို့ သွားရသည်။ ခမ်းနားလှပသည့်

ဟိုတယ်ညှော်ခန်းကြီးထဲတွင် အကြာကြီး ထိုင်စောင့်ရ၏။ အတန်ကြာသည့်အခါတွင် တဘက်သားကို အထင်သေးသည့် မျက်နှာထားနှင့် လူတယောက် သူ့ဆီသို့ လျှောက်လာသည်။ ဂျူလီယော့သည် ဆတ်ကနဲ ခေါင်းကိုညွတ်၍ နှုတ်ဆက်ပြီး ပြုံးပြလိုက်၏။ လူမျိုးများ၏ လွတ်လပ်ရေး နှင့် ချစ်ကြည်ရေးအကြောင်းတို့ကို ပြောသည်။ သိုင်ဆင်က အေးစက်စက်ဖြင့်...

"ခွင့်လွှတ်ပါ၊ ကျုပ် သိပ်အလုပ်များနေတယ်"

သိုင်ဆင်က စာမူကိုပေးပြီး ပြန်ထွက်သွား၏။ ဂျူလီယော့က သူ့ကိုယ်ရေးမှတ်တမ်းကို ငုံ့ဖတ်ကြည့်လိုက်သည်။

"ထိုနှစ် နွေဦးပေါက်တွင် ကျွန်ုပ်သည် ကွန်မြူနစ်များကို အပြုတ်ချေမှုန်းရေးအတွက် ဟစ်တလာနှင့် အသေးစိတ် တိုင်ပင်ဆွေးနွေးခဲ့ကြ၏"

အိမ်ပြန်ရောက်တော့ ဂျူလီယော့ မောနေလေပြီ။ သူ့ဇနီးသည် တရှုပ်ရှုပ် ငိုနေ၏။

"ငိုမနေပါနဲ့တော့ကွယ်၊ မင့်မောင်အတွက် နောင် သိပ်ပြီး စိတ်ပူစရာမလိုတော့ပါဘူး၊ စစ်မဖြစ်ပါဘူး၊ နောင်လဲ ဖြစ်တော့မှာ မဟုတ်ပါဘူး၊ သိုင်ဆင်ဆိုတဲ့ ဂျာမန်ကို မင်းမြင်စေ့ချင်တယ်၊ တကယ်က ဒီလူဟာ နိုင်ငံရေး အကျဉ်းစခန်းထဲကို ရောက်နေဖို့ ကောင်းတဲ့လူ၊ ခုတော့ ဘယ်မှာ ရောက်တော့လို့လဲ၊ ဝန်ကြီး တက်စနဲ့ တွေ့နေပြီ၊ တက်စက သူ့ကို ဂုဏ်ပြုညှော်ခံပွဲ လုပ်သတဲ့၊ ပြီးတော့ မနက်ဖြန်ဆိုယင်လဲ တို့သတင်းစာမှာ သူ့ကိုယ်ရေးမှတ်တမ်းတွေကို ထည့်ပေးရဦးမယ်တဲ့၊ ခု ပြင်သစ်ပြည်ကြီးနဲ့ ဂျာမန်ပြည်ကြီးဟာ ရွှေလမ်းငွေလမ်း ပြန်ဖောက်မိကြပြီတဲ့... မွန်တီနီက ငါ့ကို ပြောလိုက်တယ်၊ ကဲ မိန်းမရယ် ငိုမနေပါနဲ့တော့၊ မင်းမောင်အတွက်လဲ မစိုးရိမ်ပါနဲ့၊ စစ်ကြီးလဲ မဖြစ်တော့ပါဘူး၊ စစ်ဖြစ်တာက ဖင်လန်ပြည်မှာပါ၊ တို့ဆီမှာမဟုတ်ပါဘူး"

သူ့မိန်းမက လက်ကိုင်ပဝါကို ပါးစပ်တွင် ဆို့ထားရာမှ ဖယ်လိုက်ပြီး...

"ရှင်ကသာ စစ်မဖြစ်ဘူး ပြောနေတယ်၊ ကျွန်မမောင် တိုက်ပွဲမှာ ကျသွားပြီတဲ့ရှင့်၊ တိုက်ပွဲမှာ ကျသွားပြီတဲ့၊ သိရဲ့လား"

ထိုအခါကျမှ စားပွဲပေါ်က ကြေးနန်းစာအိတ် ဝါဝါကြီးကို ဂျူလီယော့ သတိပြုမိတော့သည်။

မစ်ရှော၏ တပ်ရင်းသည် လီဒပ်သို့ ရောက်နေသည်။ မစ်ရှော တွေး၍ ပူနေသည်။ မိမိတို့ တပ်ရင်းကို ဖင်လန်သို့များ ပို့မည်လော မဆိုနိုင်။

မစ်ရှောသည် စိတ်သက်သာလို သက်သာငြား မော်စကိုသို့ လှမ်းကြည့်မိသည်။ မော်စကို လုပ်နေပုံကို သူနားမလည်နိုင်။ သို့ရာတွင် သူ့အဖို့မူ မော်စကိုသာလျှင် အားကိုးရာ ရှိတော့သည်ဟု ထင်သည်။ မော်စကိုသည် သူ့အစိတ်အပိုင်း၊ သူ့ဘဝ ဖြစ်နေသည်။ ရုရှတွင် စိုက်နေသည့် ရောက်ပင်မျိုးသစ်များနှင့် ပတ်သက်သည့် ရေဒီယိုဇာတ်လမ်းများကို နားထောင်ရလျှင် သူ့မျက်နှာမှာ ဝင်းထိန်နေတော့သည်။ မော်စကို မြေအောက်ဘူတာရုံ ဆောက်သည့် သတင်းများကို ကြားရလျှင် သူ့အိမ်ကို ဆောက်နေသည့်သတင်း ကြားရသည့်နှယ် ပျော်သည်။ "ဘရပ်ဆယ်မှာ ကျွန်တော်တို့ စန္ဒရားဆရာတီးတဲ့ လက်သံက တော်တော်ကောင်းတယ် ဆိုပဲဗျ" ဟု ပြောတတ်သည်။ ရုရှပြည်နှင့် ပတ်သက်လာလျှင် မစ်ရှောသည် "ကျွန်တော်တို့" ဆိုသည့် နာမ်စားကို သုံးသည်။

"ညီမရေ ရုရှပြည်မှာဆိုယင် ပန်းပွင့်တွေကတောင် နာဇီတွေကို မုန်းပြီး ကိုယ်တို့ဘက်မှာ ရှိသတဲ့၊ တကယ်ပြောတာ၊ ဒေစီပန်းတို့လို၊ ထောပတ်ခွက်ပန်းတို့လို သာမန်ပန်းပွင့်လေးတွေလေ" ဟုပင် ဒင်းနိစ်ထံသို့ တခါက စာရေးဖူးသေးသည်။ သူ့စိတ်ထဲတွင် ရှိသည်ကို ထုတ်ပြောလိုက်ရလျှင် မစ်ရှော နေသာထိုင်သာ ရှိသွားပြီ။ အားအားရှိလျှင် ဆိုဗီယက်ယူနီယံ၏ မြေပုံကြီးကို ကြည့်နေသည်။ ကျယ်ပြန့်လှသည့် သစ်တောစိမ်းစိမ်းကြီးတွေကို ကြည့်လိုက်ရလျှင် စိတ်ချမ်းသာသွားသည်။ ဒင်းနိစ်နှင့် နောက်ဆုံးတွေ့ခဲ့တုန်းက "မော်စကိုက ပြပွဲ ဘယ့်နှယ်တဲ့လဲ" ဟုပင် မေးခဲ့ဖူးသည်။ သူသည် မော်စကိုသို့ တခေါက်မျှ မရောက်စဖူး။ မော်စကိုသည် အဝေးက မြို့ကြီးတမြို့။ သို့ရာတွင် သူ့စိတ်ထဲတွင်မူ မော်စကိုမြို့ကြီးသည် သူ တသက်လုံး နေထိုင်ခဲ့ရာ မြို့ကြီးဟု ထင်နေသည်။

လီဒပ်တွင် လေပြင်းကျတတ်သည်။ လေပြင်းကျပြီ ဆိုလျှင် ပြတင်းပေါက် ခန်းဆီးတွေ စုတ်ပြဲကုန်တော့သည်။ ကြော်ငြာ ပိုစတာကြီးတွေ ဖောက်ထိုးပြောင်းပြန် ဖြစ်ကုန်သည်။ လျှောက်ရောင်းနေသည့် ဈေးသည်တွေ အလဲလဲအပြိုပြို ဖြစ်ကုန်သည်။ သင်္ဘောဆိပ်က ဥဩများက တတူတူ။ ဝန်ချီစက်ကြီးများက တကျည်ကျည် သွားကြိတ်လျက်။ နေ့ရော ညပါ အလုပ်လုပ်နေကြသည်။ ဖင်လန်သို့ အပျော်တမ်းတပ်တွေ ပို့မည့် သတင်းဖြစ်နေသည်။

မစ်ရှောသည် စစ်သားများနှင့် ရောနှောကာ သူတို့နှင့် စကားပြောကြည့်၏။ တချို့ကလည်း ကွန်မြူနစ် ဖြစ်ဟန်တူသည်။ "လျူမန်နီတေး" သတင်းစာကို မဖတ်ရသည်မှာ ကြာပြီဟု ပြောသူက ပြောသည်။ ဆိုရှယ်လစ်ခေါင်းဆောင်ဆိုသူ ဗီးလာ့ဒ်ကို လှောင်သူက လှောင်သည်။ ကွန်မြူနစ်ခေါင်းဆောင် မောရစ်သောရက်ဇ်ကို "ကျွန်တော်တို့ သောရက်ဇ်" ဟု တမြတ်တနိုး ခေါ်သူလည်း ပါသည်။

"ရုရှတွေကိုတိုက်ဖို့ ဖင်လန်ကိုလွှတ်ယင် မသွားဘူးလို့ ငြင်းကြရအောင်ဗျာ၊

ဘယ့်နှယ်လဲ၊ သူတို့ ဖုံးမထားနိုင်ပါဘူးဗျ…၊ တိုင်းပြည်က သိမှာပါ” ဟု ကျိတ်၍ ဆွေးနွေး သည်။

“ဒါတော့ ကျွန်တော် မပြောတတ်ဘူးဗျ။ ဒီပြင့်လူတွေက လိုက်ဦးမှကိုး၊ ကိုယ့်လူ ရွေးကောက်ပွဲ မဲဆွယ်တာ မဟုတ်ဘူးနော်၊ ယီးတီးယားတား သွားမလုပ်နဲ့၊ တော်တော်ကြာ ပစ်သတ်ခံနေရမယ်” ဟု တယောက်က ပြောသည်။

မစ်ရှောက စကားပြော ပြတ်သားသည်။ ပျော်ပျော်နေတတ်သည်။ ထို့ကြောင့် တပ်သားများက သူ့ကို ခင်ကြ၍။ တပ်ကြပ်ကိုလှောင်လျှင် မစ်ရှောကို ထောက်ခံကြသည်။ သို့ရာတွင် ပုန်ကန်ဖို့ ဆိုသည်ကမူ တခြားကိစ္စဖြစ်သည်။ မစ်ရှော ကိုယ်တိုင်ကလည်း လူတွေက သူနှင့် သဘောတူမတူကို မပြောနိုင်။ မစ်ရှောက ကြုံတိုင်း ဆွေးနွေးသည်။ သိမ်းသွင်းသည်။ ရှရှတို့ အသေခံကာကွယ်နေသည့် လီနင်ဂရက်မြို့အကြောင်းကို ပြောပြသည်။ လီနင်ဂရက်မြို့အနီးတွင် မြစ်ကြီးကြီး တသွယ်ရှိကြောင်း၊ အလုပ်သမားများ နန်းတော်ထဲတွင် နေခဲ့ကြကြောင်း။ လီနင်လည်း သူတို့နှင့်အတူ နေခဲ့ကြောင်းဖြင့် ပြောပြသည်။ မစ်ရှောသည် ဂျာမန်ကို မတိုက်လိုသူများကို ကျိန်ဆဲသည်။ လူတွေ့လျှင် သူ့အယူအဆကို ဆွေးနွေးသည်။ မနက်ဖြန်တွင် ခွဲကြရတော့မည့်နှယ် အပူတပြင်း လုပ်သည်။

မိမိတပ်ရင်းသည် ဖင်လန်သို့သွားရမည့် အပျော်တမ်းတပ်များထဲတွင် ပါသည်ဟု သိရသည့်အခါ၌ တပ်ရင်းမှူး ဗိုလ်မှူးကြီး ကွေးရီးယား အိပ်မပျော်။ စိတ်ညစ်ညစ်ဖြင့် ညလုံးပေါက် ဖဲကစားသည်။ ဗိုလ်မှူးကြီးက ဒေါသကြီးသော်လည်း စိတ်ပျော့သည်။ ပထမကမ္ဘာစစ်ကြီးတုန်းက ရဲစွမ်းတမံ အမှုထမ်းခဲ့သဖြင့် တံဆိပ် နှစ်ကြိမ်ရဖူးသည်။ ဗိုလ်မှူးကြီးသည် သေမည်ကို မကြောက်။ သို့ရာတွင် လူ့ဘဝကို ကြောက်သည်။ အထက်အာဏာပိုင်များကို ကြောက်သည်။ ရှုပ်ထွေးပွေလိမ်သည့် နိုင်ငံရေးသပွတ်အူကို ကြောက်သည်။ နာမည်ပျက်မည်ကို ကြောက်သည်။ လူထုဆန္ဒပွဲများကို ကြောက်သည်။ သူတို့တပ်ရင်းသည် ပီကာဒီတွင် စခန်းချလျက် ရှိ၍။ ဗိုလ်မှူးကြီးသည် သူ့တပ်သားများ အားအားယားယားဖြစ်ကာ စိတ်ဓာတ်ပျက်ပြားမည်ကို ကြောက်သဖြင့် တဆောင်းလုံး ကတုတ်ကျင်းတွေ တူးခိုင်းသည်။ သို့ရာတွင် ဗိုလ်ချုပ် ပီးကာ့က မကျေနပ်။

“မင်းကို ဘယ်သူက အတူးခိုင်းလို့လဲကွ၊ ဘာဖြစ်လို့ တပ်သားတွေ ကယောင်ချောက်ချားဖြစ်အောင် လုပ်ရတာလဲ၊ ဂျာမန်တွေ ဒီကို မလာပါဘူး၊ အလကား စိတ်ဓာတ်ပျက်ပြားတဲ့သူတွေ ပြောတိုင်း အဟုတ်ထင်ပြီး လျှောက်လုပ်နေတယ်” ဟု ကြိမ်းသည်။

ယခု သူတို့အားလုံး ဖင်လန်အကြောင်းကို ပြောနေကြသည်။ တပ်တွေ၏ သဘောထားကို မသိရသေး။ တချို့က ရှရှကို တိုက်ရမည်ဟု ပြောနေကြသည်။ မည်သို့ စိတ်ကူးသနည်း။ ရန်သူနှစ်ယောက်ကို တိုက်ရသည်ထက် တယောက်ကို တိုက်ရသည်က ပိုလွယ်သည်ဟု ဆိုကြသည်။ သို့ရာတွင် ရှရှကို ဘယ်လိုနိုင်အောင် တိုက်မည်နည်း။ နပိုလီယန်ကိုပင် ရေခဲပြင်ထဲတွင် နစ်နေအောင် လုပ်ခဲ့ပြီ မဟုတ်လော။ ရှရှကိုတိုက်လျှင် ဗိုလ်ချုပ် ဂိန်မလင်ကကော သဘောတူပါမည်လော။ သို့ရာတွင် ခက်သည်က စစ်ဦးစီးချုပ် ဂိန်မလင်လည်း အာဏာမရှိတော့။ အရာရာကို နိုင်ငံရေးသမားတွေက ဆုံးဖြတ်နေကြပြီ။

ဗိုလ်မှူးကြီး ကွေးရီးယားသည် စိတ်ပျက်လက်ပျက်ဖြင့် ဖဲချပ်များကို ဘေးသို့ ပစ်ချလိုက်၍။ သူလိုချင်သည်က ဂျက်နှစ်ကောင်။ တခါမျှ နှစ်ကောင်မတွဲမိ။ ယခု

ခြောက်လက် ရှိသွားပြီ။ တလက်မှ မနိုင်သေး။ တော်ပြီ။ ယနေ့ညအဖို့ မကစားချင်တော့။

ထိုအချိန်၌ မစ်ရှောသည် သူ့ရဲဘော်များနှင့် ဆွေးနွေးလျက်ရှိ၏။

"ကျွန်တော်တို့နယ်စပ်ကို ခင်ဗျားတို့မြင်တယ် မဟုတ်လား၊ ဘာခံစစ်ကြောင်းမှ မရှိဘူး၊ ဘာကတုတ်ကျင်းမှ မရှိဘူး၊ ပြီးတော့ စစ်တပ်တွေကို ပြန်ရုပ်နေတယ်၊ သူတို့ တိုက်ချင်တာက ဂျာမန်ကို တိုက်ချင်တာ မဟုတ်ဘူးဗျ၊ ရုရှကို တိုက်ချင်တာ၊ ဟစ်တလာတပ်တွေ ကျွန်တော်တို့နယ်ထဲ ရောက်လာတာကို ကြည့်ချင်နေတာ၊ အဲဒါ သူတို့ကစားနေတဲ့ ကစားဝိုင်းပဲ"

ခပ်မှိန်မှိန် မီးရောင်သည် ရဲဘော်များ၏ မျက်နှာများပေါ်သို့ ထိုးကျနေသည်။ အဖြူရောင်သုတ်ထားသည့် နံရံပေါ်တွင် အရိပ်ရှည်မျှောမျှောက ယိမ်းထိုးလျက်။ မစ်ရှောသည် တိတ်ဆိတ်နေသည့် သူတို့တတွေကို အကဲခတ်၏။ သူတို့အထဲတွင် လူအမျိုးမျိုး၊ စရိုက်အစားစား။ အင်္ကျီစိမ်းယားက သေ့ခလောက်ပြင်ဆရာကမူ ကွန်မြူနစ် ဖြစ်ဟန်တူသည်။ အခြားတယောက်က လယ်သမား။ သူ့ယာတောနှင့် အိမ်ကလေးအကြောင်းကို တလွမ်းတဆွေး ပြောတတ်သည်။ တယောက်ကမူ အပ်ချုပ်စက်များကို နယ်လှည့်ရောင်းသည့် အရောင်းကိုယ်စားလှယ်။ အခြားသူများက မီးရထားအလုပ်သမား၊ အမဲသားသည်၊ စာပို့သမား။ သူတို့တတွေ ဘာကိုများ တွေးနေကြပါလိမ့်။

သို့ရာတွင် နောက်ဆုံး ကြာကြာမစောင့်လိုက်ရ။ ဇာတ်လမ်းစပြီ။ ဗိုလ်ချုပ်ပီးကာ့သည် တပ်များကိုစစ်ရန် ရောက်လာသည်။ သူတို့အုပ်စုနှစ်စုက အလေးပြုဆီးကြိုသည်။ ဗိုလ်မှူးကြီး ကွေးရီးယားက မျက်နှာထားမှုန်လျက်။ သူ့တပ်သားတွေကို မကြည့်။

ထိုစဉ် နောက်မှ တပ်သားအချို့၏ အော်သံများကိုကြားရသည်။

"ကျွန်တော်တို့ကို ဘယ်ကိုပို့မှာလဲ"

ဗိုလ်မှူးကြီး၏ မျက်နှာသည် နီရဲသွား၏။ နဖူးကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်သည်။

"အော်တာ ဘယ်သူလဲကွ"

"အားလုံးပဲ"

ဗိုလ်မှူးကြီး ဘာလုပ်ရမှန်း မသိတော့။ သို့ရာတွင် ခြိမ်းခြောက်ခြင်းလည်း မပြု။ ချော့မော့ခြင်းလည်း မရှိ။ ထိုတပ်သားများအားလုံးထံမှ လက်နက်များကို သိမ်းလိုက်သည်။ တပ်သားများကို စစ်ခုံရုံးတင်မည်ဟု သတင်းဖြစ်နေသည်။ ညတွင် တပ်သားတွေ ကောင်းကောင်း အိပ်မပျော်ကြ။ ငယ်ငယ်တုန်းက အကြောင်းတွေကို အမှတ်ရကြသည်။ ငြိမ်းချမ်းသည့် ကာလတုန်းက အဖြစ်အပျက်တွေကို အမှတ်ရကြသည်။ သားမယားများကို အမှတ်ရကြသည်။

သူတို့ခေါင်းဆောင် မည်သူနည်းဟု စစ်ဆေးသည်။ အားလုံးကပင် မစ်ရှောကို သတိရကြသည်။ သို့ရာတွင် ထုတ်မပြောကြ။ ထိုညတညလုံး မတ်လလေပြင်းက တဝုန်းဝုန်း တိုက်လျက်။

"နမူနာ ပြစ်ဒဏ်ပေးတဲ့အနေနဲ့ သူတို့အထဲက နှစ်ယောက် သုံးယောက်ကို ပစ်သတ်ပြလိုက်ယင် ကောင်းမယ်"

နောက်တနေ့မနက်တွင် ဗိုလ်ချုပ်ပီးကာ့က ဗိုလ်မှူးကြီးကို ပြော၏။

"ဒီလိုလုပ်ယင် ကျွန်တော်တို့ အားလုံးကိုလဲ ပစ်လိမ့်မယ် ဗိုလ်ချုပ်"

ဗိုလ်မှူးကြီး ကွေးရီးယားသည် သူ့စကား မှားသွားပြီကို ချက်ချင်းသိလိုက်သည်။ သူ့ခေါင်းသည် ငိုက်ကျသွား၏။ သူလည်း စစ်ခုံရုံးသို့ အတင်ခံရတော့မည်။ ယခုအတိုင်းဆိုလျှင် သူကိုယ်တိုင်လည်း ဂိုဏ်းခေါင်းဆောင်အဖြစ်သို့ ရောက်နေပြီ။

ဗိုလ်ချုပ်ပီးကာ့သည် ညစ်ပတ်နေသည့် မှန်တံခါးကို လက်ချောင်းများဖြင့် တဒေါက်ဒေါက် ခေါက်နေသည်။ သူ့အနားတွင် လက်အောက်အရာရှိတယောက် ရပ်နေသည်ကို သတိမထားမိတော့။

"အင်း... ဟိုတုန်းကတော့ မန်းတိုက်ပွဲတို့၊ ဗာဒွန်းတိုက်ပွဲတို့မှာ တို့တပ်တွေ ရဲရဲရင့်ရင့် တိုက်ခဲ့ကြတယ်၊ ဒါတွေ ခုမရှိတော့ဘူး၊ အတိတ်မှာ ကျန်ရစ်ခဲ့ပြီ၊ ခုဟာ တို့တပ်ကို ကြည့်ရတာကလဲ စစ်တပ်နဲ့မတူဘူး၊ လူအုပ်တအုပ်။ သောင်းကျန်းနေတဲ့ ကလေကချေ လူအုပ်တအုပ်"

ဗိုလ်ချုပ်ပီးကာ့သည် တယောက်တည်း ပြောနေသည်။ ဟုတ်သည်။ ဤအကြောင်းနှင့် ပတ်သက်၍ ဘရီကျူးကို သူမကြာခဏ သတိပေးခဲ့ဖူးသည်။ "သတိထားနော်... တနေ့မှာ ကျုပ်တို့ဘက် ဦးလှည့်လိမ့်မယ်" ဟု သူပြောခဲ့သည်။ ယခုအချိန်တွင် ဖင်လန်သို့သွား၍ စစ်တိုက်ရမည်ဟု ဆိုခြင်းကြောင့် စစ်သားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်သည် ဆိုသည်မှာ ဟုတ်သလောက် ဟုတ်သည်။ သို့ရာတွင် ထုံးစံအတိုင်း ရေဒီကယ်အမတ်များက ဤကိစ္စကို လက်မခံကြသေး။ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေကြသည်။ ထို့ပြင် တပ်တွေထဲတွင် ကွန်မြူနစ်တွေကလည်း ပါနေလိုက်သေးသည်။ ဤစစ်တပ်မျိုးဖြင့် သွားတိုက်ရလျှင် မည်သို့ဖြစ်မည်နည်း။ အရာရှိများသည် ဂျာမန်ကိုတိုက်မည်မဟုတ်။ လက်နက်ချ အညံ့ခံမည်သာ။ ကစားပွဲတွင် နယ်ရုပ်များကို မရွှေ့သေး။ နယ်ရုပ်တွေက တကောင်မှ မကျသေး။ သို့ရာတွင် ပွဲသည် မကစားခင်ကတည်းက ရှုံးနေပြီ။

ဗိုလ်ချုပ်ပီးကာ့သည် ပြတင်းမှ အပြင်သို့ လှမ်းကြည့်လိုက်၏။ သတင်းစာရောင်းသည့် သူငယ်ကလေးဘေးတွင် တပ်သားတွေဝိုင်းအုံလျက်။ လေပြင်းတိုက်လိုက်သဖြင့် သတင်းစာရွက်များသည် လမ်းမတလျှောက် လွင့်သွားကြသည်။

"ကဲ... ဘဝသစ်သတင်းစာ၊ နောက်ဆုံးထုတ်တွေ၊ နောက်ဆုံးထုတ်တွေ... ရုရှနှင့် ဖင်လန် စစ်ပြေငြိမ်းဖို့ စေ့စပ်ဆွေးနွေးတော့မယ်တဲ့ ခင်ဗျ"

ဒုတိယတွဲပြီး၏။

တတိယတွဲကို ဆက်လက်ဖတ်ရှုပါ။


THE
FALL OF PAR
ILYA EHRENBURG
မြသန်းတင့်
ပါရီကျဆုံးခန်း

ပါရိကျဆုံးခန်း

မြသန်းတင့်

တတိယတွဲ

တတိယတွဲ

ကြက်ဥပြုတ်တလုံးကို စားနေစဉ် ကြေးနန်းတစောင် ရောက်လာသည်။
စာလုံးများသည် သူ့မျက်စိရှေ့တွင် ခုန်ပေါက်နေသည် ထင်ရ၏။
"ငြိမ်းချမ်းရေးဆွေးနွေးပွဲ စပြီ၊ ဖင်လန်အစိုးရ ကိုယ်စားလှယ်အဖွဲ့ စတော့ဟုန်းမြို့"
ဟု ပါသည်။ ခန္ဓာကိုယ်တနေရာက စစ်ကနဲ ကိုက်လိုက်သလို တက်စသည်
မျက်မှောင်ကုပ်လိုက်၏။ ချက်ချင်း သတိရလာကာ ဝန်ကြီးချုပ် ဒလာဒီးယားထံ
တယ်လီဖုန်း ကောက်ဆက်သည်။

"ကျွန်တော်တို့တော့ ဒုက္ခပဲ" ဟု တက်စက ညည်းသည်။

ဝန်ကြီးချုပ်က မိမိသည် ရေဒီယိုမှ အသံလွှင့်ရန် စီစဉ်ထားကြောင်း၊ ထိုအသံလွှင့်ချက်တွင် ဖင်လန်တို့ကို ရှုရှအား တိုက်ရန် တိုက်တွန်းထားကြောင်း၊ မိမိတို့က အပျော်တမ်းတပ်ဖွဲ့များ ပို့ပေးမည်ဖြစ်ကြောင်း ပြန်ပြောသည်။

တက်စက ခေါင်းယမ်းလိုက်ယင်း...

"ကျွန်တော်တို့ နောက်ကျသွားပြီ ဝန်ကြီးချုပ်၊ ကျွန်တော်တို့ ပြောတာကိုလဲ ယုံမှာ မဟုတ်တော့ဘူး၊ ဒီပြင်နည်းလမ်း တခုခုတော့ စဉ်းစားမှဖြစ်မယ်"

ဒလာဒီးယားက တိုင်းပြည်ငယ်များသည် ကျွဲနှစ်ကောင် ခတ်သည့်ကြား မြေစာပင် ဖြစ်နေကြောင်းဖြင့် ပြောသည်။ သို့ရာတွင် တက်စက စကားကို ကြားဖြတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ မြေစာပင်ပါပဲ၊ မြေစာပင်မှ ဖင်လန်တွင် ဖြစ်တာ မဟုတ်ဘူး၊ ကျွန်တော်တို့ပါ ဖြစ်မှာ၊ မယုံ စောင့်ကြည့်ပါ ဝန်ကြီးချုပ်၊ ကျွန်တော်တို့ အစိုးရအဖွဲ့လဲ တပတ်အပြင် ခံမှာ မဟုတ်ဘူး"

တက်စသည် မဲများကို တွက်ကြည့်သည်။ အစိုးရကို ဆန့်ကျင်မည့်မဲက အများစု။ ကမ္ဘာလောကကြီးတွင် တရားမျှတမှု ဆိုသည်မှာ မရှိ။ မင်းနားဟိန်း ဆိုသည့် ဖင်လန်စစ်ဗိုလ်ချုပ်တယောက် ကိုးရိုးကားရားလုပ်သဖြင့် မဆီမဆိုင် မိမိတို့ပြင်သစ်အစိုးရအဖွဲ့ ပြုတ်ကျရတော့မည်။ တက်စသည် ဖင်လန်လူမျိုးများကို ကျိန်ဆဲလျက်ရှိသည်။

သူထင်သည့်အတိုင်းပင် လွှတ်တော်တွင် မဲခွဲသည့်အခါ၌ အစိုးရကို ထောက်ခံသည့်မဲက နည်းနည်းကလေးသာ ရှိသည်။ ရေးနော့က ရှေ့တန်းရောက်လာသည်။ တက်စသည် ရေးနော့ကို မုန်းသည်။ ရေးနော့သည် လောက်၊ ခြ၊ မနုဿဗီဟ။ မိမိ ဝန်ကြီးချုပ်ဖြစ်လျှင် တက်စကို ဝန်ကြီးရာထူးတွင် ဆက်ထားမည်ဟု ရေးနော့က ပြော၏။

"ကျွန်တော် စဉ်းစားပါဦးမယ်၊ ကျွန်တော့်မိတ်ဆွေတွေနဲ့လဲ တိုင်ပင်ကြည့်ပါဦးမယ်"

တက်စက ပြောသည်။ တက်စသည် ဒလာဒီးယားထံ လာခဲ့သည်။ ဒလာဒီးယားက ထမင်းစားခါနီး စမြိန်အရက် တခွက် နှစ်ခွက်ကို သောက်နေသည်။ ထူထဲသည့်

မျက်ခုံးမွေးကြီးများအောက်မှ သူ့ကိုလှမ်းကြည့်လိုက်ပြီး…

“ရေးနော့ ဝန်ကြီးချုပ်ဖြစ်ရင်တော့ မလွယ်ဘူးဗျာ၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့ကတော့ သူ့အစိုးရအဖွဲ့မှာ ဝန်ကြီးလုပ်ပါဆိုရင် လုပ်ရဦးမှာပဲ”

တက်စ ဘာလုပ်ရမှန်း မသိတော့။ ထို့ကြောင့် ဘရီကျူးထံသို့ ထွက်လာခဲ့ပြန်သည်။ ဘရီကျူးက အလားအလာရှိသည့်လူ။ အကယ်၍ သူ့ကို အတိုက်အခံဘက်တွင်နေဖို့ ဘရီကျူးက ပြောလျှင် သူသည် ဝန်ကြီးချုပ်ရာထူးကို လက်မခံတော့။ အတိုက်အခံဘက်မှာပင် နေတော့မည်။ အချိန်ကို စောင့်ရမည်။ ပြည်သူ့ သတ္တိကို ပြရချိမ့်မည်။

ဘရီးကျူး၏ ညှော့ခန်းဆောင်ထဲတွင် မျက်လုံးပြာပြာနှင့် လူတယောက်ကို တွေ့၏။

“မာဆေးကွန်ဂရက် မတိုင်ခင်လေးတွင် ဝန်ကြီးနဲ့ ကျွန်တော် တွေ့ဖူးပါတယ်၊ ဝမ်းသာပါတယ်ခင်ဗျာ”

တက်စ ရေးရေး မှတ်မိပြီ။ မာဆေးကွန်ဂရက်တုန်းက ဖိုးဂျက် စကားမပြောနိုင်အောင် နှောင့်ယှက်ခဲ့သူ မဟုတ်လော။

“အား၊ ဟုတ်တာပေါ့။ မှတ်မိတာပေါ့”

တက်စက ဖော်ရွေစွာ ပြုံးလိုက်သည်။

ထိုလူ ထွက်သွားသည့်အခါ ဘရီကျူးက…

“ကျွန်တော်တို့ဆီကို ရေဒီကယ်ပါတီဝင် လာနေလို့ သိပ်တော့ မအံ့ဩပါနဲ့၊ ခု ကျွန်တော်တို့ အမျိုးသားညီညွတ်ရေးကို တည်ဆောက်ဖို့ လိုလာပြီလေ၊ ခုလာတဲ့ ဝိုက်စ်က ဂရမ်ဒယ်နဲ့ အတူတူတွဲပြီး အလုပ်လုပ်နေတယ်၊ ခြုံပြောရရင်တော့ အခြေအနေ သိပ်မကောင်းဘူးလို့ ပြောရမှာပဲဗျ”

တက်စသည် ဘရီကျူး၏ စိတ်ပျက်သံကြောင့် စဉ်းစားမရအောင် ဖြစ်နေသည်။

“ကျွန်တော့်အထင်ကို ပြောရမယ်ဆိုရင်တော့ အခြေအနေက တော်တော်လေး ဆိုးနေပြီဗျ၊ ဖင်လန်တွေ လုပ်ပုံကြောင့် ကျွန်တော်တို့ တော်တော်မျက်နှာပျက်ရတယ်။ အေးလေ ဘာပဲဖြစ်ဖြစ် ရေးနော့ဟာ အခြေအနေကို ထိန်းနိုင်လိမ့်မယ် ထင်ပါရဲ့၊ ရေးနော့ကတော့ ဘာဖြစ်ဖြစ် လုပ်မယ့် လူစားပဲ”

“ကျွန်တော်လဲ ရေးနော့ကို ကြိုက်တဲ့လူ မဟုတ်ပါဘူး၊ တကယ်တော့ ရေးနော့ဟာ အင်္ဂလိပ်နောက်လိုက်ပဲ၊ ကျွန်တော်တို့ကို အင်္ဂလိပ်လက်အောက်ခံ ဒိုမီနီယန်နိုင်ငံလောက် ဖြစ်စေချင်တဲ့လူ၊ ဒါပေမယ့် ဒီလူက လိပ်ပြာပါဗျာ၊ ဒီတန္တေကုန်အောင် သက်တမ်း မရှည်ပါဘူး၊ ခုလောလောဆယ်တော့ ကျွန်တော်တို့ သူ့ကိုပဲ အသုံးချရဦးမှာပဲ။ သူတက်လာရင်တော့ ဂိန်မလင်ကို စစ်ဦးစီးချုပ်အဖြစ်က ဖြုတ်ချမယ် ထင်တာပဲ၊ သူပြုတ်သွားယင် ကျွန်တော်တို့အဖို့ အကွက်ကောင်း ပေါ်တာပေါ့။ ကျွန်တော်တို့ကတော့ ပီးကာ့ကို တင်ရမှာပဲ၊ ခုတော့ လူပုကလေး ရေးနော့ဟာ ကုလားမခြေထောက်ကို တက်စီးနေပြီဗျ။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အရပ်ရှည်ပါတယ်ဆိုတာ ပြနိုင်အောင် တခုခုတော့ လုပ်ရမှာပဲ။ ဒါပေမယ့် သူဘာပဲလုပ်လုပ် တချက်ခုန်လိုက်တာနဲ့ တပြိုင်နက် ကုလားမခြေထောက်ပေါ်က လိမ့်ကျမှာပဲ”

“ခု ကျွန်တော့်ကို သူ့အစိုးရအဖွဲ့မှာ ဝန်ကြီးတနေရာယူဖို့ ကမ်းလှမ်းနေတယ်။

ကျွန်တော့်အနေနဲ့ကတော့ ငြင်းချင်တာပဲ”

တက်စက ပြောသည်။

“အို၊ ငြင်းလို့ မဖြစ်ဘူးလေ၊ တိုင်းပြည်ရဲ့ အကျိုးကို ကြည့်ရပေမှာပေါ့။ ဘာပဲဖြစ်ဖြစ် ဝန်ကြီးအဖွဲ့ထဲမှာ ကျွန်တော်တို့လူတွေ ရှိဖို့လိုတယ်”

တက်စကို အထူး ဖြားယောင်းသိမ်းသွင်းစရာ မလို။ ဟုတ်သည်။ ဘရီကျူးပြောသည့်အတိုင်း ဝန်ကြီးအဖွဲ့ထဲတွင် ပါမည်။ ရေးနော့၏ အစိုးရအဖွဲ့ထဲတွင် ပါဝင်သည့်အတွက် လက်ဝဲဂိုဏ်းသားများက ဘာမျှပြောကြမည်မဟုတ်။ ဤသည်ကို သူသိသည်။ သို့ရာတွင် လက်ယာဂိုဏ်းသားများက မည်သို့ပြောကြမည်ကို သူကောင်းကောင်းမသိ။ ယခု ဘရီကျူးက ထောက်ခံလိုက်ပြီ ဆိုသည့်အခါတွင် လက်ယာဂိုဏ်းကလည်း ထောက်ခံမည်မှာ သေချာနေပြီ။ ဟုတ်သည်။ ဝန်ကြီးအဖွဲ့တွင် သူပါမည်။ ဆက်နေမည်။ တကယ်တော့ ဝန်ကြီးတယောက် ဖြစ်ရသည်မှာ မည်မျှအရသာရှိသနည်း။ ထိုမျှမက ဂုဏ်သိက္ခာလည်း ရှိသေးသည်။ အနာဂတ်တွင် တက်စသည် စစ်ဖြစ်နေသည့် ကာလမှာပင် သူ့ရာထူးကို မစွန့်လွှတ်ပဲ တိုင်းပြည်အကျိုးကို သယ်ပိုးသွားသည်ဟု နောင်တွင် သမိုင်းဆရာများက မော်ကွန်းထိုးကြလိမ့်မည်။

ဝန်ကြီးအဖွဲ့၏ စာရင်းကို ရသည့်အခါတွင် ဂျိုလီယော့သည် အော်ဟစ်နေသည်။

“ဘာလုပ်ကြတာတဲ့လဲကွ၊ ကြည့်စမ်းပါဦး၊ ဝန်ကြီးအဖွဲ့မှာ ဝန်ကြီး သုံးဆယ်ရှိတယ်။ ဆယ့်ခြောက်ယောက်က ရှေ့နေတွေ၊ ဒါ စစ်ကာလ ဝန်ကြီးအဖွဲ့တဲ့လား”

နိုင်ငံခြား ကြေးနန်းသတင်းတွေ တဖွဲဖွဲ ဝင်လာနေသည်။ ဂျိုလီယော့၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်လျက်ရှိ၏။ “နိမိတ်တွေကတော့ မကောင်းဘူးဟေ့” ဟု ဂျိုလီယော့ အော်မိသည်။

“အီတလီပြည်က အက်တနာမီးတောင် ပေါက်ကွဲပြန်ပြီတဲ့၊ အဲဒါ မကောင်းဘူး၊ တို့အစိုးရ ခေါင်းဆောင်တွေကတော့ ဖင်လန်မှာ သူတို့ တွက်ခြေမကိုက် ဖြစ်သွားတယ်တဲ့။ အင်း နောက်ဆုံးကျတော့ တို့မာဆေးလ်မြို့ကိုပဲ စပိန်တွေ ဝင်သိမ်းတော့မယ် ထင်ပါရဲ့”

ပုံနှိပ်စက်ပိုင်ရှင် ပွိုင်းရီးယားက ဖင်လန်မြေပုံများ ရိုက်နှိပ်ပြီးစီးသဖြင့် စစ်ဝန်ကြီးဌာနသို့ သွားသွင်းသည်။ “ဟင်... ဖင်လန်မြေပုံတွေက ကျုပ်တို့အဖို့ ဘာလုပ်ရတော့မှာလဲ၊ ဖင်လန်က ရုရှနဲ့ စေ့စပ်သွားပြီပဲ” ဟု ဆီးပြောကြသည်။ သို့ရာတွင် မြေပုံများအတွက်မူ ကျသင့်ငွေကို ရှင်းပေးလိုက်၏။

သီတင်းသုံးပတ်လောက် ကြာသွားသည်။ တမနက်တွင် နော်ဝေအစိုးရက ရုရှရန်ကို စိုးရိမ်သည့်အတွက် နော်ဝေကမ်းခြေတွင် ရေမြှုပ်ဗုံးများ မြှုပ်သည့်သတင်းကို ဖတ်လိုက်ရသည်။ ဂျိုလီယော့သည် ပုံနှိပ်စက်ပိုင်ရှင် ပွိုင်းရီးယားထံသို့ တယ်လီဖုန်းကောက်ဆက်၏။

“ဟန်ကျပြန်ပြီဗျို့၊ ခင်ဗျားအတွက် နောက်ထပ် ကန်ထရိုက် ရပြန်ပြီ၊ ရေးနော့အစိုးရက ရုရှဝက်ဝံကြီးကို ခပ်စပ်စပ်ကလေး ကြာပွတ်နဲ့ ရိုက်ချင်နေတယ်ဗျ။ ခု နော်ဝေပြည်မြေပုံတွေကို လိုချင်နေတယ်၊ အဲဒါ ခင်ဗျားရိုက်ရမယ်၊ အဲ တခုပဲရှိတယ်၊ ဈေးတော့ နည်းနည်းလေးမှ မလျှော့နဲ့ဗျို့”

မွန်တီနီက တက်စကို ဂုဏ်ပြုသည့်အနေဖြင့် ညေ့ခံပွဲကြီးတခု ကျင်းပသည်။

လက်ယာဂိုဏ်းက တက်စအား ပထမဆုံး ဂုဏ်ပြုသည့် ညှော်ခံပွဲကြီး ဖြစ်၏။ ညှော်သည်တော်များထဲတွင် ဘရီကျူး၊ လာဗယ်၊ ဖလန်ဒင်၊ ဂရမ်ဒယ်၊ မျူးဂါးနှင့် ဗိုလ်ချုပ်ပီးကာ့ စသည့် ထိပ်သီး လက်ယာဂိုဏ်းခေါင်းဆောင်များ၊ ဖက်ဆစ်လိုလားသူများ ပါကြသည်။

ညှော်ခံပွဲတွင် အမျိုးသမီးများက အားလပ်ရက် ခရီးထွက်ဖို့ အကောင်းဆုံးနေရာများအကြောင်းကို ပြောကြသည်။ ဗိုလ်ချုပ်ပီးကာ့ကတော် မဒမ်ပီးကာ့က ဘရိုင်ယန်ဆွန်သို့ သွားလျှင် အကောင်းဆုံးဟု ဆိုသည်။

"အဲဒီနယ်က အီတလီပြည် နယ်စပ်နားမှာလေ၊ အီတလီနယ်စပ် ဆိုပေမယ့် စိတ်ချရပါတယ်ရှင့်၊ အိမ်ကလူက ပြောတော့ မူဆိုလိုနီက ကျွန်မတို့ကို ဘယ်နည်းနဲ့မှ မတိုက်ပါဘူးတဲ့။ စစ်ကြီးက ရှောင်ပြေးပြီရှင့်၊ စိတ်ညစ်လွန်းလို့၊ အဲဒီမှာတော့ အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်းပဲတဲ့"

မဒမ်မျူးဂါးကမူ ဘီးယားရစ်သို့ အားလပ်ရက် ခရီးထွက်မည်ဟု ဆိုသည်။ ထိုအရပ်မှ လူများက သဘောလည်းကောင်းသည်။ အတ္တလန္တိတ် သမုဒ္ဒရာကြီးဆိုလည်း မြင်နိုင်သည်ဟု ဆို၏။

မည်သည့်အရပ်သို့သွား၍ အားလပ်ရက် အပန်းဖြေမည်နည်းဟု မာရီကို မေးသည့်အခါတွင် မာရီက...

"အိမ်က လူကတော့ ဆွစ်ဇာလန်ကို သွားစေချင်သတဲ့၊ ဒါပေမယ့် မသိသေးပါဘူးရှင်" ဟု ပြောသည်။

သန့်ရှင်းသည့် ဆွစ်ဇာလန် ဟိုတယ်များ။ ကမ္ဘာလှည့် ခရီးသည်တို့၏ ကျယ်လောင်သော ရယ်သံများ။ နွားခလောက်သံများ။ ကီးလ်မင်း၏ နီရဲသည့် ကုပ်ပိုးကြီး။ လူဆန်း၏ ခပ်ကြမ်းကြမ်း အချစ်နှင့် ဒေါသထွက်နေသော မျက်နှာတို့ကို မာရီ သတိရနေသည်။

မဒမ်မွန်တီနီက ညှော်သည်များကို ဂုဏ်ပြုစကားပြောသည်။ မဒမ်မွန်တီနီကား အရွယ်နှင့် မလိုက်အောင် မိတ်ကပ်တွေ လိမ်းထား၏။ ဟာလာဟင်းလင်းဖြစ်နေသည့် ပခုံးတွင်လည်း မိတ်ကပ်တွေ ဖွေးလျက်။ ဝတ်ထားလိုက်သည့် အင်္ကျီလည်ဟိုက်ကလည်း မမြင်ဝံ့ စရာ။

"အင်္ဂါနေ့ကို စိတ်ပျက်လွန်းလို့ရှင့်၊ အင်္ဂါနေ့ဆိုယင် ဘာမှမရဘူး၊ အသားလဲ ဝယ်လို့မရဘူး၊ မုန့်လဲ ဝယ်လို့မရဘူး၊ အရက်လဲ ဝယ်လို့မရဘူး၊ ကျွန်မတို့ ပြင်သစ်လူမျိုးက ဈေးမများတတ်ပဲ ရှိတာနဲ့ ရှောင့်ရဲတင်းတိမ်တတ်လို့ တော်သေးတာပေါ့၊ ဩော်... အရက်မသောက်ရပေမယ့် ဒီအမာညက်အရက်ကလေးကတော့ ကောင်းပါတယ်၊ ဗိုလ်ချုပ် မြည်းကြည့်ပါဦး၊ တောက ကျွန်မအစ်ကိုကြီး မြေတိုက်ထဲက အရက်စည်ကို ဖောက်လို့ ပို့လိုက်တာလေ၊ ဗိုလ်ချုပ်ကြည့်ရတာ ငိုင်တိုင်တိုင်နဲ့"

"အို၊ မငိုင်ပါဘူး၊ ဟုတ်တယ်၊ ဗိုလ်ချုပ်ကတော်ရဲ့ အမာညက်က တော်တော်ကောင်းသားပဲ"

"ဘာများသတင်းထူးသေးလဲ ဗိုလ်ချုပ်"

"သတင်းကတော့ သိပ်မကောင်းလှဘူး၊ စစ်သတင်းကို ပြောတာပါ၊ နော်ဝေအစိုးရက အော်စကိုလို အသိမ်းမခံဘူးတဲ့၊ ခံတိုက်မယ်တဲ့၊ ဒါပေမယ့် ဂျာမန်တွေကလဲ အတင်းတိုက်နေတာပဲ၊ ကျွန်တော့်အထင်တော့ နော်ဝေဟာ ကြာကြာခံနိုင်မယ် မထင်ဘူး၊ အခြေအနေက"

စားပွဲအစွန်တွင် ထိုင်နေသည့် ဝန်ကြီးတက်စသည် နောက်ဆုံးစကားလုံးများကိုသာ ကြားလိုက်၏။ ထို့ကြောင့် ဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ အခြေအနေက တော်တော်လေးကို တိုးတက်လာတယ်လို့ ပြောရမှာပဲ။ ကျွန်တော့်အထင်တော့ အစိုးရက လွှတ်တော်ထဲမှာ မဲအများစုကြီးရမယ် ထင်တာပဲ၊ ရှင်းရှင်းပြောမယ်ဗျာ၊ အောက်လွှတ်တော်ကတော့ ကန့်ကွက်မဲ မရှိပဲကို ထောက်ခံမှာပဲ၊ ကျွန်တော်တို့အမတ်တွေလဲ နိုင်ငံရေးအတွေးအခေါ်တွေ ရင့်သန်လာကြပါပြီဗျ၊ ဒီနေ့ ညှော်ခံပွဲဆိုယင် လူပေါင်းစုံဗျာ၊ ဒါကိုကြည့်ယင်ပဲ ကျွန်တော်တို့ညှော်ခံပွဲဟာ ပြင်သစ် ပြည်သူလူထုကြီး တရပ်လုံးရဲ့ ဆန္ဒကို ဖော်ပြနေရာ မရောက်ဘူးလား၊ မဟုတ်ဘူးလား ဗိုလ်ချုပ်"

ဗိုလ်ချုပ်ပီးကာ့က နော်ဝေးပြည်က ပထဝီဝင်အနေအထားအကြောင်း၊ တောတောင်များအကြောင်း၊ မြေပြင်အနေအထားအကြောင်းတို့ကို ပြောနေသည်။ တက်စက လက်ကို ဝှေ့ယမ်းလိုက်ပြီး...

"ဒါတွေက အသေးစိတ်တွေပါ" ဟု ပြောလိုက်သည်။

ဝန်ကြီးတက်စသည် ဗိုလ်ချုပ်ပီးကာ့ကို ကြည့်၍မရ။ သူ့ကို ကြည့်ရသည်က စစ်သားပြီပြီ ဆင်ကန်းတောတိုး လုပ်မည့်ပုံ။ သည်အထဲတွင် ဂျာမန်ဆိုသည့် လူမျိုးကလည်း ဘာ့ကြောင့်များ နော်ဝေလို တိုင်းပြည်မျိုးကို တခုတ်တရ သွားတိုက်နေရသေးသနည်း။ နော်ဝေဆိုသည့် တိုင်းပြည်က တောကြီးမျက်မည်း။ ဆင်းဆင်းရဲရဲ တိုင်းပြည်။ နော်ဝေသွားပြီး ကုန်တွင်းပိုင်းသို့ ထိုးဝင်နေသော အော်ကြီးများနှင့် သန်းခေါင်ယံ နေမင်းကို ကြည့်သူများမှာ ခပ်ကြောင်ကြောင်လူများသာ ဖြစ်သည်။ ငါးမျှားချိတ်ကို ဂျာမန်တို့ သွား၍ဟပ်သည်ကမူ ကောင်းသည်။ အနည်းဆုံး လောလောဆယ်တွင် ပြင်သစ်နယ်စပ်သို့ ရောက်လာနိုင်မည် မဟုတ်သေး။

"နော်ဝေကို ဟစ်တလာ ဝင်တိုက်အောင် မျှားခေါ်တာက အင်္ဂလိပ် လူလည်လုပ်တာဗျ၊ ကျွန်တော်တို့နဲ့ ဘာမှမဆိုင်ပါဘူး၊ ဒါကြောင့် နော်ဝေရေတပ်ဗိုလ်ချုပ် ဒါလန် ဒေါပွနေတာပေါ့ဗျ။ အင်္ဂလိပ်ကို မဟာမိတ် လုပ်ရတာထက်စာယင် ဟစ်တလာကမှ တော်သေးတယ်လို့ ပြောနေပြီလေ"

တက်စက ပြောသည်။ ဘရီကျူးက...

"အင်း... အင်္ဂလိပ်ကတော့ တမျိုးပေါ့လေ၊ ပထမကမ္ဘာစစ်ကြီးတုန်းက ကျွန်တော် အင်္ဂလိပ်တွေနဲ့တွဲပြီး တိုက်ဖူးပါတယ်၊ သောက်ကျိုးနဲ ဇီဇာကြောင်တဲ့ကောင်တွေ၊ ကတုတ်ကျင်းထဲ ဝပ်နေရတာတောင် မနက်တိုင်း မုတ်ဆိတ်ရိပ်တဲ့ ကောင်မျိုး၊ နော်ဝေက သစ်တောတွေမှာ ဒီကောင်တွေ ဘယ်လိုလုပ်ပြီး ဝင်တိုက်ပေးမလဲဆိုတာ ကြည့်ရသေးတာပဗျာ"

ဘရီကျူး၏ စကားကို အားလုံးက ဝိုင်းထောက်ခံကြသည်။

"ဒီကောင်တွေက ငါးကြီးဆီငါးကိုလဲ တော်တော်ကြိုက်တယ်နော်"

"တနေ့မှာ နော်ဝေငါးကြီးဆီငါးက သင်းတို့ကို ပြန်စားမှာပါ"

"ရေးနော့တော့ တော်တော်လေးကို လန့်နေမှာပဲဗျ"

"ငနဲကြီးတော့ ညဆိုရင် ကောင်းကောင်းတောင် အိပ်ပျော်မှာ မဟုတ်ဘူး၊ အင်္ဂလိပ် ခိုင်းရာကိုချည်း လုပ်နေရတာ၊ သူ့စာယင် ဩစတြေးလျအစိုးရကမှ နည်းနည်း လွတ်လပ်လိမ့်ဦးမယ်"

"ဒီလိုဆိုယင် ကျွန်တော်တို့ပြင်သစ်တွေလဲ သားပိုက်ကောင်တွေနဲ့ တတန်းတည်းပေါ့ဗျ"

တက်စသည် သူ့ရှေ့တွင် ဝန်ကြီးချုပ်ရေးနော့အား အပုပ်ချနေသည်ကို ကြည့်မနေနိုင်။ မိမိသည် အစိုးရအဖွဲ့တွင် ဝန်ကြီးတဦး။ ထို့ကြောင့် အစိုးရဘက်မှ ကာကွယ်ပြောရန် တာဝန်ရှိသည်ဟု ယူဆ၏။

"ဟုတ်ပါတယ်၊ မိတ်ဆွေတို့ပြောသလို ရေးနော့ဟာ အင်္ဂလိပ်ကို အထင်ကြီးတဲ့လူ၊ အင်္ဂလိပ်နောက်လိုက် ဆိုပါတော့၊ ဒါပေမယ့် သူ့ဇနီး မြို့စားကတော်ကြီးကတော့ အင်မတန် ထက်မြက်တဲ့ မိန်းမပါ၊ ကျွန်တော် မြို့စားကတော်ကြီးနဲ့ အတူတူ အလုပ်လုပ်ဖူးပါတယ်"

"ရေးနော့ရဲ့ မယားငယ်ပါဗျာ၊ မယားငယ်ကို ဒီလောက်လဲ ချီးကျူးမနေပါနဲ့"

တယောက်က မကြားတကြားပြောသည်။ တက်စက ဆက်ပြော၏။

"ကျွန်တော်တို့ မိတ်ဆွေကြီးများ ဖြစ်ကြတဲ့ ဘရီကျူးတို့၊ လာဗယ်တို့ ဝန်ကြီးအဖွဲ့ထဲကို မဝင်တာကတော့ သိပ်နာတာပဲဗျာ၊ တခုတော့ စိတ်ချပါ၊ ကျွန်တော်တို့ဟာ ဘာမဟုတ်တဲ့ သစ်တောရိုင်းတွေသာရှိတဲ့ နော်ဝေလို တိုင်းပြည်မျိုးအတွက်တော့ ဘယ်တော့မှ ဝင်တိုက်မပေးဘူး၊ စိတ်ချ၊ ဖင်လန်ကို ရုရှက ဝင်တိုက်တော့ ဖင်လန်ဘက်က ဝင်ကူဖို့ ကျွန်တော်တို့ ပထမဆုံး တိုက်တွန်းခဲ့တာပါ၊ ပြင်သစ်ပြည်ဟာ အားနည်းတဲ့ဘက်ကို ကူညီဖို့ အမြဲရှိတယ်၊ ဒါပေမယ့် ခုလို ဂျာမန်တွေ ဝင်တိုက်တဲ့ နော်ဝေလို တိုင်းပြည်မျိုးကိုတော့ မကူညီနိုင်ဘူးခင်ဗျ။ ဒါက သက်သက်မဲ့ ဂျာမန်နဲ့ အင်္ဂလိပ် စားကျက်လုတဲ့ကိစ္စ၊ ဒီကိစ္စကို အင်္ဂလိပ်နန်းရင်းဝန် ချာချီ သူ့ဘာသာသူ ရှင်းပေ့စေ၊ ကျွန်တော်တို့အနေနဲ့ ပြောရမယ် ဆိုယင်တော့ ကျွန်တော်တို့ဘက်က အားလုံး အသင့်ပြင်ပြီးပြီ၊ ဘယ်သူ အလစ်ဝင်တိုက်လို့မှ မရတော့ဘူး၊ ဂျာမန်ဟာ အနောက်ဘက်ကို တိုက်လာယင် ဟော်လန်ရဲ့ ဒီဘက်ကို လွန်ပြီး မတိုက်နိုင်ပါဘူး၊ ဟော်လန်ကို လာတိုက်ယင်လဲ ဒတ်ချ်လူမျိုးတွေက ရေကာတာတွေကို ဖောက်ချလိုက်ရုံပဲ၊ ဒီကောင်တွေ အကုန် ရေနစ်သေကုန်မှာပေါ့။ ခု ဟော်လန်အစိုးရက ရေကာတာတွေကို စမ်းဖောက်ကြည့်ပြီးပြီ။ အစမ်းလေ့ကျင့်တဲ့သဘော ဆိုပါတော့၊ အောင်လဲ အောင်မြင်တယ်လို့ သိရတယ်။ ဘယ်လဂျီယန်ကို ကြည့်ဦးမလား၊ သူကလဲ ကတုတ်ကျင်းတွေ၊ ခံတပ်တွေ အသင့်ပြင်ပြီးပြီ၊ သူတို့ခံတပ်တွေဟာ ကျွန်တော်တို့ရဲ့ မဂ္ဂိနော့ခံတပ်ကြီးလောက် ကောင်းတယ်၊ ဂျာမန်တွေက ကျွန်တော်တို့ထက် လေတပ်နဲ့ တင့်ကားမှာ သာတယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒါလောက်နဲ့ မလုံလောက်သေးဘူးခင်ဗျ။ ဗိုလ်ချုပ်လီရီဒေါ်ရဲ့ အဆိုအရ ဆိုယင်တော့ ဂျာမန်တွေဟာ ကျွန်တော်တို့ကို နိုင်အောင်တိုက်ချင်ယင် ကျွန်တော်တို့ထက် အမြောက် ခြောက်ဆလောက် သာနေရမယ်လို့ ဆိုတယ်၊ ခု ဒီကောင်တွေမှာ အမြောက် ဒီလောက် များများမရှိဘူး၊ မရှိတော့ ဘာဖြစ်သလဲ၊ သင်းတို့ ကစားပွဲဟာ စကတည်းက ရှုံးနေပြီ"

"ကျွန်တော်တို့က နောက်ပိုင်းမှာ အားနည်းနေတယ်ဗျ" မျုးဂါးက ပြောသည်။ "ခု ပြည်တွင်းမှာ ကွန်မြူနစ်တွေကပြန်ပြီး ခေါင်းထောင်လာတယ်၊ ခု သပိတ်တွေ စလာတယ်။ ဒီသပိတ်တွေ ပျံ့နှံ့သွားမှာ စိုးရတယ်၊ သူတို့ကြေငြာချက်တွေကို ဖတ်ကြည့်ပါလား။ ကျွန်တော့်မှာတောင် တစောင် ပါလာသေးတယ်"

"တော်တော်စော်ကားတဲ့ ကောင်တွေပဲ"

"အမှန်ကတော့ ကွန်မြူနစ်အမတ်တွေကို လွှတ်တော်ထဲကဆွဲထုတ်ပြီး

ပစ်သတ်ပစ်ဖို့ပဲ ကောင်းတယ်”

“ပြီးတော့ ဒီကောင်တွေက အပေါစား ဝါဒဖြန့်နေကြတယ်၊ ခု ကွန်မြူနစ် ဂရူးဇေးကို တရားစွဲတော့ တရားခွင်မှာ သူလျှောက်လဲတဲ့ လျှောက်လဲချက်တွေကို လူတွေ ပြောပြောနေကြတယ်”

“အမှန်ကတော့ တရားခွင်မှာ တင်စစ်တာကို မှားတယ်၊ တရားခွင်မှာ မတင်ဖို့ ကျွန်တော် ဝန်ကြီးချုပ်ကို ပြောသားပဲ၊ တရားခွင်မှာ မတင်ပဲ ထောင်ထဲထည့်ထားလိုက်ယင် ပြီးတာပဲ၊ ပြီးတော့မှ စွဲချင်စွဲယင်လဲ နိုင်ငံတော်သစ္စာဖောက်မှုနဲ့ စွဲပစ်ရမယ်”

တက်စက သက်ပြင်းတချက် ချလိုက်ယင်း...

“ကျွန်တော်တို့မှာ အခြေခံဥပဒေ ရှိတယ်လေ၊ ဒီအခြေခံဥပဒေကို ကျွန်တော်တို့ လိုက်နာရမယ်၊ ပြဋ္ဌာန်းချက်အတိုင်း လုပ်ရမယ်၊ ချတော့လဲ နှစ်နှစ် သုံးနှစ်ထက် ပိုချလို့မရဘူးလေ”

တက်စသည် အမာညက်တခွက်ကို သောက်လိုက်၏။ စိတ်ထဲတွင် ကြည်လင်ခြင်း မရှိ။ သူတို့တက်လာလျှင် သူ့သမီးလေး ဒင်းနိုစ်အတွက် စိုးရိမ်သည်။ သူတို့သည် ဒင်းနိုစ်ကိုလည်း ပစ်သတ်ကြတော့မည်။ သို့ရာတွင် တက်စသည် သူ့ကိုယ်ကို ပြန်၍ ထိန်းလိုက်သည်။ ချက်ချင်း အာသွက်လာကာ သတ္တိကောင်းလာ၏။ ဧည့်ပရိတ်သတ်ကို ကြည့်ရသည်ကလည်း ပျော်ပျော်ရွှင်ရွှင်။ တက်စသည် သကြားခဲညှပ်သည့် ဇာဂနာကို လက်တွင်ကိုင်ကာ စားပွဲဝိုင်းနားတွင် ရပ်နေသည်ဟု မထင်။ နိုင်ငံတော်၏ တက်မကို ကိုင်၍ ရပ်နေသည်ဟု ထင်နေသည်။

ထိုနောက် ပရိသတ်များ၏အာရုံသည် ဗိုလ်ချုပ်ပီးကာ့ထံသို့ ရောက်သွားကြပြန်သည်။ ဗိုလ်ချုပ်ပီးကာ့သည် ဗိုလ်ချုပ်ဂေါ့၏ အကြောင်းကို ရယ်စရာလုပ်၍ ပြောလျက်ရှိ၏။

မွန်တီနီ၏သမီး ဂျိုးဇက်ဖင်းက တက်စနားသို့ ရောက်လာကာ...

“ဦး... အစ်ကိုလူဆန်းတယောက်ကော ဘယ်ရောက်နေသလဲ” ဟု မေးသည်။

တက်စသည် မျက်နှာတွေ ထူပူသွားသည်။ သူ့သားအကြောင်းကို သူ့ကို မည်သူမျှ မမေးကြ။ ယခုအကြိမ်သည် သူ့သားအကြောင်းကို သူ့ထံ ပထမဆုံး လာမေးခြင်း ဖြစ်သည်။ တက်စက မစဉ်းစားပဲ ကောက်ကာငင်ကာ ဖြေလိုက်သည်။

“ပျောက်သွားတာပဲလေ”

စကားမှားသွားသည်ကို ချက်ချင်းသိလိုက်သည်။ ထို့ကြောင့် ပြန်ပြင်လိုက်သည်။

“ခုလောက်ဆို သေများ သေနေပြီလား မသိပါဘူးကွာ၊ ခက်တယ်”

တက်စ၏အသံ တုန်နေသည်။

ဂျိုးဇက်ဖင်းက တရှုပ်ရှုပ် ငိုနေသည်။ တက်စ၏ မျက်လုံးတွင်လည်း မျက်ရည်တွေ ဝဲလာသည်။ မျက်လုံးကို လက်ချောင်းဖြင့် မသိမသာ ပွတ်လိုက်၏။ ငှက်နှုတ်သီးနှာခေါင်းကလည်း တရှုပ်ရှုပ်။

မွန်တီနီ ရောက်လာသဖြင့် တက်စ ပြန်၍ ဣန္ဒြေဆည်လိုက်သည်။ မိမိသည် တိုင်းပြည်ခေါင်းဆောင်။ တိုင်းပြည်ခေါင်းဆောင်ဆိုသည်မှာ စိတ်လိုက်မာန်ပါ လုပ်၍ မဖြစ်။ စိတ်ခတ်ကြံ့ခိုင်ရမည် မဟုတ်လော။

တက်စက ပြောသည်။

“ဟစ်တလာတော့ နောက်ထပ်ခြေလှမ်းတလှမ်း မှားသွားပြန်ပြီဗျ။ နော်ဝေကို သွားတိုက်တယ်ဆိုတော့ တကယ့်ရေမြင်းတွေကို သွားတိုက်တာနဲ့ အတူတူပဲ၊ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ လုပ်နေကျ အလုပ်လုပ်ပြီး အဆင်သင့်ပြင်နေရမှာပဲ၊ ဝန်ကြီးချုပ် ဒလားဒီးယား လက်ထက်တုန်းက ကျွန်တော်တို့အနေနဲ့ လယ်သမား ငါးသိန်းလောက်ကို တပ်ထဲသွင်းဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် ခက်တာက ကျွန်တော်တို့တိုင်းပြည်မှာ ထွန်ယက်ဖို့ စိုက်ပျိုးဖို့လဲ လိုသေးတယ်ဗျ။ ကျွန်တော်တို့ဟာ ပြင်သစ်ပြည်ကြီးဟာ ကမ္ဘာ့အလယ်မှာ ခန့်ခန့်ထည်ထည် ရပ်နိုင်တယ်ဆိုတာ ကမ္ဘာသိအောင် ပြရမယ်”

မွန်တီနီက ခေါင်းညိတ်သည်။ ဟုတ်သည်… သူပြောသည်မှာ မှန်သည်။ မွန်တီနီသည် တက်စကို ဖက်လိုက်ပြီးနောက် တခန်းလုံး ကြားနိုင်လောက်သည့်အသံဖြင့် ပြောလိုက်သည်။

“ခင်ဗျား ပွိုင်တိုးမှာ မြေကွက် ဝယ်ခဲ့တယ်၊ တကယ်က ပွိုင်တိုးဟာ ပြင်သစ်ပြည်ရဲ့ ဗဟိုချက်မ၊ နယ်စပ်တွေနဲ့ အဝေးကြီး၊ ကျွန်တော့်အိမ်က ဆဗွိုင်းမှာ၊ ရှင်းရှင်းပြောရရင် နယ်စပ်နဲ့နီးတော့ ကျွန်တော်ကြောက်တယ်၊ ခင်ဗျားသိတဲ့အတိုင်း အီတလီဆိုတဲ့လူမျိုးက ခပ်ရှုးရှူးလူမျိုး၊ ဒါကြောင့် ကျွန်တော်တို့မှာ လန့်နေရတယ်၊ ဒါပေမယ့် ခင်ဗျားက ပွိုင်တိုးမှာဆိုတော့ စိတ်ချလက်ချ အိပ်နိုင်တာပေ့ါ။ ပွိုင်တိုးကို ဘယ်ရန်သူမှ လာနိုင်မယ် မဟုတ်ပါဘူး၊ ဒါ့ကြောင့် ခင်ဗျားဟာ အမြော်အမြင်ရှိတဲ့ နိုင်ငံရေးသုခမိန် ဖြစ်တာ၊ ဒီအကြောင်းကို ဘရိုကျူးနဲ့တောင် ပြောမိသေးတယ်ဗျ”

ဝန်ကြီးချုပ် ဒလာဒီးယားနေရာတွင် ရေးနော့ တက်လာသည်ဟု ကြားရသည့်အခါ၌

မျူးဂါးက ဂရမ်ဒယ်ကို ပြောသည်။

“မေလတရက်နေ့မှာ အစိုးရကို ဖုံးကြဲလေယာဉ် တရာ့ရှစ်ဆယ် သွင်းစရာရှိတယ်။ ခုတော့ အခြေအနေတွေ ပြောင်းသွားပြီ၊ ဒီတော့ သက်ဆိုင်ရာဝန်ကြီးကို တွေ့ယင် ပြောလိုက်ဗျာ၊ ဖုံးကြဲလေယာဉ်တွေကို နောက်ထပ် စမ်းသပ်စစ်ဆေးရဦးမယ်လို့ မပြီးသေးဘူးလို့”

ဂရမ်ဒယ်က ပြုံးလိုက်သည်။

“ကျွန်တော် နားလည်ပါတယ်၊ ရေးနော့ဆိုတဲ့လူက ကံစမ်းချင်တဲ့သူ၊ သူကြီးပွါးမယ်ဆိုယင် ကျွန်တော်တို့ တိုင်းပြည်ကို စစ်ထဲ ဆွဲသွင်းဖို့လဲ ဝန်လေးမယ့်လူစား မဟုတ်ဘူး၊ နေစမ်းပါဦးဗျ။ ကျွန်တော်တို့တပ်တွေကို ဘာကိစ္စ နော်ဝေကို ပို့ရမှာတဲ့လဲ၊ ဒီလူ ဒီအတိုင်းသာလုပ်နေယင်တော့ ကြာကြာမခံပါဘူး၊ ခဏနေယင် ကန်အထုတ်ခံရမှာပါ။ တပွဲလောက်ရှုံးယင် ဒီလူ ထွက်သွားမှာပေါ့၊ ဂျာမန်တွေကိုတော့ သွားမစမ်းနဲ့နော၊ မလွယ်ဘူး၊ ပြီးတော့ သူက ဒက်ဇာကို သွားပြီး ချီးကျူးနေတယ်ဆို၊ ဒက်ဇာနဲ့ ပေါင်းယင်တော့ ဒီလူ ဒုက္ခရောက်နိုင်တယ်နော်... ကောင်းကျိုးပေးမှာ မဟုတ်ဘူး”

တခါက လက်ညှိုးညွှန်ရာ ရေဖြစ်ခဲ့သည့် ဒက်ဇာသည် ယခုအချိန်တွင် လူရယ်စရာ ဖြစ်နေလေပြီ။ ကာတွန်းဆရာများသည် ဒက်ဇာအကြောင်း ရယ်စရာ ကာတွန်းတွေ ရေးခြင်းဖြင့် ကြီးပွါးနေကြသည်။

ဘရီးကျူးက ဂျိုလီယော့ကို ညွှန်ကြားချက်ပေးသည်။

“ဒက်ဇာကိုတော့ ရစရာမရှိအောင် သိက္ခာချထားမှ ဖြစ်မယ်ဗျို့၊ ဒက်ဇာဆိုတဲ့လူဟာ ကမ္ဘာ့ကုန်သည်၊ ကမ္ဘာ့ဈေးသည်၊ အမြောက်ကုန်သည်၊ အစိုးရကို နောက်ကွယ်က ကြိုးဆွဲတဲ့ ငွေရှင်ကြေးရှင် ဆိုတာကို ဖွင့်ချရမယ်၊ သူကတော့ စစ်ကို နိုင်အောင် တိုက်စေချင်မှာပေါ့။ အိုဗျာ ဒက်ဇာကိုတော့ ကြိုက်သလိုသာရေး၊ နှစ်ပြားမှ မတန်အောင် ရေးချင်တယ် ဆိုယင်လဲ ရေးသာရေး၊ ခင်ဗျားသတင်းစာကို ဘာမှ အဖြတ်အတောက် မရှိစေရဘူး၊ ဆင်ဆာက မဖြတ်စေရပါဘူးလို့ တက်စက ကျွန်တော့်ကို ကတိပေးပြီးပြီ”

မွန်တီနီကလည်း ဒက်ဇာကို သိက္ခာချရန် ဂျိုလီယော့ကို အမိန့်ပေးသည်။ ဂျိုလီယော့က ကန့်ကွက်သည်။

“နိုင်ငံရေးအခြေအနေ၊ အလားအလာဆိုတာ ပြောင်းနိုင်တာမျိုးပဲဗျ... ဒါသဘာဝပဲ၊ ကျွန်တော် ဘာမှ မပြောလိုပါဘူး၊ ဒါပေမယ့် ဒက်ဇာကို သိက္ခာချဖို့ ဆိုတာကတော့ စဉ်းစားရမယ်ခင်ဗျ။ ကျွန်တော် ဒုက္ခရောက်နေတုန်းက ဒက်ဇာဟာ ကျွန်တော့်ကို ကယ်ခဲ့တယ်၊ မိတ်ဆွေဟောင်းတယောက်ကို သစ္စာဖောက်တယ်ဆိုတာ ဘယ်ကောင်းမလဲ၊ ပြီးတော့ ဘာပြောပြော ဒက်ဇာဟာ ရိုးသားတယ်၊ ဒက်ဇာဟာ မာဆေးမြို့သားတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မာဆေးကို ချစ်တယ်၊ မာဆေးက တံငါသည်တွေနဲ့တောင် သွားပြီး စကားပြောတယ်လို့ ကြားဖူးတယ်၊ ပြီးတော့

မျိုးချစ်စိတ်ဓာတ်ရှိတယ်။ တကယ့်ပြင်သစ်၊ ဒါကြောင့်လဲ ပြင်သစ်လူမျိုး ဒက်ဇာအနေနဲ့တော့ သိက္ခာချပြီး မရေးနိုင်ဘူး၊ ရေးချင်းရေးယင် ဒက်ဇာဟာ ဂျာမန်ရေဝတီလူမျိုး ဖြစ်တယ်၊ အမေရိကန်က ဝယ်ထားတယ်လို့ပဲ ရေးရမှာပဲ”

ယခင်တုန်းကဆိုရင် ဒက်ဇာသည် အလွန်ဩဇာကြီးသည်။ နည်းနည်းကလေး အခြေယိုင်လာသည့်အခါတွင် အားလုံးက ဒက်ဇာကို ဝိုင်းတွန်းကြသည်။ ဒက်ဇာ ကျနေပြီဟု ဆိုသည်။ “ဒက်ဇာတယောက် မွဲသွားပြီ” ဟု ပြောကြသည်။ မည်သူကမျှ ဒက်ဇာကို ဆေးဖော်ကြောဖက် မလုပ်ချင်ကြတော့။ ဆိန်း လေယာဉ်စက်ရုံမှ အင်ဂျင်နီယာများကဆိုလျှင် “နောက်တခါ ကုမ္ပဏီ နှစ်လည်အစည်းအဝေးအထိတော့ အဘိုးကြီး အလုပ်အကိုင် ရှိဦးမှာပေါ့ဗျာ” ဟု ဆိုကြသည်။ သူ၏မာလီကပင် ဒက်ဇာကို အယုံအကြည်ရှိဟန် မတူတော့။ လခကို ကြိုတောင်းနေသည်။

ဒက်ဇာသည် အရက်ကို ယခင်ကထက် သောက်၏။ လူတွေနှင့်လည်း ခပ်ကင်းကင်း နေသည်။ သူ့တွင် နှလုံးရောဂါ ရှိသည် ဆိုခြင်းကို ဂျဲနက်ကိုပင် မပြော။ မိတ်ဆွေများနှင့် သူတွေ့သည့်အခါတွင် ဒက်ဇာက ပြောင်သလိုလိုဖြင့်…

“ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ခွင့်ပြုပါခင်ဗျာ၊ အစိုးရကို နောက်ကွယ်က ကြိုးကိုင်နေတဲ့ ဂျာမန်ရေဝတီလူမျိုး ငွေရှင်ကြေးရှင်တယောက်ပါ၊ မာလီကတောင် မယုံလို့ လခကို ကြိုပြီး အတောင်းခံရတဲ့လူပါ” ဟု အရွဲ့တိုက်တတ်သည်။

သူ့သွား၍ စကားပြောသူများက တဘက်သို့ လှည့်သွားကြသည်။ ဒက်ဇာကို ကြည့်ရသည်က စိတ်မချမ်းသာစရာ။ ရောဂါကလည်းရှိ၊ စိတ်ကလည်း ထွေနေသည့်အခါတွင် သူ့မျက်နှာသည် မှုန်မွှားမွှား ဖြစ်နေသည်။ ပုံပန်းသဏ္ဌာန်ပင် မပေါ်တော့။

ဒက်ဇာကိုကြည့်၍ ဂျဲနက် သနားသည်။ သနားသည်ဆိုလျှင်ပင် သနားသူရော အသနားခံသူပါ မကောင်းတော့။ တခါတွင်မူ ဂျဲနက်သည် ဒက်ဇာ စိတ်ပြောင်းသွားအောင် ဒေါသထွက်အောင် သူ့ကို နာနာကျည်းကျည်းတွေ ပြောပစ်လိုက်သည်။ သို့ရာတွင် ဒက်ဇာ စိတ်မဆိုး။ ခါးကြီးကုန်းသွားကာ ခွေးအိုကြီးတကောင်၏ နူးညံ့မှုန်မွဲသော မျက်လုံးများဖြင့် သူ့ကို မော်ကြည့်နေသည်။ ထိုအခါတွင် ဂျဲနက် သနားသွားကာ သူ့ကိုပြေးဖက်ပြီး တွတ်တီးတွတ်တာပြောသည်။ သို့ရာတွင် ဒက်ဇာသည် ဘာမျှမပြော။ “အင်း… ဂျဲနက်၊ ဂျဲနက်” ဟု ဂါထာရွတ်သလို ရွတ်နေသည်။ ဂျဲနက်သည် သူ့ဘဝကို ကယ်တင်နိုင်သည့်နှယ်။ လောကကြီးတွင် သူ့အဖို့ ဘာမျှ တွယ်တာစရာ မရှိတော့။ ဂျဲနက် တဦးတည်းသာလျှင် သူ့ဘဝတွင် တွယ်တာစရာ။ နှောင်ဖွဲ့စရာ။ ဒက်ဇာသည် သေရမည်ကို ပို၍ကြောက်လာ၏။ သေရခါနီး ဝေဒနာခံရမည်ကို ကြောက်ခြင်းမဟုတ်။ သေပြီးသည့်နောက် ဘာမျှမရှိသည့် ဟာလာဟင်းလင်းကြီးကို ကြောက်ခြင်းဖြစ်သည်။ သေသည်၏ အခြားမဲ့တွင် ဘာမျှမရှိတော့။ အကောင်းလည်းမရှိ။ အဆိုးလည်းမရှိ။ သည်အကြောင်းကို တွေးလိုက်လျှင် စိတ်တွေ ကယောက်ကယက် ဖြစ်လာကာ ခွေးအူသလို ထပြီး အူလိုက်ချင်သည်။ မိမိသည် ဂျဲနက်ကို ဖျက်ဆီးနေခြင်း ဖြစ်သည်ဟု သူ့ဘာသာသူ ပြောမိသည်။ ထို့ကြောင့် ဂျဲနက်နှင့် လမ်းခွဲရန် ဆုံးဖြတ်သည်။ သူ့ဆုံးဖြတ်ချက်သည် ရက်သတ္တပတ် အနည်းငယ်မျှ ကြာ၏။ သို့ရာတွင် ညတွင်မူ သူမနေနိုင်။ ဂျဲနက်ထံ ထ၍ တယ်လီဖုန်းဆက်ပြီး ထိတ်လန့်တကြား ရောက်လာတတ်သည်။

“ကျုပ် လာရမလားဟင်”

ဒက်ဇာက မေးသည်။ ဂျဲနက်က သူ့ဆံပင် ဖြူဖြူကြမ်းကြမ်းကြီးတွေကို လက်ဖြင့် ပွတ်ပေးသည်။ သူထိတ်လန့်နေသည်။ သူ့မျက်လုံးရှကြီးများတွင်လည်း မျက်ရည်တွေ ဝဲနေသည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြ၏။

မေလတရက်နေ့တွင် ဒက်ဇာသည် ကာလ်တန် ပျော်ပွဲစားရုံတွင် မျိုးဂါးနှင့် သွားတွေ့သည်။

"နေလို့ သိပ်မကောင်းဘူးဆို" မျိုးဂါးက မေး၏။

"ဟင့်အင်း မဟုတ်ဘူး၊ ကောင်းပါတယ်၊ သိပ်ကောင်း"

"ကျွန်တော်တို့ အရွယ်မှာ ကျန်းမာရေးဟာ အရေးအကြီးဆုံးပဲဗျ၊ ဒီနေ့ ဘာနေ့လဲ သိရဲ့လား။ မေလတရက်နေ့လေဗျာ၊ ဒီနေ့ မေလတရက်ဆိုတာ ဘယ်သူမှ အမှတ်ရပုံ မရကြဘူး၊ မနှစ်က သည်ရက်မှာ ကျွတ်တော်တို့တတွေ ဘယ်လောက် စိုးရိမ်သောက ရောက်ခဲ့ကြရသလဲ၊ သပိတ်တွေ ဖြစ်လာမလားဟဲ့၊ လူထုဆန္ဒပြပွဲတွေ ဖြစ်လာမလားဟဲ့နဲ့ စိုးရိမ်လိုက်ရတာ၊ ဟော... ဒီနှစ်ကျတော့ ဒီလို မဟုတ်တော့ဘူးဗျာ၊ မေဒေးဆိုတာ သာမန်အားလပ်ရက် တရက်လောက်ပဲ ရှိတော့တယ်၊ အကောင်းမရှိပဲ အဆိုးမရှိနိုင်ဘူးဗျ။ မဟုတ်ဘူးလား"

မျိုးဂါးသည် ဒက်ဇာကို "အနီ" ဟု မကြာခဏ ခေါ်လေ့ရှိသည်။ ခေါ်ဖန်များသည့်အခါတွင် သူကိုယ်တိုင်ပင် ယုံချင်သလိုလို ဖြစ်လာသည်။ သို့ရာတွင် ဒက်ဇာကမူ အရေးမကြီးဟန်ဖြင့် "ကျွန်တော့်မှာ ဒါတွေမရှိတော့ပါဘူးဗျ၊ ဟာလာဟင်းလင်း ဖြစ်နေပါပြီ" ဟု ပြောတတ်သည်။

လမ်းလျှောက်လာယင်း ပန်းရောင်းသည့် မိန်းကလေးတယောက်နှင့် တွေ့သည်။

"ဦး... နှင်းဆီပန်း စိမ်းစိမ်းလေးတွေ ဝယ်သွားပါဦးလား၊ တစည်းမှ ပြားနှစ်ဆယ်တည်းရယ်ပါ၊ ကံကောင်းတယ်လေ ဦးရဲ့"

ပန်းသည်မလေးက ချစ်စရာ။ သွားကလေးတွေက ကြွက်သွားကလေးတွေလို လှပလျက်။ မျက်လုံးများက အထိတ်တလန့် ဖြစ်နေပုံ။ ဒက်ဇာသည် ပွင့်ခါစ ပန်းတစည်းကို ဝယ်လိုက်၏။ သည်ပန်းများသည် တကယ်ပင် ကံကောင်းသည့် ပန်းများလော။ မဟုတ်။ အလကား ပြောနေခြင်း ဖြစ်သည်။ ဒက်ဇာသည် မျိုးဂါး၏ အပြုံးကို မြင်၏။ ပန်းသည်မလေး၏ မျက်လုံးများနှင့် ဂျဲနက်၏ မျက်လုံးများကိုလည်း မြင်ယောင်သည်။ သူ့အဖို့ ထွက်ပေါက် မရှိ။ သူတို့အားလုံးသည် သေကြရတော့မည်။ သူ၊ ဂျဲနက်။ လူတွေ အားလုံး။ ဒက်ဇာသည် နီးရာ အရက်ဆိုင်ထဲသို့ ဝင်သွားကာ ကော့ညက်တခွက်ကို အားရပါးရ မော့ချလိုက်သည်။ ရေဒီယိုမှ သီချင်းသံကို ကြားရ၏။ "စမ်းချောင်းကလေး နံဘေးတလျှောက်ဝယ်၊ ပျော်စရာတွေ စီးဆင်းလာခဲ့တယ်၊ ဒါပေမယ့်ကွယ် စမ်းရေဟာ အစီးမြန်လှတယ်..."

နောက်အပတ်အကြာတွင် ဒက်ဇာသည် ဂျဲနက်နှင့် တွေ့၏။ ဂျဲနက်က သူ့ကို မမြင်။ လမ်းတွင် ခပ်သုတ်သုတ် လျှောက်လာသည်။ မျက်နှာက ပြုံးလျက်။ သူနှင့် မတွေ့ရသည့်အခါများတွင် ဂျဲနက် ပျော်နေသည်ဟု ဒက်ဇာထင်သည်။ ဟုတ်သည်။ သူမရှိလျှင် ဂျဲနက် ပျော်နေသည်။ သူတို့ လမ်းခွဲကြမှ ဖြစ်တော့မည်။

ဂျဲနက်အား အခန်းပြောင်းရန် ဒက်ဇာ မကြာခဏ တိုက်တွန်းတတ်သည်။ သို့ရာတွင် ဂျဲနက်က လက်မခံ။ ဂျဲနက်သည် ယခင် သူနေခဲ့သည့် အခန်းကလေးမှာပင် နေလျက်ရှိ၏။ အိမ်ရှင် မိန်းမကြီးက ခပ်ဖိုင့်ဖိုင့်။ ပေါင်ဒါအဖွေးသားနှင့်။ လှေကားက ခပ်မှောင်မှောင်။ ထိုလှေကားကြီးကို သူ မောမောနှင့် တက်ခဲ့ရပေါင်း များလှပြီ။

နောက်တထစ်ကိုပင် တက်နိုင်ပါဦးမည်လောဟု တက်တိုင်း သံသယ ဖြစ်ခဲ့ရသည်။ လမ်းကြားများက အိမ်သာနံ့၊ အပေါစား ပေါင်ဒါနံ့တို့ဖြင့် ထုံနေသည်။ ဂျဲနက်၏ အခန်းကလေးက ရှည်မျော့မျော့။ ခပ်ကျဉ်းကျဉ်း။ နာရီစင်ပေါ်တွင် ထိုအရုပ် ရှိနေသည်မှာ နှစ်ပေါင်းငါးဆယ်လောက် ရှိတော့မည်။ သည်နေရာတွင် အလျင်က မည်သူများ နေခဲ့လေသည် မသိ။ ကျော်စောမှုကို စိတ်ကူးယဉ် အိပ်မက်မက်ခဲ့သည့် ပန်းချီဆရာတစ်ဦးလော။ ပြဇာတ်မှ ကချေသည်မတဦးကို တဘက်သတ်ချစ်ခဲ့သည့် စာရင်းကိုင်တဦးလော။ ဆံပင်တုတပ်ပြီး ကြောင်ကြောင်ကျားကျား လည်စည်းတွေ တပ်သည့် အရုပ်ဆိုး အကျည်းတန်တယောက်လော။ မှတ်ပုံတင်ကတ်ပြား မရှိသည့် ဂျာမန် ပြည်ပြေးတယောက်လော။ အခန်းကလေးက ခပ်မှောင်မှောင်။ လှောင်အိုက်လျက်။ အထီးကျန်ဖြစ်မှုသည် အခန်းကလေးထဲတွင် ကြီးစိုးကာ ဝိညာဉ်ပေါ်သို့ ပိကျနေသည်ဟုပင် ထင်ရတော့သည်။

"ကျုပ်တို့ နောက်ထပ် မတွေ့ကြယင် ကောင်းမယ် ထင်တယ်"

ဒက်ဇာက ခပ်တိုးတိုး ပြောသည်။ ဒက်ဇာသည် တခုခုကို ကြောက်နေသည်ဟု ဂျဲနက် ထင်သည်။

"ဘာဖြစ်လို့လဲ ဦး"

"ကျုပ်တို့ နောက်ထပ် မတွေ့ကြယင် ကောင်းမယ် ထင်တယ်" ဒက်ဇာက ခပ်တိုးတိုး ပြောသည်။ သူက သည်လိုပြောလျှင် ဂျဲနက်က ဘယ်သို့ဘယ်ညာဟု ပြောလိမ့်မည် ထင်ခဲ့သည်။ သို့ရာတွင် ဂျဲနက်က သူထင်သည့်အတိုင်း မဖြေ။

"ကောင်းသားပဲ" ဟု တိုးတိုးပြောသည်။

လောကကြီးတွင် ဘာမျှ မရှိတော့။ အလိမ်၊ အညာ၊ အတုအယောင်ပင် မရှိတော့ဟု ဂျဲနက် တွေးနေသည်။ စင်စစ် သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် အတုအယောင်။ အလိမ်အညာ။ ယခု ထိုအတုအယောင်၊ အလိမ်အညာပင်လျှင် မရှိတော့။ ဂျဲနက်က ဤသို့ ဖြေလိုက်သည့်အခါတွင် ဒက်ဇာကလည်း ဘာမျှမဖြစ်။ ဒက်ဇာသည် တည်ငြိမ်နေသည့် သူ့အဖြစ်ကို သူကြည့်၍ အံ့သြနေသည်။ ဟုတ်သည်။ သေခြင်းဆိုသည်မှာ ဤသို့ပင် ဖြစ်ရမည်ဟု ဒက်ဇာ တွေးသည်။ သည်လိုဆိုလျှင် သေခြင်းတရားသည် ဘာမျှ ကြောက်စရာမကောင်း။

ထိုနေ့ညမှာ ပူနွေးသည့် မေလ၏ ညတညဖြစ်သည်။ မည်းမှောင်နေသည့် ပါရီမြို့ကြီးပေါ်တွင် ကြယ်တွေ လက်နေကြ၏။ သစ်ကြားပင်ပေါ်မှ သစ်ရွက်များကြားတွင် တီးတိုးသံများကို ကြားရသည်။ အနီးရှိ ဘုရားရှိခိုးကျောင်းမှ နာရီစင်က နာရီတမောင်းရိုက်သံကို ကြားရသည်။

"ချစ်သူတွေ ချိန်းတွေ့ဖို့ ကောင်းတဲ့ညမျိုး" ဟု ဒက်ဇာက ပြုံး၍ ပြောသည်။ ဒက်ဇာသည် ပြတင်းဝမှ နေ၍ အပြင်သို့ ငေးကြည့်နေသည်။

"ဘယ်မှာ ချစ်သူတွေ ရှိလို့လဲ ဦးရဲ့၊ ကြယ်တွေရယ်၊ သစ်ပင်တွေရယ်၊ ကဗျာတွေပဲ ရှိတာပဲ မဟုတ်လား၊ ဘာလိုလိုနဲ့ ဂျဲနက်ရော၊ ဦးရော အသက်တွေ ကြီးလာကြပြီနော်"

"မင်းက ဘဝမှာ မနေရသေးပါဘူးကွယ်၊ ကျုပ်က ရှေ့က ပိတ်ထားတော့ လူ့ဘဝထဲကိုတောင် မရောက်သေးပါဘူး၊ ခုတော့ တော်ပီလေ၊ ကျုပ် မင်းလမ်းမှာ ပိတ်မထားတော့ပါဘူး၊ ကျုပ်လဲ နေရတော့မှာ မဟုတ်ပါဘူး"

နောက်ဆုံး စကားလုံးများမှာ ရည်ရွယ်ခြင်း မရှိပဲ အလိုလို နှုတ်မှ ထွက်သွားကြခြင်း

ဖြစ်သည်။ ဒက်ဇာသည် သူ့ကိုယ်သူ စိတ်တိုသွားသည်။ သူ သည်လိုပြောလျှင် ဂျဲနက်သည် သူ့ကို သနားဂရုဏာတွေ သက်ရပြန်ဦးတော့မည်။ အချစ်ဆိုသော အရာသည် ပိုက်ဆံဖြင့်ဝယ်၍ ရကောင်းသောအရာ မဟုတ်ဟု သူ့ဘဝတလျှောက်လုံး ဒက်ဇာ ယုံခဲ့သည်။ ဂျဲနက်ဆိုသည့် မိန်းကလေးကလည်း မျက်ရည်ဖြင့် ဝယ်၍ရသည့် မိန်းကလေးမျိုး မဟုတ်။ ဂျဲနက်က ဒက်ဇာ ဖြစ်နေပုံကို သတိမထားမိ။

"ဟုတ်တယ်၊ ဂျဲနက်လဲ မနေချင်ဘူး၊ တခါတုန်းကတော့ ကိုယ့်ကိုကိုယ် သေဖို့တောင် ကြိုးစားခဲ့သေးတယ်၊ ဒါပေမယ့် ကံဆိုးချင်တော့ မအောင်မြင်ခဲ့ဘူး၊ ဦးကော"

"ကျုပ်ကတော့ သေရမှာကို ကြောက်တယ်၊ ဦးဆိုလိုတာက ဒီလိုပါလေ၊ သေတယ်ဆိုတာ ဘယ်လိုဟာလဲဆိုတာ နားမလည်ဘူးလို့ ဆိုလိုတာပါ"

ဒက်ဇာ ပြန်တွေ့မည်ဆဲဆဲတွင် လေယာဉ်ပျံပစ် အမြောက်သံများကို ကြားရ၏။ အမဲလိုက်ခွေးအုပ်များကို ဖြေလွှတ်လိုက်သည့်အခါတွင် တကောင့်တကောင် ဟောင်ကြသည်နှင့်တူသည်။ မီးမောင်းကြီးတွေက ကတ္တီပါနက်ရောင် ကောင်းကင်ကြီးတွင်းသို့ ထိုးရှာနေကြသည်။ ဥဩသံတွေ ဆူညံလျက်။ သူတို့အော်သံက ကြောက်စရာ။ သက်ရှိသတ္တဝါကြီးတွေ အူသံကြီးတွေနှင့် တူနေသည်။

"ဘာသံတွေလဲ ဦး"

ဂျဲနက်က မေး၏။

"ဒါ... အစပဲ ရှိသေးတယ်ထင်တယ်၊ နွေဦးပေါက်ကို ရောက်တော့မယ် မဟုတ်လား၊ ချစ်သူတွေ ချိန်းတွေ့ဖို့ ကောင်းတဲ့ညလို့ ဦးပြောခဲ့တယ်လေ၊ အစိုးရခေါင်းဆောင်တွေ ထင်တာက ဂျာမန်တွေဟာ ငြိမ်ပြီး အသာထိုင်နေကြမယ်လို့ ထင်နေကြတယ်၊ မျူးဂါးကတော့ တိုင်းပြည်ကြီးက ငြိမ်သက်နေတာပဲဗျာတဲ့၊ ဦးကို ပြောခဲ့ဖူးတယ်။ သူ့ကို ကြည့်ရတာကလဲ ဝမ်းသာနေတဲ့ပုံ၊ အင်း... တော်တော်သနားစရာကောင်းတဲ့ သတ္တဝါတွေ၊ အေးလေ... ဒီထက်တောင် ဆိုးပါသေးတယ်၊ ဒီလူတွေဟာ သစ္စာဖောက်တွေ၊ တိုင်းပြည်ကို သစ္စာဖောက်နေတဲ့ လူတွေ၊ သေမှာကို မကြောက်ဘူးဆိုတာ တကယ် ပြောတာလားဟင်... ကလေးမ"

"ဒါပေါ့ ဦးရဲ့၊ တကယ်ပေါ့"

ဂျဲနက်က ပြတ်သားစွာ ပြောသည်။

လေယာဉ်ပစ် အမြောက်သံများက မြည်ဟီးနေကြဆဲ။

နောက်ဆုံးတွင် လေကြောင်းရန် အချက်ပေး ဥဩသံများသည် တိတ်ဆိတ်သွားကြ၏။ ဒက်ဇာက ပြတင်းပေါက်နားက ကုလားထိုင်တွင် ထိုင်နေသည်။ မနက်လင်းသည်အထိ နေရမည်လောဟု ဒက်ဇာက မေး၏။ ငှက်တို့ တေးသီစပြုပြီ။ နေခြည်က စွေစွေစောင်းစောင်း။ အရိပ်တွေက ရှည်မျောမျော။ လေက အေးနေသည်။ လော်ရီကားကြီးများသည် ကုန်စိမ်းတွေ တင်၍ မောင်းသွားကြသည်။ ထို့နောက် နွားနို့သည် မိန်းမကြီး ဖြတ်သွားသည်။ ဒက်ဇာအဖို့ မနေ့ညက ဘာမျှမဖြစ်သည့်နှယ်။ လေကြောင်းရန် အချက်ပေးသံတွေ မကြားခဲ့ရသည့်နှယ်။ ဂျဲနက်နှင့် သူတို့နှစ်ယောက် စကားမပြောခဲ့ကြသည့်နှယ်။ သူ့မျက်နှာက ငြိမ်းငြိမ်းချမ်းချမ်း။ လောကကြီးကို ဥပေက္ခာပြုထားသည့်ဟန်။

မျက်လုံးတွေကို မှိတ်လိုက်ယင်တော့ သာမန်မိန်းကလေးတယောက်ပါပဲဟု ဒက်ဇာ တွေးနေသည်။ ဂျဲနက်သည် သူ့အတွေးကို အိပ်ပျော်ယင်းက သိပုံရသည်။ နိုးလာကာ မျက်လုံးရွဲကြီးများကို ဖွင့်လိုက်၏။

“မင်္ဂလာမနက်ခင်းပါ ဦး”

ဂျဲနက်က ရွှင်လန်းစွာ နှုတ်ဆက်သည်။ ဂျဲနက်လည်း မနေ့ညက အကြောင်းတွေကို မေ့သွားပြီ ထင်သည်။ ကျောင်းတက်သည့် ကလေးများ၏ ရယ်သံကို လမ်းမဘက်ဆီမှ ကြားရ၏။

“ဒီနေ့ ဘီးမေ့က ငါ့ကိုစယင်တော့ အချပဲကွ”

“ရေကန်က ရေထုတ်တဲ့ ပုစ္ဆာကို တွက်မရသေးဘူးကွာ၊ မနေ့ညက ‘သေမင်းအနမ်း’ ဆိုတဲ့ ရုပ်ရှင်ကို သွားကြည့်တယ်”

တယောက်က ပြောသည်။ ခဏကြာလျှင် ရေဒီယိုမှ နှာခေါင်းသံပါပါနှင့် သတင်းကြေငြာသူ၏အသံ ပေါ်လာသည်။

“ပါရီစံတော်ချိန် ၇ နာရီ ရှိပါပြီ၊ ခုအချိန်ကစပြီး သတင်းများကို ကြေငြာပါတော့မယ်၊ သတင်းခေါင်းစဉ်၊ ဂျာမန်တပ်များ မနေ့ညက ဘယ်လဂျီယန်နှင့် ဟော်လန်ပြည်ထဲသို့ ဝင်ကြခြင်း”

ဂျဲနက်က အလန့်တကြားအော်ကာ ပြတင်းပေါက်သို့ ထပြေးသည်။ လမ်းပေါ်တွင် မိန်းကလေးတယောက် ရပ်ယင်း သတင်းကြေငြာချက်ကို နားထောင်နေသည်။ “ဟော်လန်ပြည်ထဲသို့ ဂျာမန်က လေထီးတပ်များ ချပေးနေခြင်း” မိန်းမကြီး၏ လက်ထဲမှ တောင်းသည် အောက်သို့လွတ်ကျသွား၏။ ဖြူရော်ရော် နီတီတီ စထရော်ဘယ်ရီသီးများသည် ပလက်ဖောင်းပေါ်သို့ လိမ့်ကျသွားကြသည်။

ဒက်ဇာက ဂျဲနက်ဘက် လှည့်၍...

“အစပဲ ရှိသေးတယ်လို့ ဦးပြောတယ် မဟုတ်လား”

လမ်းမပေါ်က သတင်းစာရောင်းသည့် ဆိုင်ကလေးတွင် ဝိုင်းအုံနေကြသည်။ အလုပ်သမားများ၊ ဈေးဆိုင်ရှင်များ၊ အမျိုးသမီးများသည် သတင်းကို ပြောနေကြသည်။

“ပထမကမ္ဘာစစ်တုန်းကလိုပဲ၊ ဒီကောင်တွေ ကျုပ်တို့ကို လာတိုက်ဦးမှာပါ”

“လာဖို့တော့ မလွယ်ပါဘူးဗျ၊ ဟော်လန်တပြည်လုံးကို သိမ်းပြီးပြီ ဆိုပါတော့၊ သူတို့ ဘာလုပ်မှာတဲ့လဲ”

“ဒတ်ချ်တွေကတော့ ဂျာမန်တပ်တွေလာယင် ရေကာတာတွေ ချိုးပစ်ပြီး ရေနှစ်သတ်ပစ်မယ်ဆို”

“သတင်းစာတွေထဲမှာ ရေးတာတွေကို အဟုတ်ထင်မနေပါနဲ့ဗျာ၊ ပိုက်ဆံပေး အရေးခိုင်းရင် ရေးနေကြတာပဲ၊ ဂျာမန်တွေ ကျုပ်တို့ပြည်ထဲကို လေထီးတွေနဲ့ ဆင်းလာရင်တော့...”

ဒက်ဇာသည် ပြတင်းပေါက်ကို ဒေါသတကြီးဖြင့် ဆောင့်ပိတ်လိုက်သည်။ “အလကား၊ လူတွေကို လိမ်နေကြတာ” ဟု ပါးစပ်မှ ဆိုမိသည်။ ဒက်ဇာသည် ကုလားထိုင်ပေါ် ပြန်ထိုင်လိုက်သည်။ အသက်ရှူသံ ပြင်းလာကာ လက်မောင်းနှင့် ပခုံးက ကိုက်လာသည်။

“ဂျဲနက်ရေ ဦးကို ကြည့်စမ်း၊ မင်းမျက်လုံးတွေကို ကျုပ်ကြောက်တယ်၊ ကျုပ်ကို သတိထားကြည့်စမ်း၊ ဟုတ်တယ်… လူတွေအားလုံး လိမ်နေကြတယ်၊ ကျုပ်လဲ လိမ်နေတယ်၊ ကျုပ်က သူများထက်တောင် ပိုလိမ်နေသေးတယ်၊ ဟုတ်တယ်၊ ကျုပ်ကိုယ်ကျုပ် တည်မြဲချင်တာကိုး၊ ကျုပ် နဂိုအတိုင်း ရှိနေစေချင်တယ်၊ ထိန်းသိမ်းချင်တယ်၊ ဘယ်သူ့ကို ထိန်းသိမ်းချင်တယ် ထင်သလဲ၊ တက်စကို၊ ဝန်ကြီး တက်စကို၊ ခုတော့ ကျုပ်တည်မြဲစေချင်တဲ့ အရာတွေ ရှိတော့မှာ မဟုတ်တော့ဘူး၊ ကျုပ်တို့ ဒဏ်ခံရတော့မယ်၊ နောင်မှာ ဘယ်လိုဖြစ်လို့ ဖြစ်မှန်းမသိသေးဘူး၊ ဟစ်တလာ လာတော့မယ်၊ ပြင်သစ်ပြည်ကြီး ပျက်စီးတော့မယ်၊ ပီယာ ပြောတာ မှန်တယ်၊ ပီယာက သူတို့တတွေ လိမ်နေကြတာပါ ဦးရာတဲ့၊ ဟုတ်တယ်၊ ကျုပ် သေပြီ၊ ဒါပေမယ့် သူတို့ဟာ ကျုပ်အစား ပီယာကို သတ်ခဲ့ကြတယ်။ မင်းကိုလဲ သတ်ကြဦးမှာပဲ၊ သွားမယ် ကလေးမရေ၊ ကျုပ်တို့ခွဲရပုံက တိုက်ဆိုင်လိုက်တာ၊ စစ်ကြီးဖြစ်လာပြီး ရန်သူတွေ လာတုန်းမှာ ခွဲခဲ့ကြရတယ်၊ ဇာတ်တွေထဲမှာ ဆိုယင်တော့ တကယ့်လွမ်းခန်းပဲ”

ဒက်ဇာသည် တယောက်တည်း ပြောနေ၏။ ဦးထုပ်ကို ကောက်၍ ဆောင်းလိုက်သည်။ တံခါးဝသို့ အရောက်တွင် ရုတ်တရက် ကုန်းကာ ဂျဲနက်၏ လက်ခုံကို နမ်းလိုက်၏။ သူ့ခွန်အား၊ သူ့ရောဂါ၊ သူ့အားငယ်မှု ဟူသမျှသည် ထိုအနမ်းထဲတွင် ပျော်ဝင်သွားသည်ဟု ထင်ရ၏။ ကုန်းနေသော သူ့ကျောပြင်တွင် ပျော်ဝင်သွားသည် ထင်ရ၏။ တုန်နေသော သူ့လက်များထဲသို့ စီးဆင်းလာသည် ထင်ရ၏။

“ဂျဲနက်… ကလေးမ ဒီမှာမနေနဲ့၊ နိုင်ငံကူးလက်မှတ်ရယ်၊ ပြည်ဝင်ခွင့်လက်မှတ်ရယ် ရအောင် လုပ်ပေးလိုက်မယ်၊ အမေရိကကို သွားတော့”

ဂျဲနက်က ခေါင်းကို ယမ်းလိုက်သည်။ သူလည်း ပင်ပန်းနေပြီ။ ဒက်ဇာကို သနားဂရုဏာသက်သည့် စိတ်တို့သည် ချုပ်တည်းမရလောက်အောင် ပေါ်လာ၏။ ဒက်ဇာကိုသာ မဟုတ်။ လူတိုင်းကိုလည်း သနားသည်။ ဂျာမန်တို့ ဝင်အတိုက်ခံရသည့် ဒတ်ချ်လူမျိုးတွေကိုလည်း သနားသည်။ လမ်းပေါ်တွင် တယောက်တပေါက် ပြောနေသည့် လူတွေကိုလည်း သနားသည်။ ဒက်ဇာကိုလည်း သနားသည်။ ဒက်ဇာကိုမူ အသနားဆုံး။ ဒက်ဇာသည် အရာရာကို ပြီးမြောက်စေနိုင်သူ။ လက်ညှိုးညွှန်ရာ ရေဖြစ်သူဟု လူတွေက ထင်ကြသည်။ ခု ဒက်ဇာသည် သူ့ထက်ပင် သနားစရာ ကောင်းနေပြီ။ စင်စစ် ဒက်ဇာသည် ကျွန်တယောက်။ ရုပ်သေးရုပ်တရုပ်။ အရိပ်တခုမျှသာ။ ဂျဲနက်သည် ပထမဆုံးအကြိမ် အချစ်ဟု ခေါ်လိုက်သည်။

“ဒီလောက်လဲ စိတ်ညစ်မခံပါနဲ့ အချစ်ရယ်၊ နောက်ကျတော့ ဒီလိုနဲ့ပဲ ပြီးသွားမှာပါ။ ကဲ… သွားပေတော့”

ဗိုလ်မှူး လီရှိုင်း၏ မျက်နှာသည် မည်းသွား၏။ သူ့မေးများသည် စကားပြောနေသည့်နှယ်။ တဆတ်ဆတ် လှုပ်နေကြသည်။

"ငါ နားမလည်ဘူးကွာ၊ ငါက ဒီတံတားတွေကို ဘာလုပ်ရမှာတဲ့လဲ"

ဗိုလ်ချုပ် လီရီဒေါ့က မေးသည်။

"ဗိုလ်ချုပ် မိုကေးက ပြောပါတယ်၊ ခုတွင် သူ့ဆီက တယ်လီဖုန်းလာပါတယ် ဗိုလ်ချုပ်"

"ဒီစကားမျိုး ပြောတာ ဒီလူကို စစ်ခုံရုံးတင်ဖို့ပဲ ကောင်းတယ်၊ ရန်သူက တံတားကို မရောက်သေးဘူးကွ၊ မိုင်ခြောက်ဆယ်လိုသေးတယ်၊ ပြီးတော့ ရန်သူက တို့ဆီကိုလဲ တကယ်ဝင်မှာ မဟုတ်သေးဘူး၊ ဥပါယ်တံမျဉ်နဲ့ အရောင်ပြထားတာ၊ တို့တပ်တွေ ဘယ်လဂျီယန်ဘက် ဝင်မကူနိုင်အောင်လို့ သက်သက်မဲ့ ခြိမ်းခြောက်တဲ့အနေနဲ့ အရောင်ပြထားတာ၊ တကယ်လို့ တို့ကို တကယ်ဝင်တိုက်တယ်ပဲ ထားဦး၊ တို့နယ်စပ်ရောက်အောင် တလလောက် လာရဦးမှာ၊ ဒါတောင် အမြန်ဆုံးတွက်ထားတာ... ပြီးတော့ တို့ကကော စက်ရုပ်တွေတဲ့လား၊ ပြန်မတိုက်တော့ဘူးတဲ့လား၊ ခု ဂျာမန် အမှတ် ၇ တပ်မတော်က ဘယ်လဂျီယန်ပြည်ထဲက အွန်းတွဲ့မှာရောက်နေတယ်၊ မင်း ဘယ်လိုထင်သလဲ၊ ဂျာမန်က တိုက်စစ်ဆင်တာလား၊ ဒါမှမဟုတ် သူ့နယ်ကို သူကာကွယ်တဲ့အနေနဲ့ ခံစစ်ကြောင်း ပြင်တာလား၊ ခု တို့တိုက်ရမှာက ခံစစ်မဟုတ်ဘူးကွ၊ ထိုးစစ်ဆင်မှာ၊ သိရဲ့လား၊ ဂျာမန်ကို ထိုးစစ်ဆင်မှာ၊ ထိုးစစ်ဆင်တဲ့ စစ်ဆင်ရေး စီမံကိန်းတခုမှာ တံတားတွေကို ချိုးပစ်ရမယ်လို့ ပြောတဲ့သူဟာ ကိုယ့်ခြေထောက် ကိုယ်ဖြတ်ဖို့ ပြောနေတာ၊ နလပိန်းတုံးတွေမှသာ ဒါမျိုးပြောမှာ၊ ဘာ တိုးတိုး တိုးတိုး လုပ်နေတာလဲကွ"

"ဒါပေမယ့် ကျွန်တော်"

"ဘာ ကျွန်တော်လဲ၊ ပြီးခဲ့တဲ့စစ်တုန်းက မင်း ဘယ်စစ်မြေပြင်ကိုမှ ရောက်တာ မဟုတ်ဘူး၊ ပါရီမှာ ထိုင်နေတာ ငါသိတယ်၊ စစ်ပွဲမှာ အရေးကြီးဆုံးက စိတ်ဓာတ်ကို တည်ငြိမ်အောင်ထားဖို့ လိုတယ်ကွ၊ အဲ့ဒါ မင်းမြဲမြဲမှတ်ထား၊ ခုစစ်ပွဲဟာ အဆင့်သစ်ကို ဝင်လာပြီ၊ ပြင်းထန်လာပြီ၊ အဲဒါ မင်းသိရဲ့လား၊ စစ်သားဆိုတာ ဒါကိုတွက်ထားရမယ်။ ခုတော့ မင်းတို့လုပ်နေပုံက အလျင်က အချိုးတွေအတိုင်း လုပ်နေတယ်၊ ဒါပေမယ့် တို့အဖို့ သိပ်ရေးကြီးသုတ်ပျာ လုပ်လို့မဖြစ်ဘူး၊ အဲဒါ မှတ်ထား၊ အဲဒါတွေဟာ အောင်ပွဲရဲ့ သော့ချက်ပဲ၊ ကဲ... ခုလောလောဆယ်မှာ ဒီနေ့သတင်းစာတွေထဲမှာ ပါတဲ့သတင်းတွေ ငါ့ကို ပြောပြစမ်း"

ဗိုလ်မှူးလီရှိုင်းသည် စိတ်ကို ငြိမ်အောင် မနည်းကြိုးစားထားရ၏။

"ဟုတ်ကဲ့ ဗိုလ်ချုပ်၊ လေဖီဂါရို သတင်းစာအာဘော်၊ ရန်သူများအား အွန်းတွဲ့အနီးတွင် ရပ်တန့်ထားနိုင်လိမ့်မည်ဟု စစ်ပါရဂူများက ယူဆနေကြသည်"

ဗိုလ်မှူးလီရှိုင်းသည် သတင်းစာတွင်ပါသည့် သတင်းများကို ဆက်မရွတ်နိုင်။ သူ့ပါးစပ်သည် ဟသွား၏။

“ဒါပေမယ့် ဗိုလ်ချုပ်၊ ရန်သူက ကျွန်တော်တို့နဲ့ မိုင် ၆ဝ အကွာမှာ မဟုတ်တော့ဘူး ဗိုလ်ချုပ်၊ မိုင် ၄ဝ လောက်ပဲ လိုတော့တယ်၊ မတ်မြို့ ကျသွားပြီ”

“လူကြားယင် မင်းကို စစ်ဗိုလ်လို့ ထင်မှာမဟုတ်ဘူး၊ လွှတ်တော်အမတ်လို့ ထင်ကြမှာ၊ မင်းပြောမယ့်သတင်းကို ငါလဲသိတယ်၊ ဒါပေမယ့် ဆိုင်ရာက အတည်မပြုသေးဘူးကွ၊ ပြီးတော့ ရန်သူ့ရှေ့ပြေးကင်းတွေ မတ်မြို့ကို ရောက်သည့်တိုင်အောင်လဲ အရေးမကြီးပါဘူး၊ ကဲ မင်းသွားနိုင်ပြီ၊ ဗိုလ်မှူးကြီးကို လွှတ်လိုက်စမ်း”

ဗိုလ်ချုပ်လီရီဒေါ့သည် မြေပုံကြီးတချပ်ကို ဖြန့်လိုက်၏။ ဗိုလ်မှူးကြီးမော်ရိုး ဝင်လာသည်။ သူ့မျက်နှာက ခါတိုင်းကဲ့သို့ ဟာလာဟင်းလင်း ဖြစ်နေသည့် မျက်နှာ။

“တော်တော် စိတ်ဝင်စားစရာကောင်းတဲ့နေ့ပဲ ဗိုလ်ချုပ်၊ တင့်ကားတွေကို ကျွန်တော် စစ်ပြီး ပြန်လာတာ၊ တင့်ကားတွေ စခန်းချထားတဲ့ နေရာကလေးကလဲ သိပ်သာယာတာပဲ။ ခင်တန်းကလေးတွေနဲ့၊ ကုန်းကလေးတွေနဲ့”

ဗိုလ်ချုပ်လီရီဒေါ့သည် သူ့အတွေးနှင့်သူ ငြိမ်နေသည်။

“လမ်းတွေကလဲ ရှုပ်ပွလို့ပါလား၊ အေးလေ ဒါကိုတွေးပူနေလို့တော့ ဘယ်ဖြစ်မလဲ။ ဟောဒီမှာ စစ်ကြောင်းတွေကို ကျူပ်ခဲတံပြာနဲ့ လိုက်ဝိုင်းထားတယ်၊ ခင်ဗျားကြားထားတဲ့ သတင်းနဲ့ ကိုက်ရဲ့လား”

ဗိုလ်မှူးကြီးမော်ရိုးသည် အရပ်ပုပု ဗိုလ်ချုပ်လီရီဒေါ့အနီးတွင် ဘီလူးကြီးတကောင်လို မားမားကြီးဖြစ်နေသည်။ ဗိုလ်မှူးကြီးက ဗိုလ်ချုပ်ကို တရိုတသေဖြင့်...

“အဲဒါ စစ်ကြောင်းတွေ ရှိတဲ့နေရာ မဟုတ်ဘူး ဗိုလ်ချုပ်၊ ဗိုလ်ချုပ် မှတ်ထားတဲ့ စစ်ကြောင်းတွေက မနက်တုန်းက ရှိခဲ့တဲ့ စစ်ကြောင်းတွေ၊ ခု ညနေ လေးနာရီ ထိုးနေပါပြီ”

“ဘာလဲ၊ ဒါဖြင့် ဒီကောင်တွေ ရှေ့ကိုတက်လာပြီလို့ ဆိုချင်တာလား”

“တက်လာပြီ ဆိုတာထက် အတင်းထိုးဝင်လာပြီလို့ ပြောယင် ပိုပြီးမှန်ပါလိမ့်မယ် ဗိုလ်ချုပ်”

ဗိုလ်ချုပ်လီရီဒေါ့သည် သူ့အမှားအတွက် ခပ်ရှက်ရှက် ဖြစ်သွားကာ မျက်လုံးများကို မှိတ်နေလိုက်သည်။ သူ့မျက်နှာက မည်းလျက်။ ချက်ချင်းပြန်၍ ဣန္ဒြေဆည်လိုက်သည်။

“ရှေ့တက်လာယင် ဒီကောင်တွေ ပိုပြီး နာမှာပေါ့၊ ကျူပ်တို့တပ်တွေက ဟိုဘက် ဒီဘက် ညှပ်နေတာ မဟုတ်လား၊ ချက်ကောင်းကိုစောင့်ပြီး အားနည်းတဲ့နေရာကို ဝင်တိုက်ရုံပဲ ရှိတာပေါ့၊ ကျူပ် ဗိုလ်ချုပ်ပီးကာ့နဲ့ စကားပြောချင်တယ်၊ အင်း... ခင်ဗျားတို့လို အရာရှိတွေရှိလို့ တော်သေးတာပေါ့၊ ဗိုလ်မှူးလီရှိုင်းဆိုတဲ့ လူမျိုးနဲ့ လုပ်ရယင် ခက်ရချည့်၊ ဗိုလ်ချုပ်မိုကေး ဆိုတဲ့လူကလဲ ဒီအတိုင်းပဲ၊ အလကား ကြောက်နေတယ်၊ အခြေအနေက ခြိမ်းခြောက်နိုင်တဲ့ အနေအထား မရောက်သေးပါဘူး၊ ဒီလောက်လဲ စိုးရိမ်စရာမရှိပါဘူး၊ ဘယ်လိုသဘောရသလဲဗိုလ်မှူးကြီး”

“ဗိုလ်ချုပ်ပီးကာ့ကတော့ အရန်တပ်တွေ ပို့စေချင်မယ် မထင်ဘူး၊ စစ်နဲ့ပတ်သက်လို့ သူ့သဘောထားကိုလဲ ဗိုလ်ချုပ်သိသားပဲ”

“သိတယ်လေ၊ ဒါပေမယ့် အခြေအနေက ပြောင်းနေပြီပဲ၊ သူ့တို့က

ရှေ့တက်လာနေပြီ၊ ကျုပ်တို့က တခုခုတော့ လုပ်မှ ဖြစ်မှာပေါ့”

“ကျွန်တော်တို့အနေနဲ့ ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး ထင်တယ်၊ သူတို့က တင့်ကား ခုနစ်ရာလောက် ရှိတယ်၊ ကျွန်တော်တို့ခံစစ်ကြောင်းက သိပ်အားနည်းနေတယ်၊ ပြီးတော့ ၇၇ မမ အမြောက်တွေအတွက် ကျွန်တော်တို့မှာ ကျည်တတောင့်မှ မရှိတော့ဘူး”

“ဒါတွေက အသေးစိတ်တွေပါဗျာ၊ အဝေးပစ် အမြောက်ကြီးတွေ သုံးပေါ့၊ ခင်ဗျားလဲ ခတ်ကူးပြီး တွေးကြောက်နေပြီ ထင်တယ်၊ ပထမကမ္ဘာစစ်ကို သတိရစမ်းပါ၊ အဲဒီတုန်းက ကျုပ်တို့အခြေအနေက ဒီထက်ဆိုးတယ် မဟုတ်လား၊ ရှာလီရှိုင်းနဲ့ မျူးကနေပြီး ကျုပ်တို့ ထွက်ပြေးခဲ့ရတယ် မဟုတ်လား၊ အမြောက်တပ်သားတွေကလဲ အမြောက်တွေကို စွန့်ပစ်ပြီး ပြေးခဲ့ကြတယ်၊ တချို့က မြင်းတွေနဲ့ ထွက်ပြေးကြတယ်၊ ဒါပေမယ့် နောက်တပတ်လောက်ရှိတော့ ကျုပ်တို့ ဂျာမန်တွေကို မောင်းထုတ်နိုင်ခဲ့တယ် မဟုတ်လား၊ သူတို့ ဂျာမန်ဗိုလ်ချုပ် ယာတောင်ပံကို ဘယ်မှာ ကာကွယ်နိုင်တော့လို့လဲ၊ ခု သူတို့တက်လာတယ်ဆိုတဲ့ စစ်ကြောင်းက ကျဉ်းကျဉ်းကလေးပါ၊ ဟိုတုန်းကလို အကျယ်ကြီးဖြန့်ပြီး တက်လာတာ မဟုတ်ပါဘူး၊ ဒီကောင်တွေ သေဖို့သာ ပြင်ကြပေတော့၊ သူတို့ဆက်သွယ်ရေးလမ်းကြောင်းတွေက ပွင့်နေတယ်၊ ကျုပ်တို့ အချိန်မရွေး ဝင်တိုက်လို့ ရနိုင်တယ်”

ဗိုလ်ချုပ်လီရီဒေါ့သည် စစ်သေနင်္ဗျူဟာများအကြောင်းကို အကြာကြီး ပြောနေသည်။ စစ်တွင် အပြောင်းအလဲမြန်ပုံ။ ပြင်သစ်ခြေလျင်တပ်များ သူရသတ္တိရှိပုံတို့ကို ပြောနေသည်မှာ တော်တော်နှင့် မဆုံးနိုင်တော့။

ဗိုလ်မှူးကြီးသည် ပြတင်းပေါက်တွင် ရပ်ကာ အပြင်ဘက် တောင်ကုန်းများကို ငေးကြည့်နေသည်။ လယ်ကွက်တွေက စစ်တုရင်ကွက်တွေလိုလို။ တပ်များကို စစ်ဆေးရန် ထွက်လာခဲ့သည်။

အခန်းထဲတွင် ဗိုလ်ချုပ်လီရီဒေါ့ တယောက်တည်း ကျန်ရစ်ခဲ့၏။ မျက်နှာကို လက်ကိုင်ပုဝါဖြင့်သုတ်ယင်း စဉ်းစားနေသည်။ ဗိုလ်မှူးကြီးမော်ရီးသည် ခေါင်းအေးအေးထားနိုင်သူတယောက်။ သူကိုယ်တိုင်ကပင်လျှင် ဤမျှ ကယောင်ကတမ်း ဖြစ်နေပြီဆိုလျှင် အခြေအနေ တော်တော်ဆိုး၍ ဖြစ်ရမည်။ ရန်သူသည် မကြားဖူးသည့် အမြန်နှုန်းဖြင့် ရှေ့သို့ တက်လာနေသည်။ ဤအချက်ကမူ ငြင်း၍မရ။ ဤမျှလောက် မြန်မြန်တက်လာနေသည်ဆိုလျှင် ဂျာမန်များသည် အလွန်အင်အားကောင်း၍သော်လည်း ဖြစ်ရမည်။ သို့မဟုတ် ရူး၍သော်လည်း ဖြစ်ရမည်။ ယခု စစ်ဆင်ရေးစီမံကိန်းများအတိုင်း ဖြစ်မလာ။ အမျိုးမျိုး ဖြစ်နေသည်။ မည်သူမျှ အခြေအနေမှန်ကို ကောင်းကောင်းမသိကြ။ မဂျီနော့ခံစစ်ကြောင်းဘက်တွင်မူ ငြိမ်သက်နေပုံရသည်။ ဤမျှလောက် အလစ်တိုက်မှုမျိုး၊ ဤမျှ အငိုက်ခံရခြင်းမျိုးကိုမူ နောင်မည်သည့်အခါတွင်မျှ ရှိမည်မထင်တော့။ ခေတ်သစ်စစ်ပွဲဆိုသည်မှာ ဤအရာမျိုးလော၊ မဟုတ်။ စစ်ပွဲမဟုတ်။ ညစ်ပတ်စုတ်ပဲ့သည့် ရန်ဖြစ်ခြင်းမျိုးသာ ဖြစ်သည်။

ပြင်သစ်တပ်များကို မြေပုံလထဲတွင် ပြန်စုလိုက်သည်။ ဆီဒန်စစ်မျက်နှာတွင် အခြေအနေ မဆိုးသေး။ ဆီဒန်သည် ငြိမ်းချမ်းသည့် နောက်ပိုင်းနယ်မြေ ဖြစ်နေသေးသည်။ တပ်များသည် ဝမ်းသာရွှင်လန်းနေကြသည်။ မှောင်ခိုဝင်လာသည့် ဘယ်လဂျီယန် စီးကရက်များကို သောက်ရသည်။ သို့ရာတွင် ဗိုလ်ချုပ်လီရီဒေါ့ ငြီးငွေ့နေသည်။ ဂျာမန်တို့သည် ဘယ်လဂျီယန်ပြည်ထဲသို့

ဝင်လိမ့်မည်ဟု နည်းနည်းကလေးမျှ မမျှော်လင့်၊ "ဘယ်လဂျီယန်ထဲဝင်လို့ သူတို့ တခါ စစ်ရှုံးခဲ့ရပြီ မဟုတ်လား၊ ဒီအမှားကို ဘာဖြစ်လို့ သူတို့ထပ်ပြီး ကျူးလွန်မှာလဲ" ဟု တယောက်တည်းပြောမိ၏။

ဗိုလ်ချုပ်လီရီဒေါ့သည် နော်ဝေပြည်က အဖြစ်အပျက်များကို စောင့်ကြည့်သည်။ အင်္ဂလိပ်တို့ကို ကျိန်ဆဲသည်။

"အင်္ဂလိပ်ကောင်တွေဟာ စစ်သားမှ မဟုတ်ပဲ၊ စစ်တိုက်တဲ့လူမျိုး မဟုတ်ဘူး၊ ဈေးရောင်းစားတဲ့လူမျိုး" ဟု ပြောသည်။ ညနေပိုင်းတွင် ဗိုလ်မှူးကြီးနှင့် စစ်တုရင်ကစားသည်။ ထို့နောက် သူ့မယားငယ် အဆိုတော် ဆိုဖီထံသို့ စာရေးသည်။

"သီချင်းသည်မလေးရေ…

"မင်းဆီက စာရတာ သုံးရက်ရှိသွားပြီ။ အစ်ကိုကြီးလဲ သိပ်စိတ်ရှုပ်နေတယ်၊ ပါရီမှာ ဝမ်းဖောဝမ်းရောင် ဖြစ်နေတယ်လို့ ကြားရတယ်၊ သစ်သီးစိမ်းတွေ၊ ဟင်းသီးဟင်းရွက်စိမ်းတွေကို မစားပါနဲ့၊ လွန်ခဲ့တဲ့ရက်တွေတုန်းက နည်းနည်းပါးပါး ပင်ပန်းတာ ရှိပေမယ့် အစ်ကိုကြီး ကျန်းကျန်းမာမာ ရှိပါတယ်၊ ရန်သူက အကြီးအကျယ် ထိုးစစ်စနေပြီ၊ သတင်းစာတွေထဲ တွေ့မှာပေါ့၊ တော်တော်နဲ့တော့ စစ်ပြီးမယ် မထင်သေးဘူး၊ ရာသီဥတုကောင်းတော့ အစ်ကိုကြီးလဲ မနက်တိုင်း လမ်းမှန်မှန်လျှောက်တယ်၊ မနေ့တုန်းက ဗိုလ်ချုပ်ပီးကာ့ရဲ့ တပ်ရေးဗိုလ်မှူး ဒီဂရေ့ အစ်ကိုကြီးတို့တပ်ကို လာလည်တယ်၊ တပ်ရေးဗိုလ်မှူးက လူငယ်ပဲ၊ ဂီတလဲ တော်တော်ဝါသနာပါတယ်၊ သူက သီချင်းတပုဒ်ဆိုပြလို့ အစ်ကိုကြီးတို့ နားထောင်ရသေးတယ်၊ မဆိုးလှပါဘူး၊ ဒါပေမယ့် အချစ်နဲ့စာယင်တော့ ဆီနဲ့ရေလို ကွာသပေါ့။ အချစ်နဲ့ တွေ့ချင်လှပြီ၊ စင်ရော်ငှက်လေးတွေ ဝဲသလို စန္ဒရားပေါ်မှာ မင့်လက်ကလေးတွေ ပြေးလွှားခုန်ပေါက်နေတာကို မြင်ချင်လှပြီ၊ စာရေးဆရာကြီး စတင်ဒယ်က ပြောဖူးတယ်၊ အချစ်ဆိုတာ"

ပေါက်ကွဲသံကြီးတခုကြောင့် ဗိုလ်ချုပ်လီရီဒေါ့ လန့်သွား၏။ စာရွက်ပေါ်တွင် ကလောင်ထစ်သွားသည့်အတွက် စိတ်တိုသွားသည်။ ဗိုလ်မှူးကြီးမော်ရီးသည် အခန်းတံခါး မခေါက်ပဲ ဝင်လာ၏။

"ဗိုလ်ချုပ် အောက်ကို ဆင်းနေယင် ကောင်းမယ်ထင်တယ်"

အောက်က ကတုတ်ကျင်းထဲတွင် အေးနေသည်။ စင်ပေါ်မှ ဖုန်တက်နေသည့် ပုလင်းများသည် ထိတ်လန့်စဖွယ် ပြောင်လက်နေကြ၏။ ဝိုင်အရက်နံ့က ထွက်လာသည်။ စစ်ဗိုလ်များသည် သမ်းဝေသူက သမ်းဝေလျက်။ လှဲသူကလှဲလျက်။ ဗိုလ်မှူးကြီးမော်ရိုးက အရက်စည်တလုံးပေါ်တွင် ထိုင်ယင်း ပြုံးနေသည်။ ဗိုလ်ချုပ်လီရီဒေါ့သည် စာကိုပြီးအောင် မရေးခဲ့ရသဖြင့် မျက်နှာမှုန်နေသည်။ သူ့အတွက် ခွေးခြေတလုံး ချလာ၏။

"ကျွန်တော်တို့ဆီကို လှမ်းထုနေတာ"

ဗိုလ်မှူးလီရှိုင်းက ခပ်ထစ်ထစ် ပြောသည်။ ဗိုလ်မှူးကြီးမော်ရိုးက ခေါင်းညိတ်၏။

"ဒီကောင်တွေက ထောက်လှမ်းရေး သိပ်ကောင်းတယ်၊ ကျွန်တော်တို့ မရောက်လိုက်နဲ့ ရောက်တာနဲ့ တပြိုင်နက် အိမ်တက်မင်္ဂလာအဖြစ် အမြောက်ဆန်တွေနဲ့ နှုတ်ဆက်တော့တာပဲ၊ မနက်ဖြန်ဆိုယင်တော့ ကျွန်တော်တို့ တနေရာရာကိုရွှေ့မှ ဖြစ်မယ်။ မနေ့ညက တညလုံး ကျွန်တော် တရေးမှ မအိပ်ရဘူး"

ဗိုလ်ချုပ် လီရီဒေါ့က ပြောသည်။

"ဒါတော့ ဘယ်တတ်နိုင်မလဲကွ၊ စစ်ကစားပွဲ လုပ်နေတာမှ မဟုတ်တာ၊ စစ်တိုက်နေတာကိုး၊ ဒါပေမယ့် ခုခေတ်မှာ လူတွေက တော်တော်ရိုင်းလာကုန်ကြပြီ၊ ပထမကမ္ဘာစစ်တုန်းကဆိုယင် စစ်ဦးစီးဌာနချုပ်ကို ဘယ်တော့မှ ဝင်မတိုက်ဘူး၊ တဘက်နဲ့ တဘက် အပြန်အလှန် လေးစားကြတယ်၊ ခုတော့ ကြည့်စမ်းပါဦး၊ စစ်ဦးစီးဌာနတခုလုံးကိုတောင် အမြောက်တပ်စုလေးတခု ကျနေတာပဲ။ ပစ်လိုက်ခတ်လိုက်ကြတာ၊ စစ်သားဆိုတာ ရဲရင့်သဘောထားကြီးရမယ်ဆိုတဲ့ အစဉ်အလာလဲ မရှိတော့ဘူး၊ ဘာဖြစ်ဖြစ် လုပ်ကြတော့တာပဲ၊ 'ပွန်ပီမြို့ကြီး ပျက်စီးခြင်း' ဆိုတဲ့ ရုပ်ရှင်ကို မှတ်မိသေးလား ဗိုလ်မှူးကြီး၊ ကော်နယ်လီဆိုတဲ့ မင်းသမီးနဲ့ယ် ကောင်းလိုက်လေဗျာ၊ ပွန်ပီမြို့ကြီး ပျက်စီးလို့ ပူဆွေးနေတဲ့ အခန်းကျတော့ ဆီဇာကိုပြောတဲ့ စကားလေ၊ 'အို… ဆီဇာဘုရင် သင်သည် ကျွန်ုပ်တို့၏ ရန်သူဖြစ်၏' တဲ့။ 'သင့်အရိပ်သည် ကျွန်ုပ်တို့ တိုင်းပြည်ပေါ်သို့ ထိုးကျခဲ့ပြီ၊ ယခု သင့်နောက်လိုက်များသည် သင့်ကိုလုပ်ကြံရန် ကြံစည်နေကြပြီကို မသိလေသလော၊ ကျွန်ုပ်သည် သင့်နောက်လိုက်များနှင့် ပေါင်း၍ လုပ်ကြံမည်ဆိုက ဖြစ်နိုင်၏။ သို့ရာတွင် သင့်နောက်လိုက်များ၏ အကူအညီကိုလည်း ကျွန်ုပ်ယူမည်မဟုတ်' တဲ့၊ ကောင်းလိုက်တဲ့စကား၊ ဒီလိုဟာမျိုးကိုမှ မြင့်မြတ်တယ်လို့ ခေါ်တာဗျ၊ ဘယ်လောက် အတုယူဖို့ ကောင်းသလဲ"

ဗိုလ်ချုပ်လီရီဒေါ့သည် ပေါက်ကွဲသံများကို ဂရုမစိုက်ပဲ ရုပ်ရှင်ကားထဲက ကော်နယ်လီ၏ စကားများကို ရွတ်ပြနေသည်။ အတန်ကြာသည့်အခါတွင် ငြီးငွေ့သွားသည့်အတွက် အလိုလို ရပ်သွား၏။ သူကိုယ်တိုင်ပင် မသမ်းပဲ မနေနိုင်တော့။ ဗိုလ်မှူးကြီးလီရှိုင်းသည် စီးကရက်ကို မီးညှိရန် ကြိုးစားလျက်ရှိ၏။ တုန်ရီနေသောလက်များဖြင့် စီးကရက်ကို ပါးစပ်တွင် တပ်လိုက်သည်။ ဗိုလ်ကြီးဆန်းဂါးက သီချင်းတပုဒ်ကို ညည်းနေသည်။

"ဗျို့လူ… တော်စမ်းဗျာ"

ဗိုလ်မှူးကြီး လီရှိုင်းက အော်လိုက်သည်။

"ဆောရီး၊ အရက်ပုလင်းတွေရယ်၊ အရက်စည်တွေရယ်၊ ကဗျာရယ်… ဒီပတ်ဝန်းကျင်ကို မြင်တဲ့အခါကျတော့ ပါရီ မွန်မာ့ရပ်ကွက်က ကပွဲတခုကို

သွားအမှတ်ရလို့ပါ”

ပေါက်ကွဲသံများ စဲသွားသည့်အခါတွင် ဗိုလ်ချုပ်လီရီဒေါ့သည် စာကို ဆက်ရေးချင်နေသည်။ သို့ရာတွင် မရေးနိုင်။ အခန်းထဲသို့ ဗိုလ်မှူးကြီးမော်ရိုး ပေါက်လာပြန်သည်။

“ဆက်တိုက်နေတယ် ဗိုလ်ချုပ်၊ ဂျာမန်တင့်ကားတွေပါ လိဇယ်ကို ရောက်လာကြပြီတဲ့”

ဗိုလ်ချုပ်လီရီဒေါ့သည် မြေပုံကို လှမ်းကြည့်လိုက်ယင်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သူစိုးရိမ်နေသည်။ သို့ရာတွင် သူ့အမှားကို ဗိုလ်မှူးကြီးမော်ရိုး မမြင်စေချင်၊ မသိစေချင်။

“ကျုပ်ပြောတယ် မဟုတ်လား ဗိုလ်မှူးကြီး၊ ဒီကောင်တွေ အရှုးထပြီး လုပ်ချင်ရာ လုပ်နေတာပါလို့၊ ကြည့်စမ်းပါဦးဗျာ၊ စစ်ကြောင်းကို မချဲ့ပဲ ဒီအတိုင်း တက်လာသတဲ့”

ဗိုလ်ချုပ် လီရီဒေါ့သည် အတန်ကြာမျှ စဉ်းစားနေသည်။

“ကောင်းပြီလေ... တံတားတွေကို ချိုးပစ်ဖို့ လိုလာပြီလို့ ထင်တယ်၊ နိုဗင်နဲ့ မောသာမြေကြားက တံတားတွေကို ချိုးပစ်လိုက်ပေါ့၊ ဗိုလ်ချုပ်မိုကေးနဲ့ကော အဆက်အသွယ် ရရဲ့လား”

“မနက်အထိတော့ ရပါသေးတယ် ဗိုလ်ချုပ်၊ ဒါပေမယ့် ခုအချိန်လောက် ဆိုယင်တော့ နိုဗင်က ဆုတ်လာလောက်ပြီ ထင်တယ်၊ နိုဗင်မှာ ရှိတော့မှာ မဟုတ်ဘူး”

“ဟုတ်ပြီလေ... ဒီလိုဆိုရင် ဗိုလ်ကြီးဆန်းဂါးကို လွှတ်ကြည့်ပေါ့ဗျာ... ပြီးတော့ တံတားတွေကို အင်ဂျင်နီယာတပ်တွေက ချိုးဖို့အချိန်မရတော့ယင် လေတပ်ကိုပြော၊ အပေါ်ကနေ ခွဲပေးပါလို့”

နောက်ဆုံးတွင် စာကို ရေးပြီးသွားသည်။

“အခြေအနေကတော့ အတော်ကလေး ရှုပ်ထွေးနေတယ်၊ ဒါပေမယ့် မေလလောက်

ဆိုယင်တော့ အစ်ကိုကြီး ခဏတဖြုတ်လောက် ပြန်လာနိုင်လိမ့်မယ်လို့ ထင်တယ်၊

ဂျာမန်တွေဟာ ဒီလောက် လူတွေဖြုန်း၊ ဓာတ်ဆီတွေ ဖြုန်းပြီးယင်တော့

ရပ်သွားလိမ့်မယ် ထင်တာပဲ၊ အချစ်လဲ ကျန်းမာရေးကိုဂရုစိုက်ပါ”

ဗိုလ်ကြီး ဆန်းဂါးသည် ကော်ဖီခွက်ထဲသို့ ဘရန်ဒီ လောင်းထည့်လိုက်ပြီး ဆက်တိုက်မော့ချလိုက်သည်။

“ဒီတခေါက် အပျော်ခရီးကတော့ နည်းနည်းမှ ပျော်စရာ မကောင်းဘူး” ဟု တယောက်တည်းပြောပြီး ထွက်သွားသည်။

တနာရီခန့်ကြာလျှင် ဗိုလ်ကြီးဆန်းဂါးနှင့် မော်တော်ကား ဒရိုင်ဘာတို့ အိမ်မှ ထွက်ထွက်ချင်း ပစ်သတ်ခံရကြောင်း ဗိုလ်မှူးလီရှိုင်းထံ သတင်းရောက်လာသည်။

လယ်သမားများက "ဂျာမန်တွေ ဂျာမန်တွေ လာကုန်ပြီ" ဟု အော်ပြီး ပြေးလာကြသည်။

ဗိုလ်ချုပ် လီရီဒေါ့က...

"ဘာဂျာမန်လဲ၊ ဖယ်စမ်း... ငါကိုယ်တိုင် သွားကြည့်မယ်"

ဗိုလ်ကြီးဆန်းဂါးကို မည်သူသတ်သနည်းဆိုသည့် ပြဿနာသည် လျှို့ဝှက်ချက်ကြီးတရပ် ဖြစ်နေသည်။ မော်တော်ကားတွင် သေနေသည့် အလောင်းများကို တွေ့သည့်အခါတွင် ဗိုလ်ချုပ်လီရီဒေါ့က အလေးပြုလိုက်သည်။ သူ့ကိုကြည့်ရသည်က ပကတိ တည်ငြိမ်လျက်။

"ကျွန်တော် သွားကြည့်ရမလား ဗိုလ်ချုပ်"

ဗိုလ်မှူးကြီး မော်ရိုးက မေးသည်။

"ဟင့်အင်း... မသွားနဲ့"

ဗိုလ်ချုပ်သည် မည်သူ့ကို သွား၍ အကြည့်ခိုင်းရမည်နည်း။ သူတို့အားလုံးသည် ဗိုလ်ချုပ်၏ အမိန့်ကို စောင့်နေကြ၏။ ဗိုလ်ချုပ် လီရီဒေါ့သည် ကားပေါ်သို့ ပြန်တက်လိုက်ယင်း...

"တော်ပြီ၊ ဘယ်သူမှ သွားမကြည့်နဲ့တော့၊ ဗိုလ်ချုပ်မိုကေး ဆိုတဲ့လူလဲ ကလေးမှ မဟုတ်ပဲ၊ သူသိမှာပေါ့၊ တံတားတွေကို လေတပ်က သူတို့ဘာသာ ချိုးပစ်လိမ့်မယ်၊ ကဲ... ဗိုလ်မှူးကြီး တက်..."

"ကျွန်တော်တို့ စခန်းကို ပြန်မလား ဗိုလ်ချုပ်"

"မပြန်ဘူး၊ ရက်တယ်ကို သွားမယ်၊ အသက်ကို ဘာဖြစ်လို့ အချောင်အသေခံရမှာလဲ"

မော်တော်ကားပေါ်တွင် ပါးစပ်ဟောင်းလောင်းကြီးနှင့် သေနေသော ဗိုလ်ကြီးဆန်းဂါးကို မြင်ယောင်နေသည်။

"ကျုပ်တို့နောက်ပိုင်းက စိတ်မချရတာ သေချာတယ်၊ နောက်ပိုင်းမကောင်းဘူး"

လမ်းတွင် တင့်ကားတွေ၊ လော်ရီကားတွေ၊ မြင်းတွေ ပိတ်နေသဖြင့် မော်တော်ကားကို ဖြည်းဖြည်းမောင်းရသည်။ ကားများသည် သူတို့ဘက်သို့ မောင်းလာကြသည်။ ဗိုလ်ချုပ်လီရီဒေါ့သည် စိတ်အနည်းငယ်ငြိမ်သွား၏။

"ရန်သူထိုးစစ်ကို နောက်ထပ်အရန်တပ်တွေမပို့ပဲနဲ့ ချိုးပစ်လို့မရဘူးဆိုတာ ခုမှ သဘောပေါက်ကြတယ် ထင်တယ်"

ချားလ်ဗီးလ်အနီးသို့ ရောက်သည့်အခါတွင် သူတို့ကားကို စစ်သားတွေကအော်ပြီး အရပ်ခိုင်းသည်။ ဗိုလ်ချုပ်ကို မြင်သည့်အခါတွင် စစ်သားများသည် ပါးစပ်ပိတ်သွားကြ၏။

"ဘာဖြစ်တာလဲဟေ့"

"ဂျာမန်တွေ ဗိုလ်ချုပ်၊ လေထီးနဲ့ ဆင်းလာကြတယ်၊ ဘူတာရုံပိုင်ကို ပစ်သတ်သွားကြပြီ၊ ပြီးတော့ အရာရှိနှစ်ယောက်ကိုလဲ သတ်သွားတယ်"

တပ်သားတွေ ပြိုင်တူအော်ကြသည်။ ဗိုလ်ချုပ်လီရီဒေါ့က ကိုယ်ကို ရှေ့သို့ကိုင်းကာ...

"နေစမ်းပါဦး... မင်းတို့က ဘယ်ကိုသွားကြမှာလဲ"

မည်သူကမျှ မဖြေကြ။

"ကြည့်ရတာကတော့ တပ်ပြေးတွေနဲ့တူတာပဲ ဗိုလ်ချုပ်"

ဗိုလ်မှူးကြီးမော်ရီးက ပြုံးကြည့်ယင်း ပြောသည်။

"ဗိုလ်ချုပ်တို့လဲ ထွက်ပြေးလာတာမဟုတ်လား"

နောက်ကတယောက်က အော်သည်။ ဗိုလ်ချုပ်သည် ဣန္ဒြေမပျက်ဖြင့်...

"ဟော့ကောင် တိတ်စမ်း"

ဗိုလ်ချုပ်လီရီဒွေါ့သည် သူ့ကိုစော်ကားသည့် စစ်သားကို လှမ်းကြည့်လိုက်၏။ စစ်သားက ဒဏ်ရာကြီးတွေနှင့်။ သူ့ဘေး ပတ်ဝန်းကျင် မြေကြီးပေါ်တွင် သွေးတွေ အိုင်ထွန်းလျက်။ ဗိုလ်ချုပ်က ခပ်သွက်သွက်အမိန့်ပေးလိုက်သည်။

"ဟေ့... မျူးဂါး၊ ဒီရဲဘော်ကို ကားပေါ်တင်ခဲ့ကွာ၊ အနီးဆုံးဆေးရုံမှာ ချခဲ့"

ဒဏ်ရာရလူနာကို ဒရိုင်ဘာဘေးတွင် တင်လိုက်သည်။ စကားမပြောတော့။ မျက်လုံးများက မှိတ်လျက်။

မျူးဂါးက ကားဟွန်းကို တအားတီးသည်။ သို့ရာတွင် အချည်းနှီးမျှသာ။ လမ်းတလျှောက်တွင် စစ်ပြေးဒုက္ခသည်တွေနှင့် ပြည့်နေသည်။ အချို့က ကျွဲနွားများကို မောင်းလျက်။ မော်တော်ကားသည် သူတို့ကို မနည်းရှောင်မောင်းနေရသည်။ လှည်းတွေကလည်း တလမ်းလုံးအပြည့်။

လီရီဒွေါ့ စိတ်တိုလာသည်။

"ဒီလူအုပ်ကြားထဲ ဖြတ်မောင်းလို့တော့ ဘယ်တော့မှ ရောက်မှာမဟုတ်ဘူး၊ သွေးပျက်ကုန်ကြပြီ"

မျူးဂါးက မော်တော်ကားစက်ကို ရပ်ပြီး နားကိုစွင့်လိုက်သည်။ ဗိုလ်ချုပ်က ကားပေါ်မှ ခေါင်းပြူကြည့်၏။ ကောင်းကင်တွင် ဗုံးကြဲလေယာဉ်တွေ ဝဲနေသည်။ စစ်သားတွေ၊ စစ်ပြေးဒုက္ခသည်တွေက တကွဲတပြားဖြင့် လယ်ကွင်းများ၊ တောအုပ်များထဲသို့ ပြေးကြသည်။ မော်တော်ကားကို ရှေ့ဆက်မောင်း၍ မရတော့။ လှည်းတွေ၊ ကျွဲနွားတွေ ပိတ်ဆို့နေသည်။ မော်တော်ကားကို လမ်းဘေးသို့ ထိုးရပ်သည်။ ဗိုလ်ချုပ်က လမ်းဘေးမြေကြီးပေါ်ဆင်း၍ ဝမ်းလျားမှောက်နေသည်။ မျူးဂါးကလည်း သူ့နည်းတူ လိုက်လုပ်၏။ တကယ်တော့ စစ်ဗိုလ်ချုပ်ကြီးလုပ်ပြီး မြေကြီးပေါ် မှောက်နေရသည်က ရှက်စရာ။ ထို့ကြောင့် မတ်တတ်ရပ်လိုက်သည်။ အရပ်ပုသည့်တိုင် လမ်းမပေါ်တွင် သူတယောက်တည်း မားမားကြီး ဖြစ်နေသည်။ ကောင်းကင်ကို မော့ကြည့်လိုက်သည်။ လေယာဉ်ပျံ ကိုးစီးကို မြင်ရ၏။

"ရင်ပေါင်တန်းပြီး ပျံလာတယ်ဟေ့"

ဗုံးတလုံးက အနီးရှိ တောအုပ်ထဲသို့ ကျသွားသည်။ ကားပေါ်သို့ ပြန်ရောက်သည့်အခါတွင် ခြောက်နှစ်အရွယ် ကလေးမလေးတယောက်ကို ထမ်းစင်ပေါ်တွင် တွေ့ရ၏။ ဗုံးဆန်ထိ၍ ခြေထောက်ပြတ်သွားခြင်း ဖြစ်သည်။ လီရီဒွေါ့သည် နှာခေါင်းမှ လေကို မှုတ်ထုတ်လိုက်၏။

"ကြောက်စရာကြီး"

ထိုနောက် ကားပေါ်တွင် ကျန်ရစ်ခဲ့သည့် စစ်သားက လူနာကို လှမ်းကြည့်ယင်း...

"တို့လူတွေ ဘယ်လိုများနေပါလိမ့်" ဟု မေးသည်။

သို့ရာတွင် စစ်သားက မည်သို့မျှမဖြေ။

"ကျွန်တော် သူ့ကို ချုပစ်ခဲ့မှ ဖြစ်မယ်ထင်တယ် ဗိုလ်ချုပ်၊ သူ့ကိုယ်ကြီးက ကျွန်တော့်အပေါ် ပိပိလာတယ်၊ ကားမောင်းလို့ ရမှာမဟုတ်ဘူး"

"မင်းရှူးနေသလား၊ ဒဏ်ရာရနေတဲ့ ရဲဘော်ကို ဒီအတိုင်း ပစ်ထားပစ်ခဲ့လို့ ဖြစ်မလားကွ"

"သေပြီထင်တယ် ဗိုလ်ချုပ်၊ အေးစက်ပြီး တောင့်နေပြီ"

စစ်သား၏ ခန္ဓာကိုယ်ကြီးသည် ဘယ်ညာယိမ်းလျက် ရှိ၏။ နောက်ကနေကြည့်လျှင် အိပ်ငိုက်လိုက်လာသည့်နှင့် တူနေသည်။ ဘုတာရုံကလေးတခု အရောက်တွင် ခဏရပ်၏။ မော်တော်ကားစက်ခေါင်းထဲသို့ ရေထည့်ရဦးမည်။ ပလက်ဖောင်းပေါ်တွင် အမြောက် ကျည်ဆန်တွေ ပုံနေသည်။

"ဟော့... ငါ့ မမ အမြောက်ကျည်ဆန်တွေက ဒီမှာ လာပုံနေပါ့လား၊ ဘယ်လိုဖြစ်ကုန်တာလဲ၊ မင်းတို့ကပြောတော့ အမြောက်ကျည်တွေ မရှိတော့ဘူးဆို၊ ဒီမှာတော့ ပုံလို့ပါလား"

ဘူတာရုံတဝိုက်ကို လျှောက်ကြည့်ကြသည်။ လူသူ အရိပ်အရောင်ကို မမြင်ရ။ ကြေးနန်းရုံထဲတွင် ဖိနပ်မပါသည့် စစ်သားတယောက် ကြမ်းပြင်တွင်ထိုင်ကာ တစုံတရာကို ဝါးနေသည်။ သူ့ခြေထောက်တွင် ဖိနပ်မရှိတော့။ ဗိုလ်ချုပ်ကို မြင်သည့်အခါတွင် ဖိနပ်ကို ကပျာကယာ ကောက်စီးသည်။

"ဘယ်တပ်ရင်းကလဲ"

"၁၃၇ ကပါ ဗိုလ်ချုပ်၊ ဖိနပ်ပေါက်လို့ ကျွန်တော် ကျန်နေရစ်ခဲ့တာပါ"

"မင်းသေနတ်ကော"

စစ်သားက မဖြေ။

"ဘူတာရုံပိုင်ကော"

"အားလုံး ထွက်ပြေးကုန်ကြပြီခင်ဗျ၊ ဂျာမန်တွေလဲ ဒီနားရောက်နေပြီ၊ မော်တော်ဆိုင်ကယ်တွေနဲ့"

စစ်သားသည် ကလေးတယောက်လို တရှုပ်ရှုပ် ငိုနေသည်။ ဗိုလ်ချုပ်က မဲ့၍ ကြည့်လိုက်၏။

ကားကို ရေဖြည့်ပြီးနောက် ဆက်မောင်းလာခဲ့သည်။ ဗိုလ်ချုပ်သည် တလမ်းလုံး အသံတိတ်လာ၏။ ရက်တယ်မြို့နား ရောက်သည့်အခါတွင်မှ မျှူးဂါးသို့လှမ်း၍...

"စစ်တော့ ရှုံးပြီကွ၊ တို့လွှတ်တော်အမတ်တွေကတော့ ဘယ်လိုပြောကြမလဲ မသိဘူး၊ အစိုးရခေါင်းဆောင် ရေးနော့ကလဲ နလပိန်းတုံး၊ အမတ်တွေကလဲ ငို့ဘာသမားတွေ၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ တို့တာဝန်ကျေပြီ၊ တို့ထက်အရည်အချင်းရှိတဲ့ လူရှိယင် တက်ပြီး ခေါင်းဆောင်ကြပေါ့"

တပ်ရင်း စခန်းချထားသည့် ရွာကလေးက ဗလောင်ဆူနေသည့် ကမ္ဘာကြီးနှင့် ဝေးသည်။ လယ်သမားများက ထင်းရှူးပင်များကို လှဲပြီး မီးဆိုက်ကြသည်။ ဝက်ပေါင်ခြောက် ကင်ကြသည်။ ဆူဖြိုးသည့် နွားမကြီးများက မြက်စားနေရာမှ နေ၍ တဝူးဝူး ဖြတ်သန်းသွားနေသော စစ်လော်ရီကြီးများကို ငေးကြည့်နေကြ၏။ ကွင်းများထဲတွင် မြက်မုန်ညင်းပင်များနှင့် သုံးခွဆိုင်မြက်တွေ ပေါပါဘိခြင်း။ သစ်ပင်ခြေရင်းများတွင် မရမ်းရောင် ခေါင်းလောင်းပန်းတွေ ပွင့်နေကြသည်။

သတင်းစာတွေ ရောက်လာလျှင် စစ်သားများက နောက်ကျောဖုံးကို အလျှင်လုန်ကြည့်ကြ၏။ ဂျာမန်တို့က ဘယ်သင်္ဘောကို မြုပ်လိုက်ပြန်ပြီ၊ ဘယ်တိုက်ပွဲတွင် ဘယ်သူတွေ ရှုံးသည်၊ နိုင်သည်ကို သူတို့စိတ်မဝင်စား။ ပါရီတွင် ဘာဇာတ်ကားတွေ ပြနေသည်လောက်ကိုသာ အငမ်းမရ ဖတ်ကြသည်။ ကြော်ငြာတွေကို ဖတ်ကြသည်။ ပါရီတွင် သူတို့သည် ဇာတ်ရုံများ၊ ကဖီးဆိုင်များ၊ မိန်းကလေးများကို ထားခဲ့ရသည် မဟုတ်ပါလား။ မိန်းကလေးတွေကလည်း ချောချောလှလှတွေ၊ အဝတ်အစားတွေကလည်း အပျံစား။

အန်ဒရေသည် ပါရီကို မလွမ်း။ သူကိုယ်တိုင်က နော်မန်လယ်သမားသား ဖြစ်သည့်အလျောက် အေးအေးဆေးဆေးရှိသည့် တောကို ကြိုက်သည်။ ပါရီက အကြောင်းတွေကိုပင် မေ့တေ့တေ့ ဖြစ်နေလေပြီ။ ဂျဲနက်၏ အပြုံး။ သူဆွဲချင်သည့် ပန်းချီကားတွေ။ ပြာမှုန်ရောင်အိမ်တွေ။ ချူးငှက်ရောင် ဆိန်းမြစ်။ ထိုအရာများအားလုံးသည် သူ့မှတ်ဉာဏ်ထဲတွင် ဝိုးတိုးဝါးတား။ ရေးရေးရိပ်ရိပ်။

တပ်သားတွေက နေသားတကျဖြစ်ကာ လယ်သမားတွေနှင့် အလွမ်းသင့်နေသည်။ ဂျီးဗတ်က မျက်လုံးစိမ်းစိမ်းနှင့် ကောင်မလေးတယောက်ကို ကဗျာတွေ ရေးပေးနေသည်။ လောရီယားက ပလွေပြန်ကိုင်ကာ ရွာထဲက မင်္ဂလာဆောင်များတွင် လိုက်မှုတ်ပေးသည်။ နေဗယ်က အရက်အကြောင်းသိသူပီပီ ရွာက ဘုံဆိုင်ပိုင်ရှင်အား ဘယ်အရက်မျိုး ထားသင့်ပြီး ဘယ်အရက်မျိုးကို မထားသင့်ကြောင်း အကြံပေးတတ်သည်။ ယက်ဗ်က ထိုနယ်တဝိုက် မြေကြီးကိုကြည့်ကာ သဘောကျနေသည်။ ယက်ဗ်သည် မြေကြီးကို မြင်လျှင် သဘောမကျသည်ဟူ၍ မရှိ။ အန်ဒရေကား လူတိုင်းနှင့် တည့်သူ။ အန်ဒရေသည် ယခင်ကကဲ့သို့ပင် ခပ်အမ်းအမ်းဖြင့် ပြုံးယင်း ယက်ဗ်ကို ဆေးလိပ်ပေးတတ်သည်။ ဆေးလိပ်မရှိသူကို ဆေးလိပ်ပေးသည်။ ဂျီးဗတ်၏ ရည်းစားကိုပေးရန် ပုံတူဆွဲပေးသည်။

သူတို့တပ်ခွဲမှူးက ဗိုလ်လေးဖက်စီနက် ဖြစ်ပြီး စစ်မဖြစ်ခင်တုန်းက ဓာတ်ပုံဆရာ လုပ်ခဲ့ဖူးသည်။ မင်္ဂလာဆောင်ပွဲစ စုံတွဲတွေ၊ မွေးခါစ ကလေးတွေနှင့် သူတို့မြို့က မြို့မျက်နှာဖုံးတွေဆိုလျှင် ဓာတ်ပုံကောင်းကောင်း ရိုက်ပေးတတ်သည်။ ပထမကမ္ဘာစစ်တုန်းက ဗာဒွန်းတိုက်ပွဲအကြောင်းကို ပြောပြတတ်သည်။

"အဲဒီတုန်းက လူတွေက ဒီလို မဟုတ်ဘူး၊ ခုလောက် ပညာတွေ ဘာတွေတော့

မတတ်ကြဘူး၊ ဒါပေမယ့် စိတ်ကောင်းရှိတယ်” ဟု ပြောတတ်သည်။

စစ်သားများက သူ့စကားကို နားထောင်ပြီး ပြုံးကြ၏။ ယခုစစ်သားများက သူရဲကောင်းစိတ်ဓာတ် ဆိုသည်ကို မယုံကြ။ ကျော်စောခြင်း ဆိုသည်ကိုလည်း မလိုချင်။ သူတို့သည် ဤစစ်ပွဲကြီးနှင့် ဘာမျှမဆိုင်။ ဤစစ်ပွဲကြီးအကြောင်းကိုလည်း သူတို့ ဘာမျှနားမလည်။ ဤစစ်ပွဲကြီးသည် သူတို့စစ်ပွဲမဟုတ်ဟု ယူဆကြသည်။ ညညတွင်မူ “ငါတို့ဟာက စစ်တပ်မှ ဟုတ်ရဲ့လား၊ ဒီအတိုင်း ဆိုယင်တော့ ငါတို့ဟာ စက္ကူချပ်ကလေးတွေလို ပြားသွားမှာပဲ၊ ဝန်ကြီးချုပ် ဒလားဒီယားဟာ ဒါလောက်ကိုတောင် မမြင်ဘူးတဲ့လား” ဖရက်စီနက် တွေးမိသည်။

လယ်ကွင်းများတွင် ဂျုံပင်တွေက တရိပ်ရိပ် သန်နေကြပြီ။ ကလေးများသည် အဝေးသို့ ငေးနေကြ၏။ သူတို့၏ မျက်လုံးများတွင် ဝမ်းနည်းသည့် အရိပ်အရောင် ယှက်သန်းနေကြသည်။ နွေခင်းဆိုလျှင် ပူစပြုပြီ။ ကဖီးများတွင် စစ်သားများ အရက်မသောက်ကြတော့၊ ဘီယာကိုသာ သောက်ကြတော့သည်။ အားအားရှိလျှင် ဓာတ်စက် ဖွင့်ကြသည်။ ဓာတ်ပြား သိပ်မရှိလှ။ “ဘယ်သောခါများ အဆုံးသတ်ပါ့မယ်ကွယ်” ဆိုသည့် နာခေါင်းသံနှင့် သီချင်းဆိုသံကို မကြာခဏ ကြားရသည်။ ယက်ဗ်သည် ဘရီတန်နီက သူ့အိမ်ဖြူဖြူကလေးကို အမှတ်ရနေသည်။ အန်ဒရေကား ကြယ်တို့ ဝင်းလက်နေသည့် ကောင်းကင်ကြီးကို မော့ကြည့်ယင်း နက္ခတ်ပညာရှင် ဟာရှယ် တွေ့ခဲ့သည့် ဓာတ်ငွေ့တိမ်တိုက်ကြီးကို အမှတ်ရနေလေသည်။

ယခု စစ်ကြီးဖြစ်ပြီ။ မည်သူမျှ စစ်ကြီးအတွက် အဆင်သင့် မဖြစ်ကြ။ ဤမျှ မြန်မြန်ဆန်ဆန် ဖြစ်လာလိမ့်မည်ဟုလည်း မမျှော်လင့်ကြ။ ၁၉၃၈ ဆောင်းဦးပေါက်တုန်းကဆိုလျှင် တပ်သားများသည် တိုက်ပွဲနှင့် သေမင်းကို ရင်ဆိုင်ရန် ယခုထက် ပို၍ အဆင်သင့် ဖြစ်ခဲ့ကြသေးသည်။ သို့ရာတွင် ယခုမူ မလှုပ်မရှား ထိုင်နေရသဖြင့် နဂိုကရှိခဲ့သည့် စစ်စိတ်စစ်သွေးတွေ မရှိကြတော့။ လောရီးယားက သူတို့ထိုင်နေသည့် နေရာသို့ ပြေးလာပြီး “စစ်တော့ စဖြစ်ပြီဟေ့၊ ဂျာမန်က စတိုက်ပြီ” ဟု အော်သည့်အခါတွင် သူ့စကားကို မည်သူကမျှ မယုံ။ ယက်ဗ်က တချက်အော်၍ ဆဲကာ ဖဲချပ်များကို ကုလားဖန်ထိုးနေသည်။ နေဗယ်ကမူ “ဒီတခါတော့ ဘယ်လိုဖြစ်မယ် မသိဘူးကွ” ဟု ခပ်ငေးငေးဖြင့် ပြော၏။

သို့ဖြင့် လေးရက်ခန့် ကြာသွားသည်။ ဘာမျှ မထူးခြား။ ပြင်သစ်တပ်များသည် ဟော်လန်နယ်စပ်သို့ ချီတက်နေကြကြောင်း၊ အမေရိကန်သမ္မတ ရုစဗဲ့ က ဂျာမန်တို့၏ ကျူးကျော်မှုကို ရှုတ်ချကြောင်း၊ ဘယ်လဂျီယန် ဘုရင်မင်းမြတ်က နယ်စပ်ကို ကာကွယ်နေကြသည့် ဘယ်လဂျီယန် စစ်တပ်များကို ချီးကျူးကြောင်းဖြင့် ရေဒီယိုက ကြေငြာသွားသည်။ ငါးရက်မြောက်သည့်နေ့တွင်မူ မော်တော်ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ အစုန်အဆန် ကူးသန်းနေသည်ကို မြင်ရ၏။ တိတ်ဆိတ်ငြိမ်သက်၍ စိမ်းလန်းသော မနက်ခင်းသည် အဝေးမှ ပစ်ခတ်နေသော အမြောက်သံများကြောင့် ကျိုးပဲ့ပျက်စီးသွား၏။ “တို့ကို မပစ်နဲ့ဟေ့၊ ဟော်လန်ကိုပစ်၊ ဟော်လန်ပြည်ကို ပစ်ဟ” ဟု ဖရက်စီနက်က စိတ်ဆိုးဆိုးဖြင့် အော်သည်။

မွန်းတည့်ချိန်လောက်တွင် ဂျာမန်ဗုံးကြဲလေယာဉ်များ ရောက်လာကာ ဘုရားရှိခိုးကျောင်းနှင့် အိမ်အချို့ကို ဗုံးကြဲသွားသည်။ မိန်းမတယောက် သေသွား၏။ လမ်းဆုံလမ်းခွများတွင် စစ်ပြေးဒုက္ခသည်များဖြင့် ပြည့်နေသည်။ “ဂျာမန်တွေက လူတွေကို သတ်နေတယ်” ဟု တယောက်ကိုတယောက် လှမ်းပြောကြသည်။ ရွာသူရွာသားများသည် ဗုံးကို မကြောက်ကြ။ သို့ရာတွင် စစ်ပြေးဒုက္ခသည်များကို

မြင်သည့်အခါတွင်မူ သူတို့ကိုယ်တိုင်လည်း ချောက်ချားစ ပြုလာကြ၏။ မိန်းမတွေက ငိုယိုကာ ပစ္စည်းများကို လှည်းအိုကြီးများပေါ်သို့ တင်ကြသည်။ ယောကျ်ားများက ဝက်များကို သတ်ပြီး ကျွဲနွားတိရိစ္ဆာန်များကို ဆွဲလာကြ၏။ လယ်သမားတယောက်က သူ့အိမ်ကို မီးတင်ရှို့သည်။ စစ်သားတွေဝိုင်းပြီး မီးသတ်သည့်တိုင် မီးမငြိမ်း။ ဖရက်စ်နက်က "နေစမ်းပါဦး၊ ခင်ဗျားတို့ ဘယ်ကို သွားကြမှာလဲ၊ လမ်းတွင် သေကုန်လိမ့်မယ်" ဟု ပြောချေ တားသော်လည်း မရ။ သူပြောသည့် စကားကို မည်သူကမျှ အလေးမထား။ နားမထောင်။ မှုန်မွဲ၍ စိတ်ရှုပ်သည့် မျက်လုံးများဖြင့် သူ့ကိုကြည့်သွားကြသည်။ ညနေရောက်သည့် အခါတွင်မူ ရွာထဲတွင် လူတယောက်မျှ မရှိတော့။

အန်ဒရေသည် အိမ်တအိမ်ထဲသို့ ဝင်လာခဲ့၏။ မီးဖိုတွင် မီးကျီးရဲရဲ ရှိသေးသည်။ ခွင်ပေါ်က ဟင်းအိုးက ပူပူနွေးနွေးကြီး ရှိသေးသည်။

စစ်ပြေးဒုက္ခသည်များကြားတွင် သေနတ်များကို လွှင့်ပစ်ထွက်ပြေးလာသည့် တပ်ပြေးများကိုလည်း တွေ့ရ၏။ ဂျာမန်တပ်များမှာ ငါးမိုင်ကွာသို့ ရောက်နေပြီဟု သူတို့က ပြောကြသည်။

"တင့်ကားတွေနဲ့ တက်လာတာဗျ"

"ကျုပ်တို့တပ်တွေက ပြန်မတိုက်ကြဘူးလား"

"တိုက်တော့ တိုက်တာပဲ၊ ဒါပေမယ့် လက်နက်က ကောင်းမှ မကောင်းပဲ။ ဘယ်ရမလဲ၊ ဂျာမန်တင့်ကားကြီးတွေက နဲတာကြီးတွေ မဟုတ်ဘူး၊ တောင်တွေကျနေတာပဲ"

နေဗယ်က သူ့ရဲဘော်များဘက်သို့ လှည့်ကာ...

"တို့လဲ သူတို့နဲ့အတူ လိုက်သွားကြမလား"

ယက်ဗ်က စိတ်ဆိုးဆိုးဖြင့် တံထွေးကို ပစ်ကနဲ ထွေးလိုက်ပြီး...

"သွားချင် မင်းဘာသာမင်း သွားပေါ့ကွ"

နေဗယ် ရှက်လည်း ရှက်သွားသည်။ ဒေါသလည်း ထွက်သည်။

"ဟေ့ ကြောက်လို့ ပြောနေတာ မဟုတ်ဘူးကွ၊ သိလား၊ မင်းတို့နေယင် ငါလဲ နေမယ်မှတ်ထား"

အန်ဒရေသည် ယက်ဗ်ကို တအံ့တဩဖြင့် ကြည့်လိုက်သည်။ သည်နေရာတွင် မြေဩဇာကောင်းသည်ဟု ပြောခဲ့သူ။ ဟုတ်သည်။ သူကိုယ်တိုင်လည်း သည်မြေနှင့် သည်ရွာကလေးကို တွယ်တာနေပြီ။ လွန်ခဲ့သည့် တခဏတုန်းက စစ်သည် သူနှင့် အဝေးကြီးတွင်ရှိနေသည်ဟု သူတွေးခဲ့သေးသည်။ စစ်သည် သူနှင့် မသိကျွမ်းသည့်အရာ၊ စစ်သည် မြေပုံများပေါ်မှ အလံကလေးတွေ၊ တက်စတို့ ဝန်ကြီးတသိုက်၏ ပေါ်လစီမျှသာ ဖြစ်သည်ဟု သူထင်ခဲ့သည်။ သို့ရာတွင် ယခုမဟုတ်တော့။ သူသည် စစ်ပွဲကြီး အလယ်ကောင်တွင် ရောက်နေလေပြီ။ ဤစစ်ပွဲကြီးအကြောင်းကို သူမတွေးချင်။ ငြင်းခုံဆွေးနွေးခြင်းလည်းမပြုလို။ အန်ဒရေသည် ဟာလာဟင်းလင်း ဖြစ်နေသည့်တောင်ထိပ်ပေါ်တွင် ရပ်စောင့်နေသည်။ သည်လယ်ကွင်းများကို သူပေးရတော့မည်လော။ သည်ပေါ်ပလာပင်တွေ တဘက်တချက် ပေါက်နေသည့် ဤ ပေ ၁၀၀ လမ်းနှင့် တောင်ခြေတွင် မှီနေသည့် သည်ရွာကလေးကို သူတို့အား ပေးခဲ့ရတော့မည်လော။ မပေး။ ဘယ်တော့မှမပေး။ သူ့အတွေးများအားလုံးသည် ဘေးသို့ရောက်သွားကြပြီး

သူ့ရင်ထဲတွင် ပူလောင်ပြင်းပြသည့် ခံစားချက်တရပ်သာလျှင် ကျန်ရစ်ခဲ့သည်။ သူမပေး။ သည်မြေ၊ သည်တော၊ သည်တောင်ကို သူဘယ်တော့မှမပေး။ သူ့ဘေးတွင် ဂျီးဗတ်က လဲလျောင်းလျက်။ ဂျီးဗတ်က ခပ်ငယ်ငယ်၊ ခပ်ပိန်ပိန်။ နာတာရှည် လည်ချောင်းရောင်ရောဂါဖြင့် သူ့ချစ်သူဆီ ကဗျာတွေ ရေးတတ်သည်။ သူကလည်း ယက်ဗ်လိုပင် ထွက်ပြေးချင်သည်။ ပျော်ပျော်နေတတ်သည့် လောရီးယားက "ဟော့ကောင်လေးတွေ ပါးစပ်ပိတ်ထားကြစမ်းကွာ၊ တင့်ကားတွေကို မြင်ယင် ကြောက်သွားမှာပါကွ" ဟု နောက်နေသည်။ သို့ရာတွင် ယက်ဗ်သည် တောရကုန်းပေါ်တွင် ပါးစပ်အဟောင်းသားဖြင့် ရပ်မြဲရပ်လျက်။

ဗိုလ်လေးဖရက်စီနက်က သုန်မှုန်စွာဖြင့် "အခြေအနေကတော့ တော်တော်ဆိုးနေပြီ။ ဒါပေမယ့် လူတွေကတော့ ဘာမှမဖြစ်သလိုပဲ"

"ဘယ်သူတွေလဲ၊ ကျွန်တော်တို့တတွေလား"

"မဟုတ်ပါဘူး၊ ပါရီကလူတွေ ပြောတာပါ"

ဖရက်စီနက်က လက်ကို ဝှေ့ယမ်းပြလိုက်၏။

ညရောက်လာသည်။ အခြားရွာများတွင် ဘာမျှအခြေအနေမပျက်။ ခွေးတွေက ဟောင်လျက်။ အသက်ကြီးသူများက အိမ်ရှေ့ကပြင်တွင် ဟောက်လျက်။ ကလေးတို့က ငိုလျက်။ သို့ရာတွင် သူတို့စခန်းချသည့် ရွာကလေးတွင်မူ ခွေးမရှိ။ ကလေးမရှိ။ သက်ကြီးရွယ်အိုမရှိ။ ရွာကလေးသည် ချုပ်ငြိမ်းပျက်စီးသွားခဲ့လေပြီ။ စစ်သားများသည် မြေကြီးပေါ်တွင် လဲနေကြသည်။ ညတာက တိုလွန်းသည်။ လေးနာရီထိုးလျှင်ပင် အရုဏ်လာနေပြီ။ နေရောင်ကောင်းကောင်း မလာသေးမီတွင် ရန်သူတို့ လာရောက်ဗုံးကြဲသွားကြသည်။ သူတို့တပ်ရင်းတွင် တပ်သား ၁၀၉ ယောက် သေခဲ့သည်။

တောင်ကုန်းပေါ်မှ လေယာဉ်ပစ် အမြောက်တပ်သားတွေ ဆင်းလာကာ...

"ကျည်မရှိတော့ဘူး၊ ကြာသပတေးနေ့ကတည်းက ကုန်နေတာ၊ ခုထိ မလာသေးဘူး၊ ဒီကိုပို့ဖို့ ခါတ်ဆီမရှိဘူးတဲ့၊ ဒီလူတွေ ဘာတွေလုပ်နေသလဲ မသိဘူး"

နေဗယ်သည် တပ်မှ ထွက်ပြေးချင်နေသည်။ သို့ရာတွင် တယောက်တည်း မသွားချင်။ ထို့ကြောင့် အဖော်ညှိ၏။ သူတို့က ငြင်းကြသည်။ "မင်းဘာသာ ပြေးယင်ပြေးပေါ့" ဟု ဆိုကြသည်။ စိတ်ငြိမ်သွားအောင် စိတ်ထဲ ကျဆုံးသူများကို ရေတွက်ကြည့်သည်။ အကျအဆုံးက တော်တော်များသည်။ သူတို့တပ်ခွဲတွင် သုံးပုံနှစ်ပုံ ကျသွားပြီ။ ၁၆၆ တွင် ၆၇ ယောက်သာ ကျန်တော့သည်။

ဂျာမန်တင့်ကားများသည် မီးရထား ဘူတာရုံကို ကာထားသည့် အုတ်တံတိုင်းကြီးများအနီးမှ ဖြတ်၍ တက်သွားကြသည်။ တောင်ကုန်းကို ပတ်မိပြီ။ ခဏကြာလျှင် တောင်ကုန်းကို အမြောက်ကြီးများဖြင့် ဝိုင်းပစ်နေကြသည်။ သူတို့သည် အဘယ်ကြောင့် ဤတောင်ကုန်းပေါ်တွင် ကျန်ရစ်ခဲ့ကြသနည်း။ သူတို့ရှေ့တွင် ဂျာမန်တွေ။ နောက်တွင်လည်း ဂျာမန်တွေ။ ဘေးတွင်လည်း ဂျာမန်တွေ။ လက်ဝဲဘက်တွင်မူ မည်သူတွေရှိမှန်း မသိ။ သူတို့တပ်များပင် ဖြစ်မည် ထင်ရ၏။ သူတို့တပ်ဆိုလျှင် အမှတ်သုံးတပ်ရင်း ဖြစ်ရမည်။ သို့တိုင်အောင် ထွက်ပြေးသူတို့က ထွက်ပြေးနေကြပြီ။ သူတို့ထွက်ပြေးရမည်လော။ မဖြစ်သေး။ ယခု သည်တောင်ကုန်းကလေးသည် တောင်ကုန်းမည်ကာမတ္တာ မဟုတ်။ စခန်းတခု ဖြစ်သည်။ ခံကတုတ်တခု ဖြစ်သည်။ သူတို့အသက် ဖြစ်သည်။ သူ့ဘေးတွင် စက်သေနတ်ကြီးတလက်ရှိရာ အန်ဒရေသည် ထိုစက်သေနတ်ကြီးဘေးတွင်

မွေးလာသည်ဟု သူ့ကိုယ်သူ ထင်နေသည်။ အခြားတပ်သားများလည်း သူ့လိုပင် ထင်နေကြသည်။ ဂျီးဗတ်သည် ပါးစပ်မှ တတွတ်တွတ် ရွတ်နေသည်။ ကဗျာရွတ်နေခြင်း မဟုတ်။ ကျိန်ဆဲနေခြင်း ဖြစ်သည်။ ဂျီးဗတ် စိတ်ဆိုးနေပြီ။

ဖုံးကြဲလေယာဉ်တွေ နောက်တကျော့ ပြန်လာကြပြန်သည်။ သည်တကြိမ်တွင်မူ နေဗယ် ကျဆုံးသွား၏။ ပျော်ပျော်နေတတ်သည့် စားပွဲထိုးကလေးနေဗယ် မရှိတော့။ အရက်ကောင်းကောင်းကို ဘယ်လိုစပ်ရသည်ဟု ပြောမည့်သူ မရှိတော့။ "ကောင်းကင်မှာ ကြယ်တွေ ဘယ်လောက်ရှိသလဲ၊ နက္ခတ်ပညာရှင်တွေက ပြောတော့ ကြယ်ပေါင်း ၁၈၀၀၀ ရှိသတဲ့၊ အဲဒီကြယ်တွေကို နာမည်ပေးထားသတဲ့၊ အဲဒီကြယ်တွေကို ၁၀၀ နဲ့ ထပ်မြှောက်တဲ့၊ အဲဒါ ကောင်းကင်မှာရှိတဲ့ ကြယ်တွေတဲ့" ဟု ပြောမည့်သူ မရှိတော့။

နောက်တနေ့ ညသည် ထင်ရှားသည့် ကြယ်၊ မထင်ရှားသည့် ကြယ်အစုံဖြင့် ပြန်ရောက်လာ၏။ တပ်သားတွေက ခြောက်သွေ့နေသည့် စပါးခွံတွေကို ဝါးနေကြသည်။ ပင်ပန်းလှပြီ။ အားကုန်လှပြီ။ သက်သာလို သက်သာငြား အရက်ကို စောင့်သည်။ တိုက်ပွဲကို စောင့်သည်။ သေမင်းကို စောင့်သည်။

မနက်လေးနာရီခွဲတွင် ဗိုလ်ဖရက်စီနက်က "စက်ကြီးအသင့်ပြင်" ဟု အမိန့်ပေးသည်။

လမ်းဘေး ငွေရောင်ဖျော့ဖျော့ နှင်းမြူသည် လှုပ်ရှားလာသည်။

"စက်ကြီးတစ်၊ အမှတ် ၀၇"

"ပစ်..."

ဂျာမန်တို့သည် ခုခံမှုကို တွေ့ရလိမ့်မည်ဟု မျှော်လင့်မထား။ ပြင်သစ်တပ်တို့ အစောကြီးကတည်းက ဆုတ်ပြေးကြပြီဟု ထင်ခဲ့ကြသည်။ အန်ဒရေသည် သွေးကြွနေသည်။ ထိုသွေးသည် အရက်လို သူ့ခေါင်းထဲသို့ ဒိုင်းကနဲ ရောက်လာ၏။ "ဟော... ဟော ပြန်ပစ်နေပြီ" ဟု ဘေးမှ ယက်ဗ်က အော်သည်။

ဂျာမန်များက လမ်းဘေးမြောင်းထဲသို့ ဆင်း၍ အကာအကွယ်ယူကြသည်။ မိနစ် ၂၀ ခန့်အကြာတွင် အမြောက်ကြီးများဖြင့် ပစ်ခတ်ကြသည်။ တောင်ကုန်းကို လှမ်း၍ ပစ်ကြသည်။ ကျည်များသည် တဝီဝီ ပျံဝဲလျက် ရှိကြ၏။

"ရွာဘက်ကို လှမ်းပစ်နေတာ ထင်တယ်ဗျို့၊ ဂျာမန်ကောင်တွေ သူတို့တပ်တွေကို သူတို့ပြန်ပစ်နေတယ်"

ထိုနောက် တောင်ကုန်းပေါ်သို့ အမြောက်ကျည်တွေ ကျလာသည်။ ဖုန်လုံးကြီးတွေ ထလာ၏။ ပေါက်ကွဲသံ တခုနှင့်တခုကြားတွင် တပ်သားများ အော်ဟစ်နေကြ၏။ သူတို့အော်ဟစ်သံများက မှုမမှန်၊ ကြောက်စရာ့ အသံကြီးတွေ။ နေရောင်သည် သူတို့မျက်လုံးများထဲတွင် ပြိုးပြက်နေသည်။ သူတို့တွင် တခုတည်းသော အတွေးသာ ရှိ၏။ ထိုအတွေးမှာ သည်တောင်ကုန်းကိုမစွန့် ဆိုသည့်အတွေး ဖြစ်သည်။ သူတို့သည် လွင့်စဉ်သွားသော မြေကြီးခဲများကို ဆုပ်ထားကြ၏။ မြေကြီးခဲများနှင့်အတူ ပျောပါသွားကြ၏။ သို့ရာတွင် သူတို့အရှုံးမပေး။

ထိုနောက် တိတ်ဆိတ်သွားသည်။ မည်သူမျှ မကျန်တော့ဟုပင် ထင်ရသည်။ အန်ဒရေသည် လှမ်းကြည့်လိုက်၏။ ဂျီးဗတ်သည် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်ကို အံ့ဩစွာ တွေ့ရသည်။ အသက်မသေသေး။ မျက်တောင်ခတ်နေသေးသည်ဆိုလျှင် အသက်ရှိသေးဟန်တူသည်။ လောရီးယားက

ရပ်လျက်။ သူလည်း မသေသေး။ ငှက်မိုက်တကောင်က မြက်တောထဲတွင် အော်မြည်လျက်။ ဖရက်စီနက်က ဆေးလိပ်သောက်နေသည်။ သို့ရာတွင် ဂျီးဗတ် ဘယ်ရောက်သွားပြီနည်း။ ယက်ဗ် ဘယ်ရောက်သွားပြီနည်း။ ကျများ ကျသွားပြီလော။ ထိုအတွေးများသည် သူ့ခေါင်းထဲတွင် လျှင်မြန်စွာ ပေါ်လာကြသည်။ ကြောက်စိတ်လည်း မပေါ်။ သနားစိတ်လည်း မဝင်။ ငါလည်း သေချင်သေသွားမှာပဲဟု တွေးမိသည်။ သို့ရာတွင် သေတော့ကော ဘာအရေးနည်း။ အရေးကြီးသည်မှာ ဂျာမန်များ တောင်ကုန်းပေါ်သို့ ရောက်မလာရေးပင် ဖြစ်သည်။ သူ့ဘေးက စက်သေနတ်ကို ချစ်ခင်တွယ်တာသလောက် လောကကြီးတွင် မည်သူ့ကိုမျှ ချစ်ခင်တွယ်တာခြင်း မရှိဖူးခဲ့။

"ခြောက်ရာ့ငါးဆယ်"

လေယာဉ်ပျံတွေ ရောက်လာကြပြန်သည်။ ကောင်းကင်မှ ကျောက်ခဲတွေကို ကြဲချလိုက်သလို ဗုံးတွေ ကျလာပြန်သည်။

သူ့ခေါင်းထဲတွင် ကျဉ်ခနဲ ဖြစ်သွားလိုက်သည်ကို သတိထားလိုက်မိ၏။ ကိုယ့်ဒူးကိုယ် ပြန်ကြည့်ချင်သည်။ မျက်လုံးများကို ပွတ်လိုက်၏။ အိပ်ငိုက်သလို ဖြစ်လာသည်။ မျက်လုံးများကို ပြန်ဖွင့်လိုက်သည့်အခါတွင် လောရီးယား၏ မျက်နှာကို မြင်ရ၏။ သူ့မျက်နှာက သွေးတွေဖုံးလျက်။ ကိစ္စမရှိ။ သည်ကောင်တွေကို အနားအလာ မခံနိုင်။

လောရီးယားကို ဘေးသို့ ဆွဲချလိုက်သည်။

"ဂျီးဗတ်... နေရာဝင်ယူ"

အန်ဒရေသည် မြက်တောထဲတွင် မှောက်လျက်ကြီး ဖြစ်နေသည်။ မြက်တွေက မျက်နှာကို လာစူးကြ၏။ ဂျာမန်များက နောက်တချီ ပစ်ပြန်သည်။

အန်ဒရေသည် သတိမရတချက် ရတချက် လဲနေယင်းက စက်သေနတ်သံ တဒက်ဒက်ကို ကြားနေရသည်။ စက်သေနတ်သံက ပြောပြနေသည့် ပုံဝတ္ထုကို နားထောင်ရသည်မှာ စိတ်သက်သာစရာ။ ချက်ချင်း စက်သေနတ်သံ တိတ်သွား၏။ "ဟော... စက်သေနတ်ပြောင်းကြီး ပြုတ်ထွက်သွားပြီ" ဟု ဂျီးဗတ်က အော်၏။

အန်ဒရေသည် ရှိသမျှအားကို အားတင်းကာ ရှေ့သို့တွား၍ တက်လာသည်။ စက်သေနတ်မောင်းကို တပ်ရန် ပြောမည် စိတ်ကူး၏။ သို့ရာတွင် စကားပြော၍ မရ။ လျှာက လေးလျက်။ လက်ကို မြှောက်ပြီး ရွှံ့နေသည့် စက်သေနတ်မောင်းကို လက်ဖြင့် တအားရိုက်ချလိုက်၏။ စက်သေနတ်မောင်းသည် ပြန်တည့်သွားသည်။ "ပစ်လို့ရပြီ" ဟု ပြောပြီး သူ့ခေါင်းသည် မြေကြီးပေါ်သို့ ငိုက်စိုက်ကျသွားသည်။

သတိပြန်ရလာသည့်အခါတွင် ညရောက်နေပြီ။ သူ့ဘေးတွင် ကောက်ရိုးတွေချည်း။ ပထမသော် လယ်ကွင်းတခုထဲတွင် အိပ်ပျော်နေခဲ့ခြင်းလောဟု ထင်လိုက်မိသေးသည်။ "ဘာဖြစ်လို့ ဒီနှစ် စောစော ကောက်ရိတ်တာလဲဟင် အဖေ" ဟု သူ့အဖေကို မေးနေမိသည်။ သို့ရာတွင် ချက်ချင်း သတိရသွား၏။ မိမိသည် ဒဏ်ရာရခဲ့သည် မဟုတ်လော။ သူ့ဘေးတွင် လောရီးယားက လဲလျက်။ သူ့မျက်နှာကို မမြင်ရ။ အသံကမူ လောရီးယား အသံ။

"ဘယ်သူလဲ အန်ဒရေလား" ဟု လောရီးယားက မေးနေသည်။

"ဟုတ်တယ်"

အန်ဒရေသည် မျက်နှာကျဉ်လွန်းသဖြင့် မျက်နှာကို ရှုံ့လိုက်၏။ စကားပြောစရာတွေ

အများကြီး ရှိနေသည်။ ပြောချင်သည်။

"လောရီးယား... ကျုပ်ပြောတာ ကြားရဲ့လားဟင်၊ စက်သေနတ်က ကျွန်တော်တို့ကို ကယ်သွားတာဗျ၊ ဒါပေမယ့် တက်စဆိုတဲ့ဝန်ကြီး လုပ်ပုံ ကြည့်စမ်းဗျာ၊ မြေဝယ်သတဲ့၊ ယက်ဗ်ကိုလဲ သူတို့ သတ်ကြတော့မယ် ထင်တယ်၊ ဒီနေရာက မြေသြဇာ ကောင်းတယ်နော်တဲ့၊ သူက ပြောသွားတယ်၊ တော်တော်တော့ ရယ်စရာကောင်းတယ်။ ဟင့်အင်း၊ တော်ပြီ တော်ပြီ၊ ဒါကြီးဟာ ဘယ်တော့မှ အဆုံးသတ်မှာ မဟုတ်တော့ဘူး ထင်တယ်"

"ဟုတ်တယ်၊ ဘယ်တော့မှ ပြီးမှာ မဟုတ်တော့ဘူး"

နောက်တကြိမ် မျက်လုံးများကို ပြန်ဖွင့်လိုက်သည့်အခါ အိပ်ရာပေါ်သို့ ရောက်နေသည်ကို တွေ့ရ၏။ သူ့အနားသို့ လူတယောက် လာရပ်သည်။ အန်ဒရေသည် သူ့ကို လှည့်ကြည့်လိုက်၏။

"ယက်ဗ်လား၊ ခင်ဗျားတော့ ကျန်ရစ်ခဲ့ပြီ ထင်တယ်"

"ဘာဖြစ်လို့ ကျန်ရစ်ရမှာလဲဗျ၊ နေဦး... ခင်ဗျား သိပ်စကားမပြောနဲ့၊ ဆရာမတွေက မပြောစေချင်ဘူးတဲ့၊ ကျွန်တော့်ကိုတောင် သိပ်ဝင်ခွင့်ပြုချင်တာ မဟုတ်ဘူး"

" ဒါတွေ ထားစမ်းပါဗျာ၊ နေစမ်းပါဦး၊ တောင်ကုန်းကို မသိမ်းနိုင်ဘူး မဟုတ်လား"

"မသိမ်းနိုင်ပါဘူးဗျ၊ ကျွန်တော်တို့ တင့်ကားတွေက ရွာကို ပြန်သိမ်းလိုက်တယ်။ တင့်ကားလေးစီးနဲ့ ညခုနစ်နာရီမှာ ပြန်သိမ်းတာ၊ ဒီတုန်း တပ်ရင်းဌာနချုပ်က စာပို့ရောက်လာတယ်၊ ပြန်ပြီး ဆုတ်ခဲ့ရမယ်တဲ့"

"ဘာရယ်ဗျ"

"ဗိုလ်ချုပ် ပီးကာ့ရဲ့ အမိန့်တဲ့၊ ဖရက်စီနက်က အမိန့်ကို ဖတ်ပြတယ်။ ဖတ်ပြပြီးတော့ ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး သူ့နားထင်ကို တေ့ဖြုတ်လိုက်တာပဲ၊ ကောင်းတာပေါ့ဗျ။ ကိုယ့်သိက္ခာကို ကိုယ်ထိန်းသွားတာပေါ့။ လူက ပျာယီးပျာယာ ဖြစ်တာကလွဲယင် လူကောင်းပါ၊ ကျွန်တော် သူ့အတွက် ဖယောင်းတိုင်တတိုင် ထွန်းမယ်၊ နေဗယ်အတွက်လဲ တတိုင် ထွန်းရမယ်၊ တောင်ကုန်းကို စွန့်ခဲ့ရတာတော့ ဘယ်တတ်နိုင်မလဲဗျာ၊ စိတ်တော့ မကောင်းဘူးပေါ့"

အန်ဒရေသည် သူ့နည်းတူ စိတ်မကောင်း။ ပေါ်ပလာတွေက တဘက်တချက် ပေါက်နေသည့် လမ်းကလေး။ တောင်ခြေရင်းတွင် မှိုခိုမှေးစက်နေသည့် ရွာကလေး။ ထို့နောက် ရှတတမြက်ပင်တွေ။ ဟုတ်တယ်။ သည်နားတဝိုက်က မြေတွေက မြေသြဇာကောင်းတယ်။ မြေရယ်။ ပြီးတော့ ဂျုံနက်ရယ်။

"ယက်ဗ်၊ ကျုပ်ကို ပစ်မသွားနဲ့နော်၊ ကျုပ်ကို ပစ်မသွားပါနဲ့"

သတင်းစာတွေကမူ ဂျာမန်တို့သည် အချိန်ကို စောင့်နေသည်ဟု ရေးကြ၏။ သို့ရာတွင် ဆုတ်ခွာလာခဲ့ရသည့် အမှတ် ၉ ပြင်သစ်တပ်မတော် တပ်ရင်းများသည် ပါရီအရှေ့ပိုင်း ဆင်ခြေဖုံးရပ်ကွက်များသို့ ရောက်နေကြလေပြီ။ မွန်တီနီက သူ့မိသားစုကို ဘီယာရစ်ဇ်သို့ ပို့လိုက်သည်။ အကောင်းစားကားကြီးများဖြစ်သည့် ကာဒီလက်ကား၊ ဟာစ်စပန်နိုဆွီဇာ၊ ဗျူ စသည့် ကားကြီးများသည် ပါရီမြို့တွင်းမှ တသောသော ထွက်ခွာလျက်ရှိကြ၏။ ဗိုဒီဗိုလုံးရပ်ကွက်တွင် ကတုတ်ကျင်းတွေချည်း။ ဂျာမန် လေထီးစစ်သားများနှင့် ပဉ္စမတပ်များ အကြောင်းကို တဖွဖွ ပြောနေကြလေသည်။ ဂျာမန် ပဉ္စမတပ်သားများမှာ နိုင်ငံခြားသားများနှင့် ဂျာမန်ပြည်ပြေးများ ဖြစ်သည်ဟု ဘရီကျူးက ကြေငြာသည်။ ပုလိပ်များက အမိန့်အရ ထောင်ပေါင်းများစွာသော ဂျာမန် ရေဝတီများ၊ ဖက်ဆစ်အုပ်စိုးသည့် အီတလီမှ ထွက်ပြေးလာကြသော အီတလီ အလုပ်သမားများနှင့် ရီဗတ်ဗလစ်ကင်ဂိုဏ်းသား စပိန်ပြည်ပြေးများကို ဖမ်းကြသည်။ ပုလိပ်များကို ရိုင်ဖယ်သေနတ်တွေ ထုတ်ပေးထားပြီး သေနတ်ကိုင်ပုလိပ်များက လမ်းဆုံများတွင် ယာဉ်များကို လမ်းပြနေကြသည်။ ပါရီမြို့ကြီးက အပျော်အပါး မပျက်။ ကဖီးများတွင် လူတွေ ပြည့်လျက်။ ဈေးဆိုင်များတွင် အရောင်းအဝယ် ကောင်းမြဲ။ မိဖုရား မေရီအင်တွိုင်းနက်၏ လက်မှတ်နှင့် နပိုလီယန်ခေတ် ပရိဘောဂများကို လေလံဆွဲဝယ်သူတွေက တပုံတပင်။ အဝတ်အစား ဖက်ရှင်မယ် ပြပွဲအတွက် ပြခန်းများကို မွမ်းမံသူက မွမ်းမံလျက်။ အထူးသဖြင့် ပါရီရွှေဈေးတွင် ရွှေပွဲစားတွေ၊ ရွှေကုန်သည်တွေ ပြည့်လျက်။ သို့ရာတွင် ကုန်ဈေးနှုန်းတွေကမူ တက်နေပြီ။ ဘတ်စ်ကားတွေ မရှိတော့။ စစ်တပ်အတွက် သိမ်းထားလိုက်ပြီ။ ဘတ်စ်ကားတွေ မရှိတော့သည်ကို မြင်ရသည့်အခါတွင် ပါရီမြို့သူမြို့သားတွ တနည်း စိတ်အေးသွားကြသည်။ ပထမကမ္ဘာစစ်တုန်းက ဗိုလ်ချုပ် ဂါလီယယ်နီက တက္ကစီကားတွေကို သိမ်းကာ မြို့အဝင်လမ်းများကို ပိတ်ပြီး ဂျာမန်တို့ကို တိုက်ခဲ့ပုံကို အမှတ်ရကြသည်။

မေလ ၁၆ ရက် မနက်တွင် ဝန်ကြီးတက်စ၏ အတွင်းဝန်က ဂျာမန်တင့်ကားများ လာတွန်သို့ ရောက်လာကြပြီဟု သတင်းပို့သည်။

"ငါးရက်အတွင်းမှာ ဂျာမန်တွေဟာ ကီလိုမီတာ ၁၄၀ လောက် ရောက်လာကြတယ် ဝန်ကြီး၊ လေအွန်နဲ့ ပါရီက ၁၃၀ ဝေးပါတယ် ဝန်ကြီး" ဟု အထူးပြု၍ ပြောလိုက်သေးသည်။

တက်စ ဒေါပွနေပြီ။

"နေစမ်းပါဦး၊ ဒီလို ကောလာဟလတွေကို ခင်ဗျားက လိုက်ဖြန့်နေတာလား၊ ဟုတ်လား၊ ခင်ဗျားကို ဖမ်းပြီး ထောင်ထဲ ထည့်ရမလားဟင်..."

အတွင်းဝန် ထွက်သွားသည့်အခါတွင် တက်စသည် ဝန်ကြီးချုပ်ရေးနေ့ထံသို့ တယ်လီဖုန်း ဆက်သည်။

"ကျွန်တော်ကတော့ သိပ်မယုံချင်ဘူး ဝန်ကြီးချုပ်"

"မယုံမရှိနဲ့ဗျ။ ဟုတ်တယ်၊ လေအွန်နားကို ရောက်လာပြီ"

"ဒါဖြင့် ပါရီကို သိမ်းနိုင်တယ်ဆိုတဲ့ သဘောပေါ့"

"ဒါကို ဘာမှ သံသယရှိစရာ မလိုတော့ဘူးဗျ"

"ဒါဖြင့် နောက်အကျဆုံး လေးရက်အတွင်းမှာ ပါရီကို ရောက်လာတော့မယ်ဆိုတဲ့ သဘောပေါ့။ သူတို့က တနေ့ကို ကီလိုမီတာ သုံးဆယ်လောက် ရောက်တယ် ဝန်ကြီးချုပ်၊ ကျွန်တော် တွက်ကြည့်တယ်"

"ဗိုလ်ချုပ် ဂိန်မလင်ကတော့ ဒီကောင်တွေ ဒီညလောက်မှာ ပါရီဆင်ခြေဖုံးတွေကို ဝင်လိမ့်မယ်လို့ ပြောတယ်ဗျ။ မော်ကွန်းတိုက်က စာရွက်စာတမ်းတွေကို မီးရှို့ပစ်ဖို့ ကျွန်တော် ခုပဲ အမိန့်ထုတ်လိုက်တယ်။ ကျွန်တော်တို့လဲ မြို့ကထွက်ဖို့ အဆင်သင့် ဖြစ်နေယင် ကောင်းမယ်၊ ကောင်းပြီလေ၊ နောက်တနာရီအတွင်း ကျွန်တော်ပြန်ဆက်မယ်"

တက်စသည် သူ့အတွင်းဝန်ကို ခေါ်လိုက်၏။

"စောစောက ကျုပ်... စိတ်တိုသွားတယ်ဗျာ၊ တကယ်ကတော့ ခင်ဗျားပြောတဲ့သတင်းကို အရပ်သူအရပ်သားတွေ ကြားယင် ရူးသွားနိုင်တယ်၊ ကျုပ်အဖို့ကတော့ အရေးမကြီးပါဘူး၊ ခုအတိုင်းဆိုရင် အရေးပေါ်အစီအစဉ်တွေကို လုပ်ဖို့လိုတယ်၊ ပထမ ကျုပ်တို့ဌာနက စာရွက်စာတမ်းတွေကို မီးရှို့ပစ်ရမယ်၊ ပြီးတော့ မြို့ကပြောင်းရမယ့် ဝန်ကြီးဌာနဆိုင်ရာ အမှုထမ်းတွေကို စာရင်းလုပ်ရမယ်၊ ပြီးတော့ ကျုပ်ကားဒရိုင်ဘာကိုလဲ ပြောထားလိုက်ပါ၊ ကားမှာ ပြင်ဆင်စရာရှိယင် ပြင်ထားလို့၊ ဘယ်ကိုမှ မသွားပေ့စေနဲ့၊ အဆင်သင့်ရှိနေပေ့စေ၊ နေ့လယ်စာ စားပြီးယင် ကျုပ်အပြင်သွားမယ်လို့"

ပေါလက်ကို သတိရသည်။ ပေါလက်ကို သူနှင့်အတူ ခေါ်၍ မဖြစ်။ ဝန်ကြီးဌာနတွေ ပြောင်းလျှင် လူစုံတက်စုံ ပါမည်။ ပေါလက်ကို လူတိုင်းသိကြပြီးသား။ ပြဿနာတွေ တက်လာနိုင်သည်။ ဆိုရှယ်လစ်များက သူ့ကို သိက္ခာချကြလိမ့်မည်။ သို့ရာတွင် ပေါလက်ကို သူမည်သို့ပြောရမည်နည်း။ ပေါလက်သည် သူတို့အသိုင်းအဝိုင်းမှ မဟုတ်။ သည်အကြောင်းကို ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောလျှင် ပေါလက်တယောက် ချုံးပွဲချ ငိုလိမ့်မည်။ တယ်လီဖုန်းနှင့် ပြောသည်က ကောင်းမည်ထင်သည်။

"ပေါလက်ရေ... ဖြစ်နိုင်ယင်တော့ မြို့ကထွက်ယင် ကောင်းမယ်ထင်တယ်။

အစ်ကိုကြီးတော့ မပြောနိုင်သေးဘူး၊ အခြေအနေက သိပ်မကောင်းလှဘူး၊ ညနေလောက်ဆိုယင် ဒီကောင်တွေ ပါရီကို ရောက်ချင်ရောက်နိုင်တယ်၊ ထင်တာ မဟုတ်ပါဘူးလေ၊ ရောက်မှာပါ။ ဒီတော့ ပေါလက်လုပ်တာတွေကို ဘယ်သူမှမရိပ်မိစေနဲ့၊ ဘယ်သူ့ကိုမှလဲ ဖွင့်မပြောနဲ့၊ လူထုက မသိသေးဘူး၊ အို ဒီလောက်လဲ ကြောက်မနေနဲ့လေ၊ လီယွန်ကိုသွား၊ ခု မှီရာရထားနဲ့လိုက်၊ ဘာ... အစ်ကိုကြီးအတွက်လား၊ အစ်ကိုကြီးလိုက်လို့ မဖြစ်ဘူးလေ၊ ဝန်ကြီးဌာနမှာ နောက်ဆုံးအထိ ရှိနေရမယ်၊ ဟင့်အင်း အမိန့်တော့ မဟုတ်ပါဘူး၊ ကိုယ့်အသိနဲ့ကိုယ် နေရတာပေါ့။ ကဲ... သွားတော့ အချစ်ရယ်"

တက်စသည် တယ်လီဖုန်းခွက်ကို ချလိုက်၏။ စားပွဲပေါ်သို့ ခေါင်းတင်ပြီး ငိုမိသည်။ ကံဆိုးလိုက်သည့်ဘဝ။ လွန်ခဲ့သည့် တပတ်လောက်တုန်းကအထိ အားလုံး အေးအေးဆေးဆေး။ သာသာယာယာ။ နော်ဝေတွင် ဝင်တိုက်ဖို့တောင် စဉ်းစားခဲ့ကြသေးသည်။ ပေါလက်ကို သူနှင့်အတူ ခေါ်သွားမည်ဟု စိတ်ကူးခဲ့သည်။ ယခု ရန်သူသည် ကီလိုမီတာ ၁၄၀ ကို ငါးရက်လောက်နှင့် တက်လာသည်။ သူတို့တက်လာပုံက ကြောက်စရာ။ ဂျာမန်များကို မိမိတို့တပ်များသည် သေနတ်တချက်မျှ မဖောက်ပဲ ထွက်များပြေးကုန်ကြလေသလောမသိ။ သူတို့ကိုလည်း အပြစ်မဆိုသာ အဓိပ္ပါယ်မရှိဘဲ မည်သူအသေခံချင်မည်နည်း၊ သြော် သနားစရာ ကောင်းလိုက်ပါသည့် ပြင်သစ်ပြည်ကြီး။

တုန်သွားကာ နာရီကို မော့ကြည့်လိုက်မိသည်။ ဝန်ကြီးချုပ်သည် သူ့ထံ ဘာကြောင့် တယ်လီဖုန်း မဆက်သေးသနည်း။ သူ့ကိုမေ့ကာ အားလုံး ထွက်ပြေးကြလေပြီလော။

ခေါင်းလောင်းကိုနှိပ်၍ အတွင်းဝန်ကို ခေါ်လိုက်သည်။

"ဒရိုင်ဘာကို ပြောလိုက်ပါ... ကား အဆင်သင့် ပြင်ထားလို့၊ ဓာတ်ဆီအပိုလဲ တင်ထားလို့၊ လမ်းမှာ ဘာဖြစ်လို့ ဖြစ်မယ်မှန်း ဘယ်သူမှမပြောနိုင်ဘူး"

အတွင်းဝန်က ခေါင်းညိတ်၏။

"ဝန်ကြီးကို ဒက်ဇာက အရေးကြီးတဲ့ကိစ္စရှိလို့ တွေ့ချင်တယ်လို့ ပြောနေပါတယ်"

"ဒက်ဇာလား၊ တော်တော် ခွကျတဲ့လူပဲ၊ ဒီအချိန်ကြီးမှာ ဘာကိစ္စ တွေ့ချင်ရပြန်ပြီတဲ့လဲ၊ ကောင်းပြီလေ အခန်းထဲကိုလွှတ်လိုက်"

နှစ်ယောက်သား တိတ်ဆိတ်စွာ လက်ဆွဲနှုတ်ဆက်ကြသည်။ တယောက်မျက်နှာကို တယောက်မကြည့်မိအောင် ကြိုးစားကြ၏။ တက်စ၏ မျက်လုံးများက နီရဲလျက်။ ဒက်ဇာက လူအိုကြီးတယောက်နှင့် တူနေသည်။ ထူထဲသည့် မျက်ခုံးမွေးကြီးများအောက်တွင် သူ့မျက်လုံး မှုန်မွဲမွဲတို့ကို အနိုင်နိုင်မြင်ရ၏။ တွန့်ကြေနေသည့် လက်အိတ်ကို ပြန့်အောင် လုပ်လိုက်ပြီး ဆေးပြင်းလိပ်ဗူး ထုတ်လိုက်သည်။ သို့ရာတွင် မီးညှိခြင်းမပြု။ စက္ကူဖြင့်သည့် ဖန်တုံးကလေးကို ရှေ့တိုးနောက်ငင် ရွှေ့နေသည်။ တိတ်ဆိတ်နေခြင်းကို တက်စ သည်းမခံနိုင်တော့။

"ကဲ... ဆို၊ ဘာကိစ္စ"

ဒက်ဇာက သူ့ရှေ့တည့်တည့်ကို ကြည့်နေသည်။ ဒက်ဇာသည် အရူးတယောက်လို နေရာအနှံ့ ရောက်ခဲ့ပြီ။ စစ်ဦးစီးဌာနချုပ်သို့လည်း ရောက်ခဲ့သည်။ ဝန်ကြီးဌာနပေါင်းလည်း စုံပြီ။ ဝန်ကြီးချုပ် ရေးနော့၊ မန်ဒယ်နှင့် ဗိုလ်ချုပ် ဂျော့ဂျက်တို့ထံလည်း ရောက်ခဲ့ပြီ။ ဂျာမန်တို့ကို ခံတိုက်ဖို့ ပြောကြည့်သည်။ ခြိမ်းခြောက်ကြည့်သည်။ စောဒကတက်ကြည့်သည်။ သူ့ကို ယဉ်ကျေးစွာဖြင့် နှင်ထုတ်လိုက်ကြသည်ချည်း။

နောက်ဆုံးတွင် ဒက်ဇာက စပြော၏။

"မနက်ဖြန်လောက်ဆိုယင် ပါရီကို ဂျာမန်တွေ သိမ်းပြီးလောက်ပြီဗျ၊ အချိန်သိပ်မရှိတော့ဘူး၊ အခြေအနေက ရှင်းသွားပြီ၊ ဒီတော့ ခံတိုက်မယ်ဆိုတာ အစိုးရက ကြေငြာဖို့ကောင်းပြီ၊ ရိုးရိုးသားသား၊ ထက်ထက်သန်သန်နဲ့ ကြေငြာဖို့ လိုလိမ့်မယ်၊ နေရာတကာမှာ သူလျှိုတွေ ပြည့်နေတယ်၊ ဒီသူလျှိုတွေကို ဖမ်းပြီး ပစ်သတ်ရမယ်၊ ဒီသူလျှိုတွေက အလုပ်သမားတွေ မဟုတ်ဘူး လာဗယ်တို့၊ ဂရမ်ဒယ်တို့၊ ဘာရီကျူးတို့၊ ဗိုလ်ချုပ် ပီးကာ့တို့"

"နေပါဦး၊ ကိုယ်ဘာပြောနေတယ်ဆိုတာ ကိုယ့်ဘာသာကိုယ်ကော သိရဲ့လား၊ ခင်ဗျားနဲ့ကျုပ်ဟာ မိတ်ရင်းဆွေချာတွေပါပဲ၊ ဒါပေမယ့် ကျွန်တော်က တာဝန်ရှိတဲ့နေရာမှာ ရောက်နေတဲ့လူဗျ၊ ဝန်ကြီးနေရာကို တက်လုပ်နေရတဲ့လူ၊ ခု ခင်ဗျားက ကျွန်တော့်ကို အစိုးရအတွင်းမှာ ပုန်ကန်မှုလုပ်ဖို့ လာပြောနေတယ် သိရဲ့လား"

"ကျွန်တော်ပြောတာက ရှင်းရှင်းကလေးပါ၊ ခင်ဗျားတို့ ထွက်ယင်လဲထွက်၊ မထွက်ယင်လဲ ခံတိုက်ကြလို့ ပြောနေတာ၊ ပါရီကို ရန်သူလက်မကျအောင် ကာကွယ်လို့ ရပါတယ်ဗျ။ တလမ်းပြီးတလမ်း ကာကွယ်မယ်"

"ကျေးဇူးတင်ပါတယ်၊ ကာကွယ်ပြီး အလုပ်သမား သူရဲကောင်းကြီးများက ပါရီဘုံအဖွဲ့တခု ထပ်ထောင်မယ်ဆိုတဲ့ သဘောပေါ့၊ မထွက်ပေးဘူးခင်ဗျ။ ကျုပ်ဂုဏ်သိက္ခာကို ကျုပ်ထိန်းသိမ်းရလိမ့်မယ်"

"ဒါပေမယ့် ပြင်သစ်ပြည်ကြီးကတော့..."

"၁၈ ရာစု တော်လှန်ရေး ဖြစ်ပြီးတဲ့နောက် ပြင်သစ်ပြည်ကြီး နာလန်ထလာခဲ့တယ်။ ခုလဲ ပြန်ပြီး နာလန်ထမှာပါပဲဗျ"

"ဟုတ်တယ်၊ အဲဒီတုန်းက နာလန်ထခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက ပြင်သစ်လူထုက ဘဲဖို့မှာ ခံတိုက်ခဲ့တယ်၊ လွိုင်မြစ်ပေါ်မှာ ခံတိုက်ခဲ့တယ်၊ ဗိုလ်ချုပ် ဂမ်ဘက်တာက ပြည်သူတွေကို စုပြီး ခံတိုက်ခဲ့တယ်၊ ပါရီမြို့ကြီးကို ဂျာမန်တွေ ဝိုင်းထားပေမယ့် ပါရီဟာ ကြံ့ကြံ့ခံခဲ့တယ်၊ လူထုတွေ ရှိတယ်၊ ဒါပေမယ့် ခုတော့ ပါရီမှာ လူတယောက်မှ မရှိတော့ဘူးဗျ၊ ဂျာမန်တွေက ကိုယ်ရောင်ပြလိုက်ရုံပဲ ကျန်တော့တယ်"

"ဒီတော့ ခင်ဗျား ဘာပြောချင်တာလဲ"

"ခံတိုက်ပါ။ ပါရီမှာ ခံတိုက်လို့ မဖြစ်တော့ဘူးဆိုယင် လွိုင်မြစ်ပေါ်မှာ ခံတိုက်လို့ ရသားပဲ၊ အဲဒီကို သူ့တို့ကျော်လာယင် အယ်ဂျီရီးယားနယ်ဘက်က ခံတိုက်မယ်၊ ခင်ဗျားတို့ ခံတိုက်မယ်ဆိုယင် ကျုပ်အားလုံးစွန့်လွှတ်ဖို့ အဆင်သင့်ရှိတယ်၊ စည်းစိမ်ဥစ္စာတွင် မကဘူး၊ အသက်ပါစွန့်မယ်၊ ကျွန်တော့်လိုလူတွေ အများကြီးရှိသေးတယ်၊ အဲ တခုတော့ နားလည်ထားပါ၊ ခင်ဗျားတို့ ဝန်ကြီးတွေကိုတော့ ဘယ်သူကမှ အယုံအကြည်မရှိတော့ဘူး"

သရော်မော်ကားပြောသည်ကို တက်စ ရင်ဆိုင်သည်။

"ခင်ဗျားတို့လိုလူတွေ အယုံအကြည်ရှိတာကိုလဲ မလိုချင်ပါဘူး၊ ကျုပ်တို့ကို လွှတ်တော်က ထောက်ခံထားတယ်၊ တိုင်းပြည်က ထောက်ခံထားတယ်၊ မနက်ဖြန်ကျယင် ခင်ဗျားတို့ တမျိုးပြောဦးမှာပဲ"

သူ့စကား ကျွံသွားပြီဟု ဒက်ဇာ နားလည်လိုက်သည်။ တက်စကို သူသွား၍

ခြိမ်းခြောက်မိပြီ။ ဒက်ဇာ လေသံပြောင်းလိုက်၏။

"ဒီမှာ တက်စ၊ ခင်ဗျားစဉ်းစားပါ။ ဂျာမန်တွေ နိုင်သွားယင် ပြင်သစ်ပြည်မှာ လွတ်တော်ရယ်လို့ ရှိတော့မှာ မဟုတ်ဘူး၊ သူတို့ ရုပ်သေးအာဏာရှင်အစိုးရအဖွဲ့မှာ ဘာရီကျူးတို့၊ လာဗယ်တို့၊ လာလီမို့မယ်၊ ခုပဲ ခင်ဗျားတို့ ဘယ်လောက်အလျှော့ပေးခဲ့ရပြီလဲ၊ စဉ်းစားပါ။ ခင်ဗျားတို့ ဘာလုပ်မလဲ"

"ဘာလုပ်ရမလဲ၊ ရင်ဆိုင်ရမှာပေါ့။ ဘာပြောပြော ဘုံအဖွဲ့ ထောင်ချင်တဲ့ကောင်တွေနဲ့စာယင် ဘာရီကျူးတို့ လူသိုက်က အများကြီးကောင်းတယ်၊ ခင်ဗျား တော်တော်ညှိတဲ့ အကြံပေးအရာရှိပဲဗျ။ ကျွန်တော်ဟာ အယူသည်းတဲ့လူ မဟုတ်ပါဘူး...၊ ဒါပေမယ့် ဒီပြင်လူတွေအဖို့ ဘာဖြစ်နေနေ ကျွန်တော့်အဖို့တော့ ဆယ့်သုံးဟာ ကံကောင်းတဲ့ ဂဏန်းပဲဗျ၊ ကျုပ်မိန်းမဟာ ဆယ့်လေးရက်နေ့မှာ သေတယ်၊ အေးလေ... လူတိုင်း... လူတိုင်းအဖို့ ကိုယ့်အတိတ်နဲ့ကိုယ်ပေါ့။ ကျွန်တော် သတိထားမိတယ်၊ ခင်ဗျားဟာ တော်တော်လာဘ်တိတ်တဲ့လူ၊ အင်္ဂလိပ်တွေလိုပဲ၊ ဟိုတုန်းက ခင်ဗျားဟာ ဘာရီကျူးကို ထောက်ခံခဲ့တယ်၊ ဘာရီကျူးကို ခင်ဗျားထောက်ခံတော့ ပြည်သူ့တပ်ဦး တက်လာတယ်၊ နောက်တခါ ပြည်သူ့တပ်ဦးကို ခင်ဗျားထောက်ခံပြီး ဗီးလာ့ဒ်နဲ့ မိတ်ဆွေဖွဲ့တဲ့အခါကျတော့ ဗီးလာ့ဒ် ပြုတ်ကျသွားတယ်၊ ခု ခင်ဗျား ဂျာမန်တွေကို ခံတိုက်ဖို့ ကျွန်တော်တို့ကို တိုက်တွန်းနေပြန်ပြီ၊ ခင်ဗျားက ခံတိုက်စေချင်လို့ ခံတိုက်ယင် ကျွန်တော်တို့ လက်မြှောက်အရှုံးပေးရတဲ့အဖြစ်ကို ရောက်မှာပဲဗျ"

ဒက်ဇာက မတ်တတ်ထလိုက်ပြီး တံခါးဆီသို့ ထွက်လာ၏။ တက်စသည် ဒက်ဇာအတွက် စိတ်မကောင်းဖြစ်သွားသည်။

"ဒီမှာ ဒက်ဇာ၊ ဘာဖြစ်လို့ အမေရိကကို မသွားတာလဲ... ခင်ဗျားမှာ ပိုက်ဆံတွေ အများကြီး ရှိတာပဲ၊ အမေရိကဟာ နိဗ္ဗာန်ပဲဗျ။ ကျွန်တော်တောင် သွားချင်တာ၊ သွားလို့ မဖြစ်လို့ နေရတာ၊ ဒါတွေဟာ ခင်ဗျားစနက်တွေချည်းပဲ၊ ထားပါလေ၊ ဒီအချိန်မှာ ကျွန်တော်တို့ အချင်းချင်း ရန်မဖြစ်ချင်ပါဘူး၊ ကျွန်တော်ပြောတာကို နားထောင်ပါ။ ခင်ဗျား တနေရာကိုသွားပါ... ဒီမှာမနေပါနဲ့"

ဒက်ဇာက ကိုယ်ရှိန်သတ်လိုက်၏။ သူ့မျက်လုံးများသည် တောက်ပြောင်လာကြသည်။ ပြုံးလိုက်ယင်း...

"တခြားကို သွားရမယ် ဟုတ်လား၊ အင်း... ကျွန်တော်ဟာ ပြင်သစ်လူမျိုးထဲမှာ ခပ်ညံ့ညံ့ ပြင်သစ်လူမျိုးပါပဲ၊ လမ်းမှာတွေ့တဲ့လူက ကျွန်တော့်ကို စော်ကားယင်လဲ ကျွန်တော် အထူးမအံ့သြပါဘူး၊ ဒါပေမယ့် ကျွန်တော်ဟာ ဘယ်လောက်ပဲညံ့ညံ့ ပြင်သစ်လူမျိုးဟာ ပြင်သစ်လူမျိုးပဲဗျ"

တက်စက ပခုံးကိုတွန့်ကာ တံခါးပိတ်လိုက်သည်။ ဒက်ဇာနှင့် ပြောခဲ့သည့် စကားများကို ခေါင်းထဲမှ မောင်းထုတ်လိုက်၏။ ပါရီမှအထွက်တွင် သူယူသွားရမည့် ပစ္စည်းများကို စာရင်းလုပ်သည်။ စစ်ဌာနချုပ်မြေပုံတခု။ စာပို့တိုက်သုံး ပုံစံစာရွက်များ။ နောက်ဆုံးထုတ် ဒရူးမွန့်ဂျာနယ်တစောင်။ လီဗာအိတ်စထရက် အားဆေးများ။ အမာညက်အရက်ပုလင်း တပုလင်း။ ခရီးသွား လမ်းညွှန်စာအုပ် တအုပ်။ ရုံးခန်းထဲမှ ထွက်တော့မည်အပြုတွင် ဝန်ကြီးချုပ် ရေးနော့ထံမှ တယ်လီဖုန်းလာသည်။

"လေအွန်နယ်ဘက်က အခြေအနေကတော့ အတော်ကလေး တိုးတက်လာပြီဗျ၊ ရန်သူက ပထမတပ်မတော်ကို ဦးတည်တိုက်နေပုံရတယ်၊ စိန့်ကွင်တင် ပေရွန်နယ်မြေ ဆိုပါတော့၊ ကြည့်ရတာကတော့ အဲဒီကိုဖြတ်ပြီး

အနောက်ဘက်ကမ်းခြေကို ဆင်းချင်ပုံရတယ်၊ ဒီနေ့ လွှတ်တော်မှာ ကျွန်တော် မိန့်ခွန်းပြောမယ်”

တက်စ၏ မျက်နှာသည် ဝင်းထိန်သွား၏။ ကျေနပ်စွာ ပြုံးလိုက်ယင်း အတွင်းဝန်ကို လှမ်းပြောသည်။

“ဒီလောက် အလန့်တကြား ဖြစ်စရာ မလိုပါဘူးလို့ ကျုပ်ပြောတယ် မဟုတ်လား၊ လူငယ်ဆိုတာ သတ္တိဗျတ္တိ ရှိရတယ်ဗျ။ ခုတော့ အိုမင်းတွင်း ကျဆင်းနေတဲ့ ကျုပ်လို အဘိုးကြီးက လူငယ်တွေကို သတ္တိရှိဖို့ သင်ပေးနေရတယ်၊ ဟင်း…”

ပေါလက်ထံသို့ တယ်လီဖုန်းဆက်သည်။ သို့ရာတွင် နောက်ကျသွားပြီ။ ပေါလက်သည် ပါရီမှ ထွက်ခွာသွားနှင့်ပြီ။ သူ့ကို လာတွေ့ရန် သတင်းစာဆရာ ဂျိုလီယော့ကို ဖုန်းဆက်ပြန်သည်။ အရပ်ပုပု ခပ်ဖိုင့်ဖိုင့် သတင်းစာဆရာသည် ကသောကမျော ရောက်လာ၏။ ပါးစပ်ကလည်း စကားကို အမျှင်မပြတ် ပြောလာသည်။

“မြို့ထဲမှာတော့ လူတွေ တရုန်းရုန်း ဖြစ်နေပြီ ဝန်ကြီး…၊ မွန်တီနီက ကောလာဟလတွေ လျှောက်လွှင့်တာပေါ့။ ကျွန်တော့်မှာလဲ ပိုက်ဆံမရှိတော့ဘူး၊ သေတ္တာဖွင့်ကြည့်တော့ ငွေတရာပဲ ကျန်တော့တယ်၊ သတင်းစာတိုက်တွေ အားလုံးလဲ ပြောင်းကုန်ကြပြီ၊ ကျွန်တော်ဖြင့် ဘယ်ကိုသွားရမယ်လို့တောင် မသိသေးဘူး၊ မာဆေးလ်ကိုပဲ သွားရမလား မသိဘူး၊ ဒါပေမယ့် ခက်တာက အီတလီနယ်စပ်နားနီးတော့ အီတလီ ဝင်တိုက်မှာကိုလဲ စိုးရသေးတယ်၊ ကျွန်တော့်အထင်တော့ မနက်ဖြန်လောက်ဆိုယင် အီတလီကလဲ စစ်ကြေငြာလိမ့်မယ် ထင်တာပဲ၊ ရောမကလွှင့်နေတဲ့ လေသံက ခုပဲ တိုက်တော့မယ့်ပုံ”

“ပိုက်ဆံကိစ္စက ဖြစ်ပါတယ်ဗျာ၊ ဒီလောက် အရေးမကြီးပါဘူး၊ ခင်ဗျားလိုလူကကော ဘာဖြစ်လို့ ဒီလောက်တောင် စိုးရိမ်တကြီး ဖြစ်နေရတာလဲ၊ အခြေအနေ မငြိမ်မသက် ဖြစ်နေတာကတော့ ကြာပြီလေ၊ နေစမ်းပါဦး… ဂျာမန်တွေကကော ပါရီကို ဝင်မယ် ထင်သလား၊ မဖြစ်နိုင်ဘူးဗျ၊ သူတို့ တိုက်ချင်တာက ပါရီမဟုတ်ဘူး၊ လန်ဒန်ကို တိုက်ချင်တာ”

တက်စက ကျေနပ်စွာ ပြုံးလိုက်၏။ ဂျိုလီယော့က သဘောမတူ။

“ပါရီမှာ လူတွေ ကသောင်းကနင်း ဖြစ်နေတာ သူတို့လဲသိမှာပေါ့၊ မပြောနိုင်ဘူးလေ၊ သူတို့မှာ ဘာအကြံအစည်တွေ ရှိမှန်းမှ မသိတာ”

ဂျိုလီယော့ ဂနာမငြိမ်။ သို့ရာတွင် အစိုးရလျှို့ဝှက်ရန်ပုံငွေမှ ငွေသုံးသိန်း ထုတ်ပေးမည်ဟု တက်စက ပြောလိုက်သည့်အခါတွင်မူ တည်ငြိမ်စပြုလာ၏။ သတင်းစာတိုက်က သူ့အခန်းသို့ ပြန်ရောက်သည့်အခါတွင်မူ ဂျိုလီယော့ ခေါင်းကြီးတပုဒ်ကို နှုတ်ဖြင့်ရွတ်နေသည်။ လက်နှိပ်စက် စာရေးမက လိုက်ရေးလျက်ရှိ၏။

“ယခုအချိန်တွင် ရန်သူ၏ ပရိယာယ်သည် ဗူးပေါ်သလို ပေါ်လာခဲ့လေပြီ၊ ရန်သူသည် မဟာမိတ် စစ်မျက်နှာတလျှောက်တွင် အားအနည်းဆုံးနေရာဖြစ်သည့် ဖြိုတိန်ကို ဝင်လိုပုံရသည်။ သို့ရာတွင် ရေလက်ကြားတဘက်ရှိ ကျွန်ုပ်တို့မိတ်ဆွေများ (အင်္ဂလိပ်) သည် ရန်သူ၏ အလစ်တိုက်ခိုက်မှုကို ခံရမည်မဟုတ်ဟု ကျွန်ုပ်တို့ စိတ်ချယုံကြည်ပေသည်”

အိမ်သို့ ပြန်ရောက်သည့်အခါတွင်မူ ဂျိုလီယော့သည် သူ့ထုံးစံအတိုင်း

အော်ကြီးဟစ်ကျယ်ဖြင့်...

"မိန်းမရေ သတင်းကောင်းပဲဟေ့... မင်းအထုပ်အပိုးတွေ ပြန်ဖြေလိုက်တော့၊ တို့များ ပါရီက ပြေးစရာ မလိုတော့ဘူး၊ ဂျာမန်တွေက လန်ဒန်ဘက်ကို လှည့်သွားပြီ၊ ဝန်ကြီး တက်စကလဲ ငွေသုံးသိန်း ပေးလိုက်တယ်၊ ခုလောက်ဆို အင်္ဂလန်မှာ ဘာတွေ ဖြစ်ကုန်ပလဲ မသိဘူး၊ ဘာဖြစ်ဖြစ်ကွာ တလလောက် အေးအေးဆေးဆေး နေရတယ်ဆိုယင် တော်သေးတာပေါ့...၊ မောင်မင်းကြီးသားတွေကို ကြံဖန် ကျေးဇူးတင်ရဦးမယ်"

ဂျိုလီယော့၏ ဆောင်းပါးကို ဖတ်ပြီးသည့်နောက်တွင်မှ ပါရီမြို့သူမြို့သားများ သက်ပြင်းချနိုင်ကြတော့သည်။ အစိုးရအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းနှစ်ရပ်ကို သတင်းစာများက ဖော်ပြကြ၏။ မနက်ဖြန်တွင် နိုတာဒွန် ဘုရားရှိခိုးကျောင်းကြီးတွင် ဆုတောင်းပွဲ ကျင်းပမည်။ ထိုဆုတောင်းပွဲသို့ ဝန်ကြီးချုပ် ရေးနော့လည်း တက်ရောက်မည်။ ပါရီတွင် ကျန်ရှိနေသေးသည့် ကွန်မြူနစ် အဖွဲ့အစည်းများကို အပြတ်ရှင်းရန် ပြည်ထဲရေးဝန်ကြီးနှင့် တရားရေးဝန်ကြီးတို့ကို အမိန့်ပေးလိုက်ပြီ။ ကွန်မြူနစ်သတင်းစာဖြစ်သည့် လျူမန်နီတေး သတင်းစာများ တွေ့ရှိမှုဖြင့် အလုပ်သမားရှစ်ယောက်ကို ထောင်ဒဏ်ငါးနှစ် အပြစ်ပေးလိုက်သည်။ ဘယ်လဂျီယန်တွင် ဂျာမန်တပ်များ အကျအဆုံးများကြောင်းနှင့် အချို့တပ်သားများက စစ်တိုက်ရန် ငြင်းဆန်ကြကြောင်းဖြင့် သတင်းစာများက ဖော်ပြကြသည်။ ပါရီ ရွှေပွဲစားတန်းတွင် အရောင်းအဝယ် ကောင်းနေသည်။

လွှတ်တော်တွင် ဝန်ကြီးချုပ်ရေးနော့က ပြင်သစ်လူမျိုးများ ခိုင်မာပြတ်သားဖို့ လိုကြောင်း၊ သတ္တိရှိဖို့ လိုကြောင်းဖြင့် မိန့်ခွန်းပြောသည်။ မိန့်ခွန်းပြောပြီးသည့်အခါတွင် တက်စက ချီးကျူးနှုတ်ဆက်၏။

"ဒီနေ့ ဝန်ကြီးချုပ်ကို ကြည့်ရတာ တော်တော် ကျက်သရေ ရှိတာပဲ၊ မြို့ကနေပြီး အစိုးရအဖွဲ့ ထွက်ခွာမသွားဘူးဆိုတော့ မြို့သူမြို့သားတွေ အားရှိတာပေါ့၊ ဂျာမန်တွေဟာ လန်ဒန်မြို့ဘက်ကို ဦးလှည့်သွားလို့ မနက်က ဝန်ကြီးချုပ်က ဖုန်းဆက်တော့..."

ဝန်ကြီးချုပ် ရေးနော့က နဖူးကို တွန့်လိုက်ယင်း...

"ဘာ လန်ဒန်ကို ဦးလှည့်သွားတယ်လို့ ကျုပ် ဘယ်တုန်းက ပြောလို့လဲ။ ကျုပ်ပြောတာ ဖောက်ထွက်ပြီး အနောက်ဘက်ကမ်းခြေကို ဆင်းချင်ပုံရတယ်လို့ ပြောတာ၊ အဓိပ္ပါယ်က ကျုပ်တို့ကို လှည့်ဝိုင်းထားဖို့ အေမီးယန်းဘက်ကို လှည့်ဆင်းတာဗျ။ နားလည်ပလား"

တက်စက ခေါင်းကိုညိတ်သည်။ သို့ရာတွင် သူ့စကားများကို မယုံ။ ခဏအကြာတွင် တက်စသည် ဘာရီကျူးအား ဝန်ကြီးချုပ် ရေးနော့အကြောင်းကို ပြောလျက်ရှိ၏။

"ကျုပ်တို့ ဝန်ကြီးချုပ် ရေးနော့ဟာ သူ့ဆရာ အင်္ဂလိပ်အတွက် တော်တော်စိုးရိမ်နေတယ်ဗျ၊ မဟုတ်ဘူးလား၊ ရေးနော့ဟာ အင်္ဂလိပ်ရဲ့ မြင်းထိန်းပါဗျာ၊ ခင်ဗျားလူ ခု သူ့ခြေထောက်ပေါ်မှာ ကောင်းကောင်း မရပ်နိုင်တော့ပါဘူး၊ ဂျာမန်တွေက အေမီးယန်းအထိ သွားပြီး ကျုပ်တို့ကို ဝိုင်းပတ်ထားယင် ခင်ဗျားလူ ကျွမ်းပြန်ကျမှာပဲ၊ စောင့်သာကြည့်နေ၊ အဲ... သူ ဒီလို မြန်မြန်ဖြစ်လေ ပြင်သစ်ပြည်ကြီး မြန်မြန်ကောင်းစားလေပဲ"

ဘာသံကိုမှ ကောင်းကောင်း မကြားရ။ အိုမင်းအက်ကွဲနေသည့် အသံသည် ဗိုလ်ချုပ် ဒီဗီးဆက်၏ နားထဲသို့ မဝင်။ "ဘာသံမှ မကြားရဘူးဗျ" ဟု ဗိုလ်ချုပ် ဒီဗီးဆက်က အော်သည်။ ဆူဆူညံညံ အသံများသည် သူ့စကားလုံးများကို ဖုံးသွားကြသည်။ အမြောက်သံများသည် သူ့စကားသံကို ဖုံးသွား၏။ ခဏအကြာတွင် တိတ်သွားသည်။ ဗိုလ်ချုပ် ပီးကာ့၏ အသံသည် တဘက်ခန်းမှ ပြောနေသလို ပီပီသသကြီး ပေါ်လာသည်။

"ရန်သူက လေအွန်ကို အတင်းဖိတိုက်နေပြီ ဗိုလ်ချုပ်၊ လေအွန် ကျယင်တော့ ပါရီကို ချက်ချင်း ရောက်လာမှာပဲ"

ဗိုလ်ချုပ် ဒီဗီးဆက်က စိတ်ဆိုးမာန်ဆိုးဖြင့်...

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ ရန်သူက လေအွန်ကို အရောင်ပြလောက်ပဲ တိုက်နေတာဗျ၊ သူတို့ တကယ်တိုက်မှာက အေမီးယန်းကို တိုက်မှာ၊ နောက်ထပ် တပ်ကူတွေ ရယင်တော့ ဒီက အခြေအနေကို ထိန်းနိုင်မှာပဲ၊ ဒီဂေါ်ရဲ့ တင့်ကားတပ်မဟာကို ပို့ပေးနိုင်မလား၊ ကြားလား၊ ပြောတာ ကြားရဲ့လား"

အမြောက်သံများက ဆူညံလာပြန်သည်။ ပင်ပန်းနွမ်းနယ်နေသော တယ်လီဖုန်း စာရေးမ၏ အသံ ပေါ်လာ၏။ "ဟလို... ပါရီလား၊ ပါရီ ပါရီ" မနည်းကြီး နားထောင်တော့မှ တဘက်က ပြောနေသည့်အသံကို ဗိုလ်ချုပ် ဒီဗီးဆက် ကြားရတော့သည်။ "တင့်ကားတပ်မကို ပို့လို့မရဘူး၊ ... ဟလို၊ တင့်ကားတပ်မကို မပို့နိုင်ဘူး၊ ပို့လို့ မဖြစ်ဘူး၊ ရလား... ဒါပဲ"

အခန်းထဲတွင် မခံမရပ်နိုင်အောင် ပူလောင်အိုက်စပ်လျက်။ ပူနေသည့် တယ်လီဖုန်း စကားပြောခွက်မှ အနံ့ကြီးက စိမ်းရွှေရွှေနှင့်။ အန်ချင်စရာ။ ဗိုလ်ချုပ် ဒီဗီးဆက်သည် လည်စည်းကို ဖြည်လိုက်ပြီးနောက် ရေနွေးတခွက်ကို ငုံ့သောက်၏။ မုတ်ဆိတ်တွေ ထူနေသည့် သူ့မျက်နှာပေါ်သို့ ချွေးတွေ စီးကျနေကြသည်။ နီရဲသည့် မျက်လုံးများက မျက်လုံးအိမ်မှ ကျွတ်ကျတော့မည့်နှယ် ပြူးထွက်နေကြ၏။ မအိပ်ရသည်မှာ သုံးညရှိပြီ။

အခန်းထဲသို့ ဦးစီးချုပ် ဝင်လာသည်။

"ဗိုလ်ချုပ်ဂေါ့ ဆီက သတင်းလာတယ်၊ မနက် ခြောက်နာရီမှာ သူတို့စတိုက်မယ် ထင်တယ်တဲ့"

"၁၁ တပ်မကြီးနဲ့ အဆက်အသွယ်ရပြီလား ဗိုလ်ချုပ်"

"ဗိုလ်ချုပ် ဗီးနော့ ဦးနှောက်ခြောက်နေတယ်၊ ဘာလုပ်ရမှန်း မသိဘူး၊ သူ့တပ်လဲ ရှေ့တန်းစစ်ကြောင်းက ဆုတ်လာခဲ့ပြီးပြီတဲ့၊ ပြီးတော့ ခက်တာက လက်ဝဲဘက်တောင်ပံကို လာတိုက်တဲ့ ဂျာမန်တပ်တွေကို ပြန်ချရဦးမှာ"

"တင့်ကားတပ် ရှိလို့လား"

"ဘယ်ရှိမလဲ ခြေလျင်တပ်ပေါ့၊ လော်ရီတွေနဲ့ တိုက်ရမှာပေါ့"

"အင်း" ဗိုလ်ချုပ် ဒီဗီးဆက်သည် ရေနွေးတခွက်ကို ထပ်သောက်သည်။ "အခြေအနေကတော့ ရှုပ်ကုန်ပြီဗျ။ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ အင်္ဂလိပ်ကို ထောက်ခံရမှာပဲ၊ တခုခု မဆုံးဖြတ်ခင် ဗိုလ်ချုပ်ဂေါ့ ကျုပ်ကိုတော့ အကြောင်းကြားလိမ့်မယ် ထင်ပါရဲ့၊ ခု အမှတ် ၁၁ တပ်မဌာနချုပ်ကကော၊ ဘယ်ရောက်နေသလဲ"

"ဂရန်ဂျေးမှာ"

"ဒီက ဘယ်လောက်ဝေးသလဲ"

"ခုနစ်ကီလိုမီတာ ဝေးတယ်၊ ဗိုလ်ချုပ်သွားလို့ ဖြစ်မှာမဟုတ်ဘူး၊ ရန်သူက ဘယ်နေရာ ရောက်နေတယ်ဆိုတာ ဘယ်သူမှ ပြောလို့မရဘူး ဖြစ်နေတယ်၊ နေပဲလ်က ရေခဲပြင်လိုပဲ၊ ရေခဲပြင်တလှည့်၊ ရေတလှည့်၊ ခုလဲ ဒီအတိုင်းပဲ ကျွန်တော်တို့တလှည့်၊ သူတို့တလှည့်၊ ခု သူတို့တပ်တွေပြီးယင် ကျွန်တော်တို့တပ်၊ နောက် သူတို့တပ် ပြောက်ကျားဖြစ်နေတယ်"

လမ်းက ပိတ်ထားပြီ။ တင့်ကားကြီးတစီး ရှေ့တွင် နစ်နေသဖြင့် လမ်းအလိုလို ပိတ်သွားသည်။ သူငယ်ကလေးများက ဆိတ်များကို မောင်းသွားကြသည်။ လမ်းတလျှောက်တွင် ကားပျက်တွေကို မောင်းသွားကြသည်။ ဘယ်လဂျီယန် စစ်ပြေးဒုက္ခသည်များ လမ်းတလျှောက်တွင် ဥဒဟို။ ပျက်စီးနေသည့် အိမ်များကို အလန့်တကြား ကြည့်နေကြသည်။

ဗိုလ်ချုပ်၏ကားသည် တနာရီလောက် လမ်းတွင် ရပ်ထားရသေးသည်။ ဘီးပေါက်သွားသဖြင့် ဖာနေရသောကြောင့်ဖြစ်၏။ စပယ်ယာဘီးမပါ။ တောသူမ အဘွားကြီးတယောက် ဗိုလ်ချုပ်အနီးသို့ ကပ်လာသည်။ ညိုမှောင်၍ အရေတွန့်တွေ ထနေသည့် သူ့မျက်နှာက ပပ်ကြားအက်နေသော မြေကြီးနှင့်တူသည်။ မျက်ရည်များကို အကျီလက်ဖြင့် သုတ်နေသည်။

"စစ်ဗိုလ်ကြီးရယ်၊ အဲဒီစစ်သားတွေက ဘယ်ကို သွားနေတာတဲ့တုံး၊ ကျုပ်တို့ကို ဒီအတိုင်း ပစ်ထားခဲ့ကြတော့မှာတဲ့လား"

ဗိုလ်ချုပ် ဒီဗီးဆက်က ပြော၏။

"စိတ်အေးအေးထားပါ ကျုပ်နှမကြီး၊ ကျုပ်လဲ အဘိုးကြီးပဲ၊ စစ်သားအိုကြီး ဆိုပါတော့၊ လိမ်မပြောပါဘူး ယုံပါ၊ ကျုပ်တို့ ထွက်မသွားပါဘူး၊ ကျုပ်နှမကြီးတို့လဲ ဘယ်မှ ခွဲမသွားပါနဲ့၊ ကိုယ့်နေရာမှာပဲ ကိုယ်နေပါ"

ဂရန်ဂျေးသို့ ရောက်ခါနီးတွင် ဗိုလ်ချုပ်သည် သူ့ကားဒရိုင်ဘာကို အရပ်ခိုင်းလိုက်၏။ ကားတံခါးပေါက်မှနေ၍ ခေါင်းပြူကြည့်လိုက်သည်။

"ဟေ့ ဟိုကား ရပ်စမ်း၊ မင်း... ရာဇဝတ်ဝန် မဟုတ်လား၊ ဒါ ဘယ်သွားမလို့လဲ"

အရပ်မြင့်မြင့်၊ ကြယ်သီးပေါက်တွင် အနီရောင် နှင်းဆီပွင့်တံဆိပ် တပ်လျက် ပုလိပ်အရာရှိ ယူနီဖောင်းနှင့် လူတယောက် အိုးတိုးအမ်းတမ်းဖြင့် လှမ်းကြည့်နေသည်။ ကားပေါ်မှဆင်းလာပြီး လက်ထဲက လက်အိတ်ကို လွှတ်ချလိုက်၏။ ကားထဲတွင် မိန်းမငယ်ငယ်တယောက် ပါလာသည်။ သူ့ဘေးတွင် သေတ္တာကြီးတွေ၊ ခရီးဆောင် ဂျပ်သေတ္တာတွေ ပြည့်မောက်လျက်။ ခရိုင်ရာဇဝတ်ဝန်သည် မြို့မှလူတွေ ထွက်မပြေးခင် ဦးဦးဖျားဖျား ရှေ့ဆုံးမှ ပြေးလာခြင်းဖြစ်သည်။

"ခင်ဗျာ၊ ကျွန်တော် ကျွန်တော်"

"ကျွန်တော် ဘာဖြစ်ရမှာလဲ ကျွန်တော် လူကြောက်ပေါ့၊ မြင်တာနဲ့သိတယ်... အလကားကောင်"

ရာဇဝတ်ဝန်သည် မြေကြီးပေါ်မှ လက်အိတ်ကို ပြန်ကောက်သည်။ မနည်း ဣန္ဒြေဆည်လိုက်ပြီးနောက်...

"ကျွန်တော် ပြည်ထဲရေးဝန်ကြီးရဲ့ အမိန့်အတိုင်း လုပ်နေတာပါ ဗိုလ်ချုပ်၊ စစ်ဗိုလ်ဆိုပြီး ဒီလိုစော်ကားတာမျိုးကတော့..."

စကားဆုံးအောင် မပြောလိုက်ရ။ ဗိုလ်ချုပ် ဒီဗီးဆက်က ပါးကို လှမ်းရိုက်လိုက်သည်။ ကားထဲမှ မိန်းမက အလန့်တကြား အော်၏။

"မောင်... ပြန်လာခဲ့၊ အဘက်လုပ် ပြောမနေနဲ့၊ သားသတ်သမား"

ဗိုလ်ချုပ် ဒီဗီးဆက်သည် စိတ်မချမ်းမြေ့စရာအဖြစ်ကို ချက်ချင်းမေ့သွားကာ မနက်ဖြန့်တွင် လုပ်ရမည့် စစ်ဆင်ရေးစီမံကိန်းများကို စဉ်းစားလာသည်။ ဂျာမန်တို့အဖို့က လွယ်သည်။ သူတို့ကွပ်ကဲမှုက တသံတည်း။ ကွပ်ကဲမှုဌာနချုပ်က တခုတည်း။ သူတို့ မဟာမိတ်များက ဤသို့မဟုတ်။ တယောက် တမျိုးစီ၊ တသံစီ။ ဗိုလ်ချုပ်ဂေါ့သည် သူ့ကို ဘာမျှမတိုင်ပင်။ ထို့ပြင် ဘယ်လဂျီယန်တို့လည်း သူတို့သဘောနှင့်သူတို့။ ဖြစ်ချင်တိုင်းဖြစ်နေသည်။ ရွေးချယ်စရာ လမ်းမရှိ။ ဗြိတိသျှတို့ကလည်း သူတို့တပ်မကြီး ရှစ်တပ်လောက်ကို ဥရောပမှ ရုပ်သွားသည်။ ဗြိတိသျှတို့က အနည်းဆုံး တပ်မကြီးရှစ်ခုလောက် ပို့ပေးပြီး ဂျာမန်လေတပ်ကသာ မပါလျှင် မြေပြင်တွင် ကြောက်စရာမရှိ။

ဗိုလ်ချုပ် ဒီဗီးဆက်သည် တိုက်စစ်စီမံကိန်းကို ဗိုလ်ချုပ် ဗစ်နော့ကို ပြောပြ၏။ ဗိုလ်ချုပ် ဗစ်နော့က ဘာမျှမပြောပဲ တိတ်ဆိတ်စွာ နားထောင်နေသည်။ ဗိုလ်ချုပ် ဗစ်နော့ကို ဆွပေးမှဖြစ်မည်။

"ပါရီကလူတွေ ပြေးတာကို ဂရုစိုက်မနေစမ်းပါနဲ့ ဗိုလ်ချုပ်ရာ၊ ဗိုလ်ချုပ်ရဲ့ အစိုးရခေါင်းဆောင်တွေ ဘာမှမလုပ်တတ်ပါဘူး၊ ခင်ဗျားလူတွေ ဘောင်းဘီချင်း မှားဝတ်တာနဲ့ ကိစ္စများနေကြတာပါ။ သူတို့က စစ်တိုက်တယ်ဆိုတာ စကားရှည်လုတာလောက် ထင်နေတယ်၊ ဟစ်တလာက မိန့်ခွန်းသုံးခုပြောယင် ဒလားဒီးယားက မိန့်ခွန်းခြောက်ခု ပြောမယ်၊ သူတို့ ဒါလောက်ပဲတတ်တယ်၊ သူတို့လုပ်နေတာတွေဟာ သောက်တလွဲချည်းပဲ၊ ဒီပြင်ဟာ မကြည့်နဲ့လေ၊ ဟော်လန်ကို စစ်ကူပို့ပြီး တိုက်ပွဲစဉ်ကြီးတခု ဆင်မလို့တဲ့၊ ဂျာမန်က ကျွန်တော်တို့ အားအနည်းဆုံးတပ်ဟာ အမှတ်(၉)တပ်မဆိုတာ သိတယ်၊ ဗိုလ်ချုပ်လီရီဒေါ့ ဆိုတဲ့လူကလဲ မင်္ဂလာဆောင်ညစာစားပွဲမှာ မင်္ဂလာစကားပြောဖို့လောက်တတ်တဲ့ ဗိုလ်ချုပ်၊ ခုတော့ အခြေအနေ နည်းနည်းပြောင်းလာပါပြီ၊ ဗြိတိသျှဘုရင့်လေတပ်မတော် တော်တော်လေး သွက်နေတယ်၊ သံ့ပန်းတွေဆီက စကားအရဆိုယင် ဂျာမန်တွေ တော်တော် အကျများတယ်လို့ ဆိုတယ်၊ အာရပ်ဒေသမှာ သူတို့တင့်ကားတွေနဲ့ သူတို့ခြေလျင်တပ်တွေ အဆက်အသွယ် ပြတ်နေကြတယ်၊ ကျွန်တော်တို့ဘက်ကတော့ စစ်ရုံးက ဒီဂေါ်ရဲ့ တင့်ကားတပ်မတွေကို ပို့ပေးလိမ့်မယ်လို့ မျှော်လင့်ရတာပဲ၊ အဲဒီစစ်ဆင်ရေးပေါ်မှာ အားလုံး တည်နေတယ်၊ အကယ်၍ ကျွန်တော်တို့က..."

ဗိုလ်ချုပ်ဗစ်နော့က ကြားဖြတ် ပြောလိုက်သည်။ ဗိုလ်ချုပ်ဗစ်နော့သည် ခန့်ညားချောမောသည့် အဘိုးကြီး။ မျက်နှာက နှင်းဆီရောင်သန်းလျက်။

မိန်းကလေးမျက်နှာလို နှင်းဆီရောင်သန်းလျက်။ မုတ်ဆိတ်ကို သပ်ရပ်စွာဖြတ်ထားသည်။

“ဒီမှာ ဗိုလ်ချုပ်… ကျွန်တော် ဗိုလ်ချုပ်ရာမီလက်ကို ပြောလိုက်ပြီးပြီ၊ ကျွန်တော့်ကို နောက်ထပ် စစ်ကူပို့ပါလို့၊ နောက်ထပ် စစ်ကူမပို့လို့ကတော့ ကျွန်တော့်တပ်ဟာ တိုက်စစ်ဆင်ဖို့ မပြောနဲ့ ခံစစ်တောင် တိုက်လို့ရမှာ မဟုတ်ဘူးလို့၊ ခုဆိုယင် ကျွန်တော်တို့လေတပ်ကို မမြင်ရတာ သုံးရက်ရှိပြီ၊ သူတို့တင့်ကားတပ်တွေနဲ့ ခြေလျင်တပ်တွေ အဆက်ပြတ်နေကြတယ်လို့ ဗိုလ်ချုပ်က ပြောသွားတယ်၊ ပြတ်တော့ကော ကျွန်တော်တို့ ဘာလုပ်နိုင်လို့လဲ၊ ကျွန်တော်တို့အမြောက်တွေက တင့်ကားသံပြားကြီးတွေကို ဖောက်နိုင်လို့လား၊ ဒါ ဗိုလ်ချုပ်လဲ သိတယ်၊ မနေ့ကဆိုယင် ကျွန်တော်တို့ဘက်က ၃၂၀၀ ကျတယ်၊ ခု တပ်သားတွေ စိတ်ဓာတ်ကျနေကြတယ်၊ အရာရှိတွေကလဲ အမိန့်ကို မလိုက်နာကြဘူး၊ ဂျာမန်တပ်တွေ တက်လာပုံ ဘယ်လောက်မြန်သလဲဆိုတာ ခင်ဗျားမြင်ယင်”

ဗိုလ်ချုပ်ဒီဗီးဆက်က စားပွဲကို လက်သီးဖြင့် ထုလိုက်သည်။ ဆေးလိပ်ပြာခွက်များသည် လှုပ်သွားကြ၏။

“ဒါ အစည်းအဝေးလုပ်နေတာ မဟုတ်ဘူးဗျ၊ ခင်ဗျားက ဘာစကားတွေ လာပြောနေတာလဲ၊ ခု ရန်သူက လာနေပြီ၊ ကျုပ်တို့ခုခံမတိုက်ယင် ရှေ့ဆက်တက်လာဦးမှာပဲ။ အရာရှိတွေကလဲ အမိန့်တွေကို မနာခံဘူးလို့ ပြောတယ်၊ ဟုတ်တယ်… မနာခံဘူး၊ မနာခံအောင် ဘယ်သူက နမူနာပြနေတာလဲ၊ ခင်ဗျားက နမူနာပြနေတာ၊ တိုက်စစ်စီမံကိန်းကို ကျုပ်ပြောပြမယ် နားထောင်၊ နားမထောင်ယင် ခင်ဗျားကို ကျုပ် စစ်ခုံရုံးတင်မှာပဲ။ တကယ်ဆို ခင်ဗျားလဲ ဗိုလ်ချုပ်၊ အသက်လဲကြီးလှပြီ၊ အတွေ့အကြုံကလဲ မနည်းတော့ဘူး၊ ခုတော့ ခင်ဗျားလုပ်ပုံက သူငယ်နှပ်စားကလေး ကျနေတာပဲ”

ဗိုလ်ချုပ်ဒီဗီးဆက်က အမှတ် ၁၁ တပ်မ လုပ်ရမည့် လုပ်ငန်းများကို ရှင်းပြပြီးနောက် ထွက်သွားသည်။ ဗိုလ်ချုပ်ဗစ်နော့က သူ့တပ်ရေးကို လှမ်းပြော၏။

“မတိုက်ဘူးကွ… မတိုက်ဘူး၊ သူပဲ စစ်ခုံရုံး အတင်ခံရမလား၊ ငါပဲ အတင်ခံရမလား ကြည့်ကြသေးတာပေါ့”

အမှတ် ၁၁ တပ်မဌာနချုပ်သည် ယာတောတခုတွင် စခန်းချလျက်ရှိ၏။ ယာပိုင်ရှင်မှာ စောစောကပင် ပြေးနှင့်လေပြီ။ ကြက်သားအုပ်မများသည် စပါးစေ့၊ ဂျုံစေ့ အကြွင်းအကျန်များကို ယက်စားနေကြသည်။ မျက်မှန်နှင့် စစ်ဗိုလ်ကလေးတယောက်က ကြက်အုပ်များအလယ်တွင် ရပ်နေသည်။ ဗိုလ်ချုပ် ဒီဗီးဆက်ကို မြင်သည့်အခါတွင် အလေးပြုလိုက်ယင်း…

“တိုက်မှဖြစ်မယ် ဗိုလ်ချုပ်၊ မတိုက်ယင် တပ်သားတွေ အကွဲကွဲအပြားပြား ဖြစ်ကုန်ကြလိမ့်မယ်'

ဗိုလ်ချုပ်သည် ခေါင်းကိုညိတ်ပြယင်း ပြန်လှည့်ထွက်လာခဲ့သည်။ သို့ရာတွင် စိတ်ကမူ တထင့်ထင့်။ အမှတ် ၄၂ တပ်မဌာနချုပ်သို့ ကားကိုမောင်းစေသည်။

မော်တော်ကားကိုကွေ့၍ ပီရွန်းလမ်းမကြီးအတိုင်း မောင်းလာခဲ့သည်။ ဗိုလ်ချုပ် ဒီဗီးဆက်သည် ရေဒီယိုကို ဖွင့်လိုက်၏။ ပါရီမှ ဖောက်စထရော့တေးသွားကို လွှင့်နေသည်။ ဂျာမနီမှ ပြင်သစ်လို လွှင့်နေသည့်လှိုင်းသို့ ပြောင်းဖမ်းလိုက်သည်။

“တပ်မတော်ကို ခုခံနေသည့် ဒတ်ချ်တပ်ကြွင်းတပ်ကျန်များသည် မနေ့က လက်နက်ချ အညံ့ခံကြပါသည်။ မိမိတို့၏ တပ်များက စိန့်ကွင်တင်မြို့ကို

သိမ်းပိုက်လိုက်ပြီးနောက် လီလေနှင့် ပီရွန်းကြားတွင် ကျယ်ပြန့်သော စစ်မျက်နှာကြီးဖွင့်ကာ ရှေ့သို့ အောင်မြင်စွာ ချီတက်လျက်ရှိကြသည်ဟု သိရပါသည်။ မိမိတို့တပ်များသည် ယခုအချိန်ထိ သုံ့ပန်းစုစုပေါင်း တသိန်းတသောင်းကို ဖမ်းဆီးရမိခဲ့ကြပြီး လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားကိုလည်း သိမ်းဆည်းရမိခဲ့ပါသည်။ ထိုအထဲတွင် ဒတ်ချ်စစ်သားများ မပါဝင်သေးပါ။ ဆွစ်ဇာလန်သတင်းထောက်များ၏ သတင်းပေးပို့ချက်အရဆိုလျှင် ပါရီမြို့ကြီးမှာ တုန်လှုပ်ချောက်ချားလျက်ရှိသည်ဟု သိရပါသည်။ ဝန်ကြီးဌာန အများအပြားမှာ ပြောင်းရွှေ့သွားပြီဟု သတင်းများက ဆိုပါသည်။ ဂျာမန်-အီတလီ မဟာမိတ်စာချုပ် နှစ်ပတ်လည်အထိမ်းအမှတ်နေ့တွင် အီတလီနိုင်ငံခြားရေးဝန်ကြီး မြို့စားကြီးစီယာနိုက်က မိန့်ခွန်းပြောကြားရာတွင် အီတလီပြည်သည် လက်ပိုက်ကြည့်နေနိုင်မည် မဟုတ်ကြောင်းဖြင့် ထုတ်ဖော်ပြောကြားသွားပါသည်”

ဗိုလ်ချုပ်ဒီဗီးဆက်သည် စဉ်းစား၍ လိုက်လာသည်။ မနက်ဖြန်ဆိုလျှင် ဂျာမန်တို့သည် ပီရွန်းသို့ပင် ရောက်လာကြတော့မည်လော။ အဖြစ်အပျက်များသည် ဇာတ်ပေါင်းခန်းသို့ ရောက်အောင် တွန်းပို့နေသကဲ့သို့ရှိသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ဝေဂန်သည် သေနာပတိချုပ်ဟောင်း ဂိန်မလင်နှင့် ဘာထူးသေးသနည်း။ ဘာတွေများ သာသနည်း။ လူချင်းကတော့ မတူ။ သို့ရာတွင် နောက်ခံချင်းကတော့ တူသည်။ သူတို့နှစ်ယောက်စလုံး အတိတ်ကို လွမ်းနေကြသည်။ ခေတ်တွေ ပြောင်းနေပြီ ဆိုသည့်အချက်ကို အသိအမှတ် မပြုချင်ကြ။ ထို့ပြင် မိမိတို့တိုင်းပြည်ကို လူကြွားများက အုပ်စိုးနေလိုက်သေးသည်။ “စစ်တပ်ဆိုတာ နောက်ကွယ်မှာပဲ နေရမယ်” ဟု ပြောသော တက်စ၏ စကားများကို သူအမှတ်ရနေသည်။ ဂျာမန်တို့သည် ပါရီကို သိမ်းကောင်းသိမ်းနိုင်ကြလိမ့်မည်။ ပြင်သစ်ပြည်ကြီး၏ ရှင်သန်နေသော ခွန်အားကို သူတို့ ချေမှုန်းပစ်ချင်လိမ့်မည်။ မနက်ဖြန်တွင် ဆင်နွှဲမည့် စစ်ဆင်ရေးသည် အောင်မြင်မှ အောင်မြင်ပါမည်လော။ နေရာတကာတွင် ဗိုလ်ချုပ် ဗစ်နော့လို လူကြောက်တွေကလည်း အများကြီး။ သည်အထဲတွင် သစ္စာဖောက်တွေကလည်း ဘယ်နှစ်ယောက် ရှိဦးမည်မသိ။

ဗိုလ်ချုပ်သည် ပါရီကို ပြောင်းဖမ်းသည်။ ကြေငြာသူက အသံစူးစူးဖြင့် ကြေငြာ၏။ “မည်သည့်အခြေအနေသို့ ရောက်သည်ဖြစ်စေ မိမိတို့သည် ရန်သူကို အဆုံးတိုင် တိုက်ခိုက်သွားမည်ဖြစ်သည်ဟု ပြင်သစ်အစိုးရခေါင်းဆောင်များက မိမိအား ပြောကြားလိုက်ကြောင်းဖြင့် နန်းရင်းဝန် မစ္စတာချာချီက ထုတ်ဖော်ပြောဆိုသွားပါသည်” မည်သူကများ ချာချီကို ကတိပေးလိုက်သနည်း။ တက်စ ဖြစ်လိမ့်မည် ထင်သည်။ ဗိုလ်ချုပ် ဒီဗီးဆက်သည် ပြုံးလိုက်သည်။ “အဆုံးတိုင် တိုက်ရမည်” ဟု တဖွဖွပြောခဲ့သူမှာ တက်စ မဟုတ်လော။ သို့ရာတွင် သူကိုယ်တိုင်ကမူ ခရိုင်ရာဇဝတ်ဝန်နည်းတူ မယားငယ်ကလေးခေါ်ပြီး ထွက်ပြေးလောက်ပြီ။ တခုတော့ရှိသည်။ ဘယ်သူတွေ ဘယ်ကိုပြေးပြေး တပ်မတော်ကမူ အဆုံးတိုင် ခံတိုက်မည်သာဖြစ်သည်။ သို့ရာတွင် ခက်သည်က တပ်မတော်မှ အရာရှိကြီးအချို့ကလည်း မတိုက်ချင်ကြ။ ဗိုလ်ချုပ်ပီးကာ့နှင့် ဗိုလ်ချုပ်ဗီးနော့တို့သည် ဘာတွေကို စိတ်ကူးနေကြသနည်း။ အညံ့ခံဖို့ စိတ်ကူးနေကြသည်လော။ မိမိတို့က စံနမူနာ ပြရမည်။ ရှေ့တန်းတွင် အသေခံပြရမည်။ ဤကြောက်မက်ဖွယ် နှစ်ကာလများတွင် တကယ့်ပြင်သစ်မျိုးချစ်တွေ ရှိခဲ့ကြောင်းကို နောင်လာနောင်သားများ သိစေရမည်။ ဗိုလ်ချုပ် ဒီဗီးဆက်သည် မျက်မှန်နှင့် စစ်ဗိုလ်ကလေးကို အမှတ်ရကာ လည်ချောင်းထဲတွင် တစ်ဆို့လာသည်။ မိမိသည် ဂုဏ်ပြောင်သည့် သေခြင်းမျိုးကို အလိုရှိသည်။ ငယ်ငယ်တုန်းက စာမေးပွဲဖြေခါနီးလျှင် လုပ်နေကျအတိုင်း

တရားစာကို ဗိုလ်ချုပ် ဒီဗီးဆက် ရွတ်သည်။ မော်တော်ကား ပီရွန်းသို့ ရောက်လာသည်ကိုပင် မသိလိုက်။

ခဏကြာလျှင် သူ့တပ်ရေး မော်တော်ကားဆီသို့ ပြန်ပြေးလာသည်။

"အခြေအနေ မကောင်းဘူး ဗိုလ်ချုပ်၊ ဒီကောင်တွေ သူတို့စစ်ဌာနချုပ်ကို အထက်တန်းကျောင်းထဲမှာ ဖွင့်ထားတယ်တဲ့"

အနီးအနားတွင် မည်သူ့ကိုမျှ မေးစရာမရှိ။ ပီရွန်းမြို့သည် မြို့ပျက်ကြီးလုံးလုံး ဖြစ်နေလေပြီ။ ဗုံးကြဲမည်ကို ကြောက်သဖြင့် လူတွေပုန်းနေကြသည်လော။ အဆောက်အအုံပျက်တွေ။ ကျိုးပဲ့ပျက်စီးနေသည့် အိမ်ထောင် ပရိဘောဂပစ္စည်းတွေကြောင့် ကားကို ရှေ့ဆက်မောင်း၍ မရတော့။ ဗိုလ်ချုပ် ဒီဗီးဆက်သည် ကားပေါ်မှ ဆင်းလိုက်၏။ အိမ်တအိမ်မှ အဘွားအိုကြီးတယောက် ထွက်လာသည်။

"စစ်သားတွေ ဘယ်နားမှာ စခန်းချနေသလဲ အဘွား"

အဘွားကြီးက မြို့တော်ခန်းမဘက်သို့ လက်ညှိုးထိုးပြပြီး တအီအီ ငိုနေသည်။ ဗိုလ်ချုပ် ဒီဗီးဆက်သည် ဟာလာဟင်းလင်း ဖြစ်နေသည့် အခန်းများကို လျှောက်ကြည့်သည်။ ကြမ်းပေါ်တွင် စာရွက်တွေ၊ သံခမောက်တွေ။ စစ်လွယ်အိတ်တွေ ပြန့်ကျဲလျက်။ အကျိုးအကြောင်းကို တပ်ရေးဗိုလ်အား အစုံစမ်းခိုင်းလိုက်ပြီးနောက် စားပွဲကြီးတလုံးတွင် ထိုင်စောင့်နေသည်။ ရှေ့က စာရွက်တွေကို အမှတ်မထင် ကြည့်လိုက်မိ၏။ လူတယောက်၏ မွေးလက်မှတ်တစောင်။ အတွေးများသည် ခေါင်းထဲတွင် ပေါ်လာကြပြန်၏။ ဖေးလင့်က သူ့အိမ်ကလေး၊ သူ့မြေးကလေး၊ သူ့အချစ်တော်ကလေး ကြောင်ကလေးဖြင့် ကစားလျက်...။ သူတို့ကို နောက်ထပ် ဘယ်တော့မျှ မြင်ရတော့မည် မဟုတ်။ ကိစ္စမရှိ။ ထိုအရာများအတွက် သူ အသေခံထိုက်သည်။

မျက်လုံးများကို ကောင်းကောင်းဖွင့်၍ မရ။ ပင်ပန်းလွန်းသဖြင့် မေ့ကနဲ အိပ်ပျော်သွားသည်။ သူ့ရှေ့တွင် ဂျာမန်အရာရှိတယောက်နှင့် စစ်သားတွေ ရပ်နေသည်။ အရာရှိမျက်နှာပေါ်တွင် အမာရွတ်ကြီး ကန့်လန့်ဖြတ်လျက်။ တဘက်တပ် မျက်မှန်တလက်လက် နှင့်။ သွားကြီးကို ဖြဲကာ ပြင်သစ်လို မတတ်တတတ်ဖြင့်...

"ဗိုလ်ချုပ် ဒီဗီးဆက် မဟုတ်လား၊ ဗိုလ်ချုပ်ကို လေးစားပါတယ်"

"ကျုပ်တို့အထဲမှာ သစ္စာဖောက်တာတွေ ရှိတယ်။ ဒီအမှားတွေအတွက် သေဒဏ်ဟာ နည်းလွန်းသေးတယ်၊ မလုံလောက်သေးဘူး၊ ခင်ဗျားတို့ မှတ်ထားကြပါ၊ စစ်မြေပြင်မှာ ကျုပ်တို့စစ်သားတွေဟာ အသေခံတိုက်နေကြတယ်၊ သူ့ရဲဘောကြောင်သူတွေ၊ သစ္စာဖောက်တွေကို ကျုပ်တို့ အပြတ်ချေမှုန်းပစ်ရမယ်၊ ပြင်သစ်ပြည်ကြီးကို သိဒ္ဓိတန်ခိုးနဲ့ ကယ်တင်နိုင်တယ်ဆိုယင် အဲဒီသိဒ္ဓိတန်ခိုးကို ကျုပ်ယုံတယ်"

ဝန်ကြီးချုပ် ရေးနော့ မိန့်ခွန်းပြောပြီးသည့်အခါ အထက်လွှတ်တော်အမတ်များက ယဉ်ကျေးသမှုအနေဖြင့် လက်ခုပ်တီးကြ၏။ အထက်လွှတ်တော်အမတ်တွေက အသက်ကြီးပြီ...။ အားလုံး အတွေ့အကြုံရှိသည့် နိုင်ငံရေးသမားဟောင်းကြီးတွေချည်း။ ရေးနော့၏ ဝန်ကြီးအဖွဲ့သည် မကြာမီ ပြုတ်ကျတော့မည်ကို သူတို့အားလုံး သိကြသည်။ အောက်လွှတ်တော်အမတ်များ အခန်းဆောင်ထဲတွင်မူ ဖိုးဂျက်က မျက်ရည်ကလေးစမ်းစမ်းဖြင့် လက်ကိုင်ပဝါကိုထုတ်၍ မျက်ရည်သုတ်နေသည်ကို မြင်ရသည့်အခါ သတင်းစာဆရာများက ရယ်ကြသည်။

တက်စက မော်တော်ကားပေါ်သို့ တက်မည်အပြုတွင် ဖိုးဂျက်က လက်ကို လှမ်းဆွဲထားလိုက်သည်။

"စကားနည်းနည်း ပြောစရာရှိလို့ပါ၊ ဝန်ကြီးချုပ်ပြောသလို ကျွန်တော်တို့အထဲမှာ သစ္စာဖောက်တွေရှိတယ်ဆိုတာ အမှန်ပဲ၊ ဒီလို ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်း ပြောဖို့ လိုတယ်...၊ ဒီလူတွေ တခုခု အရေးယူဖို့"

ယခုတလောတွင် တက်စသည် ဂနာမငြိမ် ဖြစ်နေသည်။ တခါတလေတွင် စိတ်ထင်ရာကြဲလိုက်ချင်သည်။ တခါတခါတွင် တွေး၍ ကြောက်နေသည်။ သတင်းတွေကလည်း အမျိုးမျိုး။ ကပြောင်းကပြန်။ အချို့သတင်းများက မိမိတို့ဘက်က အောင်ပွဲခံနေပြီဟု ဆိုသည်။ အချို့က ပါရီကျတော့မည်ဟု ဆိုသည်။ မာရှယ်ပေတိန်းက ပြင်သစ်စစ်တပ်ဟူ၍ မရှိတော့။ ဖရိုဖရဲ ဖြစ်နေသည့် အစုကလေးများသာ ကျန်တော့သည်ဟု ပြောနေသည်။ မန်ဒယ်က ခံတိုက်လျှင် ရနိုင်သေးသည်ဟု ဆိုသည်။ ဝန်ကြီးများသည်လည်း ဘာကိုမျှ တိတိကျကျ မဆုံးဖြတ်နိုင်။ တော်တော်ကြာ ပါရီမှ ခွာတော့မည်ဟု ဆုံးဖြတ်ပြီးနောက် ခဏကြာလျှင် ပါရီမြို့အတွက် စိုးရိမ်စရာမရှိဟုပြောကြပြန်သည်။ တက်စသည် အိပ်၍လည်း မပျော်။ စား၍လည်း မဝင်။ နေထိုင်မကောင်းချင်သလိုလိုပင် ဖြစ်လာသည်။

တက်စသည် နောက်မှ လှမ်းဆွဲစကားပြောနေသည့် ဖိုးဂျက်ကို အလန့်တကြား လှည့်ကြည့်လိုက်သည်။ ကမ္ဘာပေါ်တွင် သူမမြင်ချင်ဆုံး လူတယောက်။ ဖိုးဂျက်သည် ကားပေါ်သို့ နောက်ကလိုက်လာကာ "ပြောက်ကျားတပ်တွေဖွဲ့ယင် မကောင်းဘူးလား" ဟု မေးနေသည်။

တက်စက နှာခေါင်းမှ လေကို မှုတ်ထုတ်လိုက်ပြီး ပင်ပန်းနွမ်းနယ်စွာဖြင့်...

"နောက်ကျသွားပြီဗျ။ ကျွန်တော်က အထက်ဂိုဏ်းသမား မဟုတ်ဘူး၊ တန်ခိုးရှင်ဒီပါဒ်တွေ ဘာတွေကို ယုံတာမဟုတ်ဘူး၊ မနေ့ကတွင်ပဲ ဂျာမန်တွေက အာရက်နဲ့ အေမီးယန်းကိုသိမ်းလိုက်ပြီ၊ ဒီနေ့ဆိုယင် အနောက်ဘက်ကမ်းခြေကို ရောက်မှာပဲ။ ကျွန်တော်တို့ တပ်မတော်လဲ အဝိုင်းခံနေရပြီ"

"အဲဒီထဲမှာ တပ်မကြီး ၄၀ လောက်ရှိပါတယ်၊ သူတို့ဝိုင်းထားတာလောက်ကိုတော့ ဖောက်ထွက်နိုင်မှာပါ"

"ဘယ်သူက ဖောက်ထွက်မှာတဲ့တုံး၊ ဘယ်လဂျီယန်တွေကို ထည့်မတွက်စမ်းပါနဲ့ဗျာ၊ သူတို့ဘုရင် လီယိုပိုက ဂျာမန်လိုလားသူဗျ၊ ဒါကို လူတိုင်းသိတယ်၊ ဒီနေ့တွင်ပဲ အင်္ဂလိပ်က သူ့တပ်မနှစ်တပ်ကို ဘာပိုမေးကနေပြီး ဒန်းကတ်ကို ရုပ်သွားပြီ၊ ဗိုလ်ချုပ်ဝေဂန်က ဗိုလ်ချုပ်ဂေါ့ကို မတွေ့ချင်တာကလဲ နားလည်နိုင်ပါတယ်၊ အမှန်ကတော့ စကားပြောနေလို့ မဖြစ်တော့ဘူး...၊ ကိစ္စက ပြတ်နေပြီ"

"ဒီလိုမပြောနဲ့လေ၊ စောစောကတွင် ဝန်ကြီးက ပြောသွားတယ်၊ သူ့ရဲဘောကြောင်မှုကို ပြစ်ဒဏ်ပေးရမယ်တဲ့၊ သေဒဏ်ပေးရမယ်တဲ့၊ ဒီအတိုင်းဆိုယင် ခင်ဗျားကို အလျင်သတ်ဖို့ပဲရှိတော့တယ်"

ဖိုးဂျက်က အော်သည်။ သူ့ပါးစပ်က တံတွေးတွေ အကုန်စဉ်ကုန်သည်။ သူ့မုတ်ဆိတ်မွေးက တလှုပ်လှုပ်။ နိမ့်ချည်မြင့်ချည်။

"သိပ်အော်မနေနဲ့လေ၊ အော်နေလို့ အပိုပေါ့" တက်စက အေးအေးဆေးဆေး ပြောသည်။ "ရေးနေ့က ပြည်သူ့အကျိုးအတွက် ပြောနေတာ၊ တိုင်းပြည်ကို ပြောနေရတာ၊ အိမ်မှာကျယင် ဘယ်လိုစကားမျိုး ကြားရမလဲ၊ ခင်ဗျားလဲ စိတ်ရင်းကောင်းတဲ့ လူတယောက်ပါ။ ဒါပေမယ့် ခင်ဗျားက တယူသန်တာက ခက်တယ်၊ ခင်ဗျား ကျွန်တော့်ကို အထင်လွဲခဲ့တယ်... ခင်ဗျား တော်တော်မှားသွားတယ်၊ မာဆေးလ်ကွန်ဂရက်တုန်းက ခင်ဗျားကို ဝိုင်းအနိုင်ကျင့်ကြတာ ကျွန်တော်စိတ်မကောင်းဘူး"

"ဒါတွေ ပြောမနေပါနဲ့ဗျာ၊ အသေးအဖွဲ့ နိုင်ငံရေးကိစ္စလေးတွေပါ၊ ခု ပြင်သစ်ပြည်ကြီး ပျက်စီးတော့မယ်ဗျ၊ ဂိုဏ်းဂနတွေ၊ ပါတီတွေကို ဘေးချိတ်ထားလိုက်စမ်းပါ"

"ခင်ဗျားဟာ တော်တော် စိတ်ကူးယဉ်တဲ့လူ၊ စိတ်ကူးယဉ်တာထက်တောင် ပိုသေးတယ်၊ ခင်ဗျားဟာ အတိတ်ကို လွမ်းနေတဲ့လူ၊ ခုဟာက စိတ်ကူးယဉ်ရုံနဲ့ မပြီးဘူးဗျ။ သူတို့သုံးတာက တန် ၇၀ ရှိတဲ့ တင့်ကားကြီးတွေ၊ ဒီတင့်ကားကြီးတွေကို ဘာနဲ့ သွားတိုက်မလဲ၊ ဒီမှာ ပြည်ကြီးသား ဖိုးဂျက်၊ ဂျာမန်ဗိုလ်ချုပ် ဗွန်ကလိပ်ရဲ့ တင့်ကားကြီးတွေကို 'ပြည်ကြီးသားများနှင့် လူ့အခွင့်အရေး ကြေငြာချက်စာတမ်းကြီး'နဲ့ သွားပြီး ချေမှုန်းနေလို့ မရဘူးဗျ"

"ဒီအချိန်ဟာ နောက်ရမယ့်အချိန် မဟုတ်ဘူးဗျာ"

"နောက်တာ မဟုတ်ဘူးဗျ။ အတည်ပြောတာ၊ တကယ်ပြောနေတာ၊ ကျုပ်တို့က ခေတ်ကုန်သွားပြီ၊ အဲ... ဘရီကျူးတယောက်ကတော့ ကောင်းစားချင် ကောင်းစားမယ်။ ဒါပေမယ့် သူလဲ သိပ်တော့ ခေတ်မရှိတော့ဘူး၊ သူဘာလုပ်မလဲ၊ ဘုရားသွားပြီး ပုတီးစိတ်မယ်၊ ဂရမ်ဒယ်တို့၊ လာဗယ်တို့၊ မျူးဂါးတို့တော့ ခေတ်ကောင်းဦးမှာပဲ၊ ကျုပ်တို့နှစ်ယောက်ဟာ ရေဒီကယ်တွေပဲ၊ ... ဒါပေမယ့် ခင်ဗျားက ကျုပ်ကို အကောင်းမထင်ခဲ့ဘူး၊ ဂျူကိန်းတို့ ကေချင်တို့ကိုမှ

အဟုတ်ထင်တာ၊ အဲ ခုတော့ သူတို့လဲပဲ ကုန်လွန်သွားတဲ့ ခေတ်ကြီးတခေတ်ရဲ့ သူရဲကောင်းအဖြစ် ရုပ်ပြလောက်ပဲ ရှိတော့တယ်၊ ဒီပြင်တိုင်းပြည်တွေမှာဆိုယင် ၁၉ ရာစုဟာ ပထမကမ္ဘာစစ်ကြီးနဲ့အတူ အချိန်မီကုန်ဆုံးသွားခဲ့တယ်၊ ဒါပေမယ့် ကျုပ်တို့ပြင်သစ်ပြည်မှာတော့ ၁၉ ရာစုဟာ မသေသေးပဲ ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ ကျန်နေသေးတယ်၊ ကျုပ်တို့ခေါင်းဆောင်တွေကလဲ အသက်ကြီးပေမယ့် နိုင်ငံရေးစင်မြင့်ပေါ်မှာ ရှိနေသေးတယ်၊ ပေတိန်းကို ကြည့်လေ၊ အသက် ၈၀ ကျော်နေပြီ၊ ဒါပေမယ့် သူ့မှာ စီမံကိန်းတွေ မျှော်မှန်းချက်တွေ အပြည့်၊ ကျုပ်ပြောခဲ့တဲ့အတိုင်း ပြီးခဲ့တဲ့ခေတ်ကြီးဟာ ကုန်လွန်သွားပြီဗျ၊ ခင်ဗျားမိတ်ဆွေကြီး ဒက်ဇာလိုပေါ့။ စကားမစပ် ခင်ဗျားလူကြီး ကျွန်တော့်ဆီ ရောက်လာသေးတယ်ဗျ။ ဘာလာပြောတယ် ထင်သလဲ၊ ပါရီကို ကာကွယ်ရမယ်တဲ့ဗျ”

“သူပြောတာ ဟုတ်သားပဲ၊ မက်ဒရစ်ဟာ နှစ်ရက်တောင်ခံမှာ မဟုတ်ဘူးလို့ ပြောခဲ့ကြတယ်၊ ဒါပေမယ့် နှစ်နှစ်ခံခဲ့တယ်ဗျ၊ နှစ်နှစ်ကြာမှ သူတို့သိမ်းလို့ရတယ်၊ ခင်ဗျားတို့ သတ္တိရှိယင် အလုပ်သမားတွေကို လက်နက်ထုတ်ပေးလိုက်စမ်းပါ။ အံ့ဩစရာတွေကို မြင်ရပါလိမ့်မယ်”

တက်စက ပခုံးကို တွန့်လိုက်သည်။

“ခင်ဗျားပြောရတာ တော်တော်လက်ဝင်ပါလား၊ ခင်ဗျားက အတိတ်မှာနေတဲ့လူ၊ ဂျာမန်တွေရဲ့ တပ်မကြီး ၇၀ နဲ့ တင့်ကား ၃၀၀၀ က သစ်သားတန်းကလေးတွေ၊ စည်ပိုင်းပြတ်ကလေးတွေချပြီး လမ်းပိတ်ထားတာမြင်ယင် ရပ်ပြီးနေမယ် ထင်သလား၊ ပြီးတော့ အလုပ်သမားတွေကို လက်နက်ထုတ်ပေးရမယ်တဲ့၊ ကွန်မြူနစ်တွေကို ကျွန်တော်တို့က လက်နက်ထုတ်ပေးရမယ်တဲ့၊ ထုတ်ပေးယင် အရူးမို့လို့ ထုတ်ပေးတာပဲ ဖြစ်မှာပေါ့။ ခင်ဗျားကတော့ ထားပါ၊ ဘာမှပြောမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ရေဒီကယ်တွေက ဘာပြောမယ်ထင်သလဲ၊ ဆူလိုက်ကြမယ့်ဖြစ်ခြင်း၊ ဆိုရှယ်လစ်တွေကတောင် ဒါကို လက်ခံမှာ မဟုတ်ဘူး၊ လက်ယာဂိုဏ်းကတော့ မပြောနဲ့တော့၊ ဗိုလ်ချုပ်ပီးကာ့က ဘာပြောတယ် ထင်သလဲ၊ အလုပ်သမားတွေကို လက်နက်ထုတ်ပေးယင် သူတို့က အာဏာသိမ်းမှာပဲတဲ့၊ ဒီလိုလုပ်လာယင် သူကလဲ စစ်မျက်နှာကို ဖွင့်တိုက်မှာပဲတဲ့”

“ဒီလူကို ဖမ်းပစ်ရမယ်၊ ဘာရီကျူးကိုလဲ ဖမ်းရမယ်၊ ဝန်ကြီးချုပ်က သစ္စာဖောက်မှုကို အရေးယူမယ်လို့ ကြေငြာသွားတယ် မဟုတ်လား၊ နိုင်ငံသားတယောက်အနေနဲ့ လုပ်သင့်တာကို ရဲရဲလုပ်ဖို့ ကျွန်တော်ပြောနေတာ၊ ဒီလူတွေဟာ ခင်ဗျားကို မလိုမုန်းထား ဖြစ်နေတဲ့လူတွေ၊ ဘာရီကျူးသာ အာဏာရကြည့်စမ်းပါလား၊ ခင်ဗျားကို ဒီအတိုင်း ဘယ်ကြည့်နေမလဲ၊ ခင်ဗျားကို ရေဒီကယ်တယောက်၊ ပြည်သူ့တပ်ဦးရဲ့ ရုပ်သေးတရုပ်လို့ မြင်နေကြတာ၊ ဟောဒီမှာ သူတို့ကြေငြာချက်... ဖတ်ကြည့်”

ဖိုးဂျက်က စာရွက်တရွက်ကို ထုတ်ပြ၏။ စာရွက်ပေါ်တွင် သူ့နာမည်ကို တက်စ လှမ်းမြင်လိုက်ရသည်။ လက်များက တဆတ်ဆတ် တုန်နေသည်။

“ကောင်းကောင်းဖတ်လို့ မရဘူးလား၊ လက်တွေ တုန်နေတယ်”

သို့ရာတွင် စာရွက်ကို ကြိုးစား၍ ဖတ်၏။ “ထိုသူများကို ခတ်မီးတိုင်တွင် ကြိုးပေးသတ်ပစ်ရမည်” တဲ့၊ အောက်တွင် “အမာခံတပ်၊ ဌာနချုပ်” ဟု လက်မှတ်ထိုးထားသည်။

မော်တော်ကားသည် ဝန်ကြီးဌာနရှေ့တွင် ရပ်လိုက်၏။

"ကျုပ်ပြောတာတွေထဲမှာ အမှားပါယင် စိတ်မရှိပါနဲ့ဗျာ၊ ကျုပ်အဖို့တော့ ဒုက္ခပဲ။ ဒုက္ခမှ အကြီးအကျယ်ပဲ"

တက်စ၏ အသံသည် သဲ့သဲ့မျှသာ။

မိမိအခန်းသို့ ပြန်ရောက်သည့်အခါတွင် ကြေငြာချက်ကို သေသေချာချာ ဖတ်ကြည့်သည်။ ဟုတ်သည်။ ဖိုးဂျက်၏ စကားများက အမှန်တွေချည်း။ ဘရိကျူးနှင့် သူ့မိတ်ဆွေများသည် သူ့ကို ဘယ်တော့မှ အခဲကြေမည် မဟုတ်။ လက်သီးလက်မောင်းတန်း၍ သူတို့ကို တိုက်ခိုက်ခဲ့ပုံ၊ ပြည်သူ့တပ်ဦးခေါင်းဆောင် ဗီးလာ့ဒ်နှင့် တွဲခဲ့ကြပုံ။ သူ့သမီး ဒင်းနိစ်အတွက် သူဝင်လုပ်ပေးခဲ့ပုံတို့ကို ဘယ်တော့မှ ခွင့်လွှတ်ကြမည် မဟုတ်။

မောမောနှင့် နာရီဝက်လောက် အိပ်လိုက်၏။ စစ်ပြေးဒုက္ခသည်တွေ၊ တင့်ကားတွေ၊ ကြိုးစင်တွေကို အိပ်မက်မက်သည်။ အိပ်ရာက နိုးလာသည့်အခါ ဆိုဖာပေါ်တွင် ဒူးနှစ်လုံးကို လက်ပိုက်၍ ထိုင်ယင်း "ငါတယောက်တည်းရဲ့ ပြဿနာ မဟုတ်ဘူး၊ ပြင်သစ်ပြည်ကြီးတခုလုံးရဲ့ ပြဿနာ" ဟု တွေးနေသည်။ လွန်ခဲ့သည့် တပတ်လောက်တုန်းက သူသည် ကယောင်ချောက်ချားဖြစ်ကာ ထွက်ပြေးဖို့ စိတ်ကူးခဲ့သည်။ ယခု မပြေးတော့။ သေမင်းကို ရဲရဲကြီး ရင်ဆိုင်တော့မည်။ သို့ရာတွင် နေပါဦး။ မိမိတွင် တာဝန်ရှိသည် မဟုတ်လော။ မိမိသည် တာဝန်နှင့်ပုဂ္ဂိုလ် မဟုတ်လော။ ဝန်ကြီးတဦး မဟုတ်လော။ မိမိသည် တိုင်းပြည်ကို ကယ်တင်ရန် တတ်နိုင်သမျှ ကြိုးစားရမည်။ ဂျူကိန်းလိုလူမျိုးက ဘာအရေးနည်း။ သူတယောက်တည်းအတွက် ကြည့်မည်ဆိုလျှင် ကြည့်နိုင်သည်။ တိုင်ပြည်တွင် ပေါ်ပြူလာဖြစ်ရန် ဂျူကိန်းသည် တပ်ထဲသို့ ဝင်သွားခြင်း ဖြစ်သည်။ ကြည့်ရသည်က ပုံမကျပန်းမကျ။ စစ်ယူနီဖောင်းဝတ်ထားသည့် လွှတ်တော်အမတ်။ ဗိုလ်ယူနီဖောင်းနှင့်။ ဘာကြောင့်များ စိတ်ရူးပေါက်၍ တပ်ထဲဝင်ရသနည်း။ တပ်ထဲတွင် ဗိုလ်မရှိတော့သည့်နှယ်။ သူဗိုလ်လုပ်မှ စစ်တပ်ကြီး ဖွဲ့စည်းရတော့မည့်နှယ်။

ဤအချိန်သည် သမားရိုးကျတွေကို လျှောက်လုပ်နေ၍ မဖြစ်။ လမ်းသစ်ထွင်နိုင်မှ အဆန်းတကြယ်ကို လုပ်နိုင်မှ။ ထူးထူးခြားခြား လုပ်နိုင်မှ။ ပြင်သစ်သည် မော်စကိုနှင့် မဟာမိတ်စာချုပ်ချုပ်သင့်သည်ဟု မန်ဒယ်က သဘောရသည်။ ရုရှပြည်သည် အထင်သေး၍ မရသည့် အင်အားကြီးနိုင်ငံတနိုင်ငံဖြစ်ကြောင်းကို ဂျာမန်တို့ အစောကြီးကတည်းက သဘောပေါက်ခဲ့ကြသည်။ သို့ရာတွင် ဒလားဒီးယားဆိုသည့် ဝန်ကြီးချုပ်သည် ဘာမျှနားမလည်။ ရုရှတွေနှင့် ခွာပြဲအောင် လုပ်ခဲ့သည်။ (မိမိသည် ရုရှကို ခံတိုက်နေသည့် ဖင်လန်မှ ဗိုလ်ချုပ်မင်းနားဟိန်းအား အကူအညီမပေးရန် ကန့်ကွက်ခဲ့သည်မှာ သွေးထွက်အောင် မှန်လိုက်လေခြင်း။) ပြင်သစ်လေတပ်တွင် လေယာဉ်အနည်းငယ်သာ ရှိသည်ဟု ဒီဗီးဆက်က ပြောခဲ့ဖူးသည်။ သူပြောတုန်းကသာ ရုရှထံမှ ဗုံးကြဲလေယာဉ် ၁၀၀၀ လောက်ကို ဝယ်ခဲ့လျှင် သို့မဟုတ် အလဲအလှယ်လုပ်ခဲ့လျှင် မည်မျှကောင်းလေမည်နည်း။

တက်စတွေးယင်း စိတ်ပါလာသည်။ ဤထူးခြားသည့်တာဝန်ကို မိမိထမ်းဆောင်မှ ဖြစ်တော့မည်ဟု သဘောပေါက်လာ၏။ မိမိပတ်ဝန်းကျင်တွင် စိတ်ခတ်ပျော့ညံ့သည့် လူရူးတွေချည်း။ ရေးနေ့ကား ဥဒေါင်းငှက်လို ဟန်ရေးပြတတ်သူ။ ဒလားဒီးယားကလည်း နလပိန်းတုံး။ သို့ရာတွင် မိမိ(တက်စ)သည် ရဲရင့်သည့် ကစားပွဲကို ကစားကြည့်မည်။ စွန့်စားရသည့် ကစားနည်းကို ကစားကြည့်မည်။ မော်စကိုနှင့် ဆွေးနွေးမည်။ သို့ဆိုလျှင် အီတလီသည်း ဂျာမန်တို့ဘက်က အရမ်းဝင်တိုက်ရမည် မဟုတ်။ ဟုတ်သည်။

သို့ဆိုလျှင် ဂျာမန်တို့ပင်လျှင် ကြောက်ဒူးတုန်နေလိမ့်မည်။ ပြင်သစ်ပြည်ကြီးသည် တမျိုးတဖုံ ပြောင်းသွားတော့မည်။ လူထုတွင် အနိုင်ယူရသည့်စိတ်ဓာတ်တွေ ပြန်ဝင်လာမည်။ ၁၉၁၇ ခုနှစ်က ပြင်သစ်ပြည်ကြီးကို ကလီမင်ဆော ကယ်တင်ခဲ့သည့်နည်းတူ သည်တချီတွင်လည်း ပြင်သစ်ပြည်ကြီးကို တက်စ ကယ်တင်ခဲ့သည်ဟု လူထုက အသိအမှတ်ပြုကြရတော့မည်။

တက်စသည် ဖိုးဂျက်ကို အခေါ်လွှတ်လိုက်၏။

"လိုက်လာလို့ ကျေးဇူးတင်တယ်ဗျာ၊ ကျုပ်တို့နှစ်ယောက် စကားပြောဖြစ်လိုက်တာ တော်တော်ကောင်းသွားတယ်ဗျ။ စဉ်းစားစရာအသစ်တွေ ရလာတယ်၊ ခု ကျုပ်တို့အခြေအနေက လော့ယင်းနှစ်နေတဲ့ အခြေအနေဗျ၊ ခင်ဗျားကတော့ ကျယ်ကျယ်ပြန့်ပြန့် မြင်တတ်ကြည့်တတ်တယ်၊ ခု ကျုပ်စိတ်ကူးတခုရလို့ ခင်ဗျားနဲ့ တိုင်ပင်ချင်လို့ ခင်ဗျားကို ဖြစ်ဖြစ်၊ ကေ့ကိုဖြစ်ဖြစ် မော်စကိုကို လွှတ်ချင်တယ်"

"မော်စကိုကို... ဘာလုပ်ဖို့လဲ"

"ခင်ဗျားကို မော်စကိုက လေးစားပါတယ်၊ ခင်ဗျားမသွားချင်ဘူး ဆိုယင်တော့ ကေ့ကိုပဲ လွှတ်ရမှာပဲ"

"နေပါဦး၊ မေးစမ်းပါရစေဦး၊ ကိစ္စက ဘာကိစ္စလဲ"

"ဘာကိစ္စရမလဲ၊ ကျွန်တော်တို့ဆီက ကိုယ်စားလှယ်အဖွဲ့ လွှတ်ယင် အခြေအနေ တမျိုးဖြစ်သွားမှာပေါ့။ အီတလီကိုလဲ အဟန့်ကောင်းကောင်းနဲ့ တားထားနိုင်မယ်။ ကျွန်တော်တို့လူထုလဲ အားတက်လာမယ်၊ ရုရှတွေဆီကလဲ ခဲယမ်းမီးကျောက်တို့ လေယာဉ်ပျံတို့ရမယ်"

ဖိုးဂျက် ဒေါပွနေသည်။

"ခင်ဗျား ရူးသလား၊ ရုရှတွေက ခင်ဗျားကို ဘာဖြစ်လို့ လေယာဉ်တွေ ပေးမှာလဲ၊ လွန်ခဲ့တဲ့လတုန်းကပဲ ရုရှတွေရဲ့ ရေနံမြို့တော်ဘာကူကို ဖျက်ပစ်ရမယ်လို့ ခင်ဗျားပဲ ပြောခဲ့တယ် မဟုတ်လား"

"ဒီလိုလည်း မဟုတ်သေးဘူးလေ၊ ကျွန်တော့်တစ်ဦးတည်း ပြောရရင် ရုရှတွေနဲ့ စပ်စပ်ယှက်ယှက် မလုပ်ချင်ပါဘူး။ ဒလားဒီးယား ခေါင်းမာလို့ ဒီလိုဖြစ်ရတာ။ လူတွေက သူ့ကို နွားသိုးကြီးလို့ ခေါ်ကြတယ် ။ အမှန်ကတော့ နွားသိုး မဟုတ်ဘူးဗျ။ မြည်း၊ မြည်း။ ကဲပါဗျာ၊ အတိတ်ကဟာတွေ ပြန်ပြောမနေပါနဲ့တော့။ ခုလောလောဆယ်မှာ ကျုပ်တို့ မော်စကိုနဲ့ မိတ်ဆွေဖြစ် ဆက်ဆံရေး ထူထောင်ချင်တယ်။ ခင်ဗျား ကျွန်တော့်ကို ကူညီနိုင်ပါတယ်"

"ရုရှားတွေက ခင်ဗျားကို ငရဲပြည် ပို့မှာပဲဗျ။ ပို့တယ်ဆိုရင်လည်း သူတို့မှန်တယ်။ ဒီအတိုင်းပဲ လုပ်ရမှာပဲ။ ပထမအချက်က ခင်ဗျားက ဘယ်သူ့ကို ကိုယ်စားပြုပြီး ခင်ဗျားမှာ ရုရှားတွေနဲ့ စကားပြောမှာလဲ။ ကျောထောက်နောက်ခံ ဘာမှမရှိဘူး။ ပြီးတော့ ခင်ဗျားက အလုပ်သမားတွေကို ဖမ်းထားတယ်။ ဒီနေ့တင် နောက်ထပ် ကွန်မြူနစ်ရှစ်ယောက်ကို ရုံးတင်တရားစွဲတယ်လို့ သတင်းစာထဲမှာ ပါလာသေးတယ်။ ပြီးတော့ ခင်ဗျားပြောတဲ့ မြည်းဆိုတဲ့ ဒလားဒီးယားက နိုင်ငံခြားရေးဝန်ကြီး၊ ပြင်သစ်လူထုဟာ ရုရှားတွေနဲ့ လက်တွဲကောင်းတွဲမိလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားကတော့ ရုရှားတွေနဲ့ တွဲလို့ရမှာ မဟုတ်ဘူးခင်ဗျ။ တစ်ခုပဲ ခင်ဗျားကို အကြံပေးချင်တယ်။ သမ္မတဆီကို နှုတ်ထွက်လွှာ တင်လိုက်ပါ။ ပြည်ထဲရေးဝန်ကြီးနေရာမှာ ခင်ဗျားအစား ကော်မတီတစ်ခုနဲ့ လုပ်သွားရင် ကောင်းမယ်ထင်တယ်"

ဖိုးဂျက်သည် တံခါးကို ဂျောင်းခနဲမြည်အောင် ဆောင့်ပိတ်ပြီး ထွက်သွား၏။ သူဘာလုပ်နိုင်သေးသနည်းဟု တက်စ စဉ်းစား ကြည့်သည်။ ကွန်မြူနစ်များကို မေတ္တာရပ်ခံကြည့်ရမည်လော။ သူ့သမီး ဒင်းနိစ်နှင့် အဆက်အသွယ်ရလျှင် မည်မျှကောင်းမည်နည်း။

ကွန်မြူနစ်အမှုများတွင် ရှေ့နေလိုက်ပေးတတ်သည့် ရှေ့နေ ဖာရွှန်နက်ကို ချဉ်းကပ်ကြည့်ရန် စိတ်ကူးရ၏။ သူ့ထံ အမြန် လာတွေ့ရန် အကြောင်းကြားလိုက်သည်။

"ကွန်မြူနစ်တွေထဲမှာ ခင်ဗျား အသိမိတ်ဆွေတွေ တော်တော်များများ ရှိပါတယ်။ ဒီစာကလေးကို ရောက်အောင် ပေးပေးစမ်းပါ"

"ဘယ်သူ့ကို ပေးရမှာလဲ ဝန်ကြီး"

တက်စမျက်နှာသည် နီရဲသွား၏။

"ကျွန်တော့်သမီးဆီကိုပါ။ သိပ်အရေးကြီးလို့ မြန်နိုင်သမျှ မြန်မြန်ရောက်အောင် ပေးပေးစမ်းပါ။ ကျွန်တော်နဲ့ ရင်းနှီးတဲ့ လူတစ်ယောက်ရဲ့ သေရေးရှင်ရေးကိစ္စမို့ပါ"

"ကောင်းပြီလေ" ဖာရွှန်နက်က ခပ်ယဲ့ယဲ့ ပြုံးလိုက်၏။ "ဝန်ကြီးရဲ့ ပုလိပ်တွေက ကျွန်တော့်ကို နောက်ယောင်ခံ မလိုက်ဘူးဆိုရင် ဒီနေ့ညနေရောက်အောင် ပို့ပေးပါ့မယ်"

စာတွင် ဤသို့ ရေးထားသည်။

သမီးလေး

သမီးလေးနဲ့ စကားပြောစရာ ရှိတယ်။ ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်ပါဘူး။

အလွန်အရေးကြီးတဲ့ တိုင်းပြည်ကိစ္စပါ။ မနက်ဖြန်မနက် ကိုးနာရီ လာခဲ့ပါ၊

ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်ဘူးဆိုတာ ပါပါ ထပ်ပြောချင်တယ်၊ သမီးလေး

လာတာကို ဘယ်သူမှ မသိစေရပါဘူး၊ သမီးရဲ့ ကံဆိုးတဲ့ ပါပါ...

တက်စ

ညနေပိုင်းတွင် တက်စသည် ဝန်ကြီးအဖွဲ့ အစည်းအဝေးတခုသို့ တက်ရသည်။ ဝန်ကြီးချုပ် ရေးနော့၏ အစီရင်ခံစာကို နားထောင်နေရသော်လည်း စိတ်မပါလှ။ "ဗိုလ်ချုပ်ဝေဂန် ပြန်ရောက်လာသည်။ အခြေအနေ မကောင်းသည့်တိုင် တန်ပြန်ထိုးစစ်ဆင်ရန် အသင့်ပြင်ဆင်ပြီး ဖြစ်သည်။ အင်္ဂလိပ်တို့က တိုက်စစ်စနေပြီ၊ အမှတ် ၅ တပ်မကြီး အားရက်မြို့အနီးသို့ ရောက်နေသည်"

တက်စကား သူ့အတွေးနှင့် သူ။ အစည်းအဝေး ပြီးသည့်အခါတွင် ဝန်ကြီးချုပ် ရေးနော့ အနီးသို့ သွားကာ...

"မော်စကိုနဲ့ သင့်မြတ်ရေး လုပ်ရယင် ဘယ့်နှယ်နေမလဲ"

"ခုရက်ပိုင်းအတွင်းမှာ အခြေအနေက တော်တော်လေး အရေးကြီးနေတယ်ဗျ။ ကျွန်တော်ကိုယ်တိုင် စစ်ရေးစစ်ရာတွေကို ဆင်းကိုင်နေရတယ်၊ သံတမန်ဆိုင်ရာ ကိစ္စတွေကို ဒု-ဝန်ကြီးချုပ်နဲ့ ဆွေးနွေးကြည့်ပါ"

တက်စသည် အိမ်သို့ပြန်လာကာ အိပ်ဆေးသောက်သည်။ မနက် ရှစ်နာရီတွင် နိုးလာ၏။ မနက်စာ စားနေစဉ် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် တွေ့လိုသဖြင့် အမျိုးသမီးတယောက် စောင့်နေကြောင်း လာပြောသည်။

"ခေါ်ခဲ့... ခေါ်ခဲ့၊ မြန်မြန်ခေါ်ခဲ့"

တက်စက အငမ်းမရ အော်လိုက်သည်။

သူ့နိုင်ငံရေးကျားကွက်တွင် စိတ်ဝင်စားနေသဖြင့် သမီးဒင်းနိစ်ကိုပင် သမီးလို မဆက်ဆံနိုင်တော့။ အမျိုးသမီး သံအမတ်တယောက်ကို ကြိုသလို ကြိုမိသည်။

ဒင်းနိစ်က အေးစက်စက်ဖြင့် ပြောသည်။

"ပါပါတို့က သမီးတို့ကို ဖမ်းဖို့ ထောင်ချောက်ဆင်တာ ဆိုယင်တော့ ပါပါတို့လုပ်ငန်း ဘယ်တော့မှရမှာ မဟုတ်ဘူး၊ ခု သမီး လာတာ ပါတီကို အသိပေးလာတာ"

"ပါတီကို အသိပေးပြီး လာတယ်ဟုတ်လား" တက်စက ပြောသည်။ "ကောင်းပါတယ်၊ ကောင်းပါတယ်၊ ကိစ္စက ဒီလို သမီး၊ ခုအခြေအနေက သိပ်မကောင်းလှဘူး၊ ပါပါတို့တပ်တွေ ဆုတ်နေရတယ်၊ ခုလိုအချိန်မျိုးမှာ ပါပါတို့ ပါတီနိုင်ငံရေးတွေကို ခဏဘေးချိတ်ထားယင် ကောင်းမယ်၊ ပြင်သစ်ပြည်ကြီး ကယ်တင်ရေးဟာ အထွတ်အထိပ် ပြဿနာပဲ၊ ဒါပေမယ့် တိုင်းပြည်ကို ကယ်တင်ဖို့ဆိုတာ ယုံကြည်မှုရှိမှ၊ ထက်သန်မှုရှိမှ ဖြစ်မှာ၊ ခု... ပါပါဟာ သမီးတို့ ကွန်မြူနစ်တွေကို ပထမဆုံး လက်ကမ်းကြည့်တာပဲ။ ပါပါတို့က သူတို့အပေါ် ဖိနှိပ်မှုတွေကို ရပ်စဲထားမယ်၊ သမီးတို့က အစိုးရဆန့်ကျင်ရေး ဝါဒဖြန့်ချီမှုတွေကို ရပ်စဲပါ၊ ဟုတ်ပလား၊ ပြင်သစ်ကွန်မြူနစ်တွေက မော်စကိုအပေါ် ဖိအားပေးပေးပါ၊ ပါပါတို့ ကော့ကို မော်စကိုကို လွှတ်မယ်လို့ စိတ်ကူးတယ်၊ ဖိုးဂျက်ကတော့ အသက်ကလဲ ကြီးပြီ၊ ပြီးတော့ သူက ပညာတတ်၊ နိုင်ငံရေးကို သိပ်ပြောတတ်မှာ မဟုတ်ဘူး၊ ပါပါတို့ အချင်းချင်းမို့လို့ ပြောလိုက်မယ်၊ ခု... ပါပါတို့ သဘောထားကို သမီးတို့ခေါင်းဆောင် မောရစ်သောရက်ဇ်ကို ဖြစ်ဖြစ်၊ ဂျက်ဂျူးကလို့ကို ဖြစ်ဖြစ် ပြောပြပေးပါ။ ဘယ်သူ့ကို ဖြစ်ဖြစ်ပေါ့လေ၊ သမီးတို့ဆိုင်ရာ တာဝန်ရှိသူကို ဆိုပါတော့၊ လိုအပ်ယင် ပါပါတို့နဲ့ တွေ့မယ်၊ ဘာဖြစ်ဖြစ် လုပ်မယ်"

"ပါပါ့စကားကို ဘယ်သူကမှ အလေးအနက်ထားမှာ မဟုတ်ဘူး ထင်တယ်" ဒင်းနိစ်က ပြော၏။ "ထောင်ထဲမှာ ကွန်မြူနစ် သုံးသောင်းလေးထောင်လောက် ရှိနေတယ်၊ ပထမ သူတို့ကို ထောင်ထက လွှတ်ပေးပါ။ ပြီးတော့ ပါပါတို့ ထွက်ပေးပြီး ပြည့်သူကို အာဏာအပ်ပါ"

"အံမာ၊ အာဏာဆိုတာ အထုပ်ကလေးတထုပ် လက်ပြောင်းပေးသလို ပေးလို့ရတယ် ထင်သလား" တက်စက ထောင်းကနဲ ဖြစ်သွား၏။ သို့ရာတွင် ပြန်ထိန်းလိုက်သည်။ "ပါပါတို့မှာ အခြေခံဥပဒေကို လိုက်နာရတယ်၊ ပါလီမန်လွှတ်တော်က အယုံအကြည်ရှိပြီး ထောက်ခံနေသမျှ ကာလပတ်လုံး ပါပါတို့ ထွက်ပေးလို့မရဘူး၊ ဖမ်းထားတဲ့ အကျဉ်းသားတွေ လွှတ်ပေးဖို့ကိစ္စကတော့ ပါပါတဦးချင်းအနေနဲ့ ပြောရယင် ဘာမှကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမယ့် မဖြစ်နိုင်တာက ခက်တယ်၊ ဆိုရှယ်လစ်တွေကလဲ ဒါကို ဝိုင်းကန့်ကွက်ကြမှာပဲ၊ မနေ့ကတွင် ဆိုရှယ်လစ်အမတ်

ဆီရောက ဘာပြောသလဲဆိုတော့ ကွန်မြူနစ်တွေကို မြို့ပြဥပဒေအောက်မှာ မထားနိုင်ဘူးတဲ့၊ ပါပါက ဒီအချိန်ဟာ အမျိုးသားညီညွတ်ရေး လိုအပ်နေတဲ့အချိန် ဖြစ်တယ်လို့တော့ အရိပ်အမြွက်လောက် ပြောပါသေးတယ်၊ ဒီတော့ သူက ကွန်မြူနစ်တွေကို ပထမ လက်နက်တွေ သိမ်းပစ်ရမယ်တဲ့၊ အခုအခြေအနေက တော်တော့ကို ရှုပ်ထွေးနေတယ် သမီး၊ ပါပါတို့ ခြေလှမ်းမှားယင် လက်ယာက အုပ်သွားလိမ့်မယ်၊ ကွန်မြူနစ်တွေကိုသာ လွှတ်လိုက်ယင်တော့ အစိုးရအဖွဲ့ ချက်ချင်း ပြုတ်ကျသွားမှာ"

ဒင်းနိစ် စိတ်ညစ်နေသည်။ လွန်ခဲ့သည့်ရက်များအတွင်းတွင် စစ်သားများနှင့်တွေ့၍ စကားပြောခဲ့ရသည်။ သစ္စာဖောက်မှု၊ သူရဲဘောကြောင်မှုတို့နှင့် ပတ်သက်၍ ကြောက်စရာပုံပြင်တွေကို ကြားခဲ့ရသည်။ စစ်ပြေးဒုက္ခသည်တွေ ရောက်လာသည်နှင့်အတူ ပါရီမြို့ကြီးသည် ကြေကွဲဝမ်းနည်းစရာတွေကို တွေ့နေရသည်။ သို့ရာတွင် ပုလိပ်များက ကွန်မြူနစ်တို့ကို တရကြမ်း လိုက်ဖမ်းဆဲ။ မနေ့ကတင်ပင် သူနှင့် စက်ရုံတွင် အလုပ်လုပ်ဘက် လူစီကို ဖမ်းသွားကြပြီ။ လမ်းမပေါ်တွင် ဖမ်းခြင်း ဖြစ်၏။ အိမ်တွင် နို့စို့ကလေးငယ်လေး ကျန်ရစ်ခဲ့သဖြင့် အိမ်ပြန်ခွင့်တောင်းသည်။ "ဒါ... နင့်အလုပ် မဟုတ်ပါဘူး" ဟု ပုလိပ်များက ဆိုကြသည်။ မစ်ရှောကလည်း မြောက်ပိုင်းတွင် ရန်သူအဝိုင်းခံရသည့် တပ်ထဲတွင် ရောက်နေပြီ။ မေလနောက်ပိုင်းတွင် စာတစောင်မျှ မရတော့။ ယခု သည်ဒဏ်တွေကို ဒင်းနိစ် မခံနိုင်တော့။ ဒင်းနိစ် ငိုမိသည်။

တက်စ အကြီးအကျယ် စိတ်ထိခိုက်သွား၏။ ဖိုးဂျက်နှင့်တကွ သူ့စီမံကိန်းတွေ အားလုံးကိုပင် မေ့သွားလေပြီ။ ဒင်းနိစ်သည် သူ့သမီး။ သူ့ရင်သွေး။ ယခု မည်မျှပိန်ချုံးကျသွားသနည်း။ သမီးလေးခမျာ တော်တော် ဆင်းဆင်းရဲရဲ နေခဲ့ရှာလိမ့်မည်။ သမီးလေးသည် တနေရာရာတွင် ပုန်းအောင်းနေရလိမ့်မည်။ အဖမ်းခံရမည်လောဟု ညတိုင်း တထိတ်ထိတ်နှင့် နေရလိမ့်မည်။

"သမီးလေးရယ်"

တက်စက တယုတယ ခေါ်လိုက်သည်။ ထိုအခါကျမှ ဒင်းနိစ်သည် သတိပြန်၍ ဝင်လာ၏။ ဒင်းနိစ်သည် သူ့အဖေကို တအံ့တဩ ကြည့်လိုက်သည်။

"သမီး ဘာကြောင့်ငိုတယ် ဆိုတာကို ပါပါ ဘယ်တော့မှ နားလည်နိုင်မှာ မဟုတ်ဘူး၊ သမီး ဘာကြောင့်ငိုသလဲ ပါပါသိရဲ့လား၊ ပါပါနဲ့ သားအဖတော်ရတာကို သမီးတွေးတိုင်း ရှက်တယ်၊ ပါပါနဲ့အတူလာပြီး ပြင်သစ်လူမျိုး ဖြစ်ရတာကိုလဲ ရှက်တယ်၊ ကုန်ကုန်ပြောလိုက်မယ်၊ ပါပါနဲ့အတူ ဖုံးမှန်ပြီး သေယင်တောင် ပါပါနဲ့အတူ တဖုံးတည်းမှန်ပြီး မသေချင်ဘူး၊ ဒါကြောင့်ငိုတာ ပါပါသိရဲ့လား၊ ပါပါ့သမီးဖြစ်ရတာကို တွေးမိတိုင်း သမီးရှက်တယ်"

"အေးလေ... ဒါကတော့ သမီးဘက်က မြင်တာကိုး၊ ပါပါဘက်က ပြောရယင်တော့၊ သမီးကို ပါပါမပြုတ်နိုင်ဘူး" တက်စသည် အခန်းတဘက်စွန်းသို့ လျှောက်သွား၏။ သမီးဒင်းနိစ်ကို သိမ်းသွင်းဦးမှဖြစ်မည်ဟု သဘောရ၏။ "သမီးရယ်... ပါတီကိစ္စတွေ အယူအဆကိစ္စတွေကို ခဏဘေးဖယ်ထားလိုက်ပါ၊ ပါပါ့ကို သမီး ကူညီပါ၊ ပြင်သစ်ပြည်ကြီးကို ပါပါ တတ်နိုင်သလောက် ကယ်တင်ချင်တယ်၊ ဒါကြောင့် ပြင်သစ်ပြည်ကြီးရဲ့ အကျိုးအတွက်"

"တော်ပါတော့ ပါပါရယ်၊ ရိုးနေပါပြီ၊ အလျင်တုန်းက သမီးကိုချော့ချင်ယင် မေမေ့အကျိုးအတွက်ပါကွယ်လို့ ပြောခဲ့တယ်၊ ဒါပေမယ့် ပါပါ ဘာတွေပြောပြော ပြင်သစ်ပြည်ဟာ ပြင်သစ်ပြည်ပါပဲ"

ဒင်းနိစ်သည် စကားမပြောတော့။ စစ်ပြေးဒုက္ခသည်များနှင့် စစ်သားများကို အမှတ်ရလာကာ လည်ပင်းတွင် တစ်ဆို့ဆို့ကြီး ဖြစ်လာသည်။ မိမိ၏ အားနည်းချက်ကို ပါပါ အသိမခံနိုင်။ သို့လျှင် ပါပါသည် ထိုအားနည်းချက်ကို ဖိနှင်းကာ သူ့ကို အသုံးချသွားလိမ့်မည်။ ထို့ကြောင့် ဒင်းနိစ်သည် အခန်းထဲမှ ပြေးထွက်လာခဲ့သည်။

သူ့သမီးသည် အယူသည်းလွန်းလှပါတကား။ တက်စသည် စိတ်နာနာဖြင့် တွေး၏။ လူဆန်းသည် အကျင့်စာရိတ္တပျက်စီးသူ။ သို့ရာတွင် သူ့သမီးထက်တော့ လူဆန်း တော်သေးသည်။ ယခု သူ့သမီး ဒင်းနိစ်ကမူ လူလိုမနေ။ သူများတွေကိုလည်း လူလိုမနေစေ့ချင်။ စက်ရုပ်တွေလို နေစေချင်ပုံရသည်။ အင်း မိုက်လိုက်သည့် သတ္တဝါမကလေး။

ကော့ကို မော်စကိုလွှတ်ရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရန် ဒုဝန်ကြီးချုပ်ရုံးသို့ ထွက်လာခဲ့၏။ ဒုဝန်ကြီးချုပ်က ဝေ့လည်ချောင်ပတ်ပြီး အီတလီပြည်အကြောင်းတွေ လျှောက်ပြောယင်း စကားလွှဲပစ်သည်။ မိမိတို့အနေဖြင့် ယခုအချိန်သည် အီတလီကို အလျှော့ပေး၍ စေ့စပ်သင့်ကြောင်း၊ ကျူးနစ်ရှား တစ်စိတ်တပိုင်းကိုပင်ဖြစ်စေ ပေးလိုက်ဖို့လိုကြောင်း၊ အင်္ဂလိပ်ကိုလည်း အလားတူ သူ့ကိုလိုနီတခုဖြစ်သည့် မော်လတာကျွန်းကို ဤမျှ သဲကြီးမဲကြီး ဖက်တွယ်မထားပဲ ပေးလိုက်ရန် တိုက်တွန်းဖို့လိုကြောင်း၊ မူဆိုလီနီသည် ပြင်သစ်နှင့် ဆွေးနွေးရန် အဆင်သင့်ဖြစ်နေကြောင်း၊ သို့ရာတွင် မူဆိုလီနီနှင့် စေ့စပ်ဆွေးနွေးဖို့ မိမိတို့ဘက်က သင့်လျော်မည့်လူကို ရွေးလွှတ်ဖို့လိုကြောင်း၊ ထိုလူမှာ လာဗယ် သို့မဟုတ် ဘာရီကျူး တယောက်ယောက် ဖြစ်သင့်ကြောင်းဖြင့် ပြောပြနေသည်။

မိမိရုံးခန်းသို့ ပြန်ရောက်သည့်အခါတွင် တက်စသည် ဖိုးဂျက်ထံ ဖုန်းဆက်၏။

"ဒီမှာ ဖိုးဂျက်၊ ကျွန်တော်ဆိုလိုတဲ့သဘောကို ခင်ဗျား ကောင်းကောင်း နားမလည်ဘူး ထင်တယ်၊ ဖိုးဂျက်နဲ့ ကော့ တယောက်ယောက်ကို မော်စကိုလွှတ်မယ်ဆိုတာ တခြားအကြောင်းပြချက်တခုခုနဲ့ လွှတ်မှာပါ။ ဥပမာ - ရုရှက သစ်တွေကို ဝယ်ဖို့ ဆွေးနွေး ရအောင် ဆွေးနွေးပွဲသွားတာလို့ အကြောင်းပြမယ်ဗျာ၊ ဒါမှမဟုတ် ရုရှမှာ ပြည်သူပိုင် သိမ်းထားတဲ့ ပြင်သစ်အမျိုးသားပိုင် စက်မှုလုပ်ငန်းတွေအတွက် လျော်ကြေးကိစ္စ ဆွေးနွေးရအောင် သွားတာလို့ အကြောင်းပြမယ်ဗျာ၊ မော်စကိုရောက်တော့ သူတို့သဘောထားကို တီးခေါက်ကြည့်နိုင်တာပေါ့။ ဘာကိစ္စနဲ့ပဲသွားသွား နိုင်ငံခြားမှာတော့ ဂယက်ရိုက်မှာ အမှန်ပဲ၊ ပြီးတော့ ကျွန်တော်တို့ဘက်ကလဲ မော်စကိုကို ဘယ်လိုခံဝန်ချက်မျိုးမှ ပေးတာမဟုတ်ပဲ၊ ကိစ္စမရှိပါဘူး၊ လက်ယာဂိုဏ်းက ကျွန်တော်တို့ကို ကိုင်လာယင် လွယ်လွယ်ကလေးပါ၊ ကျုပ်တို့က မော်စကိုနဲ့ ဘာစေ့စပ်စရာရှိသလဲ၊ သံအမတ်တောင် အဆက်အသွယ်မှ မရှိတာ၊ မော်စကိုမှာ သံအမတ်အဆင့်တောင်မှ မထားတာလို့ ပြောလိုက်ရုံပဲ၊ ဘာရီကျူးကလဲ ကျွန်တော်တို့ကို တိုက်မှာပါပဲ၊ မူဆိုလီနီနဲ့ ဆွေးနွေးဖို့ လုပ်နေတာ သူသိနေတာပဲ၊ ဗြိတိသျှကလဲ အီတလီသဘော်ာတွေကို မချုပ်ကိုင်ပါဘူးလို့ ကတိပေးထားပြီ၊ ဒါတွေဟာ ကျွန်တော်တို့ အောင်ပွဲတွေပဲ မဟုတ်ဘူးလား၊ ဘယ့်နှယ်လဲ... ကျွန်တော်ပြောတာ ကြားရဲ့လား"

ဘာမျှဖြေသံ မကြားရ။ ဖိုးဂျက်သည် တယ်လီဖုန်းကို ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်ချသွားသည်။

တက်စ၏ စီမံကိန်း မအောင်မြင်။ စိတ်ပြေလက်ပျောက် မြို့ပြင်သို့ ထွက်လာခဲ့သည်။

ပန်းခင်းက သာသာယာယာ။ နှင်းပန်း၊ စပယ်ပန်းနှင့် ရာဇဝင်ပန်းတို့က ဖွေးဖွေးလှုပ်နေကြသည်။ သွားလေရာရာတွင် ပန်းရနံ့တွေက ချိုချိုသင်းသင်း။ တက်စသည် သက်သာရာရသွား၏။ ဘာတွေဖြစ်နေနေ နွေဦးကတော့ လာမြဲ။

မြို့ပြင်မှ ပြန်လာသည့်အခါတွင် ဘိုင်ဒီဇင်ဆိန်းရပ်ကွက်တွင် စစ်သားအချို့ကို မြင်ရသည်။ တင့်ကားပစ်အမြောက်များထားရန် ကတုတ်ကျင်းများ တူးကြခြင်း ဖြစ်၏။ တက်စသည် မော်တော်ကားကိုရပ်ကာ စစ်သားများနှင့် စကားပြောကြည့်သည်။ ထိုနောက် ယုံကြည်စိတ်ချစွာ ပြော၏။

"ဟုတ်တယ်၊ ဒီကောင်တွေ ပါရီကို မမြင်စေရဘူး၊ ကေသရာဇာခြသေ့်ကြီးတကောင်လို ပါရီဟာ သူ့ဘာသာသူ ကာကွယ်လိမ့်မယ်"

ပီကာဒီနယ်က မြို့ကလေးများထုံးစံ မြို့က ငယ်ငယ်လေး။ မြို့လယ်တွင် ပန်းခြံတခု
ရှိသည်။ ဘေးတွင် အုတ်တိုက်ကလေးတွေ ဆောက်ထားသည့်
လမ်းမတန်းရှည်ရှည်တလမ်း။ ထိုလမ်းသည် တခုတည်းသော မြို့လယ်လမ်း
ဖြစ်သည်။ ပန်းခြံအနီးတွင် ဆယ့်ခြောက်ရာစုနှစ်က ဆောက်ခဲ့သည့်
မြို့တော်ခန်းမတခု ရှိ၏။ ခန်းမမျှော်စင်ထိပ်တွင် ရွှေခြသေ့်ရုပ်တရုပ် ထုထားလျက်။
မြို့တော်ခန်းမအနီးတွင် ကဖီးဆိုင်နှစ်ဆိုင်၊ ကုန်ပဒေသာဆိုင်တဆိုင်နှင့်
ဟိုတယ်တခု ရှိသည်။

မြို့သူမြို့သားများမှာ အများအားဖြင့် မြို့ပြင်ဘက် နှစ်မိုင်သာသာလောက်တွင်ရှိသည့် ဘိုင်စကယ်စက်ရုံမှ အလုပ်သမားများဖြစ်ကြသည်။ အမျိုးသမီးများကမူ ဇာထိုးပန်းထိုး ကျွမ်းကျင်သူများ ဖြစ်ကြ၏။ ပြတင်းပေါက်တွင်ထိုင်ကာ တညင်းလုံးချနေကြသည်။ နွေရာသီဆိုလျှင် ကမ္ဘာလှည့်ခရီးသည်တွေ ရောက်လာတတ်၏။ ရှေးအဆောက်အအုံဖြစ်သည့် မြို့တော်ခန်းမကို ဝင်ကြည့်ကြပြီး ပန်းခြံထဲတွင် ဘီယာသောက်လေ့ရှိကြသည်။ ဆောင်းတွင်းဆိုလျှင် အလုပ်သမားများသည် ကဖီးဆိုင်များထဲတွင်ထိုင်ကာ မြေဆေးတံရှည်ရှည်ကြီးများကိုဖွာယင်း နိုင်ငံရေးအကြောင်းကို ငြင်းခုံတတ်ကြသည်။ စစ်မဖြစ်မီတုန်းက မြို့တော်ဝန်မှာ ကွန်မြူနစ်တယောက် ဖြစ်၏။ မြို့တော်ခန်းမတွင် အလံနှစ်လက် လွှင့်ထားသည်။ ပြင်သစ်အမျိုးသားအလံဖြစ်သည့် သုံးရောင်ခြယ်အလံနှင့် အလံနီ။ မြို့တော်ခန်းမနံရံများတွင် ပိုစတာတွေ ယခုတိုင် ရှိသေးသည်။ ဖက်ဆစ်ဝါဒ ကျဆုံးပါစေ။ ပြည်သူ့တပ်ဦး အစွန့်ရှည်ပါစေ ဆိုသည့် ကြွေးကြော်သံများဖြစ်သည်။ ဘေးတွင်ဆွဲထားသည့် တူတံစဉ်ပုံက ပုံမကျပန်းမကျနှင့်။ တနင်္ဂနွေနေ့များတွင်ဆိုလျှင် အလုပ်သမားတွေက ဂျင်အရက်ကို သောက်ပြီး ကြက်ပွဲတွေ တရုန်းရုန်း။ ထိုနေ့က မြို့လယ်ရုပ်ရှင်ရုံတွင် “မရဏအနမ်း” ဆိုသည့် ရုပ်ရှင်ကား ပြလျက်။ သမီးရည်းစား အတွဲများက မြို့လယ်တူးမြောင်းဘေးတွင် လမ်းလျှောက်ကြယင်း ကြာပန်းတွေကို ခူးနေကြသည်။ သူတို့တတွေ အိပ်ရာဝင်ချိန်ကလည်း အစောကြီး။ ည ၇ နာရီထိုးလျှင် လမ်းမတွင် လူသူမရှိတော့။ မြို့တော်ခန်းမ နာရီစင်မှ နာရီက အချိန်ကျတိုင်း တေးသံစုံဖြင့် တဒင်ဒင်မြည်လျက်။ ကလေးအမေက သီချင်းလေးတအေးအေးဖြင့် ကလေးသိပ်လျက်၊ “ကြောင်ဖားရယ် မြီးတန်တို၊ အဆီကို စားပါလို့၊ အသားကိုမျို။”

ရန်သူတို့၏ ပထမဆုံးဗုံးသည် ဘူတာရုံနားက အိမ်နှစ်လုံးပေါ်သို့ ကျသွား၏။ ပန်းပဲဆရာ အဘိုးကြီးတယောက် သေပြီး၊ မိန်းမနှစ်ယောက် ဒဏ်ရာရသွားသည်။ ဒုတိယဗုံးသည် မြို့တော်ခန်းမပေါ်သို့ တည့်တည့်ကျ၏။ ပန်းခြံထဲတွင် အပျက်အစီးများဖြင့် ပြန့်ကျဲလျက်။ ရွှေခြသေ့်ရုပ်သည် အကျိုးအပဲ့၊ အပျက်အစီးများကြားတွင် ရောက်နေသည်။ မြို့သူမြို့သားများသည် မြို့မှ ထွက်ပြေးကြ၏။ လူဦးရေ တသောင်းရှစ်ထောင်အနက် လူတရာသာ

ကျန်ရစ်ခဲ့သည်။

အမျိုးသမီးတယောက် အပြာရောင် ကြွေရည်သုတ် ကော်ဖီကရားတလုံးကို ယူလာကာ မစ်ရှောကို ကော်ဖီငှဲ့ပေး၏။

"ရဲဘော်တို့ မြို့က ဆုတ်သွားကြတော့မလို့လား"

အမျိုးသမီးကမေးသည်။

"မဆုတ်ပါဘူး၊ ခုမှ ရောက်တာ"

"မသိပါဘူး။ လူတွေကပြောတော့ စစ်တပ်တွေလဲ ထွက်ကြတော့မယ်တဲ့၊ ကျွန်မကတော့ ထွက်လို့မဖြစ်ဘူးလေ၊ အမေကြီးက ကောင်းကောင်းကျန်းမာတာ မဟုတ်ဘူး၊ စစ်တပ်တွေ ရှိပါသေးတယ်၊ မသွားသေးပါဘူးလို့ အမေ့ကို ပြောထားရတယ်"

မစ်ရှောက ပြုံးလိုက်သည်။

"မသွားသေးပါဘူး၊ ကျွန်တော်တို့ ရှိဦးမှာပါ။ လူတွေဖြစ်နေပုံကို ကြည့်ရတာ စိတ်မကောင်းစရာကြီးဗျာ၊ ကိုယ့်အိမ်ကိုယ့်ရာကိုပစ်ပြီး စိတ်ကူးတည့်ရာကို စွတ်သွားနေကြတယ်၊ ဘယ်သူ့ကမှလဲ တားဖော်မရဘူး၊ တော်တော်ဟုတ်တဲ့လူတွေ၊ ကျွန်တော်တို့ နိုင်ငံရေး ခေါင်းဆောင်တွေကလဲ ဖင်လန်ကို ရုရှဝင်တိုက်တော့ ဖင်လန်ကို စစ်ကူတွေ ပို့မယ်လေး ဘာလေးနဲ့ အာကျယ်လိုက်ကြတာ၊ ဟော ခု ဂျာမန်တွေလဲ ပေါက်လာရော ပြေးလိုက်ကြတာ အသားနီကို လန့်နေတာပဲ၊ ရှက်စရာ ကောင်းလိုက်တာ၊ ခေါင်းဆောင်ကောင်းသာ ရှိယင် ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ အေးလေ ဒါတွေကို မပြောတာ ကောင်းပါတယ်။ စိတ်ချပါ၊ ကျွန်တော်တို့ ဘယ်မှမသွားပါဘူး၊ ခင်ဗျားအိမ်မှာ မြေတိုက်ကောင်းကောင်း ရှိရဲ့လား၊ ရှိယင် ပစ္စည်းတွေကို အဲဒီထဲထည့်ထားပြီး အေးအေးဆေးဆေးသာနေ၊ ကျွန်တော်တို့ရှိတယ်"

တပ်ရင်းမှူး ဖေဘာရီသည် မြို့ကို ဖြစ်သည့်နည်းနှင့် ကာကွယ်ရန် အမိန့်ရထားပြီး ဖြစ်သည်။ သူ့ကို ကြည့်ရသည်က ဘာမျှအန္တရာယ်မရှိသည့် ခပ်ကြောင်ကြောင်လူ။ အရက်ကို မိုးလင်းမှ အိပ်ရာဝင်သည်အထိ သောက်ပြီး တဖောင်းပြာသာဒ်ပင်၏ အလှကို ပြောနေတတ်သည်။ သို့ရာတွင် ယခုတလောတွင်မူ ဖေဘာရီ မူပြောင်းလာသည်။ ပို၍ သတ္တိပြလာပြီး စွမ်းစွမ်းတမံ လုပ်လာ၏။ ကင်ဘရေမှ ဆုတ်လာခဲ့စဉ် သူ့တပ်ရင်းသည် ရန်သူကို ကောင်းကောင်းတိုက်ပြခဲ့သည်။ တန်ပြန်တိုက်စစ် နှစ်ကြိမ်တိုက်ခဲ့ပြီး ကွဲကျန်ရစ်ခဲ့သည့် တပ်သားနှစ်ဆယ်ကို ဂျာမန်တို့လက်မှ ပြန်၍ထုတ်လာနိုင်ခဲ့ရုံမျှမက ဂျာမန်သို့ပန်းများကိုပင် ဖမ်းဆီးနိုင်ခဲ့သေးသည်။ ဂျာမန် ဗုံးကြဲ လေယာဉ်များက သူတို့တပ်ကို တိုက်ခိုက်သည်တွင် ဖေဘာရီသည် တပ်သားတယောက်ထံမှ ရိုင်ဖယ်တလက်ကို ဆွဲယူကာ လေယာဉ်ပျံကို ရိုင်ဖယ်သေနတ်ဖြင့် ခံပစ်ခဲ့သည်။ သူ့အပြုအမူကြောင့် တပ်သားများ ရဲရင့်လာခဲ့ကြသည်။ ဖရိုဖရဲဖြစ်ခြင်းမရှိ။ ဗုံးကြဲလေယာဉ်တစီးကို ပစ်ချနိုင်ခဲ့ကြသည်။ သို့တိုင်အောင် သူ့တပ်သည် ရှစ်ရက်အတွင်း တပ်သားသုံးပုံတပုံ ကျဆုံးခဲ့ပြီ။ ဖေဘာရီကို ဆိုင်ရာက ဘွဲ့ထူးတွေ ပေးသည့်အခါတွင် ရှက်အမ်းအမ်းဖြစ်နေသည်။ သူ့ကို ဆိုင်ရာက ခုခံရန် အမိန့်ပေးသည့်အခါတွင် ဖေဘာရီသည် ကြောင်အမ်းအမ်း ဖြစ်လျက်ရှိ၏။ "ဖြစ်သည့်နည်းနှင့် ကာကွယ်ရမည်" ဟု အမိန့်ပေးရသည်က လွယ်သည်။ ဂျာမန်တို့က တင့်ကားကြီးတွေနှင့် တက်လာလျှင် သူတို့မြို့ကို မည်သို့လုပ်၍ ထိန်းထားရမည်နည်း။

မစ်ရှောသည် တပ်သားတွေထဲတွင် လူချစ်လူခင်များသူဖြစ်ကြောင်း ဖေဘာရီ သိသည်။ ဗိုလ်မှူးကြီး ကွေးရီးယားက ထိတ်လန့်ကာ တပ်ခွဲနှစ်ခွဲကို ဖြန့်ခွဲပစ်လိုက်ရန် အမိန့်ပေးသည့်အခါတွင် ဖေဘာရီ ကန့်ကွက်သည်။ လီဟပ်တွင် ဖြစ်ခဲ့သည့် တပ်တွင်း "အာဏာဖီဆန်မှု" အကြောင်းကိုလည်း မပြောတော့။ အရေးတကြီး ဆုံးဖြတ်ချက်တခုကို ချတော့မည်ဆိုလျှင် ဖေဘာရီသည် မစ်ရှောကို တိုင်ပင်မြဲ။ "ကဲ ရဲဘော်ကြီး ဒွန်ကွိဇုတ်၊ ဘယ်လိုထင်သလဲ" ဟု မေးတတ်သည်။ ယခုတကြိမ်တွင်လည်း ထို့အတူ။

"ကျွန်တော်တို့ကတော့ ခံတိုက်သင့်တယ် ထင်တာပဲ"

မစ်ရှောက ဖြေ၏။

ပါတီက ဘယ်လိုညွှန်ကြားထားသည်ကို မစ်ရှောမသိ။ ပါတီနှင့် အဆက်ပြတ်နေသည်မှာ ကြာလှပြီ။ ထို့ကြောင့် ကိုယ့်ဦးနှောက်နှင့်ကိုယ် စဉ်းစား၍ ဆုံးဖြတ်ရတော့မည်။ မစ်ရှောက တွေဝေနေ၍ မဖြစ်။ ဆုတ်ဆိုင်းနေ၍ မဖြစ်။ ကွန်မြူနစ်များသည် သတ္တိကြောင်သူများ မဟုတ်ကြ။ တိုက်ရဲသူများ ဖြစ်ကြောင်းကို ပြရမည်။ ပြဿနာက ရေးနော့၊ တက်စ၊ ဒလားဒီးယား စသူတို့၏ ပြဿနာမဟုတ်။ ပြင်သစ်ပြည်ကြီးအတွက် တိုက်ရေး မတိုက်ရေး ပြဿနာဖြစ်သည်။

ရန်သူက နေရာတကာ ရောက်နေပြီ။ အချို့က လက်ထိတ်များကို ပေးကြသည်။ အချို့က ဖုံးများကို ပေးကြသည်။ နာဇီတို့ လာနေကြပြီ။ သင်းတို့သည် ဂျာမန် ကွန်မြူနစ်ခေါင်းဆောင် သေးလ်မင်းကို သတ်ခဲ့ကြသူများ ဖြစ်သည်။ စပိန်ပြည်ကို လက်ဝါးကပ်တိုင် ပေါ်သို့ တင်ခဲ့ကြသူများ ဖြစ်သည်။ သင်းတို့သည် ယမမင်း၏ သူရဲကောင်း စစ်ကဲတော်မင်းကြီးများ ဖြစ်ကြသည်။ ပြည်တွင်းတွင်လည်း ဖက်ဆစ်ဂိုဏ်းသားများ ရှိကြသည်။ ဘရီကျူး၊ ဂရမ်ဒယ်၊ ပီးကာ့ စသူတို့သည် ဟစ်တလာ၏ မိတ်ဆွေကြီးများ ဖြစ်ကြသည်။

ငြိမ်းချမ်း၍ အပူအပင်ကင်းသော ပြင်သစ်ပြည်သည် မရှိတော့။ ပြင်သစ်ပြည်ကြီးသည် သူတို့လက်ခုပ်ထဲက ရေအဖြစ်သို့ ရောက်နေရပြီ။ တခြားမပြောနှင့် သည်မြို့ကလေးမှာပင် အပျက်အစီးတွေက တပုံတပင်။ ငိုယိုနေသည့် အမျိုးသမီးတွေက ဒုန့်ဒေး။ "ကျွန်မတို့ကို ဒီလိုပဲ ပစ်သွားကြတော့မှာလား" ဟု မေးကြသည်။ မစ်ရှောသည် မြို့တော်ခန်းမ အဆောက်အအုံ အပျက်အစီးတွေကို ကြည့်၏။ သည်အဆောက်အအုံကို ပါမောက္ခမာလေးက "ပြန်လည်ဆန်းသစ်ရေးခေတ်၏ ပုလဲတလုံး" ဟု ခေါ်ခဲ့ဖူးသည်။ နံရံတခုပေါ်တွင် "ပေါင်မုန့်၊ ငြိမ်းချမ်းရေးနှင့် လွတ်လပ်ခွင့်" ဟူသည့် ပိုစတာတပိုင်းတစကို မြင်ရသေးသည်။ ၁၉၃၆ ခုနှစ်တုန်းက သပိတ်တွေ၊ အလံတွေ၊ သီချင်းတွေကို သူ အမှတ်ရသည်။

သူတို့ အမိတိုင်းပြည်ကြီးဖြစ်သည့် ပြင်သစ်ပြည်ကြီးသည် ကံမကောင်း။ သည်လို ကံမကောင်းသည့် အချိန်မျိုးတွင် အမိတိုင်းပြည်ကို ချစ်သည့်စိတ်သည် ပို၍ ကြီးမားလာသည်။ သူ့စိတ်ထဲတွင် အရာများစွာသည် ရောထွေးလျက်ရှိ၏။ သူငယ်ငယ်တုန်းက ရောက်ခဲ့ဖူးသည့် ဆဗွိုင်နယ်က တောင်တန်းတွေ၊ တောင်ကြားတွင် စီးသွယ်ကျဆင်းနေသည့် စမ်းချောင်းတွေ၊ စိမ်းလန်းတောက်ပနေသည့် စားကျက်ကြီးတွေ။ ပြီးတော့ ပါရီ။ မိမိမွေးဖွားကြီးပြင်းခဲ့ရာဖြစ်သည့် ပါရီ။ ပြာလဲ့လဲ့ အိမ်များနှင့် အပြုံးတွေပေါသည့် ပါရီ။ သူ့ရဲဘော် ဂျင်းနော့ ကျဆုံးခဲ့ပြီး သူ့အမေ ကလီးမင့် ယခုတိုင် အသက်ရှင်နေထိုင်ရာ ပါရီ။ ပြီးတော့ ဒင်းနိစ်ရှိရာ ပါရီ၊ ဒင်းနိစ်နှင့် ပါရီ။

အယ်လပိုင်းပွင့်များလို မျက်လုံးပြာပြာတွေနှင့် အားနွဲ့သည့် မိန်းကလေးတယောက်ကို သူကာကွယ်ပေးနေမှန်း သူ့ဘာသာသူ သိသည်။

တနေ့လုံး ကတုတ်ကျင်းတွေကို သူ တူးနေရသည်။ သဲအိတ်တွေထဲသို့ သဲတွေ ထည့်နေရသည်။ လေယာဉ်ပစ်အမြောက်များနှင့် စက်သေနတ်များကို သစ်ခက်တွေ ဖုံးကွယ်ရသည်။ ညနေပိုင်းတွင် ဖေဘာရီသည် စစ်ဌာနချုပ်နှင့် အဆက်အသွယ်ရ၏။ “ခု ရန်သူကို နေရာတိုင်းမှာ တိုက်နေတယ်၊ ခင်ဗျားတို့ဆီကို တပ်ကူပို့ပေးမယ်၊ ဆုတ်ယင် ဒုတိယတပ်ရင်းကို နောက်ဖျားတပ်အဖြစ် ထားပြီး ဆုတ်ခဲ့”

မစ်ရှောသည် စက်ရုံကို ကြည့်နေသည်။ စက်ရုံတွင် စက်သေနတ်များကို ဆင်ထားခဲ့ကြသည်။ တမြန်နေ့က စက်ရုံကို ဗုံးကြဲခဲ့ကြသည်။ မနက်က တမနက်လုံး မိုးရွာနေသဖြင့် စက်ရုံနားက ဗုံးကျင်းကြီးထဲတွင် ရေတွေအိုင်လျက်ရှိ၏။ စက်ကိရိယာ အစိတ်အပိုင်းအချို့က ရေအိုင်ထဲမှာ တပိုင်းတစ ပေါ်နေကြ၏။ အခြားစက်ပြင်ရုံတခုထဲတွင်မူ ကြိတ်စက်ကြီးတလုံး အကောင်းပကတိ ကျန်နေသေးသည်။ ငယ်ပေါင်းကြီးဖော်တွေကို ပြန်တွေ့လိုက်ရသည့်နှယ် မစ်ရှော ဝမ်းသာသွား၏။ စက်ပစ္စည်းနှင့် ကိရိယာ တန်ဆာပလာများကို မစ်ရှောချစ်သည်။ သဘောကျသည်။

စက်တွေကို သက်ရှိတွေဟု သူ ထင်သည်။ ကလေးတွေကို ဆက်ဆံသလို ကြိမ်းသည့်အခါ ကြိမ်းလိုက်၊ ချော့သည့်အခါ ချော့လိုက်နှင့်။ လူတွေ ဘာဖြစ်နေကြပြီနည်း။ ဘယ်လိုများ နေထိုင်ကြသနည်း။ လူတွေ အလုပ်လုပ်ချင်ကြသည်။ ပျော်ရွှင်မှု၊ ချစ်ခင်မှု စသည်တို့ကို လိုချင်တောင့်တကြသည်။ သို့ရာတွင် ပင်လယ်ကြီးက လှိုင်းတံပိုးတို့ ထကြွနေပြီ။ ကိုယ်ကို ရေပေါ်ပေါ်အောင် မနည်းကြိုးစားနေကြရသည်။ သူကမူ သောင်ကမ်းကို ရောက်မည် မထင်တော့။ သည်လှိုင်းတွေ ကြားထဲတွင် နစ်မြုပ်နေရတော့မည် ထင်သည်။ သို့ရာတွင် ကိစ္စမရှိ။ အခြားသူများ ကျန်ရစ်ခဲ့ကြဦးမည်။ ပီယာ၊ လီဂရေး၊ ဒူရှနေးတို့ ရှိခဲ့ကြဦးမည်။ ကလေးတွေ ကျန်ရစ်ခဲ့ကြဦးမည်။ ပြီးတော့ ဒင်းနိစ်လည်း ကျန်ခဲ့ဦးမည်။ သူတို့သည် စက်ရုံကြီးများကို ဆောက်ကြလိမ့်မည်။ မနေ့က သူတို့တတွေ လယ်ကွင်းတွေထဲမှ ဖြတ်၍ ချီခဲ့ကြရသည်။ ကောက်ပင်တွေကို နင်းခဲ့ကြရသဖြင့် ကောက်ပင်တွေ သေကုန်ကြသည်။ မသေလျှင်လည်း ကောက်ပင်တို့ကို ရိတ်မည့်သူ မရှိတော့။ နွေဦးပေါက်တွင်မူ ပြန်၍ ပျိုးကြဲကြဦးမည်။ ဘဝက အနိုင်ယူလိမ့်မည်။ သို့ရာတွင် ယခုလောလောဆယ် အခြေအနေကမူ ရင်မောစရာ။

မစ်ရှောသည် မြို့ထဲက ကတုတ်ကျင်းဘက်သို့ လာခဲ့သည်။ သူ့ရဲဘော်များသည် မြို့ကို ဘယ်လိုထိန်းသိမ်းထားရမည်၊ ဘယ်လိုတိုက်လိုက်မည် စသဖြင့် ဆွေးနွေးနေကြသည်။ သူတို့တပ်တွင် စုစုပေါင်းမှ လူသုံးရာသာရှိသည်။ ဂျာမန်တို့တွင် တင့်ကားတွေ ရှိသည်။ မစ်ရှောက သူတို့ကို အားပေးကာ စပိန်တွေ တွေ့ခဲ့ရသည့် အတွေ့အကြုံများကို ပြောပြ၏။

“တခါတလေများ ကျုပ်တို့ဘက်မှာ လူသုံးဆယ်လောက်ပဲ ရှိတယ်။ ရန်သူဘက်က တပ်ရင်းတရင်းလောက်နဲ့ တင့်ကားတက်လာယင်တော့ လက်ပစ်ဗုံးနဲ့ အနားကပ်ပစ်တာပဲ၊ တခြားလဲ ဘာမှမရှိဘူးလေ။ ကျုပ်တို့အထဲက ပီပီဆိုတဲ့ ကောင်လေးတယောက် ပစ်တာ တင့်ကားရှစ်စီးလောက် ပျက်သွားတယ်”

“ခု… တင့်ကားတွေက အကြီးကြီးတွေဗျ၊ ပြီးတော့ ကျည်ကာသံပြားတွေ တပ်ထားတယ်၊ ဒီကောင်ကြီးတွေ ပျက်ဖို့တော့ မလွယ်ဘူး ထင်တယ်”

"ရပါတယ်၊ အရေးကြီးတာက စိတ်ဓာတ်ပါ၊ စပိန်မှာတိုက်တဲ့ တပ်သားတွေလို သတ္တိကောင်းဖို့၊ စိတ်ဓာတ်ကောင်းဖို့ပဲ လိုတာပါ၊ အဲဒီတပ်သားတွေကတော့ တမျိုးပဲဗျို့၊ သံတွေ ခဲတွေလား အောက်မေ့ရတယ်"

"အဲဒီတုန်းကတော့ ကိုယ်က ယုံကြည်ချက်နဲ့ တိုက်တာကိုးဗျ။ ဘာကြောင့်တိုက်တယ်ဆိုတာ တိုက်ရတဲ့လူကလဲ သိတယ်၊ ခုဟာကတော့ ဘာ့ကြောင့် တိုက်ရမှန်း မသိ၊ ဘာမသိနဲ့၊ ကဲ... ကျုပ်မေးမယ်၊ ကျုပ်တို့ ဘယ်သူ့အတွက် အသေခံနေကြတာလဲ၊ ဘယ်သူ့ကို ကာကွယ်ပေးနေကြတာလဲ၊ တကယ်စကိုလား"

မစ်ရှောက ချက်ချင်း မဖြေ။ သူကိုယ်တိုင်ကလည်း ဇဝေဇဝါ။ သို့ရာတွင် ရှင်းပြဖို့မူ ဝတ္တရားရှိသည်ဟု ထင်သည်။

"မဟုတ်ပါဘူး၊ ဒီလူတွေအတွက် ကျွန်တော်တို့ တိုက်တာ မဟုတ်ဘူး၊ ဒီလူတွေနဲ့ နောင်မှာ စာရင်းရှင်းရမယ်၊ ခုဟာက ကျွန်တော်တို့ တိုင်းပြည်ကိစ္စ၊ အမျိုးသမီးတွေကို မတွေ့ဘူးလား၊ သူတို့ယောကျ်ားတွေဟာ ကျွန်တော်တို့လိုပဲ စစ်မြေပြင်ကို ရောက်နေကြ တယ်၊ ကျွန်တော်တို့မြေကြီးကို ကျွန်တော်တို့ မစွန့်လွှတ်နိုင်ဘူး၊ ဒီနေရာမှာတော့ ကွန်မြူနစ်တွေကို နမူနာယူရမယ်၊ ရှင်းရှင်း ပြောရယင်တော့ ဒီအရာတွေကို စွန့်လွှတ်ရတာ လွယ်ပါတယ်၊ မနက်က ဂျုံစက်တခုကို ကျွန်တော်ရောက်ခဲ့တယ်"

သူစကားပြောနေစဉ် ပေါက်ကွဲသံကြီးတခု ပေါ်လာသည်။ အရှေ့မတက်မီ အလည်ရောက်လာသည့် ပထမဆုံးကျည်ဆန်များ ဖြစ်သည်။ ဖျော့တော့သည့် ကောင်းကင်ပြာတွင် အရည်ပျော်စပြုနေသည့် ကြယ်ပွင့်ကလေးများကို မြင်ရ၏။ ပေါက်ကွဲသံကြီးများက ကြောက်စရာ။ ဤပုံအတိုင်းဆိုလျှင် နေမထွက်မီပင် တိုက်ပွဲဖြစ်တော့မည် ထင်သည်။ မစ်ရှောသည် စိမ့်ကနဲ ဖြစ်သွား၏။ နှင်းစက်များကြောင့်ဟု ထင်လိုက်သည်။ သို့ရာတွင် မဟုတ်။ စိမ့်ကနဲ ဖြစ်သွားသည့် ခံစားချက်သည် အတွင်းမှလာခြင်း ဖြစ်သည်။ စက်သေနတ်ကို ခပ်တင်းတင်း ဆုပ်လိုက်သည့်အခါတွင်မူ စိတ်ငြိမ်သွား၏။

ဆယ့်ငါးမိနစ်လောက် ငြိမ်နေသည်။ နေလုံးကြီးသည် အရှေ့ဘက်ကောင်းကင်မှ တငြိမ့်ငြိမ့် ထွက်ပေါ်လာ၏။ လယ်ကွင်းများဘက်မှ ငှက်တို့ တေးသီသံကို ကြားရသည်။ ရေအိုင်များတွင် နှင်းဆီရိပ် ပြေးစပြုပြီ။ သူတို့အားလုံး တိတ်ဆိတ်လျက်ရှိကြ၏။ မစ်ရှောသည် ဒင်းနိစ်ကို အမှတ်ရနေသည်။ စပိန်မှာတုန်းကလိုပင် ဒင်းနိစ်ကို လွမ်းနေသည်။ ဒင်းနိစ်၏ ရင်အုံက နွေးတေးတေး။ နှုတ်ခမ်းတွေက ငန်ပျပျ။ ဒင်းနိစ်၏ ကိုယ်သင်းနံ့မွှေးမွှေးကို အမှတ်ရသည်။ "အချစ်ရေ၊ ဒီဘဝတော့ ဒီမျှနဲ့ ပြီးကြတော့မှာ ထင်ရဲ့" ဟု တယောက်တည်း ရွတ်မိသည်။ သည်အချိန်သည် နောက်ပြောင်စရာ အချိန်မဟုတ်။ သည်အချိန်သည် အရေးကြီးသည့် အချိန်။ လေးနက်ရမည့် အချိန်။ သို့ရာတွင် သူမကြောက်။ ဒင်းနိစ်နှင့် နောက်ထပ် တွေ့ရတော့မည် မဟုတ်ဟု တွေးမိသည့်အတွက် ဝမ်းနည်းခြင်းမူ ဖြစ်မိသည်။

ဂျာမန်တင့်ကားများက တူးမြောင်းနားသို့ တက်လာကြပြီ။ တခြိမ့်ခြိမ့် ဆူညံလျက်။ ကမ္ဘာမြေကြီးသည်ပင် အော်ဟစ်နေသည် ထင်ရ၏။ မစ်ရှောသည် ဖေဘရီကို လှမ်းကြည့်လိုက်သည်။ ဖေဘရီက လက်ကို ဝှေ့ယမ်းပြလိုက်သည်။

"တချက်လောက် စမ်းကြည့်မလား"

အတန်ကြာ တိတ်ဆိတ်နေကြသည်။

"သူတို့က စချလိမ့်မယ် ထင်တယ်၊ ကျုပ်တို့ရှိတဲ့နေရာကို သိပုံရတယ်"

မစ်ရှောက ရယ်လိုက်ယင်း…

"ကိစ္စ မရှိပါဘူး၊ စပိန်မှာ တွေ့ဖူးပါတယ်၊ ဒီကောင်တွေက ထွက်ပြေးမှ အတင်းတိုက်တတ်တာမျိုးပါ။ ခံချမယ်ထင်ယင် သူတို့ မစရဲပါဘူး"

"ကျုပ်တို့ ခံနိုင်ပါ့မလား မစ်ရှော"

"ခံနိုင်ပါတယ်၊ ဘယ့်နှယ်လဲ"

ကိုးနာရီလောက်တွင် ဂျာမန်တို့က နောက်တကြိမ် တိုက်စစ်ဆင်သည်။ အမြောက်သံများသည် ကံဆိုးမိုးမှောင်ကျသည့် အိမ်များကို တစစီဖြစ်အောင် ဖောက်ခွဲပစ်လိုက်၏။ မစ်ရှောနှင့် သုံးဂိုက်အကွာလောက်တွင် ရန်သူ တင့်ကားတစီး မီးဟုန်းဟုန်းလောင်လျက်ရှိသည်။

"လက်ဝဲဘက် အာလူးခင်းတွေထဲမှာဗျို့"

ဂျာမန် မော်တော်ဆိုင်ကယ်တပ်များ ဖြစ်သည်။ ရှေ့ဆက် မတက်ရဲပဲ ရပ်နေကြသည်။ ဤတွင် တင့်ကားကြီးများက ရှေ့က တက်လာကြပြန်သည်။ ဒဏ်ရာရ၍ လဲကျနေသူများကို နင်းကြိတ်သွားကြသည်။

"ခွေးသားတွေ၊ တိရစ္ဆာန်တွေ၊ ကြည့်စမ်း၊ ကိုယ့်လူတွေပေါ်ကို ကိုယ်ပြန်နင်းပစ်တယ်"

ဖေဘာရီက အော်သည်။

တပ်ခွဲမှူး အမြောက်ဆန်ထိ၍ ကျသွားသည်။ တပ်ကြပ်ကြီး တယောက်တည်း မခံရဲတော့။ ထို့ကြောင့် မြေတိုက်ထဲသို့ ဆင်းပြေးသည်။ ဖေဘာရီသည် မစ်ရှောအနားသို့ အားလျားမှောက်တက်လာပြီး "ချဗျို့၊ ချစမ်း၊ ဘယ်သူပြောတာမှ နားမထောင်နဲ့၊ ဆော်ထည့်လိုက်" ဟု အော်နေသည်။

ထိုစကားများကို ကြားပြီးနောက် မည်မျှကြာသည် မသိ။ တမိနစ်လော၊ တနာရီလောပင် မခွဲခြားနိုင်။ ပေါက်ကွဲသံတွေ ဆက်တိုက်ပေါ်လာသည်။ မစ်ရှောသည် ဘယ်ဘက်လက်ကို လှုပ်ကြည့်လိုက်သည်။ လက်တွင် သွေးတွေပေလျက်။

"ရှေ့တက်ထု"

သို့ရာတွင် မစ်ရှော မလှုပ်၊ ကြားဟန်လည်း မတူ။

"နောက်တကပ် ပေးစမ်း၊ နောက်တကပ်၊ ခွေးမသား ဂျာမန်တွေ"

မွန်းမတည့်ချိန်လောက်တွင် ရွှန်းလင်းသော နေမင်းကြီးသည် တိတ်ဆိတ်လျက်ရှိသည့် ကမ္ဘာလောကကြီးပေါ်သို့ ရောင်ခြည်များကို ပက်ဖျန်းလိုက်လေသည်။ ပစ်ခတ်သံ မကြားရ၊ အော်သံကိုလည်း မကြားရ။ ဒဏ်ရာရသူများပင်လျှင် ထိုတိတ်ဆိတ်မှု၏ ပိတ်ဆို့ထားခြင်းကို ခံရသည့်နှယ် ညည်းညူခြင်း မပြုကြတော့။ နောက်တွင် ဒဏ်ရာရသူများကို လော်ရီကားကြီးများဖြင့် တင်သွားကြသည်။ မစ်ရှော၏လက်ကို ရဲဘော်များက ပတ်တီးစည်းပေးကြ၏။ သို့ရာတွင် လော်ရီကားဖြင့် လိုက်သွားခြင်းမပြု။ ကျဆုံးသူတို့ကို မြှုပ်နှံကြသည်။ သံဖြူပုံးနှံ့ နံနေသည့် ရေနွေးနွေးကို သောက်ကြရသည်။ အကြီးအကဲ နာမကျန်းဖြစ်သည့်သူကဲ့သို့ သူတို့အားလုံး

အားကုန်မောပန်းနေကြသည်။ ပြုံးချင်သော်လည်း မပြုံးနိုင်ကြ။ အတန်ကြာတော့မှ လွယ်ကူသော်လည်း အံ့ဩစရာကောင်းသည့် အရာတခုကို သူတို့ ပြန်၍စဉ်းစားမိကြသည်။ အခြားမဟုတ်။ မြို့ကို လာတိုက်သည့် ရန်သူတို့၏ ထိုးစစ်ကို သူတို့ ပြန်၍ တွန်းလှန်လိုက်နိုင်သည်ဆိုသည့် အချက်ဖြစ်သည်။

ဖေဘာရီသည် မစ်ရှောထံသို့ လျှောက်လာကာ...

"ချီးကျူးပါတယ် ရဲဘော်ဒွန်ကွီဇုတ်ရေ၊ စပိန်မှာတုန်းက ခင်ဗျားက ဘယ်အဆင့်လဲ"

"ဗိုလ်"

"ဒီတိုက်ပွဲမှာ ခင်ဗျား စွမ်းစွမ်းတမံ တိုက်တဲ့အတွက် တပ်ရင်းမှူးက ခင်ဗျားကို ရာထူးတိုးပေးချင်တယ်တဲ့၊ ဒါပေမယ့် ကျွန်တော်သာ အာဏာရှိလို့ ပေးရမယ်ဆိုရင် ခင်ဗျားကို ကျွန်တော် ဗိုလ်ချုပ်ခန့်တယ်၊ တကယ်ပဲ၊ သူတို့ကပြောတော့ ခင်ဗျားက ကွန်မြူနစ်တဲ့၊ တော်တော်ရယ်စရာကောင်းတဲ့ ပြက်လုံးပဲ၊ ခင်ဗျား ဘာဆိုတာ ကျုပ်တို့ သိတာပေါ့"

ဖေဘာရီသည် မျက်လုံးများကို ပွတ်လိုက်ပြီးနောက် ရေဗူးထဲမှ ရမ်ကို တကျိုက် မော့သောက်လိုက်၏။

"ကျွန်တော် တပ်မဌာနချုပ်နဲ့ အဆက်အသွယ်ရအောင် ကြိုးစားရဦးမယ်၊ ဒီသတင်းကို ဌာနချုပ်ကို ပို့ရမယ်"

ဌာနချုပ်နှင့် အဆက်အသွယ် ရသည့်အခါတွင် ဘာမျှမထူးခြားဟန်ဖြင့် ပြော၏။ ပြောနေသည့် အသံကို ကြားရ၏။ "မြို့ကို ဖြစ်သည့်နည်းဖြင့် ထိန်းထားရမည်" ဟု မနေ့က သူတို့ အမိန့်ပေးခဲ့ကြသည်။ ယနေ့ကျတော့ စစ်ဌာနချုပ်သည် သူတင်ပို့သမျှကို နားထောင်ပြီးနောက် "အမှောင်ကို အကာအကွယ်ယူပြီး ပြန်ဆုတ်လာခဲ့တော့" ဟု ဆိုနေပြန်သည်။

"ဗျာ... ဘာဖြစ်လို့"

"ပြန်ဆုတ်ခဲ့၊ ကျုပ်တို့ တပ်တွေ ပြန်စုနေတယ်"

ဖေဘာရီသည် တယ်လီဖုန်းခွက်ကို ဆောင့်ချလိုက်ပြီ...

"ဗိုလ်ချုပ်တဲ့၊ ဘာဗိုလ်ချုပ်လဲကွ၊ အလကားလူတွေ"

"သစ္စာဖောက်တွေ တိုင်းပြည်ကို ရောင်းစားနေကြတယ်" ဟု မစ်ရှောက သူ့ရဲဘော်များကို ပြောသည်။

အားလုံး အမှန်ကို သိကြပြီ။ မည်သူမျှ စကားမပြောကြ။

နေရစ်တော့ ဂျုံစက်ကြီးရေ၊ နေရစ်ပေတော့ မြို့တော်ခန်းမက ရွှေခြည်သို့ရုပ်ကလေးရေ၊ နေရစ်ခဲ့ပေတော့ ငွေပြောရောင် ကြွေရည်သုတ် ကော်ဖီကရားလေးကို ကိုင်ထားတဲ့ အမျိုးသမီးရေ၊ နေရစ်ခဲ့တော့ လူမမာ အမေကြီးနဲ့ ကြောက်ရွံ့ထိတ်လန့်နေတဲ့ မျက်လုံးတွေရေ။

ဖုန်ထူသည့် လမ်းတလျှောက်တွင် မစ်ရှော လျှောက်လာခဲ့၏။ ရှည်လျားလိုက်သည့်လမ်း။ ဆုတ်ပြေးရသည့်လမ်း။ ရှည်လျားလိုက်ပါဘိ။ မွန်းတည့်ချိန် တိတ်ဆိတ်မှုနှင့် အပူရှိန်ထဲတွင် အောင်ပွဲကို ရုပ်ကနဲ သူမြင်လိုက်ရသည်။ အောင်ပွဲ၏ မျက်လုံးများသည် ကော်ဖီကရားကို ကိုင်ထားသည့် အမျိုးသမီး၏ မျက်လုံးများလို လှပပါ၏။ သို့ရာတွင် ယခု မရှိတော့။ နေရစ်တော့

ချစ်စရာ အိပ်မက်ရေ။

ညဆိုလျှင် ပါရီသည် အထီးတည်း သစ်တောကြီးနှင့် တူနေသည်။ ပြာလဲ့လဲ့ လမ်းမီးပွင့်ကလေးများပင် မရှိတော့။ ငြိမ်းထားရသည်။ လမ်းသွားလမ်းလာများကို ရပ်တန့်စေပြီး မှတ်ပုံတင်ကတ်များကို စစ်ဆေးသည်။ ရှာရှေမိဒီလမ်းတွင် နွားနို့သမားကြီးတယောက် အဖမ်းခံရ၏။ ရန်သူလေယာဉ်ပျံကို အချက်ပြသောကြောင့်ဟု ဆိုသည်။ သူလျှိုတွေ လေထီးတပ်သားတွေ ရောက်နေပြီဟု သတင်းတွေ ဖြစ်နေသည်။ ပါရီမြို့ထဲတွင် ရုပ်ဖျက်ထားသည့် ဂျာမန်စစ်သား လေးသောင်းရှိသည်ဟု လူတွေက ပြောနေကြသည်။ ဘာရီကျူး၏ "အမာခံ" တပ်သားသုံးဦးကို ဖမ်းရန် မင်ဒယ်က အမိန့်ပေးလိုက်သည်။ သူတို့အိတ်ထဲတွင် အီတလီလိပ်စာများနှင့် လေယာဉ်ပျံပစ် အမြောက်စခန်းများကို မှတ်သားထားသည့် ပါရီမြေပုံ တွေ့သောကြောင့် ဖြစ်သည်။ ဘာရီကျူး ဒေါသထွက်နေပြီ။ "ရိုးသားတဲ့ ပြင်သစ်မျိုးချစ်တွေကို ဘာဖြစ်လို့ ဖမ်းရတာလဲ" ဟု မေးသည်။ နောက်တနေ့မနက်တွင် အမာခံသုံးယောက်ကို ဆိုင်ရာက ပြန်လွှတ်လိုက်သည်။ ဘာရီကျူး၏ မိန်းမက ငိုနေသည်။ "မငိုနဲ့ကွာ၊ ဂျာမန်တွေ လာတော့မှာပါ၊ ပြင်သစ်ပြည်ကို ဘယ်သူတွေ ကယ်တင်မလဲတော့ မသိဘူး၊ မာရှယ်ပေတိန်းများ ဖြစ်မလား" ဟု ပြောသည်။

လမ်းမများပေါ်တွင် စစ်ပြေးဒုက္ခသည်တွေကို မြင်နေရသည်။ ဘူတာရုံတဝိုက်တွင် ယောင်လည်ယောင်လည်နှင့်။ ငေးကြောင်သော မျက်လုံးများဖြင့် ပါရီမြို့ကြီးကို ကြည့်နေကြသည်။ ပါရီမြို့ကြီး၏ ဆူဆူညံညံ၊ အုတ်အုတ်ကျက်ကျက် အသံတို့ကို ကြားဟန်မတူ။ ကားဒရိုင်ဘာများက ဟွန်းကို တပေါ်ပေါ်တီးကာ ဆဲရေးကြိမ်းမောင်းသွားကြသည့်တိုင် အချည်းနှီး...။ စစ်ပြေးဒုက္ခသည်များသည် ဘာကိုမျှမကြား။ သူတို့နားထဲတွင် ကြောက်ဖွယ်အသံတွေ ဆို့ထားသည့်နှယ်...။

မိန်းမကြီးများက မောမောဖြင့် လမ်းဘေးပလက်ဖောင်းပေါ်တွင် ထိုင်နေကြသည်။ သူတို့အနားသို့ လူတွေ ဝိုင်းအုံလာကာ သူတို့လာသည့် အရပ်ဒေသကို မေးကြ၏။ စစ်သည် သူတို့နှင့် အလွန်ဝေးကွာနေသေးသည်ဟု ပါရီမြို့သူမြို့သားတို့ ထင်နေကြသေးသည်။ သတင်းစာများကလည်း နော်ဝေးပြည်မြောက်ပိုင်းတွင် ဖြစ်ပွါးနေသည့် တိုက်ပွဲများအကြောင်းကို ရေးနေကြသေးသည်။ "ဂျာမန်တွေက သိပ်လူသတ်တာပဲ၊ ကျုပ်တို့တောင် မနည်းလွတ်အောင် ပြေးခဲ့ရတယ်" ဟု ဒုက္ခသည်များက ပြောသည့်အခါကျမှ ပါရီသည် တုန်လှုပ်ချောက်ချားစပြုလာသည်။ ပုလိပ်များက ဝိုင်းအုံနားထောင်နေသည့် လူအုပ်ကို မောင်းထုတ်ကြသည်။

ဘာကြောင့် စိတ်မချမ်းသာစရာ အဖြစ်အပျက်တွေကို နားထောင်ချင်ကြသနည်း။

စိုးရိမ်တတ်သူများက တောကျေးလက်ရှိ ဆွေမျိုးများထံ ပြေးကြသည်။ ရှောင်ကြသည်။ အချို့ကမူ အလုပ်လုပ်မြဲ။ ရှောင်းဝယ်ဖောက်ကားမြဲ။ ပျော်မြဲ။ ရှင်မြဲ။ ရုတ်ရုတ်သဲသဲဖြစ်သည့်နေ့က စ၍ ပိတ်ထားခဲ့သည့် ကာဘရေး ကပွဲများကို ပြန်ဖွင့်ရန် သတင်းစာများက ရေးကြသည်။ "ပထမကမ္ဘာစစ်တုန်းကလို ဒီကောင်တွေကို မောင်းထုတ်နိုင်မှာပါကွာ၊ မပူပါနဲ့" ဟု လူကြီးတွေက လူငယ်တွေကို နှစ်သိမ့်ကြသည်။

မာရှယ်ပေတိန်းသည် ပြင်သစ်ပြည်ကြီးကို ကယ်တင်နိုင်မည်ဟု ဗီးလာ့ဒ် မယုံကြည်။ ဗိုလ်ချုပ်ဝေဂန်သည် လည်းကောင်း၊ အခြားသော တန်ခိုးကြွဒ္ဓိပါဒ်တခုခုသည် လည်းကောင်း ပြင်သစ်ပြည်ကြီးကို ကယ်တင်နိုင်မည်ဟုလည်း ဗီးလာ့ဒ် မယုံ။ ဗီးလာ့ဒ်သည် အဖိုးတန်ရတနာများဖြစ်သည့် ပန်းချီကားများကို အဆင်သင့် ထုပ်ပိုးပြင်ဆင်ထား၏။ သူ့အိမ်တွင် မနက်လင်းမှသည် ညနေမိုးချုပ်ထိ ထုသံနှက်သံကို ကြားနေရသည်။ လက်သမားတွေက ဝင်လိုက်ထွက်လိုက်။ သူ့ပန်းချီကားများမှလွဲလျှင် အခြား ဘာကိုမျှ စိတ်မဝင်စား။ ပန်းချီကားကြီးများကို သေတ္တာမည်းမည်းကြီးများတွင် ထည့်နေစဉ် ဗီးလာ့ဒ်သည် သူ့ပန်းချီကားကြီးများကို အရိပ်တကြည့်ကြည့်ဖြင့် ဖြစ်နေသည်။ ထို့နောက် သတင်းစာများကို အမှတ်မထင် လှန်လှောကြည့်သည်။ စစ်ရှုံးပြီ ဆိုသည့်အချက်ကို ဗီးလာ့ဒ် သိပြီ။ ရှုံးလျှင်လည်း မြန်မြန် စစ်ပြီးသွားမည့်အချိန်ကိုသာ စောင့်မျှော်နေမိသည်။

စောင့်ရသည်က ငြီးငွေ့စရာ။ သို့ရာတွင် သူ့ငြီးငွေ့မှုတွင် ဒေါသက စွက်လျက်။ နူးညံ့၍ ဆွေးရိပ်သမ်းနေသည့် သူ့မျက်လုံးများတွင် ဒေါသအရိပ်အရောင်သည် ပြိုးပြက်နေသည်။ ဘာကြောင့်များ၊ ဘယ်ကုသိုလ်အကျိုးပေးကြောင့်များ ဖြစ်လေသည် မသိ။ သေလျှင်ပင် အေးအေးဆေးဆေး၊ ငြိမ်းငြိမ်းချမ်းချမ်း သေရမည်မထင်။ မည်သူ့ကို အပြစ်တင်ရမည် မသိ။ အားလုံးကို စိတ်နာသည်။ မုန်းသည်။ ဂျာမန်တို့ကိုလည်း မုန်းသည်။ ဒလားဒီးယား၊ တက်စနှင့် ကွန်မြူနစ်တွေကိုလည်း မုန်းသည်။ အင်္ဂလိပ်နှင့် အရည်အချင်း ညံ့ဖျင်းသည့် စစ်ဗိုလ်များကိုလည်း မုန်းသည်။

သံရိုက်ပြီး ပိတ်ထားသည့် ပန်းချီကား သေတ္တာကြီးများကို ကြည့်ယင်း အနာဂတ်ကို တွေးကြည့်၏။ အေဗီယွန်က သူ့အိမ်ကလေး မည်သို့ရှိမည်မသိ။ ရာဇဝင်ပန်းနွယ်တွေ တွယ်တက်နေသည့် သူ့ခြံထဲက ပန်းပေါင်းကူးကလေးနှင့် ဝါကြန့်ကြန့် သဲပြင်ပေါ်သို့ နေရောင်ခြည် ဖြာကျနေပုံကို မြင်ယောင်နေသည်။ ပါရီသည် ရန်သူလက်သို့ ကျခဲ့ပြီ။ သို့ရာတွင် နေပါဦး။ ပါရီတွင် ရပ်ပါမည်လော။ ရှေ့တက်၍ တက်လာလျှင် မည်သို့လုပ်မည်နည်း၊ မဖြစ်နိုင်။ ဤသို့မူ မည်သည့်အခါမျှ မဖြစ်နိုင်။ ဂျာမန်များကို ပါရီသို့ နှစ်ရက်တန်သည် သုံးရက်တန်သည် နေခွင့်ပြုကောင်းပြုမည်။ ပရပ်ရှင်းလူမျိုး၏ ဘဝင်မြင့်မှုကို ကျေနပ်သွားအောင် အတန်အသင့် လိုက်လျောကောင်းလိုက်လျောမည်။ ထို့နောက်တွင်မူ ငြိမ်းချမ်းရေးစာချုပ်ချုပ်မည် မုချ။ အယ်ဇေနှင့် လောရိန်းနယ်သည် ပြင်သစ်နှင့် ဂျာမန်တို့ကြားတွင် ဘက်တမင်တံရိုက်သည့် ဖော့ကြက်တောင်လေးသဖွယ် ဟိုဘက်ကူးလိုက်၊ သည်ဘက်ကူးရောက်လိုက်။ ပထမကမ္ဘာစစ်မတိုင်ခင်ကဂျာမန်လက်၊ စစ်ပြီးသည့်နောက် ပြင်သစ်လက်။ ယခုတဖန် ဂျာမန်လက်။ စထရားဘာ့မြို့သည် ဂျာမန်တို့လက်ထဲတွင် အနှစ် ၂ဝ၊ သို့မဟုတ် အနှစ် ၄ဝ ရောက်ကောင်းရောက်နေလိမ့်မည်။ သို့ရာတွင် ရောက်ပါစေ။ ငြိမ်းချမ်းရေးနှင့် လဲရမည်သာ မဟုတ်လော။ သူစိုးရိမ်သည့် အချက်တချက်မူ

ရှိသည်။ အကယ်၍ အင်္ဂလိပ်နန်းရင်းဝန် ချာချီသည် ပြင်သစ်ဝန်ကြီးချုပ် ရေးနော့အား စစ်ကိုဆက်တိုက်ရန် ဖိအားပေးလာလျှင် မည်သို့လုပ်မည်နည်း။ စင်စစ် ပြင်သစ်ပြည်သည် ဗြိတိသျှ၏ ဒိုမီနီယန်သာသာမျှသာ။ သည်နေရာအရောက်တွင် ဗီးလာ့ဒ် ရှေ့ဆက်မတွေးတော့။ ချောင်းတဟွတ်ဟွတ်ဆိုးကာ အစေခံများနှင့် လက်သမားများကို စိတ်ဆိုးမာန်ဆိုးဖြင့် ကြည့်သည်။ သူတို့အဖို့တော့ ဤအရာများသည် ဘာအရေးနည်း။ သူတို့ကတော့ အလုပ်လုပ်မည်။ လစ်လျှင် ခိုးမည်။ သောက်စားမူးယစ်မည်။

တံခါးဝမှ ခေါင်းလောင်းသံ ကြားရပြီးနောက် တက်စ ဝင်လာသည်။ တက်စကို မြင်လိုက်ရသဖြင့် ဗီးလာ့ဒ် စိတ်သက်သာရာ ရသွား၏။ မုတ်ဆိတ် ထူလပျစ်နှင့် ပိန်ချုံးလျက်ရှိသည့် တက်စကို မြင်ရသဖြင့် ဗီးလာ့ဒ် ကျေနပ်သွား၏။ ဟင်း နှာခေါင်းကျည်ပွေ့ တွေ့နေပြီပေါ့။ သည်အရှုပ်ကြီးကို သင်းဘာသာ ရှင်းစမ်းပေ့စေ။

တက်စက သတင်းထူးဖြင့် စသည်။

“မာရှယ်ပေတိန်းကို ကျွန်တော်တို့ ကက်ဗိနက်ထဲ ထည့်တုန်းက အငြင်းပွါးနေတဲ့ ပြဿနာတွေ ပြေလည်သွားလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ထည့်ခဲ့တာပဲဗျို့၊ ဒါပေမယ့် ပြဿနာက မရှင်းတဲ့ပြင် တနေ့တခြား ရှုပ်ရှုပ်လာတယ်၊ ခု ခင်ဗျားကိုတော့ စိတ်မချမ်းသာစရာ သတင်းတခု ပြောရဦးမယ်၊ ခု ဘယ်လဂျီယန်ဘုရင်က လက်နက်ချပြီလို့ ကြေငြာလိုက်ပြီဗျ”

တက်စက ဗီးလာ့ဒ်ကို စိုက်ကြည့်နေသည်။ ဗီးလာ့ဒ်သည် သူ့တဘက်တပ်မျက်မှန်ကို အဝတ်ဖြင့် သုတ်နေ၏။ သူ့ကို ကြည့်ရသည်က ဘာကိုမျှ စိတ်ဝင်စားခြင်း မရှိသည့်နှယ်။

“လုပ်ရက်တယ်ဗျာ၊ သူ့စစ်သေနာပတိချုပ် ဗိုလ်ချုပ်ဘလင်ချာ့ကိုတောင် အသိလေး ဘာလေး မပေးဘူး။ ဘယ်လဂျီယန်စစ်တပ်အဖို့ ဘယ်လောက်ရင်နာစရာကောင်းသလဲ၊ ဘယ်လဂျီယန်ဘုရင် လုပ်ပုံက ဘယ်လောက်ရက်စက်သလဲ၊ ဘယ်လဂျီယန်ဘုရင်ရဲ့ ခမည်းတော်ကြီးကိုတော့ ‘ကြီးမြတ်တော်မူသော ဘဝရှင် မင်းတရား’ လို့ ခေါ်ကြတာပဲဗျ၊ သူ့သားကျယင်တော့ စဉ်းလဲမှုအပေါင်း၏ အရှင်လို့ ရာဇဝင်မှာ တွင်ကျန်ရစ်ခဲ့လိမ့်မယ် ထင်တယ်”

“ဘယ်လဂျီယန်ဘုရင်အနေနဲ့ ကြည့်ယင်တော့ မှန်သားပဲဗျ” ဗီးလာ့ဒ်က အေးစက်စက်ဖြင့် ပြောသည်။ “ဒီပြင် သူ ဘာလုပ်နိုင်မှာတုံး၊ တခါတလေကျတော့လည်း လက်နက်ချအညံ့ခံခြင်းဟာ သူရဲကောင်းပီသတဲ့ အပြုအမူတခု ဖြစ်နေတတ်တယ်ဗျ”

“နေစမ်းပါဦး၊ ဒီလို သူရဲကောင်းပီသတဲ့ အလုပ်မျိုးကို ကျွန်တော်တို့ လုပ်လို့ရှိယင် ဟစ်တလာက ကျွန်တော်တို့ကို ဘယ်လောက် အနိုင်ကျင့် တောင်းဆိုလာမယ်ထင်သလဲ။ တွေးမိရဲ့လား၊ အယ်ဇေးယ်ကို တောင်းမယ်ဗျ၊ စိတ်မထင်ယင် လီလေကိုတောင် တောင်းချင်တောင်းဦးမှာ”

“ဒါ ခင်ဗျားတို့ စောစောစီးစီးကတည်းက စဉ်းစားခဲ့ဖို့ ကောင်းတာပေါ့။ ကျွန်တော် ခင်ဗျားတို့ကို အပြစ်တင်နေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ရှင်းရှင်းပြောရယင်တော့ ဒီလိုအခြေအနေကို မရောက်အောင် ခင်ဗျားတို့ ကြိုတင်ကာကွယ်ခဲ့ကြသလား၊ မကာကွယ်ခဲ့ကြဘူးဗျ။ ခံတပ်တွေအားလုံးကို သေနတ်တချက်မှ မဖောက်ပဲ စွန့်လွှတ်ခဲ့ကြတယ်။ အမှန်ကတော့ မြူးနစ်မှာ ချိန်ဘာလိန် အလျှော့ပေးခဲ့ကတည်းက ကျွန်တော်တို့စပြီး အရှုံးပေါ်နေပါပြီ၊ ဒါပေမယ့် ဒါကို

ခင်ဗျားကန့်ကွက်ခဲ့သလား၊ မကန့်ကွက်ခဲ့ဘူး၊ ခင်ဗျားကိုယ်တိုင် အစိုးရအဖွဲ့ထဲဝင်ပြီး လုပ်ခဲ့တယ်”

“နေစမ်းပါဦး၊ အဲဒီတုန်းက ခင်ဗျားကော မထောက်ခံခဲ့ဘူးလား၊ ကျွန်တော် ဘာကြောင့်ရှုံးရတယ် ထင်သလဲ၊ ကျွန်တော်တို့ စစ်ရှုံးရတဲ့အကြောင်းတွေကို ပြောပြုယင် ၁၉၃၆ ခုနှစ်က သပိတ်တွေကို ခင်ဗျားအမှတ်ရဖို့ ကောင်းတယ်၊ တပတ်ကို အလုပ်ချိန် နာရီ ၄၀ သတ်မှတ်ရမယ်လို့ အလုပ်သမားတွေက တောင်းဆိုတဲ့အခါမှာ ခင်ဗျားထောက်ခံခဲ့တယ်၊ စက်မှုလုပ်ငန်းတွေကို ဖရိုဖရဲဖြစ်အောင် ဘယ်သူတွေ လုပ်ခဲ့သလဲ၊ ဘာမဆိုင် ညာမဆိုင် စပိန်ပြည်တွင်းစစ်မှာ ကျုပ်တို့တတွေ ဝင်တိုက်အောင် ဘယ်သူတွေ လုပ်ခဲ့သလဲ။ ခင်ဗျားတို့တွေပဲ မဟုတ်လား၊ ခင်ဗျားတို့ ဆိုရှယ်လစ်ခေါင်းဆောင် ဝန်ကြီးချုပ်ဗလွန်း သွားပြီး မူဆိုလီနီကို မဖြစ်ညစ်ကျယ် ရန်စခဲ့လို့ ကျွန်တော်တို့နဲ့ အီတလီ ဆက်ဆံရေး ပျက်ပြားခဲ့ရတယ်၊ ခင်ဗျားတက်လာတဲ့အခါကျတော့ စပိန်က ဖရန်ကိုကို ဒေါသထွက်အောင် သွားစခဲ့တယ်၊ ဖရန်ကိုက ရမ်းလာတော့ ခင်ဗျားတို့ ဘာမှ ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ဘူး၊ ဒီနည်းအားဖြင့် ခင်ဗျားတို့ဟာ စပိန်က ဖက်ဆစ်ဖရန်ကိုကို ကူညီခဲ့တယ်။ ဒီလောက်အမြော်အမြင်ကင်းတဲ့ အလုပ်မျိုး၊ အဓိပ္ပါယ်မရှိတဲ့ အလုပ်မျိုးကို တခါမှမတွေ့ဖူးသေးဘူး”

တက်စ၏အသံသည် တဖြည်းဖြည်း ကျယ်လာ၏။ လွန်ခဲ့သည့် တပတ်လုံးလုံး စိတ်လှုပ်ရှားခဲ့ရသမျှကို ယခုမှ သွန်ချနေသည့်နှယ်။ ဗီးလာ့ဒ်က ပြတ်တောင်းပြတ်တောင်း ဝင်ပြော၏။ အနှစ်သာရ ကင်းမဲ့သည့် သူ့အသံသည် စကားပြောသံနှင့် မတူ။ ခွေးတကောင် ဟောင်နေသည့် အသံနှင့် တူနေသည်။ သူတို့နှစ်ယောက်သည် အချိန်အတော်ကြာမျှ တယောက်ကိုတယောက် အပြန်အလှန် စွပ်စွဲနေကြသည်။ အတိတ်က လွှတ်တော်ထဲတွင် တယောက်ကိုတယောက် ချောက်တွန်းခဲ့သည့်ကိစ္စများ၊ စွပ်စွဲတိုက်ခိုက်မှုများ၊ လွှတ်တော်ထဲတွင် အကွဲကွဲအပြဲပြဲ ဖြစ်ခဲ့သည့် ကိစ္စများကို ပြန်ကောက်ကာ သံကြီးမဲကြီး တိုက်ခိုက်နေကြသည်။

တက်စသည် ချက်ချင်း သတိပြန်ရလာကာ ချုပ်တည်းလိုက်၏။

“ကဲ… တော်ပါပြီဗျာ၊ တယောက်ကိုတယောက် နင်ပဲငဆ ပြောနေလို့ ဘာမှ အကျိုးမထူးတော့ပါဘူး၊ လင်မယားချင်း ရန်ဖြစ်တယ်လို့ပဲ သဘောထားလိုက်ပါ၊ အရေးကြီးတာက ကျွန်တော်တို့အချင်းချင်း ညီညွတ်ဖို့ လိုတယ်ဗျ၊ အခြေအနေက တော်တော်ဆိုးနေတယ်၊ ခု ကျွန်တော်လာတာက တခြားကိစ္စ မဟုတ်ဘူး၊ တိုင်းပြည်အခြေအနေက အရေးကြီးနေပြီ၊ ဒီလိုအချိန်မှာ ခင်ဗျားတို့လို အစဉ်အလာရှိတဲ့ ခေါင်းဆောင်တွေက ဘေးထွက်ထိုင်နေလို့ မကောင်းဘူး၊ ဝန်ကြီးအဖွဲ့ထဲကို ဝင်လုပ်ဖို့သင့်တယ်၊ ဒါကိုစဉ်းစားဖို့ လာပြောတာပဲ၊ ဒီအချိန်မှာ ပါတီစုံ အဖွဲ့စုံ အစိုးရအဖွဲ့မှာ ပါဖို့ လိုတယ်၊ ပါတီတခုက တက်အစိုးရလုပ်လိုက် အစိုးရအဖွဲ့ အကျပ်အတည်းတွေ့လို့ ပြုတ်ကျသွားလိုက်၊ နောက်တခါ တခြားအစိုးရအဖွဲ့တဖွဲ့ ပြန်တက်လာလိုက်ဆိုယင် နိုင်ငံခြားမှာ အမြင်ကောင်းမှာ မဟုတ်ဘူး၊ ဒါ့ကြောင့် ကျွန်တော်တို့အချင်းချင်း ပြဿနာတွေကို မိသားစုစိတ်ဓာတ်မျိုးနဲ့ ဖြေရှင်းပြီး လက်တွဲလုပ်သွားသင့်တယ်လို့ ကျွန်တော်တို့သဘောရတယ်၊ ပထမအချက်အားဖြင့်တော့ ကျွန်တော်တို့ ဒလားဒီးယားကို ဝိုင်းပယ်ရလိမ့်မယ်၊ ဒီလူလုပ်လို့ ပြင်သစ်ပြည်ကြီး ပျက်တော့မတတ် ဖြစ်ခဲ့ပြီ၊ ဝန်ကြီးအဖွဲ့မှာ တခြားအပြောင်းအလဲတွေ ရှိမယ်၊ ပြန်ဖွဲ့ယင် ဆာရိုးကို ပြန်မထည့်တော့ဘူး၊ ဘောဒွန်းနဲ့ ပရိုဗိုတို့ကိုတော့

ပြန့်ထည့်ရလိမ့်မယ်၊ ဒီလူတွေ ကောင်းကောင်း အလုပ်လုပ်တယ်၊ ခင်ဗျားကတော့ မပါလို့ မဖြစ်ဘူး၊ တိုင်းပြည်ရဲ့ ဝိညာဉ်ဆိုလဲ ဟုတ်တယ်၊ အသွေးအသားဆိုယင်လဲ မှန်တယ်။ ပြီးတော့ ခင်ဗျားလို ဆိုရှယ်လစ်ခေါင်းဆောင်တယောက် ပါလာယင် အလုပ်သမား လူတန်းစားလဲ ကျွန်တော်တို့နောက်မှာ ရှိတယ်ဆိုတာ ပြပြီးသား ဖြစ်တာပေါ့ မဟုတ်ဘူးလား”

ဗီးလာ့ဒ်က လှောင်ပြုံးပြုံးလိုက်၏။ သူ့ကို လူနုံလူအများ ထင်နေကြသည်လော။ ဂျာမန်ထံ လက်နက်ချ အညံ့ခံခါနီးမှ အစိုးရအဖွဲ့ထံဝင်ကာ တပ်ပျက်တွင် ဗိုလ်လုပ်မည် ထင်သလော။ ဤသို့လုပ်လိုက်လျှင် တသက်လုံးမွေးခဲ့သည့်ကြက် တမနက်တည်း ရိုက်သတ်စားလိုက်သည့်နှယ် အနှစ်ငါးဆယ်လုံးလုံး ဆိုရှယ်လစ် ရည်မှန်းချက်အတွက် တိုက်ခိုက်သူဆိုသည့် သိက္ခာကို တချက်တည်းဖြင့် ဖျက်ဆီးလိုက်ရတော့မည်။ သည်လိုလုပ်၍ ဘယ်မှာရမည်နည်း။ “ဗီးလာ့ဒ်ကလဲ သဘောတူလိုက်ပြီဗျ” ဟု တက်စက လျှောက်ပြောတော့မည်။ မဖြစ်။ ဤလိုအလုပ်မျိုးကို သူ မလုပ်နိုင်။ အညံ့မခံနိုင်။

“ခင်ဗျားကိုရော၊ ဝန်ကြီးချုပ် ရေးနော့ကိုရော ကျေးဇူးတင်ပါတယ်၊ ဒီလိုကမ်းလှမ်းတဲ့အတွက်လဲ အများကြီး ဝမ်းသာပါတယ်၊ ဒါပေမယ့် အစိုးရအဖွဲ့ထဲကိုတော့ ကျွန်တော် ဝင်မပါပါရစေနဲ့၊ ဝန်ကြီးအဖွဲ့ထဲမှာ ကျွန်တော်တို့ ဆိုရှယ်လစ်ပါတီက ကိုယ်စားလှယ် ပါနေပြီပဲ၊ ဆိုရှယ်လစ်တွေ အရေးရှိတော့ ခေါင်းရှောင်ပြေးကြပြီလို့ ဘယ်သူကမှ ပြောစရာအကြောင်း မရှိပါဘူး၊ ပြီးတော့ လက်ယာဂိုဏ်းကလဲ ကျွန်တော့်ကိုကြိုက်မှာ မဟုတ်ဘူး၊ အင်္ဂလန်မှာတောင် လေဘာပါတီကဆိုရင် လူငယ်တွေပဲ ပါကြတာပဲ၊ လူကြီးတွေ သိပ်မပါကြတော့ပါဘူး၊ ပါယင်လဲ ရုပ်ပြလောက်ပဲ ဖြစ်နေမှာပေါ့”

တက်စက သူ့စကားများကို ငြင်းကာ အတင်းတိုက်တွန်းသည်။

“ဒီမှာ ဗီးလာ့ဒ်၊ ဒီတခါတော့ မငြင်းနဲ့ဗျာ၊ ကျွန်တော်တို့အားလုံး ချောက်ကမ်းပါးကြီးထဲ ကျသွားဖို့ လက်နှစ်လုံးလောက်ပဲ လိုတော့တယ်။ ကျွန်တော်တို့ အမြတ်တနိုး တန်ဖိုးထားတဲ့ အရာတွေအားလုံး ပျက်စီးဆုံးရှုံးရတော့မယ်၊ ပြင်သစ်ပြည်ကြီးရော၊ ပါလီမန် ဒီမိုကရေစီရော ဒီအရာတွေဟာ ကျွန်တော်တို့တတွေ အမေ့နို့ရည်နဲ့အတူ သောက်သုံးလာခဲ့တဲ့ အရာတွေဗျ”

တက်စသည် ကိုယ့်ဘာသာပြောပြီး ကိုယ့်ဘာသာ စိတ်ထိခိုက်ခြင်း ဖြစ်ရသည်။ ဇနီးသည် ကွယ်လွန်ခြင်း၊ သမီးဒင်းနိစ်နှင့် မကြာမီက တွေ့ဆုံရပုံ၊ စစ်ပြေးဒုက္ခသည်များကို မြင်ရသည့်ကိစ္စ၊ မာရှယ်ပေတိန်း၏ ဖားအော်သံလို လေးတွဲသည့် ညည်းညူသံ (ပေတိန်းသည် သူ့ကို သွားတိုင်ပင်လျှင် “နောက်ကျနေပါပြီ” ဟု ညည်းတတ်၏။)

သူ့အသံထဲတွင် ငိုသံပါလာသည်။

ဗီးလာ့ဒ်သည် တက်စကို စိတ်ဝမ်းညှိုးငယ်လျက် မြင်ရသဖြင့် စိတ်သက်သာရာ ရသွားသည်။ သို့ရာတွင် မကျေနပ်သေး။ ဗုန်းဗုန်းလဲကျသွားအောင် ထိုးလိုက်ချင်သေးသည်။

“နေပါဦး၊ ခင်ဗျားပြောနေတဲ့ အတွေးအခေါ်တွေဆိုတာ ဘာတွေကို ပြောတာလဲ၊ ကျွန်တော်တို့ချင်း အမြင်မတူကြဘူးဗျ၊ စီးပွါးရေးနဲ့ ပတ်သက်လို့ ရှိယင်လဲ ခင်ဗျားနဲ့ ကျွန်တော် အမြင်ချင်း မတူကြဘူး၊ ခင်ဗျားရဲ့ လစ်ဘရယ် စီးပွါးရေးဝါဒဟာ ချွတ်ခြုံကျနေပြီ၊ ကျွန်တော်တို့ကတော့ ခေတ်နဲ့အညီ ခေတ်မီတဲ့ စီးပွါးရေးဝါဒကို

လက်ခံတယ်၊ ဟစ်တလာ ဝင်လာယင် ဘာဖြစ်မယ် ထင်သလဲ၊ ဆိုရှယ်လစ်ဝါဒကို ထူထောင်မှာပဲဗျ။ ဟစ်တလာရဲ့ အမျိုးသားဆိုရှယ်လစ်ဝါဒဟာ ဂျာမန်ပုံစံနဲ့ကိုက်အောင် လုပ်ထားတဲ့ ဝါဒပဲ။ ဒါပေမယ့် ဒါကို ကျွန်တော်တို့ရဲ့ ရှေ့ဆောင် ဆိုရှယ်လစ်ကြီးတွေ ဖြစ်ကြတဲ့ ဖိုးရီးယားတို့၊ ပရိုဒွန်တို့ အတွေးအခေါ်တွေ ကျွန်တော်တို့ရဲ့ အလုပ်သမားသမဂ္ဂ အစဉ်အလာတွေနဲ့ ပေါင်းစပ်ဖြည့်စွက်ပေးလိုက်ယင် စစ်လဲစစ်မှန် ပြင်သစ်လဲဆန်တဲ့ ဆိုရှယ်လစ်ဝါဒ ရလာမှာပဲဗျ”

သူ့စကားများကို တက်စ ဆက်လက်နားထောင်ခြင်း မပြုတော့။ သဘောတရားတွေ၊ ဘာတွေကို ငြင်းခုံဆွေးနွေးခြင်း မပြုချင်။ အခန်းထဲတွင် သေတ္တာတွေ ထုပ်ပိုးပြင်ဆင်လျက် ဖရိုဖရဲ ဖြစ်နေသည်ကို ရုတ်တရက် သတိပြုလိုက်မိ၏။

“ခင်ဗျား ပါရီက ထွက်တော့မလို့လား”

ဗီးလာ့ဒ်က ရှက်အမ်းအမ်းဖြင့်...

“အင်း... ဆိုပါတော့၊ ဒါပေမယ့် ကျွန်တော်ကတော့ မသွားသေးပါဘူး၊ နေရစ်ဦးမှာပါ၊ ခွက်ထဲက လက်ကျန်ကလေးတွေ ကုန်အောင် သောက်နေရစ်ဦးမယ် ဆိုပါတော့၊ ဒါပေမယ့် ကျွန်တော့်ပန်းချီကားတွေကိုတော့ ပို့လိုက်တော့မယ်လေ၊ တသက်လုံး စုဆောင်းလာခဲ့တာကလေးတွေကို မပျောက်ပျက်စေချင်ဘူး၊ ဒီပန်းချီကားတွေဟာ ပြင်သစ်ရဲ့ စိတ်ဓာတ်ကို ဖော်ပြထားတဲ့ အဆီအနှစ်တွေဗျ။ နိုင်ငံရေးစနစ်တွေ တခုပြီးတခု ပြောင်းချင်ပြောင်းမယ်၊ ဒါပေမယ့် အနုပညာကောင်းတွေကိုတော့ ဗုံးတလုံးကြောင့် အစတုံး ပျက်စီးသွားတဲ့ အဖြစ်မျိုးကို အရောက်မခံနိုင်ဘူးလေ”

ဗီးလာ့ဒ်သည် တက်စကို ဧည့်ခန်းဝရောက်အောင် လိုက်ပို့၏။ သွားခါနီးတွင် တက်စသည် ချက်ချင်း စိတ်တိုသွား၏။

“ကောင်းတာပေါ့ဗျာ၊ သွားချင်တဲ့လူ သွားကြပေါ့။ ကျုပ်တို့ကတော့ မသွားဘူး၊ ဘာကြီးဖြစ်နေနေ ပါရီက မခွာဘူး၊ ကျုပ်မှာ ဘာမှ စုဆောင်းထားတာလဲ မရှိဘူး၊ ဒီပြင်ကိစ္စတွေ ဘာတွေကိုလဲ မစဉ်းစားဘူး၊ တိုင်းပြည်အတွက်ပဲ စဉ်းစားတယ်၊ သွားမယ်”

မျှုးဂါးကို ကြည့်ရသည်က ဘာမျှ တုန်လှုပ်ချောက်ချားဟန်မရှိ။ အလုပ်ကို ခါတိုင်းကဲ့သို့ ပုံမှန်လုပ်မြဲ။ သို့ရာတွင် လေယာဉ်ပစ်အမြောက်များ ပစ်ခတ်သံကြောင့် အိပ်၍မရသဖြင့် ညညဆိုလျှင် အိပ်ဆေးသောက်ပြီး အိပ်ရသည်။ သူ၏ မထုံတတ်သေး အေးစက်စက်မျက်နှာပေါ်တွင် ခါတိုင်းလို အပြုံးဆင်ထားမြဲ။ မျှုးဂါးသည် ပြင်သစ်ပြည်တောင်ပိုင်းက လိုင်ယွန်နယ်သားနှင့် မတူ။ ဂျာမန်တယောက်လိုလို။ ဆွီဒင်လူမျိုးတယောက်လိုလို။ လူက ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းပြီး ချောမောခန့်ညားသူ ဖြစ်သည်။ အပြင်အဆင်၊ အဝတ်အစားကိုလည်း ဂရုစိုက်သည်။ မဝအောင် တင်းနစ်ကစားသည်။ ခမ်းနား၍ ဇိမ်ကျသည့် သူ့တိုက်ကို ကြည့်ရသည်က အေးချမ်းတိတ်ဆိတ်လျက်။ သူ့စာကြည့်ဆောင်ထဲတွင် ပန်းချီကားလည်း မရှိ။ တခြားပစ္စည်း အတိုအထွာတွေလည်း မရှိ။ စာရေးစားပွဲနှင့် မျက်နှာချင်းဆိုင်တွင် နပိုလီယန်၏ ကြေးရုပ်တုကြီးတခု ရှိသည်။ စာအုပ်စင်တွင် ရည်ညွှန်းကိုးကားစရာ စာအုပ်အနည်းငယ်မှအပ အခြားဘာစာအုပ်မှ မထား။ မျှုးဂါးက စာဖတ်ဝါသနာမပါ။ သို့ရာတွင် ဂီတကိုတော့ ဝါသနာပါသည်။ အထူးသဖြင့် ဂျာမန် ရှေးဟောင်းဂီတပညာရှင် ဘက်၏ တေးဂီတများကို နှစ်သက်သည်။ “ကျွန်တော့်အဖို့ ဘာသာရေးပြီးယင် ဂီတပဲဗျ” ဟု မျှုးဂါးက ပြောတတ်သည်။

သူ့တွင် သားတယောက် သမီးတယောက် ရှိသည်။ သူ့သားက အင်ဂျင်နီယာဘွဲ့ ရပြီ။ သို့ရာတွင် အထင်မလွဲစေရန် သူ့သားကို တပ်ထဲသို့ ပို့လိုက်ပြီး ဗိုလ်ချုပ် လီရီဒေါ့၏ စစ်ဦးစီးဌာနတွင် တနေရာရအောင် လုပ်ပေးထားသည်။ သမီးက နီကယ်သတ္တုလုပ်ငန်းတွင် ရှယ်ယာအမြောက်အမြား ပိုင်ဆိုင်သည့် သဌေးတဦးနှင့် အိမ်ထောင်ကျပြီး ဆွစ်ဇာလန်တွင် နေသည်။

မျှုးဂါးသည် ဘာသာစကား ခြောက်မျိုးလောက် တတ်ပြီး နိုင်ငံအနှံ့ ခရီးသွားဖူးသည်။ ရောက်လေရာတွင် ပျော်တတ်သည်။ ရှန်ဟဲက ပျော်ပွဲစားရုံများတွင် မျှစ်နှင့် ကြက်သားကြော်ကို စားရသည်မှာ ခံတွင်းတွေ့လှသည်ဟု ပြောတတ်၏။ ကယ်လီဖိုးနီးယားက သစ်သီးနှင့် အယ်ဂျီးရီးယားက စကူးခေါ်သည့် ဂျုံပေါင်မုန့်ကို အတူတူ ကြိုက်သည်ဟု ပြောတတ်သည်။ စက်မှုနည်းပညာ စသည်တို့ကို သူစိတ်မဝင်စား။ အင်ဂျင်နီယာများနှင့် လွှဲထားတတ်သည်။ သို့ရာတွင် ကုန်ကြမ်းများဈေးနှုန်းကို အမြဲလေ့လာလျက်ရှိပြီး ကမ္ဘာ့ဈေးကွက်၏ အရိပ်အခြည်ကို ကောင်းကောင်း

အကဲခတ်တတ်သည်။ ကမ္ဘာတွင် မျှူးဂါးနှင့် စီးပွါးရေး အဆက်အသွယ် မလုပ်သည့်နေရာဟူ၍ မရှိ။ ဂျာမနီမှ ဓာတုဗေဒ စက်မှုလုပ်ငန်းများကိုလည်း သူစိတ်ဝင်စားသည်။ နော်ဝေ နိုက်ထရိတ်နှင့် ချာကိုးမှ ပလက်တီနန်ကိုလည်း စိတ်ဝင်စားသည်။ ဒက်ဇာကို စီးပွါးရေးသမားအဖြစ် အထင်မကြီး။ အပျော်စီးပွါးရေးလုပ်ငန်းလုပ်သူဟု မြင်သည်။ "ဒီလိုလူမျိုးဟာ စစ်ပြီးတဲ့အခါကျတော့ အနုပညာယောင်ယောင်၊ ဘာယောင်ယောင်လုပ်ဖို့ပဲ ကောင်းတယ်" ဟု ပြောတတ်၏။ ဒက်ဇာ၏ ခပ်ကြမ်းကြမ်းအမူအရာနှင့် ကပျစ်ကညစ် နေထိုင်ပုံတို့ကို ကြည့်၍ အထင်သေးသည့်ဟန်ဖြင့် ပြုံးတတ်သည်။

ဒက်ဇာတယောက် စီးပွါးပျက်သည်ကို မြင်ရသည့်အခါတွင် မျှူးဂါး ကျေနပ်သလိုလိုရှိ၏။ အဖြစ်အပျက်ဆိုသည်မှာ သူ့အကြောင်းနှင့်သူ ဖြစ်လာကြသည်ချည်း။ သို့ရာတွင် ယခုခေတ်တွင်မူ စီးပွါးရေးလုပ်၍ မကောင်း။ ယခုခေတ်က ခေတ်ကျပ်ကြီး။ စီးပွါးရေး လုပ်ငန်းကိုင်ငန်း ကောင်းသည်မှာ မှန်သည်။ သို့ရာတွင် နောင်ဘာဖြစ်မည်ဟု မရေရာ။ စစ်ဖြစ်ကြသည့် တိုင်းပြည်တွေ မည်မျှလောက် ပျက်စီးဆုံးရှုံးကြဦးမည် မသိ။ စစ်ရှုံးလျှင် ဒုက္ခသုက္ခတွေ တွေ့ကြဦးမည်။ အချို့တိုင်းပြည်များတွင် တော်လှန်ရေးများပင် ပေါ်ပေါက်ကောင်း ပေါ်ပေါက်နိုင်သေးသည်။ စစ်နိုင်လျှင် ဒက်ဇာလို လူမျိုးသည် ရှေ့တန်းသို့ ရောက်ကောင်းရောက်လာဦးမည်။ နာရီပိုင်းလောက်တော့ သခင်ကြီးတွေ ဖြစ်ကြဦးမည်။ မျှူးဂါးသည် သူ့လူမျိုးအတွက် ဂုဏ်ယူသည်။ သူ့အဘိုးသည် ပြင်သစ်ပြည်က မီးရထားလမ်း သုံးပုံနှစ်ပုံကို ပိုင်ခဲ့သူဖြစ်သည်။ သူ့အဘေးသည် ဘဏ်တိုက်ပိုင်ရှင်ကြီး ဖြစ်ခဲ့၍ ဘောလ်ဇက်၏ ဝတ္ထုများထဲတွင် ထည့်၍ အရေးခံရသူ ဖြစ်သည်။

စစ်သည် ရှေးဟောင်းလူရိုင်းတို့၏ အမွေအနှစ်တရပ်ဟု မျှူးဂါး ယူဆ၏။ အမျိုးချစ်သည်၊ တိုင်းပြည်ချစ်သည် ဆိုသည့် စကားများကို သူမယုံ။ ရယ်စရာသက်သက်မျှသာဟု ယူဆသည်။ သို့ရာတွင် သူများကို စော်ကားသည့်နှယ် ဖြစ်မည်စိုးသည့်အတွက် လှောင်ပြောင်သည့် အမူအရာမျိုးကိုမူ မပြု။ ပျောက်စေဆရာ လိုဒေး၏ တန်ခိုးကူဒ္ဒိပါဒ်များကို အဟုတ်ကြီးထင်နေသည့် သူ့မိန်းမကို လှောင်ပြောင်ခြင်း မပြုသည့်နည်းတူ မျိုးချစ်စိတ်ထက်သန်သည် ဆိုသူများကိုလည်း မျှူးဂါး လှောင်ပြောင်ခြင်း မပြု။ သူ့မိန်းမက သုဓမ္မာဇရပ်အသင်းသို့ အလှူငွေထည့်ဝင်လိုလျှင် ထိုအခါများသည် ခေတ်လယ်အယူဝါဒများဟု ယူဆသည့်တိုင် တောင်းသမျှငွေကိုမူ မညည်းမညူ ပေးတတ်သည်။ ရှေးတုန်းက လူမျိုးများသည် ကိုယ့်တိုင်းပြည် ကျဉ်းကျဉ်းကလေးထဲတွင် နေခဲ့ကြရသည်။ ထိုစဉ်က စစ်တိုက်ခြင်းသည် သဘာဝကျ၍ မှန်လည်းမှန်သည့်အရာဟု ယူဆ၏။ သို့ရာတွင် ယနေ့ခေတ်တွင် လူမျိုးများ၏ အကျိုးစီးပွါးသည် တခုနှင့်တခု ဆက်စပ်ယှက်သွယ်နေကြပြီ။ အမေရိကန်များသည် ဗြိတိသျှရာဘာ မရှိပဲ မနေနိုင်။ အလားတူ ဂျာမန်များသည်လည်း ဘော်လရီဗစ်တို့၏ ရေနံကိုမရပဲ အသက်မရှင်နိုင်။ ပြင်သစ်ကား လူတိုင်းကို မြီခိုနေရသူ။ သို့ဖြစ်လျက် အဘယ့်ကြောင့် တိုင်းပြည် တပြည်နှင့် တပြည်၊ လူမျိုး တမျိုးနှင့် တမျိုး စစ်တိုက်နေကြသေးသနည်း။ အကယ်၍သာ လူဖျင်းလူညံ့တွေက အုပ်ချုပ်ခြင်းမရှိပဲ မိမိလို စီးပွါးရေးသမားတွေက အုပ်ချုပ်ခဲ့လျှင် ကမ္ဘာကြီးကို စနစ်တကျ နေရာချထားနိုင်လိမ့်မည်ဟု မျှူးဂါး ယူဆသည်။

စစ်ကြီး ဖြစ်လာသည့်အခါတွင် မဟာမိတ်များ နိုင်လိမ့်မည်ဟု မျှူးဂါး မမျှော်လင့်။ ဂျာမန်တို့ နိုင်လိမ့်မည်ဟုလည်း သိပ်မထင်။ ကြားလူက အနိုင်ရလိမ့်မည်ဟု

သူထင်သည်။ ထို့ကြောင့် စစ်ကြီးကို ရပ်စဲသွားရန် ကြိုးစားခဲ့သည်။ စပိန်သို့သွားပြီး ဂျာမန်များနှင့် တွေ့ဆုံကာ စစ်ကြီး အချည်းနှီးဖြစ်ပုံကို ရှင်းပြခဲ့သေးသည်။ ဆောင်းတွင်းတုန်းကမူ ဆင်ခြင်ဉာဏ်တရားက အသာစီးရပြီဟု ထင်ခဲ့သည်။ သို့ရာတွင် အဖြစ်အပျက်များက သူထင်သည့်အတိုင်း ဖြစ်မလာခဲ့။ ပို၍ပင် ဆိုးလာခဲ့သည်။ အင်္ဂလန်တွင် ချိန်ဘာလိန်အစိုးရ ပြုတ်ကျသွားပြီး ပြင်သစ်ပြည်တွင်လည်း ဂျာမန်နှင့် စစ်မတိုက်ချင်သည့် ဘွန်နေး၏ အစိုးရ ပြုတ်ကျသွားခဲ့သည်။ ထို့နောက် ၁၉၄၀ ခု မေလသို့ ရောက်လာခဲ့သည်။

စစ်ကြီး မဖြစ်မီ၊ အချိန်မနှောင်းမီ မိမိအနေဖြင့် တတ်နိုင်သလောက် ပြင်သစ်ပြည်ကြီးကို ကယ်တင်သင့်သည်ဟု မျိုးဂါး ယူဆ၏။ ပြင်သစ်ပြည်ကြီးသည် စစ်ရှုံးခဲ့ပြီ။ တခါတုန်းကဆိုလျှင်မူ သည်စကားကို ကြားလိုက်လျှင် တုန်လှုပ်ချောက်ချားခြင်း ဖြစ်ကြလိမ့်မည်။ ပြင်သစ်လူမျိုးအဖို့ ပြင်သစ်ပြည်ကြီးသည် မဟာစကြဝဠာကြီး မဟုတ်လော။ ယခုမူ ဟစ်တလာသည် ဂျာမန်လူမျိုးတို့ အကြိုက်၊ ဂျာမန်လူမျိုးတို့ သဘောကျ လုပ်မည်မုချ။ ဂျာမန်လူမျိုးသည် ပထမကမ္ဘာစစ်တုန်းက စစ်ရှုံးခဲ့ပြီး ဗာဆေးလ်စာချုပ်ကြောင့် ပြားပြားဝပ်ခဲ့ကြရသည်။ ယခု လက်စားချေလိုကြမည် မုချ။ သို့ရာတွင် ဟစ်တလာက လူပါး။ သို့ရာတွင် လက်စားချေရေးဆိုသည်မှာ စိတ်လိုက်မာန်ပါ လုပ်တတ်သူတို့ အလုပ်။ တိုင်းပြည်ကို ကျွန်ဖြစ်မခံ၊ ဘာဖြစ်မခံဟု ပြောသူများမှာ စိတ်လိုက်မာန်ပါ လုပ်တတ်သူများဖြစ်သည်။ အကြောင်းအားလျော်စွာ ပေါဒေရိုလေဒီ၏ မျိုးချစ်သီချင်းများကို ကြိုက်သူတို့ ခေတ်မရှိကြတော့။ စင်စစ် ပြင်သစ်ပြည်သည် ကမ္ဘာစစ်ကြီး မဖြစ်မီကတည်းက ကမ္ဘာ့အလယ်တွင် နေရာပျောက်ခဲ့ပြီ။ တိုင်းပြည်ကို ကျွန်ဖြစ်မခံ ဘာဖြစ်မခံဟု ပြောသူများသည် တချက်မျှ ထအော်ကြပြီးနောက် ငြိမ်သက်သွားကြမည် မုချ။ ထိုအခါတွင် ပြင်သစ်ပြည်ကြီးသည် စစ်ဒဏ်ရာဒဏ်ချက်တွေ ကျက်လောက်ပြီ...။

သူ့အယူအဆများကို ကြားသည်၌ ဗိုလ်ချုပ်ပီးကာ့က ဒေါသတကြီးဖြင့် "ဒါဟာ လက်နက်ချအညံ့ခံတာပဲဗျ။ ဘာဖြစ်လို့ ဟစ်တလာလက်ထဲ ထိုးအပ်ရမှာလဲ" ဟု ပြောသည့်အခါ မျိုးဂါးက လေအေးအေးဖြင့်...

"စကားလုံးကို ကြောက်မနေပါနဲ့၊ လက်နက်ချတယ် ပြောပြော၊ အညံ့ခံတယ်ပဲ ဆိုဆို ဒါက အရေးမကြီးပါဘူး၊ ကျွန်တော်ပြောတဲ့ နည်းလမ်းဟာ လောလောဆယ်ဆယ်မှာ အခြေအနေနဲ့ အကိုက်ညီဆုံး နည်းလမ်းပဲဗျ" ဟု ပြော၏။

ထို့နောက်တွင် အလွန်ထူးခြားသည့် အချက်တခုဖြစ်ပွါးသည်။ ဗိုလ်ချုပ်ပီးကာ့သည် နပိုလီယန်ကြေးရုပ်ကြီးဘေးတွင် ရပ်ယင်း တရှုပ်ရှုပ် ငိုနေသည်။ စက်ချုပ်သမကလေးများ ငိုသည်ကို ဘာမျှ ပြောဖွယ်မရှိ။ ယခု ဗိုလ်ချုပ်ပီးကာ့သည် သူငယ်နှပ်စားကလေးတယောက် မဟုတ်။ ယခု လက်နက်ချဖို့ စီစဉ်ပြီးကြပြီ။ ဘရီကျူးက သူ့မိတ်ဆွေ။ "ကျုပ်တို့တတွေ ဂျာမန်တွေကို အရှုံးတော့ ပေးရတော့မှာပဲဗျ" ဟု သူ မကြာခဏ ပြောခဲ့ဖူးသည်။ သို့ရာတွင် "လက်နက်ချ အညံ့ခံ" ဆိုသည့် စကားလုံးကိုမူ မကြားရ။ သူကြောက်နေသည်။

မျိုးဂါးက ပြော၏။

"ကျွန်တော်ထပ်ပြောမယ်၊ ဒါဟာ တခုတည်းသော နည်းလမ်းပဲဗျ၊ မြောက်ဘက်တပ်မတော်ရဲ့ အခြေအနေဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ ကံကြမ္မာကို ဆုံးဖြတ်လိုက်တာပဲ၊ ခုဆိုယင် ဘယ်လဂျီယန်ဟာ စစ်ပွဲထဲမှာ မရှိတော့ဘူး၊ အညံ့ခံလိုက်ပြီ၊ အင်္ဂလိပ်ကတော့ သူ့ကိုယ်သူ အပျိုရည် အပျက်မခံဘူးဆိုတဲ့

အပျိုစင်ကလေးဂိုက် ဖမ်းထားတယ်။ ဒါပေမယ့် ဂျာမန်လေတပ်က လန်ဒန်ကို ဗုံးကြဲယင် သူ့ရဲ့ အပျိုရည်လဲ ဘာခံနိုင်တော့မှာလဲဗျာ၊ ဒီတော့ ကျွန်တော်တို့က အင်္ဂလိပ်ထက်အလျင် ဂျာမန်နဲ့ဦးအောင်၊ အဆင်ပြေအောင် စောစောလုပ်ဖို့ လိုတယ်၊ ဖြစ်နိုင်ယင် ဂျာမနီနဲ့ သီးခြား ငြိမ်းချမ်းရေးစာချုပ် ချုပ်တန်ချုပ်ပစ်ပေါ့ဗျ၊ စစ်ကို ဆက်တိုက်နေယင် ဟစ်တလာက ပါရီကိုသိမ်းပြီး အီတလီတွေက မာဆေးလ်ကို သိမ်းသွားလိမ့်မယ်ဗျ၊ ဒီအခါကျတော့ ကွန်မြူနစ်တွေကလဲ လိုင်ယွန်မှာ စင်ပြိုင်အစိုးရ ထောင်လာကြလိမ့်မယ်၊ ဒီတော့ ကျွန်တော်တို့ ဘယ်လမ်းကို ရွေးကြမလဲ။ ငါ့မြေကို တလက်မကျူးကျော်ယင် မခံဘူးဆိုတဲ့ သောက်တလွဲ မာနကြီးနေကြဦးမလား၊ ဒါမှမဟုတ် ယဉ်ကျေးမှုကြီးကို ထိန်းသိမ်းမလား၊ အချိန် သိပ်မရှိတော့ဘူးဗျ၊ နောက်တလကိုးသီတင်းဆိုယင် ကွန်မြူနစ်တွေကလဲ သူပုန်ထကြတော့မယ်”

ပီးကာ့ အတွေးတွေ ချာချာလည်နေခဲ့သည်မှာ ကြာပြီ…။ ထင်မြင်ချက်ကလည်း တနေ့ကို ဆယ်ခါလောက် ပြောင်းနေသည်။ “ကျုပ်တို့ ရှုံးတော့မှာပဲ၊ ရှုံးတာပဲ ကောင်းတယ်၊ ဒီအစိုးရမျိုး ပြုတ်ကျယင် တော်ပြီ၊ စစ်မကလို့ ဘာကြီးရှုံးရှုံး” ဟု ပြောခဲ့သည်။ နောက်တခါကျတော့ ဤသို့မဟုတ်ပြန်တော့။ ပြင်သစ်တပ်မတော်ကြီး၏ ဂုဏ်သိက္ခာကို ပြန်စဉ်းစားယင်း “အေးလေ… တို့တတွေ နိုင်ချင်နိုင်ဦးမှာပါ” ဟု တွေးမိပြန်သည်။ ဗိုလ်ချုပ်ပီးကာ့သည် ဟစ်တလာကို အထင်ကြီးသည်။ လေးစားသည်။ ဟစ်တလာအပေါ်တွင် မလိုမုန်းထား စိတ်ဆို၍ နည်းနည်းမျှမရှိ။ ဟစ်တလာအောက်မှ ထွက်ပြေးလာသည့် ဂျာမန်စစ်ပြေးဒုက္ခသည်များကိုမူ သူမုန်းသည်။ သစ္စာဖောက်များဟု ယူဆသည်။ ဂျာမန်တို့က ပြင်သစ်ပြည်ဘက်သို့ စစ်မျက်နှာ စဖွင့်သည့်အခါတွင် ဗိုလ်ချုပ်ပီးကာ့ လန့်နေသည်။ အမိန့်တွေကို တမျိုးပြီးတမျိုး ထုတ်သည်။ ခေါင်းအေးအေး ထားရမည်ဟု လက်အောက်အရာရှိများကို ကြိမ်းသည်။ သို့ရာတွင် သူကိုယ်တိုင်ကား ဂျာမန် လေထီးတပ်သားတွေကို လန့်နေပြီ။ လေထီးနှင့် ဆင်းလာကာ စစ်ဌာနချုပ်ကို ဝင်တိုက်လျှင် မည်သို့လုပ်ရမည်နည်း။ သို့ဖြင့် ဗိုလ်ချုပ်ပီးကာ့သည် ကိုယ့်နေရာကိုယ် မနေတော့ပဲ နိုင်ငံရေးထဲတွင် ပါလာသည်။ သူသိလိုသည်တို့ကို ဘာရီကျူးကို မေးသည်။ ဘာရီကျူးက “ဂျာမန်တွေကို တလလောက်တော့ ခံတိုက်ထားပါ၊ ဒီအတောအတွင်း ရေးနော့ ပြုတ်ကျသွားမှာပါ၊ ရေးနော့ ပြုတ်ကျသွားယင် ကျွန်တော်တို့ အစိုးရတက်ဖွဲ့ပြီး ဂျာမန်တွေနဲ့ ငြိမ်းချမ်းရေးစာချုပ်ချုပ်မယ်” ဟု ပြောခဲ့သည်။ ဤတွင် ဗိုလ်ချုပ်ပီးကာ့သည် ရဲဘော်တို့ ကိုယ့်မြေကို တလက်မမှ အဆုံးမခံနှင့်” ဟု အမိန့်ထုတ်သည်။ ဂျာမန်တို့က တနေ့လျှင် ကီလိုမီတာ သုံးဆယ်နှုန်းလောက်နှင့် ရှေ့သို့တက်နေကြသည်။ “ဗျို့ လူ… ခင်ဗျား ပြောသလို ရေးနော့ မပြုတ်သေးဘူးလား၊ ကျုပ်တို့ မခံနိုင်တော့ဘူးဗျ။ အကျအဆုံး များလှပြီ” ဟု အော်သည်။ ဘာရီကျူးက ခပ်အေးအေးဖြင့် “ဩော်… ဗိုလ်ချုပ်က ရန်သူကို ခံတိုက်နေတာကိုး၊ ကျွန်တော်က ဆုတ်ပေးနေတာလို့ အောက်မေ့နေတာ” ဟု အေးစက်စက်ဖြင့် ပြောလိုက်သေးသည်။

ကိစ္စမရှိ။ သူတို့ သည်လောက်ပြောသည်ကိုမူ ဗိုလ်ချုပ်ပီးကာ့ ခံနိုင်သည်။ ယခု မျှူးဂါး၏ စကားများလောက်မှု မည်သူ့စကားကမျှ မဆိုးသေး။ “ကျွန်တော်တို့လဲ ဘယ်လဂျီယန်ရဲ့ နမူနာအတိုင်း လက်နက်ချလိုက်တာ ကောင်းမယ်ထင်တယ်” ဟု မျှူးဂါးက ပြောသည့်အခါတွင်မူ ဗိုလ်ချုပ်ပီးကာ့ မခံနိုင်တော့။ ကြူကြူပါအောင် ငိုမိသည်။ အတန်ကြာမှ ငြိမ်သက်သွားကာ “ဒီကောင်တွေလာယင် ကျုပ်တို့ တပ်မတော်ကိုလဲ ဖျက်ပစ်မှာဗျ၊ ဒီအတိုင်းထားမှာ မဟုတ်ဘူး” ဟု ပြော၏။

“ဟုတ်ပါတယ်၊ ဗိုလ်ချုပ် စိတ်ထိခိုက်မယ် ဆိုယင်လဲ ထိခိုက်စရာပါပဲ” မျူးဂါးက ပြောသည်။ “ဒါပေမယ့် ကျွန်တော်တို့ ကိုယ့်အကြောင်းကိုယ် သိဖို့လိုတယ်လေ၊ ၁၉၃၆ ခုနှစ် သပိတ်တွေမှောက်ပြီး ပြည်သူ့တပ်ဦး တက်လာတုန်းက ကျွန်တော်တို့တတွေတော့ ကိုယ်ကျိုးနည်းပေါ့။ ပြင်သစ်ပြည်ကြီးတော့ ရေစုန်မျောပေါ့လို့ ကျွန်တော် အောက်မေ့ခဲ့မိတယ်၊ ကျွန်တော့်စက်ရုံတွေဆိုယင် အားလုံးလောက်ပဲ၊ သပိတ်သမားတွေက သိမ်းထားကြတယ်၊ ဒါပေမယ့် ကျွန်တော် အားမလျှော့ပါဘူး၊ အလုပ်ကို ဆက်လုပ်မြဲ လုပ်တာပဲ၊ စစ်တပ်က သူတို့ဘက် ပါသွားယင်လဲ ကျွန်တော်တို့ဘက်မှာ ကျန်သင့်သလောက်တော့ ကျန်ဦးမှာပဲလို့ ယူဆခဲ့တယ်၊ ခင်ဗျားလဲ ရှိသေးတယ်၊ ဒီတော့ အရာရှိသစ်တွေကို မွေးထုတ်မယ်လို့ အားခဲထားတယ်၊ ခုလဲ ပါရီကို ကယ်နိုင်မယ့်သူဟာ ဗိုလ်ချုပ်တယောက်ပဲ ရှိတော့တယ်ဗျ၊ ဒီလို ပြောနေတာဟာ ခံတိုက်ဖို့ မဟုတ်ဘူးနော်၊ ဝန်ကြီးတွေထဲမှာလဲ ခေါင်းအေးအေးထားနိုင်တဲ့လူတွေ ကျန်ပါသေးတယ်၊ မနေ့ကတွင် ဒီမွန်ဇီက ဂျာမန်နဲ့ စေ့စပ်ဖို့ ဝန်ကြီးချုပ်ရေးနော့ကို သွားဆွေးနွေးတယ်၊ ရေးနော့ တော်တော်လန့်သွားပုံပဲ၊ ပြီးတော့ ကျွန်တော်တို့ မန်ဒယ်ရဲ့ အရည်အချင်းကိုလဲ လျှော့တွက်လို့ မရဘူးနော်၊ ဒီလူက မကောင်းတဲ့နေရာမှာ ဇာတေဒင်ရတဲ့လူ၊ သူက ပါရီကို အကျမခံချင်ဘူး၊ ခံတိုက်ချင်တယ်၊ ခံတိုက်ယင်တော့ မြို့ပျက်မှာပဲ၊ ဂျာမန်ကလဲ အရှမ်းလျှောက်သတ်တော့မှာပဲ၊ ဗိုလ်ချုပ်ဟာ အရှိန်သြဇာကြီးတဲ့ ပုဂ္ဂိုလ်ပါ၊ ဒီတော့ အစိုးရကို အကြံပေးကြည့်ပါ၊ စစ်ရေးအမြင်နဲ့ကြည့်ယင် ပါရီကို ကာကွယ်မယ်၊ ပါရီက ခံတိုက်မယ် ဆိုတာဟာ မဖြစ်နိုင်တဲ့ စိတ်ကူးတခု ဖြစ်တယ်ဆိုတာကို သူတို့ သဘောပေါက်အောင် ရှင်းပြယင် ကောင်းမယ် ထင်တာပဲ၊ ဒီလိုလုပ်တာဟာ ပြင်သစ်ပြည်ကြီးရဲ့ အကျိုးကို သယ်ပိုးရာ ရောက်ပါတယ်”

နေရောင်ဖြာသည့် ဇူလိုင်လရက်တရက်ကို ပီးကာ့ အမှတ်ရသည်။ အောင်မုခ်ဦးအနီးတွင် လက်သီးလက်မောင်းတန်းနေသည့် အလုပ်သမားများနှင့် အလံများကို မြင်ယောင်လာသည်။

“ကောင်းပြီလေ၊ ကျုပ်တာဝန်ကို ကျုပ် ကျေပွန်အောင်လုပ်မယ်၊ ရန်သူကို တတ်နိုင်သမျှ တားထားမယ်၊ ဒါပေမယ့် ရန်သူက ဗိုလ်ချုပ်ဝေဂန်ရဲ့ စစ်ကြောင်းဘက်က ဖောက်ပြီး ဝင်လာယင်တော့ ပါရီက ဆုတ်ပေးဖို့ ကျုပ်ထောက်ခံမယ်၊ ပုလိပ်တွေကို ပုလိပ်ဌာနမှာ အဆင်သင့်ထားပြီး အစောင့်ခိုင်းထားပြီး မြို့ကို အကောင်းပကတိအတိုင်း အပ်မယ်၊ ကျုပ်တို့ သားမြေးများလက်ထက်မှာ မြို့ကို အပျက်အစီးမရှိ အကောင်းပကတိ တွေ့ရတာပေါ့”

ဂရမ်ဒယ်၏ အကြံပေးချက်အရ စက်မှုလုပ်ငန်းဌာနများအားလုံးကို လုံခြုံရေးအတွက် အယ်ဖေးရှင်းနယ်သား ဝိုက်ဇ်၏ လက်အောက်တွင် ထားလိုက်သည်။ ဝိုက်ဇ်လည်း အားတက်သရောလုပ်၏။ ဝိုက်ဇ် ညွှန်ကြားချက်အရ စက်ရုံများထဲတွင် အတွင်းမှ လျှိုဖျက်သူများကို စုံစမ်းရန်ဟုဆိုကာ ပုလိပ်ဌာနမှ စုံထောက်များကို စက်ရုံများသို့ စေလွှတ်ထားသည်။ စုံထောက်များသည် ထုတ်လုပ်ရေးလုပ်ငန်းများအကြောင်းကို ဘာမျှနားမလည်ကြ။ အလုပ်သမားများနှင့် ပတ်သက်၍ မှတ်ချက်များရေးခြင်း၊ ရန်ဖြစ်ခြင်း၊ စကားများခြင်းတို့ဖြင့် အလုပ်သမားများအဖို့ အနှောင့်အယှက်ဖြစ်လျက် ရှိ၏။

မျူးဂါး၏ လေယာဉ်စက်ရုံတွင် စုံထောက်များသည် ပို၍မောက်မာကြသည်။ "ဒီမှာ ဘာလာပြီး စုံထောက်နေတာလဲ၊ တော်တော်စွမ်းတဲ့ လူစွမ်းကောင်းကြီးတွေ၊ ရှင်တို့ သတ္တိရှိယင် ရှေ့တန်းသွားပြီး ဂျာမန်တွေကို တိုက်ချည်ပါလား၊ ဒီမှာ ဘာဖြစ်လို့လာပြီး နှောက်ယှက်နေရတာလဲ" ဟု အမျိုးသမီးတယောက်က ဒေါသတကြီးဖြင့် ရန်တွေ့သည်။ စုံထောက်များသည် ထိုအမျိုးသမီးကို ဖမ်းလိုက်ကြ၏။ ပုလိပ်အစီရင်ခံစာတွင်မူ အမျိုးသမီး အလုပ်သမားသည် စက်ရုံပိုင်ခုံတလုံးကို ရိုက်ချိုးသည့်အတွက် ဖမ်းရခြင်းဖြစ်သည်ဟု အကြောင်းပြသည်။

ထိုနေ့မှာ ပူလောင်လောင် အိုက်စပ်စပ်။ မုန်တိုင်းတခု လာတော့မည့်နှယ်။ အလုပ်ရုံများထဲမှ မီးရောင်ထိန်ထိန်များအောက်တွင် အသက်ရှူရသည်ကိုပင် မဝ။ မျူးဂါးစက်ရုံမှ အလုပ်သမားများသည် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ဂျာမန်တို့က ပါရီမြို့နားသို့ ရောက်လာကြပြီ။ စစ်သားများက သူတို့တပ်များတွင် လေယာဉ်ပျံမရှိဟု ပြောနေကြသည်။ လူချမ်းသာများက ပျာယာခတ်နေကြသည်။ သို့ရာတွင် လှုပ်လှုပ်ရွရွဖြစ်နေသည့် ပါရီမြို့ကြီးကို ငြိမ်သက်အေးချမ်းသွားအောင် မည်သူလုပ်နိုင်မည်နည်း။

နေ့လည်အလုပ်နားချိန်တွင် အလုပ်သမားများသည် စက်ရုံများနောက်ဖေးရှိ ကွက်လပ်တွင် အစည်းအဝေးတခု ကျင်းပကြသည်။ ကွက်လပ်က ပေါင်းမြက်တို့ ဖုံးလျက်။ အလုပ်သမားများသည် ဟစ်တလာအကြောင်း၊ ပုလိပ်သတင်းပေးများအကြောင်း၊ ပါရီမြို့ကြီး မကြာမီ ကျဆုံးတော့မည့်အကြောင်းတို့ကို ပြောဆိုလျက်ရှိကြ၏။

မျူးဂါး၏ စက်ရုံမှ မြေအောက် ကွန်မြူနစ်ကလာပ်စည်းခေါင်းဆောင်မှာ ကလော်ဒယ် ဆိုသည့် သော့ခလောက်ပြင် အလုပ်သမားတယောက် ဖြစ်သည်။ ထိုစက်ရုံသို့ ကလော်ဒယ် ရောက်လာသည်မှာ မကြာသေး။ ဇန်နဝါရီကမှ ဖြစ်သည်။ သို့ရာတွင် ကလော်ဒယ်သည် အလုပ်သမားများနှင့် တသွေးတည်း တသားတည်း ဖြစ်နေလေပြီ။ သူ့တွင် အဆုတ်ရောဂါ ရှိသဖြင့် စစ်ထဲသို့ မလိုက်ရတော့။

သူ့မျက်လုံးများက တောက်တောက်ပပ။ စိတ်ဖောက်ပြန်နေသူတယောက်၏ မျက်လုံးမျိုး။ စိတ်အားထက်သန်မှုကို ဖော်ပြနေကြသည့်နှယ်။ တကယ်လည်း ကလော်ဒယ်သည် စိတ်အားထက်သန်လျက် ရှိ၏။ သို့ရာတွင် အသက်ရှူလျှင် တရှိုက်ရှိုက်မြည်နေသည့် သူ့အသက်ရှူသံက သူ့ရောဂါအခြေအနေကို ဖော်ပြနေသည်။

ကလော်ဒယ်က စိတ်ကူးဉာဏ် ထက်သန်သူ။ ညညဆိုလျှင် အိပ်မပျော်တိုင်း တော်လစတွိုင်း၊ ဖလောဘေး၊ ရှိုလိုကော့၊ မာရိုး စသည့် စာရေးဆရာကြီးများ၏ စာအုပ်များကို ဖတ်တတ်သည်။ ယဉ်ကျေးမှုအသင်းတိုက်သို့ မကြာခဏသွားကာ လူဆန်းနှင့် အသိအကျွမ်း ဖြစ်ခဲ့ဖူးသည်။ တနေ့တွင် လူဆန်းနှင့် စကားလက်ဆုံကျနေစဉ် လူဆန်းက "ထာဝရမုန်တိုင်း" အကြောင်းကို ပြောပြသည်။ ကလော်ဒယ်က လေသံအေးအေးဖြင့်...

"ခင်ဗျားကိုတော့ ကျွန်တော် လေးစားပါတယ် လူဆန်း၊ ခင်ဗျားက ကျွန်တော်တို့ထက် ဗဟုသုတစုံတယ်၊ စာဖတ်အားကောင်းတယ်၊ ဒါပေမယ့် ဒီလောက်နဲ့ မလုံလောက်သေးဘူးဗျ။ ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုယင်တော့ ကဗျာဆရာတယောက်ဟာ ရိုးသားဖြောင့်မတ်ရမယ်လို့ ထင်တယ်၊ မဟုတ်ဘူးလား"

"အင်း... လူ့လတ်တန်းစားဉာဉ် မပျောက်သေးဘူး" ဟု လူဆန်းတယောက် ပြောမိသည်။

"ခင်ဗျားကို ကြည့်ရတာ ကဗျာရေးတတ်တယ် ထင်တယ်၊ မရေးဘူးလား"

ကလော်ဒယ်က မည်သို့မျှ မဖြေ။ သူကဗျာရေးသည် ဆိုသည်မှာ မှန်သည်။ သို့ရာတွင် သူကဗျာရေးကြောင်းကို ဝန်မခံရဲ။ ရှက်နေသည်။ သူ့ကဗျာတွေကို သူအားမရ။ အဘယ့်ကြောင့် သည်ကဗျာမျိုးတွေကို ရေးမိသနည်းဟု သူကိုယ်တိုင်လည်း မစဉ်းစားတတ်။ စာရေးတုန်းကတော့ ကဗျာထဲတွင် သပိတ်အကြောင်းကို ထည့်ရေးကြည့်သည်။ သို့ရာတွင် အလယ်လောက် ရောက်သည့်အခါတွင် တောမီးအကြောင်းနှင့် သင်္ဘောတစီးမှ ရွက်တိုင်များအကြောင်းကို ရေးမိလျက်သား ဖြစ်နေတတ်သည်။ "အင်း... ငါ့ကဗျာတွေကလဲ တောရမ်းမယ်ဘဲ့တွေပါ" ဟု သူ့ဘာသာသူ ပြောမိသည်။

လွန်ခဲ့သည့် နှစ်နှစ်လောက်တုန်းက စပိန်ပြည်တွင်းစစ်တွင် ဝင်တိုက်ရန် စပိန်သို့ ထွက်သွားခဲ့သည်။ သို့ရာတွင် နယ်စပ်သို့ အရောက်တွင် ဖမ်းမိသဖြင့် ပြန်အပို့ခံရသည်။ ထိုစဉ်က သူသည် ဆိန်းလေယာဉ်စက်ရုံတွင် အလုပ်လုပ်လျက်ရှိ၏။ "ခင်ဗျားကတော့ ကျွန်တော်တို့ရဲ့ လှုံ့ဆော်ရေးမှူးပဲ" ဟု လီဂရေးက ပြောခဲ့သည်။ ကလော်ဒယ်ကို ကြည့်ရသည်က မပြတ်မသား။ စကားပြောတော့လည်း ခပ်အေးအေး။ သို့ရာတွင် လူတွေကို ဘယ်လိုစည်းရုံးသိမ်းသွင်းရမည်ကို သူသိသည်။ လူတွေနှင့် စကားပြောလျှင် စကားကြီး စကားကျယ်တွေကို မပြော။ သဘောတရားတွေ မရွတ်။ လက်တွေ့ပြဿနာများကို ပြောတတ်သည်။ သူစကားပြောပုံက ကလေးတယောက် စကားပြောနေသည့်နှယ် ရိုးသားသည်။ စကားကို သေသေချာချာ ရွေး၍ ပြောတတ်သည်။ လူတွေကလည်း သူပြောသည့်စကားကို ယုံကြည်ကြသည်။

စစ်ဖြစ်လာသည့်အခါတွင် ကလော်ဒယ် အဖမ်းခံရပြီး ထောင်ထဲတွင် လေးလ နေခဲ့ရသည်။ ထို့နောက် မကျန်းမာသဖြင့် သူ့ကို ပြန်လွှတ်လိုက်သည်။ ကျန်းမာရေးကြောင့် မည်သည့်နေရာတွင်မျှ အလုပ်ရတော့မည် မထင်။ သို့ရာတွင် ကလော်ဒယ်က ကံကောင်းသည်။ မျိုးဂါး၏ စက်ရုံတွင် သားရေနယ် အလုပ်သမားတွေ လိုနေသည်။ လျှောက်လွှာများကို ရုံးခန်းတွင် စစ်ဆေးသည့်အခါ၌

ကလော်ဒယ်ဆိုသည့် အမည်ကို သွားတွေ့ကြသည်။ သို့ရာတွင် လောက၌ ကလော်ဒယ်တွေ ပေါ်ဘိခြင်း။ ထို့ကြောင့် သူအလုပ်ရခဲ့သည်။ အလုပ်ထဲဝင်မိ၍ မကြာမီ ကလာပ်စည်းတခု ဖွဲ့ဖြစ်သည်။

ယခု သူ့ဘေးပတ်ပတ်လည်တွင် အလုပ်သမားများ ဝိုင်းနေပြီ။ သူ့ထင်မြင်ချက်ကို ကြားလိုကြသည်။ “ဝန်ကြီးချုပ် ရေးနေ့ခဲ့က ဒလားဒီးယားထက် ဘာများပိုထူးသလဲ” ဟု မေးကြ၏။

“အတူတူပါပဲ၊ ကျွန်တော်တို့ကို သစ္စာဖောက်မှာပါ”

စကားရှည်ရှည် မပြောနိုင်။ ချောင်းတဟွတ်ဟွတ် ဆိုးလာ၏။

“သတင်းစာတွေကတော့ ပါရီကို မြို့သူမြို့သားတွေ ကိုယ်တိုင်က ကာကွယ်ကြမယ်လို့ ရေးထားကြပါလား၊ စစ်တပ်ကိုလဲ နောက်ထပ်ဆုတ်ခွင့် မပေးတော့ဘူးတဲ့၊ ပါရီမြို့ပြင်မှာလဲ ကတုတ်ကျင်းတွေ တူးနေတယ်ဗျ။ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရတယ်”

အလုပ်သမားတယောက်က ပြောသည်။

“ပါရီကို ကာကွယ်မယ် အကျမခံဘူး ဆိုယင်တော့ ကျွန်တော်တို့လဲ ဝိုင်းပြီး လုပ်ကြရမှာပေါ့၊ ကျွန်တော်တို့လဲ စက်ရုံမှာ ဆက်ပြီး အလုပ်လုပ်ကြရဦးမှာပေါ့၊ ကျွန်တော်တို့ လုပ်သလို မျူးဂါးလဲ လုပ်ရမှာပဲ၊ မျူးဂါးကတော့ ရေးနေ့အတွက်ပဲ ဖြစ်ဖြစ်၊ ဟစ်တလာအတွက်ပဲ ဖြစ်ဖြစ် လေယာဉ်ပျံတွေကို ဆက်ထုတ်နေရဦးမှာပဲ၊ သူ့စီးပွါးရေးကိုး၊ ဒါပေမယ့် လေယာဉ်ပျံတွေနဲ့ ပတ်သက်လို့တော့ ကျွန်တော် တမျိုးမြင်တယ်ဗျ။ ကျွန်တော်တို့ဟာ ပါရီကို ဗုံးကြဲမခံရအောင် ကာကွယ်နိုင်တယ်၊ ပြင်သစ်ပြည်ကြီးကို ကျွန်တော်တို့ ကယ်နိုင်တယ်၊ စစ်သားတွေနဲ့ စကားပြောကြည့်တဲ့အခါကျတော့ သူတို့ လေယာဉ်ပျံ လိုချင်ကြတယ်၊ ကျုပ်တို့လေတပ်က ဘယ်မှာလဲဗျတဲ့၊ မေးကြတယ်၊ ဂျာမန်တွေက စစ်ပြေးဒုက္ခသည်တွေကို စက်သေနတ်တွေနဲ့ ကောင်းကင်ကနေ လိုက်ပစ်နေကြတယ်၊ ဒါပေမယ့် ကျွန်တော်တို့မှာ ဒီရန်ကို တွန်းလှန်ဖို့ တိုက်လေယာဉ်တွေ မရှိဘူး၊ ဒီတော့ ကျွန်တော်တို့ဟာ ရှေ့တန်းရောက်နေတဲ့ စစ်သားတွေကို တတ်နိုင်တဲ့အကူအညီ မှန်သမျှ ပေးရမယ်၊ အရေးကြီးတာက စက်ရုံထဲမှာ ကျွန်တော်တို့တတွေ အနှောင့်အယှက်ကင်းကင်းနဲ့ အလုပ်လုပ်နိုင်အောင် ပုလိပ်သတင်းပေးတွေ၊ စုံထောက်တွေကို ပြန်ခေါ်သွားဖို့ပဲ၊ ဒီကောင်တွေ စက်ရုံထဲမှာ ဝင်ရှုပ်နေသမျှတော့ ကျွန်တော်တို့ ကောင်းကောင်း အလုပ်လုပ်လို့ရမှာ မဟုတ်ဘူး၊ မဟုတ်ဘူးလား”

အလုပ်သမားများက ကိုယ်စားလှယ်အဖွဲ့တဖွဲ့ စေလွှတ်ရန် ဆုံးဖြတ်ကြ၏။ ထိုကိုယ်စားလှယ်အဖွဲ့က မိမိတို့သည် လေယာဉ်ပျံ ပိုမိုထုတ်လုပ်ရေးကို ကြိုးစားမည် ဖြစ်ကြောင်း၊ သို့ရာတွင် စက်ရုံများထဲမှ စုံထောက်များကို ပြန်ခေါ်ရန် တောင်းဆိုကြောင်းဖြင့် အစိုးရကို တင်ပြရမည် ဖြစ်သည်။

စစ်စက်မှုလုပ်ငန်း၌ာနဝန်ကြီး ဝိုက်ဇ်၏ ရုံးခန်းသို့ အလုပ်သမား ကိုယ်စားလှယ်အဖွဲ့ ရောက်သွားသည့်အခါတွင် ဝန်ကြီးသည် သူတို့ကို တချက်မျှ လှမ်းကြည့်လိုက်ပြီး ယဉ်ကျေးစွာ ပြုံးပြလိုက်၏။

“ခုလို ကုန်ပိုမိုထုတ်လုပ်မယ်လို့ တင်ပြတဲ့အတွက် ကျေးဇူးတင်တယ်ဗျ၊ ပါရီက အလုပ်သမားတွေရဲ့ မျိုးချစ်စိတ်ဓာတ်အကြောင်းကို ကျွန်တော် သိပါတယ်၊ ခင်ဗျားတို့က လေယာဉ်တစီး ပိုထုတ်နိုင်လေ အောင်ပွဲကလဲ တနာရီ ပိုနီးလာလေ

ဆိုပါတော့၊ အဲ ခင်ဗျားတို့ပြောတဲ့ 'ရုပ်ဖျက်ထားတဲ့ ပုလိပ်'တွေကို ပြန်ခေါ်ဖို့ ဆိုတာနဲ့ ပတ်သက်လို့တော့ ဒီလိုရှိတယ်ဗျ။ သူတို့ကို လွှတ်ထားရတာက ရုပ်ဖျက်ထားတဲ့ ကွန်မြူနစ်တွေကို စုံစမ်းဖော်ထုတ်ဖို့ပဲ၊ ကျွန်တော်ပြောတဲ့ အဓိပ္ပါယ်ကို ခင်ဗျားနားလည်လိမ့်မယ် ထင်ပါတယ်"

ဝိုက်ဇ်၏ မျက်လုံးပြာပြာများသည် ကလော်ဒယ်ဆီသို့ ရောက်လာကြ၏။ ကလော်ဒယ်က မျက်နှာကို တခြားသို့ လွှဲလိုက်သည်။

မျူးဂါး၏ စက်ရုံမှ ကိုယ်စားလှယ်များ ထွက်သွားသည့်အခါတွင် အခြားစက်ရုံများမှ ကိုယ်စားလှယ်အဖွဲ့များလည်း တဖွဲဖွဲ ရောက်လာကြကာ မိမိတို့သည် အချိန်ပိုလုပ်ရန် အဆင်သင့်ရှိကြောင်း၊ ပုလိပ်စုံထောက်များကိုမူ ရုပ်သိမ်းပေးဖို့ လိုကြောင်းဖြင့် တင်ပြကြ၏။

ဝန်ကြီးဝိုက်ဇ်သည် မျူးဂါးထံ ရောက်လာကာ သူ့စက်ရုံမှ အလုပ်သမား ၁၁၄ ယောက်ကို ထုတ်ပစ်ရန် သတိပေးသည်။ မျူးဂါးက ဂရုမစိုက်သလို တချက်လှမ်းကြည့်လိုက်ယင်း...

"အမှန်ကတော့ ကျွမ်းကျင်အလုပ်သမားတွေပဲ ဝန်ကြီး၊ ဒါပေမယ့် ဒီအချိန်မှာတော့ သိပ်တော့ အရေးမကြီးတော့ပါဘူးလေ၊ ဒါထက် စကားမစပ် ပါရီကို ရွှေ့မယ်ဆိုယင် အစီအစဉ် ဘယ်လိုရှိသလဲ"

"ပထမဆုံးကတော့ အလုပ်သမားတွေကို အလျင်ပြောင်းရွှေ့ပစ်မှာပဲ၊ ကြားကာလမှာ သူတို့မရှိလေ ကောင်းလေပဲ၊ နို့မဟုတ်ယင် အထိန်းရခက်တယ်"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် စက်ရုံတွေကိုတော့ ရွှေ့ဖို့မကောင်းဘူး ထင်တယ် ဝန်ကြီး၊ စက်ရုံတွေကို ရွှေ့ယင် အားလုံး ပျက်စီးကုန်မှာပဲ၊ ဘာမှ အကျိုးထူးမှာ မဟုတ်ဘူး"

"အင်း... စက်ရုံပိုင်ရှင်တွေထဲမှာ အထိတ်တလန့် မဖြစ်တဲ့လူဆိုလို့ ခင်ဗျားတယောက်ပဲ ရှိသေးတယ်၊ ကောင်းပါတယ်၊ ဘာဖြစ်လို့ ရွှေ့ရမှာလဲ၊ ခုထိတော့ ကျွန်တော့်ဆီလာတဲ့ လူတွေထဲမှာ စက်ရုံတွေကို ရွှေ့မှဖြစ်မယ်၊ ဘာဖြစ်မယ်လို့ အထိတ်တလန့် လာပြောတဲ့ လူချည်းပဲဗျ၊ စိတ်ချပါ၊ စက်ရုံတွေကို ရွှေ့ဖို့ အစီအစဉ် မရှိပါဘူး"

ဝန်ကြီးဝိုက်ဇ်က ခပ်ပြုံးပြုံးဖြင့် ပြော၏။

ကလော်ဒယ်၏ မိတ်ဆွေများက သူ့အား ဖမ်းတော့မည် ဖြစ်ကြောင်းဖြင့် သတိပေးကြသည်။ စက်ရုံဂိတ်များကို ပိတ်ထားလိုက်ပြီ။ မိတ်ဆွေများ၏ အကူအညီဖြင့် ကလော်ဒယ်သည် အုတ်တံတိုင်းမြင့်မြင့်ပေါ်သို့ တက်သည်။ ထိုစဉ် ခရာမှုတ်သံများကို ကြားရ၏။ ကလော်ဒယ်သည် အုတ်တံတိုင်းပေါ်မှ ခုန်ဆင်းကာ သူ့မိတ်ဆွေ အဝတ်ဟောင်းရောင်းသည့် အထည်သည်တယောက်၏ အိမ်ကုပ်ကလေးသို့ ရောက်လာခဲ့သည်။ အဝတ်ဟောင်းပုံကြီးများကြားတွင် အဘွားကြီးတယောက် မလှုပ်မယှက် ထိုင်လျက်။

"ဟင် လေထီးစစ်သား၊ လေထီးစစ်သား" ဟု အဘွားကြီးက အော်သည်။ ကလော်ဒယ်က လေသံကလေးဖြင့်...

"တိုးတိုး... တိုးတိုး၊ ကျွန်တော် ပြင်သစ်လူမျိုးပါ၊ အလုပ်သမားပါ"

အဘွားကြီးက သူ့ကို ဝှက်ပေးသည်။ မုန်တိုင်းက မကျသေး၊ တဲကုပ်ကလေးထဲက ဖုန်တွေ အလိမ်းလိမ်းကပ်နေသည့် အဝတ်ဟောင်းပုံကြီးထဲတွင် ကလော်ဒယ်

မွန်းကျပ်နေသည်။ သူ့ရဲဘော်များကို အကြောင်းကြားရဦးမည်။ အနီးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။ လူရှင်းလျက်။ အနားတဝိုက်တွင် မည်သူမျှ မရှိ။ ထို့ကြောင့် အဝတ်ဟောင်း ပိုထားသည့် တဲကုပ်ကလေးထဲမှ ထွက်ကာ သူတို့လူတွေ စုနေကျ ကဖီးတခုသို့ လာခဲ့သည်။

ကဖီးတွင် အခန်းနှစ်ခန်း ရှိ၏။ အပြင်ခန်းတွင် သွပ်ပြားအုပ်ထားသည့် ကောင်တာတခု ရှိသည်။ တချို့က ဆိုင်ထဲသို့ ခရီးကြုံဝင်လာကာ ဘီယာလေးဘာလေး မှာသောက်ပြီး ဆိုင်ရှင်နှင့် စကားစမြည် ပြောကြသည်။ ဆိုင်ရှင်က ခပ်ဝဝ။ သဘောကောင်းကောင်း။ မုတ်ဆိတ်တွေက မည်းလျက်။ အပေါ်အင်္ကျီ ဝတ်ထားသည့်အခါဆို၍ တခါမျှ မတွေ့စဖူး။ လောကကြီးတွင် သူအချစ်ဆုံး လူနှစ်ယောက်သာရှိ၏။ တယောက်က မုတ်ဆိတ်တိုနှံ့နှံ့ ပေါက်နေသည့် သူ့မိန်းမဝဝကြီးဖြစ်၍ အခြားတယောက်မှာ ပြင်သစ်ကွန်မြူနစ်ခေါင်းဆောင် မောရစ်သောရက်ဇ် ဖြစ်သည်။ “၁၉၃၇ ခုနှစ် ဘိုင်စကယ်ပြိုင်ပွဲ ကွင်းကြီးထဲက လူထုအစည်းအဝေးအပြီးမှာ သောရက်ဇ်နဲ့ လက်ဆွဲနှုတ်ဆက်ခဲ့ရတယ်ဗျ” ဟု ဂုဏ်ယူ၍ ပြောတတ်သည်။ ဆိုင်ရှင်ယူဂျင်းသည် သူ့ကဖီးနောက်ခန်းတွင် ကွန်မြူနစ်တွေ အစည်းအဝေးလုပ်တတ်ကြောင်းကို သိသည်။ ဧည့်သည်တွေ နောက်ခန်းထဲသို့ ဝင်မည်ပြုလျှင် “မအားဘူး ဆရာရေ့၊ နောက်ခန်းထဲမှာ ဘိလိယက်ဝိုင်းက တော်တော်နှင့် ပြီးမှာ မဟုတ်ဘူး” ဟု ပြောတတ်သည်။ နောက်ခန်းထဲက ဘိလိယက်ခုံတွင် ပါရီရပ်ကွက်အသီးသီးမှ ကိုယ်စားလှယ်များသည် ပါတီညွှန်ကြားချက်များကို ဆွေးနွေးတတ်သည်။ ရုတ်တရက် ဝင်ဖမ်းလျှင် အကြောင်းပြရန် လက်ထဲတွင် ကျူတံများကို ကိုင်လျက်။

အခန်းထဲသို့ ကလော်ဒယ် ဝင်လာသည့်အခါတွင် “ဘုမ္မစိုး” စက်ရုံမှ ဂျူးလ်ကို တွေ့ရ၏။ မကြာမီ အခြားရဲဘော်များလည်း ရောက်လာကြသည်။ သူတို့အားလုံး ပါရီတွင် ပုလိပ်ဘက်က အလုပ်သမားများကို ဖမ်းဆီးနေသည့်ကိစ္စကို ဆွေးနွေးကြ၏။ ယခုဆိုလျှင် စုစုပေါင်း ၇၀၀ လောက် ရှိသွားပြီ။

ခဏကြာလျှင် ဒင်းနိစ်ရောက်လာကာ အလုပ်သမားလေးဦး ရုံးတင်သည့်ကိစ္စကို ပြောပြသည်။

“အတွင်းကနေ လျှို့ဖျက်ဆီးတယ်ဆိုပြီး လေးယောက်လုံးကို သေဒဏ်ပေးလိုက်တယ်၊ အငယ်ဆုံးက ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်၊ သူတို့အတွက် ဝတ်လုံဖာရွှန်နက်က လိုက်တယ်၊ ရှေ့နေကပြောတော့ ဒါဟာ သက်သက်အမှုဆင်ပြီး ချတာတဲ့၊ ဝတ်လုံကတော့ စစ်စက်မှုဝန်ကြီး ဝိုက်ဇ်ရဲ့ လက်ချက်လို့ ထင်တာပဲတဲ့”

ကလော်ဒယ်က…

“ဒီလူတွေ တော်တော် ကြောက်စရာကောင်းတယ်နော်၊ ကိုယ်စားလှယ်အဖွဲ့နဲ့ ကျွန်တော် လိုက်သွားတုန်းက ကျွန်တော့်ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေတယ်၊ ကျွန်တော် ဘာလဲဆိုတာ သိပုံရပါရဲ့၊ သူ ဘာလဲဆိုတာလဲ ကျွန်တော် သိပါတယ်၊ ဒီလူတွေ ဘာတွေ လုပ်နေတာလဲဟင် ဒင်းနိစ်၊ လက်စသတ်တော့ ကျွန်တော်တို့ တိုင်းပြည်မှာ ဟစ်တလာရဲ့ သူလျှိုတွေ ကြီးစိုးနေတာပါလားဟင်”

သူ့စကားကို ဒင်းနိစ် ထောက်ခံပြောချင်သည်။ သို့ရာတွင် ဘာပြောရမှန်း မသိ။

“ဒါပေမယ့် လူထုက”

ဒင်းနိစ်က တိုးတိုးကလေး ပြောသည်။ သူ ဘာပြောလိုသည်ကို ကလော်ဒယ်

ကောင်းကောင်း နားမလည်။ သို့ရာတွင် မမေးမိ။

ဒင်းနိစ်သည် အပြင်သို့ ထွက်သွားပြီး ခဏအကြာတွင် အူယားဖားယားနှင့် ပြန်လာသည်။

"ရဲဘော် ကလော်ဒယ်၊ လာလာ၊ ရှင့်အဖို့ အခန်းတခန်း ရှာလို့ရခဲ့ပြီ၊ ဘယ်သူမှ လက်ဖျားနဲ့ မထိစေရဘူး၊ စိတ်ချ"

ကဖီးဆိုင် နောက်ခန်းက မှောင်ပျပျ။ တိတ်ဆိတ်ငြိမ်သက်ကာ ပူအိုက်လျက်။ မည်သူမျှ စကားမပြောတော့။ တဝုန်းဝုန်း ပစ်နေသည့် လေယာဉ်ပစ် အမြောက်သံများကို ကြားရသည်။ ပထမသော် မိုးချုန်းသံများလောဟု ထင်မိကြသေးသည်။ အမြောက်သံများဟု သိရသည့်အခါတွင် ကျေနပ်သွားသည်။ လေကြောင်းရန် အချက်ပေးဥဩသံများက တတူတူ။ သူတို့အားလုံးသည် ဆိုဖာကျဉ်းကလေးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချကာ ပါရီမြို့ကြီး၏ နောက်ဆုံးအချိန်ကို တွေးနေကြသည်။ ဂျာမန်တို့သည် တကယ်ပင် ပါရီမြို့ထဲသို့ ဝင်လာကြလေပြီလော။

နာရီဝက်ခန့် ကြာသည့်အခါတွင် မိုးသည် တဝုန်းဝုန်း ရွာချလေ၏။ ကလော်ဒယ်က ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်ပြီး လေကို တအားရှူလိုက်သည်။ သူ့စိတ်ထဲတွင် မျှော်လင့်ချက်ကြီးသည် ပါရီမြို့လယ်ကောင်သို့ ရောက်လာသည်ဟု ထင်မိ၏။ သော်ကရွက်ဖားဖားများသည် သိုးအုပ်များနှင့် တူနေကြလေ၏။ တောနံ့သင်းလာသည်။

ဒင်းနိစ်က အနားသို့တိုးလာကာ...

"ရဲဘော်ကလော်ဒယ်၊ ပြင်သစ်ပြည်ကြီးဟာ"

စကားကိုဆုံးအောင် မပြောနိုင်။ ဘာကို ပြောရမည် မသိ။ ဆိုင်ရှင်ယူဂျင်းက ဘီယာတွေ လာချပေးသည်။

"မစ်ရှောဆီက စာရသေးလား"

ဒင်းနိစ်က မေးသည်။

"မရတာကြာပြီ၊ မြောက်ပိုင်းမှာ ရှိလိမ့်မယ်"

ဆိုင်ရှင်ယူဂျင်းက သက်ပြင်းကြီးတချက် ချလိုက်ယင်း...

"ဒုက္ခပဲ၊ စစ်သားရဲဘော်တွေက ရှေ့တန်းမှာ အသေခံပြီး တိုက်လို့၊ ဒီမှာတော့ ကျွန်တော်တို့ အစိုးရခေါင်းဆောင်တွေက လူကောင်းသူကောင်းတွေကို လိုက်ဖမ်းနေတယ်။ အစိုးရအဖွဲ့ထဲက ဂျာမန်သူလျှိုတွေရဲ့ လက်ချက်နေမှာပဲ၊ မောရစ်သောရက်ဇ်သာ ဝန်ကြီးဖြစ်ယင် ဂျာမန်တွေ ပါရီနားတောင် ကပ်ရမှာ မဟုတ်ဘူး"

ထိုနေ့ညနေတွင် ဝိုက်ဇ်သည် ဝန်ကြီးဂရမ်ဒယ်ထံ သွားကာ ထိုနေ့အဖြစ်အပျက်များကို အစီရင်ခံသည်။

"ခြုံကြည့်လိုက်ယင်တော့ ကျေနပ်စရာ ကောင်းပါတယ် ဝန်ကြီး၊ စက်ရုံထဲက အဖျက်သမား တော်တော်များများတော့ ရှင်းသလောက် ဖြစ်သွားပါပြီ၊ အကောင်းဆုံးကတော့ လူတွေကို မြန်မြန် ရွှေ့ပြောင်းပစ်လေ ကောင်းလေပဲ၊ ရုံးတင်တရားစွဲတဲ့ အမှုတွေလဲ ချောချောမောမောပါပဲ၊ ကျွန်တော်တို့ ဖြစ်စေချင်တဲ့အတိုင်း အားလုံးဖြစ်ပါတယ်၊ ငနဲတွေတော့ လန့်နေမှာပဲ"

“ဒါပေမယ့် ပြစ်ဒဏ်ကို မြန်မြန် အကောင်အထည်ဖော်နိုင်ဖို့ လိုတယ်ဗျ၊ ဝတ်လုံဖာရွှန်နက်က ဒီနေ့ သမ္မတကို သွားတွေ့တယ်တဲ့၊ သမ္မတက နားထောင်ပြီး မျက်ရည်တွေ ကျလို့တဲ့၊ ဘရီကျူး ပြောသလို ပြောရယင် ဒီသမ္မတကတော့ တတိယနိုင်ငံတော်က သမ္မတတွေထဲမှာ ငိုချင်းအချ တော်တော်ကောင်းတဲ့ သမ္မတပဲဗျ၊ ဒါပေမယ့် ခြုံပြောရယင်တော့လဲ သိပ်တော့မဆိုးလှပါဘူး”

“ဘယ်လိုမဆိုးတာလဲ ဝန်ကြီး”

“သူတတ်နိုင်တာတော့ လုပ်ပေးသွားပဲဗျ၊ ငိုချင်းချတယ်လေ၊ ကျန်တာ ဘာမှလုပ်မပေးဘူး၊ ဒီလောက်ဆိုယင် တော်ရောပေါ့”

နှစ်ယောက်သား ရယ်လိုက်ကြသည်။ တယောက်တည်း ကျန်ခဲ့သည့်အခါတွင် ဂရမ်ဒယ်သည် လည်စည်းကို ဖြေလိုက်ပြီး နောက် ဆိုဖာပေါ်သို့ လှဲလိုက်၏။ ပင်ပန်းလှပြီ။ သို့ရာတွင် အစီအစဉ်တွေကမူ မည်သို့ဖြစ်ဦးမည် မသိ။ ကီးလ်မင်းနှင့် အဆက်အသွယ်ရသည်မှာ သူ့အဖို့ ကံကောင်းသည်။ အစတုန်းက ကစားဝိုင်းတွင် ရှုံးလွန်းသဖြင့် အကြွေးတွေချည်း။ မဆပ်နိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ စိတ်ကူးခဲ့သေး။ သို့ရာတွင် ဤသို့စိတ်ကူးခဲ့ခြင်းမှာ တကယ့် အရူးစိတ်ကူးဖြစ်ကြောင်း နောင်မှ သဘောပေါက်လာခဲ့သည်။ ဖဲရှုံးလိုက်ခြင်းသည် သူ့အဖို့ ကံကောင်းထောက်မလိုက်သကဲ့သို့ ရှိသည်။ ဂရမ်ဒယ်တို့ ကံမိန်တုန်းကတော့ အောက်ကျလိုက်သည့်ဖြစ်ခြင်း။ လူတိုင်းက အထင်သေးခံရသည်။ လူတိုင်း၏ အစော်ကားခံရသည်။ တက်စ... လာဘ်သမား တက်စဆိုလျှင် သူ့ကို ကောင်းကောင်းပင် စကားပြောချင်ပုံမရ၊ မိန်းမကောင်းက မိန်းမပျက်ကို ကြည့်နည်းမျိုးဖြင့် သူ့ကိုကြည့်သည်။ ကိစ္စမရှိ။ သည်လောက်ကိုတော့ ခံနိုင်သည်။ ဂျာမန်တို့ ပါရီကို သိမ်းလျှင် ကြည့်ကြသေးသည်ပေါ့၊ ထိုအခါတွင် ဂရမ်ဒယ်တို့ခေတ် ရောက်ပြီ။ သူ့ကို ကပ်ပါးရပ်ပါး လုပ်ကြတော့မည်။ ကစားဝိုင်းတွင် အရေးကြီးသည်မှာ မည်သည့်ဖဲပေါ်မည်နည်း ဆိုသည့်အချက်ဖြစ်သည်။ နိုင်ငံရေးကစားဝိုင်းတွင်လည်း ထို့အတူ။ မည်သည့်အကောင်ပေါက်မည် ဆိုသည်က အရေးကြီးသည်။ ယခု သူ ပေါက်ကောင်ကို လောင်းထားပြီးပြီ။ နောက်ဆုံးအချိန်ကလေးလောက်သာ စောင့်ရတော့မည်။ သည်အချိန်ကလေးကို အောင့်ခံဖို့သာ လိုတော့သည်။ ထိုအချိန်ကုန်လျှင် သူ့အဖို့ ဂုဏ်တွေ၊ ပါဝါတွေ၊ အောင်မြင်မှုတွေ ရဖို့သာ ရှိတော့သည်။ ထိုအချိန်အခါတွင် လူတိုင်းမျက်နှာကို ဂရမ်ဒယ်တို့ စေ့စေ့ကြည့်ရဲတော့မည်။ ကီးလ်မင်းကိုလည်း ဂရုစိုက်စရာမလို။ ဂျာမန် မတ်ဒင်္ဂါးတွေကိုလည်း မှုစရာမလို။ နိုင်ငံရေးဆိုသည်မှာ စိတ်ကူးယဉ်၍မရ။ လက်တွေ့ကျဖို့ အရေးကြီးသည်။ ပြင်သစ်ပြည်ကို လက်တွေ့ဖြင့်သာ ကယ်တင်နိုင်မည်။ ဂျာမန်တို့ ရောက်လာလျှင် လက်နက်ချရေး စည်းကမ်းချက်များကို ရေးဆွဲရမည်။ ငြိမ်းချမ်းစွာနေရလျှင် မည်မျှပေးရပေးရ ကိစ္စမရှိ။ ဤသို့လုပ်ခြင်းသည်သာ လက်တွေ့ကျသည့် မျိုးချစ်ပြည်ချစ်စိတ်ဖြစ်သည်။ ဂျူကိန်းတို့လို ကယောင်ကတမ်းတွေ လျှောက်လုပ်နေ၍မဖြစ်။

ဂရမ်ဒယ်သည် တယောက်ယောက်ကို နှိမ်ချင်နေသည်။ သူ အထက်စီးရကြောင်း ပြချင်၏။ အခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲတွင် မာရီက အိပ်လျက်။ နာတာရှည်ရောဂါကြောင့် နဂိုအလှတွေ မရှိတော့။ သည်လိုလူမမာကြီးကို ပွေ့ဖက်နေ၍ မဖြစ်။ မာရီကြည့်ရသည်က သေလုမျောပါး ဖြစ်နေသည့်နှယ်။ ဆေးနံ့က အန်ချင်စရာ။

“လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက မင်း ငါ့အပေါ်မှာ သစ္စာမဲ့ခဲ့ဖူးတယ်” ဂရမ်ဒယ်က ပြော၏။ “ဒါပေမယ့် ငါ ဘာမှမပြောခဲ့ဘူး၊ ပြောယင် မနာလိုဝန်တိုဖြစ်တယ် ထင်မှာစိုးလို့၊ ခုတော့ ရှင်းရှင်းပြောမယ်၊ မင်းလဲ မင်းလင်ငယ်တွေအကြောင်းကို တွေးနိုင်တော့မယ် မထင်ဘူး၊ ခုနေအခါမှာ ဘုရားတရားကိုသာ အောက်မေ့ပေတော့၊ မင်းက ငါ့လိုကောင်ကို မေ့ပြီး လူဆန်းလို အလေနတောကောင်နောက်ကို လိုက်ခဲ့တယ်ပေါ့၊ တကယ်တော့ ဒီကောင်ဟာ သူ့အဖေ တက်စထက်တောင် ဆိုးသေးတယ်၊ ဒါပေမယ့် မင်း သူ့ရုပ်ကို သဘောကျခဲ့တယ်၊ သူ့ဆံပင်ကောက်ကလေးတွေနဲ့ အပြောကလေးတွေကို မင်း သာယာခဲ့တယ်၊ ဒါပေမယ့် ခုတော့ မင့်ရိုမီယိုဟာ သူခိုးလူလိမ်ဆိုတာ မင်းသိပြီ မဟုတ်လား၊ ငါ့ကိုကျတော့ မင်းက ဂျာမန်သူလျှို၊ အကျင့်မကောင်းတဲ့ကောင်လို့ မြင်ခဲ့တယ်၊ မင်းမှားတယ်။ တကယ်တော့ ပြင်သစ်ပြည်ကြီးကို ကယ်တင်နိုင်သူဆိုလို့ ငါတယောက်ပဲရှိတယ်၊ အဲဒါ မင်းသိရဲ့လား”

မာရီက ခါတိုင်းကဲ့သို့ မလှုပ်မရှား လဲလျောင်းလျက်။ ခေါင်းက ခေါင်းအုံးပေါ်မှ ငိုက်လျက်နေသည်။

“ပြောလေ၊ ဘာဖြစ်လို့ ငြိမ်နေတာလဲဟင်... -ဘသယ်မ”

ဖြူလျော်နေသည့် မာရီ၏ နှုတ်ခမ်းပေါ်တွင် အမြှုပ်များကို မြင်ရ၏။ မွေးစကလေး နှုတ်ခမ်းတွင် တွေ့ရသည့် အမြှုပ်မျိုး။ ဂရမ်ဒယ်သည် မျက်မှောင်ကုပ်၍ ကြည့်လိုက်ပြီး အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။

ညနေစောင်းလောက်တွင် နေလုံးကြီး ပေါ်လာ၏။ ပင်လယ်ပေါ်တွင် အုပ်ဆိုင်းနေသည့် နို့နှစ်ရောင်နှင်းမြူများသည် လိမ္မော်ရောင်ဖျော့ဖျော့ သမ်းလာကြသည်။ သောင်ပြင်ပေါ်မှ သဲလှိုင်းတွန့်များက လ၏မျက်နှာပြင်နှင့် တူသလိုလို။ သောင်ပြင်ကြီးသည် ဆံပင်တွေကို ဖြန့်ခင်းထားသလို လှိုင်းရာတွေ အတွန့်အတွန့် ထနေ၏။ သဲကမ်းပါးစောင်းများတွင် ပေါက်နေသည့် ခြောက်သွေ့သွေ့ မြေဝပ်နွယ်ပင်များသည် ကြောက်လန့်သည့်ဟန်ဖြင့် ကုပ်နေကြလေ၏။ သောင်ပြင်ကြီးအဆုံးတွင် လှိုင်းခေါင်းဖြူတွေ ထနေသည့် ပင်လယ်ကြီး။ ဒီရေကျစပြုနေပြီ။ ပေါက်ကွဲမှုများကြောင့် ရေစက်ရေမွှားများသည် အပေါ်သို့ ပန်းတက်လာကြ၏။ ရေထဲတွင် တဝုန်းဝုန်း ပေါက်ကွဲလျက်ရှိသဖြင့် ရေသည် ဆူပွက်နေသည့်နှယ် ထင်ရသည်။ အမြောက်ကျည်တွေ တဝုန်းဝုန်း ကျနေသည့်တိုင် သောင်ပြင်နှင့် ရေပြင်သည် အသက်ကင်းမဲ့သည့် ဘုံကြီးတခုနှင့် တူနေသည်။

လူဆန်းသည် မြူတွေကို ကြည့်ယင်း မြူကန့်လန့်ကာကြီးကို ဆုတ်ဖြဲဖယ်ရှားပစ်လိုက်ချင်သည်။ သောင်ပြင်ပေါ်က သဲလှိုင်းတွန့်တွေကို မှုတ်ထုတ်ပြီး ပင်လယ်ကြီးထဲသို့ ခုန်ဆင်းချလိုက်ချင်သည်။ လူဆန်းသည် သဲပြင်ထဲတွင် ယိုင်တီးယိုင်တိုင်ဖြင့် လျှောက်လာခဲ့သည်။ သူနှင့် မနီးမဝေးတွင် ဖြတ်သူ စက်သေနတ်သမားတွေ ရှိသည်။ သို့ရာတွင် ဘယ်နေရာဟု သူမသိ။ သူ့တွင် ကျည်ဆန် မရှိတော့။ ရှိသမျှကို အကုန်သွန်၍ ပစ်ခဲ့ပြီးပြီ။ သူ့လက်ထဲတွင် လက်ပစ်ဗုံးတလုံးသာ ကျန်တော့သည်။ လက်ပစ်ဗုံးကို အမြတ်တနိုး ငုံ့ကြည့်လိုက်သည်။ ထိုပစ္စည်းသည် နောက်ဆုံးရေစက်တစက်လို သူ့အတွက် အဖိုးတန်သည်။

တိုက်ပွဲဖြစ်နေသည်မှာ ဆယ့်တရက်ရှိပြီ။ မြေပုံကို ငုံ့၍ပင် မကြည့်မိ။ ရှေ့တွင် ပင်လယ်ကြီး။ သူ့ရဲဘော်များက သူ့ကို ခေါ်နေကြပြီ။ မြူတို့၏နောက်တွင် အင်္ဂလိပ်သင်္ဘောတွေ ရှိသည်။ ရေလက်ကြားတဘက်တွင် အင်္ဂလန်ပြည် ရှိသည်။ သူ မသွားချင်။ အင်္ဂလိပ်တွေနှင့် အတူတူ တနေ့လုံး နေခဲ့ပြီးပြီ။ ယခု သူတို့ မရှိကြတော့။ ယခု သောင်ပြင်ကြီးထဲတွင် သူတယောက်ထီးတည်း။

တိုက်ပွဲ စဖြစ်သည့်နေ့မှစ၍ လူဆန်းသည် ကိုယ့်ကိုယ်ကိုယ် သေပါစေဟု ဆုတောင်းခဲ့သည်။ ရန်သူစက်သေနတ်တွေ ပစ်နေသည့်ကြားထဲသို့ အတင်းတိုးတက်ခဲ့သည်။ လက်ထဲတွင် လက်ပစ်ဗုံးတလုံးကိုကိုင်၍ တွားတက်လာပြီး ဂျာမန်တင့်ကားတစီးကို လက်ပစ်ဗုံးဖြင့် ပစ်ခဲ့သည်။ ဘယ်လဂျီယန် လယ်သမားတဦး၏ လယ်တဲထပ်ခိုးမှ နေ၍ ဂျာမန်တယောက်ကို

ချောင်းပစ်ခဲ့သည်။ သို့ရာတွင် သေမင်းသည် ရှောင်နေဆဲ။

သတင်းစာများကိုလည်း မဖတ်တော့။ တနေ့တွင်မူ ခရမ်းချဉ်သီး ထုပ်လာသည့် စာရွက်တရွက်ကို ဖတ်မိ၏။ "ယန္တရားတပ်ဆင်ထားသည့် ဂျုံးအော့အော့ စစ်သည်များက ကျွန်ုပ်တို့ကို ကူညီတော့မည်" ဟု သတင်းအတိုကလေးတပုဒ်ကို ဖတ်လိုက်ရသည်။ လူဆန်းသည် စာရွက်စုတ်ကလေးကို လုံးချေ၍ လွှင့်ပစ်လိုက်သည်။ ကျိန်ဆဲခြင်းပင် မပြုတော့။ သူ့ရဲဘော်များကမူ ဂျာမန်တို့ကို ကျိန်ဆဲသည်။ အချို့က အင်္ဂလိပ်တို့ကို ကျိန်ဆဲသည်။ အချို့က ပြင်သစ်စစ်ဗိုလ်ချုပ်များကို ကျိန်ဆဲသည်။ လူဆန်းက ဘာမျှမပြော။ လူဆန်းသည် သဘာဝမကျသည့် အသံဖြင့် သီချင်းဆိုနေတတ်သည်။

ယခု ဘယ်လဂျီယန်တို့ လက်နက်ချပြီ။ သူတို့ လက်နက်ချတော့ကော ဘာဖြစ်သနည်း။ လူဆန်းသည် အောင်ပွဲကိုလည်း မယုံကြည်တော့။ ဘရီကျူးအား လျှို့ဝှက်စာရွက်စာတမ်းတွေ ခိုးပေးခဲ့သည်ကို အမှတ်ရ၏။ သူ့အဖေတက်စနှင့် ဗိုလ်ချုပ်ပီးကာ့သည် ဘာမဆိုလုပ်မည့် လူစားမျိုးဖြစ်ကြောင်း လူဆန်း ကောင်းကောင်းသိသည်။ သူတို့အားလုံးသည် ဟာစ်တလာနှင့် အဆက်အသွယ်ရှိနေကြသည်။ သို့ဆိုလျှင် ကိစ္စပြတ်တော့မည်။ သူလည်း လောကကြီးတွင် မနေချင်တော့။ သူ့အတိတ်အကြောင်းကို ပြန်မတွေးချင်တော့။ ပြန်တွေးရသည်နှင့်စာလျှင် သေရသည်ကမှ တော်ဦးမည်။ ပင်လယ်အောက် ကြမ်းပြင်အထိ ဆင်းသွားပြီး တနေရာသို့ ရေကူးထွက်သွားချင်သည်။ သို့ရာတွင် စစ်ရှုံးလာပြီး အယူသည်းသည့် တပ်မတော်တခုက စစ်သားတယောက်အဖို့မူ မိုက်ရူးရဲ အသေခံရန်မှအပ အခြားလမ်းမရှိတော့။ ယခုလို အန္တရာယ်တောတွင် နေရသည်က ဘရီကျူး၏ ဩဇာမှ ကင်းလွတ်စေသည်။ ငွေတွေ၊ ပျော်ရွှင်မှုတွေမှ ကင်းဝေးစေသည်။ တနည်းပြောရလျှင် ဘရီကျူးဂိုဏ်းတွင်ပါ၍၊ ငွေရှာ၍၊ အပျော်အပါးလိုက်စားရနှင့် ညစ်နွမ်းသည့် ဘဝသို့ ပြန်ရောက်ဦးတော့မည်။

လွန်ခဲ့သည့် ဆယ်ရက်အတွင်းတွင် အဖြစ်အပျက်တခုကြောင့်သာလျှင် လူဆန်း ပျော်သလိုလို ဖြစ်မိသည်။ အခြားမဟုတ်။ ရေ့တန်းစစ်မျက်နှာတနေရာတွင် သူ့ပေါင်းဟောင်းသင်းဟောင်း ဂျင်တီးနှင့် သွားတွေ့ကြခြင်းဖြစ်သည်။ ဂျင်တီးက ဇာတ်မင်းသား။ သူ့ကို ပါရီတွင် မသိသူမရှိ။ အထက်တန်းလွှာ ပရိသတ်တို့၏ အချစ်တော်။ သဘင်ပါရမီ မရှိသော်လည်း ပရိသတ်ကြိုက်အောင် လုပ်တတ်သည်။ ရုပ်ချောသည်။ ဇိမ်ကျကျ နေချင်သည်။ လောကကြီးကို ဖဲဝိုင်းတွင်ခင်းသည့် သက္ကလတ်စိမ်း စားပွဲခင်းကြီးပမာ သဘောထားကာ ပိုက်ဆံတို့ကို သွန်ကြဲပစ်တတ်သည်။ ငှက်သည် ဆန်စေ့ကလေးများကို ကောက်ယူစားသွားသလို အပျိုမကလေးများ၏ ပိုက်ဆံအိတ်များနှင့် မုဆိုးမများ၏ စုငွေကလေးများကြားတွင် ပြေးလွှားကာ ငွေကို ရေလို သုံးတတ်သည်။

ယခုဆို သူသည် တင့်ကားတပ်တတပ်တွင် တပ်သားဖြစ်နေပြီ။

ပြင်သစ်တင့်ကားရှစ်စီးသည် ရန်သူစခန်းနားရောက်အောင် အတင်းတိုးတက်သွားခဲ့ကြသည်။ ရန်သူစခန်းများသို့ ရောက်သည့်အခါတွင် ခေတ်ဆီကုန်သွားသဖြင့် ရပ်သွားကြ၏။ တင့်ကားရှစ်စီးသည် ရန်သူများကို ညနေစောင်းထိအောင် သဲသဲမဲမဲ ခံပစ်နေကြသည်။ မနက်ကျမှ စစ်ကူရောက်လာသည်။ ထိုအခါတွင် တင့်ကားငါးစီး မီးလောင်ပြီးလေပြီ။ ဂျင်တီးသည် မသေမပျောက် တင့်ကားထဲမှ ပြန်ထွက်လာ၏။ သူ့ တကိုယ်လုံး မည်းလျက်။ သူ့ကို ဝိုင်းဝန်းမေးကြသည့်အခါတွင် ဘာမျှမပြော။ လူဆန်း သူ့ကိုကြည့်သည်။ သူ့ကိုကြည့်ပြီး မြောက်ဝင်ရိုးစွန်းတွင် သွေးဆိပ်တက်၍

သေခါနီးဖြစ်နေသည့် လာရင်ဂျေးကို လူဆန်း အမှတ်ရသည်။ မိနစ်ကလေး အနည်းငယ်သည်လည်း လူတယောက်ကို ပြောင်းလဲသွားစေနိုင်သည်သာ။

လူဆန်းသည် သူ့ကိုကြည့်၍ တရားကျသွား၏။ သေချင်စိတ်တွေ ပျောက်သွားကာ လူ့ဘဝကို ခုံမင်လာသည်။ သူ့ရဲဘော်များကိုလည်း တွယ်တာလာ၏။ ရဲဘော်တွေ အရေးကြုံ၍ ဒုက္ခရောက်နေလျှင် လူဆန်း လိုက်ကယ်သည်။ သူ ဘာလုပ်နေသည်ကို ကောင်းကောင်းပင် စဉ်းစားချိန်မရ။ ပင်လယ်ကြီးကို မြင်သည့်အခါတွင် လူဆန်း ဝမ်းသာ၏။ လူတွေကို အကောင်းမြင်လာသည်။ တခါတရံတွင်မူ ဂျဲနက်၏ မျက်လုံးရွဲကြီးများကို အမှတ်ရ၏။ မျက်ရည်တွေကို အမှတ်ရ၏။ ဂျင်နီအိပ်ခန်းထဲက ကြီးမားကျယ်ပြန့်သည့် ခုတင်ကြီးကို အမှတ်ရ၏။

ပင်လယ်ကမ်းခြေတွင် ရောက်နေသည့် ပြင်သစ်တပ်စုကလေးများသည် ရန်သူများကို ရှေ့သို့မတိုးနိုင်အောင် တားထားကြသည်။ ထိုနေ့မှာ ပင်လယ်ကမ်းခြေမှ တပ်များ ပြောင်းရွှေ့သည့် နောက်ဆုံးပိတ်နေ့ဖြစ်သည်။

သောင်ပြင်ထဲက သဲကမ်းပါးများကြားတွင် တိုက်ပွဲများ ပြောက်ကျိုပြောက်ကျား ဖြစ်ဆဲ။ တပ်သားများသည် သောင်ပြင်ထဲတွင် ဝမ်းလျားမှောက်ယင်း တယောက်အနားသို့ တယောက်တိုးလာကြကာ လက်ပစ်ဗုံးများဖြင့် ပစ်ကြသည်။ လှံစွပ်များဖြင့် တိုက်ခိုက်ကြသည်။ သူတို့ခေါင်းပေါ်တွင် မီးခိုးတန်းကြီးများသည် နေခြည်နှင့် ရောထွေးကာ လေထဲတွင် ပျံ့ဝဲလျက်ရှိကြ၏။

လူဆန်းသည် သဲကမ်းပါးတခုပေါ်သို့ တွယ်တက်လာကာ သဲကမ်းပါးထိပ်တွင် လှဲလိုက်သည်။ အဝေးတွင် ပင်လယ်ကမ်းစပ်ကို မြင်ရ၏။ အထက်ပိုင်း ကိုယ်တုံးလုံး ဖြစ်နေသည့် လူများသည် တွားသွားကာ ရေထဲတွင် ငုပ်နေကြသည်။ သူတို့အထဲမှ တော်တော်များများ ကျည်ထိ၍ ကျဆုံးကြ၏။ ငါးကြီးတကောင် ဖြတ်ကူးသွားသည့်နှယ် ပင်လယ်ရေပြင်သည် အမြှုပ်တွေ ထနေသည်။ အဝေးတွင် အမြောက်ဆန်တွေ ကျသဖြင့် ရေတွေ ဖွာထွက်နေသည်။ တော်တော့ သတ္တိဖြင့် မခံနိုင်။ မိုက်ရူးရဲလုပ်သည့် သတ္တိမျိုးဖြင့်သာ ဤတိုက်ပွဲမျိုးကို ကြံ့ကြံ့ခံနိုင်လိမ့်မည်။ ပို၍ မိုက်ရူးရဲကျသူတို့မှာ သွေးရူးသွေးတမ်းဖြင့် သဲကမ်းပါးကြီးပေါ်တွင် မားမားကြီးရပ်ကာ ရှေ့တက်လာသည့် ရန်သူကို သေနတ်ဖြင့် ဆီးပစ်၏။ ထိုစဉ် ဂျာမန်လေယာဉ်တို့ ရောက်လာကာ ရေပြင်နှင့် သောင်ပြင်ကို ဗုံးတွေ တရစပ် ကြဲချကြပြန်သည်။ မှောင်လာသည့်အခါတွင် ပင်လယ်ရေပြင်သည် ရွှံ့နှစ်ရောင်ထနေသည့်နှယ် မည်းမှောင်စပြုလာ၏။

ခြောက်သွေ့နေသည့် ကိုင်းပင်ကြီးများကြားမှ သံခမောက်တလုံး သူ့ဘက်သို့ တရွေ့ရွေ့ လာနေသည်ကို မြင်ရ၏။ မိမိတို့ဘက်သို့ တက်လာသည့် ဂျာမန်စစ်သားများ ဖြစ်သည်။ လူဆန်း ဘာကိုမျှ မစဉ်းစား။ ထခုန်ကာ တအားကုန်းအော်လိုက်ပြီးနောက် လက်ပစ်ဗုံးကို ပစ်ထည့်လိုက်သည်။ လူဆန်း၏ အော်သံသည် ပွဲတင်ထပ်နေသည်။ ထိုပွဲတင်သံကို သေနတ်သံတွေက ဖုံးသွားသည်။ ဂျာမန်တယောက် လူဆန်းထံသို့ တည့်တည့်ကြီး ပြေးလာ၏။ လူဆန်းကလည်း သူ့ဆီသို့ တည့်တည့်ပြေးလာသည်။ သူတို့နှစ်ယောက်သည် တယောက်နှင့်တယောက် တိုက်မိ၍ လဲကျသွားသည်။ တယောက်ကိုတယောက် လုံးထွေးသတ်ပုတ်နေကြသည်။

နောက်တွင်မူ ဂျာမန်ကြီးလက်မှ မည်သို့ရုန်းထွက်လာသည်ကို သူ မမှတ်မိတော့။ သူ့လည်ပင်းကို ညှစ်ထားသည့် ဂျာမန်လက်မှ ခက်ခက်ခဲခဲလွတ်အောင် မနည်းလုပ်ခဲ့ရသည်ကိုသာ မှတ်မိတော့သည်။ ဂျာမန်၏လက်က

သေးသွယ်ကျစ်လျစ်၍ သန့်မာသည်။ လက်တွင် အကြောကြီးတွေ အပြိုင်းပြိုင်းနှင့်။ “ဒီကောင်ကြီးက လက်သည်းလဲ မညှပ်ဘူး၊ အရှည်ကြီးတွေ” ဟု တွေးလိုက်မိသေးသည်။ မျက်နှာကိုကား မကြည့်မိ။

ယခု သူ့လက်ထဲတွင် နောက်ဆုံးကျန်ခဲ့သည့် လက်ပစ်ဗုံးလည်း မရှိတော့။ စိုစွတ်အေးမြသည့် သောင်ပြင်တလျှောက်တွင် တအားပြေးလာခဲ့သည်။ ဒီရေကျသဖြင့် ပင်လယ်က တော်တော်ဝေးသွားပြီ။ ရေစပ်ကို ရောက်ခါလှချည့်။ ရေစပ်သို့ ရောက်သည်နှင့် ရေထဲသို့ ခုန်ချပြီး ကူးလာခဲ့သည်။ ကြောက်၍ ပြေးခြင်းမဟုတ်။ သေမင်းရှိရာသို့ ကူးခတ်နေခြင်း ဖြစ်သည်။ သူ့ရှေ့ရေပြင်တွင် အမြောက်ကျည်ဆန်တွေ၊ သေနတ်ကျည်ဆန်တွေ တဝီဝီ ကျနေသည်။ မောလွန်းသဖြင့် ပါးစပ်ကိုဟ၍ အသက်ရှူရ၏။ သစ်ကြားသီးရောင် သူ့ဆံပင်သည် မီးတောက်လို နီရဲလျက်။

သည်တချီတွင်လည်း သူ့ကို ရောင်ကွင်းသွားပြန်ပြီ။ ကူးယင်း ခပ်ယင်း အင်္ဂလိပ် မော်တော်ဘုတ်တစီးနားသို့ ရောက်သွားသည်။ သူတို့က သူ့ကို ဘောင်းဘီတထည်နှင့် ဝီစကီတလုံး ပေးသည်။ လူဆန်းသည် ဝီစကီကို မော့လိုက်ယင်း ကျိန်ဆဲလိုက်၏။ အိပ်မက် ဆိုးတခု မက်ပြီးပြန်ပြီ။ အင်္ဂလိပ်တယောက်က သူငယ်ကလေးတယောက်လို ပြုံးကာ ပြင်သစ်စကား မပီတပီဖြင့် “ကျွန်တော်တို့ နိုင်တော့မှာပါဗျ” ဟု ပြောသည်။

လူဆန်းက ခေါင်းညိတ်လိုက်၏။ “အင်း သေလို့တော့ မဖြစ်သေးဘူး၊ နေရဦးမယ်၊ နေရတာဟာ ဒုက္ခပေမယ့် မတတ်နိုင်ဘူး၊ နေရဦးမယ်” ဟု တယောက်တည်း ပြောနေသည်။

အိမ်နီးနားချင်းများက သူ့ကို တအံ့တသြကြည့်၍ တီးတိုးပြောကြသည်။ အဂ္ဂနိစ်သည် အဘယ့်ကြောင့် ဤမျှတည်ငြိမ်နေသည်ကို သူတို့နားမလည်နိုင်။ တချို့က ပြောင်ပြောင်ပင် ဖွင့်ပြောကာ “ရှင့်လို စိတ်ခံတတ်မျိုးကတော့ ရှားပါတယ်” ဟု ဆိုကြသည်။ တချို့ကလည်း “လင်တယောက်လုံး သေတာတောင် ဘာမှမဖြစ်သလိုပဲ” ဟု အတင်းပြောကြသည်။ အဂ္ဂနိစ်ကား လေ့ကျင့်ခန်းစာအုပ်များကို ဖတ်မြဲ။ သစ်ရွက်ပန်းပွင့်ကို ဆွဲမြဲ။ သူ့အခန်းကို သန့်ရှင်းမြဲ။ ဒိုဒိုကလေးအတွက် အင်္ကျီဘောင်းဘီကလေးတွေ ထိုးမြဲ။ ပီယာကျပြီဟု ကြေးနန်းစာရွက်ဝါဝါကလေး ရောက်သည့်အတွက် ဆိုင်ရာက သူ့ကို ငွေခြောက်ရာ ထုတ်ပေးသည်။ “ငွေရကြောင်း လက်မှတ်ကလေး ထိုးပေးပါ” ဟု သူတို့က ပြောကြ၏။ လက်မှတ်ထိုးသည့်အခါတွင် ကလောင်တံကလည်း တခြစ်ခြစ် မမြည်။ အဂ္ဂနိစ်၏ မျက်လုံးများတွင်လည်း မျက်ရည်မဝဲ။ ဒိုဒိုကမူ “ဖေဖေ ဘယ်တော့ပြန်လာမလဲ” ဟု မကြာခဏ မေးတတ်၏။ “မကြာခင် ပြန်လာမှာပါ သားရယ်” ဟု အဂ္ဂနိစ်က ဖြေသည်။ မနက်ဆိုလျှင် ကျောင်းတက်ရမည် ဖြစ်သဖြင့် ကလေးကို အဘွားကြီး မီလာနီထံ သွားပို့ရသည်။ အဘွားကြီး မီလာနီကမူ ဒိုဒိုကလေးကိုမြင်လျှင် ငိုမြဲ။ ဘွားဘွား ဘာလို့ ငိုတာလဲဟု မေးလျှင် သွားကိုက်လို့ပါကွယ်ဟု ဖြေ၏။ အဂ္ဂနိစ်က ဘယ်တော့မျှ မငို။ အလျင်တုန်းကမူ အဂ္ဂနိစ် စိတ်ခံတတ်ခိုင်မာကြောင်းကို သိသူဆို၍ ပီယာ တယောက်တည်းသာ ရှိ၏။ “အဂ္ဂနိစ်ဟာ သေနတ်တွေ ကျည်ဆန်တွေကို ရင်ဆိုင်ယင်တောင် ဘာမှဖြစ်မှာ မဟုတ်ဘူး” ဟု ပီယာက ပြောလေ့ရှိသည်။ သောကနှင့် အထီးကျန်ဖြစ်မှုသည် အဂ္ဂနိစ်၏ရုပ်ကို ပြောင်းလဲသွားစေခဲ့ပြီ။ သနားကြင်နာ၍ မှုန်မှိုင်နေသည့် သူ့မျက်လုံးများသည် တင်းမာခက်ထန်လာသယောင် ထင်ရ၏။ ယခင်ကဆိုလျှင် ရှက်၍ ခေါင်းကို ငုံ့ထားတတ်သည်။ ယခုမူ ခေါင်းမော့၍ ရင်ကိုကော့ထားသည်။ “မိန်းမကို ကြည့်ရတာ လုလို့တော့၊ နွေဦးပေါက်မှာပွင့်တဲ့ ဒေစီပန်းကလေး ကျနေတာပဲ၊ မကြာပါဘူးအေ၊ နောက်လင်ယူမှာပါ” ဟု မိန်းမကြီးများက

အတင်းပြောကြသည်။

ညရောက်လျှင်ပင် အဂ္ဂနိစ် မငို။ မျက်လုံးအကြောင်သားနှင့် ဖြစ်နေသည်။ အိပ်ရန် ကြိုးစားသည့်တိုင် အိပ်၍မပျော်။ သူ့ဘဝသူ ပြန်တွေးသော်လည်း တွေး၍မရ။ သူ့ချစ်လင် ပီယာသည် မည်သည့်အတွက် အသက်သေခံသွားသနည်းဟု စဉ်းစားကြည့်၏။ တွေး၍ အဖြေမပေါ်တိုင်း စိတ်ထဲတွင် သောကဖြစ်ရသည်။ သူနှင့် ပီယာတို့ မကြာခဏ စကားများခဲ့ကြသည်ကို အမှတ်ရသည်။ ပီယာက နိုင်ငံရေးကို စိတ်ဝင်စားသည်။ တော်လှန်ရေးကို သဘောကျသူ။ စပိန်ပြည်က မြို့တမြို့ ကျသွားတိုင်း သူ့အသည်းနှလုံးတွေက တပိုင်းစီ ပဲ့ကျသွားသလို ခံစားတတ်သူ။ အဂ္ဂနိစ်က သူ့လိုမဟုတ်။ မည်သို့ဖြစ်စေ ပီယာသည် စိတ်အားထက်သန်သူ၊ တခါတလေတွင် သူ့ကို မနာလိုဝန်တိုပင် ဖြစ်မိသေး၏။ စပိန်သို့ ထွက်သွားသည့်အခါတွင် စိုးရိမ်လိုက်ရသည့်ဖြစ်ခြင်း။ “ဘယ်အချိန် ကျဆုံးပြီ” ဟု သတင်းကြားရမလဲဟဲ့နှင့် တထိပ်ထိပ်။ ထိုနောက် စစ်ကြီးဖြစ်လာသည့်အခါတွင် ပီယာသည် စကားတလုံးမျှ မပြောပဲ စစ်တပ်ထဲသို့ လိုက်သွားခဲ့သည်။ ဘူတာရုံ ရောက်သည့်အခါတွင်မှ “ဒီစစ်ဟာ မောင်တို့တိုက်ချင်တဲ့ စစ်ပွဲမျိုး မဟုတ်ဘူး” ဟု တခွန်းသာ ပြောသွားသည်။ ယခု သူတို့စစ်မဟုတ်ပဲ သူများတွေတိုက်သည့် စစ်ပွဲတွင် ပီယာ ကျဆုံးခဲ့ပြီ။ သေခါနီးတွင် သူ ဘာတွေများ တွေးသွားလေသနည်း။ သူနှင့် သားကလေးအကြောင်းကို တွေးမိမှ တွေးမိပါလေစ။ သို့မဟုတ် သူတိုက်ချင်သည့် စစ်ပွဲအကြောင်းကို တွေးယင်း သေသွားလေသလော။ ပီယာနှင့် တသဘောတည်း ဖြစ်ချင်သည်။ သူ့ကို နားလည်ချင်သည်။ အမှန်တရားကို သိချင်သည်။ သို့ရာတွင် မရ။ အဂ္ဂနိစ်သည် သားလေးခုတင်နားသို့ လျှောက်လာခဲ့၏။ သားလေး၏ အသက်ရှူသံကို ရပ်၍ နားထောင်နေသည်။ ဒို့ဒို့ကိုကော သတ်ပစ်ခဲ့ကြလျှင် ဘယ့်နှယ်လုပ်မည်နည်း။ ပျော်စရာအတိတ်၊ ပျော်စရာနွေဦးတုန်းက အရာဆို၍ သားလေးတယောက်သာ ကျန်တော့သည်။

သို့ရာတွင် မနက်လင်းသည်နှင့် စာသင်ခန်းထဲရောက်လျှင် အဂ္ဂနိစ်သည် ခါတိုင်းကဲ့သို့ ရွှင်လန်းနေမြဲ။ မနေ့ညက မည်မျှ စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့ရသည်ကို မည်သူမျှ အကဲခတ်၍ မရနိုင်။

အဂ္ဂနိစ်၏ သတ္တိသည် မွေးရာပါသတ္တိ ဖြစ်၏။ သည်သတ္တိကို ဘိုးဘေးများထံမှ ရခဲ့ခြင်းဖြစ်သည်။ သူ့ဘိုးဘေးများသည် ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ကြရသည်။ အသက်ကလေးတချောင်းကို ရုန်းကန်မွေးခဲ့ကြရသည်။ ချစ်သူခင်သူတို့နှင့် သေကွဲရှင်ကွဲ ကွဲခဲ့ကြရသည်။ ပါရီဆင်ခြေဖုံးရပ်ကွက်က အိမ်များသည် လမ်းတိုက်ပွဲများမှ ယမ်းခိုးယမ်းငွေ့တွေ စွဲနေကြသကဲ့သို့ ဘိုးဘေးများသည်လည်း အကျပ်အတည်းတွေ၊ တိုက်ပွဲတွေကို ကြုံခဲ့ကြရသည်။ စစ်ပွဲတလျှောက်လုံးတွင် သူ့အဖေသည် အလုပ်ကို ခါးကျိုးမတတ် လုပ်ခဲ့ရသည်ဟု ပြောပြလေ့ရှိ၏။ ဘောင်းဘီစုတ် ချုပ်ရသည်။ မီးခြစ် လုပ်ရသည်။ လယ်သမား လုပ်ရသည်။ မြက်ခြောက် ရိတ်ရသည်။ “ဒီလိုနဲ့ အသက်ရှင်လာတာပါကွယ်၊ လျှာပေါ်မြက်ပေါက်သေတဲ့ မသာရယ်လို့ မရှိပါဘူး” ဟု အဖေက ပြုံး၍ ပြောတတ်၏။ ယခု အဂ္ဂနိစ်လည်း အဖေ့လမ်းစဉ်ကို လိုက်နေရပြီ။

လမ်းမများပေါ်တွင် ဒုက္ခသည်တွေကို မြင်ရပြီး ကျည်ဆန်ပေါက်တွေဖြစ်နေသည့် ကားကြီးတစီးပေါ်တွင် ကလေးငယ်တွေကို မြင်ရသည့်အခါတွင် အဂ္ဂနိစ်ကျောထဲတွင် စိမ့်သွား၏။ ပီယာ ကျဆုံးခဲ့ပုံကိုလည်း မတွေးမိ။ သားလေး၏ အနာဂတ်ကိုလည်း မစဉ်းစားမိ။ သို့ရာတွင် သူတို့ကို မြင်သည့်အခါတွင် အဂ္ဂနိစ် ထိတ်လန့်ခြင်းမရှိပဲ မနေနိုင်။ ကျည်ဆန်ပေါက်တွေ ဖြစ်နေသည့် ကားကြီးသည်

အိပ်မပျော်သောညများ၏ နောက်ဆက်တွဲ ဖြစ်သည်ဟု ထင်မိသည်။

အိမ်ပြတင်းပေါက်များတွင် စက္ကူများကို ကပ်ကြပြန်ပြီ။ အဂ္ဂနိစ်က စက္ကူစကလေးကို ပန်းပုံတွေဖော်ပြီး သူ့ပြတင်းပေါက်တွင် ကပ်သည်။ သူ့ပြတင်းပေါက်ကို ကြည့်ရသည်က နှင်းခဲတွေ သီးနေသည့်နှယ်။ နှင်းဆီပွင့်ပုံ၊ ကြယ်ပုံ၊ အုန်းရွက်ပုံ။

"ဒါတွေက ဘာတွေလဲ မေမေ" ဒိုဒိုလေးက မေး၏။

"လေယာဉ်ပျံတွေပေါ့သားရဲ့ ၊ အလကား ပြောတာပါကွယ်၊ ဥယျာဉ်ကလေးပေါ့"

ပီယာ ငယ်ငယ်တုန်းက စပ်ခဲ့သည့် ကဗျာကလေးတပုဒ်ကို သူ အမှတ်ရသည်။ ထိုကဗျာကို ပီယာကမကြာခဏ ရွတ်ပြဖူး၏။

"ဘ၀ စည်းစိမ် ပင့်ကူအိမ်ကို၊

မသေမီက မြင်လိုက်ရ၍..."

နေ့တွေ တနေ့ပြီးတနေ့ ကုန်သွားကြသည်။ ဒုက္ခသည်များသည် ပါရီမြို့ထဲသို့ တနေ့ထက်တနေ့ ပို၍ ရောက်လာကြ၏။ လေလီက အရပ်သူ အရပ်သားတွေ၊ ဗာလင်ဆီနီးမှ ယက်ကန်းသည်တွေ၊ လင်းမှ သတ္တုတွင်းတူးသမားတွေ၊ ပီကာဒီမှ လက်သမားတွေ။ ဒုက္ခသည်များကို ထားစရာ မရှိတော့သဖြင့် အစိုးရက အဂ္ဂနိစ် စာသင်သည့် ကျောင်းကို ပိတ်ပင်လိုက်ပြီး ဒုက္ခသည်များကို နေရာချပေးထားသည်။ အဂ္ဂနိစ်သည် စစ်ပြေးဒုက္ခသည်များ သက်သာချောင်ချိရေးလုပ်ငန်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် စိတ်ရောကိုယ်ပါ တက်တက်ကြွကြွ ဆောင်ရွက်၏။ သားကလေး ဒိုဒိုကိုပါ ကျောင်းသို့ ခေါ်လာပြီး နာမကျန်း ဖြစ်သူများကို ပြုစုသည်။ သူတို့အတွက် ဆေးဝါးနှင့် အစားအစာ ရှာပေးသည်။ ထမင်းချက်ပေးသည်။ အဂ္ဂနိစ် တာဝန်ယူရသည့် အိမ်ထောင်က အိမ်ထောင်ကြီး။ သူတို့ကို ဖျောင်းဖျရသည်။ သူတို့ပြောသည့် အဆက်အစပ်မဲ့သော အဖြစ်အပျက်များကို နားထောင်ရသည်။ ဖိုးမီးဘက်မှ အမျိုးသမီးတယောက်က သူ့စွန့်စားခန်းများကို ပြောပြသည်။

"အဲဒီတော့ မနက် ၇ နာရီပဲ ရှိသေးတယ်၊ ဂျာမန်လေယာဉ်တွေ လာမယ်ဆိုတာ ဘယ်သိပါ့မလဲ"

သူသွားလေရာတွင် သွေးတွေစွန်းပေနေသည့် ကလေးသွားရည်ခံ အင်္ကျီကလေးတထည် အမြဲပါသည်။ သွေးတို့စွန်းထင်းလျက်။ သည်သွားရည်ခံကလေးကို သူ ဘယ်တော့မျှ မခွဲ။ ဗုံးမှန်၍ သေသွားသည့် သူ့ကလေးငယ်၏ သွားရည်ခံကလေး ဖြစ်သည်။

"အဲဒီတုန်းက ကျွန်မသားကလေးက ဆန်ပြုတ်သောက်လို့ရှင့်... တော်တော် ရိုင်းစိုင်းတဲ့ တိရစ္ဆာန်တွေ" ဟု အမျိုးသမီးက ကျိန်ဆဲနေသည်။

ဘယ်လဂျီယန် သတ္တုတွင်းတူးသမားတယောက်၏ မိန်းမက စစ်ပြေးယင်း သူ့ငါးနှစ်အရွယ် သမီးကလေး ဆုံးခဲ့ရပုံကို ပြောပြ၏။ နံဘေးမှ အဘိုးကြီးတယောက်ကမူ သူ့ချွေးမနှင့် မြေးများ ပျောက်သဖြင့် လိုက်ရှာနေသည်။ "ဘာဖြစ်လို့ ထွက်ပြေးလာတာလဲ" ဟု အဂ္ဂနိစ်က မေးသည်။ "ဟာ သိပ်ကြောက်စရာကောင်းတယ်၊ လေယာဉ်ပျံတွေက နိမ့်နိမ့်ကလေး ပျံလာတာ၊ ဗုံးတွေက အနားတွင်ကျတာ" ဟု အချို့က ပြောကြသည်။ တချို့ကမူ "ဘာရယ်၊ ဂျာမန်တွေအောက်မှာ နေရမှာလား၊ ဒီကောင်တွေအောက်မှာ လေးနှစ်လောက် နေခဲ့ပြီးပြီ၊ ပါရီကျတော့ ဒီကောင်တွေ ဘာမှန်းသိတာမှတ်လို့၊ ကျုပ်တို့တော့

ပါရီအကြောင်း ကောင်းကောင်း သိပြီးသား၊ ပြီးခဲ့တဲ့စစ်တုန်းက ဂျာမန်တွေ ရိုဆီးမြို့မှာ လူတွေကို ပစ်သတ်ခဲ့တာ မြင်ခဲ့ဖူးပြီလေ၊ ခုလဲ... ကျုပ်တို့မြို့မှာ လူနှစ်ယောက်ကို ဖမ်းပြီး ပစ်သတ်တယ်၊ မသေခင်မှာ ကိုယ့်ကျင်းကိုယ် အတူးခိုင်းလိုက်သေးတယ်၊ ဒီကောင်တွေဟာ ကလေးတွေကိုလဲ သနားတတ်တာ မဟုတ်ဘူး၊ ခွေး တိရစ္ဆာန်တွေ" ဟု ဆိုကြသည်။

အချို့ကမူ...

"ကျွန်မတို့တော့ ဘာမှ မသိပေါင်၊ သူများတွေပြေးတော့ ပြေးရတာပေါ့"ဟု ဝန်ခံကြသည်။ အမျိုးသမီးတယောက်က...

"ကျွန်မတို့မြို့ကို ဘာဂျာဆိုတဲ့လူ ရောက်လာတယ်လေ... ဘာဂျာက ဂျာမန်သူလျှို၊ ဖက်ဆစ်၊ သူကပဲ ပြောတာပဲ၊ ပြေးကြတဲ့၊ ခင်ဗျားတို့ကို ဂျာမန်တွေ သတ်ပစ်လိမ့်မယ်တဲ့...၊ သူကတော့ နေရစ်ခဲ့တယ်၊ သစ္စာဖောက်တွေ" ဟု ပြောသည်။

ဒုက္ခသည်များမှာ အမြဲပြောင်းနေသည်။ တသုတ်ကို တောင်ပိုင်းသို့ ပို့လိုက်ပြီး မကြာမီ နောက်တသုတ်ရောက်လာပြန်သည်။ ရီကွေးဆိုသည့် အဘိုးကြီးတယောက်သာလျှင် မပြောင်းပဲ ကျန်ရစ်သည်။ အဘိုးကြီးက အသက်လည်း ကြီးလှပြီ၊ ကောင်းကောင်းလည်း မကျန်းမာတော့။

"အဘရဲ့ အိမ်သူက ဆုံးတာ ကြာပါပြီကွယ်၊ သားကလဲ စစ်ထဲ လိုက်ရတယ်။ သေပလား ရှင်သလားတောင် မသိပါဘူး၊ ဒီတော့ အဘတယောက်တည်းပဲ နေရတာပေါ့။ အိမ်နီးနားချင်းတွေကတော့ လာပြောကြပါရဲ့၊ အဘရေ ဂျာမန်တွေ လာတော့မယ်တဲ့၊ ပြေးကြစို့တဲ့၊ ဒါပေမယ့် ခက်တာက အဘမှာ ယုန်ကလေးတွေ မွေးထားတော့ အဲဒီယုန်ကလေးတွေလဲ သံယောဇဉ် ဖြစ်နေတယ်ကွဲ့၊ နောက်တော့ ကမ္ဘာမီးလောင် သားကောင်ချနင်းမြဲ ဆိုသလို ယုန် ကလေးတွေကို ထားခဲ့ရတာပါကွယ်၊ တတ်နိုင်ပါဘူး၊ အဲ... အဘရဲ့ ခွေးကတော့ အဘနဲ့အတူ လိုက်လာတယ်ကွဲ့...၊ တော်တော် သစ္စာရှိတဲ့ခွေး၊ ခွေးကတော့ အိုလှပါပြီကွယ်...။ ဆယ့်နှစ်နှစ်လောက် ရှိရောပေါ့၊ နာမည်က ဖိုးလေးတဲ့၊ ကင်ပိန်းရောက်တော့ ရထားပေါ်က ဆင်းပြီး ခြေကျင်လာကြရတယ်...၊ ဂျာမန်လေယာဉ်တွေက မီးရထားကိုလိုက်ပြီး ဗုံးကြဲနေကြတာကိုး၊ ဘယ်မှာ မီးရထားနဲ့သွားလို့ ဖြစ်တော့မလဲ၊ အလျှင် စစ်ကြီးတုန်းကလဲ ဒီလိုပဲ၊ လူတွေ တကွဲတပြား ဖြစ်ကုန်တာပေါ့...၊ ဒါနဲ့ ခြေကျင် လာယင်းလာယင်းနဲ့ တနေရာရောက်လို့ လှည့်ကြည့်လိုက်တဲ့အခါကျတော့ အဘခွေးကြီး မပါလာတော့ဘူး"

တခါတရံတွင် အဘိုးကြီးသည် အိပ်ငိုက်နေယင်းက "ဖိုးလေးရေ၊ လာလာ" ဟု ယောင်ယမ်းခေါ်နေသည်ကို အဂ္ဂနိစ် မြင်ရသည်။

ရာသီဥတု သာယာကြည်လင်သည့် နွေရာသီတနေ့တွင် ဂျာမန်ဗုံးကြဲလေယာဉ်များ ပါရီမြို့ပေါ်သို့ ရောက်လာကြသည်။ ကောင်းကင်တခုလုံး မြည်ဟိန်းလျက်။ ပြတင်းပေါက်များမှာ လှုပ်ခါနေတော့သည်။ ဒိုဒိုကလေးက "မေမေ၊ ဗုံးဗုံး... ဗုံးဗုံးကျ" ဟု အော်သည်။ အဂ္ဂနိစ်က မနက်စာအတွက် အာလူးအခွံသင်နေတုန်း ယောင်ယမ်း၍ ဓားကို ခဏချထားလိုက်မိသည်။ ထို့နောက်... အာလူးကို အခွံဆက်သင်၏။ ထိုစဉ် လူတွေ ပြေးလာကြကာ "လူနှစ်ထောင်လောက် သေသတဲ့" ဟု အော်ပြောသွားကြသည်။ အဂ္ဂနိစ်သည် အထိန့်တလန့်ဖြင့် ဒိုဒိုလေးကို လက်မှ ဆွဲထားလိုက်သည်။ သူ့အတွက် မပူ။ ဒိုဒိုလေးအတွက် ပူသည်။ ပြီးမှ "အို... ငါ ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ မဟုတ်တာ" ဟု သူ့ကိုယ်သူ အပြစ်တင်သည်။

ညနေဘက်တွင် မြစ်ကမ်းက တာရိုးသို့ ဒိုဒိုလေးနှင့်အတူ လမ်းလျှောက်ထွက်လာခဲ့ကြ၏။ အိမ်ကြီးတအိမ်ဘေးတွင် လူတွေ ဝိုင်းအုံကာ အပျက်အစီးတွေကို မေးကြည့်နေကြသည်။ အချို့က ပါးစပ်အဟောင်းသားဖြင့်။ အချို့က ဒေါသထွက်လျက်။ အချို့က နောက်ပြောင်လျက်။ “သောက်ကျိုးနဲ့ သေသေချာချာများ လာပြီး ဖျက်ထားတဲ့အတိုင်းပဲ” ဟု လူတယောက်က ညည်းညူ၍ ပြောသည်။ အဆောက်အအုံကြီးသည် စနစ်တကျ ဖျက်ဆီးထားသကဲ့သို့ အပိုင်းပိုင်းပြတ်လျက်။ ကျောက်တုံးတွေ၊ သံချောင်းတွေ၊ သံရက်မကြီးတွေ၊ ပျဉ်ပြားတွေ။ သားရေဖုံးအုပ်ထားပြီး လက်မှတ်ထိုးထားသည့် စာအုပ်တအုပ်ကို အဂ္ဂနိစ် မြင်လိုက်ရ၏။ မပြိုပဲ ကျန်နေသည့် နံရံပေါ်တွင် သတို့သမီးအဝတ်အစား ဝတ်၍ ရိုက်ထားသည့် မိန်းမရွယ်တယောက်၏ ဓာတ်ပုံတပုံ။ ကလေးပုခက်ကလေး တလုံးကိုလည်း မြင်လိုက်ရသည်။ လသာဆောင် ဝရန်တာတွင် တင်လျက်...၊ နောက်ထပ် မကြည့်ချင်တော့သဖြင့် အိမ်သို့ ပြန်ပြေးခဲ့သည်။ သို့ရာတွင် အဆောက်အအုံပျက်ကြီးနှင့် မလှမ်းမကမ်း ကဖီးစြက်များတွင် လူတွေက တသောသော ရယ်လျက်။ ဆော်ဒါပုလင်း များမှ ရေပန်းများက ကောင်းကင်လို အပြာရောင်လွင့်လျက်။

ထိုညတွင် အဂ္ဂနိစ်သည် အိပ်မက်မက်ပြန်သည်။ ဘာကိုမျှ သတိရဟန်မတူ။ ဆာလောင်လျက်။ ခိုက်ခိုက်တုန် ချမ်းအေးလျက်။ အဂ္ဂနိစ်သည် ပီယာကို နွေးထွေးအောင် လုပ်ချင်သည်။ ထွေးပိုက်ချင်သည်။ သို့ရာတွင် မလုပ်နိုင်။ အဂ္ဂနိစ်သည် အိပ်ရာမှ နိုးလာကာ တလူးလူး တလိမ့်လိမ့်ဖြင့် အချိန်ကုန်ရသည်။ အရုဏ်တက်ခါနီးလောက်တွင် လေယာဉ်ပစ် အမြောက်သံများကို ကြားရ၏။ ဒိုဒိုလေးမှာ အိပ်ယင်း ယောင်ယမ်းလျက် ရှိလေသည်။

တက်စသည် အိပ်ရာမှ ရွှင်လန်းစွာ နိုးလာ၏။

ဂျူလီယော့နှင့် စကားပြောခဲ့ရစဉ် ခပ်ကြွားကြွားကလေး ပြောခဲ့မိသည်။

"ခင်ဗျားဂျာမန်ကောင်တွေ ဝေဂန်ရဲ့ စစ်ကြောင်းကို ဝင်တိုက်ယင်တော့ သံတိုင်ကြီးကို ခေါင်းနဲ့ ဝင်ဆောင့်သလို ဖြစ်မှာပဲဗျ၊ စောင့်သာကြည့်၊ တကယ့်တိုက်ပွဲကြီး ခုမှစတော့မယ်လို့တောင် ရေးနိုင်ပြီ"

"ရေးတာကတော့ လွယ်ပါတယ် ဝန်ကြီး" ဂျူလီယော့က ပြောသည်။ "ဒါပေမယ့် ဒါက အရေးမကြီးပါဘူးခင်ဗျ။ ဝန်ကြီး ရယ်ချင်လဲရယ်၊ လှောင်ချင်လဲလှောင်၊ ကျွန်တော်က အယူသည်းတတ်တယ်၊ ပွင့်ပွင့်လင်းလင်း ပြောရယင်၊ ခုဟာက ဂျာမန်တွေကို လူတွေကိုယ်တိုင်က ခေါ်နေကြတာခင်ဗျ၊ သူတို့ပြောပုံကိုလဲ ကြည့်ဦးလေ၊ ဂျာမန်တွေ လာတော့မယ်၊ ဂျာမန်တွေ လာတော့မယ်တဲ့၊ ပြောနေလိုက်ကြတာ၊ ဟော... ခုတော့ လာကုန်ပြီခင်ဗျ"

"အလကားစကားတွေပါဗျာ၊ မလာဘူးဆိုတဲ့ဘက်က ပြောကြရအောင်ဗျာ၊ ခုထိ ဆုမ်းမှာ တိုက်ပွဲတွေ ဖြစ်နေတုန်း မဟုတ်လား"

"ဒါတော့ မပြောတတ်ဘူး၊ ဟုတ်ချင်လဲ ဟုတ်မှာပဲ၊ ကျွန်တော်ကိုယ်တိုင်မှ မမြင်ရပဲကိုး၊ ဒါပေမယ့် ကျွန်တော် ပြောနိုင်တာ တခုတော့ ရှိတယ်ခင်ဗျ၊ မနေ့ညနေက မာဆေးလ်ကို ဂျာမန်က ဖုံးကြဲတယ်တဲ့၊ သဘောက ဘာလဲ၊ မာဆေးလ်ဆိုတာ သူတို့နဲ့ အဝေးကြီး ပြင်သစ်ပြည်တဘက် အစွန်ဆုံးမှာ၊ ပြင်သစ်ပြည်ကြီး တပြည်လုံးကို ဖြတ်သွားပြီး အစွန်ဆုံးမှာရှိတဲ့ မာဆေးလ်ကို ဗုံးကြဲရလိမ့်မယ်လို့ ဘယ်သူထင်မလဲ၊ ဟော ခုတော့ ကြဲပြီခင်ဗျ။ ကျွန်တော့်အထင်တော့ မနက်ဖြန်သန်ဘက်ဆိုသလို အီတလီကလဲ တိုက်လိမ့်မယ် ထင်တာပဲ၊ ဗိုလ်ချုပ်ဝေဂန်ကလဲ သူ့စစ်သားတွေကို အီတလီနယ်စပ်က ရုပ်သွားပြီလို့ ကြားတယ်၊ ဒီတော့ ဆုမ်းလိုမြို့ကို ဘာကြောင့်များ အမိုက်ခံပြီး ကာကွယ်နေရသလဲဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး"

တက်စက အရေးလုပ်လို့ဆိုသည့် အမူအရာဖြင့် လက်ကို ဝှေ့ယမ်းပြလိုက်၏။ ပြီးမှ စိတ်ပျက်လက်ပျက်ဖြင့်...

"အီတလီ ရေဒီယိုကို ခင်ဗျား နားထောင်သလား"

"လွန်ခဲ့တဲ့ တနာရီလောက်ကပဲ နားထောင်ခဲ့သေးတယ်၊ စစ်သတင်းကို တလုံးမှ မပြောဘူးခင်ဗျ။ ပွန်ပီမြို့က ရေးပန်းချီကားတွေအကြောင်းကို အသံလွှင့်ထားတယ်။ ဒါ သိပ်ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး"

"ပန်းချီကားတဲ့" တက်စက ပြုံးလိုက်သည်။ "ဗီးလာ့ဒ်အကြိုက်ပေါ့။ စကားမစပ် ပြောလိုက်ရဦးမယ်၊ ကျွန်တော်တို့ 'သူ့ရဲကောင်းကြီး' ဗီးလာ့ဒ်ကတော့ သူ့ပစ္စည်းတွေကို ထုပ်ပိုးပြင်ဆင်ပြီးပြီဗျ၊ လစ်တော့မယ့်ပုံပဲ၊ ကဲ... သွားမယ်ဗျာ၊ ညနေကျမှ တွေ့ကြသေးတာပေါ့။ ညနေကြယင်တော့ သတင်းကောင်းလေးဘာလေး ကြားရလိမ့်မယ် ထင်ပါတယ်"

အစိုးရအဖွဲ့ကို အနည်းငယ် ပြောင်းလဲဖွဲ့နိုင်ရန် တက်စ စိတ်ကူးထုတ်နေသည်။

ရီဂိုလက်တို အော်ပရာသီချင်းတပုဒ်ကို လေချွန်နေစဉ် ပီးကာ့ ဖြိုးစားကြီး ရောက်လာသည်။ သူနှင့် အချိန်းအချက် မရှိ။ တက်စသည် ဗိုလ်ချုပ်ပီးကာ့ကို ကြည့်လိုက်၏။ အခြေအနေဟန်ပုံ မပေါ်။ ဂျာမန်တပ်များက ဆုမ်းမြို့ကို သဲသဲမဲမဲ တိုက်နေကြကြောင်းဖြင့် ဗိုလ်ချုပ်ပီးကာ့က သတင်းပေးသည်။ ဂျာမန်တင့်ကားများက ရှိအင်မြို့အနီးသို့ ရောက်နေကြပြီ။ နောင်နှစ်ရက်သုံးရက်ဆိုလျှင် အားလုံး အဖြူအမည်း သဲကွဲတော့မည်။

"ပါရီကို အကျမခံဘူးလို့ ပြောတဲ့လူဟာ အရူးဗျ။ အရူးမှ ဒီစကားမျိုး ပြောမှာ" ဗိုလ်ချုပ်ပီးကာ့က နိဂုံးချုပ်သည်။

တက်စက ခေါင်းညိတ်၏။ သူ့မျက်နှာက လေးနက်တည်ငြိမ်ကာ စိတ်မကောင်းဖြစ်နေသည့် မျက်နှာ။ ဝန်ကြီးများ၊ လွှတ်တော်အမတ်များ၏ အသုဘများကို ဤမျက်နှာပေးမျိုးဖြင့် လိုက်ပို့ခဲ့ဖူးပြီ။ ပီးကာ့ကို တိတ်ဆိတ်စွာ နှုတ်ဆက်၏။ ဗိုလ်ချုပ်ပီးကာ့ ပြန်သွားသည့်အခါတွင် "အချိန်ကတော့ သိပ်အရေးကြီးနေပြီ၊ တို့တတွေမှာ ဒီအကြောင်းကို ပြောလိုက်ရတာ၊ စိတ်ညစ်လိုက်ရတာ၊ ခုတော့ ဇာတ်သိမ်းခန်းကို ရောက်တော့မယ်ပေါ့" ဟု တယောက်တည်း ပြောနေသည်။ သူ့ခံစားချက်ကို တယောက်ယောက်ကို ထုတ်ပြောလိုက်ချင်သည်။ သို့ရာတွင် မပြောရဲ။ သူ့စကားကို ကြားလျှင် တထိတ်တလန့် ဖြစ်ကုန်ကြတော့မည်။

ဝန်ကြီးအဖွဲ့ အစည်းအဝေးသို့ ရောက်သည့်အခါတွင် ပြင်သစ်ပြည်ကြီး၏ ကံကြမ္မာအကြောင်းကို တက်စ မေ့သွားလေပြီ။ နောက်ဆုံးတွင် သူမျှော်လင့်သည့်အတိုင်း ဝန်ကြီးအဖွဲ့ကို ပြင်ဆင်၍ ဖွဲ့လိုက်၏။ အချို့ ဝန်ကြီးသစ် ခန့်ထားမှုများကို သူကျေနပ်သည်။ ဗော်ဒွန်ကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ထားခြင်းမှာ ကောင်းသည်။ တက်စ၏ မိတ်ဆွေကြီး ပရိုဗိုမှာ ပြန်ကြားရေးဝန်ကြီးအဖြစ် ခန့်ထားခံရ၏။ သို့ရာတွင် ဒယ်လ်ဘိုး ဝန်ကြီးအဖွဲ့တွင် ပါလာခြင်းကိုမူ သူမကြိုက်။ ဒယ်လ်ဘိုးသည် ဖိုးဂျက်၏ မိတ်ဆွေဖြစ်ရာ သူဝင်လာလျှင် ဝန်ကြီးအဖွဲ့ထဲတွင် ခြေရှုပ်တော့မည်။ ဒီဂေါ်အား အမျိုးသားကာကွယ်ရေးဌာန လက်ထောက်ဝန်ကြီး ခန့်သည်ကိုမူ တက်စ မကျေနပ်ဆုံးဖြစ်သည်။ သူ့ကိုခန့်ခြင်းသည် ရူးသွပ်သည့် လုပ်ရပ်မျှသာ။ ဤမျှ တာဝန်ကြီးသည့်နေရာတွင် စွန့်စားရေးသမားတယောက်ကို သူတို့မှလို့ ခန့်ပလေ။

တက်စသည် ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်၍ ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ဘယ်သူတွေ ဘာပြောသည်ကို ကောင်းကောင်း မကြားလိုက်မိ။ ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ရှေ့တန်းစစ်မျက်နှာ အခြေအနေကို ဆွေးနွေးကြသည်။ ဗိုလ်ချုပ်ပီးကာ့၏ စကားများကို ချက်ချင်းအမှတ်ရလာကာ "နေစမ်းပါဦး၊ ဝန်ကြီးချုပ်၊ ဘယ်သူ့ကို အားကိုးလို့ ဒီအခြေအနေမျိုးမှာ ဘယ်လိုထိန်းမယ် စိတ်ကူးသလဲ" ဟု လှမ်းမေးလိုက်သည်။

မဂ္ဂီနော့စစ်ကြောင်းမှ တပ်များကို နုတ်ကာ ရှေ့တန်းသို့ စစ်ကူပို့ပေးနေကြောင်းဖြင့် ရေးနော့က ပြော၏။ ဗြိတိသျှတို့က ကနေဒါတပ်မကြီးများကို ပို့ပေးမည်ဖြစ်ကြောင်းဖြင့်လည်း ကတိပေးထားသည်။ မနေ့ကလည်း အမေရိကန်သမ္မတ ရုစဗဲ့ထံ ချဉ်းကပ်ပြီး အကူအညီတောင်းထားသည်။

တက်စက သူ့အဖြေကို မကျေနပ်။ မျက်မှောင်ကုပ်လိုက်သည်။

"ကျွန်တော်ပြောတာက ဒီလိုလေ၊ ဂျာမန်တပ်တွေ ပါရီနားရောက်လာယင် ဝန်ကြီးချုပ် ဘယ်လိုလုပ်မလဲ ဆိုတာပါ"

"အစိုးရအဖွဲ့ကို တူးဝါးမြို့သို့ ပြောင်းမည်၊ လိုအပ်လျှင် ဘော်ဒိုးမြို့အထိ ပြောင်းရွှေ့မည်" ဟု ဝန်ကြီးချုပ်က ပြောသည်။

"ပြီးတော့ကော"

"အခြေအနေ သိပ်ဆိုးယင်တော့ အယ်ဂျီးရီးယားထိအောင် ရွှေ့ရမှာပဲ၊ အဲဒီမှာ ဆိုယင်တော့ ကျွန်တော်တို့ ရေတပ်လဲ ရှိတယ်၊ ကိုလိုနီတွေက စစ်သားသစ်တွေလဲ ရနိုင်ပါလိမ့်မယ်"

တက်စသည် မည်သို့မျှ မပြောတော့။ အရူးတယောက်နှင့် အဘယ့်ကြောင့် ငြင်းခုံနေဦးမည်နည်း။ ဤဝန်ကြီးအဖွဲ့သည် အစိုးရအဖွဲ့တဖွဲ့မဟုတ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေမည့်သူများ၏ ကလပ်တခုသာ ဖြစ်လိမ့်မည်။ သူ့ကိုကယ်နိုင်သူဟူ၍ ဘရီကျူးတယောက်သာ ရှိတော့သည်။ သို့ရာတွင် ဘရီကျူးကလည်း ကယ်နိုင်မည်မဟုတ်။ ဘရီကျူး၏ "အမာခံ"တပ်သားများက ထုတ်ဝေသည့် လက်ကမ်းကြော်ငြာချက်များကို သူအမှတ်ရလာကာ မျက်လုံးများကို မှိတ်လိုက်သည်။ သူကြောက်နေပြီ။

သို့တိုင်အောင် တက်စသည် ဘရီကျူးကို သွားတွေ့၏။ တထိတ်ထိတ် နေရခြင်းထက်မူ သေသွားသည်ကမှ တော်ဦးမည်။ ဘရီကျူးကမှ သူ့ကို မကယ်လျှင် ဖိုးဂျက်နှင့် သဘောတူညီချက် ယူရလိမ့်မည်။ သို့မယူချင်ဘူးဆိုလျှင် အမေရိကသို့ ထွက်သွားသည်က ကောင်းမည်ထင်သည်။

ဘရီကျူးသည် စာရေးစားပွဲတွင် မလှုပ်မယှက် ထိုင်လျက်ရှိ၏။ ခေတ်ပုံအရိုက်ခံခါနီးလို ကိုယ်ကို မတ်မတ်ထားလျက်၊ မျက်နှာထားက ခပ်တင်းတင်း။

ယနေ့မနက်တွင် သူ့မိန်းမနှင့် စကားများခဲ့ရသည်။ သူ့မိန်းမက မျက်ရည်လည်ရွဲဖြင့် "ဂျာမန်တွေက ပါရီကို သိမ်းတော့မယ်တော့... သိရဲ့လား၊ လူယုတ်မာကြီးရဲ့၊ ရှင်ကတော့ သိမ်းစေချင်နေမှာပေါ့" ဟု ရန်ထောင်သည်။ နိုင်ငံရေးတွင် အတိုက်အခံများက သူ့ကို ဘယ်လိုတိုက်တိုက် ဘရီကျူး မတုန်လှုပ်။ ဂရုမစိုက်။ ဂျူကိန်းနှင့် ဖိုးဂျက်တို့က ဤသို့ဖြစ်ရသည်မှာ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့်ဟု အပြစ်ဖို့ချင်ကြသည်။ ဂျာမန်နှင့် စစ်ဖြစ်ရခြင်းသည် ရာဇဝတ်မှု ကျူးလွန်သည်နှင့် အတူတူဟု မိမိ တဖွဖွ သတိပေးခဲ့သည် မဟုတ်လော။ သူတို့ ဘယ်လိုပြောပြော ဘရီကျူး ခံနိုင်သည်။ သို့ရာတွင် စွဲချက်တင်နေသည့် သူ့မိန်းမကို မည်သို့ပြန်ဖြေရမည်နည်း။

"ရှင်... လူယုတ်မာ၊ သားလေးကိုလဲ ရှင်သတ်တာ၊ ရှင်သတ်တာ၊ ရှင် လူတိုင်းကို လိုက်သတ်နေတာ" ဟု မိန်းမက အော်သည်။

ဘရီကျူးသည် နံရံတွင် ချိတ်ထားသည့် မြေပုံကြီးကို ကြည့်ယင်း တွေးနေသည်။ လက်နက်ချ အညံ့ခံမည်လော။ ငြိမ်းချမ်းရေးလော။ လက်နက်ချ၍ ငြိမ်းချမ်းရေးရပြီ ဆိုပါစို့။ နောက် ဘာလုပ်မည်နည်း။ မိမိတို့ပြင်သစ်လူမျိုးများသည် အယ်ဘေးနီးယန်းများ၊ ချက်ကိုစလိုဗေးကီးယန်းလူမျိုးများလို ငြိမ်နေမည့်လူမျိုးများ မဟုတ်ဆိုသည့်အချက်ကို နောက်တွင် ဂျာမန်တို့ သဘောပေါက်ကြပါမည်လော။ ဂျာမန်တို့ သဘောပေါက်မည်ဟု သူမထင်။ ပြင်သစ်လူမျိုးက သွေးကလည်း တမျိုး။ စိတ်ကလည်း တမျိုး။ သို့ဆိုလျှင် သူ့ဇာတိ လောရိန်းနယ်သည် ဂျာမန်တို့အောက်သို့ ရောက်ရတော့မည်။ ကျွန်ဖြစ်ရတော့မည်။ နောင်လာမည့် မျိုးဆက်များသည် ဘရီကျူး၏အမည်ကို ကျိန်ဆဲကြတော့မည်။ ဂျူကိန်းဆိုသည့် လူပြက်အား ပြင်သစ်ပြည်ကို ကယ်တင်ခဲ့သည့် သူရဲကောင်းကြီးအဖြစ် မော်ကြည့်ကြတော့မည်။

ဘရီကျူးသည် အနာဂတ်ကို မကြည့်ပဲ နေခဲ့ဖူးပေါင်း များလှပြီ။ အလျင်က သူ ခါးခါးသီးသီး ခံစားခဲ့ရသည့် ခံစားချက်မှာ ပြည်သူ့တပ်ဦးကို မျက်မုန်းကျိုးခြင်း ဖြစ်သည်။ ဟာစ်တလာ၊ မူဆိုလီနီနှင့် ဖရန်ကိုတို့၏ အောင်ပွဲများဟု သူထင်ခဲ့သည်။ ပရပ်မြို့တွင် ချက်ကိုစလိုဗက်သမ္မတ ဘင်းစ် မရှိတော့ဟု ကြားရသည့်အခါ၌ သူဝမ်းသာ၏။ ဒိန်းမတ်အစိုးရက ဂျာမန်ထံ လက်နက်ချအညံ့ခံလိုက်သည်ကို ကြားလိုက်ရသည့်အခါတွင် ဆိုရှယ်ဒီမိုကရက်များသည် နောက်တချီ ဒူးထောက်ရပြန်ပြီဟု တွေး၍ပျော်၏။

ထိုစဉ်က ပျော်နိုင်ခဲ့ပါလျက် ယခု ပါရီကို ဂျာမန်တို့ သိမ်းတော့မည် ဆိုသည့်အခါတွင် ဘာကြောင့်များ စိတ်တွေ ကယောက်ကယက် ဖြစ်နေရသနည်း။ စိတ်လှုပ်ရှားလွန်းသောကြောင့် ဖြစ်မည်။ မိမိကိုယ်ကို ချုပ်တည်းရမည်။ ပါရီကို ဂျာမန်တို့ သိမ်းပြီးလျှင် အစိုးရအဖွဲ့ကို တပ်ထားသည့် ဇက်ကြိုးများသည် မိမိလက်ထဲသို့ ရောက်နေပြီ မဟုတ်လော။ ထိုအခါကျလျှင် ပါလီမန်လွှတ်တော်ကို ဖျက်သိမ်းပစ်မည်။ တသွေးတသံတမိန့် အုပ်ချုပ်မည်။ သည်အရာတွေကို လိုချင်လျှင် အောက်ကျရခြင်း၊ သောကဖြစ်ရခြင်း၊ မျက်ရည်ကျရခြင်း စသည့် တန်ဖိုးလောက်ကိုမူ ပေးရလိမ့်မည်။ ထိုအခါတွင် မုဆိုးမ ပြင်သစ်ပြည်၊ သနားစရာ မယ်သီလရှင်ကလေးနှင့် တူသည့် ပြင်သစ်ပြည်သည် မာရီယန်နတ်သမီးထက် ပို၍ လှလာလိမ့်မည်။

တက်စ ရောက်သွားသည့်အခါတွင် ဘရီကျူးသည် မယားက ဆူပူကြိမ်းမောင်းသည်ကို မေ့သွားလေပြီ။ သူ့မျက်နှာက မတုန်မလှုပ်။ အေးစက်စက်ဖြင့်။

“ခင်ဗျားလူတွေ ရှုံးနေပြီဗျ” ဟု တက်စက အော်ကြီးဟစ်ကျယ်ဖြင့် ပြော၏။ “ပါရီကျယင် မာဒဂါစကားကို ပြောင်းပြီး ရုံးစိုက်မယ်တဲ့၊ တောထဲ တောင်ထဲ သွားနေမလို့တဲ့ဗျ။ ခု ဂျာမန်တွေ ရှိအင်နားကို ရောက်နေပြီ၊ ကျုပ်တို့ တခုခုလုပ်မှ ဖြစ်တော့မယ်၊ ဒါနောက်ဆုံး အချိန်ပဲ”

“ကျွန်တော် အစတုန်းကတည်းက သတိပေးခဲ့သားပဲ”

“ဘာသတိပေးရမှာလဲ၊ ဝန်ကြီးအဖွဲ့ထဲမှာ ဆက်နေဖို့ ခင်ဗျားပဲ ကျွန်တော့်ကို တိုက်တွန်းခဲ့တယ် မဟုတ်လား၊ ခုမှ ခင်ဗျားနဲ့ ဘာမှမဆိုင်သလို လုပ်မနေပါနဲ့၊ ခင်ဗျားရဲ့ ‘အမာခံ’တွေကလဲ ကျုပ်ကို သိပ်ကျေနပ်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒါ ကျုပ်ကို သက်သက် အထင်လွဲနေလို့ပဲလို့ ကျုပ်ယူဆပါတယ်။ ခင်ဗျား ကြည့်ရှင်းပေးယင် ဖြစ်နိုင်ပါတယ်။ ကျုပ် လွှတ်တော်အမတ် ဖြစ်လာတာဟာလဲ ခင်ဗျားထောက်ခံမှုနဲ့ ဖြစ်လာတာပဲ၊ ခုတော့ ခင်ဗျားလူတွေကို ခင်ဗျားလဲ မထိန်းနိုင်တော့ဘူး မဟုတ်လား”

“ခက်တာပဲ၊ ခင်ဗျားက ဘာမဟုတ်တာလေးကို ဒီလောက် အရေးတကြီး လုပ်နေတာကိုး၊ ကျွန်တော်သတိပေးတယ် ဆိုတာက တခြားမဟုတ်ပါဘူး၊ ပါရီကနေ ခံတိုက်မယ်ဆိုယင် အလကားပဲလို့ သတိပေးခဲ့တာကို ပြောတာပါ၊ ပြင်သစ်မျိုးချစ်တွေက ခင်ဗျားနောက်မှာ ရှိပါတယ်၊ မပူပါနဲ့၊ ကျွန်တော့်အိမ်မှာ ဆိုယင်လဲ ခင်ဗျား ကြိုက်သလို နေနိုင်ပါတယ်၊ အေးအေးဆေးဆေးပေါ့၊ အခြေအနေကို သုံးသပ်ပြီး ဂျာမန်တွေ တက်လာလို့ အစိုးရသစ်ဖွဲ့ယင် ဘယ်သူတွေ ပါဖို့ကောင်းမယ်ဆိုတဲ့ ကိစ္စကလေးကို ဆွေးနွေးကြရသေးတာပေါ့”

“ဝန်ကြီးအဖွဲ့ကို ဒီနေ့ပဲ ပြန်ဖွဲ့လိုက်ပြီဗျ"

“ဒါက ဖာတဲ့ထေးတဲ့ သဘောလောက်ပါ၊ ကျွန်တော်ပြောနေတာက အစိုးရအဖွဲ့သစ်၊

ဂျာမန်တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖို့ ကိစ္စဟာ မကြာခင် ပေါ်လာတော့မယ်၊ ဒီတော့ ကျွန်တော်တို့တိုင်းပြည်မှာ ခိုင်မာတောင့်တင်းတဲ့ အစိုးရအဖွဲ့ မရှိလို့ မဖြစ်ဘူး၊ အစိုးရအဖွဲ့ အင်အားမတောင့်ယင် ကွန်မြူနစ်တွေက အခွင့်ကောင်းယူသွားလိမ့်မယ်၊ အာဏာအပြောင်းအလဲ လုပ်ဖို့တော့ စစ်သေနာပတိချုပ်က တာဝန်ယူရလိမ့်မယ်၊ နာရီဝက်လောက်အတွင်းမှာ ကိစ္စပြီးသွားနိုင်တယ်"

"ရေးနော့ကိုကော"

"ရေးနော့ကတော့ ထွက်ပြေးမှာပေါ့ဗျ၊ သူ့ကို ထည့်စဉ်းစားနေစရာ မလိုပါဘူး။ ဒါမှမဟုတ်ယင်လဲ သူ့ကို အမေရိကကို သံအမတ်နဲ့ ပို့လိုက်မယ်၊ မာရှယ်ပေတိန်းကို အစိုးရအဖွဲ့ ခေါင်းဆောင် ခန့်မယ်၊ ပြီးတော့ လာဗယ်ပါမယ်၊ ကျွန်တော်ပါမယ်၊ အလျင်ဝန်ကြီးဟောင်း နှစ်ယောက်သုံးယောက်လောက် ပြန်ထည့်မယ်"

"ဇော်ဒွန်ကိုလဲ ထည့်ဖို့ကောင်းမယ် ထင်တယ်"

"ထည့်ရမှာပေါ့။ သူက အီတလီတွေနဲ့ လေပေးဖြောင့်တယ် မဟုတ်လား၊ ပရိုဗိုစ်ကိုလဲ ထည့်ရမယ်၊ စက်မှုလုပ်ငန်းရှင်ကြီးတွေရဲ့ ကိုယ်စားလှယ်အဖြစ် ဆိုပါတော့၊ မျူးဂါးက သူ့ကို တော်တော်သဘောကျတယ်၊ ခင်ဗျားကိုလဲ စာရင်းထဲမှာ ထည့်ထားပါတယ်"

သူ့ကျေနပ်မှုကို တက်စ ဖုံးမထားနိုင်။ သို့ရာတွင် ဟန်လုပ်လိုက်သည်။

"ကျွန်တော်က အသက်ကြီးပါပြီဗျာ၊ ခင်ဗျားတို့အထဲက လူငယ်တွေက ပိုမကောင်းဘူးလား"

"ဒီလို ဘယ်ဟုတ်မလဲ၊ ခင်ဗျားပါယင် ကျွန်တော်တို့အတွက်လဲ အများကြီး အကျိုးရှိပါတယ်။ ခုဟာက သာမန်အပြောင်းအလဲ မဟုတ်ဘူး။ မူသစ် လူသစ်နဲ့ ပြန်ဖွဲ့တဲ့ အစိုးရအဖွဲ့၊ အုပ်ချုပ်ရေးအသစ် ထူထောင်တာ၊ ဒါကို သာမန်အပြောင်းအလဲကလေးလို့ တိုင်းပြည်က မမြင်စေချင်ဘူး၊ အုပ်ချုပ်ရေးစနစ်ဟောင်းကို ဖျက်ရတယ်ဆိုတာ သိပ်လွယ်တာ မဟုတ်ဘူး၊ ဒါပေမယ့် ခင်ဗျားကိုတော့ တိုင်းပြည်ကလဲ သိပြီးဖြစ်နေတယ်၊ အစိုးရအဖွဲ့ထဲမှာ ပါတယ်လို့ ပြလို့ကောင်းတာပေါ့။ ခုလောလောဆယ်မှာ အရေးအကြီးဆုံးက တိုင်းပြည်မဆူအောင် ထိန်းဖို့လိုတယ်"

တက်စ၏ မျက်နှာသည် ဝင်းထိန်သွား၏။ သူ့ကို ဖိုးဂျက်တို့က သိက္ခာချသည့်တိုင် သူတို့ ဘာတတ်နိုင်သေးသနည်း။ သူတို့ကြေငြာချက်များသည် အဟောသိကံ ဖြစ်ရပြီ မဟုတ်လော။ မိမိသည် ရိုးသားသည့် ပြင်သစ်အမျိုးသားတဦးဟု ဘရီကျူး ယူဆပုံရသည်။ တက်စသည် စောစောက စိုးရိမ်မှုတွေ ပျောက်သွားကာ အစိုးရအဖွဲ့သစ်၏ လုပ်ငန်းများကို ဆွေးနွေးလျက်ရှိ၏။

"အစိုးရအဖွဲ့သစ်ရဲ့ ကြေငြာချက်ထဲမှာ ဂျာမန်နှင့် ငြိမ်းချမ်းစွာ စေ့စပ်ဖြေရှင်းဖို့ အဆင်သင့်ရှိတယ်လို့ ကြေငြာလိုက်ယင် လူတော်တော်များများ စိတ်အေးသွားမှာပဲ။ တခုပဲ ကျွန်တော် စိုးရိမ်တယ်၊ ဂျာမန်တွေက အလွန်အကျွံတွေ တောင်းလာယင်တော့ ဒုက္ခပဲ၊ ခုဟာက သူတို့က တိုက်တိုင်းနိုင်နေတော့ သွေးကြွချင်ကြွနေကြမှာ၊ ဒီတော့ သူတို့ကို အလွန်အကျွံ တောင်းဆိုချက်တွေ မတင်ဖို့ ကျွန်တော်တို့က နားချဖို့လိုတယ်၊ နောက်တခုက အစိုးရအဖွဲ့သစ်ရဲ့ စာရင်းထဲမှာ လူတယောက် လိုနေတယ်လို့ ထင်တယ်၊ ကျွန်တော်ပြောတာကို ကြားလိုက်ယင် ခင်ဗျား အံ့အားသင့်ချင် သင့်သွားမှာပဲ၊ တခြားလူ မဟုတ်ဘူး၊ ဒါပေမယ့် ဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့အနေနဲ့ သဘောထားကြီးဖို့ လိုတယ်လေ"

"ဘယ်သူ့ကို ပြောနေတာလဲ၊ ဗီးလာ့ဒ်ကိုထည့်ဖို့ ပြောနေတာလား"

"ဗျာ" တက်စက ဘရီကျူးကို တအံ့တဩ ကြည့်လိုက်၏။ "သူ့ကို စာရင်းထဲ မထည့်ပါဘူးဗျာ၊ ဒီလောက်ဆိုယင် ခင်ဗျားလူ ပါရီမှာတောင် ရှိချင်မှရှိတော့မှာ၊ လစ်များသွားပလား မသိဘူး၊ ကျွန်တော်ပြောတာက ဂရမ်ဒယ်ကို ပြောတာပါ၊ ခင်ဗျားနဲ့ ကျွန်တော်ကတော့ မိတ်ရင်းဆွေရင်းတွေမို့လို့ ရှင်းရှင်းပဲ ပြောရမှာပဲ၊ သူ လျှို့ဝှက်စာရွက်စာတမ်းတွေကို ခိုးတာ ခင်ဗျားမှတ်မိရဲ့လား"

ဘရီကျူး စိတ်မသက်မသာ ဖြစ်သွားပုံရသည်။ စားပွဲကို ပေတံတချောင်းဖြင့် ခေါက်နေ၏။

"ဒီစာရွက်တွေက အတုတွေပါလို့ ခင်ဗျားကို ကျွန်တော်ပြောပြီးပြီ၊ ဒီအချိန်မှာ ချေးခြောက်ရေနှူးတာတွေ ပြန်ပြောမနေနဲ့ဗျာ"

"မဟုတ်ဘူးလေ၊ ကျွန်တော်ပြောချင်တာက ဒီလိုပါ၊ သူ့ကို သိက္ခာချတဲ့အနေနဲ့ ပြန်ပြောနေတာ မဟုတ်ပါဘူး၊ အသုံးဝင်မယ့် လူတယောက်မို့လို့ ပြောနေတာပါ၊ ဘာလင်မှာ သူ့မိတ်ဆွေတွေ ရှိတယ်မဟုတ်လား၊ ဒီအချိန်မှာ ဒီလိုလူတယောက်ကို ရထားယင် ကျွန်တော်တို့အတွက် အတိုင်းထက်အလွန်ပေါ့၊ မဟုတ်ဘူးလား"

ဘရီကျူးက အေးစက်စက်ဖြင့်...

"အမှန်ကတော့ မလိုတော့ဘူးဗျ။ ဟုတ်ပါတယ်၊ ဂရမ်ဒယ်ဟာ နိုင်ငံခြားမှာ လူသိများတယ်ဆိုတာ မှန်ပါတယ်။ စကားပြောလဲကောင်းတယ်၊ ပညာလဲတတ်တယ်။ ကျွန်တော်တို့အစိုးရအဖွဲ့မှာ အသုံးကျမယ်ဆိုတာလဲ အမှန်ပဲ၊ ဒါပေမယ့် ကျွန်တော်တို့ ပါရီကဆုတ်သွားယင် ပါရီမှာ ကျွန်တော်တို့အထဲက လူတယောက်ရှိခဲ့ဖို့ လိုတယ်ဗျ၊ ပါရီမှာ ထင်ရှားတဲ့နိုင်ငံရေးသမားဆိုလို့ တယောက်မှမကျန်ရစ်ခဲ့ပဲ အကုန်ထွက်ပြေးလို့ မဖြစ်သေးဘူး၊ ကျွန်တော်တို့နဲ့ လာဇယ်က ရေးနော့ဆီက အစိုးရအဖွဲ့ကို ပြောင်းယူဖို့ ရေးနော့နဲ့ လိုက်သွားရမယ်၊ ခင်ဗျားကိုလဲ ပါရီမှာ မနေရစ်ခဲ့စေချင်ဘူး၊ ခင်ဗျားက ပါလီမန်လွှတ်တော်ထဲက အစုအားလုံးနဲ့သိတော့ ခင်ဗျားပါဖို့ လိုတယ်၊ နောက်တချက်က ပါရီမှာ နေခဲ့ယင် အန္တရာယ်များတယ်၊ ဒီလိုအန္တရာယ်ရှိတဲ့နေရာမှာ မနေရစ်စေချင်ဘူး ဆိုပါတော့၊ ပြင်သစ်လူမျိုးတယောက်အဖို့ ကိုယ့်မြို့တော်ကြီးထဲကို နိုင်ငံခြားစစ်သားတွေ ဝင်လာတာ ဘယ်ကြည့်ရက်မလဲဗျာ၊ နောက်ဆုံးအနေနဲ့ ပြောရယင် ဂျာမန်တွေကလဲ ခင်ဗျားကို သိပ်ကြိုက်မယ်မထင်ဘူး၊ ခက်တာက ဂျာမန်တွေက ကျွန်တော်တို့ နိုင်ငံရေးကစားကွက်တွေကို နားမလည်ဘူးဗျ။ ဥပမာ - ဟိုတုန်းက ခင်ဗျား ပြည်သူ့တပ်ဦးနဲ့ ပေါင်းခဲ့တယ်။ ကျွန်တော်တို့ကတော့ ဒါဟာ နိုင်ငံရေးပရိယာယ်လို့ နားလည်တယ်၊ ဒါပေမယ့် ဂျာမန်တွေက နားလည်မှာ မဟုတ်ဘူး၊ ခင်ဗျားကို ပြည်သူ့တပ်ဦးရဲ့ ရုပ်သေးရုပ်တရုပ်လို့ မြင်နေတယ်"

တက်စ မျက်နှာပျက်သွားသည်။ သူတို့နှစ်ယောက်သည် အတန်ကြာမျှ ငြိမ်နေကြ၏။ တဘက်တွင် ဘရီကျူး၏ မိန်းမက တရှုပ်ရှုပ် ငိုလျက်။ သူ့ငိုသံကို နားထောင်ရင်း ဘရီကျူးက မျက်မှောင်ကုပ်လိုက်သည်။ နောက်ဆုံးတွင် တက်စက ပြော၏။

"ဘယ်လိုထင်သလဲ၊ ဂျာမန်တွေ မကြာခင်ရောက်လာတော့မယ်လို့ ထင်လို့လား"

"ရက်ပိုင်း နာရီပိုင်းလောက်ပဲ လိုတော့တယ် ထင်တယ်"

ဘရီကျူးထံမှ ပြန်လာသည့်အခါတွင် တက်စသည် စိတ်ရှုပ်နေသည်။ ဝန်ကြီးအဖွဲ့သစ်တွင် တနေရာရမည် ဆိုသည်ကို မသာယာချင်တော့။ လောကကြီးသည် နားမလည်နိုင်သည့်အရာ၊ ရန်လိုသည့်အရာဟု ထင်လာသည်။

မိမိနှင့် ဘရီကျူးတို့ သဘောတူညီချက်ရသည်။ အပေးအယူ လုပ်ကြသည်ကို ရေးနော့သိလျှင် မည်သို့ရှိမည်နည်း။ မင်ဒယ်ဆိုသည့်လူက တဇွတ်ထိုးလုပ်တတ်သူ။ သူ့အကြောင်းကို သိသွားလျှင် ချက်ချင်းဖမ်းပြီး သတ်ပစ်ဖို့ အမိန့်ပေးချင်ပေးနိုင်သည်။ သူ့ကို သစ္စာဖောက်အနေဖြင့် မြင်ကြတော့မည်။ ဂျာမန်တို့ကလည်း သူ့ကို အနီတယောက်ဟု မြင်နိုင်သည်။ နိုင်ငံရေးဆိုသည်မှာ တော်တော်စိတ်ပျက်ဖို့ ကောင်းသည့်အလုပ်။ စစ်သားလုပ်ရသည်ကမှ တော်သေးသည်။ ကိုယ့်ရန်သူ ဘယ်နားမှာရှိသည်ကို ကောင်းကောင်းသိသည်။ သို့ရာတွင် မိမိတို့လို နိုင်ငံရေးသမားဘဝက ရန်သူဘယ်နေရာမှာရှိမှန်း မသိသည့်ဘဝ။ နေရာအနှံ့တွင် ရှိနိုင်သည်။

တက်စသည် ပခုံးနှစ်ဘက်ကို ကျုံ့လိုက်၏။ အတွင်းဝန်က အခန်းဝတွင် ခေါင်းပြူဝင်လာသည်။ “ကြာသပတေးနေ့မှာ ညှော့ခံပွဲတခုလုပ်ဖို့ ပြင်ထားပြီးပါပြီ ဝန်ကြီး” ဟု ပြော၏။

“အင်း... တော်တော် သနားစရာကောင်းတဲ့ သတ္တဝါတွေ၊ ကြာသပတေးနေ့လောက်ဆိုယင် ဂျာမန်တွေ ဒီရောက်လာတော့မယ်ဆိုတာ သင်းတို့ မသိကြသေးဘူး၊ ဘာသောက်မှန်းမှ မသိကြသေးဘူး” ဟု တယောက်တည်း တွေးနေသည်။

အညောင်းပြေ အညာပြေ လမ်းလျှောက်မည်ဟု စိတ်ကူး၏။ ရင်ထဲတွင် အော်ဂလီဆန်နေသည်တို့ကို လတ်ဆတ်သည့် လေပြည်ထဲတွင် ဖျောက်ပစ်လိုက်ချင်သည်။

ပါရီမြို့ကြီးက မည်းမှောင်လျက်။ မည်းမှောင်နေသည့် မြို့ကြီးကို ကြည့်ရသည်မှာ စိတ်ပျက်စရာ။ စကားပြောသံတွေ၊ မော်တော်ကားဟွန်းသံတွေ၊ ဘာမှန်းမသိသည့် အသံတွေဖြင့် ဆူညံလျက်။ လူတွေက အိမ်ပြင်ထွက်ပြီး အမျိုးမျိုး ပြောနေကြသည်။ ဝေဖန်သံအမျိုးမျိုး ကြားရ၏။

“ဗိုလ်ချုပ်ဂိန်မလင်လဲ သူ့ကိုယ်သူ သတ်သေလိုက်ပြီတဲ့”

“ဝန်ကြီးချုပ်ရေးနော့ကတော့ အမေရိကကို ထွက်ပြေးပြီတဲ့”

“သူတို့ကတော့ အကုန်ထွက်ပြေးကြမှာပါဗျာ၊ ကျွန်တော်တို့ချည်းပဲ ကျန်ရစ်ခဲ့မှာပါ။ ကျောကော့ပြီး ခံပေရောပေါ့”

“ကျုပ်တို့တော့ ဂျာမန်ကို မကြောက်ပေါင်ဗျာ၊ ဘာကြောက်စရာရှိတာမှတ်လို့၊ ကိုယ်က သာမန်အရပ်သားပဲ၊ ဘာလုပ်လို့ လက်ဖျားနဲ့ တို့မှာလဲ၊ အဲ... ဗုံးကိုတော့ ကြောက်တယ်ဗျ”

“ဟာ... မထင်နဲ့ဗျို့၊ တော်တော်ကြောက်စရာကောင်းတဲ့ကောင်တွေ၊ ကျွန်တော့်အဖေက ပြောဖူးတယ်၊ ၁၉၁၅ ခုနှစ်တုန်းက ကျွန်တော့်ဦးလေးတယောက်ကို အရှင်လတ်လတ် မြေမြှုပ်သတ်ပစ်တာတဲ့”

“တက်စကလဲ ဟစ်တလာနဲ့ လျှို့ဝှက်အဆက်အသွယ်လုပ်ပြီး ဘဘောတူညီချက် ရပြီးပြီတဲ့”

အသံများသည် ဝေးကျန်ရစ်ခဲ့ကြ၏။ အမှောင်ထဲတွင် တက်စသည် လမ်းမီးတိုင်တတိုင်ကိုမှီ၍ ရပ်လိုက်သည်။ သူ့နှလုံးသည် လျှင်မြန်စွာ ခုန်လျက်ရှိ၏။ လမ်းမတလျှောက်တွင် ချီတက်လာသည့် စစ်ဖိနပ်သံများကို ကြားယောင်နေသည်။ မျက်လုံးများကို မှိတ်လိုက်ပြီး မငိုမိရန် သူ့ကိုယ်သူ အားတင်းသည်။

ဤစစ်ဖိနပ်သံများသည် မည်သူ့စစ်ဖိနပ်သံများနည်း။ မဟုတ်။ ကဖီးဆိုင် တဘက်ရပ်အမိုးလေးပေါ်သို့ တဖြုန်းဖြုန်း ကျနေသည့် မိုးစက်မိုးပေါက်များ၏အသံ ဖြစ်သည်။

သူ့တသက်တွင် ဤမျှလောက် တခါမျှမကြောက်စဖူး။ ဝန်ကြီးများရုံး တံခါးပေါက်ကြီးဘက်သို့ ခပ်သုတ်သုတ် ပြေးလာခဲ့သည်။ သူ့အခန်းသို့ ရောက်သည့်အခါတွင် မီးရောင်ထိန်ထိန်ကို တွေ့လိုက်ရသဖြင့် ကလေးတယောက်လို ဝမ်းသာသွား၏။

ထိုနောက် တဝုန်းဝုန်း ပစ်နေကြသည့် လေယာဉ်ပစ်အမြောက်သံများ ပေါ်လာသည်။ ပြတင်းပေါက်ဆီသို့ ပြေးကြည့်လိုက်ပြီး ချက်ချင်းပြန်လှည့်လာ၏။ ဂျာမန်တို့ ပါရီမြို့တွင်းသို့ ချီတက်လာနေကြပြီ။ သူ့ကို "အနီ"တယောက်ဟု သဘောထားသည် ဆိုပါတကား။ သို့တိုင်အောင် အလုပ်သမားများကမူ သူသည် ဟစ်တလာနှင့် တိတ်တဆိတ် အပေးအယူလုပ်နေသည်ဟု ပြောနေကြပြန်သည်။ လူတိုင်း သူ့ကို ဆန့်ကျင်နေကြပြီ။ ဂျာမန်တို့သည် သူ့ကို ပစ်သတ်ကောင်း ပစ်သတ်ကြမည်။ သို့မဟုတ်လျှင် ညှဉ်းပန်းနှိပ်စက်ခြင်း ပြုကြလိမ့်မည်။ ယခု ပေါက်ကွဲသံသည် မည်သည့်အသံနည်း။ ပေါင်ဒါ ငါးရာ အမြောက်ကြီးများ၏ အသံဖြစ်သည်။ ယခုနေ အသတ်ခံရလျှင် သူ့ကို မည်သူကမျှ မှတ်မိကြမည် မဟုတ်။ သူ့အလောင်းမှန်း မည်သူမျှသိမည် မထင်။ တခုခုတော့ လုပ်မှဖြစ်မည်။ လုံခြုံရာသို့ ပြေးမှ ဖြစ်လိမ့်မည်။

တက်စသည် အခန်းထဲတွင် လျှောက်ပြေးနေသည်။ ဘာလုပ်ရမည်ကို မစဉ်းစားတတ်။ ကုလားထိုင်တွင် ဝင်ထိုင်ပြီး ပြန်ထသည်။ သူ့တကိုယ်လုံး အေးစက်လျက်။ နောက်ဆုံးတွင် အတွင်းဝန်ကို လှမ်းခေါ်လိုက်သည်။ "ကားအဆင်သင့် ပြင်ထားလိုက်စမ်းပါ" ဟု ပြော၏။ "ခေတ်ဆီ လုံလုံလောက်လောက် ရှိရဲ့လား၊ ကျုပ် တောကို ခဏသွားမလို့" ဟု ပြော၏။

ညရှစ်နာရီခွဲအရောက်တွင် သူ့ကို သတင်းကောင်းပေးမည်ဟု ပြောထားသဖြင့် သတင်းစာဆရာ ဂျူလီယော့သည် ရုံးခန်းသို့ ရောက်လာသည်။ ဝန်ကြီးတက်စကို မတွေ့ရတော့။ တောသို့ ထွက်သွားပြီဟုသာ သိရသည်။

ဂျူလီယော့ အတွင်းဝန်ကို ဘာမျှ မပြောတော့။ အိမ်သို့ ပြန်ပြေးလာကာ "မိန်းမရေ၊ မြန်မြန်လုပ်ဟေ့၊ တို့လဲ ပြောင်းမှ ဖြစ်မယ်၊ တက်စဆိုတဲ့ ငနဲကြီး တို့ကိုတောင် ဘာမှ မပြောဘူး၊ တောကို လစ်သွားပြီ၊ တော်တော်ဆိုးတဲ့ ငနဲကြီး၊ မနက်တုန်းက ငါ့ကို ပြောလိုက်တုန်းက အားလုံးကောင်းပါတယ်တဲ့၊ ဘာမှ မဖြစ်ပါဘူး၊ ရှေးတုန်းကတော့ ကြွက်တွေက သင်္ဘောကို စွန့်ပစ်ထွက်ပြေးကြသတဲ့၊ ခုတော့ ကြွက်တွေက မပြေးရဘူး၊ သင်္ဘောမာလိန်တွေက အလျင် ထွက်ပြေးနေကြတယ်၊ တော်တော်လဲ ဟုတ်တဲ့လူတွေ၊ ကြွက်တွေ၊ မင်းတို့ဘာသာ မင်းတို့ လွတ်ရာပြေးကြတဲ့ သဘောပေါ့လေ၊ ဘာရမလဲကွာ၊ ကြွက်ကလဲ ကြွက်ပါးတွေပါ၊ ကဲ... မိန်းမရေ မြန်မြန်ဟေ့... မြန်မြန်"

အခန်း (၈၃)

ယခုတလော ဂျဲနက်ကို ကြည့်ရသည်မှာ စိတ်ညစ်နေသည့်ပုံ။ သူ့ကို ကြည့်ရသည်က နည်းနည်းမှ ဂနာမငြိမ်။ အမှန်စင်စစ် ဂျဲနက်သည် ဘာကိုမှလည်း စိတ်ဝင်စားခြင်း မရှိတော့။ ဘာကိုမှလည်း မတွေးချင်တော့။ သူ့ပုံပန်းသဏ္ဌာန်မှာ အကြီးအကျယ် မကျန်းမာနေသည့် လူတယောက် သတိမရတချက် ရတချက် ရှိပုံမျိုးနှင့်သာ တူတော့သည်။

ဂျဲနက်သည် အသံလွှင့်ရုံသို့သွားကာ အလုပ်လုပ်မြဲ။ သူ့အပေါင်းအသင်းများက စစ်အကြောင်းကိုပြောကာ နောက်ဆုံးထုတ် သတင်းစာများကို အလုအယက် ဖတ်ကြသည်။ သူတို့စကားများကိုလည်း ဂျဲနက် နားမထောင်ဖြစ်။ သူ့အသံ သြသြကလေးဖြင့် ဆေးကြော်ငြာများ၊ အရက်ကြော်ငြာ သီချင်းများကို ဆိုရတုန်း။ ထိုနောက် အသံလွှင့်ခွက်ရှေ့တွင်ရပ်ကာ လူတွေ စိတ်မဝင်စားသည့် သစ်ပင်အကြောင်း၊ လေအကြောင်းတို့ကို စကားလုံးကြီးကြီးတွေနှင့် ဖတ်ပြရတုန်း။ ဂျဲနက်သည် ကဗျာနှင့် ကြော်ငြာကို မခွဲခြားတတ်တော့။ သူ့အလှည့်မရောက်ခင် သတင်းကြေငြာသူများ၏ အသံသည်ပင်လျှင် သတင်းဟု မထင်တော့။ ထူးဆန်းသည့် လုပ်ငန်းကုမ္ပဏီကြီးတခုမှ ကြော်ငြာများဟု ထင်နေသည်။

“ရန်သူတို့က နှစ်မြှုပ်ပစ်လိုက်သဖြင့် သင်္ဘောတန်ပေါင်းများစွာ နစ်မြုပ်ခဲ့ပါသည်။ ရန်သူသင်္ဘော တန်ပေါင်းများစွာကို မိမိတို့က နှစ်မြှုပ်ခဲ့ပါသည်။ ရေပေါ်တွင် စက်ဆီကွက်များကို အများအပြား မြင်ခဲ့ရပါသည်”

တနင်္ဂနွေနေ့ရောက်လျှင် ဂျဲနက်သည် ညနေမိုးချုပ်သည့်တိုင်အောင် လမ်းမတကာ လျှောက်သွားနေသည်။ ဆူညံနေသည့် အသံတွေ ကြားထဲတွင် သူ့ကိုယ်သူ မေ့ပစ်လိုက်ချင်သည်။ ထိုနေ့က သာသာယာယာ။ ပါရီမြို့သူမြို့သားများသည် ဗိုလ်လောညပန်းခြံတွင် တင်းနစ်ကစားနေကြသည်။ ကန်ထဲတွင် လှေလှော်ကြသည်။ အရိပ်ကောင်းသည့် ကဖီးဆိုင်များတွင် ထိုင်ကာ ပက်ပါမင့်ဖျော်ရည် စိမ်းစိမ်းတွေ၊ လိမ္မော်ရည် ဝါဝါတွေကို သောက်နေကြသည်။ ဂျဲနက်က သပိတ်လွယ်ငှက်ကလေးတကောင်ကို လှမ်းမြင်လိုက်၏။ “သပိတ်လွယ် ငှက်ကလေးရယ်” ဟု သူက အခေါ်လိုက်တွင် ငှက်ကလေးက လန့်ပျံပြေး၏။ လမ်းကြားကလေးတခုထဲတွင် စုံတွဲတတွဲ တွေ့လိုက်ရသည်။ ယောကျ်ားကလေးက စစ်သား။ ကောင်မလေးက မှဲ့ခြောက်ထူထူ။ ပန်းရောင်ဝတ်စုံကလေးကို ဝတ်ထားသည်။ စစ်သားကလေးက ငယ်ငယ်ကလေး။ သို့ရာတွင် မျက်နှာက တည်နေသည်။ လက်ထဲတွင် သံခမောက် ကိုင်ထား၏။ မိန်းကလေး ငိုလျက်။ “မကြာခင် ပြီးသွားမှာပါကွယ်” ဟု စစ်သားကလေးက ပြောသည်။ ဂျဲနက်သည် သူတို့နှစ်ယောက်ကို ကြည့်ပြီး မနာလိုဝန်တို ဖြစ်မိသေး၏။ သည်မျှလောက်လေး ပျော်ရလျှင် တော်ပြီ။ ယခုမူ သူ့ဘဝက အထီးတည်း။ သူ့တွင် မျှော်လင့်ချက်မရှိ။ မျက်ရည် မရှိ။ သောက မရှိ။

တနင်္လာနေ့တွင် ဂျဲနက်သည် ပြတင်းပေါက်တွေကို ပိတ်ပြီး အခန်းတွင်း အောင်းနေသည်။ အလင်းရောင်ကို မမြင်ချင်။ သို့ရာတွင် ညနေ မြို့ထဲသို့

ထွက်လာသည့်အခါ၌ ဂျဲနက် တအံ့တသြ ဖြစ်နေသည်။ ပါရီသည် မှတ်မိနိုင်စရာပင်မရှိ။ ဈေးဆိုင်များနှင့် ကဖီးဆိုင်များက ပိတ်လျက်။ ကသောကမျော ရေးထားသည့် "ဆိုင်ပိတ်သည်" ဆိုသည့် စာရွက်ဖြူဖြူကလေးများက ဆိုင်ရှေ့တွင် ကပ်လျက်သား။ အိမ်များအနီးတွင် လူတွေ ရုတ်ရုတ်သဲသဲ။ အချို့က ပြတင်းပေါက်များကို အသေပိတ်နေကြသည်။ အချို့က သေတ္တာများ၊ အထုပ်အပိုးများကို ပျာယီးပျာယာ ထုတ်ပိုးနေကြသည်။ လမ်းကိုဖြတ်ကူးဖို့ပင် မလွယ်။ လမ်းပေါ်တွင် မော်တော်ကားတန်းကြီးက မဆုံးနိုင်တော့။ မော်တော်ကားခေါင်မိုးပေါ်တွင် အိပ်ရာလိပ်တွေ ပြည့်မောက်လျက်။ မျက်ရည်တို့ စိုစွတ်လျက် ထိတ်လန့်နေသည့် မျက်နှာများက ကားပြတင်းမှ ပြူထွက်နေကြသည်။

မနေ့တုန်းကပင် "ဘာဖြစ်လို့ ပြေးလာကြတာလဲ၊ နည်းနည်းလေး စောင့်လိုက်ကြရောပေါ့၊ ဗိုလ်ချုပ်ဝေဂန်ရဲ့ စစ်ကြောင်းကကော" ဟု စစ်ပြေးဒုက္ခသည်များကို မေးခဲ့၊ ပြောခဲ့ကြသေးသည်။ ယနေ့ သူတို့ကိုယ်တိုင် ထွက်ပြေးနေကြရပြီ။ မီးရထားဘူတာရုံသို့ အပြေးအလွှား ရောက်လာကြကာ အမိုးတွေပေါ်သို့ တက်စီးကြသည်။ လော်ရီအမိုးပေါ်သို့ တက်စီးကြသည်။ သူတို့ကို တင်သွားရန် ကားမောင်းသမားများကို ရှိခိုးဦးတင် ပြောကြသည်။ ပါရီမြို့ကြီးသည် နာရီနှင့်အမျှ လူပါးသည်ထက် ပါးလာနေပြီ။ ဂျူစေ့တို့ ဖိတ်ကျနေသည့် အိတ်ပေါက်ကြီးနှင့် တူတော့သည်။

ပင်စင်လစာဆိုင်ရာ ဝန်ကြီးများရုံးရှေ့တွင် လော်ရီကားကြီးတွေ တသီကြီး ရပ်နေကြသည်။ ဘာ့ကြောင့်မှန်းမသိ။ ပရိဘောဂများကို တင်နေသည်။ အချို့စားပွဲများ၊ ကုလားထိုင်များ၊ ကြောင်အိမ်များက စြင်္ကံတွင်စုပုံလျက်။ မိန်းမကြီးတယောက်က ခတ်ပြားအပ်ကြောင်း ထပ်နေသလို "အမေ့ကိုလဲ ခေါ်ကြပါဦး၊ အမေ့ကိုလဲ ခေါ်ကြပါဦး" ဟု တတွတ်တွတ် ပြောနေသည်။

ဂျဲနက်သည် ရှုခင်းကိုကြည့်၍ လန့်သွားကာ "ဘာတွေများ ဖြစ်ကုန်ကြပြီလဲ မသိဘူး" ဟု တွေးနေသည်။

ဂျဲနက်က အထိတ်တလန့်ဖြင့်...

"ဘာဖြစ်လို့လဲ အမေ" ဟု မေးသည်။

အဘွားကြီးက ဂျဲနက်ကို ကြည့်လိုက်ယင်း...

"ဟင် မသိသေးဘူးလား၊ ဂျာမန်တွေ ရိုအင်မြို့ကို ရောက်ကုန်ပြီတဲ့" ဟု ပြောသည်။ ဂျဲနက်လက်မှ လက်ကိုင်အိတ်သည် အောက်သို့ကျသွား၏။ ပစ္စည်းများက လမ်းပေါ်တွင် ပြန့်ကြဲလျက်။ သိုးမွေးလုံးတလုံး၊ လက်ကိုင်ပဝါတထည်၊ ဖယောင်းတိုင်တချို့နှင့် လိမ္မော်သီး သုံးလေးလုံး။ မိန်းမကြီးက တအီအီ ငိုနေသည်။ ဂျဲနက်ကလည်း ရောယောင်၍ ငို၏။ တခုခုမူ လုပ်ရမည်။ မကြာမီ ဂျာမန်တို့ ရောက်လာကြတော့မည်၊ ဗုံးတွေကို ကြဲချတော့မည်။ လူတွေကို လိုက်သတ်ကြတော့မည်။ ဂျဲနက်သည် ကြောက်အားလန့်အားဖြင့် ပြေးလာခဲ့သည်။ နဂို ဂျဲနက် မဟုတ်တော့၊ စိတ်ပျက်ထိတ်လန့်ခြင်း ရေစီးကြောင်းထဲတွင် မျောပါသွားသည့် ကောက်ရိုးမျှင်ကလေးတမျှင်။

ရုတ်တရက် ရပ်လိုက်သည်။ မည်သည့်နေရာသို့ သွားရမည်နည်း။ စိတ်ပျက်စရာ ကောင်းသည့် လိုင်ယွန်မြို့ကလေးကို အမှတ်ရသည်။ ရှုံ့တွနေသည့် အဖေ့မျက်နှာကို မြင်၏။ ထို့နောက် ဖလူရီရွာကလေးကို အမှတ်ရပြန်သည်။ စပျစ်ခြံမှ စပျစ်ရွက်ပြာပြာများ၊ တိတ်ဆိတ်ပူပြင်းနေသည့်နေ့၊ ယင်ကောင်တို့ တဝီဝီ အော်သံ။

ဤမျှလောက် တခါမျှ ဘဝကို ခင်တွယ်ခြင်း မဖြစ်စဖူး။ ရက်စက်ကြမ်းကြုတ်သည့်ဘဝသည် ချက်ချင်း ချိုမြိန်လာသည်ဟု ထင်လိုက်ရ၏။ ဟုတ်သည်။ သူလည်း အများနည်းတူ သွားမှုဖြစ်မည်။

ဒီလိုင်ယွန်ရပ်ကွက်သို့ လာခဲ့သည်။ ဘူတာရုံသို့ မရောက်မီ အဝေးကြီးကတည်းက အထုပ်အပိုးတွေကို ထမ်းကာ ဘူတာရုံဘက်သို့ သွားနေသည့် လူတန်းကြီးကို တွေ့ရ၏။ ဘူတာရုံထဲ ရောက်ဖို့မလွယ်။ ပုလိပ်တွေက တားသော်လည်း မရ။ လူအုပ်ကြီးက ဘူတာထဲသို့ရောက်အောင် အတင်းတိုးနေသည်။ "ဟေ့ စကြောက်တွေ၊ သစ္စာဖောက်တွေ၊ မင်းတို့ချည်း ထွက်ပြေးမလို့လားကွ၊ တို့တော့ မသွားရသေးဘူးလား၊ ထောင်ချောက်ထဲမှာ မိနေတဲ့ ကြွက်တွေလို နေရစ်ခဲ့ရမှာလား" ဟု အော်နေကြသည်။

ညနေတွင် ရထားများရှိသည်ဟု ပုလိပ်များက ပြောကြ၏။ သို့ရာတွင် သူတို့စကားကလည်း ဘာမျှရေရေရာရာမရှိ။ ဝိုးတိုးဝါးတား။ ညနေထမင်းစားချိန်ထိအောင် ရထားကို စောင့်ကြသည်။ ဆာလည်းဆာပြီ။ မောလည်းမောလှပြီ။ အချို့က ပလက်ဖောင်းပေါ်တွင်ထိုင်ကာ ပါလာသည့် စားစရာကလေးများကို စားကြသည်။ အလုပ်သမားကြီးတယောက် ပေါင်မုန့်တလုံးကို ခပ်ကြီးကြီး လှီးကာ ပေါင်မုန့်လေးငါးချပ်နှင့် ဝက်အူချောင်းများကို ဂျဲနက်သို့ပေး၏။ သူ့ကို ဂျဲနက် ကျေးဇူးတင်သည်။ သို့ရာတွင် ကျေးဇူးတင်စကားလေးကိုမျှ မပြောနိုင်။ နှုတ်ခမ်းများကသာ တရွရွ လှုပ်နေကြသည်။ ညနေ အိမ်ကထွက်လာကတည်းက ဘာမျှ မစားရသေး။ ဝမ်းထဲတွင် မီးစကြီး ထိုးထားသလို ပူလှပြီ။

ညသည် ခါတိုင်းထက် ရောက်လွယ်သည် ထင်ရ၏။ မြို့ပေါ်တွင် မီးခိုးတန်း မည်းမည်းကြီးကို မြင်ရသည်။ ရိုအင်မြို့ မီးလောင်နေခြင်း ဖြစ်သည်ဟု ပြောကြ၏။ အချို့ကလည်း မီးလောင်ခြင်း မဟုတ်။ ရန်သူတို့ မမြင်နိုင်ရန် မြို့ကို မီးခိုးမှိုင်းဖုံးထားခြင်း ဖြစ်သည်ဟု ဆိုကြသည်။ မိန်းမများနှင့် ကလေးများက အမှောင်ထဲတွင် အလန့်တကြား အော်ကြသည်။ သူ့တကိုယ်လုံး မွှန်းကျပ်နေသည်ဟု ဂျဲနက်ထင်သည်။ မနက်အရုဏ်တက်လောက်တွင် ဘူတာရုံသို့ နောက်ထပ် လူအုပ်တွေ ရောက်လာကြပြန်သည်။ သို့ရာတွင် ရထားက တစီးမျှ မထွက်သေး။

ဂျဲနက်သည် လမ်းမတွေကို လျှောက်သွားယင်း နောက်ဆုံးတွင် ကမ်းနားသို့ ရောက်သွားသည်။ ထိတ်လန့်နေသည့် သူ့မျက်လုံးများကို မည်သူကမျှ ဂရုတစိုက် မကြည့်ကြတော့။ ယခုအချိန်တွင် လူတိုင်း၏ မျက်လုံးများသည် သူ့မျက်လုံးများလိုပင် ထိတ်လန့်ကြောက်ရွံ့သည့်အသွင်ကို ဆောင်နေကြပြီ။ လမ်းတွင် တယောက်နှင့် တယောက်တွေ့လျှင် ရပ်တန့်ကာ သေတ္တာ ဘယ်မှာ ဝယ်၍ရနိုင်သည်၊ တွန်းလှည်း ဘယ်မှာငှား၍ ရနိုင်သည်တို့ကို မေးမြန်းစုံစမ်းကြသည်။ တယောက်နှင့် တယောက် သတင်းအတိုအထွာတွေကို ပြောကြသည်။ "ဂျာမန်တွေ မန်တယ်ကို ရောက်နေပြီတဲ့၊ မဟုတ်ဘူး၊ ချန်တီလီမှာတဲ့၊ ရှောင်ဇလီဇေးလမ်းမပေါ်မှာ ဂျာမန်တပ်တွေ လေထီးနဲ့ ဆင်းကုန်ကြပြီတဲ့၊ ဂျာမနီနဲ့ ရထားလမ်းတောင် ပွင့်နေပြီဆိုပဲ၊ မဟုတ်ပါဘူးတဲ့၊ တို့ကို သစ္စာဖောက်နေကြတာကွ၊ တို့ကို သစ္စာဖောက်နေကြတာ" ဟု တယောက်ကိုတယောက် ပြောကြသည်။

သူငယ်မကလေးတယောက်က ရေခဲမုန့်တခုကို အငမ်းမရစားယင်း ငိုနေသည်။ စစ်ဗိုလ်ချုပ်ကြီးတယောက် ဖြတ်သွား၏။ လူတယောက်က သူ့ကို

စိမ်းစိမ်းကြီးကြည့်ကာ “ခင်ဗျားတို့အစွမ်း ကုန်ပလား” ဟု မကြားတကြား မေးနေသည်။ လမ်းကလေးတလမ်းထဲတွင် ကလေးမတယောက် ယမင်းရုပ်ကြီးတရုပ်ကို တင်းကျပ်စွာ ဖက်ယင်း အော်ငိုနေသည်။

စိန်ဂျက်လမ်းထောင့်တွင် ဖွင့်ထားသည့် ပေါင်မုန့်ဆိုင်တဆိုင် ရှိသည်။ လတ်လတ်ဆတ်ဆတ် ဖုတ်ပြီးစ ပေါင်မုန့်နံ့က မွှေးနေသည်။ ဂျဲနက်သည် ရင်ထဲတွင် ကိန်းဝပ်နေသည့် အသက်ရှင်နေလိုစိတ်သည် နောက်တဖန် နိုးကြားလာသည်ဟု ထင်ရ၏။ သူ့အတွေးများသည် ယောက်ယက်ခတ်လျက်ရှိ၏။ သူဘာလုပ်ရမည်နည်း။ အသံလွှင့်ရုံသို့ ခပ်သုတ်သုတ် လာခဲ့သည်။ ဂိတ်တွေ ပိတ်ထားပြီ။ အစောင့်ပင် မရှိတော့။ မာရေးရှယ်ကို သတိရသည်။ သူ့အခန်းသို့ ရောက်သွားသည့်အခါတွင် စာအုပ်များနှင့် ခါတ်ဖူးတလုံး။ နီဂရိုးယမင်းရုပ်ကလေးကို သေတ္တာတလုံးထဲတွင် ထည့်နေသည်ကို တွေ့ရ၏။ ယမင်းရုပ်ကလေးက သေတ္တာထဲသို့ သွင်း၍ မရ။ ခေါင်းက ပြန်ပြန်ထွက်လာသည်။

“နောက်ဆုံးသတင်းကို ကြားပြီးပြီလား၊ အီတလီကလဲ ပြင်သစ်ကို စစ်ကြေငြာလိုက်ပြီတဲ့၊ ဒီကောင်တွေက အချိန်ကောင်းကို စောင့်နေတာ၊ တော်တော်ဆိုးတဲ့ကောင်တွေ၊ ခုတော့ အစိုးရလဲ ထွက်ပြေးပြီတဲ့၊ အောင်ပွဲရသည်အထိ တိုက်မယ်ဆိုတာ ဒါပဲလား၊ မော်တော်ကားကလဲ တော်တော်ရှားနေပြီ၊ ကိုယ်နဲ့ ဂရမ်ဒယ် ပေါင်းပြီး မော်တော်ကားတစီး ဝယ်ထားတယ်၊ ခု… ခါတ်ဆီသွားရှာနေလေရဲ့၊ ခါတ်ဆီရယင် ကိုယ်တို့နဲ့ လိုက်ချင်လိုက်ခဲ့လေ၊ ဂျဲနက်”

ဂျဲနက် ဝမ်းသာသွားသည်။

“ဖလူရီကို ပို့ပေးနိုင်ပါ့မလား”

ခါတ်ဆီက ဘယ်မှာမှ ရှာ၍မရ။ ဝေလီဝေလင်းလောက်တွင် ဂရမ်ဒယ် ပြန်လာသည်။ သူ့မျက်နှာက သုန်မှုန်လျက်။

“ချားလ်ဆီ သွားရှာတော့လဲ သူတောင် မနေ့က ခြေကျင်လျှောက်ခဲ့ရတယ်တဲ့၊ ခါတ်ဆီက ဘယ်မှာမှ မရှိတော့ဘူးတဲ့၊ ခုနေ မြင်းတကောင်လောက် ရှာလို့ ရယင်လဲ အကောင်းသား၊ မြင်းနဲ့သွားလို့ ရတာပေါ့၊ လာရေးသင်္ချိုင်းထဲမှာတော့ အမြောက်တွေ ဆင်နေတယ်၊ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရတယ်၊ စစ်သားတွေကတော့ တနေရာကို သွားနေကြတာပဲ၊ ဘယ်ကိုရယ်လို့တော့ မပြောတတ်ဘူး၊ အမေရိကကလဲ ဂျာမနီကို စစ်ကြေငြာလိုက်ပြီတဲ့၊ ကျွန်တော်တော့ သိပ်မယုံပါဘူးဗျာ”

မာရေးရှယ်က ရုတ်တရက် အော်လိုက်သည်။

“သတင်းစာလဲ မဖတ်ရ၊ ရေဒီယိုလဲ နားမထောင်ရဆိုတော့ ကိစ္စက ပြတ်နေပြီ၊ ပါရီမှာ အစိုးရ မရှိတာကတော့ သေချာပြီ”

အတန်ကြာမှ ငြိမ်ကျသွားကာ…

“ကိုယ်တို့ ခြေကျင်သွားမယ်လေ၊ ဂျဲနက် လိုက်နိုင်ပါ့မလား”

ဂျဲနက် ပျော်သွားသည်။ ဘာ့ကြောင့်မှန်း မသိ။ ဖလူရီသို့ ခြေကျင်သွားချင်သည့် ကလေးကလားစိတ်ကူးတွေ ပေါ်နေသည်။ အခန်းသို့ ပြန်ပြေးလာပြီး ပစ္စည်းတွေကို ထုပ်ပိုးသည်။ ခြေကျင်သွား၍ ကောင်းမည့် ဖိနပ်ကို စီး၏။

သူ့စိတ် ထက်သန်ရှင်လန်းမှုသည် ခဏသာကြာသည်။ လမ်းထဲတွင် ကြောက်စရာ ရုတ်ရုတ်သဲသဲဖြစ်လျက်။ ကားတွေက ဟွန်းသံ တပွမ်ပွမ်။ လူတွေက တယောက်ကို

တယောက် အတင်းတိုးဝှေ့လျက်။ အော်လျက်။ ဆဲရေးလျက်။ ဂျဲနက်သည် လူတွေကိုကြည့်ယင်း မောလာသည်။ သူ ဘယ်ကို ပြေးရမည်နည်း။ ပြေး၍ကော ဘာထူးဦးမည်နည်း။ ဘယ်နေရာရောက်ရောက် အတူတူသာ မဟုတ်လော။

အခန်းရှင် မိန်းမကြီး သူ့ကို တရင်းတနှီး နှုတ်ဆက်၏။

"ငါ့တူမကြီးရယ် ဘယ်မှ သွားမနေတာ အကောင်းဆုံးပါ၊ ခုတော့ တကတည်းတော် သွားလိုက်ကြတာ၊ တဝုန်းဝုန်းနဲ့၊ ဒီလောက်ပဲ ကြောက်ကြရသတဲ့လား၊ ကြည့်ရတာ ရှက်စရာကောင်းလိုက်တာ၊ ဘာ့ကြောင့်များ ထွက်ပြေးကြရသလဲ မသိဘူး၊ ပြေးတော့ကော ဘာထူးမှာတဲ့လဲ၊ ပထမကမ္ဘာစစ်တုန်းကလဲ ဒီလိုပဲ၊ ဂျာမန်တွေက မျှူးကိုသိမ်းတော့ ထွက်ပြေးလိုက်ကြတာ၊ တဝုန်းဝုန်းနေတာပဲ၊ ဒါပေမယ့် ပါရီကိုတော့ မရောက်ပါဘူး ငါ့တူမရဲ့၊ နွားနို့သည်မိန်းမကြီးက ပြောတော့ အစိုးရတပ်မကြီးလေးဆယ်နဲ့ တိုက်မလို့တဲ့၊ ပါရီကို အသိမ်းမခံဘူးတဲ့"

ဂျဲနက် ခေါင်းကို ညိတ်၏။ တနာရီကျော်ကျော်လောက် စကားမပြောပဲ ထိုင်နေသည်။ အိမ်ရှင်မိန်းမကြီးနေသည့် အခန်းထဲတွင် နေရောင်လင်းလက်လျက်ရှိ၏။ ကြောင်ကလေးက ကြမ်းပြင်ပေါ်မှာ နေရောင်အပြောက်ကလေးများကို လိုက်ဖမ်းနေသည်။ ဂျဲနက်သည် ရုတ်ကနဲ ထလိုက်၏။ သူ အသက်ရှင်နေရဦးမည်။

မာရေရှယ် အခန်းသို့ ပြန်လာခဲ့၏။ တံခါးပေါ်တွင် စာရွက်ကလေးတရွက် ခေါက်လျက်သား။ "ဂျဲနက် ရိုရှီရိုး မြေအောက်ဘူတာရုံမှာ မနက်လေးနာရီအထိ စောင့်နေမယ်" ဟု ရေးထားသည်။ နာရီကို ကြည့်လိုက်၏။ သုံးနာရီ ထိုးနေပြီ။ အချိန်ရှိသေးသည်။ ဖွင့်ထားသည့် ဆိုင်တဆိုင်ထဲသို့ ဝင်ကာ အော်ဒီကလုံး ရေမွှေးတပုလင်း ဝယ်၏။ ဈေးသည်က နှေးတိနှေးကွေး။ မြန်မြန်လုပ်ဖို့ ပြောရသည်။

အရေးထဲတွင် ဘူတာမှား၍ သွားစောင့်သေးသည်။ အယ်စီယာ မြေအောက်ဘူတာရုံဝတွင် ငါးနာရီထိုးသည်အထိ စောင့်၏။ မသင်္ကာသဖြင့် လက်ပွေ့အိတ်ထဲက စာရွက်ခေါက်ကလေးကို ယူကြည့်သည်။ ကမ္ဘာကြီးသည် ချာချာလည်သွားသည်ဟု ထင်လိုက်ရ၏။ ရိုရှီရိုး မြေအောက်ဘူတာရုံဝသို့ ရောက်သည့်အခါတွင် လူသူဆို၍ တယောက်မျှ မရှိတော့။ စာတိုက်သို့ ပြေးသည်။ ပိတ်ထား၏။ တယ်လီဖုန်း ဆက်စရာ ဘယ်နေရာမှ မရှိတော့။ အခန်းသို့ ပြန်လာခဲ့ပြီး ဒက်ဇာထံ တယ်လီဖုန်းဆက်သည်။ စိတ်ကူးယဉ်ခြင်း မရှိတော့။ ဒက်ဇာသည် သူ့ကိုမူ ခေါ်သွားလိမ့်မည်။ သို့ရာတွင် ပြန်ထူးသံ မကြားရ။ အိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်ပြီး တွေ့သမျှ နံပါတ်တွေကို ဆက်ကြည့်သည်။ ဘယ်သူတွေမှန်း ကောင်းကောင်း မမှတ်မိတော့။ တူတူ တူတူ ဟူသည့် ငြီးငွေ့ဖွယ်အသံကိုသာ ကြားရ၏။ "အင်း.. ဘယ်သူမှမရှိကြတော့ဘူး" ဟု တယောက်တည်း ပြောမိသည်။

ထိုအတောအတွင်း၌ကား အခန်းပိုင်ရှင် အမျိုးသမီးသည် သူ့မတ်နှင့် အဆက်အသွယ် ရပြီးနေပြီ။

"ဘယ်က တပ်မကြီးလေးဆယ် ရမှာလဲ၊ တတပ်မှ မရှိဘူး၊ မြို့ထဲမှာ ပုလိပ်နဲ့ မီးသတ်တပ်ဖွဲ့လောက်ပဲ ကျန်တော့တယ်၊ ပြင်သစ်ဗိုလ်ချုပ်တောင် ရှန်တီလီကိုသွားပြီး ဂျာမန်တွေနဲ့ စေ့စပ်နေပြီ" ဟု ပြောလိုက်၏။

မြောက်ဘက်ဆီမှ အမြောက်သံများကို ဆက်တိုက်ကြားရသည်။ "မြို့ထဲတွင် ဘယ်သူမျှ မရှိတော့" ဟု ဂျဲနက်က ပြောသည့်အခါတွင် အိမ်ရှင်မိန်းမကြီးသည်

အခန်းထဲတွင် အရှူးလို ဟိုပြေးသည်ပြေး လုပ်နေသည်။

ဂျဲနက်သည် အပေါ်ထပ်က သူ့ အခန်းသို့ တက်လာခဲ့၏။ ပြတင်းဝတွင် အကြာကြီး ရပ်နေမိသည်။ လမ်းမတလျှောက်တွင် လူတွေ ဥဒဟို။ စားပွဲတွေ၊ ကုလားထိုင်တွေ တင်ထားသည့် တွန်းလှည်းများကို တွန်းလျက်။ တခါတရံတွင် တွန်းလှည်းပေါ်တွင် ထိုင်လိုက်သွားသည့် အဘွားကြီးများကို မြင်လိုက်ရ၏။ ခွေးကလေးတကောင်က ဟောင်လျက်။ အိမ်များတွင် တရုတ်ကတ်တံခါးများက ပိတ်လျက်။ "အင်း... ဘယ်သူမှ မရှိတော့ဘူး" ဟု ဂျဲနက် နောက်တကြိမ် ညည်းမိပြန်သည်။

လူတယောက်က ကုလားထိုင်တွေကို ထမ်းယင်း အော်လာသည်။ ကလေးက သူ့သစ်သားမြင်းကလေးကို မခွဲရက်သဖြင့် လက်တွင် ပိုက်လျက်။ အဘွားအိုကြီးတယောက်က ငှက်လှောင်အိမ်ကလေးကို ဆွဲလာသည်။ တဘက်တပ်မျက်မှန်ကို တပ်ထားသည့် လူတယောက်က အိတ်ကြီးတလုံးထဲတွင် ကြောင်တကောင်ကိုထည့်၍ လွယ်လာ၏။ ကြောင်က တညောင်ညောင် အော်၍ ရှန်းလျက်။ အဘွားအိုကြီးတယောက်ကို တွန်းလှည်းနှင့် တွန်းသွားပြီး မိန်းမတယောက် ကလေးနှစ်ယောက်ကို တဘက်တချက် ချီပိုးလျက်။ တချို့က ဘိုင်စကယ်တွေစီးပြီး ထွက်သွားကြသည်။ ဟာလာဟင်းလင်း ဖြစ်ကျန်ခဲ့သည့် မြို့ကြီးကို ကြည့်ရသည်က အသည်းထိတ်စရာ။

ဂျဲနက်သည် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ အိမ်ရှင်မိန်းမကြီးလည်း မရှိတော့။ ပစ္စည်းအားလုံးကို ထားပစ်ခဲ့သည်။ ဂျဲနက်ကိုပင် အကြောင်းမကြား။ အခန်းကို သော့ပင်ခတ်မသွား။ ဂျဲနက်သည် လမ်းမလယ်ကောင်တွင် လျှောက်လာခဲ့သည်။ မီးလောင်သည့် ညှော်နံ့ကြီး ထွက်နေသဖြင့် အသက်ရှူ၍ ကောင်းကောင်းမဝချင်။ ခတ်ဆိတ်လှောင်ကန်များကို မီးလောင်နေခြင်း ဖြစ်သည်။ ခဏကြာလျှင် မိုးကြီးရွာလာသည်။ မိုးပေါက်များသည် မီးခိုးများကြောင့် မည်းနက်နေကြ၏။ မည်းနက်သည့် မျက်ရည်ပေါက်များသည် ဂျဲနက်၏ ပါးပြင်ပေါ်သို့ ကျလာကြသည်။ ဟာလာဟင်းလင်း ဖြစ်နေသည့်စိတ်၊ ပြူးကျယ်လျက်ရှိသော မျက်လုံးများဖြင့် ဂျဲနက်သည်လည်း လူအုပ်ကြီးနှင့်ရောကာ မီးခိုးတို့ဖုံးလျက်ရှိသော ပါရီမြို့ကြီးမှ ထွက်လာခဲ့သည်။

သတင်းစာ တစောင်တလေ တွေ့ရလို့ တွေ့ရငြား တမနက်လုံး အဂ္ဂနိစ် လိုက်ရှာသည်။ သတင်းစာရောင်းသည့် စက်ခလုတ်ခုံကလေးများတွင် အပတ်စဉ်ဂျာနယ်ဟောင်းတချို့ကို တွေ့ရ၏။ ထိုနောက် သတင်းစာရောင်းသည့် စက်ခလုတ်ခုံကလေးများလည်း ပိတ်သွား၏။ သတင်းစာတွေ မထွက်တော့ဟု ပြောသံကြားရသည်။ သို့ရာတွင် ညနေပိုင်းသို့ ရောက်သည့်အခါတွင် သတင်းစာရောင်းသည့် သူငယ်ကလေးများ၏ အော်သံကို ကြားကြ၏။ သတင်းစာတစောင်ကို အမောတကော ပြေးဝယ်သည်။ မျက်နှာဖုံးတွင် ဆိန်းကမ်းပါး၌ မိန်းမတယောက်က ခွေးကလေးတကောင်အား ရေချိုးပေးနေပုံကို ဖော်ပြကာ "ပါရီသည် ယခုတိုင် ပါရီဖြစ်သည်" ဟု ခေါင်းတပ်ထား၏။ အဂ္ဂနိစ်က ဒေါသထွက်သွားသည်။ လက်စသတ်တော့ သတင်းစာဟောင်းတစောင်ကို လိမ်ရောင်းသွားခြင်း ဖြစ်သည်။ ရက်စွဲက ဇွန်လ ၁၀ ရက်။ ကျောင်းသို့ပြေးကာ ရေဒီယိုကို ဖွင့်ကြည့်၏။ ဘုရားရှိခိုးကို အသံလွှင့်နေသည်။ ထိုနောက် ပြင်သစ်ပြည်ဆိုင်ရာ အမေရိကန်သံအမတ် ဘူးလစ်က ဂျုံးအော့အာ့၏ ဗိမာန်သို့ သွား၍ လွမ်းသူ့ပန်းခွေချပြီး "ပြင်သစ်ပြည်သူတို့ကို ကယ်တင်ပါလေ ဂျုံးအော့အာ့" ဟု အင်္ဂလိပ်လို ဆက်ဖုံသံပါပါဖြင့် ဆုတောင်းနေသည်။ ထိုနောက် တန်ဂိုတေးသွားပေါ်လာ၏။ နောက်ဆုံးတွင် သတင်းကြေငြာသူက "မိမိတို့တပ်များသည် နော်ဝေးပြည် နားဗစ်မြို့ အရှေ့ဘက်သို့ ချီတက်လျက် ရှိသည်ဟု သိရသည်" ဟု ပြောနေသည်။

"ရေဒီယိုက ဘာပြောတာလဲ" ဟု ဒုက္ခသည်အဘိုးကြီး ရီးကွေးက မေး၏။

"ဘာမှ မဟုတ်ပါဘူး အဘရယ်၊ သတင်းတွေ မစုံသေးလို့ စောင့်နေတယ် ထင်ပါရဲ့၊ မနက်ဖြန်လောက်ဆိုယင် ပြည့်ပြည့်စုံစုံ သိရမှာပါ"

သို့ရာတွင် နောက်တနေ့ မနက်တွင် ရေဒီယိုသည် အသံတိတ်သွား၏။ အဂ္ဂနိစ် ကြံရာမရ ဖြစ်ပြီ။ ဒက်စ်မြို့တွင်ရှိသည့် အဖေ့ထံ သွားမည်လောဟု စဉ်းစားသည်။ ထိုနေရာသို့ ဂျာမန်တို့ ရောက်မည်မထင်။

ဟာလာဟင်းလင်း ဖြစ်နေသည့် ကျောင်းစာသင်ခန်းများသို့ လျှောက်သွားသည်။ အဝတ်စုတ်တွေ၊ သံဗူးအခွံတွေက နေရာအနှံ့။ မနေ့ကအထိ သည်နေရာတွင် စစ်ပြေးဒုက္ခသည်တွေ ရှိသေးသည်။ ယခု ရီးကွေးတယောက်သာ ကျန်ခဲ့၏။

"အဘကတော့ လမ်းမလျှောက်နိုင်တော့ဘူး" ဟု ပြော၏။ အဂ္ဂနိစ် မည်သို့အစီအစဉ်ရှိသည်ကို မေးမြန်းခြင်းမပြု။ "သွားဖို့ကောင်းပြီ" ဟု သူသဘောပေါက်သည်။ သို့ရာတွင် သူ့ကိုပစ်၍ သွားလေမည်လောဟု ရင်ထဲတွင် တထိတ်ထိတ်။ အဂ္ဂနိစ် လုပ်သမျှကို စိုးရိမ်သဖြင့် မျက်လုံးအစုံဖြင့် ကြည့်နေသည်။ တယောက်တည်း ကျန်ရစ်ခဲ့မည်ကို အကြောက်ဆုံး။

"အားလုံးကုန်ကြပလား၊ မြို့ထဲမှာကော"

"မရှိတော့ဘူးလေ၊ သွားကုန်ကြပြီ"

"ကျွန်မတော့ ဘယ်ကိုမှ မသွားတော့ပါဘူး အဘရယ်"

အဂ္ဂနိစ်က ပြောသည်။ အဘိုးအိုက ပြုံးချင်သည်။ သို့ရာတွင် ပြုံး၍မရ။ သူ့မျက်နှာ ကြွက်သားများက တင့်ဆိုင်းနေကြသည်။ မိမိသည် အဘယ့်ကြောင့် ပါရီတွင် နေရစ်ခဲ့လေသနည်းဟု ဒိုဒိုလေးကို ရင်တွင်ပိုက်ထားယင်း အဂ္ဂနိစ် တွေးနေသည်။ အဘိုးကြီး ရီကွေးကို သနားသဖြင့် မသွားပဲ နေခြင်းလော။ သို့ရာတွင် ဒိုဒိုလေးကိုလည်း ထည့်စဉ်းစားရဦးမည်။ ဒိုဒိုလေးကို လုံခြုံရာသို့ ပို့ရမည်။ လမ်းတွင် ကလေးပျောက်သွားလျှင် ခက်ရချည့်။ ဘယ်လဂျီယန် မိန်းမကြီးမှာ လမ်းတွင် သမီးကလေး ပျောက်ခဲ့ပြီ မဟုတ်လော။ သို့ရာတွင် ပါရီတွင် နေခဲ့၍လည်း သက်သာမည် မဟုတ်။ ဗုံးဒဏ်ကို ကြောက်ရသေးသည်။ ဗုံးတခါကြဲလျှင် လူ ၂၀၀၀ လောက် သေတတ်သည်။ သည်အဖြစ်က ပိုဆိုးသေးသည်။ သို့ဖြစ်လျှင် အဘယ့်ကြောင့် မသွားသေးသနည်း။ သို့ဆိုလျှင် အခြောက်တိုက် သတ္တိကောင်းခြင်းမျှသာ ဖြစ်လိမ့်မည်။ တလွဲဆံပင်ကောင်းနေခြင်းမျှသာ ဖြစ်လိမ့်မည်။ မကြာမီတုန်းက ရေဒီယိုကို ဖွင့်ခဲ့ရာတွင် တိတ်ဆိတ်နေသည့် အသံလှိုင်းဖမ်းစက်တွေကို ကြည့်၍ သူ ကြံရာမရ ဖြစ်ခဲ့သည်။ သောသောရုတ်ရုတ် ထွက်ပြေးရသည့် အဖြစ်မျိုးသည် ရုက်စရာကောင်းသည်ဟု ထင်၏။ ကြံ့ခိုင်သည့် သူ့စိတ်ဓာတ်သည် သူ့ကို လွှမ်းခြုံထားသည်။ ဟာလာဟင်းလင်း ဖြစ်နေသည့် မြို့ကြီးထဲတွင် ကျန်ရစ်နေခဲ့ခြင်းဖြင့် တိုင်းပြည်အတွက် တခုခု အကျိုးပြုနေသည်ဟု သူ ထင်သည်။

ကလေးထိန်း အဘွားကြီး မီလာနီ ရောက်လာပြီး သူနှင့်အတူ လိုက်ခဲ့ဖို့ ခေါ်သည်။

"အဒေါ်တို့ အလုပ်သမားတွေချည်းပဲ၊ လော်ရီ လေးစီးရှိတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်လူသိုက်နဲ့ကိုယ်ဆိုတော့ တော်သေးတာပဲ" ဟု ဆိုသည်။

အဂ္ဂနိစ်က နေရစ်ခဲ့ရန် ဆုံးဖြတ်ပြီးပြီဟု ပြော၏။ မီလာနီ စိတ်ဆိုးလိုက်သည်မှာ ဆိုဖွယ် မရှိတော့။ ဟုတ်သည်။ သူတို့ ပြောသည့်စကား မှန်သည်။ အဂ္ဂနိစ်သည် ခံစားချက် ကင်းသူ။ သူ့ယောက်ျားကို သတ်ခဲ့ကြသည့် ဂျာမန်များလို နှလုံးသားမဲ့သူ။ ဂျာမန်တွေ ကြားထဲတွင် နေရစ်ခဲ့မည်တဲ့။

"အေးလေ ဒီလိုဆိုယင်လဲ ညည်းသဘောပေါ့"

ရီကွေးကို ထမင်းကျွေးပြီးနောက် အဂ္ဂနိစ်သည် လမ်းထိပ်သို့ ထွက်လာခဲ့သည်။ လူတွေက မကုန်သေး။ ယခုတိုင် ထွက်ကြဆဲ။ သူတို့နှင့်အတူ လိုက်သွားချင်သည်။ သို့ရာတွင် အဂ္ဂနိစ်သည် သူ့စိတ်ကို သူထိန်း၏။ အုတ်တံတိုင်းတခုပေါ်တွင် ကြော်ငြာ စာရွက်စာတမ်း ကပ်ထားသည်ကိုတွေ့ရသည်။ "ပြင်သစ်သမ္မတနိုင်ငံတော်၊ လွတ်လပ်ရေး၊ တန်းတူညီမျှရေးနှင့် ညီရင်း အစ်ကိုသဖွယ် ချစ်ခင်ရေး" ဟု ခေါင်းစဉ်တပ်ထားသည်။ အောက်တွင် "ပါရီမြို့ကြီးကို ဟင်းလင်းဖွင့်ထားသည့် မြို့ကြီးအဖြစ် ကျွန်ုပ်ကြေငြာလိုက်သည်။ ဗိုလ်ချုပ် ဒင့်ဇ်၊ စစ်ဘုရင်ခံမင်းကြီး" ဟု

ရေးထား၏။ မြက်ဦးထုပ် ဆောင်းထားသည့် ခပ်ပုပု အဘိုးအိုတယောက်က ကြော်ငြာစာရွက်ကို အသံထွက် ဖတ်နေသည်။

"ဟင်းလင်းဖွင့်ထားတဲ့ မြို့ဆိုတာ ဘာလဲ အဘ"

အဂ္ဂနိစ်က မေး၏။ အဘိုးအိုက ပခုံးတွန့်လိုက်ယင်း...

"အဘလဲ မသိဘူးကွဲ့၊ ခံတပ်မြို့ မဟုတ်ဘူးလို့ မျှားလားမှ မသိတာ၊ ပုပ်ရဟန်းမင်းကြီးက မေတ္တာရပ်လို့ မြို့မနာအောင် ဆုတ်ပေးတယ် ထင်ပါ့၊ အင်း... မကောင်းပါဘူးကွယ်"

အလုပ်သမားတယောက် ရောက်လာကာ ကြော်ငြာကို ဖတ်ပြီး...

"ခွေးမသားတွေ၊ ဂျာမန်တွေနဲ့ အပေးအယူ လုပ်ပြီးပြီထင်တယ်" ဟု အော်သည်။ မျက်လုံးတဘက်မှ မျက်ရည်တွေ စီးကျလျက်။ အခြားတဘက်က အဂ္ဂနိစ်ကို ကြောင်ကြောင်ကြီး ကြည့်နေသည်။ ကျောက်မျက်လုံးဖြစ်သည်။

မုတ်ဆိတ်မွေးနှင့် ပုလိပ်ခပ်ဝဝတယောက်က ပြုံးလျက်...

"မြို့ကိုစောင့်ဖို့ ကျွန်တော်တို့ကို ထားခဲ့တာ၊ ဟင်းလင်းဖွင့်ထားတဲ့ မြို့ဆိုတာက လူတွေကို သတ်မှာစိုးလို့ လုပ်တာ၊ မကြာခင် ခေါင်းဆောင်တွေတွေ့ပြီး ငြိမ်းချမ်းရေး လုပ်လိမ့်မယ်" ဟု ပြောသည်။

လူတွေက မြို့ပြင်ကို ထွက်ကုန်ကြတုန်း။ အဂ္ဂနိစ်သည် သူတို့ကို မနာလိုသည့် မျက်လုံးများဖြင့် ကြည့်သည်။ လမ်းလျှောက်နေချိန်တွင် ဘာကိုမျှ မစဉ်းစားနိုင်။

ညနေတွင် အဂ္ဂနိစ်က ရီကွေးကို နှစ်သိမ့်၏။

"ပါရီကို ဟင်းလင်းဖွင့်ထားတဲ့မြို့ လုပ်လိုက်ပြီတဲ့ အဘရေ၊ ရန်သူက တိုက်ပွဲတွေ မတိုက်တော့ဘူးတဲ့၊ ဗုံးတွေလဲ မချတော့ဘူးတဲ့"

"ဗုံးချတာကို အဘ မကြောက်ပါဘူးကွယ်၊ အဘတို့ ဒီကိုလာတော့ တလမ်းလုံး ဗုံးတွေ ကြဲခဲ့ပြီပဲ၊ အဘကြောက်တာက ဒီကောင်တွေ ဒီရောက်လာမှာကို ကြောက်တာ"

အဂ္ဂနိစ် မျက်နှာကို တဘက်သို့လှည့်လိုက်၏။ ပထမဆုံးအကြိမ် ငိုမိသည်။ ဟုတ်သည်။ သူလည်း အဘိုးအိုရီကွေးလိုပင် ဂျာမန်တို့ ပါရီမြို့ထဲ ရောက်လာမည်ကို အကြောက်ဆုံး။ အဘိုးအို၏စကားကို မကြားရသေးမီအထိ အဂ္ဂနိစ်သည် အဖြစ်အပျက်များကို ကိုယ်နှင့်မဆိုင်ဟု သဘောထားကာ "သူတို့ရောက်လာကော ဘာဖြစ်လဲ" ဟု တွေးခဲ့သည်။ ဂျာမန်ဆိုသည်မှာ အဝတ်အစား ခြားနားသည်ကလွဲလျှင် သူလိုကိုယ်လိုလူဟု သူတွေးခဲ့သည်။ ယခု သူ့စကားကို ကြားလိုက်ရသည့်အခါ၌ ရင်ထဲတွင် နင့်သွား၏။ ဟုတ်သည်။ သူတို့ တကယ်ပင် ပါရီမြို့ထဲသို့ ဝင်လာကြတော့မည်လော။ "အင်း ဂျာမန်တွေ ပါရီမြို့ထဲကို ဝင်လာကြတော့မယ်တဲ့" ဟု တဖွဖွရွတ်ယင်း မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြသည်။

အငြိမ် မနေနိုင်။ လမ်းမသို့ ပြေးထွက်လာခဲ့မိပြန်သည်။ ညစ်ပတ်ပေရေလျက် မောပန်းနေသည့် စစ်သားများသည် ကုန်းအဆင်းကလေးအတိုင်း ဆင်းလာကြ၏။ မြို့မှ ထွက်သွားယင်း ပိတ်ထားသည့် ပြတင်းပေါက်များကို လှမ်းကြည့်သွားကြသည်။ အဂ္ဂနိစ်က သူတို့ကို ပေါင်မုန့်နှင့် ချောကလက်တချို့ကို လှမ်းပေးလိုက်သည်။ စစ်သားက သူ့ကိုငေးကြည့်လျက် "ကျေးဇူးတင်တယ် မမ၊

သွားမယ်နော်” ဟု တည်ငြိမ်စွာ နှုတ်ဆက်သွားသည်။

သူ့မျက်လုံးများကို အဂ္ဂနိစ် မမေ့တော့။

အိမ်ပြန်ရောက်သည့်အခါတွင် ရေဒီယိုကို ပြေး၍ ဖွင့်မိသည်။ တူလူးမြို့ အသံလွှင့်ဌာနမှ ဝန်ကြီးချုပ် ရေးနော့၏ မိန့်ခွန်းကို အသံလွှင့်နေသည်။ မိမိသည် အမေရိကန် သမ္မတကြီး ရုစဗဲ့က နောက်ဆုံး မေတ္တာရပ်ခံနေခြင်း ဖြစ်ကြောင်းဖြင့် ပြောနေ၏။ ဝန်ကြီးချုပ် အသံက ခပ်သဲ့သဲ့မျှသာ။ ထို့နောက် ဂိုဏ်းအုပ်တပါးက “ဤသည်တို့သည် ဘုရားသခင်၏ ပြစ်ဒဏ်ခတ်တော်မူခြင်းသာ ဖြစ်ပေ၏” ဟူသော ဓမ္မကို ဟောနေသည်။ ထို့နောက် အသံတွေ ဗလုံးဗထွေးဖြစ်သွားကာ တဘက်ခန်းမှ စကားပြောနေသကဲ့သို့ ပြတ်သားကြည်လင်သည့် အသံတသံ ပေါ်လာသည်။

“အမျိုးသားနိုးကြားရေး အသံလွှင့်ဌာနက အသံလွှင့်နေတယ်၊ လက်နက်ချပါ၊ လျှို့ဝှက်တပ်ဖွဲ့တွေကို ဖွဲ့ပြီးပြီ၊ အမှတ် ၁၆ တပ်ရင်းက အာလေဒေသမှာရှိတဲ့ ဖရီမေဆင် ဂိုဏ်းသားတွေနဲ့ မာ့က်စ်ဝါဒီအားလုံးကို သုတ်သင်ရှင်းလင်းပြီးဖြစ်တယ်၊ ဂရီနိုဘယ်တွင် အမှတ် ၄၇ တပ်ရင်းက...”

“ပိတ်လိုက်ပါ သမီးရယ်၊ ကြားရတာ စိတ်မချမ်းသာလွန်းလို့”

ရီကွေးက ပြော၏။

အဂ္ဂနိစ် အိပ်ရာသို့မဝင်။ မည်းမှောင်နေသည့် ပြတင်းဝတွင် တညလုံးထိုင်ကာ တင့်ကားသံများနှင့် မိုးချုန်းသကဲ့သို့ရှိသော အမြောက်ပစ်ခတ်သံများကို နားထောင်နေမိသည်။ ကွယ်လွန်လေသူ တယောက်အတွက် စိတ်ပူဆွေးသောက ဖြစ်ရသကဲ့သို့ ပါရီမြို့ကြီးအတွက်လည်း အဂ္ဂနိစ် ပူဆွေးခြင်းဖြစ်သည်။ မနက်လင်းသည့်အခါတွင် ဒိုဒိုကလေးနှင့် အဘိုးအိုရီကွေးအတွက် နွားနို့ရလို့ရငြား ရှာရန် ဒိုဒိုလေးခေါ်၍ ထွက်လာခဲ့သည်။ မရ။ ဆိုင်တွေအားလုံး ပိတ်နေပြီ။ သူ့အနီးအနားတဝိုက်တွင် ကလေးတသိုက်ကို လှည်းပေါ်တင်၍ တွန်းလာသည့် မိန်းမတယောက်မှအပ မည်သူ့ကိုမျှ မတွေ့ရတော့။ သြော် သွားသူကတော့ သွားကြတုန်း...။

လမ်းထောင့်တခုမှ စစ်သားတယောက် ပြေးထွက်လာသည်။ သူ့ကိုမြင်တော့ သူ့ယောက်ျား ပီယာကို သတိရ၏။ အသားက ညိုညို။ မျက်ဆန် ကျယ်ကျယ်။

“ဒီမှာ ပေါ်တီဒိုလီယန်းကို ဘယ်လမ်းက သွားရသလဲ၊ အရေးကြီးလို့”

အဂ္ဂနိစ်က လမ်းပြပြီးနောက် “ဂျာမန်တွေ ဘယ်ရောက်နေပြီလဲ” ဟု မေးသည်။ စစ်သားက ဖျောက်ကနဲ လက်ဖျစ်တီးပြီး ထွက်သွား၏။ အဂ္ဂနိစ် ရှေ့ဆက်လျှောက်လာခဲ့သည်။ ပြတင်းပေါက် တရုတ်ကတ်တံခါးများက ပိတ်လျက်။ လူသူအရိပ်အရောင်ကိုမျှ မတွေ့ရ။ ပန်းခြံထဲက နာရီစင်မှ နာရီကြီးက ရပ်နေပြီ။ လက်တံက သုံးနာရီဂဏန်းပေါ်တွင် မေးတင်နေသည်။ အားလုံး တိတ်ဆိတ်လျက်။ သုသာန်တစပြင်ပမာ။

ထိုစဉ် မိုးချုန်းသံကဲ့သို့ တဝုန်းဝုန်း မြည်းဟီးသံများကို ကြားရ၏။ လေယာဉ်ပျံတွေ နိမ့်နိမ့်ကလေး ပျံလာကြသည်။ တောင်ပံများပေါ်တွင် စကြာတံဆိပ် မည်းမည်းကြီးများကို ထင်ထင်ရှားရှား မြင်ရ၏။ သူတို့အပေါ်သို့ ဗုံးတွေ ကြဲချတော့မည်။ ကြောက်လန့်ခြင်းမရှိ ပကတိတည်ငြိမ်လျက်ရှိသော သူ့အဖြစ်ကို အဂ္ဂနိစ် အံ့သြနေသည်။ ဒိုဒိုကလေးကို သတ်ကောင်းသတ်ကြလိမ့်မည်။ သို့ရာတွင် သတ်တော့ကော ဘာအရေးနည်း။ မိမိသည်ပင် ရူးသွပ်သွားပြီလော မဆိုနိုင်။ ဘာကိုမျှ အဂ္ဂနိစ် နားမလည်တော့။

ဒိုဒိုကလေးနှင့်အတူ ရိပ်သာလမ်းမကြီးအထိ လျှောက်လာခဲ့စဉ် ရုတ်တရက် တန့်လိုက်မိသည်။ ဂျာမန်တွေ သူ့ထံတည့်တည့်ကြီး လာနေကြပြီ။ စစ်သားများက အမိုးဖွင့်ထားသည့် ကားတစီးပေါ်တွင် ရိုင်ဖယ်သေနတ်ကြီးတွေ ရှေ့ချိန်လျက်။ အဂ္ဂနိစ်သည် သူ့တို့ကို ဒိုဒိုမမြင်စေချင်သဖြင့် ဒိုဒို၏ မျက်လုံးများကို လက်ဖြင့် ကာပေးလိုက်၏။ ဘာလုပ်ရမည် မသိ။ သူလည်း ဂျာမန်တွေကို မမြင်ချင်။ သို့ရာတွင် အဂ္ဂနိစ်သည် မျက်နှာစိမ်းများကို ငေးငေးကြီး ကြည့်နေသည်။ သူတို့ လာကုန်ကြပြီဟု တဖွဖွရွတ်နေသည်။

အဂ္ဂနိစ်က အိမ်တအိမ်ရှေ့တွင် ရပ်နေသည်။ အဝတ်နက်ဝတ်ထားသည့် မိန်းမကြီးတယောက် ခေါင်းပြူထွက်လာ၏။ ဂျာမန်တို့ကို မြင်သည့်အခါတွင် ငိုပြီး အတွင်းသို့ ပြန်ဝင်သွားသည်။ ပြည့်တန်ဆာမနှစ်ယောက်က လမ်းသလားလျက်။ သူတို့ တမျက်နှာလုံး မိတ်ကပ်တွေ အဖွေးသား။ ခပ်မြူးမြူး ရယ်လိုက်ပြီး ဂျာမန်စစ်ဗိုလ်ကြီးကို လက်ကိုင်ပဝါ ဝှေ့ယမ်းပြနေသည်။

ဒိုဒိုက အသံကလေး လွင်လွင်ဖြင့်...

“ဟာ မေမေရေ စစ်သားတွေ အများကြီးနော်၊ ဖေဖေကြီး ပြန်လာတော့မယ်နော်”

“ဟဲ့ ကောင်လေး၊ တိတ်စမ်း၊ အဲဒါ ဂျာမန်တွေ”

သူ့အသံကိုပင် သူအံ့သြနေသည်။ ဒိုဒိုကလေးက ငို၏။ သားလေးလက်ကို တင်းတင်းဆုပ်ကာ လမ်းကြားကလေးတခုထဲသို့ ချိုးဝင်လိုက်သည်။ ထိုနောက် အိမ်သို့ ခပ်သုတ်သုတ် ပြေးလာခဲ့၏။

မွန်းတည့်ချိန် နေမင်းက ကျဲကျဲတောက်ပူလျက်။ နေပူရှိန်ကြောင့် အမှိုက်ပုံက ပုပ်ဟောင်နေသည်။ အိမ်ရှေ့တိုင်းတွင် အမှိုက်ပုံးတွေရှိသည်။ မသွားခင် အိမ်ရှင်တွေက အပြင်ထုတ်ထားခဲ့ကြခြင်း ဖြစ်၏။ ကျောင်းနားတွင်မူ ခွေးသေကောင်ပုပ်တကောင်။ အပုပ်နံ့ကြီးက တလမ်းလုံး ဟောင်နေသည်။ ပိုင်ရှင်မရှိတော့သည့် ခွေးများက အမြီးကိုကုပ်ကာ လမ်းမတွင် လျှောက်သွားနေကြသည်။ ပထမ ပလက်ဖောင်းကို နမ်းကြည့်သည်။ ထိုနောက် ကောင်းကင်ကို မော့ကြည့်ပြီး အူနေကြသည်။

ကျောင်းဘေးခြံစ်တွင် အဘိုးအိုရီကွေးကို တွေ့ရ၏။ ကြမ်းပြင်ပေါ်တွင် ပက်လက်ကြီး လဲကျလျက်။ လက်နှစ်ဘက်က ဟနေသည့် တံခါးနှစ်ချပ်ကို တင်းတင်းဆုပ်ထားသည်။ ပါးစပ်ဟောင်းလောင်းတွင် လျှာကြီးက တန်းလန်း။

“ဟင် မေမေ၊ အဘ ဘာဖြစ်သလဲမသိဘူး” ဟု ဒိုဒိုက ပြော၏။

အဂ္ဂနိစ်က ဘာမျှမပြော။ စစ်ချီသီချင်းသံသည် လမ်းမဘက်မှ ပေါ်လာသည်။

အန်ဒရေသည် ပါရီတွင် သောင်တင်ကျန်ရစ်ခဲ့သည်။ ဂျာမန်တို့ ပါရီနားသို့
ရောက်လာပြီ ဆိုသည့်အခါတွင် ရထားတွေ၊ မော်တော်ကားတွေ မရှိကြတော့၊
ခြေထောက်တွင် ဒဏ်ရာရခဲ့သဖြင့် ခြေကျင်လည်း မလျှောက်နိုင်။
သူနေသည့်အိမ်တွင်လည်း တယောက်မျှ မရှိကြတော့။ ဟာလာဟင်းလင်း
ဖြစ်လျက်။ နှစ်ရက်လုံးလုံး ဂျာမန်စစ်ချီသီချင်းများနှင့် စစ်ဖိနပ်သံများကို
ကြားနေရသည်။ စားစရာ ဘာမျှမရှိတော့သည့်တိုင် ဆာလောင်ခြင်း မဖြစ်။
အဖြစ်အပျက်များကို နားလည်အောင်လည်း မကြိုးစားတော့။ လဲကျနေသည့်
သစ်ပင်ကြီးတပင်လို ဆိုဖာပေါ်တွင် မလှုပ်မယှက် လဲလျောင်းနေသည်။
တခါတခါတွင် အိပ်ပျော်သွား၏။ ယခင်က အိပ်ပျော်လျှင် အိပ်မက်တွေ၊ ဘာတွေ
မက်သည်ဟူ၍ မရှိလှ။ ယခုမူ အိပ်မက်တွေ ကယောက်ကယက်။
သစ်တောခြံတခြံထဲမှ စက်သေနတ်တလက် ဘေးတွင်လဲနေပြီး အဖေက
ကျည်ကပ်တွေကို ပေးနေသည်ဟု အိပ်မက် မက်နေသည်။ ထိုနောက်
မင်္ဂလာဆောင်တခုသို့ ရောက်သွားသည်။ နေဗယ်က အရက်ခွက်ကို လှမ်းပေးနေပြီး
ဂျဲနက်က "ကျွန်မတို့ လက်ထပ်ပြီးကြပြီ" ဟု ပြောနေသည်။ သို့ရာတွင် မည်သူနှင့်
လက်ထပ်သနည်း။ အန်ဒရေသည် အိပ်ရာမှ လန့်နိုးလာကာ မှောင်ပျပျဖြစ်နေသည့်
သူ့ပန်းချီစတူဒီယိုကို အိပ်မှုန်စုံမွှားဖြင့် ကြည့်နေသည်။ သူ ပါရီ ရောက်နေပြီ။
ဂျာမန်တွေလဲ ပါရီ ရောက်ကုန်ကြပြီ။

အသံဩဩနှင့် ဂျာမန်စစ်သားများ၏ စကားပြောသံများကို လမ်းမပေါ်မှ ကြားရ၏။ ပြတင်းပေါက်နှင့် အလှမ်းဝေးနေသဖြင့် သူတို့ကိုမူ မမြင်ရ။ "တိုက်ပွဲတုန်းက ငါ ကျသွားခဲ့ယင် အကောင်းသား" ဟု သူ့ဘာသာသူ တွေးနေသည်။

တတိယမြောက်နေ့တွင်မူ အပြင်ဘက်မှ တံခါးခေါက်သံကို ကြားရ၏။ အန်ဒရေ အိပ်ရာမှထကာ ကိုယ်ကို သပ်ရပ်စေ၏။ မည်သူများနည်း။ ဂျာမန်များပင် ဖြစ်မည် ထင်သည်။ သူ့ကိုယ်သူ သတိသွင်း၏။ သို့ရာတွင် တံခါးကို ဖွင့်လိုက်သည့်အခါတွင် လောရီးယားကို တွေ့ရသည်။ မျက်လုံးတဘက်ကို ပတ်တီးအနက်ကြီး စည်းထား၏။

"ဩော်... ခင်ဗျားလဲ ကျန်ရစ်ခဲ့တာကိုး"

"ဘယ်မှ မသွားနိုင်ပါဘူးဗျာ" လောရီးယားက ပြောသည်။ "ရှိတာလေးတွေတော့ ပေးလိုက်ရပြီဗျ။ ပိုက်ဆံကလေးရော၊ နာရီကလေးရော၊ ကားနဲ့

ဂျာမန်စစ်ဗိုလ်တယောက်က ကျုပ်ကို ခေါ်သွားတယ်၊ ဒါပေမယ့် လမ်းရောက်တော့ စိတ်ပြောင်းသွားပုံရတယ်၊ ထားပစ်ခဲ့တယ်၊ ကျုပ်အမေကြီးက အသက်ကြီးပြီ၊ လူမမာကြီး၊ သူ့ထားပြီး ဘယ့်နှယ်လုပ် သွားလို့ရမလဲ၊ ခု ဘာတွေဖြစ်နေသလဲ၊ ခင်ဗျား သိရဲ့လားဟင်”

“ဟင့်အင်း… ကျွန်တော် မသိဘူး”

“ရှေ့တနင်္ဂနွေတုန်းက ကျုပ်တို့၊ ခင်ဗျားတို့တတွေ ဘာမဟုတ်တဲ့ တောင်ကုန်းကလေးတခုကို အသက်ပေး ကာကွယ်ခဲ့ကြတယ်၊ ခု သူတို့ကတော့ ပါရီမြို့ကြီး တမြို့လုံးကို စွန့်ခွာသွားကြပြီဗျ”

အန်ဒရေက မည်သို့မျှ မပြော။

“ဒီမှာ ခင်ဗျား တယောက်တည်း နေတာလား”

“ဟုတ်တယ်၊ ဂျာမန်တွေ ပါရီကို ဝင်လာကတည်းက ကျွန်တော် ဘယ်မှမထွက်တော့ဘူး၊ ခုတော့ အပြင်ထွက်ရတော့မယ်၊ ဆေးတံသောက်ဆေးလဲ ကုန်နေပြီ”

ရှာရှေမီဒီ လမ်းမကြီးတွင် လူသူအရိပ်အရောင်ကိုမျှ မမြင်ရ။ ဆေးလိပ်ရောင်းသည့် ဆိုင်ကလေးက ပိတ်လျက်။ အန်ဒရေသည် လူသူကင်းရှင်းသည့် လမ်းမကြီးတွင် ရပ်ကာ “လှလိုက်တဲ့မြင်ကွင်း” ဟု တယောက်တည်း ဆိုမိသည်။ ပါရီမြို့ကြီးသည် သန့်ရှင်းနေသယောင် ထင်ရ၏။ သစ်ကြားပင်များက အရွက်ဖျော့ဖျော့တွင် မြင်ရသလို ရေးရေးရိပ်ရိပ်။ သည်လို ရှုခင်းမျိုးကို ဝေလီဝေလင်းအချိန်များမှအပ တခြားအချိန်များတွင် မြင်ရခဲဘိခြင်း။ ယခုအချိန်က ဝေလီဝေလင်း မဟုတ်။ နေမွန်းတည့်ချိန်။ နေရောင်က ခပ်လင်းလင်း။ အရိပ်တွေက ခပ်တိုတို။ နေရာတကာတွင် တိတ်ဆိတ်လျက်။ ပွန်ပီမြို့ပျက်ကြီးထဲတွင် ကမ္ဘာလှည့်ခရီးသည်တွေ လျှောက်ကြည့်လျှင် သည်လိုပင် မြင်ရလိမ့်မည် ထင်သည်။ ကမ္ဘာလှည့်ခရီးသည်တို့အဖို့မှု လှကောင်းလှလိမ့်မည်။ သို့ရာတွင် လောရီးယားနှင့် သူက ကမ္ဘာလှည့်ခရီးသည်များ မဟုတ်။

“ကျွန်တော်တို့တတွေလဲ ပွန်ပီမြို့ပျက်ကြီးထဲ ရောက်သလို ဖြစ်နေပြီနော်”

အန်ဒရေက လောရီးယားကို ပြော၏။ သူတို့နှစ်ယောက်သည် နွားနို့ဆိုင်နှင့် အန်ဒရေ သဘောကျသည့် ဆေးတံတွေ ရောင်းသည့်ဆိုင်များမှ ဖြတ်လာခဲ့ကြသည်။ ထို့နောက် ရေးဟောင်းပစ္စည်းတွေ ရောင်းသည့်ဆိုင်။ သည်ဆိုင်တွင် ဆိုင်ရှင်အဘိုးကြီးသည် သိုးကျောင်းသမ ကြွေရုပ်ကလေးပေါ်မှ ဖုန်များကို မှုတ်နေကျ။ ရှေ့နားတွင် ဟင်းရွက်စုံကြော် ကောင်းသည်ဟု နာမည်ကြီးသည့် ဂျူးဆက်ဖင်း၏ ဆိုင်။ သို့ရာတွင် ယခု ဘာတွေဖြစ်နေပြီနည်း။ လမ်းထောင့်ဆိုင်ရှေ့တွင် ကိုယ့်သွေးကို ပြန်အန်ပြီး အစာကျွေးနေသည့် ပင်လယ်ပျံလွှားငှက်ရုပ်က အသက်ငါးရာလောက် ရှိတော့မည်။ လောကကြီးတွင် ဘဝဇာတ်လမ်းအထွေထွေကို မြင်ခဲ့ရပြီ။ သို့မဟုတ်လျှင်လည်း သူ့သားသမီးကလေးတွေကို သွေးအန်ပြီး အစာကျွေးနေသဖြင့် ကြည့်ချိန်မှ ရမည်လောဟု မဆိုနိုင်။

လောရီယားက လူမမာ အမေအိုကြီး အကြောင်းကို ပြောလာသည်။

“ကျုပ် ဂီတာလေးနဲ့ သီချင်း လိုက်ဆိုနိုင်တော့မှာ မဟုတ်ဘူးလို့ အမေက ခဏ ခဏ ပြောတယ်ဗျ။ အင်း… ဟုတ်တာပဲ၊ ဒီအချိန်မျိုး တီးဝိုင်းတွေ ဘာတွေနဲ့ ဘယ်သူ ဖိမ်ခံ နားထောင်နေနိုင်ပါမလဲ၊ ဂျာမန်စစ်ဗိုလ်တွေ၊ ဘာတွေ

မင်္ဂလာဆောင်ယင်တော့ ငှားတန်ကောင်းပါရဲ့"

အန်ဒရေက စိတ်ပေါ့ပါးလန်းဆန်းသွားအောင် လုပ်ချင်သည်။ ထို့ကြောင့် ကြိုးစား၍ ပြုံးလိုက်သည်။ အန်ဒရေသည် ချက်ချင်း ဆာလောင်လာသည်။
သူတို့နှစ်ယောက်သည် ဆိုင်တဆိုင်ထဲသို့ ဝင်လာခဲ့ကြ၏။ ဆိုင်က အထက်တန်းကျကျဆိုင်။ ယခင် သံရုံးများ၊ စိန့်ဂျာမိန်းရပ်ကွက်မှ အထက်တန်းလွှာ ညှော်ခံပွဲများသို့ အော်ဒါဖြင့် သွင်းနိုင်သည့်ဆိုင်။ ဆိုင်ပိုင်ရှင် မိန်းမကြီးက ခပ်ဝဝ။ ပါးကို ရဲနေအောင် ဆိုးထားသည်။ အသက်ငါးဆယ်လောက်ရှိပြီ။ ဈေးဝယ် မိန်းမတယောက်နှင့် စကားပြောနေသည်။

"ဂျာမန်ကောင်တွေက အရိုင်းအစိုင်းတွေတဲ့၊ မဟုတ်ပါဘူးတော်၊ မွန်မွန်ရည်ရည် ရှိပါဘိသနဲ့၊ ဝယ်သမျှ အတွက်လဲ ပိုက်ဆံပေးပါတယ်"

"ကျွန်မတို့ ဆရာကတော်က ပြောတော့ သူတို့ ရောက်လာယင် ငြိမ်ဝပ်ပိပြားရေး ရမယ်တဲ့၊ ပြီးတော့ အလုပ်သမားတွေကိုလဲ အလုပ်ကောင်းကောင်း လုပ်ခိုင်းမယ်တဲ့၊ ဟုတ်တာပေါ့ အလုပ်သမားတွေက အလုပ်မှ မလုပ်ကြတာ"

အန်ဒရေက ပေါင်မုန့်တလုံးကို ဝါးယင်း ပလုတ်ပလောင်းဖြင့်...

"ခင်ဗျား ဆရာကတော် တော်ပေတာပေါ့"

ဆိုင်ရှင် အမျိုးသမီးကြီးက အန်ဒရေကို ခပ်တိုးတိုးဖြင့်...

"အရမ်း သွားမပြောနဲ့ သူငယ်ရဲ့၊ သူက မဒမ်မျူးဂါးရဲ့ အိမ်က အိမ်စေ၊ ငါ့တူက ဂျာမန်ပိုက်ဆံနဲ့ ပေးမှာလား၊ ပြင်သစ်ပိုက်ဆံနဲ့ ပေးမှာလား"

အန်ဒရေ ပြုံးလိုက်ယင်း...

"ကျွန်တော့်မှာ ပြင်သစ်ဖရန့် ဆိုလို့ တပြားမှ မရှိဘူး ခင်ဗျ၊ တပြားမှ ရှာလို့လဲ မရဘူး၊ ကျွန်တော်က စက်မှုလုပ်ငန်းရှင် မျူးဂါး မဟုတ်ဘူးလေ"

ဆိုင်ရှင်မိန်းမကြီးက အန်ဒရေ၏ ပြက်လုံးကို ကောင်းကောင်း နားမလည်။ အလုပ်ကိစ္စကို ပြောသည့် လေမျိုးဖြင့်...

"တချို့က ပြောတော့ ဂျာမန် မတ်ဒင်္ဂါးတွေ ငွေစက္ကူတွေဟာ အစစ်မဟုတ်ဘူးတဲ့၊ အတုတဲ့၊ ဂျာမနီမှာ သုံးလို့ မရဘူးတဲ့၊ ကြံကြီးစည်ရာတော် မဟုတ်နိုင်ပါဘူး၊ ကြည့်ရတာက ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့တွေပါ၊ သူတို့လဲ တိုင်းကြီးပြည်ကြီးသားတွေပဲ၊ ဘာဖြစ်လို့ ပိုက်ဆံအတုတွေကို ပေးမလဲ"

အန်ဒရေက လောရီးယား၏ ကျောကို ပုတ်လိုက်ပြီး...

"ဗျို့လူ၊ ပြောတာ ကြားတယ် မဟုတ်လား၊ ဒီကောင်တွေ လူထုကို ဘယ်လောက် လိမ်နိုင်သလဲ၊ မြင်တယ် မဟုတ်လား၊ ကျုပ်တို့ ရဲဘော် ဗိုလ်လေးဖရက်စီနက် သူ့ကိုယ်သူ သတ်သေသွားတာ ဘာမှမဆန်းဘူး၊ ဒီကောင်တွေ ဒီလိုလိမ်မယ်ဆိုတာ သူ သိတယ်ဗျ။ ကဲ... ဒါတွေ အသာထား၊ ခင်ဗျားနဲ့ ကျွန်တော်တို့ ဘာလုပ်လို့ ဘယ်သွားကြမလဲ"

အန်ဒရေသည် သူလျှောက်နေကျ ရှာရေမီဒီ လမ်းမကြီးတလျှောက် လျှောက်လာခဲ့သည်။ အိမ်တိုင်းကို သူမြင်နေကျ။ လမ်းမီးတိုင်တိုင်းကို သူမြင်နေကျ။ သို့ရာတွင် သည်တကြိမ်တွင်မူ သူသည် သူသွားနေကျ လမ်းပေါ်တွင် နိုင်ငံခြားသားတယောက်လို ဖြစ်နေသည်။

စား၍ ကောင်းလိုက်သည့် ပေါင်မုန့်၊ ပေါင်မုန့်တလုံးကုန်အောင် ဝါးခဲ့သော်လည်း အာသာမပြေ။ ထို့ကြောင့် သူတို့နှစ်ယောက် ပျော်ပွဲစားရုံတခုထဲသို့ ဝင်လာခဲ့ကြသည်။ စားပွဲများအားလုံးတွင် ဂျာမန်တွေချည်း။ စားလိုက်ကြပုံကလည်း အငမ်းမရ။ ပန်းကန်ပြားကြီးများတွင် စားစရာတွေက အမောက်။ ပလုတ်ပလောင်း စားလျက်။ ဘီယာတို့၊ ရှမ်ပိန်တို့ကလည်း ချောင်းစီးမတတ်။ အောင်နိုင်သူတို့၏ ပွဲတော်ကြီးပေကိုး။ ပတ်ဝန်းကျင်တခုလုံး အောင်ပွဲ ကျင်းပနေသည့်နှယ်။ အလံတို့၊ ပျော်ပွဲရွှင်ပွဲတို့ မပါရုံတမည်မျှသာရှိသည်။ တကယ် အစားအသောက် ပွဲတော်ကြီး။ အာဃာတဖြင့် ယစ်နေသူတို့၏ လေချဉ်တက်သံက တအော့အော့။ ကြက်ဥခေါက်ဆွဲကြော်တပွဲကို ကြက်ဥဆယ်လုံးလောက် ထည့်၏။ လူတယောက်ကို ကြက်တကောင် စားသည်။ ရှမ်ပိန် ငါးပုလင်းသောက်သည်။ မျက်လုံးစွေစွေ၊ အဆီပြောင်ပြောင် ခယဝယ လုပ်တတ်သည့် ဆိုင်ရှင်လက်ထဲတွင် ဂျာမန် မတ်ငွေစက္ကူသစ်တွေက ကျိုးကျိုးကျွတ်ကျွတ် မြည်လျက်။

အန်ဒရေနှင့် လောရီးယားသည် စားပွဲများတွင် ထိုင်နေသည့် ဂျာမန်များကို မကြည့်ပဲ မျက်လုံးကို တခြားသို့ လွှဲထားကြသည်။ ခက်ခဲပင်ပန်းသည့် အလုပ်တခုကို လုပ်နေသည့်နှယ် အစာကို တိတ်ဆိတ်စွာ စားနေကြ၏။

လောရီးယားက အစာစားနေယင်းက ပန်းကန်ကို ရုတ်တရက် ဘေးသို့ တွန်းလိုက်သည်။ သူ့မျက်နှာက သွေးမရှိတော့သည့်နှယ် ဖြူရော်လျက်။

“ဗျို့လူ၊ ဘာဖြစ်တာလဲ”

အန်ဒရေက မေးသည်။

“ဟိုမှာလေ မမြင်ဘူးလား”

လောရီးယားက မှန်ကြီးတချပ်ကို လက်ညှိုးထိုးပြသည်။ မှန်ထိပ်တွင် “ရေဝတီ မဝင်ရ” ဟု ရေးထား၏။

“အဲဒါ ဘာဖြစ်သလဲဗျ၊ သူတို့သခင်တွေ ကျေနပ်အောင် ရေးထားတာဖြစ်မှာပေါ့”

“ဟုတ်တယ်၊ ဒါပေမယ့်” လောရီးယားသည် တုန်လှုပ်လျက်ရှိသဖြင့် စကားကို ကောင်းကောင်းမပြောနိုင်။

“ဒါပေမယ့် ကျွန်တော်က ရေဝတီ၊ ဒါကို လုံးလုံးမေ့နေတယ်၊ တခါမှ သတိမရဘူး”

အန်ဒရေက စားလက်စကို ပြီးအောင်မစားတော့။ စားပွဲမှထကာ ကောင်တာသို့ သွားပြီး ငွေရှင်း၏။ ဆိုင်ရှင်က “ဘယ့်နှယ်လဲခင်ဗျာ၊ သုံးဆောင်လို့ ကောင်းပါရဲ့လား” ဟု ခယဝယလေသံဖြင့် မေးသည်။

အန်ဒရေက စက်ဆုပ်စွာဖြင့် ပြန်ကြည့်လိုက်ယင်း…

“ဒီကြော်ငြာကို ဘာဖြစ်လို့ ကပ်တာလဲ”

“ကျွန်တော် ဘာမှ မတတ်နိုင်ဘူးလေ။ ဈေးသည်ကတော့ ဖောက်သည်အလိုကို ကြည့်ရမှာပဲ။ ကျွန်တော့်ကို တလွဲမထင်ပါနဲ့။ သူတို့အကြိုက်ကို လုပ်ရတာ”

ဆိုင်ရှင်က ခပ်တိုးတိုး ပြောသည်။ လောရီးယားက တလက်လက် တောက်နေသည့် တစ်ဖက်တည်းသော မျက်လုံးဖြင့် ဆိုင်ရှင်ကို ကြည့်လိုက်ရင်း ပတ်တီးနက် စည်းထားသည့် သူ့မျက်လုံးကို ထိုးပြလျက်။

“ဒါက သူတို့အတွက် ကပ်ထားတာလား၊ ကျုပ်တို့အတွက်လား”

သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြသည်။ ဘာစကား ပြောစရာကော ရှိသေးသနည်း။ ရှေ့တန်းစစ်မျက်နှာ တောင်ကုန်းကလေးတစ်ခုပေါ်မှ စက်သေနတ်ကြီးဘေးတုန်းက သူတို့နှစ်ယောက်သည် လွတ်လပ်သူများ ဖြစ်ခဲ့ကြ၏။ ယခု သူတို့ ဂျာမန်တို့ လုပ်သမျှကို ခံရတော့မည်။ သူတို့နာရီများကို ဘာလင်စံတော်ချိန်အတိုင်း တိုက်ထားရတော့မည်။ (နာရီအားလုံးကို ဘာလင်စံတော်ချိန် သုံးမည်ဟု နံရံများပေါ်တွင် ပိုစတာတွေ ကပ်ထားပြီ မဟုတ်လော။) ထို့မျှမက သူတို့အတွေးများ၊ သူတို့ခံစားချက်များကိုလည်း ဂျာမန်တို့၏ အကြိုက်နှင့်အညီ ညှိရတော့မည်။ ထိုနောက် ဘာများ လုပ်နိုင်ဦးမည်နည်း။ ဂျာမန်စစ်ဗိုလ်များ၏ မင်္ဂလာဆောင်များသို့ လိုက်၍ ဂီတာတီးရမည်လော။ စုတ်တံကို ကောက်ကိုင်ပြီး ဂျာမန်စစ်ဗိုလ်ချုပ်တို့၏ ညစာစားပွဲကြီးများ တည်ခင်းပုံကို ပန်းချီရေးရတော့မည်လော။ မရေးနိုင်။ စုတ်တံတွေလည်း မရှိတော့။ ခတ်ငွေ့ကြယ်စုတွေလည်း မရှိတော့။ ဂျဲနက်လည်း မရှိတော့။

ကောက်ကျစ်စဉ်းလဲသည့် မျက်လုံးများဖြင့် အရက်မူးနေသည့် လူလေလူလွင့်တစ်ယောက် လမ်းဘေးခုံတန်းတစ်ခုပေါ်တွင် ထိုင်နေသည်။ ဘေးတွင် အရက်ပုလင်းက ထောင်လျက်။

“ငြိမ်းချမ်းရေးစာချုပ်တဲ့၊ ဘာလို့ ချုပ်ရမှာလဲ၊ လက်မှတ်မထိုးဘူး၊ ဘာမှ မထိုးဘူး၊ ဘာမှ မလုပ်ဘူး၊ အဲ သောက်မယ်၊ ခု သောက်မယ်၊ မဝသေးဘူး၊ အာခြောက်တယ်” ဟု အရက်မူးသံဖြင့် ပြောနေသည်။

ရှာရှေမီဒီ လမ်းမကြီးတစ်လျှောက်တွင် ခပ်ငယ်ငယ် ဂျာမန်စစ်သားတို့ဖြင့် ပြည့်လျက်။ သူတို့မျက်လုံးများက တလက်လက်။ သို့ရာတွင် ဟာလာဟင်းလင်း ဖြစ်လျက်။ သီချင်းတွေကို အော်ဆိုလာသည်။ လမ်းဘေးရှိ ပြာမွဲမွဲအိမ်များကမူ သူတို့သီချင်းကို နားလည်မည် မဟုတ်။ စစ်သားတစ်ယောက်က ရပ်လိုက်ပြီး လမ်းမကြီးဘေးရှိ လမ်းကြားကလေးတစ်ခုကို လှမ်းကြည့်လိုက်ရင်း...

“တော်တော် ညစ်ပတ်စုတ်ပွဲတဲ့ မြို့။ ဒါကိုများ သူတို့က ပါရီတဲ့။ အမြတ်တနိုး ခေါ်နေလိုက်ကြတာ နီဂရိုးတွေ နေဖို့ပဲ ကောင်းတယ်” တစ်ယောက်တည်း ပြောပြီး ဆက်လျှောက်သွား၏။

“ဟင်း၊ ငါတို့ ဘာလုပ်ရမလဲ စဉ်းစားနေလိုက်ကြတာ။ လက်စသတ်တော့ လွယ်လွယ်ကလေးပဲ။ သန့်ရှင်းဖို့၊ သန့်ရှင်းရေး အလုပ်သမားလေ။ နီဂရိုးအတွက်လည်း မဟုတ်ဘူး။ ပြင်သစ်တွေအတွက်လည်း မဟုတ်ဘူး။ မင်းတို့ ဂျာမန်အတွက်” ဟု အန်ဒရေ ဆိုမိသည်။

အန်ဒရေနေသည့် အိမ်နားက နွားနို့သည် မိန်းမကြီးသည် ကလေးတသိုက် အလယ်ကောင်တွင် ထိုင်ယင်း ငိုနေသည်။ ဂျာမန်တို့ကို ကြည့်၍ ငိုနေခြင်းဖြစ်၏။ မျက်ရည်အရွှဲသားဖြင့် အန်ဒရေကို နှုတ်ဆက်သည်။

“ဒီလိုကြီးအတိုင်း ဘယ်လောက်ကြာကြာများ နေရဦးမှာတဲ့လဲ သူငယ်ရယ်၊ သေရချည်ရဲ့” ဟု ပြော၏။

လူလတ်ပိုင်း စစ်သားတယောက်က သူ့ဆီသို့ လျှောက်သွားပြီး တစုံတရာကို ပြောနေသည်။ နှစ်သိမ့်နေခြင်းလော မဆိုနိုင်။ နွားနို့သည်မိန်းမကြီးက သူ့စကားကို နားမလည်။ ဂျာမန်စစ်သားသည် အိတ်ထဲမှ ဓာတ်ပုံတပုံ ထုတ်ပြသည်။ ဝတ်ကောင်းစားလှနှင့် ရိုက်ထားသည့် သူ့ပုံ။ ကလေးလေးယောက် ဝိုင်းရံလျက်။ နားမလည်မည် စိုးသည့်အတွက် လက်လေးချောင်းကို ထောင်ပြလိုက်သေးသည်။

စစ်သားကြီးက နွားနို့သည်မိန်းမကြီး၏ ကလေးများကို ကျောသပ်ပေးသည်။ သို့ရာတွင် ကလေးတွေက ကြောက်သဖြင့် အမေ့နောက်ကွယ်တွင် ကပ်နေကြသည်။ မိန်းမကြီးက ကျေးဇူးတင်စကားပြောကာ ပြုံးပြ၏။ သို့ရာတွင် စစ်သားကြီး ထွက်သွားသည့်အခါတွင်…

"ငါတောင် သူ့အတွက် ခဏလောက် စိတ်မကောင်းဖြစ်သွားသေးတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ သူ့ကို သနားရမှာလဲ၊ တို့တိုင်းပြည်ကိုလာပြီး…"

မိန်းမကြီးက စကားကို ဆုံးအောင်မပြောနိုင်ပဲ ငိုနေသည်။ သူပြောသည့် စကားများက ဗလုံးဗထွေး။ အန်ဒရေ ကောင်းကောင်း နားမလည်။

နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် လှေကားအတိုင်း ကွေ့ပတ်တက်လာခဲ့သည်။

"ကဲ၊ ကျွန်တော်တို့ ကျင်းကလေးထဲ ကျွန်တော်တို့ ပြန်ရောက်ကြပြီ၊ ဆေးလိပ်ကလေး ဘာလေး သောက်ကြဦးစို့၊ ခက်တယ်ဗျာ ဘာလုပ်ရမယ်လို့ မသိဘူး၊ ၁၉၃၆ ခုနှစ်တုန်းကတော့ ကိုယ်ဘာလုပ်ရမယ်ဆိုတာ သိတယ်၊ သိတယ်လို့ ထင်တယ်ဆိုပါတော့လေ။ ကျွန်တော့် မိတ်ဆွေတယောက်ရှိတယ်၊ ပီယာတဲ့၊ စထရားဘော့နားမှာ ကျသွားတယ်။ တကယ်ကတော့ ကျွန်တော် သူ့ကို နားမလည်ခဲ့ဘူး၊ လူက တက်ကြွတယ်၊ ခံယူချက် ရှိတယ်၊ အဲဒီတုန်းက ငြင်းကြ ခုံကြ၊ ရယ်ကြ မောကြ၊ ပြောကြ ဆိုကြနဲ့၊ ခုတော့ ကျွန်တော်တို့ နှစ်ယောက်တည်းပဲ ကျန်ခဲ့တော့တယ်၊ ဟင်း… စိတ်ညစ်တယ်ဗျာ၊ တကယ်ပဲ၊ အေးလေ ကျွန်တော်တွင် မကပါဘူး၊ လူတိုင်းလဲ ကျွန်တော့်လို စိတ်ညစ်နေကြမှာပဲ၊ ရှေ့လျှောက် ဘယ်လိုလုပ်ပြီး နေထိုင်ရမယ်ဆိုတာတောင် မစဉ်းစားတတ်လောက်အောင် ဖြစ်နေပြီ၊ ပါရီမြို့ကြီးတမြို့လုံးကလဲ ဂျာမန်တွေချည်းပဲ"

လောရီးယားက ဘာမှမပြော။ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်၍ ဆေးလိပ်သောက်နေကြသည်။ စကားမပြောမိကြ။ အပြင်ဘက်မှ ခပ်ကျယ်ကျယ် သီချင်းသံကို ကြားရ၏။ ကျယ်လွန်းသဖြင့် အော်ဟစ်နေသည့်နှယ်။

ဂျဲနက်သည် အရဏ်တက်သည်အထိ လျှောက်သွားနေသည်။ ခြေသံ၊ ကလေးငိုသံနှင့် အဝေးမှ ပစ်ခတ်သံများက အမှောင်ထုထဲတွင် ပဲ့တင်ထပ်လျက်။ မနက်လင်းသည့်အခါတွင် ဂျဲနက်သည် လူတွေနှင့် ရောနှောကာ ကြေမွနေသည့် မြက်ခင်းပြင်တခုပေါ်တွင် ဝင်ထိုင်လိုက်သည်။ မေ့ကနဲ အိပ်ပျော်သွားစဉ် ပေါက်ကွဲသံကြီးတခုကြောင့် လန့်နိုးလာ၏။ ထခုန်လိုက်မိသည်။ အဝေးတွင် ဖုန်လုံးကြီးတွေ အလိပ်လိုက် တက်လာသည်ကို မြင်ရ၏။ လူတွေက မြေကြီးထဲသို့ ယက်ဝင်သွားတော့မည့်နှယ် မြေပြင်တွင်ကပ်၍ မှောက်နေကြသည်။ ခဏကြာလျှင် ဗိုက်ဟောင်းလောင်းပွင့်နေသည့် ဒဏ်ရာကြီးနှင့် ကလေးမတယောက်ကို ပွေ့ယူသွားကြသည်။ မောလည်းမောလှပြီ။ ခြေထောက်တွေလည်း ပေါက်ပြဲကုန်ပြီ။ ဂျဲနက်သည် မိုင်နှစ်ဆယ်လောက် လျှောက်လာခဲ့သည်။ ခြေထောက်တွေက ကိုက်ခဲနေသည်။ ဆာလည်းဆာသည်။ ထွက်ပြေးလာသည့် လူအုပ်နှင့်အတူ ရွာကလေးတရွာကို ရောက်သည့်အခါတွင် ရွာထဲ၌ လူတယောက်မျှ မရှိတော့။ ပိတ်ထားသည့် ဆိုင်ကလေးတဆိုင်ရှေ့တွင် လူတွေ ဝိုင်းအုံနေသည်။

"ခင်ဗျားတို့ကိုပေးဖို့ နေနေသာသာ ကျုပ်ကလေးတွေတောင် ထမင်းမစားရတာ နှစ်ရက်ရှိပြီ" ဟု အထဲမှ ပြန်အော်သည်။

လူအုပ်ကြီးက ဆိုင်ကို အတင်းရိုက်ချိုး ဖျက်ဝင်လုကြသည်။ ပုလင်းအချို့နှင့် စည်သွတ်ဗူးအချို့ ရ၏။ မိန်းမကြီးတယောက်က ယို့ဗူးတဗူးကို ဖောက်ပြီး သူ့တကိုယ်လုံး သုတ်လိမ်းသည်။ အခြားတယောက်က ဂျဲနက်ကို သစ်သီးခြောက်ယိုတဗူးနှင့် ဘီစကွတ်အချို့ ပေး၏။ သူတယောက်တည်း ကွဲကျန်နေရစ်မည်ကို ဂျဲနက်ကြောက်သည်။ လူတွေနှင့်သာ မဟုတ်။ အရာဝတ္ထုတွေနှင့် ကွဲကျန်နေခဲ့မည်ကိုလည်း ကြောက်သည်။ မိန်းမကြီးတယောက်၏ ဆံပင်ဖြူဖြူ၊ သူငယ်ကလေးတယောက်၏ ရေတပ်ကလေးဝတ် ရေတပ်သားဝတ်စုံ၊ တချွင်ချွင်မြည်လာသည့် လက်ဖက်ရည်ကရား တင်လာသည့် တွန်းလှည်း၊ ထိုအရာများနှင့် ကွဲသွားမည်ကိုလည်း ကြောက်နေသည်။ ဂျဲနက်သည် မုန့်ကိုဝါးယင်း နောက်မှ ပြေးလိုက်လာ၏။

နောက်တရွာတွင်မူ လယ်သမားတချို့ကို တွေ့ရသေးသည်။ အိမ်တလုံးရှေ့တွင် လင်မယားနှစ်ယောက် ရပ်နေသည်။ ဂျဲနက်က ရေတခွက် တောင်း၏။

"ဒါ ပါရီ မဟုတ်ဘူးအေ့၊ ရေတွင်းကို သွားခပ်ရမှာ၊ ရေသောက်ချင်ယင် ပိုက်ဆံပေး" ဟု မိန်းမက ဆောင့်ကြီးအောင့်ကြီး ပြောသည်။ ယောကျ်ားက သူ့မိန်းမကို ယခုမှ မြင်ဖူးသည့်နှယ် အလန့်တကြား လှည့်ကြည့်သည်။ "ကောင်မနှယ်၊ ငါလုပ်လိုက်ရ"

ဟု ဝေါက်သည်။

ထိုနောက် ကောင်းကင်မှ လေယာဉ်ပျံသံများ မြည်ဟိန်းသံကို ကြားရသည်။ လူတွေ ဟိုပြေးသည်ပြေး ပြေးကာ မြေပေါ်တွင် မှောက်နေကြ၏။ ဂျဲနက်၏ မျက်နှာသည် ပူလောင်သည့် ဖုန်မှုန့်တို့ဖြင့် ထိနေသည်။ ရှေ့ဆက်လျှောက်လာသည့်အခါတွင် ထိုမိန်းမ၏ အော်ဟစ်ငိုယိုနေသံကို ကြားယောင်နေသည်။ သူ့ယောကျ်ားမှာ ဗုံးမှန်၍ ဆုံးခဲ့ပြီ။

လမ်းဘေးတွင် ရပ်နေသည့် စစ်သားတသိုက် အနားမှ ဖြတ်သွားခဲ့ကြသည်။ "ဂျာမန်တွေ ဘယ်ရောက်နေပြီလဲ၊ ရဲဘော်တို့ လွိုင်ရေ အရှေ့ဘက်ကမ်းက ခံတိုက်ကြဦးမှာလား" ဟု စစ်ပြေးဒုက္ခသည်များက မေးကြသည်။

"မသိဘူး၊ မသိဘူး၊ ဘာဖြစ်မယ်လို့ ဘယ်သူမှ မပြောနိုင်ဘူး၊ တပ်ရင်းမှူးလဲ မရှိတော့ဘူး၊ ဂျာမန်တွေကတော့ အရှေ့ဘက်ကမ်း ရောက်ကုန်ပြီလို့ ပြောတာပဲ။ ပြင်သစ်ပြည်ကြီး ဂျာမန်အောက် ရောက်ပြီ၊ လုပ်မနေကြနဲ့၊ ဒလားဒီးယားကတော့ ပါရီကို ထိုးပေးလို့ ငွေငါးသန်းရတယ် ပြောတာပဲ၊ ဒါ နိုင်ငံရေးသမားတွေ လူလည်လုပ်လို့ ဒီလိုဖြစ်ရတာ၊ အကုန်လုံး သတ်ပစ်ဖို့ပဲ ကောင်းတယ်" ဟု ပြောသည်။

စစ်သားကလေးတယောက် ခပ်ငယ်ငယ်၊ သူ့ခေါင်းတွင် ပတ်တီးစည်းလျက်။ ဂျဲနက်အနားသို့ ပြေးလာကာ...

"ပထမ စပိန်၊ ဒုတိယ ချက်ကိုစလိုဗေးကီးယားတဲ့၊ ခု သူတို့ဘာသာ စစ်တိုက်ချင်လို့ တိုက်တာ၊ ကျုပ်တို့က ဒီအတိုင်း အသေခံရမှာတဲ့လား၊ သူတို့ကျတော့ ပါရီက ထွက်ပြေးကြတယ်၊ ကျုပ်တို့ကျတော့ ရှေ့တန်းမှာ အသေခံခိုင်းတယ်၊ မခံနိုင်တော့ဘူးဗျ။ သူတို့လုပ်တိုင်း မခံနိုင်တော့ဘူး" ဟု အော်ပြော၏။

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့" ဂျဲနက်က ဖြေသည်။

ညတွင် သူတို့သည် ဘုရားရှိခိုးကျောင်းတကျောင်းတွင် နားကြသည်။ အမွှေးတိုင်နံ့၊ ပန်းခြောက်နံ့တို့ မရှိတော့။ ဂျဲနက်အနီးတွင် ထိုင်နေသည့် ကလေးအမေတယောက်က ကလေးကို နို့တိုက်နေသည်။ တရားပလ္လင်အနီးမှ အဘွားအိုကြီးတယောက်က ညည်းညူလျက်။ ရောင်စုံ မှန်ကူကွက်များမှတဆင့် မရန်းရောင် နေခြည်နုနုသည် ဖြာကျလာသည်။ အဘွားအို၏ ချွန်ထက်သည့် နှာခေါင်းက တုရင်ဆီသို့ မော့လျက်။ အိပ်ပျော်နေသည်လော၊ သေနေသည်လောဆိုသည်ကို မည်သူမျှ မသိနိုင်။

ခဏကြာတော့ လူးလဲထကာ ရှေ့သို့ ဆက်လာခဲ့ကြပြန်သည်။ အဘွားအိုကား နေရောင်ခြည်လင်း၍ ဆေးဖြူသုတ်ထားသည့် ဘုရားရှိခိုးကျောင်းထဲတွင် ကျန်ရစ်ခဲ့ပြီ။

ဂျဲနက်သည် ထိုင်ယင်း ငိုက်နေသည်။ အတိတ်မှ ရုပ်ပုံကားချပ်ကလေးများသည် တဖြတ်ဖြတ် ပေါ်လာကြ၏။ လွတ်လပ်ရေးနေ့ညတုန်းက အန်ဒရေနှင့် သူ နှစ်ယောက် လျှောက်လည်ခဲ့ကြပုံ၊ ရဟတ်တွင် တပ်ထားသည့် ဆင်ရုပ်ပြာပြာကြီး၊ တရုတ်မီးပုံးများ၊ ထိုနောက် ဖြန့်မိုးနေသည့် သစ်ကြားပင်ကြီးအောက်တွင် သူတို့နှစ်ယောက် ထိတွေ့ခဲ့ရသည့် အနမ်း။

မွန်းတည့်ချိန်လောက်တွင် ဖလူရီရွာကလေးကို တောင်ကုန်းတခုပေါ်မှ လှမ်းမြင်ရသည်။ တလက်လက် အရောင်ပြေးနေသည့် ကန့်ရေပြင်ကို မြင်ရ၏။ "အင်း သေတော့ မသေသေးဘူး" ဟု ဟင်းချမိသည်။ ဖလူရီရွာကလေးက

လှိုင်ရေမြစ်ကို ကျော်လိုက်လျှင် တဘက်တွင် လူ့ဘဝလူ့လောကကြီး ရှိသည်ဟု ထင်နေသည်။ သူ့လိုထင်နေသူတွေချည်း။

လမ်းဘေးတွင် မီးလောင်ထားသည့် ကားပျက်များနှင့် စွန့်ပစ်ခဲ့ကြသည့် မော်တော်ကားတွေ အပြည့်။ သစ်ပင်များက ခြောက်သွေ့ကာ ကျည်စကျည်နတွေ မှန်လျက်၊ ကြေးနန်းကြိုးများ အပိုင်းပိုင်းပြတ်ကာ တွဲလောင်းကျနေကြသည်။ မြင်းသေကြီးတကောင်ကို ဝင်တိုက်မိသဖြင့် လဲကျမည် ပြုသေးသည်။ ဝါကြွန့်သည့် သွားကြီးတွေ ဖြဲလျက်။ ပြုံးနေသယောင် ထင်ရသည်။ ဒဏ်ရာရနေသည့် မိန်းကတယောက် လမ်းဘေးတွင် ထိုင်လျက်။ အခြားတယောက်က သူ့ဘေးတွင်ထိုင်ကာ မျက်နှာကို လက်ဖြင့် ပွတ်ပေးနေသည်။ ဂျီယန်းမြို့ကြီးတမြို့လုံး ရစရာမရှိတော့။ ပန်းကန်ခွက်ယောက်တွေ၊ စာအုပ်တွေ၊ စစ်သားများလွယ်သည့် ကျောပိုးအိတ်တွေက အပျက်အစီးပုံထဲတွင် ပွစာကြဲလျက်။ မပျက်မစီး ကျန်သေးသည့် နံရံတဘက်ပေါ်တွင် ပိုစတာတခု ကပ်ထားသည်။ "လှိုင်ရေမြို့က ရဲတိုက်ကြီးကို တခါတခေါက် လာရောက် ရှုစားလှည့်ကြပါ" တဲ့။ ကမ္ဘာလှည့်ခရီးသည်များအတွက် ကြော်ငြာဖြစ်သည်။

အပျက်အစီးပုံတွေထဲတွင် ဂျဲနက် မည်သို့သွားရမည်မသိ။ နေက ကျဲကျဲတောက် ပူနေသည်။ ကျောက်တုံးပုံကြီးမှ စိမ်းရွှေရွှေအနံ့ကြီး ရ၏။ အပျက်အစီးများအောက်တွင် လူသေတွေ ရှိသည်။ တနေရာတွင် ခေါင်းတလုံး ပြူထွက်လျက်။ အခြားတနေရာတွင် လက်တဘက် ပြူထွက်လျက်။ ဂျဲနက်သည် အရူးတယောက်လို လျှောက်သွားနေသည်။ ဘာကိုမှမမြင်။ မြစ်ဆိပ်သို့ရောက်လျှင် တော်ပြီ။

ရုတ်တရက် ရပ်တန့်သွားကာ အလန့်တကြား အော်လိုက်မိသည်။ တံတားကြီး မရှိတော့။ ကျောက်တုံးတတုံးပေါ်တွင် ထိုင်ချလိုက်ယင်း သေခြင်းကို စောင့်၏။ ဘာကိုမျှမမြင်၊ ဘာကိုမျှမကြား။ ဂျာမန်လေယာဉ်ပျံတွေဝဲကာ စစ်ပြေးဒုက္ခသည်တွေကို စက်သေနတ်များနှင့် တဝေါဝေါ ပစ်သတ်နေသည့်တိုင် ဂျဲနက်သည် မတုန်မလှုပ် ကျောက်ရုပ်။ သူများတွေကသာ လာမခေါ်လျှင် ဘယ်လောက်ကြာကြာ ထိုင်နေမိမည် မသိ။ ဒုက္ခရောက်လာကြသည့်အခါတွင် သူတို့သည် တယောက်ကိုတယောက် ကြင်နာလာကြသည်။ ဂရုစိုက်လာကြသည်။ နောက်တွင် ကျန်နေသည့်သူများ၊ ခွေးကလေးများကိုပင် ခေါ်လာခဲ့ကြသည်။

"ဟောဟို အောက်နားမှာ လှေတွေရှိတယ်ဟေ့" ဟု ပြောသံကြားသဖြင့် ဂျဲနက် သူတို့နှင့် လိုက်လာခဲ့သည်။

တဘက်ကမ်းသို့ ရောက်သည့်အခါတွင် ဂျဲနက် ရယ်နိုင်ပြီ... "မသေသေးဘူးဟေ့" ဟု သစ်ပင်များကို အော်ပြောလိုက်ချင်သည်။

ခြေထောက်တွေ လေးလံနေသည့်တိုင် တောင်ကုန်းကလေးတခုကို အားတင်း၍ တက်လာခဲ့သည်။

"ဂျဲနက်" ဟု လှမ်းခေါ်လိုက်သံကို ကြားရ၏။

စစ်သားတယောက်။ မျက်နှာက ပေရေလျက်။ အဝတ်အစားကလည်း စုတ်ပြတ်လျက်။ မည်သူမှန်းမသိ။ တော်တော်နှင့် ဝေခွဲမရ။ သေသေချာချာကြည့်တော့မှ လူဆန်း ဖြစ်နေသည်ကို သိတော့သည်။ လူဆန်းက လက်ကို လှုပ်ယမ်းဆွဲကိုင်ယင်း ရယ်နေသည်။ သူတို့နှစ်ယောက် ကွဲကွာသွားကြသည်မှာ လေးနှစ် ရှိနေပြီ။ လူဆန်းကမူ ဂျဲနက်ကို ဇာတ်ရုံတရုံတွင် အမှတ်တမဲ့ တခါမြင်ဖူးသည်။ သို့ရာတွင် ဂျဲနက်ကို ရှောင်ထွက်ခဲ့သည်။ ယခု

ဂျဲနက်နှင့် ပြန်တွေ့ရသည့်အခါတွင် ဝမ်းသာ၍ မဆုံး။ အထူးသဖြင့် သည်လိုအခါမျိုးတွင် ဂျဲနက်နှင့် ပြန်တွေ့ရသည့်အတွက် လူဆန်း အပျော်ကြီး ပျော်သည်။ ထောင်ပေါင်းများစွာသော လူတွေထဲတွင် တိုက်တိုက်ဆိုင်ဆိုင် သူတို့နှစ်ယောက် လာတွေ့ကြခြင်းမှာ အလွန့်အလွန် ကံကောင်းလွန်း၍ ဖြစ်သည်ဟု ဆိုရတော့မည်။ ဂျဲနက်ကို သူ တလျှောက်လုံး ချစ်ခဲ့သည်။ ဂျဲနက်နှင့် ကွဲပြီးနောက် တွေ့ခဲ့ရသည့် အဖြစ်အပျက် ဟူသမျှ သူ့အဖို့ အိပ်မက်ပမာ ဖြစ်နေသည်။ စာကို ခိုးပေးခဲ့သည့်ကိစ္စ၊ ဂျင်နီနှင့် ပလူးခဲ့ကြသည့်ကိစ္စ၊ ရှေ့တန်းစစ်မြေပြင် ပင်လယ်ကမ်းစပ် သောင်ပြင်ထဲတွင် ပြေးလွှားခဲ့ရခြင်းတို့သည် အတိတ်တွင် ကျန်ရစ်ခဲ့ပြီ။ အိပ်မက်ဆိုးများအဖြစ်သာ ကျန်ခဲ့ကြပြီ။ ယခု ဂျဲနက်နှင့် တွေ့ရပြီ။ ဂျဲနက်အသံကို ကြားရပြီ။

"ဟင် အစ်ကိုလူဆန်း၊ ဘယ်လို ဖြစ်လာတာလဲဟင်။ သိပ်ကြောက်စရာ ကောင်းတာပဲ အစ်ကိုလူဆန်းရယ်။ မြစ်ရဲ့ ဟိုဘက်မှာလေ သူတို့တစ်တွေ လူတွေကို သတ်လိုက်ကြတာ၊ မိန်းမတွေရော၊ ကလေးတွေရော မရှောင်ဘူး။ ခုတွင် သူငယ်ကလေးတစ်ယောက်ကို သတ်ပစ်လိုက်တာ မြင်ခဲ့ရတယ်။ အစ်ကိုလူဆန်း၊ ဂျဲနက် ကြောက်တယ်"

လူဆန်းက ရယ်လိုက်ရင်း…

"ဒီလမ်းမကြီးပေါ်မှာတွင် စစ်ပြေးဒုက္ခသည်ပေါင်း နှစ်သောင်း သေခဲ့တယ်လေ။ ဒီလိုလမ်းမျိုး ဘယ်နှခု ရှိသလဲမှ မသိတာ။ အစ်ကိုတို့ ပြန်လာတဲ့ မြောက်ပိုင်းမှာလည်း ဒီအတိုင်းပဲ။ စစ်ပြေးဒုက္ခသည်တွေကို ရွှေ့ချိန်မရဘူး။ ဂျာမန်တွေက ရှေ့ကြိုရောက်နေတယ်။ အစ်ကိုပြောတာ နည်းနည်း နားရှုပ်သွားတယ် ထင်တယ်။ ဒီလိုပါ၊ အစ်ကိုတို့ထက သစ္စာဖောက်တွေက တပ်မတော်ကို ရန်သူထောင်ချောက်ထဲ ရောက်အောင် ပို့ပေးခဲ့ပြီး သူတို့ကတော့ ထွက်ပြေးကြတယ်လေ။ သူတို့က အစ်ကိုတို့ ပြင်သစ်တပ်မတော်ကြီး ပျက်သွားစေချင်တယ်။ အဲဒီထဲမှာ အစ်ကိုတို့ ပါပါလည်း ပါတယ်။ ဂျာမန်တွေ လာပြီး အုပ်ချုပ်တာက ပိုကောင်းသေးတယ်လို့ ပါပါက မကြာခဏ ပြောဖူးတယ်။ ခု သူတို့ အရသာတွေ့နေပြီလေ"

လူဆန်းက ဂျဲနက်၏ လက်မောင်းများကို ပွတ်နေသည်။

"ဂျဲနက် ဆက်သွားရမယ်။ ဒီမှာနေလို့ မဖြစ်ဘူး။ ဒီနေရာကိုလည်း ရန်သူက ဗုံးကြဲလိမ့်မယ်။ စစ်သားတွေ ရှိတယ် မဟုတ်လား"

"စစ်သားပဲ ရှိတာပဲကွယ်။ အရာရှိပါ မကျန်တော့ဘူး။ သုံးယောက်ပဲ ကျန်ပါတော့တယ်။ အားလုံး ထွက်ပြေးကုန်ကြပြီလေ။ ဒီတောင်ကုန်းလေးကို သိမ်းထားရမယ်တဲ့။ ရန်သူလက် မကျရဘူးတဲ့။ ဒါကလည်း ပါးစပ်ပြောပဲ ရှိတာပါကွယ်။ အစ်ကိုတို့မှာဖြင့် ကတုတ်တွေ တူးလိုက်ရတာ။ ပြီးတော့ တကယ်လည်း မတိုက်ရပါဘူး။ ဆုတ်ခဲ့တော့တဲ့။ ဂျာမန်တွေက လာပြီး ဗုံးကြဲတော့တာပဲ။ ကဲ ဂျဲနက်ရေ၊ ဒီမှာ မနေနဲ့။ သွား သွား"

"အစ်ကိုလူဆန်းတို့ကတော့ ဒီမှာ နေရစ်ခဲ့မှာလား"

"အစ်ကိုလား၊ အစ်ကိုက ဒန်းကတ်မှာလေ။ သေသွားတာက ကောင်းပါသေးတယ်ကွယ်"

"အစ်ကိုလူဆန်း၊ ညီမကြောက်တယ်။ မသေချင်သေးဘူး"

ဂျဲနက်က ရွှတ်ခနဲ တစ်ချက် နမ်းလိုက်ပြီး ထွက်လာခဲ့သည်။ တောင်ကုန်းထိပ်သို့

ရောက်သည့်အခါတွင် ရပ်လိုက်၏။ ဝင်လုဆဲဆဲ နေလုံးကြီးက အကြီးကြီး။ နီရဲလျက်။ အပျက်အစီးများကို တောင်ကုန်းပေါ်မှ မမြင်။ ကမ္ဘာလောကကြီးသည် ငြိမ်းချမ်းနေသယောင်။ စိမ်းစိုလတ်ဆတ်လျက်။ လှိုင်ရေ မြစ်ပြင်ကျယ်ကြီးက အဝေးတွင် တငြိမ့်ငြိမ့် တလက်လက်။ မြစ်ထဲက သောင်ကလေးများပေါ်တွင် ချုံပုတ်ကလေးတွေနှင့်။ ဂျဲနက် အနားတွင်ရှိသည့် သစ်ပင်ကြီးနှစ်ပင်က အစောင့်ကျသည့် စန္ဒရီကြီးနှစ်ယောက်လို မားမားမတ်မတ် ရပ်လျက်။ ကောင်းကင်နောက်ခံတွင် သစ်ရွက်တို့က ဇာမျှင်ဇာပေါက်သဏ္ဌာန်။ အဝေးတွင် တောတန်းသစ်ပင်တို့က မှိုင်းပြာပြာ။ မျက်ရည်တောများပေါ်တွင် ပျံလွှားငှက်တို့က ခပ်နိမ့်နိမ့် ပျံဝဲလျက်။ အဝေးမှ ခွေးဟောင်သံသဲ့သဲ့ ပေါ်လာလေ၏။ အဝေးတွင် တဲဖြူဖြူကလေးတလုံး။ အိမ်ရှင်တို့ ရှိဟန်မတူ။ သူ့ကို ဖိတ်ခေါ်နေသည့်နှယ်။ အိတ်ထဲမှ ဘီစကွတ်မုန့်တချပ်ကို ထုတ်ဝါးယင်း "ဩော်... သာယာအေးချမ်းလိုက်ပါတဲ့ ကမ္ဘာကြီး" ဟု စိတ်ထဲမှ ဆိုမိသည်။ လောကကြီးသည် နှစ်လိုဖွယ်အတိ။

နောက် ကြားနေကျ လေယာဉ်များအသံကို ကြားရပြန်သည်။ မြက်တောထဲ လှဲချလိုက်၏။ မြက်နံ့က မွှေးနေသည်။ ငယ်ငယ်က ကလေးဘဝတုန်းက မြက်တောထဲတွင် ကစားခဲ့ကြပုံ၊ နွေဦးပေါက်တွင် သူတို့ပျော်ခဲ့ကြပုံတို့ကို သတိရ၏။ နှလုံးက လျင်မြန်စွာ ခုန်နေသည်။ လေယာဉ်ပျံများက ပို၍ မြည်ဟီးလာသည်။ တွေးချိန်ရသေးသည်။ သည်နားတဝိုက်မှာ တောစပယ်တွေ ရှိဟန်တူရဲ့။ တောစပယ်နံ့တွေက သင်းလို့။

ဝေဒနာကို ကြာရှည်စွာ မခံလိုက်ရ။ ဂျဲနက်၏ အဝတ်အစားနှင့် အနီးမှ မြက်ပင်များသည် သွေးများဖြင့် ချင်းချင်းနီသွားသည်။ သူ့မျက်နှာသည် ပကတိ ငြိမ်းချမ်းလျက်။ လေပြည်တချက် သုတ်လိုက်သဖြင့် ရှည်လျားသည့် ဆံနွယ်များသည် တလွင့်လွင့် ဖြစ်နေကြသည်။ မှုန်ရီဝေသည့် မျက်လုံးရွဲကြီးများက ပထမဆုံးပေါ်လာသည့် ကြယ်မှုန်ဖျော့ဖျော့တို့ကို ငေးကြည့်လျက်။

တက်စသည် "ကော်ဒိုး" ပျော်ပွဲစားရုံတွင် စပိန် သံအမတ်နှင့် နေ့လည်စာ စားရန် ချိန်းထားသည်။ စပိန်သံအမတ်နှင့် စကားပြောရမည်မှာ သိပ်အဆင်ပြေမည်မထင်။ သို့ရာတွင် အရသာရှိသည့် ကော်ဒိုး အစားအသောက်နှင့် ထိုပျော်ပွဲစားရုံက နာမည်ကျော် ဝိုင်အရက်ကြောင့် စိတ်မချမ်းသာစရာတို့ကို မေ့ပျောက်၍ ရနိုင်ကောင်းပါ၏။

သီတင်းတပတ်လုံး တက်စ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ အစိုးရအဖွဲ့ဝင် အခြားဝန်ကြီးများ မရောက်ခင် နှစ်ရက်လောက် ကြိုရောက်ခဲ့သည်။ တူးဝါးမြို့သို့ စောစော ကြိုရောက်သဖြင့် နေရာထိုင်ခင်း ကောင်းကောင်းလေး ရလိုက်ခြင်းဖြစ်၏။ နောက်ရောက်လာမည့် ဝန်ကြီးများမှာ အိုးမဲ့အိမ်မဲ့များလို အိမ်ရှာလိုက်ရသည်မှာ အမော၊ တူးဝါးမြို့ကိုလည်း ရန်သူက ဗုံးကြဲထားသည်။ ဝန်ကြီးချုပ် ရေးနော့ကား အမေရိကန်သမ္မတ ရူစဗဲ့ထံ ကြေးနန်းရိုက်ရုံမှအပ အခြားဘာမျှ လုပ်တတ်ဟန်မတူ...။ "ကျွန်တော်တို့ ဝန်ကြီးချုပ်လဲ ယူပီသတင်းဌာနရဲ့ အထူးသတင်းထောက်ကြီး ဖြစ်မှန်းမသိ ဖြစ်နေပြီဗျ" ဟု တက်စက ကွယ်ရာတွင် လှောင်သည်။ ဖရိုဖရဲ ဖြစ်နေလိုက်ပုံမှာ ဆိုဖွယ်မရှိတော့။ သမ္မတကြီး ရူစဗဲ့ထံ ရိုက်သည့် ကြေးနန်းတစောင်မှာ ကြေးနန်းရုံးတွင် တညလုံး အိပ်နေသည်။ ဂျာမန်တို့က တနေ့ကို ကီလိုမီတာ ငါးဆယ်နှုန်းဖြင့် ချီတက်လာနေကြသည်။

တက်စသည် ဘရီကျူးကို မကြာခဏ သွားတွေ့၏။ သို့ရာတွင် ဘရီကျူး မျက်နှာက ခပ်မှန်မှန်။ စကားမပြောချင်သည့်နှယ်... သူ့မိန်းမက အာရုံကြော အားနည်းကာ ကယောင်ကတမ်း ဖြစ်နေသည်ဟု ပြော၏။ မတွေ့ချင်၍ တမင်သက်သက် အကြောင်းပြခြင်း ဖြစ်မည်။ တကယ် ကယောင်ကတမ်း ဖြစ်သင့်သည်မှာ သူ့မိန်းမ မဟုတ်။ သူကိုယ်တိုင် ဖြစ်သင့်နေပြီ။ လာဗယ်တယောက်သာလျှင် ရွှင်ရွှင်ပျပျရှိသည်။ လည်စည်းအဖြူက သတို့သားလည်စည်းနှင့် တူနေသည်။ သို့ရာတွင်... လာဗယ်ကလည်း တက်စကို သိပ်အရေးမလုပ်။ ကျန်ဝန်ကြီးများက ဝန်ကြီးချုပ်ရေးနော့ ရုံးထိုင်နေသည့် ရဲတိုက်ကြီးထဲမှ မြို့ဘက်သို့ ပျာယီးပျာယာနှင့် ထွက်လာကြသည်။ မြို့ထဲတွင် သူတို့ပစ္စည်းတွေ ပျောက်ရကုန်ပြီ။ "ကျွန်တော်တို့ ဘယ်တော့ပြောင်းမလဲ ဝန်ကြီး" ဟု အတွင်းဝန်များက မေးသည်ကိုပင် ကောင်းကောင်းပြန်မဖြေနိုင်။ လက်ကိုသာ ယမ်းပြနိုင်၏။

ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ဂျာမန်နှင့် ငြိမ်းချမ်းရေးစာချုပ်ရန် တက်စက အဆိုတင်သွင်းသည်။ ဝန်ကြီးချုပ် ရေးနော့က...

"စည်းကမ်းချက်တွေက ဘယ်လိုလာမယ်မှန်းမှ မသိတာ၊ ကျွန်တော့်သဘောကတော့ သမ္မတရူစဗဲ့ဆီက ပြန်ကြားချက်ကို စောင့်ကြည့်ချင်တယ်"

မင်ဒယ်က တက်စကို စိုက်ကြည့်လိုက်သည့်အခါတွင် တက်စသည် မျက်လုံးများကို တခြားသို့ လွှဲလိုက်သည်။ တက်စဆိုသည့်လူသည် သူသာ အကျိုးရှိမည်ဆိုလျှင်

ဘာမဆို လုပ်မည့်သူ။ သစ္စာဖောက်။ မင်ဒယ်ဆိုသည့်သူက မိုက်တိမိုက်ကန်း လုပ်မည့်သူ။ တက်စကို သစ္စာဖောက်တယောက်ဟု ယူဆသည်။ မင်ဒယ်က လူတယောက်ကို မုန်းပြီဆိုလျှင် ထိုလူ၏ နာရေးကြေငြာကို မကြာခင် တွေ့ရတော့မည်မှတ်။ သည်လောက်ကို ကလေးများပင် သိနေကြပြီ။ မျက်နှာကိုက ကြောက်စရာ။ သွေးမရှိ၊ ဆွဲချ မျက်နှာမျိုး။

တော်ပါသေး၏။ အချိန်မီ အကူအညီ ရောက်လာသည်။ ဗိုလ်ချုပ်ပီးကာ့က အရေးကြီးသော ကိစ္စရှိသဖြင့် ဝန်ကြီးအဖွဲ့ အစည်းအဝေးသို့ တက်ခွင့်ပြုရန် တောင်းဆိုသည်။ ခါတိုင်း ဣန္ဒြေသမ္ပတ္တိတွေဖြင့် နေတတ်သည့် ပီးကာ့သည် ဣန္ဒြေမဆောင်နိုင်တော့။ အထိတ်တလန့် ဖြစ်နေသည်။ စကားကိုပင် ပီအောင် မပြောနိုင်။ ပီးကာ့တွင် သွားတချောင်းမျှ မရှိတော့သည်ကို တက်စ ရုတ်တရက် သတိထားလိုက်မိသည်။ သည်လူ ဘယ်တုန်းက သွားတွေ ကျိုးနေပါလိမ့်။ တက်စသည် သူပြောသည့် စကားများကို ကောင်းကောင်း နားမလည်သေး။ ပီးကာ့က စကားကို ဆက်တိုက်ပြောနေသည်။

"ဟုတ်တယ်၊ ကွန်မြူနစ်တွေက သူပုန်ထကုန်ကြပြီ၊ ခု တေလေကြမ်းပိုးတွေက အယ်လီဖေးနန်းတော်ကြီးကိုသိမ်းထားကြတယ်၊ ပြီးတော့ တမြို့လုံးလဲ မီးတွေလောင်လို့"

တက်စသည် အလန့်တကြားဖြင့် မျက်လုံးများကို မိတ်လိုက်၏။ ဗုံးကိုလည်း မကြောက်။ ကျည်ဆန်ကိုလည်း မကြောက်။ သို့ပန်းအဖြစ် အဖမ်းခံရသည်ကိုပင် အရေးကြီးသည်ဟု မထင်။ သို့ပန်းဘဝ ဆိုသည်မှာ ကြောက်စရာကောင်းသည် မှန်သည်။ သို့ရာတွင် ဂျာမန်လူမျိုးသည် ယဉ်ကျေးသည့်လူမျိုး။ သူ့လို ဝန်ကြီးတယောက်ကို ရာဇဝတ်ကောင်တယောက်လိုတော့ ဆက်ဆံမည် မထင်။ ကွန်မြူနစ်တို့ကိုမူ သူကြောက်သည်။ သမီး ဒင်းနိစ်နှင့် စကားပြောပြီးသည့်နောက်တွင် ကွန်မြူနစ်တို့က သူ့ကို မုန်းကြောင်း တက်စ ရိပ်မိသည်။ သူတို့သာ အာဏာရလျှင် သူ့ကို ကားစင်တင်မည် မုချ။ ထိုမျှမက ပြင်သစ်ပြည်ကြီးလည်း ကံဆိုးမိုးမှောင် ကျတော့မည်။ ဂျာမန်တို့ ပါရီသို့ ဝင်သည့်နေ့သည် ပြင်သစ်တမျိုးသားလုံးအတွက် ကြေကွဲဖွယ်နေ့ကြီး ဖြစ်သည်။ သို့ရာတွင် မည်သို့ဆိုစေ ဂျာမန်တို့သည် ကွန်မြူနစ်များထက်တော့ ကောင်းမည် အမှန်။ ဂျာမန်တို့သည် သူတို့၏ စကြာအလံကြီးကို အယ်လီဖေးနန်းတော်ပေါ်တွင် လွှင့်ထူကောင်း လွှင့်ထူကြလိမ့်မည်။ သို့ရာတွင် နန်းတော်ကိုမူ လက်ဖျားနှင့်ပင် တို့မည်မဟုတ်။ ကွန်မြူနစ်များကမူ ၁၈၇၁ ခုနှစ် ပါရီဘုံအဖွဲ့တုန်းက လုပ်ခဲ့သလို အားလုံးကို မီးတင်ရှို့ကြလိမ့်မည်။ ယခုပင် မြို့တော်အနှံ့အပြားတွင် မီးရှို့နေကြပြီ မဟုတ်လော။ သည်ကောင်တွေ တယူသန်တွေ။ အဟိတ်တိရစ္ဆာန်တွေ။

မင်ဒယ်မှာ ပါရီမြို့နှင့် ယခုတိုင် အဆက်အသွယ် ရနေဆဲ။ နာရီဝက်အကြာတွင် မင်ဒယ်က "ပါရီမြို့မှာ စည်းကမ်းဥပဒေ ခုတိုင်ရှိနေသေးတယ်" ဟု ကြေငြာသည်။ ပီးကာ့က သူ့အဆိုကို ငြင်းဆန်ရန် ကြိုးစားသေး၏။ နောက်ဆုံးတွင်မှ ကျေနပ်သည့် အပြုံးဖြင့်...

"ဟုတ်ပါလိမ့်မယ်၊ ပါရီမြို့စောင့်တပ်မှူး ဗိုလ်ချုပ်ဒင့်ဇ်ဟာ ကျွန်တော့်မိတ်ဆွေကြီးပါပဲ၊ တပ်မတော်မှာ အတော်ဆုံးခေါင်းဆောင်တယောက် ဆိုယင်လဲ မမှားပါဘူး၊ ရန်သူကို လက်နက်ကိုင်ခုခံဖို့ သွေးထိုးလှုံ့ဆော်သူများကို ပစ်သတ်ဖို့ အမိန့်ပေးလိုက်ပါပြီ" ဟု ပြောသည်။

တက်စကမူ "ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ တူးဝါးက ပြောင်းဖို့ ကောင်းပြီခင်ဗျ"

ဟု မကြာခဏ ပြော၏။ ဂျာမန်တို့က နောက်ထပ် ကီလိုမီတာ ၅၀ ခန့် တက်လာကြပြန်ပြီ။

နေမင်းက ကျဲကျဲတောက် ပူလျက်။ ဇူလိုင်လ ၁၄ ရက် လွတ်လပ်ရေးနေ့ ဖြစ်သည်။ ဆယ့်လေးနံပါတ်သည် သူ့အဖို့ ကံမကောင်းသည့်နေ့ဟု တက်စ တသက်လုံး စွဲခဲ့သည်။ သူ့ဇနီးသည်သည် ဆယ့်လေးရက်နေ့တွင် ဆုံးခဲ့သည် မဟုတ်လော။ ဆံပင်ညှပ်ဆိုင်သို့ ဆံပင်ညှပ်သွားစဉ် ပါရီကို ဂျာမန်တို့ သိမ်းလိုက်ပြီ ဆိုသည့်သတင်းကို ကြားရ၏။ သိမ်းမည်ကို သိပြီးသား။ ဗေဒင် မေးစရာမလို။ သို့ရာတွင် နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည့်အခါ၌ "ဟာ ဒုက္ခပဲ" ဟု အော်လိုက်မိသည်။ ဆံပင်ညှပ်ဆရာက "သွား... သွား မညှပ်နိုင်ဘူး၊ အရေးထဲမှာ ဆံပင်ညှပ်တဲ့လူက လာသေးတယ်" ဟု အော်လွှတ်လိုက်သည်။ သည်ဆံပင်ညှပ်သမားသည် ကွန်မြူနစ်တယောက် ဖြစ်ရမည်။

မနက်ပိုင်းတွင် တက်စသည် ဘော်ဒိုးသို့ လာခဲ့၏။

ဘော်ဒိုးသို့ တမြန်နေ့ကပင် ရောက်ခဲ့သေးသည်။ သို့ရာတွင် နှစ်ပေါင်း ၁၀၀ လောက် ကြာသွားပြီဟု ထင်ရ၏။ ရက်တွေ နေ့တွေကိုပင် သတိမထားမိတော့။ မှတ်လည်း မမှတ်မိတော့။ ဂျာမန်တို့က ဆက်လက် ချီတက်ဆဲ။ လွိုင်ရေမြစ်ကမ်းသို့ရောက်ကြပြီ။ ပါရီတွင် ကျန်ရစ်ခဲ့ကြသည့် လူများသည် မည်မျှကောင်းလိုက်ကြသနည်း။ သူတို့အဖို့တော့ အေးသွားပြီ။ ဂျာမန်လက်အောက်ရောက်သွားပြီ။ သည်မှာတော့ စဉ်းစားရတုန်း။ ဆုံးဖြတ်ချက်တွေ ချရမည်။ အင်္ဂလိပ်နန်းရင်းဝန် ချာချီကလည်း သူတို့အစိုးရအဖွဲ့ကို အကျပ်ကိုင်နေသည်။ ဒီဂေါတို့ကလည်း ဘော်ဒိုးသို့ ရောက်နေပြီဟု သတင်းဖြစ်နေ၏။ ဒီဂေါသည် ကွန်မြူနစ်များနှင့် အဆက်အသွယ်များ ရှိနေသည်လော မဆိုနိုင်။ ဘော်ဒိုးတွင် သင်္ဘောကျင်း အလုပ်သမားတွေ ရှိသည်။ ထိုသူများသည် "အန္တရာယ်ရှိသူများ" ဟု ခရိုင်ရာဇဝတ်ဝန်က သတင်းပို့ထား၏။ ဝန်ကြီးချုပ်ရေးနေ့ကို ဖြုတ်ချမှ ဖြစ်တော့မည်။ သို့ရာတွင် သမ္မတပီရွန်က ခပ်ဆိုင်းဆိုင်း ဖြစ်နေသည်။ မဖြုတ်ချင်။ ဘာမျှလည်း မကြံတတ်။ ထိုင်ပြီး ငိုနေရုံသာ လုပ်တတ်သည်။ သည်အချိန်သည် မျက်ရည်ကျရမည့် အချိန်မဟုတ်။ ပြတ်ပြတ်သားသား၊ ရဲရဲရင့်ရင့် လုပ်ရမည့်အချိန်။

ဘာရီကျူးက စပိန်သံအမတ်နှင့်တွေ့၍ စကားပြောရန် တက်စကို ခိုင်းထားသည်။ မည်သည့်စည်းကမ်းချက်မျိုးဖြင့် လက်နက်ချရမည်နည်းဟု ဘာလင်ကို စုံစမ်းခိုင်းရန် ဖြစ်၏။ စပိန်သံအမတ်နှင့် စကားပြော၍ ပြေလည်ဖို့ အရေးကြီးသည်။ အရာရာသည် ထိုအချက်ပေါ်တွင် တည်နေသည်ဟု ဘာရီကျူးက ပြော၏။ တက်စသည် သူ့ကို တာဝန်ပေးသဖြင့် ဝမ်းသာသည်။ တပြိုင်နက်တည်းတွင် စိတ်ညစ်သည်။ တက်စက စပိန်သံအမတ်ကို မျက်နှာချိုသွေး၏။ ပြက်လုံးကလေးတွေ ထုတ်ပြီး ကြည်သာအောင် ကြိုးစားသည်။ စပိန်သံအမတ်ကြီးက ဘော်ဒိုးနယ်က ဝိုင်အရက်ကောင်းကြောင်း ချီးမွမ်းသည့်အခါတွင် တက်စက...

"သံအမတ်ကြီးတို့ရဲ့ ရိုင်အိုဂျာအရက်ကိုလဲ ကျွန်တော် မြည်းစမ်းကြည့်ဖူးတယ်ဗျ။ ကျွန်တော်တို့ရဲ့ အကောင်းဆုံး ပြင်သစ်အရက်တွေထက် မညံ့ပါဘူး"

တက်စက သက်ပြင်းတချက်ကို ချလိုက်ယင်း...

"အင်း... သံအမတ်ကြီးတို့ တိုင်းပြည်မှာ မော်ကွန်းထိုးလောက်တဲ့ အဖြစ်အပျက်ကြီးတွေ ဖြစ်ပွါးနေတုန်းက ကျွန်တော့်သားက ဆလန်မန်ကာမှာ

ပြင်သစ်ကောင်စစ်ဝန်လေ၊ သံအမတ်ကြီးတို့ရဲ့ ဖာလန်ဂျစ် ပါတီဝင်တွေနဲ့ဆိုယင် သိပ်ခင်တာပေါ့၊ ဗိုလ်ချုပ် ဖရန်ကို ကိုလဲ တတ်နိုင်သလောက် ထောက်ခံခဲ့တာပေါ့”

“ခု သူကော”

“မရှိတော့ဘူးခင်ဗျ။ ကွန်မြူနစ်တွေက သတ်ပစ်လိုက်ကြပြီ”

ကြက်ကြော် စားပြီးသည့်နောက်တွင် တက်စသည် အလုပ်ကိစ္စကို စပြောသည်။ ဘာလင်က မည်သည့်စည်းကမ်းချက်မျိုးကို လိုချင်သနည်း။ စပိန်သံအမတ်က ပထမတွင် ခပ်ဝါးဝါး ဖြေသည်။ အသေးစိတ်များကို ဆွေးနွေး၍ အကျိုးမထူးကြောင်း နှစ်ဘက် အပြန်အလှန် နားလည်ကြဖို့လိုကြောင်း၊ ပြင်သစ်ပြည်ကြီးအား အကျိုးနည်း အရှုံးကွဲဖြစ်ရန် ဂျာမန်တို့တွင် ဆန္ဒမရှိကြောင်း။ စပိန်သံအမတ်ကြီးက “အသေးစိတ်” ဆိုသည့် ကိစ္စများကို စတင်ပြောသည့်အခါတွင်မူကား တက်စ ကျောချမ်းသွားသည်။

“ဒါပေမယ့် ဒါတွေ သိပ်အရေးတကြီးပြောဖို့ မလိုပါဘူး” သံအမတ်ကြီးက ပြောသည်။ “တချို့ အချက်အလက်ကလေးတွေကို နှစ်ဘက်ညှိပြီး ပြင်လို့ရနိုင်ပါတယ်။ ကျွန်တော် စောစောက ပြောသလို အရေးအကြီးဆုံးကတော့ ဟန်လုပ်မနေကြပဲ နှစ်ဘက် အဆက်အသွယ် လုပ်ကြဖို့ပဲဗျ။ ဝန်ကြီးတို့ ပြင်သစ်ရေတပ်က တော်တော်အရေးကြီးတဲ့အခန်းက ပါနေတယ်၊ အာဏာအပ်လိုက်တဲ့အခါမှာ မာရှယ်ပေတိန်းဟာ သူ့လူတွေကိုသူ ထိန်းနိုင်ပါ့မလားလို့ ဘာလင်က သံသယဖြစ်နေတယ်၊ အထူးသဖြင့် မော်ရိုကိုနဲ့ ဆီးရီးယားမှာ ကျင့်သုံးနေတဲ့ ဝန်ကြီးတို့အစိုးရရဲ့ မရိုးသားတဲ့ သဘောထားတချို့အတွက် စိုးရိမ်မကင်း ဖြစ်နေတယ်”

“ဒါကတော့ အထင်လွဲတာ သက်သက်ပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်၊ ပြီးတော့လဲ မာရှယ်ပေတိန်းဟာ တိုင်းပြည်ကို ကောင်းကောင်းထိန်းနိုင်ပါတယ်၊ သူ့ထက် ဩဇာရှိတဲ့ ပုဂ္ဂိုလ်ဆိုလို့ တော်တော့်ကို ရှားပါလိမ့်မယ်”

“ဟာ၊ ဒီလိုဆိုယင်တော့ ကောင်းတာပေါ့ဗျ။ အတိုင်းထက်အလွန်ပေါ့၊ ဒီနယ်ကချက်တဲ့ အမာညက်အရက်က တော်တော်လေးကို ကောင်းတာပဲနော်”

စပိန်သံအမတ်နှင့် စကားပြောပြီးနောက် တက်စသည် ဘာရီကျူးဆီသို့ လာခဲ့၏။

“ဂျာမန်ကောင်တွေ ရူးနေပြီဗျ။ သူတို့တောင်းတဲ့ တောင်းဆိုချက်မျိုး ရာဇဝင်မှာ တခါမှ မကြားဖူးဘူး၊ ရှင်းရှင်းပြောမယ်ဗျာ၊ တော်တော့်ကို တဘက်သတ်ကျပြီး ရက်စရာ ကောင်းတယ်၊ ဟုတ်တယ်၊ ခုတော့ ဝန်ကြီးချုပ်ရေးနော့ မှန်သလိုလို ဖြစ်နေပြီ၊ မာဒါဂါစကားကျွန်းကနေပြီး ပြန်တိုက်တာက ကောင်းလိမ့်မယ်ထင်တယ်”

ဂျာမန်တို့၏ စည်းကမ်းကို ကြားရသည့်အခါတွင် ဘာရီကျူးသည် ဘာမျှ အံ့သြခြင်းမဖြစ်။ ထိုအခါကျမှ တက်စ စိတ်ငြိမ်သွားသည်။

“အင်း၊ အေးအေးဆေးဆေး စဉ်းစားကြည့်သေးတာပေါ့လေ၊ အဲဒီအခါကျယင်လဲ ဒီလောက်ကြောက်စရာကောင်းချင်မှ ကောင်းတော့မှာပါ။ ကျွန်တော့်သဘောကတော့ စည်းကမ်းချက်တွေကို ချက်ချင်း လူသိရှင်ကြား မကြေငြာသင့်ဘူး ထင်တာပဲ၊ စာချုပ်ကို လက်မှတ်ထိုးပြီးတော့ အေးအေးဆေးဆေးကျမှ ထုတ်ပြန်ကြေငြာတာပေါ့။ နို့မဟုတ်ယင် ကွန်မြူနစ်တွေက ဒါကို အခွင့်ကောင်းယူပြီး လူထုကို လှုံ့ဆော်လာလိမ့်မယ်၊ ကွန်မြူနစ်တွေက မလုပ်ယင်လဲ ဒီဂေါက လုပ်လိမ့်မယ်၊ စကားမစပ် ဒီဂေါကလဲ

ဘော်ဒိုးမှာ ရောက်နေတယ်ဆိုပါလား၊ ဒီလူ ဒီကိုလာပြီး ဘာတွေလုပ်နေသလဲ မသိဘူး၊ အင်း ခုတလောကတော့ တော်တော်လေး အရေးကြီးတယ်ဗျို့၊ ဒီနောက်ဆိုယင်တော့ ပုံမှန်အခြေအနေကို ပြန်ရောက်သွားမှာပါ”

ထိုနေ့ညတွင် ဝန်ကြီးချုပ်ရေးနော့ နုတ်ထွက်သွားသည်။ နောက် အစိုးရကို မာရှယ်ပေတိန်းက ခေါင်းဆောင်၍ ဖွဲ့၏။ တက်စက မာရှယ်ပေတိန်းကို ချီးကျူးနှုတ်ဆက်သည်။ မာရှယ်က အဘိုးကြီးအိုအသံမျိုးဖြင့် “ကျေးဇူးတင်တယ်၊ ကျေးဇူးတင်တယ်” ဟု ဆို၏။

ထိုနေ့ညသန်းခေါင်ကျော်တွင် တက်စသည် ဂျူလီယော့အား အစိုးရအဖွဲ့ဝင် ဝန်ကြီးသစ်များ၏ စာရင်းကို နှုတ်မှ ရွတ်ပြနေသည်။ အရပ်ပုပု ခပ်ဖိုင့်ဖိုင့် သတင်းစာဆရာ ဂျူလီယော့သည် ဘော်ဒိုးသို့ ပြောင်းလာကာ “ဘဝသစ်သတင်းစာ”ကို စာမျက်နှာနည်းနည်းနှင့် ထုတ်နေသည်။

“ခု အစိုးရအပြောင်းအလဲကတော့ ထုံးတမ်းစဉ်လာနဲ့အညီ ဖြစ်တာ မဟုတ်ဘူးဗျ။ ဝန်ကြီးအဖွဲ့စာရင်းကို မာရှယ်ပေတိန်း ကိုယ်တိုင်ဆွဲပြီး တင်လိုက်တာပဲ၊ လွှတ်တော်တွေ ဘာတွေမှာ အတည်ပြုနေချိန် မရဘူး၊ အေးလေ ဒါတော့ ဘယ်တတ်နိုင်မလဲ၊ အခြေအနေက တစ်မျိုးကိုး။ ခု ကျုပ်တို့ဖြစ်နေပုံက စစ်ပြေးဒုက္ခသည် အစိုးရပုံ”

“ဂျာမန်က ဘာစည်းကမ်းချက်တွေ တင်တောင်းလို့လဲ”

ဂျူလီယော့က မေးသည်။

“ဒါတော့ ကျုပ် ခုမပြောနိုင်သေးဘူး၊ ဒါက နိုင်ငံတော် လျှို့ဝှက်ချက်၊ အဲ... တခုတော့ ပြောနိုင်တာ ရှိတယ်၊ သူတို့တောင်းတဲ့ စည်းကမ်းချက်တွေဟာ ကျွန်တော်တို့လူမျိုးရဲ့ ဂုဏ်သိက္ခာနဲ့ ညီညွတ်တဲ့ စည်းကမ်းချက်တွေပါ။ ဒီလိုမဟုတ်ယင် မာရှယ်ကြီးကလဲ ဘယ်စဉ်းစားမလဲ”

ဂျူလီယော့က မယုံသင်္ကာဟန်ဖြင့် မျက်လုံးတဘက်ကို မှေးထားလိုက်သည်။

“ဂုဏ်သိက္ခာဆိုတာ ကြိုက်သလို ပုံစံသွင်းယူလို့ရတဲ့ ရောင်းကုန်ပစ္စည်းပဲ ဝန်ကြီး၊ ကျွန်တော်သိချင်တာက တခုတည်းရယ်၊ ဂျာမန်တွေကို ကျွန်တော်တို့တိုင်းပြည် လာခွင့်ပြုမှာလား၊ မပြုဘူးလား ဆိုတာပဲ၊ ခု ကျွန်တော့်မှာ ဈေးပေါပေါနဲ့ ပုံနှိပ်စက်တလုံး တွေ့ထားတယ်၊ ပြီးတော့ မော်တော်ကားပေါ်မှာချည်း အမြဲတမ်း မနေနိုင်ဘူး၊ ဒီကောင်တွေ ဒီကိုမလာဘူးဆိုယင် အိမ်တို့ စက်တို့ကို ရတုန်းရခိုက် ဝယ်ထားလိုက်ချင်တယ်”

“ခင်ဗျား ဒီမှာ အခြေစိုက်ဖို့ စိတ်ကူးပေါ့၊ ဘော်ဒိုးဟာ ဒုတိယမြို့တော် ဖြစ်လာမှာပဲ”

နာရီတွေက လတွေလို ကုန်ခဲ့လေချည့်။ ဂျာမန်တို့ကလည်း အကြောင်းမပြန်၊ ရှေ့သို့သာ ဆက်၍ ချီတက်နေကြသည်။ တက်စမှာ ရန်သူသိမ်းသွားသည့်မြို့များကို မြေပုံပေါ်တွင် ခဲတံပြာဖြင့် မှတ်ရသည်ကလည်း အမောပ။ အော်လီယွန်၊ ရှားဘော့၊ ရီနီဒီ၊ ယွန်။ စတုတ္ထမြောက်နေ့တွင်မူ မြေပုံကို ခေါက်ထားလိုက်ရန် တက်စ အမိန့်ပေးလိုက်သည်။ “ကျုပ်တို့လက်ထဲမှာ ဘယ်မြို့လောက်ရှိတယ် ဆိုတာပဲ ပြောတော့ဗျာ” ဟု အတွင်းဝန်ကို ပြောသည်။

ရှောတင်းက တက်စကို ကန့်ကွက်သည်။

“ဂျာမန်တွေက ကျုပ်တို့ကို အလဲထိုးချင်တာဗျ၊ သူတို့တောင်းတဲ့ စည်းကမ်းချက်တွေကိုလဲ ကြည့်ဦးလေ...၊ ထိုးချင်းထိုးယင် ခင်ဗျားမိတ်ဆွေကြီး

ဂရမ်ဒယ်တယောက်ပဲ ထိုးမှာ၊ ဒါပေမယ့် သူကလဲ ပါရီမှာ ကျန်နေခဲ့တယ်”

“နေစမ်းပါဦးဗျ၊ ဂရမ်ဒယ်က ကျုပ်မိတ်ဆွေ ဘယ်တုန်းက ဖြစ်ဖူးလို့လဲ” တက်စ စိတ်ဆိုးဆိုးဖြင့် ပြန်အော်သည်။ “ကျုပ်က လက်နက်ချ အညံ့ခံဖို့ တိုက်တွန်းနေတာ မဟုတ်ဘူးဗျ၊ ဂုဏ်သိက္ခာရှိတဲ့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဖို့ ပြောနေတာ၊ ဒါ သဘာဝမကျဘူးလား၊ တကယ်လိုအပ်ရင် အယ်ဂျီးရီးယားထိအောင် ရှောင်ပြီး ပြန်တိုက်မယ် သိလား၊ ပါပီနန်ကနေပြီး ပြန်တိုက်မယ် ဆိုယင်လဲ ဖြစ်တာပဲ”

တက်စသည် ဂျာမန်တို့ကို ပြန်တိုက်ရန် စဉ်းစားစပြုလာသည်။ မြေပုံကြီးကို ကြည့်သည်။ ဗိုလ်ချုပ်လီရီဒေါ့နှင့် ဆွေးနွေးသည်။

“တပ်မတော် ကြည်း၊ ရေ၊ လေ တပ်သားအပေါင်းတို့ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခြင်း မပြုရသေးဘူး၊ တိုက်ပွဲဟာ ဆက်ရှိနေသေးတယ်၊ ကျုပ်တို့တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို မဟာမိတ်တပ်များနှင့်အတူ မြေပြင်မှာ သော်လည်းကောင်း၊ ရေပြင်မှာ သော်လည်းကောင်း၊ ဝေဟင်မှာ သော်လည်းကောင်း ခုခံကာကွယ်ကြရလိမ့်မယ်” ဟု တိုင်းပြည်သို့ အသံလွှင့်သည်။

ခေါင်းကိုက်သဖြင့် လေကောင်းလေသန့် ရှူရန် ညနေတွင် လမ်းလျှောက်ထွက်လာခဲ့သည်။ ကမ်းနားတွင် အလုပ်သမားအချို့က သူ့ကိုမြင်၍ မှတ်မိသွားကြပြီး “သစ္စာဖောက်တွေကို ဘာဖြစ်လို့ အရှင်ထားရမှာလဲ။ ခေတ်တိုင်မှာ ကြိုးဆွဲချပြီး သတ်ရင် ကောင်းတယ်” ဟု ဝိုင်းအော်ကြသည်။

တက်စသည် ကြံ့ရာ တက္ကစီတစ်စီးပေါ်သို့ တက်ကာ လုံခြုံရာသို့ ပြေးခဲ့ရသည်။ ကားပေါ်ရောက်သည့်တိုင် လုံခြုံသည်ဟု မထင်။ ပူလောင်အိုက်စပ်နေသည့်တိုင် ကားပြတင်းပေါက်များကို ဆွဲပိတ်လိုက်သည်။ တက္ကစီသမားကို ဘရီကျူးအိမ်သို့ အမောင်းခိုင်းလိုက်၏။

“ရှောတင်းရယ်၊ ကျုပ်တို့ကို ချောက်ချနေပြန်ပြီဗျို့။ ကျုပ်တို့ကို အာဖရိကတို့၊ ဘယ်တို့ကို သွားပြီး အဲဒီကနေ ခံချဖို့ ပြောနေတယ်။ ချာချီ ကျုပ်တို့ကို ကစားနေသလို ခုလည်း ကျုပ်တို့ကို ကစားနေပြန်ပြီ။ ရှောတင်း ဆိုတဲ့လူဟာ ပိုက်ဆံကို မြင်ရင် ဟင့်အင်းလို့ ဘယ်တုန်းက ငြင်းဖူးလို့လဲ။ စတာဗစ္စကီ ငွေလိမ်မှုတုန်းက ကြည့်ပါလား။ ကျုပ်အထင်တော့ ဂျာမန်တောင်းဆိုချက်တွေကို လက်ခံဖို့ ကောင်းတယ်လို့ ထင်တာပဲ။ နို့မဟုတ်ရင် သူပုန်ထပြီး မင်းမဲ့ကာလကြီး ဆိုက်လိမ့်မယ်”

ဂျာမန်တို့က အကြောင်းမပြန်သေးဘဲ အချိန်ဆွဲနေကြသည်။ ထိုအတောအတွင်း ဂျာမန်တပ်များသည် ဘော်ဒိုးမြို့ဘက်သို့ ချီတက်လာနေကြလေပြီ။

မနက်ဝေလီဝေလင်းတွင် တက်စသည် ပေါက်ကွဲသံများကြောင့် အိပ်ရာမှ နိုးလာခဲ့သည်။ ဂျာမန်ဗုံးကြဲလေယာဉ်ပျံများက မြို့ပေါ်တွင် နိမ့်နိမ့်ကလေး ဝဲနေကြသည်။

တစ်နာရီခန့်အကြာတွင် သေကျေဒဏ်ရာရသူ ခုနစ်ရာ ရှိသည်ဟု သိရ၏။ ဆေးရုံသို့ သွား၍ လူနာများကို အားပေးရဦးမည်။ ဒဏ်ရာရသည့် ကလေးများ၏ မြင်ကွင်းနှင့် အီသာနံ့ကြီးက သူ့ကို ဖုံးသွားသည်။

“ကျုပ်တို့က ဂျာမန်တွေဆီကို ကြေးနန်းတွေ ပို့တယ်။ သူတို့က ကျုပ်တို့ဆီကို ဗုံးတွေ ပြန်ပို့တယ်ဗျာ” ဟု တက်စ ညည်းသည်။

ထိုစဉ် ဘော်ဒိုးမြို့တော်ဝန် မာကွေး ရောက်လာပြီး မြို့မနာအောင် အစိုးရအဖွဲ့

ပြောင်းပေးသင့်သည်ဟု လာပြောသည်။ ထိုနောက်တွင်မူ တစ်မြို့လုံး လှုပ်လှုပ်ရွရွ။ တက်စသည် ထိုနေ့တစ်နေ့လုံး စပိန်သံအမတ်ကြီးနှင့် တွေ့နေသည်။ ညနေပိုင်းတွင်မူ တက်စက ခပ်ကြွားကြွားဖြင့် ဂျူလီယော့အား...

"လူတွေ စိတ်အေးစရာ သတင်းကလေး ရေးမယ်ဆိုရင်တော့ ရေးနိုင်ပြီဗျို့။ ဂျာမန်တွေက မြို့ကို မှဲ့တစ်ပေါက် မစွန်းရပါဘူးလို့ မာရှယ်ကြီးကို ကတိပေးလိုက်ပြီ"

နောက်တစ်နေ့နံနက်တွင် ဂျူလီယော့ကို ပြောလိုက်မိသည့် စကားများအတွက် နောင်တရနေသည်။ ထိတ်လန့်တုန်လှုပ်လျက်ရှိသော စစ်ပြေးဒုက္ခသည်များသည် အရပ်လေးမျက်နှာမှ နေ၍ မြို့ထဲသို့ ရောက်လာကြ၏။ လမ်းမတွင် မော်တော်ကား မောင်း၍ပင် မရတော့။ ပေါင်မုန့်ဆိုင်တွင် မုန့်ဝယ်မရတော့။ လူထုများက အိမ်များထဲတွင် မအိပ်ရကြတော့ပဲ ပန်းခြံများ၊ ကွက်လပ်များထဲသို့ ဆင်းအိပ်ကြသည်။ လူတွေ အိပ်စရာ မရှိသဖြင့် ပန်းခြံကွက်လပ်များထဲတွင် အိပ်ကြရသည်။ သို့တိုင်အောင် စစ်ပြေးဒုက္ခသည်တွေက တဖွဲဖွဲ ရောက်လာတုန်း။

တက်စက ခရိုင်ရာဇဝတ်ဝန်ကို အခေါ်လွှတ်လိုက်သည်။

"နောက်ထပ် စစ်ပြေးဒုက္ခသည်တွေကို မြို့ထဲကို ဝင်ခွင့်မပေးနဲ့တော့၊ သူတို့ကို ဆက်ပြီး ဝင်ခွင့်ပြုနေယင် ကျုပ်တို့ပါအားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ တာဝန်ကျရာ ပုလိပ်တွေကိုလဲ မောင်းပြန်သေနတ်တွေ ထုတ်ပေးထားလိုက်ပါ။ စစ်တပ်ကိုချည်း အားကိုးနေလို့ မဖြစ်ဘူး၊ စစ်တပ်ကလဲ စိတ်ဓာတ်တော်တော်ကျနေပြီ၊ သူတို့ကတော့ မြို့ထဲကို ဝင်ခွင့်ပြုနေမှာပဲ၊ ဒုက္ခသည်ကော၊ ဂျာမန်စစ်သားကော၊ ကွန်မြူနစ်ကော ခွဲနေမှာ မဟုတ်ဘူး"

တူးဝါးမြို့တွင် ဂျာမန်တို့ကို ခံတိုက်နေသည်ဟု ကြားရသည့်အခါတွင် တက်စ အကြီးအကျယ် ဒေါပွနေသည်။ မည်မျှ ရူးသွပ်လိုက်ကြသနည်း။ ဟစ်တလာကို ဒေါပွအောင်၊ စိတ်ဆိုးအောင် လုပ်နေသည်နှင့် တူနေပြီ။ သို့ဖြင့် တက်စ၏ အကြံပေးချက်အရ ပြင်သစ်အစိုးရက ပြင်သစ်မြို့များ အားလုံးကို ဟင်းလင်းဖွင့်ထားသည့် မြို့များအဖြစ် ကြေငြာလိုက်သည်။

တက်စသည် ရေဒီယိုမှနေ၍ မိန့်ခွန်းတခု အသံလွှင့်၏။

"ကျွန်တော်တို့ ရန်သူများဟာ ရက်ရောသဘောထားကြီးလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်တယ်၊ ပြင်သစ်လူမျိုးဟာ အမြဲတမ်း လက်တွေ့ကျတဲ့ လူမျိုးဖြစ်တယ်။ ကျွန်တော်တို့ဟာ အမှန်တရားကို ရဲရဲကြီး ကြည့်ရဲတယ်၊ တကယ်လို့ ကျွန်တော်တို့ရဲ့ ဓားလွယ်ကို ဓားအိမ်ထဲပြန်ပြီး ထည့်ထားလိုက်ရသည့်တိုင် စိတ်ဓာတ်အရတော့ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်မျိုး ဖြစ်တယ်ဆိုတာ ကျုပ် ကြေငြာလိုက်တယ်၊ ဒါပေမယ့် လောလောဆယ်မှာတော့ တင့်ကားကြီးတွေဟာ စိတ်ဓာတ်ထက် အားကောင်းနေသေးတယ်"

မောမောဖြင့် ထိုင်ချလိုက်သည်။ မျက်နှာပေါ်သို့ ချွေးသီးချွေးပေါက်ကြီးတွေ စီးကျလာ၏။ ထိုစဉ် တက်စအခန်းသို့ ဝိုက်ဇ် ရောက်လာသည်။ သူ့ကို အကြောင်းမကြား၊ ခွင့်တောင်းခြင်း မပြုဘဲနှင့် ဝိုက်ဇ်ကို အဘယ့်ကြောင့် ဝင်ခွင့်ပြုလိုက်ကြသနည်း။ မိမိသည် ဝန်ကြီးတယောက်။ ဘော်ဒိုးမြို့သည် ပြင်သစ်ပြည်၏ ယာယီမြို့တော် ဖြစ်နေသည် ဆိုသည့်အချက်ကို မေ့သွားကြပြီလော။

ဝိုက်ဇ်က စာရွက်စာတမ်းကို ထိုးပေးသည်။

“ဝန်ကြီး လက်မှတ် ထိုးပေးပါ”

“ဘာလက်မှတ် ထိုးရမှာလဲ”

လေယာဉ်မောင်းသမား တော်တော်များများက အင်္ဂလန်ပြည်သို့ သွားချင်နေကြသည်။ သူတို့ကို အင်္ဂလန် မသွားအောင် တားရမည်။ လေယာဉ်ခတ်ဆီတွေကို ထုတ်မပေးနိုင်။ ထိုအမိန့်ကို လက်မှတ်ထိုးပေးပါဟု ဝိုက်ဇ်က ပြော၏။

“ဒါက ကျုပ်နဲ့ ဘာဆိုင်လို့လဲ၊ ကျုပ်ဝန်ကြီးဌာန လက်အောက်မှာမှ မဟုတ်တာ၊ ဗိုလ်ချုပ်ကို သွားပြီး လက်မှတ် အထိုးခိုင်းပေါ့”

မလိုတမာအပြုံး ဝိုက်ဇ်မျက်နှာပေါ်တွင် လှစ်ကနဲ တွေ့လိုက်ရသည်။

“အရေးရှိယင် ဗိုလ်ချုပ်ကို ရှာလို့မရတော့ဘူး ခင်ဗျ၊ ကိစ္စက အရေးတကြီး ဖြစ်နေတယ်၊ ထုံးတမ်းစဉ်လာ အဆောင်အယောင်တွေကို သိပ်အသေမကိုင်ထားစေချင်ဘူး၊ ဒီအချိန်မှာ ဝန်ကြီးဌာန တံဆိပ်တွေက သိပ်အရေးမကြီးပါဘူး၊ ပြင်သစ်လေယာဉ်တွေက အင်္ဂလန်ကို မောင်းယူသွားယင် ဂျာမန်တွေ ရောက်လာတဲ့အခါကျတော့ စာရင်းအတိုင်း မရလို့ ဒေါပွမယ်၊ အဲဒီအခါကျမှ ဒီလေယာဉ်တွေကို ဘယ်သူသွားခွင့်ပေးလိုက်တာလဲ၊ ဘာလဲလို့ မေးလာယင် ခက်မယ်၊ ဝန်ကြီးတာဝန်ပဲ၊ နားလည်တယ် မဟုတ်လား”

“သစ္စာဖောက်၊ စပိုင်၊ သူလျှို” ဟု ဝိုက်ဇ်ကို အော်ဟစ် မောင်းနှင်ထုတ်ပစ်လိုက်ချင်သည်။ သို့ရာတွင် ချုပ်တည်းထားလိုက်၏။ ဇဝေဇဝါဖြင့် ဝိုက်ဇ်ကို ငေးကြည့်နေသည်။ ထို့နောက် အိတ်ထဲက ဖောင်တိန်ကို ဆွဲထုတ်လိုက်သည်။ မျက်လုံးများကို မှေးကာ စာရွက်ပေါ်တွင် လက်မှတ်ထိုးပေးလိုက်၏။ ဝိုက်ဇ်က ယဉ်ကျေးစွာ ကျေးဇူးစကားဆို၍ ထွက်သွားသည်။

တူးဝါးမြို့က ဂျာမန်တို့ကို အလျှော့မပေးပဲ ကြံ့ကြံ့ခံနေသည်။ မြို့ထဲရှိ ပြင်သစ်တပ်များက ဂျာမန်တို့ တည်ဆောက်သည့် တံတားများကို နှစ်ကြိမ်တိုင် ဖျက်ဆီးပစ်လိုက်ကြသည်။ ဂျာမန်များသည် တလက်လက် စီးဆင်းနေသည့် လွိုင်ရေမြစ်နှင့် မြစ်တဘက်ကမ်းမှ အိမ်မိုးပြာပြာများကို တအံ့တဩဖြင့် ငေးကြည့်နေကြသည်။ ပွိုင်တိုးမြို့နှင့် ထိုမှတဆင့် တောင်ဘက်သို့ ဖြတ်ဆင်းလိုလျှင် တူးဝါးမြို့ကို ဖြတ်ရမည်။ ယခု တူးဝါးမြို့က မမျှော်လင့်ပဲ ကြံ့ကြံ့ခံနေသည်ကို တွေ့ရသည့်အခါတွင် ဂျာမန်တို့ ဒေါသထွက်နေကြသည်။ စာတတ်ပေတတ်ဖြစ်ကြောင်း ကြွားချင်သည့် ဂျာမန်ဗိုလ်ချုပ်တယောက်က "ပြင်သစ်တွေက ဒီမြို့ကို ခံတိုက်နေမှာပေါ့ကွ၊ ဒီမြို့က သူတို့စာရေးဆရာကြီး ဘားလ်ဇက် မွေးတဲ့မြို့ကိုး" ဟု ကြွားသည်။

စင်စစ် ပြင်သစ်မြို့များအားလုံးသည် "ဟင်းလင်းဖွင့်ထားသည့်မြို့"များ ဖြစ်သည်ဟု အစိုးရကိုယ်တိုင်က ကြေငြာပြီးပြီ။ ယခု သည်မြို့က ဘာ့ကြောင့် ဆီးပိတ်ခုခံနေရသနည်း။ မြို့တော်ဝန်က ဂျာမန်တို့ကို ခံတိုက်ရန် မြို့သူမြို့သားများအား မေတ္တာရပ်ခံထားသောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ မြို့သူမြို့သားများ၏ ရဲရင့်မှုကို မြင်ရသည့်အခါတွင် စစ်သားတွေက အရှက်ရလာကာ သူတို့လည်း မဆုတ်တော့ပဲ မြို့သူမြို့သားများနှင့်အတူ ခံတိုက်နေကြသည်ဟု ကြားရ၏။ ဂျာမန်တို့၏ ပထမဆုံးသော တိုက်စစ်ကို ဆေးရုံရှိ လူမမာများက ခုခံတွန်းလှန်လိုက်ကြသည်ဟု ကြားရသည်။ မြို့သူမြို့သားများက ဝိုင်အရက်စိမ်သည့် မြေတိုက်ခန်းများထဲမှ အရက်စည်များထဲတွင် ပုန်းအောင်းနေကြရာ ထိုမြေတိုက်ခန်းများထဲတွင် အမျိုးမျိုး ပြောနေကြလေ၏။ တပ်ရင်းများကို တပ်မကြီးတွေလောက် ပြောနေကြသည်။ ဘယ်ကလာမှန်း မသိသည့် အမြောက်ဆန်များကြောင့် ဂျာမန်တင့်ကားတွေ ပျက်ကုန်ကြသည်ဟု ပြောသူကလည်း ပြောကြသေး၏။ တူးဝါးမြို့သည် ဘယ်လက်နက်၊ ဘယ်အင်အားဖြင့် သည်မျှ ကြာကြာခံနေသည်ကို မည်သူမျှ မပြောနိုင်။ ဟုတ်သည်။ လူတိုင်း ထိတ်ထိတ်ပျာပျာဖြစ်သည့် ကာလမျိုးမှာပင် ပြင်သစ်ပြည်တွင် ရဲရင့်သည့် လူထုများနှင့် ရဲရင့်သည့် မြို့များ ရှိခဲ့ကြသည်။ စင်စစ် တူးဝါးမြို့ထဲတွင် ဘာမျှ အင်အားမရှိ။ တပ်ရင်းနှစ်ရင်း။ ဒဏ်ရာရနေသည့် စစ်သား အနည်းငယ်။ ပထမကမ္ဘာစစ်ကြီးတုန်းက စစ်သားဟောင်းကြီးများ ဖြစ်ခဲ့ကြသည့် အဘိုးကြီးများနှင့် စစ်မှုထမ်းသက် မရောက်သေး၍ အပြင်တွင် ကျစ်ရစ်ခဲ့သည့် သူငယ်ကလေးများက ခုခံတိုက်ခိုက်နေခြင်း ဖြစ်သည်။

တူးဝါးမြို့ကို တိုက်ခိုက်သူများထဲတွင် ပါလီမန် လွှတ်တော်အမတ် ဂျူကိန်းလည်း ပါသည်။ စစ်သားများက သူ့ကို "အဘိုးကြီး" ဟု ခေါ်ကြသည်။ (လွန်ခဲ့သည့်နှစ်အတွင်း၌ ဂျူကိန်းမှာ များစွာ အိုစာရင့်ရော်သွားခဲ့လေပြီ။) သူ

မျှော်လင့်စောင့်စားခဲ့သည့် အရာများသည် အတုအယောင်မျှသာ ဖြစ်သည်ကို သဘောပေါက်ခဲ့ပြီ။ သူသည် မျက်စိကန်းနေသူ မဟုတ်။ ထို့ကြောင့် သူ့ အမှားကို သူပြန်မြင်ခဲ့သည်။ စာအုပ်များထဲတွင် သူတွေ့ခဲ့ဖူးသည့် ရှေးဟောင်းပြင်သစ်ပြည်ကြီးမျိုးကို ကိုယ်ကျိုးမဖက်သောလူထုများသွေးဖြင့် ပြန်လည်ထူထောင်နိုင်လိမ့်မည်ဟု ကျိတ်၍ မျှော်မှန်းလျက်ရှိ၏။ တူးဝါးမြို့ကို ကာကွယ်ရခြင်းသည် ဘုရားသခင်ထံမှရသည့် နောက်ဆုံးလက်ဆောင်ဟု သူ ယူဆ၏။

လွန်ခဲ့သည့် နှစ်ပေါင်း ၃၅ နှစ်တုန်းက ဂျူကိန်းသည် သူ့စာပေမိတ်ဆွေများ၏ ညှော့ခံပွဲတခုသို့ ရောက်သွားဖူးသည်။ ထိုစဉ်က သူက မျက်နှာငယ်။ လူအနိမ်ခံဘဝ။ သူ့နားရွက်ကြီးတွေက ခပ်ကားကား။ လေယာဉ်မောင်းသမားတဦး ဖြစ်ရန် စိတ်ကူးယဉ်နေဆဲ။ ညှော့ခံပွဲတွင် ကဗျာဆရာ “ချားလ်ပေဂေး”က ကဗျာတပုဒ်ကို ရွတ်၏။ “တရားစစ်တွင်၊ ငါလျှင်မရွံ့၊ အသက်စွန့်လည်း အစွန့်ရှည်ကြာ၊ မသေပါခဲ့”

ကဗျာဆရာ ပေဂေးသည် နောင်တွင် မန်းတိုက်ပွဲဟု ထင်ရှားလာမည့် တိုက်ပွဲ ပထမဆုံးနေ့တွင် ကျသွားခဲ့သည်။ နောင်တွင် အောင်ပွဲရမည် မရမည်ကို သူမသိ။ ဆုတ်ခွာလာရချိန်၊ ကသောင်းကနင်း ဖြစ်နေချိန်တွင် ကျဆုံးခဲ့ရခြင်း ဖြစ်သည်။ စင်စစ် သူသည် ပါရီကို ခုခံကာကွယ်ယင်း ကျဆုံးသွားရခြင်းဖြစ်၏။ ယခု ပြင်သစ်သည် နိုင်ပြီ။ ဂျာမန်လက်အောက်သို့ ရောက်ခဲ့ရသည့် ကာလများတုန်းက ဂျူကိန်းသည် ထိုကဗျာကလေးကို ခဏခဏ ရွတ်သည်။ စိတ်ပျက်လာလျှင် ပေဂေး၏ ကဗျာကလေးသည် သူ့အဖို့ အားဆေးတခွက်နှယ်။ ဘော်ဒိုးတွင် ဘာတွေဖြစ်နေသည်ကို သူမစဉ်းစား။ ပင်ပန်းနွမ်းနယ်လျက် တဝုန်းဝုန်း ကျရောက်ပေါက်ကွဲနေသည့် အမြောက်သံများကြောင့် ညပေါင်းများစွာ မအိပ်ခဲ့ရသည့်တိုင် အောင်ရမည်ဟု ယုံကြည်ဆဲ။ သည်တိုက်ပွဲသည် ပြင်သစ်ပြည်ကြီးကို ကယ်တင်မည့် တိုက်ပွဲတပွဲဟု ယူဆနေသည်။

လှိုင်ရေမြစ် တဘက်ကမ်းမှ ဂျာမန်တွေက အမြောက်တွေနှင့် မြို့ကလေးကို အဆက်မပြတ် ပစ်နေကြသည်။ မြို့ကလေးက စုတ်ပြတ်နေပြီ။ ဗုံးကြဲလေယာဉ်ပျံကြီးများက ဗုံးတွေ ကြဲချနေသေးသည်။ ဗုံးဒဏ်ကြောင့် ရှေးဟောင်းပုံစံ ပြသာဒ်တွေ ဒုယင်တွေနှင့် ဆောက်ထားသည့် ရှေးအိမ်ကြီးတွေ ပြိုလဲကုန်ကြသည်။ မြို့ကို ခုခံကာကွယ်နေသူများတွင် ရိက္ခာမရှိတော့။ ဆေးဝါးမရှိတော့။ ကျည်ဆန်မရှိတော့။ ပြင်သစ်အမြောက်များမှာ အသံတိတ်နေကြပြီ။ စက်သေနတ်များဖြင့် ပစ်ခတ်နေသည့်အတွက်ကြောင့်သာလျှင် ရန်သူတို့ မကပ်နိုင်ဘဲ ဖြစ်နေကြခြင်း ဖြစ်သည်။

ဒုတိယမြောက်နေ့တွင် နှစ်ဘက်စလုံးမှာ အသံတိတ်နေကြသည်။ ဂျူကိန်းနှင့် တပ်ကြပ်ကြီး မိုင်လော့တို့သည် သဘောဆိပ်ကို မျက်နှာမူနေသည့် အိမ်ကလေးတလုံးထဲတွင် ညစာစားနေကြ၏။ စစ်သားများက ပေါင်မုန့်နှင့် ဝက်အူချောင်းအချို့ လာပေးသွားကြသောကြောင့် ဖြစ်သည်။ သူတို့နှစ်ယောက်သည် ရသမျှ အစားကလေးကို အားရပါးရ ဝါးနေကြ၏။ သူတို့ဝါးသံသည် ထူးခြားသည့် တိတ်ဆိတ်မှုထဲတွင် စိတ်သက်သာမှုကို ပေးနေသည့် ပဲတင်သံတခုနှင့် တူနေသည်။ ပြတင်းပေါက်တွင် သဲအိတ်ကာထားသဖြင့် အခန်းကလေးက မှောင်လျက်။ ပရိဘောဂများက ရှေးခေတ်ကို အောက်မေ့စရာ၊ ပန်းရောင် တိုက်ကြက်ဖရုပ်ကလေးတွေ ရေးထားသည့် လက်ဖက်ရည် ပန်းကန်စုံများက နံရံဘေးက ကြောင်အိမ်ထဲတွင် အစီအရီ။ ကြမ်းပြင်ပေါ်တွင် စီးကရက်တိုများ၊ သံဗူးလွတ်များ၊ စုတ်ဖြဲထားသည့် စက္ကူများက ပွလျက်။ တဘက်ခန်းတွင်

စစ်သားတွေ နားနေကြသည်။

တယောက်က ရေဒီယိုဖွင့်လိုက်၏။ ဝန်ကြီးတက်စကက ဘော်ဒိုးမြို့မှနေ၍ အသံလွှင့်မိန့်ခွန်းပြောနေသည်။ အစိုးရအဖွဲ့သစ်၏ ဝန်ကြီးသည် တင့်ကားများနှင့် "မသေပျောက်နိုင်သည့် ဝိညာဉ်" အကြောင်းကို ဟောပြောနေပါပကော။

"ဒီငနဲကြီး ပါးစပ်ကို ပိတ်လိုက်စမ်းပါကွာ၊ အလကားငနဲကြီး"

ဂျူကိန်းက ပြောသည်။ တယောက်က ရေဒီယို ပြန်ပိတ်လိုက်၏။ မုတ်ဆိတ်ဖြူကလေးတွေ တိုနံ့နံ့ပေါက်နေသည့် တပ်ကြပ်ကြီး မိုင်လော့က ဂျူကိန်းကို မေးလိုက်သည်။

"၁၉၃၆ ခုနှစ်တုန်းကတော့ ဦးလေးတို့လဲ ဒီလူတွေ အာဏာရအောင် လုပ်ပေးခဲ့ကြတာ မဟုတ်လား၊ ဦးလေးက သူတို့ဘက်ကလေ၊ ဦးလေးဟာ လူကောင်းလူရိုးတယောက်ဆိုတာ ကျွန်တော်တို့ သိပါတယ်၊ ဒါပေမယ့် ကျွန်တော် နားမလည်တာက…"

"ငါကိုယ်တိုင်လဲ နားမလည်ဘူးဟေ့" ဂျူကိန်းက ပြောသည်။ "လောကကြီးက တော်တော် အကဲခတ်ရခက်တယ်ကွ၊ တခါတလေကျတော့ အဖြူရောင်ဟာ အနက်ဖြစ်ချင်ဖြစ်သွားတယ်၊ အနက်ရောင်ဟာ အဖြူရောင် ဖြစ်ချင်ဖြစ်သွားတတ်တယ်။ ဒီတော့ တို့မျက်စိတွေ ကန်းကုန်ပြီလို့ ထင်စရာပဲ၊ ဒါပေမယ့် မကန်းဘူးကွ၊ ဒါတွေမြင်လိုက်ရတော့ တို့တတွေ တဖြည်းဖြည်း အမြင်မှန်ရလာကြတာပေါ့၊ တို့အထဲမှာလဲ လူရိုးလူကောင်းတွေ ရှိပါတယ်ကွာ၊ ဥပမာ ဒီဂေါတို့လို လူတွေ၊ အင်္ဂလိပ်ကလဲ အလျှော့ပေးမယ် မထင်ပါဘူး။ ဒါပေမယ့် တို့ရဲ့ဘဝကတော့…"

ဂျူးကိန်းက လက်ကို ယမ်းပြလိုက်သည်။ တပ်ကြပ်ကြီးက ပြော၏။

"ပြီးခဲ့တဲ့စစ်တုန်းက ကျွန်တော် အားရက် စစ်မျက်နှာကို ရောက်သွားတယ်ဗျ။ မြို့ရယ်လို့ မရှိတော့ပါဘူး၊ အဆောက်အအုံပျက်တွေလောက်ပဲ ကျန်တော့တာပါ။ ခုတခေါက်လဲ စစ်ကြီးစဖြစ်တော့ ကျွန်တော် အားရက်ကို ပြန်ရောက်သွားပြန်တယ်၊ အရိုရို… လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်အတွင်း အိမ်တွေ ပြန်ဆောက်ထားလိုက်ကြတာ နည်းတာတွေ မဟုတ်ဘူး၊ ဘယ်လဂျီယန်စစ် နောက်ပိုင်းဆိုတော့ မြို့တမြို့လုံး ငြိမ်သက်လို့၊ ဒီနေရာကို စစ်ကြီးရောက်လာလိမ့်မယ်လို့ ဘယ်သူမှ မထင်ခဲ့ကြဘူး၊ ဒါပေမယ့် ဘယ်နေမလဲ၊ ဂျာမန်တွေ ရောက်လာတာပေါ့။ ကျွန်တော်တို့ ပြန်ဆုတ်လာတဲ့အခါကျတော့ မြို့မှာ အပျက်အစီးတွေပဲ ကျန်ရစ်ခဲ့တော့တယ်၊ ဒီတခါလဲ ပြန်ပြီး တည်ဆောက်ကြဦးမှာပဲ၊ ဒီ… အပျက်အစီးတွေထဲမှာ ဘယ့်နှယ်လုပ် ဆက်နေလို့ဖြစ်မလဲဗျာ… ပြောင်းလဲအောင် တခုခုတော့ လုပ်ရမှာပေါ့။ ပြီးတော့…"

"မင်းက ကွန်မြူနစ်လား"

"မဟုတ်ပါဘူး၊ ကျွန်တော်က ကျောင်းဆရာပါ၊ ကျွန်တော့်ဦးလေးကို မဲမပေးခဲ့ပဲ ပြည်သူ့တပ်ဦးကို မဲပေးခဲ့တယ်၊ နိုင်ငံရေးကို ကျွန်တော် စိတ်မဝင်စားပါဘူး၊ ဒါပေမယ့် ခုတော့ ကျွန်တော် အားလုံးကို စိတ်ကုန်သွားပြီ၊ ဗိုလ်ကြီး ဂရေမီက ပြောတော့ ကျွန်တော်ဟာ ပြင်သစ်လူမျိုးကောင်း မဟုတ်ဘူးတဲ့၊ ပြင်သစ်လူမျိုးဆိုတာ စိတ်မပျက်တတ်ရဘူးတဲ့… ကျွန်တော်တို့ တိုင်းပြည်ကြီးဟာ ဒီလိုပဲ ဖြစ်နေတော့မှာလားဟင်…"

"ငါသာ တိုက်ပွဲမှာ ကျမသွားသေးဘူး ဆိုယင်တော့ ဒီအတိုင်း မနေဘူးလို့ပဲ

ဖြေရမှာပဲ၊ ဒါပေမယ့် ခုတော့ ငါမပြောချင်သေးဘူးကွာ၊ အချိန်မကျသေးဘူး၊ ဘာလဲ... မင်းပြောချင်တာက...”

ဂျူကိန်းသည် စကားလုံးရွေးနေသည့်နှယ် ထစ်အနေသည်။

“မင်းဆိုလိုချင်တာက ဒီမြို့ကို ဆက်လက် မကာကွယ်ချင်တော့ဘူးလို့ ဆိုလိုချင်တာလား”

အဖြေပေးသည့်အနေဖြင့် ရန်သူဘက်မှ အမြောက်ကျည်ဆန်တခု ကျလာသည်။ တိတ်ဆိတ်မှုသည် ပြိုကွဲသွားခဲ့ပြီ။

တတိယနေ့တွင်တော့ အဖြေထွက်သွားပြီ။ ဂျာမန်တို့က တူးဝါးမြို့ထဲသို့ ဝင်လာကြသည်။ လမ်းတလျှောက်နှင့် သင်္ဘောဆိပ်တွင် တိုက်ပွဲတွေ ဖြစ်နေသည်။ မီးခိုးများကြားတွင် နေလုံးကြီးက မည်းညစ်လျက်။ မီးလောင်သည့်အနံ့က မွှန်လျက်။

ဂျူကိန်းသည် ထပ်ခိုးကလေးတခု ပြတင်းပေါက်တွင် ရပ်နေသည်။ သူ့ရှေ့တွင် ကွေ့ကောက်နေသည့် လမ်းကြားကလေးများနှင့် အုတ်ကြွပ်များ မိုးထားသည့် အိမ်များကို မြင်ရသည်။ ဂျူကိန်းသည် သေနတ်ပစ်ညံ့သူမဟုတ်။ သူကြီးပြင်းခဲ့ရာ မြို့ကလေးတွင် ဘုရားပွဲကျင်းပတိုင်း လေသေနတ်ပစ်ပြိုင်ပွဲ ပါတတ်သည်။ လူက အရုပ်ဆိုးဆိုး၊ စကားက အ,ထစ်ထစ် ဖြစ်သဖြင့် မိန်းမပိုးရာတွင် ကံခေသူဖြစ်သည့်တိုင် သေနတ်ပစ်ပြိုင်ပွဲတွင်မူ ဗိုလ်စွဲသူဖြစ်၏။ ဘေးမှကြည့်သည့် ပရိသတ်က “မှန်အောင်ပစ်နိုင်ပါ့မလား” ဟု သံသယ ရှိကြသည်။ သို့ရာတွင် ပစ်လိုက်တိုင်း မှန်သည်ချည်း။ လူငယ်ဘဝက ဂုဏ်ယူလိုက်သည် ဖြစ်ခြင်း။ ယခု သည်လောက်ဖြောင့်လိုက်သည့် သူ့လက်ကို သည်အတိုင်း ထားရတော့မည်လော။

အဝေးတွင် ရှေ့သို့ တက်လာနေသည့် ဂျာမန်များကို မြင်ရသည်။ အုတ်တံတိုင်းကြီးတစ်ခုကို ကပ်၍ တန်းစီ ချီတက်လာကြခြင်း ဖြစ်သည်။ လမ်းတစ်ဖက်တွင် စည်ပိုင်းတွေ၊ အိပ်ရာလိပ်တွေ၊ စားပွဲတွေ၊ ကုလားထိုင်တွေ ဆို့ပြီး လမ်းပိတ်ထားကြသည်။

ထိုစဉ် ပြင်သစ်စစ်သားတစ်ယောက်ကို မြင်လိုက်ရ၏။ တပ်ကြပ်ကြီးမိုင်လေ့ ဖြစ်သည်။ ဂျာမန်စစ်သားတွေဆီသို့ ဘာကြောင့် သွားနေသနည်း။ ရူးနေသလော။ တပ်ကြပ်ကြီးသည် ရှေ့သို့ ပြေးတက်သွားပြီး တံ့ခနဲ ရပ်လိုက်ကာ လက်ပစ်ဗုံးတစ်လုံးကို ပစ်ထည့်လိုက်၏။ ဂျာမန်သုံးယောက် ကျသွားပြီး ကျန်စစ်သားများ နောက်သို့ ဆုတ်ပြေးကြသည်။

ဂျူကိန်း ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်မရှိတော့။ “ဒါမှ တပ်ကြပ်ကြီးကွ” ဟု အော်မိသည်။ တပ်ကြပ်ကြီးသည် မှင်တက်မိနေသူပမာ မားမားကြီး ရပ်နေသည်။ သေနတ်သံတစ်ချက် ပေါ်လာပြီးနောက် တပ်ကြပ်ကြီးသည် လက်နှစ်ဖက်မြှောက်လျက် လဲကျသွား၏။

ဂျာမန်များသည် ရှေ့သို့ တက်လာကြပြန်သည်။ ဂျူကိန်းက တစ်ယောက်ပြီး တစ်ယောက် ပစ်ချသည်။ ဂျာမန်တို့ မခံနိုင်တော့။ သင်္ဘောဆိပ်ဆီသို့ ပြန်ပြေးကြသည်။

နဖူးပေါ်မှ ချွေးသီးချွေးပေါက်တို့ကို လက်ကိုင်ပဝါဖြင့် သုတ်သည်။ ရေဘူးကို ယူလိုက်၏။ ရေငတ်သည်မှာ ကြာလှပြီ။ ပြတင်းပေါက်မှ ရပ်ကြည့်လိုက်ပြီး သူ့ရိုင်ဖယ်သေနတ်ကို ဆုပ်ကိုင်လိုက်သည်။ ဂျာမန်များက တံစက်မြိတ်များကို ခို၍ တွားတက်လာကြသည်။ သူ့ရှေ့တွင် ဆံပင်နီနီနှင့် စစ်သားတစ်ယောက်။ သူတို့နှစ်ယောက် အပြန်အလှန် ပစ်နေကြသည်။ နောက်ဆုံးတွင် ဂျူကိန်းက

ဂျာမန်ကို ပစ်ချလိုက်၏။

အားလုံး တိတ်ဆိတ်လျက်။ အခန်းထဲသို့ ဝင်လာသည့် ပျားထီးကြီးတစ်ကောင်က ငြီးငွေ့စဖွယ် တဝီဝီ မြည်နေသည်။ ဂျူကိန်းက ရိုင်ဖယ်ကို ကောက်ကိုင်လိုက်သည်။ ဂျာမန်များက အမိုးများပေါ်သို့ တက်လာကြသည်။ သေနတ်ကို နှစ်ချက်ဆင့် ပစ်လိုက်သည်။ တွေးချိန်၊ စဉ်းစားချိန် ရသေးသည်။ "ဒါ ကိုးယောက်မြောက်ကွ" ဟု အော်သည်။ မဆုံးလိုက်၊ ယိုင်ကျသွားကာ သစ်ပင်ကြီးတစ်ပင်လို ဝုန်းခနဲ လဲကျသွားသည်။

တက်စသည် ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ယင်ကောင်တွေက
သူ့ကို အနားမပေးကြ။ နှာခေါင်း၊ နဖူး၊ နား စသည့်တို့ကို ကလိထိုးကြသည်။
မလှုပ်မရှားနိုင်။ အိပ်ပစ်လိုက်ချင်သည်။ သို့ရာတွင် အိပ်၍မပျော်။ မိနစ်တိုင်းသည်
စိတ်ပင်ပန်းစရာ ကောင်းနေသည့် အချိန်၊ သဲကန္တာရကြီးနှင့် တူနေသည်။ သို့ရာတွင်
တရံရောအခါတုန်းကမူ အချိန်တွေ ကုန်သွားသည်မှာ မြန်လိုက်လေခြင်း။
အတောင်ပေါက်၍ ပျံသွားလေသလောဟုပင် ထင်ရသည်။
ဒင်းနိစ်အကြောင်းကိုတွေး၍ စိတ်ပူရသည်။ သူ့သမီး ဒင်းနိစ်သည်
မည်သည့်အရပ်သို့ ရောက်နေလေပြီနည်း။ ဂျာမန်တို့လက်ထဲတွင်
ရောက်နေလေပြီလော။ သူ့မယားငယ်ကလေး ပေါလက်သည်လည်း
ယခုလောက်ဆိုလျှင် သေလောက်ပြီ။ သို့မဟုတ်လျှင် သူ့ကိုရှာဖွေကာ
သူ့ဆီလိုက်လာမည် မုချ။ ဝန်ကြီးတယောက်ကိုရှာဖို့ ကိစ္စသည် ဘာမျှမခက်။
လမ်းမကြီးများတွင် စစ်ပြေးဒုက္ခသည်အလောင်းတွေနှင့် ပြည့်နေသည်ဟု
ပြောကြသည်။ သူ့သားကြီး လူဆန်းသည်လည်း ရှိတော့မည်မထင်။ လူဆန်း
ဆိုသည့်ကောင်က ဉာဏ်နည်းနည်း။ သေလျှင် ဒီလိုကောင်မျိုးတွေက ရှေ့ဆုံးက။
ယခု ဘာဖြစ်ဦးမည်နည်း။ လာဗယ်က တပြုံးပြုံး။ မာကွေးက
ဘော်ဒိုးဝိုင်အရက်အကြောင်းလောက်ကိုသာ သိသူ။ ဘရီကျူးကမူ
“ဒါတွေပြီးသွားမှာပါဗျာ... ခဏပါ” ဟု ခပ်တိုးတိုး ပြောတတ်သည်။ သို့ရာတွင်
မျှော်လင့်ချက် အလင်းရောင်ကို ရေးရေးမျှ မမြင်ရသေး။ ဂျာမန်တို့က ရှေ့သို့
ဆက်တက်ကာ ဘရက်စ်ကို သိမ်းပြီးပြီ။ လိုင်ယွန်ကို သိမ်းပြီးပြီ။ ဘော်ဒိုးနှင့်
မနီးမဝေးဖြစ်သည့် လာရိုရှေးကို သိမ်းပြီးပြီ။ စစ်ပြေငြိမ်းရေး ကမ်းလှမ်းချက်ကို
ယူဆောင်သွားကြသည့် သံတမန်များလည်း ပီးကာ့နှင့်အတူ ထွက်သွားကြပြီ။
သို့ရာတွင် ဂျာမန်တို့က မည်သို့ အကြောင်းပြန်မည်ကို မည်သူမျှ မပြောနိုင်။
တမင်သက်သက် အချိန်ဆွဲနေမည်လော။ တိုင်းပြည်တွင် ဆူပွက်ကုန်ပြီ။
မာဆေးလ်က ကွန်မြူနစ်များကမူ လမ်းမတွင် အော်ဟစ်ကုန်ပြီဟု ပိုမားရေးက

ပြောပြ၏။ ဘော်ဒိုးမြို့က လူတွေ၏ စိတ်ဓာတ်ကလည်း ရှုံမှုန်းစရာ။ သူ့ကိုဆဲရေးလိုက်သည့် သင်္ဘောကျင်း အလုပ်သမားကို သတိရပြီး သက်ပြင်းကြီးကို ချလိုက်မိသည်။ သည်အထဲတွင် ဒီဂေါကလည်း အစိုးရအမိန့်ကို မနာခံ။ ရန်သူလက်သို့ မကျအောင် လေယာဉ်တွေ၊ စစ်ပစ္စည်းတွေကို ဖျက်ဆီးပစ်ရမည်ဟု တောင်းဆိုနေသည်။ ဝိုက်ဇ် ဆိုသည့်လူက အလကားလူ။ သို့ရာတွင် စစ်ပစ္စည်းတွေ၊ လေယာဉ်တွေ ရန်သူ့လက်သို့ အကောင်းပကတိ အပ်ရမည်ဆိုသည့် သူ့စကားကမူ အမှန်သား။ မအပ်နိုင်လျှင် ဂျာမန်တို့က သူတို့ကို ရန်ရှာတော့မည်။ ရေဒီကယ် အမတ်အချို့ကလည်း အစိုးရအဖွဲ့ကို အာဖရိကတိုက်သို့ ပြောင်းရွှေ့ရန် အကြံပေးနေကြသည်။ သူတို့အကြံလည်း သိပ်မဆိုးလှ။ သူ့ဖို့ဆိုလျှင် မာဆလာ သင်္ဘောကြီးပေါ်တွင် နေရာကောင်းကောင်းပေးမည် မုချ။ သူတို့ပြောသည့်အတိုင်း အာဖရိကတိုက်သို့ လိုက်မည့်ဆဲဆဲ၊ ဘာရီကျူးက “ဒီကောင်တွေ ထွက်ပြေးရဲယင် ထွက်ပြေးကြည့်စမ်း၊ နံရံကပ်ပြီး သေနတ်နဲ့ ပစ်သတ်မယ်” ဟု ကြိမ်းသည်။ တက်စက “ဟုတ်တာပေါ့... ဒီလိုအချိန်မျိုးမှာ တိုင်းပြည်ကို ဒီအတိုင်း ပစ်ထားခဲ့ရတော့မှာလား” ဟု အားတက်သရော ခပ်သွက်သွက် ပြောလိုက်သည်။

တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာ၏။ ဝန်ကြီးအဖွဲ့ အစည်းအဝေးသို့တက်ရန် တက်စကို ခေါ်ခြင်းဖြစ်သည်။

နှာခေါင်းမှ တခွီးခွီးလုပ်နေသည့် လီဘာရွန်းကို မြင်လိုက်သည်နှင့် သတင်းဆိုး ကြားရတော့မည်ဟု တက်စ သိလိုက်ပြီ။ ဂျာမန်တို့နှင့်သွား၍ ဆွေးနွေးသည့် ဗိုလ်ချုပ်ပီးကာ့ထံမှ ကြေးနန်းရောက်လာသဖြင့် ဝန်ကြီးအဖွဲ့ အစည်းအဝေး ခေါ်ရခြင်းဖြစ်သည်။ ဘာရီကျူးက အသုဘတရားစာ ဖတ်သံမျိုးဖြင့် ဂျာမန်တို့၏ စည်းကမ်းချက်များကို ဖတ်ပြသည်။

“တောင်းဆိုချက်တွေက လွန်လွန်းလှချည်လားဗျ... ရှက်စရာ ကောင်းလိုက်တာ” ဟု တက်စက အော်သည်။

ဘာရီကျူးက သူ့ကို မျက်နှာထားတင်းတင်းဖြင့် စိုက်ကြည့်လိုက်ပြီး...

“ကိုယ်က ရှုံးနေတယ် ဆိုတာကိုလဲ သတိရဦးမှပေါ့ဗျ...” ဟု အော်ပြောသည်။

“ဒါတော့ ဟုတ်ပါတယ်လေ... ကျွန်တော့် တဦးတည်းသဘောနဲ့ ပြောရမယ်ဆိုယင်တော့ လက်မှတ်ထိုးဖို့ဘက်ကပါ”

မောမောနှင့် အသံလွှင့်ခွက်ရှေ့တွင်ရပ်ပြီး လည်ချောင်းကို ချွဲရှင်းသည်။ ယခင်ကကဲ့သို့ ဆောင့်ကြွားကြွား အသံမျိုးဖြင့် “တိုင်းပြည်”သို့ အသံလွှင့်သည်။

“ကျုပ်တို့အနေနဲ့ ဘာမှ အားငယ်စရာ မလိုဘူး၊ ကျုပ်တို့ကိုယ်စားလှယ်တွေ လက်မှတ်ထိုးခဲ့တဲ့ စစ်ပြေငြိမ်းရေး စည်းကမ်းချက်များဟာ ရုတ်တရက်ကြည့်ယင် ပြင်းထန်တယ်လို့ ထင်ကောင်းထင်ကြမယ်၊ ဒါပေမယ့် ဒါ... ရှက်စရာမဟုတ်ဘူး၊

ဂုဏ်သိက္ခာရှိတဲ့ စည်းကမ်းချက်များဖြစ်တယ်၊ ဒီစည်းကမ်းချက်တွေကို အကောင်အထည်ဖော်သွားနိုင်အောင် အသက်ပေး လုပ်သွားမယ်" ဟု ပြောသည်။

သို့ရာတွင် အသံလွှင့်ပြီးနောက်တွင်မူ ဘိလပ်ရည်တခွက်ကို သောက်လိုက်ပြီး မောပန်းလျက်ရှိသောအသံဖြင့်...

"တခုတော့ရှိတယ်ဗျာ... ဒီစည်းကမ်းချက်တွေကို တိုင်းပြည်ကို ထုတ်ပြန်ကြေငြာလို့တော့ မဖြစ်သေးဘူး၊ တပ်တွေ လက်နက်ချပြီးသည်အထိတော့ မထုတ်ပြန်သေးပဲ ဆိုင်းထားစေချင်တယ်၊ ခုနေသွားပြီး ထုတ်ပြန်လိုက်ယင် မီးနဲ့ကစားတာနဲ့ အတူတူပဲဗျ။ တပ်ထဲမှာ မီးခဲတွေရှိနေတော့ မခံချင်လို့ သူတို့က ထဆော်နေယင် ကျွန်တော်တို့ပါ ဒုက္ခရောက်ကုန်မှာ" ဟု ဘာရီကျူးကိုပြောသည်။

ဗိုလ်ချုပ်ပီးကာ့သည် ဘော်ဒိုးသို့ ပြန်ရောက်လာသည်။ တက်စသည် သူ့ကို ချက်ချင်း သွားတွေ့၏။ အကျိုးအကြောင်း သိချင်လှပြီ။

"ဘယ်လိုနေသလဲဗျ။ ကျွန်တော်ဆိုလိုတာက သူတို့ဆက်ဆံပုံကို ပြောတာပါ"

အလေသုံးဆယ် မေးမိသည်။ ဗိုလ်ချုပ်ပီးကာ့က မှုန်မှိုင်း၍ ဟာလာဟင်းလင်း ဖြစ်လျက်ရှိသည့် မျက်လုံးကြီးများဖြင့် ကြည့်လိုက်ယင်း...

"ကျွန်တော်တော့ ကိုယ့်ယူနီဖောင်းကို ရှက်လွန်းလို့ဗျာ"

"ဒါပဲလား... အသေးစိတ်ကလေးတွေကော"

"အသေးစိတ်လား... ပြောမယ်လေ၊ စားပွဲပေါ်မှာ ရေချိုင့်တလုံး တင်လို့ဗျ။ မင်အိုးတင်ခုံနဲ့ ကလောင်တံတွေလဲ ရှိတယ်၊ စစ်ဗိုလ်တယောက်က ကျွန်တော့်အနား ရောက်လာပြီး ကျွန်တော်တို့က ခင်ဗျားတို့ကို သဘောထားကြီးကြီးနဲ့ ကြိုဆိုနေတာပါတဲ့၊ မဟုတ်ဘူးလားတဲ့၊ ပြီးတော့ ရေချိုင့်ကို လက်ညှိုးထိုးပြတယ်၊ သူ့လူတွေဘက်ကိုလည်း လှည့်ပြီး ဒီဗိုလ်ချုပ်ကတော့ (ပထမကမ္ဘာစစ်မှာ ပြင်သစ်ကိုယ်စားလှယ်အဖြစ် လက်မှတ်ထိုးခဲ့တဲ့) မာရှယ်ဖော့လိုလူ မဟုတ်ပါဘူးတဲ့"

"နေစမ်းပါဦးဗျ၊ သူ့ပန်းပုံက ဘယ်လိုလဲ၊ ကောင်းကောင်းမွန်မွန်ကော ဆက်ဆံရဲ့လား"

"လူကတော့ ရုပ်ရှင်မင်းသားဂိုက်ပဲဗျ၊ အရေးကြီးဟန်နဲ့ မိန့်ခွန်းတွေ ဘာတွေ ခြွေတာပေါ့ဗျာ၊ အသံကတော့ ကွဲတဲတဲရယ်၊ မြက်ခင်းပေါ်မှာ ရပ်ယင်း အောက်က မြက်ပင်တွေကို ခြေထောက်နဲ့ နင်းနင်းနေတယ်၊ သဘောကတော့ ပြင်သစ်ပြည်ရဲ့ မြေကြီးကို ကျူပ်ခြေနဲ့ နင်းပစ်မယ်ဗျ ဆိုတဲ့ သဘောပေါ့၊ ဒါပါပဲ၊ ကျုပ်တို့ စည်းကမ်းချက်တွေကိုတော့ မပြောပါရစေနဲ့တော့၊ ခင်ဗျားတို့ကို ပြန်ပြောဖို့ မဆိုထားနဲ့၊ ကိုယ့်ကိုယ်တောင် ပြန်မပြောချင်ဘူး၊ ရှက်လွန်းလို့၊ ရှက်စရာ ကောင်းလွန်းလို့"

နောက်သုံးရက် ကြာသွားသည်။ တက်စသည် သုံးရက်လုံးလုံး အလုပ်များနေသည်။ ဘာကိုမျှ စဉ်းစားချိန်မရ။ အလုပ်တွေကိုချည်း ဖိလုပ်နေရသည်။ သတင်းစာတိုက်များနှင့် တွေ့ရသည်။ ပုလိပ်အဖွဲ့ကို စစ်ဆေးရမည်။ စစ်ရိက္ခာ ဂိုဒေါင်များကို (ဂျာမန်တို့လက် အပ်ရန်အတွက်) စစ်ဆေးရသည်။ စပိန်သံအမတ်ကြီးနှင့် တွေ့ပြီး စကားပြောရသည်။ ဝန်ကြီးအဖွဲ့သစ်ကို ပြန်ဖွဲ့ရသည်။ နောက်ထပ် ဝန်ကြီးသစ်နှစ်ဦး ပါလာသည်။

စစ်ပြေငြိမ်းရေး ကိုယ်စားလှယ်များသည် အီတလီပြည် ရောမမြို့ကို

ထွက်သွားကြပြန်သည်။ နောက်ဆုံးရလဒ်ကို လူတိုင်းက စောင့်မျှော်နေကြ၏။ ဂျာမန်များကမူ မြို့များကို ဗုံးကြဲနေဆဲ။

"ကျွန်တော်တော့ ဘယ်သူ့ကိုမှ မယုံတော့ဘူးဗျ၊ စောင့်သာကြည့်ပါ၊ ဂျာမန်တွေ ဘော်ဒိုးကို ရောက်လာကြမှာပါ" ဟု ဂျိုလီယေ့က ညည်းသည်။

နောက်ဆုံးတွင် စစ်ပြေငြိမ်းရေးစည်းကမ်းကို တရားဝင် ထုတ်ပြန်ကြေငြာလိုက်သည်။ ဘရိုကျူးက "ပြင်သစ်အမျိုးသားတို့၏ ကြေကွဲဖွယ်နေ့" တနေ့ သတ်မှတ်ရန် အကြံပေးသည်။ တက်စက ရယ်လိုက်ယင်း…

"ခင်ဗျားကတော့ လုပ်ပြီ၊ အရေးရှိယင် ဘုရားရှိခိုးဖို့ပဲ၊ အမွေးတိုင်နံ့ကို တော်တော်ကြိုက်တယ် ထင်တယ်" ဟု နောက်၏။

စစ်ပြေငြိမ်းရေး ဆုတောင်းပွဲကို ဘုရားရှိခိုးကျောင်းတွင် ကျင်းပ၏။ ထိုဆုတောင်းပွဲကို မာရှယ်ပေတိန်းနှင့် ဝန်ကြီးများအားလုံး တက်ရောက်ကြ၏။ တက်စက အသုဘသွားသလို လည်တွင် လည်စည်းအနက်ကို စည်းထားသည်။ ဘုရားရှိခိုးကျောင်း အနီးတွင်ရှိသည့် လူတသိုက်က "မာရှယ်ပေတိန်း သက်တော် ရာကျော် ရှည်ပါစေ" ဟု အော်ကြ သည်။ တက်စသည် စိတ်တိုသွား၏။ ဂျာမန်က ဖွဲ့ပေးသည့် ဝန်ကြီးအဖွဲ့တွင် ဝန်ကြီးချုပ်ဖြစ်ရန် မျှော်မှန်းခဲ့သည်။ ယခု ပေတိန်းတို့ လူသိုက်က ပေတိန်းကို ဝန်ကြီးချုပ်လုပ်ရန် လမ်းကြောင်းပေးနေပြီ။

ဆုတောင်းစဉ် တချိန်လုံး ငြီးငွေ့စွာဖြင့် ရပ်နေရသည်။ မိုက်မဲ၍ မရေရာသည့် အတွေးများသည် သူ့ခေါင်းထဲသို့ ဝင်လာကြ၏။ သူ့မယားငယ် ပေါလက် မသေသေးပဲ နောက်တယောက်နှင့်များ တွဲခုတ်နေပြီလော။ ဂျာမန်ကဖွဲ့သည့် ဝန်ကြီးအဖွဲ့တွင် မပါသဖြင့် ဗီးလာ့ဒ်သည် ဝမ်းသာနေလိမ့်မည်။ "ကျုပ်တို့မှာ ဘာအမည်းကွက်မှ မရှိဘူးဗျ။ ဂျာမန်နဲ့ လက်မှတ်ထိုးတဲ့အထဲမှာ ကျုပ်မပါဘူး" ဟု နောင်တနေ့တွင် ကြွားလိမ့်မည်။ ရက်အနည်းငယ်ကြာလျှင် တနေရာရာသို့ ရွှေ့ဦးမည်။ မည်မျှ ရယ်စရာ ကောင်းသနည်း။ မည်မျှ စိတ်ပျက်ဖွယ် ကောင်းလိုက်ပါသနည်း။ ဟစ်တလာ ဆိုသည့်လူကလည်း ချာလီချက်ပလင်လို မုတ်ဆိတ် တိုနံ့နံ့ကလေးနှင့်၊ ဘုရားရှိခိုးကျောင်းကလည်း ပူလောင်အိုက်စပ်လိုက်ပါဘိ။

ဘုရားရှိခိုးကျောင်းမှ ထွက်လာသည့်အခါတွင် သူ့အနားသို့ အသက်ခပ်ကြီးကြီး အဘိုးကြီးတယောက် ကပ်လာသည်။ ကြယ်သီးပေါက်တခုတွင် ဖဲပြားကြိုးတချောင်းကို ချိတ်လျက်။

"ကျွန်တော် ဘာများ လုပ်ပေးနိုင်ပါသလဲ ဦးလေး ခင်ဗျာ"

တက်စက ယဉ်ကျေးစွာ မေးသည်။ သားသားနားနား ဝတ်ဆင်ထားသည့် အဘိုးကြီးသည် ပါးစပ်မှ တခွန်းမှ မဖြေ။ တက်စ၏ပါးကို တချက်ရိုက်လိုက်၏။ တက်စက ပါးကို လက်ဖြင့် ပွတ်ယင်း…

"ခင်ဗျား ဘာစော်ကားတာလဲ" ဟု အော်လိုက်သည်။

ထိုလူကြီးက နက်မှောင်၍ ဒေါသထွက်နေသည့် မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီး…

"ငါ့မှာ သားနှစ်ယောက် သေခဲ့ရပြီ"

နောက်ထပ် ပြောချိန်မရတော့။ ပုလိပ်များက ဆွဲခေါ်သွားကြသည်။ သူ့အနားတွင် လူတွေ အုံလာသည်။

"ပုလိပ်တွေက အဘိုးကြီးကို ရိုက်သွားလိုက်တာဗျာ၊ တလမ်လုံးပဲ" ဟု တယောက်က ပြောသည်။ တက်စ ကားပေါ်သို့ ခပ်သုတ်သုတ် ခုန်တက်လိုက်သည်။

ဂျူလီယော့ ရောက်လာကာ အော်ကြီးဟစ်ကျယ်နှင့် လာပြောနေသည့်တိုင် တက်စ တုန်လှုပ်ချောက်ချားနေဆဲ။

"ဝန်ကြီး... ဒီတခါလဲ ကျွန်တော့်ကို လိမ်ပြန်ပြီပေါ့ ဟုတ်လား၊ ဘော်ဒိုးကို မသိမ်းဘူးဆို၊ ဘယ်မှာ ဟုတ်လို့လဲ၊ ခုပဲ ဘော်ဒိုးကို သိမ်းတော့မယ်၊ စာချုပ်အတိုင်း ဘော်ဒိုးကိုလဲ ပေးလိုက်ရပြီ မဟုတ်လား... ဝန်ကြီး၊ ဘော်ဒိုးတွင် မကဘူး မာဆေးလ်ကိုပါ ပေးလိုက်ပါတော့လားဗျ။ ဘာထူးသေးသလဲ"

တက်စက သူ့ကို ဖျောင်းဖျနှစ်သိမ့်သည်။ သို့ရာတွင် အချည်းနှီးမျှသာ။ အစိုးရအဖွဲ့ကို ကလားရင့်ချားမောင့်ဒေသသို့ ရွှေ့မည်ဖြစ်ကြောင်း၊ ထိုမြို့တွင် ပုံနှိပ်စက်ကောင်းကောင်းများ ရှိကြောင်း၊ ထိုမြို့မှနေ၍ သတင်းစာထုတ်လျှင် ကြီးပွါးမည်ဖြစ်ကြောင်း၊ မိမိကလည်း ငွေရပေါက်တခုကို ဖန်တီးပေးမည် ဖြစ်ကြောင်းဖြင့် တက်စက ပြော၏။

"တော်စမ်းပါဗျာ... ခင်ဗျားအကူအညီကို တောင်းနေတာ မဟုတ်ပါဘူး၊ ခင်ဗျားပေးတဲ့ ပိုက်ဆံ ဘာလုပ်မှာလဲ၊ ဒီမှာ ဝန်ကြီး... သခင်တယောက်ဆီ ကျွန်ခံချင်ခံမယ်ဗျ။ ဒါပေမယ့် အဲဒီသခင်ရဲ့ ကျွန်ရဲ့ ကျွန်တော့ အဖြစ်မခံဘူး သိရဲ့လား၊ ငတ်သေပေ့စေ၊ မာဆေးလ်ကိုပြန်ပြီး ခရုခွံကောက်ပြီး ရောင်းနေမယ် သိလား"

ဂျူလီယော့သည် စိတ်ဆိုးဆိုးဖြင့် အကြာကြီး ပြောနေသည်။ တော်တော်နှင့် မပြန်။ အတန်ကြာတော့မှ ဘော်ဒိုးတွင် သူနှင့် သူ့မိန်းမတို့ တည်းခိုနေသည့် ဟိုတယ်သို့ ပြန်လာခဲ့သည်။ တော်တော်နှင့် စိတ်မငြိမ်။ ဆော်ဒါကို တလုံးကုန်အောင် သောက်လိုက်တော့မှ စိတ်ငြိမ်ကျသွား၏။ အတန်ကြာမှ အသက်ကို အနိုင်နိုင်ရှူကာ...

"တက်စကတော့ ကလဲမောင့်ကို ရွှေ့ဦးမလို့တဲ့ကွ၊ ဒါပါနဲ့ဆိုယင် တို့အစိုးရအဖွဲ့ မြို့တော်ပြောင်းတာ လေးခါ ရှိပြီကွ၊ နောက်တခါလဲ ပြောင်းဦးမှာပါ၊ ပဥ္စမမြို့တော်ကိုပေါ့။ ငါကတော့ တော်တော် စိတ်ကုန်နေပြီ၊ ဘယ်ကိုမှလဲ ပြောင်းမနေချင်တော့ဘူး၊ ဂျာမန်က တပြည်လုံး သိမ်းနေပြီဟာပဲ၊ လျှောက်ပြောင်းနေလို့ကော ဘာထူးဦးမှာလဲ၊ ပါရီကို ပြန်နေတာ အကောင်းဆုံးပဲ၊ ပါရီ ပြန်ပြောင်းတာက ကိုယ့်အိုးကိုယ့်အိမ်ကလေးနဲ့ အိုးမကွာ အိမ်မကွာ နေနိုင်သေးတယ်"

"ပါရီ ပြောင်းတော့ကော ရှင်က ဘာလုပ်မှာတဲ့လဲ၊ ဘာနဲ့ သွားစားမှာလဲ"

"ဘာလုပ်ရမှာလဲကွ၊ ကိုယ်လုပ်နေကျ အလုပ်ကိုပဲ လုပ်ရမှာပေါ့၊ 'ဘာဝသစ်' သတင်းစာကို ပြန်ထုတ်မယ်ကွာ၊ မင်းပြောပုံအတိုင်းဆိုယင် ဂျာမန်တွေက သတင်းစာ မဖတ်တော့တဲ့ အတိုင်းပဲ၊ ငါ့ကို အနှောင့်အယှက် ပေးမယ့်လူလဲ မရှိတော့ဘူး၊ တက်စကလဲ မပေးနိုင်တော့ဘူး၊ ခေါင်းထောင်ရဲတော့မှာ မဟုတ်ဘူး၊ စောစောကတင် ပါးရိုက်ခံရလို့ ပါးကြီးကို ဖူးဖူးရောင်လို့ ကောင်းတယ်၊ ကျေနပ်တယ်"

ရက်အနည်းငယ်အကြာတွင် ပြင်သစ်အစိုးရအဖွဲ့ ကလဲမောင့်ကို ပြောင်းလိုက်သည်။ တက်စက သူ့ရုံးစာများကို ကြီးမားသည့် သေတ္တာကြီးတလုံးထဲတွင် ထည့်ကာ သော့ခလောက်များကို စစ်ဆေးသည်။ ပြတင်းပေါက်သို့သွား၍ အပြင်သို့

လှမ်းမျှော်ကြည့်လိုက်ပြီးနောက် ပြန်လာပြန်သည်။ ဂျာမန်တပ်များက လမ်းမတလျှောက်တွင် ချီတက်သွားကြသည်။ စစ်ဗိုလ်ကလေးတယောက်က လမ်းသွားလမ်းလာများကို ကြည့်၍ ခပ်မိန့်မိန့် ပြုံးပြသွားသည်။ တက်စ ဒေါပွနေသည်။ သည်ဂျာမန်တပ်တွေသည် ညနေလောက်ထိတောင်မှ မစောင့်နိုင်ကြတော့ပြီလော။ မည်သို့ဖြစ်စေ ယခုဖြစ်ပျက်နေပုံကမူ တော်တော် ကမောက်ကမနိုင်သည်။ မိမိတည်းဟူသော အချုပ်အခြာအာဏာပိုင်သည့် အစိုးရအဖွဲ့ကြီးတဖွဲ့ကလည်း ဤမြို့တွင် ရှိနေသေးသည်။ တဘက်တွင် ထိုမြို့ကို လာရောက်သိမ်းပိုက်ထားသည့် နိုင်ငံခြားအစိုးရတခုလည်း ရှိနေသေးသည်။ ဤအဖြစ်ကမူ ဟန်မကျ။ နိုင်ငံခြားက မည်သို့ ထင်ကြမည်နည်း။

မိမိကိုယ်ကို ဂျာမန်တို့နှင့် စည်းခြားထားလိုသည့်နှယ်...။ တက်စသည် ပြတင်းမှ ကတ္တီပါကန့်လန့်ကာကို ဆွဲပိတ်လိုက်သည်။

တနာရီခန့်အတွင်းတွင် မော်တော်ကား အဆင်သင့်ဖြစ်မည်ဟု အတွင်းဝန်က လာ၍ အကြောင်းကြား၏။ စက်ကလည်း စိတ်ချရလောက်ပြီ။ ခရီးမထွက်မီ တရေးလောက် ခဏလှဲလိုက်သည်။ ရွှေရောင်နေခြည်များသည် ခန်းဆီးများကြားမှ စီးဝင်လာကာ နံရံပေါ်တွင် ကခုန်နေကြ၏။ သူ့ကိုပါးရိုက်သွားသည့် အဘိုးကြီး၏ တင်းမာခက်ထန်သည့် အကြည့်ကို ရုတ်တရက် မြင်ယောင်လာသည်။ မိမိသည် ယခုတလော မည်သို့ဖြစ်နေသနည်း။ စင်စစ် မိမိတွင်လည်း ဖခင်ခံစားချက်မျိုး ရှိသည်ကို သူတို့ သိဖို့ကောင်းသည်။ ဒင်းနိစ်ကော မည်သို့ ရောက်နေသနည်း။ လူဆန်းကော။

အတန်ကြာ စဉ်းစားပြီးနောက် ခရိုင် ရာဇဝတ်ဝန်ထံသို့ ဖုန်းဆက်လိုက်သည်။

"ရာဇဝတ်ဝန်ကြီးကို တခု မေတ္တာရပ်ခံချင်တယ်ဗျာ၊ ကျုပ်ကို ဒီနေ့ လူတယောက်က စော်ကားတာတော့ သိမှာပေါ့...၊ ဟုတ်ပါတယ် ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်...၊ ကျုပ်... ပြောချင်တာက တတ်နိုင်ယင် သူ့ကို ပြန်လွှတ်လိုက်ပါလို့၊ သူ့သားနှစ်ယောက် စစ်မြေပြင်မှာ သေခဲ့ရတယ်တဲ့၊ ခင်ဗျားလဲ သားတွေ သမီးတွေနဲ့ပဲလေ၊ သားသမီး ပျက်စီးဆုံးရှုံးရတယ် ဆိုတာတော့ တော်တော် စိတ်ထိခိုက်စရာ ကောင်းတာပဲ၊ ရှုံးမယ်ဆိုယင် ရှုံးလောက်တာပေါ့၊ ကျုပ်မှာလဲ သားတယောက်နဲ့ သမီးတယောက် ရှိတယ်လေ...။ ဟုတ်တယ်၊ သူတို့လဲ ပျက်စီး..."

တက်စ ဆက်၍ မပြောနိုင်။ ငိုသံပါကြီးဖြင့် တစ်ဆို့ဆို့ကြီး ဖြစ်နေသည်။ အတွင်းဝန် ရောက်လာပြီး မော်တော်ကားအဆင်သင့်ဖြစ်ပြီဟု လာပြော၏။

တက်စသည် ပြန်၍ ဣန္ဒြေဆည်လိုက်သည်။ မိနစ်အနည်းငယ် ကြာသောအခါတွင်မူ ပြင်သစ် ပြည်သူလူထုကြီး တရပ်လုံး၏ ယုံကြည်ကိုးစားမှုကို ခံရသူဟု ကိုယ့်ကိုယ်ကိုယ် အထင်ရှိနေသည့် လူတယောက်သည် မော်တော်ကားပေါ်တွင် ထိုင်လျက်ပါသွားသည်ကို မြင်လိုက်ရလေသတည်း။

အစိုးရအဖွဲ့ကို ကလဲမောင့်သို့ ပြောင်းရွှေ့ခြင်းမှာ အနီးတဝိုက်တွင် ရေပူစမ်းများ ပေါ်သောကြောင့်ဖြစ်၏။ ဟိုတယ်ကောင်းကောင်းများရှိသည့် ရေခဲလျှောစီးစခန်းများ ရှိသောကြောင့်လည်းဖြစ်သည်။ ဝန်ကြီးလာဗယ်က ကလဲမောင့်ဟိုတယ်တွင်နေသည်။ အခြားဝန်ကြီးများက ဗစ်ချီ၊ မွန်ဒိုရီ၊ လာဘိုလီ စသည့် ဟိုတယ်များတွင် နေကြသည်။ တက်စက ရှိုင်းယက်ဟိုတယ်ကို ရွေးလိုက်သည်။ သမ္မတ နိုင်ငံတော်ကြီး၏ သမ္မတကြီးအတွက်လည်း အခန်းများကို ကြိုတင်ငှားရမ်းထားလိုက်သည်။

နာမည်ကျော် မုန့်တိုက်ကြီးဖြစ်သည့် "လာမာကွစ်ဒီဆီဗီနီ" မုန့်တိုက်ကြီးမှာ ဈေးဝယ်တွေနှင့် ပြည့်နေတော့သည်။ စားပွဲ မအားသဖြင့် အပြင်တွင် မိုးတိုးမတ်တတ် ရပ်စောင့်နေရသူတွေက အပုံ။ ပါရီမှပြေးလာသည့် စစ်ပြေးဒုက္ခသည်များသည် ရှိုင်းယက် ဟိုတယ်ကြီးမှ နာမည်ကျော်ချောကလက်ကို သတိမရကြ။ ပါရီ မြို့သူမြို့သားအချင်းချင်း ဤတွင် ပြေးယင်း လာဆုံနေကြသဖြင့် ပျော်နေကြသည်။ ထို့မှုမက ပါရီ ရောင်ဇလီဇေး လမ်းမကြီးမှ နာမည်ကျော် ပျော်ပွဲစားရုံတွေ၊ ကဖီးဆိုင်တွေ လာရောက်စုဝေးနေကြသဖြင့်လည်း ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ရောက်ရသည့်နှယ်ရှိ၏။ ရောင်ဇလီဇေး လမ်းမကြီးတခုလုံး ရွှေ့လာသလောဟုပင် ထင်ရတော့သည်။ မာရစ်နီ ပျော်ပွဲစားရုံ၊ ကာလ်တန် ပျော်ပွဲစားရုံနှင့် အရက်ဆိုင်၊ လူဆန်း မကြာခဏ သွားလေ့ရှိသည့် ဖိုးကွေး ပျော်ပွဲစားရုံ စသည်...။

အပူဒဏ်၊ သောကဒဏ်ကြောင့် မောပန်းလျက်ရှိရာက မဒမ်မွန်တီနီသည် သူ စစ်ပြေးခဲ့ရပုံတို့ကို ပြောပြနေသည်။

"ကျွန်မက ပါရီမကျခင် တပတ်လောက်တုန်းကတွင်ပဲ ပါရီကို ပြန်ရောက်ခဲ့ရသေးတယ်၊ အိမ်ကလူက ပါရီမှာ ကျန်ရစ်ခဲ့ပြီး နလုံးရောဂါ ဖြစ်နေတယ် မဟုတ်လား၊ သူ့ကိုခေါ်ပြီး အနိုင်နိုင်လွတ်အောင် ပြေးခဲ့ရတယ် ရှင်ရေ့၊ လမ်းမှာ ကြောက်စရာ ကောင်းလိုက်တာကတော့ မပြောပါနဲ့တော့၊ နီဗားနားရောက်တော့ အိမ်က ကာဒီလက်ကားကြီးကို ဒီအတိုင်း ထားပစ်ခဲ့ရတယ်လေ၊ ဘယ်မှာမှ ဓာတ်ဆီရှာလို့ မရတော့ဘူး၊ လမ်းမှာ စစ်ပြေးကလေကချေတွေက ကျွန်မတို့ကို ဗစ်ချီ ရောက်အောင် ပို့ပေးလိုက်တာလေ၊ မော်တော်ကားကတော့ ပျက်ဦးမှာ မဟုတ်သေးပါဘူး၊ ကောင်းဦးမှာပါ"

အခြားစားပွဲတလုံးတွင် ခေတ်စားနေသည့် ပြဇာတ်ရေးဆရာတယောက်က သူ့အခက်အခဲကို ညည်းနေသည်။

"ကျွန်တော့်ဇာတ်ကို ၁၆ ရက်နေ့ကျမှ ရုံတင်ရမှာဗျ၊ ဒါပေမယ့် ဂျာမန်က ပါရီကို ၁၀ ရက်နေ့ကတည်းက ဝင်သိမ်းလိုက်တော့ အကြီးအကျယ် ဒုက္ခရောက်ကုန်တာပေါ့။ အင်း... ဇာတ်ပွဲတွေ ဘယ်တော့မှ ပြန်ကရမလဲ မသိဘူး"

ရှယ်ယာပွဲစားတယောက်က နားတွင် နားကျပ်ကလေး တပ်ထားသည့် နားလေးသူ သူ့အဖော်အား “နယူးယောက် ရှယ်ယာဈေးကို မသိပဲ ဘာမှ ပုံသေပြောလို့ မရဘူး၊ ကျွန်တော်ကတော့ စွန့်ပြီး မလုပ်ချင်ဘူး၊ တိုင်းပြည် ငြိမ်ငြိမ်သက်သက် ဖြစ်သွားယင် ရှယ်ယာဈေးတွေ ပြန်ကောင်းလာမှာပဲ” ဟု အော်၍ ပြောနေသည်။

ဒက်ဇာသည် သူ့ထံရောက်လာသည့် သတင်းများ၊ တိုင်ကြားချက်များ၊ ထင်မြင်ချက်များကို နားထောင်ပြီးနောက် ဝမ်းပန်းတနည်းဖြင့် ပြုံးလိုက်သည်။ သူတို့သည် ကိုယ်ဘာဖြစ်၍ ဖြစ်နေသည်ကို သိကြပုံမရ။ လာမည့်တပတ်။ သို့မဟုတ် တလလောက်ကြာလျှင် အခြေအနေအားလုံး ပုံမှန်ပြန်ဖြစ်သွားလိမ့်မည်ဟု မျှော်လင့်နေကြသည်။

ဒက်ဇာသည် ဤနေရာသို့ ဘာ့ကြောင့်ရောက်လာခဲ့သနည်း။ ဒက်ဇာသည် လူအသွားအလာများသည့် ရေပန်းစားသော နေရာများကို သွားလေ့သွားထ မရှိ။ ချောကလက်ထက် အရက်ကို ကြိုက်သူဖြစ်၏။ စိတ်သောကရောက်နေသည့် အမျိုးသမီးများ၏ ညည်းညူသံ။ ဖုန်အလိမ်းလိမ်းကပ်နေသည့် လွယ်အိတ်များ လွယ်ထားသည့် စစ်ပြေးအမျိုးသားကြီးများ၏ ညည်းညူသံများ။ ပီကင်း ခွေးပုများနှင့် ကစားစရာ တယ်ရီယာ ခွေးရုပ်များ၏ ဟောင်သံများ။ သက်ပြင်းချသံများ။ (ကျွန်တော့် သားရေသေတ္တာကြီး မြူလင်ဘူတာမှာ ပျောက်နေတယ်ဆိုသည့် အသံ)။ ကြွားဝါသံ။ (အခန်းတခန်း လိုချင်ယင် ပေါ်တာကို ငွေသုံးထောင်လောက် ပေးလိုက်ရတယ်ဗျ။ ကျွန်တော်တို့တော့ ရလာတာပဲ) စသည့် အထက်တန်းလွှာတို့၏ အသံများ၊ သူတို့နောက်လိုက်များ၏ အသံများကို ဒက်ဇာ မုန်းလှပြီ။ သို့ရာတွင် စိတ်ဖြေလက်ပျောက် ဖြစ်ချင်သည်။ ထို့ကြောင့် မုန့်တိုက်ထဲကို တက်စဝင်သွားသည်ကို မြင်သောအခါတွင် ဒက်ဇာသည် မော်တော်ကားပေါ်မှ ဆင်းလာခဲ့၏။

စကားပြောသံများကို နားထောင်ယင်း မွန်းကျပ်နေသည်ဟု ထင်မိ၏။ ယုတ်ညံ့မှု မှန်သမျှ၊ ညစ်ထေးမှု မှန်သမျှသည် သည်နေရာသို့ ရောက်နေကြပြန်ပြီ။ သူ့မျက်စိထဲတွင် သွေးတွေကို မြင်ယောင်ဆဲ။ သည်ကို စစ်ပြေးလာခဲ့တုန်းက “လမ်းကြောင်းပြာ” ဟု ခေါ်ကြသည်။ ပါရီနှင့် နိစ်သို့သွားသည့် လမ်းမကြီးအတိုင်း လာခဲ့ခြင်း ဖြစ်သည်။ တခါတုန်းက လမ်းမကြီးတလျှောက်တွင် ကားမောင်းခဲ့သူများမှာ ရုပ်ဖြောင့်ဖြောင့် လူချမ်းသာတွေ။ ဘောင်းဘီတိုတို ဝတ်ထားသည့် အမျိုးသမီးတွေ။ ပကာသန ခံ့မင်သူတွေ။ ပြင်သစ်ပြည်တောင်ပိုင်း၊ သို့မဟုတ် အနီထောင်ဝိုင်းကို ချစ်သူတွေ ဖြစ်ကြသည်။ ယခု သည်လမ်းမကြီးတွင် စစ်ပြေးဒုက္ခသည်တွေ ပြည့်နေလေပြီ။ ဂျာမန်လေယာဉ်များသည် သူတို့ခေါင်းပေါ်မှ နိမ့်နိမ့်ကလေး ပျံသွားကြသည်။ လေယာဉ်မောင်းသမားများက ပြုံးကာ ရယ်ကာ၊ နောက်ကာ ပြောင်ကာဖြင့် ဗုံးများကို ကြဲချသွားကြသည်။ အစုလိုက် မြှုပ်နှံထားသည့် သင်္ချိုင်းပုံများကို လမ်းတလျှောက်တွင် ဒက်ဇာ တွေ့ခဲ့ရ၏။ အိုးမဲ့အိမ်မဲ့ ထောင်ပေါင်းများစွာကို မြင်ခဲ့ရသည်။ ပါရီတွင် ဆွဲနေသည့် ဘတ်စကားများသည် တောတွင် လူနေအိမ်တွေအဖြစ်သို့ ရောက်ကုန်သည်။ ကားထဲတွင် နေရသူတို့မှာ ကံကောင်းသူများဖြစ်သည်ဟု ယူဆကြသည်။ ငတ်ပြတ်နေသည့် စစ်သားများက လယ်ကွင်းများထဲတွင် မုန်လာဥ၊ ကန်စွန်းဥ စသည်တို့ကို လိုက်ရှာနေကြသည်။ မိန်းမများက စိတ်ဖောက်ပြန်သွားသူများနှယ် အော်ဟစ်နေကြသည်။ ပျောက်သွားသည့် ကလေးများကို လိုက်ရှာနေကြခြင်း ဖြစ်၏။ ယခင်က မြို့များနေရာတွင် အပျက်အစီးတွေ ပုံလျက်။ နို့ညှစ်မခံရသည့် နွားမများက အော်လျက်။ မီးလောင်သည့် အနံ့။ လူသေကောင် အပုပ်နံ့တို့က ထောင်းထောင်းထနေသည်။

"လမ်းကြောင်းပြာ"ကို စဉ်းစားယင်း ဒက်ဇာသည် မျက်လုံးများကို မှိတ်ထားလိုက်သည်။ တက်စ၏ ရယ်သံကို ကြားလိုက်သဖြင့် မျက်လုံးများကို ဖွင့်လိုက်၏။

"ဩော်... ခင်ဗျားလဲ ဒီရောက်လာသကိုး" တက်စက ပြောသည်။ "လက်စသတ်တော့ ကမ္ဘာကြီးက ကျဉ်းကျဉ်း ကလေးပဲ၊ ဒီနေရာမှာ လာတွေ့လိမ့်မယ်လို့ နည်းနည်းလေးမှ မမျှော်လင့်ဘူး"

ဒက်ဇာက မည်သို့မျှမပြော။

"ခင်ဗျားကြည့်ရတာ နေကောင်းပုံမရဘူး၊ အဲဒါ မကောင်းဘူးဗျ၊ ကျန်းမာရေးလေး ဘာလေးတော့ ဂရုစိုက်ဦး၊ ကျွန်တော်တဦးတည်း အထင်ပြောရမယ် ဆိုယင်တော့ အခြေအနေက တော်တော့်ကို ဆိုးမယ်ထင်တယ်၊ ခုတော့ ဒီလောက်မဆိုးသေးဘူးဗျ။ ကျွန်တော်တို့ လူတွေအကြောင်း ကြားပြီပလား၊ မင်ဒယ်တို့ လူသိုက်လေ၊ သူတို့က အစိုးရအဖွဲ့ကို အာဖရိကတိုက်ထိအောင် ရွှေ့ချင်တာ၊ ကျွန်တော်တို့က သဘောမတူလို့၊ ဘယ့်နှယ့်ဗျာ ဒီလိုအချိန်မျိုးမှာ အစိုးရအနေနဲ့ တိုင်းပြည်ကိုပစ်ပြီး ထွက်ပြေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ တမျိုးသားလုံး စည်းစည်းလုံးလုံး ရှိရမယ့်အချိန် မဟုတ်လား၊ မကြာခင်ဆိုယင်တော့ ကောင်းသွားမှာပါ။ ဂျာမန်တပ်တွေကလည်း လန်ဒန်ဘက်ကို ဦးလှည့်သွားမှာပါ။ အလွန်ဆုံး ဒုက္ခခံရယင် နှစ်လသုံးလပေါ့၊ ဒီကစားပွဲမှာ ကျွန်တော်တို့ မပါဘူးလေ။ ကျွန်တော်တို့က ဘေးပေါက်သမား၊ အေးဗျာ၊ ဒီလိုဖြစ်ရတာ ကံကောင်းတယ်လို့ ပြောရမှာပေါ့၊ နေပါဦး၊ ခင်ဗျားကော ဘာလုပ်မယ်လို့ စိတ်ကူးသလဲ။ ကျွန်တော်တို့ကို ကူညီနိုင်ရင်တော့ ကောင်းတာပေါ့ဗျာ။ ခု ကျွန်တော်တို့ တိုင်းပြည်ရဲ့ စီးပွါးရေးကို ပြန်လည်တည်ဆောက်ရမယ် မဟုတ်လား၊ ဘာရယ်နေတာလဲဗျ၊ ကျွန်တော်က အတည်ပြောနေတာ"

ဒက်ဇာ၏ အပြုံးသည် မှိန်သွားသည်။

"အင်း ခင်ဗျားအဖို့ မသိတာပဲ ကောင်းပါတယ်၊ ချောကလက် ဖျော်ရည်ကလေးကို သောက်နေပါ၊ ဘာမှ စဉ်းစားမနေပါနဲ့၊ ခင်ဗျားကတော့ အင်း... ကြမ်းပိုးလိုပေါ့၊ စိတ်မရှိပါနဲ့၊ ကျွန်တော်ပြောတာက ခင်ဗျားဟာ ဇိမ်ကျကျနေနိုင်တဲ့ ကြမ်းပိုး၊ ခင်ဗျားနေတဲ့ အိမ်ကြီးက တကယ့် အိမ်ကြီးအိမ်ကောင်း၊ ခုအိမ်ကြီးကတော့ မီးလောင်သွားပြီ၊ ဒါပေမယ့် အိမ်ထဲမှာနေတဲ့ ကြမ်းပိုးက မီးမလောင်ပဲ ကျန်နေရစ်ခဲ့တယ်၊ ဒီပြင်တော့ ဘာမှ မကျန်ရစ်တော့ဘူး၊ ခင်ဗျားအတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ တကယ်ပါ"

"ဘာဖြစ်လို့ စိတ်မကောင်းရတာလဲ၊ ခင်ဗျားအတွက်ပဲ စိတ်မကောင်းဖြစ်ပါ၊ ဒီပြင်လူအတွက် ဖြစ်စရာ မလိုပါဘူး" တက်စက ပြန်အော်သည်။ "ခင်ဗျား ကျွန်တော့်ကို သနားစရာမလိုပါဘူး၊ ကျွန်တော် ဖိုးဂျက်လို မဟုတ်ဘူး၊ ကျွန်တော်က ခေတ်နဲ့လိုက်လျောညီထွေဖြစ်အောင် နေတတ်တယ်၊ ခေတ်မီအောင် တွေးတတ်တယ်၊ ခင်ဗျားတို့သာ အတိတ်ကို ပြန့်လွမ်းနေကြ၊ ကျွန်တော်တို့ကတော့ မလွမ်းဘူး၊ ပြည်သူ့တပ်ဦးတို့၊ လစ်ဘရယ်ဝါဒတို့၊ အမေရိကတို့ကိုသာ လွမ်းနေရစ်ခဲ့ကြ၊ ကျွန်တော်တို့ကတော့ တိုင်းပြည်ကို သန့်ရှင်းအောင် လုပ်ရမှာပဲ၊ ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကျွန်တော်ကိုယ်တိုင် ဆွဲနေတယ်၊ ဟစ်တလာဆီမှာ ကောင်းတဲ့အချက်တွေရှိယင် အဲဒီကောင်းတဲ့အချက်တွေကို ယူရမှာပဲ၊ လူတန်းစားတွေအားလုံး ညီညွတ်စွာ ပူးပေါင်းရေးတို့၊ အာဏာရှင်စနစ်တို့၊ စည်းကမ်းသေဝပ်မှုတို့ ဆိုတာတွေကို ကျွန်တော်တို့ယူမယ်၊ အတုခိုးမယ်၊ ပြီးတော့

ကျွန်တော်တို့ ပြင်သစ်အမျိုးသား အစဉ်အလာတွေနဲ့ ပေါင်းပေးရမယ်၊ မိသားစုကို အလေးပေးတဲ့ ပြင်သစ်လူမျိုးရဲ့ ထုံးတမ်းစဉ်လာနဲ့ ပေါင်းပေးရမယ်၊ ပြင်သစ်လူမျိုးရဲ့ ဉာဏ်အမြော်အမြင်တရားနဲ့ ပေါင်းပေးရမယ်... ပြီးတော့...”

ဒက်ဇာသည် သူ့စကားများကို ဆက်လက်နားထောင်ခြင်း မပြုတော့။ သနားစရာကောင်းလိုက်သည့် ကြမ်းပိုးကြီးဟု စိတ်ထဲမှ ရေရွတ်နေမိသည်။

တက်စသည် ထွက်သွား၏။ ဒက်ဇာသည် မုန့်တိုက်ထဲတွင် ထိုင်ကျန်ရစ်ခဲ့သည်။ အနားက လူများ၏ စကားများကိုလည်း နားမထောင်တော့။ သူတို့ကိုလည်း မကြည့်တော့။ နောက်ဆုံးတွင် ထိုင်ရာမှထကာ ဒယီးဒယိုင်ဖြင့် တံခါးဆီသို့ လျှောက်လာခဲ့သည်။ “အလို... ဒက်ဇာတို့တောင် ဒီမှာရောက်နေပါလား၊ ဒီလိုဆိုယင် အခြေအနေ သိပ်မဆိုးသေးဘူးပေါ့ဗျ” ဟု ပြောသံကို ကြားလိုက်ရသည်။

ဒက်ဇာက လှည့်မကြည့်။ မကြားခြင်းလည်း ဖြစ်ကောင်း ဖြစ်မည်။ မှောင်နေသည့် နှင်းမြူတွေကို ခြုံထားသော ပါရီမြို့ကြီးကို မျက်စိထဲတွင် မြင်ယောင်သည်။ တွန်းလှည်းတွေကို တွန်းလာသည့် စစ်ပြေးဒုက္ခသည်တွေ၊ အပျက်အစီးပုံတွေကို မြင်ယောင်သည်။ သူငယ်ငယ်တုန်းက မြင်ရသည့် ပြင်သစ်မြို့ကြီး၊ ငါးများထွက်သူတွေ။ တရုတ်စက္ကူမီးပုံးတွေ၊ ကဖီးဆိုင်တွေနှင့်။ သည်ပြင်သစ်ပြည်ကြီးကို သူကာကွယ်ချင်သည်။ ကယ်တင်ချင်သည်။ တခါက ပါရီက တိတ်ဆိတ်သည့် လမ်းကြားကလေးတလျှောက်တွင် ပီယာနှင့်အတူ လမ်းလျှောက်လာခဲ့ကြယင်း မီးရောင်တွေဖြာနေသည့် အိမ်ပြတင်းများကို လက်ညှိုးထိုးပြခဲ့ဖူးသည်။ ထိုအိမ်များကလူတွေ စွပ်ပြုတ်သောက်ရာ။ သင်ခန်းစာများကို လေ့ကျင့်ရာ။ အကျီအပေါက်အပြဲများကို ချုပ်ရာ။ ချစ်တင်နှီးနှောရာ။ နမ်းရှုပ်ရာ။ ယခု တခုမျှ မရှိတော့။ အမှောင်နှင့်မည်းမည်း။ ပြတင်းပေါက်ကြီးများက မျက်လုံး ကျွတ်ကျသွားသည့် မျက်အိမ်ဟောင်းလောင်းသဖွယ်။ နံရံများက ဗုံးဒဏ်ရာကြီးတွေနှင့်။ ဒီလာကွန်ကော့ဒ်ရပ်ကွက်တွင် ဂျာမန်စစ်သားတွေချည်း။ တခါက သူ့တွက်ကိန်းနှင့်သူ အပျော်ကြီးပျော်ခဲ့သည်။ အရာများစွာကို ကယ်တင်ထိန်းသိမ်းလိုခဲ့သည်။ ကြမ်းပိုးများ။ ရာပေါင်းများစွာသော ကြမ်းပိုးများကို သူ အစာကျွေးခဲ့သည်။ ပြင်သစ်လူမျိုးတို့၏ ချစ်စရာ ဘုံဆိုင်ကုပ်ကုပ်ကလေးများကို ချစ်ခဲ့သည်။ သန်းပေါင်းများစွာသော ဘဏ္ဍာအရင်းအနှီးတို့ကို သူခုံမင်ခဲ့သည်။ ယခု ထိုအရာများသည် တံလျှပ်မျှသာ။ ဝိပ္ပလ္လာသမျှသာ။ အတုအယောင်မျှသာ။ ဂျဲနက်သည်လည်း သူ့လိုမြင်၍ စိတ်သောကရောက်ခဲ့ရသည်။ ဟုတ်သည်။ သူ့ဘဝတလျှောက်တွင် သူချစ်ခင်တွယ်တာသူဆို၍ တယောက်မျှမရှိ။ ကြောင်တောင်တောင်။ မထင်မရှား။ စိတ်ကောင်းသဘောကောင်းသည့် မိန်းကလေးတယောက်ကိုသာ ချစ်ခဲ့ဖူးသည်။ ယခုအချိန်တွင် ဂျဲနက်တယောက် ဘယ်များရောက်၍ ဘာတွေများ လုပ်နေပြီနည်း။ တညတာ တည်းခိုစရာ ရိပ်မြုံကလေး တနေရာရဖို့အရေး သည်အနီးတဝိုက်တွင် အမောတကော လိုက်ရှာနေရပြီလော။ သို့မဟုတ် လမ်းတွင် သေကျန်ရစ်ခဲ့ပြီလော။ သို့မဟုတ် ပါရီမြို့က အိမ်တအိမ် ပြတင်းဝတွင် ရပ်ကာ ငေးမျှော်ကျန်ရစ်ခဲ့ပြီလော။ စိမ်းပြာရောင် စစ်ဝတ်စုံ ဝတ်ထားသည့် ဂျာမန်စစ်သားများက လမ်းမတလျှောက်တွင် ချီတက်နေကြသည်။ သူတို့ကြားထဲတွင် ဂျဲနက်ကို သွား၍ မကယ်နိုင်။ မိမိကြောင့် လူတွေ ဒုက္ခရောက်ခဲ့ကြရပြီ။

ဟိုတယ်များ၊ ဆိုင်များ၊ မော်တော်ကားများသည် နောက်တွင် ကျန်ရစ်ခဲ့ကြသည်။ မော်တော်ကား မောင်းလာယင်း လတ်ဆတ်သန့်ရှင်းသည့် မြေသင်းနံ့ကိုရ၏။

လူ့ဘဝ အရှုပ်အထွေးများကို ကြည့်ခဲ့ရသဖြင့် ပင်ပန်းလာသည့် သူ့မျက်လုံးများသည် စိမ်းမြနေသည့် မြက်ပင်များကြောင့် လန်းဆန်းလာ၏။ ကားကို မောင်းလာသော်လည်း ဘယ်ရောက်၍ ဘယ်ပေါက်မှန်း မသိ။ စိတ်ကူးမရှိပဲ ညာဘက်ချိုးလိုက်သည်။ လမ်းက တောင်ကုန်းကလေးပေါ်သို့ တက်သွား၏။ မည်မျှ သာယာလိုက်ပါသနည်း။ ကားကိုရပ်၍ အောက်သို့ ဆင်းသည်။ လူသူ ကင်းရှင်းလျက်။ လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် လူရှင်းရာသို့ရောက်ခြင်းဖြစ်သည်။ မြက်ခင်းများ၊ စားကျက်များ၊ အဝါရောင် ပန်းနုရောင်နှင့် မရမ်းရောင် တောပန်းများကို အမြတ်တနိုးဖြင့် လှမ်းကြည့်နေမိသည်။ ဟိုတဘက်က ပန်းများမှာ နဂါးစက်ပန်းတဲ့။ နာမည်က ရယ်စရာ။ အဝေးတွင် မှိုင်းပြာနေသည့် တောင်တန်းကြီးတွေ။ တောင်ထိပ်ပေါ်က တိမ်လိပ်များက သိုးအုပ်တွေနှယ်။

လေက လတ်ဆတ်သန့်ရှင်းသဖြင့် ဒက်ဇာသည် လေကို တဝကြီးရှူလိုက်၏။ ယခုတလောတွင် အသက်ရှူရသည်ကို အားမရ။ ကျပ်သလို ခံစားမိသည်။ ယခု သည်နေရာ ရောက်သည့်အခါတွင် သူ့နှလုံးက ပြင်းစွာခုန်လျက်။ ခေါင်းက တစစ်စစ် ကိုက်နေသည်။ နားတွေကလည်း အူနေသည်။

တခါတုန်းက သူ့မိတ်ဆွေတယောက်ဖြစ်သည့် ဘားနာ့ဒ်၏ အကြောင်းကို အမှတ်ရသည်။ ဘားနာ့ဒ်က ခွဲစိတ်ဆရာဝန်ကြီးတယောက်။ သူ့ကို လူတိုင်းသိကြသည်။ တနေ့တွင်မူ ဘားနာ့ဒ်သည် သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်သတ်၍ အဆုံးစီရင်သွားသည်ဟု ကြားရ၏။ ဘားနာ့ဒ်မျက်နှာက တရားဟောဆရာ၏ မျက်နှာလို ခပ်တင်းတင်း၊ ခပ်မှုန်မှုန်။ သို့ရာတွင် ဘားနာ့ဒ်သည် လူ့ဘဝကို ခုံမင်သည်။ ဥယျာဉ်စိုက်သည်။ သူ့သမီးလေးနှင့်အတူ ဘုရားရှိခိုးကျောင်းတက်သည်။ သို့ရာတွင် ယခု ဘားနာ့ဒ်သည် သူ့ကိုယ်သူ ပစ်သတ်သေသွားပြီ။ သူ့အိမ်ရှေ့တွင် ဂျာမန်စစ်သားတို့ ဖြတ်သွားသည်ကို မြင်သည့်အခါတွင် ဘားနာ့ဒ်သည် စိတ်ထိခိုက်သွားကာ "သည်ကောင်တွေကို မကြည့်ချင်၊ သူတို့ကို ကြည့်ရတာထက် သေတာက ကောင်းသေးသည်" ဟု ခပ်သော့သော့ ရေးသွားသည်။

တခါတုန်းကဆိုလျှင် သေရမည်ကို ဒက်ဇာ အလွန်ကြောက်သည်။ သေခြင်းတရား ဆိုသည်မှာ ကြောက်စရာ။ ဘာမှန်းလည်းမသိ။ ယခုမူ ဘားနာ့ဒ်လို သေသွားသည်က ကောင်းမည်ဟု ဒက်ဇာတွေးသည်။ သေခြင်းတရား ဆိုသည်မှာ အဆန်းမဟုတ်။ ရှင်ခြင်းနှင့် ဆက်စပ်နေသည့် ကိစ္စတခုမျှသာဟု ဒက်ဇာ သဘောပေါက်လာသည်။ သေခြင်းတရားသည် ဘဝ၏ အစိတ်အပိုင်းတခုသာ ဖြစ်သည်ဟု ရုတ်တရက် သဘောပေါက်သွား၏။ သို့တွေးမိသည်နှင့် သေမည်ကို ဒက်ဇာ မကြောက်တော့။

မြက်တောကို ဖြတ်လျှောက်ပြီး သစ်ပင်တပင်အောက်သို့ လာခဲ့၏။ သူ လမ်းလျှောက်ပုံက ရယ်စရာ။ တောပန်းကလေးတွေကို နင်းမိမည်စိုးသဖြင့် သတိကြီးစွာဖြင့် လျှောက်လာသည်။ သစ်ပင်ကြီးကို မြင်သည့်အခါတွင် ဖလူရီရွာကလေးနှင့် ဂျဲနက်ကို အမှတ်ရသည်။

ဒက်ဇာသည် ကဗျာကလေး နှစ်ပုဒ်ကို ခပ်တိုးတိုး ရွတ်၏။ "မည်းနက်လှစွ၊ ကိုယ့်ဘဝသည်၊ မရဏာထံ အပြန်ခရီး"

မြင်ကွင်းက ထူးထူးဆန်းဆန်း။ အသက်ကြီးကြီး၊ ဝဝဖိုင့်ဖိုင့် လူတယောက်။ ခြေလှမ်းက မခိုင့်တခိုင်။ အပေါ်အင်္ကျီရှည်ကြီးကို ဝတ်လျက်။ မြက်တောထဲတွင်

လျှောက်နေသည်။ "ကောက်နှံတွေရယ်၊ အချစ်ရယ်၊ အအေးဒဏ်ရယ်" ဟု ရွတ်လျက်။ သူ့ကို မည်သူမျှ မမြင်။ တောင်ရိုးပေါ်တွင်မူ သိုးကျောင်းသားများက မီးဖိုနေကြသည်။ ရေဒီယိုသံ မကြားရ။ စစ်ပြေးဒုက္ခသည်များကို မမြင်ရ။ သူတို့သည် အတိတ်၏ ချမ်းမြေ့ငြိမ်သက်မှုထဲတွင် ရောက်နေကြသည်။

နေလုံးက တောင်တန်းနောက်သို့ လျှောကျသွားသည်။ နှင်းမြူပါးပါးသည် သေမင်းလို သူ့အနားသို့ ရောက်လာ၏။ ဒက်ဇာက ဘမသိဘမသိဖြင့် ပြုံးလိုက်ပြီး အင်္ကျီထဲမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။ ပူပြင်းသည့် နေ့တနေ့တွင် ရေငတ်နေသူတယောက် အရက်ပုလင်းနှုတ်ခမ်းကို ပါးစပ်တွင် တေ့လိုက်သလို ပြောင်းဝကို ပါးစပ်သို့ ထိလိုက်သည်။

သေနတ်သံသည် ပဲ့တင်ထပ်၍ ပြန်လာ၏။ တောင်ရိုးပေါ်တွင် မီးဖိုနေသည့် သိုးကျောင်းသားကလေး တသိုက်သည် လန့်၍ ထရပ်လိုက်ကြသည်။ ဆိုးယုတ်သည့် စစ်ပွဲကြီးသည် သူတို့အနီးသို့တိုင်အောင် ရောက်လာလေပြီလော ဟူသော အထင်ဖြင့်။

အခန်း (၉၁)

ဇူလိုင်လ ကုန်ခါနီးပြီ။ သို့ရာတွင် လိုင်မိုဇင်နယ်က လယ်ကွက်များမှာ မေလတုန်းကလို စိမ်းလန်းမြဲ။ လူဆန်းသည် စိမ်းမြနေသည့် ကွင်းပြင်ကြီးများကို အတန်ကြာ ငေးကြည့်နေသည်။ အစိမ်းရောင်က ကြည်နူးစရာ။ ထိုနောက် ထိုင်ရာမှ ထကာ ဆက်လာခဲ့သည်။ မည်သည့်နေရာကို သွားရမည်မသိ။ သစ်ဆည်းလည်းပင်ကြီးအောက်တွင် မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သည်မသိ။ ဆာလောင်လွန်းမက ဆာလောင်သဖြင့် နိုးလာခဲ့သည်။ ဆာလောင်ခြင်းသည် လူ၏ နောက်ဆုံးခံစားချက် ဖြစ်သည်။ သူ့ကိုယ်သူ သဘောကျ၍ ပြုံးလိုက်သည်။ မုန်လာဥတွေ၊ ကန်စွန်းဥတွေကိုချည်း တူးစားခဲ့ရသည်။ တခါတရံတွင် လမ်းတွင်တွေ့သည့် စစ်သားတယောက်ယောက်နှင့် ရှိသမျှပေါင်မုန့်ကလေးကို ဝေမျှစားခဲ့ရသည်။ သူ့လိုပင် ညစ်ပတ်စုတ်ပြတ်လျက်။ သူ့လိုပင် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေ ဖုံးလျက်။ တခါတရံ ရွာကလေးတရွာတွင် နို့တခွက်လောက် သောက်ရသည်။ ပေါင်မုန့် ပူပူနွေးနွေးဆိုလျှင် သူမကြိုက်။ အော်ဂလီဆန်မြဲ။ ယခုမူ သူ့အဖို့ နတ်သုဒ္ဓါ ဖြစ်နေသည်။

လမ်းတွင် သစ်ကိုင်းတကိုင်းကို ဖြတ်ကာ တုတ်အဖြစ် ကိုင်လာခဲ့သည်။ လွန်ခဲ့သည့် တပတ်လောက်တုန်းက သူသည် ရှေ့မျက်နှာပြင်တပ်၊ တပ်ရင်း အမှတ် ၈၇ တပ်ရင်းမှ တပ်သားတယောက်။ ယခု စစ်တပ်ဟူ၍ မရှိတော့။ လူဆန်းသည် သူ့ကိုယ်သူ လူလေလူလွင့်တဦးဟု သဘောထားလိုက်ပြီ။ ရွာကလေးတရွာတွင် စစ်ပြေငြိမ်းရေးစာချုပ်အကြောင်းကို ဟောပြောသွားသည့် သူ့အဖေ ဝန်ကြီးတက်စအသံကို ရေဒီယိုမှ ကြားလိုက်ရ၏။ လူဆန်းအနီးတွင် ရပ်နေသည့် မိန်းမကြီးတယောက်က “ဒီလိုဆို စစ်ကြီး ပြီးသွားပြီပေါ့” ဟု အော်ပြီး ပန်းချီဆရာ၏ ကိုယ်တုံးလုံးပုံလို ပန်းနုရောင် တောက်နေသည့် ဝက်တသိုက်ကို မောင်းသွားသည်။ စစ်သားတွေက ကျိန်ဆဲကြသည်။ သို့ရာတွင် လူဆန်းက သူ့အဖေ၏ တုန်ရီနေသည့် အသံကို နားထောင်နေသည်။ ငယ်ငယ်တုန်းက ဘဝကို ပြန်၍ သတိရ၏။ သူ နေမကောင်းစဉ် သူ့အိပ်ရာဘေးတွင် ရပ်ယင်း “ဒီလောက်လဲ ပူမနေပါနဲ့ အမေကြီးရယ်၊ ဒီခေတ်မှာ ဆေးပညာက သိပ်တိုးတက်နေပါပြီ” ဟု ပြောနေသော အဖေ့အသံကို ကြားယောင်နေသည်။ ယခုမူ သူ့အဖေသည် “ဝိညာဉ်ဆိုတာ ဘယ်တော့မှ မသေနိုင်ဘူး” ဟု ပြောနေပြန်ပြီ။ သို့ရာတွင် ဂျဲနက်သည် မသေချင်။ မသေချင်သည့် လူတော်တော်များများကို လူဆန်း မြင်ခဲ့ဖူးပြီ။ ဂျာမန် လေယာဉ်မှူးများသည် တော်တော် စိတ်ခိုင်သူများ ဖြစ်ပုံရသည်။ သူတို့သည် ကလေးများနှင့် မိန်းမများကို တည့်တည့်ချိန်ကာ စက်သေနတ်တွေနှင့် ပစ်ခဲ့ကြသည်။ သူ့အဖေ၏ စကားများသည် ဘာအဓိပ္ပါယ်နည်း။ သူ့အဖေသည်

ဘရိကျူးတို့ ဂိုဏ်းသားဖြစ်သွားပြီး ဟစ်တလာထံမှ "သံမဏိကြက်ခြေ" ဆုတံဆိပ်ကြီးကိုပင် ရတော့မည်လော။ လူဆန်း အားရပါးရ သမ်းလိုက်၏။ သူ့ကို နောက်ထပ် နွားနို့ကလေး တခွက်တလေ တိုက်သူမှ ရှိပါဦးမည်လော။ သည်လမ်းတွင် သူ့ရှေ့မှ တပ်သားထောင်ပေါင်းများစွာ ဖြတ်သွားခဲ့ကြပြီ။ ကြောက်လန့်နေသည့် လယ်သမားများသည် အိမ်တံခါးများကို သံကြိုးတွေနှင့် ချည်ပြီး ပိတ်ထားကြသည်။ လမ်းတွင်တွေ့သည့် ဝက်ရှင်မိန်းမကြီးက သူ့ဝက်ကို ပွေ့ထားယင်း "အမေ့မှာ ဘာမှ မရှိပါဘူးကွယ်" ဟု တတွတ်တွတ် ပြောနေသည်။

သည်ညနေတွင်မှ မဆာစဖူး အထူးဆာနေသည်။ လူဆန်းက ရိုင်ဖယ်သေနတ်ဖြင့် မိန်းမကြီးကို ချိန်ပြီး ခြိမ်းခြောက်သည်။ မိန်းမကြီး အငိုရပ်သွား၏။ သို့ရာတွင် ဝက်ကလေးကို ချည်ထားသည့်ကြိုးကို တင်းတင်းဆုပ်ထားသည်။ "အမေ့မှာ ဘာမှ မရှိပါဘူးကွယ်" ဟု မိန်းမကြီးက ပြော၏။ "ရှုပ်မနေနဲ့" လူဆန်းက အော်လိုက်ယင်း တံတွေးကို ပျစ်ကနဲ ထွေးလိုက်သည်။ ဝက်ကလေးကို လိုချင်လှပြီ။ စိတ်ကမူ ဝက်ကလေးဆီ ရောက်နေသည်။

လူဆန်းသည် ရှေ့သို့ ဆက်လာခဲ့၏။ လမ်းတွင် ယာတဲကလေးတလုံးကို မြင်ရသည်။ တံခါးများက တင်းကြပ်စွာ ပိတ်လျက်။ ညဆိုလျှင် အပြင်ကို မည်သူမျှ မထွက်ရဲကြ။ ခွေးဟောင်သံမှအပ အခြား ဘာသံကိုမျှ မကြားရ။ "ဟေ့လူတွေ စားစရာရှိယင် ပေးစမ်း" ဟု လူဆန်းက အော်သည်။ မည်သူကမျှ ပြန်မထူး။ ခွေးများက ထိုး၍ ဟောင်နေကြသည်။ လူဆန်းသည် အတန်ကြာ စောင့်နေသည်။ ထို့နောက် လမ်းဘေးက စမ်းချောင်းကလေးတခုဆီသို့ ဆင်းလာခဲ့၏။ ထုံးစော်နံနေသည့် ရေခပ်နွေးနွေးကို လက်ခုပ်ဖြင့် ခပ်၍ သောက်၏။ နွားတဲထဲတွင် အိပ်ပျော်သွားသည်။ "ရဲဘော် ရဲဘော်" ဟု ခပ်တိုးတိုး ခေါ်နေသည့် မိန်းမသံတသံကြောင့် နိုးလာသည်။ သူ့ဘေးတွင် မိန်းကလေးတယောက် ရပ်လျက်။ ယောကျ်ားဝတ် ရှပ်အကျီကို ဝတ်ထားသည်။ လသာနေသဖြင့် မိန်းကလေးကို ကောင်းစွာ မြင်ရ၏။ "အင်း... မဆိုးဘူး" ဟုပင် တွေးလိုက်မိသေးသည်။ မျက်လုံးများက တောက်တောက်ပပ။ နှာခေါင်းက ခပ်ပြားပြား၊ သူ့ရုပ်ကလေးက ခပ်ရွှင်ရွှင်၊ "ရဲဘော်၊ ရဲဘော်... နိုးလာပလား" ဟု မေးနေသည်။ ပေါင်မုန့်တလုံးနှင့် အဆီဖတ်တဖတ်ကို လာပေးခြင်းဖြစ်၏။

"ယာရှင် အဒေါ်ကြီး အိပ်ပျော်အောင် စောင့်နေရတယ်၊ ဝက်ဆီဖတ်တွေကို အပြင်မှာထားပြီး ကျန်တဲ့ စားစရာတွေကိုတော့ သူ့အခန်းထဲ ယူသွားပြီး သော့ခတ်ထားလို့၊ ရှင်... ကွင်းထဲမှာ ရပ်နေတာ ကျွန်မ မြင်ပါတယ်၊ ယာရှင်ကြီးကတော့ စိတ်သဘောထား မဆိုးပါဘူး၊ ဒါပေမယ့် ရှင်တို့လို ရဲဘော်တွေ မကြာခဏ လာတောင်းလို့ ပေးလိုက်ရပြီလေ၊ သိပ်မကျန်တော့ဘူး၊ ကြာယင် တို့ပါ ငတ်တော့မယ်တဲ့၊ ဒါနဲ့ သူတို့အိပ်အောင် စောင့်နေရတယ်၊ ရှင် ချောင်းထဲက ပြန်တက်လာတော့မှ ကျွန်မ ရှိတာလေးတွေ ယူပြီး ဆင်းလာတာ"

လူဆန်း ဘာမျှ မပြော။ ဓားကို ထုတ်လိုက်ပြီး ပေါင်မုန့်ကို လှီးကာ အငမ်းမရ စားနေသည်။ မိန်းကလေးက သူ့ကို ကြည့်နေသည်။ ဗိုက်တင်းသွားသည့်တိုင် မရပ်သေး။ တဝက်လောက်တော့ချော့မှာ ကျိန်းသေသည်။ အိပ်ချင်မူးတူး တဝက်၊ မောပန်းခြင်း တဝက်ဖြင့် ကြောင်အမ်းအမ်း ဖြစ်နေရာမှ...

"မင်းက ဘာတော်သလဲ၊ သမီးလား"

"မဟုတ်ပါဘူး၊ သူတို့အိမ်က အိမ်ဖော်ပါ"

စားပြီး၍ ဓားကို မြက်ပင်တွင် သုတ်လိုက်ယင်း မိန်းကလေးကို ငေးကြည့်နေသည်။

မိန်းကလေးသည် သူ့ကိုကြည့်၍ ပြောနေကြောင်း လူဆန်း ရိပ်မိသည်။ စင်စစ် သူ့ကိုမြင်လျှင် တချွေမှတ်ပြီး ထွက်ပြေးဖို့ကောင်းသည်။ သို့ရာတွင် မိန်းကလေးက သူ့ကိုမကြောက်။ သူ့မျက်နှာတွင် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးညိုညိုတို့ ဖုံးနေသည်။ မျက်လုံးများက စိမ်းလဲ့လဲ့။ ယူနီဖောင်းကလည်း ချွေးစော်၊ ဖုန်စော်နံလှပြီ။ လက်ဟန်ခြေဟန်ဖြင့် သူ့ဘေးတွင် အထိုင်ခိုင်း၏။ မိန်းကလေးကလည်း သူ့ဘေးတွင် ထိုင်သည်။ ကောင်မလေးက အရပ်ပုပု၊ လူဆန်းထက် ခေါင်းတလုံးလောက် နိမ့်သည်။ လူဆန်းသည် ကောင်မလေး၏ပခုံးကို ဖက်ကာ ခေါင်းကို နောက်သို့မော့ပြီး နမ်းလိုက်သည်။ ရေကို သောက်လိုက်ရသည့်နှယ် အမောပြေသွား၏။ မိန်းကလေးကလည်း သူ့ကို တယုတယ နမ်းသည်။ မြက်ခင်းပေါ်သို့ သူတို့နှစ်ယောက် လဲကျသွားသည့်အခါတွင် မိန်းကလေးက "ရဲဘော်ရယ်... ရဲဘော်ရယ်... ရဲဘော်ရယ်" ဟု တတွတ်တွတ် ခေါ်နေသည်။

ချက်ချင်း သတိရလာကြသည်။ မိန်းကလေးသည် စိုးရိမ်ထိတ်လန့်စ ပြုလာ၏။

"အဒေါ်ကြီး နိုးနေလိမ့်မယ်"

"မင်းနာမည်က ဘယ်သူတဲ့လဲ"

"ဂျင်နီတဲ့..."

လူဆန်း၏ ရင်သည် ဒိတ်ကနဲ ဖြစ်သွား၏။ မိန်းကလေး၏ ကြမ်းတမ်းသည့် ဆံပင်များကို ပွတ်သပ်ပေးယင်း နှုတ်ခမ်းများတို့က တရွရွ လှုပ်နေသည်။ သို့ရာတွင် ဘာမျှ ပြော၍ မရ။ နောက်ဆုံးကျမှ စကားလုံးတွေ ထွက်လာသည်။

"ဂျင်နီဆိုယင် ဂျဲနက်ပေါ့နော်"

"ရဲဘော်နာမည်ကကော"

"လူဆန်းတဲ့"

"ဒါပဲလား"

"လူဆန်းဗျူဗယ်တဲ့"

သူ့နာမည်ကို လိမ်ပြောလိုက်သည်။ လူဆန်းသည် ယူနီဖောင်းမှ ဖုန်ကိုခါပြီး ထွက်လာခဲ့သည်။ ပြန်၍ပင် မကြည့်တော့။ စမ်းချောင်းဘေးတွင် အိပ်ခဲ့ရသည့် ထိုညသည် သူ့အဖို့ ဘုရားသခင်က ပေးသနားတော်မူလိုက်သည့် ဆုလာဘ်။ ဒုက္ခရောက်နေသည့် လူတယောက်၏ အိပ်မက်။ ယခု သူပြန်နိုးလာခဲ့ပြီ။ ဂျူဗယ်၊ ဂူရန်း၊ သူထင်ချင်သလို ထင်ပေ့စေ။ တက်စနာမည် မဟုတ်လျှင် တော်ပြီ။ တက်စ၏သားဟု ပြောလျှင် သူ့ကို နေရာထိုင်ခင်းအကျဖြင့် ဆီးကြိုကြမည် မုချ။ သို့ရာတွင် သူမပြောနိုင်၊ ခုချက်ချင်း အဝတ်အစားတွေပေး၊ အစားအသောက်တွေကျွေးပြီး ဗစ်ချီသို့ မော်တော်ကားဖြင့် ပြန်ပို့ပေးမည် ဆိုလျှင်မူ တက်စသားဖြစ်ကြောင်းကို ပြောကောင်းပြောမိလိမ့်မည်။ ဤသို့မှ မဟုတ်လျှင်မူကား သူ့အဖေနာမည်ကို မပြောနိုင်။ မိန်းမကြီးကို သတ်ပြီး သူ့ဝက်ကလေးကို လုယူပြီး သတ်စားချင် စားမည်။ အဖေ့နာမည်ကိုမူ မပြောနိုင်။

တုတ်တချောင်းနှင့် လျှောက်လာသည့် စစ်သားတယောက်ကို တွေ့၏။ တယောက်ကို တယောက် လှမ်းကြည့်ပြီး မျက်စိမှိတ်ပြလိုက်ကြသည်။

"ဘယ်လိုတုန်း မာရှယ်၊ တပ်ပျက်လာပြီလား" ဟု စစ်သားက လှမ်းနောက်သည်။

"ခွေးပြေး ဝက်ပြေးကွ" ဟု လူဆန်းက ဖြေသည်။

သူတို့နှစ်ယောက်သည် လမ်းခွဲသွားကြ၏။ မိုးလင်းတော့မည်။ စားစရာ သောက်စရာ ရှာရဦးမည်။

သို့တိုင်အောင် မာရှယ်ပေတိန်းသည် ပြင်သစ်စစ်တပ်ကြီးအတွက် ဘာမျှ ပူပင်သောကမဖြစ်သေး။ ယမန်နေ့က ပြင်သစ်ပြည်သူများသို့ အသံလွှင့်မိန့်ခွန်းတခုတော့ ပြောခဲ့သည်။ မိမိသည် မည်သူ့ကိုမျှ လိမ်လည်ခြင်း မပြုလိုဟု ပြောခဲ့သည်။ အသံတုန်တုန်ဖြင့် "နိုင်ငံတော်ကိုချည်း အားကိုးမနေကြနဲ့၊ ခင်ဗျားတို့ကို နိုင်ငံတော်က ဘာမှပေးနိုင်မှာ မဟုတ်ဘူး၊ ခင်ဗျားတို့ သားသမီးတွေကိုပဲ အားကိုးကြ၊ ဘာသာတရားရဲ့ အဆုံးအမ၊ မိသားစုစိတ်ဓာတ်နဲ့အညီ ကိုယ့်သားသမီးတွေကို ကြီးပြင်းအောင် မွေးမြူကြ၊ ခင်ဗျားတို့ကို သူတို့ ထောက်ပံ့လိမ့်မယ်" ဟု တဖွဖွ ပြောသွားသည်။

မာရှယ်ပေတိန်း၏ အသံလွှင့်ချက်ကို ကြားသည့်အခါတွင် အစ၌ တက်စ စိတ်ဓာတ် အကြီးအကျယ် ကျသွားသည်။ သူ့ကို မည်သူက ထောက်ပံ့မည်နည်း။ လူဆန်းဆိုသည့် သားကလည်း လူလေလူလွင့်။ သမီးဒင်းနိစ်ကလည်း ခေါင်းမာမာ၊ သို့ရာတွင် နောက် မိနစ်အနည်းငယ် ကြာသည့်အခါတွင်မူ တက်စက ခပ်လှောင်လှောင်ဖြင့် ဂျူဗယ်ကို လှမ်းပြောလိုက်သည်။

"အဘိုးကြီး မာရှယ်ပေတိန်းက အသက် ၈၅ နှစ်ရှိမှ ဒီစကားပြောတာတော့ သိပ်ဟန်ကျတာပေါ့ဗျ။ အထူးသဖြင့် သူ့ကျတော့ သားသမီးက မထောက်ပံ့ရပဲ နိုင်ငံတော်က ထောက်ပံ့နေတဲ့အချိန်မှာ ဒီစကားမျိုးပြောတော့ တော်တော်ပညာရှိတဲ့ ပုဂ္ဂိုလ်ကြီးလို့ ဆိုရမှာပေါ့"

မည်သူကမျှ စစ်သားများကို သတိမရကြ။ ဝန်ကြီးများသည် အသစ်ရောက်လာသည့် သံအမတ်များ၊ ကိုယ်စားလှယ်များကို နေရာချပေးနေရသည်။ ဘာရီကျူးကို ခေါင်းဆောင်စေပြီး ပါရီရှိ ဂျာမန်အာဏာပိုင်များထံသို့ ကိုယ်စားလှယ် အဖွဲ့တဖွဲ့ လွှတ်ဖို့ စိုင်းပြင်းနေကြသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲနေကြရသည်။ စစ်နှင့်ပတ်သက်သည့် ပစ္စည်းများကို ဂျာမန်စစ်အာဏာပိုင်များသို့ လွှဲပေးနေကြရသည်။ ဒီဂေါ် ခေါင်းဆောင်သည့် ဖက်ဆစ်ဆန့်ကျင်ရေးတပ်စုများကို နှိမ်နင်းနေရသည်။ ပြင်သစ်စစ်တပ်ကြီးသည် သူ့အလိုအလျောက် ပြိုကွဲပျက်စီးကာ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားခဲ့သည်။ မီးရထားတွေ မရှိတော့။ ဂျာမန်တို့ သိမ်းပိုက်ထားသည့် ဒေသများမှ လူများသည် လွတ်ရာကျွတ်ရာ တောင်ပိုင်းသို့ တသောသော ထွက်ပြေးနေကြသည်။ ပါရီမှ ထွက်ပြေးလာသူများနှင့် မြောက်ပိုင်းမှ လူများသည် လူလေလူလွင့်များကဲ့သို့ ခြေဦးတည့်ရာ လျှောက်သွားနေကြသည်။ လယ်သမားများက သူတို့အား စစ်တပ်က လုသဖြင့် မလုအောင် ကာကွယ်ပေးပါဟု ပုလိပ်တို့ကို တောင်းပန်ကြသည်။

လူဆန်းသည် တောင်ကုန်းထိပ်သို့ တက်လာခဲ့သည်။ တနေ့လုံး မြက်တောထဲတွင် အိပ်နေခဲ့သည်။ မလှုပ်ချင်တော့။ ရာသီဥတုက ခပ်အေးအေး။ နေက တိမ်တိုက်ကြီးများနောက်တွင် ပုန်းကွယ်လျက်။ တိမ်တိုက်တို့က အရှေ့ဆီမှ မြို့တမြို့ရှိ ဘုရားရှိခိုးကျောင်း မျှော်စင်ကြီး နှစ်ဆောင်ဆီသို့ တရွေ့ရွေ့ လွင့်နေသည်။ တိမ်တိုက်တို့ တအိအိ လွင့်မျောနေပုံကို ကြည့်၍ လူဆန်း စိတ်ကူးယဉ်နေသည်။ ဘာကိုမျှ ပီပီပြင်ပြင် သတိမရ။ အတိတ်ကိုလည်း ပြန်မတွေး။ တိမ်တိုက် ရွေ့လျားနေပုံသည် အချိန်ကာလ၏ သဘောကို ညွှန်းနေသည်။ ရှုပ်ထွေးတိုတောင်းသည့် သူ့ဘဝကို အသစ်ပြန်နေရသလို ခံစားနေရသည်။ အရာအားလုံးသည် ရောထွေးနေသည်။ လာရင်ဂျေး သေခဲ့သည့်ကိစ္စ၊ ဂျဲနက်၏ မျက်လုံးရွဲကြီးများ၊ ပင်လယ်ကမ်းစပ်က သောင်ပြင်၊ ပြဿဒ်နှစ်ဆောင်၌ ဝဲနေသည့်

ဝိုးတဝါး နှင်းမြူ။

နေလုံးကြီး လျှောကျပျောက်ကွယ်သွားပြီး ဆည်းဆာ ကျရောက်လာသည့်အခါတွင် သူ့ဘဝသည် နိဂုံးသို့ ရောက်သွားပြီဟု ထင်လိုက်မိသည်။ အကြောက်နှင့် အချမ်းဒဏ်ကြောင့် တုန်နေသည်။ သေခြင်းတရားကို တခါမျှ သည်လောက် မကြောက်စဖူး။ မှုန်မှိုင်းကာ နှင်းမြူဝိုးဝါးထွေးနေသည့် ကြယ်များအောက် တောင်ကုန်းပေါ်က ချမ်းစိမ့်စိမ့်ညတွင် သူ ဘာကြောင့် ဤမျှ ကြောက်နေရသနည်း။ သူ့ကိုယ်သူ အံ့သြနေသည်။ "ထမင်း၊ ထမင်း" ဟု ရုတ်တရက် အော်လိုက်မိသည်။ ဟုတ်သည်။ ကနေ့ တနေ့လုံး ဘာမျှ မစားရသေး။ စားစရာ တခုခု လိုက်ရှာရဦးမည်။

တောင်ကုန်းပေါ်မှ ပြေးဆင်းခဲ့ပြီး သစ်ပင်တွေကြားမှ မီးရောင်လက်လက်ကို မြင်ရသဖြင့် ပြေးလာခဲ့သည်။ တံခါးခေါက်လိုက်ပြီး "စားစရာလေး ဘာလေး မရှိကြဘူးလားဗျာ၊ ရဲဘော်ပါ" ဟု အော်ခေါ်သည်။ မည်သူကမျှ ထူးသံမကြားရ။ ထိုအိမ်မှာ ဆားဂျက်ဆိုသည့် တဖောက်ကန်းသမားတယောက်၏အိမ် ဖြစ်သည်။ သူ့မိန်းမအား ဘုန်းကြီးထံသွား၍ ဝန်ခံချက် ပေးရသည်လောဟု ဆိုကာ အငတ်ထားပြီး သတ်ခဲ့ဖူးသည်။ ခြသေ့်တကောင်လို သန်မာပြီး ကြေးပြားတပြားကို ကွေးသွားအောင် လက်ဖြင့် ဆုပ်နိုင်သည်။ သားရဲတွင်းထဲတွင် ပုန်းနေသည့် ဝက်တံတကောင်လို ဘယ်ကိုမျှမထွက်။ သူ့ကို သေမတတ်ကြောက်သည့် အစေခံ မိန်းကလေးတယောက်နှင့် အတူနေသည်။ သူ့သားကြီးက ယမန်နှစ်က ကနေဒါသို့ ထွက်သွားသည်။ သားငယ်က မလှမ်းမကမ်းမှ ရွာတရွာတွင် ယောက္ခမနှင့် အတူနေသည်။ ယခုမူ စစ်တပ်ထဲသို့ လိုက်သွားရပြီ။ ကံကြမ္မာသည် လူဆန်းအား ဆားဂျက်နှင့် တွေ့အောင် ဖန်တီးပေးလိုက်သည်။

လူဆန်းသည် တံခါးကို တဗုန်းဗုန်းထုယင်း "ပေါင်မုန့်လေး ဘာလေးရှိယင် ကျွေးကြဗျို့" ဟု အော်သည်။ ကြက်သွန်ဥနံ့နှင့် မုန်လာဥနံ့သည် တခြားပြတင်းတခုဆီမှ ထွက်လာ၏။ အိမ်ဖော်မလေးက ဟင်းချိုတည်နေခြင်း ဖြစ်သည်။ အနံ့ကို ရလေလေ လူဆန်း ဒေါပွလေလေ၊ သူ့စိတ်ထဲတွင် အရိုင်းစိတ်တွေ ဝင်လာသည်။ အိမ်ထဲက ဘာသံမျှလည်း မကြားရသည့်အခါတွင် လူဆန်းရင်ထဲတွင် ဇလောင်ဆန်လာသည်။ ရိုက်ချင်လည်း ရိုက်၊ ဆဲချင်လည်း ဆဲပေစေတော့။ အစာကိုမူ အတင်းတောင်းရမည်။ သူတို့အတွက် မိမိတို့ တိုက်ပေးခဲ့ရသည် မဟုတ်လော။

ပွင့်နေသည့် ပြတင်းပေါက်ဘက်သို့ သွားကာ အထဲသို့ ကြည့်လိုက်သည်။ ခန်းဆီးနောက်တွင် ဘရီကျူးနှင့် ရုပ်ချင်းဆင်သော လူတယောက်၏ မျက်နှာကို မြင်လိုက်ရသည်။ စင်စစ် ထိုလူနှင့် ဘရီကျူးသည် ဘာမျှမဆိုင်။ သို့ရာတွင် ရုပ်ချင်းတူသည့်လူကို မြင်လိုက်ရသည့်အခါတွင် လူဆန်း ဒေါသတွေ ထွက်လာသည်။ "ဗျို့... အဘိုးကြီး၊ တံခါးဖွင့်၊ မဖွင့်ယင် သေနတ်နဲ့ ပစ်သတ်မယ်၊ နားလည်လား" ဟု အော်နေသည်။

သူက ပစ်မည်လုပ်စဉ် သေနတ်သံတချက် ပေါ်လာကာ ခြေထောက်တဘက်သည် ကနေသလို ဘေးသို့ ယမ်းနေသည်။ လူဆန်းသည် ခြေတဘက်ကိုမြှောက်၍ ခုန်လိုက်ယင်း လဲကျသွား၏။

စကားတလုံးမျှ မပြောနိုင်။ ဆားဂျက် ကြောက်စရာ့အသံကြီးဖြင့် အော်နေသည်။ အနားတွင် တခြားအိမ်တွေသာ ရှိလျှင် သူ့အသံကြားရုံဖြင့် လန့်ဖျပ်ထွက်ပြေးကြလိမ့်မည်။ ချိုင့်ဝှမ်းထဲတွင် အိမ်တလုံးမျှ မရှိ။ ဆားဂျက်၏ အော်သံကြီးသည် ပဲ့တင်ထပ်နေသည်။ အိမ်ဖော်မိန်းကလေးသည် ဆားဂျက်၏

အော်သံကြောင့် လန့်နေသည်။

ဆားဂျက်သည် တောဝက်ပစ်သည့် ရိုင်ဖယ်သေနတ်ကို လွှတ်ချကာ လူဆန်းဆီသို့ ပြေးလာ၏။ လူဆန်းသည် နောက်ဆုံးထွက်သက်ကို ရှိုက်လိုက်၏။ သေတော့မည်ကို သူသိလိုက်သည်။ နှင်းမြူတို့ဆိုင်းသည့် လရောင်သည် လူဆန်း၏ပါးပြင်ကို စိမ်းလဲ့လဲ့အရောင်ဖြင့် ပက်ဖျန်းပေးနေသည်။

သူ့မျက်လုံးက ကြောင်တကောင်၏ မျက်လုံးလို တလက်လက်တောက်ပလျက်။ ဆံပင်နီနီက မီးရောင်လို ရဲလျက်။ ရုပ်ရှင်ထဲက လူဆိုးဗိုလ်လုပ်သည့် ဇာတ်ဆောင်ဂိုက်မျိုး။ ဆားဂျက်ကိုင်ထားသည့် မှန်အိမ်မှ မီးရောင်ထဲ၌ သူ့သွေးကွက်ကြီးသည် ယူနီဖောင်းပေါ်တွင် လောလောလတ်လတ် ပုံထားသည့် ပန်းချီဆေးကွက်ကြီးတကွက်လို ထူပျစ်လျက်။

ဆားဂျက်သည် မှန်အိမ်ကို ဘေးသို့ချကာ အလောင်းအနီးတွင် ထိုင်နေသည်။ သန်းခေါင်အထိ မလှုပ်မယှက်။ ဆေးတံသောက်ချင်သည်။ ဆေးအိတ်ကို ထုတ်လိုက်သည်။ သို့ရာတွင် ဆေးတံသောက်ဖို့ မေ့သွားသည်။ တချက်မျှ မလှုပ်။ ဆံပင်ဖြူနှင့် ခေါင်းကြီးသာလျှင် ဘယ်ညာယိမ်းနေသည်။

အိမ်ဖော်ကောင်မလေး ထွက်လာပြီး အလောင်းများသို့ မရဲတရဲနှင့် ကပ်လာ၏။ "သေတဲ့လူက လှလိုက်တာ" ဟု ပြောပြီး ငိုနေသည်။ အဘိုးကြီးက ငေါက်လိုက်၏။ ထွက်သွားချင်သော်လည်း အထိုင်ခိုင်းသဖြင့် အနားတွင် ထိုင်နေရသည်။ အဘိုးကြီးက ထိုင်ရာမှ ထလိုက်ယင်း…

"ဒမြကောင်ပဲ၊ ဘယ်သူမှန်းတော့မသိဘူး၊ စစ်သားတော့ စစ်သားပဲ။ ပြင်သစ်စစ်သား"

အိမ်ဖော်ကောင်မလေးက ထွက်သွားမည်ပြုသည်။ သို့ရာတွင် မသွားနိုင်။ အဘိုးကြီးကို ကြည့်၍ ကြောက်နေသည်။ အဘိုးကြီးက လူးလိမ့်ကာ "ငါ့သားလေး၊ ငါ့သားလေး ပီရော့ရယ်" ဟု ဆိုကာ ငိုနေသည်။

မနက်တွင် ပုလိပ်ဌာနသို့ တိုင်ချက်ဖွင့်သည်။ ဆားဂျက်က တိုင်ချက်ကို လက်မှတ်ထိုးပြီး "ကျူပ်ကို ဖမ်းပါ" ဟု ဆိုသည်။ သို့ရာတွင် ပုလိပ်များက သူ့ကိစ္စနှင့် သူတို့ အလုပ်များလှပြီ။ "ဒီကိစ္စကို စုံစမ်းရဦးမယ်လေ၊ လိုအပ်ယင် ခင်ဗျားကို ခေါ်စစ်မယ်" ဟု ပြောသည်။ လူဆန်း၏ အိတ်ထဲတွင် ရှာကြည့်သည်။ ဘာကိုမျှ ရှာမတွေ့။ "စစ်ယူနီဖောင်း ဝတ်ထားသော အမည်မသိ လူတဦး" ဟု ရေးလိုက်ကြသည်။ မိန်းကလေးက "ကျွန်မ စာရွက်တရွက် တွေ့တယ်ရှင့်" ဟု ဆိုကာ စာရွက်ပိုင်းကလေး တပိုင်းကို ထုတ်ပေးသည်။ ပုလိပ်စာသင်က စာရွက်ကို ဖွင့်ကြည့်သည်။ စာသုံးလုံးမျှသာ။ ပြင်သစ်ပြည်၊ ဂျဲနက်၊ မာဒီ ဆိုသည့် စာသုံးလုံးကို လက်ရေးကြီးကြီးဖြင့် ရေးထားသည်။

"ဒမြပါဗျ" ဟု ပြောကာ စာသင်ကြီးက တံတွေးကို ပျစ်ကနဲ ထွေးလိုက်သည်။

ဒင်းနိစ်သည် ကလီးမင့်အခန်းတွင် ဝင်ပုန်းနေသည်။ အဘွားအို ကလီးမင့်သည် သူ့ကြောင့် ပါရီတွင် ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ ကလီးမင့်၏ အခန်းတွင်ဆိုလျှင် ဘာသံမျှ မကြားရ။ လမ်းမက ဂျာမန် စစ်ချီသီချင်းသံ၊ ဘင်သံတို့ကိုလည်း မကြားရ။ တိတ်ဆိတ်လွန်းသဖြင့် သူတို့လမ်းကလေးက ကြောက်စရာပင် ကောင်းနေသည်။ ဒင်းနိစ်သည် မကြာခဏ ထွက်သွားဖို့စိတ်ကူး၏။ သို့ရာတွင် အဘွားအို ကလီးမင့်က သွားခွင့်မပြု။

"ဒီမှာပဲနေပါ သမီးရယ်၊ ဒီအချိန်က ပါရီမှာ လူသူကင်းရှင်းနေတဲ့အချိန်၊ သမီးကို သူတို့ ချက်ချင်းမိသွားမှာပေါ့"

မနက်လင်းလျှင် ကလီးမင့်သည် အိတ်တလုံးဖြင့် ထွက်သွားတတ်ပြီး ပေါင်မုန့်၊ ဟင်းသီးဟင်းရွက်တို့ကို ယူ၍ ပြန်လာတတ်သည်။ တခါတရံ အသားကလေး ဘာလေး ပါလာတတ်သည်။ ဒင်းနိစ်ကို ချက်ပြုတ်ကျွေးရလျှင် မောသည်ဟူ၍ မရှိ။ သူ့သား ဂျင်းနော့ကို ကျွေးနေရသလို ထင်မိသည်။

သတင်းများကိုလည်း ယူလာတတ်၏။ ဘယ်သူတွေတော့ ပါရီကို ပြန်လာပြီ။ ဘယ်သူကတော့ ပြန်မလာသေး စသဖြင့် ပြောတတ်သည်။

"လူတွေ တော်တော်များများ ပြန်လာကြပြီ သမီးရဲ့၊ ဒယ်ဗီးတို့၊ ရူဆိုးတို့ရော ပြန်ရောက်ကြပြီ၊ ဒယ်ဗီးက မေးတယ် သမီးရဲ့၊ ပါရီမှာ ကွန်မြူနစ်တွေ မရှိဘူးလားတဲ့။ ကွန်မြူနစ်တွေ မြေအောက်ရောက်နေပြီလို့ အမေက ပြောလိုက်တယ်၊ ရှာလို့မလွယ်ဘူးလို့၊ သူတို့ကတော့ ဂျာမန်တွေကို တော်တော်နဲ့ အရှုံးပေးမှာ မဟုတ်ဘူးလို့လဲ ပြောလိုက်တယ်။ ဒီလောက်ပဲ ပြောရမှာပေါ့ သမီးရဲ့၊ ဒီထက်ပြောလို့ ဘယ်ဖြစ်မလဲ၊ သူကတော့ ကျေနပ်ပုံမရဘူး၊ လူတွေ ဒီလိုပဲ နေရတော့မှာလားတဲ့ဗျာတဲ့၊ သူက မေးတယ်။ ဟုတ်တယ် သမီးရဲ့၊ ဂျာမန်တွေအောက်မှာ ဘယ်သူမှ မနေချင်ကြဘူး၊ ဝက်အူချောင်းလေး စားလိုက်ဦးလေ သမီး၊ အသားကလဲ ဘာမှဝယ်လို့ မရပါဘူးကွယ်၊ နောက်ဆိုယင် ဘာမှတောင် ရတော့မှာ မဟုတ်ပါဘူး၊ ဂျာမန်တွေက သူတို့တိုင်းပြည်ကို ပြန်ပို့နေတာကိုး၊ ဘာရှိတော့မှာလဲ၊ ပိုက်ဆံဆိုလည်း သူတို့ကလုပ်တာ၊ စက္ကူတွေကို ရိုက်လိုက်တာ အများကြီးပဲတဲ့၊ အဲဒီငွေစက္ကူတွေနဲ့ စစ်သားတွေကို လခပေးတာတဲ့၊ ဂျာမန်စစ်သားတယောက်ဆိုယင် ဝယ်ထားလိုက်တာကွယ် တထွေ့တပိုက်ကြီး နည်းတာတွေ မဟုတ်ဘူး၊ ကော်ဖီဗူးတွေရော၊ ခြေအိတ်တွေရော၊ ဖိနပ်တွေရော စုံလို့ပဲ၊ စားဦးလေ သမီးရဲ့၊ စားစမ်းပါ။ အားရပါးရ၊ နောင်မှာ စားချင်မှ စားရတော့မှာ၊ ဘာမှပြောလို့ရတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေမှ၊ လုပ်စရာတွေ ရှိသေးတယ်မဟုတ်လား၊ ဒီဗယ် ပြောသလိုပေါ့။ ကျွန်တော်တို့ကတော့ ဒီကောင်တွေကို နည်းနည်းမှ မယုံဘူးတဲ့၊ ဟုတ်တာပေါ့"

ပါရီတွင် ကသောင်းကနင်း စဖြစ်သည့်အချိန်တွင် ဆိုင်ရာမှ ညွှန်ကြားချက်များကို ဒင်းနိစ်ရသည်။ ပါရီတွင် နေရစ်ခဲ့ရမည်ဟု ဆိုင်ရာက ညွှန်ကြား၏။ "ပါရီတွင်

အလုပ်လုပ်နေရမည်။ ဆက်သွယ်စရာရှိသည်တို့ကို ရဲဘော်ဂတ်ဆန် မှတဆင့် ဆက်သွယ်ပါ” ဟု ညွှန်ကြားချက်တွင် ပါသည်။ ဂျာမန်တို့ ပါရီမြို့ထဲ မဝင်မီ တနေ့တွင် ဒင်းနိစ်သည် သူ့ကိုပေးထားသည့် လိပ်စာအတိုင်း တနေရာသို့ သွားသည်။ မျက်ရည်စမ်းစမ်းနှင့် မိန်းမကြီးတယောက်က တံခါးလာဖွင့်ပေး၏။ “ရဲဘော်ဂတ်ဆန် မရှိတော့ဘူး၊ ဖမ်းသွားကြပြီ၊ ငါလဲ ပါရီက ထွက်တော့မလို့” ဟု ပြောလိုက်သည်။ ဒင်းနိစ်သည် ရဲဘော်များကို လိုက်ရှာ၏။ မည်သူ့ကိုမျှ မတွေ့ရတော့။ အိမ်တံခါးတွေ ပိတ်ထားလျက်။ ပါရီမှ ထွက်သွားကြပြီလော။ သို့မဟုတ် မြေအောက်တွင် ပုန်းနေကြသည်လော။

ကြောက်စရာ အကောင်းဆုံးမှာ မလှုပ်မယှက် ငြိမ်သက်နေရခြင်းပင် ဖြစ်သည်။ အချိန်ကလည်း ကုန်ခဲလှချည့်။ ညညဆိုလျှင် နာရီကြီးကို ကိုင်ပေါက် ရိုက်ခွဲပစ်လိုက်ချင်သည်။ နာရီသံက ချောက်ချက် ချောက်ချက်။ မျက်နှာသစ်ခွက်ထဲက ရေက တပေါက်ပေါက်ကျလျက်။ ပေါက်... ပေါက်... ပေါက်။

မစ်ရှော တယောက်ကော မည်သို့များ ဖြစ်နေမည်နည်း။ မစ်ရှော အသက်သေသည် ရှင်သည်ကိုမျှ မသိရပဲ သူသေသွားရတော့မည်လော။ မစ်ရှော၏ “ဘယ့်နှယ်လဲ” ဆိုသည့် စကားလုံးများကို မကြားရတော့ပဲ သေသွားရတော့မည်လော။ စစ်ကြီးသာ မဖြစ်ခဲ့လျှင် သူတို့နှစ်ယောက် အတူနေကြရတော့မည်။ ပျော်နေကြတော့မည်။ ယခုမူ ဘာမျှ မရှိတော့။ အစည်းအဝေးတွေကိုလည်း မသွားရတော့။ ဘဝလည်း မရှိတော့။ ဂျာမန်တို့ကလည်း ပါရီသို့ ရောက်နေကြပြီ။ မယုံနိုင်။ ယုံအောင် ထိုစကားများကို မကြားခဏ ရေရွတ်နေရသည်။ မစ်ရှောလည်း မရှိတော့။ တိုက်ပွဲများတွင် ကျဆုံးခဲ့ပြီလော မဆိုနိုင်။ သို့ပန်းများ အဖမ်းခံရလေသလော။ ဂျာမန်တို့လက်ထဲသို့ အသက်ရှင်လျက် ရောက်ရသည်မှာ မည်မျှကြောက်စရာကောင်းသနည်း။ ဂျာမန်များသည် စစ်တပ်ကြီးများကိုပင် အရှင် ဖမ်းခဲ့ကြသည် မဟုတ်လော။

ဇွန်ညများက ရှည်ပါဘိခြင်း။ ဒင်းနိစ်သည် မစ်ရှော၏ အမည်ကို တဖွဖွ ရွတ်နေမိသည်။ နောက်ဆုံးတွင် ထုံထိုင်းသွားသည် အထိပင်။

ပါရီတွင် သူကျန်ရစ်ခဲ့မည်ဖြစ်ကြောင်း ရဲဘော်ကလော်ဒယ် ပြောဖူးသည်ကို ဒင်းနိစ် ရုတ်တရက် အမှတ်ရသည်။ သူ့ကို လိုက်ရှာရမည်။ သူ့လိပ်စာကို ဒင်းနိစ် ကောင်းကောင်း မှတ်မိသည်။ မေလအရေးအခင်းများ ဖြစ်ပွါးသည့် နှောက်ပိုင်းတွင် ထိုနေရာကို သူပင် ရှာပေးခဲ့သည် မဟုတ်လော။ ထိုနေရာတွင် ယခုတိုင် ရှိမှရှိပါသေး၏လော။

သူသွားတော့မည် ဆိုသည့်အခါတွင် အဘွားအို ကလီးမင့်က ခရီးရှည်ကြီးတခု သွားခါနီး နှုတ်ဆက်သလို အကြာကြီးဖက်ထားသည်။

“နေဦး သမီးရဲ့၊ နှုတ်ခမ်းနီ များများဆိုးသွား၊ အဲဒီလိုမိန်းမမျိုးတွေကို သူတို့က ဘာမှ အန္တရာယ် မပေးဘူးတဲ့”

ဒင်းနိစ် သွားရမည့်လမ်းက ပါရီမြို့လယ်ကောင်ကို ဖြတ်သွားရမည်။ ဂျာမန်စစ်သားကို ပထမဆုံး မြင်လိုက်ရသည့်အခါတွင် ဒင်းနိစ် တုံ့ကနဲဖြစ်သွားသည်။ ထွက်ပြေးရမည်လောဟု စိတ်ကူးမိသေး၏။ မျက်နှာကြီးက မုန်းစရာ။ စက်ဆုပ်စရာ။ လက်မောင်းပေါ်တွင် စကြာတံဆိပ်ကြီးကို ပတ်ထားသည်။ မကြောက်ရန် ကိုယ့်ကိုယ်ကိုယ် အားပေး၏။ ယခုအချိန်တွင် အရာရာကို ဖုံးကွယ်ထားရမည့်အချိန် မဟုတ်လော။ ကလော်ဒယ်နှင့် တွေ့မှတွေ့ပါမည်လော၊ အလုပ်တွေ စလုပ်မှလုပ်နိုင်ပါဦးမည်လောဟု တွေးယင်း ဆက်လာခဲ့သည်။

ရိပ်သာလမ်းမကြီးများကို ဖြတ်လာခဲ့၏။ ဘေးဘီမကြည့်ရန် ကြိုးစားသော်လည်း မနေနိုင်။ ကြည့်မိသည်။ ကဖီးဆိုင်များ၏ စြင်္ကံများတွင် ဂျာမန်စစ်ဗိုလ်များသည် ပြည့်တန်ဆာများနှင့် ထိုင်လျက် ရှိကြ၏။ မိန်းမတွေက ပင်လယ်ကမ်းခြေ နေဆာလှုံထွက်သလို ဝတ်စားထားပြီး ဒူးပေါ်ပေါင်ပေါ် တိုနံ့နံ့ကလေးတွေနှင့်။ ခြေတွင် ညှပ်ဖိနပ်ကို စီးလျက်။ လက်သည်းတွေကိုလည်း ပတ္တမြားလုံးတွေလို ရဲနေအောင် ဆိုးထားကြသည်။ သူတို့အားလုံး ရယ်မောလျက်။ ရှမ်ပိန်သောက်လျက်။ ဖန်ခွက်နှုတ်ခမ်း ထိလျက်။ ဆိုင်ပြတင်းများတွင် အဘိဓာန်စာအုပ်တွေ။ နှစ်ဘာသာ စကားပြော စာအုပ်တွေ၊ ပါရီမြို့ လမ်းညွှန်စာအုပ်တွေ။ အားလုံး ဂျာမန်ဘာသာဖြင့်ချည်း။ အချို့က ဂျာမန်စစ်သားများအား အမှတ်တရ ပစ္စည်းကလေးတွေ ရောင်းနေကြသည်။ အီဖယ်မျှော်စင်ပုံ အသေးစားကလေးများ။ ရင်ထိုးကလေးများ။ ရှုမျှော်ခင်း ပို့စကတ်များ။ ညစ်ညမ်းသည့် ဓာတ်ပုံများ။ ထိုပစ္စည်းများ ရောင်းကောင်းလိုက်သည့် ဖြစ်ခြင်း။ ပြင်သစ် ဖရန့်ဒင်္ဂါးများကို ဂျာမန် ငွေစက္ကူဖြင့် သိကြသည်။ သတင်းစာရောင်းသည့် လူငယ်ကလေးများက သတင်းစာများကို အော်ရောင်းနေကြသည်။ “လေမာတင် သတင်းစာတွေ ရမယ်” “အောင်ဖေယျ သတင်းစာ တွေ ရမယ်” ဟူသည့် အသံ။

ဒင်းနိစ်သည် သတင်းစာတစောင်ကို ဝယ်၍ လှန်ကြည့်၏။ “ချစ်ခင်လှစွာသော ကျွန်ုပ်တို့၏ မိတ်ဆွေ ဧည့်သည်တော်ကြီးများသည် ပြင်သစ်အစားအသောက်ကို အရသာတွေ့မည် မလွဲပါ” ဟု ရေးသားထားသည့် ပျော်ပွဲစားရုံ ကြော်ငြာ။ နောက်ကြော်ငြာတခုကို ဖတ်ပြန်သည်။ “တက္ကသိုလ်နှစ်ခုတွင် ပညာသင်ခဲ့ဖူးသည်။ ဂျာမန်စကား ပြောတတ်သည်။ စားပွဲထိုး အလိုရှိက ခေါ်နိုင်ပါသည်”

ဒင်းနိစ်သည် သတင်းစာကို လွှင့်ပစ်လိုက်၏။

ခြောက်သွေ့၍ ရန်သူ သိမ်းပိုက်ထားသည့် မြို့ကြီးထဲ၌ လောက်များ၊ ကြမ်းပိုးများ၏ မထင်မရှား မသန့်မရှင်းဘဝသည် သွားမြဲသွားလျက် ရှိ၏။ ညစ်ညမ်းသည့် ဓာတ်ပုံများ၊ ရုပ်အကျီများ၊ အပြုံးများနှင့် ဂုဏ်သိက္ခာ အကြွင်းအကျန်ကလေးများကို ရောင်းချနေကြသည်။ ပါရီမြို့ကြီးမှ ဟုတ်ရဲ့လားဟု စက်ဆုပ်စွာ တွေး၏။

ဆိန်းမြစ် ဝဲဘက်ကမ်းမှ မြို့ဘက်သို့ ကူးလာခဲ့သည်။ ဟာလာဟင်းလင်း ဖြစ်နေသော လမ်းမများတလျှောက် အချိန်အတော်ကြာ လျှောက်သွားနေမိသည်။ လူသွားလူလာ မရှိတော့သည့်အခါတွင် လမ်းမများသည် ပို၍ ရှည်လျားနေသည် ထင်ရ၏။

လှလိုက်သည့်မြို့။ စွဲလမ်းစရာ ကောင်းလိုက်သည့်မြို့။ ဆိုင်ရှင်မရှိကြတော့သည့် ဆိုင်များထဲတွင် ကုန်ပစ္စည်းများကို အလှပြထားဆဲ၊ လည်စည်းများ၊ ကစားစရာများ၊ စာတန်းတွေကို ထိုးထားသည့် ဘီယာသောက်သည့် ဖန်ခွက်ရှည်ကြီးများ။ ပိတ်ထားသည့် ဆိုင်တံခါးတခုအနီးတွင် မေ့ကျန်ရစ်ခဲ့သည့် ထီးတချောင်းက အဘိုးအိုတယောက်နှယ် တံခါးကို မှီလျက်။ လသာဆောင်တဆောင် ဝရန်တာတခုပေါ်မှ ပန်းအိုးတလုံးထဲတွင် ညှိုးခြောက်နေသည့် ရေမွှေးပန်းပွင့်တပွင့်။ ပြတင်းတခုတွင် ငှက်လှောင်အိမ်ကလေးတလုံး ချိတ်ဆွဲလျက်။ အထဲတွင် “ကနေရီ” ငှက်ကလေးတကောင် သေနေသည်။ “အိပ်ပျော်နေတဲ့ အလှကလေးရယ်” ဟု ဒင်းနိစ် ပါးစပ်မှ ဆိုမိသည်။ နတ်သမီး ပုံပြင်ဝတ္ထုစာအုပ်များထဲတွင် တွေ့ဖူးသည့် အရုပ်ကို သွား၍ အမှတ်ရ၏။

ရေးအဆောက်အအုံကြီးများထဲတွင် အလှဆင်ထားသည့် ဒုယင်ထောင့်များ၊

ပြန်လည်ဆန်းသစ်ရေးခေတ်တုန်းက ရုပ်တုများ၊ ဆယ့်ရှစ်ရာစုနှစ် တိုင်လုံးကြီးများကို အသေးစိတ် သူတခါမျှ မကြည့်ဖူးခဲ့။ ယခင်တုန်းက လူတွေ ကျောက်တုံးကို နိုင်ခဲ့ကြသည်။ ယခု ကျောက်တုံးက လူတွေအပေါ် ပြန်၍ အောင်ပွဲခံနေလေပြီ။

ပေါ့ရှိုင်ယယ်ရိပ်သာ လမ်းမကြီးတလျှောက်တွင် ခါးကုန်းတယောက်က သစ်ပင်တွေကို ငေးကြည့်နေသည်။ မျက်မမြင်တယောက်က စြင်္ကံတွင် တဒေါက်ဒေါက် မြည်အောင် တုတ်ထောက်ပြီး ဖြတ်သွား၏။ ခြေတဘက် ကျိုးနေသည့် လူငယ်တယောက်က ချိုင်းထောက်တချောင်းဖြင့် လျှောက်သွားသည်။ ဒုက္ခိတများ၊ မစွမ်းမသန်သူများသည် အိမ်ခေါင်းကလေးများထဲမှ ထွက်လာကြ၏။ သူတို့သည် ဘယ်ကိုမျှ မသွားနိုင်။ ယခု ပါရီမြို့ကြီးတွင် သူတို့ မှီတင်းနေထိုင်လျက် ရှိကြသည်။

သံပရာပင်များတွင် အပွင့်တွေ ပွင့်ကုန်ကြပြီ။ လေက တောနံ့ သင်းမြလျက်။ ကြောက်လန့်နေသည့် ငှက်ကလေးများက ထိုမှ ဤမှ ပျံသန်းနေကြသည်။ ကောင်းကင်က ဂျာမန်လေယာဉ်တို့၏ တဝေါဝေါမြည်သံကို ကြားနေမကျကြသေး။ ဂျာမန်လေယာဉ်ပျံများသည် မနက်မှ ညသန်းခေါင်တိုင် ပါရီမြို့ကြီးပေါ်တွင် ပျံဝဲနေကြသည်။ တခါတရံ ခေါင်မိုးတွေနှင့်များ တိုက်မိလေမည်လောဟုပင် ထင်ရ၏။

မြို့ကြီးက ဟာလာဟင်းလင်း။ ထို့နောက် လူတွေ ဘယ်ကပေါ်လာသည်မသိ။ ပေါ်လာကြသည်။ စစ်ပြေးဒုက္ခသည်များက စြင်္ကံတလျှောက်တွင် လျှောက်လာကြ၏။ ပင်ပန်းနွမ်းနယ်ကာ အိပ်ချင်မူးတူးဖြစ်နေသည့် ကလေးများကို ပွေ့ချီသူက ပွေ့ချီလျက်။ သူတို့သည် လွန်ခဲ့သည့်တပတ်လောက်က မြို့မှထွက်ပြေးခဲ့ကြသည်။ ထိုစဉ်က သူတို့မျက်နှာတွင် ကြောက်ခြင်းနှင့် မျှော်လင့်ချက်သည် ယှဉ်တွဲပေါ်ပေါက်လျက်ရှိ၏။ သွားရမည့် လမ်းပန်းအကြောင်းကို မေးကြ၏။ သစ္စာဖောက်များကို ဆဲရေး တိုင်းထွာကြ၏။ လုံခြုံရာ တွေ့လိုတွေ့ငြား ထိုမှ ဤမှ ပြေးကြ၏။ ယခု သားသတ်ရုံသို့ သွားနေသည့် တိရစ္ဆာန်အုပ်တအုပ်နှယ် ပါရီမြို့တွင်းသို့ ပြန်ဝင်လာနေကြပြန်ပြီ။ သည်ရက်များအတွင်း သူတို့ တွေ့ခဲ့မြင်ခဲ့သည်တို့က ကြောက်စရာ စက်သေနတ်ကျည်ဆန်များအောက်တွင် ဝမ်းလျားမှောက်ခဲ့ကြရသည်။ မီးရထားတွဲများကို ဖောက်လုခဲ့ကြသည်။ အဆိပ်ခတ်ထားသည့် ရေတွင်းများဘေးတွင် ငိုခဲ့ကြရသည်။ ချစ်သူခင်သူ ဆုံးရှုံးခဲ့ရသူတို့ကလည်း တပုံတပင်။ ယခု သူတို့အားလုံး မျှော်လင့်ချက် ဆုံးခဲ့ကြပြီ။ ပါရီမှ သူတို့ထွက်သွားတုန်းက ပါရီမြို့ကြီး အဝိုင်းခံနေရသည်ကို သတိမထားမိခဲ့ကြ။ ပြန်လာသည့်အခါတွင်မှ လမ်းမတကာတွင် ဂျာမန်စစ်သားများကို မြင်ရ၏။ သူတို့ကို လမ်းမှဆီး၍ တားကာ မြို့ပြင်သို့ မောင်းထုတ်ကြသည်။ ကိုယ့်ဇာတိမြို့ကို ကိုယ်ပြန်လာရသည်နှင့် မတူ။ ပြန်မိသည့် ထောင်ပြေးတွေ ထောင်သို့ ပြန်လာရသည်နှင့် တူနေသည်။ ကလေးမိခင်တယောက်က ဂျာမန်စစ်သားများကို ကြောက်လန့်တကြား လှမ်းကြည့်ယင်း ငိုနေသည့် ကလေးငယ်ကို “မငိုနဲ့၊ တိတ်တိတ်” ဟု ခပ်တိုးတိုးကျိတ်ပြောနေသည်။

အုတ်နံရံတခုတွင် ကပ်ထားသည့် ပိုစတာတခုကို ဒင်းနိစ်မြင်ရ၏။ ဂျာမန်စစ်သားတယောက်က ကလေးလေးတယောက်ကို ပွေ့ချီလျက်။ အမျိုးသမီးတယောက်က ဘေးတွင် ပြုံး၍ ရပ်လျက်။ ရုပ်ပုံအောက်တွင် “ပြင်သစ်လူဦးရေကို ကာကွယ်ထိန်းသိမ်းသူ” ဟု ရေးထား၏။

ထိုပိုစတာနံဘေးတွင်မူ စုတ်ပြတ်နေသည့် ဇာတ်ပွဲကြော်ငြာ ပိုစတာတရွက်။ "ယနေ့ည အိုဒီအုန်းရုံတော်ကြီးတွင် အရိုင်းနဲ့အယဉ် ပြဇာတ်ကြီး ကြွရောက်ရှုစားတော်မူကြပါ" တဲ့။

ဂျာမန်တို့၏ မျက်လုံးများက ခပ်ပြာပြာ။ တောက်တောက်ပပ။ ယခု ထိုမျက်လုံးပြာပြာများသည် ဒင်းနိစ်ကို ဝိုင်း၍ ကြည့်နေကြပြီ။ ဒင်းနိစ်သည် မျက်နှာကို တဘက်သို့ လွှဲလိုက်၏။ သို့ရာတွင် မျက်လုံးပြာပြာများကို ရှောင်၍မလွတ်။ လမ်းတဘက်သို့ ကူးလိုက်သည်။ တောက်ပသည့် သတ္တုပြာရောင် ပေါ်လာပြန်သည်။ ဒင်းနိစ် သည်းမခံနိုင်တော့။ အော်ငိုပစ်လိုက်သည်။ ထောင်ပေါင်းများစွာသော မျက်လုံးများသည် နံရံပေါ်မှ သူ့ဆီသို့ ဆင်းလာနေသည်ဟု ထင်ရ၏။ သက်ရှိလူတဦးဟု မထင်။ အရုပ်ကြီးတခုဟု ထင်လိုက်သည်။ သို့ရာတွင် ဂျာမန်စစ်ဗိုလ်ကလေးက နောက်သလိုလိုနှင့် သူ့နှုတ်ခမ်းများကို လျက်လိုက်၏။

ဂိုဘီလင်ရိပ်သာ လမ်းမထဲသို့ ချိုးဝင်လိုက်သည်။ ချစ်ချစ်တောက် ပူနေသည့် နေရောင်အောက်တွင် အမျိုးသမီး သုံးလေးဆယ်ခန့် တန်းစီနေကြ၏။ လှုပ်လှုပ်ရွရွ အသံများကို ကြားရသည်။ "ပြင်သစ်စစ်သားတွေကို လိုက်ဖမ်းနေသတဲ့ဗျို့" ဟု အော်သွားသံကို ကြားရ၏။

တန်းစီနေသည့် မိန်းမများသည် အနီးရှိ အိမ်တလုံးထဲသို့ ပြေးဝင်သွားကြသည်။ လမ်းမပေါ်တွင် နွားနို့တွေ ဖိတ်လျက်။ ပုလိပ်များက လူငယ်ကလေးတယောက်ကို အိမ်ထဲမှ ဆွဲထုတ်လာကြသည်။ ပြင်သစ်စစ်တပ် ယူနီဖောင်းနှင့် အပေါ်က အလုပ်သမားဝတ်စုံ အင်္ကျီကို ဝတ်ထားသည်။

"သူ့အမေနဲ့ တွေ့ပါရစေ"

တယောက်က အော်သည်။ အမေအိုတယောက် (ကလီးမင့်များလားဟု ဒင်းနိစ် ထင်လိုက်မိသေးသည်။) သားကလေးဆီသို့ လျှောက်သွားကာ ဖက်၍ ငိုနေသည်။ "သွားတော့မယ် အမေ" ဟု စစ်သားက ခပ်တိုးတိုး ပြောသည်။

ပုလိပ်များက စစ်သားကလေးကို အချုပ်ကားဆီသို့ တွန်းပို့လိုက်သည်။ အမေအိုက ရှက်အမ်းအမ်း ဖြစ်နေသည့် ပုလိပ်များကို ကြည့်ကာ... "နင်တို့သခင်တွေအတွက် လုပ်ပေးနေကြတာပေါ့၊ ဟုတ်လား" ဟု ပြော၏။

အပြာရောင် သတ္တုမျက်လုံးများကို ဒင်းနိစ် မြင်ယောင်လာပြန်သည်။ အပြာရောင် မျက်လုံးတွေ။ ကော့ညက် သောက်လျက်။ ဝက်အူချောင်း စားလျက်။ ချွဲရှင်းလျက်။

ဒင်းနိစ်သည် လမ်းတလမ်းထဲသို့ ချိုးဝင်လိုက်သည်။ အီတလီရပ်ကွက်ထဲမှ ဆင်းရဲသားကွက်သစ်ကလေးတခုဖြစ်၏။ အိမ်များက ကိုယ်တုံးလုံး ချွတ်ခံထားရသည့်နှယ် ဟာလာဟင်းလင်းဖြစ်လျက်။ ကြည့်လေရာရာတွင် ညစ်ပတ်အကျည်းတန်မှုကို မြင်ရသည်။ သည်တဝိုက်တွင် ဘာမျှ မရှိတော့။ ဆူညံသည့် လူအုပ်လည်း မရှိ။ ဆိုင်ပြတင်းများတွင် ဆင်ယင်မွမ်းမံထားသည်ကိုလည်း မတွေ့ရ။ အဘိုးကြီး သုံးလေးယောက် လှေကားထစ်ပေါ်တွင် ထိုင်ကာ ဖဲကစားနေကြသည်။ အမျိုးသမီးများက လှေကားထစ်များထိပ်တွင် ရပ်နေကြသည်။ ဂျာမန်စစ်သားများကို မြင်သည်နှင့် ပျောက်သွားကြ၏။ သို့ရာတွင် ဂျာမန်စစ်သားကလည်း သည်ရပ်ကွက်မျိုး မလာ။

ဒင်းနိစ်က ခေါင်းလောင်းကို နှိပ်လိုက်သည်။ မည်သူမျှ မဖြေ။ မည်သူ ပြောနိုင်သနည်း။ အလျင်တုန်းက လူများသည် သူတို့စိတ်အလိုကို ဆန့်ကျင်ကာ

ပါရီမှ ထွက်သွားခဲ့ကြသည်။ တရုန်းရုန်း ထွက်နေသည့် လူအုပ်ကြီး၏ အသံဗလံများနှင့် အလန့်တကြား ထွက်ခွာနေသူများကို ကြည့်၍ ရောယောင်ပါသွားခဲ့ခြင်းဖြစ်၏။ ယခုဆိုလျှင် ကလော်ဒယ်တယောက် အဖမ်းများ ခံနေရပြီလော။ ဂျာမန်တို့က အိမ်များကို လိုက်ရှာနေကြသည်။

ဒင်းနိစ်သည် နံရံကိုကပ်၍ အထဲကအသံကို နားထောင်ကြည့်၏။ ဘာအသံမျှ မကြားရ။

သို့ရာတွင် အိမ်ထဲ၌ ကလော်ဒယ်သည် မင်းတုပ်ကို ကိုင်ယင်း ရပ်နေသည်။ သူ့ကိုဖမ်းဖို့ ဂျာမန်တွေ ရောက်လာလေပြီလော။ တံခါးကို ချက်ချင်း မဖွင့်နိုင်။ လွတ်လပ်သည့် နောက်ဆုံးအချိန်ကလေးကို နေလိုက်ချင်သေးသည်။

"ဟင်... ဒင်းနိစ်"

နှစ်ယောက်သား အတန်ကြာ စကားမပြောမိကြ။ ကလော်ဒယ်က စ၍ ပြောသည်။

"ကိုယ်တို့အဖြစ်က တော်တော် ဆန်းတယ်နော်၊ ဒီအဖြစ်မျိုးကို ဘယ်တော့မှ ရောက်မယ် မထင်ခဲ့ဘူး၊ ကြည့်စမ်းပါဦး ပါရီတမြို့လုံး ဂျာမန်တွေနဲ့ ပြည့်လို့"

သူ့ကို ဒင်းနိစ်ကြည့်သည်။ ပါးပြင်က ဖြူရော်ရော်။ သို့ရာတွင် မျက်လုံးများက တောက်ပလျက်။ အခန်းက စုတ်ချာချာ။ စားပွဲပေါ်တွင် ပေါင်မုန့်တဖွဲ့၊ ကဗျာတွေ ရေးထားသည့် ဗလာစာအုပ်တအုပ်နှင့် "သံမဏိသူရဲကောင်း" ဆိုသည့် ဝတ္ထုစာအုပ်တအုပ်။

"ကျွန်မတို့ တခုခုတော့ လုပ်ကြမှ ဖြစ်မယ် ထင်တယ်၊ ရှင့်မှာ အဆက်အသွယ်ကလေး ဘာလေး မရှိဘူးလား"

"ဟင့်အင်း... မရှိဘူး၊ ကိုယ်တို့လူတွေထဲက ဂျူလီယန်ဆိုတဲ့ လူတယောက်ပဲ ပါရီမှာ ကျန်ခဲ့တယ်၊ ဒါပေမယ့် သူကလဲ ဘယ်မှာနေမှန်း မသိဘူး၊ ကိုယ့်ဆီတော့ ပေါက်လာလိမ့်မယ် ထင်တာပဲ၊ ဒါပေမယ့် လမ်းက မြင်မြင်ထင်ထင်တော့ လာမယ် မထင်ဘူး၊ ကိုယ့်တို့က စာရင်းပေါက်လူဆိုးတွေ ဖြစ်နေပြီလေ၊ ခုဆို ကိုယ့်တို့ကို လိုက်ရှာနေကြလိမ့်မယ် ထင်တယ်၊ ကိုယ်တို့အထဲက ရှာဖေးဆိုတဲ့ကောင်က ဂျာမန်တွေနဲ့ ပေါင်းသွားပြီး ရဲဘော်တွေကို လိုက်ဖမ်းပေးနေတယ်"

"ကျွန်မတို့ တခုခုတော့ လုပ်မှဖြစ်မယ် ရဲဘော် ကလော်ဒယ်၊ ခုဆို စစ်ပြေးဒုက္ခသည်တွေ ပြန်ဝင်လာကြပြီ၊ သူတို့မေးတဲ့ မေးခွန်းက ကွန်မြူနစ်တွေ ဘာလုပ်နေကြသလဲ ဆိုတာပဲ၊ ကျွန်မတို့ စောင့်နေလို့ သိပ်မဖြစ်ဘူး၊ ဘာမှမလုပ်ပဲ ထိုင်နေတာဟာ အပြစ်ကျူးလွန်နေတာနဲ့ အတူတူပဲ"

"ကိုယ့်မှာ ကျောက်ပုံနှိပ်တဲ့ ကိရိယာလေးတခုရှိတယ်၊ မင်လဲ ရှိတယ်၊ စက္ကူလဲ ရှိတယ်၊ အားလုံး အဆင်သင့်ပဲ၊ ဘာမှ မသုံးရပဲ ဖြစ်နေတယ်၊ ကြေငြာချက်ကလေး ဘာလေး ထုတ်ယင် မကောင်းဘူးလား"

ကလော်ဒယ်က ချောင်းကို ပြင်းစွာ ဆိုးနေသည်။ ဒင်းနိစ်က ဘာမျှမပြော။ ကြေငြာချက် ထုတ်ယင်ကော ဘာကို ထုတ်မည်နည်း။ ဘာထူးမည်နည်း။ သည်လောက်လုပ်ရုံဖြင့် ဘာမှ အကျိုးမထူး။ ကလော်ဒယ်သည် ရဲဘော်ကောင်းတယောက်။ သတ္တိရှိ၍ လုပ်ရဲကိုင်ရဲသူတယောက်။ ဤအချက်ကို ဘာမျှ သံသယဖြစ်စရာမလို။ သို့ရာတွင် သူသိရသလောက် ပြောရလျှင် ကလော်ဒယ်သည် ဘာကိုမျှ ရေရေလည်လည် သိသူ မဟုတ်။ သိသည့် အဆက်အသွယ်ကလည်း ရှာ၍ မရ။

ဒင်းနိစ်သည် ပြတင်းပေါက်အနီးတွင် ခပ်ကုပ်ကုပ် ထိုင်နေသည်။ သူ့ရှေ့တွင် လမ်းမကြီးက လူသူကင်းရှင်းလျက်။ အတိတ်ကို ချက်ချင်း အမှတ်ရလာသည်။ လမ်းမတွင် စီတန်းဆန္ဒပြပွဲကြီးတခု လှည့်လာသည်။ ဝရန်တာများတွင် အမျိုးသမီးများက ရှောစောင်အနီတွေကို ခြုံလျက် ထွက်ကြည့်နေကြသည်။ သီချင်းသံတို့က မြည်ဟိန်းလျက်။ သူငယ်ကလေးတွေက စာကလေးများလို သစ်ပင်တွေပေါ် တက်ပြီး အော်နေကြသည်။ အမျိုးသမီးများက လက်သီးဆုပ်များကို မြှောက်ပြနေကြသည်။ အရာအားလုံးသည် တောက်ပလျက်။ မြည်ဟီးလျက်။ ပွဲတင်ထပ်လျက်။ ဆန္ဒပြပွဲထိပ်တွင် မစ်ရှောက ခေါင်းဆောင်လာသည်။ ဒင်းနိစ် ခါးကို မတ်လိုက်သည်။ "အစ်ကို ရောက်နေပြီလား" ဟု မေးသည်။ မစ်ရှောက ဘာမျှ မဖြေ။ ရှေ့သို့ ဆက်လက် ချီတက်ယင်း မျက်လုံးများကို တူရှုသို့ ကြည့်နေသည်။ မစ်ရှောကို ကြည့်ရသည်က အရပ်ပိုမြင့်လာသည် ထင်ရ၏။ ပို၍ ရွှင်လန်းလာသည် ထင်ရ၏။ မစ်ရှောသည် ကတုတ်ကျင်းတွေ၊ ဂျာမန်အလောင်းကောင်တွေကို ကျော်ဖြတ်လာနေသည်။ မစ်ရှောသည် ရပ်တန့်နေလိမ့်မည် မဟုတ်။ မစ်ရှောသည် အမှားကို လုပ်မိလိမ့်မည် မဟုတ်။ မစ်ရှောသည် ရှေ့သို့ အမြဲ ဆက်လက် ချီတက်နေလိမ့်မည်။

ဒင်းနိစ်က မသိမသာပြုံးကာ နှုတ်ခမ်းများကို လှုပ်သည်။ " ရဲဘော်... ကလော်ဒယ်၊ ကျွန်မကို စာရွက်တရွက်လောက် ပေးပါလား"

ကဗျာ ရေးလိမ့်မည်ဟု ကလော်ဒယ် ထင်လိုက်သည်။ အခန်းထောင့်သို့ ထ၍ စာရွက်ရှာ၏။ ဒင်းနိစ်က စကားလုံးများကို ရွေးနေသည်။ စကားလုံးတွေက နီးနီးကလေးတွင် ရှိသော်လည်း ရုတ်တရက် ရှာ၍ မရနိုင်။ လမ်းလျှောက်လာယင်း တွေးလာသော စကားလုံးများကို အမှတ်ရလာသည်။ "ဤသည်မှာ ပါရီမြို့ ဖြစ်သည်။ တော်လှန်ရေး၏ ပုခက်... ဘုံအဖွဲ့ မွေးဖွားရာ မြို့တော်၊ ပြင်သစ်ပြည်ကြီး၏ အသည်းနှလုံး..."

ခြေဦးတည့်ရာ လျှောက်သွားနေသည့် ပြင်သစ်စစ်သားများ၏ အသံများကို သတိရလာသည်။ လမ်းမတွင် ကျောက်ထုနေကြရသည့် စစ်သုံ့ပန်းများ၏ အသံများကို ကြားယောင်လာသည်။ ဂျာမန်တို့က သူတို့ကို လှောင်ပြောင်လျက်။ မဆုံးနိုင်သည့် လမ်းများတွင် လျှောက်သွားနေကြရသည့် စစ်ပြေးဒုက္ခသည်များ၏ အသံများက စိတ်ဝယ် ထင်လာသည်။ ဟုတ်သည်... ထိုအသံများသည် ပြင်သစ်ပြည်သူများ၏ အသံများ ဖြစ်သည်။ နောက်ထပ်အသံတွေကိုလည်း ကြားရသေးသည်။ ဟာလာဟင်းလင်းဖြစ်နေသည့် မြို့ကြီးထဲတွင် သူတယောက်သာလျှင် အော်ဟစ်သံ၊ တိတ်ဆိတ်သံ၊ ဒေါသသံ၊ မျှော်လင့်သံကို ကြားရပေသည်။ တယောက်ယောက်က ရွတ်ပြနေသည်ကို လိုက်ရေးနေသလို ဒင်းနိစ်သည် မရပ်မနား ရေးနေသည်။

ကလော်ဒယ်က စာရွက်ကို ဖတ်ပြီးနောက် မျက်လုံးကို သုတ်လိုက်၏။ သူ့လက်တွင် ခရမ်းရောင်မင်တွေ စွန်းပေနေသဖြင့် မျက်နှာတွင် မင်တွေ ကွက်နေလေ၏။

"ဘယ်လိုလုပ်ပြီးများ ရေးလိုက်တာလဲ ဒင်းနိစ်ရယ်"

"အသာနေ... အသာနေ"

ပတ္တူရောင်များ၏ စစ်ဖိနပ်သံများကို ကြားရ၏။ ထိုနောက် မော်တော်ကားအမိုးတွင် တပ်ထားသည့် အသံချဲ့စက်မှ အသံပေါ်လာသည်။

"အိမ်ပြင်မထွက်ကြနဲ့၊ ကိုယ့်အိမ်ထဲ ကိုယ်ပြန်ကြ၊ ကိုယ်အိမ်ထဲ ကိုယ်ပြန်ကြ၊ အချိန်စေ့ပြီ" ဟူသော အသံချဲ့စက်မှအော်သံ။

(ဂျာမန် ရုပ်သေးအစိုးရ ခေါင်းဆောင်) မာရှယ်ပေတိန်းက ဆင့်ခေါ်သည့် အမျိုးသားလွှတ်တော်ကို ဗစ်ချီမြို့တွင် ကျင်းပရန်ရှိသည်။ ယခင်က လောင်းကစားဒိုင်ဖွင့်သည့် ပျော်ပွဲစားရုံကို အမျိုးသားလွှတ်တော် ကျင်းပရန် အသင့်ပြင်ဆင်ပြီးပြီ။ မကြာသေးမီကအထိ ဤနေရာတွင် မွန်တီနီတို့တသိုက် ပိုကာ ကစားခဲ့ကြသေးသည်။ သူ့သမီး ဂျိုးဆက်ဖင်းကလည်း လူဆန်းကို မေ့ပျောက်ရန် ကြိုးစားသည့်အနေဖြင့် ဗင်နီဒွဲလာသံရုံး ပြန်ကြားရေးအတွင်းဝန်နှင့် တန်ဂိုတပွဲလောက် ကခဲ့သေးသည်။

ပါရီကို ဂျာမန်တို့ ဝင်သည့်အချိန်တွင် ဗစ်ချီ၌ လူစည်းကားနေချိန်ဖြစ်သည်။ အသည်းရောဂါ ပျောက်ကင်းသည်ဟု နာမည်ကြီးသဖြင့် ဗစ်ချီက ရေကို လာချိုးကာ ဗစ်ချီ ရေကို သောက်ကြခြင်းဖြစ်သည်။ ဆောင်းရာသီတုန်းက ဟိုတယ် ခပ်များများကို စစ်ဆေးရုံတွေ လုပ်ပစ်ခဲ့သည်။ နာဖျားမကျန်း ဖြစ်နေသည့် စစ်သားလူနာများသည် ဗစ်ချီသို့ ရောက်လာသည့် လူများကို ငေးမောကြည့်နေကြသည်။ ဗစ်ချီမြို့သည် မှတ်မိနိုင်စရာ မရှိလောက်အောင် ပြောင်းလဲသွားပြီ။ ဗစ်ချီတွင် အောက်လွှတ်တော်အမတ်များနှင့် အထက်တန်းလွှာ အသိုင်းအဝိုင်းတခုလုံးလည်း ရောက်ရှိနေသည်။ စက်မှုလုပ်ငန်းရှင်များ၊ ငွေတိုးချေးစားသူများ၊ အရာရှိကြီးများ၊ သတင်းစာဆရာများ၊ အထက်တန်းစား ပြည့်တန်ဆာများ။ မည်သည့်နေရာသို့သွားသွား "လက်စသတ်တော့ မြို့စားကြီးကိုး"၊ "ဪ... သူဌေးမင်းလဲ ရောက်လာတာကိုး"၊ "နေပါဦး... နံပါတ်တူးကလေးကို ဘယ်ထားခဲ့သလဲ" စသည့် အသံများကို ကြားနေရသည်။

အားလုံး လှုပ်လှုပ်ရွရွ။ ယနေ့သည် အထူးအရေးကြီးသည့် နေ့ကြီးမဟုတ်လော။ အမျိုးသားလွှတ်တော်ကြီး စတင်ကျင်းပသည့်နေ့ မဟုတ်လော။ လာဗယ်က လွှတ်တော်ဖွင့်ပွဲကို အခမ်းအနား အဆောင်အယောင်တွေ မပါပဲ ရိုးရိုး ကျင်းပလိုသည်။ သို့ရာတွင် ဘာရီကျူးက အဆောင်အယောင်တွေ ပါစေချင်သည်။ ထို့ကြောင့် တတိယ ပြင်သစ်နိုင်ငံတော်ကြီးကို ဖုတ်ကြည်းသြင်္ဂြိုဟ်သည့်ပွဲဖြင့် အမျိုးသားလွှတ်တော်ကိုဖွင့်ရန် ဆုံးဖြတ်လိုက်ကြသည်။

တက်စကား ဤမင်္ဂလာအခါတော်ကြီးအတွက် အစစအရာရာ ပြင်ဆင်ပြီးလေပြီ။ တက်စသည် ထုံးစံအတိုင်း အကောင်းမြင်ဝါဒကို ဆုပ်ကိုင်ဆဲ။ ပါရီမှ ထွက်ပြေးလာခဲ့ရသဖြင့် စိတ်လှုပ်ရှားခဲ့ရသည့်တိုင် ယခုမူ နေသားကျသွားကာ ရွှင်ရွှင်လန်းလန်း ဖြစ်နေပြီ။ ဤလိုခေတ်ကြီးမျိုးတွင် မသေချင်သေး။ မာရှယ်ပေတိန်း၏ စီမံကိန်းသည် သူ့အတွက် ဟန်ကျသည်။ ခါတိုင်းလို အမတ်တွေ ဘာတွေကို ရွေးကောက်ပွဲတွေ လုပ်နေဖို့ မလိုတော့။ အထက်မှ ခန့်အပ်လိုက်လျှင် ကိစ္စပြတ်ပြီ။ မည်မျှ ဟန်ကျလိုက်ပါသနည်း။ သို့ရာတွင် စိတ်ထဲကမူ တထင့်ထင့် ဖြစ်နေသေးသည်။ "ကြမ်းပိုး အကြီးစား" ဟု ပြောလိုက်သော ဒက်ဇာ၏ စကားများကို သတိရနေသည်။ ဒက်ဇာသည် ကယောင်ချောက်များ ဖြစ်နေသူ။ သို့ရာတွင် အရူးဆယ်ခွန်းပြော တခွန်းမှန် ဆိုဘိသို့ သူ့စကားထဲတွင် အမှန်တရား ပါသင့်သလောက်တော့ပါသည်။ လူများသည် တက်စဆိုသည့် မိမိကို အသုံးချခဲ့ကြသည်။ မိမိ၏ ပြည်ဟိန်းသောအမည်ကို လာ၍ ခိုလှုံကြသည်။ ယခု သူ့ကို ညှစ်ထုတ်၍ အသုံးချကြဦးတော့မည်။ သူတို့လိုသလောက် ညှစ်သုံးပြီး မနက်ဖြန်တွင် မိမိအား ကန်မထုတ်ဟု မည်သူအာမခံနိုင်သနည်း။ လက်ယာဂိုဏ်းသားများက သူ့ကို ရေဒီကယ်တယောက်ဟု ယူဆကြသည်။ ဘော်ဒိုးတွင် နေတုန်းကဆိုလျှင် သူ့ကို လူတိုင်းက ပြုံး၍နှုတ်ဆက်ကြသည်။ ယခုမူ လာဗယ်က မျက်နှာချင်းဆိုင်တွေ့ပါလျက် နှုတ်ဆက်ဖော်ကလေးမျှမရ။ လိမ္မော်ရည်ရပြီဆိုလျှင် ညှစ်ပြီးသား လိမ္မော်သီးကို မည်သူကမျှ ဂရုမစိုက်ကြတော့။

တက်စ မျက်ရည်တွေ ဝဲနေသည်။ သူ့ကို လူတိုင်းက စော်ကားနေကြပြီ။ မိမိသည် လာဇယ်ကို ကူညီခဲ့သည့် မဟုတ်လော။ ဂျာမန်တို့နှင့် စစ်ပြေငြိမ်းရေး စည်းကမ်းချက်များကို ဆွေးနွေးဖို့အတွက် ကြောက်စရာကောင်းသည့် စပိန်သံအမတ်နှင့်မည်သူသွား၍ စကားပြောခဲ့ရသနည်း။ ဂျာမန်တို့၏ ကမ်းလှမ်းချက်များသည် လက်မခံနိုင်သည့် ကမ်းလှမ်းချက်များဖြစ်သည်ဟု မည်သူပြောခဲ့သနည်း။ မိမိပင် မဟုတ်လော။ မွေ့လွယ်ပျောက်လွယ် ဖြစ်တတ်ကြပါကလား။ တခြားလူတွေ မပြောနှင့်။ သူ့မိသားစု၊ သူ့သားသမီးကပင်လျှင် သူ့ကို ကောင်းကောင်း နားမလည်ကြ။ သူ့သမီး ဒင်းနိစ်ကို ကြည့်။ သူ့ကို ဘယ်လောက် ချစ်ခဲ့ရသနည်း။ အလိုလိုက်ခဲ့ရသနည်း။ ယခု ဂျာမန်တို့က သူ့ခေါင်းကို ဖြတ်ကြတော့မည်။ တွေးလိုက်တိုင်း သမီးအတွက် စိတ်ပူလိုက်ရသည့်ဖြစ်ခြင်း။ ဟစ်တလာသည် အပြောင်အပျက် လုပ်နေခြင်းမဟုတ်။ ထို့ကြောင့် ဥရောပကို သူနိုင်ခဲ့ခြင်းဖြစ်သည် မဟုတ်လော။

တက်စသည် နှာခေါင်းမှလေကို နှစ်ချက်ဆင့်၍ မှုတ်လိုက်၏။ နှစ်ခါ နှပ်ညှစ်လိုက်၏။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာ၏။ သစ်ကြားသီးရောင် လူဆန်း၏ ဆံပင်များကို သတိရကာ တုန်သွားသည်။ လူဆန်းသည် သူ့ကို နာမည်ပျက်အောင်၊ သူ့နာမည်ကို ညစ်ထေးအောင် လုပ်မည် မုချ။ ဤသည်မှာ လူဆန်း၏ မွေးရာပါစရိုက်။ သူ့ဦးလေး (သူ့အမေ့ မောင်) ရောဘတ်၏ စရိုက်မျိုး။ ရောဘတ်ကမူ ထောင်လေးနှစ် ချလိုက်သည်နှင့် ထိုအကျင့် ပျောက်သွားသည်။ လူဆန်းကမူ မွေးရာပါ စရိုက်ဆိုး။ သို့ရာတွင် လူဆန်းသည်လည်း ရှိမှရှိသေး၏လော။ လူဆန်းမရှိတော့ဟု ဆိုလျှင် တက်စမျိုးတုံးတော့မည်။ ထိုအခါတွင် ပြင်သစ်ပြည်ကြီးလည်း အညွန့်တုံးတော့မည်။ တက်စသည် လက်ကို ယမ်းလိုက်၏။ သူ့မျက်နှာသည် ချက်ချင်း ဒေါသရိပ် လွှမ်းလာသည်။ ပေါလက်အကြောင်းကို တွေးမိသောကြောင့်ဖြစ်သည်။ ကောင်မစုတ်... သည်အချိန်ဆိုလျှင် ဂျာမန်စစ်ဗိုလ်တွေနှင့်များ ပလူးနေပြီလောမဆိုနိုင်။ ငယ်ငယ်ရွယ်ရွယ်၊ သန့်သန့်မာမာ ယောကျ်ားပျိုကလေးကိုတွေ့လျှင် သည်ကောင်မသည် ပြင်သစ်ပြည်ကြီး ဒုက္ခရောက်နေသည်ကို မေ့မည့် ကောင်မမျိုး။

နောက်တနာရီခန့် အကြာတွင်မူ တက်စစိတ်သည် တမျိုးပြောင်းသွားလေပြီ။ အသေးအဖွဲကလေး ကိစ္စလေးတခုကြောင့် စိတ်ပြောင်းသွားခြင်းဖြစ်၏။ နေထိုင်ကောင်းရဲ့လားဟု ဘရီကျူးက ဖုန်းဆက်မေးသည်။ ဤမျှ မေးဖော်ရလျှင် တော်ပြီ။ သူ့ကို မပစ်ပယ်ကြသေး။ သူ့အခန်းကဏ္ဍ ကျန်နေသေးသည်ဟု တက်စ ယူဆသည်။ ကျင်းပမည့် အမျိုးသားလွှတ်တော်တွင် ဖရီးမေဆန်ဂိုဏ်းများကို ရှုတ်ချဝေဖန်သည့် မိန့်ခွန်းတခုပြောရန် ငြင်းလိုက်သော်လည်း ထူးခြားသည့် မိန့်ခွန်းတခုကို ခပ်တိုတိုပြောမည်ဟု ဆုံးဖြတ်လိုက်သည်။ မကြာသေးမီက တက်စသည် ပြင်သစ်ကွန်မြူနစ်သတင်းစာဖြစ်သည့် “လျူမန်နီတေး” သတင်းစာကို ဖတ်လိုက်ရ၏။ သတင်းစာတွင် အယ်ဇေးရှင်းနယ်သား ရေဝတီတဦးပိုင်သည့် ပရိဘောဂဆိုင် ကြော်ငြာတခုကို တွေ့လိုက်ရသည်။ ဟုတ်ပြီ... ချက်ကောင်းကို တွေ့ပြီ။ “ရေဝတီလူမျိုးတွေရဲ့ အရင်းအနှီးနဲ့ ကွန်မြူနစ်တွေ အကြားမှာ လျှို့ဝှက်တဲ့ ရွှေလမ်း ငွေလမ်းတွေ ဖောက်ပြီးပြီ။ ဒီစစ်ကြီးဖြစ်ရတဲ့ အကြောင်းရင်းဟာ ရေဝတီတွေနဲ့ ကွန်မြူနစ်တွေရဲ့ ပယောဂသာ ဖြစ်တယ်” ဟု ပြောနိုင်တော့မည်။

လွှတ်တော်ကျင်းပခါနီး ဘရီကျူးက လက်တို့ခေါ်သွားကာ...

“ခင်ဗျား စကားမပြောယင် ကောင်းမယ် ထင်တယ်ဗျ”

တက်စက စိတ်တိုတိုဖြင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

ဘရီကျူးက "ဤအချိန်သည် ပရိယာယ်ကြွယ်ကြွယ်နှင့် လုပ်ရမည့်အချိန် ဖြစ်ကြောင်း။ တိုင်းပြည် စိတ်မချမ်းမသာ ဖြစ်နေကြောင်း။ လွှတ်တော်သို့ လာနားထောင်ကြမည့် ပရိသတ်ကို ထည့်စဉ်းစားသင့်ကြောင်း။ တက်စ စကားပြောလျှင် ရှေ့တန်းသို့ ထွက်လာလျှင် အတိတ်ကို ပြန်ဖော်ပေးနေသလို ဖြစ်နေမည် ဖြစ်ကြောင်း။ ပြည်သူ့တပ်ဦး၊ စတာဗစ္စကီ ငွေလိမ်မှု စသည်တို့ကို သတိရအောင် လုပ်ပေးသလို ဖြစ်နေမည် ဖြစ်ကြောင်း။ ထို့ကြောင့် ရှေ့တန်းသို့ မထွက်သင့်ကြောင်း" ဖြင့် ပြောသည်။

တက်စသည် ဘရီကျူး၏ အကြံပေးချက်ကို လက်ခံလိုက်၏။ ရင်ကမူ မချိတော့။ နာမည်ကျော်ချင်သေးသည်။ ရှေ့တန်းရောက်ချင်သေးသည်။ သို့ရာတွင် သူ့ခြေထောက်အောက်က မြေကြီးသည် တအိအိ ပြိုကျနေပြီ။

ပါရီမှ နောက်ဆုံးရောက်လာသည့် ဂရမ်ဒယ်ကြောင့် စိတ်သက်သာရာရသွား၏။ လောင်းကစားဒိုင်ဖွင့်သည့် ပျော်ပွဲစားရုံ အပေါ်ထပ်တွင် တက်စကို မြင်လိုက်သည့်အခါတွင် ဂရမ်ဒယ်သည် သူ့ထံရောက်လာကာ ပါရီမှ နောက်ဆုံးအခြေအနေကို ပြောပြသည်။

"စောစောပိုင်းတုန်းကတော့ လူသိပ်မရှိလှဘူးဗျ။ ခုတော့ တော်တော်ပြန်ရောက်ကြပါပြီ၊ အော်ပရာဇာတ်ရုံကိုလဲ ဂျာမန်တွေက ပြန်ဖွင့်ဖို့ ကြိုးစားနေကြတယ်၊ ခြုံပြောရယင်တော့ ဂျာမန်အာဏာပိုင်တွေက နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်နေပါပြီ၊ မဆိုးပါဘူး၊ ကောင်းကောင်းမွန်မွန်တွေ့ပါပဲ၊ စစ်နိုင်သူ ဆိုတဲ့ပုံမျိုး လုံးလုံး မတွေ့ရဘူး၊ တကယ့် အုပ်ထိန်းသူတွေရဲ့ ပုံမျိုးပါ"

ဂရမ်ဒယ်အနီးသို့ အချို့အမတ်များလည်း ရောက်လာ၍ နားထောင်ကြ၏။ စကား ဘာမျှမပြောကြ။ အထက်လွှတ်တော်အမတ်တဦးကမူ သူ့စကားကို နားထောင်ပြီး တချက်အော်လိုက်သည်။ သို့ရာတွင် သူ့အော်သံသည် ဝမ်းသာ၍လော၊ ဝမ်းနည်း၍လော ဆိုသည်မှာ မည်သူမျှ မသိနိုင်။

ဘဂျရီက တက်စကို ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်သည်။

"ခင်ဗျား ဝန်ကြီးဌာနမှာ ခင်ဗျား ပြန်ရတာ သိပ်ဝမ်းသာတာပဲဗျာ... တိုင်းပြည် အကျပ်အတည်းဆိုက်ချိန်မှာ ခင်ဗျားဟာ ဘယ်နည်းနဲ့မှ တိုင်းပြည်ကို ပစ်မပေးဘူးဆိုတာ ကျွန်တော် ယုံကြည်ပြီးသားပါ"

တက်စက လိပ်ခေါင်းလို ခပ်လုံးလုံးဦးခေါင်းကို တဆတ်ဆတ်ညိတ်ယင်း ချီးကျူးထောပနာပြုခြင်းကို ခံယူသည်။ ချွန်ထက်သည့် သူ့နှာခေါင်းပေါ်တွင် ချွေးတွေသီးနေလေ၏။ ဘဂျရီ၏ စကားများကြောင့် ရင်ထဲတွင် ခိုက်သွားသည်။ သူ့ကိုနားလည်သူ၊ သူ့တာဝန်ကြီးကို ထမ်းနေရသည့်အဖြစ်ကို သဘောပေါက်သူ ရှိပါသေးကလား ဟူသော အတွေးဖြင့် တက်စ စိတ်ထိခိုက်သွားသည်။ ရက်စရာကောင်းသည့် စစ်ပြေငြိမ်းရေးစာချုပ်ကို လက်မှတ်ထိုးပြီး အတိတ်ကို ဖုတ်ကြည်းသြဂိုလ်ရာ အမျိုးသားလွှတ်တော်သို့ လာတက်ရသည်မှာ လွယ်သည် ထင်ကြသလော။

"ဒါတော့ဗျာ... တိုင်းပြည်အကျိုးဆိုတော့ လုပ်ရမှာပေါ့၊ ဗာလိန်းတို့ ဖိုးဂျက်တို့လဲ ဒီမှာရောက်နေကြပါလားဗျ၊ လွှတ်တော်မှာ မဲခွဲကြယင်တော့ ဘယ်လိုများနေမလဲ မသိဘူး၊ အထူးသဖြင့် ဖိုးဂျက်ပေါ့... ကန့်ကွက်မဲတော့ ပေးရဲမှာ မဟုတ်ပါဘူးဗျ။ ဂျူကိန်းမရှိတာ သိပ်နာတာပဲဗျာ၊ ဒီလူက စစ်ဝါဒီ မဟုတ်လား"

"ခု... ဒီလူဘယ်မှာလဲ"

"တပ်ထဲမှာ ထင်တယ်"

"ပြောတော့ နောက်ဆုံး ကတုတ်ကျင်းအထိ တိုက်မယ်ဆိုတဲ့ လူပဲဗျ၊ ဒါပေမယ့် လက်နက်ချတာကတော့ သူ ပထမဆုံး ဖြစ်လိမ့်မယ် ထင်တယ်"

ဂရမ်ဒယ်က ပြောသည်။

"ဒါထက် ဗီးလာ့ဒ်ကကောဗျ"

"မပြောတတ်ဘူး၊ တူးဝါးက ရွှေ့လာကတည်းက မတွေ့တော့ဘူး"

"စပိန်ကိုဖြတ်ပြီး လစ်စဘွန်းကို ထွက်ပြေးတယ်လို့ ကြားတာပဲ"

"စပိန်အစိုးရက သူ့ကို ဖြတ်သန်းခွင့် ပေးပါ့မလား"

"သတင်းကတော့ တကယ့် သတင်းပဲဗျို့၊ ဗီးလာ့ဒ်က ဖရန်ကိုဆီကို ပြည်ဝင်ခွင့် တောင်းတယ်တဲ့ဗျ"

"စပိန်နယ်စပ်မှာ စပိန်အစိုးရက စက်သေနတ်တွေ ဆင်ထားတယ်တဲ့၊ နယ်စပ်ကို ဖြတ်လာတဲ့လူ မှန်သမျှကို ဖမ်းပြီး အကျဉ်းစခန်းကို ပို့တယ်လို့ ကြားတာပဲ"

တက်စက ပြုံးလိုက်သည်။ စင်စစ် သမိုင်းဆိုသည်မှာ အဘယ်နည်း။ သမိုင်းဆိုသည်မှာ လေးယောက်တွဲ ယိမ်းကကွက်တခုကို ကရသည်နှင့် အတူတူ။ ရှေ့တိုးနောက်ငင် လုပ်လိုက်၊ ကွဲသွားလိုက်၊ ပြန်စုလာလိုက်၊ အတွဲတွေ ပြောင်းလိုက်နှင့်။ စပိန်တို့သည် သူတို့ရန်သူဟောင်း ဗီးလာ့ဒ်ကို အကျဉ်းစခန်းထဲသို့ပင် ပို့လိုက်ကြပြီလော။ သို့ပို့လိုက်ပြီဆိုလျှင် တဘက်တပ် မျက်မှန်က နှာခေါင်းပေါ်တွင် တက်လိုက်ဆင်းလိုက်ဖြင့် ဒေါ်ပွနေမည့် ဗီးလာ့ဒ်၏ ရုပ်သွင်ကို မြင်ယောင်သေးတော့သည်။ သူ့ပန်းချီကားတွေကရော။ သူ့တောအိမ်ကလေးတွင် ပန်းချီကားတွေကို ထားပစ်ခဲ့လေသလော။

တက်စက ပြော၏။

"အလွမ်းဇာတ်တိုင်းမှာ ရယ်စရာကလေးတွေ တကွက်တော့ ပါတတ်တယ်ဗျ။ ဗီးလာ့ဒ်ရဲ့အဖြစ်က တော်တော့်ကို ရယ်စရာကောင်းတယ်၊ သူ အင်မတန် တန်ဖိုးထားတဲ့ ပန်းချီကားတွေကို ထားပစ်ပြီး ထွက်ပြေးရတယ်ဆိုတာ ဘယ်လောက် ရင်နာစရာ ကောင်းသလဲ၊ သူ့မျက်နှာကလေးက ဆီးရွက်လောက်ပဲ ရှိတော့မယ်ထင်တယ်၊ တွေးကြည့်စမ်း"

"တွေးကြည့်မနေပါနဲ့ဗျာ... မျက်စိနဲ့ တပ်အပ်မြင်လို့ ရပါတယ်၊ ခင်ဗျားပြက်လုံးက နည်းနည်း ခေတ်နောက်ကျသွားပြီ ထင်တယ်ဗျ တက်စ"

တက်စနောက်မှ ပေါ်လာသည့် ဆောင့်အင့်အင့်အသံ။ တက်စ လှည့်ကြည့်ပြီး အံ့အားသင့်နေသည်။

"ဟင်... ဗီးလာ့ဒ်၊ ခင်ဗျား ဘယ်လိုလုပ် ဒီရောက်လာတာလဲ"

"ဒီလိုပဲပေါ့ဗျ၊ ကျုပ် ဒီကို ရောက်လာတာကို ဘာကြောင့် ဒီလောက် တအံ့တသြ ဖြစ်နေရတာလဲ၊ ကျုပ်လဲ ခါတိုင်းလိုပဲ၊ ကျုပ်ဝန်ကြီးဌာနကို ပြန်ရောက်တာပေါ့"

ဗီးလာ့ဒ်က မိမိသည် နောက်တက်သည့် အစိုးရနှင့် ဂျာမန်တို့၏ အုပ်ချုပ်ရေးကို အားတက်သရော ထောက်ခံသူဖြစ်ကြောင်းဖြင့် ရှင်းပြသည်။

"ကျွန်တော်တို့တိုင်းပြည်ကို အရှုံးကသာလျှင် ကယ်တင်နိုင်တယ်ဗျ။ ကျွန်တော်တို့ရဲ့

မိတ်ဆွေများဖြစ်တဲ့ ဂျာမန်တွေဆီက ကျွန်တော်တို့ သင်ခန်းစာတွေ ယူကြရမယ်၊ ဟစ်တလာ ပါရီကို ဘာကြောင့်လာသလဲ၊ ရှင်းပါတယ်... လာရဲလို့ပေါ့။ လာရဲတဲ့ သတ္တိရှိလို့ပေါ့၊ ကျုပ်တို့ မာရှယ်ကြီး မာရှယ်ပေတိန်းဟာ ရှေ့ဆောင်လမ်းပြသွားပြီ၊ နည်းတဲ့အသက် မဟုတ်တော့ဘူးနော်၊ ရှစ်ဆယ်ကျော်ပြီ၊ ဒီအသက်အရွယ်ကြီးမှာ ဘာဖြစ်လို့လုပ်သလဲ။ လုပ်ရဲလို့ သတ္တိရှိလို့ဗျ၊ ဒါကြောင့် မာရှယ်ကြီးကို ဦးဦးဖျားဖျား ထောက်ခံခဲ့တာပေါ့”

ဗီးလာ့ဒ်ရှေ့တွင် ဂရမ်ဒယ်ပင်လျှင် အသံတိတ်နေသည်။ “အင်း... ဒီငနဲကြီး ရှေ့မှာလဲ အားလုံးကို ဖြတ်စားသွားဦးမှာပဲ” ဟု တက်စ တွေးနေသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေး စရန် ခေါင်းလောင်းတီးလိုက်သည်။ မိန့်ခွန်းများကို တက်စ တလုံးမှ နားမထောင်။ သည်ပွဲမျိုးတွင် လာဗယ်လို လူမျိုးတွေ အာရွှင်ပေမပေါ့။ သူ့ပွဲကိုး။ ဗီးလာ့ဒ်ကလည်း လက်ခုပ်သံ တဖြောင်းဖြောင်းရအောင် ပြောသွားသည်။ ဗလွန်းက မျက်နှာကြီးမှုန်လျက်။ သူ ကန့်ကွက်မဲ ပေးတော့ကော ဘာအရေးနည်း။ သူ့ခေတ်ကုန်ပြီ။

အနားယူချိန်တွင် ဂရမ်ဒယ်အနီး၌ လူတွေ ဝိုင်းအုံနေကြသည်။ သူ့ကိုဝိုင်း၍ “ဖား” နေကြသည်။ “ကောင်းပြီလေ... ခင်ဗျားကိစ္စကို ကျွန်တော်စဉ်းစားပါ့မယ်” ဟု ခပ်မိန့်မိန့် ပြောတတ်သည်။ လူဆန်း ခိုးပေးသည့်စာကို တက်စ အမှတ်ရ၏။ မျက်မှောင်ကုပ်လိုက်သည်။ ဂရမ်ဒယ်လို ကြေးစားသူလျှို အသေးစားကလေးက ပြင်သစ်ပြည်ကြီး၏ ကယ်တင်ရှင် ဖြစ်နေသည်မှာ ရင်နာဖို့ကောင်းသည်။

လွှတ်တော်အစည်းအဝေး ပြန်စသည့်အခါတွင် ဘာရီကျူးက မိန့်ခွန်းပြောသည်။ တိုင်းပြည်တွင် လူတွေ အကျင့်စာရိတ္တ ပျက်စီးနေကြောင်း၊ ထို့ကြောင့် ပါရီကို ဂျာမန်တို့ သိမ်းခြင်းသည် တိုင်းပြည်ကို ကယ်တင်ရန်အတွက် ဘုရားသခင်က ပေးလိုက်သည့် “ပြန်လည်ရွေးနုတ်မှုကြီး” ဖြစ်ကြောင်းဖြင့် ပြောဆိုကာ လက်တဘက်ကို ဟစ်တလာပုံစံ မြှောက်ပြီး ဖြိတ်ချွတ်ကို ဆဲရေးအပုပ်ချသည်။ “အောင်ပွဲခံသူ ဂျာမန်များဟာ ရက်ရော သဘောထားကြီးကြောင်းကို ပြသခဲ့ကြတယ်” ဟု ဆိုသည်။

တက်စက သမ်းဝေလိုက်ယင်း သူ့ကို ကျိန်ဆဲနေသည်။ အလကားကောင်။ ကြောင်သူတော်။ ပြောမည့်သာ ပြောနေသည်။ သူ့ဇာတိ လောရိန်းနယ်ကို ဂျာမနီထဲသို့ သွတ်သွင်းလိုက်ပြီးပြီ။ လူကြွား။ သည်လိုလူမျိုး နိုင်ငံရေးလုပ်၍ မဖြစ်။

လူပ်လူပ်ရွရွ ဖြစ်သွားကြသည်။ ဖိုးဂျက် စင်မြင့်ပေါ်သို့ တက်လာသောကြောင့် ဖြစ်၏။ “တိုင်းပြည်ရဲ့ ရန်သူများနဲ့ စိတ်သဘောထား သေးသိမ်သူများကသာ လက်ညှိုးထောင် ခေါင်းညိတ်လုပ်ကြပေမယ့်” သူ့ကို စကားဆုံးအောင် ပြောခွင့်မပေး။ မဲခွဲကြသည်။ တနာရီခန့်အကြာတွင် လွှတ်တော်ဥက္ကဋ္ဌက “ထောက်ခံမဲ ၅၆၉ မဲ၊ ကန့်ကွက်မဲ ၈၀” ဟု ကြေငြာသည်။

မိန့်ခွန်းရှည်ကြီးတခုကို ပြောရသလို တက်စ ပင်ပန်းနေသည်။ အပြင်ဘက်တွင် အမျိုးသမီးများက “လာဗယ် သက်တော်ရာကျော် ရှည်ပါစေ” ဟု အော်နေကြသည်။ တက်စသည် မနာလို ဝန်တိုခြင်းပင် မဖြစ်မိ။ ခေါင်းက တစစ်စစ် ကိုက်နေသည်။ မောမောဖြင့် ဟိုတယ်သို့ ပြန်လာခဲ့၏။

ကံတရားသည် သူ့ကို သနားညှာတာဆဲ။ ဟိုတယ်ဧည့်ခန်းသို့ ရောက်လျှင် ရှင်အုံဖြိုးဖြိုး၊ ကြက်သွေးရောင် နှုတ်ခမ်းများနှင့် အလွန်ချောမောလှပသည့် မိန်းမငယ်တယောက်ကို တွေ့ရသည်။ ပေါလက်ကို ပြေး၍ သတိရ၏။

အမောပြေသွားကာ မိန်းမပျိုဆီသို့ လျှောက်လာခဲ့သည်။ မိန်းမပျို၏ မျက်လုံးတွင် မျက်ရည်တွေနှင့်။

မျက်ရည်လည်ရွဲနှင့် မိန်းကလေးများသည် အထူးသို့ ခုတ်တမျိုးကို ဆောင်သည်ဟု တက်စ အမြဲယူဆသည်။ တက်စက ပြင်သစ်ပြည်ကြီး၏ ဒုက္ခများကို ပြောပြသည်။ မိန်းမချောကလေးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်၏။ ပြီးမှ မသိမသာ ပြောပုံမျိုးဖြင့် “ဝန်ကြီးတယောက် အနေနဲ့” ဟု ပြောသည်။ မိန်းမပျိုက ပြုံးလိုက်ပြီးနောက် သူ့ဒုက္ခများကို ပြောပြသည်။ နီးဗားတွင် သေတ္တာတလုံး ပျောက်ခဲ့ပုံ၊ အမေကြီးကို ပါရီတွင် ထားခဲ့ပြီး ဦးလေးတယောက်ကို လိုက်ရှာနေပုံ။ သူ့ဦးလေးမှာ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် အလုပ်လုပ်ပုံ။ ယခု ရှာ၍မတွေ့ပဲ ဒုက္ခရောက်ခဲ့ရပုံ။ သူ့အိတ်ထဲတွင် ပြင်သစ်ဖရန့် တရာမျှသာ ကျန်တော့ပုံ။

တက်စက မိန်းမပျိုကို နှစ်သိမ့်ယင်း သူ့ကိုယ်သူလည်း နှစ်သိမ့်သည်။ ထိုနေ့ညက ညစာကို အတူစားကြသည်။ နှစ်ယောက်စလုံး မြုံးလျက်။ နောက်ပြောင်ကျီစယ်လျက်။ ရှမ်ပိန်သောက်ကြသည်။ ပထမ “ထာဝရ ပြင်သစ်ပြည်ကြီး အတွက်” နောက်တခွက် “ထာဝရ အချစ်အတွက်”။

“အစ်ကိုကြီးအသက် ဘယ်လောက်ရှိတယ်ဆိုတာ ခန့်မှန်းလို့ မရဘူး မဟုတ်လား၊ ယမင်းလေးရယ်...”

တက်စက ပြုံးယင်း လက်ညှိုးကလေး တငေါက်ငေါက်နှင့် မေးသည်။

“ငါးဆယ်”

“အသက် မကြီးသေးဘူး ဆိုတာ သိပြီ မဟုတ်လား၊ အစ်ကိုကြီးက ချစ်ရေးမှာ ဆယ့်ရှစ်နှစ်သားလေးပဲ ရှိသေးတယ်၊ လူထုရှေ့ကျယင်တော့ တမျိုးပေါ့ကွယ်။ တကယ်တော့ မာရှယ်ကြီးဟာ အစ်ကိုကြီး အဖေလောက်တောင် ရှိနေပါပြီ”

နေ့လယ်က အဖြစ်အပျက်များကို ချက်ချင်း အမှတ်ရလာသည်။ ဘာရီကျူး၏ ခပ်တင်းတင်း မျက်နှာထား။ ဗီးလာ့ဒ်၏ ကောက်ကျစ်သည့်အပြုံး။ ဖိုးဂျက်၏ မုတ်ဆိတ်မွေးနှင့် စက်ဆုပ်စရာကောင်းသည့် ကန့်ကွက်မဲ ၈၀။ ကန့်ကွက်မဲက ရှစ်ဆယ်မျှသာ။ နောင်တွင် ကိုယ်ရေးမှတ်တမ်းရေးလျှင် သူတို့သည် လက်နက်ချရေးကို ဆန့်ကျင်ခဲ့ကြသည်ဟု ရေးကြတော့မည်။ နောင်လာနောင်သားများအမြင်တွင် ထိုနေ့ကို “နိုင်ငံတော် တော်လှန်ရေးနေ့” အဖြစ် သတ်မှတ်ကြတော့မည်။ လွှတ်တော်တချိန်လုံး သူ့ရင်ထဲတွင် ပူလောင်နေသည်။ စနိုက်ကြော်ကို စားခဲ့မိ၍များလား မသိ။ မစားခဲ့မိယင် အကောင်းသား။ စနိုက်ကြော်စားပြီးကတည်းက ကောင်းကောင်းနေမကောင်းချင်။ မအီမသာ ဖြစ်နေသည်။ သို့မဟုတ် ရှမ်ပိန်ကြောင့်များလော။ ခေါင်းကို ထောင်ကာ အိပ်ပျော်နေသည့် သူ့ယမင်းရုပ်ကလေးကို လှမ်းကြည့်သည်။ လည်ချောင်းတွင် တစ်ဆို့ဆို့ ကြီး ဖြစ်လာ၏။

“ဒီနေ့ ကစားဒိုင်ဖွင့်တဲ့ ပျော်ပွဲစားရုံမှာ ဘာဖြစ်တယ်ထင်သလဲ သိရဲ့လား”

“ဟိုတယ်က ပေါ်တာက ပြောတော့ အရေးကြီးတဲ့ အစည်းအဝေးတခုဆိုလား ဘာလား ရှိတယ်တဲ့”

“ဟာရာကီရိလုပ်တဲ့ အခမ်းအနားကွ၊ မင်း နားလည်မှာ မဟုတ်ဘူး၊ ဟာရာကီရိဆိုတာ ကိုယ့်ကိုယ်ကိုယ်သတ်သေတာ၊ ဂျပန်စကားလုံး၊ ဒီနေ့ လွှတ်တော်အမတ်တွေနဲ့ အထက်လွှတ်တော်အမတ်တွေ လာကြတယ်၊ လာဗယ်လဲ

လာတယ်၊ သူက အမြဲတမ်း လည်စည်းအဖြူနဲ့၊ ပြီးတော့ တို့အားလုံးစုပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေကြတယ်၊ ဘာလဲ မင်း မယုံဘူးလား၊ တကယ်ပြောနေတာ တို့ကိုယ်တို့ သေပြီလို့ ကြေငြာကြတယ်၊ အဲဒီတော့ လက်ခုပ်သြဘာတွေ ပေးကြတယ်၊ အလောင်းပေါင်း ၅၆၉ လောင်းရှိတယ်၊ လူမိုက်အလောင်းက ၈၀ ပါတယ်၊ ဒါပါပဲ၊ ဒီတော့ ခု မင်းနဲ့ စကားပြောနေတဲ့လူ၊ မင်းဘေးမှာ အိပ်နေတဲ့လူဟာ တကယ့်လူ မဟုတ်ဘူး၊ တစ္ဆေ၊ တက်စရဲ့ တစ္ဆေ၊ တက်စရဲ့ အရိပ်”

တက်စသည် တကျွတ်ကျွတ် ကြို့ထိုးနေသည်။

“အင်း… ရှမ်ပိန်သောက်တာ များသွားတယ် ထင်တယ်၊ ကြို့ထိုးလိုက်တာ၊ ကိစ္စတော့ မရှိပါဘူးလေ၊ သေစာရင်းထဲမှာ မှတ်ပုံတင်ပြီးပြီပဲ”

အမျိုးသမီးက အိပ်ချင်လှပြီ။ သို့ရာတွင် သူ့စကားများကြောင့် မျက်လုံးကျယ်လာသည်။ ပြီးမှ ယဉ်ကျေးစွာဖြင့်…

“ဒီလောက်လဲ စိတ်သောက ရောက်မနေပါနဲ့ အစ်ကိုကြီးရယ်၊ ဂျာမန်တွေက ပါရီက ပြန်ထွက်သွားယင် ကျွန်မတို့လဲ နေသားတကျ အလျှင်ကလိုပဲ ပြန်ဖြစ်သွားမှာပါ။ အစ်ကိုကြီးပဲ ပြောတယ် မဟုတ်လားလို့၊ အစ်ကိုကြီးဟာ စိတ်ပျိုကိုယ်နုဆို၊ အစ်ကိုကြီးဟာ (လက်ကို ကာ၍ သမ်းလိုက်ယင်း) တကယ့် အချစ်ကဝေ ဆရာကြီးဆို”

တက်စက ခေါင်းယမ်းလိုက်ယင်း…

“မဟုတ်ပါဘူးကွယ်၊ ဒါက ငယ်ငယ်ကပါ၊ ခုတော့… ခုတော့ စိတ်ကူးမယဉ်ချင်တော့ဘူး၊ အကျိုးအကြောင်းနဲ့ပဲ စဉ်းစားတော့တယ်၊ ရှင်းရှင်းပြောမယ်၊ အစ်ကိုကြီးဟာ အလကားလူ၊ ကြမ်းပိုး၊ ကြမ်းကြားထဲမှာ အောင်းနေတဲ့ ကြမ်းပိုး”

အိပ်ရာမှထကာ ယိုင်တီးယိုင်တိုင်ဖြင့် ရေချိုးခန်းဘက်သို့ ထွက်သွား၏။

ဖိုးဂျက်သည် လွှတ်တော်အစည်းအဝေးကျင်းပရာ ပျော်ပွဲစားရုံထဲမှ ပျာယီးပျာယာဖြင့် ထွက်လာသည်။ လက်ကိုယမ်းကာ တယောက်တည်း စကားပြောလာ၏။ စက်ဆုပ်စရာကောင်းသည့် လူကြောက်များသည် ပြင်သစ်သမ္မတနိုင်ငံတော်ကြီးကို မြေမြှုပ်သြဂိုလ်ခဲ့ကြပြီ။ ပထမကမ္ဘာစစ်တုန်းက ဗာလမီတိုက်ပွဲတွင် သူရဲကောင်းများသည် မည်သည့်အတွက် အသေခံသွားခဲ့ကြသနည်း။ ဗာဒွန်းတိုက်ပွဲကို အဘယ့်ကြောင့် ရင်မြေကတုတ်လုပ်၍ တိုက်ခဲ့ကြသနည်း။ ရှက်စရာ ကောင်းလိုက်သည့် လူတွေ။ ရှက်ဖွယ်ကောင်းလိုက်လေ။ ဟစ်တလာ၏ စစ်ဖိနပ်ကို လျှာဖြင့်လျက်နေသည့် ပြင်သစ်ပြည်ကြီးကို ကမ္ဘာကြီးက မကြည့်လိုတော့။ အော့နှလုံးနာနာဖြင့် မျက်နှာလွှဲထားလိုက်ပြီ။

ဖိုးဂျက်သည် သူတို့စီမံကိန်းကို ကန့်ကွက်ခဲ့၏။ သို့ရာတွင် သူ့အား အမှန်တရားကို ပြောခွင့်မပေး။ ဟိုတယ်သို့ ပြန်လာခဲ့သည်။ စားပွဲထိုးက စွပ်ပြုပ်ပန်းကန်ကို ယူလာ၏။ ထို့နောက် အိပ်ရာသို့ဝင်ခဲ့သည်။ ဤမျှလောက် တိုင်းပြည်ကြီး ဝရုန်းသုန်းကား ဖြစ်နေချိန်တွင် အေးအေးသက်သာ ထိုင်မနေချင်တော့။ သူ့စရိုက်က တိုင်းပြည်အတွက် အသက်ပေးလှူရသည့် သူရဲကောင်း အာဇာနည် ဖြစ်ချင်သည်။ ဗုံးမြည်သံ တရှိုးရှိုး ကြားချင်သည်။ ကြိုးစင် (ခေါင်းဖြတ်စက်) ကို တက်ချင်သည်။ ယခု သူတို့ ကြည့်ပါဦး။ ကဖီးဆိုင်ဘေးတွင် ထိုင်လိုက်။ ဗားမှ

အရက်ကလေးမော့လိုက်။

တညလုံး အိပ်၍မရ။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။ သူ့မိန်းမကိုလည်း သတိမရ။ သားသမီးတွေကိုလည်း အမှတ်မထင်။ ဒေါသကြောင့် တစ်ဆို့နေသည်။ မိမိသည် ကိုးဗလင့်မြို့တွင် ရောက်နေပြီ။ ဟုတ်သည်။ ဗစ်ချီကို တခါတုန်းက ကိုးဗလင့်ဟု ခေါ်ခဲ့ကြသည်။ နှယ်နှယ်ရရမြို့ မဟုတ်။ ၁၇၉၂ ခုနှစ်တုန်းက ပြင်သစ်တော်လှန်ရေးကြီးကို ခံတိုက်ခဲ့သည့်မြို့။ ရာဇဝင်တွင်သည့် မြို့။

ယခု ဤမြို့တွင် သစ္စာဖောက်တို့ မင်းမူနေကြပြီ။ သစ္စာဖောက်တို့ ခေါင်းဆောင်က မည်သူနည်း။ လာဗယ်ဆိုလျှင် ကိစ္စမရှိ။ မည်သူကမျှ အံ့သြကြမည်မဟုတ်။ လာဗယ် ဆိုသည့်လူက မူမရှိသည့်လူ။ ကိုယ့်ဝိညာဉ်ကို ငရဲမင်းထံ ရောင်းစားမည့်လူ။ ဤသည်ကို အားလုံးအသိ။ လောဘကြီးသည့် သြဘာညက်နယ်သား။ မျက်နှာက မြင်းသူခိုးမျက်နှာနှင့်။ တက်စလိုလူ ခေါင်းဆောင်လျှင်ပင် ဖိုးဂျက် အံ့သြမည် မဟုတ်။ တက်စကလည်း ပြည့်တန်ဆာ သာသာ။ ပိုက်ဆံရလျှင် ဘာမဆို လုပ်မည့်သူ။ ယခုတော့ ဤသူတွေမဟုတ်။ သစ္စာဖောက် ဂိုဏ်းခေါင်းဆောင်သည် သမ္မတနိုင်ငံက လေးစားကြည်ညိုရသည့် စစ်သားဟောင်းကြီး မာရှယ်ပေတိန်။ အသက် ရှစ်ဆယ်ကျော်ပြီ။ သူလုပ်ပုံကြောင့် ပြင်သစ်တပ်မတော်ကြီးသည် ထာဝရ သိက္ခာကျခဲ့ရပြီ။ ပျက်စီးကြရပြီ။ ရေစုန်မျောကြရပြီ။ ကဖီးများတွင် ပြင်သစ်ပြည်ကြီး၏ ဂုဏ်သရေနှင့် သိက္ခာရှိမှုကို အရက်နှင့်မျှော၍ သောက်ပစ်လိုက်ကြပြီ။

မနက်ဖြန်ဆိုလျှင် “ပြင်သစ်ပြည်ကြီးကို ကယ်တင်သူများ အဓွန့်ရှည်ပါစေ။ စိတ်သဘောထားပြည့်ဝသည့် ဂျာမန်အမျိုးသားများ အဓွန့်ရှည်ပါစေ” ဟု ကြွေးကြော်ကြတော့မည်။ ပရပ်ရှင်းသွေးဖြစ်သည့် ဂျာမန်တွေရှေ့တွင် လေးဘက်ထောက် ဝပ်တွားကြမည်။ (ဂျာမန် လေတပ် ဗိုလ်ချုပ်) ဂိုးအားရင်းကို အာဇာနည် ဂျူန်းအော့အော့အဖြစ် ချီးပကြတော့မည်။ ရယ်စရာ မဟုတ်။ စက်ဆုပ် အော့နှလုံးနာစရာ။

ဖိုးဂျက် ဤစကားကို မည်သူ့ကို ပြောရမည်နည်း။ နံရံပေါ်တွင် နားနေသည့် လိပ်ပြာများကို ပြောရမည်လော။ ရေးရေးရိပ်ရိပ် ပေါ်နေသည့် မှန်ထဲက သူ့ရုပ်ပုံကိုလော။ ဖျော့တော့သည့် အရုဏ်ဦးကိုလော။

မနက်ကိုးနာရီတွင် အခန်းတံခါးခေါက်သံ ကြားရ၏။ ပုလိပ်များက အယ်ပါကား အကျီနက်များကို ဝတ်ထားကြသည်။ တယောက်က ပြောသည်။

“ဖမ်းဖို့ အမိန့်ပါပါတယ်၊ စုံစမ်းစရာ တခုရှိလို့ ခဏလိုက်ခဲ့ပါ”

ဖိုးဂျက်က ပြုံးလိုက်ယင်း...

“ဝရမ်းပြလေ၊ ဝရမ်းက ဂျာမန်လိုလဲ မဟုတ်ပါလား၊ ဒီမှာ မိတ်ဆွေ... ဂျာမန်ဘာသာလေး ဘာလေး သင်ထားဦးဗျ၊ ဘာသာပြန်ပြတာ ကျုပ်မလိုချင်ဘူး၊ ကျုပ်က အော်ရီဂျင်နယ်မှ ကြိုက်တာ၊ ကောင်းပြီလေ... လိုက်တာပေါ့၊ ပြီးခဲ့တဲ့ စစ်ပွဲတပွဲတုန်းက ဗာဒွန်းခံတပ်ကို ကာကွယ်ခဲ့သူတွေထဲမှာ ခင်ဗျားတို့ မပါဘူးနော်”

ဖိုးဂျက်က သူ့နှုတ်ခမ်းမွေးကို ဘီးဖြင့်ဖြီးသည်။

“ကဲ... အဆင်သင့်ပဲ၊ သမ္မတနိုင်ငံကြီး အဓွန့်ရှည်ပါစေ”

ဟိုတယ်လှေကားအဆင်းတွင် တက်စကို လှမ်းမြင်လိုက်ရ၏။ မုတ်ဆိတ်ကို

ရိုတ်ထားပြီးပြီ။ မနက်စာလည်း စားပြီးပုံရသည်။ ရှေ့နေများကောင်စီ အစည်းအဝေးသို့ သွားရန် ထွက်လာခြင်းဖြစ်သည်။ ပုလိပ်တို့ ခြံရုံလာသည့် ဖိုးဂျက်ကို မြင်သည့်အခါတွင် မျက်နှာကို တဘက်သို့ လွှဲထားလိုက်သည်။ သူ့မျက်နှာက အသုဘပို့သည့် မျက်နှာလို တင်းမာလေးနက်လျက်။ ဖိုးဂျက်က ဂရုမစိုက်။ လှေကားမှ ဆင်းလာယင်း သူ့ကို ကျိန်ဆဲလာသည်။

"စစ်ပွဲတပွဲ ရှုံးပြီဆိုယင် ဒီစစ်ကို နောက်ထပ် ဆက်တိုက်နေလို့ အလကားပဲ၊ ရှုံးမှန်း သိလျက်နဲ့ ဆက်တိုက်နေတာဟာ မသိသား ဆိုးဝါးရာရောက်လွန်းလှတယ်" ဟု ပါရီမှာ ရှိစဉ်ကတည်းက ဗိုလ်ချုပ်လီရီဒေါ့ ပြောခဲ့ဖူးသည်။

ဂျာမန်နှင့် စစ်ပြေငြိမ်းရေးစာချုပ် လက်မှတ်ထိုးမည့် ကိုယ်စားလှယ်အဖွဲ့တွင် ဗိုလ်ချုပ်လီရီဒေါ့ကို ဘရီကျူး ထည့်ချင်သည်။ သို့ရာတွင် ဗိုလ်ချုပ်မှာ ထိုအချိန်၌ အသည်းရောင်ရောဂါကြောင့် အိပ်ရာထဲတွင် လဲနေသည်။ ဗိုလ်ချုပ်လီရီဒေါ့ကမူ ကံကောင်းသည်ဟု ယူဆ၏။ ဤလိုစာချုပ်မျိုးတွင် သူလက်မှတ်ထိုးသည်ဟု သမိုင်းတွင် အပါမခံနိုင်။

အစိုးရအဖွဲ့သစ် ပြန်ဖွဲ့သည့်အခါတွင် ဗိုလ်ချုပ်လီရီဒေါ့ကို လက်နက်ထုတ်လုပ်ရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်သည်။ ဝန်ကြီးဌာနကို လာကိုဘိုလီ အမည်ရှိ တောင်ပေါ်စခန်း မြို့ကလေးတွင် ထား၏။ ထိုနေရာမှာ ပန်းနာရင်ကျပ်ရောဂါ ကုသရန်အတွက် ကောင်းသည်ဟု နာမည်ကြီးသည်။ ဗိုလ်ချုပ်လီရီဒေါ့က ဗစ်ချီတွင် နေချင်သည်။ အသည်းရောဂါကို ကုချင်သည်။ မိမိသည် ပန်းနာသည် မဟုတ်။ သို့ရာတွင် မနက်တိုင်း လေကောင်းလေသန့်ရသည့် ဝန်ကြီးဌာနရုံးခန်းသို့မူ အရောက်လာမြဲ။

"စစ်ကြီးပြီးသွားပြီ၊ ပြန်လည်တည်ဆောက်ရေး လုပ်ရမယ့် ကာလဖြစ်တယ်၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် ကုသမှုဆိုတာဟာ ဘာမှအန္တရာယ်မဖြစ်ဘူး" ဟု ပြောတတ်သည်။

သူ့မိသားစုကိုလည်း အခေါ်လွှတ်လိုက်သည်။ သူ့မယားခါးမှ နှင်းပန်းရောင်ဂါဝန်ကို မြင်ရသည့်အခါတွင် ဗိုလ်ချုပ်၏ မျက်နှာက ဝင်းထိန်လျက်။ သူတို့လင်မယားသည် ဟိုတယ်တခုတွင် နေကြ၏။ သို့ရာတွင် သူ့မယားက ဧည့်ခန်းတွင်ထိုင်၍ သိုးမွေးထိုးခြင်း၊ လျှပ်စစ်မီးပူတိုက်ခြင်း၊ နေထိုင်စရိတ် ကြီးမြင့်ကြောင်း ညည်းညူခြင်းတို့ဖြင့် ပေါင်းစပ်လိုက်သည့်အခါတွင် ဟိုတယ်ခန်းနှင့် မတူတော့။ မိသားစု အတည်တကျ နေကြသည့် အိမ်တအိမ်၏ ပုံသဏ္ဌာန်ပေါက်လာသည်။ ထို့ကြောင့် ဗိုလ်ချုပ်လီရီဒေါ့ ပျော်၏။ တခုမူ ရှိသည်။ သူ့အလုပ်တာဝန်ကို သူစိတ်ညစ်သည်။ သူ့အလုပ်တာဝန်က အခြားမဟုတ်။ စစ်ပြေငြိမ်းရေးစာချုပ် စည်းကမ်းများအရ ပြင်သစ်တို့၏ စစ်ပစ္စည်းများကို ဂျာမန်အာဏာပိုင်များထံ လွှဲပြောင်းပေးရသည့်အလုပ် ဖြစ်သည်။

"မိန်းမရယ်၊ လက်နက်တပ်ဆင်တဲ့ကိစ္စဟာ တော်တော်ခက်ခဲတဲ့ကိစ္စလို့ အစတုန်းက ငါထင်ခဲ့တာ၊ ခုတော့ မဟုတ်ပါလားကွ၊ လက်နက်ဖျက်သိမ်းရတဲ့ အလုပ်က ပိုခက်သကွ" ဟု သူ့မိန်းမကို ပြောမိသည်။

မိမိတို့တွင်ရှိသည့် စစ်ပစ္စည်းများကို ဂျာမန်အာဏာပိုင်တို့ မသိအောင် အတတ်နိုင်ဆုံး ဖုံးဖိရန်မှာ သူ့တာဝန်ဟု ဗိုလ်ချုပ် လီရီဒေါ့ ယူဆသည်။ သူ့လက်ထောက်အရာရှိမှာ ဗိုလ်မှူးကြီးမော်ရိုး ဖြစ်၏။

"ဗိုလ်မှူးကြီးရေ၊ နောင်အနှစ် ၂၀ ကြာတဲ့ ၁၉၆၀ ခုနှစ်အတွက် ခုကတည်းက

ကျွန်တော်တို့ ပြင်ဆင်ထားရလိမ့်မယ်ဗျ၊ မဟုတ်ဘူးလား၊ ခင်ဗျားစဉ်းစားကြည့်လေ၊ ဂျာမန်တွေ ပထမကမ္ဘာစစ် ရှုံးပြီးသွားတာနဲ့ တပြိုင်နက် လက်စားချေဖို့ ပြင်လာလိုက်ကြတာ အနှစ် ၂၀ လုံးလုံးပါလားဗျ၊ ဟော ခု အနှစ် ၂၀ လကြာရော နောက်ထပ်စစ်ကြီး ဖြစ်လာတာပဲ၊ ဒီတော့ ကျုပ်တို့ကလဲ ဒီအချိန်ကစပြီး နောင်အနှစ် ၂၀ လောက် ပြင်ဆင်ရမှာပေါ့။ ဒါနိယာမတရားပေါ့၊ မဟုတ်ဘူးလား”

မော်ရိုးက ခပ်မိန့်မိန့် ပြုံးလိုက်ယင်း...

“ဒီလောက်လဲ စိတ်ပူမနေပါနဲ့ ဗိုလ်ချုပ်၊ လမင်းက နေမင်းကို တိုက်လို့မရပါဘူး” ဟု ပြောသည်။

မနက်ပိုင်းတွင် ဗိုလ်ချုပ်လီရီဒေါ့သည် သူ အသက်ရှူလေ့ကျင့်ခန်းလုပ်ရာ အခန်း (ဝန်ကြီးဌာနရုံးခန်း) မှ ပြန်လာခဲ့ပြီးနောက် ကော်ဖီသောက်လျှက်ရှိစဉ် တံခါးခေါက်သံ ပေါ်လာသည်။ သူ့ကိုယ်ရန်တော်၊ သို့မဟုတ် စားပွဲထိုးတယောက်ယောက် ဖြစ်ရမည်။

“ဝင်ခဲ့ဟေ့” ဟု ခပ်ကျယ်ကျယ်ကလေး အော်လိုက်သည်။ ဝင်လာသူက အခြားသူ မဟုတ်။ ဝိုက်ဇ်ဖြစ်သည်။

ယခင် ကိုမာ မဲဆန္ဒနယ်မှ တက်လာသည့် ရေဒီကယ်အမတ် ဝိုက်ဇ်သည် ယခုအချိန်တွင် လာဇယ်နှင့် တကယ့် ပေါင်းဟောင်းသင်းဟောင်းကြီးတွေပမာ ဖြစ်နေကြလေပြီ။ ပြင်သစ်-ဂျာမန် စစ်ပြေငြိမ်းရေးစာချုပ် အကောင်အထည်ဖော်ရေး ကော်မရှင် အဖွဲ့ဝင်တဦးလည်း ဖြစ်၏။

ဗိုလ်ချုပ်လီရီဒေါ့သည် အသက်ရှူလေ့ကျင့်ခန်း ယူသည့်အခန်း (ဝန်ကြီးရုံးခန်း) သို့ သွားလျှင် ညဝတ်အင်္ကျီနှင့် သွားလေ့ရှိသည့်အတိုင်း ရုံးခန်းရောက်လျှင် လေ့ကျင့်ခန်း ယူရသေးသည် မဟုတ်လား။ ကော်ဖီသောက်နေသည့်အချိန်တွင် အဝတ်အစားများကို မလဲရသေး။ ညဝတ်အင်္ကျီကိုပင် ဝတ်လျက်ရှိသေးသည်။ သူ့ပုံပန်းသဏ္ဍာန်သည် ဆပ်ကပ်လူပြက်ရုပ် ပေါက်နေသည်။ ဝိုက်ဇ်၏ မျက်နှာထားက ခပ်တည်တည်။ ပြုံးယောင်ကလေးမျှပင် မသမ်း။ ဗိုလ်ချုပ်လီရီဒေါ့သည် သူ့ပုံပန်းသဏ္ဍာန်ကြောင့် ခပ်အမ်းအမ်း ဖြစ်နေသည်။ ဗိုလ်ချုပ်တယောက်သည် ဆပ်ကပ်လူပြက်နှင့် တူနေ၍မဖြစ်။ ရိုသေခန့်ညားလောက်သည့် အဆင်အပြင် ရှိရမည် မဟုတ်လော။

“အဟဲဟဲ၊ ကျွန်တော်တို့ ကွင်းပြင်ထွက် အနားယူနေကြတာဗျ၊ ကျွန်တော့် ကိုယ်ရန်တော်ကလေးက အတွေ့အကြုံ သိပ်မရှိသေးဘူး မဟုတ်လား”

“မနက်စောစောစီးစီး လာတဲ့အတွက် ခွင့်လွှတ်ပါ ဗိုလ်ချုပ်၊ ဗိုလ်ချုပ်နဲ့ ပတ်သက်တဲ့ အရေးတကြီးကိစ္စရှိလို့ လာခဲ့တာပဲ”

၁၅ မိနစ် ကြာသည့်အခါတွင် ဗိုလ်ချုပ်လီရီဒေါ့သည် စစ်ယူနီဖောင်း အပြည့်အစုံကို ဝတ်လျက် ထွက်လာလေသည်။ ရင်ဘတ်ပေါ်တွင် တံဆိပ်ခြောက်ခု တပ်ထား၏။ အပြင်တွင်စောင့်သည့် ဝိုက်ဇ်က မသွယ်မဝိုက် တိုက်ရိုက်မေးလိုက်သည်။

“ကျွန်တော် သိချင်တာ တခုရှိတယ် ဗိုလ်ချုပ်၊ မွန်ပီလီယာစခန်းမှာ ကျွန်တော်တို့ရဲ့ အလတ်စားတင့်ကား လေးဆယ့်နှစ်စီး ရှိတယ်၊ ဒါပေမယ့် ဗိုလ်ချုပ်က ၁၆ စီးတည်းပဲ ဂျာမန်တွေလက်ကို အပ်ထားပါကလား”

ဗိုလ်ချုပ်လီရီဒေါ့က ခေါင်းညိတ်လိုက်ယင်း ကျေနပ်နေဟန်ဖြင့်...

“ဟုတ်တယ်လေ၊ ဒီကောင်တွေကို ဒီလောက်ပေးလိုက်ယင် တော်ပြီပေါ့ဗျာ”

"ဒါပေမယ့် ဒီစာရင်းကို ကျွန်တော်တို့က လက်မှတ်ထိုးထားရတာနော်"

"ဒီမှာ ကျွန်တော်ပြောမယ် ဝိုက်ဇ်၊ ကျွန်တော်တို့ဟာ နောင်လာနောင်သားတွေအပေါ်မှာ တာဝန်ကျေအောင် လုပ်ခဲ့ဖို့လိုတယ်၊ ဒီလိုမဟုတ်ယင်"

ဝိုက်ဇ်က ကြားဖြတ်လျက်...

"စကားကြီး စကားကျယ်တွေ သိပ်ပြောမနေနဲ့ဗျာ၊ ဆယ့်ခြောက်က ဆယ့်ခြောက်ပဲ။ လေးဆယ့်နှစ်စီးက လေးဆယ့်နှစ်စီးပဲ၊ နှစ်ဆယ့်ခြောက်စီးကို ဘယ်လိုလုပ်ပြီး စာရင်းဖျောက်ထားလို့ ရမှာလဲ"

ဗိုလ်ချုပ်လီရီဒေါ့ ဒေါပွလာသည်။ ထို့ကြောင့် အော်လိုက်၏။

"ဘာဖြစ်လဲဗျ၊ ကျုပ်တာဝန် ကျုပ်လုပ်တာ၊ ကျုပ် ကလေးလေး မဟုတ်ဘူး၊ ကျုပ်ကိုလာပြီး သဟောက်သဟ လုပ်မနေနဲ့၊ ကျုပ်စစ်သား၊ ပြင်သစ်စစ်သား"

ဗိုလ်ချုပ်လီရီဒေါ့က ရင်ကိုကော့၍ ပြောသည်။ အရပ်ပုသည့်တိုင် ဝိုက်ဇ်ကို ငုံ့ကြည့်သလို ကြည့်နေသည်။ ဝိုက်ဇ်က ပခုံးကို တွန့်လိုက်ယင်း...

"ဗိုလ်ချုပ် နည်းနည်း စိတ်လှုပ်ရှားနေတယ် ထင်တယ်၊ ခုဟာက စစ်တိုက်နေတာ မဟုတ်ဘူးဗျ။ အရေးကြီးတဲ့ကိစ္စကို ပြောနေကြတာ၊ ဗိုလ်ချုပ်ကို ဂဏန်းသင်္ချာ ပြန်အသင်ခိုင်းဖို့ ဗိုလ်ချုပ် အထက်လူကြီးကို ပြောရမယ်"

ဝိုက်ဇ်သည် အခန်းထဲမှ ပြန်ထွက်သွား၏။ ဗိုလ်ချုပ်လီရီဒေါ့သည် တော်တော်နှင့် စိတ်ဆိုးမပြေနိုင်။

"ဂျာမန်ဆိုတာ တို့ရန်သူဟောင်းကွ၊ ခု ဒီကောင်တွေကို ရှိသမျှ တင့်ကားတွေ ထုတ်ပေးရမယ်ဆိုတာ ငါနားမလည်နိုင်အောင် ဖြစ်နေပြီ" ဗိုလ်ချုပ်က သူ့မိန်းမကို ပြော၏။ "ခု ငါ့ဆီကို လာသွားတာ ပြင်သစ်လူမျိုး၊ လာဗယ်ရဲ့ မိတ်ဆွေ၊ ဘရိကျူးရဲ့ လူယုံ၊ တကယ်တည်းကွာ ခုတော့ ငါ့ဆီလာတာ လေသံက ဂျာမန်စစ်ဗိုလ် ကျနေတာပဲ။ ရွံစရာကောင်းလိုက်တာ"

နောက်တနေ့တွင် ဗိုလ်ချုပ်လီရီဒေါ့သည် ဗိုလ်ချုပ်ပီးကာ့ကို သွားတွေ့သည်။ ဝိုက်ဇ်လို နိုင်ငံရေးသမားများက စစ်ရေးစစ်ရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေကြောင်း။ ဤသို့စွက်ဖက်ခြင်းမှာ အစိုးရအဖွဲ့ခေါင်းဆောင် မာရှယ်ပေတိန်း၏ ညွှန်ကြားချက်နှင့် ဆန့်ကျင်ကြောင်းဖြင့် တိုင်တန်းချက်တစောင် ရေးလိုက်သည်။

ပီးကာ့က စိတ်မပါ့တပါဖြင့် တိုင်စာကို လက်ခံသည်။

"ခင်ဗျားက ဒီဂေါ်ရဲ့ စကားကို အဟုတ်ထင်နေတာကိုးဗျ၊ အလကား အချိန်ဖြုန်းနေတယ်ဗျာ၊ ဂျာမန်တွေက ဩဂုတ်လ အလယ်လောက်ဆိုယင် လန်ဒန်ကို သိမ်းပြီးဖြစ်နေမှာ၊ ခင်ဗျားလဲ လူငယ်ကလေးတယောက်မှ မဟုတ်တော့ပဲလေ၊ အတွေ့အကြုံ အများကြီးရှိတဲ့ ပုဂ္ဂိုလ်ပဲ၊ ခင်ဗျားလို တပ်မတော်မှာ အစဉ်အလာကြီးတဲ့ လူတယောက်က သစ္စာဖောက်တွေနဲ့ သွားပေါင်းယင် ခင်ဗျားသမိုင်းမှာ အမည်းစက် ထင်ကျန်ရစ်ခဲ့မှာပေါ့"

လီရီဒေါ့သည် သူ့ကို မြှောက်ပင့်ပြောသဖြင့် ခပ်အမ်းအမ်းဖြစ်နေသည်။

"ကျွန်တော်က ဒီလောက် အစဉ်အလာကြီးတဲ့ ပုဂ္ဂိုလ်တယောက်လဲ မဟုတ်ပါဘူး ဗိုလ်ချုပ်"

မိမိ အချိုးမြောက် လွန်သွားပြီကို ပီးကာ့ သိလိုက်သည်။ သူတို့နှစ်ယောက်သည် ကြည်ကြည်သာသာဖြင့် ခွဲခဲ့ကြ၏။ ရုံးသို့ ပြန်ရောက်သည့်အခါတွင် ဗိုလ်ချုပ်လီရီဒေါ့သည် အောက်က အရာရှိများကို ဆူပူကြိမ်းမောင်းလျက်ရှိ၏။

"စက်သေနတ်တွေ အကုန်မပေးပဲ ထိမ်ချန်ထားတာနဲ့ ပတ်သက်လို့ ခင်ဗျားမှာ တာဝန်ရှိတယ် ဗိုလ်မှူး၊ ရင်ထိုးတွေ မဟုတ်ဘူးဗျ၊ ချက်ချင်း ဖျောက်ပစ်လို့ လွယ်တာ မဟုတ်ဘူး၊ ကျုပ်တို့တတွေဟာ အသေးအဖွဲကိစ္စကလေးတွေမှာတောင် တာဝန်ကျေအောင် လုပ်တတ်တဲ့ လူမျိုးတွေဆိုတာ ကျုပ်တို့ရန်သူဟောင်း ဂျာမန်တွေ သိအောင် ပြရမယ်၊ သွား... ရှိသမျှ စစ်ပစ္စည်းတွေ အကုန်အပ်လိုက်ပါ၊ ကြယ်သီးကလေးတောင် မကျန်ပါစေနဲ့"

ညစာစားပြီးသည့်အခါတွင် ဗိုလ်ချုပ်လီရီဒေါ့သည် မော်ရိုးနှင့် နိုင်ငံရေးအကြောင်း ပြောကြသည်။

"ဒီဂေါဆိုတဲ့လူက အလကားလူပါဗျာ၊ စွန့်စားရေးသမားပါ၊ ခု... ခင်ဗျားလူ၊ မြင်းမှားပြီး စီးနေပြီဗျ၊ ကျုပ်ထင်တဲ့အတိုင်းပဲ၊ ဂျာမန်တွေက အနောက်ဘက် ပြင်သစ်ကမ်းခြေမှာ တပ်တွေ တော်တော်များများ စုပြီးပြီ၊ အင်္ဂလန်ကို တိုက်တော့မယ်။ ရေလက်ကြားကို ဘယ်လိုလုပ်ဖြတ်မလဲလို့ ခင်ဗျားက မေးကောင်းမေးမယ်၊ အင်္ဂလိပ် ရေလက်ကြားဆိုတာ ကလေးကစားစရာပါဗျာ၊ (နော်ဝေပြည်) နားဗစ်တိုက်ပွဲတုန်းက ဂျာမန်ကမ်းတက်တပ်တွေ ဘယ်လိုတိုက်တက်ခဲ့တယ်ဆိုတာ ခင်ဗျားမြင်သားပဲ၊ သမားရိုးကျ ကမ်းတက်တိုက်ပွဲ နည်းဗျူဟာတွေ အားလုံး ဇောက်ထိုးပြောင်းပြန် ဖြစ်ကုန်ပြီ မဟုတ်လား၊ ကြည့်ပါ။ နောက်တလလောက်ဆိုယင် ဟစ်တလာ လန်ဒန် စရောက်တော့မှာ၊ ကကြီးခကွေး ရေးဖတ်ရတာကမှ ခက်ချင် ခက်ဦးမယ်၊ ခုဟာက ရှင်းနေပြီ၊ ကျုပ်အထင် ပြောရယင်တော့ ဂျာမန်ကို ထောက်ခံတဲ့ လာဗယ်ရဲ့ လမ်းစဉ်ကို မှန်တယ်လို့ ထင်တာပဲ၊ ဟုတ်ပါတယ်၊ ကျုပ်တို့ စစ်တပ်ဟာ နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ခု... ကျုပ်တို့ဟာ ဟိုတုန်းကလို ပါလီမန် လွှတ်တော် ဆော်ပွဲ ကလော်ပွဲတွေနဲ့ ဘာမှမဆိုင်ပေမယ့် ပြင်သစ်ပြည်ကြီးရဲ့ ကံကြမ္မာနဲ့ ပတ်သက်လို့တော့ မပြောပဲ နေလို့မရတော့ဘူးဗျ။ ရှင်းရှင်းပြောရယင်တော့ ဂျာမန်နိုင်ငံဟာ ကျွန်တော်တို့ တိုင်းပြည်အဖို့ ကံကောင်းတယ်ဗျ၊ စစ်ပြီး ဥရောပတိုက်သစ်မှာ ကျွန်တော်တို့ဟာ အီတလီလို ထိပ်တန်းနေရာကို ရောက်လာတော့မှာ၊ ခင်ဗျားတို့ မယုံယင် ကြည့်နေပါ၊ ဟစ်တလာဟာ အင်္ဂလန်ကို နိုင်ပြီးယင် ရုရှဘက်ကို လှည့်မှာပဲဗျ၊ ရုရှတွေမှာ တပ်နီတော် ရှိတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် သူတို့တပ်နီတော်က စာရင်းထဲ မထည့်လောက်ပါဘူးဗျ၊ ရုရှဆိုတာ မြေကြီးကျယ်ကျယ် ရှိတာကလွဲယင် တခြား ဘာမှရှိတဲ့တိုင်းပြည် မဟုတ်ပါဘူး၊ ရုရှကို တိုက်တုန်းမှာ ကျွန်တော်တို့က ဟစ်တလာကို တတ်နိုင်တဲ့ အကူအညီသာ ပေးမယ်ဆိုယင် ဟစ်တလာကလဲ ကျွန်တော်တို့ကို ကျေးဇူးတင်လို့ ဆုံးမှာမဟုတ်ဘူး၊ ဒီလိုဖြစ်လာယင် ကျွန်တော်တို့ကလဲ ဟစ်တလာဆီကို လျှော့ပေါ့ချက်တွေ ဘာတွေ တောင်းလို့ ကောင်းလာတာပေါ့၊ ဟစ်တလာ (ရုရှမှာ) ကိုယက်လောက်ကို သိမ်းပြီးယင် ကျွန်တော်တို့ဆီက ယူသွားတဲ့ လိုလေကို ပြန်ပေးမှာပဲ။ ဗိုလ်ချုပ်ပီးကာ့ကလဲ ဒီအတိုင်း ယူဆတယ်၊ ဒီလိုမဟုတ်ပဲ အင်္ဂလန်သာ နိုင်သွားယင် ဘယ်လိုဖြစ်မယ် ထင်သလဲ ခင်ဗျားစဉ်းစားကြည့်စမ်း၊ တော်တော့ကို ကြောက်စရာကောင်းမယ်၊ ကျွန်တော်တို့က ဂျာမနီနဲ့ သီးခြား စစ်ပြေငြိမ်းရေး စာချုပ်ရသလားလို့ ချာချီက ကျွန်တော်တို့ကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ အရေးထဲမှာ ဒီဂေါကလဲ မဟုတ်တဲ့လူတွေနဲ့ ပေါင်းနေတယ်ဗျ။ ကွန်မြူနစ်တွေနဲ့ ပေါင်းသွားတယ် ဆိုယင်လဲ

ကျွန်တော် မအံ့ဩပါဘူး၊ တကယ်ပြောတာ၊ ဒီဂေါလိုလူက ဘာမဆို လုပ်မယ့်လူမျိုး၊ မူရှိတဲ့ လူမျိုးမှ မဟုတ်ပဲ၊ ကျွန်တော် တဦးတည်း ပြောရမယ် ဆိုယင်တော့ ဒီဂေါလို လူမျိုးထက် ဂျာမန်တွေကို ပိုပြီး သဘောကျတယ်၊ ဟုတ်ပါတယ်၊ ဂျာမန်တွေဟာ ကျွန်တော်တို့ရဲ့ ရန်သူဟောင်းတွေ၊ ဒါပေမယ့် ဂျာမန်လူမျိုးဟာ ရိုးဖြောင့်တယ်၊ တခြားလူတွေကတော့ ဘယ်လိုနေမယ် မသိဘူး၊ ကျွန်တော်ကတော့ ကိုယ့်လမ်း ကိုယ်ရွေးပြီးပြီ၊ ကျွန်တော်တို့ဟာ ဂျာမန်တပ်တွေကို အတတ်နိုင်ဆုံး ကူညီရမယ်၊ ပါးစပ်က ဝတ်ကျေတန်းကျေ မဟုတ်ဘဲ စိတ်ရော ကိုယ်ပါ ကူညီရမယ်၊ မဟုတ်ဘူးလား၊ ဗိုလ်မှူးကြီး၊ ခင်ဗျား ဘယ်လို သဘောရသလဲ”

ဗိုလ်မှူးကြီးမော်ရိုးက ခပ်လေးလေးဖြင့် ဖြေသည်။

“လဆိုတာ သူများအရောင်ကြောင့် လင်းရတာပါလို့ ဗိုလ်ချုပ်ကို ကျွန်တော် ပြောဖူးသားပဲ၊ ကိုယ်က ဘာတွေညာတွေ ဖြစ်ချင်ပေမယ့် တကယ့်အဖြစ်ကိုတော့ ငြင်းလို့မရဘူးခင်ဗျ။ သူတို့သာနိုင်ယင် ကျွန်တော်တို့ မသက်သာဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် သစ်ပင်မှာ ကြိုးဆွဲချ အသတ်ခံရတာထက် သူ့ကျွန်ဖြစ်ရတာက တော်သေးတာပေါ့”

နောက်တနေ့တွင် ဗိုလ်ချုပ်လီရီဒေါ့သည် ပျော်ပွဲစားကလေးတခု လုပ်သည်။ သူ့မိန်းမနှင့် ဗိုလ်မှူးကြီးမော်ရိုးတို့နှင့် အတူ တောင်ပေါ်စခန်းတခုသို့ ထွက်ခဲ့ကြသည်။ တောင်ခြေရှိ ရွာကလေးတရွာသို့ မော်တော်ကားဖြင့် လာခဲ့ကြပြီး တောင်ပေါ်သို့ ခြေကျင်တက်ကြသည်။ လီရီဒေါ့ကား ရှုခင်းကို ကြည့်၍ ကျေနပ်နေလေပြီ။ ကျောက်ကမ်းပါး ပြာပြာကြီးများက တမင်လုပ်ထားသည့်နှယ် ထိုးထိုးထောင်ထောင်။ ရှုခင်းက ခပ်ရိုင်းရိုင်း။ ထိုရှုခင်းရိုင်းကို ယဉ်သွားအောင် လုပ်ပေးမည့် ပန်းပွင့်တွေ၊ သစ်ပင်တွေ မရှိ။ ကျောက်ကမ်းပါး ပြာမွဲမွဲများ အကြားတွင် ဆူးချုံ ပြာမွဲမွဲတို့သာ အနှံ့အပြား ပေါက်နေကြသည်။ ကျောက်ကမ်းပါးယံကြားက ရေအိုင်ကလည်း ပြာပြာ။ လက်နက်ချ အညံ့ခံပြီးသည့်နောက် ရှုခင်းတခုလုံး ပြာမွဲမွဲ ဖြစ်နေသည်ဟု ဗိုလ်ချုပ်လီရီဒေါ့ ထင်မိသေးသည်။ ဘာ့ကြောင့်မှန်း မသိ။ ပထမကမ္ဘာစစ်ပြီးစက အာဒင်းသစ်တောကြီးဝိုင်းက သစ်ပင်စိမ်းစိမ်းများနှင့် ခြေထောက်ပြတ်နေသည့် ကလေးမကလေးတယောက်ကို သွား၍ အမှတ်ရနေသည်။

စားစရာကို အအေးစိမ် ယူလာခဲ့သည်။ ဗိုလ်မှူးကြီးမော်ရိုးက ဗိုလ်ချုပ်ကတော်အတွက် သကြားလုံးတဗူး ယူလာခဲ့သည်။ “ဒီအရပ်က သကြားလုံးက တော်တော်ကောင်းတယ် ဗိုလ်ချုပ်ကတော်” ဟု ဆို၏။ ဗိုလ်ချုပ်ကတော်ကား အကင်းပါးသူပီပီ “ဩော်... သကြားလုံး ဗူးကလေးတဗူးကို ငွေရှစ်ဆယ်တောင် ပေးဝယ်လာတယ်၊ ဒီလူ့နှယ် ရှူးများ ရှူးနေရော့သလား” ဟု စိတ်ထဲက အောက်မေ့မိသည်။

နေထွက်လာသည့်အခါ တောင်ပေါ်က ရေအိုင်တွင် နှင်းဆီရိပ် ပြေးစပြုလာသည်။ ဗိုလ်ချုပ်လီရီဒေါ့သည် စိတ်တည်ငြိမ်သွားပုံရ၏။ “အင်း... အကောင်းဆုံးကတော့ သဘာဝကြီးပဲ၊ သာယာတဲ့ သဘာဝကြီးကို ကြည့်လိုက်ယင် စိတ်ဟာ တည်ငြိမ်သွားတယ်။ သဘာဝဟာ စိတ်ခံစားမှုတွေကို တည်ငြိမ်အောင် လုပ်ပေးတဲ့ အရာတွေပဲ” ဟု တယောက်တည်း ပြောနေသည်။

ဗိုလ်ချုပ်ကတော်က ပြဇာတ်ထဲက သီချင်းတပုဒ်ကို ဆိုသည်။ ဗိုလ်မှူးကြီးမော်ရိုးသည် ဗိုလ်ချုပ်ကတော်ကို ကြည့်ယင်း ဖောက်ပြန်နေလေ၏။ “အင်း... ငါ့အဆက်များ ဖြစ်လိုက်ယင်” ဟု တွေးနေသည်။ ဗိုလ်ချုပ်က

အိပ်ငိုက်လျက် လေညင်းက တသုန်သုန် တိုက်လျက်။ အားဆေးသောက်ရသလို လန်းဆန်းစေသည့် လေ။ တချိန်တည်းတွင် မောပန်းနွမ်းနယ်စေသည့် လေ။

တပ်ရေး၏ ဆူဆူညံညံ အသံကြောင့် ဗိုလ်ချုပ် အိပ်ရာမှ နိုးလာသည်။ ဗိုလ်ချုပ်လီရီဒေါ့သည် အခြေအနေကို ကောင်းကောင်း မသိသေး။ အိပ်ရာမှ လုံးလုံးလျားလျား နိုးလာသည့်အခါတွင်မူ တပ်ရေးကို ဆူပူကြိမ်းမောင်းလျက် ရှိလေသည်။

“မင့်ကို ဘယ်သူက နှိုးခွင့်ပေးလို့လဲကွ၊ ဒီနေ့ တနင်္ဂနွေနေ့၊ စစ်မြေပြင်မှ မဟုတ်တာ၊ ဒီလိုနေ့မျိုးလေးတောင် အနားမယူရတော့ဘူးလား”

“တပ်မကြီးတတပ် ပြုတ်သွားတယ်လို့ သတင်းရောက်ပါတယ် ဗိုလ်ချုပ်”

တနင်္ဂနွေနေ့တွင် အနားယူနေသည့် ဗိုလ်ချုပ်လီရီဒေါ့ ဇိမ်ပျက်သွားရသည့်အကြောင်းမှာ ရှေ့တန်းစစ်မျက်နှာ အမှတ် ၂၇၈ တပ်ရင်းမှ တပ်ကြပ်ကလေးတယောက်ကြောင့် ဖြစ်၏။ ထိုတပ်ကြပ်မှာ တခါက ဆိန်းလေယာဉ်စက်ရုံတွင် အလုပ်သမားတယောက် ဖြစ်ခဲ့ဖူး၏။ သူ့အမည်မှာ လီဂရေး ဖြစ်သတည်း။

မေလအကုန် လီဂရေးသည် ဘရိုင်ယန်ဆွန်မြို့ကလေးအနီးရှိ နိုင်ငံရေး အကျဉ်းစခန်းတခုထဲတွင် သံ့ပန်းဖြစ်နေခဲ့သည်။ ဘဝတူ သံ့ပန်းများနှင့်အတူ ထိုအနီးရှိ တောင်ပေါ်မှ ကျောက်တုံးများကို အောက်သို့သယ်ရသည်။ မည်သည့်အတွက် ကျောက်များကို ခွဲ၍ တောင်အောက်သို့ ချနေသည်ကို မည်သူမျှ မသိကြ။ တောင်ကြားလမ်းကလေးတလျှောက်တွင် ကျောက်ပုံကြီးတွေက ဟီးလျက်။ လီဂရေးသည် သူတို့သံ့ပန်းများအား လိုက်လံစောင့်ကြပ်နေသည့် ရန်သူစစ်သားများနှင့် ရန်လည်း မဖြစ်။ သူ့မျက်လုံးက ဟာလာဟင်းလင်း။ သူ့မျက်နှာတွင် မုတ်ဆိတ်တွေ၊ ပါးသိုင်းမွေးတွေ ထူထပ်လျက်။

မေလကုန်လောက်တွင်မှ သံ့ပန်းများကို မမျှော်လင့်ပဲ ပြန်လွှတ်လိုက်သည်။ ဂျာမန်ဗိုလ်မှူးက မိန့်ခွန်းပြော၏။ “ပြင်သစ်ပြည်ကြီးဟာ နာမကျန်းဖြစ်နေပြီ” ဟု သူက ဆိုသည်။ ပြန်လွှတ်လိုက်သည့် သံ့ပန်းများကို အီတလီနယ်စပ်သို့ ပို့လိုက်သည်။ လီဂရေးမှာ တပ်ကြပ်အဆင့် ပြန်ရသည်။ ယခုကဲ့သို့ ဗြုန်းစားကြီး ပြန်လွှတ်လာသည့်အတွက် ထူး၍ ဝမ်းသာပုံလည်း မရ။ သို့ရာတွင် ဂျာမန်တို့က ဘယ်လဂျီယန်ကို ဝင်တိုက်ပြီဟု ကြားရသည့်အခါတွင် လီဂရေးသည် ပြန်၍ တက်ကြွလာ၏။ ယခင်ကလို လှံ့ဆော်ရေးသမား၊ တိုက်ခိုက်ရေးသမား မာန်တွေ ကြွလာ၏။ ရိုင်ဖယ်သေနတ်ကို တကိုင်ကိုင်နှင့် စစ်မြေပြင် သွားချင်သည်ဟု မကြာခဏ ညည်းနေသည်။

ဂျာမန်နှင့်တိုက်သည့် စစ်ပွဲတွင် သူတို့နိုင်မည်ဟု မယုံကြည်သည့်တိုင် လီဂရေးသည် စစ်မြေပြင်သို့သာ သွားချင်နေသည်။ မိမိတို့ ပြင်သစ်ပြည်ကြီးသည် မျက်စိကို အပိတ်ခံထားရပြီ၊ အညှို့ခံနေရပြီ၊ ပြုစားခြင်းခံနေရပြီ၊ ရှေ့တန်း တိုင်းပြည်ကြီးတပြည်အဖြစ်မှ လက်အောက်ခံ နိုင်ငံကလေးတနိုင်ငံသဖွယ် ဖြစ်နေရပြီဟု ထိုနစ် တဆောင်းလုံး လီဂရေး စိတ်တွင် စွဲနေသည်။ ဤအတွေးဖြင့် သူ့စိတ်ဓာတ်သည် ဒဏ်ရာအနာတရဖြစ်ကာ ပုံမှန်ပြန်ဖြစ်လာတော့မည်ဟု မထင်တော့။ သို့ရာတွင် နယ်စပ်သို့ရောက်ပြီး တလကြာသည့်အခါတွင် အီတလီက ပြင်သစ်ကို စစ်ကြေငြာလိုက်သည်။ လီဂရေးသည် ရန်သူတိုက်ခိုက်မှု အပြင်းအထန်ဆုံး စစ်ကြောင်းသို့ ရောက်နေ၏။

အီတလီတို့က သူတို့ခံစစ်ကြောင်းကို လေးရက်တိုင်တိုင် အမြောက်ကြီးများဖြင့်

မရပ်မနား ထုကြသည်။ သို့ရာတွင် ပြင်သစ်တပ်များက ဆုတ်မပေးကြ။ ငါးရက်မြောက်နေ့တွင်မူ အီတလီတို့ဘက်မှ အမြောက်သံများ စဲသွားသည်။ အစားအစာ ရောက်လာသော်လည်း သတင်းစာ မဖတ်ရ။ ဂျာမန်တို့က ပါရီကို သိမ်းလိုက်ကြပြီဟု ချန်ဘာရီမှ ရောက်လာသည့် စစ်ဗိုလ်ကလေးတယောက်ထံမှ သတင်းကြားရသည်။ ပြင်သစ်အစိုးရအဖွဲ့ မည်သည့်နေရာသို့ ရောက်နေသည်ကိုမူ မည်သူမျှ မပြောနိုင်။

စစ်သားများသည် တယောက်တပေါက် ပြောနေကြသည်။

"အစိုးရအဖွဲ့က ရှိမှ ရှိသေးရဲ့လားမှ မသိတာ"

"ပြင်သစ်ဖက်ဆစ်တွေက အာဏာသိမ်းလိုက်မှာပေါ့ဗျ။ လာဗယ်တို့၊ ဒိုးရီးယော့တို့ ဆိုတဲ့လူတွေက ဘယ်နေမှာလဲ"

"ဒါဖြင့် ကျုပ်တို့က လာဗယ်တို့လို ဖက်ဆစ်တွေအတွက် အသေခံပေးရမှာလားဗျ။ ကျုပ်တို့ကတော့ အသေမခံနိုင်ဘူး၊ ရှင်းရှင်းပဲ"

လီဂရေး စိတ်တိုလာသည်။ ထ၍ အော်သည်။

"ဘာလဲခင်ဗျ၊ ခင်ဗျားတို့ ဒီလောက်တောင် ကြောက်နေကြသလား၊ လာဗယ်လို လူမျိုးအတွက်တော့ ဘယ်သူ့ အသေခံချင်ပါ့မလဲ၊ ဒါပေမယ့် လာဗယ်ရဲ့ အစိုးရ တက်နေတယ်လို့ ဘယ်သူသိလို့လဲ၊ ဒါ လူတွေက ပြောနေတာ၊ လူတွေကတော့ ဒီလိုပဲ ပြောကြမှာပဲ၊ လာဗယ်ဆိုယင် ဒီစစ်ကို မတိုက်ပါဘူး၊ စိတ်ချပါ၊ လာဗယ်က မူဆိုလိုနီရဲ့ နောက်လိုက်၊ သူ့အိတ်ထဲက လူ၊ ခု ပါရီမှာ ဘယ်အစိုးရ တက်နေတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ကျုပ်တို့ကတော့"

လီဂရေးက အနောက်ဘက်သို့ လက်ညှိုးထိုးပြသည်။

"ကျုပ်တို့ကတော့ ရန်သူကို တိုက်မှာပဲ၊ ပြင်သစ်ပြည်မှာ ဘယ်အစိုးရ တက်နေတယ်ဆိုတာ ကျုပ်တို့မသိဘူး၊ ကျုပ်တို့သိတာက ရှေ့မှာ ရန်သူရှိတယ် ဆိုတာပဲ၊ ဒါ မမှားနိုင်ဘူး၊ ကိုယ့်ရှေ့ကို ရောက်နေတဲ့ ရန်သူကို တိုက်ရမှာပဲ၊ ခင်ဗျားတို့ ကျုပ်ကို ဘယ်လိုပဲထင်ထင် ဖက်ဆစ်တွေ ပြင်သစ်နယ်မြေထဲကို အဝင်မခံနိုင်ဘူး ဒါပဲ"

ဟာလာဟင်းလင်းဖြစ်နေသည့် သူ့မျက်လုံးများသည် ဒေါသကြောင့် ဝင်းဝင်းတောက်လာကြသည်။ လီဂရေးကို သူ့ရဲဘော်များက ထောက်ခံကြသည်။ နောက်တနေ့တွင် အီတလီတို့က ပြင်သစ်တို့ကို လက်နက်အချခိုင်းသည်။ ပြင်သစ်တို့က လက်နက်မချ။ သို့ဖြင့် သူတို့တပ်သည် ကမ္ဘာကြီးနှင့် အဆက်ပြတ်နေသည်။ အဝိုင်းခံနေရသည့်ကြားက ငါးရက်တိုင်တိုင် ကြံ့ကြံ့ခံတိုက်ခဲ့ကြသည်။

ဂျာမန်နှင့် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်လိုက်ပြီတဲ့၊ လာဗယ်က ခေါင်းဆောင်နေပြီတဲ့ ဆိုသည့်သတင်းများကို ကြားရသည့်အခါတွင် လီဂရေး မယုံနိုင်။ အိပ်မက်မက်နေသည်ဟု ထင်သည်။ လီဂရေးသည် ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲ၏။ ကတုတ်ကျင်း အပြင်ဘက်သို့ ထွက်လာသည့်အခါတွင် အီတလီအရာရှိအချို့နှင့် ပြင်သစ်ဗိုလ်မှူးကြီးတယောက်ကို မြင်ရသည်။ "မာကရိုနီတွေလာကုန်ပြီ၊ အီတလီ မာကရိုနီတွေ လာကုန်ပြီ" ဟု တယောက်က အော်သည်။ လီဂရေးသည် ခါတိုင်းလို ပြန်ပြီး လေးကန်ထိုင်းမှိုင်းသွားကာ သုန်မှုန်သွားသည်။

တပ်ပျက်မပြေးသည့် တပ်ရင်းအနည်းစုထဲတွင် လီဂရေးတို့တပ်လည်း ပါသည်။

သူတို့တပ်ကို ကလဲမောင့်သို့ ပြောင်းရွှေ့ထားလိုက်၏။ မြို့အနီးတွင် လက်နက်ရုံတရုံနှင့် စစ်ထောက်ပံ့ရေးပစ္စည်းများထားသည့် ဂိုဒေါင်များရှိသည်။ ဗုဒ္ဓဟူးနေ့တွင် ထိုပစ္စည်းများကို ဂျာမန်တို့လက်သို့ လွှဲပြောင်းပေးတော့မည်ဟု ကြားရသည်။ ထိုစကားလုံးများသည် ရေထဲတွင် နေအလင်းရောင် ဖြာကျလာသကဲ့သို့ မည်းမှောင်နေသည့် လီဂရေး၏ ခေါင်းထဲတွင် အလင်းရောင်တချက် ပြက်ကနဲ ဝင်လာသည်။

ထိုညမှာ မိုးရွာပြီး၍ ပူအိုက်စွတ်စိုသည့် ညတညဖြစ်၏။ လီဂရေးသည် ကင်းတာဝန်ကျနေသည်။ ကင်းစောင့်ယင်း ပါရီတွင် ကျန်ခဲ့သည့် သူ့အဆက် ဂျိုးဆက်ကို သတိရနေသည်။ စာကလေးတစောင်မျှ ရေးဖော်မရ။ သို့မဟုတ် ရေးလျက်နှင့် ရောက်မလာခြင်းလော။ ယခု စာအဆက်အသွယ် မရှိကြတော့ပြီ။ စာပို့တိုက်တွေအားလုံး ပိတ်ထားလိုက်ပြီ။ ရထားတွေ မဆွဲတော့။ အရာရာသည် သူ့ဘဝကို ပြိုကွဲပျက်စီးသွားပြီဟု ထင်ရ၏။ မစ်ရှောသတင်းလည်း ဘာမျှမကြားရ။ မစ်ရှောကော ဘယ်ရောက်နေသနည်း။ ပါတီကော ဘယ်ရောက်နေသနည်း။ မိမိအနီးတွင် ရှိသလော။ သို့မဟုတ် အဝေးကြီးမှာလော။ သူတို့ထင်ခဲ့သည့်အတိုင်း အကုန်ဖြစ်ကုန်ပြီ။ နာဇီတို့သည် ပြင်သစ်ပြည်သို့ ရောက်လာကြကာ မိတ်ဆွေတွေ တွေ့နေကြသည်။ ကူညီစောင့်မမည့်သူတွေ တွေ့နေကြသည်။ လက်ကိုင်တုတ်တွေ တွေ့နေကြသည်။ ပြင်သစ် ကွန်မြူနစ်သတင်းစာ ဖြစ်သည့် “လျူမန်နီတေး” သတင်းစာက ဤအဖြစ်အပျက်များကို နှစ်ပေါင်းများစွာက ကြိုတင်သတိပေးခဲ့သည်။ ယခု သူတို့သတိပေးခဲ့သည့်အတိုင်း ဖြစ်ပြီ။ မည်မျှ ဝမ်းနည်းစရာ ကောင်းလိုက်ပါသနည်း။ ဂျာမန်တို့သည် ရှိသမျှပစ္စည်းကို ယူကုန်ကြပြီ။ သစ်သားခုံရှည်၊ သကြား၊ ဖိနပ်ကမကျန် သယ်ပိုးနေကြသည်။ သို့ပန်းများကိုလည်း ပြန်ခွင့် မပေးကြ။ မစ်ရှောတယောက်လည်း သူတို့လက်ထဲသို့ ရောက်သွားလေပြီလော။ ယခု ဂျာမန်တို့သည် အင်္ဂလိပ်ကို တိုက်တော့မည်။ ပြီးလျှင် ရုရှကို တိုက်တော့မည်။ ဂျာမန်ဆိုသည့်ကောင်တွေက ကြွက်တွေ၊ ကြွက်မှ ကြွက်ငတ်တွေ၊ သူတို့ဝင်လာလျှင် အလုပ်လုပ်ခြင်း၊ နားနေခြင်း၊ စွန့်စားခြင်းနှင့်တကွ လူ့ဘဝကြီးတခုလုံးသည် ပျက်စီးရတော့မည်လော။

ကိုယ့်အတွေးနှင့် ကိုယ်တွေးယင်း တော်တော်နှင့် မဆုံးနိုင်။ ညဉ့်နက်သည်အထိ တွေး၍ မဆုံးသေး။ သည်လိုညမျိုးကို လီဂရေး ကြုံခဲ့ရပေါင်း များလှပြီ။ နေ့ဘက်တွင် လီဂရေးသည် စကားပြော၏။ ခြောက်ကပ်အက်ကွဲနေသည့် အသံဖြင့် မေးခွန်းတွေ မေး၏။ ဟာလာဟင်းလင်း ဖြစ်နေသည့် မျက်လုံးများဖြင့် ငေးမော၏။ မည်သူမျှ သိပ်စကားမပြောကြ။ အဖြစ်အပျက်တို့ နှင်းချေထားခြင်း ခံရသဖြင့် ကြေမွနေကြပြီ။ ပွန်းပဲ့နေကြပြီ။ တွေ့သမျှလူများမှာ ဆွေမျိုးပျောက်၍ လိုက်ရှာသူ၊ အစာငတ်၍ အစာလိုက်ရှာသူ။ မည်သူမျှ ကြေကွဲစရာအဖြစ်ကြီးကို မစဉ်းစားနိုင်ကြ။ ထိုကြေကွဲမှုကြီးထဲတွင် အသက်ရှင်နေကြရသည်။

သို့ရာတွင် အရုဏ်က သစ်ပင်များကို အမှောင်ထုထဲမှ ဆွဲထုတ်လာသည့်အခါတွင်မူ လီဂရေး စိတ်ထဲတွင် ဆုံးဖြတ်ချက်တခုကို ဆုံးဖြတ်ပြီးပြီ။ စဉ်းစား၍ ဆုံးဖြတ်ခြင်း မဟုတ်။ အလိုလို ပေါ်လာခြင်းဖြစ်သည်။ နှလုံးသားဖြင့် ခံစားပြီး ပေါ်လာခြင်းဖြစ်သည်။ ရက်ပေါင်းများစွာ ရှုးမတတ် ဖြစ်ခဲ့ရခြင်း၊ ခံစစ်ကြောင်းကို အသေအလဲ ကာကွယ်ခဲ့ရခြင်း၊ စစ်ပြေးဒုက္ခသည်တို့၏ အခြေအနေကို မြင်ရခြင်း၊ ငတ်ပြတ်နေသည့် စစ်သားများကို မြင်ရခြင်း၊ “ဗုဒ္ဓဟူးနေ့ကျယင် ကျွန်တော်တို့ပစ္စည်းတွေကို ဂျာမန်တွေကို လွှဲပေးလိုက်တော့မယ်” ဟု ဝမ်းသာအားရ ပြောနေသည့် စစ်ဗိုလ်၏ အသံကို ကြားရခြင်း စသည်တို့ နောက်ပိုင်းတွင် ထိုဆုံးဖြတ်ချက်သည် အလိုလို သူ့ရင်ထဲ

ထပ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မပေး၊ သည်ပစ္စည်းများကို ဂျာမန်လက်သို့ မည်သည့်နည်းနှင့်မျှ မပေး။ သည်ပစ္စည်းများကို ဂျာမန်တို့ ဘယ်တော့မျှ မရစေရ။

လီဂရေးသည် စစ်သားသုံးယောက်ကို မြို့ထဲသို့ လွှတ်လိုက်သည်။ သူတို့တပ်ဗိုလ်ဗိုလ်လေး ဘရေဇီးယားသည် အခန်းထဲတွင် အိပ်ပျော်လျက်ရှိ၏။ သူ့အနီးတွင် ဘယ်သူမျှ မရှိ။ လီဂရေးတယောက်သာ ကျဆုံးသွားခဲ့သည်။ လီဂရေး၏ ကျဆုံးပုံသည် လွယ်လွယ်ကူကူ။ ရှင်းရှင်းလင်းလင်း။ ပေါက်ကွဲသံကြီးကြောင့် အနီးတဝိုက်တွင် တုန်လှုပ်သွားသည်။ ငှက်တွေက လန့်ပြီး သစ်ပင်ပေါ်မှ ပျံပြေးကြသည်။ ပေါက်ကွဲရာ လက်နက်သိုလှောင်ရုံနှင့် သုံးကီလိုမီတာ အကွာတွင်ရှိသည့် အိမ်များမှ ပြတင်းပေါက်များသည် ပေါက်ကွဲမှုအရှိန်ကြောင့် တုန်ခါသွားကြသည်။

လက်နက်ရုံကို လီဂရေးဆိုသည့် တပ်ကြပ်ကလေးတယောက်က သူ့ကိုယ်သူ အသေခံ၍ ဖောက်ခွဲပစ်လိုက်ပြီ ဆိုသည့်သတင်းကို ကြားရသည့်အခါတွင် ဗိုလ်ချုပ်လီရီဒွေါ့သည် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်၏။ လက်နက်ရုံ ပေါက်ကွဲသွားခြင်းသည် ပြင်သစ်ပြည်ကြီး ကျဆုံးသွားသည်ထက် ကြီးကျယ်လေးနက်သည့် ပျက်စီးဆုံးရှုံးမှုကြီးတခုဟု သူထင်သည်။ ထိုလက်နက်တိုက် ပေါက်ကွဲမှုသည် သူ့တာဝန် ဖြစ်တော့မည်။ စိတ်ရှုးပေါက်နေသည့် လူတယောက်၏ လုပ်ဆောင်ချက်ဖြစ်သည် ဆိုလျှင် ဂျာမန်တို့က ယုံမည် မဟုတ်။ ဗိုလ်ချုပ်ပီးကာ့ကလည်း သူ့အပေါ်တွင် အပြစ်ပုံချတော့မည်။ ကြောက်စရာ ကမ်းပါးပြာမွဲမွဲကြီးများနှင့် ရေအိုင်ပြာပြာကြီးကို သူ သတိရသည်။

"သွားပြီ၊ အကုန်ပေါက်ကွဲကုန်ပြီ၊ သဘာဝကြီးလဲ ပျက်စီးပြီ၊ ငါ့နှလုံးသားလဲ ပျက်စီးပြီ"

ဗိုလ်ချုပ်က ဗိုလ်ချုပ်ကတော်ကို လှမ်းပြောလိုက်လေသည်။

ဂျိုလီယော့တယောက် ပါရီသို့ ပြန်ရောက်နေပြီ။ "ဘဝသစ်" သတင်းစာကိုလည်း ပြန်၍ ထုတ်လျက်ရှိ၏။ ဂျိုလီယော့သည် ဗစ်ချီရှိ မာရှယ်ပေတိန်း ဦးဆောင်သော ပြင်သစ်ရုပ်သေးအစိုးရထံမှ ပြင်သစ်ဖရန့်ငွေများရပြီး ဂျာမန်တို့ထံမှ ဂျာမန်မတ်ငွေများ ရနေသည်။ သို့တိုင်အောင် ခပ်ဝဝဖိုင့်ဖိုင့် ဂျိုလီယော့သည် မရောင့်ရဲနိုင်။ "ဂျာမန်သံရုံးက ဆီးဘာ့ဂ် ဆိုတဲ့ငနဲက သိပ်နှမြောတာပဲဗျာ"ဟု မကြာခဏ ပြောတတ်သည်။ "ပျော့ပျော့နဲ့ တော်တော်နံတဲ့လူ၊ သူနဲ့သာ ကြောင်ကတိုးကောင်ကို လှောင်အိမ်တခုထဲ ထားရယင် သူ့အနံ့ကြောင့် ကြောင်ကတိုး သေမယ်ထင်တယ်" ဟု ပြောတတ်သည်။

ပါရီကို ထိန်းသည့် ဂျာမန်တပ်မှူး ဗိုလ်ချုပ် ဗွန်ရှမ်ဘတ်က ဂျိုလီယော့ကို သဘောကျသည်။ မာဆေးလ်မြို့သား ဂျိုလီယော့က နေပုံကလည်း ခပ်ကြွားကြွား ခပ်ပျော်ပျော်။ စိတ်ကူးကလည်း ကြွယ်ကြွယ်။ ထို့ကြောင့် ဂျိုလီယော့ကို သူခင်သည်။ သို့ရာတွင် ဂျိုလီယော့ မပျော်။ စိတ်ညစ်နေသည်။ ခါတိုင်းလို ရယ်စရာ မောစရာကိုလည်း သိပ်မပြောတော့။ ပေါင်းသင်းဆက်ဆံရေးလည်း ပြေပြစ်ခြင်း မရှိတော့။ သတင်းစာတိုက်မှ အိမ်သို့ ပြန်ရောက်လာလျှင် အဝတ်အစားမျှ မလဲနိုင်။ အိပ်ရာပေါ်တွင် ငူငူကြီး ထိုင်ယင်း ကြမ်းခင်းကော်ဇောကို စိုက်ကြည့်နေတတ်သည်။ မိန်းမက အကျိုးအကြောင်းကို မေးသည့်အခါတွင်လည်း ဘာမျှ မပြော။ ခေါင်းကိုသာ ယမ်းနေတတ်၏။

မနေ့တုန်းက ဘရီကျူးသည် ဆောင်းပါးတစောင်ကို ကိုင်၍ သူ့သတင်းစာတိုက်သို့ ပေါက်လာသည်။ ဂျိုလီယော့သည် သူပေးသည့် ဆောင်းပါးကို ဖတ်ပင်မဖတ်တော့။ "စီရန်" ဟုသာ ရေးပေးလိုက်သည်။

"အခြေအနေကတော့ သိပ်မကောင်းဘူးဗျ၊ ကျုပ်လဲ မကြာခင် ဘုရားကု ကုတဲ့အနေနဲ့ ဘုရားကိုပဲ ဖိပြီး ရှိခိုးရတော့မယ် ထင်တယ်" ဟု ဘရီကျူးက ပြောသည်။ ဂျိုလီယော့သည်လည်း သတင်းစာခေါင်းစဉ်များကို ပြူးတူးပြဲတဲ မတပ်တော့။ လူစိတ်ဝင်စားစရာ သတင်းခေါင်းစဉ်တွေကို တပ်တော့လည်း ဘာထူးသေးသနည်း။ လူတွေက သတင်းစာများကို သိပ်မဖတ်ကြတော့။ ပါရီမြို့သူမြို့သားများကလည်း သတင်းစာကို မုန်းနေကြပြီ။ အထင်သေးနေကြပြီ။ ဂျာမန်တို့ ကိုယ်တိုင်ကြီးကြပ်ထုတ်သည့် သတင်းစာများကလည်း ရှိသေးသည်။ ဂျာမန်ဘာသာမှ ခပ်ထောင့်ထောင့် ပြန်ဆိုထားသည့် ဆောင်းပါးများကိုလည်း ဂျိုလီယော့ မကြာခဏ ရသည်။ ဂျိုလီယော့ ဘာမျှ မမြင်။ "ကျွန်ုပ်" ဆိုသည့် စကားလုံးအစား "ဂျာမန်များ" ဟူသည့် စကားလုံးလောက်ကို ပြင်ရေးခြင်းမျှလောက်တို့သာ လုပ်တော့သည်။ သူ့ ဘဝသစ်သတင်းစာသည် ဂျာမန်ကို မည်မျှထောက်ခံသည့် သတင်းစာ ဖြစ်စေကာမူ ပြင်သစ်သတင်းစာ ဖြစ်ကြောင်းကိုမူ ပြရဦးမည်။ ဂျိုလီယော့သည် ထိုဆောင်းပါးများကို

ထည့်သည့်အတွက် ပိုက်ဆံရ၏။ ဘရီကျူးသည်လည်း သူ့လိုပင် မြိုးမြိုးမြက်မြက်ကလေးတော့ ရမည်ထင်သည်။ သို့ရာတွင် ယခု ဘရီကျူးလည်း မျက်နှာကောင်း ရဟန်မတူ။ ယခင်တုန်းက ဘရီကျူးသည် အဓိကရုဏ်းတွေ ဖြစ်အောင် လှုံ့ဆော်ခဲ့ရသည်။ အမာခံတပ်တွေ ဖွဲ့ခဲ့ရသည်။ လွှတ်တော်ထဲတွင် ခြေပုန်းခုတ်ခဲ့ရသည်။ ယခုမူ ထိုအရာများသည် အတိတ်တွင် ကျန်ရစ်ခဲ့ကြပြီ။ ထိုစဉ်က ပြင်သစ်ပြည်ကြီးဟူ၍ တည်ရှိခဲ့သည်။ ယခုမူ ယုန်မျက်လုံးလို မျက်ထောင့်ခပ်နီနီနှင့် ဂဝတ်စတာပို စစ်စုံထောက်သည် သူ့သတင်းစာတိုက်တွင် ကျောက်ရုပ်ကြီးလို ထိုင်နေပြီ။ တိကျလိုက်သည်ကလည်း အလွန်။ စိတ်ပျက်ဖို့ကောင်းလိုက်သည်ကလည်း အလွန်။

“ဘရီကျူး တိုက်ကို ရောက်လာတယ်ကွ၊ လာချင်လာပေ့စေပေါ့ကွာ၊ ဗိုလ်လာဗယ်နဲ့ တက်စဆီကို ပြေးကပ်ရမှာပေါ့”

သူ့မိန်းမကို ပြော၏။

“ရှင်တို့ဆရာတွေလာတော့ သာတောင် ကျပ်တည်းသေးတယ်၊ ဒီနေ့တနေ့လုံး ဆပ်ပြာလိုက်ရှာရတာ မောလို့၊ တတောင့်မှ မရခဲ့ဘူး၊ ဆပ်ပြာတွင် မဟုတ်ပါဘူး၊ ဘာမှ မရှိပါဘူး၊ ဘယ်ရှိမလဲ၊ တော့သခင်တွေက ရှိသမျှပစ္စည်း ဂျာမနီကို ပြန်ပို့နေတာကိုး”

“တော်စမ်းပါကွာ၊ ဒါတွေ သိပ်ပြောမနေစမ်းပါနဲ့၊ ဒီမှာမနေလို့ ဘယ်သွားနေဦးမှာလဲ။ မာဆေးလ်ကို ပြန်ယင်လဲ ဒီအတိုင်းပဲ နေမှာပေါ့၊ ဂျာမန်ဆိုတဲ့ ကြွက်တွေဟာ ဒိန်ခဲကြီးကို ဝိုင်းကိုက်ဖဲ့နေသလို ဥရောပတခုလုံးကို လိုက်ဖဲ့နေတာ မင်းလဲ အသိသားပဲ၊ ဒါတွေကြောင့် ထင်ပါရဲ့၊ တက်စလဲ ကိုယ့်ကိုယ်ကိုယ် ပစ်သတ်သေသွားပြီတဲ့၊ ဘရီကျူးက ပြောတယ်။ ဟုတ်တယ်...၊ တကယ်ပဲ သတ်သေလိုက်တာက ကောင်းလိမ့်ဦးမယ်၊ ငါ ဘာတွေ စဉ်းစားနေသလဲ မင်းသိရဲ့လား”

ဂျိုလီယော့က ပြတင်းပေါက်ကို ထပိတ်လိုက်ပြီး အသံကို တိုးလိုက်သည်။

“တကယ်လို့များ ဒီကောင်တွေ ရှုံးသွားယင် ဘယ်လောက်များ ကြည့်လို့ကောင်းမလဲ မသိဘူး၊ တကယ့် သတင်းထူးကြီး ဖြစ်မှာပဲ၊ တောက်... ဒီသတင်းကို ဦးဦးဖျားဖျားရပြီး အထူးထုတ်တွေများ ထုတ်လိုက်ရယင် စောင်ရေငါးသန်းလောက်ကတော့ ပြုံက်ကနဲ ကုန်သွားမှာပဲ၊ ပြီးတော့ ဘရီကျူး လည်ပင်းကိုလဲ ကြိုးကွင်းစွပ်မှာ သေချာ”

“ရှင်... ဘာတွေ လျှောက်ပြောနေတာလဲဟင်၊ ဂျာမန်တွေရှုံးပြီး အင်္ဂလိပ်ကနိုင်ယင် ရှင်လဲ သက်သာမယ် ထင်သလား၊ ရှင့်ကိုလဲ ကြိုးစင်တင်မှာရှင့် သိရဲ့လား”

ဂျိုလီယော့က ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်ယင်း...

“ငါသိပါတယ်ကွာ၊ ဒါလဲ ကောင်းတာပေါ့။ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ကိုး၊ ဘာပဲဖြစ်ဖြစ် ဓာတ်တိုင်မှာ စောက်ထိုးဆွဲပြီး အသတ်ခံရတာနဲ့စာယင် ကြိုးစင်တင်ပြီး လူလိုသူလို အသတ်ခံရတာက တော်သေးတာပေါ့”

သတင်းစာတိုက်သို့ ထွက်လာယင်း အရက်ကလေး တခွက်နှစ်ခွက်တော့ သောက်လိုက်ဦးမည်ဟု စိတ်ကူးရ၏။ သည်ကောင်တွေ အကုန်မျိုဆို့မသွားခင် သောက်ဖြစ်သည်ရှိအောင် သောက်လိုက်ရဦးမည်။ ဂျာမန်များ မရှိဟု ထင်ရသည့် လမ်းကြားကလေးတခုထဲက ကဖီးဆိုင်ကလေးတခုထဲသို့ ဝင်လာခဲ့၏။

စားပွဲထိုးမကလေး၏ မျက်နှာတွင် မျက်ရည်တွေ စွန်းလျက်။ သတင်းစာတစောင်ကို ကောက်ကိုင်လိုက်သည်။ သတင်းစာဖတ်ခြင်း မဟုတ်။ တခုခုကို စဉ်းစားနေခြင်းလည်း မဟုတ်။ ဂျူလီယေ့သည် ငေးငိုင်သော အကျင့်ကို ရနေပြီး စိတ်ကူးဖြင့် မှိန်းနေ၏။ ကျည်ကနဲ တံခါးပွင့်လာကာ မေးရိုးလေးထောင့်၊ မျက်လုံး ရီဝေဝေနှင့် ဂျာမန်စစ်ဗိုလ်တယောက် ဝင်လာသည်။ "မင်္ဂလာပါ" ဟု အားလုံးကို နှုတ်ဆက်သည်။ သို့ရာတွင် မည်သူကမျှ ပြန်နှုတ်မဆက်ကြ။ စားပွဲထိုးမကလေးက ဘီယာတခွက်ကို ယူလာသည်။ ဂျာမန်စစ်ဗိုလ်က သူ့အနားတွင် ထိုင်ရန် ပြော၏။ စားပွဲထိုးမကလေးက ငြင်းသည်။ နောက်ထပ် ဘီယာတခွက် မှာသောက်ပြီး...

"ကလေးမ၊ ဘာဖြစ်လို့ ငါ့ကို စကားမပြောတာလဲဟင်..."

"ကျွန်မက ပြင်သစ် အမျိုးသမီးရှင့်"

ကလေးမက လင်ဗန်းကိုကွယ်၍ ပြောသည်။

ဂျာမန်စစ်ဗိုလ် ဒေါပွသွားသည်။ ဝုန်းကနဲ ထရပ်လိုက်ပြီးနောက်...

"ကောင်မက လူပါးဝလို့၊ နင့်ကိုယ်နင် မှန်ထဲပြန်ကြည့်ဦး။ နင့်အမေက နီဂရိုးနဲ့ရပြီး မွေးလာတာ"

ဂျာမန်စစ်ဗိုလ်သည် ဖိနပ်သံ တဒိုင်းဒိုင်းပေး၍ ထွက်သွား၏။

"ကျွန်မတို့မှာ တင့်ကားတွေ ဘာတွေ မရှိလို့ ဒီလို အစော်ကားခံနေရတာ" ဟု ဆိုကာ အမျိုးသမီးသည် ငိုနေလေသည်။

"တို့မှာ တင့်ကားတွေ ရှိပါတယ်ကွယ်၊ တကယ်စမှာလဲ တင့်ကားတွေ ရှိပါတယ်။ ကဲ ကဲ... ငိုမနေနဲ့၊ ငိုနေလို့ ပြီးမှာမဟုတ်ဘူး... ဒီကောင်တွေက ကြွက်တွေ၊ ကြွက်တွေကို သတ်ပစ်ရမယ်၊ ဒါပေမယ့် ငါကတော့ မသတ်နိုင်ဘူး၊ ငါက သူတို့ဆီကပိုက်ဆံနဲ့ ထမင်းတလုတ်ကို စားနေရတဲ့ကောင်၊ ငါတင် မဟုတ်ပါဘူးလေ... လူတိုင်းပါ၊ မတတ်နိုင်ဘူး၊ ဒီလိုပဲ လုပ်ရမှာပါပဲ၊ ခုတော့ ငါတို့ မာဆေးလ်မြို့လဲ မရှိတော့ဘူး၊ ဘာမှမရှိတော့ဘူး၊ ဂျာမန်တွေနဲ့ စိတ်ဆင်းရဲရတာပဲ ကျန်တော့တယ်၊ ငိုမနေနဲ့လေ ကလေးမ၊ ပိုက်ဆံတွေ သိမ်းသွား၊ နှစ်ခွက်စာ ပေးပစ်ခဲ့တယ်၊ နောက်ဆုံးကျတော့ ကောင်းသွားမှာပါကွယ်၊ အဲ... ငါကတော့ လမ်းမီးတိုင်မှာ စောက်ထိုးဆွဲပြီး အသတ်ခံရမယ့်ကောင်၊ အဲဒီတော့ မင်းက မင်းရည်းစားနဲ့ ပျော်လို့နေမှာပေါ့။ ကလို့ ခုန်လို့၊ မာဆေးလ်က ကောင်လေးတယောက်နဲ့ တွေ့ပြီး ကလို့ ခုန်လို့ နေမှာပေါ့။ မာဆေးလ်ဆိုတဲ့မြို့က လူတွေက တော်တော် ကချင် ခုန်ချင်တဲ့ လူတွေ"

ဘရီကျူးက အကျိုးအကြောင်းကို ရှင်းပြကာ တရားဥပဒေနှင့်အညီ
လုပ်ဖို့ပြောသည်။ သို့ရာတွင် ဂျာမန်စစ်ဗိုလ်ချုပ် ဗွန်ရွမ်ဘာ့ဂ်က လက်မခံ။
ပြာလဲ့ဝိုင်းစက်သည့် မျက်လုံးကြီးများဖြင့် ဘရီကျူးကို စိုက်ကြည့်လိုက်ပြီး
အနံ့ပြင်းပြင်း ဆေးပြင်းလိပ် မီးခိုးတွေကို မှုတ်ထုတ်လိုက်သည်။

"မဖြစ်ဘူး၊ မဖြစ်ဘူး" ဟု တတွတ်တွတ် ရွတ်နေသည်။ သူ့ဝေါဟာရတွင် ဤတလုံးတည်းသာ ကျန်တော့သည်လောမဆိုနိုင်။

ပြင်သစ်လူမျိုး၏ စကားကို အလေးအနက် ယူ၍မဖြစ်ဟု ဗိုလ်ချုပ် ဗွန်ရွမ်ဘာ့ဂ် ယူဆသည်။ သူသည် သတင်းစာဆရာ ဂျူလီယေ့ဘ်ကို သဘောကျ၏။ အဆိုတော်တယောက်ကို ထမင်းဖိတ်ကျွေးဖူး၏။ "ပြင်သစ်ပြည်ဟာ အလွန်လှတဲ့ အားလပ်ရက်စခန်းကြီးဗျ၊ အဲ... ပါရီကတော့ အဲဒီစခန်းက အကောင်းဆုံး ကဖီးဆိုင်ကြီးပေါ့ဗျာ" ဟု မကြာခဏ ပြောတတ်သည်။ သို့ရာတွင် ဘရီကျူးကိုမူ လေးနက်သည့် ပြင်သစ်လူမျိုးတယောက်ဟု သဘောထား၏။ တနည်းပြောရလျှင် အရူးဟု ယူဆ၏။

ဘော်ဒိုးသို့ ရောက်စဉ် ဂျာမန်တို့၏ စစ်ပြေငြိမ်းရေး စည်းကမ်းချက်များကို ကြားပြီးနောက် ဘရီကျူး စိတ်ပျက်ခဲ့ရဖူးသည်။ အစတုန်းက ထိုသို့မထင်။ လက်ထဲတွင် ဂျိုကာနှစ်ကောင်ကို ကိုင်ထားပြီး ပါးပါးနပ်နပ် ကစားသွားလျှင် သည်ပိုကာလောက်ကိုတော့ အပျော့ဟု သူထင်ခဲ့သည်။ ယခု ကစားဝိုင်းက သူထင်သလိုမဟုတ်။ တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းဆိုသလို တွေ့တွေ့ချင်း အဟောက်ခံလိုက်ရသည်။ စစ်ပြေငြိမ်းရေးစာချုပ် လက်မှတ်ထိုးပြီးသည်နှင့် တပြိုင်နက် ပြင်သစ်အစိုးရ၏ အသံလွှင့်ချက်များအားလုံးကို ရပ်ဆိုင်းလိုက်ရမည်ဟု ဂျာမန်စစ်အာဏာပိုင်တို့က တောင်းဆိုသည်။ ပခုံးတွန့်လိုက်ယင်း "ပြင်သစ်ပြည်ကြီးတော့ ဆွံ့အသွားတော့မှာပဲ" ဟု ပြောခဲ့သည်။ သို့ရာတွင် ကိစ္စမရှိသေး။ ဘရီကျူး မျှော်လင့်ချက် မကုန်သေး။ သူတို့တတွေ မျက်နှာသေကလေးတွေနှင့် အညှဲ့ခံရေး လက်မှတ်ရေးထိုးခဲ့ရသည်မှာ ရက်ဖွယ်လိလိ။ သို့တိုင် ဟစ်တလာက အဆောင်အယောင် အခမ်းအနားတွေ ကြိုက်တတ်သဖြင့် သူ့အကြိုက် လိုက်ရပေမပေါ့ဟု ဖြေသာသေးသည်။ အလျှင်တုန်းက သွေးကို သွေးဖြင့် သုတ်ခဲ့ကြသည်။ သို့ရာတွင် ဟစ်တလာသည် မျက်ရည်ကို မျက်ရည်ဖြင့် သုတ်ချင်ပုံရသည်။ မည်သို့ဖြစ်စေ အချိန်တန်လျှင် ဂျာမန်တို့လည်း စစ်မာန်ကျသွားလိမ့်မည်။ အောင်ပွဲအထိမ်းအမှတ် တီးခတ်သည့် ဂျာမနီမှ ခေါင်းလောင်းသံများသည်လည်း အချိန်တန်လျှင် တိတ်သွားလိမ့်မည်။ အောင်ပွဲအထိမ်းအမှတ် ထွန်းသည့် တောင်ကုန်းများပေါ်မှ စခန်းမီးပုံများသည်လည်း အချိန်တန်လျှင် ငြိမ်းသွားလိမ့်မည်။ ထိုအခါတွင် ဂျာမနီနှင့် ငြိမ်းချမ်းစွာ စေ့စပ်ဆွေးနွေးကာ မတရား တောင်းဆိုချက်များ၊ စည်းကမ်းချက်များကို လျှော့ပေါ့ဖျက်သိမ်းအောင် ပြောဖို့ အခွင့်ကြုံလိမ့်မည်ဟု ဘရီကျူး မျှော်လင့်ခဲ့သည်။ ပြင်သစ်ပြည်သည် စစ်ရှုံးသောတိုင်းပြည် ဖြစ်သည့်တိုင် နိုင်ငံကြီးတနိုင်ငံ ဖြစ်ခဲ့၍ နောင်တွင်လည်း နိုင်ငံကြီးတနိုင်ငံအဖြစ် ဆက်လက်

ရပ်တည်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ပြင်သစ်ပြည်တွင် ကိုလိုနီလက်အောက်ခံနိုင်ငံများ ရှိသည်မဟုတ်လော။ ကိုယ်ပိုင်ရေတပ်ရှိသည် မဟုတ်လော။ အင်္ဂလိပ်ကို နိုင်ပြီးသည့်နောက်တွင် ဟစ်တလာသည် မိမိအား ကျေးဇူးပြုခဲ့သည့် ပြင်သစ်ပြည်ကို တန်းတူရည်တူထား၍ ဆက်ဆံလာလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။

ဗစ်ချီတွင်ရှိသည့် မာရှယ်ပေတိန်း၏ ပြင်သစ်အစိုးရသည် အရေးကြီးသည့် ပြဿနာအချို့ကို ဆွေးနွေးရန် ဘရီကျူးကို ပါရီသို့ လွှတ်လိုက်၏။ ဂျာမန်တို့ သိမ်းပိုက်ခြင်း မပြုရသေးသည့် နယ်မြေများထဲတွင် စစ်ပြေးဒုက္ခသည် သန်းပေါင်းများစွာတို့ စားရမဲ့ သောက်ရမဲ့ ဖြစ်နေကြသည်။ သို့ရာတွင် ဂျာမန်အာဏာပိုင်တို့က သူတို့ သိမ်းပိုက်ပြီး နယ်မြေများထဲသို့ စစ်ပြေးဒုက္ခသည်များကို ဝင်ခွင့်မပေး။ သို့ပန်းများကို လှံစွပ်ထောက်၍ အလုပ်ကြမ်း လုပ်ခိုင်းနေသည်။ ဒဏ်ရာရ ပြင်သစ်စစ်သားများကို ကွင်းပြင်များထဲတွင် ထိုအတိုင်း ပစ်ထားသည်။

ဘရီကျူးက ထိုအခြေအနေများကို ဗိုလ်ချုပ် ဗွန်ရွှမ်ဘာ့ဂ်အား ရှင်းပြ၏။ ဂျာမန်ဗိုလ်ချုပ်က စူးစိုက်နားထောင်နေသည်။ သို့ရာတွင် ဘရီကျူးက "ကျွန်တော် တင်ပြတာတွေကို ဗိုလ်ချုပ်သဘောတူတယ် မဟုတ်လား" ဟု မေးသည့်အခါတွင်မူ "မတူဘူး" ဆိုသည့် အဖြေတလုံးကိုသာ ရ၏။

လော်ရိန်းနယ်တွင် ဂျာမန် သိမ်းပိုက်ရေး အာဏာပိုင်များက ပြင်သစ်ဘာသာဖြင့် ရေးထားသည့် ဆိုင်းဘုတ်များ အားလုံး ဖြုတ်ပစ်နေကြောင်း ရှင်းပြသည်။ ဤတွင် ဂျာမန်ဗိုလ်ချုပ်သည် အနည်းငယ် စိတ်ဝင်စားသယောင် ဖြစ်လာကာ...

"လော်ရိန်းနယ်မှာ သိမ်းပိုက်ရေး အာဏာပိုင်ရယ်လို့ မရှိဘူးဗျ။ ဘာမှ သိမ်းပိုက်စရာလဲ မလိုဘူး၊ လောရိန်းနယ်ဟာ ဂျာမနီပိုင်ပဲဥစ္စာ၊ ဘာသိမ်းပိုက်စရာ လိုသေးသလဲ" ဟု ပြောသည်။

ဗိုလ်ချုပ် ဗွန်ရွှမ်ဘာ့ဂ်က ဆေးပြင်းလိပ်ဖျားတွင် တောင့်နေသည့်ပြာကို စားပွဲပေါ်က ပြာခွက်ထဲသို့ ဂရုတစိုက် ခြွေချပြီးနောက် စကားတခွန်းမျှ မပြောတော့။ ဤတွင် ဘရီကျူးသည် စောစောကပြောခဲ့သည့် စစ်ပြေးဒုက္ခသည်ပြဿနာကို ပြန်ကောက်ရသည်။ ဂျာမန်ဗိုလ်ချုပ်သည် ငြီးငွေ့ဟန်ဖြင့် သူ့လက်သည်းများကို တံစဉ်းတချောင်းဖြင့် တိုက်လျက်ရှိ၏။ ထိုနောက် သမ်းလိုက်သည်။ အဆုံးတွင် အကျိုးမရှိသည့်စကားကို ပြတ်အောင်ပြောမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

"အသေးအဖွဲကလေးတွေကို ကျုပ် ဆွေးနွေးနေချိန် မရဘူးဗျ"

"ကျွန်တော်တို့အဖို့တော့ အသေးအဖွဲ့ကလေးတွေ မဟုတ်ပါဘူး ဗိုလ်ချုပ်၊ ပြင်သစ်လူမျိုး သန်းပေါင်းများစွာအတွက် သေရေးရှင်ရေးပြဿနာပါ။ ဂျာမန်အာဏာပိုင်များက ခုလိုငြင်းလိုက်ယင် ကျွန်တော်တို့ နှစ်နိုင်ငံကြားက ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို အတားအဆီး ဖြစ်စေပါလိမ့်မယ်၊ ကျွန်တော်ထင်ပါတယ်"

"တော်ပြီဗျာ"

ဘရီကျူးသည် မတ်တတ်ရပ်လိုက်၏။ မျက်နှာက ခပ်တင်းတင်း။ အရပ်မြင့်မြင့်။ ဂျာမန်အရာရှိတယောက်နှင့် တူနေသည်။ ဂျာမန်ဗိုလ်ချုပ်သည် အားနာသွားဟန်ဖြင့်...

"ဆောရီးဗျာ၊ ခင်ဗျားတို့ ကျေနပ်အောင် ဆောင်ရွက်မပေးနိုင်တဲ့အတွက်

ဝမ်းနည်းပါတယ်၊ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ အမြင်ချင်း မတူကြဘူး၊ ကျွန်တော်က စစ်သားဗျ၊ အဲ... စစ်သားစကားနဲ့ ပြောရမယ် ဆိုယင်တော့ ပြင်သစ်ပြည်ဟာ ကျွန်တော့်အမြင်မှာ စစ်ရှုံးတိုင်းပြည်၊ ဟုတ်ပါတယ်၊ ကျွန်တော်တို့ သဘောထားကြီးနိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားတင်ပြတဲ့ တင်ပြချက်တွေထဲမှာ ကျွန်တော်တို့ဘက်က လိုက်လျောနိုင်မယ့်အချက်၊ ကိုယ်ချင်းစာနာ ထောက်ထားထိုက်တဲ့ အချက်ဆိုလို့ တချက်မှ မပါဘူးဗျ၊ မဖြစ်ဘူးဗျ။ လုံးလုံးကို မဖြစ်နိုင်ဘူး”

အပြင်ဘက်သို့ ဘယ်နည်းဘယ်ပုံ ရောက်လာသည်ကိုပင် မသိလိုက်၊ ဂျာမန်ဗိုလ်ချုပ်၏ ဌာနချုပ် ရုံးခန်းကို လာကွန်ကော့ရပ်ကွက်က အကောင်းစား ဟိုတယ်ကြီးတခုတွင် ဖွင့်ထားသည်။ ဟိုတယ်ရှေ့က ဟာလာဟင်းလင်း ဖြစ်နေသည့် ပန်းခြံကြီးကို ကြည့်လိုက်၏။ လမ်းသွားလမ်းလာမရှိ။ ဂျာမန်စစ်သားများက သင်္ဘောဆိပ်ဆီသို့ ချီတက်သွားကြသည်။ “ဘယ် ညာ ဘယ်...၊ ဘယ် ညာ ဘယ်” ယူနီဖောင်း စိမ်းပြာပြာတွေ။ ပတ်ဝန်းကျင်တခုလုံး ပြာလျက်။ ကောင်းကင်က ပြာပြာ။ ဆိန်းမြစ်ကြီးက ပြာပြာ။ တိုက်အိမ်တွေက ပြာပြာ။

ဂျာမန်ဗိုလ်ချုပ်ကို မျက်စိထဲတွင် မြင်ယောင်လာသဖြင့် မျက်မှောင်ကုပ်လိုက်ပြီး “အလကားကောင်ကြီး” ဟု ကျိန်ဆဲမိ၏။ ဟုတ်သည်။ သူတို့သည် အောင်နိုင်သူများ ဖြစ်ကြောင်းကို ဂျာမန်တို့ မမေ့။ မျက်ခြည်အပြတ်မခံ။ အရာရာကို ဤအတိုင်း ကြည့်ကြသည်။ သူတို့သည် အောင်ပွဲဖြင့် ယစ်မူးနေကြသည်။ နောင် နှစ်ပေါင်းများစွာကြာသည့်အခါတွင်မူ အမူးပြေကောင်း ပြေလိမ့်မည်။ သို့ရာတွင် ယခုမူ မူး၍ ကောင်းတုန်း။ တော်ပြီ... တော်ပြီ။ သည်လိုလူမျိုးနှင့် သွားပြီး ပူးပေါင်းရေးစကားတွေ ပြောနေ၍ အချည်းနှီး။ ဂျာမန်တို့သည် ပြင်သစ်လူမျိုး တမျိုးလုံးကို ဒူးထောက်ခိုင်းရုံမျှမက လေးဘက်ထောက်ခိုင်းနေပြီ။

ရွှိုင်ယယ်လမ်းထဲသို့ ချိုးလိုက်သည်။ ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်၍ ဂျာမန် စန္ဒရီစစ်သားက အရပ်ခိုင်းသည်ကို မကြားမိ။ ဂျာမန်စစ်သားက နောက်မှ ဆံရေးတိုင်းထွာယင်း ပြေးလိုက်လာကာ “ဟေ့လူ၊ ဒီလမ်းထဲ မလာရဘူးဆိုတာ မသိဘူးလား၊ သေသွားချင်သလား၊ ပစ်ထည့်လိုက်ရမလား” ဟု အော်သည်။ ဘရီကျူးသည် သူ့အမိန့်အတိုင်း ပြန်ကွေ့လာကာ စြင်္ကံတွင် ရပ်လိုက်သည်။ ကိုယ့်အဖြစ် ကိုယ်တွေး၍ ရယ်လိုက်၏။ သူ့ပင်ကိုစရိုက်က ရယ်ခဲ ပြုံးခဲဘိခြင်း။ ကြောင်စီစီ သူ့ရယ်သံကို သူပြန်၍ လန့်သွားသည်။ ဟုတ်သည်။ သူတွေ့နေရသည်တို့က ရယ်စရာတွေချည်း။ လမ်းမမှ မောင်းထုတ်ခံရသည့် သူ့အဖြစ်။ သူ့လက်ရုံး ဂရစ္စနက်ကို သူပြန်သတ်ခဲ့သည့်ကိစ္စ။ သူ့ဇာတိ လောရိန်းနယ်သည် ဂျာမန်ပိုင်နယ်ဖြစ်သည် ဆိုသည့်စကား။ ဂျာမန်ဗိုလ်ချုပ်၏ ငြင်းဆိုသံ။ ထိုအရာအားလုံးသည် ရယ်စရာ။ ပြင်သစ်ပြည်ကြီးဟူ၍ မရှိတော့ ဆိုသည့်အချက်က ပို၍ ရယ်စရာကောင်းသည်။ ပါရီမြို့ကြီးရှိသေးသည်။ သည်မြို့သည် ပါရီ။ လမ်းတွေ၊ အိမ်တွေ၊ ဆိုင်းဘုတ်တွေ ရှိသေးသည်။ ဂျာမန်ရုပ်သေး ပြင်သစ်အစိုးရကို ခေါင်းဆောင်နေသည့် အဘိုးအို မာရှယ်ပေတိန်း ရှိသေးသည်။ ဆင်းရဲငတ်ပြတ်နေကြသည့် သန်း ၄ဝ သော ပြင်သစ်လူမျိုးတွေ ရှိသေးသည်။ သို့ရာတွင် ပြင်သစ်ပြည်ကြီးဟူ၍ မရှိတော့။ ပြင်သစ်ပြည်ကြီးအစား ဂျာမန်ဗိုလ်ချုပ် ရွမ်ဘာ့ဂ် ပြောသလို “မဟုတ်ဘူး၊ မရှိဘူး၊ မဖြစ်နိုင်ဘူး” ဆိုသည့် စကားလုံးများသာ ကျန်တော့သည်ဟု သူထင်သည်။

သည်အရာတွေအပြင် ဘာကျန်သေးသနည်း။ ဘရီကျူးသည် ကိုယ့်စကားလုံးကို

ပြန်လန့်နေသည်။ လူသူရှင်းနေသည့် လမ်းမကြီးတလျှောက် လျှောက်လာယင်း သူငယ်ငယ်က ရခဲ့သည့် ဘုရားရှိခိုးစာကို တွင်တွင်ရွတ်လာ၏။ ဘုရားစာကို ရွတ်သည့်တိုင် စိတ်သက်သာရာမရ။ စကားလုံးများသည် ပါးစပ်မှ အလိုလို ချော်ထွက်သွားကြပြီးနောက် ဘာမျှမကျန်ရစ်ခဲ့။ စိန့်ဩဂတ်စတင် ဘုရားရှိခိုးကျောင်းများသို့ လာခဲ့ပြီး အထဲသို့ ဝင်ခဲ့သည်။ အထဲတွင် အေးမြတိတ်ဆိတ်လျက်။ စစ်ပြေးဒုက္ခသည်တွေ မရှိ။ ဂျာမန်စစ်သား တွေမရှိ။ ကျက်သရေ တိုက်ခန်းအဝင်တွင် သူသိသည့် ဘုန်းတော်ကြီးတပါးကို တွေ့ရ၏။ ဘုန်းတော်ကြီးက သူ့ကို ကောင်းချီးပေးသည်။

"ဆွမ်း ကွမ်း မျှတပါရဲ့လား ကိုယ်တော်"

"ရှားပါးတယ် ဒကာကြီးရေ့၊ ကျုပ် ပါရီမှာ တချိန်လုံးရှိတယ်၊ ဘယ်မှမသွားဘူး၊ လူတွေ ဒုက္ခရောက်လိုက်ကြတာ၊ ကျုပ်တို့ကို အုပ်ချုပ်သွားတဲ့ မင်းများ ဘုန်းတန်ခိုးကြီးပါစေလို့ ဆုတောင်းလိုက်ရတာ၊ ခုတော့ ကျုပ်တို့မင်းက တိုင်းသူပြည်သားကို ပစ်ပြေးပြီဗျ။ ဂျာမန်ကောင်တွေအကြောင်းတော့ မပြောပါနဲ့ ဒကာကြီးရယ်၊ ဒီကောင်တွေမှာ ဟိရိဩတ္တပရယ်လို့ ဘာမှရှိတာမှ မဟုတ်ပဲ"

ဘရီကျူးက မျက်လုံးများကို မှိတ်လိုက်သည်။ သူ့စကားများကို နားထောင်ပြီး အဘယ့်ကြောင့် စိတ်တိုသွားရသနည်း။ ဤသည်ကို ဘုန်းတော်ကြီး နားမလည်နိုင်။

"အစတုန်းကတော့ တပည့်တော် ဒီလိုဖြစ်လာလိမ့်မယ်လို့ မထင်မိပါဘူး ဘုရား၊ ဒါပေမယ့် ဒီအချိန်ရောက်မှတော့ ပြင်လို့ရတော့မှာ မဟုတ်ပါဘူး၊ တပည့်တော် သားလေးက ရှင်ပြန်ထမြောက်ပြီး လာချင်လာမယ်၊ တပည့်တော်ကတော့ ဘဝတုံးပါပြီ ဘုရား၊ သံသရာအဆက်ဆက်မှာ ဝဋ်ခံရတော့မှာပါ"

သည်လောကကြီးက ဘယ့်နှယ်ဖြစ်နေပါလိမ့်။ ဒကာတွေ တယောက်ပြီးတယောက် သူ့ထံရောက်လာကြသည်။ ရောက်လာတိုင်း ယခုလို အဆက်အစပ်မရှိသည့် ဝန်ခံချက်တွေပေးကာ ဘုရားကု ကုနေကြပါတကား။ သူ့ဒကာကြီး ဘရီကျူးသည်လည်း ထိုအထဲမှ တယောက်သာဟု ဘုန်းတော်ကြီး တွေးနေသည်။

ဘုရားရှိခိုးကျောင်းထဲမှ ထွက်လာခဲ့သည်။ သံပတ်ပေးထားသည့် စက်ရုပ်ကြီးလို လျှောက်လာခဲ့၏။ အရပ်မြင့်မြင့်။ ရိုးကြီးဂေါင်ဂင်။ ဦးထုပ်နက်ကြီးနှင့်။ သူများတကာတွေကိုတော့ ပိုးပုရွက်ကလေးပမာ အလွယ်တကူသတ်ခဲ့ပြီး ကိုယ့်သားကျတော့ နောင်ဘဝတွင် လူပြန်ဖြစ်ရန် ဆုတောင်းသူ။ အမာခံတပ်သားတို့၏ ခေါင်းဆောင်ကြီး။ လောရိန်းနယ်သား။ လောရိန်းနယ် မရှိတော့။ ယခုအားလုံး ကိစ္စချောပြီ။ အမာခံတပ်လည်း မရှိတော့။ မာနိုင်သူလည်း မရှိတော့။ ပြင်သစ်မြေမာမာ လက်တဆုပ်စာ ကလေးပင် မရှိတော့။ လမ်းမတကာတွင် ဂျာမန်စစ်သားတွေ ပြည့်လျက်။ အသံဩဩကြီးတွေဖြင့် စကားပြောလျက်။ ဝက်အူချောင်းထုပ်၊ ဖိနပ်၊ ခြေအိတ်၊ ယမင်းရုပ်၊ သူတို့သမီးများအတွက် လက်ဆောင်ထုပ် စသည်တို့ကို ထုပ်ပိုးလျက်။ ဂျာမနီပြည်ကြီးတွင် မိုးရွာသောနေ့များအတွက် ရိက္ခာအပြည့် စုဆောင်းလျက်။ ပြင်သစ်ပြည်တည်းဟူသော ခန္ဓာကိုယ် အတ္တဘောကြီးကို ဂျာမန်တို့ ဝါးမျိုစားသုံးလျက်။ "တို့အသားတွေကို စားပြီး တို့အသွေးတွေကို သောက်ခဲ့ကြပြီ" ဟု ဘရီကျူး ဆိုမိသည်။

"ဘဝသစ် သတင်းစာတွေ ရမယ်၊ နောက်ဆုံးထုတ်တွေ ရမယ်"

အသံဩဩဖြင့် မိန်းမကြီးတယောက်၏ အော်သံကို ကြားရ၏။ တော်သေးတာပေါ့ သတင်းစာဝယ်ဖတ်ခွင့် ရှိပေသေးတာပဲဟု ဘရီကျူး တွေးသည်။ သတင်းစာကို

လှန်လိုက်သည်။ "ပူးပေါင်းဆောင်ရွက်ရေးမှုများ အောင်မြင်နေပြီ" ဆိုသည့် ခေါင်းစဉ်ကို မြင်လိုက်ရ၏။ သည်ဆောင်းပါးကို မနေ့က ဂျာမန်ဗိုလ်ချုပ်ထံ မသွားမီကလေးတွင် သူကိုယ်တိုင်ရေးပြီး သတင်းစာတိုက်သို့ ပို့ခဲ့ခြင်းဖြစ်သည်။ မနက်ဖြန်ကျယင် ခေါင်းစဉ်သစ်တခုဖြင့် ဆောင်းပါးရေးရဦးမည်။ သူ့ခေါင်းစဉ်သစ်က "ပူးပေါင်းဆောင်ရွက်ရေးမှုများ အောင်မြင်ခဲ့ပြီ" ဟု ဖြစ်ရမည်။ လမ်းမတွင် စစ်ပြေးဒုက္ခသည်များ အဆင်မပြေကြကြောင်း။ သုံ့ပန်းစခန်းများတွင် သုံ့ပန်းများ ကျန်းမာပျော်ရွှင်စွာ ရှိကြကြောင်း။ ဂျာမန်တို့၏ စစ်ဖိနပ်အောက်တွင် ပြင်သစ်ပြည်ကြီး အေးချမ်းသာယာစွာ ရှိကြောင်းတို့ကို ရေးရမည်။ မရေး၍ မဖြစ်။ အယ်ဒီတာက ဂျူလီယော့။ ဆောင်းပါးရှင်က ဘရီကျူး။ သူတို့ကမှ ဤသို့မရေးလျှင် ဘယ်သူက ရေးဦးမည်နည်း။

ဘရီကျူးသည် ခြေဦးတည့်ရာကို လျှောက်သွား၏။

"အချိန်စေ့ပြီ၊ ကိုယ့်အိမ်ထဲကို ပြန်ဝင်ကြ၊ ပြန်ဝင်ကြ" ဆိုသည့် ဂျာမန်အာဏာပိုင်တို့၏ သတိပေးသံကို အသံချဲ့စက်များမှ ကြားရသည်။

လူသူကင်းမဲ့သည့် သူ့အိမ်ကြီးထဲက ဆိုဖာပေါ်တွင် ပြန့်ကျဲလျက်ရှိသည့် ဝတ်စုံများ၊ တံဆိပ်များကို ဘရီကျူး လှမ်းကြည့်လိုက်၏။ ကျယ်လောင်စွာ သမ်းလိုက်သည်။ အလုပ်လုပ်စရာတွေ ရှိသေးသည်။ အလုပ်လုပ်ရဦးမည်။ စာရွက်လွတ်တရွက် ထိပ်တွင် လက်ဝဲကပ်တိုင် အမှတ်အသားကလေးတခု ကောက်ခြစ်လိုက်ပြီး "ဖောက်လွဲဖောက်ပြန်တတ်သော သဘောရှိသောကြောင့် စိတ်မည်၏" ဟု ရေးလိုက်သည်။ ကလောင်တံကိုချပြီး အိမ်အနှံ့ လျှောက်သွား၏။ ကလေးထိုင်သည့် ကုလားထိုင်ကလေးတလုံးရှေ့သို့ အရောက်တွင် တန့်လိုက်ပြီး တွေတွေကြီး ရပ်နေသည်။ ထိုနောက် စားပွဲသို့ ပြန်လာပြီး ထိုင်၏။

စာတစောင်ကို ဆက်တိုက်ရေးချလိုက်သည်။

သို့

ဂျာမန်သိမ်းပိုက်ရေး အာဏာပိုင် တပ်မှူးကြီး...

ဗိုလ်ချုပ် ဗွန်ရွှမ်ဘာ့ဂ်။

"အင်္ဂလိပ်နှင့် ပြင်သစ်သစ္စာဖောက် ဒီဂေါ၏ နောက်လိုက်အဖျက်များ၏

အဖျက်လုပ်ငန်းများကြောင့် ဂျာမန်စစ်အာဏာပိုင်တို့အနေဖြင့်

တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရန် လိုအပ်လာပြီဟု

ကျွန်တော်ယူဆပါသည်။ ဤသို့လုပ်ဆောင်သည့်အနေဖြင့် မိသားစုများကို

အုပ်ထိန်းရသည့် မိခင်များအား ပါရီမြို့တွင်းသို့ ပြန်လည်နေထိုင်ခွင့်

ပေးသင့်ပါသည်။

“ဗြိတိသျှတို့၏ သူလျှိုများ၊ ကွန်မြူနစ်များနှင့် သစ္စာဖောက် ဒီဂေါ၏

နောက်လိုက်များကို ရှင်းလင်းသုတ်သင်ရာတွင် ကျွန်တော့်အနေဖြင့်

ဂျာမန်အာဏာပိုင်တို့နှင့် ပူးပေါင်းလုပ်ဆောင်ရန် အသင့်ရှိပါသည်။ ဤစာနှင့်အတူ

ပြင်သစ်လူဆိုးများ၏ စာရင်းကိုလည်း ဂျာမန်အာဏာပိုင်တို့ သိသာရန်

ပူးတွဲပေးပို့လိုက်ပါသည်”

ဘရီကျူးသည် စာကို အရှည်ကြီး ရေးနေသည်။ သူ့အရိပ်က စားပွဲပေါ်တွင် မလှုပ်မယှက်။ ဝါးလုံးတလုံး၏ အရိပ်လို ရှည်မျောမျော။

ထိုအချိန်တွင် ပါရီမြို့သူမြို့သားများသည် အပြင်မထွက်ရဲကြ။ လမ်းမတွင် ဥဒဟို သွားလာနေသည့် ဂျာမန်စစ်သားများ၏ မြင်ကွင်းကို မြင်နေမကျသေး။ အဂ္ဂနိစ်သည် မနက်လင်းလျှင် ဈေးထွက်ဝယ်သည်။ ဆိုင်များတွင် တန်းစီနေသည့် ဈေးဝယ်များက မဆုံးနိုင်။ အားလုံး ဘာကိုမျှ မတွေးမိအောင် ကြိုးစားနေကြသည်။ အာလူးတပေါင် လိုက်ရှာရ၊ နို့ပုလင်း လိုက်ဝယ်ရသည်နှင့် အချိန်ကုန်ကာ တကယ်လည်း ဘာကိုမျှ တွေးတောစဉ်းစားချိန် မရကြ။ အချင်းချင်း စကားပြောမိကြသည်ဆိုလျှင်လည်း ပျောက်ဆုံးသွားသည့် သားချင်းဆွေမျိုးများအကြောင်းကိုသာ ပြောမိသည်။ တချို့က လင်ဆုံးခဲ့ရသည်။ တချို့က သားဆုံးခဲ့ရသည်။

"ပြင်သစ်ပြည်ကြီးကကောဗျ" ဟု လူတန်းထဲက တယောက်က လှမ်းမေးသည်။ မည်သူမျှ မဖြေကြ။ သို့ရာတွင် "ပြင်သစ်ပြည်ကြီးလဲ ဆုံးပြီ" ဟု စိတ်ထဲက တွေးနေကြသည်။

ပါရီမြို့ကြီးတွင် ရှိသည့် အထိမ်းအမှတ်ရုပ်တုများကို ကြည့်ရသည်က သွားလေသူတဦး၏ ပစ္စည်းများကို စားပွဲပေါ်တွင် ဖြန့်ကြထားသည့်နှယ်။ ထိုရုပ်တုများကို မြင်သူတိုင်း မျက်ရည်လည်ကြရသည်။

လက်ာဆရာတို့က အသံတိတ်နေသည့် စောင်းများကို ပိုက်လျက်။ စစ်သူကြီးများက အသက်ကင်းမဲ့သော မြင်းကြီးများကို စီးလျက်။ နိုင်ငံရေးသုခမိန်တို့က ခိုကလေးများကို တရားဟောလျက်။ ကြေးရုပ်တွေကို ကြည့်၍ အတိတ်တွေကို အောက်မေ့လွမ်းဆွတ်ကြသည်။ "ကိုယ်နဲ့ ကိုယ့်အဆက်နဲ့ ချိန်းတွေ့တာ ဒန်တန်ရဲ့ ကြေးရုပ်ကြီးနားမှာပေါ့ကွ" ဟု ပြောကြသည်။

အတုအယောင်ဘဝတွင် သူတို့ ဆက်မနေချင်။ သို့ရာတွင် ဘာတတ်နိုင်မည်နည်း။ မနေချင်၍မရ။ ဆိုင်များတွင် တန်းစီရသည်။ ပဲကလေး ဝယ်ပြုတ်ရသည်။ ဆွေမျိုးသားချင်းတွေဆီ မာကြောင်း သာကြောင်း စာရေးစုံစမ်းရသည်။ လိပ်စာကိုမသိ။ ယခုမရှိတော့သည့် ယခင်လိပ်စာဟောင်းအတိုင်း ရမ်း၍ စာထည့်ရခြင်းဖြစ်၏။ စာပို့တိုက်လည်း မရှိတော့။ တိတ်ဆိတ်နေသည့် ပါရီမြို့ကြီးသည် ဂျာမန်စစ်သားတို့၏ ဂျာမန်စစ်သီချင်းဆိုသံများနှင့် အရိပ်ဝေသည့် ပန်းခြံများမှ ငှက်တို့၏ တေးသီသံကိုသာ ကြားရတော့သည်။

အဂ္ဂနိစ်နေသည့် ကျောင်းနှင့် မနီးမဝေးတွင် ကဗွီးပင်တို့ ပေါက်နေသည့် ပန်းခြံကလေးတခုရှိ၏။ သားလေး ဒိုဒိုသည် ကဗွီးပင်ရိပ်များအောက်တွင် ကစားမြဲ။ ပွန်းသည့် ရွှေရောင်သဲပွင့်တွေကို ဆုပ်ကိုင်ကစားတတ်၏။ သားလေးက သူ့အဖေ ပီယာလို အသားညိုညို။ ဖွတ်တရွတ်နိုင်၍ စိတ်ကြီးသည်။ အဂ္ဂနိစ်တွင် တွယ်တာစရာဆို၍ သူတယောက်သာ ကျန်တော့သည်။

ပထမသော် ပါရီမှ ရှောင်ဦးမည်ဟု အဂ္ဂနိစ် စိတ်ကူးသေး၏။ အဖေရှိရာ ဒက်စ်ကို

သွားမည်ဟု အမြဲစိတ်ကူးနေသည်။ သို့ရာတွင် ဒက်စ်ကိုလည်း ဂျာမန်တို့ သိမ်းလိုက်ပြီဟု ကြားသည့်အခါ၌ အင်္ဂနိစ် မျက်မှောင်ကုပ်၏။ နောက်ဆုံးမျှော်လင့်ချက် ထွက်ပေါက်လေးပင် ပိတ်သွားပြီ။ "အင်း... ငါလဲ ပါရီမှာ ကျန်ရစ်ခဲ့ပြီး ဂျာမန်တွေကြားထဲမှာ နေရတော့မှာ ထင်ပါရဲ့" ဟု အင်္ဂနိစ် တွေးသည်။

အဝတ်အစားကလေးတွေ။ စာအုပ်တွေ။ တိုလီမိုလီ ပစ္စည်းကလေးတွေကို ချရောင်းပြီး ရသမျှကလေးနှင့် သားအမိနှစ်ယောက် စားသောက်နေကြသည်။ ငြိုးငွေ့ခြောက်ကပ်နေသည့် သူ့ဘဝသည် တောတိရစ္ဆာန်တကောင် ဆောင်းရာသီ မြေတွင်းအောင်း၍ အိပ်နေရသည့်နှယ်။ သူတယောက်တည်းသာ ဤလို နေရသည်မဟုတ်။ ပါရီတမြို့လုံး ဤနည်းနှင်နှင်သာ။ လူချင်းတွေ့လျှင် ဤအကြောင်းကိုသာ ပြောနေကြသည်။ ပါရီမြို့ကြီး ဖြစ်ပျက်နေပုံကို ကြည့်ပြီး ရယ်စရာ လုပ်၍သော်လည်း ပြောတတ်ကြသည်။ သို့မဟုတ် စိတ်မကောင်းခြင်းသော်လည်း ဖြစ်ကြရသည်။ သို့ရာတွင် ပါရီမြို့တွင်းတွင် ကျန်ရစ်ခဲ့သူတို့ကား ဤသို့ မပြောနိုင်။ မတွေးနိုင်ကြ။ ပါရီမြို့ကြီးသည် ခွဲစိတ်စင်ပေါ်တွင် မေ့ဆေးဖြေ၍မရပဲ ပက်လက်ဖြစ်နေသည့် လူမမာကြီးနှင့်သာ တူတော့သည်။

ပူအိုက်သည့် တညတွင် အင်္ဂနိစ်သည် ဒိုဒိုကလေးကို အိပ်ရာတွင် သိပ်ခဲ့ပြီး ပြတင်းပေါက်နားတွင် ထိုင်လျက်ရှိ၏။ အချိန်က တရွေ့ရွေ့ သွားနေသည်။ ထိုင်လျက် မေ့ကနဲ ပျော်သွားစဉ် တံခါးခေါက်သံကို ကြားလိုက်ရ၏။ သည်အချိန်တွင် ဘယ်က ဧည့်သည်များနည်း။ သူတို့ပင် ဖြစ်ရမည်။ အင်္ဂနိစ်သည် ဂျာမန်တို့ကို "သူတို့" ဟူ၍သာ အောက်မေ့ထားလိုက်သည်။ ဂျာမန်ဟု မယူဆ။ ဘာကိစ္စ လာကြသနည်း။ ငါ့ကိုများ သတ်ကြမလို့လား၊ ငါမသေနိုင်သေးဘူး၊ သားလေးရှိသေးတယ်ဟု တွေးနေသည်။

တံခါးဖွင့်လိုက်သည့်အခါတွင် ပြင်သစ်လူငယ်သုံးယောက်ကို တွေ့ရ၏။ "အစ်မရေ... ကျွန်တော်တို့ကို ဒီကောင်တွေ လိုက်ဖမ်းနေလို့"

အင်္ဂနိစ်သည် ညစ်ပတ်၍ ဟာလာဟင်းလင်း ဖြစ်နေသည့် ဧည့်ခန်းထဲသို့ ခေါ်လာခဲ့သည်။ အကြီးဆုံး လူငယ်က...

"ကျွန်တော်က အမြောက်တပ်ကပါ၊ သူက ကျွန်တော့်ညီ၊ သူက ကျွန်တော့်ညီရဲ့ သူငယ်ချင်း၊ ဘော်ဖေးက လာကြတာပါ။ ဒီအထိတော့ အေးအေးဆေးဆေးပဲ၊ ဒါပေမယ့် မြေအောက်ဘူတာရုံက ထွက်တော့ ကျွန်တော်တို့ကို ဆီးဖမ်းတယ်၊ ဒါနဲ့ ကျွန်တော်တို့ ထွက်ပြေးလာကြတာ၊ အိမ်တွေကို တက်ပြီး တံခါးခေါက်ကြည့်တော့ ဘယ်အိမ်ကမှ ဖွင့်မပေးဘူး၊ အိမ်တွေမှာ လူရှိပုံ မရဘူး"

အောက်ထပ်မှ ခပ်ပြင်းပြင်း တံခါးခေါက်သံ ဆက်တိုက်ပေါ်လာသည်။ အင်္ဂနိစ် လန့်နေသည်။ ဘာလုပ်ရမည်နည်း။ ဖြတ်ကနဲ သတိရလိုက်၏။ တဘက်ခန်းထဲတွင် သေတ္တာကြီးတွေ ရှိသည်။ လူငယ်သုံးယောက်ကို သေတ္တာကြီးတွေထဲ အဝင်ခိုင်းလိုက်ပြီး စစ်ပြေးဒုက္ခသည်တွေ ကျန်ခဲ့သည့် အဝတ်အစုတ်အပြတ်တွေကို ဖုံးထားလိုက်၏။ ထို့နောက် ပကတိစိတ်၏ တိုက်တွန်းချက်ဖြင့် ဒိုဒိုကလေးကို ကောက်ချီကာ တံခါးကို ဖွင့်လိုက်သည်။

ဂျာမန် နှစ်ယောက်နှင့် ပြင်သစ် နှစ်ယောက်။

"ဒီမှာ ဘယ်သူ နေသလဲ"

"ကျွန်မပါ၊ ကျွန်မရယ်၊ ကျွန်မရဲ့ လေးနှစ်ရွယ် သားလေးရယ်"

"ပြီးတော့ကော"

"မရှိပါဘူး၊ ကြည့်ပါ"

ပြင်သစ်က ပထမအခန်းထဲ ဝင်သွားသည်။ နံရံကပ် ဗီရိုများကို လှပ်ကြည့်သည်။ ဘာ့ကြောင့်မှန်း မသိ။ စားပွဲပေါ်က စာအုပ်တအုပ်ကို ကောက်ယူလိုက်၏။

"ခွင့်လွှတ်ပါ၊ ကျွန်တော်တို့ အိမ်မှားသွားလို့ပါ"

သူတို့ ထွက်သွားသည့်အခါတွင် ထိတ်လန့်နေသည့် ဒိုဒိုကလေးကို အိပ်ယာထဲတွင် ပြန်သိပ်ခဲ့ပြီး သေတ္တာတွေထားသည့် အခန်းထဲသို့ ဝင်ခဲ့သည်။ အငယ်ဆုံးဖြစ်သည့် ဂျက်ဆိုသည့် သူငယ်ကလေးက အလျင်ထွက်လာ၏။

"အရေးထဲ၊ နှာချေချင်လိုက်တာ အစ်မရာ၊ မနည်းအောင့်ထားရတယ်၊ အထဲမှာ ဖုန်တွေချည်းပဲ" ဟု ရယ်၍ ပြောသည်။

"နေဦး... နေဦး၊ အစ်မ စားစရာ တခုခု လုပ်ပေးမယ်"

ကံအားလျော်စွာ မီးဖိုထဲတွင် စွပ်ပြုပ်နည်းနည်း ပေါင်မုန့်နည်းနည်းနှင့် ဟင်းရွက်သုပ်အချို့ ရှိသည်။

"မနေ့က ကတည်းက ဘာမှ မစားရသေးဘူး"

စစ်သားက ပေါင်မုန့်ကို ဝါးယင်း ပြော၏။

"ခဏလောက်တော့ နားလိုက်ကြဦးပေါ့"

"နားလို့ မဖြစ်သေးဘူး အစ်မရဲ့၊ တနာရီလောက်ပဲ နေမယ်၊ အခြေအနေကို စောင့်ကြည့်လိုက်မယ်၊ ရှာထရေမြို့ကို ရောက်သွားယင် တော်ပါပြီ၊ ဟိုမှာ ကျွန်တော်တို့ လူတယောက်ရှိတယ်၊ သူက ကျွန်တော်တို့ကို ပို့ပေးလိမ့်မယ်"

"နေပါဦး၊ ရှာထရေကိုရောက်တော့ မောင်လေးတို့က ဘယ်ကိုသွားဦးမှာလဲ၊ နေရာတကာ ဂျာမန်တွေချည်းပဲ"

တယောက်ကို တယောက် လှမ်းကြည့်လိုက်ကြ၏။ ပြောသင့် မပြောသင့် မျက်လုံးများဖြင့် လှမ်းမေးနေကြခြင်း ဖြစ်သည်။

"အမှန်ကတော့ ကျွန်တော်တို့ ဘယ်သူ့ကိုမှ မပြောရဘူး" စစ်သားက ပြော၏။

"ဒါပေမယ့် အစ်မကတော့ ပြင်သစ် အမျိုးသမီးပဲ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ လန်ဒန်ရောက်အောင် သွားရမယ် အစ်မ၊ လန်ဒန်မှာ ဗိုလ်ချုပ်ဒီဂေါ်ရှိတယ်၊ သူနဲ့အတူ ကျွန်တော်တို့ တိုက်မယ်"

"တိုက်မယ် ဟုတ်လား၊ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ပြီးပြီ မဟုတ်လား"

အဂ္ဂနိစ်က နားမလည် ပါးမလည် မေး၏။

"ဘယ်သူက ချုပ်လို့လဲ၊ အလကား သစ္စာဖောက်တွေ"

ဂျက်က စိတ်ဆိုးမာန်ဆိုးဖြင့် အော်သည်။ စစ်သားက...

"တိုးတိုး... တိုးတိုး၊ စစ်မပြီးသေးဘူး၊ ကျွန်တော်က ဒန်းကတ်က ပြန်လာတာ၊ ကျွန်တော့်ညီနဲ့ သူ့သူငယ်ချင်းလဲ တပ်ထဲကိုလိုက်ဖို့ စောင့်နေကြတာ၊ ခု... သိက္ခာရှိတဲ့ ပြင်သစ်မှန်သမျှက ဂျာမန်ကို ပြန်တိုက်နေကြပြီ၊ သူတို့လုပ်ပုံ ကြည့်ဦးလေ၊ ပြင်သစ်ပြည်ကြီး ဘယ်လောက် ပျက်စီးခဲ့ရပြီလဲ၊ ဘော်ဖေးမှာဆိုယင်၊

တော်ပြီလေ၊ ဒီအကြောင်းတွေကို ကျွန်တော်မပြောတော့ပါဘူး၊ စစ်ကတော့ မပြီးသေးဘူး၊ ဗိုလ်ချုပ်ဒီဂေါ်က ဂျာမန်တွေကို တိုက်ဖို့ တပ်သားသစ်တွေ စုနေတယ်၊ တလောကတွင် ရေဒီယိုက အသံလွှင့်သွားသေးတယ်၊ ကျွန်တော်တို့ ဒီကနေပြီး ရှာထရေကို သွားမယ်၊ အဲဒီကမှ ဘရီတန်နီကို သွားမယ်၊ ဟိုရောက်ယင်တော့ လွယ်ပါပြီ၊ တံငါသည်တွေက ပို့ပေးမှာပေါ့။ ခက်တာက ပါရီကထွက်ဖို့ ခက်နေတာ၊ ကျွန်တော်မှာတော့ အရပ်သားဝတ်စုံ ရှိပါတယ်၊ ဒါပေမယ့် သူတို့ကို ကြည့်ပါ ဦး၊ ဟောဒါကြီးက”

စစ်သားက သူ့ဘောင်းဘီကို လက်ညှိုးထိုးပြ၏။ အဂ္ဂနိစ် အလုပ်များသွားသည်။ ခဏကြာလျှင် စစ်ပြေးဒုက္ခသည်တွေ ထားပစ်ခဲ့သည့် သေတ္တာထဲက ဘောင်းဘီဟောင်းတွေကို ထုတ်လာသည်။ စစ်သားက ဝတ်ကြည့်၏။ အားလုံးက ဝိုင်းရယ်ကြသည်။ ဘောင်းဘီက တိုနံ့နံ့။ သို့ရာတွင် ထိုဘောင်းဘီကိုပင် ဝတ်ရတော့မည်။

“အစ်မယောက်ျားလဲ ရှေ့တန်းမှာ ကျသွားတယ်၊ အောင်ပွဲရတော့ကော ဘာထူးမှာတဲ့လဲကွယ်”

အဂ္ဂနိစ် ပါးစပ်မှ လွှတ်ကနဲ ထွက်သွားသည်။ သူ့စိတ်ထဲတွင် ပီယာနှင့် ငြင်းခုံနေရသလိုလို။ “အရေးကြီးတာက စိတ်ဓာတ်ပါကွယ်၊ လူတွေရဲ့ စိတ်ဓာတ်က အရေးကြီးပါတယ်၊ ဒါပေမယ့် ခက်တာက နယ်နိမိတ်တွေ၊ မြေပုံတွေကို အဓိကထားပြီး စကားပြောနေကြတော့ ခက်တာပေါ့”

“စိတ်ဓာတ်ကတော့ အရေးကြီးတာပေါ့” ဂျက်က အော်၍ ပြောသည်။ (စစ်သားက “သိပ်မအော်နဲ့လေ” ဟု သတိပေးပြန်သည်။) “ဟုတ်တယ်၊ စိတ်ဓာတ်က အရေးကြီးတယ်။ ပြင်သစ်ပြည်ဟာ မြေပုံပေါ်မှာ မရှိဘူး၊ ကျွန်တော်တို့ ရင်ထဲမှာ ရှိတယ်၊ ပြင်သစ်ပြည်သာ မရှိယင် ကျွန်တော်တို့ ဘယ့်နှယ်လုပ် အသက်ရှင်နေလို့ရမလဲ၊ ခု... ကျွန်တော့်အသက် ဆယ့်ရှစ်နှစ်ရှိပြီ၊ ကျွန်တော် နေချင်သေးတယ်၊ နေချင်တာမှ သိပ်ကို နေချင်တယ်။ ကျွန်တော်တို့ ကျသွားတော့ကော၊ ကိစ္စမရှိပါဘူး၊ ဒီပြင်လူတွေ ချမ်းသာရာ ရတာပေါ့။ အစ်မရဲ့ သားလေး ကျန်သေးတယ်၊ အစ်မရဲ့ သားလေးဟာ ပြင်သစ်ပြည်ကပေါ့။ မဟုတ်ဘူးလား”

အဂ္ဂနိစ် ခေါင်းကို ယမ်းလိုက်သည်။ သဘောမပေါက်သေး။ သို့ရာတွင် သူတို့ ထွက်သွားသည့်အခါတွင် သူတို့ကို လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်မိသည်။ မျက်လုံးတွေက မျက်ရည်တို့ စိုစွတ်နေသည်။

ဒိုဒိုကလေး ဘေးတွင် ထိုင်ချလိုက်ပြီး ငိုမိသည်။ သူမျက်ရည်ကျသည်မှာ ဘာမျှမကြာ။ သို့ရာတွင် တကမ္ဘာလောက်ကြာသည် ထင်၏။ ရုတ်တရက် အော်ဟစ်လိုက်ပြီး ပြတင်းပေါက်ဆီသို့ ပြေးလာခဲ့သည်။ အောက်မှာ သေနတ်သံနှစ်ချက် ဆက်တိုက် ကြားလိုက်ရ၏။ ဒိုဒိုကလေးက လန့်နိုးပြီး ငိုနေသည်။ ဝုန်းကနဲ တံခါးပွင့်လာကာ အိမ်ထဲသို့ ဂျာမန်စစ်သားတွေ ပြေးဝင်လာကြသည်။

စောစောက ပါလာသည့် ပြင်သစ်ပုလိပ်ကို အဂ္ဂနိစ် မှတ်မိသည်။ “သူပဲ၊ သူပဲ” ဟု သူ့ကို လက်ညှိုးထိုးပြသည်။ စစ်သားနှစ်ယောက်က ဖမ်းချုပ်ထားလိုက်ကြ၏။ “စောစောတုန်းက ဘယ်မှာ ဝှက်ထားတာလဲ” ဟု ဂျာမန်စစ်ဗိုလ်က မေးသည်။ ဒိုဒိုကလေးက ငိုနေသည်။ စစ်သားများသည် အဂ္ဂနိစ်ကို ကားဆီသို့ ဆွဲခေါ်သွားကြသည်။ သူ့လက်မောင်းနှစ်ဘက်ကို လိမ်ထားကြ၏။ သို့ရာတွင်

အဂ္ဂနိစ်သည် ကြောက်လည်း မကြောက်။ နာကျင်ခြင်းလည်း မဖြစ်။ သားလေးကော၊ ဒိုဒိုကလေးကောဟု စိတ်ထဲတွင် မေးမိသည်။ သားလေးကို အမှတ်ရသဖြင့် အသံသဲ့သဲ့ဖြင့် အော်လိုက်၏။ "အော်မနေနဲ့၊ နင့်လင်က ဖက်ထားတာ မဟုတ်ဘူး" ဂျာမန်စစ်သားက ရိုင်းပြစွာ ပြောသည်။

ညက ထူးထူးခြားခြား မှောင်လျက်။ သစ်တောတတောကို မြင်နေရသည့်နှယ် ထင်မိသည်။ အိမ်များသည် သူ့စိတ်ထဲတွင် သစ်ပင်များသဏ္ဌာန် ပေါ်နေကြ၏။ ထိုနောက် သူ့ကို ရှည်လျားသည့် စကြံတလျှောက် ခေါ်သွားကြသည်။ သားရေနံ့၊ မုန့်လာဥနံ့၊ ကျင်ငယ်နံ့က မွန်လျက်။ အခန်းလွတ်တခုထဲသို့ တွန်းလွှတ်လိုက်ကြ၏။ အကျဉ်းထောင်တော့ ဟုတ်ဟန်မတူ။ သို့ရာတွင် တခါက ဘာလုပ်သည့် အဆောက်အအုံမှန်း မသိ။ ကြမ်းပြင်ပေါ်တွင် မင်ကွက်များကို တွေ့ရသည်။ ကျောင်းတကျောင်း ဖြစ်လိမ့်မည် ထင်သည်။ ပီယာ၏ ညိုမှောင်မှောင် မျက်နှာကို မြင်ယောင်လာ၏။ နောက်မှနေ၍ အဂ္ဂနိစ် စစ်ဆေးနေသည့် လေ့ကျင့်ခန်းစာအုပ်များကို ငုံ့ကြည့်ယင်း နမ်းနေသည်။ မျက်နှာကြက်တွင် ကပ်နေသည့် မီးပွင့်ကလေးက တောက်လှ လင်းလှချည့်။ အိမ်တွင် သားလေးတယောက်တည်း ကျန်ခဲ့သည်ကို အမှတ်ရလာပြန်သည်။ ရင်ထဲတွင် ဗလောင်ဆူလျက်။ အလုံးကြီးက ရင်ဝကို တက်ဆောင့်နေ၏။ ရုတ်တရက် တုန်သွားသည်။ နံရံပေါ်တွင် ခြစ်ထားသည့် စာလုံးမှုန်မှုန်ကလေးများကို မြင်လိုက်ရ၏။ လက်သည်းနှင့် ခြစ်ထားသည်လော။ အပ်ဖြင့် ခြစ်ထားသည်လား မပြောနိုင်။ "သွားတော့မယ် အမေ၊ သွားတော့မယ် ပြင်သစ်ပြည်ကြီးရေ၊ ရေဘတ်" တဲ့။ သူ့စာတမ်းဘေးတွင် အဂ္ဂနိစ်လည်း စာရေးချင်လာသည်။ "သွားတော့မယ် သားလေးရယ်" ဟု ရေးလိုက်ချင်သည်။ သည်စာလုံးတွေကို ဘာကြောင့်များ ရေးချင်ရသနည်း။ ရေးလိုက်လျှင် ရင်ပေါ့သွားလိမ့်မည်ဟု ဘာ့ကြောင့်များ ထင်ရသနည်း။ သို့ရာတွင် သူ့၌ ရေးစရာ အပ်ပါမလာ။ ငုံးတိတိ ဖြစ်နေသည့် လက်သည်းများကို ငုံ့ကြည့်ပြီး ငိုမိသည်။ ဘာဖြစ်လို့ မိအောင် မဖမ်းနိုင်ရသလဲလို့ စစ်ဗိုလ်က မေးပုံထောက်တော့ သူငယ်ကလေးတွေ လွတ်ပြေးဟန်တူရဲ့။ သူတို့ ဗိုလ်ချုပ်ဒီဂေါ်ဆီကို ရောက်မှာပါ။ ဂျက်ဆိုတဲ့ သူငယ်ကလေးက ချစ်စရာကလေး။ သူ့ဘဝတွင် အရေးကြီးသည့် အဖြစ်အပျက်များစွာ ရှိသည့်အနက် ယခုအဖြစ်ကမူ အရေးအကြီးဆုံး။ သူတို့ လွတ်သွားကြပြီ။

သူ့ကို စစ်ဆေးရန် အခန်းထဲမှ ထုတ်သွားကြသည်။ ဂျာမန်စစ်ဗိုလ်က ပြင်သစ်စကား ကောင်းကောင်းပြောတတ်သဖြင့် စကားပြန်ကို အပြင်သို့ ထွက်စေသည်။ မဆီမဆိုင် စကားကို စပြော၏။

"ကျွန်တော် ဂရိနိုဗယ်မှာ နှစ်နှစ်လောက် နေဖူးတယ်၊ တော်တော်လှတဲ့ မြို့နယ်ကလေးနော်" ဟု ပြောသည်။ ကြည့်ရသည်က မွန်မွန်ရည်ရည်။ အဂ္ဂနိစ်ကိုပင် ဖျောင်းဖျနေလိုက်သေးသည်။ "ခင်ဗျားသားလေးကို စောင့်ရှောက်ထားပါတယ်" ဟုလည်း ပြော၏။ ထိုနောက် အဂ္ဂနိစ်ကို ချော့မေးသည်။

"အဲဒီလူတွေ ဘယ်က လူတွေလဲ၊ ဒါလေး ပြောလိုက်ယင် ခင်ဗျားကို ပြန်လွှတ်မှာပါ"

အဂ္ဂနိစ်က တလုံးမျှ မပြော။ အဂ္ဂနိစ်က စကားတလုံးမျှ မပြောသည့်အခါတွင် ဂျာမန်အရာရှိ စိတ်တိုလာ၏။

"ကဲ... အမျိုးသမီး၊ သိပ် အချိန်မရှိဘူးဗျာ၊ ဘာဖြစ်လို့ မပြောတာလဲ၊ ခင်ဗျား အင်္ဂလိပ်စပိုင်လား"

"ဟုတ်တယ်"

အဂ္ဂနိစ်က ခေါင်းကို ညိတ်ပြ၏။ ပီယာနှင့် ပင်လယ်ကမ်းခြေ ရောက်နေတုန်း ပြတင်းပေါက်နားတွင် ထိုင်ယင်း ပီယာနှင့် ငြင်းခုံခဲ့ရစဉ်ကလို သူ့မျက်လုံးများသည် နူးညံ့ပျော့ပျောင်းလာကြသည်။

“ဟုတ်တယ်၊ ကျွန်မ စပိုင်ပဲ၊ ဘာဖြစ်လို့ ကျွန်မတို့ တိုင်းပြည်ကို ရှင်တို့ ရောက်လာကြရတာလဲ၊ ရှင်တို့ကို လူတိုင်းက မုန်းတယ်၊ ကလေးတွေကတောင် မုန်းတယ်၊ ကျွန်မဆီ လာသွားတဲ့ လူတွေဟာ ဘယ်သူတွေလဲဆိုတာ ကျွန်မ မပြောနိုင်ဘူး၊ သူတို့ကို ရှင်တို့ မမိလိုက်တဲ့အတွက် ဘုရားကို ကျွန်မ ကျေးဇူးတင်တယ်၊ ကဲ... ရှင်တို့ သိချင်တာ ဒါပဲ မဟုတ်လား၊ ကျွန်မကို သတ်ချင် သတ်နိုင်ပြီ၊ တကယ်တော့ ကျွန်မဟာ ဘာမှ အသုံးမကျတော့ပါဘူး၊ သေနတ်တောင်မှ မပစ်တတ်တာ ဘာလုပ်မှာလဲ”

သေဖို့ အဆင်သင့်ပြင်ပြီးဟု ခံစားရသည်။ ထိုခံစားချက်ဖြင့် အဂ္ဂနိစ်သည် စိတ်အားတက်ကြွလာကာ ရွှင်လန်းလာသည်။ မကြာသေးမီတုန်းက သူသည် သူငယ်ကလေးသုံးယောက်နှင့် ငြင်းခုံခဲ့သေးသည်။ ယခု ပန်းနုရောင်အသားနှင့် ကျကျနနဝတ်ထားသည့် ဂျာမန်စစ်ဗိုလ်ရှေ့သို့ ရောက်သည့်အခါတွင်မူ သူတို့ပြောသွားသည့် စကားများကိုပင် ပြောချင်လာသည်။ စစ်ဗိုလ်က ဆံပင်ကို သေသပ်စွာခွဲထား၏။

ဂျာမန်စစ်ဗိုလ်သည် ကယောင်ကတမ်းဖြင့် မင်အိုးတင်ခုံကို ဘေးသို့ ဖယ်ထားလိုက်၏။

“တော်ပြီ၊ သူရဲကောင်း လုပ်ပြမနေနဲ့၊ ခင်ဗျားကို တရားဟောခိုင်းဖို့ ခေါ်လာတာ မဟုတ်ဘူး၊ စစ်ဆေးဖို့ ခေါ်လာတာ၊ ဒီတော့ ကောင်းကောင်းဖြေပါ၊ ဒီလူတွေကို ခင်ဗျားသိသလား”

“သိတယ်”

“ဒါဖြင့် ဘယ်သူတွေလဲ”

ဂျာမန်စစ်ဗိုလ် ဒေါပွလှပြီ။ သူ့စရိုက်က ရည်ရည်မွန်မွန်။ လွန်ခဲ့သည့် တနှစ်လောက်တုန်းက ပြေပြစ်သိမ်မွေ့သည့် သူ့အမူအရာကြောင့် ဘာလင်သူအပျိုချောတွေ သဘောကျခဲ့ကြသည်။ ယခု ထိုဂျာမန်စစ်ဗိုလ်သည် ဝုန်းကနဲ ပြေးလာကာ အဂ္ဂနိစ်၏ပါးကို တအားလွှဲရိုက်၏။ အဂ္ဂနိစ် မအော်။ လက်နှစ်ဘက်က ပါးစပ်ဆီသို့ အလိုလိုရောက်သွား၏။ ပါးစပ်မှ စီးလာသည့် သွေးများကြောင့် အံ့အားသင့်သွားသည်။ အဂ္ဂနိစ်၏ စိတ်သည် သာမန်လူများတွင် ရှိတတ်သည့် စိတ်မျိုးတော့ မဟုတ်။ နာကျင်ခြင်းလည်း မဖြစ်။ သပ်ရပ်စွာ ဝတ်စားထားပြီး ရေမွှေးကြိုင်နေအောင် ဆွတ်ထားသည့် ဂျာမန်စစ်ဗိုလ်၏ ရိုင်းပြမှုကိုလည်း စိတ်ဆိုးခြင်း မရှိ။ စွန့်လွှတ်အနစ်နာခံခြင်း၊ ပီတိဖြစ်ခြင်း စသည့် ခံစားချက်တို့ဖြင့် ယစ်မူးနေသည့်နှယ် ရှိ၏။ “ငါချစ်တယ်၊ သားလေးကို ချစ်တယ်၊ သားလေးကို ချစ်တယ်၊ ပီယာကို ချစ်တယ်။ အဖေ့ကိုလဲ ချစ်တယ်၊ ဂျက်ကိုရော ရောဘတ်ဆိုတဲ့ သူငယ်ကလေးကိုရော ချစ်တယ်။ ပါရီမှာ သောကရောက် ကျန်ရစ်ခဲ့ကြတဲ့ လူတွေကိုလဲ ချစ်တယ်” ဟု တယောက်တည်း စိတ်မှပြောနေသည်။

သူတို့အထဲမှ တယောက်က “သွားတော့မယ် အစ်မရေ” ဟု နှုတ်ဆက်သွားခဲ့သည်။ မဟုတ်။ မသွားရ။ ယခုမှ အစရှိသေးသည်။ သွားတော့မယ်အစား မင်္ဂလာပါဟု နှုတ်ဆက်ရမည်။ ခုမှ သူတို့တတွေ တွေ့ကြရတော့မည်။ အတူတူ နေကြရတော့မည်။ ပီယာနှင့် အတူ။ ပါရီနှင့်အတူ။

စြက်ကာ ခုံရှည်တခုတွင် ထိုင်ယင်း ထိုကိစ္စများကို ပါးစပ်မှ အသံထွက်ပြောမိသည်။ သူတို့ဗိုလ်မှူးကြီးဆီသို့ ခေါ်သွားကြ၏။ မျက်နှာတွင် အမာရွတ်ကြီး ကန့်လန့်ဖြတ်လျက်။ မျက်လုံးကြီးများက လက်သီးဆုပ်ကြီးများလို ပြည့်ဖောင်းလျက်။ အဂ္ဂနိစ်ကို ရှေ့တွင် အထိုင်ခိုင်းသည်။

"မင်းကို ကျုပ်တို့ ကယ်ချင်ပါတယ် ကလေးမ၊ ဒီလူတွေ ဘယ်သူတွေလဲ ဆိုတာလေး ပြောပြပါ၊ မင်းသားလေးကိုကော မသနားဘူးလားဟင်၊ မင်းကို သားသမီးရှင်အနေနဲ့ ကိုယ်ချင်းစာပြီး ပြောနေတာပါ၊ ကျုပ်မှာလဲ သမီးနှစ်ယောက် ရှိပါတယ်"

အဂ္ဂနိစ် သူ့ကို တအံ့တသြ လှမ်းကြည့်လိုက်မိသည်။ သူ့ကို ကမ္ဘာလောကတခုမှ ပြန်ခေါ်လိုက်သည့်နှယ်။ တယောက်တည်း စကားပြောနေသလို အဂ္ဂနိစ်သည် ဗလုံးဗထွေးအသံဖြင့် ပြောလျက်ရှိ၏။

"ဘာဖြစ်တယ်၊ ကျွန်မသားလေးကို မသနားဘူးလားတဲ့၊ ဟုတ်လား၊ ဟင့်အင်း မသနားဘူး၊ ကျွန်မ ဒီနေ့ အကုန်လုံး နားလည်သွားပြီ၊ လူတယောက် သေသွားယင် တခြားလူတယောက် အသက်ချမ်းသာရာရတယ်၊ တယောက်ယောက်ကတော့ ချမ်းသာရာရသွားမှာပဲ၊ ကျွန်မတို့လူထုထဲက တယောက်၊ တယောက်ယောက်ပေါ့"

သူသည် ဂျာမန်စစ်ဗိုလ်ရှေ့တွင် အစစ်ဆေးခံနေရခြင်းဖြစ်ကြောင်း အဂ္ဂနိစ် သတိရလာ၏။ လက်ပြင်ကုန်းကုန်း အဂ္ဂနိစ်သည် ယနေ့တွင် ခါးကိုမတ်ကာ မြားတံတချောင်းလို ဖြောင့်စင်းနေသည်။ အဂ္ဂနိစ်က ထရပ်လိုက်ပြီး နဂိုသံမဟုတ်သည့် အသံဖြင့်ပြော၏။

"ရှင်ဟာ သမီးနှစ်ယောက်ရဲ့ အဖေ ဟုတ်လား၊ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ ရှင်ဘယ်သူလဲ ရှင့်ဘာသာ သိရဲ့လား၊ ရှင်ဟာ ဂျာမန် ဂျာမန်၊ ကလေးတွေရဲ့ အဖေ မဟုတ်ဘူး"

ဗိုလ်မှူးကြီးက အစောင့်ကို လှမ်းခေါ်လိုက်ပြီး "ခေါ်သွားဟေ့" ဟု ပြောလိုက်သည်။ ထိုနောက် အဂ္ဂနိစ်ဘက်သို့လှည့်လိုက်ပြီး...

"ဒီမှာ အမျိုးသမီး၊ ဒါ မင်းအဖို့ လမ်းဆုံးပဲ" အဂ္ဂနိစ်က သူ့အနားဖြတ်သွားကာ ကြည့်လိုက်ယင်း...

"ပြင်သစ်ပြည်အဖို့ လမ်းမဆုံးဘူး၊ ဒါ အဆုံးမဟုတ်ဘူး၊ အဆုံးဆိုတာ မရှိဘူး" ဟု အော်သွားသည်။

ဒင်းနိစ်သည် သူ့ဆီ ပြေး၍လည်းမလာ။ ပွေ့ဖက်ခြင်းလည်း မပြု။ စကားလည်း တလုံးမျှမပြော။ မျက်ရည်တို့ စိုစွတ်သော မျက်လုံးများဖြင့်သာ စိုက်ကြည့်နေသည်။ ထိုမျက်လုံးများထဲတွင် ကြောက်ခြင်းနှင့် ကြည်နူးခြင်းတို့ ရောနေသည်။

မစ်ရှောက ပြုံးလျက်။ အနေရခက်လာသဖြင့် "ဘာဖြစ်နေတာလဲ ညီမ" ဟု မေး၏။

သည်လိုပြန်တွေ့ရအောင် စောင့်ခဲ့ရသည်ဖြစ်ခြင်း။ လွန်ခဲ့သည့် ကိုးရက်ခန့်က မစ်ရှောသည် အစောင့်ကျနေသည့် ဂျာမန်စစ်သားခေါင်းကို ကျောက်ခဲဖြင့် ထုသတ်ပြီး ထွက်ပြေးလာခဲ့သည်။ ကျောက်ခဲက နေပူထားသဖြင့် ချစ်ချစ်တောက်လျက်။ ဂျာမန်အစောင့် အရိပ်သည် ပျောက်သွားသည်။ မစ်ရှောသည် လှိုဏ်တခုထဲတွင် မှောင်သည်အထိ ပုန်းနေရသည်။

အဘွားကြီးတယောက်က သူ့ကို အဝတ်အစားတွေပေးပြီး မနက်လင်းသည်အထိ သူ့တဲတွင် အနေခိုင်းသည်။ အဘွားကြီးက အင်္ကျီကြယ်သီးများကိုလဲ တပ်ပေးနေစဉ် မစ်ရှောသည် ငွေကြီး ထိုင်ယင်း နံရံဖြူဖြူကို ငေးကြည့်နေသည်။ အင်္ကျီက သူ့ယောကျ်ား၏ အင်္ကျီ။ စိန်ဂျော့ ဗရင်ဂျီ ကျောင်းအုပ်ကြီး လုပ်ခဲ့ဖူးသည်။ မစ်ရှောက သတင်းစာထဲတွင်ပါသည့် နောက်ဆုံးသတင်းများကို မေး၏။ အဘွားကြီးက သတင်းစာများမှာ ဂျာမန်ဘာသာနှင့် ထုတ်သည့်အတွက် မဖတ်တတ်ကြောင်းဖြင့် ပြောသည်။ နံရံပေါ်က နာရီက တနာရီပြီး တနာရီ မြည်နေသည်။ သူတို့နှစ်ယောက်စလုံး အိပ်ဖို့ သတိမရကြ။ စကားပြောလိုက်ကြ။ ငြိမ်သွားလိုက်ကြ။ စကားတွေကလည်း အဆက်အစပ် မရှိ။ ကြုံရာ။ စိတ်ကူးပေါ်ရာ။

"သူ့နာမည်က လီဂရေးတဲ့ အမေရဲ့၊ သူလဲ ကွန်မြူနစ်ပဲ"

"အမေတို့ကတော့ ဒါတွေ နားမလည်ပါဘူးကွယ်၊ အမေက တကယ့် ဘာသာရေးသမား၊ ဒါပေမယ့် ဟစ်တလာကိုတော့"

"ကျွန်တော်တော့ ဟစ်တလာကို သိပ်မုန်းတာပဲ"

"ဒါကြောင့် သားကို အမေ လက်ခံထားတာပေါ့ကွဲ့၊ ဘုရားရှိခိုးကျောင်းမှာ ကြော်ငြာကပ်ထားတယ်လေ၊ ထွက်ပြေးလာတဲ့ သုံ့ပန်းတွေကို ကူညီယင် ပစ်သတ်မယ်လို့ အမိန့်ထုတ်ထားတယ်"

"သူတို့က ကျွန်တော်ကို အပြင်ထုတ်လာကြတယ် အမေရေ၊ နောက်တနေ့ကျယင် ကျွန်တော့်ကို ပစ်သတ်မလို့၊ ကျွန်တော်တို့ ထွက်လာတော့ မနက်ကြီး၊ ငှက်တွေကလဲ မြည်လို့"

"ခု အမေ့အသက် ၅၈ နှစ်ရှိပြီကွဲ့၊ ဒါပေမယ့် အမေတို့ အေးအေးဆေးဆေး နေကြတာပါကွယ်၊ အိမ်ကလူကပြောတော့ အမေလဲ ဘာမှမသိပါဘူး၊ အိမ်ကလူကလဲ ပြင်သစ်ပြည်ကြီးတော့ ကွန်မြူနစ်တွေကြောင့် ဒုက္ခရောက်မှာတဲ့၊ ဒီတော့ အမေလဲ ဟုတ်မှာလို့ ထင်တာပေါ့၊ ဟိုတုန်းကတော့လဲ သူပြောသလို ဟုတ်ချင်ဟုတ်မှာပေါ့လေ၊ ခုတော့ တမျိုးဖြစ်နေပြီ မဟုတ်လား၊ အမေလဲ သူတို့စာရွက်တွေကို ဖတ်ဖူးပါတယ်ကွဲ့၊ ဂျူကိန်းကတော့ ကွန်မြူနစ်တွေဟာ

မျိုးချစ်တွေတဲ့”

“ဂျူကိန်းက ဒါကို သဘောပေါက်ပေမယ့် နောက်ကျသွားပြီ အမေရဲ့”

“သူတင်မကပါဘူးကွယ်၊ သားတို့အားလုံး နောက်ကျသွားပြီ မဟုတ်လား၊ ဂျာမန်တွေ ရောက်လာပြီလေ၊ အမေကတော့ အမှန်တရားကို သိချင်တယ်ကွယ်၊ တနှစ်လောက်တွင် မှန်တဲ့ အမှန်တရား မဟုတ်ဘူး၊ တသက်လုံးမှန်တဲ့ အမှန်တရား”

အဘွားအိုရဲ့ မျက်လုံးများသည် ကျောက်ဖြူသား လက်ဝါးကပ်တိုင်ကြီးဆီသို့ ရောက်သွားကြ၏။ ပြာလဲ့သည့် အရုဏ်သည် ပြတင်းပေါက်တံခါးကြားမှ ဖြာကျလာ၏။ မစ်ရှောသည် ဒင်းနိစ်ကို အမှတ်ရနေသည်။ ဒင်းနိစ်၏ကိုယ်က ပူနွေးထက်သန်လျက်။ ဦးထုပ်ကိုကောက်၍ ဆောင်းလိုက်ပြီး အမေအိုကို နှုတ်ဆက်သည်။

ယခု သူ့ဘေးတွင် ဒင်းနိစ် ရောက်နေပြီ။ သို့ရာတွင် ပြုံးရယ်ခြင်း မရှိ။ ဒင်းနိစ်ကို နမ်းလိုက်သည်။ ဒင်းနိစ်၏ နှုတ်ခမ်းများက အေးစက်လျက်။

“ဘာဖြစ်နေတာလဲဟင် ညီမ၊ ကိုယ်ပြန်ရောက်လာပြီလေ၊ စကားလေး ဘာလေး ပြောစမ်းပါဦး”

ဒင်းနိစ် မျက်ရည်များကို သွန်ချလိုက်ပြီး ကလေးတယောက်လို အသံထွက်၍ ဆိုလိုက်သည်။ မစ်ရှောက “ကိုယ်ပြန်လာပြီ ညီမရယ်၊ ဘာဖြစ်လို့ ငိုနေတာလဲ၊ မငိုပါနဲ့” ဟု တတွတ်တွတ် ပြောနေသည်။

“အစ်ကို”

ဒင်းနိစ်က မျက်ရည်များကြားမှ ခေါ်လိုက်သည်။ “အစ်ကို နမ်းလိုက်တော့ ညီမ သိပ်ကြောက်သွားတယ်၊ ညီမကိုယ်ကို အသက်ရှင်နေတယ်လို့ မထင်တော့ဘူး၊ ညီမ ပြောတာကို အစ်ကို နားလည်ရဲ့လားဟင်၊ ညီမတို့အားလုံး သေသွားပြီလို့ ညီမထင်နေတယ်၊ ညီမတို့ဟာ ဂျာမန်တွေက အသက်ရှင်ခိုင်းနေလို့ ဟန်ဆောင်ပြီး အသက်ရှင်နေကြတာလို့ ညီမထင်နေတယ်၊ အစ်ကိုနားလည်အောင် ညီမ မပြောတတ်ဘူး အစ်ကိုရယ်”

မစ်ရှောက ချက်ချင်း ဘာမျှပြန်မပြော။ သူလည်း ဒင်းနိစ်လို ခံစားနေရသည်ဟု ပြောရမှာ ရှက်နေသည်။ သတ္တိမကြောင်အောင် ကိုယ့်ကိုယ်ကိုယ် အားတင်း၏။ ဒင်းနိစ်လို တွေးခဲ့သဖြင့် သူ ယခုတိုင် အသက်ရှင်နေနိုင်ခဲ့ခြင်း ဖြစ်သည်။ မည်သို့ဖြစ်စေ တနေ့တွင်မူ ဒင်းနိစ်သည် သူ့ကို ပူနွေးသည့်လက်၊ ပြုံးရယ်သည့်မျက်နှာနှင့် အသက်ရှင်လျက်သား စောင့်ကြိုနေလိမ့်မည်ဟု သူထင်ခဲ့သည်။ ယခုပြန်တွေ့ရသည့်အခါ စိတ်ညစ်လျက်၊ မျက်ရည်တို့ အလျှံသားဖြင့် ဒင်းနိစ်ကို တွေ့ရသည့်အခါတွင် မစ်ရှောနားမလည်နိုင်။

မစ်ရှောသည် စကားတခွန်းမျှ မပြောပဲ ဒင်းနစ်၏ လက်မောင်းများကို တိတ်ဆိတ်စွာ ပွတ်သပ်နေသည်။

သူတို့နှစ်ယောက်သည် ဗာဆေးရပ်ကွက်က ပန်းပဲရုံကလေးတခုထဲတွင် ရောက်နေကြခြင်းဖြစ်၏။ ဒင်းနိစ်နှင့် ကလော်ဒယ်တို့သည် သည်နေရာကလေးမှနေ၍ ကြေငြာချက်များကို ပုံနှိပ်ခဲ့ကြသည်။ မစ်ရှောကို မြင်လိုက်ရသည့်အခါတွင် ဒင်းနိစ်သည် တည်ငြိမ်လျက် ရှိ၏။ မစ်ရှောကို မတွေ့ရသေးမီ အချိန်အထိ ဒင်းနိစ်သည် တည်ငြိမ်လျက်ရှိ၏။ ကလော်ဒယ်နှင့်အတူ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲအကြောင်း အောင်ပွဲအလားအလာအကြောင်းကို

ပြောခဲ့သေးသည်။ ယခုမူ မစ်ရှောနှင့် နှစ်ယောက်တည်း တွေ့နေရပြီ။

"မငိုပါနဲ့ ညီမရယ်"

မစ်ရှောက ပြော၏။

ကလော်ဒယ် ရောက်လာသည်။ မစ်ရှော ရောက်နေသည်ကို သတိမထားမိသေး။ ကလော်ဒယ်သည် အားရပါးရ စကားပြောလျက်ရှိ၏။

"ဒင်းနိစ်ရေ၊ ကျွန်တော်တို့ မနက်ဖြန် ပုံနှိပ်စက် ရတော့မယ်တဲ့"

မစ်ရှောကိုချက်ချင်းမြင်သွားကာ...

"ဟေး မစ်ရှော၊ ခင်ဗျား မသေသေးဘူးနော်၊ တကယ်နော်၊ ဟုတ်ပြီ ကျွန်တော်တို့ မသေတော့ဘူး၊ ဒင်းနိစ်ရေ၊ ကိုယ်တို့ မသေတော့ဘူး၊ သိလား"

ကလော်ဒယ်အဖို့မူ မစ်ရှောရောက်လာခြင်းသည် အရေးတော်ပုံအောင်သည်နှင့် အတူတူ။ သူပြောသည်ကို မြင်ရသည့်အခါတွင် မစ်ရှောလည်း အားတက်လာသည်။ သူ့ကို စောင့်နေကြကြောင်းကို သူသဘောပေါက်လာ၏။ သူ့ကိုယ်သူပင် ရှက်လာ၏။

"ကိုယ်တို့ အလုပ်လုပ်ကြရမယ်၊ ကလော်ဒယ် ကိုယ်တို့နဲ့အတူ ရှိနေတာ သိပ်ကောင်းတယ်၊ ပုံနှိပ်စက်ကလေး ရလာတာ တော်တော်ကို ဟန်ကျတယ်၊ ခု ကိုယ်တိုင် ကြေငြာချက်တွေကို ထုတ်နိုင်တော့မယ်"

"ငါးရာလောက်ပဲ ထုတ်နိုင်မှာ"

"ကိစ္စမရှိဘူးလေ၊ ရှိသလောက်က စပြီးရိုက်မှာပေါ့၊ လိုယင် နောက်တခါ ပြန်ရိုက်နိုင်တာပဲ၊ လျူမန်နီတေးသတင်းစာကလဲ ၅၀၀၀၀၀ လောက် ထုတ်နေတာပဲ၊ ဘယ်လောက်ပဲဖြစ်ဖြစ် ထုတ်နိုင်သလောက် ထုတ်ရမယ်၊ လူတွေက ခုလောလောဆယ်မှာ နဝေတိမ်တောင် ဖြစ်နေကြတယ်၊ ဒီကောင်တွေက အထက်စီးရနေတယ်၊ ဒိုးရီးယော့ရဲ့ သတင်းစာကို ကိုယ် ဒီနေ့ပဲ ဖတ်ခဲ့တယ်၊ ဒေါင်းများလို အမြီးတဖြန့်ဖြန့်နဲ့၊ ဒါပေမယ့် ပါရီမြို့ သူ့မြို့သားတွေကို သူ မဆွဲဆောင်နိုင်ပါဘူး၊ ကိုယ်တို့အားလုံး ဒီခေတ်ကြီးကို ဖြတ်သန်းရမှာပဲ၊ ဖက်ဆစ်ဝါဒရဲ့အောက်မှာ နေရတယ်ဆိုတာ တကယ့်ကန္တာရကြီးကို ဖြတ်ရတာလို ဖက်ဆစ်တွေ ကြီးစိုးတဲ့ ခေတ်ကြီးအကြောင်းကိုလဲ သမိုင်းခေတ်ကြီး တခေတ်အကြောင်း ရေးသလို စာအုပ်တွေ ထောင်နဲ့ချီပြီး ရေးကြလိမ့်ဦးမယ်၊ နောင် အနှစ်တရာလောက် ဆိုယင်ပေါ့လေ...၊ ဒါပေမယ့် ကိုယ်တို့ကတော့ ဒီခေတ်ကြီးကို ဖြတ်သန်းပြီး အသက်ရှင်ပြရမယ်၊ မသေနိုင်သေးဘူး၊ အသက်ရှင်ယင်း အောင်ပွဲကို နိုင်အောင် တိုက်ရမယ်၊ အနိုင်ယူရမယ်၊ ဟုတ်တယ်၊ ကိုယ်တို့နိုင်ရမယ်၊ ဘယ့်နှယ်လဲ ညီမ"

"ဟုတ်တယ်၊ နိုင်ရမယ်"

ဒင်းနိစ်က မစ်ရှော၏ လက်များကို ဆုပ်ထားလိုက်၏။

မစ်ရှောသည် သူ တလျှောက်လုံး မြင်ခဲ့ရသည့် မစ်ရှော ပြန်ဖြစ်လာပြီ။ သူကိုယ်တိုင်လည်း အသက်ပြန်ရှင်လာပြီ။ ပါရီသည်လည်း အသက်ပြန်ရှင်လာတော့မည်။ ဤခေတ်ကြီးထဲတွင် ဖြတ်သန်းပြီး အောင်ပွဲကို အရယူဖို့ ဆိုသည်မှာ မဖြစ်နိုင်သည့် အရာမဟုတ်။ ဖြစ်နိုင်သည်သာ။

"သူတို့က သိပ်အင်အားကြီးတယ်၊ ညတိုင်း တပ်တွေ တဝေါဝေါ ဖြတ်နေကြတယ်၊ ခု ပြင်သစ်တောင်ပိုင်းကို သိမ်းပြီး အဲဒီကမှ အင်္ဂလန်ကို သိမ်းမယ်ထင်တယ်၊ သူတို့က

အင်္ဂလန်ကျွန်းကို သိပ်လိုချင်တာ”

“အင်း၊ သူတို့လိုချင်တာ ရ၊ မရ ကြည့်ရဦးမှာပေါ့လေ၊ တကယ်က ပါရီကကော သူတို့ရတယ် ထင်သလား၊ မရပါဘူးဗျ၊ ပါရီက သူတို့ပါးစပ်ထဲကို အလိုလို ကျသွားလို့ ရတာပါ။ ပြီးတော့ အင်္ဂလိပ်နန်းရင်းဝန် ချာချီဟာလဲ မာရှယ်ပေတိန်း မဟုတ်ဘူးလေ၊ ဟုတ်ပါတယ်၊ ဂျာမန်တွေဟာ အင်အားကောင်းတယ် ဆိုတာ မှန်ပါတယ်၊ သူတို့မှာ တင့်ကားတွေ ဆိုယင်လဲ မနည်းဘူး၊ သူတို့နာဇီစည်းရုံးရေးကလဲ တောင့်တင်းတယ်၊ သူတို့အဖွဲ့ ကံကောင်းနေတယ်။ ဒါပေမယ့် ကံက အမြဲတမ်း ကောင်းမနေပါဘူး၊ တနေ့မှာ နှာခေါင်းကျည်ပွေ့ တွေ့မှာပါ။ ဘယ်မှာတွေ့မလဲသာ မပြောတတ်တာ၊ အင်္ဂလန်မှာ တွေ့မလား၊ ဘယ်မှာတွေ့မလဲ၊ ဒါပေမယ့် မတွေ့ပဲတော့ မနေဘူး၊ တွေ့ရမှာပဲ၊ ကိုယ်တို့က သာပါတယ်၊ စိတ်ချပါ”

ဒင်းနိစ်က မျက်ခုံးကို ပင့်၍ ကြည့်လိုက်ယင်း...

“ဘယ်လို သာမှာလဲ”

“စဉ်းစားကြည့်လေ အင်္ဂလန်ရှိတယ်၊ သူ့မှာ ရေတပ်ကြီးနဲ့၊ ဘုရင့်တပ်မတော်နဲ့၊ လူထုတွေနဲ့၊ ပြီးတော့ အမေရိကရှိတယ်၊ ပြီးတော့ ဂျာမန်တွေ သိမ်းထားတဲ့ အသိမ်းပိုက်ခံ တိုင်းပြည်တွေ ရှိသေးတယ်၊ နော်ဝေ၊ ဟောလန်၊ ဒိန်းမတ်၊ ဘယ်လဂျီယန်၊ ပြင်သစ်၊ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ခုနစ်နိုင်ငံတောင် ရှိသေးတယ်၊ ဒါ ကိုယ်သိတဲ့ တိုင်းပြည်တွေ၊ သူတို့မှာ စစ်တပ်မရှိဘူး၊ ဒါပေမယ့် လူထုဟာလဲပဲ အင်အားစုကြီးတခု မဟုတ်လား၊ ပြီးတော့ ဂျာမနီပြည်တွင်းမှာလဲ ကိုယ်တို့လူတွေ ရှိသေးတာပဲ၊ မရှိဘူး ထင်သလား၊ ရှိတယ်။ ဒါပေမယ့် အဓိကအင်အားစုကတော့ ရုရှပဲ”

“ဒါပေမယ့် ရုရှက ဟစ်တလာနဲ့ မကျူးကျော်ရေးစာချုပ် ချုပ်ထားတယ်လေ”

ကလော်ဒယ်က ပြောသည်။

“ချုပ်တော့ကော ဘာဖြစ်သလဲ၊ ဟစ်တလာဟာ ရုရှကို မတိုက်ပဲ မနေပါဘူး။ တိုက်မှာပါ။ ဒီလို အင်အားကြီးနိုင်ငံတနိုင်ငံ ရှိနေတာကို ဟစ်တလာက လက်ပိုက်ကြည့်နေမယ် ထင်သလား၊ အဝေးကြီး၊ ကလေးတွေတောင် သိတယ်၊ ရုရှတပ်နီတော်ကြီးကို မြင်ရတော့မယ်၊ ဟုတ်တယ် ညီမ၊ ကိုယ်တို့ မြင်ရတော့မယ်”

“ဘယ့်နှယ်လဲလို့ ပြောဦးလေ”

“ပြောရမယ်၊ ဘယ့်နှယ်လဲ”

ကလော်ဒယ်က စက္ကူရှာရန် အပြင်သို့ ထွက်သွားသည်။ လမ်းတွင် မစ်ရှော၏ စကားများကို စဉ်းစားလာ၏။ မစ်ရှောပြောလျှင် မှန်တတ်သည်။ တပိုင်းသေနေသည့် ပါရီမြို့က ညစ်ပတ်တိတ်ဆိတ်နေသည့် လမ်းမပေါ်တွင် လျှောက်လာယင်း ကလော်ဒယ် ပြုံးလာသည်။ ဂျာမန်စစ်သားများကို ကြည့်ယင်းလည်း ပြုံးမိ၏။ ကြည့်သာကြည့်သော်လည်း သူတို့ကိုမမြင်။ သူ့မျက်စိထဲတွင် နှင်းမြူတွေကြားတွင် တောက်ပနေသည့် ကြယ်နီကြီးကို မြင်နေသည်။ ကျန်းမာရေးကြောင့် တကြောင်း၊ ဒုက္ခသုက္ခတွေကြောင့် တကြောင်း သူပိန်လှပြီ။ သို့တိုင်အောင် ကလော်ဒယ်သည် ကလေးတယောက်လို ပြုံးလျက်။ တမျက်နှာလုံး ဝင်းထိန်နေသည်။ အိတ်ထဲမှ ဖြေမြူကျိုးတချောင်းကို ထုတ်လိုက်ပြီး နံရံပြာမွဲမွဲကြီးပေါ်တွင် စာလုံးတွေကို ရေးချလိုက်သည်။ “ဤစစ်ကြီးကို ဟစ်တလာကစခဲ့ပြီး စတာလင်က အဆုံးသတ်လိမ့်မည်” လမ်းမပေါ်တွင် နားနေသည့် ငှက်ကလေးတကောင်ကို

ကလော်ဒယ် မျက်စိမှိတ်ပြလိုက်မိသည်။

ပန်းပဲရုံကလေးထဲတွင် တိတ်ဆိတ်လျက် ရှိ၏။ မစ်ရှောနှင့် ဒင်းနိစ်သည် တယောက်ကိုတယောက် ဖက်ထားယင်း တိတ်ဆိတ်စွာ ထိုင်နေကြသည်။ ဒင်းနိစ်က အသာအယာ ရုန်းထွက်လိုက်ပြီး...

"ပါရီက အလျင်ပါရီနဲ့ မတူတော့ဘူး အစ်ကိုရဲ့ သိလား၊ မနေ့တုန်းက ဂျာမန်စစ်သားတယောက်က အလုပ်သမားတယောက်ကို ခြောက်လုံးပြူးဒင်နဲ့ ရိုက်ချလိုက်တာကို မြင်ခဲ့ရတယ်၊ စိတ်မကောင်းလိုက်တာ အစ်ကိုရယ်၊ အလုပ်သမားကြီးခမျာ ပုံလဲကျသွားတာပဲ။ ဂျာမန်ကတော့ လှည့်တောင်မကြည့်ဘူး၊ ပြီးတော့ ဂေးမားဆိုတဲ့ လူတယောက်ကိုလဲ ဂျာမန်တွေက ဖမ်းသွားတယ်၊ လန်ဒန်ရေဒီယိုကို နားထောင်လို့တဲ့၊ နှစ်ရက်လုံးလုံး ညှဉ်းဆဲလိုက်ကြသတဲ့၊ ပြီးတော့ ဂျာမန်စစ်ဗိုလ်တယောက် ဆိုယင်လဲ မာရီကို နင့်အဖေရဲ့အကျီကြ သွေးစွန်းနေတယ်၊ နောက်တထည် ပေးလိုက်ဆိုလို့ ပေးလိုက်ရသတဲ့၊ ခဏနေတော့ ပြန်လာပြီးတော့ နင် ဒီနေရာမှာ နေတုန်းပလားတဲ့၊ နင့်အဖေကတော့ အင်္ဂလိပ်နိုင်ငံကို ရောက်သွားပြီတဲ့၊ ဂျာမန်တွေဟာ လူတွေမှ ဟုတ်ရဲ့လား အစ်ကို ဟင်"

"လူတွေ မဟုတ်ဘူး၊ ဖက်ဆစ်တွေ၊ အစ်ကိုလဲ ဒါမျိုးတွေ မြင်ခဲ့ရတယ်၊ ကလေးတယောက်ကို အစ်ကို့မျက်စိရှေ့မှာတွင် သတ်ပစ်လိုက်ကြတယ်၊ တော်ပြီကွယ် ဒါတွေ မပြောကြပါနဲ့တော့၊ နောင်မှာ ပျော်ရွှင်မှု တကယ့်ပျော်ရွှင်မှုကို တွေ့ရတော့မှာပါ၊ ညီမ မယုံဘူးလား၊ ဒီစစ်ပွဲမှာ အစ်ကိုတို့ နိုင်ရမယ်ဆိုတာ ယုံပါ၊ ညပြီးယင် နေ့ရောက်သလို၊ ဆောင်းပြီးယင် နွေဦးပေါက် ရောက်ရသလို၊ အောင်ပွဲကို အစ်ကိုတို့ ရရမှာပါ။ မရလို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ အစ်ကိုတို့ ပြည်သူတွေဟာ ဘယ်လောက် အစဉ်လာကြီးတဲ့ လူမျိုးလဲ၊ တိုင်းပြည်အတွက်ဆိုယင် သူတို့အသက်တွေကို စွန့်လွှတ်ဖို့အသင့်၊ ဒါပေမယ့် ဂျာမန်တွေဘက်မှာ ဘယ်သူများ ရှိလို့လဲ၊ ဒမြတွေရယ်၊ အကျင့်ပျက်နေတဲ့ သူခိုးတွေရယ်ပဲ ရှိတယ်။ အစ်ကိုတို့ မုချ နိုင်ရမယ်၊ အဲဒီအခါကျတော့ ပျော်ရွှင်ချမ်းမြေ့မှုကို တွေ့ရလိမ့်မယ်၊ လူတွေဟာ ပျော်ရွှင်မှုကို တောင့်တနေကြတယ်၊ သာမန်ပျော်ရွှင်မှု သာမန်အကျဆုံး ပျော်ရွှင်မှုကို လိုချင်ကြတယ်၊ အသက်ရှင်ချင်ကြတယ်။ အသက်ကို ဝဝရှူချင်ကြတယ်၊ တံခါးဝက စစ်ဖိနပ်သံ၊ တံခါးခေါက်သံတို့ကို မကြောက်ရတဲ့ ဘဝကို လိုချင်ကြတယ်၊ ဥဩတွေ တတူတူဆွဲသံ မကြားရတဲ့ ဘဝကို လိုချင်ကြတယ်။ ကလေးတွေကို ချစ်ချင် ချော့ချင်ကြတယ်၊ ညီမနဲ့ အစ်ကိုတို့လို ချစ်ချင်ကြတယ်၊ ညီမနဲ့ အစ်ကိုတို့လို ဒါဟာ ပျော်ရွှင်မှုပဲပေါ့၊ ပျော်ရွှင်မှုပေါ့။ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဟုတ်တယ်"

သီလယ်ပြီး "အာမဘာန္တေ" လိုက်သလို ဒင်းနိစ်က လိုက်ဆိုသည်။

မနက်ခင်းကမူ ပူလောင်လောင် အိုက်စပ်စပ်။ အန်ဒရေသည်
သူ့ပန်းချီစတူဒီယိုထဲတွင် တမနက်လုံး အောင်းနေသည်။ အပြင်သို့ မထွက်ရဲ။
ထွက်ရမည်ကို ကြောက်နေသည်။ မနေ့ကတွင် လော်ရီးယား အသတ်ခံရကြောင်း
ကြားရ၏။ "ရေဝတီကောင်" ဟု ဆိုကာ အသက်မရှိတော့သည့်အခါတွင်
မျက်လုံးတဘက်ကို အုပ်ထားသည့် ပတ်တီးအနက်ကို ခွာပစ်လိုက်ကြသည်။

အန်ဒရေသည် တညလုံး စတူဒီယိုထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ တောင်ကုန်းကလေးတခုကို သူတို့ ဘာ့ကြောင့်များ အသက်ပေး ကာကွယ်ခဲ့ကြသနည်း။ လော်ရီးယားနှင့် သူတို့နှစ်ယောက်၏ ချစ်ခင်မှုသည် ဘာအဓိပ္ပါယ် ရှိသေးသနည်း။ ဂျာမန်တို့သည် သူ့ကိုချန်ပစ်ခဲ့ကြပြီး လော်ရီးယားကို တနေရာသို့ ခေါ်သွားကြသည်။ လော်ရီးယားသည် တဘက်လပ်နေသော မျက်လုံးတဘက်ဖြင့် ကြောက်စရာမြို့ကြီးကို မြင်သွားခဲ့သည်။ မြို့က သစ္စာမဲ့သည့်မြို့။

အန်ဒရေသည် သူ့စတူဒီယိုကလေးထဲမှ ဘာကြောင့်များ ထွက်လာခဲ့သနည်း။ သူကကော ဘာ့ကြောင့်များ လမ်းမတကာ လျှောက်သွားနေရသနည်း။

သူချစ်သော ပါရီမြို့၊ သူချစ်ရပါသော ပါရီမြို့ကြီး။ မည်သို့ပင် ဖြစ်ဖြစ်။ ထိုမြို့ကြီး၏ အလှသည် သူ့ကို ဖမ်းစားထားခဲ့သည်။ အရှက်ရခဲ့သည့်တိုင် ပါရီသည် နဂိုအတိုင်း လှမြဲ။ လက်သီးကို ဆုပ်ထားလိုက်မိသည်။ သို့ရာတွင် မျက်လုံးကမူ သူမြင်ရသည့် ရှုခင်းကို အမြတ်တနိုးဖြင့် ကြည့်လျက်။ စိန့်လူဝီကျွန်းကလေးပေါ်က ညစ်ပတ်သည့် အိမ်ပြာကလေးတွေ။ လျှို့ဝှက် ဆန်းကြယ်သည့် သဘောကို ဆောင်သည့် ဆိန်းမြစ်ရေအယဉ်။ ရေးရေးမှုန်မှုန်သာ မြင်ရသည့် ကောင်းကင်ကြီး။ ထိုအရာအားလုံးသည် သူ့စိတ်ကို စွဲလမ်းစေသည်။ နှစ်သိမ့်မှုကို ပေးသည်။

ရှာတေလက်ရပ်ကွက်အထိ သူလျှောက်လာခဲ့သည်။ မြင်ရသည့် ရှုခင်းက အံ့သြစရာ။ သူသည် တိတ်ဆိတ်နေမှုကို ယခုတိုင် အသားမကျသေး။ လမ်းမပေါ်တွင် မော်တော်ကားတွေမရှိ။ လူတွေ ရယ်မောခြင်းမရှိ။ စကားပြောတော့လည်း ခပ်တိုးတိုး။ ရီဘိုလီရိပ်သာက ပန်းပေါင်းကူးများအောက်တွင် ဂျာမန်စစ်ဖိနပ်သံတွေက တဖြောင်းဖြောင်း။ ဆိုင်များ၊ ပျော်ပွဲစားရုံများထဲသို့ ဝင်လာကြသည့် ဖိနပ်သံများ ဖြစ်သည်။ သို့ရာတွင် စစ်ရေးပြကွင်းထဲတွင် စစ်ရေးပြနေသည့်နှယ် ဖိနပ်သံတွေ ဆူညံလျက်။ မိန်းမတွေက ခါတိုင်းထက် မျက်နှာတွေ ဖြူဖတ်ဖြူရော်ဖြင့်။ ခါတိုင်းလို နှုတ်ခမ်းနီ၊ ပါးနီတွေ မဆိုး၍သော်လည်း ဖြစ်ရမည်။ မကျန်းမာ၍သော်လည်း ဖြစ်ရမည်။ လူတိုင်း ခပ်ကုပ်ကုပ် ခပ်ရိုးရိုး ဝတ်ထားကြသည်။ ထူးထူးခြားခြား တောက်တောက်ပပကို သိပ်မမြင်ရ။ ပိုးမွှားများနှင့်ပင် တူတော့သည်ဟု အန်ဒရေက ထင်မိသေး၏။ ပါရီသည် ဝိညာဉ်မရှိသလို ခန္ဓာကိုယ်တခု၊ ပါရီမြို့ကြီး၏ ဗိသုကာ အဆောင်အယောင်နှင့် အရိုးတွေ။ သို့ရာတွင် ပါရီ မဟုတ်တော့။ သူစိမ်းတရုံဆံ ဖြစ်သည့် အခြားမြို့ကြီး။ မြို့စိမ်းကြီး။

စစ်ခရာသံများကြောင့် အန်ဒရေ ကျောချမ်းသွားသည်။ ပြဇာတ်ရုံတွေဘက်သို့ ရောက်လာသည်ကို သူသတိမထားမိလိုက်။ ဇာတ်ရုံလှေကားထစ်များတွင် စိမ်းပြာပြာ ယူနီဖောင်း ဝတ်ထားသည့် ဂျာမန်ဘင်ခရာသမားတွေ ထိုင်နေကြသည်။ တချို့က ခရာတွေ မှုတ်လျက်။ ဂျာမန်စစ်ချီသံကို ကြားရသည်က စိတ်မချမ်းမြေ့စရာ။ ဘဝသည် ဂျာမန်စစ်ဖိနပ်သံတို့ကို အချိန်မှတ်ပေးနေသည့်နှယ်။ ဂျာမန်အရာရှိများက ကဖီးစြကိမ်များတွင် ထိုင်လျက်။ သူတို့ဘေးတွင် အဝတ်အစား တောက်တောက်ပပ ဝတ်ထားသည့် မိန်းကလေးတွေ ဝိုင်းရံလျက်။ သို့ရာတွင် ကောင်းကင်ကမူ ခါတိုင်းကောင်းကင်။ မြင့်မားသည့် ပါရီကောင်းကင်။

အန်ဒရေသည် တံတိုင်းတခုကို မှီလိုက်၏။ သူ့ရှေ့တွင် ဖြစ်နေသည့် ရှုခင်းကို သူနားလည်ရန် ကြိုးစားသည်။ သို့ရာတွင် စဉ်းစား၍ မရ။ စိတ်ထဲတွင် တွေဝေထိုင်းမှိုင်းစ ပြုလာ၏။ တယောက်ချင်း ရုပ်ပုံကားချပ်များသည် သူ့ရှေ့မှ ဖြတ်သွားကြ၏။ တဘက်တပ် မျက်မှန်နှင့် အရာရှိတယောက်။ နတ်သမီးရုပ်ထုထားသည့် ရေပန်းတခု။ ရေတစက်မှမရှိတော့သည့် အုတ်ကန်လေးတကန်။ ပြတိုက်ရှေ့က မြက်ပင်ရှည်ရှည်များ။ တောင်ကုန်းတခု။ ပြီးတော့ တောင်ကုန်းတခု။

မိန်းကလေးတယောက်က နှိုးသဖြင့် လန့်နိုးလာသည်။ သတင်းစာရောင်းသည့် သူငယ်မလေး။ သူ့ကို ညနေထုတ် သတင်းစာ ရောင်းနေသည်။ သတင်းစာကို စက်ဆုပ်စွာဖြင့် ဘေးသို့ ပစ်ချလိုက်၏။ “ကျွန်မမှာ ညီမလေးကို ရှာကျွေးနေရလို့ပါ” ဟု သူ့စိတ်ကို သိသလို ပြောသွားသည်။ ပိုက်ဆံထုတ်ပေးလိုက်ပြီး နေ့စွဲကို ကြည့်လိုက်၏။ မပြုံးပဲ မနေနိုင်။ ဇူလိုင်လ ၁၄ ရက်နေ့ နေ့စွဲ။ ဂျာမန်စစ်သားများသည် ထို့ကြောင့်များ ခရာတွေ မှုတ်နေကြသည်လော မဆိုနိုင်။ သည်နေ့သည် အားလပ်ရက် ဖြစ်ကြောင်း။ လွတ်လပ်ရေးနေ့ဖြစ်ကြောင်းကို မည်သူမျှ သတိရဟန် မတူ။ အားလုံး နို့ဆိုင်များတွင် တန်းစီလျက်။ အိမ်ထဲတွင် အောင်းလျက်။

တခါတုန်းက ပါရီသည် ဘက်စတီးအကျဉ်းထောင်ကြီးကို စီးနင်းတိုက်ခိုက်ခဲ့ဖူးသည်။

ဂျံနက်နှင့်အတူ ရဟတ်စီးခဲ့သည့်ညကို အမှတ်ရ၏။ ဆင်ရုပ်ပြာပြာ။ သစ်ကြားပင်နှင့် တရုတ်မီးပုံးတွေ။ သည်အချိန်တွင် ဂျံနက်တယောက် ဘယ်ဆီသို့များ ရောက်နေလေသနည်း။ ကျိန်စာသင့်နေသော မြို့ကြီးထဲတွင် လျှောက်သွားနေလေသလော။ မိတ်ဆွေအပေါင်းအသင်းတွေကို မတွေ့တော့ပဲ စိမ်းပြာပြာ ယူနီဖောင်းတွေနှင့် ဂျာမန်စစ်သားတွေနှင့်များ တွေ့နေသလော။ သို့မဟုတ် လုံခြုံရာသို့ပင် ထွက်သွားပြီလော။ သို့ရာတွင် သည်သောကတွေ ဒုက္ခတွေ ကင်းဝေးရာသည် ဘယ်မှာ ရှိသနည်း။ ဘယ်နေရာသည် လုံခြုံပါသေးသနည်း။ “အလိမ်ခံရ၊ ကိုယ့်ဘဝသည်၊ မရဏထံ၊ အပြန်ခရီး” ဆိုသည့် တခါက ရွတ်ခဲ့သည့် ကဗျာတိုကလေးကို သွား၍ အမှတ်ရသည်။ တခါတုန်းက ဂျံနက် အသံသြသြကလေးနှင့် ရွတ်ခဲ့သည့် ကုန်ပစ္စည်းကြော်ငြာတခုမှ ကဗျာတိုကလေးဖြစ်၏။ ညအမှောင်ထဲတွင် ငိုနေသည့် အထီးကျန် မိန်းကလေးတယောက်။ သူနှင့်အတူ လိုက်ငိုနေသည့် ပြင်သစ်ပြည်ကြီး။ ဖုန်မှုန့်တွေ သွေးတွေနှင့် ဖုံးနေသည့် ပြင်သစ်ပြည်ကြီး။ ထိုအရာများကို မည်သူမျှ မမြင်။ မည်သူမျှ မသိ။ မည်သူမျှ နားမလည်။

ပန်းချီစတူဒီယိုပေါ်သို့ ပြန်တက်လာမိပြီး ပြတင်းဝတွင် ရပ်ယင်း ထိုစကားလုံးများကို ရင်ထဲမှ ပြောနေမိသည်။ ရှာရေမီဒီလမ်းမကြီးက သူ့ရှေ့တွင် ဖြူးလျက်။ ဂျာမန်စစ်သားများက လမ်းမတလျှောက်တွင် ချီတက်လာကြ၏။ “ကျုပ်တို့

ပျော်ပွဲစားရုံကလေး ပြန်ဖွင့်ရမယ် တော်ရေ့၊ စားဖို့ သောက်ဖို့ကလေး လုပ်ရဦးမယ်” ဟု ယနေ့တွင်ပင် ဂျိုးဇက်ဖင်းက ပြောသေးသည်။ အန်ဒရေက မျက်မှောင်ကြီးကုပ်၍ ကြည့်နေသည့်အခါတွင် ဂျိုးဇက်ဖင်းသည် ရှက်ဟန်ဖြင့် သူ့ကို ကြည့်နေ၏။ ဟုတ်သည်။ ဂျိုးဇက်ဖင်းသည် ဂျာမန်စစ်သားများကို ရောင်းဖို့ ဟင်းရွက်စုံကြော်တို့၊ အစိမ်းကြော်တို့ ကြော်ရလိမ့်ဦးမည်။ ဖိနပ်ချုပ်သမားကလည်း ဂျာမန်တို့ ဖိနပ်များကို ချုပ်ပေးရလိမ့်ဦးမည်။ ပန်းသည်မိန်းမကြီးကတော့ သေလောက်ပြီ။ သို့ရာတွင် သူ့နေရာတွင် နောက်ပန်းသည်တယောက် ရောက်လာကာ တဘက်တပ်မျက်မှန်နှင့် ဂျာမန်စစ်ဗိုလ်ကို ပန်းစည်းတွေ ရောင်းနေလိမ့်ဦးမည်။ လမ်းမကြီးသည် ပါရီမြို့နှင့် အလားသဏ္ဍာန် တူနေသည်။ သည်သံသရာစက်ကွင်းက မည်သူမျှ မလွတ်ကင်းနိုင်ကြ။ မရှိ။ ထွက်ပေါက် မရှိ။ ဤသံသရာစက်ကွင်းကြီးထဲတွင် ခေါင်းစွပ်ပြီး ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသေဖို့သာ ကောင်းတော့သည်။

ပြာမွဲမွဲ နံရံကြီးပေါ်တွင် လာထင်သည့် ထိုကြိုးကွင်းသဏ္ဍာန်ကလေးဆီမှ မျက်လုံးကို ခွာ၍ မရ။

တံခါးခေါက်သံ ကြားလိုက်ရသည်။ မကောင်းမှု တခုခုကို လုပ်နေစဉ် လူမိသွားသည့်နှယ် အန်ဒရေ ရှက်သွား၏။ မည်သူမှန်း မစဉ်းစားမိ။ တံခါးဆီသို့ လျှောက်သွားသည်။ ဂျာမန်တွေများ လာကုန်ကြပလား။ သို့ရာတွင် အတွေးကို ဆုံးအောင် မတွေးမိ။

အခန်းထဲသို့ ဂျာမန်စစ်သားတယောက် ဝင်လာ၏။ စိမ်းပြာပြာ ယူနီဖောင်းကို မြင်လိုက်သည့်အခါတွင် အန်ဒရေ ပြုံးလိုက်သည်။

“အေးဗျာ၊ ခုလို မြန်မြန်လာတာ ကောင်းတာပေါ့၊ ကဲ... ဖမ်းမလို့ လာခေါ်တာ မဟုတ်လား၊ ကျွန်တော် ဘာမှ မယူတော့ပါဘူး”

အန်ဒရေက ပြောသည်။

“ကျွန်တော့်ကို မမှတ်မိဘူးလား၊ မဒမ်ကိုဒ့် အိမ်မှာ နေသွားဖူးတယ်လေ၊ ခင်ဗျားပန်းချီကားတွေကို သဘောကျတယ်လို့တောင် ပြောခဲ့ဖူးသေးတယ်လေ၊ ‘ဆေးရှူတဲ့မောင်’ မှာ တွေ့ခဲ့ကြတာလေ”

ဂျာမန်ကြီးက လက်ဆွဲနှုတ်ဆက်ရန် လက်ကို ကမ်းပေးသည်။ အန်ဒရေက သူ့လက်ကို ကမ်းပေးခြင်း မပြု။

“မှတ်မိပါတယ်၊ ခင်ဗျားက ငါးတွေကို စိတ်ဝင်စားတယ်၊ အဲဒီပညာရပ်ကို ဘာခေါ်တယ်၊ ကျွန်တော် မေ့သွားပြီ”

“မစ္ဆဗေဒ ပညာရှင်”

“အဲ... ဟုတ်တယ်၊ ပါရီမြို့ကြီး ပျက်စီးတော့မယ်လို့ ခင်ဗျားက ပြောသွားတယ်။ ခင်ဗျားကို ကြည့်ရတာ အဲဒီတုန်းက ပါရီကို ရောက်လာတာဟာ ငါးတွေကို စိတ်ဝင်စားလို့ လာတာ ဟုတ်ပုံမရဘူး၊ ငါးထက် သူလျှိုလုပ်တာကို ပိုစိတ်ဝင်စားပုံရတယ်၊ အင်း ခင်ဗျားတို့ကတော့ ဘာလင်ရဲ့ လျှို့ဝှက် အကြံအစည်တွေကို အကုန်သိခဲ့ကြတာကိုး၊ ကဲ... ခုတော့ ကျေနပ်ပြီ မဟုတ်လား၊ ဟုတ်ပါတယ်၊ ပါရီမြို့ကြီးကို ခင်ဗျားတို့ ဖျက်ဆီးမပစ်ပါဘူး”

သူသည် ဂျာမန်စစ်သား၏ ရှေ့တည့်တည့်သို့ လာ၍ ရပ်၏။

“ဒါပေမယ့် ပါရီကို ခင်ဗျားတို့ သိမ်းလို့ရပြီလို့ ထင်သလား၊ မရဘူး မိတ်ဆွေ၊ မရဘူး၊

သိမ်းလို့ ရတယ်လို့ ထင်ယင် ဒီအထင်ဟာ ကယောင်ချောက်ချားထင်တဲ့ အထင်ပဲ ဖြစ်မှာပဲ၊ ပါရီဟာ တခြားကို ထွက်သွားပြီး ပြန်လာမှာပါလို့ ခင်ဗျားက ပြောချင်ပြောမယ်၊ ဒါပေမယ့် ကျွန်တော် လက်မခံဘူး၊ ဂျိုးဇက်ဖင်းဟာ သူ့ဆိုင်ကို ပြန်ဖွင့်ချင် ဖွင့်မယ်၊ လူတွေလဲ မြို့ပေါ်ကို ပြန်လာချင် ပြန်လာမယ်၊ ဒါပေမယ့် ပါရီ မဟုတ်တော့ဘူး၊ ပါရီကတော့ ပြန်မလာတော့ဘူး၊ ပါရီမြို့ကြီးရယ်လို့ မရှိတော့ဘူး၊ ဘယ်မှာမှ မရှိတော့ဘူး၊ ကဲဗျာ... ပြောနေရတာ ကြာပါတယ်၊ ခေါ်မှာဖြင့် ခေါ်”

“ဘယ်ကို ခေါ်ရမှာလဲ”

“ဘယ်သိမလဲ၊ ခင်ဗျား သိမှာပေါ့။ ခင်ဗျားတို့ တပ်မှူးရုံးကို ခေါ်ပေါ့၊ အုတ်နံရံကပ်ပြီး ပစ်သတ်ပေါ့၊ ကျင်းထဲဖို့ပစ်ပေါ့၊ လုပ်ချင်ရာ လုပ်ပေါ့”

ဂျာမန်ကြီးက ဘာမျှ မပြော။ အန်ဒရေက ဆဲရေးတိုင်းထွာနေသည်။ အတန်ကြာမှ ဂျာမန်ကြီးက...

“ဘာဖြစ်လို့ ဒီလောက်တောင် ရန်လိုနေရတာလဲဗျ”

“ရန်မလိုလို့ ဘယ်ဖြစ်မလဲ၊ ပထမအချက် ခင်ဗျားတို့မှာ တင့်ကားတွေရှိတယ်၊ ဒုတိယအချက် ဗုံးကြဲလေယာဉ်တွေရှိတယ်၊ တတိယအချက် စက်သေနတ်တွေရှိတယ်၊ စတုတ္ထအချက် တော်မီဂန်းရှိတယ်၊ ပဉ္စမအချက် ခင်ဗျားတို့မှာ ဘာမှ သောက်သုံးမကျတဲ့ ခေါင်းတွေရှိတယ်၊ ကျူပ်အဖို့ကတော့ ရှင်းတယ်၊ ကြိုးကွင်းရှိတယ်၊ ခေါ်မှာဖြင့် မြန်မြန်ခေါ်ဗျာ၊ မခေါ်ယင် ခင်ဗျား လည်ပင်းကို ညှစ်သတ်မိလိမ့်မယ်”

“ကျွန်တော် ခင်ဗျားကို ဖမ်းဖို့လာတာ မဟုတ်ပါဘူး၊ ဒါဖြင့် ဘာကိစ္စ လာသလဲလို့ မေးယင် ကိုယ့်ဘာသာကိုယ်တောင် မဖြေတတ်ဘူး၊ ခင်ဗျားကို သတိရတယ်၊ တွေ့ချင်တယ်၊ ဒါကြောင့် ရောက်လာတယ် ထင်တာပဲ၊ ဒီနေ့ပဲ ကျွန်တော့် စစ်ဗိုလ်က ပြောတယ်။ ကျွန်တော်ဟာ ကောင်းတဲ့ဂျာမန် မဟုတ်ဘူးတဲ့၊ ဂျာမန်ဆိုးတဲ့၊ ပြောရတာ ခက်သားပဲ။ နက်ဖြန်ဆိုယင် ကျွန်တော့်ကိုတောင် ပစ်သတ်ချင် သတ်မလားမှ မသိတာ”

“ဟုတ်လား”

အန်ဒရေ၏ အသံက အံ့သြခြင်းလည်း မရှိ။ ကရုဏာသက်ဟန်လည်း မပေါ်။ စိတ်ဆိုးဆိုးဖြင့် ပခုံးနှစ်ဘက်ကို တွန့်လိုက်သည်။ သူမျှော်လင့်နေသည်က သေမင်း။ ပေါ်လာသူက သူ့မကျေနပ်ချက်နှင့်သူ ဖြစ်နေသည့် ဂျာမန် မစ္ဆာဗေဒ ပညာရှင်။

“ခင်ဗျားကကော ဘာကို မကျေမနပ် ဖြစ်နေရတာလဲ၊ အစားအသောက် မကောင်းလို့လား၊ ဒါမှမဟုတ် အင်္ဂလိပ်ရေလက်ကြားက ဖြတ်တဲ့အခါကျတော့ ခင်ဗျားချစ်တဲ့ ငါးတွေက ခင်ဗျားကို ဝါးမျိုသွားမှာကို ကြောက်လို့လား”

“ကျွန်တော် မပြောတတ်ဘူး၊ ဘာကို မကျေနပ်မှန်းလဲ မသိဘူး၊ ကျွန်တော်တို့ ဂျာမန်တွေ ပါရီရောက်လာတာကိုပဲ မကျေနပ်တာလား၊ ဒါမှမဟုတ် ဒီယူနီဖောင်းကြီးနဲ့ ခင်ဗျားစတူဒီယိုထဲကို ဝင်လာမိတာကိုပဲ မကျေမနပ် ဖြစ်နေသလား၊ ဘာလဲလို့ ကျွန်တော် မသိဘူး”

“ဟင်း ဟင်း၊ ခင်ဗျားဟာ တော်တော် စိတ်ကူးယဉ်တဲ့လူပဲ၊ အရောင်မှိုင်းမှိုင်း စုတ်ချက်တွေကိုပဲ စိတ်ကူးနေတုန်းပဲလား၊ တခုတော့ ကျွန်တော် ပြောထားမယ်နော်၊ ကျွန်တော်ဟာ ပြင်သစ်တယောက် ဆိုတာတော့ ခင်ဗျား နားလည်ထားပါ”

"နားလည်ပါတယ်၊ ဒါကြောင့်မို့ ပြောရတာ ခက်နေတာပေါ့။ တကယ်ကတော့ ကျွန်တော်တို့ဟာ ယဉ်ကျေးမှုတခုတည်းက ဆင်းသက်လာတဲ့ လူမျိုးတွေလို့ ကျွန်တော် ထင်တယ်လေ၊ ဒါပေမယ့် ကျွန်တော်တို့ကြားထဲမှာ ကွာဟချက် ရှိနေတယ်၊ ဒီကွာဟချက် ချောက်ကမ်းပါးကြီးကို ဘယ်လိုဖို့ရမယ်ဆိုတာ ကျွန်တော် မသိဘူး"

"ဒါတော့ ကျွန်တော်လဲ မသိဘူး" အန်ဒရေ၏ အသံ ပျော့ပျောင်းစ ပြုလာသည်။ "သွေးနဲ့ ဖို့ပစ်ရမှာပဲလို့ ထင်တာပဲ၊ ဒီမှာ သွေးမပါပဲနဲ့ ဘာမှ လုပ်လို့ မရဘူး မိတ်ဆွေ"

"သွေးတွေ ကျခဲ့ရတာ မတော်ကြသေးဘူးလားဗျာ၊ တော်လောက်ပါပြီ"

"သွေးတွေ ကျခဲ့ရတာတော့ များပြီဗျ၊ ဒါပေမယ့် မှန်မှန်ကန်ကန် ကျခဲ့ကြတာ မဟုတ်ဘူး၊ ကဲ... သွားတော့ဗျာ"

"သွားမှာပါ၊ ကျွန်တော် နားလည်ပါတယ်၊ အမှန်ကတော့ ကျွန်တော် လာဖို့တောင် မကောင်းပါဘူး၊ ကျွန်တော် ဒီကို လာတာဟာ သက်သက် မိုက်မဲတာပဲ၊ အဲ... ခုလဲ မိုက်မဲတဲ့ မေးခွန်းတခုကို မေးရဦးမယ်၊ ဘာဖြစ်လို့မှန်း မသိဘူး၊ ကျွန်တော် သိချင်နေတာ ကြာပြီ၊ တခြား မဟုတ်ပါဘူး၊ သဒ္ဒါနဲ့ဆိုင်တဲ့ မေးခွန်းကလေးပါ၊ ဒီလမ်းရဲ့ နာမည်က ရှာရှေမီဒီတဲ့၊ အဓိပ္ပါယ်က 'မွန်းတည့်ချိန်ကို ငါလိုက်ရှာသည်' တဲ့၊ ဟုတ်ကဲ့လား၊ ဘာဖြစ်လို့ ဒီနာမည်ကို မှည့်တာလဲဟင်"

"ရှေးတုန်းက ဒီလမ်းမှာ နေသွားတဲ့ လူတွေကို ခေါ်တဲ့နာမည်ပါ၊ ဟိုတုန်းက ဒီလမ်းမှာနေတဲ့ လူတွေဟာ ထမင်းလေးတနပ် အလကားရမယ့် နေရာကို လိုက်ရှာနေကြရတယ်တဲ့၊ ခင်ဗျားတို့ ဟစ်တလာလိုပေါ့။ အေးလေ ဘာပဲဖြစ်ဖြစ် နာမည်ကလေးကတော့ တော်တော်လှတဲ့ နာမည်ကလေးပဲ၊ ကျွန်တော်လဲ မွန်းတည့်ချိန်ကို လိုက်ရှာတာပဲ။ ဒါပေမယ့် ဒီလမ်းမကြီးကတော့ ခု မွန်းတည့်ချိန်ကို လိုက်မရှာတော့ပါဘူး၊ လူတွေက ပြတင်းပေါက်တွေ ပိတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့၊ တကယ်တော့ ဒီလူကြီးဟာ ညသန်းခေါင်ကို လိုက်ရှာနေတာပါ၊ ခု ခင်ဗျားတို့ ရောက်လာတော့ ဟန်ကျသွားတာပေါ့။ သူတို့ လိုချင်တဲ့ သန်းခေါင်ကို တွေ့သွားပြီပေါ့"

"ဒီကို လာရတဲ့အတွက် ကျွန်တော် ပျော်နေတယ်လို့ ထင်သလား၊ မပျော်ပါဘူးဗျာ။ ကျွန်တော်တို့ ခုအတိုင်း ဆက်နေလို့ မဖြစ်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ လူတိုင်းက ကျွန်တော်တို့ကို မုန်းနေကြတယ်၊ မနေ့က မွန်ဂျီလမ်းထဲကို ကျွန်တော် ရောက်သွားတော့ အမျိုးသမီးတယောက်နဲ့ တွေ့တယ်၊ ကျွန်တော့်လဲ မြင်လိုက်ရော သေမင်းကို မြင်လိုက်ရတဲ့အတိုင်းပဲ အလန့်တကြားအော်ပြီး ထွက်ပြေးသွားတယ်၊ ကျွန်တော်တယောက် အနေနဲ့ ပြောရယင် ခုထိ ကျွန်တော် လူတယောက်ကိုမှ မသတ်ခဲ့သေးဘူး၊ ဒါပေမယ့် လူမသတ်လဲ မထူးပါဘူး၊ အမုန်းခံရတာပါပဲ၊ အေးလေ၊ ဟစ်တလာကိုပဲ အပြစ်တင်ရတော့မှာ ထင်ပါရဲ့၊ ဒါလွယ်ပါတယ်၊ ဒါပေမယ့် တကယ်ကတော့ သူတယောက်တည်းကိုချည်း အပြစ်တင်လို့ မရဘူးဗျ။ ကျွန်တော့်မှာလဲ အပြစ်ရှိတာပဲ၊ ကျွန်တော့်ကိုလဲ အပြစ်တင်ရမှာပဲ။ အဖြစ်အပျက်တွေကို ကောက်ချက် ဆွဲထုတ်ဖို့ လိုပါတယ်၊ ကျွန်တော် ကောက်ချက် ဆွဲထုတ်နိုင်အောင် ကြိုးစားဦးမယ်လေ၊ ကဲ... သွားမယ်"

"ဟုတ်ပြီလေ၊ ခင်ဗျားဟာ မနက်ဖြန်မှာ လူကောင်းသူကောင်းတယောက် ဖြစ်ချင် ဖြစ်လာမှာပါပဲ၊ ဒါပေမယ့် ခင်ဗျား လူကောင်းသူကောင်း ပြန်ဖြစ်တာကို ကျွန်တော် တွေ့ရတော့မှာ မဟုတ်ပါဘူး၊ လူကောင်းသူကောင်းဟုတ်မှ ဆိုတာကိုလဲ သွေးနဲ့

သက်သေပြနိုင်မှ ဖြစ်မှာ၊ ခု... ကျွန်တော်တို့ခေတ်ကြီးက တမျိုး မဟုတ်လား၊ တော်တော်တန်တန်ကိစ္စကို နားလည်ဖို့ သိပ်လွယ်တာ မဟုတ်ဘူး၊ ခင်ဗျား ဒီကို ဘာဖြစ်လို့ လာသလဲ၊ ကျွန်တော့်ဆီကို လာတာဟာ ဘာမှ အဓိပ္ပါယ် မရှိဘူး၊ ခင်ဗျားဟာ ကွန်မြူနစ်တယောက် ဆိုယင်တော့လဲ တမျိုးပေါ့လေ၊ ကွန်မြူနစ်တွေကတော့ တခုခုပြောင်းအောင် လုပ်နိုင်မလား မသိဘူး၊ အလျှင်တုန်းကတော့ ပြင်သစ်ပြည်ကြီးမှာ သူတို့အာဏာရလုမတတ် ဖြစ်ခဲ့ဖူးတယ်ဗျ။ ဒါပေမယ့် ခုတော့ သူတို့ အာဏာရနိုင်တော့မှာ မဟုတ်ပါဘူး၊ ခုတော့ တက်စတို့လို လူတွေရယ်၊ ခင်ဗျားတို့ ဂျာမန်စစ်ဗိုလ်တွေရယ် ကြီးစိုးနေကြတာပါ။ နေပါဦး၊ ခု... ခင်ဗျား ဘာလုပ်မယ် စိတ်ကူးသလဲ၊ လောကမှာ ခင်ဗျား တယောက်တည်းရယ်၊ ကျွန်တော်လဲ တယောက်တည်းသမားပါပဲ၊ ကျွန်တော်တို့ နှစ်ယောက်ပေါင်းလို့ တစ်ဖြစ်မှာ မဟုတ်ဘူး၊ သုညပဲ ဖြစ်မှာပဲ၊ ဘဝက ကျွန်တော်တို့ကို မျက်နှာသာ မပေးဘူးဗျ၊ ခင်ဗျားဟာ လူကောင်းသူကောင်းတယောက်ဆိုယင် ခင်ဗျားကို ခုလို ကောင်းကောင်းမွန်မွန် ဆီးကြိုခြင်းမပြုတဲ့အတွက် ကျွန်တော့်ကို စိတ်မဆိုးပါနဲ့၊ ခင်ဗျားက လျူတက်မြို့က ဂျာမန်တယောက်၊ လူကြောင်တယောက်။ ကာလ်ဖေဒိုးအရက်ကို ကြိုက်တယ်၊ ခုတော့ စိမ်းပြာပြာ ယူနီဖောင်းဝတ်ထားတဲ့ စစ်သား၊ ပါရီမြို့ကြီး ရင်ဆိုင်နေရတဲ့ ပြဿနာဟာ အဲဒါပဲ”

ဂျာမန်စစ်သားသည် ထွက်သွား၏။ အန်ဒရေသည် ထိုဂျာမန်စစ်သားကို ချက်ချင်း မေ့သွားသည်။ သူ့အခန်းသို့ မည်သူမျှ လာမသွားသည့်နှယ်။ စတူဒီယိုထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ဆည်းဆာပြာပြာသည် ပြတင်းပေါက်မှ မျောဝင်လာ၏။ ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်တွင် ရှုမျှော်ခင်း ကားတကား ချိတ်ထားသည်။ ရဟတ်တခု၊ သစ်ကြားပင်တပင်၊ တရုတ် မီးပုံးတလုံး၊ အဝေးတွင် မှိုင်းရိပ်ရိပ်နှင့်။ ဇူလိုင်လ ၁၄ ရက်နေ့ညက သူမြင်ခဲ့ရသည့် ရှုခင်းကို ပြန်ဆွဲထားခြင်း ဖြစ်၏။ ထိုစဉ်က ဂျိုနက်က ပြုံးလျက်၊ ပါရီက ကခုန်လျက်၊ အလံနီတွေ မျှော်လင့်ချက်တွေဖြင့် ချီတက်လျက်။ ဤသည်မှာ တခြားဘဝ၊ တခြားကမ္ဘာ။ ထိုလောက ထိုကမ္ဘာ၏ ရှုခင်းကို သူဆွဲထားလိုက်သည်။ သည်ကားသည် သူ၏ အကောင်းဆုံးပန်းချီကား။ ထိုပန်းချီကားသည် ပါရီ။ ထိုပါရီသည် မပျောက်မပျက် ကျန်ရစ်ခဲ့သည်။ သူတို့သည် ပြတိုက်များကို မီးရှို့ကောင်းရှို့ပစ်ကြမည်။ ပန်းချီကားများကို ဖျက်ဆီးကောင်း ဖျက်ဆီးပစ်ကြမည်။ သို့ရာတွင် ပါရီကမူ နဂိုအတိုင်း ရှိနေမည်သာ။

အန်ဒရေသည် ပြုံးနေလေ၏။ ပြတင်းပေါက်နားသို့ လာခဲ့သည်။ ရှာရှေမီဒီလမ်းက ခါတိုင်းလို အိမ်ပြတင်းတွေ ပိတ်လျက်။ ပြတင်းပေါက် တရုတ်ကတ်တံခါးများက အစင်းအစင်း အကျားအကျားတွေ ထင်လျက်။ ထပ်ခိုး ပြတင်းပေါက်ဘောင်တခုပေါ်တွင် ပန်းခြောက်တပွင့်က ငိုက်ကျလျက်။ ငတ်ပြတ်နေသည့် ကြောင်များက လမ်းမပေါ်တွင် လူးလာလျက်။ ပန်းသည်က ငိုလျက်၊ မွေးခါစ ကလေးတစ်ယောက်က ငိုလျက်။ ရှာရှေမီဒီလမ်း။ မွှန်းတည့်ချိန်ကို ငါလိုက်ရှာတယ် တဲ့။ “ဟုတ်တယ်၊ မွန်းတည့်ချိန်ကို ငါလိုက်ရှာမယ်” ဟု စိတ်ထဲမှ တွေးမိသည်။ “ဒီမွန်းတည့်ချိန်ကို တွေ့ရမယ်၊ အလင်းရောင်တွေရယ်၊ ကောင်းကင်ထဲမှာ ဝင်းလက်နေတဲ့ မီးပန်းရောင်စုံတွေရယ်၊ ပျားရည်တွေရယ်၊ ပေါ်ပီပန်းတွေရယ်၊ နီလာရောင်တွေရယ်၊ ဒါတွေကို တွေ့ရမယ့်အချိန်၊ ပါရီရဲ့ မွန်းတည့်ချိန်၊ ဒီအချိန်ကိုတော့ တွေ့ရမယ်” ဟု စိတ်ထဲမှ ရွတ်မိသည်။

“ကိုယ့်အိမ်ထဲကို ပြန်ဝင်ကြ၊ အချိန်စေ့ပြီ၊ အချိန်စေ့ပြီ၊ ကိုယ့်အိမ်ထဲ ကိုယ်ပြန်ဝင်”

အသံချဲ့စက်မှ အသံပေါ်လာ၏။ သို့ရာတွင် အသံချဲ့စက်မှ ဆူဆူညံညံအသံကိုလည်း သူမကြား...။

မြသန်းတင့်

ပြီးပါပြီ။